
www.burmeseclassic.com



www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC .com



မဂ္ဂဇင်း

အတွဲ (၁၃) အမှတ် (၃)
၂၀၁၃ ခုနှစ် မတ်လ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသည့်
လက်ကျန်ပိတ်မရသော
**စာရင်းရှင်းတမ်းများ (ကဗျာ)**

၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသည့်
ပါရမီဘာဝကထာ-ပါရမီဖြစ်စကား(၁)
**မဟာဗောဓိမြိုင်ဆရာတော်**
(ဝနဝါသီဥဿျမမ္မသာမိထေရ်)

၁၃ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
အားပူဇော်ခြင်း
ရွှေလိုလည်းသို၊ ငွေလိုလည်းထား
**မြဝင်း(ဒသသန)**

၁၅ တတိယတိပိဋကဓရ
ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်
ရှင်ကောသလ္လ
**မောင်ဇေယျာ**

၁၇ အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့ မြို့မ
သာသနာ့နယ်မြေမှ ရှေးဟောင်း သမိုင်း
ဝင် မဟာသီရိထိပ်မိုးစေတီတော်၊ ရတ
နာရွှေဂူစေတီတော်၊ ဓာတ်ပေါင်းစေတီ
တော်နှင့် သမိုင်းဝင် သာသနိက
အဆောက်အအုံများ
**မောင်နွယ်သန်း**

၃၄ ဝိပဿနာ၊ဘာဝနာပွားရအောင်
**ဉာဏ်မြင့်**

၃၇ ကောလင်းမြို့ ကျက်သရေဆောင်
ခမောက်တောင်သို့ ဘုရားဖူးခရီး
**အေးလွင်(ကသာ)**

၅၃ တောင်တန်းသာသနာပြု ဆရာတော်
ကြီး ဦးဥတ္တမသာရ တည်ထားခဲ့သော
ချင်းပြည်နယ် မြို့ဖလမ်းက
စေတီတော်များဆီသို့
**ကလေး-ဝင်းသူ**

၆၆ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၇၀ တေဘုမ္မာ
**ဖျာပုံတင်နိုင်ဝင်း**

၇၃ ငွေတောင်ပေါက်တောင်ပေါ်မှ
ခံတပ်ဘုရားကြီး
**စောထွီးသျှင်(မြောက်ဦး)**

၇၈ သက်တော် (၁၂၅) နှစ်ရှိပြီဖြစ်သော
ရာဇဂြိုဟ်ဆရာတော်
**ကျော်ခိုင်ခန့်**


BURMESE CLASSIC .com


၈၀ လက်တွေ့အောင်မြင် ပုတီးစိပ်ကျင့်စဉ်
**နတ်မောက်မင်းသန့်နိုင်**

၈၃ မဟာဗောဓိတစ်ထောင်
ဆရာတော်ဘုရားကြီး၏
ခယောင်းလမ်းမှသည်
**သုဓောယျ**

၁၀၂ စာရေးဆရာနှင့်ရင်ပေါင်တန်း၍
စာဖတ်သူများအကြောင်း
**မေတ္တာရှင်(ရွှေပြည်သာ)**

၁၀၅ မီး
**ချောင်းဆုံအုန်းသွင်**

၁၁၀ တောင်လုံးလှမှအဘဓာတ်ခန်းလေး
**အဏ္ဏဝါလှိုင်း**

၁၁၅ ပေးထားလို့ပြန်ရတာပါ
**မင်းဘူး-ဗိုလ်ဥတ္တမ**

၁၁၉ နှစ်ကျိပ်ရှစ်ဆူနှင့်
အတွေးပုံရိပ်ရှင်တော်မြတ်ဘုရားများ
**ဦးအောင်ခင်**

၁၂၃ ဘုရားရှိခိုးကိုပီပီသသရွတ်ဆိုကြပါစို့
**မောင်ပွင့်ဉာဏ်(မောရ)**

၁၂၅ အလိုတော်ပြည့်ဆရာတော်ဘုရားကြီး
နှင့်ထူးဆန်းသောအိပ်မက်
**ဝိတိချို(ရွှေလတ်မြေ)**


## သုတရသဆောင်းပါး


၂၇ နှစ်(၁၅၀)က ကျောင်းတော်ကြီး
ရှေးဟောင်းအနုပညာလက်ရာများကို
လေ့လာခြင်း
**မြတ်သက်ကျော်**

၅၁ အကျိုးပေးသည်မှာ စေတနာ
**ချောင်းဆုံအုန်းသွင်**

၈၁ တိမ်မြုပ်ပျောက်ကွယ်ခဲ့ပြီဖြစ်သော
ရန်ကုန်မြို့၏ ရဟန္တာသိမ်တော်ကြီး
လေးသိမ်
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၉၇ ညီတော်၊နောင်တော်ဘုရားပလ္လင်မှ
ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ
အနုလက်ရာဒီဇိုင်းများ
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

၁၂၇ ပါးစပ်ကလေးတစ်ပေါက်
**ရတနာဒေဝီ**

၁၃၀ ဘာပစ္စည်းမှယူသွား၍မရသည့်
သံသရာခရီးသွားများ
**စောမိသွင်(ရန်ကုန်)**

၁၃၅ ရှေးမြန်မာမင်းတို့
ပျက်ယွင်းမည့်နိမိတ်များ
**တင်နိုင်တိုး**


www.burmeseclassic.com

www.burmeseclassic.com

ဆစ်ကျွန်းစံ
အုမီး(ပညာရေး)
အရှုံးသမားသုံးယောက်
ချောင်းဆုံအုန်းသွင်
ဘုဝင်စားပြဿနာ
တိုးထက်
မြန်မာမှုအစဉ်အလာနှင့်
ဆင်ဖြူရတနာ
မောင်သန်းဆွေ(ထားဝယ်)
သုဝဏ္ဏဘူမိ၏တည်နေရာ(၁)
နိုင်ခင်မောင်လေး
ဆရာသခင်တို့၏စကားစုများ
ဦးအောင်သုခ
ဓာတ်ပြာဖြင့်
ရောဂါများကိုကုသနိုင်သူ
အေးလွင်(ကသာ)
ငတ်ရင်ဝင်စား
ဝင်းမြအောင်(မြိတ်)
ဘကယ့်မြိုင်ပောဝန်ဇာတ်လမ်းများ
သျှမ်းထက်
စိတ်စွမ်းအင်စုံထောက်များ
မနောသုတေသီ
လျှင်နှင့်မေတ္တာပို့လုပ်ငန်း
ရွှေစိုး
နွားမြင်းဖုနာပျောက်ဆေး
ဝစ်တိုင်းထောင်(ချောင်းနက်)
ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦး
မှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး
ရွှေမြင်တင်တောင်ဘုရသေ့ကြီးနှင့်
ကျွန်တော်
စောငဝါ(ပျဉ်းမနား)
သာသနာ့အလံ
မောင်ကျောက်တိုင်
ယိုးဒယားတော်ဝင်မင်းသားကြီးနှင့်
မြန်မာနိုင်ငံဥပဒေပြုကောင်စီ
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)
ထူးဆန်းအံ့ဩဖွယ် အိပ်မက်အရ
ရရှိသော ကျောက်လက်ဝါး
လုထွန်း(အောင်လံ)

## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်

ဤလမ်းခရီး လွမ်းမပြီးနိုင်
ဖိုးကျော့
နားချမ်းသာ(၁)
အောင်ကျော်

## သုရဋ္ဌဝတ္ထုတို

၁၃၇ တစ်သက်စာ
မိုးကုတ်ကျော်ကျော်စိုး
၁၄၄ ဘာမှမဖြစ်ကြဘူးလားဟင်
သျှီ(အင်ကြင်း)
၁၄၈ မူးလို့မိုက်၊ ရူးလို့မိုက်၊ ရဲလို့မိုက်
ပန်းမြိုင်လယ်-စိန်ဝင်း
၁၅၆ ကျွန်တော့်ကိုကယ်ပါ
မာ(သစ်တော)
၁၆၂ တရားတစ်ပုဒ်ကို နှစ်ဘဝနာသူ
ရီရီဌေး
၁၇၄ မောင်း
နေဝိဇ္ဇာ
၁၈၄ အစိတ္တာနိခရီးသည်
နေဝန်းနီ
၁၉၀ စိတ်ထားဝတီ
ခင်မောင်အေး(မန္တလေး)
၁၉၈ သခွတ်ဖြူပင်မင်း
ငွေဆင်းပွင့်ချိန်မှာ
ဓာတ်ပုံ-မောင်မောင်အေး
၂၀၆ ကျောက်ဖားတောင်မှသာဓုသံ
ကောင်းသော်
၂၁၀ ဂန္ဓာရီပညာရှင်၏ရှေ့ရေးအမြင်
မောင်မောင်သန်းထွန်း
၂၁၄ အသံတူ၊ ဟန်တူ၊ သဏ္ဌာန်တူသော
ခင်(တောင်ကြီး)
၂၂၆ ကျွန်ုပ်နှင့်
ထူးဆန်းသောမော်တော်ကားလေး
ဝေမွန်လင်း
၂၃၈ အသက်သခင်ကျေးဇူးရှင်
တင့်ထူး(ဖေယျာဝတီ)
၂၄၆ အကုသိုလ်နှင့်အကျိုးပေးသူ
ကံဝင်း
၂၅၀ ပန်းဝှက်သောည
အိုအေစစ်(မအူပင်)
၂၆၂ စွန့်ကျောက်
ရွှေပြည်စိုး
(မိုးကုတ်)
၂၇၄ လေးကျွန်းကြာခိုင်စေတီတော်နှင့်
သိုက်မီးအလင်းရောင်(၁)
စိုးထွန်း(ဥပဓေ)
၂၈၀ အံ့ဩဖွယ် ထူးခြားသော မီးပုံးပျံ
ဦးသန်းစိုး(ချောင်းနက်)
၂၈၆ နွားပျောက်ကုန်း
ကိုဇော်ဝင်း
(လှတော)
၂၉၈ ဘဝနှင့်ရင်း၍ကြွေးဆပ်ခဲ့သူတစ်ဦး
မျိုးသစ်

BURMESE CLASSIC .com




၃၀၆ ဆယ်ပြားသက်သေ
ဝင်းသိန်း(နေပြည်တော်)
၃၃၈ ကိုယ်တာတွယ် မစုံမက်သာဘ
တောတက်ဖေလေး
မောင်သင်းထုံ(ကျောက်မဲ)
၃၆၆ တိုက်ခံအိမ်
ကိုချမ်း(ဆေး-၂)
၃၇၄ ထူးဆန်းသော ကြက်တူရွေးဂမုန်း
သပိတ်ကျင်း-ကျော်ကျော်ထွန်း
၃၇၈ ချစ်၍ခေါ်သည် လိုက်တော်မူလှည့်
ကောင်စံပဟိန်း(ဖန်နေဝန်း)

## သုရဋ္ဌတိုင်းရင်းဆေး

၁၀၉ ခွေးလေးယားယဉ် ဆေးဖက်ဝင်
သန္ဒါ(ဥပဓေ)
၁၄၇ ဆီပူ၊ မီးပူ၊ ရေနွေးပူလောင်
အမြန်ပြုပါ
နတ်မောက်မင်းသန့်နိုင်
၁၅၂ လေမဖြတ်အောင်ဓာတ်စာဆောင်
စိုးတင့်(စာကြည့်တိုက်)ကြာကန်
၁၈၂ ကလေးသူငယ်များ
သူငယ်နာဖြစ်ခဲ့သော်
မိုးကုတ်ကျော်ကျော်စိုး
၂၀၅ နည်းစနစ်မှန်စွာ ရေကိုအသုံးပြုနည်း
ဖင်ငြိမ်းလင်း
၂၂၄ သွေးယိုလိပ်ခေါင်းရောဂါအတွက်
ဆေးနည်းကောင်းတစ်လက်
စောငဝါ(ပျဉ်းမနား)
၃၃၇ ဝမ်းတွင်းရောဂါအတွက် ဆေးအကျိုး
မြလေးနွယ်ခေါ် ရွှေနွယ်ရိုး
ရောမြေ-ကျော်ဝေ
၃၇၂ ဘူးခါးသီးနှင့်ဆီးကျဉ်ဝေဒနာ
မိုးကုတ်ကျော်ကျော်စိုး
၄၀၃ သင့်လက်တစ်ကမ်းက ဆေးတစ်ပင်
စေတနာမောင်
၄၀၄ ကျောက်ကပ်ပျက်ရောဂါဝေဒနာနှင့်
ဆူးပန်းတောင်းဆေးအစွမ်း
စောငဝါ(ပျဉ်းမနား)

www.burmeseclassic.com

www.burmeseclassic.com





## သုရဿ ပညာရပ်


၁၆၆ သင့်မျက်နှာနှင့်သင့်ဘုန်းကံ
**မင်းမင်းမြတ်**

၁၆၉ ကြတ္တိကာနက္ခတ်၏
လျှို့ဝှက်နက်ရှိုင်းစွာသော
**ရှိန်းအောင်(ဂမ္ဘီရ)**

၁၇၃ ခုနစ်ရက်သားသမီးတို့အဖို့
အိမ်ထောင်ဖက်ကိန်းရွေးနည်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၂၂၁ တရုတ်ရိုးရာ ဂမ္ဘီရ ဖုန်းရွှေပညာ
အမေး၊ အဖြေများ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၄၂ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**

၂၅၇ ဟစ်တလာ၏
အဆောင်တစ်ခုဖြစ်ခဲ့လေသလား
**မင်းရှိန်အောင်**

၂၇၀ ခန္ဓာပျက်ကိန်းကြုံသားအမိ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၂၇၂ ဆန်းကျင်ပြိုပျက်နှင့်ပတ်သက်သော
အဟောများ
**ဗေယျာသီရိစံ**

၃၁၇ ဟယ်လင်နစ်အင်္ဂရုတ်ပညာ
သို့မဟုတ်
ရှေးဂရိခေတ် အင်္ဂရုတ်ပညာ
**ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)**

၃၂၆ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
**ဆရာဒလမင်းခေါင်**

၃၃၀ စုံမှသာပွင့်တတ်ခြင်းဟူသည်
**ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)**

၃၄၇ ဗုဒ္ဓဟောကြား နိပါတ်တော် ကျမ်းဂန်
များလာ ဂါထာမန္တန်များနှင့်
ဂန္ဓာရီဝိဇ္ဇာမယပညာ(၂)
**တြိရတနာ-ဆရာဗေယျာလင်း**


## သုရဿလက်တွေ့အသုံးချ


၉၅ ကျန်းမာလာဘ်ရွှင် ငွေများဝင်အောင်
ဘုန်းခေါင်

၁၀၆ သိဒ္ဓိတိုးပုတီးစိပ်ရအောင်
ပညာကျော်

၂၄၅ မိမိရောင်းလိုရာကုန်ကို အမြန်စွံ၍
ဈေးအလွန်ရောင်းကောင်းစေသော
အစီအရင်
ဆရာအေးရွှေ(သုတေသီ)ဗီးကုန်း

၂၉၂ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၆၅ ၂၀၁၃ ခုနှစ်၊ မတ်လအတွက်
နေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂမ္ဘီရ)

၃၉၁ ရာဇ၊ သဗ္ဗ၊ က္ကတ္တိယနှင့် ကာယသိဒ္ဓိ
အပြီးတိုင်စေသောစမလေးလုံးအဆောင်
လက်ဖွဲ့
ဆရာအေးရွှေ(သုတေသီ)ဗီးကုန်း

၃၉၂ နာမည်အလွယ်အခေါ်ခံရသော ကလေး
များအတွက် သုရဿလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၉၇ ၂၀၁၃ ခု၊ မတ်လ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၀၀ ၂၀၁၃ ခု၊ မတ်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၀၇ ၂၀၁၃ ခု၊ မတ်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ (B.Sc)

၄၁၀ စာမေးပွဲဖြေဆိုကြမည့်
ကျောင်းသူကျောင်းသားများအတွက်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင့်
သင်းသင်းစံ
ဝေလှဲ့လှဲ့ထွဏ်း
အောင်ကျော်ဆန်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရုံးရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-ဝ၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းသန်းချီ
စိုးအောင်
သုရဿတလုံးဗိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဘာသာရေးမှူး
ဒေါ်စပယ်ညို
ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ တင်တင်သော်၊
ဝေသဲဦး၊ ချမ်းမြေ့ကျော်
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၀၆၉၀
**မန္တလေး၊ တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကယား**-ဂါနဒီ၊ မီလျံနှာ
**ပြည်**-သုခစာပေ၊
**ပဲခူး**- သငင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး ( ၂၅၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## လက်ကျန်ပိတ်မရသော စာရင်းရှင်းတမ်းများ

23 JAN 2013



ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

- လူ့ပြည်ဒေသ အခြေချ၊
  နေရပေါင်းက များလှပြီ။
- နေဆဲကပင် သေပွဲပြင်
  သေခွင်ဝင်ပေါင်း များလှပြီ။
- နေရေးမှကျော် သေဘေးပေါ်၊
  တော်ပြီ ဟူ၍ မရှိပြီ။
- သေဘေးမှကျော် နေရေးပေါ်၊
  တော်ပြီ ဟူ၍ မရှိပြီ။
- နေခွင့်ပြုရာ မှုကမ္ဘာ၊
  ခုရှာဖွေဆဲ ရှိသေးသည်။
- သေမိန့်ချရာ ဝေဒနာ၊
  ခြေရာခံမြဲ ရှိသေးသည်။
- ဝဋ်လွတ်သစ္စာ မြတ်ဓမ္မာ၊
  လှပ်ခွာမကြည့် ရှိသေးသည်။
- ဝဋ်ပြစ်နှစ်ပါး လွတ်စေသား၊
  စကားမျှသာ ရှိနေသည်။
- သေခြင်းတရား ကင်းစေသား၊
  စကားမျှသာ ရှိနေသည်။
- သည်တိုင်းသာဆို ဝဋ်ထိုထို၊
  ကြိုဆိုမြဲပင် ရှိနေသည်။
- လူ၏ဒေသ အခြေချ၊
  နေရပေါင်းကား များဦးမည်။
- နေဆဲကပင် သေပွဲပြင်၊
  သေခွင်ဝင်ပေါင်း များဦးမည်။

(သက်တော် ၆၀ ပြည့် မွေးနေ့မှတ်တမ်း)

❑

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

ရေးသားတော်မူသည်

# ပါရမီဘာဝ ကထာ ပါရမီဖြစ်စကား ၁

**ပါရမီဘာဝကထာ**

ပရမတ္ထံ ပတ္တံ ကမ္မံ ဒါနာဒိ ဒသ
ဝိဓိယံ၊
စာဂ ထာ မေန ပူရေတိ တ ဒေ
တံ သုဒ္ဓံ သုဒ္ဓ တော။
တိဏ္ဏောသိ ဩယက္ကာ ဝါယံ
ယော စ က္ကတော ပါရ တိတ္ထံ။

**ယော-** ဗောဓိငါးမျိုး တစ်မျိုးမျိုးသို့ အားကိုးလိုလား အကြင်သူတော်ကောင်း အစားစားသည်၊ **ပရမတ္ထံ-** မြတ်သောအဖြစ်သို့၊ **ပတ္တံ-** ရောက်စေတတ်သော၊ **ဒါနာဒိ ဒသဝိဓိ-** ဒါန စသည် ဆယ်ပါးပြားသော၊ **ယံ ကမ္မံ -** အကြင်အမှုကို၊ **စာဂထာမေန-** စွန့်လွှတ်အားဖြင့်၊ **ပူရေတိ-** ဖြည့်ကျင့်၍နေ၏။ **ဝါ-**ပြည့်စေ၊ ရှိစေ၏။ **တ ဒေ တံ-** ထိုအမှုက၊ **သုဒ္ဓံ သုဒ္ဓတော-** စိတ်ကို စင်ကြယ်သည်ထက် စင်ကြယ်စေသောကြောင့်၊ **သော-**စွဲလမ်းရစ်ပတ် အထပ်ထပ်ကို စွန့်လွှတ်ချသွားထိုလူသားသည်။ **ဩယက္ကာဝါယံ-** ကာမဘဝါ ဒိဋ္ဌိကာနှင့် အဝိဇ္ဇာဆွယ် မြစ်ပင်လယ်ဝယ်၊ **က္ကတော-** အလိုချင်း သွယ်ယှက် ဤမှာဘက်မှ၊ **ပါရတိတ္ထံ-** အလိုမသက် ဟိုတစ်ဖက်သို့၊ **တိဏ္ဏော-** ပက်လက်တလိမ့် မှောက်ချီတစ်လှည့် ဇောမိရာကူး အမျိုးမျိုးသော ကူးနည်းတို့ဖြင့် ကူးခပ်နိုင်ခဲ့သည်၊ **အသိ-** ဖြစ်ပြီ။

**မြတ်အောင်ကျင့်မှ မြတ်မည်**

အယုတ်မှ အမြတ်သို့ မိမိကိုယ်တိုင်ကယ်ထုတ်လိုသူများသည် လည်းကောင်း၊ ဆင်းရဲမှချမ်းသာစစ်သို့ မိမိကိုယ်တိုင် ထွင်းထစ် ပြောင်းလိုသူများသည် လည်းကောင်း ရေတိုက်စားခံရသဖြင့် နိမ့်ကျ ခွက်ဝင်သွားသော ကျင်းချိုင့်များကို ရေတိုက်စားသော်မှ အရည်ပျော်ခြင်း, စီးမျောခြင်းအထိ ပါမသွားသော ကျောက်, အုတ် စသည်များဖြင့် ဖြည့်ဖို့ ဖို့ရပါသည့်ပမာ. . .

မိမိစိတ် တစ်ဖက်အာရုံ အများအပြား တိုက်စားခံ ရရသမျှ ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် စသည် အစွဲ အငေါ်ပေါ် မတော်ရာ စိတ်ချော်ပါသွားရင်းက စိတ်နိမ့်ပါး အထက်ဆန်လိုရင်းမှ အောက်သို့သာလန်ကျနေခြင်းများကို-

- စွဲယူခြင်းနေရာ၌ စွန့်လွှတ်ခြင်း ဒါန, သီလ, ဘာဝနာတို့ဖြင့် အစားထိုးပေး၍၊
- အယုတ်မှအမြတ်သို့ ခန္တီ, သစ္စာ, မေတ္တာ, ဥပေက္ခာတို့ဖြင့် တံတား



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ထိုးပေး၍၊

- အမြတ်၏အမြတ်သို့ အဓိဋ္ဌာန်, ဝီရိယ, ပညာတို့ဖြင့် တိုးမြှင့်ပေး၍ ဖြည့်ဖို့ ဖို့ကြရပါသည်။

ပါရမီဖြစ်ပုံပြ စကားတည်း။

ဤသို့ ပါရမီ အဆင့်ဆင့် ဖြည့်ကျင့်ရပုံများကို ယခင်က ပါရမီ ပရိစယကထာ ဆိုသော နဖူးစီးဖြင့် ရေးခဲ့ဖူး၏။

ထိုသို့ ရေးခဲ့ရာတွင် ထိုစာမူ နိုင်ငံတော်သို့ တင်ပြလေသောအခါ နိုင်ငံတော်မှ တာဝန်ခံဆရာတော်တစ်ပါးက တာဝန်ယူ စိစစ်တော်မူသည် ဆို၏။

ထိုမှ စိစစ်ပြီးသောအခါ-

'ပါရမီ ပရိစယကထာ ဆိုတဲ့ ခေါင်းစီးတပ် စကားကလေးကတော့ တော်တော် စိတ်ဝင်စားစရာကောင်းတဲ့ စကားလုံးလေးပဲ၊ အထဲလှန်လှောဖတ်ကြည့်တဲ့အခါကျတော့ ဘာတွေလျှောက်ရေးထားမှန်းလဲ မသိဘူး'

ဤအတိုင်း မှတ်ချက်ချတော်မူသည် ဆို၏။

ချမည်ဆိုလည်း ချစရာပေကိုး။ ငါတို့ ရေးသားချက်များသည် ဆိုင်ရာကျမ်းစာအုပ်များ တစ်အုပ်ပြီးတစ်အုပ် လှန်လှော ကူးရေးထားသည်မှ မဟုတ်ဘဲ။ အိမ်ရှင်မများ မီးဖိုချောင်ဝင်၊ ငါးဟင်းချက်သည်ဆိုရာ၌ အနီးဝယ် အဆင်သင့်ထားသော ဆားအိုးမှလည်း နှိုက်ထည့်၏။ ကြက်သွန်ဗန်းများထဲမှလည်း လှမ်းနှိုက်ထည့်၏။ သည့်အတူ ဆီအိုး၊ နနွင်းအိုး၊ ငရုတ်သီးမှုန့်ဘူး စသည်များမှလည်း တန်ရာတန်ရာ နှိုက်ယူကာ ထည့်သေး၏။ ပြီးသောအခါ ငါးဟင်းတစ်ခွက် ကောင်းကောင်းဖြစ်သွားစေခဲ့ပြီ။ အမည်ခံကား ငါးဟင်း. . . ။

ငါတို့သည်ကား ငါတို့အနီးအပါး လက်လှမ်းမီ စာအုပ်များလည်း မရှိပါ။ ရှိသော်မှ လိုရာရာကုပ် ထုတ်ယူနိုင်စွမ်းသောဉာဏ်လည်း မရှိပါ။ တစ်ဖန် စာတတ်ပေတတ်များအတွက် စာဉာဏ်ပေဉာဏ်ထားပေးခြင်းလည်း မဟုတ်ပါ။

ထိုမှ ပြောင်းပြန်လှန်ပြော ပြောရပါမူ တကယ် အကျွတ်အလွတ်ပေါက်ပြီးမြောက်အောင် အားထုတ်လိုသူများ၊ နိက္ခမပါရမီအဖြစ် တောထွက်၍ မကျင့်ဖူးဘူးသေးသူများ၊ စာပေ ဗဟုသုတ ဟိုကူး သည်ဝှေ့ မလေ့လာဖူးဘူးသူများ၊ ဒင်းကလေးတို့ တောအဝင် တောင်အသွင် အပြင်မှာ သိရန်မှာကိုသာ။

အသွားနှင့်အတား အားစမ်းကြရာ၌ တောပရိယာယ်အသွယ်သွယ် သိထားရန်မှာကိုသာ။

တောသည် သူကြီးစိုး၏။ သူဘာလုပ်လုပ် လူတို့ကား ငုတ်တုတ်ခံရှုံသာ။

မြို့ရွာသည် လူကြီးစိုး၏။ လူဘာလုပ်လုပ် သူတို့ကား ငုတ်တုတ်ခံရှုံသာ။

ယင်းတို့သည် စာကြား၌ စာရင်းတင်မထားသော 'တောငုတ်ကောင်' များဖြစ်ကြပြီး တကယ် ကိုယ်တွေ့ကျင့်မှ ကိုယ်တွေ့ ကြုံလာရသော 'ဖော်ကောင်' များတည်း။

ဤ၌ ယင်းအကြောင်းခြင်းတများကို မင်္ဂလာအိမ်သွားရာတွင် လမ်း၌တွေ့ရမြဲသော တံခါးအဆီးအတားများကို ကျေရာပေး ပြေအေးစေပြီးမှ မင်္ဂလာဆောင်၏အခန်း တန်းဝင်ခွင့်ရသည့်ပမာ ပါရမီအဆင့်ဆင့် ဖြည့်ကျင့်ရာ၏ စိတ်လမ်းခရီး၌တွေ့ရတတ်သော အခက်အခဲများကို ဖော်ပြမည်။

သို့ကြောင့်. . .

**'ပါရမီဘာဝကထာ'** (ပါရမီဖြစ်ပုံပြစကား) အမည်တွင်စေပါသည်။

ထိုသို့ ဖော်ပြရာဝယ်-

**ပါရမီကို ပါရ-** ရှေ့ခံထား၊ **မာ-** ခတ် ဤပစ္စည်းဖြင့် လုပ်ကြံထားပါ၏။

**မာ-**မာသဒ္ဒါသည်၊ **မာနေ-** မြတ်နိုးခြင်း, နှိုင်းယှဉ်ခြင်း၌၊ **ဘဝတိ-** ဖြစ်၏ဟူ ဖွင့်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ကမ်းသို့ (ဒါနသည် ထိုး ဝါးထောက်တံကြီးများဖြင့်) ထောက်၍ ထောက်၍ သွားသည် ဆိုသော စကား အရ လုထားခြင်းတည်း။

အခြား ဆရာမြတ်တို့ ဖွင့်နည်း များမှာမူကား ပရမနှင့်ဤပစ္စည်းမျှသာ။ ဆိုင်ရာကျမ်းအသီးသီးတို့၌လည်း ပရမ နှင့်ဤပစ္စည်း ပါရမီသရုပ်ပြီးခြင်းမျှသာ။

သို့ကြောင့်. . .

ပရမာနိ ဘာဝေါ ပါရမီ။

**ပရမာနံ-** မြင့်မြတ်သူတို့၏၊ **ဘာဝေါ-** ဖြစ်ရာဖြစ်ကြောင်းသည် ပါရမီ။

ပရမာနံ- ကမ္မံ-ပါရမီ။

**ပရမာနံ-** မြင့်မြတ်သူတို့၏၊ **ကမ္မံ-** အမှုသည် ပါရမီ။

ဤအတိုင်းလျှင် ဖွင့်ပြတော်မူကြ မြဲ ဖြစ်၏။

မှန်၏။ ကောင်း၏။

သို့တိုင်လည်း. . .

ဘာကြောင့် မြင့်မြတ်လာရသလဲ ဆိုသော အရင်းမြစ် ကျွတ်ကျန်နေရစ်ခဲ့ ပြီ။ မြတ်အောင်မှမကျင့်သေးဘဲနှင့် အ မြတ်မဖြစ်နိုင် စကားလည်း ကားထွက် လာပြန်ပါပြီ။

သို့ကြောင့် ယင်းဆရာမြတ်တို့၏ စကားကို ထောက်ခံသော ဖြည့်ကွက် အဖြစ်ဖြင့် မြင့်မြတ်သူတို့၏ဖြစ်ကြောင်း သည် ယုတ်စွဲကို စွန့်ချ၍ပစ်လိုက်ခြင်း တည်း။

မြင့်မြတ်သူတို့၏အလုပ်သည် အ မြတ်စားတရားများဖြင့် စိတ်ကို ဖို့သိပ် ပေးနေခြင်းတည်း။

ဤအဓိပ္ပာယ်အမြစ်ရင်းများ စင်း စင်းပေါ် လွင်စေရန် ဒါန စသည် (၁၀) ချက်တို့ဖြင့် တစ်ဆင့်ရင့် ရှေ့တစ်ဆင့် တိုးမြှင့်စေကာ ပါရမီ အစဉ်အဆက် တက်ပုံများကို ပြဆိုပါမည်။

ထိုသို့ ပြရာ၌လည်း-

( က ) တဏှာကို ပစ်မှတ်အရာထား လျက်က တက်နည်း။

( ခ ) သဒ္ဒါကို အခြေတည် အရာ ထားလျက်က တက်နည်း။

ဤသို့လျှင် တက်ရိုးနှစ်ခုဖြင့် အား စု ပြပါမည်။

ထိုသို့ပြရာ၌ စာစကားနှင့် ဤအ ထား အလားမညီဖြစ်နေပါသော် စာကို လည်း တစ်ဖက်ထား၊ လက်တွေ့ ပွဲဝင် လည်း တစ်ဖက်ထား။ ဤဖက်နှစ်ပါးဖြင့် စဉ်းစားပေးကြစေလိုပါသည်။ စာသည် ဟိုရှေးယခင်က ကိုယ်တွေ့၊ ယနေ့နှင့် တစ်ထပ်တည်း အားလုံးမကျနိုင်ပါ။ စာ သည် တစ်ဦး တစ်ဦး၏ ကိုယ်တွေ့ အား လုံး အားလုံးတို့နှင့် ချွတ်စွပ်တူ မဖြစ်နိုင် ပါ။

တစ်ဖန်လည်း စာဖြင့်ရေးပြထား သော သရက်သီးကို တကယ် ခူးဆွတ် စားရာ၌ ဖန်၊ ချဉ်၊ ချို အရသာ သုံးခု သူ့နေရာနှင့်သူ ခံစားခွင့်ရသည်ပမာ။

စာအနေကား သရက်၊ အရသာ ကား အဖန်။ အသံထွက်ချင်း အတူဖြစ် မလာ။

စာအနေကား သရက်၊ စားရာ၌ ကား အချဉ်။ သံစဉ်ချင်း အတူဖြစ်မ လာ။

စာအနေကား သရက်၊ စားရာ၌ ကား အချို။ စာအလို၊ လျှာအလို အတူ ဖြစ်မလာ။

ယင်းတို့ကို ပညာအပေါ် ဉာဏ် စောင်း အကျင့်လမ်းကြောင်းပေါ် စိတ် ခြေတင်၊ စာတွေ့နှင့်လက်တွေ့ နှစ်ထွေ ယှဉ်၍ အဖြေဝင်တော်မူကြပါကုန်။

စာရင်းသည် ငွေမဟုတ်၊ သို့ သော် ထိုငွေ စာရင်းနှင့်မကင်း။

တစ်ဖန် ငွေသည်လည်း စာရင်း မဟုတ်၊ သို့သော် ထိုစာရင်း ငွေနှင့်ကား မကင်း။

ပါရမီ ဗီဇ၊ ပြည့်အဝ၊ စီချ စိုက် ပျိုးနိုင်ရမည်။

၆၈၊ နယုန်လပြည့်ကျော်
(၈) ရက်၊ တနင်္ဂနွေနေ့။
အကျွတ်အလွတ်-မဟာမြိုင်

**(က) တဏှာကို ဖို့သတ် သတ်၍ အမြတ် တက်ယူခြင်း**

ဒါနံ သီလဉ္စ နေက္ခမံ ခန္တီ သစ္စေ နံ ပဉ္စကံ၊
မေတ္တာ ပက္ခော အဓိဋ္ဌာနံ ဝီရိယာ ပညာစ ဒသဓာ။
(ကေနိပါတေန- ဏ္ဍမိနာ ဂမ္ဘီရံ န မိနာ မိနာ)

၁။ **ဒါနံ စ-** စွန့်လွှတ်ခြင်းသည် လည်း၊ **ပါရမီ -** အမြတ်ထွက် ပစ္စည်း တည်း၊ **ဏ္ဍမိနာ ကေ နိပါတေန-**စွန့်လွှတ် ခြင်း တည်းဟူသော ဤထိုးဝါးကြီးဖြင့်၊ **မိနာ မိနာ-** ထောက်တိုင်း တိုင်းလျက် တိုင်းလျက်က၊ **ဂမ္ဘီရံ -** နက်သော ဟူ၍ လည်းကောင်း၊ **န ဂမ္ဘီရံ-** မနက်တော့ ဟူ ၍ လည်းကောင်း၊ **ဥတ္တာ-** ဒိဋ္ဌသိ သိ၍၊ **ပရမတ္ထံ-** အမြတ်သို့၊ **ပတ္တံ-** အမြတ်သို့ ရောက်ခဲ့ရချေပြီ။

၂။ **သီလဉ္စ-** စောင့်စည်းခြင်းသည် လည်း၊ **ပါရမီ-**အမြတ်ထွက်ပစ္စည်းတည်း၊ **ဏ္ဍမိနာ ကေနိပါတေနစ-**စောင့်စည်းခြင်း တည်းဟူသော ဤထိုးဝါးကြီးဖြင့်လည်း၊ **မိနာ မိနာ-** ထောက်တိုင်း တိုင်းတွာ အ ချက်ပြ ကြည့်လျက်ကသာ၊ **ဂမ္ဘီရံ-** နက် သော၊ **န ဂမ္ဘီရံ-** မနက်တော့၊ **ဏ္ဍတိ-**ဤ သို့၊ **ဥတ္တာ-** သိ၍၊ **ပရမတ္ထံ-** အမြတ်သို့၊ **ပတ္တံ-** ရောက်ခဲ့ရချေပြီ။

၃။ **နေက္ခမံ စ-**အာရုံတောမှထွက် ခဲ့ခြင်းသည်လည်း၊ **ပါရမီ-** အမြတ်စား တည်း၊ **ဏ္ဍမိနာ ကေနိပါတေန စ-**ကာမ ဇောရမ္မက်မှ ထွက်ခဲ့ခြင်းတည်းဟူသော ဤထိုးဝါးကြီးဖြင့်လည်း၊ **မိနာ မိနာ-** ထောက်လျက် ထောက်လျက်က၊ **အ ယထ္တာဝ-**ဤပင်လယ်ကြီးသည်ကား၊ **ဂမ္ဘီ ရံ-** နက်တုန်းပါပဲကလား၊ **န ဂမ္ဘီရံ-** တိမ် ယောင်ပြလာပြီကပဲ၊ **ဏ္ဍတိ -** ဤသို့၊ **ဥတ္တာ-** ကိုယ်တိုင်သိ၍၊ **ပရမတ္ထံ-** အမြတ် သို့၊ **ပတ္တံ-** ရောက်ခဲ့ရချေပြီ။

၄။ **ခန္တီ စ-** သည်းခံရခြင်းသည် လည်း၊ **ပါရမီ-** အမြတ်စားတည်း၊ **ဏ္ဍမိ နာ ကေနိပါတေနစ-**သည်းခံနိုင်လာခြင်း တည်းဟူသော ဤထိုးဝါးကြီးဖြင့်လည်း၊ **မိနာ မိနာ-** ခံပြီး ခံပြီးတိုင်းကြည့် ကိုယ် တွင်းသိ သိလျက်က၊ **အယထ္တာဝ-** ဤ ပင်လယ်ကြီးကား၊ **ဂမ္ဘီရံ-**နက်မြနက်ဆဲပါ ပဲကလား၊ **န ဂမ္ဘီရံ-** နက်ရာမှ တိမ်တိမ် လာနေပြီပဲ၊ **ဏ္ဍတိ-** ဤသို့၊ **ဥတ္တာ-** ကိုယ် တိုင်ဝင်ကြည့် ကိုယ်တိုင်သိ သိ၍၊ **ပရ မတ္ထံ-** အမြတ်သို့၊ **ပတ္တံ-** ရောက်ကြ၊ ရ ကြရပေပြီ။

၅။ **ပဉ္စကံ-** ငါးခုမြောက်၊ **သစ္စေ နံ စ-** သစ္စာဆိုခြင်းများသည်လည်း၊ **ပါရ မီ-** အမြတ်စားတည်း၊ **ဏ္ဍမိနာ ကေနိပါ တေန စ-** သစ္စာထားခြင်း ဟူသော ဤ ထိုးဝါးကြီးဖြင့်လည်း၊ **မိနာ မိနာ-** ထောက် လျက် ထောက်လျက်က၊ **အယထ္တာဝ-** ဤပင်လယ်ပြင်ကြီးသည်ကား၊ **ဂမ္ဘီရံ-** နက်မြ နက်ဆဲပါပဲသာကလား၊ **န ဂမ္ဘီရံ-** နက်ရာမှ တိမ် တိမ်လာနေပြီပဲ၊ **ဏ္ဍတိ-** ဤသို့၊ **ဥတ္တာ-** ဆင်ခြင်ဉာဏ်သွင်း၍၊ **ပရ မတ္ထံ-** အမြတ်သို့၊ **ပတ္တံ-** ရောက်ကြရချေ ပြီ။

၆။ **မေတ္တာ စ-** သူ့ ကိုယ်အကြား တန်းတူထားရခြင်းသည်လည်း၊ **ပါရမီ-** အမြတ်စားတည်း။ **ဏ္ဍမိနာ ကေနိပါတေ န စ-**ကိုယ်ချင်းစာသွင်း ဤတန်းတူထား ခြင်း ထိုးဝါးထောက်တံကြီးဖြင့်လည်း၊ **မိနာ မိနာ-** ထောက်၍ ထောက်၍၊ **အ ယထ္တာဝ -** ဤပင်လယ်ကြီးသည်ကား၊



www.burmeseclassic.com

www.burmeseclassic.com

**ဂမ္ဘီရံ-** နက်မြဲ၊ **န ဂမ္ဘီရံ-** နက်ရာမှ တိမ်တိမ်လာပြီ၊ **ဉာတိ-**ဤသို့ **ဥတ္တာ-**ဆင်ခြင်သွင်းလျက်က၊ **ပရမတ္ထံ-** အမြတ်သို့၊ **ပတ္တံ-** ရောက်ကြရချေပြီ။

၇။ **ဥပေက္ခာ စ-** မဖြုံ မတု မမူတော့ခြင်းသည်လည်း၊ **ပါရမီ-** အမြတ်စားတည်း၊ **ဣမိနာ ကေနိပါတေန စ-** ရင်ဆိုင်မရှု မမူတော့ခြင်း ဟူသော ဤထိုးဝါး ထောက်တံကြီးဖြင့်လည်း၊ **မိနာ မိနာ-** ထောက်တိုင်း တိုင်းထွာလျက်က၊ **အယဏ္ဏဝါ-** ဤပင်လယ်ကြီးသည်ကား၊ **ဂမ္ဘီ ရံ -** နက်မြဲ၊ **န ဂမ္ဘီရံ-** နက်ရာမှ တိမ်တိမ်လာပြီ။ **ဉာတိ-** ဤသို့၊ **ဥတ္တာ-** အတွင်းသိ သိ၍၊ **ပရမတ္ထံ-** အမြတ်သို့၊ **ပတ္တံ-**ရောက်ကြရချေပြီ။

၈။ **အဓိဋ္ဌာန် စ-** မယိုင်မလဲ ခိုင်မြဲကျင့် ကျင့်ရခြင်းသည်လည်း၊ **ပါရမီ-** အမြတ်စားတည်း၊ **ဣမိနာ ကေနိပါတေန စ-** မယိုင်မလဲ ခိုင်မြဲသော ဤအဓိဋ္ဌာန်ထိုးဝါးကြီးဖြင့်လည်း၊ **မိနာ မိနာ-** ထောက်တိုင်း တိုင်းထွာလျက်က၊ **အယဏ္ဏဝါ-**ဤပင်လယ်ကြီးသည်ကား၊ **ဂမ္ဘီရံ-** ရေဟုန်မှီမောက် ပို၍တောင် နက်စောက်လာပါပကောလား၊ **န ဂမ္ဘီရံ-** ဒီရေဟုန်ကျ တိမ်အောင်ပြနေပါပကောလား၊ **ဉာတိ-** ဤသို့ **ဥတ္တာ-**ကိုယ်တွင်းအရှိ ဆင်ခြင်ဉာဏ်ဖြင့်သိ၍၊ **ပရမတ္ထံ-** အမြတ်သို့၊ **ပတ္တံ-** ရောက်ကြရချေပြီ။

၉။ **ဝီရိယာစ-** တည်ကြည်ရဲရင့်စိတ်စွမ်းရည်မြှင့်ခြင်းသည်လည်း၊ **ပါရမီ-** အမြတ်စားတည်း၊ **ဣမိနာ ကေနိပါတေန စ-**ဤထိုးဝါးထောက်တံကြီးဖြင့်လည်း၊ **မိနာ မိနာ-** တစ်ဖက်ကမ်းပြေး နီးအဝေးကို မျှော်တွေး ဖောက်ရှေ့ ထောက်၍ထောက်၍ ကြည့်လျက်က၊ **အယဏ္ဏဝါ-** ဤပင်လယ်ပြင်ကြီးသည်ကား၊ **ဂမ္ဘီရံ-**ရေလုံးကမ်းရိုက် အသံကြီးများတောင် ဟီးတိုက်နေပါပေါ့ကလား၊ **န ဂမ္ဘီရံ -** လှိုင်းပြင်ငြိမ်သက် သိပ်မလှုပ်ယှက်တော့ပါကလား၊ **ဉာတိ-**ဤသို့၊ **ဥတ္တာ-** ဤသည့်ဉာဏ်ပင်း စိတ်ဝယ်သွင်း၍၊ **ပရမတ္ထံ-** အမြတ်သို့၊ **ပတ္တံ-** ရောက်ကြရချေပြီ။

၁၀။ **ပညာ စ-**သတိသွင်းသိ ဉာဏ်သွင်းသိဖြင့် အရှိကို အရှိအတိုင်း သိခြင်းသည်လည်း၊ **ပါရမီ-** အမြတ်စားတည်း၊ **ဣမိနာ ကေနိပါတေနစ -** ဤထိုးဝါးထောက်တံကြီးဖြင့်လည်း၊ **မိနာ မိနာ-** ထောက်ကြည့် တိုင်းထွာ ပိုင်းကာ ပိုင်းကာ ခွာလျက်ကပင်၊ **အယဏ္ဏဝါ-** ဤပင်လယ်သည်ကား၊ **ဂမ္ဘီရံ-** နက်သယောင်ထင်ရ ရေနည်းထနေခြင်းမျှပါကလား၊ **န ဂမ္ဘီရံ-** နက်ယောင်မပြ ရေအနည်းကျနေပါပေါ့ကလား၊ **ဉာတိဥတ္တာ-** ဤနှယ် အထင်းသား ဉာဏ်ဝင်စား၍၊ **ပရမတ္ထံ-** အမြတ်သို့၊ **ပတ္တံ-** ရောက်ရချေပြီ။ **ဉာတိ-** ဤသို့၊ **ပါရမီယာနိ-** ပါရမီတော်တို့သည်၊ **ဒသဓာ-** ဆယ်ပါးအပြား ရှိပါကုန်၏။

အထက်ပါ (၁၀) ပါးတို့သည် ဩဃကို ဖြတ်ကျော်ကူးခပ်လိုသူများ၏ ကိရိယာတန်ဆာပလာများ ဖြစ်ကြ၏။ ဩဃကိုကျော်ဖြတ်တိုင်း ယင်း (၁၀)ပါး လက်ယှက်ခင်း စိတ်ဖဝါးချနင်းလျက်က တစ်ဖက်လွန်မြောက်ကြရ၏။

တစ်ခုဟာ တစ်ခါလွဲမည်၊ တစ်ခုအားနဲ့လည်း တစ်ဖက်လဲ ဖြစ်သွားမည်။ သို့ကြောင့် ထိုဆယ်မျိုးသော ပါရမီဖြစ် လက်နက်များကို-

ခွဲစိတ်က ပါရဂူကြီးသည် လူနာ၏ဝမ်း ထားအိမ်ချိန်ဆလျက်က ပထမ ထက်သော ဓားကြမ်း၊ ထို့နောက် ထက်သော ဓားလတ်၊ ထို့နောက် ထက်သော ဓားငယ် အသွယ်သွယ်တို့ဖြင့် အပေါ်ယံအိမ်မှသည် အတွင်းထားအိမ်တိုင်အောင် အဆင့်ဆင့် ခွဲစိတ်ကုသဘိသို့ ဤပါရမီများကို အသုံးချသင့်၏။

တစ်ဖန် ဓာတ်ခွဲခန်းနေ စမ်းသပ်ပါရဂူသည် မိမိထံသို့လာရောက်အပ်နှံထားသော ဓာတ်ကိန်း သိုက်များအပေါ် ပထမ အကြမ်းစား မှန်ဘီလူးဖြင့်၊ ထို့နောက် သည့်ထက်နုသော၊ ပို၍နုသော၊ ပို၍လည်းနက်သော နေရာများရှိ ဓာတ်သတ္တိ အရှိသဘာဝများကို ထွင်းမြင်မြင်စေနိုင်သော စွမ်းအားကောင်း မှန်ဘီလူး အဆင့်ဆင့်တို့ဖြင့် တိုးမြှင့်ကြည့်ရဘိသို့ ဤ၌လည်း အသုံးချသင့်၏။

ဤနည်းဖြင့် ယုတ်ညံ့စိတ်မှ မြင့်မြတ်စိတ်သို့ ကူးဝင်သွားစေကာ ယုတ်ညံ့သောဘဝမှ မြင့်မြတ်ဘဝ ရစေကြရပါမည်။

ဤနည်းဖြင့်ပင် မည်းညစ်စိတ်မှ ဖြူစင်စိတ်သို့ ပြောင်းလဲသွားစေကာ မည်းညစ်သောဘဝမျိုးမှ ဖြူစင်သော ဘဝမျိုးသို့ တိုးဝင်စေကြရပါမည်။

ဤနည်းဖြင့်ပင် လူ၌ရှိအပ်သော လူဖြစ်စိတ်ကိုဖော်ထုတ်ပေး၍ အောက်တန်းစားဘဝများစွာတို့မှ ကပ်ပါပါလာကြသော မျိုးကိန်း အနုသယများနှင့် မိုးမျှော်ဉာဉ် မြေဝင်စရိုက်ဆိုးများကို ဖယ်ရှားသုတ်သင်ပေးကြရပါမည်။

ယင်းတို့ကို ဤပါရမီလက်နက်များမှတစ်ပါး အခြား မတတ်နိုင်။ ကမ်းတက်တပ်သားများအတွက် မရှိမဖြစ်သော လက်နက်ထူး။

ထိုစဉ် ပါရမီ(၁၀)ချက် ထိုလက်နက်တို့ကို လက်မှတ်ထိုး လက်ချီးရေတွက်ပြရာ၌. . .

ငါတို့သည်ကား ပါရမီဖြစ်သင်တန်း အစမ်းပြောပြပေးနေသော အလုပ်သင်ဆရာ။

သင်စာရှုသူကား ပါရမီဓလေ့ စာတွေ့လေ့လာနေသော သုတေသီဆရာ။

သို့ဖြစ်ရာ. . .

ဤမှနေ နောက်ပိုင်းတစ်လျှောက်လုံး သင့်အား တိုင်တည်လျက်က ရေးပြနေပါအံ့။ 'ဓမ္မေသက' အမည်တပ်၍ သင့်အား ငါတို့ခေါ်ပါအံ့။ ဓမ္မေသကဟူသည် **ဓမ္မ-** သဘောတရားရေးရာ အဖြာဖြာကို၊ **သေကော-** ရှာမှီးနေသူ။

**ဓမ္မေသကော-** တရားအထား စာတွေ့၊ လက်တွေ့အားဖြင့် လေ့လာလိုက်စားနေသူတည်း။

ဤသည်ကိုရည်ညွှန်း၍ ငါတို့က သင့်အား 'ဓမ္မေသက' ဟူ၍ အမည်တပ်ခေါ်လိုက်ရာ သင်ကလည်း စာမျက်နှာပြင်ဝယ် 'ဓမ္မေသက' ကိုတွေ့သည်နှင့်-

'ဩော်- ငါ့ကို လှမ်းခေါ်နေသည်ပါတကား'

ဤအတွေး ဤအသိ စိတ်၌ရိပ်မိကာ သင့်စိတ် ထားသင့်ရာနေရာသို့ အသင့်ပြင်ထားပါလေ။ သင်နှင့်ငါ စာမျက်နှာမှာ မျက်နှာချင်းဆိုင် ပါရမီရေးရာများ တိုင်ပင်ကြပါစို့။

❂

**ဓမ္မေသက. . .**

အယုတ်မှအမြတ်သို့ ကူးပေးရာ၌ လည်းကောင်း၊ အမည်းမှအဖြူသို့ ပြောင်းပေးရာ၌လည်းကောင်း စိတ်ကိုနှိမ့်ကျစေတတ်၊ မည်းညစ်တတ်သော-

က။ တဏှာ-မာန-ဒိဋ္ဌိနှင့် ထိနမိဒ္ဓတို့ကိုလည်း အမြစ်ဖြတ်တောက်ချခဲ့ရမည်။

ခ။ ဒေါသ- ဣဿာ- မစ္ဆရိယ- ကုက္ကုစ္စတို့ကိုလည်း ဖြတ်တားတားခဲ့ရဦးမည်။

ဂ။ မောဟ-အဟိရိက-အနောတ္တပ္ပ-ဥဒ္ဓစ္စ- ဝိစိကိစ္ဆာတို့ကိုလည်း မြှုပ်ထားခဲ့ရဦးမည်။

ယင်းတို့သည် လူဖြစ်စိတ်ကို ဖုံးအုပ်ထားကြသော ကိလေသာတရားကိုယ်များ။

**ဓမ္မေသက. . .**



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်မျိုး တိုးသိစေလိုသေးသည်မှာ-

ကာမရာဂ- ဗျာပါဒ- ဘဝ-မာန ဒိဋ္ဌိ-ဝိစိကိစ္ဆာ-အဝိဇ္ဇာ-ကုက္ကုစ္စ-မစ္ဆရိယ-သီလဗ္ဗတ ပရာမသ-ဤဆယ်ပါးတို့ ကိုလည်း လက်လှန်ထားခဲ့ရဦးမည်။

ယင်းတို့သည်လည်း လူ့ဖြစ်စိတ်ကို ကပ်ယှဉ်နေကြသော သံယောဇဉ် တရားကိုယ်များ။

**ခမ္မေသက. . .**

ယနေ့သည် မနေ့ကကဲ့သို့ ပါဠိ စကား နားမဝင်ကြတော့ရာ-

သင်သည်လည်း ပါဠိဖြစ်စကား နာကြားနေရပါက တောကြားကမြန်မာ ကုလားပောသောတရား နာကြားနေရပါသည့်ပမာ ဘာကို ဘယ်လိုမှန်းသိမည် မထင်။

သို့ကြောင့်-

လူနှင့်လည်းမကင်း၊ လူ့ဖြစ်စာရင်းထဲလည်း သွင်းမရသော ထိုကိလေသာ သံယောဇဉ် တရားကိုယ်များကို မြန်မာ့နား၊ မြန်မာစကားဖြင့်ပင် သီးခြားပြောကြားပါဦးအံ့။

**စိတ်ဖြူစင် သူဝင် မည်းညစ်အံ့**

**ခမ္မေသက. . .**

က။ တဏှာ ဆိုသည်မှာ အာရုံပြကို သဘောကျသဖြင့် နှစ်သက်စွဲလမ်းခြင်းပင်ဖြစ်ရာ သင်ဖြစ်နေကျ. . .

- လိုချင် နှစ်သက်စိတ်အားလုံး ဤ၌ အကျုံးဝင်၏။
- လိုလားခြင်း ကာမလည်း ဤ၌ပင် သွင်းယူရ၏။
- တပ်မက်ခြင်း ရာဂလည်း ဤ၌ပင် သွင်းယူရ၏။
- အလိုကျခြင်း လောဘလည်း ဤ၌ပင် သွင်းယူရ၏။
- ပြင်းစွာတပ်မက်ခြင်း ဆန္ဒရမ္မက်လည်း ဤ၌ပင် သွင်းယူရ၏။

ယင်းတို့သည် အလိုကျခြင်း၊ နှစ်သက်စွဲလမ်းခြင်း တဏှာ၏အသင်းအပင်းများချည်း ဖြစ်ကြ၏။ အနံ့, အရင့်ခွဲလိုသဖြင့် လည်းကောင်း၊ ဝေနေယျ၏ အလို အကြိုက်လိုက်သဖြင့် လည်းကောင်း အမည်အမျိုးမျိုးတို့ဖြင့် ဟောကြားထားသော်လည်း တရားကိုယ်မှာ လိုချင်ခြင်းပင်။

**ခမ္မေသက. . .**

သင်သည် တစ်ဖက် အာရုံပြကို ကြည့်မိရာ၊ ကြားမိရာ၊ နမ်းမိရာ၊ စားမိရာ၊ ထိတွေ့မိရာ၊ စိတ်ကူးကြည့်မိရာမှ သူ့အား လိုလားနှစ်သက်စိတ် (လိုချင်တပ်မက်စိတ်) ဖြစ်ပါအံ့၊

ထိုအခါ သူ့အား မြတ်နိုးခြင်းဆိုသော မာနစိတ် အဆိပ်တက်လာပြီ။

မာနသည် သင်ဖြစ်နေကျ မြတ်နိုးစိတ်၏အမည်။

မာနသည် မြတ်နိုးမိရာမှ ထောင်လွှားတက်ကြွ မက်စိတ်ထလာခြင်း။

မာနသည် အာရုံချင်းဆိုင် ယှဉ်ပြိုင်လိုခြင်း။

**ခမ္မေသက. . .**

တစ်ဖက်အာရုံခင် မြင်တန်းတန်းစွဲ တွဲသူနှင့်ယှဉ် မာနဝင်လာသောအခါ မရမနေကြိုးစားလိုခြင်း၊ ငါပိုင်သိမ်းပိုက်လိုခြင်းများ အာရုံစွဲ၏။ အခဲ အကြီး, အသေးလိုက်လျက်က ဖြစ်လာတတ်ကြ၏။ ယင်းကာ ဒိဋ္ဌိ။

ဤဒိဋ္ဌိသည်လည်း သင်ဖြစ်နေကျပင်။

ထိုဒိဋ္ဌိသည် ငါ၊ သူ အမြင်မှားခြင်းလျှင် အရင်းခံရှိ၏။

ထိုဒိဋ္ဌိသည် ငါကောင်း ပြီးရောဖြင့် မိုက်မှားခြင်းသို့ တိုးဝင်လေ့ရှိ၏။

ထိုဒိဋ္ဌိသည် အခြား အမှားကျင့်သုံးမှုဆိုင်ရာများကိုလည်း တာဝန်ခံသေး၏။

**ခမ္မေသက. . .**

ဤဆိုခဲ့ပြီး တဏှာ မာန ဒိဋ္ဌိ (လိုချင်ခြင်း၊ မြတ်နိုးခြင်း၊ သိမ်းပိုက်လိုခြင်း) သုံးမျိုးတို့သည် ကွင်းဆက်မကင်းကြ။ တဏှာသည်ကား အရင်းမူလ။

၁။ ထိုစဉ် ကိုယ့်ကိုယ်ကိုယ် ငါအစွဲထင်လျှင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်း၊ မြတ်နိုးခြင်း မာနက စိတ်ဝယ်နေရာယူပြမည်။ တကယ်မှာ 'ငါ' မရှိ။ ခန္ဓာရှိ ရုပ်နှင့်နာမ်တို့ အပေးအယူလုပ်၍ လှုပ်ရှားပြနေခြင်းသာ။ သို့ပါလျက် ထိုရုပ်၊ နာမ်တို့ကို 'ငါ' လုပ်နေသည်မှာ အထင်ကြီးရာမှ၊ မြတ်နိုးရာမှ အားကိုးနေခြင်းကြောင့် ဆိုသည်ကို သင့်ကိုယ်သင် ပြန်လည် စဉ်းစားကြည့်သိနိုင်၏။

၂။ တစ်ဖက်ကို 'ငါ့ပစ္စည်း' အစွဲထင်လျှင် ကိုယ်လိုချင်ရာ အာရုံထားဝတ္ထုသို့ စိတ်ပြေးဝင်ပြမည်။ တကယ်မှာ သူမရှိ။ သူလည်းပဲ သူ့ခန္ဓာရှိ ရုပ်နှင့်နာမ်တို့ အပြန်အလှန် အပေးအယူလုပ်၍ လှုပ်ရှားပြသနေခြင်းမျှသာ။ သို့ပါလျက် သူ့အား 'ငါ့ပစ္စည်း' ဆိုနေသည်မှာ လိုချင်ခြင်း တဏှာကြောင့်ပင်။

အတူနေကြွက်နှင့် အိမ်အောက်ထားဝက်တွင် ဝက်ကိုသာ 'ငါ့ဝက်'ပြောသည်ကို ထောက်ကြည့် သိနိုင်၏။

၃။ ထိုတစ်ဖက်ကို 'ငါပိုင်' အစွဲထင်လျှင် ကိုယ်လိုချင်ရာ အာရုံဝတ္ထုနှင့်ကိုယ် အတူထားသိုပြမည်။ တကယ်မှာ သူသည် သူ့သဘာဝသူပြနေတတ်ပြီး ငါသည်လည်း ငါ့သဘာဝ ငါပြနေတတ်၏။

သူသည်လည်း သူ့ဉာဉ် ဝါသနာအရပြသခွင့်ရပြီး ငါသည်လည်း ငါ့ဉာဉ် ဝါသနာအရ ဇ, ပြနေရ၏။

သူသည်လည်း သူ့ကံပစ်ချရာအတိုင်း ဆက်၍လာနေရပြီး သူ့ကံငြိမ်းသူလိုရာ သူတိမ်းသွားမည်။ ငါသည်လည်း ငါ့ကံပစ်ချရာဘဝဖြစ်လာပြီး ငါ့ကံငြိမ်း ငါတိမ်းညွှတ်ရာ ငါသွားမည်။

မျဉ်းပြိုင်နှစ်ခုထက်မှာ တကော့လျှောက်နေသူချင်း ဘယ်သူ့ဘယ်သူမှ မပိုင်ပါ။ သို့ပါလျက် သူ့ကိုယ်ကို ငါပိုင်လုပ်နေသည်မှာ သူ့ပြကွက် ငါ့အား တင်ဆက် ပြသနေသည် ထင်သောကြောင့်။

**ခမ္မေသက. . .**

ဤဆိုခဲ့ပြီး ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် ဆိုသော သင့်၌ 'ငါ' အစွဲအထင်သုံးခုသည် အာရုံတွေ့ လေ့ယူရာတိုင်းတို့၌ အတိုင်အဖောက်ညီသော အတွဲပင်။ ယင်းကို ကြိုက်စိတ်ဖြင့် တစ်ဖက်အာရုံရှင် သင်ချိတ်နေရာ၌ သတိပြုကြည့် သိရ၏။

သို့ကြောင့် ယင်းတဏှာ မာန ဒိဋ္ဌိတို့ကို အုပ်စုတစ်စုဖွဲ့ရ၏။ အသွင်တူအိမ်သူဖြစ်ပမာ။

တစ်ဖန် ထိုအုပ်စုနောက်မှ လိုက်နေသည်မှာ-

က။ ထိုအုပ်စု၏လုပ်ရပ်ကြောင့် အသေးငယ်ဆုံးတို့ဖြင့် ဖွဲ့စည်းထားသော ခန္ဓာပေါင်း အပူ၊ အပုပ်၊ အထောင်းခံရသောအခါ. . .

ခ။ ဆန့်ကျင်ဘက်အုပ်စု၏ လုပ်ရပ်ကြောင့် ကိုယ်မှာရှိသော ခန္ဓာပေါင်း အားလုံး ညောင်းကျသွားသောအခါ. . .

ဂ။ ကြားနေအုပ်စု၏ လုပ်ရပ်ကြောင့် ကိုယ်မှာရှိသော ခန္ဓာပေါင်း သွေးစည်းနှောင်းလာသောအခါ. . .

**ထိန-** စိတ်မခိုင်ခံ့ ထိုင်းမှိုင်း ပျင်းရိခြင်းက ဖြန့်ဝင်လာချေပြီ။

**မိဒ္ဓ-** စိတ်တွဲဖက်များလည်း မခိုင်ခံ့ ငိုက်မျဉ်းခြင်းက ခြေဆန့်လာချေပြီ။

တစ်နေကုန် အတွင်းပူ, အပြင်ပူများနှင့်ထိခိုက်မိလာသောခန္ဓာ၊ တစ်ညလုံးလုံး တုံးလုံးပက်လက်လှဲ အနားပေးရ



www.burmeseclassic.com

www.burmeseclassic.com

မြဲကား ဤထိနမိဒ္ဓ ပါဠိသွား၏ ပြကွက်များ။

သင်အသက်ရှိသရွေ့ ညစဉ် အသုံးပြုနေသော သဘာဝတရား သင့်၌ အထင်အရှား။

**ဓမ္မေသက. . .**

ဤအိပ်စက်အနားယူလိုခြင်း၊ လဲလျောင်းခြင်း နှစ်ပါးတို့သည်လည်း အိပ်ချင်ပြီဆိုသော လိုချင်ခြင်း၏အသင်းအပင်းများပင် ဖြစ်ခြင်းကြောင့် ဤလောဘအုပ်စုတွင် သွင်းပေးထားရသည်။

အားလုံးခြုံလိုက်သော် ထိုငါးပါးစုတို့သည်-

တစ်ဖက်အာရုံ ဒင်း၏ပုံကိုသော်လည်းကောင်း၊ ပုံပြအမူ လှုပ်ရှားများကိုသော် လည်းကောင်း နှစ်သက်စွဲလမ်းမိရာမှ မိမိစိတ် ငန်းဖမ်းခံရလေသောအခါ စိတ်အလို ကိုယ်ဝင်ပေးရပြီ။

ယင်းမှာ. . .

- ငါသည် သူ့အား ငါပိုင်အဖြစ် အပြီးအပိုင် သိမ်းပိုက်လိုက်သည်။ ထာဝရ။
- ငါသည် သူ့ကို ငါကိုင်အဖြစ် ခဏ ထိန်းသိမ်းထားလိုက်သည်။ ခဏသုံး။

ယင်းတို့သည် အသေးအဖွဲလေးများကအစ အကြီးအမားကြီးများတိုင် တစ်ဖက်အာရုံကို အလိုဖြင့် ချိုင်ယူတိုင်း ယင်းတို့က စိတ်သို့ပူးဝင်၍ သင့်ကိုယ်ကို လိုက်ပွဲဖြစ်စေချေရာ။

ကြင်နာခြင်းမှ ကြင်ကိုင်ပွဲ မှန်သမျှ သူတို့လက်ချက်ချည်းသာ။

တပ်မက်ခြင်းမှ မက်ပြိုင်ပွဲ မှန်သမျှလည်း သူတို့လက်ရာချည်းသာ။

စိတ်ကိုအလိုသွင်း၍ ကိုယ်ကိုနှင်းရင်းပွဲမှန်သမျှ သူတို့မပါ ပွဲမပြီးပါ။

သို့ဖြင့် တစ်နေကုန်ဆုံ ပုံတိုက်တိုက် သူရောကိုယ်ပါ နွမ်းဟိုက် သွားစေပြီ။

သို့နှင့် တစ်ညလုံးလုံး မျက်စိမှိတ် သူရောကိုယ်ပါ အိပ်ပေးကြရသည်။

**ဓမ္မေသက. . .**

တဏှာခွင်ဝင် ကြိုက်အုပ်စု၏ စကား ဤမျှဆို သင်နားလည်လောက်ပြီ။

**ဓမ္မေသက. . .**

ခ။ အကြိုက်၏ ဆန့်ကျင်ဘက်တဘာလဲမေးသော် 'မကြိုက်' ဟူ၍ပင် ဖြေရပါမည်။

ဤ မကြိုက်ခြင်း သဘာဝတရားသည်. . . တစ်ဖက်အာရုံနှင့် မိမိစိတ် သဘောချင်းမတူလျှင်လည်း 'မကြိုက်' ဝင်လာတတ်၏။

မိမိနှင့် သဘောတူအာရုံ စုံမက်နေစဉ် အဖျက်ခံရလျှင်လည်း 'မကြိုက်' ဝင်လာတတ်၏။

မိမိ၏သဘောတူအာရုံ ပုံပျက်သွားသောအခါတွင်လည်း 'မကြိုက်' ဝင်လာတတ်၏။ သို့ကြောင့် ဤ 'မကြိုက်' သည် အကြိုက်၏ဆန့်ကျင်ဘက် သို့မဟုတ် မကြိုက်နှင့်ယှဉ်ဝင်လာသော အကြိုက်၏ဖွားဖက်။

**ဓမ္မေသက. . .**

ထိုမကြိုက်တရားကို ပါဠိလို 'ဒေါသ' ခေါ်၏။ တစ်ဖက်သား ပြစ်မှားတတ်သောကြောင့် ထိုဒေါသသည် အလိုမပြ အကြိုက်မကျရာများ၌ ဖြစ်တတ်ရာ-

မိမိအောက်ကို သဝန်တိုစိတ်ဖြင့် မကျေမချမ်းဖြစ်နေစဉ် ဣဿာ အမည်တွင်၏။

မိမိအထက်ကို မနာလိုစိတ်ဖြင့် မကျေမချမ်းဖြစ်နေစဉ် မစ္ဆရိယ အမည်ခံယူရ၏။

မိမိကိုယ်မိမိ နောင်တ ပူပန်စိတ်ဖြင့် မကျေမချမ်းဖြစ်နေစဉ် ကုက္ကုစ္စ အမည်ပေးခံရ၏။

ထိုသုံးပါးစလုံး ဒေါသ (ပြစ်မှားလိုခြင်း) နှင့် အရင်းဖြတ်၊ အဖျားဖြတ်များချည်းသာ။ ယင်းတို့သည် လောဘတဏှာကဲ့သို့ အတူတွဲမနေတတ်ကြ။

သဝန်တိုစိတ်ဖြစ်နေစဉ် ဒေါသနှင့် ဣဿာတို့သာ ပါ၏။ အခြား မပါလာ။

မနာလိုစိတ်ဖြစ်နေလျှင် ဒေါသနှင့် မစ္ဆရိယတို့သာ ပါ၏။ အခြား မပါလာ။

နောင်တစိတ်ဖြစ်နေလျှင် ဒေါသနှင့် ကုက္ကုစ္စတို့သာ ပါ၏။ အခြား မပါလာ။

**ဓမ္မေသက. . .**

သင့်အတွက် ဒေါသခွင်ဝင်၊ မုန်းအုပ်စုတို့စကား ဤမျှဆို သင်နားလည်လောက်ပြီ။

**ဓမ္မေသက. . .**

ဂ။ ထိုကြိုက်၊ မကြိုက်တို့နှင့် အရောတဝင် ဆက်ဆံနိုင်သူမှာ မောဟ တစ်ခုသာ။ 'မောဟ' ဆိုသော ထိုပါဠိစကား၏သဘောထားမှာ-

မည်သည့်အာရုံနှင့်မျှ မတွေ့ဖြစ်မိ၊ ကျကျတိတိ အသိသည်လည်း မောဟ။

အာရုံမိပြုန်ကလည်း အတွင်းထိမဝင်မိ၊ သညာဖြင့် ပြင်ပမှ သိနေခြင်းကလည်း မောဟ။

ပြင်ပမျှ သိနေရာမှပင် မကောင်းနှင့်အကောင်း ပြောင်းပြန်ထင် ထင်နေခြင်းကလည်း မောဟ။

ခွေးသည် ရွှေနှင့်မစင် အတူမြင်ရာ၌ မစင်ပေါင်း အကောင်းထင် စိတ်ကူးထင်နေပုံမျိုး။

**ဓမ္မေသက. . .**

မောဟ မေ့များ ထိုသဘာဝအလား တရားများကား သင်နှင့်အကျွမ်းဝင်ပြီးသား။

ထိုမောဟမှပင်-

သူတော်ကောင်း မကြိုက်သောအလုပ် ပြုလုပ်ရမည်ကို ရှက်ရကောင်းမှန်းမသိတတ်မှုက အဟိရိက။

မိမိကိုယ်တိုင် နောင်ရေး အခုပါခံရဦးမည်ကို ကြောက်ရကောင်းမှန်းမသိတတ်မှုက အနောတ္တပ္ပ။

သွေးပူလှန့်သဖြင့် ပြန့်ကျဲသွားသော မိမိစိတ် ဘာနှင့်မှ မချိတ်မိရာမှ မသိတတ်မှုက ဥဒ္ဓစ္စ။

အာရုံတည့်ကို မိမိရရ မဖမ်းနိုင်သဖြင့် ချီတုံချတုံဖြစ်နေရာမှ မသိတတ်မှုက ဝိစိကိစ္ဆာ။

ထိုလေးပါးစလုံး မောဟ (အာရုံမှန်ကို ကလန်ကဆန်လုပ်တတ်ခြင်း) ၏ အသင်းအပင်းများချည်း ဖြစ်ကြ၏။ ထိုလေးပါးလည်း တစ်ပါးနှင့်တစ်ပါး မရောနှောကြ။

**ဓမ္မေသက. . .**

ဤလေးပါးတို့သည်လည်း သင်နေ့စဉ်သုံးစိတ်ကြား၌ ပါပြီးသားချည်းသာ။

ထိုလေးပါးတို့တွင်-

မရှက်မကြောက်စိတ်သည် တော်သလင်းခွေးတို့၏ အကျင့်မျိုးကြား အကျင့်ဆိုးဝင်သွားရာ၌ ထင်ရှား၏။

ပျံ့စိတ်သည် အာရုံဟောင်း-သစ်ကြား ကိုယ်ကြိုက်အာရုံတစ်ပါး ရှာဖွေနေရာမျိုး၌ ထင်ရှား၏။

တွေစိတ်သည် ကြိုက်နှင့်မကြိုက် အတိုက်အခံလုပ်နေကြရာ၌ ထင်ရှား၏။

မယုံ သင် တစ်နေ့ကုန် အလုပ်လုပ်နေစဉ် စစ်ကြည့် သိနိုင်၏။

ထိုလေးပါး မောဟ၏ အမှန်ကိုဖုံး၍ မမှန်အသုံးချခိုင်းရာ၌ အကူထိုးပံ့ပိုးသမားများချည်းသာ။

(ဆက်ပါဦးမည်။)

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဒေသနာမျှဓမ္မသာမိဓေတာ်)



www.burmeseclassic.com

www.burmeseclassic.com

'နေဝါငြိမ်းလု၊ ချမ်းဥတုဝယ်၊ နှုတိ ဆ၊ ရောဂါကင်းစေ၊ ငြိးပြေနေ ကောင်း၊ ခြေညောင်းလက်ဆန့်၊ လှုမ်းခဲ့ဖြန့်သော၊ ကန့်လန့်ဆီးလာ၊ တောတောင်ကာ၍၊ ဝေဆာရိပ်စဉ်၊ ခက်ချင်းယှဉ်လျက်၊ ဥယျာဉ်သဖွယ်၊ ပင်ငယ်ပင်ကြီး ပင်ထီးမပေါက်၊ ပင်ကြီးအောက်ဝယ်၊ အလျောက်စဉ်စီ၊ ပင်ချင်းမှီ၍၊ ရိတမှောင်မှောင်၊ ချောင်အထပ်ထပ်၊ ချပ်အပါးပါး၊ မြောင်အကြားဝယ်၊ သွားဆဲထိုရော်၊ ဣတိ-ခေါ် သား၊ ဂုဏ်တော်ကိုးပါး၊ အံ့ဖွယ်များကို၊ တစ်ဖဝါး တစ်လုံး၊ ရေတွက်ကျုံး၍၊ အဆုံးမှတ်ဖွဲ့၊ ခြောက်ဆယ့်နှစ်ခေါက်၊ တိုင်တိုင်မြောက်မှ၊ နောက်တို-လောတ၊ ရောက်ပြန်ကျသော်၊ ရဏ်ငါးရာ၊ တာသချာဟု၊ လမ်းမှာသွင်းမှတ်၊ ဂုဏ်တော်ရွတ်လော့'

တစ်ညနေခင်းတွင် ကျွန်တော်သည် မဟာဗောဓိမြိုင်ဆရာတော်၏ 'ဝနဝါသီနှင့် တစ်ဖက်တာဝန်' ကဗျာကို ဖတ်ရင်း ဆီးပန်းနီဆရာတော်ဘုရားကြီး၏ 'အရညကောဝါဒအလင်္ကာ'ကိုသတိရလာသဖြင့် ကဝိမဏ္ဍနမေဒနီကျမ်းကို လှန်၍ အထက်ပါစာကို ဆွဲဆွဲငင်ငင် ဖတ်နေပါသည်။

ထိုသို့ ဖတ်နေစဉ် ကျွန်တော့်တပည့် ရောက်လာပါသည်။ ကျွန်တော့်တပည့်သည် ရောက်သည်နှင့် ဤသို့ စကားစ, ပါသည်။

"ဆရာ ဘာတွေဖတ်နေတာလဲ"

"ဆီးပန်းနီ ဆရာတော်ဘုရားကြီးရဲ့ အရညကောဝါဒ အလင်္ကာကို ဖတ်နေတာပါ။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ 'ဝနဝါသီနှင့်တစ်ဖက်တာဝန်' ကဗျာကိုဖတ်ရင်း တောပျော်ဆရာတော်ဘုရားကြီးတွေရဲ့ အကြောင်းကို သတိရလာလို့ပါ"

"ကျွန်တော်လည်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ဝနဝါသီနှင့် တစ်ဖက်တာဝန် ကဗျာကို ဖတ်ခဲ့တယ် ဆရာ။ ဆရာတော်ဘုရားကြီးဟာ တောရဆောက်တည်နေပေမယ့် တပည့်ဒါယကာ၊ ဒါယိကာမတို့ရဲ့အရေးကိုလည်း မေ့မထားဘူး။ ဆရာတော်ဘုရားကြီးဟာ တောရတောမဝင်ခင် တပည့်ဒါယကာ, ဒါယိကာမတွေကို တရားလည်း ဟောတယ်၊ တရားလည်းပြတယ်။ တပည့်ဒါယကာ၊ ဒါယိကာမတွေကို ထားခဲ့ပြီး တစ်ပါးတည်း တောထွက်ခဲ့လေတော့ တပည့်ဒါယကာ၊ ဒါယိကာမတွေကို တရားလည်းမဟောနိုင်တော့ဘူး၊ တရားလည်း မပြနိုင်တော့ဘူး။ ဆရာတော်ဘုရားကြီးဟာ တောရဆောက်တည်ပြီး ဓုတင်လည်း ဆောင်တယ်၊ တရားလည်း ဝင်တယ်။ အဲဒီလို တရားဝင်၊ ဓုတင်ဆောင်တဲ့အလုပ်ဟာ ကိုယ့်အတွက်လုပ်တဲ့အလုပ်ပဲ။ ကိုယ့်အတွက် ဖြည့်ဆည်းတဲ့အလုပ်ပဲ။ အဲဒီလို ကိုယ့်အတွက်ကိုပဲ ဖြည့်ဆည်းနေလေ

---

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း



# မြဝင်း(ဒဿန)

## ရွှေလိုလည်းသို ငွေလိုလည်းထား



www.burmeseclassic.com

www.burmeseclassic.com

တော့ တပည့် ဒါယကာ, ဒါယိကာမတို့ အတွက် တရားဟောခြင်း၊ တရားပြခြင်း တို့ကို မလုပ်နိုင်တော့ဘူး။ အဲဒီအလုပ် တွေက လွတ်ကင်းနေပြီ။ အဲဒါကြောင့် ဆရာတော်ဘုရားကြီးဟာ တာဝန်မကျေ လို့တာဝန်ပျက်ကွက်သလို ခံစားရတယ်။ ဒါကြောင့် တပည့်ဒါယကာ၊ ဒါယိကာမ တွေဖတ်ဖို့ စာရေးရတော့တယ်လို့ ဆရာ တော်ဘုရားကြီးက မိန့်ပါတယ်။

အဲဒါကို ဆရာတော်ဘုရားကြီးက 'ပုဏ္ဏားနှင့်မျောက်၊ ချောက်မှအတက်၊ လမ်းပြချက်ကို၊ သွေးစက်ချကာ၊ ပြသလို ပါပဲ' လို့ ဆိုခဲ့တယ်။ တပည့် အဲဒီဝတ္ထု ကိုတော့ ကြားဖူးမှာပေါ့။ ချောက်ထဲကျ နေတဲ့ ပုဏ္ဏားကြီးကို ဘုရားလောင်း မျောက်မင်းက ကယ်တင်ခဲ့တယ်။ ကယ် တင်ရတာပင်ပန်းလွန်းလို့ မျောက်မင်းက ပုဏ္ဏားကြီးရဲ့ပေါင်ပေါ်မှာ ခေတ္တအိပ်ပါ တယ်။ အဲဒီလိုအိပ်နေတုန်း ပုဏ္ဏားကြီး က မျောက်မင်းရဲ့ဦးခေါင်းကို ကျောက်ခဲ နဲ့ ထုပါတယ်။ မျောက်လည်း လန့်နိုး သွားပါတယ်။ ကျောက်ခဲနဲ့ထုတဲ့ဒဏ်ရာ ကြောင့် ခေါင်းကွဲပြီး သွေးစက်တွေကျ လာပါတယ်။ အဲဒီလို ဒဏ်ရာပြင်းထန် စွာခံနေရတဲ့ကြားက ပုဏ္ဏားကြီး တော နက်ထဲမှာ မျက်စိလည်လမ်းမှားမှာစိုးလို့ သစ်ပင်တွေပေါ်ကနေပြီး သွေးစက်ချပြီး လမ်းပြပါတယ်။ အခုလည်း ဆရာတော် ဘုရားကြီးက တပည့် ဒါယကာ၊ ဒါယိ ကာမတွေကို သံသရာထဲမှာ မျက်စိ လည်လမ်းမှားနေမှာစိုးလို့ တရားဟော၊ တရားပြမလုပ်နိုင်ပေမယ့် စာတွေရေးပြီး လမ်းပြခဲ့တာပေါ့။

စာရေးတယ် ဆိုတာကလည်း မလွယ်လှပါဘူး၊ ဓုတင်ဆောင် တရား ဝင်နေတဲ့အကြားက ရေးရတာ။ တစ်ခါ တစ်ခါ ဆွမ်းခံပြန်ချိန် ဝမ်းမငြိမ်တဲ့အ ချိန်မှာ ရေးရတာ၊ တစ်ခါတစ်ခါ ဆွမ်း စားပြီးချိန် တစ်ရေးတစ်မှိတ် မကျိန်းစက် ဘဲ ရေးရတာ။ ဆရာတော်ဘုရားကြီးက တော့ ဆွမ်းစားပြီးချိန် ဝမ်းပွေလိမ်ချိန် မှာရေးတယ်လို့ ဆိုထားကယ်။ တစ်ခါ တစ်ခါမှာ ခေတ္တထိုင်ချိန် စိတ်အားချိန် တို့မှာ ရေးရတာ။ အဲဒီလိုရေးလို့လည်း စာအုပ် စာစဉ်တွေ အမြောက်အမြား ထွက်လာခဲ့တာပေါ့။ ဒါကြောင့်မို့ အဲဒီ စာအုပ်တွေ တန်ဖိုးထားရမယ်။ ဆရာ တော်ဘုရားကြီးကတော့ 'ပေးထား အ မွေ သည်စာပေကို၊ ရွှေလိုလည်းသို၊ ငွေ လိုလည်းထား' ရမယ်လို့ ဆိုထားတယ်။ ရေးထားပေးပါလျက်နဲ့ မစားမသုံးဘဲ လုံး လုံးဖယ်ထားမယ်ဆိုရင် သဲကြားရေသွန် ဖြစ်လိမ့်မတဲ့။ နွံဝယ် ရွှေနစ် ဖြစ်လိမ့် မတဲ့"

"ဒါကြောင့်မို့ ဆရာတော်ဘုရား ကြီးက 'သင့်ဖို့ရေးထား၊ စာစကား၊ အ လင်္ကာသက်သက် မဖြစ်သင့်၊ ငါဖို့ရာ ထား၊ အချိန်ထား၊ -အလင်္ကာသက် သက်မဖြစ်သင့်' လို့ ရေးထားတာပေါ့ နော်"

"ဟုတ်တာပေါ့တပည့်ရယ်၊ ဆရာ တော်ဘုရားကြီးက တောရဆောက် တည်ရင်း တပည့်ဒါယကာ, ဒါယိကာမ တွေအတွက် စာတွေရေးတယ် ဆိုတာ တပည့်ဒါယကာ, ဒါယိကာမတွေကို အင်မတန် ကရုဏာကြီးလွန်းလို့ပါ"

"ဟုတ်ပါတယ် ဆရာ။ တပည့် ဒါယကာ၊ ဒါယိကာမတွေကို တကယ့်ကို ကရုဏာကြီးလွန်းလို့ပါ"

"ကဲ- တပည့်ရယ်၊ ဆရာတော် ဘုရားကြီးက သူ့ဖို့ရာထားတဲ့ အချိန်ထဲ ကနေ အချိန်ကိုလုပြီးရေးလိုက်တဲ့ 'ဝန ဝါသီနှင့်တစ်ဖက်တာဝန်' ဆိုတဲ့ ကဗျာ ကို ဆရာတို့ပူဇော်ကြရအောင်။ တပည့် က အဲဒီကဗျာကိုဖတ်ပါ"

(ကျွန်တော်သည် ကဗျာနန်းစော် စာအုပ်ကို တပည့်အား လှမ်းပေးလိုက် ပါသည်။ ဝနဝါသီနှင့်တစ်ဖက်တာဝန် ကဗျာပါသော စာမျက်နှာကို စက္ကူစဖြင့် ညှပ်ထားပါသည်။ တပည့်သည် ထိုစာ မျက်နှာကို အလွယ်တကူလှန်၍ 'ဝန ဝါသီနှင့် တစ်ဖက်တာဝန်' ဟူသော ကဗျာကို ဖတ်ပါသည်။)

**ဝနဝါသီနှင့်တစ်ဖက်တာဝန်**

ဝနဝါသီ ထိုငါသည်ကား
လှည့်လည်ကျက်စား တောတောင်
များ၌
တရားလည်းဝင် ဓုတင်လည်း
ဆောင် နှစ်ဖက်မြောင်ကို
ချောင်ကာပိတ်ဆီး တစ်ပါးတည်း
ဖြည့်ဆည်းနေဆဲပင်။
ထိုသို့ ထီးထီး
ကိုယ့်တွက်ချည်းသာ ဖြည့်ဆည်းပါ
ကြောင့်
ဒကာစားစား နောက်လိုက်များအား
တရားဟောခြင်း၊ ပြသခြင်း
လွတ်ကင်းနေချေပြီ။
ထိုသည့်လွတ်ကွက်၊ တာဝန်ပျက်ကို
ပေးဆက်ကထာ စာများစွာဖြင့်
သည်ဟာ သည်လို သည်ဆို သည်
သို့
သည်မြို့ သည်နား၊ လမ်းပြများကို၊
ပုဏ္ဏားနှင့်မျောက်
ချောက်မှအတက် လမ်းပြချက်ကို
သွေးစက်ချကာ၊ ပြသပါသို့
ငါမှာလည်းပဲ တာဝန်ခွဲ
ပြုပွဲလုပ်ရပြီ။
ဤသို့ကထာ ရေးပြရာ၌
ဆွမ်းခံပြန်ချိန်၊ ဝမ်းမငြိမ်
ရေးချိန်အဖြစ်တာဝန်ပေး။
ဆွမ်းစားပြီးချိန်၊ ဝမ်းပွေလိမ်
ရေးချိန်အဖြစ် တာဝန်ပေး။
သို့ဖြင့်ပင်လျှင်
အုပ်စဉ်မြောက်မြား စာစကား
ပေါက်ဖွားခဲ့ချေသည်။
ဆိုပြီးစကား သင်လေးစားလျှင်
ပေးထားအမွေ ဤစာပေကို
ရွှေလိုလည်းသို၊ ငွေလိုလည်းထား
အစားလိုချစ်၊ သုံးဆောင်ရစ်
လွှင့်ပစ်မထားနှင့်. . . ။
အကယ်၍များ
မစား, မသုံး လုံးလုံးပစ်ပယ် သင်
လက်ဖယ်သော်
ရွှေနှယ်လည်းစု ငွေနှယ်စုဖြင့်
လုရအချိန် စိတ်ရစိတ်တွေး
ရေးပေးစာသား လှံ့လထားကာ
သဲကြားရေသွန် တမြေကျွံ
နွံဝယ်ရွှေနစ် ဖြစ်တော့မည်။
သင့်ဖို့ရေးထား စာစကား
အလင်္ကာသက်သက် မဖြစ်သင့်။
ငါဖို့ရာထား အချိန်များ၊
အလင်္ကာသက်သက် မဖြစ်သင့်။

*(၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်၊ ပဋိပတ်တောစခန်း)*

ကဗျာဆုံးသောအခါ ကျွန်တော် က ဤသို့ ပြောလိုက်ပါသည်။

"ကဲ- တပည့်၊ 'သင့်ဖို့ရေးထား စာစကား၊ အလင်္ကာသက်သက် မဖြစ် သင့်' ဆိုတဲ့ ဆရာတော်ဘုရားကြီးရဲ့ အမှာစကားကို ဦးထိပ်ပန်ဆင်ပြီး ဆရာ တို့ဖို့ရေးပေးထားတဲ့ ဆရာတော်ဘုရား ကြီးရဲ့ကျမ်းစာတွေကို ဆရာတို့ ဖတ်ကြ ရမှာနော်"

"ဖတ်မှာပါ ဆရာ"

"ဒါနဲ့ တပည့်နောက်တစ်ခါလာ ရင် ဆရာတို့ဆွေးနွေးကြဖို့ ကဗျာရွေး ခဲ့ဦးနော်"

"ရွေးခဲ့ပါ့မယ် ဆရာ"

ထို့နောက် ကျွန်တော့်တပည့် သည် ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန် သွားပါသတည်း။

မြဝင်း(ဒ[illegible]န)



www.burmeseclassic.com

www.burmeseclassic.com


# တတိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

# ပြည်ဆရာတော် ရှင်ကောသလ္လ

(၁၉၂၇-၁၉၉၅)

မောင်ဇေယျာ

မြန်မာနိုင်ငံ သာသနာ့ဝင်တွင် တတိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်၊ ရန်ကုန် ပဥ္စနိကာယ သာသနာ့ဗိမာန်ဆရာတော် အမည်နှစ်ရပ်ဖြင့် ထင်ရှားသည်။ ဝေဠုဝန်နိကာယ အဓိပတိ ပြည်ပွင့်လှသိမ်ကုန်းတိုက် တတိယမြောက်ဆရာတော် ရှင်တိက္ခ၏ ညာလက်ရုံးတပည့်ကြီး ဖြစ်သည်။ ပရိယတ္တိအခြေခံနှင့် စာမေးပွဲဆိုင်ရာ ပရိယတ္တိစာပေများကို ဇာတိ ဝါးရုံးဆိပ်ရွာ ကျောင်းနှင့် ပြည်ပွင့်လှသိမ်ကုန်းတွင် သင်ယူ၍ ရဟန်း(၆)ဝါရ၌ အစိုးရ ဓမ္မာစရိယစာချတန်းကို တစ်နိုင်ငံလုံး ဒုတိယ အဆင့်မှ အောင်မြင်သည်။ စာမေးပွဲပြီးနောက် ရန်ကုန် ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ မိုးကောင်းတိုက်၊ ပခုက္ကူ မဟာဝိသုတာရာမတိုက်တို့၌ အထက်တန်း ပိဋကတ်စာပေ ဆက်လက်သင်ယူသည်။ ပခုက္ကူခန်တောရပ်ရိပ်သာဆရာတော်ထံ ပဋ္ဌာန် (၃) လ နည်းနာခံယူပြီး မိခင်တိုက်ပြန်၍ တိုက်တာအုပ်ချုပ်ရေး၊ စာပေပို့ချရေးကို တိုက်အုပ်အဖြစ် (၁၀) နှစ်ခန့် တာဝန်ယူ ဆောင်ရွက်သည်။ ဆဋ္ဌသင်္ဂါယနာပွဲတွင် ပါဠိဝိသောဓက အဖြစ် ပါဝင်ခဲ့၏။ ဒုတိယတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပခုက္ကူရှင်နေမိန္ဒ၏ တိုက်တွန်းမှုဖြင့် တိုက်တာတာဝန် ထမ်းဆောင်ရင်း တိပိဋကစာမေးပွဲဝင်ဖြေရာ သက်တော်(၃၆)၊ သိက္ခာ (၁၇) ဝါအရတွင် တတိယတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရသည်။ သက်တော် (၄၇)၊ သိက္ခာ (၂၈) ဝါရတွင် ဆဋ္ဌသင်္ဂါယနာ နာယက မစိုးရိမ်ဆရာတော်၏ တာဝန်ပေးအပ်ချက်အရ နိကာယ်သာသနာပြန့်ပွားရေးအတွက် ရန်ကုန် ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် တည်၍ သာသနာပြုခဲ့ရာ ခန္ဓာဝန်ချသည့်တိုင် ဖြစ်ပါသည်။



ကောသလ္လ၊ ရှင်၊ တတိယ တိပိ ဋကဆရာတော်

၁၉၂၇ ခု၊ စက်တင်ဘာလ ၅ ရက် တနင်္လာနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ် ဝါးရုံးဆိပ်ရွာ၌ဖွားသည်။ အဖ ဦးဘိုးရင်၊ အမိ ဒေါ်ဒေါင်းစိန် ဖြစ်သည်။ မွေးချင်း(၃)ဦးတွင်အကြီးဆုံး။ အမည်ရင်း မောင်ကျော်စိန် ဖြစ်သည်။

ဆရာ ဦးထွန်းကြိုင်၊ ဆရာဦးစိန်ဝင်းတို့၏ မြန်မာစာသင်ကျောင်းတွင် သတ္တမတန်းထိ ပညာသင်ခဲ့၏။ ၁၉၄၁ခု၊ မတ်လ ၁၁ ရက်၊ အင်္ဂါနေ့ အသက်(၁၃) နှစ်တွင် ဝါးရုံဆိပ်ရွာကျောင်းဆရာတော် ရှင်ကုန္ဒာစက္ကကို ဥပဇ္ဈာယ်ပြု၍ သာမဏေဖြစ်သည်။ မိဘနှစ်ပါးက ရှင်ဒါယကာခံသည်။ သာမဏေဘွဲ့ ရှင်ကောသလ္လ ဖြစ်သည်။ သာမဏေဝတ်ဖြင့် ဥပဇ္ဈာယ်ဆရာထံ ပိဋကတ် အခြေပြုကျမ်းစာများ သင်ယူသည်။

၁၉၄၆ ခု၊ အသက် (၁၉) နှစ်တွင် ပြည် ပွင့်လှသိမ်ကုန်းတိုက် ပြောင်းရွှေ့ပညာသင်သည်။ ပွင့်လှသိမ်ကုန်းကျောင်းတိုက်မှာ အဘိဓမ္မာအရာတွင် အလွန်ထင်ရှားသည်။ ပထမပွင့်လှသိမ်ကုန်းဆရာတော် ရှင်နာရဒ (၁၈၃၂ - ၁၉၀၂)၊ ဒုတိယမြို့ပြင်ကြီးဆရာတော် ရှင်စန္ဒဝံသ (၁၈၂၇-၁၉၀၁) တို့မှာ အဘိဓမ္မာအရာ ထင်ရှားကျော်စောသည်။

၁၉၄၇ ခုနှစ်၊ မတ်လ ၆ ရက်၊ ကြာသပတေးနေ့တွင် ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ရဟန္တာသိမ်၌ ရဟန်းဖြစ်သည်။ ဝါးရုံဆိပ်ရွာကျောင်း ဒါယကာဦးချစ်စု၊ ကျောင်းအမဒေါ်မယ်တင်တို့က ရဟန်းဒါယကာ၊ တတိယ ပွင့်လှသိမ်ကုန်းဆရာတော် ရှင်တိက္ခ (၁၈၈၃-၁၉၈၀) က ဥပဇ္ဈာယ်ဆရာပြုသည်။ ဘွဲ့ ရှင်ကောသလ္လ ဖြစ်သည်။ ရှင်တိက္ခမှာ နောင်အခါ ပဥ္စမမြောက် ဝေဠုဝန် နိကာယအဓိပတိအဖြစ် တင်မြှောက်ခံရ၏။

ရှင်ကောသလ္လသည် ပွင့်လှသိမ်ကုန်းတိုက်၌ ပရိယတ္တိစာပေ ဆက်လက်သင်ယူရာ ၁၉၄၇ ခုတွင် အစိုးရပထမငယ်၊ ၁၉၄၈ ခုတွင် ပထမလတ်၊ ၁၉၅၀ ပြည့်နှစ်တွင် ပထမကြီးစာမေးပွဲများကို အောင်မြင်သည်။ ရဟန်း(၅)ဝါရ ၁၉၅၂ ခုနှစ်တွင် အစိုးရဓမ္မာစရိယစာချတန်း ကျမ်းရင်း (၃) ကျမ်း၊ ဂုဏ်ထူး (၆) ကျမ်း အောင်မြင်၍ တစ်နိုင်ငံလုံးတွင် ဒုတိယရကာ 'သာသနဓဇ သိရီပဝရ' ဓမ္မာစရိယဘွဲ့ရသည်။ စာမေးပွဲကိစ္စများ ပြီးဆုံးပြီးနောက် ပိဋကတ်ဆိုင်ရာ အထက်တန်းစာပေများကို ရန်ကုန် ခြောက်ထပ်ကြီးဘုရားတိုက်၊ ညောင်တုန်းတိုက်၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မိုးကောင်းတိုက်၊ စကုတိုက်၊ ပခုက္ကူ မဟာဝိသုတာရာမတိုက်တို့၌ ဆက်လက် သင်ယူသည်။ ပရိယတ္တိစာပေများ သင်ယူပြီးနောက် ပခုက္ကူ ခန်တောရပ် ဦးဇောတိကထံ ပဋ္ဌာန်ယတ္တိကို (၃) လခန့် ကျင့်ကြံအားထုတ်သည်။ ထို့နောက် မိခင်တိုက် ပြည် ပွင့်လှသိမ်ကုန်းပြန်၍ တိုက်တာအုပ်ချုပ်ရေး၊ စာပေပို့ချရေးတာဝန်များကို ထမ်းဆောင်သည်။ အထူးအားဖြင့် ပွင့်လှသိမ်ကုန်း တိုက်အုပ်အဖြစ်နှင့် ဥပဇ္ဈာယ်ဆရာတော်၏ တာဝန်များကို ခွဲဝေထမ်းဆောင်ရသည်။ ၁၉၅၄ ခု ဆဋ္ဌသင်္ဂါယနာပွဲသဘင်တွင် ပါဠိဝိသော



www.burmeseclassic.com

www.burmeseclassic.com

ဓကအဖွဲ့ဝင်အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။

၁၉၅၄ ခု (၇) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲ၌ ဝိနယပိဋကအောင်နှင့် ရေးဖြေစာမေးပွဲ နှစ်ရပ်စလုံး၌ ဂုဏ်ထူးများဖြင့် အောင်မြင်သော ပိဋကတစ်ပုံအောင် ပခုက္ကူ အရှင်နေမိန္ဒ၏ တိုက်တွန်းမှုဖြင့် ၁၉၅၅ ခု (၈) ကြိမ်မြောက် တိပိဋကဓရစာမေးပွဲ ဝင်ရောက် ဖြေဆိုသည်။ စာမေးပွဲဖြေစဉ် မိခင်တိုက်တာအုပ်ချုပ်ရေး၊ စာချတာဝန် မပျက်ထမ်းလျက် တစ်နေ့ (၄) နာရီ စာကျက်ချိန်ဖြင့် (၈) နှစ် ကြာခဲ့သည်။ အချို့နှစ်များတွင် စာမေးပွဲကျရှုံးခဲ့သော်လည်း ဖွဲ လုံ့လ၊ ဝီရိယဖြင့် အားထုတ်ခဲ့ရာ ၁၉၅၅ ခု (၈) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် သုတ္တန္တပိဋက သင်ရိုး ဒီဃနိကာယ်(၃)ကျမ်းအောင်၍ ဝိသိဋ္ဌ (ဂုဏ်ထူး)၊ ၁၉၅၈ ခု (၁၁) ကြိမ်မြောက် စာမေးပွဲ၌ ရေးဖြေအောင်မြင်၍ 'ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏကဒီဃနိကာယကောဝိဒ' ဘွဲ့၊ ၁၉၅၉ ခု (၁၂) ကြိမ်မြောက်၌ 'ဗုဒ္ဓသာသန ဝိနယဓရ ဝိနယကောဝိဒ' ဘွဲ့၊ ၁၉၆၁ ခု (၁၄) ကြိမ်မြောက်၌ အဘိဓမ္မာ (၅) ကျမ်း၊ ၁၉၆၃ ခု (၁၆) ကြိမ်မြောက်၌ အဘိဓမ္မာ (၂) ကျမ်း အာဂုံနှင့် ရေးဖြေအောင်မြင်ခဲ့၍ 'အာဘိဓမ္မိက အဘိဓမ္မကောဝိဒ'ဘွဲ့များ ဆက်ကပ်ခဲ့သည်။ သက်တော် (၃၆)၊ သိက္ခာ (၁၆) ဝါအရတွင် 'တိပိဋကဓရ တိပိဋကကောဝိဒ'ဘွဲ့ ဆက်ကပ်ခံရရာ တတိယမြောက် ပြည်တိပိဋကဆရာတော်အဖြစ် ပူဇော်ခံရသည်။

၁၉၆၄ ခုနှစ်၊ မတ်လ ၁၅ ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ ဘွဲ့တံဆိပ်ဆက်ကပ်သည့် အခမ်းအနား၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ် ဆက်ကပ်ခံရသည်။ ၁၉၆၅ ခု၊ မတ်လ ၁၇ ရက်တွင် မှော်ဘီမြို့၌ သာသနာသန့်ရှင်းပြန့်ပွားရေးအစည်းအဝေးကို တော်လှန်ရေးကောင်စီက တာဝန်ယူ ကျင်းပခဲ့သည်။ ပခုက္ကူ မဟာဝိသုတာရာမတိုက်အဓိပတိ အရှင်သုန္ဒရ ဆရာတော်က ဥက္ကဋ္ဌ၊ တတိယတိပိဋက ပြည်ဆရာတော်က အကျိုးဆောင်ဆရာတော်အဖြစ် ဆောင်ရွက်သည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ် ဆက်ကပ်ခံရပြီးနောက် ပြည်ပွင့်လှသိမ်ကုန်းတိုက် ပရိယတ်စာချတာဝန်ခံ တိုက်တာအုပ်ချုပ်ရေးတာဝန်များကို ဆက်လက် ဆောင်ရွက်သည်။ ထိုစဉ် ဝေဠုဝန်နိကာယတွဲဖက်အကျိုးဆောင်၊ ပွင့်လှသိမ်ကုန်း ပုညစေတီတော် တည်ဆောက်ရေးတာဝန်ခံ၊ ပြည်မြတ်စွယ်တော်ထိန်းအဖွဲ့ ဩဝါဒါစရိယ၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း (၉၊ ဒီဇင်ဘာ၊ ၁၉၇၃) ဩဝါဒါစရိယအဖြစ် တာဝန်ပေးအပ်ခံရသည်။

ဆဋ္ဌသင်္ဂါယနာ နာယက မစိုးရိမ်ဆရာတော် ရှင်သူရိယာဘိဝံသ(၁၈၇၉-၁၉၇၅) သည် နိကာယ်သာသနာထွန်းကားရေးအတွက် လူပျံတော်ပတ္တမြား ဦးမောင်မောင်၊ ဒေါ်ငြိမ်းတို့၏ ရန်ကုန်ဗဟန်း တာဝါလိန်းခြံ ယာယီစံကျောင်းတွင် သီတင်းသုံးနေစဉ် အသင်းကို အနီးကပ် ကြီးကြပ်ဩဝါဒပေးနိုင်ရန် တတိယတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော် ရန်ကုန် ပြောင်းရွှေ့ သီတင်းသုံးရန် ပင့်လျှောက်သည်။ ၁၉၇၄ ခု၊ နိုဝင်ဘာလ ၂၇ ရက်တွင် ပြည်ပွင့်လှသိမ်ကုန်းဆရာတော် ရှင်တိက္ခ၏ ခွင့်ပြုမှုဖြင့် ရန်ကုန်တာဝါလိန်းခြံ ယာယီစံကျောင်း၌ မစိုးရိမ်ဆရာတော်နှင့်အတူ သီတင်းသုံးရန် ရှင်ကောသလ္လ ရောက်လာသည်။ ၁၉၇၄ခု၊ ဒီဇင်ဘာလ ၈ ရက်တွင် ပထမအကြိမ် နိကာယ်စာမေးပွဲများ စတင်ကျင်းပသည်။

၁၉၇၅ ခုနှစ်တွင် နိကာယ်သာသနာထွန်းကားရေး ပဓာနဒါယကာ လူပျံတော်ပတ္တမြား ဦးမောင်မောင် ကွယ်လွန်သည်။ ရက်ပေါင်း (၂၀) အကြာတွင် နိကာယ်သာသနာတော် ထွန်းကားရေးအတွက် ပဓာနဦးဆောင်သူ မစိုးရိမ်ဆရာတော် တစ်ဘဝတစ်ခန္ဓာ ချုပ်ငြိမ်းခဲ့သည်။ သို့သော် နိကာယ်သာသနာထွန်းကားရေးသည် တိပိဋကဓရ ပြည်ဆရာတော်၏ အနီးကပ် ကြီးကြပ်မှု၊ အသင်းအမှုဆောင်နှင့် စေတနာရှင်ဒါယကာ, ဒါယိကာမများ၏ ပံ့ပိုးမှုဖြင့် အရှိန်အဟုန်မပျက် ဆက်လက် ချီတက်နိုင်ခဲ့သည်။

၁၉၇၇ ခု၊ မတ်လ ၃ ရက်တွင် လူပျံတော်ပတ္တမြား ဦးမောင်မောင်၊ ဒေါ်ငြိမ်းမိသားစုသည် မူလရည်မှန်းချက်အတိုင်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့သစ္စာဝါဒီကုန်းမြေ၌ ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၏ ပဓာန နာယကအဖြစ် တိပိဋကဓရ ပြည်ဆရာတော်အား တင်မြှောက်၍ နိကာယ်သာသနာတော်ထွန်းကားရေးကို ဆက်လက် ဆောင်ရွက်ပါသည်။ ကျောင်းတိုက်တည်သည့် ၁၉၇၇ ခုနှစ်တွင် သံဃာ (၃၅) ပါး၊ ၁၉၈၀ ပြည့်တွင် (၉၈) ပါး၊ ၁၉၉၀ ပြည့်တွင် (၂၅၆) ပါး၊ ၁၉၉၅ ခုတွင် (၂၉၃) ပါးအထိ တိုးပွားလာသည်။ အထူးအားဖြင့် သာမဏေငယ်များ လက်ခံ၍ ပိဋကအခြေခံသင်ပေးခြင်း၊ နိကာယ်ပိဋကတ်တော်များ ပို့ချခြင်း၊ နိကာယ်စာမေးပွဲ ဝင်ရောက် ဖြေဆိုခြင်းတို့ကို ပဓာနထား ဆောင်ရွက်သည်။

ပဉ္စနိကာယ သာသနာ့ ဗိမာန်ကျောင်းတိုက် ပဓာနတာဝန်အပြင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး (၆၆) ပါး၊ ဦးသျှောင်အဖွဲ့ဝင်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေတိဂုံစေတီတော် ဓမ္မသာကစ္ဆာအဖွဲ့ ဩဝါဒါစရိယ၊ ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့အဖွဲ့ချုပ် ဩဝါဒါစရိယ၊ မြန်မာပြည်လုံးဆိုင်ရာ ဗုဒ္ဓသာသနအဖွဲ့ချုပ် ဩဝါဒါစရိယ၊ မစိုးရိမ်သာသနဟိတကာရီအသင်း ဩဝါဒါစရိယ၊ သီလရှင်သာသနဟိတကာရီအသင်း ဩဝါဒါစရိယ၊ တက္ကသိုလ်များဗုဒ္ဓဘာသာအသင်းကြီးဩဝါဒါစရိယ၊ မိုးကောင်းစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ပိဋကတ်ဘာသာပြန်စာပေဖြန့်ချိရေးအဖွဲ့ ဩဝါဒါစရိယ၊ အမှတ် (၈) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်ခဲ့သည်။

ရေးသား ပြုစုခဲ့သော ကျမ်းဂန်များမှာ ပွင့်လှသိမ်ကုန်းထေရုပတ္တိ၊ ပွင့်လှသိမ်ကုန်း အဘိဓမ္မတ္ထသရူပမာလာ၊ အနုဂါရိယဂုဏ်တော်နှင့် အဂါရိယရှုဖွယ်ကျမ်း၊ အခြေခံသာသနာရေးကျမ်း၊ အင်္ဂုတ္တရနိကာယ်မြန်မာကျမ်း၊ ဒီဃနိကာယ်မြန်မာကျမ်းစာတို့ ဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခံရသည်။

၁၉၈၉ ခုနှင့် ၁၉၉၀ ပြည့်နှစ်များတွင် ကျောက်ကပ်ရောဂါနှင့် မျက်စိကုသရန် အင်္ဂလန်နိုင်ငံ လန်ဒန်သို့ နှစ်ကြိမ် သွားရောက်ခဲ့သည်။

သက်တော် (၆၉)၊ သိက္ခာ (၄၉) ဝါရ ၁၉၉၅ ခု၊ နိုဝင်ဘာလ ၁၆ ရက်၊ ကြာသပတေးနေ့ နံနက် (၁း၄၅) နာရီတွင် ရန်ကုန်ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၌ တစ်ဘဝတစ်ခန္ဓာ ချုပ်ငြိမ်းခဲ့ပါသည်။

မောင်ဓမ္မဒေသ



www.burmeseclassic.com

www.burmeseclassic.com




မြန်လည်ပြုပြင်ထူးဖော်ဆဲ
မင်္ဂလာကန်တော်နှင့် ကုန်းမြင့်ပေါ်မှ
ရှေးဟောင်းစေတီတော်များ

## အိန္ဒိယ–မြန်မာနယ်စပ် တမူးမြို့ မြို့မသာသနာ့နယ်မြေမှ ရှေးဟောင်းသမိုင်းဝင် မဟာသီရိထိပ်မိုးစေတီတော်၊ ရတနာရွှေဂူစေတီတော်၊ ဓာတ်ပေါင်းစေတီတော်နှင့်

# သမိုင်းဝင်သာသနိကအဆောက်အအုံများ

တမူးမြို့သည် ရှေးကျသော မြို့တစ်မြို့ ဖြစ်ပါသည်။ ရှေးက စော်ဘွားများ အုပ်ချုပ်ခဲ့ပြီး နိုင်ငံတော်၏ အလံဦးကင်းဝဖြစ်သော နယ်စပ်ဒေသတွင် တည်ရှိသဖြင့် သမိုင်းအရ အရေးပါခဲ့သည်။ မြန်မာ - မဏိပူရ စစ်သမိုင်းတွင် ထင်ရှားအရေးပါလှသောစခန်းချရာမြို့လည်း ဖြစ်ပေသည်။ အလောင်းဘုရား မဏိပူရသို့ စစ်ချီပြီးအပြန် တမူးမြို့၌ တပ်မှူးကြီး စက်ရောက်ဘီလူးကို တပ်သား(၅၀၀)နှင့် မြို့စောင့်ချထားခဲ့သည်။ ထို့ပြင် မြို့မသာသနာ့နယ်မြေရှိ အသောကမင်းကြီးတည်ထားခဲ့သော သီရိထိပ်မိုးဆုတောင်းပြည့်စေတီတော်၊ မဏိစည်သူမင်းကြီးတည်ထားခဲ့သော ရတနာရွှေဂူစေတီတော်တို့ကို မွမ်းမံပြင်ဆင်တော်မူခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်းကလည်း ဂျပန်နှင့် မဟာမိတ်တပ်များအတွက် စစ်ရေးအရ အရေးပါသောမြို့တစ်မြို့ ဖြစ်ခဲ့ပါသည်။ ကမ္ဘာကျော် အင်ဖာလ်တိုက်ပွဲကြီး ဆင်နွှဲရာတွင် တမူးမြို့သည် စစ်မြေပြင်စစ်စခန်း ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် တမူးမြို့သည် သမိုင်းတွင် ထင်ရှားအရေးပါခဲ့သောမြို့တစ်မြို့ ဖြစ်ပါသည်။

တမူးမြို့သည် ရှေးကျပြီး သမိုင်းတွင် အရေးပါသောမြို့တစ်မြို့ ဖြစ်သည်နှင့်အညီ မြို့ဟောင်းကုန်းဖြစ်သည့် မြို့မသာသနာ့နယ်မြေတွင် မဟာသီရိထိပ်မိုးစေတီတော်၊ ရတနာရွှေဂူစေတီတော်၊ ဆုတောင်းပြည့်စေတီတော်၊ ဓာတ်ပေါင်းစေတီတော်များ အပါအဝင် သမိုင်းဝင်သာသနိကအဆောက်အအုံများ စုစည်း




ပွင့်တော်မူပြီးသော ဘုရားလေးဆူကို ရည်စူး၍ တည်ထားသော ဘုရားလေးဆူစေတီတော်များ




www.burmeseclassic.com


www.burmeseclassic.com




မဟာသီရိထိပ်မိုးဆုတောင်းပြည့်စေတီတော်



ဓာတ်ပေါင်းစေတီတော်



မဏိစည်သူမင်းကြီး တည်ထားခဲ့သော ရတနာရွှေဂူစေတီတော်



ဆင်ဖြူရှင်မင်းတရားကြီးကောင်းမှု ဆုတောင်းပြည့်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com

ကျည်ရှိနေပါသည်။

### မဟာသီရိထိပ်မိုးဆုတောင်းပြည့်စေတီတော်

မဟာသီရိထိပ်မိုးဆုတောင်းပြည့် စေတီတော်ကို သာသနာနှစ် ၂၃၅ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော ရှေးဟောင်း သမိုင်းဝင် စေတီတော်ကြီးတစ်ဆူ ဖြစ်ပါသည်။

တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူသော အလောင်းဘုရား ဦးအောင်ဇေယျသည် မဏိပူရသို့ စစ်ချီအောင်မြင်ပြီးအပြန် မြန်မာနှစ် ၁၁၂၀ ပြည့်နှစ်တွင် စေတီတော်ကို မွမ်းမံပြင်ဆင် ထီးတော်တင်လှူခဲ့ပါသည်။ ဥဏ်တော် (၂၇) တောင် ရှိပါသည်။ ၁၃၂၉ ခုနှစ်တွင် ထီးတော်သစ်ကို ပြန်တင်သည်။

၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် မြို့မကျောင်းတိုက်နာယက ဦးမာနိတသိရိ၏ ဩဝါဒကို ခံယူ၍ ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒေါ်သောင်းတင်မိသားစုတို့က စေတီတော်ကို ဖိနပ်တော်ခင်း၊ ရွှေသင်္ကန်းကပ်၍ ထီးတော်သစ် တင်လှူပူဇော်ခဲ့ပါသည်။

### ရတနာရွှေဂူစေတီတော်

မဏိစည်သူ (အလောင်းစည်သူ) မင်းကြီး တိုင်းခန်းလှည့်လည်စဉ် တည်ထား ကိုးကွယ်တော်မူခဲ့သော ရှေးဟောင်း သမိုင်းဝင် စေတီတော် ဖြစ်ပါသည်။ အလောင်းဘုရား ဦးအောင်ဇေယျ မဏိပူရသို့ စစ်ချီခဲ့သည့် ၁၁၂၀ ခုနှစ်တွင် ပြန်လည်မွမ်းမံ ပြင်ဆင်တော်မူခဲ့သည်။


ထိုစေတီတော်ကို ၁၃၃၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ စနေနေ့ (၁၆-၁-၁၉၇၁) နေ့တွင် ရန်ကုန်မြို့ နာဂလိုဏ်ဂူ ကလေးဝဆရာတော်၊ မြို့မကျောင်းတိုက် နာယကဆရာတော် ဦးဣန္ဒာစာရတို့၏ ဩဝါဒတို့ကို ခံယူလျက် ဦးဓမ္မသာရ၊ ဦးကော၊ ဦးနန္ဒာစာရတို့က အကျိုးဆောင်၍ ပန္နက်တင်ပြီး ပြာသိုလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ (၂၄-၁-၁၉၇၁) ရက်နေ့တွင် အုတ်မြစ်ခ်ီမင်္ဂလာကို ဓာတ်ပေါင်းစေတီဂေါပကအဖွဲ့က မြို့သူမြို့သား စေတနာရှင်များ စုပေါင်း၍ တတိယအကြိမ် ပြုပြင်ခဲ့ကြပါသည်။

### ထောင်ပြည့်စေတီတော်

ခရစ်နှစ် ၁၇၆၅ ခုနှစ်တွင် ဆင်



ပြန်လည် မွမ်းမံတည်ဆောက်ဆဲ ဇမ္ဗူအေးဆုတောင်းပြည့်စေတီတော်



မြို့ဦးစေတီတော်





www.burmeseclassic.com

www.burmeseclassic.com

ဖြူရှင်မင်းတရားကြီး မဏိပူရသို့ စစ်ချီခဲ့စဉ်က တည်ထားတော်မူခဲ့သော ရှေးဟောင်း သမိုင်းဝင် စေတီတော်တစ်ဆူ ဖြစ်ပါသည်။

ထောင်ပြည့်စေတီတော်ကို ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့တွင် မြို့မကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဦးမာနိတသိရီ၏ ဩဝါဒကို ခံယူလျက် ဓာတ်ပေါင်းစေတီတော်ဂေါပကအဖွဲ့က ဦးစီးကာ တမူးမြို့ ဗောဓိကုန်းရပ်ကွက်နေ ဦးတင်အောင်၊ ဒေါ်မြသန်းတို့၏ သား ဦးသန်းဆွေ၊ ဒေါ်ဒါလင်အေးတို့က အလှူတော်ငွေ(၅၀၀၀၀)ကျပ်ကို မ,တည်လှူဒါန်းခဲ့ပါသည်။ ထို့နောက် ဦးမြင့်ဆွေ၊ ဒေါ်ညွန့်ရှင်နှင့်စေတနာရှင်များ၏ လှူဒါန်းငွေဖြင့် ထပ်မံပြုပြင်မွမ်းမံတည်ထားခဲ့ပါသည်။ ဦးငြိမ်းမောင်၊ ဒေါ်သိန်းဝံတို့ကိုအမှူးထား၍ ဦးဖေသန်း၊ ဒေါ်ခင်ဝင်းရီ (ဝင်းမေတ္တာ) မိသားစုတို့က ရွှေထီးတော်တင်လှူခဲ့ပါသည်။

**ဓာတ်ပေါင်းစေတီတော်**

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်ဘေးစစ်ဒဏ်ကြောင့် ဘုရားပုထိုးစေတီများ ပျက်စီးသွားခဲ့သည်။ အဆိုပါ ဘုရားစေတီပုထိုးများ၏ဓာတ်တော်များ၊ ဌာပနာများကို စုပေါင်း ထည့်သွင်းတည်ထားခဲ့သောစေတီတော်ကြီး ဖြစ်ပါသည်။ ဓာတ်ပေါင်းစေတီတော်၏သမိုင်းကြောင်းကို လေ့လာရာတွင် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

စစ်ဘေးစစ်ဒဏ်ကြောင့် ဘုရားပုထိုးစေတီတော်များ ပျက်စီးဆုံးရှုံးရခြင်းကြောင့် တမူးမြို့သူကြီး ဦးချစ်ဖေ၊ ကော်မတီလူကြီး ဦးကြာဦး၊ ဦးပြုံးတို့က မော်လိုက်မြို့ရှိ မော်လိုက်စခိုင်ဝန် သောမတ်(စ်)ကို တရားစွဲဆိုချက်အရ အရှေ့တောင်အာရှ စစ်တာဝန်ခံ၊ စစ်သေနာပတိချုပ် လော့ဒ်မောင်ဘက်တန် ကိုယ်တိုင် လာရောက်ကြည့်ရှုပြီး လျော်ကြေးငွေ (၁၀၀၀)ကျပ်နှင့် ကိုယ်ပိုင်ငွေ (၁၀၀)ကျပ် ပေါင်း(၁၁၀၀)ကျပ်တို့ကို အင်္ဂလန်ဘဏ်၌ စာရင်းဖွင့် အပ်နှံထားခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ ကောဇာနှစ် ၁၃၀၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် အရင်းနှင့်အတိုးပါ (၃၇၆၄ ကျပ်၊ ၃ ပဲ၊ ၂ ပြား) ကို ရရှိခဲ့ပါသည်။ ထိုလျော်ကြေးငွေကို မ,တည်၍ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့သော ဘုရားစေတီတို့၏ ဌာပနာတိုက်များမှ ဓာတ်တော်များကို စုပေါင်း၍ ကောဇာနှစ် ၁၃၀၉ ခု၊ ဝါဆိုလဆန်း ၁၀ ရက် ပထမအကြိမ်ထုတ်သုံးငွေ (၁၁၉၁ ကျပ်၊ ၁၂ ပဲ)၊ ကောဇာနှစ် ၁၃၁၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် ဒုတိယအကြိမ်ထုတ်သုံးငွေ (၂၅၇၂ကျပ်၊ ၇ပဲ၊ ၂ပြား) စုစုပေါင်း အတိုးအရင်းပါ (၃၇၆၄ ကျပ်၊ ၃ပဲ၊ ၂ပြား) ဖြစ်ပြီး မြို့သူမြို့သားအလှူငွေ (၂၁၅ ကျပ်၊ ၂ ပဲ) တို့ကို မ,တည်၍ တမူးမြို့ မြို့မကျောင်းတိုက် ပဓာနနာယက ဝေသာလီဆရာတော် ဦးတေဇဝန္တ၏ဩဝါဒကို ခံယူလျက် မြို့သူကြီး ဦးချစ်ဖေ၊ ကော်မတီဝင်လူကြီးများ ဖြစ်ကြသော ဦးကြာဦး၊ ဦးပြုံး၊ ဦးရွှေရစ်တို့က ဦးစီးဦးဆောင်ပြု၍ မြို့သူမြို့သား ဒါယကာ၊ ဒါယိကာမများက ကောဇာနှစ် ၁၃၁၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့ နံနက် (၉) နာရီ (၁၀) ဖဝါးအချိန်တွင် အုတ်မြစ်တော်များစီ၍ ဓာတ်ပေါင်းစေတီတော်ကြီးကို တည်ထားပြီး တမူးမြို့ မြို့မရပ်ကွက် ဦးဘသိန်း၊ ဒေါ်ဖွားမြင့် မိသားစုတို့က ရွှေထီးတော်ကို လှူဒါန်းပူဇော်ခဲ့ကြပါသည်။

ထိုဓာတ်ပေါင်းစေတီတော်ကြီးကို ၁၃၄၆ ခု (၃၅) နှစ်သက်တမ်းရှိတော်မူလာ၍ မွမ်းမံပြင်ဆင်ရန် မြို့မကျောင်းတိုက် ပဓာနနာယက သာသနဓဇ သီရိပဝရ ဓမ္မာစရိယ မဇ္ဈိမနိကာယ ပါဠိပါရဂူ တိပိဋကပါဠိ - မြန်မာ အဘိဓာန်ကျမ်းပြု မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်ရတော်ရ ဆရာတော် ဦးဝိစိတ္တာဝံသ၏ ဩဝါဒကို ခံယူလျက် ဓာတ်ပေါင်းစေတီတော်ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘိုးမြင့်၊ အတွင်းရေးမှူး ဦးဘဆိုင်နှင့်အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ၁၃၄၆ ခု၊ ဝါဆိုလပြည့်နေ့မှစ၍ အလှူခံခဲ့ပါသည်။ ၁၃၄၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့နံနက် (၇း၁၈) နာရီတွင် ပန္နက်တော်တင်၍ အရံစေတီတော်များနှင့် ခြင်္သေ့ရုပ်များ အပါအဝင် ဒုတိယအကြိမ် ပြန်လည် မွမ်းမံပြင်ဆင်တည်ထား၍ ကောဇာနှစ် ၁၃၄၇ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော်တင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ အလှူတော်ငွေ (၁၇၈,၅၃၇)ကျပ် ကုန်ကျခဲ့ပါသည်။

အရံစေတီတော်များနှင့် ဆင်းတုရုပ်ပွားတော်များ၊ ခြင်္သေ့ရုပ်ဒါယကာများမှာ တနင်္ဂနွေထောင့်ဘုရားကို ဦးစောထွန်း - ဒေါ်မှိုးစိန် အမှူးထား၍ ဦးခင်မြင့် - ဒေါ်သန်းသန်းယဉ် မိသားစု၊ ခြင်္သေ့ရုပ်ကို ဦးဘအောင် - ဒေါ်ခင်စန်း မိသားစုတို့က လည်းကောင်း၊ တနင်္လာထောင့်ဘုရားကို ဓာတ်ပေါင်းစေတီဂေါပကဥက္ကဋ္ဌကြီး ဦးဘိုးမြင့် - ဒေါ်လှအေးမိသားစု၊ ခြင်္သေ့ရုပ်ကို ဦးဘဆိုင် - ဒေါ်ဝင်းမိသားစုတို့က လည်းကောင်း၊ အင်္ဂါထောင့်ဘုရားကို ဦးတင်ဖေ - ဒေါ်ခင်မိသားစု၊ ခြင်္သေ့ရုပ်ကို ဦးဘအုံး-ဒေါ်ကျင်စိန် မိသားစုတို့က လည်းကောင်း၊ ဗုဒ္ဓဟူးထောင့်ဘုရားကို ဦးချစ်ထွေး (ကုန်သွယ်လယ်ယာ)-ဒေါ်ခင်ရွှေမိသားစု၊ ခြင်္သေ့ရုပ်ကို ပန်းရန်ဆရာကြီး ဦးစိန် - ဒေါ်ခင်ဆွေမိသားစုတို့က လည်းကောင်း၊ ကြာသပတေးထောင့်ဘုရားကို ဦးချမ်း - ဒေါ်မြတင်မိသားစု၊ ရာဟုထောင့်ဘုရားကို ဦးအုံးလှိုင်-ဒေါ်ခင်ပြုံးမိသားစု၊ ခြင်္သေ့ရုပ်ကို ဦးမောင်မြ-ဒေါ်ခင်ယဉ်မိသားစုတို့က လည်းကောင်း၊ သောကြာထောင့်ဘုရားကို ဦးမှတ်တင်-ဒေါ်ပန်မိသားစု၊ ခြင်္သေ့ရုပ်ကို ဦးတင်အောင်-ဒေါ်မြရီမိသားစုတို့က လည်းကောင်း အသီးသီး လှူဒါန်းပူဇော်ခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဘေးစစ်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် ရှေးဟောင်းစေတီပုထိုးများ၏ ဌာပနာတိုက်များ၊ ဓာတ်တော်များကို စုပေါင်း၍ တည်ထားပူဇော်သောကြောင့် ဓာတ်ပေါင်းစေတီတော်ဟု ဘွဲ့တော်ဆက်သရပါသည်။ အိန္ဒိယ-မြန်မာနယ်စပ်ကဘော်ချိုင့်ဝှမ်းဒေသမြို့တော် တမူးမြို့၏ ထင်ရှား ကျော်ကြားသော ပွဲတော်ရ သမိုင်းဝင် စေတီတော်ကြီးတစ်ဆူ ဖြစ်ပါသည်။ နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမြဲ ဖြစ်ပါသည်။

**မြို့မကျောင်းတိုက်ကြီး**

တမူးမြို့၏ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ဆုံး ကျောင်းတိုက်ကြီး ဖြစ်ပါသည်။ ကဘော်ချိုင့်ဝှမ်းဒေသ၏ သာသနာဝင်၌ထင်ရှားခဲ့သော ကျောင်းတိုက်ကြီး ဖြစ်ပါသည်။ မူလကျောင်းတိုက်ဖြစ်သော တိုင်တစ်ရာကျောင်းကြီးမှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် အမိုးများဆွေးမြည့်ခြင်း၊ အဆောက်အအုံများမှာလည်း ရွဲ့စောင်းနေခြင်းတို့ကြောင့် ၁၃၅၆ ခုနှစ်တွင် ဖျက်ပြီး (၂၇၅) သိန်းတန် နှစ်ထပ်အုတ်ကျောင်းတိုက်ကြီးကို ခံ့ညားထည်ဝါစွာ တည်ဆောက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အုတ်ကျောင်းတိုက်ကြီးနှင့် အနီးရှိ သာသနာ့



www.burmeseclassic.com

www.burmeseclassic.com

ဒွန္တနီသိမ်တော်ကြီးတို့မှာ တမူးမြို့၏ကျက်သရေဆောင်သာသနာ့အဆောက်အအုံကြီးများ ဖြစ်ကြပါသည်။


မြို့မကျောင်းတိုက်အဆက်ဆက်သည် ရှေးမြန်မာဘုရင်လက်ထက်ကပင် တည်ရှိခဲ့သည်။ တမူးမြို့သည် သာသနာကြည်ညိုသော စော်ဘွားကြီးများ စိုးစံခဲ့သည့်မြို့ဖြစ်၍ သာသနာတော်၌လည်း စာတတ်ပေတတ် ထင်ရှားသော ဆရာတော်ကြီးများ သီတင်းသုံးတော်မူခဲ့ပါသည်။ ကြီးကျယ်ခမ်းနားသော ကျောင်းကြီးများကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ သီတင်းသုံးခဲ့သော ဆရာတော်ကြီးများမှာ ပထမသုံးပြည်ထောင်ဆရာတော်ကြီး ဖြစ်ပါသည်။ ထိုဆရာတော်ကြီးသည် မြန်မာစကား၊ ကုလားစကား၊ ကသည်းစကား တတ်မြောက်သော ရှမ်းဆရာတော်ကြီး ဖြစ်သည်။ ရှမ်းဘာသာစကားအပြင် သုံးဘာသာပိုတတ်သဖြင့် သုံးပြည်ထောင်ဆရာတော်ဟု ကျော်ကြားသည်။ ယင်းဆရာတော်သည် ဗြိတိသျှတို့ ဝင်ရောက်လာသောအခါ မျိုးချစ်ပိုလ်လယ်တပ်နှင့် ပန်းသာကျေးရွာတွင် တိုက်ပွဲဖြစ်ပွားရာ အထင်လွဲပြီး အမျိုးမျိုး နှိပ်စက်ခြင်းခံရသည်။ အိန္ဒိယပြည်သို့ပင် အဓမ္မခေါ် ဆောင်ခြင်းခံရသည်။ နောက်မဟုတ်မမှန်သဖြင့် ပြန်ပို့ခဲ့သော်လည်း မကျန်းမမာဖြစ်ပြီး ပျံလွန်တော်မူရာသည်။ ထိုဆရာတော် ပျံလွန်တော်မူပြီးနောက် ဆက်ခံသူပြတ်၍ ကျောင်းကြီးလည်း အလိုလိုပျက်စီးခဲ့လေသည်။

၁၉၄၇ ခုနှစ် ဒုတိယကမ္ဘာစစ်ပြီးဆုံးသောအခါမှသာ စစ်ဘေးဒဏ်ကြောင့် တိမ်းရှောင်နေကြရသော ဗုဒ္ဓဘာသာဝင်များသည် မိမိတို့မြို့ဟောင်းနေရာသို့ ရောက်ရှိလာပြီး မြို့သူကြီးဦးချစ်ဖေနှင့် မြို့သူမြို့သားများ စုပေါင်း၍ စစ်ဘေးဒဏ်ကြောင့် မြေခပျက်စီးသွားသော ကျောင်းဟောင်းနေရာမှာပင် ကျောင်းတစ်ဆောင်ဆောက်လုပ်နေစဉ် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာပြည်မှ အိန္ဒိယနိုင်ငံ အာသံပြည်နယ်သို့ ကြွရန်လာသော ဝေသာလီဆရာတော် ဦးတေဇဝန္တကို တမူးမြို့တွင် ကျောင်းထိုင်၍ ဗုဒ္ဓဘာသာဝင်များက မြို့ကျောင်းတိုက်ကို အပ်နှံလှူဒါန်းခဲ့ကြသည်။ ဦးတေဇဝန္တမတိုင်မီက ဦးဝဏ္ဏ၊ ချင်းတိုင်းရင်းသားဆရာတော် ဦးသုန္ဒရ၊ နောက် ဦးတိဿ၊ ဦးဝဏ္ဏ စသည်ဖြင့် အဆက်ဆက် သီတင်းသုံးခဲ့ကြသည်။ နောင်အခါ ကျောင်းဒယကာ၊ ဒါယိကာမများ ပေါ်ထွန်းလာ





ရှေးဟောင်းသိမ်တော်ကြီး





ဘုရားငါးဆူတိုက်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com





**အသောကမင်းကြီးကောင်းမှုနတ်ရေတွင်း၊**

၍ တစ်ဆောင်နှင့် တစ်ဆောင်တွဲကာ ကျောင်း(၇)ဆောင်တွဲ ကျောင်းတိုက် ပေါင်း (၁၀၀) ကျော်ရှိသော သစ်သား ကျောင်းဆောင်ကြီး ဖြစ်လာခဲ့ပါသည်။

ထိုမြို့မကျောင်းတိုက်ကြီးကို ဒုတိယကမ္ဘာစစ်ကြီးပြီးချိန်မှစ၍-

၁။ ဝေသာလီဆရာတော် ဦးတေဇဝန္တ၊
၂။ အင်ဒိုင်းဆရာတော် ဦးကန္တာဝရ၊
၃။ ဦးရေဝတ၊
၄။ ဆရာတော်ဦးဝိစိတ္တာဝံသ

တို့က ပဓာနနာယက ကျောင်းထိုင်ဆရာတော်များအဖြစ် သီတင်းသုံးသာသနာပြုခဲ့ကြရာ နှစ်ပေါင်း (၃၀) ကျော်လာသောအခါ ယိုယွင်းပျက်စီးရွဲ့စောင်းလာသောကြောင့် ထိုကျောင်းဟောင်း သစ်သားဆောင်ကြီးကို မွမ်းမံပြင်ဆင်၍ သံဖိနပ်ခံကာ ယခုလက်ရှိ ဘောဇနပဥ္စရီဆွမ်းစားကျောင်းဆောင်ကြီး ဆောက်လုပ်ခဲ့ပါသည်။ ယခုလက်ရှိ ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်မှာ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တမာနိတာသိရီ ဖြစ်ပါသည်။ ဆရာတော်သည် မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဝန်ဆောင်ဆရာတော်လည်း ဖြစ်ပါသည်။

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မင်းကုန်းကျေးရွာ ဦးသက်ရှည်၊ ဒေါ်သောင်းရှမ်းတို့မှ ၁၃၁၇ ခု၊ တော်သလင်းလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သည်။ မင်းကုန်းကျေးရွာ ဇမ္ဗူမင်္ဂလာကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိတထံ ပညာသင်ကြားခဲ့ပြီး ၁၃၃၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့တွင် သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့သည်။

မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ဇမ္ဗူမော်ဆရာတော် ဆရာတော် ဦးဝိလာသ စသော ဂဏဝါစကဆရာတော်များထံ ပထမပြန်နှင့် ဓမ္မာစရိယစာဝါများကို သင်ကြားခဲ့သည်။ မဟာဝိသုဒ္ဓါရုံ ခဏ္ဍာသိမ်တော်ကြီး၌ ဇီးပင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ပိုက်ကျုံးဆရာတော်၊ အသောကဆရာတော်၊ ဇမ္ဗူဆရာတော် စသော ကမ္မဝါစာဆရာတော်တို့က ချီးမြှောက်၍ မန္တလေးမြို့ စတီးဝင်းရပ် ရဟန်းအမကြီး ဒေါ်ခင်ရွှေမိသားစု၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ၁၃၃၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့တွင် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိပါသည်။

၁၃၄၆ ခုနှစ်၊ ဝါဆိုလပြည့်နေ့မှစ၍ အိန္ဒိယ - မြန်မာနယ်စပ် တမူးမြို့ မြို့မသာသနာ့ရိပ်သာ(ရွှေကျင်)ကျောင်းတိုက်ကြီးတွင် ပဓာနနာယကဆရာတော်ကြီးအဖြစ် ယနေ့တိုင် စွမ်းစွမ်းတမံ သာသနာပြုလျက် ရှိပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မဟာသဒ္ဓမ္မဇောတိကဓဇနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

**ဘုရားလေးဆူစေတီတော်များ**

ပွင့်တော်မူပြီးသော ဘုရားလေးဆူကို ရည်စူး၍ တည်ထား ကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ ဘုရားလေးဆူကို ယခု တမူးမြို့တည်နေရာနှင့် မနီးမဝေးတွင်ရှိသော ရှေးဟောင်းရွာများဖြစ်ကြသည့် သီရိရွာ၊ ဟေမာရွာ၊ ရွာသာရွာနှင့် ပေါက်တောရွာသူကြီးများက ရွာလူထုနှင့်ညှိနှိုင်း၍ ဘုရားတစ်ဆူစီ တည်ထားခဲ့ခြင်း ဖြစ်ပါသည်။

စေတီတော်များမှာ ပြိုကျပျက်စီးပြီး ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသဖြင့် ကောဇာနှစ် ၁၃၄၄ ခုနှစ်တွင် မြို့မကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးရေဝတ၏ဩဝါဒကို ခံယူလျက် ဓာတ်ပေါင်းစေတီတော်ဂေါပကအဖွဲ့က ဦးဆောင်၍ ဉာဏ်တော်(၁၆)တောင်ရှိ ကကုသန်စေတီတော်နှင့် ဉာဏ်တော်(၁၇)တောင်ရှိ ကဿပစေတီတော်တို့ကို တမူးမြို့ မြို့မရပ်ကွက်နေ ဦးဘအုန်း-ဒေါ်ကျင်စိန်မိသားစုတို့ကလည်းကောင်း၊ ဉာဏ်တော် (၁၄) တောင်ရှိ ဂေါတမစေတီတော်ကို တမူးမြို့ မြို့မရပ်ကွက်နေ ဦးမြင့်ဆွေ - ဒေါ်ဆွေမြစန်း (နန်းဦး) မိသားစုတို့က မွမ်းမံ ပြင်ဆင်ခဲ့ကြပါသည်။

ကောဇာနှစ် ၁၃၄၅ ခုနှစ်၊ [illegible] ဆောင်မုန်းလဆန်း ၁၄ ရက်၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်၊ နှိဝင်ဘာလ ၁၈ ရက်၊ သောကြာနေ့တွင် ဒါယကာ၊ ဒါယိကာမများနှင့် မြို့သူမြို့သားများ စည်ကားသိုက်မြိုက်စွာ ထီးတော်တင်လှူပွဲကို မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံ တိုက်သစ် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ တွဲဖက် ရွှေကျင်သာသနာပိုင် ပိုက်ကျုံးဆရာတော်ဘုရားကြီးနှင့် တမူးမြို့ မြို့မကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဦးရေဝတနှင့် ဆရာတော် (၁၂) ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခဲ့ကြသည်။ နံနက်(၈)နာရီအချိန်တွင် အောင်ပွဲအနေဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရာ ပိုက်ကျုံးဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက် ချီးမြှင့်တော်မူခဲ့ပါသည်။ ဘုရားလေးဆူဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့တွင် ကျင်းပမြဲဖြစ်ပါသည်။

ဘုရားငါးဆူကုသိုလ်တော်

ဘုရားငါးဆူ သီတင်းသုံးတော်မူသော ငါးဆူတိုက်တော်ကြီးကို နှစ်ပေါင်း (၁၀၀) ကျော်က ဘုရားဒါယကာကြီး ဦးကျော်လွှားမိသားစု ဆောက်လုပ် လှူဒါန်းခဲ့သောကြောင့် ဦးကျော်လွှားတိုက်ဟု ထင်ရှားခဲ့သည်။ အဆိုပါ ဘုရားငါးဆူတိုက်သည် မြို့မသာသနာ့နယ်မြေအတွင်း တည်ရှိသဖြင့် မြို့မကျောင်း ပဓာနနာယကဆရာတော်အဆက်ဆက်၏သြဝါဒကိုခံယူကာ ဓာတ်ပေါင်းစေတီ ဂေါပကအဖွဲ့က အစဉ်အဆက် ပြုပြင်ထိန်းသိမ်းခဲ့ရာ ယနေ့ကာလတွင် ရှေးဟောင်း သာသနိကအဆောက်အအုံအဖြစ် လေ့လာနိုင်ပါသည်။

ရှေးဟောင်းသိမ်တော်ကြီး

တမူးမြို့၏ ရှေးအကျဆုံး သိမ်တော်ကြီး ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးစစ်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် ဦးအောင်မြင့်-ဒေါ်အေးတင်မိသားစုတို့က ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သိမ်ကျောင်းဆောင်ကို ပြုပြင်မွမ်းမံ ဆောက်လုပ်၍ ဦးထွန်းမြင့်-ဒေါ်ပန်းခြုံမိသားစုတို့က ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ ဦးဖိုးသိန်း-ဒေါ်ဖွားတင် မိသားစုတို့က ရုပ်ပွားတော်တစ်ဆူ လှူဒါန်းပူဇော်ခဲ့ကြပါသည်။ ၁၃၆၁ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် (၁၈-၈-၉၉) ရက်နေ့တွင် ခလရ (၈၉) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစိုးတင့်နှင့် ဦးရှုံး (ကားပိုင်)၊ ဦးသောင်း (မ-က-စ ဥက္ကဋ္ဌ၊ ငြိမ်း) တို့ ဦးစီးဦးဆောင်ပြုလျက် ခလရ (၈၉) မိသားစုများ၊ ရပ်ဆွေရပ်မျိုးများ၊ မြို့သူမြို့သားများ၊ အလှူရှင်များက ရှေးမူလက်ရာမပျက် ပန္နက်ချတည်ဆောက်ခဲ့ရာ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် (၁၄ - ၁၀ - ၁၉၉၉) နေ့တွင် ပြီးစီးခဲ့ပါသည်။ ရှေးဟောင်း သိမ်တော်ကြီးရှေ့တွင် အလောင်းဘုရား၏ အောင်မြေအထိမ်းအမှတ်ကျောက်စာတိုင်ရှိပါသည်။

မဟာဗောဓိပင်

ဓာတ်ပေါင်းစေတီတော်၏တောင်ဘက်တွင် စိုက်ပျိုးပူဇော်ထားပါသည်။ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူခဲ့သော အိန္ဒိယနိုင်ငံ ဂယာမြို့ ဗုဒ္ဓဂယာမှ မဟာဗောဓိပင်စစ်ကြီး၏ တောင်ကိုင်းကို သီရိလင်္ကာနိုင်ငံသို့ ပင့်ဆောင် စိုက်ပျိုးခဲ့ပါသည်။ ဤမဟာဗောဓိပင် မျိုးကျခဲ့သော ဗောဓိပင်ပျိုကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် သီရိလင်္ကာနိုင်ငံမှ မြန်မာနိုင်ငံသို့ ပင့်ဆောင်ခဲ့သည်။ အဆိုပါ ဗောဓိပင်ပျိုကို တမူးမြို့ ဖဆပလ ဥက္ကဋ္ဌ ဦးပြုံးက သွားရောက် ပင့်ဆောင်ခဲ့ပြီး ၁၃၁၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့ မွန်းလွဲ (၁) နာရီအချိန်တွင် စိုက်ပျိုး တည်ထား ကိုးကွယ်ခဲ့သော သမိုင်းဝင် ပရိဘောဂစေတီတော် မဟာဗောဓိပင်ကြီး ဖြစ်ပါသည်။

ရှစ်မျက်နှာပဘံကရစေတီတော်

ရတနာရွှေဂူစေတီတော်၏အရှေ့ဘက်တွင် တည်ရှိပါသည်။ ရှစ်မျက်နှာပဘံကရစေတီတော်ဟု ဘွဲ့မည်ရသည်။ ကောဇာနှစ် ၁၃၂၉ ခု၊ တန်ခူးလကွယ်၌ မြို့မကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးကုန္တာဝရ၏ သြဝါဒကို ခံယူလျက် ဘုရားဒါယကာ ဦးဘတင်-ဘုရားအမ ဒေါ်---မိသားစုတို့က ရှေးဟောင်း






ဘိုးသီလအရှင်နတ်နန်း




www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ဆဲ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇမွေ့ဗိမာန်တော်ကြီး



မဟာဗောဓိပင်နှင့် သီရိနိဝါသကျောင်း

စေတီတော်တစ်ဆူကို ပြုပြင်မွမ်းမံတည်ထားခဲ့ခြင်း ဖြစ်ပါ သည်။ ၁၃၆၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူဆရာတော် ဦးဉာဏိဿရ၏အလှူငွေကျပ်တစ်သိန်းတိတိဖြင့် တတိယအကြိမ် ပြုပြင်မွမ်းမံတည်ထား ကိုးကွယ်ခဲ့ပါသည်။

**သီရိနိဝါသကျောင်း**

သီရိနိဝါသ ကျောင်းဆောင်ကို ၁၃၄၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်နေ့တွင် မြို့မကျောင်း ပဓာနနာယကဆရာတော် ဦးမာနိတသိရီ၏ ဩဝါဒကို ခံယူလျက် ဓာတ်ပေါင်းစေတီတော် ဂေါပကအဖွဲ့က ဦးဆောင်ကာ ဆောက်လုပ် လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

**သီရိမင်္ဂလာစာသင်ကျောင်းတိုက်**

ဓာတ်ပေါင်းစေတီတော်၏တောင်ဘက်တွင် တည်ရှိပါသည်။ ထိုကျောင်းတိုက်ကို ၁၃၅၄ ခု၊ ဝါဆိုလတွင် တမူးမြို့ မြို့မကျောင်းတိုက် နာယကဆရာတော် ဦးမာနိတသိရီ၏ ဩဝါဒကို ခံယူလျက် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ နံနက် (၉) နာရီအချိန်တွင် မြို့မကျောင်းတိုက်ကြီး၏ ဩဝါဒါစရိယ သာသနဓဇ သီရိပရဝ မဇ္ဈိမနိကာယပါဠိပါရဂူ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းပြု မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ အဂ္ဂမဟာဝန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဝံသထံ၌ ရွှေကျင်နိကာယဗဟိုဌာနသို့ ရေစက်ချလှူဒါန်းခဲ့ပါသည်။

**ဘောဇနမဏ္ဍပ်ရီဆွမ်းစားကျောင်းဆောင်**

မြို့မကျောင်းတိုက်ကြီး၏ ပရဝဏ်အတွင်း တည်ရှိသည်။ ၁၃၅၅ ခုနှစ်၊ တပို့တွဲလတွင် တည်ဆောက်ခဲ့၏။ ယခင် မြို့မကျောင်းဆောင်ကြီးမှ ရရှိသော သစ်ဟောင်း၊သွပ်ဟောင်းများနှင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ အလှူရှင်များ၏ဖြည့်စွက်အလှူငွေ (၁၀)သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါ၏။

**ဓာတ်ပေါင်းစေတီမွှာရုံ**

မြို့မကျောင်းဦးဓာတ်ပေါင်းစေတီတော်ကြီး၏အရှေ့မျက်နှာစာတွင် ယခင် သစ်သားဆောင် ဓမ္မာရုံကြီးမှာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ပါသည်။ ထို့ကြောင့် မြို့မဆရာတော်၏ ဩဝါဒကို ခံယူလျက် ဓာတ်ပေါင်းစေတီတော် ဂေါပကအဖွဲ့က ဦးစီး၍ ၁၉၈၈ ခုနှစ်တွင် လက်ရှိ ဓာတ်ပေါင်းစေတီတော် ဓမ္မာရုံကြီးကို ဆောက်လုပ်ခဲ့ပါသည်။

**မြို့ဦးစေတီတော်**

မြို့ဦးစေတီတော်ကို မုံရွာမြို့ လယ်တီဆရာတော်ကြီး ဦးကုမာရအမှူးပြု၍ ဘုရားဒါယကာ ဦးသောင်း (မကာစဥက္ကဋ္ဌ၊ ငြိမ်း)၊ ဒေါ်ခင်ပိုင်မိသားစုတို့က တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် (၂၁-၂-၉၆) နေ့တွင် ပြင်ဦးလွင်မြို့ အိုးတစ်လုံးဆရာတော် ဦးတိလောက ဦးစီး၍ မြေနှုတ်မင်္ဂလာကို တပေါင်းလဆန်း ၅ ရက် (၂၂-၂-၉၆) နေ့တွင် ပြုလုပ်ခဲ့ပါသည်။ တပေါင်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ (၃-၃-၉၆) နေ့တွင် အုတ်ပန္နက်မင်္ဂလာပြုခဲ့ပါသည်။ ၁၃၅၇ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်နေ့တွင် သတ္တဌာန ဓာတ်တော်တစ်ဆူ ပူဇော်၍ အထက်ဌာပနာပိတ်သိမ်းခဲ့ပါသည်။ ၁၃၅၇ ခုနှစ်၊ တန်ခူးလပြည့် အင်္ဂါနေ့ (၂-၄-၉၆) နေ့တွင် အောင်နိမိတ်ဆရာတော် ဦးသာဂရ ဦးစီး၍ ရွှေထီးတော်တင်ကာ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာပြုခဲ့ပါသည်။

**သာသနာ့ဝဒ္ဓနီသိမ်တော်ကြီး**

မြို့မကျောင်းတိုက်ကြီး၏ တောင်ဘက်တွင် တည်ရှိပါသည်။ အဆိုပါ သိမ်တော်ကြီးကို ၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့၊ စနေနေ့နံနက် (၈) နာရီ၊ (၄) မိနစ်အချိန်တွင် မြို့မကျောင်း ပဓာနနာယကဆရာတော် ဦးရေဝတ




www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးသင်ပညာရေးကျောင်း



ဦးစီးဦးဆောင်ပြု၍ မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် ပိုက်ကျုံးဆရာတော်ကြီး အမှူးပြု၍ သံဃာတော် (၂၃) ပါးတို့ဖြင့် အလျားပေ (၄၀)၊ အနံပေ (၁၀) ရှိ မြေနေရာကို မြေသန့်၍ သိမ်သမုတ်တော်မူ၏။ ကောဇာနှစ် ၁၃၄၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၉) နာရီ၊ (၁၅) မိနစ်အချိန်တွင် သာသနာ့ဝဍ္ဎနီသိမ်တော်ကြီးကို မြို့မပဓာနနာယကဆရာတော် ဦးရေဝတနှင့် ပိုက်ကျုံးဆရာတော်ကြီးတို့မှ အုတ်မြစ်တော်များချတော်မူ၏။ကောဇာနှစ် ၁၃၄၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ စနေနေ့နံနက် (၉) နာရီအချိန်တွင် သာသနာ့ဝဍ္ဎနီသိမ်အုတ်ကျောင်းတော်ကြီး ပြီးစီး၍ ရွှေကျင်နိကာယဗဟိုဌာန ပိုက်ကျုံးဆရာတော်ဘုရားကြီးထံ ရေစက်သွန်းချ လှူဒါန်းခဲ့ပါသည်။

**ဇမ္ဗူသီရိအုတ်ကျောင်းတော်ကြီး**

ဇမ္ဗူသီရိအုတ်ကျောင်းတော်ကြီးကို ၁၃၅၅ ခုနှစ်၊ တပေါင်းလပြည့်နေ့ နံနက် (၇) နာရီ၊ (၃၀) မိနစ်တွင် တမူးမြို့ မြို့ကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးမာနိတသိရီနှင့် ရန်ကုန်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရနှင့် ဆရာတော်(၂၅)ပါးတို့က ပန္နက်မင်္ဂလာပြုတော်မူသည်။ အုတ်ကျောင်းတော်ကြီးကို ဓာတ်ပေါင်းစေတီဂေါပကအဖွဲ့က ဦးစီးဦးဆောင်ပြုလျက် စေတနာရှင်အလှူရှင် ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့ပါသည်။ အလျားပေ (၁၀၀)၊ အနံပေ (၄၈)၊ အမြင့် (၃၈) ပေရှိ သုံးထပ်အုတ်ကျောင်းဆောင်ကြီး ဖြစ်ပါသည်။ မြေညီထပ်ကို ယောဂီအိပ်ဆောင်၊ အလယ်ထပ်တွင် ယောဂီများ တရားရှုမှတ်ရန်နှင့် သာသနာ့ကိစ္စများ ဆောင်ရွက်ရန်၊ အထက်ထပ်တွင် သောတုဇနစာသင်သားများ စာသင်စာချဆောင်အဖြစ်ရည်ရွယ်ပါသည်။ ကုန်ကျစရိတ်မှာ သိန်းပေါင်း (၂၀၀) ကျော် ဖြစ်ပါသည်။ တမူးမြို့၏ သာသနာ့ကျက်သရေဆောင် ဖြစ်ပါသည်။

**ရွှေပွင့်ဖြူဂန္ဓကုဋိတိုက်တော်**

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကာလမှ ၁၃၅၉ ခုနှစ်အတွင်း ဘုံ(၉)ဆင့်ပြာသာဒ်ဆောင်ကြီးဖြစ်ပြီး ဗုဒ္ဓရုပ်ပွားတော်များ သီတင်းသုံးရာ ဂန္ဓကုဋိတိုက်တော်ကြီး ဖြစ်ပါသည်။ နှစ်ပေါင်း (၅၄) နှစ်အကြာ ရာသီဥတုဒဏ်ကြောင့် ပြိုကျပျက်စီးသွားခဲ့သည်။ မြို့မကျောင်းတိုက် ပဓာနနာယကထံ လျှောက်ထားခွင့်ပြုချက်အရ ဆရာတော်၏ ဩဝါဒကို ခံယူပြီး တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်၊ အလှူရှင် ဦးဇော်၊ မြို့မကျောင်း ဓာတ်ပေါင်းစေတီဂေါပကအဖွဲ့များစုပေါင်း၍ ကောဇာနှစ် ၁၃၆၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့ နံနက် (၉) နာရီအချိန်တွင် တမူး-မန္တလေးခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်(ရွှေပွင့်ဖြူ)ဂိတ်ခေါင်းဆောင်အဖွဲ့သားအများက စုပေါင်း၍ ဂန္ဓကုဋိတိုက်တော်ကြီးကို ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။

**ဘုန်းတော်ကြီးသင်ပညာရေးကျောင်း**

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် မြို့မကျောင်းတိုက်မှ ဦးစီးဖွင့်လှစ်ထားသောကျောင်း ဖြစ်ပါသည်။ အဆိုပါ ပညာရေးကျောင်းကို ၁၉၉၉ ခုနှစ်မှ စတင်၍ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသူရစိန်ဝင်းက ဆရာတော်ထံ လျှောက်ထားပြီး တမူးမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်သာသနာရေးမှူးများကိုယ်တိုင် ကျောင်းအုပ် မြို့မဆရာတော်၏ ဩဝါဒကို ခံယူလျက် ပထမနှစ်တွင် သူငယ်တန်းမှ ပဉ္စမတန်း



www.burmeseclassic.com

www.burmeseclassic.com

အထိ ကျောင်းသား (၁၄) ယောက်ဖြင့် စတင်ဖွင့်လှစ်သင်ကြားခဲ့ပါသည်။


၂၀၀၀ ပြည့်နှစ်၌ သူငယ်တန်းမှ ပဥ္စမတန်းအထိ ကျောင်းသူ(၃၂၀)ကျော် လာသဖြင့် ယာယီစာသင်ဆောင်ဇာတ်ရုံ ဟောင်းသည်လည်း ယိုယွင်းလာသည် ဖြစ်၍ ကျောင်းဆောင်သစ် မဖြစ်မနေ ဆောက်လုပ်ရန် လိုလာပါသည်။ ထို့ကြောင့် မြို့မဆရာတော်၏ ဩဝါဒကို ခံယူလျက် တမူးခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး စံရွှေသာ၊ တမူးမြို့နယ် အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီး ခင်မောင်မြင့် စသော ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မဂေါပက အဖွဲ့ဝင်များ၊ ကျောင်းအကျိုးဆောင် ကော်မတီဝင်များ၊ ကျောင်းသားမိဘ များ၊ အလှူရှင်များ စုပေါင်းမှုဖြင့် ၁၃၆၂ ခုနှစ်၊ နှစ်ဆန်းတစ်ရက် မင်္ဂလာအခါ တော်နေ့ နံနက် (၉) နာရီ၊ (၄၅) မိနစ် အချိန်တွင် ပန္နက်တင်အုတ်မြစ်စိ၍ စု ပေါင်းလုပ်အားဒါနဖြင့် အလျား (၁၂၉) ပေ၊ အနံ (၃၀) ပေရှိ သွပ်မိုးနံကပ် ကျောင်းဆောင်သစ်ကို ဆောက်လုပ်ခဲ့ ပါသည်။

## မင်္ဂလာကန်တော်နှင့်နတ်ရေတွင်း

မြို့မသာသနာ့နယ်မြေရှိ မင်္ဂလာ ကန်တော်နှင့် နတ်ရေတွင်းသည် နှစ် ပေါင်း (၂၄၀၀) ကျော်အချိန်က သီရိ ဓမ္မာသောကမင်းကြီး တည်ထားလှူဒါန်း ခဲ့သော ရေကန်ပေါင်း (၈၄၀၀၀)၊ ရေ တွင်းပေါင်း (၈၄၀၀၀) တို့တွင် အပါအ ဝင် ဖြစ်ပါသည်။ စေတီပေါင်း (၈၄၀၀၀) အပါအဝင် သီရိထိပ်မိုးစေတီတော်ကြီး ကို တည်ထားစဉ် ယခုမင်္ဂလာကန်တော် နှင့် ရေတွင်းကိုလည်း တစ်ချိန်တည်း တူးဖော်လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ မြို့မ ကျောင်းဆရာတော်အဆက်ဆက်နှင့် ဂေါပကအဆက်ဆက်တို့က နှစ်စဉ် ပြု ပြင်မွမ်းမံ ထိန်းသိမ်း စောင့်ရှောက်ခဲ့ပါ သည်။

## ဘိုးသီလနတ်နန်းတော်

နယ်ရှင်ပယ်ရှင်သူတော်စင်အဘိုး သီလအရှင်နန်းတော်မှာ မြို့မကျောင်း သာသနာ့မြေ အနောက်မြောက်ဘက် တွင် တည်ရှိပါသည်။ တမူးမြို့နယ်သား တို့ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်ခဲ့သော သူတော်စင်ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ သာ ကီဝင်မျိုးနွယ်တို့ ဝိဋူဋဘရန်စွယ်ကြောင့် မောရက် ခေါ် ယခုက ဘော်ချိုင့်ဝှမ်း



ဒေသသို့ ပြောင်းရွှေ့လာရာတွင် ဝတ်ဖြူ စင်ကြယ်နှင့် သူတော်စင်တစ်ဦး ပါရှိ လာသည်။ အဆိုပါ သူတော်စင်အဘိုး အို ကွယ်လွန်သွားပြီးနောက် စဉ်ဆက် မပြတ် ကိုးကွယ်လာခဲ့ခြင်း ဖြစ်သည်။ မြို့ရွာနယ်ပယ် အန္တရာယ်မကျရောက် အောင် စောင့်ရှောက်သော နယ်ရှင် ပယ်ရှင်သူတော်စင်တစ်ပါး ဖြစ်ပါသည်။

အချို့ကလည်း အလောင်းဘုရား မဏိပူရသို့ စစ်ချီရာတွင် သီလဖြူစင် သော မင်းသားကြီးတစ်ပါး ပါရှိလာ သည်ဟု ဆိုသည်။ အဆိုပါ မင်းသား ကြီးသည် အသက်ကြီး၍ ခရီးပန်းလာ သဖြင့် လမ်းခုလတ် သလောင်ရွာတွင် ကျန်ရစ်ခဲ့ပြီး ၎င်းရွာမှာပင် ကွယ်လွန် ခဲ့သည်။ သလောင်ရွာသူရွာသားများ၏ ယုံကြည်ကိုးကွယ်ခဲ့ရာ ဘိုးသီလအရှင် သူတော်စင်တစ်ပါးအဖြစ် ထင်ရှားလာ ခဲ့ပါသည်။ ရွာပျက်၍ တမူးမြို့သို့ပြောင်း ရွှေ့ခဲ့ရာတွင် တစ်ပါတည်း ပင့်ဆောင် ခဲ့သည်ဟု ပြောပါသည်။

ဘိုးသီလအရှင်ကြီးမှာ နယ်ပယ် ဒေသကို စောင့်ရှောက်ခဲ့ပါသည်။ ဒုတိ ယကမ္ဘာစစ်အတွင်းက ဤဒေသည် စစ် မြေပြင်ဖြစ်ခဲ့သော်လည်း ဒေသခံနယ် သူနယ်သားများ အသေအပျောက်နည်း ပါးခဲ့သည်။ သဘာဝဘေးဒဏ်ကို ဆိုးဆိုး ဝါးဝါး မခံစားခဲ့ရခြင်းမှာလည်း ဘိုးသီလ အရှင်ကြီး၏ စောင့်ရှောက်မှုကြောင့်ဟု ယုံကြည်ကိုးကွယ်ကြပါသည်။ သူတော် စင်ဖြစ်၍ သက်သတ်လွတ်ထမင်း၊ ဟင်း၊ မုန့်ပဲတို့ဖြင့် တင်မြှောက်ပူဇော်ရပါသည်။ အခါကြီးနေ့ကြီးရက်ကြီးများတွင် စုပေါင်း တင်သ ပူဇော်လေ့ရှိပါသည်။

## နှိုင်ခေါမနတ်စစ်သူကြီးနန်း

ဘိုးသီလအရှင်နန်းတော်၏ အ နောက်ဘက်တွင် နှိုင်ခေါမနတ်စစ်သူ ကြီး၏နတ်နန်းတော် တည်ရှိပါသည်။

နှိုင်ခေါမ ဟူသည် အိန္ဒိယ-မြန် မာ နယ်စပ်ကြားရှိ မြင်းလည်ပင်းနှင့်တူ သော တောင်၏အမည် ဖြစ်ပါသည်။ ထိုနှိုင်ခေါမတောင်ပေါ်မှာ အိန္ဒိယ-မြန် မာ နယ်စပ်နေ နယ်သူနယ်သားအပေါင်း ကို ဘေးအန္တရာယ်အသွယ်သွယ်မှစောင့် ရှောက်ပေးသော နတ်စစ်သူကြီးကို အစွဲ ပြု၍ နှိုင်ခေါမ ခေါ်ဝေါ်ခြင်း ဖြစ်ပါ သည်။

ထိုနှိုင်ခေါမနတ်စစ်သူကြီးသည် ကသည်းရန်မှ ကာကွယ်ရန် မြို့စောင့် တပ်မှူးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သော အလောင်းဘုရား၏တပ်မှူး စက်ရောက် ဘီလူးနှင့် ဆက်စပ်မှုရှိသည်ဟု ထင်မြင် ပါသည်။ နှိုင်ခေါမနတ်စစ်သူကြီးသည် ဘိုးသီလအရှင်နှင့်အတူ နယ်မြေဒေသ နှင့် နယ်သူနယ်သားများ စောင့်ရှောက် သည်ဟု အစဉ်အဆက် ကိုးကွယ်ခဲ့ကြ ပါသည်။

နှိုင်ခေါမနတ်စစ်သူကြီး၏ ညီ တော်နတ်များမှာ-

၁။ မော်လုံမော်နွဲ့နတ်
၂။ ရမန္တရီခေါ် ကွန်းတောင်းနတ်
၃။ နန်းညစ်တောင်စောင့်နတ်

တို့ ဖြစ်ကြောင်း သိရှိရပါသည်။

ဤသို့ဖြင့် အိန္ဒိယ-မြန်မာနယ်စပ် ကဘော်ချိုင့်ဝှမ်းဒေသမြို့တော် တမူးမြို့ မြို့မသာသနာ့နယ်မြေရှိ ရှေးဟောင်း သမိုင်းဝင် ဘုရားပုထိုး၊ စေတီကျောင်း ကန်၊ ရေတွင်းရေကန်နှင့် နယ်ရှင်ပယ် ရှင်နန်းတော်များအကြောင်းကို လေ့လာ သုတေသနပြု၍ တင်ပြလိုက်ရပါသည်။

မောင်နွယ်သိုး



www.burmeseclassic.com

www.burmeseclassic.com

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း) သို့ ဝင်ပေါက်တစ်ခုဖြစ်သော ဆိပ်ကမ်းရွာတစ်ရွာ ဖြစ်သည့် နတ်မော့်ရွာသို့ ၂၆. ၈. ၁၂ နေ့က ဓာတ်ပုံဆရာကလေး ကိုရဲ (အလင်္ကာ) မောင်းနှင်သော Dream 125 အစိမ်းရောင် ဆိုင်ကယ်နောက်တွင် အခန့်သား စီးရင်း လိုက်ပါလာခဲ့သည်။ ကားလမ်းနံဘေး စီတန်းပေါက်နေသည့် ထန်းပင်တန်းများ၊ စိမ်းစိုစိုစပါးခင်းများ၊ သံလွင်မြစ်တစ်ဖက်ကမ်းမှ မှိုင်းညို့ညို့တောင်ညိုတောင်တန်းများကို တစ်လှည့်စီငေး




ရွှေသုံးသာစေတီတော်


# နှစ်(၁၅၀)က

## မြတ်သက်ကျော် ကျောင်းတော်ကြီး

### ရှေးဟောင်းအနုပညာ လက်ရာများကို လေ့လာခြင်း



ဘုရားဝတ်ကျောင်းတော်ကြီးအတွင်းပိုင်းတွင် ပူဇော်ထားသည့် ရုပ်ပွားတော်နှင့်ပလ္လင်တော်



ရှေးလက်ရာ တရားဟောပလ္လင်




www.burmeseclassic.com

www.burmeseclassic.com



မဟာဝိဟာရကျောင်းတော်ကြီး






ဘုရားဝတ်ကျောင်းတော်ကြီးအား အပြင်ဘက်မှမြင်ရသည့်မြင်ကွင်း





ရှေးဟောင်းဇရပ်ကြီး



ရွှေပိန်းချရှေးဟောင်းပေစာများ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ခဲ့မှ မဝသေးမီ နတ်မှော်ရွာသို့ ရောက်လာကြောင်း သိလိုက်ရသည်။


မိမိနေထိုင်ရာ ချောင်းဆုံ အဆောက်ရုပ်ကွက်နှင့် နတ်မှော်ရွာက (၃) မိုင်မျှသာဝေး၏။ ထို့ပြင် လူငယ်ဓာတ်ပုံဆရာကလေး ကိုရဲ (အလင်္ကာ)ကလည်း ဆိုက်ကယ်မောင်း ကျွမ်းကျင်သည်ပဲလေ။ ဒီတောင် တစ်ခါတစ်ရံ သဘာဝအလှများကို ငေးကြည့်နေရင်း မသိစိတ်က သမ္ဗုဒ္ဓေ ရွတ်ဆိုနေမိသည်။ ထို့ကြောင့် (၃) မိုင်မျှဝေးသော ခရီးကို (၁၀) မိနစ်ခန့်မပြည့်မီ ရောက်လာသည်မှာ သိပ်တော့မဆန်းလှပေ။

နတ်မှော်ရွာသည် ရွာသစ်နှင့်ရွာဟောင်း နှစ်ရွာပေါင်းစည်းထားခြင်း ဖြစ်သော်ငြားလည်း ဘာသာရေး၊ လူမှုရေးတို့တွင် အမှန်တကယ်စည်းလုံးညီညွတ်သည့်ရွာတစ်ရွာ ဖြစ်သည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လထုတ် သူရဇ္ဇမဂ္ဂဇင်းတွင် ဆရာနိုင်ခင်မောင်လေး၏ 'ဦးနာအောက် မနှင်းဆီ ဧရာဝတီဖလော်တီလာ' ဆောင်းပါးကို ဖတ်ပြီးကတည်းက အင်္ဂလိပ်ခေတ် ၁၈၃၀ ပြည့်နှစ်က သင်္ဘောကျင်းတစ်ခု ဖြစ်ခဲ့သည့် နတ်မှော်ရွာဟောင်းကို မိမိစိတ်ဝင်စားနေမိလေသည်။

ယခင်က ဤရွာကို သွားလာဝင်ထွက်နေသော်လည်း သာမန်အလည်အပတ်မျှသာ သဘောထားနိုင်ခဲ့မိသည်။ ယခုအခါ သမိုင်းကြောင်းအရ စိတ်ဝင်စားစရာဘာများတွေ့လေမလဲ ဟူသော အတွေးကြောင့် စိတ်လှုပ်ရှားနေမိ၏။ ထိုသို့ စိတ်လှုပ်ရှားစွာနှင့်ပင် နတ်မှော်ရွာဟောင်းရှိ မမ္မဒါယာဒ ကျောင်းတိုက်သို့ ရောက်ရှိလာပါသည်။

ကျောင်းဝင်းမှာ (၃)ဧကခန့်ကျယ်ဝန်းသည်။ ကျောင်းဝင်းတစ်လျှောက် တစ်ခန်းလျှင် (၁၀) ပေ မြင့်ပြီး (၅) ပေ ကျယ်သော ခြံစည်းရိုး အုတ်တံတိုင်း ခတ်လျက်ရှိသည်ကိုတွေ့ရ၏။ ကျောင်း၏တောင်ဘက်တွင် သံလွင်မြစ်ဓာ တာဝန်ကျေစွာ စီးဆင်းနေသည်ကို တွေ့ရ၏။ ကျောင်း၏ အနောက်ဘက်တွင် စိမ်းစိုသော စပါးခင်းများ ရှိလေသည်။

ကျောင်းပေါ်သို့ စ၍ တက်လိုက်သည်နှင့်ပင် စိတ်ဝင်စားစရာတစ်ခုက မိမိတို့အား မျက်စပစ်ပြသည့်နှယ် ရှိချေ၏။ ကျောင်းတိုက်၏အဝင်ဝတွင် တည်ဆောက်ထားသည့် ခုနှစ်ကို ရှေးလက်ရာ သစ်ထွင်းစာလုံးများနှင့် ပုံဖော်ထားသည်ကို တွေ့လိုက်ရလေသည်။



ဘုရားခန်းတွင် အပူဇော်ခံနေသော သစ်သားရုပ်ပွားတော်များ



ဘုရားခန်းတွင် အပူဇော်ခံနေသော သစ်သားရုပ်ပွားတော်များ

'၁၂၂၄ ခုနှစ်တွင် တည်ဆောက်သည်' တဲ့။

ဒါဆို ကျောင်းတိုက်ကြီး၏ သက်တမ်းမှာ နှစ် (၁၅၀)တိတိ ရှိပြီဖြစ်သည်။

မိမိ၏ ရောင်းရင်းကလေး ကိုရဲ (အလင်္ကာ) က ဓာတ်ပုံရိုက် မှတ်တမ်းတင်တော့မည်ပြင်သည်။ မိမိက လူကြီးပီပီ 'ကျောင်းတိုက်ကြီး နာယက ဆရာတော်၏ ခွင့်ပြုချက်ကိုရမှ ရိုက်ကြတာပေါ့' ဟု နှစ်သိမ့်လိုက်ရသည်။

ကျောင်းပေါ်ရောက်၍ ဘုရားဝတ်ပြုလိုက်သည်နှင့် မိမိတို့စိတ်အာရုံကို ညွတ်နူးသွားစေမည့် မတ်ရပ် သစ်သား ရုပ်ပွားဆင်းတုတော်များကို ကြည်ညိုဖွယ် သပ္ပာယ်စွာ ဖူးမြော်လိုက်ရ၏။ ကျွန်းလုံးဖြင့်ထုလုပ်ထားသော ရုပ်ပွားတော်များဖြစ်ပြီး ဉာဏ်တော်အမြင့် (၆) ပေခန့်က နှစ်ဆူဖြစ်ပြီး ဉာဏ်တော် (၅) ပေက တစ်ဆူ၊ ဉာဏ်တော် (၄) ပေက နှစ်ဆူ၊ ဉာဏ်တော် (၃) ပေက နှစ်ဆူ၊ စုစုပေါင်း (၇) ဆူ ဖြစ်လေသည်။


ထို့နောက် ဒုတိယ နာယကဘုန်း

| သာသနိကအဆောက်အအုံများ | တည်ဆောက်သည့်ခုနှစ် | သက်တမ်း |
|---|---|---|
| ၁။ မဟာဝိဟာရကျောင်းတော်ကြီး | ၁၂၂၄ ခုနှစ် | (၁၅၀) နှစ် |
| ၂။ ရွှေဘုံသာစေတီတော် | ၁၂၂၉ ခုနှစ် | (၁၄၅) နှစ် |
| ၃။ သိမ်တော်ကြီး | ၁၂၇၇ ခုနှစ် | (၉၇) နှစ် |
| ၄။ ဇရပ်ကြီး | ၁၂၈၃ ခုနှစ် | (၉၁) နှစ် |
| ၅။ ဘုရားဝတ်ကျောင်းတော်ကြီး | ၁၂၈၅ ခုနှစ် | (၈၉) နှစ် |
| ၆။ မနောသိဒ္ဓိဝိဟာရကျောင်း | ၁၂၉၁ ခုနှစ် | (၈၃) နှစ် |



www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်ကြီး




ကျောင်းတိုက်ကြီးအတက်အဆင်းလှေကားထိပ်မှ သစ်ထွင်းစာလုံးများ



ကျောင်းတိုက်မျက်နှာကြက်မှ ပန်းပုရုပ်လုံးများ

ကြီးလေး ဦးကုဏ္ဍလအား ဝတ်ဖြည့်ပြီး ကျောင်းတိုက်အတွင်း သီတင်းသုံးသွားခဲ့ဖူးကြသည့် ဆရာတော်ကြီးများ၏ဓာတ်ပုံ ဗီနိုင်းကို ဖူးတွေ့လိုက်ရ၏။ မြန်မာနိုင်ငံ၏ ထေရသာသနာ၌ ရဟန္တာဟု ဇလွန်ပြည်တော်ပြန် ဘုရားကြီးနှင့်တွဲဖက် လူသိများလှသည့် ဘုန်းတော်ကြီး ဦးသီလသည် ဤဓမ္မဒါယာဒ ကျောင်းတိုက်တွင် သီတင်းသုံးသွားခဲ့ဖူးသည်ဆို၏။ ထို့အတူ မုဒုံ ဂျိုးဂျိုးကျဆရာတော်၊ ကမာအုပ်ဆရာတော်၊ ဆရာတော်ဦးဇာဂရ၊ ဆရာတော်ဦးခေမိန္ဒနှင့်မကြာသေးမီကာလက ဘဝနတ်နန်း မြန်းကြွသွားပြီဖြစ်သော ဆရာတော် ဦးကဝိန္ဒ စသည့် ဆရာတော်များ သီတင်းသုံးခဲ့ကြသည်ဆိုကတည်းက ဒီကျောင်းတိုက်၏သက်တမ်းနှင့် အစဉ်အလာကို လျှော့တွက်၍ မရတော့မှန်း မိမိသဘောပေါက်လိုက်၏။


ဘုန်းတော်ကြီး ဦးသီလနှင့်ဂျိုးဂျိုးကျဆရာတော်တို့မှာ ဆရာကြီး ဓမ္မစရိယဦးဌေးလှိုင်၏ 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်ကျေးဇူးကြောင့် လူအတော်များများအတွက် မစိမ်းလှပေ။ ယခု တိုက်အုပ်ဆရာတော် ဦးကုဏ္ဍလနှင့် ကျောင်းဒကာများ ရှင်းပြလေမှ အခြား ဆရာတော်များ၏ လူသိနည်းသေးသည့် ထူးခြားသောဝိသေသများကို နားဆင် ကြည်ညိုခွင့်ရပေတော့သည်။ ဆရာတော် ဦးဇာဂရသည် လောကီဘက်တွင် ထူးခြား စွမ်းဆောင်နိုင်သည့် ဆရာတော် ဖြစ်သည်တဲ့။ ကျောင်း၏မျက်နှာကြက်၌ချိတ်ဆွဲထားသည့် ပန်းပုရုပ်များကို အင်းချကာ အသက်သွင်းထားနိုင်ခဲ့သည်ဆို၏။ ထို့ကြောင့် ဆရာတော်ဦးဇာဂရလက်ထက်က ညပိုင်း လူခြေတိတ်ချိန်များ၌ မြင်းဟီသံ၊ မြင်းဒုန်းစိုင်းစီးနင်းသံ၊ မြင်းခွာသံများကိုကြားနေရသည် ဆိုချေ၏။ ဟုတ်လည်း ဟုတ်နိုင်လောက်သည်၊ မျက်နှာကြက်တွင် ချိတ်ဆွဲထားသော အရုပ်များအနက် မြင်းစီးပန်းပုရုပ်တုတစ်ခုမှာ ထူးထူးခြားခြား အသက်ဝင်နေသလိုပင် မိမိစိတ်၌ ထင်မြင်မိလေသည်။ ဓာတ်ပုံဆရာလေး ကိုရဲကို မေးမြန်းကြည့်သည့်အခါ စာရေးသူကဲ့သို့ပင် သူလည်းထင်မြင်မိပါကြောင်း ပြောပြသည်။

ဆရာတော်ဦးဇာဂရကို ဆက်ခံသော ဆရာတော်ဦးခေမိန္ဒသည်လည်း ပုဂ္ဂိုလ်ထူးတစ်ပါးဖြစ်သည် ဆို၏။ ထိုဆရာတော်က လောကုတ္တရာဘက်တွင်




www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ဆဲ ရေပေးဝေရေးစက်ရုံ



ရေပေးဝေရေးစက်ရုံအတွင်းပိုင်း



ကျောင်းတိုက်ကြီးအဝင်

ပြောင်းခဲ့သည်ဆို၏။ ထိုအရှင်မြတ်ထက် အရင်ကျသော ဆရာတော် ဦးဇာဂရ သက်ထက်က စီရင်ခဲ့သော အင်းအစီအ ဆိုများလည်း ပျောက်ကွယ်ကုန်သည်ဆို ၏။ ဆရာတော် ဦးခေမိန္ဒသည် ခန္ဓာ ညာဏ်ရောက် တရားတော်များကို လွန်စွာ အားထုတ်ခဲ့သည့် ဆရာတော် ဖြစ်သည် ဆို၏။ အလွန်လည်း သည်းခံနိုင်စွမ်းရှိသည် ဆို၏။ ဆရာတော် သည်း ထန်စွာ နာမကျန်းဖြစ်နေစဉ်ကာလမှာမှ သက်ကျိုးပြီး ထိုလက်ကျိုးဒဏ်ရာ ပုပ်ဘော မန်းလိုက်နေကြောင်း သိလိုက်ကြရသည် ဆို၏။ ထိုအနာနှင့်ပင် ခန္ဓာဝန်ချသွားသည် ဆိုလေ၏။ သို့သော် အနာစဖြစ်ချိန်၊ အနာသည်းချိန် တစ်ချက်မျှ ညည်းညူဘဲ ခန္ဓာဝန်ချခါနီးအချိန်အထိ ဝေဒနာကို သည်းခံသွားလေသည် ဆို၏။

ထို့နောက် ကျောင်းမကြီး၏မျက်နှာကြက်ဆီသို့ ကြည့်မိလိုက်သည့်အခါ ယခုကာလ တွေ့မြင်ရန် အလွန်ခက်ခဲသွားခဲ့ပြီဖြစ်လေသော အမြင့် တစ်ပေခွဲခန့်ရှိသည့် သစ်သားပန်းပုရုပ်များကို တွေ့မြင်လိုက်ရ၏။ အစက မိမိစိတ်ထဲ ရုပ်သေးရုပ်များကို မျက်နှာကြက်၌ အလှဆင် ချိတ်ဆွဲထားသည်ဟု ထင်မိ၏။ နောက် သေသေချာချာ ကြည့်မိလေမှ ရှေးဟောင်းလက်ရာ သစ်သားပန်းပုရုပ်များဖြစ်ကြောင်း သိလိုက်ရတော့သည်။ ထိုအရုပ်များအနက် မြင်းစီး သစ်သားပန်းပုရုပ်မှာ သက်ရှိလူသားတစ်ယောက်နီးပါး အသက်ဝင်လွန်းလှသည်။

ကျောင်းတိုက်၏ နံရံထက်တွင်လည်း နံရံဆေးပန်းချီ ဇာတ်တော်သရုပ်ဖော် ရှေးဟောင်းလက်ရာ ပန်းချီကားများကို တွေ့ရလေသည်။ သို့သော် အများစုမှာ အချိန်ကာလ၏တိုက်စားမှုကြောင့် နံရံတွင် ကွက်လပ်များသာထင်ကျန်နေရစ်လေသည်။ သို့သော် ထိုဆေးရေးပန်းချီလက်ရာများမှာ မြန်မာဆန်ဆဲ၊ လှပဆဲ ဖြစ်လေသည်။ ဘုန်းကြီးလေး ဦးကုဏ္ဍလနှင့် စကားဆိုပြီးသည့်အခါ ကျောင်းတိုက်အကြောင်း၊ ရုပ်ပွားတော်များအကြောင်း၊ ပန်းပု ရုပ်လုံးများအကြောင်း၊ နံရံဆေးရေး ပန်းချီများအကြောင်း ဆောင်းပါးရေးသားနိုင်ခွင့် ရှိ၊ မရှိ မေးမြန်း လျှောက်ထားကြည့်သည့်အခါ နာယကဆရာတော်ထံ လျှောက်ထားပါ ဆိုပြီး ဆရာတော်ကြီးဦးပညောဘာသထံ ခေါ်ဆောင်သွားလေသည်။

နာယကဆရာတော်မှာ သက်တော် (၇၀) နှစ်ဖြစ်ပြီး သက်တော်နှင့်စာလျှင် အရွယ်တော်တင်လွန်းလှသည်။ မိမိအထင်က သက်တော် (၆၀) ဝန်းကျင်ခန့်မျှသာ ရှိလိမ့်ဦးမည်ဟု မှတ်ထင်ထားမိသည်။

ဆရာတော်အား မိမိတို့ လာရင်းကိစ္စကို ဖွင့်ဟလျှောက်ထားကြည့်သည့်အခါ ဆရာတော်က ကြည်ဖြူစွာပင် ဆောင်းပါး ရေးသားခွင့်ပြုသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိရလေသည်။ ထို့နောက် ကျောင်းဝင်းထဲရှိ သာသနိက



www.burmeseclassic.com

www.burmeseclassic.com

အဆောက်အအုံများနှင့် ပတ်သက်သည့် တည်ဆောက်ထားသော ခုနှစ်များပါ ကွန်ပြူတာနှင့်စာစီထားသည့် စာရွက် တစ်ရွက်ပေးပြီး ကျောင်းတိုက်၏သာသ နာပြုလုပ်ငန်းများကို ရှင်းလင်းပြသည်။

ကျွန်တော် ဤမဓမ္မဒါယာကျောင်း တိုက်ကြီး၏ သာသနိက အဆောက်အ အုံစာရင်းကိုဖတ်ရှုကြည့်ရာ အောက်ပါ အတိုင်း တွေ့ရလေသည်။

"အဲဒီ အဆောက်အအုံတွေအ နက် နည်းနည်းသက်တမ်းရင့်ပြီး ပျက် ဆီးမှုအင်အားများလာတဲ့ သက်တမ်းနှစ် (၁၅၀) ရှိပြီဖြစ်တဲ့ မဟာဝိဟာရကို စပြီး ပြင်ဆင်ခဲ့တယ် ဒကာကြီး"

"တင်ပါ့ဘုရား"

မဟာဝိဟာရကျောင်းတော်ကြီး၏ တိုင်လုံးများမှာ လုံးပတ် (၃) ပေခန့်မျှရှိ သော ကျွန်းလုံးတိုင်ကြီးများ ဖြစ်သည်။ တိုင်လုံးကြီးများမှာ နှစ်ကာလများ၏ တိုက်စားမှုကြောင့် အဆီခန်း အနှစ်ကျုံ့ လာသည့်အတွက် တိုင်များ ယိုယွင်းလာ ပါသည်။ အောက်ခံမြေသားမှာလည်း ကွင်းမြေဖြစ်၍ မြေပျော့သောကြောင့် တိုင်တချို့ မြေထဲသို့ နိမ့်ကျလာသည်။ အခင်းများ ကျိုးပဲ့ ပိုးထိုးလာသည်။ ထို့ ကြောင့် တိုင်လုံးများကို အင်္ဂတေမံခြင်း၊ မြေထဲသို့နိမ့်ဝင်သွားသည့်တိုင်များကို တူးဖော်၍ မြှောက်တင်ခြင်း၊ မကောင်း သည့်အခင်းများကိုခွာကာ အခင်းသစ် များကို မူရင်းမပျက် ထပ်မံခင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မဟာဝိဟာရ ကျောင်းတော်ကြီး ကိုတည်ဆောက်ခဲ့သည်မှာ အောက်ခြေ မှ ဆင့်၊ ရက်မ စသည်များကို သံတစ် ချက်မျှ မနှက်ဘဲ ဖောက်စွပ်ထားသော နည်းစနစ်များဖြင့်သာ တည်ဆောက် ထားခဲ့ခြင်း ဖြစ်ပါသည်။ ထုတ်၊ လျောက် ဒိုင်း၊ မြားတို့အားလည်း ထိုနည်းအတိုင်း ပင် တည်ဆောက်ထားပါသည်။ ထို့ ကြောင့် ယခုကဲ့သို့ နှစ် (၁၅၀) တိုင် အောင်ပင် မပြိုမပျက် တည်ရှိနေခြင်း ဖြစ်နိုင်သည်။

"ဘုန်းကြီးတို့ကျောင်းထဲက သာ သနိက အဆောက်အအုံတွေကို ပြင် ဆင်တဲ့အခါ အားလုံးကိုဖြိုဖျက်၊ အသစ် ပြင် ဒီလိုမလုပ်ဘူး။ ပျက်စီးနေတဲ့အပိုင်း လောက်ပဲ အတတ်နိုင်ဆုံး မူရင်းမပျက် ပြန်ပြင်ပါတယ်။ ဒီတော့ ရှေးမူပျက်မ သွားသော်လည်း စရိတ်ကတော့ တော် တော်ထောင်းပါတယ်။ နောက်- ဝင်းခြံ ကို ခုလို သေသေချာချာ ခိုင်ခိုင်ခံ့ခံ့ကာ ရံတဲ့အတွက် အကုန်အကျ ပိုများပါ တယ်။ ရွာကလည်း သိပ်မချမ်းသာကြ လေတော့ တခြားနယ်ဘက်ကို၊ ဥပမာ- ရန်ကုန်တိုင်းဒေသကြီးတို့လိုမှာ ရှိတဲ့ တပည့်တပန်းတွေ၊ မိတ်ဆွေတွေကို အ ပူကပ်ပြီး အလှူခံရတာပေါ့။ အဲဒီလိုနဲ့ပဲ သက်တမ်း (၁၅၀) ရှိပြီဖြစ်တဲ့ မဟာဝိ ဟာရ ကျောင်းတော်ကြီး၊ သက်တမ်း (၈၉) နှစ်ရှိပြီဖြစ်တဲ့ ဘုရားဝတ်ကျောင်း တော်ကြီးတို့ကို ပြင်ဆင်နိုင်ခဲ့ပါတယ်။ လက်ရှိ လုပ်ကိုင်ပြုပြင်ဆဲအလုပ်တွေက တော့ သက်တမ်း (၈၃) နှစ် ရှိပြီဖြစ်တဲ့ မနောသိဒ္ဓိဝိဟာရ ကျောင်းတော် ပြင် ဆင်ခြင်း၊ ကျောင်းဝင်းပတ်လည် အုတ် တံတိုင်းကာရံခြင်း၊ ရွာရေပေးဝေရေးအ တွက် ရေလှောင်ကန်, ရေစစ်ကန် စက်ရုံ များတည်ဆောက်ခြင်း စတဲ့ လုပ်ငန်း တွေပါပဲ။ ဒီလုပ်ငန်းတွေကိုလည်း အလှူ ခံလို့ရသမျှနဲ့ ဒီငွေဟိုပို့၊ ဟိုငွေဒီပို့နဲ့ အ ရေးကြီးတာအမြန်ဖြတ်စနစ်နဲ့ လုပ်ကိုင်

ဝတ်ကျောင်းတော်ကြီး၏ အဝင်ဝတွင် သိကြားမင်းရုပ်တု၊ ဇော်ဂျီရုပ်တုနှင့် ကျောက်စာတစ်ချပ်တို့က ကျွန်တော်တို့ အား ဆီးကြိုနေသည့်နှယ် ရှိလေသည်။ သိကြားရုပ်တုမှာ အနည်းငယ် ပျက်စီး နေသည်။ ဝတ်ကျောင်းတော်အတွင်း ပိုင်းရှိ ဘုရားခန်းပလ္လင်တော်ပေါ်တွင် ရှေးဟောင်း အင်္ဂတေရုပ်ပွားတော်ကြီးက သပ္ပာယ်ခံ့ညားစွာ အပူဇော်ခံနေ၏။ ထို ရုပ်ပွားတော် သီတင်းသုံးရာ ပလ္လင်တော် ပေါ်တွင် ရှေးမူလက်ရာ အင်္ဂတေပန်း များကို မြင်လိုက်ရသည်။ မြန်မာပြည် အထက်ပိုင်း ပန်းပညာရှင်များ၏လက် ရာမှာ သေးသွယ်နွဲ့နှောင်း သွဲ့ပျောင်း သော်ငြားလည်း မြန်မာပြည်အောက်ပိုင်း ပညာရှင်များ၏ပန်းလက်ရာမှာ ထုနှင့် ထည်နှင့် ခံ့ညားထပ်ဝါလွန်းလှသည်။ ထိုပန်းများကြားထဲတွင် ဗုဒ္ဓဝင် တော ထွက်ခန်း သရုပ်ဖော် အင်္ဂတေရုပ်လုံး များကိုလည်း ထည့်သွင်းထားပေသည်။



ဆရာတော်အား သိလိုသမျှ လျှောက်ထားနေစဉ်

ရတာပေါ့။ လုံးဝမကိုင်ရသေးတာတော့ သက်တမ်း (၉၁) နှစ်ရှိပြီဖြစ်တဲ့၊ ပြင်ဆင် ဖို့လည်း အလွန်လိုအပ်နေတဲ့ ဇရပ်ကြီး ပေါ့ ဒကာကြီးရယ်။ ကဲကဲ- ကျောင်းဝင်း ထဲ လှည့်ကြည့်ပြီးမှ ဒကာကြီးသိချင် တာမေးပေါ့"

ဟု ဆရာတော်က မိန့်ကြားသည်။

ထို့ကြောင့် ဆရာတော်အား ဝတ် ဖြည့်ပြီး ဘုန်းကြီးလေးဦးကုဏ္ဍလက ဦး ဆောင်ကာ ကျွန်တော်တို့ ကျောင်းဝင်း ထဲသို့ လှည့်လည် ကြည့်ရှုကြ၏။ ဘုရား

ဝတ်ကျောင်းတော်ကြီး၏ ဘေးတွင် လွန်ခဲ့သည့် (၁၄၅) နှစ်က တည်ဆောက်ထားခဲ့သော ထူးခြားသည့် ရွှေဘုံသာစေတီတော်မြတ်အား ဖူးတွေ့ ရပါသည်။ စေတီရင်ပြင်မှာ မကျယ်လွန်း သော်ငြားလည်း ထူးခြားမှုရှိသည့်စေတီ ဖြစ်ခြင်း၊ ဆိတ်ငြိမ်မှုရှိခြင်းတို့ကြောင့် သမထ၊ ဝိပဿနာတရား ကျင့်ကြံပွား များရန် ဘူမိနက်သန် နေရာမှန်တစ်ခု ဖြစ်သကဲ့သို့ အမိဋ္ဌာန်ဝင်လိုသူများအ တွက်လည်း အောင်မြေနေရာထူးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။ ရွှေဘုံသာစေတီ၏ ဘေး တွင် သက်တမ်း (၉၁) နှစ်ရှိပြီဖြစ်သော ယိုယွင်းစပြုလာပြီဖြစ်သည့် ပြင်ဆင်ရန် အလှူ့ဒါယကာများကို ငံ့လင့်နေတန်ရှိသည့် ဇရပ်ကြီးရှိနေပြီး ရွှေဘုံသာစေတီ၏ရှေ့ဘက်တွင် ၁၂၇၇ ခုနှစ်က တည်ဆောက်ထားသည့် သိမ်တော်ကြီး ရှိပါသည်။

ထို့နောက် နတ်မှော်ရွာသစ်၊ ရွာဟောင်း နှစ်ရွာပေါင်းကို ရေပေးဝေမည့် ရေစက်တည်ဆောက်ရာသို့ ဆက်လက်သွားရောက်ခဲ့ပါသည်။ ယင်းစက်ရုံတွင် ရေစုပ်စက်၊ ရေတွင်း၊ ရေလှောင်ကန်၊ ရေစစ်ကန်များ ပါဝင်သည်။ အဆောက်အအုံမှာ အလျား (၆၃) ပေ၊ အနံ (၃၆) ပေနှင့် အမြင့် (၁၅) ပေခန့် ရှိပါသည်။ ရေပေးဝေရေး စီမံချက်များကို ဆရာတော်ထံ မေးလျှောက်ကြည့်ရာ ဆရာတော်က ယခုလို ပြန်လည်မိန့်ကြားပါသည်။

"ဘုန်းကြီးတို့ရွာက မြစ်နားနီးပေမယ့် ရေရှားတဲ့ရွာတစ်ရွာပါ။ အထူးသဖြင့်ကတော့ သောက်ရေနဲ့ချက်ပြုတ်ဖို့ ရေချိုရှားတဲ့ အခြေအနေပေါ့။ ၂၀၁၁ ခုနှစ်က Weekly Eleven ဂျာနယ်မှာ သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဌာနက ကညွှော်ရွာမှာ အဝီစိတွင်းတူးပေးနေကြောင်း ဖတ်လိုက်ရလို့ သွားဆက်သွယ်ပြီး ဘုန်းကြီးတို့ရွာမှာလည်း တူးဖော်ခွင့်ရအောင် ကြိုးစားခဲ့တယ်။ ကံအားလျော်စွာပဲ တူးဖော်ခွင့်ရလိုက်သလို တူးဖော်တဲ့ ရေတွင်းကလည်း အောင်အောင်မြင်မြင် ရေချိုထွက်လာခဲ့တယ်။ ရေတွင်းအောင်သွားတော့ ရွာကနေစုထည့်တဲ့ငွေကြေးနဲ့ အလှူခံလို့ရတဲ့ ငွေကြေးတွေကိုသုံးပြီး စက်ဝယ်၊ ပိုက်လုံးသွယ်နဲ့ နှစ်ရွာစလုံးကို ရေပေးဝေခဲ့ပါတယ်။ ရေစက်မောင်းရတဲ့ကာလမှာ နှစ်ရွာလုံးက သတ်မှတ်မထားတဲ့ ငွေကြေးအလှူခံပြီး နေ့စဉ် ရေမောင်းပြီး နှစ်ရွာလုံးကို ရေပေးဝေခဲ့ပါတယ်။ ရေပေးဝေဖို့တော့ အနည်းဆုံး ဒီဇယ်ဆီက တစ်နေ့ (၁) ဂါလန်တော့ ကုန်ပါတယ်။ နှစ်ရွာလုံးအတွက် အခက်အခဲတော့ ပြေလည်သွားပါတယ်။ ဒီနှစ်တော့ ရေတွင်းတွေကိုလည်း အဆင့်မြှင့်ချင်ပါတယ်။ နောက်တော့ ရေပိုက်တွေကိုလည်း ပိုကောင်းတဲ့ပိုက်တွေကို ရွာသစ်မှာတည်ဆောက်ဖို့ အစီအစဉ်လည်း ရှိပါသေးတယ်။ လောလောဆယ်တော့ ဒီလုပ်ငန်းတွေကို အကောင်အထည်မဖော်နိုင်သေးဘူး။ ဒီလုပ်ငန်းတွေကို ကိုင်တွယ်ဖို့ရာ အားလုံးလိုလိုတော့ ပြည့်စုံနေပါပြီ။ လိုအပ်နေတာ ငွေတစ်ခုတည်းပါဆိုသလိုပါပဲ ဒကာကြီးရယ်။ လုပ်ကိုင်လိုတဲ့ သဒ္ဓါနဲ့လုပ်အား ရှိပင်ရှိငြားလည်း အဓိကအကျဆုံးဖြစ်တဲ့ တစ်ခုလိုနေတော့ လောလောဆယ် အကောင်အထည်မဖော်နိုင်သေးဘူး ဖြစ်နေတယ်"

ဟု ဆရာတော် ဦးပညောဘာသမှ မိန့်မြွက်ပါသည်။

"ဒကာကြီးတို့ မဟာဝိဟာရမှာကော လေ့လာပြီးပြီလား"

"တင်ပါ့ဘုရား၊ လေ့လာလို့ပြီးပါပြီဘုရား။ ဒါပေမယ့် ဓာတ်ပုံရိုက် မှတ်တမ်းတင်ဖို့တော့ ကျန်နေပါသေးတယ်ဘုရား"

"ဒါဆို မိုးမရွာခင် အလင်းရောင်ကောင်းကောင်းရှိတုန်း ဓာတ်ပုံသွားရိုက်လိုက်ကြဦး"

"တင်ပါ့ဘုရား"

ထို့နောက် ဘုန်းကြီး ဦးကုဏ္ဍ၊ ဓာတ်ပုံဆရာလေး ကိုရဲ (အလင်္ကာ) နှင့် ကျွန်တော်တို့ သုံးဦးသား ဆရာတော် ဦးပညောဘာသအား ဝတ်ဖြည့်ကာ မနောသိဒ္ဓိဝိဟာရမှ ထွက်ခွာလာခဲ့ပြီး မဟာဝိဟာရကျောင်းကြီး၊ ဝတ်ကျောင်းတော်ကြီး၊ ရွှေဘုံသာစေတီတော်၊ ဇရပ်ကြီးနှင့် အခြားမှတ်တမ်းတင်ထိုက်သည့် နေရာများကိုမှတ်တမ်းတင်ပြီး ပြန်လာခဲ့ကြလေတော့သည်။ ရင်ထဲတွင် ရှေးဟောင်းပစ္စည်းများ၊ ရှေးဟောင်းလက်ရာများကို နှစ် (၁၅၀) ကြာ မပျောက်မပျက်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသည့် ဆရာတော်အဆက်ဆက်နှင့် နတ်မှော် ရွာဟောင်း၊ ရွာသစ် နှစ်ရွာလုံးမှ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာအတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များအား လေးစားနေမိတော့သည်။

ချောင်းဆုံမြို့နယ် နတ်မှော်ကျေးရွာ ရွာဟောင်းတွင်တည်ရှိသော ဓမ္မဒါယာဒ ကျောင်းတိုက်အတွင်း တည်ရှိနေသည့် သာသနိက အဆောက်အအုံများ၊ ရှေးဟောင်းလက်ရာ အမွေအနှစ်များကို ကြည်ညို ဖူးမြော် လေ့လာလိုသောသူများ၊ အမိဌာန်ဝင် အကျင့်စရဏ ကျင့်ကြံလိုကြသောသူများသည် မော်လမြိုင် ဈေးကြီးဆိပ်ကမ်းမှ နံနက် (၁၀း၄၅) နာရီတွင်ထွက်သည့် ဇက်ကူးတို့အား စီးနင်း၍လည်းကောင်း၊ ကျောက်မီးသွေးဆိပ်ကမ်းမှ နံနက် (၈း၃၀) နာရီထွက်သော ပွဲထောင်စီးနင်း၍ လည်းကောင်း လာရောက်နိုင်ပြီး နတ်မှော်ဆိပ်ကမ်းရောက်သည်နှင့် ဆိပ်ကမ်းတည်ရှိရာ နတ်မှော်ရွာသစ်မှ (၁၅) မိနစ်ခန့် လမ်းလျှောက်လိုက်လျှင် ဓမ္မဒါယာဒကျောင်းတိုက်သို့ ရောက်ရှိမည်ဖြစ်ပြီး ကြည်ညိုဖူးမြော်လေ့လာပြီးလျှင် ညနေ (၁း၃၀) နာရီ၌ ပွဲထောင်စီးနင်းခြင်းဖြင့် လည်းကောင်း၊ ညနေ (၄) နာရီ၌ထွက်သော မော်တော်စီးနင်းခြင်းဖြင့် လည်းကောင်း မော်လမြိုင်ဘက်ကမ်းသို့ နေ့ချင်းပြန်ခရီးသွားလာနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မြတ်သက်ကျော်

**ကျေးဇူးမော်ကွန်း**

ဤဆောင်းပါးအား ရေးသားခွင့်ပြုခဲ့သည့် ဓမ္မဒါယာဒ ကျောင်းတိုက်နာယက ဆရာတော် ဦးပညောဘာသ၊ ဒုတိယနာယက ဘုန်းကြီးလေး ဦးကုဏ္ဍလတို့အား ခြေစုံဦးခိုက် ကန်တော့ပြီး ရေပေးဝေရေးကိစ္စနှင့် ကျောင်းတိုက်အကြောင်း သိသင့်သမျှ ရှင်းလင်းပြောပြပေးသော ဆရာကြီး ဦးတင့်ဝေ (ငြိမ်း) နှင့် ကျောင်းဒါယကာ, ဒါယိကာမများ၊ အခက်အခဲ အမျိုးမျိုးကြားမှ မညည်းမညူ ဓာတ်ပုံရိုက် ကူညီပေးကြသော ဓာတ်ပုံဆရာ ကိုရဲ (အလင်္ကာ) နှင့် ကိုအောင်ခိုင် (နတ်မှော်) တို့အားလည်းကောင်း၊ လိုအပ်သည့် စာအုပ်စာတမ်း အထောက်အထားများကို စိတ်ရှည်လက်ရှည် ရှာဖွေကူညီပေးသည့် တပည့်ကျော် မင်းသက်ပိုင်နှင့် မိမိုးပြာတို့ဇနီးမောင်နှံ (သင်္ကောရွာမြောက်ပိုင်း) တို့အား လည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း ကျေးဇူးမော်ကွန်း ရေးထိုးအပ်ပါသတည်း။

**ကျမ်းကိုးစာရင်း**


၁။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ၊ ဓမ္မာစရိယ ဦးဌေးလှိုင်။

၂။ ၂၀၁၁ ခု၊ ဇူလိုင်လထုတ် သုရဿတီမဂ္ဂဇင်းမှ ဆရာ နိုင်ခင်မောင်လေး၏ 'ဦးနာအောက် မနှင်းဆီ ရောဝတီ ဖလော်တီလာ' ဆောင်းပါး။

၃။ ကိုယ်တိုင် ကွင်းဆင်း လေ့လာချက်များ။




www.burmeseclassic.com

www.burmeseclassic.com

### လိုရင်းသိဖို့

လိုရင်းတိုရှင်း ပြောကြစို့။

မျက်စိနှင့်အဆင်းမျိုးစုံ တိုက်,ဆုံလျှင် မြင်စိတ်ပေါ်မည်။ နားနှင့်အသံမျိုးစုံ တိုက်,ဆုံလျှင် ကြားစိတ်ပေါ်မည်။ နှာခေါင်းနှင့်အနံ့မျိုးစုံတိုက်,ဆုံလျှင် နံ့စိတ်ပေါ်မည်။ ဤသို့ စသည်ဖြင့် သိဖို့ဖြစ်သည်။ ရုပ်တရားအချင်းချင်း တိုက်,ဆုံလျှင် နာမ်တရားပေါ်လာသည်ကို သိဖို့လိုရင်း ဖြစ်သည်။ ဤသို့ ဖြစ်ပေါ်လာသည့် မြင်စိတ်၊ ကြားစိတ်၊ နံ့စိတ် စသည်တို့ ဖြစ်ပေါ်ခိုက်တွင် သတိပဋ္ဌာန် ဘာဝနာဉာဏ်ဝင်ရန် အခြေခံ အကြောင်းတရားများကို ရှင်းလင်း ပြောပြခြင်း ဖြစ်ပါသည်။

ဒွါရနှင့်အာရုံ တိုက်ဆုံမှုကြောင့် မြင်စိတ်၊ ကြားစိတ်၊ နံ့စိတ် အစရှိသည်တို့ ဖြစ်ပေါ်လာသည်ကို သိဖို့ဖြစ်သည်။ ဤစိတ်များဖြစ်လာသည်မှာ တစ်နည်းအားဖြင့် အာယတနတို့ကြောင့်လည်း ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

### ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကွာဖို့

ဤကဲ့သို့ ဒွါရအာရုံအချင်းချင်း၊ အာယတနအချင်းချင်း၊ ရုပ်တရားအချင်းချင်း တိုက်ဆုံမှုကြောင့် မြင်စိတ်၊ ကြားစိတ်၊ နံ့စိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်တို့ ဖြစ်လာ၏။ ဤ မြင်စိတ်စသည်တို့ကို ငါမြင်သည်, ငါကြားသည် ဟူ၍လည်းကောင်း၊ ငါ့ဥစ္စာ, ငါ့ပစ္စည်း ဟူ၍ လည်းကောင်း၊ ငါ့အသက်လိပ်ပြာ ဟူ၍ လည်းကောင်း နှလုံးမသွင်းသင့်။ မမှတ်ယူသင့်။ ဒွါရအာရုံ ရုပ်တရားနှစ်ပါး တိုက်ဆုံ၍ သို့မဟုတ် အခံစိတ်၊ အတိုက်ခာတ်တိုက်ဆုံ၍ အပွင့်ခာတ် မြင်စိတ်၊ ကြားစိတ် စသည် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မည်သည့်ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကမှ ပြုလုပ်ခြင်းမဟုတ်။ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်တန်ခိုးရှင်ကမှ ဖန်ဆင်းလိုက်ခြင်းလည်း မဟုတ်။ အကြောင်းတိုက်ဆုံ၍ ဖြစ်ပေါ်လာပြီး ချက်တစ်ဖြုတ် ရုတ်တရက် ချုပ်ပျက်သွားခြင်းဖြစ်သည်ကို ဘာဝနာဉာဏ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်မြင်နေဖို့ ဖြစ်သည်။ ဤသို့ သိမြင်ရှုမှတ်နေခြင်းဖြင့် အတ္တကောင်၊ ငါကောင်ဟု ယူစွဲထားသည့်ဒိဋ္ဌိ ကွာမည်။ ထိုမျှမက ငါရှေးကဖြစ်ခဲ့ဖူးသလား, မဖြစ်ခဲ့ဘူးလား၊ သဗ္ဗညုတဘုရားသခင် ဆိုသည် ရှိရဲ့လားဟု ယုံမှားသည့် ဝိစိကိစ္ဆာပါ တစ်ပါတည်း ကွာမည် ဖြစ်သည်။

### ခန္ဓနိယာမအတိုင်း ဖြစ်ပြီးပျက်နေ

သို့ကြောင့် 'ငါ' ဟူ၍ လည်းကောင်း၊ 'ငါ့ဥစ္စာ' ဟူ၍ လည်းကောင်း၊ 'ငါ့အသက်လိပ်ပြာ' ဟူ၍လည်းကောင်း မမှတ်ယူသင့်။ မရှုမှတ်သင့်။ ယင်းကဲ့သို့ ရှုမှတ်နှလုံးသွင်းလိုက်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ ဝင်လာလိမ့်မည်။ ဤလူဆိုး

ဉာဏ်မြင့်

# ဝိပဿနာ၊ဘာဝနာ ပွားရအောင်





www.burmeseclassic.com

www.burmeseclassic.com

...ဦး သံသရာနယ်ချဲ့သမားကို လက်ခံ ...ကိုက်ထားလျှင် သံသံရာရှည်တော့ ...ည်။ အမှန်တော့ကား ယခုပြောသည့် ...တိုင်း ဒွါရအာရုံအခံဓာတ်၊ အတိုက် ...ဓာတ် အဇ္ဈတ္တနှင့်ဗဟိဒ္ဓ အာယတနရုပ် ...ရားတို့ တိုက်ဆုံကြ၍ အပွင့်ဓာတ် ...နာမ်တရားပေါ်လာခြင်း ဖြစ်သည်ကို ...အမှန်အတိုင်း မြင်စိတ်၊ ကြားစိတ်ဟု ...ရှုမှတ်ရန် ဖြစ်သည်။ ဤမြင်စိတ်၊ ကြား ...စိတ်တလည်း စိတ္တနိယာမအတိုင်း (ဥပ္ပဇ္ဇိ ...တွာ နိရုဇ္ဈန္တိ) ဖြစ်ပြီး ပျက်သွားကြ၏။ အကြောင်းတိုက်ဆုံ၍ ဖြစ်ပေါ်လာပြီး ...ချက်တရက် ချုပ်ပျက်သွားခြင်း ဖြစ်၏။ 'ဟေတုံ ပဋိစ္စ သမ္ဘူတံ၊ ဟေတု ဘင်္ဂါ ...နိရုဇ္ဈရေ' အကြောင်းဖြစ်၍ ဖြစ်သည်၊ အကြောင်းချုပ်၍ ချုပ်သွားသည်။ အကြောင်းနှင့်အကျိုးဖြစ်စဉ်၊ ခန္ဓာ၏ဖြစ် ...ဝေ့အတိုင်း ဖြစ်ပြီး ပျက်သွားသည်။ သို့ကြောင့် ဤမြင်မှု၊ ကြားမှု စသည်တို့ကို သတိပဋ္ဌာန် ဘာဝနာဉာဏ်ဖြင့် ရှုမှတ်နေဖို့က-

'မြင်တာလည်း ငါမဟုတ်
ကြားတာလည်း ငါမဟုတ်
နံတာလည်း ငါမဟုတ်
စားတာလည်း ငါမဟုတ်
ထိတာလည်း ငါမဟုတ်
သိတာလည်း ငါမဟုတ်'

(နေ သောဟ မသ္မိ) ဟူ၍ ရှုမှတ်လိုက်ခြင်းဖြင့် ငါတလူ မာန်မူတက်ကြွသည့် မာန 'ငါ' ကွာမည် ဖြစ်၏။ သို့ကြောင့် မြင်လျှင်၊ ကြားလျှင် 'ငါ'မဟုတ် ဟူ၍ ပွားများရှုမှတ်ပေးရန် ဖြစ်ပါသည်။

တစ်ဖန် ဤမြင်မှု၊ ကြားမှု စသည်ကို ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝဟု ရှုမှတ်မိလျှင် ရှုမှတ်လိုက်မိသည့်အာရုံက နှစ်သက်ဖွယ်၊ သာယာဖွယ် ဆိုပါက ခင်မင်တွယ်တာ လိုချင်တပ်မက်သည့် တဏှာ ဖြစ်လာမည်။ ဤသို့ ဒိဋ္ဌိနှင့်တဏှာဖြင့် ပုထုဇဉ် သူသူငါငါတို့သည် ကာမဂုဏ်ရေယဉ်ကြော မျောပါပျော်မြူးနေကြခြင်း ဖြစ်သည်။ ဤဒိဋ္ဌိနှင့်တဏှာ မပယ်ခွာနိုင်သေးသမျှ ကာလပတ်လုံး သံသရာဝဋ်ဒုက္ခကြီးက ဘယ်တော့မှ ကျွတ်လွတ် ထွက်မြောက်ခွင့် ရကြတော့မည်မဟုတ်။ ချမ်းသာခွင့်၊ သက်သာခွင့်လည်း ရကြတော့မည်မဟုတ်။

ဒီသဘောကို-

'ဒိဋ္ဌိပန္နန ပန္နာတော၊ တဏှာသောတေန ဝုယှရေ၊

တဏှာ သောတေန ဝုယှန္တာ၊ နတော ဒုက္ခာ ပမုစ္စရေ'

ဟူ၍ ဝိသုဒ္ဓိမဂ်ကျမ်းက ဆိုမိန့်တော်မူ၏။

လူတစ်ယောက်ကို ကြိုးနှင့်ချည်နှောင် တုပ်ဆိုင်းပြီး ရေစိုင်ဝဲထဲ ပစ်ချလိုက်လျှင် အသက်ချမ်းသာခွင့်ရဖို့မမြင်သကဲ့သို့ ပုထုဇဉ်တို့သည်လည်း ထို့အတူပင် ဒိဋ္ဌိကြိုးလည်းမဖြေနိုင်ဘဲ တဏှာရေယဉ်ကြော မျောပါမြူးထူး ပျော်ပါးနေကြလျှင် သံသရာဝဲဩဃထဲက ကျွတ်လွတ်ထွက်မြောက်စရာလမ်း ရှိတော့မည် မဟုတ်ပေ။

သို့ကြောင့် မြင်လျှင် ငါမြင်သည် မဟုတ်၊ ကြားလျှင် ငါကြားသည်မဟုတ်။ ငါကြားသည်၊ ငါမြင်သည် မဟုတ်လျှင် ငါ့ဥစ္စာ ငါပိုင် ဟူ၍လည်း မသိမ်းပိုက်နိုင်တော့ပေ။ ဤသဘောကို-

'ကြားတာ၊ မြင်တာ
နံတာ၊ စားတာ
ထိတာ၊ သိတာ ငါမဟုတ်
မြင်တာ၊ ကြားတာ
နံတာ၊ စားတာ
ထိတာ၊ သိတာ နာမ်နှင့်ရုပ်
ငါ့ဥစ္စာလည်း မဟုတ်

(နေတံ မမ) ဟူ၍ မြင်မြင်သမျှ လိုချင်၊ ရချင်သည့်တဏှာကို ဘာဝနာဉာဏ်ဝင်လျက် ဤသို့ ရှုမှတ်ပြီး တဏှာကိုပယ်ခွာရန် ဖြစ်သည်။

ဤ သတိပဋ္ဌာန်ဘာဝနာဖြင့် ရှုမှတ်နေလျှင် ခန္ဓာငါးပါးကို ငါ ဟူ၍ ထင်မှတ် စွဲလမ်းနေသည့် အတ္တဒိဋ္ဌိကွာနေသည်။ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ ဟူ၍ ထင်မှတ်စွဲလမ်းနေသည့်တဏှာ (အတ္တနိယ) လည်း ကွာနေမည်။ ဤ ဒိဋ္ဌိနှင့်တဏှာ မာန ကိလေသာ ပပဥ္စနယ်ချဲ့သမား လူဆိုးကြီး (၃)ဦးကို ကွာအောင် ရှုမှတ်ပွားများနေခြင်း ဖြစ်သည်။ ဤလူဆိုးကြီး (၃) ဦးကို မပယ်သတ်နိုင်လျှင် အနာဂတ်ကာလ၌ ရုပ်၊ နာမ် ခန္ဓာ ထပ်၍ရဦးမည်။ ခန္ဓာထပ်၍ရလျှင် ဒုက္ခထပ်ဖြစ်ဦးမည် မဟုတ်ပါလော။

သို့ကြောင့် နောင်ခန္ဓာအစဉ်ကို ပေါက်ပွား ဖြစ်ပေါ်စေတတ်သည့်အတွက် မြင်ဆဲအခိုက်အတန့်၊ ကြားဆဲအခိုက်အတန့်တို့တွင် ဒိဋ္ဌိ တဏှာ မာနကို ရှုမှတ်ပြီး ပယ်ခွာနေရခြင်း ဖြစ်၏။ ဤ ဒိဋ္ဌိ တဏှာ မာနတို့ကို မပယ်ခွာနိုင်လျှင် ဤတဏှာ မာန ဒိဋ္ဌိ တရား (၃) ပါးတို့ မိမိ၏သန္တာန်၌ ဖြစ်ပွားနေမှုကြောင့် စွဲလမ်းမှု ဥပါဒါန်တရား ဖြစ်လာမည်။ ဤဥပါဒါန် အစွဲအလမ်းအားကြီးမှုကြောင့် ကမ္မဘဝ ဖြစ်မည်။ ဤသဘောကို နိဒါန ဝဂ္ဂသံယုတ်၌-

'ဥပါဒါနေန သတိ ဘဝေါဟောတိ

ဥပါဒါနေန အသတိ ဘဝေါ န ဟောတိ'

ဟူ၍ ဆိုမိန့်ထားသည်။

ဒိဋ္ဌိနှင့်တဏှာ အားကြီးမှုကြောင့် ဥပါဒါန် ဖြစ်သည်။ ဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်သည်။ ကမ္မဘဝကြောင့် ကမ္မဘဝ ပစ္စယာ ဇာတိ ဖြစ်ရသည်။ ဇာတိဖြစ်လျှင် ဇာတိ ပစ္စယာ ဇရာ မရဏ၊ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသတို့ တသီတတန်းကြီး ဆက်ဖြစ်တော့မည်။ သို့ကြောင့် ဒိဋ္ဌိ တဏှာ အစွဲဥပါဒါန်ကို ပြုတ်အောင် ဖြုတ်ကြဖို့ တိုက်တွန်းနေသည်ကို သိစေလိုပါသည်။

### ကာလဝိမုတ်ကိလေသာ

ဤနေရာ၌ အနည်းငယ် ရှင်းပြစရာပေါ်လာပြန်ပါသည်။ သတိပဋ္ဌာန် ဘာဝနာဖြင့် တရားရှုမှတ်ခြင်း၏အဓိက အကြောင်းရင်းမှာ အကြောင်းတိုက်ဆုံလျှင် ဖြစ်ပေါ်လာတတ်သည့် ဒိဋ္ဌိနှင့် တဏှာ မာနကို ဘာဝနာဉာဏ်ဖြင့် ရှုမှတ်ပြီး ပယ်ခွာနေခြင်း ဖြစ်သည်။ ဤ ဒိဋ္ဌိနှင့် တဏှာ မာနတို့ ဖြစ်ရသည်မှာလည်း ခန္ဓာ၌ အစဉ်ကိန်းနေသည့် အနုသယကိလေသာကြောင့် ဖြစ်၏။ အစဉ်ကိန်းနေသည် ဆိုသော်လည်း အနုသယမှာ ပစ္စုပ္ပန်လည်းမဟုတ်၊ အနာဂတ်ဟုလည်း မပြောနိုင်၊ အတိတ် ဟူ၍လည်း မဆိုနိုင်သည့် ကာလသုံးပါးက လွတ်နေသည့် ကိလေသာ ဖြစ်သည်။

(ဤအနုသယ ကိလေသာကို ဝိပဿနာဉာဏ်ဖြင့် ပယ်ခွာနေခြင်း ဖြစ်သည်။ ဤအနုသယကိလေသာကို အာရမ္မဏ ဓိဂ္ဂဟိတုပ္ပန္နကိလေသာ၊ ဘူမိလဒ္ဓုပ္ပန္နကိလေသာ၊ ဥပ္ပဇ္ဇရဟကိလေသာ၊ ကာလဝိမုတ်ကိလေသာ ဟူ၍ ခေါ်ဆိုကြောင်း ကျမ်းဂန်တို့တွင် တွေ့ရ၏။ ဗဟုသုတအဖြစ် မှတ်ယူကြရန် ဖြစ်ပါသည်။)

ယောဂီတို့အနေဖြင့် သတိပဋ္ဌာန် ဘာဝနာဖြင့် ရှုမှတ်ပြီး ပယ်ခွာနေသည်မှာ ဤကာလသုံးပါးက လွတ်နေသည့် ကာလဝိမုတ်ကိလေသာ အနုသယကို ပယ်ခွာနေခြင်း ဖြစ်သည်။ ကာလ... သည့် ပစ္စုပ္ပန်ဖြစ်ဆဲကိလေသာကို မ...



www.burmeseclassic.com

www.burmeseclassic.com

နိုင်။ ဖြစ်ဆဲကိလေသာမှာ ဖြစ်ဆဲ၌ပင် ဖြစ်ပြီး ပျက်သွားပြီဖြစ်၍ ဖြစ်ဆဲကိလေသာကို မပယ်လိုက်နိုင်ခြင်း ဖြစ်သည်။ အတိတ်ကာလကိလေသာမှာလည်း ဖြစ်ပြီးဖြစ်၍ မပယ်နိုင်တော့။ အနာဂတ်ကာလကိလေသာမှာလည်း မဖြစ်သေး၍ ပယ်နိုင်ခြင်းမရှိ။ အနာမရှိသေးဘဲ ဆေးကြိုတင်လိမ်းနေ၍ အကျိုးရှိမည် မဟုတ်။ အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်လာတတ်သည့် အချိန်အခါမရွေး ဖြစ်တတ်သည့် အနုသယကိလေသာ (ကာလဝိမုတ်ကိလေသာ) ကိုသာလျှင် ဝိပဿနာက ပယ်သတ်နိုင်ခြင်း ဖြစ်ပါသည်။

**သီလ၊ သမာဓိ၊ ပညာနှင့် ပဟာန်သုံးပါး**

ဤတွင် ကိလေသာ (၃) မျိုး ရှိသည်။ အကြမ်းစား (ဝီတိက္ကမ ကိလေသာ)၊ အလတ်စား (ပရိယုဋ္ဌာနကိလေသာ)၊ အနုစား (အနုသယကိလေသာ) ဟူ၍ (၃) မျိုး ရှိသည်။ ကာယကံ၊ ဝစီကံ၌ သောင်းကျန်းသည့် ဝီတိက္ကမ (လွန်ကျူး) ကိလေသာကို သီလသိက္ခာဖြင့်လည်းကောင်း၊ မနောအတွင်း, ဇောအတွင်း၌ ထကြွနေသည့် ပရိယုဋ္ဌာန (ဆူပွက်) ကိလေသာကို သမာဓိသိက္ခာဖြင့်လည်းကောင်း၊ ခန္ဓာ၌ အစဉ်ကိန်းနေသည့် အနုသယ (မျိုးမပျက်) ကိလေသာကို ဝိပဿနာ ပညာသိက္ခာဖြင့်လည်းကောင်း၊ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်နိုင်သည်။ ပယ်သတ်နိုင်သည် ဆိုသည်မှာ သဒိသူပစာအားဖြင့် တင်စားပြောဆိုခြင်း ဖြစ်ပါသည်။

**သတိပဋ္ဌာန်ရှုမှတ်မှုနှင့် မဂ္ဂင်(၈)ပါး**

စင်စစ်သော်ကား ပယ်သတ်သည် ဆိုသည်မှာ သတိပဋ္ဌာန်လုပ်ငန်းခွင်သို့ ဝင်၍ ရှုမှတ်နေသည်ကို ဆိုလိုခြင်း ဖြစ်သည်။ သတိပဋ္ဌာန်အလုပ်ခွင်သို့ ဝင်သည့်အခါ အာနာပါနက စ၍ လုပ်ရသည်။ သမာဓိဖြစ်ရန် ဖြစ်၏။

'သမာဓိ ဘိက္ခဝေ ဘာဝေထ'

ဆိုသည့်အတိုင်းပင် သမာဓိဖြစ်အောင် ပထမဦးစွာ ထူထောင်ရသည်။

သတိပဋ္ဌာန်ဘာဝနာဝင်ပြီး အားထုတ်ခြင်းသည် ဝီရိယဖြင့် အားထုတ်ရခြင်း ဖြစ်သည်။ ဝီရိယသည် မဂ္ဂင်လို ပြောလျှင် သမ္မာဝါယာမမဂ္ဂင် ဖြစ်၏။ ရှုမှု ရှိုက်မှုသည် သတိစေတသိက် ဖြစ်သည်။ သတိသည် မဂ္ဂင်လို သမ္မာသတိမဂ္ဂင် ဖြစ်၏။ ရှုမှု ရှိုက်မှု အာရုံထဲ၌ စူးစူးစိုက်စိုက်၊ စွဲစွဲမြဲမြဲ တည်ငြိမ်နေသည့် သမာဓိသည် သမ္မာသမာဓိမဂ္ဂင် ဖြစ်သည်။ ဤမဂ္ဂင်သုံးပါးတို့ကို သမာဓိမဂ္ဂင် ဟူ၍ ခေါ်သည်။ မနောအတွင်း၊ ဇောအတွင်း ဆူပွက်နေသည့် အလတ်စား ပရိယုဋ္ဌာနကိလေသာကို ဤသမာဓိမဂ္ဂင်သုံးပါးတို့က ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်သတ်နိုင်စွမ်း ရှိလေသည်။

တစ်ဖန် အဆိုပါ သတိပဋ္ဌာန်ဝင်ဆဲ၌ ကာယကံ၊ ဝစီကံ နှစ်ပါး လွန်ကျူးဖောက်ပြန်ခြင်းမရှိသဖြင့် သမ္မာကမ္မန္တမဂ္ဂင်နှင့် သမ္မာဝါစာမဂ္ဂင်နှစ်ပါး ဖြစ်နေသည်။ မိစ္ဆာဇီဝလည်းမဖြစ်။ ဤကာယဒုစရိုက်၊ ဝစီဒုစရိုက်များ ကင်းရှင်းနေသဖြင့် အသက်မွေးဝမ်းကျောင်းလည်း စင်ကြယ်နေသည့်အတွက် သမ္မာအာဇီဝမဂ္ဂင် ဖြစ်နေသည်။ ဤသမ္မာကမ္မန္တ၊ သမ္မာဝါစာ၊ သမ္မာအာဇီဝမဂ္ဂင် ဖြစ်နေသည်။ ဤမဂ္ဂင်သုံးပါးကြောင့် အကြမ်းစား ဝီတိက္ကမကိလေသာများကို ဤသီလမဂ္ဂင် (၃)ပါးက တဒင်္ဂပဟာန်အားဖြင့် ပယ်သတ်နိုင်စွမ်း ရှိလေသည်။ မိမိကိုယ်တိုင် တရားအားထုတ်ရှုမှတ်ခြင်း၏အဓိပ္ပာယ်ကို နားလည်အောင်နှင့် အကျိုးရှိအောင် ဆင်ခြင်နိုင်ဖို့ ပြောပြနေခြင်း ဖြစ်သည်။

တစ်ဖန် သတိပဋ္ဌာန်အာရုံသို့ ဝိတက် ဝိစာရ စေတနာသိက်နှစ်လုံးဖြင့် တင်ပေးကာ ရှုမှတ်နေခြင်းဖြစ်ရာ သမ္မာသင်္ကပ္ပမဂ္ဂင် ဖြစ်နေသည်။ အာနာပါန ရှုမှု ရှိုက်မှုအာရုံထဲ၌ သမာဓိကောင်းကောင်းဖြစ်သည်ဆိုလျှင်-

'သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ'

ဟု ဆိုသည့်အတိုင်း ဝါယောရုပ်နှင့် ရှုမှတ်နေသည့် သတိပဋ္ဌာန်ရှုဉာဏ်တို့ကြောင့် ဤရုပ်နှင့် ဤနာမ်တို့ကသာလျှင် ရှုရှိုက်နေသည်၊ ပုဂ္ဂိုလ် သတ္တဝါက ရှုရှိုက်နေသည် မဟုတ်။ ဤကဲ့သို့ ရှုဉာဏ်ထဲ အသိဝင်လာမည်။ ဤအသိဉာဏ်မှာ အမှန်အတိုင်းမြင်သည့် သမ္မာဒိဋ္ဌိအမြင် ဖြစ်သည်။ တစ်နည်းအားဖြင့် သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပါသည်။ ဤသမ္မာသင်္ကပ္ပနှင့်သမာဒိဋ္ဌိမဂ္ဂင် တည်းဟူသော ပညာမဂ္ဂင်နှစ်ပါးက အနုစား အနုသယကိလေသာကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်နိုင်စွမ်း ရှိပါသည်။

သတိပဋ္ဌာန်ဘာဝနာ အလုပ်ခွင်ဝင်နေသည့် ယောဂီတို့အနေဖြင့် မိမိတို့သန္တာန်၌ အောက်ပါအတိုင်း မဂ္ဂင် (၈) ပါးဖြစ်နေသည့် သဘောကို သဘောပေါက်စေလိုပါသည်။

**သမာဓိမဂ္ဂင် (၃) ပါး**

၁။ သတိပဋ္ဌာန်အလုပ် အားထုတ်နေသည်က သမ္မာဝါယမ မဂ္ဂင်။
၂။ အာနာပါန၌ အမှတ်သတိ မြဲနေသည်က သမ္မာသတိ မဂ္ဂင်။
၃။ ရှုဉာဏ်ထဲ၌ စူးစူးစိုက်စိုက် စွဲမြဲနေသည်က သမ္မာသမာဓိ မဂ္ဂင်။

**သီလမဂ္ဂင် (၃) ပါး**

၄။ ကာယကံဒုစရိုက် (၃) ပါး မလွန်ကျူးအောင် ထိန်းသိမ်းနေသည်က သမ္မာဝါစာ မဂ္ဂင်။
၅။ ကာယကံဒုစရိုက် (၃) ပါး မလွန်ကျူးအောင် ထိန်းသိမ်းနေသည်က သမ္မာကမ္မန္တ မဂ္ဂင်။
၆။ ဤမဂ္ဂင် (၂) ပါးကြောင့် အသက်မွေးဝမ်းကျောင်းမှု စင်ကြယ်နေသည်က သမ္မာအာဇီဝ မဂ္ဂင်။

**သမ္မာဒိဋ္ဌိမဂ္ဂင် (၂) ပါး**

၇။ သတိပဋ္ဌာန်အာရုံဆီသို့ တင်ပို့ပေးနေသည်က သမ္မာသင်္ကပ္ပ မဂ္ဂင်။
၈။ ပုဂ္ဂိုလ် သတ္တဝါ သူ, ငါ မဟုတ်။ နာမ်နှင့် ရုပ်သည် မမြဲ၊ ဆင်းရဲ၊ အစိုးမရ- အနိစ္စ၊ ဒုက္ခ၊ အနတ္တသာတည်း။ ဤဒုက္ခ၊ သမုဒယသစ္စာ (၂) ပါးသည် မည်သူမပြုမိမိမှုသာ ဖြစ်သည်။ အကြောင်းကြောင့် အကျိုးတရားအနေဖြင့် ဖြစ်လာသည့် သင်္ခါရအစုသက်သက်သာ (ဝါ) ပဋိစ္စသမုပ္ပါဒ်သာ ဖြစ်သည်ဟု မဖောက်မပြန် မှန်ကန်စွာသိမှတ်နေသည်က သမ္မာဒိဋ္ဌိ မဂ္ဂင်။

အထက်ပါအတိုင်း ဤသို့ မဂ္ဂင်အသီးသီး တစ်ပြိုင်နက်တည်း ဖြစ်နေသည်ကို ယောဂီအနေဖြင့် အသိဉာဏ်ဝင်စားပြီးနေဖို့ ဖြစ်သည်။ ဤ မဂ္ဂင် (၈) ပါး အကျင့်တရားသည် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း တစ်ကြောင်းတည်းသော သတိပဋ္ဌာန်မဂ္ဂင်လမ်း ဖြစ်ပါသည်။

ဤမဂ္ဂင်သစ္စာသည် ဘာဝေတဗ္ဗ ဖြစ်ရာ ပွားများရမည့်မဂ္ဂင်လည်း ဖြစ်ပါသည်။

ဉာဏ်မြင့်




www.burmeseclassic.com

www.burmeseclassic.com



# ကောလင်းမြို့ကျက်သရေဆောင် ခမောက်တောင်သို့ ဘုရားဖူးခရီး

**အေးလွင်(ကသာ)**


ကောင်းမှုတော်စေတီ


ကောလင်းမြို့နယ်တွင် ရှိသော ခမောက်တောင်ဘုရားသို့ ဘုရားဖူးသွားချင်ခဲ့သည်မှာ ကြာမြင့်လှပြီ ဖြစ်သည်။ အကြောင်းမတိုက်ဆိုင်ခဲ့သဖြင့် မရောက်ဖြစ်ခဲ့ပေ။ ခရီးအဝေးကြီးမဟုတ်သော်လည်း ကောလင်းမြို့နှင့် အဆက်အစပ်လုံးဝမရှိခဲ့သဖြင့် မသွားဖြစ်ခဲ့ခြင်းလည်း ဖြစ်သည်။ ယခုနောက်ပိုင်းတွင်တော့ ခမောက်တောင်သို့ ဘုရားဖူးသွားရန် စိတ်ဆန္ဒတစ်ခု ပြင်းပြင်းပြပြပေါ်လာခဲ့သည်။ ဘုရားလည်းဖူးရင်း စာလည်းရေးသားမည် ဟူသောအကြံနှင့် ဖြစ်သည်။


စိတ်ထဲပေါ်လာသော အကြံဆန္ဒကို ကသာမြို့ တောင်ပေါ်ကျောင်း ပရဟိတ တွဲဖက်အလယ်တန်းကျောင်းမှ ဦးပဥ္စင်း ဦးပညိဿရကို ဖွင့်ပြောမိ၏။ ဦးပဥ္စင်းက သွားရောက်နိုင်ရန် အကူအညီပေးမည်ဟု ကတိပေးခဲ့သည်။ စာရေးသူသည် ၂၀၀၅ ခုနှစ်က တောင်ပေါ်ကျောင်းပရဟိတစာသင်ကျောင်း၌ လစာလုံးဝမယူဘဲ အလယ်တန်းအဆင့်ကို တစ်နှစ်တိတိ စာသင်ပေးခဲ့၍ ကျောင်းထိုင်ဆရာတော်နှင့် ဦးပဥ္စင်းအများစုနှင့်ပါ ခင်မင်ရင်းနှီးခဲ့သည်။ ထို့နောက်ပိုင်း စာဆက်မသင်ဖြစ်သော်လည်း ကျောင်းသို့ အဝင်၊ အထွက် မပြတ်ရှိခဲ့သည်။ ထို့ကြောင့် ဦးပဥ္စင်း ဦးပညိဿရ




www.burmeseclassic.com

www.burmeseclassic.com


ကျောက်ထီးစေတီတော်


ရွှေစေတီတော်


မြစကြာဘုရား


ယောမင်းကြီးဦးဖိုးလှိုင် ကိုးကွယ်ခဲ့သောဘုရား

က စာရေးသူ၏ဆန္ဒကို အောင်မြင်အောင်ကူညီပေးခြင်း ဖြစ်သည်။ ဦးပဥ္စင်းက သူနှင့်ခင်မင်သော ဝန်းသိုမြို့နယ် အလယ်ခုံရွာဆရာတော်ထံ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောထားသည်။ အလယ်ခုံဆရာတော်ကလည်း ဝမ်းသာအားရဖြင့် ကူညီမည်ဟု အကြောင်းပြန်ခဲ့၏။ ဝါကျွတ်ပြီးနောက် သွားနိုင်မည့် အားလပ်ရပ်ကိုရွေးရင်း ၁၅-၁၁-၂၀၁၂ နေ့တွင်မှ ခရီးထွက်ဖြစ်ခဲ့ကြသည်။ ရထားလက်မှတ်အတွက် ကသာရုံပိုင်ကြီး ဦးမောင်ငွေးက အဆင်ပြေအောင် ကူညီပေးခဲ့သဖြင့် ကျေးဇူးတင်မိပါသည်။

စာရေးသူတို့၏အဖွဲ့တွင် (၃) ယောက် ပါဝင်သည်။ ဦးပညာသီရနှင့်အတူ ကျောင်းသားတစ်ယောက် ပါခဲ့သည်။ နဘားမှ ရထားစီးသွားရာ ကောလင်းဘူတာသို့ ည (၇း၃၀) နာရီတွင် ရောက်ခဲ့၍ အလယ်ခုံရွာဆရာတော်ထံသို့ ဖုန်းဆက်လိုက်ရာ ဆိုင်ကယ်များဖြင့် လာကြိုကြ၏။ ကျောင်းရောက်၍ စကားပြောကြပြီး နောက်နေ့တွင် ခမောက်တောင်သို့သွားရန် ဆိုင်ကယ်နှစ်စီး ထုတ်ပေးသည်။ မနက်စာစားပြီးနောက် ကောလင်းမြို့သို့ ဦးပညာသီရနှင့် ကျောင်းသား အောင်ကျော်စိုးတို့က တစ်စီး၊ စာရေးသူက တစ်စီးဖြင့်ထွက်ခဲ့ကြသည်။ ကောလင်းဘူတာနားရှိ 'စိုး' စားသောက်ဆိုင်မှ ကိုမောင်မောင်ကို ဝင်ခေါ်ရာ မအားသေးကြောင်း ပြောသဖြင့် ကိုယ့်ဘာသာထွက်ဖြစ်ခဲ့ကြ၏။

ကောလင်းမြို့အနောက်သို့ထွက်၍ (၅) မိုင်ခန့်တွင် ခမောက်တောင်သို့ ရောက်၏။ မုခ်ဦးဝမှ လှမ်းမျှော်ကြည့်ရသော ရှုခင်းသည် သာယာလှပလွန်းသဖြင့် ဆိုင်ကယ်ရပ်ပြီး ဓာတ်ပုံရိုက်ကြသည်။ တောင်ခြေသို့ရောက်သောအခါ ဈေးဆိုင်လေးတွင်နားရင်း အပန်းဖြေကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆိုင်ကယ်အပ်ထားခဲ့ပြီး ခြေကျင်တက်ခဲ့ရာ ကိုမောင်မောင်က အမီလိုက်ခဲ့ပြီး သူနှင့်အတူ ခမောက်တောင်ခြေရွာမှ ဘုန်းကြီးကျောင်းသို့ သွားကြ၏။ ဆရာတော်ကို ဝင်ရောက်ဖူးမြော်ကြ၍ စကားပြောဖြစ်ကြသည်။

ဆရာတော်၏အမည်မှာ ဦးကောဝိဒဖြစ်၍ သက်တော် (၇၁) နှစ်၊ ဝါတော် (၄၅) ဝါရှိပြီ ဖြစ်ကြောင်း သိရသည်။ ဆရာတော်၏ ခမည်းတော်မှာ ဦးမိုင်ဆိုင်၊ မယ်တော်မှာ ဒေါ်ရွှေဥ ဖြစ်၍ မွေးချင်း(၅)ဦး ရှိကြောင်း၊ ကျောက်မဲမြို့ဇာတိ ရှမ်းတိုင်းရင်းသား ဖြစ်ကြောင်း သိရ၏။ အလွန်တရာမှပင် အေးချမ်းတည်ငြိမ်သော၊ ကြ္ဆနွဲ့ရှိသော ဆရာတော်ကို ဖူး၍မဝအောင် ဖြစ်ရသည်။ ဆရာတော်သည် ဤကျောင်း၏ စတုတ္ထမြောက်ဖြစ်၍ ၁၃၄၈ ခုနှစ်မှ ယနေ့ထိအောင် ကျောင်းထိုင်ကြောင်း သိရပါသည်။ပထမဆရာတော် ဦးနရိန္ဒ၊ ဒုတိယဆရာတော် ဦးဝိလာသ၊ တတိယဆရာတော် ဦးပုညတို့ ဖြစ်ကြောင်းလည်း သိရ၏။

ခမောက်တောင်သည် ပင်လယ်ရေပြင်အထက် (၁၂၂၁) ပေရှိ၍ မြေပြင်မှ တောင်ထိပ်အထိ (၆၃၀) ပေရှိပြီး ဆင်ခြေလျှောမတ်စောက်၏။ ယခင်က လွယ်မောက်တောင်၊ လွဲမောက်တောင် အမည်နှင့် ဖြစ်၏။ လွဲမောက်နှင့် လွယ်မောက်သည် ရှမ်းစကားဖြစ်၍ ဆင်တူသည်။ လွယ် ဆိုသည်မှာ တောင်ဟု အဓိပ္ပာယ်ရပြီး မောက် ဆိုသည်မှာ ပန်းဟု အဓိပ္ပာယ်ရသဖြင့် ပန်းများရှိသည့် တောင်ဟု ခေါ်နိုင်မည် ဖြစ်၏။ ဘုရားတည်ပြီးနောက် သေလာပဗ္ဗတ သံခမောက်တောင်ဟု အမည်တွင်သည်။ ခမောက်တောင်သည် အမည် (၅) မျိုးရှိ၍ ၎င်းတို့မှာ-

၁။ သေလာပဗ္ဗတ သံခမောက်တောင်
၂။ သေလာပဗ္ဗတ မြူခိုးရစ်မှောင်နဂါးရစ်တောင်
၃။ သေလာပဗ္ဗတ မြစိမ်းတောင်
၄။ သေလာပဗ္ဗတ တောင်ညိုတောင်
၅။ သေလာပဗ္ဗတ ရတနာပုံတောင်


တို့ ဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်ခေတ်က မှန်ကြည့်တောင်အဖြစ် သုံးခဲ့သည်။ ဆက်သွယ်ရေးခက်ခဲသော ရှေးခေတ်က တစ်တောင်နှင့် တစ်တောင် မှန်ဖြင့်ထိုး၍ အချက်ပြပြီး သတင်းပေးပို့ရာနေရာ ဖြစ်၏။ တစ်တောင်နှင့်တစ်တောင် ဆင့်ကဲဆင့်ကဲ













www.burmeseclassic.com

www.burmeseclassic.com



အနိမိတ္တဘုရား



ကျောက်ထီးစေတီ



လျောင်းတော်မူဘုရား



လှိုဏ်ဂူတွင်းဘုရား

သတင်းပေးပို့သော ရှေးခေတ် အင်္ဂလိပ်တို့၏ နည်းစနစ်ဖြစ်ကြောင်း သိမီလိုက်ကြသော လူကြီးများ၏ စကားကို မှတ်သားဖူးလေ၏။ ခမောက်တောင်ဝန်းကျင်ရှိကျေးရွာတို့တွင် တိုင်းရင်းသားလူမျိုး ရှမ်းပလောင်၊ ကဒူး၊ ကချင်၊ ဗမာတို့နေထိုင်ကြပြီး ဗုဒ္ဓဝေယျာဝစ္စများကို လုပ်ကိုင်ကြသည်။

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ရေးသားပြုစုသော လွယ်မောက်တောင်သမိုင်းဖြစ်စဉ်တော်တွင် ခမောက်တော်သာသနာစည်ကားရခြင်းမှာ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ညီတော်အာနန္ဒာနှင့်နောက်ပါ ရဟန္တာငါးရာ လိုက်ပါပြီး ဒေသစာရီကြွချီတော်မူစဉ် ဤတောင်တော်သို့ ရောက်ခဲ့သည်။ တန်ခိုးကြီးသော ဧရာပထနနဂါးကြီး (၄) ကောင်က ဖူးမြော်ကြသည်။ မြတ်ဗုဒ္ဓက ဉာဏ်တော်ဖြင့် ဆင်ခြင်ပြီး အနာဂတ်ကာလ၌ သတ္တဝါအနန္တ ကျွတ်တမ်းဝင်မည်ကိုသိ၍ ပြုံးတော်မူမိရာ ညီတော်အာနန္ဒာက မေးလျှောက်သဖြင့် ဗုဒ္ဓမြတ်စွာက -

"သာသနာတော် ၂၅၀၀ လွန်ပြီးနောက် ဤနေရာတွင် မြူခိုးရစ်မှောင် နဂါးရစ်တောင်ဟု အမည်တွင်၍ သာသနာတော် ပွင့်လင်းမည်။ ပလလဲတောတွင် ဗျာဒိတ်ပန်းဆင်မြန်းခဲ့သော မဟိန္ဒကျိုးမင်းသည် ဤနေရာသို့ထွက်၍ သာသနာပြုမည်။ ထိုအတူ ဒေဝပုတ္တနာရတိုင်း သုဒဿနမြို့ဟု အမည်တွင်လိမ့်မည်"

ဟု ဗျာဒိတ်ပေးခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



နန်းဦးစေတီတော်



လိုဏ်ဂူတွင်းစေတီတော်



လိုဏ်ဂူတောင်မှ စေတီတော်



ဗုဒ္ဓမြတ်စွာဘုရား၏ ဗျာဒိတ်ခံတောင်တော်ဖြစ်သည့်အတွက် ဘုရားတည်ရာတွင် နဂါးကြီး(၄)ကောင်ပတ်၍လည်းကောင်း၊ ဗျာဒိတ်ပေးရုပ်ပွားတော်ကြီးကို လည်းကောင်း၊ ကျီးမင်းဗျာဒိတ်ခံစေတီတော်ကိုလည်းကောင်း တည်ထားခဲ့သည်။ ဆရာတော်အနီးမှာရှိနေသော ကိုကျော်စိုးက စာရေးသူတို့ကို လိုက်ပြခဲ့ရာ နန်းမြင့်မျှော်စင်ကိုတက်ပြီး ဓာတ်ပုံရိုက်၏။ ရသေ့ကြီး ဦးစိ စိုက်ခဲ့သော ညောင်ပင်နှင့်ကုက္ကိုပင်ကိုပြပြီး ကိုကျော်စိုးက ရှင်းပြပေးသည်။ ရသေ့ကြီး ဦးစိသည် ခမောက်တောင်ပေါ်တွင် ဘုရားမတည်မီက ဓာတ်သဘောဆောင်၍ အကြံအစည်မှန်သမျှ အကုန်အောင်မြင်စေရန် ညောင်ပင်နှင့် ကုက္ကိုပင်ကို အရင်စိုက်ထားနှင့်၏။ ဓာတ်ခန်းထဲဝင်၍ လေ့လာပြီး ဓာတ်ပုံရိုက်ဖြစ်သည်။ ပြီးနောက် တောင်ပေါ်သို့ တက်ဖြစ်ခဲ့သည်။ တစ်ခါမှ မရောက်ဘူးသေးသောနေရာ၊ တန်ခိုးကြီးဘုရားများတည်ရှိရာ တောင်ပေါ်သို့တက်ရင်း စိတ်နှလုံးဝယ် ချမ်းမြေ့ကြည်လင်ရပေသည်။

၁၃၇၀ ပြည့်နှစ်တွင် တည်သော ရွှေတိဂုံစေတီတော်မှစ၍ စူဠာမုနိ၊ ရှင်ပစ္စေကဗုဒ္ဓါစေတီ၊ ဓာတ်ပေါင်းစုစေတီများကို ဖူးရင်း ဗျာဒိတ်ပေးရုပ်ပွားတော်ကြီးဆီသို့ ရောက်သောအခါ ခဏနားပြီး အမောဖြေကြသည်။ ရှမ်း၊ ပလောင် တိုင်းရင်းသား ဖြစ်သော ဦးရွှေကျောင်း အသက် (၇၆) နှစ်ကို တွေ့ရသည်။ သာသနာအတွက်သာ အလုပ်လုပ်ခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း သိရ၏။ အလွန်




www.burmeseclassic.com

www.burmeseclassic.com









တရာမှပင် ရိုးသားဖြူစင်လှသော အဘ ဦးရွှေကျောင်းကို ငွေ (၁၀၀၀) ကျပ်ဖြင့် ကန်တော့၍အတူတွဲဓာတ်ပုံရိုက်ခဲ့သည်။ စန္ဒာမုနိစေတီတော်၊ ကောင်းမှုတော် စေတီတော်ကိုလည်း ဖူးမြော်ခဲ့ရသည်။ ဆက်လက်ပြီးတက်ခဲ့ရာ နဂါးလေး ကောင်ပတ်ထားသောအပိုင်းများကို ဖြတ်ရင်း တောင်ထိပ်သို့ ရောက်ခဲ့၏။ တောင်ပေါ်မှမြင်ရသောရှုခင်းများသည် အလွန်တရာမှ သာယာလှပေသည်။ အရပ်လေးမျက်နှာလိုက်ကြည့်ရင်း စိတ်နှလုံးသည် အေးချမ်းတည်ငြိမ်လာသည်ကို ခံစားမိ၏။

ဖြတ်သန်းခဲ့ရသောဘဝ၏ ကျရှုံးမှုများ၊ ကြေကွဲနာကျင်ခံစားခဲ့ရမှုများ၊ ဖြစ်ချင်ခဲ့သည့်လောဘများ၊ ဖြစ်ခဲ့ရသည့် ဒေါသများအားလုံးတို့သည် ဘုရားရင်ပြင်တော်ပေါ်ရောက်ပြီး ခေတ္တပျောက်ကွယ်သွားခဲ့ရာ စာဖြင့်ရေးဖွဲ့မပြနိုင်အောင် အေးချမ်းလှပေသည်။ ဒါကြောင့် သူတော်ကောင်းများသည် လူနှင့်မနီး ဘုရားရိပ်တရားရိပ်၌ မွေ့လျော်ကြသည်ကို အတွေးဝင်မိ၏။ တောင်ပေါ်တွင် တရားထိုင်နေကြသော သီလရှင်ဆရာကြီးနှစ်ပါးကို တွေ့ရသည်။ ကချင်ပြည်နယ် ရွှေကူမြို့ဇာတိဖြစ်သော ဒေါ်မာလာသိဂ်ီသည် အသက် (၇၀) ရှိပြီဖြစ်၍ သာသနာ့ဝန် ထမ်းဆောင်ခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ ဤတောင်သို့ရောက်နေသည်မှာ (၅) နှစ်ရှိပြီ ဖြစ်ကြောင်းသိရ၏။

ဒေါ်မာလာသိဂ်ီနှင့် စကားပြောရင်း သူ့မျက်လုံးကိုစိုက်ကြည့်မိရာ စိတ်ထဲ ထူးခြားနေသဖြင့်-

"အမေကြီး၊ ဘာလူမျိုးလဲ"

ဟု မေးလိုက်၏။

"မြန်မာပါ"

ဟု ပြန်ဖြေရာ-

"မဟုတ်နိုင်ဘူး၊ မျက်လုံးက စကားပြောနေတယ်။ မြန်မာလူမျိုးမျက်



www.burmeseclassic.com

www.burmeseclassic.com




လုံးမျိုး မဟုတ်ဘူး"

ဟု စာရေးသူက ဆက်ပြောရာ ပြုံးပြီး-

"ပါကစ္စတန်နည်းနည်းနွယ်တယ်ကွယ့်"

ဟု ပြန်ဖြေ၏။

ဒေါ်မာလာသိဂီ၏ မျက်ဆန်အနက်ဘေးတွင် အဖြူရစ်က ထင်ထင်ရှားရှားကြီးဖြစ်နေသည်ကိုမြင်ရ၍ စာရေးသူက ပြောလိုက်ခြင်း ဖြစ်၏။


စာရေးသူ၏ ဇာတိကိုမေးရင်း သူ့ဆွေမျိုးအကြောင်းပြောရာ စာရေးသူ သူငယ်တန်းက အတန်းပိုင်ဆရာမဖြစ်သူ၊ ယခုတိုင်အောင် နှစ်စဉ်သွားရောက်ကန်တော့ဖြစ်သူ ဆရာမကြီး ဒေါ်ခင်စန်းရီ၏အမျိုးဖြစ်ကြောင်း သိရသည်။













www.burmeseclassic.com

www.burmeseclassic.com



ဘိုးမင်းခေါင်အိပ်ရာ နှင့် ကျောက်ငါးရဲ့အိပ်ရာ




အဘဘိုးမင်းခေါင်ကိုင်ခဲ့သော တောင်ဝ



လိပ်ကျောက်ဖြစ်ရုပ်ကြွင်း



စလုံးပုံ ကျောက်ငါးရဲ့



ကျောက်ငါးရဲ့

ဆရာကြီးဒေါ်ပုညကတော့ တရားထိုင်ရာမှ နေရာရွှေ့သွား၏။ ပလောင်တိုင်းရင်းသားဖြစ်၍ ရှမ်းပြည်နယ် မန်လွယ်ရွာဇာတိဖြစ်ကြောင်း သိရ၏။

စကားပြောနေစဉ်အတွင်း သီလရှင်ကြီး ဒေါ်မာလာသိင်္ဂီက စာရေးသူကို လိုက်ပို့သော ဦးပဥ္ဇင်းဦးပညိဿရကို-

"ဦးပဥ္ဇင်းကြီး၊ ရသေ့ကြီး ဦးကုန္ဒာ စက္ကက ငှက်ပျောသီးကျွေးလိုက်ပါတဲ့။ စားပါဦး"

ဟု ကပ်လိုက်သောအခါ ဦးပဥ္ဇင်းက လုံးဝ မစားသဖြင့် ဘုရားဘက်သို့ လှည့်ပြီး -

"မစားဘူးတဲ့"

ဟု ပြောလိုက်၏။ ပြီးနောက်-

"ရသေ့ကြီးကပြောတယ်။ မစားရင် သူ့ထိုက်နဲ့သူ့ကံပဲတဲ့"

ဟု ပြောပြန်သဖြင့် စာရေးသူနှင့် အဖော်လိုက်ခဲ့သူ အောင်ကျော်စိုးတို့က ယူစားလိုက်၏။ စိတ်ထဲတွင် ထူးခြားနေ

www.burmeseclassic.com

www.burmeseclassic.com













သဖြင့်-

"ကျွန်တော့်အတွက်ကော ဘာကျွေးမှာလဲ"

ဟု မေးလိုက်ရာ

"မင်းက စာရေးဆရာလို့ ပြောနေတယ်။ နာမည်မကျော်သေးဘူးတဲ့။ ပေါင်းတင်း(ကောက်ညင်းကျည်တောက်) ကျွေးလိုက်ပါတဲ့"

ဟု ပြောပြီး ဆွမ်းတော်ကပ်ထားသော ပေါင်းတင်းပန်းကန်ကိုချပြီး ကျွေး၏။ အကုန်စားခိုင်းသော်လည်း ဘယ်လိုမှ မစားနိုင်သဖြင့် တစ်ခုပဲယူစားဖြစ်၏။


တောင်ထိပ်တွင်နေသော အဘဦးကြည်သည် အသက် (၇၇) နှစ်ရှိပြီဖြစ်၍ ဟိုပင်မြို့ (၇) မိုင်ရွာဇာတိ ဖြစ်၏။ ရှမ်းတိုင်းရင်းသား ဖြစ်၏။ ဘုရားသမိုင်းဇာတ်လမ်းများစွာ ပြောပြ၏။ တောင်ပေါ်တွင်နေသည်မှာ (၁၀) နှစ်ကြာပြီဖြစ်၍ ဘာသာရေးလုပ်ဖြစ်သည်မှာ အနှစ် (၄၀) ကြာပြီ ဖြစ်ကြောင်း ပြောပြ၏။ တောင်ပေါ်မှမြင်ရသော ရွှေကျိုးနားစေတီကို ဓာတ်ပုံရိုက်ပြီး ငေးမောနေမိသည်။

ပြီးနောက် ဘုရားရှိခိုး၍ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများကို တောင်ပေမှနေ၍ လှိုက်လှဲစွာ မေတ္တာပို့၏။ မိမိဘဝအတွက် လိုအပ်ချက်များစွာတို့ကို ဘုရားရှင်ထံ၌သစ္စာပြု၍ ပြင်းပြင်းထန်ထန် ဆုတောင်းမိသည်။ ဘဝ၏ အမောများစွာတို့ ခန္ဓာကိုယ်မှ ခေတ္တကွယ်ပျောက်သွား၍ စိတ်သည် ကြည်လင် လန်းဆန်းနေ၏။ တန်ခိုးကြီးဘုရား



www.burmeseclassic.com


www.burmeseclassic.com



များကို ဘုရားဖူးဖြစ်သည့်အခါတိုင်း စာရေးသူ၏စိတ်ထဲတွင် ထူးခြားဆန်းကြယ်သော ခံစားမှုကို အမြဲခံစားရသည်။ အလွန်တရာ နှစ်သိမ့်ကြည်နူးဖွယ်ရာကောင်းလှ၍ မမြင်ရသော စွမ်းအင်တို့သည် ခန္ဓာကိုယ်ထဲ စီးဝင်လာသည်ဟု ခံစားမိခြင်း ဖြစ်သည်။ စိတ်ထဲခံစားမိသမျှကို ရိုးသားစွာ ရေးသားဖြစ်ခြင်း ဖြစ်ပါသည်။

ကံကောင်းလွန်း၍ လူ့ဘဝကို ရခဲ့သည်။ ယောကျ်ားစင်စစ် ဘဝအဖြစ်ကို ရရှိ၍ ဤလိုဘုရားကို ဖူးမြော်ရသည်မှာ ပို၍ ကံကောင်းသည် ဟူသောအတွေးက ဘုရားဖူးခရီးထွက်ဖြစ်တိုင်း ခံစားမိရခြင်း ဖြစ်သည်။ တစ်ဆက်တည်း စဉ်းစားမိသည်မှာ တန်ဖိုးရှိ၍ တိုတောင်းလှသောလူ့ဘဝတွင် လူသားအဖြစ် တန်ဖိုးရှိစွာနေနိုင်ရန်အတွက်သာ စဉ်းစားတော့၏။ ယခင်က ကိုယ့်ကိုရော အများကိုပါ ဒုက္ခပေးသည့် လူလိမ်လူကောက်လူညစ်လူပတ်လူယုတ်မာလူဆိုးများကိုကြောက်တတ်၏။ နောက်တော့ စိတ်ဆိုးဒေါသဖြစ်၍ တုံ့ပြန်ရန် ကြိုးစား၏။ စိတ်ဆိုးရင်းဖြင့်လည်း သူတို့ကို ကြောက်စိတ်ဝင်ပြန်သေး၏။ အရွယ်ကောင်းစွာရောက်လာသောအခါ လူအများကိုကောင်းကျိုးမပေးသည့် ထိုလူမျိုးများကို သနားတတ်လာခြင်းသည် ဗုဒ္ဓသာသနာတရားတော်များကို နာကြားပြီး မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးရင်း သိမြင်လာသော အတွေးအမြင်များ ဖြစ်သည်။

တောင်ပေါ်မှနေ၍ ကျယ်ပြောလှသော လယ်ကွင်းများ၊ လယ်ကွင်းများကို ဝန်းရံထားသော တောင်တန်းများကို ကြည့်ရင်း ကောလင်းမြို့နယ် ဒေသန္တရပထဝီအကြောင်း စဉ်းစားမိသည်။ ကောလင်းနယ်သည် ဆန်ရေစပါးပေါများ၍ ရွှေထွက်ခြင်းကြောင့် နာမည်ကျော်ကြားသည်။ တိုင်းရင်းသားလူမျိုးစုံ နေထိုင်





www.burmeseclassic.com










သည်။ နေထိုင်ချင်စရာကောင်းလှသော မြို့ဖြစ်သည်ဟု ထင်မိသည်။ ဤမြေ ဤရေ၊ ဤတော၊ ဤတောင်များသည် ငါတို့ပိုင်မြေများဖြစ်၍ ငါတို့ချစ်မြတ်နိုးရမည်။ ငါတို့၏ဝိညာဉ်ပမာဖြစ်၍ ငါတို့သာ အသုံးချရမည်။ အခြားလူမျိုးတို့၏ ဝင်ရောက် စွက်ဖက် ချုပ်ကိုင်ခြင်းကို ခွင့်မပြုဘဲ ကာကွယ်တားဆီးရမည် စသော ကြီးကြီးကျယ်ကျယ် အတွေးများဝင်လာမိသည်။

တောင်ပေါ်မှ ဆင်းလာတော့ လျောင်းတော်မူရုပ်ပွားတော်ကို ဖူးမြင်မိသည်။ဘုန်းကြီးကျောင်းသို့ရောက်သော အခါ ဆရာတော်ဦးကောဝိဒကို ဝင်ဖူးရာ ကျိန်းစက်နေသဖြင့် မတွေ့ရတော့။ သစ်ပင်ရိပ်အောက်တွင်ထိုင်၍ အမောဖြေရင်း ဂေါပကအဖွဲ့မှ ကိုကျော်စိုးထံ ဖုန်းဆက်၏။ ခမောက်တောင်ဘုရားသမိုင်းစာအုပ်ဝယ်ရန် ဖြစ်သည်။ ဖုန်းပိုင်ရှင် ကိုနေမျိုးနှင့် စကားပြောဖြစ်ရင်း သူ့အိမ်သို့လာရန် ဖိတ်ခေါ်ခဲ့သဖြင့် ရွာထဲသို့သွားခဲ့၏။

ကိုနေမျိုးက ဂေါပကအတွင်းရေးမှူး ဦးဉာဏ်လွင်နှင့် ဘဏ္ဍာရေးမှူး ဦးသောင်းရွှေကိုခေါ်ပေးသည်။ ဦးသောင်းရွှေက သူထိန်းသိမ်းထားသော စာအုပ်များကိုရောင်းပေးရာ တစ်အုပ် (၁၀၀၀) ဖြင့် (၃) အုပ်ကို ဦးပညိဿရက ဝယ်ပြီး တစ်အုပ်ကို စာရေးသူအတွက် မေတ္တာလက်ဆောင်ဟု ရေးပြီးသဖြင့် ကျေးဇူးတင်ရသည်။

ခမောက်တောင်တော်သမိုင်းကို ဦးဉာဏ်လွင်နှင့် ဦးသောင်းရွှေက စိတ်ရှည်လက်ရှည်ဖြင့် ပြောပြကြပါသည်။ ခမောက်တောင်ရွာသည် အိမ်ခြေ(၁၂၄) အိမ်ရှိပြီး မြန်မာပြည်အရပ်ရပ်မှ တိုင်းရင်းသားများဖြစ်သော ရှမ်း၊ ပလောင်၊ ကဒူး၊ ကချင်၊ ဗမာတို့သည် ရသေ့ကြီးဦးကုန္ဒာစက္ကဦးစီ၏ နောက်သို့လိုက်ခဲ့၍ ဤရွာတွင် သာသနာပြုလုပ်ငန်းလုပ်ကိုင်ရန် ရွှေ့ပြောင်းခဲ့၍ အခြေချနေကြခြင်း ဖြစ်ကြောင်း သိရသည်။

မိမိတို့ဒေသမှ ပိုင်ဆိုင်သမျှကို စွန့်၍ ဤတောင်ခြေတွင် လာရောက်၍ ဘာသာရေးအလုပ်ကို လုပ်ကိုင်နေထိုင်ကြကြောင်း သိရသောအခါ လေးစားမိသည်။ခမောက်တောင်သမိုင်းအကြောင်း ရေးလျှင်တော့ သာသနာပြု ရသေ့ကြီးဦးကုန္ဒာစက္ကဦးစီ၏ အကြောင်းကတော့ မပါမဖြစ် အရေးကြီးလှပေသည်။ ဦးစီသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့



www.burmeseclassic.com

www.burmeseclassic.com

နယ် ရွှေကန်တိုင်စုရွာတွင် မွေးဖွားခဲ့၍ ဖခင်ဖြစ်သူမှာ သီပေါဘုရင်လက်ထက်က အမှုထမ်းဖြစ်သူ ဦးသိန်း ဖြစ်၏။ ပရိယတ္တိစာပေများကို မန္တလေးမြို့ ကျားလျှာခြံဆရာတော်ထံ၌ အသက် (၁၂) နှစ်တွင် သင်ကြားခဲ့သည်။ ရသေ့ဆံရှည်တစ်ပါးနှင့် ထိုကျောင်းတွင် အတူနေ၍ အသက် (၁၄) နှစ်တွင် ဆရာတော်က ရန်ကုန်မြို့သို့ စာပို့ခိုင်းလိုက်သည်။ ရွှေတိဂုံစေတီတော်မြတ်ကို ဝင်ဖူးရင်း အဘအောင်မင်းခေါင်နှင့် တွေ့ရ၏။ အဘအောင်မင်းအောင်က ခရုပုတီးတစ်ကုံးပေး၍ သူ့နောက်သို့လိုက်ခိုင်း၏။ နေရာအနှံ့လိုက်ရှာသော်လည်း ပြန်မတွေ့ရတော့ပေ။

ထို့နောက် မန်လည်ဆရာတော်ထံ၌ (၁၅) ဝါခန့် ပရိယတ္တိစာပေကို သင်ကြားပြန်၏။ မိုးကုတ်မြို့နယ် တောင်ပွတ်တောင်တန်းတွင် နိက္ခမစုတင် (၆) နှစ်ခန့် သစ်သီးဆွမ်းစား၍ ကျင့်ဆောင်ခဲ့၏။ မိုးကုတ်မြို့တွင် ရဟန်းဝတ်မှ သိက္ခာချ၍ စာတိုက်တွင် စာပို့လုလင် လုပ်ကိုင်ရင်း သပိတ်ကျင်းမြို့နယ် ဇီးကုန်းရွာသူ ဒေါ်မမကြီးနှင့် အိမ်ထောင်ကျခဲ့သည်။ မိုးကုတ်မှ ကျောက်မဲသို့ ပြောင်းရန် အမိန့်စာ နှစ်ကြိမ်ကျခဲ့သော်လည်း မပြောင်းခဲ့ဘဲ ကောလင်းမြို့သို့ ပြောင်းရွှေ့မိန့်ကျမှသာ မိသားစုပြောင်းရွှေ့ခဲ့သည်။ ကောလင်းနယ်တွင် စာပို့ရင်း သာသနာပြုခဲ့သည်။ ဘုရားရှိခိုးစာအုပ်၊ ဘုရားပုံတော်များ ဖြန့်ဖြူးရောင်းချခဲ့သဖြင့် နိဗ္ဗာန်ကုန်သည်ကြီး ဦးစီဟု အမည်တွင်ခဲ့၏။ ထို့နောက် စာပို့လုလင်ဘဝမှ အငြိမ်းစားယူလိုက်၏။

မြန်မာနှစ် ၁၂၈၅ ခုနှစ်တွင် နေအိမ်မှပြောင်း၍ ဝိပဿနာခူရ ကျင့်ကြံသည်။ ရသေ့အသွင်ဝတ်၏။ ကချင်ပြည်နယ် နမ္မားကျေးရွာ ခရုကျောင်းတွင် အဘအောင်မင်းခေါင်နှင့် ပြန်ဆုံ၍ ကောလင်းအနောက်ဘက်တောင်တန်းတွင် (၃) နှစ်တိုင် ကျင့်ကြံအားထုတ်ရန် ညွှန်ကြားခဲ့သဖြင့် လွဲမောက်တောင်တွင် ဝိပဿနာ ကျင့်ကြံအားထုတ်ခဲ့၏။ ထိုစဉ် ခမောက်တောင် တောင်ပိုင်းစစ်ကဲနတ်မင်းကြီးက အနိမိတ္တဘုရားငယ် သုံးဆူပွင့်ပြီး ဦးစီက သာသနာပြုရန် မေတ္တာရပ်ခံသည်။ မန်လည်ကျောင်းထွက် မင်းချမ်းဆရာတော် ဦးသတိမာ၊ ကြာအင်းဆရာတော် ဦးသီရိမာတို့ကို အမှူးထား၍ သာသနာပြုခဲ့၏။ ယောဂီ၊ ရသေ့အသွင်များဖြင့် နေထိုင်ကျင့်ကြံခဲ့၏။

ကောလင်းဈေး၌ မျက်နှာကို အိုးမဲတစ်ခြမ်းသုတ်၊ တစ်ခြမ်းကို သနပ်ခါးလိမ်း၍ ပတ်မကြီးကို လည်းပင်းဆွဲကာ-

'ပတ်ဆော်ပြီး ကပ်ကျော်ကိန်းပါပဲ၊ လျှပ်ပေါ်လော်လည်သူတွေ တိမ်းရှောင်လို့ မသွားရအောင်၊ ထိန်းမ,တွဲပါမှ ငြိမ်းစရာ့အမြဲပါဗျ။ လူကလေးတို့၊ မကလေးတို့ရေ သိမ်းစို့ခေါက်ဆွဲ နှစ်ယောက်တွဲ'

ဟူသော ပြည်တော်ဝင်တဘောင်တေးကို ရွတ်၍ လည်းကောင်း၊ မြေပြင်ပေါ်တွင် ပိုက်ကွန်ဖြင့်ပစ်၍ လည်းကောင်း၊ ငါးဖမ်းယက်သဲ့ဖြင့် ငါးဖမ်းဟန်ပြ၍ -

'ယက်သဲ့ပေါ်တင်တဲ့ငါး၊ ကြောင့်ကစား၊ အကျန်ကို ဘုရားကယ်လိမ့်မည်'

ဟူ၍ လည်းကောင်း ပြုမူပြောဆိုခဲ့၏။

'ဦးစီ ရူးပြီ'

ဟု လူအများက ပြောသောအခါ ဦးစီက -

'ထူးပြီ' ဟု ပြန်ပြော၏။

ပြည်လုံးကျောက်ကြီးဘုရားတည်ပြီးသောအခါ ဦးစီက -

'ထူးပြီ ဖူးချီ ဦးစီရဲ့ဘုရား၊ ကမ္ဘာကြီးရန်ပြေလို့၊ ပြဒါးရယ်သံသေ၍၊ ဆန်၊ ရွှေ၊ ငွေ ဧကန်ပေါ်တော့မယ် လောကလူများ'

ဟူ၍ ကျူးရင့်ခဲ့သည်။

မင်းချမ်းဆရာတော် ဦးသတိမာထံတွင် နည်းနာနိဿယခံယူ၍ ဦးစီက သာသနာပြုခဲ့ရာတွင် မြတ်ဗုဒ္ဓ၏ စက်လက္ခဏာတော် (၁၀၈) ပါး ဦးတည်မှန်း၍ လည်းကောင်း၊ (၁၀၈) ကမ္ဘာ့ဓာတ်နဝင်းကျေစေရန် လည်းကောင်း ရည်မှန်း၍ (၁၀၈) တောင်ပြည့်ဘုရားကို တည်ထားရန် မူလအမည် လွယ်မောက်မှ သေလာပဗ္ဗတသံခမောက်တောင်ဟု အမည်ပြောင်းရန် ဩဝါဒပေးခဲ့၏။

မြန်မာနှစ် ၁၃၀၅ ခု၊ သင်္ကြန်အကြတ်နေ့တွင် တောင်ကုန်းကျေးရွာမှ ဦးနဲ၊ ဦးပေါ်ဦး၊ ဦးစံတင်၊ ဦးမဲကျော်၊ ဉသျှစ်ခုံကျေးရွာမှ ဦးဘတို့နှင့်အတူ ခမောက်တောင်ဘုရားတည်ရန် နေရာကြည့်ခဲ့သည်။ ၁၃၀၆ ခုနှစ်၊ တပေါင်းလနှင့် တန်ခူးလတွင် အောင်းကုန်းရွာ၌ ပထမဆုံး အုတ်ဖုတ်၍ ရတနာသုံးပါး ပင့်ဖိတ်၍ အောင်ပွဲကျင်းပ၏။ အုတ်သယ်ပွဲကို ၁၃၀၇ ခုနှစ် နှစ်ဦး၌ ကျင်းပခဲ့သည်။ တပေါင်းလပြည့် တနင်္ဂနွေနံနက် (၁၁) နာရီတွင် အထက် (၃၆) တောင် ကျောက်ထီးတော်ကြီးကို ပန္နက်ရိုက်ခဲ့၏။ မြန်မာနှစ် ၁၃၀၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈) ရက်နေ့တွင် ငလျင်ခ၍ မူလစေတီငယ်သပိတ်မှောက်အထိ ပျက်စီးခဲ့၏။

ဦးစီ၏ အားနည်းမှုကို အခွင့်ကောင်းယူကာ ဦးရွှေလူက -

'အုတ်မှုတ်ခွက်မှာအလံထူ၊ ပြည်မကူ၊ ရွှေလူဘုရား'

ဟု ဆိုကာ ဘုရားတည်မည်ဟုဆို၏။

ဦးစီကလည်း -

'ပြည်သူ့ဘုရားဖြစ်ရမည်'

ဟု ဆို၏။

ဦးအောင်ကလည်း ဘုရားတည်ရန် ကြိုးစား၏။ ဦးစီသည် သာသနာပြုလုပ်ငန်းများ ပိုမိုထိရောက်စေရန် သစ္စာဝါဒီ (ဗု-ဓ-သံ) ဂိုဏ်းတော်ကြီးကို တည်ထောင်ခဲ့၏။ ဂိုဏ်းတော်ကြီးသို့ဝင်ရာတွင် သစ္စာဆိုရ၏။

"ဘုရားငွေကို စားသောက်မိပါက ဤသဲပွင့်နှင့်အမျှ မဟာအဝီစိငရဲတွင် ခံရပါစေ။ မှန်ကန်ပါက အနိမိတ္တရောင်တော်ပြန်ဘုရားကိုပွင့်မီ၍ နောင်ကျွတ်တမ်းဝင်မည့် ဗိုလ်ခြေတစ်သိန်းတွင် ပါဝင်၍ ဝိဇ္ဇာလေးပါး တစ်ပါးပါး ဖြစ်ရပါစေ"

ဟူ၍ ဖြစ်၏။

ရသေ့ကြီးဦးစီက -

"ကျွန်တော်သည် ဘုရားကြီး၏ ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဗုဒ္ဓကိစ္စ၊ သံဃာ့ကိစ္စနှင့် ဘုရားရှင်တို့က သာသနာတော်မြတ်ကြီးပွင့်လင်းရန် နဝကမ္မဝေယျာဝစ္စအတွက် လှူဒါန်းထားကြသော ဝတ္ထုများကို လည်းကောင်း၊ ကျွန်တော်ကိုယ်တိုင်သို့ လှူကြသော ဝတ္ထုများကို လည်းကောင်း၊ ကျွန်တော်၏ထံသို့ ရောက်ရှိခဲ့သည်ရှိသော် လောကစည်းစိမ်းကိုဖက်၍ သုံးစွဲစားသောက်ခဲ့ပါလျှင် ဝရဇိန်စက်စောင်းနှင့် ကျွန်ုပ်ဦးခေါင်းပြတ်ပါစေ"

ဟု သစ္စာဆို၏။

ဆုတောင်းရာတွင် ဤသစ္စာတော်အတိုင်းမှန်ပါက ရှေးက ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူကြသော ဆရာကြီးများကဲ့သို့ တပည့်အပေါင်း (၁၆၀၀၀) တို့နှင့်တကွ ဆင်းရဲသား၊ ဆင်းရဲသမီးတို့၏ ကောင်းသောလိုအင်ဆန္ဒကို တစ်လုံးတစ်ဝတည်း ဖြည့်စွမ်းနိုင်ပြီး ဘုရားသာသနာတော်ကြီးကို မြှင့်တင်၍ ဝိဇ္ဇာမယ



www.burmeseclassic.com

www.burmeseclassic.com

ကိုရှုပြီးစီး (၁၀) ပါး သော သိဒ္ဓိကြီးတို့ကို အရိုးရ၍ ထွက်ရပ်သို့ ရှင်ထွက်ပေါက် ပြီး ပကတိသာဝကအဖြစ်နှင့် နိဗ္ဗာန်ကူး မြောက်နိုင်ပါစေသော်ဟု ဆုတောင်းခဲ့ ၏။ဂေါပကအဖွဲ့ဝင်လူကြီးများနှင့် အလှူ ခံအဖွဲ့ကိုလည်း သစ္စာဆိုစေ၏။

တစ်ခါက ဂေါပကအဖွဲ့ဝင်တစ်ဦး ၏ သစ္စာဖောက်မှုကို ဦးစီက သိ၍ ဝန် ခံခိုင်းသော်လည်း သူမဟုတ်ကြောင်း ငြင်း၍ ထွက်သွား၏။

ဦးစီက-

"ဒီကောင် ပြန်မလာနိုင်တော့ဘူး။ မကြာခင် ကြားရလိမ့်မယ်"

ဟု ဆိုလေ၏။

(၃) ရက်ခန့်ကြာသောအခါ ထို ဂေါပကလူကြီး ဆုံးပြီဖြစ်ကြောင်း ကြား ရလေသည်။

စာရေးသူတို့က သဘာဝလိုဏ်ဂူ တောင်သို့ သွားကြမည်ဖြစ်ရာ ဦးညဏ် လွင်နှင့် ဦးသောင်းရွှေတို့က လိုက်ပို့ကြ သည်။အနောက်ဘက်သို့သွား၍ တောင် ကုန်းငယ်များကို ဖြတ်သန်းကာ သွားကြ သည်။ သဘာဝလိုဏ်ဂူတောင်ခြေဘုန်း ကြီးကျောင်း၌ ဆိုင်ကယ်ထားခဲ့ပြီး ခြေ ကျင်တက်ခဲ့ရသည်။ ကောလင်းနယ်ရှိ တောင်များသည် ကျောက်သားများက မာကျောလှသည်ကို တွေ့ရ၏။ ကျောက် စကျောက်နများက စူးလှသည်။ ဂဝံဆန် သောမြေမျိုးဖြစ်သဖြင့် အင်တိုင်းတော များဖြစ်သည်ကို တွေ့ရ၏။ တောင်တက် ရသည်မှာ မောလှပေ၏။ သဘာဝ လိုဏ်ဂူရောက်သောအခါ အပြင်တွင် ဆိုလာပြားတပ်ထား၍ အတွင်းသို့ ကြိုး ဖြင့်သွယ်တန်းကာ မီးထွန်းထားသည်ကို တွေ့ရသည်။ စာရေးသူ၊ ဦးပညိသာရ၊ ဦးညဏ်လွင်၊ ဦးသောင်းရွှေနှင့် အောင် ကျော်စိုးတို့သည် ဓာတ်မီးတစ်လက်ဖြင့် လိုဏ်ဂူအတွင်းဝင်ကြသည်။ အမှောင် ကြားထဲ ဝင်တိုးရင်း သွားကြ၏။ လင်းနို့ ချေးနံ့များနံ့သည်ကို ကြုံရ၏။

လိုဏ်ဂူအတွင်းရှိ ရုပ်ပွားတော် များကို ကင်မရာဖြင့် ရိုက်ဖြစ်၏။ အနံ့ ကလည်း မကောင်းပေ။ ချွေးသီးချွေး ပေါက်များစွာ ကျလာသော်လည်း အ တွင်းထဲ ရနိုင်သလောက်သွားကြသည်။ ကြာသောအခါ ဘယ်လိုမှ မနေနိုင်သ ဖြင့် ပြန်ထွက်ခဲ့ရ၏။ လိုဏ်ဂူအဆုံးထိ ဘယ်သူမှမရောက်သေးကြောင်း သိရ ၏။ တစ်ခါက လင်းနို့ချေးကျုံးယူသူများ သည် ဘာကိုထိတ်လန့်သွားသည် မသိ ရဘဲ အိတ်များကိုချထားပြီး ပြန်ထွက်









www.burmeseclassic.com

www.burmeseclassic.com

ပြေးကြကြောင်း ဦးညဏ်လွင်က ပြောပြသည်။

သဘာဝလိုက်ဂူမှပြန်ခဲ့၍ ခမောက်တောင်ရွာသို့ရောက်သောအခါ ဦးညဏ်လွင်တို့အိမ်သို့ ဝင်ကြသည်။ ဦးညဏ်လွင်အိမ်တွင် အဘဘိုးမင်းခေါင် ကိုင်ဆောင်ခဲ့သော တောင်ဝှေးကို ရွှေချထားသဖြင့် ဓာတ်ပုံရိုက်ကြသည်။ အဘဘိုးမင်းခေါင်က ထီးချိုင့်မြို့မှပြန်လာပြီး ကောလင်းမြို့တွင် ရသေ့ကြီး ဦးစီကို ချီးမြှင့်ခဲ့သောတောင်ဝှေးဖြစ်၏။ ယမနေသားတောင်ဝှေး ဖြစ်၏။ ရသေ့ကြီးဦးစီက ဦးညဏ်လွင်၏အဖေ ဦးညဏ်သိန်းကိုပေးအပ်ခဲ့ရာ ထိန်းသိမ်းထားကြောင်း ပြောပြ၏။

ဦးညဏ်လွင်အိမ်တွင် ယောမင်းကြီးဦးဘိုးလှိုင် ကိုးကွယ်ခဲ့သော ဘုရားကို တွေ့ရ၏။ ယောမင်းကြီးဦးဘိုးလှိုင်၏ အဆက်အနွယ်တော်တစ်ဦးက ပေးခဲ့ကြောင်း သိရ၏။ ဆက်လက်ပြီးကြည့်ကြရာ ကျောက်ငါးရံ့ကို ခုတင်လေးဖြင့် တင်ထားပြီး ထီးမိုးထားသည်ကို တွေ့ရ၏။ ကျောက်သားတွင် ငါးရံ့ပုံဖြစ်နေ၍ စဗဗဝ စာလုံးများကို တွေ့ရ၏။ တဖြည်းဖြည်း အရွယ်ကြီးလာကြောင်း ပြောပြသဖြင့် မှတ်တမ်းတင်မိ၏။ ပြီးမှ ရောင်တော်ပြန်မြတ်စွာဘုရားကို သွားဖူးပြီး တည်းခိုရာသို့ ပြန်ကြသည်။

ညတွင် ဦးပဉ္စင်း ဦးပညိသာရကို ဘုတာသို့လိုက်ပို့ကြသည်။ စာရေးသူနှင့် အောင်ကျော်စိုးတို့နှစ်ယောက် ကျန်ခဲ့ကြသည်။ရွာထဲလိုက်လည်ကြရင်း ပြန်မည့်နေ့ကို သတ်မှတ်၏။ ၁၉-၁၁-၂၀၁၂ နေ့ ညပိုင်းတွင်ပြန်ရန် ဆုံးဖြတ်လိုက်၏။ ၁၉ ရက်နေ့မနက်တွင် ကောလင်းဘုတာသို့သွား၍ လက်မှတ်ဝယ်ရာ အဆင်ပြေစွာဖြင့် ရရှိခဲ့၏။

ကောလင်းဘူတာမှ ခမောက်တောင်သို့ တစ်ခါခရီးထွက်ခဲ့ပြန်၏။ ကျန်ရှိနေသေးသောဘုရားများကို ဖူးရန် ဖြစ်၏။ တောင်ထိပ်သို့ရောက်သောအခါ သီလရှင်ကြီး ဒေါ်မာလာသီရိကို တွေ့ရသဖြင့် ငွေ (၁၀၀၀) ဖြင့် ကန်တော့၏။ သီလရှင်ကြီးက အပြန်တွင် ဆရာတော်ကို ဝင်ဖူးပြီးမှပြန်ရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့သဖြင့် ဆရာတော်ကို ဝင်ဖူးရာ ဆွမ်းစားနေသည်နှင့် ကြုံရ၏။ စာရေးသူတို့ကို ထမင်းစားခိုင်းသဖြင့် စားဖြစ်၏။

ပြီးနောက် ဆရာတော် သီတင်းသုံးရာ ကျောင်းခန်းသို့ လိုက်သွား၏။ ဆရာတော်ကို ကန်တော့ရင်း-

"တပည့်တော်တို့ကိုစောင့်ရှောက်ပါဘုရား"

ဟု လျှောက်ထားသောအခါ-

"အေး - အားလုံး အောင်မြင်အောင် မေတ္တာပို့ပေးမယ်။ နာမည်နဲ့ လိပ်စာ ရေးပေးခဲ့"

ဟု မိန့်သဖြင့် ရေးပေးရ၏။ ဆက်လက်၍ စာရေးသူက-

"တပည့်တော်နဲ့ သင့်တော်မယ့် အဆောင်လေးချီးမြှင့်ပါ ဘုရား"

ဟု လျှောက်ထားသောအခါတွင် ဆရာတော်က-

"အာရုံရတာပေးမယ်"

ဟု ပြောပြီး ကျပ်စေ့တစ်စေ့ပေး၏။ ပြီးမှ လက်စွပ်ကွင်းဝတ်ရန် ကျောက်ပွင့်လေးများပါသော ဘူးတစ်ခု ပေး၏။ ငွေနှင့်လုပ်ပြီးဝတ်ပါဟု မိန့်၏။ ပြန်ခါနီး ဆရာတော်ကို ကန်တော့သောအခါ စာရေးသူ၏ရင်ထဲဝယ် တစ်မျိုးကြီး ခံစားနေရ၏။ အေးမြကြည်လင်သောမျက်နှာထားနှင့် ဆရာတော်ကို ဖူး၍မဝအောင် ကြည်ညိုမိ၏။ ဆွေမျိုးအရင်းကြီးနှင့် ခွဲခွာရသလိုမျိုး ခံစားရ၏။ ပြီးနောက် ကျန်ရှိနေသေးသောဘုရားများကို လိုက်ဖူးဖြစ်ကြသည်။ တောင်ခြေပတ်လည်ရှိ တည်ထားသောဘုရားများကို တစ်ဆူပြီးတစ်ဆူ ဖူးဖြစ်၏။ တောထဲသွားပြီး ဖူးရခြင်းဖြစ်၏။ ဓာတ်ပုံများရိုက်ဖြစ်၏။ ခမောက်တောင်ဘုရား ဖူးဖြစ်သည်ကို စိတ်ကျေနပ်ခြင်းများစွာ ဖြစ်ရ၏။

ကောလင်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်ညိမ်းနှင့်တွေ့ရာ ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ရေးသားပြုစုသော လွယ်မောက်တောင်သမိုင်းဖြစ်တော်စဉ် စာအုပ်ကိုလက်ဆောင်ပေးသဖြင့် ကျေးဇူးတင်ရပေသည်။ ယခု ရေးသားသော ဆောင်းပါးအချက်အလက်များကို ၎င်းစာအုပ်နှင့် အရှင် အဂ္ဂသာရ (ကေတုမတီ) ရေးသားသော 'လိုရာပြည့်ဆောင် လွယ်မောက်တောင်' (ခမောက်တောင်ဘုရားသမိုင်း) စာအုပ်နှစ်အုပ်မှ အချက်များကို ယူရေးခြင်း ဖြစ်ပါသည်။

ခမောက်တောင်ဘုရားဖူးသွားဖြစ်ခြင်းကို ဝမ်းသာရပေသည်။ ထူးခြားအံ့သြဖွယ်ရာများစွာရှိ၍ တန်ခိုးကြီးသောဘုရားလည်း ဖြစ်ပါသည်။ ခမောက်တောင်ဘုရားသမိုင်းကို အပြည့်အစုံထည့်သွင်းရေးခြင်းမပြုခဲ့ဘဲ အနည်းငယ်သာ ရေးသားထားခြင်းဖြစ်သော စာရေးသူ၏ ဆောင်းပါးကိုလည်း သည်းခံခွင့်လွှတ်ကြပါရန် တောင်းပန်အပ်ပါသည်။ စာမျက်နှာ များသွားမည်ကို စိုးရိမ်သဖြင့် အတတ်နိုင်ဆုံးချုံး၍ ရေးသားခြင်း ဖြစ်ပါသည်။ သာသနာထွန်းကားရာနယ်မြေသို့ ရောက်ဖြစ်ခဲ့သောအခါ ခရီးသွားမှတ်တမ်းပုံသဏ္ဌာန်ဖြင့်သာ ရေးသားခြင်းဖြစ်၍ ဘုရားသမိုင်းကို ပြည့်စုံအောင် မရေးဖြစ်ခြင်း ဖြစ်သည်။

ခမောက်တောင်ဘုရားမှအပြန်တွင် တဲကြီးကုန်းရွာမှ အဘဦးစိန်ချို၏ ဓာတ်ခန်းသို့ ဝင်ဖြစ်၏။ အဘဦးစိန်ချိုနှင့် စကားများစွာပြောဖြစ်၏။ အလယ်ခုံရွာသို့ပြန်ရောက်သောအခါ အိမ်ပြန်ရန် ပစ္စည်းများ ပြင်ဆင်ပြီးနောက် ရွာထဲသို့သွား၍ နှုတ်ဆက်၏။ တစ်အိမ်တက်ဆင်းလိုက်လည်ပြီး နှုတ်ဆက်၏။ တွေ့ရသည်မှာ မကြာသေးသော်လည်း ရင်းနှီးဖော်ရွေစွာဖြင့် ဆက်ဆံကြသော ရွာမှ မိတ်ဆွေများကို အမြဲတမ်း သတိရနေမည် ဖြစ်၏။ ပြန်လည်ဆုံရန် ဆုတောင်းမိကြသည်။ လူ့ဘဝနေရခိုက် မေတ္တာဖြင့် နေထိုင်ကြခြင်းသည်သာ အကောင်းဆုံးဖြစ်၏။ မေတ္တာစိတ်ပြည့်လျှမ်းနေသော အသိုင်းအဝိုင်းဝန်းကျင်တွင် နေထိုင်မှသာ ကိုယ့်ဝန်းကျင်ကို မြတ်နိုးတွယ်တာမည် ဖြစ်၏။ ချစ်စရာကောင်းလှသော မြန်မာ့ကျေးလက်ဓလေ့စရိုက်များကို နှစ်သက်မိ၏။ အပြန်ခရီးအတွက် ဒေသထွက် ခေါ်ပုတ်လက်ဆောင်များပေးခဲ့သည်။ ကျောင်းထိုင်ဆရာတော် ဦးတိလောကကို နှုတ်ဆက်ကန်တော့ရင်း နောက်တစ်ကြိမ်ပြန်ဆုံရန် ချိန်းဆိုမိကြသည်။

ကောလင်းဘူတာသို့ ဆရာတော်နှင့် ရွာမှလူငယ်များက ဆိုင်ကယ်ဖြင့် လိုက်ပို့ပြီးမှ ပြန်သွားခဲ့သည်။ ခမောက်တောင်ဘုရားဖူးခရီးစဉ်လေးကိုတော့ အမြဲတမ်းသတိရနေမည်သာ ဖြစ်တော့၏။

*(ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် အဓိက ကူညီပေးခဲ့သော ဦးပညိသာရ၊ တောင်ပေါ်ကျောင်း ပရဟိတတွဲဖက်အလယ်တန်းကျောင်း၊ ကသာမြို့ ဆရာတော် ဦးတိလောက အလယ်ခုံရွာ၊ ဝန်းသိုမြို့နယ်နှင့် လိုက်ပါကူညီပေးသော ဦးမောင်မောင်စိုး စားသောက်ဆိုင် ကောလင်းမြို့တို့အား ကျေးဇူးအထူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။)*

အေးလွင်(ကသာ)



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဆုံအုန်းသွင်



"ကိုအုန်းသွင်၊ ဒီဘုရားပုံတော်နှစ်ဆူမှာ ဘာခြားနားချက်ရှိသလဲ ဆိုတာ သေသေချာချာ အာရုံစိုက်ပြီး လေ့လာပေးပါ"

တစ်နေ့ နံနက်ပိုင်းတွင် တရားဆွေးနွေးဖက် ဓမ္မမိတ်ဆွေ ကိုအုန်းစိန် ရောက်လာပြီး ဘုရားပုံတော်နှစ်ဆူကို ပြကာ အထက်ပါအတိုင်း ပြောပါသည်။

ဘုရားပုံတော်များမှာ နှစ်ဆူစလုံး ဓာတ်ပုံများ ဖြစ်သည်။ ထိုင်ဟန်၊ လက်ဟန်လည်း တူသည်။ တစ်ဆူမှာ ပန်းချီကားချပ်ကို ဓာတ်ပုံရိုက်ထားခြင်းဖြစ်ပြီး နောက်တစ်ပုံကို ကျွန်တော်သေသေချာချာ မပြောနိုင်ပါ။ သေသေချာချာမလေ့လာမီ ခံစားချက်တစ်ခုပေါ်လာပါသည်။ ကျွန်တော့်ခံစားချက်ကို ရှေးဦးစွာပြောလိုက်မိပါသည်။

"သေသေချာချာ မလေ့လာခင် ကျွန်တော့်မှာ ခံစားချက်တစ်ခု ပေါ်လာပါတယ်။ အဲဒီ ခံစားချက်က တစ်ဆူမှာ ပန်းချီကားချပ်ကို ရိုက်ထားတဲ့ ဓာတ်ပုံဖြစ်ပြီး နောက်တစ်ဆူမှာ လူကိုရိုက်ထားတဲ့ဓာတ်ပုံလို့ မြင်ပါတယ်"

ဟု ပြန်ပြောလိုက်ပါသည်။

သူက-

"ဟုတ်ပြီ၊ ဆက်လေ့လာပါဦး"

ဟု ပြောပြပါသည်။

ကျွန်တော် လေ့လာကြည့်လိုက်သည်။ ပြီးတော့-

"လူကို ဓာတ်ပုံရိုက်ထားတာလို့ ခံစားရတဲ့ပုံတော်မှာ ထူးခြားချက်၊ အခု အတူပါလာတဲ့ပုံတော်၊ ကျွန်တော် အိမ်မှာ ကိုးကွယ်ထားတဲ့ ပန်းချီကားချပ်ပုံတော်များ၊ ရုပ်တုတော်များနဲ့ အခြား ကျွန်တော် မြင်ဖူးသမျှ ပန်းချီကားချပ်တော်များ၊ ဆင်းတု၊ ရုပ်တုတော်များနဲ့ မတူတဲ့ ထူးခြားချက်နှစ်ချက်ကို သတိထားမိပါတယ်။

ပထမအချက်က လက်တော် ဖြစ်ပါတယ်။ လူကို ဓာတ်ပုံရိုက်ထားတာလို့ ကျွန်တော်ခံစားရတဲ့ပုံတော်က လက်တော်ရဲ့အချိုးအစားဟာ အခြား ပန်းချီ၊ ဆင်းတုတွေမှာဖူးတွေ့ရတဲ့ လက်တော်များနဲ့မတူပါဘူး။ အခြား ပန်းချီကားချပ်၊ ဆင်းတုတော်တို့မှာတွေ့ရတဲ့ လက်တော်အချိုးအစားဟာ ကျွန်တော်တို့ ပကတိ လူသာမန်တို့ရဲ့လက်လိုဖြစ်ပြီး အချိုးပြေတယ်လို့ ပြောရမယ်ထင်တယ်။ ကျွန်တော်ခံစားရတဲ့ဓာတ်ပုံက လက်တော်ကျတော့ တစ်မူကွဲနေပါတယ်။ ဘယ်လိုပြောရမှန်းမသိလို့ အဲဒီလောက်ပဲ ပြောပါရစေ။

ဒုတိယအချက်က နားတော်ပါ။ နားတော်ဟာ ကျွန်တော်ပြောခဲ့သလို အခြား ပန်းချီကားချပ်၊ ဆင်းတုတော်များမှာ ဖူးတွေ့ရသလိုမဟုတ်ဘဲ ထူးခြားကွဲလွဲနေတာကို သတိထားမိပါတယ်။ ကျွန်တော် လောလောဆယ် သတိထားမိတာကတော့ ဒီလောက်ပါပဲ။ ပုံတော်များရဲ့အကြောင်းကို ပြောပြပါဦး"

ကျွန်တော်က သူ့အမေးကို ဖြေပြီးနောက် သူ့ကို ပြန်မေးလိုက်ပါသည်။

သူက-

"ဒီပုံတော်ကို ကျွန်တော့်မိတ်ဆွေတစ်ဦးက ဒါနပြုတာပါ။ မူရင်းပုံတော်ကို ဓာတ်ပုံရိုက်ယူလာတာ။ မူရင်းပုံရဲ့ နောက်ကျောဘက်မှာ ပုံနဲ့ ပတ်သက်တဲ့စာတွေ ပါတယ်။ အခု ဓာတ်ပုံမှာတော့ မပါဘူး။ အကြောင်းအရာကိုတော့ သူက အကျဉ်းချုပ်ပြောပြပါတယ်။ ကျွန်တော်လည်း ခင်ဗျားကို အကျဉ်းပဲ ပြန်ပြောနိုင်ပါမယ်။ အတူပါလာတဲ့ ပုံတော်ကတော့ ပန်းချီကားချပ်ကို ကျွန်ုပ်တော့ ဟော်မြေးက ဓာတ်ပုံရိုက်ယူလာတာ။ အိမ်မှာ မှန်ပေါင်သွင်းပြီး ကိုးကွယ်ထားတာ။ အခု ခင်ဗျား ယှဉ်ကြည့်နိုင်အောင်ဆိုပြီး ဖြုတ်ယူလာတာ။

အကြောင်းအရာအကျဉ်းက-

နိုင်ငံခြားသူ အမျိုးသမီးတစ်ဦးဟာ ဗုဒ္ဓဘာသာကိုစိတ်ဝင်စားပြီး တရားများကို လေ့လာရင်းက သဒ္ဓါစိတ်ပြင်းထန်ပြီး ဘုရားပွင့်ရာမှာ တရားသွားအားထုတ်ပါတယ်။ ဗုဒ္ဓကို ဖူးမြင်ချင်တဲ့စိတ်နဲ့ 'ဒီနေရာမှာ အနှစ် (၂၀) အားထုတ်ပါ့မယ်၊ ပြီးလျှင် ဗောဓိပင်ရင်းကို ဓာတ်ပုံရိုက်ပါမယ်၊ ဓာတ်ပုံတွင် ဗုဒ္ဓ၏သက်တော်ထင်ရှားပုံတော်ပေါ်ပြီး ဖူးမြင်ရပါစေသတည်း' လို့ အဓိဋ္ဌာန်ပြီး အားထုတ်တယ်။ အနှစ် (၂၀) ပြည့်တော့





www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံရိုက်တယ်။ ဓာတ်ပုံကိုကူးကြည့်တော့ ဒီပုံပေါ်နေတယ်။

ဒီပုံတော်ကို မန္တလေးမှာ ထင်ရှားကျော်ကြားတဲ့ မောင်းထောင် မြေဇင်းဆရာတော်ရဲ့တပည့် ဝိပဿနာတရားပြဆရာ ယောဂီ ဦးမြင့်နိုင်က သေသေချာချာလေ့လာပြီး ဟုတ်မှန်ကြောင်း မှတ်ချက်ပေးတယ်။

ဒါကို ကျွန်တော့်ရဲ့မိတ်ဆွေက ကြည်ညိုလွန်းပြီး ကျွန်တော့်ကိုလည်း ကြည်ညို ကိုးကွယ်စေဖို့ဆိုပြီး ဓာတ်ပုံရိုက်ကူးပေးတာ ဖြစ်ပါတယ်။ ဒါကို အိမ်လာတဲ့ မိတ်ဆွေတစ်ယောက်ကိုပြပြီး ပြောပြတော့ သူက 'စီးပွားရေးသမားတွေရဲ့အကြံအဖန်ပါဗျာ' လို့ပြောတယ်။ ကျွန်တော် သဒ္ဓါအရှိန် နည်းနည်းတန့်သွားတာပေ့ါ။ ဒါနဲ့ ခင်ဗျားကိုသတိရပြီး ခင်ဗျားဘယ်လို ထင်မြင်ချက်ပေးမလဲ သိချင်လို့ လာခဲ့တာ"

ဟု ရှင်းပြသည်။ ကျွန်တော်က-

"ကျွန်တော့်ထင်မြင်ချက်ကို စောစောက ပြောပြီးခဲ့ပြီလေ။ ပန်းချီ၊ ရုပ်တုနဲ့မတူဘဲ လူကိုဓာတ်ပုံရိုက်ထားတာနဲ့ တူတယ်လို့။

ဘုရားဟာ လူသားပဲလေ။ ဒါပေမယ့် ထူးခြားချက်တွေ ရှိတယ်။ အဲဒါကိုလည်း ကျွန်တော် သတိထားမိသလောက်ပြောပြီးပြီ။ ဒီတော့ ခင်ဗျားရဲ့ သဒ္ဓါကို မလျှော့လိုက်ပါနဲ့၊ မထိခိုက်စေနဲ့။

ဒီကိစ္စနဲ့ပတ်သက်ပြီး သတိပြုရမယ့် အချက်တစ်ချက်ကို ပြောချင်ပါတယ်။ တစ်ခါက မုံလယ်ဆရာတော်ဟောတဲ့ တရားတစ်ပုဒ်ကို နာခဲ့ရဖူးပါတယ်။ အဲဒီအထဲက အချက်တစ်ချက်ကိုသဘောပြန်ပြောပြပါမယ်။ သဘောဆိုတာ အနှစ်သာရ မပျက်ဘူး၊ အကြောင်းအရာကို စုံစုံလင်လင် မမှတ်မိဘူးလို့ ဆိုလိုတာ။

လူတစ်ယောက်ဟာ ရဟန်းတစ်ပါးကို ရဟန္တာထင်ပြီး အလွန်ထူးကဲတဲ့ သဒ္ဓါစိတ်နဲ့လှူဒါန်းလိုက်တယ်။ ရတနာတွေ အလိုလို ပြည့်လာခြင်း ဆိုတဲ့ ထူးခြားတဲ့အကျိုးကို ရရှိတယ်။ ဒါပေမယ့် နောက်တော့ သူလှူလိုက်တဲ့ ရဟန်းဟာ ရဟန်းတု ရဟန်းယောင်မှန်း သိသွားတယ်။ ဒီတော့ သူ့စေတနာ သဒ္ဓါတရားတွေ ပျက်သွားတယ်။ ဒီတော့ ရထားတဲ့ ရတနာတွေလည်း အလိုလို ပျောက်သွားတယ်။

ဒီတော့ ဆရာတော်က အကျိုးပေးတာ ပုဂ္ဂိုလ်မဟုတ်ဘူး၊ စေတနာ သဒ္ဓါတရားလို့ မိန့်တော်မူတယ်။

ဒီတော့ ဒီပုံတော်ဟာ ဘာပဲဖြစ်နေပါစေ၊ ခင်ဗျားရှိရင်းစွဲသဒ္ဓါတရားအတိုင်း 'ဘုရားအစစ်' လို့ ခိုင်မြဲထား၊ ကျွန်တော့်ကိုလည်း တစ်ပုံ မိတ္တူကူးပေး။ ကျွန်တော်လည်း အဲဒီလို စေတနာသဒ္ဓါတရားနဲ့ ကိုးကွယ်မယ်။

ဒီနေရာမှာ ကျွန်တော်တို့ သတိပြုရမယ့်အချက် တစ်ချက် ရှိပါတယ်။ ဘာလဲ ဆိုတော့-

အရှုံးနဲ့အရင်းပဲရမယ့် အလုပ်မျိုးကို ဘယ်တော့မှမလုပ်နဲ့၊ ကျိန်းသေမြတ်မှလုပ်။

အခု ဒီကိစ္စမှာ ခင်ဗျားမိတ်ဆွေက အကြံအဖန်လို့ပြောတယ်။ သူပြောတာ တကယ်မှန်ရင် သူ့အတွက် အရင်းပဲရမယ်၊ မမှန်ရင်တော့ ရှုံးပြီ။ တကယ်တော့ အရင်းဆိုတာလည်း မရပါဘူး၊ ရှုံးတယ်။ ဘာကြောင့်လဲ ဆိုတော့ သူပြောလို့ ခင်ဗျားရဲ့သဒ္ဓါတန့်သွားတယ်၊ စေတနာ, သဒ္ဓါက အဓိက ဆိုတဲ့ အတွက် အစစ် - အတု ဆိုတာ အဓိကမဟုတ်တော့ဘူး။ ဒီတော့ အဓိကဖြစ်တဲ့ ခင်ဗျားရဲ့စေတနာသဒ္ဓါတရားကို ဟန့်တားလိုက်တဲ့အတွက် သူ့အဖို့ အရှုံးပေါ်သွားပြီ။ ဒီလိုကိစ္စမျိုးအတွက် အမြတ်မှာ သံသယ မရှိသလို အရှုံးမှာလည်း သံသယ မရှိဘူး။

မနောကံ၊ ဝစီကံ၊ ကာယကံရယ်လို့ ကံသုံးပါးရှိတဲ့အနက် မနောကံက ကောင်းတဲ့ဆီမှာပဲဖြစ်ဖြစ်၊ ဆိုးတဲ့ဆီမှာပဲဖြစ်ဖြစ် ကံပိုင်ရှင်တစ်ဦးတည်းအတွက်ပဲ ဖြစ်ပါတယ်။ ကောင်းတာကြံလည်း အဲဒီကောင်းတဲ့အကြံကြောင့် ကောင်းမှုကုသိုလ်ကို တစ်ဦးတည်း ရလိုက်သလို မကောင်းတာကြံလည်း အဲဒီ မကောင်းတဲ့အကြံကြောင့် မကောင်းမှုအကုသိုလ်ကို တစ်ဦးတည်းပဲ ရလိုက်ပါတယ်။

ဝစီကံနဲ့ ကာယကံမှာ ကျတော့ ကောင်းတာဖြစ်စေ၊ ဆိုးတာဖြစ်စေ သူတစ်ပါးကိုပါ ရစေနိုင်ပါတယ်။ ဝစီကံမှာ အချို့ ကာယကံလောက် မထိရောက်ပေမယ့် အချို့ ထိရောက်ပါတယ်။ ဥပမာ- 'မင်းကိုငါ သတ်တယ်ကွာ' လို့ ပါးစပ်နဲ့ပြောလို့ အပြောခံရသူဟာ မသေပါဘူး။ ဒါပေမယ့် ရှင်ဘုရင်က သတ်စေ ဆိုရင်တော့ အပြောခံရသူ သေပါတယ်။ ဒါကြောင့်မို့ ဝစီကံမှုကို ပြုတော့မယ်၊ စကားပြောတော့မယ်ဆိုရင် သတိကလေးအရင်ကပ်မိဖို့ အလေ့အကျင့်လုပ်ထားသင့်တယ်။ မိမိစကားကြောင့် သူတစ်ပါးအတွက် အကျိုးဖြစ်စေမလား၊ အကျိုးယုတ်စေမလား ဆိုတဲ့ သတိပေ့ါ။

ကောင်းမှု၊ မကောင်းမှုမှာ မမြင်ရတဲ့ 'ဝေစု' တွေ အများကြီးရှိပါတယ်။ သူတစ်ပါး ကောင်းမှုပြုတာကို မြင်လို့ဖြစ်စေ၊ ကြား (အမျှဝေ) လို့ ဖြစ်စေ (သတင်းစကား) သာခုခေါ်ရင် (တိုက်တွန်းခြင်း၊ ချီးမွမ်းခြင်း၊ သဘောကျခြင်းပြုရင်)ကောင်းမှုဝေစုရတယ်။ မကောင်းမှုမှာလည်း တိုက်တွန်းခြင်း၊ ချီးမွမ်းခြင်း၊ သဘောကျခြင်းဖြစ်ရင် မကောင်းမှုဝေစုရတယ်။

ကိုယ့်စကားကြောင့် သူတစ်ပါးကုသိုလ်ရရင်၊ ကုသိုလ်တိုးပွားရင် ကိုယ်လည်း ကုသိုလ်ရတယ်။ ကိုယ့်စကားကြောင့် သူတစ်ပါး ကုသိုလ်တန့်သွားတယ်၊ ပျက်သွားတယ် ဆိုရင် မူလကုသိုလ်ရှင်ရဲ့အကျိုးမဲ့မှုကနည်းပြီး ပြောသူက သံသယမရှိ များတယ်။ ဒါကြောင့် အများကြီး သတိထားသင့်တယ်။ စိတ်ထဲဖြစ်တာကို စဉ်းစားတဲ့အဆင့်ပြီးမှ ပါးစပ်ကို ပို့သင့်ပါတယ်"

ကျွန်တော်က ကျွန်တော်စဉ်းစားမိသမျှ သူ့ကို ရှင်းပြပါသည်။

"သာဓုဗျာ၊ သာဓု၊ သာဓု။ ခင်ဗျားစကားကြောင့် ကျွန်တော့်မှာ သတိတစ်ခုဝင်လာပါတယ်။

မိမိ အမှတ်တမဲ့ ပြောလိုက်တဲ့စကားဟာ အခန့်မသင့်ရင် သူတစ်ပါးအတွက် အကျိုးဆုတ်ယုတ်စေနိုင်သလို မိမိအတွက်လည်း ပြန်ပြီး အကျိုးဆုတ်ယုတ်စေနိုင်တယ်ဆိုတဲ့ အချက်ပါပဲ"

ဟု ဦးအုန်းစိန်က ပြန်ပြောပါသည်။ ကျွန်တော်ကလည်း ဤပုံတော်ကို မူလစေတနာအတိုင်း ဗုဒ္ဓ၏ပုံတော်အစစ်အဖြစ် ဆက်လက် ပူဇော်သွားရန် တိုက်တွန်းပြီး ကျွန်တော့်အတွက်လည်း မိတ္တူတစ်ဆူ တောင်းလိုက်ပါသည်။ သူက ကိုယ်တိုင်သွားကူးပြီး ပေးပါသည်။ ကျွန်တော်က ကျွန်တော့်ကျေးဇူးရှင် စာဖတ်ပရိသတ်များ သဒ္ဓါပွားရန် ထပ်ဆင့်ကုသိုလ်ပြုခြင်း ဖြစ်ပါသည်။

ဤတွင် မုံလယ်ဆရာတော်၏-

'အကျိုးပေးတာ ပုဂ္ဂိုလ် မဟုတ်၊ စေတနာ သဒ္ဓါတရား'

ဟူသောအချက်ကို ထပ်မံသတိပေးရင်း နိဂုံးချုပ်လိုက်ပါသည်။

ချောင်းဆုံခုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

### တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ တည်ထားခဲ့သော


# ချင်းပြည်နယ် မြို့ဖလမ်းက စေတီတော်များဆီသို့

**ကလေး-ဝင်းသူ**

"ဒကာကြီး ဦးဝင်းသူ၊ ဖလမ်းကို သာခဲ့ပါဦး။ ဖလမ်းမှာ ဝန်ကြီးချုပ်ဦးနု စိုက်ထားခဲ့တဲ့ ဗုဒ္ဓဂယာဗောဓိညောင်ပင် ရှိတယ်။ လွတ်လပ်ရေးစေတီရှိတယ်။ တောင်တန်းသာသနာပြုဆရာတော်ကြီး တည်ထားခဲ့တဲ့ ကျောင်းတွေရယ်၊ စေတီတွေရယ်ရှိတယ်။ ချင်းခေါင်းဆောင် ဒိုလ်ဆွန်သိခ်အကြောင်းလည်း ရေးလို့ရတယ်။ ဒကာကြီးအတွက် သုံး၊ လေးပုဒ်လောက် ရေးလို့ရပါတယ်"



ကလေးမြို့ မဟာသန္တာရုံကျောင်း စာသင်တိုက် ပုလဲရတုအတွက် ဆောင်းပါးရေးရန် သာသနိကအဆောက်အအုံများကို ဓာတ်ပုံရိုက်အပြီး ဒိုးနွယ်ဆရာတော်လေး ဦးကိတ္တိသာရ အဆောင်




ဖလမ်းမြို့ မြောက်ဘက်တောင်တန်းပေါ်ရှိ ဓမ္မုထွင့်ခေါင်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ဖလမ်းမြို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး ဦးဥတ္တမသာရ တည်ထားခဲ့သော ဖမ္မူထွင့်ခေါင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီး

ပေါ်တက်လိုက်သည်ဆိုလျှင်ပဲ ချင်းပြည်နယ် ဖလမ်းမြို့မှ ရောက်ရှိနေသော ဆရာတော် ဘဒ္ဒန္တအရိယဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ) က စာရေးသူကို ကလေး-ဝင်းသူမှန်း သိသွားသောအခါ ဖိတ်မန္တကပြုနေပါသည်။

"တင်ပ့ါဘုရား၊ အလျဉ်းသင့်တဲ့ အခါ လာခဲ့ပ့ါမယ် ဘုရား"

ဟုသာ လျှောက်ထားလိုက်ရ၏။ ဘယ်အချိန်ဘယ်အခါသွားဖြစ်မှန်းမသိပါ။ဆရာတော်ကလည်း လာဖြစ်အောင်လာခဲ့ရန် သူ၏ဖုန်းလိပ်စာကတ်ကလေး နှစ်ခုကိုပါ ထုတ်ပေးလာပါသည်။

ဆရာတော်၏ဖိတ်ကြားမှု ပြည့်စုံသွားသည်ဟု ထင်ရပါသည်။ (၅) လ၊ (၆) လခန့် ကြာသောအခါ ကလေးမြို့ ပြန်/ဆက်ရုံးက စာတစ်စောင် ရောက်ရှိလာပါသည်။

"ဦးဝင်းသူ၊ ဖလမ်းမှာ စာပေဟောပြောရမယ်။ ဖလမ်းပြန်/ဆက်က ဖိတ်တယ်။ ရွှေခြသေ့်လိုင်းကားနဲ့ လိုက်ခဲ့ပါတဲ့။ မတ်လ ၂၆ ရက်နေ့မှာ လုပ်မယ်။ လိုင်းကားက ၂၅ ရက်နေ့မှာ မရှိဘူး။ တနင်္ဂနွေနေ့ ဖြစ်တယ်။ ၂၄ ရက်၊ စနေနေ့မှာ လိုက်ခဲ့ပါတဲ့"

ကလေးမြို့ ပြန်/ဆက်ရုံးမှ ဦးညီညီဇော်၊ ဦးဒိုင်ကျင့်ပါအိုတို့က ဖုန်းနှင့်လည်းမှာ၊ စာနှင့်လည်းရေးမှာကြသဖြင့် ဖလမ်း ပြန်/ဆက်ရုံးမှ ဦးမန်းစိန်ထံ လာခဲ့ပါမည်ဟု အကြောင်းပြန်လိုက်ရ၏။

စာရေးသူမှာ ချင်းတောင်အောက်တွင် နှစ်ပေါင်းများစွာနေခဲ့သော်လည်း ချင်းတော်ပေါ်ရှိ ဖလမ်း၊ ဟားခါး၊ တီးတိန်သို့ တစ်ခါမှ ရောက်ဖူးခြင်းမရှိသေးပါ။ ကလေးမြို့ ဘုရင်မဓာတ်ပုံတိုက်ပိုင်



ချင်းပြည်နယ် ဖလမ်းမြို့တွင် ၁၉၅၀ ပြည့်နှစ်၊ မတ်လ (၂၄) ရက်နေ့က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု လှူဒါန်းစိုက်ပျိုးထားခဲ့သော အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမဟာဗောဓိညောင်ပင်




ဖမ္မူထွင့်ခေါင် ဗုဒ္ဓရုပ်ပွားတော်အနီးရှိ နဂါးရုံဘုရား



www.burmeseclassic.com

www.burmeseclassic.com




ဖမ္မူးအေးစေတီတော်
(၂၀၀၉ ခုနှစ်တွင် ပြန်လည်ပြုပြင်ထားသည်)

ချင်း ကိုလှမောင် ခေါ် သဖြင့်သာ ကလေးမြို့ ခာတ်ပုံအသင်းဝင်များနှင့်အတူ ဖလမ်းမြို့နယ်က ဘားလုံရွာ၊ တီးတိန်မြို့နယ်က သိုင်းငင်းရွာ၊ လေသာတောင်တို့ကိုသာ ရောက်ဖူးသေးသည်။

မရောက်ဘူးသေးသော ဖလမ်း၊ ဟားခါးကို ရောက်ချင်သည်မှာ ကြာပြီ။ အခုတော့ တိုင်း၍ရက်သည့် ပက်ကလာမိုးရွာသည်နှင့် အခိုက်သင့်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဟု ဆိုရပေတော့မည်။ သွားချင်ရက်စက်စက်ယိုဖြစ်နေသော ကျွန်တော့်အဖို့ အချိန်ကိုက်ဖြစ်သွားပါသည်။

ယမန်နှစ်က ဆောမြို့နယ် ပိန္နဲရွာက ကျောက်ဘုရားကိုသွားရင်း တောင်ပေါ်ရှိ မင်းတပ်မြို့သို့ ဆိုင်ကယ်ဖြင့် အရောက်သွားဖြစ်ခဲ့သည်။ ယခုနှစ်တွင် မြောက်ပိုင်း ချင်းတောင်ပေါ်ရှိ ဖလမ်းမြို့ကို ခရီးဆက်မည်ဖြစ်၍ ဝမ်းသာမိသည်။ ဖလမ်းရောက်လျှင် ဟားခါး အထိပါတက်၍ ဟားခါးမှ ဂန့်ဂေါ်အထိ



ရန်ပြေ မာန်ပြေ နိုင်ငံ့ အောင်တော်မူ
တက်ပေါင်းစု ဆုတောင်းပြည့်စေတီတော်



www.burmeseclassic.com


www.burmeseclassic.com

ခရီးဆက်ရန်ပါ ဆုံးဖြတ်လိုက်သည်။ ဖေဖော်ဝါရီလ၊ မတ်လတို့ကား ခရီးသွား၍ အကောင်းဆုံးအချိန်များ မဟုတ်ပါလော။


၂၀၁၂ ခုနှစ်၊ မတ်လ ၂၃ ရက်၊ သောကြာနေ့။

ယနေ့နံနက်တွင် ဖလမ်း-ဟားခါးသို့ ခရီးထွက်ရန် နေအိမ် နတ်ချောင်းရွာမှ နံနက် (၅) နာရီထ၍ (၅) နာရီခွဲတွင် နတ်ချောင်းဘူတာသို့ထွက်ခဲ့၏။ နတ်ချောင်းဘူတာသို့ ကလေး-ဂန့်ဂေါ ရထားကြီး (၆) နာရီ (၁၅) မိနစ်တွင် ဆိုက်ရောက်လာသည်။ ရထားကြီး ဂန့်ဂေါသို့ထွက်သွားပြီးသောအခါ နံနက် (၆) နာရီ (၄၅) မိနစ်တွင် နတ်ချောင်းကားရထားသည် ကလေးမြို့သို့ ထွက်ခဲ့၏။ နတ်ချောင်း-ကလေး ကားရထားခ (၂၀၀) ကျပ် ပေးရသည်။ လက်မှတ်တစ်စောင်ဝယ်ပြီး တက်စီးခဲ့သည်။ နတ်ချောင်းကားရထားမစီးရသည်မှာ (၁၀) နှစ်ခန့်ရှိပြီ။ ကလေးမြို့သွားလျှင် ဆိုင်ကယ်ဖြင့်သာသွားလေ့ရှိသဖြင့် ယခုမှ ရထားစီးရခြင်း ဖြစ်သည်။

ကလေး-နတ်ချောင်းကားရထားကို ၁၉၉၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့က ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ဖွင့်စဉ်က ရထားခ (၅) ကျပ်မျှသာ။ နောက် (၁၀) နှစ်ခန့်ကြာသောအခါ (၇၀) ကျပ် ဖြစ်



၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့က တည်ထားခဲ့သော ဖလမ်းမြို့ လွတ်လပ်ရေးဆုတောင်းပြည့်စေတီတော်



ဖွံ့ဖြိုးတိုးတက်နေသော ချင်းပြည်နယ်က ဖလမ်းမြို့



www.burmeseclassic.com

www.burmeseclassic.com



ဇမ္ဗူအေးစေတီတော်အနီးရှိ ခေါင်းလောင်းနှင့် တံခွန်တိုင်

ဘာပြီး ယခုအခါမှ (၂၀၀) ကျပ် ဖြစ်သွားပါသည်။ နတ်ချောင်းမှ ကလေး (၁၄)မိုင်သာ ဝေးသည်။ ကားခ(၁၀၀၀) ကျပ်၊ သုံးဘီးဆိုင်ကယ် (၁၀၀၀) ကျပ် ဖြစ်နေချိန်တွင် ရထားခက (၂၀၀) ကျပ်သာပေးရ၍ ဈေးသက်သာသည်။ လက်ဖက်ရည်တစ်ခွက်ဖိုးသာ ရှိသည်။ နတ်ချောင်းကားရထားကို ကလေးတက္ကသိုလ်တက် ကျောင်းသားများ၊ ဈေးသည်များ အစီးများသည်။ ချောင်းခွ၊ ဟားခါးလမ်းမှ ချင်းတိုင်းရင်းသားများ တာဟန်းသွားများအစီးများသည်။ တာဟန်းကား ကလေးမြို့၏ ချင်းမြို့တော် ဖြစ်သည်။ ချင်းတိုင်းရင်းသားမျိုးစုံ နေထိုင်သည်။

နတ်ချောင်းဘူတာမှ (၇)နာရီချိန်ထွက်လာရာ ကလေးမြို့ဘူတာကြီးသို့ နံနက်(၈)နာရီတွင် ရောက်ရှိသည်။ တစ်နာရီသာစီးရသည်။ ရထားဆိုက်လျှင် ကျွန်တော်သည် ဘူတာကြီးအရှေ့ဘက်ရှိ ဦးလျှန်နန်၊ ဒေါ်နူးနူးတို့အိမ်သို့ ခြေကျင်လျှောက်ခဲ့သည်။ ဒေါ်နူးနူးတို့နေအိမ်မှာ ဘူတာကြီးနှင့်ဖာလုံဝက်ခန့်သာဝေးသည်။ (၁၅) မိနစ်လျှောက်လျှင်ပင်ရောက်သည်။

ယမန်တစ်ရက်က ဖလမ်းလက်မှတ်ဖြတ်စဉ် ဦးလျှန်နန်အား သူ့အိမ်မှာအိပ်မည်ဟု ပြောခဲ့ပြီး ဖြစ်၏။ ဦးလျှန်နန်မှာ ရွှေမန်းသူကားဂိတ်မှူး ဖြစ်သည်။ သူရောဇနီးသည်ပါ ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ အခြားဘာသာမှကူးပြောင်းလာသူများ ဖြစ်သည်။ သူတို့နှစ်ဦးကို ဒေဘူလတောင်မ ဘုရားငါးဆူ တည်တော်မူစဉ် သိမ်ဒကာများအဖြစ် တွေ့



ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်း မှော်ရုံအတွင်းရှိ ရုပ်ပွားတော်အား ဖူးမြော်ရစဉ်

ဆုံ ရင်းနှီးခဲ့သူများ ဖြစ်ကြသည်။

ဖလမ်းကို မနက်ဖြန် နံနက် (၅) နာရီထွက်မည်ဖြစ်၍ ယနေ့ အားလပ်နေရာ ကလေးမြို့ တာဟန်းဈေးသို့သွား၍ ဈေးသစ်ကြီးကို ဓာတ်ပုံရိုက်သည်။ ဈေးအနီးက ချင်းရိုးရာအထည်များ၊ အထည်ဆိုင်များ၊ ရက်ကန်းရုံများသို့ ဝင်ရောက်၍ ဓာတ်ပုံရိုက်ယူသည်။ ထွန်းတောက်ကားဂိတ်မှူး ဦးစောလှိုင် ဖိတ်ခေါ်သဖြင့် ကလေးမြို့ သူ့အိမ်လိုက်ပြီး ရေချိုး၊ ထမင်းစားသည်။ သူနှင့်အတူပြန်လာပြီး ဒေါ်နူးနူးအိမ်၌ စာဖတ်၍ အချိန်ဖြုန်းသည်။ ညစာကို ဦးလျှန်နန်၊ ဒေါ်နူးနူးတို့အိမ်၌ စားသည်။ ည (၉) နာရီထိ ကားဂိတ်က ညလက်ဖက်ရည်ဆိုင်ဟွင် တီဗီဇာတ်လမ်းကြည့်၍ အချိန်ဖြုန်းကြသည်။

၂၀၁၂ ခု၊ မတ်လ ၂၄ ရက်၊ စနေနေ့။

"ကလင်၊ ကလင်၊ ကလင်"

ဦးလျှန်နန်၊ ဒေါ်နူးနူးနေအိမ်ရှိ ချိုးရုပ်နာရီကလေးက နိုးစက်သံသည် နံနက်(၄)နာရီတိတိ၌ အသံမြည်၍လာလေသည်။ နာရီကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်တော့ (၄)နာရီကို ပြနေသည်။ ဦးလျှန်နန်၊ ဒေါ်နူးနူးတို့လည်း အိပ်ရာမှ ထကြလေသည်။ ကျွန်တော်ကမူ နံနက် (၃) နာရီကတည်းက စ၍နိုးနေပြီး ဖြစ်သည်။

ကားဂိတ်သို့သွားမည်ပြုရာ ဦးလျှန်နန်က သူတို့လည်းလိုက်မည်ဟုဆိုကာ (၃)ယောက်သား ကားဂိတ်သို့ထွက်ခဲ့ကြသည်။ ကားဂိတ်နှင့် ဦးလျှန်နန်တို့အိမ်မှာ ဖာလုံဝက်သာသာဝေး၍ (၁၅) မိနစ်လျှောက်လျှင်ပင် ဂိတ်သို့ရောက်ပါသည်။

ရွှေခြသေ့်လိုင်းကားမှာ အသင့်ထိုးထားပြီး ပစ္စည်းများပင်တင်နေကြပြီ။ နံနက် (၅) နာရီထိုးမှ ထွက်မည်။ (၄) နာရီခွဲရှိသေးသဖြင့် လက်ဖက်ရည်ဆိုင်သို့သွားကာ ပလာတာတစ်ပွဲနှင့် လက်ဖက်ရည်တစ်ခွက် မှာသောက်သည်။ ပြီးလျှင် ကားဆီသို့လာခဲ့ရာ ကားပေါ်သို့ ခရီးသည်များ တက်နေပြီဖြစ်၍ ကျွန်တော်လည်း ကျွန်တော့်ထိုင်ခုံနံပါတ်ကို မေးကာ တက်လိုက်သည်။ ကားပေါ်



တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ရုပ်တု



တောင်တန်းသာသနာပြုဆရာတော်ကြီး
ဦးဥတ္တမသာရ
(အဘိဓဇအဂ္ဂမဟာ[illegible])



www.burmeseclassic.com

www.burmeseclassic.com

တွင်ကား ဗမာခရီးသည် မရှိ။ ချင်းတိုင်းရင်းသားတိုင်းရင်းသူခရီးသည်များချည်းဖြစ်သည်။ အချို့က ဖလမ်းသို့၊ အချို့က ဟားခါးသို့။

ရွှေခြသေ့်လိုင်းကားမှာ မှန်လုံကားဖြစ်ပြီး ကလေး - ဖလမ်း - ဟားခါး ပြေးဆွဲနေသောကား ဖြစ်၏။ ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်း၌ ချင်းတောင်တန်းလိုင်းကားပါပြေးဆွဲပေးသည်။ ကျွန်တော့်မှာမူ ဖလမ်းပြန်/ဆက် ဦးမန်းစိန်မှ ရွှေခြသေ့်ကားနှင့်လိုက်ခဲ့၊ ကြိုနေမည်ဟု ဖုန်းဆက်ထားသဖြင့် ချင်းတောင်တန်းမစီးဘဲ ရွှေခြသေ့်ကို လက်မှတ်ဖြတ်စီးခဲ့ခြင်း ဖြစ်သည်။

ကလေးမှ ဖလမ်းကားခ (၅၀၀၀) ကျပ်၊ ဖလမ်းမှ ဟားခါး (၂၀၀၀) ကျပ်၊ ကလေးမှ ဟားခါးအထိ (၇၀၀၀) ကျပ်ဖြစ်သည်။ ကလေး-ဖလမ်း နေ့စဉ် ပြေးဆွဲသော လိုင်းကားလည်းရှိသည်ဟု သိရသည်။

နံနက်(၅)နာရီတိတိတွင် ကလေးကားကြီးဝင်းမှ ကားစ,ထွက်ပါသည်။ နာရီဝက်အကြာမောင်းရာ တာဟန်းအနောက်ပိုင်းရောက်လာသည်။ ခရီးသည်တင်သည်။ ထိုသို့ ကားရပ်တင်ခိုက် ချင်းတောင်တန်းကားလည်း ရောက်လာ၏။ သူလည်းရပ်၍ ခရီးသည်တင်၏။ ချင်းတောင်တန်းကား ခရီးသည်တင်နေခိုက် ကျွန်တော်တို့ ရွှေခြသေ့်ကား ခရီးဆက်ထွက်ခဲ့သည်။


မကြာမီတွင် ကလေးစက်မှုဇုန်၊ ကလေးကောလိပ်တို့ကို ဖြတ်ကျော်၍ ချင်းပြည်နယ်စပ်ဂိတ်သို့ ရောက်သည်။ ကားရပ်လက်မှတ်ထိုးပြီး ဆက်ထွက်ခဲ့သည်။ ယခင်ကဆိုလျှင် ထိုဂိတ်၌ ကားများစွာရပ်၍ စစ်ဆေးသည်။ ခရီးကြန့်ကြာသည်။ ယခုတော့ အခုလိုမရှိတော့။ ကောင်းလှပါဘိ။ ဒီမိုကရေစီခေတ်။

ကားသည် ချင်းပြည်နယ်စပ်ဂိတ်မှ ထွက်လိုက်လျှင်ပင် မြင့်မားမတ်ဆောက်သော ချင်းတောင်တန်းကြီးပေါ်သို့ လီဗာဟဲ၍တက်နေရပါပြီ။ နာရီဝက်အကြာတွင် ရှုခင်းသာသို့ ရောက်၏။ ရှုခင်းသာမှ ကလေးမြို့ဘက်သို့ ကြည့်လိုက်သောအခါ ပိုးစုန်းကြူးလေးများ တောက်နေသကဲ့သို့ မှုန်ပျပျအလင်းရောင်ရှိသော ကလေးမြို့ စက်မှုဇုန်နှင့် ကောလိပ်တို့ကို မှုန်ဝါးဝါးမြင်ရသည်။ ဆောင်းနှောင်းကုန် မြူမှုန်တို့က ယှက်သိုင်းနေဆဲ။ ဤဝေလီဝေလင်းတွင် ရွှေခြသေ့် မှန်လုံကားလေးသည် တရိပ်ရိပ်ပြေးလွှားလျက်ရှိသည်။ ကွေ့ဝိုက်နေသော တောင်စဉ်တောင်တန်းများကို ဖြတ်ကျော်လျက်ရှိသည်။ နံနက် (၈) နာရီချိန်၌ ကလေးမှ (၃၃) မိုင်ဝေးသော သိုင်းငင်းရွာလေးသို့ ရောက်၏။

သိုင်းငင်းရွာလေး၌ ကားရပ်လျှင် အပေါ့အပါးသွားမည်ဟု ဆုံးဖြတ်ထားရာ ကားမှာ ခေတ္တရပ်သော်လည်း စက်မရပ်။ ဆင်း၍မရ။ ဗားလုံကျမှရပ်မည်၊ ထမင်းစားမည်ဟု သိရသည်။ ယခင်ကဆိုလျှင် သိုင်းငင်း၌ ထမင်းစားလေ့ရှိ၏။ ယခုတော့ ထမင်းဆိုင်ပင် မရှိတော့။ ထမင်းစားဖို့ကလည်း စောသေး၏။

သိုင်းငင်းရွာသည် အိမ်ခြေ (၄၀) ရှိသည်။ ကလေး-ဖလမ်း-ဟားခါး-တီးတိန်သွားကားများရပ်နားရာ၊ ထမင်းစားရာနေရာ ဖြစ်သည်။ တောင်တန်းသာသနာပြုဆရာတော်ကြီး ဆေးနည်းပေး၍ ရောင်းချနေသော ဦးမောင်ခိုင်၏ ဆေးဆိုင်ရှိသည်။ သံဃာစင်ဂမုန်း၊ နတ်ဆေးဂမုန်း၊ ထင်းရှူး၊ ချင်းတောင်စပျစ်ဝိုင်များ ရောင်းသည်။ ယမန်တစ်နှစ် လေသာတောင် လာစဉ်က ဝယ်သုံးဖူးသည်။ ယခု ကားမရပ်တော့ မဝင်ဖြစ်တော့။ ကားသည် ဖလမ်းဆီသို့ ဆက်ထွက်ခဲ့သည်။ ချင်းတောင်လမ်းများကား ကွေ့ကောက်လှ၏။ မတ်စောက်လှ၏။ အချို့နေရာများ၌ လမ်းမြေပြိုကျနေသည်ကို တွေ့ရသည်။အသည်းယားဖွယ်ကောင်းလှ၏။

မကြာမီ ဗားလုံရွာသို့ ရောက်၍ ကားရပ်သွားလေသည်။ နာရီကြည့်လိုက်တော့ (၉) နာရီခွဲနေပြီ။ ထမင်းစားရန် ခရီးသည်အားလုံး ကားပေါ်ကဆင်းကြ



ဖလမ်းမြို့ဇမ္ဗူအောင်စေတီတော်အနီးက ၁၉၅၈ ခုနှစ်တွင်
တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဉတ္တမသာရ တည်ထားခဲ့သော သိမ်
(၁၃၆၉ ခုနှစ်တွင် ဘဒ္ဒန္တအရိယဝံသမှ ဦးစီး၍ ပြန်လည်ပြုပြင်သည်)




တောင်တန်းသာသနာပြုဆရာတော် ဦးဉတ္တမသာရ ဖလမ်းမြို့တွင် စတင် သီတင်းသုံး
တရားထိုင်ခဲ့သော ထေရဝါဒ ဗုဒ္ဓသာသနာပြုတင်ပိုင်ကျောင်းရှိ အုတ်ကျောင်းကလေး




www.burmeseclassic.com

www.burmeseclassic.com



ဘောဓိမြို့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု လှူဒါန်းစိုက်ပျိုးခဲ့သော အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ဗောဓိညောင်ပင်ကြီးအား အနီးကပ် ဖူးမြော်ခဲ့ရစဉ်



၁၉၄၈ ခုနှစ်က တည်ထားခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပြန်လည်ပြုပြင်ထားသော လွှတ်လပ်ရေးသိမ်တော်




လွတ်လပ်ရေးဆုတောင်းပြည့်စေတီ၊ ဇမ္ဗူထွန်းခေါင်စေတီ၊ ရန်ပြေ မာန်ပြေ နိုင်ငံဇေစေတီနှင့် ဗောဓိပင်တို့ကို ထိန်းသိမ်းစောင့်ရှောက် သာသနာပြုနေသော ဖလမ်းမြို့ တောင်ပေါ်ဘုန်းတော်ကြီးကျောင်းဆရာတော် အရှင်အာဒိစ္စ




ကလေး-ဖလမ်းသွား ကားလမ်းဘေးရှိ ဖလမ်းမြို့ ရန်ပြေ၊ မာန်ပြေ နိုင်ငံဇ အောင်တော်မူ ဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီ အဝင်မုခ်ဦး

၏။ ထမင်းစားကြ၏။ ထမင်းတစ်ပွဲ နှစ်ထောင်ကျပ်ဟု သိရသည်။ ယမန်နှစ်က ကလေးမြို့ ခတ်ပုံအသင်းနှင့်လာစဉ်က ထမင်းစားခဲ့ဖူးသည့် ချယ်ရီ ထမင်းဆိုင်ဖြစ်သည်။ ဆိုင်ပိုင်ရှင်မှာ ရုပ်ရှင်မင်းသမီး ခင်သန်းနုနှင့်တူသည်။ ယခုတော့ မတွေ့တော့။ သူ့ယောက်ျားက မလေးရှားမှာတဲ့။ မလေးရှားလိုက်သွားပြီထင်ရသည်။ ချင်းအမျိုးသမီးငယ်များကိုသာ တွေ့ရတော့သည်။

ကျွန်တော်က ထမင်းမဆာ၍ မစား။ . ချင်းတောင်ပန်းသီး (၃) လုံး (၁၀၀၀) ကျပ်မှ တစ်လုံး (၅၀၀) ကျပ်ပေးပြီး ဝယ်စားခဲ့သည်။ လတ်ဆတ်သဖြင့် ချိုမှချိုလှ၏။ ယမန်နှစ်က ဤဆိုင်တွင် ချင်းတောင်ထောပတ်သီး၊ လိမ္မော်သီးများ ဝယ်စားခဲ့ဖူး၏။ သည်နှစ်မှ ပန်းသီးဝယ်စားဖူးခြင်း ဖြစ်၏။ ချင်းတောင်ပန်းသီးကား တရုတ်ပန်းသီးထက် အချိုကဲလေသည်။ မိုးခေါင်ပါက ချဉ်သည်ဟု သိရသည်။ ချင်းတောင်ထွက်ပန်းသီးများကို ကျွန်တော်တို့ ကလေးမြို့တွင် ဆိုင်ခန်းဖွင့်၍ ရောင်းချလေ့ရှိပါသည်။

"ကဲ-ခရီးသည်များစားပြီးရင် ကားပေါ်တက်ကြပါ၊ ကားထွက်မယ်"

ဟု စပယ်ယာက ပြောသဖြင့် ကားပေါ်တက်ကြရသည်။ ကားစပယ်ယာရော ကားမောင်းသူပါ ချင်းတိုင်းရင်းသားများ ဖြစ်ကြသည်။ ကားစီးခရီးသည်တို့မှာလည်း ချင်းတိုင်းရင်းသားများချည်း ဖြစ်ကြသည်။ ကျွန်တော်တစ်ယောက်သာ ဗမာဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားသည် နံနက် (၁၀) နာရီခန့်တွင် ဗားလုံမှ ဖလမ်းဆီသို့ ထွက်ခဲ့၏။ ကလေးနှင့် ဗားလုံမှာ မိုင် (၄၀)၊ ဗားလုံမှ ဖလမ်းအထိ မိုင် (၄၀) စုစုပေါင်း မိုင် (၈၀) ဝေးသည်ဟု သိရသည်။ ဗားလုံကား ဖလမ်းနှင့်ခရီးတစ်ဝက် ဖြစ်သည်။ ဗားလုံရွာသည် အိမ်ခြေ(၁၀၀)ခန့်ရှိပြီး အလယ်တန်းကျောင်းရှိသည်။ သာသနာပြု ဗုဒ္ဓဘာသာကျောင်းရှိသည်။ ယောသား တောင်ခင်ရန်းသားဆရာတော် ကျောင်းထိုင်သည်။ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ သာသနာပြုခဲ့သောကျောင်းဟု သိရသည်။

ယမန်နှစ် ဖားလုံရောက်စဉ်က The Mordern Time ဂျာနယ်တွင် 'မြူခိုးဝေဝေ တောင်ထွေသွယ်တန်း ချင်းတောင်တန်း' ဟု ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။ ယခုသည် ဂျာနယ်ပြ၍ ဖလမ်းတွင် နီဒါန်းပျိုး စာပေဟောပြောမည်ဟု ယူဆောင်ခဲ့သည်။

ကျွန်တော် ကားစီးရင်း ဗားလုံအကြောင်း စဉ်းစားနေစဉ် ကားထဲသို့ အင်ကြင်းပန်းရနံ့များ သင်းပျံ့လာလေသည်။ နှာခေါင်းဝသို့ သင်းပျံ့လာသော အင်ကြင်းပန်းရနံ့ကို ရှူရှိုက်ပြီး ကားအပြင်ဘက် ခေါင်းပြူကြည့်လိုက်သော အခါ လားလား - တစ်တောလုံး၊ တစ်တောင်လုံး အင်ကြင်းပန်းများ ဖူးပွင့်ဝေဆာ အလှဖြာနေသည်ကို အံ့သြစွာတွေ့ရလေသည်။ ကားသည်လည်း အင်ကြင်းပန်းပင်များကြားက ဝှေ့ဝိုက်၍ တောင်အောက်သို့ကွေ့ပတ်ဆင်းနေလေသည်။

မကြာမီ ဗားရိုတံတားပေါ်သို့ ရောက်လေ၏။ ကင်မရာကိုထုတ်၍ ဗားရိုတံတားကို အလျှင်အမြန် ရိုက်ယူလိုက်ရ၏။ ဗားရိုတံတားကား မဏိပူရမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော တံတားကြီး ဖြစ်သည်။ အင်ကြင်းပန်းနီနီရဲရဲတွေကြားက ဖြူဖြူဖွေးဖွေး လှပနေသောတံတားကြီး ဖြစ်သည်။ သည်တံတားကြီးမရှိမီက ချင်းတိုင်းရင်းသားတို့ ဖောင်ဖွဲ့သွားခဲ့ရသည်ဟု သိရပါသည်။ မဏိပူရမြစ်ကမ်းဘေး ဝဲယာတစ်လျှောက် အင်ကြင်းပန်းတောကြီးမှာ ဖွေးဖွေးလှုပ်၍ လှပနေလေသည်။

ဩော်-ချင်းတောင်တန်းကြီးကား သစ်ပင်တောတောင်များဖြင့် စိမ်းလန်းစိုပြည်နေရုံသာမက အင်ကြင်းပန်းရနံ့များဖြင့်ပါ လှိုင်ကြူနေပါတော့သည် တကား။



ချင်းပြည်နယ် ဖလမ်းမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတွင် ယခု ဆက်လက် တာဝန်[...] သာသနာပြုနေသော ဘဒ္ဒန္တအရိယဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့လက်ခံယူနေစဉ်[...]

"ဖလမ်းကိုရောက်တော့မယ်"

ကျွန်တော်နှင့် ဘေးချင်းကပ်စီးလာသော ချင်းအဘွားကြီးက ဝမ်းသာအားရ ပြောပြလာပါသည်။ သူသည် ရန်ကုန်မှ ဖလမ်းသို့ ခေတ္တပြန်လာခြင်းဖြစ်သည်။ သားနှင့်သမီး မလေးရှားသွားရန် ကြိုးပမ်းနေရာ ကျပ်(၄)သိန်းကျော်ကုန်ပြီဟု သိရသည်။ ချင်းတောင်မှ ချင်းတိုင်းရင်းသားအများစုသည် မလေးရှားသို့ အလုပ်သွားလုပ်ကြပါသည်။ ကျွန်တော်နေထိုင်သော နတ်ချောင်းရွာအနီးက ကြာအင်းရွာ၊ ချောင်းခွရွာတို့မှ ချင်းတိုင်းရင်းသားများလည်း သွားရောက်လုပ်ကိုင်ကြပါသည်။ အိမ်ခြေ (၂၀၀) ကျော်ရှိသော အင်ကြင်းရွာဆိုလျှင် တစ်ရွာလုံးလိုလို မလေးရှားသို့ သွားရောက်အလုပ်လုပ်နေကြပါသည်။

ကားသည် နေ့ (၁၂) နာရီတိတိ၌ ဖလမ်းမြို့ ရွှေခြသေ့်ဂိတ်တွင်ထိုးရပ်သွားပါသည်။ ဤအခါမှ ဖလမ်းရောက်ပါပြီကောဟု သိလိုက်ရသည်။ ကျွန်တော့်ဘေးမှ ဖလမ်းသူ ချင်းအမျိုးသမီးကြီး ဆင်းသွားသည်။ သူ့သမီးများလာကြိုကြသည်။ ကျွန်တော်လည်း တောင်မြောက်ကြည့်ပြီး-

"မြန်/ဆက်ရုံးက လာကြိုတဲ့သူ မရှိဘူးလား"

ဟု လူအုပ်ကြားထဲအော်မေးလိုက်ရာ ချင်းတိုင်းရင်းသူအမျိုးသမီးတစ်ဦး ပြေးလာပြီး -

"လာကြိုတယ်၊ လာကြိုတယ်"

ဟု ပြေးလာပါသည်။ သူ့ကို ကင်မရာအိတ်နှင့် လက်ဆွဲအိတ်များ ချပေးလိုက်ပြီး ကားပေါ်က ဆင်းလာခဲ့သည်။ သူ့နောက်ကလိုက်သွားရာ မြန်/ဆက်ရုံးနားအရောက်တွင် ချင်းတိုင်းရင်းသူအမျိုးသမီးကြီးတစ်ဦးက လာရောက်ကြိုဆိုပြန်ပါသည်။

ပြီးလျှင် သူက-

"မွန်းတည်းခိုရိပ်သာမှာ နေရာစီစဉ်ထားတယ်"

ဟု ပြောဆိုပြီး မွန်းတည်းခိုရိပ်သာကို ပို့ပေးပါသည်။ မွန်းတည်းခိုရိပ်သာသို့ ပို့ဆောင်သူကား ကလေးမြို့ မြန်/ဆက်ရုံးတွင် တာဝန်ထမ်းဆောင်သွားသော ချင်းတိုင်းရင်းသူအမျိုးသမီး ဒေါ်ဆန်းတျဲလ်ဖြစ်ပါသည်။ သူကပြောပြမှ မှတ်မိတော့သည်။ သူကား ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမန်းစိန်၏ ဇနီးဖြစ်သည်ဟု သိရသည်။

သူကပင် ထမင်းစားလာခေါ်ပြီး ထမင်းဆိုင်တွင် ထမင်းကျွေးပါသည်။ ထမင်းဆိုင်တွင် ဟားခါးပြည်နယ် မြန်/ဆက်မှူး ဦးကျော်ဆင့်နှင့် ဖလမ်းခရိုင် မြန်/ဆက်မှူး ဦးမန်းစိန်တို့က စာရေးသူကို စောင့်မျှော်နေကြပါသည်။

"ကျွန်တော်က ကျော်ဆင့်-ပျော်ဖွယ် (မြန်/ဆက်) ဆိုပြီး စာရေးပါတယ်"

ဟု မိတ်ဆက်မှ သူ့ကို သိတော့သည်။ သူကပင် ဟားခါးကြီးမှာမလုပ်ဘဲ ဖလမ်းမှာ စာပေဟောပြောပွဲလုပ်ရခြင်းအကြောင်း ရှင်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖလမ်းက အောက်အရပ်နဲ့ နီးတော့ ဗမာစကားနားလည်တယ်။ ဟားခါးကတော့ သိပ်နားမလည်ဘူး။ ဒါကြောင့် ဟားခါးမှာမလုပ်ဘဲ ဖလမ်းမှာပဲ လုပ်ဖို့ ဆုံးဖြတ်ရတာပါ"

ဟု ဦးကျော်ဆင့်က ရှင်းပြသည်။

ဦးကျော်ဆင့်မှာ ဖလမ်းမြို့ ခရိုင်ပြန်/ဆက်ရုံးတွင် ပထမဆုံး ဦးစီးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ခုတော့ ရာထူးတက်၍ ပြည်နယ်ဦးစီးမှူးပေါ့။ သူစီစဉ်သဖြင့် ကျွန်တော် ဖလမ်း-ဟားခါးရောက်ခဲ့ရသည်။ ကျေးဇူးကမ္ဘာပါ ဦးကျော်ဆင့်ရေ။ ညဥ့် ကျွန်တော်တို့ ဖလမ်းပြန်/ဆက်ရုံး၌ မိတ်ဆုံစားပွဲလုပ်ပြီး ညအိပ်ကြပါသည်။

၂၀၁၂ ခုနှစ်၊ မတ်လ ၂၅ ရက်၊ တနင်္ဂနွေနေ့။

ယနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ ရုံးပိတ်သည်။ သို့သော် ပြန်/ဆက်ရုံး ဝန်ထမ်းတို့ကား မနက်ဖြန်နံနက် (၁၀) နာရီတွင် ပြုလုပ်မည့် စာပေဟောပြောပွဲ၊ စာအုပ်လှူဒါန်းပွဲ၊ ဆုပေးပွဲများအတွက် အလုပ်ရှုပ်နေကြသည်။ လက်နှိပ်စက်တဖြောင်းဖြောင်းဖြင့် လက်နှိပ်စက်ရိုက်နေသော ချင်းတိုင်းရင်းသူလေးကား မနေ့က ကျွန်တော်ကိုကြိုလာသော ချင်းတိုင်းရင်းသူလေး ဖြစ်သည်။ နာမည်မေးကြည့်တော့ မမန်းထွမ်ထိမ်ပါတဲ့။ ထွမ်လို့လည်း ခေါ်ပါသတဲ့။

"ကွန်ပျူတာမကိုင်ဘူးလား"


ဟု မေးကြည့်ရာ-


"မိမ်းမရဘူး"


ဟု ဖြေလေသည်။

နွေရာသီရောက်သဖြင့် ရေခန်းကာ ငစစ်ဗားရိမှ ရေအားလျှပ်စစ် မရတော့ပေ။ ကျွန်တော် တည်းခိုနေသော မွန်းရိပ်သာဟွင်လည်း ဖယောင်းတိုင်မီးကိုသာ ထွန်း၍နေခဲ့ရပါသည်။

ယနေ့ တနင်္ဂနွေဖြစ်သဖြင့် ဖလမ်းတစ်မြို့လုံး အိမ်သော့ပိတ်ကာ ဘုရားကျောင်းများသို့ ရောက်နေကြပါသည်။ ဆိုင်ပိတ်၊ ဈေးပိတ်၊ အိမ်ပိတ်၍ တစ်မြို့လုံးတိတ်နေသည်။ ဘုရားကျောင်းမှာသာ ဓမ္မတေးသံသာတို့ဖြင့်လွှမ်းမိုးလျက်ရှိသည်။ ကျွန်တော် တည်းခိုရာ မွန်းတည်းခိုရိပ်သာအနီးက ဘုရားကျောင်းမှာ (၁၅) နှစ်ပြည့် အထိမ်းအမှတ်ပွဲလုပ်နေသဖြင့် ဓမ္မတေးသံများ၊ ရွတ်ဖတ်



ချင်းပြည်နယ် ဖလမ်းမြို့ ဇမ္ဗူအေးစေတီတော်ကျောက်စာ


သမိုင်းဝင် လွှတ်လပ်ရေးစေတီနှင့် လွှတ်လပ်ရေးသိမ်တော်မှတ်တမ်းကမ္ပည်းကျောက်စာ


ဇမ္ဗူထွန့်ခေါင် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ကမ္ပည်းကျောက်စာ


ဖလမ်း-ဟားခါးသွားကားလမ်းဘေးက ဖလမ်းမြို့ ဇမ္ဗူအေးစေတီတော်အဝင်မုခ်ဦး


ဖလမ်းမြို့ လွှတ်လပ်ရေးဆုတောင်းပြည့်စေတီ အဝင်မုခ်ဦး


ဖလမ်းမြို့ပေါ်က
ထေရဝါဒ ဗုဒ္ဓသာသနာပြု [illegible]ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ဟောပြောသံများဖြင့် ဆူညံနေပါသည်။ ဖလမ်းမြို့၌ ခရစ္စယာန်အသင်းပေါင်း (၄၀) ကျော် ရှိသည်ဟု သိရသည်။


ကျွန်တော်လည်း ယခင်က ဖိတ်ကြားထားသော အရှင်အရိယဝံသရှိရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်းသို့ မေးမြန်းပြီးသွားခဲ့သည်။ ပြန်/ဆက်ရုံး၏ အရှေ့ဘက်တွင်ရှိသဖြင့် ခဏနှင့်ရောက်သည်။ စုံစမ်းကြည့်တော့ အရှင်အရိယဝံသက မရှိ။ ညောင်ဦးသို့ရောက်နေသည်ဟုသိရပါသည်။ လက်ထောက်ဆရာတော်တစ်ပါးကိုတွေ့ရာ အကျိုးအကြောင်းပြောပြပြီး တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ တည်ထားခဲ့သော စေတီနှင့် ကျောင်းများကို ပို့ခိုင်းရသည်။

ထိုလက်ထောက်ဆရာတော် (ဦးဥတ္တရ)၏စီစဉ်မှုဖြင့် ဆိုင်ကယ်နှစ်စီးရရာ ဦးစွာ ဖလမ်းမြို့မြောက်ဘက်အစွန်ဆုံးရှိ တောင်ထိပ်ပေါ်မှစေတီများသို့ သွားရောက် ဖူးမြော်ကြပါသည်။ ထိုစေတီများမှာ လွတ်လပ်ရေးဆုတောင်းပြည့်စေတီနှင့် မာန်ပြေ၊ ရန်ပြေဆုတောင်းပြည့်စေတီများ ဖြစ်ကြသည်။


ဆရာတော်ကြီး ဦးဥတ္တမသာရ တည်ထားခဲ့သော ဇမ္ဗူထွန်းခေါင်စေတီတော်နှင့် ရုပ်ပွားတော်ကြီးများကိုလည်း သပ္ပာယ်စွာ ဖူးမြော်ခဲ့ရပါသည်။ ထိုစေတီနှင့် ရုပ်ပွားတော်ကြီးများမှာ မြတ်စွာဘုရား ပဉ္စဝဂ္ဂီ (၅) ဦးအား ဓမ္မစကြာတရား ဟောကြားနေပုံကို ထုလုပ်ထား



ဖလမ်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံကြီး



ဖလမ်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်းဝင်းအတွင်းရှိ သာသနဝေပုလ္လသိမ်ကျောင်း



ပြုပြင်မည့်ကုသိုလ်ရှင်များကို စောင့်မျှော်နေသော ဇမ္ဗူထွန်းခေါင်စေတီတော်၏ အက်ကွဲနေသော စေတီတော်အောက်ခြေပိုင်းအား တွေ့ခဲ့ရစဉ်



ဖလမ်းမြို့သူ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ သက်မွန်မြင့် ဖလမ်း ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတွင် သီလရှင်ဝတ်ခဲ့သောဓာတ်ပုံ ချိတ်ဆွဲထားသည်ကိုလည်း တွေ့ခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဖြစ်သည်။ ရှပ်ပွားတော်ကြီးမှာ သပ္ပာယ်၍ နေရောင်တွင် ရွှေရောင် တဝင်းဝင်းတောက်ပနေပါသည်။

ဘုရားအနီး၌လည်း နဂါးရုံဘုရား တစ်ဆူနှင့် ကျောက်စာ၊ ဆရာတော်ကြီး ဦးဥတ္တမသာရရုပ်တုတော်တို့ကို ဖူးမြော်တန်တော့ခဲ့ရပါသည်။


လွတ်လပ်ရေး ဆုတောင်းပြည့် စေတီလေးကား တောင်ထိပ်တွင် ဖြူဖြူ ဖွေးဖွေးဖြင့် အလွန်သပ္ပာယ်လှသည်။ ထိုစေတီအနီးက အုတ်တံတိုင်းများ၌ကား ရှပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ကိုလူမင်း၊ မခင်စံပယ်ဦး ကောင်းမှု (၂၀၀၀၀) ဟု ကမ္ပည်းထိုးထားသည်ကို ဖတ်ရှုခဲ့ရပါသည်။ ဖလမ်းတွင် ရှပ်ရှင်လာရိုက်ရင်း ကိုလူမင်းမိသားစု လှူဒါန်းသွားခဲ့ခြင်း ဖြစ်သည်ဟု သိရပါသည်။

ထိုလွတ်လပ်ရေးဆုတောင်းပြည့် စေတီကို မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် အထိမ်းအမှတ်အဖြစ် ၁၉၄၈ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့က တည်ထားခဲ့ခြင်း ဖြစ်သည်ဟု သိရ၏။ စေတီတော်၏ ဉာဏ်တော်မှာ (၉) တောင်ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။


'ဘုရားလေးငယ်ငယ်၊ ကိုးတောင်ပြည့်တယ်၊ ငယ်သာငယ် ကယ်ဆယ်



ဖလမ်းမြို့နယ် ဗားလုံရွာကလေးက ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း



စာရေးသူ ဖလမ်းမြို့တွင် သုံးညအိပ် တည်းခိုခဲ့သော ဖလမ်းမြို့ပြန်/ဆက်ရုံးအနီးက 'မွန်း' တည်းခိုရိပ်သာ



ညိုညိုမှိုင်းမှိုင်း တောင်စဉ်တောင်တန်းတွေနှင့် သာယာလှပနေသော ချင်းတောင်ပေါ်က ကလေး-ဖလမ်းသွားလမ်း



www.burmeseclassic.com

www.burmeseclassic.com

မယ့်ဘုရား'လေး ဖြစ်သည်။ ရှေးခေတ်က အတိတ်နိမိတ်ယူ၍ ကိုးတောင်ပြည့်ဘုရားများတည်ခဲ့ကြသည်။ ယခုလည်း တည်နေကြဆဲ ဖြစ်သည်။

ထိုလွတ်လပ်ရေးဆုတောင်းပြည့်စေတီကလေးမှာ အပေါ်ပိုင်းတွင် ရွှေရောင်ထုံးသင်္ကန်းနှင့် အောက်ပိုင်းတစ်ဝက်တွင် ထုံးဖြူဖြူဖွေးဖွေး ထုံသင်္ကန်းများကို ကပ်လှူထားရာ အလွန်တရာမှ သပ္ပာယ်လှသည်။ ထုံးချည်း၊ ရွှေရောင်ချည်း မဟုတ်သဖြင့် အမြင်ဆန်း၍ တင့်တယ် သပ္ပာယ်လှသည်။ ထိုလွတ်လပ်ရေးဆုတောင်းပြည့်စေတီလေးကို ဖလမ်းမြို့တွင် သာသနာပြုသွားခဲ့သော တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ (အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) က ပြန်လည် ပြုပြင်မွမ်းမံ တည်ထားခဲ့ခြင်းဖြစ်သည်ဟု သိရှိရပါသည်။

ထိုလွတ်လပ်ရေးစေတီအနီးတွင် လွတ်လပ်ရေးသိမ်တော်ကို တွေ့ရှိခဲ့ရပါသည်။ လွတ်လပ်ရေးသိမ်တော်ကို ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရစဉ်က စေတီနှင့်အတူတည်ထားခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပြန်လည် မွမ်းမံ တည်ဆောက်ထားသည် သိရသည်။

ထိုလွတ်လပ်ရေးစေတီ၊ ဇမ္ဗူထွန်းခေါင်စေတီ၊ ရန်ပြေမာန်ပြေနိုင်ငံခ အောင်တော်မူဓာတ်ပေါင်းစုဆုတောင်းပြည့်စေတီအနီးတွင် တောင်ပေါ်ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိသည်။ ထိုကျောင်းတွင် သီတင်းသုံးနေထိုင်၍ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရက ဘုရားစေတီ၊ ရုပ်ပွားတော်များကို တည်ထားခဲ့သည်ဟု သိရပါသည်။ ယခုအခါမူ ကလေးမြို့နယ် မြို့ကြီးကုန်းက ဆရာတော် အရှင်အာဒိစ္စက သီတင်းသုံး စောင့်ရှောက်လျက်ရှိပါသည်။ ထိုဆရာတော်ကပင်-

"ဒကာကြီး၊ ဒီမှာ ဇမ္ဗူထွန်းခေါင်စေတီကြီးအက်ကွဲနေပါပြီ။ ပြုပြင်သူ ကုသိုလ်ရှင်မရှိလို့ မပြင်နိုင်သေးဘူး။ ဒကာပေါ်လာအောင် ဓာတ်ပုံရိုက်သွားပါဦး"

ဟု အက်ကွဲနေသော စေတီတော်ကို ပြသပါသည်။ စေတီ၏လက်ဝဲဘက်ဒေါင့်၌ ငါးတောင်ခန့် အက်ကြောင်းကြီးပေါ်နေပါသည်။ ကုသိုလ်ရှင်များ ပြုပြင်ပေးရန် နှိုးဆော်လိုက်ရပါသည်။ ထိုကဲ့သို့ စေတီအက်ကွဲရခြင်းမှာ စေတီကိုမြေသားမကျမီ တစ်နှစ်တည်းနှင့် အပြီးတည်ခဲ့ခြင်းကြောင့်ဟု သိရပါသည်။ ကုသိုလ်ရှင်များ ပြုပြင်နိုင်ကြပါစေသတည်း။


"ကဲ- ဆရာကြီး၊ ဟိုဘက်က ဝန်ကြီးချုပ်ဦးနု စိုက်ပျိုးခဲ့တဲ့ ဗောဓိညောင်ပင်ကြီးဆီ သွားရအောင်"

ဟု လိုက်ပို့သော ဆရာတော် ဦးဥတ္တရကခေါ်သဖြင့် ဆရာတော်နောက် လိုက်သွားပါသည်။

ဝန်ကြီးချုပ်ဦးနုစိုက်ပျိုးထားသော ဗောဓိညောင်ပင်ကြီးကား ရန်ပြေမာန်ပြေ ဆုတောင်းပြည့်စေတီ၏ မျက်နှာချင်းဆိုင်လမ်းတစ်ဖက်တွင် ရှိပါသည်။ 'နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ ၂၄-၃-၁၉၅၀ (သောကြာ) နေ့တွင် စိုက်ပျိုးလှူဒါန်းသည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ဗောဓိညောင်ပင်' ဟု ကမ္ပည်းထိုး ရေးသားထားပါသည်။ ရွှေရောင်စာလုံးများဖြစ်၍ လမ်းပေါ်ကပင် ထင်ရှားစွာ မြင်တွေ့နိုင်ပါသည်။ ထိုဗောဓိပင်ကြီးကို ကြည့်ရာ အရွက်ကြွေ၍ အရိုးပြိုင်းပြိုင်းဖြစ်နေသည်ကို တွေ့ခဲ့ရပါသည်။ ထိုဗောဓိပင်၌ နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ကဆုန်ညောင်ရေသွန်းပွဲများ ကျင်းပပြုလုပ်ပူဇော်သည်ဟု သိရပါသည်။ ညောင်ပင်ကြီး၏ညာဘက်တွင်ကား တံခွန်တိုင်နီနီရဲရဲက မိုးပေါ်သို့ထိုးထွက်နေပါသည်။ သာသနာ့အောင်လံ



ချင်းတောင်ထွက်ပန်းသီးနှင့် လိမ္မော်တွေ ရောင်းချတဲ့ ဖလမ်းမြို့နယ် ဗားလုံရွာကလေးက 'ချယ်ရီ' စားသောက်ဆိုင်



အင်ကြင်းပန်းရနံ့ သင်းပျံ့ကြိုင်လှိုင်နေသော
ကလေး-ဖလမ်း ဟားခါးသွား ကားလမ်းပေါ်ရှိ မဏိပူရမြစ်ဖြတ် ဗားင်မြတား



www.burmeseclassic.com

www.burmeseclassic.com

ချင်းပြည်နယ်တွင် မှတ်တိုင်စိုက်ထူနေခြင်းပင် ဖြစ်သည်။ တံခွန်တိုင်မှာ တံခွန်အလွှားမရှိ၍ လေတွင် တလူလူမလွင့်နိုင်တော့ပါချေ။

ထိုဗောဓိညောင်ပင်၊ ဇမ္ဗူထွဋ်ခေါင်စေတီ၊ လွှတ်လပ်ရေးစေတီတို့မှာ ဖလမ်းမြို့၏ အမြင့်ဆုံး မြောက်ဘက်စွန်းတောင်ကုန်းပေါ်တွင် တည်ထားရာ မြို့ဖလမ်းကို လွှမ်းခြုံ၍ ရှုမြင်နေရပါသည်။ မြို့ဖလမ်းကား လှေကားထစ်တောင်စွယ်တောင်တန်းပေါ်များ၌ လမ်းပေါ်မေးတင်၍ဆောက်လုပ်ထားရာ လှမှလှသေးတော့၏။ မှိုမောက်ချွန်တက်နေသော နှစ် (၁၀၀) ပြည့် ခရစ်ယာန်သာသနာ့ဗိမာန်ကြီးကလည်း မြို့ပေါ်ကို လွှမ်းခြုံလျက် ရှိပါသည်။

ထိုဗိမာန်နှင့် မြို့ပေါ်ကို လွှမ်းခြုံနေသည်ကား ဆရာတော်ကြီး ဦးဥတ္တမသာရ တည်ထားတော်မူခဲ့သော စေတီကြီးများပင် ဖြစ်သည်။ ဖလမ်းမြို့အလှခံစားကြည့်နေစဉ်-

"ကဲ- မြို့တောင်ဘက်စွန်းက ဇမ္ဗူအေးစေတီကို သွားကြမယ်"

ဟု ဆရာတော် ဦးဥတ္တရက နှိုးဆော်လာသဖြင့် ကျွန်တော်တို့သည် စီးလာသော ဆိုင်ကယ်နှစ်စီးဖြင့်ပင် ဗောဓိညောင်ပင်ကဆင်း၍ လာလမ်းအတိုင်း ပြန်ဆင်းကာ ဖလမ်းမြို့ကိုဖြတ်၍ ဟားခါးလမ်းအတိုင်း ဆင်းလာခဲ့ကြပါသည်။ (၄) မိုင်ကျော်ကျော် ခရီးနှင်ကြရသည်။ တောင်ဆင်းဖြစ်၍ အမြန်ရောက်ပါသည်။

လွှတ်လပ်ရေးစေတီရှိရာ မြောက်ဘက်တောင်ထိပ်နှင့်ဇမ္ဗူအေးစေတီရှိရာ တောင်ဘက်တောင်ထိပ်နှစ်သွယ်ကား (၅) မိုင်ခန့် ကွာဝေးပါသည်။ ဖလမ်းမြို့တောင်ဘက်ထိပ်နှင့် မြောက်ဘက်ထိပ်တောင်ပေါ်တွင် စေတီများကိုတည်ထားခဲ့ခြင်း ဖြစ်ပါသည်။ မြောက်ဘက်က ကလေးမြို့မှ ဖလမ်းအဝင်၊ တောင်ဘက်က ဖလမ်းမှ ဟားခါးအထွက်လမ်းပင် ဖြစ်သည်။ အမြော်အမြင် ကြီးမားသော တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရကို ချီးကျူးမိသည်။

ကျွန်တော်တို့သည် မြို့တောင်ဘက်ရှိ ဖလမ်းမှ ဟားခါးလမ်းဘေးရှိ ဇမ္ဗူအေးစေတီတော်ကို ရောက်ရှိသောအခါ နံနက် (၁၁) နာရီ ထိုးနေပါပြီ။ ဇမ္ဗူအေးစေတီတော်ရှိရာ တောင်ကုန်းပေါ်သို့တက်၍ ဇမ္ဗူအေးစေတီတော် သိမ်နှင့် တံခွန်တိုင်ရှုပ်ပွားတော်တို့ကို ဓာတ်ပုံရိုက်ယူကြပါသည်။

ဇမ္ဗူအေးစေတီတော်ကို ၁၉၅၈ ခုနှစ်က တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးစီးတည်ထားတော်မူခဲ့ခြင်း ဖြစ်သည်။ ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု တင်ပိုင်ကျောင်းတွင် စတင်သီတင်းသုံးစဉ်က တည်ထားခဲ့သော စေတီဖြစ်သည်။ ထိုစေတီမှာ နှစ်ကာလကြာ၍ ပျက်စီးယိုယွင်းနေသဖြင့် ယခုလက်ရှိ သာသနာပြုနေသော တောင်တန်း သာသနာပြုဆရာတော် ဘဒ္ဒန္တ အရိယဝံသ (သဒ္ဓမ္မဇောတိကဓဇ) စာရေးသူကို ဖိတ်ခေါ်သော ဆရာတော်က ပြန်လည် ပြုပြင်တည်ထားတော်မူခြင်း ဖြစ်သည်။

ထိုစေတီနှင့် သိမ်ကို ပြန်လည်ပြုပြင်ထားကြောင်း ကျောက်စာရေးထိုး၍ ကမ္ပည်းမော်ကွန်းထိုးထားပါသည်။ သိမ်တော်ကို ၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်နေ့တွင် ရန်ကုန်မြို့ အလှူရှင် ဦးလေးခိုင် (ညွှန်ကြားရေးမှူး - စီမံ) ပြန်ကြားရေးဝန်ကြီးဌာနမိသားစုတို့က ကုသိုလ်ပြု လှူဒါန်းထားခြင်း ဖြစ်ပါသည်။ သိမ်တော်မှာ နှစ်ခန်းတွဲ နံကပ်တိုက်ကလေး ဖြစ်သည်။

သိမ်အနီးက ဇမ္ဗူအေးစေတီတော်မှာ ဉာဏ်တော် (၁၈) တောင်ခန့်ရှိပြီး ရွှေတိဂုံပုံစံ တည်ထားပါသည်။ အရံစေတီ (၄) ဆူဖြင့် ပန်းရသပွာယ်တော်မူပါပေသည်။ ဖလမ်းမြို့၏တောင်ဘက်စွန်း တောင်စွယ်တွင် တည်ထားတော်မူသဖြင့် ဖလမ်းမြို့ မြို့လယ်စျေးကြီးမှ အထင်းသား ဖူးမြော်နိုင်ပါသည်။

ထိုစေတီအောက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု တင်ပိုင်ကျောင်းတွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ယခုအခါ တတိယအကြိမ်မြောက်ရှိပါပြီ။ နှစ်စဉ် ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပသွားမည်ဟု ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပဋ္ဌာန်းပွဲကို ထမင်းစားဖိတ်ရင်း လိုက်လံ ပြောပါသည်။ အဆိုပါ ပဋ္ဌာန်းပွဲကျင်းပရာ တင်ပိုင်ကျောင်းမှာ ဖလမ်းမြို့တွင် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ စတင် သာသနာပြု သီတင်းသုံးရာကျောင်း ဖြစ်သည်။ ယနေ့တိုင် ဆရာတော် တရားထိုင် တရားကျင့်ကြံအားထုတ်ခဲ့သော အုတ်ကျောင်းကလေး ရှိနေပါသေးသည်။ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေး သီတင်းသုံးနေသော သစ်သားကျောင်းဟောင်းကလေးမှာလည်း ယနေ့တိုင် ရေနံချေးမည်းမည်းဖြင့် ရှိနေဆဲ ဖြစ်ပါသည်။ ထိုကျောင်းမှာ နှစ်ပေါင်း (၁၀၀) ကျော်ရှိနေပြီး ဦးကောဏ္ဍည၊ ဦးစန္ဒောဘာသ၊ ဦးပညာဝံသ၊ ဦးကုဏ္ဍာစရိယနှင့် ယခုလက်ရှိဆရာတော် ဦးသုမနတို့ အဆက်ဆက် သာသနာပြုခဲ့ကြပါသည်။

ထိုကျောင်းဆောင်ကလေးတွင် ပဋ္ဌာန်းပွဲနေ့(မတ်လ ၂၆ ရက်)က စာရေးသူ အချို့ပွဲ သုံးဆောင်ခဲ့ရပါသေးသည်။ ပဋ္ဌာန်းပွဲကို ဒေသခံ ဗုဒ္ဓဘာသာဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အဝေးရောက် ဗုဒ္ဓဘာသာဝန်ထမ်းများ၏ လှူဒါန်းငွေဖြင့် ကျင်းပပြုလုပ်ခြင်း ဖြစ်ပါသည်။ ပဋ္ဌာန်းပိတ်ပွဲသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းလည်း တက်ရောက်အားပေးသည်ကို တွေ့ရှိခဲ့ရပါသည်။

တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ ဖလမ်းမြို့တွင် သာသနာပြု သီတင်းသုံးနိုင်ရန် ကလေးမြို့နယ် နတ်ချောင်းရွာက စာရေးသူ၏ ဥပဇ္ဈာယ်ဆရာတော် ဖြစ်တော်မူသော နတ်ချောင်းရန်ကင်းကျောင်းတိုက်ဆရာတော်ဦးဥတ္တရမှ ပံ့ပိုးကူညီပေးခဲ့ပါသည်။ ဆရာတော်ကြီး ဦးဥတ္တမသာရ ဖလမ်းမြို့မတက်မီတွင် ကျွန်တော်တို့ နတ်ချောင်းရွာ ပန်းမွန်ချောင်းအနီး၌ တစ်နှစ်ကြာ သီတင်းသုံး နေထိုင်သွားတော်မူခဲ့ပါသည်။ စာရေးသူမှာ အခုမှ ဖလမ်းမြို့ရှိ ဆရာတော်ကြီး၏ကျောင်းသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။

ဖလမ်းခရိုင်သာသနာရေးဦးစီးမှူးမှာလည်း စာရေးသူ၏ နဝမတန်းတပည့် ဖြစ်နေပြန်ရာ ဖလမ်းကား စာရေးသူနှင့် ပဋ္ဌာန်းဆက်မိနေလေပြီတည်း။ စာရေးသူမှာ ဆရာတော်ကြီး ဦးဥတ္တမသာရကို နတ်ချောင်းရွာညတရားပွဲဟောလာစဉ်က တစ်ကြိမ်သာ ဖူးမြော်ခဲ့ဖူးပါသည်။ ယခုတော့ ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းရှိ ဆရာတော်ကြီး၏ ပုံတူပန်းချီကားကြီးကိုသာ အကြိမ်ကြိမ် ဦးချကန်တော့လိုက်ရပါတော့သတည်း။

*(မှတ်ချက် - စာရေးသူအား ဆိုင်ကယ်နှစ်စီးဖြင့် လိုက်ပို့သည့် ဦးအောင်နိုင်ဝင်း-သစ်တောဦးစီးမှူးနှင့် ကိုကျော်ကျော်ဇိုလ်မြင့် (ရွှေပန်းထိမ်) တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း)*

[illegible]



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် စတုက္ကနိပါတ်၊ စူဠကုဏာလဝဂ်၊ ကေသဝဇာတ်တော်တွင် ဖြဟ္မဒတ်မင်းအဖြစ်နှင့် ဘုရားအလောင်းတော် ကပ္ပရသေ့အား ကြည်ညိုလေးမြတ်စွာ ဆည်းကပ်ခဲ့ဖူးပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် ကာသိတိုင်းအတွင်းတွင် နေထိုင်လျက်ရှိသော ပုဏ္ဏားမျိုးမှ ဖွားမြင်လာခဲ့၏။ အလောင်းတော် သတို့သားအတွက် အမည်ပေးမင်္ဂလာသဘင်ကျင်းပကြသောအခါ ဗြဟ္မဏပညာရှင်များက ကပ္ပသတို့သား ဟူ၍ အမည်ပေးကြလေသည်။

အလောင်းတော် ကပ္ပသတို့သား အရွယ်ရောက်လာသောအခါ တက္ကသိုလ်မြို့တော်သို့ သွားရောက်၍ ယောက်ျားသားတို့ တတ်သင့်တတ်ထိုက်သော ပညာရပ်မျိုးစုံကိုသင်ယူ၏။ ပညာစုံသင်ယူပြီး၍ မိဘရပ်ထံသို့ ပြန်လာခဲ့သောအခါ အိမ်ထောင်သားမွေးကိစ္စများကို မပြုလိုသဖြင့် မိဘများထံ ခွင့်ပန်ပြီးလျှင် ဟိမဝန္တာတောကြီးသို့ဝင်၍ ရသေ့အဖြစ်ကို ခံယူလေသည်။

ထိုအချိန်၌ ဗကဗြဟ္မာကြီး၏ အလောင်းလျာသည် ကေသဝ ဟူသော ဘွဲ့အမည်ဖြင့် ရသေ့ဆရာကြီးတစ်ပါးဖြစ်၍ ဟိမဝန္တာတော၌ သီတင်းသုံးလျက်ရှိ၏။ ကေသဝရသေ့ကြီးထံတွင် နည်းခံ၍ မှီခိုနေထိုင်ကြသော တပည့်ရသေ့များမှာ ငါးရာမျှရှိနေကြ၏။ ဘုရားအလောင်းတော် ကပ္ပရသေ့သည် ဟိမဝန္တာတောအတွင်းမှာ လှည့်လည်သွားလာရင်း ကေသဝရသေ့ကြီး၏ ကျောင်းသင်္ခမ်းသို့ ရောက်လာ၍ ဆရာရသေ့ကြီးအား ရိုသေလေးမြတ်စွာ ဦးခိုက်ရှိခိုး၏။ ကေသဝရသေ့ကြီးသည် ကပ္ပရသေ့၏သွင်ပြင်လက္ခဏာနှင့်တကွ သက်ကြီးဝါကြီးပုဂ္ဂိုလ်များအပေါ် ရိုသေကိုင်းညွှတ်တတ်သောစိတ်သဘောကို အားရကျေနပ်လှသဖြင့် မိမိတို့နှင့်အတူ နေထိုင်ရန် ဖိတ်ကြား၏။ အလောင်းတော် ကပ္ပရသေ့ကလည်း ဖိတ်ကြားချက်ကို လက်ခံသဖြင့် ဆရာရသေ့ကြီးက ကပ္ပရသေ့အား တပည့်ငါးရာတို့၏ အကြီးအမှူးအရာထားပြီး ချီးမြှောက်လေသည်။

အလောင်းတော် ကပ္ပရသေ့သည် ကေသဝရသေ့ကြီးထံမှောက်သို့ ရောက်လာချိန်မှစ၍ ဆရာရသေ့ကြီးအား ခြေဆုပ်လက်နယ် ပြုစု၏။ ရေပူရေချမ်းတို့ကို အခါအားလျော်စွာ ဆက်ကပ်လေ၏။ ဆရာရသေ့ကြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေရန် နံနက်စောစောကြီးထပြီးလျှင် ယာဂုကျို၍ ဆက်ကပ်၏။ တပည့်ရသေ့များ ရှာဖွေ စုဆောင်းလာခဲ့သမျှ သစ်သီးများထဲမှ ဆရာရသေ့ကြီးအတွက် သင့်လျော်မည့် သစ်သီးများကိုသာ ရွေးချယ်၍ ဆက်ကပ်၏။ ဤသို့ တပည့်တို့၏ တာဝန်ဝတ္တရားတို့ကို စိတ်ပါလက်ပါ ပြုစုဆောင်ရွက်လာခဲ့သဖြင့် ကပ္ပရသေ့ကို ကေသဝရသေ့ကြီးက တစ်ရက်ထက်တစ်ရက် ပိုမို၍ မေတ္တာသက်ဝင်လာလေသည်။

ဤသို့ဖြင့် ဆရာတပည့်တွေ စိတ်နှလုံးအေးချမ်းစွာ နေလာခဲ့ကြရာက မိုးရာသီနှင့် နီးကပ်လာခဲ့၏။ ဟိမဝန္တာတောကြီးသည် ဟိမဝန္တာတောင်၏ တောင်စဉ်တောင်တန်းများ၊ တောင်ကြားက လျှိုမြောင်ချပ်ကြားများမှာ တည်ရှိနေသဖြင့် မိုးရာသီရောက်လာလျှင် ရာသီဥတုက ပြင်းထန်လှ၏။ မိုးတွေက နေ့ရောညပါ ရွာချင်တိုင်းရွာနေ၏။ ရွာလာလေသမျှ မိုးများမှာလည်း



မိုးသေးမိုးဖွဲ ဟူ၍ မရှိ။ တကယ့်တကယ် အားကောင်းလှသည့် မိုးသည်းကြီးများသာ ဖြစ်ကြပေသည်။

ထို့ကြောင့် တောနေရသေ့များသည် ဝါဆိုလဆန်း၍ မိုးတွင်းပိုင်းသို့ နီးလာလျှင်ပင် ဟိမဝန္တာတောင်တန်းများပေါ်ကဆင်းကာ မြေပြန့်ရှိ ကျေးလက်မြို့ရွာများသို့ ချဉ်းကပ်၍ မိုးခိုကြရ၏။ သို့ဖြစ်၍ ဆရာဖြစ်သူ ကေသဝရသေ့ကြီးနှင့်တကွ တပည့်ရသေ့အားလုံးတို့သည် ဟိမဝန္တာတောင်ပေါ်မှဆင်းလာခဲ့ကြ၍ တစ်ရွာဝင်တစ်ရွာထွက် ခရီးဆက်လာ



www.burmeseclassic.com

www.burmeseclassic.com


ကြရာ ဗာရာဏသီမြို့တော်သို့ ဆိုက် ရောက်လာခဲ့ကြလေသည်။

ထိုအချိန် ညီတော်အာနန္ဒာ၏ အလောင်းလျာသည် ဗာရာဏသီမြို့ တော်၌ ပြဟ္မဒတ် ဟူသော ဘွဲ့အမည် ဖြင့် ထီးနန်းစိုးစံလျက်ရှိ၏။ ထို့အတူပင် အရှင်သာရိပုတ္တရာအလောင်းအလျာ ကလည်း နာရဒအမည်ရှိသောအမတ် တစ်ဦးဖြစ်၍ ပြဟ္မဒတ်မင်း၏အမှုတော် ကို ထမ်းဆောင်လျက်ရှိပေသည်။

ကောသဝရသေ့နှင့်တကွ တပည့် ရသေ့များသည် ဗာရာဏသီမြို့တော် အတွင်းသို့ ဝင်ရောက်ပြီးလျှင် အစွန်အ ဖျားအိမ်များမှ စတင်ဆွမ်းခံကြ၏။ ဆရာ ရောတပည့်များပါ ကြန်အြေသိက္ခာ ပြည့်စုံ စွာ ဆွမ်းခံနေကြသည်ကို ပြဟ္မဒတ်မင်း ကလည်း ရွှေနန်းတော်လေသာပြတင်း ၌ လှမ်းမြော်ဖူးမြင်ရသဖြင့် ကြည်ညိုစိတ် များ ပွားစီးလာကြ၏။

သို့ဖြစ်၍ ပြဟ္မဒတ်မင်းသည် ကောသဝရသေ့ကြီးနှင့်တကွ တပည့် ရသေ့အားလုံးကို ရွှေနန်းတော်သို့ ပင့် ဆောင်ပြီးလျှင် ဆွမ်းခဲဖွယ်များ ဆက် ကပ်၏။ ဆွမ်းကိစ္စများ ပြီးစီးသောအခါ

ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ





ဝဏ္ဏသီရိ

အစွမ်းအထက်ဆုံးသေး



www.burmeseclassic.com

www.burmeseclassic.com

မိမိ၏ ဥယျာဉ်တော်မှာပင် ဝါကပ်၍ သီတင်းသုံးပါရန် လျှောက်ထား၏။ ကေသဝရသေ့ကြီးကလည်း ထိုလျှောက်ထားချက်ကို လက်ခံလိုက်လေသည်။

ဝါတွင်းကာလတစ်လျှောက်လုံး ဗြဟ္မဒတ်မင်းသည် ရသေ့အားလုံးအား နန်းတော်မှာ ဆွမ်းဆက်ကပ်လာခဲ့၏။ ရသေ့များအတွက် နေထိုင်စရာ အဆောက်အအုံများနှင့်တကွ လိုအပ်သမျှသောပစ္စည်းများဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့ထား၏။ ဤသို့ဖြင့် ဝါတွင်းသုံးလပတ်လုံး ဆရာနှင့်ဒကာတို့ တရင်းတနှီး ဆက်ဆံလာခဲ့လေရာ ရက်တွေအချိန်တွေ ကြာလာသည်နှင့်အမျှ ကေသဝရသေ့ကြီးအပေါ်မှာ ဗြဟ္မဒတ်မင်း၏ မေတ္တာစေတနာများက ပို၍ပို၍ အားကောင်းလာကြပါတော့သည်။

ထိုမေတ္တာထိုစေတနာများကြောင့်ပင် ဗြဟ္မဒတ်မင်းမှာ ကေသဝရသေ့ကြီးနှင့် ခွဲခွာရမည့်အရေးကို ဝန်လေးနေ၏။ ကေသဝရသေ့ကြီးကို မိမိ၏ ဥယျာဉ်တော်မှာပင် ဆက်လက်၍ ရှိနေစေချင်၏။ အမြဲတမ်း ပြုစုလုပ်ကျွေး၍ နေချင်လှ၏။ ထို့ကြောင့် မိုးတွင်းကာလများကုန်ဆုံး၍ ခြေခင်းလက်ခင်းတွေသာလာပြီး ရသေ့များ ပြန်ကြွရန်ပြင်ဆင်ကြသောအခါ ဗြဟ္မဒတ်မင်းက သူ၏ အလိုဆန္ဒကို တင်ပြလျှောက်ထား၏။

“အရှင်ဘုရား၊ ဟိမဝန္တာတောကြီးမှာ ရသေ့သူတော်စင်များ မွေ့လျော်ပျော်ပိုက်ရာ ဖြစ်ပါတယ်။ ဒါပေမယ့် အားကောင်းမောင်းသန် အရွယ်ကောင်းသူများနဲ့သာ သင့်လျော်ပါတယ်။ တောထဲတောင်ထဲမှာ ရနိုင်သမျှ အစားအစာ အကြမ်းစား၊ အညံ့စားတွေသာ ရှိနေကြမှာပါ။ အဲဒီလိုအစားအစာတွေနဲ့ဆိုရင် ဆရာရသေ့ကြီးနဲ့ အဆင်ပြေမှာ မဟုတ်ပါဘူး။ ဆရာရသေ့ကြီးမှာလည်း အသက်အရွယ်ကကြီးလာပြီဆိုတော့ ကျန်းမာရေးအတွက် ငဲ့ကွက်ဖို့က လိုအပ်လာပါပြီ။ ဒါကြောင့် တပည့်ရသေ့များ ဟိမဝန္တာန်ပြန်လိုက ပြန်နိုင်ပါတယ်။ ဆရာရသေ့ကြီးကတော့ ဥယျာဉ်တော်မှာ ဆက်ပြီးသီတင်းသုံးတော်မူပါဘုရား”

ဤသို့ လျှောက်ထားလိုက်သည့်အတွက် ကေသဝရသေ့ကြီးမှာ အခက်တွေ့ရတော့၏။ မိမိမှာ ဗြဟ္မာ့ဘုံနှင့် လူ့ဘုံကို စုန်ချည်ဆန်ချည်လုပ်နေရသူ ဖြစ်၏။ ဗြဟ္မာ့သက်နှင့် လူတို့သက်တမ်းမှာ အလွန့်အလွန် ကွာခြားလှသဖြင့် ဗြဟ္မာ့ဘုံမှာနေခဲ့ရသည့်အချိန်တွေက ပို၍များနေ၏။ ထိုမှတစ်ဖန် လူ့ဘုံသို့ရောက်လာရပြန်တော့လည်း လူသူမနီးသည့် တောထဲတောင်ထဲမှာ ဈာန်သမာပတ်ချမ်းသာကိုသာ ခံစား၍လာခဲ့ရ၏။

သို့ဖြစ်၍ မိုးတွင်းကာလများ၌ မတတ်သာ၍သာ လူတို့ရပ်ထံမှာ ခိုလှုံလာခဲ့ရ၏။ မိုးတွေလေတွေစဲသွားသည်နှင့်တစ်ပြိုင်နက် နေရင်းဌာနသို့သာပြန်သွားချင်၏။ ထို့အပြင် မိမိတပည့်ကြီးဖြစ်သော ကပ္ပရသေ့နှင့်ခွဲခွာ၍နေရစ်ရမည့်အရေးကလည်းရှိနေပါသေးသည်။ မိမိဘက်က ဤသို့သော အကြောင်းတရားတွေရှိနေသလိုပင် ဒကာဖြစ်သူ ဗြဟ္မဒတ်မင်းအတွက် ငဲ့ကွက်စရာကလည်း ရှိနေပြန်၏။ တစ်ဝါတွင်းလုံး မိမိနှင့်တကွ တပည့်ရသေ့အပေါင်းအား လိုလေသေးမရှိ ပြုစုစောင့်ရှောက်လာခဲ့သည့် ကျေးဇူးတရားများကို ထောက်ထားရန်ရှိနေဘိ၏။ မိမိကငြင်းပယ်လိုက်လျှင် သူ့ဘက်က စိတ်နှလုံးထိခိုက်သွားမည့်အရေးကို တွေး၍ကြောင့်ကြမိ၏။ ထို့ကြောင့် ကပ္ပရသေ့နှင့်တကွ တပည့်ရသေ့များကိုသာ ဟိမဝန္တာသို့ ပြန်လွှတ်လိုက်ပြီးလျှင် မိမိကတော့ ဥယျာဉ်တော်မှာ ဆက်၍နေရစ်ခဲ့ရပါပေသည်။

ဗြဟ္မဒတ်မင်းသည် ကေသဝရသေ့ကြီး၏ကျန်းမာရေးအတွက် ဆက်လက်၍ ပြုစုစောင့်ရှောက်ခွင့် ရလိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ပြုစုလုပ်ကျွေး၏။ အသက်အရွယ်ကြီးရင့်လာသည့် ရသေ့ကြီးအတွက် အာဟာရဖြစ်စေရန် အနူးညံ့ဆုံးဖြစ်သောသလေးဆန်ကို အတော်ဆုံး၊ အတတ်ဆုံး စားတော်ကဲ အမှုထမ်းများကို ချက်ပြုတ်စေ၏။ ကောင်းပေ့၊ နူးညံ့ပေ့ဆိုရသော ဆွမ်းဘောဇဉ်ကို တစ်ရက်လျှင်တစ်မျိုးမရိုးရအောင် စီမံချက်ပြုတ်ကြော်လှော်ထားသောအသားဟင်းလျာတို့ဖြင့် ဖွယ်ဖွယ်ရာရာ ပြင်ဆင်၍ ဆက်ကပ်လေသည်။

ပြည့်ရှင်မင်း၏ ဥယျာဉ်တော်ကျောင်း၌ ချမ်းချမ်းသာသာ သီတင်းသုံးကာ ကောင်းမွန်မြိန်မြတ်လှစွာသော ဆွမ်းဘောဇဉ်များကြောင့် ရသေ့ကြီးမှာ ပိုမို၍ အသားအရေစိုပြည်လာလိမ့်မည်ဟု ဗြဟ္မဒတ်မင်းက မျှော်လင့်ထားမိ၏။ သို့ပါလျက် ကေသဝရသေ့ကြီး၏ အခြေအနေက မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာခဲ့ပေ။ ကောင်းသည်ထက် ကောင်းအောင်၊ နူးညံ့သည်ထက် နူးညံ့အောင် ဖန်တီး၍ပြုစုလုပ်ကျွေးနေသည့်ကြားကပင် ဆရာရသေ့ကြီးမှာ ညှိုးညှိုးနွမ်းနွမ်းဖြစ်လာခဲ့ရ၏။ မှီဝဲလေသမျှ အစားအစာတို့သည် ဆရာရသေ့ကြီးဝမ်းထဲမှာ သဘာဝအတိုင်း ကြေကျက်၍မသွားကြသဖြင့် အသွေးအသား ဖြစ်မလာကြပေ။ ထို့ထက်ဆိုးသည်မှာ မှီဝဲလိုက်သော အစားအစာများက အစာမကြေ ဝမ်းအဖြစ်သို့ ကူးပြောင်းကာ အပြင်အပသို့ ဒလဟောဆင်းသွားခြင်းဖြစ်၏။ ဝမ်းတွေသွားပြီးရင်းသွားနေသဖြင့် အစာအိမ်လမ်းကြောင်းများကို ထိခိုက်ကာ ဝမ်းသွားရာတွင် သွေးရောင်များ လွှမ်းလာရပါတော့သည်။

ဤတွင် ဗြဟ္မဒတ်မင်းသည် မိမိစိုးပိုင်ရာ နိုင်ငံတော်တစ်ဝန်းလုံး၌ အတော်ဆုံး အတတ်ဆုံး သမ္မာအရင့်ဆုံး သမားတော်ကြီး (၅) ယောက်တို့အား ကုသရန် တာဝန်ပေးရ၏။ သမားတော်ကြီးများကလည်း လူနာ၏အခြေအနေအရပ်ရပ်ကို လေ့လာ သုံးသပ်ပြီးလျှင် အစွမ်းအထက်ဆုံးဆေးများကို တိုက်ကျွေးကြ၏။ အံသင့်လျော်ဆုံးသော ကုထုံးဖြင့် ကုသကြ၏။ သမားတော်ကြီးတို့ တိုက်ကျွေးသည့်ဆေးများသည် ဆေးစွမ်းတော့ ပြပါ၏။ ရွေးချယ်ထားသော ကုထုံးကြောင့် သက်သာသင့်သလောက် သက်သာပါ၏။ သို့ရာတွင် သက်သာသည့် အခြေအနေထက်ကား ပိုမလာခဲ့ပါ။ ဤတွင် သမားတော်ကြီးများက ကောင်းသည်ထက်ကောင်းသောဆေးများကို ပြောင်း၍တိုက်ကျွေးကြရပြန်၏။ ဆေးတွေသာ တစ်မျိုးပြီးတစ်မျိုးပြောင်းလာကြသည်။ ကေသဝရသေ့ကြီး၏ ရောဂါကတော့ မထူးခြားလာပါ။ ဝမ်းသွားရာတွင် သွေးပါဖန်များလာသဖြင့် တစ်နေ့ထက်တစ်နေ့ ပိန်ချုံးချိနဲ့၍လာပါတော့သည်။

ဤအတိုင်းသာ နေသွားပါက အခြေမလှဖြစ်ရတော့မည်ဟု သဘောပေါက်လာသဖြင့် ကေသဝရသေ့ကြီးမှာ ဗြဟ္မဒတ်မင်းအား နောက်ဆုံးမေးခွန်းကို မေးလိုက်ရတော့၏။

“ဒကာတော်မင်းမြတ်၊ ဒကာတော်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ဖြစ်နေပြီမဟုတ်လား။ ဒီအတိုင်းသာ ရှေ့ဆက်နေသွားလို့ကတော့ သေဖို့ပဲရှိတော့တယ်။ ဒါကြောင့် ဒကာတော်မင်းမြတ်က ငါတို့သေတာကို လိုလားပါသလား၊ ငါတို့ရှင်တာကို လိုလားပါသလား”

ဤမေးခွန်း၏အဖြေက ရှင်းလှပါ၏။ ကြည်ညိုလေးမြတ်ခြင်းအပြည့်နှင့်ဆည်းကပ် ကိုးကွယ်နေသော ပုဂ္ဂိုလ်း



www.burmeseclassic.com

www.burmeseclassic.com

ပါး ဒါယကာတစ်ယောက်အဖို့ အသက်ရှင်တာကို လိုလားပါတယ် ဘုရား" လျှောက်ထားလိုက်ရုံကလွဲ၍ အခြားမရှိပါ။ သို့ပါလျက် ဗြဟ္မဒတ် မင်းမှာ အလျှောက်ရခက်နေရလေ၏။ အလျှောက်ရခက်နေခြင်းမှာ ကေသဝ ရသေ့ကြီး အသက်မရှင်စေလို၍ မဟုတ် ပါ။ ဤသို့သောစေတနာမျိုး လုံးဝမရှိ ပါ။ သို့ရာတွင် ဤသို့လျှောက်ထား သည်နှင့်တစ်ပြိုင်နက် ဆရာရသေ့ကြီး ကိုလည်း တစ်ခါတည်း စွန့်လွှတ်လိုက်ရ တော့မှာ မဟုတ်ပါလား။

ကေသဝရသေ့ကြီးမှာ မိမိတို့အား ကောင်းမြစ်တား၊ ကောင်းရာညွှန်ပြနေ သည့် ဆရာသမားလည်း ဖြစ်၏။ မိမိတို့ အား ဗြဟ္မစိုရ်တရားလေးပါးတို့ဖြင့် အ ဆောင့်အရှောက်ပေးနေကြသည့် ခမည်း တော်ကြီးလည်း ဖြစ်နေ၏။ မိမိ၏ဘဝ တစ်သက်တာတွင် ဤမျှလောက် ကြည် ညိုဖွယ်ကောင်းသည့် ဆရာသမားကို အဖျားစားရဖို့က မလွယ်ပါ။

သို့ဖြစ်၍ ရုတ်တရက် နှုတ်ထွက် ၍ရနိုင်ဘဲရှိနေရာမှ ရှောင်လွှဲရန်လမ်း မမြင်တော့သဖြင့် အထစ်ထစ်အငေ့ါငေ့ါ ဖြင့် လျှောက်ထားလိုက်ရပါတော့သည်။

ထို့နောက်တွင်ကား ကေသဝ ရသေ့ကြီးအား ဟိမဝန္တာသို့ ပို့ဆောင်ရန် စီစဉ်ကြရ၏။ ပို့ဆောင်ရေးအဖွဲ့ကို ဦး ဆောင်ရန် နာရဒအမတ်က တာဝန်ယူ ရ၏။ ထို့အပြင် တောကျွမ်းကျင်သော မုဆိုးတစ်ယောက်ကို လမ်းပြရန်တာဝန် ပေးထားသဖြင့် ပို့ဆောင်ရေးအဖွဲ့သည် ကပ္ပရသေ့နှင့်တကွ တပည့်ရသေ့များရှိ ရာသို့ ချောချောမောမော ဆိုက်ရောက် သွားလေသည်။

ဗြဟ္မဒတ်မင်းမှာ မတတ်သာ၍ သက်လွှတ်လိုက်ရသော်ငြားလည်း ဆရာ ရသေ့ကြီး၏ ကျန်းမာရေးအတွက်ကား စြောင့်ကြဘဲမနေနိုင်ပါ။ ဖြစ်များဖြစ် နိုင်သည်ဆိုပါက မိမိကိုယ်တိုင် အတူ လိုက်ပါ၍ပြုစုပေးချင်လှ၏။ သို့ပါလျက် အကြောင်းကြောင်းတွေငဲ့ကွက်ရ၍ စိတ် သွားတိုင်းကိုယ်မပါနိုင်ပါ။ မိမိကိုယ်တိုင် သွား၍ ပြုစုရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် တစ်လခန့်ကြာသောအခါ နာရဒအမတ် အား ကျန်းမာရေးသတင်းထောက်လှမ်း ရန် စေလွှတ်ရပါတော့သည်။

နာရဒအမတ်ကိုယ်တိုင်ကလည်း ကေသဝရသေ့ကြီးကို ကြည်ညို ဆည်း ကပ်သူ ဖြစ်၏။ ယခင်တစ်ခေါက် ပို့ ထားခဲ့ရတုန်းက အခြေအနေနှင့် ယခု လက်ရှိအခြေအနေတို့ ကွာခြားမှု ရှိ၊ မရှိ သိလိုစိတ်စောနေရ၏။ စိတ်စောစောနှင့် မောရမှန်းမသိပန်းရမှန်းမသိ ခရီးကြမ်း လှမ်းလာခဲ့ရာ သခ်မ်းကျောင်းသို့ ရောက် လာခါမှ သက်ပြင်းချနိုင်ပါတော့သည်။

သစ်ရွက်မိုးသခ်မ်းကျောင်းလေး ရှေ့က ဝါးကွပ်ပျစ်လေးပေါ်တွင် ဆရာ ရသေ့ကြီးကို လှမ်း၍ ဖူးလိုက်ရပါပြီ။ ပြည့်ရှင်မင်းနှင့်တကွ မိမိတို့၏ဆုတောင်း တွေပြည့်နေကြပါပြီ။ ခရီးကြမ်းကြမ်း လှမ်းလာခဲ့သူရော သခ်မ်းကျောင်းက ဆီးကြိုနေသူပါ အပြုံးပန်းတွေဆင်နိုင် ကြပါပြီ။

"အရှင်ဘုရား၊ အရှင်ဘုရားကို ကျန်းကျန်းမာမာ တွေ့လိုက်ရလို့ ဝမ်း သာလှပါတယ်။ ဝမ်းသာတာနဲ့အတူ အံ့ဩမိတာလည်း ပါပါတယ်။ ဥယျာဉ် တော်တုန်းက နိုင်ငံကျော် သမားတော် ကြီးငါးယောက် ကုသလို့မရနိုင်တဲ့ရောဂါ တွေ အခု အကင်းအရှင်းပျောက်ကုန်ကြ ပြီဆိုတော့ ဧကန္တ အရှင်ဘုရားရဲ့ တပည့် ကျော်ကြီး ကပ္ပရသေ့ရဲ့ အပြုစုကောင်း လို့သာဖြစ်ပါလိမ့်မယ်။ ဒီတော့ တပည့် တော်မေးပါရစေ။ ဒီတောကြီးတောင် ကြီးထဲမှာ အရှင်ဘုရားရဲ့ တပည့်ကျော် ကြီးက ဘယ်လိုဆေးတွေများတိုက်ပါ သလဲ။ ဘယ်လိုအစားအစာတွေများ ဆက်ကပ်ပါသလဲ"

ဤသို့ သိလိုရေးနှင့် မေးလိုက် သည်တွင် ကေသဝရသေ့ကြီးကလည်း ပြုံးပြုံးရွှင်ရွှင် ဖြေကြားပါ၏။

"ဒကာလေး နာရဒရဲ့၊ သင်တို့ သမားတော်ကြီးတွေပြောလေ့ပြောထရှိ ကြတယ် မဟုတ်လား။ ဘာတဲ့၊ အေး- ဆေးလည်းအစာ, အစာလည်းဆေးတဲ့။ အနာရောဂါနဲ့ သင့်တင့်လျောက်ပတ်တဲ့ အစာကို စားရမှတော့ သီးခြားဆေးကု နေဖို့ ဘယ်လိုပါတော့မလဲကွယ်"

"ကောင်းပါပြီဘုရား၊ အရှင်ဘုရား ရဲ့ တပည့်ကျော်ကြီးက ဘယ်လိုမာတ် စာတွေများ ဆက်ကပ်ပါသလဲ"

"ယာဂုကွယ့်၊ ယာဂု။ သင်တို့ရပ် ထဲရွာထဲမှာတော့ ဆန်ပြုတ်လို့ပဲ ခေါ် ကြမှာပေါ့ကွယ်"

"တင်ပါ့၊ အဲဒီဆန်ပြုတ်ပြုတ်ဖို့ ဆန်ကကော ဘယ်ကရပါသလဲ"

"အဲဒါကတော့ တောထဲတောင် ထဲမှာ အလေ့ကျပေါက်တတ်တဲ့ ကျိတ် ဆန် ဆိုတာရှိတယ်။ တောထဲရောက် လာတဲ့ မုဆိုးတွေ လှူသွားတာလည်း ရှိ တတ်တယ်။ မြို့ကြီးပြကြီးက ဆန်တွေနဲ့ တော့ ဘယ်တူပါ့မလဲကွယ်။ ဆန်ထဲမှာ မြက်သီးတွေက ရောလို့ပေါ့။ မြက်သီး ထက် ဆန်စေ့ကများနေရင်ပဲ တော်လှ ပြီပေါ့ကွယ်"

"ဆန်ကိုပြုတ်လို့ ဆန်ပြုတ်ရတာ တော့ ဟုတ်ပါပြီ ဘုရား။ အဲဒီဆန်ပြုတ် ထဲမှာထည့်ဖို့ အသားတို့၊ ငါးတို့ကော ဘယ်ကရပ့ါမလဲ"

"ဟဲ့ နာရဒရဲ့ - အဲဒီအသားတွေ၊ ငါးတွေထက် ပိုကောင်းတာတွေ ထည့် တာပေါ့ကွယ့်။ ဒီနားက ပတ်ပတ်လည် ကြည့်လိုက်စမ်း။ အလုံးကုန်စိမ်းလို့စိုလို့ မဟုတ်လား။ အဲဒီအထဲက ကိုယ်ကြိုက် ရာအရွက်တစ်မျိုးမျိုးကို ခူးထည့်လိုက် တာပေါ့ကွယ့်"

"မေးလက်စနဲ့ ဆက်မေးပါရစေ ဘုရား။ အဲဒီဆန်ပြုတ်ထဲမှာ ထည့်ဖို့ ဆားကိုကော အဘယ်ကရပါသလဲ"

"ငါတို့ ဟိမဝန္တာတော ဆိုတာက ဆားမရှိဘူးလေ။ ဆားမရှိလို့လည်း ငါ တို့တောပျော်ရသေ့တွေ တစ်ခါတစ်ခါ လူတို့ရပ်ရွာကို ဆင်းလာခဲ့ကြရတာပေါ့"

"ဩော် - ဆားမပါတဲ့ ဟင်းရွက် ပြုတ်၊ ဆားမပါတဲ့ မြက်သီးဆန်ပြုတ် ဒီအစားအစာကို ဘုဉ်းပေးရတာနဲ့ပဲ သမားတော်ကြီးငါးယောက် ကုလို့မရ တဲ့ ရောဂါကြီး ကင်းစင်သွားတယ်။ မင်း သုံးမင်းဆောင် သလေးဆန်ကို နူးနပ်နေ အောင် ချက်ထားတဲ့ ပွဲတော်စာကို အသားငါးအစုံအလင်နဲ့ ဘုဉ်ပေးရတုန်း က ရောဂါမသက်သာ၊ အခု တောထဲ တောင်ထဲရောက်လာကာမှ ကျန်းမာ ပကတိ ချမ်းသာခြင်းအတိပါကလား။ အရှင်ဘုရား အဲဒီလိုဖြစ်ရတာ ဘာ ကြောင့်ပါလဲ"

"ဒကာ နာရဒရေ - စိတ်ပဲကွယ့် စိတ်၊ စိတ်။ ဟိုတုန်းက တပည့်ကျော် ကပ္ပရသေကိုလွမ်းတဲ့စိတ်နဲ့ ဘာကိုစား စား အစာမကြေခဲ့ဘူး။ ရောဂါဟူသမျှ အစာမကြေတာက မူလဘူတကိုးကွယ့်။ အခုတော့ တပည့်ကျော်ကပ္ပရသေ့ ချက် ပြုတ်ဆက်ကပ်တာတွေ စားနေရတော့ အလိုလိုဆေးဖြစ်သွားတာပေါ့ကွယ်"

ကေသဝရသေ့ကြီး၏အဖြေစကား ကို နာရဒအမတ်ထံမှ ကြားသိရသည် တွင် ဗြဟ္မဒတ်မင်းသည် အလောင်း တော် ကပ္ပရသေ့ကိုလည်း ဆရာရသေ့ နှင့်ထပ်တူ ကြည်ညိုလာလေသည်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့သည် မိမိတို့ပြုလုပ်သော ကံစီမံရာအတိုင်း တေဘုမ္မာခေါ် ဘုံသုံးဝတို့၌ ဘဝပေါင်းများစွာဖြင့် ဟို၊ ဒီ စုန်-ဆန်မျောလျက် ကျင်လည်ကျက်စားနေကြရလေသည်။ တေဘုမ္မာခေါ် ထိုဘုံသုံးဝကား (၁) ကာမဘုံ၊ (၂) ရူပဘုံ၊ (၃) အရူပဘုံတို့ ဖြစ်သည်။ ၎င်းဘုံတို့သည် နေရာဌာနများသဖွယ် ဖြစ်နေပြီး မိမိတို့ပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့အတိုင်း ထိုဘုံဌာနများသို့ ရောက်ရှိကြရလေသည်။ မိမိတို့သည် ကုသိုလ်ကံကို ပြုလုပ်ခဲ့သည်ရှိသော် ကုသိုလ်ကံနှင့်ဆီလျော်ရာ သုဂတိခေါ် ကောင်းသော ဘုံဌာနများသို့ လည်းကောင်း၊ အကုသိုလ်ကံကို ပြုလုပ်ခဲ့သော် အကုသိုလ်နှင့်ထိုက်တန်ရာ ဒုဂ္ဂတိခေါ် မကောင်းသော ဘုံဌာနများသို့ လည်းကောင်း ရောက်ရှိကြမည်ဖြစ်ကြောင်း ဒေသနာတော်၌လာရှိပါသည်။

အဘိဓမ္မာတရားအရ မကောင်းသသော ဒုဂ္ဂတိဘုံ (၄) ဘုံ ရှိသည်။ ၎င်းကို အပါယ် (၄)ဘုံဟုလည်း ခေါ်သည်။ အပါယ် (၄) ဘုံတို့ကား (၁) ငရဲ၊ (၂) တိရစ္ဆာန်၊ (၃)ပြိတ္တာ၊ (၄)အသူရကာယ်ဟူ၍ (၄) ဘုံ ဖြစ်သည်။ သူ့အသက်သတ်ခြင်း (ပ) အရက်သေစာ မူးယစ်သောက်စားခြင်း စသော ဒုစရိုက်များ၊ အထူးသဖြင့် မိသတ်၊ ဖသတ်၊ ရဟန္တာသတ်၊ သံဃာသင်းခွဲ၊ ဘုရားရှင်အား ထိခိုက်နာကျင် သွေးစိမ်းတည်အောင် ပြုခြင်း တည်းဟူသော ပဉ္စာနန္တရိယကံကြီးများ စသည်တို့ကို ကျူးလွန်ခဲ့သည်ရှိသော် နိရယခေါ် ငရဲဘုံသို့ကျရောက်နိုင်ကြောင်း ဟောညွှန်တော်မူပါသည်။

ငရဲဘုံ၊ ငရဲဌာန ဟူသည် ချမ်းသာမှု တစ်စေ့ကလေးမျှမရှိဘဲ အမြဲတမ်းဆင်းရဲဒုက္ခနှင့်သာ ပြည့်နှက်နေသော ဘုံဌာန ဖြစ်သည်။ ထိရှနာကျင်ခြင်း၊ ပူလောင်ခြင်း စသော ဝဋ်ဒုက္ခများကို အစဉ်အမြဲ ခံစားနေသော နေရာဌာနကြီး ဖြစ်ပါသည်။ လူတို့နေထိုင်ရာ မြေပြင်မှ

ဖျာပုံတင်နိုင်ဝင်း

တေဘုမ္မာ



www.burmeseclassic.com

www.burmeseclassic.com

အရပ်သို့ ယူဇနာပေါင်းမြောက်များအနက်၌ ရှိ၏။ အထပ်အားဖြင့် ထပ် ရှိလေသည်။

တိရစ္ဆာနခေါ် တိရစ္ဆာန်တို့၏ဘုံ ဌာနကား သီးခြားမရှိဘဲ မြေ၊ ရေ၊ လေ တို့၌ ရှင်သန်ပေါက်ပွား နေထိုင်ကြပါ သည်။ လူတို့နှင့်ရောနှောနေထိုင်သည် များလည်းရှိ၏။ ဂဠုန်၊ နဂါး စသော ထူးခြား သည့် တိရစ္ဆာန်များကား မြင်းမိုရ်တောင်၊ သမုဒ္ဒရာရေအောက် စသည်တို့၌ နေ ထိုင်ကြ၏။ သေရည်သေရက် သောက် ခြင်း ကာမဂုဏ်တို့၌ဖောက်ပြန်မှား ယွင်းခြင်း စသော အကုသိုလ်ကံများ ကြောင့် ထိုဘုံဌာနသို့ ရောက်ကြရ၏။

ပေတခေါ် ပြိတ္တာဘုံသည်လည်း သီးခြားမရှိပေ။ လူ့ဘုံရှိ တော၊ တောင်၊ မြေ စသည်တို့နှင့် အချို့ပြိတ္တာတို့ သည် လူတို့နေထိုင်ရာ မြို့ရွာများအ တွင်း လှည့်ပတ်နေထိုင်ကြလေသည်။ ပြိတ္တာတို့သည် ဝဋ်ဆင်းရဲမျိုးစုံကိုခံစားရ ပြီး အစဉ်အမြဲ ငတ်မွတ်ဆာလောင်နေ ကြ၏။ အချို့ ဝေမာနိက ပြိတ္တာမျိုးကား ညအခါ၌ ဝဋ်ဆင်းရဲကို ခံစားရသော်လည်း နေ့အခါ၌မူ နတ်များသဖွယ် ဘုံ ဗိမာန်များဖြင့်ခံစားရသည်လည်း ရှိ၏။

အသူရကာယခေါ် အသူရကာယ် တို့သည်လည်း သီးခြားဘုံဌာန မရှိဘဲ တော၊ တောင်၊ ရေ၊ မြေတို့၌ သင့်လျော် သလို နေကြရ၏။ သူတို့သည် ခန္ဓာ ကိုယ်အလွန်ကြီးမားသော ပြိတ္တာအကြီး စားကြီးများ ဖြစ်ကြသည်။

ရင်းပြိတ္တာနှင့် အသူရကာယ်ဘုံ ဌာနများသို့ မနာလိုဝန်တိုတတ်သူများ၊ တော်မတရား လိုချင် ရယူလိုသူများ၊ အလေးခိုး ဈေးတို့သည့် ကုန်သည်,ဈေး သည်များ စသူတို့ ကျရောက်ရသော ဘုံ ဌာနများ ဖြစ်သည်။

အထက်ပါဘုံဌာနများကို အပါယ် လေးဘုံ သို့မဟုတ် ဒုဂ္ဂတိဘုံ (၄)ဘုံဟု ခေါ်၍ အကုသိုလ် ဒုစရိုက်အားကြီးသူ များ ကျရောက်ရာ ဘုံဌာနများ ဖြစ်သ ဖြင့် ချမ်းသာသုခ မရှိ၊ ဆင်းရဲဖြင့်သာ အတိပြီးစေ၏။

မနုဿခေါ် လူ့ဘုံသည် ဒုဂ္ဂတိ ဘုံမှလွတ်မြောက်သော သုဂတိဘုံ ဖြစ် သည်။ လူဖြစ်ရန်အတွက် အတိတ်ဘဝ က ဒါန စသော ကုသိုလ်တစ်ခုခု ပါရှိ ရပါသည်။ ဘုံသုံးဝ၌ လူ့ဘုံသည် အ လွန်ရနိုင်ခဲသောဘုံဌာန ဖြစ်သည်။ လူ့ ဘုံ၊ လူ့ဌာနတွင်သာ ဘုရားပွင့်တော်မူ သည်၊ စကြဝတေးမင်းတို့ ပေါ်ထွန်းကြ သည်။

ဤလူ့ဘုံသည် ကုသိုလ်၊ အကု သိုလ်ပြုခြင်းဖြင့် အောက်အရပ်ရှိ ဒုဂ္ဂတိ ဘုံများသို့လည်းကောင်း၊ အထက်အရပ် ရှိ သုဂတိဘုံများသို့ လည်းကောင်း၊ အ လွယ်တကူ ရောက်ရှိသွားနိုင်၏။ လူ့ဘုံ ဌာနသည် အပါယ်ဘုံကဲ့သို့ (၄) ဘုံမရှိ၊ တစ်ဘုံသာရှိ၏။ ငရဲကြီးကဲ့သို့ (၈)ထပ် မရှိ၊ တစ်ထပ်တည်းသာ ရှိ၏။

ဒေဝဘုမ္မာ (ခေါ်) နတ်ဘုံသည် ကား လူတို့နေထိုင်ရာအရပ် မြေပြင် အောက်မှစတင်၍ မိုးကောင်းကင် အာ ကာသအထိ အထပ်ထပ်ရှိသည်။ အရေ အတွက်အားဖြင့် (၆) ထပ် ရှိသည်။

ပထမထပ်ကို စတုမဟာရာဇ်နတ် ပြည်ဟုခေါ်၏။ ဒုတိယထပ်ကို တာဝတိံ သာ၊ တတိယထပ်ကို ယာမာ၊ စတုတ္ထ ထပ်ကို တုသိတာ၊ ပဉ္စမထပ်ကို နိမ္မာနရ တိ၊ ဆဋ္ဌမထပ်ကို ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်ဟု အဆင့်ဆင့်ရှိသည်။

နတ်ဘုံ၊ နတ်ဌာနသည် အတိတ် က ဒါန စသော ကုသိုလ်ကောင်းမှုတို့ ကြောင့် ချမ်းသာသုခများ ခံစားနေရ သော နေရာဌာနများ ဖြစ်သည်။ ရတ နာတို့ဖြင့် စီခြယ်ထားသော ဘုံဗိမာန် ကြီးများ၊ ပရိသတ်အခြွေအရံများ၊ အ လွန် အရသာကောင်းသော နတ်သုဒ္ဓါ များ စသည်ဖြင့် ကာမဂုဏ်အာရုံ ခံစား စရာများဖြင့် ချမ်းသာနေကြ၏။

ဗြဟ္မာ့ဘုံကား (၂၀)ပင် ရှိသည်။ ရူပဘုံ (၁၆) ဘုံနှင့် အရူပဘုံ (၄) ဘုံ ဖြစ်သည်။

ရူပဘုံ (၁၆)ဘုံကား ၁။ ပထမ ဈာန်ဘုံ (၃)ဘုံ၊ ၂။ ဒုတိယဈာန်ဘုံ (၃) ဘုံ၊ ၃။ တတိယဈာန်ဘုံ (၃) ဘုံ၊ ၄။ စတုတ္ထဈာန်ဘုံ (၇) ဘုံတို့ ဖြစ်သည်။

ပထမဈာန်ဘုံ (၃)ဘုံမှာ ၁။ဗြဟ္မ ပါရိသဇ္ဇာ၊ ၂။ ဗြဟ္မပရောဟိတာ၊ ၃။ မဟာဗြဟ္မာတို့ ဖြစ်သည်။ ဒုတိယဈာန် ဘုံ (၃) ဘုံမှာ ၄။ ပရိတ္တာဘာ၊ ၅။ အပ္ပ မာဏာဘာ၊ ၆။ အာဘဿရာတို့ ဖြစ် သည်။ တတိယဈာန်ဘုံ (၃)ဘုံမှာ ၇။ ပရိတ္တသုဘာ၊ ၈။ အပ္ပမာဏာသုဘာ၊ ၉။ သုဘကိဏှာတို့ ဖြစ်သည်။ နောက်ဆုံး စတုတ္ထဈာန်ဘုံ (၇) ဘုံကား ၁၀။ ဝေ ဟပ္ဖိုလ်၊ ၁၁။ အသညသတ်၊ ၁၂။ အဝိ ဟာ ၁၃။ အတပ္ပာ၊ ၁၄။ သုဒဿာ၊ ၁၅။ သုဒဿီ၊ ၁၆။ အကနိဋ္ဌ ဟူ၍ စုစုပေါင်း ရူပဘုံ (၁၆) ဘုံ ရှိသည်။

ရင်း (၁၆)ဘုံအနက် အထက်(၅) ဘုံ ဖြစ်သော အဝိဟာ၊ အတပ္ပ၊ သု ဒဿာ၊ သုဒဿီ၊ အကနိဋ္ဌဘုံတို့ကို သုဒ္ဓါဝါသ (၅)ဘုံဟု ခေါ်သည်။ ထိုဘုံ များ၌ ကာမ ရာဂစင်ကြယ်သော အနာ ဂါမ်နှင့် ရဟန္တာဗြဟ္မာကြီးများသာ နေ ထိုင်ကြ၏။

အရူပဘုံကား (၄)ဘုံ ရှိ၏။ ရင်း တို့ကား ၁၇။ အာကာသာနဉ္စာယတန၊ ၁၈။ ဝိညာဏဉ္စာယတန၊ ၁၉။ အာကိဉ္စ ညာယတန၊ ၂၀။ နေဝသညာ နာသညာ ယတနဘုံတို့ ဖြစ်ပါသည်။ စုစုပေါင်း ဗြဟ္မာ့ဘုံ (၂၀) ပင် ဖြစ်ပါသည်။

ဤဗြဟ္မာ့ဘုံ (၂၀) သည် ဒါန စသော သာမန်ကုသိုလ်များ ပြုရုံဖြင့် မရောက်နိုင်။ ကသိုဏ်း (၁၀) ပါး၊ အာ နာပါန၊ ဗြဟ္မစိုရ် (၄) ပါး စသော ကမ္မ ဌာန်းတရားများ အားထုတ်၍ ဆိုင်ရာ ဈာန်အသီးသီးကိုရရှိကာ စုတေမှသာ ရောက်နိုင်သော ဘုံဌာနများ ဖြစ်သည်။

ဤတွင်-

အပါယ်(၄)ဘုံ+ လူပြည်+ နတ် ပြည်ခြောက်ထပ် (၆)ဘုံကို ပေါင်းသော် (၁၁) ဘုံ ရ၏။ ရင်း (၁၁) ဘုံကို ကာမ ဘုံဟု ခေါ်၏။ ရူပဘုံရှိ ဗြဟ္မာ့ဘုံ (၁၆) ဘုံကို ရူပဘုံဟု ခေါ်၍ ကျန်ဗြဟ္မာ့ဘုံ (၄) ဘုံကို အရူပဘုံ ဟုခေါ်သည်။ စုစု ပေါင်း ဘုံအားဖြင့် (၃၁)ဘုံရှိပြီး ရင်းကို တူရာစုဖွဲ့၍ အကျဉ်းချုပ်သော် ကာမ၊ ရူပ၊ အရူပ ဟူသော ဘုံသုံးဝကို ရရှိပါ သည်။ ရင်း (၃၁)ဘုံ အပြားရှိသော ဘုံ သုံးဝကိုပင် 'တေဘုမ္မာ' ဟု ပါဠိအမည် ဖြင့် ခေါ်ဝေါ်ပါသည်။

သတ္တဝါတို့သည် နိဗ္ဗာန်မရောက် မချင်း ဤ (၃၁) ဘုံ အပြားရှိသော ဘုံ သုံးဝတွင် တက်လိုက်၊ ဆင်းလိုက်ဖြင့် ကျင်လည်နေရရှာလေသည်။ ဤသည် ကိုပင် 'သံသရာလည်သည်' ဟု ဆိုပြန် သေး၏။

ရင်းသတ္တဝါတို့သည် ထိုသို့ သံသ ရာလည်ကြရာ၌ ကောင်းသောကုသိုလ် ကံများကိုပြုလုပ်ခဲ့သော် ကောင်းသော ဘုံဌာနများသို့ ရောက်ရှိနိုင်ကြလျက် မကောင်းမှု အကုသိုလ်များ ပြုလုပ်ခဲ့ သော် မကောင်းသော ဒုဂ္ဂတိဘုံများသို့ ရောက်ကြရ၏ဟူ၍ ဗုဒ္ဓဒေသနာတော် တွင် အတိအလင်း ဟောညွှန်းထားပါ သည်။ ထို့ပြင် ထို (၃၁)ဘုံတို့တွင် ဆင်း ရဲခြင်းကင်းသည်ဟူ၍ မရှိချေ။ အဘယ့် ကြောင့်ဆိုသော် ရင်းဘုံတို့တွင် ပါး၊ ရုပ်,နာမ်နှစ်ပါး တည်းဟူသော အ လွန် ကြီးလေးသည့်ခန္ဓာ သယ်ဆောင်နေရခြင်း



www.burmeseclassic.com

www.burmeseclassic.com

သည်။

သို့သော် ထိုသို့ ကြီးလေးသော ခန္ဓာဝန်ကို ထမ်းဆောင်နေရပါသော်လည်း ကာမဂုဏ်အာရုံ စည်းစိမ်ခံစားနေမှုကြောင့် လည်းကောင်း၊ လောဘ၊ ဒေါသ စသော ကိလေသာစိတ်ညစ်ညမ်းမှုများကြောင့် လည်းကောင်း ခန္ဓာဝန်၏လေးလံမှုကို မေ့လျော့နေကြပါသည်။ ကောင်းသော သုဂတိဘုံသို့ ရောက်ရှိစဉ် ယခင်ရရှိခဲ့သောကုသိုလ်ကံအကျိုးပေးကို ကာမစည်းစိမ်ယစ်ခြင်းဖြင့် ဖြုန်းတီးပစ်ကြပြီးနောက် ကုသိုလ်ကံအကုန်တွင် ဒုဂ္ဂတိဘုံသို့ ရောက်ကြရလေ၏။ ထိုနောက် ဒုဂ္ဂတိဘုံ၌ပူလောင်စွာခံစားရလျက် သံဝေဂရပြီး ကုသိုလ်များပြု၍ အကုသိုလ်အကျိုးပေးချိန်ကုန်လွန်သော် မကောင်းသည့် ဘုံဘဝမှ လွတ်မြောက်၍ ကောင်းသော သုဂတိဘုံသို့ တစ်ဖန် လားရောက်ရပြန်၏။

ဤသို့ဖြင့်ပင် (၃၁)ဘုံ၌ ကံစီမံရာသင့်လျော်သော ဘုံဘဝတို့၌ တစ်ဘုံပြီးတစ်ဘုံ ဖွားမြင်ရောက်ရှိလိုက်၊ သေဆုံးပြောင်းရွှေ့လိုက်ဖြင့် ရပ်စဲသည်မရှိဘဲ ကမ္ဘာပေါင်း အသင်္ချေအနန္တမျှ ဒုက္ခကြီးစွာ ကျင်လည်ကြရလေသည်။

အထူးသဖြင့် ခန္ဓာကပေးသော ဒုက္ခများသည် သံသရာအတွက် အလွန်ဆင်းရဲလှ၏။ ရုပ်ခန္ဓာသည် မွေးဖွားခြင်းဒုက္ခ၊ အိုမင်းရင့်ရော်ခြင်းဒုက္ခ၊ ကိုယ်မကျန်းနာကျင်ခြင်းဒုက္ခ၊ သေရခြင်းဒုက္ခတို့ဖြင့် လည်းကောင်း၊ နာမ်ခန္ဓာသည် အလိုမကျ၍ စိတ်ဆင်းရဲဒုက္ခ၊ ချစ်သူနှင့်အတူမနေရ၍ စိတ်ဆင်းရဲဒုက္ခ၊ မုန်းသူနှင့် အတူနေရ၍ဖြစ်သော စိတ်ဆင်းရဲဒုက္ခတို့ဖြင့် လည်းကောင်း သံသရာလည်သူအား အမြဲမပြတ် နှိပ်စက်နေတတ်၏။

ထို့ကြောင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့သည် ဤဝဋ်ဒုက္ခသံသရာမှလွတ်မြောက်သင့်ကြပေသည်။ လွတ်မြောက်ဖို့ရန်လည်း ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောညွှန်လျက် သတ္တဝါအများကို ချွေချွတ်ရင်း ဒုက္ခအပေါင်းတို့မှ လွတ်မြောက်စေနိုင်သည့် မဂ္ဂင်တရားကို ဒေသနာအဖြစ်ထားရစ်တော်မူခဲ့ပါသည်။

သတ္တဝါတို့သည် အဝိဇ္ဇာ တည်းဟူသော မသိမမြင်မှု၊ မိုက်မဲတွေဝေမှုများကြောင့် (၃၁) ဘုံသော တေဘူမ္မာသံသရာထဲ၌ ဝိုက်ကာ,ရယ်ကာ ကျင်လည်နေရသည်ကို ဒုက္ခဟုမမြင်ဘဲ ခင်တွယ်

(၃၁) ဘုံ စေတီပုံ (ဘုံစဉ်အရ ရေးဆွဲထားပုံ)

နေဝသညာနာသညာယတန

အာကိဉ္စညာယတန

ဝိညာဏဉ္စာယတန

အာကာသာနဉ္စာယတန

အကနိဋ္ဌ

သုဒဿီ

သုဒဿာ

အတပ္ပါ

အဝိဟာ

ဝေဟပ္ဖိုလ် အသညသတ်

ပရိတ္တသုဘာ အပ္ပမာဏာသုဘာ သုဘကိဏှာ

ပရိတ္တာဘာ အပ္ပမာဏာဘာ အာဘဿရာ

ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မပုရောဟိတာ မဟာဗြဟ္မာ

ပရနိမ္မိတ ဝသဝတီ

နိမ္မာနရတိ

တုသိတာ

ယာမာ

တာဝတိံသာ

စတုမဟာရာဇ်

လူ့ဘုံ

ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်

နေမိကြလေသည်။ ပါရမီရင့်သူတို့သာ ဒုက္ခတရားကို မြင်သိ၍ ကျင့်ကြံအားထုတ်ကြရာမှ ဤတေဘူမ္မာ သံသရာဝဲဩယမှ လွတ်မြောက်ခဲ့ကြရလေသည်။

မိမိတို့သည်လည်း ဝဋ်ဆင်းရဲတို့ပြည့်နှက်နေသော ဤတေဘူမ္မာ သံသရာထဲမှ လွတ်မြောက်ရန် ကြိုးစားသင့်ကြလေပြီ။ ဒါန၊ သီလ ကုသိုလ်များပြုရင်း အခါအားလျော်စွာ ဘာဝနာတည်းဟူသော တေဘူမ္မာသံသရာမှ လွတ်မြောက်ကြောင်း မဂ္ဂင်အကျင့်ကို ကျင့်အပ်ကြပေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင်မှာ ဤတေဘူမ္မာ သံသရာမှလွတ်မြောက်ရေးပင် မဟုတ်ပါလော။

ဖျာပုံ-တင်နိုင်ဝင်း

**မှီငြမ်းကိုးကား**

၁။ သကျဝံသ၏ (၃၁) ဘုံခရီးသွားမှတ်တမ်း။

၂။ သေကျွဲတောင် အရှင်တိလောက၏ အဘိဓမ္မတ္ထသရုပဒီပနီကျမ်း။



www.burmeseclassic.com

www.burmeseclassic.com


ကျောင်ချော်မြေ၊ သဇီဝအား၊ ပြစ်မှား ခြင်းနှင့်၊ ဇီဝတိန်ကို၊ ညှိုးပိန်းမသွေ၊ ချွေသော်လည်းကောင်း၊ တကြောင်း ကြံစည်း၊ သူ့ပစ္စည်းကို၊ ချုပ်တည်းမဲ့ ခြား ပြစ်မှားသဖြင့်၊ မသင့်ပချေ၊ သူ့ဆွေဇနီး၊ ချစ်သမီးနှင့်၊ ရောနှီး ဆက်ဆံ၊ သုံးပါးကံမူ၊ စီမံလောဘ၊ သေစ္စပဟု၊ ယွင်းခွစကား၊ သူနှစ်ပါးကို (သူတစ်ပါးကို)၊ ခိုက်ပွားရန်စစ်၊ ဒေါသဖြစ်အောင်၊ ချောပစ်တတန်၊ မှတ်မာန်ကြမ်းကြုတ်၊ ဖရုသမျိုး၊ အကျိုးမဲ့လျှင်း၊ ပြိန်ဖျင်းဝါစာ၊ မိန့်မှာ စတု၊ ဒေါသခုချ်၊ ခြားသူရိုပ်ငြိမ်း၊ စည်းစိမ်ခြွေရံ၊ သူကောင်းကံကို၊ ဖိတ်လျှံနိုင်ဂို၊ ငါ့ဟာတိဟု၊ ဖြစ်ဘိစေလို၊ တဆိုအရေး၊ မကြံတွေးလိမ့်၊ မိုက်မှေးတကြောင်း၊ စောင်းမြောင်း ဂြုစု၊ အယူမှောက်လှန်၊ မိစ္ဆာဉာဏ်နှင့်၊ သုံးတန်ကာယ၊ စသည်အား ထုတ်၊ ကိုယ်,နှုတ်နှလုံး၊ ဆောက်တည်သုံးက၊ ပိတ်ဖုံးလေးပါး၊ ပါယ်တံခါး'

(မဟာပညာကျော်လျှောက်ထုံး)


စောထွီးသျှင်(မြောက်ဦး)

# ငွေတောင်ပေါက်တောင်ပေါ်မှ ခံတပ်ဘုရားကြီး


ငွေတောင်ပေါက်သည် မြောက်ဦး နန်းတော်ကုန်းအနောက်မြောက်ဘက် (၁) မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ထိုတောင်ပေါက်၌တည်ရှိသောဘုရား 'ငွေတောင်ပေါက်'ကို ကျွန်တော်နှင့် မြေးမောင်ဝင်းမြတ်ကျော်တို့သည် ၁၃၇၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် (၅-၈-၂၀၁၂)၊ တနင်္ဂနွေနေ့ နံနက် (၈)နာရီခန့်တွင် ဘုရားဖူးလေ့လာရေးခရီးထွက်ကြ၏။ ကျွန်တော်တို့သည် မိုးလေဝသ ကောင်းသဖြင့် ခြေကျင်လျှောက်ကြ၏။ ဝါဈေးရပ်ကွက်မှ စပါးဆိပ်ရပ်၊ လောက



ငွေတောင်ပေါက်ဘုရားကို ဘေးတိုက်ဖူးမြော်ရပုံ



ငွေတောင်ပေါက်ဘုရားမျက်နှာတော်အား ဖူးမြော်ရပုံ




ငွေတောင်ပေါက်ဘုရားကို ပလ္လင်နှင့်တကွ ဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ဖူးမြော်ခဲ့ရသော သကျစ္ဆေဂူဘုရား


မာန်အောင်၊ ကျောက်ရာဇ်ကေရပ်ကွက် စသည်တို့ကို အစဉ်အတိုင်း ဖြတ်ကျော်ခဲ့ကြသည်။ ကျောက်ရာဇ်ကေရပ်ကွက်မှ တစ်ဖန် ကျောက်ရာဇ်ကေရွာသစ်သို့ မိနစ်(၂၀)ကျော်သွားကြသည်။ ကျောက်ရာဇ်ကေရွာသစ်ဆုံးပြီး ငွေတောင်ပေါက်ဘုရားရှိရာသို့ (၁၀) မိနစ်ခန့် သွားရပါသည်။ ငွေတောင်ပေါက်ဘုရားလမ်း၏ အရှေ့ဘက်သို့ ချိုးဝင်ရပြီး (၅) မိနစ်အကြာတွင် ထိုဘုရားရှိရာသို့ တောင်ပေါ်တက်ကြရပါသည်။ ထိုဘုရားသည် မြေပြင်မှ ပေ (၅၀) ခန့်အကွာတွင် ရှိပါသည်။ ယင်းဘုရားတည်ရှိရာ ယခုနေရာကား ရှေးက သူရဲပြေး၊ သူရဲခိုနေရာ ဖြစ်ခဲ့ဖူးပါသည်။ ယခင်က ဘုရားတည်ရှိရာနေရာသည် ထိုငွေတောင်ပေါက်တောင်၏ အပေါ်ဆုံးအဆင့် (အထပ်) အရှေ့မြောက်ယွန်းယွန်းတွင် တည်ရှိပါသည်။ ထိုဘုရားသည် ဦးခေါင်းတော်တခြား၊ ခန္ဓာတခြားရှိနေရာမှ သီလရှင် ဒေါ်ကြွနှာစာရီက ထိုဘုရားကို ၁၃၇၁ ခုနှစ်တွင် ပြောင်းရွှေ့၍ ပြုပြင်ထားပါသည်။

မြန်မာနှစ် ၈၉၃ ခုနှစ်ကဆိုလျှင် ဘုရင်မင်းဗာကြီးသည် မိဖုရားကြီး ဖွားစောမင်းနှင့် ဘိသိက်ခံပြီး ဤဘုရားကို ပြုလုပ် တည်ဆောက်ခဲ့လေသည်။ ဤဘုရားသည် 'အကာကြီးတစ်ရာ၊ အကာငယ်တစ်ထောင်' တို့အနက် တစ်ဆူအပါအဝင် ဖြစ်လေသည်။

'. . . သားရင်းမင်းဗာ၊ နန်းဘုံသာဝယ်၊ တြိယာနဝ၊ အဌတွက်စစ်၊ သက္က ရာဇ်တွင်၊ တက်သစ်နီ (နေ)၊ ဘိသိက်ခံ၍၊ ရန်လုံပိတ်ဆို့ အင်မချို့အောင်၊ မြို့ကိရိယာ၊ ကျောက်တိသာလျှင်၊ ပတ်ကာပိတ်ဆိုင်း၊ ညှိသမိုင်း၍၊ တံတိုင်းကျုံးမြောင်း၊ ဂူတန်ဆောင်းနှင့်၊သျှစ်သောင်းဘုရား၊ ကန်တွင်းများဖြင့်၊ တည်ထားယတြာ၊ ထိုထိုမှာဖြင့်၊ သင့်ရာပြုပြင်. . .'



လမ်းတွင် ဖူးမြော်ခဲ့ရသော ဘုရားတစ်ဆူ



လမ်းတွင် ဖူးမြော်ခဲ့ရသော စေတီတစ်ဆူ




www.burmeseclassic.com

www.burmeseclassic.com



ငွေတောင်ပေါက်ဘုရားသိမ်ကို လမ်းပေါ်မှ ဖူးမြော်ရပုံ




လမ်းတွင် ဖူးမြော်ခဲ့ရသော ရွှေကြာသိမ်ဘုရားကြီး




လမ်းတွင် ဖူးမြော်ခဲ့ရသော လက်ကွယ်တောင်စေတီများ

ဟူ၍ ရေးဖွဲ့ထားပါသည်။

ထိုထိုသောမင်းတို့သည် မြောက်ဦးမြို့တော်အား ရန်သူ့ဘေးမှ ကာကွယ်ရန်အတွက် ဘုရားပုထိုးစေတီများ၊ မြို့ရိုး၊ ခံတပ်များ၊ တံခါးပေါက်များ၊ ကျုံးမြောင်းတာတမံများ၊ ချောင်း၊ ကန်များ တည်ဆောက်ကြရင်း လောကီအစီအမံများ ပြုလုပ်ခဲ့ကြ၏။ ထိုအထဲတွင် ဘုရင်မင်းဗာကြီးသည် အများဆုံးဘုရင်တစ်ပါးအပါအဝင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဘုရင်မင်းဗာကြီးသည် မြန်မာနှစ် ၈၉၄ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ဘင်္ဂါ(၁၂)တိုင်း (အိန္ဒိယပြည်) သို့ လည်းကောင်း၊ မြန်မာနှစ် ၈၉၆ ခု၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့တွင် ပေါ်တူဂီရန်ကို လည်းကောင်း၊ မြန်မာနှစ် ၉၀၈ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့တွင် အလုံးအရင်းများစွာဖြင့် ချီတက်လာသော မင်းတရားရွှေထီး၏ တပ်မတော်ကို တွန်းလှန်ဖြိုဖျက်နိုင်ခဲ့ခြင်းက သက်သေထူနေပေသည်။

ထိုသို့ မင်းဗာကြီးသည် နှလုံးရည်၊ လက်ရုံးရည်နှင့်ပြည့်စုံသော မင်းတစ်ပါးဖြစ်သည်ကို အောက်ပါသာစတေ့ ပြယုဂ်က သက်သေခံနေပေသည်။

## ဘုရင်မင်းဗာကြီး၏နောက်ခံရာဇဝင်

မြန်မာနှစ် ၈၉၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ စနေနေ့တွင် မင်းဗာကြီးသည် မိဖုရားဖွားစောမင်းနှင့် ဘိသိက်တော်ခံ၍ မင်းအဖြစ်သို့ ရောက်ရှိတော်မူလေသည်။ သူမင်းဖြစ်ခါနီးလေသော် တဘောင်ပေါ်သည်ကား-

*'ကြွက်ကားသုံးမည် ရှေးဖွားတည်၊*
*ကြံစည်ကောင်းခြင်း သံတွဲမင်း၊ ဖြစ်*
*လာမည်လည်း တော်သလင်း၊ သံတွဲ*
*မြွေဟောက် အစွယ်ပေါက်သည်၊*
*လက်ကောက်ဝတ်လောက်ပြီတကား၊*
*ကြွက်ကားစဉ်လျက် အဆက်နဂါး၊*
*နောက်ထားရေသူ ကိုးဆက်ဟူ၏၊*
*မြောက်ဦးတစ်ပါး အိမ်ရှေ့နား၌၊*
*နဂါးသုံးခွေ ခွေလတ်မည်'*

ဟူ၍ သိုက်တဘောင်ပေါ်လေသည်။ ထိုသို့ တဘောင်ပေါ်သည့်အတိုင်း သူသည် မင်းဖြစ်လာသည်။ သူမင်းမဖြစ်မီ မင်းစောမွန်၊ ဘစောဖြူ၊ မင်းဒေါလျာတို့သည် ကြာသပတေးသား ကြွက်နံမင်းသုံးဆက် ရှေးဦးစွာ မင်းဖြစ်ပြီးနောက် သံတွဲမြို့စား စနေနံဖွား နဂါးမြွေဟောက်ဖြစ်သော မင်းဗာကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဦးမြို့တော်၌ စိုးစံတော်မူလျက် မင်းကိုးဆက်မြောက်ဖြစ်ပြီး ထိုကိုးဆက်တွင် မင်းဗာကြီး၊ မင်းဖလောင်း၊ မင်းစနေ ဟူ၍ စနေနံမင်း နဂါးသုံးဆက်သုံးခွေဖြစ်လာသည်။ သူသည် သားတော်မင်းတိက္ခာကို အိမ်ရှေ့အရာပေးတော်မူပြီး သားတော် ဉပရာဇာ မင်းစောလှကို သံတွဲမြို့စား ပေးခံတော်မူသည်။ သားတော် မင်းဖလောင်းကို စစ်တံတင်မြို့စား ပေးတော်မူလေသည်။

ဘုရင်မင်းဗာကြီးသည် ကုလားပြည်သို့စစ်ချီတော်မူရန် ကြံရာ စနည်းနာစေသော်-

'ကုလားကိုနိုင်လို စားဖို့မှာမီးထည့်၊
ဝသဲကိုထီးတင်၊ ကုလားကိုရှင်ပြု'

ဟု သူငယ်တို့ဆိုသော တဘောင်ကို ကြားခဲ့၍ မင်းကြီးထံ လျှောက်လေသော် အမတ်ပညာရှိ ကောင်းကျော်ထင်စား ဝိမလ လျှောက်သည်ကား-

"အရှင်မင်းမြတ်၊ ကုလားကို နိုင်လို စားဖို့မှာမီးထည့် အလိုသော်ကား သဘော်ဆိပ် ပေါင်းဒွတ်အရပ်သည် စားဖို ဖြစ်ပါသည်။ ကုလားပလီကို အခြားမှာမရှိစေရ၊ ပေါင်းဒွတ်တွင်သာထားရပါမည်။ ဝသဲတောင်ကို ထီးတင်အလိုမှာ ဝသဲတောင်ထိပ်၌ နံတော်ဘုရားကို တည်ရပါမည်။ ကုလားကိုရှင်ပြု ဆိုသည်မှာ ကုလား ရှိသမျှကို ဆံပင်မထားရ၊ ခေါင်းတုံးရိတ်စေရပါမည်။ ရှေးသိုက်ဟောင်းတွင်လည်း ကုလား၊ ပုစွန် ဆယ့်နှစ်တန်ကို မလွန်ရာ ဟူ၍လာရှိပါသည်။ မင်းဆယ့်နှစ်ဆက်သည်လည်း အရှင်မင်းမြတ်တွင် စေ့ပါသည်။ နိုင်ငံတော် ဘင်္ဂါ ဆယ့်နှစ်မြို့သည်လည်း အရှင်မင်းမြတ်လက်ထက်တွင် ရမြဲရပါသည်"

ဟု လျှောက်လေသည်။

ပြည့်ရှင်မင်းလည်း အလုံးစုံကို လိုက်နာ ဆောင်ရွက်လေသည်။


ထို့နောက် မြန်မာနှစ် ၈၉၄ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့ စစ်ချီတက်အောင်မြင်ပြီး မြန်မာနှစ် ၈၉၅ ခု၊ တပေါင်းလဆန်း ၁၂ ရက်တွင် နေပြည်တော်သို့ ပြန်တော်မူခဲ့သည်။ အပြန်တွင် ကုလားမင်းက သမီးတော် ပဲသီဒါကို ဆက်သ,လိုက်သည်။

တစ်ဖန် မြန်မာနှစ် ၈၉၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့တွင် ပေါ်တူဂီ ဖလောင်လူမျိုးတို့သည် မြောက်ဦးမြို့တော်ကို ထိပါးတိုက်ခိုက်လာရာ ဘုရင်မင်းဗာကြီးသည် ထိုရန်ကို တွန်းလှန် တိုက်ဖျက် အောင်မြင်လိုက်လေသည်။

ထိုမှတစ်ပါး တောင်ငူဘုရင် မင်းတရားရွှေထီးသည် ဘုန်းလက်ရုံးပေါက်မြောက်တော်မူ၍ မြန်မာနိုင်ငံ အလုံးအရင်းနှင့် ဟံသာဝတီပဲခူးတို့ကို အစိုးရပြီ ဟူ၍ ကျော်ကြားလေလျှင် မချွတ်မလွဲ ငါတို့နှင့်လည်း တွေ့ကြုံရလတ္တံ့ဟု အောက်မေ့တော်မူ၍ ပြည်၏အကျိုးစီးပွားဆောင်ရွက်အံ့ဟု နတ်မျက်စိအမြင်ကဲ့သို့ ပညာတော်ဖြင့် ဆင်ခြင်တော်မူလျက် ဘုရင်မင်းဗာကြီးသည် နေပြည်တော် မြောက်ဦးမြို့ကို ဤသို့ တည်ထောင်တော်မူသည်။

မြန်မာနှစ် ၉၀၈ ခု၊ တပို့တွဲလဆန်း ၃ ရက်တွင် မင်းတရားရွှေထီးသည် မြောက်ဦးမြို့တော်ကို ချီတက်တိုက်ခိုက်လာ၏။ ဤကဲ့သို့ မချီတက်မီ ဘုရင်မင်းဗာကြီးသည် (၁၀) နှစ်တိုင်တိုင်ကပင် ကြိုတင်လျက် မြောက်ဦးမြို့တော်နှင့်တကွ ပြည်တော်အားလုံးကိုခိုင်ခံ့အောင် ဆောက်လုပ် တည်ထားတော်မူသည်။ သတ္တရတာန် အတာန်တန် ထက်ဝန်းကျင်တောင်ပတ်ကုံးတို့ကို ဖြတ်အပ်သည်ကိုလည်း ဖြတ်တော်မူ၏။ အုတ်၊ ကျောက်စသည်တို့ဖြင့် မြှင့်အပ်သည်ကိုလည်းမြှင့်တော်မူ၏။ တင့်အပ်သည်ကိုလည်း တင့်တော်မူ၏။ ဆင့်အပ်သည်ကိုလည်း ဆင့်တော်မူ၏။ ဆက်အပ်သည်ကိုလည်း ဆက်တော်မူစေသည်။ သူရဲမြေး၊ သူရဲခို၊ သူရဲလောင်း၊ ပစ္စင်၊ ရင်တား၊ ကျုံး၊ ပြအိုး၊ တန်ဆောင်းစသည်တို့ကိုလည်း မလပ်ရအောင် ပြုလုပ်တော်မူ၏။ နံ့ကျုံး၊ ရေကျုံး၊ ကျုံးခြောက်၊ ကျုံးရှင်၊ ကျုံးပင်လယ်စသည်တို့ဖြင့်လည်း ထက်ဝန်းကျင်အထားအနေသင့်စေပြီးမှ မြို့တော်နှင့် ဝသဲမြို့ကို အသစ်ထပ်၍ဆက်တော်မူစေ၏။ ထို့နောက်မှ စန္ဒိကာလမင်းကို မိုးကောင်းကင်ပြည့်မျှ ခြံရံသော ကြယ်အပေါင်းကဲ့သို့ မြောက်ဦးမြို့တော်ကို ပတ်ပတ်လည်ရံလျက် တည်သော မြို့ရံငယ်တို့သည်ကား အရှေ့မှစ၍-

၁။ ရန်နောင်မြို့၊
၂။ သန်လျင်မြို့၊
၃။ ကုလားမြို့၊
၄။ မြို့သာယာမြို့၊
၅။ စံကားတောင်မြို့၊
၆။ ဒလက်တောင်မြို့၊
၇။ ပိန္နဲတောင်မြို့၊
၈။ နတ်တောင်မြို့၊
၉။ ရှမ်းတောင်မြို့၊
၁၀။ အင်ကြင်းတောင်မြို့၊



လမ်းတွင် ဖူးမြော်ခဲ့ရသော ရေတံခါးသိမ်




ငွေတောင်ပေါက်တံတားကို မြင်တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

စသည် ကျားခုတ်တောင်မြို့

ဤ တစ်ဆယ့်တစ်မြို့ကို လက်ယာရစ်ပတ်လျက်ရှိပြီးမှ ထိုမြို့တို့တွင် တည်း ရဲလောင်း၊ ပြအိုး၊ တန်ဆောင်း၊ ဆိမ်း ရင်တား၊ ရေကျုံး၊ နွံကျုံး၊ ကျုံးမြောက်၊ ကျုံးရှင်၊ ကျုံးပင်လယ်တို့ဖြင့် အသီးသီးရံလျက် အလွန်တင့်တယ်တော်မူ မြို့ ဟူသည်ကား ကျောက်မြို့ရိုးအပ်ကို ခေါ်သည်။)

ထိုတစ်ပါး အရှေ့၊ အနောက်၊ တောင်၊ မြောက် ပတ်ပတ်လည်တို့တွင် ကြီးစွာသော ကမ်းပိုင်တို့သည် အထပ်ထပ်ရံလျက် မြို့တွင်း၊ မြို့ပြင် ဖြိုင်ဖြိုင်ထိုးထွက်စေ၏။

ထိုမှလည်း ချောင်းကြီး၊ ချောင်းငယ် အထပ်ထပ်ထားရှိ၍ သျှိသျှားမြစ်ကြီး ပင်စည်ကြီးတို့ကို မြဲအောင်ဆည်လျက် ကမ်းပိုင်ကြီးတစ်ထပ် ဖြစ်စေ၏။ အနောက်မြောက်ထောင့်မှလည်း နတ်တောင်မြို့အတွင်း ဆည်မြောင်းတို့ကို အတန်တန်မြှင့်၍ဆည်၏။ မြို့တွင်း၊ မြို့ပြင်ကို ပတ်ပတ်လည်အောင် ပြည့်စေသောရေကား မဟာသမုဒ္ဒရာကဲ့သို့ခြားဆက်ရှိသော ရှမ်းတောင်မြို့အရှေ့ဘက်သို့တိုင်အောင် ရေဖြင့်ပြည့်စေ၏။ အရှေ့မြောက်ထောင့်မှလည်း ရှမ်းတောင်ရှိသောရေသည် ကျောက်ရစ်ချောင်းတိုင်အောင် ပတ်ပတ်လှည့်၍ရေဖြင့်ပြည့်စေ၏။ ထိုကျုံး၊ ကမ်းပိုင်ရေတို့၏ အပြောကျယ်ခြင်းသည်ကား အင်ကြင်းတောင်မှ ခရီးမှသည် တစ်ပဟိုရ်ခရီးမျှ ကန်တွင်းပြင်ကိုလွှတ်ခဲ့၍ မိုးကြိုးကန်တိုင်အောင် ကြီးမြင့်စွာဆည်လေ၍ အလွန်ညီလှစွာ ပန်းသုံးချောင်းရေကို လှောင်ထားလေ၏။

ယင်းဆိုခဲ့ပြီးသော မြို့ကြီး၏ မြောက်မှဆည်သောကမ်းပိုင်၊ ကျုံးရေတို့သည် နှစ်ဆယ်မကသောရက်တို့ဖြင့် သွားသော်လည်း မရောက်နိုင်ရာ။ အသို့အနှံ့ရှည်သနည်းဟူမူကား စည်ချောင်း၊ ကျောက်ရစ်ချောင်း၊ ကတ္တီပါချောင်း၊ ဆတ်ပုတ်ချောင်း၊ ပပွေးချောင်း၊ လျှမ်းချောင်း၊ ကြာကန်ချောင်း၊ မင်းစေရပ်ချောင်း၊ စပါးတုံချောင်း၊ ငရုတ်တောင်ချောင်း၊ သစ်တို့ချောင်း၊ ငရွှေ့ချောင်း၊ ဆီးရေးချောင်း၊ ပန်းနောက်ချောင်း၊ ပေါက်ပင်ချောင်း၊ အုံးချောင်း၊ ရန္တနဒီချောင်း၊ ရဗစ်ချောင်း၊ ပန်းနောင်ချောင်း၊ တက်ရည်ချောင်း၊ ညောင်ချောင်း၊ သမင်တက်ချောင်း၊ သင်းတုတ်ချောင်း စသည်တို့ ဖြစ်လေ၏။ ထိုကမ်းပိုင်ကြီးတို့၌ ရေပြွန်တို့သည် တစ်ပြိုင်နက် စီးထွက်စေ၏။ ထိုဆိုခဲ့ပြီးသော အထောင်မကသော ရေပြွန်တို့ဖြင့်စီးထွက်လာ၏။ ထိုအနောက်စူးစူးစီးသောရေဟုန်ကို လှေတက်ဖြင့်ဝင်ထွက်သာအောင် ကျားခုတ်တောင်အဆုံးတိုင်အောင် အတန်တန်ဆည်ပြန်၍ ထို(၄)ခုမြောက်သော ဆည်ရိုး၌ ရေလှောင်မြောင်း၊ တန်ဆောင်း၊ ပြအိုး၊ ပစ္စင်၊ ရင်တား စသည်တို့ကို စီမံ၍ လက်နက်ကိရိယာများစွာထားလေ၏။ ထိုမြစ်၏ဆည်ကြီးမှာ နက်စွာတူး၍ မြို့သစ်အထဲတိုင်အောင် တစ်ဖန်ရှည်စေလျက် ထိုမြို့၏အတွင်းဝယ် ရေရှိသော မြစ်ထဲ၌ အသောင်းအသိန်းမကသော လှေတို့ကိုထားစေ၍ အံ့ဖွယ်ကြီးစွာ ဖြစ်စေ၏။ များစွာသော သေနတ်၊ မီးပေါက်၊ အမြောက်၊ စိန်ပြောင်း၊ ဓား၊ လှံ၊ လက်နက်၊ ဥစ္စာ၊ ရွှေ၊ ငွေတို့သည် ယခင် ရေတွက်၍ပြအပ်သောမြို့တို့၌ ပြည့်နှက်အောင် စီရင်၍ထားတော်မူ၏။

ဤသို့ဖြင့် ဘုရင်မင်းတာကြီးသည် ဘုန်းလက်ရုံး၊အဆင်အခြင်၊ပညာဉာဏ်နှင့် ပြည့်စုံတော်မူလေသည်။ မြို့တော်ကို ဤသို့ စီမံထားသဖြင့် မင်းတရားရွှေထီး၏ တပ်တော်သည် မြောက်ဦးမြို့တော်ကို ရေအား၊ ကြည်းအားဖြင့် စစ်သည်တို့ကို ချီတက်တိုက်ခိုက်စေရာ မရနိုင်ချေ။မြောက်ဦးမြို့တော်သည် တောင်ထိပ်မှလည်းဖြစ်၍ မြို့တော်မှာ ခိုင်လည်းခိုင်ခံ့သည်။ ကျုံးမြောင်းလည်း ကျယ်သည်။ လက်နက်ကိရိယာလည်း ထူထပ်လှသောကြောင့် မင်းတရားရွှေထီးသည် ကြိမ်ဖန်များစွာ လုပ်ကြံတော်မူသော်လည်း မြို့တော်ကို မရချေ။ (မှန်နန်းရာဇဝင်တွင်ကား ဆရာတော်လေးပါးတို့ကို လျှောက်ထား၍ တရားသဖြင့် ပြေငြိမ်းစေရန် မေတ္တာရပ်ခံစေမှ မင်းတရားရွှေထီးတို့ ပြန်သွားကြောင်း ဆိုသည်။)

ထို့ပြင် မြောက်ဦးမြို့တော်၌ ငွေတောင်ပေါက်တောင်ပေါ်မှ 'အကာကြီးတစ်ရာ၊ အကာငယ်တစ်ထောင်' အနက်အပါအဝင်ဖြစ်သော ဤဆင်းတုတော်ကို ထုဆစ်ထားသည်ဟုဆိုပါသည်။ ဤဆင်းတုတော်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆင်းတုတော်ကြီးမှာ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူဟန် ထုဆစ်ထားပါ၏။ မြောက်ဦးဒုတိယခေတ်၏ဟန်ဖြစ်ပြီး သတ္တရူပဗိသုကာကျမ်းနှင့်အညီ -

၁။ အရှည်တော် (၅) ပါး၊
၂။ အတောင်တော် (၅) ပါး၊
၃။ အထွာတော် (၂၂) ပါး၊
၄။ မိုက်တော် (၁၃) ပါး၊
၅။ လက်သစ်တော် (၂၈) ပါး၊
၆။ မုယောတော် (၁၅) ပါး၊
၇။ အဖြိုးတော် (၇) ပါး၊
၈။ အဝန်းတော် (၂၃) ပါး

စသည် အချိုးအစားများနှင့် ထုလုပ်ထားပါသည်။

ဤအင်္ဂါရပ် (၁၀၈) ပါးနှင့် ပြည့်စုံသော ဆင်းတုတော်မှာ အလွန်သပ္ပာယ်၍ ဖူးမြော်ရသူများကို သဒ္ဓါတရား အလွန်ထက်သန်စေပါသည်။

**ဆင်းတုတော်၏မုဒြာနှင့် အတိုင်းအတာပမာဏ**

ဆင်းတုတော်ကြီး၏ ပုံတော်မှာ လက်ဝဲဘက် လက်တော်သည် ရင်ခွင်ပေါ်၌လှန်၍တင်ထားသော ထက်ဝယ်ဖွဲ့ ထုလုပ်ထားတော်မူ၏။ လက်ယာဘက်လက်တော်ကိုမှောက်လျက် မဟာပထဝီမြေကြီးကို လက်ဖျားများနှင့်ထိနေဟန် 'ပဇင်္ဂ' မုဒြာ ဖြစ်လေသည်။ ထိုင်နေတော်မူဟန်မှာ လက်ဝဲမြေပေါ်သို့ လက်ယာဘက် ခြေဖဝါးကိုလှန်၍တင်ထားသော 'ဝီရာသန' ထိုင်တော်မူဟန်ဖြစ်သည်။ ဦးခေါင်းတော်တွင် ဘုရားရှင်၏ သရီရဓာတ်တော်မွေတော်များ ဌာပနာထားသည်။ ဝိုင်းစက်သော မျက်နှာတော်၊ ဆန်းသစ်စလပမာ နှုတ်ခမ်းတော်အစုံမှ ပြုံးတော်မူဟန်၊ မျက်လွှာတော်ချထားဟန်၊ ပေါ်လွင်သောနှာတံ၊ ပြည့်လျှမ်းတွဲလဲသော နှုတ်ခမ်းတော်၊ ခံ့ညား ရှည်လျားပြီး ပခုံးတော်တွင် ထိခြင်းမရှိသော နားရွက်တော်များ၊ လည်ပင်းတော်တွင် တြိဖလိခေါ် အိုးနားရေးသဏ္ဍာန် လည်ရစ်သုံးရစ်နှင့် ကိုယ်ပေါ်တွင် ပါးလွှာသော သင်္ကန်းခြုံထားဟန်တို့မှာ ရခိုင်ဗုဒ္ဓအနုပညာဟန်တစ်ရပ်ပင် ဖြစ်ချေသည်။ ပါးလွှာသော ကြာသင်္ကန်းအောက်မှ မဟာပုရိသ၏ လက္ခဏာကြီး,ငယ်တို့ကို အထင်သား ဖူးတွေ့နိုင်ပါပေသည်။ ဆင်းတုတော်ကြီးမှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူဟန် ထုဆစ်ထားပါ၏။

**ငွေတောင်ပေါက်ဘုရားကြီး၏ အတိုင်းအတာများ**

ဆင်းတုတော်ကြီး၏ အတိုင်းအတာပမာဏများမှာ-

၁။ ဉာဏ်တော်အမြင့်
(၆)ပေ၊ (၃) လက်မ



www.burmeseclassic.com

www.burmeseclassic.com

# သက်တော်(၁၂၅)နှစ်ရှိပြီဖြစ်သော ရာဇဂြိုဟ်ဆရာတော်

ကျော်ခိုင်ခန့်

## ကားမှောက်ပြီး ပျံလွန်တော်မူသွားသော်လည်း
## အလောင်းတော်မှာ ယနေ့တိုင် မပုပ်မသိုး အနံ့မထွက်ဘဲ တည်ရှိနေ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် နတ်ရေတွင်းရွာ ဖက်ဆွတ်တောင်တန်း အောင်ဗုဒ္ဓ ရာဇဂြိုဟ်တောင်ပေါ်တွင် သီတင်းသုံးနေထိုင်တော်မူသည့် ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်သည် ၂၈-၁၁-၂၀၁၁ ရက်က ပျံလွန်တော်မူသွားကြောင်း၊ ပျံလွန်တော်မူသွားသော်လည်း အလောင်းတော်မှာ ယနေ့တိုင် မပုပ်မသိုး၊ အနံ့မထွက်ဘဲတည်ရှိနေကြောင်း အင်တာနက်သတင်းတချို့၌ ဖော်ပြထားသည်။

ဆရာတော်သည် မပျံလွန်မီတစ်ရက်က အနီးအနားခရီးတစ်ခုသို့ ကြွရောက်ရာ ဆရာတော် စီးနင်းလာသည့် Surf ကားသည် ပေ (၅၀၀၀) ခန့်နက်သော တောင်အောက်သို့ ထိုးကျသွားသော်လည်း ဆရာတော်မှာမူ ထိုးကျသွားသည့် လမ်းမနှင့် ပေ (၄၀) ခန့်ကွာသောနေရာတွင် ပေါက်နေသည့် ငှက်ပျောပင်ပေါ်တွင် တင်ကျန်ရစ်ခဲ့သည်။ ကား၏ ရှေ့လေကာမှန် ပြုတ်ထွက်ပြီး ဆရာတော်လွင့်စဉ်ကျသွားပုံက အံ့သြစရာကောင်းသည့်အပြင် တစ်ကိုယ်လုံးမှာလည်း ဘာဒဏ်ရာဒဏ်ချက်မှမရခဲ့ပေ။ ဆရာတော်၏ ညာဘက်မျက်လုံးတော်တစ်ဝိုက်မှာပဲ ညိုမည်းပြီး သွေးတွေထွက်လာခဲ့သည်။ ဆရာတော်ထွက်ကျခဲ့သည့်နေရာမှာ ဆရာတော် စံမြန်းသည့် ကျောင်းနှင့် ပေ (၁၅၀) ခန့်သာ ဝေးပါသည်။ ယင်းနေရာမှ ဆရာတော်အား ကျောင်းဆောင်သို့ သယ်ယူခဲ့သည်အထိ ဆရာတော် အသက်ရှင်နေသေးသည်။ ယင်းဖြစ်ပွားပြီး သိပ်မကြာခင်မှာပင် ကသာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသဆရာဝန်တို့ ချက်ချင်း ရောက်ရှိလာပြီး ဆရာဝန်က သွေးပေါင်ချိန်တိုင်းသည့်အခါ ပုံမှန်အတိုင်းရှိနေခဲ့သည်။ သိပ်မကြာခင်မှာပင် ဆရာတော် ပျံလွန်တော်မူပါသည်။ ဆရာတော်သည် မကွယ်လွန်မီ ရေးသားခဲ့သော သေတမ်းစာ၌လည်း အလောင်းတော်အား မီးမသင်္ဂြိုဟ်ဘဲ ပကတိအတိုင်း ထားရှိရန် ဖော်ပြထားသည်။

ဆရာတော်နှင့် ပတ်သက်သည့် ထူးခြားသောဖြစ်ရပ်များကို ဆရာဟာဂျူလီ(ကသာ)က Facebook မှာ အောက်ပါအတိုင်း ရေးသားထားသည်။

"ထူးဆန်းတာလေး ပြောချင်ပါတယ်။ မနှစ်က ဆရာတော် မန္တလေးကို ကြွလာတော့ ကျွန်တော် ခြေဆုပ်လက်နယ် ပြုစုပေးဖူးပါတယ်။ အဲဒီမှာ ဆရာတော်က ကျွန်တော့်ကို တစ်ခုမိန့်ပါတယ်။

'ငါ နောက်နှစ်မှာ ခန္ဓာဝန်ချမယ်' တဲ့။

ကျွန်တော် အဲဒီအချိန်တုန်းက စိတ်ထဲကနေတွေးဖြစ်နေတာရှိပါတယ်။ ဒီဆရာတော်နှယ် သူ့ခြေသလုံးတော်တွေကို ငါနှိပ်ပေးနေတာဖြင့် တင်းမာနေတာပဲ။ ငါ့ထက်တောင် သန်မာနေ

၂။ မျက်နှာတော်(မေးစေ့မှဆံစထိ) (၁)ပေ၊ (၁. ၅)လက်မ
၃။ နားတော်အရှည် (၁၁) လက်မ
၄။ နှာခေါင်းတော် (၄) လက်မ
၅။ ဦးတော်အဝန်း (၄) ပေ၊ (၆. ၅) လက်မ
၆။ ပခုံးအကျယ် (၃)ပေ၊ (၄)လက်မ
၇။ လည်ပင်းတော်အဝန်း (၃) ပေ၊ (၃. ၄)လက်မ
၈။ ခန္ဓာလုံးပတ် (၅)ပေ၊ (၉)လက်မ
၉။ ရင်ဘတ်တော်အကျယ် (၂) ပေ၊ (၄) လက်မ၊
၁၀။ လက်မောင်းတော်ပတ်လည် (၂) ပေ၊ (၃) လက်မ
၁၁။ ဒူးစွန်းနှစ်ဖက်အကျယ် (၅) ပေ၊ (၂) လက်မ
၁၂။ ခြေဖဝါးနှစ်ဖက်အရှည် (၁) ပေ၊ (၃) လက်မ
၁၃။ ခြေဖဝါးအကျယ် (၇) လက်မ
၁၄။ ပလ္လင်အမြင့် (၃)ပေ၊ (၁)လက်မ တို့ ဖြစ်ကြပါသည်။

အချုပ်အားဖြင့်ဆိုသော် တောင်ငူဘုရင် မင်းတရားရွှေထီးသည် ဘုန်းလက်ရုံးပေါက်မြောက်တော်မူ၍ မြန်မာနိုင်ငံအလုံးအရင်းနှင့် ဟံသာဝတီပဲခူးတို့ကို အစိုးရပြီ ဟူ၍ ကျော်ကြားလေလျှင် မချွတ်မလွဲ ငါတို့နှင့် တွေ့ကြုံရအံ့ဟု အောက်မေ့တော်မူ၍ ပြည်၏အကျိုးကို ရွက်ဆောင်အံ့ဟု နတ်မျက်စိအမြင်ကဲ့သို့သော ပညာတော်မူဖြင့် ဆင်ခြင်တော်မူလျက် ဘုရင်မင်းဗာကြီးသည် နေပြည်တော် မြောက်ဦးမြို့ကို တံခါးကွေ့၊ တံခါးခွေ၊ တံခါးကောက်၊ တံခါးမ၊ သူရဲပြေး၊ သူရဲခို၊ သူရဲလောင်း၊ ပစွင့်၊ ရင်းတား၊ ကျုံး၊ ပြအိုး၊ တန်ဆောင်း စသည်တို့ဖြင့် မလစ်လပ်ရအောင် ပြုလုပ်တော်မူ၏။ ထို့ပြင် နွံကျုံး၊ ရေကျုံး၊ ကျုံးခြောက်၊ ကျုံးရှင်၊ ကျုံးပင်လယ်၊ ချောင်း၊ မြောင်း၊ ရေကာတာ စသည်တို့ဖြင့် ထက်ဝန်းကျင် အထားအနေသင့်စေပြီးမှ မြို့တော်ကို ပြုပြင်စေလေ၏။

ယင်းသို့ ဆိုခဲ့ပြီးသော ဆည်မြောင်း၊ တာတမံ၊ ကမ်းပိုင်၊ ကျုံး၊ ချောင်း စသည်တို့ကို (၂၀) ရက်မက သွားသော်လည်း မရောက်နိုင်ရာ။ ထို့ပြင် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများ ဆောက်လုပ်၍ ရန်ကာအဖြစ် တည်ထားခဲ့လေသည်။ ဤငွေတောင်ပေါက်ဘုရားသည်လည်း အကာငယ်တစ်ထောင်အနက် တစ်ဆူအပါအဝင်ဖြစ်လေသတည်း။

စောထွီးသျှင်(မြောက်ဦး)

ကျမ်းကိုး -


၁။ ဦးစန္ဒမာလာလင်္ကာရေး - ရခိုင်ရာဇဝင်သစ်ကျမ်း၊ ပဉ္စမတွဲ
၂။ ဦးဦးသာထွန်း (ရခိုင် - မြန်မာပဏ္ဍိတ်) ရေး - ရခိုင်အမျိုးသမီးသူရဲကောင်း
၃။ စာရေးသူ၏ ကွင်းဆင်း လေ့လာမှုများ




www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ ဒါများ နောက်နှစ် ခန္ဓာဝန်ချ မယ်ဆိုပြီး လျှောက်မိန့်နေသေးတယ်လို့။ အတော့ ဆရာတော်မိန့်ခဲ့သလို တကယ် ဖြစ်သွားခဲ့ပါပြီ။ ဆရာတော်ရဲ့ သက်တော်ကို မေးတိုင်း (၁၂၄) နှစ် (မနှစ်က) လို့ ဖြေပါတယ်။ ကျန်ရဟန်းအများစုက မေးကြပါဘူး။

ကျွန်တော်ကတော့ ဆရာတော် ပြောတာကို လက်ခံ၊ လက်မခံ မပြောလို ပါဘူး၊ ကျွန်တော်မှတ်မိတာက ဆရာတော် ကသာမြို့ရဲ့ အမြင့်ဆုံးတောင်မှာ ဘုရားတရားအားထုတ်စက ကျွန်တော်နဲ့ တွေ့ပြီး ဓာတ်ပုံရိုက်ဖူးပါတယ်။ ကျွန်တော် က ဘောင်းဘီတိုနဲ့ပါ။ အဲဒီတုန်းက ဆရာတော်ရဲ့ပုံစံဟာ အခု ကျွန်တော် (ဆံဖြူသွားကျိုးတဲ့အရွယ်အထိ) သိပ် မကွာခြားတာတော့ အံ့ဩမိပါတယ်"

ဆရာတော် ပျံလွန်တော်မူသွားသော်လည်း ရုပ်ကလာပ်က မပုပ်မသိုး ဘဲ ဖြစ်တည်နေပါတယ်။ မူလက ဒေသ အာဏာပိုင်ဆရာတော်များနှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူတို့က ဒီဇင်ဘာ ၂၄ ရက်မှာ မီးသင်္ဂြိုဟ်ရန် စီမံထားကြပါ တယ်၊ သို့သော် ဆရာတော်ကြီး၏ ရုပ် ကလာပ်မှာ မည်သည့်ဆေးဝါးမျှထိုးထား ခြင်းမရှိဘဲ ယနေ့တိုင် မပုပ်မသိုးဘဲ ရှိနေသေးသဖြင့် မြန်မာနိုင်ငံ သံဃာ့ မဟာနာယကအဖွဲ့က ဆရာတော်ရုပ် အလောင်းကို မီးမသင်္ဂြိုဟ်ဘဲ နဂိုအတိုင်း စံကျောင်းတော်ကြီးအတွင်းမှာထားရှိဖို့ ဒီဇင်ဘာ ၁၇ ရက် ရက်စွဲနဲ့ စာထုတ်ပြန် ခဲ့သည်။ နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာ ရာဘိဝံသရဲ့အကြောင်းကြားစာမှာလည်း ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ပကတိအတိုင်း ထားရှိပူဇော်မှုနှင့် ပတ် သက်ပြီး အောက်ပါအတိုင်း ညွှန်ကြား ထားပါသည်။

(က) မယဒေဝလက်ာသစ်ကျမ်းပြု အကျော် မန်လည်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ယနေ့တိုင် ထားရှိ ပူဇော်နေခြင်း၊

(ခ) မြင်းခြံမြို့ စွန်းလွန်းဆရာတော်ကြီး ဦးကဝိ၏ ရုပ်ကလာပ်တော်ကို ယနေ့တိုင် ထားရှိ ပူဇော်နေခြင်း၊

(ဂ) ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ် ဂဠုန်တောင်ဒေသတွင် ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ယနေ့တိုင် ထားရှိ အပူဇော်ခံခြင်း -

စသည်ဖြင့် အလေ့အထ အစဉ်အလာရှိပြီးဖြစ်သောကြောင့် ရာဇဂြိုဟ် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကိုလည်း ဆရာတော်ကြီး မိန့်မှာခဲ့သော ဆန္ဒတော်နှင့်အညီ ပကတိအတိုင်း ထားရှိ ပူဇော်ခွင့်ပြုလိုက်သည်။

(ဃ) အကယ်၍ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒောဘာသ၏ ဥတုဇရုပ်အလောင်းတော်သည် ပုပ်ပွလာပြီး အနံ့အသက်မကောင်းပါက အန္တိမအဂ္ဂိဈာပန ပြုလုပ်နိုင်ပါသည်။

မြတ်စွာဘုရား သာသနာတော်၌ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူသော ထေရ်အရှင်မြတ်များ၏ ရုပ်အလောင်းတော်များသည် မပုပ်မသိုးဘဲ ပကတိအတိုင်း တည်ရှိနေခြင်းသည် တပည့်ဒါယကာ၊ ဒါယိကာမများအနေဖြင့် သံဃာတော်များ ကျင့်သုံးဆောက်တည်ခဲ့သော သီလ၊ သမာဓိနှင့် ဉာဏ်ပညာများကို ပိုမို ကြည်ညိုနိုင်ပြီး အကျင့်စံရဏများကို ယခင်ကထက် ပိုမို ကျင့်ကြံနိုင်ရေးလုပ်ငန်းများအား တိုးပွားစေနိုင်မည့် အခြေအနေများကို ဖန်တီးပေးနိုင်မည့် အမြင်ဆန်းလည်း ဖြစ်ပါကြောင်း ရေးသား တင်ပြရပါသည်။

ကျော်ခိုင်ခန့်

*Ref: www.tunlink. blobspot.com*
*www.irrawaddyblog.com. ...*
*bp.blog.com*



www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသန့်နိုင်

# လက်တွေ့အောင်မြင် ပုတီးစိပ်ကျင့်စဉ်

လက်တွေ့အောင်မြင် ပုတီးစိပ်ကျင့်စဉ် များစွာ ရှိပါသည်။ စိပ်ပွား အဓိဋ္ဌာန်ဝင်ဖူးသူတိုင်းလည်း သိပြီး ဖြစ်ပါမည်။ သို့သော် ယခု ကျွန်ုပ်တင်ပြမည့် ခုနစ်ရက်သားသမီးများ နေ့နံအလိုက် ပုတီးစိပ်ကျင့်စဉ်မှာ သိသူနည်းပါးနေသည်ကို လေ့လာသိရှိရပြီး သိပြီးသူများမှာလည်း အမှုမဲ့ အမှတ်မဲ့ မေ့ထားနေကြသဖြင့် တခုတ်တရ တင်ပြအပ်ပါသည်။ အကယ်၍ သိပြီးဖြစ်သည့်အပြင် လက်တွေ့ အဓိဋ္ဌာန်ပြု စိပ်ပွားနေသူများအနေဖြင့် ခွင့်လွှတ်သည်းခံပါဟု မေတ္တာရင်းခံဖြင့် တောင်းပန်အပ်ပါသည်။

လူတိုင်း လူတိုင်းတွင် ကုသိုလ်ကံ၊ အကုသိုလ်ကံ ရှိပါသည်။ နည်းခြင်း၊ များခြင်းသာ ကွာခြားပါမည်။ ထို့အတူ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များလည်း ရှိနေပြီးပင် ဖြစ်ပါသည်။ အတိတ်က ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားများ ငုပ်လျှိုး တိမ်မြုပ်အရောင်မှိန်ပြီး အကုသိုလ်များ ဖိစီးသည့်အခါ လက်တွေ့ပစ္စုပ္ပန်၌ ကောင်းမှုကောင်းရာများ လုပ်ပါလျက်နှင့် ဆိုးကျိုးဒုက္ခအမျိုးမျိုးခံစားနေရသူတွေ ရှိနေပါသည်။ လက်တွေ့ခံစားနေရသူ၊ သိ၊ ကြား၊ မြင်နေရသည်များလည်း ရှိနေပါသည်။

ထိုသို့သော ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်များ ငုပ်လျှိုးနေခြင်းမှ ပြန်ပေါ်လာအောင် အတိတ်ကပြုသမျှ ကုသိုလ်တရားများနှင့် ပစ္စုပ္ပန်ကုသိုလ်တရားတို့ ပေါင်းစည်းဆက်စပ်မိနေစေရန်အတွက် ယခုပုတီးစိပ်သည် လက်တွေ့အောင်မြင်သည့် ကျင့်စဉ်ပုတီးစိပ် ဖြစ်ပါသည်။ လူတိုင်း သိသာထင်ရှားမြင်သာအောင် ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

မိမိမွေးနေ့ မွေးနံအလိုက် စိပ်ပွားရမည်ဖြစ်ပြီး မခက်မခဲ အလွယ်အသာ စိပ်ပွား အဓိဋ္ဌာန်ဝင်နိုင်ပါသည်။

အဓိကမှာ-

- စွဲမြဲခိုင်မာသော အဓိဋ္ဌာန်ဆုံးဖြတ်ချက်ချပါ။
- အချိန်မှန်ရမည်။
- နေရာမှန်ရမည်။
- မည်သည့်အကြောင်းကိစ္စကြောင့်ပဲဖြစ်ဖြစ်၊ မိမိ၏အဓိဋ္ဌာန်ရက်ကို မပျက်စေရပါ။
- တစ်နေ့တာ အဓိဋ္ဌာန်ပြီးတိုင်း မေတ္တာပို့ အမျှဝေပြီး လိုသောဆုကိုတောင်းပါ။

ဤမျှဆိုလျှင် စာရှုသူ သဘောပေါက်လောက်မည်ဟု ယုံကြည်ပါ၏။

နေ့နံအလိုက် ပုတီးစိပ်ပွားရမည့် ဂုဏ်တော်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**တနင်္ဂနွေသားသမီးတို့သည်. . .**

'သော ဘဂဝါ ဣတိပိ အရဟံ၊ အရဟံ ဘဂဝါ သိဒ္ဓိ မံ ဓာရေတု'

*(ပုတီးတစ်လုံးချ၊ ၁၀၈ လုံး ပုတီးကုံးဖြင့် တစ်နေ့ ၉ ပတ်)*

**တနင်္လာသားသမီးတို့သည်. . .**

'သော ဘဂဝါ ဣတိပိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဘဂဝါ သိဒ္ဓိ မံ ဓာရေတု'

**ကိတ်သားသမီးတို့သည်. . .**

*(တနင်္လာနေ့ မွန်းလွဲ မွေးဖွားသူများကို ဆိုလိုပါသည်။)*

'သော ဘဂဝါ ဣတိပိ အရဟံ ဘဂဝါ၊ ဘဂဝါ သိဒ္ဓိ မံ ဓာရေတု'

**အင်္ဂါသားသမီးတို့သည်. . .**

'သော ဘဂဝါ ဣတိပိ အရဟံ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဘဂဝါ သိဒ္ဓိ မံ ဓာရေတု'

**ဗုဒ္ဓဟူးသားသမီးတို့သည်. . .**

'သော ဘဂဝါ ဣတိပိ အရဟံ သုဂတော၊ ဘဂဝါ သိဒ္ဓိ မံ ဓာရေတု'

**ရာဟုသားသမီးတို့သည်. . .**

*(ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းမွေးဖွားသူများကို ဆိုလိုပါသည်။)*

'သော ဘဂဝါ ဣတိပိ အရဟံ ဗုဒ္ဓေါ၊ ဘဂဝါ သိဒ္ဓိ မံ ဓာရေတု'

**ကြာသပတေးသားသမီးတို့သည်. . .**

'သော ဘဂဝါ ဣတိပိ အရဟံ လောကဝိဒူ၊ ဘဂဝါ သိဒ္ဓိ မံ ဓာရေတု'

**သောကြာသားသမီးတို့သည်. . .**

'သော ဘဂဝါ ဣတိပိ အရဟံ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ ဘဂဝါ သိဒ္ဓိ မံ ဓာရေတု'

**စနေသားသမီးတို့သည်. . .**

'သော ဘဂဝါ ဣတိပိ အရဟံ သတ္ထာဒေဝ မနုဿာနံ၊ ဘဂဝါ သိဒ္ဓိ မံ ဓာရေတု'

ခုနစ်နေ့သားသမီးတိုင်းသည် အထက်ဖော်ပြထားသည့်အတိုင်း မိမိတို့နေ့နံအလိုက် ဂုဏ်တော်တစ်ပါးစီကို (၁၀၈) လုံး ပုတီးကုံးဖြင့် တစ်နေ့ (၉) ပတ် ဝတ်မပျက်စေဘဲ အမြဲ စိပ်ပွားသွားမည်ဆိုပါက ကြံတိုင်းအောင်၊ ထင်တိုင်းပေါက်၊ လိုရာပြီးမြောက် အောင်မြင်စေပါသည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတရားများလည်း တိုးပွား များပြားလာပါမည်။ ရာသက်ပန် မစိပ်ပွားနိုင်လျှင် လက်တွေ့ (၃)လ၊ (၉)လ အဓိဋ္ဌာန်ပြု စိပ်ပွားကြည့်ပါ။ ဒိဋ္ဌအမှန် စိတ်ကြံသမျှ ပြီးမြောက် အောင်မြင်ပြီး သာသနာပြုနိုင်သူများအဖြစ် ထင်ရှား တိုးတက်လာပါမည်။

စိပ်ပွား၍ အကျိုးထူး၊ အောင်မြင်သူတွေ များလှပြီဖြစ်ပါသဖြင့် ရေးသား တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာတော်နှစ် ၂၃၅ ခုနှစ်တွင် ပါဋလိပုတ်ပြည်ရှင် သီရိဓမ္မာသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာ(၁၀၀၀)တို့နှင့် တတိယ သင်္ဂါယနာကို တင်တော်မူခဲ့ပါသည်။ ထို့နောက် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကို ရည်စူး၍ စေတီတော်ပေါင်း (၈၄၀၀၀) တည်ထားကိုးကွယ်ရန်အတွက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ရဟန္တာများကို စေလွှတ်ခဲ့သည်။

သာသနာတော်နှစ် ၂၃၈ ခုနှစ် (ဘီစီ ၃၀၅) ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ အရှင်ယသ၊ အရှင်သောဏ၊ အရှင်သုစိ အမှူးရှိသော ရဟန္တာမြတ် (၈) ပါးတို့သည် ဆံတော်မြတ် (၁၆) ဆူ၊ ဓာတ်တော်မြတ် (၃၂) ဆူတို့နှင့်အတူ သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွရောက်တော်မူခဲ့သည်။ ထိုမှတစ်ဖန် ဥဒ္ဒိပွကျွန်းဟုခေါ်သော သန်လျင်ကျွန်းသို့ ကြွတော်မူခဲ့သည်။ ထိုအချိန်တွင် သန်လျင်ကျွန်း၌ ဘောဂသေနဘွဲ့ခံ သီဟာဒီပမင်းကြီးနှင့် သုဝဏ္ဏဒေဝီမိဖုရားကြီးတို့ စိုးစံနေသည်။ အရှင်ယသ အမှူးရှိသော ရဟန္တာတို့သည် ဓာတ်တော်မွေတော်များကို သီဟာဒီပမင်းကြီးထံ ပေးအပ်ခဲ့သည်။ သီဟာဒီပမင်းကြီးနှင့် မိဖုရားကြီးတို့သည် ဗုဒ္ဓသာသနာတော်ကို လွန်စွာ လေးစားကြည်ညိုတော်မူသောကြောင့် ပတိတကုန်းတော်ပေါ်ရှိ ကျိုက္ကစံစေတီတော်တွင် ဆံတော်(၆)ဆူ၊ ဓာတ်တော် (၁၀) ဆူတို့ကို ထပ်မံ ဌာပနာပြု လှူဒါန်းခဲ့သည်။ ထို့နောက် ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်များ အပါအဝင် စေတီတော်ပေါင်း(၁၀)ဆူတွင် ဌာပနာခဲ့၊ ပြုပြင်မွမ်းမံခဲ့သည်။ အရှင်ယသ မထေရ်သည် ထိုစေတီတော်ကြီးများတို့ တည်ထားပြုပြင်တော်မူပြီးနောက် ရန်ကုန်မြို့တွင် သိမ်တော်ကြီး (၉) သိမ်ကို သိမ်သမုတ်တည်တော်မူခဲ့သည်။

အရှင် ယသမထေရ်မြတ် သိမ်သမုတ်၍ တည်ထားတော်မူခဲ့သော သမိုင်းဝင် သိမ်တော်ကြီး (၉) သိမ်မှာ-

၁။ ကျိုက္ကစံစေတီတော်၏ပရိဝုဏ်အတွင်းရှိ ရှင်ယသသိမ်တော်ကြီး၊
၂။ ဗဟန်းငါးထပ်ကြီးဘုရားလမ်း(ကင်းဘဲလ်လမ်း) ရှိ ထန်းပင်ကုန်းသိမ်တော်ကြီး၊
၃။ သိမ်ဖြူလမ်း (စတော့ကိတ်လမ်း) နှင့် ဦးအုန်းခိုင်လမ်းဆုံ (သိမ်ဖြူဈေးတောင်ဘက်) ဒေဝသာဂရ သိမ်ကုန်းရှိ သိမ်ဖြူသိမ်တော်ကြီး၊
၄။ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့် သူရိယသတင်းစာတိုက်ဟောင်းအဆောက်အအုံ၏ တောင်ဘက်၊ ဝန်ကြီးများရုံး၏ အနောက်ဘက်၊ တံခါးနှစ်ခုအနက်

# ဘိမ်မြုပ်ပျောက်ကွယ်ခဲ့ပြီဖြစ်သော ရန်ကုန်မြို့၏
# ရဟန္တာသိမ်တော်ကြီးလေးသိမ်

လှမြင့်(ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက်တံခါးနှင့်တည့်တည့် နေရာ၊ ယခု ဟိန္ဒူဘုရားကျောင်း နေရာတွင်တည်ရှိခဲ့သော ကသစ်ပင်ကုန်းသိမ် သို့မဟုတ် မြင်းခင်းသိမ်၊

၅။ ဆူးလေစေတီတော်ကြီး၏ အရှေ့မြောက်ဘက်၊ ယခု မြို့တော်ခန်းမ၏ အရှေ့ဘက် မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)နေရာ၌ တည်ဆောက်ခဲ့သော ခရေပင်ကုန်းသိမ် (ခွေးသေဝတံခါးအနီးတွင်ရှိ၍ ခွေးသေဝတံခါးသိမ်)၊

၆။ မဟာဗန္ဓုလလမ်း၏မြောက်ဘက် (၂၆) လမ်းနှင့် ကုန်ဈေးတန်းလမ်း အကြားတွင် တည်ရှိသော မဟာသိမ်တော်ကြီး (သိမ်ကြီးဈေး ကျိုက်မြတ်သံချိုခေါ် မဟာသိမ်တော်ကြီး၊

၇။ အလုံရပ်ကွက်အနီးတွင် တည်ဆောက်ခဲ့သော အလုံသိမ် သို့မဟုတ် သစ်တိုပင်ကုန်းသိမ်တော်၊

၈။ ကျားကူးကျောင်းတိုက်အနောက်ဘက် မိုင်နာကွင်းအတွင်းရှိ ကျားကူးသိမ်တော်၊

၉။ ရွှေတိဂုံစေတီတော်ကြီး၏တောင်ဘက်မုခ်အသင်း ဘုရားလမ်းအနောက်ဘက်ရှိ ရဟန္တာသိမ်တော်ကြီးတို့ ဖြစ်ကြသည်။

ယင်းသမိုင်းဝင်ရဟန္တာသိမ်တော်ကြီး (၉) သိမ်အနက်-

၁။ ကျိုက္ကစံစေတီတော် ပရိဝုဏ်အတွင်းရှိ ရှင်ယသသိမ်တော်၊

၂။ တာမွေအနီး ပင်ကုန်းသိမ်တော်၊

၃။ ဒေဝသာဂရ သိမ်တော်ကုန်းရှိ သိမ်ဖြူသိမ်တော်၊

၄။ သိမ်ကြီးဈေး ကျိုက်မြတ်သံချိုခေါ် မဟာသိမ်တော်ကြီး၊

၅။ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အဆင်းရှိ ရဟန္တာသိမ်တော်ကြီး ဟူသော သိမ်တော်ကြီး (၅) သိမ်

သာလျှင် ယခုအချိန်၌ မူလသိမ်တော်ကြီးများအဖြစ် ဖူးတွေ့နိုင်သည်။ ကျန်သောသိမ်တော်ကြီး (၄) သိမ်မှာမူကား ရန်ကုန်မြို့ကို ဗြိတိသျှအစိုးရတို့က အကွက်ရိုက်၍ မြို့တည်ဆောက်သည့်အချိန်တွင် ဖယ်ရှားခြင်း၊ ရွှေ့ပြောင်းခြင်း ခံခဲ့ရသဖြင့် ဗုဒ္ဓဘာသာသာသနာတော်၏ အထွတ်အမြတ်ဖြစ်တော်မူသော ရဟန္တာသိမ်တော်ကြီး (၄) သိမ်သည် ပျောက်ကွယ် ဆုံးရှုံးခဲ့ရသည်။ ယင်းသို့ ပျောက်ကွယ် တိမ်မြုပ် ဆုံးရှုံးခဲ့ရသော ရန်ကုန်မြို့၏ ရဟန္တာသိမ်တော်ကြီး (၄) သိမ်၏အကြောင်းရင်းကို တတ်စွမ်းသမျှ လေ့လာ ဖော်ထုတ် တင်ပြပါမည်။

### ၁။ ကသစ်ပင်ကုန်းသိမ် သို့မဟုတ် မြင်းခင်းသိမ်တော်ကြီး

အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့် သူရိယသတင်းစာတိုက်ဟောင်းအဆောက်အအုံ၏တောင်ဘက် ဝန်ကြီးများရုံး၏ အနောက်ဘက် တံခါးနှစ်ခုတွင် မြောက်ဘက်တံခါး၏ ရှေ့တည့်တည့်နေရာတွင် ယခုတည်ရှိနေသော ဟိန္ဒူဘုရားကျောင်းနေရာ၌ မူလက ကမာကမုစေတီတော်မြတ်တည်ရှိခဲ့သည်။ ထိုစေတီတော်ကြီး၏ မူလအလှူရှင်မှာ သန်လျင်ကျွန်း ဘုရင်မင်းမြတ် သီဟဒီပ ဖြစ်သည်။ ကမာကမုစေတီတော်ကြီးသည် သီဟဒီပမင်းကြီး၏ ရန်ကုန်မြို့တွင် တည်ထားကိုးကွယ်ခဲ့သော စေတီတော်(၁၀)ဆူအနက်တစ်ဆူအပါအဝင် ဖြစ်သည်။ ထိုနေရာတွင် မူလက ကသစ်ပင်ကြီးပေါက်ရောက်နေခဲ့သောကြောင့် ရဟန္တာမြတ် ရှင်ယသသည် ကမာကမုစေတီတော်အနီး ကသစ်ပင်ကြီးပေါက်ရာနေရာ၌ သိမ်သမုတ်တည်ဆောက်ခဲ့၍ 'ကသစ်ပင်ကုန်းသိမ်' ဟု အမည်တွင်ခဲ့သည်။

ကုန်းဘောင်ခေတ်ဟောင်းမှ ထိုသိမ်တော်ကြီးအနီးတွင် မြင်းခင်းသဘင်ကျင်းပခဲ့သောကြောင့် 'မြင်းခင်းသိမ်' ဟူ၍လည်း ထင်ရှားခဲ့သည်။ သို့သော် ဗြိတိသျှအစိုးရလက်ထက်၌ ရန်ကုန်မြို့ကွက်ကို ပြုပြင်ခဲ့ရာ၌ ကမာကမုစေတီတော်ကြီးနှင့် ကသစ်ပင်ကုန်း မြင်းခင်းသိမ်တော်ကြီးတို့သည် ပျောက်ကွယ်ပျက်သုဉ်းခဲ့ရ၏။

### ၂။ ခရေပင်ကုန်းသိမ် သို့မဟုတ် ခွေးသေဝတံခါးသိမ်

ဆူးလေစေတီတော်ကြီး၏အရှေ့မြောက်ဘက် (ယခု-မြို့တော်ခန်းမ၏ အရှေ့ဘက် မဟာဗန္ဓုလပန်းခြံလမ်း - ဘားလမ်း) တွင် တည်ရှိခဲ့သည်။ ခွေးသေဝတံခါးအနီးတွင်တည်ရှိနေသောကြောင့် 'ခွေးသေဝတံခါးသိမ်' ဟူ၍လည်း ခေါ်ဆိုခဲ့ကြသည်။ ခရေပင်ကုန်းသိမ် သို့မဟုတ် ခွေးသေဝတံခါးသိမ်နှင့်အတူ စေတီတစ်ဆူကိုလည်း တည်ထားခဲ့သည်။ ဗြိတိသျှအစိုးရလက်ထက် ရန်ကုန်မြို့သစ်အဖြစ် အကွက်ရိုက်နေရာချထားခဲ့သည့်အခါ ခရေပင်ကုန်းသိမ် သို့မဟုတ် ခွေးသေဝတံခါးသိမ်နှင့် သိမ်အနီးတွင် တည်ထားသော စေတီတော်တို့မှာ ပျောက်ကွယ် ပျက်သုဉ်းခဲ့ရသည်။

### ၃။ အလုံရပ်ကွက်အနီးရှိ အလုံသိမ်တော် သို့မဟုတ် သစ်တိုပင်ကုန်းသိမ်တော်

အလုံရပ်ကွက်အနီးရှိ သစ်တိုပင်ကြီး ပေါက်ရောက်နေသော ကုန်းတော်နှင့် ကျောင်းတိုက်အတွင်းတွင် တည်ဆောက်ခဲ့သောကြောင့် 'သစ်တိုပင်ကုန်းသိမ်တော်' ဟူ၍ လည်းကောင်း၊ 'အလုံသိမ်တော်' ဟူ၍လည်းကောင်း ထင်ရှားခဲ့ပါသည်။ ထိုသိမ်တော်ကြီးအနီးတွင် သန်လျင်ကျွန်း၏ဘုရင်ဖြစ်သော သီဟဒီပမင်းကြီး တည်ထား ကိုးကွယ်ခဲ့သည့် ကျိုက်ဒေးတဲ့ စေတီတော်မြတ်ကြီးကိုလည်း တည်ထား ကိုးကွယ်ခဲ့၏။ စေတီတော်ကြီး၏တည်နေရာသည် ယခုလမ်းမတော် အ-ထ-က(၁)၏ တောင်ဘက်ခြမ်းနေရာတွင်ဖြစ်ပြီး သစ်တိုပင်သိမ်တော် သို့မဟုတ် အလုံသိမ်တော်ကြီးသည် ယခု အလုံ အ-ထ-က (၄)နေရာအနီးတွင်ရှိသည်ဟု အဆိုရှိခဲ့ပါသည်။ ဗြိတိသျှအစိုးရ၏ ရန်ကုန်မြို့သစ် တိုးချဲ့အကွက်ရိုက် နေရာချထားခဲ့သည့်အခါတွင် ပျောက်ကွယ် ပျက်သုဉ်းခဲ့ရသည်။

### ၄။ ကျားကူးသိမ်တော်

မူလ ကျားကူးသိမ်တော်ကြီး၏ တည်နေရာမှာ ကျားကူးကျောင်းတိုက် အနောက်ဘက် မိုင်နာကွင်းတွင် တည်ရှိသည်။ ဗြိတိသျှအစိုးရလက်ထက်၌ မိုင်နာကွင်းကို မြင်းပြိုင်ကွင်းအဖြစ် ပြုလုပ်ခဲ့သည့်အတွက် မိုင်နာကွင်းတွင် တည်ဆောက်ထားသော ကျားကူးသိမ်တော်ကို ကျားကူးကျောင်း၏ အရှေ့ဘက်သို့ ပြောင်းရွှေ့ တည်ဆောက် သိမ်သမုတ်ရန် နေရာသတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် မူ ကျားကူးသိမ်တော်၏ အစား ကျားကူးသိမ်တော်သစ် ဟူ၍ သတ်မှတ်ခဲ့ကြ၏။ ကျားကူးသိမ်တော်သည် မူလ သိမ်တော်အစစ် မဟုတ်ဘဲ နေရာစားရရှိသောကြောင့် အသစ်ထပ်မံ တည်ဆောက်ခဲ့သောသိမ်ဖြစ်သည်ဟု ရှေးဆရာများ မိန့်ဆိုခဲ့ကြသည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ သမိုင်းဝင်သိမ်တော်ကြီးများ မောင်ဌေးလွင်

၂။ ရန်ကုန်ရာဇဝင်သမိုင်း သတင်းစာဆရာ-ဦးသိမ်းမောင်



www.burmeseclassic.com

www.burmeseclassic.com

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့ ဗောဓိဉာဏာရာမတောရကျောင်းတိုက် ပါတ်ကတ္တဋ္ဌ ဒင်းနစ်ဝင်းသိန်းဟာ ဗောဓိဉာဏာရာမတောရကျောင်းတော် ဆိုတာ ရွှေတိဂုံပုံတူ မဟာဗောဓိစေတီ တော်ဆောက်လုပ်ဖို့အတွက် ဆရာတော်ဘဒ္ဒ ဇာဂရာဘိဝံသ (အဘိုး ကလေးဝ နာဂ လိုဏ်ဂူကျောင်းတိုက်) ကို သွားရောက် ပြီး အကြောင်းအကျိုး လျှောက်ထားခဲ့ပါ တယ်။

အဲဒီအခါမှာ ဆရာတော် ဦးဇာဂ ရာဘိဝံသ အမိန့်ရှိလိုက်တာက-

"ဒကာကြီး၊ ဘုရားတည်မယ်ဆို ရင်တော့ ဗောဓိတစ်ထောင်ဆရာတော် ကို ပင့်ရလိမ့်မယ်။ ဗောဓိတစ်ထောင် ဆရာတော်က ဘုရားတည်တဲ့နေရာမှာ ချွန်းတယ် ။ ပြီးတော့ ဝေကြာယံဆရာ တော် ဘဒ္ဒန္တရေဝတ (ဝေကြာယံကျောင်း တိုက် တောင်ဥက္ကလာ) ရယ်၊ ကျုပ်ရယ် (၃) ပါးဆိုရင် ရပါပြီ" တဲ့။

ဆရာတော် ဦးဇာဂရာဘိသက အခုလို အမိန့်ရှိလိုက်တဲ့အတွက် ဒင်းနစ် ဝင်းသိန်းနဲ့အတူ ကျွန်တော်ဟာ ဗောဓိ တစ်ထောင်ကျောင်းတိုက်ကို သွားရောက် ပြီး မဟာဗောဓိတစ်ထောင်ဆရာတော် ကြီးကို အကြောင်းအကျိုး လျှောက်ထား ခဲ့ကြပါတယ်။ အဲဒီနောက် တောင်ဥက္က လာပ ငွေကြာယံကျောင်းတိုက်ကို သွား ရောက်ပြီး ဆရာတော် ဦးရေဝတကို လည်း အကြောင်းအကျိုး လျှောက်ထား ခဲ့ကြပါတယ်။

နယူးဇီလန်နိုင်ငံကိုသွားပြီး ဘုရား တည်မည့်ပညာရှင် ဦးအုံးတင်နဲ့အဖွဲ့ကို တော့ ဗိုလ်မှူးချုပ် စောလှမင်း (ယခု အငြိမ်းစားသံအမတ်ကြီး)ရဲ့ အကူအညီ နဲ့ တွေ့ဆုံညှိနှိုင်း ပြောဆိုခဲ့ကြပါတယ်။

စေတီရဲ့ထီးတော်၊ ငှက်မြတ်နား တော်ကို သာသနာရေးဝန်ကြီးဌာနက လှူဒါန်းခဲ့ပါတယ်။ စေတီမှာ ဌာပနာ မယ့် ဓာတ်တော်မွေတော်တွေကို နိုင်ငံ ခြားရေးဝန်ကြီးဌာနက ဦးအောင်ဇော် ဝင်းက ပို့ဆောင်ပေးခဲ့ပါတယ်။ စကျင် ကျောက်ဆင်းတုတော်တွေ၊ နတ်မင်းကြီး လေးပါးရုပ်တုတော်တွေကို ထုလုပ်ဖို့ မန္တလေးက မခင်အေးဆွေက ကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။

ဘုရားတည်ဆောက်မှုလုပ်ငန်း ဟာ (၁၁) နှစ်ခန့် ကြာခဲ့ပါတယ်။ ဆရာ တော်ကြီး(၃)ပါးနဲ့ ကျွန်တော်အပါအဝင် ရွှေပင်ငွေပင်ဦးသန်းထွန်း (သီရိသုခမ္မ မဏိဇောတဓရ) ရဲ့ ဇနီး ဒေါ်အေးမြင့်၊ သား မောင်ဇေယျာ၊ သာသနာပြုမယ် တော် ဒေါ်နန္ဒာဝင်း၊ ဒင်းနစ်ဝင်းသိန်းရဲ့ မရီး ဒေါ်ခွဲ့ခွဲ့အုန်းတို့ဟာ ထိုင်းနိုင်ငံ ဗန်ကောက်မှတစ်ဆင့် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၊ အဲဒီကမှတစ်ဆင့် ဝယ် လင်မြို့ကို ရောက်ရှိခဲ့ကြပါတယ်။

## မဟာဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး၏ ခယောင်းလမ်းမှသည်
# ဗောဓိဉာဏာရာမတောရကျောင်း၊ မဟာဗောဓိစေတီထီးတော်တင်ပွဲနှင့်
## သုဏောယျ
# ထူးထူးခြားခြားတရားတော်




ငွေကြာယံဆရာတော်၊ ဗောဓိတစ်ထောင်ဆရာတော်၊ ကလေးဝတောရကျောင်း နာဂလိုဏ်ဂူဆရာတော်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ထီးတော်တင်ပွဲနဲ့အနေကဇာတင် [illegible]ပြုတဲ့အချိန်မှာ မိုးတွေသဲသဲမဲမဲ [illegible]ပါတယ်။ ခိုက်ခိုက်တုန်အောင် ချမ်း[illegible]တဲ့ မိုးတွေလေတွေထဲမှာ ရွှေတိဂုံ[illegible]တော်ကြီးပုံတူ မဟာဗောဓိစေတီ [illegible]တော်ကို သံသေခေါင်းလောင်းနဲ့ [illegible] တင်လှူပူဇော်နိုင်ခဲ့ပါတယ်။

အဲဒီမဟာဗောဓိစေတီထီးတော် [illegible]မှာ ဗောဓိတစ်ထောင်ဆရာတော် [illegible] အနုမောဒနာတရားတော်ကို [illegible]ကြားတော်မူခဲ့ပါတယ်။ အဲဒီတရား [illegible]ဟာ ထူးထူးခြားခြားတရားတော်လို့ [illegible]ပါလိမ့်မယ်။

**[illegible]ခြားခြား နယူးဇီလန်တရားတော် ([illegible]-၁၁-၁၉၉၉)**

ဆရာတော်ကြီးဟာ တရားလည်း [illegible] စကားလည်းမပြောတဲ့ ဆရာ[illegible]ကြီးတစ်ပါး ဖြစ်ပါတယ်။ တရား [illegible]ရမှာကိုလည်း အလွန့်အလွန် ဝန် [illegible]တော်မူပါတယ်။ တရားဟောရမှာ [illegible]နဝန်လေးတော်မူတဲ့အကြောင်းကို [illegible]ဝုန်ဆရာတော် ဦးဝါယမိန္ဒအား [illegible]သားသား ရင်းရင်းနှီးနှီး အမိန့်ရှိခဲ့[illegible]ပါတယ်။

"မလွဲမရှောင်သာလို့ (တရား [illegible]ဖို့) တာဝန်အရ လူပရိသတ်ကြီး၍ [illegible]န်တော့ကြပါစို့ခင်ဗျာ' ဟု ပရိသတ်က [illegible]သောအခါ တပည့်တော်ဝမ်းထဲ စက် [illegible]င်းသလိုပဲ ချန်းချန်းနဲ့ ခုန်မြည်ပြီး [illegible]တော့တာ' ဟု ဗောဓိတစ်ထောင် [illegible]တော်က စာရေးသူအား မကြာ [illegible] အမိန့်ရှိပါသည်။

၁၉၉၁ခုနှစ်က ထုတ်ဝေခဲ့တဲ့ 'ဘဝ [illegible]ခ်း' စာအုပ်မှာ မိဂဒါဝုန်ဆရာတော် [illegible] အထက်ပါအတိုင်း မှတ်တမ်းတင် [illegible]ပါတယ်။

ဒါပေမယ့် တရားဟောရမှာ [illegible] ဝန်လေးပါတယ်ဆိုတဲ့ ဆရာ[illegible]ကြီးဟာ ၁၉၉၉ ခု နယူးဇီလန်နိုင်ငံ [illegible]လင်တန်မြို့မှာ ချီးမြှင့်ခဲ့တဲ့ တရား[illegible]ကတော့ တကယ့်ကိုအံ့ဩလောက် [illegible]ပါပဲ။

ဆရာတော်ကြီး ကရားရေလွှတ် [illegible]တွတ် မရပ်မနား ဟောကြား [illegible]ခဲ့တဲ့တရားတော်ဟာ တပည့်သာဝ[illegible]များအတွက် သိသင့်သိထိုက်၊ မှတ်[illegible]သင့်မှတ်သားထိုက်၊ လိုက်နာသင့် [illegible]က်နာထိုက်၊ ကျင့်ကြံသင့်ကျင့်ကြံ [illegible]တဲ့၊ တရားအဆီအနှစ်တွေအပြည့် [illegible]တဲ့ တရားစကားတွေဖြစ်နေခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့စကားတွေထဲမှာ တပည့်သာဝကတွေအပေါ်မှာထားရှိတဲ့ ဆရာတော်ကြီးရဲ့ ကြီးမားသော စေတနာ မေတ္တာတွေကို မြင်တွေ့နေရပါတယ်။

(လွန်ခဲ့သော ၁၃ နှစ်က ဆရာတော်ကြီး ဟောကြားခဲ့တဲ့ တရားတော်ကို ကက်ဆက်ခွေမှတစ်ဆင့် အက္ခရာတင်ပြီး စာရှုသူများ ဖတ်ရှု မှတ်သားရလွယ်ကူအောင် ခေါင်းစဉ်ငယ်လေးတွေနဲ့ ဖော်ပြလိုက်ပါတယ်။)

မှတ်ချက် - ဆရာတော်ကြီး တရားချီးမြှင့်ခဲ့သော ရက်စွဲမှာ ၂၂-၁၁-၁၉၉၉ ဖြစ်ပြီး ဆရာတော်ကြီး ခန္ဓာဝန်ချခဲ့သော ရက်စွဲမှာ ၂၂-၁၁-၂၀၀၆ ခုနှစ် ဖြစ်ပါသည်။

(နယူးဇီလန် သာသနာပြုခရီး ဆောင်းပါးအပြည့်အစုံကို ၂၀၀၈ ခုနှစ်ထုတ် သူရဿမဂ္ဂဇင်း ဇွန်လတွင် ဖတ်ရှုနိုင်ပါသည်။)

**ထူးထူးခြားခြား နယူးဇီလန်တရားတော်
(၂၁-၁၁-၁၉၉၉)**

**ဝပ်ချနည်း**

ဝပ်ချတာ ထိခြင်းငါးပါးနဲ့ ဝပ်ချတာ ပိုကောင်းတယ်နော်။ 'ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး' အဲဒီတော့ ဗုဒ္ဓဘာသာက ဘာကစတုံး။ ဝပ်ချတာက စ, တယ်။ ဝပ်ချတဲ့အခါကျတော့ သမထနဲ့ဝပ်ချနည်း၊ ဝိပဿနာနဲ့ဝပ်ချနည်း နှစ်မျိုးစလုံး ဝပ်ချကြည့်ရအောင်။ သမထနဲ့ဝပ်ချနည်းကတော့-

**သမထနဲ့ဝပ်ချနည်း**

ဗုဒ္ဓံ ပူဇေမိ။

**ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **ပူဇေမိ** - ပူဇော်ပါ၏ဘုရား။ (တစ်ကြိမ်)

ဓမ္မံ ပူဇေမိ။

**ဓမ္မံ** - တရားတော်မြတ်ကို၊ **ပူဇေမိ**- ပူဇော်ပါ၏ဘုရား။ (တစ်ကြိမ်)

သံဃံ ပူဇေမိ။

**သံဃံ**-သံဃာတော်မြတ်အပေါင်းတို့ကို၊ **ပူဇေမိ**- ပူဇော်ပါ၏ ဘုရား။ (တစ်ကြိမ်)

ဒါ သမထနဲ့ဝပ်ချနည်း။

**ဝိပဿနာနဲ့ဝပ်ချနည်း**

ဝိပဿနာနဲ့ ဝပ်ချနည်းကတော့ 'ဝဋ်ကြီးသုံးပါးကထွက်မြောက်ရာ နိဗ္ဗာန်ရလိုပါ၏ ဘုရား'။ အဲဒီလိုဆိုလည်းရတယ်။ 'ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် အဲဒီဝဋ်ကြီးသုံးပါးမှ ထွက်မြောက်ရာနိဗ္ဗာန် ရလိုပါ၏ ဘုရား'။ အဲဒါ ဝဋ်မှလွတ်မြောက်ရာ ဝပ်ချနည်း။

**ကုသိုလ်ရတဲ့ဝပ်ချနည်း**

နောက်တစ်နည်းက တစ်ကြိမ်ဝပ်ချရလို့ရှိရင် လူတစ်သိန်းကျွေးရတာနဲ့ ညီမျှတဲ့၊ ကုသိုလ်ရတဲ့ဝပ်ချနည်းရှိသေးတယ်။ ဘယ်လိုဝပ်ချမလဲဆိုတော့ မမြဲသော မိမိခန္ဓာကိုယ်ကြီးကို မမြဲတဲ့အကြောင်း ဆင်ခြင်ရမယ်။ အဲဒီမမြဲသော ခန္ဓာကိုယ်ကြီးကိုဘာလုပ်မှာလဲ၊ ဆင်ခြင်ရမယ်။ အဲဒါဝိပဿနာ။ အဲဒီ မမြဲတဲ့ ခန္ဓာကိုယ်ကြီးကို ဘာလုပ်မလဲ။ ကိလေသာလုံးဝမရှိတဲ့ဘုရား၊ ကိလေသာ ကင်းရှင်းကြောင်းဖြစ်တဲ့တရား၊ ကိလေသာ ကင်းပြီး သံဃာတွေကို အာရုံပြုတာ သာထမ၊ လှူဒါန်းပါ၏ ဆိုတာ ဒါန။ ဒါနရော၊ သမထရော၊ ဝိပဿနာရော ပါသွားတဲ့ အဲဒီ ဝပ်ချနည်းနဲ့ ဝပ်ချကြရအောင်။ ဘုန်းကြီးချပေးမယ်။ လိုက်ဆိုကြ။

မမြဲသောဤခန္ဓာကိုယ်ကို ကိလေသာအပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူပြီးသော ဘုရား၊ တရား၊ သံဃာအား လှူဒါန်းပါ၏ ဘုရား။ (တစ်ကြိမ် ဝပ်ချလိုက်)

ဆင်းရဲသော ဤခန္ဓာကိုယ်ကို ကိလေသာအပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူပြီးသော ဘုရား၊ တရား၊ သံဃာအား လှူဒါန်းပါ၏ ဘုရား။ (တစ်ကြိမ် ဝပ်ချလိုက်)

အစိုးမရသော ဤခန္ဓာကိုယ်ကို ကိလေသာအပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူပြီးသော ဘုရား၊ တရား၊ သံဃာအား လှူဒါန်းပါ၏ ဘုရား။ (တစ်ကြိမ် ဝပ်ချလိုက်)

**ဖူးမြော်မာန်လျှော့ကန်တော့ကြ**

ဘဝများစွာသံသရာကစပြီး ယခုအချိန်အထိ ဘုရား၊ တရား၊ သံဃာရဲ့အပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်၊ အဲဒီအပြစ်တွေပျောက်အောင် ခင်ဗျားတို့၊ ကျုပ်တို့ ကန်တော့ကြရမယ်။ အဲဒီအပြစ်တွေပျောက်အောင် တပည့်တော်တို့ ဘယ်လိုကန်တော့ကြရမလဲ ဘုရား ဆိုတော့ ဖူးမြော်၊ မာန်လျှော့။ ဖူးက သက်တော်ထင်ရှားဘုရားကို အာရုံပြုပြီး ဖူးလိုက်၊ သက်တော်ထင်ရှားဘုရားကို အာရုံပြု၍ဖူးစဉ် မာန်မာနတို့ လျှော့၍ ကန်တော့လို့ရှိရင် ဘဝများစွာ သံသရာကတင်လာတဲ့ ကာယကံအပြစ်၊ ဝစီကံအပြစ်၊ မနောကံအပြစ်တွေ ပျောက်ပါစေ။ ပါးစပ်လေးကဆိုရုံနဲ့ မပျောက်



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အဲဒီမာန်လျှော့ဖို့ အရေးကြီးတယ်။ ဘုရားတပည့်တော်တို့ ကန်တော့ကြတယ်။ *ဒါပေမယ့် အဲဒီမာန်တော့မလျှော့ကြဘူးနော်။*

ဘုရားကန်တော့၊ တရားကန်တော့၊ သံဃာကန်တော့၊ မိဘကန်တော့၊ ဆရာသမားကန်တော့၊ မာန်ကိုလျှော့လို့ ကန်တော့ပါ။ မာန်လျှော့ပြီးတော့ ကန်တော့လို့ရှိရင် ဘဝများစွာ သံသရာကတင်လာတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်တွေ ပျောက်ပါတယ်။

**ကန်တော့တာ ရေချိုးတာနဲ့တူတယ်**

ကန်တော့တာက ဘာနဲ့တူသလဲဆိုတော့ ရေချိုးတာနဲ့တူတယ်။ ရေချိုးပြီးတော့ ကြေးချွတ်ရသလိုပါပဲ။ ဒါနဲ့ အရှင်ဘုရား၊ ကန်တော့ရခြင်းဟာ ဘာတွေများအကျိုးရှိသလဲဆိုရင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း ဆိုတဲ့ (အကျိုးလေးပါး) ဆေးလည်း စားပြီးသား ရပါတယ်။

**ငါးပါးသီလက အဝတ်နဲ့တူတယ်**

ကန်တော့တာက ရေချိုးခြင်းနဲ့တူတယ်။ ငါးပါးသီလက အဝတ်နဲ့တူတယ်။ ခင်ဗျားတို့ကျုပ်တို့ဝတ်ထားတဲ့ အဝတ်တွေက ကြည့်ကောင်းအောင် ကျန်းမာရေးအရ ဝတ်ရတဲ့ အဝတ်။ နောက်တစ်ခုက မြတ်စွာဘုရားကြိုက်တဲ့အဝတ်က မနောနဲ့ဝတ်ရတဲ့အဝတ်။ *အဲဒီအဝတ် လုံအောင်ဝတ်ရင် ဘာအ*ကျိုးရှိသလဲဆိုရင် ငါးပါးသီလလုံသော ပုဂ္ဂိုလ်က သောတာပန်နဲ့ တူတယ်။ ဘာတူတာတုံးတဲ့။ သေရင် အပါယ်မကျဘူး။ ကဲ - ဘုရားကြိုက်တဲ့အဝတ်လည်း ဝတ်ရမယ်နော်။ အဲဒီအဝတ် ဝတ်တဲ့အခါမှာ ဘေးမဲ့သီလဝတ်နိုင်က ပိုကောင်းတယ်။ ကဲ - ဘုန်းကြီးဆိုတာ လိုက်ဆိုကြ။

- ငါသည် သူများအသက်မသတ်ဘူး။ ငါသည် သူများအသက်မသတ်သည့်အတွက် ငါ့ကြောင့် သတ္တဝါတွေ စိတ်မဆင်းရဲပါစေနဲ့။ စိတ်ဆင်းရဲခြင်းဘေးကြီးမှ ကင်းဝေးကြပါစေ။
- ငါသည် သူများဥစ္စာ မခိုးဘူး။ ငါသည် သူများဥစ္စာ မခိုးသည့်အတွက် ငါ့ကြောင့် သတ္တဝါတွေ စိတ်မဆင်းရဲပါစေနဲ့။ စိတ်ဆင်းရဲခြင်းဘေးကြီးမှ ကင်းဝေးကြပါစေ။
- ငါသည် သူများအိမ်ရာ မမှားဘူး။ ငါသည် သူများအိမ်ရာ မမှားသည့်အတွက် ငါ့ကြောင့် သတ္တဝါတွေ စိတ်မဆင်းရဲပါစေနဲ့။ စိတ်ဆင်းရဲခြင်းဘေးကြီးမှ ကင်းဝေးကြပါစေ။
- ငါသည် လိမ်မပြောဘူး။ ငါသည် လိမ်မပြောသည့်အတွက် ငါ့ကြောင့် သတ္တဝါတွေ စိတ်မဆင်းရဲပါစေနဲ့။ စိတ်ဆင်းရဲခြင်းဘေးကြီးမှ ကင်းဝေးကြပါစေ။
- ငါသည် သေရည်သေရက် မသောက်။ ငါသည် သေရည်သေရက်မသောက်သည့်အတွက် ငါ့ကြောင့် သတ္တဝါတွေ စိတ်မဆင်းရဲပါစေနဲ့။ စိတ်ဆင်းရဲခြင်းဘေးကြီးမှ ကင်းဝေးကြပါစေ။

အဲဒီလိုအဘယဒါနသီလဆောက်တည်နိုင်ရင် ပိုကောင်းတယ်။ အဲဒါ အဝတ်ပဲ။

**ရတနာဆင်ရအောင်**

ကန်တော့တာက ရေချိုးတာနဲ့တူတယ်။ သီလက အဝတ်နဲ့တူတယ်။ အဝတ်လည်း ဝတ်ပြီးကြပြီ။ အဝတ်ဟာ အရေးကြီးတယ်နော်။ အဝတ်ဝတ်ပြီးတဲ့နောက် ရတနာဆင်ရမယ်တဲ့။ ရွှေ ငွေ၊ ကျောက်သံပတ္တမြားတွေဟာ ဘဝပေါင်းများစွာ သံသရာကဆင်လာတဲ့ ရတနာတွေပါ။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာက တစ်ခါတစ်ရံမှ တွေ့ခဲ့တယ်။ အင်မတန်တွေ့ဖို့ ခဲယဉ်းတယ်။ တွေ့တဲ့အခါ ဒီရတနာက နိဗ္ဗာန်ထိအောင်ပို့မယ့် ရတနာ၊ တန်ဖိုးဖြတ်



ဘဒ္ဒန္တရေဝတ (ငွေကြာယံဆရာတော်) နှင့် သံသောခေါင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ရတဲ့ ရတနာ။ ဒီရတနာဆင်ကြရအောင်။

**ဂုဏ်တော်(၉)ပါး**

အဲဒီတော့ ခုနက 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ထဲမှာ အရဟံဂုဏ်တော်ရယ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ရယ်၊ ဘဂဝါဂုဏ်တော်ရယ် ပါတယ်။ အဲဒီဂုဏ်တော်သုံးပါးထဲက တစ်ဂုဏ်ဂုဏ်ကို အာရုံပြုရအောင်။ အနက်ကြီးဆိုတာ လိုက်ဆိုကြ။

အ ရ ဟံ - ကိလေသာ အပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူသော မြတ်စွာဘုရား၊

အ ရ ဟံ - ကိလေသာ အပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူသော မြတ်စွာဘုရား၊

အ ရ ဟံ - ကိလေသာ အပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူသော မြတ်စွာဘုရား၊

အဲ - ခင်ဗျားတို့၊ ကျုပ်တို့ ကိုးကွယ်တဲ့ဘုရားက ဘယ်လိုဘုရားတုံး။ အပူမရှိတဲ့ဘုရား။ ခင်ဗျားတို့၊ ကျုပ်တို့ကတော့ ဘာသာတုံး။ ခင်ဗျားတို့၊ ကျုပ်တို့က သားအတွက်၊ သမီးအတွက်၊ စီးပွားရေးအတွက်၊ ဟိုအတွက်သည်အတွက်အားရင် ပူနေရတာပဲ။ ကျုပ်တို့ဘုရားက ဘာအပူမှမရှိဘူး။ ဩော်- ငါတို့ဘုရားက ငါတို့လို အပူမရှိတဲ့ပုဂ္ဂိုလ်ပါလား။ အပူကင်းတော်မူသော မြတ်စွာဘုရားလို့ စိတ်နဲ့ ဘုရားနဲ့ တွေ့နေပါစေ။ အဲဒီတော့ သက်တော်ထင်ရှားရှိသောဘုရားဆိုတာ ပိုက်ဆံပေးပြီး ဝယ်လို့မရတဲ့ဘုရား၊ မနောဘုရား၊ ပရမတ်ဘုရား၊ အမှန်ဉာဏ်ဘုရား။ အဲဒီဘုရားဆီ စိတ်ကရောက်သွားလို့ ခင်ဗျားတို့၊ ကျုပ်တို့ အပူကင်းတာပဲ။ ဒီရတနာဆင်ပါတဲ့။ နိဗ္ဗာန်ရောက်အောင် ပို့ပါလိမ့်မယ်တဲ့။

'အ,ရဟံ'ကျတော့ ဆိတ်ကွယ်ရာ၌ မရရ မကောင်းမှုတို့ကိုပြုလေ့မရှိသော မြတ်စွာဘုရား။ ခင်ဗျားတို့၊ ကျုပ်တို့က ဆိတ်ကွယ်ရာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မကောင်းမှုပြုတယ်။ ကျုပ်တို့ဘုရားက ဘုရားဖြစ်သည်ကစ ပရိနိဗ္ဗာန်စံသည်အထိ မကောင်းမှုမပြုဘူး။ မကောင်းမှုမပြုသူ ဘယ်သူလဲဆိုတော့ ဘုရားပဲ။ အပူမရှိသောပုဂ္ဂိုလ်က ဘယ်သူတုံး ဘုရားပဲ။

နောက် အနက်တစ်မျိုး 'အရဟံ' ကျတော့ ဗုဒ္ဓဘာသာတွေက ဆွမ်း၊ ပန်း၊ ရေချမ်း ဆီမီး၊ အမွှေးတိုင်နဲ့ ဘုရားကို လှူကြတယ်။ ငါတို့ ဒီဘုရားကို ဘာကြောင့် လှူကြသလဲ ပြန်စဉ်းစားပါ။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် လှူကြတယ်။ သိဒ္ဓတ္ထမင်းသားဘဝတုန်းက ဘယ်သူမှမလှူဘူး။ သီလအရှိဆုံးဘုရား၊ သမာဓိအရှိဆုံးဘုရား၊ ပညာအရှိဆုံးဘုရား။

သက်တော်ထင်ရှားမြတ်စွာဘုရား ဗောဓိညောင်ပင်အောက်မှာပွင့်နေတုန်း လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေက ပူဇော်နေတဲ့ပုံကို အာရုံပြုပြီးတော့ **အရဟံ-** သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေရဲ့ ပူဇော်အထူးကို ခံယူထိုက်ပါသော မြတ်စွာဘုရားလို့ စိတ်နဲ့ ဘုရားနဲ့ တွေ့ပါစေ။ အဲဒီလိုတွေ့ဖို့ အရေးကြီးတယ်။ အဲဒါ ဂုဏ်တော်ဆိုတာ မြတ်စွာဘုရားရဲ့အရည်အချင်း၊ အရည်အသွေး၊ သတ္တိထူးတွေပါပဲ။

ဂုဏ်ဆိုတာ အရည်အချင်း၊ အရည်အသွေး၊ သတ္တိထူးကို ဂုဏ်ခေါ်တယ်။ ပကတိမျက်စိနဲ့ မြင်ရတာက ပုံ၊ မနောနဲ့ အာရုံပြုတာက ဂုဏ်။ အဲဒီတော့ ငါတို့ဘုရားက ဘယ်လိုဘုရားတုံး။ အပူမရှိတဲ့ဘုရား၊ မကောင်းမှုမပြုတဲ့ဘုရား။ သီလ၊ သမာဓိ၊ ပညာနဲ့ပြည့်စုံတဲ့ဘုရား။

**သမ္မာသမ္ဗုဒ္ဓေါ-** သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ် ဆိုတဲ့ ဉေယျမ် (= သိအပ်သိသင့်သိထိုက်တဲ့ သိရမယ့်) တရားငါးပါးသိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူတုံး။ ဘုရား။ ကျုပ်တို့ကမသိဘူး။ သူကသိတယ်။

**ဝိဇ္ဇာစရဏသမ္ပန္နော-** (ဝိဇ္ဇာဆိုတာ အသိ၊ စရဏဆိုတာ အကျင့်၊ သမ္ပန္နော ဆိုတာ ပြည့်စုံတယ်။) လောကကြီးမှာ အသိရော အကျင့်ပါ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူတုံး။ ဘုရားပဲ။

**သုဂတော-** ခင်ဗျားတို့၊ ကျုပ်တို့က ကောင်းတာလည်းပြောတယ်။ မကောင်းတာလည်းပြောတယ်။ မြတ်စွာဘုရားက ဘုရားဖြစ်သည်မှစပြီး ပရိနိဗ္ဗာန်စံသည်အထိ ကောင်းတာပြောတယ်။ ကောင်းတဲ့တရား ဟောတယ်။ ကောင်းတဲ့နိဗ္ဗာန် ရောက်တယ်။ ဘယ်သူတုံး။ ဘုရားပဲ။

**လောကဝိဒူ -** သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဆိုတဲ့ လောကသုံးပါးသိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူတုံး။ ဘုရားပဲ။

**အနုတ္တရော ပုရိသ ဒမ္မသာရထိ-** မယဉ်ကျေးတဲ့ လူယောက်ျား၊ နတ်ယောက်ျား၊ တိရစ္ဆာန်ယောက်ျားတို့ကို ယဉ်ကျေးအောင် အဆုံးမနိုင်ဆုံးပုဂ္ဂိုလ်ဟာ ဘယ်သူတုံး။ ဘုရားပဲ။

**သတ္ထာဒေဝမနုဿာနံ-** လူ၊ နတ်၊ ဗြဟ္မာတွေရဲ့ဆရာ။ လူ၊ နတ်၊ ဗြဟ္မာတွေရဲ့ဆရာဟာ ဘယ်သူတုံး။ ဘုရားပဲ။

**ဗုဒ္ဓေါ -** သိစရာရှိသမျှ အကုန်သိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူတုံး။ ဘုရားပဲ။ ကျုပ်တို့က မသိဘူး။ သူက သိတယ်။ သဗ္ဗညုတ - သိစရာရှိသမျှ အကြွင်းအကျန်မရှိ အကုန်လုံးသိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူတုံး။ ဘုရားပဲ။ ဘုရားကလွဲရင် ဘယ်သူမှမသိဘူး။

**ဘုရားလေးမျိုး**

ဂုဏ်ဆိုတာ သိစရာရှိသမျှ အကုန်လုံးသိတယ်ဆိုတာဂုဏ်။ ခင်ဗျားတို့၊ ကျုပ်တို့ မြင်ရတဲ့ဥစ္စာက ပုံ။ ရုပ်ဘုရား၊ နာမ်ဘုရားဆိုတာက ဘာလဲ။ ခင်ဗျားတို့၊ ကျုပ်တို့မြင်ရတဲ့ဥစ္စာက ရုပ်ဘုရား။ သိစရာရှိတာ အကုန်သိတာက နာမ်ဘုရား။ အခုမြင်ရတဲ့ဥစ္စာက ပညတ်ဘုရား။ သိစရာရှိသမျှ အကြွင်းအကျန်မရှိ အကုန်သိတဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးက ပရမတ်ဘုရား။ အဲဒါ အရေးကြီးတယ်။

**ဂုဏ်နဲ့ဂုဏေး -** သိစရာရှိသမျှ အကုန်သိတယ်ဆိုတာက ဂုဏ်။ မြင်ရတဲ့ဥစ္စာက ဂုဏေးနော်။ အခု ဆရာတော်၊ တိပိဋက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတဆိုတာ ဂုဏ်။ သူ့ခန္ဓာကိုယ်ကြီးကပုံ။ ခင်ဗျားတို့၊ ကျုပ်တို့ မြင်ရတဲ့ဥစ္စာက ပုံမြင်တယ်၊ ဂုဏ်မမြင်ဘူး မဟုတ်လား။ ဂုဏ်က ပကတိမျက်စိနဲ့မြင်လို့ မရဘူး။ မနောနဲ့အာရုံသိတဲ့ ဉာဏ်ကြောင့်ဖြစ်တဲ့ဥစ္စာက ဂုဏ်။ ကံကြောင့်ဖြစ်တဲ့ဥစ္စာက ပုံ။ ဂုဏ်နဲ့ပုံနော်။ ဂုဏ်တော် ဆိုတာ အရည်အချင်း ဖြစ်တယ်။

**အရဟံ -** ကိလေသာအပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူသော မြတ်စွာဘုရားလို့ စိတ်နဲ့ဘုရားနဲ့တွေ့တဲ့အခါ ဒါဘာလဲ အရည်အချင်း။ အရည်အချင်းက ခက်တယ် မဟုတ်လားနော်။ ပကတိမျက်စိနဲ့မြင်လို့ မရဘူး။ မနောနဲ့ အာရုံပြုတာနော်။

**ချက်ကျောက်နဲ့တွင်းထွက်ကျောက်**

အဲဒီတော့ ချက်ကျောက်၊ တွင်းထွက်ကျောက်ဆိုလို့ရှိရင် ပကတိမျက်စိနဲ့ မြင်လို့မရဘူး။ အရည်၊ အရည်ကိုရှိ



www.burmeseclassic.com

www.burmeseclassic.com

တာ ချက်ကျောက်နဲ့ တူတယ်။ အရဟံ-ကိုလေသာ အပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူသော မြတ်စွာဘုရား။ စိတ်နဲ့ဘုရားနဲ့တွေ့တဲ့အခါ အဲဒါ တွင်းထွက်ကျောက်၊ မနောနဲ့အာရုံပြုရတယ်မဟုတ်လား။ တစ်နည်းအားဖြင့် တရားအားထုတ်တယ်၊အားထုတ်တယ်နဲ့အားထုတ်ဖြစ်တယ်ဆိုတာရှိတယ်။ အရဟံ၊အရဟံဆိုတာ အားထုတ်တာ ဖြစ်တယ်။ လေထုတ်လိုက်တာ။ ဟိုဟာက စိတ်နဲ့ဘုရားနဲ့ မနော တွေ့လိုက်တယ်။ ရင်ချိုင့်ထဲ (နှလုံးအိမ်ထဲ) မှာ သက်တော်ထင်ရှားဘုရားဆီရောက်ပြီးတော့ ငါတို့ကိုးကွယ်တဲ့ ဘုရား။ ငါတို့လို အပူမရှိတဲ့ပုဂ္ဂိုလ်ပါလား။ အပူကင်းတော်မူသော မြတ်စွာဘုရား၊ သက်တော်ထင်ရှားဘုရားလို့အောက်မေ့တယ်။

## ဗုဒ္ဓဂုဏ်တော်ပွားသူမှာ ခန္ဓာစေတီထိုက်

အဲဒီအချိန်အခါမှာ 'ဗုဒ္ဓဂုဏာပွားသူမှာ ခန္ဓစေတီထိုက်' ခင်ဗျားတို့၊ ကျုပ်တို့ ခန္ဓာကိုယ် ဘယ်အချိန်စေတီထိုက်တုံး။စိတ်နဲ့ဘုရားတွေ့တဲ့အချိန်မှာ စေတီထိုက်တယ်။ နှလုံးသားမှာ ဘုရားတည်တာနော်။ အဲဒါအရေးကြီးတယ်နော်။ 'ဗုဒ္ဓဂုဏာပွားသူမှာ ခန္ဓာစေတီထိုက်' အဲဒါပြောတာ။

## ပုံတော်နဲ့ဂုဏ်တော်

စေတီထိုက်ချင်ရင် စိတ်နဲ့ဘုရားနဲ့တွေ့ပါစေ။ ဂုဏ်တော် ဆိုတာ မြတ်စွာဘုရားကို အာရုံပြုတဲ့အခါမှာ တစ်ခုတည်းသော သမာဓိရတာ ပိုကောင်းတယ်။ ကျုပ်အာရုံပြုတဲ့အခါ ကြည်ညိုတဲ့ဘုရားတစ်ဆူ၊ ကျုပ်ကတော့ ဇောဓိပင်နဲ့ ရွှေပလ္လင် အောင်မြင်တဲ့ ဘုရားပုံတော်ကို အာရုံပြုတယ်။ စိတ်က မျက်စိမမှိတ်မပိတ်ဘဲ ခဏလေး စူးစိုက်ပြီးတော့ မျက်တောင်မခတ်ဘဲကြည့်လို့ရှိရင်၊ စိတ်ဘယ်မှမရောက်ရင် ဘုရားပုံတော်က အရှင်လိုဖြစ်လာတယ်။ ပထဝီကသိုဏ်းများလိုပဲ။ အဲဒီကျမှ အဲဒီလိုပုံတော်ထင်မှ ဂုဏ်တော်တင်လိုက်တယ်။

သက်တော်ထင်ရှားဘုရားလိုဖြစ်လာတဲ့အခါမှာ ဩော် - မြတ်စွာဘုရား၊ သိစရာရှိသမျှအကုန်သိတဲ့ပုဂ္ဂိုလ်ပါလား အဲဒီလိုရှုရတယ်။ သိစရာရှိတာ အကုန်သိတာက ဂုဏ်။ မြင်ရတဲ့ဥစ္စာက ပုံ။ အဲဒီလိုကပ်ကြည့်လို့ရတယ်။ အဲဒီဂုဏ်တော် အာရုံပြုလို့ရှိရင် ခင်ဗျားတို့၊ ကျုပ်တို့ လိုအင်ဆန္ဒ အကုန်လုံးပြည့်စုံနိုင်တယ်။

## ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း

'ဘာဝနာကမ္မဋ္ဌာန်း (၄၀) တို့တွင် အတုမရှိ အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိ' ငါဘုရား၏ဂုဏ်တော်ကို ပွားများကြကုန်လော့။ ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို ပွားများသောကြောင့် သင်သည် မိမိ၏ လိုအင်ဆန္ဒ ကိစ္စအဝဝတွေကို မုချပြည့်စုံပါလိမ့်မည်တဲ့။

လူချမ်းသာရော၊ နတ်ချမ်းသာရော၊ နိဗ္ဗာန်ချမ်းသာပါ အကျိုးထူးသုံးပါး ပြည့်တယ်နော်။ လောကီအကျိုးဆိုလို့ရှိရင်-

'ကျက်သရေ တက်နေလှ၊ ထက်ပေစွ အရဟံ' ဂုဏ်တော်သရေနဲ့ စီးပွားတက်ချင်ရင် အရဟံကိုသာ စိပ်ပါတဲ့။

'ကောင်းမြတ်သည့် ကံ၊ ကလျာငယ်၊ ဉာဏ်သမ္မာသဗ္ဗုဒ္ဓေါ' ဉာဏ်ကောင်းချင်ရင် သမ္မာသမ္ဗုဒ္ဓေါကို စိပ်ပါတဲ့။

'ကြံအောင်စွ မြတ်ဝိဇ္ဇာ၊ စရဏသာ ရွှတ်ကြစေသာ' စာမေးပွဲသမားတွေ၊ လောကီမှာ အကြံအစည်တွေ အောင်မြင်ချင်ရင် ဝိဇ္ဇာစရဏသမ္ပန္နော ကိုစိပ်။

'ပြောသမျှ အမှုသာအောင်၊ သုဂတော ရွှတ်ဟော' တဲ့ ပြောသမျှ အောင်မြင်ချင်ရင် သုဂတောကိုသာစိပ်တဲ့။

'သတင်းဂုဏ်လွှန် ပြန့်ပြောစေဖို့၊ မြတ်လောကဝိဒူ' နာမည်ကျော်ကြားချင်ရင်၊ ကမ္ဘာကျော် ဖြစ်ချင်ရင်တော့ လောကဝိဒူကို စိပ်ကြပေါ့။

'ဆိုးနတ်လူ အနုတ္တရောရယ်က၊ နူတ်ပြောပပီယဝါစာကူ' စကားပြောစရာရှိရင် အနုတ္တရော ပုရိသ ဒမ္မသာရထိ စိပ်တဲ့နော်။

'သတ္ထာဒေဝစကားကြူလျှင်၊ တစ်ပါးသူ ကယ်မနိုင်ရဲ့' သူတစ်ပါးကိုကယ်ချင်လို့ရှိရင် သတ္ထာဒေဝမနုဿာနံ စိပ်။

'ဗုဒ္ဓေါပ ပရစိတ္တံ၊ သိရအမှန်' သူတစ်ပါးစိတ် သိချင်လို့ရှိရင် ဗုဒ္ဓေါစိပ်ပါတဲ့။

'ဘဂဝါဂုဏ်တော်အလျှံမှာ၊ ပုန်မကန် ရှောင်ရှားနိုင်ရဲ့လေး' အောက်လူတွေ ပုန်ကန်မှာကြောက်ရင် ဘဂဝါဂုဏ်တော်စိပ်ပါတဲ့။ လောကီအကျိုးပေါ့နော်။

ကျုပ်တို့ ဟိုဟာတွေရှိသေးတယ်။ 'ဂုဏ်တော်ပွားထုံ၊ စိတ်လိုစုံပြည့်' ဂုဏ်တော်ပွားတဲ့ပုဂ္ဂိုလ် စိတ်မှအလိုရှိတဲ့အခါ လောကီချမ်းသာသာမက လောကုတ္တရာချမ်းသာထိ ရနိုင်တယ်။ စိတ်လိုရာကို ပြည့်စုံနိုင်တယ်။

'ဂုဏ်တော်ပွားထုံ၊ စိတ်လိုစုံပြည့် နတ်ဘုံကမ္ဘာ၊ သုံးသောင်းသာတည်း၊ သိကြားမှာ ရှစ်ဆယ်၊ စကြာဝယ် တစ်ထောင်၊ အခေါင်ပဒေသရာဇ်၊ အကြိမ်ကြိမ်ဖြစ်ရ၊ မကျအပါယ်' ဘုရားဂုဏ်တော်ပွားများတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်မကျဘူးတဲ့။

'စည်းစိမ်ဝယ်လည်း၊ လျော့တယ်မရှိ၊ ပြန်ပြည့်ဥစ္စာ၊ ဘိညာဈာန်မှူး' တဲ့။ စည်းစိမ်က တစ်ထောင်လျော့ရင် တစ်ထောင်ပြန်ပြည့်တယ်။ ဈာန်၊အဘိဉာဉ်လည်း ရတယ်။

'ဂုဏ်ထူးနှင့်ပင်၊ နိဗ္ဗာန်ဝင်သည်၊ အရှင်သုဘူတိမထေရ် ဂုဏ်တော်ပွားသူ အကျိုးတည်း' တဲ့။ အရှင်သုဘူတိမထေရ် နာရဒရသေ့ဘဝကတည်းက အားထုတ်ခဲ့တာ။

နောက်တစ်ခုက 'စေတီအတူ'တဲ့။ ဘုရားအာရုံပြုတဲ့ပုဂ္ဂိုလ်ဟာ စေတီထိုက်နေတယ်။ စေတီနဲ့တူတယ်။ ဘုရားနဲ့စိတ်နဲ့တွေ့လို့ရှိရင် 'စိတ်မူတည်ကြည်'တဲ့။ စိတ်လည်းကြည်ပါတယ်။ ဘုရားအာရုံပြုလို့ရှိရင် 'ရောက်မည်နတ်ရွာ' အပါယ်မကျဘူးတဲ့။ 'တွေ့ကာသိလွယ်၊ မြတ်နွယ်အမျိုး၊ ရိုကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊ ကာယ,ခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊ ကြီးမူပညာ၊ နက်စွာ, ထက်ရှင်၊ လျင်မြန်,ဆန်းကြယ်၊ ကောင်းကြွယ်စကား၊ ဆိုနိုင်ငြားသည် ဘုရားဂုဏ်တော် ပွားကျိုးတည်း' တဲ့။

## တစ်နေ့မှာ ကုသိုလ်တစ်ခုတော့ ရအောင်လုပ်ကြ

ဘုရားဂုဏ်တော်က အနန္တပဲ။ ကိုယ့်အလုပ်ကိုယ်လုပ်ဖို့သာ အရေးကြီးတယ်။ အဲဒီတော့ လက်နှစ်ဖက်၊ လက်နှစ်ဖက် သည်အတိုင်းထားရင် မမြည်ဘူး။ ဒီလိုတီးမှမြည်မှာ။ နည်းနည်းတီးရင် နည်းနည်းမြည်မယ်။ များများတီးရင် များများမြည်မယ်။ အလကားနေရင် အလကား။ လက်တစ်ဖက် အတိတ်၊ ကျန်တစ်ဖက်က ပစ္စုပ္ပန်။ လောကီပဲဖြစ်ဖြစ်၊ လောကုတ္တရာပဲဖြစ်ဖြစ် အလကားနေရင် အလကား။ နည်းနည်းလုပ်ရင် နည်းနည်းရတယ်။ များများလုပ်ရင် များများရတယ်။ လုပ်ဖို့က ကိုယ့်တာဝန်၊ အကျိုးပေးဖို့က တရား (ဓမ္မ) တာဝန်၊ သူ့ဟာသူ အကျိုးပေးမှာ။ လခစားလိုပဲ ကိုယ့်အလုပ်ကိုယ်လုပ်။ သူ့ဘာသာသူပေးမှာပဲ။ ဘုရား၊ တရားလုပ်ဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားတို့၊ ကျုပ်တို့က (၂၄)နာရီ ရှိတဲ့အထဲ စားဝတ်နေရေးအတွက်က (၉) နာရီထား။ တစ်နေ့ (၁) နာရီ လောက်ရအောင်လုပ်နိုင်ရင် ပိုကောင်း တယ်နော်။ ခင်ဗျားတို့၊ ကျုပ်တို့ အလုပ် တစ်ခုက ဘုရားအကြိုက်နဲ့ဆိုရင်တော့ အားလုံးသောပုဂ္ဂိုလ်၊ (၃၁) ဘုံသားတွေ ဟာတဲ့ အလုပ်နှစ်ခုတည်း ရှိပါတယ် တဲ့။ မျက်စိကမြင်တဲ့အခါ ကုသိုလ်ဖြစ် ချင်ဖြစ်၊ မဖြစ်ရင်တော့ အကုသိုလ်။ နံ တဲ့အခါ ကုသိုလ်ဖြစ်ချင်ဖြစ်၊ မဖြစ်ရင် တော့ အကုသိုလ်။ ထိတဲ့အခါ ကုသိုလ် ဖြစ်ချင်ဖြစ်၊ မဖြစ်ရင်တော့ အကုသိုလ်။ ကြံတဲ့အခါ ကုသိုလ်ဖြစ်ရင်ဖြစ်၊ မဖြစ် ရင်တော့ အကုသိုလ်၊ နှစ်လုပ်တည်းရှိ တာ။ ခင်ဗျားတို့ တစ်နေ့မှာ ကုသိုလ် တစ်ခုတော့ ရအောင် လေ့လာရမယ် နော်။ ကိုယ်လေ့မှ ကိုယ့်ဆီလာတာ။

သား၊ သမီး၊ မယားအတွက် မျက် စိမှိတ်လို့ မဖွင့်ဘဲ အာရုံပြုလို့ရတယ် မဟုတ်လား။ အမြဲတမ်း လာနေတာ။ တစ်ခါတလေ ဖုန်းဆက်လို့ရှိရင် အသံ တင်မကဘူး။ ရုပ်ပါမြင်လာတာ မဟုတ် လား။ ဘုရား၊ တရားကျတော့ စူးစိုက် လို့မရဘူးနော်။ ဟိုရောက်ဒီရောက်၊ ဟို ရောက်ဒီရောက်နဲ့ အကျိုးပေးချင်ရင် စူး စိုက်ရတယ်။

**'က' သုံးလုံး**

ကျုပ်တို့ဘုရားကျတော့ 'က' သုံး လုံး ခေါ်တယ်။ 'က' သုံးလုံး ဆိုတာ ကာယကံ ကောင်းကောင်း၊ ဝစီကံ ကောင်းကောင်း၊ မနောကံ ကောင်း ကောင်း မဟုတ်လား။ 'က' သုံးလုံး ကာယကံကောင်းရင်လည်း အပြစ်မရှိ ရင် အကျိုးပေးတာပဲ။ ဝစီကံကောင်း ကောင်း၊ မနောကံကောင်းကောင်း။

**ဝစီကံကောင်းကောင်း**

မြတ်စွာဘုရား ရာဟုလာ တော စဉ်မှာ (၇)နှစ်သားအရွယ် မဟုတ်လား။ ညနေစောင်း မြတ်စွာဘုရားကြွအလာ ရာဟုလာက နေရာဖယ်ပေးတော့ 'ငါ ၏ချစ်သား၊ မင်းစကားပြောမယ်ကြံလို့ ရှိရင် ငါပြောမယ့်စကားဟာ တစ်ဖက် သား ထိခိုက်မှာလား။ ဒီလိုမှမဟုတ် မိမိ ကို ပြန်ထိခိုက်မှာလား၊ ဒါမှမဟုတ် နှစ် ဦးစလုံး ထိခိုက်မှာလား စဉ်းစားပါ။ ဒီ လို ထိခိုက်မယ့် စကားမျိုးဆိုရင် အခု အချိန်ကစပြီး တစ်သက်လုံးမပြောပါနဲ့' တဲ့။ ဝစီကံကောင်းကောင်းနော်။

**ကာယကံကောင်းကောင်း**

ကာယကံကျတော့ 'မင်း အလုပ် လုပ်မယ်ကြံလို့ရှိရင် ငါလုပ်မယ့်အလုပ် ဟာ တစ်ဖက်သား ထိခိုက်မှာလား။ ဒီ လိုမှမဟုတ် မိမိများထိခိုက်မှာလား။ ဒီ လိုမှမဟုတ် နှစ်ဦးစလုံး ထိခိုက်မှာလား။ အဲဒီလို ထိခိုက်မယ့်အလုပ်မျိုးကို ယခု အချိန်ကစ တစ်သက်လုံး မလုပ်ပါနဲ့' တဲ့။ ဒါကဘာလဲ။ ကာယကံကောင်းကောင်း။

**မနောကံကောင်းကောင်း**


'အားတဲ့အခါ စိတ်ကူးတွေ ကြံ စည်တယ်။ တွေးတော ကြံစည်တဲ့ ငါ့ အကြံအစည်ဟာ တစ်ဖက်သားကို ထိ ခိုက်မှာလား၊ မိမိကိုထိခိုက်မှာလား။ ဒီ လိုမှမဟုတ် နှစ်ဦးစလုံးထိခိုက်မှာလား။ ထိခိုက်မည့် အတွေးအခေါ် အကြံအ စည်မျိုးကိုလည်း တစ်သက်လုံး မတွေး ခေါ်၊ မကြံစည်ပါနဲ့' တဲ့။ ဒါ မနောကံ ကောင်းကောင်း မဟုတ်လား။

**'စ' သုံးလုံး**

အဲသည်လို 'က' သုံးလုံးပြီးတဲ့ နောက်မှာ 'စ' သုံးလုံး ဆိုတာ လောကီ ရော လောကုတ္တရာပါ အကျိုးပေးတယ်။

**စဉ်းစဉ်းစားစား၊ စေ့စေ့စပ်စပ်၊ စူးစူးစိုက်စိုက်။**

'စ' သုံးလုံးက ဘာတုံး။ စဉ်းစဉ်း စားစား၊ စေ့စေ့စပ်စပ်၊ စူးစူးစိုက်စိုက်။ လောကီရော လောကုတ္တရာပါ အလုပ် တစ်ခုလုပ်မယ်ကြံရင် စဉ်းစားရမယ်။ လုပ်တော့မယ်ဆုံးဖြတ်ပြီးရင် ဒီအလုပ် အပေါ် စေ့စပ်ပါ။ မဟာစေနဲ့။ စေ့စပ်ရုံ မကသေးဘူး။ ဒီအလုပ်အပေါ် စူးစိုက် တဲ့။ အကျိုးပေးပါတယ်တဲ့။ ဘုရားဂုဏ် တော်ဆိုလို့ရှိရင်လည်း တို့ဘုရားက ဘယ်လိုဘုရားတုံး စဉ်းစားမယ်နော်။ စဉ်းစားလို့ရှိရင် ဩော် - တို့လို အပူအ ပင်မရှိတဲ့ဘုရား။ စဉ်းစားပါ၊ စေ့စပ်ပါ။ ဒီပြင်အာရုံမရောက်စေနဲ့။ ဘုရားအပေါ် အာရုံရောက်နေပါစေ။



ဓမ္မသာကာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

**'အ' သုံးလုံး**

'အ' သုံးလုံး ရှိသေးတယ်။ အမှောင်ထဲမှာ လင်းအောင်နေရမယ်တဲ့။ အရှုပ်ထဲမှာရှင်းအောင်နေ၊ အပူထဲမှာ အေးအောင်နေရမယ်။

**အမှောင်ထဲမှာ လင်းအောင်နေ**

အမှောင်ထဲဆိုတာက ဒီအတိုင်း အမှတ်တမဲ့နေကြရင် လောကီအာရုံကာမဂုဏ်ဆိုတာ အဝိဇ္ဇာအမှောင် မဟုတ်လား။ ဘုရားကိုအာရုံယူတဲ့အခါကျတော့ ငါတို့ဘုရားဟာ အရဟံ - ကိလေသာ အပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူသော မြတ်စွာဘုရားလို့ စိတ်က ဘုရားဆီရောက်ပြီးတော့ ဩော်- ငါတို့ဘုရားဟာ တို့လို အပူမရှိပါလား။ အပူကင်းတော်မူသော မြတ်စွာဘုရား။ စိတ်နဲ့ ဘုရား တွေ့တဲ့အခါ ဝိဇ္ဇာမဖြစ်ဘူးလား။ ဝိဇ္ဇာဖြစ်တော့ အလင်းဝင်တာပေါ့။ လောကီအာရုံ၊ လောဘ၊ ဒေါသ၊ မောဟက အဝိဇ္ဇာ။ ဘုရားနဲ့တွေ့တော့ ဝိဇ္ဇာ။ အလင်းဝင်တာ မဟုတ်ဘူးလား။ အမှောင်ထဲမှာ လင်းအောင်နေ။ ဝိပဿနာရှုရင်လည်း ဝင်လေသိ၊ ထွက်လေသိဒါ အလင်းဝင်တာပေါ့။ ကျုပ်တို့က ဝင်လေလည်း မသိဘူး၊ ထွက်လေလည်း မသိဘူး။ မသိတာက ဘာလဲ၊ အဝိဇ္ဇာ။ ဝင်မှန်း၊ ထွက်မှန်းသိတာ ဝိဇ္ဇာ။ အမှောင်ထဲမှာ လင်းအောင်နေတဲ့နည်း။

**အရှုပ်ထဲမှာ ရှင်းအောင်နေ**

အရှုပ်ထဲရှင်းအောင်နေတဲ့နည်း။ အရှုပ်တွေကအများကြီး။ ဟိုရောက်သည်ရောက်၊ ဘာအတွက်ညာအတွက် အရှုပ်တွေ အများကြီး။ အဲဒီအရှုပ်တွေ ရှင်းချင်ရင် ဘုရားဟောတဲ့ တရားတစ်ခုခုကိုနှလုံးသွင်းလိုက်ပါတဲ့။ ဘုရားဟောတဲ့တရားက အကုန်လုံးကောင်းချည်းပဲ။ ဂုဏ်တော်ဝါသနာပါရင် ဂုဏ်တော်ပေါ့။ ထွက်လေ၊ ဝင်လေကြိုက်လည်း ထွက်လေ၊ ဝင်လေပေါ့။ ကိုယ်ကြိုက်ရာ ကိုယ်ပေါ့။ အရေးကြီးတာက ကိလေသာအပူတွေကင်းရင် ရှင်းနေတာပဲ။

**အပူထဲမှာ အေးအောင်နေ**

ခုနက အရဟံ- ကိလေသာအပူခပ်သိမ်းမှ ကင်းငြိမ်းတော်မူသော မြတ်စွာဘုရားလို့ စိတ်က ဘုရားဆီရောက်နေရင် အပူကင်းတာပေါ့။ အပူထဲ အေးအောင်နေတဲ့နည်း။ ခင်ဗျားတို့၊ ကျုပ်တို့က အမှတ်တမဲ့နေရင် သားအတွက်၊ သမီးအတွက်၊ စီးပွားအတွက် ပူရတယ် မဟုတ်လား။ဒီအပူတွေအေးဖို့ကို တရားဟောတဲ့ တရားတစ်ခုခုကို နှလုံးသွင်းလိုက်ပါ။ မအေးဘူးလား။ ဝိဇ္ဇာနဲ့ အဝိဇ္ဇာ နှစ်ခု၊ တစ်ခုခုဖြစ်မှာပဲ။ သတိ၊ သတိလေးနဲ့နေရင် ဝိဇ္ဇာ၊ အမှတ်တမဲ့နေရင်တော့ အဝိဇ္ဇာချည်း ဖြစ်နေမှာပဲ။

**ကုသိုလ်နဲ့အကုသိုလ်**

တစ်နေကုန် ခင်ဗျားတို့၊ ကျုပ်တို့ နိုးသည်မှ အိပ်ရာဝင်သည်ထိ ကုသိုလ်ဘဏ်တိုက်ထဲရော အကုသိုလ်ဘဏ်တိုက်ထဲပါထည့်ကြတာပါ။ ညကျတော့ ချိန်ခွင်နဲ့ချိန်ကြည့်ရအောင်။ အကုသိုလ်က အောက်ကိုဆွဲတယ်။ ကုသိုလ်က အထက်ကို ထောင်တယ်။ အကုသိုလ်က နိဗ္ဗာန်မရောက်မချင်း ဆိုးကျိုးပေးမယ်။ ကုသိုလ်ကံက နိဗ္ဗာန်မရောက်မချင်း ကောင်းကျိုးပေးမှာပဲ။

အချိန်က အချိန်ပါပဲ။ ကုသိုလ်ကခိုင်းရင် ကုသိုလ်လုပ်မှာပဲ။ အကုသိုလ်က ခိုင်းရင် အကုသိုလ်လုပ်မှာပဲ။ အကုသိုလ်က အဆင်းနဲ့တူတယ်။ ကုသိုလ်က အတက်နဲ့တူတယ်။ အဆင်းကလွယ်တယ်။ အတက်က ခက်တယ်။ ကုသိုလ်က အားထုတ်ရတယ်။

တစ်နည်းအားဖြင့် ရေစုန်နဲ့ ရေဆန်လိုပဲ။ အကုသိုလ်က ရေစုန်နဲ့ တူတယ်။ အမှတ်တမဲ့ မျောသွားတာပဲ မဟုတ်လား။ ကုသိုလ်က ရေဆန်၊ အားထုတ်မှ ရတယ်နော်။ ကုသိုလ်များများရပါစေ။ သေတဲ့အခါ ဒီနှစ်ခုပါပဲ။ နိဗ္ဗာန်မရောက်မချင်း ခင်ဗျားတို့က စီးပွားနည်းမှာ ကြောက်ကြတယ်။ ကုသိုလ်နည်းမှာ မကြောက်ကြဘူး။ ဟုတ်တယ်၊ အားလုံးပဲ အဲဒီလိုက များပါတယ်။ ကုသိုလ်တွေ များများရဖို့၊ သာသနာကြီးနဲ့တွေ့တဲ့အခါ။ တွေ့ဖို့က သိပ်မလွယ်ဘူးဗျ။

လူ့ဘဝက တကယ့်ခဏလေး။ မြတ်စွာဘုရားက မယ်တော် မိနတ်သားကို တရားဟောတယ်ဆိုတာ ဝါတွင်း (၃) လ မဟုတ်လား။ တာဝတိံသာနတ်ပြည်နဲ့ တွက်လို့ရှိရင် (၅)မိနစ်နဲ့ (၆) စက္ကန့်သာသာလေးပဲ ရှိတယ်။ ဘာမှမကြာဘူး။

အခု မြတ်စွာဘုရား ဟိုပရိနိဗ္ဗာန်စံတာ နှစ်ပေါင်း ၂၅၄၃ မဟုတ်လား။ တုသိတာနတ်သက်နဲ့တွက်ရင် (၆)ရက်နဲ့ တစ်မနက်။ ရက်တောင်မလည်သေးဘူး။ လူ့ပြည်က ဒကာမကြီး အသက် (၈၀) ဆိုရင် ဟိုက (၇) နာရီကျော်ပဲ ရှိ တယ်။ နာရီပိုင်းပဲရှိတယ်။ လူ့ပြည်က တကယ့်ခဏလေး။

ရတဲ့ဘဝလေးကို လူဖြစ်အောင်ခုတော့ လူလည်းမဖြစ်သေးဘူး။ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လူးနေတာများတယ်။ လူဖြစ်အောင် ကြိုးစားပြီးတော့ သတိထားရမယ်။ မြတ်စွာဘုရားက ဟောတာ 'အပ္ပမာဒေနသမ္ပာဒေထ' မဟုတ်လား။

ကုသိုလ်ရဖို့ မမေ့ကြနဲ့။ ခင်ဗျားတို့က မမေ့မလျော့ သတိတော့ထားနေတယ်။ သားရေးသမီးရေး၊ စီးပွားရေးတွေ မမေ့ဘူး။ ဘုရား၊ တရားကျတော့ မေ့တယ်။ ပြောင်းပြန်ဖြစ်နေတယ်။ ဟုတ်တယ်မဟုတ်လား။ အဲဒါ ဘုရားက မဟုတ်ဘူးတဲ့။ ကုသိုလ်ကောင်းမှုကို မမေ့မလျော့နေကြတဲ့။ ဘာကုသိုလ်ရရ ကုသိုလ်မှန်သမျှ ရအောင်ယူ၊ ကောင်းတာချည်းပဲနော်။

**သရဏဂုံပန်း**

ရတနာဆင်ပြီးကြပြီနော်။ ရတနာဆင်ပြီးတဲ့သကာလ ပန်းပန်ရအောင်။ ပန်သမျှပန်း ညှိုးတယ်ဗျာ။ မညှိုးတဲ့ပန်းဆိုတာ ရှိသေးတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုတဲ့ သရဏဂုံပန်း။ သရဏဂုံပန်းဟာ မညှိုးတဲ့ပန်းဘဲ။

တိပိဋကဆရာတော်ကြီး ရွှေတိဂုံဘုရားတောင်ပေါ်တက်တဲ့အခါ လျှပ်တစ်ပြက်၊ စိတ္တက္ခဏေ၊ အပေါင်းအရေ ကုဋေတစ်သိန်းနဲ့ တွက်တဲ့အခါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (၈) လုံး မဟုတ်လား။ ကုဋေပေါင်း ခြောက်သိန်းနဲ့ငါးထောင် ကုသိုလ်ရတယ်။ ဘယ်လောက်ရတုံး၊ ကုဋေပေါင်း ခြောက်သိန်းနဲ့ ငါးသောင်း ကုသိုလ်ရတယ်။ပိုက်ဆံကုန်သေးသလား။ သွားရင်းလာရင်းရွတ်ရင် ကုသိုလ်ရတာပဲ။ ဓမ္မံ သရဏံ ဂစ္ဆာမိ ဘယ်လောက်ရတုံး။ ကုဋေပေါင်း ခြောက်သိန်းနဲ့ငါးသောင်း။ နေရင်း၊ ထိုင်ရင်း၊ အိပ်ရင်းရွတ်တယ်ဆိုရင် သံဃံ သရဏံ ဂစ္ဆာမိ ကုဋေပေါင်း ခြောက်သိန်းနဲ့ငါးသောင်း မဟုတ်လား။ ကုသိုလ်က ယူတတ်ရင် ရတာပဲ။ သွားရင်းလာရင်း ရွတ်ဖတ်ရင် အန္တရာယ်လည်းကင်းတယ်။ ဒါ သရဏဂုံ ခေါ်တယ်။

အဲဒီ သရဏဂုံမှာ ဝစီသရဏဂုံရယ်၊ မနောသရဏဂုံရယ် နှစ်မျိုးရှိတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒါ ဝစီသရဏဂုံ မဟုတ်လား။ ကျရောက်မည့်အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com

ကွယ်နိုင်တယ်။ ကားနဲ့သွားသွား၊ နဲ့သွားသွား၊ လေယာဉ်နဲ့သွားသွား သွားရင် အန္တရာယ်ကင်းတယ်။ ယ့် လောဘ၊ ဒေါသ၊ မောဟ စတဲ့ )ကိလေသာ ကာကွယ်နိုင်ရဲ့လား မကာကွယ်နိုင်ဘူးတဲ့။

ဒ့်အပြင် မနောသရဏဂုံ ဆိုတာ ဘယ်။ မနောသရဏဂုံဆိုတာက - သက်တော်ထင်ရှား မြတ်စွာဘုရား ဘယ်ဘုရားတုံး။ သက်တော်ထင် မြတ်စွာဘုရားကို လောဘ၊ ဒေါသ၊ လာသေးလား၊ မလာဘူး။ အဲဒီ ဂုံကောင်းတယ်။ မြတ်စွာဘုရား လူတွေ၊ နတ်တွေ၊ ရဟန်းတွေကို ဒပေးတဲ့ပုဂ္ဂိုလ်။ အဲဒီပုဂ္ဂိုလ်ကိုအာ ပြီးတော့ ဗုဒ္ဓံ- သက်တော်ထင်ရှား ည်မြတ်စွာဘုရားကို၊ သရဏံဂစ္ဆာ အသက်အပ်၍ ကိုးကွယ်ဆည်းကပ် ဘုရား။ အားကိုးနေတဲ့အခါ အ သိုလ်တွေကွယ်ပါတယ်တဲ့။ မနောနဲ့ နဲ့ဘုရားနဲ့ တွေ့တဲ့အခါနော်။ ဘုရား လေး စိတ်စိုက်လိုက်ပါတဲ့။ ဘုရား တပ်လာမယ်။ ဒီအတိုင်းဆိုရင် ဘူးတို့၊ ကျုပ်တို့က လောကီအာရုံ ဂုဏ်တွေ များတယ်။ လက်ရှိ ဟို တွေ၊ ဒီအာရုံတွေဖြတ်ပြီးတော့ ဘုရားအာရုံယူလိုက်တဲ့အခါ ဟိုအာရုံ တွေပျောက်ပြီးတော့ ဒီအာရုံရောက် တယ်။ ဘုရားကို အားကိုးလို့ အကုသိုလ် ကွယ်တာ။ အဲဒီ သရဏဂုံ ကောင်း တယ်။

တတ်နိုင်ရင် ဘုရား၊ တရား၊ သံဃာ အကုန်ပါအောင် ရဟန်းတွေကို ရော လူတွေကိုပါ ဩဝါဒပေးတော်မူ တတ်တဲ့ မြတ်စွာဘုရားကို အာရုံပြုရင် အကုန်ပါတယ်။ အဲဒါ မနောသရဏဂုံ ခေါ်တယ်။ သရဏဂုံပန်းပန်လို့ရှိရင် ဘာ ဖြစ်မလဲဆိုရင် 'သရဏဂမဏော အပါ ယ ဝိနိမုတ္တော - သရဏဂုံတည်သော ပုဂ္ဂိုလ်သည် အပါယ်ဘေးမှ လွတ်သတဲ့။ အပါယ်မကျဘူး' တဲ့။ ဘယ်လောက် ကျေးဇူးများသလဲ။ သရဏဂုံပန်း၊ ပန်း ပန်ပြီးပြီလား။

## မေတ္တာပို့ကြရအောင်

တွေ့တဲ့ပုဂ္ဂိုလ်အပေါ်မှာ ချမ်းသာ စေတဲ့စိတ်ကလေး မွေးမြူရမှာပါပဲ။ အဲ ဒီတော့ မေတ္တာပို့ရအောင် ဘုန်းကြီးဆို တဲ့ မေတ္တာပို့ကို လိုက်ဆိုကြပေတော့။

ဘုရားရှင်အနန္တတို့၏ ဂုဏ်တော် ကျေးဇူးတော်၊ တရားတော်အနန္တတို့၏ ဂုဏ်တော်ကျေးဇူးတော်၊ သံဃာတော် အနန္တတို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ ကြောင့် ဤနေရောင်ခြည်မိသမျှ သတ္တ ဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာကြပါစေ။

ကိုယ်-စိတ်နှစ်ဖြာဆိုတာ ကိုယ် အတွက်လည်း ကျန်းမာ၊ စိတ်အတွက် လည်း ချမ်းသာဆိုတာနော်။ အဲဒါ နေ ကသိုဏ်းလို့ ခေါ်တယ်။ စူးစိုက်လို့ရှိရင် အကျိုးပေးသွားတာ။ နေဟာ အလင်း ပေးသလို ဒီအလင်းရောင်ထိသမျှ သတ္တဝါ တွေ ကျန်းမာ၊ ချမ်းသာပါစေ။ ဒါ မနက် ပိုင်းအလုပ်။

နေ့ပိုင်းကျတော့ မြေပေါ်၊ မြေ အောက်ရှိ သတ္တဝါတွေ ချမ်းသာကြပါ စေ။ အဲဒါ (၃၁) ဘုံ အကုန်ပါတယ်။ နေ့ပိုင်းလုပ်ရမယ့်အလုပ်လေး ဆိုကြည့် စမ်းပါဦး။

ဘုရားရှင်အနန္တတို့၏ဂုဏ်တော် ကျေးဇူးတော်၊ တရားတော်အနန္တတို့၏ ဂုဏ်တော်ကျေးဇူးတော်၊ သံဃာတော် အနန္တတို့၏ဂုဏ်တော်ကျေးဇူးတော်တို့ ကြောင့် ဤမြေပေါ်၌ရှိသော သတ္တဝါ အားလုံး ကိုယ့်စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာကြပါစေ။ ဒါနေ့ပိုင်းလုပ်ရမယ့် အလုပ်၊ မြေကသိုဏ်းလို့ ခေါ်တယ်။

ဘယ်လောက်ကျေးဇူးများသလဲ ဆိုရင် မြတ်စွာဘုရားက နွားနို့တစ်ညှစ် စာလောက်ပို့လို့ရှိရင် မနက်ကို အိုးတစ် ရာချက် ထမင်းကျွေး၊ နေ့လယ်ဆိုရင် အိုးတစ်ရာချက် ထမင်းကျွေး၊ ညအိုး တစ်ရာချက် ထမင်းကျွေးရတဲ့ ကုသိုလ် ထက် မြတ်သေးတယ်တဲ့။ အကယ်၍ (၁၀) မိနစ်၊ (၁၅)မိနစ် ပြုလုပ်မယ်ဆိုရင် စတုဒိသာသံဃိကကျောင်း လှူရတာ ထက် မြတ်တယ်တဲ့။

'တစ်နေ့သုံးခါ အိုးတစ်ရာဖြင့်၊
ချက်ကာထမင်း ကျွေးမွေးခြင်းထက်၊
မယွင်းစင်စစ် နို့တစ်ညှစ်စာ၊
ကြိမ်သုံးခါမျှ မေတ္တာပွားများ၊
ကျိုးကြီးမားသည်၊
ဘုရားမြတ်စွာ မိန့်ခွန်းတည်း' တဲ့။

ပိုက်ဆံလည်း မကုန်ဘူး။ ခင်ဗျား တို့လုပ်ရတဲ့ အလုပ်ကလေး။ (၅)မိနစ် လောက်တန်ရင် (၅)မိနစ် မြေကသိုဏ်း လို့ခေါ်တယ်။ စူးစိုက်၊ မြေပေါ်၌ရှိသော သတ္တဝါတွေ ချမ်းသာကြပါစေ။ အကုန် ပါတယ်။



ထီးတော်တင်မည့် သိကြားမင်းနှင့်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ညပိုင်းကျတော့ လကသိုဏ်းဆိုတာ ရှိတယ်။ လထွက်ရင် လထဲ ဘုရားထည့်ပြီးတော့ လဟာ အမိုက်မှာ အလင်းပေးသလို ကျုပ်တို့ ခေတ္တခဏတွေ့တာ။ အပြုစ်ရှိရင် ခွင့်လွှတ်။ မေတ္တာဆိုတာ ကျေနပ်စရာ ရွေးချယ်လိုက်တာပါပဲ။ အပြစ်ရှိရင် ခွင့်လွှတ်နိုင်တာ မေတ္တာ။ ကောင်းကွက်ကိုရှာ မေတ္တာ။ ကျေနပ်စရာ၊ ရွေးချယ်စရာ ရွေးချယ်လိုက်တာ မေတ္တာ။ ခုခါတော့ ကောင်းကွက်ရှာပါ။ မကောင်းကွက်မရှာပါနဲ့။ ဟိုတုန်းက လေး၊ ငါး၊ ဆယ်ခါ ကောင်းသူ တစ်ခုတည်းမကောင်းတာနဲ့ နောက်ကဟာတွေပျက်ရော။ ပုထုဇဉ်မှန်သမျှ အပြစ်မရှိသောပုဂ္ဂိုလ်မရှိဘူး။ မရှိတော့ ခြော်-ဟိုတုန်းက သူ ငါ့အပေါ် ကောင်းခဲ့တာပါပဲ၊ ခွင့်လွှတ်ရမှာပေါ့။ ခွင့်လွှတ်နိုင်တဲ့စိတ်ရှိရမယ်။

မေတ္တာပို့တဲ့ပုဂ္ဂိုလ်ဟာ တစ်နည်းအားဖြင့် မှော်ရှိတဲ့ရေကန်မှာ ရေခပ်သလိုပဲ။ မှော်ပိတ်နေရင် ဖယ်ပြီးတော့ ခပ်ရတယ် မဟုတ်လား။ ကောင်းကွက်ကလေး ရှာရတယ်နော်။ တစ်နည်းအားဖြင့် ရှေးကတော့ ပုံသကူသက်နှင်းကောက်တယ်ဆိုတာ ရှိတယ်။ အဝတ်စတွေ လျှောက်ကောက်၊ အဲဒီအဝတ်စတွေထဲက မကောင်းတာတွေကိုက်ပစ်။ ကောင်းတာတွေယူပြီး ချုပ်ရတယ်။ အဲဒီတော့ ကောင်းကွက်လေးရှာယူရတယ်။ ကျေနပ်စရာတွေ ရွေးချယ်ယူတာ မေတ္တာခေါ်တယ်။

အဲ - ညပိုင်းလုပ်ရမယ့်အလုပ်ကလေး ဆိုကြပါဦး။

ဘုရားရှင်အနန္တတို့၏ ဂုဏ်တော်ကျေးဇူးတော်၊ တရားတော်အနန္တတို့၏ ဂုဏ်တော်ကျေးဇူးတော်၊ သံဃာတော်အနန္တတို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကြောင့် ဤလရောင်ခြည်မိသမျှ သတ္တဝါအားလုံး ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာကြပါစေ။

**ခဏတွေ့တဲ့အခါ အပြစ်ရှိရင် ခွင့်လွှတ်**

မေတ္တာပို့နည်း၊ ညပိုင်းအလုပ်။ အဲဒီအလုပ်လေးလုပ်ရတယ်နော်။ နေ့စဉ်နေ့စဉ် အမှန်ကတော့ ကျုပ်တို့ တစ်ယောက်နဲ့ တစ်ယောက် တွေ့သခိုက် ချမ်းသာစေချင်တဲ့စိတ်ကလေး မွေးမြူလိုက်တာ မေတ္တာပါပဲ။ အရေးပါတာမနော။ တစ်ယောက်နဲ့ တစ်ယောက် တွေ့သခိုက် ချမ်းသာစေလိုတဲ့စိတ်ကလေးမွေးလိုက်တာ မေတ္တာအစစ်ပဲ။




တစ်ခါတစ်ခါ ကျုပ်တို့ဘဝဘဝက မတည့်တဲ့ပုဂ္ဂိုလ် တွေ့တယ်။ အဲဒီလိုပုဂ္ဂိုလ်ကြီးတွေကို မကြည့်ချင်ဘူး မဟုတ်လား။ ခေတ္တခဏတွေ့တဲ့အခါ အပြစ်ရှိရင် ခွင့်လွှတ်။ ချမ်းသာစေလိုသော စိတ်ကလေးသာ အရေးကြီးပါတယ်။ မေတ္တာဆိုတာ နံ့သာပါ။ မေတ္တာဟာ တစ်ကမ္ဘာလုံး ခန်းခြောက်ကုန်ပါပြီ။ သူ့ကိုယ်မကြည့်ချင်၊ ကိုယ့်သူမကြည့်ချင်ဖြစ်ကုန်ကြပြီနော်။ ခေတ္တခဏတွေ့ကြတဲ့အခါ အပြစ်ရှိရင် ခွင့်လွှတ်။ သတ္တဝါတွေ ချမ်းသာကြပါစေဆိုတဲ့စိတ်မွေး။ မေတ္တာ ဆိုတာ နံ့သာပါ။ အဲဒီနံ့သာ လိမ်းကြစမ်းပါ။ နံ့သာမလိမ်းခင် ခင်ဗျားတို့၊ ကျုပ်တို့ ရေချိုး။

- ကန်တော့တာက ရေချိုးတာနဲ့တူတယ်။
- ငါးပါးသီလက အဝတ်နဲ့တူတယ်။
- ဂုဏ်တော်က ရတနာနဲ့တူတယ်။
- သရဏဂုံက ပန်းနဲ့တူတယ်။
- မေတ္တာက နံ့သာနဲ့တူတယ်။

နံ့သာလိမ်းပြီးကြပြီ။ ခင်ဗျားတို့၊ ကျုပ်တို့ မင်္ဂလာဆောင်၊ အလှူအတန်း၊ ဘုရားပွဲတို့သွားမလို့ပေါ့။

**နိဗ္ဗာန်ရောက်အောင်သွားနည်း**

နိဗ္ဗာန်သွားကြရအောင်နော်။ အားလုံးပြည့်စုံသွားပြီ။ နိဗ္ဗာန်ကျတော့ ဒီအတိုင်းသွားလို့မရဘူး။ နိဗ္ဗာန်ကျတော့ အနိစ္စယာဉ်၊ ဒုက္ခယာဉ်၊ အနတ္တယာဉ်နဲ့ သွားကြရအောင်နော်။

ဒီတော့ ခြေကျင်သွားကြည့်ရအောင်။ သွားချင်တယ်ဆိုတာက နာမ်တရား မဟုတ်လား။ သွားတာက ရုပ်တရား။ တိုတိုဆိုရင် ခြေထောက်ကလေး ချရင်ချမှန်းသိ၊ ကြွရင်ကြွမှန်းသိ။ ခင်ဗျားတို့၊ ကျုပ်တို့ သွားနေတာ ချမှန်း၊ ကြွမှန်း သိရဲ့လား။ မသိတဲ့ဥစ္စာ ဘာလဲ။ မသိတာက အဝိဇ္ဇာ။ ချမှန်း၊ ကြွမှန်းသိရင် ဝိဇ္ဇာ။ ဝိဇ္ဇာဖြစ်ချင်ရင် လွယ်လွယ်လေးပဲ။ အဲဒါနိဗ္ဗာန်သွားရာသွားနည်း ခေါ်တယ်။

ချရင်ချမှန်းသိ၊ ကြွရင်ကြွမှန်းသိ။ ကြွတယ်၊ ချတယ်၊ ကြွတယ်၊ ချတယ် အဲလိုမှတ်နော်။ အဲဒီကပြီးတဲ့နောက် မိလာပြီဆိုရင် ကြွတယ်၊ လှမ်းတယ်၊ ချတယ်။ သုံးချက်နော်။ အဲဒါမိသွားတဲ့အခါ ကြွတယ်၊ မ,တယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ ဖိတယ်၊ စိတ်သွားပြီ။ ဒါနိဗ္ဗာန်သွားရာသွားနည်းပေါ့။ ကြွတယ်၊ လှမ်းတယ်၊ ချတယ် မှတ်တာက သထမ။ ကြွခိုက်၊ ချခိုက် ရုပ်,နာမ်ဖြစ်ပျက်ရှုတာက ဝိပဿနာ။ တိုတိုဆိုလို့ရှိရင် ခြေထောက်ကလေးချတဲ့အခါ (ကြွခိုက်ရုပ်နာမ်အစဉ်) ဖြစ်၊ ချတဲ့အခါ ပျက်သွားပြီ အနိစ္စ။ အေး - အဲဒီလို ကြွတိုင်း၊ ချတိုင်း (ရုပ်နာမ်ဖြစ်-ပျက်) အနိစ္စ, အနိစ္စလို့ ရှုပွားဆင်ခြင်ပြီး လှမ်း။ ခြေတစ်လှမ်းကုဋေတစ်သန်းတောင်တန်တဲ့ ကုသိုလ်တွေ။ ပိုက်ဆံကုန်သေးလား။ အဲဒါနိဗ္ဗာန်သွားရာသွားနည်း။ သွားတတ်ပြီနော်။

**အဝတ်ဝတ်နည်း**

သွားတတ်လို့ရှိရင် နောက်ထပ် ဝတ်တတ်တဲ့နည်း ပြောဦးမယ်။ ခင်ဗျားတို့၊ ကျုပ်တို့က အဝတ်ဝတ်တတ်သလားလို့မေးရင် ဝတ်တတ်တယ်တဲ့။ ဘုရားက မဟုတ်သေးဘူးတဲ့။ အဝတ်ရလို့ရှိရင် ရတဲ့အဝတ်ကလေးကို မြတ်စွာဘုရား ဂဂ်ါဝါဠုသဲစုမကပွင့်တော်မူသော ဘုရားများအား တပည့်တော် လှူဒါန်းပါတယ်။ တပည့်တော်ရဲ့အဝတ်ကို လက်သုတ်တော်ပါဘုရား၊ ခြေသုတ်တော်ပါဘုရား။ လှူပြီးမှ ဝတ်တဲ့။ ဝတ်တတ်ပြီလား။ ဝတ်တတ်ပြီနော်။

**အစာစားနည်း (၄) မျိုး**

စားတတ်ဖို့လိုသေးတယ်။ စားတာက ဒါနနဲ့စားနည်း၊ သီလနဲ့စားနည်း၊ သမထနဲ့စားနည်း၊ ဝိပဿနာနဲ့စားနည်း (၄) မျိုး ရှိတယ်။ ဒီအတိုင်းစားကြတာ သုသာန်သွားရာစားနည်းလို့ ခေါ်တယ်။

နိဗ္ဗာန်သွားရာစားနည်း စားကြရအောင်။ ခန္ဓာကိုယ်ထဲမှာရှိတဲ့ပိုးတွေ စားကြပေ့ဆို ကုသိုလ်မရဘူးလား။ မကျွေး၊ ကျွေးကျွေး ပိုးတွေကတော့ စားမှာပဲ မဟုတ်လား။ တစ်ယောက်တစ်ယောက် ပုံကျွေးနေတာ။ ဒါနနဲ့စားနည်း ခေါ်တယ်နော်။



www.burmeseclassic.com

www.burmeseclassic.com

သီလနဲ့စားနည်း ဆိုတာက ဒီက ပြုဖို့ စားတာပါ။ (ဒကာ၊ ဒကာ အနေနဲ့ကတော့ ပဥ္စသီလ သမာ လို့ စိတ်ထဲက ဆောက်တည်ပြီး သမထနဲ့စားနည်းကျတော့ ကျုပ် ဒကာ၊ ဆွမ်းအမတွေ ချမ်းသာ ဆိုပြီး မေတ္တာပို့ရတယ်။ ဒါ ဘုန်းကြီးတွေ မေတ္တာသုတ်ရွတ် မဟုတ်လား။ မြတ်သောအလှူ ရှိရင် ဘယ်လောက်ကလေး မေတ္တာပို့လိုက်ပါတဲ့။ အလှူကို တယ်တဲ့။ မေတ္တာနဲ့ပို့စားရတယ်။ တော်နဲ့စားလည်း ရတယ်။ အရဟံ၊ အရဟံ စားလို့ရတယ်။ ဘုရား တော်တွေ ပွားများစားရတယ်။

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ ပညာ တွေရှိတယ်။ပညာသည်တွေမလုပ် (မပြုစားနိုင်တဲ့) စားနည်းဆိုတာ တယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ။
ဓမ္မံ သရဏံ ဂစ္ဆာမိ = ဂစ္ဆာမိ သရဏံ ဓမ္မံ။
သံဃံ သရဏံ ဂစ္ဆာမိ = ဂစ္ဆာမိ သရဏံ သံဃံ။

အဲသည်လို ရွတ်ပွားပြီးတော့စား။ သူမှလုပ်လို့မရဘူး။ ကျုပ်တို့ဆီ မောက်ကတော်ဆိုတာ တော်တော် ကြီးတယ်။ကျုပ်ဒကာက ဦးသန်း တဲ့၊ သူကသွားဆဲတယ်မဟုတ်လား။ ကြီး၊ သူက နာမည်ကြီးတယ်။ ဘာ မလဲ' တဲ့။ ဒါနဲ့ စိတ်ထဲက ရွတ်စား တယ်။ ဟိုကကျွေးတာ ငါးကြော်တဲ့။ ကိုင်ပြီးတော့ စိတ်ထဲက-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ။
ဓမ္မံ သရဏံ ဂစ္ဆာမိ = ဂစ္ဆာမိ သရဏံ ဓမ္မံ။
သံဃံ သရဏံ ဂစ္ဆာမိ = ဂစ္ဆာမိ သရဏံ သံဃံ။

အဲသည်လို ဆိုလိုက်တော့ ကြွက်ပုပ်ကြီးဖြစ်လာသတဲ့။ လွှင့်ပစ်တော့ မီးဖိုထဲက ဒကာမက လူးလိမ့်ပြီး ဆဲရာရယ်၊ ကျုပ်သတ်တာ ဘယ်လောက်ရှိပြီလဲ။ (၇)ယောက်လောက်ရှိပြီ။ ဒီပညာ လှူပါ့မယ်တဲ့။ ကျုပ်ကလည်း မတတ်ဘူးဗျာ။ ခုနအတိုင်း ရွတ်လိုက်တာပြောတယ်။ အဲသလောက်ကောင်းတယ်။

သူများတကာ ကျွေးထားလို့ အစာမကြေဘူးဆိုရင် အဲဒါ ရွတ်စား။ အစာကြေတယ်။ မနက်မနက် ဦးဆုံးစားတဲ့အစာကို -

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ။
ဓမ္မံ သရဏံ ဂစ္ဆာမိ = ဂစ္ဆာမိ သရဏံ ဓမ္မံ။
သံဃံ သရဏံ ဂစ္ဆာမိ = ဂစ္ဆာမိ သရဏံ သံဃံ။

ရေသောက်သောက်၊ ထမင်းစားစား အဲဒီလို ရွတ်ပွားစားကြနော်။ ဒါ သမထနဲ့စားနည်းပေါ့။

ဝိပဿနာနဲ့စားနည်း ဆိုတာက စားချင်တယ်ဆိုတာ နာမ်တရား မဟုတ်လား။ စားတာက ရုပ်တရား။ ဝါးရင်း မတ်တတ် ဖြစ်ပျက်ရှုနေရတယ်။ တိုတို ဆိုရင် စားတဲ့အခါ ဖြစ်၊ မျိုတဲ့အခါ ပျက်၊ အဲဒါဝိပဿနာနဲ့စားနည်း။

**မီးလွတ်စားနည်း**

တချို့က ပြောတယ်၊ မီးလွတ်စားနည်း။ မီးလွတ်စားနည်း ဆိုတာက ကျုပ်တို့က ကောင်းလို့ရှိရင် လောဘ ဖြစ်တယ်။ မကောင်းလို့ရှိရင် ဒေါသ ဖြစ်တယ်။ အမှတ်တမဲ့စားရင် မောဟ ဖြစ်တတ်တယ်။ မြတ်စွာဘုရားက ... မီးတွေ မလောင်အောင် စားတဲ့။

ခုနလို မေတ္တာပို့စား၊ ဖြစ်ပျက်ရှုစား၊ သရဏံရွတ်ပွားစား၊ ဂုဏ်တော်ရွတ်ပွားစား။ လောဘ, ဒေါသ, မောဟလာသေးလား။ မီး ဆိုတာ လောဘ၊ ဒေါသ၊ မောဟကိုပြောတာ။ အပြင်ကချက်တဲ့ ပြုတ်တဲ့မီးကို ပြောတာမဟုတ်ဘူးဗျ။

ကောင်းရင် လောဘ ဖြစ်တယ်။ မကောင်းရင် ဒေါသဖြစ်တယ်။ ခြိုးခြံသောအကျင့်ကိုကျင့်တဲ့ပုဂ္ဂိုလ်မှန်သမျှ ဒေါသဖြစ်တတ်တယ်။ ခြိုးခြံသော အကျင့်မကျင့်တဲ့ပုဂ္ဂိုဟ်ဟာ လောဘ ဖြစ် တတ်တယ်။ အဝတ်ဝတ်တဲ့အခါ မိမိ အဝတ်ကလေးကောင်းရင် လောဘဖြစ် တတ်တယ်။ မကောင်းရင် ဒေါသဖြစ် တတ်တယ်။ မိမိအိမ်ကလေးကောင်းရင် လောဘဖြစ်တတ်တယ်။ မိမိအိမ်ကလေး မကောင်းရင် ဒေါသဖြစ်တတ်တယ်။

ခြိုးခြံသောအကျင့်ကျင့်တဲ့ပုဂ္ဂိုလ်မှန်သမျှ ဒေါသဖြစ်တတ်ရောတဲ့။ သက်သတ်လွတ်စားစရာဟင်းက မကောင်းဘူးဆိုရင်မဖြစ်ဘူးလား၊ ဖြစ်တတ်တယ်။ ကျုပ်ကိုယ်တိုင်ဖြစ်ဖူးတယ်။

ကျုပ်ကသက်သတ်လွတ်စားတော့ အလှူတစ်လှူလိုက်သွားတော့ အစိမ်းကြော်တို့ ဘာတို့ညာတို့ပါတယ်။ ကျုပ်




...ပညာရှင် ဦးအုံးတင်နှင့် လက်ထောက်



မိုးထဲလေထဲ ပါဝင်နွှဲ



www.burmeseclassic.com

www.burmeseclassic.com

ကျတော့ ဆွမ်းကလည်း မနပ်ဘူးဗျာ။ ငရုတ်သီးတောင့်လုံးကြော်တို့၊ ပဲတီချဉ်တို့ပါတယ်။ ပဲတီချဉ်က ဆီမပါဆားမပါ။ ငရုတ်သီးတောင့်လုံးကြော်ကလည်း စားရင် မတည့်နဲ့။ စားရင်း ဒေါသဖြစ်လာတယ်။ကိုယ်ကိုယ်တိုင်ဖြစ်ဖူးတယ်။ မြိုးမြိုသောအကျင့် ကျင့်တဲ့ပုဂ္ဂိုလ်မှန်သမျှ ဒေါသဖြစ်တတ်တယ်။ အဆောက်အအုံနဲ့ ပတ်သက်လို့လည်း ကျုပ်ဖြစ်ဖူးတယ်။

တောင်ပေါ်နေတော့ အဆောက်အအုံကမရှိ၊ သက်ငယ်တဲလေးထိုးပြီး နေတာ။ မိုးရွာတော့ မိုးယို၊ မိုးနဲ့ရန်သူဖြစ်တာပေါ့ဗျာ။ မြိုးမြိုသောအကျင့်ကျင့်သူမှန်သမျှ ဒေါသဖြစ်တတ်တယ်။ မြိုးမြိုသောအကျင့်မဟုတ်ရင် လောဘဖြစ်တတ်တယ်။ ဟင်းကောင်းရင် လောဘဖြစ်တတ်တယ်။ ဟင်းမကောင်းရင် ဒေါသဖြစ်တတ်တယ်။ အဲဒီမီး မလောင်အောင်စားတဲ့။ ဂုဏ်တော်ရင်လည်း ပွားများစား။ မေတ္တာရင်လည်း ပို့သစား။ မီးလွတ်အောင် စားတတ်ပြီလား။ စားနည်းသိသွားပြီနော်။

**အိပ်နည်း(၄)မျိုး**

အိပ်နည်းလိုသေးတယ်။ ဒီအတိုင်းအမှတ်တမဲ့အိပ်တာက . သုသာန်သွားသောအိပ်နည်း ခေါ်တယ်။ နိဗ္ဗာန်သွားသောအိပ်နည်း ပြောမလို့။

နိဗ္ဗာန်သွားသောအိပ်နည်းဆိုတာ ဝင်သက်လေကို ဝင်မှန်းသိ၊ ထွက်သက်လေကို ထွက်မှန်းသိ။ အဲဒီလို မှတ်ပေးရမယ်နော်။ (၅) မိနစ်လောက်တော့ နေ့စဉ် လေ့လာပါ။ အထုံပါရမီပါသွားတာပေါ့။ ဝင်သက်လေကို ဝင်မှန်းသိ၊ ထွက်သက်လေကို ထွက်မှန်းသိ။ ဒါတစ်နည်းပေါ့။

နောက်တစ်နည်းက လေလေးဝင်သွားတယ်။ အဲသည်လေဟာ မြဲသလား၊ မမြဲဘူး။ ပြန်ထွက်လာမှာပဲ။ ထွက်သက်လေကော မြဲသလား၊ မမြဲဘူး။ ဝင်သက်လေ အနိစ္စ၊ ထွက်သက်လေ အနိစ္စ။ အဲသလို အိပ်လို့ရတယ်။ နှစ်နည်းရှိသွားပြီနော်။

စိတ်ဟိုရောက်သည်ရောက်အိပ်လို့မပျော်ဘူး ဆိုရင် ဝင်သက်လေကို အရဟံ၊ ထွက်သက်လေကို ဗုဒ္ဓေါ။ အိပ်တတ်ပြီလား။ ဒါ သထမနဲ့အိပ်နည်း။ သုံးနည်းရှိသွားပြီ။

နောက်တစ်နည်းက လေကဝင်သွားလို့ရှိရင်ဖြစ်၊ ထွက်လာရင် ပျက်သွားပြီ။ ဝင်သက်လေဖြစ်၊ ထွက်သက်လေပျက်။ ဖြစ်ပျက်ဝိပဿနာ။ အိပ်တတ်ပြီလား။ နည်းသာပေးလိုက်ရတာ ကိုယ့်ဟာကိုယ်အားထုတ်ရမှာနော်။သွားနည်းလည်း ပေးလိုက်ပြီ။ ဝတ်နည်းလည်းပေးလိုက်ပြီ။ စားနည်းလည်းပေးပြီးလိုက်ပြီ။ အိပ်နည်းလည်းပေးပြီးပြီ။ ကျုပ်တာဝန်ကျေပြီ။

**ဘာလို့သံသရာလည်ရသလဲ**

အဲသည်တော့ ခင်ဗျားတို့ကျုပ်တို့ ဘာကြောင့်မလုပ်ဖြစ်ကြတာလဲ။ ဘုန်းကြီးရော လူတွေပါ ခန္ဓာကိုယ်အလိုလိုက်ခဲ့တယ်။ သာသနာကြီးရဲ့ အခုအခြေအနေထိ မိမိခန္ဓာကိုယ်လို့ ထင်တယ်မဟုတ်လား။ မြတ်စွာဘုရားက ခန္ဓာကိုယ်ကြီးကို မမြဲဘူးတဲ့။ ကျုပ်တို့က မြဲတယ်ထင်တယ် မဟုတ်လား။ မြတ်စွာဘုရားက ဆင်းရဲတယ်။ ကိုယ်က ချမ်းသာတယ်။ မြတ်စွာဘုရားက အစိုးမရဘူး။ ဒီက ငါ့ကိုယ်လာမထိနဲ့တဲ့၊မထင်ဘူးလား။ မြတ်စွာဘုရားက အသုဘ၊ ကိုယ်က သုဘထင်တယ်။

ငါတို့ဘာလို့သံသရာလည်ရသလဲနော်။ ငါကြောင့်လည်တာ။ ဘာကြောင့်လဲ၊ ငါကြောင့်။ တချို့က နင်တို့ကြောင့်ငါဆင်းရဲတယ် ပြောတယ်မဟုတ်လား။ မဟုတ်ဘူး။ ကျုပ်ပြောမယ်လေ။ ငါ ဟုတ်လို့ရှိရင် ခန္ဓာကိုယ်ကြီး၊ ငါ့ရုပ်ကြီးမင်းကျွေးမွေးသုတ်သင်ခဲ့တာ များလှပြီနော်။တရားအားထုတ်တဲ့အခါ မညောင်းနဲ့၊ မညောင်းနဲ့၊ မကိုက်နဲ့၊ မကိုက်နဲ့၊ မခဲနဲ့၊ မခဲနဲ့၊ မအိုနဲ့၊ မနာနဲ့ ရလား။ မရဘူး။ အဲဒီတော့ မိမိရုပ် ဟုတ်ရဲ့လား။ မဟုတ်ဘူး။ ရုပ်က ဖြစ်ပျက်နေတာပဲ။

ငါ့ရဲ့စိတ်က သူများစိတ်နဲ့ မတူဘူး။ ငါ့စိတ်မစမ်းကြနဲ့ ပြောတယ်။ အဲဒီစိတ်ကလေး မိမိစိတ်ကလေးဟုတ်ရင် တရားနှလုံးသွင်းမလို့။ ဘယ်မှမရောက်နဲ့။ ဘုရား၊ တရားဆီမှာ နေပေ့စေဆိုရလား။ မရဘူး။

တီဗီကြည့်တာရသေးတယ်။ သားရေး၊ သမီးရေး ရသေးတယ်။ ဘုရား၊ တရားကျတော့ မရဘူး။ ဟိုရောက်သည်ရောက်ရောက်တယ်မဟုတ်လား။ ဘဝင်တွေခြားလိုက်တာနော်။ အဲဒီတော့ မြတ်စွာဘုရားက မဟုတ်ဘူး၊ မိမိပိုင် ရုပ်,နာမ်မဟုတ်ဘူး။ တဖွားဖွားဖြစ်ပြီးတော့ ပျက်နေတာ။

အဲဒီတဖွားဖွားဖြစ်ပြီးတော့ ပျက်နေတဲ့ ရုပ်,နာမ်နှစ်ပါးကို မိမိရုပ်,နာမ်ထင်ပြီးတော့ အလိုလိုက်ခဲ့တာ အခုအချိန်ထိနော်။ အလိုမလိုက်ရဘူး။ နိဗ္ဗာန်ရောက်ကြောင်းတရား လူ့ဘဝရောက်တဲ့အခါ လုပ်ဟဲ့လို့ ကိုယ့်ဘာသာတရားဟောရတယ်။ ကိုယ့်ဘာသာကိုယ်တရားဟောရတာ ပိုတောင် ခက်သေးတယ်။ အေးပါသေးတယ်လေ။ တစ်ခါတလေကျတော့ မိုးချုပ်သွားပါပြီလေ။ တော်ကြာ ညောင်းသွားပြီ။ တော်ကြာ ဆာသွားပြီ။ တော်ကြာ ဗိုက်ဝလို့ပါ။ ဆင်ခြင်ဆင်လက်တွေက အများကြီးပဲ။

ကိုယ့်ကိုယ်ကိုယ် ဆုံးမ။ 'စောစောထ၊ အလုပ်လုပ်၊ အားထုတ်' စသဖြင့် ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီးတော့ လူ့ဘဝရတဲ့အချိန် ကြိုးစားအားထုတ်ကြနော်။ ကြိုးစားအားထုတ်ရတဲ့ အကြောင်းကတော့ မြတ်စွာဘုရားက မိမိခန္ဓာထင်နေကြတာ မဟုတ်ဘူးတဲ့။ ရုပ်တရား၊ နာမ်တရား တဖွားဖွား ဖြစ်ပြီး ပျက်နေတာပါတဲ့။ အဲဒီ တဖွားဖွားဖြစ်ပျက်နေတဲ့ ရုပ်၊ နာမ်ကို မိမိကိုယ်ပိုင်ရုပ်၊ နာမ်ထင်ပြီးအလိုလိုက်ခဲ့တာ အခုချိန်ထိနော်။ အလိုမလိုက်ရဘူး။ ကြိုးစားပြီးအားထုတ်ကြရမယ်။ ကုသိုလ်က ဘာကုသိုလ်ရနေနေ ကောင်းတယ်။

**အစဉ်အတိုင်းသွားတဲ့လမ်းဟာ အမှန်**

ဟိုအထက်ချည်းပဲ သိပ်မလှမ်းနဲ့၊ အောက်ကလုံဖို့ အရေးကြီးသေးတယ်။ ဝိပဿနာ ဆိုတာ ကျုပ်တို့အထက်က ဦးထုပ်နဲ့တူတာပါပဲ။ လုံချည်၊ အင်္ကျီက သီလသမာဓိနဲ့ တူတာပါ။ သီလသမာဓိမရှိဘဲ အထက်တက်လို့မရဘူး။ 'သီးမှည့်ကိုမက်၊ အဖျားတက်က၊ လက်လွတ်ကာကျ၊ နာတတ်လှ' ဆိုတာလို အောက်ပိုင်းက အကုန်ဟာပြီးတော့ သေခါနီးကျရင် ငရဲထိတောင် ကျတတ်တယ်။

အခု အစဉ်လေးနဲ့ဟာက လမ်းမှန်တယ်။ အစဉ်အတိုင်းသွားရအောင်နော်။ ခါးဝတ်ပုဆိုးလို သီလမြဲရမယ်ဆိုမြဲပါစေ။ သီလမပါဘဲ၊ အောက်ပိုင်းက ဘာမှမပါဘဲ ဦးထုပ်တို့၊ မောင့်ကျက်သရေကြီးတို့နဲ့ဆို သိပ်ကြည့်မကောင်းဘူး။ အောက်က အကုန်လုံမှရမှာ။ အစဉ်အတိုင်းသွားတဲ့လမ်းဟာ လမ်းမှန်တယ်နော်။ ကျော်တက်လို့ မကောင်းဘူး။ လူ့ဘဝရတဲ့အခါ ကုသိုလ်များများရဖို့ အရေးကြီးနော်။ ဒီလောက်ဆိုတော်လောက်ပါပြီ။

ကိုင်း - ဘုန်းကြီးဟောတဲ့တရားကို မမေ့မလျော့ အသိတရားနဲ့ပြည့်စုံအောင် နေနိုင်ကြပါစေသတည်း။

သုဓောယျ



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌-

ကျွန်ုပ်သည် မနက် ထမင်းကြီးစားသောက်ပြီးသည်ဖြစ်၍ အေးအေးလူလူ ရေနွေးကြမ်းသောက်နေချိန် ဖြစ်ပါသည်။ ရေနွေးကြမ်းသောက်ရာတွင် ကျွန်ုပ်တို့အညာသားများ၏ ဝါသနာအတိုင်း ရေနွေးအမြည်းပါမြဲ ဖြစ်ပါသည်။ ယခု ရေနွေးပွဲတွင် အညာမွေး အောက်ကြီး တပည့်တစ်ယောက်က ကျွန်ုပ်အတွက် ငါးပုပ်ပြား ပါလာသဖြင့် ငါးပုပ်ပြားကို မီးသွေးဖိုမှာကင်ပြီး သံပရာရည်လေး ညှစ်ထည့်ကာ ပဲဆီမွှေးမွှေး ဆမ်းထားလိုက်ပါသည်။ ငါးပုပ်ပြားတစ်ခုသည် ခံတွင်းကောင်းပြီး လျှာရင်းမြက်သော အထူးအရသာမွန် ဖြစ်နေပါတော့သည်။ ထိုစဉ်တွင် စာစုံဖတ်ပြီး ကတ်သီးကတ်သတ် အမေးထူလှသည့် တပည့် မောင်စောမြင့်သန်း ရောက်လာလေ၏။

"နေ့ခင်းဘက်မှာဧည့်ရှင်းလောက်တယ်ဆိုပြီး လာခဲ့တာ၊ အခု ဆရာတစ်ယောက်တည်း ရေနွေးကြမ်းသောက်နေတာဆိုတော့ ဟန်ကျသွားပြီ"

ဟု သူတစ်ယောက်တည်း ပြောဆိုရင်း ကျွန်ုပ်အနား လာရောက်ထိုင်ပါတော့သည်။

"နေမွန်းတည့်ချိန် ပူပူလောင်လောင်ထဲမှာမှ လာရသလားကွာ၊ ဘာများ အရေးတကြီးကိစ္စရှိနေလို့လဲ"

ဟု ကျွန်ုပ်မှ မောင်စောမြင့်သန်းအား မေးလိုက်ပါသည်။

မောင်စောမြင့်သန်းက-

"လူရှင်းချိန် (ဧည့်ရှင်းချိန်) ကိုလာမှ ကျွန်တော်သိချင်တာ၊ လိုချင်တာ ဆရာ့ကို မေးလို့၊ ပြောလို့ဖြစ်မှာမို့ နေပူခံပြီးလာခဲ့တာပါ။

ကျွန်တော် လိုချင်တာ ဘယ်လိုပြောရမလဲမသိဘူး၊ ရက္ခစိုးတွေက ချစ်ခင်ကြပြီး ကျန်းမာရေးလည်း ကောင်း၊ ငွေတွေလည်း များများဝင်ပြီး လာဘ်ရွှင်တဲ့ကျင့်စဉ်တစ်ခု တောင်းရအောင်လာခဲ့တာပါ"

ဟု သူ့ဆန္ဒကို ဖော်ထုတ်ပြောပြလေ၏။

ကျွန်ုပ်က-

"မောင်စောမြင့်သန်း၊ မင်းကတော့ ကြံကြံဖန်ဖန် ခက်ခက်ခဲခဲကိုမှ စိတ်ဝင်စားတဲ့လူလို့ ပြောရမှာပဲ။ စာတွေစုံအောင်ဖတ်၊ အကြိုအကြားထဲက စာရလာပြီဆိုရင်လည်း အကုန်လိုက်လုပ်ချင်နေတော့တာပဲ။

အခု မင်းမေးလာတဲ့ကိစ္စကို ဆရာတချို့ကကျတော့ 'ရက္ခစိုးမှော်ကြီး အစီအမံ' လို့ ခေါ်ကြတယ်။ ဆရာတွေ့ခဲ့ဖူးတဲ့ ရှေးဟောင်းပေစာမူအရတော့ သစ်ပင်စိုးတဲ့နတ်တွေကို ချစ်အောင်လုပ်တဲ့



ကျန်းမာလာဘ်ရှင် ငွေများဝင်အောင်

ကျန်းခေါင်





www.burmeseclassic.com

www.burmeseclassic.com

နည်းလမ်းတစ်ခုပါပဲ။ ရုက္ခစိုးနတ်ဒေဝါတို့ကို သစ်သီးစုံနဲ့ဒါနပြုရမယ်။ နောက်ဂါထာတစ်ပုဒ်ကို တစ်နေ့မှာ (၁၀၈) ခေါက် ရွတ်ဖတ်ပေးရမယ်။

ကျင့်စဉ်တစ်ခုလုံးကို တစ်ခါတည်း ပြောပြမယ်၊ အသေအချာနားထောင်ထား။ မရှင်းတာရှိရင် မေးပေါ့၊ ဟုတ်ရဲ့လား။

## ကျင့်စဉ်အပြည့်အစုံ

**၁။ နေရာရွေးချယ်ရခြင်း**

အဋ္ဌလက်ခွင်အရ မိမိ၏တေဇအရပ်ဌာနနှင့် သိရိအရပ်ဌာနတွင် တည်ရှိသော သစ်ပင်ကြီးတစ်ပင်ကို ရွေးချယ်ရပါမည်။ မိမိ၏ဝင်းခြံအတွင်းမှာလည်း ပြုလုပ်ရွေးနိုင်ပါသည်။ မိမိ၏ဝင်းခြံတွင် မရှိလျှင် ပြင်ပနေရာမှာ ရွေးရပါမည်။

**၂။ ကျင့်စဉ်ဝင်ရန် ရက်ရွေးရခြင်း**

ရက်ရာဇာနှင့်အမြိတ္တစုတ် စသည့် ရက်ကောင်းတစ်ရက်ကို ရွေးချယ်ပါရန်။

**၃။ အချိန်နာရီတိကျရန်**

မိမိ စတင်မည့်အချိန်သည် ကျင့်စဉ်ကာလပြီးဆုံးသည့်ရက်အထိ တိကျရန် အထူးလိုအပ်ပါသည်။

**၄။ ကျင့်စဉ်ကို ကာလသတ်မှတ်ရခြင်း**

တစ်ကြိမ်လျှင် (၇) ရက် သတ်မှတ်ထားရပါမည်။ မရပ်မနားဘဲ (၇) ရက် (၃) ကြိမ်တိတိ ဝင်ရပါမည်။ ကာလမှာ (၂၁) ရက် ကြာမြင့်မည် ဖြစ်ပါသည်။

**၅။ အဝတ်အစားသတ်မှတ်ခြင်း**

မူလဆရာ၏ ညွှဝါဒစကားအရ အထက်, အောက်ကို အဖြူဝတ်စုံဝတ်ရပါမည်။ အကယ်၍ ဝတ်ဖြူစင်ကြယ် ခက်ခဲပါမူ မိမိ၏အဝတ်ထဲမှ ရှပ်အင်္ကျီလက်ရှည်အဖြူနှင့် တွဲဖက်ဝတ်မည့် လုံချည်ကို ကျင့်စဉ်ကာလအတွင်းမပြောင်းမလဲဘဲ ဝတ်ရပါမည်။

၆။ ရုက္ခစိုးနတ်တို့အား ဒါနပြုရန် သစ်သီးနှင့် မြတ်စွာဘုရားရှင်အတွက်ပါ ကပ်လှူရန် (၇) ရက်တွင် အနည်းဆုံး သစ်သီး (၃) မျိုး သို့မဟုတ် (၅) မျိုးတို့ဖြင့် ကပ်လှူရပါမည်။

**၇။ ကျင့်စဉ်ကာလတွင်ဆောင်ရွက်ရန်**

(က) မိမိရွေးချယ်ထားသောသစ်ပင်အခြေမှစပြီး (၆)တောင်၊ (၇)တောင်လောက်အကွာအထိ သန့်ရှင်းထားရပါမည်။

(ခ) စိတ်မှတ်ဖြင့် (၅)တောင် အချင်းရှိသော စက်ဝိုင်းတစ်ခု သတ်မှတ်ထားပါ။ လုပ်ငန်းစ,သည့် တစ်နေ့တာကိစ္စမပြီးမချင်း လုံးဝ ပြန်မထွက်ရပါ၊ စည်းဝိုင်းထဲမှာသာ နေရပါမည်။ တစ်စုံတစ်ခုကြောင့် စိတ်မှတ်စည်းဝိုင်းသတ်မှတ်ပြီးမှပြန်ထွက်လျှင် ကျင့်တစ်ခုလုံး ကျိုးပျောက်ပျက်စီးသွားပါသည်။ အထူးသတိထားရန် ဖြစ်ပါသည်။

(ဂ) သမ္မာဒေဝနတ်မင်းကြီးများနှင့် ဟေမဝန္တနတ်မင်းကြီး၊ စတုလောကပါလနတ်မင်းကြီးတို့အား ဖိတ်ထားပါ။

(ဃ) သစ်သီးများအား မြတ်စွာဘုရားနှင့် နတ်ဒေဝါတို့ကို လက်ရောက်ကပ်လှူပါ။ ပေးလှူပါ။

(င) ဘုရားဖူးခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့သခြင်းတို့ ပြုလုပ်ပါ။

(စ) မေတ္တာသုတ် တစ်ခေါက်ရွတ်ဖတ်ပူဇော်ပါ။

ကျင့်စဉ်ဂါထာကို (၁၀၈) ခေါက် ရွတ်ဖတ်ပါ။ (၁၀၈) လုံး ပုတီးကုံးကို အသုံးပြုပြီး ဂါထာတစ်ပုဒ်ကို ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်နိုင်ပါသည်။ (ဂါထာကို သီးခြားဖော်ပြထားပါသည်။)

(ဆ) သစ္စာပြု ဆုတောင်းပါ။

(ကျင့်စဉ်ကာလတစ်ခုလုံး၌ ဆုတောင်းတစ်ခုတည်း မှန်ကန်ရပါမည်။)

(ဇ) ဝေနေယျ များစွာတို့အား ကုသိုလ်အမျှ ပေးဝေပါ။ ကနဦး ဖိတ်ကြားထားသော နတ်မင်းကြီးများကို ပြန်ပို့ပါ။

**အမှာစကား**

၁။ ကျင့်စဉ်ကာလမှာ (၂၁) ရက် ဖြစ်ပါသည်။ တစ်ပိုင်းစာ တစ်ကန့်စာကို (၇) ရက် သတ်မှတ်ထားပြီးဖြစ်၍ (၂၁) ရက်ကြာမည် ဖြစ်ပါသည်။ အထူးသတိထားရမည်မှာ ဒုတိယအကြိမ် (၇) ရက်ကြာကာလတွင် အဖျက်အဆီး လွန်စွာ အားကြီးပါသည်။ ယခု ကျင့်စဉ်ကို ဝင်ရောက်မည့် အမျိုးကောင်းသားအနေဖြင့် အထူး (အထူး) သတိထားရန် လိုအပ်လှပါသည်။

၂။ ကျင့်စဉ်အောင်သွားသောအခါတွင်လည်း ကျန်းမာရေးကောင်းမွန်ခြင်း၊ အရပ်ရှစ်မျက်နှာမှ လာဘ်များစွာတို့ဝင်၍ ပျော်ရွှင်ချမ်းမြေ့စွာနေနိုင်ခြင်း စသည့် အကျိုးတို့ကို မုချရမည် ဖြစ်ပါသည်။

၃။ လာဘ်များစွာမှ ဝင်ငွေ၏ (၇) ပုံ (၁) ပုံစာကို အများအတွက် ကောင်းမှုကုသိုလ်ပြုရန် မမေ့ပါနှင့်။

## ကျင့်စဉ်ဂါထာ

ရုက္ခဒေဝါ ဧကသတာ၊ ယက္ခာနာနတ္တ ဝဏ္ဏိနော၊

ကရောန္တုတေ မဟာသောတ္ထိ၊ အာရောဂျဥ္စ ဇယံသဒါ။

*(ဦးစွာ ရွတ်ဖတ်ရမည့် မေတ္တာသုတ်ကို ရေးသား ဖော်ပြမပေးတော့ပါ။)*

ကဲ- မောင်စောမြင့်သန်း၊ မင်းမှတ်မိပြီမဟုတ်လား။ အောင်မြင်ပြီးမြောက်ခရီးရောက်အောင် ကျင့်နိုင်ပါစေ”

ဟု ရှည်လျားစွာပင် ပြောလိုက်ရပါတော့သည်။

ကျွန်ုပ်တပည့်မှာ သူလိုချင်တာ၊ ဖြစ်ချင်တာ ရရုံနှင့် မပြီးသေး၊ အတွန့်တက်ပြန်ပါသေးသည်။

“ဆရာပြောခဲ့သလိုပေါ့ ဆရာရယ်၊ ဝိဇ္ဇာမရေ ဂမ္ဘီရပညာ နယ်ပယ်ဟာလွန်စွာ အပြောကျယ်လှပါတယ်။ သာသနာတော်ကြီးမှာလည်း လိုချင်သူများ ကျင့်ကြ ကြံကြလို့ အရိယာဖြစ်သွားတဲ့ အာဇာနည် များစွာတို့ ပေါ်ထွန်းသကဲ့သို့ပင် ယခုကျင့်စဉ်မှာလည်း အများအကျိုး သယ်ပိုးလိုသော အာဇာနည်များ ပေါ်လာရန်နှင့် ကျွန်တော့်လို စိတ်တူသည့် လူလတ်ပိုင်းများအတွက် နှစ်သက်လျှင် ကျင့်နိုင်ရန်အတွက် ဆရာကို ထပ်ပြီး နားပူရဦးမှာပါ။

ဆရာရေးနေကျ သူရဇ္ဇမဂ္ဂဇင်းကြီးမှာ ကျင့်စဉ်ဆောင်းပါးတစ်ပုဒ် ရေးသားပေးပါဦး ဆရာ”

ဟု အပိုဆုက တောင်းခံသွားပြန်ပါတော့သည်။

ကျွန်ုပ်၏တပည့် မောင်စောမြင့်သန်းလည်း သူလိုချင်တာ ရပြီဖြစ်လို့ ကျွန်ုပ်ကို လက်ဆယ်ဖြာထိပ်မှာမိုး ရှိခိုးကန်တော့ပြီး နေအပူကို ဘာမထီစိတ်ဖြင့် ပျော်ရွှင်စွာ ပြန်သွားပါတော့သည်။

ကျွန်ုပ်မှာလည်း နေ့ခင်း ညနေပိုင်း အချိန်တွင် ပြုမြဲ နိစ္စဓူဝကျင့်ဝတ်ဖြစ်သည့်အတိုင်း စာရေး၊ စာဖတ်အလုပ်တစ်ခုကို ဝတ်မပျက်အနေဖြင့် ‘နိဗ္ဗာန်လမ်းစဉ်ပြုကျမ်း’ ဟု အမည်ရသော စာအုပ်ကို ဖတ်ရှုနေလိုက်ပါတော့သည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

ညီတော်၊နောင်တော်ဘုရားပလ္လင်မှ

# ရှေးခေတ်ရခိုင်ရိုးရာ (ရှေးဟောင်းသုတေသန)

ပန်းချီထူးလှ

၃

# စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများ




ပုံ (၁၃)

## လည်ချင်းယှက်ကာ တူစုံပျော်

ညီတော်၊ နောင်တော် ဘုရား ကျောက်ပလ္လင် အနောက်ဘက်မျက်နှာ အလယ်ထောင့်ချိုး အောက်ပိုင်းမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူ ရေးဆွဲထားသော လည်ချင်းယှက်ကာ တူစုံပျော် နှစ်ရုပ်တွဲ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာ ဒီဇိုင်းတစ်ခုခင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် နံပါတ် (၁၃) အကွက်အဖြစ် ဖော်ပြထားပါသည်။ ပုံ (၁၃) အဖြစ် သတ်မှတ်ထားပါသည်။ ရုပ်ကြွ နဂိုကျောက်ဆစ်လက်ရာတွင် မိန်းမရုပ်မျက်နှာ အနည်းငယ် ပျက်စီးနေပြီး ခြေဖျားလည်း အနည်းငယ် ပျက်စီးနေပါသည်။ နှစ်ရုပ်တွဲ အပေါ်ပိုင်းအထက်တွင် ပန်းလက်ရာများဖြင့် အားဖြည့်ထားသည်ကို တွေ့ရှိရပါ၏။ ပန်းအိမ်၏မူရင်းအမြင့် (၁၅) စင်တီမီတာခန့်နှင့် အကျယ် (၁၁) စင်တီမီတာခန့် ရှိပါသည်။ နှစ်ရုပ်တွဲရုပ်ကြွ မူလလက်ရာအမြင့်သည်လည်း အမြင့် (၁၈) စင်တီမီတာခန့်၊ အကျယ် (၁၅) စင်တီမီတာခန့်နှင့် အကြွ (၆) စင်တီမီတာခန့် ရှိပါသည်။

ပုံ (၁၃) ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းကို အပေါ်ပိုင်းတွင် ပန်းအိမ်တစ်ခုထဲ၌ ပန်းပွင့် ပန်းခက်များဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ချင်းယှက်ကာ တူစုံပျော် နှစ်ရုပ်တွဲဒီဇိုင်းမှာလည်း မိန်းမရုပ်၏မျက်နှာ ဘယ်ဘက်ပါးပြင်အား ယောကျ်ားရုပ်က အနမ်းမိုးများ ရွာချနေဟန် တွေ့ရှိရပါသည်။ နှစ်ရုပ်စလုံး ဦးခေါင်းတွင် ဆံပင်များ ဖော်ထားပြီး နားများတွင်လည်း နားတောင်းကြီးများ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မိန်းမရုပ်၏အထက်ရင်ဘတ်တွင် တန်ဆာဆင်ထားသည့် အနေအထား တွေ့ရှိရပါ၏။ ယောကျ်ား၏လက်တွင် လက်ကောက်ကွင်းကြီး တစ်ဖက် (၁) ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မိန်းမလက်တွင် လက်ကောက်တစ်ဖက် (၂)ကွင်းဝတ်ဆင်ထားသည်။ ယောကျ်ား၏ညာဘက်လက်မှာ မိန်းမညာဘက်ရင်ကိုကိုင်ထားသည့်ဟန်တွေ့ရှိရပြီး ဘယ်ဘက်လက်မှာ ခါးကိုဖက်ကိုင်ထားသည်ကို တွေ့ရှိရသည်။ မိန်းမ၏ညာဘက်လက်မှာ ယောကျ်ား၏ညာဘက်လက် လက်ကောက်ဝတ်အောက်ကို ကိုင်ထားပြီး ဘယ်ဘက်လက်မှာ ယောကျ်ား၏ ဘယ်ဘက်ရင်ဘတ်ကို ဖက်ထားသည့် အနေအထား တွေ့ရှိရ၏။ မိန်းမရုပ်၏ အောက်ပိုင်းခြေထောက်နှစ်ချောင်းကို ယောကျ်ား ဘယ်ခြေထောက်အောက်တွင်သွင်းကာ ခြေဖျားဖြင့် လိမ်ထားပါသည်။ ယောကျ်ားညာဘက်ခြေထောက်ကို ဒူးကုပ်ထိုင်ထားပါသည်။ မိန်းမခြေနှစ်ချောင်းမှာလည်း တစ်ချောင်းထက်က တစ်ချောင်း ထပ်တင်ပြီး ခြေဖျားလိမ်ထားသည်ကို တွေ့ရှိရသည်။

မိန်းမဝတ်ဆင်ထားသော အင်္ကျီမှာ ဗြောင်အချောသာတွေ့ရှိရပြီး ထဘီကို အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ယောကျ်ားဝတ်ထားသည့် ပုဆိုးကိုလည်း အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၃) ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းမှာ ပန်းလက်ရာဖွဲ့စည်းပုံသည် အလွန်လက်ရာမြောက်ပြီး လည်ချင်းယှက်ကာ တူစုံပျော် နှစ်ရုပ်တွဲမှာလည်း အသင့်အတင့်ကောင်းသောလက်ရာများ ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။






www.burmeseclassic.com

www.burmeseclassic.com



ပုံ (၁၄)

### ဆင်နှာမောင်းနှင့်ငါးခန္ဓာကိုယ်သတ္တဝါ

ပုံ (၁၄) ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းကို ညီတော်၊ နောင်တော်ဘုရားပလ္လင်၏ အနောက်ဘက်မျက်နှာအောက်ပိုင်းမှ ကူးယူရေးဆွဲထားသော ကျောက်ဒီဇိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲ ပုံကြမ်းတွင် အကွက် (၁၄) ကွက်အဖြစ် ဖော်ပြထားသည်။ ပုံဆွဲဒီဇိုင်းများတွင်လည်း ပုံ (၁၄) အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၁၄) ၏ မူရင်းကျောက်ဆစ်လက်ရာ အမြင့် (၂၇) စင်တီမီတာခန့်၊ အကျယ် (၄၀) စင်တီမီတာခန့်နှင့် ရုပ်ကြွ (၁$\frac{၁}{၂}$) စင်တီမီတာခန့် ရှိသည်ကို တွေ့ရှိရပါသည်။ ဤကဲ့သို့ ဆင်နှာမောင်း၊ ငါးခန္ဓာကိုယ်၊ အစွယ်ဖြင့် ဖန်တီးထားသော သတ္တဝါကို တချို့ ပညာရှင်များက ရေထဲတွင် အမှန်တကယ်ရှိသော မကန်းကောင် ဟူ၍ ပြောဆိုကြပါသည်။ တချို့စာပေများတွင်လည်း ဖတ်မှတ်ဖူးပါ၏။ မည်သို့ပင်ဆိုစေကာမူ အမြင်အတိုင်း ရေးသားဖော်ပြသွားပါမည်။

ဤသတ္တဝါကောင်ကို သဇင်ခွေ၊ သဇင်ခက်၊ သဇင်ပန်းပွင့်များဖြင့် အားဖြည့်ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ မကန်းကောင်အပေါ်ပိုင်း ပန်းလက်ရာများမှာ နဂိုကျောက်ဆစ်လက်ရာ၌ ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ပျက်စီးနေသောနေရာများကို အစက်ကလေးများဖြင့် ဖော်ပြထားပါသည်။ ဖော်ပြပါ မကန်းကောင်၏ နှာမောင်းကို အပေါ်သို့ထောင်၍ အဖျားကို အနည်းငယ် အောက်သို့ငိုက်ထားသည်ကို တွေ့ရှိရပါသည်။ နှာမောင်းအောက်တွင် အစွယ်တစ်ချောင်း ရှေ့သို့ ထိုးထွက်နေသည်ကို တွေ့ရှိရပါသည်။ ပါးစပ်ထဲတွင်လည်း အထက်သွား၊ အောက်သွားများကို အစီအရီ တွေ့ရှိရပါသည်။ မျက်လုံး၊ မျက်ရစ်၊ မျက်ခုံးများကို ပီပီပြင်ပြင် တွေ့ရှိရ၏။ ဦးခေါင်းထက်တွင်လည်း ခေါင်းဆောင်းကဲ့သို့ ပွင့်ဖတ်ဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ နားရွက်မှာလည်း ဆင်နားရွက်သဏ္ဌာန် တွေ့ရှိရပါသည်။ လည်ပင်းအောက် အယပ်များမှာ ငါးအယပ်သဏ္ဌာန် တွေ့ရှိရသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းနှင့် အောက်ပိုင်းတို့တွင်လည်း ဆူးတောင်များကို တွေ့ရှိရပါသည်။ အပေါ်အလယ်ဆူးတောင် အဖျားကို ပန်းလိပ်သဏ္ဌာန်တောင် ဖော်ပြထားပါသေးသည်။ ခန္ဓာကိုယ် အမြီးအဆစ်ထိ ငါးကြေးကွက်များ ဖော်ပြထားပါသည်။ တချို့က ဤသို့ အကွက်များအဖြစ် တန်ဆာဆင်လျှင် မကန်းကွက်ဟုတောင် ခေါ်ဆိုကြပါသည်။ ယခု မကန်းကောင်ထဲတွင် ဖော်ထားသောအကွက်များကို မကန်းကွက်ဟု ခေါ်ဆိုရမည်ပင်။ အမြီးနှင့်ခန္ဓာကိုယ်ကို အဆစ်ကလေး ဖောင်းတစ်ခုဖော်ပြီး အမြီးဖျားကို ပွင့်ဖတ်ကလေးများဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၁၄)ဒီဇိုင်းလက်ရာ မကန်းကောင်၏ခန္ဓာကိုယ်ပိုင်းမှာ ရေသတ္တဝါကဲ့သို့ ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ မြောက်ဦးခေတ် လက်ရာများထဲတွင် ထူးဆန်းသောသတ္တဝါကောင် လက်ရာ



ပုံ (၁၅)



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောရမည်ပင် ဖြစ်ပါသည်။ မကန်းတောင်နှင့် ပန်းများအောက်၌ ဖောင်းတစ်ဆင့်ခံပြီး ဖောင်းပြားအောက်တွင် နှစ်ထပ်ပွင့်ဖတ်ကြီးနှင့် ကြားညှပ်ထောင့်ချိုးပွင့်ဖတ်ငယ်များဖြင့် အားဖြည့်တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၁၄) 'ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းသည် ထူးခြားသောဒီဇိုင်းတစ်ခုပင် ဖြစ်ပါသည်ဟု ပြောရမည်ပင်။

### ကျိုး (ခေါ်) ကြက်တူရွေး

ဤငှက်သတ္တဝါကို ရခိုင်ဒေသ၌ ကျိုးငှက်ခေါ်ပြီး မြန်မာတွင် ကြက်တူရွေးခေါ်သည်ဟု သိရှိရပါသည်။ ရခိုင်တွင် ငှက်မြတ်အဖြစ် အသုံးပြုကြသည်ကို တွေ့ရှိရသည်။ ဦးမြဝါ တီထွင်ခဲ့သော မြစ်တော်ပေါင်းအင်းတွင် ကျိုးညှိသုံးဘဝဟု သျှစ်သောင်းနံ့ရံတွင် ထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၅) ဒီဇိုင်းလက်ရာကို ညီတော်၊ နောင်တော်ဘုရားကျောက်ပလ္လင်အနောက်ဘက် အောက်ပိုင်း လက်ဝဲဘက်ခြမ်းမှကူးယူထားသော ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းတစ်ခုပင် ဖြစ်သည်။ ဆွဲပုံကြမ်း ပလ္လင်ဒီဇိုင်းတွင် အကွက် (၁၅) အဖြစ် ဖော်ပြထားပါသည်။ ပုံဆွဲဒီဇိုင်းများထဲတွင် ပုံ (၁၅) ဟု သတ်မှတ်ထားပါ၏။ ပုံ (၁၅) ၏ မူလကျောက်ဆစ်လက်ရာ အမြင့် (၂၇) စင်တီမီတာခန့် အကျယ် (၂၃) စင်တီမီတာခန့်ရှိပြီး အနက်/ရုပ်ကြွ (၁) စင်တီမီတာခန့်ခြင်း ထွင်းထုထားသည်ကို တွေ့ရှိရပါသည်။ မူလလက်ရာတွင် ကြက်တူရွေး၏အပေါ်ပိုင်း ပန်းများ ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ပျက်စီးနေသော




ပုံ (၁၆)

လက်ရာများကို ပုံ (၁၅) တွင် အစက်ကလေးများဖြင့် ဖော်ပြထားပါသည်။ ကျိုးကို သဇင်ပန်းခွေ၊ သဇင်ပန်းခက်၊ ပန်းပွင့်များဖြင့် အားဖြည့်တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ကျိုးမှာ ခြေထောက်နှစ်ဖက်ကို အားပြု၍ ရှေ့နောက်လှမ်းကာ သဇင်ပန်းပွင့်လိပ်ကို ကိုက်နေသည့်ဟန် တွေ့ရှိရပါသည်။ ကျိုး၏အမြီး၊ တောင်ပံ၊ ဦးခေါင်းတို့ကို အားယူကုပ်ထားသည်ကို တွေ့ရှိရသည်။ ကျိုးနှင့်ပန်းများမှာ လက်ရာ အလွန်ကောင်းသည်ကို တွေ့ရှိရပါသည်။ ကျိုးနှင့်ပန်းခွေ၊ ပန်းခက်၊ ပန်းပွင့်များအောက်တွင် ဖောင်းပြား တစ်ဆင့်ခံ၍ ဖောင်းပြားအောက်တွင် နှစ်ထပ်ပွင့်ဖတ်များနှင့် ကြားညှပ် ထောင့်ချိုး ပွင့်ဖတ်ငယ်များဖြင့် အားဖြည့်ကစားထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၅) ဒီဇိုင်းလက်ရာသည်လည်း ထူးခြားသည့် ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာ ဒီဇိုင်းတစ်ခုပင် ဖြစ်ပါသည်။

### ဘီလူး

ဘီလူးအပေါ်ပိုင်းကို ပန်းအိမ်ဖြင့် အားဖြည့်တန်ဆာဆင်ထားသည်။ ပန်းအိမ်ကို နှစ်ဆင့်ခံထားပါ၏။ ပန်းအိမ်လက်ဝဲ၊ လက်ယာတွင် သဇင်ပန်းခက်များဖြင့် တန်ဆာဆင်ထားပါသည်။ လက်ဝဲဘက်တွင် မူလကျောက်ဆစ်ရာလည်း ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ၎င်းနေရာများကို အစက်ကလေးများဖြင့် ဖော်ပြထားပါသည်။ ဘီလူး၏ ဗောင်းတော်အောက်နားမှာ ဖောင်းနှစ်ဆင့် တွေ့ရှိရပါသည်။ ဖောင်းဆင့်အပေါ်တွင် နှစ်ထပ်ပွင့်ဖတ်ကလေးများ၊ ကြားညှပ် ပွင့်ဖတ်ကလေးများဖြင့် တန်ဆာဆင်ထားပါသည်။ ဗောင်းတော်အပေါ်ပိုင်း ရိုးရှင်းလှပါသည်။ ဘီလူး၏ ဘယ်ဘက် မျက်လုံး၊ မျက်ခုံး၊ ဗောင်းတော်တစ်ခြမ်းပဲ့သွားသည်ကို မူလလက်ရာတွင် တွေ့ရှိရပါသည်။ ဤပုံတွင် အစက်ကလေးများဖြင့် ဖော်ပြထားပါသည်။ ဘီလူးနားရွက်နှစ်ဖက်မှာ ထောင်ကားနေပါသည်။ ပါးနှစ်ဖက်ကလည်း ဖောင်းအိနေပါ၏။ မျက်ခုံးအားကောင်းပြီး မျက်လုံးပြူးကျယ်နေပါသည်။ နှာခေါင်းက ပွကားနေပါသည်။ သွားစွယ် (၂) ချောင်းမှာ ဘေးသို့လန်ထွက်နေပါသည်။ အလယ်သွား (၄) ချောင်းမှာ ပေါ်လွင်လှပါသည်။ ဘီလူးမုတ်ဆိတ်မွေးမှာ ဝမ်းဗိုက်နားထိ ကျရောက်နေပြီး ပါးသိုင်းမွေးနှင့်တစ်ဆက်တည်း တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကိုကုပ်၍ တံတောင်ကို ဒူးနှစ်ဖက်ပေါ်



ပုံ (၁၇)



www.burmeseclassic.com

www.burmeseclassic.com

တင်ကာ တုတ်လိုလို၊ ဓားလိုလို ပခုံးပေါ်တွင်တင်၍ ကိုင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်လက်ကောက်ဝတ်တွင် လက်ကောက် တစ်ဖက်တစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခြေထောက်နှစ်ဖက်မှာ ပေါင်ကား၍ ဒူးကုပ်ကာ ခြေဖျားကို ဘေးသို့ထုတ်၍ထိုင်နေသည်ကို တွေ့ရပါသည်။ ပုဆိုးကို အစင်းကြောင်းကလေးများဖော်၍ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ကဏ္ဍေကာကို ပွင့်ဖတ်သဏ္ဌာန်အပြားလိုက်ချထားသည်ကိုလည်း တွေ့ရှိရပါသည်။ မူလကျောက်ဆစ်လက်ရာတွင် ပျက်စီးနေသောနေရာများကို အစက်ကလေးများဖြင့် ဖော်ပြထားပါသည်။ ဤဘီလူးရုပ် ဒိဇိုင်းလက်ရာကို ညီတော်၊ နောင်တော်ဘုရား ကျောက်ပလ္လင်အနောက်ဘက်ခြမ်း လက်ဝဲဘက်အောက်ပိုင်းထောင့်မှ ကပ်နေသော ကျောက်ဆစ်လက်ရာကို ကူးယူရေးဆွဲထားသော ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာ ဘီလူးဒီဇိုင်းတစ်ခုပင် ဖြစ်ပါသည်။

ပလ္လင်ပုံဆွဲပုံကြမ်းတွင် အကွက် (၁၆) အဖြစ် သတ်မှတ်ထားပြီး ဒီဇိုင်းလက်ရာများ ပုံဆွဲတွင်လည်း ပုံ (၁၆) အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၁၆) နဂိုကျောက်ဆစ်လက်ရာ အမြင့် (၃၇) စင်တီမီတာခန့်၊ အကျယ် (၁၅) စင်တီမီတာခန့်နှင့် ရုပ်ကြွ (၄) စင်တီမီတာခန့် ရှိပါသည်။ ပုံ (၁၆) ဘီလူးရုပ်ကလေးမှာ ငယ်သလောက် လက်ရာကောင်းတစ်ခုပင်ဖြစ်ပါသည်ဟု ပြောရမည်ပင်။

**တုတ်သိုင်းကစားနေကြသူများ**

ညီတော်၊ 'နောင်တော်ဘုရား ကျောက်ပလ္လင် အနောက်ဘက်မျက်နှာ လက်ဝဲဘက်ခြမ်းအောက်ပိုင်းမှ ကျောက်ဆစ်လက်ရာကို ကူးယူထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် အကွက် (၁၇) အဖြစ် ဖော်ပြထားပါ၏။ ပုံဆွဲဒီဇိုင်းများတွင်လည်း ပုံ (၁၇) ဟု သတ်မှတ်ထားပါသည်။ ပုံ (၁၇) ဒီဇိုင်း၏ နဂိုကျောက်ဆစ်လက်ရာ အမြင့် (၁၃) စင်တီမီတာခန့်၊ အကျယ် (၂၁) စင်တီမီတာခန့်နှင့် ရုပ်ကြွ (၃) စင်တီမီတာခန့် ရှိသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၇) မူလကျောက်ဆစ်လက်ရာတွင် လက်ဝဲဘက်အရုပ် အဝတ်အစား ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ပုံ (၁၇) မူလနေရာ တစ်တန်းလုံးတွင် ဤကဲ့သို့ သိုင်းကစားနေသောအရုပ်များ ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ တစ်တန်းလုံး၌ ဤပုံ (၁၇) အရုပ်သာ ပေါ်လွင်ပြီး ကျန်အရုပ်များပျက်စီးနေသည်ကို ရင်ထုမနာတွေ့ရှိရပါ၏။ ပုံ (၁၇) နဂိုနေရာ ညာဘက်၌လည်း ထောင့်ချိုး၌ ဘဲဟင်္သာသဏ္ဌာန်အရုပ်ကို တွေ့ရှိရပါသည်။ ပျက်စီးနေသည်ကို စိတ်မကောင်းစွာ တွေ့ရှိရပါသည်။

ပုံ (၁၇) ၏ လက်ယာဘက်အရုပ်တွင် ဘယ်ဘက်လက်ကို ခေါင်းမှာမိုးတင်၍ တုတ်ကိုင်ကာ တုတ်ဖျားကိုအောက်သို့ချ၍ ခန္ဓာကိုယ်ကို ကာကွယ်ထားပါသည်။ ညာဘက်လက်ကို ဘယ်ဘက်သို့အားယူ၍ တုတ်ကိုင်ကာ အရင်းကို ဘယ်ဘက်ဒူး၌တင်ကာ တုတ်များကိုထောင်၍ ရိုက်ရန် အားယူထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်ခြေကို ဒူးကုပ်ထိုင်၍ ညာဘက်ခြေကို ခပ်ကွေးကွေးထားကာ ဖနောင့်ကို အပြင်ထုတ်၍ အားယူနေသည်ကိုတွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်တစ်ခုပတ်ထားသည်ကိုတွေ့ရှိရပြီး ကဏ္ဍေကာကို ရှေ့တွင် နှစ်ထပ်ပွင့်ဖတ်သဏ္ဌာန် အပြားလိုက်ချထားသည်ကို တွေ့ရှိရပါသည်။ ခါးတောင်းကျိုက်၍ ဝတ်ဆင်ထားသော ပုဆိုးကို အစင်းကြောင်းကလေးများဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၇) ၏ လက်ဝဲဘက်အရုပ်မှာလည်း ညာဘက်လက်ကို ခေါင်းပေါ်မိုးတင်၍ တုတ်ဖျားကို အောက်သို့ချကာ ရိုက်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်ကိုလည်း အားယူကာ ညာဘက်ဒူးပေါ်တင်ပြီး တုတ်ဖျားကို မြှောက်၍ ရိုက်ရန်အားယူထားသည်ကို တွေ့ရှိရပါသည်။ အောက်ပိုင်းအနေအထားမှာ လက်ယာဘက်အရုပ်၏ ပြောင်းပြန်ဟန်ကို ယူထားပါသည်။ အဝတ်အစားမှာလည်း လက်ယာဘက်အရုပ်အဝတ်အစားကဲ့သို့ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၁၇) ဒီဇိုင်းလက်ရာကို ကြည့်ခြင်းအားဖြင့် မြောက်ဦးခေတ် အစောပိုင်းတွင် တုတ်တိုသိုင်းကစားဟန် ယဉ်ကျေးမှုတစ်ခု ထွန်းကားခဲ့လိမ့်မည်ဟု ယူဆရပါသည်။ ပုံ (၁၇) ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာ အနုလက်ရာဒီဇိုင်းသည် အချိုးကျသည့်လက်ရာကောင်းတစ်ခု မဟုတ်



ပုံ (၁၈)



www.burmeseclassic.com


www.burmeseclassic.com

...သည်း မြောက်ဦးခေတ်၏တုတ်ကို ...ဉ်ကျေးမှုတစ်ခုကို ဖော်ပြနေ ... အဖိုးတန်လက်ရာတစ်ခုပင် ဖြစ် ...သည်။

**...ရုပ်နှင့်တုတ်ကိုင်လူရုပ်**

ညီတော်၊ နောင်တော်ဘုရား ...ပလ္လင် အနောက်ဘက်မျက်နှာ ...ယာဘက်အပေါ်မှ ကျောက်ဆစ် ...ကြွများကို ကူးယူရေးဆွဲထားသော ...ခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနု ...ရာဒီဇိုင်းများပင် ဖြစ်ပါသည်။ နဂို ... ကျောက်ဆစ်ရုပ်ကြွများ အမြင့် ... စင်တီမီတာခန့်၊ အကျယ် (၆၁) ...မီတာခန့်နှင့် အနက်/အကြွ (၁) ...မီတာခန့်စီ ရှိသည်ကို တွေ့ရှိရ ...သည်။ ရွှေလုံးတန်းပန်းပွင့်များတွင် ...လက်ရာ၌ တစ်လုံးပျက်စီးနေသည် ... တွေ့ရှိရပါသည်။ သုံးထပ်ပွင့်ဖတ် ...တွင်လည်း တစ်ဖတ်၊ နှစ်ဖတ် ပျက် ...သည်ကို တွေ့ရှိရပါသည်။ ပုံဆွဲ ...ပုံကြမ်းတွင် အကွက် (၁၈) အဖြစ် ...ပြထားပြီး ပုံဆွဲဒီဇိုင်းများ၌လည်း ပုံ (၁၈) အဖြစ် သတ်မှတ်ထားပါသည်။

ပုံ (၁၈) ဒီဇိုင်းတွင် အပေါ်ဆုံး၌ ...ထပ်ပွင့်ဖတ်များနှင့် ထောင့်ချိုးကြား ...ပွင့်ဖတ်ကလေးများဖြင့် သွယ်တန်း ...ဆာဆင်ထားပါသည်။ ထိုပွင့်ဖတ် ...အောက်တွင် ရွှေလုံးကြီးပန်းပွင့်များ ... တန်ဆာဆင် ကစားထားသည်ကို ...ရှိရပါသည်။ ရွှေလုံးကြီးပန်းပွင့်များ ...တွင်လည်း ထောင့်ချိုးပွင့်ဖတ် ...များဖြင့် ထပ်မံ ကစားထားပါသည်။ ...ထောင့်ချိုးပွင့်ဖတ်ငယ်များ အောက် ... သုံးထပ်ပွင့်ဖတ်ကြီးများနှင့် ကြား ...ထောင့်ချိုးပွင့်ဖတ်ငယ်များဖြင့် တန် ...ဆင်ကစားထားသည်ကို တွေ့ရှိရပါ ...သည်။ ထိုပွင့်ဖတ်များအောက်တွင် အ ...၌ တုတ်ကိုင်ထားသော လူရုပ်တစ် ...ကို မထ္တိုင်ထား၍ လက်ဝဲ၊ လက်ယာ ...ဘာလ်ရုပ်များ၊ သဇင်ခွေ၊ သဇင်ခက်၊ ...ပန်းပွင့်များဖြင့် အားဖြည့်တန်ဆာ ...ထားသည်ကိုလည်း လှပစွာတွေ့ရှိ ...သည်။ လူပုံကို ညောင်ရွက်သဏ္ဌာန် ...အိမ်နှစ်ထပ်ထဲတွင် ထည့်ထားပါ ...သည်။ ပန်းအိမ် လက်ဝဲ၊ လက်ယာတွင် ...ခွေများ ဖြာထွက်ပြီး သဇင်ခွေ ...တွင် ဗျာလ်တစ်ဖက်တစ်ကောင်ထည့် ... ခန်တီး တန်ဆာဆင်ထားသည်ကို ...ရှိရပါသည်။ ပုံ (၁၈) ရခိုင်ရိုးရာ ...လက်ာရ အနုလက်ရာဒီဇိုင်း ဖွဲ့စည်း



ပုံ (၁၉)

ပုံမှာ အားအကောင်းဆုံးသော ရွှေခေတ်လက်ရာဟောင်းတစ်ခုပင် ဖြစ်ပါသည်။

**ထောင့်ချိုးရုပ်နှင့် ထောင့်ချိုးပန်းအိမ်လက်ရာများ**

ကျောက်ဆစ်လက်ရာပလ္လင် အနောက်ဘက်မျက်နှာ လက်ယာဘက် ထောင့်ချိုး အပေါ်ပိုင်းမှ ကျောက်ဆစ်ရုပ်ကြွများကို ကူးယူရေးဆွဲထားသော ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော် ပုံဆွဲပလ္လင် ပုံကြမ်းတွင် အကွက် (၁၉)အဖြစ် ဖော်ပြထားပါ၏။ ပုံဆွဲဒီဇိုင်းလက်ရာများတွင်လည်း ပုံ (၁၉) အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၁၉) ၏ မူလကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၈) စင်တီမီတာခန့်၊ အကျယ် (၁၃) စင်တီမီတာခန့်နှင့် ရုပ်ကြွ (၂) စင်တီမီတာခန့် ရှိသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၉) ဒီဇိုင်း၏ အပေါ်ဆုံးရုပ်မှာ မူရင်းလက်ရာ၌လည်း အပေါ်ပိုင်း ကျိုးပဲ့သွားသည်ကို တွေ့ရှိရပါသည်။ လူပုံ၏အောက် အဝတ်အစား အတွန့်များနှင့် ခြေထပ်ထိုင်ထားသည့်ဟန်ကိုသာ တွေ့ရှိရပါသည်။ ထိုလူရုပ်ပိုင်းအောက်တွင် ထောင့်ချိုးပန်းအိမ်နှစ်ခုဆင်ထားပါ၏။ ပန်းအိမ်နှစ်ခုစလုံး၏ မူလလက်ရာတွင် လက်ယာဘက်ခြမ်း ပန်းခက်များ ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်နှစ်ခုအောက်တွင် ကြာဖူးတစ်ဖက်၊ ပန်းနွယ်တစ်ဖက် ကိုင်ဆောင်ပူဇော်နေဟန် လူရုပ်တစ်ရုပ်ကိုလည်း တွေ့ရှိရပါသည်။ လူရုပ်၏မျက်နှာ ဘယ်ဘက်ခြမ်း မူလလက်ရာတွင် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ မျက်လုံးနှစ်လုံးစလုံးသည်လည်း ပျက်စီးနေပါ၏။ ဗောင်းတော်မှာ ရိုးရိုးသာ တွေ့ရှိရပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီး ဝတ်ဆင်ထားပါသည်။ လက်တွင် လက်ကောက် တစ်ဖက်တစ်ကွင်း ဝတ်ဆင်ပြီး ခါးတွင် ခါးပတ် ပတ်၍ ကွန်ခြေကာကို ရှေ့တွင် အပြားလိုက်ချထားပါသည်။ ခြေထောက်နှစ်ဖက်ကို ခြေထပ်ထိုင်နေသည့်အနေအထားတွေ့ရှိရပြီး ပုဆိုးဝတ်ထားသည့်သဏ္ဌာန်ကို အစင်းကြောင်းများဖြင့် ဖော်ထားသည်။ ပုံ (၁၉) ဒီဇိုင်းလက်ရာသည်လည်း ရွှေခေတ်လက်ရာများထဲတွင် အသင့်အတင့်ကောင်းသော လက်ရာတစ်ခုဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဒီဇိုင်းလက်ရာများသည် မြောက်ဦးခေတ် အစောပိုင်း၏ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများပင် ဖြစ်ပါသည်။

*အနုစ္ဆော အနုစ္ဆငါးပါးကို ထာဝရ ဦးထိပ်ပန်ဆင် ကန်တော့လျက်*

ပန်းချီထူးလှ
(ရွှေဟောင်းသုတေသန)

**ကိုးကားချက်**

၁။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု
၂။ ရမ်းဗြဲတောင်ကျောင်းဆရာတော် ဦးစန္ဒမာလာလင်္ကာရရေး 'ရခိုင်ရာဇဝင်သစ်ကျမ်း'
၃။ ဆရာဦးငမည်ရေး ရခိုင်ရာဇဝင်
၄။ တက်ထွန်းနီ (မြောက်ဦး) ရေး 'ရခိုင်ဗျာလ်'
၅။ ပန်းချီထူးလှ (ရွှေဟောင်းသုတေသန) ရေး 'ရွှေခေတ် ရခိုင်နတ်ဘီလူးများ'



www.burmeseclassic.com

www.burmeseclassic.com

**ဘာလုပ်နိုင်သလဲဆိုတာ အဓိက**

ဘယ်ဘ၀ကလာတယ်၊
ဘာပညာတတ်တယ်၊
ဘာဘွဲ့ရတယ်ဆိုတာထက်
ဘာလုပ်နိုင်သလဲ ဆိုတာက
ပိုပြီး အရေးကြီးပါတယ်။
(အင်္ဂလန်ဝန်ကြီးချုပ် ဂျွန်မေဂျာ)

✪

ရွှေပြည်သာမြို့ ဈ (၃၄) ရပ်ကွက်မှ မောင်အောင်ကြီးသည် အသက် (၃၀) ခန့်သာ ရှိပါသေးသည်။ သို့သော် သူ့ကို တစ်ရပ်ကွက်လုံးက သိသည်။ အဘယ်ကြောင့်နည်း။ နွမ်းပါးသူတို့၏အကျိုးကို တတ်နိုင်သမျှ ဆောင်ရွက်ပေးနေသောကြောင့်တည်း။ ဤကမ္ဘာတွင် လူဦးရေသန်းပေါင်း (၆၀၀၀) ကျော် ရှိသော်လည်း တူရာပေါင်းလိုက်လျှင် (၂) မျိုးသာ ရှိသည်။

ပထမတစ်မျိုးမှာ လောကကြီးကို မိမိအတွက် အသုံးချဖို့ ကြိုးစားနေသူဖြစ်၏။ ဒုတိယတစ်မျိုးကား မိမိကိုယ်ကို လောကအတွက် အသုံးချသူ ဖြစ်၏။ လောကကို မိမိအတွက်အသုံးချသူ ပေါများနေလျှင် လောကကြီးသည်ပူလောင်ဆူပွက်နေတော့၏။ မိမိကိုယ်ကို လောကအတွက် အသုံးချသူတွေ များလာပါက လောကကြီး အေးချမ်းငြိမ်သက်နေပေတော့သည်။

မောင်အောင်ကြီးကား မိမိကိုယ်ကို လောကအတွက် အသုံးချသူသာဖြစ်၏။ သူသည် 'မေတ္တာဖြင့် စီးပွားရှာခြင်း' စာအုပ်ကိုဖတ်ပြီးသည်နှင့် လက်တွေ့ လိုက်နာ၏။ ထို့ကြောင့် သူ့စီးပွားရေးသည် ဒီရေကဲ့သို့ တစ်နေ့တခြား တိုးတက်လာ၏။ အရင်က သူသည် ပျင်းရိခြင်းနှင့် ရောင့်ရဲခြင်းကို ခွဲခြားမသိခဲ့။

ယခုတော့ သေချာသိခဲ့ပြီ။

မိသားစုထမင်းနပ်မှန်လျှင် တော်ပါပြီသဘောထားပြီး ငတ်မသေရုံ အလုပ်လုပ်ခြင်းသည် ပျင်းရိခြင်း အကုသိုလ်သာ ဖြစ်၏။ ရောင့်ရဲခြင်း ကုသိုလ်မဟုတ်ပေ။ ရောင့်ရဲခြင်း ဟူသည် ငွေကို သိန်းပေါင်းများစွာရအောင် ရှာပြီးသောအခါကျမှ မိမိကာမဂုဏ်အာရုံအတွက် ချည်းမသုံးဘဲ လောကအတွက်၊ သာသနာအတွက် ခွဲဝေလှူဒါန်းနိုင်ခြင်းကို ဆိုလိုပေ၏။

**ရောင့်ရဲခြင်းဟူသည်**

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ရွာတွင် အလက်ာဝတ်ရည် တေးထုတ်လုပ်ရေးမိသားစုမှ ကျပ်သိန်းပေါင်း (၅၀၀၀) ကျော် အကုန်ကျခံပြီး တိုက်နယ်ဆေးရုံကြီးတစ်ရုံကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ သိန်းပေါင်း (၅၀၀၀) ကျော် လှူဒါန်းသည်ကိုထောက်လျှင် ထိုအလှူရှင်တွင် သိန်းပေါင်း (၅၀၀၀၀) ကျော်ခန့်ချမ်းသာမည်ဟု မှန်းဆရ၏။

ထိုသိန်းပေါင်း (၅၀၀၀၀) ကျော်သည် သူပိုင်ငွေများ ဖြစ်၏။ သူ့ကာမဂုဏ်ခံစားဖို့အတွက် အကုန်သုံးပစ်၍ ရ၏။ တချို့သော သူဌေးများသည် မြို့တစ်မြို့လျှင် မယားတစ်ယောက်ယူပြီး တိုက်တစ်လုံး၊ ကားတစ်စီး ဝယ်ပေးကာ ငွေကို ရေလိုသုံးနေကြသူတွေ များစွာရှိ၏။ ဖော်ပြပါ အလှူရှင်ကား ချမ်းသာသမျှငွေကြေးထဲမှ (၁၀)ပုံပုံ (၁)ပုံကို လောကအတွက် လွတ်လွတ်စွန့်ကြဲခဲ့၏။ ဤကား ရောင့်ရဲခြင်းပင်တည်း။

စာရေးသူ ရေးသားသော 'ဘဝနှင့်ရင်း၍ရသော အတွေးအမြင်များ' အတွဲ (၁) မှ ကိုရီးယားသူဌေးကြီးတစ်ဦး၏စကားကိုလည်း မောင်အောင်ကြီး ဘယ်သောအခါမှ မမေ့။ အထည်ချုပ်စက်ရုံတစ်ရုံမှ (၅) ရုံထိ တိုးချဲ့နေသော ကိုရီးယားသူဌေးတစ်ယောက်အား မြန်



(ရွှေပြည်သာ)

# မေတ္တာရှင်

**စာရေးဆရာနှင့်ရင်ပေါင်တန်း၍ စာဖတ်သူများအကြောင်း**



www.burmeseclassic.com

www.burmeseclassic.com

...သူဌေးတစ်ယောက်က-

"စက်ရုံတစ်ရုံဆိုရင်ပဲ ခင်ဗျား ...စု တစ်သက်စားလို့မကုန်ပါဘူး၊ ... တော်တော်လောဘကြီးတာပဲ" ဟု ဝေဖန်ခဲ့၏။

ထိုဝေဖန်ချက်အား ကိုရီးယား ...ဌေးက ယခုလို တုံ့ပြန်ခဲ့၏။

"ပထမဆုံး ကျွန်တော့်မိသားစုအ ...တွက် ရှာမယ်၊ ဒီထက်တတ်နိုင်လာရင် ကျွန်တော့်ဆွေမျိုးအတွက် ရှာမယ်၊ ဒီ ...ထက် တတ်နိုင်လာရင် ကျွန်တော့်ရပ် ...ကွက်က လူတွေအားလုံးအတွက် ရှာ ...မယ်၊ ဒီထက်တတ်နိုင်လာရင် မြို့နယ် ...ကလူတွေအတွက် ရှာမယ်၊ ဒီထက် ...တတ်နိုင်လာရင် ကျွန်တော့်ပြည်နယ်က ...လူတွေအတွက် ရှာမယ်၊ ဒီထက်တတ် ...နိုင်လာရင် ကျွန်တော့်နိုင်ငံကလူတွေအ ...တွက် ရှာမယ်၊ ဒီထက်တတ်နိုင်လာရင် ...ကမ္ဘာလုံးကလူတွေအတွက် ရှာမယ်"

မြန်မာသူဌေးကား ဘာမှပြန်မ ...ပြောနိုင်တော့။ ထိုအချက်တို့ကိုသိထား ...သော မောင်အောင်ကြီးသည် အရောင်း ...အဝယ်အလုပ်ကို ကျယ်ပြန့်သည်ထက် ...ကျယ်ပြန့်အောင် ကြိုးစားသည်။ သူ ...တတ်လှမ်းမီသမျှ လူများကိုလည်း အ ...ရောင်းအဝယ်လုပ်နိုင်ရန် တတ်နိုင်သမျှ ...ကူညီပေးသည်။ လူသာခုခေါ်၊ နတ်သာ ...ခေါ် ဖြစ်ရသော သူ၏လူမှုရေးဒါနတစ် ...ခု အဆင်းရဲဆုံးသူများဈေးရောင်းရန် ...အနည်းဆုံးအတိုးဖြင့် ငွေထုတ်ချေးခြင်း ...ဖြစ်၏။ သူ့ငွေကိုချေးမည့်သူများ ...သည်-

၁။ အဆင်းရဲဆုံးလူများ ဖြစ်ရမည်။
၂။ အမှန်တကယ် ဈေးရောင်း သို့မ ဟုတ် အခြားလုပ်ငန်းတစ်ခုခုလုပ် ရမည်။
၃။ သတ်မှတ်နှုန်းထားအတိုင်း နေ့စဉ် ချေးငွေကိုဆပ်ရမည်။

ထိုအင်္ဂါ (၃) ချက်နှင့်ညီရန် လို ...သည်။ တစ်ဦးလျှင် (၃၀၀၀၀) ကျပ် ... ချေးပေးသည်။ (၁၀၀) လျှင် (၅) ...ကျပ်တိုး ဖြစ်သည်။ ထို (၅) ကျပ်တွင် ...ကျပ်သည် ငွေချေးသူများ၏ ကျန်း ...မာရေးကိစ္စတွင် ကူညီရန်အတွက် ဖြစ် ...သည်။ ဥပမာအားဖြင့် ငွေချေးသူများ ...ကျန်းမာရေးကိစ္စရှိလျှင် (၄၀၀၀၀) ကျပ် ...ထိ ထောက်ပံ့ပေးသည်။

...နာရေးဖြစ်လျှင်လည်း ထို့အတူ ...ကူညီပေးသည်။ ကျန်(၂၀၀၀၀)ကျပ် ...သည် မ,တည်ချေးငွေတိုးပွားလာရန်အ ...တွက် ဖြစ်သည်။ သူသည် ထိုလုပ်ငန်း အတွက် (၂၅) သိန်းကျပ် မ,တည်ထား သည်။ စာရေးသူတို့ ညီအစ်ကိုက သိန်း (၂၀) ထည့်ဝင်ပေးလိုက်သဖြင့် ယခုအ ချိန်တွင် တိုးပွားငွေ အပါအဝင် သိန်း (၈၀) ကျော်ဖြင့် လည်ပတ်လျက် ရှိ၏။ စာရေးသူက နောက်ထပ်ထည့်ပေးဖို့ လည်း စိတ်ကူးထား၏။ (၃၀၀၀၀)ကျပ် ချေးထားသူသည် တစ်ရက်လျှင် (၅၀၀) ကျပ်နှုန်းဖြင့် (၆၆) ရက်ဆပ်လျှင် အတိုး ရော အရင်းပါ ဆပ်ပြီးသားဖြစ်သွား၏။ သူ၏မေတ္တာတန်ခိုးကြောင့် ထင်သည်၊ ယခုအချိန်တိုင်အောင် လိမ်ညာလုသည့် ပတ်သူမရှိသေးဟု သိရသည်။ ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်တွင် ကြီးပွားကြောင်း တရားလေးပါးကို ဟောကြားတော်မူခဲ့ ၏။ ထိုလေးပါးမှာ-

၁။ ဥဋ္ဌာနသမ္ပဒါ- ထကြွလုံ့လ ဝီရိယ ဖြင့် ဥစ္စာကိုရှာဖွေခြင်း၊
၂။ အာရက္ခသမ္ပဒါ- မကုန်သင့်တာ မကုန်အောင် စောင့်ရှောက်ခြင်း၊
၃။ သမဇီဝိတသမ္ပဒါ- အဝင်၊ အ ထွက် မျှတအောင်သုံးစွဲခြင်း၊
၄။ ကလျာဏမိတ္တသမ္ပဒါ- မိတ်ဆွေ ကောင်းရှိခြင်းတို့ပင် ဖြစ်၏။

မြန်မာပြည်တွင် ဘာသာခြား အ များစု ချမ်းသာကြသည်မှာ ထိုသမ္ပဒါ (၄) ပါး ပြည့်စုံသောကြောင့်ပင် ဖြစ်၏။

**သူတို့ချမ်းသာအောင်ကြိုးစားပုံ**

သာကေပြအဲ့။ ရန်ကုန်မြို့တွင် နာမည်ကြီးဒံပေါက်ဆိုင်ကြီးတစ်ဆိုင် ရှိ ၏။ ထိုဆိုင်ကို ဘာသာခြားသူဌေးတစ် ယောက် ပိုင်ဆိုင်သည်။ ထိုဆိုင်တွင် မြန် မာအလုပ်သမားများကိုသာ ခိုင်းသည်။ သို့မှသာ မြန်မာများ ဝင်ရောက် စား သောက်မည် မဟုတ်ပါလော။ ဈေး ရောင်းကောင်းရန်အတွက် လူစည်ကား သော နေရာကောင်းကောင်း လိုအပ် ၏။ ထိုသို့ နေရာကောင်းရရန် လူအ ပင်ပန်းခံ၊ ငွေကြေးအကုန်ကျခံ၏။

ဆိုင်ကို အသပ်ရပ်ဆုံး၊ အသား နားဖြစ်အောင် ဆောက်၏။ စားပွဲခင်း အစ၊ အိမ်သာအဆုံး အသန့်ရှင်းဆုံးဖြစ် ရန် အားထုတ်သည်။ တစ်ဆိုင်အောင် မြင်သည်နှင့် ဆိုင်ခွဲပေါင်းများစွာ တည် ထောင်၏။ ထို့ကြောင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းတွင် ဒံပေါက်ဆိုင် အများအပြားကို တွေ့ရှိရ ခြင်း ဖြစ်သည်။ ဤကား ဘာသာခြား တို့ ဥဋ္ဌာနသမ္ပဒါ ပြည့်စုံပုံဖြစ်သည်။ မြန် မာအများစုကား ဥဋ္ဌာနသမ္ပဒါ အလွန် အားနည်း၏။ အသက် (၃၀) အရွယ်က တည်ထောင်ခဲ့သော ထမင်းဆိုင်သည် ထိုသူ သေဆုံးချိန်ထိ သည်အတိုင်းပင် တည်း။ ဆိုင်ခွဲတည်ထောင်နိုင်ဖို့နေနေ သာသာ မူရင်းဆိုင်သည် (၁) လက်မမျှ ပိုမိုကျယ်ဝန်းလာခြင်း မရှိချေ။

မြန်မာထမင်းဆိုင် အများစုမှာ အိမ်သာကို သန့်ရှင်း သပ်ရပ်အောင် ဘယ်သောအခါမှ မကြိုးစားကြ။ တစ် ခါက ရန်ကုန်မှ မန္တလေးသို့ ကားဖြင့် သွားသော နိုင်ငံခြားသူတစ်ယောက် သည် ကားရပ်ချိန်တွင် မြန်မာထမင်း ဆိုင်၌ ထမင်းစား၏။ အလွန် စား၍ ကောင်းကြောင်း လိုက်ပို့သော စကား ပြန်ကိုပြောသောဟု၏။ ထမင်းစားပြီး အိမ်သာဝင်သော ထိုနိုင်ငံခြားသူသည် အိမ်သာထဲမှ ဘာမပြောညာမပြောဖြင့် တအားပြေးထွက်လာတော့၏။

မျက်နှာလည်း ချွေးသီးချွေးပေါက် တွေထွက်နေ၏။ စကားပြန်က ဟုဟု သလဲ ထမေးသောအခါ နိုင်ငံခြားသူ ပြောလိုက်သောစကားက-

"အိုး-ရွံ့စရာ၊ ကြောက်စရာကောင်း လိုက်တာ။ တစ်ခါမှ ဒီလိုမျိုးမကြုံဖူးဘူး။ မစင်ထဲမှာ လောက်ကောင်တွေ တဖွား ဖွားမြင်လိုက်ရလို့ စားသမျှ အကုန်အန် ထွက်သွားပြီ။ ကျွန်မ ဆက်မသွားချင် တော့ဘူး၊ ကိုယ့်နိုင်ငံကိုပဲ ပြန်ပါရစေ တော့"

ကြီးမားသော စားသောက်ဆိုင် ကြီးဖွင့်ထားပါလျက် ရေလောင်းအိမ် သာကောင်းကောင်း မဆောက်ခြင်း၏ ဆိုးကျိုးပင် ဖြစ်ပါ၏။ ယခုအချိန်တွင် ကား ရေလောင်းအိမ်သာများ ဆောက် လာကြပြီဖြစ်သော်လည်း သန့်ရှင်းမှုကား လိုသေးသည်သာ။ အိမ်သာများ သန့် ရှင်းအောင်၊ အနံ့ဆိုးများကင်းအောင်၊ ရေမပြတ်အောင် သန့်ရှင်းရေးအလုပ် သမား သီးသန့်ထားသင့်သည်။

၂၀၁၀ ပြည့်နှစ်အတွင်းက စာ ရေးသူသည် ရန်ကုန်မှမန္တလေးသို့ လေ ကြောင်းခရီးဖြင့် တရားပွဲကြွရသည်။ ကျင်ငယ်စွန့် (အပေါ့သွား) ရန်အတွက် သန့်စင်ခန်းထဲသို့ဝင်လိုက်သည်။ ရဟန်း တစ်ပါးဖြစ်သောကြောင့် မတ်တတ်ရပ် ပြီး ကျင်ငယ် မစွန့်ကောင်းပေ။ ထို့ ကြောင့် အိမ်သာခန်းထဲထိ ဝင်ရသည်။ တွေ့ရပါပြီ၊ အိမ်သာအိုးထဲတွင် အညစ် အကြေးတွေပြည့်နေသည်။

ရေဖွင့်ချရသော ... တွင် ရေမဝင်နိုင်ဖြစ်နေသည်...



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရေဝင်ပိုက်ချို့ယွင်းတာ ဖြစ်နိုင်သည်။ သန့်စင်ခန်းသို့ နောက်ထပ်ဝင်မည့်သူများ စိတ်မချမ်းမသာ မဖြစ်စေချင်။ စက္ကူအစားထိုးသန့်စင်ရေးလုပ်သည့် ရေကောက်ကား ရေထွက်သည်။ ထိုရေကောက်နှင့်ပင် နောက်မှီအိုးထဲသို့ ရေထည့်ရသည်။

## မာနကို အလုပ်ဖြင့်ပယ်သတ်ပုံ

ရေကောက်က ရေနည်းနည်းချင်းထွက်သောကြောင့် နောက်မှီအိုးရေပြည့်ရန် (၁၅) မိနစ်ကျော်ကျော်ခန့် ကြာသည်။ ရေပြည့်သောအခါကျမှ ဖွင့်ချလိုက်ရာ အညစ်အကြေးများ သန့်စင်သွားသည်။ သန့်စင်သွားသောအခန်းလေးကိုကြည့်ရင်း စိတ်ချမ်းမြေ့လိုက်သည်မှာ မည်သည့်အရာနှင့်မျှ နှိုင်းစရာမရှိ။

စိတ်ညစ်နွမ်းအောင်၊ ပူလောင်အောင်လုပ်သောတရားများကို ကိလေသာဟု ခေါ်၏။ ထိုကိလေသာ (၁၀) ပါးတွင် မာနကိလေသာသည် တစ်ခုအပါအဝင် ဖြစ်၏။ ထိုမာနကိလေသာကြောင့် လူသားများသည် ယုတ်ညံ့သောဘဝများသို့ ရောက်ကြရ၏။ ဂါရဝ၊ နိဝါတ ရှိသေခြင်း၊ နှိမ့်ချခြင်းကြောင့် လူသားများသည် မြင့်မြတ်သောဘဝသို့ ရောက်ကြရ၏။

ထိုမာနကိလေသာသည် ရဟန္တာဖြစ်မှ အမြစ်ပြတ်ကုန်ဆုံး၏။ နားလည်အောင် ဥပမာပေးရလျှင် မာနကိလေသာသည် တစ်ပိဿာရှိသည် ဆိုကြပါစို့။ မဂ်လေးမဂ်က အစိတ်သားစီခွဲပြီး သတ်မှ ကုန်ဆုံးသည်။ ဗုဒ္ဓလက်ထက်က သုပ္ပိယ အမည်ရှိ မထေရ်တစ်ပါးသည် ရဟန္တာဖြစ်ရမည့် နောက်ဆုံးဘဝမှာပင် သုဘရာဇာကတော်၏ဝမ်း၌ ပဋိသန္ဓေနေခဲ့ရသည်။ မာနကိလေသာ၏ ထိုးနှက်ချက်ကြောင့်ပင်တည်း။ ထိုမာနကိလေသာကို ပြင်ပအလုပ်ဖြင့်လည်း ပယ်သတ်ရ၏။ ဝိပဿနာဖြစ်လည်း ပယ်သတ်ရ၏။ မဂ်လေးပါးဖြင့်လည်း ပယ်သတ်ရ၏။ ဤ၌ ပြင်ပအလုပ်ဖြင့် မာနကိလေသာကို တဒင် ပယ်သတ်ပုံအား ပြအံ့။

လယ်တီဆရာတော်သည် စာချစာသင်သံဃာတော်များအတွက် သုံးရေသောက်ရေတို့ကို နှစ်ပေါင်း နှစ်ဆယ်ကြာအောင် ကိုယ်တိုင်ခပ်လှူခဲ့သည်။ ဝမ်းရောဂါဖြစ်၍ အိပ်ရာထဲလဲနေသော ဂိလာနကိုယ်တော်၏ အညစ်အကြေးပေနေသော သင်္ကန်းများကို ကိုယ်တိုင်လျှော်ဖွပ်ပေးခဲ့သည်။ စစ်ကိုင်း ဝတ်ချက်မင်းကျောင်းဆရာတော်ကြီးသည် မြစ်ထဲသို့ ရေချိုးဆင်းသည့်အခါတိုင်း သဲများ၊ ထင်းခြောက်များကို သူ့ရာသီအလိုက် ထမ်းပိုးပြီး ကျောင်းအတွက် သယ်ယူလေ့ရှိသည်။ နွေအခါတွင် သဲများကို သယ်ယူခြင်းကား သံဃာတော်များအတွက် လမ်းခင်းပေးရန် ဖြစ်သည်။

ဆောင်းအခါ၌ ထင်းခြောက်များကိုသယ်ခြင်းမှာ သံဃာတော်များ မီးလှုံရန်ဖြစ်သည်။ ဂိလာနရဟန်းတစ်ပါးကို ကိုယ်တိုင် ပြုစုလုပ်ကျွေးခဲ့သည်။ ထိုဂိလာနတပည့်ပျံတော်မူသောအခါ အသုဘကိုပခုံးပေါ်တင်လျက် ကိုယ်တိုင်ထမ်းပိုးပြီး သင်္ချိုင်း၌မီးသဂြိုဟ်ခဲ့သည်။ ဆရာတော်ကြီး သက်တော်ကြီးရင့်၍ ပျံတော်မူခါနီးအချိန်ရောက်သောအခါ မည်သူမျှမသိအောင် တစ်ပါးတည်း သင်္ချိုင်းသို့ကြွပြီး မြေပုံဘေးတွင် သီတင်းသုံးနေခဲ့သည်။ သူ၏အန္တိမစျာပနပွဲကျင်းပနေလျှင် တပည့် ဒကာ၊ ဒကာမများ အလုပ်အကိုင်မပျက်စေရန်အတွက် မိမိအသုဘကို မိမိကိုယ်တိုင်ချခြင်းပင် ဖြစ်သည်။

ကျောက်ဆည် ဝေဘူဆရာတော်ကြီးသည် တောင်ပေါ်တက်သောလမ်းကို ကိုယ်တိုင်ကျောက်ထမ်းပြီး ပြုပြင်ခဲ့သည်။ ကျောင်းတိုက်အတွင်းမှ ခွေးချေးပုံ၊ နွားချေးပုံများကို ကိုယ်တိုင်ကျုံးလေ့ရှိသည်။ စာရေးသူသည် တောင်သာမြို့ ကျောင်းသစ်ကျောင်း စာသင်တိုက်တွင် နေစဉ်က သံဃာများ အသုံးပြုထားသော ဟင်းခွက်များကို တစ်ပါးတည်း ဆေးကြောခဲ့သည်။ ရေရှားသောဒေသဖြစ်သောကြောင့် သံဃာတော်များသည် ကုဋီတက်လျှင် ရေမသုံးကြရ၊ ဝါးကိုပြုလုပ်ထားသော ကနုတံကိုသာ သုံးကြရသည်။ သုံးပြီးသော ကနုတံကို အိမ်သာထဲသို့ မချရပေ၊ ပုံးတစ်ပုံးတွင် သီးသန့်ထည့်ထားရသည်။ ပုံများပြည့်သွားလျှင် နေ့တစ်ဝက်ရေစိမ်ပြီး ဆေးကြောရသည်။ စာရေးသူသည် ထိုအလုပ်မျိုးကိုလည်း (၄) နှစ်တိတိလုပ်ခဲ့သည်။

## အိမ်သာဆေးသောဓမ္မကထိက

၁၉၉၇ ခုနှစ်က မော်လမြိုင်ကျွန်းမြို့သို့ သုံးထပ်ဆောင်သင်္ဘောကြီးဖြင့် တရားဟောကြွစဉ် လမ်းခုလတ်၌ ရေပြတ်ပြီး အိမ်သာသုံးလုံး မစင်တွေပြည့်ပြီး ရွံ့စရာဖြစ်နေသည်။ ထိုအိမ်သာသုံးလုံးကို စာရေးသူဆေးကြောသုတ်သင်ပြီး မြစ်ထဲမှရေများ ဖြည့်ပေးခဲ့သည်။ ကြိုးတပ်ထားသောပုံးဖြင့် မြစ်ထဲမှရေများကို ခပ်ယူခဲ့ရခြင်း ဖြစ်သည်။

ဤကား ဥဋ္ဌာနသမ္ပဒါနှင့် ဆက်စပ်၍ အိမ်သာအကြောင်းကို တစ်ပါတည်းရှင်းပြခြင်းတည်း။

အာရက္ခသမ္ပဒါ အကြောင်းကို ဆက်လက်၍ တင်ပြပါမည်။ အာရက္ခသမ္ပဒါ ဟူသည် ရရှိလာသော စီးပွားဥစ္စာကို မကုန်သင့်တာ မကုန်အောင် စောင့်ရှောက် ထိန်းသိမ်းခြင်းပါတည်း။ ဘာသာခြား လူမျိုးခြား အများစုကား ပိုက်ဆံကုန်ကြောင်းဖြစ်သည့် မိန်းမအပျော်အပါးလိုက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ သေရည်သေရက် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို အထူး ရှောင်ကြဉ်ကြသည်။ မြန်မာအများစုကား ထိုသုံးမျိုးလုံးကို ဘုရား၊ တရား၊ သံဃာလို သဘောထားကြ၏။ ထို့ကြောင့်လည်း ရန်ကုန်၊ မန္တလေး စသော မြို့လယ်ကောင်တွင် လူမျိုးခြား ဘာသာခြား အများစုသာရှိပြီး မြန်မာအများစုကား ဆင်ခြေဖုံး ချောင်ကလောင်ထဲသို့ရောက်နေကြပြီ မဟုတ်ပါလော။

စာရေးသူ၏ဖခင်က ယခုလို ဩဝါဒပေးဖူး၏။

"သားတို့ သမီးတို့- ရုပ်ပျက်ဆင်းပျက် ဆင်းရဲနေတဲ့သူတွေမှာ အားနည်းချက်တစ်ခုခုတော့ ရှိတတ်စမြဲပဲ။ ဒီလူဟာ အပျော်အပါးရင်လည်း လိုက်စားမယ်၊ လောင်းကစားရင်လည်းလုပ်မယ်၊ သေရည်သေရက်ရင်လည်း သောက်မယ်၊ အသုံးအဖြုန်းရင်လည်း ကြီးမယ်၊ အလုပ်လုပ်ရင်လည်း ပျင်းမယ်၊ ဒီအချက်တစ်ချက်ချက်ကြောင့် လူစဉ်မမီတာပါ။ မဆင်းရဲချင်ရင် ဆင်းရဲခြင်းရဲ့အကြောင်းတရားတွေကို ရှောင်ကြပေါ့"

အင်ဒိုနီးရှားနိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အီရန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ စသော နိုင်ငံအများသည် အရင်က ဗုဒ္ဓဘာသာနိုင်ငံများပင် ဖြစ်၏။ ယခုအချိန်တွင်ကား အစ္စလာမ်ဘာသာဝင်နိုင်ငံများ ဖြစ်သွားကြလေပြီ။ ထိုသို့ ဘာသာခြားနိုင်ငံ ဖြစ်သွားရာ၌ ချက်ချင်း တစ်နိုင်ငံလုံး ဖြစ်သွားသည် မဟုတ်။ တစ်ရွာချင်း၊ တစ်ရပ်ကွက်ချင်း စ၍ တစ်နိုင်ငံလုံး ဘာသာခြားဖြစ်သွားခြင်းပင်။ ထိုသို့ ဘာသာခြားဖြစ်သွားခြင်း၏အဓိကအချက်မှာ ထိုနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ စီးပွားရေး[illegible]ကျခြင်း၊ ဘာသာခြားယော[illegible]များများ[illegible]

www.burmeseclassic.com



ကျွန်တော် (၁၆) နှစ်သား သောက်တုန်းက မိဘများနှင့် ရွာတွင် အတူနေပါသည်။ အလွန်ချမ်းတဲ့ဆောင်း ရဲ့ တစ်မနက်မှာ အိမ်ရှေ့မြေပြင်ကို ထွက်၊ မီးဖိုပြီး မီးလှုံပါသည်။ အတန် ကြာတော့ အဖေနှင့်အမေပါ လာလှုံကြ ပါသည်။ သူတို့လာလှုံချိန်မှာ မီးကျနေ ပြီဖြစ်လို့ အမေက 'မောင်အုန်းသွင်၊ ထင်းထပ်ထည့်လိုက်ဦး' ဟု ပြောပါ သည်၊ ကျွန်တော်က ထင်းချောင်းသုံး, လေးချောင်းဆိုင် ထပ်ထည့်လိုက်တော့ ကြာမီ အရှိန်ရပြီး မီးထလာပါသည်။ ထိုအခါ ကျွန်တော်တို့သုံးယောက် မီး နားက အနည်းငယ် ခွာလိုက်ကြပါ သည်၊ ထိုအခါ အမေက-

"မောင်အုန်းသွင်၊ မီးအရှိန်တက် ပြီး အပူများလာတော့ တို့ မီးပုံကိုခွာ လိုက်ကြတယ်။ အဲဒီ မီးစွဲလောင်နေတဲ့ ထင်းချောင်းက တို့လို ခွာလို့ရသလား"

လို့ မေးတယ်။ ကျွန်တော်က-

"ဘယ်ရမလဲ၊ သူ့ကိုစွဲပြီးလောင် နေတာပဲ"

လို့ ပြန်ဖြေလိုက်ပါတယ်။

ထိုအခါ အမေက-

"အေး- တို့ရင်တွင်းမှာရှိတဲ့ လော ဘ၊ ဒေါသ၊ ကာသ၊ မစ္ဆရိယလို့ဆိုတဲ့ တပ်မက်ခြင်း၊ မုန်းတီးခြင်း၊ မနာလိုခြင်း၊ ဝန်တိုခြင်း စတဲ့ တရားတွေဟာလည်း မီးတွေပဲ။ မီးအရှိန်တက်လာလို့ မီးနား က တို့ခွာလို့ရသလို တို့ရဲ့လောဘ၊ ဒေါ သ၊ ကာသ၊ မစ္ဆရိယ စတာတွေနဲ့ ပတ် သက်သူတွေဟာလည်း မီးအတူးမခံချင် ရင် ရှောင်လို့ရတယ်။ ဒါပေမယ့် မီးစွဲ ထားတဲ့ ထင်းနဲ့တူတဲ့ ငါတို့တတော့ ရှောင်လို့မရတော့ဘူး။ ကိုယ့်ဆီက စစွဲ တာပဲ၊ ကိုယ်ဘယ်လိုရှောင်မလဲ။

မီးစွဲလောင်နေတဲ့ ထင်းဟာ ပြာ ဖြစ်သွားရင် အဆုံးစွန် ပျက်စီးတာပဲ။ တစ်ဝက်တစ်ပျက်လောက်မှာ ရေနဲ့ လောင်းသတ်ရင် မီးသွေးတစ်ပိုင်း၊ ထင်း တစ်ပိုင်းကျန်ခဲ့မယ်။ ထင်းအတိုင်း အ ကောင်းတော့မကျန်တော့ဘူး။ တောမီး ဟာ တောကိုဖျက်ဆီးတယ်။ ရွာမီးဟာ ရွာကိုဖျက်ဆီးတယ်။ မီးလောင်တဲ့တော၊ မီးလောင်တဲ့ရွာဟာ ရုပ်ဆိုးကျန်ခဲ့တာပဲ။ လောဘ၊ ဒေါသ စတဲ့ မီးဟာ လောဘ၊ ဒေါသ စတာဖြစ်တဲ့သူကို ဖျက်ဆီးတာ ပဲ။ တစ်ဖက်က ဘယ်လိုနေမယ် မသိပေ မယ့် ဖြစ်သူကတော့ ဖြစ်တာနဲ့ပျက်စီး တာပဲ။ တစ်ယောက်တည်း မကျေနပ် စရာအတွေးကြောင့် ဒေါသဖြစ်နေသူကို ကြည့်၊ သူ့မျက်နှာဟာ ဘီလူးရုပ်ပေါက် နေမယ်။ လူရုပ် ပျက်စီးနေပြီ။ နှလုံး သားက ပိုပျက်စီးတယ်၊ အကျိုးတရား က အနည်းဆုံး သေရင် အပါယ်သွား မယ်။

ဒါကြောင့် ဒီမီးတွေကို မလောင် အောင် အမြဲ သတိနဲ့တား၊ လောင်လာ ရင် ချက်ချင်း ငြိမ်းသတ်၊ ရုပ်ဆိုးကျန် တောင် နည်းနည်းပဲ ကျန်မယ်"

ဟု ပြောပါသည်။

အမေ့စကားကို မှတ်တော့ထား ခဲ့ပါသည်၊ အမှန်အတိုင်း ဝန်ခံရလျှင် ထိုစဉ်က ထိုစကား၏တန်ဖိုးကို သိပ် မသိခဲ့ပါ။ အသက်ကြီးလာလေ, အတွေ့ အကြုံရလာလေ၊ ပိုသိလာလေ ဖြစ်ပါ သည်။ စာဖတ်သူများကိုလည်း သိစေ ချင်၊ သတိရှိစေချင်သဖြင့် တင်ပြလိုက်ရ ပါသည်။

ချောင်းဆုံအုန်းသွင်

---

သက်ထပ်ယူခြင်းတို့ပင် ဖြစ်သည်။ ထို့ ကြောင့် ဗုဒ္ဓဘာသာများက စီးပွားရေး တိုးတက်အောင် ကြိုးစားကြရမည်။ ဘာ သာခြားအမျိုးသားများကို လက်ထပ်ယူ ခြင်းမှ ရှောင်ကြဉ်ကြမည်ဆိုလျှင် မြန်မာ နိုင်ငံဘာဝသို့မရောက်အောင် တား ဆီးနိုင်ပါလိမ့်မည်။

၂၀၀၁ ခုနှစ်ဝန်းကျင်က စာရေး သူသည် မြိတ်မြို့နယ်နှင့် တနင်္သာရီ မြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာအ သီးသီးသို့ (၈၈) ရက်အကြာ တရား ဟောကြွခဲ့ရဖူးသည်။ ထို့နောက် ကော့ သောင်းမြို့၊ ထားဝယ်မြို့နယ်၊ ဘုတ်ပြင်း မြို့နယ်၊ ရေဖြူမြို့နယ်၊ သရက်ချောင်း မြို့နယ်တို့သို့ပါ တရားပွဲများသွားရောက် ဟောပြောခဲ့ရသည်။

**ဗုဒ္ဓဘာသာပျောက်သွားသောရွာများ**

မြိတ်မြို့နယ်အတွင်း ဗုဒ္ဓဘာသာ ရွာမှ ဘာသာခြားရွာ ဖြစ်သွားသော ကျေးရွာသုံးရွာ ရှိသည်။ ပသောင်းရွာ၊ ကုံးပျောငယ်ရွာ၊ သက္ကထီးရွာတို့ ဖြစ် သည်။ ထိုသို့ တရားဟောကြွစဉ်က ဗုဒ္ဓ ဘာသာဝင်တိုင်း အရေးတကြီး သိထား သင့်သော ရွာသုံးရွာမှ တကယ့်ဖြစ်ရပ် သုံးခုကို တင်ပြပါမည်။

ပထမဆုံးရွာမှာ တနင်္သာရီမြို့ နယ်မှ သဘောလိပ်ရွာ ဖြစ်သည်။ ထိုရွာ တွင် အိမ်ခြေ (၂၀၀) ကျော်ခန့်ရှိသည်။ အရင်က အိမ်ခြေ (၁၈၀) ကျော်မှာ ဗုဒ္ဓ ဘာသာများ ဖြစ်ကြသည်။ ဘာသာခြား အိမ်မှာ (၂၀) ခန့်သာ ရှိသည်။ မြန်မာ အများစုသည် ဗုဒ္ဓဘာသာ ဖြစ်သော် လည်း ဗုဒ္ဓ၏စကားကို နားမထောင်ကြ။ ထို့ကြောင့် ဆင်းရဲကြသည်။

ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်တွင် ကြီးပွားချမ်းသာလိုသူများသည် သမ္ဗဒါ လေးပါးနှင့်ပြည့်စုံရမည်ဟု ဟောကြား သည်။ မြန်မာအများစုကား သမ္ဗဒါလေး ပါး တစ်ပါးမှ မပြည့်စုံကြ။ ဘာသာခြား များက သမ္ဗဒါလေးပါးနှင့် ပြည့်စုံကြ သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာအများစု က ဆင်းရဲပြီး ဘာသာခြားအများစုက ချမ်းသာကြခြင်း ဖြစ်၏။ ယခု သဘော လိပ်ရွာကိုကြည့်ပါ။ ရွာတည်စ နှစ်ပေါင်း အတော်ကြာက မြန်မာအများစုသည် လယ်ပိုင်၊ ယာပိုင်၊ ခြံပိုင် လူချမ်းသာများ ဖြစ်ကြသည်။ ဘာသာခြား အများစုက မြန်မာများထံ၌ လယ်ကူလီ၊ ယာကူလီ၊ ခြံလုပ်သား စသည်ဖြင့် ဆင်းရဲသားများ ဖြစ်ကြသည်။

သို့သော် ထိုဘာသာခြား အများ စုက သမ္ဗဒါလေးပါးနှင့်ပြည့်စုံသည်။ ထ ကြွလုံ့လဝီရိယဖြင့် ဥစ္စာကို ရှာဖွေသည်။ ရရှိလာသောဥစ္စာကို မကုန်သင့်တာ မ ကုန်အောင် စောင့်ရှောက်သည်။ အဝင်၊ အထွက်မျှတအောင် သုံးစွဲသည်။ မိတ် ဆွေကောင်းရှိသည်။ အဝင်, အထွက် မျှတအောင်သုံးစွဲပုံနှင့် မိတ်ဆွေကောင်း ရှိပုံကို မြန်မာအများစု အတုခိုးနိုင်ရန် အနည်းငယ် တင်ပြပေအံ့။ ဘာသာခြား များ မြန်မာပြည်ရောက်စက ပိုက်ဆံရ မည့်အလုပ်ဆိုလျှင် အကုန်လုပ်၏။ ထို နွမ်းပါးစဉ်အချိန်က ဘာသာခြားများ သည် ဟင်းချက်မစားကြ၊ ထမင်းကို ဆားနှင့်စားသည်၊ ထမင်းရည်ကိုဟင်းချို လုပ်သောက်သည်။

(ဆက်ရန်)

မေတ္တာရှင်(ရွှေပြည်သာ)



www.burmeseclassic.com


www.burmeseclassic.com

ကျွန်တော်နှင့် လွန်စွာ ခင်မင်ရင်းနှီးရသော မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို မေးခွန်းတစ်ခု မေးလိုက်ပါသည်။ ကျွန်တော့်မိတ်ဆွေ၏အမေးကို ကျွန်တော်လက်ကမ်းကြိုဆိုလိုက်ပါသည်။ ကျွန်တော့်ကို မေးခွန်းထုတ်သော မိတ်ဆွေသည် ကျွန်တော့်အကျိုးအတွက် လိုလားသူဖြစ်ကြောင်း ကျွန်တော် သိနေလို့ပင် ဖြစ်ပါသည်။

ကျွန်တော့်မိတ်ဆွေကိုယ်တိုင်က ဝိပဿနာသမားဖြစ်နေတော့ ကျွန်တော့်ကိုလည်း သူ့လိုပဲ ဝိပဿနာသမားဖြစ်စေချင်တဲ့စေတနာနှင့် မေးတာပဲ ဖြစ်ပါသည်။ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာနှင့် ကျွန်တော့်မိတ်ဆွေရဲ့အမေးကို ဖြေဆိုလိုက်ပါသည်။

"သူငယ်ချင်း၊ မင်းမေးတဲ့အဖြေကို အမှန်အတိုင်းကိုယ်ပြောပေးမယ်။ ကိုယ်ကတော့ သမထမှသမထသမားလေကွာ။ သမထ ဆိုပေမယ့်လို့ ဝိပဿနာကင်းတဲ့သမထတော့မဟုတ်ဘူး သူငယ်ချင်း။ ကိုယ်က မျက်မှောက်ဘဝထဲမှာ (၇) နေ့သား၊ (၇) နေ့သမီးများတို့မှာ မနက်မိုးလင်းမှ ညဥ့်အိပ်ချိန်ရောက်အောင်၊ လူ့ဘဝထဲမှာတင့်တယ်အောင် ရှာကြဖွေကြရတဲ့ လူမှုဒုက္ခတွေကို အတော်အတန်အေးစေချင်တဲ့ဆန္ဒရှိနေလို့ပါ။

နောက်တစ်ခုရှိသေးတယ်။ ဘာလဲဆိုတော့ လောကီရေးမှန်မှ လောကုတ္တရာမှန်မှာ ဆိုတဲ့ စကားဆိုထုံးရှိခဲ့ပြီးသားပါ။ ဒါလည်း သူငယ်ချင်းသိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# သို့ကိုးပုတီးစိပ်ရအောင်

(၄)

သို့ကိုးပုတီးစိပ်ရအောင်

ညာကျော်

တို့တစ်တွေဟာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေဆိုတော့ အမိကအခြေခံကျတဲ့ သရဏဂုံသုံးရပ်ကို မပြတ်မလပ် ရွတ်ဆိုတော်ရသလို နှလုံးသွင်းမြဲဖို့ကလည်း အမှန်တကယ် အရေးကြီးတယ်လေ။ သရဏဂုံမပျက်ရင် ဘဝတစ်ခု မြင့်မြတ်ပြီးသားပါ။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်များကတော့-

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

(ခ) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံသရဏံဂစ္ဆာမိ။

(ဂ) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

လို့ သရဏဂုံကို ပေးထားသလို ရှေးရှေးက အဋ္ဌကထာဆရာတော်ကြီးများနှင့် ပညာရှိဆရာတော်ကြီးများက အတိတစပြီး နိဗ္ဗာနကာလတိုင်အောင် သရဏဂုံပေါ့။ 'မဟာသရဏဂုံ'လို့ တချို့က မှန်းသေးတယ်။ အဲဒီသရဏဂုံ (၃၀) သရဏဂုံကို မပြတ်မလပ် နှလုံးသွင်းနိုင်အောင် ကြိုးစားရ၊ အားထုတ်ရမယ် သူငယ်ချင်း။

သူငယ်ချင်းသိထားပြီးဖြစ်ပေမယ်လို့ နာဘူး ထပ်မံ ဆိုတဲ့စကားတစ်ရပ်လိုပေါ့။ ကိုယ်က ရွတ်ပြီး ပူဇော်ပြချင်သေးတယ်ကွ။

* ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(ပဋိသန္ဓေဆုံးသည့်တိုင်အောင်)

* ဗောဓိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗောဓိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဗောဓိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(စည်းစိမ်ဥစ္စာဆုံးသည့်တိုင်အောင်)

* ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(အသက်ထက်ဆုံးသည့်တိုင်အောင်)





www.burmeseclassic.com

www.burmeseclassic.com

* ယာဝဇီတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီတံ သံဃံ သရဏံ ဂစ္ဆာမိ။
*(အသက်ဆုံးသည့်တိုင်အောင်)*

* မရဏာပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏာပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏာပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။
*(သေခါနီးတိုင်အောင်)*

* မရဏကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
*(သေဆုံးသည့်ကာလတိုင်အောင်)*

* အရဟတ္တ မဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
*(အရဟတ္တမဂ်ရသည့်တိုင်အောင်)*

* အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တ မဂ္ဂ ကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
*(အရဟတ္တဖိုလ်ရသည့်တိုင်အောင်)*

* နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
*(ပရိနိဗ္ဗာန်ဝင်စံခါနီးတိုင်အောင်)*

* နိဗ္ဗာနကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
*(ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင်)*

ဆိုတဲ့ သရဏဂုံ (၁၀) ကို မပြတ် နှလုံးသွင်းနိုင်အောင် လေ့ကျင့်ရ ကြိုးစားရမှာ ဖြစ်တယ်။

သရဏဂုံကို တကယ်စွဲမြဲလာပြီဆိုရင် လောကမှာ သာမန်လူသားများတို့ မက်မောကြတဲ့ သိဒ္ဓိကြီးဆယ်ပါးကို ရနိုင်တယ်လေ။ သိဒ္ဓိကြီးဆယ်ပါးမှာ မူကွဲတချို့တော့ရှိမယ်ထင်တယ် သူငယ်ချင်း။ ပြောလက်စနဲ့ သိဒ္ဓိကြီးဆယ်ပါးကို ပြောပါဦးမယ်။

**သိဒ္ဓိဆယ်ပါး**

* ကာယသိဒ္ဓိ
* ပီယသိဒ္ဓိ
* ဓနသိဒ္ဓိ
* သိရိသိဒ္ဓိ
* ဣဿရိယသိဒ္ဓိ
* ဇေယျသိဒ္ဓိ
* တေဇသိဒ္ဓိ
* ဘုမ္မာသိဒ္ဓိ
* အာကာသသိဒ္ဓိ

အထူးထူးအပြားပြားသော သိဒ္ဓိများကို ပိုင်ဆိုင်နိုင်ဖို့ လိုတယ်။ ဒါမှ လောကကြီးထဲမှာ အရာရာကိုပြီးပြည့်စုံနိုင်အောင်ဆောင်ရွက်နိုင်မှာလို့ ယုံကြည်ထားလို့ပါ သူငယ်ချင်း"

ဟု ပြောလိုက်ရပါတော့သည်။

ကျွန်တော့် သူငယ်ချင်းက ကျွန်တော့်ကို စကားတစ်ခွန်းမှ ပြန်လည်ပြောခြင်း၊ ဆွေးနွေးခြင်းမလုပ်ဘဲ အပြုံးနှင့် ကျွန်တော့်ကို စေ့စေ့ကြည့်နေခဲ့ပါတော့သည်။ ကျွန်တော့်မှာ အရှိန်မသေသေးတဲ့ စကားလမ်းကြောင်းကို ဆက်လိုက်ပြန်ပါတော့သည်။

"သူငယ်ချင်းရေ၊ အခု စကားပြောနေရင်းမှာပဲ သတိတရဖြစ်လာတဲ့ အကြောင်းကို ပြောချင်သေးတယ်ကွာ။ ဘာလဲဆိုတော့ သိဒ္ဓိရာဇာဆရာအောင်က ပြောခဲ့တဲ့စာတစ်ခုလေကွာ။

*ဒုက္ခသည် သာမန်လူသား (လူသားတိုင်း) အတွက် အရင်းဆုံးသောအပေါင်းအဖက်ဖြစ်သည်-*

လို့ ဆိုတယ်ကွာ။

ကိုယ့်အနေကတော့ အတော်ကြီးကို ကြိုက်သွားပြန်တယ်။ ထိုဆရာအဆိုအမိန့်ကို နှလုံးသွင်းပြီး လောကမှာ ဒုက္ခကင်းဝေး နေထိုင်ရေးအတွက် တို့ရဲ့ သုံးလောကသခင် မြတ်စွာဘုရားရှင်၏ အတုမဲ့၊ အနှိုင်းမဲ့ဖြစ်တဲ့ ဂုဏ်တော်များထဲက ကိုးပါးသောဂုဏ်တော်ကိုပဲ ပြောချင်တာပါ။

မိမိဝါသနာနဲ့အကြိုက် ကြည်ညိုပြီး ဂုဏ်တော်ကိုပဲ ရွတ်ဖတ်ပူဇော်ခြင်းမျိုး တစ်နည်းဆိုရင် ပုတီးစိပ်တာပေါ့ကွာ။ မြတ်စွာဘုရားရှင်ကို ကြည်ညိုတဲ့နေရာမှာ မိမိစိတ်အကြိုက်အတိုင်း နက်နက်ရှိုင်းရှိုင်း ပူဇော်နိုင်တာဆိုတော့ ကိုယ်ကတော့ ဂုဏ်တော်ကိုးပါးကို အောက်ပါအတိုင်း အနုစိတ်မှန်းပြီး ပုတီးစိပ်တယ် သူငယ်ချင်းရေ။

ကိုယ့်စကား ဆုံးအောင်တော့ သည်းခံ ခွင့်လွှတ်ပြီး နားထောင်ပေးပါကွာ။ ကိုယ့်အနေနဲ့ ဂုဏ်တော်ကို ကြည်ညိုတဲ့အခါမှာ မြန်မာမှုနဲ့ နှလုံးသွင်းပြီး ပုတီးစိပ် ပူဇော်ရတာကို အနှစ်သက်ဆုံးပဲ သူငယ်ချင်း။

တစ်ရာ့ရှစ်လုံးပါ ဂုဏ်တော်ပုတီးကုံးနဲ့ ပုတီးစိပ်ရာမှာ အမျိုးမျိုးသောအာရုံနဲ့ မထပ်ရအောင် အဓိဋ္ဌာန်ကျင့်စဉ်ထားပြီး ပုတီးစိပ်တယ်ကွာ။

ဂုဏ်တော်ကို ခွဲခြမ်းစိတ်ဖြာပုံမှာ-

* သောဘဂဝါ ဣတိပိ အရဟံ၊
* သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
* သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊
* သောဘဂဝါ ဣတိပိ သုဂတော၊
* သောဘဂဝါ ဣတိပိ လောကဝိဒူ၊
* သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
* သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ၊
* သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
* သောဘဂဝါ ဣတိပိ ဘဂဝါ

ဂုဏ်တော် တစ်ပါးချင်းကို ပြန်လည် ရှုမှတ်ပူဇော်ကြည့်မယ်ဆိုရင် ရှေ့ဆုံးက သောဘဂဝါ ဣတိပိတွင် စာလုံးပေါင်း ခုနစ်လုံး ပါဝင်နေတဲ့အတွက် 'အရဟံ' ပုဒ်ကိုဖြည့်လိုက်ရင် စာ(၁၀)လုံးဖြစ်သွားတယ်။ ရှေ့ကစာစုဖြစ်တဲ့ 'သောဘဂဝါ ဣတိပိ' ကိုနုတ်မယ်ဆိုရင် အရဟံဂုဏ်တော်မှာ (၃) လုံးပဲ ပါဝင်နေတာတွေ့ရမှာကွ။

ဒီတော့ ဂုဏ်တော်ကိုးပါးလုံးမှာ-

(၁) နံပါတ်ဂုဏ်တော်တွင် စုစုပေါင်း (၁၀) လုံး။ ရှေ့ကစာမပါလျှင် (၃) လုံး။
(၂) နံပါတ်ဂုဏ်တော်တွင် စုစုပေါင်း (၁၂) လုံး။ ရှေ့ကစာမပါလျှင် (၅) လုံး။
(၃) နံပါတ်ဂုဏ်တော်တွင် စုစုပေါင်း (၁၅) လုံး။ ရှေ့ကစာမပါလျှင် (၈) လုံး။
(၄) နံပါတ်ဂုဏ်တော်တွင် စုစုပေါင်း (၁၀) လုံး။ ရှေ့ကစာမပါလျှင် (၃) လုံး။
(၅) နံပါတ်ဂုဏ်တော်တွင် စုစုပေါင်း (၁၁) လုံး။ ရှေ့ကစာမပါလျှင် (၄) လုံး။
(၆) နံပါတ်ဂုဏ်တော်တွင် စုစုပေါင်း (၁၉) လုံး။ ရှေ့ကစာမပါလျှင် (၁၂) လုံး။



www.burmeseclassic.com

www.burmeseclassic.com

# ခွေးလှေးယားယဉ် ဆေးဖက်ဝင်

ခွေးလှေးယားပင်တွင် အယဉ်နှင့် ... ဟူ၍ နှစ်မျိုး ရှိပါသည်။ အယဉ် ... အရိုင်း၏ ထူးခြားသော ကွာခြား ... အယဉ်ပင်၏ ပွင့်ငါးပါးသည် ... ရောပြားနှင့် ထိမိသော်လည်း မည် ... အန္တရာယ်မဖြစ်ပါ။ အရိုင်းမှာ ... ဟုတ်။ ၎င်းအပင်၏ အမွေးများ ... အရေပြားထိမိပါက မနေနိုင်မထိုင် ... ယားယံစေပါသည်။ ဖြေ ... အနေနှင့် ဆီးဖြူသီးဝါးစားပေးခြင်း၊ ... သီးသတ္တုရည်ကို လိမ်းပေးခြင်း ... ပြုလုပ်ပေးရပါသည်။

ဆေးဖက်အသုံးတွင်တော့ နှစ်မျိုးလုံး အာနိသင်အကျိုးသွားအတူတူ ဖြစ်ပါသည်။ ခွေးလှေးယားအယဉ်မျိုးအား ကျေးလက်တွင် ၎င်း၏အသီးတောင့်နုကို ဟင်းအဖြစ် ချက်ပြုတ်စားတတ်ကြပြီး ရင့်သောအစေ့များကိုလည်း ပြုတ်၍ စားကြပါသည်။

ခွေးလှေးယားစေ့ကို ရသာယနဆေးများ၊ ကာမအားတိုးဆေးများတွင် အများဆုံး ထည့်သွင်း အသုံးပြုကြပါသည်။ အခြားတိုင်းရင်းဆေးဖက်သုံးများလည်း ရှိပါသည်။

အကြောင်းရင်းခံအမျိုးမျိုးကြောင့် အနာပေါက်ပြီးနောက် အနာများမကျက်နိုင်ဘဲရှိနေပါက ခွေးလှေးယားစေ့ကို အမှုန့်ပြုပြီးသား တစ်ဆတွင် မုန်ညင်းဆီလေးဆနှင့် ရောစပ်၍ မီးနှင့်ချက်ပါ။ ရလာသောအဆီကို မကျက်နိုင်ဘဲဖြစ်နေသော အနာအိုအနာပျက်များတွင် လိမ်းပေးပါ။ အနာအကျက်မြန်ပြီး အသားနုတက်လာပါလိမ့်မည်။

သဒ္ဒါ (ဥပဒေ)

---

(၇) နံပါတ်ဂုဏ်တော်တွင် စုစုပေါင်း (၁၅) လုံး။ ရှေ့ကစာမပါလျှင် (၈) လုံး။

(၈) နံပါတ်ဂုဏ်တော်တွင် စုစုပေါင်း (၉) လုံး။ ရှေ့ကစာမပါလျှင် (၂) လုံး။

(၉) နံပါတ်ဂုဏ်တော်တွင် စုစုပေါင်း (၁၀) လုံး။ ရှေ့ကစာမပါလျှင် (၃) လုံး။

စသည့် သင်္ချာအရေအတိုင်း တိတိ ... တွေ့ရမှာ ဖြစ်တယ်ကွာ။

သူငယ်ချင်းရေ၊ ကိုယ်က တနင်္ဂနွေ ... ဆိုတော့ မွေးနေ့ဆောင် အောင်ရ ... ဆိုတဲ့ ကြွေးကြော်သံနဲ့အတူ တနင်္ဂ ... စပြီး (၉) ရက်အဓိဋ္ဌာန်ဝင်လိုက် ... တွာ။

* တနင်္ဂနွေနေ့မှာစတာမို့ သော ... ကတိပိ အရဟံ ဂုဏ်တော်ကိုပဲ ... တော်ရွတ်ဆိုပြီး ပုတီးမချသေးဘဲ ... ပြီးမှ ပုတီးတစ်လုံးချတဲ့စနစ်နဲ့ ... (၁၀) ပတ်နှုန်းနဲ့ တစ်ရက်စာ ... ပုတီးစိပ်တယ်ကွာ။

* တနင်္လာနေ့မှာတော့ သော ... ကတိပိသမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော် ... ) ပတ် စိတ်တယ်။

* အင်္ဂါနေ့မှာတော့ သောဘဂဝါ ... ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော် ... ) ပတ်စိပ်တယ်။

* ဗုဒ္ဓဟူးနေ့မှာတော့ သော ... ကတိပိ ဣတိပိသုဂတော ဂုဏ်တော်ကို (၁၀) ပတ် စိပ်တယ်။

* ကြာသပတေးနေ့မှာတော့ သောဘဂဝါ ဣတိပိ လောကဝိဒူ ဂုဏ်တော်ကို (၁၁) ပတ် စိပ်တယ်။

* သောကြာနေ့မှာတော့ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်တော်ကို (၁၉) ပတ်စိပ်တယ်။

* စနေနေ့မှာတော့ သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿနံ ဂုဏ်တော်ကို (၁၅) ပတ်စိပ်တယ်။

* တနင်္ဂနွေနေ့မှာတော့ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ ဂုဏ်တော်ကို (၉) ပတ်စိပ်တယ်။

* တနင်္လာနေ့မှာတော့ သောဘဂဝါ ဣတိပိ ဘဂဝါ ဂုဏ်တော်ကို (၁၀) ပတ်စိပ်တယ်။

တစ်နည်း ပြောင်းစိပ်တဲ့အခါမှာတော့ -

၁။ တနင်္ဂနွေနေ့မှာ ပုတီး (၃) ပတ်
၂။ တနင်္လာနေ့မှာ ပုတီး (၅) ပတ်
၃။ အင်္ဂါနေ့မှာ ပုတီး (၈) ပတ်
၄။ ဗုဒ္ဓဟူးနေ့မှာ ပုတီး (၃) ပတ်
၅။ ကြာသပတေးနေ့မှာ ပုတီး (၄) ပတ်
၆။ သောကြာနေ့မှာ ပုတီး (၁၂) ပတ်
၇။ စနေနေ့မှာ ပုတီး (၈) ပတ်
၈။ တနင်္ဂနွေနေ့မှာ ပုတီး (၂) ပတ်
၉။ တနင်္လာနေ့မှာ ပုတီး (၃) ပတ် ပြောင်းပြီးစိပ်တယ် သူငယ်ချင်း။

ကိုယ့်အနေကတော့ သမထတန်ခိုးနဲ့ပဲ မိသားစုတာဝန်ရော ခုနစ်နေ့သားခုနစ်နေ့သမီးတို့ရဲ့တာဝန်တွေကိုပဲ သစ္စာခန်း၊ မေတ္တာခန်းနဲ့ ဆောင်ရွက်ပေးနေခဲ့တာ သူငယ်ချင်းအသိပဲ"

ဟု ရှည်လျားစွာ ပြောပြလိုက်ရပါတော့သည်။

ကျွန်တော့်သူငယ်ချင်းက-

"ကိုယ်လည်း သမထတစ်ချိန်လုပ်ပြီး ဝိပဿနာတစ်ချိန်ပေါ့။ ဒီနေ့ကစပြီး လုပ်တော့မယ်"

ဟု နှစ်လိုစွာ ပြောပြပါတော့သည်။

သုရဋ္ဌမဂ္ဂဇင်းကို စွဲစွဲမြဲမြဲဖတ်နေကြသော စာချစ်သူ မိတ်ဆွေများနှင့် ကျွန်တော်၏စာများကို ဖတ်နေကြသော မိတ်ဆွေများ ဆန္ဒတူ၍ယူလိုပါက ဆောင်ယူနိုင်ကြစေရန် 'သိဒ္ဓိတိုးဂုဏ်တော်ပုတီး' ကျင့်စဉ်ကိုစိပ်၍ အစစအရာရာ အဆင်ပြေကြပြီးသိဒ္ဓိတိုးကြပါစေ၊ များစွာသောရတနာရွှေငွေတို့ တိုးပွား၍ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြသော အာဇာနည်များ ဖြစ်ကြပါစေဟု ဆန္ဒပြုလိုက်ရပါတော့သည်။

*ကောင်းမှုကိုစွမ်းသမျှ*
*လိုလားတောင့်တတိုင်း*
*ရရှိပြည့်စုံကြပါစေ*

ပညာကျော်



www.burmeseclassic.com

www.burmeseclassic.com

မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေး တောင်ဦးရွာ မြောက်ဘက်တွင် တောင်လုံးလှတောရကျောင်းလေး ရှိပါသည်။ တောင်လုံးလှ ဆရာတော် ဦးသုမန သီတင်းသုံးနေထိုင်တော်မူသည်။ တောင်လုံးလှဆရာတော်တွင် ညီတစ်ယောက် ရှိသည်။ နာမည်အရင်းမှာ အောင်ရင် ဖြစ်သည်။ ငယ်စဉ်ကပင် ရဲတပ်ဖွဲ့ထဲသို့ ဝင်ရောက်အမှုထမ်းလေသည်။ အမြို့မြို့အနယ်နယ်သို့ တာဝန်ဖြင့် ပြောင်းရွှေ့ အမှုထမ်းဆောင်ရင်း ရေတာရှည်မြို့သို့ ရောက်ရှိခဲ့သည်။ ရေတာရှည်မြို့နယ်မှအမျိုးသမီးနှင့် အိမ်ထောင်ကျလေသည်။ သားသမီးများ ပွားစီးပြီး ရေတာရှည်တွင် နေထိုင်လေသည်။

တစ်နေ့သောအခါ အောင်ရင်သည် ရုံးတွင်တာဝန်ထမ်းဆောင်နေစဉ် ရှမ်းဘောင်းဘီအရှည်နှင့် ရှမ်းအင်္ကျီကို ဝတ်ဆင်ပြီး ခမောက်ဆောင်းထားသော

# အဏ္ဏဝါလှိုင်း

## တောင်လုံးလှမှ အဘစာတ်ခန်းလေး



အဘိုးကြီးတစ်ယောက် ရုံးပေါက်ဝသို့ ရောက်လာလေသည်။

"သားတို့ရုံးမှာ အောင်ပါတဲ့သူ ပါသလား"

အသံသြဇာနှင့်ပြည့်ဝသော ထိုပုဂ္ဂိုလ်သည် မဆီမဆိုင် အစမပျိုး၊ နိဒါန်းမချီ မေးနေလေတော့သည်။ (၃) ကြိမ်မေးပြီးသောအခါ အောင်ရင်မှာ မနေသာတော့ပေ။

"ကျွန်တော် အောင်ရင်ပါခင်ဗျာ"

ဟု မတ်တတ်ရပ်ပြလေသည်။

"အေး- မင်း အောင်မင်းခေါင်အမျိုးကွ"

"ဟုတ်ကဲ့ခင်ဗျာ"

"မင်း တောင်ဦးကိုပြန်၊ တောင်လုံးလှ ဆရာတော်မှာ အလုပ်တစ်ခုရှိတယ်။ မင်းကို စောင့်နေတယ်"

"အဘ သားမှာ ပြန်စရိတ်မရှိဘူး"

"အေး၊ စရိတ်ပေးမယ့်သူရှိရင် ပြန်မှာလား"

"ပြန်ပါ့မယ် အဘ"

"ညနေရောက်ရင် စရိတ်လာပေးလိမ့်မယ်"

ရှမ်းအဝတ်အစား ဝတ်ဆင်ထားသော အဘိုးကြီးမှာ ပြန်ထွက်သွားလေတော့သည်။ မိမိမှာ အောင်မင်းခေါင်နှင့် အမျိုးတော်ကြောင်း ဆွေမျိုးစပ်သွားသော အဘိုးကြီး ဘယ်သူလဲ၊ တောင်ဦး တောင်လုံးလှသို့သွားရန် တိုက်တွန်းနေတာ ဘာကြောင့်လဲ၊ ဘာလုပ်ဖို့သွားရမှာလဲ၊ ဘာလုပ်ပေးရမှာလဲ။ တောင်လုံးလှဆရာတော် ဦးသုမနမှာ အစ်ကိုအရင်း ဖြစ်ပါသည်။ မတွေ့ရတာလည်း ကြာပြီ။ တောင်ဦးသို့သွားချင်သောဆန္ဒက ပြင်းပြလာလေသည်။

ညနေအချိန် ရောက်သောအခါ အိမ်နားနီးချင်း ဒေါ်ပေါက် ရောက်လာသည်။ သူချေးထားသောငွေ (၃၀၀၀) ကျပ် လာရောက်ပေးပါသည်။ နံနက်က ရုံးတွင် ရှမ်းအဘိုးကြီး ပြောသွားသော စကားမှာ မှန်နေလေသည်။ ဟော-အခုခရီးစရိတ်ရပြီ။

သွားဖို့ပြင်ဆင်၍ ကျောက်ပန်းတောင်း- တောင်ဦးသို့ ပြန်လာခဲ့သည်။

အစ်ကိုကြီးတော်သူ ဆရာတော်အား ဝတ်ဖြည့်၍ ကျန်းမာရေးအခြေအနေမေးလျှောက်ပါသည်။ ဆရာတော်မှ-

"အောင်ရင် မင်း ဘာလို့ ပြန်လာတာလဲ"

ဟု မိန့်ကြားပါသည်။

မိမိလည်း ရေတာရှည်မှ ရှမ်းအဘိုးကြီးနှင့်တွေ့ခဲ့ပုံ၊ အောင်မင်းခေါင်နှင့် အမျိုးစပ်ပုံများနှင့် ရှမ်းအဘိုးကြီးမှ ပြန်ခိုင်းသဖြင့် ဆရာတော်ထံ ပြန်လာခဲ့ပုံကို စီကာပတ်ကုံး ပြောပြပါသည်။

"အောင်ရင်၊ မင်းတွေ့ခဲ့တဲ့ ရှမ်းအဘိုးကြီးဆိုတာ အဘ အောင်မင်းခေါင် ဖြစ်ရမယ်ကွယ့်"

"ဟုတ်ပါ့မလား ဘုရား၊ အဘဆိုရင် ဒီပုံစံနဲ့လာပါ့မလား"

"ဝိဇ္ဇာဆိုတာ လိုသလိုဖန်တီးနိုင်တာပဲ။ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပြောင်းလဲနိုင်တာပဲ။ ရုပ်ကိုမကြည့်ဘဲ နာမ်ကိုသာ ကြည့်ရမယ်ကွယ့်"

"အဘမှန်း စောစောက သိရင် အိမ်ပင့်တာပေါ့"

"ဝိဇ္ဇာကို ဝိဇ္ဇာမှန်းမသိတဲ့သူတွေ အများကြီးကွယ့်"

"ဒါနဲ့ အဘနဲ့ဆွေမျိုးတော်စပ်ပုံလေး အမိန့်ရှိပါဦးဘုရား"

"အေး- မင်းလည်းမှတ်ထား နောင် သားစဉ်မျိုးဆက်ကိုလည်း ပြော ခဲ့။ မှတ်မှတ်သားသားရှိတာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com

တယ်"

ဟု မိန့်ကြားပြီး အမျိုးတော်စပ်ပုံကို ရှင်းပြလေတော့သည်။

"ဘမင်းခေါင်ရဲ့အဖေက ဦးမောင်ပုလို့၊ အမေက ဒေါ်မင်းသစ်လို့ ခေါ်တယ်။ ဦးမောင်ပုက စင်မြင့်သား။ ဒေါ်မင်းသစ်က တောင်ဦးသူ။ ငါတို့နဲ့ အမျိုးတော်စပ်တာက အမေဘက်က တော်စပ်ခဲ့တာ"

"ဒေါ်မင်းသစ်က တောင်ဦးကဆိုတော့ အဘက တောင်ဦးမှာလည်း အမျိုးတွေရှိဦးမှာပဲ"

"ဒေါ်မင်းသစ်ရဲ့အဖေ၊ အမေတွေ ဘယ်သူလဲ ဆိုတာတော့ မမှတ်မိကြတော့ဘူး။ ဒေါ်မင်းသစ်မှာ မွေးချင်း (၄) ယောက်ရှိတယ်။ ဒေါ်မင်းသစ်ရဲ့ မောင် ဦးသာဆောင် ဆိုတာ ရှိတယ်။ ဦးသာဆောင်က ငါတို့အဖေဦးပုကို မွေးတယ်။ ငါတို့အဖေ ဦးပုနဲ့ ဘမင်းခေါင်က ညီအစ်ကိုတစ်ဝမ်းကွဲ တော်စပ်ကြတယ်ကွယ့်"

"ဒါဆို ဘမင်းခေါင် ငယ်ငယ်က တောင်ဦးကိုလည်း လာမှာပေါ့နော်"

"တောင်ဦးက အမျိုးတွေတဲမှာ ညအိပ်တယ်။ ညီအစ်ကိုဝမ်းကွဲတွေနဲ့ အတူ နေကြတယ်။ တောင်ဦးမှာနေရင်း ပုပ္ပားကို မကြာခဏ သွားတယ်ကွယ့်။ ညီအစ်ကိုတွေကမေးတယ်၊ 'ဘိုးအောင်မင်း ပုပ္ပားကို ဘာသွားလုပ်တာလဲ' လို့ မေးတယ်။ တရားထိုင်တာ၊ အဓိဋ္ဌာန်ဝင်တာလို့ ပြောတယ်။ ခဏခဏ ပုပ္ပားသွားတဲ့ ဘိုးအောင်ကို ဒီကောင်တော့ ပုပ္ပားကို မျောက်ချေးစားဖို့ သွားတာပဲလို့ နောက်ပြောင်ကြတာပေါ့။ ဒီတော့ ဘိုးအောင်က မျောက်ချေးပဲ စားမလား၊ ဝိဇ္ဇာပဲဖြစ်မလား ဆိုတာ စောင့်ကြည့်ပေါ့လို့ ပြောတယ်"

ဆရာတော်ဦးသုမနမှာ ဘမင်းခေါင် ငယ်စဉ်ကအကြောင်းများကို ပြန်ပြောပြနေလေတော့သည်။

"ဆရာတော်ဘုရား- ဘမင်းခေါင်က ပုပ္ပားမှာ ထွက်သွားတာ၊ ပုပ္ပားမှာ ဆုံးသွားတာလား၊ ဟုတ်လား။ တပည့်တော်သိတာကတော့ နာမ်လောကမှာပဲ အဘရှိတယ် ထင်တယ်"

"ဝိဇ္ဇာတွေက သိဒ္ဓိပြီးမြောက်ရင် ထွက်ရပ်ပေါက်သွားတာပဲ။ အရှင်ထွက်၊ အသေထွက်ဆိုတာ ရှိတယ်"

"ဝိဇ္ဇာအတော်များများ ထွက်သွားပြီးရင် ပြန်ဝင်လာတာကော ရှိသလား"

"ပြန်ဝင်လာတာတော့ ရှိတာပေါ့။ ရှိပေမယ့် တစ်ချိန်က ထင်ရှားခဲ့တဲ့ မင်းခေါင်အနေနဲ့ ဟုတ်ချင်မှဟုတ်မှာပေါ့"

"ရုပ်ရောနာမ်ပါ ရုပ်,နာမ်တွဲပြီး ပြန်ဝင်လာတာတော့ သာမန်လူတွေအနေနဲ့ ယုံရခက်ခက်ပါပဲ"

"ဝိဇ္ဇာပညာတွေကို သာမန်လူတွေ မသိနိုင်ဘူး၊ ပြောလို့လည်း ဘယ်လိုမှ မယုံနိုင်ဘူး"

ဝိဇ္ဇာပညာရပ်၏ ခက်ခဲ နက်နဲပုံကို သာမန်လူတွေ ဘယ်လိုမှ လိုက်မမီနိုင်ပါ။ ဘဝကူးပြောင်းပုံ၊ ဘဝသစ်ကို ရောက်ပုံတို့မှာ ရှင်းပြ၍မရ၊ ပြောပြ၍ မယုံ။ ဟုတ်သည်,မဟုတ်သည်ကို သံသယဝင်စရာဖြစ်၍ သူတော်ကောင်းတို့၊ ပုဂ္ဂိုလ်မြတ်တို့အပေါ်တွင် ကာယကံ၊ ဝစီကံကျူးလွန်မိက အပြစ်ဖြစ်နေတတ်ပါသည်။

"အောင်ရင်၊ မင်း ငါ့ဆီကို ဘမင်းခေါင်က ပြန်ခိုင်းတာ အကြောင်းရှိမယ်ကွယ့်"

"ဟာ- ဘုန်းဘုန်းကလည်း၊ ရှမ်းအဘိုးကြီးဆိုတာလည်း ခဏတွေ့ရတာ။ သူ ပြောပြီး ပျောက်သွားတာ ခု ဘယ်ရောက်နေမှန်းတောင် မသိဘူး၊ ဘယ်သွားလျှောက်ရမှာလဲ"

"မင်း - တော်တော် အ,တဲ့အကောင်ပဲ။ ငါပြောပါကော၊ ရုပ်ကိုမသုံး နာမ်ကိုသုံး ဆိုတာ"

"နာမ်ကိုဘယ်လိုသုံးရမလဲဘုရား"

"ကဲ- လာလာ၊ ငါပြမယ်"

ဆရာတော်မှ အောင်ရင်ကို ခေါ်သွားလေသည်။ ဘုရားဆောင်ရှေ့ ရောက်သောအခါ သာသနာ့ပွဲများတင်ထား၏။ ဘုရား၏ ဘယ်ဘက်အောက်ခြေတွင် အဘအောင်မင်းခေါင်ရုပ်တု





www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကို တွေ့ရသည်။ ရုပ်တုရှေ့တွင် အဘအောင်မင်းခေါင်ပွဲကို တင်ထား၏။

"ဆရာတော်ဘုရား၊ ဒီအဘရုပ်တုက အစက မရှိပါဘူး။ အခု ဘယ်က ရောက်လာတာလဲ ဘုရား"

"ရောက်လာတာလည်း ထူးဆန်းတယ်ကွယ့်။ ပုပ္ပားကို အဘထွက်ပွဲဆိုပြီး တော်သလင်းလမှာ ကျင်းပတယ်။ အနယ်နယ်အရပ်ရပ်က အဘသားသမီးတွေ ပုပ္ပားကိုသွားကြတယ်။ အဘကို ပူဇော်ကန်တော့ကြတယ်။ တောင်ဦးရောက်တော့ ဒီအဘရုပ်က ကားပေါ်က ခုန်ချနေခဲ့တာပဲ။ အဘရုပ်တုက ပုပ္ပားကိုမကြွဘဲ တောင်လုံးလှကိုကြွလာတာပေါ့ကွယ်"

"ကားသမားက ပြန်ယူမသွားဘူးလား"

"ပြန်ယူလို့မရဘူးကွယ့်။ သူတို့ ကားပေါ်ကို ပြန်တင်ပေးသေးတယ်၊ (၁၀) ပေလောက်ရောက်တော့ ကားပေါ်က ထပ်ပြုတ်ကျပြန်ရော။ ဒါနဲ့ အတိတ်ကောက်ပြီး တောင်ဦးရွာထဲမှာ ထားခဲ့တာပဲ။ ထိန်ဝင်းနဲ့တွေ့ပြီး တောင်လုံးလှကိုပင့်လာလို့ ရောက်လာတာ"

"ဟာ- ဒါဆို အရုပ်က တပည့်တော်အရင် ရောက်နှင့်နေတာပေါ့"

"ဟုတ်တယ်။ အဘကြွလာပြီး အောင်ရင်ကို လွှတ်လိုက်မယ်၊ လုပ်စရာရှိတယ်လို့ ပြောတယ်"

"တော်တော် ထူးဆန်းတာတွေ ဖြစ်နေတယ်။ ကဲ- အရှင်ဘုရား၊ တပည့်တော် ဘာလုပ်ရမလဲ ဘုရား"

"မင်း- အဘကို ဝတ်ချကန်တော့၊ မင်းရောက်ရှိကြောင်း ပြောပေါ့။ ဘာဆက်လုပ်ရမယ်ဆိုတာ တစ်ခါတည်း မေးလျှောက်ကွာ"

ဆရာတော်ဘုရား အမိန့်ရှိသဖြင့် ဘမင်းခေါင်ရုပ်တုရှေ့သို့သွားပြီး အလင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် ထွန်းညှိပူဇော်သည်။ ငါးပါးသီလခံယူပြီး အဘကို မေတ္တာပို့သည်။ 'အဘကြွလာပါ' လို့ တောင်းပန်လျှောက်ထားသည်။

"အဘအောင်မင်းခေါင်ခင်ဗျား၊ သားတော် မိုက်မဲစွာဖြင့် အဘအပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ကျူးလွန်မိပါကခွင့်လွှတ်ပါရန် လျှောက်ထားပါသည်။ အဘခိုင်းသော အလုပ်ကိစ္စ ဆောင်ရွက်ရန် တောင်လုံးလှသို့ရောက်ရှိပါသည်၊ ဘာဆက်လုပ်ရမလဲ ဆိုတာ ထင်ထင်ရှားရှား အမိန့်ရှိပါ"

အောင်ရင်သည် ဆရာတော်အမိန့်ရှိသလို ရုပ်တုရှေ့မှောက်တွင် အဘရှိသကဲ့သို့ အဘကို လျှောက်ထားလေသည်။

"အောင်ရင်၊ အဘက ဘာပြန်ပြောသလဲ"

"အရှင်ဘုရား၊ ဘာမှပြန်မပြောဘူး ဘုရား။ ဒီရုပ်တုက ဘယ်လိုလုပ်စကားပြောမှာလဲ ဘုရား"

"အေး- ဝိဇ္ဇာပြောတာကို ဝိဇ္ဇာပဲကြားမှာပေါ့ကွယ့်။ မင်းက သာမန်လူဆိုတော့ မင်းကြားတဲ့နည်းနဲ့ သူပြောပါလိမ့်မယ်"


"သိပ်တော့မရှင်းလင်းဘူး ဘုရား၊ ခုထိတော့ ဘာမှပြန်မပြောသေးဘူး"

ဆရာတော်နှင့် ဦးအောင်ရင်တို့သည် ညီအစ်ကိုအရင်းများဖြစ်ကြပြီး ရှေးဟောင်းနှောင်းဖြစ်များကို ပြော၍ အချိန်ကုန်လေသည်။ ညရောက်သောအခါ ဘုရားဝတ်တက်ပြီး အဘကို မေတ္တာပို့သည်။ ဆရာတော်ဘုရားအား ဝတ်ဖြည့်၍ အိပ်ရာဝင်လေသည်။

နှိုးတစ်ဝက်မေ့စက်၍ အိပ်ပျော်



တောင်လုံးလှသို့အဝင်လမ်းညွှန်ဆိုင်းဘုတ်



တောင်လုံးလှတောင်ပေါ်မှ အောက်ခြေတော်ရာစေတီ




တောင်လုံးလှတောင်ပေါ်မှ သိုက်နန်းရှင်နတ်နန်း



www.burmeseclassic.com

www.burmeseclassic.com



တောင်လုံးလှတောင်ပေါ်မှ စေတီ

...ဉ့် အဘကြွလာလေသည်။

'ဟေ့- အောင်ရင်၊ ထထ-ငါနဲ့ ...'

ဟု နှိုးသဖြင့် အဘခေါ်ရာသို့ ...ကိုက်သွားလေသည်။ အဘမှာ လုံ ...တွက်ထောက်ဝတ်ထားသည်။ အ ...ရည်ပြီး ထွားကျိုင်းသည်။ ဆရာ ...ဘုရားမှာ ကျိန်းနေဆဲဖြစ်သည်။

ဆရာတော်သီတင်းသုံးရာကျောင်း ... တောင်ခြေသို့ တက်သွားရသည်။ ...ောင်ခြေသို့ရောက်သောအခါ ဝါးရုံပင် ...ကြားတွင် အဘမှထိုင်ပြီး အောင်ရင် ... ခေါ်လေသည်။

'အောင်ရင်၊ မင်း ဒီနေရာကိုခတ်...ဆောက်။ ခတ်ခန်းကို ဒီဘက်ကို ...ည့်ထား။ ခေါင်းရင်းကျောက်တုံးပေါ် ... ဘောဓိပင်တစ်ပင်ရှိတယ်၊ မသေ ...ောင်စောင့်ရှောက်ပါ။ ရာဇမတ်ကွက် ...ပြီး အမွှေးရည်တွေ ပက်ဖျန်းပေး ...လား'

'အဘ - သားကို ခတ်ခန်း ...ဆောက်ခိုင်းတာတော့ ဟုတ်ပါပြီ၊ သား ... ငွေမရှိဘူး'

'မင်းကို ငွေပေးထားတာပဲ၊ အဲဒါ ...ဆောက်'

'အဘပေးတဲ့ငွေက (၃၀၀၀)ကျပ် ... ခရီးစရိတ်နုတ်တော့ (၁၀၀၀)ကျပ်ပဲ ...န်တယ်'

'မင်းကို ဆောက်ခိုင်းတာ၊ ဖြစ် ...ောင်လုပ်'

'အဘဆောက်ခိုင်းရင် ဆောက်ပါ့မယ် ခင်ဗျား'

'ဆရာတော့်ကျန်းမာရေးကိုစောင့်ရှောက်၊ ကြားလား။ ခတ်ခန်းပြီးရင် မင်း ရာထူးတက်လိမ့်မယ်၊ စီးပွားရေး အဆင်ပြေလိမ့်မယ်'

'အဘခိုင်းတဲ့အတိုင်း သားဆောင်ရွက်ပါ့မယ်'

အဘသည် ခတ်ခန်းဆောက်ခိုင်းပြီး ပြန်ကြွသွားလေတော့သည်။ ဦးအောင်ရင်ကြီးလည်း အိပ်ရာမှနိုးလာလေတော့သည်။ အိပ်ရာမှနိုးလာသောအခါ ဆရာတော်မှာ ဘုရားဝတ်တက်နေလေသည်။ ကပ္ပိယ ထိန်ဝင်းလည်း ဆွမ်းချက်နေသည်။ မိမိလည်း ကိုယ်လက်သန့်စင်ပြီး ဘုရားဝတ်တက်သည်။ ဆရာတော်အား အရုဏ်ဆွမ်းကပ်သည်။ ဆရာတော်မှ-

"အောင်ရင်- မင်းအဘ ဘာပြောသွားလဲ"

အောင်ရင် အတော် ထိတ်လန့်သွားသည်။ မိမိနှင့်အဘတွေ့ရသည်မှာ အိပ်မက်ထဲမှာ တွေ့ရခြင်း ဖြစ်သည်၊ အိပ်မက်ထဲမှာ မှာကြားခြင်း ဖြစ်သည်။

"အဘက ခတ်ခန်းဆောက်ခိုင်းတာပါ"

"ဘယ်နားဆောက်ခိုင်းတာလဲ"

"တောင်ခြေက ဝါးရုံတောထဲမှာ။ ခေါင်းရင်းက ကျောက်တုံးပေါ်မှာ ဗောဓိပင်ပေါက်တာ ရှိတယ်။ ဒါနဲ့ ဆရာတော်က အဘကြွလာတာကို ဘယ်လိုလုပ်သိတာလဲ ဘုရား"

"အဘကြွလာတယ်၊ မင်းကိုခေါ်သွားတယ်။ တောင်ခြေမှာ မင်းကိုမှာနေတာတွေ ငါသိတာပေါ့"



တောင်လုံးလှတောင်ပေါ်မှ အထက်ခြေတော်ရာစေတီ




www.burmeseclassic.com


www.burmeseclassic.com



တောင်လုံးလှမှ အဘအောင်မင်းခေါင်၏ဓာတ်ခန်း



တောင်လုံးလှမှ အဘအောင်မင်းခေါင်၏ဓာတ်ခန်း



တောင်လုံးလှမှ အဘအောင်မင်းခေါင်၏ဓာတ်ခန်းဘေးမှ ဗောဓိညောင်ပင်

ဦးအောင်ရင်သည် ငေးမောနေလေတော့သည်။ အစ်ကိုရင်းဦးပဥ္စင်းမှာလည်း သိနိုင်သော ဝိဇ္ဇာဓာတ်တွေကိန်းနေပြီလား၊ အဘနှင့်ဆရာတော် အဆက်အသွယ်ရှိသလား စသည်ဖြင့် စဉ်းစားနေမိတော့သည်။

"ဆရာတော်ဘုရား၊ တပည့်တော် ဆင်းရဲတယ် ဘုရား။ ငွေ (၃၀၀၀)ကျပ် ပေးပြီး ဓာတ်ခန်းဆောက်ခိုင်းတာဖြစ်နိုင်ပါ့မလား ဘုရား"

"ဝိဇ္ဇာဆိုတာ မဖြစ်နိုင်တာ မရှိဘူး၊ မင်းစ,ဖို့ပဲ ရှိတယ်"

ဦးအောင်ရင်သည် အဘပြသောမြေကို ရှင်းသည်။ မြေစုရှိသည်။ မြေပြန့်လေးဖြစ်သွားသောအခါ ဓာတ်ခန်းနေရာလေးကို ပန္နက်ရိုက်သည်။ ကျောက်တုံးပေါ်မှ ဗောဓိပင်ကို အမွှေးရည်ဖြင့် ဖျန်း၍ ရာဇမတ်ကာပြီးထားလေသည်။ ကျန်ရှိသောငွေ (၁၀၀၀)ကျပ်ကို အဘရုပ်တုရှေ့ရှိ ဖလားထဲတွင် ထည့်ပြီး-

"အဘရေ၊ အဘခိုင်းတာ စလုပ်နေပါပြီ။ ကျန်တဲ့ငွေ (၁၀၀၀) ကျပ်ကို ဖလားထဲထည့်ထားပါတယ်။ ပွားလာရင် ဆက်လက်ဆောင်ရွက်ပါ့မယ်"

ဟု လျှောက်ထားလေသည်။

နောက်နေ့တွင် မိတ္ထီလာမှ အဘ၏သားသမီးများ ရောက်လာပြီး ဘဘုန်းကို ကန်တော့ကြသည်။ အဘရုပ်တုအကြောင်းကို မေးကြသည်။ အဘဓာတ်ခန်းဆောက်လုပ်မည့်ကိစ္စ သိကြသောအခါ အဘရုပ်တုရှေ့ဖလားထဲသို့ အလှူငွေများ ထည့်ဝင်သွားကြသည်။ နောက်နေ့ နောက်နေ့များတွင်လည်း ပုပ္ပားမှ အပြန် အဘသားသမီးများ ဆရာတော်ထံ ရောက်လာပြန်သည်။ ဓာတ်ခန်းအတွက် ငွေများလှူသွားကြလေသည်။

တစ်ပတ်အတွင်း ဓာတ်ခန်းအလှူခံရငွေ (၃၀၀,၀၀၀) ကျပ် ရရှိလာသဖြင့် ဘိလပ်မြေ၊ အုတ်၊ သစ်တို့ မှာယူပြီး ဆောက်လုပ်ကြလေသည်။ တစ်လအတွင်း ဓာတ်ခန်းပြီးသွားသည်။ ဓာတ်ခန်းဆောက်လုပ်ပြီး တစ်လအကြာတွင် မန္တလေးမှ ဦးတင်ဝင်းက ရုပ်တုကြီး (၂) ခု လာရောက်လှူဒါန်းလေသည်။

အဘဘိုးဘိုးအောင်ရုပ်တု၊ အဘအောင်မင်းခေါင်ရုပ်တုတို့ ဖြစ်သည်။ ဓာတ်ခန်း၏အလယ်မှ ဘုရားတစ်ဆူမှာ ဇရပ်ကုန်းမှ ဦးဘိုတန်မိသားစုက လှူဒါန်းလေသည်။

တောင်လုံးလှဆရာတော်ဘုရားကျောင်းတွင် အဘကိုယ်တိုင် အိပ်မက်ပေးပြီး အဘကိုယ်တိုင် ဆောက်လုပ်ခဲ့သော ဓာတ်ခန်းလေးမှာ ပြီးစီးသွားလေသည်။ ဓာတ်ခန်းအတွင်းမှ အဘရုပ်တုကြီးတွင် အဘ၏နာမ်ကိန်းပြီး အဘရှိသကဲ့သို့ လျှောက်ထားနိုင်ကြောင်း မည်သူမျှ မသိကြချေ။

ဦးအောင်ရင်လည်း ရေတာရှည်သို့ ပြန်သွားသည်။ ရေတာရှည်ရောက်သောအခါ ရာထူးတစ်ဆင့်တိုးစာရောက်နှင့်နေလေသည်။ အိမ်မှ ချစ်မငြိုးသော ချစ်ဇနီးလေးမှာလည်း ထီပေါက်၍ ငွေများရောက်ရှိလာသဖြင့် ကျွန်းကုန်းတွင် ဆိုင်ဝယ်လိုက်သည်။ မိသားစုများ ကုန်စုံဆိုင်ရောင်းဝယ်၍ စီးပွားဖြစ်သွားကြလေသည်။

မသိသူကျော်သွား၊ သိသူဖော်စားဆိုသလို အဘကိုယ်တိုင် ဆောက်လုပ်ခဲ့သော တောင်လုံးလှဓာတ်ခန်းထဲမှ အဘနာမ်ကိန်းရာ အဘရုပ်တုရှေ့တွင် လိုရာဆုတောင်းနိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

အဏ္ဏဝါဝင်း

www.burmeseclassic.com

www.burmeseclassic.com

# ပေးထားလို ပြန်ရတာပါ

(ကမ္ဘာ့သကတည်းက)

မင်းဘူး–ဝိုလ်ဉတ္တမ



၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့သည် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း (တောင်) ရပ်ကွက် ရွှေနှင်းဆီလမ်းနှင့် ရွှေညောင်ပင်လမ်းတို့၏ ပြဟ္မဝိဟာရဆွမ်းလောင်းအသင်း၏ဓမ္မသဘင်၌ ဖြစ်သည်။ ဟောကြားသော ဓမ္မကထိကဆရာတော်မှာ ပဲခူးမြို့ ချမ်းမြေ့ရိပ်မြုံကျောင်းမှ ဒေါက်တာ တေဇောသာရ ဖြစ်သည်။ ဆရာတော်သည် တရားဓမ္မချီးမြှင့်ရန် မိုင်(၅၀) ခရီးကို ကြွလာခဲ့ရသည်။ ယင်းတရားပွဲ၌ ဆရာတော်ဟောကြားသည့် တရားခေါင်းစဉ်က 'ကံသိုလ်စုံမှ နိဗ္ဗာန်ရ' တရားတော် ဖြစ်သည်။ ရှေးဦးစွာ ဒါနအ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ပြောဟောရင်းဖြင့် ဆရာတော်က နယ်တစ်နယ်သို့ တရားဟောသွားစဉ် တွေ့ကြုံခဲ့ရပုံကို ပြောပြသည်။

"ဘုန်းကြီးက တရားမဟောခင်မှာ ရွာခံဆရာတော်ကြီးကို သွားရောက်ကန်တော့တယ်။ ဆရာတော်ကြီးကို ကန်တော့ပြီး လှေလာလိုက်တော့ ကောင်းလိုက်တဲ့ကျောင်းကြီး၊ ခမ်းနားလိုက်တဲ့ကျောင်းကြီး။ ပါကေးကြမ်းတွေဆိုရင် ဖိတ်ဖိတ်တောက်နေတာပဲ။ ဒါနဲ့ ဘုန်းကြီးက မနေနိုင်ဘူး။ ဆရာတော်ကြီးကို လျှောက်တယ်။

'အရှင်ဘုရား၊ ကျောင်းကြီးက သိပ်ကောင်းတာပဲ ဘုရား'

ဆရာတော်ကြီးက ဘာမှမပြောဘူး။ သိန်းနှစ်ထောင်၊ သုံးထောင် အကုန်ခံဆောက်ပြီး လှူထားတာတွေဘာတွေ မပြောဘူး။ ဒါနဲ့ ဘုန်းကြီးကလည်း မနေနိုင်လို့ နောက်တစ်ခါ ထပ်လျှောက်ပြန်တယ်။ ဒီတော့မှ ဆရာတော်က တစ်ခွန်းပဲပြောတယ်။ အဲဒီ ဆရာတော်ကြီးရဲ့ တစ်ခွန်းတည်းသောစကားကို ကြားရပြီးသကာလ ဘုန်းကြီးလည်း ပါးစပ်အဟောင်းသားဖြစ်သွားတယ်။ ဆရာတော်ကြီးမိန့်တာက-

'ပေးထားလို့ ပြန်ရတာပါ ကိုယ်တော်' တဲ့။

ဆရာတော် အရှင်တေဇောသာရ၏ တရားပွဲကပြန်လာချိန် လမ်းတစ်လျှောက်တွင် ဆရာတော်ကြီး မိန့်ကြားလိုက်သည်ဆိုသောစကားက ကျွန်တော်၏ခေါင်းထဲကမထွက်ခဲ့။

'ပေးထားလို့ပြန်ရတာပါ'။

မှန်လှပါပေကော။ တရားတော်နှင့် ညီညွတ်လှသောစကားပါကော။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်။ ကောင်းသောအကျိုးတွေ ရချင်ပါသလား။ ကောင်းတာတွေလုပ်ပါ။ မကောင်းတာလုပ်လျှင်တော့ မကောင်းသောအကျိုးကိုပဲရမည်။ အဘိဓမ္မာတွင် စက္ခုဝိညာဏ်စိတ် (မြင်သိစိတ်) ဆိုတာရှိသည်။ ဝိပါက်အကျိုးစိတ်တွေဖြစ်သည်။ အခြား ကြားသိစိတ်၊ နံသိစိတ်၊ လျက်သိစိတ်၊ ထိသိစိတ်စသည်တို့လည်း အလားတူဖြစ်သည်။ ဝိပါက်စိတ်ဟူသည် အကျိုးစိတ်ဖြစ်သည်။ ကောင်းတာကို မြင်ရတာလည်း ကောင်းသောဝိပါက်စိတ်ဖြစ်၍ မကောင်းတာကိုမြင်ရတာသည် မကောင်းသောအကျိုးဝိပါက်စိတ် ဖြစ်သည်။ မည်သူ့ကိုမျှ အပြစ်မတင်နှင့်။ မည်သူ့ကိုမျှ လွှဲချမနေနှင့်။ ဘဝဟောင်း၊ ရုပ်နာမ်ဟောင်းတို့က မိမိပြုခဲ့သည်များကြောင့် ရသော ဝိပါက်စိတ်တွေ ဖြစ်သည်။ ကောင်းတာမြင်ရတာ ကောင်းတာလုပ်ခဲ့လို့။ မကောင်းတာမြင်ရတာ မကောင်းတာလုပ်ခဲ့လို့။ မည်သူမပြု မိမိမှုဆိုကာ တရားတော်နှင့်ညီသောစကားပါ။

ပေးခဲ့လို့ပြန်ရတာပါ။

ဘာတွေပေးခဲ့သလဲ။ ပေးခဲ့တယ်ဆိုခြင်းက ရွှေကို, ငွေကို, ပစ္စည်းဥစ္စာကို ပေးခဲ့၊ လှူဒါန်းခဲ့တာမှ ပေးခြင်း မဟုတ်ပါ။ တစ်ပါးသူကို နှိပ်စက်ခဲ့တာကလည်း တစ်ပါးသူအား နှိပ်စက်ခြင်းကိုပေးခဲ့တာပါ။ မိမိစိတ်ဆင်းရဲ မျက်ရည်ကျရတာဟာ မိမိက သူတစ်ပါးကို စိတ်ဆင်းရဲအောင်ပြုပြီး မျက်ရည်ကျစေခဲ့လို့၊ မျက်ရည်တွေပေးခဲ့လို့ပါ။ မိမိသည် မိတ်ဆွေအပေါင်းအသင်း၏ သစ္စာမဲ့ခြင်း၊ ဇနီးမယား၏, ခင်ပွန်းလင်၏သစ္စာမဲ့ခြင်းကို ခံရပါသလား။ မိမိက သစ္စာမဲ့ခဲ့လို့၊ မိမိက သစ္စာမဲ့တာတွေပေးခဲ့လို့ပေါ့။ ဒီဘဝမှာ အနာရောဂါတွေမပြတ်ဖြစ်လို့ မကျန်းမမာဖြစ်နေသလား။ မိမိက သူတစ်ပါးကို အနာရောဂါတွေပေးခဲ့လို့ပါ။

ဆေးဆရာကြီးတစ်ဦးက ပြော၏။ တစ်ခါတော့ ကိုယ်မကောင်းတဲ့သူတစ်ယောက်ကို ဆေးသွားကုတယ်။ အဲဒီလူနာက ပြောတယ်။ သူဟာ အရင်ဘဝတုန်းက ဆေးဆရာတစ်ဦးပါတဲ့။ လူနာဆီက ဆေးဖိုးဝါးခ တန်ရာတန်ကြေးမရလို့ လူနာကို ပရိယာယ်နဲ့ မဟုတ်တဲ့ဆေးတွေ တိုက်ခဲ့မိတယ်။ အဲဒီအတွက် ယခုဘဝမှာ ခုလို ကိုယ်မကောင်းတဲ့ဝေဒနာခံစားရတာပါလို့ ပြောတယ်။

ပြန်လည်၍ ဖောက်သည်ချချင်ပါသေးသည်။ ၂၀၀၉ ခုနှစ် စမ်းချောင်းမြို့နယ် လင်းလွန်းပင်ကျောင်းတိုက် ဓမ္မာရုံတွင် ဆရာတော် ဦးသုမင်္ဂလက တရားဟောစဉ် ပုံဝတ္ထုတစ်ခုထည့်၍ ဟောခဲ့သည်။ ဆရာတော်သည်လည်း ဤပုံဝတ္ထုကို ကြိုက်လွန်းလှ၍ ယခုအခါ ထည့်သွင်း ဟောပြောရသည်ဟု ဆရာတော်က မိန့်သည်။ အကြောင်းအရာက ထူး၍ မဆန်းစေကာမူ ရည်ရွယ်ချက်က ကောင်းလှပါ၏။

ဂေါတမမြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပါတဲ့။ လူတစ်ယောက်က ကြံတစ်ချောင်းကိုနွာ၍ အားပါးတရစားရင်း သွားနေသည်။ ဒါကိုမြင်တော့ ကလေးတစ်ဦးက စားချင်၍ သူ့ဖခင်ကို ပူဆာ၏။ ဝယ်ကျွေးရအောင် အနားက ကြံဆိုင်ကမရှိ။ သို့နှင့် ကလေးအဖေက သူ့သားလေးအတွက် ကြံနည်းနည်း လောက်ပေးပါဗျာဟု ထိုသူထံတောင်း၏။ ထိုသူက မပေး။ ရှောင်ထွက်သွား၏။ သို့နှင့် ကလေးကလည်း ကြံမစားရ၍ ငိုသည်။ ကလေးအဖေက ကလေးကိုချီကာ ထိုသူ၏ နောက်ကနေလိုက်နေသည်။ အတော်လေးကြာမှ ကြံစားသူက ရော့ဟု ဆိုကာ လှည့်၍ပင်မကြည့်ဘဲ ကြံတစ်ပိုင်းကိုနောက်ပြန်ပေးလိုက်သည်။ ထိုကြံကို မြေကြီးပေါ်က ကောက်ကာ ဖခင်က ကလေးကိုကျွေးရာ ကလေးလည်း စားချင်တာရ၍ အငိုတိတ်သွားခဲ့သည်။

များမကြာမီဝယ် ကြံကို နောက်ပြန်ပစ်ပေးသူ သေပြီး ပြိတ္တာကြီး ဖြစ်သည်။ ပြိတ္တာကြီးမှ ကြံခင်းပိုင်ရှင်ပြိတ္တာကြီးပါ။ သူ့ကြံတွေကလည်း အောင်မြင်လှသည်။ အလုံးတုတ်တုတ် အဆစ်ကျဲကျဲတွေ။ ဘဝဟောင်းက ကြံကြိုက်ခဲ့သူမို့ ပြိတ္တာကြီးက ဒီဘဝမှာလည်း ကြံကြိုက်သည်။ သို့နှင့် ကြံတစ်ပင်သွားချိုးသည်။ ချိုး၍မရ။ ကြံပင်က သူ့ကိုရိုက်လွှတ်သည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံး၊ လေးကြိမ် ကြိုးစားပေမင့် ကြံကိုကား ချိုး၍မရ။ အရိုက်ခံရတာဘဲ အဖတ်တင်သည်။ ခက်တော့ဖြင့်ခက်နေပြီ။ ကြံကလည်း အင်မတန် စားချင်နေသည်။ ချိုး၍ကား မရ။ အရိုက်ပဲခံနေရသည်။ ပြိတ္တာမှာ အကျပ်ရိုက်လို့နေပါပြီ။

ထိုစဉ်မှာ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး ကြွလာသည်။ ဒီတော့ ပြိတ္တာကြီးက ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးထံ ပြေးသွားကာ-

"အရှင်ဘုရား၊ တပည့်တော်ကို ကယ်မပါဦး ဘုရား"

"ဟဲ့- မင်းက ဘယ်သူတုံး"

"တပည့်တော်ဟာ ဒီကြံခင်းပိုင်ရှင် ပြိတ္တာပါဘုရား။ အခု ကြံစားချင်လို့ ကြံသွားချိုးတာ ချိုးလို့မရဘဲ ကြံပင်က ရိုက်ရိုက်ချည်းလွှတ်ပါတယ် ဘုရား"

အဲဒီလိုဆိုလည်း ငါ့ဆွမ်းကို စားကွာ။ ငါ့မှာ ဆွမ်းခံလာတဲ့ဆွမ်းတွေပါတယ်"

"ဟာ - တပည့်တော်က ထမင်းစားချင်တာမဟုတ်ဘူးဘုရာ့။ ကြံကိုပဲ စားချင်နေတာ"

ခက်တော့ဖြင့် ခက်နေပါပြီ။ သို့နှင့် ဘုန်းတန်ခိုးအရာတွင် ကြီးမားထွေ[illegible] မှုသော အရှင်မောဂ္ဂလာန်မထေရ်မြတ်က ပြိတ္တာ၏ လာခဲ့ရာဘဝကို ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com

…တော်မူသည်။ ထိုအခါ တစ်ပါးသူအား …ကို နောက်ပြန်ပစ်ကျွေးခဲ့သောအဖြစ် …မြင်တော်မူသည်။

သို့နှင့်-

"အရင်ဘဝတုန်းက မင်းဟာ သူ…တစ်ပါးကို ဘယ်နည်းဘယ်ဖုံ ကြံကျွေး…ခဲ့တယ်ဆိုတာကို မင်းမှတ်မိသေးရဲ့…လား"

ပြိတ္တာက -

"မှန်ပါလှ၊ မှတ်မိပါတယ် ဘုရား။ …တပည့်တော် နောက်ပြန်ပစ်ကျွေးခဲ့မိပါ…တယ်"

"အေး- အဲဒီတုန်းက နောက်ပြန်…ပစ်ကျွေးခဲ့တဲ့ မင်းဟာ ယခုအခါ ဘယ်…လိုလုပ်ပြီး ကြံကိုအတည့်ခူးလို့ရပ့်မလဲ။ …သွား ကြံပင်ကို မင်းဟာ နောက်ပြန်…လှည့်ပြီးချိုး"

ဟု မိန့်ပြီး ဆက်၍ ဆွမ်းခံကြွ…တော်မူလေ၏။

ထိုအခါ ပြိတ္တာသည် ဝမ်းသာ…အားရနှင့် ကြံခင်းသို့ ပြေးသွားကာ …နောက်ပြန်ချိုးသည်။ ဒီအခါတော့ ရခဲ့…သည်။ သို့နှင့် ပြိတ္တာသည် သူကြိုက်နှစ်…သက်သောကြံကို အားပါးတရ စားလေ…၏။

တူသောအကျိုး ကောင်းမှုပြုလျှင်…လည်း တူသောအကျိုးကို ရသည်။ မ…ကောင်းမှုပြုလျှင်လည်း တူသောအကျိုး…ကို ရသည်။ ယင်းကား ပေးထားလို့ပြန်…ရတာပင် ဖြစ်ပါ၏။ ကောင်းတာလုပ်ခဲ့…လျှင် ကောင်းသောအကျိုးကိုပြန်ရမည်။ …မကောင်းတာလုပ်ခဲ့လျှင် မကောင်း…သောအကျိုးကို ပြန်ရမည်။ ယင်းကား …ကံ ကံ၏ အကျိုးပင်တည်း။ ကံ၊ ကံ၏ …အကျိုးကို လက်ခံသော 'ကမ္မဿကတ…ဉာဏ်' ဟု ခေါ်သည်။ ယင်းဉာဏ်ကို …လက်ခံသော် မိစ္ဆာဒိဋ္ဌိ မဟုတ်ဟု ဓမ္မ…အထက ဆရာအကျော်များက မိန့်ပါ…သည်။

တစ်အိမ်တည်းနေ ယောက်ဖဖြစ်…သူက ကျွန်တော့်ကို ဓားဖြင့်ခုတ်မည်ပြု…သည်။

'မင်းငါ့အိမ်မှာလည်းနေသေး၊ ငါ့…ကိုလည်း ဓားနဲ့ခုတ်မယ်လုပ်တယ်။သွား၊ …ငါ့အိမ်မှာမနေနဲ့ဆင်း'

လို့ ကျွန်တော် နှင်ချလိုက်သည်။

ဤကဲ့သို့ သူတစ်ပါးသားသမီးကို …နှင်ချခဲ့သော ကျွန်တော်သည် တူသော…အကျိုးကို ယခုဘဝမှာပဲ ရခဲ့ပြီ။ နိုင်ငံ…ခြားကိုသွားပြီး အလုပ်လုပ်ရာ သားကို …သူ့အမေဘက်က အဒေါ်အိမ်မှာ ထားခဲ့သည်။တစ်ရက်မှာ သူ့အဒေါ်ယောကျ်ားက သားကို နှင်ချသည်။ သားဖြစ်သူသည် သူ့သူငယ်ချင်း လက်ဖက်ရည်ဆိုင်တွင် (၂) ညခန့် ကုလားထိုင်တွေ ဆက်ကာ အိပ်ခဲ့ရသည်။ ဒီဘဝဒီမျှနှင့် ဤဝဋ်ကြွေးကျေပါစေလို့ ဆုတောင်းပါသည်။ မည်သူ့ကိုမျှ မဆက်ပါစေနှင့်တော့။

၂၀၀၈ ခုနှစ်ကုန်ခါနီးဝယ် စီးပွားရေးအဆင်မပြေ၍ နေထိုင်ရာတိုက်ခန်းကို ခြောက်လစာ လှူငှားတင်ကာ သားရဲ့အိမ်မှာသွား၍နေခဲ့သည်။ ခြောက်လစေ့တော့ ကိုယ့်တိုက်ခန်းကိုယ်ပြန်လာနေသည်။ ခေါင်းရင်းမှန်တံခါးအပေါ် စက္ကူကပ်တာတွေ့၍ ခွာလိုက်သောအခါ မှန်ကွဲကြီးကို တွေ့ရသည်။ အိမ်ငှားတွေသည် သူတို့ကြောင့်ကွဲသောမှန်ကို ပြင်မပေးဘဲ စက္ကူနှင့်အုပ်ထားခဲ့ခြင်းပါတကား။

ကျွန်တော် စိတ်မဆိုးပါ။ ဩော်- အကြွေးကျေသွားပြီပဲလို့သာ သဘောထားလိုက်သည်။

တစ်ခါက ဒီစမ်းချောင်းမြို့နယ်က လမ်းတစ်လမ်းမှာပဲ အိမ်ငှားနေခဲ့ဖူးသည်။ အိမ်ရှင်နှင့်စကားများပြီး သုံးထပ်သားထရံကို တူနှင့်ထုရာ သုံးထပ်သားထရံတွင် သုံး၊ လေးနေရာ ပေါက်ပြဲသွားခဲ့သည်။ သို့သော် ထိုအိမ်ကပြောင်းခဲ့စဉ် ယင်းအပေါက်အပြဲကို ကျွန်တော် ပြင်မပေးခဲ့ပါ။ ယခုအခါ ယင်းအကြွေးကို ဆပ်လိုက်နိုင်ပါပြီ။ သူတစ်ပါးအိမ်ကို ကျွန်တော် ဖျက်ဆီးခဲ့သလို ယခုတစ်စုံတစ်ယောက်ကလည်း ကျွန်တော့်အိမ်ကို ဖျက်ဆီးလို့သွားခဲ့ပါပြီကော။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက ယင်းတူသောအကျိုးပေးခံရသူတွေအကြောင်း ကို မြတ်ဗုဒ္ဓက ဟောကြားခဲ့သည်။ လင်သေ၍ ခွေးဖြစ်၊ ဘဝဟောင်းက မယားကိုစွဲတော့ ခွေးကတကောက်ကောက်လိုက်၏။ မိန်းမကရှက်၍ ခွေးလည်ပင်း ကျောက်ခဲဆွဲ၍ ရေလယ်မှာ ရေနှစ်သတ်သည်။ ယခုဘဝ လူဖြစ်၍ လှေသူကြီးကတော် ဖြစ်သည်။ ခင်ပွန်းသည်၏လှေနှင့် ခရီးသွားရင်း လှေက ရေမှာ သွားမရဖြစ်သည်။ မကောင်းမှုကျူးခဲ့သူ တစ်စုံတစ်ယောက်ကြောင့်ပဲဆိုကာ မဲချသည်။ လှေသူကြီးကတော်မဲကျသည်။ သူ့ကို ရေမှာပဲ အရှင်လတ်လတ် သင်္ဂြိုဟ်လိုက်ရသည်။

ယာသမားက နွားကိုခိုင်းရာ မရ၊ ရိုက်သည် မရ၊ သို့နှင့် ကောက်ရိုးခွေကို နွားလည်ပင်းစွပ်၍ မီးရှို့သည်။ ယင်းနွား မီးလောင်သေသည်။ ယာသမားသည် ယခုဘဝတွင် ကျီးကန်းတစ်ကောင်လာဖြစ်သည်။ လေထဲတွင် ပျံနေသော ကျီးကန်း၏လည်ပင်းကို မီးလောင်၍ လေထဲမှာလွင့်လာသော ကောက်ရိုးခွေလာစွပ်ကာ ကျီးကန်း မီးလောင်သေသည်။

ဤသာဓကတို့ပြ၍ မြတ်ဗုဒ္ဓက လေမှာနေလည်းမလွတ်၊ ရေမှာနေလည်းမလွတ် မကောင်းမှုကျူးလွန်က တူသောအကျိုးပေးလိမ့်မည်ဟု ဟောတော်မူခဲ့၏။ မိမိပြုသောအမှုတို့၏ ကောင်းကျိုးက အရိပ်လိုလိုက်၍ မကောင်းကျိုးကမူ ရှေ့ကသွားသော နွားခြေရာ၏နောက်သို့ လှည်းဘီးသည် အစဉ်တစိုက်လိုက်ဘိသကဲ့သို့ဟု ဓမ္မပဒက ဆိုပါသည်။

ရှိပါသေးသည်။ကျွန်တော်၏တစ်သက်တာတွင် အထင်လွဲ၍ ကျွန်တော့်အား စိတ်ဆိုးပြီးရန်တွေ့သော စာသုံးစောင်ကို လက်ခံရရှိဖူးသည်။ နှစ်စောင်က ပြည်တွင်း၌နေစဉ်ဖြစ်ကာ တစ်စောင်က မကာအိုတွင် နေထိုင်ခဲ့စဉ်က ဖြစ်သည်။

သူငယ်ချင်း၏ညီနှင့် သူ့မိန်းမတို့က ကျွန်တော်ပြောသည့် စကားကို အဓိပ္ပာယ်တစ်မျိုးဖြစ်အောင် သူငယ်ချင်း၏နားသို့ ပြန်ပို့သည်။ ထိုစဉ် ကျွန်တော်က ပြည်တွင်းမှာဖြစ်ပြီး သူငယ်ချင်းက ပြည်ပမှာ ဖြစ်သည်။ သူငယ်ချင်းက စိတ်ဆိုးပြီး ကျွန်တော့်ထံစာရှည်ကြီးရေး၍ ရန်တွေ့သည်။ ကျွန်တော်က ပြန်၍လည်း ရန်မတွေ့။ ဖြေလည်း မဖြေရှင်းခဲ့ပါ။ သူငယ်ချင်းသည် ကျွန်တော့်အပေါ် ကောင်းခဲ့သူပါ။

နောက်တစ်စောင်က မကာအိုမှာဖြစ်သည်။ လင်ရောမယားပါ မိတ်ဆွေတွေ၊ လင်က ဖဲရိုက်သည်၊ ဖဲရှုံးတော့ ပိုက်ဆံချေးသည်၊ ကျွန်တော်ကလည်း ချေးလိုက်ပါသည်၊ ကိုယ်မရှိတုန်းက သူ့ထံမှ ချေးခဲ့ရဖူးသည်။ သို့သော် အပြည့်အဝ ပြန်ဆပ်ခဲ့သည်။ ဇနီးကောက်သို့ ခေတ္တပြန်စဉ် ပိုက်ဆံလို၍ လှမ်းချေးတာ ပို့ပေးပါသည်။ ကျွန်တော် မကာအို ပြန်ရောက်ပြီး အလုပ်ဝင်၍ လခထုတ်တော့ အပြည့်အဝပြန်ဆပ်လိုက်သည်။ ပိုက်ဆံသူ့ကိုချေးတာက အကြောင်းမဟုတ်၊ သို့သော် ကိုယ်တော်က သူ့မိန်းမ မသိပါစေနှင့်ဟု ပြောသည်။ ကျွန်တော်က လည်း သူ့မိန်းမကို အသိမပေးပါ။ ယောကျ်ားချင်းအလုပ်လုပ်တာ ဘာကိစ္စ သူ့မိန်းမကိုပြောရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံကိစ္စအတွက် ဖုန်းဆက်တော့ ကိုယ်တော်နှင့်မတွေ့။ သူ့မိန်းမက ဖုန်းကိုင်သည်။ ကျွန်တော်ကမပြော။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံး၊ လေးကြိမ်ကျတော့ သူ့မိန်းမက စိတ်ဆိုးပြီး ကျွန်တော့်ထံ ရန်တွေ့စာအရှည်ကြီးရေး၍ ရန်တွေ့သည်။ သူ့ဘာသာ မည်သည့်ကိစ္စအိုးမလုံအုံပွင်သည်လည်း မသိပါ။ ကျွန်တော်က ပြန်၍လည်းစိတ်မဆိုး။ ဘာမှလည်း ဖြေရှင်းခြင်းမပြုခဲ့ပါ။ ယင်းသည် ကျွန်တော်၏ဝသီ ဖြစ်သည်။ စူးစမ်းဆင်ခြင်ခြင်းမရှိဘဲနှင့် အလွယ်တကူ စိတ်ဆိုးခြင်းကို ဆိုးပါစေ။ ကျွန်တော်က ဂရုမစိုက်ပါ။ တကယ်ဆိုလျှင် မေးမြန်းပါဦးလား။ ဘာဖြစ်လို့ဒီလိုပြောသလဲ။ ဒီလိုပြောတာ ဟုတ်သလား။ ယခုတော့ ယင်းသို့ မေးမြန်းခြင်းမရှိဘဲ အလွယ်တကူ စိတ်ဆိုးသည်။ ဆိုးပါစေ၊ ကျွန်တော်က အလေးမထားပါ။ ယင်းသို့ သုံးကြိမ်တိုင် ကျွန်တော်ခံရခြင်းသည် ကျွန်တော်ကပေးခဲ့သော မကောင်းတာတွေ ပြန်ရတာဘဲဖြစ်ပါ၏။ ယခုဘဝမှာတော့ မည်သူ့ကိုမှ ဤသို့မပြုခဲ့ဘူးပါ။

မကောင်းတာတွေချည်းဖတ်ရလို့ စိတ်ရှုပ်သွားပြီလား။ ကောင်းတာလေးများလည်း ပြောပြပါဦးမည်။

အမေ ဆိုသော ပုဂ္ဂိုလ်က လွဲ၍ ကျွန်တော့်ဘဝတွင် ချစ်ခင်မြတ်နိုးဖို့ရာ အကောင်းဆုံးပုဂ္ဂိုလ်သည် မိတ်ဆွေအပေါင်းအသင်း ဖြစ်ပါသည်။ ကျွန်တော့်တွင် မိတ်ဆွေကောင်း အမြဲရှိနေလေ့ရှိသည်။ အကျပ်အတည်း ဒုက္ခဖြစ်လာချိန်များ၌ ကူညီစောင့်ရှောက်မည့်မိတ်ဆွေ အမြဲရှိသည်။ ၁၉၈၉ ခုနှစ် အလုပ်လက်မဲ့ဘဝတွင် ကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့သူမှာ မိတ်ဆွေဖြစ်သည်။ နိုင်ငံခြားပို့ပေးသူမှာ မိတ်ဆွေ ဖြစ်သည်။

နောက် ကျွန်တော့်တွင် ဆရာကောင်းအမြဲရှိသည်။ ရှိနေတတ်သည်။ ပထမဆုံး အလုပ်စာရေးဝင်လုပ်တော့ ဌာနခွဲရုံးအုပ်ကြီးသည် ဒုအရာခံဗိုလ်ခင်လှ (စာရေးဆရာ ကုက္ကိုင်းကျီးကန်း) ဖြစ်ပါသည်။ ဆရာကြီးသည် ကုက္ကိုင်းကျီးကန်းကလောင်အမည်နှင့် သောကြာစာစောင်၊အဟိစသော ရယ်စရာစာပေမဂ္ဂဇင်းများတွင် ရေးသားခဲ့သူ ဖြစ်သည်။ အောက်လက်ငယ်သားကို ဆူပူကြိမ်းမောင်းခြင်း၊ ဖိနှိပ်ခြင်းလုံးဝမရှိသူ။ ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံတတ်သူ တစ်ဦးပါ။ ယင်းဌာနတွင် (၁၈) နှစ်တာ ရာထူးအဆင့်ဆင့်တက်၍ ၁၉၈၈ ခုနှစ်တွင်အငြိမ်းစားယူခဲ့သည်။ ဆရာကောင်းများလက်အောက်မှာပဲ အလုပ်လုပ်ခဲ့ရသည်။ စိတ်ချမ်းသာစရာကောင်းလှပါသည်။ ပျော်မွေ့စရာကောင်းလှပါသည်။

ဒါတင်မက ဝေးမြေရပ်ခြား မကာအို လူဝမ်ကျွန်းမှာ ဘဏ်လုံခြုံရေးတာဝန်ထမ်းခဲ့သည်။ ကျွန်တော့်ဆရာ ဘဏ်မန်နေဂျာ ဟင်ချီပန်း(အပန်း)သည် စိတ်သဘောထားပြည့်ဝလှသည်။ လုံခြုံရေးကုမ္ပဏီက မန်နေဂျာ ထိုဆန်း(မစ္စတာထို)သည် ကျွန်တော့်ကို ချစ်သည်။ သူခိုင်းသောအလုပ်အတွက် စိတ်ချရ၍ဖြစ်သည်။ အတူလုပ်ဖက် ဖိလစ်ပိုင်လုံခြုံရေးတွေက ကျွန်တော့်ကို စ,နောက်၍ခေါ်သည်။ ထိုဆန်းဘေဘေး (ထိုဆန်းရဲ့ကလေးလေး) ဟူ၍။ ကြံကြံဖန်ဖန် ဤလုံခြုံရေးကုမ္ပဏီမှာပဲ မြန်မာ-တရုတ်အမျိုးသား ကိုအေးသိန်းက အော်ပရေးရှင်းအရာရှိ ဖြစ်သည်။ ကျွန်တော့်တွင် အချိန်ပိုင်းအလုပ်ကောင်းကောင်းတွေ ရသည်။ တံခါးပိတ်၍ ထိုင်ပြီး စာဖတ်နေရုံ အချိန်ပိုင်းအလုပ်တွေ ဖြစ်သည်။ ၁၉၉၅ ခုနှစ်၊ ဇွန်လမှ ၂၀၀၀-ပြည့်နှစ်၊ မတ်လအထိ မနက် (၈)နာရီထွက်၊ ည (၁၀) နာရီမှ အိမ်ပြန်ရောက်နှင့် ပင်ပန်းလှသည်။ယင်းတစ်ပတ်တာပင်ပန်းမှုတွေကို ကိုအေးသိန်းချပေးသည့် မကာအိုမော်ကွန်းတိုက် တနင်္ဂနွေနေ့အချိန်ပိုင်းကျမှ သူရဇ္ဇ၊ မဟေသီ၊ ကလျာ စသောစာအုပ်များဖတ်ရင်း အပန်းဖြေရလေသည်။ ဒါတွေဒါတွေဟာ ဘာကြောင့်ပါလဲ။ မိတ်ဆွေကောင်းအဖြစ်ပြုခဲ့လို့ မိတ်ဆွေကောင်းကို ရသည်။ ဆရာကောင်းအဖြစ်ပြုခဲ့လို့ ဆရာကောင်းတွေရသည်။

ပဋိစ္စသမုပ္ပါဒ်တရားတော်။

**ပဋိစ္စ** - အကြောင်းကို အမှီအစွဲပြု၍၊ **သမုပ္ပါဒ်** - မှန်စွာဖြစ်ခြင်း။ အကြောင်းတရားကြောင့်သာ အကျိုးတရားဖြစ်ရခြင်းပြတရားတော်။ အကျိုးဖြစ်ပေါ်လာသမျှ မူလအကြောင်းရှိသည်။ မူလအကြောင်းကင်းမဲ့သော အကျိုးတရားဟူ၍မရှိပါ။ ကောင်းသောအကြောင်းတရားကြောင့် ကောင်းသောအကျိုးတရား ဖြစ်သည်။ မကောင်းသောအကြောင်းတရားဆိုက မကောင်းကျိုးကိုပဲရမည်။ ကောင်းသောအကြောင်း၊ မကောင်းသောအကြောင်းတွေကို မည်သည့်အရာက ပြုပါသလဲ။ စေတနာက ပြုသည်။ ပဋိစ္စသမုပ္ပါဒ်တရားတော်တွင် အဝိဇ္ဇာပစ္စယာသင်္ခါရ၊ သင်္ခါရပစ္စယာဝိညာဏဆိုရာ၌ ယင်းသင်္ခါရသည် စေတနာကို ဆိုလိုသည်။ မြတ်ဗုဒ္ဓက 'စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ' စေတနာကိုသာလျှင်ကံဟု ငါဘုရားဟော၏ဟုမြွက်တော်မူခဲ့သည်။

မြတ်စွာဘုရားနှင့် နောက်လိုက်နောက်ပါရဟန်းများက ဆွမ်းခံကြွနေစဉ်ဖြစ်သည်။ ရွာတစ်ရွာထဲ ရှင်ကြီးဂေါတမနှင့်အဖွဲ့လာမည်ဆို၍ မိမိတို့သောက်သုံးရန်ရေများ တစ်ပတ်စာအလုံအလောက်ပင် ခပ်ယူထားကာ ရှိသမျှ ရေတွင်း၊ ရေကန်များကို ရေခပ်၍မရအောင် အမှိုက်တွေ အပြည့်ထည့်ထားသည်။ တစ်နေရာအရောက် ရေကန်တစ်ခုတွင် ဘုရားက အရှင်အာနန္ဒာအား -

'အာနန္ဒာ၊ ရေသွားခပ်ပါ'

ဟု ခိုင်းသည်။

အရှင်အာနန္ဒာက -

'ရေကန်တွင် အမှိုက်တွေနှင့်မို့ ရေခပ်၍မရပါ'

ဟု ဖြေသည်။

ဒုတိယအကြိမ် ဘုရားက အရှင်အာနန္ဒာကို ရေခပ်ခိုင်းပြန်သည်။ အရှင်အာနန္ဒာက မူလအတိုင်းပဲ ဖြေသည်။ တတိယအကြိမ်တွင်မူ ဘုရားက -

'အာနန္ဒာသွားသာခပ်ပါ'

ဟု ခိုင်း၍ အရှင်အာနန္ဒာက သပိတ်ကိုဆွဲ၍ ရေကန်တွင် ရေခပ်မည်ပြုစဉ် ရေကန်အောက်ခြေက ကြည်လင်သောရေများ ပန်းထွက်လာကာ သပိတ်ထဲသို့ကျ၏။ အရှင်အာနန္ဒာက ဘုရားသို့ ရေကြည်ရေသန့်များ ဆက်ကပ်သည်။ပြီးသော် မြတ်ဘုရားရှင်က အရှင်အာနန္ဒာအား -

'အာနန္ဒာ၊ ဒီရေတွေဟာ နတ်တွေဖန်ဆင်းပေးတဲ့ရေလည်း မဟုတ်ဘူး။ ငါဘုရားရဲ့ ဘုန်းတန်ခိုးကြောင့် ရတဲ့ရေလည်းမဟုတ်ဘူး။ ဘဝပေါင်းများစွာက ဘုရားအလောင်းဘဝအဖြစ်နဲ့ ငါဘုရားရေများစွာ လှူဒါန်းခဲ့ဖူးသောကံကြောင့် ရသော ရေပင် ဖြစ်တယ်'

ဟု မိန့်ကြားတော်မူခဲ့ပါလေ၏။

'ပေးထားလို့ ပြန်ရတာပါ'

ဟူသည်မှာ ယင်းပင် ဖြစ်ပါ၏။ ကောင်းတာလေးများ ပြန်ရလိုသော် ကောင်းတာလေးတွေကိုသာ ပေးရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

မင်းဘူး-ဗိုလ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ခင်

နှစ်ကျိပ်ရှစ်ဆူနှင့်
အတွေးပုံရိပ်ရှင်တော်မြတ်ဘုရားများ

(၂)

ကျွန်တော်၏အသက်သည် ယခု အချိန်တွင် (၈၄) နှစ်အတွင်းသို့ ရောက်ခဲ့ပြီ၊ ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို တတ်နိုင်သမျှ ဖြည့်ဆည်းကျင့်ကြံခဲ့ပါသည်။ ယခု ဤဆောင်းပါးကို သဒ္ဓါ ကြည်ညိုသောစိတ်များဖြင့် ကြံဆခဲ့သည့်အတိုင်း ရေးသားပြုစုထားပါသည်။ ဖတ်ရှုကြရသူများ သဘောပေါက် လက်ခံပါက ကြည်ညိုကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ကျွန်တော်နှင့်တကွ မြန်မာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ လက်ခံယုံကြည်ထားခဲ့ကြသော အကြောင်းအရာများကို ကြားနာလည်ထားပြီးသော တရားများအတိုင်း မထင်မှတ်ထားသောပုံစံဖြင့် တွေးတော ကြံဆ ရေးသားခြင်းဖြစ်ရာ အပြစ်တင်စရာများဖြစ်ခဲ့ပါက ကျွန်တော်၏စေတနာကို ထောက်ထား၍ ခွင့်လွှတ်တော်မူကြပါရန် ကြိုတင် တောင်းပန်အပ်ပါသည်။

❂

လွန်ခဲ့သော တစ်နှစ်ကျော်ကာလအတွင်းတွင်၍ ပုံမှန် ဘုရားဝတ်ပြုခြင်း၊ တရားထိုင်တော်ခြင်းများမပြုမီ ရှေးဦးစွာ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးကို ရွတ်ဆိုပူဇော်လာခဲ့ပါသည်။ ဤသို့ ရွတ်ဆိုပူဇော်ရာတွင် သက်ဆိုင်ရာ ရှင်တော်မြတ်ဘုရားများပွင့်တော်မူရာ ကမ္ဘာကာလကို ထုတ်ဖော်၍ ဘွဲ့တော်များကို ရွတ်ဆိုပူဇော်ခဲ့ပါသည်။ ကာလကမ္ဘာအလိုက် ပွင့်တော်မူကြသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တော်များမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

- လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူကြသော အရှင်တဏှင်္ကရာ၊ အရှင်မေဓင်္ကရာ၊ အရှင်သရဏင်္ကရာ၊ အရှင်ဒီပင်္ကရာ မြတ်စွာဘုရားများ။
- သုံးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော အရှင်ကောဏ္ဍည မြတ်စွာဘုရား။
- နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူကြသော အရှင် မင်္ဂလာ၊ အရှင်သုမန၊ အရှင်ရေဝတ၊ အရှင်သောဘိတ မြတ်စွာဘုရားများ။
- တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူကြသော အရှင် အနောမဒဿီ၊ အရှင်ပဒုမ၊ အရှင်နာရဒ မြတ်စွာဘုရားများ။
- ကမ္ဘာ သုံးသောင်းထက်၌ ပွင့်တော်မူကြသော အရှင်သုမေဓ၊ အရှင်သုဇာတ မြတ်စွာဘုရားများ။
- ကမ္ဘာ ထောင့်ရှစ်ရာထက်၌ ပွင့်တော်မူကြသော အရှင်ပိယဒဿီ၊ အရှင်အတ္ထဒဿီ၊ အရှင်ဓမ္မဒဿီ မြတ်စွာဘုရားများ။
- ကိုးဆယ့်လေးကမ္ဘာထက်၌ ပွင့်တော်မူသော အရှင်သိဒ္ဓတ္ထ မြတ်စွာဘုရား။
- ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပွင့်တော်မူကြသော အရှင်တိဿ၊ အရှင် ဖုဿ မြတ်စွာဘုရားများ။
- ကိုးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော အရှင်ဝိပဿီမြတ်စွာဘုရား။
- သုံးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူကြသော အရှင်သိခီ၊ အရှင်ဝေဿဘူ မြတ်စွာဘုရားများ။
- ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူကြသော အရှင်ကကုသန်၊ အရှင်ကောဏာဂုံ၊ အရှင်ကဿပ၊ အရှင်ဂေါတမ မြတ်စွာဘုရားများ။

ဤနှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရားတို့ကို ပွင့်တော်မူရာ ကမ္ဘာအလိုက်၊ ဘွဲ့တော်အလိုက် ရွတ်ဆိုပူဇော်၍လာခဲ့ရာ မကြာမီ ကျွန်တော်၏စိတ်ထဲ၌ အတွေးများဖြစ်ပေါ်လာခဲ့သည်။

ဤအချိန်အထိ ကျွန်တော်သည် အများနည်းတူ အရှင်ဂေါတမမြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားသခင် ပါရမီတော်ဖြည့်ဆည်းရာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသော ကာလအတွင်း၀ယ် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တော်ပေါင်း (၂၈) ဆူသာ ပွင့်တော်မူသည်ဟု ယူဆခဲ့ပါသည်။

အတွေးများ ဖြစ်ပေါ်လာပုံမှာ-

ပထမ. . .

အရှင် ဂေါတမ မြတ်စွာဘုရားလောင်း၏ ပါရမီဖြည့်တော်မူရာကာလသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထိ ကြာမြင့်ပါသည်။ ပထမ အသင်္ချေယျကမ္ဘာများသည် အရှင်တဏှင်္ကရာ, အရှင်မေဓင်္ကရာ, အရှင်သရဏင်္ကရာ, အရှင်ဒီပင်္ကရာဘုရားများ ပွင့်တော်မူသည့် ကမ္ဘာမှ အရှင်ကောဏ္ဍညဘုရား တစ်ဆူတည်း ပွင့်တော်မူသောကမ္ဘာအထိ လည်းကောင်း၊ ဒုတိယ အသင်္ချေယျကမ္ဘာများသည် အရှင်ကောဏ္ဍညမြတ်စွာဘုရား ပွင့်တော်မူရာကမ္ဘာမှ အရှင်မင်္ဂလ, အရှင်သုမန, အရှင်ရေဝတ, အရှင် သောဘိတ မြတ်စွာဘုရား (၄) ဆူ ပွင့်တော်မူရာကမ္ဘာအထိ လည်းကောင်း၊ တတိယအသင်္ချေယျကမ္ဘာများသည် အရှင်မင်္ဂလမြတ်စွာဘုရားတို့ ပွင့်တော်မူရာကမ္ဘာအထိ လည်းကောင်း၊ စတုတ္ထအသင်္ချေယျကမ္ဘာများမှာ အရှင်အနောမဒဿီမြတ်စွာဘုရားတို့ပွင့်ရာ ကမ္ဘာမှ အရှင်ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူရာကမ္ဘာအထိ လည်းကောင်း ရှည်ကြာပါသည်။ ဤကမ္ဘာလေးသင်္ချေကာလအတွင်း အထက်ဖော်ပြပါ မြတ်စွာဘုရား (၁၃) ဆူကို ဟောကြားတော်မူခဲ့ပါသည်။

ကမ္ဘာတစ်သိန်းကာလမှာ အရှင်ပဒုမုတ္တရမြတ်စွာဘုရားပွင့်သည့် ကမ္ဘာမှ လက်ရှိ ဘဒ္ဒကမ္ဘာအထိ ဖြစ်ပါသည်။ ဤကာလအတွင်း ကမ္ဘာပေါင်း (၇) ကမ္ဘာတွင် ဘုရားရှင်တော်ပေါင်း (၁၅) ဆူကို ဟောကြားတော်မူခဲ့ပါသည်။

အသင်္ချေယျကမ္ဘာ ဟူသော ကိန်းသည် ဂဏန်းသင်္ချာဖြင့် ဖော်ပြခြင်းငှာ မစွမ်းနိုင်အောင် များပြားလှသော ကာလရှည်မျောကြီး ဖြစ်ပါသည်။ အသင်္ချေယျကမ္ဘာ၏အစနှင့်အဆုံးကို ဘုရားပွင့်သောကမ္ဘာဖြင့် ပိုင်းခြား၍ဟောတော်မူခြင်း ဖြစ်နိုင်ပါသည်။ အသင်္ချေယျကမ္ဘာ လေးပြန်နှင့် တစ်သိန်းသောကမ္ဘာအတွင်း ဟောဖော်ပြတော်မူခြင်း မရှိသော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ပေါင်းများစွာ ပွင့်တော်မူလိမ့်မည်ဟု ကျွန်တော်စတင် တွေးမိပါသည်။ အဘယ်ကြောင့်ဆိုပါသော် ကမ္ဘာတစ်သိန်း၏အတွင်း၀င် ဤမှာဘက် အစွန်းအဖျားဖြစ်သော အမှတ် (၉၄) ကမ္ဘာမှ ဤဘဒ္ဒကမ္ဘာအထိကာလအတွင်း ကမ္ဘာ (၅) ခု၌ ဘုရားရှင်တော်ပေါင်း (၁၀) ဆူ ပွင့်သည်ဟု တွက်ဆကြည့်ရှုရသောကြောင့် ဖြစ်ပါသည်။

ဒုတိယ တွေးမိသည်မှာ-

ဘုရားလောင်းတော်များ ပါရမီဖြည့်ရာကာလသည် ပညာဓိကဘုရားလောင်းဖြစ်ပါက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိကဘုရားလောင်းဖြစ်ပါက ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ဝီရိယာဓိကဘုရားလောင်းဖြစ်ပါက တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြစ်ကြပါသည်။

မြတ်စွာဘုရားထံတော်ပါး၌ ခြံရံလျက်ရှိကြသော အဂ္ဂသာဝကများ၏ ပါရမီဖြည့်ရာကာလသည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ မဟာသာဝကများနှင့် အခြား ဧတဒဂ်ဘွဲ့ရှင်များ၏ ပါရမီဖြည့်ရာကာလသည် ကမ္ဘာတစ်သိန်းဖြစ်ကြပါသည်။

ကမ္ဘာတစ်သိန်း ဆိုသော ကာလသည် ဘုရားရှင်များ၊ အဂ္ဂသာဝကများ၊ မဟာသာဝကများ၊ ဧတဒဂ်ဘွဲ့ရှင်များအတွက် ထင်ရှားစွာ ပါရမီဖြည့်ဆည်းရမည့် အရေးပါသောကာလတစ်ခု ဖြစ်လာပါသည်။

ဂေါတမမြတ်စွာဘုရားနှင့်တကွ အဂ္ဂသာဝကများ၊ မဟာသာဝကများ၊ ဧတဒဂ်ဘွဲ့ရှင်များအတွက် အရေးပါသော ကမ္ဘာတစ်သိန်းကာလသည် အရှင်ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူရာကမ္ဘာမှစ၍ ဤဘဒ္ဒကမ္ဘာအထိ ဖြစ်ပါသည်။

သို့ဖြစ်ပါလျှင် ပဒုမုတ္တရမြတ်စွာဘုရား၊ အဂ္ဂသာဝကများ၊ မဟာသာဝကများ၊ ဧတဒဂ်ဘွဲ့ရှင်များအတွက် လိုအပ်သည့် အရေးပါသော ကမ္ဘာတစ်သိန်းကို သတ်မှတ်နိုင်ရန် ထိုပဒုမုတ္တရဘုရားရှင် ပွင့်တော်မူသည့် ကမ္ဘာအထက် ကမ္ဘာတစ်သိန်းခန့်၌ ဘုရားပွင့်သည့်ကမ္ဘာ ရှိရမည်။ (ဘုရားတစ်ဆူမှ ငါးဆူအထိ ပွင့်နိုင်ပေမည်။) သို့မှသာ ထိုသို့ ပွင့်နိုင်ခြေရှိရမည့် ဘုရားရှင်တစ်ဆူဆူထံမှ မဟာသာဝကလောင်းလျာများ၊ ဧတဒဂ်ဘွဲ့ရလောင်းလျာများသည် ဗျာဒိတ်တော်ခံယူကြပြီး ပါရမီဖြည့်သောအခါ ပဒုမုတ္တရမြတ်စွာဘုရားထံ၌ ဧတဒဂ်ဘွဲ့များ ရရှိကြရပေမည်။

ဤနည်းတူ ပဒုမုတ္တရ ဘုရားရှင်၏ နောင်တော့်နောင်တော် ဘုရားရှင်များနှင့် သာဝကတို့အတွက်လည်း အထက်အထက် ကမ္ဘာတစ်သိန်းတိုင်း တစ်သိန်းတိုင်းသည် ဘုရားပွင့်ရာကမ္ဘာများ ဖြစ်ရပေမည်။ ဤတွင်မျှမကပါ၊ အရှင်ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူရာ ဤဘဒ္ဒကမ္ဘာ၏အထက် (၃၁) ကမ္ဘာ၊ (၉၁)ကမ္ဘာ၊ (၉၂)ကမ္ဘာ၊ (၉၄)ကမ္ဘာ၊ (၁၈၀၀)ကမ္ဘာ၊ (၃၀၀၀၀)ကမ္ဘာတို့၌ပွင့်သော ဘုရားရှင်များရှိနေသောကြောင့် ထိုဘုရားရှင်နှင့် သာဝကများအတွက် ထင်ရှားစွာ ပါရမီဖြည့်ရမည့် ကမ္ဘာတစ်သိန်းကိုသတ်မှတ်နိုင်ရန် အရှင်ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူရာ ကမ္ဘာ၏အထက် (၃၁)ကမ္ဘာ၊ (၉၁)ကမ္ဘာ၊ (၉၂) ကမ္ဘာ၊ (၉၄) ကမ္ဘာ၊ (၁၈၀၀) ကမ္ဘာ၊ (၃၀၀၀၀) ကမ္ဘာ စသည်ဖြင့် သီးခြားကမ္ဘာ (၆) ကမ္ဘာတွင်လည်း ဘုရားရှင်တော်များ တစ်ဆူ (တစ်ဆူအထက်) ပွင့်တော်မူကြပေလိမ့်မည်။

ဤနည်းဖြင့် အသင်္ချေယျကမ္ဘာအတွက် မရေမတွက်နိုင်အောင် ပွင့်ကြပေလိမ့်မည်။ ဤသည်ကား ဟောတော်မူထားသော နှစ်ကျိပ်ရှစ်ဆူအပြင်က ကျွန်တော်၏အတွေးကမ္ဘာထဲမှ ဘုရားရှင်များပေတည်း။

တတိယ တွေးမိပြန်သည်မှာ-

ကမ္ဘာတစ်သိန်းဟု ဆိုသည်မှာ ကိုးသောင်း ကိုးထောင် ကိုးရာ ကိုးဆယ့်ကိုးကမ္ဘာနောက်မှ တစ်သိန်းမြောက်ကမ္ဘာဟူ၍ တိကျသောကိန်းဟု မယူဆပါ။ သုံးသောင်း၊ တစ်ထောင့်ရှစ်ရာ စသော ကိန်းများလည်း တိကျစွာဖော်ပြသောကိန်းဟု မယူဆပါ။ ငါးရာ့ငါးဆယ်ဇာတ်တော်ဟူသည် ငါးရာလေးဆယ့်ခြောက်ခုသော ဇာတ်တော်များကို နီးစပ်ရာပြု၍ ခေါ်ဝေါ်ခြင်းကဲ့သို့ ဖြစ်သည်ဟု ယူဆပါသည်။

အကယ်၍ အတိအကျဖြစ်သော ကိန်းဆိုပါမူ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသော ဘုရားငါးဆူတို့၏ဧတဒဂ်ဘွဲ့ရှင်များအားလုံးသည် ပဒုမုတ္တရ မြတ်စွာဘုရားတစ်ဆူတည်းထံမှ ဗျာဒိတ်တော်များခံယူကြရပေလိမ့်မည်။ ဤကား ဖြစ်ကောင်းဖြစ်သင့်ပါသေး၏။

မဖြစ်သင့်သည်ကား ပဒုမုတ္တရမြတ်စွာဘုရားအထက် တစ်သိန်းစီ၊ တစ်သိန်းစီ၊ တစ်သိန်းစီသော ကမ္ဘာပေါင်းများစွာတိုင်းတွင် (၃၁) ကမ္ဘာ၊ (၉၁) ကမ္ဘာ၊ (၉၂)ကမ္ဘာ၊ (၉၄)ကမ္ဘာ၊ (၁၈၀၀)

www.burmeseclassic.com

www.burmeseclassic.com

[illegible] (၁၀၀၀၀)ကမ္ဘာတိုင်း ကမ္ဘာတိုင်း [illegible] ဤအစီအစဉ်အတိုင်း ဘုရားပွင့် [illegible]ကမ္ဘာများ ဖြစ်ရပေတော့မည်။

နီးစပ်ရာကိန်းကို တစ်သိန်းပြုခေါ် [illegible] ထားသည်မှန်ပါက ဤအစီအစဉ် [illegible]ပျက်သွားပေမည်။ သို့သော် တစ် [illegible]တိုင်း တစ်သိန်းတိုင်းတွင် ကမ္ဘာ အ[illegible] အများ ဘုရားပွင့်ကြရပေမည်။ [illegible]အပြင် ကျွန်တော်သည် (၁)သိန်း [illegible] (၁၀၀၀၀)အကြား၊ (၁၀၀၀၀) နှင့် [illegible]၀၀) ကမ္ဘာအကြား၊ (၁၈၀၀) နှင့် [illegible]ကမ္ဘာအကြားတွင်လည်း မြတ်စွာ [illegible]များ ပွင့်နိုင်လိမ့်ဦးမည်ဟု မျှော် [illegible]ပါသည်။

နောက်ဆုံးတွေးမိပြန်သည်မှာ-

မြတ်စွာဘုရားသည် တရားတော် [illegible] ဟောကြားတော်မူရာတွင် မည် [illegible]နေရာတွင် ဤတရားများလိုသေး [illegible]ဟု၍ လည်းကောင်း၊ မည်သည့် [illegible]တွင် ဤတရားများ ပိုနေသည် [illegible] လည်းကောင်း မရှိဘဲ ပြည့်စုံစွာ [illegible]ကြားတော်မူမည်ဟု နားလည် [illegible]ရပါသည်။

အကယ်၍ အသင်္ချေယျ ကမ္ဘာ [illegible]အတွင်း ဘုရားများပွင့်တော်မူသည် [illegible] တစ်နေရာရာ၌ အကျဉ်းနည်း [illegible] ဟောပြခြင်းရှိရမည်ဟု တွေးမိပါ [illegible]

သို့ပါ၍ ပါဠိတော် မြန်မာပြန်များ [illegible] ရှာဖွေ ကြည့်ရှုခဲ့ရာ ခုဒ္ဒက [illegible] ဗုဒ္ဓဝံသအခန်း ဗုဒ္ဓပကိဏ္ဏက [illegible] အောက်ပါအတိုင်း တွေ့ရှိရပါ [illegible]

ဗုဒ္ဓပကိဏ္ဏကခန်း၌ စာပိုဒ်ပေါင်း [illegible] ပါရှိပါသည်။ အပိုဒ် (၁) တွင် [illegible]ရာ မြတ်စွာဘုရား၊ မေဓင်္ကရာ [illegible]ဘုရား၊ သရဏင်္ကရာမြတ်စွာ [illegible] ဒီပင်္ကရာမြတ်စွာဘုရား (၄) ဆူ [illegible]ကြောင်း စတင်ဟောကြားပြီးနောက် [illegible] (၂) မှ (၁၇) အတွင်း အဆင့်ဆင့် [illegible]မူသော မြတ်စွာဘုရားများကို [illegible]ဘုမြတ်စွာဘုရားအထိ ဟော [illegible]ပါသည်။ အပိုဒ် (၁၈) တွင် ဘဒ္ဒ [illegible]ပွင့်တော်မူကုန်သော ကကုသန်၊ [illegible]ဂုံ၊ ကဿပ မြတ်စွာဘုရားတို့ [illegible]အထိ ဟောတော်မူပါသည်။ [illegible] (၁၉) တွင် မြတ်စွာဘုရားရှင် [illegible]တော်တိုင် ပွင့်တော်မူကြောင်းနှင့် [illegible] မေတ္တေယျမြတ်စွာဘုရားပွင့် [illegible]လိမ့်မည့်အကြောင်းကို ဟော [illegible]ပါသည်။

အပိုဒ် (၂၀) တွင် ဟောတော်မူပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၂၀။ ဤတရားမင်း မြတ်စွာဘုရားတို့၏ လည်းကောင်း၊ အကုဋေမက များစွာသော အခြားတစ်ပါးသော မြတ်စွာဘုရားတို့၏ လည်းကောင်း ထိုဗုဒ္ဓဝင်အကျင့်လမ်းကို ဟောကြားပြီးလျှင် ထိုမြတ်စွာဘုရားတို့သည် တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူကြလေကုန်ပြီ။

ဤ၌ တရားမင်း မြတ်စွာဘုရားတို့ဟု ဆိုသည်မှာ နှစ်ကျိပ်ခုနစ်ဆူသော ဘုရားများဖြစ်ကြ၍ အကုဋေမက များစွာသော အခြားတစ်ပါးသော မြတ်စွာဘုရားတို့ဆိုသည်မှာ ပါရမီဖြည့်ရာကာလအတွင်း၌ ပွင့်တော်မူကုန်သော မြတ်စွာဘုရားများသာဟု ကျွန်တော် ယူဆပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်၏အတွေးကမ္ဘာထဲက မြတ်စွာဘုရားများသည် အကုဋေမက များစွာသောဘုရားများဟု ယုံကြည်နေမိပါတော့သည်။

ဆက်လက်၍ ထေရီအပဒါန်ပါဠိတော် မြန်မာပြန်၊ ၃-ကုဏ္ဍလကေသီဝဂ်၊ ၈-ယသောဓရာထေရီ အပဒါန်ကို လေ့လာပြန်ပါသည်။ ယသောဓရာထေရီသည် အားကြီးသော အဘိညာဉ်အရာတွင် ဧတဒဂ်ဘွဲ့ရ ရဟန္တာထေရီ ဖြစ်ပါသည်။ အရှင်မ၏ ပါရမီဖြည့်ရာကာလသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်ရာ အဂ္ဂသာဝက၊ မဟာသာဝကအများတွင် ပါရမီဖြည့်ရာကာလ အရှည်ကြာဆုံးဖြစ်၍ အရှင်ဂေါတမ မြတ်စွာဘုရားလောင်းတော်နှင့်အတူ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ပေးတော်မူရာကာလမှ စတင်ခဲ့ပါသည်။

အရှင်မသည် သက်တော် (၇၈) နှစ် ပရိနိဗ္ဗာန်မစံမီ မြတ်စွာဘုရားထံ လျှောက်ထားသော ဂါထာအပုဒ်ပေါင်း (၁၇၂) ပုဒ်ရှိရာ ကျွန်တော်၏လိုအပ်ချက်အတွက် ဂါထာအပုဒ်ပေါင်း (၁၈) ပုဒ်ကို ပါရှိသည့်အတိုင်း အောက်တွင် ဖော်ပြအပ်ပါသည်။

၃၄၅။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ လောက၏ကိုးကွယ်ရာဖြစ်သော ရှေးမြတ်စွာဘုရားတို့ (အထံ၌) ပေါင်းဆုံမိခြင်းကို အရှင်ဘုရားသည် ပြအပ်ပါပြီ။ အရှင်ဘုရား၏အကျိုးငှာ ဆုတောင်းခြင်းသည် အကျွန်ုပ်အား များပြားလှပါ၏။

၃၄၈။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး သူတစ်ပါးအား မယားပြုကျင့်ရန်အကျိုးငှာ အကျွန်ုပ်ကို လှူခဲ့ပါ၏။ ထိုသို့လှူရာ၌ အရှင်ဘုရား၏အကျိုးငှာ စိတ်ဖောက်ပြန်ခြင်းသည် မဖြစ်ခဲ့ပါ။

၃၄၉။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး သဗ္ဗညုတဉာဏ်၏ အထောက်အပံ့အကျိုးငှာ အကျွန်ုပ်ကို ပေးလှူခဲ့ပါ၏။ ထိုသို့ ပေးလှူရာ၌ အရှင်ဘုရား၏အကျိုးငှာ စိတ်ဖောက်ပြန်ခြင်းသည် မဖြစ်ခဲ့ပါ။

၃၅၀။ ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး အကျွန်ုပ်ကို အစားအစာအကျိုးငှာ ပေးလှူခဲ့ပါ၏။ ထိုသို့ ပေးလှူရာ၌ အရှင်ဘုရား၏အကျိုးငှာ စိတ်ဖောက်ပြန်ခြင်းသည် မဖြစ်ခဲ့ပါ။

၃၅၁။ အကျွန်ုပ်သည် ကုဋေအထောင်မကသော ဘဝတို့ပတ်လုံး အသက်ကို စွန့်လွှတ်ခဲ့ပါ၏။ ဘေးမှလွတ်မြောက်ခြင်းကိုပြုအံ့ဟု အကျွန်ုပ်၏အသက်ကို စွန့်လွှတ်ခဲ့ပါ၏။

၃၅၃။ ရဟန်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ အကျိုးငှာ ဥစ္စာစပါးကိုလည်း စွန့်လွှတ်ခဲ့ပါပြီ၊ ရွာတို့ကို လည်းကောင်း၊ နိဂုံးတို့ကိုလည်းကောင်း၊ လယ်ယာကိုလည်းကောင်း၊ သားတို့ကိုလည်းကောင်း၊ သမီးတို့ကိုလည်းကောင်း စွန့်လွှတ်ခဲ့ပါပြီ။

၃၅၉။ ပြဟ္မဒေဝ မြတ်စွာဘုရားကို လည်းကောင်း၊ (ပေါရာဏ) ဂေါတမမြတ်စွာဘုရားကို လည်းကောင်း (ဖူးမြင်ဆုတောင်းခဲ့၍) တစ်ပါးကုန်သော မြတ်စွာဘုရားတို့၏အထံတော်၌ အကျွန်ုပ်နှင့် အရှင်ဘုရား၏ပေါင်းဆုံရခြင်းသည် များလှပါပြီ။

၃၆၀။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား၏ အကျိုးငှာဆုတောင်းခြင်းသည် အကျွန်ုပ်အား များလှပါ၏။ ကျွန်ုပ်သည် ဘုရားဖြစ်ကြောင်း တရားတို့ကို ရှာဖွေသော အရှင်ဘုရား၏ အလုပ်အကျွေးပါတည်း။

၃၈၅။ ဆုတောင်းခြင်းသည် အကျွန်ုပ်အား များလှပါ၏။ တရားမင်းမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား အကျွန်ုပ်၏စကားကို နားကြားတော်မူပါလော့။ ကုဋေတစ်ထောင့်တစ်ရာသော မြတ်စွာဘုရားတို့ လည်းကောင်း၊ (၁၇)



www.burmeseclassic.com

www.burmeseclassic.com

ကုဋေကုန်သော မြတ်စွာဘုရားတို့လည်း ကောင်း။

၃၈၆။ နတ်ထက်နတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသောအလှူကို ဖြစ်စေခဲ့ပါ၏။ ဆုတောင်းခြင်းသည် အကျွန်ုပ်အား များလှပါ၏။ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်၏စကားကို နာကြားတော်မူပါလော့။

၃၈၇။ ကုဋေ နှစ်ထောင်သော မြတ်စွာဘုရားကိုလည်းကောင်း၊ ကုဋေ သုံးထောင်သော မြတ်စွာဘုရားကိုလည်းကောင်း နတ်ထက်နတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသော အလှူကို ဖြစ်စေခဲ့ပါ၏။

၃၈၈။ အကျွန်ုပ်၏ဆုတောင်းခြင်းသည် များလှပါ၏။ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်၏စကားကိုနာကြားတော်မူပါလော့။ ကုဋေ လေးထောင်သော မြတ်စွာဘုရားတို့ လည်းကောင်း၊ ကုဋေ ငါးထောင်သော မြတ်စွာဘုရားကိုလည်းကောင်း။

၃၉၀။ ကုဋေခြောက်ထောင်သော မြတ်စွာဘုရားတို့ လည်းကောင်း၊ ကုဋေ ခုနစ်ထောင်သော မြတ်စွာဘုရားတို့ လည်းကောင်း နတ်ထက်နတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသောအလှူကို ဖြစ်စေခဲ့ပါ၏။

၃၉၁။ အကျွန်ုပ်၏ဆုတောင်းခြင်းသည် များလှပါ၏။ တရားမင်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်၏စကားကို နာကြားတော်မူပါလော့။ ကုဋေ ရှစ်ထောင်သော မြတ်စွာဘုရားတို့ လည်းကောင်း၊ ကုဋေ ကိုးထောင်သော မြတ်စွာဘုရားတို့ လည်းကောင်း။

၃၉၃။ ကုဋေတစ်သိန်းကုန်သော မြတ်စွာဘုရားတို့သည် ပွင့်တော်မူကုန်၏။ နတ်ထက်နတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသောအလှူကို ဖြစ်စေခဲ့ပါ၏။

၃၉၆။ မြတ်စွာဘုရားတို့၏ ကုဋေ တစ်သိန်း ရှစ်ဆယ့်ငါးဆူတို့ လည်းကောင်း၊ ရှစ်ထောင့်ငါးရာသုံးဆယ့်ခုနစ် ကုဋေတို့ လည်းကောင်း။

၃၉၇။ နတ်ထက်နတ်ဖြစ်တော်မူကုန်သော ထိုမြတ်စွာဘုရားတို့အား ကြီးစွာသောအလှူကို ဖြစ်စေခဲ့ပါပြီ။ အကျွန်ုပ်၏ဆုတောင်းခြင်းသည် များလှပါ၏။ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်၏စကားကို နာကြားတော်မူပါလော့။

၃၉၈။ ရာဝ ကင်းပြီးကုန်သော ခြောက်ဆယ့်လေးကုဋေသော ပစ္စေကဗုဒ္ဓါတို့သည် ပွင့်တော်မူခဲ့ကုန်၏။ ထိုပစ္စေကဗုဒ္ဓါတို့၏အထံ၌ အကျွန်ုပ်၏ ဆုတောင်းခြင်းသည် များလှပါသည်။ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်၏စကားကို နာကြားတော်မူပါလော့-

စသည်ဖြင့် ဤကဲ့သို့ ယသောဓရာထေရီသည် မြတ်စွာဘုရားရှင်ထံ လျှောက်ထားခဲ့ရာ မြတ်စွာဘုရားသည် တိတ်ဆိတ်စွာနေခြင်းဖြင့် လက်ခံတော်မူခဲ့ပေသည်။ သို့ဖြစ်ပါသောကြောင့် အထက်ဖော်ပြပါ အကြောင်းအရာများသည် မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူသော တရားစာရင်းတွင် ဝင်သွားပါသည်။

ဤစကားရပ်များတွင် ဖော်ပြထားအပ်သော ကုဋေ တစ်သိန်းမကသော ဘုရားရှင်တို့သည် ထေရီအရှင်မ၏ ပါရမီဖြည့်ရာကာလဖြစ်သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း၌ ပွင့်တော်မူကြသော မြတ်စွာဘုရားရှင်များသာဟု ကျွန်တော် ယုံကြည်ပါသည်။

ကျွန်တော်သည် အတွေးကမ္ဘာများထဲမှ ရှင်တော်မြတ်ဘုရားများ၏ပုံရိပ်တို့ကို ထုတ်ဖော်ရင့်ကျူး ပူဇော်ပြီးနောက် တစ်ဖန် အတွေးတစ်ခု ပေါ်ပေါက်လာခဲ့ပြန်ပါသည်။

မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များနှင့် သမ္မာသမ္ဗုဒ္ဓ ရှင်တော်မြတ်ဘုရားတို့ ပါရမီဖြည့်တော်မူသည့်ကာလများကို အခြေပြု၍ ပဒုမုတ္တရ မြတ်စွာဘုရားရှင်၏ အထက် အထက် ကမ္ဘာတစ်သိန်းစီ၊ တစ်သိန်းစီ၌ ဘုရားပွင့်တော်မူသော ကမ္ဘာများ ဖြစ်သင့်သလို ယခု ဘဒ္ဒကမ္ဘာမှ နောင်လာမည့် ကမ္ဘာတစ်သိန်းခန့်တွင်လည်း ဘုရားပွင့်တော်မူလိမ့်မည် ဟူသော အတွေးတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။

သင်္ဂဇာဆရာတော်ဘုရားကြီး အနက်မြန်မာပြန်ဆိုတော်မူအပ်သော ဓမ္မပဒ ပါဠိတော်နိဿယနှင့် ဝတ္ထုနိဒါန်းအကျဉ်း စာအုပ်သည် ကျွန်တော်၏အိပ်ရာနံဘေးတွင်ထား၍ မကြာမကြာဖတ်ရှုနေသော စာအုပ်တစ်အုပ် ဖြစ်သည်။ ယင်းစာအုပ်၏ ၅-ဗာလဝဂ်၊ ၉-သုမနမာလာကာရ ဝတ္ထုတွင် 'ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကို ပန်းတော်ဆက်သော သုမနပန်းသည်သည် ပန်းဆက်ခြင်းငှာ နန်းတော်သို့အလာတွင် ရောင်ခြည်တော်ခြောက်သွယ်လွှတ်၍ မြတ်စွာဘုရား၏တင့်တယ်ခြင်းဖြင့် သံဃာအပေါင်းခြံရံလျက် ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကိုမြင်၍ အလွန်ကြည်ညိုရကား မင်းကို မဆက်ရ၍ သတ်လိုမူသတ်စေဟု ကြံပြီးလျှင် အလုံးစုံသော ပန်းတို့ဖြင့် ပူဇော်၏။ ပူဇော်သမျှသော ပန်းတို့သည် ဘုရားရှင်အပေါ်၌ ဗိတာန်ကြက်၍၊ လက်ဝဲ, လက်ယာနှင့် နောက်တော်မှလည်း ပန်းဗိတာန်ကာ၍ ကြွတော်မူရာ လိုက်လေ၏။ ရပ်တော်မူလျှင် ပန်းတို့သည် ရပ်လေ၏။ ရာဇဂြိုဟ်မြို့တွင်း၊ မြို့ပ (၁၈) ကုဋေသောအိမ်မှ လူတို့သည် တစ်အိမ်မကျန် ထွက်၍ ကြည့်ကြလေ၏။ သုမနပန်းသည်အား များစွာသော လက်ဆောင်တို့ကို ပေးလေကုန်သည်။ ဗိမ္ဗိသာရမင်းကြီးလည်း ဆုလာဘ်များစွာ ချီးမြှင့်တော်မူ၏။

မြတ်စွာဘုရားရှင် ကျောင်းတော်သို့ရောက်လျှင် ဤဖြစ်ရပ်နှင့်ပတ်သက်၍ ဟောတော်မူသည်တွင် ရှစ်သောင်းလေးထောင်သော သတ္တဝါအပေါင်းတို့သည် အကျွတ်တရားရလေကုန်၏။ ပန်းသည်အားလည်း ကမ္ဘာတစ်သိန်းအလွန်၌ သုမနမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု ဗျာဒိတ်တော်ပေးတော်မူ၏' ဟူ၍ ရေးသားထားပါသည်။

ဓမ္မပဒ အဋ္ဌကထာ မြန်မာပြန် ဒုတိယတွဲ၌ အကျယ် ဖော်ပြပါရှိလေသည်။ ထို၌ မြတ်စွာဘုရားက-

'ချစ်သား အာနန္ဒာ၊ သုမနပန်းသည်အား ထိုသို့ပြုရသော ကောင်းမှုကံ၏ အကျိုးအာနိသံသသည် ကမ္ဘာတစ်သိန်းကာလပတ်လုံး အပါယ်လေးဝသို့ မကျမရောက် မလားကပ်ရဘဲ လူ့ရပ်၊ နတ်ရပ် ဂတိမြတ်သို့ လားကပ်ကျင်လည် ခံစား၍ နောင်သောအခါ သုမနမည်သော ပစ္စေကဗုဒ္ဓါသည် ဖြစ်ပေလတ္တံ့'

ဟု မိန့်တော်မူ၏။

ပစ္စေကဗုဒ္ဓါတို့သည် ဘုရားပွင့်သည့် ကမ္ဘာအတွင်း၌သာ ဘုရားမရှိသည့်ကာလအကြားတွင် ပွင့်လေ့ရှိကြရာ ဤကမ္ဘာမှအလွန် ကမ္ဘာတစ်သိန်းထက်တွင် သမ္မာသမ္ဗုဒ္ဓဘုရား ပွင့်လိမ့်မည် ဖြစ်ကြောင်းဖြင့် ကျွန်တော်၏ဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။

ဦးအေးဝင်း



www.burmeseclassic.com

www.burmeseclassic.com

...ဆွေတစ်ဦးက ကျွန်တော့်ကို ... မေးပါတယ်။

"...ဆရာတော်ကြီးတွေ သရ...ကိုရွတ်ဆိုတဲ့အခါ ဒု'တိ'ယမ် ...သမ်ပိလို့ ကြားရတာ နားထဲ ...ကြီးပဲ။ တမင် လုပ်ဆိုတာ ...ထင်မိတယ်။ ကျွန်တော်တို့က ... တ,တယမ်ပိလို့ ပုံမှန်ရွတ် ..."

"မြန်မာစာနဲ့ ပါဠိစာ မတူဘူးဗျ။ ...မှာက ရေးတော့အမှန်၊ ဖတ်...သံ ဆိုတာ ရှိတယ်။ ပါဠိမှာက ...အတိုင်း အသံထွက်ပြီး ဖတ်ရ... ဒါကြောင့် ဒုတိယမ္ပိ၊ တတိယမ္ပိ ...အခါ 'တိ' လို့ ပီပီသသရွတ်ဆိုမှ ...ထွက်မှန်ပါတယ်။

ဒါနဲ့ပတ်သက်လို့ တိပိဋကဓရ ...ဆရာတော်ဘုရားကြီး အခုလို ...ဖူးပါတယ်။ 'တတယမ်ပိ' လို့ဆို... 'တယမ်' က မီးသောက်ယံ၊ ...ယံဆိုတာလို အချိန်ကိုညွှန်းတာ ...မယ်။ အကြိမ်မြောက်လို့ပြော... 'တိယမ်' လို့ ပီပီသသရွတ်ဆိုမှ ...တယ်"

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် အ...များများဟာ ဘုရားရှိခိုးတွေ၊ ပရိတ်...တော် ဂါထာ အစရှိတာတွေကို အ...တန်း တန်ဖိုးထား ရွတ်ဖတ်နေကြ...ယ်လို့ ပါဠိဘာသာနဲ့အကျွမ်းတဝင်

...ကိုရှိခိုးကို
...သ ရွတ်ဆိုကြပါစို့

...ပွင့်ဉာဏ်(မောရ)

...ကြတဲ့အတွက် အတော်များများ အ...အဖတ် မှားနေကြပါတယ်။ 'နမော...သ' ဘုရားရှိခိုးအစမှာကို 'နမောတ...' လို့ ဆိုတတ်ကြပါတယ်။ အမှန်မှာ '...မောတတ်သ' လို့ဆိုရမှာ ဖြစ်ပါတယ်။

မြန်မာစာပဲဖြစ်ဖြစ်၊ ပါဠိစာပဲဖြစ်... ရွတ်ဖတ်ရာမှာ အဖြတ်အတောက် ...လည်း အရေးကြီးပါတယ်။ အဖြတ်...တောက်မှန်မှ အနက်အဓိပ္ပာယ်ဖွင့်ဆို... မှန်ပါလိမ့်မည်။

'နမောတဿ၊ ဘဂဝတော' လို့ ဆိုမယ့်အစား 'နမော၊ တဿဘဂဝတော' လို့ဆိုမှ အနက်ပေးတဲ့အခါ-

တဿဘဂဝတော- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို၊

နမော- ရှိခိုးပါ၏လို့ ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။

'နမောတဿ' ဘုရားရှိခိုးရဲ့ အဆုံးပိုဒ်ကို ဘုရားရှင်ရဲ့ 'သမ္မာသမ္ဗုဒ္ဓ' ဂုဏ်တော်မှာ သမ္မာ-တစ်ပုဒ်၊ သံ-တစ်ပုဒ်၊ ဗုဒ္ဓ-တစ်ပုဒ်၊ အားလုံး သုံးပုဒ် ရှိပါတယ်။

သမ္မာ - မဖောက်မပြန် မှန်မှန်ကန်ကန်၊
သံ - ကိုယ်တော်တိုင်
ဗုဒ္ဓ - သိတော်မူသည်။

ဒါကြောင့် 'သမ္မာသမ္ဗုဒ္ဓဿ' ကို 'သမ်မာ၊ သံဗုတ်၊ ဒတ်သ' လို့ ဆိုမယ့်အစား 'သမ်မာ၊ သံ၊ ဗုတ်ဒတ်သ' လို့ဆိုမှ အဖြတ်အတောက် မှန်ပါလိမ့်မယ်။ အခုလို ဘုရားရှိခိုးတိုင်း၊ သီလတောင်းတိုင်း၊ ဘာသာရေးအခမ်းအနားတိုင်းမှာ ရွတ်ဆိုနေကျ 'နမောတဿ' ဘုရားရှိခိုးရဲ့ အဖြတ်အတောက်အမှန်ကို ဘဝနတ်ထံ စံမြန်းတော်မူသွားတဲ့ ဖြူးဆရာတော်ဘုရားကြီးရဲ့တရားတစ်ပုဒ်မှာ နာကြားမှတ်သားခဲ့ရပါတယ်။

သရဏဂုံသုံးပါးကို ရွတ်ဆိုတဲ့အခါ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' မှာ 'ဓမ္မံ' ကို 'ဓမံ' လို့ မဆိုဘဲ 'ဓမ်မံ' လို့ဆိုရမှာ ဖြစ်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

ငါးပါးသီလ ဆောက်တည်တဲ့အခါ 'သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ' ကို 'သုရာမေရယ' လို့ မဆိုဘဲ 'သုရာမေရယ' လို့ ဆိုရပါမယ်။ တောင်ပုလုဆရာတော်ဘုရားကြီး မော်လမြိုင်မြို့ကိုကြွလာတုန်းက သာယာကုန်းဝတ်တော်ကြီးမွှာရုံမှာ သီလပေးတော့ 'သုရာမေရယ' နဲ့ 'မဇ္ဇ' ကို တစ်ဆက်တည်းဆိုမှ မှန်တယ်လို့ ဩဝါဒပေးပြီး 'သုရာမေရယမဇ္ဇ၊ ပမာဒဋ္ဌာန ဝေရမဏီ' လို့ သုံးကြိမ်တိုင်တိုင် ချပေးတော်မူပါတယ်။

နောက်ထပ် အရေးများ၊ အဖတ်များလေ့ရှိကြတာတစ်ခုက ဗုဒ္ဓဘုရားရှင်ရဲ့ အရဟံ အစ၊ ဘဂဝါ အဆုံး ကိုးပါးသောဂုဏ်တော်တို့အနက် (၇)ခုမြောက်ဂုဏ်တော်ဖြစ်တဲ့ 'သတ္ထာဒေဝမနုဿာနံ' ဖြစ်ပါတယ်။ စာအုပ်၊ စာစောင်တွေမှာ ရေးသူအများလား၊ စာစီသူအများလား မပြောနိုင်တဲ့ 'သတ္ထာဒေဝ' ဆိုတာကို မကြာခဏတွေ့နေရသလို ရွတ်ဖတ်တဲ့အခါမှာလည်း 'သတ်ထာ' အစား 'သတ်တာ' လို့ ရွတ်ဆိုတာကို ကြားရလေ့ရှိပါတယ်။

သတ္ထာ-ပုဒ်က သတ္ထဝါကို ဆိုလိုတာဖြစ်ပြီး သတ္ထာ-ပုဒ်က 'ဆရာ၊ အကြီးအမှူး' ကို ရည်ညွှန်းပါတယ်။

ဒီဂုဏ်တော်ရဲ့အဓိပ္ပာယ်ကို-

'ဒေဝမနုဿာနံ-လူ, နတ်, ဗြဟ္မာတို့၏၊ သတ္ထာ- ဆရာ ဖြစ်တော်မူပါပေ၏။ ဒေဝမနုဿာနံ- လူ, နတ်, ဗြဟ္မာတို့၏၊ သတ္ထာ- အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်တော်မူပါပေ၏'

လို့ ဖွင့်ဆိုနိုင်ပါတယ်။

ဘုရားရှိခိုးတဲ့အခါ ဖြစ်ဖြစ်၊ ရတနာမြတ်သုံးပါး ဂုဏ်တော် ပရိတ်တော် ဂါထာတော်တွေ ရွတ်ဆိုပွားများရာမှာ ဖြစ်ဖြစ် ကိုယ်ရွတ်ဆိုတဲ့ စကားလုံးတွေကို မှန်မှန်ကန်ကန် အသံထွက် ရွတ်ဆိုရမှာ ဖြစ်သလို အနက်အဓိပ္ပာယ်ကိုလည်း စိတ်ထဲက ဆင်ခြင်ပွားများနေမှ သမာဓိလည်းရပြီး သဒ္ဓါ သမာဓိ ပညာစတဲ့ ကုသိုလ်တရားတွေလည်း ပိုပြီးတိုးပွားကာ အကျိုးများစေမှာ ဖြစ်ပါ၏။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဟာ ကုသိုလ်ကောင်းမှုတွေပြုတဲ့အခါတိုင်း သံဃာတော်တွေပင့်ဖိတ်ပြီး ပရိတ်နာလေ့ရှိကြပါတယ်။ ကိုယ်တိုင်လည်း အိမ်မှာ ဘုရားရှိခိုးရင်း ပရိတ်တော်တွေ ရွတ်ဖတ် ပူဇော်တတ်ကြပါတယ်။ ကျွန်တော်တွေ့ဖူးတဲ့ လက်ဖက်သုပ်၊ ချင်းသုပ်ရောင်းတဲ့ လူတစ်ယောက်ဆိုရင် အသုပ်နှယ်ရင်း ပရိတ်ရွတ်နေတတ်ပါတယ်။

ဒါကြောင့် ပရိတ်ရွတ်သူ၊ ပရိတ်နာသူတွေမှာရှိရမယ့် အင်္ဂါရပ်တွေကိုပါ တစ်လက်စတည်း ဖော်ပြလိုက်ပါတယ်။

ပရိတ်ရွတ်တဲ့အခါ ပရိတ်ရွတ်သူမှာ အင်္ဂါ (၃) ပါး ပြည့်စုံမှသာ ပရိတ်တန်ခိုးရှိပြီး အကျိုးလည်းဖြစ်ထွန်းစေပါတယ်။ အဲဒီ အင်္ဂါတွေကတော့-

*'သဒ္ဒါအနက်၊ မှန်လျက်ရှိစေ၊ ကျေအောင်လေ့လာ၊ မေတ္တာရှေ့ထား၊ ရွတ်သူအား၊ ကျိုးများ ပရိတ်မြတ်'*

ဆိုတာလို-

၁။ အနက်သဒ္ဒါကို သုတ်သင်၍ ကောင်းစွာ သင်ယူထားခြင်း၊

၂။ ပုဒ်ဗျည်းတို့ကိုမယုတ်စေရ ပြည့်စုံအောင် လေ့လာကျက်မှတ်ထားခြင်း၊

၃။ လာဘ်လာဘကိုမငဲ့, မေတ္တာရှေ့ထား၍ ရွတ်ဆိုခြင်းတို့ ဖြစ်ပါ၏။

ပရိတ်နာတဲ့သူမှာလည်း အင်္ဂါ (၃)ပါး ပြည့်စုံမှသာ ပရိတ်အကျိုးခံစားရပါတယ်။

၁။ ပဉ္စာနန္တရိယကံ မရှိခြင်း။

၂။ နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း။

၃။ ပရိတ်တန်ခိုးကို ယုံကြည်ခြင်း။

ဒါကိုပဲ-

*'ပဉ္စာနန္တရိ၊ နိယတဒိဋ္ဌိ၊ ပရိတ်မယုံ၊ နာသူကြုံ၊ ကျိုးဂုဏ် မရတတ်'*

လို့ ဆိုပါတယ်။

အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာသတ်ခြင်း၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို ကွဲပြားအောင်ပြုခြင်း ဆိုတဲ့ 'ပဉ္စာနန္တရိယကံ' ကို သိသူများပေမယ့် 'နိယတမိစ္ဆာဒိဋ္ဌိ' ဆိုတာကိုတော့ သိသူနည်းပါတယ်။ မိစ္ဆာဒိဋ္ဌိ ဆိုတာ အယူမှားခြင်း ဖြစ်ပါတယ်။ သတ္တဝါတွေကို ကောင်းကျိုး, မကောင်းကျိုးဖြစ်စေတဲ့ ကုသိုလ်ကံဆိုတာမရှိ၊ သတ္တဝါတွေ အခုဖြစ်ပျက်နေတာဟာလည်း အရင်ကအကြောင်းတွေကြောင့် မဟုတ်၊ ကောင်းမှုပြုပေမယ့် ကောင်းတာ မဖြစ်၊ မကောင်းတာပြုလည်း မကောင်းမှုမဖြစ်လို့ ယူဆတာတွေဟာ 'နိယတမိစ္ဆာဒိဋ္ဌိ' ဖြစ်ပါတယ်။

ကံနဲ့ ကံရဲ့အကျိုးကို ပစ်ပယ်တဲ့ နိယတမိစ္ဆာဒိဋ္ဌိ- အယူမှားခြင်းဟာ အင်မတန်မှ ကြောက်စရာကောင်းလှတယ်။ ဒီအယူမှားခြင်းက ပေါ်ပေါက်လာတဲ့ အတွေးအခေါ်တွေဟာ တစ်လောကလုံးကို ပျက်စီးစေနိုင်ပါတယ်။ ဒီအယူအမှားကို မစွန့်လွှတ်သမျှကာလပတ်လုံး ဘဝအဆက်ဆက် ငရဲမှာသာကျခံရပါတယ်။ ဒီကမ္ဘာပျက်တာတောင် မလွတ်ဘဲ တခြားကမ္ဘာက ငရဲမှာ ဆက်ခံရပါတယ်။

အခုခေတ်မှာ လူကြီးရောလူငယ်ပါ စာဖတ်အားနည်းကြပါတယ်။ အထူးသဖြင့် ဘာသာရေးစာပေနဲ့ ထိတွေ့မှုနည်းကြပါတယ်။ မိရိုးဖလာ အမည်ခံ ဗုဒ္ဓဘာသာသက်သက်ကနေ ရတနာသုံးပါးကို တကယ်နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်တဲ့ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ကြရအောင် ဘာသာရေးစာပေတွေကို မဖြစ်မနေဖတ်ကြရပါမယ်။ ဘာသာရေးစာပေကို ပျင်းစရာကောင်းတယ်လို့ထင်နေတာကိုက မှားပါတယ်။ ကလေးတွေတောင် ဖတ်ရင်း စိတ်ဝင်စားလာတတ်တဲ့ ငါးရာ့ငါးဆယ်ပုံဝတ္ထုတွေ၊ သုတ္တန်ဇာတ်ကြောင်းတွေ၊ ဘုရားဖြစ်တော်စဉ်ဗုဒ္ဓဝင်၊ ဇာတ်ကြီးဆယ်ဘွဲ့ စတာတွေ အများအပြား ရှိပါတယ်။

ဆောင်းပါးအစ ပြန်ကောက်ရရင် ဘုရားရှိခိုးရာမှာ ဖြစ်ဖြစ်၊ ပရိတ်တော်ဂါထာတော်တွေ ရွတ်ဖတ်ရာမှာ ဖြစ်ဖြစ် အသံထွက် ပီပီပြင်ပြင်နဲ့ အနက်အဓိပ္ပာယ်ပါ ဆင်ခြင်နိုင်ဖို့ တရားစာပေများများဖတ်ကြပါ၊ ဆရာတော်ကြီးတွေ ရွတ်ဖတ် ဟောကြားတော်မူတဲ့ ပရိတ်တရားတော်တွေကို မပြတ်နာကြားကြပါလို့ စေတနာကောင်းနဲ့ ထပ်လောင်းနှိုးဆော် တိုက်တွန်းလိုက်ရပါတယ်။

မောင်ပွင့်ဘုဏ်(မော‌ရေ)

**စာကိုး**

၁။ ပဋ္ဌိစ္စသမုပ္ပာဒဒီပနီ၊ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၊ ပိဋကတ်ရောင်ခြည်စာပေ။
၁၉၇၇ ခု၊ စက်တင်ဘာ၊ ဒုတိယအကြိမ်။

၂။ ဂုဏ်တော်ကျင့်စဉ် (ဂုဏ်တော် ၂၄ ပါးအဖွင့်)၊ သာကီနွယ်၊ စိန်မြစာပေ။
၁၉၈၄ ခု၊ ဇွန်လ၊ ပထမအကြိမ်။

၃။ ပရိတ်ကြီးနိဿယသစ်၊ အရှင်ဝါသေဋ္ဌာဘိဝံသ၊ သာသနာ့ရေးဦးစီးဌာန။
၁၉၈၉ ခု၊ ဒီဇင်ဘာလ၊ ဆဋ္ဌမအကြိမ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင် (ကျိုက်လတ်) ကို ... သခစုစံ (ကျိုက်လတ်) နှင့် ကျွန် ...တော်တို့ စာရေးဖြစ်ခဲ့ကြသည်။ သူငယ် ...စောက်ကမှ ဂျာနယ်များတွင် ... သတင်း၊ ဆောင်းပါးများ ရေးသား ...သည်။

ကျွန်တော် ယခု ရေးချင်သည်မှာ ...သူငယ်ချင်း သံတင်းထောက်၏အ ...ကြောင်း ဖြစ်သည်။ သူသတင်းရေးသက် ... သိပ်မကြာလှသေးပါ။ ကျွန်တော်တို့ ... ဇွေဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး ...ရေးရန် တိုက်တွန်းခဲ့ပါသည်။ သို့ ...သော် သူက သတင်း၊ ဆောင်းပါးများ ...သည့်ဘက်တွင်သာ အားသန်ခဲ့၏။ ...ခံခါ ဂျာနယ်များတွင် ကာတွန်း ...ပါ ရေးဆွဲခဲ့သည်။ သူကာတွန်းတစ် ...မှာ ဂျာနယ်တစ်ဆောင်၏ ဝေဖန် ...သားခြင်းကို ခံခဲ့ရသည်။ ၎င်းဝေဖန် ...ခံရသော ကာတွန်းကို အများက ...ခဲ့ကြသည်။ ကျွန်တော်တို့ ထင် မြင်ချက်ကတော့ သူ့အမြင်၊ သူ့အတွေး မှန်ပါသည်။ သို့သော် တစ်ဖက်ဝေဖန် သူကလည်း တခြားရှုထောင့်မှမြင်၍ရေး သားခဲ့သည်။ ကျွန်တော်တို့ သူ့ကို ဝိုင်း၍ အားပေးခဲ့သည်။

"သူငယ်ချင်း- အဝေဖန်ခံရပြီ ဆို ကတည်းက မင်းရေးတာကို အာရုံအ စိုက်ခံရလို့ပါ။ အဲဒါ အောင်မြင်တာပဲကွ"

သူကလည်း လက်မတွန့်ပါဘူး၊ ထိမိတဲ့အတွေးများနဲ့ ဆက်ပြီး ရေးခဲ့ သည်။ အကြောင်းအရာ မှန်ကန်တိကျ လျှင် အများပြည်သူတို့ဘက်မှ ရဲရဲရပ် တည်၍ စတုတ္ထမဏ္ဍိုင်ကို တည့်တည့် လျှောက်ခဲ့သည်။ သို့သော် သူ့မှာ အမုန်း ခံသမား ဖြစ်ခဲ့ရသည်။

"ဟိုသတင်း မင်းရေးတာ မဟုတ် လား"

"ဒီသတင်း မင်းရေးတာ မဟုတ် လား"

...တော်ပြည့်ဆရာတော်ဘုရားကြီးနှင့် ...သောအိပ်မက်

...၍ (ရွှေလတ်မြေ)





www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလိုတော့ မရေးသင့်ပါဘူးကွာ"

"သတင်းရေးတဲ့သူ ဘယ်သူလဲ"

ဤကဲ့သို့ မရောင်ရာ ဆီလူးသော စကားများဖြင့် သတင်းသမားကို တိုက်ခိုက်သည်။ သူက ကျွန်တော်တို့ကိုပြောသည်။

"သတင်းတစ်ခု ထွက်လာပြီဆိုရင် အဲဒီသတင်းရဲ့ အရင်းအမြစ်၊ ပြောချင်တာက ဘာလဲ၊ ဘာကိုပြုပြင်ရမလဲဆိုတာကို မတွေးဘူး။ ရေးတဲ့သူ ဘယ်သူလဲဆိုတာပဲ တွင်တွင်မေးနေတော့တာပဲ။ အခုက ဘယ်လိုဖြစ်နေလဲဆိုတော့ မီဒီယာသည် ဘယ်သူ့အက်ကရပ်တည်နေသလဲ သေချာမစဉ်းစားဘူး၊ သတင်းရေးတဲ့သူကပဲအပြစ်လို ဖြစ်နေတယ်။ ဆရာခြင်ကျား (မအူပင်) ရေးတဲ့ ဆောင်းပါးထဲကလို မီဒီယာသမားများ သမ္မုဒ္ဒေသာနာနာရွတ်ထား ဆိုသလိုမျိုးပေါ့၊ တို့တွေက အမုန်းခံ မီဒီယာသမားတွေဖြစ်နေပြီ။ တော်တော်စိတ်ညစ်ဖို့ ကောင်းပါတယ်ကွာ"

ကျွန်တော်တို့ကတော့ ငါတို့သူငယ်ချင်း သတင်း မီဒီယာလောကကို တော်တော်စိတ်ကုန်သွားပြီထင်တယ်ဟု တွေးခဲ့မိသည်။ ထို့ကြောင့်လည်း ဝတ္ထုကာတွန်း၊ ဆောင်းပါးတွေကို မဂ္ဂဇင်းများတွင် ပြန်ရေးရန် တိုက်တွန်းဖြစ်ခဲ့သည်။ သူက ကျွန်တော်တို့ပြောသလိုလည်း ရေးသည်၊ သူ့သတင်းထောက်အလုပ်ကိုလည်း တာဝန်ကျေခဲ့သည်။

တစ်ခုသော သီတင်းတစ်ပတ်တွင်တော့ သူရေးသော သတင်းဆောင်းပါးတစ်ပုဒ်ကြောင့် ဂျာနယ်ရောင်းအားတက်ခဲ့သည်။ သူ့ကို ချီးကျူးတဲ့သူတွေလည်း များခဲ့သည်။ သို့သော် သူမှာ ထိုအောင်မြင်မှုကို ကြာကြာမခံစားလိုက်ရပါ၊ သူ့သတင်းဆောင်းပါးတွင်ပါသော အကြောင်းအရာကို မလိုလားသူတစ်စုသည် အခြား ဂျာနယ်တစ်စောင်မှ သူ့ကို ပြန်လည် ချေပခဲ့သည်။ ၎င်း ပြန်လည်ချေပချက်များက သူ့ကိုယ်ကျင့်သိက္ခာကို ထိပါးစေသော အကြောင်းအရာများ ပါခဲ့သည်။ ထို့ကြောင့် ဝမ်းသာသူများရှိသလို သူ့အတွက် မခံချင်ဖြစ်ရသူများလည်း ရှိခဲ့သည်။ ရေးဖော်အချင်းချင်း ရိုင်းပင်းသည့်အနေဖြင့် ဂျာနယ်စာမျက်နှာထက်မှပင် ဝေဖန်ရေးသားမှုများကို ချေပခဲ့သည်။ တစ်ဖက်မှလည်း အားကျမခံ ပြန်၍ တုံ့ပြန်ရေးသားခဲ့သည်။ သူရေး ကိုယ်ရေးနှင့် မီဒီယာချင်း သွေးကွဲရသည့်အဖြစ်သို့ ရောက်ခဲ့သည်။ သူ့အနေဖြင့် အတော်ပင် စိတ်ရှုပ်ခဲ့ရသည်။ ထိုစိတ်ကြောင့်ပင် ဘာစာမှရေးလို့မရဖြစ်ခဲ့သည်။ သူ့ကြည့်လိုက်လျှင် ဘုရားစာတစ်ခုခု ရွတ်နေတာပဲ တွေ့ရသည်။ သူ့စိတ်ကိုသူ တရားနှင့် ဖြေသိမ့်နေခြင်းဖြစ်ရမည်။ သူ စိတ်သက်သာရာ သက်သာကြောင်း ကျွန်တော်တို့က စကားသွားပြောရင်လည်း အရင်လို ဟက်ဟက်ပက်ပက် မရှိလှ။ သူ အတော်ကို ခံစားနေပုံရသည်။

တစ်နေ့မှာတော့ သုခစုံ (ကျိုက်လတ်) နှင့် ကျွန်တော်တို့ရှိရာ လက်ဖက်ရည်ဆိုင်သို့ ပြုံးရွှင်ကြည်မြစွာဖြင့်ရောက်လာခဲ့သည်။

"သူငယ်ချင်း၊ မျက်နှာကြီးကလည်း ပြုံးလို့ပါလားကွ"

သုခစုံက နှုတ်ဆက်စကား ဆိုတော့-

"ပြုံးစရာအကြောင်းက ပေါ်လာခဲ့ပြီလေ၊ ဒီလို ဒီလို သူငယ်ချင်းရေ၊ ညက ကြုံတွေ့ခဲ့ရတဲ့အဖြစ်က သူငယ်ချင်းဆိုရင် ပိုသိမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူငယ်ချင်းက ဗေဒင်ပညာနဲ့ ဂမ္ဘီရအကြောင်းတွေကို နားလည်သူဆိုတော့"

"ဟုတ်ပါပြီ၊ အဲဒါနဲ့ မင်းပြုံးရတဲ့အကြောင်းရင်းက ဘယ်လိုပတ်သက်လို့လဲ။ စကားက လိုရင်းမရောက်နိုင်ဘူး"

ကျွန်တော်က စိတ်မရှည်သံနဲ့ ပြောတော့-

"ပြောပါ့မယ် သူငယ်ချင်းတို့ရာ၊ ငါညစ်နေတဲ့အကြောင်းလည်း မင်းတို့သိပြီးသားပဲ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ညက ထူးဆန်းတဲ့အိပ်မက် မက်တယ်"

ထူးဆန်းတဲ့အိပ်မက်ဆို၍ သုခစုံ ရှေ့တိုးလာသည်။ သူက ဒါမျိုးဆို အထူး စိတ်ဝင်စားသည်။

"အိပ်မက်က ရိုးရိုးလေးနဲ့ဆန်းနေတာပါ။ ငါအိပ်နေတဲ့ အိပ်ရာခေါင်းရင်းကို အလိုတော်ပြည့်ဆရာတော်ကြီး ကြွလာပြီး ငါ့ခေါင်းကိုပုတ်တယ်။ ပြီးတော့ ငါ့တပည့်၊ အပူတွေ များလိုက်တာကွာ။ အရာရာကို မေတ္တာနဲ့သာတုံ့ပြန်ပါ၊ အေးချမ်းသွားပါလိမ့်မယ် ဆိုပြီး တစ်ညတည်းကို တစ်ပုံစံတည်း (၃) ခါတောင် မက်တယ်သူငယ်ချင်းတို့။ အိပ်ရာက နိုးတော့ ငါ့စိတ်တွေဟာ ကြည်လင်လန်းဆန်းနေတယ်"

ဒီအခါမှာ ကျွန်တော့်သူငယ်ချင်း သုခစုံက သတင်းသမားကိုမေးသည်။

"အလိုတော်ပြည့် ဆရာတော်ဘုရားကြီးကို မင်းက ဖူးတွေ့ဖူးလို့လား"

"ဓာတ်ပုံပဲ ဖူးဖူးတာပါ။ ပဋ္ဌာန်းဆက်လို့ပဲ ပြောရမလား။ တစ်ခုတော့ရှိတယ်၊ ဟိုအရင် ပုဂံရောက်တော့ အလိုတော်ပြည့်အရှင်မြတ်ဘုရားကို ဖူးတဲ့အခါ စိတ်ထဲမှာ လှိုက်လှိုက်လှဲလှဲကြီးကို ကြည်နူးမှုဖြစ်ခဲ့တယ်။ အလိုတော်ပြည့်အရှင်မြတ်ဘုရားရဲ့မျက်နှာတော်ကို ဖူးရတာ မျက်လုံးတော်က အသက်ဝင်နေတယ်လို့ကို ခံစားရတယ်။ အဲဒီမှာတင် ဆုတောင်းခဲ့တယ်၊ အလိုတော်ပြည့်အရှင်မြတ်ဘုရားကို ထပ်မံဖူးတွေ့ရပါလို၏လို့။ နောက်တစ်နှစ်လောက်အကြာမှာ မိတ်ဆွေတစ်ဦးက အလိုတော်ပြည့်ဘုရားမှာ နိုင်ငံခြားပညာတော်သင် သွားရပါလို၏လို့ ဆုတောင်းခဲ့တာ ပြည့်ဝလို့ ဘုရားကို အလှူငွေ သွားလှူဒါန်းခဲ့ပြီး ဘုရားပုံတော်ကို ပူဇော်လာတယ်။ မြို့ကို ပြန်ရောက်တော့ မင်းပူဇော် ဆိုပြီး ငါ့ကို လက်ဆောင်ပေးတယ်။ ငါလည်း အိမ်မှာ သေသေချာချာ ပူဇော်ထားပါတယ်။ နောက်တော့မှ စဉ်းစားမိတယ်၊ ထပ်မံဖူးတွေ့ရပါလို၏ ဆိုတဲ့ ဆုတောင်းအတိုင်း အလိုပြည့်ပြီကွလို့ အခုတစ်ခါ စိတ်သောကရောက်ပြန်တော့လည်း တိုက်တိုက်ဆိုင်ဆိုင် အလိုတော်ပြည့် ဆရာတော်ကြီးက အိပ်မက်ပေးပြီး မေတ္တာဓာတ်တွေလွှမ်းခြုံပေးတယ်။ ပျက်ကွက်ခဲ့တဲ့ ဘုရား၊ တရားအလုပ်တွေကိုလည်း အဲဒီအချိန်ကစပြီး နေ့စဉ်မပျက် ပြန်လုပ်ခဲ့မိတယ်။ စိတ်တွေလည်း ငြိမ်းချမ်းသွားခဲ့ရပါတယ်။ ဒါကြောင့် အများသိအောင် ပြောချင်တယ်။ အလိုတော်ပြည့်အရှင်မြတ်ဘုရားနဲ့ အလိုတော်ပြည့်ဆရာတော်ဘုရားကို ယုံယုံကြည်ကြည်နဲ့ နှလုံးသားထဲကကို ကြည်ညိုပူဇော်ပါ၊ အလိုဆန္ဒတွေ ပြည့်ဝလို့ စိတ်နှလုံးချမ်းမြေ့ရပါစေမယ်လို့ ရဲရဲကြီး တိုက်တွန်းပါတယ်"

စိတ်ပါလက်ပါနဲ့ပြောနေတဲ့ သူ့စကားလုံးတွေမှာ ကျွန်တော်တို့တွေ စီးမျောရင်း မေတ္တာဓာတ်တွေ ကူးစက်နေသလို ခံစားရပါတော့သည်။

*အလိုတော်ပြည့်ဆရာတော်ဘုရားကြီးအား ဦးထိပ်ထားလျက်*

*မေတ္တာအားဖြင့်*

ပီဘီချို (ရွှေသလင်းမြေ)



www.burmeseclassic.com

www.burmeseclassic.com

[illegible]ဒေဝီ

[illegible]ကလေးတစ်ပေါက်



မြန်မာစကားပုံ၌ နှုတ်တစ်ရာ စာ[illegible]လုံး နှုတ်ကြောင့်သေ လက်ကြောင့်[illegible] ကြမ်းကျွံလျှင် နုတ်ရ၏, နှုတ်ကျွံ[illegible]ျှင် နုတ်မရ၊ နှုတ်ချို သျှိုတစ်ပါး၊ နှုတ်[illegible]နှင့်မုန့်ဆီကြော်၊ နှုတ်ခမ်းပဲ့ချင်း[illegible] ဟူ၍ နှုတ်ကြောင့်ဖြစ်ပေါ်လာ[illegible]သည့်တရားများကို စကားဆိုအဖြစ်[illegible]တမ်းတင်ခဲ့ကြပါသည်။ နှောင်းလူ[illegible] သတိထားမိစေရန် ရည်ရွယ်ခြင်း[illegible]ပါသည်။ လူတို့၏ပါးစပ်သည် ဆိုး[illegible]စွာ သတ္တဝါမျိုးစုံတို့၏အသားကို[illegible]သက်စွာ စားသုံးခဲ့ကြပါသည်။ လတ်[illegible]သော အသား၊ ငါးများသာမက[illegible]ခြောက်၊ ဆားနယ်ပြု၍ စားသောက်[illegible]ကြပါသေး၏။ အစားအသောက်[illegible]မ်းလှသည့် လူတို့၏ပါးစပ်သည်[illegible]ကောင်းစကား ပြောဆိုမိလျှင် နှုတ်စီး[illegible]သည်ဟု လူကြီးသူမများ ဆိုဆုံးမ[illegible]ကြပါ၏။ နှုတ်မစောင့်စည်းဘဲ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com

အလျှောက် ကျိန်တွယ်တတ်ကြပါသေးသည်။ သေစေလိုသည့်ဆန္ဒမရှိသော်လည်း အကြောင်းတိုက်ဆိုင်၍ ဖြစ်ခဲ့ပါလျှင် နှုတ်ထွက်ကြမ်းမိသည်ကို နောင်တရကြပါမည်၊ 'ဝစီဘေဒ ထိတိုင်းရှ၏' ဟု ဆိုထားသည်ကိုး။

သားသမီးများကို ဆုံးမ မရလျှင် မိဘက စိတ်ပေါက်ပြီး ကျိန်ဆဲတတ်ပါသည်။ ဒေါသဖြစ်တုန်း တစ်ခဏပါ။ အချိန်တန်၍ ကလေး အိမ်ပြန်မရောက်လျှင် စိတ်ပူပြီး ရှာပတ်၍ ရှာတတ်ကြပါ၏။ ထို့ကြောင့်လည်း မဟောသဓာဇာတ်တော်ကြီး၌ ထီးချက်စောင့်နတ်သမီးက မိဘမေတ္တာကို ပုစ္ဆာပြု၍ မေးခွန်းထုတ်ခဲ့သည်ကို အမှတ်ရကြမှာပါ။ မိဘတိုင်း သားသမီးတွေကို ဆီးဖြူသီး၊ ဖန်ခါးသီးပမာ ငုံ၍ရလျှင် အာခံတွင်းမှာ ငုံထားမတတ် ချစ်တတ်ကြသူများ ဖြစ်ကြပါသည်။ တချို့က ကျိန်တွယ်ပြောရမှ ကျေနပ်ကြပုံရပါသည်။ မကြောက်မလန့် ကျိန်တွယ်လိုက်ကြပါ၏။ စာရေးသူသည် 'ဝစီဘေဒ ထိတိုင်းရှ၏' ဟူသည့် ခေါင်းစဉ်ဖြင့် စာဖတ်သူတို့ထံ တင်ပြခဲ့ဖူးပါသည်။ စာရေးသူသည် ငယ်စဉ်ကစ၍ ယနေ့တိုင် ကျိန်တွယ်မပြောဘူးပါ။ မိမိပြောသည့်စကားတစ်ခွန်းအတွက် တာဝန်ရှိသည်ဟု ယုံကြည်ကာ ခေါင်းရှောင်ရန် စိတ်ကူးမရှိခဲ့ပါပြောသည့်အတိုင်းလည်းလုပ်တတ်သဖြင့် အပေါင်းအသင်းများက ကတိတည်သည်ဟု ဆိုကြခြင်းပါ။

လူလူချင်း ယုံကြည်မှုရှိစေရန် လက်မှတ်ရေးထိုးထားမှ မဟုတ်၊ နှုတ်ကတိကို တည်အောင် ထိန်းရပါမည်။ စောင့်ထိန်းရန်လည်း တာဝန်ရှိပါသည်။ 'မင်းမှာသစ္စာ၊ လူမှာကတိ' ဆိုသလို မင်းတို့သည် သစ္စာတည်ကြသလို လူတို့ကလည်း ကတိတည်ကြရပါမည်။ သို့မှသာ လူပီသမည်ဟု ယုံကြည်ပါသည်။ မိမိတတ်တိုင်း စကားနိုင်မပြောဘဲ စည်းတို့မည်သည် တီးမှမြည်ရသလိုပင် လိုအပ်မှသာ ပြောဆိုရပါမည်။ လျှာအရိုးမရှိ၊ ကတိသစ္စာမတည်ဘဲ ပြောင်လိမ်ပြောင်စားလုပ်ရဲကြသူတို့က ငရဲဆို ချိန့်လားဟု ငရဲကလာ ပြာပူမကြောက်သူများ ဖြစ်နေခဲ့ကြပါ၏။ အသိသက်သေကလည်း ခိုင်လုံနေမည်၊ သို့ငြားလည်း မိမိကိုယ်ကို တန်ဖိုးမထားတတ်သူကဘူးခံတတ်ကြသော်လည်း မိမိကိုယ်ကို တန်ဖိုးထားသူကတော့ သူတစ်ပါးအများကိုသည်းခံတတ်ကြပါသည်။ ထို့ကြောင့်လည်း သူတော်ကောင်း ဟူသည့် စကားသည် တန်ဖိုးကြီးနေရခြင်း ဖြစ်ပါသည်။ သူတော်၍ ကိုယ်ကောင်းခြင်း မဟုတ်၊ သူမတော်လည်း ကိုယ်ကကောင်းမှသာ သူတော်ကောင်း ဖြစ်ပါလိမ့်မည်။ လောကပါလနတ်များကလည်း သာဓုခေါ်၍ လူအများကလည်း စိတ်ရိုးဖြောင့်မတ်သူ၊ ဖြူစင်သည်ဟု သတ်မှတ်ကြပါလိမ့်မည်။

သားသမီးများ၊ ညီ, ညီမများ၊ တပည့်များက ကြီးသူကို ကြက်ခေါင်းဆိတ်မခံ (တစ်ခွန်းမခံ) နှုတ်လှန်ပြောဆိုတတ်ကြသည်။ ထိုသူတို့သည် ကံကမျက်နှာသာပေးနေသေး၍ပါ၊ မဟုတ်ပါက ဒုက္ခဆင်းရဲရောက်ကြပါမည်။ အထူးသဖြင့် မိဘအပေါ် ပြန်ပြောတတ်သူ၊ လက်ပါတတ်သူတို့၏ လားရာဂတိသည် အပါယ်လေးဘုံသာ ဖြစ်ပါမည်။ တကယ့်ဖြစ်ရပ်များ၌ မြေမျိုကြသည်အထိ ခံစားကြရပါ၏။ လူဖြစ်လာ၍ ပါးစပ်လေးတစ်ပေါက် မွေးရာပါလာကြပါသည်။ ထိုပါးစပ်ကလေးသည် ဘုရားဝတ်ပြု၊ သီလဆောက်တည်၊ ဘုရားဟောသုတ်များရွတ်ပွားနေခဲ့ပါလျှင် ရွှေချထားသင့်၏ဟု ပြောရမှာပါ။ ဆဲရေးတိုင်းထွာပြီး လူအချင်းချင်း အမုန်းပွားအောင် ရန်တိုက်ပေးတတ်သည်ကလည်း ထိုပါးစပ်ကလေးပါပဲ။ လူဖြစ်စဉ်မှာပင် မိတ်ဆွေကောင်းမရနိုင်ဘဲ သံသရာမှာလည်း ဒုက္ခတွေ့ရန်အကြောင်းသာ ရှိပါသည်။ ပါးစပ်ဆိုး၍ မျက်နှာမြင် ရိုက်ချင်ပါစေ မဖြစ်ရအောင် နှုတ်ကို စောင့်စည်းသင့်လှပါ၏။

ဝတ္ထုတစ်ခု၌ မင်းသား(၄)ယောက်တောလည်ကြရာ သားကောင်မရခဲ့ကြ။ မုဆိုးက သားကောင်ရရှိထား၍ မုဆိုးထံ အသားတောင်းကြပါသည်။

'ဟယ်- မုဆိုး၊ ငါ့အား အသားပေးလော့'

'အသင်မုဆိုး၊ ကျွန်ုပ်အား အသားပေးပါလော့'

'မုဆိုး၊ ကျွန်တော့်ကို အသားပေးပါ'

'မိတ်ဆွေမုဆိုးကြီး၊ ကျွန်တော့်ကို အသားပေးပါ'

ဟူ၍ မင်းသား (၄) ပါး အသားတောင်းခံခဲ့ကြပါသည်။ မုဆိုးကြီးသည် မင်းသားများ၏ စကားအတိုင်း အရိုး၊ အသားများကို ခွဲခြား၍ ပေးခဲ့ပါသည်။ အငယ်ဆုံးမင်းသားကမူ နှုတ်ချိုလှ၍ အသည်းနှလုံးကို ခွဲဝေပေးခဲ့ပါသည်။ ကြမ်းတမ်းသည့် မုဆိုးပင်လျှင် ချိုသာသောစကားကို ကြိုက်နှစ်သက်သည်မှာ သာဓက ဖြစ်ခဲ့ပါသည်။ သူ့စကားက ပျားသကာလို ချိုနေတာပဲ၊ သူ့အသံက တယောသံလို နွဲ့နေတာပဲ ဟူသည့် စကားများသည် ပြောဆိုသူ၏အသံကို တည်၍ ကြားရသူများက ဆုံးဖြတ်ကြခြင်းသာ ဖြစ်ပါသည်။

စာရေးသူတို့၏မြို့၌ သက်တော်၊ ဝါတော် အကြီးဆုံး ဦးဝဏ္ဏ ဟူသည့် ဆရာတော်ကြီးတစ်ပါး ရှိခဲ့ပါသည်။ ငယ်မည်က မောင်ခက်။ အများက ဖိုးခက်ဟုခေါ် ရာ ဘုန်းကြီးဘဝ၌ပင် 'ဘုန်းကြီးခက်' ဟုသာ အခေါ်များကြပါသည်။ သံဃာတော်များကသာ ဦးဝဏ္ဏဟု ဘွဲ့မည်အတိုင်း ခေါ်ကြ၏။ သားယောကျ်ားလေးဖြစ်၍ မိဘများက ငယ်စဉ်ကပင် အလိုလိုက်ထားခဲ့ကြ၏။ အတုမြင် အတတ်သင်ကာ သူများဆဲရေးသည်ကိုအကောင်းထင်၍ စကားပြောလျှင်ပင် အဆဲလေးပါမှ ပြောတတ်လာခြင်းပါပဲ။ အဆဲလေးရှေ့ခံကာ စကားပြောလေ့ရှိပါသည်။ အမေ၏မောင်ဖြစ်သူက ဆဲရေးသည်ကို မနှစ်သက်ပါ။ ယောကျ်ားဖြစ်တိုင်း ဆဲရပါမည်လားဟု ကြုံတိုင်းဆုံးမသော်လည်း အကျင့်ပါနေ၍အချိုးမပြင်နိုင်ခဲ့ပါ။ ဘထွေးအိမ်က နွားများသည် ဒေါက်ကောင်း၊ အမွေးအရောင်လှကြ၍ နဖူး၌ ကြာလေးများ ရှိနေပါသည်။ ဘထွေး၏နွားတွေ လှကြောင်း တူဖြစ်သူပြောတတ်၍ သူ့အကြိုက်ပေးပြီး အကျင့်ပြင်ပေးရန် အကြံဖြစ်ခဲ့ပါတော့သည်။

"ဖိုးခက်၊ မင်း တစ်နေ့လုံး မဆဲဘဲနေနိုင်မလား။ ဘထွေးခြံကကြိုက်တဲ့ နွားတစ်ရှဉ်းဆွဲသွား"

"ဘထွေး တကယ်ပြောတာနော်၊ စိန်လိုက် ဘထွေးရေ့"

"ဟော့ကောင်၊ ကတိတည်မှရမှာ"

"ယောကျ်ားပါ ဘထွေးရ"

ပြောသည့်အတိုင်း နောက်တစ်နေ့ မိုးလင်းသည်မှ နေဝင်လာသည်အထိ မဆဲရေးဘဲ သတိထား၍နေလာပါတော့သည်။ ဘထွေးဖြစ်သူက တူတော်မောင် ကတိတည်ပေသားပဲဟုယုံကြည်ပြီး နွားယူလာဟု ခေါ်ပါတော့သည်။ အကြိုက်ဆုံးနွားတစ်ရှဉ်းရွေး၍ ဘထွေးအိမ်မှ ဆွဲယူလာခဲ့ပါသည်။ ခြံဝိုင်းဝင်ခါနီးမှ-

"(---)မို့ မဆဲဘဲ မနေနိုင်ရမှာလား၊ ဘထွေးတော့ နွားနှစ်ကောင် အ

www.burmeseclassic.com

www.burmeseclassic.com

…ပေးလိုက်ရပြီ"

ဘထွေး နောက်မှလိုက်လာမှန်း … နွားရ၍ အပျော်စိတ်ဖြင့် လွှတ် … ဆဲလိုက်ပါတော့သည်။

"ဟော့ကောင် ဖိုးခက်၊ မင်း ကတိ …တယ်။ နေမဝင်သေးဘူးလေကွာ၊ …အောင်တောင် နွတ်မစောင့်စည်း …တို့။ ငါ့နွားတွေ ပြန်ပေး"

ပြောလည်းပြော၊ လက်ကလည်း …လက်မှကြိုးကို ဆွဲယူကာ နွား …ပြန်ယူသွားပါတော့သည်။ သူ …ကြက်နွားနှစ်ကောင်ကို နှမြောတသ …ကြည့်ရင်း ခြံဝိုင်းအစ၌ ငူငူကြီးရပ် … ကျန်ရစ်ခဲ့ပါ၏။

"တောင်းရော ဖိုးခက်ရယ်။ မင်း …နေ့လုံး မဆဲဘဲနေလာပြီးခါမှ နေ …အောင်တောင် မစောင့်နိုင်ဘူးလား။ …ဓက်လွန်းတာကိုး။ ကောင်းတယ်၊ …ကြီး နွားတွေပြန်ဆွဲယူသွားပြီ"

မိခင်က အဆဲသန်သူ၏အပြစ်ကို …တက်ပြပါတော့၏။ ပျံလွန်တော်မူ …တိုင် 'နင့်အမေ' ဟု ပြောပြီးမှ …လိုတာ ပြောတတ်ပါသည်။ ဘုန်း …တ်သည် ဆဲတတ်သည့်ကလေးများ … ကျောင်းပေါ်ခေါ်ကာ မုန့်ကျွေး၊ ငှက် …သီးပေးပြီး မဆဲရေးရန် ဆုံးမတော် …သည်။ ဆဲရေးခြင်းကို ဘုရားလည်း …တ်၊ နတ်တွေလည်း မနှစ်သက်၊ …ချင်းပင် ခံရခက်ကြောင်း ပြောပြ …မူပါသည်။ ငယ်စဉ်က အဆဲသန် … ဘထွေးပေးမည့် နွားတစ်ရှဉ်း ဆုံး …တ်ရသည်ကို ဥပမာပေးကာ ဆဲ …ခြင်းသည် အကျိုးမရှိ၊ လူလည်း …ကြိုက်ဟု ပြောပြတော်မူတတ်ပါ၏။ …စောင့်စည်းနိုင်၍ အသက်ဆုံးရ … လိပ်တစ်ကောင်နှင့် ဟင်္သာနှစ် …ကောင် ဇာတ်တော်ကိုပါ ကလေးများ …သည်အောင် ဟောပြတတ်ပါသေး …။

သို့ဖြစ်၍ လူတိုင်းကိုယ်စီ ဘုရား …၍ရလာသည့် ပါးစပ်ကလေးတစ် …ကို အကျိုးမဲ့ အချည်းနှီးမဖြစ်ရ …အောင် အသုံးချသင့်လှပေသည်။ …တိတ်နေလျှင် ထောင်တန်၏' ဟု …ဆို ရှိပါသည်။ ထိုပါးစပ်ကလေး … လောကအကျိုး၊ လောကုတ္တရာအ …အတွက် အသုံးချလျှင် မသင့်မြတ် …လား။ တီဗီ၌ တရားဟော ဓမ္မ …ကဆရာတော်များ နွတ်ကလေး … ဘုရားဟောကျမ်းဂန်များ ဟော …၍ လူတို့အား အမြင်ရှင်းအောင် နိဗ္ဗာန်ရောက်ကြောင်း တရားထူး တရားမြတ်များဟောကြား၍ လမ်းညွှန်တော်မူခဲ့ကြပါသည်။ ကရားရေလွှတ် ဥပမာစုံလင်စွာနှင့် လူတို့နားလည်အောင် ဟောပြောတော်မူပါသည်။ ကလေးငယ်များကိုလည်း နေ့ကျောင်းပိတ်ချိန်၌ ရတနာသုံးပါးနှင့် မိဘ၊ ဆရာသမားတို့ကို ရိုသေတတ်စေရန် ရည်ရွယ်ပြီး သင်ကြားပေးတော်မူပါ၏။ ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းကိုလည်း အထုံပါစေရန် သင်ကြားတော်မူကြသည်မှာ ကျေးဇူးကြီးလှပါတော့သည်။

ကမ္ဘာ့သာသနာပြုဆရာတော်ကြီးများ တရားဟောကြားသည်ကို နာယူ၍မဝနိုင်ပါ။ ဆရာတော်ကြီးများ၏ လုံ့လ၊ ဝီရိယ ပါရမီတော်ကိုလည်း အားကျမိပါသည်။. ပါဠိဖြင့်ဟောလိုက်၊ ဘာသာပြန်လိုက်၊ အင်္ဂလိပ်လို ရှင်းပြလိုက်နှင့် နာကြားရသူ၏စိတ်ကို အေးချမ်းစေပါသည်။ ဆရာတော်ကြီးများကို အားကျ၍ စာရေးသူပင် နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်ပါစေဟု နေ့စဉ် ဆုတောင်းမိပါသည်။

ချိုသာသည့် နွတ်ထွက်စကားသံသည် စမ်းရေစီးသံပမာ ငြိမ့်ညောင်းအေးချမ်းနေသလို လေပြည်လေညင်းတိုက်ခတ်သွားသလို ဘဝနှလုံးကိုလည်း အေးမြစေနိုင်ပါသည်။ ပဲ့တင်သံသည် မိမိအော်ဟစ်လိုက်သမျှ တောတောင်တို့ကို ရိုက်ခတ်၍ ပြန်လာတတ်ပါသည်။ ချိုသာသည့်စကားသံသည် မွှေးပျံ့သည့် ပန်းရနံ့တို့ကို သယ်ယူလာသည့် လေပြည်လေညင်းပမာ လူ့စိတ်ကို ဖမ်းယူနိုင်စွမ်း ရှိပါသည်။ လူကြီးများ ပြောကြပါသည်၊ အမိယုတ်ညံ့သူ၏ကလေးများသည် နွတ်ထွက်ကြမ်းတမ်းပါသည်တဲ့။ မိမိကြောင့် မိခင်ဖြစ်သူကို ယုတ်ညံ့သူအဖြစ် မရောက်ရှိသွားပါစေနှင့်။ မိမိကြောင့် မိဘများဂုဏ်တက်အောင်ကြိုးစားသင့်လှပါသည်။

ယခုခေတ်ကလေးများ အသက်ကြီးသူကို ဘိုးတော်၊ ဘွားတော်ဟု ခေါ်ကြခြင်းပါ။ အိမ်မှ ကလေးများကား ဆရာကြီးကို 'ဘိုးတော်' ခေါ်၍ ဆုံးမခဲ့ရပါသည်။

"သူ့ခမျာ စာမတတ်လို့ ခွန်အားနဲ့ အလုပ်လုပ်ရတာ။ ပညာတတ်ရင် အရာရှိ ဖြစ်နေမှာပေါ့။ မေမေတောင် အဘလို့ တလေးတစားခေါ်သေးတာ။ ကိုယ့်စကားက သူများဂုဏ်ငယ်အောင်၊ အားငယ်အောင်မဖြစ်သွားစေနဲ့။ မေမေ မကြိုက်ဘူး"

ငယ်စဉ်က ကျေးညီနောင်ဝတ္ထုကို မှတ်မိကြမှာပါ။ လေပြင်းမုန်တိုင်းကြောင့် ရသေ့ (၅၀၀) နှင့် ခိုးသားဓားပြ (၅၀၀) ဆီ တကွဲတပြား ရောက်ရှိခဲ့ကြပါသည်။ နေထိုင်သည့် ပတ်ဝန်းကျင်ကြောင့် စရိုက်မတူကြတော့ပါ။ ဗာရာဏသီမင်း တောလည်၍ လမ်းမှားကာ ခိုးသားတို့စခန်းရောက်တော့-

"ဤသူကိုသတ်၍ အဝတ်တန်ဆာတို့ကို ယူကြကုန်လော့"

ဟု ကျေးငယ်က ဟစ်အော်ပါတော့သည်။ မနေအပ်သည့်အရပ်မို့ ဆက်ပြီး ခရီးနှင်ခဲ့ရာ ရသေ့ (၅၀၀) ကျောင်းသခ်မ်းသို့ ရောက်ရှိလာပါ၏။

"ကြွပါ၊ ကြွပါ။ အေးမြသောရေတို့ကို သောက်သုံးပါ။ ချိုမြသည့်သစ်သီးတို့ကို စားသုံး၍ အပန်းဖြေပါ"

ဟု လောကဝတ်ပြုသည့် ကျေးငယ်ကြောင့် တွေ့ခဲ့ရသည့် ကျေးအကြောင်း မင်းကြီးက ပြောပြတော်မူပါသည်။

"ထိုကျေးငယ်သည် အကျွန်ုပ်၏ညီငယ် ဖြစ်သည်။ လူဆိုးများထံရောက်၍ စရိုက်ကြမ်းတမ်းလာပြီး ကျွန်ုပ်ကတော့ သူတော်ကောင်းများနှင့် တွေ့ရသည်မို့ ယဉ်ကျေးလိမ္မာရသည်"

ဟု ကျေးငယ်က မင်းကြီးကို ရှင်းပြခဲ့ပါသည်။ သို့ကြောင့်လည်း တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး ဟူသည့် စကား ဖြစ်ပေါ်လာရခြင်း ဖြစ်ပေမည်။ ပုတ်သင်ညိုသည် နေထိုင်ရာ ပတ်ဝန်းကျင်ကိုလိုက်၍ အရောင်ပြောင်းတတ်ပါသည်။ ကောင်းသောစကားကိုသာ ဆိုတတ်သူ၊ တရားဓမ္မတို့ကိုဆွေးနွေးတတ်သူတို့သည် နောင်ဘဝ၌ အာခံတွင်းမှ ကြာညိုရနံ့သင်းသည်ဟု ကြားဖူးပါ၏။ စာဖတ်သူတို့ သတိပြုမိမှာပါ။ ခွေးလေးကြောင်လေးများပင် ချိုချိုသာသာခေါ်လျှင် ချစ်စဖွယ်အမူအရာနှင့် အမြီးလေးလှုပ်ယမ်းကာ ပြေးလာတတ်ကြသည်။ အော်ဟစ် ငေါက်ငမ်းလိုက်လျှင် အမြီးလေးကုပ်ကာ သခင့်မျက်ကွယ်မှာ ညှိုးငယ်စွာနေတတ်သည် မဟုတ်ပါလား။

တိရစ္ဆာန်များပင် ချိုသာစွာဆက်ဆံသည်ကို နှစ်သက်ကြပါသည်။ လူသည် ပို၍ ပို၍ ချိုသာခြင်းကို နှစ်သက်ပါလိမ့်မည်။ အချိုရှာနေသူအား သကာကျွေးနိုင်ကြပါစေ။

ရာနုဒေဝီ




www.burmeseclassic.com

www.burmeseclassic.com

"အိမ်ရောင်းလိုက်ပြီ အစ်မစံပယ်ရေ၊ အစ်မအတွက်လည်း ဝေစုရမယ်။ အစ်မရယ်၊ မြတ်လေးပြောတာကို နားမထောင်ကြလို့ ခေါက်ချိုးကျော်ကျော်ရှုံးသွားတယ်။ မရောင်းပါနဲ့ဦးလား၊ တစ်လ, နှစ်လ စောင့်ကြည့်ပါဦးလို့ ကျွန်မက ပြောတာကို အစ်မ ခင်ခွာညိုကလည်း သိပ်ရောင်းချင်နေတာ၊ ဒီဈေးရ တော်ပြီပေါ့နဲ့။ သိန်း (၈၀၀) ကျွန်မက ခေါ်တာကို မတန်မရာမခေါ်နဲ့၊ လူရယ်စရာဖြစ်နေမယ်တဲ့။

အစ်ကိုကြီးကလည်း ကလေးမရှိ၊ မိန်းမ မရှိနဲ့၊ လူပျိုကြီးဖြစ်ပြီး ရောင်းချင်လှချေရဲ့ဆိုလို့ သိန်း (၆၅၀) နဲ့ ရောင်းလိုက်ရတာ။ အခု ကျွန်မတို့ဆီကဝယ်သွားတဲ့လူက သုံး၊ လေးလအတွင်းမှာ သိန်း (၁၅၀၀) နဲ့ ပြန်ရောင်းလိုက်တာ ခေါက်ချိုးနီးပါး မြတ်သွားတာပေါ့။ နောက်ဝယ်လိုက်တဲ့လူက အရင်အိမ်ကို ဖျက်ပြီး ပြန်ဆောက်လိုက်တာ အိမ်ကြီးကို ဟီးနေတာပဲ။ အစ်မလည်း ရန်ကုန်ပြန်ခဲ့ဦး။ အစ်မ ခွာညိုက သူ့သားရှင်ပြုအလှူလုပ်မှာမို့ အားလုံးတွေ့ကြရအောင်လေ။ အစ်မ ပိုက်ဆံလည်းလာယူလှည့်ဦး"

ဖုန်းဆက်ပြောသော ညီမစကားကြောင့် ရန်ကုန်ပြန်ဖြစ်ခဲ့သည်။ အိမ်အရောင်းအဝယ်ငွေကြေးကိစ္စ ကောင်းသည်၊ ဆိုးသည် စကားစပ်၍မျှမပြောဘဲ ပေးတာကိုသာ ယူလိုက်သည်။ မောင်နှမတွေကလည်း မျှတပါသည်။ ချမ်းသာသည့်လူက အမွေလုံးဝမယူဘဲ လခစားမောင်နှမများကိုသာ ခွဲယူစေခဲ့သည်။ ကိုယ်က နယ်တွင်နေသည့်လူမို့ ကိုယ့်ကိုမတိုင်ပင်ဘဲ ရောင်းလိုက်သော်လည်း ဘာမှမပြောခဲ့ပါ။ ရသည့်ပိုက်ဆံ ခွဲပေးတာကိုပဲ ကျေးဇူးတင်ရသည်။



(ရန်ကုန်)

# စောမြသွင်

## ဘာပစ္စည်းမှယူသွား၍မရသည့် သံသရာခရီးသွားများ



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီး ကိုဒေါနက သူ့အိမ်[illegible]တည်းပါပြောသော်လည်း ရန်ကုန်ရောက်သည့်အခါ ညီမအငယ်အိမ်တွင်တည်းခဲ့သည်။ ခင်မြတ်လေးတို့အိမ်ကိုကျွန်မ သဘောကျမိသည်က အရင်အိမ်[illegible]လည်းနီး၊ ဈေးနှင့်လည်းနီးသည့်အပြင် သူ့အလုပ်နှင့်လည်း နီး၍ဖြစ်သည်။ အိမ်လေးကလည်း အလျား ပေ (၆၀)၊ အနံပေ အဝက် မြေကိုဝယ်ကာ နံကပ်နှစ်ထပ်တိုက်ကလေး ဆောက်ထား၏။ အိမ်ရှေ့တွင် မြေနေရာလေးလည်း ချန်ထားသည်။ အိမ်လေးက နေချင်စရာချစ်စရာလေး ဖြစ်သည်။ အိမ်အပေါ်ထပ်တွင် ဘုရားခန်းနှင့် အိပ်ခန်းထားပြီး အောက်ထပ်တွင် ဧည့်ခန်းနှင့်ထမင်းစားခန်း၊ ရေချိုးခန်းတို့ ပါသည်။ အိမ်ဆောက်လိုက်၍ [illegible] အိမ်ဆောက်သည့်အထဲ [illegible]

အိမ်ဟောင်းနှင့် သုံးလမ်းသာခြား၍ ကျွန်မ ရောက်ပြီး နေ့တစ်ရက်မှာ ဈေးကြီးထဲ ဈေးဝယ်သွားရင်း အရင်နေခဲ့သည့် လမ်းထဲကို သွားကာ အိမ်ရှေ့ကဖြတ်ပြီး အိမ်ဟောင်းကိုသွားကြည့်မိပါသည်။ အိမ်ကြီးက နှစ်ထပ်တိုက်ကြီး ဖြစ်နေသည်။ ခြံစည်းရိုးကလည်း သံပန်းတံခါးတွေနှင့်မို့ ကောင်းမှကောင်း။ ကိုယ့်သစ်သားအိမ်ကြီးကိုဖျက်ပြီး ဆောက်ထား၍ မှတ်တောင်မ





www.burmeseclassic.com

www.burmeseclassic.com

မှတ်မိပါပေ။

အရင်က အိမ်ရှေ့တွင် ရေတွင်းလေး ရှိသည်။ ရေတွင်းရေက ကြည်လင်ကာ ချိုလှ၍ ရေသန့်ဝယ်သောက်စရာမလို၊ တွင်းရေကြည်ကြည်လေးကို သောက်၍ရသည်။ ရေတွင်းဘေးတွင် ကွမ်းသီးပင်ကလေး တစ်ပင်။ မချစ်စုသရက်ပင်နှင့် ရင်ကွဲသရက်ပင်တွေက အိမ်ဘေးတွင်စိုက်ထားရာ အခု တစ်ပင်မှ မရှိတော့။ အားလုံး ခုတ်ပစ်ကာ ခြံအပြည့် အိမ်ဆောက်ထားသည်။ နေရာလေးကောင်း၍ နှမြောစွာဖြင့် အိမ်နေရာကို ရပ်ကြည့်နေမိသည်။

ထိုအိမ်တွင် အဘိုးရော၊ အဖေရော အမေပါ ဆုံးခဲ့သလို ခင်ပွန်းဖြစ်သူလည်းဆုံးကာ ခေါင်းချခဲ့သောနေရာလေးဖြစ်၍လည်း ထိုအိမ်လေးကို ကိုယ်သာဆို မရောင်းချင်ခဲ့ပါ။ မရောင်းချင်သော်လည်း မိဘဘိုးဘွားတို့ မရှိတော့သည့်အခါ အများဆိုင် အမွေဆိုင်မို့ အိမ်လေးအပေါ် သံယောဇဉ်တွယ်မိသော်လည်း မတတ်နိုင်ပါပေ။

ထိုအိမ်ကလေးထဲတွင် မိသားစုဝိုင်းဖွဲ့ကာ ထမင်း အတူစုစားခဲ့ကြဖူးသည်။ အဘိုးရယ်၊ အဖေရယ်၊ အမေရယ်၊ မောင်နှမ (၅) ယောက်ရယ်မို့ ထမင်းဝိုင်းကြီးကလည်း ကြီးသည်။ လူစုံမှ ထမင်းစုစားကြသောဓလေ့မို့ တစ်ယောက်ယောက် အလုပ်မှ နောက်ကျပြီး ပြန်မလာလျှင် အူလိမ်နေကြသော်လည်း ပျော်ခဲ့ကြသည်။ လူများသဖြင့် မနက်ဟင်းက မနက်ပိုင်း ရုံးထမင်းချိုင့်၊ ကျောင်းထမင်းချိုင့် ထည့်လိုက်သည်နှင့် မနက်နှင့် ဟင်းပြတ်သွားခဲ့သည်။ မနက်ဟင်းနှင့် ညနေဟင်း မတူ။ မော်လမြိုင်သူ အမေက ဟင်းချက်ကောင်းလှသည်။

ဝက်သားကိုနုပ်နုပ်စဉ်းကာ ကြက်သွန်နီ၊ ကော်မှုန့်၊ ကြက်ဥတို့နှင့်ရောနယ်ကာ ပုံလုံးသီးခေါ် ပဲလင်းမြွေသီးထဲ အစာသွတ်ချက်သည့်ဟင်းကလည်း စားကောင်းလှသည်။ ငါးဟင်း ဆိုလည်း ငါးမြွေထိုးအစိုချက် ဆီပြန်ဟင်း၊ ငါးမြင်းဆီပြန်ဟင်း၊ ငါးဖယ်ငါးဆုပ်ဟင်း၊ ငါးပတ်မွှေဟင်းတို့ကအစ အမေ့လက်ရာကို သားသမီးတို့မမီခဲ့။ အမေချက်သည့် ကြက်ဟင်းခါးသီးကြော်ကလည်း ပုစွန်အစို၊ ပုစွန်ကျော့လေးတွေနှင့် ကြော်ထားသည်မို့ ထမင်းမြိန်ခဲ့ကြပါသည်။ ကိုယ့်အိမ်နှင့်ကိုယ်တွင် ရုံးအလုပ်တစ်ဖက်နှင့်မို့ အရည်ဟင်းတစ်ခွက်၊ ဆီပြန်တစ်ခွက်ပဲချက်နိုင်သည်။ အမေ့လို ဖွယ်ဖွယ်ရာရာ အသုပ်တစ်မျိုး၊ အကြော်တစ်မျိုး မလုပ်နိုင်ပါပေ။ ရန်ကုန်လို ငါးပေါသောအရပ် မဟုတ်သလို ငါးကျည်း၊ ငါးခူမရှိသော အရပ်လည်းဖြစ်၍ ငါးတန်၊ ငါးဖယ်၊ ငါးကြင်းသာရှိသဖြင့် ထမင်းစားရင်း အမေ့ငါးကျည်းခြောက်ချက်ဟင်းကိုလည်းလွမ်းမိရသည်။ အခုတော့ ထိုအိမ်ကြီးမှလူများ တစ်ကွဲတပြားစီ ဖြစ်ကုန်ကြပြီ။

အိမ်ထဲမှလူတစ်ယောက်က အိမ်ရှေ့တွင်ရပ်ကြည့်နေသော ခင်စံပယ်ကို ထွက်ကြည့်နေ၍ ဆက်လျှောက်ခဲ့ရ၏။ လမ်းထဲမှလူများနှင့် ခင်စံပယ် စကားရပ်ပြောနေသည်ကိုမြင်မှ ပြန်ဝင်သွားသည်။ လမ်းထဲတွင် လူဟောင်းတွေရော လူသစ်တွေပါ တိုးလာသည်။ ခြံတွေကလည်း သံပန်းတံခါးတွေနှင့် တိုးတက်နေသည်။ သူတို့အိမ်ကိုရပ်ကြည့်နေသော ခင်စံပယ်ကို မသင်္ကာ၍ထွက်ကြည့်သည်လားမသိ။ ခင်စံပယ်ကတော့ သံယောဇဉ်မကုန်နိုင်ဘဲ အိမ်ရှေ့ကဖြတ်မိတိုင်း အိမ်ကိုလှည့်ကြည့်နေမိခဲ့သည်။

❁

မတွေ့ရတာကြာသော ဆွေမျိုးများကိုတွေ့ရန် တစ်အိမ် တစ်ရက် အလည်သွားခဲ့သည်။ အရင်က မောင်နှမများ စုနေကြ၍ တစ်အိမ်တွင် တည်းလိုက်သည်နှင့် အားလုံးကို တွေ့ကြရသည်။ အခုတော့ တစ်ယောက် တစ်အိမ်မို့ သွားတွေ့ရသည်မှာ တစ်အိမ်တစ်ရက်နှုန်းနှင့် အချိန်လည်းပေးရ၊ တက္ကစီကားခလည်း ကုန်သေးသည်။

အရင်အိမ်က ဈေးနှင့်နီးသလို လမ်းထိပ်ကို ထွက်လိုက်သည်နှင့် ဘဲကင်ဆိုင်၊ ဝက်ခေါင်းသုပ်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲကအစ မနက်ရော ညနေဘက်ပါ ရနိုင်သည်။ ဝက်သားတုတ်ထိုး ငါးရာဖိုး ဝယ်စားမလား၊ ခေါက်ဆွဲကြော်စားမလား၊ ကြာဆံကြော်စားမလား။ မင်းစိတ်ကြိုက်ဆိုင်၊ ရှမ်းမင်းသားဆိုင်ကအစ အစားအသောက်အတွက် လိုရာဝယ်စား၍ရသည်။ ကိုယ့်အိမ်ကို ဧည့်သည်လာလျှင်လည်း ဆိုင်ခေါ်သွားကာ လက်ဖက်ရည် ဝယ်တိုက်၍လည်း ရသေးသည်။

"ညီမတို့နေတဲ့အိမ်လေးကို အခုသိန်း (၅၀၀)လာပေးတာ မရောင်းသေးဘူး၊ သိန်း (၁၀၀၀) ရရင်တော့ ရောင်းပြီး တခြား ပြောင်းနေမယ်။ ဒါမှ တခြားစီးပွားရေးလေး တိုးလုပ်နိုင်အောင်"

"ညီမရယ်၊ လင်မယားနှစ်ယောက်တည်း ဘာပူစရာလိုလို့လဲ။ ညီမကလည်း ဆိုင်ဖွင့်ထားတယ်၊ သူကလည်း ကုမ္ပဏီမှာလုပ်နေတာ လောက်ငပါတယ်။ အိမ်လေးကလည်း ချစ်စရာလေး။ အစ်မအိမ်, အစ်ကိုအိမ်နဲ့လည်း နီးတယ်၊ ဆေးခန်းနဲ့လည်း နီးတယ်။ ပြန်ရောင်းပါပြီတဲ့၊ ကိုယ်ဝယ်တော့ ဘယ်လိုက်နိုင်တော့မလဲ။ အဝေးကိုရောက်သွားလိမ့်မယ်၊ မရောင်းနဲ့နော်"

"အရမ်းဈေးရရင်တော့ ရောင်းရမှာပေါ့ အစ်မရဲ့"

ညီမ ခင်မြတ်လေး၏ပြောစကားကြောင့် ဆက်မပြောဖြစ်တော့။

အစ်ကိုကြီးနှင့် ခင်ခွာညိုကတော့ တစ်အိမ်တည်း အတူတူနေကြသည်။ သူတို့က တိုက်ခန်းဝယ်ခဲ့သည်။ တိုက်ခန်းက ဒုတိယထပ်ဖြစ်ပြီး အိပ်ခန်းသုံးခန်း၊ မီးဖိုတစ်ခန်း၊ ရေချိုးခန်းတစ်ခန်းပါသည်။ ဧည့်ခန်းကတော့ ရိုးကေ့(စ်) မှန်ဗီရိုတွေ၊ ဆက်တီတွေနှင့် ပြည့်နေသည်။ သူတို့နှစ်ယောက်က တွက်ခြေကိုက်သည်။ မောင်နှမနှစ်ယောက်ပေါင်းပြီး တိုက်ခန်းတစ်ခန်းဝယ်တော့ တစ်ယောက်တစ်ဝက်မို့ ပိုငွေလေးများကိုဘဏ်တွင်စုထားကြသည်။ သူတို့အိမ်တွင် ခွာညိုတို့လင်မယားနှစ်ယောက်က တစ်ခန်း၊ သားက တစ်ခန်း၊ အစ်ကိုကြီးက တစ်ခန်းနှင့်မို့ အိပ်စရာအခန်းပိုမရှိ။ မကျန်းမာသဖြင့် ဆေးပင်စင်ယူပြီးသော အစ်ကိုကြီးက စကားပြောဖော်ရှာနေတတ်၍ နေ့လယ်ပိုင်းတွင် အစ်ကိုကြီးအိမ်သို့ အလည်သွားခဲ့ရသည်။

အစ်ကိုကြီးအိမ် သွားလည်တော့ အစ်ကိုကြီးက တစ်မျိုး။

"ခွာညိုနဲ့ အတူနေရတာတော့ ကောင်းပါတယ်။ ပြုစုတာတော့ ပြုစုပါတယ်၊ ဒါပေမယ့် သူ့သားကို မနက်ဆို အစ်ကိုကြီးက အသုပ်ဝယ်ခိုင်းလိုက်ရင် သူ့အတွက်က တစ်ပွဲဝယ်ကျွေးရတာ။ အသုပ်တစ်ပွဲက သုံးရာ၊ နှစ်ပွဲဆိုတော့ ခြောက်ရာ။ တစ်ထောင် ပေးလိုက်ရင် ပိုတဲ့ငွေလည်း ဘယ်တော့မှပြန်မရဘူး။ ဒီကောင့်ကျူရှင်စရိတ်လည်း ကိုယ်ပဲ။ မိတာခကလည်း တစ်လကို တစ်သောင်းကျော်တယ်၊ ကိုကြီးပဲ ပေးရတာ။ တီဗီမှာ စကိုင်းနက်တပ်ထားတာ သတင်းလေးနားထောင်ချင်၊ ဗဟုသုတရမယ့် အကြောင်းအရာလေးတွေ ကြည့်ချင်ပေမယ့် သူတို့က အမြဲ တီဗီရှေ့ထိုင်နေကြတာ။ စက်သာမပြောင်းရ၊ လူက



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းနေတာပဲ။ သူ့ယောက်ျား ဘောလုံးပွဲ၊ သားက ကာတွန်းကား၊ ကားနဲ့ ညီမက မြန်မာကား။ ငါ စိတ်ညစ်ပါတယ်။ မနက်ဆိုရင် ငါတူနဲ့ အတူလမ်းလျှောက်ရ တယ်။ သူရှိတော့ လမ်းလျှောက် အတူလိုက်ဖော်တော့ ရတာပေါ့။ စ်ခုတော့ ကျေးဇူးတင်ရတယ်။ ဘာ အဖော်မပါဘဲ အပြင်မထွက်ရဲ လေဖြတ်ထားတော့ သတိထားနေ တယ်"

အစ်ကိုကြီးဆီမှ ထမနဲထိုးနည်း နားထောင်ခဲ့ရသည်။

"ငါတို့နေပြည်တော်မှာ ထမနဲထိုး တော့ အရင်ဆုံး ထင်းလေးတွေ အသေးလေးတွေပေါက်ထားတော့ ဆံ တစ်ဆံတည်းနဲ့ မီးစွဲတယ်။ ကောက်ညှင်းကို ရေဆေးပြီး နည်းနည်း အောင် လှော်ထားပြီးမှ ဆီနဲ့၊ ရေနဲ့၊ နဲ့ ထည့်ပြီး အုပ်ထားတာ။ နည်း နှပ်ပြီးမှ အသင့်ကျိုထားတဲ့ဓာတ် က ရေနွေးကိုထည့်တာ။ ရေအေး ထည့်ရင် ရေဆူဖို့ ထပ်စောင့်နေရဦးမယ် ကောက်ညှင်းနပ်တော့ အောက် ချပြီး မြေပဲတို့၊ နှမ်းတို့၊ အုန်းသီး တို့ထည့်ပြီး သုံးယောက် မွှေပြီးထိုး အရင်လည်းပြီးတယ်၊ ထမနဲက အရောင်လှတယ်၊ သတ်မှတ်ထား အချိန်ထက်ကြိုပြီးလို့ အရသာလည်း တော့ ဆုရခဲ့တာ"

အစ်ကိုကြီးသည် သူ့ရုံးကို လွမ်း နေဟန်တူသည်။ ရုံးတွင် တစ်ယောက် တစ်ယောက် စ,လိုက် နောက်လိုက်၊ အသည့်နှင့် မုန့်ဝယ်ကျွေးကြနှင့်မို့ ပျော် ကောင်း၏။ သတင်းစုံလည်း ကြား သည်။ နှစ်ပေါင်းများစွာ အတူ ၍ အလုပ်လုပ်ခဲ့ကြသောလူများကို သတိရမည်မှာ မဆန်းပါ။ ကျွန်မ ရန်ကုန်တွင် သုံး၊ လေးရက်ခန့် လျှင် နယ်ရုံးရှိ သူငယ်ချင်းများကို သတိရနေမိတတ်သည်။ ဒီအချိန်ဆို မုန့် နေကြမှာပဲ၊ ဒီအချိန်ဆို လက်ဖက် သောက်နေကြမှာပဲလို့ တွေးမိတတ် သည်။

"နင့်ညီမကလည်း ပိုက်ဆံသိပ် တာ။ အရင် မရှိခင်က ချွေတာသ ယောက် ရှိတော့ သူ့သားကို နို့စိမ်းဘူး ယ်တိုက်ရတာနဲ့၊ ပေါင်မုန့်ကို စတော် ယ်ရီယိုသုတ်ပြီး ကျွေးရတာနဲ့။ သူ့ သားမုန့်ဖိုးကကို မနည်းဘူး။ ကဲ- နင် ဦး။ ငါ့ညီမကို ဆီချက်ခေါက်ဆွဲ လုပ်ကျွေးမယ်။ ငါကတော့ ငါစားရင် အားလုံးအတွက် လုပ်ကျွေးတာပဲ။ မိခ္ခာ ညိုကတော့ ပျင်းတယ်၊ ဘယ်တော့မှ လုပ်မစားဘူး။ ကိုယ့်ဘာသာလုပ်စား တော့ ဝဝလင်လင်၊ သန့်သန့်ရှင်းရှင်း စားရတာပေါ့"

အစ်ကိုကြီး ဆီချက်ခေါက်ဆွဲသွား လုပ်နေစဉ် ညီမကလည်း တစ်မျိုးပြော ပြန်သည်။

"အစ်မအစ်ကိုကြီးက သိပ်စိတ် တိုတာ၊ အရင်လို မဟုတ်ဘူး။ သူ့ကို ဒီ လောက်ပြုစုပေးနေတဲ့ ညီမကိုပဲ ဆူနေ တာပဲ။ ညီမမှာ အစ်ကိုကြီးကြောင့် ငိုငို နေရတာ"

"ခွာညိုရယ်၊ လေဖြတ်ထားတော့ စိတ်သွားတိုင်း ကိုယ်မပါတော့ စိတ်တို နေတာနေမှာပေါ့။ လေသမားတွေက စိတ်ဆိုးလွယ်တာ။ အစ်ကိုကြီးက နင် တို့သားအမိအပေါ် သံယောဇဉ်ကြီးပါ တယ်။ ကလေးဆိုလည်း သူ့လက်ပေါ် ကြီးလာတာမို့ ညီမကလေးဆို ချစ်တာ။ ငါ့ကလေးတွေကိုတော့ အတူလည်းမ နေရ၊ အနေလည်းဝေးလို့ သိပ်ချစ်တာ မဟုတ်ဘူး။ လေဖြတ်တယ် ဆိုပေမယ့် စကားပြောတာ သိပ်မပီသတာကလွဲလို့ သွားနိုင်၊ လာနိုင်နေတာ နင် သိပ်ပြီးမ ပင်ပန်းပါဘူး။ တချို့များဆို အိပ်ရာထဲ လဲနေတော့ ကလေးတစ်ယောက်လို ပြု စုရတာ"

"အစ်မစံပယ်က မသိဘဲ။ ဖြစ် တုန်းကလည်း နေ့မအိပ်၊ ညမအိပ် ပြုစု ခဲ့ရတာလည်း ညီမပဲ။ ညီမလို ဘယ်သူ က ပြုစုလို့လဲ။ ဖြစ်မှသာ ပြေးလာကြ တာ။ အတူနေဆိုတော့ ညီမပဲ ပင်ပန်း တာပဲ"

"အဖေရော အမေပါ မရှိတော့ ဘူးလေ။ ကိုယ့်အစ်ကိုအကြီးဆုံးရှိတော့ နင်တို့အတွက် သူကလည်း တစ်ဖက်က ကူညီနေတာကို နင်တို့အတွက် အားရှိ တာပေါ့။ ကိုယ့်အစ်ကိုကြီးရှိတုန်း သူ ဆူလည်း စေတနာနဲ့ လုပ်ကိုင်ပေးပါ၊ ကုသိုလ်ရပါတယ်။ သူလည်း လူပျိုကြီး ဆိုတော့ သူမရှိတော့ရင် နင်ပဲရမှာပါ"

တစ်ယောက်နှင့်တစ်ယောက် အ ပြန်အလှန်ပြောကြရင်း နားငြီးလာ၍ ကိုကြီးကို သွားကူလုပ်ပေးမည်ဆိုတော့ လည်း မရ။

"လုပ်ပေးမနေနဲ့၊ သူ့ဘာသာလုပ် လိမ့်မယ်။ ကဲ- အစ်မ၊ အစ်ကိုကြီးထွက် လာပြီ၊ ပြီးပြီထင်တယ်။ ခွာညိုလည်း ဘုန်းကြီးကျောင်း ခဏသွားဦးမယ်၊ အစ်ကိုကြီးနဲ့ စကားပြောပြီး နေခဲ့ဦးနော်"

"ခွာညို ဘယ်သွားမလို့လဲ။ နင့် အတွက်ပါ လုပ်ထားတာ၊ စားသွားဦး လေ"

"ပြန်မှစားမယ် အစ်ကိုကြီး၊ ကိုရင် တွေအတွက် ဘုန်းကြီးကျောင်း အအေး ဘူးသွားပို့ဖို့ ဈေးသွားဝယ်လိုက်ဦးမယ်။ အစ်မစံပယ်နဲ့ စကားပြောနေဦးနော်"

ညနေ (၆) နာရီအထိ ဘုန်းကြီး ကျောင်းက ပြန်မလာ၍ တည်းသည့် အိမ်ကို မပြန်ဖြစ်သေးပါ။ ညီမဖြစ်သူ ခင်မြတ်လေး ဈေးအပြန် အိမ်သော့ခတ် ထား၍ ဖုန်းဆက်ခေါ်သောကြောင့် ပြန် ခဲ့ရသည်။

ခွာညိုကိုဆုံးမစဉ် ခွာညိုက ဘာ မှ ပြန်မပြောသော်လည်း စိတ်ထဲက တော့ ကျေနပ်ဟန်မတူပါပေ။ အစ်ကို ကြီးကလည်း ညီမယောက်ျား မနက် အိပ်ရာထ နောက်ကျတာ၊ ညဘက်မိုး ချုပ် (၁၀)နာရီကျော်မှ အိမ်ကိုပြန်လာ တာတွေကို မကြိုက်ပါပေ။ ယောက်ဖ ကိုမပြောသော်လည်း ညီမကိုတော့ပြော ဟန်တူသည်။

"အလုပ်ဆိုတာ စောစောထလုပ် ရတာ။ ကိုယ်ပိုင်အလုပ်ပဲဟာကို နေ ဖင်ထိုးအောင်အိပ်နေတော့ စီးပွားက ဘယ်လိုဖြစ်မှာလဲ။ ကြည့်လိုက်ရင် လူ ကိုက ကုပ်ချောင်းချောင်းနဲ့။ မနက်(၉) နာရီလောက်မှ အိပ်ရာထပြီး မိန်းမချက် ပေးထားတဲ့ ထမင်းချိုင့်လေး ဆွဲထွက် သွားတာ၊ ညဘက် သူများအိပ်ချိန်မှပြန် လာ။ ဒီကောင် ပိုက်ဆံသိပ်ချမ်းသာပြီး ရုပ်လေးချောရင်တော့ နောက်မိန်းမယူ ထားသလား ထင်ရမယ်။ ခုတော့ ဘာမှ မရှိတော့ ဒီလိုပြောရလည်း အခက် သားပဲ"

အစ်ကိုကြီး၏စကားကြောင့် သူ မသိအောင် ရယ်ရသည်။ တစ်ယောက် နှင့်တစ်ယောက် အပြစ်တွေပြောနေကြ တာ အရင်လိုမဟုတ်တော့သလို ခံစားရ သည်။

❁

ပြန်တော့မှာမို့ အမျိုးအိမ်တွေ လိုက်နှုတ်ဆက်သည်။ အစ်ကိုကြီးအိမ် ကိုရောက်တော့ မောင်နှမနှစ်ယောက် စကားများနေကြသည်။

"အစ်ကိုကြီးက ညီမ ဘယ် လောက်သုံးနေလို့ ပြောနေတာလဲ။ ညီမ ပိုက်ဆံကို အသုံးလိုတိုင်း နေ တောင်းနေရတာ။



www.burmeseclassic.com

www.burmeseclassic.com

ကို ကျွေးချင်၊ ဆင်ချင်တာပေါ့။ ကိုကြီး ပိုက်ဆံသာ ဆေးဖိုးကျန်အောင် ကိုကြီး ချွေတာပါ၊ ညီမကတော့ သုံးသင့်တာ သုံးရမှာပဲ"

ခွာညို အခန်းထဲဝင်သွားတော့ ကိုကြီးကို ပြောရသည်။

"ကိုကြီးရယ်၊ သူလည်း ကလေး မဟုတ်တော့ဘူး။ သူအမွေရတဲ့ပိုက်ဆံ သူ့ဘာသာ ကိုင်သုံးပါစေလား။ ကိုကြီး က ဘာလို့ သူ့ဘဏ်စာအုပ်ကိုကိုင်ထား တာလဲ"

"နင်မသိပါဘူး။ ယောကျ်ားအမျိုး တွေက ပိုက်ဆံချေးပြီး ပြန်ပေးချင်တာ မဟုတ်ဘူး။ ယောကျ်ားကလည်း ငပျင်း ရယ်၊ လက်ကြောမတင်းဘူး။ ပိုက်ဆံ ကုန်သွားရင် ငါပဲ သူ့သားအတွက် စိတ် ပူရမှာ။ သူတို့ပိုက်ဆံ ဘဏ်မှာရှိနေတာ တောင် ငါကပဲ ကြည့်ရှုနေရတာ။ ငါက ညဆို အစောကြီးအိပ်တာ၊ သူတို့က တီဗီကြည့်တာနဲ့ အနည်းဆုံး ညဉ့် (၁၂) နာရီလောက်မှ အိပ်ကြတာ။ မီတာခ ကျတော့ ငါကပဲ ပေးရတာ။ နင်မသိတာ တွေ အများကြီးပါ။ သူ့ကို မသုံးရဘူး မဟုတ်ဘူး၊ တစ်သိန်းထုတ်သွားရင် ဘာ တွေသုံးတယ်ဆိုတာ စာရင်းပြဆို မပြ နိုင်ဘူး။ ငါကလည်း ငါသေသွားရင် သူ တို့ဘဏ်စာအုပ် ဘယ်နေရာမှာသိမ်း ထားတယ်ဆိုတာ မြတ်လေးကို ပြောပြ ထားတယ်။ သူတို့စာအုပ် သူတို့ကိုပြန် ပေးလိုက်။ ငါ့ပစ္စည်းတွေနဲ့ ပိုက်ဆံတွေ လည်း သူ့ကလေးကို အမွေပေးခဲ့မယ် လို့ မှာထားတာ"

ကျွန်မ မောင်နှမနှစ်ယောက် ကြားထဲလည်း မဝင်တော့ပါ၊ ကိုကြီးကို ကန်တော့ပြီး ပြန်လာခဲ့သည်။

နယ်ပြန်ရောက်မှ ခင်ခွာညိုဆီ ဖုန်းဆက်ပြောရသည်။

"အစ်ကိုကြီးက ငါ့ကိုပြောရှာပါ တယ်။ သူ မရှိတော့ရင် နင့်သားကိုပေး မှာတဲ့။ နင်လည်း ကိုကြီးကို အဖေလို သဘောထားပြီး ပြုစုပါ။ ပြုစုရပြီး ငြို စူနေရင် လုပ်ပေးရပြီး ကုသိုလ်မရဘဲ နေလိမ့်မယ်နော်"

"အစ်မက မသိလို့။ အစ်မလာ တုန်းက အစ်မ ရှိနေတုန်းမို့လို့ မဆူတာ၊ တစ်ခါတလေ ဘာမှန်းမသိ ဆူနေတာ။ အစ်မအစ်ကိုက သူ့ပိုက်ဆံကုန်တာ တောင် သေဦးမှာမဟုတ်ဘူး၊ အသံက မာသေးတာ။ ညီမရဖို့ မျှော်လင့်ပေး မနေပါနဲ့။ ညီမလည်း ညီမပိုက်ဆံကို ကိုယ့်ဘာသာ ကိုင်သုံးချင်သေးတယ်"

ညီမ၏စကားကြောင့် ရင်ထဲမ ကောင်း ဖြစ်သွား၏။ အစ်ကိုကြီးက လူ ပျိုကြီးဆိုသော်လည်း ကလေးချစ်သည်။ စံပယ့်သမီးမွေးတုန်းက ကလေးငိုလျှင် သူ့တူမကို ချီကာ ကတ်ဆက်ဖွင့်ရင်း ကရင်ဒုံးယိမ်းအက က,ပြီး ချော့သည်။ စံပယ်တို့ အလုပ်နှင့်နယ်ပြောင်းကြတော့ ခွာညို့ကလေးက သူနှင့်အတူ နေဆို တော့ ပိုချစ်သည်။ ခွာညိုသည် အရင်က အစ်ကို ဘာပြောပြော၊ ဘယ်အစ်မ, ညီမ ကဘာပြောပြော ပြန်မပြောတတ်သော် လည်း အခု ပိုက်ဆံတန်ခိုးနှင့် အသံ ထွက်လာသည်။

ပိုက်ဆံသည် လူ၏စိတ်ကိုပြောင်း လဲစေသည်လား။ ပိုက်ဆံသိပ်ရှိသော သူများသည် လည်းကောင်း၊ ရာထူးရှိ သောသူများသည် လည်းကောင်း ကိုယ့် တပည့်လက်သားများကို မာရေကျော ရေပြောတတ်သည်ကို ကြားဖူးခဲ့သည်။ ပိုက်ဆံရှိသူတိုင်းတော့ မဟုတ်ပါ။ ပုတ် သင်ညိုသည်ပင် ရွှေတစ်ပဲသား ဆင် လိုက်တော့ ဘုရင်ကိုမခန့်လေးစားလုပ် သေးတာပဲ။

အရင်တုန်းက အစ်ကိုကြီး ထမင်း စားလျှင် ညီမများက အနားတွင်ဝိုင်း ကာ ဘာလိုသေးလဲ၊ စားကောင်းရဲ့လား၊ နောက်နေ့ ဘာစားချင်သလဲ မေးတတ် ကြသည်။ ခုတော့ အစ်ကိုကြီးနားတွင် ညီမတစ်ယောက်သာ အတူနေ ရှိတော့ သည်။

'လူတွေသည် မိသားစု အသိုင်း အဝိုင်းမှာထက် မိတ်ဆွေ အပေါင်းအ သင်းလောကမှာ ဆက်ဆံနေထိုင်ခြင်း က စိတ်ကျန်းမာမှုကို ပိုမိုဖြစ်ပေါ်စေ သည်' တဲ့။

ဆက်လက် ရှင်းထားသည်က-

'မိသားစုအတွင်း ချစ်ခြင်းသံယော ဇဉ် အစစ်အမှန်များက ပူပန်ခြင်း၊ အား မရခြင်း၊ ကောင်းစေလိုခြင်း ဆိုတဲ့ စိတ် ဇောဆန္ဒ စစ်စစ်မြစ်မြစ်ကြီးများကို ဖြစ် ပေါ်ပူလောင်စေသည်ဆို၏။ မိတ်ဆွေ အပေါင်းသင်းများကြားမှာတော့ ဘယ် လောက်ပင် ချစ်သည်, ခင်သည် ဆိုစေ ဦး၊ ဒီလို ပူပန်တောက်လောင်မှုတွေ မဖြစ်ပေါ်နိုင်ဘဲ ပေါ့ပါး လွတ်လပ်တဲ့ ဆက်ဆံရေးများက လူကို လန်းဆန်း ပျော်ရွှင်စေသည်' တဲ့။

'ရန်တွေဘာတွေ မဖြစ်၊ စိတ် သဘောထား မတိုက်ဆိုင်တာမျိုးတွေ မတွေ့ရင်တော့ ကောင်းတာပေါ့နော်။ ပြောတော့လည်း ဟုတ်တာပဲ။ စိတ်ချင်း မတိုက်ဆိုင်တဲ့အခါလည်း မတိုက်ဆိုင် တာထက် ဘာပိုဖြစ်မလဲ၊ ဘာမှမဖြစ်။ ခဏတစ်ဖြုတ် အခေါ်အပြော တန်းချင် တန်းမယ်၊ ဒါလောက်ပဲ။ ကိုယ့်ခေါင်း ပေါ်တင်ရွက်ထားရတာမဟုတ်၊ ကိုယ် က ခင်ရုံပဲခင်တာကိုး။

ချစ်တဲ့အခါကျ ဒီလိုမဟုတ်။ အ မှန်ပင် ပူလောင်သည်။ မိသားစုမှာကျ ချစ်တာ, မချစ်တာ အသာထား၊ တာ ဝန် ဆိုတာကြီးကလည်း အရိပ်လို ကပ် လိုက်နေပြန်သေးသည်။ မိသားစုတာ ဝန်ကိုတော့ လူတိုင်းလို အနည်းနှင့်အ များတော့ ထမ်းဖူးခဲ့သူ၊ ထမ်းနေဆဲသူ တစ်မျိုးမျိုးတော့ ဖြစ်ကြပေမည်'

ဆိုသော ဘဝနေနည်းစာအုပ်ထဲ မှစာကို ဖတ်ရတော့ အစ်ကိုကြီးနှင့်ညီမ လတ်တို့သည်လည်း မိသားစုတာဝန်များ ထမ်းဆောင်ရင်း ပူလောင်နေကြရ၏။ မရှိခင်က မရှိတာနှင့်ကျေနပ်ရောင့်ရဲပြီး ရှိတော့ ရှိသည့်အလျောက် မကျေနပ် ချက်တွေပေါ်လာကြသည်။

အိမ်ကို တံခါးမရှိ၊ ဓားမရှိ ဖွင့် ထားပြီး ဘာပစ္စည်းမှမရှိ၍ ခိုးမှာဝှက်မှာ စိုးရိမ်ပူပန်ရခြင်းမရှိသော အေးချမ်းခြင်း မျိုးသည် ငွေရှိလာသည့်အခါ ထိုငွေ ကိုသုံးလိုသည့်စိတ်၊ ထိုငွေအတွက် ပူ လောင်လာသောစိတ်များ ဖိစီးလာ၍ မောင်နှမချင်းပင် စိတ်ချင်းမတိုက်ဆိုင် ချင်တော့။ မောင်နှမဆိုသည်က မတော် ချင်လို့လည်း မရ၊ မခေါ် ချင်လို့လည်းမရ ကြ။

ထိုအိမ်ကြီးကို ဒီအတိုင်းပဲထား ကာ မောင်နှမတစ်တွေ ဥမကွဲ သိုက်မ ပျက်နေခဲ့ကြပါလျှင် အရင်လို ပျော်စရာ ဘဝလေးပျက်စီးမည်မထင်။ အခုတော့ ငွေရှိခြင်းသည် လူ၏စိတ်ထားကိုပြောင်း လဲစေသတဲ့လား။ စံပယ်ကတော့ ငွေရှိ လည်း စိတ်ထားပြောင်းမည် မဟုတ်ပါ။ ထိုငွေကြေးများသည် ကိုယ်လျှုဒါန်းမှ သာ ကိုယ့်နောက်ပါမည်ဖြစ်ပြီး သေ သော် ယူသွား၍မရ။ သူများလွှမ်းပေး လိုက်သည့် အဝတ်အစားတစ်စုံဖြင့်သာ သံသရာခရီးရှည်ကို သွားကြရမည့် သံ သရာခရီးသွားများ ဖြစ်သောကြောင့် ဖြစ်ပါသည်။

စောမိသွင် (ရန်ကုန်)

*(တခြားအကြောင်းအရာများရေး ပါဦး ဆိုသော ဆရာဦးရဲတင့်သို့ အပ်ပါ တရ)*


www.burmeseclassic.com

www.burmeseclassic.com

ရှေးမြန်မာဝေါဟာရများထဲတွင် စနည်း၊ တဘောင်၊ ဒိဗ်ခုံ၊ နိမိတ် စသည့် ဝေါဟာရများရှိကြသည်။ ယင်းဝေါဟာရများသည် ယေဘုယျအားဖြင့် အနာဂတ်ကို ကြိုတင်သိမြင်နိုင်ရန် ညွှန်းဆိုသော အမှတ်လက္ခဏာများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

စနည်း ဟူသည် ဤအမှု ဤသို့ဖြစ်မည်၊ မဖြစ်မည်ကို ထင်ရှားသိသာပါစေ ရည်မှတ်လျက် သူတစ်ထူးထံ မထင်မရှား စကားကိုနာခံလျှင် နတ်တို့ပံ့ပြင်သဖြင့် ကြားသိရသောစကားဟူ၍ နေမိတ္တကဝိဇ္ဇာကျမ်းက ဆိုသည်။ မြန်မာစကားတွင် စနည်းနာသည် ဟူသော အသုံးအနှုန်းရှိပါသည်။ အရိပ်အခြည်ကိုကြည့်၍ အနာဂတ်အသုံးအတွက် မှန်းဆခြင်းဖြစ်ပါသည်။

တဘောင် ဟူသော ဝေါဟာရကို သူငယ်တို့ ခြည်တမ်း ကြွေးကြော်သော စကားဟု နေမိတ္တကဝိဇ္ဇာကျမ်းက ဆိုသည်။ တဘောင် ဟူသော ဝေါဟာရကလည်း မြန်မာစကားတွင် အသုံးများ





www.burmeseclassic.com

www.burmeseclassic.com

လုပါသည်။ အထူးသဖြင့် ရှေးရာဇဝင်ကျမ်းများတွင် မည်သို့မည်ပုံ တဘောင်ပေါ်ခဲ့သဖြင့် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည် ဆိုခြင်းမျိုးကို ဖတ်ရှုရတတ်ပါသည်။

ဒိဗ်စုံ ဟူသော ဝေါဟာရမှာမူ မြန်မာတို့နှင့် စိမ်းလှသည် ထင်ပါသည်။ ဒိဗ်စုံသည် ပါဠိဘာသာ ဒိဗ္ဗစုမာမှ ဆင်းသက်လာခြင်း ဖြစ်သည် ဆို၏။ နိမိတ်၊ တဘောင်၊ စနည်းတို့ကို အဓိပ္ပာယ်ဖော်သောကျမ်းဟူ၍ နေမိတ္တကလင်္ကာကျမ်းက ဆိုပါသည်။ တစ်ခါတစ်ရံ အိပ်မက်တတ္တုံကျမ်း ဟူသော ဝေါဟာရမျိုးကို တွေ့ရတတ်ပါသည်။ နိမိတ် ဟူသော ဝေါဟာရကိုမူ ပါဠိဘာသာအမည် နိမိတ္တမှ ဆင်းသက်လာပြီး 'အိပ်ရာထကာ ပထမဆုံးမြင်သော ကောင်းသောအရာ၊ ဆိုးသောအရာ' ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ 'မျက်မြင်နိမိတ်၊ တိတ်မှာလက်ဆောင်၊ အသံမှာ တဘောင်' ဟု ဆိုရိုးစကားရှိပါသည်။

ရှေးမြန်မာမင်းတို့ ပျက်ယွင်းမည့် နိမိတ်နှင့် ပတ်သက်၍ မဟာမင်းလှမင်းခေါင်ကျော်ဘွဲ့ခံ ဦးရွှန်း၏ ဥမ္မာဒန္တီပျို့တွင်-

*'စနည်းတဘောင်၊ ဒိဗ်စုံဆောင်လျှင်၊ နှားထောင်သသူ၊ နိမိတ်ယူသား၊ လူအသွယ်သွယ်၊ ကြည့်ရှုကြွယ်လည်း၊ ရေဝယ်မိကျောင်း၊ ပေါ်လျှင်းတောင်းသို့၊ အောင်း၍ရေထဲ၊ ပျားငမွဲနှင့်၊ ပျံ့ဝဲလင်းတ၊ မကျနန်းဦး၊ ဘီလူးရယ်ရွှင်၊ . . .'*

စသည်ဖြင့် ရေးဖွဲ့ စပ်ဆိုထားပါသည်။

'ရေဝယ်မိကျောင်း၊ ပေါ်လျှင်းတောင်းသို့၊ အောင်း၍ရေထဲ' ဟူသည် ရေတွင် မိကျောင်းပေါ်သည့်နိမိတ် ဖြစ်ပါသည်။ ယင်းနိမိတ်က ရှင်ဘုရင် နတ်ရွာစံမည့်နိမိတ်တစ်ခု ဖြစ်သည် ဆိုပါသည်။ ထင်ရှားသော နိမိတ်အဖြစ် ပုဂံဥဇနာမင်း နတ်ရွာစံလုနီးအချိန်တွင် မိကျောင်း (၇) ကောင် ပေါ်ခဲ့ကြောင်း မဟာရာဇဝင်ကြီး၌ ဖတ်ရှုရပါသည်။

'ပျားငမွဲနှင့်' ဟူသော နိမိတ်က အိမ်တော်၊နန်းတော်တို့ပျားစွဲသောနိမိတ် ဖြစ်ပါသည်။ ထိုသို့ ပျားစွဲလျှင် ရှင်ဘုရင် ပျက်စီးမည့်နိမိတ်ဟု မှတ်ယူကြ၏။ ပုဂံခေတ်ဦးကာလ ရွှေလောင်းမင်းနတ်ရွာစံလုနီးအချိန်တွင် နန်းတော်ထက်၌ ပျားစွဲခဲ့သည်။ အလားတူ အနော်ရထာမင်း နတ်ရွာစံလုနီးအချိန်၌လည်း ပျားဖွဲ့နိမိတ်



ကို တွေ့ရှိရ၏။ ဦးကုလား၏ မဟာရာဇဝင်ကြီး(ပထမအုပ်)တွင် 'သက်တော် ၆၆ သော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် နန်းတော်ဥကင်တံခါးဝယ် ပျားစွဲ၏' ဟူ၍ ဖော်ပြထားသည်။

'ပျံ့ဝဲလင်းတ၊ မကျနန်းဦး' ဟူသည် နန်းတော် စသည့် လူနေအဆောင်တို့တွင် လင်းတနားခြင်း ဖြစ်သည်။ လင်းတကို မကောင်းသောနိမိတ်အဖြစ် မှတ်ယူကြပါသည်။ နန်းတော်ဆောင်များထက်၌ လင်းတနားလျှင် ရှင်ဘုရင်များနတ်ရွာစံမည့်နိမိတ်ဟု မှတ်သားထားကြသည်။ သာဓကအားဖြင့် ပုပ္ပားစောရဟန်းမင်း နတ်ရွာစံလုနီးအချိန်တွင် လင်းတခုနစ်ကောင်နားခဲ့ကြောင်း မဟာရာဇဝင်ကြီး၌ ဖတ်ရှုရ၏။

ပုဂံဘုရင် ပိတ်သုံမင်းနှင့် ကျစွာမင်းတို့ နတ်ရွာစံလုနီးအချိန်ကလည်း လင်းတနားခဲ့ဖူးပါသည်။ ပိတ်သုံမင်းအကြောင်းတွင် 'လင်းတအများ နန်းတော်ဝယ်ပျံ့ဝဲ၍ ကျအုံ့သို့ရှိ၏' ဟု ရေးသားထားသကဲ့သို့ ကျစွာမင်းအကြောင်းတွင်လည်း 'သက်တော် ၃၅ သော် အနိစ္စရောက်တော်မူ၏။ ရောက်တော်မူလိုသော် မြင်းတင်းကုပ်တွင် လင်းတများစွာနား၏' ဟူ၍ ရေးသား ဖော်ပြထားပါသည်။

'ဘီလူးရယ်ရွှင်' ဟူသည် ဘီလူးရယ်ခြင်းမှာ ဘုရင်များပျက်စီးမည့်နိမိတ် ဖြစ်ကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။ ပုဂံဘုရင် ခန်းလတ်မင်း၊ ကျည်စိုးမင်းတို့ နတ်ရွာစံလုနီးအချိန်တွင် နန်းထက်၌ ဘီလူးရယ်ကြောင်း ဦးကုလား၏ မဟာရာဇဝင်ကြီးက ဆိုပါသည်။ ရှေးမြန်မာမင်းများ၏ နတ်ရွာစံနိမိတ်များအနက် ဘီလူးရယ်ခြင်းက တစ်မူထူးခြားနေပါသည်။

ဤတွင် ရှေးမြန်မာတို့၏ ဘီလူး ဟူသော အယူအဆက စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ဘီလူးသည် မြန်မာရာဇဝင်အစ တကောင်းခေတ်ကပင် စတင်ခဲ့၏။ တကောင်းဘုရင်နှင့် မိဖုရားတို့မှ ဖွားမြင်သူ မဟာသမ္ဘဝ၊ စူဠသမ္ဘဝ မျက်မမြင်ညီနောင်အား ရေသို့မျှောချစဉ် စန္ဒမုခီဘီလူးမက လိုက်လံနှောင့်ယှက်ခဲ့သည်။ ပုဂံခေတ်တစ်လျှောက်တွင်လည်း ဘီလူးကို အခါအားလျော်စွာ တွေ့ရတတ်သည်။

ခေတ်သစ် သမိုင်းအမြင်အရမူ ဘီလူးသည် နီဂရိုက် (နီဂရစ်တို) ခေါ် ကပ္ပလီနွယ်ဖွားများ ဖြစ်ကြသည်။ သူတို့အား ဥရောပသမိုင်းပညာရှင်များက ဆယ်မိုင်း (Semai) ဟု ခေါ်ဆိုကြပါသည်။ တစ်ချိန်က သံလွင်မြစ်ဝရှိ ကျွန်းကြီးထက်တွင် ယင်းဆယ်မိုင်းလူမျိုးခေါ် ဘီလူးများ နေထိုင်ခဲ့ကြဖူးသည်။ သို့ကြောင့်လည်း ဘီလူးကျွန်း ဟူသော အခေါ်အဝေါ်က ယနေ့တိုင်ရှိခဲ့သည်။

ဆယ်မိုင်းခေါ် ဘီလူးတို့သည် မွန်တိုင်းရင်းသားတို့၏ တိုက်ခိုက်မှုကြောင့် ခရစ်တော်မပေါ်မီကာလပင် ယင်းနေရာကို စွန့်ခွာသွားခဲ့ကြသည်ဟုလည်း အဆိုရှိကြ၏။ မွန်တိုင်းရင်းသားတို့က သူတို့အား 'စမောင်း' ဟု ခေါ်ကြသည်။ နောက်ပိုင်း မြန်မာရာဇဝင်ကျမ်းထဲတွင် အသားမည်းနီဂရစ်တိုမျိုးနွယ်စုမှန်သမျှအား ဘီလူး ဟူ၍သာ ခေါ်ဆိုကြတော့သည်။ မြန်မာမင်းများလက်ထက်အစောပိုင်းကာလက ယင်းနီဂရစ်တိုနွယ်အချို့ နန်းတွင်း၌ အမှုထမ်းခဲ့ကြဟန် တူပေသည်။ သို့သော် ဘီလူးရယ်ခြင်းနှင့် ရှေးမြန်မာမင်းတို့ ပျက်ယွင်းမည့်နိမိတ်မှာ မည်သို့ ဆက်စပ်လျက်ရှိသည်ကိုမူ နားလည်ရန် ခက်ခဲလှပေသည်။

တင်နိုင်တိုး


ကျမ်းကိုး -

၁။ ဥမ္မာဒန္တီပျို့
(ဦးတင်နှင့်ဦးဘိုးဖြူတည်းဖြတ်)

၂။ မွန်တို့ဌာနေ ရာမည
(သုတေသီ-မာမက)




www.burmeseclassic.com

www.burmeseclassic.com

၁၁ ခုနှစ်၊ စက်တင်ဘာလမှာ မန္တလေးအရှေ့ပြင် ယာဉ်ပျံ နေခြည်စိုးအိမ်ကို ရောက် ၊ ကျွန်တော် ခရီးသွားရင် စာ အသင့်အတင့် ထည့်သွားလေ့ စိတ်ကူးပေါက်ရင် ရောက်ရာ စာရေးတတ်လို့ပါပဲ။

ကောင်းကောင်းနဲ့ ရေးလိုက် လေးပုဒ် ပြီးသွားတယ်။ ပါ စာရွက်လည်း ကုန်ကရော ဆိုပါ ဒီလိုမှန်းသိရင် များများထည့်ခဲ့ လို့ နောင်တရမိပါတယ်။

ဒါဆိုရင် ကျွန်တော် စာရေးစက္ကူ ဦးမှဖြစ်မယ် ဆိုပြီး ၆၂ လမ်း နေ ဈေးချိုကို လိုင်းကားစီးပြီး တယ်။ ဈေးချိုရောက်တော့ စာ ယာအရောင်းဆိုင်လိုက်ရှာတာ ပြီး တစ်ထပ် နှံ့သွားတာပါပဲ။ ဘူး၊ အထည်ဆိုင်တွေချည်းသာ တွေ့ရတယ်။ ဒါနဲ့ လမ်းမကြီးတစ်လျှောက်ရှာကြည့်ပြန်တယ်။ ဘယ်လိုမှ ရှာမရတာကြောင့် လိုင်းကားစီးပြီး ပြန်ခဲ့ပါတော့တယ်။ အိမ်ပြန်ရောက်တော့မှ သမီးကို ပြောပြမိပါတယ်။

"အဖေ- ဈေးချိုမှာစာရေးစက္ကူ သွားရှာတာ၊ နှံ့သွားတာပဲ။ မတွေ့တာနဲ့ပြန်ခဲ့ရတယ်။ စာရေးစက္ကူတွေရောင်းတဲ့ဆိုင် ဘယ်နားမှာရှိသလဲ သမီး"

"ဩော်- အဖေကလည်း သမီးကိုမှ မပြောတာ။ စာရေးကိရိယာဆိုင်က သမီးတို့နဲ့မဝေးဘူး၊ အနီးအနားမှာပဲရှိနေတာ။ အဖေ့ရဲ့စက္ကူ နမူနာပေးလိုက်၊ သမီး အခုပဲ သွားဝယ်ပေးမယ်"

လို့ ဆိုတာကြောင့် ကျွန်တော်က စက္ကူနမူနာ ပေးလိုက်ပါတယ်။ သမီးဟာ ဆိုင်ကယ်နဲ့ ချက်ချင်း ထွက်သွားပါတယ်။

မြန်မာနိုင်ငံတော်ရဲ့ ဒုတိယမြို့တော်ဖြစ်တဲ့ မန္တလေးမြို့ဟာ ဆိုင်ကယ်စီးခွင့်ရှိတဲ့မြို့ပါ။ လမ်းတွေတိုင်းမှာ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ အလွန်ပဲ များလှပါတယ်။ ကား၊ ဆိုင်ကယ်၊ စက်ဘီး ရှုပ်ထွေးနေတာပါပဲ။

ဒါပေမယ့် မန္တလေးသူ၊ မန္တလေးသားတွေဟာ စည်းကမ်းရှိကြပါတယ်။ ဖြည်းဖြည်းချင်း စနစ်တကျ ငြိမ်ငြိမ်ညာညာ စီးလေ့ရှိကြတယ်၊ ဒါကြောင့် တိုက်မှု၊ သေဆုံးမှု ဆိုတာ ဖြစ်ခဲပါတယ်။

ပထမမြို့တော်ဖြစ်တဲ့ မြို့တော်ရန်ကုန်မှာတော့ ဆိုင်ကယ်စီးခွင့် မရှိတာမို့ ဆိုင်ကယ်ပြဿနာဆိုတာ လုံးဝမရှိပါဘူး။ လမ်းတွေမှာ ကားတွေချည်းဆိုတော့ မြင်ကွင်းရှင်းသလို မောင်းသူ



ကျော်ကျော်စိုး

ဆက်စာ



www.burmeseclassic.com

www.burmeseclassic.com

တွေမှာလည်း အမြင်ရှင်းပါတယ်။ အန္တရာယ်လည်း ကင်းပါတယ်။

နေပြည်တော်ကြီးမှာကျတော့ ဆိုင်ကယ်တက္ကစီတွေ၊ ဆိုင်ကယ်ကိုယ်ပိုင်စီးသူတွေ များလွန်းပြီး လမ်းမကြီးတွေ အလွန်ကျယ်ဝန်းကောင်းမွန်တဲ့အတွက် မီးကုန်ယမ်းကုန်စီးကြလေ့ ရှိပါတယ်။ ဒါက နေပြည်တော်မှာ ခေတ်စားနေတဲ့ စတိုင်ပါ။

အဲဒီလို အလွန် ပြေးအားကောင်းတဲ့ဆိုင်ကယ်တွေကို လီဗာအကုန်တင်ပြီး စီးကြတာကြောင့် ရုတ်တရက် ဘွားခနဲ အန္တရာယ်ကြုံတဲ့အခါ မထိန်းနိုင်မသိမ်းနိုင်ဖြစ်တာကြောင့် တိုက်သူရော အတိုက်ခံရသူပါ သေဆုံးကြရတဲ့အဖြစ်တွေဟာ အများအပြား ရှိခဲ့ကြပါတယ်။ တွေ့ကြုံနေရသမျှ မိန်းကလေးတွေ ဖြစ်ခဲ့ပြီး ယောကျ်ားလေးများသာ အဖြစ်များကြပါတယ်။ ကားကိုဝင်တိုက်မိတယ်ဆိုရင်တော့ မတွေးဝံ့စရာအဖြစ်တွေပါ။

ကျွန်တော့်သမီး စာရွက်ထုပ်သွားဝယ်တာ မကြာလိုက်ပါဘူး၊ ခဏနဲ့ ပြန်ရောက်လာပါတယ်။

"အဖေ- ဒါမျိုးစက္ကူ မဟုတ်လား"

"ဟုတ်တယ် သမီး။ အလို- နှစ်ထုပ်တောင် ဝယ်လာတာကိုး။ တစ်ထုပ်လောက်ဆို ရပါပြီ သမီးရယ်"

"ဩော်- အဖေရယ်၊ နောင်လည်း ဝယ်ရမယ့်အတူတူ နှစ်ထုပ် ဝယ်လာတော့ ကြာကြာရေးရတာပေါ့။ တစ်ထုပ်မှ ထောင့်ငါးရာပဲပေးရတာ၊ ဘာများတာမှတ်လို့"

အဲဒီမှာ ကြည့်နေတဲ့ ကျွန်တော့်ဇနီး မဒမ်ကျော်စိုးက နှုတ်သီး အလွန်ကောင်းသူဖြစ်တော့ကာ လွှတ်ခနဲ ဝင်ပြောပါတယ်။

"အဲဒါ ခင်ဗျားတစ်သက်စာပဲ"

. . . တဲ့ဗျာ။

ပြောလိုက်ပုံကတော့ တကယ့်ပီဿာလေးနဲ့ ဘေးထုလိုက်သလို ခံစားလိုက်ရပါတယ်။ သူကတော့ ဘာရယ်မဟုတ်ဘူး၊ စကားနိုင်ယူပြီး ပြောလိုက်တာပါပဲ။

သို့တည်းမဟုတ်. . .

မလုပ်နိုင်မကိုင်နိုင် လူပိုကြီးလိုဖြစ်နေတဲ့ ကျွန်တော့်ကို လူပြည်မှာ မမြင်ချင်တော့လို့များ ရင်ထဲက အရှိစကား ရုတ်တရက် ထွက်လာသလားတော့ မသိဘူးပေါ့လေ။ ဒါကိုတော့ ကာယကံရှင်ပြောသူသာ သိမှာပါ။

အဲဒီ 'တစ်သက်စာ' ဆိုတဲ့ စကားဟာ ကျွန်တော့်နားထဲမှာ စွဲနေပါတယ်။ ကျွန်တော့်ဇနီးကတော့ သူပြောချင်ရာ ပြောပြီး မေ့သွားမှာ ဖြစ်ပေမယ့် ကျွန်တော့်လို အမှတ်သညာကြီးတဲ့လူကတော့ လုံးဝ မမေ့နိုင်တဲ့ စကားတစ်လုံးပါ။

## စက္ကူနှစ်ထုပ်

ကျွန်တော် စာရေးပြီဆိုရင် ဇာတ်လမ်းထဲနစ်ဝင်နေတဲ့အခါ တစ်ရွက်ပြီး တစ်ရွက် မနားတမ်း ရေးနေလေ့ ရှိပါတယ်။ တစ်ခါတစ်ရံ တစ်ရက်တည်းနဲ့ ဝတ္ထုတိုနှစ်ပုဒ်လောက် ပြီးတဲ့နေ့တွေ ရှိတယ်။ တစ်ခါတစ်ရံလည်း ပျင်းစိတ်ဝင်ပြီး လေး၊ ငါး၊ ဆယ်ရက် မရေးဘဲလည်း နေတတ်တယ်။

သမီးဝယ်ပေးလိုက်တဲ့ စက္ကူနှစ်ထုပ်ဆိုတာ ရေးအားကောင်းနေရင် လအနည်းငယ်အတွင်း ပြောင်သွားနိုင်တဲ့အနေအထားပါ။ ပြောင်လည်း ပြောင်ပါတယ်။

အဲဒီ စက္ကူနှစ်ထုပ်ဟာ. . .

'ခင်ဗျား တစ်သက်စာ'

. . . ဆိုတော့ စဉ်းစားကြည့်ပေါ့လေ။

ဒီစက္ကူနှစ်ထုပ်ကုန်ရင် ကျွန်တော်က သေရတော့မယ့်သဘောပါ။

သူ့အနေနဲ့ စက္ကူနှစ်ထုပ်ဟာ အများကြီးလို့ ထင်ကောင်းထင်နေမှာပေါ့။ စာမှမရေးဘူးဘဲကိုး။ ဒီတော့ ဒီစက္ကူနှစ်ထုပ်ဟာ နှစ်ပေါင်းများစွာရေးနေရလိမ့်မယ်လို့များ ထင်သလားတော့ မသိပါဘူး။

အကြောင်းအမျိုးမျိုးပေါ့လေ၊ အဲဒီစကားနဲ့ နှယ်ရာလေးတွေ တွေးနေတတ်ပါတယ်။

အ,မနာပ စိတ်ထားနဲ့ ကျွန်တော့်သက်တမ်းကို စက္ကူနှစ်ထုပ်နဲ့ ပိုင်းလိုက်ခြင်းပါ။ ရှိစေတော့။ ကျွန်တော်ဟာ လွန်စွာသည်းခံတတ်သူမို့ ခွန်းတုံ့မပြန်ပါဘူး၊ ဘာမှလည်း ပြန်မပြောပါဘူး။

'ခန္တီ ပရမံ တပေါ တိ တိက္ခာ' ဆိုတဲ့အတိုင်း သူတော်ကောင်းထုံးကိုနှလုံးမူကာ သည်းခံခြင်းတရားနဲ့ ဆိတ်ဆိတ်နေကာ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်လည်သုံးသပ်မိပါတော့တယ်။

## သတ္တဝါတိုင်းကြုံရမယ့်အရာ

သတ္တဝါတိုင်း ကြုံရမယ့်အရာက သေခြင်းတရားပါ။ အချို့ သတ္တဝါတွေဆို အိုခြင်း၊ နာခြင်း ဆိုတာတောင် မကြုံလိုက်ရဘဲ ပဋိသန္ဓေတည်နေစဉ်မှာ၊ မွေးပြီးစအရွယ်မှာ၊ ကလေးဘဝအရွယ်မှာ၊ နုပျိုစအရွယ်မှာ သေဆုံးကုန်တာတွေ ရှိတယ်။ သူတို့တွေမှာ အိုချိန်၊ နာချိန်တောင် မရလိုက်ကြရှာပါဘူး။ ဒါက သာမန်လောကရဲ့အမြင်ပါ။

အရက်ကို စွဲသောက်နေကြတဲ့ အရက်ကြိုက်လူငယ်တွေ ငယ်ငယ်လေးတွေနဲ့ သေလိုက်တာ တဖြုတ်ဖြုတ်ပါပဲ၊ အဲဒါကြောင့် သူတို့ခမျာ အိုချိန်မရရှာကြပါဘူး။ ဒါကြောင့် ခုခေတ်လူတွေက အရက်ကို 'မအိုဆေး' ရယ်လို့ တင်စားခေါ်ဝေါ်နေကြခြင်းပါ။ ဒါက သာမန်လူ့လောကရဲ့သတ်မှတ်ချက်ပါ။

မြတ်စွာဘုရားရှင်က အဘိဓာသုတ်တော်မှာ လူတွေကြုံတွေ့ရမယ့် တရားငါးပါးမှ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတာကို အရင်ပြပါတယ်။ လူမှန်ရင် အိုရ၊ နာရ၊ သေရမှာ အမှန်ပါ။ လူတွေကလည်း ဒါကိုသိနေကြပါတယ်၊

ပဋိသန္ဓေ တည်သည်မှစပြီး ရုပ်တွေ၊ နာမ်တွေဟာ ဖြစ်၊ တည်၊ ပျက် သို့မဟုတ် ဖြစ်၊ ပျက်၊ ချုပ် ဆိုတဲ့ သဘောတရားအတိုင်း မနားတမ်း ဖြစ်ပျက်နေတာပါ။ အဲဒီ မနားတမ်း ဖြစ်ပျက်နေခြင်းဟာ အိုလာခြင်းသဘောတရားပါ။ အဲဒီ ရုပ်, နာမ်တွင် ဖောက်ပြန်လို့လာခဲ့ရင် နာခြင်းသဘောတရားပါပဲ။ နာရာက ပြန်လည် နာလန်မထူတော့ဘဲ ဘဝတစ်ခု ရုပ်သိမ်းချုပ်ငြိမ်းရင် အဲဒါ သေခြင်းတရားပါ။

ဒီတော့ ဗုဒ္ဓအလိုအရဆိုရင် ကျွန်တော်တို့အားလုံးဟာ ဘယ်သူမှ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတဲ့ တရားကနေ မလွတ်ပါဘူးဗျာ။ ပဋိသန္ဓေဘဝမှာ သေလည်း အို၊ နာ၊ သေက မလွတ်ဘူး။ ကလေးဘဝမှာ သေလည်း အို၊ နာ၊ သေက မလွတ်ဘူး။ ကျွန်တော်တို့လို ၆၀ ကျော်တွေ ဆိုတော့ ပြောစရာတောင် လိုမယ်မထင်ပါဘူး။ အလွန်ထင်ရှားတဲ့ သာဓကနိမိတ်တွေ ပိုင်ဆိုင်ထားပြီကိုး။

## အရွယ်

ဒီနေရာမှာ ကျွန်တော်တို့ ငယ်ငယ် ဓာတ်ပြားခေတ်က ရွှေကျီးညို ပဲခူးမြ၊ ဓာတ်ဆီဓာတ်ဆံတို့ သွင်းထားတဲ့ 'သဒ္ဓါသုမန' ဇာတ်ထုပ်ထဲက ဇာတ်ဝင်ခန်းလေးကို ပြေးပြီးသတိရမိတယ်။

သဒ္ဓါသုမနက ဗုဒ္ဓဘာသာ၊ သူ့ယောက္ခထီးကြီးက ဘာသာခြား အယူဝါဒဖြစ်တဲ့ တိတ္ထိတွေ ကိုးကွယ်တယ်။ အဲဒီ ယောက္ခထီးကြီးဟာ သဒ္ဓါသုမန



www.burmeseclassic.com

www.burmeseclassic.com

ကျင်းစီးအောင် သူ့ခင်ပွန်း မရှိခိုက် ကိစ္စတွေနဲ့ပေါင်းပြီး အမျိုးမျိုး ကြံစည် တယ်။ သဒ္ဒါတရားကြောင့် သုမနဟာ ဘာမှမဖြစ်ပါဘူး။ အဲဒီမှာ ဇာတ်ဝင် ခန်းထဲက ခေါတ်ဆီ ခေါတ်ဆံ ပြက်ပုံက လေးကို အနည်းငယ်တင်ပြချင်ပါတယ်။

"ဘုရားလေးရေ"

"ဘာတုံး ဘုရားကြီးရဲ့"

"သဒ္ဒါသုမနသေရင် နားတောင်း ကို အရင်ပြေးချွတ်လိုက် ဘုရားလေးရဲ့"

"ဘာပြုလို့တုံး ဘုရားကြီးရဲ့"

"မသာနဲ့ နားတောင်း ကြည့်မ ကောင်းဘူးလေ"

လို့ ပြောတဲ့အခါ ပွဲကြည့်ပရိ သတ်တွေရဲ့ရယ်သံတွေ ထည့်ပေးထား ပါတယ်။ ဒါက ရှေးတုန်းက ခေါတ်ပြား ခေါတ်ကဖွင့်ခဲ့တာကို မှတ်မိနေတာပါ။ ရွာမှာ အလှူမင်္ဂလာရှိရင် ဖွင့်နေကျကိုး။

ဒါက ဆက်စပ်မှုလေးရှိလို့ တင် ပြခြင်းပါ။ ကျွန်တော်ဟာ သန့်သန့်ရှင်း ရှင်း လှလှပပနေတတ်တဲ့ အကျင့်ရှိ တော့ကာ မိုးကုတ်ထုံးစံအတိုင်း တွင်း ထဲရာကပြန်လာရင် ပေတေနေတဲ့ မြေ ကြီးတွေ၊ ရွှံ့တွေ ရေစင်အောင်ချိုးပြီး သနပ်ခါးသွေးလိမ်းလေ့ ရှိတယ်။

မြန်မာ့သနပ်ခါးဟာ အမြဲလိမ်း ရင် အလွန်ပဲ အသားချောပါတယ်။ ကျွန် တော်ဟာ ယောကျ်ားပေမယ့် သနပ်ခါး အမြဲလိမ်းတဲ့အခါ ဝက်ခြံ၊ တင်းတိပ် တာတွေ ကင်းပြီး မျက်နှာဟာ ချော ချွတ်နေတယ်။ ပြီးတော့ နှစ်လိုဖွယ် သနပ်ခါးနံ့လေးလည်း သင်းပျံ့ပျံ့နဲ့ မွှေး နေပါတယ်။

ကျော်စိုး အရုပ်ဆိုးလိုက်တာ၊ ကျော်စိုး အသားမည်းလိုက်တာ၊ ကျော် စိုးက နံစော်နေတာပဲ ဆိုတဲ့ ကဲ့ရဲ့သံမျိုး ကျွန်တော့်ဘဝမှာ တစ်ခါမှ မကြားခဲ့ ရပါဘူး။ တစ်ကိုယ်ရေ သန့်ရှင်းမှုအ ပြည့်နဲ့နေတဲ့အခါ ကျွန်တော်ဟာ ပျို ချိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်ခဲ့ရပါ တယ်။

အရွယ် ဆိုတဲ့ သဘာဝတရား ဟာ ငယ်ရာမှ တဖြည်းဖြည်း ကြီးလာ တဲ့အခါ အသက် ၄၀ နှစ် ဆိုတဲ့ အ ရွယ်ကို ရောက်ခဲ့ပါတယ်။ အဲဒီအခါ မှန်ထဲမှာကြည့်တိုင်း ကျွန်တော့်ရုပ်ရည် ဟာ ငယ်တုန်းကလို ဖောင်းအိမနေ တော့ဘဲ ဇရာဆိုတဲ့ အရေးအကြောင်း တွေ မျက်နှာမှာ ထင်လာခဲ့ပါပြီ။ မျက် နှာလည်း ချောင်ကျသွားခဲ့ပါပြီ။

ဩော် - ငါ အတော်အိုပါပေါ့ လား၊ ငါ့မျက်နှာနဲ့သနပ်ခါး လိုက်ဖက် မှု မရှိတော့ပါလား။ အသက် ၄၀ မှာ သနပ်ခါးတဖွေးဖွေးနဲ့နေရင် သဒ္ဒါသုမန ဇာတ်ထုပ်ထဲက ခေါတ်ဆီနဲ့ခေါတ်ဆံတို့ ပြက်သလို မသာနဲ့ နားတောင်း ကြည့် မကောင်းဘူး ဆိုတာလို အသက် ၄၀ နဲ့သနပ်ခါး မြင်သူတွေဟားလိမ့်မယ်လို့ တွေးမိပြီး အဲဒီနေ့ကစလို့ သနပ်ခါးမ လိမ်းတော့ပါဘူး။ ကျောက်ပျဉ်နဲ့သနပ် ခါးတုံးကို ဥပေက္ခာပြုလိုက်ပါတယ်။

အဲဒီအချိန်ကစပြီး အိုမင်းလာခဲ့ တဲ့ ကျွန်တော်ဟာ မှန်ကို မျက်ကွယ်ပြု လိုက်ပါတယ်။ လုံးဝ မှန်မကြည့်တော့ ပါဘူး။ ဆံပင်ညှပ်တဲ့အခါ ရှေ့မှာ မှန် ချပ်ကြီးရှိနေပေမယ့် မျက်လွှာချပြီး ဆံ ပင်အညှပ်ခံတာ ယနေ့အထိဆိုပါတော့။ ဆံပင်ညှပ်သူက ဘယ်လိုညှပ်ပေးပေး၊ တိုသွားရင် ပြီးတာပါပဲ။ ဇရာဆိုတဲ့ အ ရွယ်ကိုရောက်ခဲ့ပြီမို့ မှန်ကြည့်ပြီး ဇရာ ရဲ့အရသာကို မခံစားချင်တော့ပါဘူး။

ပြီးတော့ ကျွန်တော်ဟာ အရွယ် အသီးသီးမှာ ခေါတ်ပုံရိုက်ပြီး အယ်(လ်) ဘမ်နဲ့ စုတတ်တဲ့အကျင့် ရှိပါတယ်။ ၄၀ ကျော်တာနဲ့ ခေါတ်ပုံလည်း လုံးဝ ရိုက် ခြင်း မရှိတော့ပါဘူး။ တစ်ကိုယ်ရေသန့် ရှင်းမှုသာ အမြဲပြုလေ့ရှိတာ ခုချိန်ထိ ဆိုပါတော့။

**ပျိုခြင်းနဲ့ အိုခြင်း**

အလှရိုက်မျက်နှာပုံများ မရိုက် ပေမယ့် ဆောင်းပါးခေါတ်ပုံ၊ စာရေး ဆရာများတွေ့ဆုံပွဲခေါတ်ပုံ၊ အမှတ်တရ လျှပ်တစ်ပြက် ခေါတ်ပုံများတော့ ရိုက် လေ့ရှိပါတယ်။

အဲဒီအခါမှာ ဘာကိုမြင်ရသလဲ ဆိုတော့ 'ဇရာ' တည်းဟူသော တရားရဲ့ ထောင်းထုမှုဒဏ်ကြောင့် ကျွန်တော့်ရဲ့ အဘိုးကြီးပုံကို မြင်ရခြင်းပါ။ အိုလွန်းလို့ တစ်ခါတစ်ရံ မကြည့်ရဲဘူးဗျ။

နုပျိုချိန်နဲ့ အိုမင်းချိန်တို့ ဆိုတာ တကယ့် ဆန့်ကျင်ဘက် အစွန်းနှစ်ခုမို့ အတော်သံဝေဂယူဖို့ကောင်းတဲ့သဘော တရားပါပဲ။ ဇာတိရှိရင် ဇရာ ဆိုတာ ပြေးမလွတ်ဘူးလေ။

သူက ငယ်ငယ်တုန်းက အရမ်း လှတာ၊ အသက်ကြီးလာလို့ ခုလိုဖြစ် သွားတာ ဆိုတဲ့ စကားတွေ မကြာ မကြာ ကြားရတတ်ပါတယ်။ အဲဒီလို လူတွေတွေ့ရင် သူတို့ရဲ့မျက်နှာက အ လှကို မနည်းရှာဖွေယူရတဲ့ အခြေအ နေပါ။ အချို့ ခေါတ်ပုံကျန်ရစ်လို့သာ ခေါတ်ပုံကို ကြည့်ပြီး ဩော်. . . ဟုတ် ပေသားပဲလို့ ထောက်ခံလိုက်ရပါတယ်။ ဒါဟာ ဇရာရဲ့ထောင်းထုမှုကို ခံစားကြ ရခြင်းပါ။

အချို့ ကံကောင်းသူတွေမှာတော့ အသက်ကြီးသည်အထိ အလှမပျက်စီး ဘဲ တည်ရှိနေတာ တွေ့ကြုံဖူးတယ်။ အချို့ ငယ်ငယ်က အလှအကြွင်းအကျန် တွေ ရှာလို့ရကြတယ်။

'လှတယ်' ဆိုတာ ဘယ်သူမဆို ကံကောင်းခြင်းရဲ့ လက်ဆောင်ပါ။ လူ တစ်ယောက်မှာ အလှပြည့်စုံဖို့ ခက်ခဲ လှပါတယ်။ ဣတ္ထိ ရုပ် ခန္ဓ ဆိုတဲ့အတိုင်း မိန်းကလေးတွေကျတော့ အဆင်းလှ ခြင်းဟာ ဥစ္စာတစ်ပါးလို့ လောကနီတိ က ဆိုထားပါတယ်။ ဒါကြောင့် လှတာ ကံကောင်းခြင်းရဲ့လက်ဆောင်ပါ။ ၆၀ ကျော် ၇၀ နီးပါး ဘိုးတော်ကြီးဖြစ်သွား ခဲ့တဲ့ ကျွန်တော်ဟာ ဇရာရဲ့ဖိစီးမှုတွေ ခံနေရပါပြီ။ ဇနီးဖြစ်သူကတောင် စာ ရွက်လေးနှစ်ထပ်ကို 'တစ်သက်စာ' ဆို ပြီး ပိုင်းဖြတ်ခြင်းခံလိုက်ရပါပြီ။

**ငယ်ပေါင်းရောင်းရင်းများ**

ပြန်ကပြေးနဲ့ ကျွန်တော်ဟာ နှစ် ပေါင်း ၃၀ ကျော် ကင်းကွာနေခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှာ ပြန်ရောက်လာတဲ့ အခါ ကျောင်းနေဖက် ငယ်ပေါင်းရောင်း ရင်း သူငယ်ချင်းတွေ အတော်များများ မရှိကြတော့ဘူး။ အကြောင်းအမျိုးမျိုးနဲ့ သေဆုံးကုန်ကြပြီ။ လူကြီးတွေဆိုတာ တော့ တစ်ဦးမှမရှိကြတော့ဘူး။ မတိမ်း မယိမ်းတွေကျတော့ ၇၀ ကျော်အရွယ် တွေ ရောက်နေကြပါပြီ။ ဒါက အတော် ကျန်းမာတာလို့ တွေ့ရတာ။

ကျွန်တော်နဲ့ အလွန် ရင်းနှီးတဲ့ မိန်းကလေးတွေဆိုလည်း တကယ့် အ ဘွားအိုတွေ ဖြစ်နေကြပါပြီ။ ကျွန်တော် က သူတို့ကို ကလေးတုန်းက ရုပ်သွင် လှလှကလေးတွေကိုပဲ မြင်ယောင်နေ တာ၊ တွေ့ရတော့ တကယ့် ဆန့်ကျင် ဘက်ပါပဲ။ ပါးရေနားရေတွေတွန့်၊ ဆံ ပင်တွေဆွတ်ဆွတ်ဖြူ၊ အရိုးပေါ် အရေ တင်နဲ့ တကယ့်သံဝေဂရစရာပုံစံတွေပါ။ အချို့က မျက်စိကောင်းကောင်းမမြင်လို့ မျက်မှန်ထူကြီးနဲ့ပါ။ ဝသူတွေကျတော့ အမြင်အားဖြင့် တင့်တယ်ပါသေးတယ်။ ဝဂုဏ်ကြောင့်ပါ။

ကျွန်တော်တို့ ရွယ်တူတွေ ရှိ တယ်။ ကျွန်တော်ရယ်၊ မှတ်တားရယ်၊ ဘိုတုတ်ခေါ် မင်းစိုးရယ်၊ လှအောင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးရယ် ကျွန်တော်တို့ ရွယ်တူတွေ။

အဲဒီအထဲမှာ မင်းစိုး ဆိုတဲ့ ဘိုတုတ်က ၅၀ ကျော်စမှာ သေသွားခဲ့ပါပြီ။ စီးပွားဥစ္စာပြည့်စုံမှုကြောင့် အရက်နဲ့ဇိမ်ခံရင်း အရက်စွဲကာ အရက်ကြောင့် သေသွားရခြင်းပါ။

ဒီကောင် သေသွားတာကို ကျွန်တော် နှမြောမဆုံးရှိနေတာ။ သူနဲ့ကျွန်တော်က အတိတ်တစ်ခု ရှိခဲ့ဖူးတယ်။ ဘာလဲဆိုတော့ ကျွန်တော်က ကလေးဘ၀တည်းက စာရူးပေရူးပါ။ ကလေးတို့ဘာသာဘာ၀ ၀တ္ထုတစ်ပုဒ်ရေးပြီး သူ့ကို ဖတ်ခိုင်းတယ်။

၀တ္ထုမှာ နွေရာသီမှာ ရွက်ဟောင်းကြွေလို့ ရွက်သစ်တွေ၀ေပုံကို လှပသောအပျိုဖျန်းလေး အ၀တ်သစ်တွေ ၀တ်ထားသည်နှင့် တူလှပေ၏လို့ တင်စားတာကိုး။

အဲဒါကိုဖတ်ပြီး ဘိုတုတ်ဟာ ဟားတိုက်ရယ်မောပြီး ကျွန်တော့်ကို ဟာသလုပ်လို့ မဆုံးဘူး။ အင်း- ဒီကောင့်ကိုပေးဖတ်မိတာ ငါမှားပါတယ်လို့ ရှက်ရှက်နဲ့ သံ၀ေဂရပါတယ်။ ရှေ့ဆက်မဖတ်တော့ဘူး၊ အဲဒါနဲ့ကို လှောင်နေတာ။

ကျွန်တော့်စိတ်ထဲမှာ တစ်နေ့ကျရင် ငါ စာရေးဆရာ ဖြစ်ကိုဖြစ်ရမယ်။ ဖြစ်မှ မင်းကို ငါ လာကြွားပြမယ်လို့ ကလေးအတွေးနဲ့ တေးမှတ်ထားခဲ့ပါတယ်။

နှစ်ပေါင်း ၃၀ ကျော် ၄၀ နီးပါး ကွဲကွာအပြီး ကျွန်တော် ပြန်ရောက်လာတော့ 'ငါ စာရေးဆရာ ဖြစ်နေပြီဟေ့' လို့ကြွားပြချင်တဲ့ ဘိုတုတ် ဆိုတဲ့ မင်းစိုးဟာ လူ့လောကမှာ မရှိတော့ပါဘူး။ ကျွန်တော်တို့ထက်စောစွာ သံသရာခရီးရှည်ကြီးကို ထွက်ခွာသွားခဲ့ပါပြီ။ သူ့ဇနီး မခင်၀င်းနဲ့ လွမ်းလွမ်းဆွေးဆွေး ပြောဖြစ်ကြပါတယ်။

ကျွန်တော် မိုင်းရှူးရတနာမြေမှာ ၁၀ နှစ်တိတိနေပြီး မိုးကုတ်ပြန်ရောက်တဲ့အခါ မြို့လယ်ရပ်ကွက်ထဲကလူတွေ၊ ကျောက်ဖျာရွာကလူတွေ တော်တော်များများ သံသရာခရီးကိုထွက်သွားကုန်ကြပါပြီ။ အတော်ထိတ်လန့်ဖွယ် သံ၀ေဂတရားပါ။ သူတို့ရဲ့အမည်မျှသာ ကျန်ရစ်ကြပါတယ်။ ဒါတောင် ကာလကြာရင် အမည်ပါပျောက်ကွယ်သွားမှာပါ။ အဲဒီမှာ လူငယ်တွေ ပါတယ်၊ လူလတ်တွေ ပါတယ်၊ လူကြီးတွေ ပါတယ်။ အရွယ်စုံ ဆိုပါတော့။ ကျွန်တော်တောင် အနေအထိုင်၊ အစားအသောက် ဆင်ခြင်လို့ ဒီမျှ အသက်ရှင်နေခြင်းပါ။ ရှပ်ရှင်မင်းသားသုမောင်တောင် ၆၀ နဲ့ သေရတာကလား။

## ပုညကာရီ

သမီးဝယ်ပေးတဲ့ စက္ကူနှစ်ထုပ်ဟာလည်း စာမရေးဖြစ်တော့ပါဘူး။ အိတ်ထဲထည့်ပြီး နေပြည်တော်ကို ပြန်ခဲ့ပါတယ်။ နေပြည်တော်ရောက်တော့ လူက တယ်ပြီး မဟန်ချင်ဘူး၊ ဖျားပြီး ဆေးခန်းသွားနေရတယ်။

အဲဒါကို မြင်တော့ ခြံချင်းကပ်လျက်နေတဲ့ ညီ၀မ်းကွဲ ခွေးဖြူ ခေါ် မောင်မြတ်ထွန်းက ကျွန်တော့်ကို သတိပေးပါတယ်။

"အစ်ကိုလေး၊ ကျန်းမာရေးကို ဂရုစိုက်နော်။ အစ်ကိုလေးအနားမှာ အစ်ကိုလေးရဲ့ဇနီး၊ သားသမီး တစ်ယောက်မှမရှိဘူး။ မတော်တဆ သေသွားလို့ကတော့ ပုညကာရီကို ဖုန်းဆက်ခေါ်ပြီး ဖိုးစောင့်တောင်ကို ပို့လိုက်ရုံပဲ" တဲ့။

အဲဒီလိုပြောတော့ ကျွန်တော် မြတ်ထွန်းကို စိတ်မဆိုးပါ။ တောခေလေ့အတိုင်း ဘွင်းဘွင်းရှင်းရှင်း သတိပေးခြင်းပါ။

'ပုညကာရီ' ဆိုတာ ပြန်ကပြေးရွာကြီးရဲ့နာရေးကူညီမှုအသင်းပါ။ ကား ၃ စင်း ရှိပါတယ်။ ပြန်ကပြေးနဲ့ အနီးနားမှာရှိတဲ့ ရွာကလူတွေသေရင် ဖိုးစောင့်တောင် မီးသဂြိုဟ်စက်ကို ပို့ရတာပါပဲ။ အဲဒီတော့ နာရေးကူညီမှုအသင်းဟာ မရှိရင်မဖြစ်တာမို့ ပြန်ကပြေးမှာ ပုညကာရီထူထောင်ထားခြင်းပါ။

မောင်မြတ်ထွန်း သတိပေးလိုက်တာနဲ့ အိုခြင်းကြောင့် နာခြင်း ဖြစ်ရပြီ။ နာခြင်းပြီးပါက သေခြင်း ဆိုတဲ့တရားကို ရင်ဆိုင်ရပေဦးမည်။ မြတ်စွာဘုရားကလည်း 'မရဏံ မေ ဓုဝံ' သေခြင်းသည် မြဲ၏လို့ ဆိုထားတာကိုး။

အဲဒီတော့ သေခြင်း ဆိုတဲ့ မရဏာနုဿတိလည်း ပွားများမိသပေါ့ဗျာ။ ဘယ်သတ္တ၀ါမဆို သေရမှာတော့ ကြောက် ကြစမြဲပါ။ (သေချင်လွန်းနေတဲ့လူတွေ မပါပါဘူး။) နည်းနည်းမှ အကြောက်သက်သာ သက်သာပေ့ါလေ။ ကျွန်တော်တို့က ပုထုဇဉ်တွေကိုးဗျ။

ဘုရား၊ ရဟန္တာနဲ့ အရိယာသူတော်ကောင်းတွေ၊ ပြီးတော့ ပုထုဇဉ်ဖြစ်သော်လည်း ဒါန၊ သီလ၊ ဘာ၀နာနဲ့ ပြည့်စုံသူတွေသာ သေရမှာ မကြောက်ကြတာလေ။ ကျွန်တော်ကျတော့ ထောက်ထောက်ခံခံ ဘာမှမရှိသေးဘူး ထင်ရတာပါပဲ။

တစ်နေ့မှာ နံနက်ခင်း လမ်းလျှောက်ရင်း ပြန်ကပြေးအရှေ့ဘက် လမ်း ၅ ဆုံမှာရှိတဲ့ ဇီဇ၀ါပန်းအ၀ိုင်းကြီးမှာ ကျွန်တော့်ထက် ၂ နှစ်လောက်ငယ်တဲ့ ပုစူးနဲ့ ဆုံဖြစ်တယ်။ ပုစူးက ပတ်ပတ်လည် လမ်း ၅ သွယ်ရဲ့ မီးတွေ ထိန်နေတာကိုကြည့်ပြီး သံ၀ေဂနဲ့ပြောရှာပါတယ်။

"ကြည့်စမ်းပါဦး၊ နေပြည်တော်ကြီးတည်တာကို တို့ရဲ့ကျောင်းနေဖက်သူငယ်ချင်းတွေ တော်တော်များများမြင်မသွားရရှာဘူးကွာ။ အသေတွေစောလိုက်ကြတာ" တဲ့ဗျာ။

ဟုတ်ပါ့ဗျာ၊ လမ်းမီးတွေမျက်စိတစ်ဆုံး လင်းနေပုံများ လှချက်တော့ မကျန်ပေဘူးဗျာ။ ဒီအလှတွေကို ကျွန်တော်တို့လည်း ကာလမည်မျှ ခံစားနိုင်မယ်ဆိုတာ အတိအကျ မသိရသေးပါဘူး။

'အသက်၊ အနာ၊ ချိန်အခါနှင့်၊ စွန့်ရာသုသာန်၊ လားရန်ဂတိ၊ မသိအပ်ငြား ထိုငါးပါး' လို့ ဆိုထားတာကိုး။ မြတ်စွာဘုရားက မည်သည့်အသက်အရွယ်မှာ သေမယ်၊ မည်သည့်ရောဂါဝေဒနာနဲ့ သေမယ်၊ မည်သည့်အချိန်မှာ သေမယ်၊ မည်သည့် သုသာန်မှာ စွန့်ရမယ်၊ မည်သည့် ဂတိမှာ လားရမယ် ဆိုတဲ့ တရားငါးပါးဟာ ကြိုတင်မသိအပ်ဘူးတဲ့ဗျ။

## စာပေရောင်းရင်း

နေပြည်တော် မြို့မဈေးရှိ 'ရွှေရည်၀င်း' စာပေမှ ဆိုင်ပိုင်ရှင် ဦးသောင်းစိန်နှင့် ဒေါ်ညိုညိုသောင်းတို့ ဇနီးမောင်နှံဟာ ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေသော **သူရဇ္ဇ**မဂ္ဂဇင်းကြီးနှင့် **သိဒ္ဓိမိုး**မဂ္ဂဇင်းတို့ထွက်ပါက ထွက်ထွက်ချင်း ကျွန်တော်ဖတ်ဖို့ဆိုပြီး ယူလာကာ ခေတ္တ ငှားပေးလေ့ ရှိပါတယ်။ ကျွန်တော့်၀တ္ထုတွေ ဖတ်ပြီးကြောင်းလည်း ပြောကြတယ်။

အဲဒီမှာ ကြိုတင်ထွက်လာတဲ့ ၂၀၁၂ ခု၊ ဇန်န၀ါရီလထုတ် သူရဇ္ဇမဂ္ဂဇင်းမှာ ရန်ကုန် မြောက်ဒဂုံက စာပေရောင်းရင်းဖြစ်တဲ့ ဒေါ်တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) ရဲ့ 'တောင်ဆီးဖြူဆောင်းပါး'ကို ဖတ်ရပါတယ်။ မာတ်ပုံ ဦးမောင်မောင်အေးနဲ့ ဒေါ်တင်တင်နွဲ့တို့ ဇနီးမောင်နှံဟာ လိုက်ဖက်ညီတဲ့ စာရေးဆရာဇနီးမောင်နှံပါ။ ကျွန်တော်နဲ့ စာချင်းဆက်သွယ်၊ ဖုန်းနဲ့ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com

ခင်မင်နေတာ ကာလအတန်ကြာပါ ဦးမောင်မောင်အေး အတော်နေကောင်းကြောင်း စာနဲ့ရော ဖုန်းနဲ့ပါ ဆက်သွယ်လို့ သိပြီးပါပြီ။ ဒါပေမယ့် တင်တင်နွဲ့ရဲ့'တောင်ဆီးဖြူဆောင်း' ကိုဖတ်ရမှ ဦးမောင်မောင်အေး အတော်ဖြစ်တာကို ဂဃနဏ သိရတာမို့ ပြီးပြီးချင်းပဲ ဦးမောင်မောင်အေးဆီ ပြေးဆက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးမောင်မောင်အေးအပေါ် ကရုဏာစိတ် ဖြစ်မိလို့ပါ။

"ဆရာရေ၊ ဆရာ့အမျိုးသမီးရေးမှ ဆရာ အတော်နေမကောင်းဖြစ်ပုံသိရတယ်။ ဆရာနေမကောင်းဘူးဆိုတော့ ဒီလောက်ကြီးဖြစ်မယ်မထင်ဘူး။ တောင်ဆီးဖြူဆောင်းပါးဖတ်ပြီးမှ စိတ်မကောင်းဖြစ်နေမိတယ် ဆရာ"

လို့ ဖုန်းနဲ့ပြောတော့ ဆရာ ဦးမောင်မောင်အေးက-

"ကျွန်တော် ဘာမှမဖြစ်နိုင်သေးပါဘူး ဆရာရယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်က ဆရာနဲ့ တွေ့ချင်နေတာလေ။ ကျွန်တော့်ဆန္ဒမှ မပြည့်သေးတာ။ စိတ်ချ၊ ကျွန်တော် ဘာမှမဖြစ်ဘူး။ ဆရာ ရန်ကုန်ကို လာဖြစ်အောင်လာခဲ့ပါ၊ ဆရာနဲ့ ကျွန်တော်တို့မိသားစုက အတိတ်က ဆွေမျိုးတွေတော်ခဲ့ဟန်တူတယ်ဗျ"

လို့ ခပ်ပျော်ပျော် ပြန်ပြောတာကြောင့် ကျွန်တော်တို့နှစ်ဦး ပျော်ရွှင်ကြည်နူးရပါတယ်။

ဆရာဟာ စာရေးတိုင်း ခပ်ပျော်ပျော်၊ ခပ်သောသောလေးတွေ ရေးတတ်တာကြောင့် ဖတ်ရင်း ပြုံးလေ့ရှိတယ်။ အဲဒါကြောင့် ကျွန်တော်က အားပေးစကား ထပ်ပြောရပါတယ်။ တစ်ဦးနဲ့တစ်ဦး စာရေးရင် ဝတ္ထုတစ်ပုဒ်လောက်ရှည်ပါတယ်။

"ဆရာရေ- မပူနဲ့၊ ကျွန်တော်တို့စာရေးသူဆိုတာ ဦးနှောက်အမြဲ အသုံးချနေတော့ ဦးနှောက်ရှင်သန်ပြီး အသက် ၉၀ ကျော် နေရတတ်ပါတယ်။ သူထုဒေါ်အမာတို့၊ ပခုက္ကူဦးအုန်းဖေတို့ ၉၀ ကျော်မှ ဆုံးကုန်ကြတာပါ။ ဆရာတို့ ကျွန်တော်တို့ ၉၀ ကျော်အထိ စာရေးကြရအောင်နော်"

လို့ အားပေးစကား ဆိုခဲ့ပါတယ်။ ဦးမောင်မောင်အေးမိသားစုထံ ရောက်ရာအရပ်က ဖုန်းဆက်တာ ထုံးစံဖြစ်နေပါပြီ။

**မြို့တော်ရန်ကုန်ခရီး**

မြို့တော်ရန်ကုန်ကို မရောက်ဖြစ်တာ ကြာပါပြီ။ တွင်းသမားဘဝမှာ ကျောက်တွင်းတူးရင်းသာ အချိန်တွေကုန်ခဲ့ခြင်းပါ။ နေပြည်တော် ပျဉ်းမနားနဲ့အတူ ရန်ကုန်ပါ မရောက်ဖြစ်တော့ပါဘူး။

ပြန်ကပြေးရှိ သူငယ်ချင်း မွတ်တားက မဟာစည် ပဓာန နာယက ဆရာတော်ကြီး ပါဠိပါရဂူ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဋိလရဲ့သက်တော် ၇၇ နှစ်မြောက် မွေးနေ့မင်္ဂလာ အခါသမယနဲ့အတူ ၆၂ ကြိမ်မြောက် ပြည်လုံးကျွတ် မဟာစည်သာသနာ့ရိပ်သာ ဩဝါဒခံယူပွဲတော်ကြီး ကျင်းပမှာမို့ လိုက်ခဲ့ရန် ခေါ်တာနဲ့ 'တိုင်းရက်တဲ့ ပက္ကလာ မိုးရွာတာနဲ့အဆင်သင့်' ဆိုတာလို ကျွန်တော်လည်း ရန်ကုန်ခရီး စဉ်ရှိတာကြောင့် လိုက်ဖြစ်ခဲ့ပါတယ်။

၅-၁၂-၂၀၁၁ နေ့မှာ နေပြည်တော်-ရန်ကုန် ည ၈ နာရီခွဲ ရထားစီးခဲ့ကြတဲ့အခါ နံနက် ၆ နာရီတိတိ ရန်ကုန်ကိုရောက်ပြီး ဗဟန်းရှိ မဟာစည်ရိပ်သာကို နံနက် ၆ နာရီကျော်ကျော်မှာ ရောက်ခဲ့ပါတယ်။ အနယ်နယ်အရပ်ရပ်တို့မှ ရဟန်းရှင်,လူတွေ ရောက်နေကြပါပြီ။

ဧည့်စာရင်းတိုင်၊ ထမင်းစားကတ် ထုတ်ကြရပါတယ်။ ကတ်က အပြာ၊ အနီ၊ အစိမ်း ဆိုပြီး ၃ မျိုး ပေးပါတယ်။ အရောင်တစ်မျိုးကို ၆၀၀ ပါ။ အပြာက ပထမအသုတ်၊ အနီက ဒုတိယအသုတ်၊ အစိမ်းက တတိယသုတ် ထမင်းစားရပါတယ်။ ကတ်မရသူတွေက စတုတ္ထ၊ ပဉ္စမအသုတ်မှာ ထမင်းစားကြရခြင်းပါ။ ကျွန်တော်နဲ့ မွတ်တားက အပြာကတ်ရတယ်။ ပြန်ကပြေးက မဟာစည်ရိပ်သာဆရာတော်နဲ့အတူ လူ ၁၅၀ လာပါတယ်။

မဟာစည်ရိပ်သာထဲမှာ တိုင်းနဲ့ ပြည်နယ် အသီးသီးက ရဟန်း, သာမဏေ ၅၀၀ ကျော်၊ လူနဲ့ သီလရှင် ၃၀၀၀ လောက်ရှိမယ် ထင်ပါတယ်။ ပွဲတော်ကြီးလို စည်ကားနေပါတယ်။ ပဓာန နာယက ဆရာတော်ကြီး ဦးဇဋိလ ဆိုတာ အရင်က ပြန်ကပြေးရိပ်သာမှာ ပထမဦးဆုံးကျောင်းထိုင်တာပါ။ နောက် မဟာစည်ဆရာတော်ကြီးက သူ့အနားမှာခေါ်ထားမှုကြောင့် အခု လက်ရှိ ဆရာတော် ဦးအာစိဏ္ဏကို ရိပ်သာလွှဲပေးခဲ့တာပါ။ ပြန်ကပြေးမှာ ကျောင်းထိုင်စတုန်းက ဆရာတော် အသက် ၃၁ နှစ်မျှသာ ရှိပါသေးတယ်။ အဲဒါကြောင့် ဆရာတော်ကြီးနဲ့ ပြန်ကပြေး ဆိုတာ ဆရာရင်း ဒကာရင်းတွေပါ။

ဆရာတော် ဦးဇဋိလဟာ ကျွန်တော့်ထက် ၁၁ နှစ် ကြီးပါတယ်။ ပြန်ကပြေးရိပ်သာမှာ ဆရာတော်ရဲ့ ဘုန်းရိပ်ကံရိပ်ကို လအတန်ကြာမျှ ခိုခဲ့ဖူးတာကြောင့် ဆရာတော်ရဲ့ငယ်စဉ်က ငယ်မူငယ်သွေး ချောချောလှလှကိုပဲ မြင်ယောင်နေမိတာပါ။ နှစ်ပေါင်း ၄၀ ကျော် ကွဲကွာသွားတဲ့အခါမှာ ဆရာတော်ရဲ့ရုပ်ရည် မည်သို့ပြောင်းလဲသွားပြီလဲ၊ ဇရာထောင်းထုဒဏ် မည်မျှခံနေရပြီလဲ၊ ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပါရဲ့လား စသည် ဖူးတွေ့ချင်တာနဲ့ မွတ်တားနဲ့လိုက်ခဲ့ခြင်းပါ။

မဟာစည်ဆရာတော်ဘုရားကြီး ရှိစဉ်အခါကတော့ ကျွန်တော်ဟာ မိုးကုတ်က မဟာစည်တိုက်ခွဲ ဆရာတော်တစ်ပါးရဲ့ ကပ္ပိယအဖြစ် လိုက်ပါရင်း ဆရာတော်ကြီးကို ရန်ကုန်ရောက်တိုင်း ဝင်ဖူးဖြစ်ပါတယ်။ ဆရာတော်ကြီးရဲ့ ဩဝါဒကို ခံယူရပါတယ်။

အဲဒီအချိန်က ဆရာတော်ကြီးဟာ မဟာစည် စံကျောင်းတော်မှာ သီတင်းသုံးပါတယ်။ ကျောင်းတော်ကို ခေတ်မီတိုက်ပုံစံ အမိုးပြန့်ပြန့်လေးနဲ့ မြင်ဖူးတာဟာ မြန်မာနိုင်ငံမှာ ပထမဆုံးပါ။ ယခုလက်ရှိ စံကျောင်းတော်ကို ပြတိုက်လုပ်ထားပါတယ်။

ပြည်နဲ့အဝန်းက လူပရိသတ်တွေ ရောက်နေတာကြောင့် ဆရာတော်ကြီးကို ဝင်ရောက်ဖူးမြော်သူတွေနဲ့ မပြတ်ပါဘူး။ လူတွေအပြတ်ကိုစောင့်ပြီး ကျွန်တော် ဝင်ရောက်ဖူးမြော်ပြီး အတိတ်ကို သဘောမျှ ပြောပြတယ်ဆိုရင်ပဲ မှတ်မိသွားပါပြီ။

"ဆရာတော်အရွယ် ဘယ်မျှရှိသွားပြီလဲ ဆိုတာကို ဖူးတွေ့ချင်လို့ တပည့်တော် မွတ်တားနဲ့ လိုက်လာတာပါ ဘုရား"

"ဘယ့်နှယ်လဲဗျာ၊ အတော်ပြောင်းလဲသွားပြီ မဟုတ်လား"

"မှန်ပါ ဘုရား၊ ဇရာသဘောအရတော့ ပြောင်းလဲသွားတာပေါ့ ဘုရား။ ဒါပေမယ့်လည်း ကျန်းမာသန်စွမ်းစွာရှိနေတော့ ဝမ်းသာရပါတယ် ဘုရား"

"ပြောင်းလဲပါတယ်ဗျာ၊ တော်တော့်ကို ပြောင်းလဲသွားပါပြီ။ ဒါက ဖြစ်ရိုးဖြစ်စဉ်တွေပဲလေ"

"မှန်ပါ၊ ကျန်းမာနေရင် ဟုတ်လှ



www.burmeseclassic.com

www.burmeseclassic.com

ပါပြီဘုရား"

လို့ လျှောက်ပြီး ပြန်ဆင်းခဲ့ပါတယ်။ ဧည့်သည်တွေက မပြတ်ဘူးလေ။ တစ်နှစ်မှ တစ်ခါသာ ဩဝါဒခံယူပူဇော်ပွဲ ကျင်းပတာမို့ ရိပ်သာဆရာတော်တွေရဲ့နောက်မှာ ဒကာ၊ ဒကာမတွေ အများကြီးပါလာကြတာကိုး။

ဆရာတော်ကြီးလည်း အိုခဲ့ပါ ပြီ။ ကျွန်တော်နဲ့ မွတ်တားတို့လည်း အဘိုးကြီးတွေ ဖြစ်နေကြပါပြီ။ သေကုန်တဲ့ ကျောင်းနေဖက်တွေနဲ့စာရင် ကျွန်တော်တို့က တော်သေးတယ် ဆိုရမှာပါ။

နံနက်စာ၊ နေ့လယ်စာ ဆိုတာက လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ ကျွေးမွေးဧည့်ခံတာပါ။ မဟာစည်ရိပ်သာဆိုတာက သက်သတ်လွတ်ကျွေးတာ မဟုတ်ပါဘူး၊ ဟင်းလျာပြည့်ပြည့်စုံစုံနဲ့ စံချိန်မီ ကျွေးမွေးတာပါ။ နေ့စဉ် သူ့ဒကာနဲ့သူ ရှိနေပါတယ်။ နံနက်စာကျွေးပြီးကတည်းက စတုဒိသာ အလှူမဏ္ဍပ်မှာ စားသောက်ဖွယ်အမျိုးမျိုးတွေ သူ့ထက်ငါ လှူလိုက်ကြတာ နေ့စဉ် ညနေ ၄ နာရီအထိပါပဲ။ တကယ့် ပျော်စရာကြီးပါ။ တရားပွဲတွေကလည်း သူ့အလှည့်နဲ့သူ တခြိမ့်ခြိမ့် ကျင်းပနေပါတယ်။ ရိပ်သာဝင်းကြီးထဲမှာ ကားအဝင်၊ အထွက်တွေနဲ့ ပြည့်နေတာပါပဲ။

၁၀-၁၂-၂၀၁၁ နေ့ဟာ ဩဝါဒခံယူပူဇော်ပွဲရဲ့ အဓိကနေ့ပါ။ အဲဒီနေ့မှာ ပြန်ကပြေးက ဒကာ၊ ဒကာမများက နေ့ဆွမ်း လှူဒါန်းပါတယ်။ ဆွမ်းတစ်နပ်ကို ၆၂ သိန်း ကုန်ကျတယ်လို့ သိရပါတယ်။

ပြည်လုံးကျွတ်ကြွလာတဲ့ သံဃာတော်တွေမှာ ရွှေဘိုစေတီတော် မဟာစည်ရိပ်သာက ဘုန်းတော်ကြီး ဦးတိလောက့ကိုလည်း ဖူးတွေ့ရပါတယ်။ သက်တော် ၉၀ ကျော်ပါပြီ။ ငယ်စဉ်တည်းက ရွှေဘိုစေတီတော်ရိပ်သာမှာ ကျောင်းထိုင်တာပါ။ ခရမ်းသား တရုတ်လူမျိုးလို့ သိရပါတယ်။

ရွှေဘိုရောက်တိုင်း ကျွန်တော်တို့ သူ့ကျောင်းမှာသွားတည်းတာပါ။ သူက မိုးကုတ်ကို နှစ်စဉ် ကြွလေ့ရှိကာ မြို့လယ်ရပ်က လူတွေနဲ့ ရင်းနှီးပါတယ်။ ဆရာတော်နဲ့ရင်းနှီးသူ အတော်များများ သေဆုံးကုန်ကြပါပြီ။ ဒါကို ဆရာတော် ဦးတိလောကက သိနေပါတယ်။ ဘာလို့လဲဆိုတော့ မနှစ်က မိုးကုတ်ကိုရောက်သေးတယ်လို့ ပြောပြပါတယ်။ ဒကာကြီးကြုံရင် ရွှေဘိုကိုလာလည်ပါဦးလို့ ဖိတ်ခေါ်ပါတယ်။ မှန်ပါ့၊ ရောက်ရင်ဝင်ခဲ့ပါ့မယ်လို့ ပြန်လျှောက်ရပါတယ်။

ရွှေဘို လောကမာရဇိန်တိုက်က ဘုန်းတော်ကြီး ဦးဝိမလရော ရှိပါသေးသလားလို့ လျှောက်တော့ ပျံလွန်သွားတာ ကြာပါပြီတဲ့။ ကြည့်ပါဦး၊ ဘုန်းတော်ကြီး ဦးတိလောကဟာ ၉၀ ကျော်ဆိုတဲ့ အရွယ်မို့ ယဲ့ယဲ့မျှသာ ရှိတော့တာကလား။ ကျွန်တော်တို့တွေတောင် သူ့လို ၉၀ ကျော်နေမှ နေရပါ့မလားမသိ။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးတောင်မှ သက်တော် ၈၀ မှာ ပရိနိဗ္ဗာန်ပြုသွားခဲ့တာလေ။ အဲဒါတောင်မှ အသက် ၁၀၀ တမ်းပါ။

## မြောက်ဒဂုံသို့

၆-၁၂-၂၀၁၁ မှာ ကျွန်တော် 'ပညာရွှေတောင်' စာအုပ်တိုက်ကို ရောက်ပါတယ်။ သာဂဒိုးရဲ့ 'ဇူလာနဖာ' (၂) နဲ့ (၃) ကို ဝယ်ပါတယ်။ စာတည်းချုပ် ဦးအောင်မြတ်နဲ့ တွေ့ချင်လို့သွားတော့ စာတည်းချုပ် ခရီးထွက်နေတာကြောင့် တွေ့ခွင့်မရခဲ့ပါဘူး။ ကိုယ့်စာတည်းချုပ်ကို မြင်ဖူးချင်တာပါ။ ဟိုးအရင် မြတ်ကြေးမုံစာတည်းချုပ် ဦးမောင်မောင်ပြုံး ဆိုရင် မြင်တောင်မမြင်ဖူးလိုက်ပါဘူး။

၁၀-၁၂-၂၀၁၁ နတ်တော်လပြည့်နေ့၊ ဩဝါဒခံယူပွဲပြီးသွားတဲ့အခါ ကျွန်တော်တို့ ပြန်ဖို့စီစဉ်ကြပါပြီ။ ၁၁ ရက်နေ့ နံနက်မှာ ပြန်ကပြေးအုပ်စုတွေ ပြန်ကုန်ကြသလို ကျွန်တော်လည်း စာပေရောင်းရင်းတွေရှိရာ မြောက်ဒဂုံကို တက္ကစီငှားပြီး လိပ်စာအတိုင်းလိုက်ရှာကာ ၄၄ ရပ်ကွက်၊ နဝရတ်လမ်းက ဦးမောင်မောင်အေး၊ ဒေါ်တင်တင်နွဲ့တို့ရဲ့နေအိမ်ကို ရောက်ခဲ့ရပါတယ်။ အိမ်မှာ မာတ်ပုံဆိုင်ဖွင့်ထားခြင်းပါ။

စာရေးသူအချင်းချင်း ဝါသနာတူတွေ ဆုံမိတော့ကာ စကားလက်ဆုံပြောလို့မကုန်ကြပါဘူး။ တကယ့် ညီအစ်ကို မောင်နှမတွေလို တရင်းတနှီးပြောကြဆိုကြနဲ့ အလွန် စိတ်ချမ်းသာဖို့ ကောင်းပါတယ်။ သူတို့မှာ သားတစ်ယောက်ပဲ ရှိတာပါ။ ရေကြောင်းအင်ဂျင်နီယာပြီးပြီလို့ သိရပါတယ်။

ဦးမောင်မောင်အေး ၇၆ နှစ်ပါ။ ဒေါ်တင်တင်နွဲ့က ၄၀ ကျော် ဆိုပါတော့။ အသေအချာကြည့်ရင် ဦးမောင်မောင်အေးက ရုပ်ရှင်မင်းသားကြီးညွှန့်ဝင်းနဲ့ အတော်ဆင်ပါတယ်။ ၇၆ နှစ်ပေမယ့် သိပ်မအိုပါဘူး။ ဒေါ်တင်တင်နွဲ့ကို ရှေ့က ထိုင်စောင့်နေခြင်းပါ။ ဒေါ်တင်တင်နွဲ့က ဦးမောင်မောင်အေးကို အမီလိုက်မယ့်ပုံပါပဲ။ ဒါက လူ့လောက ထုံးစံတစ်ခုပါ။

အဲဒီ အိမ်ထောင်စုကလေးဟာ သီရိဂေဟာလေး ဆိုတာ နေမှ သိရတယ်။ ဦးမောင်မောင်အေးဟာ ဇနီးငယ်ငယ်လေးရထားတော့ ရပြီးပြီဆိုကတည်းက အချက်အပြုတ် အလုပ်အကိုင်ကစပြီး သူ့ဇနီး လုပ်စရာမလိုဘဲ ခုချိန်ထိ ယုယပြုစုနေဆဲပါ။ ယုတ်စွအဆုံး၊ တီဗီကြည့်ဖို့ ထိုင်ခုံကအစ ခင်းပေးနေဆဲပါပဲ။ ဒီတော့ သူတို့မိသားစုလေးဟာ အလွန် ပြည့်စုံအေးချမ်းတဲ့ သီရိဂေဟာလေး ဖြစ်နေရပါတယ်။

ပိုက်ဆံဆိုလည်း လိုသလောက်တောင်းပြီး အပြင်က ပြန်လာရင် ဇနီးလက်ထဲ ကျန်တဲ့ပိုက်ဆံ ပြန်ထည့်စမြဲပါ။ ဒါလေးတွေမြင်ရတော့ သူတို့အတွက် မုဒိတာပွားရပါတယ်ဗျာ။

မြောက်ဒဂုံမှာ စာရေးဆရာပေါင်း ၁၃၀ မျှ ရှိတယ်လို့ သိရပါတယ်။ ဦးမောင်မောင်အေးဟာ စာရေးဆရာတွေနဲ့တွေ့ဆုံပေးဖို့ မြောက်ဒဂုံဈေးတလက်ဖက်ရည်ဆိုင်ဆီကို လိုင်းကားနဲ့ ခေါ်သွားပါတယ်။ ဆိုင်အပြင်ဘက် သစ်ပင်ရိပ်မှာ စာရေးဆရာအုပ်စုကို တွေ့ရပါတယ်။ ဒါက သူတို့စာပေအုပ်စု ထိုင်နေကျနေရာလို့ ဆိုပါတယ်။

အဲဒီမှာ စာရေးဆရာများဖြစ်ကြတဲ့ ရေနံ့သာ ဝင်းမောင်၊ အောင်မြင့် (သစ်လုပ်ငန်း)၊ ညွန့်ဟန် (ကြူတော) သူရဇော်၊ ညီညီနိုင်၊ ဝေမွန်လင်း၊ ကိုယော (ဘောဂဗေဒ)၊ မြင့်ဝင်း (စာပေဝါသနာရှင်) တို့ကို တွေ့ဆုံ ခင်မင်ရင်းနှီးခွင့်ရပါတယ်။ စာသမားအချင်းချင်း ဆိုတော့ ကျွန်တော်တို့ရဲ့သံယောဇဉ် ဆိုတာက အပြည့်ရှိပြီးသားပါပဲ။ ကိုယောက သူ့ရဲ့ ထုတ်ဝေထားတဲ့ စာအုပ်တစ်အုပ် လက်ဆောင်ပေးပါတယ်။

နောက်နေ့မှာ ဆရာအောင်မြင့်ဦးနဲ့ ဆရာမ ကြူကြူထွန်းတို့က ထမင်းစားလာဖိတ်ပါတယ်။ နောက်နေ့ နေ့လယ်စာကို ဦးမောင်မောင်အေးမိသားစုနဲ့ ကျွန်တော်တို့ စာရေးဆရာ ဇနီးမောင်နှံအိမ်မှာ ထမင်းသွားစားကြပါတယ်။ အဲဒီမှာ ဆရာ ဝင်းမြင့်လည်း ပါပါတယ်။ ဆရာ အောင်မြင့်ဦးကလည်း သူ့ရဲ့လက်ရာ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို လက်ဆောင်ပေးလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဆရာ ဇင်ယော်မာန်ကလည်း အရောက် နှုတ်ဆက်ပါတယ်။

ကျွန်တော်တို့တွေဟာ အချိန်သေမှ စာကြောင်းပေကြောင်း ပြောဆိုကြနိုင်ကြပါဘူး။ မြောက်ဒဂုံမှာ ဆရာ တက္ကသိုလ်စိန်တင်၊ စိမ့် (ပညာရေး) တို့ ဇနီးမောင်နှံ၊ ဦးမောင်မောင်အေးတို့ ဇနီးမောင်နှံ၊ အောင်မြင့်ဦးနဲ့ ကြူကြူထွန်းတို့ ဇနီးမောင်နှံ စိတ်တူကိုယ်တူ၊ ဝါသနာတူ စာရေးဆရာစုံတွဲတွေဖြစ်တော့ကာ မန္တလေးက လူထုဦးလှနဲ့ လူထုဒေါ်အမာတို့လို တစ်ဦးနဲ့တစ်ဦး ဘာမှကို ပြောစရာမလိုအောင် ကြင်ကြင်နာနာနဲ့ ရှိုင်းပင်းချစ်ခင်ကြတဲ့ ဇနီးမောင်နှံတွေလို့ ခေါ်ဆိုရမှာပါ။ အားကျစရာ၊ ဂုဏ်ယူစရာစုံတွဲတွေဆိုရင် မများပါဘူး။

ဦးမောင်မောင်အေးက မြောက်ဒဂုံ ငမိုးရိပ်ချောင်းဘေးက ဝဋ္ဋကျွေးတော်ပြေဘုရားကို လိုက်ပို့ပါတယ်။ ဟိုအတက်ကိုကမ်းကူးရင် မယ်လမုဘုရားကိုရောက်တယ်လို့ ဆိုပါတယ်။ အပြင်မှာ ကိုးဘွဲ့ရ ရှင်အာစာရလင်္ကာရရဲ့ ကျောင်းတိုက်ကြီး ဘေးကလျှောက်ခဲ့ပြီး ဆရာတော်ကို မှန်းဆ ကြည်ညိုရပါတယ်။

ဦးမောင်မောင်အေး၊ ဒေါ်တင်တင်နွဲ့တို့မိသားစုကတော့ လိုလေသေးမရှိ ဧည့်ဝတ်ကျေပွန်ကြပါတယ်။ ၁၄ ရက်နေ့ နေ့လယ်စာစားအပြီးမှာ ကားဂိတ်ကို ဒေါ်တင်တင်နွဲ့က လိုက်ပို့ပါတယ်။

"ဆရာ၊ လွယ်အိတ်ကို နောက်မှာထားပြီး မလွယ်နဲ့နော်။ ရှေ့မှာထားပြီး လွယ်ပါ။ လွယ်အိတ် နောက်မှာထားပြီးလွယ်ရင် ရှိတာလေး ပါသွားဦးမယ်၊ ဆရာ ကြည့်မြင်တိုင်ရောက်ရင် ရထားခုံးကျော်တံတားကို သတိထားနော်၊ အဲဒီ ခုံးကျော်တံတားပြီးရင် ရှေ့မှတ်တိုင်က ကြည့်မြင်တိုင် စာတိုက်မှတ်တိုင်ပဲ၊ အဲဒါ ဆရာဆင်းရမယ့်မှတ်တိုင်"

စသည်ဖြင့်ပေါ့လေ၊ လိုင်းကားစောင့်ရင်း တဖွဖွ မှာနေပါတယ်။ 'တာဝန်မကျေတာရှိရင်လည်း ကျွန်မတို့ကို ခွင့်လွှတ်ပါ' လို့ တောင်းပန်စကား ဆိုပါသေးတယ်။ 'မလိုပါဘူးဗျာ၊ ကျေးဇူးအထူးတင်ပါတယ်' လို့ ပြောပြရပါတယ်။

ကြည့်မြင်တိုင်ကိုရောက်မယ့် ၃၆ ကားကို နာရီဝက်နီးပါး စောင့်ရပါတယ်။ ဒေါ်တင်တင်နွဲ့ကတော့ ရန်ကုန်ကိုမကျွမ်းတဲ့ ကျွန်တော့်ကို စိတ်ချဟန်မရှိပါဘူး။ ပါးစပ်ပါရင် ရွာရောက်တာမို့ ကျွန်တော်ကတော့ တယ်မပူပါဘူး။ ဒါနဲ့ပဲ ဒေါ်တင်တင်နွဲ့ကို နှုတ်ဆက်ကာ ၃၆ ကားနဲ့ ကြည့်မြင်တိုင်က ညီမနဲ့တူမများရှိရာကို ရောက်ခဲ့ပါတယ်။ တူဖြစ်သူ ထွန်းကျော်က စောင့်နေတာပါ။ တူမတွေအိမ်ရောက်မှ ဦးမောင်မောင်အေးဆီကို ဖုန်းလှမ်းဆက်ပြီး ချောချောမောမောရောက်ကြောင်း ပြောပြရပါတယ်။

## နေပြည်တော်သို့

ကြည့်မြင်တိုင် ဗားဂရာလမ်းလေးဆုံအနီးမှာ ဒေါ်ခင်ညိုတို့ နေကြတာပါ။ အစ်ကိုကြီး တိုကျော်အောင်ရဲ့ သမီးတွေကို မမြင်ဘူးတာကြောင့် လာကြည့်ခြင်းပါပဲ။ သူတို့ နေပြည်တော်ကို လာတော့ ကျွန်တော်က မိုးကုတ်ရောက်နေပါတယ်။ ကျွန်တော်က ခြေထောက်ဗွေပေါက်နေတဲ့သူပါ။ အများအားဖြင့် လျှောက်သွားနေတာ များပါတယ်။

ညီမ မခင်ညိုနဲ့တူမတွေ တာဝန်ကျေကြပါတယ်။ တူ-မောင်ထွန်းကျော်က ကြည့်မြင်တိုင်ညဈေး၊ ပန်းဆိုးတန်းက စာအုပ်ဆိုင်တွေ၊ လှိုင်မြစ်၊ ကိုးထပ်ကြီးဘုရား စတာတွေ လိုက်ပို့ပါတယ်။

ပြန်မယ်နေ့ ညရထားလက်မှတ်ဝယ်ရင်း 'ပညာရွှေတောင်' စာအုပ်တိုက်ကို ဒုတိယအခေါက်ရောက်တဲ့အခါ ကျွန်တော် အလွန်တွေ့ချင်တဲ့ စာတည်းချုပ် ဦးအောင်မြတ်ကို တွေ့ရပြီး စကားလက်ဆုံကျပါတယ်။ ကောင်းမွန်စွာ ဧည့်ခံပြီး စာအုပ်တွေ ကျပ် ၂၀,၀၀၀ ကျော်ဖိုး လက်ဆောင်ပေးလိုက်ပါတယ်။ ကျေးဇူးအထူးတင်ရပါတယ်။

၁၇ ရက် ည ၈ နာရီ ရထားစီးပြီး နေပြည်တော်ကိုပြန်ခဲ့ပါတော့တယ်။

ရန်ကုန်ခရီးမှာ စာပေအဖွဲ့ဝင်တာ ကြာပြီဖြစ်ပေမယ့် ရန်ကုန်မရောက်လို့ ကတ်မလုပ်ရသေးပါဘူး။ အဲဒါ စာပေဗိမာန်မှာ ကတ်လုပ်ဖြစ်ခဲ့တယ်။ ဆရာတော် ဦးဇဋိလကို ဖူးခဲ့ရတယ်။ မဟာစည် ဩဝါဒခံယူပူဇော်ပွဲကြီး ကြုံခဲ့ရတယ်။ မြောက်ဒဂုံက စာရေးဆရာတွေနဲ့ ဆုံခဲ့ရတယ်။ မမြင်ဘူးတဲ့ တူမတွေကို မြင်ခဲ့ရတယ်။ သူရဇ္ဇစာတည်းချုပ် ဦးအောင်မြတ်နဲ့ တွေ့ဆုံခွင့်ရခဲ့တယ်။ ဒေသန္တရ ဗဟုသုတတွေ ရခဲ့တယ်။ တစ်ချက်ခုတ် ဆယ်ချက်ပြတ်ဆိုတဲ့ ခရီးပါပဲ။ မီးရထားဟာ နေပြည်တော်ဘူတာကို ၁၈ ရက်နေ့ နံနက် ၆ နာရီတိတိမှာ ဆိုက်ခဲ့ပါတယ်။

## လူသားတို့ရဲ့စိတ်

နေပြည်တော် ပြန်ကပြေးကို ရောက်တယ်ဆိုရင်ပဲ ညီမတွေကို လက်ဆောင်ပေးစရာပေးပြီး ပြန်ကပြေး မဟာစည်ကျောင်းတိုက်ကို ရောက်ခဲ့ပါတယ်။ ဒီနေ့ ဆရာတော်ကြီး ဦးဇဋိလရဲ့ နှစ်စဉ်ပြုနေကျ ရဟန်းခံရှင်ပြုပွဲပါ။ ရဟန်း၊ သာမဏေ အပါးရေ မသတ်မှတ်ပါဘူး။ အဲဒီမှာ ရန်ကုန်ကပါလာတဲ့ ဆရာတော်ရဲ့တပည့်တွေနဲ့ နှုတ်ဆက်ပြီး ထမင်းဝင်ကျွေးပါတယ်။ စတုဒိသာလို ရွာတွေကို ရွာလုံးကျွတ် ဖိတ်ကျွေးတာပါ။ ယောက်ျားတွေ၊ မိန်းမတွေ၊ ကလေးတွေဆိုပြီး ၃ ဌာန ခွဲကျွေးတော့ နိုင်ပါတယ်။ ကျွန်တော်က ယောကျ်ားတွေကျွေးတဲ့ဆီ ဝင်ကျွေးကူပါတယ်။

ထမင်းကျွေးပြီးတော့ မွတ်တားက သတင်းစကားလာပြောပါတယ်။

"ကိုရင်ရေ ကိုရင်နဲ့ရင်းနှီးတဲ့ ရွှေဘိုက အသက် ၉၀ ကျော် ဆရာတော်ကြီး ရန်ကုန် မဟာစည်ဟာ ဆေးကုရင်း ပျံတော်မူသွားပြီတဲ့ဗျ။ အဲဒါ နက်ဖြန် ဆရာတော် ရန်ကုန်ကို ပြန်ကြွရတော့မယ်"

လို့ ပြောပါတယ်။

ကျွန်တော့်ကို 'ရွှေဘိုရောက်ရင် ဝင်လာခဲ့ပါဦး' တဲ့ဗျ။ လူတွေဆိုတာက ဒီလိုပါပဲ၊ ကိုယ့်ကိုယ်ကိုယ် မသေနိုင်သေးဘူးလို့ အထင်ရှိကြပါတယ်။ ကြီးတယ်၊ ငယ်တယ် မဆိုနိုင်ဘူး။ လူဆိုတာ အကြောင်းမညီညွတ်ရင် ဖျတ်ခနဲ သေသွားနိုင်တဲ့အမျိုးပါ။

ကျွန်တော်တို့ငယ်ငယ်က ခပ်ပုပု နဲ့ ခပ်သေးသေးမို့ 'ဦးတိလောကလေး' လို့ခေါ်ကြတဲ့ ဆရာတော်ကြီးဟာ တစ်ဘဝဇာတ်သိမ်းလို့ ချုပ်ငြိမ်းသွားခဲ့ပါပြီ။ သံဝေဂရစရာပါ။

ဒါနဲ့ ကျွန်တော်ရဲ့ 'တစ်သက်စာ' လို့ ဇနီးက ကျိန်စာတိုက်လိုက်တဲ့ စက္ကူ ၂ ထုပ်ဟာ အခုထိတော့ မဖောက်ရသေးပါဘူး။ ကြောက်လို့ မထိရဲတာ မဟုတ်ဘူး၊ ကျွန်တော့်မှာ ရေးလက်စ ဖောက်ပြီးသား စက္ကူ ၂ ထုပ်က နေပြည်တော်မှာ ရှိနေလို့ပါပဲ။ အဲဒီ စက္ကူ ၂ ထုပ်ကုန်သွားရင်လည်း အသစ်များ ဝယ်ရေးရလေမလားလို့ စိတ်ကူးနေတာပါ။

[illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com

သျှီ(အင်ကြင်း)

## ဘာမှမဖြစ်ကြဘူးလားဟင်



ချိုးမွမ်း (၇) ရက်၊ ကဲ့ရဲ့ (၇) ရက် ဟု ဆိုရိုးစကား ရှိခဲ့သော်ငြားလည်း ကိုထွန်းလွင်အပေါ် လူအများ၏ချီးမွမ်းသယောင်၊ ကဲ့ရဲ့သယောင် စိတ်ဝင်စားမှုများက (၇) လပင်မက ကြာခဲ့ချေပြီ။ လူအများ၏စိတ်ဝင်စားမှုများတွင် ချီးမွမ်းခြင်းထက် ကဲ့ရဲ့ရှုတ်ချလိုမှုက ပိုပြီးအကဲသာကာ ဘယ်တော့ဒုက္ခတွေ့လေမလဲ ဟူသော မျှော်လင့်ချက်မှုတွေက ဒွန်တွဲပါဝင်နေကြောင်း ကိုထွန်းလွင် အတပ်သိနေ၏။ ကြာလာတော့ ကွယ်ရာမှာ တီးတိုးစကားများက နယ်ကျွံလာကာ သူတို့လင်မယားကို တွေ့သည်နှင့်-

'ဩော်- ဘာမှမဖြစ်ကြသေးဘူးနော်'

ဟု မချိတရိအပြုံးနှင့် နှုတ်ဆက်စကားဆိုတတ်ကြသည်။ သခါရတရားသဘောအရ အဆိုးလောကဓံလှိုင်းရိုက်ပုတ်ခံရလျှင်ပင် ထင်သားပဲဟု ဝမ်းသာစွာ စကားတင်းဆိုကြမှာလည်း အမှန်ပင် ဖြစ်လေ၏။

❂

ကိုထွန်းလွင်သည် မိရိုးဖလာဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် မွေးဖွားလာခဲ့သည်နှင့်အညီ ဘာသာတရားအပေါ် အလွန် ကိုင်းရှိုင်းယုံကြည်သူ ဖြစ်သည်။ သူ့ဇနီး မခင်မူသည်လည်း သူကဲ့သို့ပင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ပါသည်။ သူတို့ဇနီးမောင်နှံ၏မိဘများထံမှ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုအပြင် ရိုးရာနတ်ကိုးကွယ်မှုကိုလည်း အစဉ်အလာအရ ဆက်ခံထားသူများ ဖြစ်ကြသည်။ သူတို့ အိမ်ထောင်ခွဲစကတည်းက မခင်မူ၏မိခင်ကြီးက (၃၇) မင်းနတ်ကို ပင့်ဖိတ် ပ,သပြီး အိမ်တွင်းအုန်းဆွဲကာ အပ်နှံပေးခဲ့သည်။ မခင်မူသည် မနက်စောစော ဘုရားကန်တော့ပြီးသည်နှင့် အိမ်တွင်းခန်းဆီးကလေးဖွင့်ပြီး အိမ်တွင်းနတ်ကို ပန်း၊ ရေချမ်း၊ ဆွမ်းများ ကပ်သည်။ စင်ထောင့်မှာ ထောင်ထားသော ယပ်တောင်လေးဖြင့် ခတ်ရင်း-

"အိမ်တွင်းအဖေကြီးနှင့် အိမ်တွင်းအပေါင်းတို့ကို ယပ်များသွင်း၍ ပူဇော်ပါတယ်။ အိမ်တွင်းရေး အေးပါရစေ။ အိမ်တွင်းစီးပွားရေး တိုးတက်ပါရစေ။ ဤအိမ်ပေါ်သို့ ရွှေထုပ်၊ ငွေထုပ်၊ ရတနာထုပ်၊ ရိက္ခာထုပ်များရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဆေးတော်မူပါ”

ဟု ယုံယုံကြည်ကြည် ဆုတောင်းအပ်သည်။ ညအခါ မီးထွန်းချိန်ရောက်လျှင်လည်း ဤကဲ့သို့ ယပ်သွင်းပူဇော်ဆုတောင်းပြီး ဖွင့်ထားသော ခန်းဆီးဆိုက်ကာလေး ပြန်ပိတ်ပေးသည်။ ဒါဟာ နေ့စဉ်မနက်ညနေ ဆောင်ရွက်ရသော ဝတ္တရားတစ်ခု ဖြစ်သည်။

တစ်နှစ်တစ်ကြိမ် ဝါဝင်၊ ဝါထွက်ဆိုလျှင်တော့ ပုံမှန်နတ်ကနားငယ်လေး ပေး၍ အိမ်တွင်းအုန်းသစ် လဲလှယ်တင်ပေးသည်။ ဤကိစ္စမျိုးတွင် ကိုထွန်းလွင်ပါ မခင်မူနှင့်အတူ ကူညီဆောင်ရွက်ပေးရသည်။

ဤသို့ဖြင့် သူတို့၏သာယာသော အိမ်ထောင်လေးမှာ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကား အရွယ်ရောက်လာသည်။ ကိုထွန်းလွင်သည်လည်း သူတစ်ပါး၏ကားတို့ငှားပြီး တတ္တစီစွဲရာမှ ကိုယ်ပိုင်ကားဝယ်လာနိုင်သည်။ မချမ်းသာသော်လည်း မဆင်းရဲသော၊ အေးချမ်းသော အိမ်ထောင်စုလေး ဖြစ်သည်။

မကြာခင် ကိုထွန်းလွင်၏အိမ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်အိမ်ကျော်တွင် အိမ်ငှားနေသူများအဖြစ် ကိုထွန်းထွန်းအောင်တို့မိသားစု ရောက်လာသည်။ ကိုထွန်းထွန်းအောင်သည် လူပျိုကြီးတစ်ဦးဖြစ်ပြီး ကုမ္ပဏီတစ်ခုမှာ တာဝန်ကြီးကြီးယူထားရဟန်ဖြစ်သည်။ သူနှင့်အတူ သူ၏မိခင်နေထိုင်သည်။ ကိုထွန်းထွန်းအောင်တို့သားအမိသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ပြီး တနင်္ဂနွေနေ့တိုင်း ကိုထွန်းလွင်၏ကားတိုငှားကာ ဘုရားကျောင်းသို့ ဝတ္တရားမပျက် သွားလေ့ရှိသည်။ ကိုထွန်းထွန်းအောင်တို့ သားအမိကို ဘုရားကျောင်းသို့လိုက်ပို့ပေးရလေတိုင်း ကိုထွန်းလွင်၏စိတ်မှာ အတွေးတစ်ခု ပေါ်လာတတ်သည်။

'ငါတို့ဗုဒ္ဓဘာသာဝင်တွေလည်း တစ်ပတ်တစ်ခါ ဥပုသ်နေ့တိုင်း မိသားစုလိုက် ဘုန်းကြီးကျောင်းတက်တဲ့ဓလေ့မျိုးရှိရင် ဘယ်လောက်ကောင်းမလဲ။ အပတ်စဉ် ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းသွား လှူဒါန်းမှုပြု ကုသိုလ်ယူ၊ သီလဆောက်တည်ကြရင် ကလေးငယ်တွေလည်း ဗုဒ္ဓရဲ့အဆုံးအမတရားတော်နဲ့ မကြာခဏ ထိတွေ့ခွင့်ရပြီး လိမ္မာရေးခြား ပိုရှိလာကြမှာပဲ'

ဟု အမြဲတွေးမိသည်။ သို့သော် အတွေးသည် အတွေးအဖြစ်သာရှိခဲ့ပြီး သူတစ်ပါးကို စည်းရုံးနိုင်ဖို့နေနေသာသာ ကိုယ်တိုင်ပင် မကျင့်သုံးနိုင်ခြင်းအတွက် မိမိဘာသာမကျေမနပ် ဖြစ်ခဲ့ရသည်။ ယနေ့တိုင်အောင် တစ်ပတ်တစ်ကြိမ်မဆိုထားနှင့်၊ တစ်လတစ်ကြိမ်ပင် ဘုန်းကြီးကျောင်းမတက်နိုင်ခဲ့သေးပါ။ အိမ်မှာတော့ မနက်စောစောထပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပြီး နေ့စဉ် ဘုရားကန်တော့သည်။ မင်္ဂလသုတ်၊ မေတ္တာသုတ်တရားတော်များကို ဝတ္တရားမပျက် ရွတ်ဖတ်ပူဇော်သည်။ ပဋ္ဌာန်းဒေသနာတော်ကြီးကို အမိဋ္ဌာန်ပြု၍ ပူဇော်ကန်တော့သည်။ ဗုဒ္ဓမြတ်စွာဘုရားအပေါ် ကိုးကွယ်ယုံကြည်စွာ ဆည်းကပ်ခြင်းသည် သူ့ရင်မှာ အပြည့်ရှိနေသည်။ ရရှိလာသော ဘဝအပေါ် ရောင့်ရဲစွာ၊ အေးချမ်းစွာရှိနေခြင်းတပင် ဗုဒ္ဓတရားတော်များ၏အဆုံးအမကို ခံယူတတ်နိုင်ခြင်းကြောင့်ဟု လက်ခံယုံကြည်ထားသူ ဖြစ်လေ၏။

❂

စနေနေ့တစ်မနက်၌ ကိုထွန်းလွင်ကားမထွက်ခင် ကိုထွန်းထွန်းအောင် ရောက်လာသည်။ ကိုထွန်းထွန်းအောင်၏လက်ထဲမှာ အမွေးပွခွေးဖြူလေးတစ်ကောင် ပွေ့ပိုက်ထားသည်။

"အစ်ကို၊ ကျွန်တော့်ခွေးလေး နေမကောင်းဖြစ်နေလို့ တိရစ္ဆာန်ဆေးကုဆရာဝန်ဆီ ပြချင်ပါတယ်။ အစ်ကို့ကားနဲ့ လိုက်ပို့ပေးနိုင်မလား"

"ပို့ပေးနိုင်တာပေါ့ကွာ၊ တိရစ္ဆာန်ဆေးကုခန်းက နည်းနည်းတော့ အလှမ်းဝေးတယ်။ သွားကြတာပေါ့"

ကိုထွန်းလွင်က ကားထုတ်ပြီး ဆေးခန်းသို့သွားကြသည်။ ဆရာဝန်က ခွေးဖြူလေးကို စမ်းသပ်ကြည့်ရှုပြီး သာမန်အအေးမိတာပါဟုဆိုကာ ဆေးတစ်လုံးထိုးပေးလိုက်သည်။ အပြန်တွင် ကားပေါ်မှာ ခွေးကလေးကို ယုယစွာ ပွတ်သပ်နေသော ကိုထွန်းထွန်းအောင်ကို ငဲ့ကြည့်ပြီး ကိုထွန်းလွင်က-

"ခွေးချစ်တတ်တယ်နော်"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်က ခွေးလေးတွေကို အလွန်ချစ်တတ်တယ်။ ခွေးလေးတွေက သစ္စာရှိတယ်၊ လူစကားလည်း နားလည်တယ်။ ဒီကောင်ကလေးက အလွန်လည်း လိမ္မာတယ် အစ်ကို"

အတန်ကြာ စကားပြတ်သွားပြီးလေမှ ကိုထွန်းထွန်းအောင်က-

"အမှန်တော့ ခွေးနဲ့ပတ်သက်ပြီး ကျွန်တော့်ဘဝတစ်သက်တာမှာ မမေ့နိုင်လောက်အောင် စိတ်ဒဏ်ရာရခဲ့ဖူးတာပါ"

"စိတ်ဝင်စားစရာပဲကိုယ့်ညီ၊ ပြောပြနိုင်ရင်တော့ နားထောင်ချင်ပါတယ်"

ကိုထွန်းလွင်က ကားကို ဂရုစိုက်မောင်းနှင်ရင်း နားစွင့်သည်။ ကိုထွန်းထွန်းအောင်က ပြောပြလေ၏။

"ကျွန်တော်တို့က မူလက နတ်ကိုးကွယ်တဲ့ တိုင်းရင်းသားပါ။ နှစ်စဉ် ရိုးရာနတ်ပူဇော်ပွဲပြုလုပ်ရတယ်။ ပူဇော်ပွဲမတိုင်ခင်ကတည်းက နတ်အတွက် ရည်ရွယ်ပြီး ခွေးလေးတစ်ကောင် မွေးရတယ်။ အဲဒီ ခွေးလေးကို အိမ်သားတစ်ယောက်လို သဘောထားပြီး ပြုစုကျွေးမွေးရတယ်။ ဥပမာ-အိမ်မှာမိသားစုဝင် (၅) ဦး ရှိတယ် ဆိုပါတော့၊ ခွေးလေးရောက်လာရင် မိသားစုဝင် (၆) ဦးလို့ သတ်မှတ်ပြီး သူ့အတွက်ပါ ရည်စူးပြီး ထမင်းဟင်းချက်ရတယ်။ ထမင်းစားချိန်မှာလည်း သူ့အတွက် တစ်ပြိုင်တည်း ထမင်းပန်းကန်ပြင်ဆင်ပြီး သတ်မှတ်တဲ့နေရာမှာ ကျွေးမွေးရတယ်။ သူနေဖို့၊ အိပ်ဖို့ နေရာထိုင်ခင်းကအစ အိမ်သားလူတစ်ယောက်လို ပေးထားရတာပေါ့။ အဲဒီတုန်းက ကျွန်တော်က ကလေးပဲရှိသေးတယ်။ ခွေးငယ်လေးနဲ့ ကျွန်တော်က ကစားဖက်တွေပေါ့။ သူကလည်း ကျွန်တော့်ဆို အလွန်ခင်တယ်၊ ကျွန်တော်ကလည်း သူ့ကို သိပ်ချစ်တယ်။ ဒီလိုနဲ့ နတ်ပူဇော်ပွဲနီးလာတော့ . . ."

ကိုထွန်းထွန်းအောင်၏အသံက တိမ်ဝင်သွားသည်။ ကိုထွန်းလွင်ကိုယ်တိုင်ပင် ကြိုတင်သိနေသောဇာတ်လမ်းအဆုံးသတ်အတွက် ရင်နင့်သွားသည်။ ဝမ်းနည်းနေသော ကိုထွန်းထွန်းအောင်က ဆက်ပြောရှာပါသည်။

"ပူဇော်ပွဲနေ့မှာ ခွေးလေးကိုသတ်ပြီး ချက်ပြုတ်ကြတယ်။ ရိုးရာနတ်ကို အဲဒီဟင်းနဲ့ ပူဇော်ကြတယ်။ ပြီးတော့ ဓလေ့ထုံးစံအရ မိသားစုဝင်အကြီးဆုံးက စပြီး ကြီးစဉ်ငယ်လိုက် အဲဒီဟင်းကို စားကြရတယ်။ ကျွန်တော်ချစ်တဲ့ ခွေးလေးရဲ့အသားကို ကျွန်တော် ဘယ်စားရက်မှာလဲ အစ်ကိုရယ်၊ စဉ်းစားကြည့်ပါဦး"

"ဟုတ်တာပေါ့ ကိုယ့်ညီရယ် . . . အစ်ကိုနားလည်ပါတယ်"

"ဒါပေမယ့် လူကြီးတွေရဲ့ ချော့တစ်ခါ ခြောက်တစ်လှည့် တိုက်တွန်းတာကြောင့် ကျွန်တော် စားခဲ့ရတယ်။ နောက်နှစ်တွေ၊ နောက်နှစ်တွေမှာ နတ်ပူဇော်ဖို့ ရည်ရွယ်ပြီးမွေးတဲ့ ခွေးလေးတွေ ရောက်လာတိုင်း ကျွန်တော် သူတို့ကို မချစ်မိအောင် သတိထားတယ်။ မရင်းနှီးအောင် ရှောင်နေတတ်တယ်။ မိသားစုဝင်တစ်ယောက်လို ကောင်းကောင်းစောင့်ရှောက်ခံရတဲ့ ခွေးလေးတွေဟာ ဘာမှမသိရှာဘဲ အချိန်တန်တော့ ယဇ်ပူဇော်ခံလိုက်ရတယ်။ အဲဒီမိရိုးဖလာကိုးကွယ်မှုအစဉ်အလာထဲမှာ ကျွန်တော်ကိုယ်တိုင် ပါဝင်လာခဲ့တာပေါ့"

"အခုကော ဒီအလေ့အထရှိဆဲပဲလား ညီ"

"အခြားနေရာတချို့မှာ ရှိကောင်းရှိပါလိမ့်မယ်။ ကျွန်တော်တို့မိသားစုဝင်တွေမှာတော့ ဒီရိုးရာယဇ်ပူဇော်ဓလေ့က လုံးဝ ပျောက်ကွယ်သွားတာ ကြာပါပြီ"

"ဘာကြောင့်ပျောက်သွားတာလဲ၊ သိခွင့်ရှိရင် သိပါရစေ ညီ"

"အခုအချိန်မှာ ကျွန်တော်တို့အားလုံး ယေရှုသခင်ကို ကိုးကွယ်ယုံ



www.burmeseclassic.com

www.burmeseclassic.com

ကြည်သွားကြလို့ပေါ့။ ကိုးကွယ်ယုံကြည်မှုဆိုတာ တစ်ခုတည်းပဲရှိသင့်တာ မဟုတ်လား အစ်ကို”

ကိုထွန်းလွင် အဖြေမပေးနိုင်ပါ။

ကိုထွန်းထွန်းအောင်ကို ပို့ပေးပြီး အိမ်ပြန်ရောက်သည်အထိ သူ့စိတ်တွေ နောက်ကျိနေသည်။ ရင်ထဲမှာ လေးကန်နေသည်။

“အစ်ကို၊ နေကောင်းဘူးလား”

ဇနီးဖြစ်သူ မခင်မူက စိုးရိမ်စွာ မေးလာတာကိုပင် အဖြေမပေးနိုင်ပါ။ ခင်မူကတော့ သူနေမကောင်း၍ ကားမထွက်နိုင်ဟု ထင်သွားရှာသည်။

ကိုထွန်းလွင်သည် အပေါ်ထပ် ဘုရားဆောင်ရှေ့သို့ ရောက်သွားသည်။ အနိုင်းမဲ့ မြတ်စွာဘုရားပုံတော်သည် ကြည်ညိုဖွယ် သပ္ပာယ်လွန်းနေသည်။ နောက်စောစောက သူကပ်လှူထားသော ရေချမ်းနှင့် ဆွမ်းဘောဇဉ်ခဲဖွယ်များကိုပင် မစွန့်ရသေးပေ။ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားသော သစ်ခွပန်းများက အစွမ်းကုန်ပွင့်ကာ လှပနေသည်။ သူသည် ဘုရားစင်ရှေ့မှာထိုင်ကာ လက်အုပ်ချီကန်တော့သည်။

“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ ဘုရား။ မြတ်စွာဘုရား၏ တရားတော်မြတ်ကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။ မြတ်စွာဘုရား၏တပည့်သားသံဃာတော်အပေါင်းတို့ကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား”

တစ်ဘဝစာသာမကဘဲ သံသရာအတွက်ပါ ရည်မှန်း၍ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်ခဲ့သည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်တိုင်အောင် ရည်မှန်း၍ ရတနာသုံးပါးကို ယုံကြည်ခြင်းပါတကား။ ရတနာသုံးပါးအပေါ် အကြွင်းမဲ့ယုံကြည်မိပါလျက် အခြားကိုးကွယ်ရာများကို အားကိုးမိခဲ့သည်။

‘ကိုးကွယ်ယုံကြည်မှုဆိုတာ တစ်ခုပဲရှိသင့်တာ မဟုတ်လား အစ်ကို’

ဟူသော ကိုထွန်းထွန်းအောင်၏ စကားကို ကြားယောင်လာသည်။ ကိုထွန်းလွင် ခေါင်းထဲမှာ ကြည်လင်လာသည်။ နှလုံးသားသည် ဖြူစင်လာသည်။ အသိဉာဏ်လည်း လင်းလက်လာသည်။

မခင်မူကို အကျိုးအကြောင်းရှင်းပြသည်။ ပါရမီဖြည့်ဖက် မခင်မူသည် သူ၏သဘောထားကို နားလည်စွာ သဘောတူသည်။ ဤသို့ဖြင့်-

“အိမ်တွင်းနတ်မင်းနှင့်တကွ အိမ်တွင်းမင်းအပေါင်းတို့ ခင်ဗျား။ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၊ လှူဒါန်း ပူဇော်ခြင်းများ၏ ကောင်းမှုကုသိုလ် အစုစုတို့ကို နေ့စဉ် အမျှဝေ၊ မေတ္တာပို့သမှာ ဖြစ်ပါတယ် ခင်ဗျား။ ကျွန်ုပ်တို့ဟာ ရတနာမြတ်သုံးပါးကိုသာ အားထား ယုံကြည်ဖွယ်ဟု မှတ်ယူပါသောကြောင့် အိမ်တွင်းအရှင်တို့ ကျွန်ုပ်တို့အိမ်နေရာမှ အခြားနေရာသို့ ပြောင်းရွှေ့တော်မူကြပါ။ ကျွန်ုပ်တို့ ပြုသမျှကုသိုလ်အစုစု အမျှဝေခြင်းကို သာဓု အမြဲခေါ်နိုင်ကြပါစေ”

ဤသို့ ခွင့်ပန်ပြီး ဘုရားစင်ဘေးမှအိမ်တွင်းစင်ကို ဖယ်လိုက်ကြသည်။ အိမ်ဦးခန်းတွင် ဘုရားစင်တစ်စင်တည်းသာ သပ္ပာယ်တင့်တယ်စွာ ဖူးတွေ့ရလေပြီတည်း။

❂

ကိုထွန်းလွင်နှင့်မခင်မူတို့၏ အပြုအမူက ရပ်ကွက်အတွင်းမှာ အတော်လေး ပျံ့နှံ့သွားသည်။ ပတ်ဝန်းကျင်က သူတို့ကို မည်သို့သောဆိုးကျိုးတွေ ပြင်းပြင်းထန်ထန် ခံစားရလေမည်နည်းဟု စောင့်ကြည့်ကြသည်။ သူတို့ အိမ်ပြင်ထွက်၍ လမ်းမှာတွေ့လျှင်ပင်-

“ဘာမှမဖြစ်ကြသေးဘူးနော်”

“ဘာဖြစ်ကြသေးလဲဟင်”

ဤသို့သောမေးခွန်းများနှင့် နှုတ်ဆက်ကြသည်။ ချီးမွမ်း (၇) ရက်၊ ကဲ့ရဲ့ (၇) ရက်ဟု ဆိုသော်ငြားလည်း ယခု (၇) လကျော်တိုင်အောင် ပတ်ဝန်းကျင်၏ ချီးမွမ်း၊ ကဲ့ရဲ့ ဝဲဂယက်မှာ စိတ်ဝင်စားခြင်းကိုခံနေရဆဲ ဖြစ်သည်။

လောကတွင် လောကဓံတရားအရ ကောင်း၊ ဆိုးနှစ်တန် တစ်လှည့်စီ ခံရတတ်သော သဘာဝပင်။ တွေ့ကြုံရသည့် ဆင်းရဲ၊ ချမ်းသာ များစွာသည် အကြောင်းအကျိုး ဆက်စပ်မှုရှိသည်ဟူသော တရားသဘောကို ကိုထွန်းလွင် အကြွင်းမဲ့ ယုံကြည်ထားတာ ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားက အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုလည်း သွန်သင်ခဲ့သည် မဟုတ်ပါလား။

ဘယ်တော့မှ မပြောင်းလဲသော အရာကား ‘ပြောင်းလဲခြင်း’ ပင် ဖြစ်လေ၏။

သျှို(အင်းကြင်း)

# ဆီပူ၊ မီးပူ၊ ရေနွေးပူလောင် အမြန်ပြုပါ

**နတ်မောက်မင်းသန့်နိုင်**

ဆီပူ၊ မီးပူ၊ ရေနွေးပူလောင်ခြင်းသည် ချက်ပြုတ်ရေးဆောင်ရွက်ရသော အိမ်ရှင်မများ တစ်နေ့မဟုတ် တစ်နေ့၊ တစ်ချိန်မဟုတ် တစ်ချိန် ကြုံတွေ့ရတတ်ပါသည်။ ထိုသို့ ကြုံတွေ့ပါက အမြန်ပြုစုနည်း တင်ပြအပ်ပါသည်။

ဆီ၊ မီး၊ ရေနွေးအပူလောင်လျှင် မိမိအနီးတွင် အနီးဆုံးရှိသော ပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ ကြက်ဥ၊ ဘဲဥ တစ်မျိုးမျိုးကို အမြန်ဆုံး ရွှဲရွှဲစိုအောင်လိမ်းပေးပါ။ (၃) မိနစ်တစ်ခါ၊ (၅) မိနစ်တစ်ခါဆိုသလို လေး၊ ငါးကြိမ် လိမ်းပေးပါ။ ဆီ သို့မဟုတ် ကြက်ဥ သို့မဟုတ် ဘဲဥမှ အပူများကိုစုပ်ယူသွားသဖြင့် အမြန်ဆုံးသက်သာပျောက်ကင်းပါသည်။

အတော်ကလေး အေးသွားပြီဆိုမှ အောက်ပါဆေးကိုပြုလုပ်လိမ်းပေးပါ။

ဆီးဖြူရွက် လက်တစ်ဆုပ်၊ နှစ်ဆုပ်ခန့် ခူးယူပြီး မြေအိုးငယ်အတွင်း ထည့်၍ အလုံပိတ်ပါ။ ထို့နောက် ဆီးဖြူရွက်များ ပြာကျသည်အထိ ဖုတ်ပါ။

၎င်းဆီးဖြူရွက်ပြာများကို ခေါင်းလိမ်းသည့်အုန်းဆီဖြင့် ဖျော်ပြီး ကြက်တောင်မွေးနှင့် တို့ယူပြီး ရေနွေး၊ ဆီပူလောင်နာပေါ်သို့ တစ်နေ့ (၃) ကြိမ် လိမ်းပေးပါ။ သက်သာ ပျောက်ကင်းသွားပါမည်။

*ကျန်းမာ၊ ချမ်းသာ လန်းဖြာကြပါစေ*

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

(၁)

'ချစ်ငမ်းမောင် ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ဓားနဲ့ထိုးလို့' ဆိုတဲ့ အကုသိုလ် သတင်းဆိုးဟာ ကျွန်တော်နေတဲ့ ရထား လိုင်းအတွင်းမှာ အုတ်အော်သောင်း တင်း ပျံ့လွင့်လို့သွားခဲ့ပါတယ်။

'ဘာဖြစ်သွားလဲ. . .'


'သေပြီလား'

'အခု သူ ဘယ်မှာလဲ'

သိချင်ဇောဖြင့် စီထွက်လာတဲ့ မေးခွန်းတွေရယ်၊ ပြောချင်လွန်းလို့ စကောရှက်ပြီး ရွာနီးကိုးပေါက် အခမဲ့ ခြေကျင် လျှောက်လို့ မောင်းထုပြောသလို ပြောဆိုတတ်တဲ့ အာမောင်းသောင်းခင်ကာ စကားပလုတ်ပလောင်းနဲ့-

ပန်းခြင်လယ်-စိန်ဝင်း

# မူးလို့မိုက် ရူးလို့မိုက် ရဲလို့မိုက်





www.burmeseclassic.com

www.burmeseclassic.com

"သေတော့မသေဘူး အစ်ကိုရေ၊ ...မယ့် လက်ကျိုးသွားလို့ တာက ...တာ ဦးထန်ပိုဆီမှာ ဆေးပတ်တီး ... စည်းထားရတယ်တဲ့"

"ဟာကွာ-မင်းဟာကလည်း၊ ခား ...ထိုးတာနဲ့ လက်ကျိုးတာနဲ့ ဘာဆိုင် ...ကွ။ ညောင်ဦးကမ်းပြိုတာနဲ့ စမွာ ...တ နွားမပေါင်ကျိုး ဆိုသလိုမျိုး ဖြစ် ...ပေါ့လား"

"ကျွန်တော် တကယ်ပြောတာပါ ... သူကိုယ်သူ ဓားနဲ့ထိုးတယ်ဆိုတာ ...ရက်မူးမူးနဲ့ ဆေးကြောင်ပြီး သူ့ပေါင် ...သူ့ပြန်ထိုးတာ အစ်ကိုရ။ ကိုယ့်ပေါင် ...ကိုယ့်လှန်ထောင်း ဆိုသလို ဘယ်အဆုံး ...ဘော့ထိုးပါ့မလဲဗျာ၊ ခပ်ဆွဲဆွဲကလေး ...ထွက်ရုံလောက်သာ ထိုးတာပေါ့။ ...နေတဲ့အချိန်မှာ သူ့မိန်းမနဲ့ စကားများ ...ဖြစ်ကြတယ်ဆိုပဲ။ သူ့မိန်းမကလည်း ...တောက်ဖျစ်တောက် မြင်းအီးပေါက် ...တတ်တာ၊ သူကလည်း မူးကြောင်ရူး ...ကြောင်ဆိုတော့ အဲဒီမှာ စ,တွေ့ကြ ...တယ် ဆိုပါတော့ အစ်ကိုရာ"

"ဟ-သောင်းခင်ရ ချစ်စမ်းမောင် ...သင်မယားက ကလေးတောင် နှစ် ...ယောက်ရနေပြီပဲ။ အဲဒီမှာ စတွေ့ကြ ...တယ် ဆိုတာကတော့ မင်းဟာ . . . ...တ်သေးပါဘူးကွာ"

"အစ်ကိုကလည်း၊ ကျွန်တော်က ...ကားအဖြစ်ပြောတာပါ။ ချစ်စမ်းမောင် ... မူးလာရင် သူများတွေနဲ့သာ လွှမ်း ... သူ့မိန်းမနဲ့ကျတော့ ဟိန်းလား ...တ်လား, ဆဲလားဆိုလားလုပ်တော့ ...တလည်း မခံဘူးလေ။ သူက တစ်ခွန်း ... ဟိုကလည်း စုံအောင် ခွန်းတုံ့ပြန် ...တော့တာပေါ့။ ယိုးဒယားဆိုင်းနဲ့ ယိုး ...အက လိုက်ဖက်ညီသလို ဘီလူး ...နဲ့ ဘီလူးအကမှ လိုက်ဖက်ညီတော့ ...ပေါ့ဗျာ။ ဒီတော့ သူတစ်ခွန်း,ကိုယ် ...ခွန်း၊ သူတစ်ချက်,ကိုယ်တစ်ချက်ပဲ။ ...တ်တော့ အမူးအပြလွန်နေတဲ့ ...စမ်းမောင်က သူ့မယားကို မိုက်တာ ...ပြိုင်ရဲလား၊ နင်မိုက်ရဲတယ်ဆိုတာ ... မိပ့်မလားဟဲ့။ ငါ့သတ္တိလိုမျိုး နင့် ...ရဲ့လား၊ ငါလုပ်သလို လုပ်ရဲလား။ ...တ်လုပ်စမ်းဟဲ့ ဆိုပြီး သူ့ပေါင်ကိုလှန် ... ဓားနဲ့အရင်ထိုး ဆိုပဲ။ ပြီးတော့ အ ...တက်လာတယ်နဲ့တူပါရဲ့ အစ်ကိုရာ၊ ...ယ်လက်ကို ခုံစောင်းပေါ် တင်ပြီး ...တစ်လက်မတို့နဲ့ ရိုက်ချိုးလိုက်တာ ...င်းခနဲ တစ်ချက်တည်း ပိုင်းပိုင်းကို

ကျိုးသွားတော့တာပေါ့။ ဒီတော့မှ အနားကလူတွေ ဝိုင်းဆွဲပြီး ဦးထန်ပိုဆီ ပြေးကြတယ်တဲ့"

အာမောင်းသောင်းခင်က သူသိ သမျှ ခရေစေ့တွင်းကျ ပြောပြတော့လည်း ဇာတ်ရည်လည်ခဲ့ရပါတော့တယ်။ ဒီနေရာမှာ သတိတရရှိစွာနဲ့ ပြောပြချင်တာလေးတစ်ခုဟာ နှလုံးသားအသိကို ထိထိမိမိလေး လှုပ်ခတ်ဝင်ရောက်လာခဲ့တာပါ။ အဲဒါက လယ်တီဆရာတော်ဘုရားကြီးရဲ့ဆုံးမဩဝါဒတွေထဲက မှတ်သားဖွယ်ရာကလေး အချို့ပါပဲ။ ဆရာတော်ကြီးက ဒီပဲယင်း သေရည်မေတ္တာစာတွင် သိင်္ဂါလသတို့သားအား မြတ်စွာဘုရားဟောကြားတော်မူသော အရက်သေစာသောက်စားခြင်း အပြစ်ခြောက်ပါးကို ဖော်ပြထားပါတယ်။

၁။ မျက်မှောက်ဘဝ၌ စည်းစိမ်ဥစ္စာ ပျက်စီးတတ်ခြင်း၊

၂။ ခိုက်ရန်ဖြစ်ပွား အချင်းများတတ်ခြင်း၊

၃။ ရောဂါ အမျိုးမျိုး တိုးပွား ကျရောက်တတ်ခြင်း၊

၄။ ဂုဏ်သိက္ခာကင်းမဲ့၍ သူတစ်ပါးတို့ မကောင်းပြောတတ်ခြင်း၊

၅။ ပုဆိုးအဝတ် ယွင်းချွတ်ကင်းကွာ ရှက်စရာကို ဖော်ပြတတ်ခြင်း၊

၆။ ဉာဏ်ပညာ သေးနုပ်သိမ်ဖျင်းခြင်းတို့ ဖြစ်ပေသည်။

ထိုထိုသော အပြစ် ခြောက်ပါး စကားရပ်တို့ကို ဆရာတော်ဘုရား၏ မေတ္တာစာတွင် သီကုံး ဖွဲ့ဆိုထားပုံမှာ-

'ထိုသုတ္တန်ပါဠိကို အဓိပ္ပာယ်ညှိလိုက်သော်၊ သိလေမယုတ်၊ မုချမုန်စွာ၊ သုရာငါး၀၊ မေရငါးထွေ၊ ထန်းရည်ချဉ်ခါး၊ နွေ့ညမသွေ မေ့လျော့စေ၊ ပေလှအောင် သောက်စားက၊ ကိုယ့်စီးပွား ကိုယ့်ဥစ္စာတို့သည်၊ မျက်မှောက်မှာ ညှိုးနွမ်းတက်ဆင့်ကာ မဖွံ့ဖြိုးဘဲ၊ အကျိုးမဲ့ကုန်ဆုံးလျက် ပျက်ပြုန်းသည်တခြား။

တရားမဖက် စကားထွက်ပြီးလျှင် တစ်ဖက်သား မနာလိုအောင် ပြောဆိုမိ အတန်တန်ကြောင့် ခိုက်ရန်ကြီးဖြစ်ပွား၍ အချင်းများတတ်သည်တစ်ခု။

စားမှုသောက်မှုအရေးဝယ် သတိကင်းကွာ၍ ပညာဖြင့်မချင့်နိုင်၊ စားချင်တိုင်းစားသောက်၍ ဖျားနာခြင်း ဗျာဓိနှင့် တိုင်းမသိရောဂါကို ပြိုပြင်စွာခံစားရခြင်းတခြား။

မည်သူ၏သတို့သားသည် တရား

ရှုမကာပ်၊ မျိုးဇာတ်တို့ ... မဲ့ ... မငဲ့ဟု ချီးဖွဲ့သောသတင်းနှင့် ... ခြင်း၊ ပျောက်ကွယ်၍ တဲ့ရဲ့ ... သည်တစ်ဖြာ။

သုရာတန်ခိုးဖြင့် ပုဆိုးကိုယ်ဝတ် ယွင်းချွတ်ကင်းကွာ အင်္ဂါကြီး,ငယ် မတင့်တယ်တို့နှင့် ပွဲလယ်မှာရှူးသောကြောင့် သူတစ်ထူး မြင်ရပြန်လည်း ကိုယ်ပုံဟန် မတင့်တယ်၊ မျက်နှာလွှဲဖယ်ကြ၍ မဖွယ်ရာလုံးလုံး ကိုယ့်ဘဝ ကိုယ်ဖြုန်းလျက် သက်ဆုံးကျူးနည်း ရှက်အိုးကြီးကွဲရသည် တစ်ဌာန။

သောက်စားမှုဝေ၊ သုရာယစ်က တစ်ခေတ္တသေသောကြောင့် ဉာဏ်ပေတုံးကာ မေ့ပညာနှင့် စာပေအတတ် အမှတ်သတိ၊ ဒိဋ္ဌိမိစ္ဆာ၊ ပြိတ္တာသမုတ်၊ လူယုတ်ဌာန လူဗာလ ဖြစ်ရသည်'

ဟု ဆိုထားပေရာ မူးမူးမိုက်မိုက်နှင့် ကိုယ့်ကိုယ်ကိုယ် မြန်မြီးနှိပ်စက် ဒဏ်ခတ်တဲ့ ချစ်စမ်းမောင်ရဲ့လုပ်ရပ်ဟာ ဘာမှအကျိုးမရှိခဲ့ပါဘူး။ ပေါင်ကို ဓားနဲ့ထိုးထားတဲ့ဒဏ်ရာဒဏ်ချက်တွေရယ်၊ လက်ဖျံရိုး သွင်သွင်ကျိုးသွားခဲ့ရတဲ့ ဒဏ်ရာအနာအကျိုးသာ အဖတ်တင်ကျန်ခဲ့ရပါတယ်။ အမူးပြေတော့မှ နောင်တဆိုတဲ့ စကားတစ်ခွန်းနဲ့ 'ငါမှားသွားတယ်' လို့ ဝန်ခံစကားဆိုပေမယ့် အရိုးကျိုးပေါင်းတက်ပြီး ပြန်ဆက်တဲ့အထိ စောင့်ရပေဦးတော့မှာပါ။ နာကျင်ခြင်းဒုက္ခ၊ ငွေကုန်ကြေးကျများခြင်းဒုက္ခ၊ ပုဆိုးဝတ်ရခြင်းဒုက္ခမှအစ သန့်စင်ခန်းဝင်သည့်အဆုံးအထိ လက်တစ်ဖက်၏အသုံးဝင်မှုဆိုတဲ့ဒုက္ခတွေကို ခါးစည်းပြီးခံရပေမှာ အမှန်ပဲ။ အဲ-နောက်တော့မှ 'ဘွာတေး' ဆိုလို့ မရနိုင်ပါဘူး၊ အကောင်းဆုံးကတော့ လုံးဝ အရက်မသောက်ကြဖို့နဲ့ မှားလက်စ, မှားဆဲသူတွေလည်း အမှားကို အမှန်ပြင်ပြီး ချစ်စမ်းမောင်ကို စံနမူနာ ယူသင့်တာပေါ့ဗျာ။

(၂)

ကျွန်တော်တို့ ရထားဝန်ထမ်းတွေရဲ့လောကမှ မကြာခဏဆိုသလို ကြုံရဆုံရ ကြားရတဲ့စကားသံတွေက ရထားအတိုက်ခံရတာတို့၊ ရထားကြိတ်ခံ သေတာမျိုးတွေ ဆိုတာပါပဲ။ ရထားဆိုတာမျိုးက ကားလို စတီယာရင်နဲ့ ... ရာကွေ့ရှောင်ပြီးမောင်းလို့ ... ခင်းထားတဲ့ သံလမ်းအတိုင်း... လှာခုတ်မောင်းကြရတာ... ကိုဆင်းရှောင်မောင်းလို့...



www.burmeseclassic.com

www.burmeseclassic.com

လမ်းနဲ့မလွတ်တာတွေမှန်သမျှကိုလည်း ဖြုန်းခနဲ အရှိန်သတ်လို့မရရင်တော့ ဝါး မျို ကြိတ်နင်းသွားလိုက်ရပေတာပေါ့။

ရထားကိုဂရုမစိုက်ဘဲ နမော်နမဲ့ သမားတွေ၊ အလျင်စလိုနဲ့ ရထားအရှိန် မသတ်ခင် ခုန်ဆင်း‚ ရထားထွက်မှပြေး တက်ကြသူတွေဟာ အရှိန်ကိုနားမလည် ကျွမ်းကျင်မှု နည်းပါးတာတွေကြောင့် ရထားနဲ့ မတော်တဆထိခိုက်မိပြီး အသက်နဲ့ခန္ဓာ အိုးစားကွဲသွားကြရတာတ်ပါ တယ်။ အချို့တွေလည်း အသက်မသေ ပေမယ့် လက်၊ ခြေတွေပြတ်ပြီး တစ်ဘဝစာ ဒုက္ခိတဖြစ်ကြရတာတွေကို မြင်တွေ့နေရပါပေတယ်။

ဒါတွေ ရေးသားပြောပြရတာဟာ ရထားဝန်ထမ်းတစ်ဦးအနေနဲ့ ရထားစီးခရီးသည်တွေကို စေတနာထားမိလို့ပါ။ အဓိကပြောချင်တာက ရူးလို့ မိုက်တဲ့သူ အကြောင်းကိုပါ။

ကာလကတော့ ကြာခဲ့ပြီလို့ဆိုရမှာပေါ့။ ကျွန်တော် တာဝန်နဲ့ ကြံခင်း ရထားလိုက်ရိပ်သာကို သွားရောက်စစ်ဆေးစဉ်အခါကပေါ့။ ဒီတုန်းက ရထားစီးရင် စက်ခေါင်းကနေ လိုက်ပါပြီး စီးလေ့ရှိပါတယ်။ စက်ခေါင်းပေါ်ကနေ စီးတော့ ဘေးဘယ်ညာမြင်ကွင်းတွေထက် ရှေ့တည့်တည့် ရထားလမ်းမြင်ကွင်းကို ကြည့်ရတာ ပိုကောင်းသလိုပါပဲ။

ဒီဇယ်ရထား စက်ခေါင်းကြီးဟာ မျဉ်းပြိုင်သံလမ်းနှစ်ခုပေါ်မှာပဲ သစ္စာရှိစွာ ပြေးဆွဲလို့နေပါတယ်။ စက်ခေါင်းမှူးကြီးနဲ့ စက်ခေါင်းမှူး လက်ထောက် (၁) ဆိုတဲ့ စက်မောင်းဝန်ထမ်းနှစ်ဦးဟာ အချိန်ပြည့် သတိကပ်ပြီးမောင်းနေကြရပါတယ်။ မတော်တဆ ဘေးအန္တရာယ်မဖြစ်ပွားစေဖို့ရာ ဌာနဆိုင်ရာညွှန်ကြားချက်တွေကို လိုက်နာကြရတယ်။

အဓိက လိုက်နာဖို့ရာကတော့ မမူးနဲ့၊ မငိုက်နဲ့၊ ဘရိတ်နဲ့ဝန်ချိန်စစ်၊ ချိန်ဆမောင်း၊ ရထားနောက်ပိုင်းကို မကြာခဏကြည့် ဆိုတဲ့ သတိပေးစာတန်းကို အမြဲတမ်းမြင်သာတဲ့နေရာမှာ ချိတ်ဆွဲထားပြီး လိုက်နာရတာပါ။ ရှေ့တူရူမြင်ကွင်းမှန်သမျှ နှုတ်ကနေ ရွတ်ဆိုပြရပါတယ်။ ဥပမာဆိုရရင် ရထားပြေးနေတဲ့ ရှေ့တည့်တည့် ရထားလမ်းအလယ်မှာ လူလျှောက်နေတာတွေ့ရင် 'ရထားလမ်းပေါ်မှာလူရှိ၊ ဥသြဆွဲ' ဆိုတဲ့ သတိပေးစကားနဲ့အတူ ဥသြဆွဲရပါတယ်။ ရထားလမ်းဘေးမှာ နွားတွေရှိနေရင်လည်း သတိထားပြီးမောင်းရတာပါ။

ဆန်နီချောင်ဘူတာနဲ့ မြန့်အောင်ဘူတာနား ရောက်လာတော့ လူတစ်ယောက်ဟာ လမ်းဘေးကနေ အဝတ်စတစ်ခုကို တုတ်ချောင်းမှာချည်ပြီး အလံပြလို့နေပါတယ်။ ဖြုန်းခနဲ ဘာအချက်ပြမှန်းမသိလို့ စက်ခေါင်းမောင်းကြီးကို မေးကြည့်လိုက်တော့-

'အဲဒီလူဟာ စိတ်မကျန်းမာသူတစ်ယောက်ပါ၊ သူက အမြဲတမ်းလိုလို ရထားကို အလံပြနေတတ်တယ်ဗျ'

အဲဒီအချိန်က သံကြိုးတိုင် (၃) တိုင်အကွာလောက်က မြင်ကွင်းပဲ ဖြစ်ပါတယ်။ အလံပြနေတာက လမ်းဘေးလွတ်ကင်းတဲ့နေရာကပါ။ ဒါပေမယ့် ရထားသံလမ်း နှစ်ဆက်လောက် အလိုမှာ ဖြုန်းခနဲ သံလမ်းအလယ်တည့်တည့်ကိုတက်လာပြီး အလံကို ဆက်ပြနေပါတော့တယ်။ (၁) နာရီကို (၂၅) မိုင်နှုန်းနဲ့မောင်းနှင်လာတဲ့ အမြန်ရထားဟာ နောက်ပါတွဲ (၁၀) တွဲနဲ့ ဖြုန်းဒိုင်းကြီး (Death Stop) ဘရိတ်ချလို့ မရပါဘူး။ မတော်တဆ သတိလက်လွတ်ဖြစ်ပြီး ဘရိတ်ကို အကုန်ဆွဲဖမ်းလိုက်ရင်တော့ ရထားတစ်စင်းလုံးဟာ ကျိန်းသေပေါက် ကျွမ်းထိုးမှောက်ခုံဖြစ်ကုန်မှာတော့ အသေအချာပေါ့။ ဒီတော့ စက်ခေါင်းဟွန်းကိုအရှည်ကြီးဆွဲပြီး သတိပေးနေတဲ့ကြားက စိတ်မနှံ့သူ အလံပြသမားရဲ့ ဆီးခုံတည့်တည့်ကို စက်ခေါင်းရဲ့ တွဲချိတ်ကိရိယာ (Buffer)နဲ့ ထိုးဆောင့်လို့ သံလမ်းနှစ်ခုအကြားထဲ လဲပြိုကျသွားပြီး ရထားတစ်စင်းလုံး နင်းကြိတ်သွားခြင်းကိုခံလိုက်ရရှာပါတယ်။

မိမိအသက်ကိုထည့်မတွက်ဘဲနဲ့ ရထားကြီးတစ်စင်းလုံး လာနေမှန်းသိပါလျက်နဲ့ မိုက်မိုက်ကန်းကန်း ရထားလမ်းအလယ်ကိုတက်ပြီး အလံပြရဲတဲ့ စိတ်မနှံ့သူဟာ စိတ်မနှံ့နေလို့သာ မိုက်ရဲတာ ဖြစ်မှာပါဆိုတဲ့ မျက်မြင်အတွေ့အကြုံ အဖြစ်ဆုံးခဲ့ရခြင်းပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ်၊ မူးလို့မိုက်သူရော ရူးလို့မိုက်သူကိုပါ ဘယ်သူမှ သူရဲကောင်းဘွဲ့နဲ့ ချီးကျူး ထောမနာပြုကြမှာ မဟုတ်ပါဘူး။

(၃)

နောက်တစ်မျိုးက ရဲလို့မိုက်တယ်လို့ဆိုဆို၊ ရှက်ရမ်း ရမ်းတယ်လို့ပဲ ပြောပြော၊ အရှက်နဲ့ဂုဏ်သိက္ခာကို အသက်နဲ့ အလဲအထပ် လုပ်သွားတဲ့ သူတစ်ယောက်အကြောင်းပါ။ အဲဒီသူကတော့ မြန်မာရာဇဝင်မှာ မိုက်ရူးရဲသတ္တိအဖြစ်နဲ့တင်ကျန်ရစ်တဲ့ 'ဗလရဲထင်'ဆိုသူပါပဲ။

အချိန်ကား မြန်မာနှစ် ၈၉၄ ခုနှစ်၊ တပင်ရွှေထီး ဘုရင်ဖြစ်ပြီး (၂) နှစ်ကြာ အခါသမယ။ သက်တော် (၁၇) နှစ်အရွယ်တိုင်အောင် နားထွင်းမင်္ဂလာ မပြုခဲ့ရသေး။ သုံးနှစ်သားအရွယ်မှစတင်၍ သူ၏နားထွင်းမင်္ဂလာကို ရွှေမော်ဓောစေတီရင်ပြင်တွင် ပြုလုပ်လိုသည်ဟူသော ဆန္ဒ အာသီသ ပြင်းပြင်းရှရှ ရှိခဲ့သူပင်။

အခုလို တိုင်းပြည်၏အရှင်သခင် ဘုရင်မင်းမြတ်ရဲ့မင်းညီလာခံမှာ ရန်သူနိုင်ငံ ဟံသာဝတီနေပြည်တော် ဘုရင်သုရှင်တကာရွတ်ပိ၏နယ်မြေ၊ မင်းနေပြည်တော်အနီးရှိ ရွှေမော်ဓောစေတီ၌ နားထွင်းမင်္ဂလာပြုမည် ဟူသော အမိန့်တော်ကြောင့် မှူးမတ်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြရသည်။ မင်းဟာရားကြီး၏အသက်စည်းစိမ်အား ထိပါးနိုင်မည်ကို စိုးရိမ်မိကြခြင်းလည်း ဖြစ်ခဲ့ကြသည်။ အချို့က ကန့်ကွက်ကြ၏။

ကျော်ထင်နော်ရထာ၏ ခမည်းတော် မင်းရဲသခ်သူက ရဲရဲရင့်ရင့်ဖြင့်-

"မှန်လှပါ၊ အရှင်မင်းမြတ်မိန့်တော်မူသည့်အတိုင်း ရွှေမော်ဓောစေတီ ရင်ပြင်တွင် နားထွင်းမင်္ဂလာ ဆင်ယင်ကာကျင်းပလိုသည့်အရေးကို လေးမြတ်စွာ ထောက်ခံပါသည် ဘုရား။ အဘယ့်ကြောင့်ဆိုသော် ရွှေမော်ဓော စေတီတော်မြတ် ကိန်းဝပ်တော်မူသည့်နေရာသည် ရှေးကာလကပင် အောင်မြေအမှန်ဖြစ်၍ ထူးမြတ်လှသောနေရာလည်း ဖြစ်ပါသည်။ အဆိုပါ အောင်မြေနေရာတွင်မင်္ဂလာပြုခြင်းဖြင့် အရှင်မင်းကြီး၏ ဘုန်းတန်ခိုး အရှိန်သည် မိုးတိမ်မကထွန်းထိန်လို့နေပါမည် ဘုရား"

"အိမ်း- ကြားရတဲ့စကားဟာ ငါ ကိုယ်တော် အားရလှပါပေတယ်"

ခမည်းတော်ရဲ့ လျှောက်တင်စကားကိုကြားလိုက်ရတဲ့ ကျော်ထင်နော်ရထာကလည်း-

"မှန်လှပါ၊ ရွှေနန်းရှင်၏ဆန္ဒတော်အတိုင်း တုံ့ဆိုင်းခြင်းမပြုဘဲ အောင်မြေအမှန်ဖြစ်သည့် ရွှေမော်ဓောရင်ပြင်မှာ နားထွင်းမင်္ဂလာပြုသင့်ကြောင်းပါ။ ရန်သူနယ်မြေပင်ဖြစ်သော်ငြား၊ သွားဖို့ရာအရေး တွေး၍ ထိတ်လန့်ဖွယ် မရှိပါ။ ကေသရာဇာမြသေ့မင်းတို့မည်သည်ရွှေ

www.burmeseclassic.com

တွင်းမှထွက်လျှင် သားသမင်အ တို့ တုန်လှုပ်ချောက်ချား ရှောင် တ်သကဲ့သို့ တစ်ဖက်ရန်သူသည် ဝေးရာအရပ်သို့သာ ရှောင်ရှား ည်ဖြစ်ပါသည် ဘုရား။ အ ၍ မရှောင်ရှားဘဲ ရင်ဆိုင်တိုးဝင် က ရင်ကို မြေကတုတ်လုပ်ကာ တ်မဆုတ်ဘဲ အရှင့်ရှေ့တော်မှာရဲရဲ သတ်စွန့်ကြိုးပမ်း ထမ်းဆောင်သွား ည် ဘုရား"

"အလို-အားရစရာစကားပါလား နောင်ထွတ်ရဲ့ ရဲစိတ်ရဲမာန် တို့ ထောက်ခံ ချီးမြှင့်တဲ့အနေနဲ့ ဒီ ငါကိုယ်တော်ရဲ့ လက်သုံးတော် တ်စီးကို ဆုတော်အဖြစ် ပေး မူတယ်။ နောင်ထွတ်လည်း နား င်္ဂလာခရီးအတွက် လိုအပ်ချက်ရှိ လျှောက်တင်စေဗျား"

"မှန်လှပါ၊ အရှင်မင်းကြီး ထွက် မူ မင်္ဂလာခရီးအတွက် ရဲသွေးရဲ င့်ပြည့်စုံသည့် စစ်သည်ရဲမက် ငါး လိုအပ်ပါသည် ဘုရား"

"အို- နောင်ထွတ်၊ ရန်သူ့နယ်ဝင် ငါးရာမျှသော ရဲမက်စစ်သည်ဖြင့် လောက်ပါမည်လော"

"မှန်ပါ၊ ရွှေမော်ဓောစေတီတော် ခိုတော်မူမည့် အရေးကိစ္စမှာ စစ် ဝိလ်ပါ များစွာမလိုပါ။ သူရသတ္တိ တကယ် ပြည့်စုံမည့်သူ ငါးရာမျှ တ်သာ လိုပါမည်။ စိတ်ထားသေး ၍ ကြောက်သွေးပါသူမှန်လျှင် မည် င် ခင်မင်ရင်းနှီးစွဲရှိသူ ဖြစ်နေပါ နောက်တော်ပါးက ခေါ်မလာသင့် သူရဲကောင်း ငါးရာကိုသာ စိစစ်ရွေး ပြီး မြင်းကိုယ်စီဖြင့် ချီတက်စေသင့် ည် ဘုရား"

"တဲကဲ-ကြားကြရဲ့လား မင်းကြီး နောင်ထွတ်ရဲ့ သူရဲကောင်းပီသ တား။ ဘယ်လောက် သူရဲကောင်း သလဲဆိုတာ ငယ်ရွယ်တော်မူစဉ်က နောင်တော်တစ်ပါးရယ်လို့ အား တော်မူတဲ့အတိုင်း ယခုလည်း နောင် တ်ကို အားကိုးရပေဦးတော့မယ်။ င်တော်ရဲ့လျှောက်တင်ချက်အတိုင်း ပြန်နံနက်ကစ သူရသတ္တိရွေးချယ် နောင်ထွတ်နဲ့တိုင်ပင်ပြီး ရွေးချယ် မူမယ်။ မောင်မင်းတို့ကလည်း မြင်း င်းငါးရာကို ရွေးချယ်ပြီး အရန်သင့် ထားကြစေဗျား"

(၄)

နေပြည်တော်အနှံ့ မောင်းကြေးနင်း လည်ခတ်မှုကြောင့် သူရဲကောင်းအရွေးခံလိုသူများ နန်းရင်ပြင်သို့ စုရုံးရောက်ရှိလို့နေကြသည်။ မြန်မာ့သတ္တိကိုပြလိုသူတွေက ထောင်သောင်းမကများလှပေ၏။ ကျော်ထင်နော်ရထာက မင်းတရားရွှေထီးကို ဦးခိုက်လိုက်တော့ မင်းတရားကြီးက အားရကျေနပ်စွာ ခေါင်းဆတ်ပြလိုက်ပါ၏။ ဆက်လုပ်ပါ၊ ခွင့်ပြုတော်မူသည်ဆိုတဲ့ သဘော။ ကျော်ထင်အနော်ရထာက ဆုတော်ရ ကျောက်စီဓားကို ဝင့်ကြွားစွာဆုပ်ကိုင်ပြီး စုရုံးလာကြသူများကို ရဲဝံ့တည်ကြည် ပြတ်သားသောစကားဖြင့်-

"ရွှေနန်းတော်ရင်ပြင်ပေါ်သို့ စုရုံးရောက်လာကြတဲ့ အမျိုးကောင်းသားတို့၊ ကျွန်ုပ်ပြောကြားမည့်စကားကို လေးနက်စွာ နားစိုက်ထောင်ကြပေလော့။ မကြာမီသောကာလမှာ ဘုန်းတော်ကြီးမြတ်တော်မူသည့် မင်းတရားရွှေထီးဟာ ရန်သူ့နိုင်ငံတော်ဖြစ်တဲ့ ဟံသာဝတီနေပြည်တော်ရဲ့ ရွှေမော်ဓောစေတီ ရင်ပြင်မှာ နားထွင်းမင်္ဂလာပြုလုပ်ကျင်းပဖို့ စီစဉ်ထားပေတယ်။ ဒါကြောင့် နားထွင်းမင်္ဂလာခရီးကို လိုက်ပါရမယ့် သူရဲကောင်း ငါးရာကို အခုရောက်ရှိလာကြတဲ့ မင်းပရိသတ်ထဲက စိတ်ကြိုက် ရွေးချယ်မယ်။ အခု ဟံသာဝတီ ရန်သူ့နယ်ကို ချီတက်ရမည့်အရေးမှာ သာမန်မျှမက ထူးချွန်ပြောင်မြောက်တဲ့ အစွမ်းသတ္တိရှိဖို့လည်းလိုပေတယ်။ ဒီလို သူရဲကောင်းမျိုးရဖို့ကိုလည်း ထူးခြားသောနည်းဖြင့် စမ်းသပ်ရွေးချယ်မှာဖြစ်တယ်"

"စမ်းသပ်ပါ"

"အမြန်စမ်းသပ်တော်မူပါ"

"အကျွန်ုပ်ကိုအရင်စမ်းသပ်ပေးပါ"

ရဲရင့်တက်ကြွသော အသံများက ဘဝင်ညံ ထွက်ပေါ်လို့လာချေသည်။

"စမ်းသပ်ပါ့မယ်။ စမ်းသပ်မယ့် နည်းကား သင်တို့၏ လက်မထိပ်ကို အပ်ဖြင့်စိုက်၍ တူဖြင့် ရိုက်ထည့်မယ်။ ဒီလိုစမ်းသပ်စဉ်မှာ တွန့်ဆုတ်သူ၊ အော်ဟစ်သူ၊ ညည်းညူသူ၊ တုန်လှုပ်သူများကို ဖယ်ရှားကာ နန်းရင်ပြင်သို့ ပို့မည်။ ကြောက်ရွံ့ခြင်းအလျှင်းမရှိ ရဲသွေးသတ္တိအပြည့်အဝ ပြနိုင်သူတွေကိုသာ ရွေးချယ်မည်။ အခုချိန်တွင် စမ်းသပ်မခံဝံ့သူများ ဤနန်းပြင်မှထွက်ခွာသွားနိုင်ပါသေးသည်"

"တိုင်းပြည်အတွက် အသက်ပါ ပေးဝံ့ပါသည်"

"စမ်းသပ်တော်မူပါ"

"စမ်းသပ်ခံဝံ့ပါတယ်"

ပရိသတ်များထံမှ စူးစူးရှရှ ကျယ်ကျယ်လောင်လောင်အသံများသည် ပွဲတင်ထပ်မျှပင်။

"ကောင်းပြီ၊ ယခုချိန်ကစပြီး သူရဲကောင်းရွေးချယ်ပွဲကြီး စတင်ပါပြီ။ ဦးစွာပထမ ကျွန်ုပ်ကိုယ်တိုင် စမ်းသပ်ခံမည်၊ အားလုံး ကြည့်ကြပါလော့"

ကျော်ထင်နော်ရထာက စမ်းသပ်ခံပေါ်တွင် ညာလက်မကို ထောင်ပေးလိုက်သည်။ တူနှင့်အပ်ကို ကိုင်ထားသူက ထောင်ထားသည့် လက်မထိပ်သို့ အပ်ကိုထိုးစိုက်လိုက်ပြီး တူနှင့် တစ်ချက်ထုလိုက်ရာ အပ်သည် အဖျားမှအရင်းတိုင် စူးဝင်၍နစ်မြုပ်သွားပါတော့သည်။

"သူရဲကောင်း အာဇာနည် ကျော်ထင်အနော်ရထာတဲ့ဟေ့"

အားပေး ချီးမြှောက်သံများသည် ဘဝင်္ဂသို့ညံပြီး ပွဲတင်ထပ်သွားခဲ့ရသည်။ ကျော်ထင်နော်ရထာ၏ သူရသတ္တိကား အံ့ချီးဖွယ်ရာပင်တည်း။ သွေးတွန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း မရှိ။ ပကတိ တည်ငြိမ်စွာ ရှိသည်ကို တွေ့ကြရလေသည်။ ရဲစိတ်ရဲမာန်သည် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့လှပါပေ့။

'အင်း. . . ငါ့နောင်တော်ဟာ တကယ့်ကို သူရဲကောင်းပီသသူပါပဲလား'

မင်းတရားရွှေထီးက ကျော်ထင်နော်ရထာကိုကြည့်၍ အသံတိတ်စကားဖြင့် မှတ်ချက်ပြုလေ၏။ ကျော်ထင်နော်ရထာ၏နည်းတူ စမ်းသပ်စစ်ဆေးရာ သွေးတွန့်သူများရှိသကဲ့သို့ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိ၊ သူရသတ္တိရှိသည့် သူရဲကောင်းများလည်း ထွက်ပေါ်လာခဲ့ပါ၏။

သည်တစ်ခါ အလှည့်ကျသူက တပင်ရွှေထီး၏ငယ်ကျွန်ရင်း၊ ငယ်စဉ်ကပင် ဖွားဖက်တော်အဖြစ် အပါးတော်တွင် အမြဲ ခစားထမ်းခ,စားနေရသူ။

သူက ဗလရဲထင်။

"ဗလရဲထင်၊ မင်းအလှည့်၊ ရှေ့တိုး၊ ဒီပေါ်မှာ လက်မထောင်"

ကျော်ထင်နော်ရထာက ဗလရဲထင်ကို စမ်းသပ်ရန် ပြင်ဆင်သည်။ ဗလရဲထင်က အံကိုကြိတ်လို့ စိတ်ကို တင်းထားသည်။ ကျော်ထင်နော်ရထာ၏အမိန့်သံသည် ထင်မဲ့ပြတ်သားး၏။

"အပ်စိုက်၊ တူနဲ့ရိုက်"



www.burmeseclassic.com

www.burmeseclassic.com

# လေမဖြတ်အောင် ဓာတ်စာအောင်

လေဖြတ်ရောဂါကို အသက်(၄၀) ကျော်လာသည်နှင့် လူတိုင်း ကြောက်ရွံ့နေကြရသည်။ လေဖြတ်၊ လေငန်းရွဲ့စောင်း၊ ကိုယ်တစ်ခြမ်းသေသည်မှ အချို့တွင် အိပ်ရာမှပင်မထနိုင်။ ကျင်ကြီး၊ ကျင်ငယ် အိပ်ရာထဲ၌သွားကြရသလို ရှင်လျက်နှင့် သေနေသူဘဝရောက်၍ စိတ်သွားတိုင်း ကိုယ်မပါ လိုရာမရောက် စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခသာမက မိသားစုပါ ဒုက္ခကူးစက်သည့် စိတ်ပျက်စရာ၊ ကြောက်စရာရောဂါတစ်မျိုးဟု ဆိုရပါမည်။ အချို့သောသူများ လေဖြတ်သည်နှင့် အသက်ပင် တစ်ခါတည်းပါသွားကြရသည်။ မသေဘဲ အိပ်ရာထဲလဲ၍ မထနိုင်သူများသည်လည်း စိတ်ပိန် လူပိန် ဘဝနေဝင်ချိန်ကို အိပ်ရာထဲမှာသာ စောင့်နေကြရ၍ ဘဝရှုံးသူများ ဖြစ်ရတော့သည်။ ထိုရောဂါကို ကြိုတင်ကာကွယ်သတိရှိလျှင် လေမဖြတ်နိုင်၊ လေဖြတ်ရောဂါဖြစ်မှာကို မစိုးရိမ်ရပါဟု မကွေးမြို့နယ် ကြာကန်ရွာသစ်(ညောင်ပင်သာ) ကျေးရွာမှ တိုင်းရင်းဆေးဆရာကြီး ဆရာဦးအောင်မြိုင်ထံမှ လေ့လာသိရှိရသဖြင့် အများပြည်သူအကျိုးငှာ ရေးသားဖော်ပြလိုက်ပါသည်။

ဆရာကြီး ဦးအောင်မြိုင်မှ-

"လေမဖြတ်အောင် ကိုယ်လက်လှုပ်ရှားမှုကို ပုံမှန် နံနက်စာနဲ့ ညအိပ်မဝင်မီ အစာနဲ့ဝေးချိန်မှာ ပြုလုပ်ပါ။ အဓိကတော့ ဓာတ်စာပေ့ါ။ သဘော်ရွက် တို့မြုပ်စားရမယ်။ တစ်ပတ် (၃) ကြိမ် အနည်းဆုံး ကြက်သွန်ဖြူနိုင်နိုင်နဲ့ ရှောက်သီးသုပ်စား။ ရှောက်ရွက်အတို့အမြုပ်ကို တစ်လ (၄) ကြိမ်ခန့် စားပေးရင် လေမဖြတ်နိုင်ပါဘူး။ အိပ်တဲ့အခါ လက်ကို ခေါင်းမအုံးပါနဲ့။ နံနက်အိပ်ရာထခါနီးရင် ခြေ၊ လက်နှစ်ချောင်းကို ပက်လက်ကနေ စက်ဘီးနင်းသလို ဖြည်းဖြည်းလုပ်ပေး။ ဒါ ကြိုတင်ကာကွယ်နည်းပဲ"

ဟု ပြောပြပါသည်။

ရွာစဉ်တစ်လျှောက် ဆေးကုသပေးလျက်ရှိသည့် ဆရာကြီး ဦးအောင်မြိုင် ပြောပြသောနည်းအတိုင်း လေဖြတ်ရောဂါ (ကြောက်စရာရောဂါဆိုးကို) ကြိုတင်ကာကွယ်နိုင်ဖို့အတွက် အများအကျိုး အလေးထား၍ ရေးသားပေးပို့အပ်ပါသည်။

*ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာကြပါစေ*

စိုးတင့်(စာကြည့်တိုက်)ကြာကန်

*(ဆေးနည်းပြောပြသော ဆရာကြီး ဦးအောင်မြိုင်အား ရိုကျိုးဂါရဝပြုလျက်)*

ဗလရဲထင် စိတ်တင်းထားသည့်ကြားကပင် တစ်ချက်တော့ တွန့်သွားလိုက်မိသည်။

"ဗလရဲထင် . . . မောင်မင်း၊ ဒီလောက်တောင် သွေးတွန့်ရသလား"

အနားတွင် ရပ်ကြည့်တော်မူနေသည့် မင်းတရားရွှေထီးက ကဲ့ရဲ့သလို လှမ်း၍ သတိပေးတော်မူလိုက်သည်။ ကျော်ထင်နော်ရထာကတော့ အားနာခြင်းအလျှင်းမရှိဘဲ-

"မင်း- အခုချက်ချင်း နန်းအပြင်ဘက်ကို ထွက်ပေတော့"

မင်းပရိသတ်စုံသည့် ဗိုလ်ပုံအလယ်မှာ ကဲ့ရဲ့ခံရသလို မောင်းထုတ်ပင်ခံလိုက်ရသည်မို့ ဗလရဲထင် လွန်မင်းစွာ ရှက်သွားမိသည်။ အားလုံး၏မျက်လုံးများသည် ဗလရဲထင်ထံသို့ စုပြုံ၍ကျရောက်၊ အကြည့်ရောက်နေကြပြီ။

"မှန်လှပါ၊ ကျွန်တော်မျိုးဟာ သွေးနည်းသူ မဟုတ်ပါ ဘုရား။ ကျွန်တော်မျိုး၏သတ္တိကို ယခုပင် ပြသပါမည်ဘုရား"

ရှက်ရွံ့ခြင်း၊ မခံချင်စိတ်ဖြစ်ခြင်းတို့က အလွဲသတ္တိကို နှိုးဆွလိုက်သည်ထင့်။ ခါးကြားတွင်ထိုးထားသော ဓားမြှောင်ကို ရုတ်တရက် ဆွဲထုတ်လိုက်သည်။ ချက်ချင်းပင် မိမိ၏ဝမ်းဗိုက်ကို ထိုးစိုက်ခွဲချလိုက်ပြီး အူကိုဆွဲထုတ်လိုက်သည်။

"ဟောသည်မှာ ကျွန်တော်မျိုး ဗိုက်ထဲက အူတွေ"

ဗလရဲထင်က ပြောပြောဆိုဆိုဖြင့် ကျော်ထင်နော်ရထာကို လှမ်းပေးသည်။ ကျော်ထင်နော်ရထာကလည်း ယောင်ယမ်း၍ ကိုင်ထားလိုက်မိသည်။ သည်တော့မှ ဗလရဲထင် နောက်ကို အပြေးဆုတ်သွားရာ အူအဆုံးအရောက်မှာပင် မြေသို့လဲကျကာ သေဆုံးသွားတော့၏။

မင်းပရိသတ်ကြီးမှာ ဗလရဲထင်၏ မိုက်ရူးရဲလုပ်ရပ်ကို အံ့သြစွာဖြင့် ဆိတ်ငြိမ်စွာ ကြည့်နေကြကုန်၏။ ထိုအချိန်တွင် မင်းတရားရွှေထီးက သူ၏သက်တော်စောင့် ငယ်ကျွန်ရင်း ဗလရဲထင်၏အဖြစ်ကို ကြည့်ပြီး-

"ဩော်- ဗလရဲထင် . . . ဗလရဲထင်၊ မင်းက မိုက်တော့မိုက်ရဲသားပဲ။ ဒါပေမယ့် မင်းမှာ သတ္တိမရှိပါဘူး"

ဟူသတတ်။

(၇)

အမူးသမား ချစ်စမ်းမောင်ရဲ့ မူးလို့မိုက်တဲ့ သတ္တိတွေ။ စိတ်မကျန်းမာရောဂါဖြစ်နေရှာတဲ့ ရထားကို အလံပြသူရဲ့ ရထားတိုက်ခံတဲ့သတ္တိတွေ။ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ရင်ခွဲ အူထုတ်ပြရဲတဲ့ မိုက်ရူးရဲ ဗလရဲထင်ရဲ့သတ္တိတွေကို တကယ်လို့များ အလွဲသုံးစားနေရာမှာ အသုံးမချဘဲ မိမိလူမျိုး၊ မိမိတိုင်းပြည်၊ မိမိအလုပ်ဌာနတစ်ခုခု တစ်ထောင့်တစ်နေရာရာမှာ တန်ဖိုးရှိရှိ အသုံးချနိုင်ခဲ့မယ်ဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့ဆိုပြီး မဆီမဆိုင် အတွေးက ကျွန်တော့်ဦးနှောက်ထဲ ပြေးဝင်လာသလိုခံစားမိတာကတော့ အမှန်ပါပဲဗျာ။

*- အမှန်မြင်၍ အမြင်မှန်နိုင်ကြပါစေ*

ပန်းမြိုင်လယ်-စိန်ဝင်း

*(လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း ချစ်စမ်းမောင်ခေါ် ဖိုးစံသောင်းသို့ အမှတ်တရ)*

**စာကိုး-** *ဦးကုလားမဟာရာဇဝင်*



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီက ကျွန်တော်တို့ စတုတ္ထတန်းကျောင်းသားများသည် ပထဝီဝင်ဘာသာကိုသင်ယူရာတွင် အိန္ဒိယနိုင်ငံအကြောင်းကို အသေးစိတ် သင်ကြားကြရသည်။ အိန္ဒိယတိုက်ငယ်ဟု ထိုစဉ်က ခေါ်ကြသည်။ အိန္ဒိယနိုင်ငံ၏သမိုင်းနောက်ခံ၊ ရာသီဥတု၊ ထွက်ကုန်သီးနှံ၊ ဓာတ်သတ္တု၊ မြစ်ကြီးများ၊ တောင်တန်းကြီးများ၊ လမ်းပန်းအဆက်အသွယ်၊ မြို့ကြီးများ၊ အိန္ဒိယတိုက်ငယ်က အစဉ်အဆက် ပိုင်ဆိုင်ခဲ့သည်ဟု ဆိုသော ကျွန်းများကိုပါ အသေးစိတ် သင်ကြားကြရပါသည်။


မှန်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှခွဲ၍မထွက်ခင်က အိန္ဒိယတိုက်ငယ်၏ ပြည်နယ်တစ်နယ်အဖြစ် ဗြိတိသျှ ကိုလိုနီနယ်ချဲ့

# တစ်ကျွန်းစံ

## လှမိုး(ပညာရေး)

အစိုးရက သတ်မှတ်ခဲ့ကြပါသည်။ ထိုစဉ်က ထုတ်ဝေသော မြေပုံစာအုပ်များတွင် အိန္ဒိယတိုက်ငယ်မှ ပြည်နယ်အဖြစ်ဖော်ပြခဲ့ရာ မြန်မာနိုင်ငံကို အချို့ကမ္ဘာ့နိုင်ငံများက သိရှိခြင်း မရှိခဲ့ပါပေ။ အိန္ဒိယတိုက်ငယ်၏ 'ပြည်နယ်တစ်နယ်အဖြစ်သာ ယူဆခဲ့ကြပါသည်။ အိန္ဒိယဘုရင်ခံချုပ်၏ လက်အောက်ခံ ဖြစ်သဖြင့် ကျွန်တော်တို့သည် အိန္ဒိယနိုင်ငံ၏ ပထဝီကို အသေးစိတ် သင်ကြားရခြင်း ဖြစ်ပေမည်။

ဤသို့ အိန္ဒိယတိုက်ငယ်၏ပထဝီဝင်ဘာသာကို သင်ကြားခဲ့ရသည့်အခါ အိန္ဒိယတိုက်ငယ်ပိုင် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ အက်ဒမန်ကျွန်းစုအကြောင်း သင်ကြားကြရပါသည်။ ထိုကျွန်းစုများကို ကျွန်တော်တို့က ကပ္ပလီကျွန်းစုဟု ခေါ်ကြပါသည်။ အဘယ်ကြောင့် ထိုကျွန်းစုများကို ကပ္ပလီကျွန်းဟုခေါ်ဝေါ်သည်ကို ကျွန်တော် မသိပါ။ ထိုကျွန်းစုသည် ကျွန်တော်တို့ မြန်မာနိုင်ငံ နေဂရေအငူမှ အင်ဒိုနီးရှား (ယခင် အရှေ့အိန္ဒိယကျွန်းစု) စုမတြားကျွန်းအထိ သွယ်တန်းနေသော ကျွန်းစုတစ်စု ဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်တို့မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့်ဆင်တူသည်ဟု ယူဆနိုင်ပါသည်။ ကျွန်းစုမှာ အက်ဒမန်ကျွန်းကြီးနှင့် အက်ဒမန်ကျွန်းကလေးခေါ် ကျွန်းကြီးနှစ်ကျွန်းရှိပြီး ကျွန်းကလေးပေါင်းများစွာ ပါဝင်သည်ဟု သင်ကြားခဲ့ရပါသည်။ ကျွန်းကြီးနှစ်ကျွန်းတွင်သာ လူအများ နေထိုင်၍ အချို့ကျွန်းငယ်ပေါင်း များစွာတွင် လူများနေထိုင်ခြင်းမရှိဟု သိရ၏။ အိန္ဒိယတိုက်ငယ်က ယခုအထိ အစဉ်အဆက် ပိုင်ဆိုင်ခဲ့သည်ဟုဆိုရသော်လည်း ထိုကျွန်းစုများသည် အိန္ဒိယနိုင်ငံ မဒရပ်မြို့မှ မိုင်ပေါင်း (၇၀၀) ကျော် ကွာဝေးသည်ဟု သိရ၏။



အန်ဒမန်ကျွန်း အကျဉ်းထောင်

ထိုကျွန်းစုများသည် ကမ္ဘာ့မြေပုံပေါ်တွင် အစက်ကလေးများအဖြစ်သာ ဖော်ပြထားကြသဖြင့် လူသိအလွန်နည်းသောကျွန်းများ ဖြစ်ကြသည်။ ခရစ်နှစ် ၁၇၈၁ ခုနှစ်တွင်မှ ဗြိတိသျှအမျိုးသားပိုင် အရှေ့အိန္ဒိယကုမ္ပဏီမှ တာဝန်ရှိသူများသည် ထိုကျွန်းစုအား စိတ်ဝင်စားလာခဲ့ကြသည်။ သမိုင်းမှတ်တမ်းများအရဆိုရလျှင် ရှေးပဝေသဏီက တရုတ်နိုင်ငံမှ ခရီးသည်များ ဂျပန်နိုင်ငံမှ ခရီးသည်များသည် ထိုကျွန်းစုများကို အစောဆုံး တွေ့ရှိခဲ့ကြသည်ဟု သိရ၏။ အီတလီနိုင်ငံ ဗင်းနစ်မြို့သား မဟာခရီးသည် မာကိုပိုလို၏ ခရီးသွားမှတ်တမ်းနှင့် အခြားခရီးသည်များ၏မှတ်တမ်းများတွင် ထိုကျွန်းစု၌နေထိုင်သော လူရိုင်းမျိုးနွယ်များသည် အုန်းသီးများ၊ ဆိတ်နို့များကိုသာ စားသောက်ကြပြီး ထိုကျွန်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာသော ခရီးသည်များကို ရန်မူလေ့ရှိသည်။ ထိုလူရိုင်းများသည် အဆိပ်လူးမြှားများကို အသုံးပြုလေ့ရှိသည်ဟု ဖော်ပြလေ့ရှိသည်။ ခရစ်နှစ် ၁၈ ရာစု အစောပိုင်းထိ မည်သည့် အကျိုးအမြတ်မျှမရနိုင်သော ထိုကျွန်းစုများကို ထိုစဉ်က နယ်ချဲ့နိုင်ငံကြီးများ ဖြစ်ကြသော ပေါ်တူဂီနိုင်ငံ၊ စပိန်နိုင်ငံ၊ ဒတ်(ချ်)တို့က စိတ်ဝင်စားခဲ့ခြင်းမရှိဟု ဆိုသည်။

သမိုင်းမှတ်တမ်းများအရ အက်ဒမန်ကျွန်းစု ဟူသော အမည်ကို ၉ ရာစု အာရပ်အမျိုးသား ပထဝီဝင် ပညာရှင် ဆိုလီမင်ဆိုသူ၏မှတ်တမ်းတွင် တွေ့ရသည်ဆိုသည်။ နာမည်ကျော် ဂရိအမျိုးသား ပထဝီဝင်ပညာရှင်နှင့် မဟာခရီးသည် တိုလမ်၏မှတ်တမ်းများတွင်ပင် အက်ဒမန်ကျွန်းစု၏အမည်ကို တွေ့ရှိခြင်းမရှိဟုလည်း သမိုင်းသုတေသီများနှင့် ပထဝီပညာရှင်များက ဆိုကြသည်။ အာရပ် မဟာခရီးသည်နှင့် ပထဝီပညာရှင် ဆိုလီမင်ရေးသားပြုစုသော 'အိန္ဒိယတိုက်ငယ်၏အံ့ဖွယ်သရဲများ' (The Wonders of India) တွင် 'မဟာအက်ဒမန်ကျွန်း' (Great Andaman) အမည်နှင့် ဖော်ပြခဲ့သည်ဟု သိရ၏။

အိန္ဒိယနိုင်ငံ ချိုလာမင်းဆက်များ လက်ထက် မှတ်တမ်းများတွင်မူ အက်ဒမန်ကျွန်းစု၊ နီကိုဗာကျွန်းနှင့် မော်လဒိုက်ကျွန်းစုများအား သိမ်းသွင်းခဲ့သည်ကို ဖော်ပြထားခဲ့၏။ အက်ဒမန်ကျွန်းစုများနှင့် နီကိုဗာကျွန်းစုများသည် ကျွန်းပေါင်း (၅၇၂) ကျွန်းရှိခဲ့ရာ အထက်ဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သည့်အတိုင်း အချို့ကျွန်းများမှာ လူသူနေ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ခြင်းမရှိ သစ်တောများဖုံးလွှမ်းနေသော ကျွန်းငယ်များသာ ဖြစ်သည်ဟု ဆိုသည်။ ခန့်မှန်းခြေအားဖြင့် ဧရိယာ စတုရန်းမိုင်ပေါင်း (၃၁၈၅) မိုင် ရှိခဲ့၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုကျွန်းစုများကို ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီမှတာဝန်ရှိသူများက စိတ်ဝင်စားခဲ့ရာမှ ကုမ္ပဏီအရာရှိတစ်ဦးဖြစ်သော အာချီဘော်ဘလဲယား ဆိုသူ ဦးဆောင်သော အဖွဲ့တစ်ဖွဲ့ကို ထိုကျွန်းစုသို့ စေလွှတ်ခဲ့သည်။ အာချီဘော်ဘလဲယားသည် ယခုအက်ဒမန်ကျွန်းရှိ 'ဘလဲယား' ဟူသော ဆိပ်ကမ်းမြို့ကိုတည်ထောင်ခဲ့သည်။ ထိုစဉ်က တောတွင်းသား ဒေသခံလူရိုင်းများက ခုခံတိုက်ခိုက်မှုကြောင့် အခက်အခဲဖြစ်ခဲ့ပြီး ကျွန်းကြီးကို တည်ထောင်ရန်ကိစ္စများ နှောင့်နှေးသွားခဲ့၏။

ထို့နောက် အရှေ့အိန္ဒိယကုမ္ပဏီသည် အိန္ဒိယနိုင်ငံမှ လူဆိုး ရာဇဝတ်သားများ၊ ပြစ်ဒဏ်ကျခံရသူများအား ထိုကျွန်းတွင်ထားရှိ၍ စာရိတ္တပြုပြင်ရေးစခန်းများ၊ အလုပ်စခန်းများ တည်ဆောက်ရန် စီမံခဲ့သည်။ ခရစ်နှစ် ၁၇၉၂ ခုနှစ်တွင် အကျဉ်းစခန်းများကို စတင်ဆောက်ခဲ့သည်။ သို့သော် ဒေသခံလူရိုင်းများကမူ ကျူးကျော်ဝင်ရောက်လာသူများအား ကျားကုတ်ကျားခဲ ခုခံကာကွယ်သဖြင့် ဗြိတိသျှတို့မှာ အခက်အခဲဖြစ်ခဲ့သည်။

ခရစ်နှစ် ၁၈၂၄ ခုနှစ်တွင် ဗြိတိသျှ နယ်ချဲ့သမားသည် မြန်မာနိုင်ငံသို့ ကျူးကျော်ဝင်ရောက်ရန် စီမံသောအခါ ဗြိတိသျှဘုရင်မကြီး၏ ရေတပ်မတော်မှ တိုက်သင်္ဘောများသည် အက်ဒမန်ကျွန်း၌ ခေတ္တဆိုက်နားခဲ့ကြပြီး လိုအပ်သည်များကို ပြင်ဆင်ခဲ့ကြသည်။ ထိုကျွန်းစုများမှတစ်ဆင့် မြန်မာနိုင်ငံသို့ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်ဟု သိရ၏။ ခရစ်နှစ် ၁၈၅၇ ခုနှစ်တွင် အိန္ဒိယတပ်တွင်း သူပုန်ကြီးဖြစ်ပွားလာခဲ့သောအခါ ဗြိတိသျှအစိုးရသည် အက်ဒမန်ကျွန်းအကျဉ်းထောင်ကို ပြင်ဆင်၍ ထိုသူပုန်ထမှုတွင် ပါဝင်ခဲ့သူများအား အက်ဒမန်ကျွန်း အကျဉ်းထောင်သို့ ပို့ခဲ့သည်။

ထိုကျွန်းတွင် ဗြိတိသျှလူမျိုး အရာရှိ အရာခံ၊ တပ်သား (၁၄၀) နှင့်အိန္ဒိယတိုင်းရင်းသား တပ်သား(၃၀၀)တို့ ချထားခဲ့၏။ အကျဉ်းထောင်ကြီးကိုလည်း ခိုင်ခံ့ရန် စနစ်တကျ တည်ဆောက်ခဲ့ကြသည်။ ထို့နောက် စစ်ရဲတပ်ရင်း တစ်ရင်းကိုလည်း ချထားခဲ့၏။ ခရစ်နှစ် ၁၉၀၁ ခုနှစ်တွင်မူ ပိုဘလဲယားမြို့ အပါအဝင် အက်ဒမန်ကျွန်းကြီးပေါ်တွင် ရာဇဝတ်အကျဉ်းဒဏ်ခံရသူများနှင့် စောင့်ရှောက်ကြီးကြပ်သူများ၏မိသားစုများပါ လူပေါင်း (၁၆၁၀၆) ရှိခဲ့သည်ဟု မှတ်တမ်းအရ သိရ၏။

ဤသည်တို့ကား ဒုတိယကမ္ဘာစစ်မီးကြီး ကျွန်တော်တို့ မြန်မာနိုင်ငံဆီသို့ မကူးစက်လာမီ ကျွန်တော် လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှု မှတ်သားခဲ့ရသော ကပ္ပလီကျွန်းစုများ သို့မဟုတ် အက်ဒမန်ကျွန်း သို့မဟုတ် အရပ်အခေါ် တစ်ကျွန်းအကြောင်း ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ ကျောင်းတော်ကျောင်းသားကြီးဖြစ်လာသောအခါ ငယ်စဉ်က အတော်အသင့် သင်ကြားခဲ့ရသော ကပ္ပလီကျွန်းစုနှင့်ပတ်သက်သည့်မှတ်တမ်းမှတ်ရာများကို ဖတ်ရှုခဲ့ရပြန်သည်။

ဒုတိယကမ္ဘာစစ်မီးကြီး မတောက်လောင်မီ ဗြိတိသျှအမျိုးသားပိုင် ဘုံဘေဘားမား သစ်ကုမ္ပဏီနှင့် မြန်မာနိုင်ငံသစ်တောဌာနသည် အက်ဒမန်ကျွန်းစုများတွင် အလေ့ကျပေါက်နေသော သစ်တောများအပေါ် စိတ်ဝင်စားခဲ့သည်။ ထိုစဉ်က အက်ဒမန်ကျွန်းရှိအကျဉ်းထောင်မှ အာဏာပိုင်များသည် အကျဉ်းသားများကိုအသုံးပြု၍ သစ်ခွဲခြင်း၊ သစ်ပင်များခုတ်လှဲခြင်း၊ သစ်ခွဲစက်တည်ထောင်ခြင်းများ စမ်းသပ်လုပ်ဆောင်ရာ ထူးထူးခြားခြား အောင်မြင်လာသည်ဟု ဗြိတိသျှအာဏာပိုင်များကသိရှိလာခဲ့၏။ ဤတွင် မြန်မာနိုင်ငံမှ သစ်တောဌာနသည် မြောက်အက်ဒမန်ကျွန်းတွင် တွေ့ရှိထားသော အတော်အသင့်ကြီးသည့် သဘာဝပေါက်သစ်တောမှ သစ်များ ထုတ်ယူရန်စီမံခဲ့တော့သည်။ ထိုစဉ်ကမှတ်တမ်းအရ မြောက်အက်ဒမန်ကျွန်းမှာ မိုင် (၂၀၀)ကျော်ခန့် သဘာဝသစ်တောကြီးများ ဖုံးလွှမ်းလျက်ရှိသည်ကို လေ့လာတွေ့ရှိရကာ မြန်မာနိုင်ငံမှသစ်များထုတ်လုပ်ရေး၊ သစ်တောများပြုစုပျိုးထောင်ရေးတို့ဆောင်ရွက်ရန် သစ်တောအရာရှိများ၊ ဝန်ထမ်းများ၊ ဆင်ပါရဂူများ၊ ဆင်များအား အက်ဒမန်ကျွန်းသို့ပို့ဆောင်၍ သစ်များထုတ်ခဲ့သည်။ ထိုစဉ်က အက်ဒမန်ကျွန်း အကျဉ်းထောင်မှ တစ်သက်တစ်ကျွန်းကျ အကျဉ်းသမားတို့ကိုလည်း သစ်ထုတ်လုပ်ရေး၊ သစ်တောပြုစုပျိုးထောင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ခဲ့ရာ အတော်အသင့် အောင်မြင်ခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီး ကျွန်တော်တို့မြန်မာနိုင်ငံသို့ ကူးစက်လာခဲ့သည်နှင့် ဂျပန်ဘုရင့်ရေတပ်မတော်သည် အက်ဒမန်ကျွန်းစုများမှ အက်ဒမန်ကျွန်းနှင့်နီကိုဘာကျွန်းတို့အား တက်ရောက်သိမ်းပိုက်ခဲ့ပြီးနောက် ဆူဘတ်ချန္ဒရာဘို့(စ်)ခေါင်းဆောင်သော အိန္ဒိယ လွတ်လပ်ရေးတပ်မတော်သို့ လွှဲပြောင်းပေးခဲ့၏။ နေတာဂျီ ဆူဘတ်ချန္ဒရာဘို့(စ်) ခေါင်းဆောင်သည့် လွတ်လပ်သော အိန္ဒိယယာယီအစိုးရသည် ၁၉၄၃ ခု၊ ဒီဇင်ဘာလ (၃၀) ရက်တွင် ထိုကျွန်းစုများကို အိန္ဒိယကိုယ်ပိုင်အုပ်ချုပ်ရေးနယ်ဟူ၍ ကြေညာခဲ့၏။ ဒုတိယကမ္ဘာစစ် ပြီးဆုံးသည်နှင့် ဗြိတိသျှအစိုးရသည် ထိုကျွန်းစုများရှိ အကျဉ်းထောင်များကို ဖျက်သိမ်းခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရသောအခါ ထိုကျွန်းကို အိန္ဒိယအစိုးရက လွှဲပြောင်းယူခဲ့ပြီး အကျဉ်းထောင်များကို ပြတိုက်အဖြစ် ပြုလုပ်ထားခဲ့သည်။

ယခုရေးသားဖော်ပြမည့် စိတ်ဝင်စားဖွယ်ကောင်းသည့် ဖြစ်စဉ်တစ်ခုမှာ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာကြီးတွင် စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဝေဝေဆာဆာ၊ အထောက်အထား သာဓကစုံစုံလင်လင် ဖော်ပြထားသော မြန်မာနိုင်ငံမှရေလုပ်သား အက်ဒမန်ကျွန်းစုရောက် တစ်ကျွန်းစံ ကိုခေါင်းရှည် ဆိုသူ၏ထူးခြားဖြစ်စဉ် ဖြစ်ပါသည်။

ကိုခေါင်းရှည်သည် ဖျာပုံမြို့နယ် ကုလားထိပ်ကျေးရွာမှ ရေလုပ်သားကြီးဖြစ်သည်။ သူသည် ထိုကျေးရွာကလေးတွင် မိခင်ဖြစ်သူ ဒေါ်ဖန်းခင်၊ ဇနီး မခင်ကြည်တို့နှင့်အတူ ကြောင့်ကြမဲ့ကင်းစွာ ရေလုပ်သားအဖြစ် နှစ်ပေါင်းများစွာ အသက်မွေးခဲ့သူ ဖြစ်ပါသည်။ မြန်မာနှစ် ၁၃၁၂ ခုနှစ်၊ ပြာသိုလဆန်း (၃) ရက်ညတွင် ကိုခေါင်းရှည်သည် သူစိတ်တိုင်းကျပြုလုပ်ထားသော ဝါးဖောင်ကလေးဖြင့် ငါးဖမ်းထွက်ရန် ပြင်ဆင်ခဲ့သည်။ ထိုဖောင်ပေါ်တွင် လုံချည်၊ အင်္ကျီ၊ မျက်နှာသုတ်ပဝါ၊ သစ်သားမီးခြစ်တစ်ဘူး၊ ထင်း၊ ဆန်အိုး၊ ဓားမနှင့် (၁၀) ရက်စာဆန်၊ ငါးဖမ်းပိုက်ကွန်တို့ကို တင်ဆောင်၍ ပင်လယ်ဝသို့ ထွက်လာခဲ့သည်။ ရာသီဥတုမှာ သာယာကြည်လင်၍ လှိုင်း၊ လေငြိမ်သက်လျက် ရှိသည်။ သို့ဖြစ်၍ ပင်လယ်ရောက်သည်နှင့် ကိုခေါင်းရှည်သည် ငါးဖမ်းပိုက်များကိုချကာ ညစာစားသောက်ခဲ့သည်။ ဖောင်ကိုကျောက်ချထားခဲ့၏။ ထို့နောက် ပင်ပင်ပန်းပန်း လုပ်ခဲ့ရသော ကိုခေါင်းရှည်သည် ခေတ္တ



www.burmeseclassic.com

www.burmeseclassic.com



ထဲလျှောက်လိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်ကို မသိ၊ သူ အိပ်ပျော်ရာမှ နိုးလာသောအခါ သူ့ဖောင်မှာ ပင်လယ်ထဲမျောနေသည်ကို သိရတော့၏။ အနန်မှာ ပင်လယ်လှိုင်းကြောင့် သူ့ဖောင်၏ကျောက်ဆူးကြိုးပြတ်၍ မျောလွင့်ခြင်း ဖြစ်သည်။ သူရောက်နေသည့်နေရာကား ကမ်းမမြင်လမ်းမမြင်သည့် သမုဒ္ဒရာအတွင်း ဖြစ်နေ၏။ မည်သည့်သင်္ဘော၊ မည်သည့်လှေ၏ အရိပ်အယောင်မျှ မတွေ့ရ။ ကိုခေါင်းရှည်အဖို့ ငယ်စဉ်ကကြားဖူးခဲ့သည့် မဟာဇနကဇာတ်တော်မှ ဇနကမင်းသားကဲ့သို့ ကယ်မည့်သူပေါ်လာရန်သာ စောင့်ရတော့မည် ဖြစ်သည်။ မည်သို့မျှ မကြံတတ်၊ မတတ်နိုင်သည့်အရာ၊ ကံစီမံရာကိုသာ လိုက်နာရတော့မည်။ ကံကောင်းလျှင် သင်္ဘောနှင့်တွေ့ရမည်။

သို့ဖြင့် ကိုခေါင်းရှည်၏ဝါးဖောင်သည် ဦးတည်ရာပင်လယ်ရေစီးကြောင်းအတိုင်း မျောပါသွားခဲ့ရသည်။ မိုးရွာသည် နေပူ အခြောက်ဖြင့် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့ရသည်။ မည်သည့်သင်္ဘောနှင့်မျှ မတွေ့ရ။ သူ့တွင်ပါလာသည့်ဆန်ကို ပြုတ်၍သောက်ခဲ့ရသည်။ ရေသန့်ကိုလည်း တတ်နိုင်သလောက်ချွေတာသောက်ခဲ့ရာ (၁၀)ရက်ခန့်ကြာသောအခါ သူ့တွင်ပါလာသောဆန်ကုန်သွားခဲ့ရတော့၏။ မည်သည့်အစားအစာမျှ စားသောက်ရခြင်းမရှိသဖြင့် အားအင်နည်းနဲ့လျက်ရှိသော ကိုခေါင်းရှည်သည် ဖောင်ပေါ်တွင် လဲလျောင်း၍သာ လိုက်ပါခဲ့ရသည်။ ရက်ကြာလာသော်လည်း မည်သည့်သင်္ဘောမျှမတွေ့ရ။ သူ အိမ်မှထွက်လာခဲ့သည်မှာ ရက် (၂၀) ကျော်မျှ ရှိမည်ဟုထင်မိ၏။

တစ်နေ့ နံနက်တွင် သူ့ဖောင် ဦးတည်၍သွားနေသော ပင်လယ်ပြင် အလယ်တည့်တွင် သစ်ပင်များစိမ်းညို့မှိုင်းနေသော ကျွန်းတစ်ကျွန်းကို တွေ့ရ၏။ ပထမတွင် ကိုခေါင်းရှည် အံ့အားသင့်သွားသည်။ ဟုတ်မှဟုတ်ပါ့မလား၊ သူ အင်အားချည့်နဲ့လာသဖြင့် သူ့စိတ်အာရုံ လွဲမှားသလော၊ ဝေခွဲ၍မရ ဖြစ်မိ၏။ သူ့တွင်ရှိနေသောအင်အားကို စိုက်ထုတ်၍ ထိုကျွန်းကလေးရှိရာသို့ ဖောင်ကိုဦးတည်၍သွားခဲ့သည်။ သူ့ဖောင်ကလေးမှာ တစ်စုံတစ်ရာပျက်စီးခြင်း မရှိသော်လည်း သူအိမ်မှယူလာသောဓားမမှာ ရှာမရတော့၊ တစ်နေရာတွင် ကျခဲ့လေပြီ။

ကိုခေါင်းရှည်သည် ဖောင်ကလေးအား ကျွန်းအနီး သဲကုန်းတန်းတစ်ခု၌ ဆိုက်ကပ်ခဲ့သည်။ ကျွန်းကလေးတစ်ကျွန်းလုံးမှာ အုန်းပင်များနှင့် အခြားသစ်ပင်ချုံနွယ်များ ထူထပ်စွာပေါက်ရောက်နေသော်လည်း လူရိပ်လူခြည် မတွေ့ရ။ သူ့အဖို့ အိပ်မက်မက်နေသည်ဟု ထင်မိသည်။ သူ ကြိုးစား၍ သဲကုန်းတန်းလေးပေါ်သို့ တက်ရောက်မိသည်နှင့် ကြက်သေသေသွားလေသည်။ အကောင်ရေ (၅၀၀) ခန့် ရှိသည်ဟုထင်ရသော ဆိတ်အုပ်ကြီးကိုတွေ့ရသဖြင့် လူအများ နေထိုင်သော ရွာကြီးတစ်ရွာ တွေ့ရတော့မည်ဟုထင်မိ၏။ သို့သော် ဆိတ်များမှာ လူကိုတွေ့ရဖူးသည့်လက္ခဏာ မရှိ။ အနီးအနားတွင် လူရိပ်လူခြည်လည်း မတွေ့ရ။ ဗာဒံပင်များ၊ ညောင်ပင်များ ထူထပ်စွာပေါက်နေသည်ကို တွေ့ရ၏။ ကိုခေါင်းရှည်သည် ဗာဒံသီးများကိုစား၍ ညဘက်တွင် ကျောက်ဂူတစ်ဂူ၌အိပ်ပြီး သင်္ဘောမျှော်ရင်း ရက်တွေကုန်လာခဲ့၏။

တစ်ရက်တွင် သင်္ဘောတစ်စင်းကို ခပ်လှမ်းလှမ်းမှာတွေ့ရသဖြင့် သူ့တွင်ရှိသော တဘက်ကို သစ်ကိုင်းတစ်ကိုင်းတွင် အလံထူကာ အချက်ပေးခဲ့သော်လည်း ထိုသင်္ဘောပေါ်မှ သင်္ဘောသားများ၊ ခရီးသည်များက မြင်ဟန်မတူဘဲ ခရီးဆက်သွားသည်။ ရက်အနည်းငယ်အကြာ၌ သင်္ဘောတစ်စင်းကိုမြင်ပြန်သဖြင့် ယခင်ကကဲ့သို့ အချက်ပေးခဲ့ပြန်ရာ ဤအကြိမ်တွင်မူ သင်္ဘောပေါ်မှ လူအများသည် ကိုခေါင်းရှည်ကိုမြင်သွားရာ သင်္ဘောအား ကျွန်းရှိရာသို့ဦးတည် ခုတ်မောင်းလာခဲ့သည်။ ကျွန်းနှင့်မနီးမဝေးတွင် သင်္ဘောကို ကျောက်ချရပ်နားပြီး သင်္ဘောသား (၆) ယောက်သည် သူ့ထံသို့ အသက်ကယ်လှေကလေးဖြင့် လှော်ခတ်လာကြ၏။

အချိန်အနည်းငယ်အတွင်း သူရှိရာသို့ ရောက်လာကြသည်။ သင်္ဘောသားများမှာ အိန္ဒိယအမျိုးသားများသာ ဖြစ်ကြသဖြင့် ကိုခေါင်းရှည် ပြောပြသည်ကို နားမလည်၊ ကိုခေါင်းရှည်ကလည်း သူတို့ပြောသည်ကို နားမလည်။ သူ့အား အက်ဒမန်ကျွန်းမှထွက်ပြေးလာသော အကျဉ်းသားတစ်ဦးဟုထင်သည်။ သင်္ဘောပေါ်တွင်ပါလာသော မြန်မာအမျိုးသားတစ်ဦးအားခေါ်လာပြီး သူ့ကို စုံစမ်း မေးမြန်းသည်။ ထိုသင်္ဘောမှာ မော်လမြိုင်မြို့မှ ကပ္ပလီကျွန်းစုခေါ် အက်ဒမန်ကျွန်းသို့သွားမည့် မွန်တီးယားခေါ် သင်္ဘော ဖြစ်၏။ ကိုခေါင်းရှည်နေခဲ့သောကျွန်းကလေးမှာ အက်ဒမန်ကျွန်းစုတွင် ပါဝင်သော လူသူနေထိုင်ခြင်းမရှိသည့်ကျွန်း ဖြစ်၏။

မွန်တီးယားသင်္ဘောသည် အက်ဒမန်ကျွန်း ပိုဘလဲယားဆိပ်ကမ်းဆီသို့ ရောက်ခဲ့သည်။ ပိုဘလဲယားရောက်မှပင် အထက်ဖော်ပြပါ ကျွန်းကလေးပေါ်တွင် ကိုခေါင်းရှည်သည် (၈)လခန့် ကြာမြင့်ခဲ့သည်ဟုသိရ၏။

ပိုဘလဲယားအရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) သည် ကိုခေါင်းရှည်အား ပိုဘလဲယားမြို့ ဆေးရုံတွင် (၁) လနှင့် (၁၀)ရက်တိတိ ဆေးကုသမှုခံယူပြီး သူ့အား ကာလကတ္တားမြို့ရှိ မြန်မာဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ပို့ခဲ့၏။ ထိုကျောင်း၌နေစဉ် အိန္ဒိယနိုင်ငံသို့ ဘုရားဖူးရောက်လာသော ဘုန်းတော်ကြီး ဦးဇာဂရ ဦးဆောင်သောအဖွဲ့နှင့် တွေ့ရသဖြင့် ပြန်လည်ခေါ်ယူလာခဲ့ရာ တစ်ကျွန်းစံ ကိုခေါင်းရှည်မှာ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး သူ့ဇာတိကျေးရွာသို့ ပြန်သွားခဲ့သည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)


ကျမ်းကိုး

၁။ The Andaman Islanders-R-Brown.

၂။ မြန်မာ့အလင်းသတင်းစာ (၁၁-၁-၁၉၅၁)

၃။ အင်တာနက်




www.burmeseclassic.com

www.burmeseclassic.com





မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သာသနာတော် ပြန့်ပွားရေး၊ သတ္တဝါအများအား ကယ်ချွတ်နိုင်ရေးတို့အတွက် မိမိတစ်ကိုယ်တည်း နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်သော်လည်း ဒီပင်္ကရာမြတ်စွာဘုရားရှင်လက်ထက် သုမေဓာရှင်ရသေ့ဘဝမှာပင် အကြီးမားဆုံးသော စွန့်လွှတ်မှုမျိုးဖြင့် စွန့်လွှတ်ခဲ့ပါသည်။ ထိုမှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် စည်းစိမ်ချမ်းသာပေးလှူမှု၊ သားသမီး၊ သားမယားအား စွန့်လွှတ်ပေးလှူသည်အထိ ပါရမီဖြည့်ကျင့်ကာ သတ္တဝါတို့အကျိုးကို ရှေးရှု၍ အမြတ်ဆုံး ဂေါတမဘုရားရှင်အဖြစ်သို့ ဖြည့်ကျင့်တော်မူခဲ့ပါသည်။

ဘုရားရှင်ဖြစ်တော်မူပြီးနောက် (၄၅) ဝါပတ်လုံး သတ္တဝါတို့၏ ဘေးဒုက္ခမှ ကင်းဝေးရာကင်းဝေးကြောင်း တရားတော်များကို မနားမနေ ဟောကြား ချွေချွတ်တော်မူခဲ့သည်။ ထိုသို့ ဟောကြားတော်မူရာတွင် လူ၊ နတ်၊ ဗြဟ္မာ ဝေနေယျသတ္တဝါ များစွာတို့သည် ပါရမီ အနု၊ အရင့်အလိုက် ကျွတ်တမ်းဝင်ရောက်ခဲ့ကြကြောင်း ဖတ်ရှုကြည်ညိုခဲ့ဖူးပါသည်။ ထိုသို့ ဘုရားရှင်ဟောကြားတော်မူခဲ့သော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့မှ ပရိတ်တော်များသည် အလွန် တန်ခိုးထက်မြက်လှပေသည်။

ကျွန်မ ထိုကဲ့သို့ပြောရခြင်းမှာ စာတွေ့ မဟုတ်ဘဲ ကိုယ်တိုင် တွေ့ကြုံ ခံစားခဲ့ရသောကြောင့် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်အများသည် သံသရာမှလွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ဘုရားရှင်၏ပရိတ်တော်များ ရွတ်ဖတ်ပူဇော်၍ ကုသိုလ်ပြုလေ့ရှိပါသည်။ ကျွန်မသည်လည်း ဘုရားရှင်ကို ကြည်ညိုသော ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓ၏တရားတော်တို့ကို ယုံကြည်လိုက်နာပြီး ပရိတ်တော်များကိုလည်း မပြတ် ရွတ်ဖတ် ပူဇော်နေသူ ဖြစ်ပါသည်။ ကြားနိုင်သမျှသော ဝေနေယျ သတ္တဝါအပေါင်းတို့ကိုလည်း ကျွတ်တမ်းဝင်နိုင်စေရန် မေတ္တာဖြင့် ကြေးစည်ထု အမျှပေးဝေလေ့ ရှိပါသည်။

ဝါတွင်းကာလ အဓိဋ္ဌာန်ပရိတ်တရားဝင်ထားသော ကျွန်မသည် ဌာန၏ပြောင်းရွှေ့မှုကြောင့် မြေလတ်ဒေသနေရာသစ်တစ်ခုဆီသို့ ပြောင်းရွှေ့ရန် အမိန့်ကျရောက်သည့်အတွက် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စဉ်အချိန် ဖြစ်ပါသည်။

"အမေ- သားတို့ရတဲ့အိမ်က အသစ်ကြီးပဲ။ အပင်တွေလည်း မရှိဘူး၊ ပူလည်း အရမ်းပူတယ်"

ဟု သား၏ ညည်းညူပြောဆိုမှုကို-

"အပင်တွေစိုက်ရမှာပေါ့ သားရဲ့၊ ဖြည်းဖြည်းချင်းစိုက်ရင် ရတာပဲ"

ဟု ကျွန်မ နှစ်သိမ့်လိုက်ရသည်။ ဝန်ထမ်းတော်တော်များများလည်း ပြောင်းရွှေ့ ရောက်ရှိလာကြပါသည်။ ကျွန်မတို့ဝန်ထမ်းတွေလည်း နယ်မြေသစ်၊ အိမ်ရာသစ်၊ ပတ်ဝန်းကျင်အသစ်မှာ လိုက်လျောညီထွေနေနိုင်ဖို့ ကြိုးစားရင်း ကျွန်မကတော့ မိမိပြုလုပ်နေသော ပရိတ်တော်ဖြင့် ပူဇော်ခြင်း အဓိဋ္ဌာန်ကို ဤနေရာသစ်မှာပင် မပျက်မကွက် ပြုလုပ်ကာ အမျှပေးဝေနေဆဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

များမကြာမီမှာဘဲ ကျွန်မ၏အိမ် ...နီးမဝေးမှာ ဝန်ထမ်းများအားလုံး ...င်စိုက်ဖို့ အဆင်ပြေအောင် ရေတုံ ...စ်ခု တူးနေကြကြောင်း၊ ၎င်းအ ... ပိုက်များချ၍ စတင် လုပ်ကိုင်နေ ...ကြောင်း ကြားသိရသော်လည်း ရုံး ...ဖြင့် အလုပ်ရှုပ်နေသော ကျွန်မ ...တော့ သွား၍ပင် မကြည့်နိုင်သေးပါ။ ကျွန်မ သွားမကြည့်နိုင်ပေမယ့် ရေတွင်း ထဲကပုဂ္ဂိုလ်ကတော့ ကျွန်မအိပ်မက်ထဲ ရောက်လာခဲ့ပါပြီ။ ထိုသူ၏ပုံစံကတော့ အသားညိုညို၊ အကျီမပါ၊ ခေါင်းတုံး ဆံပင်နှင့် ပုဆိုးကွက်ကျားကို တိုတိုဝတ် ထားပြီး ရေများစိုရွဲနေသည်ကို တွေ့ရ သည်။ ပူပြင်းသောကာလတွင် ရေရွဲနေ သော ထိုသူကို ကျွန်မတာ ရပ်ကြည့်နေ တုန်း-

## ကျွန်တော့်ကို ကယ်ပါ

'အစ်မ၊ ကျွန်တော်က အခု တူး နေတဲ့ ရေတွင်းထဲမှာ လိမ့်ကျပြီး သေခဲ့ ရတာ။ ရေတွင်းထဲမှာ နေရတယ်၊ ခု တော့ နေလို့မရတော့ဘူး။ ကျွန်တော့် ကို ကယ်ပါ'

ဟု ပြော၍ ပျောက်ကွယ်သွား လေသည်။

ကျွန်မ မသိသော ထိုသူ့အတွက် ကျွန်မ စုံစမ်းရပါတော့သည်။ ရေတုံ ကင်တူးသောနေရာသည် ရေတွင်းအ ဟောင်းဖြစ်ကြောင်း သိရ၏။ ယခင် ၎င်း နေရာသည် ရွာဟောင်းတစ်ခုဖြစ်ပြီး လူတစ်ဦး ရေတွင်းထဲကျခဲ့ဖူးကြောင်း လည်း သိခဲ့ရပါသည်။ ကျွန်မ၏အိပ်မက်





www.burmeseclassic.com

www.burmeseclassic.com

ကို ပြောပြလျှင် ယုံကြည်ကြမည်မထင်၍ နှုတ်ဆိတ်နေခဲ့ပြီး ထိုသူ့အတွက်များစွာ စိတ်မကောင်းဖြစ်ခဲ့မိပါသည်။ ကျွန်မကို အားကိုးတကြီး လာရောက်အကူအညီတောင်းသော ထိုသူ့အတွက် ပရိတ်တော်များ ရွတ်ဖတ်ပြီး အမျှပေးဝေတိုင်း ရေတွင်းထဲက မကျွတ်မလွတ်သေးသော ထိုပုဂ္ဂိုလ်ကို အာရုံညွတ်၍ ကြေးစည်ထုကာ သာဓုခေါ်စေကြောင်း အမျှဝေမိပါတော့တယ်။

ဤအဖြစ်အပျက်ဖြစ်ပြီးနောက်ပိုင်း ကျွန်မ အမျှဝေ၊ မေတ္တာပို့သခြင်းကို ပိုမိုလုပ်မိပါတယ်။ မမြင်တွေ့၊ မမြင်အပ်သော ပရလောကသားများသာမက ဘဝဘဝက တော်စပ်ခဲ့ဖူးသည့် ဆွေမျိုးတွေအတွက်ပါ ဆုတောင်းမိပါသည်။ သည့်အတွက်ကြောင့်လား မသိပါဘူးရှင်၊ များမကြာမီ ဒုတိယအိပ်မက်ကိုမက်ပြန်ပါတယ်။ အိပ်မက်ထဲမှာ အမျိုးသမီးငယ်တစ်ဦးကို တွေ့မိပါတယ်။ အစိမ်းရောင်ဝမ်းဆက်ဝတ်ထားသော ထိုအမျိုးသမီးငယ်က-

'မမ- ကျွန်မကို မမှတ်မိပါဘူး။ မမနဲ့ နီးနီးနေရလို့ ဝမ်းသာနေတာ'

ညီအစ်မသားချင်းမရှိသောကျွန်မက သူ့ကိုငေးကြည့်နေစဉ်မှာပင်-

'အခုတော့ ကျွန်မ သွားရတော့မယ်၊ ဒီနားမှာနေဖို့မရတော့ဘူး'

ဟု ပြောပြောဆိုဆိုပင် ကျောခိုင်းထွက်သွားလေသည်။ ကျွန်မမှာ သူ့ကိုကြည့်ရင်း ကြည့်ရင်း တဖြည်းဖြည်းနဲ့ သေးသေးသွားပြီး မြွေစိမ်းလေးတစ်ကောင်ဖြစ်ကာ မြက်တောထဲသို့ တိုးဝင်ပျောက်ကွယ်သွားပါတော့တယ်။ ကျွန်မလည်း အာစေးမိသူလို ဘာမှလည်းမပြောလိုက်ရဘဲ ပျောက်ကွယ်သွားတဲ့သူ့ကိုကြည့်ရင်း ဝမ်းနည်းသလိုလို၊ သနားသလိုလိုဖြစ်နေတဲ့ ကျွန်မဟာ အိပ်မက်ထဲကနေ နိုးလာခဲ့ပါတယ်။

ကျွန်မရဲ့အိပ်မက်အကြောင်းတွေကို သားသမီးတွေပြောကြည့်ရာ ခေတ်ရဲ့သားသမီးများ ဖြစ်ကြလေတော့-

"အမေ့အိပ်မက်တွေကလည်းဗျာ၊ မက်ပဲမက်နိုင်လွန်းတယ်။ ဇာတ်လမ်းတွေကြည့်ပြီး လျှောက်မက်နေတာနေမှာ"

ဟု ရယ်ကျဲကျဲနဲ့ သားရဲ့အပြောခံရပြီးနောက် သူတို့ကို ပြောပြမိတဲ့ *ကျွန်မသာလျှင် အရှုံးဖြစ်ရပါတော့တယ်။ တကယ်တော့ ဒီအဖြစ်အပျက်အိပ်မက်တွေက ကျွန်မ အမှန်တကယ်* မက်ခဲ့တဲ့ အိပ်မက်များသာဖြစ်ကြောင်း ကျွန်မကိုယ်စောင့်နတ်သာ အသိဆုံးဖြစ်ပါတယ်။

✧

ကျွန်မတို့အိမ်ရာတွေရဲ့စိုက်ခင်းလေးတွေ ရှင်သန်လာခဲ့ပါပြီ။ ပျိုးပေါင်လေးတွေနဲ့၊ စင်ကလေးတွေနဲ့ စိမ်းစိမ်းစိုစို ဖြစ်လာခဲ့ပါပြီ။ စိုက်ခင်းခေါင်းဆောင်ဖြစ်တဲ့ ကျွန်မကတော့ အပင်စာရင်းတွေနဲ့ စာရင်းဇယားတွေ ရှုပ်နေတာနဲ့ ကွင်းဆင်းမကြည့်ခဲ့မိဘူး။ ဒီတစ်ခါတော့ ကျွန်မ မြင်မက်တဲ့ အိပ်မက်ပုံစံက တစ်မျိုးဖြစ်နေပါတယ်။ လူပုံစံလုံးဝမမြင်ရဘဲ များစွာသော တောင်ပို့ကြီးများကို တွေ့မြင်ရပြီး အသံသာကြားနေရပါတယ်။

'အမလေး - သူတို့ကျတော့ ခြံစည်းရိုးတွေခတ်ပြီး စည်းတွေပေါင်တွေနဲ့။ ငါတို့အိမ်တွေတော့ ပျက်စီးတော့မယ်။ အိမ်တွေပျက်စီးရင်တော့ အငယ်ဆုံးကလေးကိုဖွက်ထားရမယ်'

'ကလေးကိုတော့ မလုပ်ပါနဲ့ရှင်၊ မပျက်စီးစေရပါဘူး'

ကျွန်မ အော်ပြောရင်း အလန့်တကြား နိုးလာခဲ့ပါတယ်။

ကျွန်မလည်း ကိုယ့်အကြောင်းကိုယ်သာသိတာမို့ ဘယ်စိုက်ခင်းနားမှာ တောင်ပို့ရှိလဲလို့ စုံစမ်းရပါတော့တယ်။ အဲဒီအခါမှာ ကလေးမလေးတစ်ယောက်က-

"အန်တီမဌေးရဲ့ စိုက်ခင်းထောင့်မှာ ခြတောင်ပို့ကြီး အကြီးကြီးပဲ။ စိုက်ခင်းဘက်ရောက်နေလို့ဆိုပြီး ဒီညနေပဲ လူငှားပြီးဖြိုမယ်လုပ်နေတယ်"

"ဟဲ့ဟဲ့- ဒီခြတောင်ပို့ကို လုံးဝမဖြိုနဲ့လို့၊ အန်တီက အကြောင်းရှိလို့ ပြောတာလို့ပြောနော်"

ဟု ပြောပြောဆိုဆိုနဲ့ ကျွန်မ ပျာပျာသလဲ တားလိုက်မိပါတယ်။

ညနေပိုင်းရောက်တော့ စိုက်ခင်းပိုင်ရှင် မဌေး ရောက်လာပြီး မေးမြန်းတော့ ကျွန်မလည်း သူ့ကို အိပ်မက်အကြောင်း ပြောပြပြီး-

"မဌေး- နင် ယုံချင်လည်းယုံ၊ မယုံချင်လည်းနေ။ ဒါပေမယ့် ဒီတောင်ပို့ကိုတော့ မဖြိုစေချင်ဘူး"

"အမလေး-အစ်မရယ်၊ ယုံတယ်။ ကျွန်မ လုံးဝ မဖြိုဘူး၊ တစ်ခုခုဖြစ်မှာကြောက်တယ်"

"ကြောက်စရာမလိုဘူး၊ မေတ္တာပို့ပါ။ ဘုရားရှိခိုးတိုင်း မေတ္တာပို့ပါ"

လို့ ကျွန်မ သူ့ကို မကြောက်ဖို့ပြောရင်း မြေရာသစ်တွေမှာ ပုရွက်ဆိတ်၊ တောင်ပို့၊ ခြတောင်ပို့တွေဟာ သဘာဝအလျောက် ဖြစ်တတ်စမြဲပေမယ့် သဘာဝမဟုတ်တဲ့ ဒီတောင်ပို့ရဲ့ အသံအရှင်ကိုတော့ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုပြီး မေတ္တာများများ ပို့သမိပါတယ်။

မေတ္တာတရားရဲ့ အကျိုးကျေးဇူးကြောင့် ထင်ပါသည်၊ ကျွန်မတို့ အိမ်ရာတစ်လျှောက် ဘယ်လိုဘေးအန္တရာယ်မှ မကျရောက်ခဲ့ပါဘူးရှင်။ ဒီလိုနဲ့ မိုးတွင်းကာလ ရောက်ခဲ့ပါပြီ။ မိုးအေးအေးနဲ့ အိပ်ရာထဲမှာ ကွေးရင်း အိပ်မက်ထဲမှာ အသံရှင်ရဲ့ဇာတိအမှန်ကို ကျွန်မ မြင်တွေ့ခဲ့ရပါပြီ။ ကျွန်မတို့အိမ်ရာတွေရဲ့ လမ်းဘေးမှာ ဆူညံသံတွေကြားတာနဲ့ ကျွန်မ ပြတင်းပေါက်ဖွင့်ကြည့်မိပါတယ်။ တွေ့မြင်ရတာကတော့ အရှေ့အရပ်ကနေ အနောက်အရပ်ကို တန်းစီပြီးသွားနေတဲ့ လူသေးသေးလေးတွေ အများကြီး တွေ့ရပါတယ်။ ယောကျ်ား၊ မိန်းမ၊ ကလေး သေးသေးလေးတွေအပြင် အလုံပိတ် မြင်းလှည်းသေးသေးလေးတွေလည်း တွေ့ရပါတယ်။ မိုးရွာနေတဲ့အတွက် အိမ်ရိပ်မှာ မိုးခိုနေတဲ့သူက မိုးခိုနေပါသေးတယ်။ အဲဒီထဲမှာမှ အကြီးအကဲဖြစ်ဟန်တူသူ လူကြီးတစ်ဦးက ယခင် အိပ်မက်ထဲက အသံရှင်ပါပဲ၊ 'ကျုပ်တို့ သွားတော့မယ်၊ မိုးရွာလို့ မိုးခိုနေတာပါ' လို့ ပြောပြီး တသီတတန်းကြီး ထွက်ခွာသွားကြတာကို အံ့ဩစွာနဲ့ နောက်ဆုံး တွေ့မြင်လိုက်ရပါတယ်။ တကယ်တော့ သူတို့က တစ်ရွာတည်ထားတဲ့ ကျတ်လို့ခေါ်တဲ့ ပရလောကသားတွေသာ ဖြစ်ရမယ်လို့ ယူဆမိပါတော့တယ်။ အဲဒီနောက်ပိုင်းက စပြီး ကျွန်မလည်း စိတ်အေးချမ်းသာစွာနဲ့ ဘုရား၊ တရား ဂုဏ်တော်များကို ပိုမိုအားထုတ်ဖြစ်ပါတော့တယ်။

ဒါကြောင့် မြတ်ဗုဒ္ဓ၏စကားတော်၊ အန္တရာယ်ကင်းပရိတ်တရားတော်များသည် သာသနာတော် နှစ် ၂၅၀၀ ကျော်လာခဲ့သည့်တိုင်အောင် ယခုလို ကျွတ်တမ်းဝင်လိုသူ၊ ဘဝမြင့်လိုသူ၊ အန္တရာယ်ကင်းဝေးလိုသူများအတွက် အလွန် တန်ခိုးထက်မြက်သည့် ဂါထာတော်များဖြစ်ပါကြောင်း ပိုမို ယုံကြည်အားထားမိပါတော့တယ်။

(သစ်တော)

www.burmeseclassic.com

www.burmeseclassic.com

# အရှုံးသမားသုံးယောက်
## ကျောင်းဆို အရှင်နည်



ကျွန်တော် ဝန်ထမ်းဘဝက ကျွန်တော့်တွင် တပည့်- ဆရာ တစ်ဦး ရှိခဲ့ပါသည်။ ပညာရှင်လိုင်းတွင် စာဖတ်, စာပြင်, စာပြုမှု လက်ထောက်အယ်ဒီတာ အယ်ဒီတာ၊ အမှုဆောင်အယ်ဒီတာ အယ်ဒီတာချုပ် ဟူ၍ ရှိရာ သူက စာပြင်၊ ကျွန်တော်က အယ်ဒီတာချုပ် ဖြစ်၍ လောကကြောင်းတွင် ကျွန်တော်က ဆရာ၊ သူက တပည့် ဖြစ်ပါသည်။ မွေးကြောင်းတွင် သူက ဓမ္မာစရိယ၊ ကျွန်တော်က သင်္ဂြိုဟ်တောင် ကုန်အောင် မတက်ဘူးသူဖြစ်၍ သူက ဆရာ၊ ကျွန်တော်က တပည့် ဖြစ်ပါသည်။

သူ့အမည်မှာ ဦးခင်မောင် (ဓမ္မာစရိယ ဦးခင်မောင်) ဖြစ်ပြီး ကျွန်တော့်ထက် (၃) နှစ် ငယ်ပါသည်။ သူက ကျွန်တော့်ကို လောကကြောင်းအရ ဆရာတစ်ယောက်အနေဖြင့် လေးစားသကဲ့သို့ ကျွန်တော်ကလည်း သူ့ကို ဓမ္မကြောင်းအရ ဆရာတစ်ယောက်အနေဖြင့် လေးလေးစားစား ဆက်ဆံပါသည်။

တစ်ခုသော သီတင်းဝါလကျွတ်တွင် အခြား တပည့်များနည်းတူ သူလည်း လာကန်တော့ပါသည်။ သူက ဆင်းရဲပါသည်။ ထို့ကြောင့် လှူဖွယ်ပစ္စည်း ပါမလာပါ။

"ဆရာ၊ ကျွန်တော့်မှာ ကန်တော့ဖွယ်ပစ္စည်းဆိုလို့ တရားပဲ ပါပါတယ် ဆရာ"

သူက ရယ်ပြီး ပြောသည်။

ကျွန်တော်က-

"ဤလူ့ပြည်၌ လည်းကောင်း၊ နဂါးပြည်, ဂဠုန်ပြည်၌ လည်းကောင်း၊ နတ်ပြည်, သိကြားပြည်တို့၌ လည်းကောင်း နှစ်သက် မြတ်နိုးအပ်သော ရတနာတို့သည် ရှိ၏။ တရားတော်မြတ်တည်းဟူသော ရတနာနှင့်တူသော ရတနာသည် မရှိ။ တရားတော်မြတ်တည်းဟူသော ရတနာသည် မြတ်၏။ (အမြတ်ဆုံး ဖြစ်၏။)

လို့ ရတနသုတ်မှာ မြတ်စွာဘုရားဟောတော်မူပါတယ်။ ဒါကြောင့် ကျွန်တော် အမြတ်ဆုံး၊ တန်ဖိုးအရှိဆုံး ကန်တော့ပစ္စည်း ရတနာအနေနဲ့ ဦးထိပ်ရွက်ပြီး လက်ခံပါ့မယ်"

လို့ ဝမ်းသာအားရ ပြန်ပြောလိုက်ပါသည်။ ထိုအခါ သူက-

"လောကမှာ အရှုံးသမား (၃) ယောက် ရှိပါတယ် ဆရာ။ သူတို့က-

၁။ လောဘကြီးသူ၊

၂။ ဒေါသကြီးသူ၊

၃။ မာနကြီးသူတို့ပါပဲ ဆရာ။

အဲဒီ လောဘ၊ ဒေါသ၊ မာန ဆိုတာတွေဟာ ကိလေသာတရားတွေပါ ဆရာ။ ကိလေသာ ဆိုတာ သတ္တဝါတွေကို လောင်ကျွမ်းစေတတ်တဲ့သဘော ရှိပါတယ်။ ဒါကြောင့် သူ့ကို မီးလို့လည်း ခေါ်ပါတယ်။ ကိလေသာမီးလို့ ခေါ်ပါတယ်။

'မီး' ဆိုတာ လောင်ကျွမ်းရတဲ့နေရာမှာ တော်ပြီ၊ အားရပြီ၊ ကျေနပ်ပြီရယ်လို့ ဘယ်တော့မှ မရှိဘူး။ လောင်စာရှိနေသရွေ့ အားရပါးရလောင်နေမှာပဲ။ သတ္တဝါတွေအတွက် လောင်စာ ဆိုတာလည်း မရှားပါဘူး။ အာရုံ(၆)ပါး၊ တံခါး(၆)ပေါက်ကနေ အဆက်မပြတ် စီးဝင်နေတာပဲ။

ဒီလောဘ၊ ဒေါသ ဆိုတဲ့ ကိလေသာတရားတွေဟာ ပုထုဇဉ်တိုင်းမှာ ရှိကြတာပဲ။ အရိယာတွေတောင် အဆင့်ဆင့် ပယ်ကြရတာ။ လူတိုင်းမှာ ရှိကြတယ် ဆိုပေမယ့် သာမန်ရှိသူ၊ လွန်ကဲသူရယ်လို့ ရှိကြသေးတယ်။ အဲဒီ လွန်ကဲသူတွေကို လောဘကြီးသူ၊ ဒေါသကြီးသူ စသည်ဖြင့် ခေါ်ကြတယ်။ အဲဒီလူတွေဟာ သာမန်လူတွေနဲ့ ယှဉ်ရင် အရှုံး



www.burmeseclassic.com

www.burmeseclassic.com

သမား’ တွေပဲ။

လောဘကို သမုဒ္ဒရာနဲ့ ပမာနိုင်းကြတယ်။ သမုဒ္ဒရာဟာ မြစ်၊ ချောင်း ပေါင်း မြောက်မြားစွာက ရေတွေဘယ်လောက်စီးဝင်၊ စီးဝင် ဘယ်တော့မှပြည့်တယ်လို့မရှိဘူး။ ဒီလိုပဲ လောဘ ဆိုတာလည်း ဘယ်တော့မှ ပြည့်တယ်လို့ မရှိဘူး၊ အမြဲလိုချင်နေတာပဲ။ သာမန်လူကတော့ သတိတရားနဲ့ မသင့်တဲ့ လိုချင်မှုတွေကို ထိန်းချုပ်နိုင်ကြတယ်၊ လွန်ကဲသူတွေကတော့ ဝိသမလောဘနဲ့ မတရားလိုချင်ကြတယ်။ အတောမသတ် လိုချင်ကြတယ်။ လောဘမီး လွန်လွန်ကဲကဲ တောက်လောင်ခံနေရတာကိုက သာမန်လူထက်စာရင် ပိုခံနေရပြီ၊ ရှုံးနေပြီ။ လောဘကြောင့် ပျက်စီးရသူတွေ အများကြီးပဲ။ ဆရာလည်း ဗဟုသုတရှိတာပဲ၊ စဉ်းစားကြည့်ပေါ့။

ဒေါသကိုတော့ မီးတောင်နဲ့ နှိုင်းယှဉ်ကြတယ်။ မီးတောင်ဟာ ကိုယ်တိုင်လည်း ပူလောင်နေတာပဲ၊ ပတ်ဝန်းကျင်ကိုလည်း ပူလောင်စေတာပဲ။ ဒေါသကြီးလွန်းသူတစ်ဦးကိုကြည့်ရင် မျက်နှာက ဘီလူးရုပ်ပေါက်ပြီး ကိုယ်က အခိုးတွေထွက်နေသလား ထင်ရတယ်။ ပန်းချီဆရာတွေက ဒေါသကြီးတဲ့မြွေ ပါးပျဉ်းထောင်နေတာကို ပတ်ဝန်းကျင်တစ်ဝိုက် မီးလျှံထွက်နေတဲ့ပုံဆွဲကြတယ်။ ကောဓော၊ အတ္ထံ၊ နဇာနာတိတဲ့။ အမျက်ဒေါသဟာ အမှား၊ အမှန်ကို မသိဘူးတဲ့။ ဒေါသကြီးနေရင် မှားတာချည်းပဲ။ မှားရင် ရှုံးပြီပေါ့။ ရန်သူကို လေးနဲ့ပစ်မယ်ဆိုပြီး လေးညှို့ထဲမြားထည့်ပြီး လေးညှို့ကိုဆွဲသူဟာ ဒေါသကြီးလွန်းလို့ ဒေါသအရှိန်နဲ့ အဆွဲလွန်ပြီး မြားဦးဟာ လည်သွားတယ်။ ကိုယ့်ဗိုက်ဆီ မြားဦးရောက်ချိန်မှာ လေးညှို့လွတ်သွားလို့ ကိုယ့်ကိုယ်ကိုယ်ပြန်သတ်ပြီးသား ဖြစ်သွားတဲ့ သာဓက ရှိခဲ့ဖူးတယ်။ ဒေါသကြီးသူဟာလည်း အရှုံးသမားပဲ။

မာနကိုတော့ တောင်နဲ့နှိုင်းကြတယ်။ မာနကြီးသူက မော်က်မာတယ်။ ဘယ်လောက် မောက်သလဲ၊ တောင်လောက်မောက်တယ်။ မာနကိုအထိမခံဘူး။ ထမင်းရှိလျက်၊ ထမင်းဆာလျက်နဲ့ ထမင်းမစားရဘူး၊ ထမင်းငတ်တယ်။ အပင်ပန်းခံတယ်၊ အနာခံတယ်၊ အသေခံတယ်။ စေတီယမင်းဟာ ဘုန်းကြီးလွန်းလို့ လမ်းလျှောက်ရင် ခြေနဲ့မြေမထိဘူး၊ ဈာန်ပျံသလို သွားတယ်။ မုသားပြောလို့ ပထမ မြေပေါ် ခြေကျသွားတယ်။ ပြင်ပြောရင် တန်ခိုးပြန်ရနိုင်သေးတယ် ဆိုပေမယ့် မာနကိုအထိခိုက်မခံနိုင်လို့ ပြင်မပြောဘဲ မုသားထပ်ပြောတယ်။ ခြေမျက်စိလောက် မြေကြီးထဲကျွံဝင်သွားတယ်။ မြေမျိုတာပေါ့။ ပြင်ပြောရင် လွတ်မယ်ပြောပေမယ့် မာနကိုအထိမခံနိုင်လို့ ထပ်ပြီးတော့ပဲမုသားပြောတယ်။ တစ်ခါပြော တစ်ဆင့်ကျွံနဲ့ နောက်ဆုံး စုံးစုံးမြုပ်ပြီးသေတဲ့အထိ မာနကိုမလျှော့ဘဲ အသေခံသွားတယ်။ အဲဒီလောက် ကြောက်စရာကောင်းတယ်။

ကျွန်တော့်မိန်းမဟာ သူတစ်ခုခု လုပ်နေတာကို မပြီးနိုင်လို့ ပြီးပါ့မလား၊ ကူလုပ်ပေးရမလားလို့ မေးရင် အလွန် စိတ်ဆိုးတယ်။ သူ့ကို အထင်သေးတယ်ပေါ့။ အော်လွှတ်တယ်။ ဒီတော့ ဘယ်သူမှမကူချင်ကြဘူး။ ဆူမာနနဲ့သူ အသေအလဲ ပင်ပန်းတယ်။

လောကကြီးမှာ အကြီးဆုံးသော အရှုံးသမားဟာ ‘မာနကြီးသူ’ ပဲ ထင်တယ်။ သံသရာမှာ လျှောက်ပြေးနေတဲ့ ခြေထောက်သုံးချောင်းထဲမှာ ‘မာနခြေထောက်’ က ရှေ့ဆုံးကပဲ ထင်တယ်။

အဲဒီ အရှုံးသမားသုံးယောက်ထဲက ဘယ်အရှုံးသမားမှ မဖြစ်အောင်၊ မလွန်ကဲအောင် သတိနဲ့ ထိန်းချုပ်ပါဆရာ။ အဲဒါ ကျွန်တော် ဆရာ့ကို ကန်တော့တဲ့ လက်ဆောင်ပါပဲ”

ဤသည်မှာ လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်က ဖြစ်ပါသည်။ ဆရာကိုခင်မောင်လည်း မေ့နေလောက်ပါပြီ။ ကျွန်တော်လည်း မေ့နေခဲ့ပါသည်။ လွန်ခဲ့သည့် ဇန်နဝါရီလ (၄) ရက်၊ ကျွန်တော့် (၈၁) နှစ်ပြည့်မွေးနေ့တွင်မှ အမှတ်မထင် ရုတ်တရက် သတိရလာပါသည်။ ထိုအခါ ကျွန်တော့်ကျေးဇူးရှင်၊ ထမင်းရှင် စာဖတ်သူများကို မွေးနေ့အထိမ်းအမှတ်၊ လက်ဆောင်ကန်တော့ပန်း ‘ပန်းသုံးပွင့်’ ဖြင့် ကန်တော့ရန် အကြံဖြစ်ပြီး ဤဆောင်းပါးကို ရေးခြင်း ဖြစ်ပါသည်။

ကျွန်တော့်ရဲ့ဗဟုသုတထဲမှ ထို ‘အရှုံးသမားသုံးဦး’ နှင့်တူသူ သုံးဦးကို ဖြည့်စွက် တင်ပြအပ်ပါသည်။

ပထမပုဂ္ဂိုလ်မှာ ဗုဒ္ဓဘာသာဝင် အများစု သိထားကြသည့် ဒေဝဒတ်အလောင်း ရွှေကုန်သည် ဖြစ်ပါသည်။ အများသိကြသဖြင့် ဇာတ်လမ်းကို မရေးတော့ဘဲ လိုရင်းကိုသာ တင်ပြပါမည်။

သူသည် သာမန် လောဘရှိသူ မဟုတ်ဘဲ လောဘကြီးသူ ဝိသမလောဘသမား ဖြစ်ပါသည်။ ထို့ကြောင့် အသပြာတစ်သိန်းထိုက်သော ရွှေခွက်ကို သူ့ဝိသမလောဘက တစ်ပြားတစ်ချပ်မှ မပေးဘဲ အရယူရန် တိုက်တွန်းသည်။ ထိုဝိသမလောဘကြောင့်၊ လောဘကြီးသူဖြစ်ခြင်းကြောင့် ရွှေခွက်မရဘဲ ဆုံးရှုံးသွားပါသည်။ ဘုရားအလောင်း ရွှေကုန်သည်က ရသွားပြီး သူက အရှုံးသမားကြီး ဖြစ်သွားပါသည်။ ဤမျှ မကသေးပါ။

ထိုရွှေခွက် ဆုံးရှုံးသွားရခြင်းအပေါ် လောဘက ထပ်ပြီး ဖိစီးနှိပ်စက်သဖြင့် နှလုံးပေါက်ကွဲကာ အသက်ပါ ဆုံးရှုံးသွားရသည့် အရှုံးတကာ့ အရှုံးသမားကြီး ဖြစ်သွားပါသည်။

နောက်တစ်ယောက်မှာ အဖေငယ်စဉ်က အတွေ့အကြုံ ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော်တို့ ဘီလူးကျွန်းနယ်တွင် နဂါးတင်မောင် ဆိုသော လက်ဝှေ့အကျော်အမော်တစ်ဦး ပေါ်ခဲ့သည်။ သူနှင့်တစ်ပြိုင်နက် ကျွဲခြံနယ်ဘက်တွင် ကျားခင်မောင် ဆိုသူ ပေါ်ထွန်းနေပါသည်။ တစ်ဦးသတင်း တစ်ဦးကြားပြီး တစ်ချိန်ချိန်တွင် တွေ့ကြမည်ဟု သိထားကြသည်။ ထို့ကြောင့် တစ်ဦးနယ်ကို တစ်ဦးသွားပြီး မထင်မရှား ပွဲကြည့်ပရိသတ်အနေဖြင့် လေ့လာကြပါသည်။ ပျော့ကွက်၊ ဟာကွက်ကို ရှာကြပါသည်။

နဂါးတင်မောင်သည် ကျားခင်မောင် သူ့ထက်သာကြောင်း သူတွေ့ရှိပါသည်။ ခင်မောင်၏အားနည်းချက်ကို လေ့လာသောအခါ ဒေါသကြီးကြောင်း သိရပါသည်။ ယခုခေတ် ကမ္ဘာ့လက်ဝှေ့ကျော်များ ယှဉ်ပြိုင်မသတ်မီ တစ်ဦးနှင့် တစ်ဦး စကားစစ်ထိုးပြီး ဒေါသဆွကြသလို ထိုခေတ်ကလည်း ဆွကြပါသည်။ ကြိုးဝိုင်းတွင်လည်း မခံချင်အောင်ပြောပြီး ဒေါသဆွကြပါသည်။ သို့သော် အခုခေတ်ရော ထိုခေတ်ကပါ လက်ဝှေ့ကျော်များမှာ ထိုအကြောင်းကို သိထားသဖြင့် မည်သို့ဆွဆွ၊ ဒေါသမထွက်အောင် လေ့ကျင့်ထားကြပါသည်။ ကျားခင်မောင်လည်း ပင်ကိုဒေါသကြီးမှုကို လေ့ကျင့်ပြီး ထိန်းထားပါသည်။

နဂါးတင်မောင်သည် ကျွဲခြံသို့သွားပြီး ကျားခင်မောင် ဒေါသထွက်လောက်နိုင်သည့်အချက်ကို ကြိုးစားပမ်းစား ရှာဖွေပါသည်။ ၎င်းအားလျော်စွာ မိတ်ဆွေတစ်ယောက်ထံမှ အချက်တစ်ချက်ကို သိခဲ့ရပါသည်။ ထိုအချက်မှာ-

ကျားခင်မောင်သည် လူပျိုပေါက်ဘဝက ငယ်ပါတွင်အနာပေါက်ပါသည်။ ရိုးရိုးအနာဖြစ်သော်လည်း အခြားသူသိလျှင် မတော်တရော်ပြောပြီး ...မည်စိုး





www.burmeseclassic.com

www.burmeseclassic.com

ဖြင့် နို့ဆီခွက်ဖြင့် ဖန်ရည်ထည့်ပြီး ပါယူကာ တောထဲသွား ဖန်ရည် ပြီး ဆေးထည့်သည်။ တစ်ကြိမ်တွင် နောက်တစ်ယောက် တွေ့သွားပြီး သူ 'နို့ဆီခွက်' ဟု ခေါ်သည်။ ခင်မောင် ါသထွက်လွန်းသဖြင့် ထိုသူကိုထိုးရာ သေရုံတစ်မည် ခံလိုက်ရသည်။ ထိုအ မှစ၍ မည်သူမျှမစ,ဝံ့တော့။ နောက် တော့ မေ့သွားကြသည်။

ဘီလူးကျွန်းတွင် သင်္ကြန်အခါ၌ များတွင် ဘုရားပွဲ လုပ်ကြပါသည်။ တ်ဝေ့ပွဲကို အကြောင်းပြုပြီး စည် ပါသည်။ ဆုကြေးမြင့်မှ လက်ဝှေ့ များ လာပြီး ပွဲစည်ပါသည်။ ဆု ကို အမြင့်ဆုံးပေးပြီး ပွဲအစည်ဆုံး ပွဲမှာ ရွာလွတ်ဘုရားပွဲ ဖြစ်သည်။ နှစ်တွင် အလံလုဆုကြေးကို ကျပ် (၁၀၀)ထိမြှင့်ပြီး ကွဲခြံက ကျားခင်မောင် လှမ်းဖိတ်လိုက်ပါသည်။ ကျပ် (၁၀၀) မှာ စပါးတင်း(၁၀၀)တန်ဖိုးဖြစ်ပြီး လယ် ရင်းငှားတစ်ယောက် တစ်နှစ်လုပ်စာ သည်။

အများမျှော်လင့်ထားကြသည့်အ တိုင်း အလံလုပွဲတွင် ကျားခင်မောင်နှင့် ခံ နဂါးတင်မောင်တို့ တွေ့ကြပါ သည်၊ ထုံးစံအတိုင်း ပထမ၊ ဒုတိယ အချိမျှားတွင် တစ်ဦးကိုတစ်ဦး အကွက် ကောင်း ဟာကွက်ရှာပြီး အစမ်းသဘော ချောင်ထိုး ထိုးနေကြသည်။ ကြည့်၍လှပါ သည်၊ ကြည့်တတ်သူများက အလှပြနေ ကြောင်း သိကြသဖြင့် တကယ်ထိုးဖို့ အော်ကြပါသည်။ ဒိုင်လူကြီးများ၊ ပညာ ရှင်များက ကျားခင်မောင်လက်ရည်သာ ကြောင်း အကဲခတ်မိကြသည်။ အနိုင်၊ ရှုံးမှာ မျက်နှာတွင် ကွဲပြီး သွေးထွက် ခြင်းနှင့် လက်ကာပြပြီး အရှုံးပေးခြင်းတို့ သည်။

တတိယအချီတွင် ကျားခင်မောင် နဂါးတင်မောင်၏ဟာကွက်များကို ပြီးဖြစ်သဖြင့် ဖိထိုးသည်။ နဂါးတင် မောင်ကလည်း လက်နက်ကောင်းကို အ ခုရတော့မည် ဆိုသည်ကို သိပြီး ချောင်ချော်ချော်မျက်နှာဖြင့် 'နို့ဆီခွက်' လှမ်းခေါ်လိုက်သည်။ ကျားခင်မောင် အရိုက်ကို အထိုးခံရသလို ဒေါသ ထွက်လွန်းသဖြင့် မျက်လုံးပြာပြီး တစ် အားလိုက်ထိုးသည်။ ဒေါသကြီးသူတို့ ထုံးစံအတိုင်း ဟာကွက်ကို မပိတ်နိုင် ဖြင့် နဂါးတင်မောင်၏လက်သီးကို ရှောင်နိုင်ဘဲ ဖင်ထိုင်လျက် ကျသွား သည်၊ နဖူးကွဲပြီး သွေးများယိုစီးလာ သည်။ ကျားခင်မောင် လက်ရည်သာ လျက်နှင့် ရှုံးသွားရပါသည်။

ဤကား ဒေါသကြီးသူတို့၏အရှုံး နိဂုံး ဖြစ်ပေသတည်း။

နောက်ဆုံးတစ်ယောက်မှာ မာန ကြီးသူ ဖြစ်ပါသည်။ မာနကြီးသူသည် မာနကြောင့် သူတစ်ပါး၏မေတ္တာကို လည်း မခံယူနိုင်၊ ကရုဏာကိုလည်း မခံ ယူနိုင်၊ အကူအညီကိုလည်း မခံယူနိုင်။ ကောင်းသော၊ အကျိုးရှိသော အကြံ ဉာဏ်ကိုလည်း လက်မခံနိုင်။ နောက်ဆုံး နစ်မြုပ်သွားဖို့ ဦးတည်နေရာက မာန ကြောင့် အပါယ်သွားရသည်အထိ ဆုံး ရှုံးနိုင်သောကြောင့် အမိုက်မဲဆုံးသော ပုဂ္ဂိုလ်၊ အရှုံးဆုံးပုဂ္ဂိုလ်ဟု ဆိုနိုင်သည်။ မာန၏ ပင်ကိုသဘောသည် 'ထောင် လွှားခြင်း' ဖြစ်၍ ဆိုးသော၊ မကောင်း သောသဘော ဖြစ်သည်။ ထို့ကြောင့် ကောင်းသည့်အရာ၌မသုံးရပါ။ ထိုပုဂ္ဂိုလ် မျိုး၏သရုပ်သာဓကတစ်ခုကို တင်ပြလို ပါသည်။

မြတ်စွာဘုရားပွင့်တော်မမူမီ ရှေး ပဝေသဏီကပင် အိန္ဒိယနိုင်ငံ၌ ဗြာဟ္မ ဏအယူကို ယူခဲ့ကြပါသည်။ ထိုဗြာဟ္မ ဏအယူအရ အမျိုး (၄) ပါး (လူတန်း စားလေးမျိုး) ခွဲခြားထားပါသည်။

၎င်းတို့မှာ-

၁။ ကိုယ်ကျင့်သီလရှိသော၊ အပူဇော် ခံထိုက်သော ဗြာဟ္မဏခေါ် ရသေ့ ရဟန်း၊ ပုဏ္ဏားမျိုး။
၂။ လယ်မြေကိုအစိုးရသော မင်းမျိုး၊ လယ်မြေပိုင်ရှင်သူဌေး၊ သူဌေး မျိုးများပါဝင်သည့် ခတ္တိယမျိုး။
၃။ ကုန်သည်၊ သူကြွယ်များ ပါဝင် သော ဝေဿမျိုး။
၄။ ဆင်းရဲသား၊ ကပ်ပါး (အမျိုးအ မည်မသိ အခြားဒေသမှ လာ ရောက် မှီခိုနေထိုင်သူ)၊ တောင်း ရမ်းစားသောက်သူ၊ ဒွန်းစဏ္ဍားများ ပါဝင်သည့် သုဒ္ဒမျိုး ဟူ၍ ဖြစ်ပါသည်။

ထိုသို့ရှိစဉ် တစ်ချိန်တွင် ပုဏ္ဏား မျိုးနွယ်မှ ပုဏ္ဏားတစ်ယောက်သည် မြက်ထုံးကြီးတစ်စည်းနှင့် ကျောက်တုံး ကြီးတစ်တုံးကို တစ်ဖက်တစ်ချက်စီ လျှို ပြီး ထမ်းပိုးဖြင့် ပင်ပန်းကြီးစွာထမ်းလာ သည်။ လမ်းတစ်နေရာ သာလာယံဇရပ် တစ်ခုသို့ ရောက်သောအခါ ဇရပ်ရှေ့ တွင် အထမ်းကိုချပြီး ဇရပ်တွင်းဝင်ကာ အမောဖြေ နားနေလိုက်သည်။ ဇရပ်တွင် ဒွန်းစဏ္ဍားတစ်ဦး သူထက်အရင်ရောက် ပြီးနားနေသည်။ ဒွန်းစဏ္ဍားက ပုဏ္ဏား ကြီးထမ်းလာခဲ့သော မြက်စည်းနှင့် ကျောက်တုံးကိုကြည့်ပြီး-

"ပုဏ္ဏားကြီး၊ ကျောက်တုံးကို အ လိုရှိလို့ သယ်လာတာလား"

ဟုမေးသည်။

ပုဏ္ဏားက-

"ငါ့ပတ်ဝန်းကျင်မှာ ဤကျောက် တုံးမျိုး ပေါလှပါသည်။ ငါ့ခြံတွင်းမှာပင် မြက်နဲ့အတူထမ်းလာခဲ့တဲ့ ကျောက်တုံး တွေလည်း တောင်ပုံရာပုံဖြစ်နေပါပြီ။ ငါ ကျောက်တုံးကို အလိုမရှိပါ"

ဟု ပြန်ဖြေသည်။ ထိုအခါ ဒွန်း စဏ္ဍားက-

"အလိုမရှိဘဲ အဘယ်ကြောင့် အ လေးခံ၊ အပင်ပန်းခံပြီး ထမ်းခဲ့သနည်း"

ဟုမေးရာ ပုဏ္ဏားက-

"အသိဉာဏ်မဲ့သော ဒွန်းစဏ္ဍား၊ မြက်စည်းတစ်ဖက်တည်း ထမ်းပိုးဖြင့် အဘယ်သို့ ထမ်း၍ရမည်နည်း"

ဟု ပြန်ဖြေသည်။ ထိုအခါ ဒွန်း စဏ္ဍားက-

"ပုဏ္ဏားကြီး၊ မြက်စည်းကို နှစ်ထုံး ခွဲထုံးပြီး ရှေ့-နောက် ထမ်းပိုးလျှိုထမ်း လျှင် မသက်သာပါလော"

ဟု ပြန်မေးလိုက်သည်။ ထိုအခါ ပုဏ္ဏားက ခေတ္တတွေပြီး စဉ်းစားလိုက် ၏။ ဒွန်းစဏ္ဍားပြောသည်မှာ သဘာဝ ကျကြောင်း သူသိသွားပေပြီ။ သို့သော် လည်း ပုဏ္ဏားကြီးက-

"အသင် ဒွန်းစဏ္ဍား၊ အသင်ပေး သောအကြံသည် အလွန် သင့်မြတ်ပါ သည်။ သို့သော် ခက်သည်မှာ ငါက မြင့်မြတ်သောပုဏ္ဏားမျိုးဖြစ်ပြီး သင်က ယုတ်ညံ့သောဒွန်းစဏ္ဍားမျိုး ဖြစ်သည်။ ယုတ်ညံ့သောသင်၏အကြံကို မြင့်မြတ် သောငါ လက်ခံလိုက်လျှင် ငါတို့ရဲ့မြင့် မြတ်သောအမျိုးဂုဏ်ကို ထိခိုက်နိုင်ပါ သည်။ အမျိုးဂုဏ်ကို အထိခိုက်မခံနိုင် သော ငါ့မာနက သင့်အကြံကိုလက်မခံ ပါ"

ဟု ဆိုပြီး ကျောက်တုံးနှင့် မြက် စည်းကို ပင်ပန်းကြီးစွာဖြင့် ထမ်းသွား လေသည် ဟူသတတ်။

စာရှုသူများ၊ ထိုအရှုံးသမားများ ၏ဘဝမျိုးမှ တတ်နိုင်သမျှလွတ်မြောက် အောင် ကျွန်တော်နှင့်အတူ ကြိုးစားကြ ပါစို့ဟု တိုက်တွန်းရင်း ကျေးဇူးဆပ် ကန်တော့လိုက်ပါသည်။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါတို့၏ ကိုယ်ပိုင်ဥစ္စာကား ကံပင် ဖြစ်သည်။ ကံ ဟူသည် ကမ္မ ဟူသော ပါဠိစကားမှ ဆင်းသက်လာခြင်း ဖြစ်ပြီး ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ ကမ္မနိယာမအရ ကုသိုလ်သည် ကောင်းကျိုးကိုသာ ပေး၏။ မကောင်းကျိုးကို မပေး။ ဤသည်မှာ ကောက်ကွေ့ခြင်း အလျှင်းမရှိ၊ အစဉ်ဖြောင့်တန်း၍သာ ရှိ၏။

အဘိဓမ္မာအလိုအရ ကံကိုတရားကိုယ်ကောက်မည်ဆိုလျှင် စေ့ဆော်ခြင်း စေတနာစေတသိက်ပင် ဖြစ်၏။ ကုသိုလ်က ကောင်းကျိုးပေးသကဲ့သို့ ကုသိုလ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့်အကုသိုလ်သည် မကောင်းကျိုးကိုသာ ပေး၏။ လူ ဟူသော ပုဂ္ဂိုလ်တို့သည် ကောင်းကျိုးကိုသာ ခံစားလိုပြီး ဆိုးကျိုးကိုမူ အလိုမရှိကြသည်မှာ နိယာမသဘောတစ်ခု ဖြစ်သည်။သို့သော် အချို့မှာမူကား ကုသိုလ်လုပ်ရန် ကြိုးစားရသည်ကို ပင်ပန်းသည်ဟု မှတ်ယူကြ၏။ အကုသိုလ်လုပ်ရန်အတွက်မူကား ငါးပါးအာရုံကာမဂုဏ်တို့၏ ညှို့ယူဆွဲငင်နိုင်သည့် စွမ်းအားကြောင့် အကုသိုလ်လုပ်ရန် မရည်ရွယ်သော်လည်း အကုသိုလ်နွံအတွင်းသို့ သက်ဆင်းမိကြ၏။ သတ္တဝါများသည် မိမိပြုလုပ်သည့် ကုသိုလ်၊ အကုသိုလ်အပေါ် မူတည်၍ (၃၁) ဘုံတွင် ကျင်လည်ကြရသည်။ နိဗ္ဗာန်မရသေးသမျှကာလပတ်လုံး အထက်ဘုံသံသရာနှင့် အောက်ဘုံသံသရာ၌ စုန်ကာဆန်ကာ မျောနေကြသည်။

အကုသိုလ်တရားများသူများသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်း ဟူသော အပါယ်လေးဘုံသို့ မလွဲမသွေကျရောက်ပေမည်ဖြစ်ပြီး အောက်သံသရာ၌ ချားရဟတ်သဖွယ် ကျင်လည်ပေတော့မည်။ ဒါန၊ သီလ၊ ဘာဝနာစသည့်ကောင်းမှုကုသိုလ်များကို ကြိုးစားအားထုတ် ဆောင်ရွက်သူသည် အထက်ဘုံသံသရာ၌ ကျင်လည်ပြီးနောက် အိုမှု၊ နာမှု၊ သေမှုကင်းရာဖြစ်သော ဒုက္ခအပေါင်းတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သောင်ကမ်းသို့ ဆိုက်ရောက်နိုင်မည် ဖြစ်ပေမည်။ သာဓကအနေဖြင့် တင်ပြရသော် သိကြားမင်း ဦးမာဃကို သက်သေပြုရပေမည်။ သိကြားမင်း တကယ် ရှိ၊ မရှိ မြင်နိုင်၊ မမြင်နိုင်ဟု သံသယဖြစ်နေသူ လိစ္ဆဝီမင်းသားမဟာလိကြောင့် သိကြားမင်း ဦးမာဃအကြောင်း သိခွင့်ရခဲ့သည်။

မဟာလိသည် သိကြားမင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားရှင်ထံရောက်လာပြီး လျှောက်ထားမေးမြန်းခဲ့၏။ သူသည် ဘုရားရှင်နှင့် သိကြားမင်း အမေး၊ အဖြေပြုလုပ်သော 'သက္ကပဉ္စသုတ်' ကို ဟောကြားသည်ဟု ကြားသိရသောကြောင့် ဘုရားရှင်ထံ လာရောက် မေးမြန်းခြင်း ဖြစ်သည်။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၏အရှေ့ဘက် အမ္ဗသဏ္ဍာရွာ၏မြောက်ဘက် ဝေဒိယကတောင်ယံရှိ ဣန္ဒသာလလိုဏ်ဂူ၌ ဘုရားရှင်သည် သိကြားမင်းနှင့် အမေး၊ အဖြေ ပြုလုပ်ခဲ့သည်။

မဟာလိသည် ပညာရှိတစ်ဦးဖြစ်ပြီး ဝေဒကျမ်းကို ကျွမ်းကျင်နှံ့စပ်သူ ဖြစ်၍ ဝေဒကျမ်းအရ သိကြားမင်းသည် အလွန် တန်ခိုးကြီးသူ ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်နှင့် သိကြားမင်း မေးကြ၊ ဖြေကြသည်ကို မယုံကြည်နိုင်လောက်အောင် ခံစားရသဖြင့် ဘုရားရှင်အား မေးမြန်း လျှောက်ထားခြင်း ဖြစ်သည်။

ထိုအခါ ဘုရားရှင်က -

"မဟာလိ၊ ငါဘုရားသည် သိကြားမင်းကိုရော သိကြားမင်းဖြစ်ကြောင်းကျင့်စဉ်ကိုပါ သိသည်"

ဟု ဖြေကြားလိုက်သည်။ ဘုရားရှင်က ဆက်လက်၍-

"မဟာလိ၊ သိကြားမင်းမဖြစ်မီ လူ့ဘဝတုန်းက သူ၏ အမည်မှာ မာဃလုလင်ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် သူ့ကို မဃဝဟု လည်းကောင်း၊ ရှေးဦးစွာ အလှူပေးတတ်သောကြောင့် ပုရိန္ဒဒဟူ၍ လည်းကောင်း၊ ရိုသေလေးမြတ်





www.burmeseclassic.com

www.burmeseclassic.com

အလှူပေးတတ်သောကြောင့် သက္ကာ၊ ...ဒိစရာဇရပ်ကို လှူတတ်သော ...ကြောင့် ဝါသဝ၊ မျက်လုံးတစ်ထောင်ရှိ ...သို့အမြင်ကျယ်သောကြောင့် သဟ ...နေတ္တ၊ အသုရာနတ်မင်းကြီး၏သမီး ...တာ၏ခင်ပွန်း ဖြစ်သောကြောင့် ...မ္ပတိ၊ တာဝတိံသာနတ်တို့ကို အစိုးရ ...ကြောင့် ဒေဝါနမိန္ဒဟုလည်း ခေါ် ... သူဖြစ်စဉ်က (၇)ပါးသော ကျင့်ဝတ် ...ကို ကျင့်သုံးခဲ့ဖူးသူ ဖြစ်သည်"


ဆက်လက်၍ သိကြားမင်း ဖြစ် ...ကြောင်း ကျင့်ဝတ် (၇) ပါးကိုပါ ဆက်၍ ...ကြားခဲ့သည်။

သိကြားမင်းဖြစ်ကြောင်းကျင့်ဝတ် (၇) ပါးမှာ -

၁။ မိဘနှစ်ပါးအား အသက်ထက်ဆုံး ပြုစုလုပ်ကျွေးခြင်း၊
၂။ ကြီးသူတို့ကို ရိုသေလေးစားခြင်း၊
၃။ နူးညံ့သိမ်မွေ့ချိုသာသောစကားကို ပြောဆိုခြင်း၊
၄။ ကုန်းတိုက်သောစကားကို မဆိုခြင်း၊
၅။ အသက်ထက်ဆုံး မစ္ဆရိယဟူသော ဝန်တိုမှုကင်းအောင် နေထိုင်ပြောဆိုကျင့်ကြံခြင်း၊
၆။ ပေးကမ်းစွန့်ကြဲရာ၌ မွေ့လျော်၍ သစ္စာနှင့်ယှဉ်သောစကားကို ပြောဆိုခြင်း၊
၇။ မှန်ကန် ဖြောင့်မတ်သောစကားကို ပြောဆို၍ အမျက်ဒေါသကို နှိပ်ကွပ်နိုင်ခြင်း၊ ထိန်းသိမ်းခြင်းတို့ ဖြစ်သည်။

ဘုရားရှင်က ဤသို့ ဟောတော်မူသောအခါ လိစ္ဆဝီမင်းသား မဟာလိသည် သိကြားမင်းမဖြစ်မီ မာဃလုလင်၏ ဘဝအကြောင်းကို ဟောကြားပါရန် လျှောက်ထားသဖြင့် ဘုရားရှင်က ဟောကြားတော်မူခဲ့သည်။

ရာဇဂြိုဟ်ပြည်၌ မဂဓမင်းကြီးထီးနန်းစိုးစံစဉ်အချိန် မာဃလုလင်သည် မစလရွာ၌ အမျိုးမြတ်သူ၏ သားဖြစ်ပြီး မာဃဟု အမည်တွင်သည်။ သူသည် အပေါင်းအဖော် သုံးကျိပ်သုံးယောက်တို့နှင့်အတူ ငါးပါးသီလဆောက်တည်ကာ လမ်းတံတားများပြုပြင်ဆောက်လုပ်ခြင်း၊ ရေတွင်း, ရေကန်များ တူးဖော်ပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၎င်းတို့အုပ်စုသည် ဤသို့ညီညွတ်စွာဖြင့် ကုသိုလ်ပြုလုပ်ငန်းများ လုပ်ဆောင်နေသည်ကို သူကြီးဖြစ်သူက မနှစ်မြို့ပေ။ အဘယ်ကြောင့်ဆိုသော် မာဃတို့လူစု ကောင်းမှုပြုခြင်းကြောင့်




ရိုရိုမြေ

တရားတစ်ပုဒ်ကို နှစ်တာဝနာသူ



www.burmeseclassic.com

www.burmeseclassic.com

ဒုစရိုက်မှုများနည်းပါးလာသဖြင့် ဝင်ငွေလျော့နည်းလာခြင်းကြောင့်ပင်။ သူကြီးသည် မာယတို့လူစုအား 'လူဆိုးသူခိုး' ဟု စွပ်စွဲကာ မင်းကြီးထံ လျှောက်တင်သဖြင့် မင်းကြီးက ဖမ်းဆီးရန် အမိန့်ထုတ်လိုက်သည်။ သူကြီးသည် မာယတို့အုပ်စုအား ဖမ်းဆီးပြီး မင်းကြီးထံပို့လိုက်ရာ မင်းကြီးက နောက်ဆုံးတွင် သေဒဏ်စီရင်ချလိုက်သည်။

မင်းမှုထမ်းတို့သည် မာယတို့အဖွဲ့အား မင်းရင်ပြင်တွင် လဲလျောင်းစေပြီး ဆင်ဖြင့်နင်းသတ်ရန် စီစဉ်ခဲ့သည်။ ၎င်းတို့အုပ်စုဆီသို့ နင်းသတ်ရန် ဆင်ကြီးကို လွှတ်လိုက်သောအခါ ဆင်ကြီးမှာ မာယတို့အုပ်စု၏ သီလတန်ခိုး၊ မေတ္တာတန်ခိုးကြောင့် မနင်းဝံ့ဘဲ ဝေးရာသို့ ရှောင်သွားခဲ့သည်။

ထိုအခါ မင်းကြီးသည် မာယတို့အုပ်စုတွင် အဆောင်လက်ဖွဲ့ ရှိ မရှိ မေးမြန်းရာ-

"ကျွန်တော်မျိုးတို့၌ အဆောင်လက်ဖွဲ့ မရှိပါ။ ငါးပါးသီလ စောင့်ထိန်းခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်းနှင့် အလှူဒါန ပြုလုပ်ခြင်းသာရှိသဖြင့် ဤသည်သာလျှင် ဂါထာမန္တရား ဖြစ်ပါသည်"

ဟု လျှောက်ထားလေသည်။

ဤတွင် မင်းကြီးသည် မာယတို့အဖွဲ့၌ အပြစ်ကင်းစင်ပြီး မတရားစွပ်စွဲခံရကြောင်း သိရှိသွားခဲ့သည်။ မင်းကြီးသည် သူကြီးနှင့်တကွ သူပိုင်ပစ္စည်းဥစ္စာ၊ ကျေးကျွန်များကို သိမ်းယူပြီး မာယလုလင်၏ကျွန်အဖြစ် အသုံးပြုရန် ဆုအဖြစ် ပေးသနားလိုက်သည်။ ဆင်ကိုလည်း မာယလုလင်တို့၏ ကုသိုလ်ပြုလုပ်ငန်းများ၌ အသုံးပြုရန် ပေးသနားလိုက်သည်။

ထိုနေ့မှစ၍ ၎င်းတို့အဖွဲ့သည် လမ်းလေးခွဆုံရာအရပ်၌ ခရီးသွားများ တည်းခိုနားနေရန် ဇရပ်ကြီးတစ်ဆောင်ကို ဆောက်လုပ်ခဲ့သည်။ ကိုမာယ၏ အိမ်သူလေးဦးအနက် သုဓမ္မာက ဇရပ်၏ထုပိကာကို လှူဒါန်းခဲ့သည်။ သုစိတ္တာက ဇရပ်၏အနီး၌ ဥယျာဉ်ကြီး တည်ဆောက်၍ ကုသိုလ်ပါဝင်ခဲ့၏။ သုနန္ဒာက ရေကန်ကြီးတစ်ကန် တူးဖော်၍ လှူဒါန်းခဲ့သည်။ သုဇာတာကား မည်သည့်ကောင်းမှုမျှမလုပ်ဘဲ ကိုယ့်ယောက်ျားအလှူသည် သူ၏အလှူ ဖြစ်သည်ဟု ထင်မှတ်ခဲ့၏။ ကိုမာယတို့အုပ်စုလည်း အသက်ထက်ဆုံး ကုသိုလ်တရားများကို ပွားများကာ မမေ့မလျော့ခြင်း တည်းဟူသော အပ္ပမာဒတရားကို လက်ကိုင်ထားခဲ့ကြသည်။ ၎င်းတို့အုပ်စုသည် ကုသိုလ်ကောင်းမှုများပြုပြီးနောက် လူ့သက်တမ်းကုန်ဆုံး၍ ကွယ်လွန်အနိစ္စရောက်ခဲ့ကြသည်။

၎င်းတို့အုပ်စုသည် ကာမာဝစရကုသိုလ်ကံစေတနာကြောင့် စတုမဟာရာဇ်နတ်ဘုံ၏ အထက်၌ရှိသော အသုရာနတ်ပြည်သို့ ရောက်ရှိသွားခဲ့သည်။ အသုရာနတ်ပြည်၌ အသုရာနတ်တို့နေထိုင်ပြီး ၎င်းတို့သည် အချိန်ရှိသရွေ့ အရက်သေစာ သောက်စားနေသဖြင့် အသုရာနတ်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ မာယလုလင်နှင့်တကွ ကောင်းမှုကုသိုလ်ပြုဖက်ဖြစ်သော (၃၃) ယောက်သော အမျိုးသားတို့မှာ ထိုဘုံသို့ရောက်ရှိသွားသော်လည်း အသုရာတို့နှင့် ဝတ်ပုံစားပုံက ထူးခြားနေသည့်အတွက် အသုရာတို့က ၎င်းတို့အား-

"အသင်တို့ ဘယ်အရပ်က လာကြကုန်သနည်း"

ဟု မေးမြန်းရာ မာယလုလင်က-

"ကျွန်ုပ်တို့သည် လူ့ပြည်လူ့ရွာမှ ကုသိုလ်ကောင်းမှုပြုသဖြင့် ဤနေရာသို့ ရောက်လာခြင်း ဖြစ်သည်"

ဟု ပြန်လည် ဖြေကြားခဲ့သည်။

ထိုအခါ အသုရာများက -

"ကျွန်ုပ်တို့ကား ဤအရပ်၌ ကြာရှည်စွာနေသူများအဖြစ်လို့ အိမ်ရှင်များ ဖြစ်ပေတယ်။ ယခု သင်တို့ရောက်ရှိလာတဲ့အတွက် အိမ်ရှင်က ဧည့်သည်များကို စားပွဲကြီးကျင်းပပြီး ကြိုဆိုမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့တည်ခင်းတဲ့ စားပွဲကြီးကို တက်ရောက်ပါ"

"ကောင်းပါပြီ"

ထို့နောက်တွင် မာယ တစ်ဖြစ်လဲ သိကြားမင်းသည် သူ၏ (၃၃) ယောက်သော နတ်သားများကိုခေါ်၍-

"အသင်တို့ အသုရာတို့တည်ခင်းမည့်စားပွဲတွင် အရက်သေစာများနှင့် ဧည့်ခံလိမ့်မည်။ အသင်တို့မသောက်ကြနှင့်။ အဆင့်သင့်ရှိကြပါ"

"ဟုတ်ကဲ့ပါ အရှင်"

ထိုသို့ သတိပေးထားခဲ့သည်။

ဤသို့ဖြင့် မကြာမီ အသုရာတို့က ဧည့်ခံစားပွဲကြီး ကျင်းပသည်။ အသုရာနတ်မင်းကြီး၏ဗိမာန်ထဲတွင် အရက်မျိုးစုံကို တည်ခင်းထားပြီး စားစရာမျိုးစုံကိုပါ ပြင်ဆင်ထားသည်။ ထို့နောက် ဧည့်ခံပွဲကြီး စတင်ချိန်တွင် နတ်တူရိယာများ တီးခတ်၍ ကိုမာယ၏ တစ်ဖက်တစ်ချက်တွင် အသုရာနတ်သမီးကလေးများ ခြွေရံကာ ပြုစုလေသည်။

ထို့အပြင် အခြားသော နတ်သားများကိုလည်း အသုရာနတ်သမီးနှစ်ဦး ခြံရံ၍ ပြုစုခဲ့ကြသည်။ စားပွဲကြီးကျင်းပသည်နှင့် အသုရာတို့သည် မာယ အပါအဝင် နတ်သားများကို အရက်သေစာ တိုက်ပြီး သူတို့လည်း အလွန်အကျွံ သောက်ကာ အမူးလွန်ကုန်၏။ မာယက သတိပေးထားသည့်အတိုင်း နတ်သားများသည် အရက်များကို သွန်ပစ်ကာ အခြေအနေကိုစောင့်ကြည့်နေကြသည်။

အသုရာများမှာ အရက်အလွန်အကျွံသောက်ပြီး ခုန်ပေါက်ကခုန်သူက ကခုန်ပြီး အမူးလွန်သူများမှာ မူးလဲကုန်၏။

ထိုအချိန်တွင် မာယက-

"အသင်နတ်သားတို့ အခုအချိန်ဟာ လုပ်ငန်းစရမယ့်အချိန် ဖြစ်တယ်။ ဒါကြောင့် မူးလဲနေတဲ့ အသုရာတွေကို မြင်းမိုရ်တောင်ခြေရင်းသို့ ပစ်ချလော့"

ဤသို့အမိန့်ပေးလိုက်ရာ နတ်သားများက အသုရာတို့အား မြင်းမိုရ်တောင်မှ အောက်သို့ပစ်ချလိုက်သည်။ အသုရာများမှာ မြင်းမိုရ်တောင်ခြေရှိ လက်ဝံတောသို့ ရောက်သွားခဲ့သည်။ ထိုအခါ မာယသည် အသုရာနတ်ပြည်ဆိုင်းဘုတ်ဖြုတ်ပြီး '(၃၃) ယောက်တိုင်းပြည်' ဟု အဓိပ္ပာယ်ရသည့် တာဝတိံသာနတ်ပြည်ဟု အမည်ပေးလိုက်သည်။ ထို့နောက် မာယသည် တာဝတိံသာနတ်ပြည်အား ကာကွယ်ရန်အတွက် နတ်စစ်သူကြီး (၃၇) ယောက်နှင့် နတ်စစ်သည်တို့အား နတ်စစ်တပ် ဖွဲ့စည်းလိုက်သည်။ ထို့နောက် ၎င်းသည် စတုမဟာရာဇ်နတ်ပြည်နှင့် တာဝတိံသာနတ်ပြည် နှစ်ပြည်ထောင်၌ သိကြားမင်းအဖြစ် အုပ်စိုးလေသည်။

စတုမဟာရာဇ်နတ်ပြည်၌ နတ်မင်းကြီး(၄)ပါး အုပ်စိုးသဖြင့် ဤနာမည်တွင်ရခြင်း ဖြစ်ပါသည်။ မြင်းမိုရ်တောင်၏ အရှေ့အရပ်၌ ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော ဓတရဋ္ဌနတ်မင်းကြီး၊ တောင်အရပ်၌ ကုမ္ဘဏ်တို့ကို အစိုးရသော ဝိရူဠှကနတ်မင်းကြီး၊ အနောက်အရပ်၌ နဂါးတို့ကို အစိုးရသော ဝိရူပက္ခနတ်မင်းကြီးနှင့် မြောက်အရပ်၌ ဘီလူးတို့ကိုအစိုးရသော ကုဝေရနတ်မင်းကြီး (၄) ပါး ရှိ၏။ စတုမဟာရာဇ်နတ်ဘုံသည် ယုဂန္ဓိုလ်တောင်လေးထောင်အမြင့်၌ တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မြင်းမိုရ်တောင်၏ အလယ်ခါးပန်းမှစ၍ အောက်တစ်လျှောက် စကြဝဠာတံတိုင်းအထိကျယ်ပြန့်သည်။ တာဝတိံသာနတ်ပြည်သည် မြင်းမိုရ်တောင်ထိပ်၌ တည်သောကြောင့် စတုမဟာရာဇ်ဘုံနှင့် ဆူဇနာပေါင်း လေးသောင်းနှစ်ထောင် ကွာဝေးသည်။ များမကြာသောအချိန်အတွင်း အသုရာတို့သည် အမူးပြေသွားပြီး-

"ငါတို့ဘယ်နေရာရောက်နေတာလဲ"

အသုရာနတ်မင်းကြီးကမေးလိုက်ရာ အမူးပြေပြီဖြစ်သော အသုရာနတ်သားများက -

"အရှင်၊ မာဃတို့လူစု ဗိုလ်ကျပြီး အရှင်တို့ကို ပစ်ချလိုက်လို့ အခုမြင်းမိုရ်တောင်အောက်ခြေမှာရှိတဲ့ လက်ပံတောကို ရောက်နေတာပါ ဘုရား"

"ဟေ - မာဃတို့လူစုက ငါတို့ကို အတ်သက်မဲ့စော်ကားတာပဲ"

"မှန်ပါတယ် ဘုရား"

"ဒီလိုတော့ အညံ့မပေးနိုင်ဘူး။ ငါတို့ စစ်တပ်ဖွဲ့ပြီး မာဃတို့ကို ပြန်တက်ကြမယ်"

"မှန်ပါတယ် ဘုရား"

အသုရာနတ်မင်းကြီး၏အမိန့်ဖြင့် အသုရာစစ်တပ်ဖွဲ့ကာ ပြန်တိုက်ရန်အတွက် မြင်းမိုရ်တောင်သို့ တက်လာခဲ့ကြသည်။ အရှေ့ကတက်လာသော အသုရာများကို ဓတရဋ္ဌနတ်မင်းကြီး ဦးစီးသည့် ဂန္ဓဗ္ဗနတ်များက လည်းကောင်း၊ အနောက်ဘက်ကတက်လာသည့် အသုရာများကို ဝိရူပက္ခနတ်မင်းကြီး ဦးစီးသည့် နဂါးတို့က လည်းကောင်း တိုက်ခိုက်ခဲ့သည်။ ထိုနည်းတူစွာပင် တောင်ဘက်က တက်လာသည့် အသုရာများအား ဝိရူဠှကနတ်မင်းကြီး ဦးစီးသော ကုမ္ဘဏ်တို့က လည်းကောင်း၊ မြောက်အရပ်မှတက်လာသည့် အသုရာတို့ကို ကုဝေရနတ်မင်းကြီး ဦးစီးသော ဘီလူးတို့က တိုက်ခိုက်ခဲ့ကြသည်။

ထိုအခါ အသုရာတို့သည် မြင်းမိုရ်တောင်ထိပ်သို့မတက်နိုင်ဘဲ ကျွမ်းကျခဲ့သည်။ ဤသို့ဖြင့် သုံးခါ၊ လေးခါ တိုက်ခိုက်ရန် ကြိုးစားသော်လည်း အောင်မြင်ဘဲ ကျရှုံးခဲ့ရာ နောက်ဆုံး အသုရာတို့ လက်လျှော့ပြီး လက်ပံတောမှာသာ နေခဲ့ကြတော့သည်။ ထိုအချိန်၌ တာဝတိံသာနတ်ပြည်၌ ပြာသာဒ်ကြီး တစ်ခုပေါ်လာရာ ရန်သူများကို အောင်မြင်သည့်အချိန်၌ ပေါ်ပေါက်လာသည့်အတွက် 'ဝေဇယန္တာ' ပြာသာဒ်ကြီးဟု အမည်ပေးခဲ့သည်။ သိကြားမင်းသည် စတုမဟာရာဇ်နှင့် တာဝတိံသာဟူသော နတ်ပြည်နှစ်ပြည်ကို အုပ်စိုးခဲ့ရသည်။ ဤသို့ဖြင့် နတ်သက်တမ်း နှစ် (၁၀၀၀) ခန့် အုပ်စိုးပြီးနောက် နတ်သက်ကြွေရန် နိမိတ် (၅) ပါး ထင်လာခဲ့သည်။

ထိုအခါ သိကြားမင်းလည်း -

"အင်း. . . ငါလည်း နတ်သက်ကြွေခါနီးလို့ နိမိတ်(၅)ပါး ထင်လာပါလား"

နိမိတ်(၅)ပါးကား ကိုယ့်ရောင်မှိန်လာခြင်း၊ နတ်ပန်းများ ညှိုးလာခြင်း၊ နတ်ဝတ်တန်ဆာများညှိုးလာခြင်း၊ ချွေးများထွက်လာခြင်း၊ နတ်စည်းစိမ်၌မပျော်မွေ့ခြင်းတို့ ဖြစ်သည်။ ၎င်းသည် ထိုနိမိတ်များကို မြင်သောအခါ -

"ငါနတ်သက်ကြွေပြီးရင် သိကြားမင်း ပြန်မှုဖြစ်ပါ့လား"

ဟု စိုးရိမ်စိတ်များဝင်လာခဲ့သည်။ သိကြားမင်း တွေးသကဲ့သို့ ဤမျှသော ကုသိုလ်ဖြင့် နောက်ထပ်တစ်ကြိမ် သိကြားမင်းဖြစ်ရန် မလွယ်ကူပေ။ သိကြားမင်းလည်း ဤသည်ကို တွေးထင်ကာ ဘုရားထံ၌ တရားသွားနာရန် စဉ်းစားခဲ့သည်။

ထို့နောက် နေမဝင်မီညနေစောင်းအချိန်၌ ရာဇဂြိုဟ်ပြည်၏အရှေ့ဘက်ရှိ ဣန္ဒသာလလိုဏ်ဂူ၌ သီတင်းသုံးနေသော ဘုရားရှင်ထံပါးသို့ တရားနာရန် နတ်ပရိသတ်(၈၀၀၀၀)နှင့်အတူ ပဉ္စသိခ် နတ်သားကို ခေါ်ဆောင်သွားခဲ့သည်။

၎င်းလိုဏ်ဂူသို့ရောက်သောအခါ ပဉ္စသိခ်နတ်သားအား ဘုရားထံ သွားရောက်၍ လာခွင့်ပြုရန် လျှောက်ထားခိုင်းလိုက်သည်။ မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မူသဖြင့် သိကြားမင်းနှင့်တကွ နတ်ပရိသတ်(၈၀၀၀၀)တို့ လိုဏ်ဂူတော်အတွင်းသို့ ရောက်ရှိလာကြ၏။

ထို့နောက် သိကြားမင်းသည် မြတ်စွာဘုရားရှင်အား မေးခွန်း (၁၄) ခုကို မေးခဲ့သည်။ မြတ်စွာဘုရားရှင်လည်း သိကြားမင်းမေးသည့် မေးခွန်းကို တစ်ခုချင်း ဖြေဆိုခဲ့သည်။ သိကြားမင်းသည် မေးခွန်းနံပါတ် (၇) ကို ဘုရားရှင်အား မေးမြန်းခဲ့သည်။

ဤနံပါတ်(၇)အဖြေကား တဏှာနှင့် ဝေဒနာ ဆက်စပ်မိပါက သံသရာ ရှည်ကြောင်း ဖြစ်သည်။ တဏှာကုန်အောင် ဝေဒနာရှုခြင်းဖြင့် သံသရာမှ ထွက်မြောက်မည်ဟု နာကြားရသည့်အချိန်တွင် သိကြားမင်း နတ်သက်ကြွေသွားခဲ့သည်။

သိကြားမင်းသည် တစ်ထိုင်တည်း နတ်သက်ကြွေကာ ဘဝပြောင်းသွားသလို တစ်ထိုင်တည်းပင် မြတ်စွာဘုရားရှင်ထံ နာကြားရသော တရားတော်၏ အကျိုးကျေးဇူးကြောင့် ထိုနေရာတွင်ပင် တစ်ထိုင်တည်း သိကြားမင်းအသစ်ပြန်ဖြစ်လာခဲ့သည်။

ဤသို့ ဘဝဟောင်းကိုစွန့်ပြီး ဘဝသစ် တစ်ဖန်ပြန်ဖြစ်ခြင်းကို အခြားသော နတ်သား (၈၀၀၀၀) မသိလိုက်ဘဲ မြတ်စွာဘုရားရှင်နှင့် သိကြားမင်းသာ သိရှိလေသည်။

အဖြေနံပါတ်(၇)ကို နာပြီးနောက် သိကြားမင်းလည်း သောတာပန်ဖြစ်သွားခဲ့သည်။ မြတ်စွာဘုရားရှင်သည် သိကြားမင်းမေးသည့် မေးခွန်းများကို ဆက်လက် ဖြေကြားတော်မူခဲ့သည်။

မြတ်စွာဘုရားရှင်၏ ရှေ့မှောက်၌ တရားတစ်ပုဒ်ကို ပထမ ိုင်းနံပါတ် (၇) အထိ သိကြားအိုဘဝနှင့် တရားနာပြီး နံပါတ် (၈) မှ (၁၄) အထိ သိကြားသစ်အဖြစ်နှင့် တရားနာခဲ့သည်။

သိကြားမင်းသည် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားတစ်ပုဒ်ကို တစ်ဆက်တည်း နှစ်ဘဝနာသူအဖြစ် ထူးခြားသောပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။

တရားတော်အဆုံးတွင် သိကြားမင်းသည်-

"နမောတဿ ဘဂဝါတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဟူ၍ (၃)ကြိမ်ဆိုကာ မြေကြီးကို လက်ဖြင့်ပုတ်၍ ရိုသေစွာ ရှိခိုးပူဇော်ပြီး နတ်ပြည်သို့ ပြန်ခဲ့လေသည်။

ဤနေရာတွင် သိကြားမင်းသည် သေခါနီး၌ သေခြင်းကို သတိရသည့် အပ္ပမာဒတရားကို လက်ကိုင်ထားသူဖြစ်သည်။ အပါယ်လေးဘုံရှိ သတ္တဝါများနှင့် လူ၊ နတ်၊ ဗြဟ္မာများသည် တစ်နေ့နေ့တွင် မလွဲမသွေ သေရမည် ဖြစ်သည်။ မိမိဘဝ၊ မိမိ၏သေခြင်းကို မေ့လျော့သူသည် လူသေနှင့်တူပြီး မိမိ၏ သေခြင်းကို အပ္ပမာဒ တည်းဟူသော မမေ့မလျော့ခြင်းကြောင့် တရားတစ်ပုဒ်ကို နှစ်ဘဝနာပြီး သောတာပန် သိကြားမင်းဖြစ်ရသည့်သာဓကတို့ အတုယူသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

[illegible]




www.burmeseclassic.com

www.burmeseclassic.com

# သင့်မျက်နှာနှင့်သင့်ဘုန်းကံ

**မင်းမင်းမြတ်**



**Ramsay ၏ နမူနာဓာတ်ပုံ**

**ထူးခြားသောရုပ်လက္ခဏာပိုင်ရှင်များ**

Gordon Ramsay ၏ မျက်နှာတစ်ပြင်လုံးကိုလေ့လာပါက ဆူဖြိုးသောအသားများဖြင့်ဖုံးလွှမ်းနေသည်ကို တွေ့ရပါမည်။ မျက်နှာပြင် ကျယ်ပြန့်သော်လည်း ရှည်လွန်း၊ တိုလွန်းခြင်း မရှိပါ။ သူ၏မျက်နှာတည်ဆောက်ပုံ အံနေအထားသည် သူ ရှင်သန်ကျက်စားရာနယ်ပယ်၌ အောင်မြင် ကျော်ကြားမှုရှိပြီး အဆင့်အတန်းမြင့်မြင့်နှင့်နေနိုင်သူ ဖြစ်ကြောင်း ဖော်ပြနေသည်။

Ramsay ၏မျက်နှာသည် ရာသီဥတုဒဏ် ခံစားရခြင်း မရှိသော်လည်း အရေးအကြောင်း များစွာ ပါရှိသည်ကို တွေ့ရပါမည်။ အထူးသဖြင့် သူ၏နဖူးပြင်နှင့်မေးစေ့တို့ရှိ အရေးအကြောင်းလိုင်းများက အတွင်းနက်၍ ထင်ရှားနေသည်ကိုတွေ့ရသည်။ နဖူးပြင်ပေါ်ရှိ အရေးအကြောင်း၊ အမှတ်လက္ခဏာများသည် အသက် (၃၀) နှစ်မတိုင်မီ ဘဝ၏ အောင်မြင်မှုအခြေအနေများအား တိုင်းတာနိုင်သည့် အကောင်းဆုံး 'စံ'တစ်ခုဖြစ်သည်။ အများအားဖြင့် အသက် (၃၀) နှစ်မတိုင်မီ နဖူးပြင်ပေါ် အရေးအကြောင်းများ ပေါ်လာပါက မကောင်းသောလက္ခဏာအဖြစ် သတ်မှတ်နိုင်ပါသည်။ Ramsay ၏ နောက်ကြောင်းရာဇဝင် ဖော်ပြချက်အရ ကမ္ဘာကျော်ဘောလုံးသမားဖြစ်ရန် ကနဦး ရည်မှန်းချက် ရှိခဲ့သော်လည်း ဒူးခေါင်းထိခိုက်ခံရခြင်းကြောင့် အသက် (၃၀) နှစ်မတိုင်မီမှာပင် ရည်မှန်းချက် ပျက်ခဲ့ရသည်။ သို့သော် အသက် (၃၀) နှစ်နောက်ပိုင်းတွင် သူ၏နဖူးပြင်ပေါ်ရှိ အရေးအကြောင်းများက သူ့အတွက် မျှော်လင့်ချက်ခွန်အားသစ်များ မွေးဖွားပေးပြီး ဘဝသစ်တစ်ခု ပြန်စ,ရန် တွန်းအားပေးခဲ့သည်။ ၁၉၉၇ ခုနှစ်၊ သူ၏အသက် (၃၁) နှစ်တွင် နာမည်ကျော် စားဖိုမှူး Marco Pierre White က Ramsay အား စားသောက်ဆိုင်စားဖိုမှူးအဖြစ်လုပ်ကိုင်ရန် ကမ်းလှမ်းခဲ့သည်။ ထိုအချိန်မှစ၍ သူ့စွမ်းဆောင်ရည်ကောင်းခြင်းကြောင့် ထင်ရှားကျော်ကြားသော စားဖိုမှူးကြီး ဖြစ်လာခဲ့သည်။

Ramsay ၏မေးစေ့ပေါ်ရှိအရေးအကြောင်းများက လုပ်ငန်းခွင်အတွင်း အခြား ဝန်ထမ်းများနှင့် မကြာခဏ ပြဿနာဖြစ်တတ်ခြင်းကို ဖော်ပြသည်။ Ramsay သည် စားဖိုချောင်အတွင်း အစစအရာရာ (ခရေစေ့တွင်းကျ) စေ့စပ်တိကျခြင်းကြောင့် ဇီဇာကြောင်သူအဖြစ် နာမည်ဆိုးဖြင့် ထင်ပေါ်ခဲ့ရသော်လည်း သူ၏ မှန်ကန်သော လုပ်ရပ်များကြောင့် တရားဝင်ကန့်ကွက်ရဲသူ မရှိခဲ့ပေ။ ယင်းမှာ သူ၏မေးစေ့တည်ဆောက်ပုံ အားကောင်းခြင်းက ပါးစပ်အားထောက်ပံ့ထားသောကြောင့်ပင် ဖြစ်သည်။ ရှည်လျားသော မျက်ခုံးအစုံရှိသူသည် စိတ်ထားနူးညံ့သူဖြစ်ကြောင်း ဖော်ပြသည်။ သို့သော် Ramsay ၏ မျက်ခုံးများက မျက်လုံးထက်ပင် တိုတောင်းသည်ကို တွေ့ရမည်။ ထိုလက္ခဏာမှာ ဒေါသထွက်လွယ်ခြင်း၊ စိတ်ဆတ်ခြင်းသဘာဝရှိကြောင်း ဖော်ပြသည်။

**Baroness Thatcher (or) Margaret Thatcher (ဝန်ကြီးချုပ်ဟောင်း)**

မာဂရက်သက်ချာသည် ဗြိတိန်နိုင်ငံ၏ သက်တမ်းအကြာဆုံး ဝန်ကြီးချုပ်ဟောင်းတစ်ဦး ဖြစ်သည်။ သူမ၏ မျက်နှာတည်ဆောက်ပုံကို လေ့လာပါက ကမ္ဘာကျော်နိုင်ငံရေးသမားတို့၏ရုပ်လက္ခဏာများပါရှိသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

နဖူးပြင်မြင့်မားကျယ်ပြန့်၍ လေးထောင့်ပုံကာ ချောမွေ့နေခြင်းသည် နိုင်ငံရေးလောက၌ စကားအချေအတင်ပြောဆိုနိုင်ခြင်း၊ ရည်ရွယ်ချက်အတိုင်း မဖြစ်မနေလုပ်ကိုင်တတ်ခြင်း၊ စိတ်ရှည် ဇွဲသန်ခြင်း ရာထူးအဆင့်အတန်း မြင့်မားခြင်းသဘောများကို ကိုယ်စားပြု ဖော်ပြပါသည်။

နိုင်ငံရေးသမား (အမျိုးသား/သမီး) တို့အတွက် နဖူးပြင် မြင့်မားကျယ်ပြန့် လေးထောင့်ကျ၍ချောမွေ့နေခြင်းက အဓိကကျသောလက္ခဏာ ဖြစ်ပါသည်။ မာဂရက်သက်ချာ၏ အထက်ပါနဖူးလက္ခဏာများက သူ၏ ဉာဏ်ရည်ထက်မြက်မှု၊ ခွဲခြမ်းစိတ်ဖြာ၍အဖြေရှာနိုင်မှု၊ ပြောဆိုစည်းရုံးနိုင်မှုများကိုဖော်ပြနေပါသည်။ သက်ချာ၏အပေါ်နှုတ်ခမ်းက အပြင်ဘက်သို့ အနည်းငယ်ချွန်ထွက်၍ (ငှက်နှုတ်သီးပုံစံ) ရှိခြင်းသည် သူမ၏ကြီးချုပ်အဖြစ် တာဝန်ထမ်းစဉ်ကာလအတွင်း ပါလီမန်၌အချေအတင်ပြောဆိုမှု အားလုံးအား အောင်မြင်စွာကျော်လွှားနိုင်ခဲ့ခြင်းကို ကိုယ်စားပြုသည်။

သက်ချာ၏နှာခေါင်းတည်ဆောက်ပုံ ရှည်လျား ဖြောင့်စင်း၍ တည့်မတ်နေခြင်းသည် ခေါင်းမာတတ်ခြင်း၊ စိတ်မာတတ်ခိုင်မာခြင်း၊ အများအပေါ် ဩဇာလွှမ်းခြင်းသဘောကိုဖော်ပြပြီး သူမ၏ပါးရိုးတည်ဆောက်ပုံ တောင့်တင်းခိုင်မာ၍ အပြင်သို့ အနည်းငယ်ထွက်နေဟန်ရှိခြင်းကလည်း ရဲဝံ့ပြတ်သားစွာစီမံဆုံးဖြတ်နိုင်စွမ်းရှိကြောင်း ဖော်ပြနေပါသည်။

- ရှည်လျား ဖြောင့်စင်းသော နှာခေါင်းတည်ဆောက်ပုံက ရှင်းရှင်းပြတ်ပြတ် စီမံဆုံးဖြတ်တတ်သည့် သဘောကို ပြသည်။
- နဖူးပြင် မြင့်မား ကျယ်ပြန့် ချောမွေ့နေခြင်းက ဉာဏ်ရည်ထက်မြက်၍ စွမ်းဆောင်ရည်မြင့်မားမှုကို ပြသည်။
- ပါးစပ်ကြီး၍ အပေါ်နှုတ်ခမ်းက (ငှက်နှုတ်သီးသဏ္ဍာန်) ရှိနေခြင်းက စကားအပြောအဆို လိမ္မာကျွမ်းကျင်မှုကို ပြသည်။

**Virginia Woolf (ဗာဂျီးနီးယားဝုဒ်) စာရေးဆရာ၊ ဆောင်းပါးရှင် (စာတမ်းရှင်)**

ဗာဂျီးနီးယားဝုဒ်၏ မျက်နှာတည်ဆောက်ပုံမှာ တြိဂံပြောင်းပြန်ပုံစံရှိပြီး ခေါင်းကြီးငါးပါးဖြင့် ခွဲခြမ်းစိတ်ဖြာ လေ့လာပါက သူမ၌ Wood-Shape ပုံမျက်နှာရှိခြင်းကြောင့် ပညာရေးနှင့်ပတ်သက်သောလုပ်ငန်းများ အကျိုးပေးသည်ကို တွေ့ရှိရသည်။ ၎င်းအပြင် တီထွင်ကြံဆဉာဏ်အားကောင်းခြင်းကြောင့် စာရေးဆရာအဖြစ်သာမက စာတမ်းရှင်၊ အတွေးအခေါ်ပညာရှင်အဖြစ်ပါ ပေါက်မြောက်ထူးချွန်ခဲ့သူ ဖြစ်သည်။

သူမ၏မျက်လုံးအစုံက စိတ်ခံစားမှုလွယ်ခြင်း၊ ဆတ်ဆတ်ထိမခံနိုင်အောင်စိတ်လှုပ်ရှားတတ်ခြင်းရှိကြောင်း ဖော်ပြသည်။ သူမ၏အပြင်သို့စူထွက်နေဟန်ရှိ မျက်လုံးအစုံ၌ လွမ်းဆွတ်ငြိုးငွေ့ဖွယ်၊ ဝမ်းနည်းဖွယ်အရိပ်အယောင်များ လွှမ်းလျက်ရှိသည်။ တစ်ခါတစ်ရံ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနေခြင်းကြောင့် စာမရေးနိုင်ဘဲ ရှိခဲ့၏။ စိတ်ဓာတ်ကျစရာ၊ ဝမ်းနည်းစရာများကို ရင်ဝယ်ပိုက်လျက် နောက်ဆုံး သူမကိုယ်ကို အဆုံးစီရင်လျှက် ဘဝကိုအဆုံးသတ်ခဲ့သည်။

Woolf ၏ ရုပ်လက္ခဏာကို လေ့လာပါက မညီညာသော မျက်ခုံးလိုင်း၌ မျက်ခုံးမွေး ကျဲပါးစွာရှိနေသည်ကိုတွေ့ရမည်။ မျက်ခုံးမွေးတို့၏ရှင်သန်ပေါက်ရောက်မှုက သက်ဆိုင်သူ၏ စိတ်ဓာတ်ခွန်အားများ မည်မျှအားကောင်းသည်ကို ကိုယ်စားပြုသည်။ သူမ၏ ကျဲပါးသော မျက်ခုံးမွေးများနှင့်မျက်ခုံးတည်ဆောက်ပုံ မညီညာခြင်းတို့က သူမ၏ ဇွဲ ခံနိုင်ရည် အားနည်းမှု၊ စိတ်အလိုမကျဖြစ်မှုများကို ဖော်ပြနေပါသည်။ ၎င်းအပြင် woolf ၏မျက်ခုံးမွေးများက ထိပ်ပိုင်း (အစပိုင်း) တွင် ထူထဲစွာရှိနေပြီး Line ၏ အခြားနေရာများ၌ သေးမျှင်သွားသည်ကို တွေ့ရသည်။ ယင်းမှာ အလုပ်တစ်ခုကို အစပိုင်း၌ အားသွန်ခွန်စိုက် (ဇွဲနဘဲကြီးစွာ) လုပ်တတ်သော်လည်း နောက်ပိုင်း၌ အကြောင်းအမျိုးမျိုးဖြင့် (စိတ်အလိုလိုက်ကာ) အရှိန်လျော့ မေး



**မာဂရက်သက်ချာ၏ နမူနာဓာတ်ပုံ**



**Virginia Woolf ၏ နမူနာဓာတ်ပုံ**



www.burmeseclassic.com


www.burmeseclassic.com

မှိန်သွားတတ်ကြောင်း ဖော်ပြနေသည်။

ၾငင်းအပြင် woolf ၏ Laughter Line (ရယ်သောအခါပေါ်လာသည့် ပါးရေကြောင်း) တိုတောင်း ပြတ်တောင်းလွန်းခြင်းကလည်း သူမဘဝအား သက်တမ်းတိုစွာဖြင့်အဆုံးသတ်ရမည့်သဘောကို ပြပါသည်။

Woolf ၏ Laughter Line သည် ပါးစပ်အနီးနားထိ ရောက်ရှိဖြတ်သန်းနိုင်ခြင်းမရှိသောကြောင့် အသက် (၅၉) နှစ်အရွယ်မှာပင် ကွယ်လွန်ခဲ့ရသည်။

**ဆက်ဆံရေးအခြေအနေကိုဖော်ပြသည့် ရုပ်လက္ခဏာ**




**အချစ်ရေးနှင့်သက်ဆိုင်သည့်ရုပ်လက္ခဏာ**

အချစ်ရေးနှင့်ဆိုင်သည့် ဆက်ဆံရေးအခြေအနေပြ ရုပ်လက္ခဏာသော့ချက်များမှာ နှာခေါင်း၊ နှာတံ၏ဘေးတစ်ဖက်တစ်ချက်စီ၊ နားထင်(နားသယ်)၊ နဖူး၊ မျက်ခုံး၊ မျက်လုံး-မျက်ရိပ်၊ မေးစေ့တို့ပင် ဖြစ်သည်။

မိမိဘဝ တစ်သက်တာအတွက် လက်ထပ်ပေါင်းသင်းမည့်ချစ်သူ (အိမ်ထောင်ဖက်) ၏ ရုပ်လက္ခဏာအပေါ်မူတည်၍ တစ်သက်တာ ဆက်ဆံရေးအခြေအနေ ကောင်း၊ မကောင်း ကြိုတင်သိနိုင်ရန် အဓိကသော့ချက်များဖြင့် ခွဲခြား စစ်ဆေး ရွေးချယ်နိုင်ပါသည်။


ထိုသို့ လေ့လာရာ၌ အောက်ပါအရေးကြီးအချက်များကို တွေ့ရှိရပါမည်။

**အချစ်ရေးနှင့်ဆိုင်သည့်အဓိကသော့ချက်နေရာများ**

နဖူးပြင်သည် စဉ်းစားတွေးခေါ်ခြင်း၊ ဉာဏ်ရည်ထက်မြက်ခြင်း၊ စိတ်ဆုံးဖြတ်ချက်ချခြင်းကိစ္စများအတွက် အဓိကသော့ချက်အဖြစ် ကိုယ်စားပြုသည်။ နဖူးပြင် ကျယ်ပြန့် မို့မောက်ခြင်းသည် တစ်ဦးချင်းအလိုက် အရည်အချင်းစမ်းသပ်ခံနိုင်သည့်သဘောကို ဖော်ပြသည်။

**နားထင် (နားသယ်)**

အမျိုးသားများအတွက် အိမ်ထောင်ရေးနှင့်ဆိုင်သည့်နယ်ပယ်အဖြစ် ကိုယ်စားပြုသည်။ နားထင်နေရာသည် အမျိုးသားများအတွက် ပထမဆုံး အိမ်ထောင်ပြုခြင်းကိစ္စအဖြစ် သက်ဆိုင်ပြီး အမျိုးသမီးများအတွက်မူ ဒုတိယအကြိမ်မြောက် အိမ်ထောင်ပြုခြင်းကိစ္စအဖြစ် ကိုယ်စားပြုနေပါသည်။



**Mountain Root**

မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်းသဘောကို ကိုယ်စားပြုသည်။

**နှာခေါင်း**

အမျိုးသမီးများအတွက် ပထမဆုံးအကြိမ် အိမ်ထောင်ပြုခြင်းကိစ္စကို ကိုယ်စားပြုပြီး အမျိုးသားများအတွက် ဒုတိယအကြိမ်မြောက် အိမ်ထောင်ပြုခြင်းကိစ္စအဖြစ် သက်ဆိုင်နေပါသည်။

**မေးစေ့**

သက်ဆိုင်သူ အမျိုးသား၊ အမျိုးသမီး၏မိသားစုဘဝအခြေအနေ စီးပွားဥစ္စာကြွယ်ဝမှုအခြေအနေ၊ သားသမီးမြေးမြစ်များနှင့် ဘဝပျော်ရွှင်မှုရရှိခြင်း အခြေအနေတို့ကို ကိုယ်စားပြုသည့်ဌာနဖြစ်သည်။

**မျက်ခုံး**

သက်ဆိုင်သူ၏မွေးရာပါဗီဇ၊ အသိဉာဏ်၊ အကျင့်စရိုက်တို့ကို ကိုယ်စားပြုသည်။ လူ့ဘောင်အသိုင်းအဝန်းအတွင်း တစ်လင်တစ်မယားစနစ်ဖြင့် အိမ်ထောင်မပြိုကွဲအောင် ထိန်းသိမ်းနိုင်ခြင်း တစ်သက်တာ(ထာဝရ)လက်တွဲသွားနိုင်ခြင်း အခြေအနေများကို ဆုံးဖြတ်ပေးသည့်နေရာဌာန ဖြစ်သည်။

**မျက်လုံး**

လူတစ်ဦး၏စိတ်ခံစားမှုအခြေအနေအရပ်ရပ်ကို အနီးစပ်ဆုံး ဖော်ပြပေးနိုင်သည့် သော့ချက်နေရာတစ်ခု ဖြစ်သည်။

**မျက်ရိပ်**

သက်ဆိုင်ရာပုဂ္ဂိုလ်၏အိမ်ထောင်ရေးခရီး သာယာဖြောင့်ဖြူးခြင်း အခြေအနေ၊ သားသမီး(ရရှိမှု)နှင့် ပတ်သက်သောအနေအထားတို့အား ကိုယ်စားပြုသည့်ဌာန ဖြစ်သည်။

**The Seat of Husband and wife**

မျက်လုံးထောင့်နှင့် နှာခေါင်း၏ဘေးတို့အကြားနေရာကို ဆိုလိုပါသည်။ ၎င်းနေရာသည် ခင်ပွန်းနှင့် ဇနီးသည်တို့ ရှိနေရမည့်နေရာအဖြစ် ကိုယ်စားပြုထားသည်။

မင်း[illegible]မြတ်



www.burmeseclassic.com

*အတာဆန်းတက်၊ နောက်တစ်ရက်က၊ ရေတွက်စရွယ်ကာ။*
*လေးဆယ်ကျူးမြောက်၊ တစ်ရာရောက်၊ ဖျောက်ဆိပ်မွန်းတည့်လာ။*

(လောကီသင်္ဂြိုဟ်ကျမ်း)

*ဟေမန်ခါရောက်၊ နှင်းဖြောက်ဖြောက်နှင့်၊ ဖျောက်ဆိပ်မြေလူး၊ မကျူးတော၊ မုရင်ကြဲဟု. . .။*

(မာယဒေဝလင်္ကာသစ်)

*ဖျောက်ဆိပ်ကြယ်ခေါ်၊ ခုနစ်ဖော်၊ ထူသော် ကြတ္တိကာ။*
*ကြတ္တိကာကြယ်၊ ခုနစ်သွယ်၊ ကြက်ငယ်စုသလို။*

(ရှေးနက္ခတ်ကျမ်း)

ရှေးမြန်မာကြီးတို့သည် အရပ်စကားဖြင့် ဖျောက်ဆိပ်ကြယ်ဟု ခေါ်ဝေါ်ကြကုန်သော ကြတ္တိကာကြယ်၏ တစ်နှစ်တာရွေ့သွားရာကို အကဲခတ်၍ သူတို့၏စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်သာ ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် ထိုဖျောက်ဆိပ်ကြယ် (ကြတ္တိကာကြယ်)သည် ရှေးမြန်မာ့စိုက်ပျိုးရေးသမားများအတွက် လမ်းပြကြယ်ပင် ဖြစ်ပေသည်။

ဤသည်တို့အား အနည်းငယ်ဆောကြောကြည့်ရပါသော် နှစ်စဉ် သင်္ကြန်ကျပြီး နောက်တစ်နေ့ နှစ်ဆန်းတစ်ရက်နေ့မှစတင်၍ ရေတွက်ရလာသော ရက်စဉ်ကို သုဒ္ဓိန်ဟု ခေါ်ဆိုကြပေ၏။ သုဒ္ဓိန် (၄၄) ရက်၊ (၄၅) ရက်နေ့များတွင် ဖျောက်ဆိပ်ကြယ် (ကြတ္တိကာကြယ်) ကို အရှေ့မိုးကုပ်စက်ဝိုင်းမျဉ်းတွင် စတင်မြင်ရသည်။ ယင်းကို ဖျောက်ဆိပ်ကြယ်ပေါ်သည်ဟု ဆိုသည်။ ထိုရက်ကိုလည်း ကြယ်ပေါ်ရက်ဟု ခေါ်သည်။ ကြုံကြိုက်၍ပြောရလျှင် 'ကဆုန် - နယုန် ပျောက်၊ ဝါဆို - ဝါခေါင် ရောက်'ဆိုသော မြန်မာ့ရိုးရာစကားထာတစ်ခု ရှိသည်။ အဖြေမှာ ဖျောက်ဆိပ်ကြယ် (ကြတ္တိကာကြယ်) ပင် ဖြစ်၏။ ကဆုန်၊ နယုန်လများတွင် ဖျောက်ဆိပ်ကြယ်သည် နေရောင်လွှမ်းမိုးခြင်းခံရသောကြောင့် ကွယ်ပျောက်ခြင်းခံနေရပေမယ့် ဝါဆို၊ ဝါခေါင်လများရောက်လျှင် နေရောင်လွှမ်းခြင်းမှ ကင်းလွတ်သွားခြင်းကြောင့် ဖျောက်ဆိပ်ကြယ် ပြန်လည်ထွက်ပေါ်တောက်ပရသည်ကို ညွှန်းဆိုထားခြင်းပင် ဖြစ်သည်။ နိုင်းယှဉ်စရာတစ်ခုမှာ လွန်ခဲ့သော နှစ်ပေါင်း သုံးထောင်လောက်က ဘေဘီလုံပညာရှိ ဟီးဆိုင်းအော့က ဖျောက်ဆိပ်ကြယ်သည် နေ့(၄၀)၊ ည(၄၀) ပုန်းကွယ်နေရာ လယ်သမားတို့ တံစဉ်သွေးချိန်ရောက်မှပြန်ပေါ်လာသည်ဟု သူ့လင်္ကာတစ်ပုဒ်မှာ ထည့်သွင်း ဖော်ပြထားသည်ဟူ၏။



သုဒ္ဓိန် (၉၁)ရက်၊ (၉၂)ရက် နံနက်အရုဏ်တက်ချိန်တွင်ဆိုလျှင် ဖျောက်ဆိပ်ကြယ် အရှေ့မွန်းလတ်ကျော်ပြီ၊ တောက်ကြီးစပါးကြဲချိန် ဖြစ်၏။ သုဒ္ဓိန် (၁၃၈) ရက်၊ (၁၃၉) ရက်နေ့ နံနက်အရုဏ်တက်ချိန်ဝယ် ဖျောက်ဆိပ်ကြယ် မွန်းတည့်သည်။ ကုက္ကိုပင်သီးကင်းဝင်သည်။ သုဒ္ဓိန် (၁၅၄) ရက်၊ (၁၅၅) ရက်နေ့ နံနက်အရုဏ်တက်ချိန်တွင် ဖျောက်ဆိပ်ကြယ် မွန်းလွဲပိုင်းကို ရောက်သွားပြီး ဖြစ်သည်။ နှမ်းကြီးကြဲချိန် ဖြစ်သည်။ သုဒ္ဓိန် (၂၁၄) ရက်၊ (၂၁၅) ရက် နံနက်အရုဏ်တက်ချိန်ဝယ် ဖျောက်ဆိပ်ကြယ်သည် အနောက်မိုးကုပ်စက်ဝိုင်းမျဉ်းဆီသို့ ရောက်သွားပြီး ဖြစ်သည်။ ၎င်းကို ဖျောက်ဆိပ်မြေလူးဟုဆိုသည်။ အနောက်ဘက်သို့ ဖျောက်ဆိပ်ကြယ် (ကြတ္တိကာကြယ်) ပြန်ဝင်သွားခြင်းပင် ဖြစ်သည်။

...အောင် ( ဂ္ဃိရု )

---

...ဟာနက္ခတ်၏ လျှို့ဝှက်နက်ရှိုင်းစွာသော



www.burmeseclassic.com

မုရင်းကြရသောကာလ ဖြစ်သည်။

စိတ်ဝင်စားစရာတစ်ခုက ရှေးစိုက်ပျိုးရေးသမားတို့သည် ဖျောက်ဆိပ်ကြယ် (ကြတ္တိကာကြယ်) ကို စိုက်ပျိုးရေးလမ်းပြကြယ်အဖြစ် အသုံးပြုခဲ့ကြသည်သာမဟုတ်။ ရှေးရေကြောင်းခရီးရှည်သွားသမားတို့နှင့် ရှေးကုန်းကြောင်းခရီးရှည်သွားသမားတို့ကလည်း သူတို့၏ ခရီးလမ်းညွှန်ကြယ်အဖြစ် အသုံးပြုခဲ့သေးသည် ဟူ၏။ ယင်းအပြင် ရှေးပါရှားဇကရာဇ်မင်းတို့သည် ဖျောက်ဆိပ်ကြယ်နှင့် လပြည့်ဝန်းတို့ အတူယှဉ်တွဲလျက် မွန်းတည့်မည့်နေ့တွင် အသနားခံတင်စာလွှာများကို လက်ခံဆုံးဖြတ်လေ့ရှိသည်ဆို၏။ ဝေဖန်ဖို့နှင့် သုတေသနပြုဖို့ကောင်းလှပေသည်။

သို့ကလို ဂုဏ်ရည်များနှင့် ပြည့်စုံသော အရပ်အခေါ် ဖျောက်ဆိပ်ကြယ်၊ ဂန္ထဝင်နာမည် ကြတ္တိကာကြယ်နှင့် နှီးနွယ်နေသမျှကို ဤနေရာ၌ စိစစ်သုံးသပ်ရန် လိုလာနေပြီ ထင်သည်။ သို့ဆိုလျှင် ကြတ္တိကာကြယ်ဟူသည် အဘယ်နည်း။ အမှန်မှာတော့ ကြတ္တိကာကြယ်သည် ကြယ်မဟုတ်၊ နက္ခတ်သာ ဖြစ်သည်။ ဤကြတ္တိကာနက္ခတ်သည် မိဿရာသီအစ မိန်ရာသီအဆုံး (၁၂) ရာသီ ရာသီခွင်စက်ဝန်းတွင် တည်ရှိနေသော အဿဝဏီနက္ခတ်အစ ရေဝတီနက္ခတ်အဆုံး နက္ခတ် (၂၇) လုံးတွင် တတိယမြောက်နက္ခတ် ဖြစ်သည်။ ထိုကြတ္တိကာနက္ခတ်သည် မိဿရာသီခွင်မှာ တစ်ပါဒ် ဝင်ပါနေပြီး ပြိဿရာသီခွင် သုံးပါဒ် ပါဝင်နေသည်။ မိဿရာသီနှင့် ပြိဿရာသီကို ခွ၍တည်ရှိနေသောသဘော ဖြစ်၏။ မှတ်သားစရာတစ်ခုက ရှေးနက္ခတ်ကျမ်းအများစုမှာ ကြတ္တိကာနက္ခတ်ကို တတိယမြောက်နက္ခတ်အဖြစ် ဖော်ပြကြသော်လည်း သရောဒယဗေဒင်ကျမ်းကို တချို့နက္ခတ်ကျမ်းများတွင် ပထမမြောက်နက္ခတ်အဖြစ် ပြဆိုထားသည်ကို ဆန်းစစ် ခေါကြောဖွယ်ရာ တွေ့ရှိရပြန်သေးသည်။

နောက်အရေးကြီးသော သော့ချက်တစ်ခကား ကြတ္တိကာနက္ခတ်သည် မိဿရာသီ (တန်ခူးလ) အစ မိန်ရာသီ (တပေါင်းလ) အဆုံး မြန်မာ (၁၂) လ (၁၂) ရာသီ၏ အဋ္ဌမမြောက်ဖြစ်သော ပြိစ္ဆာရာသီ (တန်ဆောင်မုန်းလ) ၏ လပြည့် ညသန်းခေါင်ယံမှာ ပုဏ္ဏမီလပြည့်ဝန်းနှင့်အတူ ယှဉ်တွဲလျက် မွန်းတည့်သော စန်းယှဉ်နက္ခတ် ဖြစ်သည် ဟူခြင်းပင် ဖြစ်၏။ ပိုပြည့်စုံအောင်ဆိုရလျှင် ပြိစ္ဆာရာသီ(တန်ဆောင်မုန်းလ)၌ ရာသီပွဲတော်သည် ကြတ္တိကာနက္ခတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ကထိန်ပွဲ၊ တာဝတိံသာပွဲ၊ ဆီမီးမြင်းမိုရ်ပွဲ၊ ကျီးမနိုးပွဲ၊ ရာသီပန်းက ခဝဲရွှေဝါပန်း၊ ရာသီတာရာက ကျီးတာရာ၊ ရာသီရုပ်က ကင်းမလက်မည်းပုံ၊ ရာသီနက္ခတ် (စန်းယှဉ်နက္ခတ်)ကတော့ ခုနေကပြောနေသော ကြတ္တိကာနက္ခတ်ပင် ဖြစ်သည်။

သည်ထက် လေးနက်အောင်ဆိုရလျှင် 'သုံးလုံးယှဉ်လာ၊ ကျီးတာရာ၊ သချာ (၁၀),(၁၁)လုံး၊ သင်းတွဲပြည်မှာ ကျီးတာရာ၊ ယှဉ်ခါသွားတတ်ဆို' ဟူ၍ ဖော်ကျူးပြသော ကျီးတာရာသည် အသဝနီ၊ ရောဟဏီနှင့် ယခုဆိုနေသော ကြတ္တိကာ ဟူသည့် နက္ခတ်သုံးလုံးနှင့်အတူ ယှဉ်ဖက်သွားလာတတ်သည် ဆိုခြင်းကိုပင် ဖြစ်၏။ ဆက်လက်၍ တင်ပြရလျှင် 'ကိတ္တိကာပန - ကြတ္တိကာနက္ခတ်သည်ကား၊ သတ္တေဝ - ခုနစ်လုံးတို့တည်း၊ ဝိဟိက - စပါးစုသဏ္ဌာန်ရှိ၏။ ခေညဝတီယာ - ခေညဝတီပြည်၏၊ တိတ္တကံ - တိတ်စွဲတည်း' ဟု နက္ခတ်ကျမ်းများထဲတွင် ပြညွှန်းထားသလို 'ကိတ္တိကောမာသော- ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သော တန်ဆောင်မုန်းလသည်၊ ခုလု- စင်စစ်၊ ဝေ- ဧကန်၊ သဗ္ဗာမာသေသု-လတကာတို့တွင်၊ ဥတ္တမော- အမြတ်ဆုံးလပေတည်း။ ကိတ္တိအာသမော - တန်ဆောင်မုန်းလနှင့်တူသော၊ မာသော- လသည်၊ န- မရှိ' ဟု ညွှန်ပြထားသည်ကို တွေ့ရှိရခြင်းပင် ဖြစ်၏။

ပြီး- ထပ်မံပြောချင်တာလေးတစ်ခုကတော့ မြန်မာနက္ခတ်ကျမ်းတချို့နှင့် ဟိန္ဒူနက္ခတ်ကျမ်းတချို့တို့တွင် ကြတ္တိကာနက္ခတ်ကို ကြယ်ငယ်စုနှင့် တူသည်၊ စပါးစုနှင့်တူသည်ဟုဆိုထားသော်လည်း တခြားဟိန္ဒူနက္ခတ်ကျမ်းတချို့တို့တွင် သင်တုန်းနှင့်တူသည်၊ မီးစွယ်မီးညွှန့်နှင့်တူသည်ဟုဆိုကြပြန်သည်။ တချို့ ကေစိဆရာတွေကတော့ ကြတ္တိကာနက္ခတ်သည် ဆိတ်ချိုနှင့် တူသည်။ ကခုန်နေသော မိန်းမပျို (၇) ဦးနှင့် တူသည်ဟု ပြောကြပြန်သည်။

သိထားသင့်တာတစ်ခုက ကြတ္တိကာနက္ခတ်သည် သင်တုန်းဓားနှင့်တူသည်ဟုဆိုထားချက်သည် အများသူငါသိနေသော မြန်မာသင်တုန်းဓားမျိုးမဟုတ်။ ရှေးအိန္ဒိယသားတို့ သုံးခဲ့သော သင်တုန်းဓားမျိုးဖြစ်သည်။ ယောအတွင်းဝန် ဦးဖိုးလှိုင်က သူ၏ 'ကာယာနုပဿနာ'ကျမ်းထဲတွင် ထိုသင်တုန်းဓားမျိုးသည် မြက်ထိုးဇွန်းမြီးတူးရှင်းနှင့် တူသည်ဟု ဖော်ပြထားသည်။ နောက်ပြောစရာတစ်ခုက ကြတ္တိကာနက္ခတ်တွင် ကြယ် (၇) လုံးပါသည်ဟု ပြဆိုကြသလို ကြယ် (၆) လုံးရှိသည်ဟုလည်း ပြောကြပြန်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအထဲမှ တစ်လုံးသော ကြယ်သည် မှေးမှိန်နေသောကြောင့် သာမန်အားဖြင့် တွေ့မြင်ရန် မလွယ်ဟု ဆို၏။ ဤနေရာမှာ ရှေးနက္ခတ်ကျမ်းများ၌ဖော်ပြသော ကြတ္တိကာနက္ခတ်ဆိုင်ရာတချို့ကို တင်ပြပါဦးမည်။

ပေါတ္တရသာဒီကျမ်းမှာ သင်တုန်း (၇)လုံး၊ ဂြဟသျှန္တိကျမ်းမှာ သင်တုန်း (၇) လုံး၊ လဃုသဂြိုဟကျမ်းမှာ သင်တုန်း၊ (၇) လုံး၊ အာကာသသျှတ္တရကျမ်းမှာ စပါးစု၊ (၇) လုံး၊ ကပ္ပဝဏ္ဏနာကျမ်းမှာ စပါးစု၊ (၆)လုံး၊ သိဃ်ဗောဓကျမ်းမှာ (×) (၆) လုံး၊ သေနဂ်ဇျုဟာကျမ်းမှာ ကြက်ငယ်စု (၆) လုံး -

ဟု ဖော်ပြကြသလိုပင် ဝေါဟာရလိနတ္ထဒီပနီကျမ်းထဲတွင်လည်း 'အမရပူရ ဒုတိယနန်းတည်မင်းကြီး မှန်ပြောင်းတော်နှင့်ကြည့်လျှင် လုံးရေ (၄၀) ကျော်မှန်နန်းတော်ပမာဏ ကျယ်ဝန်းစွာ မြင်ရသည်။ လုံးရေ(၄၀)ကျော်အနက် ထွန်းလင်းသောအရောင်ရှိသည့် ကြယ်ကြီး (၁၁)လုံးရှိသည်။ ×××ကြတ္တိကာနက္ခတ်ကို မြန်မာဘာသာ ဖျောက်ဆိပ် ဟူ၍လည်းခေါ်ဝေါ်သည်' ဟု ဖော်ညွှန်းထားသည်ကို တွေ့ရှိရပေ၏။

တစ်ခါ ရာဇမဏ္ဍာဏ်ကျမ်း နက္ခတ္တာဘိဓာနအပိုင်းဝယ် ကြတ္တိကာနက္ခတ်ကို 'ဗဟုလဒယနောဗဟနိ' အစချီလျက် မီးပရိယာယ် (၁၁) ပိုဒ်ဖြင့် သရုပ်ပြခဲ့ဆိုထားလျက် အဘိဓာန်ဋီကာ၌မူ 'အဂ္ဂိသဒ္ဒိသတ္တာ-မီးနှစ်တူသည်ဖြစ်ရာ၊ ကန္တတိ ဆန္ဒတိ- ဖြတ်တောက်၏၊ ကူတိတသ္မာ- ထို့ကြောင့်၊ ကတ္တိကာ-ကြတ္တိကာမည်၏' ဟု အနက်ဖွင့်ထားသည်ကို တွေ့ရှိရပေသည်။ စိတ်ဝင်စားစရာတစ်ခုက ဟိန္ဒူနက္ခတ်ကျမ်းတစ်ခုတွင် ကြတ္တိကာဝေါဟာရကို ဝိဂြိုဟ်ပြုရာဝယ် ကြတ္တိ + ကာတန် ဟူ၍ ပြဆိုထားပြီး 'ကြတ္တိ'ကို ကြီးစွာသောအောင်မြင်မှုတစ်ခု ထင်ရှား ကျော်ကြားလုပ်ရပ်အတွက် အမှတ်တံဆိပ်ရ မှတ်တိုင်ဟု ဖွင့်ဆိုထားကာ 'ကာတန်'ကို ဖြတ်တောက်ရန်၊ ခွဲခြမ်းရန်၊ သပ်ရပ်အချောကိုင်ရန်လုပ်ရပ်ဟုအနက်ပေးထား



www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့ရှိရခြင်းပင် ဖြစ်သည်။

ထို့ပြင်တစ်ဝ တခြားဟိန္ဒူနက္ခတ်ကျမ်းများတချို့တွင် ကြတ္တိကာနက္ခတ်ကို မီးနတ်ဘုရားအဖြစ် ပြည့်တန်းကြသည်။ တဇောမာတ်ကြယ်အဖြစ်လည်း ညွှန်းဆိုကြလေသည်။ ထို့အတူ ကြတ္တိကာနက္ခတ်သင်္ကေတနိမိတ်ပုံကို မီးတောက်မီးလျှံအဖြစ်၊ သင်တုန်းဓားကို လက်နက်အဖြစ်ဖော်ပြမှုများလည်း ရှိကြလေသေးသည်။

ပြီး အလယ်၌ လဟု အစ,အဆုံး ရှိသောဂိုဏ်းတွင် ကြတ္တိကာနက္ခတ် မီးနတ်စောင့်သည်ဟု ဝုတ္တောဒယကျမ်းကဆိုပြီး ဂိုဏ်းလက်များ၌လည်း မီးနတ်အာကာ၊ ကြတ္တိကာသရဝဏ်၊ စောင့်မြမှန်၏' စပ်ဆိုချက်ကလည်း လေးအနက်ထားစရာပင်။ နောက် ကြတ္တိကာနက္ခတ်ကို ဒဟနီ မည်သော မီးနတ်သား စောင့်ကြပ်သည် ဆိုသော ယုံကြည်မှုဓလေ့အရလည်း ဒဟနီမီးနတ် ပါအဝင် နတ်ကြီး (၁၅) ပါးတို့အား ဒေသရာဇ်ခေတ်က မြေနန်းတော်ရှေ့ မဏ္ဍပ်ကနား ကြီးစွာဆောက်လုပ် ဖျာတ် ကြံ၊ ငှက်ပျော၊ အုန်း စသည်တို့ ကျင်းပြီးလျှင် တန်ဆောင်မုန်းလ ဗလိနတ်စာကျွေးရကြောင်း ရွှေ သုံးဝေါဟာအဘိဓာန်ကျမ်း၌ ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။ မှတ်စရာတစ်ခုမှာ တချို့က ဒဟနီမီး မင်းကြီးမဟုတ်ဘဲ မဟာဝိနာယက နတ်မင်းကြီးဟု ယူကြသည်။

ဤသို့သောအကြောင်းရင်းခံများ ကြောင့် ရှေးပဝေသဏီကာလပင် အိန္ဒိယပြည်၌ ဗြဟ္မာရာသီခေါ် တန်ဆောင် လပြည့်နေ့၌ ကြတ္တိကာနက္ခတ် သဘင်ပွဲသည် မီးပူဇော်ပွဲ၊ မီးနတ်ပူဇော် ဖြစ်ဟန်တူသည်။ နောက်ပိုင်းတွင် ပွဲရှင်ပွဲနှင့် ရောသမမွှေထားသော ထွန်းပွဲတော်၊ ဆီမီးတန်ဆောင်ထွန်း တော်အဖြစ်သို့ တစ်စတစ်စ ပြောင်းလဲ ခဲ့ပုံပေါ်သည်။

ကြတ္တိကာနက္ခတ်သဘင်ပွဲတော် ညဦးယံမှာ မြို့တွင်း၌ ညီးညီးညံညံ ကားသိုက်မြိုက်စွာ ကျင်းပပြီး သန်းခေါင်ယံနီးလာချိန်တွင် တောင်နှင့် နီး မြို့ရွာသားများဆိုလျှင် ထိုတောင် ပေါ်သို့ တက်ရောက်ပြီး တိမ်မြူ စင်စွာဖြင့် လင်းလဲ့ပြီးပြက်စွာ ပနေသောလပြည့်ဝန်းနှင့် ကြယ် တာရာများကို ကြည့်ရှုခံစားရင်း စောင့်ရှောက်သည်ဆိုသော (ဝါ) မီးနတ်ဘုံဗိမာန်ဖြစ်သော ကြတ္တိကာနက္ခတ်ကိုရော ထိုမီးနတ်ကိုပါ ပူဇော်သက္ကာရပြုကြသည် ဟူ၏။ တောင်နှင့် မနီးသောအရပ်တွင် ဇရာမစင်မြင့်ကြီးများ ဆောက်လုပ်ပြီး ထိုစင်မြင့်ကြီးထိပ်ပေါ် တက်ကာ သို့ကလို ပူဇော်သက္ကာရပြုကြသည် ဟူ၏။ ထိုသို့ကြောင့် ဤကြတ္တိကာနက္ခတ်သဘင်ပွဲတော်ကို ကြတ္တိကာပွဲ၊ နက္ခတ်သဘင်ပွဲ၊ တောင်ထိပ်ပွဲ၊ ဆီမီးမြင်းမိုရ်ပွဲ၊ တာဝတိံသာပွဲ ဟူ၍ အမည်သစ်များပေးလာကြဟန်တူသည်။

နောက်စိတ်ဝင်စားစရာတွေကတော့ ငါးရာ့ငါးဆယ်နိပါတ်တော်လာ ဥမ္မာဒန္တီဇာတ်နှင့် ပဋ္ဌပါဝီဇာတ်တို့သည် ဤကြတ္တိကာနက္ခတ်သဘင်တော်အား ကျောရိုးပြုထားသည်ကို တွေ့ရှိရပေ၏။ တန်ိုးအရာမှာ ဇေတဒဂ်ရရှိတော်မူသော ဥပ္ပလဝဏ်ထေရီလောင်းလျာဖြစ်သည့် ဥမ္မာဒန္တီသူဌေးသမီးသည် ရှေးတစ်ဘဝတုန်းက ကြတ္တိကာနက္ခတ်သဘင်မှာ ဝတ်ဖို့အတွက် သုံးနှစ်ကျွန်ခံ၍စုဆောင်းဝယ်ယူထားသော ဝတ်ပန်းထည်ကို ခိုးသားဓားပြတို့ အလုခံရ၍ သက်နှမ်းမဲ့နေသည့် ရဟန်းတစ်ပါးကို လျှုဒါန်းခဲ့ရသည့် ကုသိုလ်ကံစေတနာကြောင့် လက်ရှိဥမ္မာဒန္တီဘဝတွင် အလွန်အမင်း လှပချောမွေ့ခဲ့ရသည် ဟူ၏။ တစ်ခုသော ကြတ္တိကာနက္ခတ်ပွဲသဘင်တွင် မြို့တွင်းမီးထွန်းပွဲကို လှည့်လည်ရှုစားသော သိဝိမင်းကြီးသည် ဥမ္မာဒန္တီသူဌေးသမီးကို တွေ့မြင်ရသောအခါတွင် အလွန့်အလွန် အရူးအမူးဖြစ်ခဲ့ရသည် ဆို၏။

နောက် ဇကနိပါတ် ပုပ္ဖရတ္တဇာတ်တွင် ကြတ္တိကာနက္ခတ်သဘင်ပွဲ၌ ဝတ်ကောင်းစားလှဝတ်ဆင်ကာ ဆင်နွှဲချင်၍ ပူဆာဂျီတိုက်သော ဇနီးမယားအတွက် တိုင်းရှင်ပြည်ရှင် သက်ဦးဆံပိုင် ဗြဟ္မဒတ်မင်းကြီး၏ ဝတ်ပန်းပုဆိုးထည်ကို သက်စွန့်ဆံဖျားခိုးယူရန် ကြိုးစားသောကြောင့် အသက်ကိုအလဟဿပေးစွန့်လိုက်ရသည့် ငမိုက်သား၏အကြောင်းကိုလည်း တွေ့နိုင်၊သိနိုင်ပေသေးသည်။ ပြီး ဗုဒ္ဓဘုရားရှင်၏ လက်ယာတော်ရံ အဂ္ဂသာဝက၊ လက်ဝဲတော်ရံ အဂ္ဂသာဝက ဖြစ်လာမည့် ရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿနှင့် ရှင်မောဂ္ဂလာန်လောင်းလျာ ကောလိယတို့ ကြတ္တိကာနက္ခတ်သဘင်ပွဲခေါ် တောင်ထိပ်ပွဲသို့ သွားရောက်စဉ် ပွဲခင်းများကိုကြည့်ရှုကာ မြင်မြင်သမျှ သခ်ါရဟု အတွေးပေါက်လာသဖြင့် သတိသံဝေဂရရှိလာရာမှ ရဟန်းပြုကာ ရဟန္တာများဖြစ်သည့်အခြေသို့ ရောက်ခဲ့သည် ဆို၏။

ကြတ္တိကာနက္ခတ်ပွဲသဘင်သည် မြန်မာနိုင်ငံသို့ ပုဂံခေတ်မတိုင်မီကပင် ရောက်ရှိခဲ့ဟန် တူသည်။ ကုန်းဘောင်ခေတ်တစ်လျှောက်၌ ကြတ္တိကာနက္ခတ်သဘင်ပွဲ အထူးတလည် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပုံများကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ဤသို့ ဖော်ပြထားသည်ကို တွေ့သိရသည်။

ယင်းမှာ -

'တန်ဆောင်မုန်းလရက်သုံးဆယ်လုံးလုံး ရွှေမြို့တော်နှင့်တကွ ပြည်တွင်း,ပြည်ပ၊ လက်တွင်း,လက်ပ၊ လမ်းသေးလမ်းမများကို တန်ဆာဆင်စေပြီးလျှင် ရွှေနန်းတော်မှစ၍ ပြည်အလုံး ကြတ္တိကာသဘင် ကောင်းတင်ဆီမီးတို့ဖြင့် ညီထွန်းပူဇော်ကြရသည်' ဟူ၏။

တစ်ခါ ကုန်းဘောင်ခေတ်နှောင်းပညာရှိတစ်ဦးဖြစ်သော လေသင်းအတွင်းဝန်မင်းကြီး၏ဝေါဟာရလီနတ္ထဒီပနီကျမ်းထဲတွင်လည်း 'ထိုထိုသောသောအရပ်ရပ် ကမ္ဘာ့တန်ဆာသဒ္ဒါကျမ်း၊ ရာဇမတ္တဏ်ကျမ်း၊ ဝုတ္တောဒယဆန်းကျမ်း၊ ဘုရားဟောဇာတ်နိပါတ်ထွက်ဆိုသည့်အတိုင်း ပုဗ္ဗကိတ္တိကာ-သီတင်းကျွတ်လ၊ ပစ္ဆိမကိတ္တိကာ- တန်ဆောင်မုန်းလတို့၌ ကမ္ဘာဦးကာလ ဆီမီးတန်ဆောင်ထွန်းညှိပူဇော်သောထုံးစံအစဉ်ရှိသည့်အတိုင်း ယခုကာလတိုင်အောင် ဇမ္ဗူဒီပါကျွန်းအလုံးနှင့်တကွ သုနာပရန္တ၊ တမ္ဗဒီပမြန်မာ့ဦးစွန်းတိုင်းကြီးပြည်ကြီးရွှေထီးရွှေနန်းအဆက်ဆက် ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်းအရပ်ရပ် မြို့ကျေးရွာများတွင် အင်အားအလျောက် ဆီမီးထောင်ပြည့်ထွန်းခြင်း၊ နေအိမ်မှစ၍ စားဖို့, လှေကား, စပါးကျီ, တိုက်ကျ, မြင်းစောင်း, နွားခြံ, မောင်းဆုံများမှာ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မီးရှူးတန်ဆောင်ထွန်းခြင်းကိုပြုကြသည်' ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

လိုရင်းဆိုရလျှင် သို့ကလို ကြတ္တိကာနက္ခတ်သဘင်ပွဲကို မြန်မာမှုပြုလိုက်သောအခါတွင် တန်ဆောင်တိုင်ဆီမီးပူဇော်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ဆီမီးမြင်းမိုရ်ပွဲ၊ တာဝတိံနတ်မြည်တ စူဠာမဏိစေတီကို ပူဇော်သော မီးပုံးပျံလွှတ်ပွဲတို့ပေါ် ထွန်းလာခဲ့ရသည်သာ ဖြစ်၏။ ဤနေရာ၌ ဆက်နွှယ်ဖော်ပြရန်သင့်သော



www.burmeseclassic.com

www.burmeseclassic.com

အရာတစ်ခုမှာ ကျီးမနိုးပွဲပင် ဖြစ်သည်။

တချို့က ကြတ္တိကာနက္ခတ်ကို စောရနက္ခတ်ဟု ဆိုကြသည်။ အာယု *စန်းဟောကိန်းဆိုင်ရာ နက္ခတ်ကိုးခိုင်* မှာလည်း ကြတ္တိကာနက္ခတ်ကို စောရနက္ခတ်ဟု ညွှန်းဆိုထားသည်။ ပြီး ကြတ္တိကာနက္ခတ် အပါအဝင် အသဝနီနက္ခတ်တို့နှင့် ယှဉ်တွဲသွားလာသော ကျီးစောရာ ကိုယ်စားပြုသော ကျီးငှက်သည်လည်း ခိုးဝှက်တတ်သော စောရအကျင့်ရှိသည်ဟု ယူကြသည်။ ပြဿာရာသီ တန်ဆောင်မုန်းလပြည့်ညတွင် ပုဏ္ဏမီလပြည့်ဝန်းသည် ထိုသို့ ပြောစမှတ်ရှိသော ကြတ္တိကာနက္ခတ် ကျီးတာရာတို့နှင့် အတူယှဉ်တွဲလျက် မှန်းတည့်တတ်သောကြောင့် ထိုညအဖို့၌ သူခိုးထတတ်ကြသည်ဟု ရှေးလူကြီးသူမတို့ ယုံစွဲခဲ့ကြသည်။

ထိုညများ၌ တကယ့်သူခိုးဘေးကို သတိထားစေရန်အတွက်လည်းကောင်း၊ ထိုသူခိုးဘေးရန်ကို စောင့်ကြပ်ရင်းနှင့် ထိုညများ၌ လူပျော်လူနောက်များသည် ပေါ့ပေါ့ရော့ရော့နေတတ်သောအိမ်များမှ ပြင်ပတွင်ကျန်ရစ်ခဲ့သောပစ္စည်းများကို တိတ်တဆိတ်ယူငင်လျက် တစ်နေရာတွင် စုပြုံမြင်းမိုရ်သဏ္ဌာန်ပြုကာ ရယ်မောဖွယ်ပြုပြီး သတိပေး ပျော်နောက်ကြသည်။ ၎င်းကို ကျီးငှက်မနိုးခင် အရုဏ်ချိန်မတိုင်မီ အပြီးအစီးပြုရသောကြောင့် ကျီးမနိုးပွဲဟု ခေါ်ဆိုကြပုံပေါ်သည်။ နောက်ပိုင်းတွင် တကယ် ခိုးဝှက်မှုများ ရောနှောပြုလာကြသဖြင့် မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့တစ်ခု ပျောက်ကွယ်ခဲ့ရပေသည်။

နောက်စိတ်ဝင်စားစရာတစ်ခုမှာ ဝေဖန်စောကြောဖွယ်အလွန်ကောင်းလှသည့် ကြတ္တိကာနက္ခတ်နှင့် နှီးနွယ်နေသော နိုင်ငံတကာဒေဝတာပုရာဏ်တချို့ပင်ဖြစ်၏။ ရှေးအိန္ဒိယဒေဝတာပုရာဏ်တစ်ခုတွင် မရိစိ၊ အင်္ဂီရ၊ အတြိပုလကျ၊ ပုဟာလ၊ ကတု၊ ဝသိဋ္ဌ ဆိုသော ရသေ့ (၇) ပါးတို့တွင် မယားတစ်ယောက်စီ ရှိကြသည် ဆို၏။ ကတုရသေ့၏ မယားသည် သစ္စာအလွန်ရှိသော လူ့သမီး အရုန္ဓတီဖြစ်သည် ဟူ၏။ ကျန်ရသေ့(၆)ပါးကို ဒက္ခနတ်မင်းကြီး၏ သမီးတော်နတ်သမီးက အလွန်ချစ်ကြိုက်နှစ်ခြိုက်လွန်းသဖြင့် သူတန်ခိုးဖြင့် သူကိုယ်သူ (၆) ကိုယ်ခွဲကာ ထိုရသေ့များ၏ ဇနီးမယားအဖြစ် ခံယူလေသည်။ သို့ဖြစ်သည့်တိုင် ထို(၆)ကိုယ်ခွဲ နတ်သမီးသည် မတည်မကြည် ဖောက်ပြန်သဖြင့် ဖခင် ဒက္ခနတ်မင်းကြီးသည် အလွန်စိတ်ဆိုးကာ ထိုနတ်သမီး(၆) ကိုယ်ခွဲအား ကြတ္တိကာနက္ခတ်အဖြစ် ပြောင်းလဲလိုက်သည် ဟူ၏။နောင်တွင် *ရသေ့ (၇) ပါးသည်လည်း ခုနစ်စင်*ကြယ်အဖြစ် ပြောင်းလဲကာ အရုန္ဓတီသည်လည်း သူ့ယောကျ်ား ကတုကြယ်အနီးတွင် ကြယ်တစ်လုံးအဖြစ် ဖြစ်ခွင့်ရရှိခဲ့သည် ဟူ၏။

နောက်အိန္ဒိယဒေဝတာပုရာဏ်တစ်ခုတွင် ညီအစ်ကို(၇)ဦးသည် လူ့ပြည်တွင် မပျော်ပိုက်သဖြင့် သူတို့ အလွန်ချစ်ခင်မြတ်နိုးသော မိခင်ကြီးကို ခွဲခွာကာ မိုးကောင်းကင်ကို ပျံတက်ပြီး ကြတ္တိကာနက္ခတ်အဖြစ် ပြောင်းလဲနေထိုင်ကြသည် ဟူ၏။ ညီအငယ်ဆုံးကြယ်သည် သူ့မိခင်ကို လွမ်းဆွတ်လွန်းသဖြင့် အရောင်မှေးမှိန်နေရသည် ဆို၏။

ထို့အတူ ဂရိဒေဝတာပုရာဏ်တစ်ခုတွင်လည်း ကြတ္တိကာနက္ခတ် (၇) လုံးသည် မိုးကောင်းကင်ကို ထမ်းရွက်နေရသော အက်တလက်(စ်)ဘီလူးကြီးနှင့် ရေနတ်သမီးတို့၏သမီးတော် (၇) ဦး ဖြစ်လာသည်ဟု မြွက်ဆိုထားသည်။ ထိုညီအစ်မ (၇) ဖော်သည် အလွန် ချောမွေ့လှပသဖြင့် မုဆိုးကျော်ကြီး အိုရီအွန်းက အလွန်ချစ်ကြိုက်သောကြောင့် (၅) နှစ်တိုင်တိုင် မရမက လိုက်လံ ဖမ်းဆီးနေရာ နောက်ဆုံးတွင် ဂျူပီတာနတ်သားက မမြင်နိုင်သဖြင့် ထိုညီအစ်မတို့အား ချိုးငှက်အဖြစ် ပြောင်းလဲကာ မိုးကောင်းကင်ကို ခေါ်ယူလိုက်ပြီး ကြိတ္တာကြယ်စုအဖြစ် ပြောင်းလဲလိုက်သည် ဆို၏။ ပြောစရာတစ်ခုက ထိုညီအစ်မ (၇) ဦးတွင် အစ်မ(၆)ယောက်တို့၏ ချစ်သူတို့မှာ နတ်သားများ ဖြစ်ကြသော်လည်း ညီမငယ် မီရိုပီ၏ချစ်သူမှာ လူသားတစ်ယောက်သာဖြစ်သဖြင့် ရှက်စနိုးဖြစ်ရကား မျက်နှာကို ဖုံးကွယ်နေတတ်သဖြင့် ကြတ္တိကာကြယ် (၆) လုံးမှာ တောက်ပသော်လည်း တစ်လုံးမှာမှေးမှိန်နေတတ်သည် ဟူ၏။ ရှေးဂရိတို့က ဤကြတ္တိကာနက္ခတ်ကို ပလေအီဒက် (Pleiades) ဟုခေါ်ဝေါ်ပြီး အဓိပ္ပာယ်မှာ လှပျိုဖြူ (၇) ယောက်ဟု ဆို၏။

ထို့အပြင် ဩစတြေးလျားတိုင်းရင်းသားတို့၏ ရိုးရာပုံပြင်တစ်ပုဒ်တွင် ကြတ္တိကာနက္ခတ်၏ ကြယ်(၇)လုံးသည် ဘုရင်မနှင့် အပျိုတော် (၆) ဦး ဖြစ်ကြောင်း၊ ကျီးကန်းတစ်ကောင်က ဘုရင်မကို ချစ်ကြိုက်သဖြင့် ဘီလူးအယောင်ဆောင်ကာ ခိုးယူထွက်ပြေးသောကြောင့် အပျိုတော် (၆) ဦးသာ ကြတ္တိကာကြယ်များအဖြစ် ကျန်ရစ်ခဲ့ကြောင်း၊ ကြတ္တိကာကြယ်စုထဲတွင် ကခုန်နေသော *မိန်းမပျိုတစ်စုကို ကမ္ဘာမြေပေါ်ကကြည့်*လျှင် ဝိုးတဝါးတွေ့မြင်ရကြောင်း စသဖြင့် ပြဆိုထားသည်ကို တွေ့ရှိရသည်။ ရှေးမြန်မာကြီးတို့က လမင်းစန္ဒာထဲတွင် ဝပ်နေသောယုန်တစ်ကောင်နှင့် ဆန်ဖွပ်နေသော အဘိုးအိုတစ်ယောက်ကို တွေ့ရသည်ဟု ပြောဆိုခြင်းနှင့် တူသလိုလိုရှိသည်။

ထို့အတူ မြောက်အမေရိက ရက်အင်ဒီယန်းတို့၏ ရိုးရာပုံပြင်တစ်ခုမှာလည်း ကြတ္တိကာကြယ်ခုနှစ်လုံးသည် ညီအစ်ကို (၇) ယောက်ဖြစ်ကြောင်း၊ ညအခါ လယ်ယာများစောင့်ရှောက်ရင်း ကခုန်လျက်ရှိကြောင်း စသဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ရှေးမြန်မာကြီးတို့က ကြတ္တိကာနတ်သမီး(ပုဇွန်ကြယ်နတ်သမီး) က လယ်ယာကိုစောင့်ရှောက်သည်ဆိုသော ယုံကြည်မှုဓလေ့နှင့် ဆင်တူယိုးစွဲဟု ဆိုရမည်ထင်သည်။

သို့လိုပင် ခရစ်ယာန်ဘာသာဝင်တချို့၏ယူဆွဲမှုတစ်ခုမှာ တစ်ခါက သခင်ယေရှုသည် ပေါင်မုန့်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက် အလှူခံရာ ဆိုင်ပိုင်ရှင် အမျိုးသားက ခါးခါးသီးသီး ငြင်းပယ်လွှတ်သည့်အတွက် ထိုဆိုင်ပိုင်ရှင် ဇနီးနှင့် သူ့သမီး (၆) ယောက်က တိတ်တဆိတ် စေတနာထက်သန်စွာ ပေါင်မုန့်တို့အား လှူဒါန်းလိုက်သဖြင့် နောင်တွင်ထိုအမျိုးသမီး(၇)ဦးသည် ကြတ္တိကာ(၇)လုံး ဖြစ်သွားသည် ဟူ၏။

ထို့နောက်တစ်ဖန် အရေးကြီးသော လမ်းပေါက်တစ်ခုမှာ ကြတ္တိကာနက္ခတ်နှင့်ယှဉ်၍ ဖွားသူများအတွက် သဘောသဘာဝဖွင့်ဆိုဖော်ထုတ်ချက်များပင်ဖြစ်သည်။ ဥဒါဟရုဏ်ဆိုရသော် အာတာသသျှတ္တရကျမ်းထဲတွင် ကြတ္တိကာနက္ခတ်နှင့်ယှဉ်ဖွားသူတို့သည် ရုပ်အဆင်းလည်း လှ၏။ အတတ်ပညာလည်း ရှိ၏။ မယားကောင်းလည်း ရ၏။ မိတ်ဆွေ စာရလည်းများ၏။ ဥစ္စာရှာသော်ရလွယ်၏။ သူတစ်ပါးလို့လဖြင့် မသေကျေနိုင်ဟု ဖော်ပြထားသည်။ ဟနသာဂရိကျမ်းထဲတွင်လည်း ကြတ္တိကာနက္ခတ်နှင့် ယှဉ်ဖွားသူသည် အထီးကျန်ဖြစ်အံ့။ ယုတ်ညံ့သောအမှုကိုပြုအံ့။ အမြဲဆာလောင်တတ်အံ့။ မပြုသင့်သောအမှုကိုပြုတတ်အံ့ဟု ဆိုထားသည်။ဗြိဟဇ္ဇာတက၊ ဝါရိဇာတကကျမ်းများထဲတွင်မူ ကြတ္တိကာ



www.burmeseclassic.com

www.burmeseclassic.com

နက္ခတ်ဖွားများသည် ဆရာကို ပြစ်မှားအံ့။ သူတစ်ပါးမယားအား ကြာခိုအံ့ဟု ဖော်ညွှန်းထားပြန်သည်။ နက္ခတ်ပုံပြင်များထဲတွင် ရုပ်လှ၏။ ဆရာကို ပြစ်မှားတတ်၏။ မိစ္ဆာရကံကျူးလွန်တတ်သည်။ စကားကောင်းရတတ်သည်။ အင်္ဂါချို့တဲ့တတ်သည်။ သူတစ်ပါး မကောင်းကြံစားလွတ်မြောက်တတ်သည်ဟု မြွက်ဆိုထားပြန်သည်။

ငင်းပြင် ကဝိလမိုင်းသကြန်တွက်နည်းအရ (၈) ခုကြွင်း ကြတ္တိကာနှစ်တွင် ဆန်ကိုမျှောက်စောင့်အံ့။ လက်ကိုခွေးစောင့်အံ့။ ရက်ကိုကြောင်စောင့်အံ့ဟု ဆိုထားပြီးလျှင် မိုးဦး၊ မိုးလယ်ကောင်းအံ့။ စပါး၊ ပြောင်း၊ ပဲ၊ ချိုင့်ဝှမ်းယာကောင်းအံ့။ ကောက်ပဲသီးနှံပျောက်အံ့။ သစ်မြစ်၊ သစ်ပန်းပွင့်အံ့။ လူတို့ဝပြောအံ့ဟု ဖော်ပြကာ ညီနှစ်ဖွားတို့သည် စိတ်တက်ကြွအံ့။ နှုတ်သက်ဆော့အံ့။ မယားများအံ့။ သားသမီးနည်းအံ့။ ဥစ္စာများအံ့။ ရထားစီးရအံ့။ ရှင်မြတ်နိုးခံရအံ့။ အဆင်းအဝါလှအံ့၊ အသက်(၈၀)နေရအံ့ဟု မြွက်ဆိုထားသည်ကို တွေ့ရှိရသည်။

ထို့နောက် တစ်ခါ ရှေးမြန်မာနက္ခတ်ကျမ်းအများစုတွင် ရောဟဏီနက္ခတ်နှင့် ကြတ္တိကာနက္ခတ်ကြား လသွားလျှင် ထီးရေးနန်းရေး အရှုပ်အထွေးဖြစ်အံ့ဟု ဆိုထားသလို ကြတ္တိကာနက္ခတ်မြောက်ဘက်မှ လဖြတ်ကျော်သွားလျှင် မြေငလျင်လှုပ်အံ့။ တိုင်းပြည်မအေးချမ်းဟု ဖော်ညွှန်းပြန်သည်။ နှိုင်းယှဉ်စရာတစ်ခုမှာ ရှေးရခိုင်နက္ခတ်ကျမ်းတချို့တွင် 'ဖြုတ်ဆိပ် (ဖျောက်ဆိပ်/ ကြတ္တိကာ)တွင် လတည်းဝင်မှုကား ငလျင်ကြီးလှုပ်အံ့။ မြေနာအံ့။ ပြည်ရွာချောက်ချားအံ့။ ဖြုတ်ဆိပ် (ဖျောက်ဆိပ်/ကြတ္တိကာ) နှင့် ကြက်တိုက် (ရောဟဏီနက္ခတ်) အကြား လသွားမှု မိဖုရားလွန်အံ့။ ကြက်တက်နှင့် ကြယ်ဗင်ထမ်း (သရဝဏ်နက္ခတ်) ကြား လသွားမှု မင်းမှူးမတ်ပြည်သူတို့ ဘေးတွေ့အံ့' ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ စိတ်ဝင်စားစရာတစ်ခုက မုံရွေးဆရာတော်၏ အာဏာသုတ္တရကျမ်းထမ်းတွင် ကြတိုက် (ကြက်တက်)နက္ခတ်ကို ကြတ္တိကာနက္ခတ်အဖြစ် ညွှန်းဆိုထားသည်ကို တွေ့သိရသည်။

ယင်းအပြင် မြို့ဟတ်ဇောတိသာရနက္ခတ်ကျမ်းအလိုအရ အဿဝဏီနက္ခတ်အစ ရေဝတီနက္ခတ်အဆုံး နက္ခတ် (၂၇) လုံးကို အစောမုခ (အောက်ဘက်မျက်နှာမူ) နက္ခတ်မျိုး၊ ဥဒ္ဓမုခ (အထက်ဘက်မျက်နှာမူ) နက္ခတ်မျိုး၊ တိရိယမုခ (ဖီလာမျက်နှာမူ) နက္ခတ်မျိုး ဟူသောအုပ်စု(၃)စုထဲတွင် ကြတ္တိကာနက္ခတ်သည် အဓောမုခ (အောက်ဘက်မျက်နှာမူ) နက္ခတ်မျိုးအုပ်စုတွင် ပါဝင်ရကား ကြတ္တိကာနက္ခတ် စန်းယှဉ်ကာလများတွင် ရေတွင်းရေကန်တူးခြင်း၊ ကျုံးတူးခြင်း၊ ရွှေအိုးငွေအိုးမြှုပ်နှံခြင်း, တူးဖော်ခြင်း၊ မြေအောက်ရတနာ ရှာဖွေခြင်း၊ အမွေအနှစ်ရယူခြင်း၊ ရေတွင်းရေကန်ဆယ်ခြင်း၊ ဂဏန်းသင်္ချာကျမ်းစာစသင်ခြင်း၊ သူတစ်ပါးပယောဂကြောင့် မသေဆုံးခြင်း၊ ကာမဂုဏ်အင်အား တိုးပွားခံစားရန် စီမံခြင်း၊ ခိုးဝှက်လိုစိတ်ပေါ်ခြင်း စသည်တို့ကို ပြုလုပ်ရသည် ဖော်ညွှန်းထားသည်ကို တွေ့ရှိရသည်။

ထို့အပြင်တစ်ဝ တန်ဆောင်မုန်းလပြည့် စန်းနှင့်ကြတ္တိကာနက္ခတ်တို့ ယှဉ်တွဲအခါသမယတွင် (ဝါ) ငင်းတို့ တန်ဆောင်မုန်းလပြည့်ညတွင် အတူတကွယှဉ်တွဲ မွန်းတည့်ချိန်ဝယ် ဆေးဝါးဖော်စပ်ခြင်း၊ ဂါထာမန္တန်မန္တရားကျူးရင့်ခြင်း၊ လက်ဖွဲ့အင်းအိုင်စမစီရင်ခြင်း၊ စစ်ထိုးခြင်း၊ လက်ဝှေ့ထိုးခြင်း၊ ယှဉ်ပြိုင်တိုက်ခိုက်ခြင်း၊ စကားစစ်ထိုးခြင်း၊ တရားယှဉ်ပြိုင်ခြင်း စသည်တို့ကိုပြု၍ရသည် ဟူ၏။ ယင်းတို့ထက် လူသိများသောအရာတစ်ခုကား တန်ဆောင်လပြည့်ညသန်းခေါင်ယံချိန် လပြည့်ဝန်းနှင့် ကြတ္တိကာနက္ခတ်တို့ ယှဉ်တွဲလျက် မွန်းတည့်မတ်သောအချိန်သမယတွင် မဲဇလီပင်၏ အညွန့်, အရွက်, အဖူး, အပွင့်, အသီး, အခေါက်, အမြစ်တို့အား ရယူလျက် ချက်ပြုတ်၍လည်းကောင်း၊ ဆေးဝါးဖော်စပ်စီရင်၍လည်းကောင်း စားသောက် သုံးဆောင်ပါလျှင် ကျန်းမာသက်ရှည်သန်စွမ်းခြင်း၊ အိုမင်းခြင်းကို ဟန့်တား၍ နုပျိုစေခြင်း၊ အိုမင်းရင့်ရော်သူများအတွက် ယုတ်လျော့လာသော ဟော်မုန်းဓာတ်များကို ပြန်လည်တိုးပွားစေခြင်း၊ ရောဂါဘယမျိုးစုံ ကင်းဝေးစေခြင်း စသော အကျိုးကျေးဇူးကောင်းများကို ရရှိခံစားရစေသည် ဟူ၏။

တစ်ဖန် ဆရာဆန်းထွန်း (မန်းတက္ကသိုလ်) ၏ နက္ခတ္တဗျူဟာထဲတွင် ကြတ္တိကာနက္ခတ်ဆိုင်ရာ အတွေးအကြံများကို ဤသို့ ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းမှာ စံပယ်ပန်း၊ မြတ်လေးပန်း စသော ဖြူဖွေးစင်ကြယ်သောပန်းများ၊ မီးပူဇော်စေတတ်သူ၊ မန္တန်ကိုသိသူ၊ ယဇ်ပူဇော်သောကျမ်းကိုသိသူ၊ သဒ္ဒါကျမ်းကိုသိသူ၊ ရတနာတွင်းကို ပိုင်ဆိုင်သူ၊ ဆတ္တာသည်၊ ပုဏ္ဏား၊ အိုးထိန်းသည်၊ ပုရောဟိတ်၊ ဇောတိသကျမ်းများကို တတ်ကျွမ်းသူ စသည်တို့ ဖြစ်ကြသည် ဟူ၏။

ပြီး ဆရာမိုးတားဦးထွန်းရှိန်၏ ဝေဒပညာနိဒါန်းထဲတွင် ကြတ္တိကာနက္ခတ်အတွေးအကြံများကို စစ်သား၊ စစ်သေနာပတိ၊ ရင်ခွင်ပိုက်ကာကွယ်စောင့်ရှောက်သူ၊ စစ်ပွဲ,တိုက်ပွဲယှဉ်ပြိုင်တိုက်ခိုက်ခြင်း၊ ခုခံကာကွယ်ခြင်း၊ ကောလာဟသသတင်း၊ ကျော်စောကိတ္တိမ၊ တေဇောဓာတ်မီး၊ မီးစွယ်မီးညွန့်၊ မီးစွဲလွယ်သောပစ္စည်း၊ မီးကြောင့်နီရောင်ထခြင်း၊ ခံတွင်းလိုက်မှု၊ အစာခြေမှု၊ ချက်ပြုတ်မှု၊ သည်းခြေ၊ အစားအစာ၊ အရေပြား၊ တိရစ္ဆာန်သားရေ၊ စာရွက်စာတမ်း၊ တောက်ပခြင်း၊ ဓနဥစ္စာထူထောင်သူ၊ အရေအတွက်များပြားခြင်း၊ လဆုတ်နေ့ရက်များ၊ လဆန်းနေ့ရက်များ၊ မွေးစားမိခင်လက်မှာ ကြီးပြင်းလာရခြင်း၊ သူနာပြု၊ မွေးစားသားသမီး၊ တောင်ဘက်အရပ်၊ တင်ပါး၊ တင်ပါးဆုံ၊ ခါး၊ ခါးဆစ်အစ ခပ်သိမ်းတို့ဖြစ်ကြသည်ဟု ဆိုညွှန်းထားသည်ကို တွေ့ရှိရပေသည်။

အထက်ဖော်ပြခဲ့သမျှကို အနှစ်ချုပ်၍လိုရင်းဆိုရလျှင်၊ ကြတ္တိကာနက္ခတ်ဆိုင်ရာပိုင်ရာများကို လက်တစ်ဆုံးနှိုက်ကြည့်လျှင် လက်တစ်ဆုံး၊ ဝါးတစ်ဆုံးနှိုက်ကြည့်လျှင် ဝါးတစ်ဆုံး၊ ချည်တစ်ဆုံးနှိုက်ကြည့်လျှင် ချည်တစ်ဆုံး၊ အသူရာတစ်ဆုံးနှိုက်ကြည့်လျှင် အသူရာတစ်ဆုံး စသဖြင့် တစ်ခဲနက် တလျှို့ဝှက်ဝှက်တနက်ရှိုင်းရှိုင်းနှင့်နေသော ဂမ္ဘီရသော့ချက်သော့တံ၊ ဂမ္ဘီရလမ်းညွှန်၊ ဂမ္ဘီရသဲလွန်စများကို 'မသုံးတတ်လျှင် အလကား၊ သုံးတတ်လျှင် ပတ္တမြား' ဟု ဖုံးတစ်ဝက်ဖော်တစ်ဝက် ဖွင့်ဟညွှန်းဆိုနေသည်ကတော့ အမှန်ပင်။

မိုန်းအောင်(ဂမ္ဘီရ)

**စာကိုး**


၁။ အရှင်အာလောက(မုံရွာ)၏ နက္ခတ်တာရာသိမှတ်ဖွယ်

၂။ ဆန်းထွန်း(မန်းတက္ကသိုလ်)၏ နက္ခတ်ဗျူဟာ

၃။ မိုးတားဦးထွန်းရှိန်၏ ဝေဒပညာနိဒါန်း

၄။ ရှာဖွေစုဆောင်းသူများ




www.burmeseclassic.com

www.burmeseclassic.com

(၁)

အရုဏ်လာပြီ ဆိုကတည်းက အိပ်ရာမှထပြီး အလုပ်တွေကို တစ်ဦးတည်း လွန်းပြန်လို မနားတမ်း ယောက်ယပ်ခတ်စွာ လုပ်လိုက်ရသည်။ ကန်ရေမှ ခန္တဲ့ဖြင့်တင်၍ ခြံအနှံ့ ရေလောင်းရ၊ ထန်းကိုးပင်ကိုလည်း တက်လှီးရ၊ ချရ၊ ပြီးလျှင် ကုန်းခင်းစည်းရိုးဘေးက ညွတ်ကိုင်းတွင် တောကြောင်၊ ယုန် စတဲ့ ဘာ ကောင်များမိပါလိမ့်မလဲဟု အတွေးဖြင့် သွားကြည့်ရသေး၏။ ဒါနှင့်မပြီးသေး၊ ခြံထဲက ဘူးသီး၊ ရုံးပတီသီး၊ သင်္ဘောသီး စတဲ့ အသီးအရွက်တို့ပါ နေ့စဉ် ခူးဆွတ်ပေးနိုင်မှ။ အရင့်လွန်သော် ရောင်းမရတော့။ ရွာထဲနေ ညီမဖြစ်သူ မိစိုးကလည်းဖြင့် စောစောလာလေ့ရှိသည်။ ထွန်းလူ ရွာမှာမနေတာ တစ်နှစ်ကျော်ခဲ့ပါပြီ။ အရင်က ထွန်းလူ ဆိုးခဲ့ မိုက်ခဲ့သည်။

သူ့ကို အားလုံးက ဂျက်ရှုးလို့ ခေါ်ခဲ့ကြသည်။ ထွန်းလူနှင့်အတွဲဆုံးတွေက ဒေါက်တာပဲစေ့၊ ရမ်းဖြိုးနှင့် အလမ္ဗာယ်တို့ ဖြစ်သည်။

သူတို့တွေလည်း မိဘနာမည်ပေးခဲ့တာထက် သူတို့စရိုက်၊ သူတို့အကျင့်ကြောင့် နာမည်သစ်နှင့် အားလုံးက အသိအမှတ်ပြု ခေါ်ကြသည်။ ဂျက်ရှူး ဆိုသော သူကဖြင့် ကျောင်းရော ရွာထဲပါ လက်သံပြင်းပုံကို သိကြသည်။ တစ်ယောက်ချင်းဆိုလျှင် တစ်ဖက်လူကို တုတ်ပေးပြီး နှဲတတ်၏။ နှစ်ယောက်လာလည်း မဖြုံ၊ ဒါပေမယ့် ထွန်းလူက ဘယ်သူ့ကိုမှ နိုင်လိုမင်းထက်နှိပ်စက်လေ့မရှိ။ နာကျင်စေအောင်မလုပ်။ ထွန်းလူတို့ လေးယောက်က ဘာကိုမှကြောက်လန့်တတ်တာ မဟုတ်။ လူချဉ်လေးတွေဟု လူကြီးတွေက သမုတ်ကြသည်။ ဒီလိုနှင့် ဆယ်တန်းကို (၁၉၈၆-၈၇) ပညာသင်နှစ်၌ ဖြေခဲ့ကြရသည်။ ဒေါက်တာပဲစေ့ တစ်ယောက်ပဲ (ခ)နှင့်သာ အောင်ခဲ့၏။

နေဝိဇ္ဇာ

မောင်း

ကို တောင်းထဲကောက်ထည့်နေသည်။

"ဒီနေ့ ဆွမ်းခံပြန်ချိန်လောက်မှာ အစ်ကို့ရောင်းရင်း လူချဉ်တွေ လာရှုပ်ကြလိမ့်မယ်"

"အေးပါ၊ ငါ မနေ့ကတည်းက သိပြီးသား။ နင်တို့မောင်နှမနှစ်ယောက် ခြံထဲက ဟင်းသီးဟင်းရွက်တွေ အကုန်



ကြ၏။ ခြောက်တန်းကျောင်းသားအရွယ် ရွာထဲက ကိုအောင်ပေါ် ဗီဒီရုံ၌ ဂျက်ကီချန်းရဲ့ အရက်မူးသိုင်းသမားဇာတ်ကား ပြသခဲ့ပါသည်။ ဂျက်ကီချန်းကို ထွန်းလူ အသေအလဲအားကျသွားသည်။ တကယ့် ဂျက်ကီခရေစီ။ နောက်တော့ ကောက်ရိုးပုံပေါ်တက်၍ ရှေ့ကျွမ်းနောက်ကျွမ်းပစ်၊ ငှက်ပျောပင်တွေ့လျှင် လက်သီးထိုး၊ ခြေကန်နှင့် အိမ်ဘေးရှိ ငှက်ပျောပင်တွေ လဲကျသွားတော့ အဖေကရိုက်၊ အမေကဆူလည်း ထွန်းလူက အရေထူမြဲ။ သည်မှစ၍ အရွယ်ကလေးရလာတော့ ရွာထဲက သိုင်းတတ်သူထံတွင် တပည့်ခံ၏။ သင်၏။ ကိုးတန်းတက်တော့ အသက် (၁၆) နှစ်၊ ကျောင်းပညာထက် သိုင်းပညာက ပိုတတ်လာ၏။ ထွန်းလူတို့ရဲ့ ရွာစဉ်ရွာကြီးမှာက တွဲဖက်အထက်တန်းကျောင်းမို့ ရွာနီးတဲ့ ရှားလွင်၊ ခြေမြစ်ကျင်း စတဲ့ အုပ်စုရွာတွေကလည်း ကျောင်းလာတက်ကြသည်။ သူ့ရွာ ကိုယ့်ရွာ အုပ်စုလေးတွေနှင့် ကျောင်းမှာ မိတ်ဖွဲ့ပျော်

ရမ်းဖြိုး၊ အလမ္ဗာယ်၊ ထွန်းလူတို့ ပညာရေးတစ်ခန်းရပ်ပြီး တောင်သူအလုပ်နှင့် ဝမ်းစာကျောင်း ပြောင်းခဲ့ရတော့သည်။ ဒေါက်တာပဲစေ့က ရွှေဘိုသို့ ထွက်သွားသည်။ သည်လိုနှင့် သူတို့သုံးဦးမှာ. . .

"အစ်ကို၊ အစ်ကိုထွန်းလူ။ သည်လောက် အော်ခေါ်နေတာတောင် မကြားဘူး။ ဘာလဲ၊ အေးမြအကြောင်းတွေးနေတာလား"

တဲရှေ့မှာ မိစိုးနှင့် ညီလေးကျော်လင်းတို့က ရောက်နှင့်နေပြီ။ ထွန်းလူ သူ့အတွေးနှင့်သူမို့ လှည်းသံကိုပင် သတိမထားမိခဲ့ပါပေ။ ချဉ်ပေါင်ခင်းထဲမှာ ကတ်ကြေးတစ်လက်နှင့်ဖြတ်၊ စည်းရင်းနောက်ကြောင်းပြန်လှည့်နေမိသည်။

"တော်စမ်း- ငါ့အတွက်တော့ ပူမပဲ၊ ဘယ်တော့မှ မအေးမြနိုင်တော့ဘူးသိလား"

ထွန်းလူ ခပ်ဆတ်ဆတ်ပြောလိုက်သည်။ မိစိုးက တောင်းတစ်လုံးပိုက်ရင်းနှင့် အစ်ကို့စကားကို မယုံကြည်ဟန် ပြုံးနွဲ့နွဲ့မျက်နှာပြုကာ အနားရှိ သစ်သီးတွေ

လှည်းပေါ်ကို တင်ထားကြဦး။ ငါ ငှက်ပျောခိုင် ခုတ်ပေးလိုက်ဦးမယ်"

တဲဘေးရှိ ငှက်ပျောပင်တို့မှ နှစ်ခိုင်ခုတ်ယူပြီး လှည်းပေါ်တင်ပေးလိုက်သည်။ ဟင်းအတွက် စီစဉ်ရဦးမည်။ ဒီကောင်တွေလာလျှင် ကြက်တစ်ကောင်နှင့် မရ၊ နှစ်ကောင်လောက်မှ အနေတော်ရုံ။ တဲရှေ့ သရက်ပင်အောက်၌ ကြက်အကောင် (၃၀) ကျော် အစာရှာ



www.burmeseclassic.com

www.burmeseclassic.com

...ကြသည်။ 'ကြက်မ ကိုးကောင် ...နောင်၊ တစ်ကောင်တစ်နေ့စား' ဆို ...ကောင်ပုဒ်နှင့်အညီ အဖေက ထွန်း ...ာမှာပြောင်းနေတဲ့ နှစ်ကတည်း ...ကြက်မတမ်းမ (၁၀) ကောင်နှင့် ...း (၃) ကောင်ပါ မွေးရန်ပို့ထားခဲ့ ...။ မွေးပြီး ငါးလလောက်တွင်ပင် ...တွေက ပွားလာသည်။ ရောင်းလည်းရောင်း၊ စားတန်စားနှင့် အဆင်ပြေလှသည်။

ဆန်နှစ်ဆုပ်ခန့်ယူပြီး ကြက်တွေရှိရာပစ်ကြလိုက်သည်။ နောက် ထွန်းလူရဲ့သက်တော်စောင့် ခွေးလေးကောင်ပါ တစ်ဖက်နှစ်ကောင်စီ အနားမှာခေါ်ထားရင်း-

"ကဲ-မဟူရာ၊ မင်းအတွက်"





www.burmeseclassic.com

www.burmeseclassic.com

ကြက်ဖတစ်ကောင်ထံ ကျောက်ခဲနှင့်ပစ်ပြလိုက်သည်။ မဟူရာသည် လုစ်ခနဲပြေး၍ ကျောက်ခဲပစ်ပြလိုက်သော ကြက်ဆီ တန်းတန်းမတ်မတ်ကိုက်တော့သည်။ ပြီးတော့ လက်ဖြူ စွာကျယ်မတို့ပါ တာဝန်ပေးလိုက်သည်။ ဂုတ်ကျားတစ်ကောင်သာ ကျန်သည်။ တာဝန်မပေးက ထွန်းလူ၏ခွေးတို့သည် ကြက်တွေကို လုံးဝ မကိုက်။ သခင်ရဲ့ဆန္ဒကို နားလည်သည်။ တစ်အောင့်နေတော့ သူတို့ပါးစပ်ထဲတွင် ကြက်ကိုယ်စီကိုက်လျက် ထွန်းလူရှေ့တွင် လာချကြသည်။ ဒီခွေးလေးကောင်ကြောင့် ထွန်းလူတို့ကုန်းခင်းထဲ နေ့ ည လူစိမ်းတွေမလာရဲကြ။ အရေးအခင်းကာလကြီးမှာပင် ထွန်းလူ ရွာမပြန်ခဲ့။ ကျီးလန့်စာစားဘဝနဲ့ ရွာရောတောပါ သူခိုးသူဝှက် ကြောင်မြီးတိုတွေက အတင့်ရဲ ဝင်နှိုက်ယူသည့်တို့က မကြားချင်အဆုံး။ ထွန်းလူက တော့မမှုပါ။ လွယ်အိတ်ထဲ လေးခွနှင့် လေးစာ၊ လှံတစ်ချောင်းကိုင်ပြီး ခွေးတွေနှင့် ကုန်းခင်းအနှံ့ ညတိုင်းဖြတ်သန်းခဲ့သည်။ မသင်္ကာသူ လူစိမ်းတွေ့ရင်လည်း နောင်ခါလာနောင်ဈေး၊ လေးခွစာကျွေးပြီး ခွေးတွေနှင့်လွှတ်ပေးလိုက်မည်။ သို့သော် တစ်ညမှမကြုံခဲ့ပါ။ ကြက်တစ်ကောင်ကိုတော့ အိမ်အတွက်ထည့်ပေးရမည်။ ညွတ်ကိုင်းမိထားတဲ့ ယုန်တစ်တုတ်ပါ။ လူကြီးမာတ်စာ ပေးရဦးမည်။ မိဘတွေ ထွန်းလူအတွက်နှင့် စိတ်ဆင်းရဲခဲ့ရပြီး၊ ငွေကုန်ခဲ့ရပြီး သားကြီးက အားမစီးဘဲ ကျားထီးနှယ် ဆိုးခဲ့သည် မဟုတ်ပါလား။

"ညီလေးရေ ဒီခဏလာခဲ့ပါဦးကွ"

ထွန်းလူ သီးနှံခင်းဘက်သို့ လှည့်အော်ခေါ်လိုက်သည်။ နောက်ဆုံးတင်စရာအနေနှင့် ထန်းရည်ခါးအိုးတစ်လုံးကို လှည်းဦးထိပ်ရှိတောင်းထဲသို့ မဖိတ်အောင် ကျကျနန တင်ပေးလိုက်သည်။ ညီလေးက ဘူးသီးတွေ ပွေ့ပိုက်ရင်း အနားရောက်လာသည်။ ထွန်းလူတို့ မောင်နှမလေးဦးထဲတွင် ညီလေး ကျော်လင်းက အနေအေး၍ အားလျှင် စာအုပ်နှင့်အဖော်ပြု၏။ စကားသိပ်မပြော။ အသက်က (၁၃) နှစ်သာသာ ကလေးဆိုပေမယ့် လူကြီးတစ်ယောက်နှယ် တည်ကြည်သည်။ ကျောင်းစာလည်း အဆင့်မနိမ့်။ တစ်၊ နှစ်၊ သုံးသည် သူ့နေရာ။ သူ့အောက်မှာတော့ သူ့ထက် (၃) နှစ်ငယ် ညီမလေးတစ်ယောက် ရှိသေး၏။ မိစိုးထက် ထွန်းလူက (၄) နှစ်ကြီးတာမို့ မိစိုးပင် (၁၆)နှစ်ရှိနေပေပြီ။

"အစ်ကို"

"အေး၊ သရက်ပင်မှာချိတ်ထားတဲ့ ယုန်ကို အိမ်ယူသွား။ မနက်ဖြန် လာရင် ငါ့သေတ္တာထဲက စိုင်းထီးဆိုင်ရဲ့တေးပေါင်းချုပ်စာအုပ်လေး ယူခဲ့စမ်းကွာ"

ထွန်းလူ သိပ်လွမ်းနာကျတဲ့အခါဆို ဂစ်တာအိုလေးနှင့်ဆော့ခတ်တတ်သည်။ ခုတစ်လော မောင်ဟာလူဆိုးနှင့်ငယ်ချစ်ဦး နှစ်ပုဒ်ကို ကိုယ်တိုင်ဆို၊ တီးချင်စိတ်က တားမရ။ ဆန်းလကိုငေးရင်း ညလေအေးမှာ ရင်ခုန်ချင်နေသည်။ လှည်းပေါ်မှာလည်း ပစ္စည်းတွေက အကုန်တင်ပြီးကြပြီ။

"ကဲ-ညီမမိစိုးတို့ ပြန်ဖို့ပြင်ကြတော့။ အိမ်က မေးရင်လည်း ငါအဆင်ပြေပါတယ်လို့။ ဩော်- ဟေ့၊ ဘက်ထရီအိုးအသစ်ထားခဲ့ရဲ့လား"

"ထားခဲ့ပါတယ်တော်။ ဒီနေ့ သိပ်သောင်းကျန်းမနေနဲ့ဦးနော် အစ်ကို၊ ယောက်မကတောင် အစ်ကို့ကို အမှတ်တွေပေးနေတယ်"

"အေးပါဟာ"

မိစိုးစကား အရေးမထားနိုင်သေးပေ၊ ထွန်းလူ တဲထဲဝင်ခဲ့ရင်း စားစရာစီစဉ်ရဦးမည်။ ကြက်နှစ်ကောင်ရဲ့ခေါင်း၊ တောင်ပံ၊ ခြေထောက်တွေကို ဘူးသီးနှင့် အရည်သောက်တစ်ခွက်။ ကျန်တာ ဆီပြန်ဟင်း ချက်မည်။ မြည်းစရာတော့ တောကြွက်နှစ်ကောင် ကင်လိုက်ရင်ရပြီ။ ပင်ကျ ထန်းရည်ခါးကလည်း သုံးအိုး၊ အပြင်းစား ချချင်သပဆိုလည်း မနေ့ညနေက ချထားသော ညကျော်ရည် တစ်အိုးလောက်မှ ဒီဂရီတက်သည်။

သူ့နာမည်ရင်းက သန်းလင်းတဲ့။ 'အလမ္မာယ်' ဆိုတဲ့ ဘွဲ့ထူးရသည်က သတ္တမတန်း ကျောင်းသားဘဝမှာ တစ်နေ့ ကျောင်းအုပ်ဆရာကြီးက ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ခိုင်းကြတော့ ထွန်းလူနှင့် သန်းလင်းတို့အဖွဲ့ ပေါက်ပြားဖြင့် စည်းရိုးကမြက်တွေရှင်းနေကြသည်။ နောက်မှာလည်း ကျောင်းသူတွေက တောင်းဖြင့် မြက်သဲ့နေခိုက် ရှေ့ချုံထဲမှ မြွေတစ်ကောင်ထွက်ပြီး သူတို့ဆီ ဦးတည်ပြေးလာရာ။

"ဟာ- မြွေ. . . မြွေ၊ ခဲနဲ့ပေါက်ဟ"

ထုဟ၊ သတ်ဟနှင့် အားလုံး ရုတ်ရုတ်သဲသဲ အသံစုံထွက်နေကြသည်။ ခဲနှင့်ပေါက်လိုက်မှ ကိုယ်တော်ချောက မြွေဟောက်မှန်းသိအောင် ပါးပျဉ်းထောင်ပြပါတော့၏။ ကြောက်သူက ရှိသွား၍ မကြောက်သူက ခဲနှင့်ပေါက်ပြန်၏။ မြွေက တိမ်း၏။ မထိ။ မြွေကလည်[...] ရှေ့ကို အာရုံစိုက်နေခိုက်၊ ဘာမပြော[...] ညာမပြောဘဲ အနီး မောင်သန်းလင်း[...] နောက်ကနေ လုစ်ခနဲ မြွေဟောက်[...] လည်ပင်းကို အမိအရဆုပ်လိုက်ပြီး ဝ[...] သာအားရ ကျောင်းသူတွေရှေ့ [...] ပေါက်နေပါတော့သည်။ မြွေဟော[...] ခမျာ ပါးစပ်သာဟနိုင်ပြီး ခေါင်းငုံ့ကို[...] မရတော့။ လက်တစ်အုပ်စာ အော[...] ပိုင်းဆုပ်မိလျှင် ဒီကောင်သန်းလင်း က[...] ချောပြီ။ အဲဒီနေ့မှစ၍ သန်းလင်းနာမည်[...] ပျောက်ကာ 'အလမ္မာယ်' ရောက်လာ[...] လေတော့၏။ (၉၅) ပြားလို့ ပြော[...] လည်း ခပ်ခက်ခက်ရယ်။ ကျောင်းမှာ [...] လည်း တော်သည်၊ တကယ့်စွယ်စုံ။ [...] မသိတာ မရှိ။ ရည်းစားကျပြန်တော့[...] ရွာသူတွေကသာ သူ့ကို အမြင်ကတ်[...] သည်၊ တခြားရွာတွေမှာတော့ တစ်ရွာ[...] တစ်အိမ်ဆောက်ထားနိုင်သည့်ကော[...]

သူငယ်ချင်းတွေအကြောင်း [...] စားရင်းနှင့် ဟင်းရည်အိုး အရင်ခ[...] လိုက်သည်။ ဆွမ်းခံပြန်ချိန်မှလာမည်[...] အချိန်ရှိသေးသည်၊ ခုမှ (၈) နာရီသာ[...] သာ။ ကွပ်ပျစ်ပေါ် ကျောဆန့်ပြီး က[...] ဆက်ထဲက စိုင်းထီးဆိုင်အသံကို န[...] ဆင်ကာ မှိန်းနေလိုက်ပါသည်။ ဒါ[...] ထွန်းလူအဖို့ တစ်ခုတည်းသော စိ[...] အပန်းဖြေစရာ။ ရွာထဲနေစဉ်က ည[...] တိုင်း ဗီဒီယိုရုံမှာအချိန်ကုန်မြဲ။ သူင[...] ချင်းတွေနှင့် ရုံဝမှာ မျက်စိအစာတွေ[...] နေကျ။ ဒါပေမယ့် ထွန်းလူရဲ့မျက်စိ[...] တစ်ဦးတည်းသော အေးမြကိုပဲ မြင်[...] သူ့ရင်ဘက်ထဲ အေးမြ လန်းဆန်းရ[...] အချစ်ကို အေးမြက ဖန်ဆင်းပေးလို[...] သည်လို့ ထွန်းလူ ယူဆသည်။ အင်[...] ခုတော့ အမုန်းပါ ထပ်ဆင့်အသက်သွ[...] စေခဲ့ပေါ့။ ဒါကလည်း အေးမြအပြ[...] မဟုတ်၊ ထွန်းလူရဲ့ မူးမိုက်မှုမှ မှားမိ[...] ရလဒ်တစ်ခု။ မေ့မရနိုင်။

(၂)

"ဝေါင်း. . . ဝေါင်း. . . ဝေါင်း"

"ဟေ့ကောင် ဂျက်ရှူး၊ ဘယ်သွား[...] နေတာလည်းကွ- ဟင်"

"မင်းခွေးတွေ ခေါ်ထားစမ်းပါ[...] ကွ။ အေး၊ ကိုက်ရင်တော့ထန်းရည်[...] မြည်းပစ်လိုက်မယ်"

တောလိုက်သလို အသံပြဲတွေ[...] ကြောင့် ထွန်းလူ ကမန်းကတန်း တဲအ[...] ပြင်ဘက် ထွက်ပြေးလာခဲ့သည်။ ရမ်[...] က ထိုးကိုက်ရန်လာသော မဟူ[...] လေးခွနှင့်ပစ်နေသည်။

"ဟေ့ကောင်တွေ၊ [...]ခွေးတွေ[...]



www.burmeseclassic.com

www.burmeseclassic.com

စစ်ပါနဲ့ဟ။ လာ လာ- အို့ အို့"

ထွန်းလူ သူ့ခွေးတွေကို ပြန်ခေါ်လိုက်သည်။ ကုန်းစပ်စည်းရိုးနားမှာ ဝါးတတ်ကိုယ်စီနှင့် ပုဆိုးစလွယ်သိုင်းထားတဲ့၊ ဒေါက်တာပဲစေ့က ဘောင်းဘီ ဝတ် စပို့ရှပ်ပွပွကြီးနှင့်။ မျက်နှာမှာလည်း အမျက်မှန်နှင့်ပါလား။ နေကအရမ်း ပူနေပြီ၊ ပိတောက်ပင်အောက်ကပဲ ရပ်စောင့်နေလိုက်သည်။ အိပ်ချင်စိတ်က ပြေသေး။

"မင်းတို့ကိုစောင့်ရင်း ငါအိပ်ပျော်သွားတယ်ကွာ"

"ငါတို့လည်း လမ်းမှာ အမြည်းကောင်းကောင်းတွေ့နေလို့ကွ"

"ငါ မင်းတို့အတွက် ကြက်နှစ်ကောင်တောင် ရင်းထားပြီးသား"

ပိတောက်ရိပ်ထဲ တိုးဝင်လာကြသည်၊ အားလုံး အပြုံးကိုယ်စီနှင့် ရွာရဲ့ ဆိုင်ဖတ်လေးဦး စုစည်းမိကြပြန်ပြီ။

ဒေါက်တာပဲစေ့က ထွန်းလူရဲ့ ပုခုံးကို သိုင်းဖက်လိုက်ရင်း-

"ဂျက်ရှူး၊ မင်း အတော်ပြောင်းလဲနေပါလားကွ။ ငါ မြို့က လက်ဆောင်တွေယူလာခဲ့တယ်"

ထွန်းလူက သရက်ပင်အောက်ရှိ ကွပ်ပျစ်ဆီ ရှေ့ရှုသွားကာ-

"မင်းနဲ့ငါ့ကြားမှာ လက်ဆောင်မလိုပါဘူးကွာ၊ ခုလို ငါ့ဆီ တကူးတက ရောက်လာတာကိုပဲ ငါဝမ်းသာလှပါပြီ"

"ကဲ- အလမ္ပာယ်နဲ့ရမ်းဖြိုး၊ တဲထဲက စားစရာ သောက်စရာတွေ မ, ခဲ့ကြကွာ။ ထမင်းနဲ့ကြက်သားတော့ မချက်ရသေးဘူး၊ ကြွက်နှစ်ကောင်တော့ ကင်ထားတယ်"

အကျီတွေကို ကွပ်ပျစ်ပေါ်ပစ်တင်လိုက်ကြပြီး-

"ဟေ ဟေ့- ဒီနေ့တော့ တကယ့် မင်းနကရာဇ်ပွဲတော်ကြီး တည်ရတော့မယ်"

အလမ္ပာယ်က စပ်ဖြဲဖြဲပြောကာ တဲထဲကိုဝင်သွား၏။ သရက်ပင်အောက် မီးဖိုမှာပဲ ကျန်တာချက်ဖို့ ထွန်းလူ စီစဉ်ထားလိုက်သည်။ ဒေါက်တာ ပဲစေ့က ကောက်ရိုး သုံး, လေးထုံးအား သရက်ပင်အရိပ်မှာ ဖြန့်ခင်းကာ-

"အပေါ်မှာ ထိုင်ရတာ မနိပ်ဘူး၊ ကောက်ရိုးပေါ် ဖျာခင်းပြီး ဝိုင်းရတာ ဇိမ်ရှိတယ်"

ပြောပြီး သူ့ကျောပိုးအိတ်ဖွင့်ရင်း အထဲကပစ္စည်းတွေ ထုတ်နေ၏။ ဦးစွာ ထုတ်တာက မြွေတစ်ကောင်၊ လင်းမြွေကြီး။ နောက် အရက်တစ်ပုလင်းနှင့် ကက်ဆက်ခွေ နှစ်ခွေ။ ရမ်းဖြိုးတို့ကလည်း ထန်းရည်အိုးတွေ၊ ဟင်းအိုးတွေ ဖျာလယ်မှာ လာချကြသည်။ ထွန်းလူကတော့ မချက်ရသေးတဲ့ ကြက်သားအိုးကို မီးဖိုပေါ် တည်ချက်နေသည်။ သူတို့ပွဲမှာ အိမ်ရှင် မထား၊ ဧည့်သည်မလုပ်၊ ဝိုင်းဝန်းကာ တက်ညီလက်ညီ ဖန်တီးကြ၏။ ရမ်းဖြိုးက-

"ပဲစေ့၊ လင်းမြွေကို အစိမ်းစား မလို့လား။ ဗီဒီယိုထဲက လူရိုင်းတွေမှာတော့ ကြည့်ဖူးတယ်"

မဖြေသေးဘဲ ထန်းရည်ကို ဒုတိယမ္ပိ ထပ်ဆင့်မော့နေသည်။ အလမ္ပာယ်ကတော့ အပြင်းနှင့်အပျော့စပ်ပြီး ဖြိုလေပြီ။

"ဒီမြွေကို ခေါင်းဖြတ်ပြီး သူ့အတိုင်း ဝါးမှာညှပ်ကင်မယ်လေကွာ၊ ကျက်တာနဲ့ အူတို့က သတ်သတ်စီဖြစ်နေရော။ နောက်မှ အပေါ်အရေခွံခွာစားရုံပဲ။ ဒါမှ အထဲက သွေးတွေ အသားထဲ စိမ့်ဝင်ပြီး အရသာရှိတာ"

လက်ချာပေးပြီး ကိုယ်တိုင်ထ, ကင်လေပြီ။ ပတ်ဝန်းကျင်မှာတော့ နွေဦး လေရူးက ဝေ့ဝိုက်လွန့်လူးလို့။ သစ်ပင်တွေကပါ အစိမ်းရောင်ရင့်ရင့်နှင့် ဝေဟင်မှာ ခရီးထွက်ဖို့တာစူနေကြပေ့ါ။

"ဂျက်ရှူး၊ စိုးလွင်လွင်နဲ့ တူးတူး တိပ်ခွေ။ အာမီရမ်တစ်ပုလင်းပါ ယူခဲ့တယ်။ ဒီကောင်တွေနဲ့တော့ ရွာမှာ ဖြုံခဲ့ပြီးပြီ၊ မင်းကြိုက်မှာပါ"

"တိပ်ခွေကတော့ သိပ်သဘောကျတယ်ကွာ၊ ငါကလည်း တောဆန်ဆန် သီချင်းတွေကို သဘောမကျချင်ဘူး။ ဒါနဲ့ မင်း ကလေးတုန်းကလို ရွှေဘိုက ကောင်မလေးတွေကို ပဲစေ့မှာ ထန်းလျက်ခဲဖုံးပြီး ဆေးလုံးဆို ညာတိုက်နေသလား"

"ဟား ဟား- ဟုတ်တယ် ဒေါက်တာကြီး၊ ရွှေဘိုသူတွေကိုတော့ မင်း ဖြီးဖြန်းလို့မရဘူးနော်"

"မင်းဆရာပါ ရမ်းဖြိုးရ၊ မြို့မှာ ယိုးဒယားသကြားလုံးတွေကို အချစ်ရည်ဖုံးပြီး အကြင်နာဆလင်းပိုက်နဲ့ထိုးတဲ့ ဒေါက်တာဆွဲ ဖြစ်နေပါပြီ ငါ့လူတို့ရ"

ဟုတ်သည်၊ ဒီကောင်ကျတော့ တစ်မျိုး။ သူ (၁၁) နှစ်သားလောက်က အဖြစ်အပျက်။ သူတို့အိမ်ခြံဝင်းကကျယ်တော့ အနားက ကလေးတွေစုရုံးပြီး လာဆော့နေကျ။ မိန်းကလေး၊ ယောကျာ်းလေး ပုစုခရုလေးတွေ အစုံပါသည်။ မျိုးစုံ ဆော့ကြ၊ ခုန်ကြနှင့် တကယ် မျောက်ရှုံးလောက်ပေသည်။ လူကြီးတွေက တောထဲ အလုပ်သွားလုပ်ကြတော့ စိတ်ကြိုက်။ တစ်နေ့တော့ သူက အဝတ်စုတ်ကို နားရွက်မှာချည်၊ အောက်က အစပိုင်းမှာတော့ ရွှံ့လုံးကြီးတွဲ၍ နားကြပ်လုပ်၊ လက်မခန့်ရှိသော ဝါးကို ဆေးထိုးအပ်တံပြုလျက် ဆရာဝန်လုပ်တမ်း ကစားတော့သည်။ အားလုံးတန်းစီထိုင်ခိုင်းပြီး တစ်ယောက်ချင်းခေါ်ကာ သူ့ရှေ့မှာအိပ်ခိုင်းလို့ ရွှံ့တုံးကြီးနှင့်ကိုယ်ကိုထုပြီး ဝါးပိုက်နှင့် ရေစုပ်ကာ ပြွတ်ခနဲ ပေါင်လှန်ထိုး၏။ နောက် ပဲနီစေ့တွေကို ထန်းလျက်ခဲနှင့်နယ်၊ ဆေးလုံး ဆိုကာ တစ်ယောက်နှစ်စေ့၊ သုံးစေ့ ပေးမျိုခိုင်းတော့၏။ လွှင့်ပစ်လျှင် သူ့အိမ်က ခိုးယူထားတဲ့မုန့် မပေး။ အားလုံး မျိုချပေါ့။ သည်ကောင် မကျေနပ်သေး။ သုံးနှစ်အရွယ် ကလေးမလေးကိုလည်း စမ်းသပ်ပြီး 'ဟာ-ဒီကလေးမလေးလဲ နေမကောင်းဘူး၊ ချောင်းဆိုးနေတယ်။ ဆေးတိုက်မှ' ဆိုပြီး ပဲစေ့နှစ်စေ့ ခန့်ခွံ့၏။ ဘေးက သူ့အစ်မကလည်း မျိုချ၊ မျိုချ ညီမလေးဟု အားပေးတော့ ပြုံးပြုံးလေး မျိုနေ၏။ နောက်တော့ သည်ကောင် လေး၊ ငါးစေ့ခန့် ယူခွံ့တော့သည်။ ပါးစပ်ထဲ အတင်းသွင်းပြီ။ ကလေးမလေးက မငို။ အင်နဲ့အားမျှတော့ ကလေးမလေး၏လည်ချောင်းဝ ပိတ်ဆို့ ကပ်ကုန်ပါတော့သည်။ ငို၍ ရယ်၍မရသောမျက်နှာအစစ် ဖြစ်သည်။ ကလေးတွေခမျာလည်း ကမ္ဘာပျက်သလို ဆူညံအော်ဟစ်နေသည်။ကံကောင်းချင်တော့ လမ်းမှာသွားနေသော လူကြီးတွေကသိပြီး ကလေးမလေးကို ကယ်တင်ပေးလိုက်သည်။ အဲသည်မှစ၍ ကျော်ထွန်း တည်းဟူသော အမည်ရင်း ဖယ်ပစ်ရှင်းကာ အမည်သညာခေါ်စရာ ကား ဒေါက်တာပဲစေ့ဟု သမုတ်၍ အာယုအသက် ကိုးရိုးကားရား ရှည်စေသော် ကင်ပွန်းတပ်လိုက်ကြသည်။

ဒေါက်တာပဲစေ့က သူ့မြွေကင် ကြီးသွားယူသည်။ တစ်ဖဲ့စားကြည့်ပြီး-

"အိုကေပဲ၊ ငါတော့ ဒါနဲ့ပဲ မြည်းတော့မယ်"

"ကဲ-ရမ်းဖြိုးတို့ ချကွာ၊ ထန်းရည်ကုန်လည်း အပင်ပေါ် ထပ်ချပေးမယ်"

တစ်အိုးကုန်သွားပြီး ဝိုင်းလည်ပြီ မနေ၊ ခွက်လေးခွက်နှင့် စိတ်ကြိုက်ခပ်သောက်ကြသည်။ စကားတွေကလည်း ဟိုရောက်ဒီပေါက်နှင့် ပြောတော့နိုင်ကြ လူပျိုဆိုတော့ အပျိုတွေအကြောင်းက ပိုစိပ်နေသည်။ အလမ္ပာယ်က ဒေါက်တာပဲစေ့ကို ဒူနှင့်တို၍-



www.burmeseclassic.com

www.burmeseclassic.com

"ပဲစေ့ . . မင်း ငါ့ကို ရွာမှာတုန်းက တို့လေးယောက်ဆုံတဲ့အခါ တစ်ခု တိုင်ပင်စရာရှိတယ်ဆို"

"အောင်မာ-ဘာများတိုင်ပင်ဦးမလဲ"

ထွန်းလူက ရမ်းဖြိုးကို လက်ကာပြရင်း ဒေါက်တာပဲစေ့ပြောဖို့ လမ်းခင်းပေးလိုက်သည်။

"ဆိုစမ်းပါဦး၊ ဘာများပါလိမ့်"

ဒေါက်တာပဲစေ့က အုန်းမှုတ်ခွက်နှုတ်ခမ်းဝတေ့ရင်း စိုက်ခင်းတွေဘက်ငေးနေသည်။ ပြောသင့်, မသင့် စဉ်းစားနေသလားမသိ၊ အတန်ကြာမှ ခွက်ကိုတွင်းထဲသွန်ချသကဲ့သို့ တဂွတ်ဂွတ်မော့ချလိုက်သည်။

"ဒီလိုကွာ၊ မင်းတို့ ငါပြောတာကို ဆုံးအောင် နားထောင်ပြီးမှ အကဲဖြတ်ကြပေါ့။ တို့လေးယောက်အတွက် သိန်းချီချမ်းသာစေမယ့် ပွပေါက်တစ်ခု ငါအစောကြီးကတည်းက တွေ့ထားတယ်။ မင်းတို့ တောဝါစေတီကို သိမှာပါ"

ရွာရဲ့ အရှေ့မြောက်အရပ်မှာရှိတာ အားလုံးအသိ။ စေတီပရဝဏ်ကစရိုက်ကြမ်း၏။ ရှေးဟောင်းစေတီတစ်ဆူပင်၊ ရွာနှင့်နှစ်မိုင်ခန့် ဝေးတော့ ဖူးမြင်သူမဲ့၊ ပြင်သူမရှိ ပကတိ ငြိမ်သက်သက်။

"ဒီတောဝါစေတီတည်တာ ဘယ်အချိန်လောက်ကလည်းဆိုတာ သိတဲ့သူမရှိဘူးကွ။ စေတီဒကာကတော့ သူကြီးမင်း ဦးခိုင်မာဆိုပဲ"

"ဘာလဲ၊ ဌာပနာဖောက်ဖို့လား။ ဘုရားပစ္စည်းဆိုရင် မြေမှုန်လေးတစ်စတောင် စိတ်မကူးနဲ့၊ ငါတို့ဟာ ဗုဒ္ဓဘာသာနော်"

ရမ်းဖြိုးက ဝင်ကန့်ကွက်လိုက်သည်။ ဒေါက်တာပဲစေ့က မြွေကင်ကိုဘာဂျာမှုတ်သည့်နှယ် လက်နှစ်ဖက်နှင့်ဆုပ်ကိုင်စားရင်း မျက်စိမှေးပြီး အ, ရန်ကော ဟူသော အကြည့်နှင့် ဆက်ပြောသည်။

"အဲဒီစေတီရဲ့မြောက်ဘက် အစပ်နားမှာ ဂူစေတီတစ်ဆူ ရှိတယ်။ တို့ရှေးလူကြီးတွေ ပြောပြောနေကြတဲ့ ဘုရားစေတီတစ်ထောင်၊ အရိုးဂူမြောင် တစ်သိန်း ဆိုသလိုပါပဲ။ အဲဒါက သူကြီးမင်းရဲ့အရိုးအိုးဂူပြာသာဒ်ပေါ့။ ၁၂၆၇ ခုနှစ်က တည်ထားတာ။ ငါ ဘာလို့ တိတိကျကျ ပြောနိုင်သလဲဆိုရင် ငါ့ရဲ့အဘိုးမသေခင် ပြောပြထားလို့ပဲ။ မှတ်တမ်းတချို့လည်း အဖေမသိအောင် ကူးမှတ်ထားတာပေါ့ကွာ"

"သူကြီးမင်း ဦးခိုင်မာဟာ ဩဇာအာဏာရှိ၊ ချမ်းသာတယ်လို့လည်း ငါကြားဖူးပါတယ်"

ထွန်းလူက ဝင်ဆက်ပေးလိုက်၏။

"မှန်တယ်၊ ငါ့အဘိုးက သူ့ရဲ့တပည့်ဖြစ်ဖူးသတဲ့။ ဂူကို သူကြီးက သူမသေခင်ကတည်းက ကြိုတင်တည်ပြီး တိတ်တဆိတ် သူ့ပစ္စည်းတွေပါ ထည့်ထားတယ်ဆိုပဲ။ သူကြီးက အသက် (၉၀) နှစ်မှာ ဆုံးတယ်။ အခု တို့နယ်ရော တခြားမှာပါ သူ့မျိုးဆက် မကျန်တော့ဘူး။ ခုပဲ သက်တမ်းက (၈၅) နှစ်လောက်ကျော်နေပြီ"

"မင်းဟာက သေချာပါ့မလား။ သူကြီးအရိုးက ပီယဆေးဖော်မရဘူး ငါ့လူ"

"ဟင်းဟင်း- သိပ်သေချာတာပေါ့ကွာ။ သူကြီးက ကပ်စေးနှဲကွ။ ပျံလွန်တော်မူသွားတဲ့ ကုန်းသာကျောင်း ဘုန်းကြီးက သူကြီးရဲ့ညီလေ။ ဆရာတော်သက်ရှိထင်ရှားရှိစဉ်တုန်းက 'ဘုန်းကြီးအစ်ကိုသေတော့ အိမ်မှာ တန်ဖိုးရှိတဲ့ ရတနာ တစ်ခုမှမကျန်ခဲ့ဘူး' လို့ ငါ့အဘိုးကို မိန့်ဖူးသတဲ့ကွ"

"ရှေးခေတ် အီဂျစ် ဖာရိုဘုရင်တွေလိုပေါ့ကွာ၊ နောက်ဘဝအတွက် သုံးဖို့ ယူသွားမှာပေါ့။ ဒါတွေကို ငါတို့က အလှူခံလိုက်ရုံပဲ။ ဒီကိစ္စ ငါ့ခေါင်းထဲထည့်ထားတာကြာပြီ၊ ခုမှ မင်းတို့နဲ့တိုင်ပင်ရတာ။ ရောင်းဖို့လည်း မပူနဲ့၊ ငါစီစဉ်ပြီးသား"

ဒေါက်တာပဲစေ့က သူ့စကားကို အပြီးသတ်လိုက်၏။ အားလုံးမျက်နှာအကဲခတ်နေသည်။ ထန်းရည်ကိုသာ ဆက်သောက်နေကြသည်။ ထွန်းလူက ကြက်သားတစ်ဖတ် ဆယ်ဝါးလိုက်ရင်း-

"ဂူက ထိပ်ပိုင်းတောင်ကျိုးလို့ သစ်ပင်တွေလည်း ပေါက်နေပြီ၊ လက်ဦးသွားပြီမှတ်တယ်"

"ငါလေ့လာပြီးပါပြီ၊ ဘာမှအတွင်းထိမယွင်းသေးဘူး။ ကဲ-ဟော့ကောင်တွေ၊ ဘယ်လိုလဲ"

"စိန်လိုက်လေ၊ မြန်မြန်ချမ်းသာမှမြင်းကျွဲကာ ဆန်စက်ပိုင်ရှင်သမီးနဲ့ နီးရမှာ"

ရမ်းဖြိုးက ပြောလိုက်စဉ်မှာပင် အလမ္ပာယ်ကလည်း ဒေါက်တာပဲစေ့မျက်နှာရှေ့ လက်မထောင်ပြလိုက်သည်။ ထန်းရည်ပါ တစ်ခွက်ယူမော့ပြန်သည်။ ထွန်းလူကတော့ တွေငေးနေသည်။ ရှေ့ကစိုက်ခင်းများ၊ အနားရှိကြက်, ခွေးများ အားလုံး ဝေဝါး။ ရွာထဲက ဉပုသ်ပုံမှန်စောင့်ရင်း သား ထွန်းလူအတွက် ဂုဏ်ယူချီးမွမ်းစကား ခြွေနေကြသော မိဘနှစ်ပါး။

"မင်းတို့သုံးယောက်ပဲ စခန်းသွားကြပါတော့ကွာ၊ ငါ့အတွက် ငွေမလိုပါဘူး။ လက်ရှိဘဝမှာ ငါ ပျော်တတ်စပြုတုန်းရှိသေးတယ်။ ငါ့အတွက် မင်းတို့စိတ်ချ"

"ဟာ. . . မင်းကလည်း မဟုတ်တာ၊ သူငယ်ချင်းလေးယောက် ဘာမဆိုလက်တွဲလာခဲ့ကြတာပဲ"

"ဒါ ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ။ သူငယ်ချင်းတို့၊ ငါ့စိတ်ကိုလည်း မင်းတို့သိကြြသားပါကွာ"

ထွန်းလူ ဒီထက် ပို၍မပြောချင်တော့။ မူးအောင်သောက်ပြီး အိပ်မက်မက်ချင်သေးသည်။ ပြည့်စုံမလာသည့်အရာအတွက် တခြားအရာတွေ ပြည့်ဝလာသော်လည်း ရင်က မကြည်နူးနိုင်၊ မမက်မောချင်တော့။

"ကိစ္စမရှိပါဘူးကွာ။ လေးယောက်ထက် သုံးယောက်က မဂဏန်း၊ သုံးယောက်ပေါင်း လောင်းကျော်တဲ့"

ရမ်းဖြိုးစကားကို ဒေါက်တာပဲစေ့ကပါ သဘောတူရင်း ရှေ့လုပ်ရမည့်အစီအစဉ်တွေ ချပြန်၏။ သန်ဘက်ခါ 'လဆန်း (၆) ရက်နေ့ည ဗီဒီယိုသိမ်းချိန်စုရပ် မှန်အိမ်ကုန်းရွာထိပ်။

(၃)

ည။ ညတစ်ညရဲ့နောက်ဆုံးနှုတ်ဆက်သည့်အသံတို့က နေရာစုံမှာ လွင့်ပျံ့နေဆဲ။ မီးရောင်တို့ကလည်း တလက်လက်၊ ခွေးဟောင်သံ, ကလေးငိုသံတို့တပါ ရွာအနှံ့ကြားနေသည်။ ကာလသားတို့ကတော့ တစ်ပိုင်းတစ်စသံစဉ်များနှင့် အိမ်ပြန်ကြလေပြီ။ နာရီဝက်ခန့်အကြာ ရွာစဉ်ရွာက မော၍တိတ်ဆိတ်သွားတော့သည်။ ရွာလမ်းတွေလည်း လူတပြတ်ကုန်သည်။ တစ်နေ့တာ ပင်ပန်းသမျှ အိပ်စက်အနားယူကြပေါ့။ သို့သော် ရွာ၏မြောက်ဘက်ထိပ်မှာဖြင့် ခုမှစတင်အလုပ်လုပ်ဖို့တာစူရင်း တစ်စုံတစ်ဦးကို ငံ့လင့်နေကြသည်။

"ရမ်းဖြိုး၊ အလမ္ပာယ်တစ်ယောက် ဘယ်နား သေနေပါလိမ့်။ မလာသေးဘူး (၁၀) နာရီ ထိုးနေပြီကွ"

ဒေါက်တာပဲစေ့ ဒေါပွနေသည်။ ရမ်းဖြိုးက ခပ်အေးအေး၊ လမ်းဘေးက သစ်ပင်အောက်ထိုင်ကာ စောင့်နေကြသည်။ လမ်းကို မျှော်ကြည့်နေသော်လည်း ဘာမှမထူးခြား။ ခဏနေတော့ သူတို့ထိုင်နေသော သစ်ပင်ဘေးက



www.burmeseclassic.com

www.burmeseclassic.com

...တို ကျော်ခွလျက် အလမ္မာယ် ...သာသည်။

"ဆောရီးကွာ၊ မအေးတင့်ဆိုင်က ...နှစ်ပုလင်းဝင်ပြီး အလစ်သုတ်နေ ... ကြာသွားတာ၊ ဒါမပါရင် အလုပ်မ ... မဟုတ်လား။ မင်းတို့ပစ္စည်းတွေ ...

အလမ္မာယ်က လက်ဟန်နှင့်သာ ... တောစပ်က ဖြတ်တက်သွား ...။ ရှာနှင့်နီး၍ သူတို့ စကားမဆို ... လရောင်က လင်းသန့်နေ၏။များ ...အားဖြင့် တောင်သူတွေက သူတို့ ...ခင်းထဲမအိပ်ကြ။ မြေပဲနုတ်ချိန်၊ ...ရိတ်ပြီး သိမ်းချိန်တို့တော့ အိပ် ...ကြသည်။ တစ်နပ်စား ဟင်းတစ် ...ခန့်တော့ ဘယ်ကုန်းခင်းကယူယူ၊ ...ကြ။

"ပဲစေ့၊ တောဝါဘုရားနားက ဦး ...ဘ ကုန်းခင်းနော်။ သူ ညမအိပ်တာ ...ရဲ့လား"

"အေးဆေးပါ"

"မင်း ဘယ်လိုစီစဉ်လိုက်လဲ ပြော ..."

ရမ်းဖြိုးက ကြိုတင်ဝှက်ထားသော ...ရွှင်း၊ ပေါက်ချွန်းတို့ကို ချုံထဲက ...ယူရင်း မေး၏။ သည်ပစ္စည်းတွေ ... စောစောကတည်းက ဒေါက်တာပဲ ... စီထားသည်။ သူတို့အိမ်မှာ ရှိပေ ... အိမ်ကပစ္စည်းမသုံးနဲ့ဆိုကာ တစ် ...အိမ်မှမသိအောင် ယူလာထားတဲ့ ...တွေ။

"သူ့အချစ်ဆုံးသမီးကို အစာသွတ် ...မှုန့်နှစ်လုံး ဝယ်ကျွေးလိုက်တယ် ..."

"အဲဒီတော့..."

"အတော်ဒုံးဝေးတာကိုး ရမ်းဖြိုးရ ...သွတ်မုန့်ထဲကို 'ကနခိုဇေ့ နှစ်စေ့ ...ာတ် အမှုန့်ကြိတ် ထည့်ကျွေးလိုက် ... သူ့သမီးလေး ဝမ်းသွား၊ သူ့မိန်းမ ... အူချာချာ..."

"ဟိုး-တော်တော့၊ ငါသိပြီ။ မင်း ...ဘာ့ကိုဘာ့နက်များပါလား"

"သုတ်သုတ်သွားကြစို့ကွာ"

ဟု အလမ္မာယ်က ပြောပြီး ဦး ...ဘကုန်းခင်းဆီ ဖြတ်တက်ကြသည်။

အဝေးမှ ငှက်သံတချို့ ကြားနေ ...။ ည၏အအေးဓာတ်ကို လေနုနုက ...တွန့်သုတ်လိမ်းထားပြန်သည်။ မရှိ ...သူမှမရှိ။ ဦးစောဘ အိမ်ပြန်အိပ် ... သေချာသွားပြီ။ တောဝါစေတီက ... ကုန်းအရှေ့ဘက်၌ လှမ်းမြင်နေရ

သည်။ တဝက သောက်ရေအိုးကို အလမ္မာယ် ပခုံးပေါ် မ,တင်ယူလာသည်။ ရွှေ့ဆက်သွားခဲ့ရာ စေတီဝင်းထဲ ခြေချမိကြလေပြီ။ ဝန်းကျင်က လအရိပ်ကြောင့် သဲကွဲသည်။ စေတီတောင်ဘက်၌ မန်ကျည်းပင်နှစ်ပင်၊ ပြီးတော့ ရေကန်ပျက်တစ်ခု။ သည်မန်ကျည်းနှစ်ပင်ကပဲ ခြောက်လန့်သည်၊ အစောင့်ရှိသည်ဟုပြောကြသည်။ ကဲ-ခုတော့ သူတို့သုံးဦးရောက်လာပြီပဲ၊ ကြိုဆိုကြသူ မမြင်ရသေး။

အရိုးဂူကို သူတို့သုံးဦးစလုံး ဝိုင်းကာအကဲခတ်ကြသည်။ သစ်ပင်ငယ်တို့က နေရာအနှံ့၊ စေတီထီးမှ ခေါင်းလောင်းသံ တချွင်ချွင်က လေအလာမှာ လွင့်ပျံ့ထွက်ပေါ်နေတာ တစ်ခုပဲ ထူးသည်။ သူတို့ကတော့ နားမဆင်နိုင်။ ဂူဘေးမှ သစ်ပင်တွေကို ဓားနှင့်ခုတ်ထွင် ရှင်းပစ်ကြသည်။ အရိုးဂူအမြင့်မှာ (၇) ပေခန့် ရှိသည်။ အပေါ်ထိပ်ပိုင်းက မရှိတော့။

"ကဲ-ငါ့လူတို့ အလုပ်စကြစို့။ ငါက ခေါင်းရင်း အရှေ့ဘက်က ဖြိုမယ်၊ ရမ်းဖြိုးက တောင်ဘက်၊ အလမ္မာယ်-မင်းက မြောက်ဘက်ကယူ။ (၅)ပေ အမြင့်လောက်က စဖြိုမယ်ကွာ"

စပြီ။ ညဉ့်ကာလ၌ တဒုတ်ဒုတ် အသံတို့က စဉ်ဆက်မပြတ်။ ဂူ၏အပြင်အင်္ဂတေက လွန်စွာ မာကျောသော်လည်း အကြမ်းပတမ်းအလုပ်တို့နှင့်ကြီးပြင်းလာကြသူအတွက် စာမဖွဲ့လောက်ပါ။ မနားတမ်း တူးဖြိုပစ်ကြသည်။ လေအေးအေးကလေးက ဖေးမ ကူညီနေသယောင်။ နာရီဝက်ခန့်မှာပင် အတွင်းရှိ အလောင်းထားရာ သေတ္တာကို ထိခတ်လာ၏။ ဒေါက်တာပဲစေ့က အလမ္မာယ်ဘက်သွားကြည့်၍-

"တို့ ဒီအလောင်းကို အပြင်ဆွဲထုတ်ရမယ်။ အလောင်းရဲ့ခေါင်းရင်းအောက်ခြေ၊ လက်ဆန့်ထားရာအောက်ခြေ၊ ဒီနှစ်ခုကိုလည်း ထပ်တူးရမယ်"

"ကဲ-ဆွဲကြစို့ကွာ၊ အပြင်ရောက်ရင် သောက်ရင်း ခဏနားကြတာပေါ့"

ရမ်းဖြိုးက အကြံပေးရင်း အလောင်းကို ဆွဲထုတ်ကြတော့၏။

"ရမ်းဖြိုး- မင်းက သံတူးရွှင်းနဲ့ အလယ်က မ,တင်ပေး၊ ငါနဲ့ အလမ္မာယ်က ရှေ့ကဆွဲထုတ်မယ်"

သိပ်ခက်ခဲမှုမရှိတော့။ အပေါက်က ကျယ်သည်။ သေတ္တာက အတော်လေးနေသည်။ ဘေးမှာ သံခွေသံပြား

ကွပ်ထားသည်ကို တွေ့ရတော့သည်။ အပြင်ရောက်လာ၏။ ဒေါက်တာပဲစေ့က လုံးဝ မနားဘဲ သံတူးရွှင်းနှင့် အလောင်းကို ထိုးဖွင့်လိုက်သည်။ တျွန် နှစ်ယောက်က အရက်ပုလင်းဖွင့်တာမော့ကြရင်း ဘေးမှအကဲခတ်နေသည်။ အထဲမှာတော့ မထူး၊ လူရိုးပဲတွေ့သည်။ ဒေါက်တာပဲစေ့က သေတ္တာကို သွန်မှောက်၍ ခေါင်းရင်းရှိ ခေါင်းအုံးသဏ္ဌာန်သစ်သားပုံးကို ဆွဲဖြုတ်ပြီး ဓားနှင့်ခွဲစိတ်လိုက်သည့်အခါ-

"ချွင်..ချွင်..ကလင်"

"ဟာ-ရွှေဒင်္ဂါးတွေနဲ့ ကျောက်တွေပါလား"

အားလုံး မှင်တက်သွားကြသည်။ လရောင်မှာ ရတနာတို့က လွန့်လူး၍ တလက်လက်။

ဒေါက်တာပဲစေ့က ရမ်းဖြိုးဆီက ပုလင်းကိုယူမော့ကာ-

"ငါ့အဘိုး ပြောဖူးတာ ဒါတင်မကဘူး၊ ကွမ်းအစ်ကျန်သေးတယ်။ အခု ငါတို့ရတဲ့ ကျောက်တွေနဲ့တင် တစ်ယောက် နှစ်ဆယ်တော့ အသာလေးရယ်"

ကျောက်တွေက အနီလဲ့လဲ့တွေ။ မိုးကုတ်ပတ္တမြားဖြစ်လိမ့်မည်။ သူတို့ ပုလင်းမော့ရင်း အောင်မြင်မှု၏အရသာကို ခံစားနေကြသည်။ ထိုစဉ် သူတို့၏ ခေါင်းအထက်မှာ တစ်တီတူး ညဉ့်ငှက်၏အသံက တဝဲဝဲလည် ပျံသန်းအော်ဟစ်နေ၏။

"တစ်..တစ်..တစ်တီတူး"

"ဟာ-ဒီငှက်ယုတ်။ ရှုပ်တယ်ကွာ၊ ရှင်းပစ်စမ်း ရမ်းဖြိုး"

ရမ်းဖြိုးသည် လွယ်အိတ်ထဲက လေးခွကို ဆွဲထုတ်လိုက်သည်။ ငှက်ပစ်ရာတွင် ရမ်းဖြိုးလောက် သူတို့ လက်မတည့်ကြပါ။ ငှက်ဆိုးအသံက ထပ်ထပ်အော်နေဆဲ။ ရမ်းဖြိုး သေချာ ချိန်လိုက်ကာ-

"အေးပါ၊ မင်းက တစ်..တစ်လို့အော်တော့လည်း ငါက တစ်ချက်တည်းပစ်မှာ၊ စိတ်ချ"

ဟု ပြောပြီး တစ်တီတူးငှက် ပျံသန်းရာရှေ့သို့ အနည်းငယ်ကြိုတင်တာ ပစ်လွှတ်လိုက်သည်။ ရင်အုပ်ကိုထိတာ ချုံထဲသို့ ပြုတ်ကျသွားတော့သည်။

ပုလင်းတစ်လုံးကုန်လျှင်-

"ကဲ- စောစောက ငါပြောတဲ့နေရာကို ပြန်စကြစို့"

အားလုံး လက်နက်ကိုယ်စီကိုင်၍



www.burmeseclassic.com

www.burmeseclassic.com

စကြပြန်သည်။ မျှော်လင့်မှုက ပြည့်ဝနေ၍ ပိုမြန်သောအားက ရှိနေကြ၏။ အလောင်းတင်သော အောက်ခံအုတ်ခုံမို့ တူးဖို့ရတာမခက်။ အလမ္ပာယ် တာဝန်ယူသည်။ လက်ယာဘက် အပေါ် အုတ်တစ်ချပ်ခွာလိုက်သည်နှင့် ကွမ်းအစ်ကြီးကို တွေ့လာသည်။

အလမ္ပာယ်သည် ကွမ်းအစ်ကြီးကိုဆွဲထုတ်ယူလိုက်သည်။

"ရပြီဟေ့၊ ငါ့လူတို့"

ဟု ဝမ်းသာစွာ ကျိတ်အော်လိုက်တော့ ဒေါက်တာပဲစေ့ကပါ အားကျမခံ-

"ငါလည်း ဖြုတ်ယူပြီးပြီဟေ့၊ နားစို့"

လို့ အော်သံကြောင့် ချွေးတွေသုတ်ကာ သူတို့သုံးဦးစလုံး လက်နက်တွေ ပစ်ချလိုက်ကြသည်။ ဒေါက်တာပဲစေ့လက်ဝယ် မောင်းကြီးဆွဲလျက်-

"ဒီမောင်းက နှယ်နှယ်ရရ မဟုတ်ဘူးကွ၊ အင်္ဂလိပ်ကိုလိုနီခေတ်မှာ သူကြီးမင်း ဦးခိုင်မာ ပိုင်ဆိုင်ခဲ့တဲ့မောင်း။ မောင်းထုရင် အားလုံးလာကြရတယ်။ သူကြီးမင်းရဲ့တန်ခိုးအာဏာကို ဒီမောင်းကြီးကပါ ပံ့ပိုးခဲ့တယ် ဆိုပါတော့။ သူမသေမီ မောင်းသစ်တစ်ခု သွန်းလောင်းသုံးရင်း ဒါကြီးကိုတော့ သူကြီးက နောင်ဘဝယူသွားတာနေမယ်။ ဟေဟေ့- ခုတော့ တို့သူငယ်ချင်းသုံးဦးအတွက်ပေါ့ကွာ"

ဝမ်းသာအားရ ရယ်မောနိုင်ကြပေပြီ။ ကွမ်းအစ်ကလည်း ငွေသားအစစ်။ သူကြီးမင်းကား သူတို့ကို မ, စ စောင့်ရှောက်ပုံရ၏။ အန္တရာယ် နတ္ထိ၊ သူတို့ တစ်ယောက်တစ်ခါ လက်ကျန်ပုလင်းအား အေးဆေးစွာ မော့လိုက်ကြသည်။ နာရီကိုကြည့်လိုက်တော့ (၁)နာရီတိတိ။ ကွမ်းအစ်၏အောက်ဆုံးအံမှာလည်း ရွှေဒင်္ဂါး တချို့နှင့်။

"သူငယ်ချင်းတို့၊ ဆက်ခရီးနှင်ကြစို့ရဲ့။ မိုးမလင်းခင် ချောင်းမြစ်ကြင်းရွာထိပ်ရောက်မှ ဖြစ်မယ်ကွ။ တို့ရွာရဲ့အရှေ့ဘက် လူရှင်းတဲ့တောစပ်က ဖြတ်သွားရမှာ"

"ဟားဟား- အခုတော့လည်း အလမ္ပာယ်တို့ ဘော့စ်ဖြစ်ပြီကိုး"

"ကဲ-ရမ်းဖြိုး၊ မင်းကအားကောင်းတယ်။ မောင်းကိုလွယ်ခဲ့ကွာ"

ရမ်းဖြိုးက မောင်းကြီးကို နောက်ကျော၌ သိုင်းလွယ်ရင်း သူတို့အလယ်က လျှောက်လိုက်သည်။ ခြေတို့က ပေါ့သွက်နေသည်။ စိုက်ခင်းတွေထဲမှာဖြတ်နင်းပြီး ဆက်သွားမြဲသွားကြသည်။

"သူကြီးမင်းရေ၊ ခင်ဗျားရဲ့မောင်းကြီးကို ကျုပ်ဖြောင်သွားပြီဗျို့။ အာဏာပြတဲ့အနေနဲ့ မောင်းထုပါဦးလား"

ဟု ရမ်းဖြိုးက နောက်ပြောင်ပြောလိုက်သည်။ ရှေ့မှ ငိုက်စိုက် ငိုက်စိုက်နှင့် အသော့နှင်နေသော အလမ္ပာယ်ကလည်း -

"မှန်ပါ့ကွာ၊ သူကြီးမင်း အရိုးစုတော့ နွေညအလယ်မှာ လေညင်းခံနေရစ်ပေါ့။ အာဏာနဲ့ချမ်းသာမှုက တို့ဆီပါလာခဲ့ကြပြီ"

ရွာထဲမှ ဘာသံမှပင် မထွက်။ ညဉ့်ကတော့ တာဝန်ကျေစွာ ထမ်းရွက်ကောင်းမြဲ။ ရွာလယ်တောင်ကျောင်း အရှေ့ဘက် လယ်ကွင်းနား နီးလာသည်။ နာရီဝက်ခန့် သွားလိုက်လျှင် ဦးမောင်လေးကုန်းစပ်သို့ရောက်ပြီး ပစ္စည်းတွေကို ကောက်ရိုးပုံဘေးမှာ သိုဝှက်ထားဖို့ အသင့်ကြံထားပြီးသား။ သည်ည လူစုခွဲ၍ နောက်တစ်ညဉ့် ဒေါက်တာပဲစေ့က ရွှေဘိုသို့ လှည်းနှင့်လစ်ပြီး သွားဖြောင်ရုံ။ ရွှေနှင့်ကျောက်မျက်ရတနာတွေကိုတော့ နောက်မှခွဲဝေယူကြမည်။ လယ်ကွင်းထဲဖြတ်ခဲ့၍ ရှေ့မှာ သစ်ချိုပင်ကြီးက အုပ်ဆိုင်းဆိုင်း၊ သစ်ချုံတွေကပါ ရှုပ်နေသည်။ သူတို့လာခဲ့သမျှ အမိုက်မှောင်ဆုံးနှင့် အရှုပ်ထွေးဆုံးနေရာဖြစ်မည်။

"ဟေ့ကောင်တွေ- ရပ်စမ်း"

အသံစူးစူးကြီးက ပဲ့တင်ထပ်သွားသည်။ ပြီးနောက် လက်နှိပ်ဓာတ်မီးရောင်တွေက လူသုံးဦးထံ ပြုံထိုးဆင်းလို့။ ခြေသံတွေက အများကြီး။

ဒေါက်တာပဲစေ့ အပါအဝင် သုံးယောက်စလုံး လှုပ်ရှားချိန်ပင် မရလိုက်။ တူညီစွာစိတ်ထဲမှာ ဟိုကောင် ဂျက်ရှူးသစ္စာဖောက်ပြီဟု အခဲမကျေ ဒေါသမျက်နှာများနှင့်-

"ဟင်းဟင်း- ရွာ့ချဉ်ဖတ် သုံးကောင်ကိုးကွ။ အိပ်ပျက်ခံစောင့်လိုက်ရတာကွာ။ ဟိုကောင့်ဆီမှာ မောင်းကြီးနဲ့။ မောင်ညို၊ သူတို့ဆီကပစ္စည်းတွေ သိမ်းစမ်း"

"တောဝါစေတီဘက်ကလာတာဆိုတော့ ဒီကောင်တွေ ဂူဖောက်ခိုးခဲ့တာဖြစ်မယ်"

ရွာထဲရှိ လူလတ်၊ လူကြီး (၃၀) ကျော်ခန့် ရှိလိမ့်မည်။ ဒေါက်တာပဲစေ့၏ဦးလေးချစ်ခိုင်လည်း ပါသည်။ သူ့ကို မျက်ထောင့်နီကြီးနှင့် ကြည့်ကာ-

"အစ်ကိုကတော့ မင်းအလိုကျထားခဲ့တယ်၊ ခုတော့ ခွေးထက်ပိုမိုက်ပြီကိုးကွ၊ ကဲ- မိုက်ချင်ဦး"

ပဲစေ့၏ကုပ်ပိုးသို့ လက်ကြမ်းကြီးနှင့် အုပ်ပါတော့သည်။

"တော်တော့ ချစ်ခိုင်၊ သူတို့ထိုက်နဲ့သူတို့ကံပဲ။ အိမ်ထမင်းဟင်း မစားချင်တော့လည်း နိုင်ငံတော်ကကျွေးမယ့်အကျဉ်းထောင်မှာ ဧည့်သည်အဖြစ် နေကြဦးပေါ့"

"အံ့ပါရဲ့ ဦးကြီးရာ၊ ခိုးရင်လည်း အေးအေးဆေးဆေး မခိုးကြဘူး။ အခုတော့ ဒီကောင်တွေက တစ်ရွာလုံးနိုးလာအောင် မောင်းကြီး တဒူဒူထုပြီး ကျုပ်တို့ကို ဂရုမစိုက်သလို၊ လုပ်ပေါက်တ"

"အောင်မြင့်ရယ်၊ သူတို့က နာမည်ကြီးချင်လို့ မောင်းထုသံပေး ခိုးကြတာနေမှာ"

တစ်ယောက်တစ်မျိုး ပြောကြအုပ်ကြနှင့် ပဲစေ့၏မျက်နှာက တကယ့်ပဲစေ့လောက်သာရှိတော့သည်။ မောင်းထုသံတဲ့၊ အံ့ဩစရာပင်။ လူကြီးတွေပြောသမျှ သူတို့ ဘာကိုနားလည်ရမှာပါလိမ့်။ မောင်းထုတာက မည်သူနည်း။ သူတို့လည်း လုံးဝ မထုကြ။

အလမ္ပာယ် မနေနိုင်တော့-

"ကျုပ်တို့ လုံးဝမောင်းမထုဘူးဗျ"

"လိမ်မယ်ဆိုရင် ပိရိအောင်လိမ်စမ်း အလမ္ပာယ်၊ တစ်ရွာလုံး တစ်နာရီကျော်ကျော်ကတည်းကစပြီး အားလုံးကြားနေရတာပဲ။ အစတော့ မောင်းသံတိုးတိုးနဲ့ ရှားလွှင်ရွာဘက်က တီးတယ်လို့ ထင်ကြပေမယ့် သေချာနားထောင်လိုက်မှ တို့ရွာအရှေ့ဘက် စည်းရိုးအစပ်ကနေ ဆက်တိုက် တဒူဒူထုသွားကြတာများ မြေတောင်တုန်ဟည်းမတတ်ဘဲ။ ဒါ့ကြောင့် ရွာသားတွေစုပြီး ရွာလယ်ကျောင်းဝင်းထဲကနေ သည်မှာ စုဆုံဖမ်းတာဟေ့၊ နားလည်လား"

"တော်လောက်ပြီဟေ့။ အဲဒီ သုံးကောင်ကို ချုပ်ပြီး လူကြီးအိမ်ပို့ထားလိုက်ကြ၊ မိုးလင်းမှ လုပ်စရာရှိတာတွေ ဆက်လုပ်ကြတာပေါ့၊ သွားကြစို့"

လရောင်ကွယ်နေသည်။ လမ်းတမဟုတ်တော့ ဆူး ခလုတ်နှင့် ပြည့်နေသည်။ ဝဲ, ယာမှ လူတွေလက်၌ လက်နှိပ်ဓာတ်မီးရောင်အောက် အားကိုးသွားရသည်။ တက်ကြွသောခြေတို့သည် ဆုတ်နစ်ပျော့ခွေကုန်၏။ ခေါင်းကြီးတွေညွှတ်ကိုင်းကျပြီး မြေကြီးထိုးတတ်၊



www.burmeseclassic.com

www.burmeseclassic.com

ခါတ်လည်း အရည်ပျော်ကာ ပပ်အက်တွေအကြား စီးဝင်သွားလေ ရ်ရှ၊ သူတော့ သစ္စာမဖောက်မှန်း တွေပြောစကားကြောင့် သိခွင့်ရတြ၏။ ပန်းဝင်လုဝင်ခင်မှ ခြေထိုး မှောက်လျက်လဲခဲ့ရပေ့။

မောင်း။ မောင်းသံ။ သူတို့မထုခဲ့ ရွာထဲကလည်းမထုခဲ့။ သံညည၏ ငင်းသံပဟေဠိကား သူတို့ ရွာစဉ်ရွာ ခေတ်အဆက်ဆက် ပြောကြ၊ ဝေဖန်ကြမည့် ဇာတ်လမ်းတစ်ပုဒ် ပေတော့မည်။

(၄)

ပေါက်ပွင့်တို့သည် တဖြုတ်ဖြုတ် ၍ မြေပြင်အား ကော်ဇောခင်းနေ ည်၊ တဝီဝီနှင့် ပျားကောင်ငယ်တို့က ရက်ပွင့်ဖူးများကြား လှမ်းသလားနေ သည်။ အညာနွေသည် အငြိုးကြီးစွာ သည်နှစ်မှ ပိုပူပြနေသကဲ့သို့ ရှိ ည်၊ ဆယ်နာရီခန့်ပင် ရှိသေးပေမယ့် ဝခင်း၊ ပဲစင်းငုံငုတ်တိုတွေအထက်၌ လှုပ်တို့က တရိပ်ရိပ်လွင့်တက်နေ၏။ ပဒေသာ သစ်ပင်တွေက နေရာ နွေနေကို အန်တုရင်ဆိုင်ကောင်း ထွန်းလူ သရက်ပင်အောက် ပ်ပျစ်ထက်၌ ထန်းရည်တစ်အိုးနှင့် င်တာ သူငယ်ချင်းများကို သတိရ တနေမိသည်။ 31 Jan1990 မှာ တို့ အဖမ်းခံခဲ့ရပြီး ယခု March လမှာ ရောက်နေသဖြင့် တစ်လ ရှိခဲ့လေပြီ။ ထွန်းလူ စိတ်မကောင်းနိုင်ခဲ့။ သူတို့၏ အမှားအမိုက်သတင်းက တစ်နယ်လုံး တွေ၏ပါးစပ်၌ အကောင်းဆုံးသီချင်း စ်ပုဒ်နှယ် ဆိုကြ ပြောနေကြသည်။ ကျတော့ ထွန်းလူကိုပါ ထည့်သွင်း ပ်ချကြသတဲ့။

သူငယ်ချင်းတွေ ကိစ္စကြီးဖြစ်ပြီး နောက်ရက်များ၌ မိဘတွေ၊ ဆွေမျိုး တွေက ထွန်းလူထံ တဖွဲဖွဲရောက်လာကြ ၏။ ဆုံးမသူ၊ စူးစမ်းသူ၊ အထင်သေးသူ ရောင်တွေစုံလင်နေ၏။ ရွာထဲများ စ်ရက်လောက်နေမိလျှင် ထွန်းလူပါ ငယ်ချင်းတွေအထံ ရောက်သွားနိုင် ည်၊ တစ်ခုတော့- ဖြေသာပါသည်။ ာဝါစေတီနှင့် ဂူပြာသာဒ်ကို သူငယ် င်းတွေထံမှရရှိသည့်ပစ္စည်းတွေ ထုခွဲ အသစ် ပြန်လည်မွမ်းမံ ပြင်ဆင်ကြ ည်၊ ရောင်တော်ဖွင့်ကြသည်။ ယခု ည်း ပြုပြင်နေဆဲပင်။ ထွန်းလူ မသွား ။ အိမ်ကတော့ ကုသိုလ်သွားယူခဲ့ ည်ဟု ဆိုသည်။

မနေ့က မိစိုး မှာသွားသည်။ ရှားလွင်ရွာကို ရှင်ပြုအလှူပွဲ သွားစရာရှိသည်၊ အပြန် အစ်ကိုအတွက် ပစ္စည်းတစ်ခုပါယူလာခဲ့မည်ဟု ပြောခဲ့သည်။ ဒီကောင်မလေးက အပျိုဖြစ်နေသော်လည်း တစ်ခါတလေ ကလေးစိတ်မကုန်ချင်သေး။ နေပူထဲတွင် အပင်ပန်းခံမနေစေချင်သဖြင့် အိမ်မှာ အပ်ချုပ်စက်ဝယ်ပေးထားပြီး အဝတ်အထည်ချုပ်ခိုင်းထား၏။ အပ်ထည်တွေရလာ၍ မိစိုးအတော်အတန်စုမိနေသည်။ ရွှေဘိုသို့ ဈေးဝယ်သွားလျှင်လည်း အစ်ကို့အတွက် တစ်ခုခုတော့ဝယ်လာလေ့ရှိသည်။ ညီမတွေကို တောင်သူအလုပ်မှာ ပေးမလုပ်ချင်။ မိစိုး ဘာလက်ဆောင်ပစ္စည်းဝယ်လာခဲ့သည်ကို ထွန်းလူ စိတ်မဝင်စားပါ။ ပွဲလမ်းသဘင် မသွားတော့၍ အဝတ်အထည် ဆန်းဆန်းပြားပြားတွေလည်း မလိုအပ်တော့ပါ။

အနောက်ဘက် စည်းရိုးအစပ်နားမှ မိန်းမသံတွေ သဲ့သဲ့ကြားရသည်။ မိစိုးတို့ ဖြစ်မည်။ ကွပ်ပျစ်အောက် ဝပ်နေသောခွေးလေးကောင်တို့ အသံကြားရာဆီ ထွက်ပြေးသွား၏။ မိစိုးလာလျှင် အစာတစ်ခုခုကျွေးနေကျမို့ သိနေသည်။ ရှေ့ဆုံးက မိစိုး၊ ညီမသေးက ဘယ်သူမှန်းမသိရသေး။ မိန်းမကြီးတစ်ဦးလည်း ပါလာသည်။ ထန်းရည်အိုးကို ကွပ်ပျစ်အောက် ထန်းလက်ခြောက်နှင့် ဖုံးထားလိုက်သည်။ နေပူကျဲကျဲထဲ၌ တံလျှပ်ကပါ အမြင်အား ဝေဝါးသွားစေ၏။

ထွန်းလူ သရက်ပင်အောက်မှ ထွက်ရပ်၍ လက်မြှောက်ပြ ကြိုလိုက်သည်။ မိစိုးက ပြန်လက်ပြ၏။ သူ့ဘေးက. . . အလို- အေးမြပါလား။ ထွန်းလူ ချစ်ခဲ့၊ နစ်ခဲ့ရသော အေးမြ။ နောက်က အေးမြ၏အဒေါ် ဝိုင်းကြည်။ ရန်သူတော်မကြီး၊ ဟုတ်သည်။ ထွန်းလူ သွေးများ ဆူဝေ ပွက်ထလာသည်။

အေးမြမိဘတွေထက် သည်မိန်းမကြီးက ဆိုးသည်၊ စွာသည်။ ထွန်းလူ အေးမြအား ချစ်နေသည်ကိုသိတော့ စောင်းချိတ်ပြော၏။ ဆဲ၏။ မတူမတန်စွာ ကဲ့ရဲ့၏။ ထွန်းလူ မမှုခဲ့။ အေးမြကလည်း မကြွေ၏သို့, ကြွေ၏သို့မို့ တစ်ညဗီဒီယိုကြည့်အပြန် ထွန်းလူ အေးမြကို အချစ်စိတ်တက်၍ ပွဲကြမ်းကာ တားဆီးပြီး ဇွတ်ကြီး အဖြေတောင်းခဲ့၏။ မပေး။ မူးမူးနှင့် ရူးမိုက်စိတ်ဝင်လျက် အေးမြကို လက်ဆွဲ, ပွေ့ဖက်မည်အလုပ်၊ ရန်သူတော်မကြီး ရောက်လာ၏။ ဆဲဆိုသံတို့ ညံသွားရင်း နောက်နေ့နံနက်မှာတော့ ရွာလူကြီးအိမ်မှာ တိုင်ကြားထားသတဲ့။ ရှင်းခဲ့သည်၊ ဝန်ခံခဲ့ရသည်။ ရွာဓလေ့အရ ငွေငါးဆယ်ကျပ် လျော်ခဲ့ရသည်။

"နေကဖြင့် ပူချက်အော"

"အစ်ကို၊ စားစရာရှိရင် သွားယူလေ"

ထွန်းလူ အာစေးထည့်ထားသလိုဖြစ်နေသည်။ သူတို့က ကွပ်ပျစ်ထက်၌ ခြေထောက်ဖွဲလောင်းချထိုင်ရင်း စိုက်ခင်းဘက် ကြည့်နေကြသည်။ အပြစ်ရှိသော ရာဇဝင်သားပမာ ထွန်းလူ ညီမ မိစိုးကိုပင် ရဲရဲမကြည့်ဝံ့။ သဘော်သီးမှည့်အား ခွဲစိတ်ပြီး ပန်းကန်ပြားတွင် ထည့်၍ မိစိုးကိုပေးလိုက်၏။ သူတို့နှင့် မနီးမဝေးမှာ ဝင်ထိုင်လိုက်သည်။ မျက်နှာကို နောက်လှည့်ပစ်ချင်စိတ်ပေါက်နေသည်။

"မောင်ထွန်းလူ တော်တော်ကြိုးစားထားတာကိုးကွယ့်။ သီးနှံတွေက နေရာအပြည့်ပါလား။ ခုလို သားကောင်းလိမ္မာဖြစ်တော့ မိဘတွေ မွေးရကျိုးနပ်တာပေါ့ကွယ်"

"ဒါတွေက အစ်ကိုတစ်ယောက်တည်း လုပ်တာပေါ့ ကြီးတော်ဝိုင်းရဲ့၊ ဆောင်းမြေပဲနှစ်ခင်းက မြေပဲတင်းတစ်ရာကျော်၊ ပဲစင်းငုံလည်း သူများအောက် မလျော့ဘူး"

မိစိုးနှင့်ပြောပါစေတော့။ ထွန်းလူ ဝင်မဟချင်။ နှံ့သာရောင်ဝတ်စုံကလေးနှင့်အေးမြမှာလည်း နှုတ်ဆိတ်နေသည်။ ထွန်းလူ ခိုးကြည့်သည်။ မျက်လုံးက သတ္တိမရှိပါ။ ဒေါ်ဝိုင်းကြည်ကြီးကဖြင့် သူ့ဝစီအတိုင်း ထွန်းလူကိုကြည့်၍ အာပေါက်မတတ်ပြောနေသည်၊ တစ်လုံးမျှ နားထဲမရောက်ခဲ့။ စကားသံ အနိမ့်အမြင့်သည် တစ်မူခြားနေမှန်းတော့သိ၏။

"စကားတော့ကောင်းပါရဲ့၊ သီးစုံဟင်းလေးချက်စားချင်နေတာကွယ့်၊ ကြို့တုန်းခူးသွားဦးမယ်။ အေးမြ နင် နေရစ်ခဲ့။ လာ- မိစိုး"

"ဟုတ်"

ဆိုပြီး မိစိုးက အစ်ကို့နားတွင် ကပ်၍ တိုးတိုးလေး 'လက်ဆောင်ထားခဲ့ပြီနော် အစ်ကို' ဟုပြောကာ ဒေါ်ဝိုင်းကြည်နောက်သို့ ပြေးလိုက်သွားသည်။ အေးမြကဖြင့် သူတို့မောင်နှမအဖြစ်ကို မသိလေဟန်နှင့် သဘော်သီးမှည့်အစိတ်တစ်ခုယူစားရင်း မိစိုးတို့ဘက်ကြည့်နေသည်။ ထွန်းလူရင်ထဲ၌ သိုင်း[illegible] နေပြီ။ စကားတွေက ရော်ရွတ်နှင့်အတူ ပျောက်လွင့်သွားသည်။ အေးမြ၏ [illegible] အစုံက ပို၍ လှုပ်ခတ် [illegible]



www.burmeseclassic.com

www.burmeseclassic.com

"ထွန်းလူ၊ နင် စကားမပြောတတ်တော့ဘူးလားဟင်"

"ငါက အပြစ်ကျူးလွန်ထားတဲ့လူပါ။ ထပ်မှားမိရင် ရမ်းဖြိုးတို့ဆီ လိုက်သွားရမှာစိုးလို့ပါ အေးမြ"

အေးမြ သူ့ထံသို့ စောင်းငဲ့ကြည့်နေသည်။ ထွန်းလူ ရဲရဲပြန်မကြည့်နိုင်။

"သူတို့သုံးဦးဖမ်းခံရတယ် ကြားတော့ ငါစိတ်မကောင်းဘူး ထွန်းလူ။ ဒါပေမယ့် နင်မပါဘူးလည်းကြားရလို့ ငါဝမ်းသာပါတယ်။ နင်က အရင်ထွန်းလူ မဟုတ်ဘူး၊ ရိုးသားကြိုးစားတဲ့ ထွန်းလူ ဖြစ်နေလို့ ငါပျော်မိတယ်. . သိလား"

"အိမ်မှာ ငါ အကြီးဆုံးဆိုတော့ လိမ္မာမှဖြစ်မှာ"

"နောက်တစ်ပတ်နေရင် ရွာထဲက ကိုဖိုးအေး+ မဘေဘီတို့ရဲ့ရှင်ပြုမင်္ဂလာပွဲရှိတယ်။ နင်တို့အမျိုးပဲ၊ လာခဲ့ပါလားဟင်"

ထွန်းလူ စွန့်စားရပေတော့မည်။ ဂျက်ရှူးဗီဇကိုသွင်း၍ စကားသိုင်းကွက်ဆင်လိုက်သည်။

"မလာဝံ့ဘူးဟာ၊ နင်ပေးခဲ့တဲ့ ဝေဒနာတွေက ခုမှ အနည်ထိုင်ခါစရှိသေးတယ်"

အပြုံးတစ်ချက် လက်သွားသည်။ ထိုင်ရာမှထကာ ဦးထုပ်ကိုဆောင်းရင်း-

"ဆန့်ကျင်ဘက် ဝေဒနာအသစ်တစ်မျိုး ထည့်ပေးမယ်လေ"

"ဘာလဲ"

"စဉ်းစားကြည့်ပေါ့"

ထွန်းလူ ရေးတေးတေး သိ၏။ မသဲကွဲ။ သူပါရောထပြီး မိစိုးတို့ဆီ လျှောက်ခဲ့၏။ အေးမြက နောက်ပြန်ငဲ့၍-

"အလှူပွဲမင်္ဂလာပ်ဝင်တဲ့နေ့ အမီလာခဲ့နော်၊ နင်ပျော်မှာပါ"

"ငါ့ကို ပျော်ရွှင်အောင်လုပ်နိုင်တာက နင်တစ်ယောက်တည်း ရှိတာပါ အေးမြရယ်"

ထွန်းလူ မိစိုးတို့ကို စည်းရိုးနားထိ လိုက်ပို့မိသည်။ ဖိနပ်မစီးမိခဲ့၊ ခေါင်းဆောင်းကလည်း မပါ။ နွေနေက (၂) နာရီခန့်မို့ ရှိသမျှအပူတွေ အပေါ်စီးမှ ကြဲချနေသည်။ ထွန်းလူကို အပူမထိစေနိုင်တော့။ အေးမြ စကားသံ အအေးလှိုင်းကြောင့် သူ့ရင်က အေးမြချမ်းသာနေပါတော့သည်။

နေဝိဇ္ဇာ

# ကလေးသူငယ်များ သူငယ်နာဖြစ်ခဲ့သော်

ကျွန်တော့်ဇနီး မဒမ်ကျော်စိုး (မေမာလာ) ရဲ့အစ်မက မေခွာညိုလို့ ခေါ်ပါတယ်။ အဲဒီ မေခွာညိုက ကိုအုန်းဖေခေါ် အားခဲနဲ့ အိမ်ထောင်ကျပါတယ်။ မိုးကုတ်မြို့မှာ 'အားခဲ' လို့ပဲ ခေါ်ကြပါတယ်။

အားခဲ ဆိုတာ တရုတ်နာမည်ပါ။ လီဆူတရုတ်သွေးပါသူ ဖြစ်တာကြောင့် ကိုအုန်းဖေဟာ တရုတ်ဆေးနည်းတွေ တီးမိခေါက်မိ ရှိပါတယ်။

လူမျိုးတိုင်းမှာ ရိုးရာဆေးပညာဆိုတာရှိပြီးသားပါ။ အဲဒီ တိုင်းရင်းဆေးပညာများနဲ့သာ အစဉ်အလာအားဖြင့် မိမိတို့မျိုးရိုးမျိုးဆက်ကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတာပါ။ ခေတ်မီဆေးဝါးတွေပေါ်ခဲ့တယ်ဆိုတာ ကာလအားဖြင့် မကြာသေးပါဘူး။

ရှည်လျားလှတဲ့ လူ့သမိုင်းကို စောင့်ရှောက်ထိန်းသိမ်းခဲ့ရာမှာ လူမျိုးနွယ်စုတိုင်းရဲ့ တိုင်းရင်းရိုးရာဆေးပညာဟာလည်း ကျန်းမာရေးကဏ္ဍအနေနဲ့ ပါဝင်ခဲ့တယ်ဆိုတာ ငြင်းပယ်လို့မရပါဘူး။

ယခုခေတ်ထိတိုင် တိုင်းရင်းဆေးပညာတွေဟာ ထိပ်တန်းမှာ နေရာမရတော့ပေမယ့်၊ တစ်-နေရာ မရသည့်တိုင် နှစ်-နေရာမှာတော့ ရှိနေဆဲပါပဲ။

သိပ္ပံနည်းနဲ့ကုလို့မရနိုင်တဲ့ ဝေဒနာကို တိုင်းရင်းနည်းနဲ့ အလွယ်တကူ ကုသနိုင်တာတွေ အများအပြားရှိနေဆဲပါ။ ဒါကို တင်ပြချင်တာပါ။ ကိုအုန်းဖေနဲ့ မမေခွာညိုတို့မှာ နွေလင်းကို၊ ကျော်သီဟ၊ မေသီရိ ဆိုပြီး ရင်သွေးရတနာတွေ ဆက်တိုက်မွေးပါတယ်။ အဲဒီမှာ တတိယမြောက်ကလေးဖြစ်တဲ့ မေသီရိဟာ သူငယ်နာဖြစ်တော့တာပါပဲ။

မေခွာညိုက စတုတ္ထမြောက်မွေးပြီး မအားမလပ်ဖြစ်နေချိန်မှာ မေသီရိဟာ တငိုငိုနဲ့ မိခင်နားက မခွာအောင် ရှိနေပါတယ်။ တပိန်ပိန် တလိမ်လိမ်နဲ့ပါ။

ကိုအုန်းဖေက ကျောက်သွေးဆရာကြီးလည်းဖြစ်၊ ကျောက်ကုန်သည်လည်းဖြစ်တော့ကာ ငွေကြေးချမ်းသာကြွယ်ဝသူ ဖြစ်ပါတယ်။ အဲဒါကြောင့် မေသီရိကို ငွေကုန်ကြေးကျခံပြီး ကုပါတယ်။ အစားလည်း ကောင်းကောင်းမစားဘဲ အမြဲတမ်းလိုလို ငိုယိုနေတာမြင်ရတာပါပဲ။ အဲဒီတုန်းက မိုးကုတ်မှာ အလွန် နာမည်ကြီးတဲ့ ဆရာဝန်ကြီးဆီအထိ ရောက်ပါတယ်။ ပတ်ဝန်းကျင်ကတောင် ဒီကလေး လူမှဖြစ်ပါတော့မလားလို့ ပြောကုန်ကြပါပြီ။

အနာနဲ့ဆေးဆိုတာ ချက်မတည့်ရင် အဲဒီလို လွဲချော်နေတတ်တာ ထုံးစံပါပဲ။ မေသီရိနဲ့ သူငယ်နာရောဂါဟာ သိပ္ပံနည်းနဲ့ရော ဗိန္ဓောနည်းနဲ့ပါ ကုလို့မရတော့တဲ့အဆုံးမှာ သူ သိထားတဲ့ တရုတ် သူငယ်နာကုနည်းနဲ့ကုဖို့ ကြွက်ထောင်ချောက် ဝယ်ရပါတယ်။

မိုးကုတ်ဆိုတာ လယ်မရှိတဲ့နေရာဆိုတော့ ရွှေဘိုဘက်မှာလို လယ်ကြွက်တွေဘာတွေ မရှိပါဘူး။ ရှိတာက မြေကြွက်နဲ့ အိမ်ကြွက်ပဲ ရှိပါတယ်။

မြေကြွက် ဆိုတာလည်း အမှိုက်သရိုက်ပေါတဲ့နေရာတွေ၊ ဈေး၊ အိမ်သာဝန်းကျင်တွေမှာသာ ကျက်စားတာမို့ အလုမ်းဝေးလှပါတယ်။ ကြွက်ရဖို့သာ လိုရင်းဆိုတော့ အိမ်ကြွက်ပဲ ထောင်ဖမ်းလိုက်ပါတယ်။

ကြွက်ရပြီဆိုတာနဲ့ ကြွက်ကို အရေခွဲဆုတ်ပြီး အူ၊ အသည်း နုတ်ရပါတယ်။ ပြီးမှ ရေဆေးပြီး ရှိန်းခိုရယ်၊ ဆားအသင့်အတင့်ရယ် ဆည့်နယ်ပြီး မီးကင်ပါတယ်။

ကျက်တာနဲ့ ရှိန်းခိုနံ့ ပျောက်ပြီး မွှေးလာပါတော့တယ်။ အဲဒီ ကြွက်ကင်ကို မေသီရိကိုကျွေးပါတယ်။ ဒါက တရုတ်တွေရဲ့ အစားအစာနဲ့ သူငယ်နာကုတဲ့နည်းပါ။

အဲဒီ ကြွက်ကင်စားပြီးတဲ့နောက်မှာတော့ မေသီရိဟာ ရောဂါစင်ပြီးဝဖြိုးလာပါတယ်။ အဲဒီကစပြီး ကျန်းမာလာတော့တာပါပဲ၊ ဒါက ကျွန်တော့်မျက်စိအောက်မှာ မြင်ခဲ့ရတာပါ။

ခုဆို မေသီရိဟာ (၃၀) ကျော်အရွယ်ကိုရောက်နေပြီး သမီးဦး မစီလင့်တောင် အပျိုရွယ်ရောက်နေပါပြီ။ ၂၀၁၂ စာသင်နှစ်မှာ (၁၀)တန်း အောင်မြင်ပါတယ်။

သူငယ်နာဖြစ်တဲ့အခါ မြန်မာသူငယ်နာဆေးတွေ စွမ်းကြပါတယ်။ အကယ်၍ အနာနဲ့ဆေး မတိုးခဲ့ပါသော် အားခဲခေါ် ကိုအုန်းဖေရဲ့ဆေးနည်းနဲ့ ကုကြည့်ကြပါလို့ တိုက်တွန်းပါရစေ။

ချမ်းမြေ့ကြပါစေ



www.burmeseclassic.com

www.burmeseclassic.com

## ခုနှစ်ရက်သားသမီးတို့အဖို့

# အိမ်ထောင်ဖက်ကိန်းရွေးနည်း

**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

မြန်မာလူမျိုးတို့ထုံးစံ ဝါတွင်းကာလလွန်မြောက် သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလရောက်ပြီဆိုလျှင် ဘာညာတွေ၊ အာဝါဟ ဝိဝါဟ လူပျို၊ အပျို၊ လူငယ်တို့ဘာဝမင်္ဂလာကိစ္စများအတွက်၊ လူငယ်အချင်းချင်းကလည်း တူနှစ်ကိုယ်အကြောင်းဆက် ပေါင်းဖက်ဖို့ ကောင်း၊ မကောင်း၊ သင့်၊ မသင့် ချင့်ချင့်ချိန်ချိန်နှင့်လာရောက်ကြတော့သည်။ ဟိုဘက်၊ သည်ဘက် နှစ်ဖက်မိဘများကလည်း သားသမီးဇော အားကြီးမောပြီး မိဘမေတ္တာ ယိုစီးကာဖြင့် မိမိတို့၏ရင်သွေးသည်းချာ ရတနာများအတွက် ကြင်စက်သက်နှံ ရာသက်ပန်လက်တွဲ မြဲ၊ မမြဲ ခိုင်,မခိုင်၊ မယိမ်းယိုင်အောင် လာရောက်ပြီး တွက်ချက် မြန်မာတို့ဓလေ့ထုံးစံမပျက် ဗေဒပညာရှင်များထံ လာရောက် မေးမြန်းဆောင်ရွက်ကြရတော့သည်။

တရုတ်လူမျိုးတို့ကတော့ များသောအားဖြင့် ဘုံကျောင်းသွား၍ စာချေးတိုး။

ယခု ရေးသား ဖော်ပြသောနည်းမှာ ရှေးမြန်မာပညာရှင်ကြီးများ၏လွယ်ကူသော (၇) ရက်သားသမီးတို့အတွက် အိမ်ထောင်ဖက်ကိန်းရွေးနည်း ဖြစ်ပါသည်။

'အိမ်ထောင်ဖက်မည် မြန္တတ်ရည်ချိုလေးရယ်၊ မေးလာခဲ့သည်၊ နံနှစ်မည် တည်ပါတော့ထင်ရှား၊ မြှောက်ပြားပဥ္စနှင့် စားသတ္တာ၊ အိမ်ထောင်ဖက်ကိန်း ထိမ်းတော့မမှား'

(ထိမ်းမြားပါတော့ မမှားပါ။)

သောကြာသားနှင့် ဗုဒ္ဓဟူးသမီး ၁ကြွင်း၍ အိမ်ထောင်ဖက်လျှင်-

*'အချစ်တူ ဟူသမျှ ချမ်းမြေ့လှပါ'*

(၁) အကြွင်းတဲ့ ဧကော (၁ကြွင်းလျှင်) အချစ်တူ ဟူသမျှ ချမ်းမြေ့လှပါ။

(၂) ဒွေးကြွင်းရာ (၂ကြွင်းလျှင်) ချမ်းသာတဲ့စီးပွား၊ မတည်မကြည်နှင့် ပျက်တတ်သည်၊ သေချာပြောမယ် ဟောတော့မမှား။

(၃) တြိန်းတဲ့သေသာ (သုံးကြွင်းလျှင်) အိမ်ထောင်မှာ လွန်စည်ကား၊ စီးပွားတက်ပါ။

(၄) ဇယမှာကြုံလာမူကား (လေးကြွင်းသော်) အဖျားအနာနှင့် ဥပဒ်သာ လာမည့်ကြိန်းမှာ တိမ်းတော့မမှား။

(၅) ငါးခုတဲ့ ကြွင်းသေသာ (၅ကြွင်းသော်) နေရွှေ, ငွေ ပေါမယ်၊ ဇောတိကပါ။

(၆) ဆသေသာ(၆ကြွင်းလျှင်)ရှေ့ကြာရေမျှ ရောဂါကိုယ်နှင့်ဝေးတယ်၊ အေးတဲ့ကံစ။

(၇) သုညတဲ့တွေ့ကြိမ် (ဝကြွင်းသော်) မွေ့သိမ်သိမ်မနေရပြီဘု၊ မြဲမုချကြိမ်၊ စိတ်မငြိမ်- ကိုယ်ပိန်လို့ဝူမီ။

ထူးသနော် လေးထပ်ကယ်ဗေဒင် ကျော်က၊ ရွှေသဇင် ခိုင်အဖူးမှာ ထူးတဲ့ကဝိ။

*(ကျန်နေ့သား၊ နေ့သမီးများ နမူနာကိုကြည့်၍ တွက်ယူကြပါ။)*

(နမူနာ)

တနင်္လာသား ၂ ┐
ဗုဒ္ဓဟူးသမီး ၄ ┘ ၆ နံနှစ်မည်တည်ပါတော့ထင်ရှား

(၆×၅) = ၃၀ မြှောက်ပြားပဥ္စာနှင့်
(၃၀+၇) = ၂ကြွင်း စားသတ္တာအိမ်ထောင်ဖက်ကိန်း

တနင်္ဂနွေသား ၁ ┐
တနင်္ဂနွေသမီး ၁ ┘ ၂ နံနှစ်မည်တည်ပါတော့ထင်ရှား

(၂×၅) = ၁၀ မြှောက်ပြားပဥ္စာနှင့်
(၁၀+၇) = ၃ကြွင်း စားသတ္တာအိမ်ထောင်ဖက်ကိန်း

အင်္ဂါသား ၃ ┐
ကြာသပတေးသမီး ၅ ┘ ၈ နံနှစ်မည်တည်ပါတော့ထင်ရှား

(၈×၅) = ၄၀ မြှောက်ပြားပဥ္စာနှင့်
(၄၀+၇) = ၅ကြွင်း စားသတ္တာအိမ်ထောင်ဖက်ကိန်း

'နှစ်နံမည်တည်ပါတော့ထင်ရှား'

ဥပမာ ┌ ကျား- သောကြာ = ၆
(၆+၄) = ၁၀
└ မ- ဗုဒ္ဓဟူး = ၄

မြှောက်ပြားပဥ္စနှင့် (၁၀×၅) = ၅၀
စားသတ္တာအိမ်ထောင်ကိန်း (၅၀+၇)=၁ကြွင်း (အိမ်ထောင်ဖက်ကိန်း)

ရာသက်ပန် ဇနီးမောင်နှံများ ဖြစ်ကြပါစေ ဆုပန်ခြွေလိုက်ပါသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com





ဂန္ဓာရီဆရာလေးရဲဇော် လက်မှ နာရီလေးကို ကြည့်လိုက်တော့ (၁၂) နာရီထိုးဖို့ (၅)မိနစ်သာလိုတော့သည်။ သို့ကြောင့် တခြား အထွေအထူးပစ္စည်းများ မပါသော်လည်း အသုံးအဆောင်ပစ္စည်းမှန်သမျှ စုဆောင်း ထည့်ထားသော တစ်လုံးတည်းသော စစ်သုံးကျောပိုးအိတ်ကြီးကို ကျောမှာပိုး၍ ညောင်ပင်လေးဆိပ်မှ ဖိုးဦးတောင်တစ်ဖက်ကမ်းသို့ကူးမည့် မော်တော်ပေါ်သို့တက်ခဲ့သည်။

(၁၂) နာရီထိုးသည်နှင့် 'ချမ်းမြေ့အောင်' မော်တော်လေးက မွန်းတည့်နေရောင်အောက်၌ ဖြူလွလွလှိုင်းခေါင်းဖြူလေးများ၊ လှိုင်းကြက်ခွပ်လေးများနှင့် ငွေသားသင်ဖြူးလွှာကြီးများ အလိပ်လိုက်ထနေသလို ထနေသော ဧရာဝတီမြစ်ရေပြင်ကို ထိုးခွဲကာ တရိပ်ရိပ်နှင့် စတင် ခုတ်မောင်းထွက်ခဲ့လေ၏။

'ငါ့သား၊ ဘဆီကိုလာရင် ပြည်ညောင်ပင်လေးဆိပ်ကနေ (၁၂) နာရီထွက်မည့် မော်တော်စီး။ (၁) နာရီလောက်တော့ စီးရလိမ့်မယ်။ ဟိုဘက်ကမ်းရောက်ရင် ဖိုးဦးတောင်ပေါ်ကို တက်ခဲ့၊ တောင်ပေါ်စေတီကလေးက စောင့်နေမယ်'

ဘသူတော်ကြီး၏ မှာစကားအရ ဂန္ဓာရီဆရာလေးရဲဇော် လာခဲ့ခြင်း ဖြစ်၏။ လာသာလာခဲ့ရသော်လည်း တစ်ခါဖူးမျှ မရောက်ဘူးသည့်ခရီးဖြစ်သဖြင့် စိုးရိမ်ကြောင့်ကြလျက် ရှိပေသည်။ အကယ်၍များ ဘသူတော်ကြီးနှင့် မတွေ့ခဲ့ရင်. . . ဆိုသည့် အတွေးတို့က သူ့ကို ခြောက်လှန့်သလိုလည်း ရှိပေသည်။

သူ ပြည်ဆံတော်စေတီတော်မြတ်ကြီး၏ ဘိုးဘိုးအောင်ဓာတ်နန်း၌ ထူးဆန်းစွာတွေ့ခဲ့ရသော သထုံ သိကြ်ုတ္တရတောင်မှ လူသူတော်ကြီး၏ အကျင့်စခန်း လမ်းညွှန်ချက်များအတိုင်း ပြည်ဝင်ကျင့်စဉ်ကို ကျင့်ခဲ့စဉ်က နောက်ဆုံးအဓိဋ္ဌာန်စခန်းဖြစ်သော ဘုရားကြီးစေတီတော်မြတ်ကြီး၌ ဘုရားပရဝဏ်တွင်းတံမြက်လှည်းနေသည့် ဘသူတော်ကြီးကို တွေ့ခဲ့ရခြင်း ဖြစ်လေသည်။

ဘသူတော်ကြီး ဘုရားပရဝဏ်တစ်လျှောက် တံမြက်လှည်းပြီးချိန်၌ သူလည်း အဓိဋ္ဌာန်ပုတီး စိပ်ပြီးလေသည်။ အဓိဋ္ဌာန်ပုတီးပတ်ပြည့်၍ ခေတ္တအနားယူနေချိန်တွင် ဘသူတော်က သူ့အနားလာရပ်ပြီး-

"ငါ့သား၊ အဓိဋ္ဌာန်ဝင်တယ်ထင်ပ"

ဟု မေးလေ၏။

"ဟုတ်ပါတယ် ဘသူတော်၊ အဓိဋ္ဌာန်အကျင့်စခန်းဝင်နေတာပါ"

"ကျင့်စဉ်က. . ."

"ကျင့်စဉ်ကတော့ ဂန္ဓာရီထွက်ရပ်လမ်း ပြည်ဝင်၊ ပြည်ထွက်ကျင့်စဉ်ပါ။ အခုကျင့်နေတာက ပြည်ဝင်ကျင့်စဉ်ရဲ့ နောက်ဆုံးအဓိဋ္ဌာန် ဖြစ်ပါတယ်"

"ကောင်းပေ့၊ ကောင်းပေ့။ ဒါဆို ပြည်ထွက်ကျင့်စဉ်၊ ကျင့်ရဦးမှာပေါ့၊ ဟုတ်စ"

"ဟုတ်ကဲ့ပါ ဘသူတော်"

"အိမ်း- ပြည်ထွက်ကျင့်စဉ်က ဒီမှာကျင့်လို့မရဘူး သားရဲ့။ ဒါက ပြည်မြို့လေ။ ပြည်မြို့မှာ မြို့တွင်းမှာကျင့်နေရင် ပြည်ဝင်ပဲ ခေါ်မှာပေါ့။ ပြည်ထွက်ဆိုရင် ပြည်မြို့ကထွက်ကျင့်မှ လမ်းစဉ်မှန်လိမ့်မယ်"

သူက ဘသူတော်ကြီးကို တအံ့တဩ ကြည့်နေလိုက်သည်။ ဘသူတော်က သူ့ကို ကြင်နာစွာကြည့်ပြီး ဆက်ပြောသည်။

"ဘသူတော်လည်း သားကျင့်တဲ့ ပြည်ဝင်၊ ပြည်ထွက်ကျင့်စဉ်ကိုပဲ ကျင့်ခဲ့တဲ့သူပေါ့။ ငါ့သား ပြည်ထွက်ကျင့်စဉ် ဆက်ကျင့်မယ်ဆိုရင် ဖိုးဦးတောင်ကို လာခဲ့။ ဖိုးဦးတောင်ဆိုတာ ပြည်မြို့ရဲ့ တစ်ဖက်ကမ်းမှာ ရှိတယ်။ ကိုယ်မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိခဲ့စဉ်က သုဝဏ္ဏဘူမိလို့ ခေါ်တဲ့ သထုံကို ကြွခဲ့တယ်။ အဲဒီအချိန်က ဒီဒေသအားလုံးဟာ ရေပြင်လွှာကြီးပေါ့။ ဘယ်ရပ်၊ ဘယ်ရွာ၊ ဘယ်ကျွန်းမှ မရှိသေးဘူး။ ပြောရရင်တော့ ပင်လယ်ပြင်ကြီးပေါ့ကွယ်။ မြတ်စွာဘုရားရှင် မဇ္ဈိမကိုပြန်ကြွတော့ နောက်ပါရဟန္တာ(၅၀၀)နဲ့အတူ ကောင်းကင်ကနေ ဈာန်နဲ့ ပင်လယ်ပြင်ကြီးကို ဖြတ်ကြွခဲ့တယ်။ ခု ဖိုးဦးတောင်လို့ခေါ်မည့်နေရာရောက်တော့ ဒိုက်တစ်ခုပေါ်မှာ မျောပါလာတဲ့ ပွေးဖို၊ ပွေးမ ဇနီးမောင်နှံနှစ်ကောင်အနက် ကောင်းကင်ကနေ ကြွမြန်းလာတဲ့ မြတ်စွာဘုရားရှင်ကို ပွေးဖိုက လက်ဦး ဖူးတွေ့ခဲ့ရတယ်။ ဒါနဲ့ ပွေးဖိုလည်း ပွေးမကို ပြောမယ်လုပ်တော့ ပွေးမ အိပ်ပျော်နေတဲ့အတွက် အိပ်ရေးပျက်မှာစိုးပြီး မနှိုးတော့ဘဲ သူသာ မြတ်စွာဘုရားရှင်ကို ဖူး



www.burmeseclassic.com

www.burmeseclassic.com



ကြောတန်တော့လိုက်တယ်။ ပွေးဖိုကြီး
မှ ပွေးမက နိုးလာတယ်။ သူက
နောက်မှ ဘုရားကို ဖူးရတယ်။ ဒါ
ကြောင့် ခု အဲဒီနေရာကို မြတ်စွာဘုရား
ကို ပွေးဖိုက စတွေ့ ဖူးခဲ့တဲ့ အထိမ်းအ
မှတ်အဖြစ် ဖိုဦးတောင်၊ ဖို-ဦးတောင်လို့



(၂)

မှတ်ခဲ့တဲ့နေရာပေါ့။ အခု ကာလရွေ့
လာတော့ ဖိုးဦးတောင် ခေါ်ခဲ့၊ တွင်ခဲ့
ကြတဲ့နေရာပေါ့ကွယ်။

အဲဒီနေရာဟာ သူတော်ကောင်း
မြတ်လောင်းတွေနဲ့ ဝိဇ္ဇာ၊ ဇော်ဂျီ၊
ယောဂီတို့ နှလုံးမွေ့လျော် ပျော်တဲ့နေ
ရာပေါ့။ ဂန္ဓာရီခရီးသည် ဝိဇ္ဇာမရထွက်
ထက်မြန်းမည့် အကျင့်စရဏတွေကို
ကျင့်ကြသူတိုင်း အောင်ကြောင်းဝေဖြာ
အောင်မြေမဟာကြီးပဲကွယ့်။ အဲဒီ မြေ
ကိုလာ၊ အောင်မင်္ဂလာ တစ်နည်းနည်း
နဲ့ ယူကြတယ်။ စိမ့်ကြီးဝနိုင် မြင့်ကြီး
ဝနာ ဝိဇ္ဇာတို့ရဲ့အောင်ဂေဟာအရပ်ပဲ။

နောက်တစ်ခုက သားတို့လို ပြည်
ဝင်၊ ပြည်ထွက်အကျင့်တွေ ကျင့်ကြသူ
တွေအတွက် အင်းဂူဆိုတာ ရှိတယ်။
အဲဒီ အင်းဂူကိုဆင်းပြီး ပိုးဂူကိုပြောင်း၊
အကျင့်တွေကျင့်ကြရတယ်။ 'အင်းဂူမှာ
အောင်း ပိုးဂူပြောင်း ထုံးဟောင်းပြည်
ထွက်ကြောင်း' ဆိုတဲ့ တဘောင်အတိတ်
အောင်နိမိတ်လည်း ရှိတယ်။ ငါ့သား
ပြည်ထွက် ဆက်လက်ကျင့်မယ်ဆိုရင်
ပြည်မြို့တစ်ဖက်ကမ်း ဖိုးဦးတောင်ကို
လာခဲ့။ ဘ- တောင်ပေါ်စေတီလေးက
စောင့်နေမယ်။ အဲဒီမှာ ဘလည်း အကူ
အညီတွေပေးနိုင်ပါလိမ့်မယ်"

ဟု မှာလေသည်။

"ကျေးဇူးတင်ပါတယ်ဘသူတော်"

"အိမ်း- သာဓု၊ သာဓု၊ သာဓု"

ဘသူတော်က စကားအဆုံး သာ
ဓုသုံးကြိမ်ခေါ်၍ ထွက်သွားသည်။ ဂန္ဓာ
ရီဆရာလေး ရဲဇော်လည်း ဘသူတော်
ကို ကြည့်ရင်း နောက်တစ်နေ့၌ ဖိုးဦး
တောင်ဘက်ကမ်းကူးရန် ဆုံးဖြတ်ချက်
ချလိုက်သည်။ ထိုဆုံးဖြတ်ချက်အတိုင်း
ပင် သူ တစ်ခါဖူးမျှ မရောက်ဘူးသည့်
ဖိုးဦးတောင်ဘက်သို့ 'ချမ်းမြေ့အောင်
မော်တော်လေးကို စီးနှင်းလိုက်ပါလာခဲ့



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဖြစ်လေ၏။

❁

'ချမ်းမြေ့အောင်' မော်တော်လေးက မှန်မှန်ခုတ်မောင်းလျက် ရှိသည်။

ဂန္ဓာရီဆရာလေး ရဲဇော်သည် မော်တော်လေး၏ ပြတင်းပေါက်အနီးတွင်ထိုင်၍ လိုက်ပါလာရင်း တစ်ဖက်ကမ်းတွင်လှမ်းမြင်နေရသည့် အနောက်ရိုးမဟုခေါ်သော ရိုးမတောင်တန်းကြီး၌ပါသည့် ညို့ညို့မောင်းမောင်း၊ မှိုင်းမှိုင်းပြာပြာ တောင်တန်းကြီးများကို ကြည့်ရင်း ဖိုးဦးတောင်ကို မှန်းဆနေမိသည်။ ဘသူတော်၏ ဖိတ်ကြားချက်ကြောင့်သာ လာခဲ့ရသော်လည်း စင်စစ်တော့ ဖိုးဦးတောင် ဆိုသည်မှာ မည်သည့်တောင်မှန်း ဂန္ဓာရီဆရာလေးရဲဇော် မသိပါချေ။

တစ်ဖက်ကမ်းသို့ နေ့ (၁) နာရီလောက်မှ ရောက်မည်ဖြစ်ပြီး ဖိုးဦးတောင်ကို မေး၍တက်ရမည်။ တောင်ပေါ်စေတီလေးမှ ဘသူတော်စောင့်နေမည် ဖြစ်သည်။ စေတီလေးရောက်လျှင် အနည်းဆုံး (၃)နာရီ၊ (၄)နာရီတော့ ရှိချေမည်။ ထိုမှ ဘသူတော်ကိုမတွေ့၍ ပြည်မြို့သို့ ပြန်ရမည်ဆိုပါက ညနေပိုင်း ပြည်ဘက်ကမ်းပြန်ကူးမည့် မော်တော်တို့၊ စက်လှေတို့က မရှိတော့။ နောက်ပြီး အင်းဂူ ဆိုတာကိုလည်း သူ မသိ။ ပိုးဂူ ဆိုတာတော့ ဝေလာဝေး။ သည်သို့ဆိုလျှင်. . .။

ဂန္ဓာရီဆရာလေးရဲဇော်၏ရင်ထဲကြောင့်ကြပူပန်စိတ်တို့က ကြီးစိုးနေ၏။ 'ဘသူတော် စောင့်မှာပေါ့လေ၊ သူကိုယ်တိုင်ပြောခဲ့တာပဲ' ဟူသည့်အတွေး တွေးမိပြန်တော့ သက်သာသလို ဖြစ်လာပြန်၏။ သည်လိုနှင့်ပင် မော်တော်လေးက တစ်ဖက်ကမ်းဆီသို့ ကပ်မှန်းမသိတဖြည်းဖြည်း ကပ်လာခဲ့သည်။

"ဒီကမိတ်ဆွေက ဘယ်သွားမှာလဲ"

သူ့နံဘေးတွင် ညောင်ပင်လေးဆိပ်ကတည်းက အတူ စီးနင်းလိုက်ပါသည့် သူနှင့်ရွယ်တူလောက်ရှိမည့်၊ တစ်ချိန်လုံး ပုတီးစိပ်နေသူတစ်ဦးက ပုတီးကိုသိမ်းပြီး သူ့ကိုမေးလိုက်ခြင်း ဖြစ်၏။

မော်တော်ပေါ်၌ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး စီးနင်းလိုက်ပါလာသူ (၃၀) နီးပါးမျှရှိသော်လည်း သူ့အုပ်စုနှင့်သူ၊ သူ့အဖွဲ့နှင့်သူ စကားစမြည်ပြောကြဆိုကြ၊ ရယ်ကြမောကြရှိနေကြသော်လည်း သူနှင့် သူ့နံဘေးမှတစ်ချိန်လုံး ပုတီးစိပ်လိုက်ပါလာသူ နှစ်ဦးသာ တိတ်ဆိတ်ငြိမ်သက်နေခဲ့ကြလေသည်။ တစ်ဦးက ပုတီးစိပ်နေသဖြင့် ငြိမ်သက်နေခြင်းဖြစ်ပြီး သူကတော့ သူ့အတွေးနှင့်သူ ငြိမ်သက်လိုက်ပါလာခြင်း ဖြစ်သည်။

ထိုအချိန်တွင်ပင် သူ့နံဘေးမှလူက မေးလိုက်ခြင်း ဖြစ်၏။ ဂန္ဓာရီဆရာလေးရဲဇော်က ထိုသူကို အကဲခတ်သလိုကြည့်ရင်း ထိုသူ့အမေးကို မဖြေသေးဘဲ-

"မိတ်ဆွေကကော ဘယ်သွားမှာပါလိမ့်"

ဟု ပြန်မေးလိုက်၏။

"ဖိုးဦးတောင်ကိုပါ၊ ဖိုးဦးတောင်ပေါ် စေတီလေးကို သွားမှာပါ"

ဂန္ဓာရီဆရာလေးရဲဇော်သည် ထိုသူ့ထံမှ ထွက်ပေါ်လာသည့် စကားကို ကြားလိုက်ရသည်နှင့် အံ့ဩဝမ်းသာသွားလေသည်။ သူ မသိသည့်၊ သူ မရောက်ဘူးသော ခရီးစဉ်အတွက် အဖော်တစ်ဦးရလာရုံမက ခရီးစဉ်ကို ထိုသူက လမ်းညွှန်ပို့ပေးသလိုလည်း တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သည် မဟုတ်ပါလား။

"ကျွန်တော်လည်း ဖိုးဦးတောင် တောင်ပေါ်စေတီလေးကို သွားမှာပါ"

သည်တော့မှ သူက ဝမ်းသာအားရဖြင့် ပျာပျာသလဲပြောလိုက်သည်။

"ဒါဆို အဖော်ရတာပဲ၊ အတူတူ သွားကြတာပေါ့"

"ဟုတ်ကဲ့၊ အတူတူသွားကြတာပေါ့"

ဂန္ဓာရီဆရာလေး ရဲဇော်သည် သဘောကျစွာပြောရင်း ဝမ်းသာအားရ ခေါင်းညိတ်လိုက်လေ၏။

❁

ဖိုးဦးတောင် တောင်ပေါ်စေတီလေးသို့ ဂန္ဓာရီဆရာလေးရဲဇော် ညနေ (၃) နာရီလောက်၌ ရောက်ခဲ့သည်။ သူ့အား တောင်ပေါ်စေတီလေးကို ဦးဆောင်ခေါ်လာခဲ့သူ ခရီးကြုံ မိတ်ဆွေကတော့ တောင်ပေါ်စေတီရောက်သည်နှင့် သူ့ကိုနှုတ်ဆက်ကာ စေတီလေး၏တစ်ဖက်သို့ ထွက်ခွာသွားလေသည်။ စေတီလေး၌ ဘသူတော်ကိုအဆင်သင့်တွေ့လိုက်ရ၏။

"ဘသူတော်ရယ်၊ ကျွန်တော့်မှာ မသွားတတ်မလာတတ်နဲ့ စိတ်ပူပန်နေရတာ။ ဘသူတော်ကို မတွေ့ရင် ဘယ်လိုလုပ်ရပါ့မလဲပေါ့"

သူက စေတီလေးကို ဝတ်ဖြည် ဖူးမြော်ပြီးသည်နှင့် ဘသူတော်ကြီး ပြောလိုက်သည်။ ဘသူတော်က ပြုံ ရင်း-

"သူတော်ကောင်းသွားတဲ့လမ်း သားရယ်၊ အကူအညီဆိုတာ အလို တွေဖြစ်လာမှာပါ။ သားသာ စိတ်ဓာ ကို ကြံ့ကြံ့ခိုင်ခိုင် ရှိပစေပေါ့။ သား ခုတော့ တယ်အားငယ်တတ်တာ ကွယ်။ နောက်ပြီး ဘက ကတိသစ္စာ ဦးထိပ်ထားတဲ့သူပါ"

ဘသူတော်က ပြောရင်း ယ ဤစေတီလေးတွင် စတင် အဓိဋ္ဌာန် ရန် ပြောသည်။ အဓိဋ္ဌာန်ယူ ပြည်ထွ လမ်းစဉ် ကျင့်နေစဉ်အတွင်း စား သောက်ရေးကအစ မပူရန် ပြောသည် သူ တာဝန်ယူမည်ဖြစ်ကြောင်းလည် ပြောလေ၏။

ထို့နောက် ဝိဇ္ဇာရေထွက်ရပ်လ နှင့် ပတ်သက်၍ အခက်အခဲ အတာ အဆီး အနှောင့်အယှက်များလည်း မျိုးမျိုးတွေ့နိုင်ကြောင်း၊ ဝိဇ္ဇာတို့၏တ ခိုးသိဒ္ဓိ ဆိုသည်တို့မှာ နတ်တို့နှင့် တ ခိုးသိဒ္ဓိများ တူမျှကြသဖြင့် နတ်တို့ နာလိုဖြစ် နှောင့်ယှက်တတ်ကြကြော ကိုယ်စောင့်နတ်က စ တောစောင့်န တောင်စောင့်နတ် အစရှိသဖြင့် န အများကို အထူး မေတ္တာပို့သရမည် ကြောင်း၊ နတ်တို့နှင့် ချစ်ခြင်းကို ဖြစ် ရမည် ဖြစ်ကြောင်းလည်း အမိန့်ရှိ သည်။

ထိုညက ဂန္ဓာရီဆရာလေးရဲ သည် ခန္ဓာငါးပါး ရုပ်၊ နာမ်တရားတို့ ဘုရားလှူပြီး ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ် တော်ကို ပုတီးအပတ်ရေ (၁၀၈) ပ စိပ်ပြီး စတင်အဓိဋ္ဌာန်ယူခဲ့၏။ ပြည်ထ ကျင့်စဉ်အဓိဋ္ဌာန်ယူခဲ့စဉ်က ထိုပုတီး ကိုပင် အခါအားလျော်စွာ တွေ့ကြုံခဲ့ သော ဆရာသခင်တို့က ညွှန်ကြား သည်၊ အဓိဋ္ဌာန်ယူရမည့်နေရာဌာန ကွဲပြားခဲ့ရသည်။ သို့ကြောင့် ယခု ပြ ထွက်ကျင့်စဉ်၌လည်း ထိုပုတီးစိပ်ဖြင့် စတင်အဓိဋ္ဌာန်ယူလိုက်ခြင်း ဖြစ်ပေ

နံနက် အရုဏ်တက်ချိန် တော စာကလေးများ၊ ဘွတ်ငှက်ကလေးမျာ စာပုတီးလေးများ တီတီတာတာ အော မြည်ချိန်၌ ဘသူတော်လက်ထဲတွင် ဆွ တော်ကပ်ရန် အငွေ့တထောင်းထော ထနေသော ဆွမ်းအုပ်ကလေးကို ရင်း ရောက်လာသည်။ နောက် တေ



www.burmeseclassic.com

www.burmeseclassic.com

...စကျင်ကျောက်သားများနှင့် ထု...သော ဗုဒ္ဓရုပ်ပွားတော်ရှေ့ရှိ ...လပ်တွင် ဆွမ်းအုပ်ကလေးကို ... ဘုရားဝတ်ပြု၊ မေတ္တာပို့ပြီး ...ဝ်၍ သူ၏လုပ်နေကျဝတ်များ ...တူသော ဝုတ်စိပ်ခြင်း၊ တရား ...ရှုမှတ်ခြင်းတို့ကို ဆက်လက်ပြု ...ည်၊ ပြုဖွယ်ကိစ္စများအားလုံးပြီး ...တော် သူ့ဆီထလာ၏။ နောက်-

"တဲ-သား၊ အရုဏ်ဆွမ်းစားရ ... ဆွမ်းစားပြီးရင် ဒီကနေ နေရာ ...ရမယ်၊ အင်းဂူကို သွားရမယ်" ...ု ပြောလိုက်သည်။

✪

'အင်းဂူ'

အင်းဂူ ဆိုသည်မှာ ဂန္ဓာရီဆရာ ...ဇော် လှမ်းမြင်နေရသည့် ပေ ...) လောက်မြင့်မည့် တောင်ကြီး ...ယ် တောင်ကမ်းပါးယံတွင် ရှိ ... ဘသူတော်ကပြောသဖြင့် ခက် ... ဆင်းရမည့်နေရာဖြစ်ကြောင်း ... ဂန္ဓာရီဆရာလေးရဲဇော် ပခုံး ...မိပေ၏။

"အင်းဂူက ဟိုရှေ့က တောင်မြင့် ...ရဲ့ တောင်ခါးပန်းအလယ်တည့် ...မှာ ရှိတယ်။ တော်တော်ခက်ခက် ... သွားရတဲ့နေရာပဲ။ တောင် ...ပေါ်ကိုသာ လူတွေရောက်နိုင် ...မယ့် အင်းဂူရှိတဲ့ တောင်စောင်း ... ရောက်ဖို့မလွယ်ဘူး။ တစ် ...အတိမ်းမခံဘူး။ တစ်ချက်မှားတာ ...ခြားသွားနိုင်တဲ့နေရာပေါ့။ သား ...တို့ ကျင့်နေကြတဲ့ ဂန္ဓာရီပညာ ...သားရယ်"

ဘသူတော်၏စကားကြားတော့ ...သွားသည်။ သူ ကျင်လည်ခဲ့ရ ...တ်ဝန်းကျင်က တစ်ဆယ့်နှစ်ရာ ...လုံး ကောက်နှံများသင်းနေသည့် ...လွင်ပြင်။ တောင်ဆင်း၊ တောင် ...မရှိ။ ပြန့်ပြူးသောလယ်ယာ ...များသာ ရှိ၏။ သည်တော့ ခက်ခဲ ...မတ်စောက်သော တောင်ကမ်း ...ကြီးကို ဆင်းဖို့၊ တက်ဖို့ ဆိုတာ ...တွက် အလွန် မလွယ်ကူသည့်ကိစ္စ ...၏။

သို့သော်. . .

ဝိဇ္ဇာဓရလမ်းစဉ်ကို လျှောက် ...နေသော ဂန္ဓာရီခရီးသည်တစ်ဦး ... မိမိ၏ရည်ရွယ်ချက်များ၊ မျှော် ...ဘောင့်တချက်များ၊ အဓိဋ္ဌာန်များ အောင်မြင်ဖို့ဆိုပါက မလွဲမသွေလျှောက် ကိုလျှောက်ရမည် ဖြစ်သည်။ တွန့်ဆုတ်ကြောက်ရွံ့စိတ် ရှိနေပါက ဘယ်မှာ အောင်မြင်နိုင်ပါမည်နည်း။ သို့ကြောင့်ပင် ဂန္ဓာရီဆရာလေးရဲဇော်သည် အရုဏ်ဆွမ်းစားပြီးသည်နှင့် ကျောပိုးအိတ်ကိုပိုးကာ ဘသူတော်နှင့်အတူ အင်းဂူရှိရာတောင်တန်းကြီးဆီသို့ ထွက်ခဲ့ကြလေသည်။

"ဘာပဲဖြစ်ဖြစ် မကြောက်ပါနဲ့ သားရဲ့။ သူတော်ကောင်းတွေသွားတဲ့ လမ်းမှာ သူတော်ကောင်းတွေက အမြဲစောင့်ရှောက်ပါတယ်"

"ဟုတ်ကဲ့ပါ ဘသူတော်၊ ကျွန်တော် စိတ်တင်းထားပါတယ်။ ကျွန်တော့်အဓိဋ္ဌာန် အောင်ကိုအောင်မြင်ရမှာပါ။ ကျွန်တော် မအောင်မြင်မချင်း ကြိုးစားမှာပါ"

"အေးအေး၊ ဒါမှပေါ့ကွယ်"

ထို့နောက် စကားတပြောပြောနှင့် နှစ်ယောက်သားထွက်ခဲ့ကြရာ (၂) နာရီနီးပါးအကြာတွင် အင်းဂူရှိရာ တောင်ခြေသို့ ရောက်ခဲ့ကြလေ၏။

"ဩော်- သားကိုပြောရဦးမယ်။ ဒီတောင်ကို ဥသဘတောင်လို့ ခေါ်တယ်။ မြတ်စွာဘုရားအလောင်းတော် နှစ်ဦးအခါ တစ်ခုသောဘဝမှာ ဒီတောင်မှာ နွားလားဥသဘ ဖြစ်ခဲ့ဖူးတယ်လို့ အဆိုရှိကြတယ်။ တောင်ကြီးကလည်း ခပ်ဝေးဝေးကကြည့်ရင် နွားတစ်ကောင် ဟန်အပြည့်နဲ့ ရပ်နေသလိုပဲ။ ဝိဇ္ဇာမိုရ်ကြီးတွေ ကျက်စားပျော်မြူးကြတဲ့နေရာလို့လည်း ပြောကြတယ်။ နတ်လည်းကြီးတယ်၊ အမှားအယွင်းသိပ်မခံဘူး။ ဒီနေရာမှာ ပထမံ အဘဘိုးဘိုးအောင် ကိုယ်တိုင် အင်းဂူကြီးထဲဝင်ပြီး နှစ်ပေါင်းများစွာနေခဲ့တယ်။ ဒါကြောင့် ဒီတောင်ကြော တောင်တန်းကြီးတစ်ခုလုံး ဝိဇ္ဇာဓာတ်တွေအပြည့်ရှိတယ်။ ငါ့သားလည်း အင်းဂူကြီးထဲမှာ ထံဝင်အောင်းပြီး ဝိဇ္ဇာဓာတ်တွေယူရမယ်"

ဘသူတော်က အင်းဂူကြီးရှိရာသို့ လက်ညှိုးထိုးပြရင်း သူ့ကိုပြောပြသည်။

"ကဲ- ငါ့သား၊ ခု ဘပြတဲ့နေရာကနေ အင်းဂူရှိရာကို တက်ပေရော့။ လမ်းကတော့ မရှိဘူး၊ အဆင်ပြေသလိုသာ ကြည့်တတ်။ ဘက ဟိုဘက် နတ်ရေတွင်းဘက်ကနေ ဝါးကျည်တောက်လုပ်ပြီး ရေခပ်ရင်း တက်ခဲ့မယ်။ တက်တာတော့ သတိဝီရိယနဲ့တက်ပေ့ ငါ့သားရဲ့"

ဂန္ဓာရီဆရာလေးရဲဇော် ခေါင်း ညိတ်လိုက်စဉ်ပင် ဘသူတော်က တောင်ခြေအတိုင်း ဆက်လျှောက်သွားလေ၏။ ဘသူတော်ကို မမြင်ရတော့မှ သူလည်း အင်းဂူရှိမည့် တောင်ခါးပန်းအလယ်ကြောသို့ သစ်ပင်များ၊ နွယ်ကြိုးများ၊ သစ်ကိုင်းများကို ဆွဲကာ ခက်ခက်ခဲခဲ တက်ခဲ့လေ၏။

ဥသဘတောင်၏ သဘာဝအနေအထားကား ထရံတောင်ကြီးလို မတ်စောက်သည့် တောင်နံရံများရှိသော တောင်ကြောကြီးဖြစ်သဖြင့် နွယ်ကြိုးများ၊ သစ်ပင် သစ်ကိုင်းများကို ဆွဲရင်း တက်နေရကား အလွန် ခက်ခဲလှသဖြင့် တစ်ကိုယ်လုံး ချွေးများပင်ပြန်လျက် ရှိပေသည်။

တောင်ကြော၏ တောင်နံရံများက အချို့နေရာများတွင် ကျောက်ပြာတုံးကြီးများ၊ ဂဝံကျောက်များ လူတစ်လံ တစ်ပြန်ရှိသည့် ကျောက်သားပြင်ကြီးများနှင့်ပြည့်နှက်နေသဖြင့် လူတက်ရန် အလွန်မှပင် ခဲယဉ်းလှသောအနေအထား ဖြစ်လေသည်။ တစ်ခါတစ်ရံ ကျောက်သားကျောက်တုံးများကြားတွင် ဆွဲစရာသစ်ပင်က မပေါက်။

သူ ပေ(၃၀၀)လောက်အရောက်၌တော့ ပိုမိုခက်ခဲမှုတစ်ခုနှင့် နှလုံးသွေးရပ်ခမန်း ကြုံတွေ့လိုက်ရလေတော့၏။ အကြောင်းသော်ကား လူတစ်ရပ်ခန့်အမြင့်နှင့် ဝါးတစ်ရိုက်လောက်အကျယ်ရှိ ကျောက်ဖျာကြီးကို နွယ်ကြိုးအားကိုးနှင့် သက်စွန့်ဆံဖျား သူ တက်ခဲ့သည်။ သို့သော် အလယ်လောက်အရောက်တွင် နွယ်ကြိုးကြီးပြတ်သွားသဖြင့် ကမန်းကတန်း တစ်ထွာနီးပါးမျှချွန်ထွက်နေသော ကျောက်စွန်းလေးတစ်ခုကို လျှပ်တစ်ပြက် ဆွဲထားလိုက်ရပေသည်။

နောက်ဆုံး သူသည် ကျောက်ဖျာကြီးကိုလည်း ခြေကုပ်ယူမရ၊ သူ့ခန္ဓာကိုယ်ကြီးနှင့် တစ်ထွာလောက်ရှိသည့် ကျောက်စွန်းလေးကိုလည်း ကြာရှည်စွာဆွဲထားနိုင်မည့်အနေအထားမျိုး မဟုတ်တော့ဘဲ ကျောက်စွန်းလေးကို ဆွဲပြီး ချာလည်လည်သလို ယက်ကန် ယက်ကန်ဖြစ်နေသည်။ လက်နှစ်ဖက်လုံးတွင်လည်း သွေးများစို့လာကြ၏။

သည်အချိန်သည် သူ့အတွက် နောက်ဆုံးအချိန်များလားဟုလည်း တွေးထင်လိုက်သည်။ အခြေအနေတလုံးဝ မကောင်းတော့။ နောက်ထပ် သည်ကျောက်စွန်းကို သူ ဘယ်လောက် ကြာကြာဆွဲထားနိုင်မှာမို့လို့လဲ၊ ...



www.burmeseclassic.com

www.burmeseclassic.com

၍လက်လွှတ်သွားပါက သို့မဟုတ် ဆွဲထားသော ကျောက်စွန်းလေး ပဲ့ထွက်သွားပါက သူ မတွေးရဲလောက်အောင်ပင် ဖြစ်နေရပေ၏။

ထိုအချိန်တွင်ပင် မမျှော်လင့်ဘဲ လူတစ်ယောက်၏လှမ်းအော်သတိပေးသံတစ်ခုက ထွက်ပေါ်လာသည်။

"ဆရာလေး၊ စိတ်ကိုတင်းထား။ မလျှော့လိုက်နဲ့၊ လက်မလွှတ်လိုက်နဲ့။ ကျုပ် ကြိုးချလိုက်မယ်၊ ကြိုးကိုလှမ်းဆွဲ၊ လှမ်းဆွဲ"

အသံက အင်းဂူကြီးဆီမှ ပေါ်လာခြင်း ဖြစ်သည်။ အသံလာရာ မော့ကြည့်လိုက်တော့ သူနှင့် မော်တော်ပေါ်မှာတွေ့၊ ဖိုးဦးတောင်ဘုရားအထိ အတူလာခဲ့ကြသည့် ခရီးသွားဖော် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုသူ၏နံဘေးမှာလည်း ဘသူတော်ကို ရိပ်လျက် တွေ့ရသည်။ နှစ်ယောက်စလုံး အင်းဂူဘေးမှ ကျောက်ဖျာကြီးပေါ်တွင် ရပ်နေကြခြင်း ဖြစ်၏။

သူကြည့်နေစဉ်ပင် ကျပ်လုံးခန့်မျှရှိ ပိုက်ဆံလျှော်ကြိုးတစ်ချောင်းက သူရှိရာသို့ တဖြည်းဖြည်း လျှောကျလာသည်။

✿

အင်းဂူကြီးဆီရောက်တော့ သူ အတော်မောသွားချေ၏။ ဘသူတော်က သူ့ကို ရေတစ်ခွက်တိုက်သည်။ ဘသူတော်တိုက်သောရေသောက်ပြီး သူအိပ်ပျော်သွားလေတော့၏။

အိပ်ရာကနိုးတော့ နေ့လယ် (၁၂) နာရီလောက်ရှိပြီ ဖြစ်သည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်ရသဖြင့် လူလည်း အတော်အတန် လန်းသွားလေသည်။

"သား၊ နိုးပြီပ"

ဘသူတော်က သူ့ထံလျှောက်လာရင်း လှမ်းမေးလိုက်၏။

"ဟုတ်ကဲ့- ဘသူတော်၊ နိုးပါပြီ"

သူက ကိုယ်လက်ဆန့်ရင်း ဖြေလိုက်သည်။

"အေးအေး၊ နိုးပြီဆိုတော့ ဆွမ်းမီသေးတယ်။ (၁၂) နာရီမထိုးသေးဘူး"

သည်တော့မှ ဗိုက်ထဲကတကြုတ်ကြုတ်ဖြစ်နေသည်ကို သတိထားလိုက်မိ၏။ ထို့ကြောင့် ဘသူတော် အဆင်သင့်ပြင်ပေးထားသော ဆွမ်းကို အားရပါးရ စားလိုက်သည်။

"သူတော်ကောင်းတွေ သွားတဲ့လမ်းမှာ သူတော်ကောင်းတွေ အမြဲစောင့်ရှောက်တယ်ဆိုတာ သား ယုံပြီလား"

ဘသူတော်က ဂန္ဓာရီဆရာလေး ဆွမ်းစားနေသည်ကို ကြည့်ရင်း မေးလိုက်၏။

"ဟုတ်ကဲ့၊ ယုံပါပြီ ဘသူတော်။ ဒါနဲ့ သားကို ကြိုးချပေးတဲ့မိတ်ဆွေကော ဘယ်ရောက်သွားသလဲ ဘသူတော်။ အဲဒီမိတ်ဆွေဟာ သားကိုကူညီခဲ့တာ နှစ်ခါရှိပြီ"

"သူ့အလုပ် သူ သွားလုပ်နေပြီကွယ့်။ သူလည်း သားလိုပဲ ပြည်ထွက်ကျင့်စဉ် ကျင့်ရအောင်လာတဲ့ ဂန္ဓာရီ ခရီးသည်ပဲ"

"ဩော်- တိုက်တိုက်ဆိုင်ဆိုင်ပါလား"

ဂန္ဓာရီဆရာလေးရဲဖော် တအံ့တသြဖြစ်သွားသည်။ သို့သော် ဘသူတော်နှင့် မည်သို့ ဆက်စပ်ပုံ၊ ခက်ခဲလှသော ဥသဘတောင်ကြီးပေါ်ကို ဘသူတော် မည်ကဲ့သို့ အလွယ်တကူ တက်ရောက်နိုင်ခဲ့ပုံတို့ကိုတော့ မမေးဖြစ်ခဲ့တော့။ အလွန် ထူးခြားမှုတစ်ခုအဖြစ်သာ သူ သဘောထားလိုက်လေ၏။

"ငါ့သား၊ စားသောက်ပြီးရင်တော့ အင်းဂူကြီးထဲ ဝင်ပြီးပုတီးစိပ်ပေတော့။ အိမ်း-ပုတီးစိပ်ပေတော့ဆိုတော့ ပုတီးစိပ်နည်းကိုလည်း ပြောရဦးမယ်။ ပုတီးစိပ်တဲ့အခါမှာ ပြည်ထွက်ကျင့်စဉ်က သမားရိုးကျစိပ်လို့ မရဘူး။ ကိုယ်စိပ်ချင်သလို၊ စိပ်တတ်သလိုမစိပ်ရဘူး။ သူက တစ်မူထူးတယ်"

ဘသူတော်က ပြည်ထွက်ကျင့်စဉ်၏ပုတီးစိပ်နည်းကို ရှင်းပြသဖြင့် ဂန္ဓာရီဆရာလေးရဲဖော် ထူးဆန်းသလို ငေးကြည့်ရင်း အံ့သြစွာဖြင့် နားထောင်နေလိုက်၏။

"ပုတီးစိပ်တယ်ဆိုတာ သမားရိုးကျကတော့ လက်ညှိုးနဲ့ပဲ ပုတီးလုံးတွေကို ဆွဲယူစိပ်ကြတာပဲ။ တခြားနည်းတွေမှာ စိပ်ရပေမယ့် ပြည်ထွက်ကျင့်စဉ်ကျတော့ လက်ခလယ်နဲ့ ပုတီးစိပ်ရတယ်။ လက်ခလယ်နဲ့လက်မ တွဲစိပ်ရတယ်။ ဒါမှ သိဒ္ဓိဓာတ်တွေအပြည့်ရတယ်။ လက်ညှိုးနဲ့စိပ်တာက ဆွဲငင်မှုအား ကျတယ်။ သံလိုက်ဓာတ် နည်းတယ်။ ကောင်းကျိုးချမ်းသာတွေကို အပြည့်အဝမရနိုင်ဘူး။

ပုတီးစိပ်တဲ့အခါမှာလည်း ကာယ၊ ဝစီ၊ မနော အညီကျရတယ်။ ပုတီးတစ်လုံး ချတိုင်း၊ ချတိုင်း (၃) ချက် ညီရတယ်။ ကိုယ်စိပ်မည့်ပုတီးစိပ်ကို ပါးစပ်ကရွတ်၊ စိတ်မနောက ကိုယ်ရွတ်ဆိုစိပ်တဲ့ ပုတီးစိပ်ရဲ့အဓိပ္ပာယ်ကို ပေါ်အောင် အာရုံပြု၊ လက်က ဟန်ချက်ညီညီ ပုတီးကိုစိပ်။ အဲဒီ (၃) ချက်ညီမှ အကျိုးပေးတယ်။

နောက်တစ်ခုက ဝိဇ္ဇာပညာရပ်အတွက် ကျင့်တာဆိုတော့ ဇဗ္ဗယောဝနည်းအရ မျက်နှာမူရာအရပ်ကို ရွေးရတယ်။ အဲဒီနည်းအရပြောရရင် မြောက်အရပ်မျက်နှာမူ စိပ်ရမယ်။ မြောက်အရပ်က ဆွဲငင်ဓာတ်အားကောင်းတဲ့အရပ်ဖြစ်တယ်။ အာယု၊ လာဘ၊ ဓန၊ သုခ သိရိ စတဲ့ သိဒ္ဓိတွေ အမြန်ဆုံး ရနိုင်တယ်။ ဝိဇ္ဇာမရေသိဒ္ဓိတွေ အမြန်ဆုံးရနိုင်တယ်"

ဂန္ဓာရီဆရာလေးရဲဖော်သည် သူ့အတွက် အထူးအဆန်းများဖြစ်နေသော ဘသူတော်၏စကားများကို နားထောင်နာခံ မှတ်သားရင်း နေ့ (၁) နာရီတွင် အဘဘိုးဘိုးအောင် နေခဲ့သည်ဆိုသော ထုံကျင်းကြီး ဖြစ်သည့် အင်းဂူထဲသို့ ဝင်ခဲ့လေ၏။

*(စာကြွင်း။ ။ ဘသူတော် ညွှန်ကြားသောပုတီးစိပ်မှာ ပြည်ထွက်ကျင့်စဉ်အတွက်သာ ဖြစ်ပါသည်။)*

✿

အင်းဂူမှာ တောင်အတွင်းဘက်သို့ ဥမင်လိုဏ်သဏ္ဌာန် ပြုလုပ်ထားသောဂူဖြစ်ပြီး သိပ်တော့ မထူးခြားလှပေ။ ဂူပေါက်ဝ၌ ထူးခြားမှုဆို၍ အဘဘိုးဘိုးအောင်၏ တင်ပျဉ်ခွေ ပုတီးကိုင်ရုပ်တုတစ်ခုသာ ရှိသည်။ ဂန္ဓာရီဆရာလေးရဲဖော်သည် ဘသူတော်ညွှန်ကြားသည့်အတိုင်း အဓိဋ္ဌာန်ယူခဲ့လေ၏။

သူ အဓိဋ္ဌာန်ယူနေစဉ်အတွင်း ဘသူတော်က သူ့အတွက် နတ်ရေကန်ရှိရာ တောင်ခြေသို့ဆင်း ရေခပ်ပြီး စားစရာ၊ သောက်စရာများကို မပူမပင်ရန် ဖန်တီးပေးသည်။ ထူးခြားသည်က-

"ဤစကြဝဠာအတွင်း၌ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့နှင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့၏ဟိတ်တန်ခိုးတွေ အမှန်တကယ် တည်ရှိနေသည်ဟု ကျွန်ုပ်ကောင်းစွာ ယုံကြည်ပါသည်။ ဤဟိတ်တန်ခိုးတွေကို ခံယူရန် ကျွန်ုပ်၏နှလုံးအိမ်တစ်ခုလုံး အသင့်ဖွင့်လျက် ရှိနေပါ၏။ သို့အတွက် စကြဝဠာအတွင်း ပျံ့နှံ့လျက်ရှိသော ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့နှင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့၏ဟိတ်တန်ခိုးတို့သည် ကျွန်ုပ်၏ ဖွင့်ဟလျက်



www.burmeseclassic.com

www.burmeseclassic.com

[...] နှလုံးသည်းပွတ်သို့ ဝင်ရောက်[...]ပါစေသတည်း"

ဟု နံနက်တိုင်း နေထွက်ရာအရပ်[...]ပြီး သုံးကြိမ် သုံးခါတိုင် လက်[...] ဆန့်တန်း၍ အော်ဟစ်ကာ[...]ယ် တန်ခိုးသိဒ္ဓိတွေ မိမိထံရောက်[...]ဖြစ်ကြောင်း ယုံကြည်ရန်ပင် ဖြစ်[...]

သို့နှင့်ပင် ဂန္ဓာရီဆရာလေးသည်[...] ရက်မြောက်နေ့၌ ပိုးဂူရှိရာ ဖိုးဦး[...]ကောင်းသို့ ပြန်လည်ရွှေ့ပြောင်းခဲ့လေ[...] ဦးမှာ တောင်၏ထိပ်၌ရှိ၍ ဂူထိပ်[...] ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိသည်။ ပိုးဂူ[...] ယောက်ျားကြီးနှစ်ဖက်စာသာကျယ်[...] အနက် (၁၁) တောင်၊ (၁၂) တောင်[...] မြေစိုက်တွင်းကြီးတစ်တွင်း ဖြစ်[...]။ တွင်းကြီးကို သံလက်ရန်းများ[...]ကာထားသည်။ တွင်းကြီး၏ထိပ်၌[...]ရွှေ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူ[...]လျက်ရှိပြီး တွင်းဝတွင် တံခါးများ[...]ထားသည်။

"ငါ့သား၊ အဲဒါ ပိုးဂူတွင်းလို့ ခေါ်[...]။ တစ်နည်းပြောရရင်တော့ ထုံး[...]ကြီးပေါ့။ အဘဘိုးဘိုးအောင်ကိုယ်[...] အဲဒီထုံးတွင်းကြီးထဲဆင်းပြီး ဂန္ဓာ[...]ကျင့်တွေကို ကျင့်ခဲ့တယ်။ ထွက်[...]ပေါက်ဝိဇ္ဇာကြီး ဖြစ်ခဲ့တယ်။ ပြည်[...] ပြည်ထွက်ကျင့်စဉ်မှာ အင်းဂူမှာ[...]အောင်၊ ပိုးဂူကို မပြောင်းရင် ထုံး[...]ကောင်းအရ ဝိဇ္ဇာမဖြစ်နိုင်ဘူးလို့ အ[...]ကြတယ်။ ဝိဇ္ဇာဖြစ်မည့်သူတိုင်း ထုံး[...]ဆင်းကြရတယ်။ ခု ငါ့သားက ပါရမီ[...]တဲ့အတွက် ဒီအကျင့်တွေကိုကျင့်[...] ဒီထုံးကျင်း ပိုးဂူကို ရောက်လာရတာ[...]ကောင်းတယ်ဆိုရမယ်"

ဘသူတော်က ပိုးဂူအကြောင်း[...] ရှင်းပြသည်။ ဂန္ဓာရီဆရာလေး[...]သည် ဘသူတော်နှင့်အတူ တွင်းဝ[...]ရင်း တွင်းကြီးထဲသို့ ငုံ့ကြည့်လိုက်[...] လေ့ကားမရှိဘဲ တွင်း၏နံရံများကို[...]တန်ဆင်းရမည့်တွင်းကြီးက မှောင်[...]နေသည်။ တွင်းထဲကို ဘာမှမမြင်ရ။[...]ကြည့်စရာ ဓာတ်မီးကလည်း ပါမ[...]

သူက တွင်းကြီးကို တစ်လှည့်၊[...]သူတော်ကို တစ်လှည့် ကြည့်နေမိ[...]

"ဘာလဲ၊ ငါ့သား ကြောက်နေ[...]ထင်ပ။ ဘာမှမကြောက်ပါနဲ့ သား[...] သူတော်ကောင်းတွေသွားတဲ့လမ်းမှာ[...]တော်ကောင်းတွေ အမြဲစောင့်ရှောက်ပါတယ်။ ရဲရဲသာဆင်းပါ"

ဘသူတော်က ဂန္ဓာရီဆရာလေး ရဲဇော်ကိုကြည့်ပြီး အားပေးစကားပြောရင်း တိုက်တွန်းလိုက်၏။

✪

ဂန္ဓာရီဆရာလေးသည် မရဲတရဲနှင့်ပင် တွင်းကြီးထဲဆင်းရန် ပြင်ဆင်ရင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဦးချဝတ်ပြုလိုက်ပြီး တစ်ဆက်တည်း ဘသူတော်ကို ကန်တော့နှုတ်ဆက်လိုက်သည်။

"ဘသူတော်၊ သား ဆင်းတော့မယ်"

"အိမ်း- ကောင်းပ၊ ကောင်းပ"

တွင်းကြီးက ပြောင်ချောနေ၏။ ခြေကန်ဆင်းရမည့်တွင်းကြီး ဖြစ်သဖြင့် မတော်တဆ ခြေချော်သွားပါက အကိုင်အတွယ်မရှိ အညာအတာမရှိ တွင်းကြီးထဲ ပြုတ်ကျသွားမည် ဖြစ်သည်။ သို့ကြောင့် သတိကြီးစွာထား၍ တွင်းကြီး၏နံရံနှစ်ဖက်ထို လက်နှင့်ကုပ်ကာ စမ်းတဝါးဝါးဆင်းခဲ့၏။

တွင်းကြီး၏ အလယ်လောက်ရောက်တော့ တွင်းကြီးထဲကို ခပ်ပျပျ မြင်လာရသည်။ အမှောင်ထဲ၌ ကျင့်သားရလာသလိုဖြစ်သော သူ့မျက်စိများက တွင်းထဲကို ရေးရေးမြင်လာသည်။

သည်မှာတင် ဂန္ဓာရီဆရာလေး ရဲဇော် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် နှလုံးသွေးရပ်ခမန်း။

လင်ပန်းငယ်တမျှ ပါးပျဉ်းကြီးထလျက် သူ့ကိုမာန်ဖီနေသည့် ခြေသလုံးခန့် မြွေဟောက်ကြီးတစ်ကောင်ကို တွေ့လိုက်ရ၏။

အပေါ်ပြန်တက်ဖို့လည်း လွယ်လွယ်နှင့် ပြန်တက်မရသော အနေအထား ဖြစ်နေသည်။ မမျှော်လင့်ဘဲ မြွေဟောက်ကြီးကို မြင်လိုက်ရသဖြင့် ကြောက်၍ ထိတ်လန့်သောစိတ်တို့ကြောင့် ရင်မှာ တဒုန်းဒုန်းခုန်လျက်လည်း ရှိသည်။ ခြေ၊ လက်များလည်း အန့်သေချင်သလို ဖြစ်ကာ ချွေးများပြန်ထွက်လာသည်။

"ဖူး. . . ဖူး"

မြွေဟောက်ကြီး၏မှုတ်သံများကလည်း တဖူးဖူး၊ တဗုန်းဗုန်းနှင့် ကြောက်မက်ဖွယ်ထွက်ပေါ်လျက် ရှိ၏။

နောက်ဆုံး သူ၏ခြေနှင့်လက်တို့ တွင်းထဲသို့ တဖြည်းဖြည်း လျှောကျလာ၍ မြွေဟောက်ကြီးဖြင့် နီးသထက်နီးလာပြီ။ ထိုအချိန်တွင်ပင် ဘသူတော်၏ လက်သုံးစကားဖြစ်သော 'သူတော်ကောင်းတွေသွားမယ့်လမ်းမှာ သူတော်ကောင်းတွေ အမြဲစောင့်ရှောက်ပါတယ်' ဆိုသည့် အသံက ပဲ့တင်ထပ် ကြားလာသည်။

ဂန္ဓာရီဆရာလေး ရဲဇော် သတိတစ်ချက် ပြန်ထိန်းလိုက်သည်။

'ငါ သူတော်ကောင်းပဲ။ သူတော်ကောင်းတွေရဲ့အကျင့်ကို ကျင့်နေသူပဲ။ ဂန္ဓာရီခရီးသည် အဓိဋ္ဌာန်တည်ဆောက်နေသူပဲ။ ငါဟာ ခန္ဓာကိုယ်ကို ဘုရားလှူပြီး အဓိဋ္ဌာန်တည်ဆောက်နေတာပဲ။ ငါ့အဓိဋ္ဌာန်က ဒီပိုးဂူတွင်းကြီးခေါ်တဲ့ ထုံးကျင်းကြီးထဲ ဝိဇ္ဇာဓာတ်တွေ ထုံကူးရင်း ဆင်းပြီး အဓိဋ္ဌာန်ကျင့်ဖို့ပဲ။ ဖြစ်လိုရာဖြစ်စေတော့၊ ငါ့အဓိဋ္ဌာန်အတိုင်း ဆင်းကိုဆင်းမယ်။ ငါ့အဓိဋ္ဌာန် အပျက်မခံဘူး'

ဟုလည်း ယတိပြတ် ဆုံးဖြတ်လိုက်သည်။

ထိုခဏတွင်ပင် သူ၏ ခြေနှင့်လက်တို့က ထုံကျင်းနံရံမှ ထုံကျင်းကြီး၏အောက်ခြေသို့ လျှောကျသွားလေတော့၏။

သည်မှာတင် ဂန္ဓာရီဆရာလေး ဒုတိယအကြိမ် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားရပြန်သည်။

အကြောင်းသော်ကား. . .

စောစောက ထုံကျင်းအလယ်လောက်မှမြင်နေရသည့် သူ့ကို တဖူးဖူး မှုတ်လျက် ရန်လုပ်နေသော မြွေဟောက်ကြီးကို လုံးဝရှာမတွေ့ရတော့ဘဲ မြွေဟောက်ကြီးအစား လူတစ်ယောက်ထိုင် သင်ဖြူးလေးတစ်ချပ်ကိုသာ တွေ့လိုက်ရသောကြောင့် ဖြစ်လေ၏။

ဆရာလေးရဲဇော် အလွန် အံ့သြသွားသည်။

'ငါ တွင်းကြီးထဲဆင်းတုန်းက ကြောက်နေမိလို့ ကြောက်စိတ်ကြောင့် အထင်မှား အမြင်မှား ဖြစ်တာပဲလား၊ ဒါမှမဟုတ် ဘသူတော်ပြောသလို နတ်တို့နဲ့ တန်ခိုးတူမျှတဲ့ အကျင့်တွေကျင့်လို့ နတ်တွေကပဲ စောင့်ယှက် ခြောက်လှန့်တာလား၊ ဒါမှမဟုတ် ငါ့အဓိဋ္ဌာန်သီလကိုပဲ ဆိုင်ရာပုဂ္ဂိုလ်တွေက စမ်းတာလား'

ဟုလည်း 'လား' ပေါင်းများစွာနှင့် တွေးနေလိုက်မိပေသတည်း။

နေဝန်းနီ

*ဖြစ်ရပ်မှန်လေးကို ပြောပြပေးသော ဆရာရဲဇော် နက္ခတ္တဝေဒ သုတေသီ(စာရေးဆရာ)အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်အေး(မုန့်လေး)
စိတ်ထားဝတီ



၄

ကျွန်တော်သည် မကြာခဏဆို သလို စာအုပ်ဗီရိုကို ရှင်းတတ်ပါသည်။ စင်စစ် စာအုပ် ဆိုတာကလည်း စာရေးဆရာအတွက် 'အသက်' ဖြစ်နေသည်ပဲ မဟုတ်ပါလား။ ပုရွက်, ခြ, ပိုးဟပ် ဆိုသောသတ္တဝါတွေကလည်း စာအုပ်ဆိုလျှင် သူတို့အတွက် စားမြိန်စာများမှတ်နေသည်လား မသိ၊ ကောင်းကောင်းကြီး ဝါးသည်။ စားပစ်သည်။ ပြီးတော့ အမှုန့်ခြေပစ်လိုက်ပေသည်။ စာအုပ်ကို အသက်တမျှ တန်ဖိုးထားတတ်သည့် ကျွန်တော် ရင်ကွဲရှိသာမက ပက်လက်ပါလန်သွားရလေသည်။ ထို့ကြောင့်ပင် စာအုပ်ဗီရိုကိုရှင်းခြင်း ဖြစ်၏။ ဗီရိုရှင်းရင်း နှစ်သက်သောစာအုပ်တွေ့က ဖတ်လိုက်ပေသေးသည်။ သည်တစ်ခါ စာအုပ်တွေစီထားသည့်ကြားမှ ဆွဲထုတ်လိုက်မိသည့် စာအုပ်က အမေ ဒေါ်အမာ၏ 'ရတနာပုံမန္တလေး မန္တလေး ကျွန်မတို့မန္တလေး'



www.burmeseclassic.com

www.burmeseclassic.com

တအုပ် ဖြစ်နေသည်။ မိမိမြတ်နိုးချစ်ခင်တွယ်တာခဲ့ရသောအရပ်။ နှစ်ပေါင်းများစွာကြာမြင့်အောင် တာဝန်ထမ်းဆောင်နေထိုင်ခဲ့ရသည့်ဒေသ။

စိတ်တွင်းမှာ ဂန္တဝင်ရုပ်ရှင်ဇာတ်ကားတစ်ကားကို ပြန်ကြည့်နေရသလို တစ်ကွက်ပြီးတစ်ကွက် ပြန်လည် မြင်ယောင်လာလေသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ဈေးချိုတော် နာရီစင်၊ ကျောင်းကြီးရွှေအင်ပင်၊ မန္တလေး အိမ်တော်ရာနှင့်မန္တလေးတောင်တို့ကို သတိရမိသွားခဲ့ပါသည်။ ထိုစဉ်က အနောက်မြောက်တိုင်းစစ်ဌာနချုပ်တွင် တာဝန်ထမ်းဆောင်ရသည်မှာ ပျော်လည်းပျော်သည်၊ ပင်လည်းပင်ပန်းသည်။ သို့ပင်ဆိုစေကာမူ မန္တလေးမှမခွာချင်ခဲ့သည်မှာ အမှန်ပါ။ ရာထူးအဆင့်တိုးမြင့်သွား၍သာ ပြောင်းရွှေ့ခဲ့ရသည့်တိုင် ပြည့်ပြည့်ဝဝ ဝမ်းမသာနိုင်ခဲ့။ မလိမ်မညာတမ်းပြောရလျှင် မိတ်ဆွေ အပေါင်းအသင်းများနှင့် မခွဲခွာချင်တာလည်း ပါခဲ့သည်။ သို့တစေ တာဝန်ဝတ္တရား ဆိုသည်ကမည်သို့မျှ ပျက်ကွက်၍မဖြစ်သည်ကို မငြင်းနိုင်။

အထူးသဖြင့် အမဲလိုက် တောသည်ဖက်ဖြစ်သည့် ကိုတင့်ဆွေတို့၊ ကိုဘသိန်းတို့အား အစဉ်သတိရရှိနေတတ်ပါသည်။ ကျွန်တော် မန္တလေးတွင် နေထိုင်စဉ် 'နီလာဆွေ' သို့ မကြာခဏရောက်သည်။ နီလာဆွေက တည်းခိုခန်းဖြစ်သဖြင့် လူစုံ၏။ လာရောက်တည်းခိုသူတွေကလည်း ကိုတင့်ဆွေ၏မိတ်ဆွေတွေ များသည်။ ကျွန်တော်နှင့်လည်း ခင်မင်ရင်းနှီးကြသည်။ ကောလင်း၊ ဝန်းသို၊ သပိတ်ကျင်း၊ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမိတ်နှင့် ရပ်ဝေးဒေသမှလူတွေ ဖြစ်ကြပါသည်။ ဝင်လာလိုက်၊ ထွက်သွားလိုက်နှင့် ပျော်စရာတော့ တော်တော်ကောင်းသည်။ နီလာဆွေ၏စုပါစတားတတော့ စိန်ဘိုဝင်း ဖြစ်ပါသည်။ စိန်ဘိုဝင်းကို ရှပ်အင်္ကျီဝတ်တာ တစ်ခါမျှပင်မတွေ့ရဖူး၊ အစဉ်သဖြင့် ကျောအပြောင်သားနှင့် မြင်တွေ့ရတတ်သည်။ တစ်ကိုယ်လုံးမှာ မိတ်ဖုတွေ ဗရပွ။ ထူးခြားတာက စိန်ဘိုဝင်း တစ်ခါမျှ မိတ်တုတ်တာမတွေ့ရ။ ပုံသဏ္ဌာန်မှာ ဗိုက်တရွဲရွဲ ခါးတုတ်တုတ်၊ အသားက မည်းတူးလို့။ လမ်းလျှောက်လျှင် စည်ပိုင်းတစ်လုံးလိမ့်လာသလို လှုပ်လှုပ်၊ လှုပ်လှုပ်နှင့်။ အလုပ်ကိုတော့ ဖြည်းဖြည်းမှန်မှန်လုပ်နေကိုင်နေတတ်၏။ မေးလျှင်ဖြေသည်၊ ခေါ်လျှင်ထူးသည်။ စိတ်ကောင်းကမူ အမှန်တကယ်ရှိပါသည်။ စိတ်ဆိုးတာ တစ်ခါမျှမတွေ့ရဖူး။ မျက်နှာအမူအရာတောင် မပြောင်းတတ်။ ပြုံးပြုံး၊ ပြုံးပြုံးနှင့် သူ့အလုပ်သူသာ လုပ်နေ၏။

သူလုပ်ရသောအလုပ်က နီလာဆွေ တည်းခိုခန်းမှာ အထွေထွေအလုပ်သမား။ သန့်ရှင်းရေးလုပ်၊ တံမြက်စည်းလှည်းရသည်။ အိပ်ရာခင်း အသစ်လဲ၊ စောင်, ခေါင်းအုံးအသစ်လဲ၊ ဒီအပြင် ညစောင့်အလုပ် လုပ်ရသည်။ တည်းခိုခန်းအဝင်ဝမှာ ည (၁၀) နာရီထိုးပြီဆိုလျှင် သံဘာဂျာတံခါးကိုပိတ်၊ သော့ခတ်ပြီးနောက် ခုံတန်းလျားနှစ်လုံးကိုဆက်ကာ အိပ်ရာခင်းပြီး အိပ်တော့သည်။ မန္တလေးမှာကဖြင့် ခြင်အလွန်ကိုက်တာက နိုင်ငံကျော်ပင် မဟုတ်ပါလား။ ခြင်ထောင်ကိုတော့ ကျကျနနထောင်၏။ ဒီလိုမှ အကာအကွယ် မလုပ်ခဲ့လျှင် ခြင်ကချီသွားလိမ့်မည်။

နံနက်စောစောထရ၏။ မထလို့လည်းမရ၊ (၄)နာရီက အစောဆုံး။ ရထားနှင့်ခရီးထွက်မည့်သူ၊ အဝေးပြေးကားဖြင့် ခရီးဆက်မည့်သူများအတွက် အစစ စီစဉ်ပေးရသည်။ တည်းခိုခန်းကို အလုံးစုံ ပြည့်စုံအောင် စီစဉ်ပေးထားရသည်။ ရေ၊ မီး၊ အိမ်သာ, ရေချိုးခန်း ကောင်းမွန် သန့်ရှင်းနေဖို့၊ အနံ့ဆိုးများ မရှိဖို့။

စိန်ဘိုဝင်းက သူရသမျှလစာကို အမေအိုကို အပ်သည်။ သူ တစ်ပြားမျှ မယူပေ။ အစ်မတစ်ယောက်က အိမ်မှာနေပြီး အမေ့ကိုပြုစုသည်။ စိန်ဘိုဝင်းက ပေါ့ပါးလွန်းသဖြင့် ဧည့်သည်တွေက ချစ်ခင်သည်။ ပြန်ခါနီးလျှင် သူတို့ပစ္စည်းကို စိန်ဘိုဝင်းက ကူညီသိမ်းပေးသည်။ ပြီးတော့ ပြန်မည့်ဧည့်သည်၏ပစ္စည်းများကို ဆိုက်ကား၊ မြင်းလှည်းပေါ် အထိ လိုက်လံတင်ပေးရသည်။ တည်းခိုခန်းမှာ ဆိုလျှင်လည်း ရေနွေးဆိုရေနွေး ယူပေးရသည်။ လက်ဖက်ရည် ဝယ်ပေးပါဦး ဆိုလျှင်လည်း သွားဝယ်ပေးရသည်။ အလွန်ပေါ့၍ သဘောသကာရကောင်းလှသည့်အတွက် လူချစ်လူခင်ပေါခြင်း ဖြစ်ပါသည်။

နီလာဆွေ တည်းခိုခန်းပိုင်ရှင် ကိုတင့်ဆွေက မုဆိုးဖို ဖြစ်သည်။ အသက် (၆၀)ကျော်ပြီ။ သားက သုံးယောက်၊ အိမ်ထောင်မရှိကြ။ အဖေ၏လုပ်ငန်းကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြသည်။ လက်ရည်တစ်ပြင်တည်း ဆိုရပါမည်။ စားရေးသောက်ရေးအတွက် ဒေါ်သိန်းက ဆောင်ရွက်ပေးသည်။ နီလာဆွေပိုင်ရှင် ကိုတင့်ဆွေ၏မိဘများလက်ထက်ကပင် မိသားစုပမာနေထိုင်ခဲ့ပြီး ကူညီလုပ်ကိုင်ပေးခြင်းပင်။ သားတွေက စ, ကြ၊ အဖေကစ,နှင့် အဘွားကြီး အတော် ခေါင်းနောက်ရသည်။ စင်စစ် အဘွားကြီး၏သားသမီးများ အိမ်ထောင်ကျကုန်ပြီ။ ခင်ပွန်း ဆုံးပါးသွားပြီးကတည်းက အိမ်ထောင်သည်သမီးတစ်ဦးနှင့်သာ အတူနေထိုင်သည်။

နီလာဆွေတည်းခိုခန်းသို့ ကိုတင့်ဆွေ၏တပည့်ရင်း ဦးစိမောင် မကြာခဏ ရောက်လာတတ်သည်။ တည်းခိုခန်းမွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို လုပ်ပေးရန် ဖြစ်၏။ ဦးစိမောင်က ပြင်ပဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် လုပ်သည်။ အလုပ်ပါးသည့်အခါမှာ ဆရာသမားထံ ကူညီရန် လာရောက်ခြင်းဖြစ်၏။ ဦးစိမောင်က အသားမည်းမည်း၊ သွားကျဲကျဲ၊ စကားပြောသည့်အခါ အသံက ပြာပြာ။ ခြုံပြောရလျှင် အကျည်းတန်လှပါသည်။ ဒေါ်သိန်းကို ဦးစိမောင်နှင့် ပေးစား,စ,လျှင် အကြီးအကျယ် စိတ်ဆိုးသည်။ ကတ်ကတ်လန်အောင် ပြန်ပြောတတ်သည်။

"မြင့်စိုးနော်၊ ငါ့ကို ဒီအရုပ်ဆိုးကြီးနဲ့ မစ,စမ်းပါနဲ့ဟယ်။ ကျက်သရေတုံးလွန်းလို့"

"ဦးစိမောင်ကို မကြိုက်ရင် ဟိုကောလင်းက ဦးခင်မောင်ကြီးကောဗျာ၊ ဒီလူကြီးလာရင် ဒေါ်သိန်းကိုရှာနေတာများ မောလို့"

"တော်စမ်းပါ မြင့်စိုးရယ်၊ နင့်လူကြီးက ကစော်အိုးကြီး။ ကြည့်ရတာတောင် အော့နှလုံးနာလွန်းလှပြီ"

ဦးစိမောင်ကမူ မြိန့်မြိန့်ကြီးထိုင်လျက် ပြုံးနေတတ်သည်။ သားအငယ်ဆုံး စိုးမင်းကလည်း တစ်စခန်းထသည်။ သူ့ပုံစံက လူပုံက ခပ်နွဲ့နွဲ့၊ ပိန်ပိန်ဖြူဖြူ။ စကားပြောတော့ မပွင့်တပွင့်နှင့်။ စ,တာကျတော့ တစ်ဘာသာ။ ဒေါ်သိန်းက ကုလားပဲဟင်းချက် အလွန်ကောင်း၏။ ကုလားပဲဟင်းချက်လျှင် ဆိုင်ကချက်တာတွေနှင့် လားလားမျှမတူ။ အရသာလည်းရှိ၊ အစပ်အဟပ်ကလည်း တည့်သည်။ ဟင်းခတ်အမွှေးအကြိုင်တွေ စုံစုံလင်လင်နှင့်၊ ကြက်သွန်ဖြူကို ဆီသတ်ပြီး သစ်ကြံပိုး, ကရဝေးထည့်ခတ်လိုက်သည့်အခါ မွှေးကြိုင်ပြီး ဆာလောင်လာတတ်သည်။ ပဲဟင်းက ထောပတ်ရနံ့



www.burmeseclassic.com

www.burmeseclassic.com

ကလေးသင်းပြီး သည်ဟင်းတစ်မည် တည်းနှင့်ပင် ထမင်းစားမြိန်လှပါသည်။ ဒေါ်သိန်း၏လက်ရာက သည်မျှကောင်းလှပါသည်။

"ဒေါ်သိန်း၊ ဒီပဲဟင်းကိုဘယ်ဆိုင်ကဝယ်တာလဲဟင်။ မြို့မဆိုင်ကနဲ့တူတယ်နော်။ ဆိုင်ဟင်းမို့ထင်ပါရဲ့၊ စားလို့ကောင်းလိုက်တာဗျာ"

စိုးမင်းက ဒီလိုရိုတော့ ဒေါ်သိန်းဒေါကန်သွားသည်။ စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်အော်တော့သည်။

"ဟုတ်တယ်၊ ဟုတ်တယ်- မြို့မဆိုင်က ဝယ်လာတာပေါ့"

စိန်ဘိုဝင်းက ညဘက် (၈)နာရီလောက်ဆိုလျှင် စက်ဘီးအိုကလေးနင်းကာ ဦးပြားကြီးဝင်းအတွင်းမှာရှိသည့် သူ့အိမ်သို့ပြန်သည်။ အိမ်မှာ လေတစ်ခြမ်းဖြတ်ထားသော အမေအို ရှိသည်လေ။ သူ့အမေကိုပြန်ပြန်ကြည့်ခြင်း ဖြစ်ပါသည်။ စိန်ဘိုဝင်းက ရသမျှလစာငွေကို သူ့အမေအတွက်နှင့် အိမ်အတွက်၊ စားဖို့သောက်ဖို့အတွက်သာ သုံးသည်။ သို့မို့ကြောင့် စိန်ဘိုဝင်းမှာ လုံချည်လေး (၄) ထည်လောက်ကို ထည်လဲဝတ်ရသည်။ ညနေအလုပ်ပြီး၍ ရေချိုးပြီးလျှင် စွပ်ကျယ်ဝတ်ပြီး ပူအိုက်သည့်ရာသီမျိုးဆိုပါက စွပ်ကျယ်လက်ပြတ်ကိုသာ ခုံခုံမင်မင်ဝတ်တတ်သည်။ သူ့မှာရှိသော စွပ်ကျယ်အရောင်က အစိမ်းရင့်ရင့်၊ ပြီးတော့ နီနီရဲရဲ။ သူ့အသား သပိတ်ရောင်နှင့် တော်တော် ပဏာစားလှပါ၏။ တစ်မျိုးပြောရလျှင် အလွန် ပန်းရပါသည်။ စိန်ဘိုဝင်း အိမ်အပြန်ခရီးတွင် ဒေါ်သိန်းပါ စက်ဘီးနောက်က ကယ်ရီယာပေါ်မှာလိုက်ပါသွားတတ်သည်။ ည(၉)နာရီဆိုလျှင်တော့ စိန်ဘိုဝင်းပြန်ရောက်လာသည်။ အချိန်ကလည်း အလွန်တိကျ၏။ သူနှင့်မရှေးမနှောင်း ရောက်လာသူက မာလာဝင်း။ မာလာဝင်းက စာအုပ်အငှားဆိုင် ဖြစ်၏။ မာလာဝင်းက စက်ဘီးနောက်က ကယ်ရီယာပေါ်မှာ မြွေရေခွံအိတ်နှင့် လစဉ်ထုတ်စာအုပ်မျိုးစုံ၊ လုံးချင်းဝတ္ထုစာအုပ်များ စုံစုံလင်လင် တင်လာသည်။ သည်လို စက်ဘီးတစ်စီးဖြင့် တည်းခိုခန်းများကိုဆက်သွယ်ကာ လှည့်လည် ငှားရမ်းသော စာအုပ်အငှားဆိုင်ဖြစ်၏။ နီလာဆွေတည်းခိုခန်းသို့ လာရောက်တည်းခိုကြသူ အများစုက စာဖတ်ဝါသနာပါကြ၏။ ထို့ကြောင့်လည်း မာလာဝင်း နေ့စဉ်စာအုပ်ငှားရခြင်းဖြစ်ပါသည်။ ကိုတင့်ဆွေ၏သားအကြီးဆုံးဖြစ်သည့် မြင့်စိုးက စာဖတ်ဝါသနာပါလှသည်။ မြင့်စိုး နေ့စဉ်ငှားသဖြင့်လည်း မာလာဝင်း မှန်မှန်လာရခြင်း ဖြစ်ပါသည်။

တည်းခိုခန်းသို့ လာရောက်တည်းခိုကြသူများသည် စာအုပ်ငှားခကို နေ့စဉ်ပေးချေကြသည်။ ယင်းသို့မဟုတ်လျှင် နောက်တစ်နေ့ ပြန်သွားသည့်အခါ စာအုပ်အငှားခ ဆုံးတတ်၍ဖြစ်၏။ စာအုပ်ကိုမူ တည်းခိုခန်းသို့ ပြန်အပ်ခဲ့ကြသည်။ မာလာဝင်း၏စာအုပ်များတွင် 'မာလာဝင်းစာပေ၊ ရေစို, စုတ်ပြဲ, ပျောက်ဆုံးလျှင် စာအုပ်တန်ဖိုး ပေးလျော်ရမည်။ ရိုသေစွာကိုင်တွယ်ပါ။ ကျေးဇူးတင်ပါသည်' ဟု ရော်ဘာတံဆိပ်တုံးနှင့် ရိုက်နှိပ်ထားသည်။

စာအုပ်အငှားသည် ကွလေးမကာ အသက်အစိတ်ခန့် ရှိပါလိမ့်မည်။ အသားညိုညို၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်၊ စကားပြောတော့ ညက်သည်။ သူမ၏စာအုပ်တွေကို မငှားချင်ငှားချင်အောင် ပြောတတ်သည်။ စာအုပ်ငှားလုပ်ငန်းဖြင့် ချောင်ချောင်လည်လည် ရပ်တည်နိုင်သည်ဟု မြင့်စိုးတို့က ပြောပြသည်။ သည့်အပြင် မာလာဝင်း အသံကလည်း အတော်ပင်ကျယ်သည်။ သူမ၏စကားသံကို စက်ဘီးနှင့် သူမ ရောက်မလာမီကပင် အဝေးမှကြားရသည်။ စာပေကိုလည်း တော်တော် ဝါသနာပါဟန်တူသည်။

တစ်နေ့ ကျွန်တော် သူမ၏စာအုပ်အချို့ကို လှန်လှော ဖတ်ရှုကြည့်နေမိရင်း-

"ကျွန်တော်ဗျာ၊ စာအုပ်စာပေလူ့မိတ်ဆွေဆိုတာ တကယ်လက်တွေ့ပဲဗျို့။ မျက်မြင်ကိုယ်တွေ့ပဲ။ မာလာဝင်းလို စာအုပ်တွေကို လိုက်ငှားပေးနေတဲ့ နယ်လှည့်အငှားဆိုင်တွေ အများကြီးပေါ်လာရင် ဘယ်လောက်ကောင်းလိမ့်မလဲဘဲ၊ မဟုတ်ဘူးလား ဒေါ်မာလာဝင်း။

စာအုပ်တွေလှည့်ရောင်းနေတော့ စာတွေအများကြီးဖတ်ဖြစ်မှာပေါ့၊ ဟုတ်လား"

"နည်းနည်းပါးပါးတော့ ဖတ်ဖြစ်ပါတယ် အဘရယ်။ ကျွန်တော်တို့က သွားရလာရ၊ ချက်ရပြုတ်ရနဲ့ အားရတယ်လို့မရှိလှပါဘူး။ သိလား အဘ၊ တစ်ခါတလေ အချိန်ရရင်တော့ မနေပါဘူး။ စာအုပ်ကို ကောက်ကိုင်လိုက်မိတဲ့အခါ များပါတယ်။ ဟိုတစ်လောတုန်းက ရုပ်စုံကမ္ဘာဆိုတဲ့ စာအုပ်တစ်အုပ်ထဲမှာ ဆရာမောင်သိန်းဆိုင်ရဲ့ ရုပ်ပြတစ်ပုဒ်ကို ဖတ်လိုက်မိတယ်။ ဘယ်က လာပြီး ဘယ်ကိုသွားမလဲမသိဘူးတဲ့၊ နွေဦးမှာ ပေါ်လာတဲ့ အရောင်မည်းတဲ့ ငှက်ကလေးပေါ့။ ဥသြကလေးလေ၊ နှလုံးသားလှတဲ့အကြောင်းရေးထားတာ၊ အဲဒီရုပ်ပြထဲကလူဟာ ဇာတ်အဖွဲ့တစ်ခုနဲ့ပါလာပြီး ရေထမ်းရောင်းရတယ်။ ရုပ်ကလည်းဆိုးတယ်။ ဥသြနဲ့နှိုင်းယှဉ်ပြီးရေးထားတာ၊ တော်တော့်ကို ဖတ်လို့ကောင်းတယ် အဘ"

"ဟုတ်တယ် မာလာရေ၊ ဦးတင့်ဆွေငှားထားတဲ့စာအုပ် ကျွန်တော်လည်း ဖတ်ပြီးပြီ။ ဪ-ဒါနဲ့ ကျုပ်တို့ရဲ့နီလာဆွေမှာလည်း နွေဥသြလေးတစ်ကောင် ရှိနေတာ ခင်ဗျား မသိဘူးလား။ သူ့ခမျာ သနားစရာပါဗျာ၊ မာလာဝင်း သတိမထားမိဘူးလား"

ရုတ်တရက် မာလာဝင်း တွေဝေသွားသည်။ စဉ်းစားနေသယောင် ဖြစ်သွား၏။ ကျွန်တော်ပြောသော စကားကို ရုတ်တရက်ချက်ချင်း အဓိပ္ပာယ်ပေါက်ဟန်မတူ။ ထို့ကြောင့် မာလာဝင်း၏အဖြေကို စောင့်မနေတော့ဘဲ ကျွန်တော်ကပင် ပြောချလိုက်ရ၏။

"နီလာဆွေက နွေဥသြကလေးဗျာ၊ ဟောဟိုက စိန်ဘိုဝင်းပေါ့။ ဥသြကလေးလို အသားကလည်း မည်းတယ် အသံကလည်း ချိုပါတယ်၊ အကျည်းတန်ပေမယ့် နှလုံးသားကတော့ လှရှာပါတယ်ဗျာ။ သနားစရာပါ မာလာဝင်းရယ်"

ရုတ်တရက်မို့ မာလာဝင်းကား သဘောမပေါက်၊ ခဏမျှ စဉ်းစားနေသည်။ စိန်ဘိုဝင်းက ကျွန်တော်တို့အဝေးသို့ လက်ဖက်ရည်တစ်ခွက် လာချပေးရင်း သူ့ထုံးစံအတိုင်း မပြုံးတပြုံးလုပ်နေသည်။ ပြီးနောက် ကျွန်တော်၏အနီးမှာ နီးယပ်တောင် တစ်ချောင်းဖြင့် တဖျပ်ဖျပ် ယမ်းပေးနေသည်။ ရွှေမန္တလေးတခြင်တွေ ညနေစောင်းပြီဆိုလျှင်ပင် ဖွဲ့နှင့်ဆုပ်၍ ပက်လိုက်သလို ရောက်လာတတ်သည်။ အမေရိကန် နေဗီစီး(လ်) ကွန်မန်ဒိုတွေအလား တရကြမ်းဝင် တရကြမ်း ထွက်သွားတတ်သည်။ ကိုက်သွားလိုက်တာမှ တစ်ကိုယ်လုံးရစရာပင် မရှိ။ ကျွန်တော့်အနီးတွင် လာရပ်နေသည့် ကသာမှ လာရောက်တည်းခိုသော ငယ်နာမည် 'ကွာစေ့' ခေါ် ကိုမြင့်ဝေက မန္တလေးရမ်နှစ်ပက်လေး...မတ



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာပြီး ခပ်ပေါက်ပေါက်နှင့် ဝင်ထောက်လိုက်သေးသည်။

"ဟုတ်တယ်ဗျို့၊ ကျုပ်တို့ စိန်ဘိုဝင်းကြီးကို လုံးဝ အထင်မသေးနဲ့နော်။ သူ့ကိုလည်း အရမ်းစုတယ်၊ ချွေတာတဲ့နေရာမှာ စွပ်ကျယ်တောင် ဝယ်မဝတ်ဘူး၊ တွေ့လား၊ မာလာဝင်း"

သည်တော့မှပင် မာလာဝင်းက သူ့ကို ဝိုင်းချုတ်နေကြကြောင်း ရိပ်မိသွားသည်။

"ဟာ-အဘဲကလည်း၊ ကျွန်တော် အဟုတ်မှတ်ပြီး နားထောင်နေတာ။ ညဉ့်ဝေကြီးလည်း မကောင်းဘူး။ သွားတော့မယ်။ (၁၀) နာရီတောင်ထိုးနေပြီ၊ သွားမယ်ဗျာ"

မာလာဝင်း၏ နယ်လှည့်စာအုပ်အငှားဆိုင်ကလေး (၂၈) လမ်းအတိုင်း ဖြည်းဖြည်း ထွက်ခွာသွားလေသည်။ ဘီးနောက်မှ မီးနီနီကလေးသည် လည်း ဝေး၍၊ ဝေး၍ သွားသည်။

"ကိုင်း စိန်ဘိုဝင်းရေ-ရုပ်ကလေးကလည်းမဆိုးဘူး၊ ဝင်ငွေလည်း ကောင်းတယ်၊ စာလည်းဖတ်တယ်၊ ဗဟုသုတကလည်း စုံမှစုံ။ စိတ်ကူးမလွဲနဲ့နော်"

ကျွန်တော် သွေးတိုးစမ်းကြည့်လိုက်၏။

"အမေအိုကြီးကို ဆေးကုပေးရဦးမှာလေ၊ ဒီကိစ္စတွေ စိတ်တောင်မကူးဘူး ခင်ဗျာ။ ဆေးဖိုးဝါးခကလည်း ဈေးကြီးလှတယ်လေ၊ အမေ မသေခင် ကျွန်တော်ရတဲ့လုပ်အားခနဲ့ အမေ့ကျေးဇူးကို ပြန်ဆပ်သွားမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ် ခင်ဗျာ"

စိန်ဘိုဝင်း၏စကားများက ကျွန်တော်တို့ ရင်ထဲသို့ တည့်တည့်ကြီး ဝင်သည်။ ဟုတ်ပါရဲ့၊ ကျွန်တော်တို့ စိန်ဘိုဝင်းလိုမှ စဉ်းစားကြပါရဲ့လား။ မိမိကိုယ်ကိုမိမိ မေးခွန်းတွေမေးရပေလိမ့်မည်။ ယင်းညက ကျွန်တော် တစ်ညလုံး အိပ်မပျော်။ မိဘကျေးဇူးဆပ်ဖို့ ကြိုးစားနေသည့် စိန်ဘိုဝင်းနှင့် ကိုယ့်ကိုယ်ကိုယ် ပြန်လှန် နှိုင်းယှဉ်ကြည့်ရင်း အမှန်အတိုင်းပြောရလျှင် ရှက်မိသည်မှာ အမှန်ပင်။

ညဉ့်က ရင့်လှနေပြီ။ လမ်းပေါ်တွင် လူသူကင်းမဲ့လျက် တိတ်ဆိတ်၍ နေပြီ။ လမ်းဘေးအမှိုက်ပုံတွင် ခွေးနှစ်ကောင်၊ သုံးကောင် အစာလုရင်း မာန်ဖီကာ အပြန်အလှန်ဟောင်နေကြသည်။ (၂၉) လမ်းထိပ်ရှိ မီးသတ်မျှော်စင်မှ နာရီသံချောင်းခေါက်သံကို (၁၂)ချက်



ခန့် ကြားလိုက်ရ၏။ သန်းခေါင်ပင်တိုင်ပါပြီကော။

❂

နီလာဆွေသို့ သည်တစ်ခေါက် တော်တော်နှင့်မရောက်ဖြစ်။ လပေါင်းအတော်ကြာမြင့်သွားသည်။ မှတ်မိသမျှ (၆)လလောက်မကတော့။ သည်တစ်ကြိမ်ရောက်သွားသည့်အခါ စိန်ဘိုဝင်း၏သတင်းကောင်းကို ကြားသိလိုက်ရ၏။ စိန်ဘိုဝင်းအတွက် နှစ်ထောင်းအားရဖြစ်ရသည်က အမှန်ပင်။ မြင့်စိုးပြောပြ၍ ကြားသိရသော စကားများကို နားထောင်ကြည့်ပါဦး။

"စိန်ဘိုဝင်းလေ၊ တစ်ညမှာပေါ့။ တည်းခိုခန်း သံဘာဂျာတံခါးတွေပိတ်၊ သော့ခတ်၊ ပြီးတော့ သူအိပ်ဖို့ ခုံတန်းလျားနှစ်လုံးဆက်မယ်လို့အလုပ်မှာ ခုံတန်းလျားတစ်ခုရဲ့နောက်မှာ ကြွပ်ကြွပ်အိတ်အမည်းတစ်လုံး တွေ့လိုက်ရတယ်။ ရုတ်တရက်တော့ ဘာအိတ်မှန်းမသိဘူး။ သူ ယူပြီး ကြည့်လိုက်တဲ့အခါ အိတ်ထဲမှာ ငွေတွေအပြည့်နဲ့၊ ငွေတွေကို ထုတ်ကြည့်လိုက်တော့ တစ်ထောင်တန်တွေ တစ်သိန်းအုပ်(၁၀)အုပ်၊ ဆယ်သိန်းပေါ့"

"စိန်ဘိုဝင်း ပျော်မသွားဘူးလား။ သူ တစ်သက်လုံးမမျှော်မှန်းခဲ့ဘူးတဲ့ ငွေတွေလေ။ အဲဒီတော့ သူ ဘာဆက်လုပ်သတဲ့လဲ၊ ပြောပြစမ်းပါဦး မြင့်စိုးရယ်"

ကျွန်တော် မေးမိသည်။

"စိန်ဘိုဝင်းကတော့ အဘရေ၊ စိပါပဲခင်ဗျာ။ တည်းခိုခန်းတစ်ခုလုံး အိပ်ကုန်ကြပြီ၊ ဘယ်သူမှလည်း အပြင်ဧည့်ခန်းဆောင်မှာ မရှိကြတော့ဘူး။ အဲဒါ စိန်ဘိုဝင်းက ပါပါ့ကိုသွားနှိုးတယ်။ ပါပါနိုးလာတော့ စိန်ဘိုဝင်းက သူ ငွေဆယ်သိန်းအထုပ်ကြီးတစ်ထုပ် တောက်တွေ့တဲ့အကြောင်း၊ ဒါကြောင့် ဆရာ့ကိုနှိုးပြီးပြောတာ ဖြစ်တဲ့အကြောင်း ပြောတယ်။ ပါပါကလည်း တည်းခိုခန်းမှာ တည်းကြတဲ့ ဧည့်သည် တစ်ယောက်ယောက် ကျန်ရစ်တာ ဖြစ်မယ်ထင်တယ်၊ ပြန်ပြီးစုံစမ်းကြည့်ကြရအောင်။ အလိမ်အညာ ပေါ်လာမှာစိုးလို့ ဘယ်သူမှ မသိစေနဲ့ဦးလို့ ပိတ်ထားလိုက်တယ်။ ပါပါက တစ်နေ့နေ့ ပျောက်တဲ့သူလာမေးလိမ့်မယ် ဆိုပြီး စောင့်ကြည့်နေကြတယ်။ ရက်(၂၀)လောက်ကြာတော့မှ မြစ်ကြီးနားကလူတစ်ယောက် ရောက်လာတယ်။ ငွေဆယ်သိန်းထုပ်ပျောက်တဲ့အကြောင်း၊ ဘယ်နေရာမှာ ကျန်ရစ်တယ်ဆိုတာမသိလို့ ရှာလည်နေတယ်လို့ ပြောတယ်။ ကြွပ်ကြွပ်အိတ်ထဲမှာ တစ်ထောင်တန် (၁၀)အုပ် ကမ္ဘောဇဘဏ်က ထုတ်လာခဲ့တာဖြစ်ကြောင်း ခိုင်ခိုင်မာမာ အထောက်အထားနဲ့ ပြောပြနိုင်ခဲ့တယ်။ ဒါကြောင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နဲ့ နယ်မြေတာဝန်ခံ နယ်ထိန်းရဲအုပ် အပါအဝင် လူကြီးစုံရာရှေ့မှာ ပိုင်ရှင်ကို သူကျန်ရစ်တဲ့ ငွေဆယ်သိန်းပြန်ပေးအပ်လိုက်တယ်။ စိန်ဘိုဝင်းကို ရိုးသားမှုအတွက်ဂုဏ်ပြုတဲ့အနေနဲ့ ပိုင်ရှင်က ငွေတစ်သိန်း ဆုချီးမြှင့်တယ်"

"ကြားရတာနဲ့တင် ဝမ်းသာပီတိဖြစ်စရာကောင်းလိုက်တာဗျာ။ စိန်ဘိုဝင်း သူ့စေတနာက သူ့ကိုပြန်ပြီးအကျိုးပေးတာပေါ့"

ကျွန်တော် သည်လောက်ပဲ မှတ်ချက်ပြုခဲ့သည်။ နီလာဆွေ တည်းခိုခန်းတွင် တစ်ချိန်က မာလာဝင်း ပြောသွားသော စကားများအနက် အချို့ကို ပြန်လည်ကြားယောင်နေမိပါသည်။

. . . နွေဦးမှာပေါ်လာတဲ့ ဥဩလေးလိုပဲတဲ့။ အရောင်မည်းတဲ့ငှက်၊ အသံတော့ ကောင်းပြီး အဆင်မလှတဲ့ငှက်ပေါ့။ နှလုံးသားလှတဲ့အကြောင်းကို မောင်သိန်းဆိုင်က ရေးထားတာ. . .

ဟုတ်ပါရဲ့၊ နှလုံးလှတဲ့ ငှက်ကလေး . . . စိန်ဘိုဝင်းတဲ့လေ။

*(ကွယ်လွန်သွားပြီဖြစ်သည့် နီလာဆွေ တည်းခိုခန်းပိုင်ရှင် ကိုတင့်ဆွေသို့ အမှတ်တရဖြင့်)*

**ခင်မောင်အေး(မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com

# လူဝင်စားပြဿနာ

တိုးထက်



မော်ရီဘန်စတိန်
(အမေရိကန်အမျိုးသမီးတစ်ဦးကို
အိပ်မွေ့ချ၍ ဘဝဟောင်းအကြောင်းကို
အသေးစိတ် လေ့လာပြီး
'ဘရိုက်ဒီမာဖီ၏ရှာပုံတော်' စာအုပ်ကို
ရေးသားသူ)

## ဘရိုက်ဒီရှုံးသွပ်မှု

အတိတ်ဘဝကို ပြန်ပြောင်းခံစားခြင်းသည် ရောဂါကုသရေး ရည်ရွယ်ချက်တစ်ခုတည်းကြောင့် မဟုတ်ချေ။ ဤသည်ကပင် တော်ပေသေးတော့သည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် အတိတ်ဘဝကုထုံးဆရာတို့သည် ကုသရေးကိုသာဇောင်းပေးလျက် နိစ္စဓူဝ အံ့ဖွယ်ရာဖြစ်ရပ်၏ နောက်ကွယ် လျှို့ဝှက်ချက်ကို ဆန်းစစ်မှု တာဝန်ယူရန် ဆန္ဒသိပ်မရှိတတ်ကြချေ။ အတိတ်ဘဝကို ပြန်ပြောင်းခံစားမှုကို ထိုအတွက် သက်သက် စိတ်ဝင်စားသူတို့သည် ပြန်လည်ဝင်စားမှု သက်သေအထောက်အထား ဖြစ်ကောင်းသည့် သဲလွန်စကို ရှာဖွေလေ့ရှိကြသည်။ ၁၉၅၂ ခုနှစ်တွင် အချိန်ပိုင်း စိတ်ညှို့ဆရာ မော်ရီဘန်စတိန်း၏တစ်ခုတည်းသော ရည်ရွယ်ချက်မှာ မမွေးခင် မှတ်ဉာဏ်ကို စူးစမ်းနိုင်သည့် သူ့စွမ်းရည်ကို စမ်းသပ်ရန်သာဖြစ်ခဲ့သည်။ ထိုအကြောင်းကို သူ ဖတ်ရှုရုံသာဖတ်ရှုထားဖူးသည့် သူ၏အစမ်းသပ်ခံလူနာဖြစ်သည့် ကလိုရာဒို အိမ်ထောင်ရှင်မ ဗာဂျီနီယာတစ်(ခ်) (မကြာမတင်ကာလတွင် ရုဒ်ဆိုင်မွန် ဟူသော အမည်များအောက် မြုပ်ကွယ်သွားသော နာမည်) က ၁၉ ရာစုနှစ်၊ အိုင်ယာလန်မှ ဘရိုက်ဒီမာဖီဟု အမည်တွင်သောသူအဖြစ်ကို ပြန်ပြောင်းခံစားမိလိုက်သောအခါ သူကိုယ်တိုင် တအံ့တသြဖြင့် စိတ်လှုပ်ရှားသွားခဲ့သည်။ ဘရိုက်ဒီသည် ဟုန်းဟုန်းတောက် နာမည်ကြီးသွားပြီး ဘန်စတိန်း၏ နောက်ကြောင်းပြန် ခံစားစွမ်းရည်သည် သတင်းစာများ၊ မဂ္ဂဇင်းများတွင် အကျယ်တဝင့်သတင်းများ ဖြစ်ကုန်၏။ 'Come As You Were' (ပင်ကိုအတိုင်းလာပါ) ရုပ်စုံသဏ္ဌာန်အမျိုးမျိုးဆင်သည့်ဝတ်စုံပွဲများ ကျင်းပခဲ့ကြ၏။ ဘားဆိုင်များ၌ ပြန်လည်ဝင်စားမှု ကော့တေး(လ်)အရက်များ ဖျော်စပ်လာသည်။ ပြန်လည်မွေးဖွားမှုနှင့်ဆိုင်သော တေးသီချင်းများ လေလှိုင်းများပေါ်တွင် သောသောညံကုန်ပြီး ပါရမောင့်ရုပ်ရှင်ကုမ္ပဏီက ဘရိုက်ဒီမာဖီ ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးခဲ့သည်။ ဖယောင်းတိုင်မီးတောက်မီးလျှံဖြင့် စိတ်ညှို့ပညာကို စူးစမ်းခဲ့လေသည်။ ဘန်စတိန်း၏ကိုယ်ရေးအတ္ထုပ္ပတ္တိ "The Search For Bridey Murphy" သည် စောင်ရေ တစ်သန်းရောင်းရသော အရောင်းကောင်းဆုံး စာအုပ်တစ်အုပ် ဖြစ်လာခဲ့သည်။ ထို အတိတ်ဘဝရောဂါထမှုသည် တစ်ချက်တွင် စည်းလွတ်ဝါးလွတ် ဖြစ်သွားခဲ့၏။ အိုကလာဟိုးမာပြည်နယ် ရှော်နီမြို့မှ ဆယ်ကျော်သက်တစ်ယောက်သည် ထိုအနုန်းအနုန်းကျွက်ကျွက်ကိစ္စရပ်တွင် ထက်သန်မှုလွန်သွားပြီး လူဝင်စားမှုကို သူကိုယ်တိုင်စူးစမ်းရန် ရည်ရွယ်ကြောင်း အမှာစာရေးထားခဲ့ပြီး သူ့ကိုယ်သူသတ်သေလိုက်သည်။

ဘရိုက်ဒီ အသက်ရှင် တည်ရှိခဲ့ကြောင်း အထောက်အထား-

သူမသည် ၁၇၉၈ ခုနှစ်တွင် ကော့စီရင်စု၌ ဒန်ကန်နာ ကက်သလင်းမာဖီ၏သမီးအဖြစ်မွေးဖွားခဲ့ပြီး ဘရိုင်းမက်ကာသီနှင့်အိမ်ထောင်ကျခဲ့၏။ ကလေးတစ်ဦးမျှ မထွန်းကားခဲ့ချေ။ အသက် (၆၆) နှစ်အရွယ်တွင် လှေကားပေါ်မှ ပြုတ်ကျပြီး သေဆုံးသွားခဲ့သည်။ အိုင်းရစ်လေသံပီပီပြင်ပြင်ဖြင့် သူမ၏မွေးနေ့၊ အိမ်ထောင်ကျ၊ သေဆုံးသည့်နေ့တို့ကို ပြောပြခဲ့ပါသော်လည်း ၁၈၆၄ ခုနှစ်နောက်ပိုင်းမှသာလျှင် အိုင်ယာလန်နိုင်ငံတွင် မှတ်တမ်းများထားခဲ့သောကြောင့် သူမ၏ပြောကြားချက်ကို အတည်မပြုနိုင်ခဲ့ချေ။ မည်သို့ပင်ဆိုစေ ဘရိုက်ဒီ ပြောကြားခဲ့သောစတိုးဆိုင်များ-ကာဒန်ဟောက်(စ်)၊ ဖာ(စ်)နှင့်ဂျွန်ကာရိဂန်(စ်) တည်ရှိကြောင်း ရှာတွေ့ခဲ့သည်။ ခေတ်ကုန်နေပြီဖြစ်သော အိုင်းရစ်စကားလုံးအချို့ကိုလည်း မှန်ကန်စွာအသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။ နယ်ခံဖြစ်ရပ်များ၊ အိမ်သုံးပရိဘောဂများအကြောင်း အသေးစိတ်အချက်များ၊ အိမ်တွင်းသုံးပစ္စည်းများ၊ အစားအသောက်၊ မီးဖိုဆောင်သုံး အိုးခွက်ပန်းကန်၊ ငွေကြေး၊ စာအုပ်၊ လူကြိုက်များသောအက၊ တေးသီချင်း၊ လယ်ယာလုပ်ထုံးနှင့် ဘယ်(လ်)ဖတ်(စ်)မြို့ လမ်းမီးထွန်းညှိပုံတို့အားလုံးကို ပထဝီအနေအထားအရ မှန်ကန်စွာပြောနိုင်ခဲ့၏။ သူသည် ဘလာနီကျောက်ကို စနစ်တကျနမ်းပုံကိုပါပြောပြနိုင်ခဲ့ပြီး ကရသည်ကိုနှစ်သက်သည်နှင့်အညီ အိပ်မွေ့ချဖြစ်ရပ်တစ်ခုကို The Morning Jig အက ကခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ ဘရိုင်ဒီသည် သူမ၏အသုဘ၌ ယူလင်ပြေမျှားအား မှတ်သည်ကို သတိရမိခဲ့၏။ ထိုခေတ်ကာလက ထိုတူရိယာသည် နာမည်ကြီးတူရိယာတစ်ခု ဖြစ်ခဲ့သည်။

ထိုပြန်ပြောင်းခံစားဖြစ်ရပ်ကို ခိုင်မာစေခဲ့သောအချက်ကား အသေးအမွှား အချက်အလက်များ တိကျမှန်ကန်မှုပင် ဖြစ်သည်။ ဒွိဟသမားများသည် ဘရိုက်ဒီ၏ ကလေးဘဝ သတ္တုခုတင်တစ်ခုကိုရည်ညွှန်းချက်အား စာဖွဲ့ခဲ့ကြသည်။ ၁၈၅၀ ပြည့်နှစ် မတိုင်ခင်ကာလက အိုင်ယာလန်တွင် ထိုကဲ့သို့ခုတင်မျိုး မရှိဟု ယူဆခဲ့ကြ၍ ဖြစ်သည်။ နောက်ထပ် စူးစမ်းစစ်ဆေးမှုပြုသောအခါတွင် ထိုကဲ့သို့သော ခုတင်မျိုးကို ၁၈၀၂ ခုနှစ်ကာလကတည်းကပင် ကြော်ငြာရောင်းချနေခဲ့ကြောင်း တွေ့ရှိခဲ့ကြသည်။ 'သုတေသနပြုချက်တွေက ဘရိုက်ဒီရဲ့အကောင်းဆုံး မဟာမိတ်တွေပဲ' ဟု "The Truth About Bridey Murphy" ဟု အမည်တပ်ထားသော စကားလုံး(၁၉၀၀၀) ရှိ အစီရင်ခံစာတစ်ခုရေးသားခဲ့ရန် အိုင်ယာလန်သို့ခရီးနှင်ခဲ့သော ဝီလီယံ ဘာကာက ဆိုခဲ့သည်။

ဘရိုက်ဒီမာဖီ၏ကိစ္စ အုတ်အော်သောင်းတင်းဖြစ်ပြီးနောက်၌ ကမ္ဘာတစ်ဝန်းမှ ဘဝနောက်ကြောင်းပြန်ဆရာများသည် ဘရိုက်ဒီမာဖီ၏ကိစ္စ မီလောက်အောင် သူတို့အမှုများကိုစူးစမ်းမှုများပြုလာကြသည်။ ဗြိတိန်နိုင်ငံ၏ အလုပ်အများဆုံး နောက်ကြောင်းပြန်ဆရာ ဂျိုတွန်၏အိမ်မှသည် ပြန်လည်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com

နှင့်ရောင်းသကဲ့သို့ ဈေးကွက်တင် သူတစ်ဦးဖြစ်သည့် ကာလီဖိုးနီး နယ် မာလီဘူမြို့မှဒစ်(ခ်)စတာ်ဒ် မှ ဂါရိုးခန်းအထိ ဆရာစုံ ပေါ် ခဲ့ပြီး ယုံကြည်ရန်ဆန္ဒရှိသူများအ အထောက်အထား ပြန်လည်ဝင် တ်တမ်းစာအုပ်များ ဖောင်းပွလာ

ချစ်ပစီလူမျိုး မြင်းအရောင်းဝယ် တိုင်ရှိဘော့(စ်)ဝဲလ်၏ ဘဝနှင့် မှုကို ပြန်ပြောင်းအမှတ်ရခဲ့သည့် ဆရာမ မာဂရက်ဘေတာ၏ဖြစ် တ် ပို၍ ယုံကြည်လောက်စရာအမှု ဆိုရမည်။ ၁၉၇၈ ခုနှစ်၌ အသံဖမ်း ခဲ့သည့် ဘဝနောက်ကြောင်းပြန် စူး ရုပ်တစ်ခုတွင် သူမသည် သူမ၏ စီလူမျိုး မဟုတ်သော မေးမြန်းသူ သံသယရှိနေခဲ့ပြီး သူမသည် ဘော့ ၏ဘဝအကြောင်းကို ဩဇာပြည့်ဝ အသံဖြင့် ပြောကြားခဲ့၏။ ၁၇၇၅ တွင် ဘော့ဝဲ(လ်)မွေးဖွား၊ အလုပ် တိုင်ခဲ့ရာမှသည် ၁၈၃၁ ခုနှစ်တွင် ကျွန်ရှိုင်းယားပြည်နယ်- ဟွန်ကာစ (သ်)ဈေးပွဲတွင် မိုးကြိုးမှန်ပြီး သေဆုံး ည်ထိ ဖြစ်ရပ်တို့ကို ပြောပြခဲ့သည်။

တိပ်ကို ပြန်ဖွင့်ပြသောအခါတွင် ရက်သည် သူမ ပြောကြားခဲ့သည့် ချက်တစ်ခုမျှမသိခဲ့သလို သူမ လိုင် ပြောင်းလဲခဲ့သည်ကို တအံ့တဩ ဖြစ်ခဲ့ သည်ဟု အင်္ဂလန်နိုင်ငံ နော့ဝစ်(ခ်)ပြည် မှ စိတ်ညို့ကုသရေးပညာရှင် မော် ဘလိတ်(ခ်)က ဆိုသည်။ မာဂရက် တ်ထပ် လုပ်လိုက်သည့်အချက်မှာ သူမ တောင်စဉ်ရေမရ ပြောကြားချက် တွင် မှန်ကန်ချက်ရှိသလားသိရှိရန် အိမ် ချင်း လင်ကွန်ရှိုင်းယားပြည်နယ်သို့ ရှာဖွေခရီးထွက်ခဲ့သည်။ သိပ်မကြာ တွင် သူမသည် ဝက်ဖ္လိမြို့ရှိ စိန့်မေရီ ဘုရားရှိခိုးကျောင်း၏သုသာန်တွင် တိုင် ဘော့ဝဲ(လ်)၏ သင်္ချိုင်းမြေပုံဘေးတွင် တန့်နေသည့် ကြက်သီးထဖွယ်အဖြစ် ကြုံရသည်။ ၁၈၃၁ ခုနှစ်၊ ဩဂုတ်လ ရက်တွင် ဘော့ဝဲ(လ်)သည် မိုးကြိုး သေဆုံးပြီး ကြွင်းကျန်သော ရုပ် အလောင်းကို နောက်နှစ်ရက်အကြာတွင် မြှုပ်ခဲ့ကြောင်း ဘုရားရှိခိုးကျောင်း မှတ်တမ်းများက တိကျစွာမှတ်တမ်းတင် ထားကြောင်းတွေ့ခဲ့သည်။ ဘော့ဝဲ(လ်) ၏ဇာတိနယ်မြေကို ရောက်သောအခါ တွင် မာဂရက်သည် သူမ ပတ်ဝန်းကျင် နှင့် ထူးထူးခြားခြား ရင်းနှီးသည်သို့ ခံ စားရသည်။

'ကျွန်မ ဒီနေရာကို တစ်ခါမှမ ရောက်ဘူးပေမယ့် မြေပုံဘယ်မှာရှိမှန်း ကျွန်မ အတိအကျသိခဲ့တယ်'

ဟု သူမက ဆိုသည်။

မာဂရက်သော် လည်းကောင်း၊ မော်ရစ်ဘလိတ်(ခ်)သည် လည်းကောင်း ချစ်ပစီဘဝနှင့် နည်းနည်းလေးမှ အထိ အတွေ့မရှိခဲ့သော်လည်း မာဂရက်၏ ပြန်ပြောင်းခံစားမှု ပြောကြားရာတွင် ရိုမန်နီစကားလုံး များစွာ သုံးစွဲခဲ့သည်ကို တွေ့ရှိခဲ့ရသည်။

၁၉၈၃ ခုနှစ်၊ မတ်လတွင်မူ ဩစ ကြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ အိမ်ရှင်မ လေးဦးသည် "The Reincarnation Experiments" ဟူသော ခေါင်းစဉ်ဖြင့် ရုပ် မြင်သံကြားမှတင်ဆက်သော အစီအ စဉ်တွင် ယင်းတို့အတိတ်ဘဝအကြောင်း ပြောကြားပြီးနောက် မိုင်ထောင်ပေါင်း များစွာ ခရီးနှင်ပြီး ထိုထွက်ဆိုချက်များ အား အခိုင်အမာအတည်ပြုရန် အ ထောက်အထားရှာခဲ့ကြသည်။ စိတ်ညို့ ပညာရှင် ပီတာရမ်စတာ ကြီးကြပ်ခဲ့ သော ဤအစီအစဉ်တွင် တွေ့ကြုံခဲ့ သောအချက်များနှင့်ပတ်သက်၍ လူဝင် စားသဘောတရားကိုသာ ပြစရာရှိသည် ဟု လူဝင်စားသဘောတရားကို မယုံ ကြည်သူများပင် လက်ခံ ယုံကြည်လာခဲ့ ကြရသည်။

ဥပမာ- သူမ၏ လွန်ခဲ့သောဘဝ ဖြစ်ရပ်များကို ပြင်သစ်အရပ်စကားနှင့် ပြန်ပြောင်းပြောပြခဲ့သော စင်သီရာ ဟန် ဒါဆန်သည် ရုပ်မြင်သံကြားရိုက်ကူးရေး အဖွဲ့တစ်ဖွဲ့အား နော်မန်ဒီပြည်နယ် ဖလူ အာရှာအနီးရှိ နှစ်ပေါင်းသုံးရာ ဟောင်း နေပြီဖြစ်သော ပုံဒဏ်ခံ ပျက်စီးနေသည့် အိမ်တော်ကြီးဆီသို့ ခေါ် ဆောင်သွားခဲ့ သည်။ ထိုအိမ်သည် ပြင်သစ် ပဒေသ ရာဇ်လူတန်းစားတစ်ဦးဖြစ်သည့် အမ်မီ လီ ဒီချီဖီး (လ်) အဖြစ် သူမ နေထိုင်ခဲ့ရာ အိမ်တော် ဖြစ်သည်။ ထိုဘဝကို ခံစားရ ချက်မှာပြင်းထန်လှခဲ့သောကြောင့် သူမ ကောက်ကာငင်ကာ ငိုကြွေးမိခဲ့သည်။

ထိုသုတေသနပြုခံ လေးဦးမှ အ ခြားတစ်ဦးဖြစ်သူ ဟယ်လင်ပစ်ကာရင်း သည် ၁၈၀၇ ခုနှစ်က စကော့တလန် ပြည်နယ် ဒန်ဘာမြို့တွင်မွေးဖွားခဲ့သော အာချီ အော(လ်) ဘန်း(စ်) အဖြစ် သူမ နေထိုင်ခဲ့ရာ အာဘီဒင်အရပ်သို့ ခရီးနှင် ခဲ့သည်။ ဆစ်ဒနီမြို့တွင်ရှိနေခိုက် ဟယ် လင်သည် အာဘီဒင်ရှိ မာရှယ် ဆေးဝါး ကောလိပ်ပုံကို အသေးစိတ် ရေးဆွဲပြခဲ့ သည်။ ထိုကောလိပ်အဆောက်အအုံ မည်ကဲ့သို့ရှိခဲ့သည်ကို အတိအကျသိရှိခဲ့ သည့် တစ်ဦးတည်းသော သက်ရှိပုဂ္ဂိုလ် ဖြစ်သည့် ဒေသခံ သမိုင်းပညာရှင် ဒေး ဗစ်ဂေါ်ဒန်က သူမ ရေးဆွဲသည့်ပုံ မှန် ကန်ကြောင်း အတည်ပြုခဲ့သည်။ သူထံ တွင်ရှိသော ကောလိပ်၏ဗိသုကာပုံများ ကိုရနိုင်ရန်လမ်းကြောင်းမဆိုထားဘိ၊ ရှိ မှန်းပင်မသိနိုင်သော ထိုအမျိုးသမီး ဤ မျှအသေးစိတ်သိရှိနေသည်ကို နားလည် ရခက်သည်ဟု ဂေါ်ဒန်က မှတ်ချက်ချခဲ့ သည်။ ထိုကောလိပ်တွင် လွန်ခဲ့သော နှစ်ပေါင်း (၁၅၀) ကျော်ကာလက ဆေး ကျောင်းသား ဂျိမ်း(စ်)ဘန်းအဖြစ် ဟယ် လင် ကျက်စားခဲ့ဖူးပါသည် ဟူသော အ ချက်ကိုလက်ခံလျှင်မူ ထိုကိစ္စသည် နား လည်ရလွယ်သွားနိုင်ပေမည်။ ထိုကဲ့သို့ ဗိသုကာအဆောက်အအုံပုံစံအကြောင်း ပြောကြားချက် အတည်ပြုနိုင်ခဲ့သည့်အ ပြင် ဟယ်လင် ပြန်လည်အမှတ်ရခဲ့သည့် ဘန်း(စ်)ဘဝကလည်း မှန်ကန်ခဲ့သည်။ ဘန်း(စ်)က အောင်မြင်သော ဆရာဝန် တစ်ဦးအဖြစ် ဆေးဝါးကုသမှုပြုခဲ့သည် ဟု ဟယ်လင်၏ပြောကြားချက်များ မှန် ကန်ကြောင်း ဘလိုင်းဂါဝရီမြို့၏ စာ ကြည့်တိုက်မှမှတ်တမ်းများက အတည် ပြုခဲ့သည်။

အတည်ပြုချက်ကို အမြဲတစေ ထို မျှ လွယ်ကူစွာရလေ့မရှိတတ်။ နောက် ကြောင်းပြန်အမှတ်ရချက် အများစုတွင် ပြန်ပြောင်းအမှတ်ရအား ပျော့သော ကြောင့် သုတေသီများအတည်ပြုရန် လို အပ်သော နေ့များ၊ မြို့အမည်၊ လမ်းအ မည်များ ကင်းမဲ့နေတတ်သည်။ ထို့ပြင် အတိတ်ဘဝအများစုမှာ မာရှယ်မက်လူ လန်း၏ ကမ္ဘာရွာမတည်ခင်က ရှင်သန် နေထိုင်ခဲ့သည့်ဘဝများ ဖြစ်သည်နှင့် အညီ သမိုင်း၏ အဓိကစီးကြောင်းနှင့် ကင်းဝေးနေပြီး အချိန်ကာလ၊ ဇာတိ တိုင်းပြည် စသည်တို့သည်ပင်လျှင် သာ မန်လူအတွက် အရေးပါသည် မဟုတ် ချေ။ အချိန်နှင့်ပတ်သက် စာဖွဲ့နေခြင်း မှာ ခေတ်သစ်တိုးတက်မှု၏ လက္ခဏာ တစ်ရပ်သာ ဖြစ်သည်။ ထို့အပြင် ပြည် နယ်နိုင်ငံအများစုသည် နယ်နိမိတ် အ ပြောင်းအလဲအခါခါ ကြုံခဲ့ကြဖူးသည်။ ဤအချက်များကို ပိုခက်စေသည့်အရာ ကား အမည်များ၊ နေ့စွဲများကို ဦးနှောက် ၏အလယ်ဗဟို စကားဌာန၊ ပုံမှန်အား ဖြင့် ဘယ်ဘက် ဦးနှောက်ရှေ့ခြမ်းတွင်



www.burmeseclassic.com

www.burmeseclassic.com


သို့မှီးထားပြီး ပြန်ပြောင်းအမှတ်ရစေသည့် မှတ်ဉာဏ်ဆိုင်ရာအချက်တို့က ဦးနှောက်၏ညာဘက်အုံတွင် ရှိနေခြင်းပင်ဖြစ်သည်။

သို့တိုင်အောင် လူနာပြောစကားသည် ဘဝနောက်ကြောင်းပြန် အမှတ်ရချက်မှလာသည်လား၊ သိစိတ်ထဲ တိုးဝင်လာသည့် စိတ်ကူးမျိုးစုံယဉ်နေခြင်းလားဟု ခွဲခြားအတည်ပြုနိုင်သည့်နည်းလမ်းရှိသည်။ ဦးနှောက်အဆင့် တစ်စက္ကန့်လျှင် (၈. ၃) လည်ပတ်နှုန်းသို့ ရောက်သောအခါ၌ အတိတ်ဘဝကို ပြန်ပြောင်းအမှတ်ရသည်ဟု EEC (Electro-encephalograph) သုတေသနပြုချက်များကဖော်ပြခဲ့သည်။ ဤအနေအထားတွင် မျက်တောင် တဖျပ်ဖျပ်ခတ်မှု သို့မဟုတ် REM (rapid eye moment) က ဒွန်တွဲဖြစ်ပေါ်နေလေ့ ရှိသည်။ အချို့ နောက်ကြောင်းပြန်ဆရာများကမူ အရေပြားခွေးပေါက်များပေါ် မူတည်၍ တွက်ဆသောကိရိယာကို အသုံးပြုသည်။ မသိစိတ်မှတ်ဉာဏ်သို့ရောက်သောအခါ ကိရိယာ၏ညွှန်တံသည် ဒေါင်လိုက်အနေအထားမှရွေ့လျားသည်။ 'ရိုးရိုးစင်းစင်း မှသားထောက်စက်မျိုးနှင့် ဆင်ဆင်ပဲ၊ သိစိတ်က ဝင်နှောင့်ယှက်လာရင် ကျွန်တော်တို့ ချက်ချင်းသိတယ်' ဟု ထိုကိရိယာကို သူ၏ ဆာကရာမန်တိုဆေးခန်းတွင်အသုံးပြုသော စိတ်ပညာရှင် ဒွန်ဟိန်းလန်းက ဆိုသည်။

အတိတ်ဘဝကို စူးစမ်းဝင်ရောက်သည့်ခရီးများ ဆက်လက်ပြုနေသည်နှင့်အမျှ ခိုင်မာသော အထောက်အထားများရရှိနိုင်မည့် နည်းလမ်းကို ရှာဖွေကြံဆမှုလည်း ပို၍ ပြင်းထန်လာနေသည်။ မည်သို့ပင်ဆိုစေ ဤကဏ္ဍတွင် သုတေသီအတော်များများသည် အခြားဘဝများအကြောင်း ပြောဆိုနိုင်ခြင်းမှာ လူဝင်စားမှုကြောင့်သာ ဖြစ်သည်ဟု ယုံကြည်ကြသည်။ အတိတ်ဘဝကို ပြန်ပြောင်းသတိရခြင်းမှာ စိတ်ကူးယဉ်ချက်လား၊ ဖြစ်ရပ်မှန်လားဆန်းစစ်ရန် ၁၉၇၅ ခုနှစ်၌ သန္နိဋ္ဌာန်ချခဲ့သော ဒေါက်တာဟယ်လင်ဝမ်ဘတ်သည် ထောင်ပေါင်းများစွာသော နောက်ကြောင်းပြန်ခံစားသူတို့ကို တွေ့ကြုံစမ်းသပ်ပြီးနောက်တွင် အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ကျွန်မ လူဝင်စားတာကို ယုံကြည်တာ မဟုတ်ဘူး၊ လူဝင်စားမှန်း သိကိုသိနေတာ"

သူမစကားကို ရှင်းလင်းပါရန်




တောင်းဆိုခံရသောအခါ သူမသည် အောက်ပါအတိုင်း ဖြည့်စွက်ပြောကြားခဲ့သည်။

"ရှင် လမ်းနံဘေး တဲလေးတစ်လုံးထဲမှာ ထိုင်နေတုန်း လူအယောက်တစ်ထောင်က ဖြတ်သန်းသွားရင်း သူတို့အားလုံးက ပင်ဆယ်(လ်)ဗေးနီးယား ပြည်နယ် တံတားတစ်စင်းကို သူတို့ကူးဖြတ်ခဲ့တယ်လို့ပြောရင် ပင်ဆယ်(လ်)ဗေးနီးယားက အဲဒီတံတား ရှင် မမြင်ဘူးပေမယ့် ရှိမှန်း ရှင် ယုံကိုယုံရတယ်"

တစ်ဖက်တွင်မူ နောက်ကြောင်းပြန်ဘဝ အမှတ်ရမှု (၁၇၀၀၀) မကကို ကြီးကြပ်ခဲ့ပြီး အိပ်မွေ့ချနည်းဖြင့် ကင်ဆာရောဂါကို ကုသပေးခဲ့သော ဂျိုကီတွန်ကမူ ထိုဖြစ်စဉ်ကို နားမလည်နိုင်ချေ။

"ကျွန်တော် စ,စူးစမ်းခဲ့တုန်းက လောက် စိတ်ရှုပ်နေတုန်းပါပဲ။ ကျွန်တော် သေတဲ့အထိတိုင် ဆက်လက် စူးစမ်းနေမှာပဲ။ ဒါပေမယ့် အဖြေတွေ့ပါ့မလား ဒွိဟဖြစ်မိတယ်"

ဟု သူက ဆိုသည်။

ထို့နောက် ဖြည့်စွက် ပြောကြားခဲ့ပြန်သည်။

'အိုက်ဆက်နယူတန် ရောက်လာပြီး မေးသင့်မေးထိုက်တဲ့မေးခွန်း မမေးခင် နှစ်သန်းပေါင်း များစွာကပဲ ပန်းသီးတွေဟာ သစ်ပင်ပေါ်က ကြွေကျနေခဲ့တာပဲ။ ကျွန်တော်တို့ လိုအပ်တာ အဖြေတွေ မဟုတ်ဘူး၊ မေးခွန်းတွေပဲ'

စိတ်ပျော့သူများအတွက် မညွှန်းသာသော အတိတ်ဘဝ လေ့လာရေးခရီးများသည် အဆင်မပြေမှုကို ပြေလျော့စေနိုင်သည်။ သောကကို ဖျောက်ပေးနိုင်သည်။ နားလည်မှုကြီးထွားစေနိုင်သည်။ တချို့က အလှမ်းဝေးသော မှတ်ဉာဏ်သို့ ခရီးနှင့် သွားရောက်လေ့လာခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဤသည်ကား မိမိ၏နောမ်ကိုဆန်းစစ်မှုအား အခြားစကား သုံးနှုန်းညွှန်းဆိုခြင်းသာ ဖြစ်သည်။ အတိတ်ဘဝသုတေသနနှင့်ကုသမှုအဖွဲ့၏ ဂုဏ်ထူးဆောင် အမှုဆောင်ညွှန်ကြားရေးမှူး ဟာဇက်ဒန်ကမူ-

'ယခုလတ်တလော သင်သည်ပင်လျှင် ထာဝရဖြစ်တည်လာခဲ့သောသင်ပင် ဖြစ်သည်' ဟု ဆိုသည်။

၁၉၈၀ ပြည့်နှစ်တွင် ချီကာဂိုပြည်နယ် တက္ကသိုလ်မှ ဒေါက်တာ ဂျိမ်း(စ်) ပါရစ်ကို ပြုလုပ်ခဲ့သော သုတေသနပြုချက်တစ်ခုတွင် အိပ်မွေ့ချခံပြီး အတိတ်ဘဝအကြောင်း ပြန်အမှတ်ရနိုင်း အစမ်းသပ်ခံပုဂ္ဂိုလ် ဘဝတွင် (၉၃) ဦးသည် အတိတ်ဘဝဟု ယူဆနိုင်သော ဘဝအကြောင်းကို ပြန်အမှတ်ရခဲ့သည်။ ထိုသို့ ပြန်ပြောင်းအမှတ်ရအား အကောင်းဆုံးလူများသည် စောစောပိုင်း အင်တာဗျူးတွင် လူဝင်စားသဘောတရားကို ယုံကြည်လက်ခံမှုမရှိခဲ့သူများ ဖြစ်သည်။

'ကျွန်မရဲ့ အစမ်းသပ်ခံပုဂ္ဂိုလ် အများစုဟာ ၁၇၀၀ ပြည့်နှစ်ကာလအထိ ဖိနပ်မဲ့၊ ဒါမှမဟုတ် ဖိနပ်ကို နွားသားရေ ဒါမှမဟုတ် အဝတ်စုတ်ထုပ်ပိုးချည်နှောင်ပြီး လမ်းလျှောက်တဲ့သူတွေပဲ။ ၁၈၅၀ ပြည့်နှစ်ကျမှ လူအများစုတာ ဘွတ်ဖိနပ်တွေ၊ ရှူးဖိနပ်တွေ၊ ဒါမှမဟုတ် ခြေညှပ်ဖိနပ်တွေစီးလာကြတယ်။ ဒါကြောင့် ကလေးတွေက ဖိနပ်မဲ့နေရတာကိုအကြိုက်တွေ့ကြတာ မဆန်းဘူး'

ဒေါက်တာ ဟယ်လင်ဝမ်ဘတ်

ရှယ်လီမက်ကလိန်းသည် သူမ၏ အတိတ်ဘဝများစွာမှ အတ္တလန္တိတ်တွင် အမျိုးသားကျောင်းဆရာအဖြစ် နေထိုင်ခဲ့ရသည့်ဘဝ၊ အီဂျစ်မင်းတစ်ပါး၏ အမျိုးသမီးဆောင်တွင် အကမယ်ဖြစ်သည့် ဘဝနှင့် ဆန်ဖရန်စစ္စကို ရွှေရှာထကာလများက မိန်းမကြမ်းတစ်ယောက် ဖြစ်ခဲ့သည်ကို အမှတ်ရခဲ့သည်။ သူမ၏သမီး ဆာချီကိုသည် ယခင်ဘဝတစ်ခုက သူမ၏မိခင်ဖြစ်ခဲ့ကြောင်းကိုလည်း ယုံကြည်သည်။ "Being There" ရုပ်ရှင်ဇာတ်ကား ရိုက်ကူးစဉ်ကာလက ကွယ်လွန်သူ ဗြိတိသျှ သရုပ်ဆောင် ပီတာဆဲလာသည်လည်း ယခင်ဘဝများစွာနေထိုင်ခဲ့သည်ဟု သူမကို ပြောကြားခဲ့ကြောင်း သူမက ဆိုသည်။

ဒေါက်တာအဲဒစ်ဖီအိုရီသည် ဤ



www.burmeseclassic.com

www.burmeseclassic.com

၏ ဆာရာတိုဂါမြို့ဆေးခန်းအပြင်ဘက်တွင် စာရေးဆရာ ဂျိုးဖစ်ရှာအတွက် ဓာတ်ပုံရိုက်ခံပေးခဲ့သည်။ 'အတိတ်ဘဝကထုံးကောင်းကောင်းနဲ့ မကုသနိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာ ရောဂါဘယ တစ်ခုမှမရှိဘူး' ဟု သူမ ဆိုခဲ့သည်။

ရုပ်ရှင်မင်းသား ဂလန်ဖို့သည် အိပ်မွေ့ချခံ၍ အတိတ်ဘဝ (၅) ဘဝကို ပြန်လည်နေထိုင်ခဲ့ဖူးသည်။ ပထမတွင်မူ သူသည် ထိုဘဝနောက်ပြန်ကျော့သွားမှုကို တုန့်လှုပ်ခဲ့သည်။

'ကျွန်တော် ဘာသာရေးယုံကြည်ချက်မှန်သမျှနဲ့ ဝိရောဓိကျခဲ့တယ်။ ကျွန်တော်က ဘုရားကြောက်တဲ့သူတစ်ယောက်။ အဲဒီ ကြောက်တာကိုလည်း ဆက်ယူတယ်။ ဒါပေမယ့် အခုဖြစ်ရပ်က ကျွန်တော့်ကိုစိတ်ရှုပ်ထွေးသွားစေပြီ'

ဟု သူက ဆိုသည်။

အိပ်မွေ့ချခံထားရသူများ၏ အတိတ်ဘဝဆိုင်ရာ သက်သေထွက်ချက်များသည် သမိုင်းဝင် လူပုဂ္ဂိုလ်များစွာအား ဒေါက်ဖြုတ်ထားသည့်သဘောရှိသည်ကို တွေ့ရသည်။

'ပုံရိပ်က ကျွန်မတို့ အမှန်တကယ် လို့ထင်သော အချက်များနှင့် ဝိရောဓိကျပြီး သေချာ လေ့လာကြည့်သောအခါတွင် တိကျမှုရှိနေလျှင် အတိတ်ဘဝကို ပြန်ပြောင်းအမှတ်ရချက်ကို စိတ်ကူးယဉ်ချက်' ဟု ယူဆမှုကို ကျွန်မတို့ ပြန်လည် ဆန်းစစ်သင့်သည်။

*ဒေါက်တာဟယ်လင်ဝမ်ဘတ်*

ဆန်ဖရန်စစ္စကိုဒေသမှ 'ထာဝရ တည်တံ့ရေးအတိုင်ပင်ခံ' တစ်ဦးဖြစ်သူ ဘက်ထရစ်ရှာရိုချ်(လ်)ဒိုင်ဂျက်သည် အတိတ်ဘဝပေါင်း (၂၅၀၀၀) မကကို အကြားအမြင်ပေးခဲ့ပြီး သူမကိုယ်တိုင်ပင် (၉၂၇) ဘဝ နေထိုင်ခဲ့ပြီဟု ဆို၏။ သူမ ပထမဘဝမှာ အိဂျစ်နိုင်ငံရှိ အတ္တလန္တိတ် သူနေမှုအဖွဲ့အစည်းအုပ်စုတစ်စုတွင်ဖြစ်ပြီး သူမ၏နောက်ဆုံးလူဝင်စားဘဝမှာ ၁၈၉၉ ခုနှစ်တွင် ဆော(လ်)လိပ်စီးတီး၌ တိုက်ဖွိုက်ရောဂါဖြင့် သေဆုံးသွားခဲ့သော မိန်းကလေးတစ်ယောက်ဖြစ်သည်ဟု ဆိုသည်။

အတိတ်ဘဝ ပြန်ပြောင်းရှင်သန်မှု အတွေ့အကြုံသည် အုပ်စုလိုက် လူဝင်စားမှု သဘောတရားကို အတည်ပြုဆန်ရှိသည်။ ဤလူများကိုပင် ခန္ဓာကိုယ်အသွင်အမျိုးမျိုးဖြင့် ထပ်ကာထပ်ကာ ကြုံရလေ့ရှိသည်။

'ကျွန်တော်တို့အားလုံး နယ်လှည့်ဇာတ်အဖွဲ့တစ်ဖွဲ့ကကဲ့သို့ ဖြစ်နေသည်။ ကျွန်တော်တို့ ထွေထွေပြားပြား လူဝင်စားမှုပြု၍ သရုပ်သကန်အသစ် ခံယူလျှင်လည်း ဤဇာတ်အဖွဲ့သားများဖြင့်ပင် ဆက်လက် ကပြဖျော်ဖြေနေရသည်'

ဟု ဘရိုင်ဂျိမ်း(စ်)အစ်ဘွန်က ရေးသားခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း တစ်ရာက အနာဂတ်တစ်ချိန်တွင် ကျွန်တော်တို့သည် ပင်လယ်ပြင်ကိုကျော်ဖြတ်၍ အခြား နိုင်ငံများနှင့် တွေ့ဆုံ၊ ပြောဆိုကြားနာနိုင်မည်။ လကမ္ဘာပေါ်မှ လူတို့နှင့်ပင် စကားပြောဆိုနိုင်မည်ဟု ပြောဆိုမိသောသူသည် စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ခံရပေမည်။ လာမည့် နှစ်ပေါင်း တစ်ရာအကြာတွင် သိပ္ပံနှင့်ဘဝနောက်ကြောင်းပြန်အိပ်မွေ့ချမှုသည် ကျွန်တော်တို့၏ များစွာသောဘဝများအကြောင်း အတည်ပြုနိုင်သောအနေသို့ နောက်ဆုံးရောက်ကောင်းရောက်နိုင်သည်။

*ကာလဲရိုက်(စ်)တွိုင်နီ*

ဖက်ရှင်မော်ဒယ်(လ်) ဘွန်နီဘရောင်း သံဆူးကြိုးစည်းရိုးနောက်ကွယ်တွင် အကျဉ်းကျဘဝကို သူမ ပြန်လည်အသက်ရှင်သောအခါတွင် နှစ်ပေါင်းများစွာ သူမကိုဒုက္ခပေးလာခဲ့သော ရင်ကျပ်ပန်းနာရောဂါ ပျောက်သွားခဲ့သည်။

အေဒီ ၉၈ ခုနှစ်တွင် သေဆုံးသွားခဲ့သော တရာနာမြို့သား အပ်ပိုလိုနီအပ်သည် ဆူဆာမြို့တွင် ပေါင်မုန့်ဖုတ်သမား၊ အင်္ဂလိပ်သဘောမာလိန်မှူး၊ ပါရှားမင်းသမီးနှင့် ကိုရတ်(စ်)မြို့မှ သူတောင်းစားဘဝတို့ကို နေထိုင်ခဲ့ဖူးပါကြောင်း ပြောဆိုခဲ့သည်။

အနောက်တိုင်းသည် လူဝင်စားမှုကို သိက္ခာမဲ့စေခဲ့ပြီဟု ကျွန်တော်ယုံကြည်သည်။ အရှေ့တိုင်းတွင် လူဝင်စားမှုသည် ဘုရားကိုယ်တိုင်က သူကိုယ်သူသိရန်ကိစ္စ ဖြစ်သည်။ လူဝင်စားခြင်းသည် စိတ်ဝိညာဉ် ဆင့်ပွားတိုးတက်မှုအတွက် ယာဉ်တစ်ခုပင် ဖြစ်သည်။ သို့သော် အနောက်တိုင်းတွင် အတ္တကို ပို၍ဖောင်းပေးသည်။ ဤသည် အဝတ်အစားအောက်မှ လူထက် အဝတ်အစားကို အလေးထားပုံရောက်သည်။ လူတို့သည် ဝိညာဉ်နာမ်၏ ဆင့်ပွားတိုးတက်မှုထက် ယင်းပုံရိပ်များကို ပို၍စိတ်ဝင်စားမှုရှိကြသည်။

*ဒေါက်တာ ရောနယ်(လ်)ဝမ်ချူ*

*(စိတ်ပညာဆရာဝန်)*

အတိတ်ဘဝများသို့ ဝင်ရောက်ခြင်းသည် အထက်တန်းကျောင်းက ကျောင်းသားဘဝကို ပြန်သွားရသည်နှင့်တူသည်။ သင့်အားကစားနည်းပြကို အကြိမ်မည်မျှ ပြန်သတိရလိုပါသနည်း။ အတိတ်ဘဝအများစုမှာ အတော် ငြီးငွေ့စရာကောင်းသည်။

*ဒေါက်တာ ဟယ်လင်ဝမ်ဘတ်*

မာဂရက် ဘေကာသည် ကြမ်းတမ်းရုန့်ရင်းသောစကား တစ်လေ့ကြီး ပြောကြားရင်းဖြင့် ဂျစ်ပစီလူမျိုး မြင်းရောင်းဝယ်သမား တိုင်ဇိုဘော့ဝဲ(လ်)၏ ဘဝပြန်ကျော့ ရှင်သန်နေထိုင်ခဲ့သည်။

ရာစုနှစ် အကူးအပြောင်းကာလတွင်မူ ကျွန်တော်တို့ ဘဝတစ်ခုတည်းသာ နေထိုင်ခဲ့ဖူးသည်ဆိုသည့် အတွေးအခေါ်သည် အတော်အဓိပ္ပာယ်မဲ့သော အတွေးအခေါ် ဖြစ်သည်။

**မသိစိတ်၏အနေအထားကို အတည်ပြုခြင်း**

ဆာကရာမန်တို စိတ်ညှို့ပညာရှင် ဂျွန်ဟိန်းလန်သည် သူ့ဇနီးသည်၏ညာလက်တွင် အရေပြားအာရုံခံစက်ကိရိယာတစ်လုံး ချိတ်လိုက်သည်။ 'ဒီကိရိယာက ရိုးရိုးစင်းစင်း အလိမ်ဖော်စက်လေးနဲ့အတော်တူတယ်' ဟု သူက ဆိုသည်။

'ကျွန်တော့်အမြင်အရတော့ ကျွန်တော်တို့ ပြန်လည် ဝင်စားလိမ့်မယ်။ အဲဒီနောက် ကျွန်တော်တို့ ဒီကမ္ဘာလောကမှာ ကျွန်တော်တို့ ပြုလုပ်ခဲ့သလောက် အကျိုး၊ ဒါမှမဟုတ် အပြစ် ခံစားရမယ်။ ဥပမာ- ကိုယ့်ဝန်ထမ်းတွေကိုကောင်းကောင်းဖိနှိပ်ခဲ့တဲ့ အလုပ်ရှင်က ကိုယ်တိုင် ဖိနှိပ်ခံရတဲ့ကိန်း ရောက်လိမ့်မယ်'

*ဒေးဗစ်လွိုက်ဂျော့(စ်)*

*ဗြိတိသျှဝန်ကြီးချုပ်(၁၉၁၆-၁၉၂၂)*

''ကျွန်တော်တို့ လိုအပ်တာ မေးခွန်းတွေ၊ အဖြေတွေ မဟုတ်ဘူး. . .'

*ဘဝနောက်ကြောင်းပြန် ပညာရှင် ဂျိုကီတွန်*

*(ဆက်ပါဦးမည်)*

တိုးထက်

*Ref:*


*JOE FISHER ၏ "THE CASE FOR REINCARNATION"* ကို ပြန်ဆိုပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ခန့် (၁၉၆၀ပြည့်နှစ်)က မြန်မာ့အသံ ရေဒီယိုတွင် မကြာမကြာလာလေ့ရှိသော အဆိုတော်ကိုအုံးကြီးသီဆိုသည့် သီချင်းတစ်ပုဒ်ကို ကျွန်တော်အလွန်ပင်သဘောကျ



BURMESE CLASSIC .com

ဓာတ်ပုံ-မောင်မောင်အေး

သခွတ်ဖြူပင်မင်း ငွေဆင်းပွင့်ချိန်မှာ

နှစ်သက်မိပါသည်။ သီချင်းအမည်က 'ကသစ်ပန်း' ဟု ထင်ပါသည်။ အသေအချာတော့ မမှတ်မိတော့ပါ။ တာဝတိံသာနတ်ပြည်မှ သိကြားမင်းနှင့်အသူရာပြည်မှ အသူရာတို့ နှစ်စဉ် သခွတ်ပင်ပွင့်ချိန်ရောက်တိုင်း စစ်ခင်းလေ့ရှိကြောင်း စပ်ဆိုထားသောသီချင်းဖြစ်၍ သမက်နှင့်ယောက္ခမ မည်သို့ပေါင်းသင်းဆက်ဆံရမည် ဆိုသော ပညာပေးသီချင်း ဖြစ်ပါသည်။

ထိုသီချင်းစာသားထဲတွင် သခွတ်ပန်းနှင့်ကသစ်ပန်းတို့အကြောင်းလည်း ပါရှိသည်။ သခွတ်ပန်းပွင့်သော သခွတ်ပင်နှင့် ကသစ်ပန်းပွင့်သော ကသစ်ပင်တို့သည် စကြဝဠာတည်နေပုံတို့တွင် ဖြေဆိုထားသော အဓိကရ သစ်ပင်ကြီးများစာရင်းတွင် ပါဝင်သော အပင်တို့ပင် ဖြစ်ပေသည်။ အရှေ့ကျွန်းတွင် ကုက္ကိုပင်၊ အနောက်ကျွန်း၌ ထိမ်ပင်၊ တောင်ကျွန်း၌ သပြေပင်၊ မြောက်ကျွန်း၌ ပဒေသာပင်၊ အသူရာပြည်၌ သခွတ်ပင်၊ ဂဠုန်ပြည်၌ လက်ပံပင်၊ တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင် ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဤစာစုခေါင်းစီးတွင် 'သခွတ်ဖြူပင်မင်း ငွေဆင်းပွင့်ချိန်' ဆိုသော စာကြောင်းလေးမှာ ကသစ်ပန်းသီချင်းစာသားတစ်နေရာတွင် ပါဝင်သော အပိုဒ်တလေးကို ယူထားခြင်း ဖြစ်ပါသည်။ သခွတ်ဖြူဟု သုံးလိုက်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သခွတ်နီကော ရှိသေးလို့လားဟု မေးလာက 'ဟုတ်ကဲ့၊ ရှိပါသည်' ဟုပင် ဖြေရပါမည်။ ထို့အတူ ကသစ်ပန်းသည် အနီရောင်ဖြစ်ကြောင်း သိသူများပါလိမ့်မည်။ သို့သော် ကသစ်ပန်းအဖြူရောင်လည်း ရှိပါသည်။ ကျွန်တော်နေထိုင်ရာ ဒဂုံမြို့သစ် (မ) (၄၄) ရက်ကွက် ဗိုလ်ထွန်းစိန်လမ်းထပ်တွင် ကသစ်ဖြူပင် ရှိပါသည်။

သခွတ်နီ ဆို၍ တစ်ပွင့်လုံး အနီရောင်ဖြစ်နေသည်မဟုတ်ဘဲ အဖြူပွင့်တွင် အနီရောင် (၅) ရာခိုင်နှုန်းခန့် ရောနေပြီး အနီစက်အနည်းငယ်ပါရှိနေခြင်းသာဖြစ်ပါသည်။ သခွတ်ဖြူမျိုးက အပွင့်တစ်ပွင့်လုံး ဖြူဆွတ်နေသလို ပွင့်ဖတ်လည်း ရှန်းစိုသည်။ သတိပြု၍မကြည့်လျှင် အတူတူလို့ပင်ထင်ရသည်။ အနံ့အရသာ အာနိသင်သည် နှစ်မျိုးစလုံး အတူတူပင်ဖြစ်သည်။

သခွတ်ပွင့်တို့သည် တပို့တွဲ၊ တပေါင်း၊ တန်ခူးတို့တွင် ပွင့်မြဲ ဖြစ်၏။ အချို့သောဒေသတွင် ဟင်းခွတ်ပွင့်ဟု ခေါ်ပါသည်။ အသက်ရှည်ပင်မျိုးဖြစ်၍ နှစ်ပေါင်းရာထောင်အထိ ရှိသည်ဟု ဆိုပါသည်။ ကျွန်တော်သည် သခွတ်ပင်နှင့် ငယ်ပေါင်းကြီးဖော် ဖြစ်သည်ဟုဆိုလျှင် မများပါ။ လူမှန်းသိတတ်စအရွယ် (၅) နှစ်၊ (၆) နှစ်ခန့်မှစ၍ သခွတ်ပွင့်ချိန်တိုင်း သခွတ်ပွင့်ကောက်ရပါသည်။ သခွတ်ပွင့်ကို ထိပ်ဖျားအနည်းငယ်ဖြတ်ကာ ထက်ခြမ်းခွဲ၍ အတွင်းမှ ဝတ်ဆံ(၄)ခုကို ထုတ်ရပါသည်။ဝတ်ဆံက အခါးဓာတ်ပိုသောကြောင့် ဝတ်ဆံထုတ်ရခြင်း ဖြစ်ပါသည်။ ဝတ်ဆံထုတ်ပြီး အပွင့်ခြမ်းများကို နေလှန်းရပါသည်။ (၃) ရက်ခန့်လှန်း၍ ခြောက်သောအခါ သံပုံးခွံ၊ အိုး စသည်တို့တွင်ထည့်ကာ မိုးတွင်းစားရန် သိုလှောင်ထားခြင်းဖြစ်၏။ စားသုံးလိုသောအခါ ရေနွေးပွက်ပွက်ဆူတွင် ထည့်ပြုတ်၍ ငါးပိရည်၊ တို့စရာအဖြစ်စားခြင်းဖြစ်ပါသည်။

ကျွန်တော်၏ အိမ်နှင့်လည်း ပေ (၂၀၀) ခန့်သာကွာသဖြင့် နွေရာသီတွင် အရိပ်ကောင်းသော သခွတ်ပင်ကြီးအောက်သို့ သွားရောက် ကစားကြပါသည်။ **ကျွန်တော်တို့သခွတ်ပင်ကြီးသည် အသက်မည်မျှရှိပြီဟု မည်သူမျှ မသိကြပါ။** ပင်စည်လုံးပတ်မှာ လူကြီး (၄) ယောက် လက်ချင်းဆက်ဖက်၍ မမီပါ။ အမြင့် ပေ(၁၂၀)ခန့် မြင့်မားသော တောစိုးသစ်ပင်ကြီး ဖြစ်ပါသည်။ တစ်ခါတစ်ရံ မိုးဦးကျ လေပြင်းမုန်တိုင်းများတိုက်ခတ်လျှင် အနီးအနားမှ သရက်ပင်, ကုက္ကိုပင်တို့ အကိုင်းကျိုးခြင်း၊ လဲပြိုခြင်းဖြစ်သော်လည်း သခွတ်ပင်ကြီးသည် ဘာမှမဖြစ်ပါ။

ကျွန်တော်တို့ ကွမ်းခြံရွာဝန်းကျင်တွင် သခွတ်ပင်ကြီးများ(၅)ပင်ရှိရာ ဤအပင်ကြီးက အကြီးဆုံးဖြစ်ပါသည်။ ရွာနှင့်လည်း အနီးဆုံးဖြစ်သောကြောင့် သခွတ်ဖြူပင်မင်း ငွေအဆင်းပွင့်ချိန်တွင် ကွမ်းခြံရွာထဲမှကလေးများ မနက်မနက်တွင် သူထက်ငါ အလုအယက် သခွတ်ပွင့်ကောက်ကြရာ သခွတ်ပင်အောက်၌ ဆူညံနေတတ်ပါသည်။ တစ်ခါတစ်ရံလည်း ရန်ပွဲလေးများဖြစ်၍ ငိုသူငိုကြရပါသေးသည်။ ကျွန်တော်တို့ ကွမ်းခြံရွာသားများသည် သခွတ်ဖြူပင်ကြီးနှင့် ပတ်သက်၍ ကြုံကြုံဖန်ဖန် ဂုဏ်ယူဝင့်ကြွားတတ်တာလေးတစ်ခုရှိပါသည်။

'ဟေ့ - တို့ရွာဦးထိပ်က သခွတ်ဖြူပင်ကြီးနားမှာ ဂျပန်ပြန် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဘုန်းမြင့် (သခင်တင်အေး) အိမ်ရှိတယ်ကွ' ဟူ၍။

ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်တာရာ၊ ဗိုလ်လကျ်ာ စသူတို့နှင့်အတူ ရဲဘော်သုံးကျိပ်တို့ ဂျပန်သို့ စစ်ပညာသင်သွားရာတွင် ဗိုလ်ဘုန်းမြင့်လည်း ပါ၏။ ကျွန်တော်တို့ခြံနှင့် ဗိုလ်ဘုန်းမြင့်တို့ခြံသည် စည်းရိုးသာခြားပါသည်။ ဗိုလ်ဘုန်းမြင့်တို့ခြံနှင့် သခွတ်ဖြူပင်ကြီးက ပေ(၅၀) ခန့်သာ ဝေးသောကြောင့် ဗိုလ်ဘုန်းမြင့်၏ ကြီးတော် အမေကြီး ဒေါ်လှရင်က သခွတ်ဖြူပင်ကြီးမှ ရုက္ခစိုးကို မြင်ဖူးကြောင်း ပြောပါသည်။ ကျွန်တော်၏ အဖေကလည်း သခွတ်ဖြူပင်ကြီးတွင် ရုက္ခစိုးနတ်ရှိ၍ အပင်ဝန်းကျင်၌ အပေါ့အပါးမသွားရန် သတိပေးထားသလို အခြားသော ကလေးတို့လည်း ထိုအချက်ကို အလေးထားသည်ကိုတွေ့ရပါသည်။

တစ်ခါသော် ကျွန်တော်၏မရီးဖြစ်သူ မသောင်းတင်သည် ထင်းထားသောထင်းစင်တွင် ထင်းယူရာမှ ထင်းပုံထဲမှ မြွေဟောက်ပေါက်ခြင်းခံလိုက်ရပါသည်။ အဖေဦးအောင်ဒွေးလည်း သိလျှင်သိချင်း ဓားမကိုဆွဲကာ သခွတ်ပင်ရှိရာသို့ ပြေးသွား၍ နှုတ်မှ -

'ရုက္ခစိုးမင်း၊ သခွတ်ခေါက်ဆေး နည်းနည်းပေးပါ ခင်ဗျား'

ဟု တီးတိုး ရေရွတ်ရင်း လက်တစ်ဝါးစာခန့် သခွတ်ခေါက်ခွာခဲ့သည်။ အိမ်သို့ ရောက်လျှင် သနပ်ခါးသွေးသော ကျောက်ပျဉ်ကို ရေစင်အောင်ဆေးပြီး သခွတ်ခေါက်ကို သနပ်ခါးသွေးသလို သွေးပါသည်။ လက်ဖက်ရည်ကြမ်းတစ်ပန်းကန်စာရသောအခါ မြွေကိုက်ခံရ သောဒဏ်ရာတစ်ဝိုက်လိမ်းခြင်း၊ သောက်ခိုင်းခြင်းများ လုပ်ပါသည်။ (၃)ရက်ဆက်လုပ်ပေးရာ မသောင်းတင်လည်း အသက်ချမ်းသာရာရခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်လည်း သခွတ်ခေါက်သည် မြွေဆေးအတွက်လည်း စွမ်းပါလားဟု သိခဲ့ပါသည်။

အဖေ၊ အမေတို့သည် လက်လုပ်လက်စားဆင်းရဲသူများဖြစ်သောကြောင့် သခွတ်ဖြူပင်ကြီးအောက်တွင် အကြော်တဲလေးထိုးကာ ဗယာကြော်၊ ဘူးသီးကြော်၊ ပဲကြော်၊ ကောက်ညှင်းထုပ် စသည်တို့ကို ရောင်းရပါသည်။ သခွတ်ဖြူပင်ကြီးမှာ ပြည်-ရန်ကုန်ကားလမ်းမကြီး၏ဘေး အနောက်ဘက်ခြမ်းတွင် ရှိ၍ လက်ပံတန်းမြို့သို့ ဆက်သွယ်ထားသော ဂဝံကျောက်ခင်းလမ်းဆုံတွင်ရှိသလို ခရီးသွားသူတို့ ခေတ္တနားခိုစရာ အရိပ်ကောင်းလည်း ရှိသောကြောင့် သခွတ်ပင်ကြီးအောက်တွင် အကြော်ဆိုင်လေးဖွင့်ခြင်း ဖြစ်မပါသည်။ (ယနေ့တိုင်လည်း အဖေ၏မြေးမလေး မချို ထိုနေရာတွင် မုန့်စုံနှင့် အအေးဆိုင်လေး ဖွင့်လှစ်ရောင်းချလျက်ရှိသည်ဟု ကြား သိရပါသည်။)

အဖေသည် နေ့စဉ် အကြော်ဆိုင် ထွက်တိုင်း ပထမဆုံး အကြော်အိုး ကျက်သော အကြော်နှစ်ခုကို သခွတ်ပင်ရုက္ခစိုးကြီးအား ဆက်ကပ်ပေးလေ့ရှိပါသည်။ မိုးလှိုင်လှိုင်ရွာသွန်းသော ... ဆို၊ ဝါခေါင်လများတွင် ထွန်ယက်စိုက် ပျိုးရာသီဖြစ်၍ မြို့သို့အသွားအလာသိပ် မရှိကြတော့ပါ။ထိုအချိန်များတွင် အဖေ၏ အကြော်ဆိုင်လေး ဝင်ငွေမကောင်းတော့ပါ။ ထို့ကြောင့် အဖေနှင့် အစ်ကို ကြီး ကိုတင်ဦးက ပဲခူးရိုးမတောတက်၍ ကြသောင်းဝါး၊ တင်းဝါးများ ခုတ်ကာ ဖောင်ဖွဲ့၍ ကုတင်ဘီးလင်းချောင်းအ တိုင်း ဝါးဖောင်ချရပါသည်။ အစ်မကြီး မခင်တင့်က အငှားကောက်စိုက်လိုက် ၍ အမေက ကောက်ညှင်းထုပ်ရောင်း ပါသည်။

တစ်နေ့တွင် အဖေနှင့် အစ်ကို တို့သားအဖနှစ်ယောက် ဝါးဖောင်

www.burmeseclassic.com

www.burmeseclassic.com

ပြင့်စုန်ဆင်းခဲ့၍ ကျွန်းကလေးသစ် ရောက်လာသည်။ ကျွန်းကလေး ဆိပ်သည် ဝါးဖောင်၊ သစ်ဖောင်တို့ ဆုံးဖြစ်၍ ထိုနေရာတွင် ဝါးဖောင်ပွဲ ထံ သူတို့ပေးသမျှဈေးဖြင့် ရောင်း ရသည်။ ဖောင်အရောက်များလျှင် အနှိမ်ခံရသည်။ ဝါးဖောင်ချသူများ ါးခုတ်ဓားမတစ်ချောင်းသာ ပိုင် သော လက်လုပ်လက်စား ဆင်းရဲ များသာဖြစ်သောကြောင့်၊ ရက်ရှည် မစောင့်နိုင်သောကြောင့် ဝါးပွဲ များ ပေးသမျှ၊ နှိမ်သမျှဈေးဖြင့် ခဲ့ရသည်သာ ဖြစ်၏။

အဖေတို့ ဖောင် (၃) ဖောင်ကို ဈေးမကောင်းဟု အကြောင်းပြ (၁၅၀) ပေးသည်။ အဖေက သည်း သူပီပီ ပေးသမျှနှင့် ရောင်းခဲ့ရန် သော်လည်း မဟုတ်မခံတတ်သူ အစ် ကြီးက-

"ဒါ သက်သက်နှိမ်တာ အဖေ၊ ထဲမှာ အသက်နဲ့ရင်းပြီး ခုတ်လာရ တွေ ဒီဈေးနဲ့မရောင်းနိုင်ဘူး။ ပုပ် လည်း မဟုတ်ဘူး။ ဈေးမှန်မရမချင်း တော် လာစောင့်အိပ်မယ်"

ဆိုကာ သားအဖနှစ်ယောက် ရွာ ပြန်ခဲ့သည်။

ဝါးဖောင်ရောင်းပြီး ပြန်လာတိုင်း ကလေးလမ်းဆုံ လောလီခေါက် ဆိုင်မှ မိသားစုအတွက် ခေါက်ဆွဲ ဝယ်လာတတ်သော အဖေ ဒီနေ့ တ်ဆွဲကြော်တစ်ထုပ်တောင်မှ မပါ လက်ချည်းပြန်ခဲ့ရသည့် ဘဝ။ ဝါး င်တစ်ဖောင်ရဖို့ ဆိုသည်က လွယ် သည်မဟုတ်။ ဝါးခုတ်ရင်း အခန့်မသင့် မားချက်အရှိန်လွန်သွားပါက ခြေ ကျိုက်ရှိရာနေရာကို ထိုးကျလာသော အချွန်ဖြားက ဓားနှင့်ပိုင်းသလို ခြေ က်ပြတ်သွားနိုင်သည်။

ချောင်းနှင့်ဝေးလျှင် ဖောင်ဖွဲ့ရန် ရာအရောက် သယ်ရသည်ကလည်း တ်သာ။ ဖောင်ဖွဲ့ဖို့ မလုံမလောက် င်း မိုးရွာသည် ဟူ၍ နားခိုရာမရှိ။ င်ဖွဲ့ပြီး၍မျှောပြန်တော့လည်း ချောင်း င်းနေရာအချို့မှ ဖောင်သမားများအ နတ်သမီးကုတင်ကျောက်တန်းများ လည်း အဆင်မသင့်လျှင် ဖောင်ပါ စစီဖြစ်ကာ လူပါအသက်ဆုံးနိုင် ည်ကြောင့်'ယောကျ်ားဖောင်စီး၊ မိန်းမ ' ဟူသောစကား ဖြစ်ပေါ်ခဲ့ခြင်း သည်။

တစ်ကြိမ်ကလည်း အဖေတစ်ယောက်တည်း ဝါးဖောင်မျှောလာစဉ် ချောင်းကွေ့တစ်နေရာရှိ ကျောက်စွယ်နှင့် ဖောင်ငြိနေရာ ထိုးဝါးဖြင့် ထိုးသော်လည်း မရပေ။ သို့အတွက် ရေထဲဆင်း၍ တွန်းထုတ်ရန်အတွက် ပုဆိုးကိုချွတ်ကာ ဖောင်ပေါ်တင်ပြီး ရေထဲဆင်းခဲ့သည်။ တောတွင်းလည်းဖြစ်၊ လူသူလည်းမရှိတာကြောင့် ကိုယ်တုံးလုံးဖြင့် ဆင်းခဲ့ပြီး ဖောင်ကို ပခုံးဖြင့် ထမ်းတွန်းလိုက်သည်။

ကျောက်စွန်းနှင့်လွတ်သော အတော်ဝေးဝေးရောက်မှ ပုဆိုးပြန်ဝတ်ရန်ကြည့်ရာ မရှိတော့ချေ။ ပုဆိုးက ကျောက်စွန်းအောက်နားရှိ မိုးမခချုံနှင့် ငြိကျန်ခဲ့ခြင်း ဖြစ်သည်။ ပြန်ယူရန်လည်း အလှမ်းဝေးခဲ့ပြီဖြစ်သလို ပုဆိုးပိုလည်း မပါခဲ့သောကြောင့် ခေါင်းပေါင်းသည့် ပန်းမော်တဘက်အား အရှက်လုံရုံမျှ ခါးတွင်ပတ်ခဲ့ရသည်။

ထိုနေ့က ကျွန်းကလေးသစ်ဆိပ်အထိ ဖောင်မမျှောနိုင်တော့ဘဲ အထက်တစ်မိုင်ခန့်အကွာ ထိန်ပင်အင်းရွာနားတွင် ဖောင်ကို ဆိုက်ကပ်ကြိုးချည်ကာ သားဖြစ်သူ ကိုဖိုးနှစ်ထံ အပ်နှံ၍ နေဝင်စတွင်မှ အိမ်ပြန်ခဲ့ရသည့် အဖြစ်။ ဈေးနှိမ်၍ ဝါးဖောင်များ မရောင်းရဘဲ ပြန်လာသည့်ညက မိုးချုပ်စတွင် အဖေသည် ဖယောင်းတိုင်၊ အမွှေးတိုင်များ ဝယ်ကာ ကျွန်တော့်ကိုခေါ်၍ သခွတ်ဖြူပင်ကြီးဆီ သွားကြပါသည်။ သခွတ်ဖြူပင်ကြီးအောက်ရောက်လျှင် ပါလာသော ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို ထွန်းညှိကာ သခွတ်ပင် ရုက္ခစိုးအား ပ,သပူဇော်ပါသည်။ ပါးစပ်မှလည်း မတိုးမကျယ်အသံဖြင့်-

"အရှင်ရုက္ခစိုးကြီးအား အမွှေးတိုင်၊ ဖယောင်းတိုင်များ ဆက်ကပ်ပါသည်။ ဤသို့ ဆက်ကပ်ပ,သရသောအကျိုးကြောင့် ကျွန်တော်၏ ဝါးဖောင်များ ဈေးကောင်းကောင်းဖြင့် အမြန်ရောင်းရစေရန် ကူညီစောင်မတော်မူပါ ခင်ဗျား'

ဟု ဆိုကာ လက်အုပ်ချီ ဂါရဝပြုပါသည်။ ကျွန်တော်ကလည်း ရုက္ခစိုးကြီးအား တွေ့လိုတွေ့ငြား မဝံ့မရဲဖြင့် သခွတ်ပင်ပေါ် မော့ကြည့်မိပါသည်။ နက်ဖြန်နံနက် အရုဏ်တက်တွင်လည်း ကောက်ညှင်းပေါင်းဖြင့် လာရောက်ပ,သ ပူဇော်ပါဦးမည်ဟု ဆိုကာ ပြန်ခဲ့ကြပါသည်။

လမ်းတွင် ကျွန်တော်က-

"အဖေ ရုက္ခစိုးကြီးက တကယ်ကောရှိလား"

လို့ ဆိုတော့-

"ရှိတယ် သားရဲ့၊ ဒါပေမယ့် သူက ကိုယ်ထင်ပြမှမြင်ရတာ"

လို့ ပြောပါသည်။

ထိုမှ (၃) ရက်မြောက်ညတွင်-

'မောင်အောင်ဒွေး၊ နက်ဖြန်ကျရင် မင်းဝါးဖောင်တွေ ဈေးကောင်းပေးပြီး လာဝယ်မယ်။ ရောင်းလိုက်'

ဟု ရုက္ခစိုးကြီးက အိပ်မက်ဖြင့် လာပြောသည်ဟု အဖေက ဆိုပါသည်။

တိုက်ဆိုင်စွာပင် နောက်နေ့မနက် (၈) နာရီခန့်တွင် ကျွန်းကလေးမှ ဝါးထောင်စားပွဲ ဦးကျော်မြသည် စက်ဘီးဖြင့် ရောက်လာပြီး-

"ကိုအောင်ဒွေး၊ ခင်ဗျားဝါးဖောင် (၃) စလုံး ကျုပ်ယူမယ်"

ဟု ဆိုကာ အဖေက-

"ကိုကျော်မြပေးတဲ့ဈေးနဲ့တော့ မရောင်းနိုင်ဘူးလို့ ပြောပြီးပြီဘဲ"

"မဟုတ်ပါဘူး ကိုအောင်ဒွေးရဲ့၊ နှစ်ဆပေးမှာပါ"

ဆိုကာ ချက်ချင်းပင် ငွေကျပ် (၃၀၀)တိတိထုတ်ပေးပါသည်။ ထူးဆန်းပေစွ၊ ယခင် (၃) ရက်က (၁၅၀) တောင် အနိုင်နိုင်ဆိုခဲ့သော ဦးကျော်မြ ယခု ငွေ (၃၀၀) ချက်ချင်းပေးချေသည်မှာ သာမန် တိုက်ဆိုင်မှု မဖြစ်နိုင်ချေ။ ထိုငွေ (၃၀၀) အား အဖေက အနားတွင်ရပ်နေသော အမေ့လက်သို့အပ်လိုက်ပါသည်။ ဦးကျော်မြ ပြန်သွားသောအခါ-

"အဲဒါ သခွတ်ဖြူပင်က ရုက္ခစိုးကြီး ကူညီစောင်မ,တာပဲ သားရဲ့"

ဟု ပြုံးပြုံးကြီး ဆိုပါသည်။

ယခုတော့ အဖေတို့၊ အမေတို့လည်း မရှိတော့ပါ။ ကျွန်တော်သည်ပင် အသက်(၇၆)နှစ်အရွယ် အဘိုးအိုဘဝ ရောက်ပြီဖြစ်သလို သခွတ်ဖြူပင်မင်း ငွေဆင်းပွင့်ချိန် တပေါင်းလလည်း ရောက်ခဲ့ပြန်ပါပြီကောလားဟု အတိတ်ငယ်စဉ်က ဘဝများကို ပြန်ပြောင်း သတိရနေဆဲ နွေတေးရှင် ငှက်ပြာမည်းညို ဥဩပျိုလေးကလည်း ပင်ယံထက်မှ လွမ်းတေးများ သီဆိုသံကြောင့် မျက်ရည်ပင်ဝဲမိကြောင်းပါ ခင်ဗျား။

ဓာတ်ပုံ-မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

**အငှမဆင်ဖြူတော် ဇာတကလျာ**

အငှမ ဆင်ဖြူတော်ကလေးမှာ ငယ်မွေးခြံပေါက်ဟူ၍ပင် ခေါ်ရမည်။ အဘယ်ကြောင့်ဆိုသော် နေပြည်တော် ဥပ္ပာတသန္တိဝတ္ထုကံမြေ ရတနာဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီမှ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ည(၉း၄၅)မိနစ်အချိန်တွင် မွေးဖွားခဲ့သောကြောင့် ဖြစ်သည်။ တိုင်းပြည်ကိုအစိုးရသောမင်းတို့လက်ထက် ဆင်ဖြူတော်မရတနာမှ ဤကဲ့သို့ ထူးထူးခြားခြား ဆင်ဖြူတော်ကလေး မွေးဖွားခဲ့ခြင်းမှာ မြန်မာ့သမိုင်းတစ်လျှောက် မကြုံခဲ့ဘူးကြရသေးပေ။

မွေးဖွားခဲ့သည့် ဆင်ဖြူတော်မရတနာကလေးသည် အမဖြစ်ပြီး ကြန်အင်လက္ခဏာမှာ အသားရောင် ဩဇာခွံ (ပန်းရောင်)၊ မျက်လုံး ပုလဲရောင်၊ အမွေးအမှင် အဖြူရောင်၊ အမြီး တံခါးပိတ် (မြီးဆံသင့်)၊ နားရွက် နားလတ် (ကြေးစည်ပုံ)၊ ကျော ငှက်ပျောကိုင်းဖြစ်သည့် အပြင် အရပ်အမြင့် (၃) ပေ (၁)လက်မ၊ လုံးပတ် (၄) ပေ၊ (၁) လက်မရှိပြီး ကျန်းမာသန်စွမ်းသည်။


ဤကဲ့သို့ ထူးခြားလှသော ဆင်ဖြူတော်မရတနာလေးနှင့် ပတ်သက်၍ သတင်းစာများသည် မကြာခဏပင် ဆင်ဖြူတော်မလေး၏သတင်းကို တိုင်းပြည်သို့ ရေးသား ဖော်ပြလေ့ ရှိသည်။ မွေးဖွားပြီးတစ်လကျော်ကျော်အကြာ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့စွဲဖြင့် ကြေးမုံသတင်းစာတွင် 'အသက် (၁) လကျော်ရှိ ဆင်ဖြူတော်ရတနာငယ် ကျန်းမာပျော်ရွှင်စွာရှိနေ' ဟူ၍ လည်းကောင်း၊ 'ဆင်ဖြူတော်ရတနာမိခင်နှင့် ဆင်ဖြူတော် ရတနာငယ်တို့ကို အနီးကပ် ထိန်းသိမ်း စောင့်ရှောက်ပေးလျက်ရှိ' ဟူ၍ လည်းကောင်း ခေါင်းစဉ်များဖြင့် ဆင်ဖြူတော်မလေး၏သတင်း ပါလာသည်။

'နေပြည်တော် ဥပ္ပာတသန္တိစေတီတော် ဝတ္ထုကံမြေ ရတနာဆင်ဖြူတော်ဆောင်၌ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဖွားမြင်ခဲ့သော ဆင်ဖြူတော်ရတနာအမငယ်လေးသည် အသက် (၁) လကျော် ရှိလာကာ သူ၏မိခင် ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီနှင့် ကျန်းမာပျော်ရွှင်စွာရှိနေသည်။ အဆိုပါ ဆင်ဖြူတော်ရတနာသည် ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီမှ ထူးထူးခြားခြား ဆင်ဖြူတော်ကြန်အင်လက္ခဏာများဖြင့် ဖွားမြင်လာသော ဆင်ဖြူတော်ငယ်ဖြစ်ပြီး ဆင်ဖြူတော်တွင် ရှိအပ်သော ကြန်အင် လက္ခဏာများမှာ အသားရောင် ဩဇာခွံ (ပန်းရောင်)၊ မျက်လုံး ပုလဲရောင်၊ အမွေးအမှင် အဖြူရောင်၊ အမြီး တံခါးပိတ် (မြီးဆံသင့်)၊ နားရွက် နားလတ်(ကြေးစည်ပုံ)၊ ကျော ငှက်ပျောကိုင်း ဖြစ်သည့်အပြင် အရပ်အမြင့် (၃) ပေ (၁) လက်မ၊ လုံးပတ် (၄) ပေ (၁) လက်မရှိပြီး ကျန်းမာသန်စွမ်းသည်' ဟူ၍အထက်၌ ဖော်ပြပြီးသော ကြန်အင် လက္ခဏာများအတိုင်း ဖော်ပြထားသည်။

မွေးဖွားစဉ်က အမြင့် (၃) ပေ (၁) လက်မနှင့် ကိုယ်ထည်လုံးပတ် (၄) ပေ (၁) လက်မရှိခဲ့ရာ ယခုအခါ အမြင့် (၃) ပေ (၂) လက်မနှင့် ကိုယ်ထည်လုံးပတ် (၆) လက်မရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဖြူတော်ကြန်အင်လက္ခဏာများနှင့်ပြည့်စုံသည့် ဆင်ဖြူတော်ရတနာ






မြန်မာမှုအစဉ်အလာနှင့်
ဆင်ဖြူရတနာ



www.burmeseclassic.com

www.burmeseclassic.com



ငယ်သည် ယခုအခါ မိခင်နှိုကို ကောင်းစွာ ရရှိသောက်သုံးပြီး ခန္ဓာကိုယ်မှာ ပြည့်ဖြိုးလျက်ရှိသည်။ ဆင်ဖြူတော်ကလေးသည် လာရောက်ကြည့်ရှုသည့် ဧည့်သည်များအား ယဉ်ပါးစွာ ချဉ်းကပ်ခြင်း၊ ဆင်ဖြူတော်ထိန်းများနှင့် ဘောလုံးကစားခြင်း၊ ခေါင်းလျှင်လာတတ်ခြင်းစသည့် ချစ်စဖွယ် အမူအကျင့်ကောင်းများ ရှိခြင်းတို့ကြောင့် ဆင်ဖြူတော် ရတနာဥယျာဉ်၏ ပသာဒကို ပိုမိုတင့်တယ်စေလျက်ရှိသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဆင်ဖြူတော်ရတနာ မိခင်နှင့် ဆင်ဖြူတော်ရတနာငယ်တို့၏ ကျန်းမာရေးကို နေ့စဉ် အနီးကပ် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်'

ဟူ၍ ဖော်ပြထားသည်။

၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာ မျက်နှာဖုံးခေါင်းကြီးပိုင်းတွင်လည်း အောက်ပါအတိုင်း ဖော်ပြထားပြန်သည်။

'ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာဆင်ဖြူတော်ဇာတကလျာ၏ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက် မင်္ဂလာအခမ်းအနားသို့ တက်



www.burmeseclassic.com

*ရောက် ချီးမြှင့်၍ ပရိတ်နှံ့သာရည်များ ပက်ဖျန်းပေး'*

ဟူ၍ ဖြစ်၏။

နေပြည်တော် ဥပ္ပာတသန္တိစေတီတော်အရှေ့ဘက် ဝဏ္ဏကုံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဥယျာဉ်၌ ရတနာဆင်ဖြူတော် ဘဒ္ဒဝတီမှ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပေါက်ဖွားခဲ့သော ရတနာဆင်ဖြူတော် ဇာတကလျာသည် အသက် (၃) လ ပြည့်ခဲ့ပြီး ဖြစ်သည်။ နေပြည်တော်တွင်ပေါက်ဖွား၍ ရတနာဆင်ဖြူတော် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောကြောင့် ဆင်ဖြူတော် ဇာတကလျာဟု အမိပွာယ်ဖော်ဆောင်သည့် ရတနာဆင်ဖြူတော်လေးသည် မိခင်ဆင်မကြီး ဘဒ္ဒဝတီနှင့်အတူ ဆင်ဖြူတော်ဥယျာဉ်အတွင်း ကျန်းမာရွှင်လန်းစွာ သွားလာ ပျော်မြူးနေသည်မှာ ကြည့်ရှုရသူတိုင်းအဖို့ ကြည်နူးပီတိ ဖြစ်ကြရပေသည်။

ရတနာဆင်ဖြူတော်ဇာတကလျာ၏ ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပာတသန္တိစေတီတော် အရှေ့ဘက် ဝဏ္ဏကုံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ကျင်းပရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် ချီးမြှင့်၍ ပရိတ်နှံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ၏။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် ရတနာဆင်ဖြူတော်ဆောင် သတ်မှတ်နေရာ၌ နေရာယူကြပြီး ကကြိုးတန်ဆာများ ဆင်ယင်ထားသည့် ရတနာဆင်ဖြူတော် ဇာတကလျာအား ရတနာနဝရတ်ကိုးသွယ် အဆင်တန်ဆာကို ဦးကင်းထက်တွင် ဆင်မြန်းပေးကြသည်။ ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရတနာဆင်ဖြူတော် ဇာတကလျာအား တရော်ကင်ပွန်းရည်များဖြင့် သန့်စင်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတို့က ရတနာဆင်ဖြူတော် ဇာတကလျာအား တရော်ကင်ပွန်းရည်များဖြင့် သန့်စင်ပေးသည်။ ဆက်လက်၍ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော် ဇာတကလျာအား ပရိတ်နှံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဥပ္ပာတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမြသောင်းက ရတနာဆင်ဖြူတော် ဇာတကလျာအား ပေါက်ပေါက်များဖြင့် ကြဲပက်ပေးသည်။ မင်္ဂလာအချိန် နံနက် (၈) နာရီ (၁၀) မိနစ်တွင် တာဝန်ရှိသူများက ရတနာဆင်ဖြူတော် ဇာတကလျာအား ဆင်ဖြူတော်အဆောက်အအုံအတွင်း မင်္ဂလာနေရာသို့ ပြောင်းရွှေ့နေရာယူစေသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော် ဇာတကလျာအား အမွှေးနံ့သာရည်များဖြင့် ထပ်မံ ပက်ဖျန်းပေးကြပြီး အစာအာဟာရများ ကျွေးမွေးကြသည်။ ယင်းနောက် ရတနာဆင်ဖြူတော် ဘဒ္ဒဝတီနှင့် ရတနာဆင်ဖြူတော် ဇာတကလျာတို့က ဥပ္ပာတသန္တိစေတီတော် မြတ်ကြီးအား မျက်နှာမူ၍ ဖူးမြော်ပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော 'အမ' ဖြစ်သည့် ဤရတနာဆင်ဖြူတော်ဘွဲ့နာမံအမည်တော်မှာ 'ဇာတကလျာ' ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ပြည်ထောင်စုဝန်ကြီးများက ဇာတကလျာဟု (၃)ကြိမ်စီ ခေါ်ဆိုကြရာ ပရိသတ်များက ဩဘာလက်ခုပ်တီး၍ ကောင်းချီးပေးကြပြီး အခမ်းအနားမှူးက 'အောင်ပြီ၊ အောင်ပြီ' ဟု (၃) ကြိမ် ကောင်းချီးမွက်ဖော် ကြွေးကြော်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော် ဇာတကလျာအတွက် လက်ဆောင်လက်ဖွဲ့ငွေများကို ပေးအပ်ကြရာ မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ စည်သူဒေါက်တာဝမ်ထွန်းက လက်ခံသည်။

ဆက်လက်၍ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ လူမှုထူးချွန် (ဒုတိယအဆင့်) ဦးကိုကိုအေးနှင့် ဇနီး ဒေါ်သီသီနိုင်မိသားစုက ရတနာဆင်ဖြူတော် ဇာတကလျာ၏ ဦးကင်းထက်တွင် ဆင်ယင်သည့် ရတနာများ စီခြယ်ထားသော နဝရတ်ကိုးသွယ်အဆင်တန်ဆာအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စည်သူဒေါက်တာဝမ်ထွန်းက လက်ခံသည်။

ထို့နောက် အခမ်းအနားမှူးက-

"ရတနာဆင်ဖြူတော် ဇာတကလျာလေး ကျန်းမာပါစေ၊ အသက်ရာကျော်ရှည်ပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးလည်း ဘေးဘယာဝေးကွာ၍ သာယာဖွံ့ဖြိုး တိုးတက်အောင်မြင်ပါစေ"

ဟု ဆုမွန်ကောင်းတောင်း၍ အခမ်းအနားကို ရုပ်သိမ်းရာ ပရိသတ်များက ဩဘာလက်ခုတ်တီး၍ ကောင်းချီးပေးကြသည်။ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများသည် ရတနာဆင်ဖြူတော်များ ဖြစ်ကြသော ဘဒ္ဒဝတီ၊ နန္ဒဝတီ၊ ဟေမဝတီနှင့် ငွေဆဒ္ဒန်တို့အား အစာအာဟာရများကျွေးမွေးကြသည်။

ယခုအခါ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တွင် ရတနာဆင်ဖြူတော် (၈) စီး ပိုင်ဆိုင်နေပြီ ဖြစ်ပါသည်။ ထိုဆင်ဖြူတော် (၈) စီးအနက် သတ္တမဆင်ဖြူတော် ဟေမဝတီ (၁) စီးသာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲ အလယ်ကျေးရွာအုပ်စုအနီး၌ ပေါ်ထွန်းခဲ့သည်ဖြစ်ပြီး ကျန် (၆) စီးမှာ ရခိုင်ပြည်နယ်မှရသော ရတနာဆင်ဖြူတော်များသာ ဖြစ်သည်။ သို့ဖြစ်၍ မြန်မာပြည်ရှိ ပြည်နယ် (၇) ခုအနက် ရခိုင်ပြည်နယ် (၁) ပြည်နယ်ထဲမှသာ ရတနာဆင်ဖြူတော် (၆) စီး ပေါ်ထွန်းခဲ့၍ ထူးခြားလှသည်ဟု ဆိုရပေမည်။ တစ်ဖန် ရခိုင်ပြည်နယ်မှပင်ရသော ဘဒ္ဒဝတီဆင်ဖြူတော်မရတနာမှ အထက်ဖော်ပြပါ ရတနာဆင်ဖြူတော် မကလေးကို မွေးဖွားခဲ့သည်မှာ ပို၍ပင် ထူးခြားလှသည်ဟု ဆိုရပေမည် ဖြစ်သတည်း။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ဇင်ငြိမ်းလင်း

# နည်းစနစ်မှန်စွာ ရေကိုအသုံးပြုနည်း

သတ္တဝါများသည် ရေမသောက် ...ချင် အသက်သေဆုံးကြသည်။ ရေ ...ည် သတ္တဝါတို့၏အသက်ကို စောင့် ...ှောက်သည်။ ရေငတ်သောလူများသည် ...ှုန် ပင်ပန်းကြသည်။ ထို့အပြင် အ ...ပြီးနောက် ရေမသောက်လျှင် အ ...ကြေသောကြောင့် အစာကြေ ...င်သောက်ရသော အစာကြေဆေး ...ည်း ဖြစ်သည်။ အစာကြေပြီးနောက် ...တ်သောအခါသောက်လျှင် အားရှိ ...ကြောင့် အားရှိစေတတ်သောဆေး ... ဖြစ်သည်။ သို့သော်လည်း အဖျား ...သောသူ၊ ဝမ်းပျက်သောသူ၊ နှူနာရှိ ...သူ၊ ဖျဉ်းနာရှိသောသူ၊ အစာမစား ...သောသူ၊ နှာစေးသောသူ၊ ပါးသက် ...သောသူ၊ ကိုယ်ရောင်သောသူ၊ ဆီး ...နာရှိသောသူတို့သည် ရေနှင့်မသင့် ...ကြောင့် ရေနွေးဖြစ်စေ၊ ရေအေး ...စေ အနည်းဆုံးသာ သောက်ရမည် ...သည်။

## ...အေးနိုင်

ရေအေးသည် မူးဝေမိန်းမောခြင်း၊ ...အော့အန်ခြင်း၊ ပင်ပန်းခြင်း၊ ရေငတ် ...ခြင်း ပူလောင်ခြင်းတို့ကို သက်သာစေ ...သည်။ စင်ကြယ်သန့်ရှင်းသောရေအေး ...ကို 'ရေစင်' ဟု ခေါ်သည်။ နှလုံးပင်ပန်း ...အားကြီးကာ တက်၍ မေ့လျော့ ... အရက်လွန်စွာသောက်၍ ပြင်းပြင်း ...သန် ယစ်မူးခြင်းတို့အား ရေစင်ရေ ...ဖြင့် မျက်နှာနှင့် ကျောကုန်းရိုးကို ...အေးအောင် ဆွတ်ဖျန်းလျှင် အ ...အမြန် သက်သာပျောက်ကင်းနိုင် ...သည်။ ဥပမာ- ဇာလီမင်းသားနှင့် ဂဏှာ ...မင်းသမီးတို့ကို စူဇကာပုဏ္ဏားအား ...သန္တရာမင်းကြီးလှူဒါန်းရာ မဒ္ဒီမိဖုရား ...လှသောကြောင့် တက်၍မေ့လျော့ ...ည်ကို ဝေဿန္တရာမင်းကြီးသည် ...တ်ရေအေးအား ကရားနှင့်ယူ၍ ...နှာအား ဖျန်းပက်ပေးရာ ပျောက် ...ကြောင်း ဝေဿန္တရာဇာတ်တွင် ဆို ...စကားရှိသည်။

## ...အေးနှင့်တည့်သောသူ

မူးဝေသောသူ၊ သည်းခြေနာရှိ ...သူ၊ ပူလောင်သောသူ၊ အရက်သောက်သောသူ၊ စိတ်ပျံ့လွင့်သူ၊ ရေငတ်နာရှိသောသူ၊ မောနာရှိသောသူ၊ အော့အန်သောသူ၊ သွေးအန်သောသူတို့သည် ရေအေးနှင့်တည့်သည်။

## ရေနွေးနှင့်တည့်သောသူ

ဘေးထိုး ရင်ကျပ်နာရှိသောသူ၊ သလိပ်နာရှိသောသူ၊ ချောင်းဆိုးပန်းနာရှိသောသူများသည် ရေနွေးကို သုံးဆောင်အပ်သည်။

## ရေနွေးသောက်ခြင်းအကျိုး

ကောင်းစွာ ကျိုချက်ထားသောရေသည် အမှန်ကင်းသည်။ ရေစိမ်းနံ့ပျောက်၍ ပိုးများသေစေပြီး အညစ်အကြေးကင်းသောရေသည် ရေနွေး ဖြစ်သည်။

ရေနွေးသည် သလိပ်ဖျား၊ လေဖျား၊ ချောင်းဆိုးနာ၊ သလိပ်နာ၊ ပန်းနာ၊ လေနာ၊ အစာမကြေသောအနာ၊ အဆီခဲနာတို့ကို သက်သာစေသည်။ ဆီးရွှင်စေသည်။

## ရေကျက်အေးသောက်ခြင်းအကျိုး

ရေကျက်အေး သောက်ခြင်းဖြင့် ကိုယ်ပူခြင်း၊ ဝမ်းပျက်ခြင်း၊ မူးဝေခြင်း၊ ဆီးချုပ်ခြင်း၊ ရေငတ်ခြင်း၊ မောပန်းခြင်း၊ အော့အန်ခြင်းတို့ကို သက်သာစေသည်။ ထို့ပြင် သွေးလေးခြင်း၊ လေကြောင့်လေးခြင်း၊ အရသာကြောလေးခြင်းတို့ကို သက်သာစေသည်။

## ရေကျက်အေးသောက်နည်း

ရေကျက်အေးဆိုသည်လည်း နေ့၌ချက်သောရေကို နေ့၌သာ သောက်ကောင်းသည်။ ည၌ချက်သောရေကို ည၌သာ သောက်ကောင်းသည်။ နေ့၌ချက်သောရေကို ည၌သောက်မိခြင်း၊ ညချက်သောရေကို နေ့၌သောက်လျှင် ထိုရေသည် တေဇောဓာတ် ညှိုးသောကြောင့် အစာမကြေ၊ ဝမ်းချုပ်တတ်သည်။ သလိပ်၊ သည်းခြေ၊ လေ ပျက်စေတတ်သည်။ ထို့အပြင် ရေကျက်အေးကို နွေးအောင်ပြန်ပြုလုပ်ကာ မသောက်သင့်ပေ။ ထိုသို့ ပြုလုပ်သောရေနွေးသည် အဆိပ်နှင့်တူသည်။

## ရေမချိုးခြင်းအပြစ်

ရေမချိုးသောသူ၏ ကိုယ်ငွေ့အပူသည် တစ်ကိုယ်လုံးပျံ့နှံ့လျက် ရှိသည်။ ရေချိုးသည်ရှိသော် ထိုကိုယ်ငွေ့အပူတို့သည်ဝမ်းတွင်း၌ တစ်စုတည်းဖြစ်သဖြင့် ဝမ်းမီးတောက်သည်။ ထိုဝမ်းမီးတောက်ခြင်း ဆိုသော်လည်း အစာကို ကြေစေသည်မဟုတ်ပါ။ တစ်ခါတစ်ရံတွင်လည်း အပူစ၍ အဖုအကျိတ်ပေါက်တတ်၏။

## ရေနွေးချိုးသင့်သူ

လေနာ၊ သလိပ်နာရှိသူသည် ရေအေး မချိုးကောင်း။ စဉ်းငယ်နွေးသော ရေနွေးကိုသာ ချိုးရမည် ဖြစ်သည်။

## ရေအေးချိုးသင့်သူ

သွေးနာ၊ သည်းခြေနာရှိသောသူသည် ရေနွေးမချိုးကောင်းပေ။ ရေအေးကိုသာ ချိုးသင့်သည်။

## ရေအေးချိုးခြင်းအကျိုး

ရေချိုးခြင်းသည် စင်ကြယ်သည်။ အသက်ရှည်သည်။ ပင်ပန်းခြင်းနှင့် ချွေး အညစ်အကြေးတို့ကို ပယ်နိုင်သည်။ အားကိုဖြစ်စေသည်။

## ရေနွေးချိုးခြင်းအကျိုး

ရေနွေးဖြင့် ကိုယ်ကိုချိုးခြင်းသည် အားကိုဖြစ်စေသည်။

## ဦးခေါင်းဆေးလျှော်၍ရေချိုးခြင်း

ဦးခေါင်းဆေးလျှော်၍ ရေချိုးခြင်းသည် ရေငတ်ခြင်း၊ အာစေးကပ်၊ ပါးစပ်ခြောက်ခြင်းတို့ကို သက်သာစေသည်။ ကိုယ်ခန္ဓာပူအိုက်ခြင်း၊ ဝက်ခြံ၊ ယားနာ၊ ဦးခေါင်းနာတို့ကို သက်သာစေသည်။

အစာစားပြီးနောက် အစာကြေပြီးမှသာ ရေချိုးအပ်သည်။ မျက်နှာ၊ ပါးစပ်ရွဲ့သူ၊ လေနာရှိသောသူ၊ မျက်စိနာရှိသောသူ၊ ခံတွင်းနာရှိသောသူ၊ နားနာရှိသောသူများသည် ရေမချိုးအပ်ပေ။ အချို့လူများသည် ရေချိုးပြီးမှထမင်းစားကြသည်။ အနောက်ပြည်သားပုဏ္ဏားတို့သည်လည်း နံနက်၊ ည ထမင်းမစားမီ စားခါနီးအချိန်တွင် ရေမချိုးဘဲ ထမင်းမစားကောင်းဟု အမှတ်ထား၍ ရေချိုးကြသောကြောင့် ရေချိုးမှားသည် မရှိကြပေ။ အချို့လူများသည် ရေချိုးချင်သည့်အချိန်တွင် ချိုးသောကြောင့် ရေချိုးမှားသဖြင့် အနာရောဂါဖြစ်ကြလေသည်။

ရေချိုးပြီးလျှင်လည်း နူးညံ့သိမ်မွေ့သောအဝတ်ဖြင့် ရေကုန်အောင် သုတ်ရသည်။ ရေမသုတ်လျှင် အခိုးမထွက် ဖြစ်တတ်သည်။

သဗ္ဗေသတ္တာ ဝေနေယျာ ချမ်းသာကိုယ်စိတ်မြဲကြစေ

ဇင်ငြိမ်းလင်း

ကျမ်းကိုး-ဥတုဘောဇနနှင့် ရှေးဟောင်းများ




www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော်
ကျောက်ဖားတောင်မှ သာဓုသံ



ကျောက်ဖားတောင်သည် အနောက်ရိုးမတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း (၉၀၀၀) ကျော်မြင့်ပါသည်။ ကျောက်ဖားတောင်ပေါ်မှကြည့်လျှင် စိမ်းလန်းသော တောအုပ်၊ ထိုတောအုပ်ကိုလွန်သော် ပြန့်ပြူးသော လယ်ကွင်းပြင်၊ အနောက်ဘက်တွင် မီးခိုးတလူလူထွက်နေသော ရွာစဉ်ရွာတန်းများ၊ ထိုမှလွန်သော် အဝေးဆုံးနေရာတွင် ရေပြင်ကို ဝိုးတဝါး မှုန်ပျပျမြင်ရသည်။ ထိုရေပြင်ကို အပြာရောင်မိုးသားထုက မိုးကုပ်စက်ဝိုင်းသဖွယ် ထိစပ်လျက်ရှိပါသည်။ ရိုးမတောင်တန်းကိုအောက်မှကြည့်လျှင် ဖားကြီးတစ်ကောင်အသွင်မြင်နိုင်သဖြင့် ဖားတောင်ဟုခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

ဘုန်းတော်ကြီး ဦးသီလသည် ညနေတိုင်း ကျောက်ဖားတောင် တောင်စွန်းမှ အနောက်ဘက် နေဝင်ဆည်းဆာကို ကြည့်လေ့ရှိသည်။ အနောက်ဘက် နေဝင်ချိန်ကိုကြည့်ရင်း နေမင်းကြီး၏ဘဝကို အားကျလျက်ရှိသည်။ နေမင်းသည် တစ်နေ့တာ တာဝန်ကျေပြီဖြစ်၍ အောက်သို့ ငုပ်လျှိုးနေကျ ဖြစ်သည်။ နောက်နေ့နံနက်တွင် အရှေ့ဘက်တောင်တန်းများဆီမှ ပြန်လည် ထွက်ပေါ်ပေဦးမည်။ နံနက်စောစောထွက်ပေါ်လာကာ လောကတစ်ခွင်ကို အလှဆင်ပြီး ညနေမှ ပြန်လည် ထွက်ခွာသဖြင့် တစ်နေ့တာအတွက် တာဝန်ကျေခဲ့ပါသည်။ နေ့စဉ်ပျက်ကွက်မှုမရှိဘဲ ကမ္ဘာမြေကို အလှဆင်နိုင်သဖြင့် နေမင်းကြီး၏ ဘဝကို အားကျမိခြင်း ဖြစ်သည်။ မိမိဘဝသည် ထိုသို့ တာဝန်ကျေနိုင်ပါက မည်မျှကောင်းလေမည်နည်းဟုတွေးမိပါသည်။

မိမိဖြတ်သန်းခဲ့ရသောဘဝအရ မိမိတာဝန်မကျေခဲ့ပါ။ ယခု အသက်(၇၀)ကျော်ခဲ့ပြီ။ လွန်ခဲ့သော(၅)နှစ်ခန့်ကမှ မိမိဘဝကို ဆင်ခြင်မိခဲ့သည်။ မိမိများစွာနောက်ကျခဲ့ပါပြီ။ အသိရှိလာသည့်အချိန်မှစ၍ ကောင်းမှုပြုလုပ်ခဲ့သော်လည်း ထိုမျှနှင့် တာဝန်ကျေနိုင်ဖွယ်ရာမရှိပါ။ မကြာမီ ဘဝကူးရချေတော့မည်။ ဘဝမကူးမီ အချိန်ရှိခိုက် ဝိပဿနာတရားကို ကြိုးစားအားထုတ်ခဲ့သည်။ဘဝတစ်လျှောက်လုံး ကျူးလွန်ခဲ့သော အကုသိုလ်များအတွက် ပေးဆပ်နိုင်သမျှ ပေးဆပ်ရန် ကြိုးစားခဲ့ပါသည်။ နေမင်းကြီးသည် တာဝန်ကျေခဲ့သဖြင့် နောက်နေ့နံနက်တွင် ရဲရဲဝံ့ဝံ့ပေါ်ထွက်လာခဲ့သလို မိမိသည် နောင်ဘဝတွင် ရဲရဲဝံ့ဝံ့လာနိုင်ပါ့မလားဟု ကြောက်ရွံ့စွာ တွေးမိပါသည်။

အတိတ်ကိုတွေး၍ အားငယ်နေရုံဖြင့်မပြီးနိုင်သေးသဖြင့် လက်ရှိအလုပ်ကို ကြိုးစားလုပ်ရပေဦးမည်။ တရားရှုမှတ်ချိန်ရောက်ပြီဖြစ်၍ ဆည်းဆာအလှကို မျက်နှာလွှဲလိုက်ပြီး ကျောင်းဝင်းသို့ဝင်ရန် ပြင်ဆင်လိုက်သည်။

ထိုစဉ် တောင်ခြေဆီမှ မည်းမည်းလှုပ်လှုပ်ကို မြင်လိုက်ရသည်။ သေသေချာချာကြည့်မှ လူတစ်ဦး တောင်ပေါ်သို့ တက်လာခြင်းဖြစ်ကြောင်း သိရပါသည်။ ထူးဆန်းနေသည်။ ဘုန်းကြီးကျောင်းထိုင်သည့်ကာလအတွင်း သည်ကျောက်ဖားတောင်သို့ မည်သူတစ်ဦးတစ်ယောက်မှ လာရောက်ခြင်း မရှိပါ။ ကျောက်ဖားတောင်ပေါ်တွင် မိမိနေသည့် ဝါးတဲမှအပ အခြားနေသူမရှိပါ။ မိမိမှာလည်း လူပတ်ဝန်းကျင်နှင့်အဆက်ဖြတ်ထားသဖြင့် မိမိထံလာမည့်သူမရှိနိုင်ပါ။

မည်းမည်းလှုပ်လှုပ်နှင့် တက်လာသူမှာ တစ်စတစ်စနီးလာသည်။ အနား နီးလာမှ မိမိကျောင်းဆီသို့ ဦးတည်လာနေသူ အသက် (၄၀) ခန့် လူတစ်ဦးကို တွေ့ရသည်။ ထိုလူသည် မိမိကို မြင်သွားပြီဖြစ်၍ ပုန်းရှောင်ရန် မသင့်သဖြင့် ရင် ဆိုင်ရပေတော့မည်။ မကြာမီ ထိုလူသည် မိမိရှေ့သို့ ရောက်လာသည်။ ဘုန်းကြီးရှေ့တွင်ရပ်ပြီး မေးလိုက်သည်။

"ဒါကျောက်ဖားချောင်ပါလား အရှင်ဘုရား"

"ဒကာက ဘယ်သူ့ကို တွေ့ချင် လို့လဲ"

"ကျောက်ဖားချောင်မှာ ကပ္ပိ လုပ်နေတဲ့ ဦးသန်းဒန်ကို တွေ့ချင်လို့ပါ"

ဘုန်းကြီးမှာ အနည်းငယ် တု လှုပ်သွားသော်လည်း ကြိုးစားအားတင်ပြီး ထိုလူကို ပြန်လည်မေးလိုက်သည်။

"ဒကာက ဘယ်အရပ်က လာ တာလဲ"

"ဇရစ်ပင်ရွာကပါ"

"ဇရစ်ပင်ရွာက ဦးစိုးသိန်းကို သိ သလား"

"ဦးစိုးသိန်း ဆိုတာ တပည့်တော် ရဲ့ အဖေပါ။ အဖေဆုံးတာ ကြာပါပြီ အခု အဖေ့ကိစ္စနဲ့ လာခဲ့တာပါ။ အဖေ့ ကိုသတ်သွားတဲ့ ဦးသန်းဒန်ဒီမှာရှိ



www.burmeseclassic.com

www.burmeseclassic.com

…ာ စုံစမ်းသိရှိရလို့ လာခဲ့တာပါ"

သေချာသွားပြီ၊ ဦးစိုးသိန်း၏သား …တော်းဖြစ်ရမည်ဟု တွေးမိသည်။

"အဲဒါဆို ဒကာ လမ်းမှားလာပြီ။ …တက်ဖားတောင်က ဟိုဘက်ကတောင် … ဒီကနေမြင်နေရပေမယ့် ဒီတောင်က …တက်ကိုပြန်ဆင်း၊ နောက်တစ်တောင် …ရမှာဆိုတော့ နေ့ဝက်လောက် …ချိန်ယူရတယ်။ ဒီညတော့ ဒီမှာနား လိုက်ပါလား"

ဘုန်းကြီး၏စကားကြောင့် ထိုလူမှာ လက်လျှော့လိုက်ပုံရသည်။

"ဩော်- ဦးစိုးသိန်းမရှိရှာတော့ပြီကိုး။ ဘုန်းကြီး ပဥ္စင်းတက်စ တစ်ခါတွေ့ပြီး နောက်မတွေ့ရတော့ဘူး။ နှစ်တွေကလည်း ကြာလှပေါ့။ ဩော်- သခ်ီရတာရားတွေပါလား"

"တပည့်တော်ရဲ့အဖေကို ဦးသန်းဒန်သတ်တာကို ကိုယ်တိုင်မြင်ခဲ့ရတာပါ။ အဲဒီအချိန်က တပည့်တော်က (၈) နှစ်သားပဲရှိပါသေးတယ်။ သူ့ကိုတွေ့ဖို့ နယ်အနှံ့ရှာခဲ့ရတာ။ နောက်ဆုံးရတဲ့ သတင်းအရ ဒီတောင်မှာ ကပ္ပိယလုပ်နေတာကို သိခဲ့ရတာပါ"

"နှစ်တွေဒါလောက်ကြာပြီပဲ ဦးသန်းဒန်ကိုတွေ့ရင် မှတ်မိပါ့မလား"

"သူ့မှာအလွန်ထူးခြားတဲ့အမှတ်အသားတစ်ခုရှိတယ်။ အဖေ့ကိုသူသတ်စဉ်က တပည့်တော်က ချုံထဲမှာပုန်းနေတာ။ ဦးသန်းဒန်က အဖေ့ကို ဓားနဲ့ခုတ်တော့ အနီးကပ်မြင်လိုက်ရတဲ့ သူ့ခြေထောက်ကို တပည့်တော် မှတ်မိနေပါတယ်။ အဖေ့ကိုသတ်ပြီး တပည့်တော်ကိုသတ်ဖို့ လိုက်ရှာသေးတယ်။ မတွေ့လို့ ကံကောင်းခဲ့တာပါ"

"ကဲပါ၊ ပြီးခဲ့တာတွေ ထားပါတော့။ အခုလည်း ပတ်ဝန်းကျင်က မှောင်နေပြီဆိုတော့ ကျောင်းထဲဝင်ကြမယ်။ ကပ္ပိယကြီးနဲ့အတူ ညစာစားလိုက်ပါ။ ညအိပ်ဖို့လည်း ကပ္ပိယကြီးက စီစဉ်ပေးပါလိမ့်မယ်။ဘုန်းကြီးကတော့ ဘုရားခန်းဝင်ပြီး တရားမှတ်လိုက်ဦးမယ်"

ဘုန်းကြီးက ဦးဆောင်၍ ကျောင်းထဲဝင်လိုက်သဖြင့် ထိုလူလည်း ကျောင်းထဲလိုက်လာသည်။ ဘုန်းကြီးသည် ကပ္ပိယကြီးအား အစစမှာကြားပြီး ဘုရားခန်းသို့ဝင်၍ တရားရှုမှတ်နေခဲ့လေသည်။

အလွန်တိတ်ဆိတ်သောညဖြစ်သည်။ တောထဲတောင်ထဲဖြစ်ပြီး တောင်မြင့်ပေါ်တွင် တည်ရှိ၍ လေတိုးသံမှအပ အခြားအသံမရှိပါ။ ဆိတ်ငြိမ်ရာတွင် တရားအာရုံပြု၍အလွန်ကောင်းသည်။ ညဘက် တရားရှုမှတ်ရာတွင် အာရုံသာရပါက ညလုံးပေါက် တရားမှတ်ရင်း မိုးလင်းခဲ့ပါသည်။ အာရုံမရပါက သန်းခေါင်ယံတွင် တရားကို ရပ်နားခဲ့သည်။ ယနေ့ညတွင် အာရုံကို စုစည်း၍မရအောင်ရှိနေလေသည်။ အာရုံလွင့်ပျံ့နေသဖြင့် တရားကို မမြင်နိုင်ပါ။ အာရုံတွင် အရုပ်အမျိုးမျိုးထင်နေပါသည်။

ဦးစိုးသိန်း၏ရုပ်ပုံပေါ် လာသည်။ ဦးစိုးသိန်းကို မိမိကိုယ်တိုင် ဓားဖြင့်ပိုင်းခဲ့ပုံကို မြင်ယောင်နေသည်။ ဦးစိုးသိန်းကိုသတ်ပြီးသည်နှင့် ကျူးလွန်မှုတော်ပါမကျန်စေရအောင် သားဖြစ်သူ တာတီးကိုရှာဖွေ





www.burmeseclassic.com

www.burmeseclassic.com

ရ သည်။ တာတီးမှာ (၈)နှစ်အရွယ်သာ ရှိသေး၍ သတ်ရန် မခဲယဉ်းသော်လည်း တာတီးကို ရှာမရသဖြင့် လက်လျှော့ပြီး ထားခဲ့ရသည်။ မိမိ၏အဖေကို ဦးစိုးသိန်း သတ်ခဲ့စဉ်က မိမိက (၈) နှစ်သားအရွယ်သာ ရှိသေးသည်။ မိမိက အသက်မသေခဲ့သဖြင့် ဦးစိုးသိန်းကိုပြန်လည်သတ်ရန် နှစ်ပေါင်းများစွာ စောင့်ခဲ့ရ၏။ အသက် (၃၀) ကျော်မှ ဦးစိုးသိန်းကို သတ်ခွင့်ရခဲ့သည်။ မိမိတို့မျိုးရိုးစဉ်ဆက်နှင့် ဦးစိုးသိန်းတို့မှာ တစ်ရွာတည်းသားများ ဖြစ်ခဲ့ကြသည်။ မျိုးရိုးစဉ်ဆက် ရန်ဘက်များ ဖြစ်ခဲ့ကြသည်။ အဖေ၏ရန်ကြွေး သားက ပေးဆပ်ရလေ့ ရှိသည်။ မိမိ၏အဖေကို ဦးစိုးသိန်းက သတ်ခဲ့သလို ဦးစိုးသိန်း၏ အဖေကိုလည်း မိမိ၏အဖေက သတ်ခဲ့သည်။ မိမိအဖေမတိုင်ခင်က အဘိုးတို့လက်ထက်မှစ၍ တစ်ယောက်တစ်ပြန် လက်စားချေခဲ့ကြခြင်း ဖြစ်သည်။ မိမိ ဦးစိုးသိန်းကို သတ်ခဲ့စဉ်က ဦးစိုးသိန်း၏ သား တာတီးကို သတ်ရန် ကြံစည်ခဲ့ပါသည်။ ဦးစိုးသိန်း၏သား တာတီးကို မိမိ မသတ်နိုင်ခဲ့၍သာ ရန်မီးက ကျန်နေခဲ့ခြင်း ဖြစ်သည်။ မိမိ တာတီးကို ရှင်းရန် ရှာဖွေခဲ့သော်လည်း ရှာမတွေ့ခဲ့သဖြင့် ရန်ကြွေးကျန်နေခဲ့ခြင်း ဖြစ်သည်။ ထိုရန်ကြွေးက ယခု မိမိကိုဒုက္ခပေးရန်ရောက်လာခြင်း ဖြစ်သည်။

တာတီးကို ရှင်းလင်းရန် စီစဉ်ပြီး ဖြစ်သည်။ နံနက်လင်းလာလျှင် တာတီးက တစ်ဖက်တောင်ပေါ်သို့ တက်မှေတော့မည်။ ထိုတောင်တွင် သောင်းကျန်းနေသော ကျားသစ်မတစ်ကောင် ရှိသည်။ လာသမျှသက်ရှိမှန်သမျှ ထိုကျားသစ်မက ဖိုဖိုန်ခြွေလေ့ ရှိသည်။ တာတီးကိုလည်း အလွတ်ပေးမည် မဟုတ်၍ တာတီးကိစ္စက ပူပန်စရာမရှိနိုင်သဖြင့် တာတီးကို နောက်ထပ်တွေ့စရာမရှိနိုင်ပါ။တာတီးအကြောင်း ခေါင်းထဲပေါ်နေသဖြင့် တရားကိုအာရုံပြု၍မရနိုင်အောင်ရှိသည်။ ယနေ့ညအတွက် တရားရရန် မလွယ်ကူတော့သဖြင့် ထိုင်ရာမှထလိုက်ပြီး ဘုရားခန်းမှထွက်ခဲ့သည်။ ကပ္ပိယကြီးမှာ မအိပ်သေးဘဲရှိသဖြင့် ကပ္ပိယကြီးကို အခန်းသို့ခေါ်လိုက်ပြီးနှိပ်ပေးရန် ပြောလိုက်သည်။ ကပ္ပိယကြီးကလည်း နှိပ်နေကျဖြစ်၍ ဝတ္တရားမပျက် လာရောက် နှိပ်ပေးပါသည်။

တစ်ဖက်ခန်းတွင် အိပ်ရန်ပြင်ဆင်နေသော ဧည့်သည်မှာလည်း ဘယ်လူးညာပြန်အသံများကြားနေရသဖြင့် အိပ်ပျော်ဟန် မတူသေးပါ။ သူလည်း ရည်ရွယ်ချက်တစ်ခုနှင့်လာသည်ဖြစ်၍ ရည်ရွယ်ချက် မအောင်မြင်မီ အိပ်ပျော်နိုင်မည် မဟုတ်သေးပါ။

"ကပ္ပိယကြီးကို ပုံတစ်ပုံပြောပြမယ်၊ နှိပ်ရင်းနားထောင်ပေါ့။ ဘုရားလက်ထက်ကဇာတ်လမ်းပါ။ မွေဝဒ ပါဠိတော်လာ ကဋယက္ခနိဘီလူးမဝတ္ထု ဆိုပါတော့"

ဘုန်းကြီးက ကပ္ပိယကြီးကို ပြောရာတွင် တစ်ဖက်ခန်းကပါ ကြားလောက်အောင် အသံကိုမြှင့်၍ပြောလိုက်သည်။

"နားထောင်နေပါတယ် ဘုရား"

"ရှေးတုန်းကပေါ့ကွယ်။ယောက်ျား တစ်ဦးဟာ အရွယ်ရောက်လာတော့ ဇနီးတစ်ဦးကို ရွေးချယ်လက်ထပ်လိုက်တယ်။ အဲဒီဇနီးနဲ့ ပေါင်းသင်းခဲ့ပေမယ့် သားသမီး မထွန်းကားတော့ နောက်ဒုတိယဇနီးတစ်ဦး ထပ်မံလက်ထပ်လိုက်ပြန်တယ်။ ပထမဇနီးက မကျေနပ်သော်လည်း သူကိုယ်တိုင် ကလေးမရနိုင်လို့ လက်ခံလိုက်ရတယ်။ ဒုတိယဇနီးနဲ့ပေါင်းသင်းခဲ့ရာ ဒုတိယဇနီးမှာ ကိုယ်ဝန်ရှိလာခဲ့တယ်။ ပထမဇနီးက ဒုတိယဇနီးရဲ့ ကိုယ်ဝန်ပျက်စီးအောင် အဆိပ်ပါတဲ့ အစာကို ကျွေးတော့ ကိုယ်ဝန်ပျက်စီးသွားခဲ့တယ်။ ဒါပေမယ့် အချိန်ကြာလာတော့ ဒုတိယဇနီးဟာ ဒုတိယကိုယ်ဝန်ကို ဆောင်ရပြန်ရော။ ဒီတစ်ခါမှာလည်း ပထမဇနီးက အရင်ထက်ပြင်းတဲ့အဆိပ်ကို ကျွေးပြန်ပါရော။ အဆိပ်ကိုစားမိပြီး သေခါနီးဆဲဆဲမှာ ပထမဇနီးရဲ့လက်ချက်မှန်း သိရသတဲ့။ ဒီတော့ နောင်ဘဝမှာ လက်စားချေရန် ဆုတောင်းလိုက်သတဲ့။

ဒီလိုနဲ့ ဒုတိယဇနီးက နောက်ဘဝမှာ အဲဒီအိမ်မှာပဲကြောင်မပြန်ဖြစ်တယ်။ ပထမဇနီးရဲ့ လက်ချက်ကြောင့် ဒုတိယဇနီးသေရတာကိုသိတဲ့ ယောက်ျားဖြစ်သူက စိတ်ဆိုးပြီး ပထမဇနီးကို သတ်လိုက်တယ်။ ပထမဇနီးသေတော့ အဲဒီအိမ်မှာ ကြက်မပြန်ဖြစ်လာတယ်။ ဘဝဟောင်းက ဆုတောင်းကြောင့် ကြက်မ ကဥဥလိုက်တိုင်း ကြောင်မကစားစားပစ်တယ်။ ယခင်ဘဝက ရန်ကြွေးအတွက် လက်စားချေတာပေါ့။ ကြက်မလည်း သူ့ရဲ့ဥတွေကို ကြောင်မစားတာသိတော့ သေခါနီးမှာ နောင်ဘဝ လက်စားချေနိုင်ပါစေလို့ ဆုတောင်းပြန်သတဲ့။ သူတို့တွေဘဝပြောင်းချိန်မှာ ကြက်မက ကျားသစ်မဖြစ်ပြီး ကြောင်မက သမင်မဖြစ်လာကြတယ်။ သမင်မကမွေးလိုက်တိုင်း ကျားသစ်မက စားသောက်ပစ်လေ့ရှိတယ်။ သမင်မကလည်း သေခါနီးတွင် လက်စားချေရန် ဆုတောင်းတာပေါ့။ သမင်မက ဆုတောင်းတဲ့အတိုင်း နောင်ဘဝမှာ ဘီလူးမဖြစ်လာပြီး ကျားသစ်မက လူမိန်းမဖြစ်လာတယ်။ ထိုဘဝမှာ လူသားမိန်းမက မွေးလိုက်တဲ့ ကလေးများကို ဘီလူးမက စားပစ်လေ့ရှိတယ်။ လူမိန်းမက နောက်ဆုံးမွေးတဲ့ကလေးကို ဘီလူးမ မစားမီ ကလေးကိုပိုက်ပြီး မြတ်စွာဘုရားရှိရာ ကျောင်းတော်သို့ပြေးခဲ့တယ်။ ဘီလူးမလည်း နောက်ကလိုက်လာတယ်။

မြတ်စွာဘုရားထံ ရောက်သောအခါ မြတ်စွာဘုရားက အတိတ်ကရန်ကြွေးကြောင့် ဘဝဆက်တိုင်း တစ်ယောက်တစ်ပြန် လက်စားချေလာပုံ အကြောင်းကို ပြောပြပါတယ်။

'သင်တို့နှစ်ဦးဟာ အတိတ်ကရန်ကြွေးကြောင့် ဘဝအဆက်ဆက် သူတစ်ပြန်ကိုယ်တစ်ပြန် လက်စားချေလာခဲ့ကြသည်။ အမုန်းတရားကို အခြေခံပြီး ရန်ငြိုးကြောင့် သံသရာမှာ အကုသိုလ်လုပ်ရင်း ကာလကြာခဲ့ချေပြီ။ သည်အတိုင်းဆက်သွားနေပါက တရားမရနိုင်ဘဲ အပါယ်ငရဲသို့ ရောက်တော့မည်။ ယခုအချိန်မှစ၍ အမုန်းတရားတွေရပ်လိုက်ပြီး ကောင်းမှုတွေ လုပ်ကြပါတော့'

မြတ်ဗုဒ္ဓရဲ့ အဆုံးအမကို နှစ်ဦးနှစ်ဖက် သဘောတူ ကျေနပ်လိုက်ကြပြီး အမုန်းစစ်ပွဲကို ရပ်စဲလိုက်ကြတယ်။

ကဲ - ဘုန်းကြီးရဲ့ဇာတ်လမ်းက ဒီနေရာမှာ အဆုံးသတ်တော့မယ်။ တစ်ဦးနဲ့ တစ်ဦးလက်စားချေခြင်းဟာ အကျိုးမရှိကြောင်း ကပ္ပိယကြီးသဘောပေါက်ရဲ့လား"

"သဘောပေါက်ပါတယ် ဘုရား"

"အေး - တစ်ဦးအပေါ် အပြစ်ရှိရင် ခွင့်လွှတ်နိုင်အောင် ကြိုးစားရမယ်။ ကဲ- ကပ္ပိယကြီးသဘောပေါက်ရင် သွားအိပ်ပါတော့"

ဘုန်းကြီး၏စကားဆုံးသည့်တိုင် တစ်ဖက်ခန်းက လူးလှိမ့်နေသံကြားရသဖြင့် တာတီး မအိပ်သေးဘဲ နားထောင်နေကြောင်း ခန့်မှန်းရပါသည်။ တစ်ဖက်ခန်းက ကြားလောက်အောင် ပြောလိုက်ရသဖြင့် ရင်ထဲရှင်းသွားပါသည်။ ထို့ထက် ပိုဆိုးသည်မှာ ကျားသစ်ရှိသောတောင်သို့လမ်းညွှန်လိုက်ခြင်း ဖြစ်သည်။ ဘုန်းကြီးဖြစ်ပါလျက် အကုသိုလ်ဖြစ်အောင် ပြုမိခဲ့ချေပြီ။ အလည်ကျသော



www.burmeseclassic.com

www.burmeseclassic.com

ဆိုပါက မိမိအလှည့်ဖြစ်ပါလျက် အသက်မသေရလေအောင် တာ အပေါ် ရက်စက်စွာ ကြံစည်မိခဲ့ခြင်း ဆင်ခြင်မိပါသည်။ မိမိအမှားကို ပြန် ဆင်ခြင်မိမှ နောက်ထပ် အပြစ် လွန်မိရလေအောင် သံဝေဂပွားမိ သည်။ တာတီးကို မသေစေရန် အမှန် င်းဝန်ခံပြီး မိမိအသက်ကို ပေးဆပ် ဆုံးဖြတ်လိုက်ပါသည်။ ထိုသို့ ဆုံး လိုက်မှအိပ်ပျော်သွားပါတော့သည်။

နောက်နေ့နံနက်စောစော ဘုန်း အိပ်ရာက နိုးသည်နှင့် အမြန်ထ က်သည်။ ရောင်နီပေါ် စပင်ရှိသေး ။ ကပ္ပိယကြီးမှာ ဆွမ်းချက်နေ ကြောင်း တွေ့ရသည်။ ကျောင်းပေါက်ဝ ကြည့်လိုက်သည်နှင့် တာတီးကို မြင် ရသည်။ တာတီးမှာ ခရီးသွားရန် ဆင်နေကြောင်း တွေ့ရပြီး တာတီး စောင်လျှောက်ထားပါသည်။

"ဘုန်းကြီးကို နှုတ်ဆက်ဖို့စောင့် တာပါ။ တပည့်တော်ခရီးဆက်တော့ ပါ"

"နံနက်စာစားပြီးမှသွားပါလား"

"ကပ္ပိယကြီးကျွေးတဲ့ ငှက်ပျောသီး အဝစားပြီးပါပြီ။ တပည့်တော်ကို ပါ အရှင်ဘုရား"

"ဒကာက ဘယ်ကိုသွားမှာလဲ"

"တပည့်တော် ရွာကိုပြန်တော့မှာ ဘုရား"

"ဦးသန်းဒန်ဆီကို မသွားတော့ဘူး "

"မသွားတော့ပါဘူး"

"ဒကာ ဦးသန်းဒန်ကို မသတ် တော့ဘူးလား။ ဒကာ ဦးသန်းဒန်ကို သတ်နိုင်အောင် ဘုန်းကြီး ကူညီနိုင်ပါ ယ်၊ နောက်ပြီး ဒကာ့ကို ဘုန်းကြီး မှန်အတိုင်း ဝန်ခံစရာရှိပါတယ်"

"ဘုန်းကြီးဟာ ဦးသန်းဒန် ဖြစ် ကြောင်း ဝန်ခံမလို့လား"

"ဒကာဘယ်လိုသိသလဲ"

"တပည့်တော် ညကတည်းက သိ တယ်။ ဦးသန်းဒန်ဟာ တပည့်တော် အဖေကို ဓားနဲ့ပိုင်းစဉ်တုန်းက ဘေးက ထဲမှာ တပည့်တော် ရှိနေပါတယ်။ ပည့်တော်ရဲ့လုံချည်စကို နင်းထားတဲ့ သန်းဒန်ရဲ့ ညာဘက်ခြေထောက်မှာ တစ်ချောင်းမရှိတာကို သတိထားမိ ပါတယ်။ တပည့်တော် နယ်မြေအနှံ့ သန်းဒန်ကို ရှာဖွေခဲ့ရာမှာ ခြေမ မပါ ဦးသန်းဒန်ကို မတွေ့ရသေးလို့ ဆက် နေရတာ။ ညက ကျောင်းထဲအဝင် မှာ ဘုန်းကြီးရဲ့ ခြေထောက်ကို ကြည့် လိုက်မှ ဦးသန်းဒန်မှန်း သိလိုက်ရတယ်"

"ဒါဆို မောင်ရင် ကျုပ်ကိုသတ်လို့ ရပါပြီ။ ကျုပ်ကလည်း အသတ်ခံဖို့ ဆုံး ဖြတ်ပြီးပါပြီ။ ကျုပ်သေရမယ့်အလှည့်မှာ ဇာတ်သိမ်းလိုက်ပါတယ်။ မောင်ရင့်ကို ပြန်သတ်ဖို့ ကျုပ်မှာ သားမရှိတော့ ကျုပ် တို့ရဲ့ရန်ငြိုးတွေဟာ ဒီနေရာမှာ အဆုံး သတ်ရမှာဆိုတော့ ကျုပ်ကျေနပ်ပါတယ်။ ကဲ- ကျုပ်ကိုသတ်လိုက်ပါတော့"

"ဦးသန်းဒန်ကိုသတ်ဖို့ ကျွန်တော့် ဘဝနဲ့ ရင်းခဲ့ရပါတယ်။ အရွယ်ရောက် လို့ လက်စားချေမယ်လုပ်တော့ ဦးသန်း ဒန်က ထောင်ထဲမှာရောက်နေလို့ စောင့် ရတာ စိတ်မရှည်ဖြစ်ပြီး ထောင်ထဲအထိ သတ်ဖို့လိုက်ခဲ့သေးတယ်။ ဦးသန်းဒန် သာယာဝတီထောင်မှာရှိစဉ်က ထောင် ထဲရောက်ဖို့ သုံးဆယ်တာ ရဲသားတစ်ဦး ကို ဓားနဲ့ထိုးပြီး ထောင်ဒဏ်နှစ်နှစ်ကျပြီး သာယာဝတီထောင်ထဲ ရောက်ခဲ့တယ်။ ဒါပေမယ့် ဦးသန်းဒန်ဟာ ပြည်ထောင် ပြောင်းသွားလို့ ကြိုးစားခဲ့သမျှ အလဟ သဿဖြစ်ခဲ့ရတယ်။ ထောင်ကျတာပဲ အဖတ်တင်ခဲ့တယ်။ ဒါထက်ဆိုးတာက ထောင်ကလွတ်တော့ သုံးဆယ်မှာ ဓား နဲ့ထိုးခဲ့တဲ့ ရဲရဲ့ သားက ကျွန်တော့်ကို သတ်ဖို့ကြိုးစားလို့ သူ့ကိုသတ်ပြီးထောင် သက်ရှည်ခဲ့ရတယ်။ ထောင်ထဲမှာနေရ ပေမယ့် ဦးသန်းဒန်ကိုသတ်ဖို့ ရည်ရွယ် ချက်ကမပျက်ဘဲ ပိုမိုခိုင်မာခဲ့တယ်။ ဒီလို ဒုက္ခတွေခံနေရတာ ဦးသန်းဒန်ကြောင့် လို့ သတ်မှတ်ပြီး ဦးသန်းဒန် ဘယ်မှာရှိ တယ်ဆိုတာ မပြတ်ထောက်လှမ်းနေခဲ့ တာ။ လွန်ခဲ့တဲ့ (၅) နှစ်က ဦးသန်းဒန် ကျောက်ဖားတောင်မှာ ကပ္ပိယလုပ်ရင်း ဇာတ်မြုပ်နေတဲ့အကြောင်းကို သိခဲ့ရလို့ ထောင်ကလွတ်တာနဲ့ ဒီနေရာကိုရောက် အောင်လာခဲ့တာပါ"

"ဟုတ်ပါတယ်၊ ဘုန်းကြီးလည်း နောင်တတရားတွေရပြီး ဒီနေရာကို တရားကျင့်ဖို့ ရောက်လာခဲ့တာပါ။ မူလ ဆရာတော်ကြီးရှိစဉ်က ကပ္ပိယဘဝနဲ့ အလုပ်အကျွေးပြုခဲ့ပါတယ်။ ဆရာတော် ကြီး ပျံလွန်တော်မူမှ ဆရာတော်ကြီးရဲ့ အရိုက်အရာကို ဆက်ခံပြီး တရားအလုပ် ကို လုပ်ခဲ့တာပါ။ ကဲ - မောင်ရင်လည်း လာရကျိုးနပ်အောင်၊ သံသရာကြွေး လည်း ကျေအောင် ကျုပ်ကို သတ်လိုက် ပါ။ ကျုပ်အပြစ်မယူပါဘူး၊ အလှည့်ကျ လို့ခံရတာလို့ ခံယူပါ့မယ်"

"ဘုန်းကြီးက အပြစ်မယူပေမယ့် နောင်သံသရာမှာ ပြန်လည်ပေးဆပ်ရ မှာပါ။ တပည့်တော် ညတအထိ သတ်ဖို့ စိတ်ကူးရှိခဲ့တာပါ။ အရှင်ဘုရားက ကပ္ပိယ ကြီးကို ပြောပြနေတဲ့ ကဋ္ဌသာရ ဘီလူးမဇာတ်လမ်းကို ကြားနာလိုက်ရမှ လက်စားချေခြင်း၊ အာဃာတနှလုံးသား နဲ့ အမုန်းပွားနေခြင်းဟာ လောကီရော လောကုတ္တရာမှာပါ အကျိုးမရှိကြောင်း သိလိုက်ရလို့ အမြင်မှန်ရခဲ့တာပါ။ အခု အချိန်မှာ ပုရွက်ဆိတ်တစ်ကောင်ကို တောင် သတ်ဝံ့တဲ့အင်အား မရှိတော့ပါ ဘူး"

"ဒါဆိုရင် ဒကာ တကယ်ခွင့်လွှတ် နိုင်ပြီပေါ့"

"သဘောပေါက်ပြီး ခွင့်လွှတ်နိုင် ပါပြီ ဘုရား"

"ဒကာရဲ့နာမည်က တာတီးဟုတ် ပါတယ်နော်"

"ငယ်နာမည် တာတီးပါ ဘုရား"

"ကောင်းပါပြီကွယ်။ အမုန်းတရား တွေကို သင်ပုန်းချေ ခွင့်လွှတ်နိုင်တဲ့စိတ် ထားကို ချီးကျူးပါတယ်။ ကျုပ်လည်း တစ်သက်လုံးအမှားတွေလုပ်ခဲ့လို့ အခုမှ သိလာ၊ ဘာဝနာနဲ့ ဆေးကြောနေရတာ။ ဒကာလည်း တကယ်အသိတရားရတယ် ဆိုရင် သက်တမ်းမကုန်ခင် ရသမျှဘဝ မှာ တရားအလုပ်ကိုလုပ်ဖို့ ဘုန်းကြီး တိုက်တွန်းချင်ပါတယ်"

"တပည့်တော်လည်း နောင်တရ ပါပြီ ဘုရား။ ဒီကနေ့ကစပြီး ကောင်း အောင် ပြုပြင်ပါတော့မယ်။ ကုသိုလ် ကောင်းမှုပြုရင်း ကျန်တဲ့အချိန်တွေ ကုန် ဆုံးစေပါတော့မယ်"

"ကောင်းပါတယ် ဒကာ"

တာတီးသည် ကျောင်းဝင်းအတွင်း ရောက်ချိန်မှစ၍ ဘုန်းကြီးကို တစ်ခါမှ ဦးမချခဲ့သော်လည်း ယခုအခါ ဘုန်းကြီး ရှေ့တွင် ပြားပြားဝပ်လျက် ဦးသုံးကြိမ် ချလိုက်ပါသည်။

"သာဓု၊ သာဓု၊ သာဓု"

ဘုန်းကြီး၏သာဓုခေါ်သံမှာ ရင် ထဲမှ လှုပ်ရှားလိုက်ဖိုပြီး ထွက်လာသဖြင့် ကြားရသူ တာတီးမှာလည်း တုန်ယင် လျက်ရှိပါသည်။ ကျောက်ဖားတောင်မှ သာဓုခေါ်သံသည် အမုန်းတရားများကို ချေဖျက်နိုင်သဖြင့် တောတောင်တစ်ဝန်း ပဲ့တင်ထပ်သွားသည်ဟု ထင်လိုက်ရပါ သည်။

**တောင်ဒေသ**



www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်သန်းထွန်း

## ဂန္ဓာရီပညာရှင်၏ရှေ့ရေးအမြင်


ကျုပ်အဖြစ်က မနှစ်ကနဲ့ မတူပါ ဆိုသလို ပထမဆုံး ဆန်းဆန်းကြယ်ကြယ် အိပ်မက်ကလေးတစ်ခုမက်တယ်ဗျ။ အိပ်မက်ထဲမှာ အဘိုးကြီးတစ်ဦး မေးရိုးက ကားကား၊ တိုက်ပုံက ပင်နီ၊ မုဆိုးက အကွက်ကြကြီး၊ ဦးခေါင်းကိုတော့ အညိုရောင်အဝတ်နဲ့ ပေါင်းထားတယ်။ ခေါင်းပေါင်းအပေါ်မှာ ဆံပင်ရှည်ကို ထုံးထားတဲ့ သျှောင်ထုံးလေးက ထွက်လို့။ ကျုပ်က ဒီအဘိုးကြီးကိုမြင်ဖူးပါတယ်၊ ဘယ်မှာမြင်ဖူးပါလိမ့်လို့ ပထမတော့ ဘယ်လာစဉ်းစားလို့အဖြေပေါ်ပါ့မလဲ။

မနက်ပိုင်းရောက်မှ အဖြေရသွားတယ်။ အိပ်မက်ထဲက ဘဘကြီးဟာ ဘုရားကုန်းမှာ ရုပ်တုအဖြစ်ထုထားပြီး အဝတ်ညိုဝတ်ထားတဲ့ အဘဘိုးမင်းခေါင်နဲ့ သေသေချာချာ တူနေတာကိုး။ ဒါတောင် ကျုပ်ကတူတယ်ဆိုတဲ့အဆင့်မှာ ရပ်ထားတာပါ။ ဘာကြောင့်ရပ်ရသလဲဆိုရင် အရင်ကဘာဆက်သွယ်မှုမှ မရှိတာ။ အခုတောင် အိပ်မက်နဲ့ ဆက်သွယ်လို့ အဘနဲ့ ပတ်သက်လာတာပါ။ အိပ်မက်ထဲမှာ ကျုပ်ကို ဘာတွေညွှန်ကြားသလဲဆိုရင် –

'မင်း တနင်္ဂနွေနေ့၊ တနင်္ဂနွေထောင့်ကိုသွား။ ဗြိုဟ်ခွင်ဘေးမှာ ငါ့ရဲ့ ဓာတ်ပုံတွေ့လိမ့်မယ်။ တွေ့ရင် ခေတ္တခဏယူပါရစေလို့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေကို ခွင့်တောင်းယူ။ ဒီဓာတ်ပုံကို ဓာတ်ပုံဆိုင်မှာကူး။ ပုံတူရလာရင် မူရင်းဓာတ်ပုံကို သူနေရာမှာပြန်ထား။ မင်းရဲ့ပုံကို မင်းအခန်းခေါင်းရင်းမှာချိတ်လိုက်။ တကယ်အရေးကြီးမှ ဓာတ်ပုံကြည့်ပြီး တမ်းတ။ စောင့်ရှောက်ရမယ့်အချိန်ရောက်လာလို့ မင်းကို အသိပေးတာ၊ မှတ်မိလား'

ဒါပဲမက်တာပါ။ ဒီအဘဘိုးတော်ကြီးနဲ့ ကျုပ်ရဲ့ ဆက်နွယ်မှုကို 'ပုဂ္ဂိုလ်စောင့်ရှောက်တယ်ဆိုတာ' ခေါင်းစီးနဲ့ အခြားကိစ္စတွေ ဖော်ပြပြီးပါပြီ။ အခုဖော်ပြမယ့် အကြောင်းအရာကလည်း အဘဘိုးတော်ကြီးနဲ့ ပတ်သက်နေလို့ အဘနဲ့ ကျုပ် ဆက်နွယ်မှုအစကို ပြန်ပြီး ဖော်ပြရတာပါ။ အင်း - ဒီလိုနဲ့ အဘပုံ ရောက်ပြီး တစ်နှစ်ငလောက်အကြာမှာ မရှုနိုင်မကယ်နိုင်တဲ့ ပြဿနာတစ်ခု ကြုံပါလေရောဗျ။ ကိုယ်တိုင်ဘယ်လိုမှမစွမ်းဆောင်နိုင်တဲ့အတွက် အလိုလို အဘဓာတ်ပုံနားကို ကျုပ်ရောက်လာတယ်။ အရေးကြီးရင် ငါ့ဓာတ်ပုံကြည့်ပြီး တမ်းတလိုက်လို့ ခွင့်ပေးထားတာကို ကျုပ်က ဘယ်လာမေ့ပါ့မလဲ။

ဒါနဲ့ နေ့တစ်နေ့ ညနေပိုင်းမှာ ကျုပ်က အဘဓာတ်ပုံကြည့်ပြီး ထုံးစံအတိုင်း ညည်းလိုက်တာပေါ့ဗျာ။ ဒီလိုညည်းပြီး ညရောက်တယ်ဆိုရင်ပဲ အဘက အိပ်မက်ထဲမှာပေါ်လာတယ်။ ကျုပ်အကူအညီလိုအားကြီးလို့ တောင့်တချက်နဲ့ အဘပြန်ပြီးပြောကြားချက်ဟာ ဘယ်လိုမှ တစ်ခုနဲ့တစ်ခု ဆက်စပ်လို့မရဘူးဗျ။ အဓိကပြဿနာကြီးကတော့ အဘရဲ့ရှေ့ရေးအမြင်ကို ကျုပ်က အဘခြေဖဝါးက အမှုန့်လောက်တောင်လိုက်မမီတဲ့အဖြစ်နဲ့ ကြုံနေတာပါ။ အဲဒီအကြောင်းလေးကို ဂန္ဓာရီပညာရှင်ရဲ့






www.burmeseclassic.com

www.burmeseclassic.com

ရှေ့ရေးအမြင်လို့ မှတ်တမ်းတင်ရင် သင့်တော်လိမ့်မယ်လို့ ထင်ပါတယ်။

ဒီနေရာမှာ ကျုပ်ရဲ့ဘဝဖြစ်စဉ်ကို ပြောပြရဦးမယ်။ ကျုပ်ကလေ ပိုက်ဆံလေးနည်းနည်းပိုဝင်တာနဲ့ အဲဒီဝင်တဲ့ငွေနဲ့ကိုက်ညီတဲ့ပြဿနာတစ်ရပ်က အိမ်မှာစောင့်နေတယ်ဗျ။ ဥပမာ ငွေတစ်သောင်းပိုဝင်လို့ သုံးရမလား အောက်မေ့တယ်။ တီဗီပျက်လို့ပြင်ဖို့စောင့်နေတာနဲ့ တိုးတယ်လေ။ အဲ - နှစ်သောင်းလောက်ဝင်ရင် အောက်စက်က အရေးကြီးတဲ့မီးသီးကျွမ်းပါလေရော။ တိုက်ဆိုင်တာများလာတော့ ငွေပိုဝင်မှာကိုလန့်တောင်လာတယ်။

ဒီလိုနဲ့ တစ်နေ့မှာ နယ်ဘေးကို တက္ကစီဆွဲရတယ်။ စီးတဲ့လူတ ဘောစိ ထမင်းလည်းကျွေး အအေးလည်းတိုက် လိုတဲ့ဆီလည်း သူပဲဝယ်ပါတယ်။ တုသိမ် ပြန်ရောက်တော့ (၇၀၀၀၀) ပေးတယ်။ ကျုပ်လေ ငွေတွေရလာတော့ ငါ့အိမ်မှာ ဘာဖြစ်ဦးမလဲမသိဘူးဆိုပြီး ရင်တောင်





www.burmeseclassic.com

www.burmeseclassic.com

ထိတ်သွားတယ်။ ကြုံနေကျဆိုတော့လန့်တာပေါ့လေ။ ဒါနဲ့အိမ်လည်းပြန်ရောက်ရော မိန်းမက ဗိုက်အောင့်တယ်၊ ဗိုက်အောင့်တယ်အော်ရင်း သတိပါမေ့သွားပါလေရော။ ငွေဝင်တာနဲ့ ပြဿနာတစ,လာပြီ။

ကျုပ်မှာ ခြေမကိုင်မိလက်မကိုင်မိဖြစ်ပြီး မိန်းမနဲ့ဆိုင်တဲ့ OG ဆီပြရတာပေါ့။ ဓာတ်မှန်လည်းရိုက်၊ အာထရာဆောင်းလည်းရိုက်ပြီး လိုအပ်တာတွေစစ်လိုက်တော့ သားအိမ်ထဲမှာ အလုံးတဲ့။ မကြီးထွားခင် ခွဲသင့်ကြောင်း၊ ခွဲမယ်ဆိုရင် ပစ္စည်းစုံတဲ့ရန်ကုန်သွားပါလို့ လမ်းညွှန်တယ်။ ကျုပ်မှာ OGပြရ၊ ဓာတ်မှန်ရိုက်ရ၊ ဟိုဟာဒီဟာစစ်လိုက်ရလို့ ငွေ (၃၀၀၀၀) ကျော်တော့ ချောသွားပြီ။ ကျုပ်မှာကျန်တာက (၄၀၀၀၀)။ ရန်ကုန်မှာ ခွဲစိတ်မယ်ဆိုရင် အနည်းလေး (၁၀) သိန်းကျော်မှာပေါ့။

ကျုပ်ဘဝက တက္ကစီဆွဲပြီး မိသားစုဝမ်းကိုဖြည့်နေတဲ့လူ။ ခုလို (၇၀၀၀၀) ဝင်တယ်ဆိုတာ တစ်နှစ်မှာ တစ်ခါနှစ်ခါကြုံတာပါ။ ပျမ်းမျှ တစ်နေ့ကို (၃၀၀၀)နဲ့ (၅၀၀၀)ကြားလောက် ရပါတယ်။ ဒီငွေလေးနဲ့ ကလေးကျောင်းစရိတ်၊ ကလေးကျူရှင်ဖိုး၊ ဟင်းရန်ဖိုး၊ ဆေးဖိုးနဲ့ရပ်ကွက်သာရေးနာရေးတွေပါလာရင် မလောက်တာများတာပေါ့။ ဒီလို မလောက်မငတဲ့လူက (၁၀) သိန်းကျော် ရှာရမယ်ဆိုရင် ဘယ်လာအဆင်ပြေပါမလဲ။ တက္ကစီဆွဲတဲ့ ဆိုင်ကယ်ရောင်းတောင် (၁၀) သိန်းမရနိုင်ပါဘူး။

ဒါကြောင့် ဘယ်လိုမှမစွမ်းဆောင်တတ်တဲ့အချိန်လေးမှာ အဘဓာတ်ပုံကိုသတိရလာတယ်။ တကယ် အခက်အခဲရှိလာရင် ဓာတ်ပုံကြည့်ပြီး တမ်းတလိုက်လို့ ခွင့်ပေးထားတယ် မဟုတ်လား။ အိမ်မှာ လူရှင်းချိန် ကျုပ်က အဘဓာတ်ပုံကြည့်ပြီး -

"အဘရေ သားတော့ ငွေ (၁၅) သိန်းလောက် လိုနေတယ် အဘ။ သားဘယ်လိုမှမရှာနိုင်ပါဘူး။ ငွေရနိုင်တဲ့နည်းလမ်းလေးလမ်းညွှန်ပေးပါ အဘ။ သားရဲ့မိန်းမက ရန်ကုန်သွားပြီးခွဲစိတ်ကုသရမှာဖြစ်လို့ တကယ်လိုအပ်တာပါအဘ"

လို့ ညည်းလိုက်တာပေါ့။ ငိုတဲ့ကလေး ပို့ပြီးမုန့်စားရတယ်မဟုတ်လား။ ဒီလို ညနေပိုင်းပြောပြီး နောက်တစ်နေ့မကူးပါဘူး။ ညမှာပဲ အိပ်မက်ထဲမှာ အဘပေါ်လာတယ်။ မျက်နှာက အလိုမကျတဲ့ပုံမျိုးဗျ။ ကလေးတစ်ယောက်ကို လူကြီးက ဆူတော့မယ့်အချိန်မှာ တွေ့ရတဲ့မျက်နှာမျိုး။ ပြီးတော့မှ ခပ်အေးအေးနဲ့ ပြောတဲ့စကားက-

"အင်း - မင်းဆိုတဲ့အကောင်ဟာ တယ်လည်းပူတာပဲ။ ကြောင်ဘဝကလာတဲ့ကောင်ဆိုတော့ ပူမှာပေါ့လေ။ မင်းမိန်းမရဲ့ကံကြမ္မာလမ်းကြောင်းက ပင်ကိုအားကောင်းပြီးသားပဲ။ သူ့အတွက် မင်းက ငွေရှာစရာမလိုဘူး။ အလိုလိုအဆင်ပြေသွားလိမ့်မယ်။ လူ့ဘဝဆိုတာ ဖြစ်ချိန်တန်မှဖြစ်တာကွ။ ကံကြမ္မာဆိုတာလူက ပြုပြင်တိုင်းရလိမ့်မယ် မထင်နဲ့"

ဒါပဲပြောပါတယ်။ ကျုပ်ဖြစ်စေချင်တာက ငွေရနိုင်တဲ့နည်းလမ်းလေးပဲပြော၊ ကျေနပ်ပါတယ်။ အခုတော့ မိန်းမရဲ့ခွဲစိတ်မှုမှာ အန္တရာယ်ရှိနိုင်လား၊ မရှိဘူးလား ဒါလည်းမပြောဘူး။ ငွေဝင်ဖို့ရှိနေလား၊ တကယ်ဝင်လာမှာလား။ ဒါလည်း အရိပ်အမြွက်တောင်မပြောဘူး။ အဘကြည့်ရတာ ဘာမှအရေးမကြီးတဲ့ပုံနဲ့။ ကျုပ်မှာလေ အိပ်ရာက လန့်နိုးတော့ တော်တော်လေး စိတ်ဓာတ်တွေကျသွားတယ်။ ခေါင်းရင်းမှာ ဓာတ်ပုံချိတ်ခိုင်းပြီး ဘာမှလဲအားမကိုးရပါလားလို့ အပြစ်လည်းတင်မိတယ်ဗျ။ ဘယ်လောက် စိတ်ပျက်သွားသလဲဆိုရင် ဒီဓာတ်ပုံကို ဘုရားကန်းပြန်ပို့ရကောင်းမလားတောင် တွေးမိတယ်ဗျ။

အဘရေ၊ ကြားတဲ့အရပ်က သားကို ခွင့်လွှတ်ပါနော်။ သားက အဘရဲ့ခြေမှုန့်က သဲတစ်ပွင့်လောက်တောင် ဉာဏ်မမီလို့ အခုလို စိတ်ကူးမိတာပါ။

အင်း - ဒီလိုနဲ့မနက်ရောက်တော့ ဝမ်းရေးအတွက် တက္ကစီဆွဲဖို့ ထွက်ရတာပေါ့။ တက္ကစီဆွဲရင်း ဘာကိုစဉ်းစားလဲဆိုတော့ ငွေရဖို့ အဘအားကိုးလို့မဖြစ်တော့ဘူး။ ငါ့ခြံတစ်ဝက်ကိုရောင်းမှပဲ သင့်တော့မယ်ဆိုပြီး လမ်းဘေးလည်းဖြစ်၊ ကျောင်းနီး၊ ဈေးနီး၊ မိုးတွင်းရေလွတ်အောင်မြေဖို့ထားတဲ့ မြေကွက်ကို စွန့်လွှတ်လိုက်မယ်လို့ ဆုံးဖြတ်တယ်။

ကျုပ် အိမ်ပြန်ရောက်တော့ မြေကွက်ရောင်းရန်ဆိုပြီး စုံစမ်းဖို့ ဖုန်းနံပါတ်ပါ ဖော်ပြထားလိုက်တယ်ဗျ။ ဒီမြေကွက်က သိန်း(၃၀)ပြေးမလွတ်ဘူး။ ဒါတောင် အောက်ဈေးနဲ့ ရောင်းမှာနော်။ ရှင်းရှင်းပြောရရင် ဗိုက်နာနေလို့ ရောင်းတာပါ။

ကျုပ်မိန်းမဗိုက်ထဲက အလုံးအတွက်ကိုတော့ OG ဆီမှာ ဆေးထိုးပြီးထားထားတဲ့အဆင့်မှာပဲရှိပါတယ်။ မြေကွက်ကို အောက်ဈေးနဲ့ရောင်းဖို့ ကြေညာထားတာမှ (၅) ရက်တိတိ ဈေးလာမေးတဲ့လူတောင် မရှိဘူး။ ဒီလောက်ကောင်းတဲ့မြေကွက် ဘာကြောင့်ရောင်းမထွက်သေးတာလဲ။ ကျုပ်လေ စဉ်းစားလို့တောင် မရဘူး။

(၆)ရက်မြောက်နေ့မှာ ကျုပ်တက္ကစီဆွဲဖို့အထွက် မိန်းမရဲ့ ငယ်သူငယ်ချင်းနှစ်ယောက်ရောက်လာတယ်။ မြေကွက်ဈေးမေးမယ့်လူတော့ ပေါ်လာပြီ။ ဒီကိစ္စက မိန်းမပြောလည်းပြီးပါတယ်။ ကျုပ်တို့နှစ်ယောက်က ဈေးကို အနိမ့်ဆုံးအထိအတွင်းစကားပြောပြီးသား။ ကျုပ်ကတော့ မိန်းမချင်းပြောကြပါစေဆိုပြီး တက္ကစီဂိတ်ထွက်လာတယ်ဗျ။

ညနေ ကျုပ်ပြန်ရောက်တော့ မြေကွက်ရောင်းရန် ဆိုတဲ့ ဆိုင်းဘုတ်မတွေ့တော့ဘူး။ တယ်ဟုတ်ပါလား၊ ဒီနှစ်ယောက်နဲ့ အဆင်ပြေသွားပြီထင်တယ်ဆိုပြီး ကျုပ်မိန်းမကို တွေ့တာနဲ့-

"ဘယ်ဈေးနဲ့တည့်သွားလဲ"

"ဘာတွေ လာမေးနေတာလဲ ရောင်းဈေးတောင်မမေးဘူး"

"အလို - ဒါဆိုရင် ဆိုင်းဘုတ်ကြီးက ဘာဖြစ်လို့ဖြုတ်လိုက်ရတာလဲ"

"ငါ့သူငယ်ချင်းတွေက ဖြုတ်ပါဆိုလို့ ဖြုတ်ထားတာ"

"ဟာ- ရှင်းရှင်းရှုပ်ကုန်ပြီ။ ငါနားလည်အောင်သာ ရှင်းပြကွာ"

"ငါ့သူငယ်ချင်းတွေက မြေကွက်ရောင်းရန်ရှိသည်ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ထားတယ်လို့သတင်းကြားတာနဲ့လာတာတဲ့။ သူတို့က ငါခွဲစိတ်မယ့်ကိစ္စလည်းအခုမှသိကြတာ။ ငါတို့ရှိလျက်နဲ့ နင်ကလည်း အကြောင်းလေးဘာလေးကြားတာမဟုတ်ဘူးလို့ အပြစ်တင်ကြတာပေါ့။ ပြီးတော့ နင့်ဆိုင်းဘုတ်ကြီးဖြုတ်လိုက်ဆိုပြီး သူတို့ကိုယ်တိုင်ဖြုတ်ကြတယ်လေ။ ဖြုတ်ပြီးတော့ ငွေ (၂) သိန်းထုတ်ပေးတယ်။ ဆေးစစ်ရုံလောက်ထဒီလောက်ဆို လောက်ပါတယ်ဆိုပြီးပေးခဲ့တယ်တဲ့။

ပြီးတော့ ဘာဆက်ပြောသလဲဆိုရင် ရန်ကုန်ကပြန်ရင် ငါတို့ဆီဖုန်းဆက်နင်ခွဲစိတ်မယ့်ကိစ္စကို တို့နှစ်ယောက်တာဝန်ယူမယ်တဲ့။ နင်စိတ်အေးအေးထားလိုက်။ ရန်ကုန်ကို မနက်ဖြန်သွား။ ငါတို့ညနေပိုင်း ကားလက်မှတ်ပို့လိုက်မယ်။ ဟိုရောက်ရင် လမ်း(၃၀)က ငါတို့တိုက်မှာ ဝင်တည်း။ ရော့ - သော့ယူထား ဆိုပြီး ပေးထားတယ်။ ဘယ့်နှယ် နင်ရ ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

ျပ်ဆိုတာ ဘာပြောရမှန်းတောင် ဒီစကားကြားရတော့ အဘ ကြီးပြောတာ ပွဲဦးထွက်တော့ ပါလား။ 'မင်းက ငွေရှာစရာ း၊ သူ့ကံကြမ္မာက ပင်ကိုအား ပြီးသားပဲ' ဆိုတဲ့ စကားလေ။ ကို မှန်နေပြီဗျာ။ ရန်ကုန်ကား လည်းရ၊ တည်းခိုဖို့လည်း အခ ဝါးခလည်း မပူရ။ ဒါဆိုရင် တာပဲ ကျန်တော့တယ်။ ခွဲစိတ် ကျငွေကို ဘယ်နည်းနဲ့ အဆင် လို့ ကျုပ်လေ သိချင်နေတယ်။ တော်ကြီးကို ပြစ်မှားမိတဲ့စိတ် လည်းပြီး ဓာတ်ပုံကို ဖင်ထောင်ဦးချ ည်း အကြိမ်ကြိမ်ပါပဲ။

န်ကုန်မှာ ဆေးသွားစစ်တော့ ချက်တွေက တကယ့်ကို စိတ် စရာကောင်းတယ်ဗျ။ သားအိမ် မ်အလုံးသာရှိပြီး ကင်ဆာကျိတ် ဘူးတဲ့။ ဒါကြောင့် အရေးပေါ် ရာမလိုဘဲ လူမမာအားရှိအောင် လောက် အားမွေးပါဆိုပြီး အား တွေတစ်လစာပေးလိုက်တယ်။ ဘာ အချိန်တစ်လဆိုရင် သူ့သူငယ် ယောက်လည်း ငွေရှာချိန်အဆင် ပဲ၊ ဒါဆိုရင် အဘဘိုးတော်ကြီး လို သူ့ရဲ့ကံကြမ္မာဟာ ကျုပ်ပူစရာ အားကောင်းနေတာ တကယ်ကို မယ်လို့ ထင်တယ်ဗျာ။ အဘကို စိတ်နဲ့ပြစ်မှားမိတာကို ရှိခိုးရတဲ့ တွေလည်း နည်းမှာမဟုတ်ဘူး။

ဒီလိုနဲ့ ဆေးသောက်နေတဲ့ (၁၅) လမှာ သူ့သူငယ်ချင်းတစ်ဦး လာတယ်။ ကျုပ်က တက္ကစီဆွဲ နေပိုင်းပြန်လာတဲ့အချိန်။ သူတို့ ယောက်က အိပ်ခန်းထဲမှာ စကား နေတယ်။ အခန်းအပြင်က ဧည့်ခန်း ျပ်က ဓာတ်မီးအဟောင်းကိုပြင် ဖြစ်လို့ သူတို့နှစ်ယောက် စကား ကြားနေရတာပေါ့။ စိတ်ဝင်စား းစွင့်တာလည်း ပါပါတယ်။ သူ ယ်ချင်းက ဘာပြောလဲဆိုရင် -

"နင်က ငါ့အမေကို သွေးလှူခဲ့လို့ မေဟာ ဒီအချိန်အထိ လူ့လောက ရှိသေးတာ။ အမေကလည်း နင့် ကို အရင်းမမေ့ဘူး။ ငါက နင့်အ င်းပြောပြတော့ 'အေး-တို့ကျေးဇူး အချိန်ပဲ။ ငါအခက်အခဲရှိနေတုန်း ကယ်တဲ့ကျေးဇူးကို တုံ့ပြန်တဲ့အ နင့်အသက်ကို သူကယ်မယ်ဆိုပြီး မေကိုယ်တိုင်ပေးလိုက်တဲ့ ငွေ (၇) သိန်း။ နင်စိတ်ဖြောင့်ဖြောင့်သုံး အတိုး မရှိဘူး။ ပြန်ဆပ်စရာမလိုဘူး။ နင့်ရဲ့ခွဲ စိတ်ဖို့စရိတ်အဖြစ်သိမ်းထားလိုက်"

ကျုပ်ဆိုတာ ရင်တွေတောင်ခုန် သွားတယ်။ ဒီအချိန်မှာ ဒီလိုကျေးဇူးသိ တတ်တဲ့လူဆိုတာ တကယ်ရှားပါတယ်။ ကျုပ်ညီအစ်ကိုမောင်နှမပေါင်းပြီးတောင် ငွေ(၇)သိန်းရှာပေးဖို့ မလွယ်ပါဘူး။ ပြီး တော့ အနှောင်အဖွဲ့ကင်းအောင် အသား လွှတ်ပေးတာလေ။ ဒါဆိုရင် ဘိုးတော် ကြီးပြောသလို 'မင်းမိန်းမ ကံကြမ္မာဟာ ပင်ကိုအားကောင်းပြီးသားဖြစ်လို့ မင်းငွေ ရှာစရာမလိုပါဘူး' ဆိုတဲ့ စကားဟာ ကြက်သီးမွေးညင်းထလောက်အောင်မှန် နေပါလား။တစ်ဆက်တည်းမှာ ဘာသွား သတိရသလဲဆိုရင် ကျုပ်ရဲ့မြေယာရောင်း ရန်ရှိသည်ဆိုတဲ့ ကြော်ငြာဟာ နေရာ ကောင်းဖြစ်ပါလျက် (၅)ရက်တိတိ ဈေး မေးတဲ့လူတောင်မလာတာ သူ့အတွက် ဆို ကျုပ်ကြိုးစားပေးလို့မရတဲ့သဘော ဖြစ်မယ်လို့ တွေးမိသဗျ။ ဒါတောင် သူ့ရဲ့ သူငယ်ချင်းတစ်ယောက်ပဲလာသေးတာ၊ ဟိုတစ်ယောက် ကျန်သေးတယ်။

နောက်(၅)ရက်ကျော်ချိန်မှာ ကျန် နေတဲ့ သူငယ်ချင်းတစ်ယောက် ရောက် လာတယ်။ ဒီသူငယ်ချင်းနှစ်ယောက် ကူ ညီတဲ့ကိစ္စမှာ သူတို့နာမည်ကို လုံးဝ မဖော်ထုတ်ပါနဲ့လို့ ပိတ်ပင်ထားလို့ အခု လို သူငယ်ချင်းလို့ပဲ ပြောနေရတာဗျ။ ဒါနဲ့ သူကလည်း အိမ်ရောက်တယ်ဆို ရင်ပဲ အမျိုးသမီးအခန်းထဲ တန်းဝင်သွား တယ်။ ကျုပ်ကလည်း ထုံးစံအတိုင်း အခန်းအပြင်က နားစွင့်တာပေါ့။ ရှင်း ရှင်းပြောရရင် ခိုးပြီးနားထောင်တာပါ။

"ဟဲ့- နင့်ကိုဟိုကောင်မပေးသွား ပြီဆို။ သွားခါနီး (၅) ရက်အလိုမှာ ငါ့ဆီ ဖုန်းဆက်လိုက်။ ငါက ငွေကိုလက်ထဲ မထားဘူး။ ပစ္စည်းတွေ အဖတ်တင် အောင်လုပ်ထားတယ်။ ငါ့ဦးလေး မုန့်ဖိုး ပေးတဲ့ငွေတွေကို ဆွဲကြိုးလုပ်လိုက်တယ် လေ။ ငါ့ဦးလေးက စင်ကာပူမှာ တော် တော်ထောတယ်။ တို့ညီအစ်မအားလုံး ကို ခြောက်လတစ်ကြိမ် မုန့်ဖိုးပေးတယ်။ ကျန်တဲ့အငယ်တွေက တီဗီဝယ်၊ ဆိုင် ကယ်ဝယ်နဲ့ တော်တော်ဖြုန်းကြတယ် ဟ။ ငါကတော့ ရွှေပဲစုတယ်ဟဲ့။ အင်း- ပြီးတော့ အရေးကြီးတာ ပြောဦးမယ်။ ငါ (၁၀) တန်း အောင်တာလည်း နင့် ကြောင့် အောင်တာပါဟာ၊ နင်သာ စိတ်ရှည်လက်ရှည်စာမပြပေးရင် ဒီတစ် သက် ငါအောင်မှာမဟုတ်ဘူးဟာ။အောင် ပြီး အခုလုပ်နေတဲ့အလုပ်လည်း ကြည့် ပါဦး။ နင်ရှာဖွေပေးတဲ့ ဗဟုသုတတွေက ကွက်တုံးရလိုက်တာလေ။ ဒါကြောင့် နင့် ကျေးဇူးတွေကို အခုလိုဆပ်ခွင့်ကြုံတုန်း ဆပ်ချင်လို့ပါဟာ။ ငါ့ပစ္စည်းထဲက တစ်ခု လောက်ထုတ်ရတာ ငါ့အတွက် ဘာမှ မထိခိုက်ပါဘူး။ အေး- ငါပေးတာကိုသာ ဘယ်သူမှမသိစေနဲ့။ နင်လည်းနှုတ်လုံ။ အထူးသဖြင့် ငါ့မိဘမောင်ဘွားရဲ့နားကို မရောက်စေနဲ့"

"မပေးပါနဲ့ သူငယ်ချင်းရယ်၊ ဟို ကောင်မပေးတာနဲ့တင် လုံလောက်ပါ လိမ့်မယ်။ လိုလည်း ငါတို့ဘာသာ ဖြေ ရှင်းပါ့မယ်။ အခုလိုပြောတာကိုပဲ ငါက ကျေးဇူးတင်လို့မဆုံးပါဘူး"

"အမယ်- နင်က ရောဂါတစ်ဖက် နဲ့ ဘယ်မှာသွားပြီးရှာဦးမလို့လဲ။ ခွဲစိတ် ချိန်မှာလည်း နင့်ယောကျ်ားက ဘေးမှာ။ ဒါကြောင့် တက္ကစီလည်း ဘယ်လာဆွဲ ဖြစ်ပါ့မလဲ။ ရန်ကုန်ကို နှစ်ယောက်စလုံး ရောက်နေချိန်မှာ ဘယ်လိုမှ ငွေရှာချိန် မရှိဘူးဟ။ရှိတဲ့မြေကွက်ကို မထုတ်လိုက် နဲ့နော်။ လုပ်မနေနဲ့၊ ငါ(၂၀)ရက်နေ့လာ ခဲ့မယ်"

အဲဒီစကားတွေ ကျုပ်က အပြင် ကကြားနေရတော့ အဘဘိုးတော်ကြီး ပြောတာ သွားပြီးသတိရလိုက်တာက -

'မင်းမိန်းမကံကြမ္မာဟာ ပင်ကိုအား ကောင်းပြီးသားပါကွာ။ အလိုလိုအဆင် ပြေသွားပါလိမ့်မယ်' ဆိုတဲ့ ဟောကွက် လေ။ တကယ့်ကို သွေးထွက်အောင်မှန် တာပါပဲ။ ဆေးရုံတက်ခွဲချိန်မှာ ကျုပ် အလုပ်က အပြီးရပ်ထားခဲ့တာပါ။ ဒါပေ မယ့် ကလေးတွေလည်း မုန့်စားမပျက် ကျောင်းတက်လျက်ပါပဲ။ ကျုပ်တို့ ပုသိမ် ပြန်လာချိန်မှာ သုံးဖို့စွဲဖို့ ငွေ (၂) သိန်း တောင်ပိုနေပါသေးတယ်။ ကျုပ်ဘဝမှာ အခုလိုအဆင်ပြေချောမွေ့စေမယ့်အဖြစ် ကို ဆံချည်မျှင်တစ်ပင်မလွဲအောင် ရှေ့ ရေးကိုသိတဲ့ပညာရှင်ကို ဂန္ဓာရီပညာရှင် ရဲ့ရှေ့ရေးအမြင်လို့ပဲ ကမ္ပည်းတင်ပါရ စေ။

ဤစာစုများနှင့် အဘဘိုးတော် ကြီးအား ဦးခိုက်ပူဇော်လိုက်ပါ၏။

*(ညီလေးဇော်ထွေး၏ ဘဝဇာတ် လမ်းအမှန်အား စာပန်းချီခြယ်မှုန်းခံစား ခြင်း ဖြစ်ပါသည်။)*

မောင်ခေါင်သန်းညွန့်



www.burmeseclassic.com

www.burmeseclassic.com

ကျနေတို့ မြန်ဆန်တတ်လှသော ဆောင်းကာလ ဖြစ်ပါ၏။ အနောက် ဂေါယာကျွန်းသို့ ယွန်းလှဆဲ နေခြည်ဝါ တို့ လျှင်မြန်စွာ အရောင်ပြောင်းနေကြ သည်က အံ့သြစရာကောင်းလှသော မြင်ကွင်းများ ဖြစ်ပါလေသည်။

ဤနေရာဤဒေသသို့ ပေတလူး မရောက်ခဲ့ဘူးပါပေ။ ရှမ်းမြေရေနယ် ပယ်များသို့ ရောက်ခဲ့ရန်လည်း ဘယ် သောအခါကမှ မတွေးခဲ့ဘူးသော အခြေ



ခင်(တောင်ကြီး)

## အသံတူ ဟန်တူ သွန်တူသော

အနေများ ဖြစ်ပါ၏။ အတိအကျပြော ရပါက မောတို့၏ ရွာကြီးတစ်ရွာ ဖြစ် သော ဤရွာအစွန်ဘက်ရှိ ကြီးမားခဲ့ ထည်လှသော နှစ်ထပ်အိမ်ကြီးတစ်အိမ် သို့ သူဘာမှန်းညာမှန်းမသိဘဲ ဦးတည် လျှောက်လာခဲ့မိခြင်းသာ ဖြစ်ပါသည်။

သူတွင် သုံးစရာငွေကြေးဟူ၍မရှိ နေစရာစားရာဟူ၍မရှိဖြစ်လာခဲ့၍ ခြေ ဦးတည့်ရာ လျှောက်သွားနေရင်း ကား လမ်းဘေးတစ်နေရာရှိ သစ်ပင်အောက် တွင် ထိုင်ငိုက်နေခဲ့ရာမှ ဤဇာတ်လမ်း စ,ခဲ့ရခြင်း ဖြစ်ပါ၏။ ထိုနေ့က ဦးထုပ် တစ်လုံးကို မျက်နှာအုပ်အောင်ဆွဲချရင်း မပြေလည်သော သူ့ဘဝအကြောင်းတစ် ခုလုံးကို တစိမ့်စိမ့်စဉ်းစားနေမိချိန်၌ -

"ငါ့ညီ ငါ့ညီ ကူညီပါဦး၊ ကားက ရေမတရားဆူနေတာ မီးတောက်တော့ မယ်။ ဒီအနီးအနားမှာ ရေချောင်းလေး ဘာလေးရှိသလား"

ဤတောတောင်တစ်ဝိုက် သူသွား လာနေကျဖြစ်၍ သိနေပါ၏။

"ရှိတယ်၊ တစ်ဖာလုံလောက် တော့ သွားရမယ်"

"ရှိရင်ပဲ ဟုတ်ပါပြီ၊ ငါ့ညီလမ်းပြ ပေးပါလား"

စပယ်ယာပိန်ပိန်လေးက စကား ပြောချိုသာသဖြင့် သူထရပ်လိုက်ပြီး ရှေ့ မှသွားလိုက်သည်။ စပယ်ယာကလည်း ပုံးနှစ်လုံးဖြင့်လိုက်လာ၏။ သူရှေ့မှသွား ရင်း တွေးလက်စကို ဆက်တွေးနေခဲ့ပါ သည်။ ပေတလူး ဟူ၍ လူဖြစ်ကာလ ကတည်းက သူသည် ကံဆိုးလွန်းလှပါ လေ၏။အရွယ်ရောက်၍ ဘဝရပ်တည်မှု အတွက် အရာရာအား နည်းလမ်းမျိုးစုံ ဖြင့် ကြိုးစားခဲ့ပါသော်လည်း ဘာတစ် ခုမှ အောင်မြင်သည်ဟူ၍ မရှိခဲ့နိုင်ပါပေ။ ယခုအခါ မိမရှိဖမရှိ၊ အဆွေအမျိုးတို့ ဟူ၍မရှိ။ အိမ်မရှိ၊ အိုးမရှိ အလုပ်အ ကိုင်ဟူ၍မရှိ။ ပိုင်ဆိုင်ရာဟူ၍လည်း မရှိ သော လူဖြစ်နေသည်ဟူမှတော့ သူ့ဘဝ သည် နေမထူးသေမထူးတော့သည်ပင် ဖြစ်ပါလေ၏။

တစ်ကောင်ကြွက်ဘဝကိုပင်လျှင် ရိုးရိုးမဟုတ်ဘဲ အခြေမဲ့အနေမဲ့ဖြင့်ဖြစ် နေရသည်ဆိုသောအခါ သူ၌ မည်သို့ သောစိတ်ကူးစိတ်သန်းတို့မျှမရှိနိုင်တော့ ဘဲဖြစ်နေပါလေသည်။ ထို့ကြောင့်လည်း သူ့ကိုယ်သူ ဘဝဆုံးခန်းတိုင်လောက်ပြီ ဟူ၍ မှောထားပစ်ခဲ့လိုက်ပါ ၏။

ထို့ထက်ပို၍ ယခုလောလော ဆယ်တွင် စိတ်ပျက်ဖွယ်ကောင်းလွန်း လှသော မွတ်သိပ်ဆာလောင်ခြင်းတို့က စိုးမိုးနေခဲ့ပါလေသည်။ စပယ်ယာအား ရေချောင်းပြပေးပြီး ဗိုက်ဖောင်းသည် အထိ အဝသောက်ပစ်ရန်လည်း စိတ် ကူးထားခဲ့ပါလေ၏။ သို့မှ အဆာပြေပါ လေမည်။ ချောင်းငယ်အနီး ပေါက်နေ တတ်သော ကန်စွန်းညွန့်တစ်ညွန့်၊ နှ ညွန့်ပင်ရရ၊ မန်ကျည်းသီးနုတစ်တောင် လောက်ပင်ရရ သူ့အတွက် စွဲမက်ဖွယ် အာဟာရများပင် ဖြစ်ပါသည်။

"အဲဒီမှာ ခင်ဗျားစိတ်ကြိုက် ခပ် ပေတော့"

ပြောလည်းပြော၊ သူကိုယ်တိုင် လည်း အားပါးတရ ရေထဲသို့ ရောက် အောင် မျက်နှာကို နှစ်ထည့်၍ အင မရ သောက်ထည့်လိုက်ပါ၏။ စပယ်ယာ လေးလည်း ရေသောက်ခြင်း၊လက်ဆေး ခြေဆေးခြင်းတို့ပြုလုပ်နေခိုက် သူဟိုဒီ သည်သည်ကြည့်ရင်း ရေသဖန်းပင်တွေ ၍ အပင်ပေါ် တက်ခဲ့လိုက်သည်။ ကောင်းစွာ အသီးနုတို့သာမက ဝင် မှည့်ရွှန်းနေသောအသီးများကိုပါ တွေ့ လိုက်သဖြင့် အားရဝမ်းသာ ဆွတ်ခူး ပစ်လိုက်မိပါလေသည်။

ချိုသည်လား၊ ဖန်သည်လား ခ သည်လားမသိနိုင်သောအရသာက သူ့ ခံတွင်းမှတစ်ဆင့် ဝမ်းဗိုက်အတွင်းသို့ ဆင်းသွားကြပြီး မကြာမီပင် ဝမ်းဗိုက်အ တွင်း အရည်ရွှန်းစိုသောအသီးတို့က ရာယူပြည့်အင့်သွားခဲ့ကြပါလေ၏။ သို့ပင်ဖြစ်စေ ဝမ်းပြင်တစ်ခုလုံး ပူလော နေသောဝေဒနာတို့မှ အခိုက်အ



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်သက်သွားခဲ့ကြပြီဖြစ်ပါသည်။

ထိုမှ ကားရှိရာသို့ ပြန်အတက် ခဲခဲယဉ်းယဉ်းဖြစ်နေသော စပယ်အား သူက တစ်ပုံးကူဆွဲပေးရင်းဖြင့် ပေးလိုက်မိပါ၏။ ကားရှိရာသို့ တ်သည်နှင့် ရေပူများကို ဖောက်ချ ရေသစ်လဲလှယ်ပေးနေကြသည်ကို ည့်ကောင်းကောင်းဖြင့် ကြည့်နေမိခဲ့ပါလေသည်။

“ကိုတွတ်ရေ၊ ဒီနားခဏနားကြ တုန်းထမင်းစားကြမယ်ကွာ။ ကားလည်း နား၊ လူလည်းစားတာပေါ့”

“ဟုတ်ကဲ့- ဦးလေး၊ ငါ့ညီရေ အစ်ကိုကို ကူပေးပါဦး။ ထမင်းအိုးတောင်းက အပေါ်ရောက်နေတာ။ အစ်ကိုက အပေါ်ကတက်ယူပြီး ချပေးမယ်။ ညီက အောက်က ဆွဲပါဦး”

အမြင့်မတော်၍ သူစပယ်ယာပြောသည့်အတိုင်း ယူချပေးလိုက်၏။ ထမင်းအိုးတောင်းနွေး၍နေသဖြင့် တစ်နေရာမှ ချက်ယူကြကြောင်း သိသာနေပါလေသည်။ ပြီးသည်နှင့် သူလှည့်ပြန်တော့မည်ပြုစဉ်-

“ဟေ့မောင်ရင်၊ ထမင်းစားသွားပါကွ လာ”

“နေ. . . နေပါစေ ဦးလေး”

“မဟုတ်တာ မင်းကလည်း၊ ဦးတို့ထမင်းအများကြီးပိုပါတယ်ကွ။ လာပါ”

“ဟုတ်. . . ဟုတ်ကဲ့”

ချော်လဲရောထိုင် ဟူသော ဆိုရိုးစကားနှင့် ကြက်ကန်းဆန်အိုးတိုး ဟူသော စကားတို့က ပေတလူး၏ရင်တွင်း ဝင်လာခဲ့ပါတော့၏။ ထို့ကြောင့် မငြင်းဆန်တော့ဘဲ အသာပင်ဝင်ထိုင်ရင်း နေ



www.burmeseclassic.com

www.burmeseclassic.com

ရာယူလိုက်မိပါတော့၏။ ပင်တိုင် ငါးပိရည်တစ်မျိုးတည်းနှင့် အတို့အမြှုပ်များဖြင့်ဝိုင်းကြသောထမင်းဝိုင်းသည် မကြာမီပင် တက်တက်ပြောင်သွားခဲ့ရပြီ ဖြစ်လေသည်။ သူ့ကိုထည့်ပေးထားသော ငါးကြော်တစ်ကောင်ပင်ပိုနေခဲ့ပါလေသေး၏။ ငါးကြော်ကို သူအရသာခံစားနေမိစဉ် -

"ဒါနဲ့ မောင်ရင်က ဘယ်သွားမှာလဲ"

"ဘယ်ရယ်တော့ မသိပါဘူး ဦးလေးရယ်။ စိတ်ညစ်ညစ်နဲ့ ရောက်ရာပေါက်ရာလျှောက်သွားမလို့ပါ"

"ဒါဆိုလည်း ငါတို့ကားနဲ့လိုက်ခဲ့လေကွာ။ လမ်းဆုံးရောက်တဲ့အထိပေါ့"

"ပြီးတော့ ဦးလေးတို့က ဘယ်အချိန် လှည့်ပြန်ကြမှာလဲ။ ဦးလေးတို့အပြန်မှာကော ကျွန်တော် ပြန်လိုက်လို့ရမှာလား"

"ဒါတော့ မင်းသဘောပါ။ အေး- ဒါပေမယ့် အပြန်ကျရင်တော့ ငါတို့ကားနဲ့ မဟုတ်ဘူးနော်။ ကြုံတဲ့ကားနဲ့ပြန်ရမှာ"

"ဟင် - ဘာဖြစ်လို့လဲ ဦးလေး"

"ငါတို့က ကုန်တွေရောကားတွေပါ တွဲပြီးအပ်လိုက်ရမှာတဲ့ကွ။ နောက်တစ်ခေါက်လည်း ဒီလိုပဲ ကုန်နဲ့ကားနဲ့ သယ်လာ၊ ဒီရောက်တော့အပ်ခဲ့။ ပြီးရင်ပြန်ကြပေါ့ကွာ"

"ဘာကုန်တွေမို့လို့လဲ ဦးလေးရာ"

"မင်းတွေ့နေတာပဲလေ အထူးအဆန်းမှ မဟုတ်တာ။ ကြက်သွန်နီရယ်၊ ဖရဲသီးတွေရယ်"

"တစ်မျိုးပဲနော်"

"အေး- အဲဒါ အသာထား၊ မင်းလိုက်မှာလား။ တောင်ပေါ်ထိရောက်မှာလေကွာ"

မထူးတော့ပါ၊ သူ့တွင် သွားရန်ရည်ရွယ်ထားသည်မှုလည်းမရှိ၊ အဆွေအမျိုးဟူ၍ နှောင်တည်းစရာလူ ဟူ၍လည်း မရှိ။ လွင့်ချင်ရာလွင့်လိုက်နိုင်သည်လည်း ဖြစ်ပါ၏။

❑

ဤသို့ဖြင့် ကုန်ကားကြီးနှင့် လိုက်ပါခဲ့ရင်း သူသည် နယ်စပ်မြို့လေးတစ်မြို့သို့ မိုးချုပ်စမှောင်တရီအချိန်မျိုးတွင် ရောက်ရှိခဲ့ပါလေတော့၏။ ကားဆရာနှင့် စပယ်ယာတို့က သူတို့နှင့် အလုပ်တွဲလုပ်ပါဟု ခေါ်ကြပါသော်လည်း ထိုကဲ့သို့ သွားချည်ပြန်ချည်၊ ထွက်ချည်ဝင်ချည်ဖြင့် မငြိမ်သက်သော အသက်မွေးဝမ်းကျောင်းအလုပ်မျိုး သူမလုပ်ကိုင်ချင်ပါပေ။ သူ ထူးခြားစွာ ရောက်လာခဲ့ရသော ဤမြို့ငယ်လေး၌ ကျောတစ်ခင်းစာမျှရအောင် ကြိုးစား၍ အလုပ်လုပ်ပါမည် ဟူသော အတွေးဖြင့် အလုပ်ကောင်းရနိုင်အံ့သောနေရာများသို့ လှည့်လည်သွားလာနေမိခဲ့ပါလေသည်။ ထိုအတောအတွင်း မိုးသည် အေးစက်ချွန်မြလှသော ရေပေါက်ရေစက်တို့ကိုရွာချပေးလာသောအခါ မိုးခိုစရာတစ်စုံတစ်ခုကို အပြေးအလွှားရှာရပါတော့၏။

အပြေးအလွှားသွားမိရင်း ခြံကျယ်ကြီးတစ်ခု၏ ဘေးဘက်ခပ်ယွန်းယွန်းတွင် အကွယ်အကာရလိုရငြား ဟူ၍ မဝံ့မရဲ အသာပင် ရပ်နေလိုက်မိပါလေသည်။ ခြံအတွင်း ချောင်းကြည့်ပါသော်လည်း ငြိမ်သက် တိတ်ဆိတ်လျက် နေကြာပွင့်များ၊ ပြောင်းဖူးပင်၏ အရွက်အခက်များကသာ ထူထပ်စွာ ကြီးစိုးလျက်ရှိနေပါလေသည်။ အစွန်ဘက်နေရာ၌ တစ်ထပ်တိုက် အဝါရောင်လေးသည် တိတ်ဆိတ်စွာရှိနေသကဲ့သို့ ဤမှာဘက်နီးနီး၌ တိုက်ခံနှစ်ထပ်အိမ်ကြီးတစ်ခုသည်လည်း ခံ့ထည်စွာ တည်ရှိနေနေပါလေသည်။

မိုးသည် ပို၍သည်းထန်လာခဲ့ပါလေတော့၏။ မိုးခိုခွင့်တစ်ခဏတာမျှရလျှင် ကောင်းမည် ဖြစ်သည်ဟူသော အတွေးဖြင့် ခြံတံခါးအတွင်း ဖြည်းဖြည်းသာသာ ဝင်လာခဲ့မိပါလေသည်။ ထိုနှစ်ထပ်အိမ်ကြီးရှေ့သို့ ရောက်သည်နှင့် အိမ်မတံခါးရွက်ကြီးတစ်ခုသည် ပွင့်ဟလာပါလေတော့၏။

သူက -

"ဟိုဟို. . . မိုးရွာလွန်းလို့ပါဗျာ"

ဟု ပြောလိုက်မိရာ ထိုသူက-

"ဟုတ်တာပေါ့၊ ဝင်ခဲ့ပါ မောင်ကောင်းလူ။ အင်းလေ၊ တစ်နေ့နေ့တော့ မောင်ရင် ပြန်လာလိမ့်မယ်ဆိုတာ အားလုံး ထင်ထားခဲ့ကြတာပါပဲ"

"ဗျာ"

သူက တအံ့တသြဖြစ်သွားမိရပါတော့၏။ သို့သော် နောက်ဘက်မှ တိုးပက်လာသောမိုးရေတို့ကြောင့် အိမ်တံခါးအတွင်း အသာပင်ဝင်လိုက်ရပါလေသည်။

"ထိုင်နားလိုက်ဦး မောင်ကောင်းလူ။ ကံကောင်းသွားတာက ဒီနေ့ပဲ ဘကြီးက အိမ်သန့်ရှင်းရေးလာလုပ်တာလေ။ မသိမ်းရတာကြာပြီမဟုတ်လား။ ဒါပေမယ့် မောင်ထွက်သွားပြီးနောက်ပိုင်း သုံးလေးလတစ်ခါလောက်တော့ ဘကြီးလာရှင်းပေးနေကျပေါ့ကွယ်"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဘကြီး"

မတတ်နိုင်တော့ပါ။ သူက ဘကြီးဟု ညွှန်းဆိုနေသဖြင့် ကိုယ်ကလည်း ဘကြီးလုပ်လိုက်ရပါသည်။ တကယ်ဆိုပါက သည်ဘကြီးသည် သူနှင့် ပထမဆုံးတွေ့ဆုံရခြင်းသာ ဖြစ်သော်လည်း အဘယ်ကြောင့် တရင်းတနှီး ပြောဆိုနေရပါသည်လဲ။ မကြာမီ ထိုဘကြီးသည် လင်ပန်းတွင်း အငွေ့တထောင်းထောင်း လွင့်ပျံနေသော အကြမ်းရေအိုးတစ်အိုး၊ မုန့်ဆီကြော် တစ်ပန်းကန်တို့ဖြင့် ယူဆောင်လာခဲ့ပါလေ၏။ သူ့အတွက် အကြမ်းရေနွေးတစ်ခွက် ငှဲ့ထည့်ပေးပြီး -

"အင်း - (၆) နှစ်ကျော်ခဲ့ပေမယ့် မောင်ကောင်းလူက သိပ်မပြောင်းလဲပါဘူး။ ကဲ - နွေးအောင်သောက်လိုက်ဦး"

ဘကြီးငှဲ့ပေးထားသော အကြမ်းတစ်ခွက်ကို ယူသောက်လိုက်ပြီး အချမ်းဓာတ်ပြေအောင်ဖြေလိုက်ပါ၏။ ဘကြီးဆိုသူသည် သူ့ကိုပြုံးကြည့်ပြီး ရင်းနှီးစွာဖြင့် ခေါင်းတညိတ်ညိတ်လုပ်လျက် သူမုန့်ဆီကြော်နှစ်ချပ်ကို လိပ်ယူပြီး ဝါးနေသည်ကို ကြည့်နေ၏။

"မောင်မရှိခဲ့တဲ့နှစ်တွေမှာ ဘကြီးလေ ထမင်းစားတိုင်း သတိရတယ်။ မောင့်ရဲ့ စားတာသောက်တာတွေကြည့်ရရင် အရမ်းမြိန်တာပဲ"

သူမှတ်ဉာဏ်၌ အပြေးအလွှားရှာကြည့်ပါသော်လည်း သူမသိသောအရပ်၌ သူမသိသောသူ၏ စကားအတိုင်း သူကိုယ်တိုင် ပြုလုပ်ခဲ့ဖူးလေသည်လားစဉ်းစား၍ လုံးဝပင်မရနိုင်ပါလေတော့။ ယခုလောလောဆယ်ဆယ်၌ သူ့အတွက် မိုးခိုစရာနေရာကောင်းတစ်ခုအောက်နေနေရလျက် ပူဆာတောက်လောင်နေသော ဝမ်းမီးတစ်ခုကို ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်လေသည်။ အာဟာရဖြင့် သူသည် အင်အားပြည့်ခဲ့ပြီး လုံခြုံမှုဖြင့်လည်း လူသည် နွေးထွေးသွားခဲ့ပြီ ဖြစ်ပါ၏။ သို့သော် အဘယ်ကြောင့် သူ့ကို ဤမျှလောက်အထိ တရင်းတနှီး ပြောကြားခြင်း၏အကြောင်းရင်းကို သူမသိရသေးဘဲ ရှိနေပါလေသည်။

"မောင်ကောင်းလူ ထွက်သွားပြီးတဲ့နောက် ဒီမှာအပြောင်းအလဲအများကြီးဖြစ်ခဲ့တယ်လေ။ တိုတိုပြောရရင် မောင့်မိဘတွေ ကတိမ်းကပါးဖြစ်ခဲ့တဲ့အခါ မောင့်အစ်မကြီးနဲ့ မောင်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com

တွေ ခွဲဝေယူကြရမှာ မဟုတ်လား။ ကြီးက ဒီမှာဆို မိဘကို သတိရ ပြီး ဟိုဘက်အိမ်မှာပဲ နေနေခဲ့ တယ်လေ။ သူ့မွေးစားကလေးမ ဘွဲ့ရပြီး ဆေးကုမ္ပဏီတစ်ခုမှာ ရတော့ နေ့နေ့ညည သိပ်မကင်း ပြုစုပေးနိုင်တာတော့ ခမျာ ကံ တယ် ပြောရမှာပေါ့"

"အစ်မကြီးက တစ်ထပ်တိုက် နေတယ် ဟုတ်လား"

"အေးလေ-သူ့ခမျာအသက်လည်း ပြီဆိုတော့ အိမ်မြင့်မြင့်မနေချင် တာလည်း ပါတာပေါ့ကွယ်"

"ကျွန်တော်ပြန်လာတာနဲ့ပတ်သက် အစ်မကြီးက ဘာများပြောသေးလဲ။ ခဲ့လား"

"အေးလေ- ပြောရှာပါတယ်။ သူ ပြန်လာတာပဲ လာပလေ့စေတဲ့။ မယ့် ကျွန်မသူ့ကိုတွေ့လည်းမတွေ့ စကားလည်းမပြောချင် ဘူးတဲ့။ ကြည်းမိမှာပေါ့ကွာ"

ထိုစကားတို့အရ အစ်မကြီးသည် ဆောက် ဟန်ဆောင်ကာ ခိုလှုံနေမိ မောင်ကောင်းလူဆိုသူကို မကျေ မုန်းတီးနေသော အဖြစ်လည်း ထင်ပါသည်။ ဇာတ်လမ်းဇာတ် တစ်ခုခု၏ အစအဆုံးကို သိချင် ကိုက်ချင်သော်လည်း မဖြစ်သေး။ ပြောမိမေးမိရင်းမှ သူ့နောက် ကြောင်းကို ရိပ်မိသွားမည်ကိုလည်း သူ ရပါ၏။

ဘကြီးသည် သူစားသောက်ပြီး များကို သိမ်းဆည်းယူသွားပြီး ဆေး နေသည်ကို ကြားနေပါလေသည်။

"တဲ- မောင်ကောင်းလူ၊ ဘကြီး ယ်"

"ဟင်- ဘယ်ကိုပြန်မှာလဲ"

"ဟ- မောင်ကောင်းလူရဲ့ မေ့များ ရော့သလား။ မင်းအစ်မကြီးက ရဲ့ အလုပ်ရှင်လေ။ ခြံထဲမှာလို တာလုပ်ပေးပြီးရင် ပြန်အိပ်ရမှာပဲ ဘကြီးအိမ်က ရွာထဲမှာလေ။ ခု ကို လုပ်ကိုင်ပေးမယ့်လူ မရှိလို့ဘာ ကြီးက လုပ်ပေးနေခဲ့တာ။ အပေါ်က ခန်းတစ်ခုပဲ ရှင်းရသေးတယ်။ ဒါပေ လည်း မောင်နေခဲ့တဲ့အခန်းကတော့ သူကမှ ဘာမှမလုပ်တော့ အနေ ပျက်မှာ မဟုတ်ပါဘူး"

ဘကြီးက လက်ညှိုးညွှန်ပြသော ကာက်ထပ်၏ ညာဘက်အခန်းကို သူ ချက် စွေကြည့်လိုက်ပါ၏။

"ပြီးတော့ကွာ. . ."

ဘကြီး၏ မှာတမ်းက မပြီးနိုင် သေး။ ထိုဘကြီး၏အမည်ကိုလည်း သူ မမေးရဲ၍ မမေးဘဲနေခဲ့ရပါ၏။ အခိုက သူစဉ်းစားရသည်က တစ်ခဏတာပင် ဖြစ်ဖြစ်၊ ကာလအတိုလေးပင်ဖြစ်ဖြစ် အာဟာရဖြည့်တင်းနိုင်ရေးနှင့် အေးချမ်း စွာ အနားယူနေနိုင်ရေးပင် ဖြစ်လေသည်။ တစ်ဘဝတာကာလလောက်အထိတော့ သူမမျှော်ထားရပါ။ ထိုဘကြီးမှပင် ဆက် ၍ -

"ဒီအိမ်မှာပဲ နေနေပါ မောင် ကောင်းလူ၊ ခြံထဲလည်း မဆင်းလာခဲ့ပါ နဲ့။ ယဲ့ယဲ့လောက်ပဲကျန်နေခဲ့တဲ့ မောင့် အစ်မကြီးရဲ့စိတ်ဓာတ်နဲ့ ခန္ဓာကိုယ်ကို ထပ်ပြီး မပြိုလဲပါစေနဲ့၊ တောင်းပန်ပါ တယ်ကွာ။ မောင်ကောင်းလူကြောင့် နှလုံးသည်းခြေကြွေပြီး ချုံးချုံးကျ ဘဝပါ ပြောင်းသွားခဲ့ရတဲ့ မိဘတွေအတွက် ဖြေ လို့ ဘယ်ပြေနိုင်ပါမလဲ။ တစ်ဖက်က ကြည့်ပြန်တော့လည်း မောင့်ကြောင့် တစ်ဦးတည်းသောသားလည်း ပျက်စီးခဲ့ ရတာ မဟုတ်လား။ သူ့သား သူချစ်တာ ပေါ့ကွယ်။ မောင်နဲ့ဆိုလည်း တူအရင်း ခေါက်နေခါက်ပဲဟာ။ အစ်မကြီးတစ် ယောက်အနေနဲ့ တာဝန်ရှိတဲ့အတွက် မောင့်ရဲ့ ရပိုင်ခွင့်ဖြစ်တဲ့ ဒီအိမ်ကြီးမှာ ကိစ္စတွေရှင်းသွားရင် နေနိုင်တယ်လို့ လည်း ပြောရှာပါသေးတယ်"

ဘကြီး၏စကားကြောင့် သူမောင် ကောင်းလူဘဝ တစ်စိတ်တစ်ဒေသကို နားလည်လိုက်ရသလို ဖြစ်မိပါလေ၏။ ထိုဘကြီး နှုတ်ဆက် ထွက်သွားသော အချိန်သည် မှောင်စပြုပင်ရှိနေပါလေ ပြီ ဖြစ်သည်။ သူတစ်ယောက်တည်း ယောင်ချာချာ ဖြစ်နေမိပြီး အိမ်ကြီးရခိုင် တွင် ကျန်ရစ်ခဲ့ပါလေ၏။ ဤအိမ်သည် ဘကြီးဆိုသူ၏ ပြောစကားအရ မောင် ကောင်းလူ နေထိုင်ကြီးပြင်းခဲ့ရာ အ ဆောက်အအုံကြီး ဖြစ်ပါမည်။ ဤအိမ် ၏ အရှင်သခင်ဖြစ်ကြသော မောင် ကောင်းလူ၏မိဘများသည်လည်း သား ဖြစ်သော မောင်ကောင်းလူကြောင့် ကတိမ်းကပါးဖြစ်သွားကြဟန် တူလေ သည်။ ထို့ကြောင့်လည်း ထိုအစ်မကြီးက သူ့ကို မောင်ကောင်းလူအမှတ်နှင့် တမင် ရှောင်နေဟန်တူပါ၏။

ထိုသို့ဆိုပါက အစ်မကြီးနှင့်မောင် ပစ္စည်းဥစ္စာများစွာနှင့် အဆင်မပြေဘဲ ဖြစ်ကြရခြင်းသည် မည်သို့သောအ ကြောင်းရင်းကြောင့်ပါလဲ။

"အမွေ"

သူ အသံပင် ထွက်သွားမိပါ၏။ ဟုတ်ပါသည်၊ အမွေကိစ္စကြောင့် ဖြစ် မည်ထင်ပါသည်။ သို့ပါသော်လည်း သူ ရောက်လာခဲ့သည်ကို အိမ်တံခါးဖွင့်ကြို စေပြီး ဤအိမ်၌နေနိုင်စေရန် ခွင့်ပေးခဲ့ သူကလည်း ထိုအစ်မကြီးပင် ဖြစ်လေ သည်ဖြစ်၍ ထိုစိတ်ဓာတ်မျိုး တူ၍တော ဖြစ်နိုင်ပါမည်လော။

"စိတ်ရှုပ်လိုက်တာကွာ"

ဤမျှလောက်ထိ တစ်ခါမျှ လေး လေးနက်နက် စဉ်းစားတွေးတောဖူးခြင်း မရှိခဲ့သဖြင့် ခေါင်းပင်ကိုက်ချင်ချင်ဖြစ် လာတော့၏။ အိပ်ချင်စိတ်လည်း မရှိ သေးသဖြင့် ဟာလာဟင်းလင်းဖြစ်နေ သော အပေါ်ထပ်သို့လည်း သူတက် ကြည့်မိပါသည်။ အလင်းရောင်ပျောက် ပြီဖြစ်၍ ဖယောင်းတိုင်ယူရန် ဘုရား ဆောင်ရှိသော အပေါ်ထပ်သို့ တက် လာခဲ့၏။ ပိတ်ထားသော အိပ်ခန်းများ အလယ်မှ ဘုရားဆောင်ကြီးသည် ထည် ဝါလှပါ၏။ မကြာခဏ လာရောက် သန့် စင်ပေးနေဟန်မျိုး သန့်ရှင်း သပ်ရပ်နေ လေ၏။ ဘုရားဆောင်အောက်ဆင့်၌ ရှိနေသော ဖယောင်းတိုင်ထုပ်ကိုယူ၍ သူ့အိမ်အောက်သို့ အမြန်ဆင်းလာခဲ့မိ သည်။ သူ့မှာအလိုလိုနေရင်းကျော့ချမ်း ချင်လာ၏။ ကိုယ့်အိမ်ကိုယ့်ရာကိုယ့်အ ရိပ်အာဝါသတို့ မဟုတ်ခြင်းက သိသာ လှပါလေသည်။

❑

သန့်ရှင်းသပ်ရပ်၍ ထူထဲသော မွေ့ရာအတွေ့အထိတို့ကြောင့် မခံစားခဲ့ ဘူးသော နူးညံ့ငိုက်မျဉ်းမှုတို့ကို ဖြစ်လာ ခဲ့ရပြီး သူအစောကြီးပင် အိပ်ပျော်မိခဲ့ရ ပါလေ၏။သူနိုးလာသောအခါ နေရောင် ပင် ကျဲကျဲတောက်နေပြီ ဖြစ်လေသည်။ သူအိပ်ရာမှထ၍ တစ်ယောက်တည်း ဘာလုပ်ရမည်မသိ ဖြစ်နေ၏။ ယနေ့ နံနက်ထိ သူ့အား လုံခြုံစွာ ကာကွယ်ပေး ထားသော ဤအိမ်ကြီး၏အရိပ်ကိုလည်း ကျေးဇူးတင်လိုက်မိပါပေသည်။

နိုးနိုးချင်း ဆာလောင်မွတ်သိပ် လာသဖြင့် မီးဖိုဘက်ရှိရာသို့ ထွက်လာ ခဲ့လိုက်၏။ မီးဖိုအတွင်း တွေ့ရှိရသော မီးသွေးတို့ဖြင့် မီးမွှေးပြီးမှ မျက်နှာကို သစ်လိုက်သည်။ ဖုန်အလိမ်းလိမ်းတက် နေသော စဉ့်အိုးတစ်လုံးထဲမှ တွေ့ရ သော ဆန်နှစ်ဘူးခန့်ကို သေချာပွတ် ဆေး၍ ထမင်းတစ်အိုး တည်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

သူလိုဘဝပေးကုသိုလ်နည်းခဲ့ရသူအတွက် ထမင်းကို ဆားဖြူးစားရန်လည်း ဝန်လေးသည့်သူ မဟုတ်၍ ဟင်းအတွက် အထူး ရှာဖွေရန် မလိုအပ်ပါပေ။

ဤသို့ဖြင့် အိမ်ပြင်သို့ မထွက်စတမ်း အိမ်ထဲတွင်ပင် နံနက်စောစောစာကို ဆန်နှစ်ဘူးချက်ကို လက်ကြားတွင် အဆုပ်ဆုပ်ပြုလုပ်ပြီး ဆီအနည်းငယ်၊ ဆားအနည်းငယ်တို့ဖြင့် စားဖြစ်လိုက်ပါလေသည်။ စားသောက်ပြီးသည်နှင့် သူ အလုပ်ချင်ဆုံးဖြစ်သော အလုပ်ကို အလောတကြီး လုပ်မိပါတော့၏။ ထိုအလုပ်မှာ သူ့အား မောင်ကောင်းလူအဖြစ် ထင်မှတ်နေကြခြင်း၏အကြောင်းရင်းကို သိရန် မောင်ကောင်းလူ၏ဓာတ်ပုံကို ရှာဖွေရေးပင် ဖြစ်ပါလေသည်။

"ဓာတ်ပုံ၊ ဓာတ်ပုံ"

သူ တတွတ်တွတ်ရေရွတ်ရင်း ဗီရိုကြား စားပွဲအပေါ် အောက် အခန်းတွင်း၊ အခန်းပြင် အကုန်ကြည့်သော်လည်း မတွေ့ရဘဲ ရှိနေ၏။ သို့နှင့် အိမ်အပေါ် ထပ်ပြန်တက်၍ ရှာကြည့်သောအခါမှာ ဗီရိုနှင့်နံရံပျဉ်ကြားတွင် အထပ်လိုက်ရှိနေကြလေသော ဓာတ်ပုံများကို သူတွေ့လိုက်ရလေသည်။ အသက် (၅) နှစ်အရွယ်မှစ၍ (၁၀) နှစ်အရွယ်၊ (၁၃) နှစ်အရွယ်၊ (၁၅)နှစ်အရွယ်၊ (၁၈) နှစ်အရွယ် စသဖြင့် ပုံအောက်တွင် စာတန်းများ ရေးထားသော ဓာတ်ပုံများကို တွေ့လိုက်ရခြင်း ဖြစ်ပါ၏။ လက်ရေးတို့မှာ ရှေးဆန်၍ စိုင်းစက်လျက်ရှိသော လက်ရေးများ ဖြစ်လေသည်။ အသေအချာကြည့်သောအခါ မျက်လုံးမျက်ဖန်အကျမေးရိုးအတျတို့က သူနှင့်အတော်ပင်တူကြောင်း တွေ့နေရပါ၏။

ဓာတ်ပုံကြီးတစ်ခုကို လှန်ကြည့်မိလိုက်သောအခါ မိသားစုပုံကြီးဖြစ်ကြောင်း တွေ့ရလေသည်။

"ဒါဟာ မိသားစုဓာတ်ပုံပဲဖြစ်မှာ။ ဒါဟာ အဖေ၊ အမေ၊ သမီးနဲ့သားပုံတွေပဲ ဖြစ်မယ်။ သမီးနဲ့ သားက အတော့်ကို အသက်ကွာတာကိုး။ ကြည့်ရတာ မောင်ကောင်းလူက အသက်ကြီးမှရတဲ့ ကလေးမျိုး ဖြစ်မှာပေါ့။ အလိုလိုက်ခံရတဲ့ကလေးမျိုးနေမှာပေါ့လေ။

ထိုစဉ် အိမ်အောက်ထပ် တံခါးဘက်ဆီမှအသံတစ်ခု ကြားလိုက်ရ၍ သူ ဓာတ်ပုံများကို ချထားလိုက်ခဲ့ပြီး အောက်ထပ်သို့ အမြန်ဆင်းလာခဲ့လိုက်၏။ တံခါးကို အသာဟလိုက်သောအခါ သဏ္ဍာန်တစ်ခုသည် သူ့ထံပြေးကပ်လာခဲ့ပြီး သူ့ခြေထောက်များကို ဦးခေါင်းနှင့် ပွတ်သပ်တိုးဝှေ့လျက် ရှိနေပါလေသည်။

"ခွေးကလေးပါလား"

သူခွေးညိုလေး၏ခေါင်းကို လက်နှင့်ပွတ်သပ်ပေးလိုက်မိပါ၏။ ထိုစဉ်-

"မောင်ကောင်းလူရေ ရော့-ဒီမှာ ပဲနီလေးတို့၊ ငရုတ်ခြောက်တို့၊ ကြာဆံတို့ ကွယ့်။ ကြက်ဥလည်းပါတယ်။ စိမ်းစားငါးပိဘူးလေးလည်း ပါတယ်။ ဩော်- အဲဒီကောင်လေးဟာ မောင့်ကို သိပ်ခင်တဲ့ခွေးမကြီးနဲ့တာရဲ့ သားပဲလေ။ နောက်ပိုင်းမှာ အိမ်လူနည်းသွားတာနဲ့အမျှ နီတာလည်း တရှောင်ရှောင်နဲ့ သေသွားရှာခဲ့တာပဲ"

ကြင်နာသနားစွာ ရှင်းပြသည်ကို ကြားနေရပါသော်လည်း သူမသိသော၊ မမြင်ဘူးသော ခွေးတစ်ကောင်အတွက် စိတ်မကောင်းခြင်းဖြစ်နိုင်ရန် သူအတော်ကြိုးစားဟန်ဆောင်ရပါလေသည်။

"ဩော်- ဒါနဲ့ ဒီနေ့ နေသာတယ်ကွယ့်။ မောင်ရေချိုးလိုက်ပါလား။ ဘကြီးဟင်းချက်ထားလိုက်မယ်။ ဒီမယ် ငါးတွဲရလာတယ်ကွယ့်။ မောင့်အကြိုက်လေ"

ဘကြီးက ငါးတွဲကိုမြှောက်၍ပြောနေသော်လည်း ငယ်စဉ်ကပင်ငါးမကြိုက်ခဲ့သော သူ့အတွက် ကြိုက်ဟန်ဆောင်ရဦးတော့မည် ဖြစ်ပါ၏။

"ဟို. . . ဟိုလေ ကျွန်တော်ရေလဲဝတ်တွေ မပါလာဘူး ဘကြီးရဲ့"

ဘကြီးဆိုသူသည် ပြုံးယောင်ယောင်မျက်နှာပေးနှင့် သူ့ကိုကြည့်လိုက်ပြီး-

"မောင်ကောင်းလူ၊ အဝတ်ဗီရိုမဖွင့်ကြည့်သေးဘူးနဲ့တူတယ်။ မောင်မထွက်သွားခင်ကအတိုင်းပဲ ဗီရိုထဲမှာ အဝတ်အစား၊ အနွေးထည် အကုန်အပြည့်ပါပဲ။ ကဲကဲ- လန်းသွားအောင် ရေမိုးချိုးအဝတ်အစားလေး လဲလိုက်ပါဦး"

သူကျေနပ်စွာ ရေမိုးချိုးသန့်စင်လိုက်၏။ ရေချိုးပြီး ဗီရိုတံခါးကို ဖွင့်လိုက်သောအခါ အသံတစ်ချက် မမြည်လာသော ပတ္တာကြောင့် မည်မျှထိ ဆီထိုးသန့်စင်ပြုပြင်ထားခဲ့ကြကြောင်း သိသာလျက်ရှိနေပါလေသည်။ သူနှစ်သက်သော ပုဆိုးအညိုကွက်နှင့် ရှပ်အကျႌအဝါတို့ကို ယူဝတ်လိုက်ပြီးသည်နှင့် မီးဖိုရှိရာသို့သွားပြီး-

"ဘကြီးရေ၊ ကျွန်တော် ဟိုနားဒီနားလျှောက်လည်လိုက်ဦးမယ်"

"ဟင်- ဘယ်ကိုလဲ မောင်ကောင်းလူ"

"နည်းနည်းပါးပါး ပတ်ဝန်း...
လိုက်လှေ့လာမလို့ပါ။ မရောက်...
လည်း ကြာပြီဆိုတော့ ပြီး- အချိန်...
တော့ ပျင်းလာသလိုဖြစ်လို့ပါ"

ဘကြီး၏မျက်နှာမှာ အနည်း...
တည်သွား၏။ ပြီးမှ-

"အင်း - တစ်ခုတော့ ပြော...
တယ်ကွယ့်။ အရင်တုန်းကတည်း...
မောင်က ဒီရွာမှာ မိတ်ဆွေသူငယ်...
များများမှ မရှိတာ။ မဟုတ်သေးဘူး...
ကိုမရှိတာကွယ့်။ တခြားနေရာက...
ငယ်ချင်းတွေပဲ မောင်ပေါင်းဖြစ်ခဲ့...
လေ။ ပြီးတော့ ဒီရွာကလူတွေက...
မိဘများကျေးဇူးတွေနဲ့ မကင်းကြ...
အရင်က ညှာတာခွင့်လွှတ်တတ်ခဲ့...
ပေမယ့် အခုတော့ အဲသလို မဖြစ်...
တော့ဘူး"

"ဒါဆို ခုချိန်ထိ ကျွန်တော့်ကို"

"အေးကွယ်- သူတကာက မုန်း...
နေကြတယ်ဆိုရင် သွားသွားလာလာ...
ရာတကာ သတိလေးနဲ့နေမှ သင့်မယ်...
နော် မောင်ကောင်းလူ"

သူသွေးတိုးစမ်းကြည့်ရသမျှသည်...
ထိုမောင်ကောင်းလူ၏ အပြစ်များ...
တော်များခဲ့ဟန် တူလေသည်။

"တကယ်ဆိုရင် ဒီလောက်ပဲ...
ခဲ့ပြီ ဘကြီးရယ်. . ."

ထပ်သိချင်သေးသဖြင့် ဝေ့...
ဝိုက်ကာ မေးမိပြန်ပါ၏။

"မောင့်လုပ်ရပ်တွေကလည်း...
မန်ထက် ဟိုဘက်ကိုရောက်ခဲ့တာကို...
မောင့်မိဘနှစ်ပါး၊ မောင့်တူအရင်းခေါ...
ခေါက် တစ်ဦးတည်းသော ဆွေစဉ်မျိုး...
ဆက် သူတို့တစ်တွေဟာ မောင့်ကြောင့်...
. . ."

ဘကြီးသည် ပြောနေရင်းမှ သက်...
ပြင်းရှည်တစ်ခုကို မှုတ်ထုတ်လိုက်ပါ၏...

"အဲဒီတော့ အကောင်းဆုံးက...
အိမ်ဒီခြံကြီးထဲမှာပဲ ခွေးတွေ၊ ကြောင်...
တွေနဲ့ တိတ်တိတ်ဆိတ်ဆိတ်ပဲ နေနေ...
လိုက်တာ အေးအကောင်းဆုံးပဲ။ မလွတ်...
လာသေးတဲ့ အခြေအနေမျိုးပေါ့လေ...
ပြီးတော့ လွှတ်လာဖို့ ခုလောက်မစော...
ဘူး ထင်ထားကြတာ ဆိုတော့"

ဤသို့ ဆိုပါက ထိုကောင်းလူ...
သည် ထောင်ကျနေသူ ဖြစ်ပါလေမည်...

❑

ဘကြီးပြောခဲ့ပြီး တစ်ရက် နှစ်...
ရက်မျှတော့ သူအခန်းအောင်းနေခဲ့ပါ...

www.burmeseclassic.com

www.burmeseclassic.com

...၏၊ သုံးရက်မြောက်နေ့တွင် အထီး ...စွာ ဖျင်းရိခြင်းဒဏ်ကို သူ တောင့် ...င်တော့ပါပေ။ နေ့စဉ် ညနေခင်း ...ောက်လေတိုင်း မှန်ပြတင်းမှ နေဝင် ...ကြည့်ကာ ထိုင်နေရခြင်းတို့က ...င်ဘဝ စားစရာမရှိနေစရာမရှိဖြစ် ...ခြင်းတို့ထက် ငြီးငွေ့လွန်းလှပါလေ ... လူတို့ဘဝကြီးတွင် လူဖြစ်ရခြင်း ...တူ လွတ်လပ်စွာ ပျော်ပါးသွားလာ ...ရှားနေနိုင်ရခြင်း၊ မိတ်ဆွေမရှိသော် ...း ရန်သူကင်းလျက် နေထိုင်နိုင်ရ ... ပစ္စည်းဥစ္စာမရှိသော်လည်း မိမိ ...ချမ်းသာသလို ဆုံးဖြတ်လုပ်ကိုင်နိုင် ...ခြင်းတို့က လူဖြစ်ရကျိုးနပ်သည်ပင် ...တ်ပါလား။

ထို့ကြောင့် ထိုညနေ၌ အိမ်တံခါး ... အသာပိတ်လျက် ခြံကျယ်ကြီးကို ...လျှောက်ကာ ခြံဝင်းအပြင်ဘက် ...ခွာလာခဲ့မိပါလေသည်။ ခြံကျယ်၏ ...တက်စွန်း၌ အသီးသီးခြားခြား အ ...တွာစွာရှိနေသော တစ်ထပ်တိုက် ...သို့လည်း လှမ်းကြည့်မိလိုက်ပါ ...၏။ ထိုအိမ်တွင်း၌ သူနှင့် အသံတူ ...တူ သဏ္ဍာန်လည်းတူသော လူတစ် ...တစ်ဦးတည်းသောအစ်မကြီး အ ...အချာ ရှိနေသည်ပဲ ဖြစ်ပါသည်။

သူလှမ်းကြည့်သော်လည်း အပြာ ...ောင် ကန့်လန့်ကာထူထူကြီးတို့က ...တွင်းကို မမြင်နိုင်လောက်အောင် ...ဆီးထားလျက် ရှိပါ၏။ မောင်အရင်း ...ယောက်ကိုပင် မတွေ့မမြင်ချင် ...ာတ်အောင် မည်မျှ စိတ်နာနေလေ ...ာင်း သိနိုင်ပါလေသည်။ သူလိုလူ ...ာင့် ထိုအစ်မကြီး၏သား၊ သူလိုလူ၏ ...သည် မည်သို့ဖြစ်သွားခဲ့ရပါသည်လဲ။ ...သေအချာမေးပစ်လိုက်ချင်ပါသည်။ ...သော်လည်း ယခုလက်ရှိဘဝအနေ၌ ...သည် တဒင်္ဂအရ အေးချမ်း ဖူလုံနေ ...ခြင့် တစ်သက်တာလုံး ထိုအတိုင်းပင် ...သွားရမည်လားဟုလည်း တွေးနေမိ ...ပါလေ၏။ ချော်လဲရောထိုင် ဟူသော ...ားအတိုင်း ထိုင်ရာမှ မထတမ်းနေ ...တ်ခြင်းက သူ့ဘဝအတွက် အကောင်း ...ဖြစ်မည်ဟုယူဆမိလေသည်။ မည်သို့ ...ဖြစ်စေ တစ်လောကလုံးက သူ့အား ...ာင်ကောင်းလူအဖြစ်ဖြင့်သာ သိထား ...ကြတော့မည်ပဲ ဖြစ် ပါ၏။

အချိန်တန်၍ မောင်ကောင်းလူ ...စ်ပေါ် လာခဲ့ပါကလည်း သူ့အနေနှင့် ...တည်တည်သာ တောင်းပန်ပြီး ထွက်ခွာသွားရုံပဲရှိပါလေသည်။

'အေးလေ- နောင်ခါလာနောင်ခါ ဈေးပေါ့။ အခုလောလောဆယ်တော့ နေနေလိုက်ပါဦးမယ်'

ရင်ထဲပေါ့သွားသဖြင့် ခြေလှမ်းတို့ပင် ပို၍သွက်လာသလို ဖြစ်နေ၏။ ကံတရား ဟူသည် အလှည့်အပြောင်းရှိ တတ်မြဲဖြစ်၍ မှလက ဆိုးဝါးခဲ့သော ကုသိုလ်တို့ကုန်ပြီဟု ထင်မိပါသည်။ တဖြည်းဖြည်းနှင့် ရွာအပြင်ဘက်ထွက် သောနေရာအနီး၌ ထင်းခွေပြန်လာသော လင်မယားနှစ်ယောက်တို့ကို တွေ့ရ၏။ သူ့ကိုတွေ့ကြသောအခါ-

"ရှင်မ၊ အဲဒါ ကောင်း. . ကောင်း လူလားဟေ့ သေချာကြည့်ပါဦး"

"အမလေး- ဟုတ်ပါ့တော်၊ ဒီရုပ်များ ခွေးချီသွားတောင် မှတ်မိတယ်။ လုပ်စရာရှားလို့ ကိုယ့်မိဘမျက်နှာကိုမှ မထောက် ခားပြလည်းဖြစ်လိုက်သေး။ ဝေစုဖွက်ချင်တာနဲ့ ကိုယ့်တူကိုလည်း သတ်ပစ်သေး၊ ကျက်သရေတုံးလွန်းပါ တယ်တော်"

သူ့ကို ကျော်၍ ဆောင့်အောင့် ထွက်သွားသော ထိုအမျိုးသမီးနောက်သို့ ယောကျ်ားဖြစ်သူက-

"ဟ-ရှင်မ၊ မင်းပါးစပ်ကို ထိန်းစမ်း"

ဟု အော်ငေါက်ရင်း သွားလိုက်လေသည်။ ထိုလင်မယားတို့ ဝေးသွားပြီးနောက် ညောင်ပင်တစ်ပင်အောက် ချိုးကွေ့လိုက်သောအခါ ညောင်ပင်နောက်၌ တစုတပြုံကြီးရှိနေကြလေသော လူအုပ်ကို သူရုတ်တရက်တွေ့လိုက်ရ၍ အလန့်လန့်အဖျပ်ဖျပ် ဖြစ်သွားခဲ့ရပါလေ၏။ ပင်ကိုဗီဇအရ အသင့်ဖြစ်နေသည့်နှယ် ရုတ်ခြည်းနောက်ပြန်လှည့်၍ သူပြေးရပါလေတော့၏။

"ဟ - လိုက်ကြကွ၊ ပြေးပြီ"

ထိုလူအုပ်တို့သည် အသံတိတ် သူ့နောက်ပြေးလိုက်လာကြသော်လည်း ရွာနှင့် မနီးမဝေးဖြစ်သည့်အပြင် အလင်းရောင်ထင်ရှားနေသေးသောအချိန်ဖြစ်၍ ဆက်မလိုက်တော့ဘဲ နေရစ်ခဲ့ကြဟန် ရှိပါလေသည်။

"ဟူး. . ."

သက်ပြင်းမောကို မှုတ်ထုတ်၍ အိမ်သို့ရောက်သည်ထိ သူမရပ်တော့ဘဲ အပြေးပြန်လာပြီး အိမ်တွင်းဝင်ရောက်ပြီးကာ တံခါးချက်ချထားလိုက်မိပါလေသည်။ မှောင်ရိပ်တို့ ကြီးစိုးလာသဖြင့် ဖယောင်းတိုင်တစ်တိုင်ခန့် ထွန်းလိုက်သည်နှင့်ပင် အိမ်အောက်ထပ်တစ်ခုလုံး လင်းထိန်သွားခဲ့၏။ သို့ပါသော်လည်း အပြင်ပမှ ရိပ်မိသွားမည်စိုးသောကြောင့် မီးပြန်မှုတ်၍ အမှောင်တွင်းပင် ငုတ်တုတ်ထိုင်နေမိပါလေသည်။ မကြောက်သော်လည်း တဒုတ်ဒုတ်ခုန်နေသော ကိုယ့်ရင်ခုန်သံကိုမှ ပြန်ကြားနေရပါလေသည်။

ထိုစဉ် -

"ဒေါက်၊ ဒေါက်"

တိုးတိုးတိတ်စွာ ခေါက်၍နေသော တံခါးခေါက်သံကြောင့် သူတုန်လှုပ်သွားရပြန်၏။ ထိုင်ရာမှ မလှုပ်စတမ်း နေနေလိုက်သော်လည်း-

"မောင်ကောင်းလူ"

ဘကြီး၏အသံဖြစ်၍ သူအလျင်အမြန်ထကာ တံခါးဖွင့်ပေးလိုက်ပြီး-

"ဘကြီး၊ ညနေကလေ ကျွန်တော့်နောက်ကို လူတွေ တပြုံတမကြီးလိုက်လာကြတယ်ဗျ။ ဘယ်သူတွေမှန်းလဲမသိဘူး"

ဘကြီးက တံခါးကို ချက်ချင်းပြန်ပိတ်လိုက်ပြီး လေသံဖြင့် -

"အေး-ဘကြီး ကြားတယ် မောင်ကောင်းလူ၊ အဲဒါ ချက်ကြီးတို့အဖွဲ့ပဲကွယ့်။ ခုလည်း ရွာထဲမှာရှိနေကြတယ်။ မင်းထွက်လာရင် လုံးဝအစဖျောက်ပစ်ကြမလို့တဲ့။ လူဒင်တို့အိမ်မှာ အရက်ဝိုင်းဖွဲ့ပြီး စောင့်နေကြတယ်။ တကယ်လုပ်ကြမယ့်ပုံပဲမောင်"

"အဲ. . . အဲဒီတော့- ကျွန်တော်ဘာလုပ်ရမလဲ ဘကြီး ပြောပါဦးဗျာ။ တကယ့်ကို ကျွန်တော်ဘာမှမလုပ်တတ်တော့ပါဘူး ဘကြီးရယ်"

"အဲဒါကြောင့် ဘကြီးပြောမယ် နားထောင်။ ချက်ကြီးတို့လည်း ဒီရွာမှာ ကြာကြာမနေရဲကြဘူးကွယ်။ ဒီကောင်တွေနောက် ရဲတွေကလည်း လိုက်နေတာ။ သူတို့အုပ်စုထဲမှာ ရဲဘက်စခန်းက တစ်ယောက်တောင်ပါနေတယ်လို့လည်း ကြားတယ်။ မောင်ကောင်းလူအနေနဲ့ ဒီအတောအတွင်း တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည် မြို့ရှိကဲ့ဘက်မှာ သွားရှောင်နေလိုက်ပါ။ ဒီရွာနဲ့မြို့နဲ့က (၁၀) မိုင်လောက်ပဲဝေးတော့ ဒီတစ်ည ခြေကုန်သုတ်ပြေးနိုင်ရင် လင်းတာနဲ့ ရောက်မှာပဲ။ မြို့က တည်းခိုခန်းမှာ တည်းနိုင်ဖို့ ရော့ - ဘကြီးကပဲ လိုအပ်တဲ့ငွေကြေး ရှာဖွေပေးလိုက်ပါတယ်။ နောက်မှ ပြန်



www.burmeseclassic.com

www.burmeseclassic.com

ဆပ်ပေးပေ့ါကွယ်။ ဒီမှာထက် မြို့ပေါ်က တရားဥပဒေနဲ့ ပိုနီးတယ် မောင်"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

"ကဲ ကဲ လုပ်၊ ဒီအချိန် ဟိုကောင်တွေ အရက်မူးနေကြတုန်း ရွာကထွက်တော့။ ရွာဘေးပေါက်တာ ထွက်နိုင်ဖို့ ဘကြီးလိုက်ပို့ပေးမယ်၊ မြန်မြန်လုပ်"

သူ့အပေါ်ဝတ် အင်္ကျီတစ်ထည်ကို ထပ်၍ဝတ်ရင်း အလျင်အမြန်ပင် ဘကြီးနောက်မှ ကပ်လိုက်လာခဲ့မိပါသည်။ မှောင်ရိပ်များကိုခို၍ သစ်ပင်ကြိုသစ်ပင်ကြားတို့ကို ဖြတ်သန်းကာ လာလိုက်ကြရာ မကြာမီ ရွာ၏ ဘေးဘက်တည့်တည့် ဖောက်ထွက်ပြီး တောလမ်းရှိရာဘက် ရောက်လာခဲ့ကြလေ၏။

"ကဲ- ဒီလမ်းအတိုင်း သွားလိုက်ရင် တောအုပ်ကလေးကျော်တာနဲ့ လွတ်လောက်တယ် မောင်ကောင်းလူ၊ သွားလိုက်တော့"

သူ အပြေးတစ်ပိုင်းဖြင့် ရှေ့က ပြေးသွားလိုက်ပါ၏။ ဘကြီးပြန်လှည့်၊ မလှည့်ပင် သူသတိမထားမိတော့ဘဲ လွတ်လမ်းကိုသာ ကြောက်လန့်တကြား ပြေးလွှား ရှာဖွေနေခဲ့မိပါလေတော့၏။ ညအမှောင်ကြား ပြေးလွှားနေရင်းမှ သူသည် ဘဝအစစ်အမှန်ဖြစ်သော ပေတလူးဘဝကို ပြန်ရောက်ရတော့မည်ဟု တစ်ချက်တွေးမိလိုက်ပါသေးတော့သည်။

ထိုအတွေးဝင်သွားသည်နှင့် သူသည် လွတ်လပ်သွားသလို ပေါ့ပါးသွားသလိုဖြစ်ရပြီး မျှော်လင့်ချက်လည်း တစ်စုံတစ်ရာဖြစ်လာခဲ့သလို ခံစားမိလိုက်ရတော့၏။ ထိုခံစားချက်ကြောင့် လူမှာလည်း သက်သောင့်သက်သာ ဖြစ်ခဲ့ရလေသည်။ ဤတစ်ညပြီးပါက သူသည် မောင်ကောင်းလူအယောင်ဆောင်ဘဝမှလည်း လွတ်တော့မည် ဖြစ်ပါလေသည်။

ထိုအခိုက်အတန့်လေးတွင်ပင် လရောင် အနည်းငယ် လင်းလာခဲ့သည်၌ မှောင်ရိပ်ကျသော လူသွားလမ်းတွင်လည်း အနည်းငယ်မြင်သာထင်သာ ရှိလာသဖြင့် မြို့ရှိရာဘက်သို့ သူအား သွန်ပြေးလာခဲ့မိပါ၏။ တစ်မိုင်ခန့်အကွာရောက်သောအခါ အပြေးရပ်၍ ဖြည်းဖြည်းသာသာပင်လျှောက်လာခဲ့မိသည်။ လူကသာ မောပန်းနေသော်လည်း ရင်ထဲတွင်တော့ နောင်ရေးအေးချမ်းတော့မည်။ အထိတ်တလန့်နေနေရမှုတို့ ကင်းစင်ပြီ ဟူ၍ တွေးနေမိပါလေသည်။

ထိုအခိုက် ညောင်ပင်ကြီးတစ်ပင်နောက်မှ သေနတ်ကိုင်လူတစ်ဦး ထွက်လာခဲ့သည်ကို တွေ့လိုက်ရ၏။ ရုတ်တရက်ဖြစ်၍ ပေတလူး ထိတ်လန့်သွားခဲ့ရပါသည်။ မှုန်မှုန်ပျပျ လရောင်အောက်၌ ထိုလူ၏ မျက်နှာသည် မီးဝင်းဝင်းတောက်နေလျက်ရှိကြောင်း တွေ့မြင်နေရပါ၏။ ထိုလူ၏ မျက်လုံးများကတော့ သူ့အား မုန်းတီးစိတ်၊ နာကျင်ရန်လိုစိတ်၊ အသက်ဇီဝိန်ကိုပင်ခြွေချလိုစိတ်တို့ဖြင့် အထင်သား ပေါ်လွင်နေလျက်ရှိပါလေသည်။

ပေတလူးသည် အခြေအနေတို့ကို အမြန်သုံးသပ်လျက် ပြေးလမ်းဖြစ်နိုင်မည့် တစ်ဖက်သို့ လှည့်ကာ ခုန်ကျော်လိုက်၏။ ထိုခုန်ကျော်လိုက်မိသည့်ဘက်မှလည်း ရုတ်ခနဲထရပ်လိုက်သောနောက်ထပ်လူတစ်ဦး၏အရိပ်ကို တွေ့လိုက်ရပြန်လေသည်။ ထို့နောက်မှ နောက်ထပ်လူတစ်ဦး။ ထို့ထက်ပို၍ အခြားတစ်ဖက်နေရာမှ ဝန်းရံလာသော နောက်ထပ်၍ လူများ။ အို- လူတို့၏လက်ထဲ၌ လက်နက်မျိုးစုံတို့ဖြင့် သူ့အား ပတ်ပတ်ဝိုင်းလျက် ရှိနေကြပါသည်။ ထိုလူတို့၏ မျက်နှာများသည် ကြောက်မက်ဖွယ်ရာ တင်းမာခက်ထန်လျက်ရှိနေကြလေ၏။

"ကိုင်း - မင်းဘယ်ပြေးမှာလဲ ကောင်းလူ"

"ဟို. . . ဟို ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ဟားဟား ကျလည်းကျလောက်တဲ့ကောင်ပဲ။ ဒီမှာဘာမှမသိဟန်ဆောင်မနေနဲ့ ကောင်းလူ။ မင်း ရွာထဲမှာ ချက်ကြီးတို့အုပ်စုစောင့်နေတယ် ဆိုတာနဲ့ ဒီည လစ်ထွက်လာလိမ့်မယ် ဆိုတာ ဘကျော်ဆိုတဲ့ကောင်က နောကျေပြီးသားကွ။ ဟေ့ကောင်၊ လုပ်တုန်းကတော့ အတူတူလုပ်ပြီး တစ်ယောက်တည်း မောင်ပိုင်စီးတာကတော့ အရမ်းအရမ်းလွန်တာပေ့ါကွာ"

"ကျွန်တော် တကယ်ပြောတာပါ၊ ကျွန်တော် တကယ် ကောင်းလူ မဟုတ်ရပါဘူး။ ကျွန်တော့်နာမည်ပေတလူးပါ။ အညာကလာတာပါ ခင်ဗျာ"

"ဟေ့ကောင် လုပ်မနေစမ်းပါနဲ့၊ မင်းရဲ့ညာဏ်နီညာဏ်နက်တွေကို ငါတို့က သဘောပေါက်ပြီးသားကွ။ မင်းယူထားတဲ့ဝေစု ငါတို့လက်ကိုအရင်အပ်ရင် မင်းအသက်ချမ်းသာမယ် ဒါပဲ၊ ဖွက်ထားတဲ့နေရာပဲ ပြောလိုက်ကွာ ကဲ"

"ကျွန်တော်. . . ကျွန်တော်ဘာမှမသိ. . . အွတ်"

"တဲကွာ"

သူ့စကားပင် မဆုံးလိုက်ရသေး ဝင်၍ထုထည့်လိုက်သော သေနတ်ဒင်၏ဒဏ်ကြောင့် ကျောတွင် အောင့်တက် သွားရပါလေသည်။ နောက်တစ်ချက် ခေါင်းကို ထပ်အရိုက်တွင်တော့ နီ သောသွေးတို့က နောက်စိနေရာမှ ဖြ ကျလာခဲ့ရပြန်လေ၏။ သူတောင်းပန် ပါ၏။

"မ. . . မလုပ်ကြပါနဲ့ဗျာ"

"ဒါဆို မင်းထုတ်ပြောလေကွာ မင်းဖွက်ထားတဲ့ ရွှေတွေ၊ ငွေတွေ၊ အဲ ထဲမှာ ဟိုဘက်ရွာကရခဲ့တဲ့ ဒင်္ဂါးပြားတွေ ကော"

"ဘယ်ကမှာတုံး၊ စိန်တွေစုထား တာပဲ တစ်ပြည်နီးနီးကို ရှိတာကွ။ ကောင်မပြောရင် အရှင်ကိုမထားနဲ့"

"မင်း- လိမ္မာစမ်းပါ ကောင်း ရာ။ မင်းကြောင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်ကြပြီး မင်းမိဘတွေလည်း ရှေ့ဆ နောက်ဆင့်သွားကုန်ကြရတာ။ မင်း ချိုးခဲ့တဲ့မင်းအစ်မကြီးဆိုလည်း သူ့သ သေ၊ အမေ၊ အဖေဆုံးနဲ့ မင်းကိုတစ်ဝ မှ ကျေနပ်တာ မဟုတ်ဘူး"

ဇာတ်ကြောင်း အကုန်အစင် နားလည်လိုက်ခဲ့ရပြီ ဖြစ်လေသည်။ သည် မဝင်သင့်သောဇာတ်ကြောင်း ခုအတွင်းသို့ လွယ်လင့်တကူ တိုး ခေါင်းလျှိုခဲ့မိသောသူဖြစ်ခဲ့ရပြီ။ ဝင် စွပ်ကောင်ကဲ့သို့ အငှားခန္ဓာမြောင်း သောသူ့အနေနှင့် လူမဆန်လှအော ဆိုးသွမ်းမိုက်မဲသူ၏ ခန္ဓာကိုယ်ဖြစ် မှန်း ယခု သူသဘောပေါက်ခဲ့ရပြီ လေသည်။

သူမှားမိခဲ့ပြီဖြစ်တော့၏။ သို့ သော်လည်း မျက်နှာနှင့် ကိုယ်ပေါ် အဆက်မပြတ် ကျရောက်လာကြသော ဓားများ၊ တုတ်များ၊ သေနတ်ဒင်မျ အပြင် ကျောပြင်၊ ဝမ်းဗိုက်တို့သို့ ဖော ဝင်လာကြသော ဓားမြှောင်များကြော သူ့ရင်သည် ဟက်တက်ကွဲကြရတ ဖြစ်လေသည်။

သူအသိမပျောက်ရသေးမီကာ အတွင်း အသံတူ ဟန်တူ သဏ္ဍာန်တူ သောကြောင့် အချောင်လမ်းလိုက် ကာ ညာမိမှားလိုက်ခဲ့လေခြင်း ဟူ၍ တွေးမိလိုက်ရင်း မျက်လုံးတွင်း အမှော ထုများ ဖုံးလွှမ်းသွားခဲ့ရပါလေတော့

ခင် (တော



www.burmeseclassic.com


www.burmeseclassic.com

# တရုတ်ရိုးရာဂမ္ဘီရ

ဘာသာပြန်ဆိုသည်။

ဦးအောင်လှိုင် (သုဝဏ္ဏ)

# [illegible]န်းရွှေပညာအမေးအဖြေများ




**[illegible]ng Shui ကို မှန်ကန်အောင် [illegible] ဘယ်လိုထွက်ရမလဲ**

Feng Shui ကို Feng 'Shwee' ([illegible]) ဒါမှမဟုတ် Feng 'Shway' (ဖန်း[illegible]) လို့ အသံထွက်ရမှာလား။ ဘယ်[illegible] မှန်ပါသလဲဆိုတာ ကျေးဇူးပြု၍ [illegible]ကြားပေးစေလိုပါတယ်။

(မေးမြန်းသူ Anonymous)

[illegible]nymous ရှင့်-

Feng Shui ရဲ့ အသံထွက်အမှန် [illegible] Foong Schway' (ဖုန်းရွှေ) လို့ အ[illegible]တ်နိုင်ဆုံး ပီသအောင် အသံထွက်[illegible]ါလို့ ဖြေကြားလိုက်ပါတယ်။

**[illegible]mpass Points**

ဖုန်းရွှေပညာရပ်အလိုအရ အရပ်[illegible]ောင့် အတိအကျတိုင်းဖို့ Compass [illegible]ts မဖြစ်မနေ လိုအပ်ပါသလား။

(မေးမြန်းသူ Maggie)

[illegible]ggie ရေ-

ဖုန်းရွှေပညာအလိုအတိုင်းဆောင်[illegible]က်တော့မယ်ဆိုရင်၊ အထူးသဖြင့် အ[illegible]ပ်ထောင့်တွေ တိကျစွာ တိုင်းတာဖို့ဆို[illegible] Compass Point မဖြစ်မနေ လိုအပ်[illegible]တယ်။ မိမိစိတ်မှန်းနဲ့ အရပ်ထောင့်[illegible]တွေကို တိုင်းတာ သတ်မှတ်မယ်ဆိုရင် အလွဲကြီးလွဲသွားနိုင်တယ်လို့ ဖြေကြား[illegible]ိုက်ပါတယ်။

**[illegible]န်းရွှေအရ နာရီထားသင့်သည့်နေရာ**

ကျွန်တော် ချယ်ရီသားနဲ့လုပ်ထားတဲ့ တိုင်ကပ်နာရီ (အဝိုင်း) တစ်လုံးဝယ်[illegible]ခဲ့တယ်။ အရွယ်ကတော့ အချင်းဝက် 30 cm (12 in) လောက် ရှိတယ်။ အဲဒီ နာရီ[illegible]ကို ဖုန်းရွှေနဲ့အညီ ဘယ်နေရာမှာချိတ်[illegible]ရမယ်ဆိုတာနဲ့ နာရီက ဘယ်အဓိပ္ပာယ်[illegible]ကို ကိုယ်စားပြုတယ်ဆိုတာ သိချင်ပါတယ်။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

နာရီဆိုတာ အချိန်တွေရဲ့ ကုန်ဆုံးခြင်းသဘော (သို့) အချိန်ကာလများကို ဖြတ်ကျော်သွားတဲ့သဘောကို ကိုယ်စားပြုပါတယ်။ ဒါကြောင့် နာရီကို ကံမကောင်းစေတဲ့ အမှတ်သင်္ကေတအဖြစ် မှတ်ယူထားရပါမယ်။ တစ်နည်းအားဖြင့် နာရီဟာ အိုမင်းရင့်ရော်ခြင်းအဓိပ္ပာယ်ဆောင်လို့ အသက်ရှည် နုပျို ကျန်းမာခြင်းတွေရဲ့ ဆန့်ကျင်ဘက်သဘောပါ။ ဒီတော့ နာရီကို အဓိကမကျတဲ့ အရပ်ထောင့် (နေရာ) တစ်ခုခုမှာ (တစ်နည်းအားဖြင့် ထင်ထင်ပေါ်ပေါ် မမြင်ရတဲ့နေရာမှာ) ထားရှိပေးပါ။ အရေးအကြီးဆုံးအချက်အနေနဲ့ နာရီကို အိမ်ထောင်ဦးစီး(အမျိုးသား)အတွက် မွေးနေ့လက်ဆောင်အဖြစ် မပေးမိဖို့ အထူး ဂရုပြုပါလို့ သတိပေး ပြန်ကြားလိုက်ပါတယ်။

**ခြေ (၃) ချောင်းပါ ဖားရုပ်ကို ဘယ်နေရာမှာ ထားရမလဲ**

ဖုန်းရွှေနဲ့ပတ်သက်တဲ့စာအုပ်တစ်အုပ်မှာ ခြေ (၃) ချောင်းပါ ဖားရုပ်ကို အိမ်ရှေ့တံခါးဝနဲ့ ကန့်လန့်ဖြတ်နေရာမှာရှိတဲ့ စားပွဲအောက်၊ ဒါမှမဟုတ် ဗီရိုထဲမှာထားရမယ်လို့ ဖတ်လိုက်ရပါတယ်။ ဒါပေမယ့် နောက်စာအုပ်တစ်အုပ်မှာတော့ ခြေ (၃) ချောင်း ဖားရုပ်ကို ပင်မတံခါးနဲ့ ရှေ့တည့်တည့်မကျတဲ့နေရာ (သို့) ပင်မတံခါးအနီးမှာ (တံခါးကိုမျက်နှာမူလျက်) ထားရမယ်လို့ ဖတ်ရပြန်တယ်။ ဒီတော့ ဘယ်ဟာက အမှန်ဆိုတာကို ထင်ရှားအောင် ခွဲခြားပေးပါလို့ မေတ္တာရပ်ခံ တောင်းဆိုလိုက်ပါတယ်။

(မေးမြန်းသူ Avid Learner)

Avid Learner ရှင့်-

ခြေ (၃) ချောင်း ဖားရုပ်ဟာ ရွှေငွေ၊ ဥစ္စာပစ္စည်းများ အိမ်အတွင်းကိုယူဆောင်ပေးမယ့် နိမိတ်လက္ခဏာပါ။ ဒါကြောင့် ဒီအရုပ်ကို ထားမယ်ဆိုရင် Lillian tooရဲ့ အဆိုအရ သူမရဲ့ ဧည့်ခန်းအတွင်းမှာ ခြေ (၃) ချောင်း ဖားရုပ်(၉) ကောင်တောင် ရှိတယ်ဆိုတော့ သင်လည်း အဲဒီဖားရုပ်ကို ကြိုက်တဲ့အရပ်ထောင့် မျက်နှာမူပြီး ကြိုက်တဲ့နေရာမှာ ထားနိုင်ပါတယ်လို့ ပြန်ကြားလိုက်ပါတယ်။

**အိမ်နီးချင်းများဆီမှရောက်လာတတ်သော ပြဿနာများ**

မကြာသေးခင်က ကျွန်တော့်ရဲ့ မျက်နှာချင်းဆိုင်မှာနေတဲ့ အိမ်နီးချင်းတစ်ယောက်က သူ့ရဲ့အိမ်ရှေ့မိန်းတံခါးထိပ်ဖျားမှာ ထောင့်မှန်စတုဂံပုံရှိ မှန်တစ်ချပ်ရယ်၊ ဆေးမင်အနီရောင်နဲ့ ရေးဆွဲထားတဲ့ တရုတ်စာလုံးတစ်လုံးရယ်ကို ပူးတွဲချိတ်ဆွဲထားတာတွေ့လိုက်ရတယ်။ အဲဒီ အစီအရင်တွေက ဘယ်အဓိပ္ပာယ်ရှိပြီး ကျွန်တော်တို့အိမ်ကို ဘယ်လို ထိခိုက်လာနိုင်သလဲဆိုတာကို ကျေးဇူးပြု၍ ဖြေကြားပေးပါ။ ပြီးတော့ ကျွန်တော့်အိမ်ရှေ့တံခါးကထွက်တာနဲ့ သူတို့တံခါးက အလင်းပြန်တာကြောင့် ကျွန်တော့်မျက်စိတွေကျိန်းနေပါတယ်။ ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတာ အကြံပြုပေးစေချင်ပါတယ်။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

သင်ပြောပုံအရဆိုရင် သူတို့က တော်တော် အိမ်နီးချင်းကောင်း မပီသသူတွေပါပဲ။ ဒီတော့ သင် သူတို့အိမ်ကို ထိခိုက်စေမယ့် အစီအရင်တစ်ခုခု လုပ်ထားမိသလားဆိုတာ ပြန်စစ်ဆေးလိုက်ပါ။ တကယ်လို့ သင့်ဘက်က သူတို့ကို ထိခိုက်စေမယ့်ဟာ ဘာမှမရှိဘူးဆိုရင်တော့ သူတို့တံခါးကမှန်ကို ဖယ်ရှားပေးဖို့ အတတ်နိုင်ဆုံး ယဉ်ကျေးပြေပြစ်စွာ သွားပြောပြပါ။ တကယ်လို့ သူတို့ဘက်



www.burmeseclassic.com

www.burmeseclassic.com

က ငြင်းဆန်တယ်ဆိုရင်တော့ သင့်ရဲ့ မိန်းတံခါးထိပ်ဖျားမှာ (သူတို့မှန်နဲ့မျက်နှာချင်းဆိုင်တည့်တည့်ချိန်ဆပြီး)ပါ့ကွာမှန် (Pa Kua Mirror) သေးသေးတစ်ချပ် တပ်ပေးလိုက်ပါ။ အဲဒီတော့ သူတို့ဆီက လာတဲ့ မကောင်းတဲ့ ချီဓာတ်တွေ သူတို့ဆီ တန်ပြန်ပြီး ပြန်သွားပါလိမ့်မယ်။ နောက်ပြီး ထပ်လုပ်နိုင်တာ ရှိသေးတယ်။ သင့်အိမ်ရှေ့မျက်နှာစာနေရာ ကျယ်ခဲ့ရင် အုံကောင်းတဲ့ သစ်ပင်တစ်ပင်စိုက်ပြီး အိမ်ရှေ့အိမ်ကို မမြင်ရအောင် ကာကွယ်ထားနိုင်သေးတယ်လို့ အကြံပြုလိုက်ပါတယ်။

မျက်နှာချင်းဆိုင် အိမ် (၂) အိမ် အပြန်အလှန် မှန်တပ်ကြမယ်ဆိုရင် နှစ်ဦးနှစ်ဖက်စလုံး အကျိုးစီးပွားပျက်စီးနိုင်တဲ့ရလဒ်ကိုသာ ရကြလိမ့်မယ်။

## ရွှေငါး (ဖို-မ တစ်စုံ) မွေးပေးထားရင် ကံကောင်းနိုင်ပါသလား

ရွှေငါးနဲ့ ပတ်သက်ပြီး ကျွန်တော် မရှင်းတာလေးတွေ ရှိတယ်။ တကယ်လို့ ရွှေငါးတစ်စုံကို ကျွန်တော်ဝယ်မွေးလိုက်ရင် ကျွန်တော်ချစ်နေသူက ကျွန်တော့်အပေါ် ပြန်ပြီး ချစ်လာနိုင်မလား ဆိုတာကို ကျွန်တော် သိလိုပါတယ်။

(မေးမြန်းသူ Godfrey)

မစ္စတာ Godfrey ရေ-

ရွှေငါး (ဖို-မ) စုံတွဲဟာ ချစ်သူနှစ်ဦးကို ကိုယ်စားပြုတဲ့ အမှတ်သင်္ကေတပါ။ သင့်ကို ချစ်သူက ပြန်ပြီးချစ်လာအောင် ဒီဖုန်းရွှေအစီအရင်ကို သုံးနိုင်ပါတယ်။ ဒါပေမယ့် ဘယ်လောက်ကြာမယ် ဆိုတာကိုတော့ မပြောနိုင်ပါဘူး။ တကယ်တမ်း ကံကြမ္မာအခြေအနေအရ ကောင်းခဲ့ရင် ဖုန်းရွှေအစီအရင်ထက် ကောင်းကင်ဘုံက ပေးစွမ်းတဲ့ ချစ်ခြင်းမေတ္တာကို လက်ခံရရှိနိုင်မှာပါလို့ ပြန်လည်ဖြေကြားလိုက်ပါတယ်။

## အိပ်ခန်းထဲမှာ ရုပ်/သံစက်နဲ့ ပန်းခြောက်တွေ ရှိနေခဲ့

ကျွန်မရဲ့အိပ်ခန်းထဲမှာ ရုပ်/သံစက်ရှိနေတာရယ်၊ ပန်းခြောက်တွေ ရှိနေတာရယ်က ဖုန်းရွှေအရ ပြဿနာရှိပါသလား ဆိုတာကို သိလိုပါတယ်။

(မေးမြန်းသူ Sindy)

Sindy ရှင့်-

အိပ်ခန်းထဲမှာ ရုပ်/သံစက်ထားရင် အိပ်ရာကို အလင်းရောင်ဟပ်နေပါလိမ့်မယ်။ ပြောရရင် ရုပ်/သံစက်ရောမှန်ပါ အိမ်ထောင်သည်ဇနီးမောင်နှံအတွက် မကောင်းတဲ့အကျိုးသာ ပေးပါတယ်။ ဆိုးရွားတဲ့အကျိုးသက်ရောက်မှုက မိမိခင်ပွန်းကို လက်လွှတ်ဆုံးရှုံးရတတ်တဲ့အထိ ဖြစ်နိုင်ပါတယ်။ ဒီတော့ အခန်းထဲမှာပဲထားမှဖြစ်မယ်ဆိုရင် ရုပ်/သံစက်ကို အသုံးမပြုတဲ့အချိန်မှာ အဝတ်ပါးစတစ်ခုခုနဲ့ ဖုံးအုပ်ပေးထားပါ။

ပန်းခြောက်တွေအတွက်ကတော့ သူတို့ဆီက ယင် (အမ) ဓာတ် များစွာထွက်နေလို့ မိသားစုဝင်တွေကို နာမကျန်းဖြစ်စေတတ်ပါတယ်။ ဒါကြောင့် သင့်ဧည့်ခန်းထဲမှာ ပန်းထားမယ်ဆိုရင် အမြဲတစေ လန်းဆန်းနေတဲ့ပန်းတွေကိုသာ ထားပေးပါ။ ခြောက်တာနဲ့ ဖယ်ရှားပစ်ပါ။ ဒါဆိုရင် ယန်ဓာတ်တွေ စီးဝင်လာပြီး အိမ်အတွက် ကောင်းတဲ့ ချီဓာတ်တွေ ရောက်လာမှာပါ။ အထူးသတိပြုရမှာကတော့ ဘယ်လောက်လှပလန်းဆန်းတဲ့ပန်းဖြစ်ဖြစ် အိပ်ခန်းထဲမှာ မထားပါနဲ့လို့ ပြန်လည် ဖြေကြားလိုက်ပါရစေ။

## ဖုန်းရွှေရှုထောင့်အရ ဒိန်းမတ်မှာ နေလို့ရပါသလား

ကျွန်တော်က မလေးရှားသားတစ်ဦးပါ။ ဒါပေမယ့် ဒိန်းမတ်မှာ နေပါတယ်။ မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကိုပြောဖူးတယ်။ ကျွန်တော် ကနေဒါနဲ့ ဒိန်းမတ်တို့မှာ မနေသင့်ဘူးတဲ့။ အကြောင်းက ကျွန်တော်ဟာ ယုန်နှစ်ဖွားဖြစ်ပြီး (၁၁-၃-၁၉၇၅) မှာ မွေးလို့တဲ့။ ကျွန်တော်ထင်တာကတော့ သစ်သားဓာတ် ကိုယ်စားပြုတဲ့ ယုန်နှစ်မှာ မွေးလို့လား ဆိုပြီးတော့ ဒွိဟဖြစ်နေပါတယ်။ ကျေးဇူးပြု၍ အကြံပြု ဖြေရှင်းပေးစေလိုပါတယ်။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

ကျွန်မကတော့ ဒီလို အဓိပ္ပာယ်မရှိ ယုတ္တိမရှိတဲ့စကားကို တစ်ခါမှ မကြားဖူးပါဘူး။ ရှင်ပြောသလိုဆိုရင် ယုန်နှစ်ဖွားတွေအားလုံး ကနေဒါတို့၊ ဒိန်းမတ်တို့မှာ နေလို့မရတော့ဘူးပေါ့။ ဖုန်းရွှေနည်းလမ်းအတိုင်း လိုက်နာမယ်ဆိုရင် ဖုန်းရွှေ ကျွမ်းကျင်သူတွေ ရေးသားတဲ့ စာအုပ်တွေကို တစ်ခုချင်း လေ့လာဖတ်ရှုရုံကလွဲပြီး အခြားနည်းလမ်းမရှိပါဘူး။ ဒါကြောင့် သူများပြောတိုင်း မယုံပါနဲ့လို့ သတိပေးလိုက်ပါတယ်။

## ဥစ္စာနေကိုယ်စားပြု ပန်းအိုးကို ဘယ်လိုပြည့်အောင် ဖြည့်ရမလဲ

စီးပွားဥစ္စာတိုးတက်ခြင်း နိမိတ်ဆောင်ပန်းအိုးပြည့်အောင် ရတနာတန်ဖိုးဝင်တဲ့ကျောက်မျက်တွေ ထည့်ထားပေးရမလား၊ ပန်းအိုးကို ဘယ်နေရာမှာထားရင် အကောင်းဆုံးလဲဆိုတာတွေကို ဖြေကြားပေးစေလိုပါတယ်။ နောက်ပြီး ကျွန်တော့်အိမ်ရဲ့အရှေ့အရပ်ထောင့်မှာထားတဲ့ ဗီရိုမှာ မှန်တံခါးတွေရှိနေတော့ ပန်းအိုးကို အမှောင်ကွယ်တဲ့နေရာမှာ ထားရမလဲဆိုတာ အခက်တွေ့နေလို့ ကျေးဇူးပြု၍ အကြံပြုပေးပါ။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

စီးပွားဥစ္စာ တိုးတက်မှု နိမိတ်ဆောင်တဲ့ ပန်းအိုးတွေကို ဖုန်းရွှေထုံးစံအရ (အတတ်နိုင်ဆုံး လူမမြင်အောင်) ကွယ်ဝှက်ပြီး ထားရပါမယ်။ တစ်နည်းအားဖြင့် မိမိရဲ့စီးပွားဥစ္စာနဲ့ ပတ်သက်တဲ့ အတွင်းရေး၊ ချမ်းသာကြွယ်ဝတဲ့ စီးပွားဥစ္စာပမာဏတွေကို လူတကာ မသိစေချင်တဲ့သဘောနဲ့ ကွယ်ဝှက် သိမ်းဆည်းထားတဲ့ အဓိပ္ပာယ်ပါပဲ။ ဖြစ်နိုင်ရင် အိပ်ခန်းထဲမှာထားတာ အကောင်းဆုံးပါပဲ။

စီးပွားဥစ္စာနိမိတ်ဆောင် ပန်းအိုးထဲကို ရတနာတန်ဖိုးဝင် ကျောက်မျက် (၇) မျိုး (ပန်းအိုးရဲ့ လေးပုံသုံးပုံခန့်) ထည့်ထားပေးပါ။ နေရာချန်ထားရတဲ့သဘောကတော့ နောက်ထပ် စီးပွားဥစ္စာတွေ ဝင်လာစေချင်တဲ့၊ ဝင်လာလို့ရတဲ့သဘောကို ဖော်ပြပါတယ်။

ပန်းအိုးထဲ ထည့်ဝင်မယ့် ရတနာပစ္စည်းတွေထဲမှာ သူဌေးအိမ်က ခွင့်တောင်းပြီး ယူလာတဲ့ (သူဌေးအိမ်ခြံဝင်းအတွင်းက မြေကြီး) အနည်းငယ်၊ ဒင်္ဂါး (အကြွေစေ့) ၃ စေ့ကို အလယ်ကနေဖောက်၊ ကြိုးအနီနဲ့ချည်ထားတာရယ် တို့ကို ရောထည့်ပေးရပါမယ်။

ပန်းအိုးထဲကို ဥစ္စာပစ္စည်းတွေ တိုးဝင်လာတဲ့နိမိတ်အနေနဲ့ နှစ်သစ်ကူးရောက်တိုင်း (တစ်နှစ် တစ်ကြိမ်) ထပ်ဖြည့်ပေးသင့်တယ်လို့ အကြံပြုဖြေကြား



www.burmeseclassic.com

www.burmeseclassic.com

သိုတ်ပါတယ်။

**ပြတင်းပေါက်များစွာပါရှိနေခြင်း**

ကျွန်တော့်အိမ်မှာ ပြတင်းပေါက်တွေများနေလို့ ကောင်းတဲ့ ချီဓာတ်တွေက အိမ်ထဲ အလွယ်တကူ မဝင်ရောက်နိုင်တာရယ်၊ အိမ်ထဲက အလွယ်တကူ ပြန်ထွက်သွားနိုင်တာရယ်ကို ဘယ်လို ဖြေရှင်းရမလဲ ဆိုတာ အကြံပေးစေချင်ပါတယ်။ ကျေးဇူးပြု၍ ဖြေကြားပေးပါ။

(မေးမြန်းသူ Jerry)

Jerry ရှင့်-

သင့်အိမ်မှာ ပြတင်းပေါက်တွေ သိပ်များနေရင်တော့ ဝင်ရောက်လာတဲ့ ချီဓာတ်က မကောင်းတဲ့ ချီဓာတ်တွေပဲ ဖြစ်မှာပါ။ ပြတင်းတွေကိုကာဖို့ ခန်းဆီးအပါး (လိုက်ကာအပါး) တွေနဲ့ မလုံလောက်ဘူး။ လုံးဝ ကွယ်နေတဲ့အထိ ဖြစ်အောင် ခပ်ထူထူပစ္စည်းကိုသုံးဖို့ လိုပါတယ်လို့ အကြံပြုချင်ပါတယ်။

**ရေကန်ကို အိမ်ရဲ့ ဝဲဘက် (သို့) ယာဘက်မှာ ထားသင့်ပါသလား**

အိမ်ရဲ့ဝင်းခြံအတွင်းမှာ ရေကန်ထားမယ်ဆိုရင် ဝဲဘက်လား၊ ယာဘက်လား ဆိုတာကို ကွဲကွဲပြားပြား သိလိုပါတယ်၊ ကျေးဇူးပြု၍ ဖြေကြားပေးပါရှင့်။

(မေးမြန်းသူ Jenny)

Jenny ရှင့်-

အိမ်ရဲ့ယာဘက်မှာ ရေကန်ထားမယ်ဆိုရင် စီးပွားဥစ္စာ တိုးတက်မယ့် ဓာတ်ကို ဖြစ်စေပါမယ်၊ ဒါပေမယ့် ဘေးထွက်ဆိုးကျိုးအနေနဲ့ သင့်ခင်ပွန်းက အမျိုးသမီးတွေ့တိုင်း ခြေဆေးသူ (ပွေရှုပ်သူ) ဖြစ်သွားတတ်ပါတယ်။ ဒီတော့ သင့်အနေနဲ့ သစ္စာမရှိတဲ့ လင်ယောကျ်ားကို ရွေးမလား၊ ချမ်းသာကြွယ်ဝမှုကို ရွေးမလား ဒါမှမဟုတ် စီးပွားဥစ္စာ လျော့နည်းမယ့် သစ္စာရှိတဲ့ခင်ပွန်းနဲ့ ချစ်ချစ်ခင်ခင်နေမလားဆိုတာကို ကိုယ်တိုင် ဆုံးဖြတ်ရမှာပါလို့ ပြန်လည် ဖြေကြားလိုက်ပါတယ်။

**ရုံးခန်းခွင်အတွင်း အဆင်မပြေမှုများ ရှိနေခြင်း**

ကျွန်တော် ရုံးခန်းအသစ်ကို မကြာသေးခင်က ပြောင်းရွှေ့ခဲ့ပါတယ်။ အဲဒီရုံးခန်းလည်းရောက်ရော မှုဝန်ထမ်းတွေနဲ့ တစ်ရက်မှ အဆင်ပြေချောမွေ့မှု မရှိခဲ့ပါဘူး။ ဒါကြောင့် ဘာလုပ်သင့်တယ်ဆိုတာကို ကျေးဇူးပြု၍ ဖြေကြားပေးစေလိုပါတယ်။

(မေးမြန်းသူ Tan)

Tan ရှင့်-

သင် ပထမဆုံး လုပ်ရမှာကတော့ သင့်ရုံးခန်းထဲက ပြတင်းပေါက်တွေအားလုံးကို ဖွင့်ချထားလိုက်ပါ။ အဲဒါမှ ရုံးခန်းထဲက မကောင်းတဲ့ ချီဓာတ်တွေ အပြင်ကို ထွက်သွားမှာပေါ့။ ပြီးရင် သင့်အလုပ်စားပွဲပေါ်မှာ လန်းဆန်းတဲ့ပန်းတွေ (အိုးနဲ့) တင်ထားလိုက်ပါ။ နောက်တစ်ခါ သင် အလုပ်လုပ်နေတဲ့နေရာတနေ အပေါ်ဘက်ကိုကြည့်ပြီး မျက်နှာကြက်က ရက်မတန်းနဲ့ သင့်ဦးခေါင်း တန်းနေသလား ဆိုတာ စစ်ဆေးပါ။ တကယ်လို့ ထက်ရှတဲ့ပုံစံ၊ ချွန်ထက်တဲ့ အနားစောင်းပုံစံတွေ ရှိနေရင် သင့်ကို ဒုက္ခပေးနိုင်တယ် ဆိုတာကို ဂရုပြုပါ။ တကယ်လို့ ရှိခဲ့ရင် နေရာရွှေ့ထိုင်ပါ။ ထိုင်ခုံထိုင်ရင်လည်း သင့်အတွက်နိမိတ်ကောင်းတဲ့အရပ်ကို မျက်နှာမူပြီး ထိုင်ပေးပါ။ အနီးနားမှာ ကွန်ပျူတာရှိနေရင် အလွယ်တကူ ယူလို့ရအောင် ဆုံလည်ကုလားထိုင်ကို အသုံးပြုပါ။ ဒါဆိုရင် ပြဿနာအားလုံး ပြေလည်တဲ့အထိ အဆင်ပြေသွားမှာပါလို့ အသိပေး ဖြေကြားလိုက်ပါတယ်။

**ပြတင်းပေါက်ကို ကျောပေးထိုင်ခြင်း**

ကျွန်တော် ထိုင်တဲ့အခါ နံရံကို ကျောပေးထိုင်သင့်တယ် ဆိုတာကို လီလီယန်ထူးရဲ့ ဖုန်းရွှေစာအုပ်အရ နားလည်ထားပါတယ်။ လုပ်ငန်းခွင်ထဲမှာတော့ ကျွန်တော် ဝင်ပေါက်တံခါးကို မျက်နှာမူ ထိုင်နေပေမယ့် ကျွန်တော့်ကျောဘက်မှာ မိတ္တူကူးစက်နဲ့ ပြတင်းပေါက်တစ်ခု ရှိနေပါတယ်။ ကျွန်တော့်ရဲ့ဝဲဘက်မှာတော့ ရုံးခန်းထဲဝင်နိုင်တဲ့ တံခါးပေါက်တစ်ခုရယ်၊ အခြားဝန်ထမ်းတွေထိုင်နေတဲ့နောက်က မှန်ပြတင်းပေါက်တစ်ခုရယ် ထပ်ပြီး ရှိနေပြန်ပါတယ်။ အခြား ဝန်ထမ်းတွေ ရှိနေတဲ့ အခန်းနဲ့ ကျွန်တော့်အခန်းက ပြတင်းပေါက်ကြားခံနေတော့ ကျွန်တော် ဘာလုပ်လုပ် သူတို့ပြတင်းပေါက်ကနေတစ်ဆင့် မြင်နေရပါတယ်။ ဒါကြောင့် အကောင်းဆုံး ဘယ်လိုနေရာချထားရမယ်ဆိုတာကို ဖြေကြားပေးပါလို့ မေတ္တာရပ်ခံပါတယ်။

(မေးမြန်းသူ Rubin)

Rubin ရှင့်-

အဓိကပြဿနာကတော့ ပြတင်းပေါက်ပဲ ခြားနေလို့ ဘာလုပ်လုပ် အကုန်မြင်တွေ့နေရတဲ့ ကိစ္စပါပဲ။ ဒီတော့ သင့်ကို မြင်နိုင်တဲ့နေရာ ဖုံးကွယ်သွားအောင် အိုးစိုက်ပန်းပင်တွေ အဆင်ပြေသလို ချထားပေးလိုက်ပါလို့ အကြံပေးလိုက်ပါတယ်။

**အဆိပ်မြား၏ ပြင်းထန်သော တိုက်ခိုက်မှုမှ ကာကွယ်ခြင်း**

ကျွန်တော့်အမျိုးသမီးက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်။ တစ်နေ့မှာ သူတို့ရုံးခန်းကို အဲဒီ အဆောက်အအုံရဲ့ (၅၈ ထပ်ကနေ ၄၁ ထပ်ရှိတဲ့) အောက်အလွှာကို ပြောင်းရွှေ့လိုက်ပါတယ်။ မူလနေရာကနေ အောက်ဘက်ကိုရောက်လာတော့ ဘေးဘက်မှာရှိတဲ့ အထပ်နိမ့် အဆောက်အအုံရဲ့ခေါင်မိုးက ကျွန်တော့်အမျိုးသမီးရှိနေတဲ့ ၄၁ ထပ်ရဲ့အောက်ကြမ်းပြင်ကို အဆိပ်မြားပုံစံနဲ့ ထောက်နေတာ တွေ့ရပါတယ်။ အဆောက်အအုံက မှန်တွေ ကာရံပြီး တည်ဆောက်ထားတော့ အတိုင်းသား တွေ့နေရတာပေါ့။ ဒါကြောင့် အဆိပ်မြားကို ဘယ်လိုကာကွယ်ရမယ်ဆိုတာ အကြံပေးစေချင်ပါတယ်။

(မေးမြန်းသူ Andrew)

Andrew ရှင့်-

အကောင်းဆုံးအကြံပေးချင်တာကတော့ ကျောက်သားနဲ့ထုထားတဲ့ (အနည်းဆုံး (1 m or 3 ft) အရွယ်ရှိတဲ့) ခြင်္သေ့ရုပ်တု (၂) ခုကို ပြတင်းပေါက်ရဲ့ ဝဲ-ယာတစ်ဖက်တစ်ချက်စီမှာ ထားပေးလိုက်ပါ။ အဲဒါမှ မလုံလောက်သေးရင် ပြတင်းပေါက်နေရာမှာ ကြည့်မှန်တစ်ချပ်ထားပေးပါ။ တကယ်လို့ ခုလိုအစီအရင်တွေနဲ့မကာကွယ်နိုင်ခဲ့ရင် ရုံးခန်းအတွင်းမှာရှိတဲ့ဝန်ထမ်းတွေ နာမကျန်းဖြစ်ရုံမက ကုမ္ပဏီရဲ့အကျိုးဖြစ်ထွန်းနိုင်မယ့်လမ်းစတွေပါ ပျက်စီးသွားနိုင်တယ်လို့ သတိပေး ဖြေကြားလိုက်ပါတယ်။

ဦးအောင်ထိုက်(သုတဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်ခဲ့ပါ၏။

စာရေးသူသည် ကျောင်းဆရာဘဝမှ စိုက်ပျိုးရေးခြံဥယျာဉ်လုပ်ကိုင်ရင်း စိုက်ပျိုးရေးသမားဖြစ်လာခဲ့သူပါ။ စိုက်ပျိုးရေးသမားဘဝရောက်ရှိလာပြီးနောက် ဘဝပြောင်းခံစားချက်အဖြစ် အေးချမ်းလွတ်လပ်ခြင်းအပြင် ဘဝရပ်တည်နိုင်သောဝင်ငွေပါ ရရှိလာတော့ အားရကျေနပ်မှုများစွာလည်း ရရှိခဲ့တာအမှန်ပါ။ အလုပ်ကထွက်ပြီး ခြံလုပ်ငန်းလုပ်ကိုင်ရင်း ဘဝဟောင်းက ပါလာသော အခြေခံစိတ်ဓာတ် မွေပေးလိုသည့် ကျောင်းဆရာစိတ်ဓာတ်ကြောင့် အများအကျိုး အတတ်နိုင်ဆုံး ကူညီလုပ်ကိုင်ရင်း တစ်စတစ်စ အောင်မြင်ထင်ပေါ်မှုပါရလာပါတော့သည်။ အတ္တကိုဦးစားမပေးဘဲ မျှတသော ပရအကျိုးပါ


အကျိုးဆက်အဖြစ် နည်းပညာနှင့် ပညာရှင်များပါ ရောက်ရှိကူညီလာတာလည်း ထူးခြားနေပါသည်။ ထပ်ဆင့်မျှဝေတတ်သူဖြစ်၍ ထာဝရကျောင်းသားအဖြစ် ခံယူထားသူပီပီ ရရှိလာသော အသိပညာများကိုလည်း အမြဲတမ်း မျှဝေနေ၍ ထာဝရကျောင်းဆရာအဖြစ်လည်း ကျင့်ကြံလုပ်ဆောင်နေပါ၏။ အပေးအယူကို မျှတစွာ ကျင့်ကြံလုပ်ဆောင်နေခဲ့ရာ တူရာစုမိကြသလို အချိန်ရလာသည်နှင့် ပိုမိုအောင်မြင်မှုလည်း ရခဲ့ပါသည်။

စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း အောင်မြင်ရုံမက စိုက်ပျိုးရေးနှင့် ပတ်သက်သော မျိုးပွားထုတ်လုပ်ရေးလည်း အသင့်အတင့် တိုးတက်လာပါသည်။ အထူးသဖြင့် စိုက်ပျိုးရေးနှင့် ဆက်နွယ်နေသော ပရဆေးပင်၊ အစွမ်းထက်ဆေးပင်များပါ စိုက်ပျိုးထုတ်လုပ် မျှဝေနိုင်သည်အထိ အောင်မြင်မှု ရရှိခဲ့ပြန်ပါသည်။ ဝါသနာနှင့် ဆန္ဒ၏ တွန်းအားကြောင့် ဖြစ်လာရသလို ဘဝအကျိုးဆက်ကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကောင်းသောအလုပ်၊ ကောင်းသော မျှဝေခြင်းကို စိတ်ကောင်းစေတနာကောင်းနှင့် လုပ်ဆောင်မိတာလည်း အမြဲပါ။ ဤအချက်သည် လုပ်ငန်းအောင်မြင်ရေး၏အခြေခံသောချက် သို့မဟုတ် အဓိကအချက်ဟုလည်း ယူဆခံယူမိပါသည်။

အစွမ်းထက်ဆေးပင်များဖြစ်သော ဆီးချို၊ သွေးချိုရောဂါဝေဒနာအတွက် ပျားမြီးရွက်ဆေးပင်ကို သက်သာပျောက်ကင်းသူကိုယ်တိုင် မျိုးပွားစိုက်ပျိုးမျှဝေနေရာ လက်ဆောင်တစ်ပင် ရခဲ့ပါ၏။ ထပ်ဆင့် မျှဝေမှုပြုခဲ့ရာ မြန်မာပြည်တစ်နံတစ်လျား ယုံကြည်အားထားသူတွေ စိုက်ပျိုးမှီဝဲရင်း ထပ်ဆင့်မျှဝေရေးလုပ်

**စောငဝါ(ပျဉ်းမနား)**

# သွေးယိုလိပ်ခေါင်းရောဂါအတွက် ဆေးနည်းကောင်းတစ်လက်



သွေးယိုလိပ်ခေါင်းဝေဒနာအတွက် သဘော်သီးစိမ်းကို ထက်ခြမ်းခြမ်း၍ အတွင်းမှအဆာများထုတ်ပြီး ကြက်ဥထည့် ပြန်ပိတ်ပြီး ကျက်အောင် မီးဖုတ်ရ၏



www.burmeseclassic.com

www.burmeseclassic.com

…အထူးအောင်မြင်ခဲ့ရုံမက ဆီးချို …ချို ဝေဒနာရှင်များအတွက် များစွာ …သောက်အကူရ အကျိုးရှိခဲ့သည်မှာ …နေ့အထိပါပဲ။

ထို့အပြင် ကြ္ကသရမူလီနွယ်ပင် …မှာတ် ကင်ဆာပျောက်ဆေးပင်တစ် …နှင့် အသီးခြောက်အချို့ ရခဲ့ပြန်ပါ …၊ စိုက်ပျိုးမျိုးပွားမှုဝေရင်း ကြ္ကသ …လီဆေးအစွမ်းကြောင့် ဘီပိုး၊ စီပိုး၊ …သည်းခြောက်၊ အဆီဖုံးနှင့် ကင်ဆာ …ဒနာများစွာအပြင် နှလုံးသွေးကြော …င်း လေးဖက်နာနှင့် အနာများအပြင် …ဆိပ်ပြင်းသော မြွေပွေးကိုက်ခြင်းနှင့် …စထရောကျစေနိုင်သော အကျိုး …ာ ရနိုင်၍ ယနေ့ အလွှာအသီးသီး …င် ယုံကြည်အားထားဆန္ဒရှိသူများ …းလာတာလည်း တွေ့ရပါသည်။

စာရေးသူကလည်း စိုက်ပျိုးမှုဝေ …း ထူးခြားသတင်းကောင်းများ ရရှိ …သည့်အခါ ထပ်ဆင့် ရေးသားနေခဲ့ …ာ ယနေ့အထိပါပဲ။ ကုန်ကျစရိတ် …ါးစွာနှင့် သက်သာ ပျောက်ကင်း …တင်းကလည်း ပိုမို ပျံ့နှံ့လာသော …ကြောင့် စာရေးသား ဖော်ထုတ်နေသူ …ရေးသူအတွက် အခါအားလျော်စွာ …ဆုံခဲ့ကြရသူများထံမှ ဆေးနည်း …ောင်းများ၊ သက်သာပျောက်ကင်းစေ …သည့် နည်းကောင်းအချို့လည်း ရရှိ …သည်။

ထိုသို့ရရှိသည့်ဆေးနည်းကောင်း …သည် ခိုင်လုံသောသတင်းဖြစ်ပါက …ယက်ရှင်များထံမှ ခွင့်ပြုချက်ဖြင့် …တ်ပရိသတ်များအတွက် ရေးသား …ပြခဲ့တာလည်း ယနေ့အထိပါပဲ။ …တစ်လော ကြ္ကသရမူလီဆေးအစွမ်း … ယုံကြည်အားထားသူများလာကြရာ … သခု ရေးသားဖော်ပြမည့်ဆေးနည်း … အရာရှိကြီးတစ်ဦးထံမှ ရရှိခဲ့သော …နည်း ဖြစ်ပါသည်။

ယခင်ကလည်း လိပ်ခေါင်းရောဂါ …ဒနာများကို သက်သာပျောက်ကင်း …င်သည့် အချို့သော နည်းကောင်း …ကို ရေးသားဖော်ပြခဲ့ဖူးပါသည်။ အ …သည်း ထပ်ဆင့်ပျောက်ကင်းသူများ … ရှိခဲ့ပါသည်။ သွေးယိုစီးနေသော …ခေါင်းဝေဒနာရှင်များအတွင်း ပိန်းမ …ရွက်ကို ဖင်ခုထိုင်ရုံနှင့် သက်သာ …ောက်ကင်းမှုဆောင်းပါး၊ အတွင်းလိပ် …ါဝေဒနာကို သက်သာ ပျောက် …စေသော ကြောင်ပန်းရွက်ဆေးအ … မြင်းသရိုက်နာအတွင် ဆေးနည်းစသည်တို့ ဖြစ်၏။

လွန်ခဲ့သော လပိုင်းအတွင်းက ဗိုလ်ချုပ်ကတော်တစ်ဦး ရောက်လာစဉ်က ဆွေးနွေးဖလှယ်ခဲ့ကြရာက မဟာကာကြံဆစ်အပင်နှင့် ပတ်သက်၍ သူမတွေ့ရှိချက်ကလည်း ထူးခြားနေပါ၏။

မဟာကာကြံဆစ်အပင်၏ ဆေးစွမ်းဖြင့် သွေးတိုး၊ လေးဖက်နာနှင့် အဆိပ်များ ပြေပျောက်နိုင်သလို ဗိုလ်ချုပ်ကတော် တွေ့ရှိမှုက လိပ်ခေါင်းသွေးယိုစီးမှုဝေဒနာကိုလည်း ပျောက်ကင်းသက်သာစေနိုင်ကြောင်း သတိရပြန်၍ ဖော်ပြလိုက်ရပါသည်။ မဟာကာကြံဆစ်အရွက်ကို ကျိုသောက်၍ ၎င်းအရွက်ကို မီးသင်းပြီး လိပ်ခေါင်းသွေးယိုစီးနေသောစအိုကို သန့်ရှင်း၍ အတွင်းသို့ အရွက်ကို ခေါက်ပြီးသွင်းထားပါက သက်သာပျောက်ကင်းနိုင်ကြောင်းပြောပြ၍ စာရေးသူကလည်း ထပ်ဆင့်ဖော်ပြလိုက်ရပါ၏။

ထို့အတူ သွေးယိုလိပ်ခေါင်းဝေဒနာကို အသိပေးပြောပြသော စသုံးလုံးအရာရှိတစ်ဦး၏ ပြောပြချက်နည်းကလည်း လွယ်ကူ၍ ပျောက်ကင်းနိုင်ကြောင်း သိရ၍ ယုံကြည်သောဆန္ဒရှိသူများအတွက် လိုအပ်ပါက အသုံးပြုနိုင်ရန် ထပ်ဆင့် ရေးသား အသိပေး ဖော်ပြမိပါသည်။ စာရေးသူ ခြံထဲသို့ စသုံးလုံးအဖွဲ့မှ မြို့နယ်တာဝန်ခံ ဦးမျိုးမြင့်နှင့် ဦးထွန်းထွန်းတို့ မကြာခဏ ဝင်ထွက်လေ့ ရှိပါသည်။

ကြ္ကသရမူလီတစ်ပင်နှင့် အသီးခြောက်အချို့ကို ခြံထဲအရောက်လာပို့ခဲ့သော ခရိုင်တရားသူကြီး ဦးလှဝင်း၊ ယခုနေပြည်တော်တရားရုံးချုပ်မှာ ညွှန်ကြားရေးတာဝန် ထမ်းဆောင်နေသူ၏ ညီက ဦးထွန်းထွန်းပါ ကြ္ကသရမူလီဆေးအစွမ်းနှင့် ပတ်သက်ပြီး စိတ်ဝင်စားသော စသုံးလုံးအဖွဲ့မှ တာဝန်ရှိသူများ ဝင်ထွက်လေ့ရှိတာလည်း ကြာပါပြီ။ ပြီးခဲ့သောလ တစ်ရက်မှာ စာရေးသူ နေထိုင်သော ရပ်ကွက်ရှိ အိမ်ဝိုင်းကိစ္စနှင့်ပတ်သက်၍ စသုံးလုံးတာဝန်ရှိသူများ ရောက်ရှိလာပါ၏။ ဦးမျိုးမြင့်လည်း ပါလာပါသည်။

ကြ္ကသရမူလီအပင်များ ဝယ်ယူကြပြီး ပြန်အထွက်မှာ အရာရှိတစ်ဦးက လိပ်ခေါင်းသွေးယိုရောဂါဝေဒနာအတွက် အောက်ပါဆေးနည်းကောင်းကို ပြောပြလာပါ၏။ ထိုပုဂ္ဂိုလ်ပြောပြချက်က လွယ်ကူ၍ လုပ်ကိုင်ရလွယ်ကူသလို ထိရောက်သော ပျောက်ကင်းသက်သာမှုရှိကြောင်း သိရ၍ ဆေးနည်းကောင်းတစ်ခုအဖြစ် ထပ်ဆင့် ဖော်ပြမိပါသည်၊

ထိုပုဂ္ဂိုလ်ပြောပြတာက -

သင်္ဘောသီး အစိမ်းတစ်လုံးကို အလယ်က ထက်ခြမ်းခြမ်းပြီး အထဲက အစေ့၊ အမျှင်များကို ထုတ်ပစ်ရ၏။ ထိုသင်္ဘောသီးအခြမ်းထဲသို့ ဝင်ဆံ့သော ကြက်ဥတစ်လုံးကို ထည့်၍ သင်္ဘောသီးနှစ်ခြမ်းကို ပြန်ပိတ်ရ၏။ သင်္ဘောသီးကို ပြန်ပိတ်ရာမှာ သိပ်ထို၍ လည်းကောင်း၊ သွပ်ကြိုးဖြင့် ပတ်၍ လည်းကောင်း ပိတ်ရ၏။ ကြက်ဥထည့်ထားသော သင်္ဘောသီးကို မီးဖုတ်ရ၏။ အတွင်းမှ ကြက်ဥကျက်သွားအောင် မီးဖုတ်ရတာပါ။

**စားသုံးမှီဝပုံ**

ကြက်ဥကျက်သွားလောက်ပါက အအေးခံ၍ အတွင်းမှ ကြက်ဥကို ပြန်ထုတ်ယူရ၏။ ထိုသင်္ဘောသီး မီးဖုတ်ကြက်ဥကို အခွံနွှာ၍ သွေးယိုလိပ်ခေါင်းဝေဒနာရှင် စားရ၏။ သက်သာပျောက်ကင်း၏ဟု ထိုအရာရှိက ဆိုပါသည်။

စာရေးသူက-

"ဆရာ့ကိုယ်တွေ့လား"

ဟု မေးရာ-

"သွေးယိုလိပ်ခေါင်း ဝေဒနာကို ဒေသဆရာကြီးတစ်ဦး လက်တွေ့ ကုသတဲ့နည်းကို မြင်တွေ့ခဲ့ရတာပါ"

ဟု ဆိုပါသည်။

ထိုအရာရှိနှင့်အတူ အခြားသော အရာရှိများလည်း ပါ၏။ မြို့နယ်တာဝန်ခံ ဦးမျိုးမြင့်လည်း ပါသောကြောင့် ထိုပုဂ္ဂိုလ်ပြောပြချက်သည် ခိုင်လုံသည်။ သင်္ဘောသီးနှင့် ကြက်ဥမီးဖုတ်သည် မည်သို့သော ဓာတ်သဘောနှင့် အလွန်ခံရခက်၊ ကုသရခက်ခဲသော သွေးယိုလိပ်ခေါင်းကို ပျောက်ကင်း သက်သာစေနိုင်ကြောင်း ပြောပြသူ၏ ထပ်ဆင့်ရှင်းပြချက်တော့ မရှိပါ။

ဒါပေမယ့် ယုံကြည် ကိုးစားနိုင်သည်ဟုတော့ ကိုယ်ပိုင်အတွေး အယူအဆတော့ ဖြစ်ပေါ်လာပါ၏။ အနေခက် အထိုင်ခက် ရုပ်ပျက်ဆင်းပျက် ဝေဒနာခံစားနေရသူများအတွက် အကယ်၍ လိုအပ်ပြီး ဆန္ဒရှိပါက အသုံးပြုနိုင်ရန် စေတနာဖြင့် ရေးသား ဖော်ပြမိပါ၏။ ဤဆေးနည်းကို အခါအားလျော်စွာလည်း ပြောပြနေပါ၏။ ထပ်ဆင့် သက်သာ ပျောက်ကင်းမှုသတင်းတော့ မကြားရ မတွေ့ရသေးပါ။

စောဥဒါ(ပျဉ်းမနား)



www.burmeseclassic.com

www.burmeseclassic.com

ဈေးကတော့ အတော် ချောင်သည်။ မျက်မြင်အနေအထားအရ ပေါက်ဈေးထက် သိန်းဂဏန်းကျော်ကျော် လျော့နည်းနေသည်မို့ စိတ်ဝင်စားစရာ။

အမျိုးအစားက မာစီဒီး၊ နောက်ဆုံးပေါ်။

ပိုင်ရှင်ကလည်း FIRST OWNER လို့ ဆိုသည်။

အင်ဂျင်ပိုင်းဖွင့်ကြည့်တော့လည်း ရှင်းရှင်းလင်းလင်း တောက်တောက်ပြောင်ပြောင်။ အားလုံးက ORIGINAL။ ဆေး၊ တာယာ၊ ကူရှင်၊ မှန်တွေကအစ အစင်းအစက်အပြောက်ခြစ်ရာပွန်းရာမရှိ။ စက်သံကလည်းညက်လို့နေသည်။ ဘော်ဒီသံပြားတွေဆို ခေါက်ကြည့်စရာတောင်မလို။

ကားဝယ်တော့မည်ဆိုလျှင် အရောင်းအဝယ်သွက်စေဖို့ ဂဏန်းက စုံမှဖြစ်မည်။ ဂဏန်းသုံးလုံး၊ နှစ်လုံးတို့ဆို အရောင်းအဝယ်ကခက်သည်။ အခုဟာ ဂဏန်းစုံ။ အားလုံးပေါင်းလိုက်လျှင်လည်း (၉) ဂဏန်း ရသည်မို့ ဝယ်သင့်သည့်ကား။

"အရောင်းအဝယ်ဖြစ်ချင်လွန်းလို့ ဒီဈေးနဲ့ပေးတာပါ။ တစ်ဖက်မှာ လုပ်ငန်းတစ်ခုအတွက် ကျွန်တော် အရေးပေါ် ငွေပေးစရာရှိနေလို့ပါ။ အစ်ကိုတို့ကြိုက်တဲ့အချိန်ပြန်ရောင်း။ အနည်းဆုံး သုံး၊ လေးပုံးလောက်ကျန်မှာ ကျွန်တော်ပြောရဲတယ်"

ရောင်းမည့်သူဘက်က သူ့အခက်အခဲကိုပြောရင်း ဝယ်ဖို့တိုက်တွန်းနေသည်။ ဝယ်မည့်သူကလည်း မိမိနှင့်သားချင်းတော်သည့်သူ။ ကားအကြောင်း ဂဃနဏမသိ၍ မိမိကို ဆရာတင်ပြီး အကူအညီတောင်းသဖြင့် ကားအခြေအနေကို လိုက်ကြည့်ပေးခြင်းဖြစ်ရာ-

"တကယ်ပါ အစ်ကိုတို့ရာ၊ ကြိုက်တယ်ဆိုရင် ဝယ်ပါ။ အစ်ကိုတို့ မနစ်နာစေရပါဘူး၊ တန်ပါတယ်။ အရောင်းအဝယ် တကယ်ဖြစ်မယ်ဆိုရင် အစ်ကိုတို့ဘက်က ပွဲခထုတ်စရာမလိုပါဘူး။ အစအဆုံး ကျွန်တော် တာဝန်ယူရှင်းပေးပါ့မယ်"

တကယ်လည်း ဝယ်ထိုက်သည့်ကား ဆိုတော့ ကျွန်တော့်သားချင်းကို လက်တို့ခေါ်ပြီး တစ်နေရာမှာ တီးတိုးတိုင်ပင်ပြောရသည်။ ငွေအကျေချေမှာလား၊ ငွေကျန်ထားမှာလားပေါ့။

"အစ်ကိုသင့်တော်တယ်ဆိုရင် ယူလိုက်မယ်လေ၊ ငွေမချန်ပါဘူး။ ကားနဲ့ ပတ်သက်တဲ့ ဝီးတက်တို့၊ အုံနာဘုတ်တို့ ဆီစာအုပ်တို့ တစ်ခါတည်း ပါ၊ မပါ စစ်ဆေးပြီးမှန်ကန်တယ်ဆိုရင် တစ်ခါတည်း စာချုပ်ချုပ်ပြီး ငွေချေကြတာပေါ့"

သည်လိုနှင့် ကားနှင့် ပတ်သက်သမျှ မေးမြန်းစုံစမ်းကာ ကားနှင့် သက်ဆိုင်သော စာရွက်စာတမ်းများစစ်ဆေးပြီး စာချုပ်ကို စားသောက်ဆိုင်တစ်ဆိုင်တွင် အပြီးသတ် ချုပ်ဆိုကြပြီးနောက် မူလ ပိုင်ရှင်က ကားသော့ကို ကမ်းပေးရင်း -

"အစ်ကိုရေ၊ ဖိမ်ခံစီးမယ်ဆိုရင်





www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ကားတွေထက် အဆပေါင်း သာတဲ့ကားပါ။ ကမ္ဘာကျော်ကား ကမ္ဘာမှာထင်ရှားတဲ့၊ ကျော်ကြား စီးပွားရေးလုပ်ငန်းရှင်တွေ၊ အနု ရှင်တွေ၊ နိုင်ငံခေါင်းဆောင်တွေ သဘောကျတဲ့ အမျိုးအစားမို့ တို့လည်း ကံကောင်းပါစေလို့ ဆု ပေးလိုက်ပါတယ်"

❑

ရွှေအိုရောင် မာစီဒီးကားလေးက လမ်းမကြီးပေါ်မှာ တရိပ်ရိပ်ပြေး သည်။ အဲယားကွန်းကလည်းစိမ့်နေ အေးသည်မို့ ပြင်ပကအပူဒဏ်ကို လိုမှမသိသာ။ စီးရတာ၊ မောင်းရ လည်း အတော်ကလေး ငြိမ့်ငြိမ့် ညက်ညောညောရှိလှသည်။

"အစ်ကိုရေ၊ အစ်ကို့ကို ကျွန်တော် ကျေးဇူးအထူးပါတယ်။ ကျွန်တော့်ကား ကို ကျွန်တော် တော်တော်လေး ကြိုက် သွားပြီ"

မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး ရှေ့အရောက်မှာ ပြန်ကွေ့ပြီး သယ်န်း ကျွန်းသို့ ပြန်လာတော့ ညနေ လေးနာရီ သာသာခန့်။

သူတို့အိမ်ရောက်တော့ ညီငယ်၏ ဇနီးရော ခယ်မတွေပါ ကားလေးကို လှည့်ပတ်ကြည့်ပြီး တအားသဘောကျ နေသည်မို့ မိမိအကျိုးဆောင်ပေးရကျိုး နပ်ပေပြီဟု ကျေနပ်နေမိသည်။

မိမိအပြန်မှာတော့-

"အစ်ကို ဘယ်လိုမှ သဘောမ ထားပါနဲ့၊ ရိုင်းတယ်လို့လည်းမထင်ပါနဲ့။ အစ်ကို့ကို ကန်တော့တာပါ"

ဆိုပြီး စာအိတ်တစ်အိတ် အတင်း လက်ထဲကိုထိုးပေးလာသည်မို့ ဘယ်လို မှ မငြင်းသာတော့။

အိမ်ပြန်ရောက်လို့ ကြည့်လိုက် တော့ ငွေသားကျပ်တစ်သိန်းတိတိ။ အင်းလေ၊ မဆိုးပါဘူး။ ဘာပဲပြောပြော သိတတ်တော့လည်း သုံးရတာပေါ့။

ဇနီးသည်အား အကျိုးအကြောင်း ပြောပြပြီး ငွေကိုအပ်ကာ ရေမိုးချိုးပြီး ည စာစား၍ စောစောအိပ်ရာဝင်ဖြစ်သည်။ တစ်နေကုန် သွားလာလှုပ်ရှားခဲ့ရသည် မို့ ပင်ပန်းပြီး အိပ်လိုက်တာမှ တစ်ရေးမှ မနိုးသည့်အဖြစ်၊

မနက် (၆) နာရီသာသာခန့်သာရှိ ဦးမည် ထင်သည်။

ဇနီးသည်က-

"ကိုရေ၊ ထပါဦး။ ဖုန်းလာနေ တယ်။ ကို့ကိုမေးနေတယ်"

"ဩော်- ခက်ရပါကလား၊ အိပ်လို့ တောင်မဝသေးဘူး။ အနှောင့်အယှက်၊ အနှောင့်အယှက်. . ."

ပါးစပ်မှ ညည်းတွားရင်း ဖုန်းကို ကောက်ကိုင်လိုက်တော့-

"အစ်ကိုရေ ညီပါ၊ အစ်ကို ခဏ လောက် ကျွန်တော့်ဆီကို လာပါဦး"

"ဘာဖြစ်လို့လဲ၊ ဘာကိစ္စလဲ။ ငါ့ကို ရှင်းရှင်းပြောစမ်းပါဦးကွ"

"ကိစ္စကတော့ ကားကိစ္စပဲအစ်ကို ရေ၊ ဖုန်းနဲ့ပြောလို့က ပြီးမှာမဟုတ်ဘူး။ အစ်ကို အမြန်သာလာခဲ့ပါ။ ဒီကျမှ အ ကြောင်းစုံ ပြောပြမယ်"

ဆိုပြီး ဖုန်းချသွားသဖြင့် မျက်နှာ သစ်၊ ရေချိုးပြီး အဝတ်အစားလဲကာ မိမိ နေထိုင်ရာ ရန်ကင်းမှ သယ်န်းကျွန်းသို့


www.burmeseclassic.com

www.burmeseclassic.com

သုတ်ခြေတင်ရတော့သည်။

❑

"ကဲ- ဆို၊ ဘာဖြစ်ကြတာလဲ"

ခရီးရောက်မဆိုက် မေးလိုက်တော့ -

"အစ်ကို၊ ညီလည်း တစ်ညလုံး မအိပ်ရပါဘူး အစ်ကိုရယ်။ ကားက သူ့အလိုလို ရှေ့မီးတွေထထလင်းလို့ သွားပြီး ပိတ်လိုက်၊ တော်ကြာပြန်လင်းလိုက်နဲ့ နောက်ဆုံး မတတ်နိုင်တဲ့အဆုံး ဘက်ထရီဖြုတ်ထားလိုက်တော့မှပဲ အိပ်ရတော့တယ်"

ညီငယ်၏ မိန်းမက ရှင်းပြတော့ သည်ကောင့်ကြည့်ရတာ မနေ့က ကားဝယ်တုန်းကတွေ့ရသည့်အပြုံးမျိုး မဟုတ်တော့ပြီ။

"ဒါဆို ကားထုတ်ကွာ၊ ဝါရာရိန်းသွားပြကြည့်ရအောင်။ တစ်နေရာရာ ရှော့ခ်တွေဘာတွေများဖြစ်နေလားလို့"

သည်လိုနှင့် ဝါရိန်းဆိုင်တွေထဲမှာ ကားကောင်းကားသန့်တွေကိုသာ ရွေးချယ်ပြီးကိုင်သည့်ဆိုင်ကို ရှာဖွေပြီးပြကြည့်တော့လည်း အပြစ်အနာအဆာ မတွေ့၊ စဉ်းစားရကျပ်ပြီ။

"ကဲ - ညီရေ ဒီလိုလုပ်ကွာ။ အခုဟာက ဘာအပြစ်မှရှာမတွေ့ဘဲ အခုတော့လည်း အကောင်းပဲ။ အခန့်မသင့်လို့ ဖြစ်တာနေမှာပေါ့"

"အစ်ကိုရယ်၊ အခန့်မသင့်လို့ဖြစ်စရာလား။ မတော်တဆအန္တရာယ်ဖြစ်ရင် မခက်ပါလား"

သူပြောတာလည်း ဟုတ်တုတ်တုတ်။ မိမိအနေအထားကလည်း သည့်ထက်ပိုပြီးနားမလည်။နောက်ဆုံးတော့-

"ဒီတစ်ညလောက်စောင့်ကြည့်ဦးကွာ၊ ဘယ်လိုထဖောက်မလဲလို့"

ဆိုပြီး စကားလက်စသတ်ကာပြန်သာပြန်ခဲ့ရသည်။ သည်ည ဘာဖြစ်ဦးမလဲဆိုသောအတွေးဖြင့်. . . ။

မိမိအတွေးမမှားပါ ဆိုသည့် အကြောင်း မနက်ကျတော့ ထုံးစံအတိုင်း ဖုန်းဝင်လာပြန်သည်။

"အစ်ကိုရေ အမြန်သာလာခဲ့ပါတော့"

ဆိုတော့ ပြေးရပြန်ပြီပေါ့။ သယ်န်းကျွန်းကို မိမိရောက်သွားတော့ မိသားစုတွေအားလုံးက မျက်နှာမသာမယာ။

"ကဲ - ဆို ဘယ်လိုတွေဖြစ်ကြပြန်ပြီလဲ"

"အစ်ကို၊ ဘာမှဆိုမနေနဲ့တော့။ ဒီကားကို အမြန်သာပြန်ထုတ်ဖို့ အစ်ကိုကြိုးစားပေးပါ"

"မဟုတ်သေးဘူးလေ၊ အကျိုးအကြောင်းပြောဦးမှပေါ့"

"အကျိုးအကြောင်းပြောရမယ်ဆိုရင်တော့ ပတ်ဝန်းကျင်သာ မေးကြည့်ပါတော့ အစ်ကိုရေ။ ညက တစ်ညလုံး ရှေ့မီးတွေလင်းလိုက်၊ ဟွန်းသံတွေမြည်လိုက်နဲ့ ဒီကားတစ်ခုခုစီးနေပုံရတယ်။ အိမ်မှာထားရမှာတောင် ကြောက်လာပြီ၊ အမြန်သာပြန်ထုတ်ပေးပါ"

မိမိဝယ်ပေးမိသည့်ကား မိမိမှာ တာဝန်ရှိလာပြီ။ မိမိ စခဲ့သည့်ကိစ္စ ဆိုတော့ အဆုံးသတ်ပေးဖို့ တာဝန်ယူရပေတော့မည်။

"ကဲ - ဒီလိုလုပ်၊ ကားကို ငါယူသွားမယ်။ ပွဲစားတန်းမှာစနည်းနာကြည့်မယ်၊ တီးခေါက်ကြည့်မယ် ဟုတ်ပလား။ အကြောင်းထူးရင် ငါဖုန်းလှမ်းဆက်လိုက်မယ်။ မင်းတို့စာရွက်စာတမ်းတွေအဆင်သင့်လုပ်ထား"

ကားကို ကိုယ်တိုင်မောင်းပြီး ပွဲစားတန်းတကာအနှံ့ စနည်းနာရသည်။

သည်မှာတင် -

"နေပါဦး၊ ဒီကားကို ဘယ်လိုကဘယ်လိုတွေ့ပြီး ဝယ်လာဖြစ်တာလဲ"

ကားပွဲစားလောကတွင် ဘုရင်တစ်ဆူလိုကျော်ကြားလှသည့် စိန်လှသွင် ဆိုသည့် ပွဲစားကြီးက လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ပြီး တစ်ချက်ပြုံးစေ့စေ့လုပ်ရင်း မေးလာသည်မို့ -

"မင်းတို့က ကားရဲ့ ဇာစ်မြစ်ရာဇဝင်ကိုမှ မစုံစမ်းမစစ်ဆေးဘဲ ကြိုက်တာနဲ့ ဝယ်လိုက်တာကိုးကွ။ မင်းတို့ကားက ပေါက်ဈေးထက် လေး၊ ငါးသိန်းလောက်လျော့ပြီးရတယ်ဆိုကတည်းက စဉ်းစားစရာဖြစ်မနေဘူးလား။ မင်းစဉ်းစားကြည့်လေ"

ဟုတ်ပါ့၊ သူပြောတာလည်းဟုတ်တုတ်တုတ်။

"မင်းကောင်လေးရဲ့အဖြစ်က တော်သေးတယ်။ ပထမ ပိုင်ရှင်လက်ထဲမှာတုန်းက ဟွန်းသံမြည်၊ မီးလင်းရုံတင်မကဘူး မောင်ရာ၊ သူ့အလိုလို စက်ကထထပြီးနှိုးနေလို့ သူတို့ခမျာအိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရနဲ့ ကားကောင်းကြီးပိုက်ပြီး သောကတွေရောက်နေကြရတဲ့အဖြစ်ကို မင်းတို့မှ မသိတာ။

ငါတစ်ခုပြောပြမယ်၊ ကြာတော့ကြာပါပြီ။ ငါတို့ကားလောကမှ သိမိလိုက်တဲ့သူတွေပြောပြတာ ကားတစ်စင်းအကြောင်း မင်းကို ပြောပြရဦးမယ်။

အထက်တန်း ကျောင်းအုပ်ဆရာကြီးတစ်ဦး ကားတစ်စင်း ဝယ်ပါသေရော။ အဲဒီတုန်းကတော့ ဝယ်မယ့်သူနဲ့ရောင်းမယ့်သူဆုံပေးလိုက်ရင် ကြိုက်ထိုးကြိုက်ခံပေါ့။ အရောင်းအဝယ်ဖြစ်သွားကြတယ်။ အဲဒီဆရာကြီးဝယ်တဲ့ကားက အင်္ဂလန်ထုတ်ကား အော်စတင် ဆမ်မားဆက် ဆိုတဲ့ အမျိုးအစား ဟင်းဂီယာပေါ့။ အင်္ဂလိပ်ကားတွေမှာ ချစ်စရာတစ်ခုကောင်းတာက သော့ဖွင့်ပြီးမော်တာနဲ့စက်ကိုနှိုး၊ ဒါမှမရရင် အင်ဂျင်ကို ဂေါက်တံနဲ့လှည့်ပြီး နှိုးရတာ။ နောက်ဆုံးအဆင့်မရရင် တွန်းပြီးနှိုး။ အဲသလို အဆင်ပြေတာ။အခုလိုအော်တိုဂီယာတွေဆို ဘယ်လိုတွန်းတွန်း ရွေ့လိမ့်မလဲ။

အဲဒီဆရာကြီးက ကားဝယ်လာပြီး မိသားစုတွေကလည်း ပျော်လို့ရွှင်လို့ပေါ့။ ရန်ကုန်မှာလည်း ကားက ရှားပါးသေးတဲ့အချိန်၊ ဆရာကြီးဝယ်တဲ့ကားက (ဃ) နံပါတ်။ နောက်ဆုံးပေါ်ကား ဆ/ဇ အထိပဲ ရှိသေးတဲ့အချိန်။ အဲ သူ့ကားက (ဃ) နံပါတ် မှတ်မိသေးတယ် ၃၃၆၈ တဲ့။

နောက်နေ့မနက်လည်းကျ ဆရာကြီးက ကျောင်းသွားဖို့ အဝတ်အစားဝတ်ပြင်ဆင်ပြီး ကားကို ရေဖြည့်၊ ဆီတို့ ဂီယာဝိုင်တို့၊ အင်ဂျင်ဝိုင်တို့ကြည့်ပြီး ကားထိုင်တက်ပြီး စက်နှိုးတော့ စက်က မနိုးဘူး။ ဒါနဲ့ သူ့သားအကြီးက ဂေါက်တံယူပြီး အင်ဂျင်ကိုဂေါက်တံနဲ့မွှေ့မွှေ့ပြီးနှိုးလည်း မနိုးဘူး။ လက်မောင်းတွေကို အောင့်လာ တဲ့။ ဒါနဲ့ လူအင်အားနဲ့ဝိုင်းပြီးနှိုးလိုက်ကြတာ နောက်ဆုံး အိမ်ကနေ ဝပ်ရှော့ကို ရောက်တဲ့အထိပဲ ဆိုပါတော့။

ဝပ်ရှော့ရောက်ပြန်တော့လည်း ဝပ်ရှော့ဆရာ မျက်စိလည်တဲ့အဖြစ်၊ ဘာအပြစ်အနာအဆာမတွေ့တော့ ဝပ်ရှော့ဆရာလည်း လက်မှိုင်ချရတဲ့အထိ။ အဲဒီနေ့က ဆရာကြီးလည်း ကျောင်းမရောက်တော့ဘူး။ ဝပ်ရှော့မှာကို နေ့တစ်ပိုင်းကျိုးတဲ့အထိ အချိန်တွေကုန်ရော။ နောက်ဆုံးတော့ မူလကားပိုင်ရှင်ဖြစ်တဲ့ ဦးမောင်မောင် နေထိုင်ရာ တောင်ဥက္ကလာပ(၈)ရပ်ကွက်က အိမ်ကို သွားပြီး -

'ဦးမောင်မောင်ရေ၊ ခင်ဗျားဆီက ဝယ်သွားတဲ့ကားကတော့ အတော်



www.burmeseclassic.com

www.burmeseclassic.com

…ဘာ၊ ဘယ်လိုမှ စက်နိုးလို့မရဘူး။ …ဆရာကလည်း အပြစ်အနာအ…ကြည့်တာ မတွေ့ဘူး။ ခင်ဗျား…ာ ဘယ်လိုပြစ်ချက်မျိုးရှိနေလဲ။ …တော်လည်း ဝယ်ပြီးတဲ့ပစ္စည်းဖြစ်…တော့ သူ့ရဲ့အားနည်းချက်ကို သိထား…မှာ'

လို့လည်း ပြောရော-

'ဆောရီးပဲ ဆရာကြီးရေ၊ ဆော… ကျွန်တော် ပြောဖို့တစ်ခုကျန်သွား… ဟုတ်တယ်ဗျို့ ဒီလိုဗျ။ ကျွန်…တားက ပြောရမယ်ဆိုရင်တော့ …တော်က အသောက်သမားမဟုတ် … အဲဒီတော့ ကိုကြီးကျော်ကို အပ်…တာ အစွဲရှိတယ်ဗျ။ မနက်မိုးလင်း … ကားရေတိုင်ကီထဲကို အရက်ပင်နီ…င်ပုလင်းလေး တစ်လုံးစာလောက် … ထည့်ပေးလိုက်။ တစ်နေကုန်မောင်း…မောင်းပေတော့ ဆရာကြီးရေ။ …တိုင်းတော့ ကျွန်တော်ပြောသလို …နိုးပါ အဆင်ပြေပါလိမ့်မယ်'

ဆိုတဲ့ စကားလည်းကြားရရော…ပဲ မောင်ရာ၊ ဒီကားကို နေ့တိုင်း…တိုက်ပြီး နိုးနိုးနေရတာ အဆင်…လို့။

ခက်တာက အရက်မသောက်၊ …ပ်မသောက်၊ ကွမ်းတောင် မစား … ဆရာကြီးခမျာ ကားထဲမှာ အရက်…ဆောင်ထားရတာဆိုတော့ ကြာ… ရှက်လည်းလာတာပေါ့။ သိက္ခာ…ကျတယ်ထင်ပြီး ပြန်ရောင်းဖို့ ကြံ…တော့တာပေါ့"

စိန်လှသွင် စကားဆုံးတော့-

"ဒါဆို အဲဒီကားက သူများလက်…တ်သွားပြီး အဲဒီဒုက္ခကို နောက် … ဆက်ပြီးခံရမှာပေါ့နော်"

ကျွန်တော်က ဖြတ်မေးလိုက်ရာ…တော့်အမေးကို ကားပွဲစားကြီး…သွင်က -

"မဟုတ်ဘူး မောင်ရာ၊ မင်းထင် … မဟုတ်ဘူးကွ။ သထုံဘက်က နေ…ာင်မှာရှိတဲ့ ဆရာတော်ကြီးတစ် … အဲဒီကားကိုအလှူခံတယ်တဲ့။ ဒါနဲ့ …ကြီးကလည်း လှူပါတယ်ပေါ့ကွာ။ … ဆရာတော်ဘုရားကြီးက ဒီနေ့…တစပြီး ဒီကားဟာ ဘုန်းဘုန်းရဲ့…ပြီ၊ ဘယ်သူနဲ့မှ မဆိုင်တော့ဘူး … သူ့လက်သုံးတော်တောင်ဝှေးနဲ့ …ကို သုံးခါသပ်ချပေးလိုက်တဲ့အချိန် …ပြီး အဲဒီကားလည်း အရက်ကို ပြတ်ကရောပဲ။

ငါပြောချင်တာက မင်းတို့ကားလည်း အဲဒီလိုအစွဲရှိနေတယ်။ တစ်ခုခုအနှောင့်အယှက်ပေါ့ကွာ။ ငါတို့ကားလောကမှာက မင်းမာစီဒီးအကြောင်းကို သိနေတဲ့လူအတော်များတယ်ကွ။ မသိတဲ့လူက ခပ်ရှားရှားဘဲ။ လွယ်လွယ်နဲ့တော့ ရောင်းမထွက်နိုင်ဘူး မောင်"

❑

သည်လိုနှင့် သယ်န်းကျွန်းအိမ်ကို ပြန်ရောက်လာရသည်။

"အစ်ကိုရာ၊ တစ်နေ့လုံး ဖုန်းထိုင်စောင့်နေတာ အစ်ကိုက ဘာအဆက်အသွယ်မှမလုပ်ဘူး။ ကျွန်တော့်မှာ စိတ်မောပြီးထမင်းတောင်မစားနိုင်တဲ့အဖြစ်"

"အေး-ညီရေ၊ ဒီကားက ရာဇဝင်နဲ့ကားတဲ့ကွ။ ဒီကားရဲ့ မူလပိုင်ရှင်က ဒီမှာ စီးပွားရေးလာလုပ်တဲ့နိုင်ငံခြားသားတဲ့။ ဒီကားပေါ်မှာတင် အသက်ပျောက်သွားတာ။သေတာကတော့ သွေးရိုးသားရိုးပါ။ အက်ဆီးဒင့်တွေဘာတွေဖြစ်ပြီးသေတာမဟုတ်ဘူး။ကြည့်ရတာ သူ့ကားအပေါ် အစွဲအလမ်းလွန်နေပုံရတယ်။ ဝိုင်းပြီးအကြံဉာဏ်ပေးကြတာကတော့ တတ်သိနားလည်တဲ့ ဆရာတော်၊ သမားတော်တွေ၊ ပုဂ္ဂိုလ်တွေကိုပြပြီး အကြံဉာဏ်တောင်းပြီး လုပ်ကြည့်ပါလို့ အကြံပေးကြတယ်ကွ"

"တော်ပါပြီအစ်ကိုရာ၊ ကျွန်တော် စိတ်ကုန်သွားပြီ။ ဝယ်ရင်းဈေးထက် အနည်းအပါး အရှုံးခံပြီး ပြန်ရောင်းပေးပါ။ ကျွန်တော် ဒီကားကို မမြင်ချင်တော့ဘူး"

ခက်ပြီ၊ မတတ်နိုင်တော့။ နောက်ဆုံးတော့ -

"ဒီလိုဆို ကောင်းပြီလေ၊ မင်းကားကို ဝယ်ရင်းဈေးအတိုင်း ငါယူမယ်။ ဒါပေမယ့် ငွေတော့ အကျေမချေနိုင်သေးဘူး။ အစွန်းထွက်ချန်ထားမယ်။ ကားအိုနာဘုတ်တို့၊ စာချုပ်တို့၊ မင်းကိုင်ထား။ ငွေအကျေချေပြီးမှ နာမည်ပြောင်းမယ်၊ အိုနာဘုတ်ယူမယ်။ ကျေနပ်လား"

"ကြိုက်သလိုသာလုပ် အစ်ကိုရေ၊ ဒီကားကို မတွေ့ရ၊မမြင်ရရင် ကျွန်တော်တော်ပြီ"

❑

"ဥစ္စာပစ္စည်း ဆိုတာက ထိုက်မှရတာဆိုတာ တယ်မှန်တာပဲ။ ကိုယ်နဲ့မထိုက်ရင် ဘယ်လောက်အဖိုးတန်နေပါစေ ကိုယ့်လက်ထဲမှာ ကြာကြာမခံ၊ မမြဲဆိုတာ အဟုတ်။

သူ့ဆီက ဝယ်လာပြီး ကျွန်တော်တစ်လအတွင်း ငွေချေလိုက်တယ်၊ လက်ပြောင်းလက်လွှဲလုပ်လိုက်တယ်။ ကျွန်တော့်လက်ထဲမှာ ဘာမှမဖြစ်ဘူး၊ အကောင်းပကတိပဲ။ ဆရာက စာရေးဆရာ ဆိုတော့ အဲဒီအကြောင်း စာရေးမယ်ဆိုရင် ရေးလို့ရအောင် ပြောပြတာပါ"

အထက်ပါဖြစ်စဉ်ကို ရှည်လျားစွာ ပြောပြပြီးနောက်-

"ဟုတ်ပါပြီ၊ မင်းလက်ထဲဘာသံမှ မကြားရ၊ ဘာမှမဖြစ်ဘူးဆိုတော့ မင်းမှာ ဘာအစွမ်းကောင်းတွေရှိနေလို့လဲ ပြောစမ်းပါဦး။ ဘာအဆောင်ကောင်းတွေရှိနေလို့လဲ"

"ရှိပြီလားဆရာရယ်၊ ကျွန်တော်ပြောရင် ဆရာယုံပါ့မလား မဆိုနိုင်ဘူး။ ကျွန်တော် မှန်သောစကားကို ဆိုတာပါ။

သူ့အပြောအရ သိတတ်စအရွယ်မှစပြီး ရတနာသုံးပါးဆည်းကပ်ပြီး ပရိတ်ကြီး(၁၁)သုတ်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသနိဒ္ဒေသတို့ မှန်မှန်ရွတ်ဖတ်ပူဇော်ပြီး အသက်(၂၅)နှစ်ကစပြီး ဝါတွင်းတိုင်း သက်သတ်လွတ်စားပြီး ပဋ္ဌာန်းကျမ်းကြီးငါးကျမ်းကို နှစ်တိုင်းပူဇော်လာတာ ဒီကနေ့အထိဆိုပဲ။ ကံငါးပါးထဲက ကာမေသုမိစ္ဆာစာရကံနဲ့ သုရာမေရယကံကို မကျူးမပေါက်ထိန်းလာတာ ကျွန်တော့်အတွက် အဆောင်ကောင်း၊ စွမ်းအားကောင်းလို့ပဲ ထင်ပါတယ်။ အဲဒီကား ကျွန်တော့်ဆီရောက်တဲ့နေ့က ကျွန်တော် တတ်သရွေ့ မှတ်သရွေ့ ရွတ်ဖတ် ပူဇော်ပြီး ပဋ္ဌာန်းရေဖျန်းတယ်။ ရွှေတိဂုံစေတီတော်ကြီးကို သုံးကြိမ်သုံးခါ ဦးတိုက်ပူဇော်ခဲ့တာ။ ဒီကနေ့ထက်အထိ ဒီကားက ဒုက္ခမပေးပေါင် ဆရာရယ်"

ဆိုသော စကားကို ကြားရတော့-

သည်မှာတင် စာရေးသူအဖို့ အသိတရားတစ်ခု တိုးခဲ့ရပြီလေ။ ယုံယုံကြည်ကြည်နှင့် ဗုဒ္ဓ၏ ပရိတ်တော်၊ ပဋ္ဌာန်းတော်တို့က ယုံကြည်လျှင် ယုံကြည်သလောက် အစွမ်းထက်နိုင်ကြောင်းနှင့် မိမိကိုယ်တိုင်ကလည်း သစ္စာစောင့်သိစည်းမကျူးပေါက်ဖို့လိုကြောင်းကို အခု အဖြစ်အပျက်က သက်သေခံနေပြီ မဟုတ်ပါလား။

ဆွေနှင်းထင်



www.burmeseclassic.com

www.burmeseclassic.com


သုဝဏ္ဏဘူမိနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှေးအိန္ဒိယမှတ်တမ်းများ၊ ဇာတ်တော်များတွင် တွေ့ရှိရ၏။ မဟာဇနကဇာတ်နှင့်သုစန္ဒိဇာတ်တို့တွင် သင်္ဘောဖြင့် ရွက်လွှင့်ပြီး သုဝဏ္ဏဘူမိသို့ လာရောက် ကုန်သွယ်သည့်အကြောင်း၊ သင်္ဘောပျက်သည့်အကြောင်း ရေးသားဖော်ပြခဲ့၏။ သုစန္ဒိဇာတ်တွင်ပါရှိသည့် ဘရုကတ် (ချ်) (Bharukaccna) ကို Cambay ပင်လယ်ကွေ့ရှိ ဘာရိဂဇ (Barygaza) ဖြစ်သည်ဟု ရေးသားထား၏။ ရာမယနဇာတ်တော်တွင် သုဝဏ္ဏဒီပနှင့် ယဝဒီပ (ဘာလီကျွန်း) သို့ ပင်လယ်ခရီး သွားလာခဲ့ကြကြောင်း အထောက်အထားများ တွေ့ရှိရ၏။ မိလိန္ဒပဥှာတွင် တရုတ်ပြည်နှင့် Takola တစ်လျှောက် သုဝဏ္ဏဘူမိသို့ သင်္ဘောဖြင့် ရွက်လွှင့်သွားကြောင်း ရေးသားဖေ

ထား၏။

ဤသည်တို့ကား အိန္ဒိယတို

သားများ အရှေ့တောင်အာရှသို့ ကူး

ဆက်ဆံခဲ့သော အထောက်အထား





www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယမှ ကောတိလျ အမတ် ...ည် အာထသျှတ္တရကျမ်းကို ရေးခဲ့ ...င်းကျမ်းတွင် ခရစ်တော်မပေါ်မီ ...ဘပင် အိန္ဒိယယဉ်ကျေးမှု အရှေ့ ...င်အာရှဒေသသို့ ပျံ့နှံ့ရောက်ရှိခဲ့ ... အဓိပ္ပာယ်ကောက်ယူနိုင်သော ... ပါရှိ၏။ သို့သော် ယင်းဖော်ပြ ...သည် တိကျသေချာမှုမရှိ အခိုင် ...ချမရ။ ပြီးနောက် ထိုကျမ်းကို ဘီစီ ၃၀၀၊ စန္ဒြဂုပ္တလက်ထက်တွင် ပြုစုခဲ့သည်ဟု ဆို၏။ ဤအဆိုသည်လည်း တိကျမှန်ကန်သည်ဟု မယူဆနိုင်။ အချို့ပညာရှင်များက ထိုကျမ်းသည် ခရစ်တော်မပေါ်မီ အနှစ် (၂၀၀)လောက်ကျမှပေါ်ပေါက်လာသည်ဟု မှန်းဆကြ၏။

ရှေးအခါက ဘရုကက်(ချ်) နှင့် သုဝဏ္ဏဘူမိ ကုန်သွယ်ရေးလမ်းကြောင်း ရှိခဲ့ဟန်ရှိ၏။ နောက်ပိုင်းတွင် သုဝဏ္ဏဘူမိသည် ဗာရာဏသီနှင့်လည်း ကူးလူးဆက်ဆံခဲ့သည်။ ဒေါက်တာလု (စ်) က အေဒီ (၄၁၁-၄၁၄) တွင် ထရုတ်ရဟန်းတော် ဖာသီယန် သီဟိုဠ် (သီရိလင်္ကာ) တမ်ပါရယ်လိပတိ (Tampralipti) မှ တရုတ်ပြည်သို့ သင်္ဘောဖြင့် ရွက်လွှင့်သွားကြောင်း ရေးသားခဲ့၏။ ပညာရှင်တစ်ဦးဖြစ်သူ နာလာလာဆက်ကရ (Nalalasekeras) ရေးသားပြုစုခဲ့သည့် အဘိဓာန်တွင် ဘရုကက်(ချ်)သည် ပါဠိဝေါရဟာဖြစ်ပြီး ယခု ဘရို့(ချ်)(Broach) ဖြစ်ကြောင်း ဖော်ပြခဲ့၏။

အေဒီ ၄ ရာစု၊ ၆ ရာစုအတွင်း ရေးသားခဲ့သည့် ဒီပဝင်နှင့် မဟာဝင်ကျမ်းများတွင်လည်း သုဝဏ္ဏဘူမိအကြောင်း ပါရှိ၏။ မဟာဘာရာမ (Mahabarama)၊ ဝိဘင်္ဂ (Yibhanga) ကျမ်းနှင့် မဟာနိဒ္ဒေသကျမ်းများတွင် အရှေ့တောင်ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ နိုင်ငံများနှင့် သုဝဏ္ဏဘူမိကိုဖော်ပြထား၏။ အာရပ်ပညာရှင် အယ်ဘာရူနီ (Alberuni) သည်လည်း သုဝဏ္ဏဘူမိအကြောင်း စာအုပ်ရေးသားခဲ့၏။ ၎င်း၏ စာအုပ်တွင် 'သုဝဏ္ဏဘူမိမှ မြေအနည်းငယ်ကို ဆေးကြောရုံနှင့် ရွှေအမြောက်အမြားရရှိနိုင်သည်' ဟု ရေးသားခဲ့၏။

အေဒီ (၇၀-၇၁) ခုနှစ်က ရေးသားခဲ့သည်ဟုယူဆရသော ပဲရိပလတ် (Periplus) ခေါ် ဂရိမှတ်တမ်းတစ်စောင်ရှိ၏။ ယင်းဂရိမှတ်တမ်းအရ ခရိုင်ရှိခေါ် ရွှေမြေ (အရှေ့တောင်အာရှကျွန်းဆွယ်) နှင့် ကူးလူးဆက်ဆံသော အိန္ဒိယဆိပ်ကမ်း(၃)ခုရှိ၏။ ယင်းတို့မှာ ကဝေရိပတ်နမ် (Kararipatnam)၊ ပွန်ဒစ်ချယ်ရီ (Pondicherry) နှင့် မကာနမ် (Makanam) တို့ ဖြစ်၏။ ထိုဆိပ်ကမ်းအားလုံး အိန္ဒိယတောင်ပိုင်းတွင်ရှိ၏။ တော်လမီက အရှေ့တောင်အာရှနှင့် အဆက်အသွယ်ရှိသောဆိပ်ကမ်းမှာ ဝန်ဇမ်ခရိုင် ချီကတိုးဆိပ်ကမ်းဖြစ်သည်ဟု ဆို၏။ နောက်ပိုင်းမှတ်တမ်းများတွင် ဝင်္ဂမြစ်ရှိ တမ်ရလိပတိ (တမ်လတ်) မှ အရှေ့တောင်အာရှသို့ သင်္ဘောဖြင့် ရွက်လွှင့်လေ့ရှိကြောင်း ဖော်ပြခဲ့၏။ ခရစ်နှစ် (၅) ရာစုက တရုတ်ဘုရားဖူး ယီကျင့်သည် တရုတ်ပြည်သို့ပြန်ရန် ထိုဆိပ်ကမ်းမှ စုမတြားသို့ခရီးထွက်ခဲ့သည်ဆို၏။ ရှေးအိန္ဒိယမှတ်တမ်းအရ သုဝဏ္ဏဘူမိနှင့်အဆက်အသွယ်ရှိသော ဆိပ်ကမ်းမြို့များမှာ အိန္ဒိယအနောက်ဘက်ကမ်းရှိ ဗာရီဂဇ (Barygaza)၊ ဘရို့(ချ်) (Broach)၊ သောပါရ (Sopura)၊ ခရန်ဂနို (Cranganore) နှင့် တမ်လတ်တို့ ဖြစ်ကြ၏။

ဂရိသွေးနှော ရောမ ပထဝီပညာရှင် တော်လမီသည် အေဒီ ၁၆၅ ခန့်က ပထဝီဝင်ကျမ်းကြီးတစ်ကျမ်း ပြုစုထုတ်ဝေခဲ့၏။ ထိုကျမ်းတွင် အရှေ့တောင်အာရှ ပထဝီအနေအထားကို မြေပုံနှင့်တကွ ဖော်ပြပါရှိ၏။ တော်လမီရေးဆွဲသော မြေပုံတွင် အရှေ့တောင်အာရှ ဆိပ်ကမ်းမြို့များ၏တည်နေရာကိုဖော်ပြထား၏။ မလေးကျွန်းဆွယ် ရေးသားဖော်ပြထားပုံမှာ အံ့ဩလောက်အောင် တိကျမှန်ကန်နေ၏။ ယင်းကျွန်းဆွယ်ကို ခရိုင်ဆီ ချဆွန်နေဆပ် (Chryse Chersonesus) ဟု ဖော်ပြထား၏။ ရွှေကျွန်းဆွယ်ဟု အဓိပ္ပာယ်ရလေသည်။ သည့်ကြောင့် ရာမယနဇာတ်တော်လာ သုဝဏ္ဏဒီပ (ရွှေကျွန်းဆွယ်) သည် မလေးကျွန်းဆွယ် ဖြစ်မည်လော ပညာရှင်တို့ တွေးတောခဲ့ကြ၏။ မြေပုံတွင်



www.burmeseclassic.com

www.burmeseclassic.com

'ယဗာဒီဥ' ကိုလည်း ဖော်ပြထား၏။ ယဗာဒီဥသည် ဘာလီကျွန်း ဖြစ်၏။ အမှန်စင်စစ် ယဗာဒီဥ ဟူသောဝေါဟာရသည် 'ယဝဒီပ' ကို လက်တင်ဘာသာဖြင့် အသံလှယ်ထားခြင်း ဖြစ်၏။ ယဝဒီပသည် ဂျာဗားကျွန်းဖြစ်ဖွယ်ရှိသည်ဟု ပညာရှင်အချို့ ယူဆကြ၏။ အချို့က ဘော်နီယိုကျွန်းဖြစ်မည်ဟုလည်း ဆို၏။ မည်သို့ဖြစ်စေ၊ တော်လမီသည် ဒေသအမည်တို့ကို တိကျမှန်ကန်စွာ ဖော်ပြနိုင်၏။ အရှေ့တောင်အာရှ၏ပထဝီအနေအထားကို အတော်အတန် ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်စွမ်းရှိသည်ဟု ဆိုရပေမည်။

မြေထဲပင်လယ်ဒေသတွင် ဆယ်ကျူးစစ်နှင့် ရောမအင်ပါယာများ ပေါ်ထွန်းစဉ်က အိန္ဒိယမြောက်ပိုင်း၌ မောရိယနှင့် ကူရှန်အင်ပါယာများ ပေါ်ပေါက်လာ၏။ ထိုအရှေ့-အနောက်အင်ပါယာနှစ်ခုကြားတွင် ကူးသန်းရောင်းဝယ်ရေး တိုးတက်ထွန်းကားလာ၏။ ပထမတွင် အိန္ဒိယ ကုန်သည်တို့သည် အဖိုးတန်ပစ္စည်းများကို ဆိုက်ဗေးရီးယားမှဝယ်ယူခဲ့၏။ သို့သော် ခရစ်တော်မပေါ်မီ အနှစ် ၂၀၀ ခန့်တွင် သူပုန်ရန်ကြောင့် ဆိုက်ဗေးရီးယားသို့သွားရာလမ်း ပိတ်သွား၏။ သည့်ကြောင့် အဖိုးတန်သတ္တုများကို ရောမအင်ပါယာမှ တင်သွင်းခဲ့ရ၏။

နောက်ပိုင်းတွင် ရောမဧကရာဇ်ဗက်စလေးရှင်း (အေဒီ ၆၉-၇၉) က ရွှေငွေ သတ္တုပစ္စည်းများအား ပြည်ပသို့ ထုတ်ယူခြင်းကို ပိတ်ပင်လိုက်၏။ သည့်ကြောင့် အိန္ဒိယတိုင်းသားများသည် ရွှေငွေ သတ္တုပစ္စည်းများရရှိနိုင်မည့် အရှေ့တောင်အာရှဒေသသို့ ခြေဦးလှည့်လာကြ၏။ ထိုအခါ အရှေ့တောင်အာရှဒေသရှိ သုဝဏ္ဏဘူမိနှင့် သုဝဏ္ဏဒီပ ဟူသော ဒေသများသည် အိန္ဒိယတိုင်းသားတို့အတွက် ရွှေထွက်ရာဒေသအဖြစ် ထင်ရှားလာခဲ့၏။

သုဝဏ္ဏဘူမိတည်ရှိရာ ဒေသနှင့်ပတ်သက်၍ ပညာရှင်တို့ အမျိုးမျိုး မှန်းဆိုခဲ့ကြ၏။ အချို့ ပညာရှင်များက ဘင်္ဂလားနယ်ရှိ ကဏ္ဏသုဝဏ္ဏ အရပ်ကို သုဝဏ္ဏဘူမိဟု ယူလို၏။ အချို့က အိန္ဒိပြည်အလယ်ပိုင်း ဆုန်းမြစ် ပတ်ဝန်းကျင်ဒေသ၊ အချို့က စုမတြာကျွန်း စသည်ဖြင့် မှန်းဆိုခဲ့ကြ၏။ ပါရာဇိကဏ် အဋ္ဌကထာ နိဿယဆရာ ရွှေဥမင်ဆရာတော်က-

'ဆရာတို့ကား သုဝဏ္ဏဘူမိကို သထုံပြည် ယူ၏။ အချို့ ဆရာတို့ကား ယိုးဒယား ယူ၏'

ဟု မှတ်ချက်ပြုထား၏။

ရွှေတောင်နန္ဒမိတ်ဆို စလင်းမင်းမောင်ပေါင်းချောင်ဧချင်း၌မူ-

'သုဝဏ္ဏဘူမိ၊ အမည်ရှိသည်၊ သာဘိပြောကျယ်၊ ပြည်ဇင်းမယ်ကို. . .'

ဟု စပ်ဆိုခဲ့၏။

အချို့က ယခု ထိုင်းနိုင်ငံ ပရပတုံနှင့် နခုံပထုံဒေသကို ယူလိုကြ၏။ ဆိုခဲ့သည့် ဘင်္ဂလားနယ် ကဏ္ဏသုဝဏ္ဏအရပ်နှင့် ဆုန်းမြစ် ပတ်ဝန်းကျင်ဒေသကို သုဝဏ္ဏဘူမိဟု ပညာရှင်များ လက်မခံလိုကြ။

မော်လမြိုင် တောင်ပေါက်ဆရာတော် ရေးသားပြုစုသည့် 'သာသနိကပဋ္ဌဝိဝင်' ကျမ်းတွင် 'တိုင်းအမည် သုဝဏ္ဏဘူမိ၊ ကျွန်းအမည် ယခု စုမတြာခေါ် သုမာတြာကျွန်း၊ ၎င်းသည် သာသနာပြုကြရာ သုဝဏ္ဏဘူမိ မူလဌာနရင်း ဖြစ်၏။ သုဝဏ္ဏဘူမိနယ်အဖြစ် ပါဝင်သင့်သောဌာနများကို သတ်မှတ်မူအရှေ့တောင်ဘက်လားသော် ဇာဝါ (ဂျာဗား) ကျွန်း၊ ဘိုရညို (ဘော်နီယို)၊ အနောက်ဘက်လားသော် အိန္ဒိယသမုဒ္ဒရာ (ဘင်္ဂလားအော်)၊ အရှေ့ဘက်လားသော် သိယ်ပူရခေါ် စင်ကာပူ၊ မြောက်ဘက်လားသော် မလယ ခေါ် မလေးကျွန်း သို့မဟုတ် ဗသျှူးကျွန်းမှစ၍ မြန်မာပြည် တနင်္သာရီ၊ ရာမညတိုင်း အောက်ပိုင်းနှင့်တကွ ယိုးဒယား၊ လာအို၊ ကဗ္ဗဒိယာ (ကမ္ဘောဒီးယား) ခေါ် ခမင် (ခမာ) နယ်ရောက် သတ်မှတ်သင့်သည်' ဟု ဖော်ပြထား၏။

ဤသည်တို့ကား ဝါလမီက ဆရာသင်္ချိုတဘာသာဖြင့် ရေးသားခဲ့သည့် ရာမယနကျမ်းလာ အဆိုအမိန့်ကို ဆရာတော် မှီငြမ်းကိုးကားခဲ့ခြင်း ဖြစ်တန်ရာ၏။

အိန္ဒိယ ကမ္ပည်းကျောက်စာဌာနမှထုတ်ဝေသော နာလန္ဒအကြောင်း စာအုပ်တွင် နာလန္ဒကျောင်းကြီး တူးဖော်မှုအကြောင်း ပါရှိ၏။ ကျောင်းကြီးကိုတူးဖော်ရာ၌ အမှတ် (၁) ညည့်ခန်းမကြီးအဝင် အနောက်မြောက်ထောင့် တစ်နေရာတွင် ကြေးပုရပိုက်တစ်ဆူ တွေ့ရှိရ၏။ ယင်းပုရပိုက်သည် ဝင်္ဂတိုင်း ပါလမင်းဆက် (၃၃) ဆက်မြောက် ခရစ်နှစ် ၉၀၀၊ သာသနာနှစ် ၁၄၄၄ ခု နောက်ပိုင်း နှစ် (၅၀)ခန့်က အုပ်စိုးခဲ့သော ဒေဝပါလမင်း ရေးထိုးခဲ့သည့်ပုရပိုက် ဖြစ်၏။ ထိုကြေးပုရပိုက်တွင်-

'သုဝဏ္ဏဒွီပခေါ် သုမာတြာ (စုမ[illegible] တြာ) ကျွန်းဘုရင် သီနဗလပုတ္တဒေဝ[illegible] သည် နာလန္ဒာကျောင်းတော်ကြီး တည်[illegible] မြဲစေရန် အစောင့်အရှောက် အ[illegible] ထောက်အပံ့ဖြစ်စေရန်နှင့် ထိုကျောင်း[illegible] တော်ကြီးတွင် သီတင်းသုံးပြီး ပညာသင်[illegible] ကြားနေကြသော ရဟန်းတော်များ ချမ်း[illegible] သာစေရန် သီရိနဂရခေါ် ပါဋလိပုတ်[illegible] ခရိုင် ရာဇဂဟဂယာ စီရင်စုအတွင်း[illegible] ရွာငါးရွာကိုပေးလှူရာ ယင်းငါးရွာအ[illegible] မိမိပိုင်ဆိုင်သည့် သုဝဏ္ဏဘူမိ၌ရှိသော ရွာငါးရွာကိုအစားထိုး၍ ပါဋလိပုတ်[illegible] ပြည့်ရှင်ဘုရင်ဒေဝပါလမင်းကို ဖလှယ်[illegible] ကြောင်း'

ပါရှိ၏။

ထိုနာလန္ဒကြေးပုရပိုက်ကို အ[illegible] ကြောင်းပြု၍ စုမတြာကျွန်းကို သုဝဏ္ဏ[illegible] ဘူမိဟု သုတေသီတို့က မှတ်ယူခဲ့ကြ[illegible] ထိုသို့ သတ်မှတ်ရန်အတွက် အဓိက[illegible] သောအခြေခံအချက်ကား 'သုဝဏ္ဏဒီပ[illegible]' ဟူသော ဝေါဟာရဖြစ်၏။ ဒီပ ဟူသော[illegible] သဒ္ဒါသည် ကျွန်းကိုဟော၏။ ပါရာ[illegible] ကဏ်အဋ္ဌကထာတွင် သုဝဏ္ဏဘူမိသည်[illegible] ကျွန်းဖြစ်သည်ဟုဖော်ပြထား၏။ ယင်း[illegible] အဆိုနှစ်ရပ်ကို ဆက်စပ်ပြီး စုမတြာ[illegible] ကျွန်းကို သုဝဏ္ဏဘူမိအဖြစ် သတ်မှတ်[illegible] ခဲ့၏။

ဤနေရာ၌ ကျွန်း 'ဒီပ' ဟူသော[illegible] ဝေါဟာရကို ရှင်းရန်လို၏။ မိလိန္ဒပဉှာ[illegible] အဆိုအရ မိလိန္ဒသည် ကလသိ (ယ[illegible] ဂါမ) ရွာ၌ မွေးဖွား၏။ ယင်းရွာသ[illegible] အလဆန္ဒ သို့မဟုတ် အလက်ဇန္ဒြီးယာ[illegible] ရှိ 'ဒီယ' သို့မဟုတ် 'ဒီပ' ၌ ရှိ၏။

ကဗုလ (လ်) မြစ်နှင့် ပံချသို့ [illegible] မြစ်တို့ဆုံရာအနီး ချာရိကာခေါ် မြို့[illegible] ဝိုက်တွင် အလက်ဇန္ဒြားမင်း၏ မြို့[illegible] များကို တွေ့ရှိရ၏။ သည့်ကြောင့် [illegible] နေရာတစ်ဝိုက်တွင် ယောနကဝါ[illegible] ခေါ် ဂရိတို့၏အနွယ်ဖြစ်သော မိလိ[illegible] ကို မွေးဖွားခဲ့သည်ဟု သုတေသီတို့ [illegible] ဆခဲ့ကြ၏။ ယင်းမြစ်နှစ်မြစ်ကြားရှိ[illegible] မြေသည် ရေပတ်လည်ဝန်းရံလျ[illegible] သည်မဟုတ်။ သို့သော် မြစ်နှစ်မြစ်[illegible] ၌ရှိနေသဖြင့် ထိုနေရာကို ဒီပ (ကျွ[illegible] ခေါ် ၏။

(ရှင်သံဝရာဘိဝံသ၊ ဗုဒ္ဓနိုင်ငံတော်[illegible]

သာသနာနှစ် ၆၅၁၊ ကောဇာ [illegible] ခရစ်နှစ် ၁၀၇ ခုနှစ်တွင် သမုဒ္ဒ[illegible] မင်းသည် ယုန်လွှတ်ကျွန်းအရပ်တွ[illegible] သူကြီးပေါင်း ၁၉ ဦး၊ မြို့ကျေးလ[illegible] ပေါင်း ၁၀၀၀ ချုပ်၍ မြို့ပြတည်[illegible] ၏။



www.burmeseclassic.com

www.burmeseclassic.com

ယုန်လွှတ်ကျွန်းဆိုရာ၌ 'ကျွန်း' ဟူသောဝေါဟာရသည် ရေပတ်လည်ဝိုင်းနေသောကုန်းမြေ မဟုတ်၊ တောအလွှန်နက်သည့်အရပ်ကို ဆိုလို၏။ တစ်နည်းအားဖြင့် တောအလွှန်ခေါင်သော အရပ်ကို ကျွန်းဟုခေါ်၏။ ယင်းယုန်လွှတ်ကျွန်းအရပ်သည် ဧရာဝတီမြစ်မှ (၆) မိုင်ခန့်ဝေးသော တုရင်တောင်တန်း၏ အရှေ့ဘက် တစ်မိုင်အကွာတွင် တည်ရှိ၏။ ယုန်လွှတ်ကျွန်းအနီးအနားရှိ ကျေးရွာများသည် ယာခင်းလုပ်ရန် တောခုတ်သည်ကို ကျွန်းခုတ်သည်ဟု ပြော၏။ တောကြီးသောရွာကို ကျွန်းခင်းကြီးရွာဟု ရှေးအခေါ်အဝေါ်အတိုင်း ခေါ်ဝေါ်ကြ၏။ ထိုတောသည် တောနက်လွန်းသဖြင့် ထိုနေရာသို့ရောက်လျှင် ယုန်အစရှိသည့် သတ္တဝါများကို မုဆိုးတို့ဖမ်းယူခြင်းငှာမစွမ်းနိုင်၊ ဘေးရန်လွတ်ရာတောဖြစ်၏။ ထို့ကြောင့် ထိုတောကို 'ယုန်လွှတ်ကျွန်း' ဟုခေါ်၏။ ကာလရှည်ကြာလာသောအခါ 'ယုန်လွှတ်ကျွန်း' ဖြစ်လာ၏။

*(ဦးဘော၊ ရာဇဝံသ၊ စာလိနီမည်သော ပုဂံရာဇဝင်သစ်)*

ပြီးနောက် ဒီပ သဒ္ဒါသည် ရေတို့ဖြင့်ဝိုင်းခြားသော ကျွန်းဆွယ်ကိုလည်း ဒီပ ဟု ခေါ်နိုင်သဖြင့် ဤဇမ္ဗူဒီပါကျွန်းကြီးသည်လည်း. . .

- အနောက်ဘက် အနောက်အာရေဗျပင်လယ်၊
- အရှေ့ဘက် အရှေ့သမုဒ္ဒရာပင်လယ်၊
- တောင်ဘက် လက်ာဒီပရေလက်ကြား. . .

ဟု ဆိုအပ်သော ရေ (၃) မျက်နှာတို့ဖြင့် ဝိုင်းခြားအပ်သောကြောင့် ဇမ္ဗူဒီပ ဟု ခေါ်ဆို၏။

*(ရှင်သံဝရာဘိဝံသ၊ ဗုဒ္ဓနိုင်ငံတော်)*

အထက်ပါအချက်တို့ကို ထောက်၍ ရေပတ်လည်ဝိုင်းနေမှ ကျွန်းဟုခေါ်သည်မဟုတ်၊ မြစ်နှစ်မြစ်ကြား ရေနီးစပ်ရာ ကုန်းမြေ, ကျွန်းဆွယ်, အလွန်နက်သောတော စသည်တို့ကိုလည်း ကျွန်းဟုခေါ်ဆိုကြောင်း တွေ့ရှိရသည်။ သည့်ကြောင့် သုဝဏ္ဏဘူမိသည် ကျွန်းဖြစ်သည်ဟု ဆိုရုံမျှနှင့် ရေပတ်လည်ဝိုင်းလျက်ရှိသော ကုန်းမြေဟု မယူဆသင့်။ ရေပတ်လည်ဝိုင်းလျက်ရှိသည့် ကျွန်းဖြစ်၍နှင့် စုမတြာကို သုဝဏ္ဏဘူမိဟု မယူသင့်။ သုဝဏ္ဏဘူမိ ဖြစ်နိုင်၊ မဖြစ်နိုင် ဆုံးဖြတ်ရန် အထက်ဖော်ပြပါ စုမတြာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို၊ မာလာယုနှင့် ထိုင်းနိုင်ငံတို့၏ ဗုဒ္ဓသာသနာကို ဆန်းစစ်ရန်လို၏။

သာသနာတော် အနှစ် ၅၀၀ ကျော်က ကစ္စနနဒီ (ကဏှနဒီ) တောင်ပိုင်း အိန္ဒိယမြစ်ကမ်းဒေသမှ ကုန်သည်များ ဤကျွန်းသို့ လာရောက်နေထိုင်ကြ၏။ ထင်ရှားသော မှတ်တမ်းအရ ဟိန္ဒူကုန်သည်ကြီးများ ရောက်ရှိလာပြီး ဤကျွန်းရှိ ပိုလီတိုင်နယ် အချင်အရပ်တွင် မြို့ရွာတည်ထောင်ပြီး ယင်းတို့၏ခေါင်းဆောင်အမည်အတိုင်း သုမိကြ-သုမိတ္တဟု မှည့်၏။ ထိုမှ နောက်ပိုင်းတွင် တစ်ကျွန်းလုံးကို သုမိတ္တ-သုမိတြ၊ ထိုမှ သုမတြ၊ သုမတြမှ သုမတြာ ဖြစ်လာ၏။ ယခု စုမတြာဟု ခေါ်၏။

စုမတြာကျွန်းသည် သာသနာနှစ် ၅၀၀ ကာလအထိ ဟိန္ဒူအယူဝါဒ လွှမ်းမိုးနေခဲ့၏။ သာသနာနှစ် ၆၀၀ လောက်မှစ၍ ဗုဒ္ဓအယူဝါဒ လွှမ်းမိုးလာသည်။ သည့်ကြောင့် သာသနာနှစ် ၂၃၅ တွင် အရှင်တိဿမထေရ်က တတိယသံဂါယနာတင်ပြီး သာသနာပြုစေလွှတ်ရာတွင် စုမတြာကျွန်း မပါကြောင်း တွေ့ရှိရ၏။ အထူးသဖြင့် ရှင်သောဏနှင့် ဥတ္တရထေရ်တို့ ထိုကျွန်းသို့မရောက်ရှိကြောင်း ကောက်ချက်ချနိုင်၏။ သာသနာပြုစေလွှတ်သောနှစ်သည် သာသနာနှစ် ၂၃၅ ဖြစ်၍ စုမတြာတွင် သာသနာ စတင်ထွန်းကားသည့်နှစ်မှာ သာသနာနှစ် ၆၀၀ ဖြစ်သဖြင့် နှစ်ပေါင်း (၃၆၅) နှစ်ကွာနေ၏။ တစ်နည်းအားဖြင့် စုမတြာကျွန်းသည် ရှင်သောဏနှင့်ဥတ္တရထေရ်တို့ရောက်ရှိပြီး နှစ်ပေါင်း (၃၆၅) နှစ်ကြာမှ ဗုဒ္ဓသာသနာကို လက်ခံရရှိ၏။ သည့်ကြောင့် တောင်ပေါက်ဆရာတော်ဘုရား မိန့်ကြားခဲ့သလို စုမတြာသည် မူလသုဝဏ္ဏဘူမိ မဖြစ်နိုင်။

တောင်ပေါက်ဆရာတော်က အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နာလန္ဒကျောင်းကြီးအတွင်း သီတင်းသုံးနေ၍ ပညာသင်ကြားနေကြသော ရဟန်းတော်များ ချမ်းသာစေရန် သီရိနုဂရခေါ် ပါဠလိပုတ်ခရိုင် ရာဇဂယဂယာ စီရင်စုအတွင်းရှိ ရွာငါးရွာကိုပေးလှူရာ ယင်းရွာငါးရွာအဖို့ မိမိပိုင်ဆိုင်သော သုဝဏ္ဏဘူမိ၌ရှိသည့် ရွာငါးရွာကို အစားထိုး၍ ပါဋလိပုတ်ပြည့်ရှင် ဘုရင်ဒေဝပလအား ဖလှယ်ကြောင်း ဖော်ပြခဲ့၏။

ဆရာတော် အရှင်သံဝရာဘိဝံသကမူ-

'နာလန္ဒကျောင်းတော်ကြီး တူးဖော်ရာမှရရှိသော (မှတ်တမ်းတွင်) သုဝဏ္ဏဒီပ (စုမတြာ) မှ ဘုရင်မင်းမြတ် သီရိဗလပုတ္တဒေဝသည် မဂဓတိုင်းမှရွာ (၅) ရွာကို မိမိတိုင်းနိုင်ငံ စုမတြာမှ ရွာ (၅) ရွာနှင့်လဲလှယ်ကာ ထိုနာလန္ဒကျောင်းတော်ကြီးအားလှူဒါန်းကြောင်း' ဟူသာ ဖော်ပြခဲ့၏။

*(ဦးဘော၊ ရာဇဝံသ၊ စာလိနီမည်သော ပုဂံရာဇဝင်သစ်)*

အထက်ပါ အဆိုနှစ်ခုတွင် ပထမအဆို၌ ရွာ (၅) ရွာကို သုဝဏ္ဏဘူမိ၌ရှိသော ရွာ (၅) ရွာနှင့်လဲလှယ်၏။ ဒုတိယအဆိုမှာ မဂဓတိုင်းမှ ရွာ (၅) ရွာကို မိမိတိုင်းနိုင်ငံ စုမတြာမှ ရွာ (၅) ရွာနှင့်လဲ၏။ ဒုတိယအဆိုမှာ စုမတြာဘုရင်သည် မိမိပိုင်ရွာကို လဲလှယ်ခြင်း ဖြစ်သဖြင့် ယုတ္တိယုတ္တာရှိ၏။ စုမတြာဘုရင်က သုဝဏ္ဏဘူမိမှရွာကို လဲလှယ်ပေးသည်ဆိုခြင်းမှာ စဉ်းစားစရာဖြစ်နေ၏။ မည်သို့ပင်ဖြစ်စေ ထိုအဆိုနှစ်ခုလုံးတွင် သီရိဗလပုတ္တဒေဝသည် စုမတြာဘုရင်ဖြစ်သည်ဟု တညီတညွတ်တည်း ဆို၏။ စုမတြာကျွန်းသည်လည်း သုဝဏ္ဏဒီပဖြစ်သည်ဟု တညီတညွတ်တည်းဆို၏။ သို့သော် သီရိဗလပုတ္တဒေဝကို သုဝဏ္ဏဘူမိဘုရင်ဟု ဖော်ပြထားခြင်းမရှိ။ သည့်ကြောင့် သုဝဏ္ဏဒီပ (စုမတြာကျွန်း) သည် သုဝဏ္ဏဘူမိ မဖြစ်နိုင်။ သုဝဏ္ဏဘူမိသို့ ရှင်မဟာဗုဒ္ဓဃောသ သာသနာဖြန့်ဖြူးစဉ်က စုမတြာ ဂျာဗားကျွန်းသို့လည်း ဖြန့်ဖြူးခဲ့သည်ဆို၏။

ဤစုမတြာ သို့မဟုတ် သုမတြာကျွန်းကား သီးခြားကျွန်းတစ်ကျွန်းဖြစ်၏။ မြန်မာတိုင်းနိုင်ငံနှင့် အတော်လှမ်း၏။ သို့သော် ဂျာဗားကျွန်း၊ ဘာလီကျွန်းတို့နှင့်ဆက်သွယ်ပြီး မလေး မာလာယုကျွန်းဆွယ် ရာမညတိုင်း သုံးရပ်နှင့် ရှေးအခါကပင် ကူးလူးဆက်ဆံခဲ့ကြ၏။ ရာမညတိုင်းသည်လည်း မြန်မာတိုင်းနှင့် ဆက်သွယ်မှုရှိ၏။ မြန်မာနိုင်ငံမှာပင် ထိုကျွန်းတို့တွင်သုံးစွဲသော ဝေါဟာရများနှင့် ပုံဝတ္ထုများ ရောက်နေကြ၏။ ဤသို့ လောကအရေးဆက်ဆံမှုရှိသဖြင့် ဘာသာရေးတွင်လည်း သုဝဏ္ဏဘူမိမှ ဗုဒ္ဓသာသနာသည် ထိုကျွန်းသို့ တစ်စစ ရောက်ရှိသွား၏။ နောင်အခါ ထိုကျွန်းတို့သည်လည်း ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်လာကြောင်း မှတ်သားအပ်၏။

*(ရှင်သံဝရာဘိဝံသ၊ ဗုဒ္ဓနိုင်ငံတော်)*

နိုင်ခင်မောင်ဝေ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက ဦးအောင်မင်းခေါင်ဟု ခေါ်သော ပုဂ္ဂိုလ်ထူးကြီးတစ်ပါးသည် ပုပ္ပားတောင်ကလပ်တွင် ထင်ရှားခဲ့ဖူး၏။ ထိုပုဂ္ဂိုလ်ကြီးကို လူထူး၊လူမြတ်ကြီး၊ သာသနာပြုပုဂ္ဂိုလ်ကြီးတစ်ပါး ဟုလည်း သူ့ကိုယုံကြည်စွာ ချဉ်းကပ်ကြသော ရှင်၊ လူ၊ ရဟန်း၊ ရသေ့၊ ယောဂီတို့က ဆိုကြ၏။

ဝိဇ္ဇာ မဟိဒ္ဓိပညာတော်ဖြင့် သိဒ္ဓိစခန်းမှ ဗုဒ္ဓသာသနာပြုလိုသူတို့က ဦးအောင်မင်းခေါင်ကို ဘိုးတော်ဟုလည်း ခေါ်ကြ၏။ အချို့က အလောင်းတော် နတ်သားကြီးက လူခန္ဓာကိုယ်လွတ်တစ်ခုထဲ ဝင်စားကာ နောင်တော် ဂေါတမရှင်တော်မြတ်ကြီး၏ သာသနာတော် သက်ဝင်သူတို့ အန္တရာယ်ရှင်းရန်နှင့် သာသနာတော် တိုးတက်ရန်အတွက် အကူအညီအနေဖြင့် လူပြည်တွင် ထင်ရှားထွက်ပေါ်လာခဲ့သည်ဟုလည်း ဆိုကြအရေးယူနိုင်ရန် အနီးကပ်၍ စုံစမ်းသူများလည်းရှိ၏။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဟူ၍ ကျော်ကြားသဖြင့် ထွက်ရပ်ပေါက်စေနိုင်သော နည်းလမ်းကောင်းများ ရလိုရငြား ချဉ်းကပ်ကြကုန်သောပုဂ္ဂိုလ်၊ ဘိုးတော်ဖြစ်လိုသောပုဂ္ဂိုလ်၊ ထွက်ရပ်ပေါက်လိုသောပုဂ္ဂိုလ်များရှိ၏။ အချို့ကလည်း စိတ်မမှန်သူဟု ဆိုကြ၏။ မည်သို့ပင်ဆိုကြပါစေ ဘိုးတော်အောင်မင်းခေါင်၏အစွမ်းအစနှင့် လုပ်ဆောင်မှုများကို ယနေ့တိုင်ပြောမဆုံးအောင် ရှိနေကြသေးသည်။

ဘိုးတော်အောင်မင်းခေါင်ကြီး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကား အလွန်စုံစမ်းရခက်၏။ ယခုအချိန်ထိ တိတိကျကျ မရနိုင်သေးပါ။ ပုပ္ပားက စင်မြင့်ရွာသားမှ သီလ၊ သမာဓိ၊ ပညာ ဖြူစင်ကောင်းမွန်လှသော စင်မြင့်ရွာသားဘုန်းတော်ကြီး ဦးအာစိဏ္ဏ၏ရုပ်အား ဝင်ယူပြီး ပုပ္ပားတွင် သာသနာပြုသည်ဟု ဆိုကြ၏။ အ

ဆရာသခင်တို့၏စကားစုများ

# အမြောက်သုံးချက်

## ဦးအောင်သုခ



၏။ ထိုပုဂ္ဂိုလ်ကြီးအားချဉ်းကပ်ကြသော သူများတွင် လူတန်းစားပေါင်းစုံပါဝင်၏။

ဦးအောင်မင်းခေါင်ကြီးကို သက်ဝင်ယုံကြည်သူတို့၏ 'ဘိုးတော်အောင်မင်းခေါင်' ဟု ခေါ်ဝေါ်ကြည်ညိုကြ၏။ ထို့ကြောင့် ဘိုးတော်အောင်မင်းခေါင်ဟုပင် ခေါ်ဝေါ် တင်ပြလိုပါသည်။ ထိုဘိုးတော်အောင်မင်းခေါင်ကြီးကို ယုံကြည်မှုတစ်ခုတည်းသက်သက်ဖြင့် ချဉ်းကပ်ကိုးကွယ်ကြသူများလည်းရှိ၏။ ယုံကြည်သဖြင့် မိမိတို့လူမှုရေး၊ စီးပွားရေး အခက်အခဲကို ဖြေရှင်းပေးနိုင်ကောင်းရဲ့ဟူသော အားကိုးစိတ်ဖြင့် ကိုးကွယ်ကြသူလည်း ရှိ၏။ မိမိတို့၏တာဝန်အရ လူလိမ်ကြီး၊ လူညာကြီးဖြစ်ပါက ဖမ်းဆီးလကား သမထတရားပေါက်ပြီး ထင်ရာလျှောက်လုပ်နေတာပါ၊ လူတွေကလည်း အားကိုးရနိုးနိုးနဲ့ နောက်ကလျှောက်လုပ်နေကြတာပါဟု ပြောကြသည့် ဘိုးတော်အောင်မင်းခေါင်ကြီး ဆန့်ကျင်သူများကလည်း ရှိသေး၏။ ရွှေစိုးကိုယ်တိုင်ကလည်း ဘိုးတော်အောင်မင်းခေါင်ကြီး၏အတ္ထုပ္ပတ္တိကို အတိအကျ သိလိုနေ၏။ ကျွန်ုပ်သည် တာဝန်လွန်နေသဖြင့် လက်လှမ်းမမီတာလည်း ဖြစ်နိုင်သည်။

ဘိုးတော် အောင်မင်းခေါင်ကြီးသည် လူစင်စစ်တစ်ယောက် ဖြစ်၏။ လူစင်စစ်ဖြစ်လျှင် ထိုလူ၏အမျိုးဆက်ရှိရမည်။ ပုပ္ပား စင်မြင့်ရွာသား ဘုန်းတော်ကြီးဦးအာစိဏ္ဏ၏ရုပ်ကို ဝင်ယူသည်ဟုဆိုကြလျှင်လည်း ယနေ့တိုင် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် အတော်များများ၏ ဦးထိပ်ခေါင်းရင်း၌ နေရာယူလျက်ရှိသော ဘိုးတော်အောင်မင်းခေါင်ကြီး ဝင်စားလေသည့် ထိုအရှင်အာစိဏ္ဏ၏ ထေရုပ္ပတ္တိများ၊ ကျင့်စဉ်များကိုဖော်ပြရန်လို



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ဘိုးတော်အောင်မင်းခေါင်ကြီးသည် သူတော်ကောင်း သိဒ္ဓိရှင်ဖြစ်ပါမူ သူဝင်စားသော အရှင်အာစိဏ္ဏ၏ ခန္ဓာရုပ်၊ နာမ်တို့သည်လည်း သာမန်ပုထုဇဉ်လူတို့ထက်တော့ ထူးခြားသော အကျင့်သီလရှိရလိမ့်မည်ဟု ထင်မိ၏။ ထိုသို့အကြံပေါ်ခြင်းမှာ ရွှေစိုးသည် ဘိုးတော်အောင်မင်းခေါင်ကြီးအား သူတော်စင်၊ သိဒ္ဓိရှင်ကြီးအဖြစ် ယုံကြည်လက်ခံထားပြီး ကိုယ့်ဆရာအရှင်ကို တိတကျထင်ရှားစေလိုခြင်းကြောင့် ဖြစ်ပါသည်။ ရွှေစိုးကိုယ်တိုင်ကလည်း လက်လှမ်းမမီ၍ လက်လှမ်းမီသူများကို မျှော်လင့်နေမိခြင်း ဖြစ်ပါသည်။ ဘိုးဘိုးအောင်နှင့်ကျင့်စဉ် (ဆရာဦးဖေခင်) နှင့် ဘိုးတော်အောင်မင်းခေါင်နှင့်ကျင့်စဉ် (စာရေးပြုစုသူမမှတ်မိပါ။) စာအုပ်များ ထွက်ဖူးပါသည်။ အတော် စုံလင်တိကျအောင်ကြိုးစားဖော်ပြထားသည်ဖြစ်၍ ဆရာတို့ကို အထူးပင် ကျေးဇူးတင် ကြည်ညိုရပါသည်။ သို့သော် ထို့ထက်ပို၍ ပြည့်စုံတိကျသော စာအုပ်စာပေကောင်းမည်ဟုထင်၍ မျှော်နေသေးပါသည်။ ရွှေစိုးအနေဖြင့်တော့ လက်လှမ်းမီနိုင်မည်မထင်ပါ။ မသေခင်တော့ ကြိုးစားကြည့်ပါမည်။ ရွှေစိုးမသေခင် စာဖတ်စွမ်းရှိနိုင်တုန်း ရေးသား ဖော်ပြလာသူရှိပါက ရွှေစိုး အလွန်ဝမ်းသာမိပါမည်။ ယခုတော့ ရွှေစိုး၏ဆရာအရှင်မြတ်များ၊ ဘိုးတော်အောင်မင်းခေါင်ကြီး သက်တော်ထင်ရှားရှိစဉ်က တပည့်များ၊ ဝန်းကျင်၌နေထိုင် ကျင့်ကြံအားထုတ်ခဲ့ဖူးသူများ





www.burmeseclassic.com

www.burmeseclassic.com

၏အကြား၊ အမြင်၊ အတွေးတို့ တိုတောင်း၊ တိုစ ပြန်လည်ကြားရ၍ ကြည်ညိုနိုင်ရုံမျှသာရှိသည်။ အတ္ထုပ္ပတ္တိမျှသာမက ကျင့်စဉ်များကိုလည်း ထို့အတူ အတိအကျ သိလိုပါသည်။ စာပေဖြင့် မှတ်တမ်းတစ်ခုရှိနေလိုခြင်း ဖြစ်သည်။ အရည်အချင်းရှိရှိ ထိန်းသိမ်းနိုင်သော သူတော်စင်များနှင့် သူတော်ကောင်းတို့ကို မျှော်လင့်နေပါသည်။ ထွက်ရပ်ပေါက် ဘိုးဘိုးအောင်၏အတ္ထုပ္ပတ္တိဆိုလျှင် အတော်ပင် အားရစရာကောင်းလှပါသည်။ ဆရာဦးဖေခင်အားလည်း ကျွန်ုပ် အထူးကျေးဇူးတင်ပါသည်။ ဘိုးတော်အောင်မင်းခေါင်နှင့် ကျင့်စဉ်များအကြောင်းကို စာတစ်အုပ်ဖြစ်အောင်ပြုစုခဲ့သူကိုလည်း ကျေးဇူးအထူးတင်ရှိပါသည့်အကြောင်း စာဖတ်သူတစ်ယောက်အနေဖြင့် တင်ပြပါစေ။

ကျွန်ုပ်အသက်အားဖြင့်လည်း ဘိုးတော်အောင်မင်းခေါင်ကြီးကို မမီခဲ့ပါ။ ထို့ကြောင့် ဘိုးတော်အောင်မင်းခေါင်ကို ဓာတ်ပုံတွေ၊ ရုပ်တုတွေထဲတွင်သာ မြင်ဖူးပါသည်။ ကျွန်ုပ်၏ကွယ်လွန်လေသူ ဖခင်ကြီး ကွယ်လွန်ချိန်တိုင်အောင် မည်သည့် သက်ရှိ ဘိုးတော်၊ ဘွားတော်ကိုမှ မချဉ်းကပ်၊ မပူဇော်။ မည်သည့်ဂိုဏ်းမျှ မဝင်ဘဲ ပွဲလှူခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ပုတီးစိပ်ခြင်းတို့ကို ပြုလုပ်ခဲ့ပါ၏။ သို့သော် ဘုရားကျောင်းတော်ဟုခေါ်ခေါ်၊ ဘုရားစင်ဟုခေါ်ခေါ် ဘုရားရုပ်တုတော်နှင့်၊ ရှင်သီဝလိကိုယ်တော်နှင့်၊ ရှင်ဥပဂုတ္တ မထေရ်မြတ်တို့ကို ပူဇော်ထားသည့်စင်၏ တစ်ဖက်နိမ့်သောစင်တွင် ဘိုးဘိုးအောင်၏ရုပ်တုနှင့် ဘိုးတော်အောင်မင်းခေါင်၏ရုပ်တုတော်ကိုမူ တင်၍ကိုးကွယ်ကာ နေ့စဉ်ပင် ဘုရား၊ ရဟန္တာအရှင်မြတ်များနှင့်အတူ ဝေယျာဝစ္စပူဇော်မှုကို ပြုလေ့ရှိသည်ကို သတိပြုမိပါသည်။ စပ်စုတတ်သော ရွှေစိုးကလည်း အလွတ်မပေးဘဲ အဖေ့ကို ဗျူးပါသည်။ အဖေက ပြုံးရင်း အဖြေကို ဝေ့လည်ကြောင်ပတ်ပြု၍ ထွက်သွားခဲ့ချည်းသာ ဖြစ်၏။ ကွယ်လွန်သည်အထိ အဖြေတိတိကျကျ မရခဲ့ပေ။ အဖေသိထားသည့်အချက်များ ရှိနိုင်သည်ဟု ထင်မိ၏။ သို့သော် အဖေက သေရာသို့ ယူသွားခဲ့သည်ဟု ဆိုရပေမည်။ နှမြောတသမိပါသည်။ အဖေကဲ့သို့သောသူများ ဤနိုင်ငံတွင် ဘယ်နှယောက်ရှိနေပေမည်နည်း။ သေရွာသို့ ယူမသွားပါနှင့်၊ အသိလက်ဆင့်ကမ်းခဲ့ပါလေ။ ယနေ့အထိ လက်ဆင့်ကမ်းနေကြသူများကိုလည်း ကျေးဇူးမှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်ကလည်း အကြား၊ အမြင်၊ အတွေးများကို လက်ဆင့်ကမ်းလိုပါသည်။

ကျွန်ုပ်သည် သမထ၊ ဝိပဿနာလမ်းစဉ်တော်များကို စိတ်ဝင်စားပါသည်။ ထွက်ရပ်ပေါက် သိဒ္ဓိရှင် သာသနာပြုပုဂ္ဂိုလ်များကို ကြည်ညိုပါသည်။ အားကျပါသည်။ ထို့ကြောင့် သမထအောင်သိဒ္ဓိရှင်များတွင် အလွန်ပင် ထင်ရှား လူသိများသော အဘဘိုးဘိုးအောင်နှင့် အဘဘိုးတော်အောင်မင်းခေါင်တို့ကို မမြင်ရသော သုတမယ ကျေးဇူးရှင်ဆရာသခင် အရှင်မြတ်အဖြစ် ဦးထိပ်ထား ရည်စူးကာ အဘဘိုးတော်အောင်မင်းခေါင်နှင့် နီးစပ်သော ဆရာသခင်ဆိုသူတို့ကို ချဉ်းကပ်ခဲ့ဖူးပါသည်။ ရွှေစိုး၏ဆရာရှင်တိုင်းသည် ဘိုးတော်အောင်မင်းခေါင်ကြီးနှင့်တွေ့ဖူးသူများဟု မဆိုလိုပါ။ များသောအားဖြင့် တွေ့ဆုံကြုံကြိုက်ဖူးသည်များ အဘ ဘိုးတော်အောင်မင်းခေါင်ကြီးထံတွင် တပည့်ခံဖူးသူများနှင့် အနည်းဆုံးအားဖြင့် ပညာခန်း၊ ပဋ္ဌာန်းခန်းအားဖြင့် ယခုဘဝတွင်လည်းကောင်း၊ ယခင်ဘဝဟောင်းများတွင် လည်းကောင်း အဆက်အစပ်ရှိခဲ့ဖူးသူများဖြစ်ကြောင်းကိုတော့ သိရပါသည်။

ကျွန်ုပ်ကို သုတမယ ပေးရင်း ကျွန်ုပ်ကျင့်စဉ်များကို မဝေဖန်ဘဲ အားပေးတော်မူသည့် ဆရာတော်အရှင်မြတ်တစ်ဦး ရှိဖူးပါသည်။ ထိုဆရာတော်က 'အောင်ဆုပန်ဆရာတော်' ဟု လူသိများပါ၏။ အတွင်းစခန်းက 'အင်္ဂါသားဘုန်းကြီး' ဟု ခေါ်ကြကြောင်း သိရပါသည်။ ဘိုးတော် အောင်မင်းခေါင်ကြီး ပုပ္ပားတောင်ကလပ်တွင်ရှိစဉ်က ဘိုးတော်အနီးတွင် သီတင်းသုံးကာ အလောင်းတော်ကြီးများ (ဝါ) ဘုရားဆုပန် အရှင်မြတ်ကြီးပြုလေ့ရှိသော သာသနာပြုလုပ်ငန်းများကို လေ့လာနေသူ သံဃာတော် အရှင်မြတ်ကြီးတစ်ပါး ဖြစ်၏။ ထိုဆရာတော်သည် ဥက္ကလာဦးစေတီတော်ဝင်း အတွင်းရှိ အောင်ဆုပန်ကျောင်းတော်တွင် သီတင်းသုံးတော်မူပါသည်။ ယခု ဗောဓိမြိုင်အရှင်မြတ်ကြီးဟု ထင်ရှားသူ ဝနဝါသီအရှင်မြတ်ကြီး လူ့ဘဝကနေခဲ့သောအိမ်နှင့်လည်း နီး၏။ ဝေဘူဆရာတော်ကြီး၏တပည့်ဟု ဆိုလည်း မမှား။ ဂျီးဖြူအဘိုးဆရာတော်နှင့်လည်း အတူသီတင်းသုံးတော်မူခဲ့သည်ဟု သိရ၏။ တောတောင်ရပ်ရှိ သာသနာ့ဗိမာန်ဆရာတော် ဦးဝိမလအရှင်မြတ်ကြီးနှင့် သိတော်မူ၏။ ထိုဆရာတော် ဦးဝိမလဆိုသည့် အရှင်မြတ်ကြီး သို့မဟုတ် ဘသန်းရှင်းနှင့်အတူ အဘဘိုးတော်အောင်မင်းခေါင်ကြီးအနီးတွင် ဩဝါဒခံကာ ကျင့်ခဲ့ဖူးသည်ဟု သိရ၏။

ဆရာတော် ဦးဉာဏိန္ဒ သို့မဟုတ် အောင်ဆုပန်ဆရာတော်သည် သီတင်းသုံးဖော်မထားဘဲ တစ်ပါးတည်း သီတင်းသုံးတော်မူပြီး ထိုရပ်ကွက်နေ ကိုရဲဝင်းနှင့်ဇနီးဖြစ်သူ မထားတို့က ဆွမ်းချိုင့်ပို့ပေး၏။ ဝေယျာဝစ္စပြုကြ၏။ ဆရာတော်ကို စောင့်ရှောက်ကြ၏။ ကျွန်ုပ်တို့ကလည်း အနီးရပ်ကွက်ဖြစ်သော (၁၆) ရပ်ကွက်တွင်နေသည့်အပြင် ကိုရဲဝင်းတို့နှင့် ပတ်သက်ပြီး ထိုဆရာတော်ကို ရွှေစိုးတို့ တတ်နိုင်သမျှ လှူဒါန်းကြ၏။ ဆရာတော်အား ဘိုးတော်အောင်မင်းခေါင်ကြီးအကြောင်း မေးမြန်းခဲ့ဖူး၏။ ဆရာတော်က-

"ငါ သူ့အနားနေတာ ဝိဇ္ဇာဖြစ်ချင်လို့ မဟုတ်ဘူး၊ ဘုရားအလောင်းတော်တွေ နေထိုင်ဖြည့်ဆည်းတော်မူကြပုံကို လေ့လာချင်လို့ကွ။ သို့သော် ဘိုးတော်တောင်ကလပ်မှာရှိတုန်းက သမထအားထုတ်သူတွေ၊ ဝိဇ္ဇာဖြစ်ချင်သူတွေကို သတိပေးဖူးတာတစ်ခုတော့ ရှိတယ်"

ဟု အစလေး ဖော်ပေးတော်မူ၏။

"အဲဒီသတိပေးတာလေးကို သိပါရစေ ဘုရား"

ဟု အစရလျှင် အစဉ်မပြတ်အောင် ဆွဲထုတ်လေ့ရှိသော ကျွန်ုပ်က ချက်ချင်း ဆွဲထုတ်၏။

"ဒီလိုကွ"

ဟု အစချီပြီး အောက်ပါအတိုင်း ပြောပြခဲ့သည်ကို မှတ်သားခဲ့ဖူးပါသည်။

"သတိ မရှိတဲ့ ဝိဇ္ဇာလောင်းတွေကို ဘဝပျက်အောင် ပစ်ချတတ်တဲ့ အမြောက်သုံးချက် ရှိတယ်"

အောင်ဆုပန်ဆရာတော်က ရွှေနွေးငွေ့တော်မူ၏။

"မှန်ပါ့ဘုရား၊ အဲဒီ သုံးချက်ကို ဗဟုသုတအဖြစ် မိန့်တော်မူပါ"

"အေးကွ။ တစ်- အချက်က နတ်အမြောက်၊ နှစ်- အချက်က ဓာတ်အမြောက်၊ သုံး- အချက်က လူအမြောက်တဲ့ကွ"

"မှန်ပါ့ဘုရား၊ တစ်ချက်စီရဲ့ အဓိပ္ပာယ်များကို ရှင်းတော်မူပါဦး ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ခွေစိုးက လျှောက်၏။

"...စ်-အချက်က နတ်အမြောက်
...ကွာ သီလဖြူဖြူ သမာဓိတည်
...ယောဂီက စရဏတွေ, အမိဋ္ဌာန်
... ပရိတ်တော်တွေရွတ်၊ အမျှ
...တော့ နတ်တွေနဲ့ ပြိတ္တာတွေချစ်
... နတ်တွေဖန်ဆင်း၊ ပြိတ္တာတွေ
...မှုတွေကြောင့်ဖြစ်စေ၊ ရုက္ခစိုးကြီး
...တာကြောင့် ဖြစ်စေ ယောဂီ
...မှန်သမျှ ပြည့်စုံတတ်တယ်။
...ကြောင်ကအထင်ကြီးပြီး ပေးကမ်း
...လည်း နတ်တွေ၊ ရုက္ခစိုးတွေ
... ဖန်တီးတတ်တယ်။

အဲဒီလို အခါတိုင်းဖြစ်လာ၊ ကိုယ်
...အခါတိုင်းပြည့်စုံပြီး ကိုယ်မှန်း
...လည်း အခါတိုင်း မှန်နေလေ
... သူတွေက နဂိုအထင်ကြီးတာ
...အထင်ကြီးပြီး ချဉ်းကပ်ကြည်ညို
...တော့တယ်။ ချဉ်းကပ်လာတဲ့လူ
...လည်း လောကီအပူတွေ၊ လော
...သ၊ မောဟတွေပါ သယ်လာ
...တယ်ကွ။ ကိုယ်ကလည်း ကိုယ့်
...ယ် အထင်ကြီးထားတော့ လူ
...တွက် ဖြစ်စေ၊ ပျောက်စေ လုပ်မိ
...ရော။ ဖြစ်လည်းဖြစ်၊ ပျောက်
...တယ်ကွ"

...ွန်ပ်က စိတ်ဝင်စားစွာ နား
...င်နေမိ၏။

"အစတော့ တန်ခိုးကျမှာစိုးလို့
...အားထုတ်၊ အမိဋ္ဌာန်ဝင်ကြပေ
... ကြာလာတော့ ဘဝင်မြင့်လာပြီး
...န်လျော့လာတတ်တယ်။ ဘဝင်
... အမိဋ္ဌာန်လျော့တာကို အခွင့်
...င်းယူပြီး အဖျက်ကဝင်လာတော့
... အရင်က ကိုယ်တိုင်အတွက်ရော
...အတွက်ပါ လိုလျှင် တ,လိုက်က
...တတ်တာတွေ၊ မှန်းပြောတာတွေ
...တ်တာတွေလျော့၊ လျော့ရာက
... နည်းရာကနေ ပျောက်သွားတတ်
...ရော။ အဲဒီမှာ ယောဂီရဲ့ဘဝက
...လေရောကွယ့်"

...ွန်ပ် ထိတ်လန့်သွား၏။

"အဲဒါဟာ ယောဂီကို ပထမအ
...ချက်ထိတယ်လို့ ဆိုတယ်။ နတ်
...က်ပေါ့ကွာ။

ဒုတိယအမြောက်ချက်ကတော့
...အမြောက်ပေါ့ကွယ်"

...ွန်ပ်က စိတ်ဝင်စားစွာ နား
...င်နေ၏။

"ခာတ်သဘောက နတ်နဲ့ကင်း
...တ်ဘူးကွယ့်၊ နတ်နဲ့လည်း သင့်
အောင်နေသင့်တယ်။ နတ်နိုင်မှ ခာတ်
ပိုင်တယ် ဆိုတဲ့ အဆိုစကားရှိတယ်။
နတ်ကို အနိုင်ကျင့်ပြီးခိုင်းတာမျိုး မဟုတ်
ဘူး၊ နတ်ကို သင့်အောင်ပေါင်းပြီး ခာတ်
မှန်အောင် စဉ်းစားရတယ်။ ခာတ်ရိုက်
ခာတ်ဆင်ပညာတွေကို သင်ယူလေ့ကျင့်
ပြီး တတ်ကျွမ်းပြီဆိုမှ အပေါအပြော
အယူအဆတွေနဲ့ လိုက်ဖက်အောင်
ခာတ်ဆင်ခာတ်ရိုက် လုပ်ကြရတယ်။
အခုလို ယောဂီတွေမျိုးရဲ့ ခာတ်ဆင်
ခာတ်ရိုက်ပညာ ဆိုတာ တကယ်လေ့
လာပြီး၊ တတ်မြောက်ကျွမ်းကျင်သူတွေ
ထံမှာဆည်းပူးပြီး တတ်မြောက်လာတာ
မဟုတ်ဘူး။ ချစ်ခင်တဲ့နတ်တွေက ယော
ဂီရဲ့သီလ၊ သမာဓိနဲ့ မေတ္တာတွေကြောင့်
ဝိုင်းဝန်းဆောင်ရွက် ဖန်တီးပေးကြတာ
မျိုး။ နတ်တွေလည်းပြေးရော မှန်တတ်
တာမျိုးတွေလည်း ပြေးသွားတဲ့နတ်တွေ
နဲ့အတူပါသွားပြီး အမှန်တရားတွေဝေး
ပြီး အမှားတွေ ဖြစ်လာတယ်။ ဒီတော့
ယောဂီလည်း နာမည်ပျက်ပြီး နဂိုက ယုံ
ကြည်အားကိုး လေးစားသူတွေနဲ့ ဝေး
လေတော့တာပဲ။ အမှားတရားတွေက
လည်း မှားပြီးရင်းမှားပြီး အမှားထုတွေ
တက်လာလို့ နတ်ကောင်းနတ်မြတ်တွေ
ကလည်း ဝေးသထက်ဝေးအောင် ပြေး
တာပေါ့။ ဒီလိုနဲ့ အမှားတွေချည်းဖြစ်ပြီး
သူလည်း ဘဝပျက်ရင်ပျက်၊ မပျက်ရင်
ပါရမီတွေ ပျက်လေပြီ။ လောကီဘက်
ပြောင်းသွားတတ်တယ်။ ဒါက ယောဂီ
ကို ခာတ်အမြောက်နဲ့ ပစ်ချလိုက်လို့
ယောဂီဟာ ခာတ်အမြောက်ထိပြီး ကား
ခနဲကျသွားတာပဲ"

ကျွန်ုပ်က ဆရာတော်၏စကား
လုံးတိုင်းကို မှတ်မိအောင် ကြိုးစား၏။

"နောက်ဆုံး တတိယအမြောက်
ကတော့ ပရိသတ်အမြောက်ပဲကွ"

ပရိသတ်ကိုဖြင့် သာသနာပြုခြင်း
ကို သတိပြုလိုက်မိ၏။ မည်သူရယ်လို့
တော့မဟုတ်၊ သာသနာပြုတာ ပရိသတ်
နှင့် သာသနာပြုကြသည်ပဲ။ ပရိသတ်
ကတော့ရှိပေမည်။ ပရိသတ်အမြောက်
ကလည်း စိတ်ဝင်စားစရာ ကောင်းလှ
၏။

ဆရာတော်က ဆက်၍ ရှင်းပြ
တော်မူ၏။

"နတ်မှန်, ခာတ်မှန်ရင်၊ ဟောတာ
ပြောတာတွေမှန်, တွေးဆတာတွေမှန်
ရင် လူတွေကအားကိုးကြတယ်။ ဆရာ
တင်ကြတယ်။ တပည့်ခံကြတယ်။ ဒီလိုနဲ့
ပရိသတ်တွေများလာတယ်။ တပည့်စစ်
တပည့်မှန်တွေများရင် ဆရာလုပ်တဲ့
ယောဂီအတွက် မထောင်းတာသော်
လည်း တပည့်တု၊ တပည့်ယောင် ဆရာ
ကိုဗန်းပြပြီး လုပ်စားတဲ့ တပည့်မျိုးတွေ
များရင်တော့ ဆရာယောဂီအထောင်းခံ
ရတာ နာပြီသာမှတ်တော့။ အဲဒီတပည့်
တု တပည့်ယောင်တွေက ဆရာအကျိုး
ကိုလိုလားသလိုနဲ့ တစ်စိတ်ကိုတစ်အိတ်၊
လိပ်ကိုကြမ်းပိုးဖြစ်အောင် ဂုဏ်တင်ပြီး
ဟုတ်တာတွေရော၊ မဟုတ်တာတွေရော
ပြောတတ်ကြတယ်။ ပညာမရှိ၊ မတီး
ခေါက်မိတဲ့ တပည့်တွေကလည်း ရော
ယောင်ပြီး ကိုယ့်ဆရာကိုကိုယ် ဂုဏ်
တင်တတ်ကြတယ်"

ဆရာတော်၏စကားများသည်
သတိပြုဖွယ်များချည်း ဖြစ်နေပါသည်။

"ယောဂီပုဂ္ဂိုလ်ကလည်း တပည့်
ယောင်တွေ၊ ကြည်ညိုကြသူတွေရဲ့ ဂုဏ်
တင်စကားအပေါ် ကျေနပ်အားရပြီး
ပီတိခံစားလို့ မော့ပါသွားရင်၊ ရှင်းရှင်း
ပြောရရင် ဘဝင်မြင့်သွားရင် သမထ
ဝိပဿနာကျင့်ကြံအားတွေ လျော့ပြီး
တပည့်တွေရဲ့ အပြောအဟော၊ အကြွား
စကားတွေနဲ့ ညီအောင် သရုပ်ဆောင်
နေရတာနဲ့ တည်ပြီးသား သမာဓိတွေ
ပျက်ကုန်ပါလေရော။ အဲဒီမှာပဲ ယောဂီ
လည်းမော့ပြီး ကြာတော့ ဘဝပျက်
တော့တာပဲ။ ယောဂီကို တတိယအ
မြောက်ဖြစ်တဲ့ ပရိသတ်အမြောက်ထိ
တော့တာပဲကွယ်။ ဒါကြောင့် ဘိုးတော်
က ယောဂီတွေကို အမြောက်သုံးချက်
လွတ်အောင် ရှောင်ကြလို့ သတိပေးခဲ့
တာပဲ"

"မှန်ပါ့ဘုရား၊ အလွန်တန်ဖိုးရှိလှ
ပါတယ် ဘုရား"

ဆရာတော် ဦးဉာဏိန္ဒမှ တစ်ဆင့်
အဘ ဘိုးတော်အောင်မင်းခေါင်ကြီး၏
ဩဝါဒကိုကြားသိရသည့်အပြင် အလွန်
တန်ဖိုးရှိပြီး ယောဂီတိုင်းသတိထားသင့်
သည့်အချက် ဖြစ်နေပေသည်။

ထိုသို့သဘောရှိသော ဩဝါဒ
စကားမျိုးကို အခြားသော ဆရာတော်
ကြီးများလည်းမိန့်ဖူးသည်ကို ဝိဇ္ဇာမဟိဒ္ဓိ
လမ်းစဉ်တော်အား စိတ်ဝင်စားသည့်
ယောဂီအပေါင်းတို့ ကြားဖူးကြပါလိမ့်
မည်။ ကျွန်ုပ်အတွက်ကား လွန်စွာ
တန်ဖိုးရှိပြီး တစ်သက်တာ မှတ်သား
ထားပြီး မပြတ်ဆင်ခြင်ရမည့် ဩဝါဒ
ဖြစ်နေပါတော့သည်။

ဦးအောင်သုခ



www.burmeseclassic.com

www.burmeseclassic.com



ဖိုးအောင်မှာ သူတစ်မိုးတွင်းလုံး အပတ်တကုတ် ကြိုးစားလုပ်ကိုင်၍ရ လာခဲ့သော စပါးပုံကြီးကိုကြည့်ကာ ပီတိ ဖြစ်နေလေသည်။

ဒီလို စပါးပုံကြီးအဖြစ်သို့ ရောက် ရှိလာရန် သူ လယ်ထဲတွင် နေ့စဉ်ထွန် ယက်ခဲ့ရ၏။ နေပူပူ၊ မိုးရွာရွာ ဂရုမထား နိုင်ဘဲ အချိန်မီ စိုက်ပျိုးနိုင်ရန်ကိုသာ လုံး ပမ်းနေရတော့သည်။ စပါးများမှာ အချိန် စောစော ထွန်ယက်စိုက်ပျိုးနိုင်သည်နှင့် အမျှ အပင်စောစောဖြစ်ကာ သန်မာပြီး အပင်များလည်း ပွားများလာကြပေမည်။ စပါးတစ်ရုံတွင် အပင်များများပွားပါမှ အပင်တိုင်းက စပါးနှံများထွက်လာကာ သီးလာကြမည်ဖြစ်၍ စပါးထွက်လည်း ကောင်းမည် ဖြစ်သည်။ စိုက်ပျိုးချိန် နောက်ကျနေပါက အပင်ပွားချိန်နည်း သောကြောင့် စပါးထွက်လည်း လျော့ တတ်သည်။ လယ်သမားတစ်ယောက် ဖြစ်လာလျှင် ဆန်စပါး၊ ကောက်ပဲသီးနှံ များ စိုက်ပျိုးရမည်။ ထွက်ရှိလာသည့် သီးနှံများကို ဝမ်းစာနှင့် မျိုးချန်ထား အပိုအလျှံကို ရောင်းချခြင်းဖြင့် ဝင ရရှိသူများ ဖြစ်သည်။ မိုးကျလာသည် စတင် ထွန်ယက်ကြရပြီး မိုးနှောင်း တွင် စိုက်ပျိုးကြရန် လိုအပ်သည်။ ထို င်န်းများက လယ်သမားတိုင်း သ ကျအလုပ်ဖြစ်သည်။ လယ်သမား



www.burmeseclassic.com

www.burmeseclassic.com

...ိက်ချိန်နောက်ကျသွားပါက စပါး ...ပင်ပွားချိန်နည်းခဲ့ခြင်းကြောင့် အနှံ ...ည်းကာ စပါးထွက်လည်း လျော့ ...တော့၏။ လယ်သမားချင်းတူပေ ...ိရိယချင်း ကွာခြားသဖြင့် စပါးရ ...သည်း အနည်းအများမတူညီနိုင်ပေ။

...ိုးအောင်သည် သူ့လယ်ထွက် ...တ်လှိုင်းများအားလုံးနယ်ပြီး လေ့ ...ားသဖြင့် ကောက်မော်များကင်းစင် ...သည့် ဧရာမ စပါးပုံကြီးထဲမှ နောက် ...မ်းတွင် စပါးမျိုးအတွက် အလုံအ ...တ် မြေခွံအိတ်နှင့် ထည့်သည်။ ပြီး ...င် အသေအချာချုပ်ပြီး အိမ်အောက် ...ါတွင် ထပ်၍တင်ထားသည်။ ပြီး ...င် သူ့မိသားစု တစ်မိုးစာဝမ်းစာ ဆန် ...နိုင်ရန် စပါးတင်းသတ်သတ်ဖယ် ...အပိုအလျှံစပါးတို့ကို ပေါက်ဈေးနှင့် ငွေစုထားကြ၏။ ကျေးလက်ဒေသများ မှာကတော့ ဘဏ်ငွေစုရန် မဖြစ်နိုင်၍ ရွှေကိုသာဝယ်ယူထားကြလေ၏။ ဘဏ် ၌စုထားပါက လွယ်လွယ်ကူကူ ထုတ်မရ နိုင်ဘဲ ရွှေဝယ်ထားသည်က အသုံးလို သည်နှင့် ရောင်းခြင်း၊ ပေါင်နှံခြင်းဖြင့် ငွေအရလွယ်လေ၏။

"ဟဲ့ - နွားတွေ၊ သွက်သွက်က လေး လှမ်းကြစမ်းပါဟ"

"ခပ်သုတ်သုတ် မောင်းပေးဟ ဖိုးအောင်ရေ။ ဆန်စက်ကို စောစော ရောက်ရင် စောစောကြိတ်နိုင်တာပေါ့ ကွာ"

ဖိုးအောင်က သူ့နွားနှစ်ကောင်ကို ကြိမ်တို့ပေးကာ သွက်သွက်မောင်းလာ ခဲ့သည်။

"ဖိုးအောင်ရေ မင်းအိမ်အတွက် ဝမ်းစာဆန် ဘယ်လောက်ကြိတ်ရသလဲ ကွ"

"စပါးသုံးစည်းလောက် ကြိတ်ရ တယ်ဗျ"

"ဒါဖြင့် နောက်နှစ်စည်းကို ဆက် တိုက်လာကြိတ်မလားကွ"

"အေးလေဗျာ၊ သုံးစည်းလုံးကြိတ် ပြီး လှောင်ထားရင် စပါးကြိတ်တဲ့အလုပ် တစ်ခုပြတ်သွားတာပေါ့ဗျာ"

"ဒါဆို ငါလည်း မင်းလိုပဲ အပြတ် ကြိတ်ထားမယ်ကွာ"

"အခု မိုးမရွာမီ ကုန်းခြောက်တုန်း အပြီးကြိတ်ထားမှဗျ။ မိုးကျလာမှ ကြိတ် ရရင် လမ်းကဆိုး၊ လှည်းကိုလည်း စပါး အိတ်တွေ မိုးမစိုအောင် ပေါင်းမိုးလုပ် ရနဲ့ အလုပ်တွေပိုတယ်လေဗျာ"

ဖိုးအောင်တို့က စပါးသုံးစည်းကို ရက်ဆက်ကြိတ်ခဲ့၏။ ဆန်အိတ်များမှ ဆန်များကို ပီပါထဲ တချို့၊ နွားချေးသုတ် ထားသော စပါးပုတ်ထဲသို့ လောက်သေ ရွက်များဖြန့်ခင်းပြီးမှ ဆန်တွေကို ဝမ်းစာ ဆန်အဖြစ် ထည့်သည်။ လောက်သေ

တင့်ထူး(ဇေယျာဝတီ)
အသက်သခင်ကျေးဇူးရှင်

...င်းခဲ့သည်။ သည်လိုအချိန်မျိုးမှာ ...ယ်သမားများ၏ လက်ထဲတွင် ငွေသီး ...ဖြစ်လေသည်။ တချို့လယ်သမားက ...ယ်များ ရှင်မပြုရသေးလျှင် စပါး ...မ်းပြီး ရောင်းပြီးသည်နှင့် အလှူပွဲ ...င်းပကြသည်။ ရှင်ပြုစရာမရှိပါက ...သမီးများအတွက် ရွှေလက်ဝတ် ...ကစားများ ဝယ်ယူထား၏။ မြို့မှာက ...တော့ ငွေပိုငွေလျှံရှိလာလျှင် ဘဏ်တွင်



www.burmeseclassic.com

ရွက်ဖြန့်ခင်းပြီးထည့်ခြင်းမှာ ဆန်ကို ပိုးမထိုးရန်အတွက် ကာကွယ်ခြင်းဖြစ်သည်။ ပုတ်နှင့်ထည့်ပြီးလျှင် အပေါ်မှလည်း လောက်သေရွက်အုပ်ပြီးမှ အဖုံးဖုံးကာ လုံအောင်ပိတ်ထားရသည်။ ဆန်ကို ထိုကဲ့သို့သိုလှောင်ထားပါလျှင် အချိန်ဘယ်လောက်ပင်ကြာကြာ ဆန်ပိုးမထိုးပါချေ။

ဖိုးအောင် အိမ်ကိုလည်း အသစ်ပြန်မိုးပြီးခဲ့ပြီ။ ဝမ်းစာဆန်ကြိတ်ခြင်းလည်းပြီး၍ သိုလှောင်ထားပြီးပြီ။ လယ်ကွက်တွေထဲလည်း နွားချေးတိုက်ချခဲ့ပြီးပြီ။ မီးဖိုချောင်တွင် မရှိမဖြစ် အရေးကြီးလှသော ထင်းကိုလည်း စိတ်ပိုင်းခွဲ၍ အခြောက်လှန်းပြီး ထင်းစင်ထဲသွင်းထားပြီးခဲ့လေပြီ။ ဖိုးအောင်က လယ်သမားစစ်စစ်တစ်ယောက်ပီသစွာ သူ့အိမ်၊ သူ့မိသားစုအတွက် အစစပြည့်စုံအဆင်ပြေနိုင်စေရန် အလုပ်တစ်မျိုးပြီးတစ်မျိုး စဉ်းစားပြီးလုပ်ခဲ့သည်။

"ဟာ-ဖိုးအောင်၊ မင်းကတော့ကွာ အိမ်လည်းမိုးပြီးသွားပြီ၊ ထင်းလည်းစုံ၊ နွားချေးလည်းချပြီးပြီဆိုတော့ အလုပ်ငြိမ်းသွားပြီပေါ့နော်။ ငါတို့မှာက ခုချိန်ထိ အိမ်ပြန်မိုးရသေးဘူးကွ။ ဝမ်းစာစပါးလည်း ဆန်သွားကြိတ်ရဦးမယ်"

"ကျုပ်ကလုပ်ရမယ့်အလုပ်တွေကို တစ်မျိုးပြီးတာနဲ့ နောက်တစ်မျိုးကို ဆက်တိုက်ပြီးအောင်လုပ်ခဲ့လေတော့ အေးသွားတော့တာပေါ့ဗျာ"

ရွာထဲတွင် ဖိုးအောင်ကဲ့သို့ပင် ဝီရိယရှိသည့် လယ်သမားများလည်းရှိပါသည်။ ဖိုးအောင်က နွားများနှင့် လေးလေးပင်ပင်ခိုင်းစရာမရှိတော့သဖြင့် သူ့နွားနှစ်ကောင်ကို လယ်ထဲပြန်မဆင်းမီ ဝဖြိုးပြီးအားပြည့်စေရန် ဂရုတစိုက်ကျွေးမွေးလေသည်။ နံနက်စောစောထပြီးလျှင် နွားနှစ်ကောင်အား ချောင်းထဲက ရေအိုင်ဆီသို့မောင်းသွားသည်။ ရေအိုင်ရောက်လျှင် နှစ်ကောင်စလုံးအား ရေရွဲနေအောင်ပက်ပေးသည်။ နွားများအား စောစောစီးစီး ရေပက်ပေးခဲ့သဖြင့် နွားများခန္ဓာကိုယ်မှ အပူငွေ့များတထောင်းထောင်းနှင့်ထွက်နေကြသည်။ ပြီးလျှင် ကွင်းထဲသို့ အစာစားရန် လွှတ်ပေးထားခဲ့သည်။

"ငါလည်း နွားစာကြဲထားတဲ့ ပြောင်းခင်းထဲက ပြောင်းပင်တစ်ထုံး သွားခုတ်ယူဦးမှပဲ"

ထိုပြောင်းပင်များက စိမ်းစိုနေ၏။ အိမ်ရောက်လျှင် ဓားစက်နှင့်နင်းပြီးဖြတ်ကာ နွားစာကျင်းထဲထည့်ပြီး ဖွဲနုနည်းနည်းဖြူးကျွေးလျှင် နွားများက နတ်သုဒ္ဓါစားရသကဲ့သို့ မြိန်ရေရှက်ရေ စားကြလေသည်။ အလုပ်ပြီးသည့်အချိန်မှစ၍ ထိုသို့ ဂရုတစိုက်ကျွေးမွေးလာခဲ့သဖြင့် သူ၏နွားနှစ်ကောင်မှာ ဝဖြိုးကျန်းမာနေလေသည်။ တချို့ဆိုလျှင် နွားများကို ကောက်ရိုးပုံနား ချည်ထားပေးကြ၏။ နွားများက အစာဆာလျှင် ကောက်ရိုးပုံမှ ကောက်ရိုးကို ဆွဲစားကြရ၏။

"အင်း- တချို့က ကွဲ၊ နွားတွေကို ခိုင်းတော့သာခိုင်းကြတာ၊ ဂရုတစိုက် ကျွေးမွေးပေးတာ မရှိကြဘူး။ ပြီးပြီးရော ကျွေးတတ်ကြတာပဲ"

ဖိုးအောင်ကတော့ ကောက်ရိုးအခြောက်များကို ဓားစက်နှင့်နင်းဖြတ်၍ နွားစားကျင်းထဲထည့်သည်။ ရေအနည်းငယ်ထည့်သည်။ ထိုဖြတ်ထည့်ထားသော ကောက်ရိုးပြတ်အစာများပေါ်သို့ နွားများ စားကောင်းကြစေရန် ဖွဲနုဖြူးထည့်ပေးထားပြီး ကျွေးသည်။ နွားများက ဖွဲနုဖြူးထားသည့် ကောက်ရိုးစင်းပြီးသားအစာကို နှစ်နှစ်ခြိုက်ခြိုက် ဗိုက်ကားအောင် စားကြသည်။ နွားလည်း နားနေရပြီး အစာရေစာ ဝဝလင်လင်စားရကာ ရေလည်းအချိန်မှန်စွာချိုးပေးခဲ့သဖြင့် ဖိုးအောင်၏ နွားနှစ်ကောင်မှာ ဝဖြိုးကျန်းမာကြလျက် မိုးအခါ၌ လယ်ယာလုပ်ငန်းခွင်ဝင်ကြရန် အဆင်သင့်ဖြစ်၍နေလေတော့သည်။ ရောဂါဘယလည်း ကင်းရှင်းခဲ့ကြလေ၏။ သူက နွားများကို ပေယျာလကန် မထားခဲ့ပေ။ ဂရုမစိုက်ဘဲပစ်ထားလျှင် ခွာနာလျှာနာ၊ ဒေါင့်သန်းရောဂါ စသည်ဖြင့် ရောဂါများရပြီး သေဆုံးနိုင်သည်။ နွားတစ်ကောင် သေဆုံး၍ နောက်ထပ် နွားတစ်ကောင်ထပ်ဝယ်ယူရလျှင် နွားဈေးတွေက သိန်းဂဏန်းအထက်တွင်ရှိနေသဖြင့် ငွေကုန်ကြေးကျဖြစ်ရမည်ပင် ဖြစ်သည်။ မဖြစ်မီက ကြိုတင်ကာကွယ် ပြုစုပေးလျှင် ထိုအန္တရာယ်များမှ ကင်းဝေးမည်သာ ဖြစ်သည်။

❑

မိုးမကျမီတွင် လယ်သမားတိုင်း အိမ်တွင် ကြိုတင် ပြင်ဆင်စရာရှိသည့် အလုပ်များကို ပြီးပြတ်အောင် လုပ်ထားကြရသည်။ အလုပ်များပြီးပြတ်ပြီး အားလပ်နေလျှင် ဘုရားဖူးသွားခြင်း၊ ရပ်ဝေးမှ အဆွေအမျိုးတို့ထံ အလည်အပတ်သွားခြင်းတို့ကို လုပ်နိုင်ကြမည် ဖြစ်၏။

တစ်နေ့သော နေ့လယ်ခင်း၌ ဖိုးအောင် ရေနွေးကြမ်းတစ်အိုးနှင့် သူ့အိမ်ရှေ့တွင် ရေနွေးသောက်နေသည်။

"ဟာ - ဖိုးအောင်၊ မင်းက အိမ်ရှေ့မှာ အဆင်သင့်ရှိနေတာပဲကွ။ ငါက မင်းနဲ့တွေ့ရအောင်လာခဲ့တာလေကွာ"

"ဟုတ်လား။ လာဗျာ - ကိုသိန်းဖေ၊ ရေနွေးတွေသောက်ပါဦး"

ကိုသိန်းဖေက ဝင်ထိုင်ခဲ့ကာ ရေနွေးကြမ်းတစ်ခွက် ငှဲ့ထည့်၍သောက်နေလေသည်။

"ကျုပ်ဆီလာခဲ့တာက ဘာကိစ္စများရှိလို့လဲဗျ"

"တခြားတော့ မဟုတ်ပါဘူးကွာ။ အခု ငါတို့က အိမ်အလုပ်တွေပြီးကြလို့ အားလပ်နေချိန်ဆိုတော့ တောထဲ ညအိပ်တက်ပြီး နွားကြိုးအတွက် လျှော်ဆုတ်သွားကြမလားလို့ပါ"

ကျေးလက် လယ်သမားများမှာ ကွဲ၊ နွားများကို အားကိုးပြီး အသုံးချလုပ်ကိုင်နေကြရသဖြင့် လိုသလိုခိုင်းစေနိုင်ရန် ကွဲ၊ နွားများ၌ နှာခေါင်းကြိုးတပ်ထားရကာ ထိုနှာခေါင်းကြိုးတွင် ကြိုးရှည်တစ်ချောင်းချည်ထားကာ ထယ်ထိုးမောင်းမောင်း၊ လှည်းမှာပဲတပ်၍မောင်းမောင်း၊ အကွေ့အကောက်, အဆင်းအတက်ကအစ ရပ်စေလိုသည့်အခါ နှာခေါင်းကြိုးကို ဆွဲခြင်းဖြင့် လိုသလို ခိုင်းနိုင်ကြသည်။

"ဟန်ကျတယ် ကိုသိန်းဖေရေ ကျုပ်မှာလည်း နွားကြိုးတွေအတွက် လျှော်လိုနေတာဗျ။ တောတက်မယ့် အဖော်စပ်ပြီး သွားမလားလို့ စိတ်ကူးနေတုန်း ကိုသိန်းဖေရောက်လာခဲ့တာ အတော်ဖြစ်သွားတော့တာပဲပေါ့ဗျာ"

"ဟုတ်ပြီပေါ့၊ ဘယ်နေ့လောက် တက်ကြမလဲ"

"နက်ဖြန်မနက်သွားရင် မကောင်းဘူးလားဗျ။ နှစ်ညအိပ်လောက်သွားကြရင် ကျုပ်တို့လိုတဲ့လျှော်တွေရနိုင်ပြီပေါ့"

နောက်တစ်နေ့မနက်စောစော အချိန်တွင် (၂)ရက်၊ (၃)ရက်စာ ရိက္ခာ အပြည့်အစုံထည့်ကာ တောထဲသို့ လျှော် ဆုတ်ရန်ထွက်လာခဲ့ကြတော့သည်။

လျှော်ဆုတ်ရန်ဖြစ်၍ လျှော်ပင် ပေါသောတောနက်ထဲ အရောက်လာ၍ ရှာဖွေခဲ့ကြရသည်။ လျှော်ပင်တွေ့သည့် နေရာ၌ စခန်းချ ညအိပ်၍ လျှော်ဆုတ် ယူကြ၏။ (၂) ညအိပ်ကာ လျှော်ဆုတ်ယူ ကြပြီးလျှင် လျှော်ထုံးကြီးများထုံး၍ ထမ်း ကာ ရွာသို့ ပြန်ခဲ့ကြလေသည်။

"ဒီလောက်လျှော်တွေရလာခဲ့တာ ဟန်ကျတယ်ဗျာ။ အိမ်ရောက်ရင် ကြိုး တွေကျစ်ထားရမယ်ဗျ။ ဒါမှကြိုးတစ် ချောင်းဆွေးရင် အဆင်သင့်ထုတ်သုံး

www.burmeseclassic.com

လေဗျာ"

လျှော်ထုံးကိုထမ်းကာ နှစ်ဦးသား းတပြောပြောနှင့် ပြန်လာခဲ့ကြ၏။ နေရာအရောက်တွင် လမ်းဘေးမှ င်တစ်ပင်ကို မော့ကြည့်မိကြရာ ည်းပင်ကြီးဖြစ်နေလေသည်။

"ဟာ - ဖိုးအောင်ရေ၊ တည်းပင် ပေါ်မှာ တည်းသီးအတောင့်တွေ ခဲနေတာပဲကွ။ ဒီအပင်ကို ဘယ်သူ တွေ့ကြသေးလို့ တည်းတောင့်တွေ နေသေးတာပဲ"

"ဟုတ်ပ့ါဗျာ၊ အတောင့်တွေ အားပါပဲ။ ကျုပ်တို့ ခူးယူပြီးပြန်ရ င်လေ"

"ခူးတာတော့ ဟုတ်ပါပြီ။ ငါက ပင်မတက်နိုင်ဘူးကွ။ ပြီးတော့ ည်းပင်ကြီးက အမြင့်ကြီးရယ်လေ"

"အို- ကျုပ်တက်ခူးချပ့ါမယ်။ ခင် အောက်ကကောက်ပေါ့"

ထိုသို့ဖြင့် ဖိုးအောင်က တည်း ပေါ်သို့ ခါးတောင်းကျိုက်ကာ တက် ည်၊ တည်းပင်က ကိုင်းတက်များရှိ ဖြင့် မြင့်လှသော်လည်း တက်ရ လေသည်။ ကိုဖိုးအောင် တည်း င့်များကို ဝါးတံချူဖြင့် ခူးချပေ ၊ လက်လှမ်းမီရာအတောင့်များကို ခူးချပေးလေသည်။ ကိုသိန်းဖေ အပင်အောက်မှလိုက်ကောက်၍စုပုံ လေသည်။

"ဟာ - တည်းတောင့်တွေက ပင်အဖျားပိုင်းမှာ တအားပါလား။ အထိ တက်ဆွတ်ချမှပဲ"

"ဟင်- တည်းအကိုင်းမှာ မြွေ ကောင်က သစ်ကိုင်းကို လိမ် ရှိနေတာပါလား"

ဖိုးအောင် သစ်ပင်အဖျားပိုင်းအ တ် တည်းကိုင်းကြီးတစ်ကိုင်းကို ကလာနေစဉ် သူ့ရှေ့နားတွင် မြွေ ရုတ်တရက် တွေ့မြင်ခဲ့ခြင်း ဖြစ် ။ သူလည်း သစ်ကိုင်းပေါ် ခွတက် မြွေကြီးကလည်း ဖိုးအောင်ကို မြင်သည်နှင့် ရှောင်တိမ်းမရ မပြေး ဖြင့် ပါးပျဉ်းထောင်ကာပေါက်ရန် င်သင့်ပြင်ဆင်ထားနေလေသည်။

"ခက်ပြီ၊ ငါကလည်း သစ်ကိုင်း မှာ ခွတက်လျက်နဲ့ ဘေးဘယ်ညာ ည်း မရှောင်တိမ်းတတ်ဘူး။ မြွေ လည်း ငါနည်းနည်းလှုပ်လိုက်တာ က်တော့မယ်"

ဖိုးအောင် မြွေကြီးကို ငေးကြည့် တ် မလှုပ်သာဘဲ ငြိမ်နေရသလို တလည်း ဖိုးအောင် နည်းနည်း လှုပ်ရှားလိုက်သည်နှင့် ပေါက်သတ်ရန် ပါးပျဉ်းထောင်လျက် အသင့်အနေအ ထားနှင့် ငြိမ်နေတော့သည်။

"ငါ နောက်ဘက်ကို လျှောဆင်း ဖို့ လှုပ်လိုက်ရင် မြွေကြီးက ပေါက်တော့ မှာပဲ။ ပြီးတော့ မြွေကြီးက သစ်ကိုင်းက အောက်ဘက်ကိုဆင်းဖို့အလာ ဆိုတော့ အပေါ်ဘက်ကို ပြန်တက်မှာ မဟုတ် ဘူး"

ကိုဖိုးအောင်မှာ သူ့တွင်ဘာလက် နက်မှ မပါခဲ့ချေ။ ဓားကလည်း သစ်ပင် အောက်တွင်သာ ရှိနေသည်။ လက်နက် တစ်စုံတစ်ခုကိုင်ထားရလျှင် မြွေကြီးကို အောက်သို့ လှမ်းရိုက်ရနိုင်မည် ဖြစ် သည်။

'အင်း . . . ငါသစ်ပင်အပေါ်ဘက် ကို သစ်ကိုင်းကြီးကနေ ခွတက်လာရ တာဆိုတော့ ကြာကြာခွမထားနိုင်တော့ ဘူး။အောက်ဘက်အစောင်းကို တဖြည်း ဖြည်းလျှောကျနေပြီ။ ဘယ်လိုများဒီမြွေ ကြီးရန်ကလွတ်အောင်ရှောင်နိုင်ပ့ါမလဲ'

ဖိုးအောင် သစ်ကိုင်းကြီးကိုခွထား လျက် လက်နှစ်ဖက်ကလည်း သစ်ကိုင်း ကြီးကို ဖက်ထားနေရသည်။ မြွေရန်က မည်သို့လွတ်ကင်းအောင်လုပ်ယူရမည် ကို အမျိုးမျိုးစဉ်းစားကြည့်နေခဲ့လေ သည်။

ဖိုးအောင် သစ်ကိုင်းကြီးပေါ် ခွ လျက် ချွေးပြန်နေသည်။ ချွေးမပြန်၍ လည်းမဖြစ်။ ရင်ဆိုင်တွေ့နေရသည့် မြွေ ကြီးက အဆိပ်ပြင်းသည့် မြွေဆိုးတစ် ကောင် ဖြစ်နေလေသည်။

သူ့နဖူးပြင်မှ ချွေးသီးချွေးပေါက် များ စီးကျလာသဖြင့် အဝတ်တစ်ခုဖြင့် သုတ်ပစ်လိုလေသည်။ ထိုအခိုက်မှာပင် သူ့ခေါင်း၌ ပေါင်းထားသောတဘက် ကို သတိရလာသည်။

'ဟာ - ငါမေ့နေလိုက်တာ။ ငါ တဘက်တစ်ထည်ကို ခေါင်းပေါင်းထား တာပဲ'

ထိုတဘက်ကို သတိရလာသည် နှင့် ဖိုးအောင် မြွေကြီး၏ရန်မှ ကင်းဝေး အောင် စွန့်စားရမည်ကို တွေးလာခဲ့မိ သည်။

ဖိုးအောင်သည် သူခွထားသော ခြေနှစ်ဖက်ကို အသေအချာချိတ်လိုက် သည်။ ပြီးလျှင် သူ့လက်နှစ်ဖက်ကို သစ် ကိုင်းမှ အသာအယာခွာ၍ သူ့ခေါင်းမှ ပေါင်းထားသော တဘက်ကို ဖြုတ်ယူ လိုက်သည်။ တဘက်က အခွေလိုက် ပြုတ်ပါလာခဲ့သည်။ ပြီးလျှင် တဘက် အစနှစ်ဖက်ကိုကိုင်၍ ဖြန့်လိုက်သည်။

'တဲကွာ - သင်းပေါက်ရင်လည်း ပေါက်ပေတော့'

ဖိုးအောင်က သူ့လက်ထဲမှ ဖြန့် ကိုင်ထားသောတဘက်ကို ပါးပျဉ်းထောင် ထားသော မြွေကြီး၏ ဦးခေါင်းပေါ်သို့ လှမ်းပစ်တင်လိုက်သည်။ သူပစ်တင် လိုက်သောတဘက်မှာ ပါးပျဉ်းထောင် ထားသည့် မြွေဦးခေါင်းပေါ် တည့်တည့် သို့အုပ်ကျသွားတာ မြွေနှင့် တဘက် လုံးထွေးရစ်ပတ်ဖြစ်နေကာ မကြာမီ မှာပင် မြွေကြီး သစ်ပင်ပေါ်မှ အောက်သို့ ကျသွားခဲ့လေတော့သည်။

"ကိုသိန်းဖေရေ၊ မြွေကြီးအောက် ကိုကျလာပြီဗျ။ ဆီးပြီးရိုက်ပါဗျ"

သစ်ပင်အောက်တွင် တုတ်တစ် ချောင်း အဆင်သင့်ကိုင်စောင့်နေသော ကိုသိန်းဖေက မြွေကြီး တဘက်နှင့် လုံး ထွေးကာ မြေပြင်ပေါ် ကျလာသည်နှင့် ဆီးရိုက်ခဲ့တော့သည်။

"ဖိုးအောင်ရေ၊ မင်းကို ဒုက္ခပေး တဲ့မြွေကြီးတော့ သေသွားပြီဟေ့"

"အေးဗျာ၊ ကျုပ်လည်း တည်း ဆက်မခူးတော့ဘူး။ အောက်ပြန်ဆင်း လာတော့မယ်"

မကြာမီ ကိုဖိုးအောင် သစ်ပင် အောက်သို့ ရောက်လာခဲ့သည်။

"ဒီမြွေကြီးမျိုးက အဆိပ်ပြင်း တယ်ဗျ။ ပေါက်လို့ကတော့ မလွယ်ဘူး။ တဘက်တစ်ထည် ခေါင်းပေါင်းလာတာ ကျုပ်အသက်ရှင်ဖို့ ကယ်ပေးခဲ့တဲ့ ကျေး ဇူးရှင်လို့တောင် သတ်မှတ်ထိုက်တယ်ဗျ"

ဖိုးအောင်က မြွေသေကြီးနားမှ သူ့တဘက်ကို ဆွဲယူကြည့်သည်။ တဘက် အမွေးနှင့် မြွေစွယ်ငြိနေ၍ ဆွဲ၍မရခဲ့ ပေ။

"အင်း . . . မြွေစွယ်နဲ့ တဘက် အမွေးနဲ့ ငြိနေတော့ မြွေကြီး သစ်ပင် ပေါ်မှာ တဘက်နဲ့ လုံးထွေးပြီး အောက် ကိုပြုတ်ကျခဲ့တာပဲဗျ"

နှစ်ယောက်သား အပင်ပေါ်မှ ခူး ချထားသော တည်းတောင့်များကို ထု ခွဲကြ၍ အထဲမှ တည်းသီးများ ထုတ် ယူကြသည်။

"ကဲ- တည်းသီးတွေလည်းထုတ် ယူလို့ပြီးပြီဆိုတော့ ခရီးဆက်ကြမယ် ဗျာ"

တည်းသီးကိုအိတ်ထဲထည့်လွယ် ပြီး သူတို့ဆုတ်ယူလာခဲ့သော လျှော် တုံးကြီးကိုထမ်းကာ ရွာသို့ ပြန်လာခဲ့ကြ လေတော့သည်။

တင့်ထူး(ဧသော့ဘိ)




www.burmeseclassic.com

www.burmeseclassic.com

ဆရာသိန်းသန်းအောင်

# ချစ်ခြင်းတရားနှင့်လက္ခဏာ



Even heart line.

## ညီညာသောနှလုံးလမ်းကြောင်း

နှလုံးလမ်းကြောင်း၌ အခြားသော အဖျက် (အဖြတ်) လမ်းကြောင်းများ မပါရှိဘဲ လမ်းကြောင်းညီညာနေပါက အချစ်ရေး၌ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်သူ၊ တန်ဖိုးထားတတ်သူ၊ ယုံကြည်မှုအပြည့်ရှိသူ ဖြစ်ပါမည်။ ၎င်းအပြင် လူမှုဆက်ဆံရေး၌လည်း ခင်မင်မှု တာရှည်စေနိုင်သည့် ဆက်ဆံရေးပုံစံဖြစ်အောင် ထိန်းသိမ်းပေးနိုင်သူ၊ သူတစ်ပါး၏အကြောင်းကိစ္စကြီး,ငယ်အား လက်ခံစဉ်းစား ဖြေရှင်းပေးရန် ဝန်မလေးတတ်သူ ဖြစ်ပါသည်။

## နှလုံးလမ်းကြောင်း ရောထွေးနေခြင်း



Mixed heart line.

နှလုံးလမ်းကြောင်းသည် တစ်ဖက်ကျယ်၍ တစ်ဖက်ကျဉ်းနေပါက စိတ်ခံစားမှုဆိုင်ရာ စိန်ခေါ်မှုများအား ပျော်ရွှင်ကျေနပ်စွာ ရင်ဆိုင်ရသူမဟုတ်ကြောင်း ဖော်ပြပါသည်။


## နှလုံးလမ်းကြောင်း တည်ဆောက်ပုံ အတားအဆီးမရှိ ရှင်းလင်းနေခြင်း



Free-flowing heart line.

နှလုံးလမ်းကြောင်း၌ အဟန့်အတားဖြစ်နေသည့် အခြား လမ်းကြောင်းများ မပါရှိပါက နှလုံးသားရေးရာ၌ အဆင်ပြေလွယ်ကူစွာဖြင့် ပျော်ရွှင်ကျေနပ်မှုရမည့်သဘော၊ ကျန်းမာရေးကောင်းမည့်သဘော၊ အကောင်းမြင်တတ်သည့်သဘောတို့ကို ကိုယ်စားပြုနေပါသည်။

## နှလုံးလမ်းကြောင်းပေါ်၌ အစက်အ...ပြောက်ပါရှိခြင်း



Dot on heart line.

နှလုံးလမ်းကြောင်းပေါ်၌ အစ... အပြောက်ပါရှိပါက နှလုံးသားရေးရာ... ပတ်သက်သည့်စိတ်ဖိစီးမှုများခြင်း အ... မှတ်မထင်သည့် ပွပင်သောကဖြစ်စေ... များ ရုတ်တရက် ဝင်ရောက်နိုင်ခြင်း... ကို ဖော်ပြသည်။ အဆိုပါ လက္ခဏာ... အနေဖြင့် အတိတ်မှ စိတ်ဓာတ်ကျ... များအား မေ့ဖျောက်၍ ကျန်းမာရေး... တွက် (စိတ်ပိုင်းဆိုင်ရာ) ထိခိုက်မှုမ... (သို့) ပုံမှန်ပြန်ဖြစ်ရန် ကြိုးစားသင့်... သည်။

## နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြ...



Islands on the heart line

နှလုံးလမ်းကြောင်းပေါ်၌ ကျွ... ပါရှိနေခြင်းဖြင့် စိတ်ဖိစီးမှု၊ အဆင်... ပြေမှု၊ ရေရှည်ပဋိပက္ခများနေမှုများ ဖြ... နေရပါမည်။ ကျန်းမာရေး၌ ကိုယ်အ... အစိတ်အပိုင်းတစ်ခု ထိခိုက်ရာမှ စိ... ပိုင်းဆိုင်ရာကိုပါ အပြင်းအထန် အ... သက်ရောက်စေသောကြောင့် အသ... အန္တရာယ်ပင်ရှိနိုင်ပါသည်။ နှလုံး...




www.burmeseclassic.com

www.burmeseclassic.com

ကြောင်းပေါ်ရှိ ကျွန်းနှင့်ပတ်သက်၍ ကျွန်း၏အရွယ်အစား အကြီး၊အသေး၊ အရေအတွက်တို့အား လေ့လာခြင်းဖြင့် အကျစွာ အဖြေထုတ်နိုင်ပါသည်။

**ကြာသပတေးဂြိုဟ်ခုံပေါ်၌ တစ်ခုတည်းသောကျွန်းရှိနေခြင်း**



Single island on Jupiter.

ကြာသပတေးဂြိုဟ်ခုံပေါ် ဖြတ်သန်းနေသော နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းတစ်ခုတည်းရှိနေပါက ငယ်စဉ်လေးဘဝမှ အရွယ်ရောက်ချိန်အထိ ပြဿနာများနှင့် ကြုံတွေ့နေရသည်။ အကယ်၍ နှလုံးလမ်းကြောင်းသည် ကျွန်းကို ချောမွေ့စွာဖြတ်သန်းသွားပါက အထက်ပါပြဿနာ (အခက်အခဲ အတားအဆီး) များအား အောင်မြင်စွာ ကျော်လွှားသွားနိုင်ပါမည်။

**ဂြိုဟ်ခုံပေါ်၌ ကျွန်းတစ်ခုပါရှိနေခြင်း**




Single island on Saturn.

စနေဂြိုဟ်ခုံပေါ်ရှိ နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းတစ်ခုပါရှိနေပါက ကြွဲ ဝမ်းနည်းမှုများ ရှိနေကြောင်း ခံစားပြု ဖော်ပြပါသည်။ အဆိုပါ လက္ခဏာရှင်အနေဖြင့် မိမိစိတ်ခံစားချက်အား ဖုံးဖိမျိုသိပ် ထိန်းချုပ်ခြင်း ရင်ထဲ၌ရှင်းသွားအောင် မည်သို့ ဖော် ပြသရမည်ကိုသာ စဉ်းစားပါသည်။

**နက်နေ့ဂြိုဟ်ခုံပေါ်၌ ကျွန်းတစ်ခုခံနေ**

တနင်္ဂနွေဂြိုဟ်ခုံပေါ်ရှိ နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းတစ်ခုပါရှိနေပါက



Single island on Sun.

ဘဝတစ်သက်တာအတွင်း အခက်အခဲ အပိတ်အပင်(အတားအဆီး)များရှိနေကြောင်း ဖော်ပြပါသည်။ အချို့သော အတားအဆီးများက စိတ်ပိုင်းဆိုင်ရာ နာကျင်ထိခိုက်မှု၊ စိတ်ဓာတ်ကျမှုများ ဖြစ်စေရန် ဖန်တီးပေးပြီး အချို့သော အနှောင့်အယှက်များက မိမိဘဝအတွက် မျှော်လင့်ချက်၊ မျှော်မှန်းချက်များအား လက်တွေ့ အကောင်အထည်မဖော်နိုင်အောင် တားဆီး ပိတ်ပင်ထားတတ်ကြသည်။

**ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ ကျွန်းခံနေခြင်း**



Single island on Mercury.

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်ရှိ နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းသည် အချစ်ရေးနှင့်ပတ်သက်၍ စွမ်းဆောင်ရည် နည်းပါးခြင်းကြောင့် စိတ်ခံစားမှုဆိုင်ရာ အပိတ်အပင် အတားအဆီးများ ရှိနေကြောင်း ဖော်ပြပါသည်။ အဆိုပါ လက္ခဏာရှင်အနေဖြင့် သိစိတ်ဆိုင်ရာကိစ္စများ၌ ပွင့်လင်းရန် လိုပါသည်။


**အရွယ်အစားကြီးသောကျွန်းများ**



Several large islands on
Sun and Mercury.

တနင်္ဂနွေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ပေါ်၌ အရွယ်အစားကြီးသောကျွန်း အတော်များများပါရှိနေက စိတ်ခံစားမှုပြင်းထန်ခြင်း၊ ဒေါသကြီးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ ရှိနိုင်ကြောင်း ဖော်ပြပါသည်။ ထိုကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ အခြေအနေများကို ပုံမှန်အတိုင်း (မူ့တမူ) ရှိလာစေရန် အများအပေါ် နားလည်သည်းခံခြင်း၊ ကျန်းမာရေးအရ အစားအသောက်၊ အနေအထိုင်ကအစ သတိပြုဆင်ခြင်ပေးရပါမည်။ ထိုအခါ ကိုယ်ကာယကျန်းမာကြံ့ခိုင်ခြင်းဖြင့် မိမိကိုယ်မိမိ ယုံကြည်လာပြီး ဖွဲ့ ခံနိုင်ရည် တိုးတက်လာပါမည်။


**တနင်္ဂနွေဂြိုဟ်ခုံနှင့်ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ပေါ်၌ အတွဲလိုက်ကျွန်းငယ်များ**



Cluster of small islands on
Sun and Mercury.

တနင်္ဂနွေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ပေါ်၌ အတွဲလိုက်ကျွန်းငယ်များ ပါရှိနေပါက ဝမ်းနည်းကြေကွဲခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဆတ်ဆတ်ထိမခံတတ်ခြင်း၊ စိတ်ဖိစီးမှုများခြင်းဟူသည့် သဘာဝများပါရှိကြောင်း ဖော်ပြပါသည်။ အဆိုပါ လက္ခဏာရှင်အနေဖြင့် အထက်ပါ မကောင်းသောအခြေအနေများကို ကျော်လွှားရန် မကြာခဏ ကျန်းမာရေး ဆေးစစ်ချက်ခံယူ၍ လိုအပ်သလို ပြုပြင်ပေးရပါမည်။

**နှလုံးလမ်းကြောင်း ချိန်းကြိုးသဏ္ဌာန်ပါရှိနေခြင်း**



Continuously chained heart line.

ချိန်းကြိုးသဏ္ဌာန် နှလုံးလမ်းကြောင်းပါရှိပါက အရာရာ ကြောက်ရွံ့စိတ်များနေခြင်း၊ စိုးရိမ်ပူပန်မှုလွန်ကဲခြင်း၊ အပြုအမူ, အပြောအဆို မတည်




www.burmeseclassic.com

www.burmeseclassic.com

ငြိမ်တတ်ခြင်းသဘောများကို ကိုယ်စားပြုပါသည်။ ထိုအခါ လူမှုဆက်ဆံရေးပိုင်း၌ အဆင်ပြေချောမွေ့ရန် မိမိစိတ်အား ဦးစွာ တည်ငြိမ်အေးချမ်းအောင် ထိန်းချုပ်ပေးသင့်ပါသည်။


**နှလုံးလမ်းကြောင်း ကျိုး(ပြတ်)နေခြင်း**



**Broken heart line.**


ကျိုးပြတ်နေသော နှလုံးလမ်းကြောင်းသည် အများအားဖြင့် အချစ်ရေး၌ စိတ်ဓာတ်ကျစရာ၊ မျှော်လင့်ချက်မဲ့စရာရှိကြောင်း ဖော်ပြသည်။ အထက်ပါအတိုင်း နှလုံးလမ်းကြောင်းကျိုးပြတ်ချိန်မှစတင်၍ စိတ်ခံစားမှုများအပြောင်းအလဲဖြစ်လာပါမည်။ အကယ်၍ နှလုံးလမ်းကြောင်းသည် အနာဂတ်တစ်ချိန်ချိန်၌ ကျိုးပြတ်ရန်အခြေအနေ ရှိနေပါက လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ လုပ်ပေးရပါမည်။ ထိုသို့လုပ်ရာ၌ နှလုံးသားရေးရာနှင့်ပတ်သက်သည့် စိတ်ခံစားမှုအခြေအနေအား အဓိကထား၍ အခါအားလျော်စွာ ဆေးစစ်ချက်ခံယူသင့်ပါသည်။

**နှလုံးလမ်းကြောင်း တစ်ခုပေါ်တစ်ခုထပ်နေခြင်း**



**Overlapping heart line.**

နှလုံးလမ်းကြောင်းနေရာ၌ တစ်ခုပေါ်တစ်ခုထပ်နေသည့် လမ်းကြောင်းပုံစံ ရှိနေပါက ဘဝရပ်တည်မှုပုံစံ တဖြည်းဖြည်း ပြောင်းလဲလာစေသည့် သဘောကို ညွှန်ပြပါသည်။ အချစ်ရေးနှင့်ပတ်သက်၍ စိတ်ပျက်အားငယ်မှုများအား ကျော်လွှားရန် အကောင်းမြင်ဝါဒ လက်ကိုင်ထားရန် လိုအပ်သလို ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။




**Continuously fragmented heart line.**

**နှလုံးလမ်းကြောင်း (တစ်လျှောက်) အကျိုးအပဲ့ပုံစံများ ဆက်တိုက်ပါရှိနေခြင်း**

နှလုံးလမ်းကြောင်းပေါ်၌ အကျိုးအပဲ့ပုံစံများ ဆက်တိုက်ပါရှိနေပါက အချစ်ရေးကိစ္စနှင့်ပတ်သက်၍ ခိုင်မာသောဆုံးဖြတ်ချက်ချရန် အခက်အခဲရှိနေသူ၊ စိတ်ရှုပ်ထွေးနေတတ်သူ၊ လုံခြုံမှုမရှိသလို ခံစားနေရသူဖြစ်ကြောင်း ဖော်ပြပါသည်။ ၎င်းအပြင် တစ်ပါးသူတို့၏ မှန်ကန်သောစကားကိုပင် မယုံရဲဘဲ သံသယများနေသူ ဖြစ်ပါမည်။


**နှလုံးလမ်းကြောင်းအား (ကြားဝင်စွက်ဖက်) ဖြတ်သန်းနေသော လမ်းကြောင်းများ**



**Interference lines crossing the heart line.**

နှလုံးလမ်းကြောင်းအား ကြားဝင်စွက်ဖက်သည့်ပုံစံဖြင့် ဖြတ်သန်းနေသောလမ်းကြောင်းများ ပါရှိပါက စိတ်ခံစားမှုနှင့်ပတ်သက်၍ ပြဿနာအရှုပ်အထွေးများရှိနေခြင်း (သို့) လူမှုဆက်ဆံရေး၌ အခက်အခဲများနှင့် ကြုံတွေ့နိုင်ကြောင်း ကိုယ်စားပြု ဖော်ပြပါသည်။ အကယ်၍ နှလုံးလမ်းကြောင်းသည် ကြားဝင် နှောင့်ယှက်နေသော လမ်းကြောင်းများထက် ပိုမို ထင်ရှားနေပါက အတွေ့အကြုံများစွာကြောင့် တည်ငြိမ်ရင့်ကျက်မှုကို ဖြစ်စေပါသည်။ သို့သော် ပြတ်နေသောနှလုံးလမ်းကြောင်းဖြစ်ပါက (သို့) အပြတ်လမ်းကြောင်းတစ်ခုက ကြားဝင်နှောင့်ယှက်သောလမ်းကြောင်းများထက် ပိုမို မှေးမှိန်နေပါက အ... ၏ငြင်းဆိုပစ်ပယ်မှုခံရခြင်း၊ အရာရာ... ရှုံးခြင်းတို့ဖြင့် ရင်ဆိုင်ရနိုင်ပါသည်။

**နှလုံးလမ်းကြောင်းမှ ထောင်တက်နေ... သော သာမညလမ်းကြောင်းခွဲများ**



**Ascending minor branches of the heart line.**

နှလုံးလမ်းကြောင်းမှ သာမည... လမ်းကြောင်းခွဲများ ထောင်တက်နေ... က နှလုံးသားရေးရာနှင့် ပတ်သက်၍ ... ပွင့်လင်းသောစရိုက်ရှိခြင်း၊ ဆန့်ကျင်... ဘက်လိင်အပေါ် ဆွဲဆောင်နိုင်ခြင်း... သဘောများကို ပိုင်ဆိုင်ပါသည်။

**နှလုံးလမ်းကြောင်းမှ အောက်သို့ဆင်း... သော သာမညလမ်းကြောင်းခွဲများ**



**Descending minor branches of the heart line.**

သာမညလမ်းကြောင်းခွဲများ... နှလုံးလမ်းကြောင်းမှ အောက်သို့ဆင်း... ပါက အချစ်ရေးနှင့်ပတ်သက်၍ ... အမူးစွဲလမ်းမှုရှိခြင်း၊ စိတ်ထား... သော်လည်း စိတ်ခံစားမှု ပြင်းထန်... ခြင်းသဘောများကို ကိုယ်စားပြု... နှလုံးလမ်းကြောင်းမှ အပေါ်ဘက်... ထောင်တက်နေသော သာမည... ကြောင်းများ ဖြစ်စေ၊ အောက်ဘက်... ဆင်းနေသော သာမညလမ်းကြော... များဖြစ်စေ စိတ်ခံစားမှုအတိုင်း ... ရောက်တတ်သည်ကို သတိပြုရပါ...

ဆရာသိန်းသန်း...



www.burmeseclassic.com


www.burmeseclassic.com

### မိမိရောင်းလိုရာကုန်ကို အမြန်စွံ၍

# ဈေးအလွန်ရောင်းကောင်းစေသောအစီအရင်

**ဆရာအေးရွှေ (သုတေသီ)**

**ဦးကုန်း**



စာရေးသူသည် အဘိုး အမွေအဖြစ် ပေးထားခဲ့သော ဘဏ္ဍာတိုက်ကြီးအဖြစ်ဖြစ်သည့် ပေစာထုပ်ကြီးကို ရရှိခဲ့သည်။ ထိုပေစာထုပ်ကြီး၌ ဆေးအကြောင်း၊ အင်းအကြောင်း၊ အိုင်အကြောင်း၊ ဂါထာ, မန္တန်, မန္တရား အကြောင်းများ ပါရှိသဖြင့် ထိုပေစာကိုဖတ်ရသည့်အချိန်မှစပြီး အဘိုးကဲ့သို့ပင် အတတ်ပညာများကို ဖော်ထုတ်လေ့လာ၍ ကောင်းနိုးရာရာတို့ကို ရွေးချယ်ကာ အကျိုးရှိရာရှိကြောင်းများကို ရေးသား စုဆောင်းခဲ့ပါ၏။ ထိုအထဲမှ အချို့ကို စေတနာအရ စာမျက်နှာပေါ်၌တင်ကာ စာဖတ်သူတို့အား အခါအားလျော်စွာ တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်အတိုင်းလည်း ရေးသားခဲ့ပါသည်။

ယခုတင်ပြမည့်နည်းလေးကတော့ စာရေးသူ ပေါက်ခေါင်းမြို့နယ်၌ တာဝန်ကျခဲ့စဉ်က လက်ကြီးရွာမှ ချင်းတိုင်းရင်းသားကြီး သာဦး ခေါ် ဘသာဦးက ဆရာမှူး ဗိုလ်ကြီးသူရညီလေး(တိုက်ခိုက်ရေးအထူးတပ်ဖွဲ့)အား ပေးခဲ့သောနည်း ဖြစ်ပါသည်။ ဗိုလ်ကြီးသူရညီလေးမှ စာရေးသူကို ညီလေးတစ်ယောက်လို ချစ်ခင်သူဖြစ်သဖြင့် တစ်ဆင့် ပြန်လည် ပြောပြပေးခဲ့သည့်နည်း ဖြစ်ပါသည်။

ဤနည်းမှာ မိမိရောင်းလိုရာကုန်ကို အမြန်စွံစေ၍ ဈေးအလွန်ရောင်းကောင်းစေသောနည်းလေး ဖြစ်ပါသည်။ ယခုခေတ်မှာ ပြည်သူ့ဝန်ထမ်းများမှအပ တောင်သူလယ်သမားများက စပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ ဈေးကွက်စီးပွားရေးစနစ်ခေတ် ဖြစ်သဖြင့် အရောင်းအဝယ်လုပ်ငန်း (ကုမ္ပဏီ)များ၊ တန်သည်ပွဲစားများ၊ ပွဲရုံ, အလုပ်ရုံများ၊ ချုပ်ထိုးရောင်းသည်များ၊ နယ်လှည့်ရောင်းသည်များ စသော အရောင်းအဝယ် (ဈေး) လုပ်ငန်းများ တွင်ကျယ်လျက်ရှိသောခေတ် ဖြစ်ပါသည်။ သို့ဖြစ်၍ အများပြည်သူအတွက် အလွန် အကျိုးဝင်သောနည်းဖြစ်သဖြင့် စေတနာကောင်းနှင့် တင်ပြအပ်ပါ၏။

ယခုတင်ပြမည့်နည်းမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အင်းဆန်ဖြင့် (၉)ကွက်ချ လက္ခဏာရေးသုံးပါးအင်းဖြစ်ပြီး ပုံတွင်ပြထားသည့်အတိုင်း အလယ်ကွက်၌ မိမိတို့ရောင်းလိုရာကုန်နံကိုရေးကာ ရောင်းမည့်ကုန်၏အောက်၌ ချထားရမည် ဖြစ်ပါ၏။

ဥပမာ-စာအုပ်ကို ရောင်းကောင်းလိုသည်ဖြစ်က စာအုပ်၏နံသင့် အင်္ဂါနံ (၃) ကို အလယ်ကွက်၌ထည့်ရမည်ဖြစ်ပြီး ဆန်၊ ဆီ၊ ဆေး၊ စက် စသည့် ကုန်များဆိုလျှင်လည်း နံသင့် အင်္ဂါနံ(၃)ကို ထည့်ရမည်ဖြစ်ကာ အခြား ကုန်ပစ္စည်းများကိုလည်း အလားတူ နံသင့်ဂဏန်း သွင်းရမည် ဖြစ်ပါသည်။

'ကုန်' ကို စွံစေသည့်အစီအရင်ဖြစ်သဖြင့် ကုန်၏နံသင့် တနင်္လာအခါ၌ စီရင်ရပါမည်။ စီရင်မည့်သူသည် ပထမ ရေမိုးချိုးသန့်ရှင်းကာ အမွှေးနံ့သာများ လိမ်းကျံ၍ ဘုရား၌ ဆီမီး၊ ရေချမ်း၊ အမွှေးတိုင်တို့ ပူဇော်ကာ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး အစရှိသဖြင့် သီလခံယူပြီး စီရင်ရမည် ဖြစ်ပါသည်။ စီရင်နည်းစီရင်ဟန်မှာ အင်းစီရင်နည်းအတိုင်း အစီအမံပြုလုပ်စီရင်ရမည်ဖြစ်၍ စိတ်ပျံ့လွင့်မှုမရှိစေရန် အရေးကြီးပါသည်။

**စီရင်ရမည့် တနင်္လာအခါယူပုံ**

၁။ တနင်္ဂနွေနေ့ (၁၀း၃၀) နာရီမှ နေ့လယ် (၁၂) နာရီအတွင်း။

၂။ တနင်္လာနေ့ နံနက် (၆) နာရီမှ (၇း၃၀) အတွင်း။

၃။ အင်္ဂါနေ့ နေ့လယ် (၁၂) နာရီမှ (၁း၃၀) နာရီအတွင်း။

၄။ ဗုဒ္ဓဟူးနေ့ နံနက် (၇း၃၀) နာရီမှ (၉) နာရီအတွင်း။

၅။ ကြာသပတေးနေ့ မွန်းလွဲ (၁း၃၀) နာရီမှ (၃) နာရီအတွင်း။

၆။ သောကြာနေ့ နံနက် (၉) နာရီမှ (၁၀း၃၀) နာရီအတွင်း။

၇။ စနေနေ့ ညနေ(၃)နာရီမှ (၄း၃၀) နာရီအတွင်း။

မှတ်ချက်။ ။ စီရင်မည့်သူ သို့မဟုတ် စီရင်ပေးမည့်ပုဂ္ဂိုလ်၏ မွေးနေ့မှ ကြိုရန်းနှင့် စတုရန်းနေ့များ၌ စီရင်ရမည် ဖြစ်ပါသည်။

**စီရင်ရမည့်အင်းပုံစံ**

အင်းဆန်- အနိစ္စ၊ ဒုက္ခ၊ အနတ္တ (သွင်း)။

| | | |
|---|---|---|
| အ | ဒု | န |
| အ | နံ | နိ |
| စ္စ | တ္တ | က္ခ |

ဤပုံအတိုင်း ရွှေပြား၊ ငွေပြား တစ်ခုခု၌ စီရင်ကာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များ တတ်အားသမျှ ရွတ်ဆိုပွားများကာ အောက်ပါ မန္တန် (၃၇) အုပ် ရွတ်၍ သိဒ္ဓိတင်ရပါမည်။

**သိဒ္ဓိတင်ရန်မန္တန်**

'ဥုံ သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ သိဒ္ဓိ အပေါင်း ထောင်သောင်း ဆက်ဆရာထက်'

ဤသည်မှာ မိမိရောင်းလိုရာကုန်ကို အမြန်စွံစေ၍ ဈေးအလွန်ရောင်းကောင်းစေသော အစီအရင်နည်းလေး ဖြစ်ပါသည်။ စနစ်တကျ စီမံဆောင်ရွက်ကြပါက မလွဲမသွေ အောင်မြင်ကြမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

သုခီအတ္တာနံ ပရိဟရန္တု

ဆရာအေးရွှေ(သုတေသီ)

ဦးကုန်း

*(ဗိုလ်ကြီး သူရညီလေးအား အမှတ်တရ)*



www.burmeseclassic.com

www.burmeseclassic.com

"... ဒီနေရာ စိန်ရွှေကုန်းရွာ၊ သာသနာ့ ဓမ္မမိုးတွေ ဖြိုးဖြိုးရွာမယ့် နေရာ စိန်ရွှေကုန်းရွာ..."

စာရေးသူ ယခုရောက်ရှိနေတဲ့ နေရာက နယ်ခြားတောင်တန်းသာသနာပြု ရေဲဆူဆရာတော်ကြီး ဦးဥတ္တမသာရ လက်ညှိုးထိုးပြီး နိမိတ်ဖတ်ခဲ့တဲ့ နေရာ။

ထောက်ကြန့် - မော်ဘီဖြတ်လမ်း လက်ယာဘက်ခြမ်းက စိန်ရွှေကုန်းတောရမ္မရိပ်သာ။ မိုးကုတ်ဝိပဿနာ ဇနီတာရာမဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ နာယကကျောင်းတော်မဟာအရှေ့ဘက်နားမှာ တည်တော်မူ 'တပ်ကျော်လာဘ်ရ ဝါဠုက' စေတီတော်၏ အာရုံခံတန်ဆောင်းထဲမှာ ဖြစ်၏။

အချိန်အားဖြင့် နေ့ခင်း (၂) နာရီ။ နေပူနေရာမှ ကိုရွှေမိုးက ဆိုင်းမဆင့်ပုံမပါရွာချလိုက်တဲ့အချိန်ပါ။ ဘုရားဖူးလာ ယောဂီများက ဓမ္မဒီပါမဏ္ဍာရုံကြီးဆီသို့ ဦးတည်သွားနေကြသည်။ အာရုံခံတန်ဆောင်းထဲမှာ စာရေးသူနှင့် ယောဂီအဘွားအိုတစ်ဦးသာ ကျန်ခဲ့တော့၏။ ထိုယောဂီအဘွားအိုကြီးသည် ဘုရားဝတ်ပြုပြီးသည့်တိုင် ထိုင်ရာက မထ။ နေရာမှာပင် ထိုင်မြဲထိုင်နေလျက် မိုးစက်များ ဦးတိုက်ပူဇော် ဘုရားစေတီတော် ထံပါးကို ဆွေးဆွေးမြည့်မြည့်မျက်နှာထားဖြင့် ငေးမောကြည့်နေလေရဲ့။ စာရေးသူအနေဖြင့်လည်း အဓိဋ္ဌာန်ကိစ္စပြီး၍ စိတ်အေးလက်အေး ခုံတန်းရှည်တစ်ခုပေါ်မှာ ထိုင်နေမိလေ၏။ အနီးအပါး ဘုရားဖူးများရှင်းလင်းနေသည်မို့ ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက် အရသာခံသောက်နေရင်းမှ မျက်ရည်စများကို ယောဂီတဘက်ကလေးဖြင့် တို့သုတ်ရင်း ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်ပြီးနောက် စာရေးသူ ထိုင်၍ ဆေးလိပ်သောက်နေရာ ခုံတန်းပေါ် တစ်ဖက်စွန်းစွန်းမှာ ဝင်ထိုင်လိုက်သည်။ သက်ပြင်းရှည်ကြီးချလိုက်သံကို မိုးသံလေသံကြားမှဖြင့် အတိုင်းသား ကြားလိုက်ရသောအခါ စာရေးသူလည်း ထိုအဘွားအိုကို ဂရုပြု၍ ကြည့်မိလိုက်ပါသည်။

"အဘွားမှာ ခံစားချက်တွေပြည့်နေတယ်ထင်တယ် အဘွား"

စပ်စုတတ်သောအလေ့အထ စာရေးသူမှာ မွေးကတည်းက ပါလာသည်မို့လား မပြောတတ်။ ဟောဟောဒိုင်းဒိုင်း တွေ့တွေ့ချင်း အဘွားအိုကို မေးမိ





www.burmeseclassic.com

www.burmeseclassic.com

ည်၊ အဘွားအိုက စာရေးသူဘက် ချက်ငဲ့ကြည့်ပြီး ရီဝေသောမျက်ဝန်း ဖြင့်ကြည့်ကာ ပြောလေ၏။

"ဟုတ်တယ် သား၊ အဘွား ဖြတ် သန်းခဲ့တဲ့ ဘဝခရီးလမ်း ကြမ်းလှပါ တယ်တွယ်။ ဇနီတာရာမဆရာတော်ကြီး ရိပ်အောက်မှာ အဘွားဘဝ အေး မှုကို ရခဲ့တယ်"

"အဘွားကလည်း အေးချမ်းပြီ ည်း ဆိုသေးတယ်၊ အခု မျက်ဝန်းမှာ ရည်စတွေနဲ့"

"ဒါတော့ ဘယ်လိုပြောရမလဲ ကွယ်။ ပုထုဇဉ် ဆိုတော့ ဝမ်းနည်းစရာ တွေးမိရင် ဝမ်းနည်းတတ်တာပါပဲကွယ်။ တွေးမိတာက ကိုယ့်အများပေါ့။ ကမ္ဘ ဌာနဆရာတော်များက ဖြစ်တတ်၊ ပျက် တတ်သဘောမို့ ဖြစ်၊ ပျက်ကို နာနာရှု၊ ခန္ဓာဖြစ်စဉ်တွေကိုရှု ဆိုတာ မိန့်ကြား ထားပါတယ်။ မရှိတော့ပြီဖြစ်တဲ့ အဘွား ယောကျ်ား ဦးဘမောင်၊ ငယ်ငယ်ရွယ် ရွယ်နဲ့ ဘဝပြောင်းသွားတဲ့ သမီးနဲ့ သား။ တစ်ခါတစ်ခါ ပြန်စဉ်းစားကြည့်တော့ ဝမ်းနည်းမှုတွေဖြစ်ရပါတယ်။ သွားလေ သူတို့ကို အမိကသတိတရဖြစ်စေခြင်းက သူတို့တွေ ဒီတရားနဲ့တွေ့မသွားကြလို့



ဆိုရမယ်"

"ဘယ်လို အဘွား၊ သူတို့တွေ ဒီ တရားနဲ့တွေ့မသွားကြဘူးဆိုတာ. . ."

"အဘွားတို့မိသားစု ဖြတ်သန်းခဲ့ ရတဲ့ ဘဝခရီးလမ်းက ကြမ်းလှပါတယ် ကွယ်။ တခြားသူတွေလို စားဝတ်နေရေး ရှုန်းကန်ရတာချင်းအတူတူ ဝမ်းရေးအ တွက် အဘွားတို့ ရှာဖွေစားသောက်ခဲ့ရ တာက အကုသိုလ်။ အကုသိုလ်ဆိုတာ ဆရာတော်သံဃာတော်တွေနဲ့တွေ့မှ သိ ရတာ။ အကုသိုလ်ရောဘာရော သိခဲ့ တာ မဟုတ်ဘူးကွယ့်။ မနက်မီး ညမီး ဆိုတဲ့ မနက်စာ၊ ညစာ မိသားစုအတွက် ရုန်းကန်ခဲ့ရတယ်။

ကိုဘမောင်က မနက်လင်းအားကြီးထ၊ ချောင်းကြိုချောင်းကြား တစ်ပိုင် တစ်နိုင် ကွန်ပစ်၊ ရလာတဲ့ငါးတွေ အိမ် ပြန်ပို့၊ အိမ်ရောက်တော့ အဲဒီငါးတွေကို ဒန်ဇလုံထဲထည့်ပြီး အဘွားက ရွာရိုးကိုး ပေါက်လျှောက်ရင်း ရောင်းလို့ရတဲ့ငွေနဲ့ ဆန်ဝယ်, ဆီဝယ် ချက်ပြုတ်။ မရောင်း မကုန်လို့ကျန်တဲ့ငါးကို ချက်ပြုတ်။ မနက် စာပြီးပြန်တော့ ညနေစာအတွက်ကို ကိုဘမောင်က ကွန်ပစ်ထွက်ရပြန်ပါ တယ်။ မွေးထားတဲ့ ကလေးနှစ်ယောက် ကလည်း အရမ်းချူချာတာ။ နာလန်ထူ တယ်လို့ကို မရှိဘူး။ နေ့ပိုင်းရှာရလာ တဲ့ငါး ညနေမှာ တစ်ခါလှည့်ရောင်းရပြန် တယ်။ ငါးက နေ့တိုင်းတော့လည်းဘယ် မိပါ့မလဲကွယ်။ ငါးမရတဲ့နေ့တွေရှိတယ်။

ကံဝင်း

အကုသိုလ်နှင့်အကျိုးပေးသူ

အဲဒီနေ့ကတော့ ဆန်ပြုတ်အရည်ကျဲကျဲ နဲ့ ရေများများသောက်၊ ဗိုက်မှောက်ပြီး တစ်နေ့တာကိုစွပြီးရပြန်တယ်။ လက်ထဲ မှာ ငွေဆိုတာ ပိုတယ်လို့ တစ်ခါမှမရှိခဲ့ ဘူး။ အမြဲလိုနေတော့တာပေါ့ကွယ်။

အဲဒီလို ဘဝခရီးလမ်း ပင်ပန်းခဲ့ တာတွေ ပြန်သတိရ၊ အတူတကွ ရှာဖွေ စားသောက်ခဲ့ရတဲ့ ကိုဘမောင်နဲ့ လူမမာ သားနဲ့သမီးကို ဒီအချိန်မှာ မကြာခဏ သတိရတယ်။ သစ္စာလေးပါးတရားတော် တွေ သူတို့ နာမကြားသွားရဘူး။ နာစေ ချင်လိုက်တာကွယ်။ သူတို့တစ်တွေဟာ အကုသိုလ် ဆိုတဲ့ တူသံရဲ့ အောက်မှာ ပေအဖြစ်နဲ့ အလူးအလဲ အထုခံရပြီး နောက်မှာ အရွယ်မတိုင်မီမှာပဲ ဘဝ ဇာတ်သိမ်းသွားကြရှာတယ်"

"ဒါနဲ့ အဘွားရယ်၊ စပ်စုတယ်လို့ မထင်ပါနဲ့နော်။ အဘွားရဲ့ အမျိုးသား ဦးဘမောင် ဘာရောဂါနဲ့ ဆုံးတာလဲ အဘွား"

"အဘွားလည်း နားထောင်မယ့်သူ ရှိတော့ ပြောချင်တယ်။ ရိပ်သာရဲ့စည်း ကမ်းက 'စကားနည်းစေ၊ တရားမြဲစေ'လို့



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ပုဒ်ရှိတယ်။ စကားများများပြောရင် ခေါ်သတိပေးတတ်တယ်။ ဒါပေမယ့် တူတော်မောင်ကို လူရှင်းတုန်းပြောပြပါမယ်။

တစ်နေ့ မိုးကြီးလေကြီးကျတဲ့နေ့။ အဲဒီနေ့က ထူးထူးဆန်းဆန်း ငါးတွေ အများကြီး ရလာတယ်။ မိုးရွာတော့ ချောင်းရေ၊ မြောင်းရေတွေ တိုးလာတယ်။ ချောင်းထဲကငါးတွေ မြောင်းထဲရောက်လာတယ်။ မိုးတိတ်လို့ ရေပြန်ဆင်းတော့ အဲဒီငါးတွေ တော်တော်များများ ကိုဘမောင်ပိုက်ထဲ လာတိုးတာပေါ့။ ငါးတွေ မနိုင်မနင်းနဲ့ ထမ်းပြီးပြန်လာတဲ့ အဲဒီနေ့က အိမ်ရှေ့ကနေ အားရဝမ်းသာ အဘွားအမည် စိန်ပုကို ဝမ်းခေါင်းသံကြီးနဲ့အော်ခေါ်တာ တစ်ခါတစ်ရံ ပြန်ကြားနေရတယ်ကွယ်။ အခုပြန်စဉ်းစားရင် အကုသိုလ်နဲ့ပျော်တယ်ဆိုတာ ဒါမျိုးပေါ့။

အဲဒီနေ့က ရပ်ထဲရွာထဲမှာ မိုးကရွာတော့ အိမ်ရှင်မတွေ ဈေးမသွားတဲ့နေ့။ ကြိုက်ဈေးပြော၊ ကြိုက်ဈေးရောင်းနဲ့ တစ်မနက်တည်း အိမ်ရောက်လို့ ငွေပြန်ရေတွက်တာ ငါးသောင်းကျော် ရတယ်။ တစ်သက်နဲ့တစ်ကိုယ် တစ်ခါဖူးမျှ အဲဒီလိုမရောင်းရဘူး။ ဈေးရောင်းအပြန်မှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စုံလင်စွာနဲ့ ဈေးထဲက ကြက်သည် မငွေဆိုင်က ကြက်တစ်ကောင်ပါ ဝယ်ပြီးပြန်ခဲ့တယ်။ အိမ်ရောက်တော့ ကြက်ဆီပြန်နဲ့ မိသားစုထမင်းစားကြရတာ ပျော်စရာအရမ်းကောင်းတယ်။ -ပိုလီယိုဖြစ်တဲ့ ကလေးတွေလည်းပျော်ကြနဲ့ပေါ့။ တရားမသိခင်က အကုသိုလ်နဲ့ပျော်တာ။ ကိုဘမောင်က သီချင်းတကြော်ကြော်နဲ့။ ဘာတဲ့၊ အဲဒီသီချင်းက။ ဟို - အဘွားတို့ ခပ်ရွယ်ရွယ်က ခေတ်စားခဲ့တာ၊ အိုတံငါသီချင်း။ အဲဒီသီချင်း၊ အဲဒါကို အော်အော် ဆိုတာ။ အဲဒီအပျော်တွေက ကြာကြာမခံပါဘူးကွယ်။ နောက်တစ်နေ့မှာ ကိုဘမောင် ငါးရှာမထွက်နိုင်တော့ဘူးကွယ့်၊ အဖျားကြီးဖျားတာ။ ကယောင်ချောက်ချားယောင်ယောင်ပြီးအော်ဟစ်နေတယ်။

'စိန်ပုရေ၊ ငါ့နောက်ကို အသားစားငါးကြီးတွေ လိုက်နေတယ်။ လိုက်လာကြပြီ။ ငါ့ကိုမိတော့မယ်၊ ငါ့ကို စားတော့မယ်။ ငါ့ကို ကယ်ပါ'

အော်ဟစ်နေတော့ အဘွားလည်း ခြေမကိုင်မိလက်မကိုင်မိနဲ့ ငန်းနီကျော်ဆေးတွေ ရေကျက်အေးရေနဲ့တိုက်၊ ဘာဆေးတိုက်တိုက် မရဘူး။ အဲဒါနဲ့ ဆရာဝန်ပင့် ဆေးထိုး၊ ဆေးတိုက်နဲ့ ခဏတော့ သက်သာသလိုပေါ့နော်။ မနေ့က ငါးရောင်းရငွေတွေ ဆေးထိုး၊ ဆေးတိုက်၊ ခါတ်စာဝယ်ကျွေးနဲ့ ကုန်ပါလေရော။ ငွေလည်းကုန်ရော ကိုဘမောင်လည်း ဆုံးတော့တာပါပဲကွယ်။ ကိုဘမောင် မြေချတဲ့နေ့က ရွာကျောင်းက ကိုယ်တော်လေးက အကုသိုလ်နဲ့ ကုသိုလ် ဆိုတဲ့ အခြေခံတရား၊ အကုသိုလ်ရဲ့ သွားရာဂတို၊ ကုသိုလ်၏လားရာဂတိ ပုံပြတရား အကျဉ်းလေးဟောလိုက်တာ အကုသိုလ်အလုပ်၊ ကုသိုလ်အလုပ်တွေ ဆိုတာ အဘွား ရှင်းရှင်းလင်းလင်း သိလိုက်ရတယ်။ နောက်ပိုင်းရက်တွေ ကိုဘမောင်လည်း မရှိတော့ဘူး ဆိုတော့ ကလေးနှစ်ယောက်နဲ့ ဘာလုပ်စားရင်ကောင်းမလဲ စဉ်းစားတာပေါ့။ ငါးရောင်းတဲ့အလုပ် မလုပ်ချင်တော့ဘူး။ အဲဒီတော့ ငါးခေါင်းထုတဲ့အလုပ်ကိုစွန့်၊ ပဲထောပတ်ပြုတ်ရောင်းတာပေါ့။ ရပ်ထဲရွာထဲ ပဲထောပတ်ပြုတ်လိုက်ရောင်းတာ ရောင်းမကောင်းဘူး။ ဒါနဲ့ ပြောင်းဖူးတွေဝယ်ပြုတ်ပြီး ရောင်းတယ်။ အဆင်မပြေပြန်ဘူး။ လက်ထဲ အရင်းအနှီးကလည်း မရှိဘူး။ ထမင်းကလည်းနပ်မမှန်တော့ဘူး။ အတော်ဒုက္ခရောက်ခဲ့ပါတယ်ကွယ်"

"ဩော် - ဒါနဲ့ အဘွား စကားဖြတ်လို့၊ အဘွားတို့မှာ ဆွေမျိုးမရှိကြဘူးလား။ နောက်ပြီး ပတ်ဝန်းကျင်က ရပ်ဆွေရပ်မျိုးတွေ မကူညီကြဘူးလား၊ မဝိုင်းဝန်းကြဘူးလား"

"ကူညီမယ့်သူတွေ မရှိသလောက်ရှားပါတယ်ကွယ်။ ဆွေမျိုးအရင်းအချာလည်း မရှိပါဘူးကွယ်။ အဘွားတို့ရွာက ရန်ကုန်တိုင်းဒေသကြီးထဲမှာဆိုပေမယ့် ထားဝယ်ချောင်ရွာ မြို့စွန်မြို့ဖျားပေါ့။ ဈေးရောင်းတော့ မြောက်ဥက္ကလာ၊ မင်္ဂလာဒုံ၊ အနန်းပင် အဲဒီဘက်တွေ တက်ရောင်းရတာ။ အင်းစိန်ဒညင်းကုန်းဘူတာတွေဘက်တက်ပြီး ကုန်စိမ်းရထား ညအိပ်စောင့်ပြီး ရလာတဲ့ ကုန်စိမ်းတွေ မင်္ဂလာဒုံ၊ အနန်းပင် မြောက်ဥက္ကလာ ရပ်ကွက်ထဲ လှည့်ရောင်း၊ အကျိုးမပေးပါဘူးသားရယ်။ သူတကာတွေက ခေါင်းတစ်ရွက်ကို ပြိုက်ခနဲရောင်း၊ မကြာဘူးကွယ် ရောင်းကုန်တယ်။ အဘွားကျတော့ တစ်နေကုန် ရောင်းတာတောင် မကုန်ဘူး။ နေ့ပြန်တိုးယူရောင်း၊ ပြန်မဆပ်နိုင်တော့ အတိုးကတက်၊ နောက်တစ်နေ့ထပ်ယူ၊ ပြန်မဆပ်နိုင်တော့ သူ့တို့က ငွေမချေးတော့ဘူး။ သည်ကြားထဲ ပိုလီယိုဆွဲနေတဲ့ သားနဲ့ သမီးထဲက သားကြီးက မိုးရွာလို့ ပျော်ပြီး ရေထွက်ချိုးလူက မသန်စွမ်း ဆိုတော့ ရေမြောင်းထဲ ပြုတ်ကျသေတော့တာပဲ။ ရေတိမ်တိမ်လေးနဲ့ ရေနစ်သေရတယ်။ မကြာပြန်ပါဘူး၊ သမီးဖြစ်သူက လသားခြားတယ် ဆုံးတယ်။ အရင်းအနှီးမရှိလို့ အိမ်ပေါင်ပြီး အရင်းအနှီးလုပ် ဈေးလှည့်ရောင်းရတာ အဆင်မပြေတော့ အိမ်ပေါင်ရတဲ့ငွေနဲ့ အိမ်မှာပဲ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တွေ မြောက်ဥက္ကလာ(၅)ဈေးမှာ တက်ဝယ်၊ အိမ်ဆိုင်ဖွင့်လိုက်တာ အကျိုးမပေးချင်တော့ အိမ်အနီးအပါး ကြွေးယူစားတဲ့သူတွေ ကြွေးပြန်မဆပ်တော့ အရင်းပြုတ် ငုတ်တုတ်မေ့တော့တာပဲ။ အကြွေးကဆုံး၊ သမီးလည်း ဆုံးပြန်တယ်။ သမီးအကြီးဆုံးတာကတော့ မျက်စိရှေ့မှာပဲ ပါးစပ်က အမြှုပ်တွေထွက်၊ အကြောတွေဆွဲပြီး ဆုံးသွားတာ။ လင်လည်းဆုံး၊ သားဆုံး၊ သမီးဆုံး၊ အိမ်ကလည်း ကြွေးရှင်က သိမ်းမယ်တကဲကဲပေါ့။ လူဖြစ်ရတဲ့ဒုက္ခ ကြီးလှပါလား ကိုယ့်ကိုယ်ကိုယ် သတ်သေတာ ကောင်းမယ်ကြံပြီး ငမိုးရိပ်ချောင်းကမ်းပါးဘက် ထွက်လာခဲ့တယ်။ အဲဒီငမိုးရိပ်ချောင်းကမ်းပါးမှာ ငါးရောင်းဖက် မိတ်ဆွေ မိဂျမ်းထောနဲ့ သွားတွေ့တော့ -

"ဟဲ့ - မိစိန်ပု၊ နင် ငါးမရောင်းတော့ဘူးလား"

မိဂျမ်းထောက မေးတယ်။ ဒါနဲ့ အဘွားကလည်း အရင်းအနှီးမရှိတာလည်း တစ်ကြောင်း၊ ငါးမရောင်းချင်တာလည်း ပါတယ်ပြောတော့ မိဂျမ်းထောက -

"ညည်းပြန်ရောင်းပါဟယ်။ ... ပိုင် ကိုထွန်းအုပ်တို့ အခု ပဲနှုံးမြစ်ဘက် ... တက် ငါးဖမ်းတာ ငါးတွေအများကြီး ... လာတယ်။ အဲဒါ ရောင်းမကုန်လို့ ... ဆားနယ်လုပ်ရမယ့်အတူတူ ငါးရောင်း... တဲ့သူတွေ၊ ရောင်းချင်တဲ့သူတွေ ... ပြီးမှ ပြန်ပေးဆိုပြီး ဈေးကလည်း ... တော်ပေါပေါနဲ့ ပေးနေတယ်။ ... ငါတို့ ငါးရောင်းလာတဲ့သက်တမ်း... လိုအခွင့်အရေးရခဲ့တယ်။ သွား... မြန်မြန်သွား'

အဲဒီလို မိဂျမ်းထောက ဆွဲ... ပြန်တော့ စိတ်က ပြန်လည်လာ... အဲဒါနဲ့ ကိုထွန်းအုပ်ဆီက ငါးအ... (၂၀) ဆာလာအိတ်နဲ့ထည့်ယူပြီး ... မနင်းသယ်၊ အိမ်ရောက်တော့ နှ...



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီး ရပ်ထဲရွာထဲလိုက်ရောင်း၊ ကောင်းလိုက်တာကွယ်။ ကိုဘ ငါးတွေရောင်းရသလို ညနေမိုး ငွေရေတွက်ကြည့်တာ အရင်း ငွေသုံးသောင်းလောက် မြတ် တယ်။ အိမ်ဖိုးငွေပြန်သွင်း တစ် ကိုချန်ထားရင်း စဉ်းစားမိတယ်။ ရောင်းကောင်းဝယ် ဟင်းရွက် ကုန်စိမ်းရောင်းကြည့်တယ်၊ ရှုံး အိမ်ဆိုင်ဖွင့်တယ်၊ အရင်းပျောက် သမှာအာဇီဝမဟုတ်တဲ့သူတစ်ပါး နဲ့ အရင်းအနှီးလုပ်မှ အဆင်ပြေ ၊ အကုသိုလ်နဲ့မှ အကျိုးပေးပါ အဲဒါကိုတွေးပြီး သံဝေဂရဖူး သို့သော်လည်း အိမ်ပေါင်တာ ခိုင်တဲ့ဆန္ဒရှိတော့ နောက်တစ် လေ့ဆိပ်ကိုဆင်းခဲ့ရပြန်တယ်။ ငါးရက် ဆက်ပြီး ငါးရောင်းလိုက် အကုသိုလ်နဲ့အကျိုးပေးတာ အိမ် နိုင်တဲ့အထိ အဆင်ပြေသွား ကွယ်။ အဲ-ရည်မှန်းတဲ့ဆန္ဒ အိမ် မယ်ဆိုတဲ့စိတ်နဲ့ တအားအပင် လိုက်တာ စိတ်လည်းလျှော့လိုက် နီးဖျားဖျားတာ လူမှန်းသူမှန်း တော့ပါဘူး။ အိပ်ရာထဲလဲတော့တာ ဆေးပေးမီးယူလည်းမရှိ အိမ်အနီး ကလူတွေကလည်း အရေးဆို ပျောက်ငှက်ပျောက်။ အိမ်ကလေး တစ်ယောက်တည်း အဖျားတက် ၊ အဖေကယ်ပါ၊ အမေကယ်ပါ ကွယ်၊ ငါတော့ ကိုဘမောင်နောက် ရတော့မယ်ဆိုတာ သိလာတယ်။ လုံး ခံစားရတာ သတိလစ်သွား သတိရလိုက်နဲ့ပေါ့။ နောက်တစ် နက်ရောက်တော့ အဖျားကကျ ရတယ်။ ဒါပေမယ့် ခေါင်းထဲမှာ ကျက်နေတယ်။ အာကခြောက်နေ ၊ အားပြတ်နေတဲ့အချိန် ရေမှ ကျက်ရရင် အသက်ထွက်တော့မယ့် ကွယ်။ အဲဒီလိုနဲ့ အားယူပြီး ရေ ့ အော်နေတဲ့အချိန်မှာ ကယ်တင် ရောက်လာတယ်။ အိမ်ရှေ့ပေါက်ဝ နဆန်များရှင်' လို့ ဆွမ်းလာရပ်တဲ့ ကြားလိုက်ရတယ်။ အရမ်းဝမ်းသာ တာ။ အဲဒါနဲ့ အားတင်းပြီး 'ရေပေး ကယ်ပါ။ ဆရာလေးကယ်ပါ' ဆိုပြီး အော်လိုက်တာ မျက်စိထဲမှာ ကြယ် သတွေလင်းသလို မြင်ရပြီး သတိ သွားတာ ဘာဆိုဘာမှသတိမရတော့ ဘူးကွယ်။

သတိရလာတော့ အနားမှာ သီလရှင်ဆရာလေးကထိုင်ပြီး အဘွားပါးစပ်ကို ဆန်ပြုတ်ရည်ချပေးတာ တွေ့လိုက်ရတယ်။ အဘွားဝမ်းသာလိုက်တာ၊ အဘွား မသေရတော့ဘူးဆိုတာ သိလာတယ်။ ဆရာလေးကို လက်အုပ်ချီ ကန်တော့မယ်လုပ်တော့ သီလရှင်ဆရာလေးက -

"ရပါတယ် အမေ၊ အားမြန်မြန်ရှိအောင် ဆန်ပြုတ်ဆက်သောက်ပါ အမေ' လို့ ဆိုတယ်"

အဘွားဒေါ်စိန်ပုက သူ့အကြောင်းပြောပြရင်း မောသွားပုံရတယ်။ ထိုင်ရာကထပြီး ရေအိုးစင်ဘက်သွားမယ် အလုပ်မှာ စာရေးသူက လက်ကာပြပြီး စာရေးသူကိုယ်တိုင် အဘွားဒေါ်စိန်ပုကို ရေခပ်တိုက်လိုက်၏။ ရေခပ်တိုက်ရင်း-

"ဒါဆို အဲဒီသီလရှင်ဆရာလေးက အဘွားရဲ့ အသက်သခင် ကျေးဇူးရှင်ပေါ့နော်"

ဟု မေးလိုက်သောအခါ အဘွားဒေါ်စိန်ပုက အားတက် ရွှင်လန်းစွာဆက်ပြီး ပြောပြန်တယ်။

"သားရယ်၊ အသက်သခင်တင်ဘယ်ကမလဲကွယ်။ ယခုလို သစ္စာလေးပါးတရားတွေနာ၊ သစ္စာတရားတွေကျင့်၊ ဒီဇနိတာရာမမမ္ဗရိပ်သာအောက်ရောက်အောင် အဲဒီဆရာလေးက ဇနိတာရာမဆရာတော်ကြီးထံလျှောက်၊ ရာသက်ပန်တရားအားထုတ်ခွင့် ယခုလိုဘဝရောက်ပို့ဆောင်ပေးတာ ကျေးဇူးရှင်မှ တကယ့်ကျေးဇူးရှင်ကြီးပါကွယ်။ ခဏနေ တရားဖြုတ်တော့မယ်။ တရားဖြုတ်ရင် အဘွားမိတ်ဆက်ပေးမယ်။ ဟော- ပြောရင်းဆိုရင်း တရားဖြုတ်လာပြီ။ အဘွားဒေါ်စိန်ပု လက်ညှိုးညွှန်ရာ ဓမ္မာရုံဘက်လှမ်းကြည့်လိုက်သောအခါ ဓမ္မဒီပါဓမ္မာရုံကြီးထဲမှ တစ်ဦးချင်း တရားအမှတ်ဖြင့် တစ်လှမ်းချင်း လျှောက်လှမ်းလာသူ ယောဂီများကို လှမ်းမြင်လိုက်၏။ ယောဂီတော်တော်များများ မိမိတို့၏ကိုယ်ပိုင် ကမ္မဋ္ဌာန်းကျောင်းကလေးများဆီ အသီးသီးဝင်ရောက် ပျောက်ကွယ်သွားကြလေ၏။ သီလရှင်ဆရာလေးတစ်ပါးသာ စာရေးသူတို့ရှိရာ အာရုံခံတန်ဆောင်းသို့ ဦးတည်ရောက်လာခဲ့လေ၏။

အဘွားဒေါ်စိန်ပုက ရှိရှိသေသေ လက်အုပ်လေးချီ၍-

"ဆရာလေးရေ၊ ဒီနေ့တော့ အကြောင်းမညီလို့ တရားတစ်ချိန်လွှတ်လိုက်တာ ခွင့်လွှတ်ပါ"

ဟု ဆိုသောအခါ ဆရာလေးက-

"အဆင်ပြေမယ့်အချိန် အစားထိုး တရားထိုင်ပေါ့ အမေ"

ဟု အသံတိုးတိုးဖြင့် ပြန်ပြောသံ ကြားလိုက်ရ၏။

အဘွားဒေါ်စိန်ပုက လက်အုပ်ချီလျက်-

"ဒါ အဘွားပြောပြောနေတဲ့ အဘွားရဲ့ကျေးဇူးရှင် ဆရာလေး ဒေါ်ဂုဏဝတီ"

ဟု မိတ်ဆက်ပေးလေ၏။

စာရေးသူကလည်း ဝါသနာအရ ဘာသာရေးဆောင်းပါးရေးသူပါဟု မိမိကလောင်အမည်ကိုပြော၍ မိတ်ဆက်သောအခါ ဆရာလေးက စာရေးသူ၏ ဆောင်းပါးများကို သူရဇ္ဇသိဒ္ဓိမိုးမဂ္ဂဇင်းများတွင် ဖတ်ရပါကြောင်း၊ အထူးသဖြင့် အလောင်းတော်ကဿပဆောင်းပါးဖတ်ပြီးနောက် စာရေးသူကို သတိပြုမိပါကြောင်းပြောပြလေ၏။ စာရေးသူအနေဖြင့်လည်း တရားအားထုတ်နေကြသော ဆရာလေး ဒေါ်ဂုဏဝတီနှင့် အဘွားဒေါ်စိန်ပုတို့၏ တရားဘာဝနာခရီးလမ်းအထောက်အပံ့ဖြစ်စေခြင်းငှာ မိမိအင်အားနှင့်ချိန်၍ ငွေ (၂၀၀၀) အိတ်ထဲမှ ထုတ်လိုက်၏။ ဆရာလေးကို (၁၀၀၀)၊ အဘွားဒေါ်စိန်ပုကို (၁၀၀၀) လက်အုပ်ချီ လှူဒါန်းလိုက်သောအခါ ဆရာလေးဒေါ်ဂုဏဝတီက ဆုပေးပါသည်။

"ဤအလှူဒါနကြောင့် စာရေးဆရာ၏ စာပေခရီးလမ်းအောင်ပန်းတွေပွင့်ပြီးသကာလ ဘာသာရေးဆောင်းပါးတွေ များများရေးနိုင်ပါစေ ဆုမွန်ခြွေပါတယ်"

ဟု ဆုပေးတော်မူပါသည်။

စာရေးသူမှ ဆယ်ဖြာလက်အစုံကြာပဒုံဖြင့် ကယ်ကျော်လာဘ်ရပါဠိဂူက စေတီတော်သို့ ပြန်ခါနီး ရိုသေစွာ ကန်တော့လိုက်ပါသည်။ ဆရာလေး ဒေါ်ဂုဏဝတီနှင့် အဘွား ဒေါ်စိန်ပုတို့ကလည်း ဘုရားကန်တော့ကာ မိမိတို့ ကမ္မဋ္ဌာန်းကျောင်းများဆီသို့ ပြန်သွားကြလေ၏။ စောစောပိုင်းကာလ အင်နှင့်အားနှင့် ရွာသွန်းသောမိုးသည်လည်း အရှာရပ်ခဲ့ပေပြီ။ အချိန်အားဖြင့်လည်း ညနေစောင်းခဲ့ပြီ။ စာရေးသူလည်း မိမိ၏ အဖော်မွန် လွယ်အိတ်ကိုလွယ်ကာ ဇနိတာရာမမမ္ဗရိပ်သာမှ အိမ်ပြန်လာခဲ့တော့သည်။

မေတ္တာမှားငှာဖြင့်
ကံ့ဝင်း



www.burmeseclassic.com

www.burmeseclassic.com





တပေါင်းနေ ထန်းတစ်ဖျားစာ ကျော်လာတော့ ရာသီအပူရှိန်က သိသိသာသာ မြင့်တက်လို့လာ၏။ အဝေးမှ မြင်ရသော ရိတ်သိမ်းပြီး လယ်ကွင်းပြင်များဆီ၌ ရိုးပြတ်များနှင့်အပြိုင် အလျှံညီးညီးထနေသော တံလျှပ်တို့ကို မြင်ရ၏။ ဒေသ၏ ရာသီခွင်မလေ့တစ်ခု ပြယုဂ်တစ်ခုပေမို့ အသားတကျ ရင်းနှီးကျွမ်းဝင်ခဲ့သော ငါးနှစ်ကျော်တာ ကာလတစ်ခုအတွင်း ဆန်းကြယ်စွာ စိမ်းသက်ရခြင်းလည်းကင်းခဲ့လေပြီ။

ခံနိုင်ရည်တို့ရှိခဲ့ပြီ။ အရာရာ တစ်သွေးတစ်သားတည်း။ ယိုးမှားသံသယ မှုန်တစ်မှုန်စာမျှပင်ကင်းအောင် သူ၏ဒေသခံသားစစ်စစ်တစ်ယောက်ဖြစ်ခဲ့ပြီ။ သက်ရှိပန်းလေးတွေပျိုးရသောလက်၊ နှလုံးသားထဲ အစဉ်နေရာယူကိန်းအောင်းနေခဲ့သော စေတနာ၊ ဝါသနာ၊ အနစ်နာဟူသည့် နာသုံးနာ။ တာဝန်နှင့် ဝတ္တရားဆန်သော ကန့်သတ်အရေခွံကို ချွတ်ကာ ဘေးချိတ်ခဲ့သည်။ သက်ရောက်မှုအတွက် တန်ပြန်သက်ရောက်လာသော ကောင်းခြင်းမေတ္တာများသည်က ဆိုဖွယ်ရာရှိမည်မထင်။ ထိုငါးနှစ်ကျော်တာကာလအတွင်း နှောင်တည်းခဲ့သော ကြိုးတို့သည်က ခိုင်ခိုင်မာမာ။

ဖုန်တသောသော ညစ်ညစ်ပတ်ပတ် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေး နောက်ကျ မြို့ပြနှင့် အလှမ်းကာဝေး အမှန်ပင် အရိုင်းဆန်သည့် ဒေသစိမ်းကလေးတစ်ခု။ ဒီလိုနေရာလေးတစ်ခုမှာ အစိမ်းသက်သက်ဖြင့် အလွယ်တကူ ပျော်ဝင် အသားကျနိုင်ဖို့ဆိုသည်မှာ လက်တွေ့မဆန်သော ယုံတမ်းစကား။ တာဝန်ဆိုတာတစ်ခုကလွဲပြီး အရာရာကို မျက်စိစုံမှိတ်အံကြိတ်နေနိုင်ဖို့ဆိုတာပင် တကယ့်အိမ်မက်။ စိတ်ကူးယဉ်ဆန်လွန်းသော ရုပ်ရှင်နှင့် ဝတ္ထုများစွာထဲ၌သာ ဖန်တီး၍ ကောင်းနိုင်မည် ထင်ခဲ့သည်။

အစက သူလည်း ဤသို့သာ။ ရှေ့မှပြေးသွားနှင့်ကြပြီးသော ဆရာ၊ဆရာမများ၏ ရင်ဖွင့်စကားသံတွေ ကြားခဲ့ရချိန်တိုင်း၊ ထင်မြင်ရှုတ်ချဝေဖန်သံတွေ နားထဲစွဲခဲ့ချိန်တိုင်း တကယ့်လက်တွေ့ဆိုတာကို ထိတ်လန့် တုန်လှုပ်ရစမြဲ။

ထိုစဉ် ကနဦးအသားမကျသေးမီကတော့ ဒေသစွဲနှင့် အိမ်လွမ်းစိတ်ကြောင့် ခံရခက်လှသော ဒုက္ခမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရ၏။ ရှေ့မှပြေးနှင့်ကြပြီး သူတို့အား ကိုယ်ချင်းစာနာမိ၏။ ...
တွေ့ဘဝဆိုသည် အစဉ်သဖြင့် သာ...
ဖြောင့်ဖြူးခြင်းတွေချည်း မရှိနိုင်။

မဖြောင့်ဖြူးသော အချိုးအ...
အပြောင်းအလဲတိုင်းမှာ ကိုယ်နှစ်လို...
ရွေးချယ် လျှောက်လှမ်းမိခဲ့သော ...
သည်ပင် တစ်ဘဝစာမျှနိုင်ခဲ့လေမ...
သံသယဝင်မိဆဲ။ ပထမဦးစွာ အ...
အကျင့်နှင့် မာန ဆိုတာကို ကိုယ်တ...
တိုင် ရိုက်ချိုးဖျက်ဆီးပစ်ခဲ့ရ၏။ အရာ...
အဆိုး၊ အကောင်း ဒိုးတူပေါင်ဖက် ...
ရောယှက်တင်ရှိခဲ့ရ၏။

ဝါဆို၊ ဝါခေါင် ရေဖောင်ဖော...
လျှင် နိုဂိုက ရေကြောက်သော အ...
ကို ပယ်ကာ ရေကူး၊ လှေလှော်သ...
၏။ ဘာမဆို အသားတကျပျော်ဝင်...
နိုင်မှပင်။ ရွှံ့ပေါ်ချိန်၊ ဗွက်ထချိန် ...
ကွင်းနေ၍မရ။ ဟိုးရှေးယခင် ဆရာ...
သက်ခဲ့တဲ့ကျောင်းလေးပေမို့ ...
ကျောင်းလည်း မငြိမ်သက်ခဲ့။ လ...
ကိုင်းထဲ၊ တောထဲပါသွားသော ...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တွေ နောက်ကျမကျန်ရစ်ဖို့အရေး ကိုယ်တိုင်း ပြေးရလွှားရ၊ ခေါ်ရင်ရတာမျိုးတွေပင် ဒုနှင့်ဒေး။ မကြုံစဖူး ထူးလှသော ဆရာပေမို့ ဒေသကလေးတစ်ခုလုံးမှာ ပေးထားသောနာမည်ပြောင်ပင် အတွင်သား။ တကယ့်စံ၊ တကယ်ဖွဲ့ကို အောချသမို့ 'ဆရာစံ' ဆိုလျှင် နာမည်အကြီးသား။ အလေးထား အရေးပေး စံထိုက်ခဲ့၏။ ရှိသေသမှုဖြင့် ရှေ့တန်းတင်ခံခဲ့ရ၏။ အချိန်စောင့်ရကျိုးနပ်ခဲ့သလို တန်ပြန်လာသော စေတနာမှန် ကံအကျိုးပေးက ရတက်အေးစွာ၊ နွေးထွေးစွာ။

အချို့သော နွေရာသီ ကျောင်းပိတ်ရက်တို့ပင်လျှင် စိတ်က အိမ်ပြန်ရောက်လို့ လူကတော့ပြန်မရောက်ဖြစ်။ တစ်ယောက်အားနှင့် ဖြေရှင်းနိုင်မည်မဟုတ်သော ဘဝပုစ္ဆာများစွာကြားတတ်စွမ်းသမျှ ဦးဆောင် ပါဝင်ဖြစ်စမြဲ။ ဒေသတိုးတက်ရေး၊ ရပ်ရွာဖွံ့ဖြိုးရေးမှ အစ ကိုယ်သိကိုယ်တတ်သမျှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဖေးမရစမြဲ။ ဤသို့ဖြင့်ပင် ပျော်ဝင်အသားကျခဲ့သည်မှာ ငါးနှစ်ကျော်တာ ကာလ ဟူသော အချိန်အတိုင်းအတာတစ်ခုသို့ ရောက်ရှိလျှက်။

"ဝေး. . ဆရာစံ၊ ဆရာစံရှိလားဝေ့"

အသံနှင့် အရင် အိမ်ပေါ်တက်လှမ်းတက်လာသံကြားရတော့ လက်ထဲမှ ဘောလ်ပင်အားချကာ လှမ်းစူးစမ်းရသည်။ ရှိသေတန်မှုရှိပြီးသားမို့လည်း ခွင့်ဆိုသည်မှာ သီးခြားမဆန်ချင်တော့။ မည်သို့ပင် ဝင်ဝင်ထွက်ထွက် စိတ်အနှောင့်အယှက်ရယ်မဖြစ်။

"စောထီးလား၊ ဆင်ပေါက်လားဝေ့၊ ဝင်ခဲ့ချေလေဟာ"

"ဆရာစံ၊ နင်အလုပ်များနေလား"

အထဲရောက်လာမှ အသံနှင့် ရုပ်က ခွဲခြားလို့ရသွား၏။ ဒေသသံဝဲဝဲက ဆင်တူယိုးမှားနိုင်လှသလို တစ်ခါတစ်ရံလည်း ခွဲခြားမှန်းဆရခက်ပေသား။ စောထီးနှင့် ဆင်ပေါက်က ငယ်နာမည်အရပ်ခေါ်။ လူပုံများကထွားထွား၊ ရုပ်ချင်းကဆင်တူယိုးမှား။ ရပ်ရွာအုပ်ချုပ်သူလူကြီး (သူကြီး)၏သားများ ဖြစ်၏။

"ကလေးတွေ စာမေးပွဲအတွက် အလုပ်ရှုပ်နေတာဟ။ နင်တို့အဘဆီ တောင်ထွက်လာဦးမလို့ဘဲ"

"အေး - အခု နင့်ဆီအဘလွှတ်လိုက်လို့ဟ"

"ကိစ္စရှိလား"

"မရှိပါဘူး၊ မနက်ဖြန် ငါတို့သားအဖတွေ မြို့တက်ဖြစ်မယ်။ အဲဒါ အဘက နင်လိုအပ်တာရှိရင်မှာဖို့ စာရင်းအယူလွှတ်လိုက်လို့ဟ"

"နို့. . . နင်တို့နှစ်ယောက်လုံးပါသွားမလို့လား"

"ငါပဲပါမှာ၊ စောထီးက နေခဲ့မှာ"

"ထွေထွေထူးထူး မှာစရာတော့ မရှိပါဘူး။ ကလေးတွေအတွက် လိုအပ်တာလောက်ပဲမှာချင်တာ"

မြို့လိုက်ရမည့် ဆင်ပေါက်မျက်နှာက ပြုံးဖြီးဖြီး။ အရောက်အပေါက်နည်းလှသော မြို့ဆိုသည်ကိုပင် ဂုဏ်ယူဝံ့ကြွားဖွယ်ရာတစ်ခုပမာ လေသံကပင် ခပ်ကြွားကြွား။ စောထီးကရှုတည်တည်။

"ငါက အဘနဲ့မကြာခဏရောက်နေကျပါ။ ဒီတစ်ခေါက် နင့်ကိုသနားလို့ ငါတမင်နေခဲ့တာ"

ဟုပင် အကြောမခံ ဝင်ထောက်လိုက်သေး၏။ ညီအစ်ကိုနှစ်ယောက်အားကြည့်ကာ သူပင် ရယ်ချင်ချင်။

"ကဲ - ဆရာစံ၊ လာမယ့်လပြည့်ည နင်ပါဦးမလား"

"ရော်. . . အရင်းမရှိအဖျားမရှိ နင့်စကားကဘာလဲဟ စောထီးရ"

ပစ္စည်းအမှာစာရင်း ရေးပေးနေရင်းမှ စောထီးအား ငဲ့ကြည့်ကာ မေးမိ၏။ သကောင့်သားက မချိုမချဉ်မျက်နှာထားဖြင့် -

"ပန်းဖွက်ကြမလို့ဟ"

ဟု လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြော၏။

သူက အပြုံးဖြင့် -

"အထူးအဆန်းလုပ်လို့ စောထီးရာ။ အရင်လည်းလုပ်နေကျကို"

"ဒါတော့ဒါပေ့ါဟ။ ဒါပေသည့် တူမလား၊ ခုတစ်ခေါက်ထူးတယ်ထူးတယ်။ အဲဒါနင်သိလား ဆရာစံ"

နဂိုရည်အရင်းခံ ပွင့်လင်းရိုးသားမှုကြောင့်ပင် သူ့ကို သွေးရင်းပမာ ခင်တွယ်လှသော သည်ကောင်တွေ အမူအကျင့်ကို သူကောင်းစွာနောကျေနေခဲ့၏။ စိတ်ထဲကနေ လုပ်လိုက်စမ်းဟဟု ဩသံပေးကာ ခေါင်းတစ်ချက်ဆတ်ပြလိုက်တော့ ခများမျိုသိပ်မထားနိုင်တော့။ အစကတည်းကပင် မျိုသိပ်ထားချင်ဟန်မရှိတာလည်း ပါ၏။

"အဲဒီညကျရင် ကွမ်းထောင်ကိုင်အသစ်ကလေးပါ ပါမှာဗျာ။ နင်သိလား"

"ကွမ်းတောင်ကိုင်။ နေပါဦးဟ၊ ဒီနှစ်မှ ရွေးလိုက်တာလား၊ ငါတောင်မသိလိုက်ရပါလားဟ"

"ဟဲဟဲ - အဲဒါကြောင့် ငါပြောတာပေ့ါ။ ဆရာစံ နင်စိတ်ဝင်စားမှာပါလို့"

ကွမ်းသွားချေးတွေ ပေနေသော သွားတွေပေါ်အောင်ရယ်ရင်း ကျေနပ်ဟန် ဆိုလိုက်တဲ့ စောထီးထံသို့ သူ့အာရုံရောက်သွား၏။ လူပျိုခေါင်းပီပီ ဒါမျိုးကျ နှစ်ယောက်မရှိဟု ထောမနာပေးမိ၏။ ကျဉ်းမြောင်းလှသော သည်ဝန်းကျင်လေးမှာ ဒီကိစ္စမျိုးဟာလည်း သတင်းထူးသာပေ။

"ဆက်ပါဦးဟ၊ ဘယ်သူလေးတုံးဆိုတာကို"

"ဒီလိုတော့ ဘယ်ရမလဲ ဆရာစံ၊ နင် ငါတို့ လူပျိုအုပ်စုထဲ ပါ၊ မပါ အရင်ပြောဟ"

"ကဲ - မောင်မင်းကြီးသား၊ အရင်ကလည်း နင်တို့ အုပ်စုထဲပဲ ငါပါနေကျ၊ ဒီနှစ်လည်း ပါပါ့မယ်။ ဒါပေမယ့် စောသာအောင်တို့အုပ်စုနဲ့တော့ ဒီကိစ္စ အချင်းမပွားစေနဲ့ပေ့ါဟာ"

"ဒါကထားပါလေ၊ ကျန်သေးတယ် နောက်တစ်ချက်"

"ရော်-ဘာများကျန်သေးတုံးဟ"

"ကျန်တယ် ဆရာစံ၊ နင် ဒီနှစ် ကိုယ်တိုင်ပါပြီး ပန်းဖွက်ရမယ်။ အဲဒီကိစ္စ ငါတို့အားလုံးတိုင်ပင်ပြီးပြီ။ ဘာကြောင့်လဲဆိုတော့ နင့်ကို ငါတို့ရွာသူတစ်ယောက်နဲ့ပဲ ညားစေချင်တယ်။ ဒါမှ နင် ငါတို့ရွာမှာ တစ်သက်လုံးနေသွားနိုင်မှာလေ ဘယ်လိုလဲ။ မကောင်းဘူးလား ငါတို့အကြံ"

"ဟိုက် - သေရော"

အားပါးတရပင် သူ့အသံထွက် ရယ်မောမိချေ၏။ တစ်ဆက်တည်းလို ဝင်ရောက်လာသော စာနာနားလည် ခံစားစိတ်ကလေးကြောင့် ကျေနပ်ကြည် နူးဖြစ်မိတာလည်း အမှန်။ ဩော်. . . သံယောဇဉ်ပေပဲဟု နားလည်ရ၏။

"နင်တို့ငါတို့ ဒီအတိုင်းမမြင်ချင် တော့ဘူးထင်တယ်ဟုတ်လား။ စော ဆင်ပေါက်ဟင်"

"နင်မငယ်တော့ဘူးလေ ဆရာစံ နင်လည်းအသိပဲ၊ ငါတို့ဆီမှာ နင့်အရွယ် ဟာ ဒီကိစ္စ သက်တမ်းအရှည်ဆုံးလူ ဟာ"

"ခံဟ. . ."

ဒီတစ်ခါ စောထီးစကားက ရှိုက်မှန်ပြီမို့ သုံးယောက်စလုံး သ ကျရပေတော့၏။ ပွင့်လင်းလွန်းခဲ့ တဲ့ပင်နွှာချလိုက်တာ ဖြစ်၏။ စိတ် မဆိုးပေ။ ပြောလည်းပြောစရာပေ ကိုယ့်အဖို့ရာကကိစ္စမဟုတ်။ သူတို့ သူတို့အရပ် သူ့ဇာတ်နှင့်သူ့အရ



www.burmeseclassic.com

www.burmeseclassic.com

စမှတ်ပေသား။

"ကြံကြံဖန်ဖန် နင်တို့တွေးမိကြ ဟ။ ငါက လုပ်ဖို့ကြိုးလုပ်မှာ၊ ဒီတစ် တော့ဝေးပြီ"

"အေး - နင် မြို့သူကိုမှမှန်းရင် ဘယ်တတ်နိုင်ပါ့မလဲဟာ။ ဒါပေ ငါတို့တောသူတောင်သားတွေမှာ အသည်းနဲ့ပါ ဆရာစံ။ ဒါကို နင် ကောင်းကောင်းသိပါတယ်"

"ကဲပါလေ၊ အဲဒါအသာထားပါ - စောစောကနင်တို့ပြောတဲ့ ကွမ်း ကိုင်အသစ်ကိုစွဆက်ပါဦး"

"နင် ရွာတောင်ပိုင်းက မုဆိုးမကြီး လေးလာ သိတယ်ဟုတ်"

"အလို - မုဆိုးမကွမ်းတောင်ကိုင် ကိုက်လို့လားဟ"

"အယ်. . . ဘယ်ကလာ၊ ငါပြော တို ဆုံးအောင် နားထောင်ဦးဟ"

စောထီးက စကားပလ္လင်ခံခြင်း သည်။ သူဝင်အရှုန်းဖောက်လိုက် အယောင်ယောင်အမှားမှားနိုင် ခြင်း ဖြစ်သည်။

"ပြောစရာရှိတာ တဲ့ပြောပါတော့ ။ နင့်ကြီးတော်နွားကျောင်းခိုင်း ပဲ"

"အေး - တခြားသူ မဟုတ်ဘူး ၊ အဲဒီနော်စေးလာသမီး ဒေါင်းမ ၊ နော်ကညောမူ ဆိုတဲ့ ဒေါင်းမ ကို ရွေးထားတာဟ သိပလား"

"ဟင် - ဒေါင်းမလေးကိုလား"

နှုတ်ဖျားဆီက အာမေဍိတ်နှင့်အ လုပ်ခနဲ လှုပ်ရှားသက်ဝင်သွားတဲ့ သား၊ ထိုမှတစ်ဖန် ဖျတ်ခနဲ အာရုံ ဝင်လာသော ပုံရိပ်လေးတစ်ခု။ အသွေး ရေမရောပါတဲ့ အလှနဲ့ မလေး။ သူ့နှလုံးသားထဲက ဒေါင်း ၊ ဝိုင်းစက်ရွှန်းလဲ့တဲ့ မျက်ဝန်းက တွေ၊ ညိုညာနီမြန်းသည့် နှုတ်ခမ်း လေးတွေ၊ သွေးရောင်လွှမ်းသော ပါး လေးတွေကအစ သူ့နှလုံးသားက တ်ရခဲ့သည်မှာ ကြာခဲ့ချေပြီလေ။

နော်ကညောမူ သို့မဟုတ် သူ့ရဲ့ င်းမလေး။ သူမကို စတင်မြင်တွေ့ တည်းက အလိုလိုလိုက်ဖြာသက်ဝင် တဲ့ သူ့နှလုံးသားကို သူသတိထားမိ ။ မြို့ပြရဲ့ ပန်းကလေးတွေနှင့်မတူ မှုထူးလှသည့် ပန်းကလေး။ ထိုပန်း လေးကို မြင်မြင်ချင်း သူစွဲလမ်းမိခဲ့၏။ နောက်တော့ တရူဏာပိုခဲ့သည်။ မ မိခင်ကြီးနှင့်အတူ အမေတစ်ခု တစ်ခုဘဝ။ တောမှာပွင့်သောပန်း လေး တောမှာပင် အပြည့်အဝ လန်း ခွင့်မရနိုင်ရှာခဲ့သောဘဝ။

သမာဓိဂုဏ်ကို ငဲ့ရ၏။ ကိုယ်ကျင့် သိက္ခာနှင့် ယုံကြည်မှုအား အလေးအ နက်ထားရခဲ့၊ အရှိအသေတန်အောင် နှလုံးသားကို ဝှက်ကွယ်ထားခဲ့ရ၏။ သို့ သော် နှလုံးသားမှာ အပြစ်မရှိ။ ချစ်ခြင်း၊ မုန်းခြင်းသာ စွမ်းဆောင်ပေးထားနိုင် သော နှလုံးသားက ထိုစာလွှာ ထိုအကာ အရံများနှင့် လားလားမျှမဆိုင်။ ရိုးသား စွာ ဖြစ်တည်ခဲ့သည်။ ထိုအရာမှာ ချစ် ခြင်းသာ။

ဒေါင်းမလေးကို သူချစ်ခဲ့မိပြီ။ အပြင်မှာ ထုတ်ဖော်မပြနိုင်သော ခံစားမှု တို့ထက် နားလည်မှုတစ်ခုက ပို၍အရေး ပါခဲ့၏။ သူနှင့် ဒေါင်းမလေးတို့ နားလည် နိုင်ခဲ့ကြသည်မှာကြာခဲ့ပြီ။ စိတ်ချင်းဆက် သွယ်မှု၊ မျက်ဝန်းချင်း နားလည်နိုင်မှုတို့ ဖြင့် ကာလတန်ကြာ သွေးအေးနေခဲ့ကြ ဆဲ။ အချစ်မှာ မျက်စိမရှိဟု ပြောတတ် ကြလေသည်။ သူကတော့ အချစ်ကို မျက်စိနှင့်ရော၊ နှလုံးသားနှင့်ပါ ရှာဖွေ တွေ့ရှိခဲ့သည်။ အဲဒီအချိန်မှာ မြို့ပြနှင့် ဒေါင်းမလေးက သူ့အတွက် ဆန့်ကျင် ဘက်အနေထားဖြစ်နေခဲ့၏။ တောမှာ ပွင့်သော ပန်းကလေးကသာ သူ့နှလုံး သားကို လှုပ်နိုးနိုင်စေခဲ့တာ ဖြစ်၏။

ကျောင်းပိတ်ရက်ရှည်များ အိမ် မပြန်ချင်သောစိတ်မှာလည်း ထိုစိတ်တစ် စိတ်တစ်ဒေသ ပါဝင်နေခဲ့သည် မဟုတ် ပါလော။ အချစ်ရှိရာအရပ်မှာ မောင်ကြီး မပြန်ပြီ။ သို့သော် အရာရာက အေးစက် လှဆဲပေမို့။

ခုတော့ ကံကြမ္မာမျက်နှာသာပေး ဖူးစာရေးနတ် ဆောင်မကိန်းဆိုက်ခဲ့ချေ ပြီ။ ပန်းဖွက်ပွဲ။ ချစ်စရာကောင်းလိုလှ သောဓလေ့ထုံးစံကလေးတစ်ခုပင်။ ကြို တောင့်ကြိုခဲ လပြည့်ညလေးတစ်ညမှာ ကာလသား၊ ကာလသမီးပျိုတို့ စုကာ စကားထာဖွက်သော ချစ်စရာအစဉ်အ လာကလေးတစ်ခု။ စကားထာဖွက်ပြီး မဖြေနိုင်သူက အသင့်ယူဆောင်လာ သောပန်းတို့ကို ပေးရ၏။ ထိုဓလေ့ထုံးစံ ကလေးကို ပန်းဖွက်ခြင်းဟုလည်း တင် စားခြင်းဖြစ်၏။ ရွာကာလသား ကာလ သမီးပျိုတို့သည် ပန်းဖွက်ရင်းပင် ချစ်မှု ရေးရာကိစ္စများ အဆင်ပြေအောင်ကြိုး ပမ်းကြရ၏။ ထို့ကြောင့်ပင် လသာသော ည ပန်းဖွက်ရသောအချိန်ကား ကာလ သား၊ ကာလသမီးပျိုတို့ အပျော်ရွှင်ကြ ဆုံးအချိန်တည်း။ ထိုအချိန်ကား လူကြီး သူမများ အနီးအနားတွင်မရှိဘဲ လူပျို အပျိုတို့ လွတ်လွတ်လပ်လပ် တွေ့ဆုံနိုင် ကြသည် မဟုတ်ပါလား။

ထိုသို့သော ချစ်ရာဓလေ့ကလေး ကို သူမကြာခဏပါဝင်ခဲ့ဖူး၏။ အဆွယ် ကောင်းလှသော ရွာကာလသားခေါင်း တို့ကြား အားပေးရုံသက်သက် တန့်လန့် ကန့်လန့်ပါခဲ့ရဖူးပြီ။ သို့ပါသောကြောင့် သူနှင့်မစိမ်းသက်။ ပြီးတော့ ထိုဓလေ့ ထုံးစံကလေးကို သူချစ်သည်။ သူ့မျက်စိ ရှေ့မှောက်၌ စွံခဲ့ကြသော ကာလသား၊ ကာလသမီးပျိုတို့မနည်းတော့ပြီ။ ခုတော့ ရင်ခုန်ရမည့်သူမှာသူ။ သူ့အလှည့်ရောက် ချေပြီ။ ဟိုယခင် သူကိုယ်တိုင်ပါဝင်၍ ပန်းမဖွက်ဖူးခဲ့။ တိုက်ဆိုင်စွာပင် ဒေါင်း မလေးက ကွမ်းတောင်ကိုင်အရွေးခံခဲ့ရ ပြီ။ ရွာ၏ အလှထွတ်ခေါင်မလေး ပန်း ဖွက်ပွဲထဲ ပါဝင်ပေဦးမည်။ ရေကန်အ သင့် ကြာအသင့်ဖြစ်ချေပြီ။

သူ့လောက် ရင်ခုန်သောသူပင် ရှိ နိုင်ပေလိမ့်အံ့မထင်။ အနှစ်နှစ်အလလ မျိုသိပ်ဝှက်ကွယ်ထားခဲ့ရသော ဝေဒနာ တစ်ရပ်ကို ဖွင့်ဟကြေညာခွင့်ရပေတော့ မည်။ သူမှမပျော် မည်သူပျော်အံ့နည်း။ လပြည့်လရောက်ဖို့ နီးတပ်လာချေပြီ။ ထို့အတူ သူ့ရင်ခုန်သံတွေလည်း တားဆီး ထိန်းချုပ်၍မရနိုင်တော့လောက်အောင် ဆတက်ထမ်းပိုးတိုးကာ လှုပ်ရှားမြန်ဆန် လာချေပြီသာ။

"နင်မျက်နှာလိုက်တာသိသာလွန်း ပြီ ဆရာစံ။ ဟိုကောင်တွေညီအစ်ကို အုပ်စုနဲ့ချည်း နင်အမြဲပူးပေါင်းတယ်။ ငါတို့ဆို နင်အမြဲခွဲခြားခွဲခြားလုပ်တယ် ဟာ"

ဂစ်တာကြိုးတွေ လက်နဲ့ ဆော့ ကစားပြီး စောသာအောင်က မကျေမ ချမ်းစကားဆိုခြင်း ဖြစ်၏။ သည်ကောင် တွေ ညည သူ့ထံသို့ လာရောက်ကာ စကားဖောင်ဖွဲ့တတ်ကြ၏။ တစ်ခါတစ်ရံ သူ့ဂစ်တာယူတီးပြီး သီချင်းဆိုကြသည်။ တစ်ဖွဲ့မဟုတ် တစ်ဖွဲ့တော့ အစဉ်မပြတ် ရောက်လာတတ်ကြ၏။ ဒီလိုဆိုတော့ လည်း သူ့အတွက် အပျင်းပြေလှသည်။ ရွာကာလသားမှန်သမျှ သူ့ကိုမခင်တွယ် သူ မရှိသလောက် များ၏။ ဒီနေ့ည ရောက်ရှိလာသူတွေက စောသာအောင် တို့အဖွဲ့ ဖြစ်၏။ အခုလည်း ပန်းဖွက်မည့် ည သူစောထီးတို့အုပ်စုထဲပါဝင်ဖြစ်တာ မို့ စောသာအောင်တစ်ယောက် မခံချင် စိတ်ဖြင့် ထပြောခြင်း ဖြစ်၏။

သူက-

"ရော် - စောသာအောင်ရယ်၊ ဒါ အချင်းပွားရမယ့်ကိစ္စမဟုတ်ပါဘူးဟာ။ ဘာပဲဖြစ်ဖြစ် ငါတို့တစ်ရပ်တစ်ရွာတည်း



www.burmeseclassic.com

www.burmeseclassic.com

အတူတူပါပဲ။ ငါဘယ်သူ့အဖွဲ့ထဲပါပါ ငါပါတယ်ဆိုရင်ပြီးတာပဲဟာ အတူတူပါပဲ နင့်မလည်း"

ဟု ပြေလည်ရန် ညှိပေးရပြန်၏။

"တူမလားဝေ့၊ နင်ပါတော့ ပါတဲ့ဘက်က ပိုမျက်နှာကြီးတာ အသိသာကြီးဟာ။ ငါတို့မှာ ပိုးပန်းဖို့ နင့်မျက်နှာလုပ်ကြရတဲ့ဟာကို။ ဒီတစ်ခါလည်း စောထီးတို့ နင့်ကိုဦးသွားတာ နာတယ်ဟာ။ ဒီလိုမှန်းသိရင် အစကကြိုဦးထားရမှာ"

ခက်ချေပြီ။ သူကမူ တကယ့်တည်ကောင်စစ်စစ်။ သကောင့်သားတွေခမျာမှာတော့ သူတို့ယုံကြည်မှုနှင့် သူတို့သာပင်။ အပြစ်ဆိုရန်လည်း ခက်ချေ၏။

"နင် ဒီနှစ် ထူးထူးဆန်းဆန်း ပန်းဖွက်ပွဲထဲပါမှာ ငါတို့သိပြီးပြီ ဆရာစံ။ အဲဒီသတင်းက အပျိုတွေဆီရောက်လို့ နာမည်တောင်ကြီးနေပြီ"

"ဟေ - နင်တို့ကို ဒီကိစ္စဘယ်သူပြောလို့လဲဟာ"

"နင် မလိမ်ချင်စမ်းပါနဲ့ဟာ။ ဒီမှာ ဆရာစံ၊ နောက်ထပ် နာမည်ကြီးနေတဲ့ တစ်ခုကျန်သေးတယ်"

"ဘာများတုံးဟ၊ ငါဘာမှလဲမလုပ်မိသေးပါလား"

"ဘာရမလဲ၊ နင်ကိုယ်တိုင် ပန်းဝင်ဖွက်မှာဆိုတော့ နင်ပန်းဖွက်မယ့် မိန်းကလေး ဘယ်သူဖြစ်နိုင်မလဲဆိုတာ ငါတို့အားလုံး စိတ်ဝင်စားနေကြတာပေါ့ဟ"

သူ့မျက်နှာ ရဲခနဲဖြစ်သွား၏။ ရှက်စိတ်ဖြင့် ရယ်ဖွဖွလုပ်နေမိ၏။ သကောင့်သားအုပ်စုက အကင်းပါးသည်။

"သေချာပြီ ဆရာစံရေ၊ နင့်မျက်နှာကြည့်တာနဲ့ ငါတို့သိပြီ။ နင်ပန်းဖွက်ရမယ့်သူရှိနေတာတော့ သေချာသွားပြီဝေ့။ ဘာပဲဖြစ်ဖြစ် ငါတို့ရွာသူကိုနင်စိတ်ဝင်စားပြီ၊ ချစ်နေပြီ ဆိုတော့ ငါတို့ကျေနပ်တယ်။ အဲဒီညကျရင် ငါတို့ပါ နင့်အတွက်ဝိုင်းပြီးကူညီရအောင် နင်ဘယ်သူ့ကို စိတ်ဝင်စားနေလဲဆိုတာ ငါတို့ကိုပြောပြပါ"

"အာ - ခက်တဲ့ကောင်တွေပဲဟာ။ ဘယ်ပြောလို့ဖြစ်ပါ့မလဲ၊ ငါမျက်နှာပူတယ်။ ပန်းဖွက်မယ့်ကိစ္စကတော့ မှန်တယ်။ ဒါပေသည့် ငါ ဘယ်သူ့ကို ပန်းဖွက်မှာလဲဆိုတာကတော့ ခုမပြောချင်ဘူး။ ဒါလျှို့ဝှက်ချက်ဟ၊ ငါရှက်လည်းရှက်တယ်"

အားလုံး ဝိုင်းရယ်တာခံရသည်။ ပထမဦးဆုံး ခံစားမိဖူးခြင်းမို့ သူ့မျက်နှာ မထားတတ်အောင်ဖြစ်ရသည်။ ဘယ်လောက်ရင်ခုန်စရာကောင်းလိုက်တဲ့ ပန်းဖွက်ညလေးလဲလို့။

ညနေ ကျောင်းဆင်းချိန် အိမ်အပြန်လမ်းမှာ ဒေါ်င်းမလေးနှင့်ဆုံ၏။ စောထီးတို့အုပ်စုက ဘာမှပူမနေနှင့်၊ အားလုံးအဆင်ပြေအောင် တာဝန်ယူမည်ဟု မနက်ပင် အာမခံသွားကြသည်။ ဒီနေ့လပြည့်ည ပန်းဖွက်ပွဲရှိသည်။ သူ့ကိုမြင်တော့ ဒေါ်င်းမလေး တုံ့ခနဲ ရပ်သွား၏။ မြင်နေကျမျက်ဝန်းအစိုပွယ်တွေနှင့်ကြည့်၏။ စောထီးတို့အုပ်စု သူ့ကိစ္စတီးခေါက်ပြီးလောက်ရောပေါ့ဟု တွေးမိကာ အရဲကိုးမိ၏။

"ဘယ်ကပြန်လာတာလဲ ဒေါ်င်းမလေး"

"အမိုးက ဆရာ့အတွက် ဆိတ်သားခြောက်တွေ အပို့ခိုင်းလိုက်လို့ အဲဒါလာပို့တာ။ ဆရာအိမ်မှာမရှိသေးတာနဲ့ ဒီဘက်လိုက်လာတာ"

မဝံ့မရဲလေးဖြေကာ မျက်နှာငုံ့လျှိုးနေတဲ့ ချစ်ရသူလေးကို သူဆတတက်ထမ်းပိုးတိုးကာ ကရုဏာပိုအကြင်နာပိုရပြန်၏။

"ဒေါ်င်းမလေး"

"အင်း. . . ဘာပြောစရာရှိလို့လဲ ဆရာ"

"ဟိုလေ. . . ဟိုကိစ္စ"

စကားလုံးတွေက တစ်ဆို့နေ၏။ ပြောချင်ပေမယ့်ပြောလို့မရ။ ရင်ကတော့ အတော်ခုန်၏။ ချစ်ရသည်မှာ မလွယ်လှ။

"ဆရာပြောမှာ ငါသိပြီးပြီ၊ ငါ့ကို စောထီးတို့ပြောပြီးပါပြီ"

တော်ပါသေးရဲ့၊ ချစ်ရသူလေးက အလိုက်သိစွာ လိမ္မာပါးနပ်လှပေလို့သာပေါ့။ ဒီတော့မှ ရင်ထဲက အလုံးကြီးပြန်ကျသွားတော့၏။

"ဒီ. . . ဒီလိုဆို ဒေါ်င်းမလေး ညကျရင် ပန်းဖွက်ဖို့လာခဲ့မယ်မဟုတ်လား၊ ကိုယ်မျှော်နေမယ်နော်"

"အေးပါ ဆရာ၊ ငါသွားတော့မယ်။ နောက်ကျလို့ အမိုးဆူနေဦးမယ်"

ဒေါ်င်းမလေးမျက်နှာက ရှက်သွေးလွှမ်းကာ သူ့ရှေ့မှလစ်ခနဲပြေးထွက်သွား၏။ ဝမ်းသာအားရအော်ဟစ်ခုန်ပေါက်လိုက်ချင်စိတ်ကိုပင် မနည်းထိန်းလိုက်ရ၏။ ညရောက်ဖို့ကိုပင် ဆန္ဒစောလှသဖြင့် ချက်ချင်း ဖန်ဆင်းပစ်လိုက်ချင်၏။

ချစ်သူကို ပိုင်ဆိုင်ခွင့်ရဖို့အရေး အချိန်ကိုပင် စိတ်မရှည်တော့ပြန်။ အိမ်ပြန်ရောက်လို့ သူ့ဝိရိယကောင်းစွာပြင်ဆင်နေတုန်း သူ့တပည့်မကလေးတွေရောက်ရှိလာကြပြန်သည်။ လက်ထဲမှာ ကိုယ်စီ ယူဆောင်ပေးလာကြသော ပန်းမျိုးစုံကို မြင်ရ၏။

"ဆရာလေး၊ ဒီကနေ့ည ပန်းဖွက်ပွဲထဲပါမယ်လို့ သမီးတို့ကြားထားတယ်။ အဲဒါကြောင့် ဆရာလေးအတွက် ပန်းတွေလာပို့တာ"

"အိုး. . သိတတ်လိုက်တဲ့ ဆရာ့တပည့်တွေ လိမ္မာလိုက်ကြတာကွယ်"

တပည့်မလေးတွေပြန်သွားတော့မှ သူ့လက်ထဲ ပွေ့ပိုက်ကျန်ရစ်ခဲ့တဲ့ ပန်းတွေကို အားပါးတရ နမ်းရှိုက်လိုက်မိ၏။ ပန်းကလေးတွေထဲမှာ ဒေါ်င်းမလေးမျက်နှာပေါ်လာ၏။ ပြီးနောက် နေရာတိုင်းတွင် ဒေါ်င်းမလေးကို မြင်နေရပြန်၏။

နေရောင်ပျောက်စ ညဦးယံအဝင် စောထီးတို့အုပ်စု ပေါက်ချလာ၏။ သူက ပန်းတွေပိုက်ကာအဆင့်သင့်။

"အဆင့်သင့်ပဲဝေ့"

"ဆရာစံမှီရတဲ့မျက်နှာကို ကြည့်ထားနှင့်ကြဟေ့ မြင်ဖူးတွေ့ဖူးအောင်တကယ်ပဲ၊ ဆရာစံနှင့်မျက်နှာကြီးပြီးနေတာပဲဟ"

သူမလုံမလဲမျက်နှာပိုးသတ်ရပြန်၏။ သကောင့်သားတွေက ခွင်ထဲမှာ သူ့အား နှာချင်နေကြသည်။ အားတိုးလောက်စရာလည်း ကောင်းချေ မဟုတ်လား။

"စောထီး၊ နင်တို့သေချာစီစဉ်ထားရဲ့လား"

"ပူတတ်ရန်ကော ဆရာစံ၊ စောထီးတို့က မပိုင်တာ ဘာမှမရှိ။ ဒီည နင့်အတွက်ချည်းပဲ ငါတို့ သီးသန့်စီစဉ်ထားတာဟ။ နင်ဘာမှစိတ်ပူစရာမရှိဘူးဝေ့"

"အေး- အပြောနဲ့အလုပ် ညီပေ ပေါ့ဟာ"

"ဟားဟားဟား-ညီကိုညီစေရမယ် ဆရာစံ၊ နင်မယုံရင် စောင့်ကြည့်ပေ ဒေါ်င်းမလေး အိမ်ကနေ ထွက်လာမယ့် အချိန်တောင် အတိအကျ သိထားပြီး သားပါဟ၊ နင်ပူမနေစမ်းပါနဲ့ ဆရာ ရာ"

"အေးပါ၊ အေးပါ၊ ငါက နင်တို့ကို စိတ်ချပြီးသားပါဟာ။ တစ်ခုခုအလွဲ အချော်လေးဖြစ်မှာပဲ စိုးရိမ်လှတာပေ ရ"

"လွဲစရာလား ဆရာစံ၊ နင့်အာ သာ စိတ်မချနိုင်ဖြစ်နေတာ မသိချင် ခက်မယ်။ ကဲ- လာ၊ လာ အချိန်ကောင်း တုန်းလစ်ကြရအောင်ဝေ့"

စောထီးတို့အုပ်စုနှင့်အတူ သူ



www.burmeseclassic.com

www.burmeseclassic.com

ချီတက်ခဲ့ကြ၏။ ရင်ခုန်မြန်နေ တော့ဖြင့် ထိန်းမရ။ ရင်အခုန်ရ တွက်ညကလေးတစ်ညပါပေ။

အရောင်ကလေးဝင်းဝင်းပပတက် တော့ ရွာထိပ်က တလင်းပြင်ကျယ် မှာ ရွာကာလသားပျို၊ကာလသမီး အတော်အတန် စုမိကြပြီ။ ပွဲစဖို့ ပြီ၊ ထိုအချိန်အထိတိုင် ရောက်ရှိ သေးသူက ဒေါင်းမလေး။ မျှော်ရ နင်မောလှချေပြီ။

"စောထီး နင်တို့ဟာ သေချာရဲ့ ဒီမှာဖြင့် ပွဲကစနေပြီ၊ ဒေါင်းမ ရောက်သေးပါလားဟ"

"လောတတ်ရန်ကော ဆရာစံရယ်။ ပေါ့ဟာ၊ သေချာပါတယ်ဆို။ ဒီ ပန်းဖွက်ဖို့ ဒေါင်းမလေး လာကို ယ်၊ အားလုံးသိကြပါပကောရယ်"

"နောက်ကျလွန်းသလားလို့ဟ"

"ရွာတွမ်းတောင်ကိုင်ကိုး ဆရာစံ ဒီလောက်တော့ရှိမပေါ့။ ဖီးလိမ်းခြယ် နေတာလားမသိ"

အချို့က သူ့အဖြစ်ကို ရိပ်မိထား န်ရှိသလို၊ အချို့လည်း ခရေစေ့ ကျသိရှိထားကြသည် ထင်၏။ မသိ အရိပ်အကဲခတ်ကြ၏။ သိလျက် င် အစောင်းအချိတ်သီချင်းကလေး ညည်းကြ၏။

လူသိချည်းမို့လည်း မရှက်မိ။ ရှက် ပင် သတိမရအား။ ဒေါင်းမလေး လာလမ်းသာ လည်ဆန့်မျှော်ရ၏။

ပွဲကစချေပြီ။ ယောက်ျားလေးနှင့် ကလေး အလှည့်ကျ အပြန်အလှန် ားထာဝှက်ကြသည်။ စကားထာ ပြနိုင်၍ ရှုံးသူက အသင့်ပါလာသော တို့ကိုပေးရ၏။ စကားသံတွေ၊ ပျော် ရယ်မောသံတွေ၊ ငြင်းခုံသံတွေနှင့် လ ညသကလေးတစ်ည သက်ဝင်လှုပလို့ ၏။

အချိန်တို့ တရွေ့ရွေ့ညောင်းလာ ာ် သူ့လူနှင့်စိတ်မကပ်ချင်တော့။ အ က သကောင့်သားတွေကလည်း သူ့ အရိပ်အခြည်သိ၏။ လျှော့မချပစ်ရက် ၍ တင်းထားရသောစိတ်မှာ မငြိမ်မ တ် ဒွိဟတို့စိုးမိုးလာ၏။ အချို့ပင်လျှင် ၍ ကျေကျေနပ်နပ် ပြန်ကြချေပြီ တ်ပါလော။ ဟိုတစ်စုသည်တစ်စု လုံးသားရေးရာ ဆွေးနွေးနေကြဆဲ၊ လူ နည်းလောက်သာ ကျန်ချေတော့၏။ အချိန်တို့ပင် ကုန်ဆုံးမြန်ခဲ့ချေပြီ။

စောထီးက -

"စိတ်ချ ဆရာစံ၊ ဒီကနေ့ည နင့် ကို ဒေါင်းမလေး မဖြစ်ဖြစ်တဲ့နည်း နဲ့ ရောက်လာစေ့ရမယ်။ နင့်စိတ်မပူနဲ့၊ သူများတွေ မရှိတော့လည်း နင်တို့နှစ် ယောက်တည်း သီးသန့်ပန်းဖွက်ရတာ ပေါ့ဟာ ပိုတောင်ကောင်းသေး။ ငါတို့ ဒေါင်းမလေးကို အခုချက်ချင်း မဖြစ်ဖြစ် တဲ့နည်းနဲ့ ရအောင်သွားခေါ်ချေမယ်"

ဟု အားပေးစကားဆိုကာ ကတိ အထပ်ထပ်ပေး၏။ နောက်ဆုံး ရွာထိပ် မှ ရွာတောင်ပိုင်းအထိပြန်ကာ ဒေါင်းမ လေးအား သွားရောက် ခေါ်ငင်ပေးရ တော့မည့်အဖြစ်။ ရသေ့စိတ်ဖြေတွေး ရတာက ဩော် -ချစ်ရသူကလေးခမျာ ရှက်၍ရောက်မလာဖြစ်သည် ထင်ပါရဲ့။

"ဆရာစံ၊ နင်ဒီမှာနေခဲ့လို့ဖြစ်ရဲ့ လား၊ ငါတို့ချည်းသွားလိုက်မယ်လေ"

"ဖြစ်တယ်ဖြစ်တယ်၊ နင်တို့သာ သေချာပစေ။ ရအောင်တော့ခေါ်ခဲ့၊ ဒီ မှာ လူတွေရှိသေးတာပဲ ငါစောင့်မပေါ့။ ဟကောင်တွေ ဒီတစ်ခါမကြာစေနဲ့နော်"

"အေးပါ ဆရာစံ၊ နင်စိတ်ချလက် ချသာစောင့်နေစမ်းရယ်။ လာ ဟကောင် တွေ သွားရအောင် အချိန်ရှိတုန်း"

စောထီးတို့ ထွက်သွားကြချေ၏။

သူငေါင်တက်တက်လေး ကျန်ရစ် ခဲ့ရ၏။ လရောင်က အချိန်အလိုက် တစ်စတစ်စမြင့်တက်လို့လာသည်။ စော စောက သူနှင့်အတူ ရှိနေကြသေးသော သူတို့အချို့မှာ သူ့အား နှုတ်ဆက်လျက် ပြန်သူပြန်လေ၏။ အသေအချာ သတိ ထားမိတော့မှ နောက်ဆုံး ကျန်ရစ်ခဲ့သူ မှာ သူတစ်ယောက်တည်းသာပင်။ သည့် ပြင် ဘာမှခံစားမရအောင် မျှော်လင့် ချက်တစ်ခုသာကြီးစိုးနေ၍ ပတ်ဝန်းကျင် ကိုပင် သူဥပေက္ခာဆန်ထားနိုင်ခဲ့လေ၏။ ညဥ့်လယ်ယံကလေးဝင်လာတော့ ရွာ ဘက်ဆီမှ သက်ကြီးခေါင်းချချိန် ကြက် တွန်သံပင် ကြားရလေပြီ။ ပတ်ဝန်းကျင် တစ်ဝိုက် မြူခြေများပင်ဆိုင်းလာ၏။ မြူ ဆိုင်းလာတော့ လရောင်က မှေးဖျော့ ကာ တစ်စတစ်စအမှောင်သိပ်သည်းစ ပြုချေပြီ။

ဤတွင် အရိပ်လေးတစ်ခု၊ မသဲ မကွဲ အလင်းရောင်ဖျော့ဖျော့မှာ မြူတို့ အား ထိုးဖောက်လာသော အရိပ်က လေးတစ်ရိပ်ကို သူမြင်ရချေပြီ။ ထိုအရိပ် ကလေးမှာ သူရှိရာဆီ တရွေ့ရွေ့နီးကပ် လာခြင်း ဖြစ်၏။

'ဒေါင်း. . မ. . လေး'

ဟု သူ့နှုတ်ဖျားမှ ခပ်ဖွဖွ လိုက်ပါ ရေရွတ်မိလေ၏။ ဝမ်းသာလိုက်သည့်ဖြစ် ခြင်း၊ ခုတော့ ချစ်ရသူကလေး အမှန်ပင် ရောက်ရှိလာချေပြီပေါ့။ အရိပ်ကလေး က သဏ္ဌာန်ပီပြင်သွား၏။ သူချစ်ရသူ ဒေါင်းမလေးပါပင်။ လိုက်ပို့ပေးသူ စော ထီးတို့အုပ်စုကိုမမြင်ရ။ သကောင့်သား တွေ အလိုက်သိတတ်ရန်ကောဟု စိတ် ထဲမှာ ကျေးဇူးတင်မိ၏။

"ထိုင်လေ ဒေါင်းမလေး၊ နောတ် ကျတယ်နော်။ ကိုယ်စောင့်နေတာကြာ ပြီကွယ်"

ဝမ်းသာလှိုက်လှဲမိရုံမက ပြင်း ပြင်းထန်ထန်လေးပင် ရင်ခုန်စိတ်လှုပ် ရှားလာမိ၏။ ချစ်ရသူကလေးက တုံ့ပြန် အသံပင်မပြု။ သူ့နံဘေး ခပ်ရိုရိုကလေး ဝင်ထိုင်၏။ ချစ်သူ့ပါးနှစ်ဖက်ဆီမှ လာ သော သနပ်ခါးရနံ့သင်းသင်းလေး မြူ လွှာတွေထဲမှတစ်ဆင့် သူ့နှလုံးသားသို့ တိုင် စိမ့်ဝင်စူးနှစ်လာသလို ခံစားရ၏။ ရင်မှာအေးမြသွားစေ၏။

"ဒေါင်းမလေးသိပ်ရှက်နေလား ဟင်။ ကိုယ် ဒေါင်းမလေးကို ပန်းဖွက် မလို့၊ ဒါပေမယ့် ခုမဖွက်ရက်တော့ဘူး၊ ကိုယ့်ကိုစိတ်မဆိုးပါနဲ့နော် ဒေါင်းမလေး။ ကိုယ်လေ. . ."

ချစ်ရသူလေး ခေါင်းငုံ့လျှိုးသွား တာ မြင်ရ၏။ ရင်ထဲမှာလည်း ပြည့်နှက် ချက်တွေနှင့်မို့ အမြန်ဆုံးသာ ဖွင့်ဟ လိုက်ချင်ပေ၏။ ဘာပဲဖြစ်ဖြစ် သူ့စကား ကို သူမလက်ခံနားထောင်နေခဲ့ချေပြီပဲ။ ဒီတော့ သူအပွင့်လင်းဆုံး ဖွင့်ဟန်ဝန်ခံ လိုက်လေ၏။

"ကိုယ်ဒေါင်းမလေးကိုချစ်တယ်။ တစ်ဘဝလုံးအတွက် ကိုယ်ဒီစကားပြော တာကို ယုံကြည်ပေးပါနော် ဒေါင်းမ လေး"

ကြည့်စမ်း - ရှက်တတ်လိုက်တဲ့ ချစ်သူ။ အဖြေကလေး တစ်ခွန်းစပင် မဖွင့်ဟ။ ရှက်ရွံ့စွာခေါင်းငုံ့လျှိုးထားဆဲ သာပင်။ ရှိစေတော့လေဒါမမှုတာ။ ဖြစ် မြဲတိုင်း သဘာဝမမှုတာလို့ ဖြည့်တွေး ကာ သူတစ်နည်းထပ်ကြိုးစားလိုက်၏။

"ဒေါင်းမလေး သိပ်ရှက်နေတယ် ထင်တယ်။ ကိုယ့်ကို နှုတ်ကဖြေဖို့ခက် နေရင် ကိုယ်ပေးတဲ့ ပန်းကလေးတွေကို လက်ခံပြီးအဖြေပေးပါနော်"

သူကမ်းပေးလိုက်သောပန်းများကို ဒေါင်းမလေးက အသာအယာပင် လက် ခံယူလိုက်လေ၏။ သူကြည်နူးပျော်ရွှင်မိ လေ၏။ ချစ်သူရဲ့ တုံ့ပြန်အဖြေစကား ပင် မဟုတ်ပါလော။

"ဒီ. . . ဒီလိုဆို ဒေါင်း. . . ဒေါင်း မလေးက ကိုယ့်ကို ချစ်တယ်ပေါ့နော် ဟုတ်လား ဒေါင်းမလေး"

ငုံ့လျှိုးထားသော ခေါင်းကလေး



www.burmeseclassic.com

www.burmeseclassic.com

အသာညိတ်ပြလိုက်သည်မို့လည်း သူ အကျေနပ်ကြီး ကျေနပ်ရပါချေ၏။ လ ရောင်က တစ်စတစ်စ မှုန်ပြာရီမှိုင်းလာ လို့နေ၏။ မြူတို့နှင့်အတူ အချမ်းဓာတ် ကလေးပင်ဝင်လာ၏။ သူတစ်စုံတစ်ရာ ကို ကြိုးစားမည်အပြု -

"ဟင်- ဒေါင်းမလေး၊ ပြန်တော့ မလို့လား"

ဒေါင်းမလေးသည် သူ့နံဘေးမှ စွေ့ဆို ထကာ ပြန်ဖို့ပြင်ချေပြီ။ သူမအား ရင်ခွင်ထဲထွေးပွေ့ထားလိုက်ဖို့ သူအချိန် မီ မကြိုးစားလိုက်နိုင်။ လရောင်အလင်း မပီဝိုးတဝါးအောက်မှာ သူမရဲ့ ရှက်သွေး ဖြာမျက်နှာကလေးကို သူမှန်းဆကြည့် လိုက်နိုင်၏။

"ကောင်းပါပြီ၊ ဒေါင်းမလေးရယ် ကိုယ်ပြန်လိုက်ပို့ပေးပါ့မယ်"

သူ နေရာမ ထကာ ဟန်ပြင်လိုက် တော့ တစ်စုံတစ်ရာအား ငြင်းဆန်ဟန် သူမထံ၌ မြင်တွေ့လိုက်ရပြန်၏။ သူ ကောင်းစွာ နားလည် သဘောပေါက် လိုက်ချေ၏။ ထို့ကြောင့် ဆန္ဒကို မျိုသိပ် လိုက်ကာပင် ချစ်သူလေးသဘောကျ-

"ကောင်းပါပြီလေ၊ ဒီလိုဆို ကိုယ် လိုက်မပို့ပေးတော့ပါဘူး ဒေါင်းမလေး ရယ်။ စိတ်ချသာပြန်နော်၊ ဂရုစိုက်ပြန် သိလား ဒေါင်းမလေး"

ချစ်သူ့မျက်နှာလေးဆီမှ အလိုကျ မှု အရိပ်အယောင်ကို မသဲမကွဲမျှသာ မြင်လိုက်ရသည်။ မပီဝိုးတဝါး လရောင် အောက် မြူလွှာထဲ ချစ်သူလေး တိုးဝင် ပျောက်ကွယ်သွားသည်ကိုသာ ငေးမော ရင်း သူကျန်ရစ်ခဲ့လေ၏။ အတောင့်တ ဆုံး ဆန္ဒတစ်ခု ပြည့်ဝခဲ့ချေပြီ မဟုတ်ပါ လော။ အေးမြသော လေပြေလေညင်း ထဲမှာ သနပ်ခါးရနံ့သင်းသင်းကလေး စွဲ ထင်ကျန်ရစ်ခဲ့သေး၏။ သူ့အားပါးတရ ပင် မွှေးကြူပစ်လိုက်ချေ၏။ သာယာလှ ပသော ညကလေးတစ်ညသာပင်။

❑

"ဆရာစံ၊ ဆရာစံ နှင်ပြန်ရောက် နေပြီလား။ ဆရာစံ၊ ဆရာစံ တံခါးဖွင့် ပါဦး။ ငါတို့ပါဟ၊ စောထီးတို့ပါ"

အိပ်မပျော်နိုင်သော ညကလေး တစ်ညမို့ ထူးထူးကဲကဲ ခံစားမှိုန်းမော ကာ အလူးလူးအလွန့်လွန့်ရှိနေဆဲ အိမ် ရှေ့မှ ခေါ် သံတို့ ကြားလိုက်ရ၏။ သည် တော့မှ ပြီးခဲ့သည့် နာရီပိုင်းလောက်က ရှိနှင့်နေသော တအံ့တွေးတွေး မကျေနပ် စိတ်လေး ပြန်နိုးကြွလာတော့၏။ သူနှင့် ဒေါင်းမလေး နောက်ဆုံးလမ်းခွဲကာ သူ တစ်ယောက်တည်း အိမ်ပြန်လာခဲ့ရချိန် အထိ သကောင့်သားတွေ သူ့ကိုပညာပြ ထားနှင့်ခဲ့ကြသည်မဟုတ်လား။

နံရံပေါ် ကနာရီကို လက်နှိပ်ဓာတ် မီးဖြင့် ထိုးကြည့်လိုက်တော့ ညဉ့် (၁၂) နာရီအတိ။ ချက်ချင်းတော့ သူအသံပြန် မပြုမိချေ။ သကောင့်သားတွေ ပညာပြန် ပေးဦးမှ။

"ဆရာစံ ဆရာစံ၊ တံခါးဖွင့်ပါဦး ဟ အရေးကြီးလို့ပါ"

လာလာချည်းသေးရဲ့ဟု စိတ်ထဲ မှ ပြောမိ၏။ ထတော့ထရချေပြီ။ နှုတ် မှလည်း -

"လာပြီ၊ လာပြီ"

ဟု ခက်ထန်ထန် အသံပြုမိ၏။ တံခါးဖွင့်ပေးလိုက်တော့ သကောင့်သား တစ်စု လူစုံတက်စုံ။

"နှင်တို့ကောင်တွေလုပ်ရက်တယ် နော်။ ငါမှာတော့ စောင့်လိုက်မျှော်လိုက် ရတာ။ နှင်တို့ကတော့ ပြီးပြီးရောထားခဲ့ တာ တော်သေးတာပေါ့။ ဒေါင်းမလေး ဖြင့် ရောက်လာပေသေးလို့"

သူက ဦးအောင်ဆီးကာကြိုကော ထားလိုက်၏။ အိမ်ထဲလှမ်းဝင်လာက တည်းက သကောင့်သားတွေ ထူးထူး ခြားခြား ပြောင်းလဲနေသလားဟု ထင်ရ ၏။ အပြစ်ရှိ၍ထင်၏။ ဘာပဲဖြစ်ဖြစ် ကျေးဇူးလည်းတင်ကာကြွားရတော့မည် ဟုတွေးရင်း ဖြေသိပ်ဆဲ။

"ဆရာစံ၊ နှင်ဘာတွေပြောနေ တာလဲ၊ နှင်အိပ်မက်မက်နေသလား၊ ဒါ မှမဟုတ် နှင်တကယ်မသိသေးတာလား"

"အံမာ - ငါက ဘာကိုသိရမှာလဲ။ နှင်တို့အကြောင်းလာရိုက်ဖို့မစဉ်းစားနဲ့။ ငါ တကယ် နှင်တို့ကို တင်းနေတာနော်။ ထောက်ရမယ့်မျက်နှာကရှိနေလို့ စိတ် လျှော့လိုက်တာ နှင်တို့ခံသာတယ်မှတ်။ အခေါ် လွှတ်ကတည်းက ပျောက်သွား လိုက်တဲ့ကောင်တွေ ဒေါင်းမလေးရောက် လာပြီး ပြန်သွားတဲ့အထိ အစကိုရှာမရ တော့ဘူး။ တော်သေးတာပေါ့ ငါ့စိတ်နဲ့ ငါအိမ်ပြန်ရောက်လာပေလို့သာပေါ့"

စောထီးက မျက်နှာပျက်ပျက်။ ကျန်တဲ့ကောင်တွေ ပါးစပ်အဟောင်း သား။

"မဟုတ်သေးဘူးဆရာစံ၊ နှင်တစ် ခုခုတော့လွဲနေတာ ကျိန်းသေပြီ။ နှင် ဘာတွေပြောနေတာလဲ ငါတို့နားမလည် ဘူး။ နှင်မသိသေးဘူးလား ဆရာစံ၊ ဒေါင်း. . ဒေါင်းမလေး ပိုးထိလို့ဆုံးပြီ ဟ"

"ဘာ - ဟား ဟား ဟား၊ တော် တော်ရယ်ရတဲ့ကောင်တွေ။ ငါနဲ့ ဒေါင်း မလေး လွန်ခဲ့တဲ့တစ်နာရီလောက်က အတူဆုံခဲ့ကြပြီးလို့ ချစ်သူတွေတော ဖြစ်သွားပြီးမောင်။ နှင်တို့ ဇာတ်လ အဟုတ်လုပ်ချင်ရင် ဒီထက်ယုတ္တိရှိတာ ကိုလုပ်"

"ဘယ်လို ဆရာစံ၊ လွန်ခဲ့တဲ့ (၁) နာရီ ဟုတ်သလား။ မဖြစ်နိုင်တာတွေ ဆရာစံရယ်၊ နှင်အိပ်မက်များမက်နေ ရော့သလားဟာ။ ဒီမှာ ဆရာစံ နှင်မ မရှိနဲ့၊ ဒေါင်းမလေး ဆုံးသွားတာ လွ ခဲ့တဲ့ လေးနာရီလောက်ကတည်းကတ အဲဒါနင်သိလား"

"ဟုတ်တယ် ဆရာစံ၊ ငါတို့ နှ တစ်ယောက်တည်း ရွာထိပ်မှာကျ တာကို စိတ်မချလို့ စောစောကတ သွားရှာခဲ့ကြသေးတာ။ နှင့်ကို မတွေ့ တော့တာနဲ့ ပြန်သွားပြီထင်လို့ အိ အထိလိုက်ချလာကြတာ။ အခု စိတ် ကောင်းပါဘူး ဆရာစံ၊ ငါတို့ နှင့်အတွ တကယ်ကို စိတ်မကောင်းပါဘူးဟာ ငါတို့တွေ နှင့်ကို ရွာထိပ်မှာ အစောင့်ခ ခိုင်းပြီး ဒေါင်းမလေးကိုခေါ် ဖို့ သူ့အိ လိုက်သွားကြတယ်ဟာ၊ ဒါပေမယ့်. . ဒါပေမယ့် ငါတို့ ဒေါင်းမလေးကို မတွေ့ ကြရဘူးဟာ။ ဒေါင်းမလေးရဲ့ အမိုး စေးလာပြောပြတော့ ဒေါင်းမလေး ဖွတ်ပွဲသွားမယ်ဆိုပြီး ထွက်သွား ကြာပြီလို့ သိလိုက်ရတယ်၊ ဒါနဲ့ ငါ အားလုံးစိတ်ပူပြီး လိုက်ရှာကြတော့ ရွာ လယ်ပိုင်းက ရေတွင်းပျက်ကြီးရဲ့ မှာ ဒေါင်းမလေးကို လဲကျနေတာ တွေ့ ရတာပဲ ဆရာစံ။ အသက်လည်း မ တော့ဘူးဟာ။ ငါတို့တွေ သေချာ ကြည့်တော့မှ ဒေါင်းမလေး ခြေတစ် မှာ ပိုးထိသွားမှန်း သိလိုက်ကြရတာ"

ချက်ချင်းပြောင်းလဲမလာနိုင်သေး တဲ့ ယုံကြည်မှုနှင့် သံသယက ထွေး ယှက်တင်နေသေး၏။ သို့သော် ဒီကော တွေ တစ်ခုခုများထူးခြားရော့သလား တော့ ထင်မိသား။

"ကဲ - နှင်တို့ စတာနောက်တာ ဆိုရင်လည်း ငါခွင့်လွှတ်တယ်။ ဒီထ တော့ တစ်ဖက်သား ထိခိုက်နစ် အောင်မလုပ်ကြပါနဲ့တော့ ဟုတ်ပြီလား ငါလုံးဝမယုံဘူး၊ ဘာလို့လဲဆိုတော့ မ နိုင်တာ အတိအကျ သေချာနေလို့ပဲ"

သူက ဆက်လက်ပြီး ဒေါင်းမလေး နှင့် သူ့အခြေအနေအား ရှင်းပြလိုက် လေ၏။ ဒီအချိန်ထိ သကောင့်သားတွေ မပြောင်းလဲ။ အနည်းငယ်မျှတော့ အံ့သြရလေပြီ။

"နှင် မကြာခင် လက်တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com

ပြီးပါတော့ ဆရာစံ။ လွန်ခဲ့တဲ့ လေးနာရီ လောက်ကတည်းက ဒေါင်းမလေးဆုံး သွားခဲ့ပြီ ဆရာစံ။ အဲဒါကို ငါတို့ဘုရား ကိုပြောရဲတယ်။ ဘာလို့လဲဆိုတော့ ငါ တို့ကိုယ်တိုင် စောစောကအထိ ဒေါင်းမ လေးအလောင်းကိစ္စကို ကူညီလုပ်ကိုင် ပေးခဲ့ကြလို့ပဲ ဆရာစံ။ နင့်ကို စိတ်မချ လို့ ပြန်လာရှာကြတာ။ အခုပဲ ငါတို့နဲ့ အတူ ဒေါင်းမလေးတို့အိမ် လိုက်ခဲ့တော့ ဆရာစံ"

မထူးတော့၊ တွေ့ကြပြီပေါ့ကွာဟု ဆင် သူကြိမ်းဝါးမိလိုက်ချေသေး၏။ ည ကြီးအချိန်မတော် ဒုက္ခပေးလို့ကတော့ ကောင်သားတွေ ထိတ်တုံးစာမိပြီသာ ဟုတေးကာ သူလိုက်ချလာခဲ့၏။ သူ့ မှာလည်း တိကျခိုင်မာသော ယုံကြည် ချက် ရှိနေပြီးသား မဟုတ်ပါလား။ သူ့ မှာ အယုံအကြည်မရှိခဲ့ပေ။ သို့သော် . . . သို့သော်။

"ဟင်"

သူမြင်လိုက်ရသောမြင်ကွင်းတစ် ခုသာ ကမ္ဘာတစ်ခုလုံး တုန်ခါပေါက် ကွဲသွားသည့်တမျှပင် ခံစားလိုက်ရလေ ၏။ ဘုရားတမိဖို့ပင် သတိမရနိုင်တော့။ မျက်လုံးကြီးပြူးပြတ် လဲကျမသွားရုံတမည် အသိတွေ ဝေဝါးချာလည်မူးနောက်ခဲ့ရ ချေပြီ။

"ကဲ - နင်ယုံပြီလား ဆရာစံ"

အနားမှာ တစ်စုံတစ်ယောက်ရဲ့ အသံပေးသံဟု ထင်၏။ သို့သော် သူ ခေါင်းမညိတ်မိ၊ ခေါင်းမခါမိ၊ နှုတ်ဖြင့် လည်း ပြန်မဖြေနိုင်။ ဘာကိုမှယုံကြည် ၍လည်း မရတော့ချေ။

"အမလေး-ကယ်ပါဦးဆရာလေး ရဲ့ အဖြစ်ဆိုးလှတဲ့ အမိုးသမီးလေးကို ကယ်ပါဦးကွယ်။ အမိုးသမီးလေး ရေ ထိမ်နစ်ပြီ ဆရာလေးရေ ကယ်ပါဦး။ သမီးလေးရေ ထကြည့်ပါဦးလားဟင်။ ဆရာလေးပါမယ့်ပန်းဖွက်ပွဲကို သွားချင် လှချည်ရဲ့ဆို။ အို - ကံဆိုးလိုက်တဲ့ သမီး လေးရယ်၊ အမိုးရင်ကျိုးရချည်ရဲ့ဟီးဟီး"

သူ့ရှေ့၌ သူ့အား တိုင်တည်ကာ ငိုယိုဆိုနှင့်လျက် သတိမေ့မြောသွားရှာ သော အမိုးနော်စေးလာကို အနီးအနား ရောက်ရှိနေကြသူတွေ ပြုစုနေကြလေ ၏။ သူဒေါင်းမလေးအလောင်းကိုသာ မိတ်မသုန်စိုက်ကြည့်နေဆဲ။ တိုက်ဆိုင် လွန်းလှချည်လား။ သူ့ထံ ဒေါင်းမလေး အမှန်တကယ်ပင် ရောက်ရှိခဲ့တာကို ဘယ်သူယုံနိုင်မလဲ။ ဒီပုံစံဒီအတိုင်းလေး ပဲတော့ ပါးပြင်ပေါ်က ဒီပါးကွက်လေး တွေ အားလုံးဟာ လွန်ခဲ့တဲ့ တစ်နာရီ အတွင်းကမှ။ သို့သော် . . . အားလုံး အတွက်တော့ ဒေါင်းမလေး ဆုံးသွားခဲ့ တာ လွန်ခဲ့တဲ့ လေးနာရီတဲ့လား။ မဖြစ် နိုင်ပေ။ သူ့ထံသို့ လွန်ခဲ့တဲ့ တစ်နာရီစာ လောက်ကမှ ရောက်ရှိလာခဲ့သူ၊ လမ်းခွဲ သွားခဲ့သူဟာလည်း ဒေါင်းမလေးအစစ် ပါပဲ။ သို့မဟုတ် မည်သူဖြစ်နိုင်ပါလိမ့်ဦး မည်နည်း။

အိပ်မက်မဟုတ်ခဲ့၊ တကယ့် လက် တွေ့။ ခုတော့ သူမည်သို့ယုံကြည်လိုက် ရတော့မည်နည်း။ သူယုံကြည်ထားသလို သူ့လို နောက်ထပ်ယုံကြည်နိုင်မည့်သူ ဘယ်သူမှ ရှိမနေတော့။ ညတစ်ညက မျက်လှည့်ဆန်စေခဲ့ပြီ။ ထိုညမှာ. . .။

❑

ငါးနှစ်ဆိုတဲ့ အချိန်အတိုင်းအတာ တစ်ခုဟာ အရာရာတိုင်းကို အပြောင်း အလဲ ကြီးကြီးမားမားဖြင့် ပြောင်းလဲပစ် စေနိုင်ခဲ့သည်ပင်။ လွန်ခဲ့သော ငါးနှစ် ကာလတစ်ခု၏ နောက်ပိုင်း အချိန်တွေ အထိ ပကတိ မပြောင်းမလဲ အဟောင်း တိုင်း အသစ်ဖြစ်စေခဲ့ပြီ။ အရာရာတိုင်း အဟောင်းမရှိ အသစ်တို့ မင်းမူစိုးမိုးကာ နေရာတိုင်းအချိန်တိုင်း အပြောင်းအလဲ မြန်ဆန်စေနိုင်ခဲ့သည်ပင်။ သူမရှိတော့ သည့်နောက်ပိုင်းမှ ဖွံ့ဖြိုးတိုးတက်ရေး ကောင်းမွန်စွာ ဤဒေသကလေးတစ်ခု လုံး ပြောင်းလဲခဲ့တာပင် ဖြစ်၏။

"ဆရာလေး အုံ့ဩမယ်ဆိုလည်း အံ့ဩလောက်စရာကိုး။ ငါတို့ဒေသလေး ခုလို ဖွံ့ဖြိုးတိုးတက်လာခဲ့တာဟာ တစ် ချိန်က ဆရာလေးရဲ့ ကျေးဇူးတွေအများ ကြီး ပါဝင်ခဲ့တာပါလေ။ အထူးသဖြင့် ဆရာလေးဟာ ငါတို့ဒေသပေါ်မှာ အ နာဂတ်ပန်းကောင်းလေးတွေ အများကြီး မွေးထုတ်ပေးခဲ့တဲ့ ကျေးဇူးရှင်ပါပဲ"

တစ်ချိန်က ရွာသူကြီး (တစ်နည်း) ရွာအုပ်ချုပ်သူ အကြီးအကဲတစ်ယောက် ၏ မမေ့မလျော့စကားတို့ကြောင့် သူ ကျေနပ်စွာ ပြုံးမိဆဲ။

"လိုက်ခဲ့ ဆရာစံ၊ နင့်ကို ပြစရာ နေရာတစ်ခုရှိသေးတယ်ဟ"

စောထီးရဲ့ အစီအမံ အကူအညီ ဖြင့် သူ ရွာသင်္ချိုင်းသို့ရောက်၏။ သိသိ သာသာ ပြောင်းလဲ တိုးတက်သွားသော အခြေအနေကိုမူ မျက်ဝါးထင်ထင် မြင် တွေ့ရသည်။ ယခင်ကလို စနစ်မကျ သော၊ ဖွံ့ဖြိုးမှုမရှိသော နေရာလေးတစ် ခုမဟုတ်တော့။ ရွာသင်္ချိုင်းပင်လျှင် အပြောင်းအလဲဆန်ခဲ့ပြီ။

"ကြည့်စမ်း ဆရာစံ၊ ဒါ ဘယ်သူ့ အုတ်ဂူလဲလို့"

ခမ်းခမ်းနားနားနှင့်သပ်သပ်ရပ်ရပ် ဟုပင် အလွယ်ပြောရမည်ဖြစ်သော ထူး ထူးခြားခြားအုတ်ဂူလေးတစ်လုံး။ သီး ခြားဆန်စွာ ဝင်းနှင့်ခြံနှင့်ပင်ထားရှိလေ ၏။

"ဟင်"

သူ့နှုတ်မှ အာမေဋိတ်သံ ထွက် သွား၏။ သူ့မျက်လုံးတွေက တစ်နေရာ ထဲ စူးစိုက်ရပ်တန့်သွား၏။

ကွယ်လွန်သူ
နော်ကညောမ်(ခ)ဒေါင်းမလေး
အသက်(၂၁)နှစ်

ဟူသောအမှတ်အသားနှင့် အုတ် ဂူလေးပါပင်။

"ဟုတ်တယ် ဆရာစံ၊ နင်က စော စောက ငါတို့အဘ ပြောသလိုပဲ၊ ငါတို့ ဒေသကောင်းကျိုး ရပ်ကျိုးရွာကျိုးမှန် သမျှ အားလုံးအားလုံးအတွက် တကယ့် ကို တန်ဖိုးရှိခဲ့တဲ့ကျေးဇူးရှင်တစ်ယောက် ပါဟာ။ အဲဒါတွေ အားလုံးအတွက်ရော ပြီးတော့ နင့်ရဲ့အချစ်အတွက်ကို တိုယ် စားပြုတဲ့အနေနဲ့ ဘယ်တော့မှ မမေ့မ လျော့အောင် ခုလို ငါတို့တစ်ရွာလုံး စီစဉ်ခဲ့ကြတာပဲ ဆရာစံ။ နင်မရှိတော့ ပေမယ့် နင်အမြဲရှိနေသေးသလိုပေါ့ ဟာ။ အဲဒီအတွက်လည်း နင်ချစ်တဲ့ ဒေါင်းမလေးက တမလွန်ကနေ အမြဲ ကျေနပ်နေမှာဟာ"

စောထီးရဲ့ စကားသံတွေက အ ဘယ်သို့ ဦးတည်ညွှန်း တိုင်တည်ခဲ့သည် မသိ။ နားထောင်ပေးနေရင်းပင် သူ့စိတ် တွေ အဝေးသို့ လွင့်ပါးဖို့လွင့်သွားခဲ့၏။ အဝေးကြီးပင်။

ဝေးရင်း ဝေးရင်းသာပင်. . ။

သို့သော် အနာဂတ်သို့သွားနေ ခြင်းမဟုတ်။ အတိတ်တစ်ခုဆီသို့သာ။ ထိုအတိတ်သည် တစ်ဘဝစာအတိတ် တစ်ခုပင် ဖြစ်ခဲ့သည် မဟုတ်ပါလော။

ထိုအတူ လွန်ခဲ့ပြီးသော အတိတ် ၏ တစ်ခုသော ညကလေးတစ်ည တစ် ယောက်သောသူ၏ အဖြစ်အပျက်တစ်ခု သည် အိပ်မက်တစ်ခုမဟုတ်ခဲ့။ တိကျ စွာ ဝန်ခံရသော် ပန်းဝှက်သောညတစ်ည ကိုကား ထာဝရ သတိရဆဲသာတကား။

*(ဂျာ္ဘီရ မြတ်နိုးသူ အမေ့အတွက် လက်ဆောင်)*

**အိုအေးစံ(ရွှေဘင်)**

www.burmeseclassic.com


၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ထူးခြား စိတ်ဝင်စားစရာကောင်းသော နိုင်ငံတကာသတင်းတစ်ပုဒ် ပါရှိလာခဲ့သည်။ ယင်းမှာ ဤသို့ ဖြစ်သည်။

နာဇီများ ဥရောပသို့ ယူဆောင်သွားသည့် ဝေဿဝဏ်နတ်မင်းရုပ်တု လွန်ခဲ့သော နှစ်ပေါင်း ၁၀,၀၀၀ က ကျရောက်ခဲ့သော ဥက္ကာခဲဖြင့် ထုဆစ်ထား။

စတုဂတ် စက်တင်ဘာ ၂၇

ဂျာမန်နာဇီများ ဥရောပတိုက်သို့ ယူဆောင်လာသော ဗုဒ္ဓဘာသာကျမ်းဂန်လာ နတ်ဒေဝါတစ်ပါး၏ရုပ်တုသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀,၀၀၀ ခန့်က ဆိုက်ဘေးရီးယားဒေသနှင့်မွန်ဂိုလီးယားဒေသအကြား ကျရောက်ခဲ့သော ဥက္ကာခဲဖြင့် ထုဆစ်ထားခြင်းဖြစ်ကြောင်း ဂျာမန် သုတေသနပညာရှင်၏အဆိုအား ကိုးကားချက် စက်တင်ဘာ (၂၆) ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ နတ်ဒေဝါရုပ်တုသည် ဗုဒ္ဓဘာသာကျမ်းဂန်လာ စတုမဟာရာဇ် နတ်မင်းကြီး (၄) ပါးဝင် ဝေဿဝဏ် နတ်မင်း၏ရုပ်တု ဖြစ်ဖွယ်ရှိပြီး အေဒီ ၈ ရာစုနှင့် ၁၀ ရာစုအကြား ထုလုပ်ခဲ့



မင်းရှိန်အောင်

## ဟစ်တလာ၏အဆောင်တစ်ခု ဖြစ်ခဲ့လေသလား



www.burmeseclassic.com

အနုပညာလက်ရာဖြစ်နိုင်ကြောင်း ...သုတေသီများ ခန့်မှန်းထားသည်။ ...ခဲဖြင့် ထုလုပ်ထားသော ဝေဿ ...နတ်မင်းရုပ်တုကို ဂျာမန် ဇီဝဗေဒ ...ရှင် အန်းရှမားက ၁၉၃၈ ခုနှစ်နှင့် ... ခုနှစ်အကြား တိဗက်လေ့လာရေး ...ဉ်အတွင်း တွေ့ရှိခဲ့ပြီး ဂျာမနီနိုင်ငံ ...ဆောင်ပေးခဲ့သည်။

ယင်းရုပ်တုကို ဂျာမနီနိုင်ငံ စတု ...တက္ကသိုလ်မှ သုတေသနပညာရှင် ... ၂၀၀၇ ခုနှစ်မှ စ၍ လေ့လာမှု ...ခဲ့ရာ နီကယ်သတ္တု ပါဝင်မှုနှုန်း ...သော ရှားပါးသံရိုင်းဥက္ကာခဲဖြင့် ...စ်ထားသည့် ရုပ်တုဖြစ်ကြောင်း ...ရှိခဲ့ရသည်။ နမီးဘီးယားနိုင်ငံ၌ ကျ ...တ်ခဲ့ပြီး အလေးချိန် တန် (၆၀) ရှိ ... ဟိုဘိုဥက္ကာခဲ (Hobo meteorite) ... နီကယ်သတ္တုပါဝင်မှုနှုန်း မြင့်မား ... ရှားပါးသံရိုင်း ဥက္ကာခဲ(Ataxrite ...eorites) အမျိုးအစား ဖြစ်သည်။ ...ခဲဖြင့်ထုလုပ်ထားသော ဝေဿ ...နတ်မင်းရုပ်တုသည် အမြင့် (၉) ... (၅)လက်မနှင့် အလေးချိန် (၂၃) ...ခန့်ရှိပြီး သက်တမ်း ခန့်မှန်းချက် ... မှန်ကန်ပါက အဖိုးမဖြတ်နိုင်သည့် ...ကောင်းရတနာတစ်ပါးဖြစ်ကြောင်း ...သိပ္ပံပညာရှင်များက ပြောကြား ...သည်။ ကျမ်းဂန်များအလိုအရ စတု ...ရာဇ်နတ်မင်းကြီး (၄)ပါးစာရင်းဝင် ...သဝဏ်နတ်မင်းသည် စစ်ပွဲ သို့မ ... မနဥစ္စာကို စောင့်ရှောက်သည့် ...ဒေဝါ ဖြစ်သည်။

*အင်တာနက်*

ဤသတင်းနှင့်ပတ်သက်၍ ကန ...ဖော်ညွှန်းပြဆိုချင်သည်က တိဗက် ...လာရေးခရီးစဉ် ဆိုခြင်းကိုပင် ဖြစ် ... အမှန်စင်စစ် ဤတိဗက်လေ့လာ ...ရီးစဉ်သည် နာဇီဂျာမန်တို့၏လျှို့ ... ထွေပြားသောခရီးစဉ်ပင် ဖြစ်၏။ ... ခုနှစ်နှောင်းပိုင်းက နာဇီဂျာမန် ... အဆိုပါ တိဗက်လေ့လာရေးခရီး ... နာဇီဂတ်စတာပို ဗိုလ်မှူး ဘရူနို ...နှင့် မုဆိုးကျော်လည်းဖြစ်၊ မနုဿ ...ပညာရှင်လည်းဖြစ်၊ သဘာဝတ္တ ...ရှင်လည်းဖြစ်သော အားနက်(စ်) ...တို့ကဦးဆောင်လျက် သွားရောက် ... ဖြစ်ပါသည်။ ဂတ်စတာပိုဗိုလ်မှူး ...ဘီဂျာ ကိုယ်၌ကလည်း နယ်နယ် ...ဟုတ်၊ ဘာလင်တက္ကသိုလ် မနုဿ ...တွဲ့ကို ဂုဏ်ထူးဖြင့်အောင်မြင်ရယူ ခဲ့သော မနုဿဗေဒသုတေသန အရာ ရှိတစ်ဦးလည်း ဖြစ်သည်။ သူတို့အဖွဲ့ တွင် အဖွဲ့ဝင်ပေါင်း (၆၀) ခန့် ပါဝင် သည်။

နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏လမ်းညွှန်မှုဖြင့် ဂတ်စတာပိုတပ်ဖွဲ့ခေါင်းဆောင် ဟင်းမလားနှင့် နာဇီပါတီ၏ ဒုတိယခေါင်းဆောင် ရုဒေါ့ဟက်(စ်)တို့ ဦးဆောင်ဖွဲ့စည်း တည်ထောင်သည့် ဂမ္ဘီရပြုရိုအဖွဲ့ကြီး (Occult Bureau) ၏လက်ထက် ဌာနခွဲတစ်ခုဖြစ်သော မဟာမျိုးနွယ်စဉ်လာ သုတေသနအဖွဲ့မှ ဖော်ပြပါ ဂတ်စတာပိုဗိုလ်မှူး ဘရူနိုဘီဂျာ ဦးဆောင်သော တိဗက်လေ့လာရေးခရီးစဉ်အဖွဲ့ကို ဖွဲ့စည်းပေးလျက် ၁၉၃၈ ခုနှစ်နှောင်းပိုင်းကာလမှ



၁၉၃၉ ခုနှစ် နှစ်ဦးပိုင်းကာလထိ လေ့လာ သုတေသနပြုရန်အတွက် တိဗက်ဒေသသို့ တာဝန်ပေးစေလွှတ်လိုက်ခြင်း ဖြစ်သည်။ ဟစ်တလာကိုယ်တိုင်လည်း ထိုအဖွဲ့ ခရီးမထွက်ခွာမီ မိန့်ခွန်းရှည်ကြီး ခြွေခဲ့သည်။

ထိုအဖွဲ့သည် နှင်းလူရှာပုံတော်ဖွင့်ရန်ဆိုပြီး ကမ္ဘာ့မီဒီယာလောကကို သတင်းလွှင့်ထားသော်လည်း တိဗက်ဒေသမှ ရှားပါးဓာတ်ကျမ်းများ၊ ဆေးကျမ်းများ၊ နက္ခတ်ဗေဒင်ကျမ်းများ၊ လောကီပညာကျမ်း၊ ဂန္ဓာရီပညာကျမ်းများနှင့် တိဗက်ဗုဒ္ဓဘာသာကျမ်းများကို ရှာဖွေရယူမည့်အပြင် ရှားပါးတိရစ္ဆာန်များ၊ ရှားပါးသစ်ပင်ပန်းမန်များကို ရှာဖွေစုဆောင်းယူရန်ပင် ဖြစ်၏။ တကယ့်တကယ်တော့ နာဇီတို့၏ ဤတိဗက်လေ့လာရေးခရီးစဉ်၏ လျှို့ဝှက်ဖုံးကွယ်ထားသော အဓိက ရည်ရွယ်ရင်းမှာ မဟာလူမျိုးကြီးအနွယ်ဖြစ်သော အာရိယာန်လူမျိုးကြီးတို့၏ မူလဇာစ်မြစ် မူရင်းအစဉ်အလာကို ရှာဖွေစူးစမ်း လေ့လာ သုတေသနပြုရန်ပင် ဖြစ်ပါသည်။ ပသို့ပင်ဆိုစေ နာဇီတို့အိမ်ပြန်ခရီးတွင် တိဗက်ဒေသမှ ရှားပါးလှစွာသော ဆေးကျမ်းများ၊ ဓာတ်ကျမ်း၊ အဂ္ဂိရတ်ကျမ်း၊ နက္ခတ်ဗေဒင်ကျမ်း၊ လောကီပညာကျမ်း၊ ဂန္ဓာရီပညာကျမ်း၊ ရှားပါးသောတိရစ္ဆာန်များ၊ ရှားပါးသစ်ပင်ပန်းမန်များ၊ ရှားပါးပစ္စည်းများကို ရယူသွားနိုင်ရုံသာမက ဂန္ဓာရီပညာတတ်၊ လောကီပညာတတ် လားမားဘုန်းကြီး တချို့ကိုလည်း ပင့်ဆောင် ခေါ်ယူသွားနိုင်ခဲ့သည် ဟူ၏။ ထိုအထဲတွင် ခုနက ဖော်ပြခဲ့သော နှစ်တစ်သောင်းဥက္ကာခဲနှင့် ထုဆစ်ထားသော ဝေဿဝဏ်နတ်မင်းကြီးရုပ်တုလည်း ပါဝင်ခဲ့ဟန်တူသည်။ စိတ်ဝင်စားစရာတစ်ခုက ထိုနတ်မင်းကြီးရုပ်တု၏ ရင်ဘတ်တော်တွင် လက်ဝဲရစ်စကြာ သရုပ်ပုံတစ်ခု ပါရှိနေခြင်းပင် ဖြစ်သည်။

သို့ဆိုလျှင် ဝေဿဝဏ်နတ်မင်းကြီး ဟူသည် အဘယ်နည်း။ ဝေဿဝဏ်နတ်မင်းကြီး ဟူသည်ကား တခြားမဟုတ်၊ ကုဝေရနတ်မင်းကြီးကို ဆိုလိုခြင်း ဖြစ်သည်။ ကုဝေရနတ်မင်းကြီးသည် ဓတရဋ္ဌနတ်မင်းကြီး၊ ဝိရူပက္ခနတ်မင်းကြီး၊ ဝိရူဠှကနတ်မင်းကြီးတို့နှင့် အတူ စတုမဟာရာဇ်နတ်မင်းကြီး (၄)ပါး စာရင်းထဲတွင်ပါဝင်သော ဤစတုမဟာရာဇ်နတ်မင်းကြီးတို့ကို လောကပါလနတ်မင်းကြီး(၄)ပါး၊ စတုလောကပါလနတ်မင်းကြီး (၄)ပါးဟုလည်း ခေါ်ဝေါ်ကြသေးသည်။

ဤ စတုမဟာရာဇ်နတ်ကြီး (၄)ပါးတို့သည် ပရနိမ္မိတ ဝသဝတ္တီ၊ နိမ္မာနရတိ၊ တုသိတာ၊ ယာမာ၊ တာဝတိံသာ၊ စတုမဟာရာဇ် ဆိုသော နတ်ပြည် (၆) ထပ်တို့တွင် အောက်ဆုံးထပ်နတ်ပြည်ဖြစ်သော စတုမဟာရာဇ်နတ်ပြည်မှနတ်မင်းကြီး(၄)ပါး ဖြစ်သည်။ စတုမဟာရာဇ် နတ်ပြည်နှင့် တာဝတိံသာနတ်ပြည်မှတစ်ပါး အခြားနတ်ပြည်တို့သည် အာကာသ ကောင်းကင်ပေါ်၌ အဆင့်ဆင့်တည်ရှိနေပြီး တာဝတိံသာနတ်ပြည်သည် ယာမာနတ်ပြည်အောက်တည့်တည့် မြင်းမိုရ်တောင်ထိပ်ပေါ်တွင် တည်ရှိသည်။ စတုမဟာရာဇ်နတ်ပြည်သည် မြင်းမိုရ်တောင်၏ထက်ဝက်လောက်တွင် တည်ရှိသော ယုဂန္ဓိုရ်တောင်ထိပ်ပေါ်တွင် တည်ရှိသည်။ ထိုစတုမဟာရာဇ်နတ်ပြည်က နတ်မင်းကြီး (၄)ပါး ဖြစ်ကြကုန်သော ဓတရဋ္ဌနတ်

www.burmeseclassic.com

မင်းကြီးသည် မြင်းမိုရ်တောင်၏အရှေ့ဘက်ကို၊ ဝိရူဠ္ဍက နတ်မင်းကြီးသည် မြင်းမိုရ်တောင်၏တောင်ဘက်ကို၊ ဝိရူပက္ခနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏အနောက်ဘက်ကို၊ ကုဝေရနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ မြောက်ဘက်ကို အုပ်စိုးခွင့်ရရှိထားသည် ဟူ၏။ ပြီး- ဓတရဋ္ဌနတ်မင်းကြီးသည် ဂန္ဓဗ္ဗနတ်တို့ကို၊ ဝိရူဠ္ဍကနတ်မင်းကြီးသည် ကုမ္ဘဏ်တို့ကို၊ ဝိရူပက္ခနတ်မင်းကြီးသည် နဂါးတို့ကို၊ ကုဝေရ နတ်မင်းကြီးသည် ဘီလူးတို့ကို စိုးမိုးခွင့်ရရှိထားသည် ဟူ၏။

တစ်ခါ မဟာသမယသုတ်တော်၊ ဥပ္ပာတသန္တိပရိတ်တော်တို့တွင် ကုဝေရနတ်မင်းကြီးသည် မြောက်အရပ်၌နေကြကုန်သောနတ်တို့ကို ဆုံးမစီရင်တော်မူ၏။ ကုဋေတစ်သိန်းမျှသော ဗိုလ်ပါအခြံအရံရှိတော်မူ၏။ ထိုကုဝေရနတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌နေကြကုန်သော ဘီလူးတို့ကို အုပ်စိုးသောမင်း ဖြစ်တော်မူ၏။ ထိုကုဝေရနတ်မင်းကြီး၏သားတော်တို့သည် ကုဿ အမည်ချည်း ရှိကြကုန်၏။ ကိုးကျိပ်တစ်ပါးရှိကြကုန်၏။ ကြီးမားသောခွန်အား၊ များပြားသော ဗိုလ်ပါအခြံအရံရှိကြကုန်၏ ဖော်ပြထားသည်ကို တွေ့သိရသည်။

ထို့ပြင်တစ်ဝ ကုဝေရနတ်မင်းကြီးသည် ရှေးတစ်ဘဝက ကုဝေရ အမည်ရှိသောပုဏ္ဏားဖြစ်ခဲ့သည်။ သူသည် ကြီးစွာသောကြံခင်းကို စိုက်ပျိုးကာ ကြံညှစ်ယန္တရား (၇) ခုဖြင့် ကြံရည်ညှစ်ရောင်းချလျက် အသက်မွေးဝမ်းကျောင်းပြုခဲ့လေသည်။ ထူးခြားမှုတစ်ခုမှာ သူသည် ယန္တရား (၆) ခုကထွက်သော ကြံရည်ကို စီးပွားဖြစ်ရောင်းချသော်လည်း ကျန်ယန္တရားတစ်ခုမှရသော ကြံရည်ကို စတုဒိသာ လာလာသမျှ လူပရိသတ်အပေါင်းတို့ကို ပေးဝေ လှူဒါန်းသည်။ ထိုစဉ် လူ့သက်တမ်း (၂၀၀၀၀) ဖြစ်သဖြင့် လူ့သက်တမ်းပြည့် (၂၀၀၀၀) တိုင်တိုင် ကုဝေရပုဏ္ဏားသည် ကြံရည်လှူဒါန်းခဲ့သည် ဟူ၏။

ထိုကုဝေရပုဏ္ဏား ကံကုန်နေ့စေ့၍ သေလွန်ပြီး နောက်တစ်ဘဝတွင် ထိုကုသိုလ်၏ အရှိန်အဟုန်ကြောင့် စတုမဟာရာဇ်နတ်ပြည်၌ နတ်မင်းကြီးဖြစ်လာရကား ရှေးဘဝက ကုဝေရ အမည်ကိုယူ၍ ကုဝေရနတ်မင်းကြီး ဖြစ်လာရသည် ဆို၏။ ယင်းနောက်တွင် နတ်တို့သနင်း သိကြားမင်းက ကုဝေရနတ်မင်းကြီးကို ဝိသာဏနတ်မြို့တော်ကို အုပ်စိုးခွင့်ပေးလိုက်သောအခါတွင် ဝေဿဝဏ ဟူသော အမည်သစ်တစ်ခု ရရှိလာခဲ့သည်။ နောင်တွင် ဝေဿဝဏ်ဟုပြောင်းလဲလာခဲ့သည်။ ဤသို့ဖြင့် ကုဝေရနတ်မင်းကြီးကို ဝေဿဝဏနတ်မင်းကြီး ဟူ၍လည်းကောင်း၊ ဝေဿဝဏ်နတ်မင်းကြီး ဟူ၍ လည်းကောင်း ခေါ်ဆိုသမှုပြုလုပ်လာခဲ့သည်။

ဤတွင် ဝေဖန် စောကြောစရာလေးတစ်ခုကတော့ ဂန္ဓာရီပညာရှင်၊ လောကီပညာရှင် တချို့က ဝေဿဝဏ်နတ်မင်းကြီးခေါ် ကုဝေရနတ်မင်းကြီးသည် ဘီလူးတို့ကို စိုးမိုးအုပ်ချုပ်ခွင့်ရသည်ဆိုရာ၌ နတ်ဘီလူးများကိုသာမက ပြိတ္တာဘီလူးများကိုပါ အုပ်စိုးခွင့်ရသည်ဟုမြွက်ဆိုကြသည်။ ယင်းမှဆက်နွယ်ပြီး ဖုတ်၊ သရဲ၊ သဘက်၊ တစ္ဆေ၊ မှင်စာ၊ နတ်စိမ်း၊ နတ်ဆိုး စသော ပရလောကသားများကိုပါ ပိုင်စိုးသည်ဟု ဆိုကြပြန်၏။ သို့အတွက်ကြောင့် ဂန္ဓာရီပညာအလိုအရ စူဠဂန္ဓာရီ ဟူသည် ဖုတ်ကြီး (၄၀), ကဝေ (၉၉)နှင့်တကွ (၃၇)မင်း, ကုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗ စသော အောက်နတ်မှဂိုလ်တို့ကိုစွဲ၍ပြုလုပ်ရသော ပညာအတတ်ဟူ၍ လည်းကောင်း၊ မဟာဂန္ဓာရီ ဟူသည် သူရဿတီမယ်တော် အပါအဝင် ဒေဝီ (၁၂)ပါး၊ သာသနာစောင့်နတ်မင်းကြီး (၅)ပါး၊ စတုလောကပါလနတ်မင်းကြီး (၄)ပါး၊ ဘိုးတော်သိကြားမင်းမှအစပြု၍ အထက်နတ် ဟူသမျှနှင့် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ကို အစွဲပြု၍ ပြုလုပ်ရသောအတတ်ဟု ဖွင့်ဆိုကြသည်ကို တွေ့သိရသည်။ ဤနေရာ၌ စတုလောကပါလနတ်မင်းကြီး (၄)ပါး ဆိုသည်မှာ တခြား မဟုတ်။ ဓတရဋ္ဌ၊ ဝိရူပက္ခ၊ ဝိရူဠ္ဍက၊ ကုဝေရ ဆိုသော စတုမဟာရာဇ်နတ်မင်းကြီး (၄)ပါးပင် ဖြစ်သည်။

ဤနေရာ၌ မေးစရာ တွေးစရာဖြစ်လာသည်က ဤဆောင်းပါးအစ သတင်းပါ နှစ်တစ်သောင်းဥက္ကာခဲနှင့် ထုထစ်ထားသော ဝေဿဝဏ်နတ်မင်းကြီး (ကုဝေရနတ်မင်းကြီး) ရုပ်တုကို အစကနဦး မည်သည့် ရည်ရွယ်ချက်သဘောဖြင့် စီရင်ပြုလုပ်ခဲ့သနည်း။ ဤဝေဿဝဏ်နတ်မင်းကြီးရုပ်တု၏ မွေးရပ်ဇာတိမြေ တိဗက်ဒေသ ဆိုသည်က လောကီပညာ၊ ဂန္ဓာရီပညာများ အလွန်ထွန်းကားရာ ဘူမိနက်သန်မြေပင် မဟုတ်ပါလား။ ဖော်ပြပါ ပညာပိုင်းဆိုင်ရာများနှင့် ဤဝေဿဝဏ်နတ်မင်းကြီးရုပ်တုသည် တစ်စုံတစ်ရာ အတိုင်းအတာထိ နှီးနွယ်မှုရှိနေလေသလား။ ဤဝေဿဝဏ်နတ်မင်းကြီးရုပ်တုသည် ဂျာမန် နာဇီခေါင်းဆောင်ကြီး ဟစ်တလာလက်ထဲသို့ ရောက်ရှိသွားသောအခါတွင် ဘယ်သို့ဘယ်ပုံဖြစ်ပွားသွားနိုင်သနည်း။ အဘယ်ကြောင့်ဆိုသော် ထိုနတ်မင်းကြီးရုပ်တုရင်ဘတ်တော်တွင် လက်ဝဲရစ်စကြာသရုပ်ပုံပါရှိနေသည် မဟုတ်ပါလော။ အမေးပုစ္ဆာအတွက် အဖြေရှာဖွေမရယူမီ နာဇီ ဂျာမနီခေါင်းဆောင် ဟစ်တလာနှင့်စပ်လျဉ်း၍ အနည်းငယ်ဝေဖန်စောကြောကြည့်ကြပါမည်။ အ...များအားဖြင့် ဟစ်တလာကို ဂျာမနီနာဇီပါတီကို ထူထောင်သူ၊ ဒုတိယကမ္ဘာ...စစ်ကြီးအား စတင်မီးမွှေးသူ၊ ဂျူးလူမျိုး...တို့အား လူမျိုးတုံး သတ်ဖြတ်သူအဖြစ်...လူသိများခဲ့ကြသော်လည်း ဟစ်တလာအား မှော်ပညာ, လောကီပညာ, ဂန္ဓာရီပညာတို့၌ ထဲထဲဝင်ဝင် ယုံယုံကြည်ကြည်လက်ခံသူ၊ ကိုယ်တိုင်လည်း ...လာလိုက်စားသူဖြစ်ကြောင်းကို သိရှိသူ...မရှိသလောက် ရှားပါးလှသည် ထင်...ဟစ်တလာသည် ဂတ်စတာပိုတပ် အ...ကြီးအကဲ ဟင်းမလားနှင့် နာဇီပါတီ...ဒုတိယခေါင်းဆောင်လည်းဖြစ်၊ ဟစ်...လာ၏ ကိုယ်ရေးအရာရှိလည်းဖြစ်သော ရူးဒေါ့ဟက်(စ်)တို့ကိုဦးဆောင်စေလျက် ဂမ္ဘီရဗျူရိုအဖွဲ့ကြီး (Occult Bureau) ...ဖွဲ့စည်းစေကာ သူတို့၏လုပ်ဆောင်...များကို အထောက်အကူဖြစ်စေသည် ဟူ၏။ ထိုဂမ္ဘီရဗျူရိုအဖွဲ့ကြီးတွင် ဗေဒ...ပညာရှင်များ၊ နက္ခတ်ပညာရှင်များ၊ လောကီပညာရှင်များ၊ ဂန္ဓာရီပညာ...များ၊ မှော်ပညာရှင်များ၊ စိတ်တန်ခိုး...များ၊ နတ်ဝင်သည်များ စသည်တို့ ပါ...ကြသည် ဟူ၏။ နောက်-ဤဂမ္ဘီရ...အဖွဲ့ကြီးကို တည်ထောင်သူတစ်ဦး...သော ရူးဒေါ့ဟက်(စ်) ကိုယ်တိုင်သ...လည်း လောကီပညာ၊ ဂန္ဓာရီပညာအ...၌ အတော်အတန် ခရီးပေါက်ရော...နေသူတစ်ဦး ဖြစ်သည် ဆိုကြသော...

တစ်ဖန် ဟစ်တလာသည် ဂမ္ဘီ...ဆိုင်ရာ အကြံအစည်များကို သို့...အဖွဲ့အစည်းထံမှရယူသလို ပုဂ္ဂိုလ်...ဦးချင်းစီမှလည်း ရယူသည်ကို တွေ့...၏။ အထင်ရှားဆုံးမှာ ဗိသုကာ...ရှင်တစ်ဖြစ်လဲ လုဝစ်စကြာနိယတ်...သော ဂမ္ဘီရပညာရှင်အကြံပေး ဖြစ်...ရံဖန်ရံခါ၌ ဟစ်တလာသည် စစ်...ချုပ်ကြီးများ၏အကြံပေးမှုကို ဘေး...ထားပြီး သူ၏အကြံပေးမှုကို အလေး...နက်ထားခဲ့သည် ဟူ၏။ ဟစ်တလာ...နောက်ဂမ္ဘီရဆိုင်ရာ အကြံပေး...



www.burmeseclassic.com

www.burmeseclassic.com

အလှန်ကရာ လျှို့ဝှက်ဖုံးကွယ်ထား လက်အိတ်စိမ်းနှင့်လူဟု နာမည် ထားသည့်ပုဂ္ဂိုလ်ပင် ဖြစ်သည်။ ဂ္ဂိုလ်သည် တိဗက် လားမားဘုန်း စံပါးဟု ဆိုကြသည်။ ဒေါက်ခြာ း၀င်ဟု ထင်၏။ တိဗက်လေ့လာ စဉ်အပြန်တွင် ပင့်ဆောင်လာပုံ သည်။ နောက် ဗီယင်နာမြို့သား တာ ဝေါ(လ်)တာစတိန်းက သူ၏ တစ်အုပ်တွင် ဟစ်တလာသည် ကီပညာကို ထဲထဲ၀င်၀င်၊ ထိထိ ော့ လေ့လာလိုက်စားနေသူတစ် ဆိုထားသည်။

ဤသည်တို့နှင့် ဆက်နွယ်ပြော ာတစ်ခုကတော့ တစ်ခါတုန်းက တ်အားကစားကွင်း လူထုစည်း ကြီးမှာ ဟစ်တလာက သူတို့မှာ သည့်ရန်သူတို့မှ ပြန်လည်မတုံ့ပြန် သော ထူးခြားသည့် စစ်လက်နက် သည်ဟု ဇောပါအားပါ ကြိမ်း၀ါး ဟုခြင်းကိုပင် ဖြစ်၏။ တကယ် ထိုကြိမ်၀ါးချက်သည် နာဇီတပ် ၏ အင်အားကြီးမားလှသော ားတပ်ရင်းတွေ၊ လုဖ်ဝ့်(ဖ်)ဗုံးကြ ာဉ်ပျံအုပ်စုတွေ၊ အစွမ်းထက်လှ ဗုံတူးဒုံးပျံလက်နက်များကို ရည် ခြင်းမဟုတ်ဘဲ လျှို့ဝှက်ဆန်းကြယ် မှော်ပညာလက်နက်၊ လောကီ လက်နက်များကို ဆိုလိုကြောင်း အတွင်းသိ အစဉ်းသိများကသာ ောပေါက်ကြသည်ဟု ဆိုကြ၏။

တစ်ဖန် ဝေဖန် စာကြောစရာ တ်တစ်ခုကတော့ ဟစ်တလာတို့၏ ါတီအမှတ်တံဆိပ် စကြာသရုပ် ဖြစ်သည်။ ဂန္ဓာရီပညာအလိုအရ သရုပ်ပုံတွင် လက်ဝဲရစ် စကြာ ပုံ၊ လက်ယာရစ်စကြာသရုပ်ပုံဟု ရှိသည်။ ထူးခြားသည်က နာဇီ ၏စကြာသရုပ်ပုံသည် လက်ဝဲရစ် သရုပ်ပုံဖြစ်နေသည် ဆိုခြင်းပင်။ ပညာ အလိုအရ လက်ယာရစ် သရုပ်ပုံသည် မင်္ဂလာလက္ခဏာ၊ း်ကနေ ဇီဝရောင်ခြည်ဖြာထွက် ာနိမိတ်ပုံ၊ ကောင်းကျိုးချမ်းသာ ာင်လာခြင်းသင်္ကေတဟု ဆိုကြ လက်ဝဲရစ် စကြာသရုပ်ပုံသည် ယာရစ် စကြာသရုပ်ပုံနှင့် ဆန့် က်ဖြစ်သည်ဟု ပြဆိုကြသည်။ ဲရစ်စကြာသရုပ်ပုံကို လက်ဝဲဂန္ဓာ ရှင်များ၊ လက်ဝဲလောကီပညာ း အထူးအသုံးပြုကြသည် ဟူ၏။



ရှေးပိုက်ကင်း ပင်လယ်ဓားပြတို့သည် ဤလက်ဝဲရစ်စကြာသရုပ်ပုံကို 'သော' (Thor) ဟုခေါ်သော မိုးကြိုးနှင့်စစ်မက်ကို အစိုးရသည့် နတ်မင်းကြီး၏လက်နက်ဖြစ်သည်ဟု ယုံစွဲကြသည်။ နောက် တိဗက်ဒေသက ယူဆောင်လာသော ဝေဿဝဏ်နတ်မင်းကြီးရုပ်တု ရင်ဘတ်တော်၌ လက်ဝဲရစ်စကြာသရုပ်ပုံပါရှိနေသည်က သာမန်တိုက်ဆိုင်မှုသက်သက်ဟုတ်ဟန်မတူ။ ဤ လက်ဝဲရစ် စကြာသရုပ်ပုံကို ဟစ်တလာက ဘယ်အတွက်ကြောင့် နာဇီပါတီ၏အမှတ်တံဆိပ်အဖြစ်ရွေးချယ်ခဲ့သနည်းဟု မေးခွန်းထုတ်စရာ၊ အတွေးနယ်ဖြန့်ထုတ်စရာ ဖြစ်လာခဲ့သည်မှာ ဧကန်ပင်။

နောက် ဟစ်တလာနှင့်ပတ်သက်၍ စိတ်ဝင်စားစရာတစ်ခုကတော့ ယေရှုခရစ်တော်ကို လက်ဝါးကပ်တိုင်တွင် ကားစင်တင်ခဲ့စဉ်တုန်းက အသုံးပြုခဲ့ရာတွင် ပါဝင်ခဲ့သည် ဆိုသော လှံတံတစ်ချောင်းကို ဟစ်တလာက မရမက လုံးပန်းရယူပြီး အဆောင်အဖြစ် ဆောင်ထားခဲ့သည် ဆိုခြင်းကိုပင် ဖြစ်၏။ အမှန်စင်စစ် ယေရှုခရစ်တော်ကို ကားစင်တင်တုန်းက အသုံးပြုခဲ့သော လှံတံမှာ (၁)ချောင်းတည်းမဟုတ်ဘဲ (၃)ချောင်း ဖြစ်သည် ဆိုသည်။ ပထမတစ်ချောင်းသည် ပုပ်ရဟန်းမင်းကြီး ဗာတီကန်နန်းတော်မှာရှိပြီး ဒုတိယတစ်ချောင်းမှာ ပဲရစ်ပြတိုက်မှာရှိနေကာ တတိယတစ်ချောင်းသည် ဗီယင်နာမြို့ ဟော့(ဖ်)ဘာဂ် ပြတိုက်တွင် ရှိနေသည် ဖြစ်၏။

ထိုအထဲမှ တတိယလှံတံကို ဟစ်တလာသည် အလိုချင်ဆုံးဖြစ်ရကား မဖြစ်မနေ ရယူဆောင်ကြဉ်းထားခဲ့သည် ဟူ၏။ အဘယ်ကြောင့်ဆိုသော် ထိုလှံတံသည် ယေရှုခရစ်တော်၏နံဘေးကို ထိုးစိုက်ခဲ့ဖူးကြောင်း၊ သမိုင်းခေတ်အဆက်ဆက် စစ်ဘုရင်များ, ပဒေသရာဇ်မင်းများ, အင်ပါယာသခင်များသည် ထိုလှံတံကိုဆောင်ထား၍ စစ်ပွဲများကိုဆင်နွှဲခဲ့ရာ အောင်မြင်မှုသရဖူ အကြိမ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ထိုအထဲတွင် ရှာလမိန်းဘုရင်ကြီး, ဟိန်းရစ်(ချ်) ဘုရင်ကြီး, ဖရက်ဒီရစ်ဘာဘာရိုဘုရင်ကြီးတို့သည် အထင်ရှားဆုံးဖြစ်ကြောင်း စသဖြင့် ဟစ်တလာက အပြတ်အသတ် ယုံစွဲခဲ့သည်။ လိုရင်းဆိုရလျှင် ဟစ်တလာသည် အဆိုပါလှံတံကို မရမကရယူပြီး နှစ်ကာလ မပြည့်မီလေးတွင် ဒုတိယကမ္ဘာစစ်ကြီးကို စတင်မီးမွှေးဆင်နွှဲလေတော့သည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်ထိ စစ်ပွဲကာလ (၆)နှစ်တာတွင် ပထမ (၄)နှစ်ကာလ၌ ဟစ်တလာတို့၏ နာဇီတပ်မတော်သည် စစ်ပွဲတိုင်း အနိုင်နှင့် ပိုင်းနိုင်ခဲ့သည်မှာ အထင်အရှားပင်။

ဤတွင် မေးစရာ တွေးစရာဖြစ်လာသည်က ဒုတိယကမ္ဘာစစ် မဖြစ်မီ သီသီလေးတွင် ဟစ်တလာထံပါးရောက်ရှိလာခဲ့သော ဤဆောင်းပါးအစသတင်းတွင် ဖော်ပြထားသည့် နှစ်တစ်သောင်းဥက္ကာခဲနှင့် ထုဆစ်ထားသော ဝေဿဝဏ်နတ်မင်းကြီးရုပ်တုကို ဟစ်တလာသည် ဆိုခဲ့သော တတိယမြောက်လှံတံကို စစ်ရေးအဆောင်အဖြစ် ဆောင်ထားပြီး ဒုတိယကမ္ဘာစစ်ကြီးကို ဆင်နွှဲခဲ့လေသလား။ 'အမောင်လည်းရောက် ငါ့နွားပျောက်၊ အမောင်နွားခိုး ငါမယိုး' ဆိုသလိုပင် ကျမ်းဂန်အချို့၌ ဤဝေဿဝဏ်နတ်မင်းကြီးကို စစ်ပွဲနှင့် မနုဉ္စာကို စောင့်ရှောက်သည်ဟု ဖော်ညွှန်းမှုများရှိနေသည် မဟုတ်ပါလား။ သို့ဖြစ်၍ အဆိုပါ လက်ဝဲရစ်စကြာသရုပ်ပုံပါ ဝေဿဝဏ်နတ်မင်းကြီးရုပ်တုသည် ဟစ်တလာ၏စစ်ရေးအဆောင် ဖြစ်များဖြစ်ခဲ့မလားဟု မေးတွေးစရာဖြစ်နေသည်ကတော့ အသေအချာပင်။

မင်းရှိန်အောင်

ကျမ်းကိုး


၁။ လှမိုး(ပညာရေး)၏ တိဗက်ဒေသရောက် နာဇီ ဂတ်စတာပိုများ၊ သုရဇ္ဇမဂ္ဂဇင်း (၈/၂၀၁၁)
၂။ ရဲမင်းနိုင်၏ မှော်ဆရာကြီးဟစ်တလာ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၉/၁၉၉၇)
၃။ ဦးဩဘာသာဘိဝံသ၏ သုတေသနသရုပ်ပြအဘိဓာန်ကျမ်း
၄။ ရှာဖွေစုဆောင်းမှုများ+




www.burmeseclassic.com

www.burmeseclassic.com

# (မိုးကုတ်) ရွှေပြည်စိုး

# စွန့်ကျောက်



## စွန့်ကျောက်

စွန့်တယ် ဆိုတဲ့ စကားဟာ စွန့်ပစ်ခြင်း၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ စွန့်စားလိုစိတ်ရှိခြင်း၊ စွန့်စွန့်စားစားတာဝန်ထမ်းဆောင်ခြင်း၊ အသက်စွန့်၍တိုက်ပွဲဝင်ခြင်း၊ ဒုက္ခရောက်နေသူကို အသက်စွန့်၍ ကယ်တင်ခြင်း၊ အရဲစွန့်ခြင်း စတဲ့ များပြားလှတဲ့ မြန်မာစကားစုကို ကိုယ်စားပြုပါတယ်။

အဲဒီဝေါဟာရတွေထဲမှ စွန့်ပစ်ခြင်းဆိုတဲ့ ဝေါဟာရမှာ အနက်များစွာရှိပါတယ်။ အညစ်အကြေးစွန့်ပစ်ခြင်း၊ အမှိုက်သရိုက်များစွန့်ပစ်ခြင်း၊ သားသမီးအဖြစ်မှစွန့်လွှတ်ခြင်း၊ ယကြောသဘောအရ အဝတ်, ခြေသည်း, လက်သည်း, ဆံပင်တို့ စွန့်ပစ်ခြင်း စသည်ဖြင့်ပေါ့လေ ရှိတယ်။ အဲဒီ စွန့်ပစ်လိုက်တာတွေဟာ အပြီးတိုင် စွန့်ပစ်လိုက်ကြတဲ့ သဘောလို့ ဆိုရမှာပါ။ ဘာဆိုဘာမှ မျှော်လင့်ချက်မထားတော့ဘဲ စွန့်ပစ်ခြင်းဆိုပါတော့။ ခြွင်းချက်ပေါ့လေ၊ သားသမီးအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ပါတယ်ဆိုပြီး သတင်းစာတွေမှာ ကြေညာနေကြပေမယ့် အလျဉ်းသင့်ရင် ပြန်ပြီးလုံးကုန်ကြတာကိုတော့ စိတ်ဆိုးတုန်းစွန့်တာမို့ ခြွင်းချက်လို့ ဆိုရမှာပါ။ အချို့ သေခန်းပြတ်ဆိုပြီး စွန့်ကြတာတွေလည်းရှိပြီး သေသည့်တိုင် စွန့်လွှတ်သွားတာတွေ အမှန်တကယ်ရှိကြပါတယ်။

အဲဒီ စွန့်ပစ်ခြင်း ဆိုတဲ့ ဝေါဟာရနဲ့ ဆက်နွယ်ပြီး မိုးကုတ်ပတ္တမြားမြေမှာ စွန့်ကျောက်ဆိုတာ ရှိတယ်။ သူက အရဲစွန့်ပြီးဝယ်ရတဲ့ ကျောက်မျိုးပါ။

ဘာလို့အရဲစွန့်ရသလဲဆိုရင် ကိုယ်စွန့်စားပြီးအရဲစွန့်ဝယ်လိုက်တဲ့ ကျောက်ဟာ မအောင်ခဲ့ဘူးဆိုရင် ကိုယ်ရင်းနှီးပြီး ဝယ်လိုက်ရတဲ့ ငွေမ... ...ဟာ ရေထဲပစ်ချလိုက်တာကမှ ပလုံခနဲမြည်ပြီး မျက်စိအောက်မှာ မျောသွားတာ မြင်ရဦးမယ်။ စွန့်ကျောက်ကတော့ အရင်းလုံးလုံးရှုံးပြီး တစ်ပြားမှ ပြန်မရတာတွေ ကြုံရတတ်တယ်။

စွန့်ကျောက် ဆိုတဲ့ ကျောက်မျိုးဟာ ပဟောင်ဦးဆန်ဆန် တွင်းထဲက ထွက်လာတတ်တယ်။အခွံတွေအုပ်ထားတတ်တယ်။ ကျောက်တော့ကျောက်ပေါ့လေ။ အမြင်အထင်ကျောက်မျိုး မဟုတ်ဘူး။ ခွဲကြည့်,လှုပ်ကြည့်,သွေးကြည့်မှ အောင်လာတာတွေရှိတယ်။ မအောင်ရင်တော့ ပလုံပါပဲ။ မမင်းတုတ် အရင်းပြုတ်ဆိုတဲ့ ကျောက်မျိုးပါ။ အောင်လိုက်ရင်လည်း အဆပေါင်းများစွာမြတ်သွားတဲ့ကျောက်မျိုးပါပဲ။

အဲဒါကြောင့် စွန့်စားလိုစိတ်ရှိတဲ့ ကျောက်ကုန်သည်တွေက စွန့်ကျောက်ရှာကြတယ်။ အချို့ကျတော့ မသေချာမရေရာတဲ့ စွန့်ကျောက်ကို မဝယ်ရဲဘူး။ သေချာတဲ့ အမြင်အထင်ကိုပဲ ရှာဝယ်လေ့ ရှိတယ်။

စွန့်ကျောက်အောင်လို့ နေ့ချင်းညချင်း ချမ်းသာသွားသူတွေ၊ စွန့်ကျောက်မအောင်လို့ အရင်းပြုတ်သူတွေဆိုတာ မိုးကုတ်ရတနာမြေမှာ အများအပြားရှိခဲ့ကြဖူးပါတယ်။ စွန့်ကျောက်အောင်ရင် ထီပေါက်သလိုကို ပျော်ကြတာပါ။ မအောင်ဘူးဆိုရင်တော့ စွန့်ပစ်ပစ္စည်းတစ်ခုနဲ့ အတူတူပါပဲ။ ဘာမျှော်လင့်ချက်မှထားလို့မရတော့ဘူး။ အဲဒါကြောင့် စွန့်ကျောက်လို့ ခေါ်ကြခြင်းပါ။

## ထာပွဲပြန်ကျောက်

တွင်းက လတ်လတ်ဆတ်ဆတ်ထွက်လာတဲ့ကျောက်ကို တွင်းစလို့ခေါ်ပါတယ်။ အဲဒီတွင်းစကို ကြိုက်ဈေးရမှ ရောင်းကြတာပါ။ ကြိုက်ဈေးမရရင် မရောင်းကြဘူး။ ဈေးတည့်လို့ ကုန်သည်လက်ထဲရောက်သွားပြီးရင်တော့ ဝယ်စဖြစ်သွားပါပြီ။ ဝယ်စ ဆိုရင် ကုန်သည်က အမြတ်တင်ထားတော့ အဆင့်ဆင့်ဝယ်သူတွေ ဈေးမချောင်တော့ပါဘူး။ ကျောက်ဟာ ဒီလိုပဲ တစ်လက်ပြီး ... လက် ကူးနေတာပါ။

အချို့ တွင်းသမားတွေက ... အိမ်မှာရောင်းလို့မတည့်ရင် ... ခေါ်တဲ့ ကျောက်ဈေးကို တက်ရော... တာကိုး။ အဲဒီကျောက်ဈေးမှာ ... ကြိုက်ဈေးမရရင် ဟိုလူပြမတည့် ... ပြမတည့်နဲ့ ကိုယ့်ကျောက်ကို ... ကြီးတဲ့ တွင်းသမားတွေဟာ ...



www.burmeseclassic.com

www.burmeseclassic.com

သက်မလွှတ်ဘဲ ပြန်ယူသွားလေ့ ရှိတယ်။

အဲဒီလို ဟိုလူကိုပြ၊ ဒီလူကိုပြလုပ်အခါ မိုးကုတ်ကျောက်ကုန်သည်တို့အတိုင်း တံတွေးဆွတ်ကြည့်လိုက်၊ ကြီး ဖြစ်၊ မဖြစ် အရောင်ဆီတင်ကြည့်လိုက်၊ နေမှာ ထောင်ကြည့်လိုက်၊ ထည်းကြည့်လိုက်၊ မျက်နှာကထွက်တဲ့တဲ့အနေနဲ့ ပါးကိုပွတ်ကြည့်လိုက်၊ လက်နဲ့ပွတ်ကြည့်လိုက်နဲ့ပေါ့ဗျာ အမျိုးမျိုးကို လုပ်ကြည့်တတ်တာကိုး။ ဒါဆို ကျောက်က နည်းနည်းဖုန်သွားတယ်။

လူတွေကိုင်လို့ လက်သားကျပြီး အဆီတက်နေတဲ့ကျောက်မျိုးကို ကျောက်ကုန်သည်တိုင်းက သိတယ်။ အဲဒါ ထာပွဲတွေမှာလိုက်ပြပြီး အများမကြိုက်လို့ ထာပွဲကပြန်လာတဲ့ ကျောက်မျိုးမို့ ထာပွဲပြန်ကျောက်လို့ ခေါ်ကြပါတယ်။

ကျောက်ကုန်သည်မှာလည်း နှစ်မျိုး ရှိတယ်။ ဈေးတိုးကျောက်ကုန်သည်နဲ့ အထုပ်စပ်ကုန်သည်ပါ။ ဈေးတိုးကျောက်ကုန်သည် ဆိုတာက တွင်းစ၊ ဝယ်စမရွေးဘဲ ကိုက်မယ်ထင်ရင် ဝယ်တယ်။ သူတို့တွက် အမြတ်ရရင် မြန်





www.burmeseclassic.com

www.burmeseclassic.com

ရောင်းတယ်။ သူက ကျောက်ထုပ်မစပ်ဘူး။ အဲဒါမျိုးကို ဈေးတိုးကျောက်ကုန်သည်လို့ ခေါ်ကြတယ်။

ဈေးတိုး ဆိုတဲ့ ဝေါဟာရဟာ မြို့ပြဈေးတွေမှာ တောရွာတွေက မိမိတို့ စိုက်ပျိုးတဲ့ ခြံထွက်သီးနှံတွေကို သယ်ယူလာပြီး ရောင်းကြသူတွေ၊ ရပ်ကွက်တွေ, လမ်းတွေမှာ ပခုံးထမ်းနဲ့ လှည့်လည်ရောင်းကြသူတွေကို ခေါ်တာပါ။ ဆိုလိုတာကတော့ အခြေအမြစ်သိပ်မရှိတဲ့ ကျောက်ကုန်သည်လို့ ဆိုလိုခြင်းပါ။

ဈေးတိုးကျောက်ကုန်သည်တွေဟာ မိမိတို့ဝယ်ခဲ့ရတဲ့ ကျောက်ရဲ့အမျိုးအစား ဘယ်ကုန်သည်ကြီးစပ်တယ် ဆိုတာကို အချို့လည်း သိတယ်။ အချို့လည်း မသိဘူးပေါ့လေ။ သိတဲ့ကုန်သည်ကျတော့ အဲဒီကုန်သည်တွေနေတဲ့အိမ်အထိ သွားပြကြတယ်။ အချို့ကုန်သည်ကြီးတွေကျတော့လည်း ထာပွဲမှာ ခုံနဲ့ အကျအနထိုင်ဝယ်တယ်။ အချို့က အိမ်ကစောင့်ဝယ်တယ်။

ကျောက်မှာ ပတ္တမြားအနီနဲ့ နီလာအပြာ ဆိုပြီး နှစ်အုပ်စုခွဲထွက်တော့ကာ အရောင်အနေနဲ့ရော အရွယ်အစားအနေနဲ့ရော အမျိုးအစားအနေနဲ့ပါ အများကြီး ကွဲထွက်တာကြောင့် ကျောက်လောကဟာ အလွန်ပဲ ကျယ်ပြန့်လှပါတယ်။

လေး၊ ငါး၊ ခြောက်ပွင့်စပ်မှ တစ်ကာရက်သာရှိတဲ့ ကျောက်မှုန်မှုန်လေးတွေကို စွယ် (ဇွယ်)၊ (၃) ပွင့်မှ တစ်ကာရက်ရှိရင် (၃)လုံးစီး၊ (၂)ပွင့်မှ တစ်ကာရက်ရှိရင် (၂)လုံးစီး၊ (၃)မတ်ကိုက်၊ (၁) ကိုက် (တစ်ကာရက်)၊ (၂)ကိုက် (နှစ်ကာရက်)၊ (၃) ကိုက် (သုံးကာရက်)၊ (၄) ကိုက် (လေးကာရက်)၊ (၅)ကိုက် (ငါးကာရက်) စသည်ဖြင့်ပေါ့လေ။ လုံးချော၊ အစား၊ အစစ်၊ ဂေါ်ကြီး၊ အရိုင်းစပ်၊ ပွတ်ချော ဆိုပြီး ဝေါဟာရအမျိုးမျိုးနဲ့ ကျောက်ထုပ်စပ်ကြခြင်းပါပဲ။ အညံ့တွေပါထွက်တော့ အညံ့ရောင်စုံ ဆိုတာ ရှိသေးတယ်။

ကျောက်ထုပ်တစ်ထုပ်မှာ အရွယ်ညီရမယ်၊ အရည်ညီရမယ်၊ အမျိုးအစားညီရမယ်၊ လက်ရာကောင်းရမယ်ဆိုတဲ့ စံတွေရှိတယ်။ ကာရက်ရာချီရပြီဆိုရင် အထုပ်တစ်ထုပ်ပြည့်တာမို့ ကျောက်အယဉ်ဝယ်တဲ့ ဝယ်လက်ကြီးတွေဆီမှာ သွားပြပြီးရောင်းကြရပါတယ်။

ကျောက်ထုပ်ပြတဲ့နေရာမှာ ပွဲစားတွေကသာပြပေးလေ့ရှိပါတယ်။ အထုပ်စပ်သူတွေက သွားပြလေ့မရှိပါဘူး။ အထုပ်စပ်သူတွေဟာ ကြိုက်ဈေးရရင် လက်လွှတ်လိုက်တာပါပဲ။ မိုးကုတ်မှာ ပွဲစားတွေက အလည်ဆုံးပါ။ အရင်းမစိုက်လေ့ထိုးလိုက်ဆိုတာလိုပါပဲ။ အရင်းမစိုက်ဘဲ လွှလို ရောင်းသူ၊ ဝယ်သူနှစ်ဖက်စလုံးကို ပညာပါပါ လှီးဖြတ်ကြလေ့ရှိပါတယ်။

အပွင့်ကြီးဆိုတဲ့ သိန်းဆယ်ဘရိတ်၊ ရာဘရိတ်၊ ထောင်ဘရိတ်ဝယ်တဲ့ ကုန်သည်ကြီးတွေ ရှိသေးတယ်။ သူတို့က အထုပ်စပ်တာ၊ အသေးအဖွဲဝယ်တာ စိတ်မဝင်စားဘူး။ ပွင့်ကောက်ကိုသာ စောင့်လေ့ရှိကြသူတွေပါ။ သူတို့ကျတော့ အလွန်ချမ်းသာတဲ့ နာမည်ကြီး ကျောက်ကုန်သည်တွေ ဖြစ်ကြပါတယ်။ ဒါက မိုးကုတ်ကျောက်လောကနဲ့ စပ်မိလို့ တင်ပြခြင်းပါ။

## ဥဿဖရားငုံထားတဲ့စွန့်ကျောက်

အဲဒီခေတ်က ရွှေတစ်ကျပ်သား (၁၅၀၀) ကျပ်သာ ရှိသေးတဲ့ခေတ်ပါ။ မိုးကုတ်မြို့ရပ်ကွက်တစ်ခုက ကျောက်ကုန်သည်ပေါက်စကိုဇော်မြင့်ဟာ ကြိုက်ရင်ဝယ်၊ မြတ်ရင်ရောင်းတဲ့ ဈေးတိုးကျောက်ကုန်သည်အဆင့်ပါ။ သူ့အရင်းစုစုပေါင်းမှ (၁၀၀၀၀) ခွဲလောက်နဲ့ လှည့်လည် ရောင်းဝယ်နေခြင်း ဆိုပါတော့။ အိမ်ထောင်ကျပြီးပြီမို့ ထာပွဲတွေလှည့်လည်ပြီး စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေသူတစ်ဦးပါ။ နံနက်ပိုင်းမှာတော့ ပေါ်ချောင်ကောင်းတွေ့လို့တွေ့ငြား မိုးကုတ်မြို့ရဲ့အနောက်ဘက်တောင်တန်းပေါ်မှာရှိတဲ့ ဘော်ဗဒန်း၊ သဖန်းပင်၊ ကျောက်ပုပ်၊ မြေမဲ စတဲ့ရွာတွေဆီ လှည့်လည်ပြီး တွင်းစ၊ ဝယ်စ လှည့်လည် ရှာဖွေ ဝယ်ယူလေ့ရှိပြီး နေ့လယ် ထာပွဲတွေမှာ ပြန်ရောင်းလေ့ ရှိတယ်။

မြေမဲရွာဘက်က နည်းနည်းလှမ်းတော့ ကြာကြာမှ တစ်ခါသာ ရောက်ပါတယ်။ ရုပ်ရှင်ရုံအနီးတစ်ဝိုက်မှာ ကျောက်ရောင်းဝယ်ကြတာကို ရုပ်ရှင်ရုံထာပွဲလို့ ခေါ်ပါတယ်။ အဲဒီ ထာပွဲဟာ အဲဒီခေတ်က အမြဲလိုလို စည်ကားနေတဲ့နေရာပါ။ ကိုဇော်မြင့်ဟာ ရုပ်ရှင်ရုံထာပွဲဘက်ကို ထွက်ခဲ့ပါတယ်။ ကျောက်သမား ဆိုတာ မျက်စိ၊ နားလျင်လျင်ထားပြီး လှုပ်ရှားသွားလာနေရတာပါ။

ကိုဇော်မြင့် ရောက်သွားတယ်ဆိုရင်ပဲ ထုံးစံအတိုင်း ဟိုစပ်စုဒီစပ်စုလုပ်ရတာကိုး။ သူများကြည့်နေတာတွေဝင်ကြည့်သူများ၊ ဈေးစကားပြောတာနားထောင်၊ ပွဲဝင်တိုက်သင့်ရင်ပွဲတိုက်၊ သူတို့ မတည့်လို့ ကိုယ်ကြိုက်ရင် ပြန်ဆစ်ပြီး ဝယ်ပေါ့လေ။ ကုန်သည်ဘဝဆိုတာ နှုတ်ပေါ့၊ လျှာပေါ့နေကြရတာကိုး။

အဲဒီမှာ မြေမဲရွာက ကိုအောင်ကြည်နဲ့ မျက်နှာချင်းဆိုင် တိုးတယ်။ ကိုဇော်မြင့်ကလည်း သူ့ရဲ့ စားအိမ် သောက်အိမ်ဖြစ်တော့ လက်ဆွဲပြီး ဖက် လှဲတကင်း နှုတ်ဆက်ပါတယ်။

"ကိုဇော်မြင့်ဗျာ၊ ခင်ဗျားရွာဘက် အရောက်အပေါက် အတော်နည်းတာ ကိုး"

"နည်းဆို ဘော်ဗဒန်း၊ သဖန်းပင် ကို အချိန်ကကုန်ကုန်သွားလို့ ခင်ဗျား မြေမဲဘက်မရောက်ဖြစ်တာဗျ။ ဒါနဲ့ ခင် ဗျား ထာပွဲကို လာတယ်ဆိုတော့ တွင်း ပါခဲ့တယ် ထင်တယ်"

"ဟုတ်တယ်၊ ခင်ဗျားက ရွာ မလာတော့ မပြရဘူးလေ။ ကျွန်တော် တွင်းစပါလာတယ်၊ ကြည့်မလား"

"ကိုအောင်ကြည်ကလည်းဗျာ ကျောက်ဝယ်တဲ့လူကို ကျောက်ကြည့် လားလို့ မေးမှမေးရက်တယ် ဟဲဟဲ ကဲ- ပြဗျာ"

လို့ တောင်းဆိုလိုက်တာနဲ့ ကို အောင်ကြည်ဟာ သူ့ကုတ်အင်္ကျီအတွင်း အိတ်ထဲထည့်ထားတဲ့ ပလတ်စတစ်ထုပ် ကို ဆွဲထုတ်ပြီး အထုတ်ဖြေကာ ပြ တယ်။ ကိုဇော်မြင့်ယူပြီး အချိန်ကို ကြည့်လိုက်တယ်။ ကျောက်က သေး သေးလေး မဟုတ်။ ကာရက် (၁၂ လောက်ရှိတဲ့ ဥဿဖရားစွဲနေတဲ့ လုံး ဝန်းဝန်းကျောက်တစ်ပွင့်ပါပဲ။

အရောင်အသွေးက ပန်းနု ယောင်ယောင်လေးပြေးနေပါတယ်။ ပဏ္ဏာ ပွင့်လင်းနေချိန်မို့ နေပဏ္ဏာ ထောင်ကြည့်လိုက်တော့ အရည်အသွေး နည်းနည်းတက်လာပြီး ပန်းနုသွေး လာတယ်။

လက်ဝါးထဲထည့်ကြည့်ပြန်တော့ လည်း ဖြူရော်ရော်နဲ့ ပန်းနုရောင်မှ သ ရုံသန်းနေတာ။ အိတ်ကပ်ထဲက ဓာတ် နဲ့ ကျောက်ကိုထိုးကြည့်ပြန်တော့လည်း နည်းနည်းအရည်ကဲရုံမှတစ်ပါး ဒီဘက် ကို အလင်းဖောက်ထွက်လာခြင်း မရှိ ဘူး။

အထဲမှာ ကျောက်နီတစ်ပွင့်ရှိ ပြီး အဲဒီကျောက်နီကို ဥဿဖရား ငုံထားတာပါ။ ဥဿဖရားက အစစ် မဟုတ်ဘဲ ခပ်နောက်နောက်အ



www.burmeseclassic.com

www.burmeseclassic.com

အထဲက ကျောက်အနေအထားကို လုံးဝ အတွဲတတ်ခွင့်မရနိုင်ပါဘူး။

ဒါမျိုးဟာ စွန့်ကျောက် ဆိုတာ ကိုဇော်မြင့် မြင်ကတည်းက သိနေတယ်။ အထဲက ကျောက်နီပတ္တမြားဝက်ဆံဟာ လည်းသေးမယ်၊ အရည်အသွေး ည်း အောက်ကျမယ်ဆိုရင်တော့ ဒီ ကျောက်ဟာ ပလုံကျောက်ပါ။

ဝေါ်လီလိုလုံးနေတဲ့ ဥဿဖရား ကျောက်ကြီးကိုကိုင်ပြီး ကိုဇော်မြင့် ချီတုံ ချဖြစ်နေတယ်။ ကျောက်ကိုကိုင်ကြည့် တတည်းက ကျောက်ဟာ ဖုန်နေ အဆီစွဲနေတာမို့ လိုက်ပြတဲ့ လက် မင်း အတော်များပြီး ထာပွဲနှံ့ပြီ ဆိုတာ အတပ်သိလိုက်ပါတယ်။

ကိုအောင်ကြည် ဆိုတာက မြေမဲ မှာ အရင်းနှီးဆုံး စားအိမ်သောက် ပြီတော့ ညီအစ်ကိုလိုခင်နေကြ ။ ဒါမျိုးမဝယ်ချင်ဘူးဗျာလို့လည်း ပြောရက်။ ဈေးပေးရင်လည်း သူများ ဈေးကိုမမီရင် အထင်သေးသွားမှာ နဲ့ ကိုဇော်မြင့် ချွေးပြန်ချင်လာပါ တယ်။

"ကိုဇော်မြင့် ကြိုက်ရဲ့လား"

"ကျွန်တော်က ကျောက်စုံဝယ် တော့ ကြိုက်တော့ ကြိုက်ပါတယ်ဗျာ။ များဟာက အမြင်အထင်မဟုတ် တော့ ခက်တယ်ဗျာ။ ဒါက စွန့်ကျောက် စွန့်ကျောက် ဆိုတာ ကိုယ်စွန့်နိုင် သလောက်ပဲ စွန့်ကြတာ။ ကဲ - ခင်ဗျား ခေါ်ကြည့်ပါ။ ကျွန်တော်လိုက်နိုင် လိုက်မယ်"

"(၂၀,၀၀၀)ဗျာ၊ (၂၀,၀၀၀)။ ကျွန် တော် နီးနီးပဲဈေးခေါ်လိုက်မယ်"

"အာ - ကိုအောင်ကြည်တလည်း၊ သောင်းကျောက်မှမဟုတ်တာ။ ကျွန် တော် သောင်းအောက်ဆစ်ကြည့်မယ်။ ကိုအောင်ကြည် လက်ခံနိုင်မလား"

"မဖြစ်ဘူးထင်တယ်။ သောင်း အောက်တော့ ဖြစ်နိုင်မယ်မထင်ဘူး"

"ကျွန်တော် သောင်းအောက်ပဲ မီ ပါ။ အချင်းချင်းတွေပဲဗျာ၊ စဉ်းစား ပေးပါဦး။ ကဲ - သောင်းအောက်ဆစ် ကြည့်ရမလား"

"အေးဗျာ၊ အားနာစရာ။ ကဲ- ဒါ လည်းဆစ်ကြည့်ဗျာ"

"(၅၀၀၀) ဗျာ၊ (၅၀၀၀)"

"(၅၀၀၀) ဟုတ်လား။ (၅၀၀၀) တော့ နည်းပါတယ် ကိုဇော်မြင့်ရယ်၊ သောင်းအောက်နီးနီးပေးကြည့်ပါဦး"

"ကဲဗျာ - (၆၀၀၀)"

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်တို့ အဖွဲ့က(၄)ယောက် ဆိုတော့ ဝေစုနည်း ပါသေးတယ်။ တစ်ယောက်ကို (၂၀၀၀) ပေးလိုက်တော့ဗျာ"

"(၈၀၀၀) ဆိုတော့ အရှမ်းများ သွားပြီဗျ။ ကျွန်တော်က ဒီကျောက် ကို စွန့်ရမှာလေ။ ဖြစ်ရင်စား၊ မဖြစ်ရင် သွားဆိုတဲ့ ကျောက်မျိုးဗျ။ မရေရာတဲ့ ကျောက်မို့ ပြောနေတာပါ။ ကဲ - ကျွန် တော် တစ်ထောင်တိုးပေးလိုက်မယ်၊ ခုနစ်ထောင်ဗျာ။ ခင်ဗျား အပ်နိုင်ရင် အပ်တော့၊ မအပ်နိုင်ရင်လည်း ကိုအောင် ကြည့်သဘောပါ"

"ကျွန်တော့်ကောင်တွေက သောင်း ကျောက်လို့ ထင်ထားတာဗျ။ (၇၀၀၀) နဲ့တော့ မရောင်းရဲသေးပါဘူးဗျာ"

"ကဲ- ဒါဆိုလည်း ကိုအောင်ကြည့် သဘောပါပဲဗျာ"

လို့ ပြောပြီး အရောင်းအဝယ် မတည့်တာကြောင့် ကိုအောင်ကြည့် လက်ထဲ ကျောက်ပြန်ထည့်ပေးလိုက်ပါ တယ်။

"ကဲ - ကိုဇော်မြင့်ရေ၊ ကျွန်တော့် အဖွဲ့တွေနဲ့ ရောင်းနိုင်၊ မရောင်းနိုင် ပြန် တိုင်ပင်လိုက်ဦးမယ်။ သူတို့ရောင်းနိုင် တယ် ဆိုရင် ကိုဇော်မြင့်ဆီ နက်ဖြန်လာ အပ်မယ်နော်"

"ကျွန်တော့်ပေးဈေးကို ကျွန် တော် အချိန်မရွေးယူပါ့မယ် ကိုအောင် ကြည်။ ခင်ဗျားအဖွဲ့တွေနဲ့သာ တိုင်ပင် လိုက်ပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

လို့ ပြောပြီး ကိုအောင်ကြည်က သူ့ကျောက်ထုပ်ကို ကုတ်အင်္ကျီအတွင်း အိတ်ထဲပြန်ထည့်ကာ ထာပွဲကနေထွက် ခွာသွားပါတယ်။

ကိုဇော်မြင့် ဈေးပေးတာကိုကြည့် နေတာက သူ့ဆရာတွေဖြစ်တဲ့ ကိုပုည နဲ့ ကိုလှဝေပါ။

**မင်းဘယ်လောက်ချမ်းသာသလဲ**

ကိုပုညဆီမှာ ကျောက်သွေးပညာ သင်ခဲ့ဖူးတယ်။ ခုတော့ ကျောက်လည်း ဝယ်၊ ကျောက်လည်းသွေးနဲ့ အလုပ်နှစ် မျိုးလုပ်နေသူပါ။ သူ့ရဲ့ ငယ်ဆရာပါ။ ကိုလှဝေကျတော့ ကျောက်အရောင်း အဝယ်ပညာ ဖူးတွဲသင်ယူခဲ့တာကြောင့် သူလည်း ငယ်ဆရာလို့ ခေါ်ရမှာပါပဲ။

အိမ်ထောင်ကျပြီးနောက်ပိုင်းမှာ တော့ ဘဝရပ်တည်မှုအတွက် ဆရာ တွေဆီ နီးဆက်ခံစို့ရတဲ့ဘဝက ရုန်းထွက် ပြီး ကိုယ်ပိုင်သတ္တိရှိရှိနဲ့ အရောင်းအ ဝယ်လုပ်နေခြင်းပါ။ ဆရာတွေက သူ့ ထက် အသက်(၂၀)ခန့် ကြီးကြပါတယ်။

အဲဒီမှာ ကိုပုညက ကိုဇော်မြင့်ကို ဆူသလိုနဲ့ ပြောပါတယ်။

"ဇော်မြင့်၊ မင်းဈေးပေးတာ မရဲ လွန်းဘူးလား"

"ကျွန်တော် (၅၀၀၀) လောက်ပဲ ကြိုက်တာ အာစရိ။ အချင်းချင်း အား နာလို့ (၇၀၀၀) ရောက်သွားတာ"

အဲဒီမှာ ကိုလှဝေက ဝင်ပြောပြန် ပါတယ်။ သူကအရောင်းအဝယ်ပေးသူ ဆိုတော့ တာဝန်ရှိတယ်လို့သဘောထား ပုံရပါတယ်။

"ဇော်မြင့်ရာ၊ မင်းကြမ်းခင်းဈေး ပေးတာကိုက များနေပြီကွ။ ဒီကျောက် ဟာ ထာပွဲပေါင်းစုံ ပြပြစင်အောင်ပြပြီး တဲ့ကျောက်ပဲ။ ငါရော ကိုပုညပါ နှစ် ထောင်စီပဲပေးကြတာ။ အများဆုံးဆိုလို့ သုံးထောင်တစ်ဦးပဲပေးတယ်။ ဒီကျောက် ဟာ စွန့်ကျောက်လေ။ ငါ့အထင် (၁၀၀) မှာ ဖြစ်နိုင်ခြေ (၁၀) ရာခိုင်နှုန်းတောင် ရှိမယ်မထင်မိဘူး"

လို့လည်း ပြောလိုက်ရော ကိုဇော် မြင့် ထူပူသွားပါတယ်။ (၇၀၀၀) ဆိုတဲ့ ငွေဟာ ရွှေငါးကျပ်သားနီးနီးတန်တဲ့ အ တိုင်းအတာလေ။ နည်းတာမဟုတ်ဘူး။

အဲဒီမှာ ကိုပုညက-

"ကောင်လေး၊ မင်းဘယ်လောက် ချမ်းသာလို့လဲ။ အဲဒီလောက် အတင့် မရဲရဘူးကွ။ မင်းမှာရှိတာလေး တက် တက်ပြောင်သွားမယ်။ ကုန်သည်ဆိုတာ မျက်စိကို ချနိုင်သမျှချထားမှ ကိုယ့်အ တွက်ကျန်တာ။ အဲဒါမင်းမြဲမြဲမှတ်ထား"

လို့ ဆူပါတယ်။

ကိုဇော်မြင့် ကိုယ့်ကိုယ်ကိုယ် အ ပြစ်တွေတင်နေမိပါတော့တယ်။ ပညာ ရင့်တဲ့ ဆရာသမားတွေရဲ့စကားကို မျက် နှာငယ်လေးနဲ့ နားထောင်နေမိပြီး အ တော် စိတ်မကောင်းရှိနေပုံရပါတယ်။

ဒါနဲ့ပဲ ကိုဇော်မြင့်ဟာ စက်ဘီး ကလေးစီးပြီး သူနေတဲ့ရပ်ကွက်ကိုပြန်ခဲ့ ပါတယ်။ ထာပွဲမှာကို နေချင်စိတ်သိပ် မရှိတော့ပါဘူး။ ပေးလိုက်တဲ့ဈေးက သူ့ မှာရှိတဲ့ အရင်းအနှီးရဲ့တစ်ဝက်လောက် ရှိနေပြီဆိုတော့ တကယ်လို့ မအောင်ခဲ့ ရင် သူ့အရင်းအနှီး အတော်နည်းသွား မှာ။

ကျောက်လောကရဲ့ စွန့်ကျောက် ဆိုရာမှာ အဖြစ်ထက် အပျက်ကိုတွက် ပြီး ဝယ်ရတဲ့အမျိုးဆိုတာ သူသိပြီးသား



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ဆရာသမားတွေရဲ့ ပေးဈေးနဲ့ ဆူသံကို ကြားရတော့ ကိုအောင်ကြည် ကျောက်ပြန်မအပ်ပါစေနဲ့လို့ တဖွဖွဆုတောင်းနေရပါတယ်။ တကယ်တော့ သူ မျက်စိဟာ ဆရာသမားတွေလောက် အဆင့်မမြင့်သေးဘူးလေ။ ခုမှ လမ်းလျှောက်တတ်စ ကလေးသူငယ်လို အဆင့်ပါ။ ပုံမှန်အမြင်အထင်ကျောက်လေးတွေဟာ မှားခဲပေမယ့် စွန့်ကျောက်ဆိုတာကို သူ ခုမှ နဖူးတွေဒူးတွေ့ တွေ့ဖူး၊ ဈေးဆစ်ဖူးခြင်းပါ။ မှန်တာပြောရရင် အဲဒီနေ့ညက စွန့်ကျောက်ကိစ္စအကြောင်း တွေးပြီး အိပ်မပျော်ခဲ့ပါဘူး။ ကိုအောင်ကြည်များ ပြန်လာအပ်ရင်ဆိုတဲ့ အတွေးဟာ သူ့ကိုခြောက်လှန့်နေတာကြောင့် ညဉ့်နက်မှ အိပ်ပျော်သွားပါတယ်။ ဇနီးသည် မြမြဆင့်ကတော့ အပူအပင်ကင်းမဲ့စွာ အိပ်မောကျလျက်ပါ။

## ပြန်လာအပ်ပြီ

"ကိုဇော်၊ ကိုဇော် ထဦး။ အိမ်မှာ ဧည့်သည်ရောက်နေတယ်"

ဇနီး မြမြဆင့်နှိုးမှ ကိုဇော်မြင့် ဘေးနားက စားပွဲတင်နာရီကို ဆွဲကြည့်မိတယ်။

"ဟင် - (၇) နာရီတောင်ထိုးနေပြီပဲ။ ဒီနေ့မနက် ကျောက်ဝယ်ပျက်သွားပါပြီကွာ"

"ကိုဇော် အိပ်မောကျနေတာနဲ့ မနှိုးတာ။ ကဲကဲ- မျက်နှာသစ်၊ ဧည့်ခန်းထဲမှာ ဧည့်သည်ရှိတယ်"

"ဩော် - အေးအေး"

ဆိုပြီး ကိုဇော်မြင့် အိပ်ခန်းထဲက ထွက်ခဲ့တော့ ဧည့်ခန်းဘက် ဆက်တီခုံမှာ ရေနွေးကြမ်းသောက်ရင်း ထိုင်နေတာက မြေမဲရွာက ကိုအောင်ကြည် ဖြစ်နေတာပါပဲ။ အဲဒီမှာ သူ့ရင်ဒိုင်းခနဲခုန်ထွက်သွားတယ်။ သူ့ဆန္ဒမပြည့်ဝပါဘူး။ သေချာပေါက် ကျောက်လာအပ်တယ်ဆိုတာ သေချာနေပါပြီ။

"ဟော- ကိုအောင်ကြည်တောင် စောစောစီးစီးရောက်နေပြီကိုး။ ထိုင်ဦးနော်၊ ကျွန်တော် မျက်နှာသစ်လိုက်ဦးမယ်"

လို့ ပြောပြီး အိမ်ဆောက်ဆင်းပြီး မျက်နှာသစ်ကာ အပေါ့အပါးသွားပြီး အိမ်ပေါ်ပြန်တက်ခဲ့ပါတယ်။ ဇနီးသည်က အလိုက်တသိပါပဲ။ ကော်ဖီနဲ့ ခေါက်ကြော် စီစဉ်ပြီး လာချပေးပါတယ်။

"ကဲ- ကိုအောင်ကြည်၊ ကော်ဖီသောက်ဗျာ၊ ခေါက်ကြော်စားဗျာ။ ဒါနဲ့ ခင်ဗျားအဖွဲ့တွေနဲ့ အဆင်ပြေခဲ့ရဲ့လား"

"ပြေခဲ့ပါတယ်။ အဲဒါ ကျွန်တော် ကျောက်ပြန်လာအပ်တာပါ"

"အေးဗျာ၊ ဝမ်းသာပါတယ်။ ကဲ- အပ်ဗျာ"

ဆိုတော့ ကိုအောင်ကြည်က သူ့ကုတ်အင်္ကျီအတွင်းအိတ်ထဲက ကျောက်ထုပ်ကို ထုတ်ပြီး ကိုဇော်မြင့်လက်ထဲထည့်ကာ 'ကဲ- မြတ်ပါစေစွန်းပါစေဗျာ' ဆိုပြီး ကျောက်လောကရဲ့ထုံးစံအတိုင်း ဆုတောင်းပြီး အပ်ပါတယ်။

"စွန့်ကျောက်ဆိုတဲ့အတိုင်း စွန့်ရတာပဲ ကိုအောင်ကြည်ရေ။ စွန့်ရကျိုးနပ်ပါစေလို့ ဆုတောင်းရတာပါပဲ"

"မြတ်မှာပါ ကိုဇော်မြင့်ရာ၊ မြတ်မှာပါ"

လို့ ကိုအောင်ကြည်က ပြုံးရွှင်စွာပြောပါတယ်။ ကိုဇော်မြင့်ဟာ ရင်ထဲ လှိုက်ခနဲကြည်နူးမှုတစ်ခုဖြစ်ပေါ်လိုက်ပါတယ်။ အဲဒီပီတိတစ်ချက်ကြောင့် သူ့ရင်ထဲ ပျော်သလိုခံစားလိုက်ရတာပါပဲ။ သူသိလိုက်တယ်၊ ဒီကျောက်ဟာ သူ့လက်ထဲထည့်လိုက်တာနဲ့ ကြက်သီးမွေးညင်းတွေ တဖျဉ်းဖျဉ်းထအောင် ခံစားလိုက်ရတယ်။ အဲဒါ ကြောက်လန့်စိတ်မဟုတ်ဘူး။ ဝမ်းသာပီတိစိတ်။ ဒါဆို ဒါဟာ ကောင်းအတိတ်ကောင်းနိမိတ်ပဲဆိုတာ သိလိုက်တယ်။ ကိုဇော်မြင့်ဟာ ကျောက်ကို အခန်းထဲက ဗီရိုအံဆွဲထဲထည့်လိုက်ပြီး ပိုက်ဆံ (၇၀၀၀) ကို ရေတွက်ကာ ယူလာပြီး ကိုအောင်ကြည့်လက်ထဲထည့်လိုက်ပါတယ်။

အဲဒီတုန်းက (၁၀၀၀) တန်တွေ မပေါ်သေးဘဲ (၂၅) တန်ဆိုတာ အကြီးဆုံးဆိုတော့ ငွေ (၇၀၀၀) ဆိုတာ တစ်ထပ်ကြီးပါ။

"ကဲ - ကိုအောင်ကြည်၊ ရေတွက်ကြည့်ပါဦး"

"မရေတော့ပါဘူးဗျာ၊ ကျွန်တော့် ကိုဇော်မြင့်ကို ယုံကြည်ပါတယ်။ ဒါနဲ့ ကျွန်တော် ကိုဇော်မြင့်ဆီက အကူအညီတောင်းချင်တာလေး ရှိတယ်"

"ဘာများလဲ ကိုအောင်ကြည်၊ ကျွန်တော် တတ်နိုင်တာဆိုရင် ကူညီမယ်ဗျာ။ ပြောပါ"

"ကျွန်တော့်ကို ငွေ (၃၀၀၀) ကျပ်လောက် ခဏချေးပေးပါဦးဗျာ။ မကြာစေရပါဘူး၊ ကျွန်တော်ပြန်လာဆပ်ပါ့မယ်"

"ရပါတယ်ဗျာ၊ ဒါပေမယ့် အလွန်ကြီး မကြာစေနဲ့နော်။ ကျွန်တော်တို့အလုပ်ဆိုတာ ပိုက်ဆံပြတ်လို့မရဘူးဗျ"

"စိတ်ချပါ ကိုဇော်မြင့်ရယ်၊ ကျွန်တော် ကတိတည်ပါတယ်ဗျ။ အလွန်ကြီး မကြာစေရပါဘူး"

လို့ ပြောပြီးတာနဲ့ ကိုဇော်မြင့်ဟာ ပိုက်ဆံထပ်ယူပြီး ကိုအောင်ကြည်လက်ထဲ ထည့်ပါတယ်။

"ကဲ - ကိုအောင်ကြည်၊ စားဦး အဝစားပြီးမှပြန်ဗျာ"

ဆိုပြီး နှစ်ယောက်သား ကော်ဖီနဲ့ ခေါက်ကြော် စားကြပါတယ်။ ခေါက်ကြော်က အများကြိုက်ကြတဲ့ ငချိပ်ကောက်ညှင်းနဲ့လုပ်တဲ့ခေါက်ကြော်ပါ။ သကြားကြိုက်ရင် သကြားနဲ့စားပြီး တို့ဟူးချဉ်ခေါ် တို့ဟူးကြိုက်ပါက ဆီတို့ဟူးနဲ့ တို့စားနိုင်အောင် စီစဉ်ထားပေးပါတယ်။ ကိုဇော်မြင့်က တို့ဟူးချဉ်နဲ့ တို့စားသ… ကိုအောင်ကြည်ကတော့ သကြားနဲ့ … စားပါတယ်။

စားသောက်ပြီးတာနဲ့ ကိုအောင်ကြည်ဟာ ကိုဇော်မြင့်ကို နှုတ်ဆက်ပြီး ပြန်သွားပါတယ်။ မြမြဆင့်ကတော့ … လယ်စာချက်ပြုတ်ဖို့ ဈေးခြင်းလေးဆွဲပြီး ဈေးဘက်ထွက်သွားခဲ့ပါပြီ။

## ကျောက်စသွေးပြီ

ကိုဇော်မြင့် စိတ်တွေလှုပ်ရှား… ပါတယ်။ ဒီနေ့ ထာပွဲတွေဆီမသွား… ဘဲ အိမ်အောက်က ကျောက်သွေး… မှာ စွန့်ကျောက်ကို တစ်နေကုန်ကိုင်… လို့ ဆုံးဖြတ်လိုက်ပါတယ်။

ကျောက်ဝယ်တာ မှားသွား… တယ်ဆိုနေမှ ကိုအောင်ကြည်က ပိုက်… ထပ်ချေးသွားတော့ကာ သူ့မှာကျန်… အရင်းအနှီးက လိပ်ပြာမလုံစရာ။ အဲ… ကြောင့် သူဝယ်လိုက်တဲ့ စွန့်ကျောက်… လုပ်ကိုင်ပြီးမှ ထွက်တော့မယ်လို့ … ဖြတ်လိုက်ခြင်းပါပဲ။

ကျောက်ကိုယူပြီး အပေါ်… တံခါးမကြီးကိုပိတ်ကာ အိမ်အော… ကျောက်သွေးခန်းထဲ ဝင်ခဲ့ပါတ… ကျောက်သွေးခန်းထဲမှာတော့ ကျော… သွေးခုံ၊ မှတ်စာပျဉ်များ၊ အရောင်… စက်ခုံ၊ တာပလာကိုင်ညှပ်များ၊ လုံး… ကိုင်ကျောက်တံဘူး၊ တာပလာ… ကျောက်တံဘူး၊ မီးသွေးမီးဖို စသည် … ပြည့်စုံစုံပါ။ ကာရက် (၁၂၀) မျှရှိတဲ့ … လီလုံးလို ကျောက်ကြီးဆိုတော့ … ပတ်လည်တိုက်ရမှာမို့ ကျောက်တံ… တော့ဘဲ ဒီအတိုင်းကိုင်ပြီး မှတ်…



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ရမှာပါ။ ကျောက်တံတပ်ရင် ထုံးယောင်းကို မီးကင်ပြီး ကျောက်တံနဲ့ ကျောက်နဲ့ တွဲကပ်ကာ မှုတ်ပျဉ်မှာ သွေးခြင်းပါ။ မှုတ်ပျဉ်တွေကလည်း အကြမ်းက အချောအထိ အဆင့်ဆင့်ရှိပါတယ်။ သွေးလို့ အချောသတ်ပြီးမှ ပွင့်လာအောင် အရောင်တင်ရပါတယ်။ အဲဒီလိုအရောင်တင်လိုက်မှ ကျောက်ရဲ့ အရည်အသွေး ပွင့်လင်းလာပြီး ပတ္တမြားဖြစ်တဲ့ ကျောက်နီ ကျောက်ပြာတို့က လှပလာခြင်းပါ။

ကိုဇော်မြင့်တို့ခေတ်က အရောင်တင် အင်ကြင်းကျောက်မှုန့်နဲ့ တင်ရပါတယ်။ အင်ကြင်းသားရဲ့ ကျောက်ဖြစ်တဲ့ အင်ကြင်းကျောက်မှုန့်ပါ။ အညာဒေသ တောပြန်းဒေသတွေမှာ ပေါတယ်။ အဲဒီကျောက်မှုန့်ကို စက်ခုံရဲ့ လည်ပတ်နေတဲ့ ကြေးပြင်ပေါ်တင်ပြီး ရေရဲ့ထည့်က အာလူးကျောက်နဲ့ မှုန့်…ပြီး စေးပိုင်လာအောင် အတော်ကြာ ကြိတ်ပေးနေရပါတယ်။ အဲဒီစေး…အင်ကြင်းကျောက်မှုန့်မည်းမည်း…ပြီး တာပလာဆီ ညှပ်နဲ့ လုံးချောဆို…ကျောက်တံနဲ့ အရောင်တင်ရခြင်းပါ။ ကြေးပြင်လည်ပတ်နေအောင် စက်ခုံရဲ့ ခြေနင်းကို မနားတမ်း နင်းနေရပါတယ်။ ခုခေတ်မှာတော့ မှုတ်တွေဘာတွေ မဖော်တော့ပါဘူး။ ယိုးဒယားက လာတဲ့ စိန်မှုန့်၊ စိန်ဆီနဲ့ သွေးပြီး စိန်ဆီနဲ့ အရောင်တင်တဲ့အခါ မြန်ဆန်သက်သာလှပါတယ်။

ကိုဇော်မြင့်တို့ဆိုရင် သူ့ဆရာ…ညက အောက်ခြေသိမ်း မှုတ်ဖော်နည်းပါ သင်ပေးလိုက်တာပါ။ မှုတ်လုပ်တဲ့ မှုတ်ပျဉ်ဟာ ဟိုးရှေးခေတ် သစ်သားကျောက်သင်ပုန်းပုံစံနဲ့အတူတူပါပဲ။ အဲဒီ…ချပ်ပေါ်ကို ချိပ်နဲ့သတ္တုမှုတ်စာရည်…ထားတဲ့ ခပ်ပျစ်ပျစ်အရည်ကိုလောင်း…ပြီး ပုလင်းနဲ့လှိမ့်ကာ မျက်နှာပြင်…အောင် ပြုပြင်ပေးရတာပါပဲ။ အေးခဲသွားရင် ပျဉ်မှာကပ်နေပြီး ကျောက်သွေးဖို့ အသင့်ဖြစ်ပါပြီ။ သတ္တုမှုတ်စာမှုန့်က အကြမ်းကနေ အချောအထိ ဆိုက်အမျိုးမျိုးလာပါတယ်။ ဒါကစပ်မိလို့ပါ။

ကိုဇော်မြင့်ဟာ သူ့စွန့်ကျောက်ကို သက်နဲ့ကိုင်ပြီး ရေထည့်ကာ မှုတ်ကြမ်းနဲ့ တဒီးဒီးတိုက်လျက် ရှိပါတယ်။

**အနီရောင်စပွင့်လာပြီ**

အနီရောင်ငွေ့ငွေ့သာ မြင်ရတဲ့ ဥသဖရားတုံးကြီးကို မှုတ်ကြမ်းနဲ့တဒီးဒီး လှည့်ပတ်တိုက်စားနေပါတယ်။ မှတ်နဲ့ပတ်တိုက်လိုက်၊ အလင်းမှာထောင်ကြည့်လိုက်နဲ့ ကိုဇော်မြင့် စိတ်လှုပ်ရှားနေပါတယ်။

ဒီစွန့်ကျောက်သာ မအောင်ရင်ဆိုတဲ့အတွေးကလည်း သူ့ကိုတစ်ဖက်တစ်လမ်းက ခြောက်လှန့်လျက်ရှိတာကြောင့် အဖြေကို အမြန်သိချင်တဲ့ ဇောစိတ်ကလည်း ဦးဆောင်လျက်ရှိပါတယ်။

မိုးကုတ်ရဲ့ ဆောင်းရာသီအအေးကို ဂရုမစိုက်နိုင်အားဘဲ ကျောက်ကိုသာ အာရုံပြုတိုက်နေတာကြောင့် မျက်နှာမှာ ချွေးတောင်စို့လာပါတယ်။

ဥသဖရားကို မိုးကုတ်စိန်လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ ဥသဖရားရဲ့ အသားဟာ မာကျောတာကြောင့် တိုက်သလောက် မသွားပါဘူး။ ဖြည်းဖြည်းချင်းသာ တတိတိစားနေပါတယ်။

နေအတော်ပွင့်လာပြီး နေရောင်ရင့်ရင့်မှာ ထောင်ကြည့်တဲ့အခါ ပန်းရည်သွေးမှသည် အနီသွေးသို့ စတင်ပြောင်းလဲလာတာကို တွေ့ရတာကြောင့် ကိုဇော်မြင့် အားတက်စပြုခဲ့ပြီ ဖြစ်ပါတယ်။

ဒါဆိုရင် ကျောက်နီပတ္တမြားဖြစ်သွားမှာ သေချာပါပြီ။ အထဲမှာ ကာရက်ကြီးကြီးဥနေပါစေလို့ ဆုတောင်းပြီး တဒီးဒီးတိုက်လျက်ရှိပါတယ်။

ကြုံတောင့်ကြုံခဲ ဥသဖရားက ပတ္တမြားကို ငုံထားတဲ့ ထူးဆန်းတဲ့ ကျောက်တစ်ပွင့်ပါ။ ပတ္တမြားမြေတစ်ခွင်မှာ ဒါမျိုးကျောက် ဒီတစ်ပွင့်သာရှိနိုင်မယ်လို့ တွေးနေမိပါတယ်။ ဒီအတိုင်းဆို စွန့်ရကျိုးနပ်လိမ့်မယ်လို့ မျှော်လင့်ပြီး အားတက်လျက် ရှိပါတယ်။

**ဂေါ်ရောင်စတွေ့လာခြင်း**

ဂေါ်ဆိုတာ မိုးကုတ်ကျောက်ဖြစ်တဲ့ ကျောက်နီ၊ ကျောက်ပြာ အမာမျိုးတွေမှာ အချို့ ပါလေ့ရှိတယ်။ အညံ့ကျောက်မှာ ဂေါ်မပါပါဘူး။ ဂေါ်ဆိုတာ အဆီလို ခပ်လက်လက်အရောင်ပါပြီး အဲဒီလက်တဲ့အရောင်က အလင်းထဲမှာရှိတဲ့ ခြောက်မြှောင့်သဏ္ဌာန် အလင်းတန်းကို ရောင်ပြန်လွှတ်တာမို့ ဂေါ်ကြိုးမှာ ကြိုးခြောက်မျှင်ပေါ်နေလေ့ရှိတယ်။

အဲဒီကြိုး (၆) မျှင်ဟာ ကျောက်လှုပ်ရှားတိုင်း ကျောက်ပေါ်မှာပြေးသွားနေတဲ့သဏ္ဌာန်နဲ့တူတာမို့ အောက်သားအချို့က ပင့်ကူကျောက်လို့ ခေါ်ကြပါတယ်။ ပင့်ကူမှာ ခြေ(၆)ချောင်းပါသလို ပြေးလွှားနေပုံလည်း ပင့်ကူနဲ့ တူသယောင်ဆိုတော့ သူတို့ခေါ်တဲ့ ဝေါဟာရလည်း လက်ခံဖွယ်ပါပဲ။

မိုးကုတ်မှာတော့ ဂေါ်ကြိုးလို့ခေါ်ကြတယ်။ ဂေါ်ကြိုးကို ကြိုးဖြောင့်တန်းအောင် ဘဲဥပုံ၊ အရိုင်းပုံဆိုပြီး ကျောက်အနေအထားအရ သွေးလေ့ရှိကြတယ်။

အရိုင်းကို ကြိုးကောင်း၊မကောင်း ကြည့်လိုက အသားပတ်တဲ့အခါလိမ်းတဲ့ ဂလစ်ဆရင်ဆီကလေး ခပ်လုံးလုံးဖြစ်အောင် အစက်ချကြည့်ရတယ်။ အဲဒီအဆီလုံးလေးက ကျောက်မှာပါတဲ့ ဂေါ်အားကို ဖမ်းစုပ်ပြီး ကြိုး (၆) မျှင် ဖြစ်ပေါ်စေပါတယ်။ အဲဒီကြိုးကို ကြည့်ပြီး အကြမ်းခန့်မှန်းကြရတယ်။

ဂေါ်များရင် ကြိုးမဖြစ်ဘဲ ခပ်ဖုံ့ဖုံ့ဖြစ်ကာ ကြယ်ဖြစ်သွားတတ်တယ်။ အဲဒီလိုကျောက်မျိုးကျတော့ ကြိုးပျက်ကြယ်ပျက်လို့ခေါ်ပြီး စံချိန်မမီတဲ့ကြိုးမို့ ဈေးကောင်းမရပါဘူး။

ကိုဇော်မြင့်ဟာ သူ့စွန့်ကျောက်ကို တတိတိတိုက်ထုတ်နေလိုက်တာ ကျောက်က ကြာလေအနီရောင်ရင့်လေ ဖြစ်လာခဲ့ပေမယ့် ဂေါ်ရိပ် စတင် တွေ့လာရတာကြောင့် ရင်တမမရှိနေရပြန်တယ်။

ကျောက်ဘယ်လောက်လှလှ ဂေါ်မကောင်းရင် ဈေးသိပ်မရတတ်ပါဘူး။ အရည်၊ အသား၊ ကြိုး၊ အင်္ဂါပြည့်စုံလို့ကတော့ ဆိုဖွယ်ရာမရှိတဲ့ ဂေါ်ကြိုးကောင်း အစက်ကြီးဖြစ်လာနိုင်ပါတယ်။ တိုက်ရင်းတိုက်ရင်းနဲ့ ကာရက် (၆၀) ဝန်းကျင်ရောက်လာတဲ့အခါ အရည်အတော်ပွင့်လာခဲ့ပြီး နေပဏ္ဏာရောင်မှာ မြူးကြွနေပါပြီ။ ချရည်တော့ သိပ်မလှသေးဘူး။ ဒါဆို ဆက်တိုက်ရဦးမှာပါ။ ကျောက်ဟာ ထာထဲချထားရင် အကြည့်ခံမှ ကျောက်ကောင်းတစ်ပွင့်ပါ။ ထောင်ကြည့်မှလှတယ်ဆိုရင် ဒါဟာ သဘာဝအရောင်ကို မရောက်သေးပါဘူး။

ဒီကျောက်ကို ကြည့်ခြင်းဖြင့် သူကောင်းကောင်းစားရပြီ ဆိုတာကို သဘောပေါက်တာကြောင့် ကိုဇော်မြင့် စိတ်ဓာတ်တွေ တက်ကြွမြူးထူးလန်းဆန်းကာ သီချင်းကလေးတအေးအေးတောင် ဆိုင်နိုင်လာပါတယ်။

သူ့သီချင်းသံကြားတော့ အိမ်ပေါ် မီးဖိုချောင်မှာ ချက်ပြုတ်နေတဲ့ ဇနီးမြမြဆင့်က-

"ကိုဇော်၊ ဒီနေ့ သီချင်းတွေဘာတွေဆိုနေပုံထောက်တော့ ကိုဇော်ရဲ့စွန့်



www.burmeseclassic.com

www.burmeseclassic.com

ကျောက် အခြေအနေကောင်းတယ်ထင်တယ် ဟုတ်လား"

လို့ လှမ်းမေးပါတယ်။

"အေးဟာ၊ မဆိုးပါဘူး"

လို့ စကားပြန်လိုက်ပြီး ကျောက်ကို ထောင်ကြည့်၊ နောက်အရောင်ဆီ အစက်ချကာ အလင်းပဏ္ဏာအောက်မှာ ကြိုးကို စစ်ဆေးပါတယ်။ ကြိုး (၆) ကြိုးက ပင့်ကူတစ်ကောင် တက်ခွနေသလို ကားနေတာပါပဲ။ ဒါဆို ဒီကျောက်အစစ်ကြီးဖြစ်မှာ သေချာပြီလို့ တွက်လိုက်မိပါတယ်။

ထာထဲချကြည့်တဲ့အခါ ပွင့်အားနည်းနေသေးတာကြောင့် ထုံးဖယောင်းနဲ့ ကျောက်တံတပ်ကာ မှတ်နူနဲ့ ပြောင်းတိုက်ပါတယ်။ နည်းနည်းချင်းတိုက်၊ နည်းနည်းချင်းကြည့်နဲ့ ယုယုယယ တိုက်ရတော့မယ့်အခြေကို ရောက်ပါပြီ။

ဒါနဲ့ ထမင်းစားချိန်ရောက် ဇနီးမောင်နှံနှစ်ဦး ကြည်နူးစွာ စကားပြောပြီး အလုပ်စခန်းပြန်ဝင်ပါတယ်။ ဒီလိုနဲ့ ညနေပိုင်းအရောက်မှာ ထာမှာ ချရည်လှတဲ့ လယ်သီးရည်လုံးဝန်းတဲ့ ကျောက်ကောင်းကျောက်စစ်တစ်ပွင့်အဖြစ်ကို ပြောင်းလဲသွားခဲ့ပါပြီ။ ကြည်နူးလိုက်ရသည်မှာ ပြောစရာမရှိပါဘူး။

**ဂေါ်ကြီးဗိုလ်ထံသို့**

ဂေါ်ကြီးကို ထုပ်ကြိုးဝန်းကြီးတည့်မတ် ဖြောင့်တန်းအောင် သွေးနိုင်ပြီး အလေးချိန် အတတ်နိုင်ဆုံး မလျော့အောင် သွေးနိုင်ကြတဲ့ ကျောက်သွေးဆရာကြီးများကို ဂေါ်ကြီးဗိုလ်လို့ တင်စား ခေါ်ဝေါ်ကြပါတယ်။ သူတို့ဟာ ကျောက်အနေအထားကိုကြည့်ပြီး အကောင်းဆုံးဖန်တီးနိုင်တဲ့ ဖန်တီးရှင်တွေဖြစ်ကြပါတယ်။

ကိုဇော်မြင့်နဲ့ မြမြဆင့်တို့ဟာ နံနက်ခင်းနေရောင်ခြည်နဲ့ အရည်ယိုစီးကျမတတ် ရဲရဲနီပျစ်နေတဲ့ လုံးဝန်းတဲ့ ကျောက်ကိုကြည့်ကာ ကြည်နူးနေကြပါတယ်။

"ကိုဇော်၊ ဒီကျောက်ဟာ အစစ်ကြီးတစ်ပွင့်ဖြစ်လာမှာ သေချာလောက်ပါတယ်နော်"

"သေချာလောက်ပါတယ် မြရဲ့"

"ဖြစ်ရင် မြတို့ အတော်အဆင်ပြေပြီပေါ့နော်"

"ဒါပေါ့ မြရယ်၊ ရတနာဆိုတာ ကိုယ်ကရှာရင် တွေ့ချင်မှတွေ့တာ။ ခုဟာက အိမ်ပေါ်အထိ လာပို့သွားတာ၊ ဘယ်လောက်အံ့ဩဖို့ကောင်းလဲ"

"ဒါထက် ကိုဇော်၊ ဒီဂေါ်ကြီးကို ဘယ်ကျောက်သွေးဆရာဆီအပ်မယ်စိတ်ကူးလဲ။ ကိုဇော့်ဆရာ ဦးပုညဆီအပ်မှာလား"

"ဟင့်အင်း၊ ကိုဇော့်ရဲ့ ဆရာကတာပလာလိုင်းပဲသန်တာ။ ဂေါ်ကြီးလိုင်းမသန်ဘူး။ ဂေါ်ကြီးနဲ့ပတ်သက်ရင် ဂေါ်ကြီးဗိုလ် ဦးကျော်ဆီအပ်တာ ကောင်းမယ်"

"ဒါဆို ဦးကျော်ဆီကို ကိုဇော်သွားအပ်လိုက်လေ။ ကျောက်သွေးလို့မပြီးမချင်းထိုင်စောင့်ကြည့်နေနော်"

"အင်းပါ မြရယ်၊ ဘယ်သူမဆို ပွင့်ကောက်ကြီးကြီးအပ်ရင် ထိုင်စောင့်ကြည့်တာ ထုံးစံပါ။ ကိုဇော်စောင့်နေမှာပါ"

"ဒါဆို ကိုဇော်အချိန်ရှိတုန်းသွားအပ်လေ။ ဒါမှ ညနေပိုင်းဆို ပြီးမှာ"

"အေးကွာ၊ ကိုဇော်သွားလိုက်ဦးမယ်"

လို့ ပြောပြီး ဗီရိုထဲက ပိုက်ဆံ (၅၀၀၀) နဲ့အတူ ကျောက်ထုပ်ကိုထည့်ကာ ဦးကျော်တို့အိမ်ဘက် ထွက်ခဲ့ပါတယ်။

**ကာရက် (၂၀) ရှိ အစစ်ကြီး**

"ဒီမယ် ဇော်မြင့်၊ ဒီဘက်ကခေါင်းနော်။ ဒီဘက်ကဖင်ဖြတ်ရမယ်။ ပြီးတော့ ကျန်နေသေးတဲ့ ဥသဖုရားစွဲပါကုန်အောင် တိုက်ထုတ်ရမယ်။ ဒါမှကြိုးက ပွင့်လာမှာ။ မင်းဟာက ကာရက် (၃၀) ဆိုတော့ (၂၀) ဝန်းကျင်အတင်ကျန်မယ်။ သေးသွားပေမယ့် (၂၀) ဆိုတဲ့ အလေးချိန်ဟာ နည်းတာမဟုတ်ဘူး။ မင်းဥစ္စာ တော်ဝင်ဂေါ်ကြီးတစ်ပွင့်ဖြစ်လာမှာ သေချာတယ်။ အနီအစစ်ကြီး ဖားဖားကြီးပေါ့ကွာ"

"ဦးကျော်ကို ကျွန်တော် ပုံအပ်တာပဲ။ အကောင်းဆုံးဖြစ်အောင်သာ လုပ်ပေးပါ"

လို့ပြောတဲ့အခါ ဦးကျော် ကျောက်တံတပ်ပြီး စ,သွေးပါတယ်။ ကိုဇော်မြင့်ကတော့ မျက်တောင်မခတ်စတမ်းကြည့်ကာ ပညာယူပါတယ်။ ဒီလိုကြည့်ခွင့်ရတာ ကိုယ့်ကျောက်မို့ ကြည့်ခွင့်ရခြင်းပါ။

ဦးကျော်ဟာ မျက်မှန်တပ်ပြီး ဘာမှ မပြောတော့ဘဲ ကျောက်ကို အာရုံစိုက်ကာသွေးနေပါတယ်။ ကျောက်ကို ပုဆိုးမှာ သုတ်လိုက်၊ မျက်နှာဆီနဲ့ပွတ်ပြီး နေမှာကြည့်လိုက်၊ အမှောင်မှာ ဓာတ်မီးနဲ့ကြည့်လိုက်၊ ပြန်သွေးလိုက်နဲ့ စိတ်ဝင်စားစရာ၊ ရင်ခုန်စရာအလွန်ကောင်းနေပါတယ်။

နေ့လယ်ထမင်းစားချိန်မှာတော့ ကျောက်တံကို ကိုဇော်မြင့်လက်ထဲ ပြန်ထည့်ပေးပြီး ထမင်းပြန်စားစေပါတယ်။ ကျောက်ကို ပိုင်ရှင်လက်ထဲ ပြန်ထည့်ပေးတာ ကျောက်ကြီးတွေကိုင်ရင် ထုံးစံတစ်ခုပါ။ အောက်ကျောက်တွေဆိုရင်တော့ ပြန်ထည့်ပေးရိုးထုံးစံ မရှိပါဘူး။ ကျောက်ဟာ အနေအထား အတော်ရှင်းလင်းနေပြီး အရည်အသွေးက ဆွဲဆောင်မှု အတော်ရှိနေပါပြီ။

ထမင်းစားပြီး ဆက်သွေးကာ မှတ်ကြည်နဲ့ချောပြီး အရောင်စတင်ပါတယ်။ ကာရက်(၂၀)ဆိုတဲ့ကျောက်ဟာ မသေးလှတာမို့ အချိန်အတော်ကြာ အရောင်ပြတ်အောင် တင်ယူရပါတယ်။

ညနေစောင်းမှာ အရောင်တင်ထိုး ပြီးတာနဲ့ ချိန်ကြည့်တဲ့အခါ ကာရက် (၂၀) နည်းနည်းလေး ပိုနေပါသေးတယ်။ ခြောက်ကြိုးကားနေပြီး အပြစ်အနာအဆာမရှိတဲ့ လယ်သီးရည်ဂေါ်ကြီး အစစ်ကြီး တော်ဝင်ကျောက်ကောင်းတစ်ပွင့် ဖြစ်ခဲ့ပါပြီ။

**(၃)ရက်တိုင်တိုင် ကြည့်ရှုခြင်း**

"ကဲ - ဇော်မြင့်၊ ပြီးပြီကွ။ မင်းကျောက်ကတော့ ငါ့တစ်သက်မှာ အကြိုက်ဆုံးကျောက်တစ်ပွင့်ပါပဲကွာ။ မင်း ဒါမျိုးတွေ့လာတာ အလွန်ကံကောင်းတာပဲ"

"ဘယ်လောက်ပေးရမလဲ ဦးကျော်"

"ကာရက်နဲ့ တွက်ရင် (၄၀၀) လောက်ကျပါတယ်။ မင်းဟာမင်း ကြည့်ပေးပေါ့ကွာ"

"ကျွန်တော် (၃၀၀၀) ပေးပါ့မယ်ဗျာ။ ကဲ - ဒီမှာ (၃၀၀၀) နော် ဦးကျော် ဒီထက်ပိုပေးချင်ပါတယ်ဗျာ။ ကျောက်ဖိုးပေးလိုက်ရတော့ ပိုက်ဆံကပြတ်သွားလို့ပါ"

"ကျေးဇူးပါပဲဇော်မြင့်ရာ၊ (၃၀၀၀) ဆိုတာ နည်းတာမှတ်လို့။ ကဲဗျာ- အဲ ဂေါ်ကြီး ဈေးကောင်းကောင်းရပါစေ ဆုတောင်းပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ဗျာ၊ ကျေးဇူးပါပဲ။ ဒါထက် ဦးကျော်ရဲ့မျက်စိထဲမှာ ဒီကျောက် ဘယ်လောက်လို့ ခန့်မှန်းထားသလဲ"

"အင်း - ငါ့ကျောက်ဆိုရင် အနည်းဆုံး နှစ်ဆယ်၊ အစိတ်ရမှ ရောင်းနိုင်မယ်ထင်တယ်။ မင်းဈေးပေါပေါ မလွှတ်လိုက်နဲ့နော်။ ဒါမျိုးက တွေ့ခဲဘိခြင်း"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါ ဦးကျော်၊ ကျွန်တော် ...တ်ပါဦးမယ်"

"အေးအေး"

တိုဇော် အိမ်ရောက်တော့ သူဇနီး ...အမှောင်ထဲခေါ် သွားပြီး ဓာတ်မီးနဲ့ ...ပြပါတယ်။ ကျောက်ကြည့်မှာ ဓာတ်မီး ...သီးခြားရှိပြီး မီးသီးက တန်ဖိုးကြီး ...တယ်၊ မီးရောင်အောက်မှာ ကျောက် ...ညို့ညို့နီရဲမီးခဲပတ္တမြားဖြစ်နေတော့ ...၊ မီးခဲတစ်ခုလို ရဲနီနေပါတယ်။

နောက်နေ့နံနက်အစော နေပဏ္ဏာ ...ထဲထည့်ထားတဲ့အခါ ကျောက်ကို ...တ်ထွင်းဖြတ်သန်းလာတဲ့ အလင်း ...သာ ဖြာထွက်ပြီး ထာတစ်ခုလုံး ...နေပါတယ်။

ဒီကျောက်သာ ဂေါ်မပါဘဲ မှန် ...စစ်စစ်နဲ့ဖြစ်လာခဲ့ရင် ဒီထက် သုံး၊ ...ဆ တန်ဖိုးတက်မှာပါ။ အမြင့်ဆုံး ... ကျောက်နီတာပလာစစ်စစ်များသာ ...ပါတယ်။ကျောက်စစ်လို့ခေါ်ပါတယ်။ ...လ တန်ဖိုးမြင့်မားလေပါပဲ"

တစ်မြို့လုံး မကြိုက်လို့ ခပ် ...ကြောက်ကြောက်နဲ့ပေးထားတဲ့ဈေးကို ...တ်လိုလို့ဝယ်လိုက်ရတဲ့ စွန့်ကျောက် ... သူ့အတွက် ချမ်းသာတဲ့ဘဝကို ...တ်အောင် ဆောင်ကြဉ်းပေးတော့ ...ပါ။ စွန့်ရဲကျိုးနပ်သွားတဲ့ စွန့်ကျောက် ...ပါတော့။

အဲဒီ လှပတဲ့ကျောက်ကြီးကို ဇနီး ...ောင်နှံနှစ်ဦး ဘယ်မှမသွားဘဲ (၃)ရက် ...ိုင်တိုင် အနားယူကာ တစိမ့်စိမ့်ကြည့် ... စိတ်ကူးတွေယဉ်နေကြလေရဲ့။ မိုး ...တ်မှာ သူတို့လောက်ပျော်သူ အဲဒီ ...ချိန်မှာ ရှိနိုင်မယ်မထင်ပါဘူး။

...နှစ်ဆယ်

(၄) ရက်မြောက်နေ့မှာတော့ မိုး ...တ်ရဲ့ နာမည်ကြီးဝယ်လက်ကို သွား ...တဲ့အခါ ဝယ်သူဟာ လက်မလွှတ် ...တော့ဘဲ သိန်း (၂၀) နဲ့ တည့်ပါတယ်။ ...၀၀၀) ဝယ်၊ သွေးခ (၃၀၀၀) နဲ့ ဆို ... အရင်း (၁၀၀၀၀) ပဲရှိတဲ့ ကျောက် ... သိန်း (၂၀) ပြန်ရတယ်ဆိုတော့ ...ုံးစားကြည့်။ ရွှေတစ်ကျပ်သားမှ ...၅၀၀)။ ရွှေတစ်ပိဿာမှ (၁) သိန်းခွဲ ...။ ရွှေနဲ့တွက်ရင် ရွှေဘယ်နှပိဿာ ...ယ်ဆိုတာ တွက်ကြည့်ကြပါ။

အဲဒီခေတ်က အစိတ်တန်ဟာ အ ...ကြီးဆုံးဆိုတော့ သိန်း(၂၀)ဆိုတာ နည်း ...တာမဟုတ်ဘူး။ ဒီကြားထဲ (၅)ကျပ်တန်၊ ...၁၀)တန်တွေပါရောနေတော့ ကိုဇော် ...မြင့်ခမျာ သိန်း (၂၀) ဆိုတဲ့ငွေကို စက် ...ဘီးလက်ကိုင်မှာ ကြိမ်ခြင်းကြီးတစ်ဖက် တစ်လုံးတပ်ပြီး သတင်းစာစက္ကူတွေအုပ်ကာ (၃) ရက်တိုင်တိုင် သယ်ယူရပါတယ်။

ပိုက်ဆံတွေ ဂုန်နီအိတ်ထဲထည့်ပြီး အိပ်တဲ့ခုတင်အောက်မှာ စီတန်းထိုးထည့်ပြီးတာတောင် မကုန်သေးပါဘူး။ ဗီရိုထဲလည်း အပြည့်ပါပဲ။ ခုတင်ပတ်ပတ်လည် သုံးထပ်သားနဲ့ရိုက်ပိတ်လိုက်ရတယ်။ သူများမြင်ရင် မကောင်းဘူးလေ။

ကြွေတစ်လက် ကြက်တစ်ခုန် ဆိုတာလိုပါပဲ။ ကျောက်လောက ဆိုတာလည်း တစ်ချက်တည်းနဲ့ ခုလိုဖြစ်တတ်ပါတယ်။ ကိုဇော်မြင့်ဟာ ပပလွှားလွှားနေတတ်သူမဟုတ်တာကြောင့် သူများတွေလို ဆိုင်ကယ်ဝယ်စီး၊ ကားဝယ်စီး မလုပ်ခဲ့ပါဘူး။ ရှိလာတဲ့ အရင်းအနှီးနဲ့ အမာခံ ရွှေ ငွေရတနာပစ္စည်းတွေ ဝယ်သင့်တာဝယ်ပြီး ကျောက်ထုပ်တွေ အဆင့်မြင့်မြင့်နဲ့စပ်နိုင်တဲ့ ကုန်သည်ကြီးဖြစ်လာခဲ့ပါတယ်။ ဣန္ဒြေရရ ဘဝကို တည်ဆောက်နိုင်ခဲ့ပါတယ်။

ဒါက ကိုဇော်မြင့်ရဲ့ စွန့်ကျောက်တစ်ပွင့်အောင်တဲ့အကြောင်းကို ကိုဇော်မြင့်က ဗဟုသုတအဖြစ် စကားစပ်မိလို့ ပြောပြခဲ့တဲ့အကြောင်းအရာပါပဲ။ ဒါနဲ့ ကိုဇော်မြင့်နဲ့ ဆက်ပြီးစကားပြောဖြစ်ပါသေးတယ်။

## လက်ရှိဘဝအခြေအနေ

ကျွန်တော် မိုင်းရှူးကိုရောက်သွားတာကြောင့် အားလုံးနဲ့ အဆက်အသွယ်ပြတ်သလိုဖြစ်သွားပါတယ်၊ ကျွန်တော် ကိုဇော်မြင့်နဲ့ ပြန်တွေ့ချိန်ဟာ မိုင်းရှူးက ပြန်လာမှတွေ့တာမို့ ကိုဇော်မြင့်ဟာ အသက် (၇၀) နီးနေပါပြီ။ ကျွန်တော်နဲ့ ရင်းနှီးတဲ့မိတ်ဆွေပါ။

"ဒါနဲ့ ကိုဇော်မြင့် နောက်ထပ် စွန့်ကျောက်အောင်သေးသလား၊ ဝယ်ကောဝယ်ဖြစ်သေးသလား"

"ပေါချောင်တွေ့ရင်တော့ ဝယ်ပြီးစမ်းကြည့်လေ့ရှိပါတယ်။ ဒါပေမယ့် ဖြစ်မလာပါဘူး။ စကားပုံရှိတယ်လေ၊ လူတစ်ယောက်ကို မိုးကြိုးနှစ်ခါမပစ်ဘူးတဲ့ဗျ၊ တစ်ခါတည်းပစ်သတဲ့။ ခုလည်း ကြုံတောင့်ကြုံခဲ ဘဝမှာ တစ်ခါသာရလိုက်တဲ့ အခွင့်အရေးပါ။ ဒါမျိုး နှစ်ခါကြုံဖို့ ခက်ပါတယ်။ ကျွန်တော်က ရေရာသေချာတဲ့ အထုပ်စပ်ကုန်သည်ဘဝနဲ့ ရပ်တည်ခဲ့တာပါ"

"ခုကော နားပြီလား"

"အင်း - နားပါပြီဗျာ၊ သားသမီးတွေအားလုံး အရွယ်ရောက်တုန်ပြီလေ၊ ပညာတွေလည်းတတ်ကြပြီ၊ အလုပ်တွေလည်း ရှိကုန်ကြပြီဆိုတော့ အေးအေးဆေးဆေးပဲ နားနေတော့တာ"

"ဒါထက် သားသမီး စုစုပေါင်း ဘယ်နှယောက်ပါလိမ့်"

"မများပါဘူး ကိုကျော်စိုးရာ၊ (၁၀)ယောက်တည်းပါ"

"ဟား - များလှချေလား"

"ကျွန်တော်က သားသမီးအယောက် (၂၀) လောက်ကို ရချင်တာ။ မမြဲ ထပ်မမွေးတော့လို့"

"အေးဗျာ- ခင်ဗျားက ကံကောင်းပါတယ်။ သားသမီးတွေလည်း လိမ္မာတော့ အဆင်ပြေပါတယ်။ ဒါထက် ခင်ဗျား စွန့်ကျောက်ဥသဖရားတုံးကြီးကို ဝယ်ရတော့မယ်ဆိုတော့ ကြုံတင်ပြီးထူးဆန်းတဲ့ အိပ်မက်လေးဘာလေး မမက်ဘူးလား"

"အင်း- အဲဒီတုန်းက မှတ်မှတ်ရရ ကြိုတင်မက်တာ တစ်ခုတော့ရှိတယ်။ ခင်ဗျား ဝါးပိုးသိလား"

"သိတယ်၊ ဆောင်းဦးမှာပေါ်တာ"

"ကျွန်တော် ဝါးပိုးကို အရမ်းကြိုက်တယ်။ မှုစ်ချဉ်ခြောက်နဲ့ကြော်ပြီး ရေနွေးလေးနဲ့မြည်းရရင် အရမ်းဇိမ်ရှိတာ။ အိပ်မက်ထဲမှာ ကျွန်တော်ကြိုက်တဲ့ ဝါးပိုးတွေကို ဒယ်အိုးကြီးနဲ့ကြော်ပြီး ဇလုံနဲ့ကို ထည့်စားနေရတာ။ စားလို့ကို မကုန်နိုင်ဘူး။ အဲဒီလိုမကုန်နိုင်မခန်းနိုင် အောင်များတဲ့ ဝါးပိုးကြော်တွေစားရင်း အိပ်မက်က လန့်နိုးတာ။ မှတ်မှတ်ရရ အဲဒီနေ့မှာပဲ ကျွန်တော် ဥသဖရားတုံးကြီးကို ခုနစ်ထောင်ပေးလိုက်တဲ့နေ့ပါ"

"အေးဗျာ - ကျွန်တော်လည်း ထူးခြားမှုရှိတဲ့နိမိတ်တစ်ခုခုတော့ပြမှာပဲလို့ ထင်မိလို့မေးကြည့်တာပါ။ အဲဒီဂေါ်ကြီး အစစ်ကြီးသာ ခုချိန်ခင်ဗျားလက်ထဲရှိနေမယ်ဆိုရင် ဘယ်လောက်ရမှ ရောင်းနိုင်မလဲ"

"ခုချိန်ခုဈေးမျိုးနဲ့ဆိုရင် သိန်းပေါင်း (၆၀၀၀၀) ပေးရင်တောင် ကျွန်တော် ရောင်းနိုင်မယ်မထင်ပါဘူး" တဲ့ဗျာ။

ကိုဇော်မြင့်မျက်နှာမှာ ဆွေးရိပ်တစ်ချက်သန်းသွားတာ တွေ့လိုက်ရပါတယ်။ စွန့်ကျောက်ကြီးကို ပြန်လည်မြင်ယောင်နေမိဟန်တူရဲ့။

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး(မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

## ခန္ဓာပျက်ကိန်းကြုံ သားအမိ

### ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ကောဇာနှစ် ၁၃၇၄ ခုနှစ်၊ တော်သလင်းလ။ ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလက သုရဇ္ဈမဂ္ဂဇင်း ထုတ်ဝေရာ ပညာရွှေတောင်စာအုပ်တိုက်မှ ယခု ဆောင်းပါးရေးသူ ကျွန်ုပ် ဆရာဦးစိန်လှိုင်(ကျိုက်လတ်)၏ ဆောင်းပါးများကို စာအုပ်ထုတ်ဝေခဲ့ပါသည်။ စာအုပ်အမည်မှာ 'ကောင်းကျိုးဝေဖြာ အစီအရင်များနှင့် လိုသူများသုံးစေဖို့' ဖြစ်ပါသည်။ ကျွန်ုပ်သည် ကလောင်အမည်နှစ်ခုဖြင့် သုရဇ္ဈ၊ သိဒ္ဓိမိုးမဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့ပါ၏။ 'လိုသူများသုံးစေဖို့' ခေါင်းစဉ်ကို မုဒိတာ(ကျိုက်လတ်)အမည်ဖြင့် လည်းကောင်း၊ အခြားသော ဆောင်းပါးများကို ဆရာဦးစိန်လှိုင် (ကျိုက်လတ်) ကလောင်အမည်နှင့်ရေးသားခဲ့ပါသည်။

'ကောင်းကျိုးဝေဖြာအစီအရင်နှင့် လိုသူများသုံးစေဖို့' စာအုပ်ထဲတွင် စာမျက်နှာ (၉၉) မှ 'လေ့လာစရာ-ဒီပညာ' ဆောင်းပါးမှာ ခန္ဓာပျက်ကိန်းနှင့် သတ်ပြတ်ကိန်းများ တွက်နည်းများကို ရှေးမြန်မာသမားတော်ကြီး ဦးဘဖြူထံမှ ကျွန်ုပ်ရရှိခဲ့သည်။

ရှေးမြန်မာလူမျိုးတို့၏ အဖိုးတန်ပညာရပ်များ မပျောက်ပျက်လို၍ ကျွန်ုပ်သည် ဆောင်းပါးများ ရေးခဲ့ပါ၏။ သုရဇ္ဈမဂ္ဂဇင်း စာတည်းချုပ် ဦးအောင်မြတ်ကလည်း အသုံးတည့်သော မြန်မာ့ရှေးဟောင်းပညာရပ်များ မပျောက်ပျက်စိမ့်သောငှာ စာဖတ်ပရိသတ်တို့အတွက် စေတနာမေတ္တာဖြင့် ထုတ်ဖော်ပေးပါ၏။ (ကျေးဇူးအနန္တပါခင်ဗျား)

စာအုပ်ထဲတွင်ပါသော 'လေ့လာစရာ-ဒီပညာ' ဆောင်းပါး၌ စာမျက်နှာ (၉၉)၊ စာကြောင်းရေ (၂၄) မှာ ရေးသားထားသည့် 'ကျွန်ုပ်လေ့လာမိသလောက် မှန်သင့်သလောက် မှန်ပါသည်'ဟု ရေးခဲ့ပါသည်။ ယခုဆောင်းပါးက ထိုခန္ဓာပျက်ကိန်းနှင့် သက်ပျောက်ကိန်းမှာ မှန်သင့်သလောက် မှန်ရုံမျှမက သွေးထွက်အောင်မှန်ပါသည်။မယုံမရှိပါနှင့်။ ကိုယ်တွေ့လက်တွေ့ ပူပူနွေးနွေး ရက်ပိုင်းမျှသာရှိပါသေးကြောင်းနှင့် မြန်မာ့ရှေးဟောင်းပညာရပ်များအကြောင်းကို ဂုဏ်ယူလျက် ရှေးမြန်မာပညာရှိသမားတော်ကြီးများအားလုံးနှင့် ၎င်းတို့၏ အဖိုးတန်ပညာရပ်များကို ရိုသေလေးစားစွာ ဂါရဝပြု ဦးညွှတ်လိုက်ပါသည် ခင်ဗျား။

အဖြစ်အပျက်က ၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ အောက်တိုဘာလ ၉ ရက်နေ့ ညနေ(၃) နာရီခန့်အချိန်တွင် ကျွန်ုပ်ထံသို့ ဖုန်း... လာပါသည်။ ပြွန်တန်ဆာမြို့တွင် ... ထိုင်သော ကျွန်ုပ်၏ အစ်မကြီး ... ကြည်အေး၏သမီးများက ဖုန်းဆက်... ဖြစ်ပါသည်။ အမေကျန်းမာရေး... သည်။ 'ဦးဦးကို မှာခိုင်းကြောင်း' ... သည်။ ကျွန်ုပ်လည်း လဆုတ် ၁၀ရ... ကျိုက်လတ်မှထွက်လာပြီး အော... လာကားဝင်းထဲမှ တောင်ငူကား... နံနက် (၇) နာရီ ထွက်လာခဲ့ရာ ပြွန်... ဆာမြို့သို့ နံနက် (၁၁) နာရီခန့်အ... မှာရောက်သည်။ ရောက်သည်နှင့် ... ရာထဲတွင်လှဲနေသော အစ်မကြီးကို... မြင်ရသည်။

သမီးများက-

"အမေ၊ အမေ့ရဲ့မောင် ... ရောက်လာပြီ"

ဟု ပြောရာ မျက်လုံးဖွင့်ကြ... ခေါင်းညိတ်ပြ၍ မျက်လုံးကို ... လိုက်သည်။

ကျွန်ုပ်က သူမ၏ လက်... ဝတ်ကို ကိုင်စမ်းကြည့်လိုက်ရာ ... စက်နေ၏။ နဖူးကိုစမ်းကြည့်ရာ အ... ငယ်နွေးနေသည်။ ကျွန်ုပ်သည် အ... ကြီး၏မျက်နှာကို သေချာစွာ စိုက်... မိသည်။ မွေးချင်း (၅) ဦးရှိသည်... ကျွန်ုပ်၏အထက် အစ်မတစ်ဦးမှာ ... ခဲ့သော (၂၆) နှစ်က ကွယ်လွန်သွ...






www.burmeseclassic.com

www.burmeseclassic.com

ယခု ကျန်ရှိနေသူ (၄) ဦးမှာ ကြီး ကျွန်းပိုင်နှင့် မျက်မမြင်ညီတစ် ညီမအငယ်ဆုံးတစ်ဦး ဖြစ်သည်။

တစ်နာရီခန့် အစ်မကြီးနားမှာ နေရင်း သူမကို အကဲခတ်နေမိ၏။ ကာလ (၈၄) နှစ်။ မီးစာကုန်ဆီခန်း နေသည်မို့ ဖြေသာသေးသည်။ သို့ ကြောင့် ကျွန်းပိုင်၏ရင်ထဲမှာ သောကမီးက တောက်နေသည် ပုထုဇဉ်ကိုး။

ငှင်းနောက် နံနက်စာစားရန် ခြံ ရှိ သူ့သား၏နေအိမ်သို့ထွက်လာပြီး စားရင်း တူ၊ တူမများနှင့် စကား နေကြ၏။ တူ မောင်သန်းအေးက ရင်းဘက်နေရာ၌ သင်ဖြူးဖျာခင်း လုံးလဲ့ အညောင်းဖြေပါဟု ပြော သူမိခင်ရှိရာသို့ သွားတော့သည်။ လည်း ခရီးပန်းလာသောကြောင့် ပေါ်တွင် ခေတ္တလှဲနေလိုက်သည်။ ညည်းလာခဲ့ရသောကြောင့် အိပ်ပျော် ခဲ့၏။ ညနေ (၄) နာရီခွဲအချိန်မှာ မကြီး ဆုံးပါးသွားပါသည်။ (၃) အကြာ လဆုတ် ၁၃ ရက်နေ့တွင် နကို မီးသဂြိုဟ်ပြီး ထိုနေ့မှာပင် တ်လတ်သို့ ပြန်လာခဲ့ပါသည်။

အိမ်ပြန်ရောက်၍ (၂) ရက်အ ကြာ သီတင်းကျွတ်လဆန်း ၁ ရက်၊ အောက်တိုဘာလ ၁၆ ရက်နေ့ညက ဆုံးသွားခဲ့သူ အစ်မကြီး၏သား အ သက် (၅၃)နှစ်ရှိသော မောင်သန်းအေး သည် မိခင်အတွက် ရက်လည်ဆွမ်းကပ် မည့်နေ့မတိုင်မီ တစ်ရက်အလို ည(၈) ရီအချိန်မှာ နက်ဖြန်နံနက်ကပ်လှူ မည့်ဆွမ်း၊ ဆွမ်းဟင်း ချက်ပြုတ်နေကြ သူများနှင့် စကားပြောဆို၍ အိပ်ရာထဲ သို့ ခေါစောစီးစီးဝင်သွားကာ အိပ်စက် သည်။

ည (၁၀) နာရီခန့်အချိန်၌ သူ၏ နီးက ခြင်ထောင်ထဲဝင်၍နှိုးရာ နှိုးမရ တော့ဘဲ အသက်မရှိတော့ကြောင်း သိ တော့သည်။

ကျွန်းပိုင်ထံသို့ သေဆုံးသူ မောင် သန်းအေး၏သားက ဖုန်းဆက်ပြန်၍ ကျွန်းပိုင်မှာ အံ့အားသင့်လျက် အောက်တို ဘာလ ၁၇ ရက်နေ့တွင် ပြန်တန်ဆာ သို့ ဒုတိယတစ်ခေါက် ထပ်မံရောက် ရှိပြန်ပါသည်။ သားအမိနှစ်ဦး (၆) ရက် အတွင်း ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွား ကြသည်မှာ သေခြင်းတရားသည် မည် သည့်အချိန်အခါမဆို ဆိုက်ရောက်လာ နိုင်သည်ကို လက်တွေ့သက်သေပြလိုက် ခြင်းပင် ဖြစ်ပါသည်။ မိခင် ဒေါ်ကြည်

(၁)

| | | |
|---|---|---|
| | အသက် ၈၄ နှစ်-ရောက်သက် | |
| ခန္ဓာပျက်ကိန်း-တနင်္ဂနွေသမီး | + ၆ | တနင်္ဂနွေဂြိုဟ်သက် |
| | ၉၀ | |
| ၃ နှင့်မြှောက်- | × ၃ | |
| ၉ နှင့်စား- | ၉ \| ၂၇၀ \| ၃၀ | |
| | ၂၇ | |
| | ၀ | ကြွင်း-ခန္ဓာပျက်ကိန်း |

(၂)

| | | |
|---|---|---|
| | အသက် (၅၃) နှစ်-ရောက်ရှိအသက် | |
| သောကြာသား | + ၂၁ | သောကြာဂြိုဟ်သက် |
| | ၇၄ | |
| ၃ နှင့်မြှောက်- | × ၃ | |
| ၉ နှင့်စား- | ၉ \| ၂၂၂ \| ၂၄ | |
| | ၁၈ | |
| | ၄၂ | |
| | ၃၆ | |
| | ၆ | ကြွင်း-ခန္ဓာပျက်ကိန်း |

အေးမှာ လေအနည်းငယ်ဖြတ်ထားပြီး အသက်(၈၄)နှစ် ဖြစ်သည်။ သူမ၏သား မောင်သန်းအေးမှာ အသက် (၅၃) နှစ် သောကြာသား ဖြစ်၏။ ရောဂါထွေထွေ ထူးထူးမရှိသော်လည်း မိခင်ကြီး၏ ဈာ ပနအတွက် အိပ်ရေးပျက် ပင်ပန်းနေ သည်။ အိပ်နေရင်း အသက်သေဆုံးသွား ရသည်မှာ မိသားစုများအတွက် ရုတ်တ ရက် မယုံနိုင်စရာဖြစ်ရသည်။ သားအမိ နှစ်ဦးစလုံး၏ဘဝအကြောင်းတရားဟူ၍ သာ ဖြေသိမ့်ရပါတော့သည်။

မြန်မာ့ ရှေးဟောင်း ပညာရပ် များမှ ခန္ဓာပျက်ကိန်းတွက်နည်းများကို ကျွန်းပိုင်လေ့လာခဲ့၏။ ယခုလည်း ကျွန်းပိုင် ကိုယ်တွေ့ သားအမိနှစ်ဦး၏ဖြစ်စဉ်များ ကိုလေ့လာခဲ့ရာ သူတို့ရောက်ရှိနေသော အသက်များမှာ ကျန်းမာရေးညံ့နေလျှင် အထူး ဂရုစိုက်ရန်လိုကြောင်း၊ မပေါ့ဆ သင့်ကြောင်း။

သားအမိနှစ်ဦး၏ ခန္ဓာပျက်ကိန်း ကို တွက်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(၁) ကျွန်းပိုင်၏ အစ်မ ဒေါ်ကြည် အေး၏အသက်(၈၄)နှစ် ရောက်သက်။

၀ကြွင်း၊ ၆ကြွင်း၊ ၄ကြွင်းလျှင် ခန္ဓာပျက်ကိန်းရှိသည်။

(၂) ဒေါ်ကြည်အေး၏ သား မောင်သန်းအေး။

မိခင်နှင့်သား တစ်လအတွင်း (၆) ရက်သာခြား၍ ကွယ်လွန်သွားခဲ့ကြရာ ခန္ဓာပျက်ကိန်းနှင့် ကြုံဆုံသွားပုံ ထူးခြား သလို မိခင်သေဆုံးစဉ် သား မောင်သန်း အေးက မိခင်အနားရောက်လာ၍ ငိုယို ပြီး ပြောပုံမှာ -

'အမေ၊ သားတို့ကို အမေထားခဲ့ ပေမယ့် သား အမေ့နောက်ကို လိုက်ခဲ့ မယ်'

ဟု ပြောငိုခဲ့သလို မိခင်ဈာပနကို မီးသဂြိုဟ်သည်ကိုကြည့်၍ အိမ်ပြန် ရောက်သည့်အခါ သူ၏သား မောင်ဝင်း ထွန်းအား သူကမှာကြားနေသည့်စကား မှာလည်း -

'ငါသေရင် အမေ့လိုမီးနဲ့မသဂြိုဟ် ပါနဲ့။ အုတ်ဂူလုပ်ပြီး ဂူသွင်းပေးပါ'

ဟု မှာကြားနေသည်ကို ဘေးလူ များက ကြား၍ -

'မင်း ဘာလို့ ဒီစကားတွေပြောရ တာလဲ'

ဟု ဝိုင်းဆူကြသည်။

သူက ကြိုတင်မှာထားတာပါဟု ပြန်လည်ပြောခဲ့လေသည်။

သူ့သားသမီးများကလည်း သူ့ အလိုကျ သူ့ကိုဂူသွင်းသဂြိုဟ်ပေးကြပါ ၏။

*(အစ်မကြီးတို့သားအမိ ကောင်းရာသုဂတိသို့ရောက်ကြပါစေ)*

ဆရာဦးစိန်လှိုင်(ကျိုက်သဘ်)



www.burmeseclassic.com

www.burmeseclassic.com

# ဆန်းကျင်ဂြိုဟ်နှင့် ပတ်သက်သောအဟောများ

ဗေဒင်ပညာသိရိုဓ်

ဆန်းကျမ်းဗေဒင်ပညာတွင် ဆန်းကျင်ဂြိုဟ်သည် ဟောပြောမှုအပိုင်းတွင် အဓိကကျသော အခန်းကဏ္ဍတစ်ခု၌ ပါဝင်လျက် ရှိပါသည်။ နာကောဆန်းကျင်၊ မူလ ကောဇာ ဝဲ,ယာတိုင်ဆန်းကျင်၊ ဂြိုဟ်မတူဆန်းကျင်၊ ဗက္ခဆန်းကျင်၊ ဌာနဆန်းကျင်၊ မိတ်ရန်ဆန်းကျင်၊ ကပ်ဂြိုဟ်ဆန်းကျင် ဟူ၍ ဆန်းကျင်ဂြိုဟ် အမျိုးမျိုးရှိရာတွင် ယခု ဖော်ပြအသုံးပြုမည့်ဆန်းကျင်ဂြိုဟ်မှာ ဟောပြောမှုတွင် အသုံးများပြီး ထိရောက်မှုရှိသော နာကော ဆန်းကျင်ဂြိုဟ်အကြောင်းကို ရေးသားတင်ပြပေးပါမည်။

နာကောဆန်းကျင်ဂြိုဟ် ဆိုသည်မှာ မူလနာမက္ခရတိုင်နှင့် ကောလဟဋ္ဌတိုင်တို့တွင် နာနှင့်ကော၊ ကောနှင့်နာ၊ ဇေယျနှင့်ကိစ္စ၊ ဝရနှင့်မရဏ၊ လာဘနှင့်ဗျယ၊ ဒွယနှင့်ဒွယ၊ ကိစ္စနှင့်ဇေယျ၊ မရဏနှင့်ဝရ၊ ဗျယနှင့်လာဘဂြိုဟ်တို့သည် ဂြိုဟ်တစ်လုံးတည်း တူညီနေပါက ထိုဂြိုဟ်ကို နာကောဆန်းကျင်ဂြိုဟ်ဟု ခေါ်ပါသည်။ (အပြင်ဆန်းကျင်ခြင်း၊ အတွင်းဆန်းကျင်ခြင်း၊ အကောင်းဆန်းကျင် သို့မဟုတ် အပေါ်ဆန်းကျင်ခြင်း၊ အဆိုးဆန်းကျင် သို့မဟုတ် အောက်ဆန်းကျင်ခြင်း အစရှိသော ဆန်းကျင်ပုံ အကျယ်ကို ဆရာဒလမင်းခေါင်၏ ဆန်းပညာဆောင်းပါးများတွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်သည် ကျန်ရှိနေသေးသော ဆန်းပညာအချက်အလက်ပညာခန်းများကိုသာ ရွေးချယ်ဖော်ပြ ရေးသားနေခြင်းသာ ဖြစ်ပါသည်။ စကားချပ်)

ဆန်းကျင်ဂြိုဟ်နှင့် ပတ်သက်၍ ဟောဆိုရာတွင် ဟောကွက် (၄) မျိုးရှိပါသည်။ ၎င်းတို့မှာ-

၁။ နာနှင့်ကော ဆန်းကျင်ဂြိုဟ်ဟောချက်များ၊

၂။ ဆန်းကျင်ဂြိုဟ်နှင့် မွေးနံ တော်စပ်မှုအရ ဆက်စပ်ဟောဆိုပုံ၊

၃။ ဆန်းကျင်ဂြိုဟ် အကပ်ခံရသော ဂြိုဟ်၏ဟောချက်များ၊

၄။ ဆန်းကျင်ဂြိုဟ်အကပ်ခံရသော ဂြိုဟ်ကို မွေးနံနှင့်တော်စပ်ပုံအရ ဆက်စပ်၍ ဟောဆိုပုံတို့ ဖြစ်ပါသည်။

**၁။ နာနှင့်ကော ဆန်းကျင်ဂြိုဟ်ဟောချက်များ**

တနင်္ဂနွေဂြိုဟ်နာကောဆန်းကျင်လျှင်-

အိုးအိမ်၊ လုပ်ငန်း၊ အကြီးအကဲ၊ အိမ်ထောင်ရေးတို့နှင့် ပတ်သက်၍ ပြဿနာကြုံတတ်သည်။ တနင်္ဂနွေနံပါသော ပညတ်များနှင့် ဆန်းဆန်းကြယ်ကြယ် ပြဿနာကြုံတွေ့ရတတ်သည်။

တနင်္လာဂြိုဟ်နာကောဆန်းကျင်လျှင်-

ငွေ၊ ကား၊ ကျောက်မျက်ရတနာ၊ ခြေနှစ်ချောင်း၊ အချစ်ရေး၊ အလှူမင်္ဂလာ စသည်တို့နှင့် ပြဿနာကြုံတတ်သည်။ တနင်္လာနံပါသော ပညတ်များနှင့်ပတ်သက်၍ ဆန်းဆန်းကြယ်ကြယ် ပြဿနာများကြုံတတ်သည်။

အင်္ဂါဂြိုဟ်နာကောဆန်းကျင်လျှင်-

အစွပ်အစွဲခံရခြင်း၊ ပစ်စာတိုင်စာခံရခြင်း၊ ဆီးရောဂါ, မျက်စိရောဂါဖြစ်ခြင်း၊ အစားမှား, ဆေးမှားခြင်း၊ အင်္ဂါနံပါသောပညတ်များနှင့် ဆန်းဆန်းကြယ်ကြယ် ပြဿနာများ ကြုံတတ်သည်။

ဗုဒ္ဓဟူးဂြိုဟ်နာကောဆန်းကျင်လျှင်-

ရှုးသွပ်ခြင်း၊ အလိမ်အကောက်ခံရခြင်း၊ ရေနစ်ခြင်း၊ ရေယုန်, ယားနာပေါက်ခြင်း ကြုံတတ်သည်။ ဗုဒ္ဓဟူးနံပါသောပညတ်များနှင့် ဆန်းဆန်းကြယ်ကြယ် ပြဿနာကြုံတတ်သည်။

ကြာသပတေးဂြိုဟ် နာကောဆန်း[...] လျှင်-

အမွေမှု၊ မိန်းမမှု၊ ပစ္စည်းမှု [...] တတ်သည်။ ဆရာသမား၊ ဘုန်းကြီး[...] နှင့် ပြဿနာကြုံတတ်သည်။ ပညာ[...] တွင် အခက်အခဲကြုံတတ်သည်။ ကြာ[...] သပတေးနံပါသောပညတ်များနှင့် ဆန်း[...] ဆန်းကြယ်ကြယ် ပြဿနာကြုံတတ်[...]

သောကြာဂြိုဟ် နာကော ဆန်း[...] လျှင်-

ဆွေမျိုးသားချင်း ပျက်စီးတတ်[...] သည်။ သွေး၊ သား၊ သားအိမ်ရော[...] ဖြစ်တတ်သည်။ သူခိုးခိုးခံရတတ်သည်[...] ခရီးသွားလာရေးတွင် အခက်အခဲများ[...] စွာကြုံတတ်သည်။ သောကြာနံပါသော[...] ပညတ်များနှင့် ဆန်းဆန်းကြယ်ကြ[...] ပြဿနာကြုံတတ်သည်။

စနေဂြိုဟ်နာကောဆန်းကျင်လျှင်-

မီးလောင်ခြင်း၊ ဓာတ်လိုက်ခြင်း[...] အပူလောင်ခြင်း၊ အမှုဖြစ်ခြင်း၊ ထ[...] ဝန်ပျက်ကျခြင်း၊ နိုင်ငံခြား, လူမျိုး[...] တို့နှင့် ပြဿနာကြုံတတ်သည်။ စနေ[...] ပါသောပညတ်များနှင့် ဆန်းဆန်းကြ[...] ကြယ် ပြဿနာကြုံတတ်သည်။

(နာကော ဆန်းကျင်ဂြိုဟ်များ[...] သည် သက်ရောက်တိုင်တွင် ၎င်းဆန်း[...] ကျင်သောဂြိုဟ် တည်ရာဌာနနှင့် ထ[...] ဆန်းကျင်ဂြိုဟ်ကို ပြန်၍ကပ်ထားသော[...] ဂြိုဟ်၏အဆင့်အတန်းပေါ် မူတည်[...] မှသာ ကောင်းကျိုးဖြစ်ခွင့်ရှိပါသည်[...])

**၂။ ဆန်းကျင်ဂြိုဟ်နှင့် မွေးနံတော်စပ်မှု[...] အရ ဆက်စပ်ဟောဆိုပုံ**

နာကောတွင် ဆန်းကျင်နေသော[...] ဂြိုဟ်သည်-

မိမိမွေးနံ ဖြစ်နေပါက ဘာ[...] လုပ်၊ ဘာကြံကြံ ပြတ်သားမှုမရှိ [...]



www.burmeseclassic.com

www.burmeseclassic.com

နေတတ်သည်။ ကိုယ့်ကိုယ်ကိုယ် ပြန် အလိုမကျ ဒေါသဖြစ်ရတတ်သည်။ ပ်အကိုင် အဆင်မပြေတတ်၊ ကျန်း ရေးညံ့တတ်သည်။

မိမိမွေးနံ၏အညွန့်ဂြိုဟ် ဖြစ်နေ ကျန်းမာရေး ချူချာတတ်သည်။ ါဖြစ်လျှင် ဆန်းဆန်းပြားပြားဖြစ် သည်။ ရောဂါနှင့်ဆေး တခြားစီ တတ်သည်။

မိမိမွေးနံ၏အခြေဂြိုဟ် ဖြစ်နေပါ ုပ်ငန်းနေရာဌာန အရွှေ့အပြောင်း တတ်သည်။ အလုပ်အကိုင်မမြဲတတ်

မိမိမွေးနံ၏ဓာတ်ဂြိုဟ် ဖြစ်နေပါ ကျန်းမာရေးညံ့ခြင်း၊ စီးပွားရေးထိ ခြင်း၊ ဂုဏ်သိက္ခာကျခြင်းများ ဖြစ် သည်။

မိမိမွေးနံ၏အိမ်ထောင်မိတ်ဂြိုဟ် နေပါက အိမ်ထောင်ဖက်နှင့်ပတ် ၍ သို့မဟုတ် မိတ်ရင်းဆွေရင်းများ တ်သက်၍ ဆိုးကျိုးများ၊ စိတ်ဆင်း ား ကြုံရတတ်သည်။ အိမ်တွင်းရန်၊ န်မှုဖြစ်နေတတ်သည်။

မိမိမွေးနံ၏အပြင်မိတ်ဂြိုဟ်ဆန်း င်နေလျှင် ပြင်ပတွင် သွားလာရာ၌ တ်အခံမကောင်း၊ ရန်မကောင်း ဖြစ်တတ် ည်၊

**၃ ဆန်းကျင်ဂြိုဟ်အကပ်ခံရသောဂြိုဟ် ဟောချက်များ**

နာကောမှ ဆန်းကျင်ဂြိုဟ်တစ် သည် သက်ရောက်တိုင်တွင်-

တနင်္ဂနွေဂြိုဟ်ကို သွားရောက် ထားမည် ဆိုပါက အဖ၊ အိုးအိမ်၊ စု၊ အိမ်ထောင်၊ အကြီးအကဲ၊ အိမ် င်းရေး၊ အိမ်ထောင်ရေး၊ အလုပ်၊ ရိုး အနီရောင်၊ ၁နွေနံပညတ်များနှင့် သက်၍ ဆန်းဆန်းကြယ်ကြယ် ဆိုး များ ကြုံတွေ့တတ်ပါသည်။

တနင်္လာဂြိုဟ်ကို သွားရောက် ပ်ထားမည်ဆိုပါက အမိ၊ ငွေကြေး၊ ချစ်ရေး၊ အကြွား၊ ဟန်အမူအရာ၊ ာက်၊ ကား၊ ခွေး၊ ခြေနှစ်ချောင်း၊ ဖြူရောင်၊ ၂လာနံပညတ်များနှင့်ပတ် က်၍ ဆန်းဆန်းကြယ်ကြယ်ဆိုးကျိုး များ ကြုံတွေ့တတ်ပါသည်။

အင်္ဂါဂြိုဟ်ကို သွားရောက် ကပ် ထားမည်ဆိုပါက ခင်ပွန်း၊ စိတ်၊ စိတ် ပိုင်းဆိုင်ရာခံစားချက်၊ အစွပ်အစွဲ၊ ပစ် စာတိုင်စာ၊ ခိုက်ရန်၊ စစ်ဘက်၊ စက်မှု၊ အောက်လက်ငယ်သား၊ ဆန်၊ ဆေး၊ အ စိမ်းရောင်၊ ၃ဂါနံပညတ်များနှင့် ပတ် သက်၍ ဆန်းဆန်းကြယ်ကြယ် ဆိုးကျိုး များ ကြုံတွေ့တတ်ပါသည်။

ဗုဒ္ဓဟူးဂြိုဟ်ကို သွားရောက် ကပ် ထားမည်ဆိုပါက သားသမီး၊ လူ၊ လူစု လူဝေး၊ ညီအစ်ကိုမောင်နှမ၊ ရွှေ၊ ငွေ၊ လှည်း၊ ရုပ်ရှင်၊ ယားယံခြင်း၊ ရေနစ်ခြင်း၊ ရှင်သီဝလိ၊ အဝါရောင်၊ ၄ဟူးနံပညတ် များနှင့် ပတ်သက်၍ ဆန်းဆန်းကြယ် ကြယ်ဆိုးကျိုးများ ကြုံတွေ့တတ်သည်။

ကြာသပတေးဂြိုဟ်ကို သွား ရောက်ကပ်ထားမည်ဆိုပါက မိတ်ဆွေ၊ မိန်းမ၊ ပညာ၊ အတွေးအခေါ်၊ မြေ၊ အ မွေ၊ ဘာသာရေး၊ ဆရာ၊ ဖြူမှိုင်းသော အရောင်၊ ၅တေးနံပညတ်များနှင့် ပတ် သက်၍ ဆန်းဆန်းကြယ်ကြယ် ဆိုးကျိုး များ ကြုံတွေ့တတ်ပါသည်။

သောကြာဂြိုဟ်ကို သွားရောက် ကပ်ထားမည်ဆိုပါက ဇနီး၊ ဆွေမျိုး၊ သူ ခိုး၊ အတောင်ပါသောသတ္တဝါ၊ စကား၊ ခရီး၊ လှုပ်ရှားမှု၊ အလှအပ၊ သွေးသား၊ အနုပညာ၊ ရောနှောသောအရောင်၊ ၆ကြာနံပညတ်များနှင့်ပတ်သက်၍ ဆန်း ဆန်းကြယ်ကြယ် ဆိုးကျိုးများ ကြုံတွေ့ တတ်ပါသည်။

စနေဂြိုဟ်ကို သွားရောက် ကပ် ထားမည်ဆိုပါက မင်း၊ နတ်၊ လူမျိုးခြား၊ ဘာသာခြား၊ နိုင်ငံရေး၊ ထင်ပေါ်လော ဘ၊ အမှု၊ ထောင်၊ ထီ၊ ပယောဂ၊ အ ကြော၊ အနက်ရောင်၊ အပြာရောင်၊ စနေ နံပညတ်များနှင့်ပတ်သက်၍ ဆန်းဆန်း ကြယ်ကြယ် ဆိုးကျိုးများ ကြုံတွေ့တတ် ပါသည်။

**၄။ ဆန်းကျင်ဂြိုဟ်အကပ်ခံရသောဂြိုဟ်ကို မွေးနံနှင့် တော်စပ်ပုံအရ ဆက်စပ်၍ ဟောဆိုပုံ**

မွေးနံကို ဆန်းကျင်ဂြိုဟ်ကပ်လျှင် ဘာလုပ်လုပ် အဆင်မပြေတတ်၊ ကျန်း မာရေးမကောင်းတတ်ပါ။

မွေးနံ၏အညွန့်ဂြိုဟ်ကို ဆန်းကျင် ဂြိုဟ်ကပ်လျှင် စီးပွားရေးပျက်တတ်ပါ သည်။

မွေးနံ၏ အာယုဂြိုဟ်ကို ဆန်း ကျင်ဂြိုဟ် ကပ်လျှင် ကျန်းမာရေးညံ့ တတ်သည်။

မွေးနံ၏အခြေဂြိုဟ်ကို ဆန်းကျင် ဂြိုဟ်ကပ်လျှင် အလုပ်အကိုင်အပြောင်း အရွှေ့ဖြစ်တတ်၊ အခြေပျက်အနေပျက် ဖြစ်တတ်သည်။

မွေးနံ၏ဓာတ်ဂြိုဟ်ကို ဆန်းကျင် ဂြိုဟ်ကပ်လျှင် ဂုဏ်သိက္ခာထိခိုက်တတ်၊ ဘုန်းတန်ခိုးနိမ့်ကျတတ်သည်။

မွေးနံ၏ အတွင်းမိတ်ဂြိုဟ်ကို ဆန်းကျင်ဂြိုဟ်ကပ်လျှင် အိမ်တွင်းရေး၊ အိမ်ထောင်ရေးတွင် ပြဿနာပေါ်တတ် သည်။

မွေးနံ၏အပြင်မိတ်ဂြိုဟ်ကို ဆန်း ကျင်ဂြိုဟ်ကပ်လျှင် ပြင်ပတွင် သွားလာ လှုပ်ရှားရာ၌ ရန်အတိုက်အခံနှင့် ကြုံ တတ်သည်။

မွေးနံ၏အတွင်းရန်ဂြိုဟ်ကို ဆန်း ကျင်ဂြိုဟ်ကပ်လျှင် အိမ်ထောင်ရေးပြို ကွဲတတ်သည်။

မွေးနံ၏အပြင်ရန်ဂြိုဟ်ကို ဆန်း ကျင်ဂြိုဟ်ကပ်လျှင် မိမိ ပါဝင်လုပ်ကိုင် သော အဖွဲ့အစည်း ပြိုကွဲပျက်စီးတတ် သည်။

စာဖတ်ပရိသတ် ဆန်းဗေဒင်ဝါသ နာရှင်များ ဆန်းဗေဒင်ပညာ ဗဟုသုတ အသိများ တိုးပွားသထက် တိုးပွားကြပါ စေ။

*ဘဝ၊ အစစ လှကြပါစေ*

ဇေယျာသိဒ္ဓိ

**ကျမ်းကိုး**

- လက်တွေ့အသုံးချ ဆန်းဗေဒင်နှင့် ဗေဒင်ပညာဆောင်းပါးများ ဆရာဦးမောင်မောင်ကြည် (သေသဝိဇ္ဇာ)
- မြန်မာ့ဗေဒင်ပညာ ဦးဘိုသိန်း-ဘီအေ



www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတစ်ရံ သဘာဝဖြစ်ရပ်တွေဟာ သိပ္ပံပညာဘယ်လိုမှလိုက်လို့မမီပါဘူး။ တွေ့ခဲ့ကြုံခဲ့ပြီဆိုရင်လည်း ဟုတ်မှဟုတ်ရဲ့လားလို့ မေးယူရလောက်အောင် ဆန်းကြယ်နေတတ်ပါတယ်။ ကျွန်တော်ကြုံခဲ့သမျှကို ပြန်ပြီးလေ့လာကြည့်ရင်လည်း မြို့ထဲမှာမကြုံဘဲ ရိုးမတောရောက်မှ တွေ့ကြုံခဲ့တဲ့ ဇာတ်လမ်းတွေပဲ ဖြစ်နေတယ်။

ကျွန်တော် ကြုံခဲ့သမျှကို တတ်နိုင်သမျှ စာပေနဲ့ မှတ်တမ်းတင်ခဲ့ပါတယ်။ ဒါကြောင့် ကပ်ကျော်ဓာတ်ပေါင်းစုစေတီလေး တည်စဉ်က နို့ဆီဘူးနှစ်လုံးချက်ကို လူ(၁၅)ယောက် ဗိုက်ဖောင်းအောင်ကျွေးနိုင်တယ်ဆိုရင် ယုံပါ့မလား။ အဲဒီအကြောင်းကို 'နို့ဆီဘူးနှစ်လုံးချက် ဝက်ဝက်ကွဲအလှူ' (မဟေသီမဂ္ဂဇင်း၊ ၂၀၀၈၊ မတ်လ၊ စာ - ၁၄၄) မှာ အပြည့်အစုံ ဖော်ပြထားပါတယ်။

နောက်တစ်မျိုးက ရုပ်စုံတောင်ကဆင်ရုပ်ကို ယူသွားမိလို့ ဆေးရုံရောက်တဲ့အထိ မသက်သာတဲ့ ဖြစ်ရပ်ပါဘဲ။ ဒီအကြောင်းကို 'မကြုံဘူးသေးတော့' ခေါင်းစဉ်နဲ့ (သုရှုမဂ္ဂဇင်း၊ ၂၀၀၉၊ ဒီဇင်ဘာ၊ စာ - ၄၀၈) မှာ ဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာ ဖော်ပြပြီးပါပြီ။ ဖရဲမြစ်ဘေးက ကြက်ပေါင်ရွာမှာရှိတဲ့ အောက်လင်းဓာတ်မီးကြီးကလည်း တစ်မျိုးဗျ။ ရေစင်ဖိုး တစ်မတ်ပေးမှ ညလုံးပေါက်လင်းတယ်တဲ့။ ဒီဖြစ်ရပ်ကိုတော့ 'နာရီဝက်အလင်းရှင်' ဆိုပြီး (သိဒ္ဓိမိုးမဂ္ဂဇင်း၊ ၂၀၀၇၊ ဩဂုတ်လ၊ စာ - ၈၂) မှာ ကြုံခဲ့သမျှ ဖော်ပြခဲ့ပါတယ်။

ဒီပါရုံဘုရားရောက်လာတဲ့ မြွေဆရာတစ်ဦးက မြွေအကြောင်းအပြောကြီးလွန်းလို့ ပညာပေးမယ်ဆိုပြီး ဒီပါရုံဘုရားစောင့်မြွေကြီး လာလိုက်တာ မြွေဆရာလည်း ကျောင်းပေါ်တက်ပြေးရတဲ့အထိ ဖြစ်တော့တာပါပဲ။ မြွေကြီးက မှတ်လောက်သားလောက် ပညာပေးဖို့ ကျောင်းကြီးတစ်ကျောင်းလုံးကို သူ့ကိုယ်ကြီးနဲ့ ပတ်လိုက်တာ ဘုန်းတော်ကြီး မေတ္တာရပ်ခံလို့ ကျောင်းမပြိုတာပါ။ ဒီအကြောင်းကို 'မြွေဆိုရင် တီလိုသဘောထားမယ်တဲ့' ခေါင်းစီးနဲ့ (သိဒ္ဓိမိုးမဂ္ဂဇင်း၊ ၂၀၀၇၊ မတ်လ၊ စာ - ၁၅၈) မှာ ဖော်ပြပြီးပါပြီ။

အခုဖော်ပြမယ့် 'လေးကျွန်းကြာခိုင်စေတီတော်နဲ့ သိုက်မီးအလင်းရောင်' ဇာတ်လမ်းကလည်း ရိုးမတောထဲက အတွေ့အကြုံတစ်ခုပါပဲ။ မဖော်ပြဖြစ်သေးတဲ့ အကြောင်းအရာတစ်ခုပဲ ဖြစ်ပါတယ်။ သိုက်မီးအလင်းရောင် တင်ပြ





www.burmeseclassic.com

www.burmeseclassic.com

လေးကျွန်းကြာခိုင်စေတီ မပါဘဲ လို့ မရပါဘူး။ ဒါကြောင့် လေး ကြာခိုင်စေတီ ဘယ်လို စပေါ်လာ ကြောမှ သိုက်မီးအလင်းရောင်က က တွဲလျက်ပါလာပါလိမ့်မယ်။

ဒီအဖြစ်အပျက် စတဲ့နှစ်ဟာ ခုနှစ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ခဲ့တဲ့ (၂၁) နှစ်လို့ ပြောရမှာပါ။ ကိုယ်ကိုယ်လည်း စဉ်းစားကြည့် ဒီလောက် ခိုင်လုံတဲ့ အကြောင်း ဖြစ်လို့မရေးဖြစ်တာလဲ။ တွေးကြည့် မှုတာမျိုးတော့ မဟုတ်ပါဘူး။ အ ကြောင်းအရာက ရေးမယ်ဆိုရင် တော် ကြီး ကျယ်ကျယ်ပြန့်ပြန့် တည် တ်မှ အကြောင်းအရာက ခိုင်လုံ ဖြစ်လို့ မရေးဖြစ်ခဲ့ကြောင်း အဖြေရ တယ်။

အခုတော့ ကျယ်ကျယ်ပြန့်ပြန့် တင်ပြဖို့ အချိန်တွေက အလုံအလောက် ရှိနေပါပြီ။ ရက်ရှည်သကြိန်ရုံးပိတ်ရက် မှာ ကျွန်တော်က ရေးချင်သလောက် ရေးလို့ရနေပြီလေ။ ဒီပိတ်ရက်ရှည်ရှိလို့ လည်း 'လေးကျွန်းကြာခိုင်စေတီတော်နဲ့ သိုက်မီးအလင်းရောင်' ဇာတ်လမ်းဟာ ပေါ်ပေါက်လာခြင်းပဲ ဖြစ်ပါတယ်။

၁၉၉၁ ခုနှစ်က ဒီပါရုံဘုရားကို ဘုရားဖူးထွက်ခဲ့ကြတယ်။ ရိုးမတောင် ကြီးရဲ့ တောင်ခြေမှာ ဒီပါရုံတောင်က အမြင့်ဆုံးပါပဲ။ မြစ်ထဲကလည်း မြင်ရ၊ လယ်ကွင်းကလည်း မြင်ရ။ အဝေးကြည့် မှန်ပြောင်းနဲ့ဆိုရင် ငွေရောင်တွေ တဖိတ် ဖိတ်ကို ထင်ထင်ရှားရှားတောင် မြင်ရ ပါတယ်။ အဲဒီအချိန်က မှန်သက်န်းကပ် တဲ့အချိန်လေ။ ဒါကြောင့် ဝင်းဝင်းလက် လက်ကို ငွေရောင်အဖြစ် မြင်နေရတာ ပါ။

ဒီပါရုံတောင်ထိပ်ပေါ်ကနေ ကျွန် တော်က အရပ်ရှစ်မျက်နှာကို မှန်ပြောင်း နဲ့ ကြည့်လိုက်တယ်။ အလွန်ဝေးကွာတဲ့ ပုသိမ်မြို့ကြီးကို လေယာဉ်ပေါ်က မြင်ရသ လို ကြည့်လို့ပင် ကောင်းသေး။ တောင် ပတ်လည်က မြင်ကွင်းထဲမှာ စေတီလေး တွေဆိုတာ အားကြီးပါပဲ။ တောင်ဘက် စူးစူးက တောင်ကြီးတစ်လုံးက အမြင့် လည်း နည်းမှာမဟုတ်ဘူး။ အေးက တောင်တွေထက်လည်း မြင့်နေတယ်။ ကျွန်တော်က မိတ်ဆွေတစ်ဦးကို -

"ဟိုတောင်ဘက်က ပေါင်မုန့်လို တောင်ကြီးက ဘာတောင်လဲ။ တောင် ကြီးကြီးပြီး စေတီပုထိုးလည်းမရှိဘူး။ ပြီး တော့ တောင်ထိပ်မှာ သစ်ပင်တစ်ပင်က လည်း ထင်ထင်ရှားရှားပါလား"

လို့ မေးလိုက်တော့ ဒီပါရုံအ ကြောင်း သိပုံရတဲ့ မိတ်ဆွေက -

"အခု ခင်ဗျားမြင်တဲ့တောင်က ကျားလေးတောင်ပဲ။ ဒီပြင်တောင်တွေ နဲ့ မဆက်စပ်ဘဲ သူ့ချည်းထီးထီးရှိနေလို့ ကြက်ဥတစ်လုံးတောင်လို့လည်း ခေါ်



စိုးထွန်း(ဥပဒေ)

**လေးကျွန်းကြာခိုင်စေတီတော်နှင့် သိုက်မီးအလင်းရောင်**

တယ်။ ဒီတောင်လည်း ဓာတ်ပန္နက် တောင်ထဲမှာ ပါတယ်ဗျ။ ဓာတ်ပန္နက်ဆို လို့ ခင်ဗျားက စစ်စစ်ပေါက်ပေါက် မေး ဦးမယ်။ ကျုပ်ပဲရှင်းပြပါ့မယ်။

ဟိုးလွန်ခဲ့တဲ့ (၁၅) နှစ်လောက်က အဘဘိုးတော်အောင်မင်းခေါင်က သူ့ရဲ့ သားတပည့် ဘိုးတော်မုံကြီးကို ပန္နက် (၉)ခု ရိုက်ခိုင်းတယ်။ အခုဒီပါရုံတောင် ထိပ်ကနေ မှန်ပြောင်းနဲ့ကြည့်လို့မြင်ရတဲ့ စေတီလေးတွေနေရာပေါ့။ ပန္နက်ရိုက် ရင်း နေရာတိုင်းကို အမည်ပါပေးခိုင်း တယ်။ နံပါတ်စီပြီးပြောရမယ်ဆိုရင်-

၁။ အကြို့တော် - အကြို့တော်စေတီ

၂။ ကပ်ကျော်မဟာကျောက်ခဲကြီး - ကျောက်ခဲကြီးစေတီ

၃။ ရုပ်စုံတောင် - ရုပ်စုံတောင်စေတီ



www.burmeseclassic.com

www.burmeseclassic.com

၄။ လှည်းကွဲ - လှည်းကွဲစေတီ
၅။ ကျောက်အိုးစည် - ကျောက်အိုးစည်စေတီ
၆။ ဝါးဘိုးကိုးရုံ - 'ဝ'စကြာစေတီ
၇။ စိုင်မြို့ကျော - စိုင်မြို့ကျောစေတီ
၈။ သက်န်းတောင် - သက်န်းတောင်စေတီ
၉။ ကျားလေးတောင်

ဆိုပြီး (၉) ဌာန ရှိပါတယ်။ ကျားလေးတောင်ကတော့ ခတ်ပန္နက်သာရှိပြီး ထူးထူးခြားခြား စေတီတော်ဘွဲ့မည် မရှိသေးဘူး။ အဲဒီ (၉) နေရာက တစ်နေရာနဲ့ တစ်နေရာ နီးတာ မဟုတ်ဘူးဗျ။ မြောက်ဘက်နဲ့ တောင်ဘက်၊ အရှေ့တောင်ဘက်၊ အနောက်တောင်ဘက်တွေမှာ ပန္နက်ရိုက်ရတာပါ။ ဒီပါရုံဘုရားကနေ သက်န်းတောင်ဆိုရင် (၆) မိုင်ဝေးတယ်။ ခင်ဗျားမြင်တဲ့ ကျားလေးတောင်ဆိုရင် (၃) မိုင်ဝေးပါတယ်။

ခတ်ပန္နက်ရိုက်တဲ့ ဘိုးတော်မုံကြီးက တောတောင်တွေထဲမှာ တရားကျင့်တာ ကြာပြီ။ အဘဘိုးတော်အောင်မင်းခေါင် ညွှန်ကြားတာကို တိုက်ရိုက်ကြားတာ ထူးခြားတယ်ဗျ။ ဘိုးတော်ကြီးကတစ်ဆင့် သူ့ကိုပြောပြီး သူက သက်ဆိုင်သူကို ပြန်ပြောတဲ့ကိစ္စတွေမှာ လွဲတာမှ မရှိတာ။ ဒီလိုပြောပြီဆိုရင် သူကိုယ်တိုင်က -

'ငါသိလို့ပြောတာမဟုတ်ဘူးနော်။ အဘဘိုးတော်အောင်မင်းခေါင် ကိုယ်တိုင်ပြောတာ'

လို့ စကားပလ္လင်ခံပြောတာဗျ။ အဲဒီ ခတ်ပန္နက်တွေရိုက်တုန်းက ကျွန်တော်တောင် လုပ်အားပေးလိုက်ရသေးတယ်။ ဘိုးတော်မုံကြီးကိုယ်တိုင် ကျွန်တော့်ကို ဘာပြောသလဲဆိုရင် -

ပန္နက်ရိုက်ရတဲ့နေရာတွေကလည်း တစ်နေရာနဲ့ တစ်နေရာ ဝေးလိုက်တာကွ။ ဒီလောက်ဝေးတဲ့နေရာကို ဘယ်သူက စေတီပုထိုးလာပြီးတည်မှာလဲလို့ ငါက အဘကို မေးကြည့်တယ်ကွ။ အဘက ငါ့ကိုဘာပြောလဲဆိုရင် 'မင်းပူစရာမလိုပါဘူး။ ဘိုးသူတော် (၂၀၀) ရောက်လာရင် ပြီးပါလိမ့်မယ်' လို့ ပြောသကွ။ ဒီလို တောတောင်ထူထပ်တဲ့ ဒီပါရုံကို ဘိုးသူတော်ကလာလှ တစ်ဦး၊ နှစ်ဦးပေါ့။ နှစ်ယောက်၊ သုံးယောက်လာမယ်ဆိုရင် ဖြစ်နိုင်သေးတယ်။ အခုဟာက (၂၀၀) တောင်လာမယ် ဆိုတော့ သဘာဝနဲ့ မကိုက်ညီတော့ဘူး။ခက်တာက ငါလည်း ခံမပြောရဲဘူး။ ဒီတစ်ခါတော့ အဘဟောတာ မှားမယ်ထင်တာပဲ"

"အဲဒီတော့ အဘဘိုးတော်ပြောတာ လွဲရောလား"

"မလွဲပါဘူးဗျာ၊ နောက် (၂) နှစ်လည်းကြာရော ဒီပါရုံဘုရားဘေးကို ရဲဘက်စခန်း ရောက်လာတယ်ဗျ"

"ရဲဘက်စခန်းနဲ့ ဘိုးသူတော်တွေ ဘယ်လို ပတ်သက်လဲ"

"ပတ်သက်ပြီလားဗျာ။ ရဲဘက်စခန်းက လူတွေက အမြဲတမ်း အပေါ်ဖြူ အောက်ဖြူ ဝတ်ရတယ်လေ။ ဒါကြောင့် ရဲဘက် (၂၀၀) ရောက်တယ်ဆိုတာ ဘိုးသူတော် (၂၀၀) ရောက်တာနဲ့ အတူတူဖြစ်သွားတာပေါ့။ တာဝန်ခံ ထောင်မှူးကြီး ဦးဘသိန်းကိုယ်တိုင် ဘာသာကို တော်တော်အလေးထားတယ်။ ဒီပါရုံဘုရားနဲ့ပတ်သက်လို့ ဘိုးတော်မုံကြီးကို အရင်ခေါ်မေးတယ်။ ပြီးတော့ ဘိုးတော်မုံကြီးရဲ့ ပန္နက်တွေကိုလည်း လိုက်ကြည့်တယ်။ သိပ်မကြာပါဘူး၊ ကျောက်တွေလည်းထုတ်၊ ခတ်ပန္နက် (၉)နေရာမှာလည်း စေတီပုထိုးလေးတွေကို ဘိုးသူတော်အကူအညီနဲ့ တည်လိုက်တာ ကျားလေးတောင်တစ်ခုပဲ ကျန်တော့တယ်"

"ဒီကျားလေးတောင်က ဘယ်လို အကြောင်းကြောင့် ကျန်ခဲ့တာလဲ ရှင်းပြပါဦး"

"တောင်ထိပ်တစ်ခုမှာစေတီတည်မယ်ဆိုရင် အနီးဆုံးနေရာက ရေရဖို့လိုတယ်လေ။အင်္ဂတေဖျော်ဖို့ရေက အဓိကပဲ။ ရေရနိုင်တဲ့ အနီးဆုံးနေရာက ရှမ်းတောရွာ။ ကျားလေးတောင်နဲ့ ရှမ်းတောရွာကလည်း (၃) မိုင်ဝေးတယ်။ ရဲဘက်စခန်းကလူတွေကို သွားခပ်ဆိုတော့ ခပ်မှာပေါ့။ ဒီလောက် အလှမ်းဝေးတဲ့နေရာကို သွားပါပြီတဲ့၊ ထွက်ပြေးရင် ဘယ်လိုလုပ်မလဲ။ ဒီပြဿနာရှိလို့ ဒီလောက်ဝေးတဲ့နေရာကို မလွှတ်ရဲပါဘူး။

နောက်ပြဿနာတစ်ခုက ကျားလေးတောင်ပိုင်ကိစ္စပဲ။ လွန်ခဲ့တဲ့ (၇) နှစ်လောက်က ငတင် ဆိုတဲ့ကောင်ဟာ တောင်ထိပ်က လင်းလွန်းပင်ကိုမြင်ပြီး တော်တော်သဘောကျနေတယ်။ ပင်စည်က ကြီးလို့ ခွဲသားလုပ်မယ်၊ ကိုင်းဖျားကိုင်းနားကို ထင်းအဖြစ်သုံးမယ်၊ ကြောက်ရင်လက်လွဲ၊ ရဲမှ မင်းဖြစ်မယ်ဆိုပြီး လွှတွေ၊ ပုဆိန်တွေနဲ့ ကျားလေးတောင်ပေါ် တစ်ယောက်တည်း တက်လာတယ်။ လင်းလွန်းပင်ကို ပုဆိန်နဲ့ တစ်ချက်ပဲ ပေးရသေးတယ်။ တောင်ကြီးပဲ ဆင်းလာပါလေရော။ တောခြောက်တာလား၊ မြေလျှင်တကယ်လှုပ်တာလား၊ ကမ္ဘာပဲပျက်တာလား ဆိုပြီး တစ်ချိုး တည်းထွက်ပြေးတာပေါ့။ လွှတွေ၊ ပုဆိန် တွေကို ယူဖို့တောင်သတိမရပါဘူး။

အိမ်လည်းရောက်ရော ဖျား လေရော။ နောက်သူ့အိမ်သားတစ် ယောက်ကို ဝင်ပူးပြီး -

'ငါ့နာမည် စောအောင်၊ ကျား လေးတောင်ပိုင်ပဲ။ မှတ်ထား၊ ငါပိုင်န ထဲက လင်းလွန်းပင်ကိုလာခုတ်လို့ ပေးရုံပေးလိုက်တာဟေ့။ ဟင်းဟင်း နင့်ကို ပထမအသေလုပ်ဖို့ပဲ။ အဘ တော်ကြီးက ကြိမ်းမောင်းထားလို့ သ သာတယ်မှတ်။ အဘဘိုးတော်သ မတားရင် နင်လေ သစ်ပင်ခြေရင်း အသက်ပျောက်ဖို့ပဲ။ နင်တို့အကော ပြန်ကောင်းချင်ရင် တောင်ပေါ်မှာ ခဲ့တဲ့ ပစ္စည်းတွေကို တစ်ယောက် သွားယူခိုင်း။ ပြီးတော့ ဘုန်းကြီးကျော ကိုလှူလိုက်'

ဒီတော့မှ ကျားလေးတောင် ဟာ စောအောင်လို့ သိကြတာပါ။ ပုဆိန်ကို ဘုန်းကြီးကျောင်းသွား တာနဲ့ ငတင်လည်း နေပြန်ကောင်း တယ်။ နောက်တစ်ယောက်က ငကျောက်ပဲ။ ဒီကောင်က ချေ ကောင်နောက်လိုက်ရင်း ကျား တောင်ထိပ်ကို ရောက်မှန်းမသိ လာတယ်။ ချေကိုမဲလိုက်နေလို့ ကျား လေးတောင်ထိပ်ရောက်နေမှန်း မသိပါဘူး။ တောင်ထိပ်မှာ ချေက ရှာမတွေ့အောင် ပျောက်နေတာ

ငကျောက်က အားမလို ဖြစ်ပြီး ချုံတွေကို ဖြဲခွဲပြီးလိုက်ရှာ ပေါ့။ အလို - ဒီသစ်ပင်ကြီးကို မမြင်မိပါဘူးဆိုပြီး သေသေချာချာ လိုက်တော့ ပင်စည်ကြီးမှာ အမွှေး ကြီးတွေကပေါက်လို့။ မသက်သာ မော့လည်းကြည့်လိုက်ရော ခါး ရပ်နေတဲ့ ဘီလူးကြီး။ ခုနက မြင် သူ့ခြေထောက်ကြီးပါလားလို့ သိ တယ်။

ငကျောက်က ဘီလူးကြီးရဲ့ ခွကြားထဲမှာ။ ဒီနေရာမှာ ပထ ငကျောက်က ချေတစ်ကောင်ကို ရောက်လာတာ။ အခုအခြေအနေ သူက သားကောင်ဖြစ်နေပြီး ဘီလူး က မုဆိုးပြန်ဖြစ်နေပြီ။ လွတ်အော မပြေးနိုင်လို့ကတော့ ဘီလူးကြီးက ချိုးသတ်မှာ သေချာတယ်။ ငတေ ဆိုတာ ကြောက်ချေးတွေပါ၊ သေ ရွှဲပြီး တစ်ချိုးတည်း ရွာကိုပြေးတော ပါပဲ။ ရွာနားလည်းရောက်ရော ငေ



www.burmeseclassic.com

www.burmeseclassic.com

သတိပါမေ့သွားတယ်။

ပြန်ပြီး သတိရပေမယ့် စိတ်က မှန်ဘူး။ ညညဆို ဘီလူးကြီးလိုက် တယ်၊ လိုက်လာနေပြီ၊ ကယ်ကြပါ လို့ ခဏခဏယောင်နေတယ်။ ရွာ ကျောင်းက ဆရာတော်ကြီး ကောင်း အသက်ရှင်တယ်။ ဆရာတော်ကြီး ကျောက်အိမ်ကိုကြွလာပြီး ပရိတ် တွေကို ကျောက်တစ်ကိုယ်လုံး ပေးပြီး အဟန့်အတားလည်းလုပ်၊ ရေကို သောက်လည်းသောက်ခိုင်း၊ ာလည်း ပရိတ်ရွတ်ပေးတော့မှ ဖြည်း သက်သာလာတာ။ မသေ တ်ကောင်းဘဲ။

ဒီလိုအဖြစ်တွေကြားတဲ့ ရွာသား ဆိုတာ ကျားလေးတောင် ဆိုရင် ကရှောင်ကြတော့တယ်။ တောင် တက်ဖို့ဆို ဝေလာဝေးပဲ။ တောင် ာ အမှားလည်းမခံ၊ မီးသင့် တ်တောင်ကြီး ဆိုတော့ တူးဖို့ဆွ ခက်၊ ရေကလည်းရှား ဆိုတော့ သာသနာပြုမှ စေတီတည်ဖို့ စိတ် ကြဘူး။ ဒါကြောင့် တောင်ထိပ်မှာ မရှိတာပေါ့။ ဒီဘက်ခေတ်မှာဆို အနားက ကပ်ကပ်ကျော်သွားလို့ ကျော်တောင်လို့တောင် အမည်တွင် တယ်"

ကျွန်တော်လည်း လူတစ်မျိုး။ ာရလည်းလွယ်၊ ရေကလည်းရှိ ည်းမဝေး၊ ခရီးလည်းမထောက်၊ အားပေးလည်း အဆင်ပြေမယ့်နေ ဆိုရင် စိတ်မပါဘူး။ ရှင်းရှင်းပြော ဘယ်လိုမှ ဓာတ်မကျဘူး။ အခုလို တွေ လက်ရှောင်ပြီး ခက်ခဲတဲ့နေ ကြိုက်တာဗျ။ ကျွန်တော်နဲ့အတူ လိုက်လာတဲ့ ကံမြင့်နဲ့စန်းမောင် တ်တော့-

"မင်းကြိုက်တယ်ဆိုရင် ငါတို့ အဲဒီသဘောလို့သာမှတ်လိုက် သူ ငင်း။ ခက်ခက်ခဲခဲကို အောင်မြင်မှ ဖြစ်မှာ။ တို့ (၃) ယောက်လုပ်ရင် င်တာမရှိပါဘူး။ နဝမဌာန ကျား တောင်မှ စေတီတစ်ဆူကို မဖြစ်ဖြစ် နဲ့ တည်ကြမယ်ကွာ"

အဲဒီစကားကို ဒီပါရုံဘုရားလာဖူး ာလိုက်တဲ့ စကားပါ။ တည်မယ် တာနော်၊ ငွေကနတ္ထိ။ သမာထ နာတရားလည်း ဘာမှနားမလည် ဘာကိုခေါ်တာလဲဟု မေးယူရ တ်အောင် အဲဒီအချိန်က ခပ်စိမ်း ဒါဆိုဟိုဂိုဏ်းဒီဂိုဏ်းကရထားတဲ့ င်ရှိလို့လားမေးရင် ဒါလည်း မရှိ ပါဘူး။ အားကိုးလောက်တဲ့ဂိုဏ်းဆရာ ရှိလား မေးရင်လည်းမရှိ။

"ဒီလောက် လူတကာလက်ရှောင် တဲ့နေရာဖြစ်လို့ တည်ဖြစ်အောင်ကို တည်မယ်လို့ ဘာမှန်းမသိနိုင်တဲ့ စွမ်း အားတစ်ခုက အတင်းတွန်းပို့သလိုပါပဲ။ ကျားလေးတောင်မှာ စေတီမရှိသေးဘူး ဆိုတာ ငါတို့တည်ဖို့ တမင်ကျန်နေတဲ့ သဘောပဲ။ ဒီနေ့တော့ အချိန်မရှိဘူး။ မနက်ဖြန် ကျားလေးတောင်ကို စော စောသွားကြည့်မယ်"

ဒီနေရာမှာ အဆင်ပြေတာက ကျွန်တော်တို့နဲ့ခင်တဲ့ ဓမ္မမိတ်ဆွေက ကိုသိန်းအေး။ သူက ရွာဟောင်းကြီးမှာ နေပြီး တစ်ရက်စာဆွမ်းလှူဖို့လာတဲ့ လုပ် အားပေးအဖွဲ့ကလူ။ နောက်နေ့မနက် ပိုင်းမှာ ဒီပါရုံကို ကြွလာသမျှ ဘုန်းတော် ကြီးတွေကို အရုဏ်ဆွမ်းကပ်ရမယ်။ နေ့ ခင်းပိုင်း နေ့ဆွမ်းနဲ့ ဂေါပကအဖွဲ့အား လုံးကို မနက်၊ ည ထမင်းကျွေးရမယ်တဲ့။ ဒါကြောင့် ဘုန်းတော်ကြီးအရုဏ်ပြီး တာနဲ့ ထမင်းကြော်နဲ့ ရေနွေးဘူးတွေ ယူလာမယ်။ မီးလင်းတာနဲ့ လမ်းပြအဖြစ် လိုက်ပြပါ့မယ်တဲ့။

အဆင်ပြေချင်လာရင် ဒီလိုပါပဲ။ ဘယ်လောက်ဝေးတဲ့ဒေသဖြစ်ဖြစ် ပို့ပေး မယ့်လူနဲ့၊ မနက်စာထမင်းမငတ်အောင် လည်း ဆောင်ရွက်ပေးဦးမယ်။ လမ်းပြ အတွက်လည်း သူပါပဲ။ ပိုပြီးအဆင်ပြေ တာက ကျားလေးတောင်ကို ပန္နက်ရိုက် ခဲ့တုန်းက ဘိုးတော်မုံကြီးရဲ့တပည့်အ ဖြစ် လုပ်အားပေးလိုက်ခဲ့ရလို့ သူလည်း တစ်ခေါက်တလေ ဘုရားတည်မယ့်ဒါယိ ကာတွေနဲ့ ရှေးဦးခရီးဖြစ်လို့ လိုက်ပို့ချင် ပါတယ်တဲ့။ ဘယ်လောက်အဆင်ပြေ သလဲ။ ဒီလိုနဲ့ နောက်နေ့မှ ကျားလေး တောင်ရှာပုံတော်ခရီး စခဲ့ပါတယ်။

'တိုင်းရက်တဲ့ပက္ကလာ မိုးရွာသည် နှင့် အဆင့်သင့်' ဆိုသလို ကျွန်တော်တို့ ကလည်း ကျားလေးတောင်ကိုတက်ကြ၊ ကိုသိန်းအေးကလည်း လိုက်ပို့ချင်၊ စာ ရေးသောက်ရေးအတွက်ပါ သူကဘုန်း ကြီးတွေ အရုဏ်ဆွမ်းဘုဉ်းပေးပြီးတာနဲ့ ပလတ်စတစ်အိတ်နဲ့ ထမင်းကြော်တွေ ထည့်၊ ရေနွေးကြမ်းလည်း ပလတ်စတစ် ဘူးနဲ့ထည့်ပြီး ဓားမတိုတစ်ချောင်းပါ ယူ လာတယ်။ စားစရာတွေကို ကျွန်တော် တို့တောင် ကူသယ်စရာမလိုဘူး။ သူက ဝါးတစ်လုံးကို ထမ်းပိုးလုပ်ပြီး ထမ်းလာ ပါတယ်။ အဆင်ပြေလိုက်ပုံများ 'အုံ့ဩ ကုန်နိုင်ဖွယ်' ဆိုသလို ဖြစ်နေတော့တာ ပါပဲ။

ဒီအချိန်က ကျွန်တော်တို့ယ်တိုင် ဘုရားဖူးညော်သည်ပဲ ဖြစ်ပါတယ်။ ဒီပါရုံ ဂေါပကမှာ အဖွဲ့ဝင်ဖြစ်လာတယ်ဆိုတာ ကျားလေးတောင်မှာ လေးကျွန်းကြာခိုင် စေတီတော်တည်ပြီးမှ ဂေါပကတစ်ဖွဲ့လုံး အုံ့ဩပြီး အဖွဲ့ထဲပါဖို့ ဖိတ်ခေါ်ကြတာ ပါ။ အခုဒီပါရုံလာတဲ့အခေါက်က ဘုရား ဖူးသက်သက်ထွက်လာတာ။ဘာရည် ရွယ်ချက်မှ မရှိသေးပါဘူး။

ဒီပါရုံတောင်ထိပ်က မြင်ကွင်းထဲ မှာ သစ်ပင်တွေက ပုပုပျပ်ပျပ်။ တောင် ခြေရောက်လို့ တောစပ်နင်းလိုက်တယ် ဆိုရင်ပဲ သစ်ပင်ကြီးတွေက ထန်းပင်ထိပ် ဖျားလောက်မြင့်လေရဲ့။ ဝါးပင်တွေ ဆို တာလည်း ရှုပ်ယှက်ခတ်။ ရှေ့ကို တိုး ပေါက်ဖို့တောင် မလွယ်ပါဘူး။ လမ်းပြ မပါဘဲသွားရင် လိုရာမရောက်ဘဲ တော နက်ထဲရောက်မှာ သေချာနေပါတယ်။

ကျွန်တော်တို့ သွားလမ်းဟာ တစ် ခါတစ်ရံ လူဖောက်ပြီးသား လမ်းကလေး က သွားကြတယ်။ တောင်ရိုးမှာ ထင်း ခုတ်တဲ့သူတွေ သွားတဲ့လမ်းဖြစ်မှာပေါ့။ ဆူးချုံတွေကင်းနေလို့ တော်ပါသေးရဲ့။ ဒီလိုနဲ့ တောအုပ်ထဲဝင်လိုက်၊ လျှိုထဲဖြတ် လိုက်၊ မြက်ရိုင်းတောကျော်လိုက်နဲ့ သွား နေကြတာ နေရာကိုလည်း ဘယ်လာ မှတ်မိပါ့မလဲ။ တစ်နာရီ (၃)မိုင်နှုန်း ပျမ်း မျှသတ်မှတ်ရင် ကျွန်တော်တို့ခရီးက တစ်နာရီခွဲကြာပါတယ်။ *

ကျွန်တော့်မှာ အကျင့်တစ်ခု ရှိ တယ်။ အဲဒါက နေရာဒေသအသစ် ရောက်ရင် နှုတ်နဲ့မိတ်ဖွဲ့လိုက်တဲ့အကျင့် ပါပဲ။ ဒီနည်းက သွားသမျှခရီးမှာ အ ဆင်ပြေခဲ့တာတွေလည်း လက်တွေ့ပဲ။ အဲဒါကြောင့် ကျားလေးတောင်ပေါ် မတက်ခင်-

"ကဲ- တောင်ပိုင်ကြီး စောအောင် ရေ တို့အဖွဲ့က မင်းတောင်မှာ သာသနာ ပြုဖို့ လာကြတာပါ။ မင်းလည်း ဝမ်း မြောက်ဝမ်းသာ သာဓုခေါ်နိုင်ပါတယ်။ မကြာမီအချိန်မှာ မင်းကိုးကွယ်ဖို့ စေတီ လေးတစ်ဆူတော့ ဖြစ်လာပါလိမ့်မယ်။ မင်းကခွင့်လည်းပြု၊ တို့ကိုလည်း ကူညီ ပါ။ တောင်ထိပ်တစ်နေရာမှာ ရွှေထီးနဲ့ စက္ကူတုံခွန်ထူထားပါမယ်။ တကယ်လို့ မင်းတောင်မှာ စေတီပုထိုးတည်တာ မကြိုက်ရင် လှဲထားလိုက်ပါ။ နှစ်သက် တယ်၊ လက်ခံတယ်ဆိုရင်တော့ မလဲ အောင် မင်းက စောင့်ရှောက်ပေး။ တို့ တစ်တွေပြုသမျှ ကောင်းမှုတွေကိုလည်း ခွဲဝေပေးပါတယ်။ အမျှ အမျှ အမျှ သာ ဓု သာဓု သာဓု"



www.burmeseclassic.com

www.burmeseclassic.com

ဒီလို အမှုပေး၊ သာဓုပါခေါ်ပြီးမှ ကျားလေးတောင်ပေါ် တက်ကြတာပါ။ တက်စရာက လမ်းမရှိပါဘူး။ နေရာတိုင်းက ခပ်မတ်မတ် တောင်နံရံကြီးပါပဲ။ ဟိုသစ်ပင်ဆွဲ၊ ဒီသစ်ပင်ဆွဲနဲ့ ကုတ်ခြစ်ပြီးတက်ရတဲ့တောင်ပဲ။ တောင်ထိပ်မှာလည်း လူသူလေးပါးမရောက်လို့ ပေါက်ချင်တိုင်းပေါက်နေတဲ့ ကြွက်နွယ်ချုံတွေ၊ ဖုန်းမသိမ်တွေ၊ ဂျာမဏီပင်တွေ၊ ဆူးချုံတွေဆိုတာ တိုးလို့တောင်မပေါက်ပါဘူး။

လိုက်ပို့တဲ့ ကိုသိန်းအေးတောင် နှစ်တွေကြာအားကြီးတော့ ဘယ်နေရာမှာ ဓာတ်ပန္နက်ရိုက်ခဲ့မှန်းတောင် မသိတော့ဘူးတဲ့။ ကျွန်တော်တို့နှားဖို့ ကိုသိန်းအေး မားအားကိုးနဲ့ လင်းလွန်းပင်ခြေရင်းကို ချုံတွေရှင်းလိုက်ပါပြီ။ ခြောက်ပေပတ်လည် မြေကွက်တစ်ကွက်စာ ရပြီဖြစ်လို့ ပထမပါလာတဲ့ ပစ္စည်းတွေချ။ ရွှေထီးလေးစိုက်ဖို့နေရာ ဆက်ပြီး ရွေးပြန်တယ်။ လင်းလွန်းပင်နဲ့ (၁၅) ပေလောက်အကွာမှာ ခါးလောက်မြင့်တဲ့ တောင်ပို့တစ်ခု။ ဒီနေရာကို ကျွန်တော်က ဓာတ်ကျတာနဲ့ စေတီတော်အတွက် ရွေးလိုက်တယ်။

တောင်ပေါ်မှာရှိတဲ့ ဖုန်သဲအချို့ကို တောင်ပို့ပေါ်တင်ပြီးတော့မှ စက္ကူရွှေထီးနဲ့ စက္ကူတံခွန်လေး ထူလိုက်တာပေါ့။ ကျားလေးတောင်ဟာ ကိုသိန်းအေးရှင်းပြချက်အရ ပေ(၂၈၀)မြင့်တယ်တဲ့။ ဒါကြောင့် လေကတော့ တဟူးဟူးပဲ။ ရွှေထီးနဲ့ တံခွန်ဟာ ဒီတိုက်တဲ့လေနဲ့တင် လဲနိုင်တဲ့အခြေအနေ ရှိပါတယ်။ ကျွန်တော့်သူငယ်ချင်း ကံမြင့်ကတောင်-

"မင်းလုပ်ပုံက တောင်ပိုင် စောအောင် မကျေနပ်လို့ လဲမှန်းမသိ၊ လေတိုက်ကြမ်းလို့ လဲမှန်းမသိ ဖြစ်နေဦးမယ်ကွ"

လို့ သူက သတိပေးပါတယ်။

ကျွန်တော့အတွေးက တစ်မျိုး။ ဒီလိုလေတိုက်တဲ့နေရာမှာ တောင်ပိုင်စောအောင် ကိုယ်တိုင် စေတီတည်စေချင်တဲ့စိတ်ဆန္ဒရှိရင် မလဲအောင် သူစောင့်ရှောက်ပါလိမ့်မယ်။ ဒီဆုံးဖြတ်ချက်ကြောင့် ကျွန်တော့်စမ်းသပ်မှုကို လုံးဝမပြင်ပါဘူး။ ဖုန်သဲထဲမှာ နှစ်လက်မလောက်တော့ စိုက်ထားလိုက်ပါတယ်။

ကျားလေးတောင်ထိပ်ရောက်တော့ ပထမအရေးကြီးတာက တောင်တက်လမ်း။ ကြက်ဥတစ်လုံးတောင်လို့ ခေါ်ရလောက်အောင် နေရာတိုင်းက ခပ်မတ်မတ်တွေ ဖြစ်နေတယ်။ တောင်တက်လမ်းရှိမှ ပစ္စည်းတင်ရလွယ်မယ်။ လူတက်လို့လည်း အဆင်ပြေမယ်ပေါ့။ ဒုတိယအရေးကြီးတာက ရေပါပဲ။ ကိုသိန်းအေးပြောတာ မှန်ပါတယ်။ တောင်ခြေဝန်းကျင်မှာ ဘာရေမှမရှိပါဘူး။

တောင်ထိပ်မှာရှိတဲ့ မြေပြန့်က တောင်နဲ့မြောက်က ပေ (၁၀၀)လောက်။ အရှေ့နဲ့အနောက်က ပေ (၆၀) လောက်တော့ ရှိလိမ့်မယ်။ မျက်မြင်အရတော့ ရေငတ်ခံနိုင်တဲ့ ဒီဒူးပင်ကြီးတွေ နေရာအနှံ့မှာ ပေါက်နေပါတယ်။ ကျောက်တွေကတော့ မီးသင့်နှစ်ချို့ကျောက်အနီတွေပါ။ တူနဲ့ထုတောင် တော်တော်နဲ့ ကွဲမယ့်ကျောက် မဟုတ်ပါဘူး။ ဒေသခံကိုသိန်းအေးက ဘာပြောသလဲဆိုရင်-

"ရေမရှိတော့ ရေနဲ့အသက်ရှင်ရတဲ့ တောတိရစ္ဆာန်တွေလည်း မတွေ့ရဘူးပေါ့။ ဒါပေမယ့် လူသူလေးပါး အရောက်အပေါက်မရှိရင် ခွေးအနဲ့ တောဝက်တွေ အထိုင်ချတတ်တယ်။ တစ်ခါတစ်ရံ မျက်စိလည်ပြီးရောက်လာတတ်တဲ့ ဝက်ဝံနဲ့ သစ်ကျုတ်တော့ သတိထားရမယ်ဗျ။ ဒါပေမယ့် အခုလို နွေဘက်မှာတော့ ဘာအန္တရာယ်မှ မရှိပါဘူး"

ကိုသိန်းအေး အပြောက အဖွင့်နဲ့အအုပ်နဲ့။ တစ်ဖက်က ပြန်ပြီးစဉ်းစားကြည့်ရင် အများသူငါ လက်ရှောင်တဲ့တောင် ဆိုတော့ ဒီလောက်တော့ ရှိရမှာပေါ့လို့ ဒီလိုပဲ ဆုံးဖြတ်ထားပါတယ်။ မျက်မြင်အခြေအနေနဲ့တင် တော်တော်လေး ခက်ခဲတာကို တွေ့လိုက်ရတဲ့အတွက် နေရာကိုတော့ ကြိုက်သွားပါပြီ။ ဘုရားတည်သင့်၊မတည်သင့်အပိုင်းကိုတော့ မြို့ပေါ်က အကြားအမြင်ဆရာ၊ နတ်ဗေဒင်နဲ့ ဆရာ့ဆရာကြီးတွေ မေးစမ်းကြည့်ရဦးမှာပေါ့ဗျာ။

ကျွန်တော်တို့ ပုသိမ်ကို ချက်ချင်းမပြန်ဖြစ်ပါဘူး။ ရေရနိုင်တဲ့ ရှမ်းတောရွာ (၃)မိုင်ခရီးကိုလည်း ဆက်ပြီး လမ်းလျှောက်ကြည့်ပါတယ်။ ကျားလေးတောင်နဲ့(၁)မိုင်လောက်ဝေးတဲ့ ကျောက်ကုတင်မှာလည်း ရေတော့ရသား။ ဒါပေမယ့် စမ်းပေါက်က စိမ့်ထွက်တဲ့ရေဖြစ်နေလို့ လိုသလောက်က မရနိုင်ပြန်ဘူး။ နောက်နေ့မနက်ပိုင်းမှာလည်း ဒီပါရုံကနေ (၃) မိုင်ဝေးတဲ့ ကျားလေးတောင်ကို တစ်ခေါက်ထပ်ပြီး သွားရတာပေါ့။ သဲထဲမှာ စိုက်ထားတဲ့ ထီးလဲ၊မလဲက အရေးအကြီးဆုံး မဟုတ်လား။ ထီးရော တံခွန်ပါ စိုက်ထားတဲ့လက်ရာအတိုင်း မတ်နေပါတယ်။ ဒါဆိုရင် ကျားလေးတောင်ပိုင်စောအောင်က သဘောတူတယ်လို့ ဆိုရမှာပေါ့။ ဒါကြောင့်လည်း ဘုရားတည်ဖို့ ပိုပြီး အားရှိသွားပါတယ်။

မြို့ပြန်ရောက်တော့ ကျွန်တော်
ကံမြင့်က ပညာရှင်အဆင့်ပုဂ္ဂိုလ်တွေ
မေးမြန်းခြင်းလုပ်ငန်းစရတာပေါ့။ ပထ
ဆုံး ဂိုဏ်းဆရာကြီးတစ်ယောက်ကို မေး
တယ်။ ပုဂ္ဂိုလ်ကြီးက ဘယ်လိုဖြေသ
ဆိုရင်-

"အင်း- ဘုရားတည်တယ် ဆိုတာ
ကောင်းတဲ့အလုပ်ပဲ။ ကောင်းတဲ့အလု
ကို ငါက မကောင်းပါဘူးလို့ ပြောလို
ရင် ငါလည်း အပြစ်မကင်းဘူး။ ငါ
ကောင်းပါတယ်၊ လုပ်ကြလို့ပြောပြီး မ
တို့တစ်စုံတစ်ရာ အနှောင့်အယှ
ကြောင့် ဒုက္ခဖြစ်ရင် ပြောခဲ့တဲ့ငါက
ပြစ်မကင်းပြန်ဘူး။ ဒါကြောင့် ဒီတို
ပတ်သက်ရင် မင်းတို့ဘာသာ လုပ်
လုပ်၊ မလုပ်ချင်နေ"

လို့ ပြောတာဗျ။ အခုလိုပြော
ပုဂ္ဂိုလ်က ပုသိမ်မှာ ရှေ့ဖြစ်နောက်
အဟောတွေ နာမည်ကြီးပါတယ် ဆို
ဂိုဏ်းဆရာကြီးတစ်ဦးပါ။ စိတ်ပျက်လ
ပျက်နဲ့ ကျွန်တော်တို့နှစ်ယောက်
ဗေဒင်အဟောဆရာဆီ ခြေဦးလှည့်
တယ်။ နတ်ဗေဒင်ဆရာက နေရာ
တောင်နာမည် မေးတယ်။ ပြီးတော
တတွတ်တွတ်ပြောပါတော့တယ်။

"မင်းတို့ဘုရားတည်မယ့်တော
က တောင်ပိုင်ကြီး ရှိတာပဲ။ နည်
အကောင်ကြီး မဟုတ်ဘူး။ သူကြ
တာ တော်တော်ရန်လိုတယ်။ ဘာမှ
တဲ့တောင်ကိုရွေးပါလားကွာ။ အန္တရာ
များတယ်။ ဘုရားတည်ဖြစ်ရင် အ
ပေးရလိမ့်မယ်"

"အစားပေးတယ် ဆိုတာ ဘယ်
ဟာမျိုးကို ခေါ်တာလဲ"

"ဟဲ့ - အစားပေးတယ် ဆို
အသက်၊ အသက်ကို ပြောတာ။ သူ
ရာလာတည်ရင် မင်းတို့အထဲက
ယောက်ယောက် သေပေးရမယ်ကို
တာ"

"တောင်ပိုင်က အသက်တော
နေလို့လား"

"ဒီလိုတော့ မတောင်းပါ
တောင်ပိုင်ရှိတဲ့တောင်ဆိုရင် သူ
တစ်ခုခုလာလုပ်တာနဲ့ အနှောင့်အယှ
ပေးတတ်တာမျိုးကိုပြောတာ။ မင်
မယုံရင် လာမမေးနဲ့ကွ"

ဒီလိုနဲ့ နတ်အဟောဆရာဆီ
ထွက်ခဲ့ပြန်တယ်။ ဘာအဆောင်
အားကိုးမှ မရှိတဲ့သူတွေဖြစ်လို့
နည်းတော့ အားငယ်မိတာ အမှန်
ဒီလိုနဲ့ ဗေဒင်ဆရာတွေဆီ ဆက်
တယ်။ အထူးသဖြင့် ရိုးရိုးဗေဒင်ဆ
သွားတာမျိုး မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

...င်တဲ့ ဗေဒင်ဆရာနဲ့ အကြားအမြင် ...တဲ့ ဗေဒင်ဆရာဆီ သွားတာမျိုးပါ။

"ဟ - မင်းတို့ဘုရားတည်မယ့် ...င်က ပိုင်ရှင်ရှိပါလား။ တော်တော် ...ကြီးတယ်ကွ။ မပိုင်ဘဲသွားလုပ်လို့ ...တော့ ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ် ...ယ်နော်။ ဘာအားကိုးနဲ့ဒီလောက် ...တဲ့နေရာကတောင်ကို ရွေးတာလဲ"

"ဘာအားကိုးမှ ရှိလို့မဟုတ်ပါ ... ဒီပါရဲ့ဘုရားရဲ့ နဝမဌာနဖြစ်ပြီး ...သူမှ အထိမ်းအမှတ်ဖြစ်ပြီး စေတီ ...တည်သေးလို့ တည်မယ်လို့ ဆုံး ...ထားတာပါ"

"အင်း - မင်းတို့ကောင်တွေက ...ပြီးစတန့်ထွင်တာပဲ။ ကြည့်လည်း ...ကြည့်။ ငါတော့ ဒီတောင်ကိုမကြိုက် ... မင်းတို့ကိစ္စက မြွေပွေးခါးပိုက်ပိုက် ...ရမယ့်ကိန်းပါလား"

ဒါက ရက္ခမော်အောင်တဲ့ ဗေဒင် ...ရာနဲ့ အကြားအမြင်ပါရတဲ့ ဗေဒင် ...ရာနှစ်ဦးက အဟောချင်း မတိမ်းမ ...တူနေလို့ တစ်မျိုးတည်း ဖော်ပြ ...တ်တာပါ။ ထူးခြားတာက ဘယ် ...ာက် စိတ်ပျက်အောင်ဟောဟော ...တော်တို့ ဘုရားတည်ချင်တဲ့စိတ် ...က ပျက်မသွားပါဘူး။ ဂိုဏ်းဆရာ ... နတ်ဗေဒင်တွေ၊ အကြားအမြင် ...ရာတွေဟောချက်နဲ့လွဲအောင်လုပ်ကို ...ရမယ်လို့ ပိုပိုပြီး ခိုင်ခိုင်မာမာ ဆုံး ...နေတာလည်း အံ့သြစရာပါပဲ။

ကျွန်တော်တို့ သူငယ်ချင်း (၃) ...ာက်ရဲ့ သဘောထားက ကျားလေး ...ာင်မှာရှိတဲ့ ဖုန်သဲနဲ့ မီးသင့်ကျောက် ...ရောင်တွေအသုံးပြုပြီး (၃၆) လက်မ ...ရားလေးတစ်ဆူတည်ကြမယ်။ အဲဒီ ...ချိန်က ဘိလပ်မြေတစ်အိတ် (၃၆၀) ...ပ်ပဲ ရှိပါတယ်။ တစ်ယောက် (၁၂၀) ...ပ်ရှိရင်ပဲ စေတီတစ်ဆူ ဖြစ်ပါတယ်လို့ ...ဖြတ်ထားတယ်လေ။ ဒီလိုစေတီသေး ...လေးရှိမှ နောက်လူတွေက စေတီ ...ကြီးကြီးတည်ကြလိမ့်မယ်လို့ မျှော် ...ပြီး တည်ဖို့ ဆုံးဖြတ်တာပါ။

ကျွန်တော်နဲ့ သူငယ်ချင်းကံမြင့်က ...ရားတည်ချင်တဲ့စိတ် အပြင်းထန်ဆုံး ... စန်းမောင်ကတော့ ရိုးမထဲကို အ ...က်တိုင်း မလိုက်တာကလွဲလို့ ဘာ ...ပ်လုပ် သဘောတူပါတယ်တဲ့။ ဒါ ...ကြောင့် ကိုသိန်းအေးရဲ့ အကူအညီနဲ့ ...လပ်မြေတစ်အိတ်၊ ငါးဂါလံဝင် ရေနှစ် ...နဲ့ ကျားလေးတောင်ကို ကျွန်တော် ... ကံမြင့်ရယ်၊ ကိုသိန်းအေးရဲ့ မိတ် ... သုံးဦးလောက်ပါ လုပ်အားပေးဖို့ လိုက်လာကြတယ်။

ဟိုရောက်တော့ (၃)ပေပတ်လည် ဖောင်ဒေးရှင်း တူးကြည့်တယ်။ ပထမ စက္ကူထီးနဲ့ စက္ကူတံခွန်နေရာမှာပဲ တူးတာပါ။ တစ်မိုက်ပတ်လည် ရေမြောင်းလေးပုံ ပေါ်လာတော့ ဖုန်သဲနဲ့ ရေချိန်ညှိ၊ ဘိလပ်မြေဖြူး၊ ကျောက်ခဲသေးသေးတွေထည့်၊ ပြီးတော့မှ ရေကိုသောက်ရေခွက်နဲ့ လောင်း၊ အမာခံဖောင်ဒေးရှင်းရပြီပေါ့။

ဒီနေရာမှာ အပေါ်ကို (၁) ပေ ကျော်ကျော်အမြင့်ပန်းတင်ခုံလေးတစ်ခု အရင်ဆုံး ဖြစ်အောင်လုပ်ရမယ်။ ဒီပန်းတင်ခုံဖြစ်လာမှ သူ့အပေါ်မှ(၃၆)လက်မ စေတီလေးကို တည်မယ်လေ။ ခက်နေတာက (၁) ပေကျော်အမြင့် ပန်းတင်ခုံလုပ်တဲ့နေရာမှာ အုတ်မဟုတ်တဲ့အတွက် အပေါ်ကို မြင့်တက်ဖို့ ဘယ်လိုမှလုပ်လို့ မရ ဖြစ်နေတယ်။ ဖုန်သဲနဲ့ ဘိလပ်မြေကိုအားကုန်သုံးမှ အချိုးမညီတဲ့ကျောက်ခဲတွေက ငြိမ်ပါတယ်။ (၁) ပေ အမြင့်လည်းရောက်၊ ဘိလပ်မြေလည်းကုန်၊ ရေလည်း နတ္ထိပါပဲ။ အပေါ်မှာ (၃၆) လက်မစေတီတည်ဖို့ ဘိလပ်မြေလည်း မရှိတော့ပါဘူး။

ကျွန်တော်တို့ မြန်မာတွေမှာ မင်္ဂလာယူပြီး ပြောလေ့ရှိတဲ့စကားတစ်ခွန်း ရှိပါတယ်။ နောက်ကြောင်းပြန်လှည့်ရင် 'အောင်မြင်စွာ ဆုတ်ခွာတယ်' လို့ ပြောကြတယ် မဟုတ်လား။ အခု ကျွန်တော်တို့လည်း ပထမဆုံးအကြိမ် အောင်မြင်စွာ ပြန်လာကြတယ်ပေါ့။ အခုလုပ်ရပ်မှာ ဘာအခက်အခဲ တွေ့ရသလဲဆိုရင် ကျောက်ခဲတွေ လိုသလိုထားနိုင်အောင် ဂျာလီခွေ လိုပါတယ်။ စေတီတည်တဲ့ နေရာဆိုရင် အောက်ကနေ အပေါ်ရှူး သွားတဲ့ ကျောက်ခဲတွေ ပြုတ်မကျအောင် ဂျာလီခွေနဲ့ထိန်းရပါလိမ့်မယ်။ ဂျာလီခွေမပါဘဲ လုပ်လို့မရတာကြောင့် ပွဲဦးထွက် အောင်မြင်စွာ ပြန်လာကြခြင်းပဲ ဖြစ်ပါတယ်။

မြင်းကကွင်းရွာရောက်တော့ စန်းမောင်က ရောက်နေတယ်။ တကယ်ဆိုရင် မြင်းကကွင်းရောက်တာနဲ့ ကျားလေးတောင် လိုက်လာပေါ့။ ဒီကောင်လာရင် မနက်သဘော်စီးလာမယ်။ မြင်းကကွင်းကို မနက် (၁၀) နာရီကျိန်းသေရောက်မှာပါပဲ။ အခု ကျွန်တော်တို့က ညနေစောင်းမှ ကျားလေးတောင်က ဆင်းလာကြတာ။ ဒီကောင် ကျားလေးတောင်မလာဘဲ မြင်းကကွင်းမှာ နှပ်နေတာကို သိနေလို့ ဟောက်မယ်ဟန်ပြင်လိုက်တုန်း -

"ကဲ- သူငယ်ချင်းတို့ကို ဝမ်းသာစရာသတင်းပြောရဦးမယ်။ ဒီတစ်ခါ ညအိပ်စက်လှေနဲ့လိုက်လာလို့ (၃) နာရီကျော်မှ ရောက်တယ်။ မင်းတို့က မနက်စက်လှေနဲ့ပါလာပြီး ကျားလေးတောင်လိုက်မလာလို့ ဟောက်ဖို့ ဟန်ပြင်နေတာပေါ့။ ဒီမျက်နှာပေးတွေ ငါသိပါတယ်။ ဝမ်းသာစရာဆိုတာဒီလိုကွ။ တို့အဖွဲ့ထဲကို ငါ့မိတ်ဆွေ ဦးတုတ်ဆိုင် ဝင်လာတယ်။ (၃) ပေဘုရားမလုပ်ပါနဲ့တဲ့။ သူ့တိုက်က ဆောက်လက်စဖြစ်လို့ အုတ် (၉၀၀) နဲ့ ဘိလပ်မြေ (၆) အိတ်ယူသုံး။ အလှူခံရလာတော့မှပေး။ (၉) ပေဘုရားလောက်တော့ တည်ကြပါတဲ့။ ကဲ- တို့ဘုရားလေးက နေ့ချင်းညချင်း ဉာဏ်တော်မြင့်လာပြီကွ။ အဲဒါ တကယ်မာတ်မှန်တာပဲ"

စမ်းမောင်ရဲ့ မင်္ဂလာသတင်းကြားတော့မှ ကျွန်တော်တို့ (၃၆)လက်မ (၃) ပေဘုရား မအောင်မြင်တာ အခုလိုဉာဏ်တော်မြင့်ဖို့ ရှိလို့ဖြစ်မယ်လို့ သိလိုက်ပါတယ်။ ဘိလပ်မြေတစ်အိတ်ကုန်ပြီး ဘာရုပ်မှမပေါက်တဲ့ကိစ္စ ပြောမနေတော့ပါဘူး။ အခုမှ တကယ့်ကို အောင်မြင်စွာ ပြန်လာခြင်းအင်္ဂါနဲ့ညီသွားပါပြီ။ ဒီသတင်းကြောင့် ကျားလေးတောင်မှာ စေတီပုထိုးတည်ဖို့ လမ်းပွင့်သွားပြီဖြစ်လို့ မအောင်မြင်စရာမရှိတော့ပါဘူး။

ကျွန်တော်တို့ စကားဝိုင်းမှာ မြင်းကကွင်းဥက္ကဋ္ဌ ပါဝင်ရောက်လာပြီး-

"ခင်ဗျားတို့ အခုလို အဆင်ပြေရင် ရှမ်းတောရွာက ရယကအဖွဲ့ဝင်ကိုသဲပို့ဖို့ ကျွန်တော် တာဝန်ပေးလိုက်ပါ့မယ်။ ခင်ဗျားတို့မြို့က ပီနံအိတ်လွတ်တွေ ဝယ်လာခဲ့။ ရှမ်းတောရွာနဲ့ ကျားလေးတောင်ခြေက လှည်းမောင်းလို့ရတယ်ဗျ။ ရှမ်းတောချောင်းက သဲတွေတော်တော်သန့်တယ်။ ကျွန်တော်လှည်းနဲ့တိုက်ပြီး ပို့ခိုင်းပေးပါ့မယ်"

ကဲ- အဲဒါပဲ ကြည့်ပါဦး၊ ဘယ်လောက်အဆင်ပြေသလဲဆိုတာ။ ပထမ ဒီပါရုံတောင်က လှမ်းမြင်လို့ စိတ်ဝင်စားတယ်။ ဘေးမှာလိုက်ပို့တဲ့သိန်းအေးက အဆင်သင့်။ ပို့မယ့်လူက ဘယ်လောက်ကူညီချင်သလဲဆိုရင် မနက်စာအတွက်လည်း ယူလာ။ ရေနွေးကြမ်းကလည်းပါသေး။ ချုံတွေ ခုတ်ထွင်ရှင်းလင်းဖို့ ဓားတစ်ချောင်းပါ ပါလာတော့ အသွားခရီးက အဆင်ပြေတာ လွန်နေပါတယ်။

(ဆက်ရန်)

စိုးသွင်(ဥပဒေ)




www.burmeseclassic.com

www.burmeseclassic.com

သီတင်းဝါလကျွတ်တော့ပါမည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲပြုလုပ်ကြ၏။ မီးထွန်းပွဲနှင့်တစ်ပြိုင်တည်း မီးပုံးပျံလွှတ်တင်ပွဲ ပြုလုပ်ပါသည်။ အဘယ်ကြောင့် မီးပုံးပျံလွှတ်တင်သည်ကို ဗုဒ္ဓဘာသာတိုင်း သိရှိပြီးဖြစ်၍ မဖော်ပြတော့ပါ။ မီးပုံးပျံ လွှတ်တင်ရာတွင် ကလေးရော လူကြီးများပါ ကြည့်ရှုအားပေးလျက် အပျော်ကြီးပျော်ကြပါသည်။ စာရေးသူကိုယ်တိုင် (၁၅) နှစ်သားခန့်က ညီအစ်ကို၊ သူငယ်ချင်းများနှင့် ပျော်ခဲ့သည်ကို သတိရလျက် လွမ်းဆွတ်တသလျက် ရှိပါသေးသည်။

ရှေးတုန်းက. . .။

'ရှေးတုန်းက' ဟု ဆိုရပါမည်၊ စာရေးသူ (၁၅) နှစ်သား အလယ်တန်းကျောင်းသားအရွယ်ကမို့ ဖြစ်ပါသည်။ ယခု စာရေးသူ အသက် (၇၀) ရှိပါပြီ။ နှစ်ပေါင်းပင် (၆၀) နီးပါးရှိပြီမို့ 'ရှေးတုန်းက' ဟု ဆိုလိုက်ရခြင်း ဖြစ်ပါသည်။





ဦးသန်းစိုး(ချောင်းနှက်)

အံ့ဩဖွယ်ထူးခြားသောမီးပုံးပျံ

စာရေးသူ၏ ရောင်းရင်းများဖြစ်သော ကိုအောင်မြိုင်၊ ကိုသန်းမြင့်၊ ကိုထွန်း[illegible] ကိုခင်မောင်ကြည်တို့ကား မရှိတော့[illegible] ရှေးဟောင်းနှောင်းဖြစ် စားမြုံ့ပြန်[illegible] စရာပင် အဖော်မရှိတော့ပါ။ ထို့ကြော[illegible] လည်း တစ်ကိုယ်တည်း လွမ်းဆွတ်[illegible] သမိခြင်း ဖြစ်ပါသည်။

အဲဒီ ၁၉၅၅ ခုနှစ်ခန့်က [illegible] (ရေပါးစက္ကူ) ရေနံကြီးကလည်း[illegible] ဈေးချိုသဖြင့် မီးပုံးပျံကို ကိုယ့်ဘာ[illegible] ချီး(ပြုလုပ်)ကာ လွှတ်တင်နိုင်ခဲ့သ[illegible] ယခုအခါတွင် အသင့်ပြုလုပ်ပြီး [illegible] ပျံများကို ဝယ်ယူ လွှတ်တင်ရပါသ[illegible] ယခုပြုလုပ်ထားတာက ပလတ်[illegible] စက္ကူအပါးစားဖြစ်၍ မီးစာမှာ[illegible] ဓာတ်ငွေ့စိမ်ထားသော အသားပွ[illegible] ဖြစ်ပါသည်။ တင်းတောင်းလုံးခန့် အ[illegible] ရှိ၍ (၃) တောင်ခန့် ရှည်ပါသည်။ [illegible] သော် ပေါပေါများများ ဝယ်ယူမ[illegible] နိုင်ကြတော့ပါ။

စာရေးသူတို့ခေတ်တုန်းက [illegible] ပါးစက္ကူကားကြီးတစ်ချပ်မှ (၇) ပြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခနေ့ ရေနံကြီးတစ်ပုံးမှ (၁၀)ကျပ်ခန့် ဈေးရှိသော မီးပုံးပျံ အတော်များများ လွှတ်တင်နိုင်ကြပါသည်။ သီတင်းကျွတ်လဆန်း (၁၃)၊ (၁၄) ရက်မှစ၍ လပြည့်ကျော် (၁) ရက်၊ (၂) ရက်အထိ နေ့ရော ညပါ မီးပုံးပျံများကို တွေ့ရတတ်သည်။ ချောင်းနက်အရှေ့စု၊ အနောက်စု ပျဉ်းမကြီး၊ သရက်စု၊ ကံလှကန်၊ ဝရင်စုရွာများမှ ညအခါ လွှတ်တင်ကြ၍ အိုးကုန်၊ ရွာသစ်၊ ဆူးကောက်ကြီး၊ ဆောင်ပင်သာရွာများမှ နေ့အခါ လွှတ်တင်ကြပါသည်။ နေ့အခါလွှတ်တင်ကြသောမီးပုံးပျံမှာ ဆင်ရုပ်နှင့်ငှက်ရုပ်များဖြစ်ပါသည်။ ထိုလွှတ်တင်သော မီးပုံးပျံများကို စောင့်ကြည့်ရတာပင် အရသာရှိလှပါသည်။

**မီးပုံးပျံချိုးပုံ**


စာရေးသူတို့က ရှေးက မှတ်ပုံတင်အလယ်တန်းကျောင်း၊ ယခုခေတ်အခေါ် တွဲဖက်အလယ်တန်းကျောင်းပေါ့။ ဆရာတော်ကြီး ဦးဝါသဝက ဖွင့်ပေးထားတာပါ။ အလယ်တန်းပြဆရာများ ငှားရပါသည်။ စာရေးသူတို့က (၇) တန်းကျောင်းသားတွေပါ။ ဆရာတော်ကြီးက ဘုရားကြီးတွင် မီးပူဖော်မီးထွန်းပွဲပြုလုပ်ခြင်းကို သဘောကျပါသည်။ မီးပုံးပျံပြုလုပ်လွှတ်တင်ခြင်းကို မတားမြစ်ပါ။ ကျောင်းတွင် မီးပုံးပျံအချိုးတော်လှသော ဦးပဥ္စင်းကလေးတစ်ပါး ရှိပါသည်။ ထိုဦးပဥ္စင်းလေးက တောင်ကြီးမြို့စာသင်တိုက်တွင် (၃) နှစ်မျှ နေခဲ့ရသူမို့ တောင်ကြီးမြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မီးပုံးပျံပြိုင်ပွဲကို အကြိမ်ကြိမ် ကြည့်ရှုခဲ့ရ၍ မီးပုံးပျံလွှတ်တင်ခြင်းကို ဝါသနာပါခဲ့ပါသည်။

ထိုဦးပဥ္စင်းကလေးက ဝါဝင်ကတည်းက 'ဒီနှစ် သီတင်းကျွတ်မှာ မီးပုံးပျံလွှတ်ကြမယ်ဟေ့' ဟုဆိုကာ ကျောင်းသားကလေးများအား တစ်ဦးလျှင် (၁) ကျပ်၊ (၂)ကျပ် စသည်ဖြင့် ငွေစုဆောင်းပါသည်။ ပထမ ရေနံတစ်ပုံးခန့်ဝယ်၍ ကျောင်းရှိ သင်္ကန်းအစုတ်များကို သေးသေးရှည်ရှည် အပိုင်းငယ်များပိုင်းကာ ရေနံစိမ်ထားပါသည်။ မီးပုံးပျံမီးစာနှင့် မှိုင်းကွင်းများပြုလုပ်ရန် ဖြစ်ပါသည်။

ထိုဦးပဥ္စင်းမှာ ဦးဩဘာသဟု ဘွဲ့အမည်ရပါသည်။ ဦးပဥ္စင်းက စာရေးသူတို့အား ကော်ကျိုတစ်၍ သင်ပေးထားပါသည်။ ထိုအချိန်က ဂျုံမှုန့်မသုံးပါ၊ ဆန်မှုန့်ကိုသာ သုံးပါသည်။ မုန့်လုပ်ရောင်းသောအိမ်များမှ ဆန်မှုန့်လှူကြပါသည်။ ကော်ကျိုပုံမှာ ဆန်မှုန့် နို့ဆီဘူး (၁) လုံးကို ရေနို့ဆီဘူး (၂) လုံးနှင့် ပထမ ဆန်မှုန့်ကိုရေနှင့်ဖျော်ရပါသည်။ အဖုအလုံးများ ကျန်မနေစေရန် လက်နှင့်ဖျစ်ပေးရပါသည်။ အားလုံး အရည်ပျော်သွားမှ မီးဖိုပေါ်တင်၍ ချက်ရပါသည်။ မီးမပြင်းစေရပါ။ ယောက်မနှင့် မပြတ် မွှေပေးရပါသည်။ တဖြည်းဖြည်း စေး၍ ပျစ်လာပါသည်။ မာလွန်းပါက ရေထပ်ထည့် စွက်၍ ကျိုရပါသည်။ ကော်အရောင်ကြည်လာပါက သုံးနိုင်ပါပြီ။ အမွှေနည်းပါက ချေးကပ်၍ ကော်သုံးမကောင်းပါ။ ဤကဲ့သို့ကျိုထားသော ကော်မှာ (၂) ရက်ခန့် အထားခံပါသည်။

ဤကဲ့သို့ ကော်ကျိုပြီးပါက ရေပါးစက္ကူများကို အဝါ၊ အနီ၊ အစိမ်း၊ အဖြူ အရောင်ကျားအောင် စပ်၍ ကပ်ကြရပါသည်။ စက္ကူအမျိုးအစားအလိုက် အသုံးပြုပုံ ပြောပါဦးမည်။ ရေပါးစက္ကူမှာ ပေါ့ပါးသဖြင့် မီးပုံးပျံပြုလုပ်၍ ဆီစိမ်နှင့် မှန်ရောင်စက္ကူများကို မီးပုံး၊ ကြယ်ပုံမီးပုံး၊ စိန်ချာလည် စသည်ဖြင့် ပြုလုပ်ပါသည်။

မီးပုံးပျံအတွက် ရေပါးစက္ကူများကို (၆) တောင်ပတ်လည် အချပ်များ စပ်၍ ကပ်ထားပါသည်။ မီးပုံးပျံမှာ ပုံစံအားဖြင့် သဘော်သီးပုံ၊ ရွှေဖရုံသီးပုံ၊




www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဖရုံသီးပုံများ ပြုလုပ်ပါသည်။ ယခုဖော်ပြမည့်ချိုးပုံမှာ သင်္ဘောသီးပုံမျိုး ဖြစ်ပါသည်။

ထို့ကြောင့် ဆက်စပ်ထားသော စက္ကူချပ်ကြီးများကို ထိပ်ပိုင်း (၉) ပေ ပတ်လည်တစ်ချပ်၊ (၆) ပေပတ်လည် အောက်ခြေပိုင်းတစ်ချပ်နှင့် အလျား (၂၇) ပေ၊ အနံ (၉) ပေရှိ ခါးပိုင်းတစ်ချပ် လိုပါသည်။ ယင်းသို့ ရရှိပြီးပါက (၉) ပေပတ်လည်နှင့် (၆) ပေပတ်လည် အချပ်များကို အဝိုင်းရစေရန် ခေါက်၍ ညှပ်ဖြတ်ရပါသည်။ ဤပုံစံမျိုးရပါမည်။




(၉) ပေအဝိုင်း (၆) ပေအဝိုင်း

စက္ကူအဝိုင်းကြီးများဖြတ်ပြီးပါက (၉) ပေအဝိုင်း အလယ်တည့်တည့်တွင် ကြာနားဖတ်အဝိုင်းသေး (၂)ချပ်၊ (၃) ခုချပ်နှင့် စက္ကူလိပ်ကြီး ထိပ်ကွင်းတပ်ထားပါ။ (၆) ပေအဝိုင်း စက္ကူချပ်ကို အလယ်မှ (၂) ပေဝိုင်းအပေါက် ဖောက်၍ နီးဝါးခြမ်းစိတ်အဝိုင်းဖြင့် ကလနားသတ်ထားပါ။ အပေါက် (မီးစာတိုင်)မှာ (၆) ပေဝိုင်း၏ သုံးချိုးတစ်ချိုး ဖြစ်ပါသည်။

အဝိုင်းများ ထိုသို့ပြုလုပ်ပြီးပါက (၉) ပေအဝိုင်းထိပ်ပိုင်းကို ပက်လက်လှန်ချ၍ ကလနားအတိုင်း စပ်ပြီးထားခဲ့သော (၂၇) ပေချပ်စက္ကူ အလျားလိုက်၊ (၉)ပေဝိုင်းကလနားနှင့် ဆက်စပ်ကပ်ပေးပါ။ ပြီးလျှင် ထို (၉) ပေဝိုင်း အညာကို အပေါ်ကထား၍ ကြိုးကွင်းတွင် ကြိုးချည်၍ မတ်တတ်ပြုလုပ်ထားပါ။ (၂၇) ပေအချပ်၏အောက်ကလနားနှင့် (၆) ပေ မီးစာပေါက်အရွယ် ကလနားများ ဆက်စပ်ပေးလိုက်ပါ။ ခေါင်းကြီးအောက်ခြေသေး အလုံးကြီးဖြစ်လာ၍ စက္ကူအရှူးအတိုင်း အပိုစာများဖြတ်ပြီး အထက်, အောက် အစချင်း ဆက်စပ်ကပ်ပေးပါ။ သင်္ဘောသီးဖောက်ထိုးပုံ မီးပုံးပျံ ပုံပေါ်လာပါပြီ။

**မီးစာပြုလုပ်ပုံ**

မီးစာပြုလုပ်ရန် အခေါင်းပါသော ဝါးဆစ်တစ်ခုနှင့် ဖဲထိုးသံချောင်း (၂) ချောင်း လိုပါသည်။ အတိုင်းအတာမှာ (၆) ပေဝိုင်း အဝိုင်းပေါက်အတိုင်း (၂) ပေ ရှိရပါမည်။ ထိုဝါးဆစ်၏ သုံးချိုး တစ်ချိုးနေရာတွင် ဖဲထိုးသံချောင်း (၂) ချောင်းကို ကန့်လန့်ဖောက် ထိုးထားရပါမည်။

ထိုသို့ ပြုလုပ်ပြီးပါက ဖါဆိုဦးက တည်းက ရေနံစိမ်ထားသော အဝတ်စုတ်ရှည်ဖြင့် ရစ်ပတ်ရပါသည်။ အစ၊ အဆုံး ရစ်ပတ်ရပါသည်။ ဝါးလုံးခေါင်းထဲသို့ ရေနံအပြည့်ထည့်ထားပြီးပါက မီးပုံးပျံလွှတ်တင်ရန် အသင့်ဖြစ်နေပါပြီ။

**မှိုင်းသွင်းရန်မီးကွင်း**

ရေနံစွတ်ပြီး အဝတ်စကို သင့်လျော်သော အဝိုင်းကလေး (ခေါင်းခုသဏ္ဌာန်) ပြုလုပ်၍ အဝိုင်းအတိုင်း အဝတ်စများဖြင့် အထပ်ထပ်ရစ်ပတ်ရသည်။ ပြီးပါက မီးပုံးပျံမှိုင်းသွင်းရန် အသင့်ဖြစ်ပါပြီ။ သစ်သားအစိုခွတွင် ချိတ်၍ မီးရှို့ရပါမည်။

**မှိုင်းသွင်းပုံ**

မီးပုံးပျံ၏ထိပ်ပိုင်းတွင် ကြိုးကွင်းရှိပါသည်။ ထိုကြိုးကွင်းမှာ ဝါးအဖျားသွင်း၍ မ,ပေးထားရပါသည်။ မီးပုံးပျံခါးလယ်မှ ကလေးများက ကြက်ဆိတ်ကဲ့သို့ ပတ်ပတ်လည်မှ ဆွဲထားရသည်။ မီးပုံးပျံအလုံးကြီး ဖြစ်လာသောအခါ သစ်သားအစိုခွနှင့် ချိတ်ထားသော မီးကွင်းကိုမီးရှို့၍ မီးပုံးပျံအောက် အပေါက်မှသွင်းထားရပါသည်။ တဖြည်းဖြည်း မှိုင်းဝ၍ မီးပုံးပျံကြီး ဖောင်းကားလာကာ အထက်သို့တက်စပြုပါသည်။ ထိုအခါ အသင့်ပြုလုပ်ထားသောမီးစာကို အပေါက်တွင်ပါရှိပြီး ကြိုးစများတွင် ချည်ရပါမည်။ ပြီးပါက မှိုင်းသွင်းမီးကွင်းကို အပြင်ဆွဲထုတ်ကာ မီးစာကို မီးရှို့ရပါသည်။

ယခင်သွင်းထားသော မှိုင်းအားနှင့် မီးစာမီးမှမှိုင်းအားပေါင်းကာ မီးပုံးပျံ အထက်ကောင်းကင်သို့ တက်သွားပါပြီ။ ထိုအချိန် ကလေးများနှင့် ဝိုင်းကြည့်နေသူအားလုံးက 'ဟေး. . . ဟေး . . . ဟေး' နှင့် လက်ခုပ်တီးကာ အားပေးကြပါသည်။ ထိုအချိန် အပျော်ဆုံးပါ။

**ထူးခြားသောမီးပုံးပျံ**

မီးပုံးပျံပြုလုပ်ပုံ၊ လွှတ်တင်ပုံအထိ တင်ပြပြီးပါပြီ။ ဝါသနာပါသူများလည်း မီးပုံးပျံချိုးတတ်ပြီပေါ့။ စာရေးသူတို့အား ဦးပဥ္စင်း ဦးဩဘာသက အစီအစဉ်တကျ သင်ကြားပေးထားပါသည်။ စာရေးသူတို့က သီတင်းကျွတ်လဆန်း လေး၊ ငါးရက်ကတည်းက မီးပုံးပျံများ စ,ချိုးကြပါသည်။ လဆန်း (၁၃) ရက်ညက စ၍ အစမ်းလွှတ်တင်ကြပါပြီ။ မီးပုံးပျံတွင် မီးပုံးအသေးလေးများချည်လွှတ်ပုံ၊ စိန်ချောလည်မီးပုံးများပြုလုပ်ပုံ၊ ပြောက်အိုး မီးပန်းနှင့် လောင်စာကြိုး ပြုလုပ်ပုံများကို အလျဉ်းသင့်ပါက ဖော်ပြပါမည်။ ယခု စာရှည်အံ့ထင်၍ ချန်ခဲ့ပါသည်။

၁၃၁၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ည (၇) နာရီခန့်ကပါ။ မီးပုံးပျံတစ်လုံးအောက်မှ မီးပုံးအသေးလေးများဆွဲကာ စန္ဒာမုနိဘုရားကြီးရှေ့ ကွက်လပ်မှနေ၍ လွှတ်တင်လိုက်ပါပြီ။

မီးပုံးပျံကြီးက အလတ်စား၊ စက္ကူကားကြီး (၆၀) ခန့်ကြီးပါ။ အရပ် (၇) တောင်ခန့် ရှိပါသည်။ ပထမလွှတ်လွှင့် လွှတ်ချင်း အထက်သို့ အတောင် (၂၀) ခန့်တက်ပြီး အရှေ့ရွာဘက်ဆီသို့ ရွေ့လျားသွားပါသည်။ အထက်ကိုကား မတက်သေးပါ။ စာရေးသူတို့ မီးပုံးပျံလွှတ်အဖွဲ့လည်း ကျောင်းဝိုင်းထဲမှလှမ်းမျှော်ကြည့်နေပါသည်။ မီးပုံးပျံကြီးသည် ရွာပေါ်အရောက်တွင် တဖြည်းဖြည်း နိမ့်သွားပါသည်။ စာရေးသူတို့အားလုံး ရွာပေါ်တော့ မီးပုံးပျံကြီးကျပြီး မီးလောင်တော့မှာပဲဟု စိုးရိမ်တကြီးဖြစ်နေကြပါသည်။

ရွာထဲမှလည်း ဆူညံဆူညံအသံတွေ ကြားနေရပါပြီ။ မီးတောက်တော့ မမြင်ရသေးပါ။ နာရီဝက်ခန့်ရှိသောအခါ ရွာထဲမှ လူငယ်လူရွယ် (၁၀) ဦး ကျောင်းဘက်သို့ ထွက်လာနေပါပြီ။ မီးပုံးပျံဦးဆောင်ကာလွှတ်နေတဲ့ ဦးပဥ္စင်း ဦးဩဘာသလည်း မျက်နှာပျက်နေပါပြီ။ လူအများ ကျောင်းဝင်းထဲဝင်လာကြပါပြီ။ သူတို့လက်ထဲတွင်လည်း တုတ်တွေ၊ ဓားတွေနဲ့ပါ။ အဖြစ်က မီးပုံးပျံကြီးက ရွာရဲ့အရှေ့မြောက်ပိုင်းနေ ဦးသန့်၊ ဒေါ်ချစ်ပိုတို့၏ အိမ်တင်းထုပ်ပေါ်ကျခြင်းပါ။ မီးပုံးပျံ မတ်တတ်အတိုင်း တဖြည်းဖြည်း လျှောဆင်းကျလာခြင်းပါ။ မီးစာကတော့ မီးတောက်လျက်ပါ။ လူအများဝိုင်းလာကြပြီး ဦးအောင်စိက (အထက်တွင်ဖော်ပြခဲ့သော ထွန်းကြည်၏အစ်ကို) လက်ဖြင့် ဆွဲကာ ဆပ်ကာ မီးစာမီးကိုငြိမ်းပါ သူလက်တွင် မီးလောင်ဖုများ ဖြစ်လို့ပါ မီးငြိမ်းပြီး သူကိုယ်တိုင် မီးပုံးပျံကြီးကို



www.burmeseclassic.com

www.burmeseclassic.com

# စာတ်ပြာဖြင့် ရောဂါများကို ကုသနိုင်သူ

**အေးလွင်(ကသာ)**

စာရေးသူသည် ကောလင်းမြို့ နယ် ခမောက်တောင်သို့ ဘုရားဖူးထွက် ခဲ့သည်။ တည်းခိုသည့်နေရာကတော့ ဝန်းသိုမြို့နယ် ကျောက်ပေါက်ခုံကျေးရွာ အုပ်စု အလယ်ခုံရွာ ဘုန်းကြီးကျောင်း တွင် ဖြစ်သည်။ ဤခရီးစဉ်ဖြစ်မြောက် အောင် ကသာမြို့ တောင်ပေါ်ကျောင်း တိုက် တွဲဖက်အလယ်တန်းကျောင်းမှ ဆရာတော် ဦးပညိဿရက လိုက်ပို့ပေး ခြင်း ဖြစ်သည်။ အလယ်ခုံကျေးရွာမှ ကျောင်းထိုင်ဆရာတော် ဦးတိလောက နှင့် ဦးပညိဿရက ရင်းနှီးကြသဖြင့် သူ ၏ ကျောင်း၌သာ တည်းခိုခိုင်းသောကြောင့် သွားရောက်တည်းခိုကြခြင်း ဖြစ်သည်။ စာရေးသူတို့ကို သွားလာရေးလွယ်ကူစေ ရန် ဆိုင်ကယ်တစ်စီးထုတ်ပေးထားရာ အဆင်ပြေလှသည်။ မိုးလင်းသည်နှင့် အပြင်ထွက်၊ ညမိုးချုပ်မှပြန်ရောက်ကြ သည်။

အလယ်ခုံကျေးရွာသည် ကောလင်းမြို့ အရှေ့ဘက် (၂) မိုင်အကွာ၌ ရှိပြီး ဝန်းသိုမြို့နယ်ထဲ ပါဝင်သည်။ တောင်ပတ်လည်ဝိုင်းရံသည့် လယ်ကွင်း ပြင်ကျယ်ကြီးအကြားတွင် တည်ရှိနေသော ရွာလေးတစ်ရွာ ဖြစ်ပါသည်။ စာရေးသူမှာ ညနေစောင်းနှင့် မနက်ခင်းများတွင် ပတ်ဝန်းကျင်ရှုမျှော်ခင်းများကိုကြည့်ပြီး အရသာခံလေ့ရှိသည်။ အိမ်ခြေ (၂၂) အိမ်သာရှိသော ရွာလေးဖြစ်သဖြင့် လမ်းလျှောက်လျှင် (၅) မိနစ် မပြည့်မီအတောအတွင်း တစ်ရွာလုံးနှံ့ သွားပြီ ဖြစ်၏။

လယ်ယာလုပ်ငန်းဖြင့် အသက် မွေးဝမ်းကျောင်းပြုကြပြီး ရိုးသားဖြူစင်သော စိတ်ဓာတ် ရှိကြသည့် ရွာသူ၊ ရွာသားများ ဖြစ်ကြ၏။ ကျေးရွာမလေ့အရ ဧည့်သည်လာလျှင် ရှိသမျှလေးကိုကျွေးမွေးကြသည်။ စာရေးသူတို့ကို အစစအရာရာ အကူအညီပေးကြ၍ ခင်မင်နှစ်လိုဖွယ်ကောင်းလှသူများကို ဘယ်တော့မှမမေ့ပါ။ ပြန်ဆုံတွေ့နိုင်ရန် မျှော်လင့်မိပါသည်။

ရွာ၏ကျောင်းထိုင်ဆရာတော်မှာ ဦးတိလောကဖြစ်၍ သက်တော် (၅၀) နှစ်၊ ဝါတော် (၁၆) ဝါ ရှိပြီဖြစ်ကြောင်း သိရသည်။ တပ်မတော်သားဘဝတွင် ဆက်သွယ်ရေးရဲဘော်အဖြစ် (၁၂) နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ကြောင်း ပြောပြသည်။ ဝန်းသိုမြို့နယ် ဇီးဖြူပင်ကျေးရွာဇာတိဖြစ်၍ မိဘများမှာ ဦးအောင်ထွေးနှင့် ဒေါ်ခင်ကြည်ဖြစ်ကြောင်း သိရသည်။ မွေးချင်းမောင်နှမ (၅)ယောက်တွင် အငယ်ဆုံးဖြစ်ကြောင်းလည်း ပြောပြပါသေးသည်။ ဆရာတော်သည် စိတ်အလွန်မြန်၍ စိတ်ဆတ်သည်။ သို့သော် စိတ်ဆိုးလွယ်ပြီး စိတ်ပြေလွယ်သော စရိုက်ရှိသူဖြစ်၏။ ရဟန်းဘဝတွင် ပရိယတ္တိစာပေများကို သင်ကြားလေ့လာခဲ့ပြီး ယခု ကျေးရွာတွင် ကျောင်းထိုင်ဖြစ်သည်မှာ (၄) ဝါ ရှိပြီဖြစ်ကြောင်း သိရပါ

ကျောင်းသို့ယူလာပါသည်။ ရွာထဲမှလူ အချို့ကလည်း ဒီဦးပဥ္စင်းလေးလွှတ်တာ ရှာမီးလောင်တော့မလို့ဘဲ၊ မီးပုံးပျံ လွှတ်သင့်ဘူးဟု အပြစ်ပြောကြသည်။ အဲဒီအထဲ ဦးပဥ္စင်းဘက်တော်သားများ ကလည်း မီးပုံးပျံလွှတ်တာ ဘာဖြစ်လဲ၊ ဘုရားကို သူ့အခါမို့ လွှတ်တာပေါ့ဟု အ ချေအတင် စကားများလာကြသတဲ့။

အဲဒီအထဲမှ ကာလသားကြီး ဦးအောင်ကြည်က-

"ဦးပဥ္စင်းလေးဘုရား၊ မီးစာအသစ်နဲ့ ဒီမီးပုံးပျံထပ်လွှတ်ပါဘုရား"

ဟု အော်ဟစ်လျှောက်ထားရာ ကျန်လူငယ်များကလည်း-

"လွှတ်ပါဘုရား၊ လွှတ်သာလွှတ် ပါ"

လျှောက်ထားကြသဖြင့် မီးစာအသစ်ယူ၊ မှိုင်းသွင်း၊ အောက်မှလည်း မီးအသေးလေးတစ်ခုသာတပ်၍ လွှတ်လိုက်သည်။ ယခင်တစ်ကြိမ်က အောက်မှ မီးပုံးလေး (၁၀) လုံးခန့် ချိတ်ခဲ့ပါသည်။ မီးပုံးလေးများ များသွား၍ မဆွဲနိုင်၊ ပြန်ကျခြင်းဟု ထင်ပါသည်။ ယခုတစ်ဖန် မှိုင်းဝ၍ လွှတ်တင်လိုက်ရာ တန်းတက်သွားပါသည်။

ရွာနှင့်ကျောင်း အကွာအဝေးကို တင်ပြပါဦးမည်။ ရွာအနောက်ဘက်တွင် မီးရထားလမ်းရှိပါသည်။ မီးရထားနှင့်ကျောင်းကြားတွင် (၁)ဧကခန့် ယာကွက် (၃) ကွက်ခြားလျက် ရှိပါသည်။ မီးပုံးပျံကြီးက အထက်ကောင်းကင်သို့ မတ်တက်သွားပါသည်။ လပြည့်ညမို့ လမင်းကြီးကလည်း ထိန်ထိန်လင်းလို့ပါ။

လူအများလည်း မီးပုံးပျံကြီးမော့ကြည့်ရင်း ရွာထဲသို့ ပြန်ကြပါပြီ။ မီးပုံးပျံကြီး၌ချိတ်ဆွဲလွှတ်လိုက်သော မီးပုံးအသေးလေးမှာ အောက်မှလည်ပတ်၍ လိုက်နေသည်ကို မြင်ရပါသည်။ ကြည့်၍အကောင်းသားပါ။ ထိုအခါကျမှ ဦးဩဘာလည်း ပြုံးနိုင်ပါသည်။ စာရေးသူတို့ ကျောင်းသားများ စောင့်ကြည့်နေကြပါသည်။ (၂)နာရီသာသာရှိသော အခါ မီးပုံးပျံကြီး ပြန်ကျလာပါသည်။ မီးစာမီးလည်း ငြိမ်းပါပြီ။ အောက်ဘက်သို့ တန်းတန်း တည့်မတ်စွာ ကျလာပါသည်။ မီးစာမီးရဲရဲကို မြင်နေပါသည်။ ကျမယ့်ကျတော့ လားလား- ကျောင်းနဲ့ တစ်ကွက်ကျော်ရှိ ဦးသန့်၊ ဒေါ်ချစ်ပို ယာကွက်ထဲသို့ ကျပြန်ပြီလားဗျာ။

ကိုင်း- ဒီမီးပုံးပျံကြီးက ဦးသန့်၊ ဒေါ်ချစ်ပိုတို့နှင့် ဘယ်လိုရေစက်များ ရှိပါသနည်း။ ရွာထဲကျတုန်းက မီးထမလောင်လို့ တော်သေး။ ဤကဲ့သို့ ထူးခြား အံ့ဩဖွယ်ကောင်းတဲ့ မီးပုံးပျံကြီး လွှတ်တင်ကြပါတယ် ဆိုတဲ့အကြောင်း တင်ပြအပ်ပါသည်။ မီးပုံးပျံ၏မီးစာကို လက်နှင့်ဆုပ်ငြိမ်းသတ်သူ ဦးအောင်စိုးမှာ ယခု အသက် (၈၀) ခန့်ဖြင့် ယခုအထိ ရှိပါသေးသည်ခင်ဗျား။

*အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ*

ဦးသန့်စိုး(ချောင်းနက်)



www.burmeseclassic.com

သည်။

၁၉. ၁၁. ၂၀၁၂ နေ့ မနက်တွင် ဆရာတော်နှင့်စကားပြောရင်း ဆေးပညာအကြောင်း ပြောဖြစ်ကြသည်။ မြန်မာ့တိုင်းရင်းဆေးပညာအကြောင်း ပြောဖြစ်ကြရင်းဖြင့်သိရသည်မှာ ဆီးချို၊ သွေးချိုပျောက်သည့် ဆေးပြားများကို ဒကာ၊ ဒကာမများအတွက် လိုအပ်လျှင် ဖော်စပ်ပေးကြောင်း ဖြစ်သည်။ ရောဂါဖြစ်သူများကို မေတ္တာစေတနာဖြင့် ဆေးပေးခဲ့ရာ လူ (၃၀၀) ကျော်ရှိပြီ ဖြစ်ကြောင်း သိရ၏။

စကားဆက်လက်ပြောကြရင်းမှ ဆရာတော်က လေးဖက်နာ၊ ကျုံးပေါင်းနှင့် အဆီကျိတ်၊ ကင်ဆာကျိတ်များကို ဓာတ်ပြာဖြင့် ကုသနိုင်ကြောင်း ပြောပြတော့ စိတ်ဝင်စားမိ၏။ အကျိတ်များသည် နုလျှင် မကြာမီပျောက်ကင်းသွား၍ အဆီကျိတ်ဆိုလျှင် အနည်းငယ်ကြာကြောင်း သိရသည်။ ဆရာတော်က သူရထားသောဓာတ်လုံးကို ပြဒါးထဲထည့်လိုက်လျှင် ပြာဖြစ်သွားပြီး ထိုပြဒါးပြာဖြင့် ကုသကြောင်း ရှင်းပြသည်။ ဆရာတော်၏ဓာတ်လုံးကိုလည်း ပြသသည်။

ကုသပုံမှာ ပြာမှုန့်များကို စီးကရက်ဘူးမှ ငွေရောင်စက္ကူပေါ် တင်ပြီး ရောဂါရှိသော ခန္ဓာကိုယ်ပေါ်သို့ ပွတ်သပ်ပေးလိုက်ရာ ရောဂါရှိသောနေရာသည် မခံမရပ်နိုင်အောင်ပူလာ၏။ စက္ကူဖြင့် ပြာများကိုတင်ပြီး ပြဒါးပြာဖြင့် တိုက်ရိုက်မထိစေဘဲ ပွတ်သပ်ပေးခြင်းဖြစ်သည်။ အသားနှင့်ပြာတိုက်ရိုက်ထိတွေ့ပါက အလွန်ပူလောင်သောကြောင့် ကြားထဲတွင်စက္ကူခံထားရကြောင်း ပြောပြပါသည်။ ပထမတော့ ရိုးရိုးအကျိတ်များကိုကုပေးရာမှ နောင်တွင် ကင်ဆာကျိတ်များကို ကုသပေးရာ သက်သာပျောက်ကင်းကြောင်း တွေ့လာရမည်ဟု ပြောပြပါသည်။ လည်ချောင်းတွင် ကင်ဆာဖြစ်နေ၍ တံတွေး မမျိုနိုင်အောင် ရှိနေသောသူတစ်ဦးကို မန္တလေးမြို့၌ ဆရာတော်နှင့်တွေ့သဖြင့် ရွာသို့ခေါ်ပြီး ကုသပေးလိုက်ရာ ပျောက်ကင်းသွားကြောင်း သိရပါသည်။

ပြာများကို စုတ်တံဖြင့်ထိပြီး အသာအယာပေါက်၍ကုသေး၏။ အသားမပေါက်အောင် စုတ်ဖြင့် အသာအယာလေး တို့ထိပေးခြင်း ဖြစ်၏။ ရောဂါရှိသောနေရာတွင် အလွန်နာကျင်စွာခံစားရပြီး တဖြည်းဖြည်းဖြင့် သက်သာလာကြောင်း သိရပါသည်။ စာရေးသူက ဇက်ထိုး၊ ဇက်အောင့်သဖြင့် လက်တွေ့ကုသကြည့်သည်။ စက္ကူပေါ် ပြဒါးပြာထည့်၍ ကျောပြင်၊ ပခုံးသား၊ နောက်စေ့ကြောတစ်လျှောက် ပွတ်သပ်ကြည့်ရာ အချို့နေရာများ၌ အလွန်ပူလောင်စွာ ခံစားရသဖြင့် ကြိတ်မှိတ်ခံရသည်။

သောဆန္ဒဖြင့် ရေးသားရခြင်း ဖြစ်ပါသည်။ သူရဇ္ဇမဂ္ဂဇင်းပရိသတ်ကြီးအတွက် အထူးရည်ရွယ်ပါသည်။

ဆရာတော် ဦးတိလောက၏ ကျောင်းတည်ရှိရာသည် အလယ်ခုံကျေးရွာ ကျောက်ပေါက်ခုံကျေးရွာအုပ်စု ဝန်းသိုမြို့နယ် ဖြစ်ပါသည်။ ဝန်းသိုမြို့နယ်



ဆရာတော် ဦးတိလောက
အလယ်ခုံကျေးရွာ၊ ဝန်းသိုမြို့နယ်



ဆရာတော်၏ဓာတ်လုံး

စုတ်တံဖြင့်လည်း အသာလေး တို့ထိပေးသည်။ မကြာမီ ခေါင်းမူး၊ ခေါင်းကိုက်ပျောက်သွားသဖြင့် သဘောကျသွား၏။

ဤသို့ ဓာတ်ပြာဖြင့် ကုသပေးနိုင်ကြောင်းကို အသေအချာ မေးမြန်းပြီး စာရေးသားနိုင်ရန် ခွင့်တောင်းမိသည်။ ခွင့်ပြုသဖြင့် ဓာတ်ပုံများ ရိုက်ခဲ့သည်။ ဓာတ်ပြာဖြင့် ကုသပေးခြင်းကို ကောလင်း၊ ဝန်းသိုနယ်တစ်ဝိုက်တွင် သိကြသူရှိသော်လည်း တစ်နိုင်ငံလုံး သိစေလို

ထဲပါဝင်သော်လည်း ကောလင်းမြို့အ ရှေ့ဘက် (၂) မိုင်ကျော်သာ ဝေးသ ကောလင်းမြို့မှလာလျှင် အဆင်ပြေ ဖြစ်၏။ ဆရာတော် ဦးတိလောက ဖုန်းနံပါတ်မှာ ၀၉- ၄၀၀ ၄၂၉ ၀၉ ဖြစ်ပါသည်။

အေးလွင်(ကသာ)

www.burmeseclassic.com

# ငတ်ရင် ဝင်စား

ဝင်းမြအောင် (မြိတ်)

တနင်္သာရီတိုင်းဒေသကြီး မြိတ် ... စာပေဟောပြောရန် ဖိတ်ကြား ...သည့် စာရေးဆရာများ၊ စာပေ ...ပြောပြီးလို့ ပြန်သွားကြတဲ့အခါ ...မြို့ရွာများကိုရောက်လို့ မြိတ်အ ...င်း ပြောကြပြီဆိုရင် 'ငတ်ရင်ဝင် ... ဆိုတဲ့ စကားကို တစ်ဆင့် ဖောက် ...ခဲ့ပြောကြတာကို ကြားဖူးပါတယ်။ ...ယ်တော့ မိမိတို့မြန်မာပြည်တောင် ... အစွန်း မြိတ်ကျွန်းစုကိုရောက်ဖူး ...ကြောင်း သိစေရန် လည်းကောင်း၊ ...ဖြစ်စေရန် လည်းကောင်း ပြော ...ဖြစ်မည်ဟု ထင်မိပါတယ်။ ကျွန် ...တို့ အထက်သား (ပုဂံသား) များ ... မြိတ်သူ မြိတ်သားများက 'ငတ်ရင် ...စား' ဆိုတဲ့ ဝေါဟာရ စကားလုံးနဲ့ ...င်းစားရန် ခေါ်ကျေးကြမှာ မဟုတ် ...။ ဘာဖြစ်လို့လဲဆိုတော့ လက် ...ဝင် (အလွန်ရင်းနှီးသူ) အချင်းချင်း ...နှံးကြတဲ့စကားလုံးဖြစ်လို့ပါ။ ကျွန် ...ကိုယ်တိုင် မြိတ်မှာ အနှစ် (၃၀) ...နေလာခဲ့တာ ဤစကားလုံးအသုံး ...နှံးနဲ့ ထမင်းစားရန်အခေါ်ခံရတာ ...ခါမှမကြုံခဲ့ဘူးလို့ပါပဲ။ အဲ- 'အရှင် ... သိက္ခာချပါဘုရား၊ တပည့်တော် ...သုံပါ့မယ်' အဲဒီလိုတော့ ကြုံကောင်း ...တွေ့နိုင်ပါတယ်။ ဘာဖြစ်လို့လဲ ဆို ...တော့ ရိုသေမှုနဲ့ပတ်သက်ပြီး အမှတ် ...မှ ပြောမိဆိုမိ ဖြစ်နိုင်တာမို့ပါ။ မြိတ် ...က လက်ဆွဲခြင်းထဲ၊ ဈေးတောင်းထဲ၊ ...သုံ့စရာတစ်ခုခုထဲ ထည့်ယူလာတာကို ...နံးခါ၊ သိက္ခာ' လို့ ခေါ်ပါတယ်။ အ ...ကတော့ မြိတ်သူ မြိတ်သားတို့၏ ...ယူလေသိမ်းကို (အထက်သား) ပုဂံ ...းတွေက နားမလည်ပေမယ့် မြိတ်သူ မြိတ်သားများက (အထက်သား) ပုဂံ ...း၊ တစ်နည်းအားဖြင့် စာစကားကို ...တို့နားလည်ကြပါတယ်။ ဘာဖြစ်လို့ ...ဆိုရင် သီချင်းဆိုတဲ့အခါ မြန်မာလို ...ဂံလို) ပီပီသသ ဆိုနေကြတာကိုကြား ...နေရလို့ပါပဲ။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ...က်မှာ 'ဟုတ်ထာပ' ပြောသလို၊ မြိတ် ...တော့ 'မဟုတ်ဘူး' ကို 'မဟုတ်ရ'၊ 'မသိဘူး' ကို 'မသိရ' ပြောကြတာဟာ မလေ့စကားတွေပါ။ ပျဉ်းမနား နေပြည်တော်တစ်ဝိုက်က ထန်းတောကြီးရွာမှာ လှည်းထမ်းပိုးတုံးမှာတပ်ထားတဲ့ ထမ်းပိုးကြီးချောင်းတွေကို 'ချောင်တစ်လစ်' တဲ့။ ထမင်းအိုးငှဲ့တဲ့အခါကိုင်တဲ့ လက်ခုစုတ်ကို 'ပူကယ်' တဲ့။ ကြိမ်လုံးကို 'နကန်' (နွားကန်) တဲ့။ အဲဒီလိုပဲ မြိတ်ဒေသသုံး စကားလုံးတွေကတော့-



| မြိတ်စကား | ပုဂံစကား |
| --- | --- |
| ချေးယောင် | အိမ်သာ |
| မျက်ဆန်ကြီးသည် | မူးဝေသည် |
| သားငယ်သနားစရာ | ကလေးချစ်စရာ |
| မဟုတ်ရ | မဟုတ်ဘူး |
| သာပူ | ဆပ်ပြာ |
| ဖင်မွေး | အမြီး |
| ဈေးရှင် | ဈေးသည် |
| ရှင်ပွဲ | အလှူပွဲ |
| စီစပ်ပုပ် | လမ်းပေါ်မှရွှံ့နွံ |
| အသံဗျယ်တယ် | အသံမြည်တယ် |
| အော့လီအော့လစ် | အူကြောင်ကြောင် |
| ချဲတောက်တဲ့ | ကိုယ်တုံးလုံး |
| ကောင်းစ | ကောင်းတယ် |
| ခရွှသီး | သီဟိုဠ်ရဲသီး |
| သားလောင် | ပုဆိုး |
| ဗိုက်ရှင် | ကိုယ်ဝန်ဆောင် |
| ချွတ်သီး | မနော်နွယ် |
| | သရက်သီး |
| အိမ်တက်ပွဲ | မင်္ဂလာဆောင်ပွဲ |
| ဝက် | အရွက် |
| တာအုန်းသီး | ကျွဲကောသီး |

စသည်တို့ ဖြစ်ကြပါတယ်။

အဲဒီလို မြိတ်ဒေသသုံးစကားလုံးတွေရှိသလို သူ့အရပ်ဒေသသုံး၊ ကိုယ့်အရပ်ဒေသသုံး ဓလေ့ထုံးတွေရှိကြမှာပါပဲ။ ငတ်၊ မွတ်၊ ဆာ၊ လောင် ဆိုတဲ့ စကားနဲ့ပြန်ကြည့်ရင် 'ငတ်ရင်ဝင်စား' နှင့် 'ဆာရင်လာစား' ဟာ အတူတူပါပဲ။ သို့သော်လည်းပဲ အထက်သား (ပုဂံသား) တွေအနေနဲ့ 'ငတ်ရင်ဝင်စား' ဆိုတာ ရိုင်းတယ်လို့ ထင်ချင်ထင်မယ်၊ ဒါမှမဟုတ် 'တစ်မျိုးပဲ၊ အခံရခက်လိုက်တာကွာ' ဟု တွေးထင်ကောင်း ထင်မယ်။

'ငတ်ရင်ဝင်စား' ဆိုတာတော်သေးတာပေါ့။ 'နန့်ဖန်ခံ နို့ပလန်မယ်' လို့ အပြောခံရရင် ဘယ်လိုနေကြမလဲ။ မြိတ်ထက်လေးနက်တဲ့ ထားဝယ်စကားဆိုရင် အဲဒီလို အဲဒီလို ရှိတယ်။ တကယ်တော့ 'နန့်ဖန်ခံ နို့ပလန်မယ်' ဆိုတာ 'နက်ဖြန်ခါ တို့ပြန်မယ်' တဲ့။

ကဲ- ပုဂံသားတို့ရေ ငတ်ရင်ဝင်စား ဆိုတာ တော်သေးတာပေါ့နော်။

နောက်မှ အခွင့်ရရင် မြိတ်ဒေသသုံး စကားလုံးတို့ကို ပြောပြပါဦးမယ်၊ အခုတော့ အားလုံး ကျန်းမာ ချမ်းသာကြပါစေ။

ဝင်းမြအောင် (မြိတ်)



www.burmeseclassic.com

www.burmeseclassic.com



နွားပျောက်ရှာနည်း

ကိုဇော်ဝင်း(ပုလဲ)

(၁)

'နတ်မြစ်' သို့မဟုတ် 'နတ်မူး' က တောင်နှင့်မြောက် စီးလို့နေပါ၏။

ဒေသက 'နတ်မူး' လို့ အသိအမှတ်ပြုကြပါသည်။ ရေစီး အလွန်ကြမ်းပါသည်။ တစ်နေရာ၌ တစ်တောင်သာသာ ရေအနက်ရှိပြီး အခြားတစ်နေရာ၌ ရေက ဝါးတစ်လုံးမထောက်မီအောင် နက်သည်။ ဝါးသုံး၊ လေးပြန် အနက်ရှိသောနေရာလည်း ရှိပါ၏။

ရေတိမ်သဖြင့် ဖြတ်ကူး၍ စိတ်မကူးနှင့်၊ ရေစီးနှင့်မျောပါသွားမှာ သေချာသည်။ ဒေသခံများပင် သတိနှင့်ကူးကြ၊ သုံးကြရသည်။

လူစိမ်းများ ရေနစ်သည်က များပါ၏။

နတ်မူး၏ အရှေ့ဘက် မလှမ်းကမ်းမှာ ကုန်းလေးနှစ်ကုန်း ရှိသည်။ အမြင့်(၁၀)တောင်ကျော်မည် ဖြစ်သော ကုန်းကလေးနှစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



ကုန်းကလေးနှစ်ခု၏ အမည်က ◌်ဝင်စားဖွယ်ကောင်းသည်။ ပြီးတော့ ◌လင်ရှိသည်။

တောင်ဘက်ကုန်းက နွားပျောက် ◌န်း၊ မြောက်ဘက်ကုန်းက သား ◌ျောက်ကုန်း။

နွားပျောက်ကုန်းနှင့် သားပျောက် ◌န်းကြားမှာ မြေပြန့် တစ်ဧကနီးပါး ◌သည်။ အခြောက်ခင်းအဖြစ် စည် ◌ရွာသား ဘိုးမြ လုပ်ကိုင်သည်။

စည်သာရွာမှာ နွားပျောက်ကုန်း ◌ အရှေ့မြောက်ထောင့် မိုင်ဝက်ခန့် အကွာမှာတည်ရှိပါ၏။ အိမ်ခြေ (၃၀၀) နီးပါးရှိသော ရွာကြီး ဖြစ်ပါ၏။

နတ်မြစ်၏ အနောက်ဘက်က အရာတော်မြို့နယ်၊ အရှေ့ဘက်က ဝက်လက်မြို့နယ်တို့ကို နတ်မြစ်က စည်းခြားထားသည်။

နွားပျောက်ကုန်း၊ သားပျောက်ကုန်းဟု အမည်မရရှိသေးချိန် 'ဘိုးမြကုန်း' လို့ စည်သာရွာက ခေါ်သည်။

ကုန်းနှစ်ကုန်းစလုံး ဘိုးမြ ပိုင်သည်။ ကုန်းပေါ်မှာ ဘိုးမြ ထွန်ယက်စိုက်ပျိုးသည်။ နှမ်း၊ မြေပဲ၊ ဂျုံ၊ ကုလားပဲများ စိုက်ခဲ့၏။

ကုန်းအခြေ၌ ကုက္ကိုပင်ကြီးများ၊ သရက်ပင်၊ တမာပင်၊ မန်ကျည်းပင်၊ လက်ပံပင်ကြီးများ ရှိကြသည်။ အရိပ်ကောင်းသည်။

တောအလုပ်လုပ်ရင်း နားကြရာနေရာ ဖြစ်သည်။ ထမင်းထုပ်ဖြေပြီး စားသည်၊ နေ့လယ်နေ့ခင်း တစ်ရေးတစ်မောအိပ်ခဲ့ကြသည်။

စည်သာရွာ မြောက်ပိုင်းမှာ အသက် (၁၈) နှစ်အရွယ် လူမွှေး ရှိသည်။ လူမွှေးက ရဟန်းဝါအနည်းငယ်ရပြီးမှ ဖခင်ကြီးဆုံးသဖြင့် လူဝတ်လဲပြီး မိခင်ကြီးကို လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်သည်။ ရုပ်ရည်ချောမော ယောကျ်ားပီသသမျှ စိတ်ထားကောင်းသည်။ ကူညီချင်စိတ်ရှိသည်။

လူမွှေးပိုင် အခြောက်ခင်းက သုံး၊ လေးဧကမျှသာရှိပြီး စိုက်ပျိုးပြီးချိန် အခြားသူများ၏စိုက်ခင်းကို အခကြေးငွေနှင့်လုပ်သကဲ့သို့ နွမ်းပါးသူများကို ငွေကြေးမယူဘဲ ပြီးစီးအောင် ကူညီလုပ်ကိုင်ပေးပါ၏။ မခိုမကတ် ကိုယ့်အလုပ်သဖွယ် သဘောထားသဖြင့် အလုပ်ခိုင်းလိုသူပေါသည်။

အသောက်အစား၊ လောင်းကစားမရှိ၊ ရသမျှငွေကြေးများ မိခင်ကြီးကို အပ်ပါ၏။ မိခင်ကြီးကို စိတ်ချမ်းသာအောင်ထားသည်။ ခြေဆုပ်လက်နယ် ပြုစုသည်။

စည်သာရွာမှာ သမီးရှင်များက လူမွှေးကို မျက်စိကျသည်။

သို့စဉ်လျက် လူမွှေးက ရွာလယ်ပိုင်းမှ ဘချစ်တင်သမီး ငြိမ်းတင်ကို ခင်ခဲ့၏။ ဘချစ်တင်က စည်သာမှာ ကြေးရတတ်တစ်ဦး ဖြစ်၏။ ယာမြေ၊ ကုန်းမြေ ဧက တော်တော်များများ ပိုင်သည်။

ငြိမ်းတင်က ဘချစ်တင်၏တစ်ဦးတည်း သမီးလေး ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းတင်သည် ရုပ်ရည်ချောမောသည့်အပြင် ပစ္စည်းဥစ္စာပါ ပြည့်စုံသူလေးဖြစ်သဖြင့် စည်သာရွာ ကာလသားများအားလုံးက ရချင်နေသည်။ ကိုယ်တိုင်ကိုယ်ကျ ကြိုးစားကြသကဲ့သို့ မိဘသားချင်းများမှ ပြောခိုင်း၊ နားဖောက်ခိုင်းသူများလည်း ရှိသည်။

သည်အထဲမှ ငြိမ်းတင်က လူမွေးမှ လူမွေး ဖြစ်နေပြန်သည်။

လူမွေးနှင့် ငြိမ်းတင်သည် ရွာဦးဆရာတော်ကျောင်းမှာ စာသင်ဖက်ဖြစ်၏။ ကစားဖက်ဖြစ်ခဲ့၏။ အသက် (၁၂) နှစ်အရွယ် လူမွေး သင်္ကန်းဆီးခဲ့သည်။

ဘချစ်တင်နှင့် ရွာဦးဆရာတော်က ညီအစ်ကိုဝမ်းကွဲတော်စပ်သည်။

ဆွမ်းချိုင့်ပို့ခြင်း၊ ဥပုသ်သီတင်းရက်များမှာ ဘချစ်တင်တို့ သားအဖ ဥပုသ်စောင့်ခြင်းများ အဝင်၊ အထွက်ရှိသည်။

ငြိမ်းတင် သုံးနှစ်သမီးအရွယ်မှာ မိခင်ကြီး ဆုံးပါးသွားသည်။

ဘချစ်တင် နောက်အိမ်ထောင် မပြုဘြား၊ ဥပုသ်သီလစောင့်ဘြား အရက်ကလေး၊ ထန်းရည်လေးကို ကြိုက်သူဖြစ်ပါ၏။

ပြီးနောက် ဘချစ်တင်က စိတ်ထက်သည်။ စိတ်ကြမ်းသည်။

ဆရာတော်ကျောင်းမှာ လူမွေးနှင့်ငြိမ်းတင်တို့ ငြိခဲ့ကြသည်။ အချိန်မီ ဘချစ်တင် သိရှိသည်။

ဆရာတော်၏ကျောင်းကို ဘချစ်တင်တို့သားအဖ ရောက်မလာတော့။ ဆွမ်းအုပ်၊ ဆွမ်းချိုင့်ကို ဘချစ်တင်၏လူငှားတစ်ယောက်က လာပို့သည်။

မနက်ခင်း ရွာထဲဆွမ်းခံရာမှာပင် ငြိမ်းတင် ဆွမ်းထွက်မလောင်းရ။

လူမွေးနှင့် ရဟန်း၊ ကိုရင်၊ ကျောင်းသားများဆွမ်းတန်းက ရွာလယ်ပိုင်းရှိ ဘချစ်တင်တို့ အိမ်ရှေ့က ဖြတ်သည်။

ငြိမ်းတင် ဆွမ်းထွက်မလောင်းရဘြား ငြိမ်းတင်တို့အိမ်မှ ဘချစ်တင်၏ ညီမဝမ်းကွဲ၊ အိမ်ထမင်းချက် မခင်ကြည် ဆွမ်းထွက်လောင်းသည်။

လူမွေး၏ဆွမ်းသပိတ်ထဲမှာ ပန်းကန်လုံးလေးထဲမှ ဆွမ်းဖြူဖြူ အငွေ့တထောင်းနှင့်အတူ စာရွက်ခေါက်လေး ပါလာသည်။

ငြိမ်းတင်က အဒေါ်ဖြစ်သူကိုစည်းရုံးထားပါသည်။ မခင်ကြည်ကလည်း အစ်ကိုကိုကြောက်ရဘြား ကလေးနှစ်ယောက်ကို သနားသဖြင့် ကူညီသည်။

သည်အချိန် လူမွေးဖခင်ကြီးဆုံးပါးသဖြင့် လူဝတ်လဲခဲ့ရသည်။

လူမွေးက အလုပ်ကိုကြိုးစားလုပ်ကိုင်သည်။

ဘချစ်တင်၏အိမ်ဝိုင်းက ကျယ်သည်။ တော်တော်တန်တန် လူအဝင်, အထွက်မရှိ၊ အရှိန်အဝါက ကြီးသည်။ လူငှားများပင် စည်းနှင့်ကမ်းနှင့် ဝင်ရထွက်ရ၏။

လူမွေးနှင့် ငြိမ်းတင် တွေ့ခွင့်မရ။

ရက်ကြာကြာ အဆက်အသွယ်ပြတ်ခဲ့သည်။

သို့သော် ငြိမ်းတင်က ဉာဏ်ကောင်းသည်။

တစ်ရက်၊ လူမွေး တောမှပြန်လာချိန်။ အိမ်မှာ လူမွေး၏အမေက မီးဖိုချောင်ဝင်နေသည်။

ပဲပြုတ်သည်က လူမွေးတို့အိမ်ဝင်ပြီး ပဲပြုတ်တောင်းချသည်။

"အမေ၊ ပဲပြုတ်မှာထားသလား"

လို့ လူမွေးက မေးသည်။

"မမှာပါဘူးကွယ်၊ ငါက မင်းကို ပဲပြုတ်ကျွေးချင်လို့ပါ"

လို့ပြောပြီး ပဲပြုတ်(၅)ကျပ်သားချိန်ပေးသည်။

ကြေးချိန်ခွင်ထဲတွင် ပဲပြုတ်နှင့်အတူ စာရွက်ခေါက်လေးကို လူမွေးတွေ့လိုက်ရသည်။ အမေများ ထွက်လာမလားလို့ လူမွေး မီးဖိုဆောင်ကိုကြည့်၏။

အိတ်ကလေးထဲမှ စာရွက်ခေါက်ကလေးကိုယူပြီး မီးဖိုထဲဝင်ခဲ့၏။

"ဟောတော်- အိမ်မှာလည်း ပဲဖြူလေး ပြုတ်ထားတယ် သားရဲ့"

လို့ အမေက လူမွေးကိုပြောဘြား-

"ကျွန်တော် စားတော်ပဲစားချင်လို့ အမေ"

ဟု လူမွေး ပြန်ပြောခဲ့ရ၏။

'ဟောဒီက ပဲပြုတ်တော်ရေ- ယူကြဦးမလား'

ဆိုသော အသံကလေးက မနက်တိုင်း လူမွေးတို့အပိုင်းမှာ ကြားနေရသည်။

(၂)

စည်သာမှာ အဆင့်တူများ စပ်ဟပ်လာကြပါလျက် ငြိမ်းတင် ခေါင်းယမ်းဖန်များလာသောအခါ ဘချစ်တင် စုံစမ်းအဖြေရှာသည်။

လူမွေးနှင့် ငြိမ်းတင် ခင်မင်နေကြပြီဆိုသောအခါ ဘချစ်တင် ယမ်းပုံမီးကျ ဒေါသကြီးတော့သည်။

မတူမတန်ဟုလည်း ဘချစ်တင် သတ်မှတ်၏။

မုဆိုးမသားက ရာရာစစလို့လည်း တောက်တခေါက်ခေါက် လုပ်ခဲ့၏။

ဘချစ်တင် နောက်လိုက်နော... ပါသုံး၊ လေးယောက်နှင့် လူမွေးတို့... ဝင်၏။

'သမီးနှင့်သဘောမတူနိုင်ပါ ... မတိုးပါစေနှင့်' လို့ လူမွေး၏မိခင်ကြီး... ပြောခဲ့၏။

သည်အချိန်မှာ လူမွေးက အိမ်... မရှိ။ ဂျုံစိုက်ရန် ထွန်ရေးဝင်နေသည်... လူမွေး အိမ်ကိုပြန်ရောက်သောအခါ... မိခင်ကြီးက ဝမ်းနည်းစွာပြောပြခဲ့၏။

လူမွေး အံ့ဩသွားခဲ့သည်။

သည်မျှ အနိုင်ကျင့်ရန်ကော... လည်း စိတ်ထဲကအောက်မေ့ဘြား မိခ... ကြီးစိတ်ချမ်းသာအောင် 'နောက်ဆ... ပါမည်' ဆိုသော ကတိကို ပေးခဲ့ရ၏။

အလုပ်ထဲမှာ စိတ်ကိုနှစ်ထား...

လုပ်နေကျ အလုပ်များကို ... နေရဘြား လူမွေး စိတ်မပါ။

လူမွေးမှာ မခံချင်စိတ်ကလေး ... သည်။

ငြိမ်းတင်နှင့် အဆက်အသွယ်... သည့်အတွက်လည်း မကျေနပ်၊ ပဲပြု... သည် မရောက်လာသည်ကလည်း ... ပြီ။

⭘

စည်သာရွာဦးဘုရားပွဲ ကျင်း... သည်။

ဆရာတော်၏ ကျောင်းဝင်းအ... တွင်းမှာ ဆွမ်းတော်ပွဲလှူမည်။ ကာလ... သား၊ ကာလသမီး အစုံပါသည်၊ ... စည်ဝိုင်းလည်းပါသည်။ မရောက်လာ... ကြသောသူများကို အသံချဲ့စက်ဖြင့် တကြော်ကြော် အော်ခေါ်နေသည်။

ကျောင်း၏တောင်ဘက်မှာ ... စည်ဝိုင်းအကနှင့်ဖျော်ဖြေနေ၏။ ... ကောင်းစားလှူနှင့် ကာလသား၊ ကာလ... သမီးများ အလှူ့အတွက်စီတန်းရန်... နေချိန်၊ ရှေ့မှပြောအဖွဲ့ စထုချိန်၊ ... လှုပ်ရှားရှ ဖြစ်နေချိန်။

လူမွေးက အိုးစည်ဝိုင်းကို ... သည်။ ထိုစဉ် ကျောကိုပုတ်လိုက်သ... နောက်လှည့်ကြည့်ရာ ငြိမ်းတင် ဖြစ်... သည်။

ငြိမ်းတင်က မျက်နှာရိပ် မျက်... ကဲပြလျက် ဘုရားအရှေ့ဘက် ... သွားသည်။ လူမွေးက အနီးအပါးကြည့်... လျက် နောက်မှလိုက်သွားခဲ့သည်။

လူမွေးနှင့်ငြိမ်းတင် တစ်ယော... မျက်နှာ တစ်ယောက် ကြည့်မဝ ... စကားများပြောမကုန်။

ဆွမ်းတော်ပွဲလှူညှ... စနေပြီ...



www.burmeseclassic.com

www.burmeseclassic.com

အတန်းထဲ ပြန်ဝင်ရန် ငြိမ်းတင် ထုပ်သည်။

လူမွေးက ငြိမ်းတင်လက်ကို တင်းတင်းဆုပ်ထားသည်။ မလွှတ်တော့။

"တို့ ပြေးကြစို့"

လို့ လူမွေးက ပြောခဲ့သည်။

ငြိမ်းတင် အံ့အားအသင့်ကြီးသင့်နေသည်။ နောက်မှ ခေါင်းကလေးညိတ်ပြသည်။

ဆွမ်းတော်ပွဲက ပြောခေါက် တုတ် ကျောင်းဝင်းအတွင်းမှာ လှည့်နေပြီး ရွာကိုဝင်မည်၊ ရွာမထဲတစ်ပတ်လှည့်ပြီး ပြီးနောက် ဘုရားပွဲကျရာကို ပြန်လာမည်။

လူမွေးနှင့် ငြိမ်းတင်တို့ ကျောင်းအရှေ့ဘက်စည်းရိုးမှထွက်၍ မြောက်ဘက်ကို သွက်သွက်ကလေး ပြေးခဲ့ကြသည်။

ဘိုးမြကုန်းအခြေ ကုက္ကိုပင်ကြီးအောက်ကိုရောက်ခဲ့ကြသည်။ မောမောနှင့်နားကြသည်။

ဘုရားပွဲကျင်းပချိန်မို့ လူသူလေးသာတော့ တောထဲတောင်ထဲမှာမရှိ။ သစ်ကိုင်းသစ်ခက်များကို လေတိုးသံမှ မည်သည့်အသံမျှမကြားရ။

ပြောသံ၊ အသံချဲ့စက်သံများ လေအင့်လျှင် တစ်ချက် တစ်ချက် ကြားနေသည်။

"ဘုရားပွဲ အလှည့်ပြီးလို့ အိမ်ပြန်ရောက်ရင် အဖေသိမယ်၊ လူဖြန့်ရှာတော့မယ်။ အချိန်ရတုန်း ပြေးကြဦးစို့"

လို့ ငြိမ်းတင်က ဆိုသည်။

လူမွေးက ငြိမ်းတင်၏ကိုယ်လေးကို ပွေ့ထားရာမှ မလွှတ်ချင် လွှတ်ချင် လွှတ်လိုက်ရသည်။

ကုန်းအတိုင်း အနောက်ကိုဆင်းသည်။ နတ်မြစ်ကမ်းစပ်မှာ လှေကလေးတစ်စီး ရှိနေသည်။

လှေသမားက မရှိ။

မကြာမီ နေဝင်တော့မည်။

လှေသမားက ရွာဘုရားပွဲရောက်နေပြီထင်၏။ လှေသမားကို မစောင့်တော့ ငြိမ်းတင်က လှေပေါ်တက်သည်။ လူမွေးက လှေကို ကြိုးဖြုတ်သည်။

နတ်မြစ်ကို ကန့်လန့်ဖြတ်လှော်ခဲ့သည်။ ကမ်းအနောက်ဘက်မှာ ဝက်ခဲရွာ ရှိသည်။ ဝက်ခဲရွာ၌ လူမွေး၏သူငယ်ချင်း ရှိသည်။

လူမသိသူမသိအချိန်လေးမှာ လူတို့ ဝက်ခဲရွာကလေးထဲ ဝင်ခဲ့သည်။ လူမွေး၏သူငယ်ချင်းက အိမ်၌မရှိ၊ အိမ်သားတွေ့။ မနက်ကတည်းက အရောင်းအဝယ်နှင့် မုံရွာကို ထွက်သွားကြောင်း လူမွေးသူငယ်ချင်း၏ မိန်းမက ပြောပြသည်။

လူမွေးတို့ကို ထမင်းကျွေးသည်။

တစ်ညအိပ်ပြီးမှ မနက်စောစောထွက်ရန်၊ လူမွေးသူငယ်ချင်းရှိရာ မုံရွာကိုလိုက်ပြီး မှန်းခိုရန် လူမွေးသူငယ်ချင်း စီစဉ်ပေးလိမ့်မည် ဆိုသည့်အကြောင်း သူငယ်ချင်း မိန်းမက ပြောသည်။

လူမွေးကလည်း သဘောတူ၏။ ငြိမ်းတင်က ညတွင်းချင်း သွားချင်ကြောင်းဆိုပြား လမ်းမှာ မိနိုင်သည်။ ခဏပုန်းခိုနေသင့်သည်လို့ လူမွေးက ဆိုပါသည်။

တစ်ညလုံး ငြိမ်းတင် မအိပ်ပါ။ အစိုးရိမ်ပိုစွာ အလန့်ကြီးလန့်နေသည်။ ဖခင်ကြီးအကြောင်းကို သိသည်။

စောစောပိုင်းက လူမွေးတို့စကားဆိုခဲ့ကြသည်။ ညဉ့် (၁၂) နာရီ အထိ ကျိစယ်နေခဲ့သည်။

အလင်းရောင်နည်းနည်း အခန်းကျဉ်းလေးထဲမှာစကားဆိုရင်း ငြိမ်းတင်ပေါင်ကို ခေါင်းခုလျက် လူမွေးအိပ်ပျော်သွားသည်။

လူမွေးကို ငြိမ်းတင် တစိမ့်စိမ့် ကြည့်လျက်ရှိနေသည်။

ဝက်ခဲရွာဘုန်းကြီးကျောင်းမှ တုံးခေါက်သံများ ထွက်လာသည်။

မနက် (၄)နာရီ ထိုးပြီ ဖြစ်၏။

သွားဖို့အချိန်ကျပြီမို့ ငြိမ်းတင်က လူမွေးကို ညင်သာစွာနှိုးသည်။ လူမွေး မျက်ဝန်းအစုံ ဖွင့်လာသည်။ ငြိမ်းတင်၏မျက်နှာလေးကို မျက်တောင်မခတ်တမ်း စိုက်လို့ကြည့်နေခဲ့၏။

"ဟင်. . . ဘာမှန်းလဲ မသိဘူး"

ငြိမ်းတင်က ပြောပြောဆိုဆိုဖြင့် လူမွေးမျက်နှာကို ညာလက်ကလေးဖြင့် ပိတ်လိုက်၏။ လူမွေးက သူ့လက်ဖြင့် ငြိမ်းတင်၏လက်ကလေးကို ဖွဖွလေး ဆုပ်လိုက်သည်။

ရွာလမ်းမဆီမှ ခွေးဟောင်သံများနှင့်အတူ လူတစ်စု၏ဆဲသံဆူသံများကို ကြားလိုက်ရသဖြင့် လူမွေး ထလိုက်ရသည်။

တုတ်၊ ဓားကိုယ်စီနှင့် လူတစ်စု။

ထိုလူစုကား အရက်မူးနေကြ၏။ ဝက်ခဲရွာမှ ရွာလူကြီးလည်း ပါသည်။ စည်သာမှ ဘချစ်တင်တို့ လိုက်လာခြင်း ဖြစ်ပါ၏။

"ဟောကောင်တွေ လက်မလွှတ်စေနဲ့"

လို့ ဘချစ်တင်က သူ့လူများကို ပြော၏။

ဘချစ်တင်၏တပည့်တစ်ယောက်က ဓားအိမ်နှင့် လူမွေးကိုရိုက်သည်။ ရုတ်တရက်မို့ လူမွေး မတိမ်းလိုက်နိုင်ဘဲ ညာဘက်ပခုံးကို အရှိန်ပြင်းစွာ ရိုက်မိသွားသည်။

လူမွေး လဲကျအသွား၊ ညာလက်ဖြင့် မြေပြင်ကိုအထောက် နင့်ခနဲ ခံလိုက်ရ၏။

ဘချစ်တင်က ငြိမ်းတင်ကို ဆွဲခေါ်သည်။

အိမ်ဝင်းထဲမှ အားလုံး ထွက်သွားခဲ့ကြသည်။

လူမွေးသည် ဝက်ခဲရွာမှာဆက်နေခဲ့၏။ နောက်တစ်နေ့မှာ လူမွေး၏သူငယ်ချင်း မုံရွာမှပြန်ရောက်လာသည်။

ဖြစ်သမျှအားလုံး သိသွားသည်။

"အေးကွာ-ငါမရှိတာ ကံကောင်းသွားတယ်။ ပွဲကြီးပွဲကောင်း နွှဲရတော့ မလို့ကွာ"

လို့ လူမွေးသူငယ်ချင်းက မဟုတ်မခံ၊ ကိုယ်ခံပညာလည်း တတ်သည်။ ဝက်ခဲတစ်ရွာလုံးက ချစ်ခင်လေးစားသူလည်း ဖြစ်သည်။

ဝက်ခဲရွာလူကြီးက လူမွေး၏သူငယ်ချင်းကို တောင်းပန်သည်။

"ဟောကောင်-မင်း ငါနဲ့နေတော့။ မင်းရဲ့ကောင်မလေး ငါရအောင်ပြန်ခိုးပေးမယ်"

လို့ လူမွေး၏သူငယ်ချင်းကပြောပြား လူမွေး ခေါင်းကိုယမ်းပြသည်။

လူမွေး၏ညာလက်က မြောက်မရတော့။ ဥယျာဉ်သာမှဆရာနှင့်ပြခဲ့၏။ ကုသခဲ့၏။ ဓားအိမ်ဒဏ်ရာကြောင့် လူမွေး ပခုံးတစ်ဖက်နိမ့်သွားသကဲ့သို့ ညာလက်က ကောင်းစွာမသန်တော့။ ဆားကြပ်ထုပ်ထိုးပေးနေရသည်။

ရက်အနည်းငယ်ကြာ လူမွေးက သူငယ်ချင်း မိသားစုကို အားနာသဖြင့် စည်သာကို ပြန်သည်။ လူမွေးသူငယ်ချင်းကိုယ်တိုင် လိုက်ပို့သည်။

စည်သာမှာ လူမွေး၏အမေလည်း အရိုက်ခံထားရသည်။ ငြိမ်းတင်ပျောက်သွားသည်နှင့် ဘချစ်တင်တို့က လူမွေးတို့အိမ်ကို ဝိုင်း၏။ လူမွေးတို့ကို မတွေ့ရသော် ဘချစ်တင်တို့ဒေါသကြီးတော့သည်။

လူမွေးအမေက ဘချစ်တင်ကို တောင်းပန်စကားဆိုသည်။ 'ကလေးမကို အချိန်မီပြန်အပ်ပါမည်' လို့လည်း ကတိပေး၏။

ဘချစ်တင်တို့ မကျေနပ်၊ ဘချစ်တင်၏ တပည့်များက ရိုက်ကြနှက်ကြလုပ်သည်။

လူမွေးအမေ တော်တော်ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ အိပ်ရာထဲလဲတော့၏။

"သူ့ကို သတ်ပြီးမှပြန်မယ်။ အစ တော်မိုက်ရိုင်းတဲ့လူ၊ လုပ်ရက်တယ်။ တွေ့ကြသေးတာပေါ့"

လို့ ပြောပြီး လူမွှေးသူငယ်ချင်း မောတဆဆလုပ်ပြီ။

အိမ်နီးချင်းများ အပါအဝင် လူ မွှေးအမေကပါ လူမွှေး၏သူငယ်ချင်းကို တောင်းပန် ချော့မော့ခဲ့ရ၏။ ဝက်ခဲကို ဖြောင့်ဖြောင့်ပြန်အောင် ပြောဆိုခဲ့ရ၏။

လူမွှေး၏အမေကို ဥယျာဉ်သာမှ ဆရာနှင့် ကုသသော်လည်း အသက်အ ရွယ်အရ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး တစ်လအကြာမှာ လူမွှေးအမေ ဆုံး သည်။

သားအမိနှစ်ယောက် ဆေးဝါးကု သစရိတ်၊ စားစရိတ်များကြောင့် လူမွှေး ပိုင်အခြောက်ခင်းများ ကုန်သွားသည်။

စည်သာရွာက လူမွှေးကို ညှာ သည်။ စည်သာရွာသူ ရွာသားများ ပိုင် သမျှ ကျွဲ၊ နွားများကို လူမွှေး ကျောင်းခွင့် ရသည်။ ကုလားပဲ၊ ဂျုံများ ရိတ်သိမ်းပြီး ချိန် မိုးဦးကျစမှာ ဘိုးမြ၏ခွင့်ပြုချက်ယူ လျက် ဘိုးမြကုန်းမှာ ကျွဲ၊ နွား များကို လွှတ်ကျောင်းသည်။

ကုန်းအခြေ သစ်ပင်ရိပ်ကြီးများ အောက်မှာထိုင်လျက် စားကျက်ထဲမှာ ရှိသော ကျွဲ၊ နွားများကို မျက်ခြည်မပြတ် ကြည့်ရသည်။

ခြောက်တန်ခြောက်၊ မောင်းတန် မောင်း၊ တုတ်တိုနှင့် ပေါက်တန်ပေါက် လုပ်ရသည်။ လွယ်အိတ်ဟောင်းကလေး တစ်လုံးလွယ်သည်၊ ပုဆိုးဟောင်းတစ် ထည် ခေါင်းမှာပေါင်းသည်။ လက်မှာ လည်း ဝါးရင်းတုတ်ကလေးပါ၏။

မနက်မှ နေဝင်အထိ လူမွှေး ကျွဲ၊ နွားများ ကျောင်းရသည်။

ငြိမ်းတင်နှင့် တွေ့ခွင့်မရ။

ငြိမ်းတင်နှင့်ပတ်သက်သမျှ သတင်း မကြားရ။

ဝက်ခဲရွာမှ ပြန်ခေါ်ခဲ့ပြီးနောက် အခန်းထဲမှာ ငြိမ်းတင်ကို ပိတ်လှောင် ထားသည်။ ငြိမ်းတင်က အစားမစား၊ ရေ မသောက်ဘဲနေကြောင်း သတင်းမျှသာ သိခဲ့ရသည်။

## (၃)

နေထန်းတစ်ဖျားအချိန်။

စားကျက်ထဲမှာ နွားပေါက်စ နှစ် ကောင် ဆော့နေကြသည်၊ ခုန်ပေါက် နေကြသည်။ တစ်ဖက် စိုက်ခင်းကို ရောက်မည်စိုးသဖြင့် လူမွှေး ရပ်ကြည့် နေရ၏။

စည်သာရွာမှ လူသုံးယောက် လျှောက်လာတာကို တွေ့ရ၏။

တစ်ယောက်က ဥယျာဉ်သာမှ ဆေးဆရာ ဖြစ်သည်။ လူမွှေးက စောင့် ပြီး နှုတ်ဆက်ပါသည်။

ဥယျာဉ်သာမှဆရာသည် လူမွှေး ကိုကုသဖူး၏။ လူမွှေး၏အမေကိုလည်း ကုသပေးခဲ့၏။ ကျေးရွာရှင်ဆရာ ဖြစ်သ ဖြင့် လူမွှေး ရိုသေလေးစားခြင်းရှိ၏။

ဥယျာဉ်သာမှ ဆရာကလည်း လူ မွှေးကို ခင်မင်ပါ၏။

သို့သော် ယခု လူမွှေးက ရိုသေ စွာ စောင့်ကြို နှုတ်ဆက်ပါလျက်နှင့် ဥယျာဉ်သာဆရာက မည်သည့်စကားမျှ ပြန်မဆို။ စိတ်မကောင်းစွာ၊ မျက်နှာမ ကောင်းစွာ လူမွှေးကိုကြည့်လျက် ရှိ သည်။

လူမွှေး တုန်တုန်လှုပ်လှုပ် ဖြစ် သွားရ၏။

"အေးဟေ့ - မောင်လူမွှေးရေ မနေ့ညက ကိုချစ်တင်လာပင့်လို့ လိုက်ခဲ့ ရတယ်။ ငြိမ်းတင်တစ်ယောက် မနက် (၉) နာရီက ဆုံးရှာပြီ"

လို့ ဥယျာဉ်သာဆရာပြောခဲ့၏။

ဆရာက နှုတ်ဆက်စကားမျှပင် မဆိုတော့ပါ၊ နှတ်မူးဘက် သူ့လူနှစ် ယောက်နှင့်အတူ ထွက်သွား၏။ ဝက်ခဲ ကို လှေဖြင့်ကူးမည်။ ဝက်ခဲမှာ ဆရာ့ လူနာ ရှိမည်ထင်၏။ ဆရာ့နောက်သို့ လူမွှေးလိုက်ရန် ပြင်မိ၏။ သို့ဖြစ်ငြား လူမွှေး မလိုက်ဖြစ်။

လူမွှေး၏စိတ်များ ယောက်ယက် ခတ်ခဲ့၏။ ဆောက်တည်ရာမဲ့ခဲ့၏။

လူမွှေးထိုင်၏။ ပြီးနောက် ပြန်ထ ၏။

ဘိုးမြကုန်းအခြေမှ ကုက္ကိုပင်ကြီး အရိပ်သည် အလွန်ပင်အေးမြ၏။ အရိပ် အာဝါသ လွန်စွာကောင်း၏။

သို့သော် လူမွှေးရင်မှာမအေးမြ။

ကုက္ကိုပင်အခြေမှ ရေဘူးကိုယူ လျက် လူမွှေး သောက်ရန်ပြင်၏။ သို့ သော် လူမွှေး ရေမသောက်ချင်တော့။ ရေဘူးကို အသာချလိုက်၏။ ထမင်းထုပ် ကလေးကို ကြည့်၏။ ထမင်းမစားချင်။

မျက်ဝန်းထဲမှာ ငြိမ်းတင်၏ချစ်စ ဖွယ်ပုံရိပ်များ တဖျပ်ဖျပ် ပေါ်ခဲ့သည်။ ကုက္ကိုပင်အခြေမှာ လူမွှေး ရှိုက်ငင်တ ကြီးငိုခဲ့သည်။ ညနေ ကျွဲ၊ နွားများ စားကျက် သိမ်းချိန်အထိ ငိုခဲ့သည်။

သုံးရက်ထားပြီး ငြိမ်းတင်ကို မြေချသည်။

"ဟေ့ကောင်၊ သူ့သမီးသေရတာ နင့်ကြောင့်ဆိုပြီး အရက်မူးမူးနဲ့ ဘချစ် တင် ငိုနေတယ်။ ငှက်ကြီးတောင်ဓား လည်း လက်ထဲကမချဘူး။ မင်း ထိ နေရင် ကောင်းမယ်"

လို့ စည်သာမှသူငယ်ချင်းတ က လူမွှေးကို သတိပေးခဲ့ကြ၏။

"ဘချစ်တင် အရက် မိုးတလ သောက်တယ်။ လူကြီးတွေထိန်းနေ အထဲ မနိုင်ဘူး၊ ငြိမ်းတင်ရဲ့ဈာပန မင်းမလာနဲ့နော်၊ မင်းကို သူ့သမီးနဲ့ ကျင်းထဲမြှုပ်ပစ်မယ်လို့ ဘချစ်တင်ကြ နေတယ်"

လူကြီးတချို့က လူမွှေးကို သ ပေးလာကြသည်။ သို့စဉ်လျက် လူ စည်သာမှထွက်ခွာသွားခြင်းမရှိ။

ငြိမ်းတင် မြေချမည့်နေရာနှင့် ဝေးဝေးမှာ လူမွှေး ကြိုရောက်နေသည်

ငြိမ်းတင်၏ဈာပနက စည် သည်။ တစ်ရွာလုံး လိုက်ပို့ခဲ့ကြသ အနီးအပါးရွာများကလည်း လာကြ ငြိမ်းတင်ကို သနားကြသည်။

ဆရာတော်များ ရေစက်ချနေ

ဘချစ်တင်မှာ ရေစက်ခွက်မ နိုင်အောင်မူးနေပါ၏။

လူမွှေး အားလုံးကို မြင်နေရ

ရေစက်ချပြီးသဖြင့် ဆရာ များပြန်ကြသည်။ ငြိမ်းတင်ကို မြေ ရှိရာ ယူလာကြပြီး နောက်က လူ လည်း ပါလာပြီ။ ငြိမ်းတင်ကို မြေ ထဲမှာ ချနေပြီ။

လူမွှေး မျက်ဝန်းတစ်ခုလုံး ရည်များအုပ်သွားသည်။ မမြင်ရ ချစ်သူကိုကြည့်ချင်သည်၊ ကြည့်ခွင့် မြင်ချင်သည်၊ မြင်ခွင့်မရ။

မြေကျင်းဘေး၌ လူများရ သဲသဲ ဖြစ်သွား၏။

ဘချစ်တင်က ငှက်ကြီးတော မားဖြင့် အနီးမှာ ရှိသမျှချုံနွယ်မျ ခုတ်နေပြီး လူကြီး သုံး၊ လေး က ဝိုင်းဝန်းထိန်းနေရသည်။

ဘချစ်တင် ငိုပြီး ပျော့ခွေ သွားပြီ။ သူ့တပည့်တစ်ယောက်ထ ချိန်မီပွေ့လိုက်သည်ကို မြင်လိုက်ရ

ငြိမ်းတင်ကို မြေကျင်းထဲချ ဖို့နေကြပြီ။ မိန်းမ သုံး၊ လေး အော်ဟစ်ငိုသံကို ကြားလိုက်ရသ

သူ မမြင်ချင်၊ မနေချင် ချာခနဲလှည့်ပြီး ပြေးသည်။

ဘိုးမြကုန်းများရှိရာကို ပြေး



www.burmeseclassic.com

www.burmeseclassic.com

ပြေး . . ပြေး . . မရပ်မနားပြေး၊ ...နိုင်သမျှပြေး။

ဘိုးမြကုန်းအခြေက ကုက္ကိုပင် ...ကို သူ မဝင်၊ ကုန်းအပေါ်တက် ...၏။ ကုန်းပေါ် မှောက်ချလိုက်သည်။ ...နှင့် မြေပြင်အပ်ထားသည်။

လူမွေး အားလုံးကို မေ့ချင်သည်။

လွယ်အိတ်ကလေးက ပခုံးထက် ...လျှောကျ လွင့်ထွက်သွားသည်။

သူ့ဘေးမှာ ကျွဲ၊ နွား များစွာ ...၏။ စားကျက်ထဲမှ ကျွဲ၊ နွားများမ ...ကျွဲ၊ နွားများအားလုံး ကွန္ဒြေရရ ...အစာစားနေကြ၏။ တစ်ကောင် ...တစ်ကောင် တိုးခြင်း၊ ဝှေ့ခြင်း မရှိ။

နွားညိုကြီးတစ်ကောင်နှင့် နွားဖြူ ...တစ်ကောင် လူမွေးအနီးမှာ ဝပ်နေ ...ကြသည်။

❂

ငြိမ်းတင် တစ်လပြည့် တရားနာ ...၏။

ဘချစ်တင်၏အိမ်မှာ ဆရာတော် ...ဝင့် ဆွမ်းကပ်သည်။ ကုသိုလ်ဒါနပြု ...အတန်း ပေးဝေခဲ့ကြသည်။ ရွာဦး ...ကျောင်းဆရာတော်က ဘချစ်တင်ကို ...နာရီနီးပါး တရားဟော ဆုံးမစကား ...ခဲ့ကြောင်း ကြားရ၏။

ယခု ဘချစ်တင်လည်း အရက် ...သောက်တော့။ သမီးသေသွားသည့် ...အတွက် ဘချစ်တင် စိတ်ကျသွားပြီလို့ ...ည်သာရွာက ပြောလာကြ၏။ ဘချစ် ...တင်ငြိမ်နေသည်။ တပည့်များကိုလည်း ...ချိုပ်မနင်းခိုင်း။ ရွာဦးကျောင်းဆရာ ...တော်ထံသို့ ဘချစ်တင် မကြာ မကြာ ...ရောက်နေသည်။

ဘချစ်တင် ပြောင်းလဲသွားပြီလို့ ...ည်သာက အသိအမှတ်ပြုခဲ့ကြသည်။

မုန်တိုင်းမလာမီ ကောင်းကင်ပြင် ...ကြီးတစ်ခုလုံး ကြည်စင်နေတတ်တာကို ...ည်သာရွာက မေ့လျော့နေကြသည်။

လူမွေးသည် ငြိမ်းတင်ဆုံးပါးချိန်မှ ...ပြီး နေမရ၊ အိပ်မရဖြင့် အစားအ ...သောက်ပျက်ခဲ့သည်။

နေက ကျဲကျဲတောက်ပူနေသည်။

ကုက္ကိုပင်အောက်မှာ လူမွေးအိပ် ...သည်။ အိပ်ချင်စိတ်ကြီးငြား နွားများ ...စိတ်မချသဖြင့် အိပ်တစ်ဝက် နိုးတစ် ...ဝက်။

နွားညိုကြီးနှင့် နွားဖြူငယ်က နွား ...အုပ်အစွန်မှာ ရှိနေသည်။ ကျွဲအုပ်က ...အနောက်ဘက် ကုန်းထိပ်ရောက်နေ၏။

ရုတ်တရက် လူမွေး နိုးလာ၏။

နွားစားကျက်သို့ အကြည့်ရောက် သွားသည်။

နွားညိုကြီးနှင့် နွားဖြူငယ် အပါ အဝင် နွား(၆)ကောင်အုပ်ကို မတွေ့ရ တော့။ မျက်စိတစ်ဆုံး ကြည့်သည်၊ သို့ သော် မတွေ့။

ဟိုးအနောက် နတ်မြစ်ကမ်းမှာ ဖုန်များ အထက်သို့ အလိပ်လိုက်တက် လာသည်ကို မြင်ရ၏။

လူမွေး ဘိုးမြကုန်းကို အပြေး တက်သည်၊ ပြေးဆင်းသည်။ အနောက် တည့်တည့်ကို ဆက်ပြေးသည်။ နတ်မြစ် ကမ်းဘက် ဆက်ပြေးသည်။

လူသုံးယောက်က နွားအုပ်ကို မောင်းသည်။ ထိုလူသုံးယောက်ထဲမှာ ဘချစ်တင်လည်း ပါသည်။ ကမ်းရိုးပေါ် တောင်ဘက်အတိုင်း အပြင်းမောင်းနေ သည်ကို တွေ့ရသည်။

နောက်မှ လူမွေး လိုက်လာသည် ကိုမြင်ရသောအခါ တပည့်နှစ်ယောက် က နွားအုပ်ကိုဆက်မောင်းပြီး ဘချစ် တင် စောင့်ကျန်ရစ်သည်။

ဘချစ်တင်၏လက်ထဲမှာ ငှက် ကြီးတောင်ဓားရှည်ကို မြဲမြဲဆုပ်ကိုင်ထား သည်။

လူမွေး တုံ့ခနဲ ရပ်လိုက်သည်။

လူမွေးနှင့် ဘချစ်တင်တို့ သိပ်မ ဝေးပါ။ လူမွေး၏လက်မှာ ဝါးရင်းတုတ် တစ်ချောင်းပါသည်။ ဝါးရင်းတုတ်ကို လူမွေး ဘယ်လက်မှာပြောင်းကိုင်သည်။

သည်အချိန် တောင်လေက ခပ် ကြမ်းကြမ်း တိုက်ခတ်လာသည့်နည်းတူ အနောက်တောင်တည့်တည့်မှ ခဲသား ရောင် မိုးသားထုကြီးက အုံ့ဖွဲ့လိမ့်ဆင်း လို့လာနေပြီ။

နတ်မြစ်ရေက တစ်ဟုန်ထိုး ပြေး ဆင်းလျက် တစ်စ တစ်စ ရေစီးက ပို ကြမ်းလာနေသည်။

ဘချစ်တင်သည် ငှက်ကြီးတောင် ဓားကို လွတ်ချလျက် အရှေ့ဘက်ပြေး ရန် ပြင်နေချိန်၊ လူမွေးက အံ့အားသင့် ထိတ်လန့်လျက် ရပ်နေဆဲ။

ဝါးသုံး၊ လေးရိုက်ခန့် ကမ်းပါးပြို ဆင်းသည်။

ဘချစ်တင်နှင့်လူမွေးတို့ ကမ်းပါး ပြိုသည့်အထဲ ပါသွားသည်။

လူမွေး၏နွားအုပ်ကို ဘချစ်တင် နှင့် တပည့်များ မောင်းသွားသည်ကို စည်သာရွာမှ ယာသမားများတွေ့ခဲ့ကြ သည်။ နောက်မှ လူမွေး အတင်းလိုက် သည်ကိုလည်း မြင်ခဲ့ကြသည်။

စည်သာရွာသားများ သတင်းရ သဖြင့် တစ်ရွာလုံးနီးပါး ထွက်လာကြ သည်။

မြင်ကွင်းက မလှပ။

လူနှစ်ယောက်နှင့်နွားများ ဘချစ် တင်နှင့်လူမွေး၊ ကမ်းပြိုကျရာနေရာ။

ထင်မှတ်မထားခြင်းကြောင့် ရွေ့ ကိုမတိုးရဲ။ ကမ်းပါးက တဝုန်းဝုန်း ပြို ကျဆဲ။ ရေက ကြောက်မက်ဖွယ် အသံ ပေးလျက် တစ်ဟုန်ထိုး ဆင်းနေသည်။

နတ်မြစ်ထဲမှ သစ်ပင်ကြီးငယ်များ၊ အိမ်များ၊ လှည်းများ၊ ကျွဲ၊နွားများ၊ ခွေး များ၊ ဝက်များ တလိမ့်ထိုးမျောပါလာနေ သည်။ အထက်ပိုင်းရွာတစ်ရွာကို နတ် မြစ်က ဆွဲနှစ်ခဲ့ပြီ ထင်၏။

စည်သာ ရွာသူ၊ ရွာသားများ နောက်ကို အမြန်ပြန်ဆုတ်ကြရသည်။

ရေက ကမ်းပါးကိုကျော်ပြီး အ မြန်တက်လာနေပြီ။

ရေသည် ဘိုးမြကုန်း၏အခြေကို ရောက်လာခဲ့ပြီ။ ရွာသားများ ရွာဘက် ပြေးကြရတော့သည်။

ခဲသားမိုးထုက တစ်ခဲနက် ပြို ဆင်းလာသည်။ အငြိုးကြီးစွာ ရွာချနေ ပြီ။ လျှပ်ရောင်က တဝင်းဝင်း၊ မိုးခြိမ်းသံ ပြင်းပြင်း။

ရွှေ့ကို ဝါးတစ်ရိုက်အကွာမျှသာ မြင်ရတော့သည်။

စည်သာတစ်ရွာလုံး အော်သံဟစ် သံများဖြင့် ဆူညံနေသည်။ ကျွဲ၊ နွားများ ကို အမြင့်ပိုင်းသို့ ပို့ကြရ၏။ အသက်အ ရွယ်ကြီးသူများ၊ ကလေးများကိုလည်း ဘေးကင်းရာသို့ ပို့ကြရသည်။

သို့ဖြစ်ငြား နတ်မြစ်ရေက စည် သာရွာအခြေအထိသာတက်ပြီး ရပ် သွားသည်။

မိုးလည်းတိတ်ခဲ့ပြီ။ ကမ်းပါးပြိုသံ လည်း မကြားရတော့။ ကောင်းကင်တစ် ခုလုံး အလင်းတန်းများ ဖြန့်ကြက်လာ သည်။

နေကဝင်သွားပြီ ဖြစ်ပါ၏။

လူနှစ်ယောက်နှင့် နွားအုပ်တစ် အုပ်. . . ။

ဘချစ်တင်နှင့်လူမွေး. . . ။

ဖြစ်ပျက်ခဲ့သမျှ မယုံနိုင်စရာ။

(၄)

နတ်မြစ်(နတ်မွေး)၏ အရှေ့ဘက် မလှမ်းမကမ်းမှာ ကုန်းတလေးနှစ်ကုန်း ရှိနေသည်။ အမြင့် (၁၀)တောင်ကျော် မည်ဖြစ်သော ကုန်းတလေးနှစ်ခု။

ကုန်းတလေးနှစ်ကုန်း၏ အမည် များက စိတ်ဝင်စားဖွယ်ကောင်းသည်။



www.burmeseclassic.com

နောက်-ရာဇဝင်ရှိသည်။

တောင်ဘက်ကုန်းက နွားပျောက်ကုန်း၊ မြောက်ဘက်ကုန်းက သားပျောက်ကုန်း။

နွားပျောက်ကုန်း၊ သားပျောက်ကုန်းဟု အမည်မရရှိသေးချိန် 'ဘိုးမြကုန်း' လို့ စည်သာရွာက ခေါ်သည်။

တောင်ဘက်ကုန်းကို စည်သာရွာသူ ရွာသားများ ကျွဲ၊ နွား မကျောင်းတော့။ မလွှတ်တော့။ အကယ်၍များ ကျောင်းမိ၊ လွှတ်မိခဲ့လျှင် မိမိမြင်ကွင်းအောက်မှာပင် ကျောင်းထား၊ လွှတ်ထားသော ကျွဲ၊ နွား တချို့ ပျောက်သွားတတ်သည်။ ပျောက်သွားသော ကျွဲ၊ နွားများကို တစ်ရွာလုံးဖြန့်ရှာငြား မတွေ့တော့။

တောင်ဘက်ကုန်းသည် 'ဘိုးမြကုန်း' အမည် မရှိတော့။ 'နွားပျောက်ကုန်း' ဟု အသိများလာကြသည်။

ထိုတောင်ဘက်ကုန်းနှင့် မြောက်ဘက်ကုန်းကြားမှာ မြေပြန့် တစ်ဧကနီးပါးခြားသည်။ အခြောက်ခင်းအဖြစ်သာ စည်ရွာသား ဘိုးမြ လုပ်ကိုင်သည်။

မြောက်ဘက်ကုန်းပေါ်မှာ သွပ်မိုး ပျဉ်ထောင်ပျဉ်ခင်း နှစ်ထပ်ဘုန်းကြီးကျောင်းတစ်ကျောင်း၊ စေတီတစ်ဆူ၊ စေတီရှေ့မှာ နှစ်ခန်းပတ်လည် သွပ်မိုးတန်ဆောင်း။

စေတီက ထီးတော်စောင်းနေပြီ။ နှစ်ထပ်ဘုန်းကြီးကျောင်းက ပြိုကျပျက်စီး ချုံနွယ်များအုပ်မိုးလျက်။ နှစ်ခန်းပတ်လည်တန်ဆောင်း၏ တစ်ဖက်အမိုးသွပ်ချပ်များက ဟာလာဟင်းလင်း။ ရဟန်းကျောင်းစောင့် မရှိ နေသူမဲ့။

စေတီနှင့် တန်ဆောင်အကြားမှာ မိန်းကလေးက ကလေးငယ်တစ်ဦးကို ရင်ခွင်ပိုက် ထိုင်လျက်ရှိသော ရုပ်တုတစ်ခုကို တွေ့ရသည်။

စေတီ၏ထီးတော်စောင်းနေငြားလေသင့်တိုင်း ခေါင်းလောင်းသံကလေး တချွင်ချွင်ကို စည်သာရွာသားများ ကိုင်းထွန် ယာထွန်ရင်း ကြားနေရသည်။

တောင်ဘက်ကုန်းက နွားပျောက်ကုန်း...။

မြောက်ဘက်ကုန်းက သားပျောက်ကုန်း...။

ကုန်းကလေးနှစ်ကုန်း အမည်များက စိတ်ဝင်စားဖွယ်ကောင်းသည်။ ပြီးနောက် ရာဇဝင်ရှိသည်။

ကိုဇော်ဝင်း(လှဘော)

# ထီ

(ရင်ကိုအေးမြစေသား)

## ဆရာဦးမောင်မောင်သန်း

(၂၉၀) ကြိမ်မြောက် ထီဖွင့်ပွဲကြီး နီးလာပါပြီ။

ချမ်းသာခြင်းများစွာကို ပွားစီးစေတော့မည့် ဂဏန်းလုံးကလေးများအား မင်္ဂလာရှိစွာနှင့် အကြံပြုလိုက်ရမည်ရှိသော်-

**တနင်္ဂနွေသားသမီးများ**

ဖေဖော်ဝါရီလ ၇၊ ၁၂၊ ၁၃၊ ၂၁၊ ၂၆ ရက်နေ့များမှာ ထီထိုးပါ။ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်နေသည့်အသံ ကြားလိုက်သည်နှင့်ထီသွားထိုးပါ။ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကိုဖွင့်၍ ပူဇော်လာသော ထီသည်နှင့် ကြုံလျှင်လည်း ထိုးလိုက်ပါ။

မတ်လတွင် ၅၊ ၁၊ ၄၊ ၈၊ ၇ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဖေဖော်ဝါရီလ ၁၃၊ ၁၄၊ ၁၇၊ ၂၈ ရက်နေ့များမှာ ထီထိုးပါ။ သာယာနာပျော်ဖွယ်ကောင်းလှသော ဓမ္မတေးများဖွင့်လာသည့် ထီသည်နှင့်ဆုံလိုက်သည်နှင့် ထီထိုးလိုက်ပါ။

မတ်လတွင် ၅၊ ၆၊ ၃၊ ၂ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဖေဖော်ဝါရီလ ၁၁၊ ၁၄၊ ၁၅၊ ၂၇ ရက်များမှာထီထိုးပါ။ အိမ်ဟောင်းကိုဖြိုဖျက်ပြီးသော နေရာတွင် အိမ်သစ်ဆောက်ခြင်းနိမိတ် တွေ့ပြီဆိုသည်နှ ထီထိုးလိုက်ပါ။

မတ်လတွင် ၇၊ ၁၊ ၄၊ ၈ ဂဏ

များ ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဖေဖော်ဝါရီလ ၁၂၊ ၁၅၊ ၁၆၊ ၂ ရက်များမှာ ထီထိုးပါ။ တန်ခိုးကြီးဘု တစ်ဆူဆူသို့သွားပြီး ပဋ္ဌာန်း ဥဒ္ဒေ နိဒ္ဒေသတော် ရွတ်ဖတ်၍ ဘုရားပူဇေ ပါ။ ပြီးမှ အပြန်မှာထီထိုးပါ။ ပူဇော် ကြိုက်နှစ်သက်ရာ အလင်းတိုင်၊ အမွှေ တိုင်၊ ပန်းတို့နှင့် ပူဇော်ပါ။

မတ်လတွင် ၅၊ ၆၊ ၂၊ ၉ ဂဏ

များ ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

ဖေဖော်ဝါရီလ ၁၃၊ ၁၆၊ ၁၇ ရ နေ့များမှာထီထိုးပါ။ တစ်ဦးတစ်ယော နိုင်ငံခြား ပညာတော်သင်သွားရမည် စကားမျိုးကြားလျှင်၊ သွားရမည်တို လျှင် ဘုရားတစ်ဆူဆူသို့ ဦးဆုံးသွ အလင်းတိုင်များနှင့် ထွန်းညှိပူဇော် ထီသွားထိုးပါ။

မတ်လတွင် ၇၊ ၀၊ ၃၊ ၄ ဂဏ

များ ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဖေဖော်ဝါရီလ ၁၁၊ ၁၄၊ ၁၈ ရက်နေ့များမှာ ထီထိုးပါ။ အိမ်မှ ဝက်ခန့် လမ်းလျှောက်သွားလျှင် ရော နိုင်သည့် ဘုရားတစ်ဆူဆူသို့ လျှောက်သွားပါ။ ဘုရားမှာ တံမြ စည်းလှည်း၊ အမှိုက်ကောက်ပြီးမှ ဘု ဝတ်ပြုပြီး အပြန်မှာ ထီထိုးပါ။

မတ်လတွင် ၅၊ ၁၊ ၂၊ ၉၊ ၀ ဂဏ


များ ကံစပ်နေပါသည်။

**စနေသားသမီးများ**

ဖေဖော်ဝါရီလ ၁၁၊ ၁၂၊ ၁၅ ရက်နေ့များမှာ ထီထိုးပါ။ အာနာ ...ဿတိဘာဝနာကို နေ့စဉ် ...တ် (သို့) တစ်နာရီခန့် ပွားမျ ...တ်ခြင်းအမိဋ္ဌာန် (၇) ရ (သို့) ရက် ဝင်ပါ။ ပြည့်ပြီးမှသာ ထီထိုး လုံးဝ မအားသူများ (၁၅) မိနစ် အ ... အာ ...ပါ။

မတ်လတွင် ... ၃၊ ၇၊ ၉ ဂဏ

...: ကံစပ်နေပါသည်။





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီက ကျွန်တော်တို့ တသသဖြစ်ခဲ့ရသော မြန်မာရုပ်ရှင်ကားတစ်ကားမှာ 'မြိုင်ရဲဘွား' ဖြစ်သည်။ နှစ်ပေါင်း (၆၀) ကျော်ကြာခဲ့ပြီဖြစ်၍ ဇာတ်လမ်း ဇာတ်ကွက်များကိုမူ ကောင်းစွာ မမှတ်မိတော့။ ပါဝင်သူ ဇာတ်ဆောင်မင်းသားမှာ အေဝမ်းညွန့်မောင်နှင့် မင်းသမီးမှာ ဒေါ်မြင့်မြင့်တို့ ဖြစ်ကြပါသည်။ ထိုစဉ်က ကျွန်တော်တို့ မြန်မာနိုင်ငံမှ ရုပ်ရှင်ကြည့်ပရိသတ်သည် အနောက်တိုင်းမှ ရိုက်ကူးသော 'တာဇံ' ရုပ်ရှင်ဇာတ်ကားများကို တမ်းတမ်းတတ ဖြစ်နေသည့် အချိန် ဖြစ်ပါသည်။



လျှမ်းထက်

# တကယ့်မြိုင်ဟောဝန်ဇာတ်လမ်းများ

လူငယ်ကျောင်းသားလောကတွင် တောတွင်းသား 'တာဇံ' မှာ တစ်ချိန်က ဂျိမ်း(စ်)ဘွန်းခေတ်စားသည့်အချိန်ကဲ့သို့ တာဇံသည် ပါးစပ်ဖျားမှမချသောအချိန် ဖြစ်သည်။ ကလေးကစားစရာများကအစ အသုံးအဆောင်ပစ္စည်းများတွင် တာဇံတံဆိပ်ကို တွေ့ကြရမည် ဖြစ်သည်။ အနောက်တိုင်း စီးပွားရေးသမားများကလည်း မင်းသားအမျိုးမျိုး၊ မင်းသမီးအမျိုးမျိုး၊ ဒါရိုက်တာအမျိုးမျိုးနှင့် တာဇံရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးပြသခဲ့ပါသည်။ တာဇံဝတ္ထုကို ရေးသားခဲ့သော စာရေးဆရာကြီး ရိုက်(စ်)ဘာရိုမှာ နေ့ချင်းညချင်း သန်းကြွယ်သူဌေးဘဝသို့ ရောက်ခဲ့ရပြီး တာဇံမင်းသားကြီး ကမ္ဘာ့အိုလံပစ် ရေကူးချန်ပီယံ ဝက်(စ်)မူလာ ကလည်း တကယ့်စုပါမင်း ဖြစ်ခဲ့ရသည်။ ကျွန်တော်တို့သည် တာဇံရုပ်ရှင်ကားများကို ထပ်တလဲလဲ ကြည့်ကြသည်။ ထိုစဉ်က ကျွန်တော့်ဇာတိ စကုမြို့တွင် ရုပ်ရှင်ရုံမရှိပါ။ (၁၀) မိုင်ဝေးသော မင်းဘူးမြို့သို့ ကားငှား၍ သွားကြည့်ရှုခဲ့ရသည်။

တာဇံသည် ကျွန်တော်တို့လူငယ်များ၊ ကျောင်းသားများအပေါ် ဩဇာလွှမ်းနိုင်သူ ဖြစ်၏။ ကျွန်တော်တို့ တာဇံကို တု၍ သစ်ပင်များကို တစ်ပင်နှင့် တစ်ပင် ခုန်ကူးကြသည်၊ ကြိုးဆင်၍ နွယ်ကြိုးများစီးကြသဖြင့် ခြေကျိုး၊လက်ကျိုး၊ ထိပ်ပေါက်ခေါင်းကွဲသူ လက်ဆစ်လွဲ၊ ရေတွက်မရအောင် ရှိခဲ့ပါသည်။ တာဇံကိုအတုယူ၍ မန်းချောင်းကမ်းပါးနံဘေးမှ ခုန်ချ၍ ရေထဲသို့ ခုန်ဆင်းကြသည်။

အေဝမ်းရုပ်ရှင်မှ ရိုက်ကူးသည့် မြန်မာတာဇံရုပ်ရှင်ကားဟု ဆိုရမည်ဖြစ်သော 'မြိုင်ရဲဘွား' ရုပ်ရှင်ကားကို ကြည့်ရှုရသောအခါ ဇာတ်ဆောင် အေဝမ်းညွန့်မောင်ကို အတုခိုး၍ နွယ်ကြိုးများ စီးကြပြန်သည်။ မည်သို့ပင်ဖြစ်စေကာမူ တောတွင်းဇာတ်ဆောင်များသည် လူငယ်လူရွယ် ကျောင်းသားများကို အတော်အသင့် လွှမ်းမိုးထားနိုင်သည် ဆိုသောအချက်မှာ မည်သူမျှ ငြင်းဆို၍ မရသောအချက်တစ်ချက် ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

မှန်ပါသည်။ ကျွန်ုပ်တော်တို့သည် ငယ်စဉ်ကပင် အိပ်ရာဝင်ပုံပြင်များတွင်လည်းကောင်း၊ ဇာတ်နိပါတ်များတွင်လည်းကောင်း လူသားကလေးငယ်များ တိရစ္ဆာန်များအတွင်း အကြောင်းကြောင်းကြောင့် ရောက်ရှိသွားရာမှ လူသားနှင့် တိရစ္ဆာန်တို့ သံယောဇဉ် ခင်တွယ်ကြပုံ၊ တိရစ္ဆာန်များက လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ် စောင့်ရှောက်ပုံများကို နားထောင်ခဲ့ရ၊ ကြည့်ရှုခဲ့ရ၊ ဖတ်ခဲ့ကြရသည်။

မြန်မာစာကို ကောင်းစွာဖတ်ရှုနိုင်သောအခါ စာရေးဆရာကြီး ပီမိုးနင်း ရေးသော 'ဘယ်ဝယ်မြောက်တောင်' ဝတ္ထုနှင့် ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးရေးသော 'ကျွန်းဘိုညို' ဝတ္ထုတို့ကို ဖတ်ရှုခဲ့ရသောအခါ တောတွင်းစွန့်စားခန်းများ၊ လွမ်းမောတသဖွယ်ရာများကို တွေ့ရသဖြင့် တောတွင်းဇာတ်လမ်းများကို စွဲမက်ခဲ့ပြန်သည်။ ကျောင်းသားကြီးဖြစ်လာ၍ အင်္ဂလိပ်စာ လူလူသူသူ ဖတ်နိုင်လာသောအခါ ဗြိတိသျှအမျိုးသား ကဗျာဆရာ၊ စာရေးဆရာကြီးဖြစ်သူ ရု(ဒ်)ယတ်ကစ်ပလင်၏ မြိုင်ဟောဝန်ဇာတ်လမ်းစာအုပ်များကို စွဲစွဲလမ်းလမ်း ဖတ်ရှုမိပြန်သည်။ ရု(ဒ်)ယတ်ကစ်ပလင်မှာ ကလေးငယ်များကို ချစ်တတ်သူဖြစ်ရာ ကလေးငယ်များဖတ်ရန် ရည်ရွယ်၍ 'မြိုင်ဟောဝန်ဇာတ်လမ်းများ' (The Jungle Book) ကို ရေးသားထုတ်ဝေခဲ့၏။ ထိုစာအုပ်မှာ ကလေးများအား တရားမျှတမှုကို နားလည်လာစေရန်၊ သစ္စာရှိတတ်မှုကို သိနားလည်စေရန်၊ လူအစုအဖွဲ့၏ဓလေ့ထုံးစံများကို သိရှိရန် သွန်သင်ပေးလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့ခြင်း ဖြစ်သည်။ ထိုစာအုပ်မှာ ကလေးများသာမက လူကြီးများကပါ စွဲစွဲလမ်းလမ်း ဖတ်ရှုခဲ့ကြသောကြောင့် ကမ္ဘာကျော်ခဲ့သောစာအုပ် ဖြစ်ခဲ့သည်။ စာပေအကဲဖြတ်သူများကလည်း ကစ်ပလင်၏ စာပေအရေးအသား၊ ဇာတ်ကောင်တို့၏စရိုက်၊ ဝတ္ထုရေးနည်းအတတ်ပညာတို့ပါချီးမွမ်းခဲ့ကြသည်။ ထူးထူးခြားခြား အောင်မြင် ပေါက်ရောက်သော ဝတ္ထုဝင်စာအုပ်တစ်အုပ်လည်း ဖြစ်ခဲ့သည်။

ယနေ့ထိ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပြီး ထုတ်ဝေဆဲ ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအများကလည်း မိမိတို့ဘာသာအသီးသီးသို့ ဘာသာပြန်ဆိုထုတ်ဝေခဲ့ကြသည်။ ရုပ်ပြဇာတ်လမ်းအဖြစ် လည်းကောင်း၊ ကာတွန်းရုပ်ရှင်အဖြစ် လည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း ရိုက်ကူးပြသခဲ့ရာ ကလေးငယ်များသာမက လူကြီးများကလည်းကြည့်ရှုကြသဖြင့် သောက်သောက်လဲ ဝင်ငွေရရှိခဲ့သော ရုပ်ရှင်ကားကြီးတစ်ကား ဖြစ်သည်။ ယင်းစာအုပ်ကို ကွယ်လွန်သူ စာရေးဆရာကြီး ထင်လင်းက 'တောဟေဝန်ဇာတ်လမ်းများ၊ မောဂ္ဂလီ' အမည်ဖြင့် ၁၉၇၄ ခုနှစ်ခန့်က မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့သည်။ မြန်မာကာတွန်းဆရာ၊ ပန်းချီဆရာများကလည်း ရုပ်ပြဇာတ်လမ်းစာအုပ်များ ရေးသားထုတ်ဝေခဲ့ရာ ထူးထူးခြားခြား အရောင်းရစ်ချိန်တင်ရသော စာအုပ်တစ်အုပ် ဖြစ်ခဲ့သည်။

ထိုကမ္ဘာကျော် ဂန္ထဝင်စာအုပ်၏ အဓိကဇာတ်ဆောင်မှာ ကျားကြီးရှီယာခန်၏လက်မှ လွတ်မြောက်သွားသော မောဂ္ဂလီ ဟူသော ကလေးငယ်ကလေး တစ်ယောက် ဖြစ်သည်။ ၎င်းကလေးငယ်ကို ဝံပုလွေလင်မယားက ကောက်ယူ၍ မွေးစားခဲ့သဖြင့် ဝံပုလွေအစုဝင်ဖြစ်လာသည်။ ဝံပုလွေအားလုံးကပါ လူသားကလေးမောဂ္ဂလီကို ဝံပုလွေအဖြစ် အသိအမှတ်ပြုခဲ့ကြရာ လူသားကလေးမှာ ဝံပုလွေဘဝသို့ ကူးပြောင်းခဲ့ရသည်။

မောဂ္ဂလီကလေးကို ဝက်ဝံကြီး ဗာလူးက ချစ်ခင်သည်။ သူ့အား တောတွင်းတိရစ္ဆာန်တို့၏ ဘာသာစကားကို သင်ကြားပေးခဲ့သဖြင့် မောဂ္ဂလီသည် တိရစ္ဆာန်တို့၏ ဘာသာစကားကို နားလည်သည်၊ ပြောနိုင်လာသည်။ ဝက်ဝံကြီးဗာလူးက တောတွင်း၌လိုက်နာရမည့် ဓလေ့ထုံးတမ်းများကို သင်ပေးခဲ့သည်။



မောဂ္ဂလီသည် တောတွင်း၌ (၁၇) နှစ်တိုင်တိုင်နေခဲ့ပြီး လူ့လောက လူ့ရပ်ရွာဒေသသို့ ပြန်လာသည့်ဇာတ်လမ်း ဖြစ်သည်။ တစ်ပလင်၏ စာရေးနည်းအတတ်ပညာကြောင့် တောတွင်းတိရစ္ဆာန်လောကအကြောင်း ရေးသားဖော်ပြခဲ့သည်မှာ သဘာဝကျသည်၊ သရုပ်ပါသည်။ သို့ဖြစ်၍ စာဖတ်သူ ကလေးငယ်များသာမက လူကြီးများကပါ မောဂ္ဂလီ၊ ဝက်ဝံကြီးဗာလူး၊ မောဂ္ဂလီကို မွေးစားသော ဝံပုလွေမိသားစု၊ ကျားကြီးရှီယာခန်တို့မှာ အမှန်တကယ် သက်ရှိများဟု ထင်မှတ်ခဲ့ကြသည်။ စာရေးဆရာတစ်ယောက်၏စိတ်ကူးဉာဏ်ကွန့်မြူး ရေးခဲ့သော စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်သာဖြစ်ခဲ့သော်လည်း ဖြစ်ရပ်မှန်တောတွင်းဖြစ်စဉ်တစ်ခုဟု ထင်မှတ်ခဲ့ရသဖြင့် ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ် ဖြစ်ခဲ့ရသည်။

၎င်းဝတ္ထုကြီးပါ မြိုင်ဟေဝန်ဇာတ်လမ်းများသည် အမှန်တကယ် ဖြစ်နိုင်ပါမည်လော၊ ကျွန်တော်တို့ ငယ်စဉ်က တသသ စွဲလမ်းခဲ့ရသော တာဇံ တောတွင်းရုပ်ရှင်များထဲမှ တောတွင်းတာဇံကဲ့သို့ လူသားများ ရှိနိုင်ပါမည်လော ဟူသော မေးခွန်းကို ဖြေဆိုရမည်ဆိုလျှင် 'ရှိနိုင်ပါသည်' ဟုဆိုရမည် ဖြစ်ပါသည်။

အရှေ့တိုင်း၊ အနောက်တိုင်း ပုံပြင်များတွင် ဝံပုလွေများ၊ ဝက်ဝံများ၊ မျောက်များ၊ လူဝံများ၊ ခြင်္သေ့များ၊ တောဆိတ်များ၊ နွားများ စသော တိရစ္ဆာန်များကြားတွင် ကြီးပြင်းလာခဲ့သော လူသားများအကြောင်း ပါဝင်ခဲ့ကြပါသည်။ အချို့ပုံပြင်များမှာ စိတ်ကူးယဉ် ယုံတမ်း ပါးစပ်ပြောပုံပြင်များသာ ဖြစ်ကြပါသည်။ သို့သော် အချို့သော ဖြစ်စဉ်များမှာ အထောက်အထား အချက်အလက်များ ခိုင်မာ တိကျသဖြင့် တကယ့်ဖြစ်ရပ်မှန်များဟု ဆိုရမည် ဖြစ်သည်။

မှတ်တမ်းအရ လူသား က ငယ်များကို ဝံပုလွေမိသားစုများက ငယ် စဉ်က ကျွေးမွေးပြုစုပေးခဲ့ခြင်း ခံရ နှစ်ဦးမှာ ရိုမြုလက်(စ်)နှင့် ရိုမီယပ်(စ်) ဆိုသူညီနောင် ဖြစ်သည်။ ထိုညီနောင်နှစ်ဦးသည် ရောမမြို့တော်ကြီးကို တည်ထောင်ခဲ့ကြသူများ ဖြစ်သည်ဟု ဆို၏။ ထိုဝံပုလွေမိသားစုက မွေးစားသော လူသားညီနောင် ဆိုသည်မှာ ကလေးငယ်များအတွက် ပြောပြရန် လူကြီးများ တီထွင်ထားသော ဒဏ္ဍာရီ ပါးစပ်ပြော ပုံပြင်လော။

သို့သော် ထိုရောမမြို့တော်ကို တည်ထောင်သူ ညီနောင်နှစ်ယောက်အား ဝံပုလွေမိသားစုက မွေးစားခဲ့ ဝံပုလွေအုပ်အတွင်း ကြီးပြင်းလာခဲ့ သည်ကို ရောမခေတ်ဦး သမိုင်းအ လူကြီးများကပါ ယုံကြည်ကြရ တိရစ္ဆာန်များက ကလေးငယ်များ သူတို့ သားငယ်၊ သမီးငယ်များနှင့်အတူ မွေးကျွေးပြုစုခဲ့ရာ ထိုကလေးငယ်များ ကြီးပြင်းလာခဲ့ရသည် ဟူသော ဖြစ်စဉ်များ ရှိနိုင်သည် ဟူသော အချက်မှာ စိတ်ဝင်စားစရာ၊ စဉ်းစားစရာ အချက်တစ်ချက် ဖြစ်သည်ဟု ဆိုရမည်ဖြစ်

တိရစ္ဆာန်များအတွင်း ကြီးပြင်း ခဲ့ရာမှ လူ့ဘောင်လောကသို့ အကြောင်း အမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိ ခဲ့သော လူသားတို့၏ထူးခြားဖြစ်စဉ် အနက် သမိုင်းမှတ်တမ်းများ၌ အ ဆုံးနှင့် အခိုင်မာဆုံးဖြစ်ရပ်ဆန်းမှာ လန်နိုင်ငံ ပထမမြောက်ကျော်ဘုရင် ထက်တွင် ဖြစ်ပွားခဲ့သည်ဟု သိရ ထူးခြားဖြစ်စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ခရစ်နှစ် ၁၇၂၄ ခုနှစ်၊ ဇူလိုင် (၂၂) ရက်တွင် အင်္ဂလန်နိုင်ငံ ဟ




www.burmeseclassic.com

www.burmeseclassic.com

ဟတ်(ဒ်)ဖို့(ဒ်)ရှိုင်းယားပြည်နယ် ကျေးလက်ဒေသမှ ရွာလူကြီးများသည် ထိုဒေသအတွင်း ဝံပုလွေအုပ်များ၊ တိရစ္ဆာန်များနေအောင်းသည့်ဂူများအတွင်းမှ အသက် (၁၀) နှစ်၊ (၁၂) နှစ်ခန့် ရှိနိုင်သည်ဟု ခန့်မှန်းရသော ကလေးငယ်တစ်ဦးအား ဖမ်းဆီးရမိရာမှ အထူးအဆန်းအဖြစ် ပထမမြောက်ဂျော့ဘုရင်ထံ လာရောက်ဆက်သကြသည်။ ထိုကလေးငယ်မှာ လူတို့စကား လုံးဝပြောဆိုနိုင်ခြင်း မရှိသည့်သာမက သူ၏အမူအရာများမှာလည်း ရိုင်းစိုင်းသော တိရစ္ဆာန်တစ်ကောင်ကဲ့သို့ ပြုမူသည်။ လမ်းသွားရာတွင်လည်း လေးဖက်ထောက် သွားသည်။ အဝတ်အစားလည်း လုံးဝ ဝတ်ဆင်ခြင်းမရှိသည့်သာမက စားသောက်ရာတွင် သားစိမ်း၊ ငါးစိမ်းများသာ စားသည်ဟု ဆိုသည်။ ထိုကလေးငယ်ကို အထူးအဆန်းအဖြစ် နန်းတွင်းသူ နန်းတွင်းသားနှင့် ပြည်သူအများ ကြည့်ရှုနိုင်ရန် ပထမမြောက် ဂျော့ဘုရင်မင်းမြတ်ထံ ဆက်သခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုတောတွင်းသားကလေးအား နန်းဆောင်တွင် ပြသထားရာ နန်းတွင်းသူ၊ နန်းတွင်းသားများသာမက လူအများကလည်း လာရောက်ကြည့်ရှုကြရာ ပွဲလမ်းသဘင်မျှ စည်ကားလှသည်ဟုသိရ၏။ ထိုစဉ်က မှတ်တမ်းများအရ သူ့အား ပထမမြောက် ဂျော့ဘုရင်ကြီးကိုယ်တော်တိုင်က 'ပီတာ' ဟူသော အမည်ပေးထားရာ နန်းတွင်းသူ၊ နန်းတွင်းသားများက ထိုတောတွင်းသားကလေးအား "Peter- The wild boy" ဟု ခေါ်ဝေါ်ကြသည်။

ပထမမြောက် ဂျော့ဘုရင်ကြီး၏ စေခိုင်းချက်အရ သူ့အား နန်းတွင်းပညာရှိများက စကားပြော၊ စာအရေး၊ အဖတ်၊ ဝတ်စားဆင်ယင်မှုတို့ကို သင်ကြားစေခဲ့သည်။ ဤသို့ ယဉ်ကျေးသော လူသားတစ်ဦးအဖြစ် ရောက်ရှိလာမှုပင် သူ့ကို စတင်တွေ့ရှိရသော ဟတ်(ဒ်)ဖို့(ဒ်)ရှိုင်းယားပြည်နယ် ကျေးလက်ဒေသရှိ လယ်သမားမိသားစုများနှင့်အတူနေထိုင်စေခဲ့သည်။ ပီတာသည် ရက်၊ လ၊ နှစ် ကြာမြင့်လာသည်နှင့် လူအများနှင့် နေထိုင်တတ်ပြီး လူယဉ်ကျေးတစ်ဦး ဖြစ်လာခဲ့သော်လည်း ရပ်ရွာကမူ သူ့အား 'တောတွင်းသားပီတာ' ဟူ၍ပင်ခေါ်ခဲ့ကြ၏။

ပီတာသည် ဟတ်(ဒ်)ဖို့(ဒ်)ရှိုင်းယားပြည်နယ် ကျေးရွာကလေးတွင် နှစ်ပေါင်းများစွာ ကြောင့်ကြမဲ့နေထိုင်ခဲ့၏။ ခရစ်နှစ် ၁၇၈၂ ခုနှစ်တွင်မူ ဗြိတိသျှ သဘာဝသိပ္ပံပညာရှင်များကလာရောက် စစ်ဆေး ကြည့်ရှုခဲ့ကြပြီး ပီတာသည် လူယဉ်ကျေးတစ်ယောက်အဖြစ်သို့ ရောက်ရှိခဲ့ပြီဟု ကြေညာခဲ့ကြသည်။ ခရစ်နှစ် ၁၇၈၅ ခုနှစ်၊ အသက် (၇၂) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ရာ သူ့အလောင်းအား ဟတ်(ဒ်)ဖို့(ဒ်)ရှိုင်းယားပြည်နယ်ရှိ သူနေထိုင်ခဲ့သော ကျေးရွာသုသာန်တွင် ဂူသွင်းမြှုပ်နှံခဲ့သည်။ ထိုအုတ်ဂူပေါ်တွင် 'တောတွင်းသားပီတာ ခရစ်နှစ် ၁၇၈၅ ခုနှစ်တွင် ကွယ်လွန်သည်' ဟု စာရေးထိုးထားခဲ့ရာ သူ့သင်္ချိုင်းဂူမှာ ယနေ့ထိရှိခဲ့သည်ဟု သိရ၏။ သူ မည်ကဲ့သို့ ဝံပုလွေများနေထိုင်သည့် သားရဲတွင်းအတွင်း ရောက်ရှိသွားခဲ့သည်ကိုမူ မည်သူမျှ တိတိကျကျ မပြောနိုင်ကြပေ။

ဤကဲ့သို့ ထူးဆန်းသော တောတွင်းသားများနှင့် ပတ်သက်သည့် မှတ်တမ်းများ အများအပြားတွေ့ကြရသည်ဟု ဆိုသည်။ ဝံပုလွေမိသားစုအတွင်း ကြီးပြင်းလာခဲ့သော ကလေးငယ်တစ်ဦးကို ခရစ်နှစ် ၁၆၉၄ ခုနှစ်က ပိုလန်နိုင်ငံ တောရပ်ဒေသတွင်တွေ့ခဲ့ရာမှ ဝါဆောမြို့သို့ခေါ်ယူလာခဲ့ကြသည်ဟု ဆို၏။ ထိုကလေးငယ်မှာ သားစိမ်းငါးစိမ်းများ၊ အသီးအရွက်များသာ စားခဲ့ပြီး ဝံပုလွေများကဲ့သို့ ကျင့်ကြံ နေထိုင်စားသောက်ခဲ့သည်။ ဝါဆောမြို့တော်မှ ပညာရှင်များက စနစ်တကျစောင့်ရှောက်သော်လည်း ပတ်ဝန်းကျင်နှင့်လိုက်လျောညီစွာ မနေနိုင်သော ထိုကလေးငယ်မှာ လအနည်းငယ်အတွင်း ကွယ်လွန်သွားခဲ့သည်ဟု သိရ၏။

ခရစ်နှစ် ၁၇၆၇ ခုနှစ်ကလည်း ဟန်ဂေရီနိုင်ငံတွင် အထက်ဖော်ပြပါကဲ့သို့ တောတွင်းသား ကလေးငယ်တစ်ဦး တွေ့ရှိခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။ တွေ့ရှိသူများမှာ ဝက်ဝံမုဆိုးများ ဖြစ်၏။ သူတို့သည် ဝက်ဝံကြီးတစ်ကောင်အား ခြေရာခံလိုက်စဉ် ဝက်ဝံ သားရဲတွင်းကြီးတစ်ခုအတွင်း ရောက်ရှိသွားသောအခါ (၁၈) နှစ်အရွယ် အမျိုးသမီးငယ်တစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ကြရာ တအံ့တသြ ဖြစ်သွားကြသည်။ ထိုအမျိုးသမီးငယ်မှာ လူစကား လုံးဝ ပြောဆိုနိုင်ခြင်းလည်းမရှိ၊ အမူအရာနှင့်အသံမှာလည်း ဝက်ဝံငယ်တစ်ကောင်ကဲ့သို့ ဖြစ်နေသည်။ မုဆိုးများသည် ထိုအမျိုးသမီးငယ်အားဖမ်းဆီးချုပ်နှောင်၍ ဘူဒါပက်(စ်)မြို့တော်သို့ ခေါ်ယူလာခဲ့သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သဘာဝဝေဒဗေဒ ပညာရှင်များ စူးစမ်းလေ့လာခဲ့ကြသည်။ ထိုမိန်းမပျိုကလေး၏ အမူအကျင့်၊ အစားအသောက်၊ အနေအထိုင်မှာ ဝက်ဝံတစ်ကောင်ကဲ့သို့ ဖြစ်နေသဖြင့် လူအများ လာရောက်ကြည့်ရှုခဲ့ကြသည်။ မှတ်တမ်းအရ ငယ်စဉ်ကပင် ဝက်ဝံတို့လက်တွင်း ကျရောက်သွားခဲ့ခြင်းဖြစ်တန်ရာသည် ဟူ၍သာ ယူဆခဲ့ကြရသည်။

မြိုင်ဟေဝန် ဇာတ်လမ်းများတွင် ထိပ်တန်းရောက် ဂန္ထဝင်ဇာတ်လမ်းဟု ဆိုရမည့် ဇာတ်လမ်းတစ်ပုဒ်မှာ အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်ခြေရှိ မစ်(ဒ်)နာပိုကျေးရွာကလေးမှ အာမလာနှင့် ကာမလာ ဆိုသော မနုဿဝံပုလွေဟု ဆိုရမည့် လူညီအစ်မ ဖြစ်သည်။ ထိုလူသားဘဝမှ ဝံပုလွေကဲ့သို့ ပြုမူစားသောက်၊ ကျင့်ကြံနေထိုင်သူ ညီအစ်မနှစ်ယောက်အား ယင်းဒေသတွင် ခရစ်ယာန်ဘာသာ သာသနာပြုနေသော သိက္ခာတော်ရဘုန်းကြီး ဂျိုးဇက်ဆင်း ဆိုသူက ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၀)ရက်နေ့က အထက်ဖော်ပြပါ ကျေးရွာအနီးတောအုပ်အတွင်းရှိ ဝံပုလွေမိသားစု နေထိုင်သောသားရဲတွင်းမှ တွေ့ရှိရခြင်းဖြစ်သည်ဟု ဆိုသည်။ ဘုန်းတော်ကြီးဆင်းသည် ထိုဝံပုလွေညီအစ်မတို့အား ရွာသားများအကူအညီနှင့် ခက်ခက်ခဲခဲ ဖမ်းဆီးခေါ်ယူခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေးအပ်ခဲ့ရာ ဆေးပညာရှင်များကိုယ်တိုင် စုံစမ်းသုတေသနပြုခဲ့ကြသည်။ သူတို့ညီအစ်မသည် ငယ်စဉ်ကပင် ဝံပုလွေမိသားစုများလက်တွင်း ကျရောက်ခဲ့ခြင်း ဖြစ်ဟန်ရှိသည်ဟု ဆိုကြသည်။ အာမလာဟု အမည်ပေးထားသူ ကလေးမကလေးမှာ တစ်နှစ်ခန့်အကြာတွင် ကွယ်လွန်သွားခဲ့ပြီး ကာမလာမှာမူ အသက် (၃၀) ခန့်မှသာ ကွယ်လွန်သွားခဲ့သည်။ ကမ္ဘာသမိုင်းတွင် မစ်(ဒ်)နာပို ကျေးရွာမှ ဝံပုလွေညီအစ်မဟု နာမည်ကျော်ခဲ့ပါကြောင်း။

လျှမ်းထက်



www.burmeseclassic.com

www.burmeseclassic.com

အလန်ဗော်ဂန်ဟာ ရှေ့ဖြစ်နိမိတ်ဟောမှတ်တမ်းမှာ အအောင်မြင်ဆုံး အာရုံထူးပိုင်ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ခံရသူပါ။ လောကရဲ့အလိမ်အကောက်တွေကို ကူညီဖြေရှင်းပေးတဲ့အသင်းရဲ့ အကြံပေးအဖြစ်နဲ့ ကူညီခဲ့တဲ့ သူ့ဟောကိန်းတွေဟာ (၈၀) ရာခိုင်နှုန်း ဒက်ထိ မှန်ကန်တယ်လို့ မှတ်တမ်းတင်ခံရသူပါ။

မနောပေါက်ပြီး အကြားအမြင်ရအောင် ဘယ်လိုလေ့ကျင့်ရမယ်လို့ လူထောင်ပေါင်းများစွာကို အနှစ် (၂၀) ကျော်ကြာအောင် သင်ကြားပေးခဲ့သူပါ။ အပိုင်ဟောကိန်းတန်ခိုး၊ ဟောကိန်းသန္တာန်၊ မနက်ဖြန်ရဲ့အစွန်းမှာ၊ မယုံနိုင်ဖွယ်တိုက်ဆိုင်မှု၊ အိပ်မက်ဖြင့် စိတ်ချင်းဆက်သွယ်မှု စတဲ့ စာအုပ်တွေကိုလည်း ရေးခဲ့သူ ဖြစ်ပါတယ်။ ဒီစာအုပ်တွေ အပါအဝင် စိတ်တန်ခိုးနဲ့ဆိုင်တဲ့ စာအုပ် (၂၅) အုပ်လောက် ရေးခဲ့တယ်။ လူဝင်စားမဂ္ဂဇင်းနဲ့ စိတ်တန်ခိုးမဂ္ဂဇင်းတွေရဲ့ အယ်ဒီတာလည်း ဖြစ်တယ်။ တီဗီမှာလည်း အကြိမ် (၆၀) လောက် စိတ်တန်ခိုးပြကွက်တွေကို ပြသခဲ့သူ ဖြစ်တယ်။

၁၉၆၉ ခုနှစ်ကစပြီး ပရစိတ်ပညာအသင်းရဲ့အသင်းသားဖြစ်ပြီး ပရစိတ်ပညာဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ရသူလည်း ဖြစ်တယ်။

၁၉၈၁ ခုနှစ်မှာ လောကအကျိုးဆောင်အသင်းမှ စတီဖင်ရှာ့(စ်)က အကူညီတောင်းလို့ ရဲစခန်းနဲ့စတင်တွဲဖက်ကူညီခဲ့ရတယ်။ ပန်ဆီဗန်နီးယားနယ်က ပျောက်ဆုံးသွားတဲ့ အမျိုးသမီးငယ်တစ်ဦးကိုရှာဖွေရာမှာ ရဲစခန်းကို သူ့ရဲ့မနောအာရုံအမြင်ထူးနဲ့ကူညီပေးဖို့ ဖြစ်တယ်။ ဒီအမျိုးသမီးဟာ အခု ဘယ်နေရာမှာ ရှိနေတယ်၊ သေသလား, ရှင်သလား၊ ပြန်ပေးဆွဲခံရတာလား၊ ဘယ်သူတွေက ပြန်ပေးဆွဲထားတာလဲ၊ သေသွားပြီဆိုရင် အလောင်းဘယ်မှာလဲ၊ ဘယ်သူက ဘာကြောင့်သတ်ရလဲ ဆိုတာတွေကို မနောအာရုံနဲ့ ကြည့်ပေးရမှာ၊ ရှာပေး... ဖြစ်တယ်။

ဒီလိုအမြင်အာရုံတွေကို ရဲ... က အခြေခံပြီး သူတို့ရထားတဲ့သ... တွေနဲ့ညှိပြီးရှာဖွေမှာဖြစ်တယ်။ ... နေတဲ့ကွင်းဆက်တွေကို ဒီအမြင်... နဲ့ အစရှာရမှာ ဖြစ်တယ်။ ရဲစခ... သူတို့ရထားတဲ့သတင်းတွေ၊ အ... အထားတွေနဲ့ အမြင်အာရုံတွေကို ... စပ်ပြီး အမှုကိုဖော်ထုတ်မှာ ဖြစ်... ခံရသူတွေကို သက်သာအောင်၊ ... တွေက လွတ်ကင်းအောင်၊ အန္တရာ... ရင်လည်း ကင်းဝေးအောင် ဆောင်... ပေးရမှာ ဖြစ်တယ်။

အလန်ဗော်ဂန်ဆီက ရ... 'အမြင်အာရုံတွေအပေါ် အခြေ... လူသတ်မှုတရားခံတွေ၊ ပျောက်... နေသူတွေကို ရဲတွေက ရှာ... ဖော်ထုတ်ရ... တယ်။ အ... ဗော်ဂန်... ထူးသမြင်... သတ်မှုနဲ့ လူပျော... ရှာဖွေရေးမှာ ထူးဆ... ဖြစ်တယ်။ သူ့ရဲ့ မနောအ... အမြင်ထူးတွေဟာ ဒီလိုအမှုမျိုးမှာ ... လွန်တိကျသေချာတယ်။ ဒါပေမယ့် ... ဖွဲ့အစည်းနဲ့ကျူးလွန်တဲ့ ရာဇဝတ်မှု... ဟာ လူတစ်ဦးချင်းကျူးလွန်တဲ့ ရာဇ... မှုထက်ရှုပ်ထွေးတယ်။ အမြင်အာရုံ... ဟာ လူတွေကများတော့ ဟိုတတ်... နောက်ကွယ်က အဓိကစီစဉ်သူကို...





www.burmeseclassic.com

www.burmeseclassic.com

ရုံမမြင်ရဘဲ ကိုယ်ထိလက်ရောက် ရတဲ့ နောက်လိုက် ငယ်သားတွေ၊ စားရာဇဝတ်ကောင်တွေသာ တွေ့ တ်တယ်။

ပြီးတော့ အဖွဲ့အစည်းနဲ့လုပ်တဲ့ လာတ်မှုတွေက နယ်လည်းကျယ် ယ် ဩဇာလည်း ရှိတတ်တယ်။ ကျန် တွေက ရန်မူလာမှာလည်း စိုးရိမ် ယ်။ ဒါတွေကြောင့် အလန်ဇော်ဂန် အဖွဲ့အစည်းအလိုက် ကျူးလွန်တဲ့ လာတ်မှုတွေဆိုရင် ခပ်အင်အင်ဖြစ် တယ်။ တချို့အသင်းအဖွဲ့တွေဟာ မြို့တင်, တစ်နယ်တင်မကဘူး၊ တစ် ထောင်လုံးမှာရှိနေကြတော့ သူတို့ ကျင်မိပြီဆိုရင် မီးခိုးမဆုံး မိုးမဆုံး တတ်တယ်။ တချို့အသင်းအဖွဲ့ဂိုဏ်း ဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာတောင် နေကြတော့ အလန်ဇော်ဂန်က ဒါမျိုး ရင် လက်ရှောင်ချင်တယ်။

၁၉၈၁ ခုနှစ်မှာ လော့(စ်)အိန် လီ(စ်)မြို့က ပရဟိတအဖွဲ့က စတီ ရှာ့(စ်)က အလန်ဇော်ဂန်ဆီချဉ်းကပ် င်ဆီပန်နီးယားက ပျောက်ဆုံးနေတဲ့ ကလေးတစ်ဦးကို မနောအာရုံနဲ့ရှာ အကူအညီတောင်းတယ်။ ကာယ ရှင်ကိုယ်တိုင်က သက်ဆိုင်တဲ့နေရာ ပတ်သက်တဲ့လူတွေကိုစုံစမ်းပြီးပြီ။ လည်း လိုက်ပြီးပြီ။ ဒါပေမယ့် သဲ နစပျောက်နေတော့ ရဲက အလန် ဂန်ရဲ့အကူအညီကိုတောင်းရတော့ ပါ။ ဒီလူပျောက်မှုဟာ အလန်ဇော် ပထမဆုံးအကြိမ် ရဲနဲ့ဆက်သွယ်မိ ပါပဲ။ နောက်တော့လည်း ရဲတွေရဲ့ အတော်များများကို သူ့အာရုံထူးနဲ့ ည်ခဲ့လို့ ရဲတွေရဲ့ယုံကြည်ကိုးစားမှုကို တယ်။

အဲဒီ လူပျောက်မှုက လန်ကတ် မြို့က (၁၄) နှစ်သမီး ပျောက်ဆုံး ပါ။ ခရိုင်ဥပဒေအရာရှိ မစ်ရန့်က ပျောက်ဆုံးနေတဲ့မိန်းကလေးဓာတ်ပုံကို ဖင်ရှာ့(စ်)ကိုပေးပြီး အာရုံထူးနဲ့ရှာ နိုင်သူထံပြပြီး မေးပေးဖို့ အကူအညီ တောင်းတယ်။ စတီဖင်ရှာ့(စ်)တို့အသင်း လည်း ဒီလို လူမှုရေးကိစ္စတွေကို စေ နာနဲ့ ဖြေရှင်းပေးနေရတဲ့ အသင်းပါ။ ရုံထူးနဲ့မြင်ရတဲ့အချက်တွေကို ခြေ ခံပြီးတော့ လူပျောက်ကိုရှာပေးဖို့ ဖြစ် ယ်။ သဲလွန်စတွေဖြစ်တယ် ဆိုပြီး က်လိုက်ကြတယ်။

အလန်ဇော်ဂန်ဟာ ပျောက်ဆုံး တဲ့မိန်းကလေးရဲ့ဓာတ်ပုံကို အာရုံနဲ့ ည့်လိုက်တော့ စိတ်မနှံ့တဲ့လူတစ်ယောက်က ဒီမိန်းကလေးကို ဗလက္ကာရ အဓမ္မကျင့်တယ်။ ပြီးတော့မှ ဒီမိန်း ကလေးကို သတ်ပစ်လိုက်တာကို ထင် ထင်ရှားရှား တွေ့လိုက်တယ်။ မိန်းက လေးရဲ့နာမည်ကိုတော့ ထုတ်ဖော်မပြော ပါဘူး။ ကာယကံရှင်ကို ထိခိုက်မှာစိုးလို့ ပါ။ ဒါကြောင့် 'ဒီမိန်းကလေး' ဆိုပြီး နာမ်စားကို သုံးရတာပါ။ မိန်းကလေး သေသွားလို့ မသိတဲ့တိုင်အောင် ကျန်ရစ် သူ မိဘဆွေမျိုးတွေကို အရှက်ခွဲသလို ဖြစ်နေမှာစိုးလို့ ရဲတွေက နာမည်ဖော် မပြောကြဘူး။ အလန်ဇော်ဂန်ကလည်း သိတတ်၊ စာနာတတ်ပါတယ်။ ဒါကြောင့် နာမည်ကို မေးလည်းမမေးဘူး၊ ရိပ်မိ ပေမယ့် မသိချင်ယောင်ဆောင်နေလိုက် တယ်။

အလန်ဇော်ဂန်က ဒီမိန်းကလေး ဘယ်နေရာမှာနေတယ်၊ တရားခံဟာ မိန်းကလေးအိမ်နဲ့ ဘယ်လောက်အဝေး မှာရှိတယ်ဆိုတာကို ပုံကြမ်းဆွဲပြီး ပြနိုင် တယ်။ လူသတ်သမားက ကျောင်းဆရာ ဖြစ်တယ်။ သူ့ကားနံပါတ်နဲ့တကွ အမျိုး အစား၊ အသွေးအရောင်ပါ အတိအကျ ပြောနိုင်တယ်။ လန်ကတ်စတာရဲတွေက မိန်းကလေးရဲ့အလောင်းကိုရှာတော့ အ လောင်းကို တွင်းတိမ်တိမ်မှာ မြှုပ်ထား တာ တွေ့ရတယ်။ အလောင်းတွေ့တဲ့နေ ရာဟာ လူသတ်သမား ဘယ်သူဆိုတာ ညွှန်ပြနေတော့ လူသတ်သမားကို ရှာရ တာလွယ်သွားတာပေါ့။

မိန်းကလေးဟာ လူသတ်သမား ဆီမှာ ကရာတေး သင်ကြားနေတယ်။ လူသတ်သမားနဲ့ မိန်းကလေးတို့ တွေ့ ဆုံဆက်သွယ်မိရာကနေပြီး လူသတ်မှု ဖြစ်သွားတာပါ။ လူသတ်သမားကျောင်း ဆရာဟာ စောစောကတည်းက စိတ် ရောဂါရှိလို့ ကုသခံနေရသူ ဖြစ်တယ်။ ဒီတော့ စိတ်ကို လူသာမန်တွေလိုမထိန်း နိုင်ဘူး။ မိန်းကလေးကို အငြိုးရှိလို့သတ် တာ မဟုတ်ဘူး၊ သူ့ရဲ့စိတ်ရောဂါ ထ လာတဲ့အခါ သတိကင်းလွတ်ပြီး သတ် မိတာပါ။ လူသတ်သမားနေတဲ့အိမ်က လည်း အလန်ဇော်ဂန် အာရုံမှာမြင်ရတဲ့ အတိုင်း မိန်းကလေးရဲ့အိမ်နဲ့ မလှမ်းမ ကမ်းပါပဲ။ အလန်ဇော်ဂန်ရေးဆွဲပြတဲ့ မြေပုံအတိုင်း အတိအကျ မှန်ကန်တယ် လို့ အမှုလိုက်ရဲတွေက ထောက်ခံကြပါ တယ်။

လူသတ်သမားဟာ လူသတ်မှုနဲ့ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ခံရတယ်။ စိတ်ရောဂါရှင်ဆိုတော့ စိတ်ကျန်းမာရေး ဆေးရုံမှာပဲထားတယ်။ နိုဗာတီဗွီလိုင်းမှာ အာရုံထူးအမြင်တွေအကြောင်း လွှင့်တဲ့ အခါမှာ စိတ်စွမ်းအင်ရှင်တွေရဲ့ အာရုံ ထူးနဲ့ ရာဇဝတ်မှုတွေကို ထောက်လှမ်း ပေးတာဟာ (၈၅) ရာခိုင်နှုန်း မှန်ကန်ပါ တယ်လို့ ဝန်ခံသွားတယ်။

ရဲတွေဟာ တစ်ဆိတ်ရှိ အကြား အမြင်ဆရာတွေဆီ သွားမေးတာမျိုး မ လုပ်ပါဘူး။ လက်သည်မပေါ်တဲ့ အမှု ဟောင်းတွေ၊ သဲလွန်စပျောက်သွားတဲ့ အမှုမျိုးတွေ့ရလို့ ဘယ်လိုမှမတတ်သာ တဲ့အခါမှသာ စိတ်စွမ်းအင်ဆရာတွေ ရဲ့အကူအညီကို ယူကြတာပါလို့ ပြည် နယ်များစွာကိုလိုက်ပြီး ရဲတွေကိုကူညီ ခဲ့တဲ့ အလန်ဇော်ဂန်က သူ့ကိုယ်တွေ့ကို ပြောပြပါတယ်။

ဒါပေမယ့် အလန်ဇော်ဂန်ဟာ ရဲ တွေက အကူအညီမတောင်းဘဲ သူ့အာ ရုံအမြင်တွေကို သွားမပြောပါဘူး။ အဲဒီ အချိန်က လော့(စ်)အိန်ဂျယ်လိ(စ်)မှာ တစ်နေ့တည်း လူသတ်မှု (၇) မှု ဖြစ် တယ်။ လူသတ်မှုတစ်မှုမှာ အလန်ဇော် ဂန်ရဲ့မိတ်ဆွေတစ်ဦး အသတ်ခံရတော့ ဇော်ဂန်လည်း မနေနိုင်ဘူး၊ ရဲတွေက အကူအညီမတောင်းပေမယ့် သူက ရဲ တွေကို သူ့အာရုံအမြင်အရ တရားခံ ဖြစ်နိုင်သူကို ပြောပြလိုက်တယ်။ ရဲတွေ က အကူအညီမတောင်းဘဲလာပြောတဲ့ စိတ်စွမ်းအင်အာရုံထူးရှင်တွေကို ကြည် ကြည်ဖြူဖြူ လက်ခံပါတယ်။ ဇော်ဂန်ရဲ့ အာရုံထူးနဲ့မြင်ရတဲ့ တရားခံကို ရုံးတင် စစ်ဆေးပြီး ပြစ်မှုထင်ရှားလို့ အပြစ် ဒဏ်ခံသွားရတယ်။

အလန်ဇော်ဂန်က အာရုံထူးအ မြင်တွေကိုရအောင် ဘယ်လိုလေ့ကျင့် ယူရတယ်ဆိုတာ လူတွေကို သင်ကြား ပြသပေးပါတယ်။ ဒီအထဲမှာ ရဲတွေဆို ရင် အထူးသဖြင့် စေတနာထားပြီး သင် ကြားပေးတယ်။

အမြင်အာရုံထူးတွေနဲ့ လူတွေရဲ့ ပြဿနာကို ကူညီဖြေရှင်းတဲ့အခါ အ ချက် (၃) ချက်ကို လိုက်နာဖို့ အကြံပေး ထားတယ်။ အဲဒီ သတိထားရမယ့် အ ချက် (၃) ချက်ကတော့-

၁။ ဓမ္မဓိဋ္ဌာန်ကျပါစေ။

၂။ မေးတဲ့လူတွေ သိချင်တာထက် သူတို့သိဖို့လိုတဲ့ အချက်ကိုသာ ပြောပါ။

၃။ အကောင်းဘက်၊ အပြုဘက် ဖြစ် ပါစေ။

မနောသဘောသိ

Ref; FATE (4/93)




www.burmeseclassic.com

www.burmeseclassic.com

မှိုးသစ်

# ဘဝနှင့်ရင်း၍ ကြွေးဆပ်ခဲ့သူတစ်ဦး



"ဟင် - ဒီတေလေကြမ်းပိုးက ကျောင်းရောက်နေပါလား"

ဦးညွှန့်မောင်ပြောစကားကြောင့် အလယ်ကျောင်းဆောင်ကြီးပေါ် တက်လုတက်ခင် ခြေလှမ်းကို တန့်ရပ်ပြီး ကျောင်းရှေ့ကွင်းပြင်တွင် မြက်ရှပ်ရင်း အလုပ်များနေသူတစ်ဦးအား လှမ်းကြည့်မိသည်။ ခေါင်းအငုံ့မှာ ရုပ်သွင်ကို ပြက်ပြက်ထင်ထင်မြင်လိုက်ရ၍ အံ့အားသင့်သွားသည်။

အလို - မောင်တင်သောင်းပါလား။

မောင်တင်သောင်းတစ်ယောက် ထောင်ကလွတ်လာပြီကိုး။ မောင်တင်သောင်းအပေါ် အလိုမကျသည့်လေသံဖြင့် ပြောလိုက်သော ဦးညွှန့်မောင်ကို ကြည့်ကာ ခေါင်းခါယမ်းမိလိုက်ပြီး သက်ပြင်းလည်းချမိပါ၏။

"ဟေ့လူ၊ ဥပုသ်လာယူတာမေ့မနေနဲ့။ မစ္ဆေရတွေ၊ ဗျာပါဒတွေဟာ အကုသိုလ်စိတ်တွေပဲ။ ဆရာတော်က ခွင့်ပြုလို့ပဲဖြစ်ဖြစ်၊ အကြောင်းကြောင်းကြောင့် သူ့ဘာသာ အဆင်ပြေလို့ပဲဖြစ်ဖြစ် ကျောင်းမှာနေခွင့်ရတာ ကိုယ့်အလုပ်နဲ့ မစပ်ဆိုင်ပါဘူး။ ထားစမ်းပါစေဗျာ"

"ဘယ်ဟုတ်ပါ့မလဲဗျာ။ ဂေါစကံ အကြည်ညိုခံနေရတဲ့ ဆရာတော်ဟာ သူနဲ့ပတ်သက်ပြီး အကြည်ညိုကင်းသွားမှာစိုးလို့ပါ။ သူ့မှာက သိက္ခာရှိတော့တာမှမဟုတ်ဘဲ။ ဘာအကြောင်းမှတ်လို့"

သူနှင့်ပြောလျှင် လေကြောရှည်နေမည်မို့ စကားမဆက်လို။ ကျောင်းပေါ်သို့ သုတ်သုတ်ကလေး တက်သွားခြင်းသည်သာ အကောင်းဆုံး ဖြစ်ပေမည်။ ကျောင်းပေါ်တွင် ဥပုသ်သည် အတော်များများလည်းရောက်နေကြပါသည်။ ဥပုသ်ယူပြီးအိမ်ပြန်ရောက်သည်အထိ မောင်တင်သောင်းအကြောင်း စဉ်းစားနေမိသေးသည်။

တစ်ရပ်တည်းသားတွေမို့ အစဉ်းသိပါ။ လူပျိုပေါက်စမှ လူပျိုဖြစ်ပြီဆိုကတည်းက မောင်တင်သောင်းမှာ အမေမုဆိုးမကြီးကို လုပ်ကျွေးသူ သားလိမ္မာလေးအဖြစ် ရပ်တည်ခဲ့၏။ ဖတဆိုးသားလေး မောင်တင်သောင်း ပညာရေးကို အစအဆုံးမလိုက်နိုင်ရှာ။ ဖခင်ကြီးကွယ်လွန်ချိန်တွင် (၁၀) တန်းကို အောင်ခဲ့သည်။ မိသားစုများ၏ စားဝတ်နေရေးအတွက် ယခင် ဖခင်ကြီးက တာဝန်ယူကျွေးမွေးခဲ့သော်ငြား ဖခင်ကြီး မရှိသည့်နောက် မောင်တင်သောင်းတာဝန် ဖြစ်လာခဲ့ပေပြီ။ စည်းစနစ်တကျ စီးပွားရေးလုပ်သူများအထဲတွင် မောင်တင်သောင်း ပါလာခဲ့ပြီး ရပ်ကွက်မှာ စံနမူနာပြလူငယ်တစ်ဦး ဖြစ်လာ၏။

ဖခင်ကြီးလက်ထက် ဆိုက်ကားနှစ်စီးကိုယ်ပိုင်ရှိရာ တစ်စီးကို အငှားချထား၍ တစ်စီးကို ကိုယ်တိုင်နင်းသကဲ့သို့ မောင်တင်သောင်း အပင်ပန်းခံကာ စီးပွားရှာ၏။ ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်များ၊ ဈေးဆိုင်များအတွက် ကုန်ပစ္စည်းများ ဝယ်ခြမ်းပေးခြင်း၊ ကလေးငယ်များကျောင်းပို့ကျောင်းကြို အလုပ်အစုံလုပ်သဖြင့် သာမန်ဆိုက်ကားဂိတ်တွင် ဂိတ်ထိုးကာဆွဲသူများထက်ပင် ဝင်ငွေကောင်း

သည်မှာ မဆန်းပါလေ။ အသောက်အ...
စား၊ အလောင်းကစားကင်းသည်မို့ ...
ဆောင်းမိနိုင်ခဲ့ပါပြီ။ မောင်တင်သော...
စီစဉ်ပေးသောကြောင့် သူ့မိခင်ကြီး သူ...
လက်လုပ်လက်စားရပ်ကွက်တွင် ...
နှင့် မီးသွေး ရောင်းချနိုင်ခဲ့သည်။ တ...
ရာလမ်းအတွင်းပိုင်းတစ်ခုလုံးတွင် ...
အိတ်လိုက်ထောင်စားနိုင်သူ ... မီးသွေး...



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ဆိုက်ကားတစ်စီးလည်း ထပ်[illegible]ယ် ယူနိုင်ခဲ့သည်မှာ အမှန်။

❑

[illegible]ယ့်လေး ငါးအိတ် ဝယ်ယူ သိုလှောင် [illegible]းနိုင်သူ ရှားပါးလှသည်။ မကြာသော [illegible]ာလတွင် အိမ်မှာပင် မောင်တင် [illegible]ာင်း ကုန်ခြောက်ဆိုင်ကလေး ဖွင့်နိုင်

တရိပ်ရိပ်စီးပွားတက်လာခဲ့သည့် နောက် လာဘ်ပြီး စုတ်လည်းဝင်လာပြန် သည်။ မုဆိုးဖို ဖခင်ကြီးနှင့် အတူနေ အချောအလှလေး မသန်းမြိုင်နှင့် လူငယ်



www.burmeseclassic.com

www.burmeseclassic.com

ချင်း သဘောကျသလို နှစ်ဦးနှစ်ဖက်မိဘသဘောတူ ပေးစားခဲ့သောကြောင့် မောင်တင်သောင်း အိမ်ထောင်ကျခဲ့၏။ ထိုအချိန်က မောင်တင်သောင်း ဆိုက်ကားမနင်းတော့ဘဲ အိမ်ဆိုင်ကို ကျကျနနလုပ်နေပြီ ဖြစ်သည်။ မောင်တင်သောင်း ကုန်ဝယ်ခြမ်းသည့် ဆိုက်ကားအပြင် ဆိုက်ကားငါးစီးကို အငှားချထားနိုင်သည်။ စီးပွားရေးပြေလည်လာသော်လည်း မိခင်ကြီးကျန်းမာရေးအခြေအနေက မဟန်။ တရှောင်ရှောင်နေမကောင်းဖြစ်နေပြီး မိုးအကုန်တွင်ဆုံးပါးရှာသည်။ သူ့ဇနီးတွင်လည်း မိခင်ကြီး မဆုံးမီကတည်းကရှိခဲ့သော ကိုယ်ဝန်မှာ သားဦးလေးတစ်ယောက် ထွန်းပေါက်လာ၏။ သားအမိသားအဖ သုံးယောက် မပူရမပင်ရ လုပ်ကိုင်စားသောက်လာရာမှ ရပ်ကွက်သမဝါယမလူကြီးရွေးပွဲတွင် မောင်တင်သောင်း အရွေးခံခဲ့ပြီး သမအသင်းအတွင်းရေးမှူးဖြစ်လာခဲ့သည်။ ဤတွင် မောင်တင်သောင်း ဘဝတစ်ကွေ့ အချိုးအဆစ်ပြောင်းခဲ့ခြင်းပင်။

လူနာမည် (တင်သောင်းမှ မောင်တင်သောင်း၊ မောင်တင်သောင်းမှ ကိုတင်သောင်း) ပြောင်းလဲလာသလို စိတ်ထားတွေလည်း ရွေ့လျားပြီး တစ်စတစ်စ ပြောင်းလဲသွားသည်ဟု ဆိုရမည်။ ပြောင်းလဲခြင်းမည်သည် တိုးတက်သော ပြောင်းလဲခြင်း ဖြစ်သင့်ပါသည်။ မောင်တင်သောင်း၏ ပြောင်းလဲမှုတို့မှာ တဖြည်းဖြည်း အားနည်းသော အသွင်သဏ္ဌာန်ကို ဆောင်နေပါ၏။ လူတကာနှင့် လိုက်လျောညီထွေ မျှတပြီး ဖြောင့်မတ် ရိုးသားသူတစ်ယောက်အဖြစ်မှ တစ်ဖက်စောင်းနင်း ငိုဘသမား၊ ကောက်ကျစ်လှည့်ပတ်သူတစ်ယောက် ဖြစ်လာသောကြောင့် ဖျက်လုပ်လိုက်သည့်အရုပ်နှယ် မြင်တွေ့နေရခြင်းမှာ အံ့သြစရာ။ ယခင်က စီးပွားရေးသမားပေမင့် လောဘဦးဆောင်သူ မဟုတ်ခဲ့။ သမမျှတသော အတွေးအခေါ်ဖြင့် လုပ်ကိုင်ဆောင်ရွက်သည်။ သူ့ကြောင့် တစ်ပါးသူ နစ်နစ်နာနာမဖြစ်စေချင်။ ယခု ရသာလျှင် ဘနဖူးသိုက်တူးမည့် အနေအထား။ နေ့တိုး၊ လတိုး၊ ဆောင်းပြားတိုး၊ ဆယ်ရက်သုံးအားလုံးသောအတိုး ကြီးကြီးမားမားချေးငွေပေးသည်။ ဆပ်ရမည့်ရက် မရပါက ထိရောက်သည့်အရေးယူမှုမျိုးလုပ်တတ်သည်။ ဒန်အိုး၊ ဒန်ခွက်မှ ရွှေထည်အထိ အပေါင်ခံရာတွင် မတန်တဆ ဈေးနှိမ်ပေး၍ သုံးလအတိုးမသတ်ခဲ့လျှင် အဆုံး။

ဟိုယခင် ပြုံးစင်ကြည်လဲ့သော မျက်နှာထား၊ ယဉ်ကျေးဖွယ်ရာသည့် စကားတွေ ဆွံ့ပါးသွားခဲ့ပြီ။ ဟန်တွေမာန်တွေ တင်းတင်းခဲခဲ။ တစ်ဖက်လူအပေါ် စိန်းစိန်းဝါးဝါးအကြည့်များနှင့်။ မောင်တင်သောင်း တစ်ယောက်တည်းမဟုတ်၊ ဇနီးဖြစ်သူကလည်း ထိုနည်းနှင်နှင်။ မှတ်ချက်ချနိုင်သည်က မောင်တင်သောင်းတို့တွေ ဆင်းရဲခြင်းဒဏ်ခံစားနိုင်လင့်ကစား ချမ်းသာခြင်းဒဏ်မခံနိုင်ကြပါဘဲလား။ ငွေသည် နူးညံ့သိမ်မွေ့သူကို ခက်ထန် ကြမ်းတမ်းစေ၏။ လိမ္မာယဉ်ကျေးသူကို မိုက်မဲရိုင်းစိုင်းစေ၏။ ရပ်ကွက်နှင့် တစ်သားတည်းကျခဲ့သော မောင်တင်သောင်း ကဏှကောစ ဖြစ်ခဲ့ရပြီ။ မောင်တင်သောင်း၏ပြောင်းလဲမှုမှာ ရပ်ကွက်သမဝါယမအတွင်းရေးမှူး ဖြစ်လာမှ ပိုဆိုးဝါးခဲ့လေသလား မသိ။ ဇနီးသည် မသန်းမြိုင်ကလည်း ရွှေလက်ကောက် တံတောင်အထိဝတ်နိုင်ပြီမို့ ခေါင်းတခါခါ။ အပြောအဆိုလေသံတွေကအစ တင်းမာလာကြသည်မှာ အမှန်။

သို့သော်. . .

'တက်လွန်းကြွကြွ၊ မြင့်လွန်းက' ဆိုသည့် စကားအတိုင်း အရက်ကလေး တမြမြ အငယ်အနှောင်းနုနုရွရွ လောင်းကစား တစ်စတစ်စဖြင့် မောင်တင်သောင်း ပျက်စီးလာသကဲ့သို့ မသန်းမြိုင်၏ အရှိန်မသတ်နိုင်သော အသုံးအဖြုန်း၊ အမော်အကြွားများကလည်း နှိပ်စက်တော့သည်။ စီးပွားရေး ကျဆင်းလာသောအခါ ဖြတ်လမ်းနည်းလိုက်တတ်သည့် လူ့သဘာဝအရ ဘိုးတော်တုဘိုးတော်ယောင်တွေကလည်း ဂဏန်းပေး မ,စတော့မယောင်နှင့် ညာဝါဖြန်းသန်းမှုများ ဝင်လာပြန်၏။ ကြိုးပမ်းရာတွင် ဖင့်နွှေးစေကာမူ ပျက်စီးခြင်းက မြန်ဆန်လှပါသည်။ စိတ်ထင်ရာမြင်ရာလုပ်မိပြီး အတ္တလောဘ၏အဆုံးသတ်တွင် မောင်တင်သောင်း ထောင်ကျသွားသည်။

❑

မောင်တင်သောင်း၏ ဖြစ်ရပ်တို့မှာ လေး၊ ငါး၊ ခြောက်နှစ်အတွင်း ရုပ်ရှင်ကားတစ်ကားကို ကြည့်နေဘိသကဲ့သို့ မျက်စိအောက်တွင်ပင် ဖျိုးခနဲဖျတ်ခနဲ အပြောင်းအလဲမြန်ဆန်သွားခဲ့၏။ မောင်တင်သောင်းဘဝ အကျိုးပေးမကောင်းခဲ့ပါ။ မမျှော်လင့်ဘဲ ထောင်ကျသွားသည့်နောက် များစွာသော အပြောင်းအလဲ

များ ထပ်မံကြုံခဲ့ရသည်။ ရှိစုမဲ့စုငွေ
ပြီး ကြွေးပရပျစ်ဖြစ်လာသောအခါ
ခင်မင်ရင်းနှီးသယောင်ရှိခဲ့သည့်မိတ်
အတုများ ဖယ်ခွာသွားကြပေပြီ၊ သ
ယမကြွေးများပေးဆပ်ရန် (နေ
ပိုင်ဆိုင်ခြင်း) ဖြစ်သော အိမ်နှင့်
ရောင်းခဲ့ရပြီး လိုအပ်ချိန်မို့ တန်
ကြေးမရပါလေ။

ပစ္စည်းဥစ္စာများကုန်ခန်းသွား
အခါ စားဝတ်နေရေးကို အကြောင်
ကာ မသန်းမြိုင်က ထောင်သို့
လာ၍ တရားဝင်ကွာရှင်းခွင့်ကို
ခဲ့သည်။ (နောက်အိမ်ထောင်ပြု
ပွင့်ပွင့်လင်းလင်းပြောခဲ့ပြီး သား
အတူခေါ်သွားမည့်အကြောင်း
ပေးခဲ့၏။)

မောင်တင်သောင်း ရင်တ
ဆတ်နာကြည်းခံစားရပေမင့် တစ်
စိတ်ချမ်းသာရေးအတွက် အပြုံး
စာချုပ်တွင် လက်မှတ်ရေးထိုး
၏။ ရင်တွင်းဝေဒနာကို တစ်ယော
တည်း ကြိတ်မှိတ်ခံစားမျိုသိပ်နေ
ကို လူမသိ။ လက်ရှိ မောင်တင်သော
တွင် ကျန်ရစ်နေသည်က သန်
သေးသည့် ခြေအစုံ၊ လက်အစုံမှတ
အခြားမရှိပြီ။ ထောင်တွင်းတွင်
တင်သောင်း ခံစားနေရပုံတို့ကို
မှုဖြင့် ထောင်တစ်နှစ်ခွဲကျသွားသူ
မောင် ပြောပြသဖြင့် သိခဲ့ရသည်။

ထောင်ဝင်စာပင် တွေ့သူ
သော မောင်တင်သောင်းကို လေး
ကြိမ် ထောင်ဝင်စာ သွားတွေ့ခဲ့
ရပ်ဆွေရပ်မျိုး ခင်မင်ခဲ့သူ တစ်ဦး
ယောက်ထံ စာနာစိတ်ဖြင့်သွားခဲ့ခြ
ဆွေမတော်သားမစပ် ကရုဏာတ
အရ တွေ့ဆုံစဉ် မောင်တင်သောင်း
ပန်းတနည်း ငိုကြွေးရှာသည်။

"ဘာအတွက်ဝမ်းနည်းနေရ
လဲ။ မင်းယောကျ်ားမဟုတ်ဘူး
စိတ်ဓာတ်ခိုင်မာရမယ်၊ အားမလျှော့
လောကမှာ လောကဓံတရားဟာ
မှာပဲ၊ ကြံ့ကြံ့ခံစမ်းပါကွာ"

"တစ်ချိန်က ဆရာကြီး ကျွန်
ကို အတန်တန်ဆုံးမပေမယ့် ကျွန်
မနာယူခဲ့ဘူး။ လမ်းမှားပေါ် ရော
တယ်။ ခုလည်း ထောင်ထဲရောက်
အထိ ကျွန်တော့်ကို စေတနာထား
သေးတယ်။ ကျွန်တော်ဆိုတဲ့လူမိုက်
ခွင့်လွှတ်ပါဗျာ။ ကန်တော့ တော
ပါတယ်"

မောင်တင်သောင်း အားရ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် စိတ်ထိခိုက်သွားရသည်။ သူ့အနေနှင့် ဘဝသင်ခန်းစာများနှင့် နောင်တတရားတို့ ဗလုံးဗထွေးဖြစ်နေခြင်းမှာ ထင်ရှားလှသည်။ သူ့ကို အားပေးအားမြှောက်ပြုသူ နည်းပါးပေမည်။ မည်သို့ပင်ဖြစ်စေ မောင်တင်သောင်းကို စိတ်အားမငယ်စေချင်ပါ။ ဥပုသ်ထွက်သည့်နေ့ မောင်တင်သောင်း အိမ်ရောက်လာသည်။

"ကျွန်တော် ထောင်ကထွက်ကတည်းက လာဖို့ပါ။ နေရေးထိုင်ရေးအတွက် ဆရာတော်ကို လျှောက်ထားစီစဉ်နေရပါတယ်။ တကယ်တော့ မီးသောင်ပြင်မှာ ပန်းမပျိုးသင့်သလို ကျဆုံးခဲ့တဲ့ နယ်မြေကို ပြန်မလာသင့်ပါဘူး။ ဒါပေမယ့် ဒီနယ်မြေမှာ ကျွန်တော်ကြွေးဆပ်ရဦးမယ်။ ဆပ်စရာတွေကို ကျေအောင် ဆပ်သွားချင်တာ ကျွန်တော့်ဆန္ဒပါပဲ ဆရာကြီးရယ်"

"အေးလေကွာ၊ မင်းသဘောထားနဲ့ မင်းဆန္ဒကို မတားလိုပါဘူး။ မင်းစိတ်ချမ်းသလိုလုပ်ပေါ့။ လိုတာရှိရင် ပြော ဟုတ်ပလား"

သို့ဖြင့် မောင်တင်သောင်း တရိုတသေ ရှိခိုးကန်တော့ပြီး ပြန်သွားပါသည်။

❑

(၂) နှစ်လုံးလုံး (တစေ့တစောင်း) မောင်တင်သောင်းကိုကြည့်မိ၏။

ဘုန်းကြီးကျောင်း၏ ဝေယျာဝစ္စအားလုံးမှာ သူပါသည်။ သံဃာ့ဒါနဆွမ်းပတ်များကို ဆွမ်းဟင်းအလှူခံရန် ကျောင်းက ဆိုက်ကားဖြင့် လိုက်ယူ၏။ နေ့စဉ် ကျောင်းသို့ပို့ပေးနေသော ဆွမ်းချိုင့်များ အပို့အယူကိုလည်း သူလုပ်သည်။ ကျောင်းတွင်းလျှပ်စစ်မီး၊ ရေစက်စက်များက သူ့တာဝန်။ ကျောင်းတွင်းသန့်ရှင်းရေးနှင့် စိုက်ပင်ပျိုးပင်များတွင် သစ်ပင်ကြီးများ အပါအဝင် သူတို့လူစုပင် ပြုသည်။ မောင်တင်သောင်းရှိနေခြင်းကြောင့် ဆရာတော်တွင် ဝန်ထုပ်ဝန်ပိုး လျော့သည်သာမက အကူအညီရနေသည်မှာ အမှန်။

ယုတ်စွအဆုံး ကျောင်း၏ အချို့သော လိုအပ်ချက် (အလှူခံကိစ္စများ) တွင် မောင်တင်သောင်းကိုယ်တိုင် ဌာန် [illegible]ကျကျ စာသံပေသံဖြင့် ဟောပြော အလှူခံမှု ပါလာ၏။ ဆွမ်းစားကျောင်းနှင့်တွဲလျက်အခန်းတစ်ခန်းကို ဆရာတော်နှင့် ဆွမ်းစားကျောင်းကိုယ်တော်တို့က နေခွင့်ပြုခဲ့ပါသည်။ ထို့ကြောင့်ပင် အရက်ဆွမ်း၊ နေ့ဆွမ်း၊ ဆွမ်းပွဲပြင်ဆင်ရေးကိုလည်း မပူပင်ရ။

ကျောင်းရှိ ဦးပဥ္စင်းငယ်အချို့နှင့် ကိုရင်ကြီးတချို့အား သွေးအမျိုးအစား စစ်ဆေးပြီး သွေးလိုအပ်သူများအတွက် သွေးလှူဘဏ်လုပ်ငန်း စနစ်တကျ ဦးဆောင်သူမှာ *မောင်တင်သောင်းပါ။* ရပ်ကွက်အတွင်း သာရေး၊ နာရေးလုပ်ငန်းများတွင် (အကူအညီတောင်းခံသူများ ရှိပါက) သာရေးဖြစ်သည့် အလှူအတန်းတို့တွင် ကူညီလေ့ရှိသော်လည်း နာရေးကိစ္စများမှာ ချမ်းသာ, ဆင်းရဲ မရွေး၊ စိမ်းသည်,ကျက်သည်မဟူ မုခေါ် ပင့်ချေသွား၍ အစမှအဆုံးအထိ အအိပ်ပျက်အစားပျက်ခံကာလုပ်လေ့ရှိပြန်၏။ ကနဦးပိုင်း မောင်တင်သောင်းအပေါ် ယခင်မှ အမှားအယွင်းများကြောင့် ကျောင်းတွင် ကပ်စားနေသည့် တေလေ ကြမ်းပိုးတစ်ယောက်ပမာမြင်ခဲ့သူများပင် သဘောထား ပျော့ပျောင်းစပြုလာ၏။ တွေ့မြင်သည့်တိုင် မခေါ်ချင်မပြောချင် မျက်နှာလွှဲသွားတတ်သူတို့ပင် ခေါ်ချင်ပြောချင်လာခဲ့သည်။ မောင်တင်သောင်းကမူ လူတိုင်းကို ချိုချိုသာသာ ပြုံးပြုံးရွှင်ရွှင်ဆက်ဆံခဲ့သည်မှာ ထာဝစဉ်။ ထောင်တွင်းတွင် သူ့အတွက် သံဝေဂရစရာ နောင်တတရားတို့နှင့်ဆုံခဲ့ရပြီ မဟုတ်ပါလား။

"တစ်ချိန်က ဒီကောင် ဒီအချိုးချိုးခဲ့တာပဲ။ အဖေဆုံးတော့ ကြိုးကြိုးကုတ်ကုတ်ရှာလို့ဖွေလို့တော်တော်လေးလည်း ဖြစ်လာရော ထန်ထန်မာန်မာန် ဟန်ပန်တွေ ပြောင်းလဲသွားတော့တာပါပဲ"

"မရှိတုန်းမို့ပါကွာ။ ရှိလာရင် ထောင်တော့မှာပေါ့"

"ဘုန်းကြီးကျောင်းမှာတော့ တစ်ချိန်ချိန် ဒုက္ခရောက်မှာသေချာတယ်။ ကြည့်ပါဦးလေ၊ ခွေးမြီးကောက် ကျည်တောက်စွပ်တဲ့"

ဝေဖန်ချက် အမျိုးမျိုးထွက်နေသော်လည်း မောင်တင်သောင်းက ပုံမှန်မူတစ်ချက်မပျက်၊ အနေအစားမပြောင်းလဲ။ သူ့ကို လူတွေ၊ ယနေ့ထက်တိုင် အမြင်မကြည်လင်သေးသည်ကိုသိသော်လည်း မသိကျိုးကျွန်ပြုနေခဲ့၏။

"မင်းကိုမကျေမနပ်ဖြစ်ခဲ့တဲ့စကားတွေ မကြားတကြားပဲဖြစ်ဖြစ်၊ စောင်းမြောင်းပဲဖြစ်ဖြစ်၊ ပြောင်ပဲဖြစ်ဖြစ် ပြောတာမျိုးကြုံတဲ့အခါ ငါတစ်ချိန်က မှားခဲ့လို့ အပြောခံရတာ ပြောပါစေဆိုတဲ့စိတ်မျိုး ထားနိုင်ရမယ်၊ သည်းခံခွင့်လွှတ်ရမယ် မှတ်ထားနော်"

မောင်တင်သောင်း အိမ်လာစဉ်က ဆုံးမလိုက်သောစကားများကို တစ်သဝေမတိမ်း နားထောင်ပုံရ၏။ ပြဿနာတစ်စုံတစ်ရာမကြားခဲ့ရ။ သို့နှယ် တိုက်ခိုက်လေ့ပြောလေ့ရှိသူတို့ပင် ကြာလာသောအခါ မေသွားပုံရသည်။ ငြိမ်သက်သွားကြပါပြီ။ မောင်တင်သောင်း တစ်ယောက်သာ ကျောင်းဝေယျာဝစ္စနှင့် ရပ်ကွက်သာရေး၊ နာရေးလုပ်ငန်းများတွင် နစ်မြောနေရှာသည်။ ဖြစ်ခဲ့သမျှသော ဒုက္ခသုက္ခများကို အမေ့အလျော့ထားကာလုပ်ကိုင်နေသူ မောင်တင်သောင်းကို တွေ့လေတိုင်း တစ်ရံရောအခါက မြင့်မြင့်မားမား ဘဝတစ်ခုမှ ဘုန်းကြီးကျောင်း ကပ္ပိယတစ်ဦးဘဝသို့တိုင် ကျဆင်းလာရလင့်ကစား စိတ်ဓာတ်မကျဘဲနေနိုင်စွမ်းရှိသူအဖြစ် ရင်ထဲက ချီးကျူးမိ၏။ သူပြောလေ့ရှိသော စကားလေးမှာ-

"ဘဝ ဆိုတာ အနိမ့်, အမြင့်၊ အတက်,အဆင်းတွေရှိတာ မေ့တာပါပဲ"

❑

နံနက်ဝေလီဝေလင်း အလန့်တကြား အော်သံဟစ်သံများ။ နောက်ပြီး မီးသတ်ဥဩသံ၊ မီးသတ်ခေါင်းလောင်းသံများညံစီလျက် မီးသတ်ကားများ ကတ္တရာလမ်းဆီက ဖြတ်သန်းသွားကြသည်။ (၃) နာရီကျော်ကျော်ပင်ရှိသေးသည်။ နွေရာသီ၏ ပူလောင်အိုက်စပ်မှုက ညရောက်လာခဲ့သည်အထိ မပြေပျောက်တတ်။ နံနက်လင်းအားကြီးပိုင်း ရောက်လေလေ၊ အအေးပိုင်းရောက်လာလေလေမို့ အိပ်ကောင်းချိန်တွင် မီးလှန့်သံချောင်းသံများက လှုပ်ခါနှိုးလိုက်သည်။ ညအမှောင်ဝယ် မီးရောင်ကိုမြင်နေရတုန်း။

"ဟ - အပေါ်ထပ်ကကြည့်တော့ မီးက သိပ်မဝေးဘူးဘဲ"

"ဟုတ်တယ်။ မီးသတ်ကားတွေ မလာခင်ကတည်းက သံချောင်းသံတွေ၊ ကလတက်သံတွေဆူညံနေလို့ ကြည့်လိုက်တော့ မီးကသိပ်မဝေးဘူး။ ဒါနဲ့ ဆရာကြီးတို့ကို နှိုးသေးတယ်။ အိပ်ရာကမနိုးတာနဲ့ ဆက်မခေါ်တော့ဘူး။ အခု မီးကို လူနိုင်သွားပြီနဲ့တူတယ်။ မီးစွယ်ကျသွားပြီလေ"

"အေးကွာ၊နွေရောက်တော့လည်း မီးကြောက်ရတာပဲနော်"

သို့ဖြင့် ခေါင်းရင်းအိမ်မှ မောင်



www.burmeseclassic.com

www.burmeseclassic.com

ကြည်ဒွေးနှင့် စကားပြောမိကြသည်။ ဈေးဘက်မှအပြန်တွင် စိတ်မချမ်းသာစရာသတင်းတစ်ခု သယ်ဆောင်လာသူက ကိုတင်ရှိန်။ ကိုတင်ရှိန်ထံမှ ကြားရသည့်စကားအရ နံနက်စောစောလောင်ကျွမ်းသည့်မီးနှင့်ဆက်စပ်၍ မောင်တင်သောင်း မီးသင့်လောင်ပြီး ဒဏ်ရာအနာတရဖြစ်သွားသောသတင်းပင်။ ကိုတင်ရှိန်က မီးလောင်ပြင်မှာရှိနေခဲ့သူဖြစ်သဖြင့် အစ၊အဆုံးမြင်တွေ့သိကြားခဲ့ရ၏။

"မီးလောင်ပြီ ဆိုတော့ လန့်နိုးပြီး မီးလောင်တဲ့နေရာကို ပြေးတာပေါ့။ အိမ်က သစ်နဲ့ ဝါးစပ်ဆောက်ထားတာ။ အမိုးက မနိတ်တွေ။ နွေမှာက အားလုံးဟာ ကြွပ်ကြွပ်ရွရွဖြစ်နေတော့ အရပ်ကမနိုင်ဘူး။ မီးသတ်လာမှငြိမ်းတာ။ အိမ်ဆက်ဝေးပြီးခြံကျယ်လို့ ဆက်မကူးဘဲ နှစ်အိမ်တည်း လောင်သွားတယ်။ လူတွေကတော့ အများကြီးပဲလာကြတာ"

"နို့- မောင်တင်သောင်းက ဘာကြောင့် ဒဏ်ရာရတာလဲ"

"အဲဒါက ဒီလိုပါ။ မီးက မီးကြွင်းမီးကျန်ကလောင်တာမို့ ချက်ချင်းမသိကြဘူး။ မီးအရှိန်ကောင်းလာမှ ထွက်ပြေးရတော့ အသက်ကြီးကြီး အဘိုးကြီးရယ်၊ ကလေးတစ်ယောက်ရယ် ကျန်ခဲ့တယ်။ အိမ်သားတွေ အပြင်ရောက်မှ သိရတော့ ကယ်ပါယူပါအော်နေကြပေမယ့် မီးအားကြောင့် ဘယ်သူမှမဝင်ရဲဘူးပေါ့။ မီးသတ်နေတဲ့ မောင်တင်သောင်းဟာ ရေစိုစောင်ပိုင်းတွေခြုံပြီးခုန်ဝင်သွားရှာတယ်။ အဘိုးကြီးကို ကုန်းပိုးထွက်လာခဲ့နိုင်ပေမယ့် ကလေးကို တစ်ခါပြန်အခေါ်မှာ ကလေးကို စောင့်နေတဲ့လူ့လက်ထဲ လွှဲထည့်နိုင်တယ်။ အဲဒီအချိန်မှာ ကျလာတဲ့ ခေါင်တန်းနဲ့ ရိုက်မိပြီးမှောက်လဲသွားလို့ သူ့ကိုမနည်းဆွဲထုတ်ကြရတာ။ တစ်ကိုယ်လုံးမှာလည်း မီးလောင်ဒဏ်ရာတွေချည်းပဲ။ သူ့စွန့်စွန့်စားစားကယ်တာကြောင့် ဟိုနှစ်ယောက်မသေဘူး"

"မောင်တင်သောင်းအခြေအနေ အတော်ဆိုးသလားဟင်"

"ဆိုးတယ်လို့ပဲပြောရမယ်။ ကျွန်တော်တို့ မနက်ကဆေးရုံကပြန်တဲ့အထိ သတိမရသေးဘူး"

မောင်တင်သောင်းအတွက် စိုးရိမ်စိတ်ဖြင့် ညနေပိုင်း စောစောစီးစီး သတင်းသွားမေးရန် အဖော်စပ်ဖို့ သတိရမိသည်။

"ကိုတင်ရှိန်၊ ခင်ဗျား ညနေ မောင်တင်သောင်း သွားမေးဦးမှာလား။ သွားရင် စောစောလေး ကျုပ်လည်း ဝင်ခေါ်ဗျာ"

❑

မောင်တင်သောင်းကို ရပ်ကွက်အများစုဆန္ဒအရ သီးသန့်ခန်းမှာထားကြောင်း သိလိုက်ရသည်။ အခန်းဝတွင် လူအများ စုဝေးနေပြီး အခန်းတွင်းသို့ စိတ်ဝင်တစားကြည့်နေကြ၏။ အခန်းတွင်းတွင် ဆရာဝန်တစ်ဦးနှင့် သူနာပြုဆရာမနှစ်ယောက် မောင်တင်သောင်းနံဘေးတွင်ရပ်ကာ စမ်းသပ်နေ၏။ ဆရာဝန်က ရင်ဘတ်ကို နားထောင်နေသည့် နားကြပ်အား ခေါက်သိမ်း၍ လက်ကိုသွေးတိုးစမ်းပြီး ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့လူမှာ အသက်မရှိတော့ဘူး"

အားလုံး၏ 'ဟင်' ဆိုသောအသံကြီးမှာ မတိုင်ပင်ရဘဲ တစ်ပြိုင်နက်ထွက်ပေါ်လာ၏။ တီးတိုးငိုရှိုက်သံတို့ထွက်လာသည်။

"ငါ့အဖေအသက်နဲ့ ငါ့သမီးအသက်ကို နှင့်အသက်နဲ့လဲလိုက်တာလား တင်သောင်းရဲ့"

မိန်းမတစ်ယောက်၏ ပေါက်ကွဲ ငိုယိုသံမှာ အခန်းကို လွှမ်းသွားစေသည်။ လူတိုင်း မျက်စိမျက်နှာမကောင်းကြ။ ကိုတင်ရှိန်ကိုခေါ်ပြီး ပြန်လာသည့်တိုင် မီးလောင်ဒဏ်ရာများတွင် ပတ်တီးအဖွေးသားနှင့် လဲလျောင်း ငြိမ်သက်နေသူ မောင်တင်သောင်းကို မျက်စိထဲက မထွက်။

"မနက်ကတည်းက အခြေအနေမကောင်းလို့ လက်မှတ်ထိုးခဲ့ရတယ်။ အဲဒီကတည်းက စိတ်မကောင်းတာပါဗျာ။ ရပ်ကွက်ကို ပြစ်မှားမိတဲ့ အင်မတန်အကြွေးဆပ်ချင်တဲ့သူကြီး။ ခုတော့ အသက်ပေးပြီး ဆပ်လိုက်တာပေါ့။ မင်းဆန္ဒပြည့်ပြီလားကွာ"

သူ့အပေါင်းအသင်းတစ်ယောက်၏ ကြေကွဲသည့် ညည်းတွားသံတစ်ရပ်ကိုလည်း စိတ်မကောင်းဖြစ်စရာကြားခဲ့ရ၏။

ရပ်ကွက်သူရပ်ကွက်သားများဆန္ဒအရ မောင်တင်သောင်း၏ရုပ်အလောင်းကို ဆေးရုံနှင့်မနီးမဝေးဘောကွင်းအစပ်တွင် ကနားဖျင်းထိုးပြီးထားမည် ဖြစ်သည်။ မော်ကျူရီ (သေသူများထည့်ထားအဆောင်) မှ အလောင်းကို ... ယူ ခေါင်းသွင်းကာ အလောင်းစင်... တင်ထားမည်။ ကနားဖျင်းအောက်... ဧည့်ဝရိသတ်ကို ဧည့်ခံမည်ဖြစ်၍ ... မီး လိုလေသေးမရှိစေရ။ ထို့မှ ... ကို သင်္ဂြိုဟ်စက်ပို့မည့်အစီအစဉ်... ဦးတစ်ယောက်တည်းကို တာဝန်... ဘဲ ရပ်ကွက်မှ ဆောင်ရွက်မည်ဟု ... ညာသည်။

"ဒီကောင်လေးက ရပ်ကွက်... နာရေးဖြစ်ရင်နေတတ်တာမဟုတ်... အအိပ်ပျက်အစားပျက်ခံလုပ်ရှာ..."

"သူက အလှူအတန်းဆို... အောက်ခြေသိမ်းလုပ်ပေးတာပဲ..."

"သွေးအတွက် တို့ရပ်ကွက်... မပူရတာ သူ့ကြောင့်ပေါ့"

"ဦးဘခင်ကြီးနဲ့ သူ့မြေး... ကို ကယ်လို့ သေရတာပါပဲ"

"ရပ်ကွက်လမ်းတွေကို သူ... ယောက်တည်း ဒိုင်ခံပြင်တယ်"

မောင်တင်သောင်း၏ ... သတင်းတွေ ရပ်ကွက်ထဲမှာပြော၍... တော့။ ယခင်မောင်တင်သောင်း... ယခုမောင်တင်သောင်းကွာခဲ့ပြီ။

"ဘုန်းကြီးတို့ကျောင်းအတွက် ... မရှိတာ ဟာနေသလိုပဲလို့ပြောရမယ်"

ဆရာတော်ကအစ ချီးကျူး... ဆိုခဲ့သည်။ သူ့အကြောင်းနှင့်ပတ်သက်၍ အုတ်အုတ်သဲသဲပြောနေကြသည်... အသုဘနေ့တွင် အစည်ကားဆုံးနှင့် ... အထိခိုက်ရဆုံး အသုဘဟု ဆို... ဆွေမျိုးရင်းချာမဟုတ်သူများ ဝ... တနည်းငိုသည့်ပွဲပါလေ။ လိုက်ပို့သူ... ပြားလှသည့်အသုဘ။

မီးသင်္ဂြိုဟ်စက်မှ မီးခိုးတန်း... ၏ နောက်တွင် မောင်တင်သောင်း... ပြာကျသွားသော်လည်း အများစု... တွင်းတွင် (ထာဝရ) ရှင်သန်နေမည်... အမှတ်ရနေမည်သာ။

'မောင်တင်သောင်းရယ်၊ မင်း... နဲ့ရင်းပြီးကြွေးဆပ်ခဲ့ပါပြီကွယ်။ မင်း... ပြည့်ဝတဲ့အတွက် ရောက်ရာဘုံ... ကျေနပ်ပါတော့'

မောင်တင်သောင်းကို ရည်... ပြောခဲ့သည့် ရင်တွင်းစကားမျာ... ကျောခိုင်းခဲ့ခြင်းအား မောင်တင်... သိနိုင်ပါစေ။

*(အမည်နာမများ လွှဲပြောင်း... သောအဖြစ်မှန်တစ်ခုဟုဝန်ခံပါ...*



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ အစရှိလို့ မန္တလေးမြို့ နဲ့တောင်ဘက် မြန်မာနိုင်ငံ၏ တစ်နံ တစ်လျှားရှိ မြို့ကြီးများ၊ အထူးသဖြင့် နန်ကုန်၊ ပဲခူး၊ နေပြည်တော်မြို့ကြီးများ ငလျင်ဒဏ်ခံရနိုင်ဖွယ်ရာရှိသည့် အကြောင်းတွေကို ပညာရှင်များမှတစ်ဆင့် လေ့လာ ကြားသိရပြီးသည့်နောက် ဘုံ မြင့်စံပုဂ္ဂိုလ်များ အတော်ချောက်ချောက် ချားချား ဖြစ်နေကြသည်။ မြေငလျင် ကယ်ဆယ်ရေးအဖွဲ့များ၊ ငလျင်နှင့်ပတ် သက်၍ အထူးတာဝန်ရှိနေသည့် ရဲတပ် ဖွဲ့ဝင်များ၊ ငလျင်ဗေဒအတတ်ပညာရှင် များ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ နေပြည်သူပြည်သား၊ ရပ်သူရပ်သား၊ ရွာသူရွာသားများကလည်း တာဝန်ရှိသူ တွေ၊ တာဝန်ယူထားကြသူတွေနှင့် ပူး ပေါင်း၍ အစည်းအဝေးများ ပြုလုပ်ကြ ၏။ အခြေအနေပေးသူများက ဟိုဟာ သည်ဟာစုဖြင့် လိုအပ်မည်ထင်သည် တို့ကိုစုဆောင်းကြသည်။ လုပ်ချင်သည်၊ အာရုံပေါ်သည်တို့က လုပ်ကြသည်မှာ ကောင်း၏။ သို့သော် ငလျင်လှုပ်လျှင် မည်သို့နေထိုင်လှုပ်ရှားကြရမည်ကိုတော့ မေ့ထား၍မရပေ။ ငလျင်လှုပ်လျှင် မည် သို့ နေထိုင်လှုပ်ရှားကြရမည်ကို လူတိုင်း မှု သိထားစေချင်ပါသည်။

ဤကမ္ဘာကြီး၌ လောကီ၊ လောကုတ္တရာ ဟူ၍ နှစ်ပိုင်းရှိ၏။ မြသနာ တစ်ရပ်ဖြစ်လာလျှင် လောကီရှင်းလည်း ရှင်းရမည်၊ လောကုတ္တရာရှင်းလည်း ရှင်းရမည်။ ဤသည်ကိုပင် လက်တွေ့နှင့် ရည်မှန်း ဟူ၍ ခေါ်တတ်ကြ၏။

ရွှေစိုးတို့ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လတ္တံ့သောငလျင်အန္တရာယ်ကိုလည်း လက်တွေ့ရှင်းနည်းရော ရည်မှန်းရှင်းနည်းနှင့်ပါ ရှင်းရမည်ဟု ရွှေစိုး တိုက်တွန်းလိုပါသည်။ ရွှေစိုးက ယခု ဆောင်းပါးတွင် လက်တွေ့ရှင်းနည်းထဲမှ ကောင်းနိုးရာရာတွေကို လည်းကောင်း၊ ရည်မှန်းရှင်း (ဘုရားကူ) ရှိသည်တွင် ဘုရားကူ ကုနည်းကို အကြံပြု တင်ပြမည် ဖြစ်ပါသည်။

ငလျင်ကာကွယ်နည်းများတွင် နှစ်မျိုးရှိ၏။ ငလျင် ဖြစ်နိုင်သည်ကို မဖြစ်အောင် ကာကွယ်ရန် မတတ်နိုင်သော်လည်း အန္တရာယ်မတျအောင်၊ လျော့နည်းအောင်၊ လွတ်ကင်းအောင်တော့ လူသားတို့ ကြံနိုင်ကောင်းပါသည်။

ငလျင်လှုပ်ခြင်းသည် ယခုမှလှုပ်ခြင်း မဟုတ်ပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမပွင့်မီကတည်းက ငလျင်လှုပ်လာခြင်း ဖြစ်ပါသည်။ ဘုရားရှင် ဂေါတမ ကိုယ်တော်မြတ်ကြီးက မယ်တော်မာယာ၏ဝမ်းကြာတိုက်၌ သန္ဓေယူလာသောအခါကလည်း ငလျင်လှုပ်ပါသည်။ ကောင်းသောနိမိတ်ဖြင့်လှုပ်ခြင်း ဖြစ်ပါသည်။ ဘုရားအဖြစ်ဖြင့် မာရ်နတ်နှင့် တကွ မာရ်နတ်မင်း၏ စစ်သည်ဗိုလ်ပါ ခြွေရံအသင်းအပင်းများကို သစ္စာ၊ မေတ္တာဖြင့် အောင်မြင်ခဲ့စဉ်ကလည်း ငလျင်လှုပ်၊ တော်လည်း၊ ရေကြီး စသည်ဖြင့် ထင်ရှားသောနိမိတ်ကြီးတွေ ရှိခဲ့ပါသည်။ ထိုနိမိတ်တို့ကို ဘုရားရှင်နှင့် ဘုရားရှင်၏ သားတော်၊ သမီးတော် ကြည်ညိုသူ ဗုဒ္ဓဘာသာဝင်များဘက်က ကြည့်လျှင် ကောင်းသောနိမိတ် ဖြစ်သော်လည်း ဘုရားရှင်၏ရန်သူများ၊ တိတ္ထိ တက္ကတွန်းများဘက်မှကြည့်လျှင် သူတို့အတွက် မကောင်းသောနိမိတ် ဖြစ်

# ငလျင်နှင့် မေတ္တာပို့လုပ်ငန်း

ရွှေစိုး





www.burmeseclassic.com

www.burmeseclassic.com





ပါသည်။

ယခုအခါသည် သာသနာတော် တွင်းကာလဖြစ်၍ ဗုဒ္ဓသာသနာ ထွန်းလင်းလျက်ရှိပါသည်။ ဗုဒ္ဓဘာသာသည် အစွဲမထားသော ဘာသာဝါဒ ဖြစ်ပါသော်လည်း ပုထုဇဉ်ဗုဒ္ဓဝါဒီတို့တွင် အနာဂတ်ကာလစွဲ ရှိတတ်ကြစမြဲ ဖြစ်ပါသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ အကြောင်းသုံးပါးရှိပြီး ပစ္စုပ္ပန်သည် အတိတ်ကို အခြေခံသည်၊ အနာဂတ်သည် ပစ္စုပ္ပန်ကို အခြေခံသည် ဟူ၍လည်း ယုံကြည်ပါသည်။ ထို့ကြောင့် အတိတ်ကြောင့်ဖြစ်လာအပ်သော ရလဒ်ဆိုးကျိုးများ နောင်အနာဂတ်တွင်ဖြစ်မလာရန်၊ လျော့နည်းသက်သာရန်၊ ကင်းရှင်းရန် စသည်ဖြင့် မိမိတို့တတ်နိုင်သမျှ ဘာသာ၊ သာသနာ၊ မဟိဒ္ဓိ သိဒ္ဓိနည်းများနှင့်ရော မျက်မှောက်ခေတ်သိပ္ပံနည်းများဖြင့်ပါ ဘက်စုံအားဖြင့် ဆောင်ရွက်ကြပါသည်။

ရွှေစိုးသိသမျှ ဖော်ပြလိုပါသည်။

အတိတ်နိမိတ်ဖြစ်ဖြစ်၊ သဘာဝဘေးအန္တရာယ်ဖြစ်ဖြစ် ငလျင်လှုပ်ပြီဆိုလျှင် ကမ္ဘာပေါ်ရှိ သက်မဲ့၊ သက်ရှိတို့ အနည်းနှင့်အများ ပျက်စီးကြရသည်ချည်း ဖြစ်၏။ ငလျင်သည် ဝါးလုံးရှည်ကြီးဖြင့် သိမ်းကျုံးယမ်းသော သဘာဝဘေးအန္တရာယ်မျိုး ဖြစ်၏။ ငလျင်လှုပ်သည့်ဗဟိုချက်တွင်သာမက ငလျင်စက်ဝန်းမလွတ်သည့် နေရာများတွင်လည်း ငလျင်ဒဏ်ခံရတတ်၏။ ယခု စစ်ကိုင်းပြတ်ရွေ့ကြော ငလျင်သည် အလျားကီလိုမီတာ (၁၀၀၀) ရှည်သောငလျင်ဖြစ်၏။ ပြတ်ကြောငလျင်ဖြစ်၍ အင်္ဂလိပ်လို *'SEGMENT'* ဟု ခေါ်၏။ ပြတ်၍လှုပ်သော/ အဆက်အဆက်ဖြင့်လှုပ်သောငလျင် ဖြစ်၏။ ထို့ကြောင့် အနည်းဆုံး (၁၀) ဖြတ်မျှရှိသောငလျင် ဖြစ်၏။ အဘယ်ကဲ့သို့လှုပ်မည်၊ ဘယ်တော့လှုပ်မည်ကို တိတိကျကျမသိကြသော်လည်း နောင်အနှစ် (၂၀) ကြာလျှင် ထို့ထက်အားမနည်းသော ငလျင်ကြီး လှုပ်နိုင်သေးသည်ဟု ခန့်မှန်းနိုင်သူတို့က ဆိုကြ၏။ သည်ကြားထဲမှာလည်း ငလျင်ကြီး၊ ငလျင်လေးများ အချိန်မရွေး လှုပ်နိုင်သေးသည်ဟု အဆိုရှိ၏။

ထိုအခါ သိပ္ပံပညာ၏ခန့်မှန်းချက်များကို အားမရနိုင်သူများ၊ ဘာသာရေး၊ သာသနာရေးနှင့် ဝိဇ္ဇာမဟိဒ္ဓိ သိဒ္ဓိပညာတို့ဘက် အယုံသန်သူတို့က အတိတ်ကဖြစ်ခဲ့ဖူးသည်ကိုမှီ၍ အနာဂတ်တွင်ဖြစ်နိုင်ခြေရှိသည်ဟု ခန့်မှန်းတတ်သော အ ဟောပညာရှိများ၊ နောက်ဖြစ်,ရှေ့ ဟောတတ်သူများ၊ မဟိဒ္ဓိရှင်များ ရှင်များ စသည့် မိမိတို့ အားကိုးထိုက် သူများ၊ အားကိုးထိုက်သူများဟု ယူ ရာဇူများထံသို့ အပြေးအလွှား ချဉ်းကပ် တတ်ကြ၏။ အစစ်အမှန်နှင့်တွေ့လျှင် ကား တော်သေး၏။ အတုအယောင်နှင့် တွေ့လျှင်ကား ဘဝအဆက်ဆက်ငလျင် ဒဏ်ထက် ပြင်းထန်သောဒဏ်ကို ခံကြ ရပေတော့မည်။ လူသားတို့သည် အကြောင်းစစ်၊ အကြောင်းမှန်ကို ဆင်ခြင်သင့်၏။

ရွှေစိုးတို့ငယ်စဉ်ကတည်းက သင်ခဲ့ရဖူး၏။ ဤကမ္ဘာမြေကြီး၏ အတွင်းနက်ပိုင်း၌ ကျောက်လွှာကြောကြီးများ ရှိနေ၏။ အပူဒဏ်ကို နှစ်ပေါင်းများစွာ အတွင်းအောင်း၍ခံလာရသောအခါ ထိုကျောက်လွှာကြောကြီးများ အရည်ပျော် လာသည်။ ထိုကျောက်လွှာကြောကြီး များ အရည်ပျော်လာသောအခါ အရည်တို့သဘာဝအရ မြင့်ရာမှနိမ့်ရာသို့ စီးဆင်း၏။ မာသောအရာကိုရှောင်ဖယ်၍ ပျော့သောအရာကို စီးဝင်၏။ ထိုအခါ ကမ္ဘာကြီး၏ အပေါ်ယံ မြေမျက်နှာပြင်လည်း တုန်ခါလှုပ်ယမ်းလာ၏။ ဤသို့ဖြင့် ငလျင်လှုပ်ခြင်း ဖြစ်လာ၏။ ကမ္ဘာမီးတောင်အကြီး၊ အသေးများ ပေါက်ကွဲခြင်းဖြင့်လည်း ငလျင်လှုပ်တတ်၏။

ငလျင်လှုပ်ခြင်းကြောင့် တောင်ကြောများ၊ တောင်တန်းများ ဖြစ်လာ၏။ တွန့်ခေါက်တောင်တန်းများ၊ စုန့်တက် လုံးတည်းတောင်များ ဖြစ်လာ၏။ မြေကြောကြီးများ ပြတ်ကွဲခြင်း၊ ချောက်ကြီးများ, လျှိုပြတ်ကြီးများ ဖြစ်ပေါ်ခြင်း၊ သမုဒ္ဒရာနှင့် ပင်လယ်များအတွင်း လှိုင်းကြီးခြင်း၊ သမုဒ္ဒရာများနှင့် ပင်လယ်များ ပျောက်ဆုံးသွားခြင်းများ ဖြစ်ပေါ်လာ






www.burmeseclassic.com

www.burmeseclassic.com

...တ်၏။ သိပ္ပံပညာရှင်များ၏အဆိုအ ... ဖြစ်၏။ သိပ္ပံပညာရှင်တို့ကလည်း ...သုံးမသတ်နိုင်သော လေ့လာချက် ... ပြုလုပ်ကြလျက်ရှိ၏။

အရိယာ အရှင်မြတ်ကြီးများ၊ ...တော်အရှင်မြတ်ကြီးများ၊ မဟိဒ္ဓိ ... သိဒ္ဓိရှင် သူတော်စင်ကြီးများသည် ... ဘာသာရေးနှင့်ယုံကြည်မှုပညာ ...များဖြင့် အလွန်အန္တရာယ်ကြီးမား ... ငလျင်လှုပ်ခြင်းကိုစွတ် ကို လုံးဝ ...တ်အောင် မလုပ်နိုင်ကြပါသော် ... အန္တရာယ် ရလဒ်ဆိုးကျိုးများ ...နိုင်သမျှလျော့, နည်းနိုင်သမျှနည်း၊ ...နိုင်သမျှလွတ်အောင် နည်းအမျိုး ...ဖြင့် စီမံဆောင်ရွက်လျက် ရှိကြ၏။

ရွှေစိုးတို့ကဲ့သို့ ပုထုဇဉ်သားများ ... ခလုတ်ထိ၍ အမိတ,ခြင်းမျိုးကို ...ပ်နေကြခြင်းထက် ခလုတ်မထိ ဆူး ...ခင်ကတည်းက အမိကို သတိရကာ ...နှင့် မေတ္တာအဆက်မပြတ်အောင် ...ဆိုင်သင့်ပါသည်။

အမိမေတ္တာ၊ အဖမေတ္တာ၊ ဘုရား ...ရှိသော အရိယာအရှင်မြတ်များ, သူ ...တော်စင်ကြီးများ၏မေတ္တာသည် သူတို့ ... သင်မရောက်သော်လည်း သင့်ထံသို့ ...တို့၏မေတ္တာရောက်နိုင်ပါသည်။ သင် ...လက်ခံနိုင်ဖို့သာ အဓိကဖြစ်ပါသည်။ ...တလက်ခံနိုင်ရန် စိတ်တည်ငြိမ်အေး ...ခြင်းဖြင့် ဒါနမှန်၊ သီလမှန်၊ ဘာဝနာ ...ကို စွဲစွဲမြဲမြဲပြုလုပ်ပြီး အချိန်ရတိုင်း, ...ခွင့်သာတိုင်း မေတ္တာသုတ်တော်ကို နှုတ် ...တာကကြီး ပွားကြဖို့ ဖြစ်ပါသည်။ ...တ္တာရည်ချက် အစပျိုးနိုင်ရန် သတင်း ...တ်ပုံအချို့ကိုဖော်ပြထားပါ၏။ ဤ ... ဘုရားကု ကုခြင်း ဖြစ်၏။

တစ်စုံတစ်ခုသောရောဂါ၊ တစ်စုံ ...ခုသောအန္တရာယ်တို့မှ ကယ်တင် ... ကင်းဝေးစေခြင်းကို မေတ္တာဘာဝ

ကမ္ဘာပေါ်တွင် ၁၉၀၀ ပြည့်နှစ် မှ ၂၀၁၁ ခုနှစ်အထိ
အင်အားအပြင်းဆုံးလှုပ်ခဲ့သော ငလျင်ဇယား

| | Location | Date | Magnitude[2] |
|---|---|---|---|
| 1. | Chile | May 22, 1960 | 9.5 |
| 2. | Prince William Sound, Alaska | March 28, 1964[3] | 9.2 |
| 3. | Andreanof Islands, Aleutian Islands | March 9, 1957 | 9.1 |
| 4. | Japan | March 11, 2011 | 9.0 |
| 5. | Kamchatka | Nov. 4, 1952 | 9.0 |
| 6. | Off Western Coast of Sumatra, Indonesia | Dec. 26, 2044 | 9.0 |
| 7. | Off the Coast of Ecuador | Jan. 31, 1906 | 8.8 |
| 8. | Offshore Maule, Chile | Feb. 27, 2010 | 8.8 |
| 9. | Rat Islands, Aleutian Islands | Feb. 4, 1965 | 8.7 |
| 10. | Northern Sumatra, Indonesia | March 28, 2005 | 8.7 |

1. In terms of magnitude.

Read more: The Ten Largest Earthquakes Since 1900- Infoplease.com

http://www.infoplease.com/ipa/A0763403.html#ixzz2BygRBNnv

...နာကမ္မဋ္ဌာန်းအားထုတ်ခြင်း၊ မေတ္တာပို့သခြင်းတို့ဖြင့် ဆောင်ရွက်စီမံနိုင်ကြောင်း ဆရာအရှင်မြတ်၏ဩဝါဒအရ သိရှိရပါသည်။

ဖော်ပြပါ သတင်းဓာတ်ပုံများကို အာရုံပြု၍ မေတ္တာပို့နိုင်ကြပါစေ။


ချီလီတွင် နှစ်ကြိမ် ငလျင်ပြင်းစွာလှုပ်၏။ ၁၉၆၀ ပြည့်နှစ်၊ မေလ (၂၂) ရက်နေ့တွင် ရစ်တာစကေး (၉. ၅) ဖြင့် လှုပ်ပါသည်။ နောက်တစ်ကြိမ် ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် ရစ်တာစကေး (၈. ၈) ရှိသော ငလျင်ပြင်း တစ်ခါလှုပ်သည်။

ဒင်ဒရာနော့ (ဖ်) ကျွန်းစုများတွင် ၁၉၅၇ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် ရစ်တာစကေး (၅. ၁) ရှိသော ငလျင်တစ်ကြိမ်နှင့် ယင်းကျွန်းစုများရှိ ကြွက်ကျွန်းစု (RAT ISLANDS) ကို ဗဟိုပြု၍ ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ရစ်တာစကေး (၈. ၇) ရှိသော ငလျင်ကြီးတစ်ကြိမ် လှုပ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံ စုမတြာ၏အနောက်ဘက်ကမ်းလွန်ဒေသတွင် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့က ရစ်တာစကေး (၉. ၀) ရှိသော ငလျင်ကြီးတစ်ကြိမ်နှင့် မြောက်ဘက်တွင် ရစ်တာစကေး (၈. ၇) ရှိသော ငလျင်တစ်ခု ၂၀၀၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် တစ်ကြိမ်လှုပ်သွားခဲ့ပါသည်။ ဤငလျင်တို့မှာ အသေအဆုံးထက် အားပြင်းမှုကို အဓိကထားသော စာရင်းမှတ်တမ်းဖြစ်ပါသည်။

၁၉၇၅ ခုနှစ်တွင် ပုဂံ၌ ရစ်တာစကေး (၆. ၅) ခန့်ရှိသော ငလျင်တစ်ခု လှုပ်ခဲ့ဖူးပါသည်။ ဘုရားစေတီ၊ လူနေအိမ်ခြေ များစွာ ပျက်စီးခဲ့ပါသည်။ ရွှေစိုး၏အညာမှ (ပုဂံ) အမျိုးအချို့၏ပြောပြချက်အရ ငလျင်မလှုပ်မီ နှစ်ရက်၊ သုံးရက်အလိုတွင် ဆည်းလည်းသံ၊ ချူသံတို့ကို ကောင်းကင်တွင်ကြားကြရသဖြင့် မော့ကြည့်လိုက်ရာ နွားလှည်းများဖြင့် တစ်နေရာသို့ ပြောင်းရွှေ့သွားသောလူများကို ကောင်းကင်တွင် တွေ့ရသည်ဟုဆိုကြပါသည်။ အချို့ကလည်း ဆည်းလည်းသံ၊ ချူသံ၊ လူသံများသာ ကြားကြရပြီး အလုံးအထည်ကို မမြင်ကြရဟု ဆို၏။

စာဖတ်သူများ မေတ္တာပို့ကြသည်ဖြစ်၍ ပို့သောမေတ္တာဓာတ်များအတိုင်း ပြည်သူ, ပြည်သားများ စိတ်ချမ်းသာ ကိုယ်ချမ်းသာကြပါစေသတည်း။





www.burmeseclassic.com

www.burmeseclassic.com

'လူအမျိုးမျိုး စိတ်အထွေထွေ' ဟု ဆိုပါသည်။ စိတ်အထွေထွေဖြစ်မှတော့ ဘဝတွေလည်း အထွေထွေဖြစ်ပါလိမ့်မည်။ ကံကြမ္မာအကျိုးပေးလည်း မတူခြားနားကွဲပြားကြပါမည်။ လျှောက်လှမ်းတဲ့ လမ်းခရီးတွေလည်း ကွဲပြားကြပါမည်။ လောကဓံတရားနှင့် ပြုခဲ့ဖူးသည့် ကံတရားတွေကိုမျက်ကွယ်ပြုပြီး အတန်းအစားတွေကို နားလည်သဘောင် သရုပ်ခွဲကြည့်ပါမည်။

ဘဝတစ်လျှောက်လုံး ကောင်းသွားသည့်သူတွေ။



ဝင်းသိန်း(နေပြည်တော်)

ဆယ်ပြားသက်သေ

ဘဝတစ်လျှောက်လုံး ဆိုးသွမ်းသွားသည့်သူတွေ။

ဆိုးသွမ်းနေသည့်ဘဝမှလူကောင်းသူကောင်းဖြစ်သွားသူတွေ။

လူကောင်းသူကောင်းဘဝမှ ဆိုးသွမ်းသွားသည့်သူတွေ ဟူ၍ အတန်းအစား (၄) မျိုး တွေ့ရပါသည်။

ကျွန်တော်တို့ရဲ့လူမှုဘဝလေးထဲမှာ ရှာဖွေကြည့်မယ်ဆိုရင် ပထမအမျိုးအစားလူတွေ၊ ဒုတိယ၊ တတိယ၊ စတုတ္ထအမျိုးအစားလူတွေ ဒုနှင့်ဒေးရှိပါသည်။ ကြည်လျှင်မြင်ပါလိမ့်မည်၊ ရှာလျှင်တွေ့ပါလိမ့်မည်။

ကျွန်တော် မြင်မိ တွေ့မိသည်က တတိယအမျိုးအစား လူတစ်ယောက်ဖြစ်ပါသည်။

❑

နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့ဘက် (၅)မိုင်ခန့်အကွာတွင် မြို့၏ ကျက်သရေဆောင် ပျဉ်းမနားသကြားစက်ကြီးတစ်ရုံ ရှိပါသည်။ ၁၉၅၆ ခုနှစ်တွင် တည်ဆောက်လည်ပတ်ခဲ့ပါသည်။ မူလမိခင်စက်ရုံကြီးဖြစ်၍ စက် (၁) ဟု အလွယ်ခေါ်ပါသည်။ ၁၉၈၁ ခုနှစ်တွင် ထပ်မံ ဆောက်လုပ်သည့် သကြားစက်ကြီးကို စက် (၂) ဟု ခေါ်ပါသည်။ ကျွန်တော်သည် ၁၉၈၂ ခုနှစ်၊ မတ်လတွင် သကြားစက် (၂) တည်ဆောက်ရေး၌ အလုပ်ဝင်ရောက်ခဲ့သည်။ စက်ရုံတည်ဆောက်နေစဉ်က နေ့ခင်းသာ အလုပ်ဆင်းရသည်။ စက်ရုံကြီးတည်ဆောက်ပြီး၍ စတင်လည်ပတ်သည့် ၁-၉-၁၉၈၃ ရက်နေ့မှစပြီး အလုပ်ဆင်းခြင်းကို အဆိုင်း(၃)ဆိုင်းဖြင့် ဆင်းရသည်။

နံနက် (၈) နာရီမှ ညနေ (၄)နာရီ တစ်ဆိုင်း၊ ညနေ (၄) နာရီမှ ည (၁၂) နာရီအထိ တစ်ဆိုင်း၊ ည (၁၂) နာရီမှ နံနက် (၈) နာရီအထိ တစ်ဆိုင်း ဖြစ်သည်။ အပတ်စဉ် တနင်္လာနေ့တိုင်း အဆိုင်း(အလှည့်)ချိန်းပါသည်။

မြို့နေဝန်ထမ်းများအတွက် ထမ်းဖယ်ရီကား ရှိပါသည်။ နေ... တော် ပျဉ်းမနားမြို့ အုန်းတောတ... မှ စတင်ထွက်ပြီး လမ်းတစ်လျှော... ထမ်းများကို တင်ဆောင်ပြီး စ... ပို့ပေးသည်။ စက်ရုံ (၂) ရုံ အပြ... ပတ်သဖြင့် ဖယ်ရီကား(၃)စင်းဖြင့်... ပို့လုပ်ပါသည်။

ကျွန်တော်သည် ရွာတော... ရပ်ကွက်အတွင်းနေထိုင်သူဖြစ်၍... အစမှကားစီးရသည်။ အရင်ဆုံး... အမြဲတမ်း ကားခေါင်းခန်းတွင်... သည်။ သည်မှာပဲ စက်အမှတ်...



www.burmeseclassic.com

www.burmeseclassic.com

ထမ်းကြီး ကိုတင်အေးနှင့် ရင်းနှီးခွင့်ရသည်။ ရင်းနှီးလာသည်နှင့်အမျှ တစ်ယောက်အကြောင်းတစ်ယောက်သိလာသည်။ ပြောမနာဆိုမနာဖြစ်လာသည်။ ဖယ်ရီစောင့်နေစဉ် လက်ဖက်ရည်ဆိုင် အတူထိုင်ဖြစ်ကြသည်။ ရှေးဟောင်း



နှောင်းဖြစ်တွေ ပြောဖြစ်ကြသည်။

၁၉၇၀-၈၀ပြည့်နှစ်ဝန်းကျင်များ ကိုတင်အေးတို့ခေတ်ဟု ပြောလျှင်ရနိုင်ပါသည်။ ထိုအချိန်က ပျဉ်းမနား (နေပြည်တော်) တစ်ဝိုက်တွင် အမဲပစ်မုဆိုးက ငါးဦးလောက်သာ ရှိသည်။ ထိုအထဲတွင် ကိုတင်အေးက တစ်ယောက်အပါအဝင် ဖြစ်သည်။ ပျဉ်းမနား (နေပြည်တော်) ကို ဗဟိုပြု၍ လေးမျက်နှာ မရောက်ဘူးသည့်၊ အမဲမပစ်ဘူးသည့် နေရာမရှိပါ။

ဖယ်ရီကားစောင့်ရင်း ကိုတင်အေး ပြောပြသည့် အမဲပစ်ပုံပြင်များက တစ်နေ့တစ်မျိုးမရိုးရပါ။ ကျွန်တော်ကတော့ နားထောင်သမားသက်သက်။ ကိုတင်အေး မကြိုက်တာတစ်ခုရှိသည်။ မကြိုက်တာကိုမှ ကျွန်တော်ကလုပ်မိတော့ ကျွန်တော့်ကို စကားမပြောတော့ပါ။ သူမကြိုက်မှန်းလည်း ကျွန်တော်က မသိ။ တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုလို ရင်းနှီးလာသဖြင့် ကျွန်တော့်ရင်ထဲကအတိုင်း-

"အစ်ကို အမဲမပစ်ပါတော့နဲ့လား၊ သတ္တဝါလေးတွေသနားပါတယ်"

လို့ ပြောမိလိုက်တာပါ။

ဘာပြောတယ်မှတ်လည်း ကျွန်တော်ကို မထိုးမကြိတ်ရုံတစ်မည် ဒေါသတွေကြီးပြီး -

"ငါ့ကို ဆရာလာမလုပ်နဲ့၊ တရားမဟောနဲ့နာသွားမယ်။ ငါ့နားဘယ်တော့မှ မလာနဲ့"

ဆိုပြီး နှင်ထုတ်ပါတယ်။

အဲဒီနေ့ကစပြီး ကျွန်တော့်ကို စကားမပြောတော့ပါ။ ကျွန်တော်ကလည်း အလိုက်သိစွာ သူနဲ့ တစ်ကားတည်း အတူမစီးဖြစ်တော့ပါ။ နှစ်လလောက်နေတော့ ဝန်ထမ်းနေအိမ်လိုင်းခန်းမှာ အခန်းရပါသည်။ လိုင်းခန်းရသဖြင့် သူနှင့် ကျွန်တော် မတွေ့ဖြစ်တော့။ သူက စက်အမှတ် (၁) ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်က စက်အမှတ် (၂) ဖြစ်၍လည်း မတွေ့ဖြစ်ကြခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ဖြတ်သွားဖြတ်လာ တွေ့မိပေမယ့် နှုတ်မဆက်ဖြစ်ပါ။

သကြားစက်ရုံများ၏သဘာဝမှာ နှစ်စဉ် ကြံများရင့်မှည့်သည့် အောက်တိုဘာလတွင် ခုတ်သိမ်းပြီး သကြားချက်လုပ်ပါသည်။ မတ်လတွင် ကြိတ်ဝါးကြံများကုန်၍ သကြားချက်လုပ်မှု ရပ်နားပါသည်။ သကြားကြိတ်ဝါးများထုတ်လုပ်ချိန်ကို (ရာသီချိန်) ကာလဟု ခေါ်ဆိုပြီး စက်ရပ်နားချိန်ကို (ရာသီပကာလ) ခေါ်ဆိုပါသည်။ ရာသီပကာလတွင် မိမိတို့ဆိုင်ရာ အပိုင်းအလိုက် စက်ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ရပါသည်။

လိုင်းခန်းနေ ဝန်ထမ်းမိသားစုများသည် မိမိနေအိမ်အတွက် အသုံးလိုသည့်ပစ္စည်းများကို ပျဉ်းမနားဈေးကြီးသို့ သွားရောက် ဝယ်ယူကြရသည်။ သို့ဖြစ်၍ ရာသီပကာလ ရုံးပိတ်ရက် (စနေ၊ တနင်္ဂနွေ) နေ့တွင် စက်ရုံမှ ဈေးကားအဖြစ် စီစဉ်ပေးသဖြင့် ဝယ်ခြမ်းသွားလာရေး အဆင်ပြေပါသည်။

စက်လည်ရန်တစ်လလောက်သာ လိုတော့သည့် စက်တင်ဘာလ၏ရုံးပိတ်ရက် ဖြစ်ပါသည်။ ကျွန်တော်လည်း အိမ်အတွက် လိုအပ်သည့် စားသောက်ကုန်ဝယ်ရန် ဈေးကားဖြင့် မြို့သို့ လိုက်ခဲ့ပါသည်။ ကားက နံနက် (၁၁) နာရီမှ ပြန်ထွက်မည်ဖြစ်၍ ဈေးဝယ်ပြီးနောက် အချိန်ပိုနေပါသည်။

အချိန်ရ၍တစ်ကြောင်း၊ မသောက်ရတာကြာပြီဖြစ်တဲ့ 'နန်းစိန်' လက်ဖက်ရည်လည်း သောက်ချင်သဖြင့် ဈေးအနောက်ဘက် နန်းစိန်လက်ဖက်ရည်ဆိုင်တွင်ထိုင်ဖြစ်ပါသည်။ ကိုယ်အတွေးနှင့်ကိုယ် ထိုင်ပြီးလက်ဖက်ရည်သောက်နေစဉ် ပုခုံးပုတ်ပြီး အားရပါးရနှုတ်ဆက်လိုက်သူက ကိုတင်အေးရယ်ပါ။

"ညီလေး အတော်ပဲကွာ၊ အစ်ကိုမင်းနဲ့တွေ့ချင်နေတာ။ စကားတွေလည်း အများကြီးပြောချင်တယ်။ ဘယ်လိုလဲ၊ အချိန်ရတယ်မဟုတ်လား။ မင်းကြည့်ရတာ တန်တော့ ဈေးကားနဲ့ ဈေးဝယ်လာတာပဲဖြစ်ရမယ်။ ကြာပါတယ်ကွာ အေးဆေးမှပြန်၊ ကားမမီရင် မြင်းလှည်းနဲ့ပြန်။ မြင်းလှည်းခအစ်ကိုပေးမယ်၊ ဒီဝိုင်းလည်း အစ်ကိုရှင်းမယ်"

ကိုတင်အေးက စကားတွေ မရပ်တမ်းပြောပြီး ထိုင်ခုံမှာထိုင်ချိန်အထိ ကျွန်တော် အံ့အားသင့်နေဆဲပါ။ အမြဲတမ်းစစ်စိမ်းရောင်အကျႌတစ်မျိုးတည်းဝတ်ကြဲ့သူက လည်ကတုံးစတစ်ကော်လာအကျႌအဖြူနှင့် မှတ်ဆိတ်၊ ပါးသိုင်းမွေးတွေလည်း ရိတ်ထားပြန်တော့ တကယ်ကို လူရည်သန့်လူခံ့ကြီးတစ်ယောက်။

"အစ်ကိုက တအားကို ချောနေတော့ ကိုယ့်မျက်စိတောင် ကိုယ်မယုံချင်တော့ဘူး"

"အေး- ဒီအတွက်လည်း အစ်ကိုမင်းနဲ့ တွေ့ချင်နေတာ။ အရင်ဆုံးပြောချင်တာက ဟိုးတစ်ခါက မင်းအစ်ကို့ကို အမဲမပစ်ဖို့ပြောတုန်းက အစ်ကိုစိတ်ဆိုးပြီးပြောခဲ့တာကို အခုလေးလေးစားစား တောင်းပန်ပါတယ်"

"အစ်ကိုကလည်း မဟုတ်တာဗျာ၊ ညီရေ Sorry လောက်ဆိုရင် ရပါတယ်။ လေးလေးစားစား ဆိုတာကြီးကတော့ မကောင်းပါဘူးဗျာ။ နေရင်းထိုင်ရင်း ကျွန်တော်ငရဲကြီးနေပါဦးမယ်"

"မဟုတ်ဘူး ညီလေး၊ အဲဒီလိုကို တောင်းပန်မှဖြစ်မှာ။ တာဝန်တစ်ခုအနေနဲ့ရော စိတ်ရင်းအနေနဲ့ပါ နှစ်ခုစလုံးနဲ့ တောင်းပန်တာပါ။ အစ်ကို့ကို နားလည်ပေးစေချင်ပါတယ်ကွာ"

"ကဲကဲ-အစ်ကို၊ ညီလေးကလည်း ပြန်ပြောမယ်။ ရင်ထဲကလာတဲ့ အပြုံးပီတိနဲ့အတူ ကျေနပ်ပါတယ်ဗျာ"

"အိုကေ၊ ဒါဆိုရင် အစ်ကိုရဲ့လက်ရှိပြောင်းလဲသွားတဲ့ အနေအထားနဲ့ ကံတရားအကြောင်းကို ပြောပြမယ်။ ညီလေး နားထောင်ပေတော့"

❑

ကျုပ်နာမည်က တင်အေး။ ဒါပေမယ့် တင်လည်းမတင်ဘူး၊ အေးလည်း မအေးဘူးဆိုတဲ့ လူကန့်လန့်တစ်ယောက်ဗျ။ ကျုပ်စိတ်ထဲ ထင်ရင်လုပ်လိုက်ရမှ၊ ပြောလိုက်ရမှကျေနပ်တယ်။ အဲ- မလုပ်ဖို့ မပြောဖို့လာပြောတဲ့သူဆို အလွန်မုန်းတာ။အဲဒါမျိုးကျရင် အရွဲ့တိုက်ပြီး တမင်လုပ်ပစ်တယ်။

လူပဲဗျာ၊ အမှန်နဲ့ အမှားတော့ သိတာပေါ့။ ပင်ကိုစိတ်နဲ့ဆိုရင် ချင့်ချိန်စဉ်းစားတာပေါ့။ အဲဒီလိုစဉ်းစားနေချိန် ဘေးက ဆရာလုပ်ရင်တော့ မှားတဲ့အလုပ်ကို ရွဲ့ပြီးလုပ်ဖြစ်တယ်။

ဥပမာပေါ့ဗျာ၊ ငှက်ကလေးတစ်ကောင်ကို လောက်လေးနဲ့ပင်ဖို့အရေးညာတာစိတ်အနည်းငယ်နဲ့ ပစ်သင့်၊ မပစ်သင့်စဉ်းစားနေတယ်ဗျာ။ ဘယ်သူမှလာပြီး ဆရာမလုပ်ခဲ့ရင် ကျုပ်ပြောရဲတယ်၊ အဲဒီငှက်ကို မပစ်ဖြစ်တော့ဘူး။ အဲ-တစ်ယောက်ယောက်က သနားပါတယ်ကွာ လို့ ဆရာလုပ်ခဲ့မယ်ဆိုရင် သေချာပြီ... အဲဒီနေ့မှာ ငှက် (၁၀) ကောင်လောက်... မရရင် မပြန်တော့ဘူး။

တစ်နေ့ပေါ့၊ မြို့ထဲအလာ အဲဒီဝါး... တံတားလေးမျက်နေလို့ ကျုပ်စိတ်ထဲ... လက်ရပြင်နေတယ်။ အဲဒီမယ် လူကြီး... တစ်ယောက်က ကုသိုလ်ရတာပေါ့ကွာ... သာဓု၊သာဓုတဲ့။ ဘယ်ပြောကောင်းမလဲ... ကျုပ်ဆိုတဲ့အကောင်က ဆရာလုပ်ရင်... မကြိုက်ပါဘူးဆိုနေ အကုန်ဖျက်ပစ်တာ... ကဲ - မှတ်ကရော။

လခထုတ်ရက်တစ်ရက်ပေါ့။ အ... လုပ်ထဲက သူငယ်ချင်းတစ်ယောက် ဆေး... ရုံတက်နေလို့ သွားမေးတယ်။ အမယ်... ကြီးတစ်ယောက် စိတ်အထင်တော့... အသက်(၇၀)လောက်ရှိမယ်။နွားဝှ့တာ... တဲ့ ပေါင်ကိုဝှ့မိတာ၊ သွေးတွေကလည်း... မြင်မကောင်းဘူး။ ကျုပ်ဘာလုပ်မ... ထင်သလဲ၊ ကျုပ်ထုတ်လာတဲ့လခ အ... ကုန်လုံးပေးခဲ့တယ်။ ကျုပ်လုပ်ချင်တာ... လုပ်ရလို့ကျေနပ်တယ်။

အင်း - လိုရင်းမရောက်တော့... ဖြစ်နေတော့မယ်။ အဲဒီလို လူကန့်... တစ်ယောက်က သကြားစက်ရုံ(၁)... က စက်မှုဝန်ထမ်းအဖြစ် အလုပ်... တယ်။ လခတော့ အပြည့်ရတာ... တယ်၊ အဓိက ဝါသနာပါတာက... အလုပ်ဗျ။ အထင်တော့မသေးနဲ့၊... တို့မြို့က ဝါရင့် မုဆိုးစာရင်းဝင်... ယောက်။

သောကြာနေ့ညနေ တောထ... ရင် တနင်္ဂနွေနေ့ ပြန်ရောက်၊ တန... နေ့ အလုပ်ဆင်းပေါ့။ အဲ-နယ်လွန်... ရင်တော့ တနင်္လာနေ့ ရက်ပျက်ဖြစ်... ပေါ့။

မိန်းမလား ဝေးသေးတယ်... ဆရာလုပ်ရင်မကြိုက်ပါဘူးဆို။ နှမ... နဲ့ နေတယ်ဗျာ။ ကိုယ်ပိုင် ဆေးလိပ်... တယ်ဗျာ။ ပူစရာမရှိတော့ ကျုပ်အကြ... နေချင်သလိုနေတာပေါ့။ အခု... အသက်(၄၅)နှစ်ရှိပြီဗျ။ ဘာအပူအ... မထားဘူး။ အလုပ်ဖွင့်ရက် အလုပ်သွား... မယ်။ အလုပ်ပိတ်ရက် တောပစ်ထွက်... မယ်။ရလာတဲ့အကောင်ပလောင်ကို... ပြီး စားမယ်သောက်မယ်။

ကျုပ်အကြောင်းပြောနေရင်... မှာမဟုတ်တော့ဘူး။ ကျုပ်ဘဝရဲ့ အ... အတွေ့ကို ပြောတော့မယ်။ ဒီလို... ရှားပါး တောလည်မထ... ဖြစ်...



www.burmeseclassic.com

www.burmeseclassic.com

င်နွေတစ်ရက်ပေါ့ဗျာ။

ကျုပ်အိမ်မှာ ဒီနေ့ဆေးလိပ်လိပ် ကလေးမတွေ တစ်ယောက်မှမဆင်း နှမတွေကို မေးကြည့်တော့ ဆေး အရောင်းနှေးလို့ဗျ။ အလိပ်ရေ တစ် င်းကျော်ရှိတယ်။ သုံးရက်လောက် ဈေးဦးကို မပေါက်သေးတာ။ ဒါနဲ့ ခဏပိတ်ထားလိုက်တယ်လို့ ပြော ၊ အိမ်ကိစ္စ ဘာမှအလေးမထားတဲ့ င် နည်းနည်းတော့ ဖြုံသွားတယ်။ ယ်လို့မဟုတ်ဘဲ အိမ်အပြင်ပဲထွက် ယ်။ အရောင်းအဝယ်မဖြစ်တော့ ကိုကြီးတစ်ယောက်အနေနဲ့ နည်း းတော့ ခံရတာပေါ့ဗျာ။

စိတ်အထွေထွေနဲ့ လျှောက်သွား နဲ့ သတိရလိုက်တော့ ဘုရားကျောင်း နဲ့ အလွန်ဝေးတဲ့ကောင် ရွာကောက် သစ်ရုပ်ထဲက ဘိုးမင်းခေါင်ဘုရားဝိုင်း က အဘဘိုးမင်းခေါင်ရုပ်တုရှေ့မှာ က်သားပေါ့ဗျာ။ ကိုယ့်ဟာကိုယ် း အတော်အံ့အားသင့်သွားတယ်။ ကယ်ပါဗျာ၊ ပြောရရင် ယုံစရာတောင် မရှိပါဘူး။ အဲ - အဘရုပ်တုကို ည့်နေရင်းနဲ့ ကျုပ်မျက်လုံးတွေ ဝါး င်း အိပ်ချင်သလိုဖြစ်လာတယ်။ ထိုင် က်နဲ့ အိပ်ပျော်သွားတယ်ဗျာ။

ဒီအချိန်မှာ အဘရုပ်တုက လှုပ် ဘယ်။ ပြီးတော့. . . ပြီးတော့ -

"လူလေး၊ မင်းအမိုက်စခန်းတွေ တော့။ နေရမယ့်အချိန် သိပ်ပြီးမကျန် တော့ဘူး။ ဒီအတိုင်းသွားရင် ဘဝဆုံး းလိမ့်မယ်။ ဒီနေ့ကစပြီး သူများ သက်မသတ်တော့နဲ့။ ဘုရား၊ တရား၊ ယာနဲ့တကွ အနန္တငါးပါးဂုဏ်ကျေး တွေကို နိုင်သလောက်ဆပ်ပါ။ ဟော အဘပေးတဲ့ ပိုက်ဆံဆယ်ပြားစေ့ကို ထား၊ အင်မတန် အခက်ကြုံလာရင် က်ထဲမှာပွတ်ပြီးတော့ လိုရာဆုတောင်း ကြိမ်ပဲရမှာနော်။မင်းဆုတောင်းပြည့် တော့ အဘခိုင်းတဲ့အတိုင်း နေထိုင် းရမယ်။ဆက်ပြီးမိုက်ရင်တော့ ကိုယ့် ပြစ်ကိုယ်ခံရမှာနော်။ သာသနာ့ ကျိုးကို သယ်ပိုးနိုင်တဲ့ ယောကျ်ား ကောင်းယောကျ်ားမြတ်ဖြစ်ပါစေဗျာ"

ကျုပ်မျက်လုံးတွေ ပြန်ပြီးကြည့် တယ်။ အိပ်ချင်စိတ်လည်း ပျောက် းတယ်။ အဲ - ထူးဆန်းတာက ကျုပ် ညာဘက်လက်ဆုပ်ထဲမှာ ဆယ်ပြား တစ်စေ့။ အဘရုပ်တုကို ကြည့်တော့ ည်း ပကတိ အရုပ်တစ်ရုပ်ပဲ။ ဒါပေ ယ့် ကျုပ်ကြည့်ရင်းနဲ့ ကြက်သီးမွေးညင်း တွေထလာတယ်။ ကျုပ်ကြောက်လာ တယ်ထင်တာပဲ။ ဆက်ပြီးထိုင်မနေရဲလို့ အိမ်ပြန်လာခဲ့တယ်။

အိမ်ပြန်ရောက်တော့လည်း ဘယ် သူနဲ့မှ စကားမပြောဘဲ အိမ်အပေါ်ထပ် တက်သွားပြီး ဘုရားကျောင်းဆောင်ရှေ့ ကို အလိုလိုရောက်သွားပြီး ရှိခိုးဖြစ် တယ်ဗျာ။ စိတ်နဲ့ကိုယ်နဲ့မှကပ်ရဲ့လား မသိဘူး။ တစ်ခါမှမလုပ်ဘူးတဲ့အလုပ်ကို လုပ်နေမှန်းတော့သိတယ်။ ခေါင်းထဲမှာ လည်းရှင်းနေတယ်။ ရင်ထဲမှာလည်းရှင်း နေတယ်။ ပေါ့ပါးနေတယ်လို့ပြောရ မလား မသိပါဘူးဗျာ။

ဒီအချိန်မှာ အောက်ထပ်က နှမ နှစ်ယောက်ပြောနေတဲ့ စကားသံက နား ထဲရောက်လာတယ်။ ဆေးလိပ်ဖက်ဖိုး ရှင်းရမယ့်ကိစ္စ၊ ဖင်အစီခံဖိုးရှင်းရမယ့် ကိစ္စတွေအတွက် ငွေအခက်အခဲဖြစ်နေ တာ သိလိုက်ရတယ်။ အပူဆိုတာ ကူး တတ်တဲ့သဘောဗျ။ နှမတွေရဲ့အပူကျုပ် ဆီကူးလာတယ်။ ဘာလုပ်ရမလဲစဉ်းစား လို့မရဘူး။ ကျုပ်ဆိုတဲ့ကောင်ကလည်း သူများကို ခ,တတ်တာမဟုတ်ဘူး။ ဒါပေ မယ့် အစ်ကိုတစ်ယောက်အနေနဲ့ လက် ပိုက်ကြည့်နေလို့လည်း မဖြစ်ဘူးလေ။ မင်းဘာလုပ်မလဲ စဉ်းစားစမ်း၊ စဉ်းစား စမ်း။

ဟုတ်ပြီ၊ ငါ့ကိုပြောတာက အခက် အခဲရှိရင် ဒီဆယ်ပြားစေ့ကိုပွတ်ပြီး လို ရာဆုတောင်းတဲ့။ တကယ်လို့ ဖြစ်လာခဲ့ ရင်ကော။ ငါ့ရဲ့ဝါသနာကို ရာသက်ပန် စွန့်ပစ်ရတော့မယ်။ မင်းဘာလုပ်မလဲ ဘဝအဆုံးခံမလား၊ ကောင်းတာလုပ် မလား။ မထူးပါဘူး၊ မဖြစ်နိုင်တာကို တောင်းကြည့်လို့ ဖြစ်နိုင်ရင်. . . ။

"ဗျို့အဘ၊ ကျုပ်ယုံတော့မယုံဘူး ဗျာ။ ဒါပေမယ့် ဖြစ်လာရင်တော့ ကျုပ် ဝါသနာကို စွန့်လွှတ်မယ်။ အခုအချိန် ကစပြီး ဆေးလိပ်တွေ အကုန်ရောင်း ထွက်ချင်တယ်ဗျာ"

ဒီလိုပြောပြီး လက်ထဲက ဆယ် ပြားစေ့လေးကို ပွတ်နေလိုက်တယ်။

ဘာကြာတုံးဗျာ၊ ရှေ့က အကွာရာ တော့ မမှတ်မိဘူးဗျ။ နောက်နံပါတ်- ၁၂၃၄ဆိုတဲ့ (နေပြည်တော်) ပျဉ်းမနား- တောင်ညိုဆွဲတဲ့ ဘတ်(စ်)ကားလေး ကျုပ်အိမ်ရှေ့ရပ်တယ်။အလျှုအတွက်လို့ ပြောတာပဲ၊ အမျိုးသမီးရွယ်ရွယ်နှစ် ယောက် ကျုပ်တို့ဆေးလိပ်တွေ အကုန် ယူသွားတယ်။ ခုံတံဆိပ်မကပ်ရသေးတဲ့ ဆေးလိပ်တွေတောင် ပါသွားသေးဗျာ။ နှမနှစ်ယောက်ကတော့ တအားကို ဝမ်း သာနေကြတာပေါ့ဗျာ။

အဲ-ဝမ်းမသာနိုင်တာက ကျုပ်ပဲ။ စဉ်းစားကြည့်လေဗျာ၊ မဖြစ်နိုင်ဘူးလို့ ထင်တဲ့အရာက တကယ်ဖြစ်လာတော့ ကျုပ်ကတိတည်ရတော့မယ်။ အဲ-ကတိ မတည်ရင် အဘပြောသလို ကျုပ်ဘဝ ဘယ်လိုဆုံးမလဲ မတွေးရဲတော့ဘူး။ ဒါ ပေမယ့် သိတယ်မဟုတ်လား၊ ကျုပ်ဆို တဲ့အကောင်က တဇောက်ကန်းပဲဟာ ကတိတည်ရမှာပေါ့။

နောက်နေ့ကစပြီး ကျုပ်လိုင်စင်နဲ့ ကိုင်တဲ့ အမဲပစ်သေနတ်ကို ရောင်းပစ် တယ်။ ကျုပ်အမဲမပစ်တော့ဘူးဆိုတော့ ကျုပ်နှမနှစ်ယောက် ဝမ်းသာပြီးငိုလိုက် ကြတာ။ ဘာခံနိုင်မှာလဲဗျာ၊ ကျုပ်လည်း လူပဲ ငိုတာပေါ့ဗျာ။ ကျုပ်အရင်ဆုံး ဘုရားရှိခိုးတယ်ဗျာ၊ ပုတီးစိပ်တယ်ဗျာ၊ (နေပြည်တော်) ပျဉ်းမနားမြို့တစ်ခွင်မှာ ရှိတဲ့ ဘုရား၊ ပုထိုးတွေကို အကုန်လိုက် ဖူးတယ်။ ပြီးတော့ ရာသက်ပန် ရှစ်ပါး သီလထိန်းလိုက်တယ်ဗျာ။

❑

"ဝမ်းသာလိုက်တာ အစ်ကိုရာ၊ တကယ်ကို ဝမ်းသာတာဗျာ။ အစ်ကိုရဲ့ ကုသိုလ်အဖို့တွေကို ညီလေး သာဓုခေါ် ပါတယ်။ ဒါ့ထက် စကားကောင်းနေ လိုက်တာ (၁၁) နာရီခွဲသွားပြီ။ အစ်ကို ဥပုသ်ယူထားတာ ဆိုတော့ အခုထမင်း စားမှဖြစ်မှာ။ ဒီတော့ ဈေးထဲသွားမယ် ညီလေးက အစ်ကို့ကိုပြန်ပြီး ဒကာခံမယ် ထမင်းကျွေးမယ်နော်"

အဲဒီနေ့ဟာ အစ်ကိုနဲ့ကျွန်တော် နောက်ဆုံးတွေ့ခဲ့ခြင်းပါပဲ။ လူမှန်နေရာ မှန်ဘဝမှန်ကို ရောက်လို့မှ မကြာသေး ဘူး၊ အစ်ကိုတစ်ယောက် ကျွန်တော့်ကို ထာဝရ ကျောခိုင်းသွားခဲ့ပါသည်။ ကျွန် တော် အကြွင်းမဲ့ယုံကြည်ပါသည်။ အစ် ကို တစ်ယောက် မြင့်မြတ်သောဘုံဘဝ တစ်ခုသို့ မလွဲမသွေ ရောက်ရှိလိမ့်မည် ဟု။

အခုဆို နှစ်တွေကြာခဲ့ပါပြီ။ ဒါပေမယ့် အစ်ကို့အကြောင်းကို စကား စပ်မိလေတိုင်း တသသပြောနေဆဲပါ အစ်ကို။

*စာဖတ်ပရိသတ်များကို*
*လေးစားလျက်*

ဝင်းသိန်း(နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ဤသည်ကိုရိပ်မိ၍ ဦးသင်္ဂါကျော်က ထိုလူကြီးပြောလိုက်သော စကားထဲတွင် သူ့ဇနီး ဒေါ်သန္တာဖြူ အမည်ပါသဖြင့် -

"ကျွန်တော် ဒေါ်သန္တာဖြူ့ခင်ပွန်းပါ ဦးမင်း"

ဟု ပြောလိုက်၏။

"ဟင်- ဒါဆို ရာဇဌာနီက ဦးကြာပန်းအောင်ယောက်ဖ ဦးအောင်တိုင် ဆိုတာ"

"အကျွန် (ကျွန်မ) က အစ်ကိုကြီး ဦးကြာပန်းအောင်နှမ ဒေါ်ကြာဦးဖြူပါ။ ဦးအောင်တိုင်နေမကောင်းလို့ ခေါင်းကွဲစခန်းမှာ ကျန်ခဲ့ပါတယ်။ ဒီတစ်ရက်၊ နှစ်ရက်အတွင်းမှာ ဖလောင်းချိတ်ကိုနောက်ထပ် ရောက်လာကြမယ့် ခရီးသည်တွေနဲ့အတူ အင်္ဂလိပ်အစိုးရက ပို့ပေးလိုက်မယ် ပြောပါတယ်။ ဒါနဲ့ အစ်ကိုကြီးက ဦးကြာပန်းအောင်နဲ့ ဘယ်လိုတော်စပ်ပါသလဲ"

"ကျွန်တော် စိန်ခိုင်သာ့အစ်ကို ဥက္ကာကျော်ပါ"

"ဟောတော့၊ ယောက်ဖကြီးကိုး။ အကျွန်ငယ်ငယ်က ပါပါတို့နဲ့ စိန်မြောင်ဘုရားပွဲလာလို့ တံသာမှာ တစ်ခါပဲတွေ့ဖူးတော့ မမှတ်မိဘူးရှင့်။ ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်"

စိန်မြောင်ဘုရားမှာ ထိုဒေသ၌ တန်ခိုးကြီးဘုရား ဖြစ်သည်။ တံသာချောင်း (ကာနာပူလီ) ၏ ကမ်းနဖူးတွင် တည်ရှိသည်။ (ယခု ဘင်္ဂလားဒေ့ရှ်ရေအားလျှပ်စစ်နှင့်လေးမိုင်ခန့်ဝေးသည်။)

"ကျွန်တော်လည်း ညီမကြီးကို မမှတ်မိဘူးဗျ ဟဲဟဲ။ နောက်ထပ်လည်း မတွေ့ကြတော့ ဘယ်မှတ်မိမလဲ။အသက်အရွယ်ကလည်း ကြီးကြပြီးကိုး။ ဩော်- ဒါနဲ့ ဒီကလည်း တခြားလူမဟုတ်ပါဘူး ကိုယ့်ဆွေမျိုးပါ။ အစ်မကြီးတို့ ဟီလီတရိုက်က ဦးဘကျော်သား ဦးမောင်ဖဲလှပါ။ သူက ခု ဖလောင်းချိတ်သူနဲ့ အိမ်ထောင်ကျပြီး ပရဆေးကိုယ်စားလှယ် လုပ်နေတယ် သူဌေးပေါ့"

ဦးဥက္ကာကျော်မိတ်ဆက်ပေးသော ဟီလီထရိုက်သားသူဌေးဆိုသူက -

"အလကားပြောတာ ကြီးကြီး သူသာ ကုန်သည်ကြီးသူဌေးဗျ"

ဟု ရယ်ရင်းပြောသည်။

ဦးမောင်ဖဲလှ၏အဖေ ဦးဘကျော်မှာ ဒေါ်ကြာဦးဖြူ၏ မောင်ဝမ်းကွဲ ဖြစ်သည်။

သုရဿမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်

ဤလမ်းခရီး လွမ်းမပြီးနိုင်





www.burmeseclassic.com

www.burmeseclassic.com

ဆွေမျိုးတွေကို တွေ့ရပြီဆိုတော့ ... မိသားစုအားလုံးမှာ ဝမ်းသာ ...ဖြစ်သွားကြသည်။ ဖလောင်းချိတ်၊ ...ါဆွေမျိုးများသာမက ရာဇဌာနီနှင့် ...သိတရိုက်(စစ်တကောင်းတောင်တန်း ...သ)မှသည် မဏိပူရအာသံရှိ ဆွေမျိုးစုံကို ပေါက်ပေါက်ဖောက်သလို မရပ်မနားမေးတော့သည်။ ဒေါ်ကြာဦးဖြူမေးသော သူ့ဆွေမျိုးများကို ဦးဥက္ကာကျော်၊ ဦးမောင်ဖိုလှတို့ကပင် အစုံအစေ့မသိကြ။

"ရာဇဌာနီဆွေမျိုးတွေ အကျန်တို့မိသားစုနဲ့ ပတ်သက်လို့ ဘယ်လိုများ အမှာထားလဲပြောပါရှင့်"

ရာဇဌာနီ ဆိုသည်မှာ ဖလောင်းချိတ်၊ ပန်းဝါနယ်တွင်ရှိသော ရဇပါရာ (မင်းရွာ) ဖြစ်သည်။ ယခု ဒေါ်ကြာဦးဖြူ၏အစ်ကိုရင်း ဦးကြာပန်းအောင်ရှိသော အရပ်ပင်။

ရခိုင်ဘုရင်များသည် ၁၁ ရာစုလောက်မှစ၍ စစ်တကောင်းနယ်ကို သိမ်းပိုက်လိုက်၊ လက်လွှတ်လိုက်နှင့် မဂိုဘုရင်များနှင့် ဘတစ်ပြန်ကျားတစ်ပြန် စစ်ဖြစ်ခဲ့ကြသည်။ ရခိုင်ဘုရင် ဘစောဖြူမင်း (၁၄၅၉-၈၂) လက်ထက်တွင် စစ်တကောင်းနယ်ကို ထပ်မံသိမ်းပိုက်ခဲ့၏။ ထိုအချိန်က မဂိုဘုရင်များ အုပ်စိုးနေချိန်ဖြစ်၏။ စစ်တကောင်းနယ်ကို မဂိုဘုရင်များ နောက်ထပ် အလွယ်တကူ သိမ်းပိုက်မယူနိုင်အောင် 'ရာဇာ' မည်သောမြို့ကို တည်ထားခဲ့သည်။ ဘုရင်တည်သောတပ်မြို့ဖြစ်၍ နှစ်ပရိစ္ဆေဒကြာသောအခါ 'ရာဇာဌာနီ' ဖြစ်လာခဲ့သည်။ ထို့အတူ စစ်တကောင်းမြို့တည်ရာ ကာနာပူလီ **(Karnaphuil)** မြစ် တစ်ဖက်ကမ်းတွင်လည်း ဒီယင်္ဂါမြို့ကိုတည်၍ ထိုမြို့တွင် ပေါ်တူဂီစစ်သားများကို နယ်စောင့်ထားခဲ့လေသည်။ မင်းရာဇာကြီး (၁၅၉၃-၁၆၁၂) လက်ထက်တွင် ပညာကျော်အမတ်သည် စစ်တကောင်းနယ်





www.burmeseclassic.com

www.burmeseclassic.com

စား (ဘုရင်ခံ) ဖြစ်ခဲ့သည်။

"ရာဇဌာနီက ယောက်ဖကြီး မှာထားခဲ့တာတော့ တကယ်လို့ ဦးအောင်တိုင်မိသားစု ဖလောင်းချိတ် စစ်ပြေးစခန်းကို ရောက်လာကြရင် မိသားစုဆန္ဒကို အရင်မေးပါ၊ ခုဒီမှာဖြစ်ပျက်နေတဲ့ အခြေအနေကိုပြောပြပြီး သင့်တော်သလို စီစဉ်ကြရမှာပေါ့လို့ မှာသွားခဲ့တယ်။ သူက အသက်ကြီးလာတော့ ကျန်းမာရေးမကောင်းတာနဲ့ ရာဇဌာနီကိုပြန်သွားတာ တစ်လတောင် မပြည့်တတ်သေးပါဘူး။ စစ်တကောင်းကလည်း ဦးအောင်တိုင်တို့မိသားစုကို ယောက်ဖလေး ဦးကြာပန်းမောင်တို့မိသားစုဆီ အကြောင်းကြားထားတယ် ပြောပါတယ်။ ဦးကြာပန်းမောင်တို့မိသားစု စစ်တကောင်းမှာနေကြတာတော့ ညီမကြီးတို့မိသားစု သိပြီးသားပါ။ ညီမကြီးတို့မိသားစုကို စစ်တကောင်းက ဆွေမျိုးတွေလည်း တမျှော်မျှော်ဖြစ်နေကြတယ် ပြောပါတယ်"

"ဟုတ်တဲ့"

"ဒီက ကြီးကြီးတို့ ဒင်နာဂျ်ပူကို လိုက်သွားကြမလို့လား"

ဦးဥက္ကာကျော်နှင့်အတူပါလာသူ ပရဆေးကိုယ်စားလှယ် ဦးမောင်ဖလှက ဦးသင်္ဂါကျော်ကို ဆွေမျိုးဟူသောအသိနှင့် ရင်းရင်းနှီးနှီးပင်မေးသည်။ သို့သော် ဦးသင်္ဂါကျော်မှာ ဒေါ်ကြာဦးဖြူ၏အဆုံးအဖြတ်ကို မသိရဘဲ ပြောမထွက်တတ်ဖြစ်နေစဉ် ဒေါ်ကြာဦးဖြူက -

"အေး - လိုက်သွားမသွားဆိုတာ အစ်ကိုကြီးနဲ့တွေ့ပြီး တိုင်ပင်ကြည့်ရဦးမယ် ထင်ပါတယ်ကွယ်"

ဟု ဝင်ပြောလိုက်၏။

ဒေါ်ကြာဦးဖြူ၏စကားအဆုံးမှာ ဦးဥက္ကာကျော်နှင့် ဦးမောင်ဖလှတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ဘာအဓိပ္ပာယ်မှန်းတော့ ဦးသင်္ဂါကျော်တို့မိသားစုက မခန့်မှန်းတတ်ကြ။ ကယုချောင်း၊ နီလာမြို့များက ဆွေမျိုးများနှင့်စာလျှင် ဖလောင်းချိတ်မှဆွေမျိုးများ၏ မျက်နှာမှာ အားရစရာ မကောင်းဟုပင် ထင်မိလိုက်ကြသည်။ ဆွေမျိုးပိုရင်းသောသူတို့ကိုကြည့်ရသည်မှာ ဦးသင်္ဂါကျော်စိတ်ထဲ တစ်စုံတစ်ခုလို နေသလိုပင်။

ဦးဥက္ကာကျော်နှင့် ပါလာသူ ဦးမောင်ဖလှက -

"ဒင်နာဂျ်ပူကိုလိုက်သွားကြဖို့ ကြီးကြီးတို့မိသားစုက ဆုံးဖြတ်ကြလို့လား"

ဟု ထပ်မေးသည်ကို ဦးဥက္ကာက -

"ဒါတွေထားစမ်းပါဦးကွာ။ ဒီမှာ မပြောပါနဲ့"

ဟု ဟန့်တားလိုက်၏။

ဘာသဘောမှန်းမသိသဖြင့် ဒေါ်ကြာဦးဖြူတို့မိသားစုမှာ သူတို့နှစ်ယောက်မျက်နှာကိုသာ ငေးကြည့်နေမိကြသည်။

"အေးကွာ၊ ဒီညတော့ ငါ့ညီမကြီးတို့မိသားစု ဒီစခန်းမှာပဲ အိပ်လိုက်ကြပါဦး။ မနက်ကျမှ ကျွန်တော် ထမင်းစားလာခေါ်မယ်။ အိမ်ရောက်တော့ ဆွေမျိုးစုံတိုင်ပင်ကြတာပေါ့"

"ဟုတ်ကဲ့ပါ ဦးမင်း"

ဤမှာဘက်ကမ်းမှာ ရှိကြသော ယောက္ခမဆွေမျိုးများနှင့် ယခုမှ တွေ့ကြရပြီး ရင်းရင်းနှီးနှီးမရှိသေးသူ ဦးသင်္ဂါကျော်က -

"ဟုတ်ကဲ့ပါ"

ဟုသာ ပြောလိုက်သည်။

"ဩော် - အေး၊ ဒါနဲ့ ဒီက ငါ့တူမ သန္တာခင်ပွန်းနေဘ်"

"ဟုတ်ကဲ့ပါ ခင်ဗျား။ ဒါက ကျွန်တော့်သား ထွန်းကျော်လင်း၊ သမီး သဇင်ဖြူပါ"

"ဩော် ဩ - သားတစ်ယောက်၊ သမီးတစ်ယောက်ပေါ့။ ငါ့တူမက ဟန်ကျတယ်၊ အညီအမျှပေါ့"

"မဟုတ်ဘူး ဦးမင်းရှင့်၊ သူက အကျွန့်သား အလတ်ပါ။ သားကြီးက မြန်မာပြည်မှာ ရောက်နေပါတယ်"

ဒေါ်သန္တာဖြူက ဦးဥက္ကာကျော်ကို ကမန်းကတန်း ဝင်ပြောလိုက်ရသည်။

"မြန်မာပြည် ရောက်နေတယ်ဆိုတော့ အိမ်ထောင်နဲ့လား"

"မဟုတ်ပါဘူး၊ ကျောင်းသားပါ"

"ရန်ကုန်နဲ့ ဓညဝတီကို ဂျပန်တွေ ဗုံးကြဲတဲ့သတင်းတော့ ရေဒီယိုက အသံလွှင့်သွားလို့ သိရတယ်။ ခုဆို ရန်ကုန်နဲ့ ဓညဝတီကို ဂျပန်တွေ သိမ်းသွားပြီပေါ့နော်"

"အေးဗျာ၊ အင်္ဂလိပ်တွေကလည်း ခုဖယောင်းချိတ်မှာ အကြီးအကျယ် စစ်ပြင်နေကြတယ်။ ဂျပန်တွေ ဒီအထိများ ရောက်လာကြမလားမသိဘူး။ အင်္ဂလိပ်တွေကတော့ သူတို့ ဥရောပစစ်မျက်နှာမှာ ဂျာမနီတွေကို တစ်ပွဲပြီးတစ်ပွဲအောင်ပွဲရနေတယ်လို့ အိန္ဒိယရေဒီယိုကနေ နေ့တိုင်း လွှင့်နေတာပဲဗျို့။ ဟုတ်လား၊ မဟုတ်လားတော့ သူတို့ဘုရားသခင်ပဲ သိမယ်။ ငါ့တူများ မနက်ဖြန်ကျရင် အိမ်ကရေဒီယိုမှာ ကြားရပါလိမ့်မယ်"

ယောက်ျားသားများ စစ်စကား ပြောနေစဉ် ဒေါ်ကြာဦးဖြူတို့မိန်းမသား များမှာ ရွှေ့လျှောက် မည်သို့မည်ပုံ[illegible] လာကြမည်ကို တွေးကာ ကြောက်တ[illegible] လန့်တစ်စဖြစ်နေကြသည်။

"ကဲ - ညဉ့်နက်လာပြီ။ ညီမကြီး တို့လည်း ခရီးပန်းလာကြမယ်၊ နားကြ အိပ်ကြဦး။ သိပ်ညဉ့်နက်သွားရင် မြို့[illegible] ဝင်မှာ သံဒလီကုလားတွေက ဆိုးတယ် မသက်ဘူး ဘာဘာညာညာ မေးတယ် လို့ ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် မနက်ဖြန်မနက်ဆက်ဆက်လာခေါ်မယ် အိမ်ရောက်မှဆွေမျိုးတွေတိုင်ပင်ကြတာ ပေါ့"

"ဟုတ်ကဲ့ပါ"

ဦးဥက္ကာကျော်နှင့် ဦးမောင်ဖလှ တို့ ပြန်သွားပြီး မကြာခင် ကင်းတဲမှ [illegible] နာရီ သံချောင်းခေါက်သံ ကြားလိုက်[illegible] ရသည်။

ဒေါ်ကြာဦးဖြူတို့ မိသားစု[illegible] တော်တော်နှင့်အိပ်မပျော်ကြ။ ဆွေ[illegible] တွေကို တွေ့ရတော့မည်ဟု ဝမ်းသာ[illegible] ထက် ဒင်နာဂျ်ပူသို့ လိုက်ရေး၊ မလိုက် ရေးကိုသာ တွေးပြီး ရင်လေးနေ[illegible] သည်။

အမှန်က၊ ဤဒေသမှာသည် ဒေါ်ကြာဦးဖြူတို့ မိသားစုတစ်စု[illegible] မဟုတ်။ စစ်ပြေးမိသားစုတိုင်းမှာ [illegible] ခရီးအကြောင်းတွေးကာ မည်သူမှ [illegible] ကောင်းခြင်းမအိပ်နိုင်ဖြစ်နေကြသည်။

□

ဦးဥက္ကာကျော်နှင့် လူကြီး[illegible] ယောက်၊ လူလတ်အရွယ်တစ်ယောက် တို့သည် ဒေါ်ကြာဦးဖြူတို့ မိသား[illegible] မနက် ခုနာရီခွဲခန့် စခန်းထဲဝင်၍ [illegible] ခေါ်ကြသည်။ ဦးဥက္ကာကျော်တို့[illegible] ပင် စခန်းတွင် ဆွေမျိုးလာခေါ်သူ [illegible] မျိုးလာရှာသူများနှင့် မနက်ခြောက်[illegible] လောက်ကပင် ဆူညံနေကြသည်။ [illegible] မျိုးများကိုတွေ့၍ ဝမ်းသာနေကြ[illegible] မိသားစုရှိသလို ဆွေမျိုးထဲမှ [illegible] ပျောက်ကျန်ခဲ့သူများ သတင်းကို [illegible] ၍ငိုရှိုက်နေကြသူများလည်း အ[illegible] ပြားပင်။

ဦးဥက္ကာကျော်နှင့်ပါလာကြ[illegible] လူကြီးတစ်ယောက်၊ လူလတ်[illegible] ယောက်တို့ကို ဦးဥက္ကာကျော်က [illegible] ကြာဦးဖြူတို့ မိသားစုနှင့် မိတ်ဆက်[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com

လူကြီးမှာ ဒေါ်ကြာဦးဖြူအရွယ် ...တွဲအစ်ကို ဦးသာဦးမောင် ဖြစ် ...သည်။ လူလတ်အရွယ်မှာ တူဝမ်းကွဲ ...သာအောင်ဆိုသူ ဖြစ်သည်။ ထိုသူ ...ယောက်စလုံးမှာ ဦးဥက္ကာကျော်နှင့် ...လျှင် ဆွေမျိုးပိုရင်းသည်။ ဦးဥက္ကာ ...မှာ ဒေါ်ကြာဦးဖြူ၏ အစ်ကို ...ကဖ၊ ယောက်ဖ၏အစ်ကိုသာ ဖြစ် ...သည်၊ သွေးနီးသူမဟုတ်။ ထို့ကြောင့် ... သွေးပိုနီးသော ဦးသာဦးမောင် ...

"ကျုပ်ညီမကြီးတို့ တွေ့ချင်ကြတဲ့ ...မျိုးတွေတော့ အိမ်လုံးအပြည့်ကျန် ...ခဲ့ကြတယ်။ အဲဒါကြောင့် ဒီမနက် ...တွေ့ချင်နေတဲ့ဆွေမျိုးတွေနဲ့လည်း ...တွေ့ကြရအောင်ဆိုပြီး မနက်စာ ...ကို ကျုပ်အိမ်မှာပဲ စားကြဖို့ စီစဉ် ...ခဲ့ရတယ်။ ဦးဥက္ကာကျော်တို့အိမ် ... ညနေမှသွားစားကြပေါ့"

ဟု ဆိုသည်။

ဤသည်ကို ဦးဥက္ကာကျော်က ... ဒေါ်ကြာဦးဖြူတို့ မိသားစုရှေ့ ... -

"ဒီလူကြီးက ဒေါ်ကြာဦးဖြူတို့နဲ့ ... သွေးရင်းတယ်၊ သူပဲဦးဆုံးထမင်း ...ရမယ်ဆိုပြီး သက်သက် ဒေဝဒဟ ...လလုပ်ပြတာ"

ဟု ပြောသည်။

"ဒေဝဒဟနဲ့ ကပ္ပိလဝတ် လုပ်ပြ ... မဟုတ်ဘူးလေဗျာ။ ကျုပ်က ရှေး ...အစဉ်လာအတိုင်း အရေးကြီးတော့ ...နီးရတယ်ဆိုတာ မဟုတ်ဘူးလား။ ...တို့တစ်သက်မှာ ဒီထက် အရေး ... သွေးနီးစရာ ဘယ်ခါကြုံဖူး၊ ...ကြလို့တုံး။ ကျုပ်နှမကြီးတို့ ခုမှည ... ပြေးလာကြရသလို တစ်နေကျ ...တို့ကျုပ်တို့လည်း ကိုယ့်မြို့ကိုယ့် ... မပြေးကြရဘူးလို့ ဘယ်သူပြော ...၊ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ဒီမနက် ...င် ဂျပန်တွေ အင်ဖာကို ဗုံးလာကြ ...ပြီလို့ ကြားခဲ့ရတယ်"

"အလကားတွေပါဗျာ။ ပုဏ္ဏား ...တွေကဟောကိန်းထုတ်တဲ့ ကော ...လတွေဖြစ်ပါလိမ့်မယ်။ဒါမှမဟုတ် ...သည်း နိုင်ငံရေးသမားတွေ လန် ...သတင်းနေမှာပါ။ ကျုပ် ရေဒီယို ...နားထောင်ပါတယ်။ ဥရောပမှာ ...တွေ ခွက်ခွက်လန် ရှုံးနေတဲ့ စစ် ... နေ့တိုင်းကြားနေရသဗျ"

"အဲဒါမှပိုပြီး အင်္ဂလိပ်တွေရဲ့ လန် ...သတင်းဗျ။ ဘယ်လိုမှ မပြိုပျက် နိုင်ပါဘူးပြောတဲ့ စင်ကာပူခံတပ်ကြီး ခုတော့ ခင်ဗျားသိတဲ့အတိုင်းပဲ ဂျပန်တွေက မြန်မာပြည်၊ ရခိုင်ပြည်တွေ တောင် သိမ်းသွားပြီ။ အမေရိကန်တွေရဲ့ ပုလဲဆိပ်ကမ်းဆိုတာလည်း ခုစီစီညက် ညက်ကြေသွားပြီ။ ခင်ဗျား အင်္ဂလိပ်တွေ ဘာတတ်နိုင်သေးလို့လဲ။ ဒီအတိုင်းဆို ခင်ဗျားကြည့်နေ မကြာခင် ဂျပန်တွေ ဒေလီရောက်. . ."

ရာဇပုတ်ကုလားစစ်သားနှစ်ဦးနှင့် အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးတို့ စစ်ပြေးစခန်း ဘက် လျှောက်လာနေကြသည်ကို မြင် သဖြင့် ဦးဥက္ကာကျော်နှင့် ဦးသာဦးမောင် တို့ စကားစစ်ထိုးပွဲ တိခနဲရပ်သွားသည်။

"ဟဲဟဲ - ဒါကျတော့လည်း ငါ့ လူက ကြောက်တတ်သားပဲ"

ဦးသာဦးမောင်ကို ဦးဥက္ကာကျော် က သွားရင်း ခနဲ့၏။

"နီးရာဓားကိုဗျ ဟဲဟဲ"

"ဒေါ်ကြာဦးဖြူတို့ မိသားစုမှာ ဦးဥက္ကာကျော်၊ ဦးသာဦးမောင်တို့ ဦး ဆောင်ခေါ်လာကြသည့်အတိုင်း စစ် ပြေးစခန်းလမ်းဆုံမှ လက်ဝဲဘက်ချိုး သွားသောလမ်းအတိုင်း ဖလောင်းချိုတ် မြို့ထဲဝင်လာကြသည်။ ဖလောင်းချိုတ် မြို့၏ အနောက်ဘက်တွင် တောင်တန်း တစ်ခုရှိ၏။ ထိုတောင်တန်းနှင့် ပင်လယ် ကမ်းစပ်အကြားတွင်တည်ထားသောမြို့ ဖြစ်သဖြင့် သာယာသည်။ ထို့ကြောင့် လည်း (ယခုအခါ ငါးဖမ်းလုပ်ငန်း၊ ဆား ချက်လုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသည် များ အပန်းဖြေအနားယူလာရောက်ကြ ရာမြို့ဖြစ်နေပြီ။) မြို့သို့ သုံးဖာလုံခန့် လျှောက်မိကြသော်အခါ အစိုးရရုံး၊ ကြေးနန်းရုံး၊ စာတိုက်အဆောက်အအုံ များကို တွေ့ရသည်။ အချိန်မှာ နံနက် ရှစ်နာရီခန့်သာရှိသေးသဖြင့် ရုံးသွား၊ ကျောင်းသွားများကိုလည်း တွေ့ရသည်။ ဒေါ်ကြာဦးဖြူတို့ ရခိုင်ပြည်၌သာ ကမ္ဘာ ပျက်သလို ပြေးလာခဲ့ကြရသော်လည်း ဖလောင်းချိုတ်မြို့လေးမှာကား ပကတိ အေးအေးချမ်းချမ်းပင်ရှိသေးသည်။

ဒေါ်ကြာဦးဖြူနှင့် ဦးဥက္ကာကျော်၊ ဦးသာဦးမောင်တို့ စကားပြောလာကြ သံကို ကြားကြသဖြင့် တချို့အိမ်တွေ က ခေါင်းပြူထွက်ကြည့်ကြသည်။ ရခိုင် အချင်းချင်းပင်ဖြစ်သော်ငြားလည်း ရေ မြေခြားသွားသဖြင့် အသံမတူကွဲပြား ကာ တစ်ခါတစ်ခါတွင် တစ်ယောက်ကို တစ်ယောက် နားမရှင်းလိုက်သဖြင့် ထပ် မေး၊ ထပ်ပြောကြရသည်လည်းရှိသည်။

ဤသည်မှာ ရယ်စရာဟာသများလိုဖြစ် ၍ တဝါးဝါးရယ်မောပြောကြသည်လည်း ရှိလေသည်။ ရယ်ရယ်မောမော စကား ပြောလာကြသောအသံကြောင့် ဦးသာ ဦးမောင်၏အိမ်ခြံထဲ မရောက်ခင်တပင် ဆွေမျိုးများက ပြေးထွက်ကြိုကြသည်။ ဒေါ်ကြာဦးဖြူကို ပွေ့ဖက်၍ ဝမ်းသာ အားရ စကားပြောကြသူတွေ ရှိသလို 'မသေလို့ တွေ့ကြရတာ' ဟု ပြောပြီး ဖက်ငိုနေကြသော မိန်းမသူများကိုလည်း တွေ့ရသည်။

"ကဲကဲ - ဓညဝတီကဆွေမျိုးတွေ အိမ်ပေါ်တက်ကြပါစေဦးဟ။ နောက်မှ ဆွေမျိုးစပ်ကြ"

ဟု ဦးသာဦးမောင်က ပြောလိုက် သဖြင့် ဒေါ်ကြာဦးဖြူတို့မိသားစု အိမ် ပေါ်တက်လာကြသည်။

အိမ်ပေါ်မှာလည်း ဆွေမျိုးများနှင့် ပြည့်နေ၏။ အမှန်မှာ ဆွေမျိုးရင်းချာ များသာမဟုတ် ဘာမှသွေးမတော်သား မစပ်သော ဖလောင်းချိုတ်ရှိ ရခိုင်သူရခိုင် သားများကလည်း နီးစပ်ရာနီးစပ်ရာ ဓညဝတီက ဦးသာဦးမောင်တို့အမျိုးတွေ ရောက်လာကြသည်ဆိုသဖြင့်လာကြည့် ကြသူများနှင့် တစ်အိမ်လုံးပြည့်နေ၏။ ဖလောင်းချိုတ်ရှိသူတို့၏ သဘောမှာ ရခိုင်ဆိုသည်နှင့် ကိုယ့်အမျိုးအရင်းဟု ခံယူထားကြပုံရသည်။

ဒေါ်ကြာဦးဖြူတို့မိသားစု နေ့ သားတကျပင်မထိုင်ရသေး၊ မိန်းမကြီး တစ်ယောက်က ဒေါ်ကြာဦးဖြူကို ဖက် ၍မေး၏။

"အစ်မကြီးတို့ ဒင်နာဂျ်ပူထိလိုက် ကြမလို့လား"

"လှမြတ်စောလား"

မိန်းမကြီး၏ အမေးကို မဖြေဘဲ ဒေါ်ကြာဦးဖြူက 'လှမြတ်စောလား' ဟု ပြန်မေးလိုက်သောအခါ ထိုမိန်းမကြီးက-

"ညီမကိုတောင် မမှတ်မိတော့ဘူး လား"

ဟု ပြောကာ ဒေါ်ကြာဦးဖြူကို ဖက်၍ငိုပြန်သည်။

"အင်္ဂလိပ်မင်းများက ခေါ်လာ တာဆိုတော့ သူတို့ခေါ်ရာပဲလိုက်သွား ကြရမလား၊ ဒီမှာပဲ စစ်ခိုရင်း နေကြ မလားဆိုတာ ခုတော့ မပြောတတ်သေး ပါဘူး မြတ်စောရယ်။ နင့်ယောက်ဖကြီး (ခဲအို)ကလည်း ခေါင်းကွဲစခန်းမှာ နေ ထိုင်မကောင်းလို့ ကျန်ခဲ့ရသေးတယ်။ အဲဒီကအခြေအနေလည်း မသိရသေး ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ မိသားစုထဲတွင် ယခု မပါလာသော ဦးအောင်တိုင် ကျန်းမာရေးအကြောင်း ဝိုင်းမေးကြပြန်၏။

"ဒီလောက် စစ်ပြေးစခန်းတွေမှာ လူတွေနေ့မြင်ညပျောက်သေနေကြတာတွေ့ခဲ့မြင်ခဲ့ကြရဲ့နဲ့ ကြီးကြီးတို့က ဘာအရူးထပြီး ဒင်နာဂျံပူလိုက်ရမှာလဲ"

ဆွေမျိုးထဲမှ လူရွယ်တစ်ယောက်က ဒေါနှင့်မောနှင့်ထပြောပြန်သည်။

ထို့နောက် မနေ့က ဒေါ်ကြာဦးဖြူတို့မိသားစုကို ဦးဥက္ကာကျော်နှင့်အတူ ပထမဦးဆုံး လာတွေ့သော ပရဆေးကိုယ်စားလှယ် ဦးမောင်ဇံလှ ဆိုသူကလည်း -

"အေးလေကွာ သာဇံဝေ၊ ငါမနေ့က စခန်းမှာတင် ကြီးကြီးကို ပြောမလို့။ စခန်းတာဝန်ခံတွေက မကြိုက်သလို တခြားစစ်ပြေးတွေလည်း လန့်ပြီးထွက်ပြေးကြမှာစိုးလို့မပြောခဲ့တာ။ အင်္ဂလိပ်တွေခေါ်တိုင်း လိုက်သွားကြရတယ်ဆိုတဲ့လူတွေဆိုတာ ဖလောင်းချိတ်၊ ဟီလီတရိုက်မှာ ဆွေမျိုးရင်းမရှိတဲ့လူတွေမှ လိုက်ကြရတာကြီးကြီး။ ခုကြီးကြီးတို့မှာ ဒီလောက်အရင်းအချာတွေရှိနေကြရက်နဲ့ ဘာလို့ဒင်နာဂျံပူလိုက်သွားကြရမှာလဲ။ ကျွန်တော်တို့ ဖလောင်းချိတ်၊ ဟီလီတရိုက်ဆွေမျိုးတွေရာဇဝင်ရိုင်းသွားအောင် မလုပ်ပါနဲ့"

စောစောကထပြောသော သာဇံဝေနှင့် ဦးမောင်ဇံလှတို့မှာ ညီအစ်ကိုဝမ်းကွဲများ ဖြစ်ကြသည်ကို ဒေါ်ကြာဦးဖြူတို့မိသားစုက နောက်မှသိကြရသည်။

စစ်ပြေးစခန်းတွေမှာ ဝမ်းရောဂါဖြစ်ပြီး လူတွေသေကျေပျက်စီးကြသည်ကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လာခဲ့ကြသော ဒေါ်ကြာဦးဖြူတို့မိသားစုမှာ ဆွေမျိုးတွေက သူတစ်ပေါက်ငါတစ်ပေါက်ဝိုင်း ပြောနေကြသောအခါ ဘယ်သူ့စကားကို ဘယ်လိုပြန်ပြောရမှန်းတောင်မသိဘဲ ခဏတော့ငိုင်တွေနေကြ၏။

ထိုစဉ် စိတ်မရှည်သလိုနှင့် တစ်ခေါင်းလုံးကြာဆံထွက်နေသော အဘွားအိုတစ်ယောက် ဝင်ပြောလာပြန်သည်။

"ငါတို့ ဒီမှာ ဆွေမျိုးရင်းချာတွေတစ်ပုတ်(တစ်ပုံ)ကြီးရှိရဲ့နဲ့ နင်တို့တွေ ဒင်နာဂျံပူလိုက်သွားလို့ လမ်းမှာ မပြောကောင်းပြောကောင်း တစ်ခုခုအဖိုတ်စဉ်ဖြစ်ခဲ့ရင် ငါတို့ခွေးလုံးလုံးမဖြစ်ဘူးလား။ ကြာဦး၊ နင်တို့ ဒင်နာဂျံပူကို လိုက်ကိုမလိုက်ရဘူး၊ ငါ ဒါပဲပြောတတ်တယ်"

"အဘွားကြာပန်းညို ပြောတာသိပ်မှန်တာပေါ့။ ဒင်နာဂျံပူ ဆိုတာ အဘွားကြာဦးတို့ ကမ်းသာက ဒီထက်တောင် ဝေးသေးတာ။ သင်္ဘောအတန်ပြန်၊ ကားအတန်တန်နဲ့ သွားကြရမှာ။ စစ်တကောင်းကမှတစ်ဆင့် တစ်ခါ ကားအတန်တန် ရထားအတန်တန်စီးပြီး ဂင်္ဂါယမုံနာမြစ်တွေပါ ဖြတ်သွားကြရမယ်နည်းတဲ့ခရီးလား။ အိန္ဒိယပြည်ကြီး ဘယ်လောက်ကျယ်လဲဆို ဒင်နာဂျံပူကို ကျွန်တော်တို့တောင် တစ်ခါမှမရောက်ဖူးဘူး။ ဒီက အနည်းဆုံး လေး၊ ငါးညအိပ်ခရီးသွားကြရဦးမှာ။ လွယ်လွယ်လေးမထင်ကြနဲ့"

မရောက်ဖူးဘူးလို့ ပြောမနေနဲ့ဟေ့လူ။ ဒီအတိုင်းဆို ခင်ဗျားတို့၊ ကျုပ်တို့တောင် ဒင်နာဂျံပူကို တစ်နေ့မဟုတ်တစ်နေ့ ကြီးကြီးကြာဦးတို့လို လိုက်ချင်လိုက်နေရဦးမယ်နော်"

စကားပြောနေသူကို နောက်တစ်ယောက်က ဝင်နောက်သလို ပြောပြန်သည်။ ဤသည်ကို ဒေါ်ကြာပန်းညို အဘွားကြီးက-

"မပြောကောင်းမဆိုကောင်း နင်သာလိုက်သွား'

ဟု ထဆဲ၏။

ထို့နောက် ဒေါ်ကြာဦးဖြူတို့မိသားစုအပေါ် စိတ်ဝင်တစားနှင့် တက်တက်ကြွကြွရှိနေသော လူငယ်တစ်ယောက်ကလည်း ဒိုးဒိုးဒေါက်ဒေါက်နှင့် ဝင်ပြောလာပြန်သည်။

"အမှန်က အဘွားတို့ ဓညဝတီက ပြေးလာကြတာကိုက မှားတယ်လို့ ကျွန်တော် မြင်တယ်။ ဂျပန်တွေက ကျွန်တော်တို့ ရခိုင်တွေကို ဘာလို့သတ်မှာလဲ။ ဒီလိုသာသတ်ပစ်မယ်ဆိုရင် ရခိုင်တစ်ပြည်လုံးကလူတွေ၊ ဝတီလေးရပ်ကလူတွေကို အကုန်သတ်ပစ်လိုက်ပြီလား။ ကျွန်သက်ရှည်နေတဲ့ အင်္ဂလိပ်ကုလားတွေကတော့ အင်္ဂလိပ်တွေပြောတိုင်း ယုံလို့ပြေးလာကြတယ်ဆို ထားလိုက်ပါတော့။ အင်္ဂလိပ်နဲ့ ဂျာမနီ စစ်ဖြစ်တာ ရခိုင်တွေ၊ ကုလားတွေနဲ့ ဘာဆိုင်လဲ။ အင်္ဂလိပ်တွေကတော့ ပြောမှာပေါ့၊ ဓညဝတီတစ်ပြည်လုံး စစ်တလင်းဖြစ်တော့မယ်။ ခင်ဗျားတို့ အိန္ဒိယကို ထွက်မပြေးကြရင် အကုန်သေကုန်လိမ့်မယ်။ ဒါ အင်္ဂလိပ်က ကလိမ်ဉာဏ်နဲ့ မြို့ရွာကို ဖျက်ဆီးပစ်ခဲ့ချင်လို့ တမင်ခြိမ်းခြောက်ပြီး ဓညဝတီကလူတွေကို ဒုက္ခမရောက်ရောက်အောင်လိမ်ခေါ်လာတာ။ ကဲ - ခု မြန်မာပြည်နဲ့ ရခိုင်ပြည်ကို အပိုင်သိမ်း

သွားပြီး မြန်မာပြည်ကလူတွေနဲ့ ရခိုင်
ပြည်ကလူတွေကို ဂျပန်က အကုန်သတ်
ပစ်လိုက်ပြီးလား။ ဒါတွေဟာ ခင်ဗျား
နိုင်ငံရေးအမြင်မရှိကြလို့၊ ဘာမှမသိ
လို့လို့ ကျွန်တော်ပြောတာ။ ခုဆို မြန်
ပြည်ကြီးကို ဂျပန်က လွတ်လပ်
တောင်ပေးတော့မယ်။ အာရှတိုက်
အချင်းချင်း သာတူညီမျှမူဝါဒ ဆို
ဂျပန်မှရှိတာ အင်္ဂလိပ်လို နိုင်ငံတိုင်း
လက်အောက်ခံ ကျွန်ထားဖို့ မ
ဘူး။ ဒီကုလားပြည်လည်း ဂျပန်လ
မရောက်မချင်း ကျွန်သက်ရှည်နေဦး
ပဲ။ အဲဒါကြောင့် ခု [illegible]တွေက
လိပ်တွေ အုပ်ချုပ်မှုလက်အောင်
လွတ်မြောက်အောင် အိန္ဒိယပြည်
တိုက်ပေးနေပြီလို့ ကျွန်တော်တို့
တဲ့ လူတိုင်း ယုံကြည်ထားကြရမယ်
တစ်လောကပဲ ကျွန်တော် အာသံ
က ပြန်လာတယ်။ ခု အာသံ၊
တစ်ပြည်လုံးကို ဂျပန်တွေသိမ်း
မယ်။ အာသံပြည်ရဲ့မြို့တော် အင်
ကို တိုက်တိုင်းအောင် ဂျပန်ဗိုလ်ချုပ်
မတ္တာဂူချိက ဝိုင်းရံထားပြီး 'ဒေ
ချီတက်ကြစို့' ဆိုတဲ့ ကြွေးကြော်
ထိုးစစ်ကြီးဆင်နေပြီ။ အင်ဖာကူ
ယပြည်ကြီးရဲ့ အရှေ့တံခါးပွင့်သွား
ဒေလီဆိုတာ ဂျပန်လက်ခုပ်ထဲက
သွားပြီ။ အဲဒါကို အင်္ဂလိပ်ကသိပ်
ချေးပါနေပြီ။ မြန်မာပြည်ကနေ
ခွေးပြေးဝက်ပြေး ပြေးလာကြရ
အိန္ဒိယကလည်း သူတို့ပြေးကြရ
မယ်။ ဒါကို ရခိုင်ရယ်၊ကုလားရယ်မ
ဘူး ဘင်္ဂလားတစ်ပြည်လုံးကလူ
ထားရမယ်။ ခင်ဗျားတို့ တော်လှ
မလုပ်ကြဘဲနေနေကြမယ်ဆိုရင် အိ
ပြည်ကြီးဟာ ကျွန်သက်ရှည်နေဦး
အဲဒါကြောင့် အိန္ဒိယပြည်ကြီးကို
တင်မယ့် အိန္ဒိယပြည်သား ဆု
န္တာဘို့စ်ကိုယ်တိုင် ဦးစီးပြီး ဂျပန်
ဗမာ့တပ်မတော်ဖွဲ့သလို အိန္ဒိယ
တော်ကြီးကို ဂျပန်နဲ့ပေါင်းပြီး ဖွဲ့
ထားပြီးပြီ။ အဲဒါကြောင့် ခုကစပြီး
တွေကို ကြိုဆိုကြဖို့၊ အင်္ဂလိပ်တို့
လှန်ကြဖို့ အိန္ဒိယပြည်သားတိုင်း
တရိုက် ဘင်္ဂလားပြည်သားတိုင်း
လည်ထားကြရလိမ့်မယ်။ ခုဟီလီ
ကို ရောက်နေကြတဲ့ ဓညဝတီကလူ
လည်းပဲ. . ."

"ဒီမှာ ဒီမှာ၊ ကိုအောင်
ဇေယျ"

အောင်ကျော်ဇေယျ ဆို



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကြာဦးဖြူတို့အမျိုး လူငယ်တစ်ယောက်၏ စကားမဆုံးမီ နောက်အမျိုးသားလူငယ်တစ်ယောက်က ထပြောလိုက်ရာ အောင်ကျော်ဇေယျဆိုသူက-

“မင်းကဘာပြောချင်လို့လဲ”

ဟု မေးလိုက်၏။

ထိုအခါ ထိုသူက -

“အစ်ကိုက ဂျပန်တွေကို တော်တော် အထင်ကြီးနေတယ်ထင်တယ်။ ဒါမှာ ကျွန်တော် ပြောမယ်၊ အစ်ကိုက ဂျပန်အသံလွှင့်ဌာနက မနှင်းဆီ အာဝေါ်ဆန်ပြနေတာကို တကယ်ထင်နေလား။ အင်္ဂလိပ်တွေကို အထင်မကြီးပါဘူး။ ကျွန်တော် အင်္ဂလန်က ပြန်ပြေးလာရသူပါ။ လန်ဒန်ကိုတောင် ဂျာမနီက ဗုံးဝုန်းဒိုင်းလာကြဲနေပြီး ပြင်သစ်လည်း ကျသွားပြီ။ ဒါပေမယ့် ခု အင်္ဂလိပ်ဘက်က ဘယ်သူပါလာပြီထင်လဲ။ ပုလဲဆိပ်ကမ်းကို ဂျပန်က စစ်မကြေညာဘဲ ဝင်တိုက်လို့ အမေရိကန်က အင်္ဂလိပ်ဘက်ကို ဝင်ပါလာပြီး အမေရိကန် ဝင်လာပြီဆိုရင် ဂျပန်ရော ဂျာမနီပါ စစ်ရှုံးတော့မှာ သေချာတယ် ဆိုတာ အစ်ကို မှတ်ထားလိုက်”

“အောင်မာ . . . မင်းက”

“မင်းကမလုပ်နဲ့လေ။ အစ်ကို ပထမကမ္ဘာစစ်သမိုင်းကိုပဲပြန်ကြည့်လေ။ အမေရိကန် ဝင်ပါလာတာနဲ့ ဝင်ရိုးတန်းနိုင်ငံတွေနဲ့ ဖွဲ့စည်းထားတဲ့ ဂျာမနီ စစ်ရှုံးတော့တာပဲ။ ခုလည်း အမေရိကန်ဝင်ပါလာပြီ”

ဤလူငယ်နှစ်ယောက်၏အပြောမှာ သူ့နည်းသူ့ဟန် သူ့ထင်မြင်ချက်နှင့်သူတော့ မှန်နေသည်ဟု ဆိုရမည်။

ပထမလူငယ် အောင်ကျော်ဇေယျက အင်ဖာကို ဂျပန်တွေဝိုင်းထားပြီဆိုသည်မှာလည်း အမှန်ပင်ဖြစ်သည်။ အင်ဖာသာ ဂျပန်လက်ထဲကျသွားလျှင် မဏိပူရ၊ အာသံကို ဂျပန်တို့ ကြွေးကြော်သလို ဒေလီတွင် ဂျပန်တို့၏တပ်နေဝန်းအလံကို စိုက်ထူလိုက်သလို ဖြစ်သွားနိုင်၏။

ထို့ကြောင့်လည်း အာသံ၊မဏိပူရပြည်၏ အရှေ့တံခါးမြို့ဖြစ်သော လီဒိုမြို့မှ မြန်မာပြည်ကိုဖြတ်၍ တရုတ်ပြည်အထိ လမ်းဖောက်နေသော မဟာလီဒိုလမ်းမကြီးကို စစ်ရေးအရ အင်္ဂလိပ်ဗိုလ်ချုပ်ကြီးဆလင်းက အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကို အရေးပေါ်လက်လွှဲပေးလိုက်ရသည်။ စစ်ရေးစစ်ရာတွင် အလွန်အရေးပါသော်လည်း အင်္ဂလိပ်တို့အနေနှင့် ထိုလမ်းမကြီးကို ဆက်လက်၍ မဖောက်လုပ်နိုင်တော့။

ထိုလမ်းမကြီးမှာ အိန္ဒိယနိုင်ငံ အာသံနှင့် ဘင်္ဂလားနယ်သို့ မီးရထားလမ်းဖြစ်သည့် လီဒိုမြို့မှ အစပြုခဲ့သည်။ လီဒိုလမ်းမကြီးကို လီဒိုမှ ပေပေါင်း (၅၀၀၀) ကျော်မြင့်သော ပတ်ကွိုင်တောင်တန်းကြီးကို ကျော်ဖြတ်ပြီး တနိုင်း၊ မိုးကောင်း၊ မြစ်ကြီးနားမှတစ်ဆင့် ဗန်းမော်၊ လားရှိုးရှိ တရုတ်-မြန်မာလမ်းမကြီးနှင့် ဆက်သွယ်မိရန် ဖောက်လုပ်နေသော လမ်းမကြီး ဖြစ်သည်။

လမ်းဖောက်လုပ်ရာတွင် အာသံပြည်နယ် လမ်းဆုံ လီဒိုမှစ၍ မြေတူးစက်များ၊ မြေကော်စက်များ၊ မြေသိပ်စက်များ၊ မြေကြိတ်စက်များ ကျောက်ခွဲစက်များ၊ ကျောက်ခွဲမိုင်းများ စသည်တို့နှင့် ဗန်းမော်မှ လားရှိုးအထိ မိုင်ပေါင်း (၁၄၀) ရှည်သည်။ လမ်းတွင် တံတားပေါင်း (၁၃၀၀)၊ အဆောက်အအုံပေါင်း (၂၃၀၀)၊ မော်တော်ကားနှင့် စက်ပြင်ရုံ လက်နက်တပ်ဆင်ရုံ (၇၀)၊ ခုနစ်တန်လေးသော စက်ကြီး (၂) လုံးအပါအဝင် လူနာသယ်လေယာဉ်လမ်းငယ်ပေါင်း (၆၀၀) ကျော်ကို အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် စစ်သည်နှင့် ကူလီလုပ်သားပေါင်း (၅၁၀၀၀) ကျော်နှင့် အရေးတကြီး အဆောတလျင် ဖောက်လုပ်နေသည်။ အာသံပြည်နယ်တွင် တစ်နေ့လျှင် ငွေတစ်မတ်သာရသော ကူလီများကို တစ်နေ့လျှင် ငါးကျပ်ပေး၍ ဖောက်လုပ်စေသည်။ ထိုလမ်းမကြီး ဖောက်လုပ်ရာတွင် အာသံပြည်မှအလုပ်သမားများသာမဟုတ်၊ ဒေသခံများဖြစ်ကြသော ကချင်၊ ချင်း၊ နာဂလုပ်သားများလည်း ပါဝင်ကြသည်။ ထိုလမ်းမှာ နောင်တွင် မဟာလီဒိုလမ်းဟု ခေါ်ကြသလို ‘စတီးဝဲလ်လမ်း’ဟုလည်းတွင်လေသည်။

ဒုတိယအချက်ဖြစ်သော အိန္ဒိယနိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ ဆုဘတ်ချန္ဒြာဘို့စ်သည် အင်္ဂလိပ်အုပ်ချုပ်ရေးကို တော်လှန်ရန် အိန္ဒိယမှထွက်ပြေးသွားရာ ဂျပန်များ မလေးယားသို့ ရောက်ရှိသောအခါ သူသည် မလေးယားရှိ အိန္ဒိယအရပ်သားများ၊ အမှုထမ်းများ၊ စစ်သုံ့ပန်းများ အမြောက်အမြားကို စုစည်းကာ အိန္ဒိယလွတ်မြောက်ရေးတပ်မတော်ကို ထူထောင်နေသူ ဖြစ်သည်။

ထို့ကြောင့်လည်း ဗမာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ပါလာသဖြင့် အာရှတစ်ခွင်တွင် ဒီးလိုအွေ ရေလိုနှောက်လာသော ဗိုလ်ချုပ်ကြီး မတ္တာဂုချိသည် အင်ဖာကို တိုက်ခိုက်ရန် တပ်မတော်ကြီးအား မိန့်ခွန်းခြွေရာတွင်-

“ရဲဘော်တို့၊ ယခုအချိန်၌ ငါတို့၏ တပ်မတော်ကြီးသည် ရှိန်းဆာယာ ဝိုမောက်၍ ကိုယ်ယောင်ဖျောက်နိုင်သည့်အထိ စွမ်းပကားထက်မြက်၍လာခဲ့ပြီ။

အိန္ဒိယပြည်ကြီးပေါ်တွင် ငါတို့၏ တက်နေရောင်အလံတော်ကြီးကို စိုက်ထူ ဝင့်ကြွားနိုင်ရန်လည်း အချိန်များစွာ မလိုတော့။

ရဲဘော်တို့၊ ငါတို့၏ ဤစစ်ဆင်ရေးကြီးကို ကမ္ဘာတစ်ခုလုံးနှင့်တကွ ငါတို့၏ သန်းပေါင်းတစ်ရာမျှသော ပြည်သူလူထုကြီးက စောင့်ကြည့်လျက်ရှိနေကြသည်ကို ရဲဘော်တို့ သတိမူကြလော့။

ဤစစ်ဆင်ရေးကြီး၏ ပင်ကိုသဘာဝဓာတ်ခံကပင် အောင်မြေမ အောင်ပန်းပေါက်ကာ အောင်စည်တီးလျက်ရှိရာ ငါတို့သည် ဤစစ်ဆင်ရေးကပေါ်ထွက်လာမည့် အောင်ပွဲဖြင့် ဤစစ်ကြီး၏လမ်းကြောင်းကို ငါတို့အလိုရှိသလို လွှဲပြောင်းပေးနိုင်ရုံသာမက ဤစစ်ကြီး၏ နိဂုံးကိုလည်း ငါတို့သာ အဆုံးအဖြတ်ပေးနိုင်မည့် အလားအလာရှိနေပြီ။

ထို့ကြောင့် ငါတို့သည် ငါတို့တွင်ရှိသမျှ ကာယအင်အား၊ ဉာဏအင်အားမှန်သမျှကို အစွမ်းကုန် အသုံးချပြီး ငါတို့၏ ရည်မှန်းချက်ကို မရောက်မနေ ချီတက်ကြရပေတော့မည်။

ရဲဘော်တို့၊ ဤစစ်ဆင်ရေးကြီးရဲ့ အဓိက သော့ချက်သည် အမြန်ဆုံးချီတက်၍ အများဆုံးအောင်ပွဲရအောင် တိုက်ခိုက်ရန်ဖြစ်သည်ကို ရဲဘော်တို့ အစဉ်သတိပြုကြလော့။

ငါတို့၏ ချီတက်ရာလမ်းကြောင်းတွင် တောအထပ်ထပ် တောင်အဆင့်ဆင့် မြစ်အတန်တန်ကာဆီးလျက်ရှိနေလင့်ကစား ငါတို့သည် ဤသဘာဝ အတားအဆီးများကို တောမီးကြီးပမာ ကျော်နင်းလွှန်မြောက်လျက် ငါတို့၏ ရန်သူအား အပြီးအပိုင် ချေမှုန်းသုတ်သင်ကာ အောင်ပွဲကြီးကို ရယူကြရမည်။

ရဲဘော်တို့၊ ရာဇဝင်အဆက်ဆက်တွင် တလက်လက် ထွန်းပြောင်နေခဲ့သော ငါတို့သည် ငါတို့၏ ဤမဟာဘာဝန်ကြီးကို ကျေပွန်အောင် ထမ်းဆောင်ကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်တို့၊ ဤစစ်ဆင်ရေးကြီးတွင်ပါဝင်သော အရာရှိအရာခံ အကြပ်တပ်သား ရဲဘော်အဆုံး အားလုံးသော ရဲဘော်စစ်သည်တို့သည့် သေသည်အထိ တိုက်ခိုက်ကြလော့"

ဤသည်မှာ အင်ဖာတိုက်ပွဲမစမီ ရက်သတ္တသုံးပတ်ခန့်တွင် ဗိုလ်ချုပ်ကြီး မတ္တာဂူချီက သူ၏ အမှတ် (၁၅) တပ်မတော်ကြီးအား တပ်လှန့်လိုက်သော မိန့်ခွန်းပင်တည်း။

မတ္တာဂူချီက ရှိန်းဆာယာပိုမောက်ပြီး ကိုယ်ယောင်ဖျောက်နိုင်သည်အထိဟု ပြောကြားသောစကားမှာ သူတို့တပ်မဟာကြီးတစ်ခုလုံး အင်ဖာနှင့် မိုင် (၃၀) ခန့်အကွာထိ တောတောင်အထပ်ထပ် မြစ်အသွယ်သွယ်ကို အင်္ဂလိပ်တို့ မသိအောင် ခွေးတိုးဝက်ဝင် ကျွဲကူးနွားကူးကူးပြီး ရောက်လာနိုင်ကြသည်ကို ဆိုပေလိမ့်မည်။

ဤသို့သော သတင်းစကားများကြောင့်လည်း အောင်ကျော်ဇေယျက အင်ဖာမြို့သည် ဂျပန်လက်ထဲကျတော့မည်ဟု ပြောခြင်း ဖြစ်မည်။

ဒေါ်ကြာဦးဖြူတို့အမျိုး အင်္ဂလန်ပြန် အိုင်စီ(စ်)လောင်းလှုငယ်က ပထမကမ္ဘာစစ်သမိုင်းကိုပြန်ကြည့်ဟု ဆိုလိုက်ခြင်းမှာလည်း ဟုတ်မှန်သည်ဟုပင် ဆိုရပေမည်။

ပထမကမ္ဘာစစ်ကြီးကို စတင်လိုက်သောအကြောင်းမှာ အမှိုက်ကစ၍ ပြာသာဒ်ကို မီးလောင်သည်ဟုဆိုရမည်။ ဩစတြီးယားပြည်၏ အိမ်ရှေ့စံမင်းသား အာခ်ဂျူဖရန့်ဇ်ဖာဒီနန်သည် ဘော့စ်နီးယားပြည် ဆာယာယေဗိုမြို့တော်သို့ အလည်အပတ် ရောက်ရှိသော ၁၉၁၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်တွင် ဆားဗီးယားလျှို့ဝှက်အကြမ်းဖက်ဂိုဏ်း၏ ကျောင်းသား ဂါဗရီလိုပရင်စစ်က ဖာဒီနန်ကို လုပ်ကြံသတ်ဖြတ်လိုက်သည်။

ဤတွင် ဩစတြီးယားက ဆားဗီးယားအား ဇူလိုင် ၂၃ ရက်နေ့တွင် ပြင်းထန်သောရာဇသံတစ်ရပ် ပေးပို့ကာ (၄၈) နာရီအတွင်း အကြောင်းပြန်ကြားရန် အပူတပြင်း တောင်းဆိုလိုက်သည်။ ဆားဗီးယားက ရာဇသံကို လက်ခံတုံ့ပြန်သော်လည်း အချက်အလက်အားလုံးကိုမူ လက်မခံချေ။

ဤသည်ပင်လျှင် ပထမကမ္ဘာစစ်ကြီးကို မီးမွှေးပေးလိုက်ခြင်း ဖြစ်သည်။

ဩစတြီးယားနှင့် ရုရှားတို့သည် မိမိတို့၏ စစ်တပ်များကို ပြင်ဆင်စည်းရုံးတော့သည်။ ဇူလိုင် ၂၈ ရက်နေ့တွင် ဩစတြီးယားက ဆားဗီးယားကို စစ်ကြေညာလေသည်။ ထိုစဉ်က ဥရောပတွင် ဗဟိုလက်နက်နိုင်ငံများဟု ခေါ်သော ဂျာမနီနှင့် ဩစတြီးယားတို့က တစ်ဖက်၊ ဆားဗီးယား၊ ရုရှား၊ ပြင်သစ်၊ ဗြိတိသျှ၊ ဘယ်လ်ဂျီယံတို့ ပါဝင်သော မဟာမိတ်နိုင်ငံတို့ကတစ်ဖက် ယှဉ်ပြိုင်တိုက်ခဲ့ကြသည်။ အမေရိကန်ကမူ စစ်ထဲကို မပါဝင်သေးပေ။

အမေရိကန်သည် မူလ၌ တိကျသော ကြားနေရေးကို ကျင့်သုံးကာ စစ်ထဲကို မဝင်ခဲ့ပေ။ သို့ရာတွင် နှစ်ဖက်သော မဟာမိတ်တို့အား ခဲယမ်းမီးကျောက်၊ အစားအစာနှင့် အခြားပစ္စည်းတို့ကို ထောက်ပံ့ပေးခဲ့သည်။ တစ်နည်းပြောရလျှင် လက်နက်ပစ္စည်း အပါအဝင် သူ့စီးပွားရေးအတွက် ဈေးရောင်းကောင်းနေသည်။ ဗြိတိန်ကလည်း ဂျာမနီသို့ အမေရိကန်တင်သွင်းနေသော လက်နက်ပစ္စည်းများကို လမ်းမှနေ၍ တားဆီးပိတ်ပင်မှုကြောင့် အမေရိကန်က ဂျာမနီအပေါ် ရော ဗြိတိန်နိုင်ငံအပေါ် ပါ မကျေမနပ်ဖြစ်နေသည်။

ဤသို့ဖြင့် ၁၉၁၅ ခုနှစ်တွင် အမေရိကန်ပြည်သား ခရီးသည် (၁၂၄) ဦး စီးနင်းလိုက်ပါလာသော 'လူစီတန်းနီးယား' အမည်ရှိ အင်္ဂလိပ်ပင်လယ်ကူးသင်္ဘောကို ဂျာမန်ရေငုပ်သင်္ဘောက နှစ်မြှုပ်ပစ်လိုက်သောအခါ၌မူကား အမေရိကန်သည် သူ့ပြည်သူများဘက်က ဒေါသအမျက်ချောင်းချောင်းထွက်ကာ စစ်ကဲ့သို့ အလုံးအရင်းနှင့် ဝင်ပါလာတော့သည်။ အမေရိကန်က ထိုသို့ဝင်ပါလာတော့မှ ဂျာမနီတို့ဘက်မှ အရှုံးကြီးရှုံးကာ ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်နေ့တွင် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသွားလေသည်။

အမေရိကန်သမ္မတ ဝီလဆင်၏ အချက်(၁၄)ချက်ပါမူဝါဒကြောင့် ဂျာမနီမှာ အကြီးအကျယ်အထိနာသွားသည်။ ဂျာမနီကို စစ်တပ်ဖွဲ့စည်းခြင်းခွင့်မပြုသော ဗာဆိုင်းစာချုပ်ကိုလည်း ချုပ်ဆိုခဲ့ကြသည်။ ထို့အပြင် စစ်လျော်ကြေးကို မည်ရွေ့မည်မျှပေးရမည်ဟု အတိအကျမဆုံးဖြတ်ခဲ့ကြသော်လည်း ရေတပ်အများအပြားကို လက်လွှတ်လိုက်ရသည်။ ရေငုပ်သင်္ဘော၊ စစ်လေယာဉ်များနှင့် ကုန်တင်သင်္ဘောများကိုလည်း မဟာမိတ်များသို့ ပေးအပ်လိုက်ရသည်။

ထို့ပြင် ဂျာမနီက မဟာမိတ်များအတွက် တစ်နှစ်လျှင် တန်ချိန် နှစ်သိန်းထားဖြင့် ငါးနှစ်တိုင်တိုင် သင်္ဘောဆောက်လုပ်ပေးရန်နှင့် ပြင်သစ်၊ ဘယ်လ်ဂျီယံနှင့် အီတလီ စသော နိုင်ငံများကျောက်မီးသွေး အမြောက်အမြားဆယ်နှစ်တိုင်တိုင် ပေးအပ်ရန် စည်းကြခြင်းကိုခံရသည်။ ထို့ပြင် မီးရထားခေါင်းတွဲနှင့် မီးရထားတွဲ အများအပြားမဟာမိတ်တို့အား အရေအတွက်တကွ အတိအကျ ပေးအပ်ရလေသည်။

ဂျာမနီအတွက် အဆိုးဆုံးပထမကမ္ဘာစစ်အပြီး၌ နယ်မြေခွဲသတ်မှတ်ခြင်းကို ခံလိုက်ရသည်ဘယ်လ်ဂျီယန်ပြည်ကို ယခင်အတိုင်းလွတ်လပ်သောနိုင်ငံအဖြစ် သတ်မှတ်သည်။ အယ်လ်ဆက်လောရိန်းနယ်ပြင်သစ်သို့ ပြန်လည် ပေးအပ်ရသည်ပိုလန်နိုင်ငံအသစ်ကိုလည်း ယခင် ဂျာဩစတြီးယားနှင့် ရုရှားတို့က ပိုင်ဆိုင်သော နယ်မြေအချို့ကို ဖဲ့ပေးပြီး နယ်နမိတ်ကို ပြန်လည်၍ သတ်မှတ်ပေးလိုက်ရ၏။

ယခင်က ဩစတြီးယားအင်ပါယားနယ်မြေကိုလည်း ပြန်လည်ပိုင်းခြားကာ ဩစတြီးယားပြည်၊ ဟန်ဂေရီပြည်ချက်ကိုဆလိုဗားကီးယားနှင့် ယူဂိုဆလားဗီးယားပြည်များအဖြစ် ဖွဲ့စည်း တည်ထောင်လိုက်သည်။ အီတလီနှင့် ရူမေးနီးယားတို့ကလည်း နယ်မြေအချို့ကို ရလိုက်ကြသည်။

ဂျာမနီအဖို့မှာကား စစ်အတွင်းက အောင်မြင် ပိုင်ဆိုင်ခဲ့သော နယ်မြေအားလုံးကို လက်လွှတ်လိုက်ရသည်။ ထို့အပြင် ဂျာမနီနိုင်ငံသည် စစ်နိုင်သည့်နိုင်ငံများက အချက်အလက်ပေါင်းမြောက်မြားစွာနှင့် ချုပ်ကိုင်ကြခြင်းကိုခံလိုက်ရသည်။

ဗာဆိုင်းစာချုပ်သည် မဟာမိတ်တို့ဘက်မှ နိုင်ထက်စီနင်း ပြုလုပ်ချုပ်ဆိုရာရောက်နေပြီး ဂျာမနီအဖို့ အဘက်ဘက်က ရှုံးနေသည်။ ထို့ကြောင့် ပထမကမ္ဘာစစ်ကြီးကို မွေးထုတ်မည့် သချိုင်းသားကို ဂျာမနီက လွယ်ထားနေရပြီဖြစ်လေသည်။

မဟာမိတ်တို့သည် ဂျာမနီ၏ စစ်မှုနိုင်ငံကြီးတစ်ခုကို ဤသို့စစ်လျော်ကြေးများဖြင့် နာလန်မထူနိုင်အောင် နှိပ်ကွပ်ထားလျှင် ရပြီဟုတွက်ဆထားကြသည်။ သို့သော် ဂျာမနီနိုင်ငံပေါ်ကြီး၏ မြို့သူရဲကောင်း ဟစ်တလာ တက်လာသောအခါ ဗာဆိုင်းစာချုပ်ကို ဖိုင်ဖြဲ



www.burmeseclassic.com

www.burmeseclassic.com

# နွားမြင်းဖုနာပျောက်ဆေး

**ပစ်တိုင်းထောင်-ချောင်းနက်**

နွားမြင်းဖုနာမှာ ပြည်ပေါက်လျှင် ပျောက်ပြီဟု မှတ်ရပါမည်။ ထို့ကြောင့် ပြည်ပေါက်ဆေး လိုအပ်ပါသည်။ ဆေးမှာ မခက်ခဲပါ။ သို့သော် သတိယှဉ်ကာ ပြုလုပ် ကုသရပါမည်။

တစ်ခါက စာရေးသူ၏ခိုင်းနွားကြီးတစ်ကောင်တွင် နားရွက်အောက် ပါးချပ်၏နောက်နားတွင် ခုံညင်းခန့်ဘုကြီးတစ်ဖု ထွက်လာပါသည်။ ထိုဘုကြောင့် အစားမပျက်၊ အလုပ်မပျက်ပါ။ သို့သော် အမြင်တန် အရုပ်ဆိုးနေသဖြင့် တိရစ္ဆာန်ဆရာဝန်ကို ခေါ်ပင့်ကာ ကုခိုင်းပါသည်။ ဆရာဝန်က ဓားဖြင့်ခွဲကာ သွေး၊ ပြည်များကို ညှစ်ထုတ်ပါသည်။ အနာဖြစ်ကျန်ခဲ့၍ အတော်ကြာ ဆေးကုယူရပါသည်။

မကြာပါ ထိုအနာလည်း ပျောက်ရော ဘေးနားမှ နောက်တစ်ဘု ပေါ်လာပြန်ပါသည်။ စာရေးသူ တိရစ္ဆာန်ဆရာဝန် မခေါ်တော့ပါ။ အမြန်ပြည်ပေါက်ဆေးနည်း ရှာမေးမြန်းခဲ့ရာ စာရေးသူ၏ဖခင်ကြီးမှ-

"ဟေ့လူကလေးရဲ့၊ မင်းနွားဘုက ပြည်တည်ပြီလား။ ပြည်တည်ပုံပေါ်ရင် ဟိုးလမ်းဘေးမှာပေါက်တဲ့ မုရိုးလုံးပင်ရဲ့အစေးနဲ့ မြင်းဖုရဲ့အလယ်တည့်တည့် တို့ပေး၊ အစေး မများစေနဲ့။ တစ်ညအိပ်နဲ့ ပြည်ပေါက်လိမ့်မည်"

ဟု ပြောသဖြင့် စာရေးသူ မုရိုးလုံးပင်ရှာကာ ချိုးယူ၍ အစေးဖြင့် မြင်းဖုကို တို့ပေးပါသည်။ အစေးမှာ နို့နှစ်ရောင်ဖြူဖွေးဖွေး ဖြစ်ပါသည်။ မုရိုးလုံးပင်မှာ မြေလတ်ပိုင်းဒေသ တားလမ်းနံဘေးများတွင် ပေါက်ရောက်ပါသည်။

မြင်းဖုကို အစေးတို့ပြီး နောက်နေ့တွင် မြင်းဖုမှာ အနာလေးဖြစ်နေပါပြီ။ လက်နှင့် အသာအယာ ဖျစ်ညှစ်ကြည့်ရာ သွေး၊ ပြည်များ ထွက်လာပါသည်။ ပြည်ကုန်အောင်ညှစ်၍ သန့်ရှင်းရေး လုပ်ပေးထားပါသည်။ မကြာမီ အနာမှာ သက်သာပျောက်ကင်းသွားပါသည်။

မုရိုးစေးမှာ ထိသောနေရာကိုစားပြီး အနာဖြစ်တတ်ပါသည်။ ထို့ကြောင့် အစေးတို့ရာ၌ သတိထား တို့ရပါသည်။

မြန်မာ့ရိုးရာ အနာပြည်ပေါက်ဆေးကို ပြောပြသော ဖခင်ကြီးအား ကျေးဇူးတင်၍မဆုံးတော့ပါ။ ဤစာစုဖြင့် ဖခင်ကြီးအား ကန်တော့ပါသည်။ ဖခင်ကြီး ကောင်းရာဘုံဘဝသို့ရောက်ပါစေ။

*-အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ*

ပစ်တိုင်းထောင်-ချောင်းနက်

---

ထိုက်တော့သည်။ ပထမကမ္ဘာကြီးအပြီးက သန္ဓေတည်လာသော စစ်ဝါဒီသားသန္ဓေသည် မွေးဖွားအကောင်ပေါက်လာတော့သည်။

ဂျာမန်နာဇီတို့က စစ်စ၍ကြေညာလိုက်သောနေ့မှာ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် ဖြစ်သည်။ ဗြိတိသျှတို့က စစ်ကြေညာသောရက်မှာ စက်တင်ဘာလ ၃ရက်နေ့ နံနက် (၁၀) နာရီတွင် ဖြစ်သည်။

ထိုရက်များမတိုင်မီ ပြေရာပြေကြောင်း ဆွေးနွေးကြသော မြူးနစ်ဆွေးနွေးပွဲလည်း ပျက်သွားပြီး ဗြိတိသျှတို့မှာ ထိုစာချုပ်ပျက်ကာမှ ရေကြီးသုတ်ပျာ စစ်ပြင်ဆင်မှုများလုပ်ရတော့သည်။

ဂျာမန်တို့မှာမူ ၁၉၃၂ ခုနှစ် ဟစ်တလာ တက်လာကတည်းက ဗာဆိုင်းစာချုပ်ကြီးကို နင်းဆုတ်ပစ်ရန် ကြွေးကြော်ထားပြီး ဖြစ်သည်။ ထိုစာချုပ်အရ 'လက်နက်ကိုင်တပ်များ မထားရ' ဟု ဂျာမန်တို့အပေါ် စည်းကမ်းသတ်မှတ်ခဲ့သော ဗာဆိုင်းစာချုပ်ကိုဖျက်ကာ လက်နက်ထုတ်လုပ်မှုနှင့် တပ်ဆင်မှုများကို ပြောင်ပြောင်ပင် ချိုးဖောက်လာတော့သည်။

ထို့နောက် ၁၉၃၅ ခုနှစ်တွင် ဂျာမန် လက်နက်ကိုင်တပ်ကြီးများကို အတိအလင်း ဖွဲ့လိုက်သည်။ ထိုအခါ ပြင်သစ်ထက် (၅၀) ရာခိုင်နှုန်းမျှ စစ်အင်အားသာလာသည်။ ပြင်သစ်မှာ ဂျာမနီ၏အကဲကိုကြည့်ကာ ဗြိတိသျှတို့နှင့် မဟာမိတ်စာချုပ်အပြင် စစ်စာချုပ်ကိုပါ ချုပ်လိုက်ရသည်။ မက်ဂီနော့ခံတပ်ကြီးကိုလည်း တည်ဆောက်လိုက်ရ၏။

၁၉၃၆ ခုနှစ်တွင် ဂျာမန်ခေါင်းဆောင်နှင့် အီတလီဖက်ဆစ်ခေါင်းဆောင် မူဆိုလိုနီတို့သည် ဝင်ရိုးတန်းနိုင်ငံဖွဲ့ရန် စည်းဝါးရိုက်ကြပြီး ယင်းနှစ်အောက်တိုဘာလတွင် သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။ ထိုအခါ ဟန်ဂေရီနှင့် ဘိုးလီးဗီးယားတို့လည်း ထိုဝင်ရိုးတန်းအဖွဲ့တွင် ဝင်ပါလာ၏။

ထိုအချိန်တွင် ဗြိတိသျှတို့မှာ ပထမကမ္ဘာစစ်က အကြွေးပင် မကျေသေး။ နောက်စစ်အတွက် ပြင်ဆင်ရန်အတွက် ဗာဆိုင်းစာချုပ်ကြီးကိုသာ လက်ညှိုးတွင်တွင်ထိုး၍ ပြောနေကြရုံရှိသေးသည်။ ဥရောပတစ်ခွင်မှာကား ဟစ်တလာနှင့် မူဆိုလိုနီတို့၏ ကြုံးဝါးသံများနှင့် ပွဲတင်ထပ်ဟည်းတိုက်နေပြီ။

ထိုအချိန်တွင် ဗြိတိသျှနန်းရင်းဝန် ချိန်ဘာလိန်မှာ ငြိမ်းချမ်းရေးအတွက် ဟိုပြေးဒီပြေးလုပ်နေရ၏။ စစ်ပြင်ဆင်မှုမှာကား ဗြိတိသျှတို့အဖို့ အတော်နောက်ကျနေပြီ။ ပါလီမန်တွင်လည်း ကျွက်ကျွက်ညံနေ၏။ ကိုလိုနီနယ်များကလည်း တစ်ဖက်တွင် ဆူပူလာကြသည်။ ထိုအထဲတွင် မြန်မာလည်းပါ၏။

၁၉၃၉ ခု စစ်ကြေညာသော စက်တင်ဘာလအတွင်း၌ပင် လန်ဒန်နှင့် ဗြိတိသျှပင်လယ်ကမ်းခြေမှာ ဂျာမန်လေတပ်၏ဗုံးဒဏ်ကိုခံလိုက်ရသည်။ ထိုလ ၉ ရက်၌ ချိန်ဘာလိန်အစိုးရကို ဖြုတ်ချ၍ စစ်ကက်ဘိနက်ကို ပြောင်းဖွဲ့ရ၏။ ထိုအခါ ချာချီမှာ နန်းရင်းဝန်ရော ကာကွယ်ရေးတာဝန်ခံပါ ဖြစ်လာသည်။ ဗြိတိသျှတို့မှာ ကိုယ့်ပြည်ကာကွယ်ရေးအတွက် စိုင်းပြင်းကြရရုံမျှမကသေး ပြင်သစ်သို့လည်း စစ်ကူအဖြစ် လက်နက်စုံတပ်ဆင်၍ သယ်ယူပို့ဆောင်ရေးရေယာဉ်များ အပါအဝင် စစ်သား (၂၅၀၀၀၀) နှင့် ရေလက်ကြားကို ဖြတ်၍ ပို့လိုက်ရသည်။

စက်တင်ဘာ ၂၉ ရက်တွင် စားသုံးကုန်ကို ရာရှင်ကတ်နှင့် ဝေငှနေရ၏။ အမြတ်တော်ကြေးကိုလည်း တစ်ပေါင်လျှင် တစ်ဝက်မျှအထိ ကောက်ရန် မြှင့်လိုက်ရ၏။

(ဆက်ရန်)



www.burmeseclassic.com

www.burmeseclassic.com

ပလိုင်းနီးသည် 'သဘာဝနှင့်ဂမ္ဘီရ သိပ္ပံကျမ်း' ကို လုံးဝ မကျေနပ်ပေ။ ထိုဆရာဆိုသူသည် ရှေးအကျဆုံးမှော်ဝင်ကျမ်းကို ရေးသားသူမဟုတ်ဟု ဆိုခဲ့၏။

ဘီစီ ၅ ရာစုက ပါရှားဧကရာဇ် ဇာဇီနှင့်အတူ ဂရိများအား သွားရောက်၍ အန္တရာယ်ပြုခဲ့သည်မှာ သူ၏အမှားဖြစ်၏။ ထို့အပြင် ပလိုင်းနီးက ဆရာအား အပြစ်ဆိုသည်မှာ ဂရိကမ္ဘာတစ်ခုလုံးကို လွှမ်းမိုးသွားသော ပါရှားမှော်ပညာကို အရှုးအမူး စွဲဝင်စားသွားသည့်အတွက်ဖြစ်၏။ ထိုစကားသာမှန်ပါက ၎င်း၏ဆရာသည် ဘိုလော့ဒီမိုကရေတပ် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဘိုလော့ဒီမိုကရေတပ်အား နောက်ရာစုနှစ် လေး, ငါးခုကြာပြီးမှမွေးမှာ ဤကျမ်းကို ကာလသတ်မှတ်ရန် မဖြစ်နိုင်ခြင်းနှင့် ကျမ်းပြုသူကိုလည်း အတိအကျသတ်မှတ်ရန် မဖြစ်နိုင်ကြောင်းကား သေချာစေ၏။ ဘိုလော့ဒီမိုကရေတပ်၏ခေတ်တွင် ဆရာကို ဇရာမ မှော်ဆရာကြီးတစ်ယောက်အဖြစ် သတ်မှတ်ထားကြ၏။

၎င်း၏ဆရာသည် ဇိုရိုအက်စတြာကဲ့သို့ပင် ပါရှားနိုင်ငံ၏မှော်ပညာနှင့် ဘာသာရေးတို့အပေါ်၌ လွှမ်းမိုးခဲ့သောကြောင့် ဖြစ်သည်။ သင်္ကေတရှုထောင့်မှကြည့်လျှင် ဂမ္ဘီရနှင့် သဘာဝသိပ္ပံကျမ်းကြီး၌ ပြဆိုခဲ့သည့်ဖြစ်ရပ်မှာ လက်တွေ့စမ်းသပ်မှု တစ်စုံတစ်ရာအတွက် အောင်မြင်ရန် အာမခံချက်လုံးဝမပါရှိချေ။ သေသူ၏ဝိညာဉ်နှင့်ပတ်သက်၍ ဆရာက တစ်စုံတစ်ခု တွေ့ရှိသွား၏။ ထိုနည်းလမ်းမှာ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆေးနည်းမဟုတ်၊ သဘာဝနှင့်သက်ဆိုင်သော ဒဿနခံယူချက်တစ်ရပ်မျှသာ ဖြစ်သည်။ ဤသို့ဆိုလျှင် အဓိပ္ပာယ်သက်ရောက်မှုမှာ-

'ပါရှား ဓလေ့ထုံးတမ်းတို့၌ ကမ္ဘာမြေအတွက် ဆောင်ရွက်ချက်များသည် သဘောတရားမျှသာ ဖြစ်သည်'

ဟု အဓိပ္ပာယ်ရလေသည်။

ဆရာသည် ကျောက်များ၊ ဆေးဖက်ဝင်အပင်များနှင့်ပတ်သက်၍ ကျမ်းပေါင်း များစွာကို ရေးသားခဲ့သည်


**ဆရာဦးဆက်ထွန်းလင်း**

**( အ ၁ ယ ၆ ပ ၃ )**

# ဟာယ်လင်နှစ်အဂ္ဂိရတ်ပညာ

(သို့မဟုတ်)

# ရှေးခေတ်အီဂျစ်အဂ္ဂိရတ်ပညာ



ဖွားသောကြောင့် ဖြစ်၏။

ပလိုင်းနီးက ဆရာကို ဤမျှ ပြင်းထန်စွာ ဆုံးဖြတ်ရခြင်းမှာ ဆရာရေးခဲ့သည်ဆိုသော ကျမ်းစာများတွင် ပါရှိသည့် အချက်အလက်များကြောင့် ဖြစ်ပေသည်။ ထိုအချက်အလက်များမှာ ပြဒါးရှင်လုံးနှင့် ဆေးပင်၊ ဆေးမြစ်များ အကြောင်း ဖြစ်၏။ အဆိုပါကျမ်းတွင် ကျိန်စာများ၊ လူ၏အရိုး၊ ရိုးတွင်းခြင်ဆီနှင့် အခြား အဆင့်နိမ့်သောဆေးဖက်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် ဆေးဝါးများအကြောင်းလည်း ပါရှိ၏။ ပလိုင်းနီး၏ စွပ်စွဲချက်များအဖြစ် အခြားအချက်များ

ဒီမိုကရေတပ်သည် အီဂျစ်နိုင်ငံတွင်ရှိသောဆရာတစ်ဦး၏ တပည့်တစ်ဦးဖြစ်ခဲ့သည်ဟုဆို၏။

ဂရိ၊ အီဂျစ်နှင့်ပါရှား အစဉ်အလာများကိုလွှမ်းခြုံထားသော ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပုံပေါ်လေသည်။ ထိုဆရာ၏ ပါရှားသိပ္ပံပညာသည် ဘိုလော့ဒီမိုကရေတပ်၏အဂ္ဂိရတ်ပညာကို မည်မျှလွှမ်းမိုးနိုင်ပါသနည်း။ ထိုကျမ်း၌ ရေးသားထားမှုကို ဆန်းစစ်ရပါမူ သူ့ခေတ်က ဆရာဖြစ်သူသည် သူ့တပည့်များအား 'သဘာဝကိုစုစည်းမှု သဘောတရားများ' ကို ပို့ချပေးခြင်းထက် ဘာမှပို၍မလုပ်ခဲ့ချေ။

ကျော်ကြားခဲ့၏။ အဂ္ဂိရတ်ပညာ ခြေခံအုတ်မြစ်ဖြစ်သော သတ္တုများ ဂြိုဟ်များ၏ ညီမျှမှုသဘောတရား ရာအတွေးအခေါ် သည် မှော်ဝင်အ အခေါ် နှင့် ပူးပေါင်းထားသော အ အခေါ်ဖြစ်လာသည်။

အသေအချာသိရန် နည်း မရှိပါ။ ဘိုလော့ခေတ်ကတည်း ပညာရပ်များသည် ဆီးရီးယား၊ လိုနီးယားနိုင်ငံများတွင် ရှင်သန် ဖြစ်၏။ အကယ်၍ ထိုသို့ မချုပ်ငြိမ်း ရှိခဲ့လျှင် ဘိုလော့သည် ထိုပညာ ၏လုပ်နည်းလုပ်ဟန်အချို့ကို ယ



www.burmeseclassic.com

www.burmeseclassic.com

…ရ ထိတွေ့ သုံးသပ်ခဲ့ပေလိမ့်မည်။ …ဇက်တွင်မူ ဂရိ ခလေ့ထုံးတမ်းဆိုင်…အဂ္ဂိရတ်ပညာသည် ဆရာ၏နည်း…မှ ခွဲထွက် ထူးချွန်ခဲ့၏။ ၎င်းသည် …လမ်းခရီးဖြင့် သယ်ယူလာသော …အတွေးအခေါ်ဖြစ်ပြီး အီဂျစ်တို့၏ …တွေးအခေါ်လည်း ဖြစ်၏။ အီဂျစ်၏ …တွေးအခေါ်ကား ကုန်းလမ်းမှသယ် …ဆောင်လာသည့်အတွေးအခေါ်ဖြစ်၏။

ပထမတွင် ရုပ်ဝတ္ထုကို အရည်ထဲ …နှစ်သည့်သဘောတရားကို လက်ခံ၏။ …ပေါင်းဖိုထဲတွင်ထည့်၍ အပူပေးနေစဉ် …အရည်ကို ခန္ဓာကိုယ်မှစုပ်ယူသည့် သဘောတရား ဖြစ်၏။

ဒုတိယနည်းမှာ ရုပ်ဝတ္ထုကို ဖိုထဲ …ထည့်၍ ၎င်းတွင်ပါရှိသည့် အငွေ့ပြန် …ဓာတ်အားလုံးကုန်သည်အထိ အပူပေး …ထိုဓာတ်များကို ခန္ဓာကိုယ်ကစုပ် …ယူရမည် ဖြစ်၏။ ပါရှားနည်းကို အီဂျစ် …တို့ သွတ်သွင်းခဲ့သည့်အတွက် ဘိုလော့ …ကျော်ကြားခဲ့၏။

အီဂျစ်နိုင်ငံ၏ ကျော်ကြားသည့် အဂ္ဂိရတ်ပညာရှင်များစာရင်း၌ အမျိုး…သမီးများစွာ ပါဝင်လေသည်။ ၎င်းတို့မှာ …မာရီယာပရိုဖာတီစာ၊ ကလီယိုပါထရာ၊ …သီယိုဆီဘီယာ၊ ပက်နိုတီယာတို့ ဖြစ်၏။ ဤအချက်ကား အီဂျစ် အဂ္ဂိရတ်ပညာ…၏ လုံးဝ ထူးခြားသော အချက်တစ်ရပ် ဖြစ်၏။ ထို့နောက်တွင် အဂ္ဂိရတ်ပညာ သည် အမျိုးသားများနှင့်သာသက်ဆိုင် သည့်ပညာရပ် ဖြစ်လာ၏။ ဤသို့ဖြင့် အေဒီ ၁၅ ရာစု ရောက်သောအခါတွင်မှ နောက်ထပ် အမျိုးသမီး အဂ္ဂိရတ်ပညာ…ရှင်ကို တွေ့လာရ၏။ ၎င်း၏အမည်မှာ …နီလား ဖြစ်ပြီး ၎င်းသည် ပါရှား အဂ္ဂိ…ရတ်ပညာရှင် နီကိုလပ်ဖလာမင်း၏ဇနီး လည်း ဖြစ်၏။

အဂ္ဂိရတ်ပညာရှင်အမျိုးသမီး မာ…ရီယာ၏အမည်ကို အေဒီ ၃ ရာစုက …ပေါ်ထွက်ခဲ့သည့် ပညာရှင် ဇိုဆီမော့က ကြောခဏ ဖော်ပြခဲ့၏။ ဇိုဆီမော့ ရှင်း…ပြသလိုပင် မာရီယာသည် ရှေးဟောင်း ခေတ်အုပ်စုဝင်ဖြစ်ပြီး ကြီးကျယ် မြင့်…မြတ်သော အသိုက်အဝန်းမှလည်း ဖြစ်…၏။ သူမသည် မိုးဇက်၏နှမ ဖြစ်သည် ဟုလည်း ဆို၏။ သို့သော် သူ့ခေတ်နှင့် …မိုးဇက်၏ခေတ်ကား ကွာနေသည်။ ထို့ ကြောင့် မာရီယာသည် မိုးဇက်၏နှမ မဖြစ်နိုင်ချေ။ အလားတူပင် ဆရာက မာရီယာသည် ပါရှားတို့၏ မြင့်မြတ် သောပညာတွင် ပါဝင်ခဲ့သည်ဟု ဆို၏။

ထို့ကြောင့် မာရီယာသည် ဂျူးလွှမ်းမိုးမှု လည်း ခံရပေမည်။

အီဂျစ်နိုင်ငံတွင် ဟယ်လင်နစ် ခေတ်က ဂျူးတို့၏မော်ဝင်ပညာကို အ လေးအနက်ပင် အထွတ်အမြတ်ထားခဲ့ ကြ၏။ အိတ်ဇိုဒပ်အမည်ရှိ ဟီဘရူးကျမ်း၌ဖော်ပြထားသည်မှာ မိုးဇက်နှင့်အေရွန် သည် အီဂျစ် ဖာရို၏မော်ပညာများကို အောင်နိုင်ခဲ့ကြသည်ဖြစ်၏ဟု ဆိုထား သည်။

ထိုခေတ်က မိုးဇက်တွင် မော်ဝင် အတတ်နှင့် နက္ခတ္တဗေဒ ပညာရပ်ကို သင်ကြားတတ်မြောက်ပြီးသား ဖြစ်၏ ဟု ဆိုထားသည်။ ထို့အတူ ဆော်လမွန် မှာမူ ကျိန်စာနှင့် ကဝေပညာဆိုင်ရာ နည်းပညာကျမ်းကို ရေးသားပြုစုခဲ့သူ အဖြစ် ကျော်ကြား၏။ ထိုခေတ်တွင် ပေါ်ပေါက်ခဲ့သည့် အဂ္ဂိရတ်နည်းပေါင်း များစွာမှာ မိုးဇက်နှင့်ဆိုင်သည်ဟု ယုံ ကြည်ထားကြ၏။ အခြားသော ပုဂ္ဂိုလ် များမှာ အေဘရာဟမ်၊ အိုင်စစ်ဂျက် ကော့နှင့် ဟိုဆာဘုရင်တို့ ဖြစ်၏။

မာရီယာ ပရိုဖာတီဆာသည် မိုး ဇက်၏နှမ မဟုတ်သော်လည်း ထိုခေတ် ထိုအခါက တကယ်ရှိနိုင်သည်ဟု ယူဆ ကြ၏။ သူမရေးသားခဲ့သမျှတွင် အနည်း အကျဉ်းသာ အထောက်အထားကျန်ရစ် ခဲ့၏။ ထိုရေးသားချက်များကို နောက် ပိုင်းခေတ် အဂ္ဂိရတ် ပညာရှင်များ၏ လက်ဆင့်ကမ်းမှုကြောင့် ယနေ့ထက် တိုင်အောင် တွေ့ထိ သိရှိနေရ၏။ သို့ သော် သူမသည် ဓာတုဗေဒနှင့်အဂ္ဂိရတ် ပညာသမိုင်းဆိုင်ရာ ပညာရှင်များနှင့် ဆန့်ကျင်ဘက် ဖြစ်၏။ သူမသည် ဒဿ နနှင့်ဥပဒေသဆိုင်ရာ လုပ်နည်းလုပ်ဟန် များကို ကောင်းစွာနားလည်သူ ဖြစ်ရ မည်၊ အကြားအမြင်ပါရမီအတွက်လည်း ဖြစ်နိုင်ပေသည်။ သူမသည် ဓာတ်ခွဲခန်း ကိရိယာများကို တီထွင်သူအဖြစ်လည်း ကောင်း၊ အရေးပါသည့် လုပ်ထုံးလုပ် နည်းများစွာကို တီထွင်ခဲ့သူအဖြစ်လည်း ကောင်း ကျော်ကြားခဲ့၏။

ဇိုဆီမော့၏အဆိုအရ သူမသည် ကတော့ (၃) ခုပါသည့် ကိရိယာကို လက်ခံထုတ်ဖော်ခဲ့၏။ ကတော့ (၃) ခု ပါသည့် ပေါင်းဖိုကြီးကို မည်သို့မည်ပုံ ဆောက်လုပ်ရမည်ကိုလည်း သင်ကြား ပို့ချပေးခဲ့၏။ ထိုပစ္စည်းများကို ပြုလုပ် နည်း၊ သုံးစွဲနည်း စသည်တို့ကို သရုပ် ဖော်ပုံများဖြင့်ပင် ပြသနိုင်ခဲ့ပေသည်။ ဘာသာစကားသုံးစွဲပုံနှင့် ပတ်သက်၍ သူမသည် မီးဖိုချောင်အသုံးအဆောင် များကို ကောင်းစွာကျွမ်းကျင်ကြောင်း သိရ၏။ ဥပမာ- ထိုကတော့ (၃) ခုပါ ကိရိယာကို ပြုလုပ်ရန်အတွက် လိုအပ် သောကြေးနီမှာ မီးဖိုချောင်သုံး ဒယ်ပြား ထက် အနည်းငယ်သာ ပိုထူလေသည်။ အဆက်အစပ်နေရာများအား ဂျုံမှုန့်ကို ရေဖြင့်နှဲ၍ပိတ်ရမည် ဖြစ်၏။

ဒေါင်လိုက်ထည့်ရသည့် ကြေးနီ ပိုက်၏ကျေးဇူးကြောင့် နောင်သောအ ခါတွင် 'ဗာရီယန်မာရီယာ' ဟူသော ဓာတ်ခွဲခန်းသုံးကိရိယာ ပေါ်လာ၏။ ဤကိရိယာကြောင့် အရည်ကို အပူ ပို၍ ပေးနိုင်ပြီး အမြန်လည်း ဆူပွက်စေနိုင် သည်။ ဗိန်းမာရီ ဟူသော ဝေါဟာရကို ယနေ့အထိ သုံးစွဲနေကြပြီး ၎င်းမှာ ရေ နွေးထည့်ထားသည့် အိုးပြား ဖြစ်၏။ ထို အိုးထဲသို့ အခြားအိုးငယ်များကို ထည့်၍ စားစရာနှင့် အခြားပစ္စည်းများကို ထည့် ပြီး အပူပေးနိုင်သည်။

ထိုဂျူးအမျိုးသမီးသည် ဖိုရှုံလုပ် ငန်းဆိုင်ရာနှင့်ပတ်သက်လျှင် သူမသည် ကောင်းစွာနားလည်သဖြင့်သာ တီထွင် နိုင်ကြောင်း သိသာထင်ရှားလှပါသည်။ ထို့အပြင် အဂ္ဂိရတ်ပညာရပ်ဆိုင်ရာ ဒဿန၊ ဥပဒေသတို့ကို ကျွမ်းကျင်သူ ဖြစ်သည်။ ၎င်းတို့ကို မာရီယာက စတင် ကျင့်သုံးခဲ့၏။

သဘာဝတွင် သူမ သတိပြုမိ သည်မှာ ရေသည် ရေခိုးရေငွေ့အဖြစ် အပေါ်သို့ တက်ရောက်လာပြီး မိုးရေ အဖြစ် ပြန်လည်၍ရွာသွန်းကြောင်းပင် ဖြစ်၏။ ထိုဖြစ်ရပ်ကိုကြည့်၍ သူမသည် အဂ္ဂိရတ်ဖိုတွင် ရေနွေးငွေ့၏ မြင့်တက် လာပုံနှင့် နိမ့်ကျသွားပုံကို သုံးသပ်ခဲ့၏။ အကြီးနှင့်အသေးကို ပြန်လည် တွေး တော၍ မာရီယာသည် ဓာတ်ခွဲခန်း အတွင်း လျှော့ချသည့်နည်းကို တွေးဆ ခဲ့သည်။ မိုးကိုဖြစ်စေသော (ဝါ) မိုးရွာ စေသော သဘာဝဖြစ်စဉ်ကို သုံးသပ်ခဲ့ သည်။

၎င်းနှင့်ခေတ်ပြိုင် အခြားအမျိုး သမီးတစ်ဦးမှာ ကလီယိုပါထရာဖြစ်၏။ သူမသည် အီဂျစ်ဘုရင်မ ဖြစ်သည်။ အ လှဘုရင်မနှင့် မမှားစေလိုပါ။ ၎င်းကလီ ယိုပါထရာသည် နာမည်ကျော် ဘုန်း တော်ကြီး ကိုမာရီယော့၏တပည့် ဖြစ် သည်။ ထိုပုဂ္ဂိုလ်ထံမှ အဂ္ဂိရတ်ပညာ၏ လျှို့ဝှက်ချက်ကို သင်ယူတတ်မြောက်ခဲ့ ၏။ သူမ၏ပတ်ဝန်းကျင်တွင် သူမသည် ကမ္ဘာလောကနှင့် ကမ္ဘာမြေပြင်တို့အား



www.burmeseclassic.com

www.burmeseclassic.com

သူမ ရှုမြင်ပုံကို ဖွင့်ဟပြောကြားခဲ့၏။ သူမ၏ထူးခြားသောဒဿနမှာ ရုပ်ဝတ္ထုများကို ဘဝအသစ်သို့ ပြောင်းလဲ ဖန်တီးပေးနိုင်သော 'အကွာဒီဗီးနား သဘောတရား' ကို သူမက ဟောကြားခဲ့၏။

ကလီယိုပါထရာက အပင်များ၊ ကျောက်များ၊ သတ္တုများ စသည့် ၎င်းတို့ကိုစုပေါင်း၍ ဖိုထဲတွင် မီးအပူပေးကာ အားလုံး ရောနှောသွားသည်အထိ အပူပေးရမည်။ အပူပေးနေချိန်တွင် ဤအရာဝတ္ထုများသည် သဘာဝနည်းကျ ပြောင်းလဲပြီး တဖြည်းဖြည်း ကြီးထွားဖွံ့ဖြိုးလာပုံမှာ မိခင်၏သားအိမ်အတွင်း သန္ဓေသားဖွံ့ဖြိုးပုံနှင့် တူ၏။ ၎င်းတို့၏ ရင့်ကျက်ခြင်းနှင့် ကြီးထွားတိုးတက်လာပုံသည် သားအိမ်အတွင်းမှမွေးဖွားလာခါစ ကလေးငယ်နှင့်တူ၏။

မွေးဖွားပြီးနောက် ၎င်းကိုကြည့်ရှုစောင့်ရှောက်၍ အစားအစာကျွေးမွေးရမည်။ ဆိုလိုသည်မှာ သန္ဓေသားကို မွေးဖွားပြီးနောက် မိခင်သည် ထိုသားငယ်အား ပြုစုစောင့်ရှောက်ခြင်းနှင့်အတူ အစာရေစာ တိုက်ကျွေးရမည်ဟု ဆိုလိုသည်။

ကလီယိုပါထရာက အဂ္ဂိရတ်ဆရာအား သင်ကြားပေးပုံမှာ အကယ်၍ ဖိုထဲတွင် အိုပတ် (Opus)၊ စိန်နှင့်အခြား အရာဝတ္ထုများကို ရောနှော၍အပူပေးပါက ထိုပစ္စည်းများသည် နောက်ဆုံးတွင် ရုပ်ပိုင်းသာမက ဝိညာဉ်ပိုင်း၊ နာမ်ပိုင်းအထိပါ ရောနှောသွားမည် ဖြစ်၏။

ဤဓာတ်များကို စုပေါင်းမှုဖြင့် ရရှိသောအရာသည် ငွေသတ္တုဖြစ်ပါက ထိုပစ္စည်းသည် ဘုရင်များနှင့်သာ သင့်လျော်သည့် ရွှေအဖြစ်သို့ရောက်ရှိရ၏။ ကလီယိုပါထရာက ဤလုပ်ရပ်သည် ရုပ်ပိုင်းအရ ဓာတ်များကိုရောနှောခြင်းနှင့်အတူ ဝိညာဉ်ပိုင်းအရ ၎င်းဓာတ်များ၏ နာမ်တို့ကို သီးခြားခွဲထုတ်ပစ်ခြင်းဟုဆို၏။

ဒုတိယကိစ္စတွင် ရည်ရွယ်ချက်မှာ နာမ်ပိုင်း၊ ဝိညာဉ်ပိုင်း အားလုံးကို ရောနှောစေရန်ပြုလုပ်ရ၏။ ဤကိစ္စအောင်မြင်ပါက ခန္ဓာကိုယ်တွင်းရှိ မှောင်မိုက်သော အကျဉ်းထောင်သည် ခန္ဓာကိုယ်ကို စွန့်၍ ထွက်ခွာသွားတော့၏။

ခန္ဓာကိုယ်သည် ကောင်းမြတ်ခြင်း ဝိညာဉ်တို့ဖြင့်ပြည့်နေသည်ဟု ယုံကြည်ထား၏။ ခန္ဓာကိုယ်တွင် နေ့စဉ် စားမျိုနေရသော အာဟာရမှတစ်ဆင့် ဓာတ်ပေါင်းသွားသည့် သတ်စောင့်အားများကို ကျေးဇူးတင်ရပေမည်။

ကိုမာရော့၏ကျမ်း၌ ရှင်းလင်းဖော်ပြထားပုံမှာ ဤသို့ ဖြစ်၏။

'တစ်ခုတည်းသော စာမျက်နှာပေါ်၌ တစ်ကြောင်းတည်းကိုသာ ပြဆိုထား၏။ အဂ္ဂိရတ် ထုံးတမ်းစဉ်လာ၏ လေးဖက်လေးတန် အုတ်မြစ်ကို ပြဆိုထား၏။ သတ္တုများကို အဂ္ဂိရတ်နည်းကျ ပုံစံပြောင်းလဲခြင်းများ၊ မိခင်၏သားအိမ်တွင်း၌ သန္ဓေသား၏ဖွံ့ဖြိုးကြီးထွားပုံ၊ လိင်ပိုင်းဆိုင်ရာ မပြည့်စုံမှုကို သင်္ကေတသဘောဖြင့်စွန့်စားခြင်း၊ ရုပ်ပိုင်း၊ဝိညာဉ်ပိုင်းအဖြစ် ပြဆိုနိုင်သည့် အဂ္ဂိရတ်ဆိုင်ရာစာပေများကို နှစ်မျိုးနှစ်စားရေးသားဖော်ပြခြင်း၊ ဒုတိယနည်းသည် ဝိညာဉ်အလင်းအတွက် လမ်းကြောင်းဖြစ်ခြင်း၊ ဟာမစ်တစ်ဂျိနီတစ်ဇင်အရ ၎င်းသည် အသက်အတွက် ဆေးဖြစ်သည် ဟူသော အယူအဆဖြင့် ပန်းတိုင်ကိုရရှိနိုင်သည်'

ကလီယိုပါထရာအတွက် အောင်မြင်မှုလက္ခဏာသည် ရုပ်ပိုင်းခန္ဓာဖြစ်ပြီး အသက်ဓာတ်ဖြင့် ပြည့်နေသည်။ အမှောင်ဝိညာဉ်နှင့်အနံ့တို့ထွက်လာသောအခါ ခန္ဓာကိုယ်တွင် အသက်ဓာတ်ပြည့်နေသည်။ ဤသို့ဖြင့် ဝိညာဉ်ကလည်း ပျော်ပိုက်နေသည်။ အသက်ဓာတ်တို့ဖြင့် ပြည့်နေသည့် ရုပ်ခန္ဓာသည် ယခုအခါတွင် ဤသို့ ဆို၏။

'ဟာဒီ၏ သေကွင်းမှုန်းထဲ...အမှောင်ထုထဲမှ ထွက်လာလော့၊ အ...ကြောင်းမှာမူ သင်သည် ဝိညာဉ်ပိုင်းဆိုင်...ရာ မြင့်မြတ်သောသဘာဝကို ရရှိပြီ...သောကြောင့်တည်း။ ပြန်လည်ရှင်သန်...အသံသည် စကားပြောလာပြီ၊ အသက်...၏ဆေးဝါးသည်လည်း သင့်ကိုယ်တွင်း...သို့ ဖောက်ထွင်း ဝင်ရောက်သွားပြီ'

သူ့ကိုယ်ထဲတွင် အဂ္ဂိရတ်ပ...ရှင်ကိုယ်တိုင် ရှာဖွေသည့် ပြန်လည်ရှင်...သန်မှု၊ အသက်ဆေးဝါးအဖြစ် သုံး...ဆင်ထားသမျှသည် လည်းကောင်း ထိုး...တို့သည် အဆင့်တစ်ခုမှ ပို၍ မြင့်သော...အဆင့်သို့တက်လှမ်းရာတွင် လှေကား...ထစ်များ ဖြစ်၏။ သိမှုအဆင့်တစ်ခု...တစ်ခုသို့ အရည်အသွေးအားဖြင့် မြင့်...မားသော အာရုံစူးစိုက်မှုဖြင့် ပြောင်း...သွားခြင်း ဖြစ်၏။

အဂ္ဂိရတ်ဆရာနှင့် သူ ပြင်ဆင်...ထားသည့် အသက်၏ဆေးများအတွက် အောင်မြင်မှုမှာ ကိုယ်တွင် ရုတ်တရက် အသက်ဓာတ်ပြည့်ဝလာခြင်းပင် ဖြစ်...သည်။ ရုတ်တရက် အသက်ဓာတ်ပြည့်...လာသည် ဆိုသည်မှာ ဘာကိုဆိုလို...သနည်း။





www.burmeseclassic.com

www.burmeseclassic.com

ကိုမာရေး၏ကျမ်းတွင် တွေ့ရသည်မှာ-

'ရှေးခေတ်စာပေများ၌ ဖော်ပြထားသည်မှာ ခန္ဓာကိုယ်၊ ဝိညာဉ်၊ နာမ်၊ အသက် ၎င်းတို့ အသီးသီးပေါ်လာ၏။ ၎င်းမှတစ်ဆင့် နာဓာတ်၊ ပြဒါးဓာတ်၊ ဆန်းဓာတ်၊ မလှုပ်ရှားတော့သော ဓာတ် (ဓာတ်သေ) တို့ ပေါ်လာသည်။ 'မီး' ဟူသော ဝေါဟာရ၏ဘေးတွင် ဓာတ်သေ ကန့်သည် ပေါ်လာ၏။

ဓာတုအဂ္ဂိရတ်နှင့် ပတ်သက်၍ အသက် ဟူသော သဘောတရားသည် နှင့်တွဲဖက်နေသည်ဟုယူဆရပြီး ချက်ချင်းမှုကြောင့်ဖြစ်ပေါ်လာသည့် ကိုယ်ကိုယ်သွေးကို ကြည့်၍ သိနိုင်၏။ တစ်အဂ္ဂိရတ်နှင့် ပတ်သက်၍ အတစ်ပါးကိုလည်း ကြည့်ရမည်။ အို၏ ဟူသည့် အက္ခရာ၏အဖွင့်ဇိုကာတွင် လူသားတို့၏ဖခင် 'အဒမ်' သည် မရောက်မီက သဘာဝသည် လောဟန် ဖြစ်သည်။ ဂျိုနိုစစ်၏အရေးအသားအရ ဤအယူအဆသည် အဂ္ဂိရတ်ဆရာများထံ လက်ဆင့်ကမ်း ရောက်ရှိလာ၏။

ထိုကျမ်းများ၏အဆိုအရ အဒမ်သည် လူသားလွန်ပုဂ္ဂိုလ်မှ ဆင်းသက်လာသူတစ်ဦး (သို့မဟုတ်) ယခုမှစတင်၍ ပေါ်ပေါက်လာသူတစ်ဦးအဖြစ် ရောက်ရှိခဲ့ရလေသည်။ ကလီယိုပါထရာ၏ အဂ္ဂိရတ်ပညာအရ အသက်၏ အားကြောင့် ပြန်လည် ရှင်သန်လာပြီး အဒမ်ရရှိခဲ့သည့် ဝိညာဉ်ဆိုင်ရာပျော်ရွှင်မှုကို ဖြစ်စေခဲ့သည်။ သက်ရှိလူသားတစ်ယောက်အဖြစ် စတင်ခဲ့လေသည်။ အသက်၏အစုအဝေး၊ ဝိဉာဉ်၏အစုအဝေးတို့သည် ဂရိ၊ အီဂျစ် အဂ္ဂိရတ်ပညာကသာအသုံးပြုခဲ့သည် မဟုတ်ပေ၊ လူသား၏အခြေအနေကို အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် အခြား လူသားများကလည်း သုံးစွဲခဲ့ကြ၏။ ကိုယ်ရောင်ကိုယ်ဝါ ဉာဏ်ပညာကိုရရှိသူ လူသား ဟူ၍ အသုံးပြုကြ၏။

အရှုတ္တိကတွင် အလင်းရောင် ထွက်ပေါ်လာသောအခါ ထိုလူသား၏ ခေါင်းလုံးသားသည် ပေါ့ပါး၏။ သူ့ခန္ဓာကလည်း ပေါ့ပါး၏။ ရုပ်ပိုင်းဆိုင်ရာ အမြင်အကာသဘောသည်လည်း ပေါ့ပါး၏။ သူ၏အကြားအမြင်၊ သူ၏လက်, ခြေ၊ သူ၏ဗဟိဒ္ဓ,အဇ္ဈတ္တ အားလုံး ပေါ့ပါးနေ၏၊ သူ၏ခံတွင်းနှင့်လျှာတို့လည်း ပေါ့ပါး၏။ ဂမ္ဘီရပညာရှင်တစ်ဦးက ဆိုခဲ့ဖူး၏။

ကိုမာရေးကျမ်းတွင် ဖော်ပြထားသည့် အဂ္ဂိရတ်ပညာသည် လေဒင်နှင့် စတော့ဟုမ်းတို့မှ ရရှိသော အဂ္ဂိရတ်ပညာနှင့်ကား များစွာ ခြားနားနေ၏။ ဘိုလော့ဒီမိုကရေတပ်နှင့် ကလီယိုပါထရာတို့နှစ်ဦး တီထွင်ခဲ့သည့် လမ်းစဉ်အရ ၎င်းစနစ်တွင် မှော်ပညာနှင့်ဘာသာရေး ရောယှက်နေပြီး ကလီယိုပါထရာ၏ပို့ချချက်များကလည်း ရုပ်၊ ဒြပ်တို့ကို ကိုင်တွယ်သည့်နည်းလမ်း ပါရှိ၏။ ထို့အပြင် စကြဝဠာဆိုင်ရာ စစ်မှန်သော ဒဿန အမြင်ဖြင့်တိုးတက်လျက်ရှိပြီး ၎င်းကိုပင် အင်အားစုတစ်စုက စိုးမိုးချုပ်ကိုင်ထား၏။

အဓိက အကြောင်းအရာသည် သေဆုံးခြင်းနှင့် ပြန်လည်မွေးဖွားခြင်း ဖြစ်၏။ ထိုအရာသည် မီးတွင်အသွင်ပြောင်းသွားသော အရာဝတ္ထုကိုသာ ရည်ညွှန်းပြောဆိုသည် မဟုတ်ဘဲ ကာယကံရှင်ကိုယ်တိုင်ကိုလည်း ရည်ညွှန်းဆိုလိုလေသည်။ ဤကိစ္စ၏ဒဿနသဘောတရားမှာ နာမ်ကို ဖျက်ဆီးခြင်း၊ ပြီးလျှင် သန့်စင်စေခြင်း၊ ထို့နောက် ပြန်လည်ရှင်သန်လာစေခြင်း ဖြစ်၏။ ဤသို့ဖြင့် ခန္ဓာကိုယ်သည် မြင့်မြတ်သော အဆင့်အတန်းသို့ရောက်ရ၏။

ဤအဆင့်၊ ဤအချိန်တွင် ဟယ်လင်နစ် အဂ္ဂိရတ်ပညာသည် ဂျိုနိုစတစ် အဂ္ဂိရတ်၏ ကျဆုံးမှုတစ်ရပ် ဖြစ်နေ၏။ လူနှင့်ဘုရားသခင်တို့၏သဘာဝကို စူးစမ်းရှာဖွေရန် နည်းလမ်းတစ်ခု ဖြစ်၏။ အေဒီ ၂ ရာစုနှစ်များတွင် ဂရိ ရောမခေတ်၌ ဂျိုနိုစတစ်အဂ္ဂိရတ်သည် ထွန်းကားခဲ့၏။ သာဓကအားဖြင့် အီဂျစ်နိုင်ငံတွင် ဂျိုနိုစတစ်ရှိခဲ့ဖူး၏။ ထိုစနစ်ကား အဂ္ဂိရတ်ပညာကိုအားပေးသူ ဟာမီးထရိုင်မီဂတ်၏ ဝိဝါဒစနစ်ကို ပြန်လည်ဖော်ညွှန်းထားခြင်း ဖြစ်၏။

ဟယ်လင်နစ်ခေတ် မတိုင်မီကာလက အီဂျစ်နိုင်ငံ နတ်ကွန်းများရှိ ဘုန်းတော်ကြီးတို့၏ တာဝန်တစ်ရပ်မှာ ကောင်းကင်ကို လေ့လာရန် ဖြစ်သည်။ ရည်ရွယ်ချက်မှာ နက္ခတ္တဗေဒအချက်အလက်များကို စုဆောင်း၍ ပြက္ခဒိန်ကို ပြည့်စုံစေရန်နှင့် လူသားတို့၏ မနုဿရေးရာ ကိစ္စရပ်များတွင် ဂြိုဟ်၊ နက္ခတ်၊ ကြယ်တာရာတို့၏ ဂမ္ဘီရ အကျိုးသက်ရောက်မှုကို နားလည်စေရန်လည်း ဖြစ်သည်။

သတ္တုတူးဖော်ရေး နည်းစနစ်များ၊ သတ္တုကျွမ်းကျင်မှု အတတ်ပညာများကဲ့သို့ပင် (၁၂) ရာသီ ဇာတာခွင်ဆိုင်ရာလျှို့ဝှက်ချက်များပါရှိသော တောက်ဒီးပေစာများကို ပြတိုက်တွင် လုံခြုံစွာသိမ်းဆည်းထားရှိ၏။

ဟယ်လင်နစ် အဂ္ဂိရတ်ပညာရှင်များ အီဂျစ်သို့ ပထမဆုံးရောက်ရှိချိန်ဖြစ်သည့် တော်လမီခေတ်အတွင်းမှာပင် နက္ခတ္တဗေဒကျမ်း အများအပြားကို ဂရိဘာသာသို့ပြန်ဆိုခဲ့ပြီး သော့သ်နတ်မင်းကို ပူဇော်ခဲ့၏။ အိုင်ဘစ်ဦးဆောင်သော နတ်များ ဖြစ်၏။ အိုင်ဘစ်နတ်ကို အီဂျစ်တစ်နိုင်ငံလုံးက လနတ်သားအဖြစ် ကိုးကွယ်ကြ၏။ ၎င်းနတ်မင်းသည် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များ၊ ဉာဏ်ပညာ၊ တီထွင်မှုနှင့်မှော်ပညာ၊ နတ်ဘုရားတို့၏မှတ်တမ်းများကို ထိန်းသိမ်းသူအဖြစ် သတ်မှတ်ကိုးကွယ်ကြ၏။

၎င်းတို့သည် တဖြည်းဖြည်းနှင့် ဟာမစ်တစ် အစုအဝေး ဖြစ်လာသည် အထိ အရေအတွက် များပြားကြီးထွားလာခဲ့၏။ ထိုအခါ သော့သ်နတ်မင်းနှင့်လည်းမဆိုင်တော့ပေ။ သို့သော် ဂရိများက အကင်းပါးစွာဖြင့် သော့သ်နှင့် ၎င်းတို့၏နတ်ဘုရားဆင်တူပုံကို သတိပြုမိလာကြ၏။

ထို့ကြောင့် အဆိုပါနတ်နှစ်ပါးတို့ စုပေါင်း၍ 'သော့သ်ဟာမီး' ဟု အမည်တပ်ကာ ကိုးကွယ်ခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ယဉ်ကျေးမှုသည် ပြောင်းလဲလာ၏။ ထိုအရှေ့တိုင်းဆိုင်ရာနတ်များသည် ဝေးလံသော အတိတ်ကာလမှ သာမန် သူရဲကောင်းများသာ ဖြစ်သည် ဟူသော အယူအဆ ပေါ်ထွက်လာ၏။ ၎င်းတို့သည် ဉာဏ်ပညာနှင့်ထင်ရှားမှုကြောင့် နတ်လောကမှ အသိအမှတ်ပြုခြင်းကိုခံရသူများသာဖြစ်သည်ဟု ဆို၏။

အီဂျစ်တို့သည် သော့သ်ဟာမီးကို လူသားဖြစ်စေပြီး ဟာမီးကိုကား တန်ခိုးသုံးဆကြီးသည့်နတ်ဟု ဆိုကြသည်။ ဟာမီးအား အီဂျစ်တို့၏အဂ္ဂိရတ်ပညာ၊ ဂမ္ဘီရပညာတို့၏ သမိုင်းဝင်တည်ထောင်သူအဖြစ် သတ်မှတ်ခဲ့ကြ၏။ ၎င်း၏အရေးပါသောကျမ်းများအဖြစ် နက္ခတ္တဗေဒ၊ မှော်ဗေဒ၊ ဂမ္ဘီရသိပ္ပံနှင့် အခြား ဂမ္ဘီရ ဒဿနပညာရပ်များကို ၎င်းက စတင်ရေးသားခဲ့သည်ဟု အဆိုရှိခဲ့၏။

အလက်ဇန္ဒြီးယားမြို့မှ ကလီးမင်သည် ဟာမစ်ကျမ်းပေါင်း (၄၂) ကျမ်း ရှိကြောင်း ဖော်ပြခဲ့၏။ ထို့အပြင် ၎င်းကျမ်းတို့ကို သော့သ်ဟာမီး၏တပည့်တအထူးကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုလေသည်။

နောက်ပိုင်း ကျမ်းပြုသူများအ



www.burmeseclassic.com

www.burmeseclassic.com

ဟာမီးကို ထို့ထက် ပိုထင်ရှားစေ၏။ ထိုရေးသားချက်များအရ ထိုခေတ်တွင် သူ့နာမည်နှင့် ကျမ်းပေါင်း များစွာသည် ပေါ်ထွက်ခဲ့၏။ ထိုစာပေတို့၏ အနည်းငယ်မျှသော အစိတ်အပိုင်းသာလျှင် အနောက်တိုင်းသို့ ရောက်ရှိခဲ့၏။ သို့ရာတွင် ရှေးအကျဆုံးသောကျမ်းများသည် မှော်ဝင်ကျမ်းနှင့် နက္ခတ္တကျမ်းများ ဖြစ်သည် ဟူသော အချက်ကိုကား ကျွန်ုပ်တို့ သိရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ၎င်းတို့အနက်မှအချို့ကျမ်းများမှာ ဘီစီ ၃ ရာစုခေတ်က ဖြစ်ပေသည်။

ဒဿနနှင့် ဂမ္ဘီရဆိုင်ရာ အရေးအသားများသည် ဘီစီ ၂ ရာစုနှင့် ၃ ရာစုခေတ်တွင် ပေါ်ပေါက်ခဲ့ကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ သိထားသော ဂမ္ဘီရဒဿန ဟာမီးကို အုပ်စု (၃) စု ခွဲထားခြင်း ဖြစ်၏။

၁။ ASCLEPUS အလယ်ခေတ် လက်တင်ဘာသာဖြင့် ဖော်ပြထား၏။ ပျောက်ဆုံးနေသော ဂရိ မူရင်းကျမ်းကြီးကို ပြန်လည်ရေးသားထားခြင်း ဖြစ်၏။

၂။ CORPUS HERMETICUM ကျမ်းမျိုးစုံ (၁၇) မျိုး ပါဝင်သည်။

၃။ ANTHOLO GKM ဂရိလူမျိုး စာပေပညာရှင် စကိုယပ်သည် အေဒီ ၅၀၀ က စုဆောင်းတင်ပြခဲ့ခြင်း ဖြစ်၏။ ထိုစာစုတွင် စကားလုံးဝေါဟာရများစွာကို ထိန်းသိမ်းထားသည်ကို တွေ့ရှိရ၏။

ထိုပျောက်ဆုံးနေသော ဝေါဟာရများပေါ်လာခြင်းနှင့် ပျံ့နှံ့ခြင်းတို့သည် အေဒီ ၂ ရာစုအတွင်း ဂရိဒဿန၏ ကျဆုံးမှုရလဒ်တစ်ခု ဖြစ်၏။ ၎င်းသည် အခြား ပုံသဏ္ဌာန်ရှိသော သုတများကို ရှာဖွေရန် လူသားတို့အား တွန်းအားပေးခဲ့၏။

ရှေးကျသော ဂရိ၊ ရောမ ဘာသာရေးအယူအဆများဖြစ်သည့် သေခြင်းတရား၊ လူသားတို့ကို လွှမ်းမိုးသော မကောင်းဆိုးဝါး စသည်တို့အား အတွင်းစိတ်ဖြင့် ကြောက်ရွံ့ခြင်းကို လူသားတို့က ဆက်လက်မယုံကြည်တော့ပေ။ ဤသို့သော မတည်ငြိမ်မှုများမှ ခရစ်ယာန်ဝါဒ၊ ဂမ္ဘီရပညာရပ်တို့နှင့် မှော်အတတ်ပညာများတွင် စိတ်ပါဝင်စားမှုများ ပေါ်ထွန်းလာလေသည်။

အီဂျစ်နိုင်ငံ၏ အလက်ဇန္ဒြီးယားမြို့သည် ဟယ်လင်နစ်ယဉ်ကျေးမှု၏ ဗဟို ဖြစ်သည်။ ပညာရှင်တို့၏ ဗဟိုအချက်အချာလည်း ဖြစ်၏။ တည်နေရာမှာလည်း ကျော်ကြားသည့်နေရာ ဖြစ်သည်။ စာကြည့်တိုက်လည်းဖြစ်ပြီး ပြတိုက်လည်းဖြစ်သည့်နေရာတွင် ဗဟိုပြုထား၏။ ထိုနေရာသည် မြို့(စ်) နတ်ကွန်း ဖြစ်၏။ ထိုနေရာတွင် ပညာရှင်များသည် အခမဲ့ နေထိုင်စားသောက်ခွင့် ရှိရုံသာမက အခွန်အတုတ်များမှလည်း ကင်းလွတ်ကြ၏။

အေဒီ ၂ ရာစုအစတွင် အီဂျစ်၊ ဂျူး၊ ဂရိ၊ လက်တင်နှင့် ပါရှားတို့တွင် ရှေးခေတ်ဘာသာရေး အယူအဆများ ရှိနေသေးသည်။ နီယိုပလစ်တိုနစ်ဇင်ဝါဒ (ပလေတိုဝါဒသစ်) က ၎င်းတို့၏ ဒဿနအသစ်ကို ဖြန့်ဖြူးစပြုလာခဲ့၏။ ၎င်းတို့သည် ဂရိ ရှေးဟောင်းအယူအဆများနှင့် အရှေ့တိုင်း၏ဂမ္ဘီရအယူအဆများကို ငြိငွေ့ပပျောက်စေ၏။

သူတို့သည် ကိုယ့်စနစ်နှင့်ကိုယ်ကိုက်ညီသည့်ဝါဒကိုသာ လက်ခံကျင့်သုံးနေကြ၏။ သူတို့သည် ရုပ်ခန္ဓာမှ နာမ်ကိုလွတ်မြောက်စေရန် ကြိုးပမ်းကြ၏။ ထို့နောက်မှ ပီတိသုခ အတွေ့အကြုံတို့ဖြင့် နာမ်ကို မူလဘုရားသခင်ဆီ ပြန်ပို့ရန် ကြိုးပမ်းကြ၏။ တစ်ချိန်တည်းတွင်ပင် အလက်ဇန္ဒြီးယားမြို့တွင် အခြား ဒဿနအုပ်စုခွဲများ ရှိနေပေသည်။ သာဓကအားဖြင့် ချဲ့ဒင်းနက္ခတ်ပညာရှင်များ၊ ပါရှားနိုင်ငံမှ ဇိုရိုအက်စတား၏ မှော်ပညာဆိုင်ရာတပည့်များ၊ အိန္ဒိယတိုက်မှ ဗုဒ္ဓဝါဒီများနှင့် ယောဂဝါစရပုဂ္ဂိုလ်များတို့ ဖြစ်ကြ၏။

အလက်ဇန္ဒြီးယားမြို့တွင် စုပေါင်းမိကြသော အခြား ဒဿနနှင့်ဘာသာစနစ်များသည် နောက်ထပ်အုပ်စုခွဲများစွာကို ဖြစ်စေနိုင်သည်ထက်ပင် ပိုလွန်နေပေသည်။ အုပ်စုခွဲများနှင့် အတွေးအခေါ်ဆိုင်ရာဂိုဏ်းတို့ကိုလည်း မြောက်မြားစွာဖြစ်ပေါ်စေလေသည်။

လူသား၏ အဖိုးတန်အသက်ကို အတ္တတွင်ရှာဖွေရန်အတွက် ၎င်းအတွက် ဂိုဏ်းပေါင်းစုံမှ အတွေးအခေါ်ပေါင်းစုံထဲတွင် မွှေနှောက်၍ရှာဖွေကြ၏။

စကြဝဠာ၏သမီးပျိုက ရှင်းလင်းပြဆိုသည်မှာ စကြဝဠာကိုဖန်ဆင်းသည့် အနုပညာရှင် ဘုရားသခင်သည် သူ၏ကိုယ်ပိုင်ဘဝထဲမှ တစ်စုံတစ်ခုကို ထုတ်ယူ၍ အသက်၏အစကို ဖန်တီး၏။ ထိုအရာဝတ္ထုကို မီး (ဝါ) အဂ္ဂိဓာတ်ထဲ၌ အခြားသော ဓာတ်ပစ္စည်းများစွာတို့ဖြင့် ပေါင်းစပ်၍ အသက် ဟူသည့် ဇီဝက္ကန္ဒြေကို ဖြစ်ပေါ်စေခြင်း ဖြစ်၏။

ထို့နောက် အဆိုပါ နာမ်ဝတ္ထု သည် ဖန်တီးသူကိုပင် ပြန်၍အာခံ သည်။ ထို့ကြောင့် ပြစ်ဒဏ်ပေးခြင်း ၏။ ဝိညာဉ်သည် ၎င်းအား ရုပ်ဝတ္ထု ဖြင့် လွှမ်းခြုံထားသော်လည်း သူ သက်မီးပွားကို နာမ်ကထိန်းသိမ်းထား ၏။ လူသားသည် ထိုရုပ်ပိုင်းဘဝမှ ထွက်ခြင်းဖြင့် လွတ်မြောက်မှုကိုရ မည်ဟု ယုံကြည် ယူဆထားသည်။ ကြောင့် သူသည် သူ့ကိုမွေးဖွားစဉ် တည်းက ပါရှိလာသော အသက်မီးပွား ကို သူ့ကိုယ်မှာခွာထုတ်ရန် အစဉ် ပမ်းလေ၏။ သို့ဖြစ်သောကြောင့် သူ ၏အဆိုမှာ-

'လူသားတို့၏ စစ်မှန်သော ဘ သည် အလင်းရောင်နှင့်အသက်သာ သည်ဟူ၍ အသင်နားလည်လျှင် ဘုရား သခင်၏ အမြင့်မြတ်ဆုံးသောအဖြစ် သင်သိလာမည်' ဟူ၍ ဖြစ်၏။

CORPUS HERMETICUM ကျမ်း တွင် ပါရှိသည့်အတိုင်း ဖြစ်လေသည် ထို့အပြင်လည်း သင်တို့သည် ဤပစ္စည်း များသာပြုလုပ်ထားသည်ဟု သိရှိလျှင် သင်တို့သည်လည်း ပြန်လည် အသက် ရှင်လိမ့်မည်။ သို့ရာတွင် အတ္တကိုသိ ဖြင့် မလုံလောက်ပေ။

ငြိုးငြင်ချွတာခြင်း၊ ကိုယ်တွင်း သိက္ခာတို့ဖြင့် ပြည့်စုံမှန်ကန်သော လူ သားတို့သည် သူ့ကိုယ်ထဲ၌ကိန်းနေသည့် မြင့်မြတ်သော အသက်ဓာတ်ကို မည် မည်ပုံ ပြုပြင်ရမည်ကို သိပေလိမ့်မည် ရလဒ်မှာ သူ့အား ဘုရားသခင်နှင့် ဆင် တူစေသည့် ဝိညာဉ်ပိုင်းဆိုင်ရာပြန်လည် ဖြစ်ပေါ်ရေး ဖြစ်စဉ်ပင် ဖြစ်၏။ ဤ ကဲ့သို့သာ တစ်ကြိမ်ဖြစ်ပေါ်ပြီးလျှင် ဟာမစ်တစ်စတစ်သည် မည်သည့်အခ တွင်မျှ မသေဆုံးတော့ပေ။ ရုပ်ပိုင်းဆိုင် ရာသေဆုံးချိန်၌ နာမ်ကို ကောင်းကင်ဘုံ သို့ သယ်ဆောင်၏။ ထိုအခါ မြင့်မြတ် သောအသက်ကိုရရှိခဲ့သည့် လူသား သည် သူ၏ခန္ဓာကိုယ်ထဲ၌ပင် နာမ်ကို ရုပ်ဝတ္ထုမှခွဲခြားလိုက်ပြီ ဖြစ်၏။ ဘုရား သခင်ရှိရာ ကောင်းကင်ဘုံသို့ ဘုရား သခင်ကိုပင်ဖောက်ထွင်း၍ အာဏာ ရယူရန် ဖြစ်သည်။

ဤအမြင်သည် အမျိုးသမီး အင် ရတ်ပညာရှင် ကလီယိုပါထရာဆိုခဲ့သည့် စကားနှင့် ဆင်တူသည့်အချက်ကို လွယ် ကူစွာ တွေ့ရှိနိုင်သည်။ နာမ်နှင့်ဝိညာဉ် ကို ထုတ်ယူရန် ပြောကြားသော နောက်တစ်ကြိမ်ပြန်၍ အသက်ကို ပြန် လည်ရရှိပြီး ဘဝသစ်တစ်ခုကိုရရှိမည်



www.burmeseclassic.com

www.burmeseclassic.com

ဆိုခဲ့၏။ 'ဟာမစ်ဒဿန' သည် ရတ်အစဉ်အလာပေါ်တွင် ကြီးမား လွှမ်းမိုးမှုရှိခဲ့သည်မှာ သံသယဖြစ် မရှိပေ။ တရုတ်နိုင်ငံ၏ အဂ္ဂိရတ် အပေါ်တွင် 'တာအိုဝါဒ' လွှမ်းမိုး ည်နှင့် တူပေသည်။

ဤသို့ဆိုသဖြင့် ဂရိနှင့် အီဂျစ် ရတ်ပညာတို့သည် 'ဟာမစ်တစ် မှဆင်းသက်လာခြင်းတော့ မဟုတ် ထို့ကြောင့်လည်း အခြားကျမ်းများ ာမီး' ကို ဦးစားပေးဖော်ပြကြခြင်း အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်ပေ ။ မှော်အတတ်ပညာ၊ နက္ခတ္တဗေဒ ရာဒဿနများနှင့်ပတ်သက်၍မူ ၎င်း အထဲမှ တစ်စုံတစ်ဦးကမျှ အဂ္ဂိရတ် ာကို ရည်ညွှန်းခြင်းမပြုကြပေ။ ပ်တို့သိသမျှထဲတွင် ရှေးအကျဆုံး ရတ်ကျမ်းမှာ အေဒီ ၂၀၀ ခန့်က ဆို ာ့မန်ဒက် ရေးသားခဲ့သည့် 'သဘာဝ နှင့်ဂမ္ဘီရ' ကျမ်းပင် ဖြစ်ကြောင်း တွေ့ရှိ ၏၊ ဤကျမ်းအရ အဂ္ဂိရတ်သိပ္ပံပညာ ၏ဖခင်ကို အော်စတန် (Ostanes) ဖော်ပြထား၏။ သို့သော် သော့သ ာမီး သို့မဟုတ် ဟာမီးကိုမူ တစ်ကြိမ် လေမျှ ဖော်ပြခြင်းမပြုခဲ့ပေ။

'ကိုမာရေ့ အဂ္ဂိရတ်ကျမ်း' ကိုပြု ခဲ့သူ ဘုန်းတော်ကြီးသည် ကလီယိုပါ ရာ၏ဆရာရင်း ဖြစ်သည်ဟုဆို၏။ အဂ္ဂိရတ် ဟူသော အတတ်ပညာ၏အ ည်ကို ဟာမီးနှင့် ပထမဆုံးအကြိမ် ဆက်စပ်မိခြင်းမှာ ဇိုဆီမော့၏ခေတ်ကာ တွင်မှ ဖြစ်၏။

ထိုအချိန်တွင်မှ အဂ္ဂိရတ်ပညာ သည် ဒဏ္ဍာရီထဲမှထွက်၍ သမိုင်းထဲသို့ ရောက်ရှိလာ၏။ ဇိုဆီမော့သည် ပန်နို း မှ ရောက်ရှိလာခဲ့၏။ အေဒီ ၃၀၀ နှစ်တွင် သူသည် အလက်ဇန္ဒြီးယား၌ အလုပ်လုပ်ခဲ့၏။ ၎င်းတွင် နှမတစ်ဦးရှိ ၏၊ သူမ၏အမည်မှာ သီယိုဆီဘီးယား ဖြစ်၏။ သူမသည်လည်း အဂ္ဂိရတ်ပညာ တွင်ပါဝင်သူ ဖြစ်၏။ ဇိုဆီမော့သည် အဂ္ဂိရတ်ပညာဆိုင်ရာ စွယ်စုံကျမ်းကြီး စ်ဆူပြုစုခဲ့၏။ ထိုကျမ်းကြီးတွင် အ န်းကြီးပေါင်း (၂၈) ခန်း ပါဝင်၏။ ထို ကျမ်းကြီးထဲတွင်လည်း သူမကိုရည်ညွှန်း ား၏။ ၎င်းကျမ်းကြီးကို ဂရိဘာသာ င့်သာမက ဆီးရီးယန်းဘာသာအဖြစ် ည်း ရေးသားခဲ့သည်။ ထိုကျမ်းသည် အဂ္ဂိရတ်ပညာ၏ လျှို့ဝှက်ချက်များသာ တ အခြားသော ပညာရပ် များစွာ ည်း ပါဝင်နေသဖြင့် စွယ်စုံကျမ်းကြီး ု ဆိုရခြင်း ဖြစ်ပါသည်။ ထိုကျမ်းတွင် အာခီမီးဒီးတွေ့ရှိခဲ့သည့် အသုံးချမက္ကင်းနစ်ပညာ၊ မှော်ဝင်သဘောတရားများ၊ နက္ခတ္တဗေဒ၊ ဒဿနဆိုင်ရာမာမစ်ဝါဒ၊ ဂျီနိုစတက်တစ် ယုံကြည်ချက်များနှင့်ဂမ္ဘီရ ဘာသာရေးအကြောင်းအရာများ ပါဝင်ပါသည်။

ဇိုဆီမော့သည် သဘာဝဆေးရည်နှင့် လူသားဖန်တီးပြုလုပ်ယူသည့် ဆေးရည်တို့၏ ခြားနားချက်ကို သိရှိပြီး လူလုပ်သည့်ဆေးရည်ကို ဆုပ်ကိုင်ထားသူများအား အစဉ်တစိုက် တိုက်ခိုက်ခဲ့လေသည်။ ၎င်းတို့သည် ဝိညာဉ်များ၏ ကောင်းသော အခြေအနေ အချက်အလက်များပေါ်တွင် မှီတည်နေသည်။

သီယိုဇီယားသည် ဗာဂျစ်ပက်နီ ရီယာ၏ ကျိန်စာအောက်သို့ ရောက်ရှိနေကြောင်းနှင့် လူလုပ်ဖန်တီးဆေးရည် *ဖြင့်လုပ်ကိုင်နေသည်ဟု သိရသောအခါ* ဇိုဆီမော့က သူမထံသို့ သတိပေးချက် ပြောကြားလေ၏။ မသိနားမလည်သူတို့၏အန္တရာယ်ကို သတိပေးခြင်း ဖြစ်၏။ ထိုသူများသည် အဓိပ္ပာယ်မရှိသော စိတ်ကူးယဉ်ဒဏ္ဍာရီစကားများကို ပြောလေ့ရှိ၏။

ဇိုဆီမော့သည် အဂ္ဂိရတ်ပညာ၏ ရှေ့ပြေးလည်း ဖြစ်၏။ ၎င်းပညာရပ်သည် သိပ္ပံပညာကိုအခြေခံ၍ ရုပ်ဝတ္ထုတို့၏အကြောင်းကို လေ့လာခြင်း ဖြစ်၏။ သူသည် မှော်ဝင်သဘောတရားနှင့် နက္ခတ္တဗေဒ၏ရောယှက်မှု အားလုံးကိုလည်း ဖယ်ထုတ်ပစ်၏။ မာတ်ကြီး (၄) ပါး ပေါင်းစပ်မှု၊ ခွဲခြားမှုဆိုင်ရာ သူ၏ နိဿယကိုလည်း ဖော်ပြခဲ့၏။ သူက နေ့စဉ်အလုပ်လုပ်ရန် လေးနက်စေ၏။ ဇိုဆီမော့၏ ဤသဘာဝကို သူရေးသားသည့်စာအားလုံး၌ တွေ့ရှိနိုင်လေသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဇိုဆီမော့သည် သတ္တုနှင့်ဓာတ်တို့၏ သဘောသဘာဝကို သိပ္ပံနည်းကျ အလေးအနက် နားလည် သဘောပေါက်ကြောင်း ထင်ရှား၏။

သာဓကအားဖြင့် သူက ဒုတိယပြဒါး (စိန်) အကြောင်းပြော၏။ ဒုတိယပြဒါးဆိုသည်မှာ ဆန်ဒြတ်ခေါ် စိန်ဆာလဖိုဒ်မှ ရရှိ၏။ သူက လက်တွေ့စမ်းသပ်မှုတစ်ခုကို ဖော်ပြရာတွင် ဆန်ဒြတ်သည် ဦးစွာ ကန့်ဓာတ်ကို ထုတ်လွှတ်သည်။ ထို့နောက် အာဆင်းနစ်အခိုးအငွေ့များကို ထုတ်လွှတ်၏။ ထိုအခိုးအငွေ့များသည် အာဆင်းနစ်အောက်ဆိုဒ်များကို အနည်ကျစေ၏။ ၎င်းအာဆင်းနစ်အောက်ဆိုဒ်သည် အခြားဓာတ်များနှင့်ရော၍ အပူပေးသောအခါ ဒုတိယပြဒါးကို ထုတ်လွှတ်၏။

ထို့အပြင် ဇိုဆီမော့သည် အခြားသောဓာတ်များစွာတို့၏ လုပ်ထုံးလုပ်နည်းများစွာတို့ကိုလည်း တိကျစွာဖော်ပြခဲ့၏။ သူ၏ 'ကိရိယာတန်ဆာပလာနှင့်အဂ္ဂိရတ်ဖို' ကျမ်းတွင် သူသည် အဂ္ဂိရတ်လုပ်ငန်းသုံး ကိရိယာ တန်ဆာပလာများအကြောင်းကို စိတ်ဝင်စားဖွယ် ရေးသားထား၏။ ထိုကျမ်းတွင် မာရိယာပရိုမာတီစာ တီထွင်ခဲ့သည့် ကတော့ (၃) ခုပါ ကိရိယာအကြောင်းကို ဖော်ပြခဲ့၏။

သို့သော ဇိုဆီမော့သည် အဂ္ဂိရတ်ပညာ၏ဓာတုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကြောင့်သာ အရေးပါသည် မဟုတ်ပေ၊ ထိုခေတ်က အီဂျစ်တွင် ပေါ်ထွန်းနေ *သော ယဉ်ကျေးမှုပေါင်း များစွာတို့မှ* အတတ်ပညာနှင့်အသိပညာတို့ကို ထုတ်နုတ်သုံးစွဲနိုင်သည့် ဉာဏ်ပညာစွမ်းရည်ကြောင့်လည်း ဖြစ်ပေသည်။

အထူးသဖြင့် ဇိုဆီမော့ကို အဂ္ဂိရတ်ပညာရှင်အဖြစ်သာမကဘဲ ဂမ္ဘီရဒဿနပညာရှင်အဖြစ် လည်းကောင်း၊ ဓာတုဗေဒပညာရှင်အဖြစ်လည်းကောင်း တွေ့မြင်နိုင်ပေသည်။ ထို့ကြောင့် တစ်မျိုးမျိုးသော ပညာရှင်အဖြစ်ကား သီးသန့် ခွက်၍သတ်မှတ်ရန်ကား ခက်ခဲပေလိမ့်မည်။ ထိုပညာရပ်တို့သည် ထွေးရောယှက်တင် ဖြစ်ပေါ်နေကြပြီး ထိုသို့ ရောပြွမ်းနေမှုကို ဖွင့်ဆိုချက် အများအပြားတွင် တွေ့ရှိရလေသည်။ ဇိုဆီမော့နှင့်အတူ ကာလကြာရှည်စွာ တည်ရှိခဲ့သော အဂ္ဂိရတ်ပညာသည် တစ်ချိန်တွင် ရပ်တန့်သွားခဲ့၏။ ဇိုဆီမော့သည် "ON VIRTUE" အမည်ရှိသောကျမ်းကိုလည်း ပြုစုခဲ့သူ ဖြစ်၏။ ထိုကျမ်းတွင် ရေ၏ဖွဲ့စည်းပုံပါရှိ၏။ ၎င်းကို ဇိုဆီမော့က အရည်ပျော်သွားသောသတ္တုဟု ဆိုထား၏။ ဤကျမ်းတွင် ဇိုဆီမော့က သူ၏အတွေ့အကြုံကို စာဟန်ပေဟန်ဖြင့် ရှင်းလင်းဖော်ပြထား၏။

သူက ရှင်းလင်းဖော်ပြရာတွင်-

တစ်နေ့တွင် ဇိုဆီမော့သည် အိပ်ပျော်သွားခဲ့၏။ ထိုအခါတွင် သူသည် ထူးခြားသော အိပ်မက်အမြင်တစ်ခုကို ရရှိခဲ့၏။ ထိုအိပ်မက်အမြင်မှာ အောက်ပါအတိုင်း ဖြစ်၏။

'ပထမအိပ်မက်တွင် ဘုန်းတော်ကြီးတစ်ပါး ပေါ်လာ၏။ ထိုဘုန်းတော်ကြီးသည် သူ့ရှေ့ရှိဘုရားစင်တွင်ရပ်နေ၏။ ထိုဘုရားစင်ကို လှေကားထစ် (၁၅)



www.burmeseclassic.com

www.burmeseclassic.com



ထစ်ဖြင့် တက်ရ၏။ ထို့နောက် ဘုန်းတော်ကြီးသည် သူခံစားနေရသည့် အလွန် ပြင်းထန်သော ဝေဒနာကို ဖော်ပြ၏။ သူသည် သူ့အား ဓားဖြင့်ထိုး၍ခုတ်ထစ်ဖြတ်ခြင်းခံရပုံကို ပြ၏။ ထို့နောက် ဦးခေါင်းမှအရေပြားကို ဆုတ်ဖြဲခြင်းခံရပုံကို ပြ၏။ ထို့နောက် သူ၏အရိုးများနှင့်အသားများကိုရောပွမ်း၍ ၎င်းတို့ကို ကုထုံးဆိုင်ရာမီးထဲမှာ ရှို့ပစ်လိုက်သည်ကို ပြ၏။

ဤကဲ့သို့ ခန္ဓာကိုယ်ကိုပြောင်းလဲလိုက်ခြင်းဖြင့် သူသည် ဝိညာဉ်တစ်ခုဖြစ်လာ၏။ ဘုန်းတော်ကြီးသည် စကားပြောနေရင်းပင် သူ့ခန္ဓာသည် တဖြည်းဖြည်းနှင့် ကျုံ့ချုံ့သွားသဖြင့် သေးသေးလေး ဖြစ်သွား၏။ သူ့သွားများနှင့်ကိုက်ပြီး အံဝေးသို့လဲကျသွား၏'

ထိုစဉ်တွင် ဇိုဆီမော့သည် ခေတ္တမျှလန့်နိုးသွားပြီးနောက် ပြန်၍အိပ်ပျော်သွားပြန်၏။ ထိုမှတစ်ဖန် ဒုတိယအကြိမ် အိပ်မက်မက်ပြန်၏။

'ဇိုဆီမော့သည် ယခင်နေရာတွင်ပင် ရှိနေသည်။ ယခုတစ်ကြိမ်တွင်မူ သူသည် စင်မြင့်၏အထက်ပိုင်းသို့ရောက်ရှိနေ၏။ ရေကို ကျိုချက်နေ၏။ ထိုရေဆူဆူထဲတွင် လူပေါင်းများစွာတို့ ပေါလောမျောနေကြ၏။ ဘုရားစင်ပေါ်တွင် အဘိုးအိုတစ်ယောက် ရှိ၏။ ကြီးရင့်သည့်အသက်အရွယ်ကြောင့် သူ့တစ်ခေါင်းလုံးရှိဆံပင်များသည် ဖွေးဖွေးဖြူလျက်ရှိ၏။ ၎င်းအဘိုးအိုသည် ကိုယ်တိုင်လည်း ဝိညာဉ်ဖြစ်၏။ ဝိညာဉ်တို့၏အုပ်ထိန်းသူလည်း ဖြစ်၏။

ဤတွင် ဇိုဆီမော့သည် လူတစ်ယောက်ကို မြင်လိုက်ရ၏။ သေသေချာချာကြည့်သောအခါ ထိုသူသည် ပထမအိပ်မက်ထဲမှ ဘုန်းတော်ကြီး ဖြစ်နေသည်။ သို့သော် အခြေအနေက ပြောင်းလဲသွားပြီ ဖြစ်၏'

ထို့နောက်တွင် ဇိုဆီမော့က သူ၏အိပ်မက်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သေချာစွာဖော်ထုတ်ပြခဲ့၏။ သတ္တုများကို မည်ကဲ့သို့ ပြောင်းလဲရမည့် နည်းစနစ်တို့ကိုလည်း ရှင်းပြခဲ့၏။

ဘုရားစင်၏ လှေကားထစ် (၇) ထစ်ကိုတက်ရန် ဆန္ဒပြင်းပြစွာ ဖြစ်လာ၏။ (ပထမအိပ်မက်ထဲကကဲ့သို့ လှေကား ၁၅ ထစ် မဟုတ်ပေ)။ ထို့နောက် ဇိုဆီမော့ ပြန်၍ အိပ်ပျော်သွားပြန်၏။

ဒုတိယအိပ်မက်တွင် ဇင့်အော့ကော့ပါး (ဝါ) ကြေးနီ(ဒန်) ဖြစ်နေသည့် အဘိုးကြီးသည် မီးပုံထဲသို့ ခုန်ချလိုက်၏။ ထို့နောက် ဇိုဆီမော့သည် နောက်ထပ်အဘိုးအိုတစ်ယောက်ကို တွေ့ပြန်၏။ ထိုသူသည် နာကို ကိုယ်စားပြုသော အက်ဂါသိုဒီယာမွန် ဖြစ်၏။ သူသည်လည်း မီးပုံထဲသို့ ပစ်ထည့်ခံလိုက်ရ၏။

ထို့နောက် ဇိုဆီမော့လည်း အိပ်မက်မှလန့်နိုးလာ၏။ ပြီးလျှင် သူက သူ့အိပ်မက်ကို ရှင်းပြ၏။

သူ၏ရှင်းပြချက်မှာ-

'အရည်အဖြစ် ပြောင်းလဲ၍နေရာယူရန် နာကို အရည်ပျော်စေရမည်ဖြစ်၏။ ထို့နောက် ဇိုဆီမော့ အိပ်ပျော်သွားပြန်၏။

ဤတစ်ကြိမ်တွင် လူနှစ်ယောက်ကို အိပ်မက်မက်ပြန်၏။

ပထမလူသည် ဓားရှည်ကို ကိုင်ထား၏။ ဒုတိယလူသည် အဝိုင်းပုံသင်္ကြာန်ပစ္စည်းတစ်ခုကို ကိုင်ထား၏။ ထိုအဝိုင်းပစ္စည်းမှာ နေနာရီ (Meridian of the sun) နှင့်တူသောပုံသင်္ကြာန်တစ်ခု ဖြစ်၏။ ဓားရှည်ကိုင်ထားသူက ဇိုဆီမော့ကို ရှင်းပြရာတွင်-

'လူစွမ်းကောင်းတို့သည်မည်သည့် ... မိမိကိုယ်ကိုမိမိအနစ်နာခံရမည်၊ ရေ... ထဲတွင် ကျိုချက်ရမည်'

ဟု ဆို၏။

ထို့နောက် ဇိုဆီမော့သည် နိုး... ခဲ့၏။ ထိုအခါ ဤသို့ ကောက်ချက်ချ...

'ဤအိပ်မက်ထဲမှ အကြောင်း... ရာများသည် အဂ္ဂိရတ်ပညာနှင့် စပ်... သည်။ ငါသည် အဂ္ဂိရတ်ပညာ... ကောင်းကောင်း နားလည်သွားပြီ'

ဆိုခဲ့၏။

ဤကိစ္စနှင့်ပတ်သက်၍ ဓာ... ဒသမိုင်းပါရဂူများက ဆိုကြသည်မှာ-

'ဇိုဆီမော့၏အိပ်မက်သည် ဓာ... ဗေဒဆိုင်ရာ ဓာတ်ပြုမှုများကို ... သည်ဟု နားလည်ကြ၏။ အချို့... သတ္တုများကို ဓာတ်ပြုပစ္စည်းများ... ရောနှောလိုက်သောအခါ ထိုဓာတ်... ထိုသတ္တုများ အရည်ပျော်ကြောင်း... ရပ်များကို နားလည်စေ၏။ ထိုဖြစ်... ပင် အဂ္ဂိရတ်အမြင်ဖြင့်ကြည့်ပါက ... ture (နှိပ်စက်ခြင်း၊ ညှဉ်းပန်းခြင်း) ... (သေဆုံးခြင်း)၊ Rebirth (ပြန်လည်... ဖွားခြင်း) ဟူသည် သဘောတရား... ကိုယ်စားပြုခြင်းပင်ဖြစ်၏' ဟု မှတ်... ပြုကြ၏။

ဇိုဆီမော့၏ ဓာတုကိရိယာ... ပေါင်းတိုက်အိုး ပုံစံဖြစ်၏။ အပေါ်... တွင် ပြွန်ရှိ၏။ ပေါင်းဖိုလည်း ... အောက်ခြေ၌ အအေးခံ အလုံးအ... သည်၊ အငွေ့များ အပေါ်သို့တ... အရည် ဖြစ်၏။ ထိုအရည်သည်... သတ္တုကိုစားစေသည့်အရည်ဖြစ်...

ပထမအိပ်မက်မှ လက်ဖြတ်ခံ... မီးပုံထဲသို့တွန်းချခံရသူက သတ္တု... ကို ကိုယ်စားပြု၏။ ထိုသတ္တုကို ထို... ယာထဲသို့ထည့်၍ အရည်ကျိုပစ်...

ဘုရားစင်ပေါ်သို့တက်သည့် ... ကားထစ် (၂၂) ထစ်သည် ဤလုပ်... လုပ်နည်း၏အဆင့်ပေါင်း (၂၂) ဆ... ရည်ညွှန်းခြင်း ဖြစ်၏။ (အိပ်မက်ထဲ... လှေကားထစ် ၁၅ ထစ်နှင့် ၇ ထ... ဖော်ပြထား၏။) ထိုအဆင့်များ... ကြေးနီ၊ နာနှင့် ပြဒါးဆုန်း (The ... ridian of The Sun) တို့ ပါဝင်ကြ...

အချို့က ပြောကြသည်မှာ ဤ... ကြောက်မက်ဖွယ်ကောင်းသည့် ... မက်၏ဆိုလိုချက်မှာ ဇိုဆီမော့သည် ... ကိုယ်တိုင်ရှာဖွေခဲ့သည့် နည်း... ကြမ်းတမ်းမှု၊ ၎င်း၏စိတ်အား... မှုတို့ကြောင့် သတ္တုတို့အား မီးဖြင့်...



www.burmeseclassic.com

www.burmeseclassic.com

ချက်ရသည်ကို လည်းကောင်း၊ ထိုသို့ ချိုချက်မှသာလျှင်လိုအပ်သည့် ပြောင်းလဲမှုများဖြစ်လာမည်ကို လည်းကောင်း ရည်ညွှန်းသည်ဟု ဆိုကြ၏။

သို့သော် ဤအချက်များကို စိတ်ထူးသည့်မှုသက်သက်ဟု ဆို၍မရပေ။ ခိုင်မာသောစိတ်ဓာတ်၏စွဲမြဲမှုကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်ပင် ဖြစ်သည်။ ထို့ကြောင့် ဗိုဆီမော့၏အိပ်မက်သည် ဤအရာအားလုံးတို့ကို ဆိုလိုပါသလား။ တွေတိန်ုင်ပါ။ ဤအကြောင်းအရာပါ ရေးသားချက်တို့တွင် ဟာမစ်၊ ဂျီနိုတစ်၊ ဇမ္ဗူရ စသည့် ပြုလုပ်ရမည့်သဘောများ ပါရှိနေကြောင်း တွေ့ရှိရပေသည်။

အင်္ဂါရတ်ပညာသည် စနစ်တစ်ခုကို စတင်လိုက်၏။ ထိုစနစ်တွင် သတ္တု၏သေဆုံးခြင်း၊ ပြန်လည်မွေးဖွားခြင်းတို့သည် ပြင်ပလောကတွင် လက်ခံထားသော သေဆုံးခြင်း၊ ပြန်လည်မွေးဖွားခြင်းဖြစ်ရပ်များနှင့်ဆင်တူပေသည်။ အသက်မီးပွားကိုကြီးထွားရန် အစာကျွေးခြင်း ပြုလုပ်ရပေမည်။ အသက်မီးပွားတို့ အစာကျွေးရန်အတွက် သတ်ရှိတိုသေစေပြီး ထိုမှတစ်ဖန် ကြီးထွားလာသည့် အသက်ဓာတ်ကို မသေစေရန် အားထုတ်ရခြင်းတို့ ဖြစ်၏။

အင်္ဂါရတ်ပညာ၏ လုပ်ထုံးလုပ်နည်းများကို ဖော်ပြရာ၌ ဗိုဆီမော့ သုံးစွဲခဲ့သည့်သင်္ကေတများမှာ ဂမ္ဘီရဘာသာရေးတွင်သုံးသည့်သင်္ကေတများနှင့် တစ်ထပ်တည်း တူနေ၏။ နာမ်ပိုင်းဆိုင်ရာ စွမ်းရည် မြင့်တက်ခြင်းသည် ဂမ္ဘီရလေ့တားတို့၏ အထက်သို့မြင့်တက်ခြင်းနှင့်လည်း တူနေ၏။ ဤသို့ဖြင့် အပြစ်ရှိ၍ အပြစ်ကျခံရပြီးနောက် ကမ္ဘာမြေပေါ်တွင် ပြန်လည်ပေါ်ပေါက်လာရခြင်းတို့သည် ကမ္ဘာဦးလူသားတို့၏ ကျဆုံးခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသဘောကို ထင်ဟပ်စေလေသည်။ ဟာမစ်တစ်ဂျီနိုတစ်ဇင်အရ နီးစပ်ပေသည်။

ဤအသေးစိတ်များမှ အယူအဆတစ်ခုကို ခိုင်မာစေလေသည်။ ထိုအယူအဆမှာ အိပ်မက်အရ အရာဝတ္ထုများကိုမြင်ခြင်း ဆိုသည့်အချက်မှာ ဟာမစ်နည်းလည်း ကျ၏။ ဂျီနိုစတစ်နည်းလည်း ကျ၏။ ဘုရားသခင်နှင့် အတ္တတို့၏နည်းစနည်းလည်း ဖြစ်ပေသည်။ ဗိုဆီမော့၏ "ON VIRTUE" ကျမ်းကြီးကား နှစ်မျိုးနှစ်ခွအဓိပ္ပာယ်ရှိသော ကျမ်းကြီးဖြစ်၏။ သင်္ကေတ သဘောတရားအရ ဆိုရပါမူ သိပ္ပံနှင့်သမိုင်းပညာရှင်တို့က ထိုကျမ်းကြီးကို ဓာတုကျမ်းတစ်စောင်အဖြစ် ရှုမြင်မည်ဖြစ်ပြီး ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တို့ကလည်း ဘာသာရေးကျမ်းကြီးအဖြစ် ရှုမြင်ကျေနပ်နေမည် ဖြစ်၏။

အင်္ဂါရတ်ပညာရပ်ဆိုင်ရာ ဒွိတ္တသဘောတရားသည် ဗိုဆီမော့၏ကိုယ်ပိုင်ဒွိတ္တသဘောတရားနှင့် တူနေ၏။ ဗိုဆီမော့ကလည်း သဘာဝဆေးရည်ကို ယုံကြည်၍ အပြန်အလှန်သဘောထားရှိပေသည်။ ပါဝင်သည့်လုပ်ထုံးလုပ်နည်းများကို ဖော်ပြသောအခါ သူသည် စစ်မှန်သော ဓာတုဓာတ်ပြုခြင်းဆိုင်ရာ သဘောတရားနှင့် ကိုက်ညီရန် ပြောကြား၏။ သို့သော် ဗိုဆီမော့၏သဘာဝဆေးရည်ဆိုသည်မှာ မည်သည့်အရာပါနည်း။ သူ ဘာကိုဆိုလိုပါသနည်း။ သူပြောနေသည့် အကြောင်းအရာများမှာ ဓာတုဗေဒအကြောင်းအရာကို ပြောနေသည်ဆိုခြင်းကကော သေချာပါ၏လား၊ သို့တည်းမဟုတ် ၎င်း၏ဖွင့်ဆိုချက်များသည် အကြံဓာတုဗေဒမျှသာ ဖြစ်ပါသလော စသည်ဖြင့် စောကြော သုံးသပ်ရန် များစွာ လိုအပ်နေပါသည်။

သူသည် ညီဖြစ်သူအား ပကတိမဟုတ်သော အတုအစားထိုး ဖန်တီးထားသည့် ဝိကတိဆေးများ၊ ဆေးရည်များအသုံးပြုခြင်းနှင့် ပတ်သက်သော အန္တရာယ်ကို သတိပေးခဲ့စဉ်က အကြံပြုချက်တစ်ရပ်ကို ဤသို့ ဆိုခဲ့၏။

'ဘုရားသခင်ကို ရှာဖွေနေခြင်းဖြင့် အပိုဒုက္ခကိုမခံလေနှင့်။ သင်၏နှလုံးသားတွင် ငြိမ်းချမ်းမှုဘုရားသခင်တို့ဖြင့်သာ ပြည့်ဝနေပါစေလော့။ ဘုရားသခင်သည် နေရာတိုင်းတွင်ရှိသည်။ သင့်ထံသို့ လာလိမ့်မည်။ သင့်ခန္ဓာသည်သာ သန့်စင်နေပါက ထိုစိတ်ဒုက္ခများလျော့ပါးသွားလိမ့်မည်။ ထိုအခါ သင်သည် ဆန္ဒ၊ ဒေါသ၊ ပျော်ရွှင်မှု၊ သေခြင်း စသည့်အခြင်းအရာ (၁၂) မျိုးကို ခံနိုင်ရည်ရှိပါလိမ့်မည်။ မိမိကိုယ်ကို ပြုပြင်ခြင်းဖြင့် မိမိဘဝကို မြင့်မြတ်ခြင်းသို့ ရောက်အောင် မြှင့်တင်ပေးနိုင်ပေသည်။ ဤနည်းဖြင့် စစ်မှန်၍သဘာဝကျသော ဆေး၊ ဆေးရည်ကို ရရှိနိုင်မည် ဖြစ်၏။ နာမ်၏ပြီးပြည့်စုံခြင်းကို ရရှိသည်အထိ ဤအတိုင်း လေ့ကျင့်သွားပါ။ ပြီးပြည့်စုံကြောင်း သေချာသည်အထိ ပြုလုပ်ပါ။ ပြီးပြည့်စုံမှုအတွက် ဘဝခိုလှုံမှုကိုရှာပါ။ ဘာဝနာလုပ်ငန်းတွင်သာ ဘဝကိုနှစ်မြုပ်ထားပါက သင့်ဘဝ၏မူလသည် တိုးတက်မြင့်မားလာလိမ့်မည် ဖြစ်ပေသည်'

ဟု ပြောကြားထားသည်ကို တွေ့ရပါသည်။ အထူးသတိပြု ဆင်ခြင်သင့်သည့်ကိစ္စ ဖြစ်ပါသည်။

ဗိုဆီမော့အတွက် သဘာဝဆေးရည်ဟု ဆိုခြင်းမှာ သူတွေ့ရှိထားသည့် သဘာဝအကျိုးတစ်ရပ်ကို သွယ်ဝိုက်၍ ဟောပြောနေခြင်းသာ ဖြစ်၏။ ဗိုဆီမော့၏ရေးသားချက်များနှင့် သူ့နှမ၊ သူ့ညီတို့ထံ ရေးသားချက်များကို ထောက်ရှုလျှင် ဗိုဆီမော့၏ဆိုလိုချက်မှာ-

ကာယကံရှင်သည် ၎င်းစိတ်ကို ဘာဝနာဖြင့်မပြုပြင်သမျှ ကာလပတ်လုံး မည်သည့်ဓာတုဖြစ်စဉ်ကိုမျှ ဖြစ်စေနိုင်မည်မဟုတ် ဟူ၍ ဖြစ်လေသည်။ လက်တင် အင်္ဂါရတ်ဆရာသည် သူ၏ဒွိတ္တသဘောတရားကို သဘောတရားစာတွေ့အမြင်ရော လက်တွေ့အဖြစ်ပါ ပြသခဲ့၏။ ဗိုဆီမော့၏အမြင်တွင် အံ့သြစရာနောက်ထပ်တစ်ချက် ရှိသေး၏။ နည်းစနစ်၏လိုအပ်ချက်နှင့်ပတ်သက်၍-

'ဓာတ်ကြီးလေးပါးကို တိကျသော အလေးချိန် စသည့်နည်းစနစ်များဖြင့် ပြုလုပ်ပါမူ ဓာတ်တို့၏ပူးပေါင်းခြင်း၊ ဓာတ်တို့၏ပြိုကွဲခြင်း ဖြစ်နိုင်မည် ဖြစ်၏။ ဤကား စနစ်ပင် ဖြစ်၏။ ဤစနစ်ဖြင့်သာလျှင် ဓာတ်တို့၏အတိုး၊ အဆုတ် ဖြစ်စဉ်သည် သဘာဝဖြစ်သော ရှုသွင်း၊ ရှုထုတ်နည်းကဲ့သို့သော ဖြစ်စဉ်မျိုး၊ စနစ်မျိုး ဖြစ်လာနိုင်လိမ့်မည်။ ဒြပ်ပစ္စည်းတို့အားလုံး စုစည်းမိသောအခါ ဓာတ်စုစည်းမှု၊ ဓာတ်ပြိုကွဲမှုကြောင့်ဖြစ်သော သဘာဝသည် ပြောင်းလဲသွားတော့၏။ ဆွမှုလပုံစံသို့ သူပြန်ရောက်သွားသောအခါ သဘာဝသည် ပြောင်းလဲခြင်း ဖြစ်၏။ အသက်ရှုလေ့ကျင့်ရသည့် ကျင့်စဉ်တစ်ရပ်ကို အခြေပြု၍ သဘာဝနည်းစနစ်တစ်ရပ်ပေါ်တွင် ဖန်တီးထားသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြင့် သဘာဝကို ပြောင်းလဲလိုက်ခြင်းဖြစ်၏။

ယင်ဓာတ်နှင့်ယန်ဓာတ် (ဝါ) (မ) ဓာတ်နှင့် (ဖို) ဓာတ်တို့ ခွဲခွာခြင်း၊ ပူးပေါင်းခြင်း ဖြစ်လေသည်။ တရုတ်အင်္ဂါရတ်ပညာရှင်တို့ကလည်း တာအိုနှင့် ကိုက်ညီသည့်နည်းစနစ်ကို ရှာဖွေခဲ့ကြ၏။

*(ရှေ့လတွင် ဂန္ဓာလရာဇ်အင်္ဂါရတ်ပညာကို ဆက်လက်ဖော်ပြပါမည်။)*

ဆရာဦးဆက်ထွန်းထင်း
(အသသစ္စာ)



www.burmeseclassic.com

www.burmeseclassic.com

ဆရာဒလမင်းခေါင်

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်



## အခန်း (၈)

## မွေးရက်အဟောများ

## (Your Birthday- What it tells you about your talents)

မွေးရက်သည် ပင်ကိုစွမ်းရည်ကို ဖော်ပြသည်။ မွေးရက်သည် ဘဝတစ်လျှောက်လုံး အကျိုးသက်ရောက်မှုရှိသည်။ အကျိုးသက်ရောက်မှုက အသက် (၈)နှစ်မှ (၅၆)နှစ်အတွင်း ဘဝ၏ အလယ်ပိုင်းကာလများကို လွှမ်းမိုးသည်။

**ဂဏန်းဗေဒင် မွေးရက်အဟောများ**
**(What your birthday tells you in numerology)**

မွေးရက်သည် (၁)ရက် မှ (၃၁)ရက်အတွင်း အကျုံးဝင်သည်။ ပြက္ခဒိန်တွင်ပါသော လများအတိုင်း ဖြစ်သည်။ မွေးရက်ဟောရာတွင် မွေးနှစ်နှင့်မွေးလ မလိုအပ်ပါ။ မွေးရက်သည် ဘဝလမ်းကြောင်းပေါ်တွင် အဆင့် (၃) ဆင့်၌ ဒုတိယဆင့်အဖြစ် ပါဝင်သည်။ လုပ်ငန်းရွေးချယ်ရာတွင် တစ်ခုတည်းအနေနှင့်မစဉ်းစားသင့်ဘဲ ဘဝလမ်းကြောင်းတစ်ခုလုံး ဆက်စပ်အသုံးပြုရန် ဖြစ်သည်။ မွေးရက်သည် ဘဝလမ်းကြောင်းကို ကြီးမားစွာလွှမ်းမိုးမှုပြုသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အမှန်ကို ရွေးရာတွင် အထောက်အကူပြုသည်။

### မွေးရက် (၁) ရက်

မည်သည့်လမဆို (၁) ရက်နေ့တွင် မွေးဖွားသူသည် အပြုသဘောဆောင်သည်။ လွတ်လွတ်လပ်လပ် နေလိုသူ ဖြစ်သည်။ ဖန်တီးနိုင်စွမ်းရှိ၍ စွန့်စား ရှာဖွေရသည်ကို နှစ်သက်သည်။ သဘာဝအားဖြင့် ခေါင်းဆောင်အဖြစ် မွေးဖွားလာသူ ဖြစ်သည်။ အစကောင်း၍ အနှောင်းမသေချာ၊ လက်စမသတ်တတ်သူ၊ ဖင့်နွှဲးတတ်သူ ဖြစ်သည်။ ကိုယ်တိုင်လုပ်ရသည်ထက် အခြားသူကို အမိန့်ပေးညွှန်ကြားရသည်ကို နှစ်သက်သည်။ စိတ်ထားကောင်းသော်လည်း ဆင်ခြင်မှုနည်းသည်။ ဘက်စုံလေ့လာလိုက်စားမှုထက် တစ်ခုတည်းကို အာရုံစိုက်သင့်သည်။ စိတ်ခံစားလွယ်ပြီး ခံစားချက်ပြင်းပြ၏။ သို့သော် ယင်းခံစားချက် မဖော်ပြတတ်၊ အေးတိအေးစက်ရှိလှသည်။ တစ်ခါတစ်ရံ စာနာထောက်ထားမှု၊ ချီးမွမ်းတတ်မှုနှင့် ရဲဝံ့ခြင်းကို ဖော်ပြတတ်သည်။ လက်တွေ့ဆန်၍ စိတ်ကူးယဉ်တတ်ပြီး ကိုယ်ကျိုးကြည့်တတ်သူ ဖြစ်သည်။ လူအများနှင့်ဆက်ဆံရသော ဈေးရောင်းခြင်း၊ လေယာဉ်မှူး၊ အင်ဂျင်နီယာ၊ တီထွင်သူ၊ ခွဲခြမ်းလေ့လာသူ၊ ကျောင်းဆရာ၊ ကြော်ငြာလုပ်ငန်းနှင့်စာရေးဆရာလုပ်ငန်းတို့ ဖြစ်သည်။

### မွေးရက် (၂) ရက်

မည်သည့်လမဆို (၂) ရက်နေ့ မွေးသူများသည် ငြိမ်းချမ်းရေးသမား၊ ကြားဝင်ဖျန်ဖြေတတ်သူများ ဖြစ်သည်။ တစ်ယောက်တည်းထက် စုပေါင်းလုပ်က ပိုအောင်မြင်တတ်သည်။ ဂီတနှင့် ပတ်သက်၍ နားလည်ပြီး ကခုန်၊ တီးမှုတ်၊ ကဗျာစပ်ရာမှာ ပါရမီရှိသူ ဖြစ်သည်။ ပရိယာယ်ကြွယ်ဝ၍ ပေါင်းသင်းဆက်ဆံရေးကောင်းသူ ဖြစ်သည်။ ပူးပေါင်း လုပ်ကိုင်တတ်သည်။ သို့ရာတွင် စိတ်ထိခိုက်ပြီး စိတ်လှုပ်ရှားတတ်သည်။

လူအများ၏ ချစ်ခင်လေးစားမှု ခံရသည်။ စိတ်ဓာတ်ကျတတ်၍ ဖြေဖျောက်နိုင်အောင် ကြိုးစားရမည်။ မိမိကိုယ်ကို နှိမ့်ချတတ်သူ ဖြစ်သည်။ ထို့ကြောင့် အခြားသူတို့၏ အသုံးချမှုခံရတတ်သည်။ (၂) ရက်နေ့မွေးသူများသည် အစိုးရအလုပ်၊ လူမှုဝန်ထမ်းလုပ်ငန်း၊ နိုင်ငံရေးဝေဖန်သူ၊ စာကြည့်တိုက်မှူး၊ စာရေး၊ ရဲဝန်ထမ်း၊ အနုစိတ်လုပ်ရသောအလုပ်၊ ဂီတ၊ ပန်းချီ၊ အကစသော အနုပညာလုပ်ငန်းများ အောင်မြင်တတ်သည်။ မေတ္တာတရားကို လိုလားသလို မေတ္တာထားသူများ ဖြစ်၏။

### မွေးရက် (၃) ရက်

(၃) ရက်နေ့မွေးသူသည် စာပေ၊ အနုပညာဘက်တွင် စွမ်းရည်ရှိသူ ဖြစ်သည်။ ဘဝပျော်ရွှင်မှုလုပ်တတ်သူ ဖြစ်သည်။ အသိဉာဏ်ထက်၍ အနုပညာဆန်၏။ ဖန်တီးနိုင်စွမ်းရှိသည်။ လူတွေနှင့်ပျော်ရွှင်စွာနေတတ်သည်။ ဟာသဉာဏ်ထက်၍ ဖျော်ဖြေရေးသမား ဖြစ်သည်။ ဆန့်ကျင်ဘက်လိင်တို့၏ စိတ်ဝင်စားခြင်းခံရသည်။ အများ၏ လေးစားခြင်းခံရသည်။ ပုံပြောလည်း ကောင်းသည်။ (၂) ရက်နေ့မွေးသူများ အလုပ်ဘယ်လောက်ရှုပ်ရှုပ် များစွာသောလုပ်ငန်းနှင့် ဆက်သွယ်ထားသင့်သည်။ ဝေဖန်ရေးသမား မဖြစ်အောင် နေသင့်သည်။ ကျန်းမာရေးချို့ယွင်းသော်လည်း အမြန်ပြန်ကောင်းတတ်သည်။ ဘယ်အခြေအနေမဆို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သူများ ဖြစ်သည်။ ၎င်းတို့သည် ကထိက၊ စာရေးဆရာ၊ ဂီတ၊ ရုပ်ရှင်သရုပ်ဆောင်၊ ကြော်ငြာကိုယ်စားလှယ်၊ ရှေ့နေ၊ ဆရာဝန်၊ အလှဖန်တီးရှင်၊ အာဟာရပညာရှင်၊ စားဖိုမှူးအဖြစ် အောင်မြင်တတ်သည်။ နက်နဲ ဆန်းကြယ်သော ရုပ်လွှန်ဂန္ဓာရီပညာများတို့ စိတ်ဝင်စားသူများ ဖြစ်သည်။

### မွေးရက် (၄) ရက်

(၄) ရက်နေ့မွေးသူများသည် ရုပ်ဝါဒဘက် စိတ်ညွှတ်သည်။ စီးပွားရေးဘက်၌ကျွမ်းကျင်သည်။ စည်းစနစ်ရှိ၍ ကိုယ်ချင်းစာတတ်ပြီး ရိုးသားသူ ဖြစ်သည်။ လက်တွေ့သမားဖြစ်၍ အခြေခံကောင်းများ တည်ဆောက်ထားသည်။ ချစ်တတ်သော သဘာဝရှိသော်လည်း ပေါ်လွင်အောင်မဖော်ပြတတ်၊ မမောတမ်းမပန်းတမ်းလုပ်တတ်၍ လုပ်က အေးဆေးစိတ် လုပ်တတ်သည်။ ကိုယ်တိုင်လည်းကောင်း၊ သူများကို လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကို အစမှအဆုံး အမြန်ဆုံးနှင့်အကောင်းဆုံးလုပ်တတ်သလို သူတစ်ပါးကို တွန်းအားပေးတတ်သည်။ သို့ရာတွင် ခေါင်းမာလွန်းက ကောင်းကျိုးမရ။ ပြောဆိုရေးမှာ တုံးတုံးတိတိနှင့်။ မှန်ကန်မှုကို လား၍ အပြောင်းအလဲမကြိုက်၊ သို့ရာတွင် အချိန်ကို အသုံးရှိစွာ အသုံးပြုချင် လိုသည်။ (၄) ရက်နေ့မွေးသူများသည် တန်ထရိုက်၊ ဗိသုကာ၊ ပန်းရန်၊ ဆေးဆရာ၊ စာရေး၊ မန်နေဂျာ၊ အဆောက်အအုံဆောက်လုပ်သူ၊ စာရင်းကိုင်၊ စာရေး၊ အစိုးရဝန်ထမ်းအဖြစ် အောင်မြင်မှုရတတ်သည်။

**မွေးရက် (၅) ရက်**

(၅) ရက်နေ့မွေးသူများသည် နာမည်ကို ကိုင်းညွတ်တတ်သည်။ စိတ်ကူးယဉ်လိုလုပ်ခြင်းဖြင့် အောင်မြင်မှုရတတ်သည်။ စိတ်ဓာတ်ကောင်း၍ ထက်မြက်သူ၏။ စူးစမ်းရှာဖွေတတ်သည်။ စိတ်ကူးစိတ်သန်း ကောင်းသည်။ သို့ရာတွင် ဆန့်ကျင်ဘက်လိင်များအား မည်သို့ကိုင်တွယ်ရမည်ကို သိထားသင့်သည်။ သံလိုက်ဓာတ်ကဲ့သို့ ဆွဲငင်အားရှိသည်။ အပြောင်းအလဲနှင့် အတွေ့အကြုံများကို ယတ်ခံသင့်သည်။ ဈေးသည်ကောင်း တစ်ယောက် ဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် လက်ထပ်စေခြင်းဖြင့် တည်ငြိမ်မှုရတတ်သည်။ သို့ရာတွင် အနှောင်အဖွဲ့အောက် စည်းကမ်းဖြင့်နေရခြင်းကို မနှစ်သက်တတ်၍ ဘဝကြင်ဖော်အတွက် အခက်တွေ့ရသည်။ ခရီးသွားလာခြင်းကို နှစ်သက်တတ်သည်။ (၅) ရက်နေ့ဖွားများသည် အကျိုးဆောင်လုပ်ငန်း၊ အရောင်းဝန်ထမ်း၊ သုတေသနပညာရှင်၊ အသက်အာမခံလုပ်ငန်း၊ ခွဲခြမ်းစိတ်ဖြာသူ၊ အယ်ဒီတာ၊ ဓာတုဗေဒပညာရှင်၊ အားကစားနည်းပြ၊ စတော့ရှယ်ယာလုပ်ငန်း၊ ခွဲစိတ်ဆရာဝန်၊ ကျန်းမာရေးမှူးအဖြစ် အောင်မြင်မှုရတတ်သည်။

**မွေးရက် (၆) ရက်**

(၆)ရက်နေ့တွင် မွေးဖွားသူသည် မိသားစုနှင့် လူတွေအပေါ် မေတ္တာထားတတ်သူ ဖြစ်သည်။ သားသမီး၊ မိတ်ဆွေ အပေါင်းအသင်းကို တွယ်တာ ချစ်ခင်မှုရှိသည်။ ထိုသူတို့အတွက် ဂုဏ်ယူလေ့ရှိသည်။ သို့သော် အဖန်ဖန် ပြစ်တင်သျှစ်လျူရှုခံရပါက စိတ်ထိခိုက်တတ်သည်။ မိသားစုနှင့်အဖွဲ့အတွက် တာဝန်သိစိတ်ရှိသည်။ (၆) ရက်နေ့ဖွားသူများသည် ခေါင်းမာ၍ အငြင်းအခုံသန်သူဖြစ်၏။ ၎င်းကိုရှောင်နိုင်ပါက ကောင်းသည်။ အဘက်ဘက်မှပြည့်စုံသူဖြစ်၍ အမြဲ တွေးခေါ်နေတတ်သူ ဖြစ်သည်။

၎င်းတို့သည် ဂီတကို စိတ်ဝင်စားသည့်အပြင် ဆိုခြင်း၊ တီးမှုတ်ခြင်းမှာ ကျွမ်းကျင်သည်။ ကျန်းမာရေးနှင့် အလှအပခံစားမှုဘက်တွင် စိတ်အားထက်သန်သည်။ ၎င်းတို့သည် မြို့ပြလူ့အဖွဲ့အစည်းလုပ်ငန်း၊ ပန်းချီ၊ ရုပ်ရှင်သရုပ်ဆောင်၊ ကျောင်းဆရာ၊ သိပ္ပံပညာရှင်၊ မီဘမဲ့ဂေဟာစောင့်ရှောက်ရေး၊ တက္ကသိုလ်ဦးဆောင်သူ၊ စားသောက်လုပ်ငန်း၊ ကျန်းမာရေးဌာန၊ အလှပြင်ဆိုင်၊ စီးပွားရေးလုပ်ငန်းပိုင်ရှင်အဖြစ် အောင်မြင်တတ်သည်။

**မွေးရက် (၇) ရက်**

(၇) ရက်နေ့မွေးသူများသည် အဘက်ဘက်မှ ပြည့်စုံသူ ဖြစ်သည်။ သိပ္ပံနည်းကျ တွေးခေါ်တတ်သောကြောင့် သိပ္ပံပညာရပ်ကို ယုံကြည်သူ ဖြစ်သည်။ စိတ်ခံစားချက်လွယ်သူ ဖြစ်သည်။ စိတ်ကူးကောင်း၍ စိတ်ကူးသည့်အတိုင်း လုပ်သင့်သည်။ အများနှင့်ပေါင်း၍လုပ်ကိုင်ခြင်းထက် တစ်ယောက်တည်းလုပ်ကိုင်တတ်သည်။ စွန့်စားလုပ်ကိုင်ရသော အလုပ်၊ လောင်းကစားမျိုး မလုပ်သင့်။ စပ်တူအလုပ်မျိုး ဘယ်တော့မှ မလုပ်သင့်ပါ။ မည်သည့်လမဆို (၁၅) ရက်၊ (၂၄) ရက်၊ (၂၆) ရက်များတွင်မွေးသူနှင့် အိမ်ထောင်ပြုပါက အဆင်မပြေ ဖြစ်တတ်သည်။ ၎င်းတို့သည် ကိုယ်ကျိုးကြည့်တတ်၍ ခေါင်းမာသူ ဖြစ်သည်။ ၎င်းတို့အောင်မြင်သောလုပ်ငန်းမှာ သိပ္ပံပညာရှင်၊ စာရေးဆရာ၊ တောင်သူလယ်သမား၊ ကျောင်းဆရာ၊ ဂန္ထဝင်ပညာရှင်၊ ခွဲစိတ်ကုဆရာဝန်၊ ဘဏ်လုပ်ငန်း၊ ရှေးဟောင်းပစ္စည်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူ၊ ကျောက်မျက်ရတနာရောင်းဝယ်ရေး၊ ပွဲစားလုပ်ငန်းများ ဖြစ်သည်။

**မွေးရက် (၈) ရက်**

(၈) ရက်နေ့မွေးသူများသည် စီးပွားရေးလောကတွင် ကျွမ်းကျင်သူ ဖြစ်သည်။ တိုးတက်အောင်လုပ်နိုင်၍ စီမံခန့်ခွဲ ဆောင်နိုင်စွမ်းရှိသည်။ ပစ္စည်းကောင်း,မကောင်း၊ တန်ဖိုးရှိ,မရှိ အကဲဖြတ်နိုင်သည်။ (၈) ဂဏန်းသည် ငွေကြေးကံကောင်းစေသောဂဏန်း ဖြစ်သည်။ သို့သော် အခွင့်အရေးကိုအသုံးချနိုင်မှုကံကောင်းသည်ဟု ဆိုနိုင်သည်။ ငွေကြေးကံကောင်းသောနေ့တွင် မွေးဖွားသူဖြစ်၍ နာမည်ဂဏန်းသည် မွေးရက်နှင့်မကိုက်ညီက ဘဝနောက်ပိုင်းကာလများတွင် အခက်အခဲတွေ့ရတတ်သည်။ ကိုယ်ပိုင်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း ဦးဆောင်သူအနေဖြင့် နာမည်ကောင်းရတတ်သည်။ ကိုယ်ပိုင်စာကြည့်တိုက်ထားလိုစိတ်ရှိပြီး စာဖတ်သည်ထက် စာအုပ်များများပိုင်ရသည်ကို ပိုသဘောကျသည်။ ၎င်းတို့သည် ကြီးမားသောလုပ်ရှားမှု၊ ဥပမာ-အဖွဲ့အစည်းများ၊ ဘာသာရေး၊ စာပေသင်တန်းကျောင်း စသည်တို့ကို ငွေလှူခြင်းမျိုး လုပ်ဆောင်တတ်သည်။ ၎င်းတို့သည် ဘဏ်လုပ်ငန်း၊ ရှေ့နေ၊ စီမံခန့်ခွဲသူ၊ အင်ဂျင်နီယာ၊ ပုဂ္ဂိုလ်ရေးဒါရိုက်တာ၊ တီးဝိုင်းခေါင်းဆောင်၊ စာရင်းကိုင်၊ အဝယ်တော်၊ ကုန်ပစ္စည်းထုတ်လုပ်သူအဖြစ် အောင်မြင်မှုရတတ်ပါသည်။

**မွေးရက် (၉) ရက်**

(၉) ရက်နေ့မွေးသူများသည် လူသားအရေး အဓိကထားသည်။ ၎င်းတို့သည် အနုပညာဆန်သူများဖြစ်၍ စိတ်ထားကောင်းကြသည်။ သနားကြင်နာတတ်၍ စိတ်လှုပ်ရှားမှု ဖြစ်စေသည်။ (၉) ဂဏန်း၏စက်ဝန်းတွင် အိမ်ထောင်ပြုခြင်းရှောင်ကြဉ်ရမည်။ ယင်းဂဏန်းသည် အဆုံးသတ်ဂဏန်းဖြစ်၍ ကွာရှင်းပြတ်စဲခြင်း၊ တစ်နည်း ခွဲခွာရခြင်းများကြုံရတတ်သည်။ ၎င်းတို့သည် စာပေ အနုပညာ၊ ရုပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာ၊ ကျောင်းဆရာ၊ ပန်းချီ၊ တောင်ယာလုပ်ကိုင်သူ၊ အိမ်မွှမ်းမံသူ၊ ရေနံ၊ အသက်အာမခံ၊ ကြော်ငြာလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ကထိက၊ ဘာသာရေး၌ အောင်မြင်တတ်ပါသည်။ ပုဂ္ဂိုလ်ရေးကောင်းစားဖို့ထက် အများအကျိုးပြုသောအလုပ်များအတွက် ဂုဏ်ပြုခံရတတ်သည်။

**မွေးရက် (၁၀) ရက်**

(၁၀) ရက်နေ့ မွေးသူများသည် တစ်ဦးတည်း လုပ်ကိုင်သင့်သည်။ ၎င်းတို့သည် အခြားသူများ၏အမိန့်ပေးမှုအပေါ် လုပ်ရသောအလုပ်မျိုးကို မနှစ်မြို့။ မိသားစုနှင့် အိမ်တွင်းရေးပြဿနာများကို စိတ်ဝင်စားသူများ မဟုတ်ကြ။ ၎င်းတို့မှာ တီထွင်ဖန်တီးမှု၌ အခြေခံအရင်းအမြစ်ကျကျ လုပ်ဆောင်တတ်သူ ဖြစ်သည်။ အနုပညာကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ဆောင်သင့်၏။ လုပ်ငန်းများကို ကျွမ်းကျင်တတ်မြောက်ပြီး အတွေးအခေါ် ထက်မြက်သူ ဖြစ်သည်။ ပတ်ဝန်းကျင်ကို တိုးတက်အောင် အမြဲကြိုးစားသူ ဖြစ်သည်။ မိတ်ဆွေများ



www.burmeseclassic.com

www.burmeseclassic.com

အပေါ် မနာလိုစိတ်များတတ်သူ ဖြစ်သည်။ အထီးကျန်ဖြစ်တတ်ပြီး ကိုယ့်ခြေထောက်ပေါ် ရပ်တည်နိုင်ရန် ကြိုးစားကြသည်။ အခြားသူများ၏အကူအညီကို ရယူခဲသည်။ ၎င်းတို့သည် စိတ်ကောင်းရှိ၍ အကြောက်အရွံ့ကင်း၏။ ၎င်းတို့အောင်မြင်နိုင်သောလုပ်ငန်းများမှာ တီထွင်သူ၊ လေယာဉ်မှူး၊ ကျောင်းဆရာ၊ ရှေ့နေ၊ ကြော်ငြာလုပ်ငန်း၊ စာရေးဆရာ၊ သင်္ဘောလုပ်ငန်းများ ဖြစ်သည်။

### မွေးရက် (၁၁) ရက်

(၁၁) ရက်နေ့မွေးသူများသည် အကြံဉာဏ် မြင့်မား၍ စိတ်ကူးကောင်းသည်။ ၎င်းသည် အထူးဂဏန်း (၁၁)မှာ မွေးသူ ဖြစ်၍ စိတ်ကူးစိတ်သန်းကို အစိုးရသည်။ စိတ်ကူးထက် လက်တွေ့လုပ်ကိုင်သင့်သည်။ မကြာခဏ ပြတ်သားမှုမရှိ တွေဝေနေတတ်ပြီး လက်တွေ့ မလုပ်နိုင်ကြ။ အသိစိတ်က ထိုးထွင်းသိမြင်မှုအပေါ် လွှမ်းမိုးတတ်သည်ကို သတိပြုသင့်သည်။ ၎င်းတို့မှာ စိတ်စွမ်းရည်ထူးရှိပြီး ပထမအတွေးမှာ ရပ်တည်သင့်၏။ ကိုယ်ကျင့်တရားကောင်းသူဖြစ်ပြီး တည်ငြိမ်သောအသွင် ရှိသော်လည်း စိတ်ထိခိုက်လွယ်သူ၊ တုန်လှုပ်ချောက်ချားလွယ်သူ ဖြစ်သည်။ အချစ်ရေးတွင်စိတ်လှုပ်ရှားမှုများပြီး အစွန်းရောက်သွားတတ်သည်။ ဆုလာဘ်ကို မျှော်ကိုးလွန်းခြင်း၊ ကပ်စေးနှဲခြင်းကို ရှောင်သင့်သည်။ လူအများရှေ့မှာ ထင်ရှားသူများ ဖြစ်သည်။ ၎င်းတို့သည် ကထိက၊ အကပညာရှင်၊ တရားဟောဆရာ၊ လျှပ်စစ်လုပ်ငန်း၊ အတွေးအခေါ်ပညာရှင်၊ အနုပညာလုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ရုပ်ရှင်လုပ်ငန်း၊ စာရင်းကိုင်၊ စာရင်းစစ်၊ စာရေးအဖြစ် အောင်မြင်မှုရတတ်သည်။

### မွေးရက် (၁၂) ရက်

(၁၂) ရက်နေ့ မွေးသူများသည် ဆင်ခြင်တတ်သူများ ဖြစ်သည်။ မိမိကိုယ်မိမိ ပေါ်လွင်အောင် နေတတ်သူများ ဖြစ်သည်။ စကားပြောကောင်းသလို တဲ့တိုးပြောတတ်၍ ရန်များတတ်သောကြောင့် နည်းပရိယာယ် ကြွယ်ဝစွာဖြင့် ဆက်ဆံရေးကောင်းအောင် ကြိုးစားသင့်သည်။ တဲ့တိုးပြောတတ်ခြင်းက ဆက်ဆံရေး၏အဟန့်အတား ဖြစ်သည်။ ၎င်းတို့သည် လက်တွေ့ဆန်၍ လှုပ်ရှားရခြင်းကို သဘောကျသူ ဖြစ်သည်။ စိတ်ကလည်း ထိခိုက်လွယ်၍ သည်းခံစိတ်မရှိတတ်။ ပေါင်းလိုက်က (၃) ရသော ဂဏန်းများနှင့် အကျိုးပေးသည်။ လုပ်ငန်းများစွာ စွမ်းဆောင်နိုင်၍ စိတ်ဝင်စားမှုလည်း ရှိသည်။ စိတ်အနှောင့်အယှက်ပေးမရခြင်း၊ စိတ်ဓာတ်ကျခြင်းများ ဖြစ်ပေါ်တတ်သည်။ ၎င်းတို့သည် မိဘကောင်း၊ ဆရာကောင်း မဖြစ်ကြသော်လည်း စည်းကမ်းကြီးလွန်းသူ ဖြစ်သည်။ အငြင်းအခုံကိစ္စမျိုးကို အနိုင်ရအောင် စွမ်းဆောင်နိုင်၍ ရှေ့နေဖြစ်တတ်ပြီး ဇာတ်သဘင်အလုပ်မျိုးမှာ ထူးချွန်၍ ထက်မြက်မှုရှိသည်။ ၎င်းတို့သည် ရှေ့နေ၊ စာရေးဆရာ၊ ဟောပြောသူ၊ ပုံနှိပ်ထုတ်သူ၊ ဆေးရုံအုပ်ချုပ်ရေး ဆရာဝန်၊ ကြော်ငြာလုပ်ငန်း၊ ဆေးဝါးရောင်းချသူ၊ ဖျော်ဖြေရေးလုပ်ငန်း၊ ကျန်းမာရေးအတွက် အာဟာရလုပ်ငန်းနှင့် အလှပြင်လုပ်ငန်းများတွင် အောင်မြင်တတ်သည်။

### မွေးရက် (၁၃) ရက်

(၁၃) ရက်နေ့တွင် မွေးဖွားသူများသည် လိုအင်ဆန္ဒများကို အခြေခံကျကျ လုပ်ဆောင်တတ်သည်။ ၎င်းတို့သည် စီးပွားရေးကောင်းသူ၊ အလုပ်ရုံ မန်နေဂျာအဖြစ် စည်းကမ်းနှင့်လက်တွေ့ကျကျ အသေးစိတ်လုပ်တတ်၏။ ကိုယ်တိုင်လည်း ကြိုးစား၍ အခြားသူများကိုတွန်းအားပေးတတ်သည်။ မိသားစု၏အကူအညီဖြင့်အောင်မြင်မှုရတတ်သည်။ ၎င်းတို့တွင် ချစ်ခင်တတ်သောသဘာဝအား ကောင်းအောင် မဖော်ပြတတ်။

၎င်းတို့သည် တစ်ခါတစ်ရံ အာဏာရှင်ဆန်၍ ကျိုးကြောင်းမဆီလျော်စွာ လုပ်ဆောင်တတ်သည်။ အဆောက်အအုံဆောက်သည့်လုပ်ငန်းများ အောင်မြင်တတ်သည်။ ၎င်းတို့သည် စီးပွားရေးလောကတွင် ကျင်လည်သူဖြစ်ပြီး အဆောက်အအုံဆောက်လုပ်ခြင်း၊ စာရင်းကိုင်၊ ကုန်သည်၊ ပုံနှိပ်ထုတ်သူ၊ သတ္တုတွင်းလုပ်ငန်း၊ ဘူမိဗေဒပညာရှင်၊ ဇီဝကာပညာရှင်၊ ရုံးစာရေး၊ လက်ရေးတိုစာရေး၊ ပန်းပုဆရာအဖြစ် အောင်မြင်မှုရတတ်သည်။ အခြားလုပ်ငန်းများအနေဖြင့် လျှပ်စစ်ပညာရှင်၊ ရေပိုက်တပ်ဆင်သူ၊ စက်ပြင်ဆရာ၊ အစိုးရဝန်ထမ်း၊ နိုင်ငံရေးလုပ်ငန်းများနှင့်သင့်မြတ်သည်။ ၎င်းတို့သည် တီထွင်ဖန်တီးမှု လုပ်နိုင်သူများ မဟုတ်။

### မွေးရက် (၁၄) ရက်

(၁၄)ရက်နေ့မွေးသူများသည် အဘက်ဘက်၌စွယ်စုံရသူ၊ သဘာဝနှစ်မျိုးရှိသူ၊ အပြောင်းအလဲအသစ်အဆန်းကို နှစ်ခြိုက်သူ ဖြစ်သည်။ လောင်းကစားဘက်တွင် ကံကောင်းတတ်သည်။ အသက်ငယ်ငယ်တွင် အိမ်ထောင်ပြုသင့်ပြီး တည်ငြိမ်သောဘဝကိုတည်ဆောက်သင့်သည်။ အရက်သမား၊ ကာမဂုဏ်သမား၊ လောင်းကစားသမားအဖြစ် နစ်မွန်းတတ်သည်။ ကိုယ်ချင်းစာတရားရှိပြီး သနားတတ်သူ၊ စိတ်စွမ်းရည်ထူးရှိပြီး အနာဂတ်ကို မြင်နိုင်သူ ဖြစ်သည်။ အပြုသဘောရော အဖျက်သမားဘက်ပါ အစွန်းရောက်သွားတတ်သည်။ ၎င်းတို့သည် အနုပညာ၊ စိတ်ကူးအတိုင်းလုပ်ကိုင်ခြင်း၊ အရောင်းအဝယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ မြေယာဖွံ့ဖြိုးရေးလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ ပွဲစားလုပ်ငန်း၊ မျက်စိ၊ နှာခေါင်း၊ လည်ချောင်း အထူးကုအဖြစ် အောင်မြင်တတ်သည်။

### မွေးရက် (၁၅) ရက်

(၁၅) ရက်နေ့ မွေးဖွားသူများသည် မိသားစုနှင့်အိမ်ကို တွယ်တာတတ်သည်။ ၎င်းတို့သည် ဆရာကောင်း မိဘကောင်းဖြစ်တတ်ပြီး တာဝန်ယူတတ်သည်။ ငွေကြေးအောင်မြင်မှုရတတ်သည်။ အခွင့်အလမ်းကောင်းနှင့် အခြေအနေကောင်း ရယူတတ်သည်။ ပညာသင်ယူဆည်းပူးခြင်း၊ သုတေသနပြုခြင်းထက် စောင့်ကြည့်လေ့လာ တွေ့သိရှာမှီးတတ်သူ ဖြစ်သည်။ အမြဲနုပျို တက်ကြွတတ်သည်။ ဤရက်တွင် မွေးဖွားသူ အမျိုးသမီးများသည် အချစ်အပြုတ်ကောင်းသူများ ဖြစ်သည်။

၎င်းတို့သည် အနုပညာဘက် ဝါသနာပါပြီး သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်းစသော ဂီတကို စိတ်ဝင်စားတတ်သည်။ လူအများနှင့် ပတ်သက်သော လုပ်ငန်းများ အောင်မြင်ရတတ်သည်။ ဤရက်၌မွေးသူများသည် အငြင်းအခုံသန်၍ ခေါင်းမာသူများ ဖြစ်သည်။ ၎င်းတို့ အောင်မြင်မှုရသော လုပ်ငန်းများမှာ ကျောင်းဆရာ၊ သူနာပြု၊ ကထိက၊ ဆေးပညာရှင်၊ အဆိုတော်၊ အထည်ဒီဇိုင်းသမား၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ ပညာရေးသိပ္ပံများ၊ ဆေးရုံ၊ လူမှုဝန်ထမ်းလုပ်ငန်းများတွင် အောင်မြင်မှုရသည်။

### မွေးရက် (၁၆) ရက်

(၁၆)ရက်နေ့မွေးသူများသည် အဘက်ဘက်မှစွယ်စုံရသူများ ဖြစ်သည်။ ၎င်းတို့သည် အခြားသူများ ကျဆုံးမှုကိုကြည့်၍ စိတ်ဓာတ်ကျတတ်၍ ထိတက်မှုကို အနှောင့်အယှက် ဖြစ်တတ်သည်။ ထီးတည်းနေတတ်၍ လောကနှင့်



www.burmeseclassic.com

www.burmeseclassic.com

...ကျာနေတတ်သည်။ သို့ရာတွင် အ...ကို ဆွဲဆောင်မှုရှိသည်။ ပတ်ဝန်းကျင်...၏ သိတွေ့မှုရှိသောလုပ်ငန်းများ လုပ်...သင့်သည်။ တော၊ မြို့ဆင်ခြေဖုံးအ...များမှာ အေးအေးဆေးဆေးနေလို...ရှိသည်။ ၎င်းတို့တွင် စိတ်စွမ်းရှိ၍ ...ကို ရှိသည့်အတိုင်း လုပ်သင့်သည်။ ...ကို ခွဲခြမ်းစိတ်ဖြာတတ်ပြီး ကျိုး...ကြောင်းဆင်ခြင်တတ်၍ ဤအတိုင်းလုပ်... အခက်အခဲတွေ့တတ်သည်။ မက်...သော အိပ်မက်များသည် အနာဂတ်အ...ကို ကြိုတင်သတိပေးချက် ဖြစ်သည်။ ...ရည်ရွယ်ချက်ကို နှောင့်ယှက်ခံရပါ... သဘောမကျ။ ဤရက်မွေးသူများ...သည် ပညာရေးအရာရှိ၊ စာရေးဆရာ၊ ...ယ်ဒီတာ၊ ရှေ့နေ၊ ပန်းစိုက်ပျိုးသူ၊ ...ဗေဒပညာရှင်၊ တောင်ယာစိုက်...ပျိုးသူအဖြစ် အောင်မြင်တတ်သည်။ ...ကောင်းကျိုးကို ကာကွယ်ရန် ခရမ်း...ရောင်ကို အသုံးပြုသင့်သည်။

### မွေးရက် (၁၇) ရက်

(၁၇) ရက်နေ့ မွေးသူများသည် ...ပွားရေးမှာ ကောင်းကျိုးပြုပြီး ဤ...ရက်သည် ကံကောင်းသောမွေးရက် ဖြစ်...သည်။ စီးပွားရေးလုပ်ရာတွင် စည်းကမ်း...လွန်ကြီးတတ်သည်။ ရိုးဖြောင့်သူ၊ ...ယ့်လမ်းကိုယ်ဖောက် လုပ်ဆောင်...တတ်သူ ဖြစ်၏။ ဆီးဆော (Seasaw) ...ပုံသည်။ ရှေးရိုးဆန်၍ စိတ်နေမြင့်...သည်။ အသုံးအဖြုန်းကြီးသည်။ ...ထူးချွန်သော ဘဏ်လုပ်ငန်းရှင်အဖြစ် အောင်မြင်တတ်သည်။ အသေးစိတ် ...ရသောလုပ်ငန်းများတွင် မိမိလက် အောက်ငယ်သားများကို ကောင်းစွာ စီမံ ...ချုပ်နိုင်သူ ဖြစ်သည်။ စိတ်ပိုင်း ...တ် ရုပ်ပိုင်း ပိုအားသန်သည်။ ကိုယ် ...င်လုပ်ငန်းလုပ်ပါက ပိုကောင်းသည်။ ...ပညာ၊ သမိုင်း စသည်ဘက်တွင် စာ ...သားရာတွင် ထူးချွန်သည်။ ၎င်းတို့ ...သည် အယ်ဒီတာ၊ စာပေထုတ်ဝေသူ၊ ...ဏ်လုပ်ငန်းရှင်၊ ပွဲစား၊ စာကြည့်တိုက် ... ရှေ့နေ၊ စီမံခန့်ခွဲရေးအရာရှိ၊ ရေနံ၊ ...တ္တုတွင်း စသည့်မြေတွင်းထွက်ပစ္စည်း ...င့် ဆက်စပ်လုပ်ငန်း၊ စတော့ရှယ်ယာ ...ပ်ငန်း၊ ဇာတ်ဆရာ၊ ရုပ်ရှင်လုပ်ငန်း ...တို့တွင် အောင်မြင်မှုရတတ်သည်။

### မွေးရက် (၁၈) ရက်

(၁၈)ရက်နေ့မွေးဖွားသူများသည် ...တ်ပျက်ဆုံးရှုံးမှုများ၊ အပြောင်းအလဲ ...များ ကြုံတွေ့ပြီး မိမိသြဇာကြီးမားရေးထက် အခြားသူများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်း မကြုံဆောင်နိုင်သမျှ ကာလပတ်လုံး တွေ့ကြုံခံစားရမည်။ ၎င်းတို့သည် ထူးချွန်သော ခွဲစိတ်ဆရာဝန် ဖြစ်နိုင်သည်။ ၎င်းတို့သည် မျှော်လင့်ချက် ကြီးကြီးထားသူဖြစ်သည်။ မွေးရက်ဂဏန်းက အပြောင်းအလဲနှင့် ခရီးသွားရခြင်းကို စိတ်ဝင်စားတတ်သည်။ နေထိုင်မကောင်းခြင်း၊ အကူအညီမဲ့ခြင်း၊ အသက်ကြီးခြင်းတို့က စိတ်ကိုပင်ပန်းစေသည်။ ၎င်းတို့သည် ပင်ကိုဉာဏ်ကောင်းပြီး စိတ်ခံစားမှုလွယ်သည်။ အငြင်းသန်၍ အခြားသူအပေါ် အပြစ်မြင်တတ်သည်။ အရည်အချင်းနှင့်ပြည့်စုံပြီး လွတ်လပ်မှုကို မြတ်နိုးသည်။ စဉ်းစားဉာဏ်ရှိ၍ အကြံကောင်းပေးနိုင်သူ ဖြစ်သည်။ ၎င်းတို့သည် ဂီတအနုပညာရပ်များကို မြတ်နိုးသူများဖြစ်ပြီး ပြဇာတ်နှင့် ဝေဖန်ရေးမှာ တော်သည်။ အောင်မြင်သောလုပ်ငန်းများမှာ ခွဲစိတ်ကုဆရာဝန်၊ ရှေ့နေ၊ ရုပ်ရှင်သရုပ်ဆောင်၊ အနုပညာရှင်၊ မီးရထားလုပ်ငန်း၊ ရေနံလုပ်ငန်း၊ စတော့လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ နိုင်ငံရေး၊ ဘာသာရေးလုပ်ငန်းနှင့် စာရင်းကိုင် လုပ်ငန်းများ ဖြစ်သည်။

### မွေးရက် (၁၉) ရက်

(၁၉)ရက်နေ့မွေးဖွားသူများသည် လွတ်လပ်မှုကိုလိုလား၍ အနုပညာဆန်သည်။ ပင်ကိုအရည်အသွေးရှိ၍ တက်လျှင်မိုး၊ ကျလျှင်မြေကြီး ဆိုသကဲ့သို့ အစွန်းရောက်တတ်သူများ ဖြစ်၏။ အပြောင်းအလဲကို သဘောကျ၍ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကာ အမြင်ကောင်းသထက်ကောင်းအောင် ကြံဆောင်လုပ်ကိုင်တတ်၏။ (၁၉) ဂဏန်းသည် (၁) မှ (၉) ထိရှိသော ဂဏန်းအားလုံး၏တုန်ခါလှိုင်းကိုရရှိသော ထူးခြားသည့် အကျိုးပေးမှုကိုရသည်။ စီးပွားရေးလုပ်ငန်းထက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ အောင်မြင်မှုရမည်။ စိတ်တိုပြီး စိတ်ထိခိုက်လွယ်သူများဖြစ်သော်လည်း ရန်ငြိုးမထားတတ်ဘဲ မေ့ပျောက်ပစ်တတ်သည်။ အိမ်ထောင်ရေးပျော်ရွှင်မှုရခဲပြီး အိမ်ထောင်ပြုခါမှ အထီးကျန်ကဲ့သို့ ကြုံရတတ်သည်။ အသင်းအဖွဲ့ အစည်းအဝေးမျိုး တက်ရသည်ကို မနှစ်သက်ပါ။ အစွန်းမရောက်အောင် လုပ်ဆောင်သင့်သည်။ အခြားသူများ၏အကြံဉာဏ်ကို လက်မခံတတ်ခြင်းကြောင့် ဒုက္ခရောက်ရတတ်သည်။ ၎င်းတို့သည် နိုင်ငံရေး၊ ဂီတလုပ်ငန်း၊ ပုံစံထုတ်လုပ်သူ၊ ဒီဇိုင်းပညာရှင်၊ ရှေ့နေ၊ တီထွင်သူ၊ ဈေးသည်၊ လျှပ်စစ်ပညာရှင်၊ လေယာဉ်မောင်းသူ၊ ဆေးပညာပါရဂူအဖြစ် အောင်မြင်သည်။

### မွေးရက် (၂၀) ရက်

(၂၀) ရက်နေ့တွင် မွေးဖွားသူသည် ငြိမ်းချမ်းရေးသမား ဖြစ်သည်။ ထင်ရှား ထက်မြက်သော နိုင်ငံရေးသမား၊ အစိုးရလုပ်ငန်းများမှာ ထူးချွန်တတ်သည်။ ကိုယ်ပိုင်လုပ်ငန်း အကျိုးပေးသည်။ လုပ်ငန်းကြီးထက် လုပ်ငန်းငယ်ကို နိုင်နိုင်နင်းနင်းလုပ်နိုင်သူ ဖြစ်သည်။ ၎င်းတို့သည် ဂီတ၊ သီချင်းဆိုခြင်း အလှအပတို့ကို မြတ်နိုးသည်။ ဆက်ဆံရေး ကျွမ်းကျင် ပါးနပ်ပြီး ပရိယာယ်ကြွယ်ဝသူ ဖြစ်၏။ မိသားစုကို အလေးထားသည်။ မေတ္တာစိတ်လည်း ပြင်းပြသည်။ တဇွတ်ထိုး မလုပ်သင့်ပါ။ မေတ္တာတရားလွန်ကဲခြင်းကြောင့် သူတစ်ပါးက ခုတုံးလုပ်တတ်သည်။ ၎င်းတို့သည် နိုင်ငံရေးသမား၊ စာရင်းကိုင်၊ ဂီတပညာရှင်၊ စာရေး၊ စာရင်းစစ်၊ လုပ်သား၊ စာကြည့်တိုက်မှူး၊ စာရေးဆရာ၊ စုဆောင်းသိမ်းသူ၊ အဆိုတော်နှင့် ဝေဖန်သူအဖြစ် အောင်မြင်တတ်သည်။

### မွေးရက် (၂၁) ရက်

(၂၁)ရက်နေ့တွင် မွေးဖွားသူသည် ပေါင်းသင်းဆက်ဆံရေးကောင်း၍ အရာရာကို စိတ်ဝင်စားတတ်ပြီး လုပ်ဆောင်ချက်များ အရာမရောက်၊ ပြန့်ကျဲအောင်လုပ်တတ်သည်။ သို့ဖြစ်၍ စိတ်အာရုံကို စုစည်းပေးရမည်။ စ, သာစ, ထားပြီး အဆုံး ယ းမသတ်သောကိစ္စများစွာ ရှိတတ်သည်။ စိတ်ထင်ရာလုပ်၍ အာရုံကြောထိခိုက်တတ်သည်။ ဇာတ်သဘင်မှာ ထူးချွန်စွာ ဖျော်ဖြေနိုင်သည်။ ၎င်းတို့သည် သံသယဝင်ခြင်း၊ စိတ်မရှည်ခြင်းတို့ကြောင့် ဘဝကြင်ဖော်ထက် မိတ်ဆွေအဖြစ် ပို၍ သင့်လျော်သည်။ စိတ်လှုပ်ရှားတတ်ပြီး စိတ်အတက်အကျမြန်လွန်း၍ စိတ်ဓာတ်ကျလွယ်ခြင်းများကို သတိထားသင့်သည်။ ၎င်းတို့သည် စာရေးဆရာ၊ ဟောပြောပို့ချသူ၊ ရုပ်ရှင်သရုပ်ဆောင်၊ ပြဇာတ်သရုပ်ဆောင်၊ ကြော်ငြာလုပ်ငန်း၊ ဥပဒေပညာရှင်၊ ဆေးဝါး၊ စာပေနှင့်သတင်းစာ၊ တေးဂီတ အနုပညာ စသောလုပ်ငန်းများ အကျိုးပေးသည်။

ဆရာဒေသမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ကြာခဲ့ပါပြီ။

နှစ်ပေါင်းများစွာပင် ကြာခဲ့ပါပြီ။


"သားပြောတာဟုတ်လား ကိုကို၊ ဟိုနေ့ကလူ"

"အေး- ဟုတ်တယ်၊ သူ့မိန်းမ အိမ်ကထွက်သွားလို့လာတာ"

ကျွန်ုပ်၏စကားကိုနားထောင်ရင်း သားသား ပြုံးနေ၏။ လွန်ခဲ့သော (၂) ရက်ခန့်က ကျွန်ုပ်ထံလာသူတစ်ယောက်ကို ခင်ဗျား လူထွက်သွားတဲ့ကိစ္စနဲ့လာတာပဲဟု လေ့ကားအဆင်းနားတွင် ရပ်ပြောသွားခဲ့၏။ သားသားကို ကိစ္စရှိ၍ သူ့အိမ်မှ လှမ်းခေါ်သောကြောင့် ခန်း

ရ င် ကို အေ း မြ စေ သော

ဆရာဦးမောင်မောင်သန်း





www.burmeseclassic.com

www.burmeseclassic.com

ားဟန်လွှဲ ကပ်ပြောသွားခြင်း ဖြစ်၏။ ည့်သည်သည် အိမ်ပေါက်ဝတွင် သူ့ အား ပြုံး၍ ခပ်တိုးတိုး ကပ်ပြောသွား သော သားသားကို ထူးထူးဆန်းဆန်း ကြည့်ရင်း ကျန်ခဲ့၏။

"သူ့မိန်းမမှာ တနင်္ဂနွေနံပါလိမ့် ယ် ကိုကို၊ ဟုတ်လား"

"ဟုတ်တယ်၊ မအေးခိုင်"

သားသား၏မျက်နှာကို စောင်းငဲ့ ကြည့်လိုက်ပြီး ကျွန်ုပ်ပင်လျှင် အနည်း ယ်လန့်သွား၏။ သူပြောပုံဆိုပုံမှာ အ ားအမြင်ရနေသလိုဖြစ်ဖြစ်သွားသော ကြောင့် ကြားရသူများ လန့်လန့်သွား ရလေ့ ရှိ၏။

"ဟိုနေ့က မင်း အဘိုးကြီးတစ် ယောက်နဲ့ဆုံပြီး စကားအချေအတင် ပြောလိုက်သေးတယ်ဆို"

"ဟုတ်တယ် ကိုကိုရာ၊ သူလာ တာ သောကြာအခါကြီးလေ။ ကြာသပ တေးက ခိုက်နေတယ်။ ဒီတော့ သား ပြောပြီပေါ့။ သူက စ,ပြောတာကိုး"

"သူက ဘယ်လိုပြောလို့လဲ"

"မင်းတို့ပညာနဲ့ ငါ့ကို ဟောနိုင် ားကွတို့ဘာတို့ လာလုပ်တာကိုး။ ဒီ တော့ သား ပြောထည့်လိုက်တာပေါ့။ င်ဗျား မကောင်းတဲ့လောကီလမ်းဆရာ ီးပဲလို့"

"ဟာ-ဘာလို့ ဒီလိုပြောလိုက်တာ လဲ"

"ကြာသပတေးခိုက်ချိန်လေ ကိုကို၊ ပညာခိုက်ချိန်။ ဒါဆို သူဟာ ပညာ အကြောင်းပြောရင် ခိုက်တဲ့ပညာအ ကြောင်းပဲ၊ လျှို့ဝှက်ပညာအကြောင်းပဲ ပြောတော့မှာပေါ့။ ဒါနဲ့ပဲ ဆိုင်တော့မယ် လေ။ ကောင်းတဲ့ပညာတော့ ပြောမှာ မဟုတ်တော့ဘူး။ သူ့ပညာခိုက်နေပြီ။ သူ့ရဲ့အတွေးအခေါ် အမြော်အမြင် ဆင် ခြင်တုံတရားတွေ ခိုက်နေပြီ။ ဒါကြောင့် မကောင်းတဲ့လောကီလမ်းဆရာလို့ ပြော ထည့်လိုက်တာ"

"သူက ဘာပြောလဲ"

"ငါ အခု အဲဒါတွေစွန့်လိုက်ပါပြီ ကွာတဲ့။ မလုပ်တော့ပါဘူးတဲ့"

ကျွန်ုပ်၏စိတ်ထဲတွင် သားသား ပြောထည့်လိုက်တဲ့စကားလုံးက ကြမ်း လိုက်တာ၊ မှန်သွားလို့ တော်ပါသေးရဲ့ ဟု တွေးနေမိ၏။

"ပြီးတော့ ဦးလေးရဲ့အိမ်ထောင် ရေးနောက်ဆက်တွဲတွေ ထပ်ပြောပြရ ဦးမလားဆိုတော့ လက်ကာကာ၊ ခြေ ကာကာနဲ့ တော်ပါပြီ၊ ရပါပြီ ဖြစ်သွား တယ်။ ပြောဆိုလို့ကတော့ သားက သူ့ မှာ မယားငယ်ရှိတာ ပြောထည့်လိုက် မယ်"

"ဟာ- သားသား၊ ဘာဖြစ်လို့လဲ"

"နံတော်စဉ်နဲ့ပြောလိုက်မှာပေါ့။ သူလာတာ ဘုရားရှင် ဖွားတော်မူချိန် လေ။ နောက်ဆက်တွဲပြဿနာတွေပြော လို့ အရမ်းကောင်းတဲ့အချိန်ပေါ့"

"မပြောနဲ့သား"

"ဗျာ"

"ဒါမျိုးကိုသွားမပြောနဲ့၊ ကိုယ်သိ တိုင်းလည်း စွတ်စွတ်မပြောနဲ့"

"ဘာဖြစ်လို့လဲ ကိုကို"

"ခြော်- တချို့က မကြိုက်တတ် ဘူးလေ။ သား ဒီပညာတွေကို ကိုကို့ဆီ က သင်ပြီးချိန်တစပြီး သားလျှောက် လုပ်မ်းရမှာ အများကြီး။ ဆင်ခြင်ရမှာတို့၊ ထိန်းချုပ်ရမှာတို့ဆိုတာရှိတယ် သား"

"ဟုတ်ကဲ့"

"တစ်ဖက်သားစိတ်ထဲမှာ စနောင့် စနင်းဖြစ်သွားအောင်၊ စိတ်ထိခိုက်သွား အောင် ဘယ်တော့မှမပြောနဲ့"

"ဟုတ်ကဲ့"

ဤနေ့လေးကို မမေ့ပါ။

ဤနေ့လေးသည် သားသားကို အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက်နှင့် ပတ်သက် ၍ ပညာသင်ကြားပေးရန် ပြင်ဆင်နေ သောနေ့ ဖြစ်၏။ သူ့ သိသင့်သိထိုက်

စုံမှသာ ပွင့်တတ်ခြင်း ဟူသည်

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)





www.burmeseclassic.com

www.burmeseclassic.com

သည်များကို ပြောပြခြင်း၊ သတိပေးခြင်း ပြုလုပ်နေစဉ် အိမ်ရှေ့ဆီသို့ ကားတစ်စီးရပ်သံကြား၍ နှစ်ယောက်လုံး လှမ်းကြည့်လိုက်၏။

"ဘယ်လိုလဲ ဆရာ၊ အဆင်ပြေလား"

"ဩော်- ကိုကျော်လှတို့ပါလား။ လာ- မအုံးညွန့်လည်းပါသကိုး"

နှစ်ယောက်သား ကျွန်ုပ်တို့နှစ်ဦး ဘေးတွင် စွေ့ခနဲ ဝင်ထိုင်လိုက်ကြပြီး မအုံးညွန့်မှ သူ့လက်လေးနှင့် သူ့ကိုယ်သူ ပြန်ယပ်ခတ်နေ၏။

"ဟူး. . . ဆရာကို့ဆီ တစ်ခေါက် တစ်ခေါက်လာရတာ မလွယ်လိုက်တာ။ နေကလည်းပူမှပူ"

"အေးလေ၊ ဟုတ်ပ။ နေပူလိုက်သမှ"

"ဆရာ့ဆီလာတာက"

"ဟုတ်ကဲ့"

"ကျွန်တော်တို့ လျှပ်စစ်ပစ္စည်းနဲ့ ဆိုင်တဲ့ ဆိုင်လေးတစ်ဆိုင်ဖွင့်မလို့"

"ဩော်- ကောင်းတယ်"

"ကျွန်တော့်အစ်ကိုတစ်ယောက်နဲ့ စပ်ဖွင့်မှာ။ အဲဒါ ကျွန်တော့်အစ်ကိုရဲ့ ခုနှစ်သက္ကရာဇ်ရယ်၊ ပြီးတော့ ဘာလိုသေးလဲ၊ ကျွန်တော်ပေးခဲ့မယ်။ ဟို- ဆိုင်နာမည်၊ ဖွင့်မယ့်ရက်၊ ဆိုင်းဘုတ်အရောင် အဲဒါတွေ အစုံ ဆရာရေးထားပေးပါ။ ကျွန်တော် နောက်နေ့ ဝင်ယူမယ်"

"ခုပြောလိုက်လည်း ရတယ်လေ"

"မဟုတ်ဘူး၊ ဟိုမှာ ချိန်းထားတာရှိလို့ ဆရာ။ လုပ်ငန်းရှင်တစ်ယောက်ရဲ့ကလေးကင်ပွန်းတပ် သွားရမှာမို့"

မအုံးညွန့်စကားကြောင့် ကျွန်ုပ် ခေါင်းညိတ်ပြလိုက်၏။

"ရတယ်လေ၊ ရေးထားလိုက်မယ်"

"နော်- အဲဒါလေး၊ သေချာလေး"

"အေးပါ"

"သွားမယ် ဆရာ"

ကိုကျော်လှသည် ကျွန်ုပ်၏ဘေးတွင် ထိုင်နေသော သားသားကို ပြုံးပြ၍ တစ်ချက်ခေါင်းညိတ်လိုက်ပြီး ထွက်သွားတော့၏။

"ကိုကို"

"ဟေ"

"ဒီလူဟာ ဟိုးလွန်ခဲ့တဲ့ လေး၊ ငါးနှစ်လောက်က ကိုကို့ဆီ အမြဲလာနေတဲ့ သူမဟုတ်လား။ မှတ်မိသလိုလိုပဲ"

"ဟုတ်တယ်လေ"

"သူ့အမျိုးသမီးက စကားနည်းနည်းမာသလားလို့၊ ပုံစံတွေ တော်တော်များပြောင်းသွားသလားလို့"

"ဘယ်ပုံစံတွေလဲ"

"ဟိုးလွန်ခဲ့တဲ့ လေး၊ ငါးနှစ်က ကိုကို့ဆီမှာ သားတွေ့ဖူးခဲ့တဲ့ပုံစံတွေနဲ့ ခုပုံနဲ့ပြောတာပါ"

ကျွန်ုပ်သည် သားသားကို အင်္ဂါ၊ ဗုဒ္ဓဟူး သက်ရောက်နှင့် ပတ်သက်၍ သင်ကြားရန် အဆင်သင့်တင်ထားသော ဗလာစာအုပ်အား ယူလိုက်ပြီး ပြုံးနေလိုက်မိ၏။ လူကတော့ သားသားနှင့် အတူထိုင်နေပါ၏။

သို့သော် စိတ်ထဲတွင် ပေါ်လာသော အတွေးများမှာ လွန်ခဲ့သော လေး၊ ငါးနှစ်ဆီသို့ ခရီးနှင်သွားလေတော့ရာ . . .။

✪

အံကိုကြိတ်ထားသော်လည်း ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသော မျက်ရည်များကြောင့် သူ၏အမူအရာမှာ ပျော့ပျောင်းသွားပြီမှန်း သိလိုက်ပြီး-

"အလုပ်က"

"ဘေထပ်ထည်တွေပါ"

"အဆင်ပြေတယ် မဟုတ်လား၊ အဲဒါ"

"ကျွန်တော်ကအငှားလိုက်ရောင်းပေးရတာပါ။ ထမင်းကျွေး တစ်နေ့ (၅) ကျပ်ပါ"

"နေတာက"

"ငမိုးရိပ်ထဲမှာပါ"

"ဩော်"

"အဲဒါ ဆရာရယ်၊ ဖအေ နေမကောင်းလို့တောင် ဖအေအတွက် ဝယ်စရာ ဆေးမရှိတာ ကျွန်တော် စိတ်အထိခိုက်ဆုံးပဲ။ အဖေ့ကို ထွေရာလေးပါးလေးလည်း ကျွေးချင်တယ်"

"အေး- ဟိုနေ့တွေက ခင်ဗျားလာတဲ့အချိန်က ကျွန်တော် အလုပ်နားချိန်မို့ ခင်ဗျား နှစ်ခါတောင်ပြန်သွားရတာ မှတ်မိတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ဒီနေ့ အလုပ်မသွားဘဲ တမင်ကို စောစောလာခဲ့တာ"

"ဒါဖြင့် ဒီနေ့ (၅) ကျပ် နစ်နာသွားပြီ"

"ရပါတယ် ဆရာ၊ ဒီလိုပဲ အလုပ်ရှင်ကို တောင်းပန်ပြီး စားဖို့သောက်ဖို့တော့ ဖန်တီးရမှာပဲ"

"ခင်ဗျားနာမည်"

"ကျော်လှပါ။ သူက ကျွန်တော့်မိန်းမ၊ မအုံးညွန့်ပါ"

ဘေးနားတွင်ထိုင်နေသော အမျိုးသမီးမှာ ခေါင်းငုံ့ထားရာမှ မော့လာပြီး လက်လေးနှစ်ဖက်ယှက်၍ လက်အုပ်လေးချီ၏။

သူတို့ဇနီးမောင်နှံသည် ဖြူစင်မှီးသားကြသောအသွင်ကိုဆောင်နေသော်လည်း လက္ခဏာရှားပါးရှာကြ၏။ ဝတ်ထားသော အင်္ကျီလေးများမှာ ဘေထပ်ထဲမှ အင်္ကျီများလောက်ပင် အရောင်မရှိ။ အသားအရောင်များမှာ ဖြူချင်လှတ်နှင့် ညိုနေသသယောင်။

"မအုံးညွန့်ကကော ဘာလုပ်သလဲ"

"ကြာဆံကြော် ရောင်းပါတယ်။ ဆိုင်မငှားနိုင်တော့ ကြုံသလိုပေါ့။ ဈေးထောင့်မှာလည်း ဘဲဥ၊ ကြက်ဥ ရောင်းတဲ့အခါ ရောင်းပါတယ်"

"ဟာ- စုံလှချေလား"

"ခုတော့ ဘဲဥ၊ ကြက်ဥပဲ ထိုင်ရောင်းနေတာ ကြာပါပြီ။ စားဖို့သောက်တော့ ရပါတယ်"

ကျွန်ုပ်လည်း ထိုဇနီးမောင်နှံနှစ်ယောက်နှင့် သိချင်တာလေးများ မေးမြန်းပြောဆိုလိုက်ပြီး ကိုကျော်လှ၏ဇာတာ စတင်တွက်ကြည့်လိုက်၏။

ခုမှာမှ အသက် (၃၅) နှစ် တနင်္လာသားဖြစ်ပြီး ဗုဒ္ဓဟူးသက်ရောက်တွင် ရောက်နေရှာသူ ဖြစ်၏။ သူ၏ အား အကြမ်းကြည့်လျှင်-

| | |
|---|---|
| ၀၆ | ၆ |
| ၆၅ | ၂ |
| ၅၄ | ၅ |
| ၄၃ | ၁ |
| ၃၂ * | ၄ |
| * ၂၁ | ၀ |
| ၁၀ | ၃ |
| **သက်ရောက်** | **ထိုနှစ်ကောဇာ** |

ပုံတွင်ပြထားသည့်အတိုင်း ကြာ ဇေယျ နှစ်ကောဇာနှင့် ယှဉ်တွဲ လာမည် ဖြစ်၏။

"ကိုကျော်လှ"

"ဗျာ"

"ကျွန်တော် ခင်ဗျားကို ရအောင် လုပ်ယူမယ်။ ခင်ဗျားဟာ သ ကောင်းတယ်၊ ဖခင်ကြီးနဲ့ မိသား ရိုးရိုးသားသား ရှာကျွေးနေတယ်၊ လည်းကြိုးစားတယ်။ ဒီတော့ ခင် အဆင်ပြေလာအောင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

။ ခင်ဗျားက ကျွန်တော်လုပ်ခိုင်းတဲ့ ...င်းလုပ်မှာလား။ စဉ်းစားပြီးမှပြော။ ... စိတ်ကူးယဉ်မဟုတ်ဘူး၊ ဘဝတစ်ခု ... အကောင်အထည်ဖော်ရတော့မှာ"

"ဆရာ ကျွန်တော့်ကို သေတွင်း ...င်းပြီး တွင်းထဲခုန်ချခိုင်းရင်တောင် ...တော် ခုန်ချမယ် ဆရာ"

"ဒီလိုစကားမျိုးတွေ မပြောပါနဲ့။ ...သည်း ကျွန်တော်ကြားလိုက်တယ်။ ...တဲ့၊ သောကလေး အိပ်ကျန်ခဲ့လား ...တာ"

"ဩော်- သားအကြီးကောင်ကို ...တာပါ"

"ဘာလဲ သောက"

"ဩော်-ကျွန်တော်တို့ချင်းနောက် ...င်ခေါ်ကြတဲ့စကားပါ ဆရာ"

"မခေါ်နဲ့လေ"

"အချင်းချင်းက အဲလိုတွေချည်း ... နေကြတော့"

"ဒီမှာ၊ ကျွန်တော်လည်း စိန်ဂွန်း ...မှာ ဈေးရောင်းလာတာပဲ။ ခင်ဗျား ...င်းသလို ဘေထုပ်တွေပဲ။ ဒီလိုပဲ သူ ...ချင်းတွေအများကြီးနဲ့ အလုပ်လုပ် ...တာပဲ။ ကိုယ်ခေါ် ချင်မှဖြစ်တာပါ ကို ...ျော်လှရဲ့။ ခင်ဗျားမခေါ်လည်း ဘယ် ...တမှ တရားမစွဲပါဘူး။ သောက ဆို ... ကောင်းတဲ့စကားလုံးမှ မဟုတ် ...အပူမီးတောက်လောင်ခြင်းသဘော ...ပဲ။ ကိုယ့်သားလေးကိုယ် ပြန်ပြီး ...က၊ သောက လုပ်နေတော့။

(ကိုကျော်လှဈေးရောင်းချိန်မှသာ ...တ်၊ ကိုကျော်လှမရောင်းခင် ကျွန်ုပ် ...ရောင်းချိန်ကတည်းက လေဟာပြင် ...နှင့် စိန်ဂွန်းတွင် သူငယ်ချင်းအ ...ချင်း၊ ရောင်းဖော်ရောင်းဖက်အချင်း ... တွေ့လိုက်သည်နှင့် ဟေ့- သောက၊ ...ယ်လိုလဲ သောက ဟူ၍ နှုတ်ဆက် ...တ်ကြ၊ ခေါ်တတ်ကြသည်။ အပူမီး ...ာက်လောင်ခြင်းသဘောကို မြိန်ရေ ...်ရေခေါ်ခဲ့ကြ၍လား မသိ၊ သောက ...င်တွင်ခေါ်ကြသူများ အရင်းများပြုတ် ...တ်တုတ်ထိုင်။ အချို့ သူငယ်ချင်းအ ...ချင်းဆီတွင် နေ့စားဝင်လုပ်ရနှင့် အ ...ာ်လေး ဘဝပျက်သွားကြသူတွေများ ...)

ပြီးတော့ ခင်ဗျားဟာ နာမည်နဲ့ ...်အောင် နေရမယ်။ နာမည်က မှည့် ...တာ ကောင်းတယ်။ ဥပရအုပ်စု ...ည်း ဖြစ်တယ်။ ကောင်းတာ၊ မြတ် ...။ အသားကလည်း ဒါလောက်ကြီး မမည်း, မညိုဘူး။ နာမည်အဓိပ္ပာယ်လည်း ကောင်းတယ်။ ဒီလို နာမည်မျိုးဟာ မဟုတ်တဲ့စကား၊ ယုတ်နိမ့်တဲ့စကား မပြောရဘူး။ ကောင်းတာနဲ့ ကျော်အောင်နေရမယ်။ ကောင်းတဲ့သဘောတွေနဲ့ ကျော်အောင်နေရမယ်။ ဒါဆို ဘဝလှလာလိမ့်မယ်"

ကိုကျော်လှသည် သူ၏ရင်ဘတ်ရှေ့နားတွင် လက်လေးနှစ်ဖက်ယှက်၍ လက်အုပ်ချီလိုက်ပြီး ကျွန်ုပ်ကိုပြုံးကြည့်နေတော့၏။

"ဆရာပြောတာတွေ ကျွန်တော်နားမလည်ပါဘူးခင်ဗျ။ ဒါပေမယ့် ဆရာဆုံးမတဲ့အတိုင်း လိုက်နာပါ့မယ်"

"ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားအိမ်ကနေ ကျိုက္ကစံဘုရားကြီးကို ခင်ဗျား ခြေကျင်လျှောက်ရမယ်။ ဆိုက်ကားမစီးရဘူး၊ စက်ဘီးနဲ့ မသွားရဘူး။ လမ်းလျှောက်သွားပြီး ဘုရားကြီးရောက်တာနဲ့ ခင်ဗျား တံမြက်စည်းလှည်းရမယ်။ နာရီဝက်လောက်လှည်း၊ ပြီးမှ လက်ဆေး၊ ပြီးရင် ဘုရားရှိခိုး။ အဲဒီလိုပြုတဲ့ ကုသိုလ်မျိုးနဲ့ ဘုရားရှိခိုး"

"လုပ်မယ်လေ ဆရာ၊ နေ့တိုင်းလား"

"မဟုတ်ပါဘူး၊ တစ်ပတ်တစ်ရက်ပါ။ ဘယ်နေ့သွားသွား၊ ဘယ်အချိန်သွားသွား ရတယ်။ (၂)လလောက်တော့ သွားလိုက်ပေါ့။ နေ့တိုင်းလုပ်ရမှာက ခင်ဗျား ထမင်းစားလို့ ထမင်းဝခါနီးလေး၊ ငါးလုတ်လောက်မှာရပ်။ ကျန်တဲ့ထမင်းကို ခင်ဗျား ခွေးကျွေးရမယ်။ လမ်းဘေးခွေး ကျွေးရမှာ။ ထမင်းနည်းနေလို့ လိုအပ်ရင် ထပ်ဖြည့်ထည့်။ ဝအောင်စားချင်ရင် အစောကြီးကတည်းက များများထည့်ထားပေါ့ဗျာ"

"ဟုတ်ကဲ့၊ ဟို - ဘယ်လောက် ကျွေးရမှာလဲ ဆရာ"

"တစ်နှစ်လုံးပဲ ကျွေးပေတော့"

"ဟုတ်ကဲ့၊ ကျွေးမယ် ဆရာ"

"ဟုတ်ပြီ၊ ဒါက အပြင်ဓာတ်။ ခင်ဗျားကို အိမ်အတွင်းမှာ ဓာတ်ဆင်မယ်။ ခင်ဗျားအိမ်ရဲ့အနောက်တောင်ထောင့်မှာ နှင်းဆီပန်းလေးတစ်ပွင့်ကို အိုးလှလှလေးတစ်လုံးနဲ့ ရေထည့်ထိုးထား"

"ဘယ်ကိုပူဇော်တာလဲ ဆရာ"

"ဘယ်ကိုမှပူဇော်တာမဟုတ်ဘူး၊ အလှထားတာ"

ကျွန်ုပ်၏စကားကို နားမလည်သလိုနားထောင်ရင်း ခေါင်းညိတ်လိုက်၏။

"အဲဒီ ပန်းအလှက နွမ်းတိုင်း လဲပေးရမှာလား ဆရာ"

"လဲပေးရမှာပေါ့၊ နွမ်းလို့မရဘူး၊ လဲပေး"

"ဟုတ်ကဲ့"

"နောက်တစ်ခု၊ ဒါကတော့ ခင်ဗျား အလွတ်ကျက်ရလိမ့်မယ်။ ဘုရားစာပဲ။ ပထမံဂါထာလို့ ခေါ်တယ်။ ရလား"

"မရဘူး ဆရာ၊ ပထမံဂိုဏ်းကဂါထာလား"

"ဘာဂိုဏ်းကမှမဟုတ်ဘူး။ သစ္စာအနက် (၁၆) ချက် ပထမံဂါထာ၊ လေးကြောင်းတည်း ရှိတယ်။ ကျွန်တော်ရေးပေးမယ်"

စာရွက်အဖြူအလွတ်တွင် ကိုယ်တိုင်ရေးပေးလိုက်သော ပထမံဂါထာကို ကိုကျော်လှပါမက မအုံးညွန့်ကပါ စိတ်ဝင်တစား ဖတ်နေ၏။

'ပထမံ သက လက္ခဏ မေကပဒံ
ဒုတိယာဒိ ပဒဿ နိဒဿန
တော
သ. မ. နိ ဒု. နိ. မာ သ. မ. ဒု
သ. နိ. ဒု
ကမတော ဝိဘဇေ ပထမေ န
ဝိနာ'

ရွတ်ဖတ်ပုံ ရွတ်ဖတ်နည်းကိုပါ သင်ကြားပေးလိုက်၏။

"ဘယ်လောက်ရွတ်ရမလဲ ဆရာ"

"ခင်ဗျား ခုနပြောခဲ့တယ်နော်၊ ဆရာခိုင်းတာလုပ်ပါ့မယ်ဆိုပြီး"

"ဟုတ်ကဲ့ပါ"

"အေး- တစ်နေ့ကို တစ်ထောင်ရွတ်ရမယ်။ ဒါပေမယ့် ချက်ချင်းတော့ မဟုတ်သေးဘူး။ တစ်နေ့ကို (၃၀၀) လောက်က စ, ရွတ်။ တဖြည်းဖြည်းနဲ့ တစ်နေ့ (၅၀၀)၊ တစ်နေ့ (၇၀၀) ရွတ်နိုင်သလောက်ရွတ်ပြီးမှ တစ်နေ့ (၁၀၀၀) ရအောင်ရွတ်၊ အာရုံပြုထားရမှာက ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတွေကိုပဲ"

"ဟို- သွားရင်းလာရင်း ရွတ်လို့ ကောရလား ဆရာ"

"ပုတီးတစ်ပတ်၊ နှစ်ပတ်လောက်တော့ ထိုင်စိပ်ပေါ့ဗျာ။ ကျန်တာရွတ်ရင်လည်း ရွတ်ပေါ့။ နှုတ်က မပြတ်ရွတ်နေတော့လည်း ကုသိုလ်တွေပွားနေတာပေါ့"

"ဟုတ်ကဲ့"

"မအုံးညွန့်လည်းရွတ်၊ မအုံးညွန့်က တစ်လ တစ်ခေါက်လောက် ဘုရား



www.burmeseclassic.com

www.burmeseclassic.com

သွား။ ကိုကျော်လှ ဘုရားသွားရင် လိုက်သွား။ အုန်းညွန့်တွေ လက်နှစ်ဖက်နဲ့ကိုင်ရလောက်အောင် အများကြီးနဲ့ ဘုရားပူဇော်။ မှတ်ထား"

"ဟုတ်ကဲ့"

"ကဲ - လုပ်၊ မလုပ် သိရအောင် တစ်လ တစ်ခေါက်လောက် လှည့်လှည့်လာခဲ့ကြ။ ခင်ဗျားတို့ဆီက တစ်ပြားမှ မယူဘူး၊ သွားကြတော့"

တစ်လတစ်ခါရောက်ရောက်လာကြ၏။

သူတို့ဇနီးမောင်နှံကို ကျွန်ုပ် အတော် သံယောဇဉ်ဖြစ်မိသွား၍ သူတို့နေကြသော ငမိုးရိပ်ဘက်သို့ တစ်ခါတလေရောက်သွား၏။ ကျွန်ုပ်၏မိတ်ဆွေတွေ တော်တော်များများရှိကြသည်ဖြစ်ရာ ကိုကျော်လှ ခွေးကျွေးခြင်းကို အားရပါးရ ပြောပြကြ၏။ ခွေးတွေက ကျော်လှမြင်ရင် အုံခဲနေတာပဲ ဟူသောစကားများကိုကြားရသည့်အခါ ကျွန်ုပ်မှာ ပီတိဖြစ်ရ၏။

တစ်လတစ်ခါမှသည်-

နှစ်လတစ်ခါ၊ သုံးလတစ်ခါခွဲခေါ်ပြီး သူတို့အခြေအနေကိုကြည့်ရင်း တစ်နှစ်နီးပါးကြာမှ ကိုကျော်လှတို့ရောက်လာသည့်အခြေအနေသို့ ရောက်လာခဲ့ပါပြီ။

"ဆရာ"

"အေး"

"ကျွန်တော့်ကို ပိုင်ရှင်က ဘေထုပ်ခွဲပေးတယ် ဆရာ။ အမြတ်တစ်ဝက်နဲ့"

"ဘယ်မှာလဲ"

"မြို့ထဲမှာပဲ ဆရာ၊ တော်တော်ရောင်းရတယ်။ လူငှားတစ်ယောက် ထပ်ခေါ်ရတယ်။ ခု ကျွန်တော် ဒီမိုးလေးကုန်ရင် နှစ်ထုပ်၊ သုံးထုပ်ကို ကျွန်တော့်ဟာကျွန်တော် ကိုယ်ပိုင်ယူနိုင်လောက်ပြီ ဆရာ။ အဲဒါ အဆင်များပြေပါ့မလားလို့"

"ဘာလို့မပြေရမှာလဲ ကိုကျော်လှရယ်။ ယူစမ်းပါ၊ လုပ်စမ်းပါ။ ယူရမှာက ကိုကျော်လှတာဝန်၊ ရောင်းကောင်းအောင်လုပ်ပေးရမှာက ကျွန်တော့်တာဝန်။ စေတနာစိတ်ကောင်းထားပြီး ရိုးရိုးသားသားနဲ့ ကြိုးစားနေတာပဲဟာ"

လက်အုပ်လေးချီရင်းမှ မျက်နှာလေးပြုံးပြီး-

"ကျွန်တော် ပထမံဂါထာ (၁၀၀၀) မပျက်ပါဘူး ဆရာ။ ခွေးလည်း ဆရာခိုင်းတဲ့အတိုင်း တစ်ပတ်ကို နှစ်ရက်၊ သုံးရက် ကျွေးတုန်းပါ။ နှင်းဆီပန်းလေးလည်း လန်းနေပါရဲ့။ အုံးညွန့်လည်း ဆိုက်ကားဂိတ်မှာ ထမင်းကြော်ရောင်းတာ တအား အဆင်ပြေတယ် ဆရာ။ သူတောင် လိုက်လာဦးမလို့"

"အေး- ကိုကျော်လှတို့ ကံပွင့်လာပြီ၊ ဆက်လုပ်"

တစ်နှစ်မှ တစ်နှစ်သို့-

ကူးပြောင်းသွားခြင်းသည် ကြာသည်ဟုပင် မထင်လိုက်ရ။

"လုပ်ငန်းနည်းနည်းခဲ့ဖြစ်လိုက်တော့ ဒါလေးကို အကြွေးနဲ့ရလို့ ဆွဲထားလိုက်တယ် ဆရာ"

"ဟာ- ကောင်းတယ်၊ လေးဘီးလေး"

"ဆိုင်နဲ့တော့ဖြစ်လာပြီ ဆရာ။ ဆရာခိုင်းတဲ့အတိုင်း ပထမံဂါထာက တော့ ခုထိမပျက်ဘူး။ နှင်းဆီလည်း မပြတ်ဘူး။ ခွေးကတော့ တစ်ခါတစ်ခါမှ ကျွေးဖြစ်တော့တယ်"

"ကိုကျော်လှတို့မရောက်တာ (၁) နှစ်ကျော်၊ (၁) နှစ်နီးပါးလောက် ရှိပြီနော်"

"ဟုတ်တယ် ဆရာ"

အိမ်ရှေ့ဆီတွင် ရပ်ထားသော လေးဘီးကားလေးကို တစ်လှည့်၊ ကိုကျော်လှကိုတစ်လှည့် ကြည့်ရင်း ကျွန်ုပ်မှာ မျက်ရည်ပင်ဝဲလာသည့်ထိ ပီတိဖြစ်ရ၏။ အလွန် စိတ်ထားဖြူသူတစ်ဦးကို ဘဝလှအောင် တွန်းတင်နိုင်ခဲ့ပြီဖြစ်၍ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူနေမိ၏။

ကျွန်ုပ်၏အမေသည် ကျွန်ုပ်ကို အမြဲ မှာ၏။

လူလေး၊ သစ်လဲ၊ ဝါးလဲတောင်မှ မိုးတွင်းဆိုရင် အညွန့်လေးတွေ ထထထွက်လာတာ။ လူလဲရင် ဘယ်တော့မှ အထင်မသေးလေနဲ့။ သူဟာ တစ်နေ့ အညွန့်တလူလူနဲ့ဖြစ်မလာဘူးလို့ မပြောနိုင်ဘူး ဟူသော စကားကို အမြဲမှာ၏။

ယခု-

အမေ့စကားမှန်လွန်းလှပါဘိ။

ကိုကျော်လှတို့လည်း သူတို့အလုပ်နှင့်သူတို့ မအားမလပ်၊

ကျွန်ုပ်လည်း ကိုယ့်အလုပ်နှင့်ကိုယ် လုံးဝမအားလွန်း၍ (၃) နှစ်နီးပါး ကြာသွားချိန်သည် ခဏလေးများလားထင်ရ၏။

အိမ်ရှေ့တွင် စက်သတ်လိုက်သော ပါဘလစ်ကာ အနီရောင်ကားလေးတစ်စီးအား စိတ်ဝင်တစား လှမ်းကြည့်နေလိုက်မိ၏။

ကိုကျော်လှ။

ကားပေါ်မှ ကားသော့လေ... ပြီး ဆင်းလာသော ကိုကျော်လှ။

သူ့နောက်က မအုံးညွန့်။

"အမယ်- လူတွေများ မင်း... မင်းသမီးကျနေတာပဲ၊ ပြည့်ပြည့်... နဲ့ ဝလို့ပါလား"

သူတို့ ဘယ်လိုမှ အလုပ်... ကြကြောင်း၊ ဆရာ့ဆီကို လာ... သော်လည်း အချိန်ကိုမပေးနိုင်... ခုမှသာ လာဖြစ်ကြောင်း၊ မရောက်... ကြာခဲ့ပြီ ဖြစ်ပေမယ့် နှင်းဆီပန်း... ဆက်ထိုးနေကြောင်း၊ ပထမံဂါထာ... ပြတ်ရွတ်နေကြောင်း၊ ခွေးတော့... ဖြစ်တော့ကြောင်း အားရပါးရ... ပတ်ကုံး ပြောနေသော ကိုကျော်... ကြည့်ပြီး ပီတိဖြစ်နေရတော့၏။ ... ကလည်း ကိုယ်နှင့်ဆက်ဆံရသော... သူများ၊ မိတ်ဆွေများအား စေ... မေတ္တာထားပြီး ကြိုးကြိုးစားစား... ဆက်လုပ်ရန် ထပ်မံ တိုက်တွန်းလို...

"ကားလေးလည်းလှတယ် နှ... လေးလည်း ကောင်းတယ်။ ... ဘုရားကြီးကို သွားဦးတိုက်၊ ပြီးရင်... ညောင်ပင်ပြ"

"ဟုတ်ကဲ့"

"ဆရာ"

"အေး- ပြော မအုံးညွန့်"

"ကျွန်မတို့က ဆရာ့ကို အ... ရနေပါတယ်။ ဒါပေမယ့် ဘယ်... အားလွန်းတော့ မလာနိုင်ဘူး။ ... နဲ့ ဒီဘက်မလှည့်နိုင်ဘူး။ အကြွေး... သူတွေဆီကို လကုန်တာနဲ့လိုက်... ကြွေးထပ်ပေးရနဲ့ လုံးလည်ချာလည်... နေတာပဲ။ ဒါကြောင့်မို့ အမြဲ ... ပြေနေမယ့်ယတြာရှိရင် ဆရာ... နော်၊ ခဏခဏမလာအားလို့"

ကျွန်ုပ် ပြုံးလိုက်၏။ ဝမ်း... သာ၏။

"ဒါပဲဆက်လုပ်ပါ"

"ဟိုလေ-တချို့ဆို အင်းဖ... တိုင်ထွန်းတာတို့၊ ဆေးဖယောင်း... ထွန်းတာတို့၊ ပွဲတွေ, ပန်းတွေနဲ့ ... ဆာဆာလုပ်တာတို့"

နောက်တစ်ကြိမ် ကျွန်ုပ်ပြုံး... ၏။

"ခု မအုံးညွန့်တို့ စီးပွားတွေ... မလာဘူးလား"

"တက်လာပါတယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ၊ ပြီးပြီပေါ့။ ခမ်းခမ်း
နားနဲ့ ချဲ့ပြတဲ့ယကြာကိုမှ ယကြာ
ရှင်သလား"

"ဒီလိုလည်းမဟုတ်ပါဘူး၊ သူများ
လုပ်နေတာတွေ တွေ့လို့ပါ"

"ခရီးရောက်တာချင်းအတူတူဆို
ပေါ့ မအုံးညွန့်ရယ်။ ရတနာမြတ်
ဂုဏ်ကျေးဇူးကို ဦးထိပ်ထားရတဲ့
ကြာထက် ဘယ်ဟာကများ ကောင်း
သေး၊ ကိုယ်လုပ်နေတဲ့အလုပ်ကို ကြိုး
စား ပြီးပြီပေါ့"

လူတွေအရောင်ပြောင်းလာတတ်
ကြောင်း ကျွန်ုပ် သဘောပေါက်လာ
သည်။

ယခု သူတို့ဇနီးမောင်နှံ အရောင်
ပြောင်းလာပြီ ဖြစ်၏။ အသားအရောင်
စိုစိုပြည်ပြည်နှင့် ချောမောလှပလာ
ကြသည်ဟု ကျွန်ုပ်စိတ်ထဲတွင် ထင်နေ
သည်။ ကျွန်ုပ်ကိုယ်တိုင် နာမည်ပေး
ထားသော ကလေးများမှာလည်း သန့်
ပြန့်ချောမောလှပါဘိ။

"ဆရာ၊ အခု. . ."

"ကျွန်တော် လမ်းထိပ်မုန့်ထွက်
စားမလို့။ မနက် (၈) နာရီတောင်ထိုး
နေပြီ ဘာမှမစားရသေးလို့"

"ကျွန်တော်တို့ လိုက်ကျွေးမှာပေါ့.
ဆရာကလည်း"

"ရပါတယ် ကိုကျော်လှ၊ ကိုယ့်
ဟာကိုယ် လမ်းလျှောက်သွားပါ့မယ်"

"ဟာ- ဆရာကလည်း၊ မဟုတ်
တာ"

"လမ်းလျှောက်သွားနေကျမို့ပါ"

ဇွတ်ပေပြီး ခေါ်လွန်းမကခေါ်နေ
သောကြောင့် ကျွန်ုပ်မှာ လိုက်လျော
လိုက်ပြီး ပါဘလစ်ကာနှင့် မုန့်ထွက်စား
သူ ဖြစ်သွားရပြန်တော့၏။

သူတို့မိသားစုက လက်ဖက်ရည်
နှင့် မုန့်မျိုးစုံ မှာစားကြ၏။ ကျွန်ုပ်က
နန်းကြီးသုပ်။

ကလေးများ တစ်ယောက်နှင့်တစ်
ယောက် ဆော့နေကြသည်ကို မအုံးညွန့်
တစ်ချက်ကြည့်လိုက်ပြီး-

"ဟဲ့- သိက္ခာရှိရှိစားလေ၊ ဦးဦး
ဆရာက မကြိုက်ဘူး"

ကလေးများ မုန့်ဆက်စားနေစဉ်
ကိုကျော်လှသည် ဆိုင်ထောင့်ကလေးမှ
တိုရှည်သည်ဆီ မျက်လုံးရောက်သွားပြီး
မအုံးညွန့်ကို ပြုံးပြလိုက်၏။ 'ရှင်ဟာ
လေ၊ ဒီလိုဆိုင်ကြီးမျိုးမှာ စားနေရင်း
တောင်' ဟူသော သဘောဆောင်သည့်
မျက်စောင်းနှစ်ခါခန့် အထိုးခံလိုက်ရအ
ပြီး ကိုကျော်လှ ငြိမ်သွားတော့၏။

ကျွန်ုပ် ပြုံးနေလိုက်၏။

စားနေသော နန်းကြီးသုပ်ကို ဘာ
ရယ်မသိ အပြုံ့ပြုံ့အလှုံ့လှုံ့ နယ်နေ
မိပြီး ပြုံးနေလိုက်မိ၏။

ကိုကျော်လှတို့ မိသားစုအနီးသို့
မကပ်နိုင်တော့သော တိုရှည်လေးများ
ကို တစ်ချက်လှမ်းကြည့်လိုက်မိရင်း ရေ
နွေးငွေ့သောက်နေလိုက်မိတော့၏။ သက်
ပြင်းတော့မချတတ်၍ သက်ပြင်းမချမိ
ပါ။

ကိုကျော်လှတို့၊ မအုံးညွန့်တို့ကို
သတိရပါသည်။

အမြဲလိုလို မေတ္တာပို့နေမိ၏။

ယခုလည်း-

မတွေ့ရသည်မှာ (၂) နှစ်နီးပါး
ကြာသွားပြန်ပြီဖြစ်၍ ဟိုပါဘလစ်ကာ
အနီးလေးကနေ ဘယ်ကားများပြောင်း
ကြပြီလဲဟု တွေးနေမိ၏။

မကြာမကြာတွေးနေမိရင်းမှ-

တစ်နေ့-

"ဟင်- ညဘက်ကြီး"

"ဟုတ်တယ် ဆရာရေ့၊ အရေး
ပေါ်ပြေးလာတာ"

မအုံးညွန့်စကားကြောင့် ထိတ်ခနဲ
ဖြစ်သွားပြီး-

"ဟင်- ဘယ်လိုဖြစ်လို့လဲ"

"အိမ်ဝယ်မလို့ ဆရာ"

ကိုကျော်လှ ပြောလိုက်တော့မှ
စိတ်အေးသွားရတော့၏။

"ဆရာရေ- ညတွေ၊ နေ့တွေ လုပ်
မနေပါနဲ့။ ဒီလိုမလာရင်လည်း ဘယ်
လိုမှမရောက်နိုင်ဘူး။ အိမ်ရှင်ကိုလည်း
ဖုန်းဆက်ပြီးပြီ၊ မနက်ကို စကားပြန်
မယ်လို့"



"လုပ်ပါဆရာ၊ ခုပဲကြည့်ပေးပါ"

"လုပ်ပါဆရာ၊ ဆရာတွက်ချင်ရင်
အချိန်မရွေး တွက်လို့ရပါတယ်။ ကိုယ်
ချင်းကိုယ်ချင်းတွေပဲ။ လုပ်ပါ၊ အိမ်တက်
ပါ တစ်ခါတည်း"

ကိုကျော်လှနှင့် မအုံးညွန့် တစ်
ယောက်တစ်လှည့်စီ ပြောနေကြသော
စကားများကိုနားထောင်နေရင်း ကျွန်ုပ်
ပြုံးနေလိုက်၏။

အိမ်ဝယ်ရန်အချိန်အခါ၊ အရပ်
လှည့် ကောင်းခြင်း, မကောင်းခြင်း၊ မ
ကောင်းလျှင် မည်သို့ပြုမူထားရန်၊ အိမ်
ဂဏန်း ကောင်းခြင်း, မကောင်းခြင်း၊
မကောင်းလျှင် မည်ကဲ့သို့ ပြုမူထားရန်
စသည်တို့ကို ရွေးပေးလိုက်၏။

ကိုကျော်လှနှင့် မအုံးညွန့်တို့ နှစ်
ဦးသား စိတ်ချမ်းသာစွာ ပြန်သွားကြ၍
ကျွန်ုပ်လည်း ပျော်နေမိ၏။

မကြာပါ-

(၄) လသာသာခန့်၌ ပြန်ရောက်
လာကြ၏။

အိမ်ဝယ်ပြီးကြောင်း လာပြောကြ
၏။ အိမ်တက်ပြီးကြောင်း၊ ငွေလေးအ
နည်းငယ်ပို၍ ဖုန်းပါဝယ်လိုက်ကြောင်း
ပြောကြ၏။ ကျွန်ုပ်မှာ မည်သို့မျှ ပုံဖော်
မရသော ဝမ်းသာခြင်းမျိုးဖြင့် ဝမ်းသာ
လိုက်ပါဘိ။

အလွန်စိတ်ထားဖြူစင်သူတစ်ဦး
ကို ဘဝလှအောင် တွန်းတင်နိုင်ခဲ့ပြီဖြစ်
၍ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူလို့
မဆုံး။

သူတို့ဇနီးမောင်နှံနှစ်ဦး ပြောဆို
နေကြသည်များကို ကြည်နူးစွာ နား
ထောင်ရင်း ဪ- ဘုရားရှင်ရဲ့ဂုဏ်
ကျေးဇူးတော်များ ကြီးမားလိုက်ပါဘိ။
ဘုရားရှင်ရဲ့သစ္စာအနက် (၁၆) ချက်
ပထမံဂါထာတော်ကြီးကို ရွတ်ဆိုရုံလေး
နဲ့တောင် ဒီလောက်ထိဖြစ်လာကြတာ၊
ဘုရားရှင်ဟောညွှန်ပြသ ဆိုဆုံးမတော်
မူခဲ့တဲ့ တရားတော်မြတ်တွေအတိုင်း
ကျင့်ကြံ ကြိုးကုတ် အားထုတ်လိုက်ရင်
ဘယ်လောက်များတောင် ကိုကျော်လှ
တို့ အေးချမ်းသွားမယ်ဆိုတာ ပြောပြရုံ
နဲ့တောင် လုံလောက်ပါ့မလား။

အင်း- မိခင်ကြီးပြောခဲ့ဖူးတဲ့ လူ
စွမ်းကောင်းများ ငါဖြစ်နေရှာသလား။

(တစ်ခါက ခေါက်ဆွဲကြော်တစ်
မျိုးတည်း ရောင်းခဲ့ဖူးသူ တစ်ဦးအား
ဆပွတ် အစီအရင်များပေးပြီး ပထမံဂါ
ထာကိုပင် ရွတ်စေခဲ့၏။ ထိုသူသည် တ
ဖြည်းဖြည်းနှင့် လက်ဖက်ရည်ဆိုင်လေး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာ၏။ လက်ဖက်ရည်ဆိုင်မှာ ကြီးကြီးမားမား မဟုတ်၊ ရန်ကုန်မြို့ထဲရှိ တိုက်ခန်းများလှေကားအောက်တွင် ခုံလေးတစ်လုံးသာချထားပြီး ကိုယ်တိုင်ဖျော်၍ ရောင်းရသောဆိုင်လေး ဖြစ်၏။ ထိုဆိုင်လေးနှင့် ခေါက်ဆွဲကြော် တွဲရောင်းရင်း ထိုအချိန်ကာလက ပေ (၂၀) အိမ်လေးတစ်လုံးဝယ်နိုင်ခဲ့၏။ အိမ်မှာ သိပ်တော့မကောင်း၊ တဲသာသာရှိ၏။

သို့သော် လူနေ၍ရ၏။ အိမ်ငှားနေရသောဘဝမှ လွတ်မြောက်သွားပြီး ကောင်းကောင်း၊ ညံ့ညံ့ အိမ်လေးတစ်လုံး ပိုင်ဆိုင်သွားနိုင်ခဲ့၏။ ဤသည်ကို ကျွန်ုပ်၏မိခင်က 'သား၊ ဘာမှမရှိတဲ့လူကို ရှိအောင်လုပ်ပေးနိုင်တဲ့အတွက် ငါ့သားက လူစွမ်းကောင်းပဲ' ဟု ချီးကျူးခဲ့၏။ ကျွန်ုပ်အား စိတ်ဓာတ်မြှင့်တင်ပေးခဲ့၏။ အထည်ဆိုင်တစ်ဆိုင်ရှိသူသည် ဝင်ငွေကောင်းသူဖြစ်၍ နောက်တစ်ဆိုင်ဖြစ်လာရန် မခဲယဉ်းကြောင်း၊ ကုန်စုံဆိုင်ကြီးတစ်ဆိုင်ရှိသူသည် နောက်တစ်ဆိုင်ဖြစ်လာရန် မခဲယဉ်းကြောင်း၊ ခဲယဉ်းသည်မှာ အိမ်ပိုင်မရှိဘဲ ဘဝကို ရုန်းကန်နေရသူအား အိမ်ပိုင်ဖြစ်လာသည်ထိ စွမ်းဆောင်ခဲ့ခြင်းသာ ခဲယဉ်းကြောင်း တဖွဖွ ပြောပြပြီး ကျွန်ုပ်ကို ချီးကျူးခဲ့၏။ ဒီလိုမျိုး လက္ခဏာရှားပါးသူတွေကို သား အခုလိုဖြစ်အောင်လုပ်ပေးတာမျိုး အမေ အမြဲ မြင်နေချင်တယ်သားဟု ထပ်မံစကားဆိုခဲ့၏။

မိခင်ကြီး၏စကားကို ယခုအချိန်ထိ မမေ့ဝယ်မကျ နားထောင်နေသောကြောင့် ကျွန်ုပ်ကို သံယောဇဉ်ကြီးသူများ၊ ခင်မင်ကြသူများနှင့် ဝိုင်းဝိုင်းလည်လျက် ရှိနေပါသည်။ ရောက်လေရာအရပ်ဒေသတို့တွင် ပရိသတ်ဝိုင်းဝိုင်းလည်ခြင်းမေတ္တာကို အမြဲရရှိနေပါသည်။)

'ဩော်- ရှေးရှေးကပညာရှိကြီးများ ထားရစ်ခဲ့သော ပညာများရဲ့ဂုဏ်ကျေးဇူးကြီးမားလိုက်တာ။ ဒီလို ပညာကြီးတွေကို သင်ကြားပြသ ဆိုဆုံးမပေးခဲ့တဲ့ ငါ့ဆရာရဲ့ဂုဏ်ကျေးဇူးဟာ ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်ပါလား။ ဆပွတ်အဆောင်ဟာ လူတစ်ယောက်ရဲ့ဘဝကို ပြောင်းလဲ တိုးတက်သွားလိုက်တာ ကြည့်စမ်း'

ဟု၍ တွေးရင်း တွေးရင်း ကျေနပ်ပီတိများ ဖြစ်နေမိသောကြောင့် ကိုကျော်လှနှင့် စကားပြောနေသည်ကိုပင် အမှုမဲ့ အမှတ်မဲ့ ဖြစ်သွား၏။

"ကိုကျော်လှ၊ ပဲခူးဘက် ဘုရားဖူးသွားချင်လို့။ အဲဒါ. . ."

"သွားလေ ဆရာ"

"သွားလေဏာ ဟုတ်တယ်၊ ကိုကျော်လှ ပါဘလစ်ကာ. . ."

"အဲဒါပြောမလို့။ ကားက မနက်မိုးလင်း ကျွန်မ ဈေးဝယ်ထွက်ရတယ်၊ ကလေးတွေ ကျောင်းပို့ရတယ်၊ ပြီးတာနဲ့ ဆိုင်ပြေးရတယ်၊ ဆိုင်မှာလိုတဲ့ပစ္စည်းတွေထွက်ဝယ်ရတယ်။ ကလေးတွေ ညနေ ကျောင်းကြို၊ အိမ်ကို မိသားစုပြန်၊ တစ်နေကုန်ပဲဆိုတော့"

"ရတယ် မအုံးညွန့်၊ ကျေးဇူးပဲ။ အဆင်များပြေမလားလို့ပါ"

"ကျွန်မမှာလည်း နှစ်စီးသာရှိရင် တစ်စီးနဲ့လိုက်ပို့ခိုင်းလိုက်ပါတယ် ဆရာရယ်၊ တကယ်ပါ"

"ယုံပါတယ်၊ ကျွန်တော်"

"ဆရာကလည်း လိုင်းကားတွေ ကောင်းမှကောင်း။ ဟိုင်းလတ်တွေ၊ ဟီးနိုးတွေ ကောင်းမှကောင်း။ ဘယ်လောက်မှလည်း မပေးရဘူး"

"ဟုတ်တယ် ဆရာ၊ မအုံးညွန့်ပြောသလိုပဲ လိုင်းကားတွေ ကောင်းလိုက်တာမှ။ ဆရာ ဟိုနင်းပြုမယ့်ရက် စော်ဘွားကြီးကုန်းအထိ ကျွန်တော်လိုက်ပို့ပေးမယ်လေ၊ ဟိုဘက်ကျ. . ."

"ရတယ် ကိုကျော်လှ"

ကျွန်ုပ် ပြုံးနေလိုက်၏။

"ပစ်လည်းမထားနဲ့ဦး၊ အဝေးကနေ မေတ္တာပို့ပေးနေဦး"

"အေးပါ"

"ကဲ- သွားမယ်။ မိုးလည်းချုပ်နေပြီ။ ဆရာ ဘယ်ကုဖုန်းဆက်လို့ရလဲ"

"မဆက်ပါဘူး၊ ဆက်ခဲ့ပါတယ်"

"မဟုတ်ဘူးလေ၊ ဖုန်းဆက်ချင်ရင် ဘယ်ကဆက်လဲလို့"

"ဩော်- အိမ်ရှေ့အိမ်မှာ ဖုန်းရှိတယ်"

"ကိုကျော်လှ၊ တို့ကိစ္စရှိရင် ဆရာ့ကို လှမ်းဆက်လို့ရအောင် ဘယ်နှနာရီထိဆက်လို့ရမလဲ မေးထားလေ"

"ဩော်- သူများအိမ်ဆိုတော့ ညဘက်ဆို အားနာစရာ"

မအုံးညွန့် ဖြည်းလေးစွာ ခေါင်းညိတ်ရင်း အိမ်ရှေ့ဆီသို့ လှမ်းကြည့်နေ၏။

❂

"ကိုကို၊ ဗလာစာအုပ်ကြီးကိုင်ပြီး ပြုံးနေတာကြာပြီ။ ဘာတွေသဘောကျနေတာလဲ"

သားသားစကား ကြားလိုက်မှ ဗလာစာအုပ်ကို သေချာကြည့်လိုက်ပြီး စာရွက်များ လှန်လိုက်မိ၏။

"လူဆိုတာ. . ."

ဘာမပြောညာမပြောနှင့် စာရွက်ကို တွင်တွင်လှန်နေပြန်သောကြောင့်-

"ပြောလေ ကိုကို"

"ဩော်-အေး၊ လူဆိုတာ ကောင်းခြင်း, ညံ့ခြင်း ဆိုတဲ့ ကံသဘောတွေကို သိအောင်ကြိုးစားနိုင်ရမယ်။ ကောင်းနေရင် ကောင်းသထက်ကောင်းအောင် ဘယ်လိုကြိုးစားမယ်၊ ညံ့နေကောင်းလာအောင် ဘယ်လို ကြိုး မယ်ဆိုတာ ရှိလာမှာပေါ့ သားသား"

သားသားကို ပြောနေရင်းက ကြည့်၊ ဒီကြည့် ကြည့်နေရင်း ကျွန်ုပ် မျက်လုံးတို့ အိမ်ရှေ့ဆီရောက်သွား ၏။

မျက်စောင်းထိုးအိမ်တွင် ခြံ အား အမှီပြု၍ လှပစွာ နွယ်တက် သော အညွန့်တလူလူနှင့် နွယ်ပင် စိမ်းလေးအား ဘာရယ်မသိ စိတ် တစား ကြည့်နေမိ၏။

"တဲ- လိုက်ရေး"

"တိုင်ထိပ်တန်းစီး ဟူသည် ဝိဇ္ဇာပညာမှဆပွတ်နှင့်တွဲရန် အကြောင်း ဖန်လာပြီ ဆိုပါက. . .။

လိုက်ရေး၊ ပြီးမှရှင်းပြမယ်"

❂

ကြာခဲ့ပါပြီ။

နှစ်ပေါင်းများစွာပင် ကြာခဲ့ပါပြီ

နေ့စဉ် ဂုဏ်တော် (၁၀၀၀) ပုတီးစိပ်ပြီး အင်္ဂဝိဇ္ဇာပညာကို အ အမြင်ရနေသည့်အလား ဒိုးခနဲ ခေါ ခနဲ ပြောနိုင်ခဲ့သော သားသားဟု ချစ်စနိုးခေါ်သည့် ညီလေး သိန်း ပင်လျှင် ကွမ်းခြံကုန်းတွင် နေထိုင် သည်မှာ ကြာခဲ့ပါပြီ။

ညီအစ်ကိုနှစ်ယောက် ဘု စေတီများသို့ မကြာမကြာ သွား ပြီး အမိဋ္ဌာန်ကြီးများ ဝင်ရောက်ခဲ့ သူအား ပညာပေးခဲ့ပုံများကို သတိ ရှိလှပါ၏။

ဤသတိရခြင်းများစွာထဲမှ-

ဤဆောင်းပါးလေးကို သတိ နှင့်. . .။

ဆရာဦးမောင်မောင်

(ရင်ကိုအေးမြ



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းတွင်းရောဂါအတွက် ဆေးအကျိုး

# မြလေးနွယ် ခေါ် ရွှေနွယ်ရိုး

ရောမြေ-ကျော်ဝေ

စာရေးသူသည် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ၏ ဆောင်းတွင်းကာလပိုင်းတွင် မြန်မာ့မီးရထားဌာန၌တာဝန်ထမ်းဆောင်နေရသော့ဝန်ထမ်း (ICE) စက်ပြင်ဝန်ထမ်းတစ်ယောက်ပါ။ တာဝန်အရ ဟသ်ာတ၊ ပုသိမ်၊ ကြံခင်းလမ်းပိုင်းများတွင် စက်ခေါင်းစက်ပြင်ဘဝဖြင့် ရထားလိုက်ရသောတာဝန်ကို (DF-1249) ဒီဇယ်စက်ခေါင်းတွင် အလှည့်ကျတာဝန်ဖြင့် သွားလာခဲ့ရ၏။ ပုသိမ်မှ ဟသ်ာတ၊ ဟသ်ာတမှကြံခင်းသို့ (၁၈၁) အမြန်အဆန်ရထားဖြင့်သွားခဲ့ပြီး နောက်တစ်နေ့ ကြံခင်းမှဟသ်ာတသို့ (၁၈၆)အနေ့အစုန်ရထားလုပ်ပြီး ပြန်လာခဲ့ရာတွင် စက်ခေါင်းမောင်း (ယခု စက်ခေါင်းမှူး GTI) မောင်မြင့်သိန်းနှင့် မီးထိုး (ယခုအခေါ် လက်ထောက်စက်ခေါင်းမှူး) မောင်သိန်းထွန်းတို့နှင့်အတူ လျှပ်စစ်စက်ပြင် သန်းထွန်းမြ၊ စုစုပေါင်း (၄) ဦးတို့သည် တာဝန်ကိုယ်စီ တက်ညီလက်ညီ စိတ်ရွှင်လန်းစွာဖြင့် အစုန်ရထားနှင့်လာခဲ့ကြရာ အင်္ဂပူဘူတာတွင် ကုန်တင်ကုန်ချ နာရီဝက်ခန့် ကြာသဖြင့် လက်ထောက်စက်ခေါင်းမှူး မောင်သိန်းထွန်းသည် ဘူတာအတွင်းမှ ရေဝါးဖြင့် ပြုလုပ်ထားသော မီးချိတ်တစ်ခုကို ယူလာပြီး အင်္ဂပူဘူတာ၏ ဟသ်ာတဘက်သို့အထွက် လမ်းဘေး ရထားသံလမ်းနှစ်ဆက်ခန့်၏ဘေး၊ လက်ဝဲဘက် ဆီးချုံများပေါ်တွင် အပူအပင်ကင်းမဲ့စွာဖြင့် ကောက်ရိုးမျှင်များတင်ထားသည့်ပမာ နံနက်ခင်း၏နေရောင်ခြည်အရှိန်အဝါဖြင့် အရွက်မပါ၊ ရွှေဝါရောင် မြစိမ်းနွယ်ပင်များသည် အလုံးလိုက် အထွေးလိုက် ပေါက်ရောက်နေကြသည်ကို မြင်တွေ့ရသောအခါ ဆီးချုံပေါ်တင်နေသော အရပ်အခေါ် အဝေါ် ရွှေနွယ်ရိုးပင်များကို မောင်သိန်းထွန်းက ဝါးချိတ်ဖြင့်ဆွဲချ၍ ကျွန်တော်တို့ရှိရာ စက်ခေါင်းပေါ်သို့ တင်ပေးပြီး-

"ဗိုလ်ကျော်- ဒီအပင်တွေရဲ့ နာမည်ကို သိသလား၊ ဘာအသုံးဝင်သလဲ။ ကျွန်တော်တော့ အပင်ပေါ်မှာလှတာနဲ့ ချိတ်နဲ့ဆွဲပြီး ယူခဲ့တာပဲ"

ဟု ပြောပြီး ဝါးချိတ်ကို ဘူတာရုံပိုင်ထံသို့ ပြန်ပို့ပေးပြီး စက်ခေါင်းပေါ်ပြန်တက်သောအခါ ကျွန်တော်က-

"မောင်သိန်းထွန်း၊ အဲဒါ ရွှေနွယ်ရိုးလို့ ခေါ်ကြတာပဲ။ အင်္ဂရတ်ထိုးတဲ့ ပုဂ္ဂိုလ်တွေ အသုံးများတယ်။ ကျန်တာကတော့ ငါလည်း မသိဘူး"

ဟု ကျွန်တော်က ပြောသောအခါ အင်္ဂပူမှတက်သော မိတ်ဆွေကြီးကိုကြည်သန်းက-

"ဒီအပင်က ကျွန်တော်တို့ တောအရပ်တွေမှာ ဆောင်းရာသီအချိန်တိုင်း ဆီးချုံတွေပေါ်မှာ အမြဲတွေ့ရပါတယ်။ ကျွန်တော်တို့ငယ်စဉ်က နွားကျောင်းရင်း၊ ငှက်ပစ်ရင်းနဲ့ ပုဆိုးလုံကွင်းထဲမှာထည့်ပြီး ယူလာကြတာပါ။ ဆရာတို့ ဒီအပင်တွေကို ဘာအသုံးပြုဖို့ ဒီလောက် တစ်ထွေးကြီး ယူခဲ့တာလဲ။ ကျွန်တော် သိသလောက်တော့ ပြောပြမယ်။ ကျွန်တော်တို့ ကျေးလက်တောရွာတွေမှာ ဒီနွယ်ပင်အမျိုးအစားကို မြစိမ်းနွယ်လို့ခေါ်တယ်။ သူက အရွက်အခက်မရှိပေမယ့် ပြုတ်တို့ရင် နူးညံ့တယ်။ တချို့က ဒီနွယ်ကို အမဲသားနဲ့ချက်စားကြတယ်။ ကျွန်တော်တို့ရွာက ဗိန္ဒောဆေးဆရာကြီး ဆရာကြီးချစ်ကတော့ ဝမ်းတွင်းအပူနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ ဝမ်းတွင်းကျတ်နာ၊ အဖုအကျိတ်နာမှန်သမျှကိုတော့ မြလေးနွယ်ခေါ် မြစိမ်းနွယ်ကို မန်ကျည်းမှည့်နဲ့ ချဉ်ရည်ဟင်းချက်စားရင် ပျောက်တယ်လို့တော့ ပြောတာပဲ။ ကျွန်တော့်အစ်ကိုတစ်ယောက်ရဲ့ ဝမ်းတွင်းသက်တန့်ရောဂါကတော့ မြလေးနွယ်ချဉ်ရည်ဟင်းနဲ့ ပျောက်ကင်းသွားတာတော့ အမှန်ပဲ။ ဆရာကြီးချစ်က ပြောသေးတယ်။ မြလေးနွယ်နဲ့ပတ်သက်ပြီး ဆောင်းတွင်းတိုင်းမှာ တစ်နှစ်တစ်ခါ စားပေးရင် စားပြီးနောက်ပိုင်း ဝမ်းတွင်းနာရောဂါမှန်သမျှ မဖြစ်စေရဘူးတဲ့။ ကျွန်တော် ငယ်ငယ်က တစ်ခါတော့စားဖူးတယ်။ ငါးပိနဲ့တို့စားဖူးတာပါ။ အခုအသက် (၅၀) ကျော်ပါပြီ၊ ဝမ်းတွင်းနာတော့ မဖြစ်ဖူးသေးပါဘူး"

ဟု ပြောပြလေသည်။

သူစားတဲ့အချိန်က (၁၅) နှစ်သားအရွယ်ခန့်ကပါ။ ယခုဆိုလျှင် အနှစ် (၄၀) ကျော်လောက်ပါပြီ။ စာရေးသူတို့ (၄) ဦးလည်း ရွှေနွယ်ရိုးခေါ် မြလေးနွယ်အပင်များကို လေးယောက်ညီတူညီမျှခွဲဝေယူပြီး ဟသ်ာတဘူတာသို့ ရထားဆိုက်သောအခါ ဌာန၏ရထားဝင်းလိုင်းခန်းအသီးသီးသို့ ကိုယ်စီကိုယ်င အိတ်များကိုလွယ်လျက် ပြန်ခဲ့လေတော့၏။ ကိုကြည်သန်းပြောခဲ့သော ဆေးနည်းသည် ဗိန္ဒောဆရာကြီး ဆရာချစ်၏ဆေးနည်း ဖြစ်ပါသည်။ ယခု ဆရာကြီးချစ်သည် အသက် (၉၀) အရွယ်တွင် ကွယ်လွန်သွားခဲ့လေပြီ။ စာရေးသူလည်း ၂၀၁၀ ပြည့်နှစ်တွင် ပင်စင်ယူပြီးသည့်နောက် ဘော်ဒါကြီး ကိုကြည်သန်းနှင့် မတွေ့ဆုံခဲ့ရတော့ပါ။ ဆေးနည်းပြောပြပေးသူ ကိုကြည်သန်းကို အထူးပဲကျေးဇူးတင်မိသလို တစ်ချိန်က မိတ်ဆွေရောင်းရင်း ရွှေနွယ်ရိုးခူးပေးသူ မောင်သိန်းထွန်းနှင့် မိတ်ဆွေ စက်ခေါင်းမှူး (GTI) မောင်မြင့်သိန်းတို့ကိုလည်း ဤမဂ္ဂဇင်းမှ တိုင်းရင်းဆေးဆောင်းပါးနှင့်အတူ သတိတရဖြင့် မှတ်တမ်းပြုလိုက်ပါသည်။

ရောမြေ-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ နွားလှည်းကိုင်ဖို့ ဦးလေးကြည် လူတစ်ယောက်တော့ ရှာမှပါ။ ခက်တာ မြို့ရောက်လာတဲ့လူတွေဆိုတာ အလုပ်လုပ်ချင်လို့လာတယ်လည်းပြောသေး၊ ဦးလေးကြည်တို့ အခုလုပ်ကြတဲ့ ထင်းခုတ်၊ နွားလှည်းတိုက်တဲ့အလုပ်မျိုးကျတော့ အလုပ်ကြမ်းမို့လား ဒါမှမဟုတ် အနေစုတ်တဲ့အလုပ်မို့ပဲလား မသိဘူး၊ နောက်တွန့်နေကြတာ။ သင်းတို့လုပ်ချင်တဲ့အလုပ်ကလား လူ့ပေါ်ကြော့၊ ကောင်းကောင်းလေးဝတ်၊ ကောင်းကောင်းလေးစား၊ အရိပ်ထဲနေရတဲ့ အလုပ်မျိုးမှ။ လက်ဖက်ရည်ဆိုင်စားပွဲထိုး၊ ထမင်းဆိုင်အကူ ပန်းကန်ဆေးတို့ပေါ့။

ဒါပေမယ့် မြို့ဆိုတာက သူ့လူနဲ့ သူ့အလုပ် အံကိုက်ဖြစ်နေပြီးသား ဆိုတော့ လူလိုတယ်ဆိုမှ ဝင်လို့ရတာကလား။ ကဲ - ကျောက်မဲရောက်လာပြီးမှ အလုပ်က မရသေးတော့ လောလော ဆယ်ဆိုပြီး ဦးလေးကြည်ရဲ့ နွားလှည်းကိုင်ပေး၊ ထင်းခုတ်လိုက်လုပ်ကြရတာပေါ့။ အသက်ကကြီးလာတော့ တစ်ယောက်တည်း ထင်းပင်တွေခုတ်နိုင်လဲ နိုင်တယ်ပဲထား။ ဟော - ထောင်ပြုပြီး လှည်းပေါ်တင်ဖို့ပြုဖို့ကြတော့ ခက်ရောပဲ။ကြည့်ရင် ကိုယ်ကလောဘနဲ့ခုတ်ထားတဲ့ထင်းတွေမို့ အကုန်တင်ချင်တယ်။ မနိုင်လို့ ခုတ်ပြီးသား တောထဲဒီအတိုင်း ချန်ထားကြည့်ပါလား။ ကျန်တဲ့ ထင်းသမားတွေက နည်းတယ်ပဲ့လို့တောင် ပြောကြလိမ့်ဦးမှာရယ်။

ခွဲခြမ်းထင်းတွေရှားလာတော့ ဒီကြား ဦးလေးကြည် လက်လုံးထင်းခုတ်တယ်၊ ခေါက်ဆွဲထင်းခုတ်တယ်၊ ထင်းခြောက်ရှာရတယ်။ ခွဲခြမ်းထင်တောင်မှ ငယ်ငယ်ကလိုမျိုး ပုဆိန်နဲ့ ဒိုင်းခနဲခွဲလိုက်ရင် ခွင်းခနဲကွဲပြီး ထင်းသား ဆိုတာ နီတာလန်တဲ့ ရင်းကျူသားမျိုး မမြင်ရတော့ဘူး။ အခု ဦးလေးကြည်ခုတ်နေတာတွေက ရင်းကျူသားတော့ ရင်းကျူသားပါပဲ ဒါပေမယ့် ထင်းသားအနု၊ အရင့်က တွာ… တယ်။ ခုများ ရင်းကျူပင်ပေါက်ကို ခွ… ခနဲခွဲလိုက်ရင် ထပ်ခနဲ မြည်တဲ့ပေမယ့် ထင်းသားက ဖြူရော်ရော် ဝါကြင့်ကြင့်… ဝယ်သူတွေက တယ်သဘောမကျကြ… ဘူး၊ သင်းတို့မလည်း ထင်းပင်ထင်းတော… ရှားလိုက်လာတာဖြင့် မသိကြဘဲနဲ့။


လက်လုံးထင်း ဆိုတာက အင်… ကြင်းတို့၊ ရင်းကျူတို့၊ ကတိုးတို့ လ… မောင်းလုံး၊ ခြေသလုံးလောက်အရွယ်… အပင်ပေါက်လေးတွေကိုခုတ်၊ ထိပ်ပိုင်း… ကအရွက်တွေ ဓားနဲ့သပ်ချပြီးမှ တစ်… တောင်တိုတွေဖြတ်ရတာပါ။ တောတန်း… ကတော့ တစ်လံလောက် ထင်းချောင်း… တွေ ရသလောက်ခုတ်၊ အိမ်ရောက်မှ… အတောင်တိုင်းဖြတ်ပေါ့။ လက်လုံးထင်း… ကတော့ အိမ်သုံး၊ နှစ်ပေါက်လှောင်တဲ့… သူတွေ မှာကြတာပါ။ တစ်အိမ်တစ်အိမ်… တစ်ခါမှာရင် သုံး၊ လေးလံ မှာပေမယ့်… ထင်းဈေးကမှ မကောင်းတာ ဦးလေး… ကြည် မခုတ်ချင်ဘူး။

ထင်းသမားချင်းအတူတူ ခေါ်…

## ကိုယ်တာတွယ်မစုံမက်သာဘု တောတက်ဖေလေး

# မောင်သင်းထိုက်

(ကျောက်မဲ)





www.burmeseclassic.com


www.burmeseclassic.com

ဆွဲဖို့ထင်း ခုတ်တဲ့လူကိုတော့ လူပျင်း ထင်းသမားလို့ သမုတ်တတ်ကြတယ်။ ဘာလို့တဲ့ရမှာလဲ၊ အိမ်ရောက်ရင် ခုတ်စရာဖြတ်စရာမလိုဘဲ အချောင်းလိုက်ချရတာလွယ်တာကိုး။ တစ်ခုတော့ဖြင့်ရှိရဲ့၊ ခေါက်ဆွဲထင်းရှာရင်တော့ ထင်းက အခြောက်မှရယ်။ ဘာပြုလို့လဲဆိုတော့ ခေါက်ဆွဲဖို့ကလူတွေက အခုချက်ချင်းဆိုက်ကြမှာဆိုတော့ ခြောက်ရမှာပေါ့။ ဒီတော့ ခေါက်ဆွဲဖို့ထင်းခုတ်မယ့်လူတွေက တစ်လိုင်းရယ်။ တောကြီးတောင်ကြီးတွေထဲဝင်၊ သစ်ကြီးဝါးကြီးရှာကြမယ့် အစား တောင်ယာဟောင်း၊ သစ်တောဟောင်းတွေဆီ သွားကြတယ်။ တောင်ယာမီးရှို့တဲ့တောကို ရောက်ရင်တော့ ခေါက်ဆွဲဖို့ထင်းမည်းမည်းတွေ ရတတ်တယ်။ထင်းသမားကတော့ ထင်းခြောက်ရဖို့ လူတစ်ကိုယ်လုံး မည်းချင်မည်းစေပေါ့။ တချို့ ထင်းသမားတွေကျတော့ ထင်းခြောက်ရအောင် သူများတကာယာစည်းရိုးဟောင်းသွားပြီး ထင်းခွေတတ်ကြတာလည်းရှိတယ်။

ဦးလေးကြည်တို့က ထင်းရောင်းရင် 'စီးထိုး' ပဲ ရောင်းလာကြတာ ကြာတော့ ခုနေများ 'လံထင်း'မှာရင် အဲဒါခါတိုင်း လှည်းနှစ်စီးကို အခုသုံးစီးခုတ်မှရတာ၊ ပြည့်တာရယ်။ စီးထိုးကလား၊ ခုတ်လာတင်လာတဲ့ တစ်တောင်ရှိတဲ့ ထင်းခြောက်တွေ လှည်းရံတိုင်နဲ့အညီတင်ပြီး မြို့ထဲ၊ ရပ်ကွက်ထဲလှည့်ရောင်းတာက အဲဒါ စီးထိုးပဲ။ တစ်စီးဘယ်လောက်ဆိုပြီး ဘယ်သူမှတိုင်းနေထွာနေမှာ မဟုတ်ဘူးရယ်။ ခုဟာ ထင်းမှာတဲ့သူက ဟိုးအရင်က ထင်းပေါတဲ့ခေတ်ကိုတမ်းတ စိတ်ကူးယဉ်ပြီးမှ ခွဲခြမ်းလံထင်းမှာတော့ ဦးလေးကြည်လား၊ ခေါင်းခြောက်တာပေါ့။ ဒါနဲ့ သေချာအောင်ပြောရသေးတယ်။ ရင်းကူသား ဆိုပေမယ့် အရင်ကလို ပင်ကြီးသားတွေရမှာမဟုတ်ဘူးနော်လို့ ပြောတော့ ရင်းကူသားသာ ဖြစ်ပလေ့စေ၊ တိုက်သာတိုက်ခဲ့ပါတဲ့။ ရင်းကူသားကို ထင်းသမားတွေတင်မက ဝယ်သုံးကြတဲ့လူတွေတောင်မှ သိနေကြပြီကိုး။ တခြားအသားတွေနဲ့ မတူတာက ရင်းကူသားဟာ အပင်ကြီးကြီး၊သေးသေး ကိုင်ကြည့်လိုက်ရင် ထင်းသားမှာ အပေါက်လေးတွေပါပြီး ကြမ်းရှရှလေးမို့ သိသာတယ်ရယ်။

"ထင်းမှာတဲ့လူကလည်း ရင်းကူသားခွဲခြမ်းမှတဲ့ကွာ"

ဦးလေးကြည်အသံ ကြားရတော့ ကျန်တဲ့ထင်းသမားတွေဆိုတာ ဦးလေးကြည်ရဲ့ ထီပေါက်ပြီး လက်မှတ်ပျောက်တဲ့အဖြစ်မျိုးကြုံရတာ စာနာမိကြတယ်။ ခုတစ်လော ထင်းတွေရောင်းမကောင်းတဲ့အချိန် အော်ဒါမှာတာ ဝမ်းသာစရာပေမယ့် ရင်းကူသားမှဆိုတော့ ထင်း





www.burmeseclassic.com

www.burmeseclassic.com

တောထင်းပင်တွေရှားတဲ့အချိန် ရင်းကျူသား ပြောရရင် ရှားလောက်ပြီရယ်။ ဦးလေးကြည်ဘက်ကကြည့်ရင် ခက်တာတော့သိပါရဲ့။ ဒါပေမယ့် ဖောက်သည် အပျက်မခံချင်တာရယ်၊ အလုပ်ပါးတာရယ်၊ စဉ်းစားကြည့်ရင် ကိုယ်မခုတ်နိုင်ရင်လည်း ကျန်တဲ့ထင်းသမားတွေဆိုတာ တစ်လံစာကို တစ်ရက်၊ နှစ်ရက်တည်းနဲ့ သွင်းနိုင်အောင် ရင်းကျူသားကို တောနင်းရှာကြတော့မှာရယ်။ ဒီတော့ ဒီအခွင့်အရေးမျိုး ဦးလေးကြည်လား၊ ဘယ်ကလာ လက်လွှတ်ခံလို့ရပါမလဲ။ နောက်ပြီး နောက်လှည့်ကြည့်လိုက်ပါဦး၊ ဦးလေးကြည်ကို စောင့်စားနေကြတဲ့ ပါးစပ်ပေါက်တွေမှ ပြည့်လို့ရယ်။

ကောင်းတာက ခုနေမျိုး ရွာကနေ မြို့ကို အလုပ်လုပ်ချင်လို့ မလည်မဝယ်နဲ့ တက်လာတဲ့ ကောင်လေးတစ်ယောက်လောက် ပေါ်ကြော့မနေဘဲ ဘာအလုပ်လုပ်ရလုပ်ရဆိုရင် ပိုကောင်းမှာ။ ထမင်းကျွေး၊ နေ့တွက်ပေးပြီး တောခေါ်သွားရ။ ခုတော့ မမြင်တာနဲ့ ဦးလေးကြည်တစ်ယောက်တည်း သွားရမယ့်ပုံပါ။ ဩော်-အရေးတဲ့လား၊ အားကောင်းမောင်းသန်အရွယ်ကတည်းက ခုတ်စားလာတဲ့ ဦးလေးကြည်ပါတဲ့နော်။ အခုလောလောဆယ် ရင်းကျူသားမြင်တာဆိုလို့ စပဲလောက်တော ရှိမှာပေါ့လို့ ထင်းသမား သန်းအောင်က ပြောဖော်ရပါတယ်။ သန်းအောင်ကပဲ ဆက်ပြီးမှ ‘ဒါပေမယ့် ဦးလေးကြည်၊ ကျုပ်ဖြင့် အပင်ကြီးရယ်လို့ မမြင်မိဘူးနော်။ သွားချင်မှသွား’ တဲ့။ အို - ဘယ်ကလာ တတ်နိုင်မှာလဲ၊ သွားကိုသွားရမှာပါ။

ထင်းတောတွေက အများကြီး။ ဘိုးစုတောင်၊ ကကြားတော၊ စပ်လောက်တော၊ ကုန်စုံတော၊ ခိုစုံတောရယ်လို့ရှိတာ။ ကိုယ်လိုအပ်တာကြည့်ပြီး ထင်းတောရွေးသွားရတာပေါ့။ ဥပမာ ကိုယ်က အိမ်သုံးထင်းခြောက်ခုတ်မယ်ဆိုရင်တော့ မြောက်ဘက်က ကုန်စုံတောကို သွားလိုက်။ အဲဒီတောမှာ နယားမြက်တွေပေါတော့ နွားကျောင်းရင်း ထင်းခြောက်ရှာ၊ အပြန်လှည်းပေါ့တော့ နယားမြက်ထုံးတွေပါတင်ခဲ့ရုံပေါ့။ အိမ်သုံးထင်း ဆိုမှတော့ ပါလာတဲ့ထင်းအခြောက်တုံးတွေ ဖြတ်တောက် ခွဲခြမ်းပြီး နီးကြိုးနဲ့စည်းပြီး ဦးလေးကြည်ဇနီးက အိမ်ကနေ ရောင်းရုံပါ။ ဦးလေးကြည်တော့ မြက်ရိတ်ရင်းမို့ အိမ်သုံးထင်းခုတ်ရပေမယ့် ဝမ်းမပါးလှပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရပ်ထဲကမိန်းမတွေ ထင်းရောင်းရတော့ အကြွေးကျတန်သာကျ၊

ဦးလေးကြည်ကတော် အရင်ကယူထားတဲ့ ဆီကြွေး၊ အထည်ကြွေးတွေ ဆပ်ရတာနဲ့ လက်ထဲငွေမှမမြင်ရတဲ့ဟာ။ ဒါကြောင့် ဦးလေးကြည် အိမ်သုံးထင်း မခုတ်ချင်တာရယ်။

ပင်ပင်ပန်းပန်းလုပ်ရတဲ့ ထင်းတောအလုပ် ဆိုပေမယ့် တချို့ထင်းသမားတွေကဖြင့် ပြီးပြီးရော ထင်းပင်ဖြစ်ရင်ပြီးစတမ်း တွေ့ကရာ ထင်းခုတ်ပြန်လာကြတဲ့လူတွေလည်း ရှိပါတယ်။ ထင်းတွေထဲမှာ သစ်နူးသားဆိုရင်တော့ လူပျင်းခုတ်တဲ့ထင်းလို့ သဘောထားကြတယ်။ သစ်နူးသားခုတ်ချင်တဲ့သူတွေက ဘိုးစုတောင်တောဆီသွားကြတယ်။ သစ်နူးသားက လက်ပံသားထက် နည်းနည်းပိုတာပဲရှိမယ်။ အသားပွတာချင်းကတော့ မကွာဘူး။ ပြောစရာရှိတာက သစ်နူးသားက ခုတ်ရဖြတ်ရတာ လွယ်တယ်။ ပေါက်ခြမ်းခွဲရတာလည်း လွယ်တယ်။ အံမယ် - သစ်နူးက အသားသာ မမာရင်ရှိမယ်၊ ခွဲခြမ်းသားကြည့်လိုက်တော့ ဆေးဆိုးထားတဲ့အတိုင်း နီတာရဲနေတာမို့ ရောင်းပန်းကတော့ လှတ်လှပေါ့ဗျာ။ အဲ - သုံးကြည့်မှပဲ အသားကပွတော့ မီးကြီးမရ၊ မီးသွေးမရ၊ ခွကျရတော့တာပါပဲ။ ထင်းသမားလောကမှာတော့ ပျင်းတဲ့လူမျိုးကို သစ်နူးသားလိုမျိုး တင်စားပြောတတ်ကြတယ်။

ဟိုအရင်ကတော့ ကကြားတောင်လည်း ရင်းကျူသားတွေရှိပါ့။ အခုတော့ ထင်းဈေးကောင်းပေမယ့် ကြာတော့ အပင်ပေါက်တောင် မကျန်လောက်တော့ပါဘူး။ ကကြားတောင်က သစ်မာတွေတော့ပေါပါ့ဗျာ။ အင်ကြင်းခုတ်မလား၊ ထောက်ကြံ့၊ ကတိ၊ သမလန်း၊ ရင်းတိုက်၊ မျောက်ချော၊ သဖန်း၊ သစ်ယား၊ သစ်မာတွေရှိတယ်။ ရင်းကျူပြီးရင် ထင်းထဲမှာ အင်ကြင်းကတော့ အမာဆုံး၊ အကောင်းဆုံးပေါ့။ ဒါပေမယ့် ခက်တာက အင်ကြင်းက အသားမာ ဆိုတော့ ဦးလေးကြည်တို့လို ထင်းသမားတွေတင် ကြိုက်ကြတာ မဟုတ်ပါဘူး။ လွှထောင်၊ ပျဉ်ဆွဲကြတဲ့လူတွေကပါ အကြိုက်ချင်းတူတော့ အင်ကြင်းတောတွေ ပြုန်းကုန်ပြီပေါ့။ ဦးလေးကြည်တို့ ထင်းသမားတွေက လွှစင်ထောင်တဲ့ လူတွေဖြတ်လို့ကျန်တဲ့ ကိုင်းဖျားကိုင်းနားတွေကိုပဲ ဖြတ်ပါတော့မလေလို့ မာန်ချစဉ်းစားကြပေမယ့် လွှထောင်သမားတွေ လောဘများ ကြောက်စရာကောင်းပုံက အဲဒီကိုင်းဖျားကိုင်းနားတွေမှဖြတ်တောက်၊ အနားမှာတင် မြေကျင်းတူး၊ မြေဖို့၊ အောက်ကနေမီးရှို့ပြီးမှ မီးသွေးကဖုတ်

ကြသေးတော့ ဦးလေးကြည်တို့ ထင်းသမားတွေ သေပြီပေါ့။ ကျန်မှမကျန်တော့တဲ့ဟာ။

ထင်းလောကမှာဖြင့် ထောက်ကြံ့သားကလည်း ဒုတိယနေရာ၊ တတိယနေရာလိုက်ပါရဲ့။ ဒါပေမယ့် ခွဲတဲ့နေရာဖြတ်တဲ့နေရာကျတော့ မာလွန်းလို့တဲ့ ထင်းသမားတွေက လက်လန်ကြတယ်။ ထောက်ကြံ့သားများ ပင်ထောင်ကတည်းက ရဲတင်းနဲ့ခုတ်ပြီး ထင်းကြောစမ်းကြည့်ပါလား။ထင်းဖတ်တွေက အတော်နဲ့မှမထွက်တာ။ တင်းဖတ်ထွက်လာတဲ့ ထင်းကြောစမ်းကြည့်လိုက် စင်းတာ နည်းနည်း၊ ထောက်ကြံ့ပင်တိုင်းလိုလို လက်ချင်းယှက်သလို ထင်းကြောတချို့ နေတာရယ်။ ခွဲခြမ်းရောင်းမှာမို့ ထောက်ကြံ့သားတစ်တောင်တိုတွေ ပုဆိန်နဲ့ ထောင်ခွဲကြည့်။ မြေတွေတုန်လိုက်တာ ပြီး ပုဆိန်ရိုးသာကျိုးမယ်၊ ခွဲခြမ်းတစ်ခြမ်းရဖို့ မစဉ်းစားနဲ့။ ဒီတော့ ထင်းသမားတွေ ဘယ်လိုခွဲကြရမှာလဲ။ ခါတိုင်း တခြားအသားတွေတစ်တောင်ကို ထင်းတုံးထောင်ပြီးခွဲရမယ့်အစား ထောက်ကြံ့သားကိုတော့ မြေပေါ်ကို တုံးလုံးချ ပုဆိန်နဲ့ပေါက်၊ ကွဲပြီဆိုမှ ယှက်နေတဲ့ ထင်းအမျှင်တွေရဲတင်းနဲ့ဖြတ်၊ မောလိုက်တာဗျာ။ အဲဒီတော့မှ ထင်းတစ်ခြမ်းရ တယ်။ ကင်းသမားတွေ ထောက်ကြံ့ ထင်း စိတ်မနာဘယ်ရှိပါ့မတုံး။

အဲ- မျက်စိလည်လမ်းမှားလို့ တစ် ရာမှာတစ်ပင်၊ တစ်ထောင်မှာ တစ်ပင် ပုဆိန် ထင်းတုံးပေါ် တင်လိုက်တာနဲ့ ခွမ်း ခနဲခွမ်းခနဲကွဲတတ်တဲ့ ထင်းကြောစင်းတဲ့ ထောက်ကြံ့ပင်တွေကလည်း ရှိတတ် တော့ ဦးလေးကြည်တို့ ထင်သမားတွေ အပြစ်တင်ရခပ်ခက်ခက်တယ်။ ဦးလေး ကြည်ရဲ့ထင်းလုပ်သက်အတွေ့အကြုံအရ ပြောရရင်တော့ ခွဲရခက်တဲ့ ထောက်ကြံ့ တွေက အဝါမျိုးတွေဖြစ်ပြီး ခွမ်းခနဲ ခွမ်းခနဲ ခွဲရလွယ်တာကတော့ ထောက် ကြံ့အညိုသားတွေပါ။ ထင်းရဲ့ အရောင် လည်းလှပြီး မီးနေမီးသွေးပါရတော့ အိမ် ရှင်မတွေက ထင်းဆိုက်ရာမှာ ကြိုက်ကြ ပါရဲ့။

ကျောက်မဲမြို့ကို ဦးလေးကြည် အရင်ရောက်လာတာပါ။ နောက်မှ ဦး လေးကြည်ကို အကြောင်းပြုပြီး ဦးလေး ကြည်ရဲ့ညီတွေ၊ တူတွေ ရောက်လာကြ တာပါ။ ဒီလိုပဲ ရောက်လာကြရင်တော့ သစ်မရခင်စပ်ကြား ဝါးပေါင်းကုပ် တာလို ရရာကြုံရာအလုပ်လုပ်ကြရတော့ ပါ။ ဟုတ်တယ်၊ ရောက်ရောက်ချင်း တာလို ကားစပယ်ယာအလုပ်၊ ထင်း



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်စားပွဲထိုး နေရိပ် အလုပ်မျိုးရချင်ကြလို့က ပြော ရင် မကောင်းဘဲရှိတော့မယ်။ကိုယ့် နေးက ကိုယ်ဘာတွေကောလုပ်ခဲ့ လဲ။ ဒီလာကြတာကော အလုပ် လာကြတာ မဟုတ်လား။ ဗီဒီယို လာကြတာမှမဟုတ်တဲ့ဟာ။ ရှက် ကြောက်နေရအောင် သူများတကာ ခိုးစား၊ လိမ်စားနေကြတာမှ တဲ့ဟာဘဲ။ အရှင်မွေး နေ့ချင်း အောင်က နောက်မှလည်းမွေး 'ငဦး'လည်း မှည့်ချင်ကြသေး တွေများပြောပါတယ်။

ရွာကနေလာပြီး ဒီမှာလာကြီးပွား တိုက်နဲ့ခြံနဲ့နေကြတဲ့ လူတွေကျ သွန့်ဆိုပါတော့။ ရောက်စက ထင်း စားတာ၊ နောက်မှ မုဆိုးမကြီးတစ် ကန့် အိမ်ထောင်ကျပြီး ချမ်းသာ တာ။ ထိန်ရွှေ ထိန်ငွေတို့ကော ဘာ လဲ။ ကျောက်မဲရောက်ပြီး အကြာ လေး၊ ငါးနှစ် ထင်းခုတ်ထင်းရောင်း နေတာမှ ပျော်လို့။ နောက် ထင်း တွေဝေးကာမှ ဆိုက်ကားဝယ်နင်း တာ။ သူတို့ကြီးပွားနေကြတာလည်း ပြောနဲ့။ သင်းတို့လိမ် အလုပ်မရှေးကြ ဟာ။ ပိုက်ဆံရရင်ပြီးရော သမှာအာ သာ ဖြစ်ပေလေ့စေ၊ မရှက်မကြောက် ကြတာ။ ကြီးပွားတာလည်းမပြော သန်းမောင်တို့ကျတော့ရော ဘယ် ပြောမလဲ။ ရောက်ကတည်းက ထင်း စားလာတာ ခုလည်း နွားလှည်းနဲ့ တ်လား။ မင်းတို့ကတော့ ပြော ပေါ့။သန်းမောင်က ရွာက အပျိုကြီးမ တစ်ယောက် ခိုးလာပြီးမှ လူမြင်မခံ လို့ ထင်းတောတက်တဲ့အလုပ်လုပ် ၊ ကျုပ်တို့က လူပျိုလေးတွေ။ မြို့ထဲ လှလှပပအလုပ်လုပ်ချင်တာလို့ပြော မှာရယ်။ အဲဒါသာကြည့်တော့၊ ာင်လေးတွေ မြို့လာတာ ကြီးပွား တက်ဖို့ထက် တောအလုပ်တွေရှောင် လို့။ သက်သာရာသက်သာကြောင်း မတော့ တိုးတက်ပါလိမ့်မဗျား။ အား ကြီး။

ထင်းတွေထဲမှာ သစ်ယာသားက ည်းကောင်းပါတယ်။ တခြားအသား လောက် မမာရင်သာရှိမယ်။ မီးက ာ့နေတယ်။ အိမ်ရှင်မတွေ ကြေးများ တစ်ခုက ဟုတ်တယ်၊ သစ်ယားသား တဲ့အတိုင်း အဲဒီအသားရဲ့အခေါက် ယားတတ်တယ်။ သစ်ပင်ရဲ့အခေါက် ပေါ် ယံဆိုလည်း မယားဘူး။ အသား တော့လည်း သစ်ယားမွေးက ဒါ ာက် မကပ်ပါဘူး။ ခုဟာ ယားတတ် တဲ့အမွေးတွေက သစ်ခေါက်ရဲ့အတွင်း ပိုင်းမှာရှိနေတာရယ်။ သစ်ယားတုံးဖြတ် ပလားဆိုမှဖြင့်လေ အောက်ကလွှဆွဲရ တဲ့လူဆိုတာ အဲဒါအဖုအပိမ့်ထနေအောင် ယားပြီးသာမှတ်။ ဘာလုပ်လုပ်မပျောက် ဘူးရယ်။ ဆားကို အရည်ဖျော်လိမ်းမှပဲ ပျောက်တော့တာ။ သစ်ယားတွေက အမွေးယှက်၊ ထင်းကြောမစင်းပေမယ့် တစ်ထောင်တိုတုံးတွေထောင်ခွဲရင်တော့ ကပျစ်ကညစ်နဲ့ ကွဲတတ်ပါတယ်။ တစ်ခု ရှိတာ သစ်ယားသားခွဲခြမ်းသားတွေက အဖြတ်တွေအစတွေက ထိုးထိုးထောင် ထောင်တွေနဲ့ ဆိုတော့လည်း ထင်းစည်း တဲ့အခါပြည့်လွယ်တယ်။ လူတွေက သစ် ယားသားကို ယားလို့သာ သိပ်မကြိုက် ကြတာ။ ထင်းရှားရင်တော့ မရှိသုံးသုံး ကြရဦးမှာပါ။

မြို့ကနေ အရှေ့ဘက်ထွက် ခိုစုံ တို့၊ နတ်မီးလင်းတို့ရွာတွေကျော်တော့ အရှေ့ဘက်တောက်လျှောက် လှည်း လမ်းက အဆင်းတွေချည်းပဲ။ ဝန်ပေါ့နဲ့ အဆင်းချည်းဆင်းရတာ ဦးလေးကြည် တော့ မပျော်ပေါင်။ အဲဒီ ဆင်းလာသမျှ အပြန်ကျတော့ ဝန်ကြီးနဲ့ ပြန်တက်ကို တက်ရဦးမှာပါလား။ ရှောင်လွှဲလို့မှ မရ တဲ့ဟာ။ လူတွေက သတိမထားမိကြလို့ ပါ။ လှည်းလမ်းတွေကိုကြည့်ပြီး ဘဝမှာ သင်ခန်းစာယူစရာ၊ သံဝေဂယူစရာတွေ မှ အများကြီး။ ဘဝလမ်းခရီးမှာ ကုန်း ဆင်းတွေချည်းမို့ သာယာဖြောင့်ဖြူးလှ ချေလားလို့ ကြည်နူးမနေနဲ့။ အဆင်းကုန် တာနဲ့အတတ်တွေချည်းလာဦးမှာ။ ကိုယ် လာခဲ့တဲ့ခရီး ကိုယ်ပြန်ကြစတမ်းဆိုရင် လည်း ကိုယ်ဆင်းလာရလို့ ပျော်သမျှ အပြန်ခရီးမှာ မလွဲမသွေတက်ကိုတက် ကြရဦးမှာမဟုတ်လား။ လမ်းက ဒီတစ် လမ်းတည်း ရှိနေမင့်ဟာ။

အခု စပ်လောက်ထင်းတောက 'နမ့်စောင်းငေါင်း' ရေအားလျှပ်စစ်စက် ရုံနားအထိရောက်တာ။ ဒီဟိုဘက် ကျင် သီချောင်းလားရှိတာ။ အဲဒါကျော်ရင် တော့ သီပေါနယ်ထဲဝင်ရုံရှိတော့တာ ပေါ့။ လှည်းလမ်းရာလေးတွေတော့ အဲဒီ ကနေ မြောက်ဘက်လမ်းအတိုင်း လိုက် ခဲ့ကြတာ အတော်လေးကြာမှ ရင်းကူပင် ပေါက်တောရောက်လာလို့ လှည်းတွေ ရပ်လိုက်ကြတယ်။နွားချည်ရင်း ဝန်းကျင် ကြည့်တော့ မြေကတော့ ပြန့်ပါရဲ့။ ဒါ ပေမယ့် ရင်းကူသားကပါတော့ တော နင်းလိုက်ရှာရမှာပါ။ တွေ့ရင်တော့လား ခုတ်လှဲ၊ တောင်တိုဖြတ်၊ ထင်းပင်ကို လှည်းရှိတဲ့ဆီထမ်းလာရုံပေါ့။ နွားတွေ ခမျှာ အပြန်နေပူကြဲထဲ တောက်လျှောက် အတက်ချည်းကုန်းရုန်းရဦးမှာ။ သင်းတို့ သက်သာအောင် ဦးလေးကြည် ရင်းကူ သားတောင်တိုတွေ ပခုံးနဲ့ ထမ်းသယ် လိုက်တယ်။

တောထဲမှာ ဇရာမရင်းကူပင်ငုတ် တိုကြီးတွေမြင်တော့ တစ်ချိန်က ဟောဒီ နေရာမှာ ရင်းကူတောကြီး တိုးမပေါက် အောင် ပိတ်ဆီးလို့ရှိခဲ့ပုံပါ။ အခုတော့ ရင်းကူတွေ ကြည့်ရတာ လူမမာရဲ့ခေါင်း က ကျိုးတိုးကျဲတဲ ဆံပင်ပေါက်တွေကျ လို့။ ဦးလေးကြည်ကတော့ ရင်းကူပင် ပေါက်တွေထဲက အကြီးဆုံးအပင်လို့ထင် ရတဲ့အပင်ကို ရဲတင်းနဲ့ပဲလှဲ၊ ရဲတင်းနဲ့ပဲ ဖြတ်လိုက်တယ်။ ထင်းကြောတော့ စမ်း မနေတော့ပါဘူး။ အပင်ကနုတော့ တော်တော့ ထင်းအမျက်တုံးလည်း ရဲ တင်း ကူလိုက်ရင် ထင်းပေါက်ခြမ်းတော့ ရမှာပါ။ ထင်းသားအရောင်လေ့မှာပဲ စိတ်ပူတယ်။ ဒါတွေတွေးမိတော့ ဟိုအ ရင် ကကြားတောင်မှာတုန်းက ရင်းကူ သားနှစ်တောင်တို ဇရာမထင်းတုံးကြီး တွေ လောဘတကြီးခုတ်ခဲ့ဖူးတာအမှတ် ရတယ်။

အိမ်ရောက်တော့ ထင်းခွစင်ပေါ် တင်တဲ့အခါ ထင်းတုံးက ခါတိုင်းလိုမ ကြီးတော့ လွှနဲ့ဖြတ်တဲ့အခါ လည်ခံနေ တာနဲ့ ကလေးတစ်ယောက်တက်ထိုင် ခိုင်းပြီး ဖြတ်မှငြိမ်နေတော့တယ်။ ထင်း ပေါက်ခြမ်းတွေတင်ပြီး မြို့ထဲက မုန့်ဖို သွားပို့တော့ လမ်းမှာ တခြားလှည်း သမားတွေ သူ့လှည်းပေါ်က ထင်းခြမ်း တွေကြည့်ပြီး မချိတစ်ချိ ရယ်ကြသွား တာကပိုသေးရဲ့။ ခေါက်ဆွဲဖို၊ မုန့်ဖိုအိမ် နောက်ဝင်ကြိုးတန်းတွေရှောင်ပြီးမှ မီး ဖိုချောင်ဘေး လံထင်းစီပေးရတော့ ထင်း ခြမ်းတွေကသေးပြီး ဖြောင့်နေတော့ ဝင် လိုက်ထင်းတွေ မတရားပါဘဲ။ ထင်း တစ်လံပြည့်အောင် မနည်းညှက်ကူစီ ပြီးမှ တစ်လံပြည့်ပါတော့တယ်။ ဒါ တောင် ထင်းဝယ်တဲ့လူက ပေါက်ခြမ်း သေးလို့ ဆိုလား။ သေးနေ ဆရာရေ၊ နောက် ဒါမျိုးထင်ဆိုက်ရဖို့မလွယ်တော့ ဘူးဗျ။

တောထဲတုန်းက ဇောနဲ့မို့ ထင်း တွေထမ်းခဲ့တာ။ အခုဦးလေးကြည်ရဲ့ ခါး တွေနာနေပြီ။ ဒါကြောင့်မို့ ထင်းလှည်း မောင်းတဲ့အကူကောင်လေးတစ်ယောက် လောက်တော့ရှာဦးမပေါ့။ ခုခေတ် ရွာ ကလာတဲ့ ကောင်လေးတွေဆိုတာလည်း အင်း. . . ။

မောင်သင်းထုံ (ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ညီတော်စပ်သူ ဘိုးထွန်းအင်သည် အကြောင်းအရာတစ်ခုကို တွေ့လျှင် လေ့လာလိုသောစိတ်ရှိသည်နှင့်အညီ သူသိသမျှတို့ကိုလည်း နောင်လာနောက်သားများကို ဖြန့်ဝေ လက်ဆင့်ကမ်းပြောပြသည့်ဓလေ့ရှိရာ သူက မသိ၍ မေးမြန်းလျှင် ကျွန်ုပ်မှာ ပြီးစလွယ်မဖြေ၊ ဂရုပြုလျက် ဖြေရသည်။

**၁၉၄၉ ခု၊ သောင်းကျန်းသူများ စလင်းမြို့တွင် ကြီးစိုးနေစဉ်**

ကျွန်ုပ်သည် တိုက်ခေါင်းရင်းရှိ မန်ကျည်းပင်အောက်တွင် တပည့်ကျော် မောင်ဖိုးစွန်းနှင့်အတူ မြန်မာလောက်လွှဲကို ဝါးကိုင်းသန်သန်ဖြင့် ပြုလုပ်နေစဉ် သူသည် ဝါးခမောက်ဆောင်းပြီး ဝတ်နေကျ ဖျင်အင်္ကျီ၊ နှစ်နံ့စပ် ဖျင်လုံချည်တို့ဖြင့် ရောက်လာချေပြီ။ သူ ရောက်လာပြီဆိုသော် သူကပင် စကားစ,လေတော့သည်။

"အစ်ကိုကြီးကတော့ မောင်ဆိပ်ဖားကို လောက်လွှဲလုပ်ပေးပြီကိုး။ မပစ်တတ်ရင် လက်မ ပုပ်ရော့မယ်။ သားရေကြိုးနဲ့ ခွလောက်လေးက မကောင်းဘူးလား"

ဟု ဆိုလေသည်။

"မြန်မာ့ရိုးရာလောက်လွှဲက ရော်ဘာ သားရေနဲ့လုပ်တဲ့ ခွလောက်လေးထက် ပြင်းသဗျ။ မနေ့က အိမ်နားကို လူကပ်တယ်လို့ မောင်ဖိုးစွန်းကပြောတော့ မောင်ဖိုးစွန်း တစ်လက်၊ မင့်တူအတွက်တစ်လက် လုပ်ပေးရတယ်။ လက်မောင်း၊ လက်ဖျံ မှန်လို့ကတော့ သုံး,လေးရက် အဲဒီလက် သုံးမရဘူးကွ။ ကသာဘက်မှာရှိတုန်းက ငါ့မှာ သပိတ်ကျင်း ကျောက်လှည်းဘီးက မုဆိုးမောင်ပြား ပေးလိုက်တဲ့ ကချင်ဒူးလေးလည်း ရှိပါရဲ့၊ သားအတွက် လေးကိုင်းကို ဒဟတ်ပါးပျဉ်းနဲ့လုပ်ထားတဲ့ ဒူးလေးလည်း ရှိပါတယ်။ ဒူးလေးတွေက အန္တရာယ်များလို့ လောက်လွှဲပဲ ကိုင်ရတယ်"

ဟု ဆို၏။

စလင်းမြို့အား ဗိုလ်မော်တာ ဦးစီးသော ရဲဘော်ဖြူတို့သည် ၁၉၄၉ ခု၊ မတ်လ (၁၉) ရက်နေ့တွင် ဝင်ရောက်၍ အုပ်ချုပ်ကြသည်။ သူတို့အုပ်ချုပ်၍ မကြာမီ မြို့နယ်အတွင်း လိုင်စင်ဖြင့် ကိုင်ဆောင်ကြသော လက်နက်အားလုံးကိုသိမ်းလေသည်။ သိမ်းသည်ကို 'သိမ်း သည်' ဟု မဆို၊ လက်နက်စာရင်း စခန်း၌ အလွယ်တကူရယူနိုင်သည် ရာ 'စာရင်းပါ လက်နက်များကို ရောက်ပြပါ' ဟု ဆိုသည်။ သူတို့ ရောက်သောအခါ 'စစ်ဆေးရန်အ ထားခဲ့ပါ' ဟု ဆိုသည်။ 'နောက် ရက်ရှိသောအခါ လက်နက်များ ပါ၊ တော်လှန်ရေးပြီးသောအခါ ပြ ပါမည်' ဟု ဆိုသည်။ သို့နှင့် လ ကောင်း တရားဝင်လိုင်စင်နှင့်ကိုင် လက်နက်များမှာ သူတို့ထံရော သည်။ လက်နက်ပုန်းများကိုင်ထား မသမာသူတို့ထံမှ လက်နက်များ မည်သို့ရယူမည်ကိုကား မသိရ မူ တပည့်ကျော် မောင်ဖိုးစွန်းက ညက လူကပ်ပါသည်ဟု ဆိုသည် ဖြစ်လေရာ လောက်လေး ကိုင်း ကောင်းဖြင့် လောက်စာလုံးကောင်း ပွိုင့် (၂၂) သေနတ်မျှ အားကိုးနိုင် မြန်မာ့လောက်လွှဲလေးကို တင် တော့သည်။ ညာဘက်လက်ဝါးထဲ



www.burmeseclassic.com

လောက်စာလုံး (၃)လုံးကိုထည့်၍ ဘယ်ဘက်လက်ကလောက်လေးကိုင်းကို ရှေ့သို့ဆန့်ပြီး ညာလက်နှင့် လေးညှို့ကြိုးကို နောက်သို့ဆွဲ၊ လောက်လွှဲထဲ လောက်စာလုံးထည့်ကာ တစ်လုံးပြီးတစ်လုံး ပစ်ခတ်၍ ပစ်နိုင်လျှင် လောက်လေးတစ်ချက်ပစ်အားသည် တစ်မိနစ်လျှင် အချက် (၅၀) ကျော်မျှပစ်နိုင်မည်ဟု မှတ်ယူထားနိုင်ပါ၏။ တစ်ခုတော့ရှိသည်၊ ချိန်မှာလောက်လေးက မပစ်တတ်လျှင် လက်မ ပုပ်သွားမည်။ ချိန်ရာတွင် လက်ကိုရှောင်လွှဲ၍ ပစ်မှတ်ကိုထိအောင်ပစ်ရမှ၊ ထိလျှင်လည်း အားပြင်းလှသည်။ လောက်လေးရှိသည့်နေရာဆိုလျှင် သူခိုးတို့ ရှောင်သည်။ ထိပဟေ့ဆိုလျှင် အညို့အမည်းဒဏ်ရာကြီးက သုံး၊လေးရက်နှင့် မပျောက်တော့။ ညမင်းသားတို့မှာ ကိုယ့်ဂုဏ်ကိုယ်ဖော်ပြီး ပြသလို ဖြစ်သဖြင့် လောက်လေးရှိရာ ရှောင်ကြသည်။ တောင်ပစ်ကုန်းရွာမှရသော ပိုက်ဆံလျှော်ကို သုံးလွန်းတင်ကြိုးကျစ်၍ လောက်လေးတွင် ဆင်ပြီးသကာလ လေးတင်၍ ပစ်လို့ရပြီ။ လောက်လေးတွင် လောက်စာအိမ်မှာ အရေးပါသည်။ ရက်တတ်ရန် မခက်ခဲသော်လည်း ရက်တတ်သူ ရှားပါးလာသည်။ ယခုသော် မောင်ဖိုးစွန်းက တစ်လက်၊ သားလုပ်သူက တစ်လက်နှင့် ညရေးညတာ သူခိုးရန်တော့လုံပြီ။ သေနတ်လို ဒိုင်းခနဲလည်း မမြည်၊ မီးကလည်းမပွင့်နှင့် ပစ်ချက်ကလည်းမြန်သမို့-

'အမောင် ညလူတို့ - မြန်မာ့လောက်လေးကို ရှောင်ပေရော့။

မင်းရာမလေး၊ ဒေါင်တင်ကာ ကွေးလိုက်မယ်. . . ပြေးကြတော့ ညလူတို့'

ဟု စိတ်ထဲမှ ကြိမ်းဝါးလိုက်မိ၏။

ဘိုးထွန်းအင်သည် သူ၏ ဝါးခမောက်ကို ချွတ်လိုက်သည်။ ခေါင်းတွင် ပတ်ထားသော ဖျင်ဖြူတဘက်နှင့် ချွေးများသုတ်လိုက်သည်။ သူ့လက်ထဲတွင် စာအုပ်တစ်အုပ်ကိုကိုင်ထား၏။ စာအုပ်ပါလာသည်ဆိုသော် ကျွန်ုပ်ထံလာခြင်းမှာ ယင်းစာအုပ်ပါအချက်အလက်တို့ကို ကောက်နုတ်၍မေးအံ့ဟု ယူရပေမည်။


ကျွန်ုပ်သည် ဘိုးထွန်းအင်ကို ကြည့်၍ စာအုပ်အဟောင်းကြီးနှင့် ဘုန်းတော်ကြီးများ ဆွမ်းဘုဉ်းပေးချိန်တွင် 'တော်သလင်းနေ ပုစွန်သေ' ဆိုသော ရာသီ၌ ရှင်ပင်ကူတော်သစ်ဘုရားအနီးရှိ သူ့အိမ်မှ ကျွန်ုပ်အိမ်သို့ စာအုပ်ပိုက်လာသည်ကိုထောက်သော် စာအုပ်ပါ အချက်တို့ကို၊ သူ မရှင်းသည့်အချက်တို့ကိုမေးမည်ဟု ခန့်မှန်းမိပါ၍-

"ကဲ-ဖိုးထွန်းအင်၊ မေးဖို့ဆိုလည်း ဖြည်းဖြည်းပေါ့ဗျာ။ စိတ် စေတသိက်စတဲ့ဟာတွေနဲ့ စိတ်မြန်ခြင်း၊ ပျံ့လွင့်ခြင်း

ဘိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး


## သံကြောပွတ်နှင့် ကြက်တောင်ပိုလ်တို့ရဲ့ တနင်္သာရီ





www.burmeseclassic.com

www.burmeseclassic.com



သံကျော့ပွတ်ကို အင်းဝသို့ပို့သည့် Diana စစ်သင်္ဘော

စသည်ကို သတိပြုဖို့အမြဲပြောပြီး သတိရှိရန်ပြောခဲ့တယ်။ ခုလို နေပူကြီးထဲမှာ ဘာတွေသိချင်တဲ့စိတ်နဲ့ လာတာလဲဗျာ။ နားလည်းနား၊ ခင်ဗျားအစ်မက တည်ခင်းတာလည်း စောင့်စား၊ ကျုပ်လည်း လက်ဆေးလိုက်ဦးမယ်"

ဟု ပြောလိုက်သည်။

အိုးသူကြီး မယ်မှင်သည် ကျွန်ုပ်စကားမဆုံးမီ မုန့်ဩဇာ၊ မြေပဲယို စသည်တို့ အပါအဝင် လက်ဖက်ရည်အိုးပွဲကို လင်ပန်းနှင့်သယ်ယူလာ၍ ဘိုးထွန်းအင်ရှေ့မှောက်သို့ တည်ခင်းလေသည်။

"သံကြော့ပွတ် ဆိုတဲ့ စကားရပ်၊ ကြက်တောင်ဗိုလ် ဆိုတဲ့ စကားရပ်ကို ဖတ်ရင်း စဉ်းစားမရတာနဲ့ အစ်ကိုကြီးရှေ့မှောက် ရောက်ရတာပါပဲ။ ဟိုတစ်နေ့က အစ်ကိုကြီးအိမ်ကဒီစာအုပ်လေးကို ယူသွားပြီးဖတ်တာ၊ နားမလည်တဲ့ အချက်ကလေးတွေ ပေါ်လာပါတယ်။ ဒါနဲ့ မအောင့်နိုင်တော့ပါဘူး"

ဟု ပြောလေ၏။

ထိုအခါမှ သူယူလာသောစာအုပ်ကိုကြည့်သောအခါ အရင်တစ်နေ့က နေပူပြရန်ထုတ်ထားသော စာအုပ်များထဲမှ 'လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ။ ပဌမတွဲ' (CATALOGUE OF THE HLUTDAW RECORDS VOLUME 1) ဖြစ်နေ၏။

အနာကားသိ၍ ဆေးရှိပေပြီ။

ပြဿနာ၏အစကို ခန့်မှန်းရပေပြီမို့ အဖြေတစ်ဝက်တော့ ထွက်ပါပြီ။ အခန့်သင့်ပင် ကျောင်းဒကာကြီး ဦးဘိုးရွှေလည်း သူ့နောက်မှထီးမိုးသူနှင့်တကွ ရောက်လာသည်။ သို့နှင့် ဘိုးထွန်းအင်အား သူ့စကားဆက်၍မေးရန် ကျွန်ုပ်က စကားမစဘဲ နေရ၏။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးသောအခါ မန္တလေးနေပြည်တော်ရှိ ရွှေနန်းတော်ကြီးမှာ အင်္ဂလိပ်စစ်ဗိုလ်များ ဌာနချုပ်လုပ်ထားခဲ့ကြသည်။ တိုင်းရေးပြည်ရေးမှတ်တမ်း ပုရပိုက်များကို စုဆောင်း၍ ဗြိတိသျှအာဏာပိုင်တို့က ရန်ကုန်သို့ ယူဆောင်သွားပြီး ဘားနပ်စာကြည့်တိုက်အတွင်း စုဆောင်းထားခဲ့သည်ဟုသိရ၏။ ဗြိတိသျှတို့စုဆောင်းမိသော ပုရပိုက်များမှ အတိုကောက် ထုတ်နုတ်ရေးသားထားသည့် အတိုအကောက်မှတ်သားချက်များ ဖြစ်၏။

ဘိုးထွန်းအင်က-

"ကျွန်တော်တို့ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှာ ရန္တပိုရွာ၌ စစ်ပြေငြိမ်းကြောင်းစာချုပ်အကြောင်းကို ကြားဖူးပါတယ်။ အခု ဒီစာအုပ်ထဲမှာ ရန္တပိုစာချုပ်နဲ့ဆက်နွှယ်နေတဲ့ အကြောင်းအရာတွေကို တွေ့ရတယ်ခင်ဗျ။ အဲဒီတော့ ကျွန်တော်တွေ့တာကလေးတွေ ဖတ်ပြပါ့မယ်"

ဟု ဆိုလေသည်။

ယင်းအခိုက် ဝက်သိုက်မှ ဘိုးပွားကြီးနှင့်အတူ မြေစာရင်းအင်စပိတ်တော်ကြီး ဦးသာဒွန်းဦးလည်း လှည်းယဉ်ဖြင့် ရောက်လာသည်။ သူတို့မှာ အလှူမှအပြန် ဝင်လာကြခြင်း ဖြစ်သည်။ ဘိုးပွားကြီးကမူ မောင်ဖိုးစွန်းနှင့်အတူ ကျွန်ုပ်၏ နွားများကိုကြည့်ရှုကာ နွားစာစင်၌ ကျွေးပုံကို မောင်ဖိုးစွန်းအား ပြနေသည်။ အင်စပိတ်တော်ကြီးကမူ ကျွန်ုပ်တို့စကားဝိုင်းရှိရာသို့ လာရောက်ပြီးနောက် စကားဝိုင်းတွင် ထုံးစံအတိုင်း ကာက်စဘီအုပ်ချုပ်ရေးခေတ်က ဆပ်ပလိုင်းမှထုတ်ပေးသော Swan ဖောင်တိန်ကြီးကိုထုတ်ကာ မှတ်တမ်းတင်ရန် ဟန်ပြင်ပါသည်။

ဘိုးထွန်းအင်က သံနေသံထားဖြင့် ဖတ်ကြားတင်ပြသည်မှာ-

**၁ မှတ်။ ပုရပိုက်ထွက်။**

**၁၁၈၇ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက် (၁၈၂၆ ခု၊ ဖေဖော်ဝါရီ ၂၃ ရက်နေ့)**

၁။ ရန္တပိုရွာတွင် စစ်ပြေငြိမ်း၍ အင်္ဂလိပ်စစ်ဗိုလ်တို့နှင့် မြန်မာအရာရှိ လယ်ကိုင်းမြို့စား ဝန်ကြီး၊ ရွှေခွန်ဝန် အတွင်းဝန်တို့ ပြောဆိုသည့် စကားချက်များနှင့် စာချုပ် (၁၁) ချက်။

(က) စာချုပ်ပါ ငွေတစ်ကုဋေအနက် ယခုတစ်ဝက်ပေးလျှင် မြန်မာနိုင်ငံမှ အင်္ဂလိပ်စစ်ဗိုလ် ပြန်သွားမည့်အကြောင်း၊ ကျန်ငွေကို တစ်နှစ်အတွင်းပေးရမည့်အကြောင်း။ နောက်ထပ် ချုပ်ဆိုချက်စကား။

**၁၁၈၇ ခု၊ တပေါင်းလပြည့်ကျော် (၃) ရက်နေ့**

၂။ မြန်မာတပ်များကို နုတ်သိမ်းရန်။ အင်္ဂလိပ်စစ်ဗိုလ်တို့ စီးနင်းစုန်ဆင်းရန်လှေများကို ပေးရန်။ သိမ်းယူသည့် ယုဒသန်တို့ပစ္စည်းများ ပြန်ပေး... ထားဝယ်မြို့ဝန်၊ မေဃဝတီမြို့ဝန်တို့... အချုပ်မှလွှတ်ရန် အင်္ဂလိပ်ရေကြော...



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တို့ ပြောဆိုမှတ်သားချက်။

**၁၁၉၂ ခု၊ နယုန်လပြည့်ကျော် (၇) ရက်**

၃။ မြန်မာအရာရှိတို့စုံညီ စစ်တိုင်းမြို့ ရာဇမဏိစူဠာဘုရားကျောက်စာမှ မြို့ရွာအမည်အမှတ်ပါသည်ကို အင်္ဂလိပ်သံ မယ်ဇယ်ဘော်ရနီ၊ စာရေး ငနန္ဒတို့ ကူးစေသည့် ကျောက်စာပါစကား။

**၁၁၈၉ ခု၊ တပေါင်းလဆန်း (၁၁)ရက်နေ့**

၄။ စစ်ကိုင်းမြို့ ဆရာပရိတ်တိုက်အိမ်တွင် မဏိပူရနယ်မြေအမှတ်အသားများကို မြန်မာအရာရှိတို့ အမြောက်ဗိုလ်ရော်လင်းသေည်တို့ ဆိုကြသည့်စကားမှတ်သားချက်။

**၁၁၈၉ ခု၊ တပေါင်းလဆန်း (၁၂) ရက်**

၅။ စစ်ကိုင်းမြို့ ဆရာပရိတ်တိုက်အိမ်တွင် မဏိပူရနယ်မြေပိုင်းခြားမှုနှင့်စပ်၍ အင်္ဂလိပ်စစ်ဗိုလ်တို့တွင်ပါသည့် ၎င်းနယ်မြေပုံနှင့် မြန်မာနိုင်ငံရှိရင်းနယ်မြေပုံများကို တိုက်ဆိုင်၍ နှစ်ဖက်အရာရှိတို့ပြောဆိုချက်။



သံအမတ် ဂျွန်ကရောဖတ်
(သံကြောပွတ်)



မေဂျာဂျင်နရယ် ဆာအာသာကင်ဘဲ
(ကြက်တောင်ဗိုလ်)

**၁၁၈၆ ခု၊ တပေါင်းလပြည့်ကျော် (၆) ရက်နေ့**

၆။ အင်္ဂလိပ်အမြောက်ဗိုလ် ရောလင်းသေည်က မြန်မာအရာရှိများထံရှိသည့် ကုလားဖြူ (၁)၊ ကုလားနက် (၆) အနက် ကုလားနက် (၅) ဦးကိုသာ ပေးအပ်ရှိ၍ ကျန်လူတို့ရှိ၊မရှိ မေးချက်နှင့် မြန်မာအရာရှိတို့က ရှိ၊မရှိကိုမေးမြန်း၍ ပြန်ပြောဆိုချက်။ စာချုပ်က တိုးပွား၍ အပိုမပြောစေလိုကြောင်း အကျယ်ပြောဆိုချက်များ။

**၁၁၈၉ ခု၊ တပေါင်းလပြည့်ကျော် (၉) ရက်နေ့**

၇။ အင်္ဂလိပ်အမြောက်ဗိုလ်ရောလင်းသေည်သို့ ကုလားဖြူ (၁)ကို မြန်မာအရာရှိတို့က ပေးအပ်သည့်စကားအကျယ်မှတ်သားချက်။

(က) အမြောက်ဗိုလ် ရောလင်းသေည်က တင်ပေးသည့်လူစာရင်း။

ဤတွင် အင်စပိတ်တော်ကြီးက-

"ကိုကြီးအင် ဖတ်နေတာက ပုရပိုက်ပါ မာတိကာအညွှန်းတွေနဲ့ တူနေပါလား"

ဟု ဆိုသည်။

"မူလပုရပိုက်မရတော့၊ ဒီအညွှန်းပဲ ဖတ်ရမှာပဲ။ သို့သော်လည်း ကျွန်ုပ်တို့အဘိုးများ ပါဝင်ဆင်နွှဲကြရတဲ့ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးမှာ ဘာတွေဖြစ်ခဲ့ကြသလဲ ဆိုတာ သိချင်ရင် ဒီပုရပိုက်အညွှန်းကလေးကြည့်ပြီး မှန်းနိုင်ပါပြီ။ ဖတ်ကြည့်ပြန်တော့ စာမျက်နှာ (၂) ရောက်ရောဗျာ။ သံကြောပွတ်နှင့် ကြက်တောင်ဗိုလ် ဆိုတာ စဉ်းစားမရတာနဲ့ အိမ်ကထွက်လာပြီး အစ်ကိုကြီး မေးမလို့"

ဟု ဆို၏။

"ကဲ-ဆက်ပါဦး၊ ဒီပုရပိုက်တတ်တလောက်ကြီးပါ အကြောင်းအရာများကတော့ ဆက်စပ်ယူသော် သမိုင်းကြောင်းကို အထောက်အကူပြုတဲ့အချက်ကတော့ မှန်ပေလိမ့်မယ်။ သမိုင်းဆိုတာ လက်တစ်ဆုံးနှိုက်ပြီးယူမှ အမှန်ရပါမယ်၊ ကိုယ်လိုရာကောက်ရေးသော် အမှန်ရမယ် မဟုတ်ပါဘူး။ ကိုင်း- ထားပါတော့၊ အခု ဒီစာအုပ်ထဲကအကြောင်းမေးချင်တာ ဆိုတော့ ဘယ်အချက်ကို ရှင်းပြရမှာလဲ"

ဟု မေးရတော့သည်။

ဘိုးထွန်းအင်က ဆက်ဖတ်သည်။

**၂ မှတ်။ ပုရပိုက်ထွက်။**


**၁၁၈၉ ခု၊ တန်ဆောင်မုန်းလဆန်း (၁၁) ရက်**

၁။ ကိုယ်ကျိုး ကိုယ့်စီးပွားမဟုတ်၊ တိုင်းကျိုးပြည်ကျိုး အရှင့်အကျိုးကိုသာ ပြောဆိုကြရန်ကို စစ်ကိုင်းဘတ် စကားပြောတဲ့တွင် ဆောမြို့စားအတွင်းဝန်၊ ရွှေခွန်ဝန်၊ အတွင်းဝန်တို့နှင့် သံကြောပွတ်တို့ပြောဆိုသည့် စကားမှတ်ချက်။

**၁၁၈၉ ခု၊ တန်ဆောင်မုန်းလဆန်း (၁၃) ရက်**

၂။ 'ရန္တပိုစာချုပ်တွင် မပါသည့် မုတ္တမမြို့၊ စီရင်စု၊ မော်လမြိုင်မြို့တွင် အင်္ဂလိပ်စစ်ဗိုလ်တို့နေသည်ကို ခြားနားအောင်ဆိုစေလိုသည်' မြန်မာအရာရှိတို့ ပြောပြချက်။

**၁၁၈၉ ခု၊ တန်ဆောင်မုန်းလဆန်း (၁၃) ရက်**



အရှေ့အိန္ဒိယကုမ္ပဏီပိုင် စစ်သင်္ဘောတစ်စီး



www.burmeseclassic.com

www.burmeseclassic.com

၃။ မော်လမြိုင်မြို့သည် အထက်စာချုပ်ပါဖြစ်ကြောင်း သံကြောပွတ်က အကျယ်ပြောဆိုချက်။

(က) ယခုပြောချက်အရ ရန္တပိုစာချုပ်ကို ဖျက်ဆီးလိုသော စကားသံပါကြောင်း မြန်မာအရာရှိကပြောလျှင် စာချုပ်အတိုင်း ပြောဆိုကြောင်း သံကြောပွတ်က ပြန်ပြောချက်။

(ခ) မြန်မာအရာရှိတို့က ကြေးငွေပြေလျက် ရန်ကုန်မြို့မှ အင်္ဂလိပ်စစ်ဗိုလ်တို့ မထွက်မသွားရှိနေသည်ကိုမေးလျှင် သံကြောပွတ်က (၅) ရပ် စာချုပ်ရန်ကို ခွင့်ပြုလျှင် ထွက်သွားစေမည် ပြန်ပြောချက်။

**၁၁၈၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့**

၄။ စစ်ကိုင်းဘက် စကားပြောတဲတွင် သံကြောပွတ်နှင့် မြန်မာအရာရှိတို့ ပြောဆိုသည့် စကားချက်။

(က) မြန်မာအရာရှိတို့က ရန်ကုန်မြို့မှ ကြက်တောင်ဗိုလ် မသွားသည့်အကြောင်းကိုမေးရာ သံကြောပွတ်က ယနေ့မှ (၃၆၅) ရက်အတွင်း တတိယငွေကို၊ ၎င်းမှ (၃၆၅) ရက်အတွင်း စတုတ္ထငွေကိုပေးရန် ပြောသည့်အကြောင်း။

(ခ) ရန္တပိုစာချုပ်အရ ပဌမ၊ ဒုတိယငွေကို ပြေကျေ၍ ကျန်ငွေကို စာချုပ်ဆိုပြီးလျှင် ရက်ပေါင်း (၂၀) အတွင်း ရန်ကုန်မြို့ကို မြန်မာအရာရှိများ ထံအပ်၍ ကြက်တောင်ဗိုလ်တို့ပြန်သွားစေပါမည် ပြောသည့်အကြောင်း။

ဤတွင် ဘိုးထွန်းအင်က-

"ခုဖတ်ခဲ့တာတွေကို အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ပြီးဆုံးပြီးနောက် ရန္တပိုစာချုပ်အရ အင်္ဂလိပ်နှင့်မြန်မာတို့ ဆွေးနွေးကြတဲ့အကြောင်းတွေမှန်း သိရပါတယ်။ စာအုပ်ပါထဲတွင် ပါသည့်အကြောင်းအရာများအနက် သံကြောပွတ်နှင့် အင်္ဂလိပ်စစ်ဗိုလ်ကို ရှင်းပြပါ"

ဟု သူနားမလည်သည့်အချက် မေးလေသည်။

ဘိုးထွန်းအင်မေးမြန်းချက်ကို အကြောင်းပြု၍ သံကြောပွတ်နှင့် ကြက်တောင်ဗိုလ်တို့ အကြောင်းကို နောင်လာနောက်သားတို့သိစေရန် ဖော်ပြရပါသည်။

⭘

အင်္ဂလိပ်တို့သည် ပရိယာယ်ကြွယ်သောသူများ ဖြစ်လေသည်။ အိန္ဒိယပြည်ကို ကိုလိုနီပြုပြီးနောက် သူတို့တွင် မလေး၊ စင်ကာပူ စသည်တို့တွင်လည်း သူတို့၏အရှေ့အိန္ဒိယကုမ္ပဏီသည် ရှိထားပြီး ဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် မလေး၊ စင်ကာပူအကြားတွင် မြန်မာနိုင်ငံ ရှိသည်။ ထို့ကြောင့် အခွင့်အရေးသာလျှင် သိမ်းယူရန် အချိန်အခါကို စောင့်နေ၏။ ထို့ကြောင့် စစ်တကောင်းရှိ ကောလိပ်တော်အရာရှိ ရော်ဘတ်ဆန်သည် အားကောင်းမောင်းသန် ရခိုင်တို့ကိုစုဆောင်း၏။ အင်္ဂလိပ်စာသင်စေ၏။ ကုမ္ပဏီမှ မောက်ဘက်တာလိယံအမည်ဖြင့် ဘင်္ဂလားဌာနေ ရခိုင်တို့အားဖွဲ့စည်းထားသည်။ မြန်မာတို့ စစ်ပန်းချိန်တွင် သူတို့သည် အကြောင်းပေါ်က စစ်ဝင်တိုက်ရန်ပြင်ဆင်ထားသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် အင်္ဂလိပ်တပ်နှင့်အတူ ရော်ဘတ်ဆန် စုဆောင်းထားသောသူတို့သည် အင်္ဂလိပ်တပ်များနှင့် အတူပါလာသည်။ စကားပြန်များ၊ လမ်းပြများအဖြစ် တာဝန်ထမ်းဆောင်ကြသည်။ ထို့ကြောင့် အချို့မြို့အမည်များကို အင်္ဂလိပ်လိုရေးရာ၌ သူတို့အခေါ်အဝေါ် အသံထွက်အတိုင်း ဖြစ်သည်ကိုတွေ့ရသည်။

'သံကြောပွတ်' အကြောင်း ရေးပါမည်။

ရခိုင်တို့အသံနှင့်ဆိုသော်-

ကျောကို 'ကျော' ဟု ဖတ်၍ ကြောကိုမူ 'ကရော' ဟု ဖတ်သည်။

ထို့ကြောင့် ဗြိတိသျှ ကိုယ်စားလှယ် သံအမတ် ဂျွန်ကရောဖတ် (John Crawfurd) သည် ပုရပိုက်ထဲတွင် 'သံကြောပွတ်' ဖြစ်သွားရသတည်း။

ကရောဖတ် အကြောင်းကို ဆက်ပါဦးမည်။

ကရောဖတ်သည် စကော့မျိုးနွယ်ဖြစ်သည်။ အဘ ဆမ်မြူရယ်ကင်းဘဲ (ဆရာဝန်)၊ အမိ မာဂရက်ကင်းဘဲတို့မှ ၁၇၈၃ ခု၊ ဩဂုတ်လ (၁၃) ရက်နေ့တွင် စကော့တလန်ပြည် အစ်(စ်)လေ (Islay, Scotland) တွင် မွေးဖွားသည်။ ၁၈၀၃ ခု၊ အသက် (၂၀) တွင် အီဒင်ဘာရာ၌ ဆေးပညာရပ်များ သင်ကြားပြီးမြောက်သည်။

အရှေ့အိန္ဒိယကုမ္ပဏီ (East India Company) တွင် ကုမ္ပဏီ၏ ဆရာဝန်အဖြစ် အမှုထမ်းသည်။ အိန္ဒိယအနောက်မြောက်ဒေသပိုင်း၊ ယခု ဥတာပရာဒက်(ရှ်) (Uttar paradesh) တွင် ၁၈၀၃ ခုနှစ်မှ ၁၈၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်သည်။

အရှေ့အိန္ဒိယကျွန်းများတွင် ပီနန်၌ ၁၈၀၈ ခုတွင် ?းရောက် ထမ်းဆောင်သည်။ မလေးစကားနှင့် ယဉ်ကျေးမှု၊ အနုပညာတို့ကိုလေ့လာသည်။ ဂျာဗားကျွန်းအရေးအခင်းအပြီး ၁၈၁၆ ခုတွင် ကရောဖတ်သည် အင်္ဂလန်သို့ပြန်သည်။ တော်ဝင်ပညာရှင်အဖွဲ့ဝင် ဖြစ်လာသည်။ စာပေလိုက်စားသည်။ အရှေ့တောင်အာရှတွင် သံရေးတမန်ရေးကိစ္စရပ်များ ဆောင်ရွက်ရလေတော့သည်။ ၁၈၂၁ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ် လော့(ဒ်)ဟေးစတင်း၏ စေလွှတ်ချက်အရ ထိုင်းနိုင်ငံ၊ လော (လာအို)၊ ကိုချင်ချိုင်းနား (ဗီယက်နမ်)၊ တမ္ဗောဒီးယားတွင် လှည့်လည် တာဝန်ထမ်းဆောင်သည်။ ၁၈၂၃ ခုနှစ်တွင် စင်ကာပူ၌ ဗြိတိသျှ ဌာနေကိုယ်စားလှယ် (Resident) အဖြစ် တာဝန်ထမ်းဆောင်သည်။

၁၈၂၆ ခုနှစ်တွင်မူ ဟေးစတင်းနေရာဆက်ခံသူ အိန္ဒိယဘုရင်ခံချုပ်လော့(ဒ်) အမ်းမက်(စ်) (Lord Amherst) က အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် သံခင်း တမန်ခင်း စကားပြောရန် မြန်မာနိုင်ငံသို့ စေလွှတ်သည်။ သူဦးဆောင်သောအဖွဲ့၌ စကားပြန်အဖြစ် ဆရာယုဒသန် (Adoniram Judson)နှင့် ရုက္ခဗေဒပညာရှင် (Nathaniel Wallich) တို့ ပါဝင်သည်။ အရှေ့အိန္ဒိယကုမ္ပဏီမှ ငှားရမ်းပေးသော ဒိုင်ယာနာ (Diana) သင်္ဘောဖြင့် လှေငါးစီးခြံရံလျက် အင်း? သို့ ဧရာဝတီမြစ်အတွင်းမှ စစ်သား (?) နှင့်အတူ သွားရသည်။ ကရောဖတ် ... သို့သော အရှေ့တောင်အာရှတွင် လှည့်လည်၍ သံစကားဆိုသူသည် ရန္တပိုစာချုပ်ကိုကိုင်၍ ပြောဆိုရာ၌ သူလိုသ... ရအောင်ပြောနိုင်သည်မှာ မဆန်းဟု ... ရပါမည်။ အထူးသဖြင့် မြန်မာတို့ ... ထားဝယ်မြို့အနီးရှိ တနင်္သာရီမြို့ဟု ... ဆရသောအရာကို မတွမမြို့ ... အောက်ခံ မော်လမြိုင်မြို့၌ ရုံးစိုက် ... သူတို့ဆိုလိုသည့် တနင်္သာရီတောင် ... တစ်လျှောက်၌ရှိသည့် ကျွန်းဆွယ် ... တနင်္သာရီဖြစ်သည်ဟု ဆို၍ အငြင်း ... သည်။ စာချုပ်အရ စစ်လျော်ကြေး ... တောင်းခံရာတွင်လည်း စစ်လျော်ကြေး ... မရမချင်း ရန်ကုန်မှ အင်္ဂလိပ်တပ် ... မဖယ်မရှား ရှိနေသည်။ စစ်တပ် ... ကြီးအကဲမှာ ဗိုလ်ချုပ်ကင်းဘဲ (... General Sir Achibald Campbell) ... သည်။ ထိုခေတ်က ယင်းစစ်ဗိုလ်အား ...



www.burmeseclassic.com

www.burmeseclassic.com

တို့ဝတ်စုံမှာ ဦးထုပ်ဖျူတွင် ငှက်ကုလားအုတ်၏ အတောင်ပံငှက်မွေးများဖြင့် တန်ဆာဆင် ဆောင်းလေ့ရှိခြင်းကြောင့် တင်းဘဲမှာ 'ကြက်တောင်ဗိုလ်' ဟု အမည်ရတော့သည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ရန်ကုန်မြို့ကို ဝင်ရောက်တိုက်သူမှာ ကြက်တောင်ဗိုလ် (ခေါ်) ကင်းဘဲ ဖြစ်သည်။ သို့ဖြစ်ရာ ကင်းဘဲအကြောင်းကို ရေးရပါမည်။

**ဆာ အာချီဘော(လ်) ကင်းဘဲ**

ဆာ အာချီဘော(လ်)ကင်းဘဲကို ၁၇၆၉ ခု၊ မတ်လ (၁၂) ရက်နေ့တွင် မွေးဖွားသည်။ ဗြိတိသျှတပ်မတော်မှ ဗိုလ်အာချီဘော(လ်)ကင်းဘဲနှင့် အမိမာဂရက်ကင်းဘဲတို့၏သား ဖြစ်သည်။ စကော့တလန်ပြည်နယ် ဂလင်လွန်းမြို့ဇာတိဖြစ်၏။ ခရစ် ၁၇၈၇ ခု၊ အသက် (၁၈) နှစ်တွင် ဗိုလ်လောင်းအရာရှိအဖြစ် တပ်တွင် ထမ်းဆောင်သည်။ သူတာဝန်ထမ်းဆောင်နေသော အမှတ် (၇၇) ခြေလျင်တပ်ရင်းသည် ၁၇၈၈ ခုတွင် အိန္ဒိယသို့ပြောင်းရွှေ့ရသည်။ ၁၇၉၁ ခုတွင် ဗိုလ်အဆင့်သို့ တိုးမြှင့်ခံရသည်။ မာလဘာကမ်းခြေ ကိုခြင်မြို့တွင် ၁၇၉၅ ခုနှစ်၌ ပြောင်းရွှေ့တာဝန်ယူရ၏။ ၁၇၉၉ ခု သီဟိုဠ်ကျွန်း (သီရိလင်္ကာ) အရေးတွင် ပါဝင်ရသည်။

၁၇၉၉ ခု၌ ဗိုလ်ကြီးရာထူးဖြင့် တပ်ရင်း (၆၇) သို့ ပြောင်းရွှေ့တာဝန်ယူသည်။ ပင်လယ်ရပ်ခြားတာဝန်ကို ဆက်လက် အမှုထမ်းဆောင်လိုသဖြင့် တပ်ရင်း (၆၇) မှ တပ်ရင်း (၈၈) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ သို့သော် ကျန်းမာရေးမကောင်းသဖြင့် အင်္ဂလန်သို့ပြန်ပြီး အရန်တပ်ရင်းတွင် ဗိုလ်မှူးတာဝန် ထမ်းဆောင်ရသည်။ ၁၈၀၅ ခုတွင် ပေါ်တူဂီစစ်တလင်း၌ တာဝန်ထမ်းဆောင်သည်။ ၁၈၀၉ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ရသည်။ စပိန်ကျွန်းဆွယ် စစ်မြေပြင်တွင်ပင် ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ်ရာထူးအထိ တာဝန်ထမ်းဆောင်ရသည်။ ပေါ်တူဂီတပ်မတော်တွင် ၁၈၁၃ ခု၌ ဗိုလ်မှူးရာထူးဖြင့် တာဝန်ထမ်းဆောင်သည်။ ၁၈၂၀ ပြည့်နှစ်တွင် အင်္ဂလန်ပြန်၍ အမှတ် (၃၈) ခြေလျင်တပ်ရင်းတွင် တပ်ရင်းမှူး ဗိုလ်မှူးကြီးတာဝန်ကိုယူသည်။ ထိုတပ်နှင့် အိန္ဒိယသို့ ပြန်သွားသည်။

၁၈၂၄ ခု၊ မေလမှ ဒီဇင်ဘာလထိ ရန်ကုန်မြို့သိမ်းရန်တိုက်ရသည်။ သူ့တပ်တွင် မျက်နှာဖြူတပ်သား (၅၀၀၀)၊ စစ်ပါရီကုလားစစ်သား (၅၀၀၀) ကျော်ပါသည်။ ရွှေတိဂုံဘုရားကို ခံတပ်ပြု ကြည့်မြင်တိုင်နှင့် ကမာရွတ်တို့ရှိ မြန်မာတပ်ကို ဖြိုခွင်းလေသည်။ မြန်မာဘက်မှ ထောင်သောင်း အကျအဆုံးခံ၍ တိုက်ပါသော်လည်း လက်နက်ချင်းမမျှ၍ ရန်ကုန်မြို့ကို ကင်းဘဲ ရလေသည်။ ရော့ကတ်ဒုံး (Congreve rocket) များကို ဗြိတိသျှတို့က စတင်သုံးလေပြီ။ မြန်မာတို့ လူ (၇၀၀၀)ခန့်မျှနှင့် ဓနုဖြူသို့ဆုတ်ခွာသွားရသည်။ ၁၈၂၅ ခု၊ မတ်လတွင် တပ်သား (၄၀၀၀)နှင့် စစ်သင်္ဘောများ ခြံရံလျက် ဓနုဖြူကိုတိုက်သည်။ မြန်မာတို့က ခံတပ်ပြု၍ ခုခံသည်။ ၁၈၂၅ ခု၊ ဧပြီလ (၁) ရက်တွင် စစ်သူကြီးမဟာဗန္ဓုလ စိန်ပြောင်းသင့်၍ ကျဆုံးသည်။ ဓနုဖြူကျပြီးနောက် ကင်းဘဲက ပြည်ကိုသိမ်းသည်။ သို့နှင့် ၁၈၂၅ ခု၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ပြည်မြို့ကို မြန်မာတို့က ပြန်လည်ရရှိရန် ထိုးစစ်ဆင်မှုကို မျက်နှာဖြူတပ်သား (၂၅၀၀)၊ စစ်ပါရီ (၁၅၀၀) နှင့် ပြန်လည် ခုခံတိုက်ထုတ်လိုက်သည်။

၁၈၂၆ ခု၊ ဇန်နဝါရီနှင့်ဖေဖော်ဝါရီတွင် ကင်းဘဲသည် မြန်မာနိုင်ငံအထက်ပိုင်းကို ထိုးဖောက် ချီတက်လေသည်။ ဖေဖော်ဝါရီ လဦးတွင် ပုဂံကို ရသည်။ ဖေဖော်ဝါရီလ (၁၆)ရက်တွင် အင်းဝနှင့် မိုင် (၅၀) အကွာတွင် ရန္တပိုရွာ၌ ဗြိတိသျှတို့တောင်းဆိုချက်များကို ဆွေးနွေးခွင့်မရဘဲ သဘောတူပါကြောင်း လက်မှတ်ရေးထိုးသည်။ ရန္တပိုစာချုပ်ကို ဗြိတိသျှတို့ဘက်မှ လက်မှတ်ရေးထိုးသူမှာ ဆာ အာချီဘော(လ်) ကင်းဘဲက ဦးဆောင် လက်မှတ်ရေးထိုးခဲ့သည်။

❂

"ကဲ- ဘိုးထွန်းအင်ရေ ဗြိတိသျှက မြန်မာပြည်ကို လိုချင်လို့သိမ်းတာပါ။ ရှင်မဖြူကျွန်းကိစ္စက အကြောင်းရင်းမဟုတ်ပါဘူး။ မြန်မာတို့ စစ်ပန်းတဲ့ အချိန်နဲ့ သူတို့မှာလည်း မြန်မာ့အကြောင်းလေ့လာပြီး စစ်ရေးသာတဲ့အချိန်မှာ မြန်မာကိုအကြောင်းရှာပြီးတိုက်တာပါပဲ။ သံခင်း တမန်ခင်း ပြောနိုင်အောင် ကရောဖတ်လိုလူ၊ တိုက်ခိုက်ရည်ဝနေတဲ့ ကင်းဘဲလို စစ်ဗိုလ်မျိုးကို အကွက်ချ သုံးနိုင်အောင်စီစဉ်ပြီးမှ ရှင်မဖြူကျွန်းကိစ္စကို ရှေ့တန်းတင်လိုက်တာပါ"

ဟု ဘိုးထွန်းအင်တို့ သူသိလိုသော သံကြောပွတ်နှင့် ကြက်တောင်ဗိုလ်တို့ အကြောင်းကို ပြောပြရလေသည်။

ကျွန်ုပ်၏စကားအဆုံးတွင် 'ချွမ်း' ဟူသော အသံသည် ကျွန်ုပ်တို့ စကားဝိုင်းကအာရုံကို သူ့ဘက်သို့လှည့်စေပါသည်။ ယမန်နေ့က နှမ်းဖက်စိမ်သော အိုးကွဲမှာ စပါးကျီခုံပေါ်တွင် ကွဲသွားသည်ကို တွေ့ရသည်။ တပည့်ကျော် မောင်ဖိုးစွန်းသည် မြန်မာ့လောက်လွှဲလေးကိုကိုင်လျက် ပြုံးစစနှင့် သူ လက်တည့်စမ်းခြင်းကို ပရိသတ်အလယ်တွင် တင်ပြခွင့်ရသည်အား ကျေနပ်စွာ ပြုံးပြလေသည်။

အင်စပိတ်တော်ကြီး ဦးသာဒွန်းဦးကမူ သဘောပေါက်သည့်အလား ကျွန်ုပ်ကို လှမ်းကြည့်လိုက်ရာ ကျွန်ုပ်က-

"အင်စပိတ်တော်ကြီး ထင်မြင်ချက်ကလေးများ ရှိပါသလား"

ဟု အကဲစမ်း စကားဆိုရာ-

"ဝန်ထောက်မင်း လက်နက်တွေ သိမ်းထားတော့ ဝန်ထောက်မင်း လုံခြုံရေးအတွက် ကြံမိကြံရာ မြန်မာ့လောက်လွှဲလေးနဲ့ ကာကွယ်ရေးစနစ် တီထွင်ရပုံကိုကြည့်ပြီး ကျွန်တော်တို့ အဘိုးများ၊ အရှင်သခင်များလည်း လက်နက်ဆန်းတွေပေါ်နေတာ သိမှာပါပဲ၊ လက်နက်တွေကို သူတို့ကလွဲပြီး ဝယ်မရအောင် ချုပ်ကိုင်ထားတော့ ရတဲ့လက်နက်နဲ့ တိုက်ခဲ့ကြရတာ ဖြစ်မှာပါပဲ။ ဆိတ်လို၊ သိုးလို သူတို့လုပ်သရွေ့ မခံဘူး ဆိုတာ ပြတာလို့ ယုံကြည်ပါတယ်"

ဟု ပြောလေသည်။

ကျွန်ုပ်လည်း အင်စပိတ်တော်ကြီး၏အယူအဆကို လက်ခံပါသည်။

မောင်ဖိုးစွန်းကမူ သူ့ရဲ့မြန်မာ့လောက်လွှဲကလေးမှ လေးညို့ကို တင်ချည်၊ ချချည်နှင့် ဟန်ရေးပြနေသည်။

အနောက်တံခါးမှူးမောင်မှူး

**ကျမ်းကိုး**


၁။ ဘခင်ကြီးမှတ်စု။
၂။ Sir Archibald Campbell,1st Baronet. From Wikipedia.
၃။ John Crawfurd from Wikipedia.
၄။ The Arakan Mug battalion, by San Swe Bu, BJRS Vol:XIII. part 2.1923.




www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟောကြား နိပါတ်တော်ကျမ်းဂန်များလာ [၂]

# ဂါထာမန္တန်များနှင့်ဂန္ဓာရီဝိဇ္ဇာမယပညာ

△ ကြိုရတနာ-ဆရာဇေယျာလင်း



( ယခင်လမှအဆက်)

**သေသူကိုရှင်စေနိုင်သောမန္တန် (ဝါ) သဉ္ဇိဝ မန္တန်**

ဂေါတမဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော နိပါတ်တော် ကျမ်းဂန်လာ ဂါထာ မန္တန်တွင် ဤမန္တန်သည်လည်း လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသော ဂါထာ မန္တန်တစ်ခု ဖြစ်ပါသည်။ ဤမန္တန်၏အကြောင်းကို ငါးရာငါးဆယ် နိပါတ်တော်ဝင် သဉ္ဇိဝ ဇာတ်တော်၌ ထည့်သွင်းဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

မန္တန်၏နောက်ခံဇာတ်လမ်းမှာ-

ဗာရာဏသီပြည်ရှိ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ်အခါက ဘုရားအလောင်းတော်သည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီးတစ်ဦး ဖြစ်ခဲ့လေ၏။ ထိုဆရာကြီး၌ ပညာသင်ယူနေသော တပည့် (၅၀၀) ရှိရာ ထိုအထဲတွင် သဉ္ဇိဝ မည်သော တပည့်လုလင် တစ်ယောက်လည်း ပါဝင်လေသည်။ တပည့် (၅၀၀) တို့အား ဆရာကြီးက တပည့်တို့၏ဓလေ့စရိုက်၊ အကြိုက်နှင့် ဉာဏ်ရည်ဉာဏ်သွေးတို့ကိုလိုက်၍ သင့်လျော်အပ်စပ်ရာ ပညာအသီးသီးတို့ကို သင်ကြားပေးခဲ့သည်တွင် သဉ္ဇိဝလုလင်ကိုကား မန္တန်အတတ်ကို သင်ပေးခဲ့ပြီး အထူးအားဖြင့် သေပြီးသူကို ပြန်၍ရှင်စေနိုင်သော မန္တန်ကိုပါ သင်ပေးခဲ့သည်။ သို့သော် မိမိအသက်သွင်းသည့်သူတို့ကို တားဆီးနိုင်၊ ဟန့်တားနိုင်၊ စေခိုင်းနိုင်သော မန္တန်အတတ်တို့ကိုမူ ပြည့်စုံစွာ မသင်ပေးခဲ့ရသေးချေ။ ထိုသို့သော အခြေအနေတွင် တစ်နေ့သ၌ ပညာသင်လုလင် တပည့် (၅၀၀) အားလုံးတို့သည် တောထဲသို့ ထင်းခွေရန်အလို့ငှာ သွားခဲ့ကြသည်။ တောထဲသို့အရောက် တောတွင်းတစ်နေရာ၌ ကျားသေတစ်ကောင်ကိုတွေ့ကြသောအခါ သဉ္ဇိဝလုလင်ကသူသည် ထိုကျားသေကောင်ကို ပြန်၍ရှင်လာအောင် ပြုလုပ်နိုင်စွမ်းရှိကြောင်း ကျန်လုလင်များကို ပြောလေသည်။ ထိုအခါ ကျန်အဖော်လုလင်အပေါင်းတို့က ကျားသေကို အသက်ပြန်ရှင်အောင်လုပ်နိုင်ခြင်းကိုမယုံကြကြောင်း ပြောကြလေသည်။ သူ့စကားကို ကျန်လုလင်များက မယုံကြသည့်အပြင် အချို့တို့က ပြောင်လှောင်ကြသောကြောင့် သဉ္ဇိဝလုလင်လည်း မခံချင်စိတ်ဖြစ်ပေါ်လျက် ကျားသေကို လက်တွေ့ အသက်သွင်းပြမည်ဟုဆိုကာ ဆရာကြီးသင်ပေးထားသည့် သေသူကို ရှင်စေနိုင်သောမန္တန်ကို ရွတ်ဆို မန်းမှုတ်လိုက်သည်။ ထိုသို့ မန်းမှုတ်ပြီးသည်နှင့် ကျောက်ခဲလေးများဖြင့် ကျားသေကောင်ကို လှမ်း၍ပစ်ပေါက်လိုက်သည်။ သဉ္ဇိဝက ထိုသို့ ကျားသေကို ပြန်ရှင်အောင်ဆောင်ရွက်နေစဉ် အခြား ပညာသင်လုလင်များသည် နီးစပ်ရာသစ်ပင်များပေါ်သို့ တက်နေလိုက်ကြလေသည်။ သဉ္ဇိဝက မန္တန်ကိုရွတ်၍ ကျောက်ခဲလေးများဖြင့် ပစ်လိုက်သည်တွင် ကျောက်ခဲလေးများနှင့်ထိသည်နှင့် တစ်ပြိုင်နက် ကျားသေကောင်သည် ရုတ်ခြည်း ထလာပြီး မြေပြင်တွင်ရှိနေသော သဉ္ဇိဝလုလင်ကို ပြေး၍ကိုက်လေတော့သည်။ သဉ္ဇိဝ ကျားကိုက်ခံရ၍ လဲကျသွားသည်နှင့် ကျားလည်း ထိုနေရာ၌ပင် ချက်ချင်းလဲ ကျသွားလေသည်။

ပညာကို ပြည့်စုံအောင် သင်ကြားရယူခြင်းမရှိသေးဘဲ၊ ရှေ့နောက်မျှော်မြင်တွေးဆဆင်ခြင်မှုမရှိဘဲ ပညာကို အရမ်းကာရော အသုံးချစမ်းသပ်ခဲ့သော သဉ္ဇိဝကား သူ အသက်သွင်းခဲ့သောကျားကို အဆင်ခြင်ကင်းမဲ့ကာ ဟန့်တားနိုင်ခြင်း မရှိသဖြင့် ထိုနေရာ၌ပင် ကျားကိုက်ခံရ၍ ပျက်စီး သေဆုံးခဲ့ရရှာပေသည်။ ကျန်လုလင်တို့သည် ဒိသာပါမောက္ခဆရာကြီးအား အကျိုးအကြောင်းစုံကို ပြန်ပြောပြကြလေသည်။ ထိုအခါ ဆရာကြီးက-

'အမောင် တပည့်တို့၊ ပညာမဲ့ သူယုတ်အား ချီးမြှင့်ခြင်းကိုပြုသူတို့သည် ဤသို့ ဆင်းရဲဒုက္ခမျိုးစုံနှင့် ကြုံတွေ့ရလေစမြဲ'

ဟု မိန့်ဆိုလိုက်လေတော့သည်။

ဤသဉ္ဇိဝ ဇာတ်တော်၌ သေသူကိုရှင်စေသည့် မန္တန်ကြောင့် သဉ္ဇိဝလုလင်သည် ကျားသေကိုပင် ပြန်ရှင်စေနိုင်သည်ဟု ဆိုထားသော်လည်း [...] မန္တန်ကိုကား ဘုရားရှင် အပြည့်အစုံ ထည့်သွင်း ဟောကြားထားခြင်း မရှိ[...] ဖြင့် မန္တန်ကို မသိရှိ မဆောင်ယူနိုင်[...] ပါချေ။ ဤဇာတ်တော်အား 'ကျားသေကိုအသက်သွင်းသူ' ဟူသော အမည်[...] ရှေးက ကျောင်းပညာပြဋ္ဌာန်းစာအုပ်များတွင်ပင် ထည့်သွင်းခြင်းခံခဲ့ရသော ဇာတ်လမ်း ဖြစ်ပေသည်။ 'ကိုယ့်အတတ် ကိုယ်စူး' ဟူသော စကားပုံနှင့် ဆင်[...] 'ကျားသေကို အသက်သွင်းသလိုပဲ' [...] ဆိုစမှတ်ပြုကြခြင်းမှာ သဉ္ဇိဝ ဇာတ[...] ဝတ္ထုတော်ကို အခြေပြု၍ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရပ်များ၌ သေသူကိုရှင်စေနိုင်သော ဂါထာ မန္တန် မန္တရား [...] မတွေ့ရှိရသေးချေ။ သို့သော် ပထမ[...] သိဒ္ဓိပေါက် ဇော်ဂျီကျမ်း၌မူကား သ[...] ပတ်ဇော်ဂျီ၏ ပထမံသိဒ္ဓိ ဆေးတောင်ဝှေးအစီအရင်၌ ထိုပထမံသိဒ္ဓိ [...] တောင်ဝှေးသည် အဖျားနှင့်ညွန့်က [...] ၏၊ အရင်းနှင့်ညွှန်က သေ၏ဟု ဆို[...] သည်ကို ထိုကျမ်း၌ ပါရှိသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

**ပထမံသိဒ္ဓိပေါက် ဇော်ဂျီကျမ်းလာ ဝိဇ္ဇာမယတောင်ဝှေးအစီအရင်**

ပထမံ ရုပ်ပေါင်းစု (ပထမံ[...] ပေါင်း ၁၀၈ ရုပ် ရုပ်အက္ခရာစမအ[...] များကို ဆိုလိုသည်။) ကို ဟသ်ပဒါ[...] ပိတ်ဖြူတွင် စနစ်တကျ ရေးသွင်းစီ[...] ရမည်။ ထိုပိတ်ဖြူသည် စီရင်သူ[...] လက်နှင့် (၃)တောင် ရှိရမည်။ ထို[...] ရုပ်ပေါင်းစု ရေးဆွဲ စီရင်ထားသော ပိတ်ဖြူကို တည့်တည့်လိပ်ပြီး ၎င်း[...] ကမှ တစ်ဖန် (၇) ရက်သားသမီးတို့[...] မှရသောချည်ကို (၇) ရစ် ထပ်ပါ[...] လျှင် အဘိညာဏ်ဂါထာဖြင့် အ[...] ဆုံး (၁၀၈) အုပ်မှ (၁၀၀၀) အထိ[...]



www.burmeseclassic.com

www.burmeseclassic.com

သမျှ စုတ်ပြီး ဆောင်လျှင် အမြင်၊ ကြား ရစေနိုင်သည်။ ဤဝိဇ္ဇာမယ ဆောင်ဝေ့းကား ဝိဇ္ဇာမယသိဒ္ဓိ၊ ပဋိ လောမသိဒ္ဓိ၊ အနုလောမသိဒ္ဓိ အကုန် ၏၊ တောင်ဝေ့းအရင်းက ညွှန်သော် ၏။ အဖျားကညွှန်သော် ရှင်၏။ ရို စွာဆောင်ပါလေဟု ဖော်ညွှန်းထား သည်။

(*ပထမံသိဒ္ဓိပေါက် ဇော်ဂျီကျမ်း မှတ်နှာ- ၁၀၆*)

သို့ဖြစ်ရာ ဤအစီအရင်ကိုကြည့် လျှင် သဉ္စိဝ ဇာတကဝတ္ထုတော်လာ သေသူကို ပြန်ရှင်လာစေနိုင်သော မန္တန် ကို ဘုရားရှင်က အသေးစိတ်ထည့်သွင်း ဟောကြားသဖြင့် မန္တန်ကို နှောင်းလူတို့ ရှိ မဆောင်ယူနိုင်သော်လည်း ဂန္ဓာရီ ဇ္ဇာမယ လောကီပညာရပ်တွင်ကား ထို သောကိုဆောင်နိုင်သည့် အစီအရင် ကို ကြံဆစီရင် ဆောင်ယူကြကြောင်း လေ့လာတွေ့ရှိရပါလေသည်။

**အခါမဲ့ကာလ၌**
**သစ်ပင်များကိုသီးပွင့်စေနိုင်သောမန္တန်**

**လပဝတ္ထုမန္တန်**

လောက၌ အခါမဲ့ကာလ (ဝါ) သီချိန်ခါ မဟုတ်ဘဲ သစ်ပင်များကို သီးပွင့်စေနိုင်သောမန္တန်မျိုး ရှိခဲ့ကြောင်း ဘုရားရှင် ဟောကြားခဲ့သော ငါးရာ ငါးဆယ်နိပါတ်တော်ဝင် တေရသက နိပါတ်၊ ဇာတ်တော်ဆယ်ဘွဲ့ဝင် အမ္ဗ ဇာတ်နှင့် ဧကနိပါတ် ဇာတကဝတ္ထု (၁၅၀) မှ ဒမိဝါဟနဇာတ်တော် နှစ်ခုလုံး တွင် အတိအလင်း ထည့်သွင်း ဟော ကြားတော်မူခဲ့ပေသည်။

အမ္ဗဇာတ်တော်၌ ဗာရာဏသီ ပြည်ကို ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်က အခါမဲ့ကာလ၌ပင် သစ်ပင်များကို သီး စေနိုင်သောမန္တန်ကိုတတ်သည့် ဘုရား လောင်း ဒွန်းစဏ္ဍားကြီးကို အကြောင်း ပြု၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ သည်။

အခါတစ်ပါး၌ ဗြဟ္မဒတ်မင်းကြီး ထံ ခစားနေသော ပုရောဟိတ်ကြီး၏ သားသည် ပညာစုံ၍ တက္ကသိုလ်ပြည်မှ ပြန်လာရာ ဘုရားအလောင်းဒွန်းစဏ္ဍား ကြီးနေထိုင်ရာရွာသို့ ရောက်ရှိခဲ့သည်။ ထိုအချိန်က အလောင်းတော်ဒွန်းစဏ္ဍား ကြီးသည် သူတတ်ကျွမ်းသော အခါမဲ့ ကာလ၌ သစ်ပင်များကို သီးပွင့်စေသည့် မန္တန်တန်ခိုးဖြင့် သရက်သီးများကို သီး စေပြီး ဈေး၌ ရောင်းချ၍ သားမယား ကို လုပ်ကျွေးသည်။ ထိုအကြောင်းကို သိသွားသော ပုရောဟိတ်၏သားသည် မန္တန်ကိုလိုချင်သဖြင့် ဒွန်းစဏ္ဍားကြီး၏ အိမ်သို့သွားကာ အိမ်မှုကိစ္စ ဝေယျာဝစ္စ များကိုလုပ်ပေးရင်း ဒွန်းစဏ္ဍားကြီးနှင့် ရင်းနှီးအောင်ပြု၏။ ထိုကဲ့သို့ ကူညီလုပ် ဆောင်ပေးသော ကျေးဇူးကို ထောက် ထားလျက် အဆုံးတွင် ဒွန်းစဏ္ဍားကြီး သည် ပုရောဟိတ်သားအား မန္တန်ကို သင်ပေးပြီးနောက်-

"အမောင်လုလင်၊ နောင်အခါ ဤ မန္တန်ကို သင်ပေးသူသည် မည်သူနည်း ဟု သင့်အား မေးလာသည့်အခါ သင် သည် ငါဆရာအား ဒွန်းစဏ္ဍားကြီးဖြစ် သဖြင့် ရှက်ရွံ့ပြီး လိမ်လွှဲပြောဆိုခဲ့ပါမူ ကား ဤမန္တန်သည် အကျိုးမရှိ၊ အစွမ်း မဲ့ ဖြစ်ချေလိမ့်မည်"

ဟု သတိပေး မှာကြားလိုက်၏။

ဤသို့ဖြင့် မင်းနေပြည်သို့ ပြန် ရောက်ပြီးနောက် မကြာမီ မင်းထံ ခစား စဉ် ဗြဟ္မဒတ်မင်းကြီးက ပုရောဟိတ် ပုဏ္ဏား၏သားအား မန္တန်အစွမ်းကို ပြ စေရန် စေခိုင်းလိုက်၏။ ထိုအခါ ပုဏ္ဏား လုလင်သည် မင်းဥယျာဉ် သရက်ပင်ရင်း သို့သွားကာ ဒွန်းစဏ္ဍားကြီးထံမှ သင်ယူ လာသောမန္တန်ဖြင့် မန်းမှုတ်လိုက်သည်။ ပုဏ္ဏားလုလင် မန္တန်ရွတ်ပြီးသည်နှင့် အ ခါမဲ့ ကာလရာသီချိန်မဟုတ်သော်လည်း သရက်ပင်မှ အဖူးအပွင့်တို့ ပေါ်ထွက် လာပြီး သရက်သီးဝင်းဝင်းမှည့်မှည့်များ ဖြစ်ကာ တဖြုတ်ဖြုတ် ကြွေကျလာကြ တော့သည်။ ထိုအခြင်းအရာကို မြင်ရ သောခဏ မင်းနှင့်မှူးမတ်ပရိသတ်အ ပေါင်းတို့ အလွန်အံ့သြကြလျက် ပုဏ္ဏား လုလင်ကို ချီးမွမ်းကြလေ၏။ ဗြဟ္မဒတ် မင်းကြီးလည်း များစွာ နှစ်ထောင်းအား ရ သဘောကျ ကျေနပ်သဖြင့် ပုဏ္ဏား လုလင်ကို ဆုတော်လာဘ်တော်များပေး အနားချီးမြှင့်ပြီး ဤမန္တန်အတတ်ကို မည် သည့်ဆရာထံမှ သင်ကြားတတ်မြောက် လေသနည်းဟု မေးလေသည်။ ထိုအခါ ပုဏ္ဏားလုလင်သည် မန္တန်ကို ဒွန်းစဏ္ဍား ကြီးထံမှ သင်ယူခဲ့မိသည်ဟု ဖြေလျှင် မိမိအရှက်ရ သိက္ခာကျမည်ကိုစိုးသဖြင့် တက္ကသိုလ်ဒိသာပါမောက္ခကြီးထံမှ သင် ယူခဲ့ပါသည်ဟု မုသားသုံး၍ လိမ်လွှဲပြော ဆိုလိုက်လေသည်။ ထိုသို့ မုသားသုံး လိမ်လည် ဖြေဆိုလိုက်သည်နှင့် တစ် ပြိုင်နက် မန္တန်၏အစွမ်းသည် ပုဏ္ဏား လုလင်ထံမှ ကွယ်ပျောက်သွားခဲ့ပြီး ဖြစ် ပေသည်။

သို့နှင့် ရက်များမကြာမီတွင် ဗြဟ္မ ဒတ်မင်းကြီးက ပုဏ္ဏားလုလင်အား မန္တန် တန်ခိုးကို ထပ်၍ပြရန် မိန့်ဆိုလေသည်။ ထိုအခါ ပုဏ္ဏားလုလင်သည် မန္တန်ကို ရွတ်သော်လည်း မန္တန်၏အစွမ်း ကွယ် ပျောက်နေပြီဖြစ်သဖြင့် သရက်ပင်တို့ မပွင့်၊ မသီးတော့ချေ။ မင်းကြီးက အ ကျိုးအကြောင်းကိုမေးမြန်းတော်မူသော အခါ ပုဏ္ဏားလုလင်က ယခုအခါသည် နက္ခတ်မယှဉ်၍ သရက်သီးများ မသီး ခြင်းဖြစ်ပါကြောင်း မုသားဆင် ဖြေဆို လိုက်လေသည်။ ထိုအခါ မင်းကြီးက-

"သင်သည် ယခင်အခါ နက္ခတ် ယှဉ်သည့်အကြောင်းနှင့် ပတ်သက်၍ မပြောခဲ့၊ ယခုမှ နက္ခတ်မယှဉ်သဖြင့် သရက်မသီးကြောင်း လျှောက်တင်လာ သည်။ သင့်စကားသည် ရှေ့နောက်မ ညီ၊ မှန်သည့်အတိုင်းလျှောက်စေ"

ဟု မာန်မဲ၍ မေးသိလေသောအ ခါ မန္တန်ကို ဒွန်းစဏ္ဍားကြီးထံမှ သင် ကြားရယူခဲ့ပါကြောင်း ပုဏ္ဏားလုလင်က ဝန်ခံလျှောက်တင်လိုက်သည်။

ထိုအခါ မင်းကြီးက -

"ဤလုလင်သည် သူယုတ်မာ ဖြစ် သည်။ မန္တန်၏တန်ဖိုးကိုမကြည့်ဘဲ အ မျိုးကိုသာကြည့်သည်။ ဤမျှ တန်ဖိုးကြီး မားသော မန္တန်၊ မန္တရားမျိုးကိုရလျှင် မျိုး နွယ်သည် အဘယ်မှာ အရေးပါအကျိုး ရှိပါအံ့နည်း"

ဟု ဆိုမိန့်တော်မူပြီးလျှင် မုသား ဆိုလျက် ဆရာကို ကွယ်ဝှက်သော ပုရောဟိတ်၏သား ပုဏ္ဏားလုလင်အား နန်းတွင်းမှ နှင်ထုတ်လိုက်ပေတော့၏။

ဤဇာတ်တော်တွင် မှတ်သား စရာ နှစ်ချက်ကား-

(၁) လောကတွင် ဂန္ဓာရီ ဝိဇ္ဇာ မယ အတတ်ပညာမျိုးဖြစ်သော ချိန်ခါ မဲ့ကာလ၌ သစ်ပင်များကို သီးပွင့်စေနိုင် သည့် မန္တန်၊ မန္တရားမျိုးများရှိကြောင်း၊

(၂) ဆရာကို အာခံပုန်ကန် ဖြစ် များလျှင် အတတ်ပညာတို့ ကွယ်ပျောက် ဒုက္ခရောက်တတ်ကြောင်းပင် ဖြစ်လေ သည်။

ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာ များတွင် ထိုသဉ္စိဝ ဇာတ်တော်လာ ချိန် ခါမဲ့ကာလ၌ သစ်ပင်များကို သီးပွင့်စေ နိုင်သော ဂါထာ၊ မန္တန် အစီအရင်မျိုး များကို ကျွန်ုပ်ပင် လေ့လာအားထုတ် မှုနည်း၍ပေလားမသိ၊ ယခုအထိတော့ မတွေ့မမြင်သေးပါချေ။ သို့သော် အခါမဲ့



www.burmeseclassic.com


www.burmeseclassic.com

ကာလ၌ သစ်ပင်များကို သီးပွင့်အောင် လုပ်နိုင်သော မန္တန်အစီအရင်မျိုးများ မရှိလင့်ကစား အသီးမတင်သောအပင်များအား အသီးတင်စေနိုင်သော၊ လယ်ယာသီးနှံများ တိုးပွားစေနိုင်သော မန္တန်အစီအရင်မျိုးတို့ရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။ ဥပမာအားဖြင့် ထုတ်နုတ်တင်ပြရပါမူ လယ်ယာသီးနှံများ တိုးပွား အောင်မြင်စေနိုင်သော မန္တန်အဖြစ် တာဝတိံသာနတ်မြို့လေးထောင့်၌ စိုက်ထောင်ထားသော ကျောက်တိုင်(၄)တိုင်တွင် ရေးထိုးထားသည်ဆိုသော ဂါထာပြန် (တချို့က ဂါထာပျံ) သည် လယ်ယာသီးနှံများ ကြဲပက် စိုက်ပျိုးသောအခါ ထိုဂါထာဖြင့်မန်း၍စိုက်က လယ်ယာသီးနှံများ ဖြစ်ထွန်းအောင်မြင် တိုးပွားသည်ဟု ဆိုညွှန်းထားပါသည်။ ထိုဂါထာအား အောက်တွင် ဖော်ပြလိုက်ပါသည်။


'ဝေဒါသာကု၊ ကုသာဒါဝေ၊
ဒါယသာတ၊ တသာယဒါ။
သာသာဒိကု၊ ကုဒိသာသာ၊
ကုတကုဘု၊ ဘုကုတကု'

*(တက်တင်းမာတ်ပြန်လည်းကိုက်သော ဂါထာဖြစ်ကြောင်းလည်း တွေ့ရပါလိမ့်မည်။ ဤဂါထာသည် ဉာဏ်ရှိသလို အသုံးချ၍ရသောဂါထာ ဖြစ်ပါသည်။)*

အသီးမတင်သော သီးနှံသစ်ပင်များအား အသီးတင် အောင်မြင်ဖြစ်ထွန်းစေသော ဂန္ဓာရီ ဝိဇ္ဇာမယ အစီအရင်တစ်ခုအား ဖော်ထုတ်တင်ပြရလေသော် အောက်ဖော်ပြပါ စမ္ဗာနဝ ဝင်အင်းကို ဖော်ပြလိုပါသည်။



ဖော်ပြထားသော အင်းအစီအရင်မှာ စမ္ဗာနဝအင်းများထဲမှ ပထမဝင်အင်း ဖြစ်ပါသည်။ ထိုအင်း၏အစွမ်းသတ္တိမှာ အသီးမသီးသော သစ်ပင်များကို အသီးသီးစေသည်။ သားသမီးအဖတ်မတင်သော အမျိုးသမီးများကို ထိုအင်းအား လက်ဖွဲ့အဖြစ် ဆွဲပေးထားလျှင် သားသမီးများရစေနိုင်၏ဟု ဖော်ညွှန်းထားသည်။ ထိုနည်းအတူ လယ်ယာဥယျာဉ်၊ သစ်ပင်ပန်းမန်တို့ မသီး၊ မပွင့်လျှင် ဆောင်ယူ စီရင်အပ်သော ဝိဇ္ဇာမယသိဒ္ဓိ အင်းအမျိုးအစားဝင် ပထမ အဋ္ဌမုခိအင်း၏ ပထမအင်းခွဲကိုလည်း နမူနာ ဝိဇ္ဇာမယအစီအရင်တစ်ခုအဖြစ် အောက်တွင် ဖော်ပြလိုက်ပါ၏။



ဖော်ပြပါ နမူနာအင်းကား မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယအင်းပညာနယ်တွင် အဋ္ဌမုခိ (၁၂) အင်း ဟူ၍ရှိရာ ပထမအဋ္ဌမုခိအင်း၏ အင်းခွဲ (၉) ကွက်မှ ပထမအင်းခွဲ ဖြစ်ပါသည်။ ထိုအင်း၏အကျိုးမှာ ဥယျာဉ်ပန်းမန်တို့ မသီး၊ မပွင့်ရှိသော် ထိုအင်းကိုမှောက်လျက် မြေအောက်၌ မြှုပ်ထားပါက လယ်ယာဥယျာဉ် ပန်းမန်တို့ သီးပွင့်စည်ပင် တိုးပွားစေပါသည်။

ယခု ဖော်ထုတ် တင်ပြခဲ့သော ဂန္ဓာရီ ဝိဇ္ဇာမယ ဂါထာ မန္တန် အင်းအစီအရင်တို့ကား 'အမွ' ဇာတ်တော်လာ ဘုရားရှင်ဟောကြားတော်မူခဲ့သော အခါမဲ့ကာလ၌ သစ်ပင်တို့အား သီး၊ ပွင့်စေနိုင်သည့်မန္တန်ကို မရနိုင်လင့်ကစား မိမိတို့စိုက်ပျိုးလုပ်ကိုင်ထားသော လယ်ယာ ဥယျာဉ် သီးနှံ သစ်ပင်ပန်းမန်တို့ မပွင့်၊ မသီး မအောင်မမြင်ဖြစ်နေပါက ပွင့်၊ သီး အောင်မြင်ကြီးပွားစေနိုင်သည့် မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ ဂါထာမန္တန်အင်းအစီအရင်တို့ရှိကြောင်း သိစေလို၍ဖော်ထုတ်တင်ပြရခြင်း ဖြစ်သည်။ ယုံကြည်ဆောင်ယူလိုသောသူများ အသုံးချခြင်းဖြင့် နိုင်ငံ၏လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယပညာရပ်ဖြင့် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်စေရန်လည်း ရည်သန်ပါသည်။

## သဗ္ဗရတညုမန္တရား

ဤသဗ္ဗရတညု မန္တရားမှာ ငါးရာ့ငါးဆယ် နိပါတ်တော်ဝင် ပဉ္စကနိပါတ်တို့တွင် ပါဝင်သော ခရပုတ္တဇာတကဝတ္ထုတော်ထဲတွင် ဘုရားရှင် ထည့်သွင်းဟောကြားခဲ့သော မန္တန်၊ မန္တရား၏အမည် ဖြစ်ပါသည်။ ဤ သဗ္ဗရုတညု မန္တရား၏အစွမ်းအာနုဘော်မှာ မန္တရားကိုဆောင်သူသည် တိရစ္ဆာန်မျိုးစုံတို့၏ စကားကို ကောင်းစွာ သိရှိနားလည်နိုင်ခြင်းပင် ဖြစ်သည်။

ဤမန္တရားနှင့်ပတ်သက်သည့် ခရပုတ္တဇာတ်တော်ကား-

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံနေစဉ်ကာလ တစ်နေ့သော အခါသမယ လူ့ပြည်၌ အစာရှာရန်ထွ လာသော နဂါးမင်းကို ကလေးငယ် သိုက်က တွေ့မြင်သွားကြပြီး သာ မြွေတစ်ကောင်ဟု ထင်မှတ်ကာ ခဲမျ တုတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကြ တော့သည်။ ထိုစဉ်မှာပင် ဥယျာဉ်တော် သို့ထွက်လာသော သေနကမင်းက မြင်ကွင်းကိုမြင်၍ ကလေးများအ ခြောက်လှန့် မောင်းထုတ်လိုက်သော ကြောင့် နဂါးမင်းလည်း သေဘေး လွတ်ကင်းခဲ့ရလေသည်။ သူ့ကျေး သိတတ်သော နဂါးမင်းက ကျေး သေနကမင်းအား သူ့တွင်ပါလာသေ ရတနာများ၊ ကာမဂုဏ်အာရုံ၌ ဆော နိုင်ခြင်းမရှိသောရောဂါ ကြီးမားသ နဂါးလုံမငယ်တစ်ယောက်ကို ထ ဆောင်အဖြစ် ပေးအပ်ခဲ့ပြီး နဂါး ငယ်ပျောက်သွားပါက ရွတ်ဖတ်မန်း ရမည့် မန္တရားတစ်ပုဒ်ကိုပါ သင်ကြ ပေးခဲ့လေသည်။ ယခုခေတ်အလို ကား မြွေခေါ်မန္တန်၊ နဂါးခေါ်မန္တ ဆိုရမည်ပင်။

တစ်နေ့သ၌ သေနကမင်းသည် နဂါးလုံမငယ်နှင့်အတူ ဥယျာဉ်တော် ကန်တွင် သွားရောက်၍ ပျော်ပျော် ပါး ရေကစားနေရာမှ နဂါးလုံမငယ ပျောက်သွားသဖြင့် နဂါးမင်းသင်ပေ သော နဂါးခေါ်မန္တန်ကို မန်းမှုတ်လို ရာ နဂါးငယ်မသည် ရေမြွေနှင့်မေထု ပြုနေသည်ကို မြင်တွေ့ရလေလျှင် မ ကြီးက နဂါးလုံမငယ်ကို ဝါးခြမ်းစိ ငယ်နှင့် ရိုက်လိုက်လေ၏။ ဤသည် နဂါးလုံမငယ်က မကျေနပ်သဖြင့် န ပြည်သို့ တိတ်တဆိတ်ပြန်သွားကာ-

"သင်နဂါးမင်း၏မိတ်ဆွေ လူ သည် သူ့စကားကို မနာခံ၍ ကျွန်မ ရိုက်နှက်နှိပ်စက်သည်"

ဟု မိမိအပြစ်ကိုဖုံး၍ နဂါးမ အား ဒဏ်ရာကိုပြပြီးတိုင်ကြားလေလျှ အဖြစ်မှန်ကိုမသိသေးသော နဂါးမ သည် သေနကမင်းအား နဂါးအဆိပ် ပါသော နှာခေါင်းလေဖြင့် မှုတ်၍ သ စေရန် နဂါးလုလင် (၄) ယောက်ကို ပြည်သို့ စေလွှတ်လိုက်လေသည်။ န လုလင်တို့လည်း လူ့ပြည်သို့ရောက်လျှ သေနကမင်း စက်တော်ခေါ် ချိန်တ မင်း၏အိပ်ခန်းဆောင်သို့ ဝင်သွာ ၏။ ဘုရင့်စက်ခန်းဆောင်တွင်းသို့ တို့ ရောက်သွားချိန်၌ သေနကမင် မိဖုရားကြီးအား နဂါးလုံမငယ်အကြော ပြောပြနေသံကို ကြားကြရလေသ

သေနကမင်းက နဂါး



www.burmeseclassic.com

www.burmeseclassic.com

အား အဘယ်ကြောင့် ရိုက်နှက်ဆုံးမရသည့်အကြောင်းနှင့် ထို့နောက်၌ နဂါးထုံမ ပျောက်ကွယ်သည့်အကြောင်းကို မိဖုရားကြီးအား ပြောပြပြီးနောက်-

"အို-မိဖုရား၊ ထိုနဂါးမငယ်သည် သင်၏မိတ်ဆွေ နဂါးမင်းထံသွား၍ မထွတ်မမှန် လီဆယ်ပြောဆိုလျက် ငါနှင့်နဂါးမင်းတို့၏ ခင်မင်မှုကို ဖျက်ဆီးကောင်း ဖျက်ဆီးပေလိမ့်မည်။ သို့ဆိုသည့်အတိုင်းဖြစ်ချေသော် ငါမှာ တစ်စုံတစ်ရာ အန္တရာယ်ကျရောက်လာနိုင်သေရာ၏"

ဟု ပြော၍ စကားကိုအဆုံးသတ်ထိုက်လေသည်။

သေနကမင်းပြောကြားသော အကျိုးအကြောင်းဖြစ်ရပ်မှန်ကို ကြားသိထိုက်ရသော နဂါးလုလင်တို့သည် သေနကမင်းကို တစ်စုံတစ်ရာ အန္တရာယ်မပြုကြတော့ဘဲ နဂါးမင်းထံသို့ ပြန်သွားကြတာ အကျိုးအကြောင်းကို လျှောက်ထားပြောကြားလိုက်ကြလေသည်။ ထိုအခါမှ နဂါးမင်းလည်း မိမိအသက်သခင် ကျေးဇူးရှင်အပေါ် အထင်လွဲမှားမှုအတွက် နောင်တရမိသဖြင့် သေနကမင်းထံ သွားရောက်ပြီး ရှိခိုးကန်တော့ တောင်းပန်ရုံမျှမက တိရစ္ဆာန်မျိုးစုံတို့၏စကားကို ကောင်းစွာ သိရှိနားလည်နိုင်သော သဗ္ဗရုတညုမည်သော မန္တရားကို သင်ပေးခဲ့လေသည်။ သို့ရာတွင် ခြွင်းချက်အနေဖြင့်ကား ထိုမျှ ထူးထွေဆန်းပြား အာနုဘော်ကြီးမားသော သဗ္ဗရုတညု မန္တရားကို သူတစ်ပါးအား မပေးရ အကယ်၍ ပေးမိခဲ့လျှင် မီးပုံထဲသို့ဆင်း၍သေပါမည် ဟူသော ကတိစကားကိုပေးခဲ့ရ၏။ ထိုအခါမှစ၍ သေနကမင်းကြီးသည် နဂါးမင်းသင်ပေးခဲ့သည့် ထိုသဗ္ဗရုတညု မန္တရား၏ အာနုဘော်ကြောင့် တိရစ္ဆာန်မျိုးစုံတို့၏စကားများကို ကောင်းစွာ သိရှိနားလည်လာတော့သည်။

ဤသို့ဖြင့် တစ်နေ့သောအခါ သေနကမင်းကြီးသည် ပြာသာဒ်ပေါ်၌ ထိုင်၍ မုန့်များကို ပျား၊ တင်လဲတို့ဖြင့် တို့၍စားနေရာ ပျားတစ်စက်၊ တင်လဲတစ်ပေါက်နှင့် မုန့်စအသေးလေးတစ်ခုတို့သည် ရုတ်တရက် အောက်သို့ ဖိတ်စဉ်ကျသွားလေသည်။ ထိုကျသွားသော အရာများကို မြင်တွေ့သွားသော ပိုးရွလေးတစ်ကောင်က-

"အို- အချင်းတို့၊ ဟောသည်မှာကြည့်ကြလော့။ ပျားအိုးကြီးကွဲသွားပြီ၊ တင်လဲလှည်းနှင့်မုန့်လှည်းလည်း မှောက်သွားလေပြီ။ ထိုမုန့်၊ တင်လဲနှင့်ပျားရည်တို့ကို အလျှံပယ်စားရန် လာကြကုန်လော့၊ စားကြပါလေလော့"

ဟု သူနှင့်မျိုးတူ ပိုးရွကောင်လေးများကို အော်ဟစ်၍ခေါ်နေလေသည်။ ထိုပိုးရွကလေး၏အသံကို ကြားရ၍ ကောင်းစွာနားလည်သိရှိသဖြင့် မင်းကြီးသည် အမူမဲ့အမှတ်မဲ့ အားရပါးရ ရယ်မိလေသည်။ ထိုအခါ အနီး၌ရှိနေသော မိဖုရားကြီးက-

'မင်းကြီးသည် အဘယ်ကြောင့် အကြောင်းထူးမရှိပါဘဲ ရုတ်တရက် ကောက်ကာငင်ကာ ရယ်မောနေပါလိမ့်'

ဟု တွေးနေမိပြီး နားမလည်နိုင်ဖြစ်နေခဲ့လေသည်။

တစ်ဖန် မင်းကြီးသည် ကိုယ်လက်သန့်စင် ရေမိုးချိုးပြီးနောက် ပလ္လင်ပေါ်၌ထိုင်နေစဉ် ယင်ဖိုတစ်ကောင်က ယင်မအား ကာမဖြင့်မွေ့ပျော်ရန် ခေါ်ငင်နေသောအသံကို ကြားမိသည်။ ထိုအခါ ယင်မက ယင်ဖိုအား-

"ကိုယင်ဖိုရယ်၊ ခဏလောက်သည်းခံစောင့်ပေးပါဦး။ ယခုမကြာခင်မှာ မင်းကြီးအတွက်လိမ်းကျံရန် နံ့သာခွက် လာပို့ကြပါလိမ့်မည်။ ထိုအခါ အောက်သို့ ဖိတ်စဉ်ကျလာမည့် နံ့သာရည်၊ နံ့သာမှုန့်တို့ဖြင့် လိမ်းကျံပြီးမှ မွှေးမွှေးကြိုင်ကြိုင်ရနံ့လှိုင်လျက် မင်းကြီး၏ကျောကုန်းပေါ်မှာ ကျွန်မတို့ မွေ့ပျော်ကြပါစို့"

ပြန်ပြောသည်ကိုလည်း မင်းကြီးက ကောင်းစွာသိရှိလိုက်လေသည်။ ထိုအခါ မင်းကြီးလည်း ရုတ်ခြည်း ရယ်မောလိုက်မိပြန်လေသည်။ ဤတစ်ကြိမ်တွင်လည်း မိဖုရားကြီး၏စိတ်ထဲ၌ မင်းကြီး ရယ်ရသည့်အကြောင်းကို စဉ်းစား၍မရနိုင်၊ နားမလည်နိုင် ဖြစ်နေပြန်လေသည်။

ထိုနေ့၌ပင် မင်းကြီးသည် ညနေစာ ပွဲတော်တည်စဉ် ထမင်းလုံးတစ်လုံးသည် အောက်သို့ဖိတ်စဉ်၍ကျသွားခဲ့လေသည်။ ထိုအခါ ထမင်းလုံးဖိတ်စဉ်ကျလာသည်ကို မြင်လိုက်သော ပိုးရွကောင်လေးတစ်ကောင်က-

"ဟောဒီမှာ ထမင်းလှည်းကြီးမှောက်ကျလာပြီ။ လာ၍စားကြဟေ့ အချင်းတို့"

ဟု အခြားပိုးရွအသင်းအပင်းများကို အားရဝမ်းသာ လှမ်းအော်ခေါ်လိုက်သံအား သေနကမင်းကြီး ကြားသိလိုက်ရသဖြင့် ပြုံးရယ်မိလိုက်ပြန်လေသည်။ မင်းကြီးက သူ့အကြောင်းနှင့်သူ၊ သူ့အတွေးနှင့်သူ ထိုသို့ ပြုံးရယ်လိုက်ခြင်းအား မြင်တွေ့လိုက်ရသော မိဖုရားကြီးတမူ ရွှေယောက်မကိုင်၍ ပွဲတော်စာပြင်ပေးနေသော မိမိကိုပင် လှောင်ရယ်နေလေသလားဟု သံသယမကင်း မလုံမလဲဖြစ်နေရှာလေသည်။

ထိုနေ့က သေနကမင်းကြီးသည် တစ်နေ့တည်း (၃) ကြိမ်တိုင်တိုင် အကြောင်းမဲ့ ရယ်နေသည်ကို အတေးအမှတ်ပြုထားခဲ့သော မိဖုရားကြီးသည် ညအခါ ခန်းသဥ္စာသလွန်ပေါ် ရောက်ချိန်တွင် မင်းကြီးအား မည်သည့်အကြောင်းကြောင့် နေ့ကာလကအကြောင်းမဲ့ရယ်မောနေသည်ကို မေးမြန်းလေတော့၏။ ထိုအခါ မင်းကြီးက ရယ်မောနေသည့်အကြောင်းကို လိုးလွှဲ၍ပြောသော်လည်း မရသည့်အဆုံး တိရစ္ဆာန်ငယ်များပြောသည့်စကားကို ကြားသိနားလည်ခဲ့ရသဖြင့် ရယ်မောမိခဲ့ကြောင်း ပြောပြလိုက်၏။ ဤတွင် စပ်စုလိုသော မိန်းမတို့၏ဝသီအတိုင်း ထိုမန္တရားကို သူ့အားလည်း သင်ပေးပါမည့်အကြောင်း မိဖုရားကြီးက ပူဆာလေလျှင် မင်းကြီးက ထိုမန္တရားကို သင်ပေး၍မဖြစ်ကြောင်း၊ အကယ်၍ ထိုမန္တရားကို သင်ပေးခဲ့မိပါက မိမိ မီးပုံထဲဆင်း၍ သေပွဲဝင်ရလိမ့်မည်ဖြစ်ကြောင်းများကို ရှင်းပြလေသည်။ သို့သော်လည်း မိဖုရားကြီးက အလျှော့မပေးဘဲ သူမကို မန္တရားအား မဖြစ်မနေသင်ပေးရန် အတင်းအကျပ် နားပူနားဆာလုပ်လေရကား နောက်ဆုံးတွင် မိန်းမအလိုလိုက်တတ်သောမင်းကြီးသည် မိဖုရားကြီးကို မလွန်ဆန်နိုင်တော့။ မန္တရားကို သင်ပေးမည်ဟု ကတိပြုမိလိုက်လေသည်။ ထို့နောက် မန္တရားကိုသင်ပေးပြီးပါက သေရတော့မည်ကို သိသဖြင့် မင်းကြီးသည် စိတ်ပြေလက်ပျောက် ဥယျာဉ်တော်သို့ ရထားဖြင့် ထွက်လာလေတော့သည်။

ထိုအကြောင်းစုံကို သိမြင်လေသော ဘုံရားအလောင်း သိကြားမင်းသည် သေနကမင်းအား သေဘေးမှ ကယ်တင်ရန် ဆုံးဖြတ်လိုက်၏။ သို့နှင့် မိဖုရား သုဇာတာနတ်သမီးကို ဆိတ်အသွင် ဖန်ဆင်းစေပြီး သိကြားမင်းကိုယ်တိုင်လည်း ဆိတ်ဖိုအသွင်ဆောင်ကာ သေနကမင်း၏ရထားရှေ့မှနေ၍ မေထုန်မှုပြုနေကြဟန်အသွင် ဆောင်နေကြလေသည်။ ထိုမြင်ကွင်းကို တွေ့ရသောအခါ-

"ငါသည် ဆိတ်တို့၌ အရှက်မရှိ

ဟု ဆိုသောစကားကို ယခင်က ပြောသံ

www.burmeseclassic.com

မျှသာ ကြားဖူးခဲ့သည်၊ ယခုမူ ကိုယ်တွေ့ကြုံရပေပြီ"

ဟု မင်းကြီး၏ရထားမှ သိန္ဓောမြင်းက ကဲ့ရဲ့သံဖြင့် ပြောဆိုလိုက်လေသည်။ ထိုအခါ ဆိတ်က-

"အဆွေ သိန္ဓောမြင်း၊ သင်သည် ငါ့ထက်မိုက်မဲသူ ဖြစ်ပေသည်။ သင်သည် ရထားမှ လွတ်အောင်ပြေးနိုင်သောအစွမ်းရှိပါလျက် ထွက်မပြေး၊ အမိုက်ခံ၍ ရထားဆွဲနေ၏။ ထို့ပြင် သင့်ထက် များစွာမိုက်လုံးကြီးလှသော သေနကမင်းကြီးကိုပါ ဆောင်ကြဉ်းသယ်ပိုးနေသူ ဖြစ်ချေသည်တကား"

ဟု ပြန်ပြောလိုက်လေသည်။

ဆိတ်ထီးပြန်ပြောသောစကားကို နားရှုပ်သွားဟန်ရှိသော သိန္ဓောမြင်းက-

"အသင်ဆိတ်၊ သင်ဆိုသည့်အတိုင်း ငါသည် တိရစ္ဆာန်တစ်ကောင်သာဖြစ်၍ မိုက်မဲသည်ဟု ထားပါလေ။ သို့သော် လူသားဖြစ်ပြီး သာမန်လူမဟုတ်မူ၍ ထီးနန်းရှင် မင်းတစ်ပါးဖြစ်သော သေနကမင်းကြီးကိုမူ အဘယ်ကြောင့် လူမိုက်ဟု သင်ဆိုပါသနည်း"

ဟု မေးလိုက်၏။

ထိုအခါ ဆိတ်က-

"အချင်း သိန္ဓောမြင်း၊ ငါသည် သေနကမင်းကို လူမိုက်ဟု အကြောင်းမဲ့ဆိုခြင်း မဟုတ်။ သေနကမင်းသည် အသိဉာဏ်ရှိသော လူသား မင်းတစ်ပါးဖြစ်ပါလျက် မိမိရရှိခဲ့သော မြတ်သော သဗ္ဗရုတညု မန္တန်ကို ကောင်းစွာမထိန်းသိမ်းမစောင့်စည်းနိုင်ခဲ့၍ ယခု အသက်စွန့်လွှတ်ရတော့မည်။ မယားအလိုကို အသက်နှင့်ရင်း၍ လိုက်ခဲ့သည်။ ထိုသူမျိုးကို လူမိုက်ဟု မဆိုထိုက်လေသလော"

ဟု ပြန်ပြောလေသည်။

သေနကမင်းသည် သိန္ဓောမင်းနှင့် ဆိတ်တို့ အပြန်အလှန် စကားပြောနေကြပုံကို အစမှအဆုံး နားထောင်ကြားသိလာခဲ့ရာ ဆိတ်ဖို၏စကားအဆုံး၌-

"အို- အသင် ဆိတ်ဖို၊ ယခု ငါသည် မည်သို့ပြုသင့်သနည်း"

ဟု မေးလိုက်သည်။

ထိုအခါ ဆိတ်ဖိုက-

"မြတ်သောမင်းကြီး၊ ဤလောက၌ လူတိုင်း မိမိကိုယ်ကို ချစ်၏။ မိမိထက်ချစ်အပ်သောသူ မရှိ။ မိမိချစ်မြတ်နိုးသူ့အတွက် မိမိ၏အသက်နှင့် စည်းစိမ်ကို မစွန့်လွှတ်သင့်ပါ"

ဟု ပြန်ပြောပြီးနောက် မိမိသည် ဆိတ်စင်စစ်မဟုတ်ပါ၊ သိကြားမင်းသာ ဖြစ်သည်။ သင်မင်းကြီးအား သေဘေးမှလွတ်မြောက်စေရေးအတွက် လာခဲ့ရခြင်းဖြစ်သည်ဟုဆိုကာ ဆိတ်ဖိုအသွင်မှ သိကြားမင်းအသွင်သို့ ပြလိုက်လေ၏။ သို့အကြောင်းရင်းကိုသိရလေသောအခါ သေနကမင်းက သူသည် မန္တန်ကို သင်ပေးမည်ဟု မိဖုရားအား ကတိပေးခဲ့ပြီး ဖြစ်ပါကြောင်းနှင့် သိကြားမင်းထံမှအကြံဉာဏ်ကို တောင်းလိုက်သည်။ သိကြားမင်းက သေနကမင်းအား မည်သို့မည်ပုံဆောင်ရွက်သင့်ကြောင်း နည်းလမ်းကောင်းတစ်ခုကို ပြောဆိုသင်ပြပေးပြီးနောက် ကွယ်ပျောက်၍သွားလေတော့သည်။

သိကြားမင်း၏ ထိုအကြံဉာဏ်ပေး ညွှန်ကြားချက်အရ ဆောင်ရွက်ရန် သေနကမင်းကြီးသည် မိဖုရားကြီးကို ဉယျာဉ်တော်ခေါ်၍-

"အသင်မိဖုရား၊ မန္တန်ကို ကျွန်ုပ်ကတိပေးထားသည့်အတိုင်း သင်ပေးပါအံ့။ သို့သော် မန္တန်ကိုလိုချင်သောသူသည် မန္တန်ကို ဦးစွာ ပူဇော်ရပေသည်။ မန္တန်ကို ပူဇော်နည်းကလည်း အတန်ငယ် ဆန်းကြယ်ပေသည် မိဖုရား။ မန္တန်ကိုဆောင်ယူလိုသူသည် ကျောကုန်း၌ ကြိမ်ဒဏ်အချက် (၁၀၀) အရိုက်ခံခြင်းဖြင့် ပူဇော်ရပေသည်။ ထိုသို့ ပူဇော်ရာ၌လည်း တစ်ချက်ကလေးမျှ အသံမထွက်စေရ။ အရိုက်ခံရစဉ် အသံတစ်ချက်ကလေးထွက်ခဲ့က မန္တန်ကို မရနိုင်တော့ချေ။ မည်သို့သဘောရပါသနည်း မိဖုရား၊ မန္တန်ကို ပူဇော်ပါမည်လား"

ဟု မင်းကမေးလျှင် ရှေ့နောက်တွေးခေါ် မြော်မြင်ခြင်း မရှိ၊ မန္တန်ရလိုသောမိုက်မဲသည့်ဆန္ဒသာရှိသည့် မိဖုရားကား-

"မည်သို့ပင်ဖြစ်စေ မန္တန်ကိုပူဇော်ပါမည်"

ဟု ဆိုလေသည်။

ထို့ကြောင့် သေနကမင်းသည် ပါးကွက်သားများကိုခေါ်ကာ မိဖုရားအား ကြိမ်ဖြင့် ရိုက်နှက်စေရာ မိဖုရားသည် နှစ်ချက်၊ သုံးချက်မျှသာ အောင့်အည်း၍ အံကြိတ်ခံနိုင်သော်လည်း နောက်ဆုံးတွင်မူ ကြိမ်ဒဏ်ကို မခံနိုင်တော့သည့်အဆုံး-

"မန္တန်ကိုလည်း မပူဇော်တော့ပါ၊ မန္တန်ကိုလည်း မလိုချင်တော့ပါ"

ဟု ဆိုလာလေတော့သည်။

ထိုအခါကျမှ သေနကမင်းလည်း မီးပုံထဲဆင်း၍ သေရမည့် သေဘေးမှ လွတ်မြောက်ခဲ့ရလေတော့သည်။

ဤကား ဤလောကတွင် မန်လူတို့ ဉာဏ်မမီနိုင်သည့် ပညာ များရှိကြောင်းကို ငါးရာ့ငါးဆယ်နိ တော်လာ ခရပုတ္တဇာတကဝတ္ထု ထဲ၌ တိရစ္ဆာန်မျိုးစုံတို့၏စကားကို လည်း သိရှိနိုင်သော သဗ္ဗရုတညု ကဲ့သို့သော ဂါထာ မန္တန်တော်မျာ ကြောင်း ဘုရားရှင် ဖော်ထုတ် ကြားခဲ့ခြင်းအား ကြည့်၍ သိရှိ သည်။ ဤသို့ တိရစ္ဆာန်များ၏စ နားလည်နိုင်သော ဂန္ဓာရီ ဝိဇ္ဇာမ တတ်ပညာကိုမူ ယခု ကျွန်ုပ် လေ့ သလောက်တော့ မရှိသေးချေ။ သို့ သိဒ္ဓိမျိုးစုံ ပြီးမြောက် ထွက်ရပ် သွားကြသော မဟိဒ္ဓိ သိဒ္ဓိရှင်ကြီး ကမူ သိနိုင်ကောင်း သိနိုင်ပေလိမ့် ထင်ပါသည်။ သို့သော် သိပ္ပံပညာရ အလွန် တိုးတက် ထွန်းကားနေ ယခုကဲ့သို့ သိပ္ပံခေတ်ကြီး၌မူ သိပ္ပံ ရှင်များသည် တိရစ္ဆာန်တို့၏ အ ကျင့်၊ အလေ့အထသဘာဝတို့ကို ပညာရပ်ဆိုင်ရာ ပစ္စည်းကိရိယာ အ မျိုးကိုသုံး၍ လေ့လာဆန်းစစ် သ သနပြုလျက် တိရစ္ဆာန်တို့၏စ တိရစ္ဆာန်တို့ တစ်ကောင်နှင့်တစ် ဆက်သွယ်ရေးလမ်းကြောင်း၊ ဆ သွယ်ပုံဆက်သွယ်နည်း၊ တစ်နည်း ဖြင့် တိရစ္ဆာန်တို့ပြောသော စကာ ကို သိရှိရန် ကြိုးစားအားထုတ် ပေသည်။ ဂန္ဓာရီ ဝိဇ္ဇာမယ လော ပညာရပ်တွင်မူကား ကျွန်ုပ်တို့ပင် လာမှု အားနည်း၍ပဲလား၊ သို့ မဟုတ် ရှေးရှေးဝိဇ္ဇာမယ မဟိဒ္ဓိ သိ ကြီးများက ထိုကဲ့သို့ တိရစ္ဆာန်မျိုး ၏စကားကို နားလည်နိုင်စေသော ရုတညု မန္တန် သို့မဟုတ် အလ ဂါထာ၊ မန္တန်၊ မန္တရား၊ အင်းအိုင် လှည့်၊ လက်ဖွဲ့ အစီအရင်တို့ကို လူတို့ရသွားပါက အထက်ဇာတ် သေနကမင်းကြီးကဲ့သို့ နှုတ်မစောင့် နိုင်သော အကျိုးမဲ့, အကျိုးယုတ် တွေ၊ ဘေးအန္တရာယ်တွေ တွေ့ကြ လိမ့်မည်ဟုမျှော်တွေးစိုးရိမ်ကြ၍ ဝှက်ခဲ့ပေ၍များလားမသိ။ ယခုထိ သူတစ်ဦးတစ်ယောက်မျှ သဗ္ဗရု မန္တရားကဲ့သို့သော ဂါထာ၊ မန္တန်၊ မ မျိုးများ သိကြတတ်ကြ၊ ဆောင်ယ နိုင်သည်ဟု မကြား၊ မသိရသေးပါ

ဘိုးခေတနာ-ဆရာဇော်မျှ

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ သုရဿွတီမဂ္ဂဇင်း (၁၂) နှစ်ပြည့် အထူးထုတ်၊ စာမျက်နှာ(၁၈၂)၌ ရတနာဒေဝီ၏ 'ရွှေမြင်တင်တောင်ဘရသေ့ကြီးနှင့် ပဋ္ဌာန်းဆက်မိသားစု' ဒုတိယပိုင်းဆောင်းပါးကို ဖတ်မိခဲ့ရာမှ စာရေးသူနှင့်မိသားစုလည်း ဘရသေ့ကြီးနှင့် ပဋ္ဌာန်းဆက်ရှိခဲ့ပုံကို ရေးသားဖော်ပြရန် ဆန္ဒတွေတဖွားဖွား ပေါ်လာ၍ 'ရွှေမြင်တင်တောင် ဘရသေ့ကြီးနှင့် ကျွန်တော်' ဟု ရေးသား ဖော်ပြ

"ဘရသေ့ကို ကန်တော့လိုက်ဦး"

ဟု ဆို၍ ဖိနပ်ချွတ် လက်အုပ်ချီ ဦးခိုက်မိခဲ့ပါတော့သည်။

ဂျစ်ကားရှေ့ခန်းမှာ ပုတီးစိပ်မပျက် ထိုင်လျက်ပါ။ အခြားရသေ့ကြီးများလို ဒေါက်ခြာမဆောင်းထားပါ။ ဦးခေါင်းထက်မှာ ဖြူစဆံပင်အရှည်တစ်ခုကို ခေါင်းဖြီးတစ်ခုခုနှင့် သေသပ်စွာ စုစည်းထားပါ၏။ နားထင်အစပ်နှင့် နှုတ်ခမ်း၊ မေးစေ့ပေါ်မှာ ဖြူရောင်ရော နေသော နှုတ်ခမ်းမွေးရှည်ရှည်နှင့် မုတ်ဆိတ်မွေးရှည်အချို့ရှိနေတာကို ဖူးတွေ့ခဲ့ရပါ၏။ အကြည့်စူးရှပြီး ပြုံးယောင်သန်းနေပါ၏။ လက်က ပုတီးစိပ်မပျက်ပါ။

"ငါ့သားက ကျောင်းဆရာလား"

ဟု မေးပါ၏။

"ဟုတ်ပါတယ် အဘ"

ဟု ပြောတော့ ဘရသေ့က-

"အေးအေး- ကောင်းတယ်"

စောငဝါ(ပျဉ်းမနား)

# ရွှေမြင်တင်တောင်ဘရသေ့ကြီးနှင့် ၁ ကျွန်တော်

ပေးအပ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်ခန့်က ဘရသေ့ကြီးနှင့်ကျွန်တော် စတင်ဆုံစည်းခဲ့ရပုံကို ပြန်လည် ဖော်ပြပါမှ ပြည့်စုံမည်ဖြစ်၍ ရေးသား ဖော်ပြမိပါ၏။ ထိုစဉ်က ကျွန်တော်သည် အထက(၁)ပျဉ်းမနားမှာ အထက်တန်းပြတာဝန်နှင့် ကျောင်းဆရာတစ်ဦးပါ။ လုပ်သက်သည်း (၁၀)နှစ်ကျော်။ တစ်ရက်တွင် အတန်းတင်စာမေးပွဲများ ကျင်းပချိန် ကျွန်တော်၏ အစ်မကြီး ဒေါ်မြရင်နှင့် မိသားစုစီးသော ဂျစ်ကားလေး ကျောင်းဝင်းအတွင်းသို့ မောင်းဝင်လာပါ ၏။

ကွယ်လွန်သွားပြီ ဖြစ်သော ယောက်ဖ ဦးတင့်လွင်က ကားမောင်းလာတာပါ။ ကျွန်တော်က ကျောင်းအပေါ်ထပ် ကော်ရီဒါမှာ ကြီးကြပ်ရေးတာဝန်ယူထားရတော့ ကားဝင်လာသည်မှ အောက်ထပ်မှာ ကားလေးရပ်သွားသည်အထိ အစအဆုံး မြင်နေရပါ၏။ ကော်ရီဒါထောင့်မှာရပ်ပြီး ကားလေးကိုကြည့်နေမိတာလည်းအမှန်။ မလာစဖူးရောက်လာတော့ ဘာကြောင့်ပါလိမ့်ဟု စူးစမ်းမိတာလည်း အမှန်ပါ။ ကားမောင်းသူယောက်ဖက ကားအောက်ဆင်းရပ်ပြီး အစ်မနှင့်ဇနီးတို့လည်း ဂျစ်ကားနောက်ခန်းက ဆင်းလာကာ အပေါ်ကိုမော့၍ လက်ယပ်ခေါ်ကြပါသည်။ လှေကားအဆင်းဆင်းသွားတော့ ကားပေါ်မှာ ရသေ့ကြီးတစ်ပါး ပုတီးစိပ်လျက် တွေ့မြင်ခဲ့ရပါသည်။

အစ်မက-



၂-၁၁-၂၀၁၂ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၃) ရက်နေ့က နေပြည်တော်ရှိ လူကြီးမင်းတစ်ဦးအိမ်တော်တွင် ဘရသေ့အား ကန်တော့အပြီး ရိုက်ကူးထားသောပုံတော်



www.burmeseclassic.com

www.burmeseclassic.com

ဟု မိန့်ဆိုပါ၏။ ဆက်၍ ပုတီးစိပ်နေပါသည်။

အစ်မကရော ဇနီးကပါ ဆင်ဖြူတောင်ကို အဘသွားချင်တယ်ဆိုလို့ လိုက်ပို့မှာဖြစ်ကြောင်း၊ ကျောင်းဆင်းလျှင် အရှေ့အိမ်(အစ်မတို့အိမ်)ကိုဝင်ခဲ့ဦးဟု မှာပါသည်။ ကားလည်းပြန်ထွက်သွားပါပြီ။ ကျွန်တော်လည်း တာဝန်ကျရာဆီသို့ ပြန်လာခဲ့ပါ၏။ ဘရသေ့နှင့် ကျွန်တော် ပထမဦးဆုံး စတင် ဆုံတွေ့ခဲ့ရစဉ်က ဖြစ်စဉ်ပါ။ လွန်ခဲ့သောနှစ် (၄၀) ခန့်ကပါ။

ကျောင်းနေ့ခင်းပိုင်းမှာ အားလပ်ချိန်တိုင်း ထိုင်နေကျ စက်မှုခန်းဦးတင်စိုးစားပွဲမှာ ဆရာတစ်စု ထိုင်လေ့ရှိပါသည်။ အခန်းကကျယ်တော့ ဆရာများ နားဖို့အဆင်ပြေလှ၏။ ရေနွေးအိုးတည်၍ ညှော်ခံလေ့ရှိပါ၏။ ဆရာက မွန်တိုင်းရင်းသားပါ။ ဖော်ရွေ၍ ဗဟုသုတကြွယ်၏။ အင်းအိုင်လက်ဖွဲ့လိုက်စားနေသလို ဘာသာရေးလည်းလုပ်၏။ဗေဒင်လည်းတွက်၏။ ဆေးလည်းကုလေ့ရှိ၏။ စကားဝိုင်းမှာ ဘရသေ့အကြောင်း ပြောမိတော့ ကျောင်းဆင်းမှာ သူလည်း လိုက်ချင်သည်ဆို၍ အစ်မအိမ်သို့ သူနှင့်အတူသွားဖြစ်ခဲ့ကြပါသည်။ စက်ဘီး တစ်ယောက်တစ်စီးနှင့်ပါ။

ကျွန်တော်တို့ အစ်မအိမ်ရောက်သွားတော့ ဘရသေ့နှင့်အဖွဲ့ မရောက်ကြသေးပါ။ နာရီဝက်ကျော်မှ ကားဝင်လာပါ၏။ ကားရှေ့ခန်းမှာ ဘရသေ့က ပုတီးစိပ်လျက်ပါ။ ဘရသေ့ ညအိပ်မည့်ခုတင်ပေါ်မှာအနားယူထိုင်တော့မှ ကျွန်တော်နှင့် ဆရာ ဦးတင်စိုးတို့ ကန်တော့ဖြစ်ကြပါသည်။

ကျွန်တော်တို့ ထိုင်ကန်တော့အပြီး ဘရသေ့ ပထမဦးဆုံး မိန့်ဆိုတာက-

"လောကကြီးမှာ နာနာဘာဝ ဝိညာဉ်နဲ့ နတ်ဒေဝတာတွေ ရှိတယ် ဆိုတာ အမှန်ပဲ"

ဟု ဆိုပါသည်။ ထိုသို့ ဘရသေ့က ပြောလာတော့ ကျွန်တော့်အကြောင်းကို အစ်မနှင့် ဇနီးက ပြောထားလို့လားဟု လှည့်ကြည့်တော့ သူတို့တစ်တွေ လှုပ်ရှားနေတာကပုံမှန်ပါပဲ။ ကျွန်တော်သည် ထိုအချိန်ထိ ယုံကြည်မှုမရှိသူ ဖြစ်နေပါ၏။

ဦးတင်စိုးက ဘရသေ့၏ သက်တော်အား မေးမြန်းရာ-

"အသက်က အဓိကလား၊

က အဓိကလား"

ဟု ပြန်မေးပါလေ၏။

ဦးတင်စိုးက ဆက်၍ သူလေ့

သိရှိထားသော ကျင့်စဉ်အချို့နှင့်

လိုသည်များကို မေးမြန်းပါလေသည်

အင်းအိုင်လက်ဖွဲ့နှင့် ဆေးနည်း

လည်း ပါပါသည်။ ထိုအခါ ဘရသေ့

လွယ်အိတ်ထဲမှ စက္ကူလိပ်များကို

၍ ဦးတင်စိုးအား ဖွင့်ပြရင်း-

"မြင်ဖူးလား၊ တွေ့ဖူးလား"

မေးပါလေ၏။

ကျွန်တော်လည်း ဘရသေ့ပြ

စက္ကူလိပ်တစ်ရွက်ချင်းပေါ်တွင်

ပုံဖော်ထားသည်တို့ကို လိုက်ကြည့်

ကိန်းဂဏန်းများဖြင့် ဆက်စပ်

ရာ စက္ကူလိပ်တစ်ခုချင်းတွင် အင်း

များဟု ထင်ရသော်လည်း ခြုံကြည့်

ဘုရားပုံတော်၊ စေတီပုံတော်များ ဖြစ်

တာကို တွေ့ရပါ၏။ အတော်များ

ဆရာဦးတင်စိုး မျက်နှာပေါ်တွင်

ဘူးသည့် အံ့ဩမှုတွေကိုမြင်ရတာ

အမှန်ပါ။ ဦးတင်စိုးက မမြင်ဘူး၊



လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က ရမည်းသင်း ရွှေမြင်တင်တောင်တော်ပေါ်တွင် ရိုက်ကူးထားသော ဘရသေ့၏ပုံတော်



လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က ရွှေမြင်တင်တောင်

ဘရသေ့ တရားကျင့်အပြီး ရိုက်ကူးထားသော



www.burmeseclassic.com

www.burmeseclassic.com

ဘူးကြောင်းပြောရာ-

"မြင်ဖူး၊ တွေ့ဖူးဖို့လည်း မလွယ်ပါဘူး"

ဟု ဆိုပါသည်။

ဦးတင်စိုးက ပညာသင်ယူလိုကြောင်းပြောရာ -

"အေး- မင်းဆန္ဒရှိရင် တွေ့အောင်ရှာပေါ့"

ဟု မိန့်ဆိုပါသည်။

"ကျင့်စဉ်နဲ့ ပတ်သက်ပြီး ပြောဦးမယ်"

ဟု ဆိုကာ ရေတာရှည် မယ်ဒက်ဘုရားတည်ရှိတဲ့ တောနက်ထဲမှာ ဂန္ဓာရီဘုည့်လည်စဉ်ကဟု ဆို၍ -

တောနက်ကြီးထဲရှိ ဂူတစ်ဂူထဲမှာ ဘုရားကျင့်နေသော အသက်(၈၀)ကျော် ရသေ့ကြီး ကျင့်စဉ်လိုအပ်မှုကြောင့် ဂူဝကို တောစောင့်ဘီလူးက မတ်တတ်ရပ်ထိတ်ထားတာ ခြေသလုံးတစ်ဖက်တည်းနှင့်ထွက်လို့မရဖြစ်နေကြောင်း၊ ဒါကို ဂူထဲက ရသေ့ကြီးက အကူအညီလိုနေကြောင်း၊ အဓိဋ္ဌာန်သမထအားနှင့် အကူအညီတောင်းလို့ လိုနေသည့်ကျင့်စဉ်ကို ဆောက်ပြ အသိပေးတော့မှ ထိုဘီလူးဝတ ဖယ်သွားတော့မှ ရသေ့ကြီးကျင့်စဉ်ပြည့်စုံပြီး ဂူထဲမှထွက်နိုင်ကြောင်း ဆိုပါသည်။ ထိုရသေ့ကြီးက အသက်(၈၀) ကျော်နှင့် ကျင့်စဉ်အရ ပြီးစီးခါနီးမှာတောင် အနှောင့်အယှက်ရှိတတ်ကြောင်း ဘရသေ့က ပြောပြခဲ့ဖူးပါသည်။ အဲဒါ လွန်ခဲ့သော နှစ် (၄၀) ကျော်က ဖြစ်ပါ၏။

ယခုအခါ စက်မှုဆရာ ဦးတင်စိုးနှော ကျွန်တော်ပါ အသက် (၆၀) ပြည့်ခဲ့ပြီး ပင်စင်ရဆရာများ၊ အသက်က (၇၅) နှစ်ဝန်းကျင်ရှိနေသူတွေ ဖြစ်နေပါပြီ။ ဆရာက ပင်စင်ယူပြီး မုဒုံမှာ အခြေချနေထိုင်နေ၏။ အ-ထ-က(၁)ဆရာကန်တော့ပွဲမှာ အခါအားလျော်စွာ ဆုံဖြစ်ကြ၏၊ ဆရာက သူတတ်ထားသောလက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းဆက်မှုနေပါသည်။ နေပြည်တော်-ပျဉ်းမနားကိုရောက်တိုင်း အချိန်ရကဝင်လာလေ့ရှိ၏။ လွန်ခဲ့သောနှစ်ပိုင်းက အာစရိယပူဇော်ပွဲမှာ ဦးတင်စိုး ရောက်မလာပါသဖြင့် ကျန်းမာရေးမကောင်းဟု သိရပါသည်။ ဇရာရောက်လာကြပြီကောဟု အသိတိုးခဲ့ရပါသည်။

ကျွန်တော်က အသက် (၅၂) နှစ်မှာ ဆေးပင်စင်နှင့် အနားယူခဲ့ပေမယ့် ဆရာဦးတင်စိုးက သက်ပြည့်ပင်စင်နှင့် အနားယူခဲ့ကြတာပါ။ ကျွန်တော်က ခြံစိုက်ပြီး ဘဝရပ်တည်ရေးနှင့် မိသားစုစားဝတ်နေရေးအတွက် ဘဝပြောင်းလုပ်ကိုင်ခဲ့ရပါ၏။ ဇနီးက မြို့နယ်သူနာပြုဆရာမကြီးဖြစ်ပေမယ့် ၁၉၇၆ ခုနှစ်မှာ နှလုံးသွေးကြောကျဉ်း ရောဂါဝေဒနာကြောင့် ခွဲစိတ်ကုသမှု ခံယူခဲ့ရပါသည်။

နှလုံးခွဲစိတ်ကုသမှု ခံယူခဲ့ရပေမယ့် အနားမယူနိုင်။ ဘဝအတွက် အလုပ်ဆက်လုပ်၍ ပင်ပန်းကြီးစွာ ရပ်တည်ခဲ့ကြရပါ၏။ ထိုအချိန်တွင် အစ်မက ဘရသေ့နှင့် အမြဲတမ်း အဆက်အသွယ်ရှိနေခဲ့ပါသည်။ ဘရသေ့အား ဇနီးသည်၏ ဝေဒနာကို ပြသရာ ကျွန်တော်လည်း အနားမှာရှိနေခဲ့ပါ၏။ ဇနီး၏ လက်ကိုပင် ကိုင်တွယ်စမ်းသပ်ခြင်းမရှိပါဘဲလျက် ဇနီး၏အခြေအနေကို တဒင်္ဂမျှ အကဲခတ်၍ -

"ငါ့သမီး နှလုံးခွဲစိတ်ခံတာ မှားတယ်။ နှလုံးကအားနည်းနေတာ၊ ရောဂါမရှိဘူးကွယ့်"

ဟု မှတ်ချက်ပြု မိန့်ဆိုတော့ ကျွန်တော် တအံ့တသြဖြစ်ခဲ့ရတာ ဝန်ခံပါ၏။

ဇနီးကို ခွဲစိတ်ရန်အတွက် ကျွမ်းကျင်ဆရာဝန်ကြီးများအဖွဲ့က အကြိမ်ကြိမ် လိုအပ်သမျှ စမ်းသပ်စစ်ဆေးပြီး အများသဘောတူ လက်ခံတော့မှ ခွဲစိတ်ကုသမှုခံယူခဲ့ရတာ ဖြစ်ပါ၏။ ယခုတော့ ဘရသေ့က အနည်းငယ်မျှ စမ်းသပ်စစ်ဆေးမှုမရှိပါဘဲ ဇနီးသည်၏ နှလုံးရောဂါကို သုံးသပ်ထောက်ပြလာတာပါ။ တကယ့်အံ့ဖွယ်ယုံရခက်ခက်ပါ။ ဒါပေမယ့် ကိုယ်တွေ့ဖြစ်ရပ်မှန်ပါ။

ထို့နောက် ဘရသေ့ ဆက်၍ မိန့်ကြားတာက ပို၍ဆန်းကြယ်ပြီး အံ့သြခဲ့ရပြန်ပါသည်။ ခွဲစိတ်ကုသခံခဲ့ပြီးနောက် ဆရာဝန်ညွှန်သော ဆေးဝါးများကို နေ့စဉ်မပျက် ပုံမှန်သောက်သုံးခဲ့ရတာလည်း (၁၀) စုနှစ် ကျော်ခဲ့ပါပြီ။ အထူးသဖြင့် အစားအသောက်၊ အနေအထိုင်မှစ၍ ဆရာဝန် ညွှန်ကြားထားသည့်အတိုင်း မပျက်မကွက် ဆေးဝါးတွေကို သောက်သုံးနေခဲ့ရတာလည်း နိစ္စဓူဝကိစ္စ ဖြစ်ပါ၏။ အချိန်မှန် ဆေးတိုက်တာကို ကျွန်တော်ကိုယ်တိုင် တာဝန်ယူ ပြုစုခဲ့တာလည်း (၁၀) စုနှစ်ကျော်ခဲ့ပါပြီ။ အထူးသဖြင့် အဆီ၊ အဆိမ့် အစားအသောက်တွေကို ဆင်ခြင်ရှောင်ရှားရန် တားမြစ်ထားခဲ့တာ ဖြစ်ပါ၏။

ဘရသေ့က-

"ငါ့သမီး နှလုံးရောဂါကို ဓာတ်စာစားရုံနဲ့ ပျောက်နိုင်တယ်။ ယုံကြည်ရင်သောက်သုံးကြည့်ပေါ့"

ဟု ဆိုကာ -

"ကြက်ဥတစ်လုံး၊ နွားနို့တစ်ခွက်၊ ဖီးကြမ်းငှက်ပျောသီးတစ်လုံး၊ ပျားရည်တစ်ဇွန်း၊ မွှေခဲလောက်။ အဆင်ပြေဆုံးအချိန် အကောင်းဆုံးက ညအိပ်ရာဝင်မှာသောက်ကွယ့်"

ဟု မိန့်ဆိုပါသည်။

အနားမှာရှိနေသူ ကျွန်တော် အံ့သြရတာက အဲဒီအစားအစာတွေကို ဆရာဝန်က တားမြစ်ထားခဲ့တာ နှစ်များစွာကြာခဲ့ပြီကော။ အရပ်သုံးစကားနှင့် ဆိုရလျှင် ရောဂါနှင့်မတည့်သော အစားအစာများ ဖြစ်ပါ၏။

ဇနီးဖြစ်သူက ဘရသေ့ မိန့်ဆိုသမျှ စာအုပ်ထဲမှာလိုက်၍ရေးမှတ်နေပါသည်။ ထို့နောက် ဘရသေ့ ဆက်၍ မိန့်ကြားတာက -

"ငါ့သမီးနဲ့ ငါ့သားတို့ ယုံကြည်စွာနဲ့ မှိုဝဲ့ဖို့ခက်နေတယ်မဟုတ်လား။ အဘတို့နည်းနဲ့ သမီးတို့ခေတ်နည်းနဲ့ တစ်ခါတလေ မတူနိုင်တဲ့အဖြစ်မျိုးလည်း ရှိတယ်ကွယ့်"

ဟု မိန့်ဆိုပါသည်။

"အဲဒီလို သောက်ပြီးလို့ အိပ်ရာဝင်ခါနီးမှာ ကင်ပွန်းချဉ်အရွက်ကြမ်းတစ်ရွက်ကိုခြေပြီး သောက်ကောင်းရုံကျိုပြီး လက်ဖက်ရည်တစ်ပန်းကန်စာရရင် သောက်ရတယ်။ ဝမ်းတင်းရင် ဆားအနည်းငယ်ထည့်သောက်ပေါ့"

ဟု ဆိုပါ၏။

ပြီးတော့ ဘရသေ့ကိုယ်တိုင် ခုတင်ပေါ် လှဲပြပြီး အသက်ရှူပုံ၊ အကြောတွေဖြေလျှော့အိပ်စက်ပုံကို လက်တွေ့ပြပါလေတော့သည်။ မိုးချုပ်တော့ ကျွန်တော်တို့လည်း နေပြည်တော် ပျဉ်းမနား ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အိမ်သို့ ပြန်လာခဲ့ကြပါသည်။ ကျွန်တော်က ကျောင်းဆရာ။ ပုံမှန် ကျောင်းဆင်း၊ ကျောင်းတက် အချိန်မှန်နေ့စဉ်ရှိခဲ့ပါ၏။ အိမ်မှ ကျောင်းသို့ စက်ဘီးစီးသွားလာလေ့ရှိပါသည်။

ဇနီး၏ဆေးရုံတာဝန်က တစ်ရက်ခြား (၄) နာရီထွက်ရသလို တစ်ရက်ခြား (၇) နာရီအလုပ်ထွက်ရပါ၏။ နံနက် (၇) နာရီက စတင်အလုပ်ဝင်ရတာပါ။ ကျွန်တော်က ပုံမှန်အလုပ်ချိန်ရှိပေမယ့် ဇနီး၏ တာဝန်ချိန်နှင့် ထမင်းစားချိန် တစ်ရက်ခြားဆုံလေ့ရှိပါသည်။ (၇) နာရီထွက်ဂျူတီချိန်မှာ ကျွန်တော်က ထမင်းဝိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်စောင့်ပြီး လက်ဆုံစားလေ့ရှိပါသည်။ အမြဲတမ်း ထမင်းစားပွဲက ထိုင်စောင့်ရင်း သူမအိမ်အပြန်လမ်းကို လှမ်းမြင်ရလေ့ ရှိပါသည်။ ဆေးရုံအဆောက်အအုံက ကုန်းထိပ်မှာပါ။

ဆေးရုံဝင်းအောက်ပိုင်းမှာ အိမ်ဆောက်နေရတာဆိုတော့ လှေကားအတိုင်းဆင်းလာတိုင်း လမ်းမှာ (၂)ခေါက်နားလေ့ရှိပါ၏။ အိမ်အဝင် လှေကားအတက်ရောက်တော့ လှေကားလက်တန်းကိုကိုင်ပြီး အမောဖြေနေရတာ (၅)မိနစ်၊ (၁၀)မိနစ်ခန့်အထိ ကြာပါ၏။ လှေကား (၇)ထစ်တက်ခဲ့ပြီး ဧည့်ခန်းခုံမှာ တစ်အောင့်ထိုင်၍ အမောဖြေနေရပြန်ပါသည်။ ကျွန်တော်က ထမင်းဝိုင်းမှာ ထိုင်လျက် စောင့်နေရတာ အမြဲပါ။ ဇနီးစားပွဲမှာထိုင်ပြီး ထမင်းလက်ဆုံစား မိသားစုစကားဝိုင်းလေး မိနစ်ပိုင်းမျှ အချိန်ရခဲ့ပါသည်။

တစ်ရက်လည်းမဟုတ်၊ တစ်လလည်း မဟုတ် (၁၀) စုနှစ်နီးပါး ရှိခဲ့ပါပြီ။ ရင်ထုမနာရှိခဲ့ရတာ၊ ခံစားခဲ့ရတာကျွန်တော်ပါ။ ဇနီး၏အသက်ဆက်ရှင်သန်လိုသည့် သတ္တိဇွဲကြောင့် ပြုစုရသူကျွန်တော်လည်း ဝတ္တရားမပျက်ရအောင် အပြုံးမျက်နှာနှင့် ပြုစုနေခဲ့တာပါ။ သနားမိသည့်ခံစားချက်က အမြဲတမ်းရင်မှာသိုသိပ် ဖြတ်သန်းခဲ့ရတာလည်း အမြဲပါ။ ငြိုငြင်မှုအပြုအမူမပေါ်ရအောင် ဂရုစိုက်နေထိုင်ခဲ့ရတာကလည်း တာဝန်ကြီးတစ်ရပ် ဖြစ်ပါ၏။

ဒီလိုနှင့် တစ်ရက်တွင် ထမင်းဝိုင်းမှာ ထိုင်စောင့်နေရင်း သူမအိမ်အပြန်လမ်းခရီး ခံစားနေရတာကို ထမင်းစားပွဲမှာ သူမဝင်အထိုင် -

"မိသက်၊ ဘရသေ့ပေးတဲ့ ဆေးသောက်မလား"

ဟု မေးမိပါသည်။

ဇနီးကလည်း -

"တိုက်လေ"

ဟု ဆိုပါ၏။

အဲဒီလိုနှင့်-

ညထမင်းဝိုင်းမှာ ဇနီးအား ထမင်းလျှော့စားဖို့မှာရင်း ပစ္စည်းများကလည်း အဆင်သင့်ရှိနေ၍ ဘရသေ့ပြောထားသည့်အတိုင်း ဖီးကြမ်းငှက်ပျောသီးအသင့်အတင့်တစ်လုံးကို ကိုယ်တိုင် ဇွန်းတစ်ချောင်းဖြင့် အသားများကိုခြစ်ယူပြီး မတ်ခွက် (ဖန်ခွက်) ထဲသို့ ထည့်ပါသည်။ ကြက်ဥတစ်လုံးကို အမှေးတင်ရုံပြုတ်ပါ၏။ ဖန်ခွက်ထဲသို့ ကြက်ဥကို ဖောက်ထည့်ပါ၏။ အသင့်ကျိုထားသော နွားနို့တစ်ခွက်ကို ထည့်လိုက်တော့ ဖန်ခွက်ပြည့်နီးပါးရှိလာပါသည်။ ပျားရည်တစ်ဇွန်းထည့်၍ သမအောင် ခလောက်ပါ၏။ မတ်ခွက်ထဲမှ နွားနို့အမြှုပ်ကလေးများနှင့် အပြည့်ပါပဲ။ ထမင်းစားပြီး မိနစ် (၃၀)၊ (၄၀) လောက်မှာ သူမရှေ့ကို ဖန်ခွက်ချပေးမိပါသည်။ သူမ (၃)ကြိမ် နား၍သောက်ရပါသည်။

ကျွန်တော်က နောက်နေ့ကျောင်းသင်ခန်းစာ ပြင်ဆင်နေပါ၏။ ခပ်စောစောကပဲ အိမ်ရှေ့မှာ အသင့်စိုက်ထားသော ကင်ပွန်းချဉ်ပင်မှ ကင်ပွန်းချဉ်အရွက်ကြမ်းတစ်ခွက်ကို ကျိုထားပါ၏။ ဆားအနည်းငယ်မျှ ထည့်ထားပါသည်။ သူမက ဝမ်းတင်းတတ်၍ ဆားထည့်တာပါ။ သူမက ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး အိပ်တော့မည်ဆို၍ အိပ်ရာဝင်သွားပါ၏။ ည (၉း၃၀) နာရီခန့်မှာပါ။ စာပြင်ဆင်မှုပြီးတော့ (၁၀) နာရီခန့်ရှိပါပြီ။ သွားတိုက်၊ အိပ်ရာဝင်တော့ သူမခမျာ ဘရသေ့ပြောသည့် အနေအထားနှင့် အိပ်ပျော်နေပါပြီ။ ကျွန်တော်လည်း ဘုရားရှိခိုးပြီး သူမဘေးမှာ လှဲအိပ်ခဲ့ပါသည်။

ထိုညက ကျွန်တော် စိုးရိမ်စိတ်ကြောင့် ကြက်အိပ်ကြက်နိုးပါပဲ။ သူမကတော့ တုတ်တုတ်မျှမလှုပ်ပါဘဲ နှစ်နှစ်ခြိုက်ခြိုက် တစ်ညလုံးအိပ်ပျော်နေပါ၏။ ခဏခဏထစမ်းမိပါ၏။ ထိုညက စာရေးသူ အိပ်ပျက်ခဲ့ပါသည်။ ယခင်ညများက တလှုပ်လှုပ်နှင့် အမြဲရှိနေခဲ့တာပါ။ ယခုညကတော့ အလွန်ထူးခြားနေပါ၏။ နံနက် (၆း၃၀) နာရီလောက်မှာ သူမ အိပ်ရာက နိုးလာပြီး အလွန်ရွှင်လန်းနေတာ တွေ့ရပါ၏။ မျက်နှာသစ်ပြင်ဆင်ပြီး အစာစား၊ အလုပ်သွားခါနီးတိုင်း သူမသောက်နေကျ နှလုံးဆေးများကို ကျွန်တော် အမြဲတမ်းပေးတိုက်နေကျပါ။ ဆေးတွေပေးတော့-

"နေကြည့်ဦးမယ်၊ လိုမှ သောက်တော့မယ်"

ဟု ဆိုကာ ယူနီဖောင်းလဲ၍ အလုပ်ရှိရာ ဆေးရုံသို့ သွားပါတော့၏။ လန်းဆန်းတက်ကြွနေတာ အမှန်ပါ။ ထိုနေ့က သူမ (၇) နာရီထွက်ဆိုတော့ စာရေးသူနှင့် ထမင်းဝိုင်းမှာ ဆုံဖြစ်ကြပါ၏။ ကျွန်တော်က ထမင်းစားပွဲမှ ထိုင်စောင့်ရင်း သူမ တာဝန်မှထွက်ပြီး ပြန်ရာလမ်းကို ယခင်ကလိုပဲ မြင်နေရပါသည်။ ဒီနေ့ ထူးခြားတာက အိမ်ပေါ်အရောက် တစ်ခါမှမနားဘဲ ရောက်လာတာ ဖြစ်သည်။ မောပန်းနေပုံလည်းမရှိ လန်းဆန်းနေတော့ ကျွန်တော် ဝမ်းသာပီတိဖြစ်ခဲ့ရတာ ဖော်ပြနိုင်စွမ်းမရှိရုံမတတကယ့် အံ့ဖွယ်ပါ။

အဲဒီလိုနှင့် ဘရသေ့ပေးသော အာဟာရဓာတ်စာကို (၇) ရက်ဆက်တိုက် တိုက်ကျွေးခဲ့ပြီးနောက် (၂) ရက်နားခဲ့ပါ၏။ နောက်တစ်ကြိမ်မှာ (၃) ရက်ဆက်တိုက် တိုက်ကျွေးခဲ့ပါသည်။ တစ်ကြိမ်ထက် တစ်ကြိမ် ပိုမိုလန်းဆန်းတာ အမောအပန်းခံနိုင်ရုံမက ပို၍ အလုပ်တွေ လုပ်နိုင်လာပါ၏။ သူမဆန္ဒအရ နှလုံးရောဂါဆေးများကိုလည်း ရပ်နားထားနိုင်ခဲ့ပါပြီ။ စားဝင်အိပ်ပျော်စိုပြည်လာတာ လူကောင်းပကတိပါပဲ။ ဆေးရုံအလုပ်များကိုသာမက အရန်သားဖွားဆရာမသင်တန်းနည်းပြအဖြစ် (၃) ထသင်တန်းကို အကြိမ်ကြိမ် တာဝန်ယူ ပို့ချနိုင်ခဲ့ပါသည်။

သူမ ဝါသနာပါသော သားဖွားသင်တန်းများ ပို့ချနိုင်ရုံမက ဆေးရုံမှာလာရောက် မွေးဖွားကြသော မွေးလူနာများကို အခက်အခဲမရှိ အဆင်ပြေစွာမွေးဖွားပေးနိုင်သောကြောင့် သူ၏ ကျွမ်းကျင်မှုသတင်းက တစ်နေ့တခြား ဆေးရုံပေါ်မှာသာမက အရပ်ထဲမှာရော၊ ဆေးဝန်များ၊ မိသားစုကြားမှာပါ ပျံ့နှံ့လာ၍ မွေးလူနာအပ်သူ များပြားလာတာ တစ်နေ့တခြားပါပဲ။ သတ်မှတ်ကြေးမယူဘဲ စေတနာ၊ သဒ္ဓါကြေးကြောင့်လည်း ပို၍ ထင်ပေါ်အောင်မြင်လာပါတော့သည်။

မိသားစုစီးပွားရေးအသင့်အတင့် တိုးတက်လာရုံမက ပျော်ရွှင်မှုလည်း ခံစားလာရတာ အမှန်ပါ။ အလှူအတန်းများဖြစ်သည့် ကထိန်ခင်းခြင်း၊ ဆွမ်းလောင်းခြင်း၊ ဘုရားအနေကဇာအကြိမ်ကြိမ်တင်ခြင်းအပြင် သား(၂)ယောက်ရဟန်းခံခြင်း၊ ဘုရားဖူးအကြိမ်ကြိမ်ထွက်နိုင်ခြင်းများအထိ တိုးတက်အောင်မြင်လာခဲ့ပါတော့သည်။

ရွှေမြင်တင်ဘရသေ့၏အံ့သြဖွယ် အာဟာရဓာတ်စာမှိဝဲရင်း ကျွန်တော်၏ ဇနီး နှလုံးရောဂါဝေဒနာ ပျောက်ကင်းဖြစ်ပါ၏။ ဆက်၍လည်း ဘရသေ့နှင့် ကျွန်တော် တွေ့ကြုံခဲ့ရတဲ့ အဖြစ်မှန်များကို ဆက်လက် ရေးသားဖော်ပြရန် ရှိပါကြောင်း။

စောငုဝါ (ပုခြိမ်နှော)

www.burmeseclassic.com

www.burmeseclassic.com



မောင်ကျောက်တိုင်

သာသနာ့အလဲ

လွန်ခဲ့သောနှစ် (၁၀၀) ကျော်ခန့် သီပေါမင်း ပါတော်မမူခင်အချိန်က ဖြစ်သည်။ အိန္ဒိယပြည်နှင့်တကွ အိန္ဒိယ ပြည်၏အစိတ်အပိုင်းဖြစ်သော သီဟိုဠ် (သီရိလင်္ကာ) နှင့် မြန်မာပြည်တို့သည် အင်္ဂလိပ်တို့၏ နေမဝင်သော အင်ပါယာ ကြီးအတွင်းသို့ ကျရောက်နေစဉ်က ဖြစ်သည်။ ထိုစဉ်က အောက်မြန်မာပြည် တစ်ခြမ်းသည် အင်္ဂလိပ်-မြန်မာဒုတိယ စစ်ပွဲအပြီး အင်္ဂလိပ်ပိုင်နယ်မြေ ဖြစ်သွားပြီး အထက်မြန်မာပြည်တစ်ခြမ်း ကိုလည်း နေ့သိမ်းနိုး၊ ညသိမ်းနိုးအချိန် ကာလ ဖြစ်သည်။

အမျိုးသားရေး၊ နိုင်ငံရေးကျဆုံး နေချိန်ဖြစ်သကဲ့သို့ သီဟိုဠ်(သီရိလင်္ကာ) နှင့် မြန်မာတို့ ကိုးကွယ်နေသော ဗုဒ္ဓဘာသာသည် အလွန် မျက်နှာငယ် ညှိုးနွမ်းနေသောအချိန် ဖြစ်သည်။ အနောက်တိုင်းသားမျက်နှာဖြူများနှင့်အတူ ပါလာသော မျက်နှာဖြူဘာသာက လွှမ်းမိုးနေချိန် ဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ တိုင်းပြည်အသီးသီးတွင်ရှိသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် မိမိတို့တိုင်းပြည်အရေး၌သာ စိတ်ဝင်စားကြပြီး ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့သည် အချင်းချင်းစည်းလုံးညီညွတ်မှု၊ ဆက်ဆံမှု၊ ဆက်သွယ်မှု အလွန်အားနည်းချိန် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာသည် ပိုမိုညှိုးငယ်နေသကဲ့သို့ ဖြစ်နေချိန်ပင်။

ဤသို့သောအချိန်မျိုးတွင် မမျှော်လင့်သောဖြစ်ရပ်များ ပေါ်လာချေသည်။ ၁၈၇၅ ခုနှစ်တွင် အမေရိကန်ပြည်၌ သီအိုဆိုဖီအသင်းကြီးကို တည်ထောင်ခဲ့သော ဥက္ကဋ္ဌကြီး ကာနယ်အောလ်ကော့သည် အိန္ဒိယပြည်သို့ သီအိုဆိုဖီအသင်း ဌာနချုပ် ပြောင်းရွှေ့သည်နှင့်အတူ အိန္ဒိယပြည်သို့ ရောက်ရှိလာသည်။ အိန္ဒိယပြည်သို့ ရောက်ရှိချိန်မှစ၍ ကာနယ်လ်အောကော့သည် သီအိုဆိုဖီအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရင်း ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများကို မနေမနား အပတ်တကုတ် ကြိုးစားဆောင်ရွက်ခဲ့သည်။

ကာနယ်အောလ်ကော့သည် အမေရိကန်ပြည်၌နေစဉ်ကပင် သီအိုဆိုဖီအသင်းနှင့် မဒမ်ဘလာဗက်စကီး၏ကျေးဇူးကြောင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာပြီးနောက် အိန္ဒိယပြည်သို့ ရောက်ရှိပြီးလျှင် သီဟိုဠ် (သီရိလင်္ကာ) နှင့် ဆက်သွယ်ရာမှ သီဟိုဠ် (သီရိလင်္ကာ) ကျွန်းသို့ ရောက်ရှိလာသောအခါ လူသိရှင်ကြား ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလေသည်။ သီဟိုဠ် (သီရိလင်္ကာ) ကျွန်းသို့ ရောက်ရှိလာပြီးနောက် သီအိုဆိုဖီအသင်းများ ဖွဲ့စည်းလျက် တစ်ဖက်ကလည်း ဗုဒ္ဓသာသနရက္ခိတအသင်းများ ဖွဲ့ရာတွင် ဂိုဏ်းချုပ်ဆရာတော် ဦးသုမင်္ဂလ၏ဩဝါဒကို နာယူလျက်ရှိသည်။ သို့ဖြင့် ဦးသုမင်္ဂလ ဆရာတော်ထံတွင် ထပ်မံ၍ သရဏဂုံ ဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလေသည်။ မျက်နှာဖြူများ အုပ်စိုးမှုအောက်၌ ညှိုးငယ်ခဲ့ရသော သီဟိုဠ်ဗုဒ္ဓဘာသာသည်



www.burmeseclassic.com

www.burmeseclassic.com

ကာနယ်အောကော့ သီဟိုဠ်(သီရိလင်္ကာ) သို့ ရောက်ရှိလာပြီး ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများ စတင်ဆောင်ရွက်သောအချိန်မှစ၍ တစ်ဖန် ပြန်လည် နိုးကြား အသက်ဝင်လာလေသည်။

ကာနယ်အောလ်ကော့သည် သီဟိုဠ်(သီရိလင်္ကာ)ရှိ ဗုဒ္ဓဘာသာဂိုဏ်း အသီးသီးရှိ ဂိုဏ်းချုပ်၊ ဂိုဏ်းထောက် ဆရာတော်ကြီးများထံ ချဉ်းကပ်၍ ဗုဒ္ဓသာသနာ နိုးကြားစည်ပင်ရေးအတွက် ဩဝါဒ ခံယူသည်။ ဆွေးနွေး ညှိနှိုင်းသည်။ သီဟိုဠ် (သီရိလင်္ကာ) တစ်ပြည်လုံးရှိ ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံကို စည်းရုံးပြီးလျှင် ဗုဒ္ဓသာသနရက္ခိတ အသင်းကို ကိုလံဘိုမြို့တွင် တည်ထောင် ဖွဲ့စည်းသည်။ မကြုံစဖူး မျက်နှာဖြူတစ်ဦးက ဗုဒ္ဓဘာသာဘက်မှ ရှေ့ဆောင်ရပ်တည်လာသောအခါ သီဟိုဠ်ဗုဒ္ဓဘာသာဝင်များအဖို့ အားအတက်ကြီးတက်လာသကဲ့သို့ မျက်နှာဖြူခရစ်ယာန်ဘာသာဝင်များအနေဖြင့် မျက်လုံးအပြူးကြီးပြူးလာရလေသည်။ ဗုဒ္ဓဘာသာဝင်အပေါင်းသည် မကြုံဘူးအောင် ပြန်လည်နိုးကြား၍ သာသနာရေးလုပ်ငန်းများတွင် ခေါင်းထောင်လာသည်။

သုမင်္ဂလဆရာတော်ကြီးမှူးသော ဗုဒ္ဓဘာသာ သာသနရက္ခိတ သာသနာ့အလံဟူ၍ အတိအကျမရှိသေး၍ တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်များ အသိအမှတ်ပြုသော သာသနာ့အလံတစ်ခုကို တီထွင် သတ်မှတ်ရန် လိုအပ်ကြောင်း စဉ်းစားဆွေးနွေးကြသည်။ ထူးခြားသည့်အလား ဤအသင်းအစည်းအဝေးမှ အဖွင့်မိန့်ခွန်းပြောကြားသူမှာ နောင်အခါတွင် 'အာရှတိုက်၏ အလင်းရောင်' ဟူသော စာအုပ်ဖြင့် ကမ္ဘာကျော်လာမည့် စာရေးဆရာကြီး အက်ဒွင်အာနိုး(လ်) ဖြစ်လေသည်။ အစည်းအဝေးသို့ တက်ရောက်ကြသူများက ခရစ်ယာန်ဘာသာဝင်များအနေဖြင့် လက်ဝါးကပ်တိုင်အလံကို လည်းကောင်း၊ အစ္စလာမ်ဘာသာဝင်များအနေဖြင့် လခြမ်းနှင့် ကြယ်အလံကို လည်းကောင်း သာသနာ့အလံအဖြစ် အသိအမှတ်ပြုထားသကဲ့သို့ ဗုဒ္ဓဘာသာအတွက်လည်း ဗုဒ္ဓဘာသာကို ကိုယ်စားပြုသောသာသနာ့အလံတစ်ခု သတ်မှတ်ရန် လိုအပ်ကြောင်း အားလုံးကသဘောတူကြသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဗုဒ္ဓဘာသာအလံတော်သည် ဗုဒ္ဓဘာသာကို ကိုယ်စားပြုရမည်ဟု ဆိုသည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓ၏ရောင်ခြည်ကို ချက်ချင်း သတိရမိကြသည်။ ဗုဒ္ဓ၏ ရောင်ခြည်တော်မှာ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ ပဘဿရ၊ မဉ္ဇိဋ္ဌ ဟူ၍ (၆) ပါးရှိသည်။ မြန်မာဝေါဟာရအားဖြင့် အပြာရောင်၊ ရွှေဝါရောင်၊ အနီရောင်၊ အဖြူရောင်၊ ပြိုးပြက်သောအရောင်၊ ညိုမောင်းသောအရောင်တို့ ဖြစ်သည်။ ဤရောင်စဉ်ခြောက်သွယ်ကို သာသနာ့အလံအဖြစ် စီစဉ်ပြုလုပ်ရန် အားလုံးကသဘောတူဆုံးဖြတ်ကြသည်။ ဤရောင်စဉ်ခြောက်သွယ်မှာ အရောင်အဆင်းဖြင့် မျက်စိပသာဒ ကျက်သရေရှိသည်သာမက ဗုဒ္ဓ၏ ရောင်ခြည်တော်များသည် တစ်လောကလုံးအား အလင်းဆောင်ပေးခဲ့သည့်နည်းတူ ဤသာသနာ့အလံသည်လည်း လောကကို အလင်းဆောင်မည့်အလံဖော်ဟု စီစဉ်သူများက ခံယူကြသည်။

ယင်းအစည်းအဝေးတွင် တင်ပြသော အလံနမူနာမှာ အရောင်ခြောက်သွယ်ကို အလျားလိုက်ထားပြီး အလျားရှည်လှသဖြင့် ပုံစံမကျဖြစ်နေသည်။ အထူးသဖြင့် အလံတိုင်တွင် ထူသောအခါ အလံမှာ လွင့်မနေဘဲ အောက်စိုက်နေသဖြင့် ပန်မရဖြစ်နေသည်။ ထို့ကြောင့် ကာနယ်အောလ်ကော့က ရောင်ခြည်တော်ခြောက်သွယ်ကို တစ်သွယ်စီဒေါင်လိုက်စီပြီးမှ တစ်ဖန်ရောင်စဉ်ခြောက်စီတ်ပေါင်းပြီး တစ်သွယ်ထပ်မံစီသော အလံနမူနာကိုတင်ပြသည်။ ဤပုံသဏ္ဌာန်သည် ရောင်စဉ်ခြောက်သွယ် နှစ်ထပ်ကွမ်း ပါဝင်နေသဖြင့် အရောင်အဆင်း ပိုမိုမြိုင်ဆိုင်ပြီး ပသာဒတင့်တယ်ရုံမက အရွယ်မှာလည်း ယနေ့ ကမ္ဘာသုံးဖြစ်သော အလျားအနံ့အတိုင်းဖြစ်ရာ ပန်ရလှပေသည်။ ထို့ကြောင့် ကာနယ်အောလ်ကော့ တင်ပြသော အလံနမူနာကို ကိုလံဘိုအစည်းအဝေးတက်ရောက်ကြသူ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က တညီတညွတ်တည်း ထောက်ခံကြသည်။

ဤကား ၁၈၈၅ ခုနှစ် ဖြစ်သည်။ သာသနာ့အလံတော် ပေါက်ဖွားသော အချိန်ပေတည်း။

အခြားသောဘာသာများနည်းတူ သာသနာ့အလံတော် ပေါက်ဖွားနိုင်ပေမည်။ သို့ရာတွင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း တောင်ပိုင်းနှင့် မြောက်ပိုင်းဗုဒ္ဓဘာသာ ဟူ၍ ကမ္ဘာ့တိုင်းပြည်များတွင် ကွဲပြားနေသော ဗုဒ္ဓဘာသာတိုင်းပြည်အားလုံးက သာသနာ့အလံကို လက်ခံ အသိအမှတ်ပြုရန် ကျန်ရှိ... သေးသည်။ ဤတာဝန်မှာ ကမ္ဘာ့သာသနာပြုကြီး ကာနယ်အောလ်ကော့၏ ပခုံးပေါ်သို့ ကျရောက်လာလေသည်။

ထိုအချိန်တွင် ကာနယ်အော... ကော့သည် သီဟိုဠ် (သီရိလင်္ကာ) တွ... တွင် သာသနာပြုသည်။ ဗုဒ္ဓဂယာကို... လည်ရရှိရေးအတွက်လည်း အနာဂါ... ဓမ္မပါလနှင့် အထူးကြိုးပမ်းလျက်... သည်။ တစ်ပြိုင်နက်တည်းတွင် ... ကမ္ဘာလုံးရှိ တောင်ပိုင်းဗုဒ္ဓဘာသာ... မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်များအား... က လက်ခံနိုင်သော အခြေခံမူ (၁... ချက်ကို ရရှိအောင် စည်းရုံးကြိုးပမ်း... ချိန် ဖြစ်သည်။

သာသနာ့အလံတော်ကို အသိ... မှတ်ပြုရေး၊ ဗုဒ္ဓဘာသာအခြေခံမူ (၁... ချက်ကို လက်ခံအသိအမှတ်ပြုရေး... ဗုဒ္ဓဘာသာပြန်လည်ရရှိရေးကိစ္စ... ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်... အတွက် အိန္ဒိယပြည် စစ်တကော... ရခိုင်ပြည်နယ်နှင့် မြန်မာပြည်၊ တ... ပြည်၊ ဂျပန်ပြည်များသို့ အကြိမ်ကြိမ်... ထွက်ပြီးလျှင် ၎င်းတိုင်းပြည်များရှိ ... သာရေးခေါင်းဆောင်များ၊ ဆရာတော်... ကြီးများ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး... နှင့် ညှိနှိုင်း ဆွေးနွေးခဲ့သည်။

ဒါဂျီလင်မြို့ရှိ တိဗက်သံအ... မှတစ်ဆင့် ဆက်သွယ်၍ တိဗက်... များဆရာတော်နှင့် ညှိနှိုင်းခွင့်ရရှိခဲ့... တိဗက်ကိုယ်စားလှယ်များအား ... နာ့အလံကို နမူနာကို တင်ပြရာ တိ... ကိုယ်စားလှယ်များက ၎င်းတို့ ... ထားသော သာသနာ့အလံနှင့် တ... တည်းတူနေကြောင်း ဝန်ခံစကား... ကြား၍ ကာနယ်အောလ်ကော့၏ ... သနာ့အလံနမူနာကို ဗုဒ္ဓသာသနာ့... အဖြစ် ဝမ်းသာအားရ လက်ခံကြ...

ထို့အတူပင် ဂျပန်ပြည်သို့ ... လနှင့်အတူ သွားရောက်ပြီး ဂျပန်... ဗုဒ္ဓဘာသာဂိုဏ်းများဖြစ်သော ... ဂိုဏ်း၊ တင်ဒေဂိုဏ်း၊ ချင်ဂိုဏ်း၊ ... ဂိုဏ်း၊ ဂျိုဒိုဂိုဏ်း၊ ဂျိုရှုဂိုဏ်း အစရှိ... ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံအပြင် ဂျပ... ဘာသာလူငယ်များအသင်း (ဝိုင်အမ်... အေ) တို့နှင့်လည်း ဆွေးနွေးညှိနှိုင်း... ကာနယ်အောလ်ကော့နှင့် ဓမ္မပါလ... ၏ အရှိန်ကြောင့် ဂျပန်ပြည်တွင် ... ဘာသာ ပြန်လည် နိုးကြားလာကြော... ဝမ်းမြောက်ဝမ်းသာ ဝန်ခံပြော... သည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်သွားခရီးစဉ်၌ ဟောင်ကောင်သို့ ဝင်ရောက်ပြီး တရုတ်ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ ဆရာတော်ကြီးများထံသို့လည်း သာသနာရေးကိစ္စသုံးရပ်ကိုတင်ပြ၍ သြဝါဒခံယူသည်။ တရုတ်ဗုဒ္ဓဘာသာခေါင်းဆောင်များနှင့် ဆရာတော်ကြီးများက သာသနာ့အလံတော်ကို အသိအမှတ်ပြု လက်ခံကြသည်။

ယခုအခါ ဘင်္ဂလားဒေ့(ရှ်)ခေါ် စစ်တကောင်းတွင်ရှိသော ဗုဒ္ဓဘာသာကိုယ်စား ဂုဏမေရုဝိနည်းလင်္ကာရ ဆရာတော်က သာသနာ့အလံနှင့် ဗုဒ္ဓဘာသာအခြေခံမှု (၁၄) ချက်ကို အသိအမှတ်ပြုကြောင်း လက်မှတ်ရေးထိုးလေသည်။

သာသနာ့အလံ အသိအမှတ်ပြုရေးကိစ္စအပါအဝင် ဘာသာရေးကိစ္စသုံးရပ် ဆောင်ရွက်ရန်အတွက် မြန်မာပြည်သို့ ကာနယ်အောလ်ကော့ (၂) ကြိမ်လာခဲ့သည်။ ပထမအကြိမ်မှာ သီပေါမင်း၊ မိဖုရားတော်မမှုမိက သီပေါမင်းက ဖိတ်ကြား၍လာခြင်း ဖြစ်သည်။ ဗုဒ္ဓသာသနာ ညှိုးငယ်နေချိန်တွင် သီဟိုဠ်(သီရိလင်္ကာ) ၌ မျက်နှာဖြူများဖြစ်သော ကာနယ်အောလ်ကော့နှင့် မဒမ်ဘလာဗက်စကီတို့၏ သာသနာပြုလုပ်ငန်းများ အောင်မြင်နေကြောင်းကို အီတလီလူမျိုး ဒေါက်တာ အင်ထရိုနီထံမှတစ်ဆင့် သီပေါမင်း ကြားသိရသည်။ ထို့ကြောင့် ကာနယ်အောလ်ကော့နှင့် မဒမ်ဘလာဗက်စကီတို့အား အထက်မြန်မာပြည် မြန်မာ့ရွှေနန်းတော်သို့ ကြွရောက်ရန် ဒေါက်တာအင်ထရိုနီထံမှတစ်ဆင့် ဖိတ်ကြားသည်။ ဒေါက်တာအင်ထရိုနီမှာ သီအိုဆိုဖီအသင်းဝင်ဖြစ်ပြီး ကာနယ်အောလ်ကော့နှင့်ရင်းနှီးသူ ဖြစ်သည်။ သူသည် မြန်မာမှ အီတလီသို့ ပြန်လည်ရောက်ရှိသောအခါ မီလန်မြို့ သီအိုဆိုဖီအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူ ဖြစ်သည်။

ထို့ကြောင့် ကာနယ်အောလ်ကော့သည် လက်ဘီတာနှင့်အတူ မြန်မာပြည်သို့ ၁၈၈၅ ခုနှစ်တွင် ပထမအကြိမ် ရောက်ရှိလာသည်။ ၁၈၉၁ ခုနှစ်တွင် ဓမ္မပါလနှင့်အတူ ဒုတိယအကြိမ် ရောက်ရှိသည်။ဒုတိယအကြိမ်အရောက်တွင် ရန်ကုန်ရှိဘာသာရေးခေါင်းဆောင်များ၊ အောက်မြန်မာပြည်သာသနာပိုင်ဆရာတော်ဘုရားနှင့်တကွ အောက်မြန်မာပြည်ရှိ မအူပင်၊ ဝါးခယ်မ၊ ပန်းတနော်၊ ညောင်တုန်း စသောမြို့များရှိ ဆရာတော်ကြီးများထံ ချဉ်းကပ်၍ သြဝါဒခံယူသည်။ ပန်းတနော်မြို့သို့ ကာနယ်အောလ်ကော့ရောက်လာသောအခါ ဆိပ်ကမ်းတွင် သာသနာ့အလံတလူလူဖြင့် ကြိုဆိုကြသည်။

တစ်ချိန်တည်းမှာပင် ဟိန္ဒူဘာသာဝင်များလက်တွင်းသို့ ကျရောက်နေသော ဗုဒ္ဓဂယာမြေမြတ်ကို ပြန်လည်ရရှိရေးအတွက် အလှူငွေများကို ကောက်ခံသည်။ ဗုဒ္ဓဂယာ ပြန်လည်ရရှိရေးအတွက် ရည်ရွယ်ချက်ဖြင့် စတင်ဖွဲ့စည်းခဲ့သောမဟာဗောဓိအသင်းခေါင်းဆောင် အနာဂါရိကဓမ္မပါလလည်း ကာနယ်အောလ်ကော့နှင့်အတူ သာသနာရေးကိစ္စများကို ဆောင်ရွက်သည်။

ရှင်ဓမ္မပါလသည် ငယ်ရွယ်စဉ်အခါမှပင် သီဟိုဠ် (သီရိလင်္ကာ) ကျွန်းသီအိုဆိုဖီအသင်းနှင့် ဆက်သွယ်ပြီး သာသနာပြုရန် သန္နိဋ္ဌာန်ချထားသော ပုဂ္ဂိုလ် ဖြစ်သည်။ ထို့ကြောင့် မဟာဗောဓိအသင်းတည်ထောင်၍ ဗုဒ္ဓဂယာ ပြန်လည်ရရှိအောင် ဆောင်ရွက်သည်။ ကာနယ်အောလ်ကော့မှာ မဟာဗောဓိအသင်းတွင် အမှုဆောင်လူကြီးအဖြစ် ပါဝင်လျက်ရှိပြီး ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာဝင်များလက်တွင်းသို့ ပြန်လည်ရရှိရေးအတွက် ဓမ္မပါလနှင့် လက်တွဲဆောင်ရွက်နေခြင်း ဖြစ်သည်။ ရှင်ဓမ္မပါလသည် ကာနယ်အောလ်ကော့ သာသနာပြုခရီးထွက်ရာ တိုင်းပြည်များဖြစ်သော စစ်တကောင်း၊ မြန်မာ၊ တရုတ်၊ ဂျပန်ပြည်များသို့ ကာနယ်အောလ်ကော့၏ အရိပ်သဖွယ် လိုက်ပါခဲ့သည်။

အောက်မြန်မာပြည်မှဆရာတော်ကြီးများ၏ သြဝါဒကို ခံယူပြီးနောက် အင်္ဂလိပ်လက်အောက်သို့ ရောက်ခါစဖြစ်သော အထက်မြန်မာပြည်ရှိ ဆရာတော်ကြီးများ၏ သြဝါဒခံယူရန်အတွက် မန္တလေးမြို့သို့ ကာနယ်အောလ်ကော့ ခရီးဆက်ခဲ့သည်။ မန္တလေးမြို့တွင် သာသနာ့ ဦးစီးဦးကိုင်များ ဖြစ်သော သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်တကွ အောင်မြင်ရွှေဘုံဆရာတော်၊ မေဃဝတီဆရာတော်၊ မဏ္ဍရာဆရာတော်၊ ထီးလင်းဆရာတော်၊ မြတောင်ဆရာတော်၊ လှုထွေဆရာတော်နှင့် အခြားဆရာတော်ကြီးများ အပါအဝင် ဆရာတော် (၂၃) ပါးတို့ကို တွေ့ဆုံ ဖူးမြော်လျက် သာသနာ့အလံကိစ္စ၊ ဗုဒ္ဓဘာသာအခြေခံမှု (၁၄) ချက်ကိစ္စများကို တင်ပြပြီး သြဝါဒခံယူလေသည်။ ဆရာတော်ကြီးများအားလုံးလည်း ဝမ်းမြောက်ဝမ်းသာဖြင့် သာသနာ့အလံကို လက်ခံအသိအမှတ်ပြုပြီးလျှင် ဗုဒ္ဓဘာသာဝင်မှု (၁၄) ချက်ကို လက်ခံတော်မူကြောင်း လက်မှတ်ရေးထိုးကြသည်။ သာသနာပိုင်ဆရာတော်ဘုရားကြီးက ကာနယ်အောလ်ကော့အား ရွှေပိန်းချအဘိဓမ္မာပဋ္ဌာန်ကတ်ပေတစ်ဆူကို ဓမ္မလက်ဆောင်အဖြစ် ချီးမြှင့်တော်မူသည်။ ယင်းပေထုပ်မှာ သီအိုဆိုဖီဌာနချုပ်ရှိရာ အိန္ဒိယပြည် အက်ဒရာပြတိုက်တွင် ယနေ့အထိ ကောင်းစွာ သိမ်းဆည်းထားလျက်ပင် ရှိသေးသည်ကို တွေ့ရသည်။

ဗုဒ္ဓဘာသာတစ်နွယ်တည်းပင်ဖြစ်လင့်ကစား တောင်ပိုင်းနှင့် မြောက်ပိုင်း ဗုဒ္ဓဘာသာ အဆက်ပြတ် ကင်းကွာနေရာမှ ပထမဆုံးအကြိမ် ဤသာသနာ့အလံကြောင့် ပြန်လည်ထိတွေ့ဆုံစည်းခွင့်ရခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သမိုင်းတွင် ကာနယ်အောလ်ကော့သည် ထင်ရှားသော မှတ်တိုင်ကြီးကို စိုက်ထူနိုင်ခဲ့သည်။ သာသနာ့အလံမှ တစ်ဆင့်တက်၍ အခြေခံဗုဒ္ဓဘာသာမှု (၁၄) ချက်ကိုလည်း တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်အပေါင်းက ကြိုဆိုလက်ခံကြသည်။ (ယင်းအခြေခံဗုဒ္ဓဘာသာမှု ၁၄ ချက်နှင့် ပတ်သက်၍ ဆရာပါရဂူက မြဝတီမဂ္ဂဇင်းတွင် လည်းကောင်း၊ ဆရာမင်းယုဝေက ပုဂ္ဂိုလ်များ စာအုပ်တွင် လည်းကောင်း ရေးသားခဲ့ပြီးဖြစ်၍ ထပ်မံ ဖော်ပြတော့ပါ။)

ဤသို့သော ကာနယ်အောကော့၏ သာသနာပြုလုပ်ငန်းများကို ဂုဏ်ပြုသောအားဖြင့် မြန်မာပြည် သီအိုဆိုဖိအသင်းတိုက်ကို အောလ်ကော့မဟာရုံဟု အမည်ပေးထားသည်။ သီဟိုဠ်အစိုးရကမူ သာသနာ့အလံပြုခဲ့ခြင်း အထိမ်းအမှတ်အဖြစ် ၁၉၇၀ ပြည့်နှစ်တွင် သာသနာ့အလံနှင့်အတူ ကာနယ်အောလ်ကော့ပုံပါ ဖော်ပြထားသော တံဆိပ်ခေါင်းကို ထုတ်ဝေ၍ ဂုဏ်ပြုခဲ့သည်။

ဗုဒ္ဓမြတ်စွာသည် ဓမ္မဖြင့်လည်းကောင်း၊ ခြောက်သွယ်သောရောင်ခြည်တော်တို့ဖြင့် လည်းကောင်း၊ လောကအလင်းကို ဆောင်တော်မူခဲ့သည်။ ထို့အတူပင် ဗုဒ္ဓမြတ်စွာ၏ရောင်ခြည်တော် (၆) သွယ်ကို ကိုယ်စားပြုထားသော ဗုဒ္ဓသာသနာ့အလံသည်လည်း လောကအလင်းကို ဆက်လက် ဆောင်ရွက်လျက် ရှိနေမည်သာ ဖြစ်ပေသည်။

မောင်ကျော်တိုင်



www.burmeseclassic.com

www.burmeseclassic.com

## ယိုးဒယားတော်ဝင်မင်းသားကြီးနှင့် မြန်မာနိုင်ငံဥပဒေပြုကောင်စီ

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံသို့ ၁၉၃၆ ခုနှစ်တွင် အလည်အပတ်ရောက်ရှိခဲ့သော ယိုးဒယား တော်ဝင်မင်းသားကြီး ဒမ်ရောင်သည် ဥပဒေပြုကောင်စီအား လေ့လာခွင့်ရရှိခဲ့သည်။ မင်းသားကြီးဒမ်ရောင် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဗြိတိသျှကိုလိုနီအစိုးရသည် အုပ်ချုပ်ရေးစနစ်ပြောင်းလဲရန် စိုင်းပြင်းနေချိန်နှင့် ကြုံကြိုက်ခဲ့သည်။ စနစ်သစ် အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ မြန်မာတိုင်းရင်းသားများရော နိုင်ငံခြားသားများပါ စိတ်ဝင်စားစွာဖြင့်ဆွေးနွေးနေကြကြောင်း မင်းသားကြီးဒမ်ရောင်က သူ၏စာအုပ်တွင် ဖော်ပြခဲ့သည်။ ဆက်လက်၍ မင်းသားကြီးက တချို့သည် အုပ်ချုပ်ရေးစနစ်သစ်ကြောင့် ကောင်းမွန်သော အကျိုးရလဒ်များ ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်နေကြပြီး အချို့ကလည်း ဆိုးကျိုးများသာ ရရှိလိမ့်မည်ဟု ယူဆနေကြသည်ဟုလည်း မင်းသားကြီးက ဆိုသည်။ တစ်ဦးချင်းအလိုက်ရော အဖွဲ့အစည်းလိုက်ပါ စနစ်သစ်အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အယူအဆ အမျိုးမျိုးကွဲပြားနေသည်ကို သူမြင်ခဲ့ရကြောင်း မင်းသားကြီးက ဆိုပါသည်။

မင်းသားကြီးမရောက်ရှိမီက ကိုလိုနီအစိုးရသည် မြန်မာနိုင်ငံတွင် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ယင်းစနစ်အရ ဝန်ကြီးဌာနများကို နှစ်ပိုင်းခွဲထားကြောင်း၊ တစ်ပိုင်းက သီးသန့်ဌာနများ ဖြစ်ကြသော တပ်မတော်, ရဲအဖွဲ့, ဘဏ္ဍာရေးနှင့် နိုင်ငံခြားဆက်ဆံရေးတို့ကို ကိုင်တွယ်ကြောင်း၊ အခြားအပိုင်းမှာ လွှဲပြောင်းဌာနများဖြစ်ကြသော ပညာရေး, သစ်တော စသည်တို့ကို ကိုင်တွယ်ကြောင်း မင်းသားကြီးဒမ်ရောင်က သမိုင်းကြောင်းကို ဖော်ပြခဲ့သည်။ ဒိုင်အာခီစနစ်အရ ဥပဒေပြုရန်အတွက် ဥပဒေပြုကောင်စီ (Legislative Council) ထားရှိကြောင်း၊ ပြည်သူတို့အား ကိုယ်စားလှယ်အများစုကို ရွေးချယ်ခွင့်ပေးထားကြောင်း၊ ဥပဒေများကို မပြဋ္ဌာန်းမီ ဥပဒေပြုကောင်စီက အတည်ပြုရကြောင်းကိုလည်း မင်းသားကြီးဒမ်ရောင်က ဆိုပါသည်။

ဒိုင်အာခီစနစ်ကို ကျင့်သုံးစဉ်က (၁၀) နှစ်ကြာ စမ်းသပ်ပြီးနောက် အုပ်ချုပ်ရေးအာဏာကို တိုးမြှင့်ပေးမည် ဗြိတိသျှအစိုးရက ကြေညာခဲ့၏။ ယင်းကြေညာချက်နှင့်အညီ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှုဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ ယင်းဥပဒေအရ ပေါ်ထွက်လာသောအုပ်ချုပ်ရေးကို ၉၁ ဌာနအုပ်ချုပ်ရေးဟု ခေါ်တွင်ခြင်း ဖြစ်သည်။ မင်းသားကြီးဒမ်ရောင် ၁၉၃၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ် အုပ်ချုပ်ရေးသစ် ပြဋ္ဌာန်းရန် စိုင်းပြင်းနေသည် ဆိုခြင်းမှာ ၉၁ ဌာနအုပ်ချုပ်ရေးကို ဆိုလိုခြင်း ဖြစ်သည်။ အဆိုပါ ဥပဒေသစ်သည် ၁. ဧပြီ၊ ၁၉၃၇ ခုနှစ်တွင် အာဏာတည်မည် ဖြစ်သည်။

### ဥပဒေပြုကောင်စီ

မြန်မာနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေစဉ်အတွင်း မင်းသားကြီးဒမ်ရောင်သည် ၁၂၊ ဖေဖော်ဝါရီတွင် ဥပဒေပြုကောင်စီသို့ ရောက်ရှိလာခဲ့သည်။ ဥပဒေပြုကောင်စီအဆောက်အအုံသည် ဘုရင်ခံ၏အိမ်တော်ဝင်းအတွင်း တည်ရှိသည်ဟု သိရှိရသည်။ ဥပဒေပြုကောင်စီ အဆောက်အအုံသည် ကြီးမားပြီး တောင့်တင်းခိုင်မာကြောင်း ဗန်ကောက်မြို့ရှိ ကာကွယ်ရေးဝန်ကြီး





www.burmeseclassic.com

www.burmeseclassic.com

ဒုနအဆောက်အအုံနှင့် တူညီကြောင်း မင်းသားကြီးက ဆိုပါသည်။ အဆောက်အအုံ၏မျက်နှာစာသည် အစိုးရအိမ်တော်ဝင်းရှိ မြက်ခင်းကို မျက်နှာမူထားသည်။ ရာထူးအဆင့်မြင့်သူများ ဥပဒေပြုကောင်စီသို့ သွားရောက်သောအခါ ဝင်မဝင်ပေါက်မှတစ်ဆင့် တိုက်ရိုက်အားဖြင့်ဝင်ရောက်နိုင်သည်။ အခြားသူများမှာမူ မိမိတို့၏ကားများကို အပြင်တွင်ထားပြီး ခြေကျင်လျှောက်ဝင်ရ၏။

ဥပဒေပြုကောင်စီအဆောက်အအုံသည် တစ်ထပ်အဆောက်အအုံ ဖြစ်၏။ ယာယီ အသုံးပြုရန် ဆောက်လုပ်ထားဟန်ရှိသည်။ အတွင်းတွင် ဧည့်ခန်းမှီး တစ်ဖက်တစ်ချက်တွင် ဥက္ကဋ္ဌနှင့် အတွင်းဝန်ချုပ်တို့ကဲ့သို့သော ဥပဒေပြုကောင်စီအရာရှိများ၏ရုံးခန်းများ ရှိ၏။ ကြမ်းခင်းမှ အနည်းငယ်မြှင့်ထားသော နေရာတွင် ကုလားထိုင်ကြီးတစ်လုံးထားရှိသည်။ အပေါက်လမ်းကြောင်းအလွန်တွင် အထူးဧည့်သည်တော်များအတွက် ထိုင်ခုံများ ပြင်ဆင်ထားသည်။ ဥပဒေပြုကောင်စီဥက္ကဋ္ဌထိုင်ခုံ၏ ရှေ့တည့်တည့်တွင် စာအုပ်များတင်ထားသော စားပွဲကြီးတစ်ခုရှိသည်။ စာအုပ်များမှာ ကောင်စီဝင်များ အသုံးပြုရန်အတွက် ထားရှိသော ဥပဒေစာအုပ်များဖြစ်သည်ဟု သိရှိရသည်။ အတွင်းဝန်ချုပ်သည် ယင်းစားပွဲတွင် ထိုင်သည်ဟု မင်းသားကြီးက ဆို၏။ စည်းဝေးခန်း၏အလယ်ဗဟိုတွင် ကျယ်ပြန့်သောနေရာလွတ် ရှိသည်။ တစ်ဖက်တစ်ချက် ခုံရှည် (၃) တန်း ရှိသည်။ ခုံရှည်များ၏ရှေ့တွင် စာရေးစားပွဲများရှိသည်ဟုလည်း မင်းသားကြီးက မှတ်တမ်းတင်ထားသည်။ ယင်းထိုင်ခုံသည် ဥပဒေပြုအမတ်များထိုင်ရန် ဖြစ်သည်။

မင်းသားကြီးဒမ်ရောင် ဥပဒေပြုကောင်စီသို့ ဆိုက်ရောက်လာသောအခါ အတွင်းဝန်ချုပ်ဖြစ်သူ ဦးဘဒွန်းက တံခါးဝမှ ဆီးကြိုခဲ့သည်။ ထို့နောက် ဥပဒေပြုကောင်စီဥက္ကဋ္ဌ၏ လက်ယာဘက်ရှိ အထူးဧည့်သည်တော်များအတွက် စီစဉ်ထားသောနေရာတွင် နေရာယူရန် ဖိတ်ခေါ်သည်။ မင်းသားကြီးနှင့်အတူ ဦးအေး ဆိုသူလည်း အတူရှိနေသည်ဟု ဆိုသည်။ ဦးအေးမှာ အသက် (၃၀)ခန့်အရွယ်ရှိပြီး ဘုရင်ခံ၏အုပ်ချုပ်ရေးကောင်စီကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရသောကြောင့် ဥပဒေပြုကောင်စီမှနုတ်ထွက်သွားခြင်း ဖြစ်၏။

မင်းသားကြီးဒမ်ရောင် မြန်မာနိုင်ငံတွင်ရောက်ရှိနေစဉ်အတွင်း ဒိုင်အာခီ





www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်ရေးကို ကျင့်သုံးလျက်ပင်ရှိသေးသည်။ ဥပဒေပြုကောင်စီဝင် (၁၀၃) ဦးရှိပြီး အမျိုးအစား (၂) မျိုး ခွဲခြားထားသည်။ အဖွဲ့ဝင် (၈၀) ကို ပြည်သူက ရွေးချယ်သည်။ (၂၃) ဦးကို ဘုရင်ခံက ခန့်အပ်သည်။ ပြည်သူကရွေးချယ်သော အဖွဲ့ဝင်များမှာလည်း ပုံစံနှစ်မျိုး ရှိ၏။ ပုံစံတစ်မျိုးမှာ မဲဆန္ဒအလိုက် ကိုယ်စားလှယ်များကို တိုင်းရင်းသားတို့က ရွေးချယ်ခြင်း ဖြစ်သည်။ အခြားပုံစံတစ်မျိုးမှာ မြန်မာနိုင်ငံတွင်နေထိုင်သော နိုင်ငံခြားသားများအတွက် အုပ်စုအလိုက်ရွေးချယ်ခြင်း ဖြစ်သည်။ လူမျိုးစုတစ်စုသည် မိမိတို့လူမျိုးစုအလိုက် အချိုးကျ ကိုယ်စားလှယ်ရွေးခြင်း ဖြစ်သည်။ မင်းသားကြီးဒမ်ရောင်က ဥပဒေပြုကောင်စီဝင်များသည် ဥပဒေပြုကောင်စီအစည်းအဝေးများကို အပြည့်အဝတက်ရောက်ခြင်းမရှိကြောင်း၊ ထိုင်ခုံနေရာအများအပြားလွတ်နေသည်ကို သူ မြင်တွေ့ခဲ့ရသည်ဟု မင်းသားကြီးက ဆိုသည်။

မင်းသားကြီးသည် ဥပဒေပြုကောင်စီအတွင်း ကောင်စီဝင်များထိုင်သည့်အစီအစဉ်ကိုပါ ဖော်ပြသည်။ ဝန်ကြီးဌာနအကြီးအကဲများက လက်ယာဘက်ရှိ ထိပ်ဆုံးထိုင်ခုံတွင်ထိုင်ကြောင်း၊ သူတို့၏နောက်တွင် ဘုရင်ခံကအဆိုပြုသော ကောင်စီဝင်များနှင့် လူမျိုးအလိုက်ရွေးချယ်သောအဖွဲ့ဝင်များက ထိုင်ကြောင်း၊ လက်ယာဘက်ရှိ ထိုင်ခုံများဖြစ်ကြောင်း၊ ဥက္ကဋ္ဌ၏လက်ဝဲဘက်တွင် ပြည်သူ့ကိုယ်စားလှယ်များက ထိုင်ကြောင်း၊ ဤသည်မှာ ဗြိတိသျှပါလီမန်ထုံးစလေ့ကို ယူထားခြင်းဖြစ်ကြောင်း၊ ဆိုလိုသည်မှာ အစိုးရပါတီက လက်ယာဘက်တွင်ထိုင်ပြီး အတိုက်အခံက လက်ဝဲဘက်တွင် ထိုင်သည့်ပုံစံဖြစ်ကြောင်း မင်းသားကြီးက မှတ်ချက်ပြုသည်။

ဥပဒေပြုကောင်စီတွင် ကရင်တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်သော အုပ်စုတစ်စုလည်း ရှိသည်။ ယင်းတို့သည် ရှေ့တန်းတွင် ကန့်လန့်ဖြတ်ထိုင်နေကြရာ မည်သည့်ဘက်မျှ မပါဝင်ကြောင်း ပြသနေသည်ဟု မင်းသားကြီးက ဆိုပါသည်။ ဦးအေး၏ပြောပြချက်အရ ထိုစဉ်က မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီ (၅) ပါတီရှိကြောင်း သိရှိရသည်။ ယင်းပါတီတို့မှာ အင်ဒီပင်းဒင့်ပါတီ၊ ပြည်သူ့ပါတီ၊ ကရင်ပါတီနှင့် အခြား နှစ်ပါတီတို့ ဖြစ်သည်။ မင်းသားကြီးက မော်လမြိုင်မှ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးကိုလည်း မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။ နိုင်ငံခြားသား ကောင်စီအဖွဲ့ဝင်များသည် ယင်းတို့၏ ပါတီအမည်များကို လူမျိုးအလိုက်ခေါ်ဝေါ်နေကြသည်ဟုလည်း မင်းသားကြီးက ဆိုပါသည်။

မင်းသားကြီး ဥပဒေပြုကောင်စီသို့ ရောက်ရှိသည့်နေ့တွင် ကျင်းပသည့် အစီအစဉ်မှာ ပဉ္စမမြောက် ဂျော့ဘုရင် (King George V) နတ်ရွာစံသည့်အတွက် ဝမ်းနည်းကြောင်း ဖော်ပြသည့် အစီအစဉ်နှင့် ဂျော့ဘုရင်ကို ဆက်ခံသူ အဋ္ဌမမြောက် အက်ဒဝပ်ဘုရင် (King Edward VIII) ကို သစ္စာခံယူသည့်အစီအစဉ်တို့ပင် ဖြစ်သည်။ ဥပဒေပြုကောင်စီအစည်းအဝေး စတင်ချိန်တွင် မြန်မာဝတ်စုံကို ဝတ်ဆင်ထားသူ အရာထမ်းတစ်ဦးက ဥက္ကဋ္ဌ၏ကျိုင်းကိုကိုင်ဆောင်လာသည်။ ယင်းကျိုင်းသည် အရှည်အားဖြင့် မီတာဝက်ခန့် ရှိသည်။ ကျိုင်းတော်ကိုင်က ဦးဆောင်ဝင်ရောက်လာပြီး သူ၏နောက်က ဥက္ကဋ္ဌဖြစ်သူ ဦးချစ်လှိုင်က လိုက်ပါလာသည်။ ဥက္ကဋ္ဌသည် လုံချည်ဝတ်ဆင်ထားပြီး အနက်ရောင်တိုက်ပုံကိုလည်း ဝတ်ဆင်ထားသည်။ ဦးခေါင်းတွင် ခေါင်းပေါင်းပါရှိပြီး အင်္ဂလိပ်ဝတ်လုံတို့ဝတ်ဆင်သော အနက်ရောင်ဝတ်ရုံကိုလည်း ဝတ်ဆင်ထားသည်။

ဥက္ကဋ္ဌ ဝင်ရောက်လာသောအခါ အဖွဲ့ဝင်အားလုံးက မတ်တတ်ရပ်ပြီး အလေးပြုကြသည်။ ဥက္ကဋ္ဌမှာ သူ၏နေရာတွင် ဝင်ရောက်နေရာယူသည်။ ကျိုင်းတော်ကိုင်မှာ ဥက္ကဋ္ဌ၏ လက်ယာဘက်တွင်ထိုင်ပါသည်။ သူသည် အစည်းအဝေးကျင်းပစဉ် ကာလတစ်လျှောက်လုံး ကျိုင်းကို ကိုင်ဆောင်ထားကြောင်း မင်းသားကြီး ဒမ်ရောင်က ဖော်ပြသည်။ ဦးချစ်လှိုင်သည် ယခင်က သာမန်ဥပဒေပြုကောင်စီဝင်တစ်ဦးဖြစ်ပြီး မြန်မာလူမျိုးတို့အား နိုင်ငံရေးလှုံ့ဆော်ရာတွင် တက်ကြွစွာပါဝင်ခဲ့သဖြင့် အစိုးရက သူ့အားဖမ်းဆီးပြီး အနည်းဆုံး တစ်ကြိမ်ထောင်ချခဲ့ကြောင်း၊ ဒိုင်အာခီစနစ်အရ ဥပဒေပြုကောင်စီ ဖွဲ့စည်းတည်ထောင်သောအခါ မြန်မာနိုင်ငံရေးသမားတို့က သူ၏လုပ်ဆောင်ချက်များကို အမှတ်ရသောအားဖြင့် ဥပဒေပြုကောင်စီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဗြိတိသျှတို့က သူ့အား ပြောကြားခဲ့သည်ဟု မင်းသားကြီးဒမ်ရောင်က ပြန်လည်ပြောပြသည်။ မင်းသားကြီးနှင့်တွေ့ဆုံစဉ်က ဦးချစ်လှိုင်သည် အသက် (၅၀) ခန့်ရှိ ရည်ရည်မွန်မွန်ရှိသည်ဟု ဆိုသည်။

ဥပဒေပြုကောင်စီ စတင်သည်နှင့်တစ်ပြိုင်နက် ကောင်စီဝင်သစ် (၅) ဦးက ကျမ်းသစ္စာကျိန်ဆိုကြသည်။ အတွင်းဝန်ချုပ်က သူတို့၏အမည်များကို ခေါ်ပြီး တစ်ဦးချင်းစီအလိုက် သူတို့၏ ယုံကြည်ကိုးကွယ်မှုအလိုက် ကျမ်းကျိန်ရသည်။ ဥပဒေပြုကောင်စီတွင် အင်္ဂလိပ်ဘာသာစကားကို သုံးစွဲသည်ဟု သိရှိရသည်။ ဥပဒေပြုကောင်စီဥက္ကဋ္ဌက အစည်းအဝေးအစီအစဉ်ကို ကြေညာသည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီး ဆာမောင်ဘက ဝန်ကြီးများကိုယ်စား ပဉ္စမမြောက်ဂျော့ဘုရင် နတ်ရွာစံသည့်အတွက် ဝမ်းနည်းကြောင်းနှင့် ဘုရင်သစ် အဋ္ဌမမြောက် အက်ဒဝပ်အတွက် ဆုမွန်ကောင်းတောင်းခြင်းနှင့် သစ္စာတော်ခံယူခြင်းတို့ကို ကြေညာသည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီးက သူ၏ ကြေညာချက်ကိုအခြေခံသော အဆိုပြုချက်အား ထောက်ခံပါရန် ဥပဒေပြုကောင်စီအား ပန်ကြားသည်။ ပါတီခေါင်းဆောင်များက မတ်တတ်ရပ်၍ သူတို့ပါတီများ၏ကိုယ်စား အဆိုကိုထောက်ခံပြီး နတ်ရွာစံဘုရင်အား ဂုဏ်ပြုစကားများကို ပြောကြားကြသည်။ ပါတီအားလုံး၏အလှည့်ပြီးဆုံးသည့်နောက် ဥက္ကဋ္ဌက အဆိုကို တညီတညွတ်တည်း အတည်ပြုကြောင်း ကြေညာပါသည်။ ထို့နောက် ဥပဒေပြုကောင်စီ အစည်းအဝေးလည်း ပြီးဆုံးသွားပါသည်။

အထက်ပါတို့မှာ ၁၉၃၆ ခုနှစ်က မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သော ယိုးဒယား တော်ဝင်မင်းသားကြီး ဒမ်ရောင်က သူ လေ့လာခဲ့ရသည့် ကိုလိုနီခေတ် မြန်မာနိုင်ငံ ဥပဒေပြုကောင်စီ၏မြင်ကွင်းများကို တင်ပြခြင်း ဖြစ်သည်။ မင်းသားကြီး၏ဖော်ပြချက်များအရ ဗြိတိသျှတို့ ထိုစဉ်က ကျင့်သုံးခဲ့သော ဒိုင်အာခီ အုပ်ချုပ်ရေးစနစ်၊ ဥပဒေပြုကောင်စီ၊ မြန်မာနိုင်ငံရေးပါတီများ၊ မြန်မာနိုင်ငံရေးအခြေအနေတို့ကို သိရှိရပါသဖြင့် အကျိုးများကြောင်း တင်ပြလိုက်ပါသည်။

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

*Ref; Journey Through Burma in 1936, Bangok, River Books, 1991.*



www.burmeseclassic.com

www.burmeseclassic.com

### ထူးဆန်းအံ့ဩဖွယ် အိပ်မက်အရ ရရှိသော

# ကျောက်လက်ဝါး

## လှထွန်း(အောင်လံ)

ကျွန်တော်တို့ လူ့ဘဝတွင် ထူးဆန်းအံ့ဩဖွယ်ရာများမှာ အလွန်မှပင် ပြည့်နှက်လျက် ရှိသည်။ မိမိတို့ မသိနိုင်သော ဘဝအဆက်ဆက်က အဖြစ်အပျက်တို့သည်လည်း ယခုလက်ရှိ ပစ္စုပ္ပန်ဘဝတွင်မက နောင်သံသရာအထိပင် ဆက်နွယ်ပတ်သက်နေကြရခြင်း ဖြစ်ပါသည်။ ထို့အတွက် 'ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း' ဆိုသကဲ့သို့ ကိုယ်ကျင့်တရားကောင်းမှုများ၊ ကုသိုလ်တရားကောင်းမှုများကို နောင်သံသရာဘဝအဆက်ဆက် ကောင်းရန်အတွက် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ဗုဒ္ဓစာပေများမှာ လေ့လာသိရှိရပါသည်။ ထိုကောင်းမှုကုသိုလ်ကံများအရ ယခုပစ္စုပ္ပန်ဘဝတွင်ပါ ကောင်းကျိုးပဋ္ဌာန်းဆက်များကို ရရှိခံစားနေကြရသူများမှာ များစွာ ရှိပါ၏။ ယခု ခံစားနေရသော ကောင်းကျိုးအဖြာဖြာကို နောင်ဘဝသံသရာအဆက်ဆက် ရရှိခံစားစေရန်အတွက် လောဘ, ဒေါသ, မောဟကင်းသော၊ သီလပြည့်စုံသော အကျင့်စရဏများကို ကြိုးစားအားထုတ်လိုက်နာကျင့်သုံး၍ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြရမည်မှာ မလွဲဧကန် အမှန်ပင် ဖြစ်ပါသည်။

ဤသို့ ကုသိုလ်ကောင်းမှု စရဏအကျင့်များကြောင့် ယခင်အတိတ်ဘဝက ကောင်းကျိုးအဆက်ဆက်များ ပြန်သည် ပေါ်ထွန်းလာတတ်ကြောင်းကိုလည်း စာအုပ်စာပေများတွင် ဖတ်ရှုနေရပါသည်။


ယခုလည်း ယခင်ဘဝ အတိတ်က ကောင်းမှုပဋ္ဌာန်းဆက်များကြောင့် မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ ကြက်ရိုးလေးကျေးရွာတွင် နေထိုင်လျက် တောင်သူတစ်ပိုင်း အကြောပြင် (အနှိပ်)ဆရာအဖြစ်လုပ်ကိုင်နေသော အဘဦးရွှေမင်းထံသို့ ထူးဆန်းအံ့ဩဖွယ် ကျောက်လက်ဝါး ရောက်ရှိလာပုံကို သွားရောက် စုံစမ်း မေးမြန်းဖြစ်ခဲ့ပါသည်။

အဘဦးရွှေမင်းက သူ့ဘဝအကြောင်းကို ယခုလို စတင် ပြောပြပါသည်။

"အဘ အမည်က ဦးရွှေမင်းပါ။ အဘ အသက် အခု (၆၈) နှစ် ရှိပါပြီ။ ဇာတိကတော့ ဒီကြက်ရိုးလေးကျေးရွာမှာ မွေးဖွားပါတယ်။ အလုပ်အကိုင်ကတော့ တောင်သူလည်းလုပ်တယ်၊ အကြောပြင်, အနှိပ်ဆရာလည်း လုပ်ပါတယ်"

"ခု အဘထံမှာရှိနေတဲ့ကျောက်လက်ဝါးကို ဘယ်လိုရရှိခဲ့တာလဲ ဆိုတာ ပြောပြပါဦး အဘ"

"အဘကိုအိပ်မက်ပေးတာ။ အဘယာခင်းရဲ့ မြောက်ဘက်မှာ ညောင်ပင်ကြီးရှိတယ်၊ အဲဒီညောင်ပင်အောက်မှာ ဒီကျောက်လက်ဝါးကို သွားယူပြီး (၇) ရက်သားသမီးတွေကို ကယ်တင်ကုသ




အိပ်မက်အရ ရရှိသော ထူးဆန်းအံ့ဩဖွယ် ကျောက်လက်ဝါး ရွှေဘက်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်အရ ရရှိသော
ထူးဆန်းအံ့ဩဖွယ်
ကျောက်လက်ဝါး
နောက်ဘက်ပုံ

ပေးရမယ်လို့ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ထူးတွေကပြောတာ။ အဘလည်း အိပ်မက်ကနိုးသွားခဲ့တယ်။ အဲဒီအိပ်မက် မက်ပြီးတော့ နောက်တစ်နေ့ ယာခင်းထဲသွားရင်း ညောင်ပင်ခြေမှာ သွားကြည့်တော့ ဒီကျောက်လက်ဝါးကို မြေထဲကနေ ထွက်ပေါ်နေတာ တွေ့ရတယ်"

"အဘ- ဒီကျောက်လက်ဝါးကို ချက်ချင်းယူခဲ့တာလား"

"အဘ ဘဝမှာ အခုလို ထူးဆန်းအံ့ဩစရာကောင်းတဲ့ အိပ်မက်ရယ်၊ အိပ်မက်ထဲကအတိုင်း ဒီကျောက်လက်ဝါးကို တွေ့ရတော့ စိတ်ထဲမှာ အရမ်းအံ့ဩပြီး ချက်ချင်းမယူရဲသေးဘူး။ အဲဒီအတိုင်း ညောင်ပင်အောက်မှာ ပြန်ထားခဲ့တယ်"

"ဒီကျောက်လက်ဝါးကို အဘ ဘယ်လိုယူဖြစ်ခဲ့တာလဲ"

"အဘစိတ်ထဲမှာ ယူရကောင်းနိုးနိုး၊ မယူရကောင်းနိုးနိုးနဲ့ ဒွိဟဖြစ်နေခဲ့တယ်။ အဘက အောင်လံမြို့ပေါ်မှာလည်း အကြောပြင် အနှိပ်ခေါ်တဲ့အခါ သွားနှိပ်ရင်းနဲ့ အခု ဦးစိန်ဝင်း(ကုန်သည်ကြီးများအသင်း ဒုဥက္ကဋ္ဌ)ကို ဒီကျောက်လက်ဝါးအကြောင်းပြောပြတော့ ဦးစိန်ဝင်းက အဘကို ပေးတာယူလိုက်ပါ၊ အိပ်မက်ထဲကပြောတဲ့အတိုင်း အဲဒီကျောက်လက်ဝါးနဲ့ (၇) ရက်သားသမီးတွေကို ကယ်တင် ကုသပေးလိုက်ပါ... ပြောတဲ့အတွက် အဘ ဒီကျောက်လက်ဝါးကို သွားပြီးယူခဲ့ပါတယ်"

"ကျောက်လက်ဝါးရဲ့ထူးခြားချက်တွေရှိရင် ပြောပြပါဦး အဘ"

"အခု မြင်ရတဲ့အတိုင်း လက်ချောင်းပုံ ဒီကျောက်လက်ဝါးကို ဓာတ်မီးနဲ့ထိုးကြည့်ရင် လက်ချောင်းထိပ်တွေမှာ လက်သည်းခွံတွေကို မြင်ရပါတယ်။ လက်ဝါးပြင်ကိုထိုးကြည့်ရင်လည်း သွေးကြောတွေကို တွေ့ရပါတယ်။ လက်အမြင့်က (၅)လက်မ၊ အကျယ်က (၂...) လက်မ ရှိတယ်။ ဒီကျောက်လက်ဝါး... ရှိပြီးကတည်းက အကြောလွဲနေသူ... ဇက်ကြောတက်သူတွေ၊ ခေါင်းကိုက်... နေသူတွေကို စမ်းသပ် ကုသကြည့်တာ ပျောက်ကင်းကြောင်း တွေ့ရပါတယ်။ အဲဒါကြောင့် အဘ ယခင်က အကြော... နှိပ်၊ အကြောပြင်တာ (၃၀၀၀) ကျပ်... ယူတယ်။ အခု အဘ အခကြေးငွေ... မကုတော့ဘူး၊ (၇)ရက်သားသမီးတွေ... ဒီကျောက်လက်ဝါးနဲ့ မေတ္တာနဲ့ကု... မယ်။ သဒ္ဓါသရွေ့ ပေးကမ်းတာ... ယူတော့မယ်လို့ ဆုံးဖြတ်ထားပါတယ်"

"အဘရဲ့ စရဏတရားအားထုတ်ပုံရှိရင် ပြောပြပါဦး"

"အဘ အဓိက စရဏအကျင့်... တော့ သမ္ဗုဒ္ဓေကို အိပ်ရာထ(၁၀)ခေါက်၊ အိပ်ရာဝင် (၁၀) ခေါက် နေ့စဉ် မပျက်... ရွတ်ဖတ်လာတာ (၂၇) နှစ် ရှိပါပြီ"

ယခု တွေ့မြင်ရသော ကျောက်... လက်ဝါးကို အဘဦးရွှေမင်း (ကြက်... လေးကျေးရွာ) ထံတွင် စိတ်ပါဝင်စား... လေ့လာချင်သူများ သွားရောက်ကြည့်... ရှုနိုင်ကြပါသည်။ ရောဂါဝေဒနာရှင်... ကိုလည်း မေတ္တာဖြင့် ကုသပေးမည်... ကြောင်းလည်း သိရှိရသည်။ အဘဦးရွှေမင်း၊ ကြက်ရုံးလေးကျေးရွာ သို့မဟုတ် ဦးစိန်လင်း (ကုန်သည်ကြီးများအသင်း ဒု-ဥက္ကဋ္ဌ) ဖုန်း- ၀၆၉ ၂၀၀ ၁၇၄၊ ... ၃၃၀ ၁၇၄၊ ကန်ကြီးရပ်ကွက်၊ (၅) ... အောင်လံမြို့သို့ ဆက်သွယ် စုံစမ်း... မြန်းနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ထူးဆန်း အံ့ဩ... ကျောက်လက်ဝါးအကြောင်းကို စာဖတ်... သူများလေ့လာသိရှိနိုင်ရန် သုရဿမဂ္ဂဇင်း... မှတစ်ဆင့် ရေးသား တင်ပြလိုက်... တော့သည်။

လှထွန်း (အောင်လံ...)

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ မတ်လအတွက်

# မနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ မနသိဒ္ဓိနက္ခတ် လင်္ဂဖြတ်ချိန်၊ မနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာ မန္တန် ရွတ်ဖတ်ပူဇော်ခြင်းတို့ကို၊ အထူးသဖြင့် မဟာဝေဒပွမန္တန်ကြီး အပါအဝင် မနံ လာဘံ ဂါထာမန္တန်များအား ရွတ်ဖတ်အားထုတ်ပါလျှင် ထူးကဲသော အကျိုးကျေးဇူးကောင်းကို ခံစားရမည်မှာ အသေအချာ ဖြစ်သည်။ ၆- ၃- ၂၀၁၃ နေ့ နံနက် (၁၀း၃၅) နာရီမှ ၇- ၃- ၂၀၁၃ နေ့ နေ့လယ် (၁၂း၄၈) နာရီအထိ မနသိဒ္ဓိနက္ခတ်သည် စန်းနှင့်ယှဉ်နေမည်ဖြစ်ပြီး ၇- ၃- ၂၀၁၃ နေ့ နံနက် (၈း၅၅) နာရီမှ (၁၀း၁၉) နာရီအတွင်း မနသိဒ္ဓိနက္ခတ်ကို လင်္ဂဖြတ်သန်းမည်ဖြစ်လျက် ၇- ၃- ၂၀၁၃ နေ့ နံနက် (၉း၄၁) နာရီမှ (၁၀း၃၀) နာရီအတွင်းမှာ မနသိဒ္ဓိနက္ခတ်ကို မွန်းတည့်မျဉ်းဖြတ်သန်းမည် ဖြစ်ပါသည်။

| လင်္ဂဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းချိန်ဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၉း ၁၈း ၅၂ | ၁၀း ၄၆း ၅၀ | ၁ | ၁၀း ၀၅း ၄၂ | ၁၀း ၅၃း ၂၀ |
| ၂ | ၉း ၁၄း ၅၆ | ၁၀း ၄၂း ၅၄ | ၂ | ၁၀း ၀၁း ၄၆ | ၁၀း ၄၉း ၂၄ |
| ၃ | ၉း ၁၁း ၀၀ | ၁၀း ၃၈း ၅၈ | ၃ | ၉း ၅၇း ၅၀ | ၁၀း ၄၅း ၂၈ |
| ၄ | ၉း ၀၇း ၀၄ | ၁၀း ၃၄း ၀၂ | ၄ | ၉း ၅၃း ၅၄ | ၁၀း ၄၁း ၃၂ |
| ၅ | ၉း ၀၃း ၀၈ | ၁၀း ၃၀း ၀၆ | ၅ | ၉း ၄၉း ၅၈ | ၁၀း ၃၇း ၃၆ |
| ၆ | ၈း ၅၉း ၁၂ | ၁၀း ၂၆း ၁၀ | ၆ | ၉း ၄၆း ၀၂ | ၁၀း ၃၃း ၄၀ |
| ၇ | ၈း ၅၅း ၁၆ | ၁၀း ၂၂း ၁၄ | ၇ | ၉း ၄၁း ၀၆ | ၁၀း ၂၉း ၄၄ |
| ၈ | ၈း ၅၁း ၂၀ | ၁၀း ၁၈း ၁၈ | ၈ | ၉း ၃၇း ၁၀ | ၁၀း ၂၅း ၄၈ |
| ၉ | ၈း ၄၇း ၂၄ | ၁၀း ၁၄း ၂၂ | ၉ | ၉း ၃၃း ၁၄ | ၁၀း ၂၀း ၅၂ |
| ၁၀ | ၈း ၄၃း ၂၈ | ၁၀း ၁၀း ၂၆ | ၁၀ | ၉း ၂၉း ၁၈ | ၁၀း ၁၇း ၅၆ |
| ၁၁ | ၈း ၃၉း ၃၂ | ၁၀း ၀၂း ၃၄ | ၁၁ | ၉း ၂၅း ၂၂ | ၁၀း ၁၄း ၀၀ |
| ၁၂ | ၈း ၃၅း ၃၆ | ၉း ၅၈း ၃၈ | ၁၂ | ၉း ၂၁း ၂၆ | ၁၀း ၁၀း ၀၄ |
| ၁၃ | ၈း ၃၁း ၄၀ | ၉း ၅၄း ၄၂ | ၁၃ | ၉း ၁၇း ၃၀ | ၁၀း ၀၆း ၀၈ |
| ၁၄ | ၈း ၂၇း ၄၄ | ၉း ၅၀း ၄၆ | ၁၄ | ၉း ၁၃း ၃၄ | ၁၀း ၀၂း ၁၂ |
| ၁၅ | ၈း ၂၃း ၄၈ | ၉း ၄၆း ၅၀ | ၁၅ | ၉း ၀၉း ၃၈ | ၉း ၅၈း ၁၆ |
| ၁၆ | ၈း ၁၉း ၅၄ | ၉း ၄၂း ၅၄ | ၁၆ | ၉း ၀၅း ၄၂ | ၉း ၅၄း ၂၀ |
| ၁၇ | ၈း ၁၅း ၅၈ | ၉း ၃၈း ၅၈ | ၁၇ | ၉း ၀၁း ၄၆ | ၉း ၅၀း ၂၄ |
| ၁၈ | ၈း ၁၁း ၀၂ | ၉း ၃၄း ၀၂ | ၁၈ | ၈း ၅၇း ၅၀ | ၉း ၄၆း ၂၈ |
| ၁၉ | ၈း ၀၇း ၀၆ | ၉း ၃၀း ၀၆ | ၁၉ | ၈း ၅၃း ၅၄ | ၉း ၄၂း ၃၂ |
| ၂၀ | ၈း ၀၃း ၁၀ | ၉း ၂၆း ၁၀ | ၂၀ | ၈း ၄၉း ၅၈ | ၉း ၃၈း ၃၆ |
| ၂၁ | ၇း ၅၉း ၁၄ | ၉း ၂၂း ၁၄ | ၂၁ | ၈း ၄၆း ၀၂ | ၉း ၃၄း ၄၂ |
| ၂၂ | ၇း ၅၅း ၁၈ | ၉း ၁၈း ၁၈ | ၂၂ | ၈း ၄၁း ၀၆ | ၉း ၃၀း ၄၆ |
| ၂၃ | ၇း ၅၁း ၂၂ | ၉း ၁၄း ၂၂ | ၂၃ | ၈း ၃၇း ၁၀ | ၉း ၂၆း ၅၀ |
| ၂၄ | ၇း ၄၇း ၂၆ | ၉း ၁၀း ၂၆ | ၂၄ | ၈း ၃၃း ၀၄ | ၉း ၂၂း ၅၄ |
| ၂၅ | ၇း ၄၃း ၃၀ | ၉း ၀၆း ၃၀ | ၂၅ | ၈း ၂၉း ၀၈ | ၉း ၁၈း ၅၈ |
| ၂၆ | ၇း ၃၉း ၃၆ | ၉း ၀၂း ၃၄ | ၂၆ | ၈း ၂၅း ၁၂ | ၉း ၁၄း ၀၂ |
| ၂၇ | ၇း ၃၅း ၄၀ | ၈း ၅၈း ၃၈ | ၂၇ | ၈း ၂၁း ၁၆ | ၉း-၁၀း ၀၆ |
| ၂၈ | ၇း ၃၁း ၄၄ | ၈း ၅၄း ၄၂ | ၂၈ | ၈း ၁၇း ၂၀ | ၉း ၀၆း ၁၀ |
| ၂၉ | ၇း ၂၇း ၄၈ | ၈း ၅၀း ၄၆ | ၂၉ | ၈း ၁၃း ၂၄ | ၉း ၀၂း ၁၄ |
| ၃၀ | ၇း ၂၃း ၅၄ | ၈း ၄၆း ၅၀ | ၃၀ | ၈း ၀၉း ၂၈ | ၈း ၅၈း ၁၈ |
| ၃၁ | ၇း ၁၉း ၅၈ | ၈း ၄၂း ၅၄ | ၃၁ | ၈း ၀၅း ၃၂ | ၈း ၅၄း ၂၂ |



www.burmeseclassic.com

www.burmeseclassic.com



## တိုက်ခံအိမ်

ကိုချမ်း (သေး-၂)

ဘယ်တော့မှ မပြောင်းလဲတတ်ဘူး ဆိုတဲ့ အခိုင်မာဆုံး မဟာပထဝီမြေကြီးတောင် သွက်သွက်ခါပြီး အက်ကွဲထွက်နေမှ ဘာကို ယုံစား အားကိုးနေတော့မှာလဲ။

❂

"ငါ့ကိုယုံပါ ခင်မရယ်။ ငါ နင်ကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး။ အဲ- ငါ့စိတ်ထဲမှာ နှစ်ခုပဲရှိတယ်။ တစ်ခုက နင်၊ တစ်ခုက အလုပ်။ အလုပ်ဆိုတာကလည်း နင်နဲ့မြန်မြန်နီးဖို့ ကြိုးစားလုပ်နေရတာဆိုတော့ အဲဒါလည်း နင်ပဲပေါ့ဟာ"

ခင်မ ပြုံးလာတယ်။ ခေါင်းငုံ့ထားရင်း မြေကြီးကိုကြည့်ပြီး ပြုံးလိုက်တာပေမယ့် အောင်မိုး ကောင်းကောင်းမြင်လိုက်တယ်။ ဒါနဲ့ အရဲကိုးပြီး ခင်မပခုံးကို လှမ်းဆုပ်လိုက်တယ်။ ခင်မက ဖျတ်ခနဲ သူ့လက်ကိုပုတ်ချပြီး-

"သွား၊ ခုမှလာချော့မနေနဲ့။ မယုံဘူး"

"ယုံပါ ခင်မရာ"

ခင်မ ခေါင်းမော့လာရင်း အောင်မိုးကို စိုက်ကြည့်တယ်။

"ဒါဆို နင်ကျိန်"

လို့လည်း ခပ်ပြတ်ပြတ် ပြောတယ်။

"အေးဟာ ကျိန်တယ်။ ဘုရားစူး၊ မြွေပွေးထိ"

"ဟဲ့ - နင်က တောထဲတောင်ထဲ သွားနေရတာ၊ အဲဒီအကောင် မပါစေနဲ့။ မတော် တကယ်ကိုက်နေမှ"

အောင်မိုး ရယ်လိုက်တယ်။ ဒီလိုတော့ ခင်မ သူ့ကို စိုးရိမ်ဖော်ရသား။ ချစ်သူချင်းပဲလေ၊ ဘယ်မုန်းနိုင်ကြမှာလဲ။

ပြီးတော့ သူတို့က ငယ်ပေါင်းတွေ။ ရွာထိပ်က ရွှေဘုံသာဘုန်းကြီးကျောင်းမှာ အတူစာအံခဲ့၊ ရွာမူလတန်းကျောင်းလေးမှာ အတူစာသင်ခဲ့ကြသူတွေ၊ ရွာဗိုဒီယိုရုံမှာ တိုးဝှေ့ထိုင်ပြီးကြည့်ခဲ့ကြသူတွေပဲဟာ။

ခင်မ သက်ပြင်းအသာချပြီးခေါင်း
ငုံ့နေတယ်။ အဲဒီလို ငုံ့လိုက်တော့မှ ထိန်း
ထားတဲ့ မျက်ရည်ပေါက်က တောက်ခနဲ
မြေပေါ်က လက်ပံပွင့်ပေါ်ကို ကျသွား
တယ်။

"ခင်မကလည်းဟာ၊ နင် အဲဒီလို
ငိုတော့ ငါ ဘယ်စိတ်ကောင်းပါ့မလဲ
စိတ်ချပါလို့ပဲ ငါပြောတတ်တော့တယ်။
အလုပ်ကတော့ သွားလုပ်ရဦးမှာပဲ
သူများရွာဆိုပေမယ့် တို့ရွာနဲ့လည်း
ဝေးလို့လဲ၊ လှမ်းကြည့်ရင်တောင်
ပျပျမြင်နေရတဲ့ဟာ။ ပြေးလာတော်
တယ်လေ"

"ဝေးဝေး,နီးနီးပါ အောင်မိုးရယ်
နင် စိတ်မပါသွားရင် ပြီးတာပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နေ့က နင်နဲ့ နင့်ရွှေတွင်းအလုပ်ရှင်သမီးနဲ့ အတူတွေ့ခဲ့ရတယ်လို့ ငါ့ကိုလာပြောကြတော့ ငါ့မှာ ငယ်ထိပ် မြွေပေါက်မျက်လုံးကို ပြာသွားတာပဲ။ ဖွဟဲ့၊ ငါကလည်း ဒီအကောင်ဘဲ ခဏခဏ ထည့်ထည့်ပြောနေမိတယ်"

အောင်မိုး အသာမျက်မှောင်ကြုတ်လိုက်တယ်။ ပြီးမှ သတိရသွားဟန်နဲ့-

"အဲ- အဲဒါတော့ ဟုတ်တယ်။ ငါ့ကို ဆန်အိတ်လိုက်ထမ်းပေးလိုက်ပါကွာလို့ သူ့အဖေက ခိုင်းလို့ ငါပါသွားတာ။ သူက ငါတို့ စားဖို့သောက်ဖို့ စီစဉ်ရသူလေ။ သူ့မှာလည်း ဆီပုံးကြီးဆွဲလို့ပါဟာ။ အလေးအပင်တွေနဲ့မို့ တစ်ယောက်နဲ့တစ်ယောက် ဖြူလား၊ မည်းလားတောင် မကြည့်မိကြပါဘူး"

"ညိုချောလေးတဲ့ဟဲ့"

"ဟင်- ဟုတ်လား"

သူ့ အကြောင်းရိုက်လိုက်တာကို အောင်မိုး အဟုတ်မှတ်သွားလို့ ခင်မရယ်တယ်။ အောင်မိုး ရိုးတာ ခင်မ သိသားပါ။ ဒါပေမယ့် ချစ်သူမို့ သဝန်တိုမိတာပေါ့။

"ကဲပါ အောင်မိုးရယ်၊ နင့်အလုပ်သာ နင်အာရုံစိုက်လုပ်ပါ။ နင့်သဘောဘယ်လိုရှိရှိ ငါကတော့ နင့်ကို ဘယ်ခါမှ မမုန်းဘူးဆိုတာ ယုံထား။ ဟောဒီ မြေကြီးကိုတိုင်တည်ပြီး ငါ သစ္စာဆိုတယ်"

ခါးညွှတ်ကာ မြေတစ်ဆုပ်ကို လက်ခုပ်နဲ့ကျုံးယူလိုက်ရင်း ခင်မ သစ္စာပြုတယ်။ အောင်မိုးလည်း သူ့လက်ခုပ်ကြီးနဲ့ မြေအများကြီးကိုယူလိုက်တယ်။

"ကောင်းတယ်။ ငါလည်း မြေကိုင်ပြီး သစ္စာပြုမယ်၊ ငါတို့ ခုလုပ်နေရတဲ့ ရွှေတွင်းဟာလည်း မြေတွင်းမို့ ငါ အလေးအနက် မြေတိုင်တည်တယ်။ ငါ မရိုးမသားလုပ်ရင် ငါတို့တူးတဲ့ ရွှေတွင်းပြို. . ."

"တော်. . . တော် အောင်မိုး၊ ဆက်မဆိုနဲ့တော့။ မြွေရော မြေပါ နင်နဲ့ ဘာမှမကင်းဘူး။ ငါယုံတယ်၊ ယုံတယ်"

ပြောရင်း ခင်မ ပြုံးလာတယ်။ ခင်မအပြုံးဟာ တပေါင်းလပြည့် ဘုရားပွဲတော်ညမှာသာတဲ့ လမင်းကြီးလို ပြည့်ပြည့်ဝန်းဝန်း ရွှန်းမြနေရဲ့။

"အဲဒီလိုနေစမ်းပါ ခင်မရယ်။ ဪ- မေ့တော့မလို့"

ပြောရင်း အောင်မိုး သူ့အိတ်ကပ်ထဲ လက်ထိုးနှိုက်တယ်။ သူ့လက်ညှိုးဖျားမှာ စွပ်ပြီးပါလာတာက ခပ်မည်းမည်းကွင်းကလေး။ ခင်မက ဘာလဲရယ်လို့ ငေးကြည့်နေဆဲမှာ လက်ကိုလှမ်းဆွဲပြီး အောင်မိုး ဝတ်ပေးတယ်။ ဆင်မြီးလက်စွပ်လေးပါ။ အညာသူပေမယ့် ဖြူဝင်းတဲ့ ခင်မလက်သူကြွယ်ပြည့်ပြည့်ကလေးမှာ ထင်းနေအောင်လှတယ်။ ဝတ်ပေးပြီးတဲ့တိုင် မလွှတ်သေးဘဲရှိနေတဲ့ အောင်မိုးထံက ခင်မ သူ့လက်ကို ရုပ်လိုက်ပြီး မျက်နှာရှေ့မှာ မှောက်ချည်လှန်ချည် ကြည့်နေတယ်။

"ရွှေတွင်းသွားတူးပြီး ရွှေလက်စွပ်ဆင်မပေးနိုင်သေးလို့ တောင်းပန်ပါတယ် ခင်မရယ်။ ငါ နင့်ကို တင့်တောင့်တင့်တယ်ထားနိုင်အောင် ကြိုးစားပါ့မယ်"

"အို - မဟုတ်တာ။ ဒါလေးကို ငါကြိုက်တယ်။ ရွှေဆိုရင် သိမ်းထားရဦးမယ်၊ ဒါမှ ငါအမြဲဝတ်လို့ရတာ။ ရွှေရိုးလို့ မိုးကြိုးပန် ဆိုတဲ့ စကားလို ဟန်ဆောင်ပြောတာ မဟုတ်ဘူးနော်"

"လက်ထပ်လက်စွပ်ဆိုတာ အိမ်ထောင်ရေးလက်ထိတ်တဲ့ ဗီဒီယိုထဲမှာ ပြောထားတယ်။ ဒါ နင့်ကို စရန်သတ်ထားတာ၊ ပိုင်ရှင်ဦးထားတာ။ စေ့စပ်လက်ထိတ်၊ အဲ- စေ့စပ်လက်စွပ်ပေါ့"

"အေးအေး- လက်ထိတ်တင် မဟုတ်ဘူး၊ ခြေချင်းပါခတ်သွားတော့။ စိတ်ချ၊ စိတ်ချ။ အလုပ်သာ ဖြောင့်ဖြောင့်သွားတော့ အောင်မိုး၊ ငါ ဘယ်တော့မှစိတ်မပြောင်းဘူး။ ကဲပါ-နေမြင့်လာရင် ကွင်းထဲဖြတ်သွားရတာ နင်နေပူလိမ့်မယ်၊ သွားတော့နော်"

ခင်မကို အတန်ကြာ ပြုံးပြုံးကြီး စိုက်ကြည့်နေပြီးမှ အောင်မိုး ချာခနဲ လှည့်ထွက်သွားတယ်။ မနက်ပိုင်း ဒုတိယအသုတ်နဲ့ ရွှေတွင်းထဲအမီဆင်းနိုင်အောင် တောင်ခြေရွာလေးဆီ အပြေးလေး ခပ်သုတ်သုတ်နှင်တယ်။ ခပ်လှမ်းလှမ်းရောက်တော့ ခင်မကို ပြန်လှည့်ကြည့်တယ်။ ရပ်ငေးကြည့်နေဆဲ ခင်မကို သစ်ပင်ချုံပုတ်တွေကြားက ခုန်ခုန်ပြီး လက်ပြလိုက်သေးရဲ့။

❂

ရွာချင်းမဝေးလှပေမယ့် အချိန်နဲ့အခါနဲ့ ရာသီရှိတုန်းလုပ်ရတဲ့အလုပ်မို့ အောင်မိုး ရွာကိုသိပ်မပြန်ဖြစ်ဘူး။ ပြီးတော့ ရွှေတွင်းနဲ့ရွာနဲ့က မြေကြီးကိုတူးပြီး အလုပ်လုပ်ကြတာချင်း တူပေမယ့် လုပ်ငန်းသဘာဝလည်းမတူဘူး။ ရွာက အိုးလုပ်ငန်းက မြေကနေ အိုးဖြစ်အောင်

လုပ်တာ၊ ရွှေတွင်းမှာက မြေကို
ပြီး မြေထဲက ရွှေကိုနှိုက်ထုတ်တာ၊
လုပ်ငန်းက ကမ္ဘာကမ္ဘေကတည်းက
ဖလာအလုပ်။ ရွှေတွင်းတူးတာက
နောက်ပိုင်းမှ ပေါ်ပင်ရောက်ယာ
လုပ်။ ဒီတော့ မြေချင်းဆက်နေပေ
မြေကိုကိုင်တွယ်ပုံချင်း မတူကြဘူး
အဆက်အစပ်လည်း မရှိကြဘူးပေါ့
ပေမယ့် ဘုရားပွဲရက်နီးတော့မှ တ
ပြီး အောင်မိုး မပြန်မဖြစ် တစ်ခေါ
ပြန်ခဲ့တယ်။ ခင်မလည်း ပွဲဈေးမှာ
အမေနဲ့အတူ အိုးတွေထွက်ရောင်း
မယ်။ အရင်းအနှီး သိပ်မရှိတော့
သေးအိုးမွှားလေးတွေ၊ ကလေး
စရာ မြေထည်လေးတွေ၊ ရေနွေး
ဆေးလိပ်ခွက်လေးတွေလောက်ပေါ့
ဒါက ပွဲသွားပွဲလာ အဝယ်သွက်
ပိုတောင် ရောင်းကောင်းသေးတ
ခင်မက အောင်မိုးနားကပ်ပြီးကြွား
သေးတယ်။

ခါတိုင်းလည်း ခင်မတို့ပွဲဈေး
ရင် အောင်မိုးက အခမဲ့ ကူလီထ
အကျိုးကို နားလည်ပြီး ကူနေကျ
နှစ်မှာ ခင်မအမေ အကြီးမချိမ့်က
မကြည်လင်ဘူး ဖြစ်နေတယ်။
အပျို၊ လူပျိုအရွယ်မို့ အနေအထိုင်
ခြင်အောင် မျက်နှာတင်းထားတာ
မယ်လို့ အောင်မိုး တွေးပြီး ခပ်ကုပ်
နေခဲ့ပါတယ်။ ခင်မအဖေကတော့
ခပ်ဆာဆာဖြစ်နေလို့ အိမ်မှာပဲအ
လုပ်နေတတ်တယ်။ အိမ်စောင့်
မယ့်လည်း ဘာမှတော့ သိပ်စောင့်
နေစရာမလိုလှတဲ့ တဲသာသာ
အိမ်တွေပါ။

"မချိမ့်ရေ၊ ရောင်းကောင်း
ပွဲဈေးက မနှစ်ကလောက်တော့
သလိုဘဲနော်"

လို့ အဒေါ်ကြီးတစ်ယော
ဆီးပေါင်းတောင်းရွက်ပြီး ဖြတ်သွား
နှုတ်ဆက်တယ်။

"အိမ်မှာထိုင်နေတာထက်စာ
တော့ တစ်ပြားရရ၊ နှစ်ပြားရရ
တော်"

အကြီးမချိမ့်ဟာ အောင်မိုး
ထက်စာရင် ငယ်လည်းပိုငယ်သလို
ရည်လည်း သန့်တယ်။ အစက အိ
ငန်း အကြီးအကျယ်လုပ်ခဲ့တဲ့
တွယ်ဝဝထဲကတဲ့။

ခင်မတို့အဖေက သူတို့အိမ်
လုပ်သမားတဲ့။ ခင်မအဖေနဲ့
ပြီးကတည်းက မိဘတွေကလည်း

www.burmeseclassic.com

ကြည့်လို့ ဆင်းရဲသွားတာဆိုပဲ။ ရွာလယ်က တိုက်ခံအိမ်အဟောင်းကြီးဟာ ခင်မတို့ အဘိုး၊ အဘွားတွေ နေခဲ့တာတဲ့။ အဲဒီကို စိတ်နာလို့ ဒါတွေရောင်းပြီး မြို့ကိုတက်သွားကြရင်း ဟိုမှာပဲ ဆုံးပါးသွားကြတယ်။ ခင်မတို့အဖေကလည်း သောက်သောက်စားစားမို့ စီးပွားကမဖြစ်တာဘဲ ခုတော့ လေဖြတ်သလိုတောင် ဖြစ်လို့။

အကြီးမချိမ့် မကြာခဏ ပြောတတ်တာက 'တိုက်ခံအိမ်နဲ့ မသေခင် နေသွားဦးမှာ' တဲ့။ အောင်မိုးလည်း ခဏခဏ ကြားဖူးသားပဲ။ ခင်မကတော့ သူ့အမေ အဲဒီလိုပြောတိုင်း အောင်မိုးကို 'အမေက မာန်မလျှော့ဘူးဟဲ့။ အင်း- ဇာတ်ရုံးယားကားတွေထဲကလို ပြောရရင် အဲဒါ သူ့ရဲ့အိပ်မက်ပေါ့' လို့ ရယ်ရင်း ပြောတတ်တယ်။ တစ်ခါတလေတော့ 'ငါ့သမီး အချောအလှ ခင်မပဲ အားကိုးရမယ်' လို့လည်း သမီးကိုငေးပြီး စ,တတ်သေးတယ်။ ခု ခင်မနဲ့ကြိုက်မိသွားတော့ အောင်မိုးက တိုက်ခံအိမ်စီမံကိန်းဟာ သူ့ဆီရောက်လာသလိုလို ခံစားရတယ်။

'မိခင်မနော်၊ အမေ့လို လင်ရွေးမှားစေနဲ့' လို့လည်း ပြောတတ်တော့ ခင်မအဖေက ထွီခနဲ မျက်မှောင်ချိုပြီး ခင်ရွှေ ဖင်ရွှေနဲ့ တဲခေါင်းရင်းဘက်က အနောင်းရိပ်ကိုထွက်သွားတတ်တယ်။ ထွက်ပျစ်ပေါ်က ရွာလက်ဖြစ် မြေကရားရေနွေးအိုးထဲမှာ ထန်းရည်ခါးရှိနေတယ်လေ။

⚬

ခင်မတို့အိမ်အကြောင်း တွေးမိတိုင်း အောင်မိုး အလုပ်ပိုလုပ်မိပါရဲ့။ သူချစ်သူက အခြား ရွာသူတွေနဲ့ မတူဘဲ အသားလေးက စိုစိုဝင်းဝင်း၊ မျက်နှာထူထူ၊ မျက်လုံးမျက်ဆန် တောက်တောက်မို့ မြို့သူတွေလို လှတယ်။ အကြီးမချိမ့်လို မပင်ပန်းရအောင်ထားမယ်လို့လည်း အောင်မိုးရင်ထဲမှာ အမြဲဆန္ဒရှိနေတာပါ။ ကိုယ့်မိသားစုကတော့ မရှိမရှားဖြစ်တဲ့အပြင် သားသမီးတွေလည်း အကုန်လွတ်ကုန်လို့၊ အားလုံးမှာလည်း ကံအားလျော်စွာ အဆင်ပြေနေကြလို့ အငယ်ဆုံးသား အောင်မိုးအဖို့ မိဘတွေအတွက် တာဝန်မရှိလှပါဘူး။

အောင်မိုးကလည်း ကြံ့သလို မပျင်းမရိ အလုပ်လုပ်တတ်တော့ လောကကို ရင်ဆိုင်ရမှာ မကြောက်ပါဘူး။ အိုးလုပ်ငန်းလည်း အောင်မိုးလုပ်တတ်တာပဲ။ ဆိုင်ကယ်တွေ ခေတ်စားတော့လည်း ဟိုရွာ ဒီရွာ ကယ်ရီမောင်းပေးလိုက်သေးရဲ့။ ခုဆို ဆိုင်ကယ်တစ်စီးတောင် အောင်မိုး အပိုင်ရှိနေပါပြီ။ ဒါပေမယ့် ရွာမှာ ဆိုင်ကယ်ဆွဲသူတွေများလာလို့ သူများကိုအငှားချပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် အောင်မိုး ရွှေတွင်းတူးဖို့ တောင်ခြေသွားခဲ့တာပါ။

အောင်မိုး ကြိုးစားပမ်းစား အလုပ်လုပ်တာမြင်တော့ သူငယ်ချင်းတွေက 'ချစ်မိတယ်ဆိုတာ အုတ်ရိုးမရှိတဲ့ အကျဉ်းထောင်ထဲကို ဝင်မိတာပဲတဲ့။ အိမ်ထောင်ရေး ဆိုတာကလည်း နံရံမရှိတဲ့ အကျဉ်းထောင်တဲ့။ မင်းကတော့လေ၊ ခင်မနဲ့ကြိုက်ပြီးကတည်းက ကိုယ့်ဘာသာ လက်ထိတ်ခတ်ပြီး အချုပ်ထဲဝင်သွားတဲ့ကောင်ပဲ' လို့ စ,ကြတယ်။

"ဟေ့- ငါ အမြဲတမ်း ရိုးရိုးသားသားပဲလုပ်တယ်၊ ဘာထောင် ဘာအချုပ်မှ ကျစရာမရှိဘူး။ ခင်မကို ချစ်လို့ လုပ်တာ၊ ကောင်းကောင်းထားချင်လို့ ကြိုးစားတာကွာ။ ခင်မ ကောင်းကောင်းနေရတော့လည်း ငါပါ အတူတူကောင်းစားတာပေါ့ဟ"

သူ့စိတ်ကူးနဲ့သူတော့ ဟုတ်လို့ပါ။ လေထဲ တိုက်အိမ်ဆောက်ပေါ့။ ဘြော်- ဟုတ်တယ်၊ အောင်မိုး အိပ်မက်ထဲမှာ တိုက်အိမ်လည်းပါတယ်။ ခင်မ အမေ အကြီးမချိမ့်ပါ အိမ်ဦးခန်းမှာ တင်ထားမှာ။

နောက်တစ်ခေါက် ရွာအပြန်မှာတော့ အောင်မိုး ခြေလှမ်းတွေ ပိုသွက်နေရဲ့။ ခင်မလက်နဲ့မှန်းပြီး ရွှေလက်စွပ်မောင်းကွင်းလေးတစ်ကွင်းလည်း လုပ်လာခဲ့တယ်။ မကြာခဏ ဆုပ်ကိုင်ခဲ့ဖူးတဲ့ ခင်မလက်ပြည့်ပြည့်လေးကို အောင်မိုး မမေ့ပါဘူး။ တော်မှာပါ။ ဆင်မြီးလက်စွပ်မည်းမည်းလေးကို အမှတ်တရ ပြန်သိမ်းပြီး ဒီမောင်းကွင်းလေးနဲ့ လဲခဲ့မယ်။ ဗီဒီယိုတွေထဲကလို 'မျက်စိမှိတ်' ဆိုပြီး ခင်မ လက်ခုံလေးကိုမွှေးကာ ဝတ်ပေးမယ်။ 'ဒါ စေ့စပ်လက်စွပ်နော်' လို့လည်း ပြောမယ်။ ဆင်တူနှစ်ကွင်းလုပ်ရမယ်လို့တော့ အောင်မိုး သိပါရဲ့၊ ကိုယ့်အတွက်က နောက်မှ နောက်မှ။ အိမ်ကအမေ သိရင်တော့ မွေးရကျိုးမနပ်ဘူး၊ ဝမ်းရေစပ်တယ်လို့ ဆိုမလားဘဲ။ အို- အမေက သားကို နားလည်မှာပါ။ သားရဲ့ချစ်ခြင်းကို အသိအမှတ်ပြုမှာပါ။

အမေကလည်း ခင်မကို သမီးလေးလို ချစ်တယ်၊ အချောစားလေးလို့ ပြောဖူးသား။

ရွာထိပ်က လက်ပံပင်ကြီးနားအရောက်မှာ အနီရောင်ဆိုင်ကယ်တစ်စီး ပွတ်ဆွဲသွားလို့ အောင်မိုး လမ်းဘေးကို လဲကျသွားသေးတယ်။ ထင်းတစ်စီးထမ်းပြီး တောထဲကပြန်လာတဲ့ ကျော်ဒွန်းက တွေ့တော့ ဖုတ်ဘက်ခါနေတဲ့ အောင်မိုးကို-

"မင်းနဲ့မှကြုံရတယ် ငမိုးရာ"
လို့ ဆိုလိုက်တယ်။
သူ့စကားကို ဇဝေဇဝါဖြစ်သွားလို့
"ဘာလဲဟ"

ဆိုတော့ ကျော်ဒွန်း ငြိမ်နေတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ၊ အောင်မိုး အတင်းမေးမှ သူက ပြောတယ်။ မြို့ကလာတဲ့ လုပ်ငန်းရှင်သူဌေးလေးတဲ့။ အသက်က 'ငရို့ထက်ကြီးလှ လေး၊ ငါးနှစ်ပေါ့' တဲ့။ ရွာရောက်လာပြီး မကြာခင်မှာ ခင်မကို တွေ့သွားပြီး အသည်းအသန် လိုက်နေသတဲ့။

"ခင်မအဘွားတို့ပိုင်ခဲ့တဲ့ တိုက်ခံအိမ်ကြီးကိုလည်း ဝယ်ဖို့ဆိုင်ထားတယ်။ အမိန့်ရအပေါင်ဆိုင် ဖွင့်မယ် ဆိုလား။ မင့်ယောက္ခမလောင်းကြီးကလည်း ခပ်ပါပါကွ"

တစ်ဆက်တည်းပဲ ခင်မကို ချိန်းပေးဖို့ ကျော်ဒွန်းကို အောင်မိုးက အကူအညီ တောင်းလိုက်တယ်။ ခါတိုင်း ဝင်နေ၊ ထွက်နေကျအိမ်ပေမယ့် ခုဆို အခြေကတစ်မျိုးဖြစ်နေမှာစိုးလို့ပါ။ အိမ်ရောက်တော့ အမေက-

"အေးဟဲ့၊ ငါလည်း သဲ့သဲ့ကြားတယ်။ သူငယ်လေးက ရုပ်ရည်လေးလည်းသန့်ဆိုပဲ။ မယ်ချိမ့်က ယိုင်နေပေမယ့် ခင်မလေးကတော့ ခါးခါးသီး၊ အရောတောင်မဝင်ပါဘူးတဲ့။ မြို့သားက သူ့အဖေကြီးကိုလည်း အရက်ကောင်းတွေဘာတွေ ဝယ်လာပေး ဆိုလား"

ညနေ ရေခပ်ဆင်းချိန်လောက်မှာပဲ လက်ပံပင်ကြီးအောက်ကို ခင်မ အပြေးတစ်ပိုင်း ရောက်လာတယ်။

"ငါ့ကိုယုံပါ အောင်မိုးရယ်။ အခြေအနေက နင်ကြားသလို ဟုတ်ပေမယ့် ငါ နင့်ကို မြေကိုင်ပြီး ကတိပေးထားသားပဲ"

အောင်မိုး အားတက်သွားပြီး ချစ်သူ့လက်ကောက်ဝတ်လေးကို လှမ်းဆုပ်လိုက်တယ်။ လက်ကိုင်ပဝါနဲ့ချည်လာတဲ့ လက်စွပ်လေးကို ထုတ်ပြပြီး ပေးတော့



www.burmeseclassic.com

www.burmeseclassic.com

ခင်မ အသားဆတ်ဆတ်တုန်အောင် ခံစားရင်း-

"ကိုမိုးပဲ သိမ်းထားပါ။ ခင်မတို့ အခြေအနေက ဘယ်လိုဖြစ်လာမယ် မသိဘူး။ အကျပ်အတည်းရှိရင် သုံးရတာပေါ့"

ခေါ်ခိုင်းတုန်းက 'ရှက်ပါတယ်ဟာ၊ သူငယ်ချင်းတွေပဲ၊ ခေါ်ချင်ပါဘူး' ဆိုတဲ့ အခေါ်အဝေါ်မို့ အောင်မိုး ပျော်သွားတယ်။

"ဒါဖြင့်လည်း ကိုမိုး သိမ်းထားမယ်နော်၊ ဒီအတွင်းမှာ နှစ်ကွင်းဖြစ်ချင်လည်း ဖြစ်သွားမှာပေါ့"

လို့ ပြောရင်း ခဏတော့ ဝတ်ပြုပါလို့ တောင်းဆိုမိတယ်။ ခင်မ လက်ထိုးပေးတော့ သူ အသာအယာဝတ်ပေးလိုက်တယ်။ လှလိုက်တာ အချစ်ရယ်လို့ ပြောမိပြီး လက်ခုံကို နင့်နေအောင် နမ်းမိတယ်။

❂

နောက် (၃) လလောက်အကြာမှာတော့ ရွာကကောင်တစ်ကောင် ရွှေတွင်းမှာ အလုပ်လုပ်ဖို့ရောက်လာတယ်။

တစ်လောကလေးတင် ခင်မရဲ့ အဖေကြီး တစ်ကိုယ်လုံး လေဖြတ်သွားလို့ မလှုပ်နိုင်တော့ဘူးတဲ့။ မြို့ကလာတဲ့ သူဌေးက ဆရာဝန် နေ့တိုင်း ပင့်ပေးသတဲ့။ ဒီလိုနဲ့ ခင်မနဲ့မြို့သား မြန်းလိုက်ကြတယ်။ တိုက်ခံအိမ်ကြီးကိုလည်း သူဌေးက ဝယ်ပေးခဲ့ပြီး ဆေးစွေပြန်သုတ်၊ ပြတင်းပေါက်တွေမှာ သံစကာတွေကာ၊ အုတ်တံတိုင်းတွေခတ်နဲ့ ပြုပြင်လိုက်သတဲ့။ အကြီး မချိမ့်လည်း ကျောက်နီနားကပ်တရဲရဲနဲ့ အိမ်သစ်ကို ပြောင်းပြီး မော်နေတာပဲတဲ့။ ညဆို မီးစက်မောင်းပြီး ဗီဒီယိုလည်း ညတိုင်းပြနေသတဲ့။ အဲဒီလို ကြားရတဲ့နေ့က အောင်မိုး လက်စွပ်နောက်တစ်ကွင်းရွှေတဲ့နေ့ပါ။ လက်ကိုင်ပဝါထောင့်စွန်း နှစ်စွန်းမှာ ရွှေလက်စွပ်တစ်ကွင်းစီချည်ပြီး အောင်မိုး ရွာကိုအဖရောက်ပြန်ပြေးပါရော။ ရွာထိပ်ရောက်တော့ ည (၉) နာရီထိုးပါပြီ။ ကိုယ့်ရွာဝန်းကျင်မို့ အလွတ်ရနေလို့ လမ်းမှာခလုတ်မတိုက်ခဲ့ပေမယ့် ရင်ဆို့ရပါတယ်။ ရွာလယ်က တိုက်ခံအိမ်ကြီးဟာ မီးစက်မီးရောင်နဲ့ ပြာပြာလွင်လို့၊ လင်းနေတဲ့ သံစကာကွက်ပြတင်းပေါက်နောက်က ပန်းပွင့်လေးတွေပါတဲ့ ခန်းဆီးပန်းရောင်နဲ့အခန်းဟာ ခင်မအခန်းလား။

အိမ်ပြန်ရောက်တော့ အမေက 'ဖူးစာပေါ့ သားရယ်' လို့ လူကြီးစကားဆိုတယ်။ ခင်မကို တွေ့ခွင့်မရတော့ အောင်မိုး ပင်ပန်းပေမယ့် တစ်ညလုံး အိပ်မပျော်ခဲ့ဘူး။ မနက်ဝေလီဝေလင်းတော့ ခင်မတို့တိုက်ခံအိမ်နားက ကုက္ကိုပင်ကြီးကိုကွယ်ပြီး အကြာကြီးရပ်ကြည့်နေမိတယ်။ ခင်မ ထွက်လာလို့ကတော့ လက်ဆွဲပြီး ပြေးမိမလားဘဲ။ ဒါပေမယ့် အပြာရောင်ဆိုင်ကယ်တစ်စီးသာ အိမ်ဝင်းထဲက ဝူးခနဲ မောင်းထွက်လာတယ်။

အကြီးမချိမ့်အသံ-

"မော်တော်ဆိုင်ကယ်ကို သတိထားစီးနော် လူလေး။ မင်္ဂလာဆောင်ခါနီးဟာ ရှင်ပြုခါနီးလိုပဲ ဂရုစိုက်ရတယ်"

ကိုလည်း နောက်ဆက်တွဲ ကြားလိုက်ရတယ်။

ပြီးပြီပေါ့။

အောင်မိုး ခေါင်းငိုက်စိုက်ချပြီး အသာထွက်လာရာက ရွှေတွင်းဆီကို အလာတုန်းကလိုပဲ အပြေးပြန်ခဲ့တယ်။ လက်ပံပင်ကြီးနားရောက်တော့ စိတ်နာလို့လား၊ မကြည့်ဝံ့လို့လား၊ မကြည့်ခဲ့တော့ဘူး။

❂

ခင်မကို တွေးမိတိုင်း စိတ်နာတယ်။ မုန်းနေမိသလိုပဲ။ ဒါပေမယ့် အမုန်းသံယောဇဉ်လို့ပဲဆိုရမလား၊ မုန်းတဲ့သူကို ခဏ ခဏ သတိရနေတယ်။ အချစ်ကျန်နေသေးလို့လား။

သူတို့ မင်္ဂလာဆောင်မယ် ဆိုတဲ့ရက် နီးလာတော့ အောင်မိုး အိပ်မက်တွေလည်း ခဏ ခဏ မက်တယ်။ အိပ်မက်ထဲမှာ ခင်မလက်ကိုဆွဲပြီး သူအရမ်းပြေးနေမိရဲ့။ အိပ်မက်ဆိုတာ လိုရာလည်း ဆွဲမက်တတ်သကိုးလို့ သူ ရယ်ပစ်လိုက်တယ်။

မတက်သင့်တဲ့လှေကား၊ မမက်သင့်တဲ့အိပ်မက် သူ မေ့ပစ်လိုက်တာပဲ ကောင်းမှာပါ။ ဒီလိုသိပေမယ့် လိုက်လုပ်ဖို့တော့ အတော်ခက်တယ်။

မဆင်းရဲပေမယ့် ပိုက်ဆံမရှိတာဟာလည်း အတော်ခက်တာပါပဲ။ ငွေကြေးမချမ်းသာလို့ ခင်မ သူများနောက်ပါရတာမို့ သူလည်း ကြီးပွားအောင်လုပ်ရတော့မယ်၊ အလုပ်ထဲ စိတ်နှစ်ထားမယ်ဆိုပြီး ကြိုးစားယူလိုက်တယ်။ မှောင်မည်းတဲ့ ရွှေတွင်းထဲမှာပဲ သူ့ဘဝကိုမြှုပ်နှံတော့မှာပါ။

သူလုပ်တဲ့ လုံ့ထောင်ကျေးရွာနားမှာရှိတဲ့ ရွှေတွင်းဟာ ဒေသခံတွေ ထ… ထရိုက်ယူပြီးလုပ်တဲ့တွင်းပါ။ ရွှေတူး… လုပ်သမားတွေဟာ နေ့စဉ် နံနက် (…) နာရီမှာ ရွှေတွင်းက ပထမအသုတ်… တက်လာပြီး ဒုတိယအသုတ်က နံန… (၈) နာရီမှာ ပြန်ဆင်းကြပါတယ်။ ဒီနေ့ အောင်မိုးက ဒုတိယအသုတ်မှာဆင်း… မှာပါ။ ဖြစ်နိုင်ရင်တော့ နှစ်ဆိုင်းလုံး… မတက်ဘဲတောင်နေလိုက်ချင်ပါရဲ့။ … တစ်လောက စိတ်ညစ်ညစ်နဲ့ 'တွင်း… က မတက်ဘဲတောင် လုပ်နေချင်တ… ဗျာ' လို့ သူပြောမိတော့ အားလုံးက … တဲ့- မပြောကောင်းမဆိုကောင်း' … လန့်ပြီး ဝိုင်းအော်ကြတယ်။

ဒီလိုမပြောသာတော့လည်း တွင်း… ထဲဝင်ရမယ့်အချိန်ဘဲ အောင်မိုး တိုး… စောင့်နေလိုက်မိတယ်။ ဒီနေ့ ခင်မ… မင်္ဂလာဆောင်မယ့်နေ့လေ။ လေထဲ… နေ မင်္ဂလာတေးသံတွေလွင့်လာမှာ … မကြားချင်ဘူး။ မြေကြီးထဲယက်ပြီး… သွားဖို့ သူစိတ်စောနေတုန်း မထင်… တဲ့၊ တစ်သက်မှာ တစ်ခါမှမကြုံဘူးခဲ့… အဖြစ်အပျက်တစ်ခု ဖြစ်လာပါတော့… တယ်။

ရွှေတွင်းအဆင်း၊ အတက် အလု… သမားတွေချိန်းနေတဲ့အချိန်။ တွင်းထဲက… လူတွေ အတုန်ပြန်တက်လာပြီး (၈) န… ရီမှာ နောက်တစ်သုတ်ပြန်ဆင်းဖို့ … စုနေတဲ့ကာလ။ (၇) နာရီ (၄၂) မိနစ်… လောက်မှာပေါ့။

တွင်းနဲ့မလှမ်းမကမ်းမှာ ခေါ်… တဲ့ခေါက်ပြန် သူလမ်းလျှောက်နေတ… ဝုန်း၊ ဝေါ ဆိုပြီး အသံနက်ကြီး ကြ… လိုက်ရတယ်။ ဘာသံလဲ၊ ဘယ်တ… သူ စဉ်းစားတာနဲ့ တစ်ပြိုင်နက်တည်း… မြေကြီးက ခပ်ပြင်းပြင်း လှုပ်ခါပစ်လို… တော့ လူက ရှေ့ကိုဝမ်းလျားထိုး လဲ… သွားတယ်။ ဘာဖြစ်တာလဲလို့ လန့်… ချိန်မှာ-

"ငလျင်လှုပ်တယ်၊ ငလျင်… နေ၊ ဝပ်နေ"

ဆိုတဲ့ အော်ပြောသံတွေ ဆူ… ပေါ့။ သိမ့်ခနဲ သိမ့်ခနဲ ခါယမ်းနေ… ငလျင်ဒဏ်ကို စတင်ခံစားနေရင်း … အသံကြီးဟာ ငလျင်ရဲ့ရှေ့ပြေး … တော်လည်းသံတွေလို့ သူသိလိုက်… တယ်။ ကြည့်နေရင်းမှာပဲ သူ့ရှေ့… အပြင်ဟာ ဓားဦးနဲ့ ထိုးခွဲလိုက်… ဟက်တက်ကွဲသွားပေါ့။

မိနစ်အနည်းငယ်လှုပ်ခါအပြီး… ငလျင်ငြိမ်သွားတယ်။ မြေမှာ …



www.burmeseclassic.com

www.burmeseclassic.com

...နေတဲ့လူတွေ ရုတ်တရက် မထရဲကြဘူး။ လျှော်ပြင်းအားကြောင့် လုပ်ငန်းခွင်ဖို့ပြင်နေတဲ့ နွားတွေတောင် အထဲလဲအပြိုပြိုဖြစ်နေပေါ့။ ရွှေတွင်းအဆင်း အတက် အထဲမှာ အလုပ်သမားတွေ မရှိချိန်ဖြစ်တဲ့အတွက် တွင်းပြိုကျလို့ လုပ်သားတွေ မထိခိုက်တာ ကံကောင်းတယ်လို့ပဲ ပြောရမှာပါ။

ငလျင်လှုပ်ပြီးတော့ ရွှေတွင်းကို ဘယ်သူမှမသွားရတော့ပါဘူး။ တွင်းကတော့ ပြိုကျနိုင်ဖွယ်ရှိတယ်လေ။ ရွာကိုလည်း အောင်မိုး စိတ်ပူသွားတယ်။ ဒါနဲ့ အခြေအနေကြည့်ပြီး ရွာဘက်ကို သုတ်ခြေတင်ပြေးတယ်။ ငလျင်ပြင်းတစ်ကြိမ် လှုပ်ပြီးပေမယ့် ဆက်တိုက်လည်း လှုပ်နိုင်သေးသတဲ့။ ပြောကြတဲ့အတိုင်းပဲ ရွာရောက်ခင် လမ်းမှာတင် ငလျင်ပျော့ပျော့ (၃) ကြိမ် ထပ်လှုပ်သေးတယ်။ အားလုံးပေါင်း (၄) ကြိမ် လှုပ်ခဲ့တာ။

လမ်းမှာ အလဲလဲအပြိုပြို သစ်ပင်တွေကို ရှောင်ခဲ့ရသေးတယ်။ သစ်ကိုင်းတွေက ထိုးထိုးထောင်ထောင်မို့ ခုန်းမတွင်လှုဘူး။ ခြေဖဝါးအောက်က မြေကိုလည်း စမ်းစမ်းနင်းရသလို ဖြစ်နေတယ်။ မြေကြီးခပ်လှုပ်လှုပ်ဖြစ်လာတိုင်းလည်း အောင်မိုး သစ်ပင်ကြီးတွေအောက်ကိုမရောက်နေဖို့ ဝေးဝေးက ရှောင်ခဲ့ရတယ်။

ငလျင်ငြိမ်ကျသွားတော့ ရွာထိပ်က ရွှေဘုံသာစေတီတော်ကြီးရဲ့ ငှက်ပျောဖူးလည်း အလယ်ကနေ ပြိုကျပြီး ထီးတော်ကြီးက ငိုက်တိုက်တိုက်၊ ကိုယ်လုံးတော် ပစ္စယံမှာလည်းပဲ ကွဲအက်ကြောင်းကြီးနဲ့။ ဘုရားပတ်ပတ်လည်က အုတ်တံတိုင်းတွေလည်း ကုန်ပြီ၊ မုခ်ဦးကြီးလည်း မရှိတော့ဘူး။ ဘုရားနားမှာ ပုဆစ်တုပ်ထိုင်ရင်း ငိုနေတဲ့ အဘွားကြီးက-

"ထီးတော်ဆိုတာ လည်ပင်းကတိုင်လှုပ်တဲ့ခေါင်းလို သွက်သွက်ခါလို့။ ခေါင်းလောင်းလှုပ်သံတွေလည်း စီစီညံလို့။ ကြောက်စရာကောင်းလိုက်တာ။ အဘွားတစ်သက် ကြုံဖူးပေါင်တော်"

လို့ လှမ်းပြောတယ်။

မုခ်ဦးက ကနုတ်ပန်း အချွန်အတက်တွေနဲ့ ခြင်္သေ့ခေါင်းပြတ်ကြီးဟာ လမ်းဘေးထိလိမ့်ဆင်းကျနေရဲ့။ ငလျင်ငြိမ်ကျသွားပေမယ့် တဲတွေ၊ အိမ်တွေကတော့ တစ်ရွာလုံးမှာ အားလုံး ယိုင်တဲ့ဟာယိုင်၊ ပဲ့ရွဲ့တာ ပဲ့ရွဲ့ကုန်ပေါ့။ အိမ်ခြေ (၁၆၀) ကျော်ရှိပြီး လူဦးရေ (၇၀၀) နီးပါးရှိတဲ့ ရွာထဲမှာ ဘယ်လောက် ဒုက္ခရောက်ကြမယ်မသိ။ အောင်မိုးတို့တက်ခဲ့တဲ့ မူလတန်းကျောင်းကလေးလည်း တစောင်းကြီး လဲနေပြီး အလံတိုင်က ထက်ပိုင်းကျိုးကျနေပေါ့။

"ကျောင်းပိတ်ချိန် ဖြစ်နေတာတော့ တော်တော် ကံကောင်းတယ်။ ကျောင်းဖွင့်ချိန်ဆိုရင်တော့ ဘုရား. . ဘုရား၊ ကလေးတွေအတွက် မတွေးရဲစရာပါဘဲ"

"အိုးလုပ်တဲ့ရွာ ငလျင်လှုပ်တော့မှ ရေအိုးတွေအကုန်ကွဲပြီး ဧရာဝတီမြစ်ကြီးမြင်ပြီး သောက်ရေထည့်စရာမရှိ ဖြစ်နေတယ်ကွယ်"

ရွာလမ်းကို ပြေးဝင်လာရင်း အသံတွေမျိုးစုံကြားလာရတယ်။ အိမ်ရှေ့ရောက်တော့ အောင်မိုးတို့သစ်သားအိမ်လေးလည်း ယိုင်နဲ့ပြီး ပြိုကျလုလု ဖြစ်နေရဲ့။ သူတို့ တက်ဆော့နေကျ တမာပင်အိုကြီးကတော့ ဗုန်းဗုန်းလဲနေပေါ့။ အစ်ကိုလေးက စဉ့်အိုးကွဲကြီးတစ်ခုကို မှောက်ပြီး တက်ထိုင်နေတယ်။ သူ့လက်ထဲမှာ ဘုရားစင်က လွင့်စဉ်ကျလာတဲ့ ဒက္ခိဏာသာခါ ညောင်ကိုင်းဘုရားလေးကတော့ သစ်သားမို့ ကျိုးပဲ့မနေပါဘူး။ အိမ်ကိုစောင့်ရှောက်ဖို့၊ မီးဘေး၊ရေဘေး ကြည့်ဖို့ အမျိုးသားတွေသာချန်ပြီး ကျန်တဲ့ ကလေး၊ လူကြီး အားလုံး ကျေးရွာဘောလုံးကွင်းထဲမှာ စုရုံးနေကြသတဲ့။ အဖေနဲ့အမေ့ကိုလည်း အဲဒီဆီ ပို့ထားလိုက်တယ်။

"အမေက တော်လည်းသံ ကြားကတည်းက သတိရှိပြီး အိမ်ထဲကပြေးထွက်လာတာ။ ဒါတောင် ငလျင်စလှုပ်တော့ မြေကြီးပေါ် ဟပ်ထိုးလဲသွားသေးတယ်။ လက်နဲ့ထောက်မိတာ မကျိုးမပဲ့ဘဲ အကောင်းအတိုင်း ကျန်နေတာပဲ ကံကောင်း ငမိုးရေ။ အဖေက မင်းတို့ တမာပင်ကြီးအောက် ရေနွေးကြမ်းထိုင်သောက်နေတာ။ တော်သေးကောင်းရေ့၊ အဖေ့ဘက်လဲမကျလို့။ ရေနွေးအိုးက မှောက်ပြီး အပူပဲလောင်သွားတယ်"

ထိခိုက်ဒဏ်ရာရသူနဲ့၊ ကျိုးပဲ့တဲ့သူနဲ့. . . လူတိုင်း ငလျင်ဒဏ်ကမလွတ်ပါဘူး။ အနည်းဆုံးတော့ ခါးနာ၊ ခြေထောက်နာနေကြတယ်။ အစ်ကိုလေးလည်း လက်မောင်းရင်းမှာ စုတ်ပြဲလို့။

အောင်မိုး အမေတို့ရှိရာကိုပြေးရပြန်တယ်။ ကိုယ့်ရွာ ကိုယ့်လမ်းတောင် မမှတ်မိနိုင်အောင် အကျိုးအပဲ့တွေကများလှရဲ့။ အောင်မိုးကိုတွေ့တော့ အဖေက အပူလောင်တာကို ဖူးဖူးမှုတ်ရင်း-

"ငလျင်လှုပ်တယ် ဆိုတာ တစ်သက်လုံးမှာ ဒီတစ်ခါ ကောင်းကောင်းကြုံဖူးတာပဲကွာ။ ကြီးကြီးမားမားကိုပြိုကျခဲ့တာ။ ရွာမှာရှိတဲ့ ထုနဲ့ထည်နဲ့ဟာတွေ အကုန်ကိုပြိုကျကုန်တယ်။ ငလျင်ကြီးမို့ ဆွဲခါပစ်သလိုကို ခပ်ပြင်းပြင်းကြီးလှုပ်တာနော။ ဆန်စက်က မီးခိုးထွက်တဲ့ အုတ်ခေါင်းတိုင်ကြီးလည်း ပြုတ်ကျ၊ ကွန်ကရစ်မိုးထားတဲ့ စလစ်ပြင်လိုက်ကြီးလည်း ပြုတ်ကျ။ ဘုရားပုထိုးတွေမှာလည်း ရစရာမရှိဘူးတဲ့"

အမေက အောင်မိုး၏နဖူးစပ်က ချွေးတွေကို လှမ်းသုတ်ပေးရင်း ဘယ်နားထိခဲ့သလဲ စူးစမ်းနေတယ်။

"နင့်အစ်ကိုလေးနဲ့ တွေ့ခဲ့သလား ငမိုး။ အိမ်အမိုးစောင်းသွားတဲ့အောက်မှာ ပြားပြားဝပ်အောင် လဲကျသွားတဲ့ ဗီရိုထဲက အရေးကြီးတဲ့ စာချုပ်စာတမ်းတွေကို အရင်ထုတ်ခိုင်းရဦးမယ်။ မှန်ကွဲတွေလည်း သတိထားမှ။ မီးဖိုချောင်မှာ မီးငြိမ်းထားလို့ တော်သေးရဲ့"

"မသင်ကလည်းကွာ၊ လူထက်ကျန်တာ ဘာမှအရေးမပါပါဘူး။ ငါ့မြေးတွေသာ စုံပါစေ။ အိမ်အပြိုအောက်ပိနေသူ၊ ဗီရိုအောက်ပြားနေသူ၊ သစ်ကိုင်းကျိုးတွေနဲ့ ခိုက်မိသူတွေထဲ မပါရင် ပြီးရော။ ပျက်နေ၊ ပြိုနေတဲ့ အိမ်ဝင်းအနီးအနားနဲ့ ယိုင်နေ၊ ပြိုကျနေတဲ့ အိမ်တွေထဲကိုလည်း ဘယ်သူကိုမှ အဝင်မခံသေးပါဘူး။ အန္တရာယ်များလွန်းလို့ပါ"

အစ်မကြီးက မျက်ရည်မခြောက်တခြောက် သူ့သမီး အငယ်မကို ပွေ့ထားရင်း-

"ရွာဦးဘုန်းကြီးကျောင်းဝင်းမှာတော့ စေတီပုထိုးတွေ၊ တန်ဆောင်း၊ ဇရပ်တွေ၊ အုတ်တံတိုင်းတွေ အကုန်အလဲလဲအပြိုပြိုပဲတဲ့ အမေရဲ့။ အိမ်ကလူ ယာထဲကပြန်ပြေးအလာမှာ မြင်ခဲ့တယ်။

အုတ်တံတိုင်းဆိုမှ မင်္ဂလာဆောင်အိမ်က တိုက်ခံအိမ်အိုကြီးကို ပြင်ထားတာဆိုတော့ ကျွတ်. . . ကျွတ်"

မလတ်က နဖူးကွဲနေတာကို ဖိရင်းပြောတယ်။ ပြောရင်း အောင်မိုးကို လှမ်းကြည့်သေးတယ်။

အမေက အောင်မိုးပခုံးကို လှမ်းဆုပ်ကိုင်လိုက်ရင်း-

"မချိမ့်တစ်ယောက်လည်း လင်ဒုက္ခိတက တစ်ဖက်. . ."



www.burmeseclassic.com

www.burmeseclassic.com

# ဘူးခါးသီးနှင့်ဆီးကျဉ်ဝေဒနာ

**မိုးကုတ်ကျော်ကျော်စိုး**

ကျွန်တော်ရယ်၊ ကျွန်တော့်ငယ်သူငယ်ချင်း မွတ်တားရယ်၊ ကိုတင်ထွန်းရယ်က နေ့စဉ် လမ်းအတူလျှောက်နေကျပါ။ လမ်းလျှောက်ပြီးရင် သော်တာစန်းစားသောက်ဆိုင်မှာ စားသောက်ကြပါတယ်။ ပြီးတာနဲ့ မွတ်တားတို့ အင်ကြင်းပန်းစာပေဆိုင်ရှေ့က သစ်ဆိမ့်ပင်ထိုင်ခုံအဝိုင်းမှာထိုင်ပြီး ထွေရာလေးပါးပြောဆိုကြပါတယ်။ နံနက်လမ်းခွဲပြီးရင် ညနေ(၅)နာရီမှာ ပြန်ဆုံကြပြန်ပါတယ်။ သံယောဇဉ်ကြီးတဲ့အဖွဲ့လေးပါ။

တစ်ညနေမှာဖြစ်ပါတယ်။ မှတ်မှတ်ရရ ဩဂုတ်လ၊ သိဒ္ဓိမိုးမဂ္ဂဇင်းထွက်တဲ့လမှာပါ။ အဲဒီမဂ္ဂဇင်းပါ 'အပင်မှာသီးတဲ့ဘူးသီး' ဆောင်းပါးအကြောင်းကို မွတ်တားက ပြောလာပါတယ်။

"ကိုရင်ရေ ကိုရင့်ရဲ့ ဘူးသီးအကြောင်းဆောင်းပါးဖတ်ပြီးတော့ ကိုရင့်အမာခံ စာဖတ်ပရိသတ်တစ်ဦးဖြစ်တဲ့ တိုးတိုးက ကိုရင့်ကိုတွေ့ချင်နေတယ်"

"ဘာကိစ္စတဲ့တုံး"

"တိုးတိုးက အိမ်ထောင်သည်မိန်းကလေးပါ။ အသက် (၃၀) ဝန်းကျင်လောက်ရှိပြီ၊ သားသမီးတွေရှိတယ်။ ဒါပေမယ့် သူ့မှာ အခက်အခဲတစ်ခုကြုံနေရတယ်တဲ့ ကိုရင်ရဲ့"

"ဘာအခက်အခဲတဲ့လဲ"

"အိမ်ထောင်သည်ဖြစ်တော့ကာ ယောကျ်ားနဲ့နေပြီးရင် ဆီးကျဉ်တဲ့ဝေဒနာကို ခံစားရလေ့ရှိတယ်။ အဲဒီဝေဒနာကြီးက သူတို့အိမ်ထောင်ရေးမှာ ခလုတ်ကန်သင်းဖြစ်နေတယ်တဲ့ ကိုရင်ရဲ့"

"ဆိုစမ်းပါဦး"

"အဲဒါ ကိုရင့်ဘူးသီးဆောင်းပါး... ဆီးကျောက်ဝေဒနာလည်း ဘူးသီး... ရင် ပျောက်ကင်းနိုင်ကြောင်း သူဖတ်... ပါတယ်တဲ့။ သူ့ရဲ့ဆီးကျဉ်ဝေဒနာ... ပျောက်၊မပျောက်သိချင်ပါတယ်တဲ့၊ ... တိုးစာအုပ်လာငှားရင် ကိုရင်နဲ့တွေ့... ရဦးမယ်"

"အင်း - ဆီးကျဉ်ဝေဒနာလော... တော့ မိုင်းရှူးမှာ နေတုန်းက... ကျောက်ကွဲရွက် လက်တစ်ဆုပ်လော... ပြုတ်သောက်လိုက်ရင် တစ်ခါနဲ့ ပျော... တယ်ကွ။ ဒီမှာကျတော့ အဲဒီအရွက်..."

အမေ့စကားမဆုံးခင်မှာ အောင်မိုး ခင်မတို့ရဲ့ရွာမြောက်ပိုင်းဆီကို လှစ်ခနဲပြေးထွက်ခဲ့တယ်။ သစ်ပင်ကိုင်းပြတ်တွေကို လွှားခနဲ လွှားခနဲ ခုန်ကျော်ခဲ့ရတယ်။ ဟက်တက်ကွဲနေတဲ့ ရွာလမ်းအပိုင်းအပြတ်တွေနဲ့ အလျှားလိုက်ပြိုင်ပြေးမိတယ်။ သမဝါယမနဲ့ ကျေးရွာအုပ်ချုပ်ရေးရုံးလေးကို ပြားပြားဝပ်နေတာ မြင်လိုက်ရတယ်။ ဆေးပေးခန်း အုတ်နံရံဖြူဖြူကြီးလည်း အချပ်လိုက်ကွာကျလို့။ တစ်ရွာလုံးဟာ ရွာပျက်ကြီးဖြစ်နေပေါ့။

ခင်မတို့ဝင်းက အုတ်စည်းရိုးမှာတော့ သံဆူးကြိုးတန်းလန်းတွေက ထိုးထိုးထောင်ထောင်။ ရွာလူကြီးနဲ့ မီးသတ်တွေ တားနေတဲ့ကြားကပဲ အောင်မိုး သံဆူးကြိုးပြတ်ကို လှမ်းခုန်ပြီး ဝင်းထဲဝင်လိုက်တယ်။ ခြေသလုံးကိုရှပြီး စုတ်ပြဲသွားလို့ ပူခနဲ ဖြစ်သွားတယ်။ စုတ်ပြဲနေတဲ့ မဏ္ဍပ်တာလပတ်စတွေအစပ်မှာ အသံချဲ့စက်အော်လံကြီးက ပိန်လိမ်ပြီးလဲကျနေရဲ့။ ဆိုင်ကယ်အနီရောင်လည်း တိုက်အိမ်ပိကျနေတဲ့ အိမ်ရှေ့က အုတ်ပုံထဲမှာ တစောင်းကြီးလဲလို့။ အုတ်ပုံပေါ်မှာက မင်္ဂလာမုခ်ဦးက ရွှေရောင်စက္ကူစတွေ၊ ပန်းတွန့်အလိပ်တွေနဲ့ ပူဖောင်းအပြတ်တွေ ငြိနေရဲ့။

မင်္ဂလာပွဲလာထဲက အိမ်ထဲပိတ်မိနေသူတွေကို ရှာထုတ်ဖို့ ထုပ်တန်းနဲ့ အုတ်တုံးတွေကို ခုထိဖယ်နေကြတုန်း။

"ဟော့ ဟော့- အရမ်းဝင်မလာနဲ့လေ"

လို့ တားနေတဲ့အသံတွေကြားကပဲ အုတ်ခဲချပ်ကြီးတွေနဲ့တွဲနေတဲ့ တံခါးရွက်ကျည်းပေါင်တစ်ခုကို အောင်မိုး ဆွဲထောင်လိုက်တယ်။ သစ်သားတန်းတစ်တန်း လဲကျလာပြီး သူ့နဖူးကို ဖြန်းခနဲ ရိုက်မိသွားတယ်။ သူက ဖျတ်ခနဲ ပြန်တွန်းလိုက်တော့ ဘေးကို ဝုန်းဆို ပြုတ်ကျသွားရော။

"အများနဲ့ဝိုင်းမ,ရမှာလေ၊ ဟိုဆွဲဒီဆွဲ လိုက်ဆွဲမနေနဲ့"

ရွာလူကြီးရဲ့ အသံနက်ကြီးကြားကပဲ ခန်းဆီးပန်းရောင်လေးစလေးကို အပျက်အစီးပုံတွေကြားမှာ အောင်မိုး လှမ်းမြင်လိုက်တယ်။ ကောက်ကွေးတွန့်လိမ်နေတဲ့ ပြတင်းပေါက်သံစကာကွက်အောက်မှာ လဲကျနေတဲ့ ပေါ်လစ်ရောင်ဝင်းနေဆဲ ဗီရိုသစ်ကြီးနဲ့ မှန်ကွဲတွေ။ မှန်ကွဲတွေကို သတိထားရှောင်လျက်က လက်ဖျံမှာ စူးခနဲထိုးမိပြီး သွေးတွေစီးကျလာတယ်။ သွေးပေါက်ပျစ်ပျစ်တွေက အောင်မိုးဆွဲဖယ်နေတဲ့ အုတ်ပုံပေါ် စက်စက်ကျလို့။ အပြာရောင်ဆေးလွင်လွင်တွေနဲ့ အုတ်ချပ်ကျိုးတွေအကြားမှာ လက်ကောက်ဝတ်ကနေ တန်းလန်းကျိုးကျနေတဲ့ လက်လေးတစ်ဖက်ကို တွေ့လိုက်ရသလိုပဲ။ အုတ်မှုန့်နီနီတွေ... နေပေမယ့် ဇာအကျီစပန်းရောင်... နဲ့လို့ သိလိုက်တယ်။ အောင်မိုး မှန်... သွားမိတယ်။

ဖြန်းခနဲ အောင်မိုး ကိုယ်ကိုညွှတ်... ပြီး ထိုင်ချလိုက်တော့ လက်နဲ့ထော... မိသွားတဲ့ အုတ်ချပ်ကြီးက ထောင်တ... ပြီး ဟ,သွားတယ်။ ဟုတ်တယ်။ လ... ကလေးတစ်ဖက်ပဲ။ ကမန်းကတန်း... ယူလိုက်ပြီး အုတ်မှုန့်တွေကို ဖူးခနဲမှုတ်... ထုတ်လိုက်တော့ လက်ကလေးက ... စီးခြောက်တွေကြားက ဝင်းခနဲ ဖွေး... တယ်။ မျက်စိထဲလည်း ဖုန်မှုန့်တွေ... သွားလို့ မျက်ရည်ကြည်တွေစို့တက်... တယ်။ မျက်တောင် ပုတ်ခတ်လိုက်... ဝေဝါးတဲ့မျက်လုံးတွေနဲ့ ငုံ့ကြည့်လိုက်... တယ်။ သွေးဆုတ်နေပေမယ့် တော... မနေဘဲ ပျော့ခွေ ညွှတ်ကျနေသေး... လက်ချောင်းလေးတစ်ချောင်းမှာ... အနက်ရောင် ဆင်မြီးလက်စွပ်လေးနဲ့...

❂

ဘယ်တော့မှ မပြောင်းလဲ... ဘူး ဆိုတဲ့ အခိုင်မာဆုံး မဟာ... မြေကြီးတောင် သွက်သွက်ခါပြီး အ... ကွဲထွက်နေမှ ဘာကို ယုံစားအားကိုး... တော့မှာလဲ. . .။

ကိုချမ်း(ဆေး...



www.burmeseclassic.com

www.burmeseclassic.com

ထည်း မရှိ ဘူးသီးနဲ့လည်း ပျောက်ရင် ပျောက်နိုင်ပါတယ်ကွာ၊ ချက်ဆေးချက် ပြီးစားရင် ပျောက်သွားမှာပါ"

လို့ မတင်မကျ ပြောရပါတယ်။ အာလို့လဲဆိုတော့ ကျွန်တော့်ဆောင်းပါး များ ကျွန်တော့်လက်တွေ့မဟုတ်ဘဲ သူများ အပြောနဲ့ ညွှန်းရတာပါ။ အဲဒါကြောင့် ကိုယ်တွေ့ မဟုတ်တဲ့အတွက် ရဲရဲကြီး အာမမခံရဲပါဘူး။

"ဒါဆို ဒီလိုလုပ် ကိုရင်ရာ၊ ကိုရင် နက်ဖြန်အားလား"

"အလုပ်မရှိတဲ့ လူပိုတွေဘဲဟာ၊ အားတာပေါ့ဟ"

"ဒါဆိုရင် ဟုတ်ပြီ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောပေါ့။ ကျုပ်တို့ ဂုံမင်းအိုင် မြတ်အဆွေ စာကြည့်တိုက်ကို စာအုပ်တွေသွားလှူပြီး အပြန်မှာ ဘူးသီးတွေ ဝယ်ခဲ့ရအောင်ဗျာ"

"ကောင်းသားပဲ၊ ဂုံမင်းအိုင်ကိုသွားရင် မျိုးမြင့်လည်း ပါမှဖြစ်မှာကွ။ မျိုးမြင့် ဆီဝင်အကြောင်းကြားလိုက်မယ်"

လို့ ပြောပြီး ကျွန်တော် ဂုံမင်းရွာ က စာကြည့်တိုက်မှူးဦးတင့်ဆန်းဆီ ဖုန်းဆက်ဆက်ပါတယ်။ နက်ဖြန် နံနက် (၉) နာရီလောက်မှာ ဦးမွတ်တားနဲ့အတူ စာအုပ်တွေ လာလှူမှာ ဖြစ်ကြောင်း အကြောင်းကြားလိုက်ပါတယ်။

ကျွန်တော့်ဆီက ဂျာနယ်နဲ့ သူရဿတီမိုးမဂ္ဂဇင်းတွေ ဆာလာအိတ်ကြီး တစ်အိတ်ရယ်၊ မွတ်တားတို့ အင်ကြင်းဝန်းစာပေက ဆာလာအိတ်ကြီး လေးအိတ်ရယ် စုစုပေါင်း (၅) အိတ်ကို ကျွန်တော်တို့ (၃) ယောက် နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ် (ယခင် ဖြန်တပြေး) ကနေ ပျဉ်းမနားမြို့ကို လိုင်းကားနဲ့ သယ်ရပါတယ်။ နေပြည်တော် ပျဉ်းမနားမြို့ကနေ လိုင်းကားနဲ့ ဂုံမင်းအိုင်ကို စီးရပြန်ပါတယ်။ နေပြည်တော် လေဆိပ်သွား အေလာလမ်းမကြီးရဲ့ဘေးမှာ ဂုံမင်းရွာ တည်ရှိပါတယ်။

ဂုံမင်းအိုင်ကိုရောက်တယ်ဆိုရင်ပဲ ဦးတင့်ဆန်းနဲ့ လူငယ်အဖွဲ့က အသင့်စောင့်ကြိုနေပါတယ်။ စာအုပ်ထုပ်တွေ ထမ်းသယ်ကြပါတယ်။ ဒါနဲ့ပဲ ဂုံမင်းအိုင် မြတ်အဆွေ စာကြည့်တိုက်အတွက် စာအုပ်တွေလှူပြီးတာနဲ့ ရပ်မိရပ်ဖတွေနဲ့ စကားပြောရင်း ဘူးသီးအကြောင်းပြောတဲ့အခါ အိမ်ရှင်ကိုမြင့်ဆွေက ဘူးသီးတွေ တစ်ထမ်းကြီးသယ်ယူလာပါတယ်။ စာအုပ်လည်း လှူရင်း ဘူးသီးလည်း ယူရင်း ဆိုတဲ့ ခရီးပါ။

ကိုမြင့်ဆွေ၊ မစုစုတို့အိမ်က ညေ့ဝတ်ကျေပွန်စွာ ညေ့ခံကျွေးမွေးပါတယ်။ နေ့လယ်မှာ ကျွန်တော်တို့ ဘူးသီးတွေ တစ်ပွေ့တစ်ပိုက်နဲ့ အောင်ဇမ္ဗူရပ်ကွက်ကိုပြန်ရောက်ကြပါတယ်။

ညနေပိုင်းမှာ စာဖတ်ပရိသတ် ဆီးကျဉ် ဝေဒနာရှင် တိုးတိုးနဲ့ တွေ့ရပါတယ်။ ဘူးသီးအကြောင်း ဆောင်းပါးထဲက အချက်အလက်တွေ စာအုပ်နဲ့ ကူးထားပြီးပြီဆိုတာကြောင့် သီးခြားပြောပြစရာ မလိုတော့ပါဘူး။ တိုးတိုး ချက်ဆေးကျိုစားတယ်လို့ဆိုပါတယ်။ ဘူးသီး အချို့အဝက်ကျတော့ ကွမ်းစားတဲ့ ကိုတင်ထွန်းက သူ့မှာ ဆီးကျောက် ရှိနိုင်တယ်ဆိုပြီး ယူသွားပါတယ်။ သူလည်း ချက်ဆေးချက်စားပါတယ်။

သုံးရက်လောက်နေတော့ မွတ်တားဆီက မင်္ဂလာသတင်းကိုကြားရပါတော့တယ်။

"ကိုရင်ရေ"

"ဘာတုံး"

"ကိုရင့်ဘူးသီးက အဟုတ်ကြီးပဲဗျ။ ဟိုကောင်မလေး ဆီးကျဉ်တဲ့ဝေဒနာ ပျောက်သွားပြီလို့ သိရတယ်"

"မောင်ရင့်ကိုပြောသွားတာလား"

"ဟုတ်တယ်၊ သမီးရဲ့ ဝေဒနာ ပျောက်သွားပြီ ဘကြီးတဲ့။ စာရေးဆရာကိုကျေးဇူးတင်ပါတယ်တဲ့ဗျာ"

"အေးဟာ- ဝမ်းသာလိုက်တာ၊ ဒါဆို တို့တွေ အပင်ပန်းခံပြီး ဘူးသီးတွေ သွားယူရတာ ယူရကျိုးနပ်ပြီပေါ့ ဟုတ်ဘူးလား"

ဆိုပြီး ပျော်နေကြပါတယ်။ ကိုယ့်ကြောင့် သူတစ်ထူး ချမ်းသာရာရတယ်ဆိုတာ ဘယ်လောက် ကြည်နူးစရာ ကောင်းပါသလဲ တွေးကြည့်ကြပါ။

အဲဒီစာအုပ်တွေလှူရင်း ဘူးသီးသွားယူတဲ့အခါ ဘူးပင်ရဲ့အကိုင်းတွေပါ ယူခဲ့ကြတာပါ။ ခုဆို မွတ်တားအိမ်မှာ (၂)ပင်ရှင်နေပါပြီ။ တိုးတိုးလည်း ဘူးပင် မျိုး ယူသွားပေမယ့် ရှင်၊ မရှင် မေးမကြည့်ဖြစ်ပါဘူး။

ဒီအပင်ဘူးဆိုတာ ဟိုးရှေးရှေးကတည်းက စစ်ကိုင်းတောင်ရဲ့ ချောင်တွေမှာ အိန္ဒိယဘူး ဆိုပြီး ရှိနေခဲ့တယ်လို့ ကျွန်တော့်ညီမကြီး မခင်ထွေးက ပြောပြပါတယ်။ သူ့အိမ်မှာလည်း အိန္ဒိယဘူးပင်တွေ ရှင်သန်နေပါပြီ။ ကျွန်တော့် အစ်ကိုကြီးဟာ စစ်ကိုင်းတောင်ရဲ့ချောင်တွေမှာ အဲဒီဘူးကို တွေ့ခဲ့ပြီး ကျွန်တော့်ကို ပြန်ပြောပြတာ ဖြစ်နိုင်ပါတယ်။

အညာမှာ ဘူးခါးသီးလို့ ခေါ်ကြောင်းလည်း သိရပါတယ်။

အဲဒီ ဘူးခါးသီးကို ချက်ဆေးချက်မယ်ဆိုရင် ဘူးသီးကို နှစ်ခြမ်းခွဲပြီး ဇွန်းနဲ့ အသားတွေ ခြစ်ယူပါ။ ထန်းလျက်နဲ့ ညောင်စေးကျအောင် ကျိုရပါတယ်။ စမုန်မျိုးငါးပါးကို အမှုန့်ပြုပြီး နည်းနည်း ထည့်ရပါတယ်။ ညောင်စေးကျလို့ချပြီးရင် အအေးခံပြီး လေလုံဖန်ဘူးထဲ ထည့်ပါ။ ပြီးရင် ပျားရည်နဲ့ပြန်တေပါ။ နံနက်တစ်ဇွန်း၊ ညတစ်ဇွန်းစားရင် ဆီးရောဂါတွေ သက်သာ ပျောက်ကင်းပါတယ်။

ဘူးခါးသီးဟာ ဆီးကျဉ်ဝေဒနာ ပျောက်တယ်ဆိုတာကိုတော့ တိုးတိုးရဲ့ ကိုယ်တွေ့ကြောင့် သိရပါပြီ။ စိတ်ဝင်စားသူ ဝေဒနာရှင်များ ဘူးခါးသီး ခေါ် အပင်ဘူးသီးရှိနေမယ်ဆိုရင် စားသင့်ကြပါတယ်။

နေပြည်တော် ဝန်းကျင်မှာတော့ နေပြည်တော်လယ်ဝေးမြို့နယ် ဂုံမင်းအိုင်ရွာမှာ ဘူးခါးသီးတွေ များစွာ ဝယ်ယူ ရရှိနိုင်ပါတယ်။

စာအုပ်လှူရင်း၊ ဘူးခါးသီးယူရင်း သွားကြတာက ၂၇-၈-၂၀၁၂ မှာ ကျွန်တော်ရယ်၊ ဗိုလ်မှူးကြီး ကျော်ကျော် (ငြိမ်း) (ခ) စာရေးဆရာ စေးလာနွယ်ရယ်၊ နေပြည်တော် ပျဉ်းမနားမြို့က စာရေးဆရာအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်နဲ့ စာရေးဆရာ (၆) ယောက်ရယ်၊ မွတ်တားရယ်၊ မျိုးမြင့်ရယ် စုစုပေါင်း (၁၀) ယောက် ဂုံမင်းအိုင်ရွာကို စာအုပ်လှူရင်း စာဖတ်သူတို့နဲ့ တွေ့ဆုံဟောပြောပွဲလုပ်ရင်း ရောက်ကြပြန်ပါတယ်။ ကား (၂) စင်းနဲ့ သွားကြခြင်းပါ။

မွတ်တားက စာအုပ် (၄) အိတ်၊ ဆရာစေးလာနွယ်က (၁) အိတ်၊ ပျဉ်းမနားစာရေးဆရာအဖွဲ့က (၃) အိတ်၊ ထပ်မံ လှူဒါန်းကြခြင်းပါ။ ဂျာနယ်တွေ၊ မဂ္ဂဇင်းစာအုပ်တွေ ပုံသွားပြန်ပါတယ်။ အဲဒီပျဉ်းမနားစာရေးဆရာအဖွဲ့မှာ မြတ်ကြေးမုံရေးစဉ်က ရေးဖက် ပျဉ်းမနား - သိန်းထိုက်အောင်၊ တနိုင်ခတို့နဲ့လည်း တွေ့ဆုံ သိကျွမ်းရပါတယ်။

ကျွန်တော်က အခမ်းအနားမှူး လုပ်ပြီး စာရေးဆရာ (၇) ဦးက ဟောပြောကြပါတယ်။ ဒါတွေက ဘူးခါးသီးနဲ့ ဆက်နွယ်လို့ တင်ပြရခြင်းပါ။

ချမ်းမြေ့ကြပါစေ

မိုးကုတ်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

ဂမုန်း ဟူသော အမည်မှာ ဥရှိသောအပင်ငယ်များစွာကို ခြုံ၍ ခေါ်သောအမည် ဖြစ်သည်။ အချို့မှာ မြေဥပေါက်သည်။အချို့မှာ အပင်ကြီးများတွင် တွယ်ကပ်ပေါက်သောပင်ဆင့်မျိုး ဖြစ်သည်။ ပင်ဆင့်အမျိုးမှာ ရုက္ခဗေဒအလိုအားဖြင့် ပါရာဆိုက် (parasite) များဖြစ်သည်။ သာမန်အားဖြင့် ဂမုန်းသည် ပုတတ်စာ၊ နနွင်း၊ တောက်တာ စသည်တို့နှင့်အတူ ကင်းဖီးရီးယား (Kaempheria)မျိုးစုတွင် ပါဝင်သည်ဟု ဆိုနိုင်သည်။

မြန်မာအခေါ် ဂမုန်းမှာ အလွန်များပြားလှ၍ ရုက္ခဗေဒအမည်တစ်ခုတည်းကိုစွဲ၍ မယူအပ်ချေ။ ကျောက်ကျမ်း၊ ဂမုန်းကျမ်း၊ ကဝေသာရကျမ်းတို့တွင် ဂမုန်းအမျိုးပေါင်း (၁၀၉) မျိုး ပြထားပေသည်။ ဂမုန်းအမျိုးပေါင်းများစွာရှိသည့်အနက် အချို့ဂမုန်းတို့မှာ ထူးခြား၍ဂမ္ဘီရသဘောဆောင်သည်။ ဂမုန်းခွေးလာသည် ဆိတ်ဖူးရွက်ကဲ့သို့ ပြာပြာစိမ်းစိမ်းအရောင်ရှိ၍ ၎င်းဂမုန်းဥကိုဆောင်ထားလျှင် ခွေးချစ်တတ်သည်။ ဂမုန်းဇည့်လာကိုစိုက်ထားလျှင် ဧည့်သည်များလာတတ်သည်။ ဆန့်ကျင်ဘက် ဖြစ်သော ဂမုန်းဧည့်လန်ကို စိုက်ပျိုးလျှင် ဧည့်သည်ရှားပါးသည်။ ဂမုန်းဘီလူးပင်တွင် ဘီလူးစောင့်သည်ဟု ဆိုသည်။ ဂမုန်းဘီလူးပင်အား အသားကျွေး၍စိုက်ပျိုးသော် သူခိုး၊ လူဆိုးတို့ အိမ်ကိုမဝင်နိုင်အောင် စောင့်ရှောက်သည်ဟု အဆိုရှိသည်။

## သပိတ်ကျင်း-ကျော်ကျော်ထွန်း

## ထူးဆန်းသော ကြက်တူရွေးဂမုန်း

ဂမုန်းစကားပင်သည် ဆိတ်ဖူးရွက်ကဲ့သို့ အတွင်းပြောက်သည်။ လက်ယပ်သကဲ့သို့ တလှုပ်လှုပ်ရှိသည်။ ဂမုန်းကိန္နရာသည် လေမလာဘဲ အလိုအလျောက် ယိမ်းကနေတတ်သည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သုရဇ္ဇမဂ္ဂဇင်းတွင် ကိုမြသွေး-ပေါင်းလောင်းမြေ ရေးသားသော ထူးဆန်းသည့် ရွက်ခတ်ဂမုန်းသည် ဂမုန်းကိန္နရာများလားဟု တွေးမိပါသည်။ ကိုမြသွေး၏ ဆောင်းပါးတွင် ရွက်ခတ်ဂမုန်းကို အိမ်တွင်စိုက်လျှင် မိန်းကလေးရှိက ပျက်စီးတတ်သည်။ တို့ဆေး၊ ပီယဆေး၊ ကျားအားဆေးများတွင်လည်း သုံးနိုင်သည်ဟု ပါရှိသလို ဓာတ်ပုံဖြင့်ပါ ဖော်ပြထားသည်ကို ဖတ်ရပေရာ အလွန်ထူးဆန်းသောဂမုန်းပါလား ဟူ၍ အံ့ဩရပါသည်။

ကျွန်တော်၏ အဘိုးနှင့် အဘွားတို့သည် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ လက်ပံတန်းမြို့နယ်အတွင်းမှ ကွမ်းခြံတွင် နေထိုင်ကြပါသည်။ အဘွားဒေါ်ရွှေပွင့် အသက် (၄၀) ကျော်ခန့်က ရွာဦးကျောင်းအတွက် နေ့စဉ် အရုဏ်ဆွမ်းအုပ် လှူဒါန်းသည်။ ထို့ကြောင့် ဆွမ်းချက်ရန်အတွက် မနက်(၄)နာရီခန့် ရွာဦးကျောင်းမှ အုန်းမောင်းခေါက်လျှင် ဆွမ်းချက်ထရသည်က နေ့စဉ်လုပ်ငန်းဖြစ်သည်။ အဘွားဆွမ်းချက်ရာ မီးဖိုပြတင်းပေါက်နှင့် မလှမ်းမကမ်းရှိ ခြံစည်းရိုးနားတွင်လည်း ခြင်းလုံးဂမုန်းပင်များ စိုက်ပျိုးထားသည်။

ခြင်းလုံးဂမုန်းသည် ဂမုန်းလဝန်းပင်နှင့် ဆင်ဆင်တူသော်လည်း အပွင့်ပွင့်သောအခါ အနီရောင်လုံးလုံးကြီးများဖြစ်၍ ခြင်းခတ်သောခြင်းလုံးအရွယ်အစားခန့်ရှိသည်။ ကဆုန်၊ နယုန်လများတွင်ပွင့်သည်။ ခြင်းလုံးဂမုန်းများပွင့်ချိန် နေ့တစ်နေ့တွင် ဆွမ်းချက်နေရင်း အမှတ်မထင် ဂမုန်းပင်များရှိရာသို့ ကြည့်နေစဉ် ဂမုန်းပင်များကြားမှ လူကဲ့သို့ ဖြူဖြူသဏ္ဌာန်တစ်ခုထွက်သွားသည်ကိုမြင်လိုက်ရသည်။ သူခိုးများလားဟု တွေးရင်း ပြတင်းပေါက်နားမှ သွားကြည့်ရာ ထိုသဏ္ဌာန်ကို မတွေ့ရတော့ချေ။

နောက်ထပ် (၅) ရက်လောက်အကြာအရုဏ်တက်တွင် ထိုဖြူဖြူသဏ္ဌာန် လူလိုလိုကို တွေ့ရပြန်၏။ နောက်ပိုင်းတွင်လည်း တွေ့တွေ့နေသဖြင့် အဘိုးဦးစံအားပြောပြရာ-

"မယ်ပွင့်ရေ၊ မင်းမြင်တာ ဂမုန်းအစောင့်တွေ ဖြစ်နိုင်တယ်ကွ"

ဟု လင်မယားနှစ်ယောက် တိုင်





www.burmeseclassic.com

www.burmeseclassic.com

ခင်ကာ ခြင်းလုံးဂမုန်းပင်များကို တစ်ခုမကျန် တူးဆွပြီး ဝေးရာသို့ သွားပစ်လိုက်ကြသည်။

ထိုညတွင် အဘွား ဒေါ်ရွှေပွင့်အိပ်မက်မက်သည်မှာ-

"ငါသွားချင်နေတာကြာပြီ၊ ခုမှ သွားခွင့်ရတော့တယ်။ မင်းတို့ ကျေးဇူးမမေ့ပါဘူး"

ဟု ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်တစ်ဦးက ပြောသည်ဟု အဘွားက ပြောပြပါသည်။ ခြင်းလုံးဂမုန်းစောင့်ပေလော။

**ကြက်တူရွေးဂမုန်းနီနီလေး**

ယခင် အလုပ်ပိတ်ရက်များတွင် အိုလံပါစျေးတန်းမှ အပ်ချောင်စားသောက်ဆိုင်သို့ သွားရောက်၍ ကချင်





www.burmeseclassic.com

www.burmeseclassic.com

မီးတောက်နှင့် အသည်းနွမ်းဝေဒနာကို ဆေးမြဲဖြစ်သော်လည်း ဒီနေ့တော့မသွား ဖြစ်တော့ပေ။ ဗုဒ္ဓဘာသာဝင်တို့အထွတ်အမြတ်ပြုရာ ဝါဆိုလပြည့်နေ့ဖြစ်သဖြင့် အပ်ချောင်ဆိုင်မသွားတော့ဟု စိတ်ပိုင်းဖြတ်ကာ အိုလံပါမုနိဆုတောင်းပြည့်စေတီတော်လေးရှိရာသို့ ရောက်ခဲ့ပါသည်။

မြန်မာဘုရင်များစိုးစံသောခေတ်ကာလများတွင် ဘုရင်အား ဂုဏ်ပြုဖွဲ့ဆိုသော ဘုန်းတော်ဘွဲ့များ စပ်ဆိုရာ၌ ဘုရင်မင်းတရားကြီး၏ နိုင်ငံပိုင်နက်ရှိ ကြွယ်ဝချမ်းသာမှုအား ဖော်ပြရာတွင် ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ စသည်ဖြင့် ထည့်သွင်း စပ်ဆိုသည်ကို တွေ့ရှိရပါသည်။ ဘုန်းတော်ဘွဲ့ကဗျာတွင်ပါရှိသလို မြန်မာနိုင်ငံတွင် ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာသာမက သွပ်၊ သံ၊ ခဲ၊ အဖြိုက်နက်၊ ကြေးနီ၊ မင်းဂနိစ်၊ ဘောက်ဆိုက် စသော ဓာတ်သတ္တုသယံဇာတများနှင့် အဖိုးထိုက်ကျောက်မျက်ဖြစ်သော စိန်၊ ပတ္တမြား၊ နီလာ၊ ပုလဲတို့ပါ အများအပြားထွက်သောနိုင်ငံ ဖြစ်ပါသည်။

ယခင်နှစ်ပေါင်းများစွာက ပတ္တမြား၊ နီလာတို့ကို မိုးကုတ်ရတနာမြေ၌သာထွက်သည်ဟု ထင်ခဲ့ကြသော်လည်း 'ရှာဖွေလေတွေ့ရှိလေ' ဆိုသော ဆောင်ပုဒ်အတိုင်း မြန်မာဘူမိဗေဒပညာရှင်များသည် ဓာတ်သတ္တုသယံဇာတအ ရင်းအမြစ်များနှင့် ကျောက်မျက်ရတနာတို့ကို တိုးချဲ့ရှာဖွေခဲ့ရာ မိုးကုတ်ကျောက်စဉ်ဖြစ်သော သက်ရင့်နှမ်းဖတ်ကျောက် (Granite) စဉ်စုများ တွေ့ရှိရာ မိုင်းရှူးဒေသနှင့် ကချင်ပြည်နယ် မံစီမြို့နယ် ပြင်လုံ၊ နမ့်ဆာခ၊ ခပ္ပရာ၊ အိုလံပါဒေသတို့တွင်ပါ ပတ္တမြားကို တွေ့ရှိရသဖြင့် ရတနာမြေအသစ်များပေါ်ထွန်းခဲ့သည်။

ပြင်လုံရတနာမြေနှင့် နမ့်ဆာခ၊ ခပ္ပရာ၊ အိုလံပါရတနာမြေတို့ကြားတွင် ရွှေလီမြစ် ဖြတ်သန်း စီးဆင်းလျက်ရှိပြီး ရွှေလီမြစ်၏မြောက်ဘက်တွင် ပေပေါင်း (၆၀၀၀) ကျော် (၆၄၁၁) မြင့်သော ဘုံကျောင်းတောင်ထွတ်ကြီးနှင့် ဂမ္ဘီရဆန်သော ဘုံကျောင်း၊ ခပ္ပရာ အိုလံပါဘက်ခြမ်းတွင် ပေငါးထောင်ကျော်မြင့်သည့် တောင်တန်းများပေါ်မှ သစ်တောတို့၌ ထူးဆန်း၍ ရှားပါးသော ဂမုန်းများ၊ ပါရာဆိုက်သစ်ခွဂမုန်းများ ပေါက်ရောက်လျက်ရှိပါသည်။

ရတနာမြေသစ် ပေါ်ထွန်းတွေ့ရှိသည်နှင့် ကျောက်တွင်းလုပ်ကွက်တို့ကလည်း နတ်တို့တန်ခိုးဖြင့်ဖန်ဆင်းသည့် အလား နေ့ချင်းညချင်း ပေါ်ပေါက်လာပါသည်။လုပ်ကွက်တို့နှင့်အတူ လက်ဖက်ရည်ဆိုင်၊ ယမကာဆိုင်၊ စားသောက်ဆိုင်မှအစ လိုသမျှ ရနိုင်သော ဆိုင်မျိုးစုံတို့ပါ စည်ကားလာပါသည်။

အိုလံပါမုနိဆုတောင်းပြည့်စေတီတော်လေးတည်ရှိရာ တောင်ထွတ်မှ လှမ်းမျှော်ကြည့်ရာ ပြင်လုံနှင့် နမ့်ဆာခ ရတနာမြေကြားမှ ပေပေါင်း (၆၄၀၀) ကျော်မြင့်သော ဘုံကျောင်းတောင်ထိပ်ကို တောင်ခိုးများကြားတွင် မသဲမကွဲမြင်နေရသလို ဘုံကျောင်းတောင်ကြောနှင့် ထိစပ်နေသော ခါကန်တောင်ပြာတန်းကြီးကလည်း ဒဏ်ရာရအသည်းနှင့်ကြေကွဲနေသူကို အလွမ်းပို့အောင်ဖန်လေသလားလို့ ထင်မှတ်မှားရအောင် တောင်ကမ်းပါးယံ တံတိုင်းအထပ်ထပ်ဖြင့် ကာဆီးလျက်။

ခါကန်တောင်နံရံတံတိုင်း၏ ဟိုမှာဘက်တွင်. . . ဆက်မတွေးချင်တော့သော်လည်း သန်းထွေး၏ပုံရိပ်က ကျွန်တော့် နှလုံးသားတွင် ထင်ရှားဆဲ။ သန်းထွေး၏ ပုံရိပ်တို့နှင့်အတူ -

'ဆယ်တန်းတောင်မအောင်တဲ့နင့်ကောင်ကို တို့အမျိုးထဲ မသွင်းနိုင်ဘူး သမီး'

ဆိုတဲ့ ရင့်သီးလှတဲ့ သန်းထွေး အဖေရဲ့ပစ်ပစ်ခါခါအသံကလည်း ပဲ့တင်သံ ထပ်ပြန်တလဲလဲပေါ်လာသည်ကြောင့် နားနှစ်ဖက်ကို လက်ဝါးဖြင့်ပိတ်ရင်း -

"သွားစမ်းကွာ"

ဟု ဒေါသသံဖြင့် အော်လိုက်မိပါသည်။ အတွေးပုံရိပ်တို့မှကျော်လွန်ကာ အသံစွမ်းအင်သို့ပြောင်းသွားစဉ်အခိုက်-

"ရော် - အစ်ကို ယုန္ဓယ်ကို ပြောတာပအေး"

ဆိုသည့် ချိုလွင်သောအသံလေးကြောင့် အသံလာရာဆီသို့ လှည့်ကြည့်လိုက်မိသည်။

လက်ထဲတွင် ကြက်တူရွေးဂမုန်းနီနီလေးတစ်ခိုင် ရင်ဝယ်ပိုက်လျက် တအံ့တသြဖြင့် ကျွန်တော့်အား ငေးကြည့်နေသည့် မိန်းမချောလေးတစ်ဦး။ လဝန်းမျက်နှာလေးနှင့် ပန်းနုသွေးရောင်ပါးဖောင်းဖောင်းပိုင်ရှင်မလေး။

ကျွန်တော်လည်း ရုတ်တရက်မို့ ဘာပြန်ပြောရမည်မသိဘဲဖြစ်နေပြီးမှ-

"မဟုတ်ပါဘူး ညီမလေး၊ ဘာတဲ့ အဲ အဲ ယုန္ဓယ်ကို ပြောတာ မဟုတ်ပါဘူး။ ခံစားမှုဝေဒနာလေးတွေများသွားလို့ပါ"

ဟု တောင်းပန်လိုက်ရပါသည်။

မိန်းမချောလေးလည်း နှစ်လို[illegible] အပြုံးလေးဖြင့် မျက်လုံးတစ်ချက် [illegible] ကြည့်ကာ အိုလံပါမုနိစေတီတော်[illegible] တစ်ခုတည်းသော အရှေ့ဘက်မုခ်ဝ[illegible] သို့ လျှောက်သွားပါသည်။

(၁၀) တန်းစာမေးပွဲကို ဒုတိ[illegible] အကြိမ်မြောက် ကျစာရင်း (မအောင်[illegible] သဖြင့်) ထွက်လာသောအခါ ချစ်ရ[illegible] သန်းထွေးအဖေ၊ မတော်ရသော[illegible] ယောက္ခထီး၏ ပုတ်ခတ်ထိပါးစော်ကား[illegible] သောစကားကြောင့် တစ်ရွာမပြောင်း[illegible] သူကောင်းမဖြစ်ဆိုသောထုံးနှလုံးမူ[illegible] သူငယ်ချင်းရှိရာ ကချင်ပြည်နယ် [illegible] မောက်မြို့သို့ ခြေရာဖျောက်ခဲ့ရာ[illegible] တစ်ဆင့် မံစီမြို့နယ် အိုလံပါကျော[illegible] တွင်း(ပတ္တမြား)သို့ ရောက်ရှိခဲ့ခြင်း ဖြစ်[illegible] သည်။ သူငယ်ချင်းက မန်နေဂျာဖြစ်[illegible] သောကြောင့် ကျွန်တော့်ကို အထ[illegible] သမားကြီးကြပ်သူရာထူးပေးထားသ[illegible] လုပ်ငန်းခွင်၌ မပင်ပန်းပါသော်လည်း[illegible] ချစ်ဝေဒနာကြောင့် အသည်းနွမ်းနေ[illegible] သည်။ ယနေ့ ဝါဆိုလပြည့် အလုပ်ပိတ်[illegible] ရက်ဖြစ်ရာ ယခင်အလုပ်ပိတ်ရက်များ[illegible] ကဲ့သို့ ယမကာဖြင့် အသည်းလန်း[illegible] မလုပ်သင့်ဟု သတိတရားလေးဝင်[illegible] ၍ အိုလံပါမုနိ ဆုတောင်းပြည့်စေ[illegible] တော်လေးသို့ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

အတွေးသံသရာမှ ပြန်လည်[illegible] ချိန်တွင် လဝန်းမျက်နှာပိုင်ရှင်မလေး[illegible] မတွေ့ရတော့ချေ။ တဒင်္ဂမျှ မြင်လိုက်[illegible] သောပုံရိပ်တို့သည် ကျွန်တော်၏နှ[illegible] သားတွင် ပီပြင်စွာစွဲထင်လျက်။ သို့[illegible] ယုန္ဓယ်ထိုင်ခဲ့သော အရှေ့ဘက်မုခ်[illegible] သွားကာထိုင်ရင်း ဘုရားကန်တော့[illegible] သည်။ ဘုရားပန်းအိုးထဲတွင် ယုန္ဓယ်[illegible] လှူခဲ့သော ကြက်တူရွေးဂမုန်းနီနီ[illegible] နှစ်ခက်က အခြားပန်းများထက် ထ[illegible] လှပနေပါသည်။ ကြက်တူရွေးဂမုန်း[illegible] လေးနှစ်ခက်ကိုကြည့်ရင်း ဤမိန်းမ[illegible] လေးသည် တစ်ကိုယ်တည်းလာကာ [illegible] နီနီနှစ်ခက်ကို မည်သည့်ရည်ရွယ်[illegible] ဖြင့် လှူခဲ့လေသနည်း။ ငါ့ကဲ့သို့ အ[illegible] ကျန်ဘဝရောက်နေရ၍ နှစ်ကိုယ်[illegible] ချစ်ဘဝကိုရရှိရန်ဆုတောင်းဖြင့် တ[illegible] ခဲ့လေသလား စသော အတွေးများ[illegible] ဘုရားပန်းအိုးအတွင်းမှ ပန်းနီနီလေး[illegible] ခက်ကို ယူကာ-

"ဘုရားတပည့်တော်သည် [illegible] ကြက်တူရွေးဂမုန်းနီနီလေးနှစ်ခက်[illegible] ဒါန်းသွားသော လဝန်းမျက်[illegible] မိန်းမချောလေးနှင့် နှစ်ကိုယ်[illegible] ချ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ရောက်ရပါလို၏အရှင်ဘုရား"

ဟု ဆုတောင်းကာ ပန်းနီနီလေး နှစ်ခက်ကို ထပ်မံ ကပ်လှူလိုက်ပါသည်။ ကျွန်တော်၏လုပ်ရပ်သည် ရူးသွပ်သည်ဟု မြင်ကြမည်ဖြစ်သော်လည်း သန်းချီ၍ မှုကြောင့် ခံစားနေရသော အသည်းနှလုံးဝေဒနာများ ထူးခြားစွာ ပျောက်ကွယ်သွားသည်တော့ အမှန်ပင် ဖြစ်ပါသည်။

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် အိုလံပါမုနီဆုတောင်းပြည့်စေတီတော်ထံပါးသို့ အဖူးအမြော် ရောက်ရှိခဲ့ပြန်ပါသည်။ ဒီတစ်ခါတော့ ဟိုသည်ငေးမောခြင်းမပြုတော့ဘဲ မုခ်ဝရှေ့တည့်တည့်ထိုင်ရင်း ဘုရားကန်တော့လိုက်ပါသည်။

"ရော့ - အစ်ကိုလည်းရောက်နေတယ်ပအေး"

ဆိုသံကြောင့် လှည့်ကြည့်ရာ ဝမ်းသာလုံးဆို့သွားပါသည်။ မြင်ရသည်က သဝန်းမျက်နှာပိုင်ရှင် မိန်းမချောလေး။

"ဟယ် - ညီမလေး ယုန္တယ်"

ဟု ဝမ်းသာအားရ ဆိုမိပါသည်။

"ဟုတ်တာပ၊ ယုန္တယ်ပအေး"

ဆိုသည်ကြောင့် သူတို့ဒေသစကားနှင့်မယဉ်ပါးသေးသော်လည်း နည်းနည်းတော့ နားရည်ဝနေပါပြီ။

ယုန္တယ်နှင့် ကျွန်တော်တို့ အမှတ်မထင် ခင်မင်ရင်းနှီးမှုက မြန်ဆန်လွန်းလှသည်။ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့က စတင်မြင်တွေ့ကြသလို ကြက်တူရွေးဂမုန်းနီနီလေးနှစ်ခက်ကြောင့် ရူးသွပ်သောအတွေးများဖြင့် တစ်ဖက်သတ်ဆုတောင်းခဲ့၍ တစ်လတိတိအကြာ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် ချိန်းဆိုထားသည့်အလား အိုလံပါမုနီစေတီတော်ထံပါးဝယ် ပြန်လည် ဆုံတွေ့ခဲ့ကြပြန်သည်။ ဟိုဒင်းသည်ဒင်း စိတ်ဝင်စားဖွယ်အပိုစကားတွေမသွင်းဘဲ လိုရင်းကို ဖော်ပြရသော် မေတ္တာအခါတော်နေ့မှစကာ မေတ္တာဇာတ်လမ်းလေး သက်ဝင်လှုပ်ရှားခဲ့ပါသည်။

ယုန္တယ်နှင့် ကျွန်တော်ဖြစ်ပုံ အကြောင်းရာ မတူကြသော်လည်း အသည်းနွမ်းဝေဒနာတူကြသည်မို့ ထူးဆန်း၍ ရှားပါးသော ကြက်တူရွေးဂမုန်းအနီရောင်နှစ်ခိုင် အပြိုင်ပွင့်သည်ကိုရှာ၍ ဘုရားတွင် ကပ်လှူ၍ လိုရာဆုတောင်းပါက ပြည့်သည်ဟု လူကြီးသူမတစ်ဦး ပြောဖူးသည်ကြောင့် ယခုလို ကျွန်တော်နှင့် တူနှစ်ကိုယ် မေတ္တာမျှကြသည်ဟု ဂမ္ဘီရဆန်သောဖြစ်ရပ်ကို ယုန္တယ်ထံမှ သိရသလို တိုက်တိုက်ဆိုင်ဆိုင် ကြက်တူရွေးဂမုန်းနီနီလေးနှစ်ခိုင်ကို ရူးသွပ်စွာကိုင်ရင်း တစ်ဖက်သတ် ဆုတောင်းမိသည့် ကျွန်တော့်လုပ်ရပ်ကလည်း အကျိုးဟူသည် အကြောင်းအားလျော်စွာ ဖြစ်တတ်သော နိယာမဟုသာ။

Romance စိတ်ကူးယဉ် အချစ်ဇာတ်လမ်းလေးဆိုပါက ဤတွင်တစ်ခန်းရပ်ကာ အပ်ကြောင်းထပ်အောင်ချစ်ကြမည်ဖြစ်သော်လည်း ကျွန်တော့်အဖြစ်က စိတ်ကူးယဉ်ဇာတ်လမ်းမဟုတ်သည့်အတွက် သီတင်းကျွတ်လျှင် လက်ထပ်ဖို့အရေး သူငယ်ချင်းဖြစ်သူ မန်နေဂျာနှင့်ဆွေးနွေးကာ မံစီမြို့တွင် နေထိုင်ကြသည့် ယုန္တယ်၏ မိဘများထံ မင်္ဂလာသတင်းပေးရပါသည်။

၂၀၁၂ ခုနှစ်သည် တရုတ်ရိုးရာအယူအဆပေဒင်ကိန်းခန်းစကားမျိုးဖြင့်ဆိုရပါမူ မိုးနှစ်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် မိုးရာသီစပြီဆိုသည်နှင့် နေ့စဉ်ရက်ဆက် မပြတ်တမ်း ရွာသွန်းနေသောမိုးကြောင့် ရေကြီးခြင်းသတင်း၊ တောင်ပြိုခြင်းသတင်းတွေကို မြန်မာသာမက အခြားနိုင်ငံအများအပြားတို့မှာပါ ဂြိုဟ်တုစလောင်းရုပ်မြင်သံကြားလိုင်းတို့တွင် တွေ့မြင်ကြားသိနေရပါသည်။

ကျွန်တော်တို့ အိုလံပါလုပ်ကွက်များတွင်လည်း အများနည်းတူ မိုးကပေးသောဒုက္ခကို မျှဝေခံစားကြရပါသည်။ အဆိုးဆုံးက ငှက်ဖျားရောဂါ ဖြစ်၏။

တောတောင်ဒေသအနှံ့ သံယံဇာတလေ့လာရှာဖွေရသည့် ဘူမိဗေဒကွင်းဆင်းဝန်ထမ်းများ၊ သစ်တောဌာနချုပ်မှ ဝန်ထမ်းများနှင့် ကျွန်တော်တို့လိုကျောက်မျက်ရတနာတူးဖော်ကြရသည့် လုပ်သားများသည် ပင်ပန်းဆင်းရဲမှုဒဏ်သာမက လူကိုသေစေသည်အထိ ဒုက္ခပေးနိုင်သော Malaria ခေါ် ငှက်ဖျားရောဂါဒဏ်ကိုပါ ခံကြရပါသည်။ ငှက်ဖျားရောဂါသည် ရှောင်လွှဲ၍မရပေ။ ပရိုတိုဇွန်းငှက်ဖျားပိုးပါရာဆိုက်များကို သယ်ဆောင်လာသော (Anophele) အန်နိုဖီလိခြင်ကောင်များ အကိုက်ခံရသဖြင့် ငှက်ဖျားရောဂါရခြင်း ဖြစ်၏။ ဟိုအသီးဒီအသီးစားမိ၍လည်းကောင်း၊ ရေကြောင့်လည်းကောင်း ငှက်ဖျားဖြစ်သည် မဟုတ်ချေ။ အန်နိုဖီလိခြင်ကောင်ကိုက်ရာမှ လူ၏ ခန္ဓာကိုယ်အတွင်း ဝင်ရောက်လာသော ပလက်စမိုဒီယမ်ခေါ်သည့် ပရိုတိုဇွန်းကောင်များက လူ၏ သွေးနီဥများကို ဖျက်ဆီးကြသဖြင့် လူကိုသေဆုံးစေသည်အထိ ဒုက္ခပေးနိုင်သော ငှက်ဖျားရောဂါဖြစ်သည်။

အဆက်မပြတ် ရွာသွန်းနေသည့် မိုးနှင့်အတူ ငှက်ဖျားရောဂါကပါ လိုက်ပါလာသည်။ တောထဲတောင်ထဲ မနေဘူးသော ညီမလေးယုန္တယ်ကို ငှက်ဖျားရောဂါ နှိပ်စက်ပါတော့သည်။ ငှက်ဖျားရောဂါ၏ သဘောသည် တစ်ခါမျှ မဖြစ်ဖူးဘူး။ စတင်ဖြစ်ပြီဆိုလျှင် ဆေးမဦးပါက အသည်းအသန် ခံစားရတတ်သလို ကံမကောင်း အကြောင်းမသင့်လျှင် အသက်ဆုံးနိုင်သည်အထိ ဆိုးဝါးသောရောဂါဖြစ်၏။ တစ်ခါသောက်လျှင် တစ်ပြားသာသောက်ရသည်ဆိုသော လက်သစ်ငှက်ဖျားပျောက်ဆေးတို့ဖြင့် မသက်သာသောကြောင့် မိဘများရှိရာ မံစီသို့ပို့ရပါသည်။

အခြေအနေမကောင်းသဖြင့် ဗန်းမော်ဆေးရုံကြီးထိ ဆက်ပို့ရပြန်ပါသည်။ ယုန္တယ်၏မိဘများကလည်း ကျွန်တော့်ကိုသာ အားကိုးအားထားပြုနေသောကြောင့် အစအဆုံး ကျွန်တော်ပင် ဆောင်ရွက်နေရပါသည်။ ဗန်းမော်ဆေးရုံကြီးရောက်မှသိရသည်က ညီမလေးယုန္တယ်၏ ဦးနှောက်တွင်းအထိ ငှက်ဖျားပိုးရောက်နေခြင်းပင်။ ဟုတ်ပေမည်။ ဗန်းမော်ဆေးရုံကြီး ရောက်သည်နှင့် စကားမေးပင် မရတော့ချေ။ ပုံမှန်လက်မောင်းမှ သွင်းရာမရသည့်အတွက် ခြေဖနောင့်သွေးပြန်ကြောမှ သွင်းရပါသည်။

Quinine Drip နှစ်လုံးကုန်လျှင်တော့ စိုးရိမ်ရန်မရှိတော့ပါဟု တာဝန်ကျဆရာဝန်က အားပေးစကားဆိုသော်လည်း ကံဆိုးရှာသော ညီမလေး ယုန္တယ်တစ်ယောက် ပုလင်းတစ်ဝက်မကျမီပင် လူ့လောကကြီးကို စွန့်ခွာသွားပါတော့သည်။

'အစ်ကိုပအေး၊ ယုန္တယ်အသည်းကို ဘယ်ခါမခွဲကြေးပနော'

ဆိုခဲ့တဲ့ ယုန္တယ်လေးရယ် ခုတော့ အစ်ကို့အသည်းကို ယုန္တယ်လေး ခွဲသွားပြီလား။

ထူးဆန်းသော ကြက်တူရွေးဂမုန်း၏ ဂမ္ဘီရစွမ်းအင်ကြောင့် ကျွန်တော်နှင့် ညီမလေး ယုန္တယ်တို့ ချစ်သူများဘဝရောက်ခဲ့ကြရသော်လည်း ချစ်ရေးချစ်ရာကိစ္စတွင် ပန်းနီနီသည် ကြမ္မာဆိုးကိုယူဆောင်လာတတ်၏ ဆိုသော စကားသည် မှန်များမှန်လေသလား . . . ဟု။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစံဟိန်း(ဖန်နေဝန်း)

ချစ်၍ခေါ်သည် လိုက်တော်မူခဲ့

"အမယ်လေး-လုပ်ကြပါဦး၊ ကယ်ကြပါဦး။ မြွေ. . . မြွေ. . . မြွေကြီး၊ မြွေကြီး. . . ကယ်ကြပါဦး"

မလှငွေးတစ်ယောက် အိပ်ပျော်နေရာမှ သွေးပျက်မတတ် ကြောက်ကြောက်လန့်လန့်ဖြင့် ထအော်လိုက်သောအသံကြောင့် မြွေကြီးမှာ အိမ်ပေါ်မှ လျှောခနဲ ပြေးဆင်းသွားသည်။ အပြင်ကလရောင်ကြောင့် မြွေကြီးကို မလှငွေး ထင်ထင်ရှားရှား မြင်တွေ့လိုက်ရသည်။ ထိုကဲ့သို့ ဆူဆူညံညံအသံများကြောင့် အိပ်ပျော်နေကြသော မိဘနှစ်ပါးမှာလည်း အိပ်ရာကနိုးလာခဲ့ကြသလို အိမ်နီးချင်းများကလည်း လက်နှိပ်ဓာတ်မီး၊ တုတ်၊ ဓားကိုယ်စီဖြင့် အပြေးအလွှား ရောက်ရှိလာကြပြီး အကြောင်းစုံ မေးမြန်းကြသည်။

မလှငွေးမှာ ချက်ချင်း စကားပြန်မပြောနိုင် ဖြစ်နေသည်။ ခုန်နေသောရင်ကို လက်တစ်ဖက်ဖြင့် ဖိထားရင်းမှ ရေတစ်ခွက် သောက်ချလိုက်ရသည်။ အကြောက်အလန့် ဗနည်းငယ်ပြေသွားပြီးမှ တုန်တုန်ယင်ယင်ဖြင့် ပြောပြ၏။

"ကျွန်မတစ်ရေးနိုးလာတော့ အိပ်ရာဘေးမှာ လူတစ်ယောက်အိပ်နေသလို တရှူးရှူးနဲ့ အသက်ရှူသံကို ကြားနေရတယ်။ ကျွန်မက အသာလေးလှည့်စမ်းကြည့်လိုက်တော့ အမယ်လေး - မြွေကြီးတစ်ကောင် ဖြစ်နေတယ်ရှင့်။ အဲဒါကြောင့် ကျွန်မ အသံကုန်အော်ဟစ်လိုက်တော့ အိမ်ပေါ်က လျှောခနဲဆင်းပြေးသွားတယ်"

မလှငွေးက ပြောပြလိုက်သဖြင့် ရွာလူကြီး ရပ်မိရပ်ဖလည်းဖြစ်၊ အတွေ့အကြုံများသူလည်းဖြစ်သော အဘဦးထွန်းရှိန်က နိုင်းနိုင်းယှဉ်ယှဉ် တွေးတွေးဆဆဖြင့် ပြောပြသည်။

"အင်း. . . အခုလို မိုးဦးကျရာသီမှာ မြွေတွေ၊ အကောင်ပလောင်တွေ အထူးသတိထားဖို့ လိုတယ်ကွယ့်။ အိမ်အောက်နဲ့ အဖီတွေမှာ ကြက်မွေးထားတာ၊ ကြက်ခြံတွေရှိနေရင် ပိုပြီး ဂရုစိုက်ရမယ်။ ကြက်တွေလာဆွဲရင်း အိမ်ပေါ်လည်း တက်မလာဘူးလို့ မပြောနိုင်ဘူး။ အဲဒါကြောင့် ညအိပ်ရာဝင်တဲ့အခါ မီးဖိုပေါ် ငရုတ်သီးခြောက်နှစ်တောင့်၊ သုံးတောင့်လောက် ပြာပူပူမှာ ထိုးထည့်ထားခဲ့ရင် ငရုတ်သီးအညှော်နံ့ကြောင့် ဘယ်မြွေမှမလာနိုင်တာ အမှန်ပဲ။ မင်းတို့အိမ်က တောစပ်နဲ့နီးတော့ အဲသလိုပဲလုပ်၊ ကြားလား လှမောင်"

မလှငွေး၏ဖခင် ဦးလှမောင်အား မှာကြားခဲ့ပြီး အဘဦးထွန်းရှိန်တို့ သားတစ်စု ပြန်သွားကြလေသည်။ လှမောင်မှာ အဘဦးထွန်းရှိန် မှာကြားခဲ့သကဲ့သို့ ငရုတ်သီးခြောက် သုံး၊ တောင့်ယူပြီး နွားမီးဖိုထဲက ပြာပူပူ ထိုးထည့်ထားလိုက်သည်။ ငရုတ်သီး ညှော်နံ့က တငွေ့ငွေ့ထွက်နေသဖြင့် လွန်ဆိုးဝါးစွာ ကိုက်ခဲတတ်သော မှက်၊ ခြင်များပင် သက်သာသွားခဲ့

မှန်ပါသည်။ မိမိတို့ရွာမှာ တောင်ခြေနှင့် အလွန်နီးကပ်နေသ မိုးရာသီ၌မှက်၊ ခြင်၊ ဖြုတ်များ အ ပေါများသည်။ တစ်ခါတစ်ရံတွင် ကြီးများနှင့် တောကောင်ကြီးများပင် သို့ဝင်လာပြီး သောင်းကျန်းတတ် သည်။ သို့ကြောင့် ရွာကို ကားလမ်း နီးရာသို့ ပြောင်းရွှေ့ရန် လူကြီးများ စီစဉ်ခဲ့ကြ၏။ သို့သော်လည်း ရွာ အားလုံးမှာ တောသူတောင်သား ဖြစ်သဖြင့် လယ်ယာလုပ်ခြင်းနှင့် ခုတ်၊ ဝါးခုတ်အလုပ်ကလွဲလျှင် တ ဘာမှမလုပ်တတ်ကြသလို ကိုယ် လယ်ကောင်းလယ်သန့်များကို ပ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့ပြီး ကားလမ်းနားတွင် အိမ်တစ်လုံးဆောက်ကာ လူက ထမင်းထိုင်ငတ်နေကြမည့်အဖြစ်မျိုးကိုလည်း မလိုလားခဲ့ကြသဖြင့် ယခုကဲ့သို့ ရိုးမတောင်ခြေမှာ သောင်တင်ကျန်နေခဲ့ကြခြင်း ဖြစ်သည်။

ရွာမှာ အိမ်ခြေ (၅၀) ခန့်ရှိပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်းတစ်ကျောင်းတော့ ရှိ၏။ ကလေးများမှာ မူလတန်းသို့ပင် လူတန်းစေ့မတက်ရောက်နိုင်ကြ။ မြို့ကျောင်းသွားနေနိုင်သူမှာလည်း သုံး၊ လေးယောက်ထက် မများပေ။ မလှငွေးတို့ငယ်စဉ် ကျောင်းတက်တုန်းကလည်း စတုတ္ထတန်းရောက်သည်နှင့် အပျိုပေါက်ဖားဖားဖြစ်ကာ အိမ်အလုပ်ဝိုင်းကူရင်း ကျောင်းထွက်ခဲ့ကြရသည်။ ထိုသို့ ကျောင်းထွက်ခဲ့ရသည်မှာ မလှငွေးတစ်ယောက်တည်း မဟုတ်၊ ယောကျ်ားလေး, မိန်းကလေးတိုင်းလိုလိုပင် ဖြစ်ကြသည်။ သူတို့တွေအားလုံးမှာ မိဘအိမ်ဝိုင်းကူ အလုပ်လုပ်ကြရင်း အိမ်ထောင်ပြုကြလျှင်လည်း ချစ်သူရှာရန် အနီးအနားတွင် ရွာမရှိသဖြင့် ကိုယ့်ရွာမှသင့်တော်ရာနှင့်ပင် အိမ်ထောင်ပြုကြရ၏။

မလှငွေး အပျိုပေါက်ဖြစ်စကပင် တစ်ရွာတည်းသား မောင်ဖြိုးအောင်နှင့် လူငယ်တို့သဘာဝ မေတ္တာမျှနေခဲ့ကြသည်မှာ သုံးနှစ်သုံးမိုးရှိလာခဲ့ပြီ ဖြစ်သဖြင့် နှစ်ဖက်မိဘများက လက်ထပ်ပေးရန်စီစဉ်နေကြချိန် တစ်နေ့မှာ မောင်ဖြိုးအောင်တစ်ယောက် သစ်ပင်ပေါ်ကမှ လိမ့်ကျကာ ရုတ်တရက် သေဆုံးသွားခဲ့ရသည်။ ထိုစဉ်က အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်မကျဘဲ မုဆိုးမ ပူပူနွေးနွေးဖြစ်ကျန်ခဲ့သော မလှငွေးမှာ ငယ်ကချစ်သည့် ငယ်ချစ်ဦးမို့လား မပြောတတ်၊ အရူးတစ်ပိုင်းဖြစ်သွားခဲ့ရသည်။ တစ်ခါ တစ်ခါ အကောင်းစင်စင် စကားပြောနေရင်းမှ စိတ်ဖောက်လာကာ အော်ငိုပစ်တတ်လေသည်။

"ဖြိုးအောင်ရယ်၊ နင် ငါ့ကိုလာခေါ်မယ်ဆို။ ငါ တစ်ခါတည်းလိုက်ခဲ့မယ်ဟယ်. . . ဟီးဟီးဟီး"

ပြောရင်း ငိုကြွေးပစ်တတ်သည်။ ဖြိုးအောင်သေဆုံးသွားပြီး (၆) လ၊ (၁) နှစ်ကြာလာသောအခါ အားလုံးက မေ့မေ့ပျောက်ပျောက်ပင် ဖြစ်သွားခဲ့ကြသည်။ သို့သော် တစ်နေ့ကမှ မလှငွေး အိပ်ရာပေါ်သို့ ညအချိန် လာရောက်ဝင်အိပ်နေသော မြွေကြီးတစ်ကောင်၏ သတင်းကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရသည်။ တစ်ရွာလုံးကလည်း သို့လော သို့လော အမျိုးမျိုး ပြောဆိုနေခဲ့ကြသည်။

"အဲဒါ ဖြိုးအောင်ဖြစ်မှာပေါ့။ သူ့ချစ်သူကို စိတ်မချလို့ လာအိပ်နေတာလားမှမသိတာ"

စသည်ဖြင့် ပြောဆိုဝေဖန်စကားသံများကလည်း တစ်ရွာလုံး ပျံ့နှံ့လျက်ရှိနေသည်။ မလှငွေးစိတ်ထဲမှာလည်း-

'မြွေကြီးက ဘာအန္တရာယ်မှမပြုတာထောက်ရင် တကယ်ပဲ ဖြိုးအောင်တစ်ယောက် ဖြစ်နေလေမည်လား'

စသည်ဖြင့် အတွေးများကပင် စွဲလမ်းစိတ်တို့ကို ဖြစ်ပေါ်ဝင်ရောက်လာစေလျက် ရှိနေလေသည်။

❂

မောင်ဖြိုးအောင်နှင့် မလှငွေးတို့ ချစ်သူနှစ်ယောက်မှာ တစ်ယောက်လက်တစ်ယောက်တွဲကာ တောတောင်အနှံ့လျှောက်လည်ရင်း ရိုးမတောထဲသို့ ရောက်သွားခဲ့ကြသည်။ ကြည်လင်စိမ်းမြနေသော စမ်းချောင်းလေးတစ်ခု၏ နံဘေးတွင် ထိုင်လိုက်ကြသည်။ စမ်းချောင်းလေး၏ရေအလျဉ်ထဲတွင် အထက်သို့ဆန်လိုက်၊ အောက်သို့စုန်လိုက်နဲ့ စိတ်လွတ်ကိုယ်လွတ် ပျော်ချင်တိုင်းပျော်မြူးနေကြသော ငွေငါးလေးများကို ကြည့်ကာ မလှငွေးတို့ ချစ်သူနှစ်ဦးမှာလည်း အပျော်များကူးစက်လာခဲ့ရသည်။ ငွေငါးလေးများလို နှစ်ယောက်အတူ ရေဆင်းကူးကြသည်။ မလှငွေးမှာ ယခုကဲ့သို့ ချစ်သူနဲ့အတူ တွဲလျှောက်လည်ပြီး ရေကူးဆော့ကစားနေရသည်ကို အလွန်ပင် သာယာကြည်နူးနေမိသည်။

ချစ်သူနှစ်ဦး စမ်းချောင်းထဲမှပြန်တက်လာသောအခါ မလှငွေးကိုယ်ပေါ်က ရေစက်များကို ဖြိုးအောင်က တယုတယသုတ်ပေးသည်။ ရေသုတ်ပေးရင်း မလှငွေး၏ပါးမို့မို့ကလေးကို အားရပါးရတစ်ချက်မွှေးမွှေးပေးလိုက်၏။ မလှငွေးကလည်း ချစ်ဦးသူမို့ ကြည်ကြည်ဖြူဖြူပင် ပါးကလေးကိုထိုးကပ်ပေးထားလိုက်၏။ ဖြိုးအောင်မှာ မလှငွေး၏ပါးကလေးကပ်ပေးထားမှုကြောင့် ဆက်ကာ ဆက်ကာ နမ်းပေးရင်းမှ အားမရနိုင်တော့ဘဲ မလှငွေး တစ်ကိုယ်လုံးအား သိမ်းကျုံးပွေ့ဖက်ထားလိုက်မိသည်။ မလှငွေးမှာ ဖြိုးအောင်၏ပွေ့ဖက်ထားမှုကြောင့် အသက်ရှူကျပ်လာသလို ခြေထောက်များကိုလည်း လူတစ်ယောက်က ဆွဲညှစ်... ကိုင်ထားသည့်အလား ခံစားလာရ၏။

ခြေထောက်များအား ငုံ့ကြည့်လိုက်မိသည်။ မြင်တွေ့လိုက်ရသော မြင်ကွင်းမှာ အသည်းယားစရာ။ မြွေကြီးတစ်ကောင်က မိမိ၏ခြေထောက်မှစ... ခါးအထိ ရစ်ပတ်ထားသည်ကို တွေ့လိုက်ရသည်။ မလှငွေးမှာ ဖြိုးအောင်၏ရင်ခွင်ထဲမှအတင်းရုန်းထွက်ပြီး နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်။ သို့သော်လည်း မြွေကြီးက သူ၏ခြေထောက်နှစ်ချောင်းကိုရစ်ပတ်ထားသဖြင့် နောက်သို့လန်ကာ လဲကျသွားလေသည်။

"အား"

မလှငွေး အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ ခုန်နေသောရင်ကို လက်နှစ်ဖက်ဖြင့် ဖိလိုက်ရင်း မျက်စိထဲတွင် မြင်တွေ့လိုက်ရသော အိပ်မက်အား ခွဲမရဖြစ်နေမိသည်။ ပူပူနွေးနွေး အိပ်မက်ထဲက ဖြိုးအောင်မျက်နှာကိုမြင်ယောင်ရသလို ဖြိုးအောင်၏အနမ်းနှင့် အငွေ့အဖက်တို့ကိုလည်း နွေးထွေးစွာ ခံစားလာရသည်။ မိမိ၏ပါးနှစ်ဖက်ကို လက်နှင့် ညင်သာစွာပွတ်စမ်းရင်း သာယာသလို ခံစားနေမိသည်။ နောက်ထပ်လည်း ဖြိုးအောင်နှင့်အမြဲတွေ့ပြီး မခွဲမခွာနေလိုသောဆန္ဒ အချစ်စိတ်များသာ လွှမ်းမိုးလာ၏။ သို့သော် မလှငွေး မြင်တွေ့လိုက်ရသော ဖြိုးအောင်မှာ ... လား၊ လူလား မခွဲခြားနိုင်အောင် ဖြစ်... သည်ကလည်း အမှန်ပင်။

မလှငွေးမှာ အိမ်အလုပ်ကိုသာ... နေရသော်လည်း စိတ်မဝင်စား။ သူ... လမ်းနေရသော ဖြိုးအောင်မှာ သေ... သွားပြီးမှန်း သိလျက်နှင့်လည်း တ... တမ်းတတ ဖြစ်နေမိသည်။ တစ်နေ့တွင် ရွာအပြင်ဘက်က မိမိတို့လယ်ကွင်း... သို့ ထင်းခွေရန်ထွက်လာခဲ့သည်။ ... စပ်တွင် ထင်းခွေနေရင်း သူ့အနား... မြွေကြီးတစ်ကောင်ရောက်လာပြီး ... ကို ခဏခဏထုတ်ပြနေသဖြင့် ... ပြေးရန် မလှငွေး စိတ်ကူးမိသေး... သို့သော် မြွေကြီးကို ကြည့်နေရင်း... သနားသလို ခံစားလာရပြီး ထွက်မ... ဘဲ ရပ်ကြည့်နေမိသည်။ ထိုအခါ ... ကြီးမှာ သူ့ဦးခေါင်းအား မြေသို့... လိုက်ပြီး မလှငွေးအနားသို့ ရွေ့... ကာ အနီးဆုံးနေရာမှာ ရပ်တန့်... သည်ကို တွေ့လိုက်ရသည်။ မလှ... အတွေးတစ်ခုကို သတိရလာ...-

"ဖြိုးအောင်လား- ...



www.burmeseclassic.com

www.burmeseclassic.com

ဟု အသံထွက်ကာ မေးလိုက်သည်။ မြွေကြီးက ခေါင်းညိတ်ပြသည်။ မလှရွှေးမှာ မြွေကြီးကိုကြည့်ရင်း ရင်ထဲက ပျော်သလိုခံစားလာရပြီးမှ သက်ပြင်းတစ်ချက်အား ဟင်းခနဲ အသံမြည်အောင်ပင် ချလိုက်ရလေသည်။

"ဖြိုးအောင်ရေ၊ နင်နဲ့ငါက ဘဝခြားသွားပြီပဲ။ အခုလို ငါ့အပေါ် ဘာကြောင့် စွဲစွဲလမ်းလမ်းဖြစ်နေရတာလဲ ဖြိုးအောင်"

မလှရွှေးက ထိုသို့ပြောလိုက်သည်။ မြွေကြီး၏စိတ်ထဲက အလွန်ပင် ထိခိုက်ကြေကွဲသွားသလို ဟန်ပန်အမူအရာများနှင့် မျက်လုံးအိမ်မှ မျက်ရည်များ ကျလာသည်။ ထိုအခြင်းအရာအား မြင်တွေ့ရသော မလှရွှေးမှာ သူ၏ချစ်သူအတွက် စိတ်မကောင်းဖြစ်သွားရသည်။ မြွေကြီးအနားမှာ ဒူးထောက်ထိုင်ချလိုက်သည်။ မြွေကြီး၏ဦးခေါင်းကို လက်ဖြင့် ညင်သာစွာ ပွတ်သပ်ပေးသည်-

"ဖြိုးအောင်၊ နင် ငါ့ကိုချစ်သလို နင့်အပေါ်လည်း ငါက ချစ်ပါတယ်။ နင်သေသွားခဲ့ပေမယ့် ငါ တစ်နေ့မှမမေ့ခဲ့ဘူး။ သတိအမြဲရနေတယ် ဖြိုးအောင်။ နင်နဲ့ငါ လူ့ဘဝမှာ ကံမဆုံခဲ့ပေမယ့် အနာဂတ်ဘဝတစ်ခုမှာ ပြန်ဆုံကြမယ်ဆိုတာ ဘုရားမှာ နေ့တိုင်းဆုတောင်းထားတယ်။ ဒါကြောင့် နင်နဲ့ငါ ခဏခဏ တွေ့နေရအောင် အခုလို လယ်ကွင်းထဲတဲ့အခါပဲဖြစ်ဖြစ်၊ အိပ်မက်ထဲမှာပဲဖြစ်ဖြစ် နင် ငါ့ဆီလာတွေ့နော်"

မလှရွှေးမှာ ထိုသို့ ပြောဆိုခဲ့ပြီး အိမ်သို့ပြန်လာခဲ့သည်။ အမှန်တော့ မလှရွှေးက သည်လိုစကားမျိုးပြောဆိုသည်မှာ ငယ်ရွယ်သူ အချစ်ရူးတို့၏ အချစ်အပေါ်မှာ သစ္စာမဖောက်ဘူးဆိုသော ပြယုဂ်တစ်ခုဖြစ်သလို အချစ်ဆိုသော တွယ်တာမှုအပေါ်မှာလည်း စွဲစွဲလမ်းလမ်းဖြင့် ဒီဘဝမပေါင်းရပေမယ့် နောင်ဘဝတစ်ခုမှာ ပေါင်းကြမယ်ဆိုသည်မှာလည်း ဒုက္ခာရီ၏ဆုတောင်းတစ်ခု ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေ မလှရွှေးမှာ သူချစ်သောအချစ်အတွက် သူယုံကြည်ရာကို သစ္စာမြဲခဲ့ခြင်း ဖြစ်၏။ သူချစ်သော ချစ်သူထံ ရဲရဲ အာမခံခဲ့ခြင်းလည်း ဖြစ်ပေသည်။

မလှရွှေး အိမ်ပြန်ရောက်ပြီး ရေချိုးသည်။ ရေချိုးပြီး မကြာခင်မှာပင် ခေါင်းစိမ့်စိမ့်ဖြစ်ကာ အဖျားဝင်လာတော့သည်။ မိဘများမှာ ထင်းခွေရာကအပြန် ရေချိုးလိုက်သဖြင့် အပူရှပ်သွားသည်ဟုထင်ကာ ငန်းနီကျော်ဆေးတစ်ထုပ် ဖောက်၍ ရေနွေးပူပူဖြင့် တိုက်ကြသည်။ ချွေးထွက်ပြီး သက်သာသွားသော်လည်း ညပိုင်း အဖျားပြန်တက်လာသည်။ ဆေးတိုက်သောလည်း ကိုယ်ပူကလုံးဝမကျဘဲ ဖြစ်နေသည်။ တစ်ချက်တစ်ချက်တွင် အဖျားကြီးလွန်းသဖြင့် မလှရွှေးမှာ မြွေတစ်ကောင်လို တရှုံ့ရှုံ့ တရှဲ့ရှဲ့ဖြင့် အိပ်ရာထဲမှာ လူးလှိမ့်ခံစားနေရသည်။ ပါးစပ်ကလည်း ကယောင်ကတမ်းဖြင့် ပြောချင်ရာပြောနေလေသည်။

"ဖြိုးအောင်၊ နင် ငါ့ကို လာခေါ်တယ် ဟုတ်လား။ အမယ်လေး- ဖြိုးအောင်ရယ်၊ နင်လာခေါ်ရင် ငါ အခုပဲ လိုက်ခဲ့မှာပေါ့ဟဲ့။ ငါက နင်လာခေါ်မလားဆိုပြီး စောင့်နေတာ။ နင်နဲ့ဆိုရင်လေ၊ ဘယ်ဘဝမှာပဲနေရ နေရ ငါပျော်ပါတယ်ဟယ်။ အခုတော့လေ ငါ့နားမှာ နင်မရှိလို့ ငါငိုနေရတယ် ဖြိုးအောင်ရယ် ဟီးဟီးဟီး. . ."

မလှရွှေးသည် ကယောင်ကတမ်း ပြောပြီး ငိုသည်။ ငိုနေရင်းမှပင် ဆန့်ခနဲ ဆန့်ခနဲ တစ်ချက်၊ နှစ်ချက်ဖြစ်ကာ တက်သလိုဖြစ်ပြီး လုံးဝ သတိမရ ဖြစ်သွားလေသည်။

❁

မလှရွှေး ငုတ်တုတ်ထိုင်ကာ ဘယ်သူ့ကိုမှလည်း စကားမပြောဘဲ မျက်လုံးလေးမှေးစင်းလျက်မှ ရိုးမတောင်ခြေ တစ်နေရာသို့ ငေးမျှော်ကြည့်နေတတ်လေသည်။ မိဘများနှင့်ရွာသားများကလည်း မလှရွှေးအားကြည့်ကာ ကရုဏာသက်မိကြသည်။ ကံနာဝဋ်နာလို့ပြောရအောင်ကလည်း ဖြစ်လာတာ ဘာမှမကြာသေး။ တစ်ခုရှိသည်က ဖြိုးအောင် သေဆုံးပြီး တစ်နှစ်နီးပါးကြာမှ ဖြစ်လာခဲ့သောရောဂါ၊ စွဲလမ်းခြင်းကြောင့်ဖြစ်သောရောဂါ။ ဥပါဒါန်ကြောင့်ဖြစ်တယ်ဆိုတာ ဒါမျိုးပင် ဖြစ်ပေလိမ့်မည်။ မိဘများနှင့် လူနာသတင်းမေးရန် ရောက်ရှိနေသူများ အတွေးကိုယ်စီဖြစ်နေကြစဉ်မှာ မလှရွှေးတစ်ယောက် တဟားဟား ထရယ်လိုက်သည်။ ခဏအကြာတွင်မူ တဟီးဟီးနဲ့ ရှုံ့ပွဲချငိုကြွေးရင်း ပါးစပ်က ပလုံးပထွေးစကားများ ပြောလာသည်။

"ဟိုမှာ. . . ဟိုမှာ၊ ဖြိုးအောင် လာခေါ်နေပြီ။ အမေရယ်၊ သမီး ဖြိုးအောင်နဲ့ တစ်ခါတည်းလိုက်သွားမယ်နော်"

ဟု တစ်ချက်၊ နှစ်ချက်သာပြောပြီး မျက်လုံးများပြူးလန်ကာ တက်သွားလေသည်။ မိဘများနှင့်ရွာသားများမှာ စိုးရိမ်ကြီးစွာဖြင့် ဝိုင်းဝန်းပြုစုကြသည်။ ခဏကြာသောအခါ မလှရွှေး၏ ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေကျသွားလေ၏။ မိဘများမှာ မလှရွှေးအတွက် ယူကျုံးမရဖြစ်ကြရပြီး အသက်မဲ့ရုပ်အလောင်းကို ကြည့်ကာ မလှရွှေး ပြောသွားခဲ့သော 'ဖြိုးအောင်လာခေါ်နေပြီ အမေရယ်။ သမီး တစ်ခါတည်းလိုက်သွားတော့မယ်နော်' ဟု ပြောသွားခဲ့ခြင်းမှာ တကယ်ပင် အမှန်ဖြစ်နေသည်လားဟု တွေးကာ ဝမ်းနည်းကြေကွဲစွာဖြင့် ပူဆွေး ငိုကြွေးကြရလေသည်။

မလှရွှေးအလောင်းအား အသုဘချသောနေ့ သူတို့ တောင်ခြေရွာအပြင် အခြား ခရီးဝေးရွာများကပါ တဖွဲဖွဲရောက်ရှိလာကြသဖြင့် အသုဘပို့သူများ ပြားလျက်ရှိလေသည်။ မလှရွှေး မသေခင်က သတင်းဆိုးတစ်ခုကြောင့် မကျန်းမမာဖြစ်နေကြောင်း ကြားသိခဲ့စဉ်ကလည်း လာရောက်သတင်းမေးသူ အများအပြား ရှိခဲ့သည်။ ယခု သေဆုံးပြီဆိုသောသတင်းကို ကြားကြရသောအခါမှာလည်း ခရီးဝေးရွာများကပါ မလှရွှေးအား သနားကရုဏာသက်စွာဖြင့် လာရောက် ပို့ဆောင်ပေးကြခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ အသုဘလိုက်ပို့သူများဖြင့် ကြိတ်ကြိတ်တိုးနေသော တောင်ခြေရွာသင်္ချိုင်းကုန်းအနီးက တောစပ်တစ်နေရာတွင် တစ်ရွာလုံးမက အသုဘလိုက်ပို့သူ အားလုံးကပါ ဝမ်းနည်း၊ ဝမ်းသာဖြစ်ကြရသော မြင်ကွင်းတစ်ခုကြောင့်-

"ဟင်"

"ဟာ"

"ဟုတ်တာပေါ့"

ဟု တအံ့တသြဖြင့် ပြောဆိုကြလေသည်။

အကြောင်းမှာ မြွေကြီး အဖို၊အမ နှစ်ကောင်သည် အသုဘလိုက်ပို့သူများကိုပင် ဂရုမစိုက်နိုင်ဘဲ တစ်ကောင်နဲ့တစ်ကောင် လည်ချင်းယှက်ကာ ကြည်နူးစွာ ဆော့ကစားရင်း ပျော်ရွှင်မြူးထူးနေကြောင်း မြင်တွေ့နေကြရခြင်းပင်ဖြစ်ပါတော့သည်။

သဇ္ဇေသတ္တာ ဒုက္ခာမုစ္စန္တု

ကောင်းစံဟိန်း(ဖန်နေဝန်း)



www.burmeseclassic.com

www.burmeseclassic.com

တေး . . .
အသစ်ကျပ်ချွတ်ဆို
ဆိုလိုရင်းက
နှလုံးအိမ်ထဲ
မဝင်သေးလို့
ငါ . . .
မသိဆိုဘူး။

မီလာရီပ

၁၀၆၆ ခုနှစ်တွင် သူတော်စင်တစ်ဦးဖြစ်လာမည့် ကလေးငယ်တစ်ဦးကို ဟိမဝန္တာ၌ ဖွားမြင်ခဲ့သည်။ သူသည် ဆရာနှင့် တပည့်အကြား တည်ရှိသည့် ဆက်ဆံရေးတွင် စံနမူနာအဖြစ်ထား ရလောက်သော တပည့်တစ်ဦးအဖြစ် ပညာသင်ယူခဲ့သည်။ သူကွယ်လွန်သွားပြီးသောအခါ သူ၏ တပည့်ရင်းတစ်ဦးက သူ့အကြောင်းကို သာဓကစံနမူနာ

## အောင်ကျော်

## နားချမ်းသာ





www.burmeseclassic.com

www.burmeseclassic.com

အတ္ထုပ္ပတ္တိကို ရေးသား ပြုစုခဲ့ ။ မိလာရိပ၏ ဘဝဇာတ်ကြောင်း အမည်တွင်သော အတ္ထုပ္ပတ္တိသည် စပီးယား၏ ပြဇာတ်များကဲ့သို့ပင် လကြာမြင့်နေပြီ ဖြစ်သော်လည်း ဖတ်၍ကောင်းနေဆဲရှိသည်။

ယခုခေတ်၌ ရေပန်းစားသော ဟယ်ရီပေါ်တာဝတ္ထုကဲ့သို့ အံ့ဖွယ်ဘနန်းဖြစ်ရပ်များလည်း ပါဝင်နေသည်။

အတ္ထုပ္ပတ္တိရှင်၏ မလျှော့သော ဖွဲ့လုံ့လကို လည်းကောင်း [illegible] စက်ကလူပြုသကဲ့သို့ရှိနေသော [illegible] အပေါ် မငြိုငြင်သော စိတ်သဘော [illegible] ကို လည်းကောင်း ခံနိုင်ရည်ရှိသူ [illegible] အတိုင်းသားမြင်နေရသည်။ ဉာဏ်အလင်းရရှိရေး ဟူသည့် တစ်ခုတည်းသော ရည်ရွယ်ချက်ကို အထမြောက်အောင် သူရှက်ဆောင်သွားသည်မှာ အောချရလောက်ပေသည်။

ဒဏ္ဍာရီများတွင် တွေ့ရလေ့ရှိသည့်ဇာတ်ကောင်သဘာဝများကိုလည်း မိလာရိပဒဏ္ဍာရီတွင်တွေ့ရ၏။ အမိကဇာတ်ကောင်အဖြစ် မမ္မသူရဲကောင်းဂျက်ဆန်မိလာရိပကို တွေ့ရသည်။ ကောက်ကျစ်စဉ်းလဲသော ဦးလေးနှင့် အဒေါ်တို့ကို ဗီလိန်များအဖြစ် တွေ့ရသည်။ ဇာတ်နာအောင်ပြုပေးသူအဖြစ် သူ၏ဆရာဖြစ်သူ မာပါကို တွေ့ရသည်။ သူတော်စင်၏ ဘဝဇာတ်ကြောင်းတွင် ဆိုးသောသူများရှိသလို သူ့အပေါ် ကောင်းသောသူများလည်း ပါနေသည်။ သူရဲကောင်းကို နှစ်သိမ့် အားပေးသူအဖြစ် မာပါ၏ ဇနီးသည်ကို တွေ့ရသည်။ သူသည် မိခင်၏ပြယုဂ်ကို ထင်ဟပ် ပြသပေးနေသည်။

ထိုသို့ အမိကနေရာမှ ပါဝင်သော ဇာတ်ကောင်များအပြင် ဇာတ်ပို့နေရာမှ ပါဝင်သော ဇာတ်ကောင်များကို တွေ့ရသည်။ တရားအားထုတ်နေသော သူရဲကောင်းကို လာကြည့်သောသူများ၊ ဒုက္ခလှလှပေးသောမုဆိုးတစ်သိုက်၊ သူတရားရှာဖွေသည်ကို သဘောမတူသောညီမ၊ အရက်မူးပြီးပြန်လာသောအခါ တံမြက်စည်းဖြင့် ဆီးရိုက်သော မိခင်တို့သည် ဇာတ်ကြောမှာ ဇာတ်နာနာဖြင့် မျောပါအောင် ပံ့ပိုးပေးထားကြသည်။

မိလာရိပသည် သူတော်စင်တစ်ဦးအပြင် ကဗျာကဝိလည်း ဖြစ်သည်။ ဂီတစာဆိုလည်း ဖြစ်သည်။ ဟိမဝန္တာတွင် နေထိုင်ကြသူတို့အကြား သူ၏





www.burmeseclassic.com

www.burmeseclassic.com

ကဗျာ၊ သူ၏သီချင်းတို့သည် ရေပန်းစားသည်။

သူ၏ ပင်ကိုအသံသည် အလွန်ကြည်လင်သာယာသည်။ ထို့ကြောင့် သူ့ကို အမည်ပေးဖို့ စဉ်းစားသောအခါ သူ၏ ဖခင်က နားချမ်းသာဟု အမည်ရွေးပြီးပေးခဲ့သည်။

သူသည် လူတွေထဲက လူတစ်ဦးဖြစ်သည်။ သို့သော် လူအများမပြုနိုင်သောအားထုတ်မှုကို သူပြုပြီး သူတော်စင်အဖြစ်သို့ ရောက်ခဲ့သည်။ ထို့ကြောင့် သူ့ဘဝဇာတ်ကြောင်းတွင် မိုးအတုရွာချခြင်းမျိုးလည်း ပါနေသည်။ အက်တမ်ကို ခွဲစိတ်ခြင်းကဲ့သို့သောဖြစ်ရပ်မျိုးလည်း ပါသည်။လေယာဉ်မစီးဘဲ လေထဲပျံသန်းခြင်းမျိုးလည်းပါသည်။

ထိုဖြစ်ရပ်တို့ကို ဇာတ်ဝင်ခန်းအဖြစ် တွေ့ရသော်လည်း ၎င်းဖြစ်ရပ်တို့သည် အဓိကမကျပေ။ အဓိကကျသည်မှာ ဂုရုဟုခေါ်သည့်ဆရာနှင့် ချီလာဟုခေါ်သည့် တပည့်တို့တွင် ဆရာပြုသမျှ တပည့်နုမှ တပည့်ကောင်းပီသသည် ဟူသောအချက် ဖြစ်သည်။

တပည့်အနေဖြင့် ဆရာကိုရွေးပိုင်ခွင့်ရှိသည်။ မိမိအနေဖြင့် ဆရာတင်မည့်သူကို ဆရာမတင်ခင် ကောင်းသည်၊ ဆိုးသည်ဤနှစ်လီကို ချင့်ချိန်ပိုင်ခွင့်ရှိသည်။

ဆရာအနေဖြင့်လည်း တပည့်ခံလိုသူကို တပည့်အဖြစ် သတ်မှတ်လက်ခံရန် သင့်၊ မသင့် ရွေးချယ်ပိုင်ခွင့် ရှိသည်။ ဆရာက တပည့်အဖြစ် လက်ခံလိုက်ပြီဆိုသည်နှင့် တပည့်လုပ်မည့်သူသည် ဆရာကို သခင်အဖြစ် အပြီးအပိုင်သတ်မှတ်လိုက်ရသည်။ မိမိ၏ဆရာဖြစ်သူ ကောင်းသည်၊ ဆိုးသည် ဤနှစ်လီကို တွေးတောချင့်ချိန်ခွင့် မရှိတော့ပေ။ ဝေဖန်ပိုင်းခြားခွင့်လည်းမရှိတော့ချေ။ စိတ်ထဲ ယောင်လို့တောင် ပြစ်မှားခွင့် မရှိတော့ပေ။ ထိုသို့ပြုပါက ဆရာဂိုဏ်းသင့်ဖို့သာ ရှိတော့သည်။ ဆရာကပြန် အာခေါင်လှုံစူးကိန်းကိုဆိုက်ဖို့သာ ရှိတော့သည်။

ဆရာ့လက်ထဲသို့ မိမိ၏ ကိုယ်ခန္ဓာ၊ မိမိ၏အသက်၊ မိမိ၏နှလုံးတို့ကို အလုံးစုံ ပုံအပ်ရပေသည်။ သို့မှသာ သာဝကကောင်းတစ်ယောက်အဖြစ်ကို ရရှိမည်။

ဤအချက်ကို နားချမ်းသာ၏ ဘဝဇာတ်ကြောင်းတွင် အတိုင်းသား မြင်ရမည် ဖြစ်သည်။

နားချမ်းသာသည် ဉာဏ်အလင်း

နားချမ်းသာ တရားကျင့်ကြံ အားထုတ်ခဲ့သော
နေရာများအနက်မှ နေရာတစ်ခု



ကိုရရင်း ပါဝါတက်လာသည်။ လေထဲပျံ၍ရလာသည်။ ရက်များစွာမအိပ်ဘဲ နေနိုင်လာသည်။ တစ်တောင်တက်၊ တစ်တောင်ဆင်း (၂) လမျှသွားရလေ့ရှိသောခရီးကို သူက (၃) ရက်ဖြင့် ရောက်ချင်ရောက်သည်။ဂူတစ်ခုမှတစ်ခုသို့ မြေကြောရှံ့၍သွားနိုင်သူ ဖြစ်လာသည်။ နှစ်နေရာ၊ သုံးနေရာတွင် သူ့ကို တစ်ချိန်တည်းတွေ့ရခြင်းမျိုးလည်း ရှိသည်။ ထိုသို့ ပါဝါတက်နေပါသော်လည်း ပစ္စည်းဥစ္စာကို သူပယ်သည်။ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် သူနေသည်။

နားချမ်းသာအနေဖြင့် ဉာဏ်အလင်းမှတစ်ပါး အခြားမည်သည့်အရာကိုမျှ မမက်မောချေ။ ထို့ကြောင့်လည်း သူတော်စင်အဖြစ်သို့ သူရောက်သွားသည်။

ယခု နားချမ်းသာ၏ ဘဝဇာတ်ကြောင်းကို ရေးသားသောအခါ Lobzang Jivaka ရေးသားသည့် Life of Milarepa ကို အဓိက လက်ကိုင်ပြုပြီး ရေးသားဖြစ်ခဲ့ပါသည်။ ထိုစာအုပ်တွင် မီလာရီပ၏ လက်ဆုပ်လက်ကိုင်ရင်းတပည့် တစ်ဦးဖြစ်သူ ရီချိန်က သူ့ဆရာကို မေးမြန်းရာမှ မီလာရီပက ပြန်ပြောပြသည့် ပုံစံဖြင့် တင်ပြထားပါသည်။

□

ကျွန်ုပ်၏ အမည်သည် ရီချုန် ဖြ
သည်။ ကျွန်ုပ်သည် သူတော်စင် ဂျ
ဆန်မီလာပ၏ အနီးတွင် နေရသော
တပည့်တစ်ဦး ဖြစ်သည်။ တစ်ရက်
ကျွန်ုပ်သည် ပြုနေကျရှိသည့်အတိုင်း
ညဦးပိုင်းတွင် တရားထိုင်သည်။ ထို
ထိုင်နေရင်း အာရုံထဲတွင် ဆရာသေ
သေဆုံးမည့်နိမိတ်ကို ထင်ထင်ရှားရှား
ရသည်။

သို့ဖြစ်ရာ ဆရာ့ထံပါး ချဉ်းကပ်
ပြီး သူ့ဘဝဇာတ်ကြောင်းကို ခရေစေ့
တွင်းကျပြောပြရန် ပူဆာသည်။ ကျ
တပည့်တို့ကလည်း ပြောပြရန် တ
တညွတ်တည်း ပန်ကြားကြသည်။

ကျွန်ုပ်တို့အနေဖြင့် ဆရာ့အ
တွင် နေကြသူများ ဖြစ်ကြသော်လည်း
ဆရာ့ဘဝဇာတ်ကြောင်းကို အများသူ
ပြောပြသမျှကိုသာ သိကြသည်။ ထို
သိကြရာ၌ ပြည့်ပြည့်စုံစုံမသိ။ ကျန်သည်
လည်း ရှိသည်၊ မမှန်သည်လည်း ရှိ
သည်။ ထို့ကြောင့် ဆရာကိုယ်တိုင်
ပြောပြသည်ကို ကြားချင်မိကြသည်
အထူးသဖြင့် ယခုလို နောက်ဆုံးအ
တွင် ပိုကြားချင်မိကြသည်။

ဆရာက တပည့်တို့၏ ဆန္ဒ
နောက်ဆုံးအချိန်တွင် ဖြည့်ဆည်း
လိုက်သည့်အနေဖြင့် ငယ်စဉ်ဘဝမှ

www.burmeseclassic.com

www.burmeseclassic.com

သူတော်စင်အဖြစ် ရောက်သည်အထိ ကြွင်းမချန် နေ့စဉ်ရက်ဆက် ပြောပြသည်။ သူပြောပြသမျှကို ကျွန်ုပ်က နားထောင်ပြီးချိန်တွင် မှတ်တမ်းမှတ်ရာအဖြစ် ရေးသားသည်။

ဆရာသည် အောက်လမ်းမှော်ပညာကို တတ်မြောက်ခဲ့သည်။ သုံးစွဲခဲ့သည်။ လမ်းလွဲကို သူလျှောက်လှမ်းခဲ့သည်။ ရန်သူတို့ကို အောက်လမ်းမှော်ပညာဖြင့် ကလဲ့စားချေခဲ့သည်။ နှိပ်စက်ခဲ့သည်။ ထို့နောက် ရသေ့အဖြစ်ကို ခံယူပြီး လမ်းမှန်သို့ သူရောက်လာပုံကို ပြောပြ၏။ သူကိုယ်တိုင်ပြောပြခဲ့သော သူ၏ဘဝဇာတ်ကြောင်းမှာ အောက်ပါအတိုင်း ဖြစ်တော့သည်။

**မျိုးရိုးနှင့်ငယ်စဉ်ဘဝ**

ကျွန်ုပ်ကိုမွေးဖွားသောအခါ ဖခင်က ဒေသိယစကားဖြင့် သိုးပါဂဟု အမည်ပေးသည်။ မွေးကင်းစတွင် ကျွန်ုပ်က အူဝဲဟု ငိုလိုက်သောအသံသည် အလွန်ကြည်လင်သာယာသည်။ သို့ဖြစ်ရာ နားချမ်းသာဟု အဓိပ္ပာယ်ရသော သိုးပါဂဟု အမည်ပေးခြင်း ဖြစ်သည်ဟု သိရသည်။

ကျွန်ုပ် ကြီးပြင်းသောအခါတွင် သီချင်းသီဆိုလျှင် နားထောင်၍ အလွန်ကောင်းမည်၊ နားဝင်ချိုမည်ဟု အဖေက မှတ်ချက်ချခဲ့သည်။ အသံပါရမီထူးရှင်ဟု သူက ဆိုသည်။

ကျွန်ုပ်၏မျိုးရိုးတွင် ပါရမီထူးသူများ ရှိခဲ့ဖူး၏။ အဖေမှစ၍ ဘိုး၊ ဘေး၊ ဘီ၊ ဘင် ဟူ၍ မျိုးဆက် (၅) ဆက် အထက်သို့ ပြန်ဆန်တက်သော် ကျွန်ုပ်၏ ဘင်တော်စပ်သူသည် နာမည်တစ်လုံးဖြင့် ကျော်ကြားခဲ့သူဖြစ်သည်။ သူသည် အိမ်များတွင် ခိုအောင်းလေ့ရှိသော မကောင်းဆိုးဝါးတို့ကို နှင်ထုတ်နိုင်စွမ်းရှိသူ ဖြစ်သည်။ သူက နှင်ထုတ်သောအခါတွင် ကြောက်ရွံ့ခြင်းကြီးစွာဖြင့် မကောင်းဆိုးဝါးတို့ ထွက်ပြေးကြရသည်ချည်း ဖြစ်သည်။ ထိုသို့ပြေးကြရာ၌ 'မီ. . . လာ'ဟု အသံနက်ကြီးဖြင့် အော်ဟစ်ကာ ပြေးကြရသည်ဟု ဆိုကြသည်။ မီလာဟု အော်သည်မှာ 'ကြောက်စရာလူ'ဟု အာမေဍိတ်ပြုခြင်းမည်ပေသည်။ ထိုသို့ အော်သံပြုသည်ကို အကြောင်းပြုပြီး ကျွန်ုပ်၏ဘင်ကို မီလာဟု ခေါ်ဝေါ်ကြကုန်သည်။

ဤသို့ဖြင့် မီလာဟုသာ အများက သိလာကြပြီး အမည်ရင်း မေ့မှိန်ပျောက်ကွယ်သွားလေတော့သည်။ သူ၏သားကို မီလာ၏သားဟု ပြောဆိုသုံးနှုန်းကြပြန်ရာမှ မီလာသည် မျိုးရိုးအမည်သဖွယ် ဖြစ်လာတော့သည်။

မီလာဟု နာမည်တစ်လုံးဖြင့် ကျော်ကြားထင်ရှားသော ဘင်၏သားဖြစ်သူသည် ဖခင်ထံမှ ပညာအမွေကို ရလိုက်သည်။ သို့ဖြစ်ရာ ဖခင်၏ ခြေရာကို နင်းနိုင်ခဲ့ပြီး မကောင်းဆိုးဝါးနှင်ထုတ်ပေးသူအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ထိုအခါ မီလာ၏ သားဟု ကျော်ကြားလေသည်။

သူသည် လောင်းကစားကို အထူးတလည် ခုံမင်သည်။ ရှာဖွေ၍ရသမျှ လောင်းကစားဖြင့် ကုန်သွားရသည်က များသည်။ သူရှာဖွေ၍ ရသမျှအပြင် အမွေရထားသော ပစ္စည်းဥစ္စာနှင့် ပိုင်ဆိုင်မှုအဝဝပါ တက်တက်ပြောင်သည်။ တက်တက်ပြောင်ပုံကလည်း မြန်ဆန်သည်။ တစ်ညတာ လောင်းကစားအပြီးတွင် ရှိသမျှ ပုံအပ်ရသည်အထိ အရှုံးကြီးရှုံးခဲ့သည်။ လောင်းကစားတွင် လိမ်ညာကစားတတ်သူနှင့် တွေ့ခဲ့ဟန်တူပေသည်။ အိမ်လည်းထိုးအပ်ရသည်။ သိမ်းဆည်းထားသော အတွင်းပစ္စည်းများဖြစ်သည့် လက်ဝတ်ရတနာများလည်း ပေးဆပ်လိုက်ရ၏။ ပရိဘောဂများကိုလည်း ဈေးဖြတ်ပြီး ပေးချေရသည်။ ပိုင်ဆိုင်သော မြေယာလည်း ပါသွားသည်။ ထိုအခါ သားဖြစ်သူလက်ကိုဆွဲပြီး လမ်းပေါ်ရောက်သွားသည်။ အိုးမဲ့အိမ်မဲ့အဖြစ်ရောက်သွားသည်မှာ အတော် ဝမ်းနည်းစရာကောင်းသည့်အဖြစ်ဟု ဆိုရပါမည်။

သားဖြစ်သူ ဒိုဂျီသံခဲသည် ဖခင်သွားလေရာသို့ လိုက်ပါရသည်။ နေစရာအိမ်လည်း မရှိသဖြင့် ဆင်းရဲနွမ်းပါးလှသည်ကို သင်ခန်းစာယူသည်။ ဖခင်ထံမှလည်း ပညာကို လက်ကုန်သင်ယူ၏။ ပညာကို ရယူပြီးသောအခါ ပယောဂကုသည်။ အဆောင်လက်ဖွဲ့များရောင်းသည်။ မိုးသီးမုန်တိုင်းကျပြီး စိုက်ပျိုးထားသော သီးနှံတို့ ပျက်စီးရလေ့ရှိပေရာ သူက မိုးသီးမုန်တိုင်းမကျရောက်ရအောင် ကာကွယ် တားဆီးပေးသည်။ ထိုသို့ လောကီပညာကို ကောင်းသည့်ဘက်၌ အသုံးပြုခြင်းဖြင့် ရှာဖွေရရှိလာသောငွေတို့ကို စုဆောင်းသည်။

စုဆောင်း ရရှိလာသောငွေဖြင့် သိုးမွေးနှင့် စာမရီနွားမွေးတို့ကို ကုန်ကူးသည်။ များမကြာမီမှာပင် ယခင်အတိုင်း ချမ်းချမ်းသာသာ ... ကို သူရသွားသည်။ ... သည်။ လယ်ယာမြေလည်း ... သည်။ သားဖြစ်သူကို ပစ္စည်း ... မှ အမွေကောင်းကောင်းပေးနိုင်ခဲ့သည်။ သို့သော် နှမြောစရာကောင်းသည်မှာ ဒိုဂျီသံခဲသည် သားဖြစ်သူကို ပညာအမွေမပေးခဲ့ခြင်း ဖြစ်၏။

ဒိုဂျီသံခဲသည် သူနေဖို့အတွက် အိမ်ကြီးရခိုင်တစ်လုံးကို ဆောက်သည်။ တိုင်လုံးကြီး (၄) လုံးထူပြီး ရက်မ (၈) တန်းပြေးထားသည့် အိမ်ပုံစံဖြစ်သည်။ အထပ်သုံးထပ် ရှိသည်။ အောက်ဆုံးထပ်တွင် လူမနေ။ မြင်းပု၊ ဆိတ်၊ စာမရီ အစရှိသည်တို့ကို ထားရှိသည်။ အပေါ်နှစ်ထပ်တွင်သာ လူနေသည်။ ထိုစဉ်ကာလက လေးခန်းရှစ်တန်းဟုခေါ်ကြသည့် အိမ်ကြီးမျိုးဖြစ်သည်။

သူသည် ချမ်းသာသထက် ချမ်းသာလာသည်။ ထိုအခါ ဆင်းရဲသော ဆွေမျိုးတို့သည် သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်း လာနားကြသကဲ့သို့ သူ့ထံပါးတွင် လာရောက် နားခိုကြသည်။ နေရပ်ကိုစွန့်ခွာပြီး သူနေသော ကျွမ်ဆာရွာတွင် လာရောက် အခြေချနေထိုင်ကြသည်။ သူတို့၏ ပိုင်ဆိုင်မှုသည် တပွေ့တပိုက်စာမျှသာရှိကြသဖြင့် ယခုလို အလွယ်တကူ ရွှေ့ပြောင်းလာနိုင်ကြခြင်း ဖြစ်သည်။ ထိုသို့ အရိပ်ခိုနားကြသူများထဲတွင် ကျေးဇူးတရားကို သိတတ်ကြသူများပါသလို လောဘတက်နေကြသူများလည်း ပါဝင်နေပေသည်။

ထိုသို့ သစ်ကောင်းတစ်ပင်ဖြစ်နေသည့် ကျွန်ုပ်ဖခင်၏အမည်မှာ မီလာရှာရပ်ဂျေတန်ဟူ၍ ဖြစ်သည်။ ကျွန်ုပ်မိခင်၏အမည်မှာ ကာမိုကျန် ဟူ၍ ဖြစ်သည်။ မိခင်သည် ကျွန်ုပ်ကို အဖို၊ ရေဓာတ်၊ နဂါးနှစ်တွင် မွေးဖွားခဲ့သည်။ (၄) နှစ်သားအရွယ်သို့ရောက်သောအခါ ကျွန်ုပ်အတွက် အဖော်ရအောင် ညီမလေးတစ်ဦး မွေးပေးသည်။ ညီမလေးကို ဂွမ်းကျစ်ဟု အမည်ပေးလိုက်ကြ၏။ ကျွန်ုပ်မှာ ငယ်ရွယ်သေးသူဖြစ်နေပေရာ ဂွမ်းကျစ်ဟု ခေါ်ရသည်မှာ လျှာအဆင်မပြေ ခက်ခဲနေသည်။ သို့ဖြစ်ရာ ကျွန်ုပ်က ညီမလေးကို ပီတဟု ခေါ်သည်။ ဤသို့ဖြင့် ညီမလေးသည် ပီတ ဟူသည့် အိမ်နာမည်ကို ရသွားသည်။

ချမ်းသာသော မိဘ၏ အရိပ်အောက်တွင် နေကြရသဖြင့် ကျွန်ုပ်တို့မောင်နှမ၏ ကလေးဘဝသည် အလွန်



www.burmeseclassic.com

www.burmeseclassic.com

ပျော်စရာကောင်းသည်။ စားချိန်တန် စား၊ ကစားချိန်တန်ကစား၊ အိပ်ချိန်တန် အိပ်နှင့်အပူအပင်ကင်းသည်။ အစေခံတို့က အရိပ်တကြည့်ကြည့်ဖြင့် လိုလေသေးမရှိရလေအောင် ဖြည့်ဆည်းပေးနေကြသည်။ ဝတ်ကောင်းစားလှကိုဝတ်နိုင်ကြသည်။ စားစရာသောက်စရာတို့ကလည်း အလျှံပယ်ရှိနေသည်။

ကျွန်ုပ်တို့ မောင်နှမနှစ်ယောက်သည် ကြမ္မာဆိုးလာနေသည်ကို မသိခဲ့ကြပေ။ အိမ်နားနီးချင်းတို့အဖို့ မနာလိုမရှုဆိတ်ဖြစ်ချင်စရာကောင်းနေသည်ကိုလည်း မရိပ်မိခဲ့ကြပေ။

သူတို့သည် အိမ်ကို အလည်လာသောအခါ မြင်ရတွေ့ရသော ပရိဘောဂများ၊ အလှဆင်ထားသည်များကိုကြည့်ပြီး အားကျကြသည်။ ဖေဖေနှင့် မေမေတို့ကို ရိုသေပျပ်ဝပ်စွာ ပြောဆိုဆက်ဆံကြသည်။ ရိုကျိုးသော ကိုယ်ဟန်အမူအရာကို ပြသကြသည်။ သူတို့၏ စိတ်အတွင်း၌ မည်သို့ရှိမည်ကို ကျွန်ုပ်တို့မောင်နှမ မသိနိုင်ကြပေ။

ရိုးရာဓလေ့ ထုံးတမ်းအရ ငယ်ရွယ်စဉ်ကတည်းက အိမ်ထောင်ဖက်နှင့် လက်ဆက်ပေးလေ့ရှိပေရာ ကျွန်ုပ်ကို ဇီဇေးဟု အမည်ရှိသော ကလေးမကလေးတစ်ဦးနှင့် လက်ဆက်ပေးလိုက်ကြသည်။ ကျွန်ုပ်အနေဖြင့် အိမ်ထောင်ပြုသည်ဆိုသည်ကို နားမလည်သေးသောအရွယ်ဖြစ်ပေရာ သူငယ်ချင်းတစ်ဦးအဖြစ် မိတ်ဆက်ပေးသည်ဟုသာ ထင်မိခဲ့ပေသည်။

ပီတအသက် (၃) နှစ်၊ ကျွန်ုပ်အသက်(၇)နှစ်တွင် ဖေဖေနေမကောင်းဖြစ်သည်။ ရက်အနည်းငယ်အကြာတွင် ဖေဖေကွယ်လွန်သွားသည်။ ကျွန်ုပ်တို့မောင်နှမသည် အရွယ်မရောက်သေးသဖြင့် ဖေဖေက အိမ်၏စီးပွားဥစ္စာကို ထိန်းသိမ်းရန်အတွက် ညီတော်စပ်သူလက်ထဲ အပ်နှံခဲ့သည်။

ဖေဖေသည် သူမနေရတော့ပြီဟု သိနေသဖြင့် အိမ်နီးနားချင်းများနှင့် ဆွေမျိုးရင်းချာတို့ကို သူ့အနီးတွင် စုရုံးစေသည်။ ထို့နောက် အများရှေ့မှောက်တွင် ဦးလေးလက်ထဲသို့ အိမ်၏ စီးပွားဥစ္စာကို ထိန်းသိမ်းပေးရန်၊ ကျွန်ုပ်တို့ မောင်နှမ အရွယ်ရောက်သည်အထိ သူတို့လက်ထဲ ထိန်းသိမ်းထားပေးရန် အပ်နှံခဲ့သည်။ ဤသို့ဖြင့် ဦးလေးနှင့် အဒေါ်တို့နှစ်ယောက် စီမံရာကို ကျွန်ုပ်တို့ နာခံရလေတော့သည်။

ဖေဖေ့အနေဖြင့် ကျွန်ုပ်တို့မောင်နှမ ရမည့်အမွေကို ဆွေမျိုးတို့ လုယူပြီး အလွဲသုံးစားလုပ်ကြမည်ကို စိုးရိမ်သဖြင့် တိုးတိုးတိတ်တိတ်ကြိတ်မအပ်ဘဲ အများရှေ့မှောက်တွင် အသိသက်သေထားပြီး အပ်နှံခဲ့ခြင်း ဖြစ်သည်။ ဖေဖေထင်ထားသည်မှာ မမှားပါ။

ရိုးရာဓလေ့ထုံးတမ်းအရ သေသူ၏ အလောင်းကို ကျီးစာ၊ ငှက်စာအဖြစ် ကုသိုလ်ရအောင် ကျွေးလေ့ရှိသည့်အတိုင်း ဖေဖေ့အလောင်းကို အိမ်မှသယ်သွားပြီး တောင်ပေါ်တစ်နေရာ၌ စွန့်ပစ်လိုက်သည့်နေ့မှာပင် ပြဿနာစတင်ပါသည်။ ခြံဝင်းထဲတွင် လူစုံတက်စုံရောက်လာကြသည်။ နောင်ရေးကို ဆွေးနွေးကြသည်။ ဆွေမျိုးရင်းချာများလည်း ပါသည်။ တစ်ဝမ်းကွဲများလည်း ပါသည်။ ရွာသူရွာသားများလည်း ပါသည်။ ရပ်မိရပ်ဖများလည်း ပါသည်။ ကျွန်ုပ်တို့ မောင်နှမရမည့်အမွေကို တာဝန်ယူထားရသည့် ဦးလေးတို့လင်မယားလည်း ပါသည်။

တစ်ယောက်တစ်ပေါက် ပြောဆိုဆွေးနွေးကြသည်။ ထိုသို့ ပြောဆိုကြရင်း အများ၏သဘောဆန္ဒ ပေါ်လွင်လာသည်။ အိမ်၏စီးပွားဥစ္စာကို မေမေက ဆက်လက်ကိုင်တွယ်ပြီး ဆောင်ရွက်ပေးစေလိုကြသည်။ သူရင်းငှားတို့ကလည်း မေမေ့ကို ကူညီလုပ်ကိုင်ပေးကြမည်ဟု ကတိပေးကြသည်။ ဖေဖေမရှိတော့သော်လည်း ယခင်အတိုင်း အခြေမပျက် ဆက်နေသွားနိုင်ရန်အတွက် လိုအပ်သော အကြံဉာဏ်နှင့် အကူအညီတို့ကိုပေးမည်ဖြစ်ကြောင်း ရပ်မိရပ်ဖတို့က ပြောကြသည်။ အားလုံး အဆင်ပြေပြေဖြစ်လာစဉ် ဦးလေးတို့လင်မယားက ထကန့်ကွက်လိုက်သည်။

သူတို့လင်မယားသည်သာလျှင် ထိန်းသိမ်းခွင့်ရှိသည်။ မဆိုင်သူတို့ ဝင်ရောက်စွက်ဖက်ခြင်းမပြုကြနှင့်ဟု ပြောလိုက်သည်။ အားလုံးတအံ့တသြဖြစ်ရင်း အသံတိတ်သွားသည်။ စိုစိုပြည်ပြည်ဖြစ်နေသော စကားဝိုင်းသည် ခြောက်ကပ်ကပ်ဖြစ်သွားသည်။

တိတ်ဆိတ်နေချိန်၌ ဦးလေးတို့လင်မယားက အတိအလင်း ကြေညာလိုက်သည်။ အများရှေ့မှောက်တွင် သူတို့လက်ထဲ အပ်နှံခဲ့သဖြင့် သူတို့စိတ်ကြိုက် ခြယ်လှယ်မည်။ မည်သူတစ်ဦးတစ်ယောက်ထံမျှ အကြံဉာဏ်ရယူရန် မလိုပါဟု တိတိပြတ်ပြတ် ပြောသည်။

သူတို့သည် ကျန်ရစ်သူ မုဆိုးမနှင့် ဖတဆိုးမောင်နှမကို သူတို့စိတ်တိုင်းကျ ထိန်းသိမ်း စောင့်ရှောက်သွားမည်ဟုလည်း ပြောသည်။

ဦးလေးတို့လင်မယားသည် စကားတည်သည်။ ပြောသည့်အတိုင်း တကယ်လုပ်သည်။ သူတို့စိတ်တိုင်းကျလုပ်သည်။ ရက်အတန်ကြာတွင် ကျွန်ုပ်တို့မောင်နှမသည် အဝတ်အစားအနွမ်းစုတ်ကိုသာ ဝတ်ကြရသည်။ အစားလည်း ဝဝလင်လင် မစားရတော့ချေ။ တစ်ကိုယ်လုံး ညစ်ပေနေတော့သည်။ နွေရာသီတွင် လယ်ထဲဆင်းပြီး အလုပ်ကြမ်းလုပ်ကြရသည်။ ရေခဲအောင်အေးသည့် ဆောင်းရာသီတွင် အိမ်ထဲ၌ အလုပ်များကို ကျွန်သဖွယ်လုပ်ကြရသည်။

ကျွန်ုပ်တို့ မောင်နှမကို ဂရုစိုက်မည့်သူမရှိချေ။ ဆောင်းရာသီ၌ ရေနွေးတည်၍ ရေချိုးရသည်ဖြစ်ပေရာ ကျွန်ုပ်တို့မောင်နှမအတွက် ရေနွေးတည်ခွင့်မပေးသဖြင့် ဆောင်းတွင်းကာလတစ်ခုလုံး ရေလုံးဝမချိုးကြရချေ။ သို့ဖြစ်ရာ ညစ်ထေးနေကြသဖြင့် သန်းကြီးတွယ်သည်။ ယားယံသဖြင့် ကုတ်ရာမှ အနာရင်းပြီး တစ်ကိုယ်လုံး အနာဗရပွဖြစ်နေကြသည်။ အရည်တစိုစိုဖြင့်ဖြစ်နေတော့သည်။

ပလွှားမော်ကြွားသည့် မောင်နှမ အခုတော့ထိပြီဟု ဆိုကြသူများရှိသလို ကျွန်ုပ်တို့မောင်နှမအား စာနာစိတ်ဖြင့် သနားကြသူများလည်းရှိသည်။ ကျွန်ုပ်တို့ မောင်နှမ၏ဖြစ်အင်ကိုကြည့်ကာ မျက်ရည်စိုကြသူများ ရှိသည်။

ကျွန်ုပ်တို့မောင်နှမကို ကျွန်ထက်နိမ့်ကျအောင်ထားသော်လည်း ဦးလေးတို့လင်မယားမှာမူ အိမ်ကြီးသခင်အဖြစ် မော်မော်ကြွားကြွား နေထိုင်ကြသည်။ ကျွန်ုပ်၏မိဘတို့ ဝတ်ဆင်ခဲ့သော ဝတ်ကောင်းစားလှတို့ကို သူတို့ဆင်မြန်းကြသည်။ ကျွန်ုပ်တို့၏လက်ဝတ်ရတနာများကို သူတို့ ဆင်မြန်းကြသည်။ ကျွန်ုပ်တို့၏မိခင်ကို ပစ်ထားကြသည်။ လက်ဝတ်ရတနာတစ်ခုတလေကိုပင်လျှင် ဆင်မြန်းခွင့်မပေးချေ။ ထို့အပြင် အမေ့ကို အပြစ်မရှိအပြစ်ရှာကာ ကြိမ်းမောင်းပြောဆိုကြသေးသည်။ အမေသည် ယောက်ျားဖြစ်သူ၏ ထောက်ပံ့မှုကြောင့်သာ အေးချမ်းသာသာနေနိုင်ခဲ့ခြင်း ဖြစ်သည်။ ကိုယ်စွမ်းကိုယ်စလုံးဝမရှိသူဟု ပြောဆိုကဲ့ရဲ့ကြသည်။

ကျွန်ုပ်နှင့်လက်ထပ်ထိမ်းမြားထား



www.burmeseclassic.com

www.burmeseclassic.com

ထားသော ဇီစေး၏ မိဘနှစ်ပါးသည် ကျွန်ုပ်တို့မိသားစုအပေါ် သနားကြင်နာမှုရှိသည်။ အခါအားလျော်စွာ ထောက်ပံ့ကြသည်။ သူတို့က ကျွန်ုပ်ကို သွန်သင်ဆုံးမကြသည်။ ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် ပထမဆုံးဟုဆိုရမည့် သင်ခန်းစာကို သူတို့က သွန်သင်ပြောပြပေးခဲ့သည်။

ပစ္စည်းဥစ္စာ ဟူသည် မျက်လှည့်မျိုး ဆိုသည်ကို သူတို့ကရှင်းပြသွန်သင်သည်။ ပစ္စည်းဥစ္စာ ဟူသည် ခုမြင်ခုပျောက်၊ ခုပြန်ရောက် ခုပြန်ပျောက်တတ်ပါတကား ဆိုသည်ကို ကျွန်ုပ်နားလည်အောင် နမူနာပေး၍ ရှင်းပြခဲ့၏။

နံနက်စောစောတွင် မြက်တို့၌ စွတ်စိုသော နှင်းရည်စက်တို့သည် နေထွက်သည်နှင့် ကွယ်ပျောက်သွားသည်ကို ဥပမာပြပြီး မမြဲသည့်သဘောကို ရှင်းပြကြသည်။ နောက်တစ်နေ့နံနက်တွင် မြက်တို့၌ နှင်းရည်ပြန်လည်စွတ်စိုနေပြန်သည်။ နေထွက်သောအခါ ပြန်ပျောက်သွားကြပြန်သည်။ ဤသို့ဖြင့် ရောက်တစ်လှည့် ပျောက်တစ်လှည့်ဖြစ်နေပုံကို ပြောပြကြသည်။

ကျွန်ုပ်လို ဉာဏ်တိမ်သေးသော ကလေးငယ် နားလည်သဘောပေါက်အောင် ရှင်းပြကြသည်။ ထို့နောက် သူတို့က စိတ်ဓာတ်မကျဖို့ အားပေးစကားပြောကြပြန်သည်။

ကျွန်ုပ်၏ အဘိုးသည် ရှိသမျှကို တစ်ညဖြင့် တက်တက်ပြောင်အောင် လောင်းကစားခဲ့ပုံကို ပြောပြသည်။ သူ၏သား ကျွန်ုပ်အဖေသည် ကုန်းကောက်စရာမရှိအောင် မွဲတေသောအခြေအနေကို ပြန်နာလန်ထူအောင်ပြုနိုင်ခဲ့ပုံကို ပြောပြကြသည်။ ကျွန်ုပ်သည်လည်း အဖေနည်းတူ ကြွယ်ဝချမ်းသာအောင် ပြန်လုပ်နိုင်မှာ သေချာသည်ဟု သူတို့က အားပေးစကားပြောကြသည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူဌေးအဖြစ်သို့ မုချရောက်မည်ဟု ခိုင်ခိုင်မာမာ ပြောကြသည်။

ထိုအကြောင်း အမေ့ကို ပြန်ပြောပြသောအခါ အမေက-

"ချမ်းသာဖို့သိပ်မကြာတော့ပါဘူး သားရယ်"

ဟု ပြောပြီး သက်ပြင်းချသည်။

အမေ့ကိုကြည့်ရသည်မှာ ရင်မောနေပုံရသည်။

အမေသည် (၈) နှစ်တိုင်တိုင် ဒုက္ခအပေါင်းကို ခါးစည်းခံခဲ့သည်။ သူ့တွင် အားကိုးစရာအဖြစ် မောင်တစ်ယောက် ရှိနေသည့်အတွက် (၈) နှစ်တာကာလကို အားတင်းထားနိုင်ခဲ့သည်။

သူ့မောင်တွင် လယ်မြေကွက်ငယ်တစ်ခုရှိသည်။ ထိုမြေကွက်ကို အဖေက ပေးခဲ့ခြင်း ဖြစ်သည်။ အဖေ မရှိတော့သောအခါ သူက လယ်မြေမှရသည့်ဝင်ငွေကို သူတစ်ဦးတည်း အကုန်မသုံး။ အစ်မကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဝေခြမ်းပေးခဲ့သည်။

အမေက သူ့အတွက်ရသောဝေစုကို အကုန်မသုံးမစွဲဘဲ အချို့ကိုစုဆောင်းထားသည်။ ထိုစုဆောင်းငွေဖြင့် ကောက်သစ်စားပွဲတစ်ခုကို ကျင်းပသည်။

အဖေဆုံးပြီး (၈) နှစ်အကြာ ကျွန်ုပ်အသက် (၁၅) နှစ်ရသည့်နှစ်တွင် ကောက်သစ်စားပွဲကို အမေ ကျင်းပသည်။ အမေက ပွဲသို့ ရွာရှိလူကုန်ဖိတ်သည်။ (၈)နှစ်တာ စုဆောင်းထားသော ငွေဖြင့် လက်လှမ်းမီသမျှ တည်ခင်းဧည့်ခံဖို့ စီစဉ်သည်။ ထိုအခါ ကျွန်ုပ်တို့ မိသားစုအပေါ် စာနာကြသူတို့က တစ်ယောက်တစ်လက် တစ်နိုင်တစ်ပိုင် ကူကြသည်။ စားစရာချက်ပြုတ်၍ ပို့ပေးသူလည်း ရှိသည်၊ သောက်စရာခေါင်ရည်ကို ပို့ပေးသူလည်း ရှိသည်။ ဤသို့ဖြင့် ကောက်သစ်စားပွဲသည် သိုက်သိုက်မြိုက်မြိုက်ဖြစ်သွားသည်။

အမေက ပွဲကို အိမ်၌ကျင်းပလိုသော်လည်း ဦးလေးလင်မယားက ခွင့်မပြုသဖြင့် မောင်ဖြစ်သူနေထိုင်ရာအိမ်ငယ်ကလေးတည်ရှိသည့် ခြံဝင်းအတွင်း၌ ကျင်းပသည်။

ကျွန်ုပ်တို့မောင်နှမသည် ပွဲအတွက် ကူညီလုပ်ကိုင်ကြသည်။ ခြံဝင်းကို မောင်နှမနှစ်ယောက် လှည်းကျင်းကြရသည်။ ပန်းကန်ခွက်ယောက်တို့ကို ငှားရမ်းရသည်။ ဆေးကြောရသည်။ စားစရာထည့်ပြီး စားပွဲပေါ် အသင့်ပြင်ကြရသည်။

သူဆင်းရဲမကလုပ်သောပွဲ ဖြစ်သော်လည်း အတော်စည်ကားသည်။ ရွာလုံးကျွတ်ရောက်လာကြသည်။ ပျော်ပျော်ပါးပါး စားသောက်ကြသည်။ ဦးလေးတို့လင်မယားလည်း ပွဲကိုအကဲခတ်ရန် ရောက်လာကြသည်။

အမေက ကမကထလုပ်ကာ ကျင်းပသည့် ကောက်သစ်စားပွဲသို့ ကြွရောက်လာကြသော ဧည့်သည်တို့ စားသောက်နေကြစဉ် အမေက စကားပြောလိုကြောင်းခွင့်ပန်လိုက်သည်။ ထို့နောက် အမေက စကားစပြောရာ၌ ဆို့နစ်နေသဖြင့် စကားလုံးတို့သည် လည်ချောင်းထဲမှ ခုန်ထွက် မလာကြတော့ချေ။ ထိုအခါ အမေ့မောင်က အမေ့ကိုယ်စားပြောစရာရှိသည်တို့ကို ပြောပြရသည်။ အဖေ၏ နောက်ဆုံးဆန္ဒအရ အိမ်၏စီးပွားဥစ္စာကို ဦးလေးတို့ လင်မယားလက်ထဲ အပ်နှံခဲ့ကြောင်း၊ ဦးလေးတို့လင်မယားကလည်း စီးပွားမဆုတ်ယုတ်ရအောင် တာဝန်ကျေကျေဖြင့် စောင့်ရှောက်ပေးခဲ့ကြကြောင်း သူက ပြောပြသည်။

ထိုအချိန်တွင် အမေသည် စိတ်ကိုထိန်းနိုင်သွားပြီး စကားပြန်ပြောနိုင်ပြီဖြစ်၍ အမေက စကားကိုဆက်သည်။ အဖေ့ဆန္ဒအရ အုပ်ထိန်းသူအဖြစ် (၈) နှစ်တိုင်တိုင် ဆောင်ရွက်ပေးခဲ့သည့်အတွက် ဦးလေးတို့လင်မယားကို အထူးကျေးဇူးတင်ကြောင်း အမေက ပြောသည်။ ယခုအခါ ကျွန်ုပ်၏အသက်သည် (၁၅) နှစ်တင်းတင်း ပြည့်ပြီးပြီဖြစ်သဖြင့် အရွယ်ရောက်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဖေ့ဆန္ဒအတိုင်း အိမ်၏စီးပွားဥစ္စာကို ကျွန်ုပ်လက်ထဲသို့ ပြန်အပ်ပေးပါရန် ပန်ကြားလိုက်သည်။ ဦးလေးလင်မယားအနေဖြင့် အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ပိုင်ခွင့် ကုန်ဆုံးသွားပြီဖြစ်သဖြင့် အများရှေ့တွင် အမေက ကြေညာလိုက်သည်။

အမေက အလိမ္မာသုံးပြီး အမွေရပိုင်ခွင့်ကို ပြန်တောင်းလိုက်သဖြင့် အုပ်ထိန်းသူ လင်မယားနှစ်ယောက်စလုံး ဒေါသချောင်းချောင်းထွက်ကုန်ကြသည်။ စားသောက်နေကြသူတို့သည် ဘာဆက်ဖြစ်ကြမည်ဆိုသည်ကို စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။ ဦးလေးလင်မယား၏ သားတို့သည် ထိုင်ရာမှ ထလိုက်ကြသည်။ အမေ့ကို ရန်သတ္တုရပြုရန် အသင့်အနေအထားဖြင့် ရှိနေကြသည်။ ကျွန်ုပ်တို့မောင်နှမသည် မျက်လုံးကလေးများ ကလယ်ကလယ်ဖြစ်ရင်း အမေ့ကိုတစ်လှည့် ဦးလေးတို့လင်မယားကိုတစ်လှည့် ကြည့်နေမိကြသည်။

ဦးလေးတို့လင်မယားက အမေ့ကို ဝိုင်းပြောကြသည်။

လူပုံအလယ်တွင် အရှက်မရှိ၍ ဤသို့ဤနှယ်တောင်းဆိုဝံ့သည့်အတွက် အံ့သြသည်ဟုပြောကြသည်။ အဓိပ္ပာယ်မရှိသောစကားကို ဆိုသည်ဟု ရယ်သွမ်းသွေးကြသည်။ အမေ၏ အစွမ်းအစကြောင့် စည်းစိမ်ဥစ္စာများ ရလာခြင်းမဟုတ်ကြောင်း၊ အမေ့မျိုးရိုး၏ အမွေအနှစ်လည်းမဟုတ်ကြောင်း ဦးလေး၏



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပြသည်။ သူ့အစ်ကိုကြီးသည် သားကြီး အဖရာ ဆိုသည့်အတိုင်း သူတို့ဖခင်ထံမှ အမွေရခဲ့ခြင်း ဖြစ်ကြောင်း၊ သားကြီးသေဆုံးလျှင် သားလတ်ဖြစ်သူ သူသာလျှင်အမွေရထိုက်သူဖြစ်ကြောင်း၊ အမေနှင့်မသက်ဆိုင်ကြောင်း ထောက်ပြသည်။

ကျွန်ုပ်တို့၏ရိုးရာဓလေ့ထုံးတမ်းအရ သူပြောသည်မှာ မှန်နေသည်။ အစ်ကိုကြီးသေဆုံးလျှင် ညီဖြစ်သူက စည်းစိမ်ဥစ္စာကို အမွေဆက်ခံရသည်။ ထိုသို့ဆက်ခံရာ၌ ဆန္ဒရှိပါက အစ်ကိုကြီး၏ ဇနီးကိုပါ မယားအဖြစ် သိမ်းပိုက်ခွင့်ရှိသည်။ ထို့ကြောင့် အဖေထားရစ်ခဲ့သော အိမ်၊ လယ်မြေနှင့်တကွ စည်းစိမ်ဥစ္စာတို့ကို ဦးလေးမှာ ပိုင်ဆိုင်ခွင့်ရှိနေသည်။ ထိုအချက်မှာ ငြင်းမရနိုင်ပေ။

ဦးလေးတို့လင်မယားသည် ထိုင်ရာမှထလိုက်ကြသည်။ ထို့နောက် အမေ့အနီးသို့သွားပြီး မတရားသဖြင့် ပြောဆိုရကောင်းလောဟု တစ်ယောက်တစ်ခွန်း အော်ဟစ်ငေါက်ငမ်းကြသည်။ ပြောရင်းလက်ပါလာသည်။ ဦးလေး၏ ဇနီးက အမေ့ကို ပါးရိုက်သည်။ ဦးလေးက အမေ့မျက်နှာကို လက်သီးဖြင့်ထိုးသည်။ သူတို့၏သားများက အနီးတွင် ဝန်းရံထားကြသဖြင့် ဝင်ရောက် ဖျန်ဖြေပေးသူမရှိချေ။ ကျွန်ုပ်တို့ မောင်နှမသည်လည်း ဝင်မဖျန်ပံ့ကြချေ။

အမေသည် ငိုကြီးချက်မဖြင့် ရင်ဘတ်ကို လက်သီးဖြင့်ထုရင်း အော်ငိုသည်။ ထိုသို့ငိုရင်း တက်ချက်ကာ လဲကျသွားသည်။ ထိုအခါ ဦးလေး၏ ဇနီးက ကျွန်ုပ်တို့ မောင်နှမဘက်သို့ လှည့်ပြီး ပြောပြောဆိုဆိုလုပ်သည်။

"နင်တို့အမေက ဥစ္စာအတော်မက်တဲ့မိန်းမ၊ ဒီလိုပွဲမျိုးကို ကျင်းပပြီး ငွေကိုဖြုန်းဖို့လောက်ပဲသိတဲ့ မိန်းမ။ အဲဒါကြောင့်ဆင်းရဲနေတာ နည်းတောင်နည်းသေးတယ်။ ငါတို့က သူလို မဖြုန်းနိုင်ပါဘူး။ ခြစ်ခြစ်ပြီး တိုင်းတိုင်းထွာထွာသုံးနေရတဲ့သူတွေပါ။ ငါတို့ဆီက တစ်ပြားတစ်ချပ်မှ ရဖို့မမျှော်လင့်ပါနဲ့။ တစ်ပြားမှ မပေးနိုင်ဘူး။ မကျေနပ်ရင် ကြိုက်ရာကို လုပ်နိုင်တယ်။ နင်တို့ကို ကြောက်လိမ့်မယ်တော့ မထင်နဲ့။ မကျေနပ်လို့ချင်သပဆိုလည်းရတယ်။ ကျိန်ဆဲချင်သပဆိုလည်း ရတယ်။ ငါတို့က တစ်စက်မှ အလျှော့မပေးနိုင်ဘူး။ နင်တို့လုပ်ချင်ရာလုပ်နိုင်တယ်။ နင်တို့ကို လုံးဝဂရုမစိုက်ဘူး"

ထို့နောက် ကောက်သစ်စားပွဲမှ သူတို့မိသားစုပြန်သွားကြသည်။ ထိုအခါကျမှ လဲကျနေသော အမေ့ကို သူ့မောင်ကပွေ့ပြီး နှာနှပ်သည်။ အမေ့ကို ယပ်ခတ်ပေးသူက ပေးသည်။ ဦးလေးတို့လင်မယား၏နေအရိပ်အောက်တွင် နေကြရသူတို့သည် ကောက်သစ်စားပွဲမှ ထပြန်သွားကြသည်။

လူအနည်းငယ်မျှသာ ကျန်နေခဲ့ကြရာ၌ စိတ်ညစ်ညစ်ဖြင့် ခေါင်ရည်ကို ဖိသောက်ကြသည်။ ထိုသို့သောက်ရင်း ကျွန်ုပ်၏ ပညာသင်ယူရေးကို ဆွေးနွေးကြသည်။ သဒ္ဓါသရွေ့ ကူငွေဝိုင်းထည့်ပြီး ကျွန်ုပ်ကို ပညာသင်ပေးကြမည်ဟု တိုင်ပင်ကြသည်။ ကျွန်ုပ်နှင့် ဦးလေးတစ်ဝမ်းကွဲတော်စပ်သူတစ်ဦးက အမေနှင့်ညီမလေးပီတတို့ကို သူ့အိမ်တွင်ခေါ်ထားပေးမည်။ လယ်ထဲတွင် အလုပ်လည်း ပေးထားမည်။ ထို့အတွက် ထိုက်သင့်သလိုလုပ်အားခပေးမည်ဟု ကမ်းလှမ်းသည်။

အမေက မာနကို မလျှော့။ ဆင်းရဲချင်ဆင်းရဲပါစေ။ သူများအိမ်၌ ကပ်ပါးအဖြစ်မနေလိုကြောင်း ယတိပြတ်ပြောသည်။ သူ့မောင်၏အိမ်နှင့် လယ်မြေသည် အဖေပေးထားခဲ့သော အိမ်နှင့်လယ်မြေဖြစ်သဖြင့် သူ့မောင်၏အိမ်၌သာ သူနေမည်ဟု ပြောသည်။

ကျွန်ုပ်၏ ပညာရေးအတွက် ထောက်ပံ့သည်ကိုတော့ သူက လက်ခံသည်။ ယခုအရွယ်ထိ ပညာသင်မပေးနိုင်သည့်အတွက် အကြီးအကျယ် စိတ်မကောင်းဖြစ်နေရကြောင်းကိုလည်း ဝန်ခံသည်။

ရက်အတန်ကြာတွင် ကျွန်ုပ်သည် စာသင်ပေးသော ဆရာတစ်ဦးထံ သွားနေရသည်။ သူ၏ကျောင်းဝင်းသည် ရွာနီးစပ်ချုပ်တွင် ရှိသော်လည်း ညဘက်တွင် အိမ်သို့ ပြန်ခွင့်မပေးချေ။ ကိစ္စပေါ်၍သွားရလာရသောအခါ၌ ကျွန်ုပ်အမေရှိနေသည့် အိမ်ရှေ့ရှိလမ်းမှသွားရသည့်တိုင်အောင် အိမ်သို့ ခဏတစ်ဖြုတ်ဝင်ခွင့်ကို မပေးချေ။

ကျွန်ုပ်သည် ဆရာထံပါးတွင် အချိန်ပြည့်နေရင်း စာသင်ရသည်။ အမေနှင့် ညီမလေး ပီတတို့သည် သူရင်းငှားအဖြစ် လုပ်ကိုင်စားသောက်ကြသည်။ ထိုသို့ရှိရာမှ နှစ်အနည်းငယ်အကြာတွင် ကျွန်ုပ်၏ပညာရေးဆုံးခန်းတိုင်ဖို့ ဖြစ်ကြုံရလေတော့သည်။

ထိုနေ့က ဆရာနှင့်အတူ အိမ်တစ်အိမ်သို့ လိုက်သွားရသည်။ အိမ်ရှင်က စားပွဲသောက်ပွဲတစ်ခု ကျင်းပရသောအခါ ဆရာ့ကို တလေးတစားဖြင့် ဖိတ်ကြားသဖြင့် သွားရောက်ရာ၌ ကျွန်ုပ်က အဖော်အဖြစ် လိုက်ပါရခြင်း ဖြစ်သည်။

ဆရာသည် စားသည်က နည်းနည်း၊ သောက်သည်က များများဖြစ်နေသည်။ ဆရာခေါင်ရည်တစ်ခွက်ကုန်တိုင်း ကျွန်ုပ်ကလည်း တစ်ခွက်ကုန်အောင် အမီလိုက်သောက်သည်။ ဆရာရေချိန်ကိုက်ချိန်တွင် ကျွန်ုပ်လည်း အာသွက်လျှာသွက်ဖြစ်နေပေပြီ။ ဆရာတပည့် နှစ်ယောက်စလုံး စကားများဟောင်ဖွာဟောင်ဖွာပြောနေကြသည်။ အကြောင်းအရာတစ်ခုကို ထပ်ခါတလဲလဲပြောနေကြသည်။ အိမ်ရှင်က အခြေအနေကို ရိပ်မိသည်။ ဆရာ့ကို ပြန်ဖို့ စကားစသည်။ ဆရာက နှုတ်ဆက်ပြီး ထပြန်သည်။ ကျွန်ုပ်လည်း ခွက်ထဲရှိသည့် ဗျစ်ရည်လက်ကျန်ကို ကုန်သည်အထိ သောက်ပြီးမှ ဆရာ့နောက်သို့ လိုက်သည်။

လမ်းတွင် သီချင်းအော်ဆိုချင်စိတ်များ တဖွားဖွားပေါ်သဖြင့် ရေပန်းစားနေသောသီချင်းတစ်ပုဒ်ကို အော်ဟစ်သီဆိုလိုက်သည်။ ကျွန်ုပ်သည် မွေးရာပါရမီထူးကြောင့် အသံကောင်းသူဖြစ်ရာ သီချင်းကို နိုင်နိုင်နင်းနင်းဆိုနိုင်သည်။ မူးနေသော်လည်း သာယာနာပျော်ဖွယ်ရှိအောင်ဆိုနိုင်သည်။

အသံအောင်သဖြင့် ညဘက်တိတ်ဆိတ်နေချိန်တွင် အဝေးမှပင် ကျွန်ုပ်၏ သီချင်းဆိုသံကို အတိုင်းသား ကြားနိုင်သည်။ ကျောင်းဝင်းသို့ပြန်ကြရာ၌ အမေနေသည့်အိမ်ရှေ့ရှိ လမ်းမှ ဖြတ်ပြန်ရသည်။

သီချင်းအော်ဆိုရင်း လျှောက်လာရာ၌ အိမ်အနီးသို့ရောက်နေပြီဆိုသည်ကို သတိမဝင်မိချေ။ အမေက အိမ်ထဲမှာနေရင်း ကျွန်ုပ်၏ သီချင်းအော်ဆိုသံကို ကြားသည်။ ကျွန်ုပ်၏အသံကိုမှတ်မိသည်။

အမေသည် သူ့နားကိုသူမယုံနိုင်အောင်ဖြစ်သွားသည်။ ဘဝဆိုးဆိုးကြုံနေနေရချိန်တွင် သီချင်းဆိုပြီးပျော်နေနိုင်သည်ကို အံ့ဩသည်။သေချာအောင် အိမ်အပြင်သို့ ထွက်ကြည့်သည်။ ထိုအခါ သီချင်းတကြော်ကြော် အော်ဆိုရင်း ဖြတ်သွားသော သားဖြစ်သူကို တွေ့ရသည်။

ကျွန်ုပ်ဖြစ်မှန်းသေချာသွားသောအခါ အိမ်ထဲသို့ပြေးဝင်သည်။ နံရံတွင်



www.burmeseclassic.com

www.burmeseclassic.com

မှီထောင်ထားသော တံမြက်စည်းကို ယူသည်။ ပြာလက်တစ်ဆုပ်စာယူသည်။ ထို့နောက် အိမ်ပြင်သို့ထွက်သည်။

“သိုးပါဂ”

ကျွန်ုပ်အမည်ကိုခေါ်ရင်း ကျွန်ုပ်အနီးသို့ပြေးလာသည်။ ကျွန်ုပ်က ခေါ်သံကြား၍ သမင်လည်ပြန်လှည့်ကြည့်လိုက်သည်။ အမေက အနီးအရောက်တွင် လက်ထဲမှပြာဖြင့် ကျွန်ုပ်မျက်နှာကို ပက်သည်။ ထို့နောက် တံမြက်စည်းဖြင့် နှက်သည်။ အားကုန်ထည့်၍ရိုက်သည်။ ပါးစပ်မှလည်း ဆဲဆိုရင်း နာကြည်းစရာများကို ပြောသည်။

စည်းစိမ်ဥစ္စာတို့ မတရားသဖြင့် ယူသွားသဖြင့် ယခုလိုအတိဒုက္ခရောက်နေကြရပါလျက် သီချင်းဆိုနိုင်သေးသလောဟု ဆူသည်။ ဤလို သားမျိုးမွေးထားရတာ ဝမ်းကြောနာသည်ဟု ဝမ်းပန်းတနည်းပြောသည်။ ပြောရင်းဆိုရင်း အမေငိုကွေးသည်။

ပီတာသည် အမေ့အသံကြားသဖြင့် အိမ်ထဲမှပြေးထွက်လာသည်။ ကျွန်ုပ်ကို တံမြက်စည်းဖြင့် ရိုက်နှက်နေသည်ကို တွေ့သောအခါ ဝင်မဖျန်ဖွဲ့သဖြင့် အနားတွင်ရပ်ရင်း ခြေမကိုင်မိလက်မကိုင်မိဖြစ်နေသည်။

အမေသည် ရှိုက်ကြီးတငင်ငိုရင်း တက်သွားသည်။ မြေသို့ လဲကျသည်။ ပီတာကပြေးပွေ့သည်။ ကျွန်ုပ်သည် အမှုမပြေသေးသည်က တစ်ကြောင်း၊ ရုတ်တရက် မမျှော်လင့်သည်ကို ကြုံရသဖြင့်လည်းကောင်း ကြောင်တက်တက်ဖြစ်နေသည်။

ပီတာက -

“အစ်ကိုကြီးက ဘာရပ်ကြည့်နေတာလဲ။ အမေ့ကို အိမ်ထဲသယ်ဖို့လာကူပေးဦး”

ဟု အသံစွာစွာဖြင့် ပြောလိုက်မှ ကျွန်ုပ်သတိဝင်သည်။ ပီတာက အမေ့ကို ဖက်ရင်းငိုသည်။ ကျွန်ုပ်သည် အမေ့ကို ပွေ့ချီလိုက်သည်။ ထို့နောက် အိမ်ထဲသို့ သယ်သွားလေသည်။

အိမ်ထဲသို့ ရောက်ကြသောအခါ အမေ့ကို ခြေမ,ချိုးပေးသည်။ နှာနှပ်ပေးသည်။ အမေသတိပြန်လည်လာသည်။ ကျွန်ုပ်ကို တွေ့သောအခါ ငိုပြန်သည်။ ငိုကြီးချက်မဖြင့်ငိုသည်။ လဲနေရာမှ ထထိုင်သည်။ ထို့နောက် ကျွန်ုပ်ကို ငိုကြွေးရင်းပြောသည်။

“သား၊ နင်အတော်မိုက်ပါလား။ ငါတို့ဘဝမှာ ဘာများပျော်ချင်စရာကောင်းတာရှိသလဲ။ ဘာပျော်စရာရှိလို့ သီချင်းဆိုပြီး ပျော်နေရတာလဲ။ ပညာသင်စရိတ်တောင် အများကထောက်ပံ့လို့ သင်နိုင်တာ မဟုတ်လား။ နေရတာလည်း အဆင်မပြေ၊ စားရတာလည်း အဆင်မပြေ။ သားရဲ့ဘဝအမှန်ကို သားမေ့နိုင်တာ မေမေ အံ့ဩတယ်”

ကျွန်ုပ်သည် စိတ်ထိခိုက်မိသဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျမိသည်။ ကျွန်ုပ်တို့ သုံးယောက် အတန်ကြာသည်အထိ ငိုနေမိကြသည်။ ကျွန်ုပ်ကို အမေ့ကိုကတိပေးလိုက်သည်။

“နောက်နောင် ဒီလိုမဖြစ်စေရပါဘူး”

အမေက ကျွန်ုပ်ကို စေ့စေ့ကြည့်ရင်း ပြောသည်။

“ငါတို့ ဒီလိုဖြစ်ရတာ မင်းရဲ့ ဦးလေးလင်မယားကြောင့် ဆိုတာ အမြဲသတိရပါ။ အမြဲမကြေမချမ်းဖြစ်ပါ။ သူတို့ကို လက်စားမချေရသေးသရွေ့ မင်းမပျော်ပိုက်ပါနဲ့”

“အမေက ဘယ်လို လက်စားချေစေချင်တာလဲ”

“သူတို့ကို လမ်းပေါ်မှာ ဖုန်တထောင်းထောင်းထတဲ့အထိ တရွတ်ဆွဲပစ်ချင်တယ်။ မနက်မိုးလင်းကနေမိုးချုပ်အထိ နေ့စဉ်နေ့တိုင်း အဲဒီလို တရွတ်ဆွဲပစ်ချင်တယ်။ အဲဒီလိုနေ့တိုင်းလုပ်ရင် နောက်တစ်နေ့ နေထွက်မယ့်အချိန်မှာ တစ်နေ့တာအတွက်ကြုံရတော့မယ့် ဒုက္ခကို သူတို့ရင်ဆိုင်ဖို့ အကြောက်ကြီးကြောက်နေကြမယ်။ အဲဒီလိုမျိုးဖြစ်နေစေချင်တယ်။ ငါ့အနေနဲ့ နောက်တစ်နေ့ နေထွက်တာဟာ ဒုက္ခဝဋ်ဆင်းရဲတစ်ရက်တာ စတင်တာပဲလို့ နေလုံးကြီးကိုကြည့်ရင်း မျက်ရည်ဝဲမိခဲ့ရတဲ့ရက်တွေ မနည်းတော့ဘူး”

“အမေက ရက်စရာကျွမှာပေါ့”

“သား၊ အမေတို့ သုံးယောက်အဖြစ်ကအဲဒါထက်ဆိုးတယ်။ နေထွက်ကနေဝင် ခံနေရတဲ့ဒုက္ခက သေးမှမသေးတာ။ ဆင်းဆင်းရဲရဲနဲ့ အပန်းတကြီးလုပ်ကိုင်နေထိုင်ရတာ ဘယ်နှနှစ်ရှိပြီလဲ။ ဒါကို မင်းမေ့လို့မဖြစ်ဘူး။ မင်းဘာလုပ်ရမလဲဆိုတော့ သူတို့ကို လက်စားချေရမယ်။ သူတို့ကို အမေတို့လို ဒုက္ခဆိုးဆိုးကြုံရအောင် မင်းလုပ်ရမယ်”

“အမေက လုပ်စေချင်ရင် သားလုပ်ပေးမယ်။ ဒါပေမယ့် ဘယ်လိုလုပ်ရမလဲဆိုတာ သားမသိဘူး”

“လောကီပညာကိုသင်ပြီး သူတို့ကို ပညာဖြင့် နှိပ်စက်ပါ။ ဒီနည်းဖြင့် သူတို့ကို သေအောင်သတ်ပါ။ သူတို့ တစ်မိသားစုလုံးကို နှိပ်စက်ပါ၊ သတ်ပါ။ တစ်ယောက်မှချမ်းသာမပေးနဲ့”

“အမေပြောတဲ့အတိုင်း လုပ်ပေးချင်ပါတယ်။ ဒါပေမယ့် လောကီပညာသင်ဖို့အတွက် ပညာသင်စရိတ်မရှိတာ ခက်နေတယ်။ ပြီးတော့ သင်ပေးမယ့်သူဆီသွားဖို့အတွက် ခရီးစရိတ်လည်း လိုသေးတယ်”

အမေကစိတ်မြန်သည်။ သူမသေခင် လက်စားချေသည်ကို မြင်ချင်ပုံရသည်။ သူမ၏လယ်ကို တစ်ခြမ်းခွဲပြီး ရောင်းလိုက်သည်။ အိမ်၌ရှိသော စာမရီနွားတစ်ကောင်ကိုလည်း ရောင်းလိုက်သည်။ ရလာသည့်ငွေကို ကျွန်ုပ်၏ ပညာသင်စရိတ်အဖြစ် သုံးစွဲစေသည်။

သွားရသည့်ခရီးမှာ ဝေးသဖြင့် အမေက မြင်းပုတစ်ကောင်ကို ဝယ်ပေးသည်။ အမေက ကျွန်ုပ်ကိုစိတ်မချသဖြင့် အတူလိုက်လာသည်။ လမ်းတွင်စားရန် စားနပ်ရိက္ခာတို့ကို မြင်းပုကျောပေါ်တင်ပြီး ကျွန်ုပ်တို့သားအမိခရီးစထွက်သည်။

လမ်းဆုံလမ်းခွတွင် တည်ရှိသဖြင့် ခရီးသွားတို့ စည်စည်ကားကားရှိသည့် ဂမ်သမ်မြို့ကလေးသို့ ရောက်သောအခါ သားအမိနှစ်ယောက်သည် ပြည့်စုံကုံလုံ ဟု အမည်ရှိသော တည်းခိုခန်းတွင် တည်းကြသည်။

အတူတည်းကြသူများနှင့် စကားစမြည်ပြောရာမှ ကျွန်ုပ်ကဲ့သို့ လောကီပညာသင်ရန် ခရီးထွက်လာသူများရှိနေကြောင်း သိရသည်။ အဖော်ရချေပြီဟု ဝမ်းသာမိသည်။ စာရင်းကောက်ကြည့်ရာ (၅) ဦးရှိနေသည်။

ကျွန်ုပ်နှင့်အတူ ပညာသင်ကြရန် သူတို့ကသဘောတူကြသည်။ ဆရာ့ထံသို့ အတူသွားကြရန် ပြင်ဆင်ကြသည်။

ထိုအခါ အမေက-

“ကျွန်မသားက ငွေကို တစ်ခါမှ မကိုင်ဘူး။ ဒီတော့ ဘယ်လိုသုံးရမှန်းသူမသိဘူး။ မင်းတို့က သူ့ကို တလွဲမသုံးအောင် ဝိုင်းထိန်းပေးကြပါ။ ကျွန်မတို့က သူဆင်းရဲတွေပါ။ နောက်တစ်ကြိမ်ထပ်ပြီး ငွေရဖို့ လမ်းမရှိတော့ဘူး။ ဒီတော့ လက်ထဲရှိတဲ့ငွေဖြင့် ပညာကို အရသင်မှဖြစ်မှာမို့ ဝိုင်းထိန်းပေးကြပါ။ ပညာရေးကလွဲလို့ တခြားဘာတစ်ခုမှ သူ့ကိုလုပ်ခွင့်မပေးကြနဲ့။ မင်းတို့ငါးယောက်လက်ထဲ သူ့ကိုအပ်ပါတယ်။ ဆုံးမစရာရှိရင်လည်း မညှာမတာ ဆုံးမကြပါ”



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောပြီးအပ်နှံသည်။ ထို့နောက် ကျွန်ုပ်ကို ဆိုဆုံးမပြန်သည်။

"သိုးပါဂ၊ မိမိရဲ့ရည်ရွယ်ချက်ကို မမေ့ပါနဲ့။ မိမိရဲ့ ဆင်းရဲမွဲတေတဲ့ဘဝကို မမေ့ပါနဲ့။ ဒီလိုဖြစ်အောင်လုပ်တဲ့သူတွေကို လက်စားချေရမယ့်တာဝန်ကိုလည်း မမေ့ပါနဲ့။ သားရဲ့ သူငယ်ချင်းတွေက နာမည်ကျော်ကြားတဲ့ ဆရာတစ်ဦးဖြစ်ဖို့အတွက် ပညာသင်ကြမယ့်သူတွေဖြစ်နေတယ်။ သားက မတတ်မဖြစ်သင်ဖို့ လိုအပ်လို့ မရှိတဲ့အထဲက ရှိစုမဲ့စုလေးတွေ ထုခွဲရောင်းချပြီး ပညာသင်ပေးရတယ် ဆိုတာကို သားအမြဲသတိရပါ။ သားပြန်ရောက်လာတဲ့အခါ လောကီပညာအစွမ်းကို မပြနိုင်ရင် မေမေ့အနေဖြင့် ကိုယ့်ကိုယ်ကိုယ်သတ်သေပစ်မယ်။ သားရဲ့ရှေ့မှာ သတ်သေမယ် ဆိုတာ သားသိထားစေချင်တယ်။အမေတကယ်သတ်သေမယ်ဆိုတာ သံသယမရှိပါနဲ့"

ထို့နောက် အမေသည် မျက်ရည်များစီးကျရင်း နေရပ်ဖြစ်သည့် ကျွမ်ဆာသို့ ပြန်သွားသည်။

ကျွန်ုပ်တို့သည် ခရီးဆက်ခဲ့ကြရာ နောက်ဆုံး၌ လောကီပညာ သင်ပေးသည့် ဆရာထံသို့ ရောက်သွားသည်။ ကျွန်ုပ်သည် အမေပေးလိုက်သော ငွေကြေးကို ဆရာအား ဉာဏ်ပူဇော်ခအဖြစ် ပေးသည်။ ထို့အပြင် တပည့်ခံသူတို့ ပြုကြရသည့်အစဉ်အလာအတိုင်း မိမိကိုယ်မိမိ ဆရာ့ထံ အပ်နှံရသည်။ မိမိကိုယ်ခန္ဓာကိုလည်း အပ်နှံရသည်။ ဆရာ့အနေဖြင့် သူခိုင်းချင်ရာကိုခိုင်းနိုင်သည်။ သူခိုင်းသမျှ ကျွန်ုပ်က ကျွန်ကောင်းသဖွယ်လုပ်ကိုင်ပေးရမည် ဖြစ်သည်။

မိမိအသက်ကိုလည်း အပ်နှံရသည်။ ဆရာ့အနေဖြင့် ကျွန်ုပ်ကို သတ်လိုပါက သတ်နိုင်သည်။ ထို့အတွက် သူ့တွင် အပြစ်တစ်စုံတစ်ရာရှိမည်မဟုတ်ချေ။

ဒေသိယစကားဖြင့် ဆရာကို 'လားမား' ဟု ခေါ်ကြသည်။ တပည့်ကို 'လော့ဘ်မာ' ဟု ခေါ်ကြသည်။ လားမားနှင့် လော့ဘ်မာတို့အကြား ဆက်ဆံရေးကိုကြည့်လျှင် လော့ဘ်မာသည် လားမားပိုင်ဆိုင်သည့် ပစ္စည်းတစ်ခုသဖွယ် ဖြစ်နေရသည်။ ထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ် အစရှိသဖြင့် နာခံမှုအပြည့်ရှိရပေသည်။

လားမားသည် ကျွန်ုပ်၏ နွမ်းပါးသောအဝတ်အစားကိုကြည့်ပြီးပြုံးသည်။ ကျွန်ုပ်၏ ကျိုးနွံသော အမူအရာကို ကြည့်ပြီး သဘောကျသည်။ ထို့နောက် ကျွန်ုပ်ကို တပည့်အဖြစ် လက်ခံကြောင်း အတည်ပြုပြောကြားလိုက်သည်။

တစ်နှစ်အကြာတွင် ကျွန်ုပ်နှင့် ပညာအတူစသင်ကြသော (၅) ဦးသည် သူတို့လိုချင်သလောက် တတ်မြောက်ကြပြီဟု ယူဆကြသဖြင့် ပြန်ခွင့်ပြုရန် ဆရာ့ထံခွင့်ပန်လိုက်ကြသည်။ ဆရာက အသာတကြည် ပြန်ခွင့်ပေးလိုက်သည်။ ပညာရှင်ဟု အသိအမှတ်ပြုသည့် ဝတ်ရုံတစ်ထည်စီ ထုတ်ပေးသည်။

ကျွန်ုပ်အနေဖြင့် တတ်မြောက်ထားသောပညာသည် မလုံလောက်သေးဟု ယူဆသဖြင့် ဆရာ့ထံပါးတွင် ကျန်နေရစ်သည်။ ကျွန်ုပ်ကိုလည်း ကျန်ငါးဦးနည်းတူ ပညာတတ်မြောက်ထားသူဖြစ်ကြောင်း အသိအမှတ်ပြုသည့်ဝတ်ရုံကို ထုတ်ပေးသည်။ ကျွန်ုပ်က ဝတ်ရုံကို လက်ခံယူရသည်။ ထို့နောက် ဆရာ့လက်သို့ ပြန်လည်အပ်နှံသည်။ မိမိအနေဖြင့် သိလိုနေသေးသော အခြင်းအရာတို့ကို မေးမြန်း သင်ကြားလိုသေးကြောင်း ပြောပြသည်။

ဆရာက ပြုံးပြီးကြည့်သည်။ ထို့နောက် ကျွန်ုပ်ပေးသောဝတ်ရုံကို ပြန်ယူသည်။ ထိုသို့ပြန်ယူခြင်းသည် ကျွန်ုပ်သည် သူ၏တပည့်အဖြစ် ဆက်လက်တည်ရှိနေကြောင်း သဘောသက်ရောက်နေသည်။ ကျွန်ုပ်၏ကိုယ်ခန္ဓာ၊ ကျွန်ုပ်၏ အသက် အပါအဝင် ကျွန်ုပ်ကို သူဆက်လက်ပိုင်ဆိုင်နေသေးကြောင်း သဘောသက်ရောက်ပေသည်။

ဆရာသည် ကျွန်ုပ်ကို ပိုင်ဆိုင်ရာ၌ ကျွန်တစ်ဦးအဖြစ်သဘောမထားချေ။ သားတပည့်တစ်ဦးအဖြစ်သာ သဘောထားသည်။ ကျွန်ုပ်သည် သူ့အိမ်တွင်နေစဉ်ကာလ၌ အပြင်သွားရာမှ ပြန်လာတိုင်း လမ်းတွင်တွေ့သော နွားချေးခြောက်တို့ကို နိုင်သလောက် ကောက်လာလေ့ရှိသည်။ အိမ်သို့ရောက်သောအခါ ပန်းဥယျာဉ်ထဲတွင်ရှိသော သစ်ပင်ပန်းပင်တို့၏ အောက်ခြေတွင် မြေဩဇာအဖြစ် ကောက်လာသောနွားချေးခြောက်တို့ကို ထည့်ပေးလေ့ရှိသည်။ ထိုသို့ပြုလေ့ရှိသည်ကို ဆရာ သိသွားပြီး ကျွန်ုပ်ကို သဘောကျသွားခဲ့သည်။ ကျွန်ုပ်အား သူစိမ်းတပည့်တစ်ဦးအဖြစ်မှ သားတပည့်အဖြစ်သို့ ပြောင်းလဲသတ်မှတ်ခဲ့လေသည်။လက်ဆုပ်လက်ရင်း တပည့်တစ်ဦးအဖြစ် သတ်မှတ်ခဲ့လေသည်။ ထိုသို့ သတ်မှတ်လိုက်သဖြင့် ကျွန်ုပ်မေးသမျှကို ဖြေသည်။ သိလိုသမျှကို မကြွင်းမကျန် လက်ကုန်သင်ပေးသည်။

ကျွန်ုပ် အဘယ်ကြောင့် ဤမျှပညာကို လိုလားနေရသနည်း ဆိုသည်ကိုလည်း မေးမြန်းသည်။ ကျွန်ုပ်က မိသားစုပြဿနာကို ဖြစ်ကြောင်းကုန်စင် အိတ်သွန်ဖာမှောက်ပြောပြလိုက်သည်။

သူကကျွန်ုပ်ကိုသနားသွားသည်။ ကျွန်ုပ်ဘက်မှလည်း မကျေမနပ်ဖြစ်သည်။ သို့သော် သူက သတိထားသည်။ ကျွန်ုပ်ပြောပြသည်မှာ မှန်၊ မမှန်ဆိုသည်ကို ကျွန်ုပ် နေထိုင်သည့် ကျွမ်ဆာသို့ တပည့်ရင်းတစ်ဦးကို စေလွှတ်ပြီး စုံစမ်းခိုင်းသည်။ ပြီးမှ ကျွန်ုပ်ကို ပြောပြသည်ကို အတည်ပြုယုံကြည်သွားသည်။ ထို့နောက် ကျွန်ုပ်ကိုသူ့အနီးသို့ခေါ်ပြီးပြောစရာရှိသည်တို့ကို ပြောသည်။

"မင်းက ပညာအရမ်းလိုချင်နေတော့ ငါ့စိတ်ထဲ ရိုးမှရိုးရဲ့လားလို့ သံသယဖြစ်ခဲ့မိတယ်။ နောက်တော့ မင်းဟာ စိတ်ရင်းကောင်းတဲ့သူတစ်ယောက်ဆိုတာကို ငါသိရပြန်တယ်။ ငါ့ဆီမှာ နေကြတဲ့ တပည့်တွေ မနည်းတော့ဘူး။ မင်းလို စေတနာကောင်းဖြင့် နွားချေးခြောက်ကောက်ပြီး မြေဩဇာအဖြစ် ထည့်ပေးတဲ့သူဆိုလို့ မင်းတစ်ယောက်ကိုပဲ ငါကြုံဖူးပါတယ်။ ဒီတော့ ပညာကို အရမ်းလိုလားနေတာဟာ မင်းလို စိတ် စေတနာကောင်းရှိတဲ့သူမှာ မရိုးသား[illegible] အကြံအစည်တစ်ခုခုရှိနေလို့ ဟုတ်[illegible] မဟုတ်ဘူး။ အခြားအကြောင်းတစ်ခု[illegible] မယ်လို့ ငါတွေးဆမိတယ်။ မင်းပြော[illegible] လို့ မင်းတို့မိသားစုရဲ့ဖြစ်အင်ကို ငါ[illegible] တော့ မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်[illegible] ပြန်တယ်။ ဒါကြောင့် တပည့်ရင်းတစ်[illegible] ကို ကျွမ်ဆာရွာကို စေလွှတ်ပြီး စုံစမ်း[illegible] ခဲ့တယ်။ မင်းလိမ်ညာမပြောဘူးဆို[illegible] ငါအခုသိရပြီ"

ကျွန်ုပ်ကို သားအရင်းတစ်ဦး[illegible] ပွင့်ပွင့်လင်းလင်းပြောပြနေသော[illegible] ကိုကြည့်ရင်း ဖခင်တစ်ဦး အစား[illegible] သကဲ့သို့ စိတ်ထဲကြည်နူးမိသည်။ [illegible] တဒင်္ဂ၌ ကျွန်ုပ် ငတ်မွတ်နေသော [illegible] တစ်ဦး၏မေတ္တာမာတ်ကို သူ့ထံမှ [illegible] ရရှိလိုက်သည်။

(ဆက်[illegible]

အောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆရာအေးမွှေး(သုတေသီ)

ရာဇ၊ သဗ္ဗ၊ ကုတ္တိယနှင့် ကာယသိဒ္ဓိ အပြီးတိုင်စေသော

# စမလေးလုံးအဆောင်လက်ဖွဲ့

လွန်ခဲ့သော ဒုတိယဝါဆိုလပြည့် ၂-၈-၂၀၁၂ ရက်နေ့က စာရေးသူ နတ်တလင်းမြို့နယ်၏ အနောက်ဘက်ရှိ အောက်တဲတန်းရွာ ဘုန်းတော်ကြီးကျောင်းသို့ မိသားစုနှင့်တူ ဝါဆိုသင်္ကန်းကပ် ရောက်ခဲ့ပါသည်။

ဝါဆိုသင်္ကန်းကပ်စဉ် ရွာထဲမှဖိတ်ကြားထားသူ လူကြီး၊ လူငယ် အချို့တို့လည်း ရောက်လာကြပါသည်။ အထူးသဖြင့် ဝါအဝင် ဥပုသ်နေ့ ဖြစ်သဖြင့် ဥပုသ်သီတင်းသီလ ဆောက်တည်သူများဖြင့်လည်း ပြည့်နေပါသည်။ စာရေးသူတို့မိသားစုမှ ပေါင်မုန့်အုန်းနို့ဆမ်းဖြင့် ဒါနပြုပါသည်။

ကြွရောက် သီတင်းသီလဆောက်တည်သူများထဲတွင် တစ်ချိန်က ဆေးဆရာ၊ ပယောဂဆရာ၊ အထက်လမ်းဆရာကြီးအဖြစ် နာမည်ကြီးခဲ့သည့် အသက် (၈၃) နှစ်အရွယ် ရှိပြီဖြစ်သော အဘဆရာကြီး ဦးဖြိုးဝေလည်း ပါလာပါသည်။ စာရေးသူမိသားစုမှ ကျောင်းဘုန်းတော်ကြီး (ခန်းနေ ၂ ပါး အပါအဝင်) (၃) ပါးအား ဝါဆိုသင်္ကန်းကပ်ပြီးသည်နှင့် ဘဆရာကြီးကို နဝကမ္မဝတ္ထုဖြင့် ပူဇော်ကန်တော့ပါသည်။

အားလုံး ကိစ္စဝိစ္စများပြီးသောအခါ၌ ဘဆရာကြီး အပါအဝင် ရွာမိရွာဖအချို့နှင့် ရေနွေးကြမ်းသောက်ရင်း အေးအေးဆေးဆေး စကားပြောဖြစ်ကြ၏။ ဘဆရာကြီးမှာ အသက်ကြီးပြီဖြစ်သော်လည်း ခါးမကိုင်း၊ နားမထိုင်း၊ မျက်စိသိဝေခြင်းမရှိဘဲ သန်မာဖျတ်လတ်နေတုန်းပင်ဖြစ်ကာ စာရေးသူကိုလည်း ကောင်းစွာ မှတ်မိနေပါသည်။

"အိမ်း- ကိုကြီးမင်းဒင်သား ဝါဆိုသင်္ကန်းကပ်ရအောင်လာမယ် ကြားကတည်းက တွေ့ရတော့မယ်ဆို ဝမ်းသာနေတာ"

ဟုလည်း ပြောပါသည်။ ဘဆရာကြီးကို စာရေးသူ လွန်ခဲ့သည့် အနှစ် ၂၀၊ ၂၅ လောက်က ရွာသို့အလည်လာရင်း တွေ့ခဲ့ဖူးပြီး ဘဆရာကြီးဆီမှ ဆေးပညာအချို့ သင်ခဲ့ဖူး၏။ နောက် ဆရာကြီးက စာရေးသူ၏ဖခင်နှင့် ညီအစ်ကိုဝမ်းကွဲလည်း တော်သောကြောင့် အံယောဇဉ်ဖြစ် ရင်းနှီးခဲ့သည့် ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါသည်။ စာရေးသူ၏ ကြည်ညိုရင်းစွဲရှိသူလည်း ဖြစ်ပါ၏။

တွေ့သည်နှင့်ပင် ဘဆရာကြီးက စာရေးသူအား နာမည်မခေါ်ဘဲ ကိုကြီးမင်းဒင်သားဟု ခေါ်ခဲ့သည်။ ယခုလည်း မမေ့မပျောက် ယခင်လိုပင် 'ကိုကြီးမင်းဒင်သား' ဟု ခေါ်ခြင်း ဖြစ်ပါသည်။

ထို့နောက် ဘဆရာကြီးက-

"မောင် အခု စာရေးဆရာဖြစ်နေတယ် ကြားတယ်၊ ဟုတ်စ"

ဟု မေးပါ၏။

"ဟုတ်ပါတယ် ခင်ဗျား"

"ဘယ်နာမည်နဲ့ရေးသတုံး၊ ဘာစာတွေရေးသတုံးကွယ့်"

"ကလောင်နာမည်ကတော့ အမျိုးမျိုးပေါ့ ဘဆရာရယ်။ စာကလည်း စာစုံပဲဆိုပါတော့။ ဒါနဲ့ပဲ ရပ်တည်နေတာဆိုတော့ သူ့ကလောင်နဲ့ သူ့လိုင်းနဲ့ ခွဲရေးရတာပါပဲ။ ဝါဆိုသင်္ကန်းလာကပ်နိုင်တာကလည်း စာမူခရလို့ ကပ်နိုင်တာပါ။ ပြီးခဲ့တဲ့ ၄-၇-၂၀၁၂ ရက်နေ့က ပညာရွှေတောင်စာအုပ်တိုက် သူရဇ္ဇမဂ္ဂဇင်းကြီးက (၁၂၀၀၀) ကျပ်၊ တစ်ခါ ၁၆-၇-၂၀၁၂ ရက်နေ့က (၁၈၀၀၀) ကျပ် တစ်ခါရောက်တယ်။ မောင်သာမန်က ငွေမပို့တဲ့ မဂ္ဂဇင်းတွေနဲ့ အခြားဂျာနယ်တွေက အမြဲတမ်းအကျိုးဆောင်ထုတ်ပေးနေကျအတိုင်း ထုတ်လာတဲ့ငွေက (၅၆၀၀၀) ကျပ် ရတယ်။ အဲဒီ စာမူခရတဲ့ ငွေလေးကို မသုံးရက် မစားရက် စားဝတ်နေရေးခြိုးခြံပြီး စာပေမဂ္ဂဇင်းတိုက်ကြီးတွေရော စာဖတ်ပရိသတ်ကြီးတွေပါ အကျိုးရှိဖို့ ကုသိုလ်ရေးမျှော်တွေးပြီး ကပ်တာပါ။

အဲဒီလိုပဲ တစ်နှစ်ကို အနည်းဆုံး နှစ်ကျောင်း၊ သုံးကျောင်း လောက်တော့ နှစ်တိုင်း စာမူခလေးတွေ ကို စုဆောင်းပြီး ဝါဆိုသင်္ကန်းကပ်ဖြစ်ပါတယ်"

"သာဓုကွယ်၊ သာဓု၊ သာဓု"

ဘဆရာကြီးက လှိုက်လှိုက်လှဲလှဲ သာဓုခေါ်လိုက်ပါသည်။ ထို့နောက်-

"နို့- နေပါဦး ကိုကြီးမင်းဒင်သားရဲ့၊ မောင်ရေးတဲ့အထဲမှာ အင်းအိုင်, ခါးလှည့်, လက်ဖွဲ့, ဂါထာမန္တန် အစီအရင်တွေကော ပါရဲ့လား"

ဟု ဆက်မေးပါသည်။

"ဟုတ်ကဲ့၊ ပညာရပ်ဆိုင်ရာတွေလည်း အလျဉ်းသင့်သလို ရေးပါတယ်"

"အိမ်း- ဒါဆိုရင်တော့ ကိုကြီးမင်းဒင်သားကို အဆောင်လုပ်လိုလည်းလုပ်၊ စာရေးလိုလည်းရေးနိုင်ဖို့ ဘဆရာက လက်ဖွဲ့အစီရင်လုပ်ထုံးလေးတစ်ခု ပေးလိုက်ဦးမယ်။ ဘကလည်း အသက်ကြီးပြီဆိုတော့ ဒီနည်းကလေးတွေကို ပျောက်ပျက်မသွားစေချင်ဘူး။ လက်ဆင့်ကမ်းပေးခဲ့ချင်တယ်"

"ကျေးဇူးပါ ဘဆရာ"

ထို့နောက် ဘဆရာကြီးက ရာဇ၊ သဗ္ဗ၊ ကုတ္တိယနှင့်ကာယသိဒ္ဓိ အပြီးတိုင်စေသည့် စမလေးလုံး အဆောင်လက်ဖွဲ့စီရင်နည်းလေးကို အောက်ပါအတိုင်း ပေးလိုက်သဖြင့် သူရဇ္ဇပရိသတ်ကြီးအား ဆက်လက် တင်ပြလိုက်ပါ၏။

**စီရင်နည်း**

၁။ ဗုဒ္ဓဟူးနေ့ နံနက် (၄) ချက်တီးမှ နေ့ (၁) ချက်တီးအထိ အာပေါအချိန်တွင် ရွှေပြား၊ ငွေပြား တစ်ခုခု၌ မြောက်အရပ်သို့မျက်နှာမူ၍ 'ဝ' အက္ခရာကိုရေး။

၂။ ကြာသပတေးနေ့ နံနက်(၁)ချက်တီးမှ (၂) ချက်တီးအထိ ပထဝီအချိန်တွင် တောင်အရပ်သို့မျက်နှာမူ၍ 'ဗ' အက္ခရာကိုရေး။

၃။ စနေနေ့ နေ့ (၂) ချက်တီးမှ (၃) ချက်တီးထိ တေဇောအချိန်တွင် အရှေ့အရပ်သို့ မျက်နှာမူ၍ 'မ' အက္ခရာကိုရေး။

၄။ အင်္ဂါနေ့ (၃)ချက်တီးမှ (၄)ချက်တီးအထိ ဝါယောအချိန်တွင် အနောက်အရပ်သို့ မျက်နှာမူ၍ 'စ' အက္ခရာကိုရေး။

အားလုံးရေးပြီးသည်နှင့် လက်ဖွဲ့ကိုလိပ်၍ နံ့သာငါးပါးရေ၌ စိမ်ကာ ဘုရားရှေ့၌ ဘုရားဂုဏ်တော်(၃၇)အုပ်၊ တရားဂုဏ်တော် (၃၇) အုပ်၊ သံဃာ့ဂုဏ်တော် (၃၇) အုပ်၊ သမ္ဗုဒ္ဓေဂါထာ (၃၇) အုပ်စီ ဥုံမပါ၊ သွားဟ မထည့်ဘဲ စုတ်ရမည်။

၎င်းလက်ဖွဲ့အား ကိုယ်နှင့်မကွာဆောင်ထားပါက ရာဇ, သဗ္ဗ, ကုတ္တိယနှင့် ကာယသိဒ္ဓိအရာ၌ သူမတူအောင် စွမ်းလှကြောင်း၊ စနစ်တကျပြုလုပ်အားထုတ်ကြပါမူ သေနတ်၊ အမြောက်၊ စိန်ပြောင်းအထိပြီးသည့် လက်ဖွဲ့ ဖြစ်ပါကြောင်း၊ ရှေ့ပစ်ချပါက ကြောင်မခုတ်ဝံ့, မစားဝံ့တာ တွေ့ရမည်ဖြစ်ကြောင်း ဘဆရာကြီး အမိန့်ရှိခဲ့သည့်အတိုင်း မူမပျက် တင်ပြလိုက်ပါ၏။

အဇ္ဈာပဋ္ဌာကော၍
ဆရာအေးမွှေး(သုတေသီ)ကောက်နုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမောင်မောင်သန်း

# နာမည်အလွယ်အခေါ်ခံရသော ကလေးများအတွက် သုရဿလက်ဆောင်

ကျွန်ုပ်သည်-

မီခင်၏ပေါင်ပေါ်တွင် အိပ်မောကျနေသော ကလေးလေးကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး အကဲခတ်လိုက်၏။

"မောသွားပြီလေ-ဦး။ အဲလိုပဲ ဝနာကိုမငြိမ်ဘူး။ သူ့မျက်စိကတော့ ကြည့်နေတာပဲ။ မမြင်တာလည်းမဟုတ်ဘူး၊ မြင်နေတာပဲ။ အဲဒါ ဘယ်လိုဖြစ်ပြီး ဟိုဝင်တိုက် ဒီဝင်တိုက် ဖြစ်နေမှန်းကို မသိဘူး။ ဟို - ဘယ်လိုပြောမလဲ၊ ဆောက်တည်ရာမရသလိုဘဲ- နော်ဦး၊ ညည မအိပ်တာများတယ်"

"အေး- ငါလည်း ဒီကလေးလေးကိုတွေ့ချင်နေတာ၊ ခု တွေ့ရပြီပေါ့လေ။ ဥပမိလည်း ကောင်းတယ်၊ ကြည်နေတာပဲ။ ဒါပေမယ့် ဘယ်လိုဖြစ်ပြီး . . ."

စကားကို ခေတ္တရပ်လိုက်ပြီး ကလေးအကြောင်း စဉ်းစားနေလိုက်၏။ တွေ့ကြုံခဲ့ရသော အတွေ့အကြုံများစွာတို့သည် ကျွန်ုပ်အတွက် အင်အားများဖြစ်နေလေရာ-

"သူ့ကို ဘယ်လိုခေါ်လဲ"

"ချစ်တိုး"

"ဩော်-သူ့နာမည်အရင်းလား"

"ဟင့်အင်း - သူ့နာမည်အရင်းက အောင်ဖြိုးပိုင်"

"ကောင်းသားပဲ နာမည်လေး၊ အဲ- ဒါပေမယ်. . ."

စကားပြောနေရင်းမှ အကြောင်းအရာတစ်ခုကို ချက်ချင်းသတိထားလိုက်ပြီး ခေတ္တစဉ်းစားလိုက်၏။ ကလေး၏ ခုနစ်သဏ္ဍာရာဇ်ကိုတွက်လိုက်ပြန်ရာ နာမည်မှည့်ထားသည်မှာ မဆိုး။

ထို့ကြောင့်-

"ဘာလို့ ချစ်တိုးလို့ ခေါ်တာလဲ"

"ဩော်- သူ့အဘိုးတွေ၊ အဘွားတွေက ဒီမြေးလေးဟာ အချစ်လေးတိုးလာတဲ့ မြေးလေးဆိုပြီး ချစ်တိုးလို့ ခေါ်ဖြစ်သွားတာ။ ချစ်တိုးကတော့ တစ်မျိုးလုံးခေါ်ကြတယ်။ လူကြီးတွေ နာမည်ကို ဒါလောက်မသိဘူး၊ ချစ်တိုးတို့အိမ်ဆို လူတိုင်းသိတယ်"

"အေး- အချစ်လေးတိုးလာတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် ဒီနာမည်မခေါ်နဲ့တော့ သမီး"

"ရှင်- ဘာဖြစ်လို့"

"မခေါ်နဲ့တော့။ ဒီနာမည်ရပ်လိုက်တဲ့အချိန်ကစပြီး ကလေး လုံးဝကောင်းသွားစေရမယ်"

"ဟုတ်လား-ဦး"

"ဟုတ်တယ်။ ဦးပြောတာ ယုံ၊ လုံးဝကောင်းသွားစေရမယ်။ သူ ညအိပ်တဲ့အခါ သူ့ခေါင်းလေးကို ညာဘက်လက်နဲ့ကိုင်၊ ဓာရဏပရိတ် (၇) ခေါက်၊ ဒါမှမဟုတ် (၃) ခေါက် ရွတ်ရွတ်ပေး။ တစ်လပြည့်ရင် တစ်ခေါက်လာပြော၊ ဘာဆက်လုပ်ရမယ်ဆိုတာ ဆက်ပြောမယ်"

တစ်လကျော်ကျော်။

"မအားတာနဲ့ တစ်လပြည့်ပြည့်ချင်း မရောက်ဖြစ်သေးတာပါ-ဦး။ ခုလာပြောတာပါ။ ဦးကို ဒီကလေးလေးအကြောင်း ကြိုတင်လာပြောတဲ့ အန်တီကတောင် သမီးကို ဆူနေသေးတယ်။ နင်တို့တွေ ဆရာက တစ်လပြည့်ရင်လာခဲ့ဆိုတာကို ခပ်ပေ့ါပေ့ါနဲ့ဆိုပြီး ဆူတယ်။ သမီးတို့ မပေ့ါပါဘူး။ ဦးကိုယုံလို့ပဲ လာခဲ့တာပါ။ တကယ် မအားလို့ပါ"

"ရပါတယ်၊ ကလေးထူးပြီ မဟုတ်လား"

"ထူးပါပြီ-ဦး"

"အေး- အခု သူ့ကို ငါလှမ်းကြည့်နေတာ၊ တော်တော်ငြိမ်လာသားပဲ။ သူ့မျက်ဝန်းလေးတွေဆို ကြည်နေသလိုပဲ"

"ညအိပ်လာပြီလေ-ဦး။ ဓာရဏပရိတ် (၇) ခေါက် ရအောင် ရွတ်ရွတ်ပေးပြီးတဲ့နောက်ပိုင်း တဖြည်းဖြည်း အိပ်လာတာ၊ ခုဆို နှစ်နှစ်ခြိုက်ခြိုက်ပဲ"

"ဆက်ရွတ်၊ ရပ်မထားနဲ့"

"(၇) ခေါက်ပဲလား-ဦး"

"(၇) ခေါက်ပဲ"

"တစ်ခါ၊ တစ်ခါ သူ နေ့ခင်းအိပ်တုန်း ရွတ်ပေးရင်ကော ရလား"

"ရတယ်။ ဘယ်အချိန်ရွတ်ရွတ် တစ်နေ့ (၇) ခေါက်ရွတ်"

"ဟုတ်ကဲ့၊ သမီးက လုံးဝ ယုံပါတယ်။ သားလေးဟာ ခုလို နှစ်နှစ်ခြိုက်ခြိုက်အိပ်လာပြီ၊ ဝုန်းဒိုင်းကြဲနေတာတွေလည်း တဖြည်းဖြည်း လျော့လာတယ်။ နည်းနည်းငြိမ်လာတယ်။ လုံးဝ မငြိမ်သေးပေမယ့် နည်းနည်းငြိမ်လာတယ်။ သမီး ဆက်ရွတ်မယ်-ဦး။ ဟို- ဘယ်လောက်ထိ. . ."

"သူကောင်းလာပြီပဲ၊ တစ်နေ့ (၃) ခေါက်လောက်ရွတ်ရင်လည်း ရွတ်ပေါ့။ ဒါမှမဟုတ် နေ့စဉ် တစ်ခေါက်တော့ မပျက်စေနဲ့"

"ဟုတ်ကဲ့ပါ-ဦး"

"နောက်ပြီး ကလေးကို ဘုရားစေတီတွေဆီခေါ်သွား၊ ဘုရားဖူး။ ပြီးရင် လျှပ်စစ်မီး ညလုံးပေါက်ပူဇော်လို့ရရင် ပူဇော်ပေး။ သူ့လက်လေးနဲ့ အလှူငွေပေး။ လျှပ်စစ်မီးအတွက် သူ့လက်လေးနဲ့ လှူခိုင်း"

"ဩော်- ဟုတ်ကဲ့၊ ဘယ်နှကြိမ်လုပ်ပေးရမလဲ"

"ခဏခဏပေ့ါ။ အနည်းဆုံး တစ်လတစ်ကြိမ်ရရင် တစ်ကြိမ်၊ နှစ်ကြိမ်ရရင် နှစ်ကြိမ်ပေ့ါ"

◎

"ဘဘ"


"ဟေ"

"တော်တော်နေကောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ဘာဘာမြေး"

ဇနီးမောင်နှံနှစ်ယောက်ကြားတွင် ထိုင်နေသော ကလေးလေးအား လှမ်းကြည့်လိုက်ပြီး ဝမ်းသာစွာနှင့် ပြုံးနေလိုက်၏။

"သူ့ အပ္ပနာတွေပေါက်တာနော်"

"ဟုတ်တယ်လေ ဘာဘာ၊ သူ့အဖေနဲ့ သမီးနဲ့ လာတွက်တာလေ။ အဲဒီတုန်းက ကလေးကို သူကြီးတော်ချီထားတာ။ လမ်းမှာထွက်နေရတယ်လေ၊ ကလေးအီနေလို့"

"အေး- မှတ်မိတယ်"

"ဘယ်သူ၊ သူ့နာမည်"

"ဟိန်းဘိုဘိုလေ။ မာတ်မီး၊ မာတ်မီးနဲ့ခေါ်လို့ ဘာဘာ ဆူလွှတ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

လေ"

"ဩော်- အေး၊ မှတ်မိပြီ။ မာတ်မီး"

"ဘဘပြောတယ်လေ၊ ဘဇောက်ထိုးဆိုလား"

"အေး- မခေါ်ကောင်းဘူး"

"ခု ဘဘပြောသလို သားသားပဲ ခေါ်တဲ့အချိန်ကစပြီး တော်တော့်ကို သိသိသာသာကောင်းသွားပြီ"

"သူ့အိပ်နေတုန်း ခေါင်းကိုလက်နဲ့ထိထားပြီး"

"ရွတ်တယ်၊ ရွတ်တယ် ဘဘ။ မာရဏပရိတ်လေ။ ဒီညာလက်နဲ့ထိထားပြီး ရွတ်ရတာ"

"ဟုတ်တယ်၊ ဟုတ်တယ်။ (၇) ခေါက်လား"

"(၇) ခေါက်"

"တစ်ခါ တစ်ခါ သမီးလည်း ရွတ်နေရင်း ငိုက်ငိုက်ပြီး အိပ်ပျော်သွားလို့ တချို့ရက်တွေဆို ငါးခေါက်တို့၊ လေးခေါက်တို့ပဲရတဲ့ရက်တွေ ရှိတယ်။ အဲဒီမှာ ယောက္ခမကြီးက ဆူတယ်လေ၊ အိပ်ရွတ်ရပ့ါမလားဆိုပြီး။ သမီးလည်း ထိုင်ရွတ်ပေးတာ များပါတယ်။ တစ်ခါ တစ်ခါ အိပ်ချင်လွန်းရင် လှဲ့ရွတ်တာပါ"

"ဩော်"

"ဘဘက သူ့ကိုခိုင်းလိုက်တော့ သူပဲတောက်လျှောက်ရွတ်နေတာ၊ သားကော ရွတ်ပေးလို့ရလား"

"ရတာပေ့ါ၊ မင်းလည်း ဖအေပဲ။ ရွတ်ပေးလို့ အရမ်းကောင်းတာပေ့ါ"

"ဩော်- မသိပါဘူး၊ သမီးက သမီးပဲရွတ်လို့ရတယ် အောက်မေ့လို့"

"စကားမစပ်မိလို့ပါ။ အဲဒီတုန်းက သမီးပဲ လာမေးလို့ သမီးကိုပဲ ရွတ်ခိုင်းလိုက်တာ ဖြစ်ပါလိမ့်မယ်"

ဇနီးမောင်နှံ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သူက ခေါင်းညိတ်လိုက်၊ ကိုယ်ကခေါင်းညိတ်လိုက် လုပ်နေကြ၏။ အမျိုးသားသည် သူ့အားမှီနေသော ကလေးကို ငုံ့ကြည့်လိုက်ပြီး ကလေး၏ခေါင်းလေးကို ညာလက်နှင့် ချစ်စနိုးကိုင်ရင်း လှုပ်ရှုံလေးလှုပ်လိုက်၏။ သဘောမှာ 'ကဲ - ဒီတစ်ခါ အဖေကြီးလည်း ရွတ်ပေးမှာပေ့ါကွ' ဟူသော အဓိပ္ပာယ်ဆောင်နေတော့၏။

"ဒါတင် မကလောက်သေးဘူး၊ တစ်ခုခုရှိလိမ့်ဦးမယ်"

"ပဋ္ဌာန်းပွဲမှာလေ၊ ကလေးလက်နဲ့ ရေလှူခိုင်းတာ။ ပဋ္ဌာန်းဒေသနာတော်ရွတ်နေတဲ့ ဆရာတော်တွေရယ်၊ ပဋ္ဌာန်းပွဲလာလှူကြ၊ ပူဇော်ကြတဲ့လူတွေရယ် သောက်ဖို့လေ"

"အေး- ဟုတ်တယ်"

"သမီးက ဘဘပြောလိုက်တော့ ကိုယ့်ညဏ်လေးနဲ့လိုက်စဉ်းစားပြီး အိမ်မှာ ဘုရားသောက်တော်ရေ ကပ်တာတောင် သားသားလက်လေးနဲ့ ကပ်ခိုင်းတယ်။ ဘေးကတော့ ထိန်းပေးရတာပေ့ါ"

"အေးပေ့ါ၊ ကောင်းတယ်"

"အဲဒီမှာ ကလေးမှာပေါက်နေတဲ့ အပူနာတွေ၊ တစ်လုံးပြီးတစ်လုံး ဆက်ပေါ်နေတာတွေ၊ အမြဲလိုလို အီနေတာတွေ တဖြည်းဖြည်း လျော့သွားတယ်။ သူ့ကိုပြနေကျဆေးခန်းက ဆေးနဲ့ပဲ တဖြည်းဖြည်း ပျောက်လာတာ။ တဖြည်းဖြည်း အနာတွေပါးပါးလိုက်လာတာ။ အခုတော့ ဘဘမြင်တဲ့အတိုင်း မရှိသလောက်ဖြစ်သွားပြီ"

ကလေးလေးကို ကြည့်လိုက်၏။

ကလေးသည် ကျွန်ုပ်ကြည့်လိုက်သည်နှင့် ပြုံးပြီး သူ့မိခင်ဘက်သို့ ခေါင်းလေးစောင်းရင်း မှီနေတော့၏။

"ဘဘ- အဲဒါ သမီးတို့ထပ်ရွတ်ပေးရဦးမလား၊ ရပြီလားဆိုတာ. . ."

❂

"ဆရာ"

"ဩော်- ဟုတ်ကဲ့"

"ကျွန်တော့်တော့ မှတ်မိမှာပါ၊ လျှာရှည်တတ်လို့လေ ဟဲဟဲ"

"လျှာရှည်တာမဟုတ်ပါဘူး၊ အစ်ကိုက စေ့စပ်တာပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာ"

"အခုကော"

"သမီးလွှတ်လိုက်လို့ပါ ဆရာ၊ ဟို- ကလေးကိစ္စပါ"

"ဘယ်လိုကိစ္စများလဲ အစ်ကို"

အသက် (၇၆) နှစ်၊ (၇၇) နှစ်ခန့်ရှိသော အစ်ကိုကြီးသည် ရှေးမင်းသားကြီးများကဲ့သို့ တည်ကြည်ခံ့ညားလှပစွာ ပြုံးလိုက်ပြီး မျက်နှာကို ဟိုလှည့်ဒီလှည့် လုပ်၍-

"ကျွန်တော့်မြေးလေးလေ၊ ဇွန်ဝင့်ဖြူလေးလေ"

"ဟုတ်ကဲ့"

"နေမကောင်း ဖြစ်လွန်လွန်းလို့ ဆရာ့ဆီလာတော့ ခင်ဗျားတို့ ဒိပြင်နာမည် ဘာခေါ်သေးလဲဆိုပြီး တန်းမေးထည့်လိုက်တာလေ။ ကျွန်တော်ဆို အံ့ဩလွန်းလို့"

"ဩော်- ဒါက မထူးဆန်းပါ
အစ်ကို၊ ကလေးတွေက နာမည်ပြော
တွေခေါ်ရင်းနဲ့ ချူချာကုန်တာ၊ ထိ
ကုန်တာတွေ များလွန်းလို့ ကျွန်
မှာ အတွေ့အကြုံတွေ တော်တော်
ပါပြီ။ ဒါကြောင့်ပါ"

"အဲ- အေးလေ၊ ကျွန်တော်
ကလေးက ဝါကာ ဝါကာ သီချင်းခေ
စားချိန်မှာ မွေးလာလို့ ဝါကာ ဝါ
လို့ ခေါ်နေကြပါတယ်။ နေ့လည်းခ
ရော ဆရာ စိတ်ဆိုးလိုက်တာလေ"

ကျွန်ုပ် ပြုံးနေလိုက်၏။

"ကလေးက ညညဆို ဖျတ်
ဖျတ်ခနဲ တအားလန့်တာ။ ငိုရင်လည်း
မတိတ်တော့ဘူး။ ကလေးကြည့်ရ
ပင်ပန်းလွန်းလှပါပြီဆိုတော့ ခင်ဗျား
အဲဒီ ဝါကာကြီး မခေါ်နဲ့တော့၊ ဇွ
ပစ်ဆိုပြီးပြောတယ်လေ။ ပြီးတော့
လေး အိပ်ပျော်နေချိန်မှာ သူ့အမေ
ကလေးငယ်ထိပ်လေးနား လက်နဲ့အ
လေးထိထားပြီး မာရဏပရိတ်(၇)ခေါ
ရွတ်ခိုင်းခဲ့တာ။ ဟော- ကောင်းသွား

"ကောင်းသွားပြီပေ့ါ၊ ဘုရား
ခိုးတော်ပဲလေ။ မိခင်ကလည်း ကို
ကလေးကို ကျန်းမာစေချင်တဲ့ မေ
ဘယ်လောက်ကြီးလဲ"

"ဟုတ်ပါတယ် ဆရာ"

"ခုလာတာက ကျွန်တော့်သမီး
ဆရာခိုင်းတဲ့အတိုင်း အဲလိုရွတ်ပေး
ခဲ့တာ တစ်နှစ်လည်းပြည့်နေပြီ၊ က
ကလည်း ဒေါင်ဒေါင်ကိုမြည်နေတာ
ဆရာ မကြိုက်တဲ့ နာမည်ပြောင်လည်း
မခေါ်တော့ဘူး။ အဲဒါ ကလေးရဲ့ခေါ
လေးကိုထိပြီး မရွတ်ရင် ဒီလိုမှ
ကောင်းနေပ့ါမလား ဆိုတဲ့အစွဲက
မှာရှိနေတယ်။ အဲဒါ. . . အဲဒါလေး
ဆရာ ဘယ်လိုများအကြံပေးဦးမလဲ
ဒီတိုင်းပဲ ဆက်ရွတ်သွားရမှာလား
ရင် ရပြီလား"

"ကောင်းသွားပြီဆိုမှတော့
မလိုတော့ပါဘူး။ မရွတ်ချင်တော့
ဆိုရင်လည်း မရွတ်နဲ့တော့လေ။
မဟုတ် (၇) ခေါက် မရွတ်ချင်တော့
တစ်ခေါက်တော့ ရွတ်ပေ့ါ"

"ဩော်- ဟုတ်ကဲ့၊ ဟုတ်ကဲ့။
ဆို သမီးလည်း တော်တော်ဝန်ပေ့ါ
ပြီ"

"ပရိတ်ရွတ်တာပဲ အစ်ကိုကြီး
ဝန်ပိတယ်ရှိသေးလို့လား"

"အို- ဒီလိုမဟုတ်ပါဘူး၊ မ



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး ခင်ဗျ။ သမီးအတွက် ပေါ့ပေါ့ ပါးပါးလေးဖြစ်သွားတာကို ပြောတာပါ။ ကျွန်တော့်စကားလုံးတည်ဆောက်ပုံ တစ်မျိုးဖြစ်သွားလို့ပါ"

ရှေးမင်းသားကြီးများကဲ့သို့ တည်တြည်ခံ့ညား လှပစွာပြုံးပြီး ကြည့်နေသော အစ်ကိုကြီးအား ပြန်ပြုံးပြလိုက်ရာ. . .။

●

မကြာခဏ ဆိုသလို-

ရက်ခြား ဆိုသလို-

တွေ့နေ၊ မြင်နေ၊ ကြားနေရသော အကြောင်းအရာများ ဖြစ်၏။

နာမည်ပြောင်ခေါ်၍ ချူချာရလွန်းသော ကလေး၊ မကြာခဏ လန့်တတ်သောကလေး၊

နာမည်ပြောင်သည် နာမည်ဖောက်ထိုးဖြစ်နေ၍ ချူချာရလွန်းသော ကလေး၊ မကြာခဏ လန့်တတ်သော ကလေး-

တော်တော်များများ တွေ့နေရ၏။

ကျွန်ုပ်သည်-

ကလေးလေးများ ချူချာလွန်းရသည့်အကြောင်းများနှင့် ပတ်သက်ပြီး တတ်နိုင်သမျှ ရေးသားဖွင့်ဆိုပြနေသူ ဖြစ်၏။

အပြစ် ကင်းစင်လွန်းလှသော ကလေးလေးများကို မချူချာစေချင်လွန်း၍၊ ကျန်းမာစေချင်လွန်း၍ ကျွန်ုပ် အကြံပြုနိုင်သည့်အပိုင်းမှ အမြဲလိုလို အကြံပြုနေသူ ဖြစ်၏။

သို့သော်-

နာမည်ပြောင် ခေါ်ကြသူများ၊ နာမည်ဖောက်ထိုး ခေါ်ကြသူများ၊ အဓိပ္ပာယ်ကင်းမဲ့သောနာမည် ခေါ်ကြသူများမှာ တစ်နေ့တခြား များများလာလေရာ ကလေးလေးများကို မကယ်နိုင် ဖြစ်နေရပြန်၏။

ကျွန်ုပ် ဖွဲ့မလျှော့ပါ။

တစ်ကြောင်းဖတ်မိ ဖတ်မိ၊ တစ်လုံး ဖတ်မိ ဖတ်မိ၊ တစ်ပိုဒ် ဖတ်မိ ဖတ်မိ ဖတ်မိသူက မဖတ်ရသေးသူကို တစ်ဆင့် ပြန်ပြောလျှင်ပင် တစ်ဦးမှ နှစ်ဦး ဖြစ်ပြီ ဟူသော ယုံကြည်ချက်ဖြင့် ဆက်တတ် ဖွင့်ဆိုပြသနေသူ ဖြစ်၏။

စိတ်ထဲမှခေါ်ချင်သလို ခွတ်ပေးခေါ်ရာမှ သားသမီးလေးများ တဖြည်းဖြည်း ချူချာလာရသောအခါ ဘာဖြစ်မှန်း ဖြစ်လာမှန်းမသိ ဖြစ်နေကြရသူများ အကောင်းရှိနေကြပါဦးမည်။

စကားလုံးဆန်းသော နာမည်ဆန်းများကို သူများထက် ပိုထူးအောင် ပေးချင်လွန်း၍ ခွတ်ပေးကြရာမှ ကိုယ့်ကလေး ဘာဖြစ်၍ဖြစ်လာမှန်း မသိကြသူများ ရှိကောင်းရှိနေပါလိမ့်ဦးမည်။

လူအမျိုးမျိုး ရှိကြပါ၏။

ကျွန်တော့်သားကို ဘယ်သူနဲ့မှ မတူတဲ့ နာမည်ဆန်းဆန်းလေး ပေးပေးပါ။

ကျွန်တော့်သားကို နာမည်နှစ်လုံးတည်း ပေးပေးပါ။

ကျွန်တော့်သမီးကို နာမည်ငါးလုံး ပေးပေးပါ။

ကျွန်တော့်သမီးကို နာမည်သုံးလုံးပဲ ပေးပေးပါ။

ကျွန်တော့်သမီးကို နာမည်ရိုးရိုးပဲ ပေးပေးပါ။

အမျိုးမျိုးရှိကြပါသည်။

အဆင်ပြေသလို မှည့်ပေးရပါသည်။

သို့သော် နာမည်မှည့်ရန် သတ်မှတ်ထားသော ပညာဘောင်ထဲမှသာ၊ ပညာ၏စည်းမျဉ်းများနှင့်သာ ပေးလေ့ရှိပါသည်။

မိဘများအကြိုက် လိုက်ပေး၍ ကလေးဒုက္ခရောက်သွားမည်ကို လုံးဝ မလိုလားသူဖြစ်သောကြောင့် ကလေးနာမည်ပေးလျှင် ခေါင်းမာသလိုလိုတော့ ရှိနိုင်ပါသည်။

အချို့ မိဘများအကြိုက်သည် ပညာနှင့်လည်း အံ့ဝင်ခွင်ကျ ဖြစ်နေတတ်ပါသည်။

အချို့ ကြိုက်နေသည်မှာ ပညာနှင့် မည်သို့မျှ မပတ်သက်။ ကလေးအတွက်လည်း အကျိုးမရှိ။

မိဘကိုလည်း အကျိုးမပြု။

ဘာမှန်းညာမှန်းမသိရသော နာမည်ကြီးများ ဖြစ်နေ၏။

ထိုနာမည်ကြီးမျိုးများ မှည့်ရန် စိတ်ဓာတ်ပြင်းထန်နေသူများ ဖြစ်ပါက ကျွန်ုပ်သည် နူးညံ့သိမ်မွေ့စွာနှင့်ပင် 'ကျွန်တော် မမှည့်တတ်ပါဘူးခင်ဗျာ' ဟု ပြန်ပြောပြီး မေတ္တာရပ်ခံရ၏။

ဥပမာ ဆိုကြပါစို့-

ကလေးတစ်ယောက်ကို 'ဟေ' လည်းပါချင်တယ်၊ 'သု' လည်း ပါချင်တယ်၊ 'သွန်း' လည်း ပါချင်တယ်၊ 'ပန်' လည်း ပါချင်တယ်ဟု ဆိုပါလျှင် ကျွန်ုပ် မပေးတတ်တော့။

ဟေမှူးသင့်မြတ်နိုးဇွန်။

ကောင်းပါသည်။

ထိုနာမည်မျိုး ပေးချင်လှပါသည် ဟု လာပြောစဉ်က ထိုနာမည်တို့ မကောင်းဟု ကျွန်ုပ် မငြင်းခဲ့ပါ။

ကျွန်ုပ်သည်-

မည်သူကိုမဆို ကျန်းမာစွာ အသက်ရှည်ရာရှည်ကြောင်း၊ ချမ်းသာစွာ အသက်ရှည်ရာရှည်ကြောင်း၊ ကျန်းမာခြင်းမှသည် ချမ်းသာခြင်းဆီသို့ အမြဲ ပြောဆို မင်္ဂလာနိမိတ်ကောင်းပေးလေ့ရှိသူ ဖြစ်၏။

ထိုကလေးနာမည်ကို ကျွန်ုပ်စဉ်းစားပေးနေမိ၏။

သူ့မိခင်ကမေးသည်။

'ဆရာ ဘာများစဉ်းစားနေပါလိမ့်' ဟူ။

ကျွန်ုပ်က-

'အေး- နာမည်က တော်တော့်ကိုလှတာ။ သမီးက အရမ်းအတွေးအခေါ်ကောင်းတာပဲ။ ဦးတို့တောင် ဒီလို လှလှပပလေးတွေ မတွဲမှည့်တတ်ဘူး။ ဒါပေမယ့် ဦး တစ်ခုတွေးနေတာက ဒီကလေးလေးဟာ အသက် (၈၀)၊ (၉၀)၊ (၁၀၀)၊ (၁၀၀) ကျော် ကျန်းကျန်းမာမာနဲ့ ပျော်ရွှင်စွာနေနေတဲ့အခါ၊ မြေးတွေ၊ မြစ်တွေ တစ်နေ့ ရလာတဲ့အခါ ဘွားဘွားကြီး ဟေမှူးသင့်မြတ်နိုးဇွန်လို့ ခေါ်ရင် ဘယ်လိုများနေမလဲလို့ပါ'

ဟု ပြန်ပြောပြခဲ့ရ၏။

တစ်ဦးလည်း ကြုံခဲ့ဖူးပြန်၏။

ရှင်နွဲ့ခနှောင်းဖူးဖူးတေရီ။

ဤနာမည်ကို ပြောပြသူမှာ သူငယ်ချင်း ဖြစ်နေပါသည်။ သူငယ်ချင်းက သူ့သမီးလေးအား မပြောချင်၍ ထိုနာမည်ကောင်း၊ မကောင်း လာမေးခြင်း ဖြစ်ပါသည်။ နာမည်မှာ သူ့မြေးနာမည် ဖြစ်၏။

ကျွန်ုပ် ပြောပြလိုက်ပါ၏။

'ကောင်းပါသည်၊ သို့သော် စောစောကကဲ့သို့ ဘွားဘွားကြီးဖြစ်သည်ထိ သက်ရှည်ကျန်းမာ အနာရောဂါကင်းစွာ နေထိုင်သည်ထိ စဉ်းစားပေးပါ'

ဟု မေတ္တာရပ်ခံလိုက်ရ၏။

ဖူးဟေဟု နှစ်လုံးတည်းခေါ်သော ကလေးလည်း တွေ့ဖူးပါ၏။

ထိုကလေးမှာ မကြာခဏ ထိပ်ပေါက်၊ ခေါင်းကွဲ၊ ခြေ၊ လက်တွေထိခိုက်၊ ချွေးအေးပတ်၍ မကြာခဏများ ဖြစ်နေရရှာသူ ဖြစ်၏။

သူတို့မိဘများကို ထိုကလေးနာမည်၏အဓိပ္ပာယ်ကို ခေတြည့်မိ၏။

သူတို့လည်း မသိ၊ ပြုံးနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

အပြစ်ကင်းစင်ကြပါသည်။ ကိုယ့်သားသမီးကလေးကို လှစေချင်လွန်း၍ ချစ်စနိုးခေါ်ကြခြင်းမှလွဲပြီး သူတို့တွင် ဘာစိတ်မှမရှိ။

ရှင်းပြလိုက်သည့်အခါ လူငယ်လေးများပီပီ ဝမ်းမြောက်ဝမ်းသာစွာနှင့် ပြုံးပြင်သွားကြတော့၏။

ထို့ကြောင့်-

နာမည်ဆန်းများ အမျိုးမျိုး မှိုလို ပေါက်နေပြီဖြစ်၍-

ဤလို သူရဇ္ဇလက်ဆောင်ကို မကြာခဏပေးနေရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည်-

ကလေးလေးတွေဟာ အပြစ်ကင်းစင် နုနယ်လွန်းလှတယ်။ လူ့လောကကြီးထဲရောက်လာတာ ဖြူစင်လိုက်တာ။

မဆင်မခြင် မှည့်ကြ, ခေါ်ကြတဲ့ နာမည်ဆန်းတွေကြောင့်၊ နာမည်ပြောင်တွေကြောင့် သူတို့လေးတွေခမျာ ဆေးခန်းနဲ့မပြတ် ဖြစ်ရတယ်။ ဆေးနဲ့မပြတ် ဖြစ်ရတယ်။ချူချာရတယ်။ အထိအခိုက်တွေ များရတယ်။ ဒါကြောင့် ကလေးလေးတွေနဲ့ပတ်သက်လာရင် ငါ့ကို မုန်းချင်မုန်းကြပါစေ၊ ငါ အမုန်းခံမယ်။ ကလေးလေးတွေ ကျန်းကျန်းမာမာနဲ့ သူတို့ကိုယ်သူတို့လည်း အကျိုးပေး၊ မိဘတွေကိုလည်း အကျိုးပေးပြီး အန္တရာယ်ကင်းရင် တော်ပြီ ဟူသော ခံယူချက်ဖြင့်-

ဤသို့သော သူရဇ္ဇလက်ဆောင်မျိုးကို မကြာခဏပေးနေသူ ဖြစ်ပါသည်။

ယခုလည်း ကြည့်ပါ။

(၁) ပထမဦးဆုံးကလေး၊ ဂနာမငြိမ်သောကလေးလေးကို ခေါ်သည့် နာမည်များအား လေ့လာကြည့်ပါ။ သူသည် တနင်္ဂနွေသား၊ အောင်ပြည့်ပိုင် ဖြစ်ပါသည်။

သို့သော် တကယ်ခေါ်နေသည်မှာ ချစ်တိုး။

၅
၂ ——— ချစ်
၆
အောင်ပြည့်ပိုင် ၃ တနင်္ဂနွေ
၄
၀ ←—— တိုး
၃

သစ်ပင်တစ်ပင်အား အမြစ်မှဆွဲနုတ်၍ ဇောက်ထိုးလှန်ထားလိုက်သည်

သို့နှယ်ဖြစ်သွားရပုံကို အကဲခတ်မိပြီဆိုပါက ဗျာလေးလေး ဘာကြောင့်ဖြစ်နေရသည်ကို ရှင်းခနဲ မြင်လောက်သွားပါပြီ။ ဤသည်ပင်လျှင် 'အမြစ်အညွန့်ဇောက်ထိုး' အားသတ္တိကြောင့် မူလအလယ်အချာ တနင်္ဂနွေ ထိခိုက်ပျက်သွားရခြင်း ဖြစ်ပါတော့သည်။

(၂) ဒုတိယကလေး။

ဟိန်းဘိုဘို။ အပူနာတွေ တစ်ကိုယ်လုံးပေါက်ခဲ့ရသောကလေး။

သူ့ကိုခေါ်ကြသည်မှာ ဓာတ်မီး။

ကလေးသည် ဓာတ်မီးနှင့်ဆော့ရလျှင် အတော်ပျော်ရွှင်သည်၊ ဓာတ်မီးရောင်ထိုးပြလျှင် အတော်မြူးသည်ဟု ပြောကြပြီး ဓာတ်မီးဟု ခေါ်ကြခြင်းဖြစ်၏။

ကြုံကြုံဖန်ဖန်ခေါ်ကြသော ဓာတ်မီးမှာ-

၃
၀ ——— ဓာတ်
၄
ဟိန်းဘိုဘို ၈
၂
၅ ←—— မီး
၁

ဟိန်းဘိုဘို တည်းဟူသော အလယ်မူလ သောကြာကို ကြေမွပြိုပျက်သွားစေနိုင်သော အမြစ်အညွန့်ဇောက်ထိုးအခေါ်ကြီး ဖြစ်နေပုံကို လေ့လာပါ။

ရိုးရှင်းသောအမြင်၊ ဖြစ်ပါသည်။

သောကြာ၏ဓာတ်ဖက် ဝံ-သေ (၄-၆) လည်း ဖြစ်၊

အပူနာများကို ငြိမ်းအေးစေသော သဘောလည်းဖြစ်သည့် အေးမြသော ရေအလျှုကို ကလေးလက်နှင့် လှူခိုင်းခဲ့ခြင်း ဖြစ်ပါသည်။

ကျန်းမာရေးအရ ဓာတ်ဖက်ပြည့်စုံစေခြင်းကို 'ဣဋ္ဌ' သဘောဆောင်စေခြင်းဖြင့် ကလေးတွင်ပေါက်နေသော အပူနာများကို ငြိမ်းအေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

(၃) တတိယကလေး-

ငွန်ဝင့်ဖြူ-

၈
၄ ——— ဓါ
၁
ငွန်ဝင့်ဖြူ ၃
၆
၂ ←—— တာ
၅

ဝါကာ ဟူသော နာမည်ပြောင်ကြောင့် ကျန်းမာရေးထိခိုက်ရလွန်းသည့် အငါသမီးလေးကို လေ့လာပါ။

ကိုယ့်နှုတ်မှ ခေါ်ချင်သလိုခေါ်နေသော နာမည်ပြောင်များသည် အပြစ်ကင်းစင်သော ချစ်စရာ့အရွယ်ကလေးများအတွက် ယခု ပြသခဲ့သလို ဇောက်တိဇောက်ထိုးများဖြစ်ပြီး အဆိပ်အတောက်များသဖွယ် ဖြစ်နေသည်ကို မြင်ရလျှင်၊ သိရလျှင်. . .။

စဉ်းစားဖို့သာ လိုပါသည်။

စဉ်းစားရန် လိုအပ်မည်ထင်လျှင် ကလေးလေးများအတွက် စဉ်းစားပေး သင့်ပါသည်။

ယခု 'သူရဇ္ဇလက်ဆောင်' တွင် ကလေးလေးများအိပ်နေလျှင် ဦးခေါင်းကို ညာလက်လေးနှင့် ထိပြီး ဓာရဏပရိတ်တော် (၇) ခေါက် ရွတ်ဖတ်ခြင်းတို့ ပြသခဲ့ပါသည်။

ဤသည်ပင်လျှင် ယခုလအတွက် သူရဇ္ဇလက်ဆောင် ဖြစ်ပါသည်။

ဤသူရဇ္ဇလက်ဆောင်တွင် ပထမ ဦးဆုံး အရေးကြီးသည်မှာ ကိုယ်ခေါ် ချင်သလို ခေါ်နေသောနာမည်ကြောင့် ကလေး ဘာဖြစ်နေသည်ကို သတိထား ခြင်း၊ ပြီးလျှင် စဉ်းစားခြင်း၊ ပြီးမှ ဆင် ခြင်ခြင်းများပြုရန် ဖြစ်ပါသည်။

ဒုတိယမှသာ ဦးခေါင်းလေး ထိ၍ ရွတ်ဖတ်ပေးရန် ဖြစ်ပါသည်။

ဖြစ်နိုင်သည်များကိုသာ ပေး ရှိသည့် သူရဇ္ဇ၏ထုံးစံအတိုင်း-

ကလေးလေးများအတွက် လို သော ကွက်လပ်လေးများရှိလျှင် ဖြည့် နိုင်ကြစေရန် မေတ္တာဖြင့်-

နုနယ် ငယ်ရွယ်သူကလေးများ တွက် သူရဇ္ဇလက်ဆောင်ပါးလိုက်ရ ပါပြီ။

ချစ်စရာ့အရွယ်ကလေးငယ် များ-

ရောဂါကင်းစွာ ကျန်းမာပျော် ခြင်းများနှင့် ပြည့်စုံပြီး. . .

မိဘများ စိတ်ချမ်းသာနိုင် စေသတည်း။

ဆရာဦးမောင်မောင်
(ရင်ကိုဆေး



www.burmeseclassic.com



**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ ပန်း၊ သစ်သီး၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**ခရီးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို မကြာခဏ လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ ရွတ်ပါ။

**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင် အကျိုးဆောင်နှင့် စပ်၍ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေ ရှင်းလင်း စွန့်ထုတ်ပစ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - တစ်နေ့တည်း ဘုရား (၃) ဆူလှည့်၍ တံမြက်စည်းလှည်းပါ။ အမှိုက်များ၊ ပန်းခြောက်များ စွန့်ပစ်ပေးပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ယခုလ အင်္ကျီအနီရောင်ဝတ်ခြင်း ရှောင်ပါ။

**ကျန်းမာရေး** - ငါးအရှင်လေးများကို တစ်နိုင်စဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။

**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်ထံမှာ (၃) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။

**ခရီးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ဘုရားစေတီများသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို အရှေ့အရပ်က အကျိုးဆောင်နှင့် စပ်၍ ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင် အကျိုးဆောင်နှင့် အပ်ပြီး ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် 'အရဟံ' ဂုဏ်တော်ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိစက်ပစ္စည်းများပျက်နေပါက ပြင်ဆင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် စွန့်ထုတ်ခြင်းများပြုပါ။

**လူမှုရေးအတိုက်အခံများသူများ** - နေ့စဉ် မေတ္တာသုတ်ကို ဂြိုဟ်သက်အလိုက်ရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် စကားပြောလျှင် ဆန့်ကျင်ဘက်များ မပြောမိပါစေနှင့်။ ကိုယ့်ဘက်ကအလျှော့ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - ဆေးလှူပေးပါ။ ချို့တဲ့သူများကို ဆေးဝါး၊ ဓာတ်စာများလှူပါ။
**ထီကံကောင်းလိုသူများ** - အလုပ်ကိစ္စနှင့်အပြင်သွားရင်း လမ်းမှာကြုံသော ထီဆိုင်တွင် ထီထိုးဖြစ်အောင် ထိုးခဲ့ပါ။

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့် ပန်း၊ အာဟာရများ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တန်ခိုးကြီး ဘုရားစေတီတစ်ဆူဆူသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - တန်ဆောင်း၊ ရင်ပြင်တော်၊ ကျောင်း ဇရပ်များသို့ ရောက်တိုင်း တံမြက်စည်းလှည်းခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - နေ့စဉ် ဂုဏ်တော် (၁၀၈) ခေါက်ပြည့်အောင် ရွတ်ပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ ပန်း၊ သစ်သီး အာဟာရဆွမ်းများ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီး (၃) ပတ် စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသ ရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်နှင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ပရိတ်ရေနှင့် မကြာခဏ ပက်ဖျန်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၅) ဆူလှည့်၍ ပန်းပေါင်းစုံကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်ကို တံမြက်စည်းလှည်းပါ။ ပန်းခြောက်များစွန့်ပေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - သက်ဆိုင်သူကို နေ့စဉ် (၁၅) မိနစ်ခန့် မေတ္တာပို့ပါ။
**ကျန်းမာရေး** - ဓရဏပရိတ်ကို နေ့စဉ် ရွတ်ပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီသည်ထံတွင် (၅) စောင်တွဲလေးများ ကံစမ်းထားပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ ပန်း၊ သစ်သီး အာဟာရများ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ဖြင့် ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ဝေလီဝေလင်းတွင် အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်အဝင်မျက်နှာစာခြေရင်းဘက်တွင် ဆီးခက်တစ်ခက် ချိတ်ဆွဲထားပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျီုးဆောင်နှင့် စပ်၍ ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံ ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနက်ရောင် ဝတ်မသွားပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

နှင့်။

**ကျန်းမာရေး** - ငါးအရှင်လေးများ တစ်နိုင်ဝယ်လွှတ်ပါ။

**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသောထီသည်ထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ ပန်း၊ သစ်သီး၊ အာဟာရဆွမ်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို သစ်သီးလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် မကြာခဏ ပက်ဖျန်းပေးပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် မမွှစကြာ ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များသို့ သွား၍ တံမြက်စည်းလှည်းခြင်း၊ မြက်နုတ်ခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။

**ကျန်းမာရေး** - ဘုရားစေတီများသို့သွား၍ ရေအိုးများတွင် ရေလှူပါ။

**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင် (၂) ဆိုင်၊ (၃) ဆိုင် ခွဲ၍ ထီထိုးထားပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ ပန်း၊ သစ်သီး၊ အာဟာရဆွမ်းများ ကပ်လှူပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အချိုရည်များ ကပ်လှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာခဏ စတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်၍ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမလိုတော့သည့် ရေပိုက်အပျက်များ၊ ရေဘူးခွံအဟောင်းများကို ရှင်းလင်း စွန့်ထုတ်ပစ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ၂၄-ပစ္စည်းကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - သက်ဆိုင်သူကို နေ့စဉ် (၁၅) မိနစ်ခန့် မေတ္တာပို့ပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်း များစွာ ပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-

ဗုဒ္ဓဟူးအစ- တနင်္လာပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမို ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ခြင်းဖြင့် အောင်မြင်မှု များစွာ ရယူပါလေ။

ဥပမာ- ယုခက်၊ ဝိုင်းကြည်၊ လှတဲ

*မိမိတောင်းမှ အကြောင်းပြု*
*ဆုမတောင်းဘဲ ပြည့်ပါစေ*

~ ပြည့်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေသားသမီးများ

ယခုလတွင် အမိဌာန်ဝင်ခြင်း၊ သီလဆောက်တည်နေထိုင်ခြင်း၊ မွေးနေ့ရောက်တိုင်း အသားစားရှောင်ကြဉ်ခြင်းများဖြင့် အောင်မြင်မှုများ ရရှိလာပါလိမ့်မည်။ လုပ်ငန်းသစ်စတင်မည့်သူများ၊ စပ်တူလုပ်ငန်းများနှင့် မည်သည့်ကိစ္စမဆို အင်္ဂါ၊ သောကြာနာမည်ရှင်များကို ကြားခံစေပြီး တစ်ဆင့်ပြုလုပ်ပါ။ မိသားစုတွင်း မပြေလည်မှုများ၊ ညီအစ်ကိုမောင်နှမချင်း စိတ်ဝမ်းကွဲမှုများဖြစ်မလာအောင် ကိုယ့်ဘက်က နားလည်မှုများပေးပါ။ ကျန်းမာရေးကောင်းနေပါသော်လည်း လွန်ကဲစွာ အဆာမခံပါနှင့်။ သွေးတက်စာ၊ ခေါင်းမူးစာများကို ရှောင်ပါ။ ယခုလတွင် အင်္ဂါနံသင့်လုပ်ငန်းများ၊ သောကြာနံ့သင့်လုပ်ငန်းများ မမျှော်လင့်ဘဲ အကျိုးပေးပါမည်။ စနေနံသင့်လုပ်ငန်းများ၊ ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ အဖျားရှူးတတ်ပါသည်။ အခြားနံသင့်လုပ်ငန်းများ ခက်ခဲနေပါက အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အကူအညီယူပါ။ ပညာရေးကံကောင်းလာစေရန် အပျော်အပါးလျှော့ပြီး စာထဲမှာ အာရုံစူးစိုက်ပါ။ အောင်မြင်ပါလိမ့်မည်။ ချစ်သူများအတွက် ကံကောင်းစေရန် ခိုစာကျွေးပါ။ ချစ်သူနှင့်ဆုံရန်သွားတိုင် အနီရောင်ဝတ်မသွားပါနှင့်။ ထီကံစမ်းမည့်သူများအတွက် စက်ဘီးနှင့်ရောင်းသော ထီသည်များထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ခရီးနှင့်ဆိုင်တဲ့ကံများ ကောင်းပါသည်။ ဘုရားဖူးခရီးများထွက်ရတတ်ပါသည်။ ငွေနံများ ခက်ခဲနေပါက ကိုယ်တိုင် ရွှတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံအားထုတ် သီလစောင့်ထိန်းမှု စသည်ဖြင့် မပြတ်ဆောင်ရွက်ပါက အဆင်ပြေသွားပါမည်။

ယတြာ ။ ။ *ဂုဏ်တော်ကွန်ချာကို နေ့စဉ်မပြတ် စွဲစွဲမြဲမြဲရွတ်ပါ။*



၂၀၁၃ ခုနှစ် ၊ မတ်လအတွက်

# ခုနစ်ရက်သားသမီး ဟောစာတမ်း

ဆရာဦးမောင်မောင်ဿန်း

ရင်ကိုအေးမြစေသော



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

လုပ်ငန်းခွင်ဝင်နေသူများ ရာထူးတိုးကိန်းရှိနေပါသည်။ အလုပ်လျှောက်ထားသူများ ရပါပြီ။ အခက်အခဲများကြားက ဝင်ငွေကောင်းနေတတ်ပါသည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္ဂနွေသားသမီးများ၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုက်ပင်ပါ။ ကြားခံပြီး ဆောင်ရွက်မှုများပြုပါ။ (၄) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကျန်းမာရေးကောင်းပါမည်။ ပရိတ္တ ဇာလသုတ်တော် စွဲစွဲမြဲမြဲရွတ်ပါ။ ကိုယ်နှင့်မတည့်သော အစားအသောက်များ သတိထားရှောင်လိုက်ပါ။ လူမှုရေးအတိုက်အခံများရှိပါက မေတ္တာသုတ်ကို အဓိဋ္ဌာန်ဝင်ပြီးရွတ်ခြင်း၊ မေတ္တာဘာဝနာစီးဖြန်းခြင်းများ ဆောင်ရွက်ပါ။ ပညာရေးနှင့်ဆိုင်သောကံတွေကောင်းနေသော်လည်း ပထမပိုင်း ကြိုးစားပြီး နောက်ပိုင်း လျော့ရဲရဲဖြစ်လာတာမျိုးမဖြစ်အောင် အထူးဂရုစိုက်ပါ။ လူငယ်များ၏အချစ်ရေးကိစ္စများ အဆင်ပြေနေသော်လည်း စကားကျွံပြီး စွပ်စွဲသလိုမျိုးဖြစ်မသွားအောင် သတိအမြဲရှိပါ။ ဆန့်ကျင်ဘက်စကား အငြင်းအခုံမလုပ်ပါနှင့်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အနီရောင်များစွာပါသောအကျႌ ဝတ်ဆင်သွားပါ။ အိမ်ထောင်ရေး စိတ်ချမ်းသာမှုရှိစေရန် နားပူခြင်းများမဖြစ်ပါစေနှင့်။ အထင်အမြင်လွဲမှုများမဖြစ်ပါစေနှင့်။ ယခုလတွင် တနင်္ဂနွေနံ၊ တနင်္လာနံ၊ ကြာသပတေးနံလုပ်ငန်းများ ကောင်းပါမည်။ ထီထိုးဝါသနာပါသူများ (၁၊ ၂၊ ၅၊ ၀) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။ ယခုလအတွင်း သီလဆောက်တည်နေထိုင်ပါ။ စကားပြောလျှင် အမှားမပါအောင် သတိထားပါ။

ယတြာ ။ ။ *သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ်မပြတ် စွဲစွဲမြဲမြဲရွတ်ပါ။*

## အင်္ဂါသားသမီးများ

ဆောင်ရွက်သမျှကိစ္စတိုင်း အောင်မြင်ခါနီးမှ အဖျားရှူးမသွားစေရန် စနေနာမည်ရှင်၊ စနေသားသမီးများနှင့် တိုင်ပင်ပါ။ လိုအပ်တဲ့ အကြံဉာဏ်ယူပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ပဋ္ဌာန်းနှင့် မမ္မစကြာရွတ်ဖတ်ပူဇော်ခြင်းဖြင့် အညံ့များကင်းဝေးပြီး မထင်မှတ်တဲ့ အောင်မြင်မှုများ ရရှိပါလိမ့်မည်။ ငွေကြေးကိစ္စများ လက်မလွှန်ပါစေနှင့်။ ကြားကအာမခံပေးတာမျိုး ရှောင်ပါ။ မိမိအဆင်ပြေမည့် အဓိဋ္ဌာန်မျိုး၊ ကိုယ်နှစ်သက်သလို အဓိဋ္ဌာန်မျိုးတွေဝင်ပါ။ ပညာရေးကံများပွင့်နေပါသည်။ သင်တန်းများတက်ရတတ်သည်။ ကျန်းမာရေးအတွက် လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ခါရဏပရိတ်ရွတ်ခြင်း၊ ဖုဿဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ခြင်းဖြင့် ကျန်းမာရေးကောင်းလာပါလိမ့်မည်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အနီရောင်အကျႌဝတ်မသွားပါနှင့်။ ငယ်ရွယ်သူများ၏ ချစ်ရေးချစ်ရာကိစ္စများ အဆင်ပြေစေရန် ကြံ့တဲ့နေရာမှာ ငှက်ကလေးများကို အစာကျွေးပါ။ လုပ်ငန်းခွင်တွင် အလုပ်သမားမမြဲပါက မေတ္တာသုတ်တော်ကို ကြိမ်ဖန်များစွာ ရွတ်ပါ။ ဘုရားစေတီ၊ ပုထိုးများကို မရောက်ရောက်အောင် မကြာခဏသွားပြီး တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများပြုပါ။ တရားထူးတရားမြတ်များ နာကြားရပြီး ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်ဖြစ်မည်။ ထီထိုးရန်အတွက် (၀၊ ၇၊ ၆၊ ၃) ဂဏန်းများနှင့် အကျိုးပေးပါသည်။ စနေနံထီဆိုင်ကို ရှာထိုးပါ။

ယတြာ ။ ။ *ခါရဏပရိတ်တော်ကို နေ့စဉ် အဓိဋ္ဌာန်နှင့်ရွတ်ပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမျိုးမဆို ကြာသပတေးနာမည်ရှင်၊ ကြာသပတေးသားသမီးများနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များ ရယူပါ။ (၂) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ ယခုလ စက်ပစ္စည်းဟောင်းများ အကျိုးမပေးပါ။ တရားဥပဒေကို ဆန့်ကျင်သောကိစ္စမှန်သမျှ ရှောင်ပါ။ လောင်းကစားကိစ္စ ရှောင်ပါ။ ဆေးလွှတ်ခြင်း၊ စာကလေးလွှတ်ခြင်းကုသိုလ်များပြုပါ။ ကျန်းမာရေးကောင်းနေစေရန် ဗောဇ္ဈင်္ဂသုတ်၊ ရတနသုတ်တော်များကို အဓိဋ္ဌာန်ဝင်ပြီး ရွတ်ဖတ်ပူဇော်ပါ။ ပညာရေးနှင့်ဆိုင်သောကံများ ကောင်းနေပါသည်။ စာမေးပွဲများထူးချွန်စွာအောင်မည်။ မသင်ရသေးတဲ့ ပညာများသင်ရခြင်း၊ သင်တန်းများတက်ရခြင်းများ ရှိပါသည်။ လုပ်ငန်းခွင်ဝင်နေသူများလည်း သင်တန်းတွေတက်ရခြင်း၊ စာမေးပွဲဖြေရခြင်းများဖြင့် ဆင့်ကဲတိုးတက်လာမည်။ ငယ်ရွယ်သူတို့၏အချစ်ရေးတွင် မကြာခဏ စကားများရတတ်၍ စကားပြောလျှော့ပါ။ ယခုလတွင် ကြာသပတေးနံ၊ တနင်္ဂနွေနံ၊ ဗုဒ္ဓဟူးနံလုပ်ငန်းများ အဆင်ပြေနေပါမည်။ ထမင်းစားပြီးတိုင်း လမ်းဘေးခွေးလေးများ၊ ကျီး၊ ဒိုများကို အစာကျွေးပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အစရောင်နုနုလေးများ ဝတ်ဆင်ပါ။ ငွေကြေးကိစ္စများ အရှုပ်အရှင်းမရှိအောင် စာရင်းဇယားများထားပါ။ အကုန်အကျမများအောင် သွားရင်းလာရင်း [illegible] ရွတ်ပါ။ ထီကံစမ်းလိုသူများအတွက် (၅၊ ၁၊ ၄၊ ၀) ဂဏန်းတွေပါအောင်ထိုးပါ။ တနင်္ဂနွေနံထီဆိုင်ရှာပြီးထိုးပါ။

ယတြာ ။ ။ *၂၄-ပစ္စည်းကို နေ့စဉ်မပြတ် စွဲစွဲမြဲမြဲရွတ်ပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

ငွေနံကောင်းနေပါသည်။ အကုန်အကျများနေသော်လည်း ဆက်တိုက်ဝင်နေမည်။ လုပ်ငန်းများလုပ်ရာတွင် အခက်အခဲများကြုံနေပါက သောကြာနာမည်ရှင်၊ သောကြာသားသမီးများနှင့် တိုင်ပင်ပါ။ အောင်မြင်ပါလိမ့်မည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ရမည့်လ ဖြစ်ပါသည်။ အင်္ဂါနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များလည်း အကျိုးပေးပါလိမ့်မည်။ အကူအညီများ၊ အကြံဉာဏ်များရယူပါ။ ညီအစ်ကိုမောင်နှမများ၊ သားသမီးများ ဆန့်ကျင်ဘက်ပြုနေသောကြောင့် စိတ်အခန့်မသင့်ဖြစ်နေလျှင် ရေလှူသောကုသိုလ်ပြုခြင်းဖြင့် အေးမြမှုကိုရယူပါ။ စိတ်ချမ်းသာမှုကို ဘာသာတရား အားထုတ်ရွတ်ဖတ်ခြင်းဖြင့် ရယူပါ။ ကျန်းမာရေးကောင်းမည်။ ပညာရေးကံများလည်းအလွန်ကောင်းနေပါသည်။ သင်တန်းတက်ရွေးချယ်ခြင်းခံရမည်။ အိမ်ထောင်ရေးစိတ်ချမ်းသာမှုရှိပါမည်။ ခရီးနှင့်ဆိုင်သောကံများကောင်းလာပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ မမျှော်လင့်ဘဲ စိတ်ချမ်းသာရပါလိမ့်မည်။ လူမှုရေးအတိုက်အခံများလျှင် ဘုရားစေတီများသို့ လမ်းလျှောက်သွားပြီး တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ အကြံအစည်ပြုဖို့ကိစ္စရှိတိုင်း အကျီအနက်ရောင် လိမ္မော်ရောင်မဝတ်ပါနှင့်။ ထီထိုးမည်ဆိုပါက (၆၊ ၅၊ ၃၊ ၂) ဂဏန်းများချည်း ပြည့်နေအောင်ထိုးလိုက်ပါ။ အင်္ဂါနံထီဆိုင်တွင် ထိုးပါ။

ယတြာ ။ ။ *သရဏဂုံ ၃၀ ကို နေ့စဉ်မပြတ် စွဲစွဲမြဲမြဲ ရွတ်ဆိုနေပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသောမည်သည့်ကိစ္စမဆို စနေနာမည်ရှိသူများနှင့် တိုင်ပင်ပါ။ တနင်္ဂနွေသားသမီးများ၊ နာမည်ရှင်များလည်း တိုင်ပင်နိုင်ပြီး မအားလပ်သူများဖြစ်နေတတ်၍ အကြိမ်ကြိမ်သွားရောက်တွေ့ဆုံရတာမျိုးလည်း ဖြစ်တတ်ပါသည်။ ယခုလတွင် (၅) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ ပညာရေးကံတွေကောင်းနေချိန်ဖြစ်၍ အချိန်ရှိခိုက် လုံ့လစိုက်သူများ အောင်မြင်ပါလိမ့်မည်။ လုပ်ငန်းခွင်စာမေးပွဲဖြစ်ပါက အောင်ပါပြီ။ အိမ်ထောင်ရေးသာယာမှုရှိမည်။ လာဘ်လာဘနှင့်ဆိုင်သော ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ နတ်ချစ်ဂါထာများ ရွတ်ပါ။ နတ်ကောင်းနတ်မြတ်များကို မေတ္တာပို့ အမျှဝေပါ။ ပိတ်နေသောလာဘ်များပွင့်သွားပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ စကားပြောကြမ်းမိရာက မဖြစ်သင့်တာတွေဖြစ်တတ်သဖြင့် စကားပြော အထူးဆင်ခြင်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိပါက အရောင်ရင့်ရင့်များ ဝတ်ဆင်ပါ။ အဖြူရောင်၊ ပုလဲပေါက်အဆင်ဒီဇိုင်း၊ အရောင်နုနုများကို ရှောင်ပါ။ ထီထိုးမည်ဆိုပါက (၀၊ ၇၊ ၁၊ ၄) ဂဏန်းများချည်း ပြည့်နေအောင် ရွေးထိုးပါ။ စနေနံထီဆိုင် နှစ်ဆိုင်ခွဲပြီး ထိုးထားပါ။ ထီပေါက်ကိန်းရှိပါသည်။ ကိုယ်တိုင် ရွတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံအားထုတ် သီလစောင့်ထိန်းခြင်းများ မပြတ်ပြုလုပ်ရမည့်ကာလ ဖြစ်ပါသည်။ ဆန္ဒများပြည့်လာပါလိမ့်မည်။

ယတြာ ။ ။ *ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသကို အဓိဋ္ဌာန်ဖြင့် နေ့စဉ်ရွတ်ဆိုပါ။*

## စနေသားသမီးများ

အောင်မြင်လိုသည့်ကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့် နာမည်ရှင်များမှာ ကြာသပတေးနာမည်ရှင်များဖြစ်သည်။ ဘာမဆို အခက်အခဲများရှိပါက တိုင်ပင်ခြင်း၊ အကူအညီရယူခြင်း၊ အကြံဉာဏ်များတောင်းခြင်းပြုပါက အောင်မြင်သွားပါလိမ့်မည်။ သောကြာနာမည်ရှင်များ၊ တနင်္လာနာမည်ရှင်များ ဒုတိယအကျိုးပေးပါသည်။ (၃) ဂဏန်း၊ (၇) ဂဏန်းများရှောင်ပြီး အလုပ်လုပ်ပါ။ အရာရာအမှားနည်းစေရန် ကိုယ့်သဘောနှင့်ကိုယ်မပြုဘဲ အကျိုးပေးသူ နာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ တစ်ဆင့်ကြားခံပြုလုပ်ပါ။ လုပ်ငန်းခွင်တွင် သင်တန်းတွေတက်ရတတ်ပါသည်။ အိမ်တွင်းရေးအဆင်ပြေစေရန် အိမ်ပူအောင်မလုပ်ပါနှင့်။ မင်္ဂလာရှိရှိနေရပါလိမ့်မည်။ အကြံအစည်ပြုရန်ကိစ္စတိုင်း အနီရောင်၊ အနက်ရောင်အကျီ မဝတ်ပါနှင့်။ ချစ်သူတွေ အဆင်ပြေနေစေရန် စကားအပိုမပြောမိအောင် ထိန်းပါ။ ကျန်းမာရေးကောင်းနေစေရန် ဆေးလိုအပ်သူမှန်သမျှကို ဆေးလှူပါ။ ဆေးဖိုးငွေလှူပါ။ အထူးသဖြင့် ဆီး၊ မျက်စိဝေဒနာရှင်တွေကို များများလှူပေးပါ။ ပညာရေးကောင်းမည်။ ထီထိုးရန်အတွက် (၅၊ ၆၊ ၂၊ ၁) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းပါ။ ငွေအလုံးအရင်းဝင်လာပါလိမ့်မည်။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ စာကလေး မကြာခဏလွှတ်ပေးပါ။ ကြာသပတေးနံထီဆိုင်တွင် ထီထိုးပါ။

ယတြာ ။ ။ *မေတ္တာသုတ်ကို နေ့စဉ်မပြတ် စွဲစွဲမြဲမြဲရွတ်ဆိုပြီး မေတ္တာဘာဝနာပွားပါ။ ။*

ရ င် ကို ေ အ း မြ ေ စ သ ါ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

# သင့်လက်တစ်ကမ်းက ဆေးတစ်ပင်

**စေတနာမောင်**

အစ်မက စာဖတ်ဝါသနာပါပါ ဘယ်။ စာရေးသူ (၁၀) တန်းလောက် ဘုန်းက အိမ်မှာ သတင်းစာ (၂) စောင် သူတယ်။ ကြေးမုံနဲ့ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ။ အမေက သတင်းစာ ဆောင်းပါး ကောင်းကောင်းလေးတွေ တွေ့ရင် စာရေးသူကို ဖတ်ခိုင်းတယ်။ အချို့ ဆောင်းပါးလေး တွေဖြတ်ပြီး ဖိုင်တွဲခိုင်းတယ်။ အမေ့စေတနာ၊ အမေ့ ကျေးဇူးတွေကြောင့် စာပေကပေးတဲ့ အမြင်၊ ဗဟုသုတတွေနဲ့ ဘဝကို လျှောက်လှမ်းနိုင်လို့ စာပေကို ပိုချစ်တတ်လာတယ်။ အဲဒီတုန်းက အမေဖတ်ခိုင်းတဲ့ ဆောင်းပါးတွေထဲမှာ မှတ်မှတ်ရရ ဆေးဖက်ဝင်ကြိတ်မှန်ပင်နဲ့ ပတ်သက်တဲ့ ဆောင်းပါးလေးတစ်စောင်ပါတယ်။ ရေးသူနဲ့ ခေါင်းစဉ်တော့ မမှတ်မိတော့ပါ။ မှတ်မိသလောက် ကြိတ်မှန်ရွက် သတ္တုရည်ဟာ ငါးမျက်စိ၊ ကြွက်နို့ စတဲ့ အဖုအကျိတ်တွေ ပျောက်တယ်ဆိုတာပါပဲ။ စာရေးသူက နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဆိုတဲ့စကားကိုဆွဲကိုင်ပြီး ဆေးဖက်ဝင်အပင်များအကြောင်းတွေ့တိုင်း မှတ်မှတ်သားသား ဖတ်မိ၊ မှတ်မိပါတယ်။

ယောမြို့စား အတွင်းဝန် ဦးဘိုးလှိုင်ရဲ့ ဥတုဘောဇန သင်္ဂဟကျမ်းမှာ 'ကြိတ်မှန်ရွက်သည် ပူ၏။ ပဏ္ဍုနာ၊ သလိပ်နာကို နိုင်၏။ ဆံပင်ကိုကောင်းစေတတ်၏။ မျက်စိနှင့်သင့်၏' ဟု ဖော်ပြထားပါတယ်။ ဆရာမောင်ယဉ်နွယ် ရေးသားတဲ့ 'လက်တွေ့အသုံးဝင် ရိုးရာဆေးပင်နဲ့ဆေးနည်းများ' စာအုပ်ပါ ကြိတ်မှန်ရွက်နဲ့ ဖော်စပ်ထားတဲ့ မအိုမနာဆေးဟာ စိတ်ဝင်စားစရာကောင်းပါတယ်။ ကြိတ်မှန်ရွက်၊ နှမ်းနက်၊ ဆီးဖြူသီးခြောက်တို့ကို ဆတူရောပြီး မနက်သလက်ဖက်ရည်ဇွန်း တစ်ဇွန်းသောက်ရင်ဖြင့် အရွယ်မရွှေ့ လန်းနိုင်တယ်ဆိုပဲ။

ကြိတ်မှန်ပင်ရဲ့ ဆေးဖက်ဝင် အာနိသင်နဲ့ ပတ်သက်ပြီး စာရေးသူရဲ့ အတွေ့အကြုံလေး (၂)ခုတင်ပြလိုပါတယ်။ ဘစ်ခုက ၁၉၈၉ ခုနှစ်လောက်မှာ ဌာနဘာဝန်နဲ့ စာရေးသူ မကွေးတိုင်းဒေသကြီး သရက်မြို့ကိုရောက်တော့ ဌာနတစ်ခုက မြို့နယ်တာဝန်ခံအရာရှိတစ်ဦးနဲ့ သိကျွမ်းခင်မင်ရတယ်။ ရုံးအားရက်တွေမှာ နယ်အရပ်ရပ်ကလာကြတဲ့ မြို့နယ်အရာရှိတွေ ခင်မင်ရာစုပြီး ထမင်းစုချက်စားကြ၊ စကားစမြည်ပြောကြနဲ့ အိမ်အလွမ်းဖြေကြရတယ်။ ထမင်းအတူစားကြရင် သူက လက်မလေးဖွက်ပြီး ထမင်းစားလေ့ရှိတယ်။ အချိန်ကြာလို့ တရင်းတနှီးဖြစ်လာကြလာတော့ စာရေးသူကမေးမိတယ်-

"ခင်ဗျားလက်မက ဘာဖြစ်လို့လဲ"

"ပြောရမှာလည်း အားနာပါတယ်ဗျာ၊ ကျွန်တော့်ညာလက်သည်းခွံအရင်းမှာ ငါးမျက်စိကြီး ဖြစ်နေတယ်။ ထမင်းစားတဲ့လက်ဆိုတော့ ရေနဲ့ထိရင် ပွလာတယ်ဗျ။ စားနေတဲ့သူတွေ အားနာတာနဲ့ တတ်နိုင်သလောက်ဖုံးဖိထားမိတယ်"

စာရေးသူက မေးပြီးမှ အားနာသလို ဖြစ်သွားတယ်။

"အမလေး- ဒါလေးများ လွယ်လွယ်လေးပါဗျာ၊ သက်သာပျောက်ကင်းသွားစေရမယ်။ အာမခံနဲ့ကုမယ်ဗျာ။ ကျွန်တော်နဲ့တွေ့ရင် သိကြားနဲ့ တွေ့ပြီလို့သာမှတ်"

စာရေးသူက အတည်ပြောလိုက်တော့ သူက အံ့သြတဲ့မျက်နှာနဲ့-

"ဟုတ်မှလည်းလုပ်ပါ ဦးစီးရယ်၊ ကျွန်တော့်ငါးမျက်စိက (၁၀) နှစ်ကျော်ပြီဗျ"

ဟု သူ့ရဲ့ငါးမျက်စိရာဇဝင်ခင်းပြသည်။ ပျောက်ချင်ဇောဖြင့် အဆိုပါ ငါးမျက်စိကို အက်စစ်နဲ့လည်း လောင်းဖူးသည်။ မီးနဲ့လည်း ထိုးဖူးသည်။ ဓားနဲ့လည်းလှီးဖူးသည်။ ထုံးသုတ်၍ မီးခြစ်ဆံမှယမ်းနှင့်လည်း ငါးမျက်စိအောက်ခြေမှထိုးခဲ့ဖူးသည်။ စုံမှစုံလို့။ သို့ရာတွင် ဘာဆိုဘာမှမထူးဆိုဘဲ။

စာရေးသူအနေနှင့် တစ်ခါက အမေဖတ်ခိုင်းခဲ့ဖူးသော ကြိတ်မှန်ရွက် ဆောင်းပါးလေးအားကိုးနှင့်သာ မိုက်လိုက်ရသည်။ စိတ်ထဲတွင်တော့ မတင်မကျ ဖြစ်နေဆဲ။ ပြောလက်စနဲ့တော့ မထူးတော့ပြီ။

"ကြိတ်မှန်ရွက် လက်တစ်ဆုပ်လောက်ရှာဗျာ။ အရွက်ကိုရေစင်အောင်ဆေးပြီး ပန်းကန်လုံးသန့်သန့်ထဲ ညှစ်ထည့်။ ခင်ဗျားငါးမျက်စိကို မပြတ်ဆွတ်ပေးရင် သက်သာပျောက်ကင်းသွားလိမ့်မယ်"

ခပ်တည်တည်နဲ့ ဆရာကြီးပုံစံဖြင့် ပြောလိုက်သည်။ စာရေးသူမိတ်ဆွေကလည်း ပျောက်ချင်ဇောနှင့် လုပ်လိုက်သမှ၊ တစ်ပတ်ကြာတော့ ငါးမျက်စိကြီး သိသိသာသာညှိုးကျသွားပြီး (၁၅)ရက်လောက်ကြာတော့ လက်မပေါ်မှ လုံးဝနှုတ်ဆက်ထွက်ခွာသွားခဲ့သည်။ အခုထိ စာရေးသူနှင့်တွေ့တိုင်း လက်မလေးကိုပြ၍-

"ဆရာ ကုပေးတာပါ ဆရာရယ်"

ဟု ရယ်သွမ်းသွေးကာပြောတတ်သည်။ ဤသို့ပြောတိုင်း စာရေးသူရင်ထဲ တစ်မျိုးခံစားရသည်။ အကျယ်မပြောတတ်ပါ။ မိမိကုသပေးသောရောဂါဝေဒနာရှင်တစ်ဦး ရောဂါပျောက်ကင်းသွားသည့်အခါ ကုသပေးသူဆရာများ၏ရင်မှခံစားချက်ကို တွက်ဆမိသည်။ အသပြာဆရာများနှင့်တော့ သက်ဆိုင်မည်မထင်ပါ။

နောက် အတွေ့အကြုံတစ်ခုက ကြိတ်မှန်ရွက်အာနိသင်ကြောင့် ဆံပင်များနက်မှောင်နေခြင်းပင်။ စာရေးသူနှင့် ရင်းနှီးသည့် သူငယ်ချင်းတစ်ဦး၏ဇနီးသည်မှာ အသက် (၆၀) ကျော်ရှိပြီ။ ဆံပင်များသန်စွမ်းနက်မှောင်နေပြီး ဆံပင်အုံကလည်း ကောင်းသည်။ တအံ့တသြနှင့် မေးမိသည်။ ဆေးဆိုးထားခြင်း အလျှင်းမရှိ။ မိဘမျိုးရိုးကြောင့်လည်း မဟုတ်။ တစ်ခုတော့ ရှိသည်၊ သူမက ကျောင်းဆရာမ ဖြစ်၍ ဆရာဖြစ်သင်တန်းတက်စဉ် အဆောင်နေဆရာမများ စု၍ ကျောင်းဝင်းအတွင်းပေါက်လျက်ရှိသော ကြိတ်မှန်ရွက်များအား အပတ်စဉ် ဆီချက်နိုင်နိုင်ဖြင့် (၂)နှစ်ခန့် သုပ်စားခဲ့ကြောင်း။ သို့ကြောင့်ပင် သူ့ဆံပင်များ သန်စွမ်းနက်မှောင်နေခြင်းမှာ ကြိတ်မှန်ပင်၏အာနိသင်မှလွဲ၍ အခြားမဖြစ်တန်ရာဟု မှတ်ချက်ပြုပါသည်။

စာရေးသူတင်ပြသည့် ကြိတ်မှန်ပင်၏ဆေးဖက်ဝင်အာနိသင်မှာ အစိတ်အပိုင်းမျှသာဖြစ်မည်ဟု ယူဆပါသည်။ မြန်မာ့ဆေးကျမ်းများ၊ အခြားသုတေသီများနှင့် မြန်မာ့တိုင်းရင်းဆေးဆရာများ၏လေ့လာချက်များ၊ ကုသစဉ်အတွေ့အကြုံများအရလည်း ကြိတ်မှန်၏အသုံးဝင်မှုများရှိပါဦးမည်။

စေတနာမောင်



www.burmeseclassic.com


www.burmeseclassic.com

# ကျောက်ကပ်ပျက်ရောဂါဝေဒနာနှင့် ဆူးပန်းတောင်းဆေးအစွမ်း

စောငုဝါ(ပျဉ်းမနား)

ယခုနှစ်ပိုင်းတွင် ကျောက်ကပ်ပျက်ရောဂါ ဝေဒနာ သက်သာပျောက်ကင်းမှုသတင်းများကို ခိုင်ခံ့စွာ ရရှိခဲ့တာကြောင့် စာဖတ်ပရိသတ်များထံသို့ အသိပေး ရေးသား ဖော်ပြနိုင်ခဲ့ပါ၏။ ပထမဦးဆုံး ရေးသားဖော်ပြနိုင်ခဲ့သည့် ဆောင်းပါးကတော့ 'မယားနှင်း ဆင်နှင်းလို့မသေ' ဆောင်းပါး ဖြစ်၏။ ထိုဆောင်းပါးသည် သူရဇ္ဇမဂ္ဂဇင်း (၈/၂၀၁၂) တွင် ပါလာခဲ့၏။

ထိုဆောင်းပါးများကို အဓိကရေး ဖြစ်ရသည့် အကြောင်းရင်းမှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းလှသော ကျောက်ကပ်ရောဂါဝေဒနာကို စရိတ်စက နည်းပါးစွာနှင့် သက်သာပျောက်ကင်းမှု ခိုင်လုံသော သတင်းကောင်းများ ဖြစ်နေတာရယ်၊ နောက်တစ်ခု အလွန်လွယ်ကူသောဆေးနည်း ဖြစ်နေသောကြောင့် ဖြစ်ပါ၏။ ကျောက်ကပ်ပျက်



ဆူးပန်းတောင်ရွက်များ

နည်းအရ ကျောက်ကပ်ဆေးခံယူကြရသည်အထိ ပြင်းထန်စွာ ခံစားနေကြရပါသည်။ အချို့က ကျောက်ကပ်ဆေးကုသခံယူရာတွင် အကြိမ်ပေါင်းများစွာအထိ ကုသခံယူခဲ့ကြရပြီး အချို့ နှင့်အချို့ကုသခံယူခဲ့ပေမယ့် ဒုက္ခဆင်းရဲခြင်းကြီး

ရောဂါအထိ ခံစားနေကြရသော ရောဂါဝေဒနာသည် များစွာ ရှိနေပါ၏။ အချို့တတ်နိုင်သည့်အား၊ ဆန္ဒရှိရာ ကုသနိုင်သော ဆေးကုနည်းများနှင့် ကုသခံယူနေကြရာတွင် အချို့က ခေတ်မီကုသနည်း၊ တိုင်းရင်းဆေးနည်း၊ သဘာဝကုထုံးများနှင့် ကုသမှုခံယူနေကြပါ၏။

အကြောင်းအမျိုးမျိုးတို့ကြောင့် ကျောက်ကပ်ထိခိုက်ပျက်စီးပြီး အလွန်ဆိုးရွားလှသောဝေဒနာကို ခံစားလာရာမှာ တစ်ဦးနှင့်တစ်ဦး အခြေခံအချက်တွေ မတူညီကြတာကိုလည်း တွေ့ရပါသည်။ အချို့က မွေးကတည်းက အားနည်းသောကျောက်ကပ်များ ခန္ဓာကိုယ်မှာ ပါလာကြ၏။ အရွယ်ရလာသည်နှင့် ကျောက်ကပ်၏စွမ်းအားများ တဖြည်းဖြည်းကျဆင်းလာပြီး ကျောက်ကပ်ပျက်ဝေဒနာ ခံစားလာရ၏။ အချို့က ဓာတုဆေးဝါးများ၏ အကျိုးဆက်ကြောင့် ကျောက်ကပ်ပျက်ဝေဒနာများ ခံစားလာရပြန်၏။ အဆိုးဆုံးအဆင့်ရောက်လာသည်နှင့် ကျောက်ကပ်ပျက်ဝေဒနာရှင်များသည် အထူးသဖြင့် ခေတ်မီကုထုံး



ဆူးပန်းတောင်းပင်



www.burmeseclassic.com

www.burmeseclassic.com

စွာ ခံစားခဲ့ရသော်လည်း ငွေကုန်သံသရာနှင့် နောက်ဆုံး အသက်ပါဆုံးရှုံးခဲ့ကြရပေသည်။

ကျောက်ကပ်ပျက်ရောဂါကို သက်သာပျောက်ကင်းစေသော 'မယားနင်းဆင်နင်းလို့မသေ' ဆောင်းပါး ဖတ်ခဲ့ကြရသော ဝေဒနာရှင်အချို့က ဖုန်းဆက်သွယ်မေးမြန်းလာရာတွင် မယားနင်းအခေါက် စာရေးသူထံမှာရှိလား၊ ဘယ်မှာရနိုင်မလဲဟု ဆိုတာပါပဲ။ စာရေးသူက ဝေဒနာရှင်တွေအတွက် သတင်းပေးခြင်းကို အဓိကထားသူပါ။ မယားနင်းအခေါက်က မော်လိုက်၊ ကသာ၊ ကလေးနယ်နှင့် ပုပ္ပားနယ်ဘက်မှာရှိနေကြောင်း သိခဲ့ရပါပြီ။ ကလေးမြို့ဈေးအတွင်းက မယားနင်းအခေါက် တစ်ပိဿာ(၅၀၀၀)ဖြင့် ဝယ်ယူရရှိခဲ့သော ပုဂ္ဂိုလ်တစ်ဦးကိုယ်တိုင် မယားနင်းအခေါက်ယူလာပြီးတုတ်၊ မဟုတ် မေးတော့ စာရေးသူ အခက်ကြုံရပြန်ရော။

စာရေးသူကလည်း တစ်ခါပဲ မြင်ဖူးကြောင်း၊ မြင်ဖူးတဲ့အခေါက်နဲ့ တူပါကြောင်း သတင်းပေး ပြောပြမိပါရော။ သေချာတိကျမှုကို လိုလားသူများဟု ယူဆမိပါသည်။ ထို့အတူပါပဲ၊ ရန်ကုန်တန်တော်ကြီးဘေး ရပ်ကွက်တစ်ခုမှာနေသော မိခင်ကြီးအတွက် ဖုန်းဆက်မေးလာသော သမီး၏ဆန္ဒကို ဖြည်းဆည်း ကူညီသည့်အနေဖြင့် သုရဿမဂ္ဂဇင်းမှာပါခဲ့သော မယားနင်းအခေါက်ကို မေးလာပြန်သည်။ ထိုအချိန်၌ ကျောက်ကပ်ပျက်ရောဂါကို သက်သာပျောက်ကင်းစေနိုင်သော 'ရေဝါးမြက်' ဆေးအစွမ်းကို ပြောပြမိပြန်ပါ၏။

သတင်းကို တောင်ကြီးမြို့နေ ဦးအောင်လွင်ထံမှ ပျိုးပင်များကို ရရှိခဲ့ကြောင်း၊ ကျောက်ကပ်ပျက်စီးသွားသော ပဲခူးမြို့က ရေဝါးမြက်ဖြင့် သက်သာပျောက်ကင်းသွားသော သတင်းနှင့်အတူ သူတို့ ရေဝါးမြက်ကို စိုက်ထားကြောင်း ဖုန်းနံပါတ်ပေး အသိပေးပြောပြမိခဲ့ပါသည်။ ရေဝါးမြက်ဆောင်းပါးကိုလည်း မဂ္ဂဇင်းတိုက်သို့ပို့ထားပြီးကြောင်း ပြောပြမိပါသည်။ နောက်နေ့ နေ့ခင်းပိုင်းမှာ ထိုမိန်းကလေး ဖုန်းဆက်လာတာက-

"အဘရေ မနေ့က ပဲခူးကိုရောက်ခဲ့ပါတယ်။ ရေဝါးမြက်ပျိုးပင် အချို့ ရခဲ့လို့ စိုက်ထားပါပြီ"

ဟု ဆိုပါသည်။

မိခင်ကြီး၏ဝေဒနာအတွက် သမီးလုပ်သူ၏စေတနာနှင့်လုပ်ရပ်က မှတ်တမ်းပြုထိုက်ပါပေသည်။

၂-၉-၂၀၁၂ ရက်နေ့ နံနက် (၉း၂၀) နာရီတွင် ဖုန်းဝင်လာပါသည်။ စာရေးသူ၏ စာဖတ်ပရိသတ်တစ်ဦးက အမှတ် (၈/၂၀၁၂) ထုတ် သုရဿမဂ္ဂဇင်းပါ မယားနင်းအခေါက် ဆေးအစွမ်းဖြင့် ကျောက်ကပ်ပျက်ရောဂါဝေဒနာ သက်သာ ပျောက်ကင်းကြောင်း ဆောင်းပါးဖတ်ရပြီး မအူပင်မြို့မှကျောက်ကပ်ပျက်ဝေဒနာရှင် ဦးညွန့်ဌေးခေါ် ဦးဖိုးစု၏ သူ့ရောဂါဝေဒနာ ဆူးပန်းတောင်းဖြင့် သက်သာပျောက်တင်းသွားပုံအကြောင်း မိနစ် (၄၀) ကျော် ပြောပြအသိပေးလာတာကလည်း ထူးခြားနေပါသည်။ ဒါကိုပဲ စာရေးသူက 'ကျောက်ကပ်ပျက်ရောဂါဝေဒနာနှင့် ဆူးပန်းတောင်းဆေးအစွမ်း' ခေါင်းစဉ်ဖြင့် စာဖတ်ပရိသတ်အတွက် ဆောင်းပါးအဖြစ် ဦးဖိုးစု၏ခွင့်ပြုချက်ဖြင့် ရေးသားဖော်ပြမိပါသည်။

အသက် (၅၃)နှစ်ရှိ ဦးဖိုးစုသည် အရက်သေစာသောက်ခဲ့ရာ နှစ်ကြာလာတော့ အသည်းမကောင်းဖြစ်လာရာမှ နောက်ဆုံး ဖောရောင်လာတော့သည်။ ဆရာဝန်နှင့်ပြသ ကုသမှုခံယူခဲ့ရာတွင် မပျောက်ကင်းသည့်အပြင် ဆေးဝါးကုန်ကျစရိတ်များစွာရှိခဲ့ရုံမက ဖောရောင်လာလိုက်တာ ဆရာဝန်ကညွှန်ကြား၍ ဆီးဆေး (Lasix) တစ်ခါသောက် (၆) လုံးအထိ သောက်ခဲ့ရကြောင်း ဆိုပါ၏။ နောက်ဆုံး ရန်ကုန်ဆင်း ပါရဂူနှင့်ပြသခံယူခဲ့ရာ ကျောက်ကပ်ပျက်နေပြီ ဖြစ်ကြောင်း၊ ဆေးများပုံမှန်သောက်ရန်နှင့် လိုအပ်ပါက ကျောက်ကပ်ဆေးကုသမှုခံယူရန်ရှိကြောင်း သိရပါ၏။

ဦးဖိုးစုသည် ကျောက်ကပ်ပျက်ဝေဒနာအတွက် တိုင်းရင်းဆေးကုထုံးနည်းနှင့်ကုသခံယူမှုလည်းပြုခဲ့ပါ၏။ ဒါပေမယ့် သူ့ဝေဒနာက သက်သာခဏ၊ ပျောက်ခဏပါပဲဟု ဆိုပါသည်။

နောက်ဆုံး သူ၏ခံစားတွေ့ရှိချက်ကိုပြန်ပြောပြလာတာက ကျောက်ကပ်ပျက်ဝေဒနာကြောင့် အချိန်ကြာလာသည်နှင့် ဝေဒနာက ပိုဆိုးလာလိုက်တာ ရန်ကုန်ကပြန်လာပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲပါလေရောတဲ့။ အိပ်ရာထဲလဲနေရာကနေ ဆီးကလည်း နာရီဝက် တစ်ခါလောက် ညစ်သွားနေခဲ့ရတာ တစ်စက်ကျဖို့အရေး အသက်ပါမတတ်ပါပဲတဲ့။ ထွက်လာတဲ့ဆီးက နီဝါရောင်သန်းနေကြောင်း၊ အမြှုပ်ထကြောင်း၊ နံကြောင်း၊ အနည်ထိုင် ချိုး (အညစ်အကြေး) တွေပါကြောင်း သိရပါ၏။

အဲဒီလိုနှင့် ဝမ်းတွင်းမြို့ လေးမျက်နှာက တိုင်းရင်းဆေးသမားတော်ကြီးသတင်းကြောင့် ပင့်၍ ကုသမှုခံယူခဲ့ရာ သူပေးသော ဆူးပန်းတောင်းဆေးအစွမ်းဖြင့် (၅) ရက်တည်းနှင့် အဖောအရောင်တွေကျ၊ ဆီးသွားရတာကောင်းလာပြီး ဆီးများညစ်နွမ်းနေရာက တဖြည်းဖြည်းဖြူဖွေးလာ ကြောင်း သိရပါ၏။ စားဝင်အိပ်ပျော်လာရုံမက ခံတွင်းလိုက်လာလိုက်တာ အစားအစာ စားရာမှာ ယခင်က လက်တစ်ဆုပ်စာကို မနည်းကုန်အောင် ဖျစ်ညှစ်စားနေရာကနေ တစ်ပန်းကန်ကို ပြုက်ခနဲ၊ မဝချင်လို့ မုန့်ဟင်းခါးတစ်ပွဲလောက်ပင် ထပ်စားနိုင်လာကြောင်း ဆိုပါသည်။ ထိုသို့ ဦးဖိုးစု ဖုန်းထဲမှပြောပြနေစဉ် အတိတ်ကခံစားမှုနှင့် ယခုခံစားမှုကို နှိုင်းယှဉ် ပြောဆိုရာမှာ တစ်ကျော့ပြန်ခံစားနေရကြောင်း သိသာနေတာလည်း ထင်ရှားနေပါ၏။

**ဆူးပန်းတောင်းကို ကျိုသောက်ပုံ**

ဦးဖိုးစုတို့ဒေသတွင် လယ်ကွက်ဘေး၊ ကန်သင်းခုံများပေါ်တွင် ဆူးပန်းတောင်းပင်များ များစွာ ပေါက်လေ့ရှိကြောင်း၊ ထိုဆူးပန်းတောင်းပင် အမြင့်တစ်တောင်ခန့် (၁ ပေခွဲခန့်) အပင်များကို အမြစ်ကပါ နုတ်ယူနိုင်ကြောင်း၊ ၎င်းဆူးပန်းတောင်းအပင်မှာ အဆစ်တိုင်းအဖူး, အပွင့်များနှင့် ဆူးများပါ ပတ်လည်ရှိနေကြောင်း၊ ဆူးကမာပြီး အလွန်အဆိပ်ပြင်းကြောင်း ဆိုပါသည်။ အပင်အားကောင်းပါက တစ်ပင်တည်းနှင့် တစ်ခါကျိုရအောင် အဆင်ပြေသည်ဟု ဆိုပါသည်။

အမြစ်ကိုဆေးကြော၍ နုပ်နုပ်စဉ်းကြောင်း၊ ထမင်းချက်သည့် ဒန်အိုးထဲထည့်၍ ရေ (၂) ဆ ထည့်ကြောင်း သိရပါ၏။ ပွက်ပွက်ဆူအောင်ကျို၍ ရေ (၁) ဆကျန်သည့်အခါ အရည်ကိုစစ်ယူ၍ မတ်ခွက်ထဲထည့်သောက်ကြောင်း၊ ပထမ သောက်စ,မှာ တစ်နေ့ (၄) ကြိမ်သောက်ကြောင်း၊ နောက်တစ်နေ့ (၃) ကြိမ်သောက်ခဲ့ရာ (၅) ရက်မြောက်နေ့မှာ ဆီးမညှစ်ရတော့ဘဲ တစ်ခါတလေ ဆီးအိုးပြည့်အောင် အလွယ်တကူသွား၍ရလာကြောင်း၊ ဆီးအရောင်တလည်း တဖြည်းဖြည်း ဖြူလာပြီး အနည်အနှစ်လုံးဝ မပါတော့ကြောင်း အားရပါးရ ပြောလာတော့ စာရေးသူ တအံ့တသြ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့ရ၏။ ဆေးနည်းကောင်းပဲဟုခံစားမိတာ အမှန်ပါ။

"ဦးဖိုးစု ခင်ဗျား၊ ကျောက်ကပ်ရောဂါ ဘယ်အချိန်လောက်က စ,ဖြစ်ခဲ့တာပါလဲ"

ဟု မေးတော့ လွန်ခဲ့သော (၁၀) နှစ်လောက်က စ,ခဲ့တာဟု ဆိုပါသည်။

"အတော့်ကို ကြာခဲ့တာပဲ။ ဆူးပန်းတောင်းကျိုသောက်ခဲ့တာ ဘယ်တုံးကပါလဲ၊ ဘယ်လောက်ကြာ သောက်ခဲ့ပါသလဲ"

ဟု မေးမိပါ၏။-

"ကြာလေ၊ ဝေဒနာက ဆိုးလေပါပဲ။ ၂၀၁၁ ခုနှစ်၊ (၁၂) လပိုင်းလောက်က စ,သောက်ခဲ့တာ ၂၀၁၂ ခုနှစ်၊ (၁) လပိုင်းအတွင်း သက်သာ ပျောက်ကင်းသွားခဲ့ပါတယ်"

ဟု ပြောပါ၏။

"ကောင်းလိုက်တဲ့ အံ့ဖွယ်ဆေးနည်းကောင်းပဲဗျ။ ဆေးကော ပြန်စစ်ပြီးပြီလား"

ဟု မေးတော့-

"စစ်ပြီးပါပြီ။ အခု ကျွန်တော့်မှာ Normal အမှတ် (၁. ၈)ပဲ ရှိနေပါတယ်"

ဟု ဆိုကာ ကျောက်ကပ်ပျက်မှုအတိုင်းအတာ နည်းပညာပိုင်း တိုင်းတာချက်တို့ကိုပါ ရှင်းပြ ပြောပြလာပါ၏။ ဒါကိုတော့ စာရေးသူ ချန်ထားပါ၏။

"အခုကော ဦးဖိုးစု ဆူးပန်းတောင်း ကျိုသောက်သေးလား"

ဟု မေးတော့-

"ကျွန်တော်က ဆူးပန်းတောင်းအပင်တွေကိုနုတ်ခိုင်းပြီး ဝိုင်းထဲမှာ စိုက်ထားပါတယ်။ ဆူးပဒေါင်းစိုက်ခင်းက ခြံထဲမှာရှိနေတော့ ကျိုမသောက်တော့ဘဲ အရွက်ကိုအတို့အမြှုပ်လုပ်စားနေတယ်"

ဟု ဆိုပါသည်။

"ဦးဖိုးစုခံစားခဲ့ရတဲ့ ကျောက်ကပ်ရောဂါဝေဒနာကို ဆူးပန်းတောင်းဆေးအစွမ်းနဲ့ သက်သာ ပျောက်ကင်းခဲ့သလို ခင်ဗျားကူညီခဲ့လို့ ပျောက်သွားသူတွေကော ရှိလား"

ဟု မေးတော့-

"ရှိပြီလား၊ များလှပြီပေါ့။ အပင်လည်းပေး၊ ကျိုသောက်နည်းလည်းပေးနေတာပါ။ ယုံကြည်အားထားသူတွေ၊ ကျွန်တော်ကိုယ်တိုင် ပျောက်ကင်းခဲ့တဲ့ သတင်းကြောင့် စိတ်ဝင်စားသူ ဝေဒနာရှင်တွေ ဆူးပန်းတောင်းကျိုသောက်ကြတာ ပျောက်ပဲဗျ။ ဒါပေမယ့်ဗျာ၊ အိမ်နီးနားချင်း သူငယ်ချင်း အသည်းကင်ဆာဖြစ်တာ ခယ်မက ဆရာဝန်ဆိုတော့ ဆေးကုခဲ့တာ သိန်း (၃၀၀) ကျော်သာ ကုန်ခဲ့ပေမယ့် မပျောက်ဘူး။ ကျွန်တော်နဲ့ဆုံတော့ ဆူးပန်းတောင်းကျိုပြီး သူတို့မသိအောင်တိုက်ခဲ့တာ တဖြည်းဖြည်း သက်သာလာပါရော။ ဒါပေမယ့် ဆရာဝန်မ သိသွားတော့ ကျပ်ကိုဗျာ၊ ရန်တွေ့လိုက်ကြတာ။ ကျုပ်လည်း အဲဒီနေ့ကစပြီး မခေါ်မပြောဘဲနေခဲ့တာ ဒီနေ့အထိပဲ"

ဟု ဆိုပါသည်။

"ဒီလိုပဲ ရှိတတ်ပါတယ်"

ဟု ဆိုမိပါသည်။

ဆူးပန်းတောင်း ဆေးအစွမ်းဖြင့် မအူပင်က ဦးဖိုးစု ကျောက်ကပ်ပျက်ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားခဲ့ကြောင်း မိနစ် (၄၀) ကျော်ကြာစိတ်ရောကိုယ်ပါပြောပြချက်က ထူးခြားလှသလို ယခုအခါ ဦးဖိုးစုတစ်ယောက် အိမ်မှာ တစ်ယောက်တည်း ဝေဒနာလည်းမရှိတော့ အိပ်ပျော်စားဝင်လျက် အပြင်ထွက် လည်ပတ်နေနိုင်သလို တစ်ခါတလေ တစ်လ (၁) ကြိမ်၊ (၂) ကြိမ်လောက် ဝိုင်းဖြစ်၊ အရက်သောက်ဖြစ်ကြောင်း၊ ဒါပေမယ့် ယခင်ကလိုတော့ မသောက်ဘဲ ကျန်းမာရေးအတွက် လောက်ပဲ သောက်ဖြစ်ကြောင်း ဆိုပါသည်။

ဆူးပန်းတောင်းနှင့် ပတ်သက်၍ မြန်မာ့ဆေးဝါးပင်များစာအုပ်တွင် ဖော်ပြချက်မပါရှိဘဲ အရှင်နာဂသိန်၏ ပုံပြအဘိဓာန်စာအုပ် ပထမတွဲ၊ စာမျက်နှာ (၂၆၅) မှာ ဖော်ပြထားပါ၏။ ဆက်စပ်နေ၍ ကူးယူဖော်ပြလိုက်ပါသည်။

**ဆူးပန်းတောင်း**

**ပုံသဏ္ဌာန်**

အပင်အမြင့် (၂) ပေမှ (၄) ပေအထိ ရှိ၏။ အရွယ်ရောက်အပင်များ၏ အဆစ်တိုင်းတွင် ဆူးပါသော ပွင့်ဖူးလုံးများမှအဖြူရောင်အပွင့်များ ဖြစ်၏။ ဆူးများစူးက အဆိပ်ပြင်း၏။ အဆစ်တိုင်းတွင် ဖူးပွင့်ဆူးပါ၍ ဆူးပန်းတောင်းဟု အမည်တွင်လာတာဟု ယူဆပါ၏။ အရွက်မှာ (၂) လက်မသာသာ ရှိ၏။ အများအားဖြင့် ပဥ္စင်းပါးလုံး သုံးကြ၏။

**အရသာ**

အရွက်သည် ချို၍ ခါးသက်သက်ဖြစ်၏။ အေး၏။ အစေ့သည် ခါး၏။ ဖန်၏။ အေး၏။ အမြစ်သည် အေး၏။

**ဂုဏ်နှင့်စွမ်းရည်**

အရွက်သည် ပြေပြစ်၏။ ဝပြိုးစေ၏။ ကာမကိုအားပေး၏။ အိပ်ပျော်စေ၏။ သည်းခြေဒေါသကိုနိုင်၏။ ဝမ်းသက်၊ ရေငတ်၊ ကျောက်တည်၊ ဆီးနှင့်ဆိုင်ငေသာရောဂါ၊ ပူခြင်း၊ မျက်စိရောဂါ ထိုးအောင့်၊ ရေဖျဉ်း၊ ဝမ်းဗိုက်ရောဂါ ဆီး,ဝမ်းချုပ်ရောဂါကို သက်သာပျောက်ကင်းစေ၏။

အစေ့သည် ကြေခဲ၏။ သုက်ကိုပွားစေ၏။ ခွန်အားကိုပြုတတ်၏။ ကိုယ်ဝန်ကိုတည်စေ၏။ သလိပ်၊ လေကိုပြုတတ်၏။ သည်းခြေအပူ၊ သွေးဖောက်ပြန်ခြင်းကို ဖယ်တတ်၏။

အမြစ်သည် နာကျင်ကိုက်ခဲခြင်းကိုပျောက်စေ၏။ ခွန်အားကိုဖြစ်စေ၏။ ဆီးများစေ၏။ ပဥ္စင်းပါးပြာသည် ဆီးကိုရှင်စေ၏။ များစေ၏။

မြန်မာနိုင်ငံအတွင်းရှိ အရေးကြီးအပင်များ၏ ရုက္ခဗေဒဆိုင်ရာ အမည်များနှင့် မျိုးရင်းအမည်များစာအုပ် စာမျက်နှာ (၂၀)၊ အမှတ်စဉ် (၅၀၈) တွင် 'ဆူးပန်းတောင်း' မြန်မာအမည်အဖြစ် ဖော်ပြထားပြီး မျိုးစု (GENUS) ကို HYGROPHILA၊ မျိုးစိတ် (SPECIES) ကို SPINOSA၊ မျိုးရင်း (FAMILY) ကို ACANTHACEAE ဟုဖော်ပြထားပါ၏။

ယခုအခါ ကျောက်ကပ်ပျက်ရောဂါဝေဒနာ ခံစားနေရသူ များပြားနေသလို အကုန်အကျ များစွာ သက်သာစေနိုင်သော သဘာဝကုထုံး သို့မဟုတ် ဆေးနည်းကောင်းများ' ရှိနေပါ၏။ ထိုအပ်ပါက ယုံကြည်အားထား ဆန္ဒရှိသူများအတွက် ဦးဖိုးစု၏ ကျောက်ကပ်ပျက်ရောဂါဝေဒနာ သက်သာ ပျောက်ကင်းသွားပုံ သတင်းကောင်းအား စာရေးသူမှ ထပ်ဆင့်မျှဝေ အသိပေး ဖော်ပြမိပါသည်။

ဦးဖိုးစုကလည်း လိုအပ်သူများ ဆက်သွယ်လာလျှင် ကူညီပါမည်ဟု ဆိုသလို ဆက်သွယ်ရန်ဖုန်း ၀၄၅-၃၁၀... နှင့် ၀၉-၄၉၇၅၂၁၃၁ နံပါတ်တို့ကိုပေးထားပါသည်။

စာရေးသူလည်း ဆူးပန်းတောင်းအပင်များ ရရှိ စိုက်ပျိုးနိုင်ရေးအတွက် သားများကို ရှာဖွေခိုင်းထားပါ၏။

ကျောက်ကပ်ပျက်ဝေဒနာရှင်များအတွက် ရည်ရွယ်လျက်

စောဒဝါ(ပုဂံ...)

www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ(B.Sc)

၂၀၁၃ ခုနှစ်၊ မတ်လ

**မတ်လ (၁) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းနုရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။


**မတ်လ (၂) ရက်၊ စနေနေ့-** လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၆၊ ၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်၊ နီညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၃) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်၊ နှံသာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၄) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ကြက်သွေးရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၅) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၃၊၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ ကြံစည်သမျှ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉) ခါ ရွတ်ပါ။

**မတ်လ (၆) ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၆၊၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။



**မတ်လ (၇) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနက်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၈) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က မီးခိုး၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါ ဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၉) ရက်၊ စနေနေ့-** လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်၊ လာဘ်အရောင်က အနီ၊ လိမ္မော်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရုဏ်အောင်သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၀) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က မိုးပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၁) ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၆၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက် အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၂) ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်၊ လာဘ်အရောင်က အပြာ၊ အစိမ်း။ အကျိုးပေးနေ့သားက ကြာသပတေး၊ သောကြာ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၃) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါ၊ အသားရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ သောကြာ။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရော ပုရိသ ဒမ္မသာရထိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၄) ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူ၊ အဝါ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၅) ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်း၊ ဇေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ(၁၆)ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၂၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ကြက်သွေးရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက် အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၇) ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အနက်၊ မီးခိုး။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက် အိပ်ရာထ အနောက်သို့လှည့်၍ 'ဗုဒ္ဓေါ နမော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၈) ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူ၊ အဝါ။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်သို့လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၁၉) ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အပြာနု၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက် အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၀) ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၁) ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာ၊ အဖြူ။ အကျိုးပေးနေ့သား ကြာသပတေး၊ စနေ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာ ဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၂) ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က လိမ္မော်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'နမော ဗုဒ္ဓဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ(၂၃)ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ခရမ်းပြာ၊ အစိမ်း။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက် အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံ အောင်သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၄) ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း (၄၊ ၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက် အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၅) ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနက်၊ အဝါ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက် အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော လောကဝိဒူ' ဟု(၉)ခါရွတ်ဆိုပါ။

**မတ်လ(၂၆)ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါ၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်လှည့်၍ 'ဓမ္မံ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၇) ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၂၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူ၊ အပြာ။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ ကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ အောင်သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၈) ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၄)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အနီ၊ ခရမ်း။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ ကြံစည်သမျှအောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃံ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၂၉)ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူ၊ အညို။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာကြံစည်သမျှအောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ(၃၀)ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာ၊ မရန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက် အိပ်ရာ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**မတ်လ (၃၁) ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၄)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဝါ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာကြံစည်သမျှ အောင်မြင်ရန် နံနက် အိပ်ရာထ အနောက်သို့လှည့်၍ 'ဗုဒ္ဓေါ ဘဂဝါ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc



www.burmeseclassic.com

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - ၁၀၀၀ Y ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက် အမှတ် - ...

"မင်္ဂလာပါဆရာကြီး"ဟုသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဪ ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော်ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဝိုးကြီးအိုပေါက်စ ကျနေတာပဲ၊ ချည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီးရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး တားမကောင်း အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဪ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား၊ မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ပင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး ဝမ်းနုန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်၊ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းနုန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သခွားသီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်းမသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့၊ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲလေကွယ်" "ဟုတ်ပါတယ် ဆရာကြီး၊ ကျန်းမာခြင်းရဲ့ တန်ဖိုးကို မကျန်းမမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်၊" "ဒါပေါ့လေ ပုထုဇဉ်ရဲ့ စရိုက်ကိုက သတိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်း ကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ. ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြရုပ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင်လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့မယ်ဆိုတဲ့ ရှေးဆြုံးအရျက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲရှုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ




ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး ဝမ်း သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အစုံ ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတတ်၊ ဇက်ကြောတိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နှုတ်ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း၊ သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဪ မောင်ထွန်းကျော် ကျန်းမာပိုပြည့် လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး ရွှေဆောင်မှုများနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း -** **ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။

www.burmeseclassic.com

www.burmeseclassic.com

စာမေးပွဲကြီးနီးလာချေပြီ။

တစ်နှစ်လုံးသင်အံလေ့ကျင့်ကျက်မှတ်ခဲ့ရသည်များကို အောင်မြင်စွာ ဖြေဆိုရတော့မည်ဖြစ်၍ ကလေးတို့အလွန်ပျော်ရွှင်နေကြတော့မည် ဖြစ်၏။

မှန်ပါသည်။

စာမေးပွဲသည် လန့်စရာအကြောင်းမရှိပါ။

စာမေးပွဲဖြေဆိုခြင်းသည် ဘဝကိုအဆင့်ဆင့်မြင့်တက်သွားစေတော့မည့် အကြောင်းတရားဖြစ်၍ ထိုအကြောင်းတရားကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကြီးကျယ် ခမ်းနား မြင့်မားသောစိတ်ဓာတ်ကို မွေးမြူရပေတော့မည်။

ဤသည်ပင်လျှင် အောင်စိတ်ဖြစ်၏။

အောင်စိတ် ဟူသည် အောင်မြင်လိုသူများတွင် ရှိ၏။

အောင်မြင်ကြမည့်သူများတွင်ရှိ၏။

သူများပေး၍မရပါ။ တောင်းယူ၍မရပါ။ ဝယ်ယူ၍မရပါ။ စိတ်ကူးနေရုံနှင့်မရပါ။

စစ်မှန်သော ဇွဲလုံ့လဝီရိယရှိပြီး ပြင်းပြသောဆန္ဒရှိသူအတွက်သာ အောင်စိတ်ဖြစ်ပေါ်လာတတ်ပါသည်။

ထိုစိတ်ဓာတ်ရှင်၏ ကြိုးစားခြင်းသည် ထိုစိတ်ဓာတ်ရှင်အတွက် အောင်စိတ်သာလျှင် ဖြစ်၏။

မြင့်မားသော တောင်ထိပ်ကို ရောက်အောင် တက်လှမ်းချင်သူသည်-

တောင်ထိပ်သို့ ရောက်အောင်တက်မည် ဟူသော စိတ်ဓာတ်ရှိရမည်ဖြစ်၏။

ဤစိတ်ဓာတ်ဖြင့် စတင်ခြင်းမှာ ခြေတစ်လှမ်းသာ ဖြစ်၏။

စတင် ခြေလှမ်းပြီ ဆိုသည်နှင့် တောင်ထိပ်ရောက်ရန် အကြောင်းဖြစ်သွားပါပြီ။

ရပ်နေသူသည် တောင်ထိပ် မရောက်နိုင်ပါ။

တွေဝေနေသူသည် တောင်ထိပ်မရောက်နိုင်ပါ။

ဖြစ်မှဖြစ်ပါ့မလား ဟူသော စိတ်ရှိသူသည် တောင်ထိပ်မရောက်နိုင်ပါ။

စိတ်ဓာတ်ကျလွယ်သူသည် တောင်ထိပ်မရောက်နိုင်ပါ။

ဇွဲ၊ လုံ့လ၊ ဝီရိယ မရှိသူသည် တောင်ထိပ် မရောက်နိုင်ပါ။

ထို့ကြောင့် -

အောင်မြင်ခြင်း ဟူသည်-

အောင်မြင်လိုသူများအတွက်သာ ဖြစ်ပါသည်။

ကြိုးစားနေသူများအတွက်သာ ဖြစ်ပါသည်။

ယခု -

ကလေးတို့သည် တစ်နှစ်လုံး သင်အံ လေ့ကျင့် ကျက်မှတ်ကြိုးစားခဲ့ကြပြီး ပြီဖြစ်၍ ကလေးတို့အတွက် အောင်မြင်မှုများစွာက စောင့်ကြိုနေပါပြီ။

သို့သော် -

အချို့ကလေးတို့သည် စာမေးပွဲ လန့်တတ်ကြ၏။

စာမေးပွဲနီးမှ ဖျားချင်သလိုလိုနာချင်သလိုလို ဖြစ်လာတတ်၏။

မိသားစုကိစ္စ၊ လူမှုရေးကိစ္စ အလျှိုလျှိုပေါ်လာတတ်၏။

စာအုပ်မကိုင်ချင်၊ စာမကျက်ချင် ဖြစ်လာတတ်၏။

ဘာစာတွေဘယ်လိုကျက်ထားသို့ ကျက်ထားမှန်းမသိ ဖြစ်လာတတ်၏။

ဒီနှစ်မဖြေသေးဘဲ နောက်နှစ်မှ ဖြေရရင် ကောင်းမလား ဟူသော တွေဝေစိတ် များစွာ ဖြစ်လာတတ်၏။

မလိုပါ။

# စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက်...

ရင်ကိုအေးမြစေသော:

## ဆရာဦးမောင်မောင်သန်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးတို့သည် တစ်နှစ်လုံး သင်အံ လေ့ကျင့် ကြိုးစားကျက်မှတ်ခဲ့ကြသူများဖြစ်၍ အောင်ပွဲဝင်ကြပါတော့မည်။

အောင်စိတ်အပြည့်ဖြင့် -

အောင်ပွဲဝင်ကြတော့မည့် -

အောင်ပွဲရှင်တို့အတွက် -

အောင်မြင်မှုများစွာကို ရယူ ပိုင်ဆိုင်နိုင်သော အောင်ပွဲဝင် အစီအရင်များနှင့် ပါရမီဖြည့်လေ့ရှိသည့်အတိုင်း ပါရမီဖြည့်လိုက်ပါမည်။

**ကြိုတင်ပြင်ဆင်ခြင်း**

မိမိကိုယ်မိမိ အသိဆုံး ဖြစ်ပါသည်။

အိပ်ချိန်ကို ပြန်သတိထားကြည့်ပါ။ အိပ်ရေးဝဖို့ အရေးကြီးချိန်ရောက်လာပါပြီ။ အိပ်ရေးဝဖို့လိုပါပြီ။

အိပ်ရေးပျက်ပါများလာသူသည် အာရုံကြောများ အားနည်းလာပြီး စိတ်တိုလွယ်၊ စိတ်ပျက်လွယ်၊ စိတ်ဓာတ်ကျလွယ်ဖြစ်လာတတ်ကြောင်း ကလေးတို့လည်း ဗဟုသုတရှိပြီး ဖြစ်ပါသည်။ ဦးခေါင်းမကောင်းခြင်း မကြာခဏဖြစ်နေခြင်းမှာ အိပ်ရေးပျက်ခြင်းမှ စတတ်ပါသည်။

ညဘက် ဂိမ်းဆော့တတ်လျှင် ခေတ္တရပ်ထားလိုက်ပါ။

အာရုံကြောများညောင်းလာသည့်အထိ မဆော့သင့်တော့ပါ။

မျက်လုံးကြောင်စေသော အစားအစာများစား၍ ညဥ့်နက်သန်းခေါင် စာကျက်ခြင်း မပြုလုပ်သင့်တော့ပါ။

စိတ်ကြည်လင်လန်းဆန်းခြင်းကို အပြည့်အဝရစေမည့် အိပ်ရေးဝခြင်းကို ဂရုစိုက်ပါ။

**အစားအသောက်**

လွန်ကဲစွာ စားသုံးခြင်း ရှောင်ပါ။

ဥပမာ - ဝမ်းနူးစာ၊ ဝမ်းချုပ်စာ၊ သွေးတက်စာရှောင်ရပါမည်။

ဖြစ်သလိုစားပြီး စာချည်းဖိကျက်နေ၍လည်း မဖြစ်ပါ။ အာဟာရပြည့်ဝအောင် စားရပါလိမ့်မည်။

အဆာခံလွန်းပြီးစာကျက်၍လည်း မဖြစ်ပါ။ လေပွခြင်း၊ ခေါင်းမူးခြင်းများ မဖြစ်ရန် ဂရုစိုက်ရပါလိမ့်မည်။

မိမိကိုယ်မိမိအသိဆုံးဖြစ်၍ ကိုယ်နှင့်မတည့်သော အစားအသောက်များ ရှောင်ရှားထားရန် လိုပါသည်။

နေပူထဲထွက်လျှင် ထီး၊ ဦးထုပ်ဆောင်းလေ့မရှိဟု ခပ်ပေါ့ပေါ့မနေသင့်



www.burmeseclassic.com

www.burmeseclassic.com

ပါ။

နေပူရှိန်ပြင်းပါသည်။

ဦးခေါင်းမူးဝေခြင်းမဖြစ်ဖို့ အရေးကြီးပါသည်။

ခေါင်းလျှော်ပြီးပြီးချင်း နေပူထဲ မထွက်သင့်ပါ။

**ဆင်ခြင်ခြင်း**

နိမိတ်မရှိသောစကားများ ပြောဆိုခြင်း ရှောင်ပါ။

'ငါကတော့ ငါ့ကိုယ်ငါမထင်ပါဘူး' ဟူသော စကားများ၊ 'လုပ်မနေပါနဲ့ကွာ အောင်မှာ မဟုတ်ပါဘူး' ဟူသော စကားများ ကိုယ်ကလည်း မပြောမိအောင်နေပါ။ သူများပြောလျှင်လည်း နားမထောင်ပါနှင့်။

သေပြီ၊ ပျက်ပြီ၊ ဒုက္ခရောက်ပြီ၊ ကွဲပြီ၊ ပဲ့ပြီ၊ သေချင်တယ်၊ ပြဿနာတက်ပြီ၊ လန်သွားပြီ၊ ကျိုးပြီ၊ ဘဝပျက်ပြီ ဟူသောစကားဆိုးများ မပြောမိအောင်နေပါ။

စကားနောက်တရားပါဖြစ်တတ်ပါသည်။

အဝတ်အစား ဂရုစိုက်ပါ။

ကျောင်းဆင်းလာပြီး အိမ်တွင် ဝတ်ဆင်သည့်အဝတ်အစားကို ဂရုစိုက်ပါ။ သေဆုံးခြင်းနိမိတ်၊ ရပ်ဆိုင်းသွားခြင်း နိမိတ်၊ ဘဝပျက်သွားခြင်းနိမိတ်၊ သွေးချင်းချင်းနီနေသောနိမိတ်၊ သတ်ဖြတ်နေသောနိမိတ်၊ လူညွန့်တုံးနေသော နိမိတ်စသည့် နိမိတ်ဆိုးပုံပါသည့် အရုပ်များပါသောအင်္ကျီ မဝတ်မိအောင် ရှောင်ပါ။ မင်္ဂလာရှိရှိနေပါ။

အောင်မြင်မှုကို ရယူခါနီးပြီဖြစ်၍ နိမိတ်ကောင်းများနှင့်သာ ပြည့်စုံနေပါစေ။

**စာမေးပွဲကြီးဖြေဆိုရန် စတင်ပြင်ဆင်ခြင်း**

ယခုမှစ၍ -

ဘော(လ်)ပင်အသစ် လေး၊ ငါး၊ ဆယ်ချောင်းခန့်ကို မင်စမ်းထားပြီး ဘုရားရှင်၏ရှေ့တော်မှောက်တွင် ပူဇော်ထားပါ။

ယုံယုံကြည်ကြည်နှင့် ကြည်ညိုစွာ ပူဇော်ထားပါ။

ဘုရားရှင်ကို ယုံကြည်စွာ ပူဇော်ခြင်းကြောင့်၊ တရားတော်မြတ်ကို ယုံကြည်စွာ ပူဇော်ခြင်းကြောင့်၊ သံဃာတော် အရှင်သူမြတ်တို့ကို ယုံကြည်စွာ ပူဇော်ခြင်းကြောင့် အောင်ပွဲများစွာ ရယူပိုင်ဆိုင်ခဲ့ကြသည့် ကလေးများ မရေမတွက်နိုင်တော့ပြီ။ အနိဋ္ဌများ ပယ်ရှားသွားပြီး အောင်မြင်မှုများစွာ ရယူခဲ့ကြသူများ ဒုနှင့်ဒေးပင်။

ထို့ကြောင့်-

ဘုရားကိုယုံပါ။

တရားကိုယုံပါ။

သံဃာကိုယုံပါ။

ဖြေသည့်နေ့ ရောက်မှသာလျှင် ဘုရားရှင်အား ရိုသေစွာ ဝတ်ပြုရှိခိုးပြီးမှ ယူဖြေပါ။ ဖြေပြီး ပြန်လာလျှင် ပြန်လှူထားပါ။

စာကျက်တော့မည်ဆိုလျှင်-

**ဇယစက္ကော၊ ဇယန္တောယော**
**ဇယိတဗ္ဗေ၊ ဇယာသနေ**
**ဇယာပေသိ၊ ဇယောသိန်**
**ဇယံဒေတု၊ ဇယုတ္တရော။**

ဂါထာကို အာရုံပြု (၉) ကြိမ်ရွတ်ပြီးမှကျက်ပါ။ ကျက်သောစာအုပ်များထဲမှတစ်အုပ်ကို ညအိပ်လျှင် ခေါင်းအုံးအောက်မှာထားပြီး ခေါင်းအုံးအိပ်ပါ။ တစ်နေ့လျှင် ဘာသာရပ်တစ်မျိုးစီနှင့် တစ်အုပ်စီ ခေါင်းအုံးအိပ်သွားပါ။

BURMESE CLASSIC .com

**စတင်ဖြေဆိုမည့်နေ့**

တနင်္ဂနွေသားသမီးတို့သည်-

အိုးတစ်လုံးသတ်သတ်ထဲသို့ ရေထည့်၍ ပန်းပေါင်းစုံ (၆) မျိုးနှင့် ဘုရားရှင်အား ပူဇော်ပါ။

ဥပမာ - ဂန္ဓမာအရောင် (၄) မျိုးရလျှင် ပန်း (၄) မျိုး ဖြစ်ပါပြီ။ ကျန်သော (၂) မျိုး ထပ်ဖြည့်ပါ။ တစ်မျိုးလျှင် (၃) ခိုင် ဆိုလျှင်ရပါပြီ။ ပန်းများပါက အခိုင် (၃) ခိုင်စီပူဇော်ပြီး ပန်းနည်းသောသူများ ပူဇော်ရလျှင် (၅) ခိုင်စီပူဇော်ပါ။ ဘုရားပန်းအိုးများကို ပန်းများဖူးပွင့်ဝေစည်လှပနေအောင်၊ ကြည့်ကောင်းအောင် ပူဇော်ပါ။ ပြွတ်သိပ်နေလျှင်လည်း မကောင်းပါ။

ပြီးမှ ပေါက်ပေါက်ဆွမ်း ကပ်လှူပြီး 'ဇယစက္ကော' ဂါထာကို သက်စေ့ရွတ်ပါ။ ပုဆစ်တုပ်ထိုင် လက်အုပ်ချီပြီး ရိုရိုသေသေရွတ်ပါ။

ပြီးလျှင် ဉာဏ်တော်အရာမှာ ဧတဒဂ်ဘွဲ့ထူးရတော်မူသော အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်အရှင်မြတ်ကြီးအား ရည်မှန်းရည်မှတ်၍ ပေါက်ပေါက်ဆွမ်း ကပ်လှူပါ။

ပြီးလျှင် သူရဿတီမယ်တော်ကြီးကို ရည်မှန်း၍ ပေါက်ပေါက်ဆွမ်းလှူပါ။

ပြီးလျှင် မိဘနှစ်ပါးနှင့်တကွ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ အာစရိယဆရာသခင်ကျေးဇူးရှင်များကို ရိုသေစွာ ရည်မှန်းကန်တော့ပါ။

ဖြေဆို၍ရပါပြီ။

ပန်းပေါင်းစုံ (၆) မျိုးသည် ဝယ်ရန်အဆင်ပြေသည့်နေရာများ၌ နေ့စဉ်လဲလှယ်ပူဇော်၍ ရပါသည်။

ဝယ်ရန်အဆင်မပြေသောနေရာများတွင် နွမ်းမှ အသစ်လဲပါ။

ရေကို နေ့စဉ် လဲပေးပါ။

မည်သည့်ပန်းမဆို ရပါသည်။ တောပန်းတောင်ပန်းလေးများနှင့် ပူဇော်ချင်လည်း ရပါသည်။

တနင်္လာသားသမီးတို့သည် -

ပန်းပေါင်းစုံ (၇) မျိုး ပူဇော်ရပါမည်။

အင်္ဂါသားသမီးတို့သည် -

ပန်းပေါင်းစုံ (၁၀) မျိုး ပူဇော်ရပါမည်။

ဗုဒ္ဓဟူးသားသမီးတို့သည် -

ပန်းပေါင်းစုံ (၉) မျိုး ပူဇော်ရပါမည်။

ကြာသပတေးသားသမီးတို့သည်-

ပန်းပေါင်းစုံ (၃) မျိုး ပူဇော်ရပါမည်။

သောကြာသားသမီးတို့သည် -

ပန်းပေါင်းစုံ (၄) မျိုး ပူဇော်ရပါမည်။

စနေသားသမီးတို့သည် -

ပန်းပေါင်းစုံ (၅) မျိုး ပူဇော်ရပါမည်။

ကျန်သော ပူဇော်ခြင်း၊ ရွတ်ဖတ်ခြင်းများမှာ အားလုံး အတူတူပင် ဖြစ်ပါသည်။

စာမေးပွဲ ပြီးသည့်နေ့မှစ၍ ပန်းများကို ယခင် ပူဇော်သည့်အတိုင်း ပြန်ပူဇော်၍ ရပါပြီ။

အရေးကြီးသည်မှာ -

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားရလာပြီဆိုလျှင် ထိုကတ်ပြားကို ဘုရားဆောင်ရှိ ဘုရားစင်ပေါ်တွင် တင်မထားပါနှင့်။

ကလေး၏ ဓာတ်ပုံကို ဘုရားစင် မတင်မိပါစေနှင့်။

ကလေးဓာတ်ပုံ ကျောဘက်တွင်ဖြစ်စေ၊ ရှေ့ဘက်တွင်ဖြစ်စေ အင်းများချပြီး ဓာတ်ပုံကို ဘုရားစင်တင်ထားခြင်း၊ ဓာတ်ပုံခံ၍ မီးထွန်းခြင်း၊ ဓာတ်ပုံကို ဘုရားတော်များ၏ ရင်ခွင်တွင် ကပ်ထားခြင်း လုံးဝ မပြုလုပ်ပါနှင့်။

အဆောင်တွင် နေထိုင်ကြသော ကလေးများ ဖြစ်နေပါက ယခုပြဆိုသော အောင်ပွဲဝင်အစီအရင်များကို ပြ



www.burmeseclassic.com

www.burmeseclassic.com

လုပ်၍ရမည် မဟုတ်ပါ။

ရနိုင်မည်မှာ ကျက်မှတ်နေသော စာအုပ်များကို နေ့စဉ် တစ်နေ့တစ်အုပ် ခေါင်းအုံးအောက်မှာ ထားအိပ်ခြင်းသာ ရနိုင်ပါမည်။

နံနက်အိပ်ရာမှနိုး၍ မျက်နှာသစ်ပြီးသည်နှင့် ဘုရားကိုရည်မှန်းကန်တော့ပါ။ တရားကို ရည်မှန်းကန်တော့ပါ။ သံဃာကို ရည်မှန်း ကန်တော့ပါ။

စာအုပ်ကို ဖင်ခုထိုင်ခြင်း၊ ကျော်လွှားခြင်း၊ တွေ့ကရာနေရာတွင် ပစ်ချခြင်း၊ ကြေမွနေအောင်လိပ်၍ကိုင်ခြင်းများ မပြုမိပါစေနှင့်။

**မိဘများကအိမ်မှပြုလုပ်ပေးရန်**

မိဘများနှင့်အတူနေထိုင်ကြသော ကလေးများက ပန်းပေါင်းစုံလှူခြင်း၊ ပေါက်ပေါက်လှူခြင်း၊ ကန်တော့ခြင်းများအတွက် အဆင်ပြေကြပါသည်။ လွယ်လည်း လွယ်ကူပါသည်။

မိဝေးဖဝေးသို့ ရောက်ရှိနေကြသော အဆောင်နေ ကလေးများဖြစ်နေလျှင် ပြသခဲ့သော အစီအရင်များကို ပြုလုပ်၍ ရကြမည်မဟုတ်သောကြောင့် မိဘများတွင် တာဝန်ရှိလာပါပြီ။

ဤအောင်ပွဲဝင်အစီအရင်များကို စတင် ဖတ်ရှုပြီးချိန်မှစ၍ နေ့စဉ် ဝတ်မပျက် ဘုရားဝတ်ပြုပါ။

ဘုရားဂုဏ်တော် (၉) ပါးကို တစ်ဝဒ်လုံးဆုံးမှ ပုတီးတစ်လုံးချပြီး ပုတီးတစ်ပတ်စိပ်ခြင်း (သို့) ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို တစ်ခေါက်ရွတ်ဖတ်ပူဇော်ခြင်းပြုပါ။ တစ်မျိုးမျိုးနှင့်ပူဇော်ပါ။ ပူဇော်စဉ် ကလေး၏ အကျႌကို ပေါင်ပေါ်ဖြန့်ခင်းထားခြင်း (သို့) ညာလက်နှင့်ကိုင်၍ ရင်တွင်ထိထားပြီး ရွတ်ဖတ်ပူဇော်ခြင်း နှစ်သက်သလို ပူဇော်ပါ။

အိမ်နှင့် သွားရေးလာရေး လွယ်ကူသော အဆောင်တွင်နေထိုင်ကြသည့် ကလေးများဖြစ်နေပါက ထိုကလေးတို့၏ အကျႌလေးများကို ပြသခဲ့သည့်အတိုင်း ပြုလုပ်ပေးပြီး တစ်ပတ်ကြာလျှင် ကိုယ်ရွတ်ပေးထားသည့် အကျႌလေးများကို အဆောင်သို့ သွားပို့၊ အဆောင်မှ အကျႌလေးများကို ပြန်ယူ၊ ပြန်ရွတ်ပေး၊ သွားပို့ပြုလုပ်၍ရပါသည်။ တစ်နေ့တစ်ထည်ရွတ်ပေးလျှင် တစ်ပတ်ကြာသည့်အခါ (၇) ထည်သွားပို့၍ရပါသည်။

အချို့အလွန်စည်းကမ်းကြီးပြီး ဤသို့ အကျႌများသွားပို့ရန် အခက်အခဲရှိသည့် အဆောင်များမှာနေရလျှင် သွားမပို့ပါနှင့်။ အိမ်မှာ ထည်လဲရွတ်ပေးနေ၍ ရပါသည်။ အောင်မြင်ကြသည်ချည်း ဖြစ်ပါသည်။

ကလေးများအတွက် အစီအရင် စတင်လုပ်ပေးရန်မှာ စာမေးပွဲမဖြေခင် တစ်လအလိုမှ ဖြစ်ပါသည်။

ရက်သတ်မှတ်လိုက်ပါ။

ကလေးများအတွက် စတင်၍ အောင်ပွဲဝင်အစီအရင်များ ပြုလုပ်ပေးသည့်နေ့မှစ၍ စကားဆိုး၊ နိမိတ်ဆိုးများ ရှောင်ထားပါ။

ပြိုင်းပြီ၊ သေပြီ၊ ဒုက္ခပဲ၊ ဖြစ်မှဖြစ်ရလေ၊ ပြဿနာပဲ၊ လန်နေပြီ၊ ကွေးနေပြီ၊ ပွဲနေပြီ၊ ပြုတ်ပြီ ဟူသည့် စကားဆိုးများမပြောမိအောင် ထိန်းပါ။

ကလေးများအတွက် ပြုလုပ်ပေးနေသည့်ရက်များမှာ သတ်ဖြတ်သော နိမိတ်ဆိုး၊ သေဆုံးသော နိမိတ်ဆိုးစသည့် နိမိတ်ဆိုးများ၊ ဘဝတစ်ခု ရပ်ဆိုင်းသွားသောပုံများပါသည့် နိမိတ်ဆိုးများနှင့် တန်ဆာဆင်ထားသော အကျႌများ လုံးဝမဝတ်မိပါစေနှင့်။

နိမိတ်မကောင်းသောစာသားများနှင့်သီချင်းများ နားမထောင်မိပါစေနှင့်။ နိမိတ်ဆိုးသည့်ဇာတ်ကားများ မကြည့်မိပါစေနှင့်။ ဟီးချိုင်းယိုလွန်းသောမင်္ဂလာမရှိသည့်ကားများ မကြည့်မိပါစေနှင့်။

ကိုယ့်သားကိုယ့်သမီးလေးများ၏ အောင်မြင်ခြင်းထက် အရေးကြီးသော အရာ ဟူသည် မရှိတော့။

ဤအချိန်သည် ကိုယ့်ရင်သွေးလေးများ၏ အောင်မြင်မှုအတွက် မင်္ဂလာယူနေရမည့်အချိန်ပင် မဟုတ်ပါလော။

ကလေးများ စတင် ဖြေဆိုသည့်နေ့မှစ၍ -

ကလေးများအတွက် ပြသခဲ့သော အစီအရင်အတိုင်း ပန်းပေါင်းစုံကို သူနေ့နှင့်သူ ပူဇော်ပေးလိုက်ပါ။

ကိုယ့်ကလေးသည် ဗုဒ္ဓဟူး ဖြစ်နေပါက ပန်းပေါင်းစုံ (၉) မျိုးနှင့် စတင်ပူဇော်ပေးပါ။ နွမ်းလျှင် နေ့စဉ် လဲပေးပါ။ ပေါက်ပေါက်ဆွမ်းအပ်လှူပါ။

ကလေးအတွက် ပူဇော်ပေးပြီးသည်နှင့် ကလေးအကျႌကို ပေါင်ပေါ် (သို့) ရင်ခွင်တွင်ထား၍ ရွတ်ဖတ်ခြင်းကို စတင်ပါ။ ပြီးရင် သူ့နေရာသူ ပြန်ထားပါ။ ကလေးအကျႌ၊ ကလေးခတ်ပုံများကို ဘုရားစင်ထက်မတင်မိစေရန် အထူးဂရုပြုပါ။ ခေတ္တယောင်လို့တောင်မတင်မိပါစေနှင့်။

ရွတ်ဖတ် ပူဇော်ပေးပြီးသည်နှင့် ခေတ္တမျှ အာနာပါနရှုမှတ်ပြီး စာမေးပွဲဖြေဆိုနေသောကလေးကို မျက်လုံးထဲပေါ်အောင်ကြည့်၍ အာရုံစုစည်းပြီး မေတ္တာအထူးပို့ပါ။ ကလေးသည် ထက်မြက်တက်ကြွစွာဖြေဆိုနေပုံကို မျက်လုံးနှင့်ပုံဖော်၍ မေတ္တာအထူးပို့ပါ။ (၅)မိနစ်၊ (၁၀) မိနစ် ရသလို ပို့ပေးပါ။

စကားအပြောအဆို အထူးဆင်ခြင်ပါ။

၄င်းရက်များအတွင်း အမင်္ဂလာစကားများ မပြောမိအောင်၊ အမင်္ဂလာအပြုအမူများ မပြုမူမိအောင် အထူးဂရုစိုက်ပါ။

စာမေးပွဲ ဖြေပြီးသည့်နေ့မှစ၍ ကလေးများအတွက် ပြုလုပ်ပေးရသော အောင်ပွဲဝင်အစီအရင်ကြီးများ အောင်မြင်စွာ ပြီးဆုံးသွားပါပြီ။

အချို့သောမိဘများကို အကြံပြုလိုသည်မှာ-

ကလေး သွားရောက် ဖြေဆိုမည့်ကျောင်းသို့လိုက်ပါပြီး ကလေးဖြေဆိုစဉ်ကျောင်းအပြင်မှာ စောင့်နေကြမည့် မိဘများသည် -

မည်သူ့ကိုမျှမည်သည့်အပိုစကားမျှ မပြောမိအောင်နေပါ။

ကလေး၏ အကျႌလေးတစ်ထည် (စွပ်ကျယ်လည်းရသည်) ကို ယူသွားပြီး ညာဘက်လက်နှင့်ကိုင်၍ ရင်ခွင်တွင်ထားပြီး ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ဘယ်နှခေါက်ရရ ရွတ်နေပါ။ (၃) ခေါက်ရရ၊ (၅) ခေါက်ရရ၊ (၉) ခေါက်ရရ ရွတ်နေပါ။ စကားပိုများမပြောပါနှင့်။

စာမေးပွဲပြီးနောက်နေ့မှစ၍ အိမ်ရှိဘုရားပန်းအိုးတွင် ခါတိုင်း ပူဇော်လေ့ရှိသလို ပန်းများ ပြန်ပူဇော်၍ ရပါပြီ။

အောင်မြင်ပါပြီ။

မြန်မာပြည်တစ်ဝန်းလုံးမှ အောင်ပွဲဝင်ကြတော့မည့် ဂုဏ်ထူးရှင်များအားလုံးအတွက် ဝမ်းမြောက် ဝမ်းသာစွာ မေတ္တာပို့လိုက်ပါသည်။

ဂုဏ်ထူးများစွာနှင့် ထူးချွန်စွာ အောင်မြင်နိုင်ကြပါစေ။

အောင်ပွဲရှင်များ၏မိဘများအဖြစ် စိတ်ချမ်းသာ ပျော်ရွှင်နိုင်ကြပါစေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com